
http://www.cherrythitsar.org



# ထောင်တစ်သက်အတွေ့အကြုံ

## ရန်အောင်မောင်မောင်

အခန်း ၁၃၊ တိုက် ၂၅၇၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၇၂၁၁၂၄

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

http://www.cherrythitsar.org

ပုဂံစာအုပ် အမှတ် ၂၅၉

# ထောင်တစ်သက်အတွေ့အကြုံ

## ရှုန်အောင်ဝောင်ဝောင်

(ဒုတိယအကြိမ် ၊ **ဖြည့်စွက်ထုတ်ဝေခြင်း**)

အခန်း ၁၃၊ တိုက် ၂၅၇၊ ရန်ကင်းမြို့နယ်
ရန်ကုန်မြို့၊ ဖုန်း ၀၁–၇၂၁၁၂၄

**ပုဂံစာအုပ်တိုက်** မှ

၂၀၀၄ ခုနှစ်တွင် ထုတ်ဝေခဲ့ပြီးသော စာအုပ်

၂၅၆။ မိုဗီဒစ် ( နတ်နွယ် )

**(Moby-Dick by Herman Melville)**

၂၅၇။ နေမင်းလမင်းသိန်းရာထောင် ( ချစ်ဦးညို )

၂၅၈။ မျက်ရည်စများနှင့် ရယ်သံ ( ကျော်လှိုင်ဦး )

**(Tears And Laughter by Kahlil Gibran)**

**(ယခု)**

၂၀၀၄ ခုနှစ် ဧပြီလတွင် ထုတ်ဝေသော စာအုပ်

၂၅၉။ ထောင်တစ်သက်အတွေ့အကြုံ (ရန်အောင်မောင်မောင်)

**ပုဂံစာအုပ်တိုက်** မှ

၂၀၀၄ ခုနှစ်အတွင်း ဆက်လက်ထုတ်ဝေမည့် စာအုပ်များ

၂၆၀။ ကျိန်စာသင့်သောမျက်နှာများ၏ မိတ္တူ ကဗျာများ (၃၇/ ၂၀၀၃)(၇)
( မျိုးကိုမျိုး )

၂၆၁။ တိမ်တိမ်တွေဖုံးပါလို့ အုန်းခြိမ့်ခြိမ့်ညံ (၉၆၄/ ၂၀၀၃)(၇)( ချစ်ဦးညို )

http://www.cherrythitsar.org

# ထောင်တစ်သက်အတွေ့အကြုံ

## ရန်အောင်မောင်မောင်


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ■ ( ၂၉ / ၂၀၀၄) ( ၃ ) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ■ ( ၂၆ / ၂၀၀၄) ( ၄ ) |
| ပုံနှိပ်ခြင်း | ■ ပထမအကြိမ်၊ယောမင်းကြီးစာပေ၊၁၉၉၃(ဩဂုတ်)<br>ဒုတိယအကြိမ်(ထပ်မံဖြည့်စွက်) ၊ ၂၀၀၄ (ဧပြီ)။ |
| အုပ်ရေ | ■ ၁၀၀၀။ |
| ထုတ်ဝေသူ | ■ ခိုင်ခိုင်ဦး(ယာယီ ၈၇၉)၊ ပုဂံစာအုပ်တိုက်၊<br>အခန်း၁၃၊ တိုက်၂၅၇၊ ရန်ကင်းမြို့နယ်၊<br>ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | ■ ဒေါ်နီနီခိုင်(၀၇၁၃၅)၊ သီရိမေရောင်စုံပုံနှိပ်တိုက်၊<br>အမှတ်၁၉၊လမ်း၉၀၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီ | ■ ဝသုန်။ |
| အတွင်းကွန်ပျူတာစာစီ | ■ ပုဂံစာအုပ်တိုက်။ |
| အတွင်းဖလင်ခွဲ | ■ အေဇက်။ |
| အဖုံးဖလင်ခွဲ | ■ Sunn Scangraphics. |
| စာအုပ်ချုပ် | ■ ဇမ္ဗူဒီပါ။ |
| တန်ဖိုး | ■ သုံးထောင်ကျပ်။ |

ဖြန့်ချိရေး ■ ပုဂံစာအုပ်တိုက်၊ အခန်း၁၃၊ တိုက်၂၅၇၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၇၂၁၁၂၄

http://www.cherrythitsar.org

## ပုဂံစာအုပ်တိုက်၏ စကားဦး

ယခု ထုတ်ဖြစ်သည့် ဆရာရန်အောင်မောင်မောင်၏ **ထောင်တစ်သက်အတွေ့အကြုံ** စာအုပ်သည် ကလျာမဂ္ဂဇင်းတွင် ၁၉၈၅ ဧပြီ မှ စ၍ ၁၉၉၃ စက်တင်ဘာ အထိ (အချို့လများတွင် စာရေးသူ၏ ကျန်းမာရေးကြောင့်နှင့် အခြားအကြောင်းတို့ကြောင့် မဂ္ဂဇင်းတွင် လစဉ်မဟုတ်ဘဲ ပြတ်တောက်မှု အနည်းငယ်ရှိခဲ့ဖူးပါသည်။) ရှစ်နှစ်ကြာ ပါဝင် ဖော်ပြခဲ့သော အခန်းဆက်ဆောင်းပါးရှည်ကြီးတစ်ပုဒ် ဖြစ်ပါသည်။

၁၉၉၁ ဩဂုတ်တွင် ယောမင်းကြီးစာပေမှ ရန်အောင်မောင်မောင်၏ 'ထောင်တစ်သက်အတွေ့အကြုံ'စာအုပ်ကို ပထမအကြိမ်ထုတ်ဝေခဲ့ဖူးပါသည်။ သို့သော် ထို ပထမအကြိမ်စာအုပ်တွင် အခန်း ၁ မှ အခန်း ၂၀ အထိ (ကလျာမဂ္ဂဇင်း ၁၉၈၅ ဧပြီမှ ၁၉၈၆ နိုဝင်ဘာ အထိ)သာ ပါဝင်ဖော်ပြနိုင်ခဲ့ပါသည်။

ပုဂံစာအုပ်တိုက်မှ ယခုထုတ်လိုက်သော 'ထောင်တစ်သက်အတွေ့အကြုံ' သည် 'ဒုတိယအကြိမ်'ထုတ်ဟု ဆိုသော်ငြားလည်း စာရေးသူ မကွယ်လွန်မီ နောက်ဆုံး ရေးသားခဲ့သည့်ဆောင်းပါးအထိ ရှာဖွေစုဆောင်း ဖော်ပြပေးထားပါသည်။ ထို့ကြောင့် ယခု(ဒုတိယအကြိမ်ထုတ်)စာအုပ်တွင် အခန်း ၁ မှ အခန်း ၈၆အထိ အစုံဆုံး ဖြည့်စွက် ထားပါသည်။ (အခန်း ၁ မှ ၂၀ အထိသာ ပထမအကြိမ်ထုတ် စာရင်းတွင်ပါဝင်ပြီး) ကျန်သည့် အခန်း ၆၆ ခန်း (အခန်း ၂၁ မှ ၈၆ အထိ)သည် ယခုမှ အသစ် ထပ်မံ ဖြည့်စွက်ကာ ထည့်သွင်းဖော်ပြ ထုတ်ဝေခြင်းဖြစ်ပါသည်။

စာရေးသူ ရန်အောင်မောင်မောင်သည် ၁၉၉၄ ဧပြီ ၉ တွင် ကွယ်လွန်ခဲ့သည် ဖြစ်ရာ ယခု ၂၀၀၄ ဧပြီ တွင် ဆရာ၏ကွယ်လွန်ခြင်း ၁၀ နှစ် ပြည့်ခဲ့ပါပြီ။ စာရေးသူ၏ သက်တမ်းတစ်လျှောက်တွင် နှစ်ရှည်လများ အစဉ်တစိုက်ရေးသားခဲ့ရပြီး ဘဝမှတ်တိုင် တစ်ခု ပြုထားရစ်နိုင်သော ဤစာအုပ်ကို ဆရာ**ရန်အောင်မောင်မောင် ကွယ်လွန်ခြင်း ၁၀ နှစ်ပြည့်**အဖြစ် အမှတ်တရ ထုတ်ဝေလိုက်ရခြင်းလည်း ဖြစ်ပါသည်။

**ထောင်တစ်သက်အတွေ့အကြုံ** စာအုပ်ကို အပြည့်အစုံ ထုတ်ဝေဖြစ်စေရန် ကူညီကြသူများထဲမှ **စာရေးသူ၏မိသားစု**၊ **ဆရာမကြီး** (ဒေါ်)**ကလျာ(ဝိဇ္ဇာ၊ သိပ္ပံ)**၊ **မျက်နှာဖုံး ပန်းချီဆရာ** (ကို)**ဝသုန်**နှင့် ကူညီကြ၊ ကန့်ကွက်ကြ၊ ဆွေးနွေး အားပေး ကြသည့် ပုဂ္ဂိုလ်အပေါင်းကို **ပုဂံစာအုပ်တိုက်**က ကျေးဇူးတင် မှတ်သားရပါသည်။

**ပုဂံစာအုပ်တိုက်**

၁၊ ၄၊ ၂၀၀၄

# စာရေးသူ



## ရန်အောင်မောင်မောင်

(၁၉၂၉–၁၉၉၄)

စာရေးဆရာ ရန်အောင်မောင်မောင်ကို ၁၉၂၉ အောက်တိုဘာ ၁၀ တွင် ရမည်းသင်းခရိုင် ရန်အောင်မြို့၌ အဖ ဦးမင်းကို၊ အမိ ဒေါ်သိန်းတို့မှ ဖွားမြင်သည်။ စစ်ပြီးခေတ်တွင် မန္တလေးမြို့ အမှတ် ၁ အစိုးရအထက်တန်းကျောင်းမှ ၁၀ တန်း အောင်သည်။ ရန်ကုန် တက္ကသိုလ်တွင် ဉပစာ ဝိဇ္ဇာ (က)တန်းတွင် ဆက်လက် ပညာသင်ကြားသည်။ ၁၉၅၀ ပြည့်နှစ်တွင် ကျောင်းထွက်၍ မြန်မာနိုင်ငံ အကျဉ်းဌာနတွင် ထောင်မှူးအဖြစ် ဝင်ရောက် အမှုထမ်းခဲ့သည်။

ကျောင်းသားဘဝမှစ၍ ကျောင်းနံရံကပ်စာစောင်များ၊ နှစ်ပတ်လည် စာစောင် များတွင် စာပေများ ရေးသားခဲ့သည်။ ၁၉၅၁ တွင် ဗမာ့ခေတ်သတင်းစာမှ ထုတ်သော ယုဝတီဂျာနယ်တွင် ရန်အောင်မိမိထွေး အမည်ဖြင့် ဝတ္ထုတိုများ စတင်ရေးသားခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ယုဝတီကလောင်ရှင်ဘွဲ့ကို ရရှိခဲ့သည်။ ၁၉၅၆ နိုဝင်ဘာထုတ် နှစ်ပတ် လည် မြဝတီ မဂ္ဂဇင်းတွင် ရန်အောင်မောင်မောင် အမည်ဖြင့် 'မြစ်တွင်းထောင်ထမှူးကြီး' ဝတ္ထုကို စတင်ရေးသားခဲ့သည်။ အကျဉ်းဌာနဝန်ထမ်း စာပေလောကတွင် စာရေးကြ သူများထဲ၌ ရှေးဦးကျသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။

ဖန်းမော်မြို့ခရိုင်အကျဉ်းစခန်းတွင် ထောင်မှူးကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့

သည်။ ၁၉၆၆တွင် 'ကြိုးစင်ပေါ်မှ မှတ်စုများ' ဝတ္ထုတိုပေါင်းချုပ်ဖြင့် အမျိုးသားစာပေ (တတိယ)ဆုကို ရရှိခဲ့သည်။

ရန်အောင်မိမိထွေး အမည်ဖြင့် ရေးသားခဲ့သော 'အချစ်ရူးလေး'အမည်ရှိ ဝတ္ထုကို မြန်မာ့အသံမှ 'ပေဖူးလွှာ'အမည်ဖြင့် ဇာတ်လမ်းပမာနားဆင်စရာအခန်းမှ ထုတ်လွှင့်ခဲ့သည်။ ထိုဝတ္ထုကိုပင် အေဝမ်းရုပ်ရှင်ကုမ္ပဏီမှ 'မေတ္တာမွှန်' အမည်ဖြင့် ရုပ်ရှင်ရိုက်ကူးခဲ့သည်။ 'ကြမ္မာရဟတ်တစ်ပတ်လည်'ဝတ္ထုကို စာရေးဆရာဒါရိုက်တာ ဦးသုခက 'သိကြားစေသက်သေညွှန်း'အမည်ဖြင့် ရုပ်ရှင်ရိုက်ကူးခဲ့သည်။ အကျဉ်းထောင်လုပ်ငန်းတစ်ရပ်အဖြစ် ရဲဘက်များနှင့် လမ်းဖောက်သည့်လုပ်ငန်းများကို သရုပ်ဖော်ထားသည့် 'အသည်းကွဲစခန်း'ဝတ္ထုကို ညွန့်မြန်မာရုပ်ရှင်မှ 'သည်လမ်းနှင့် သည်စခန်း' အမည်ဖြင့် ရုပ်ရှင်ရိုက်သည်။ 'စောရအိုင်စိမ်း'ဝတ္ထုကို ဒါရိုက်တာဦးသုခက 'ချစ်စရာမို့ချစ်ပါသည်' အမည်ဖြင့် ရုပ်ရှင်ရိုက်ခဲ့သည်။ ဆရာရန်အောင်မောင်မောင်၏ ဝတ္ထုများမှ ရုပ်ရှင်ကား ခြောက်ကား ရိုက်ကူးခဲ့သည်။

ရန်အောင်မောင်မောင်သည် လုံးချင်းစာအုပ် ၁၉ အုပ်နှင့် ဝတ္ထုတို၊ ဆောင်းပါး ၄၀၀ ကျော် ရေးသားခဲ့သည်။ ၁၉၆၄ တွင် ဒေါ်အေးမြင့်အောင်နှင့် လက်ထပ်ခဲ့သည်။ ၁၉၆၇ တွင် ထောင်မှူးကြီး၊ ၁၉၇၅ တွင် ဒုတိယထောင်ပိုင်၊ ၁၉၇၉ တွင် ထောင်ပိုင် အဆင့်(၁)နှင့် ၁၉၈၈တွင် ထောင်ပိုင်အဆင့် (၂)အဖြစ် နိုင်ငံ့တာဝန်များကို အဆင့်ဆင့်တိုးမြှင့် ဆောင်ရွက်ခဲ့သည်။ ၁၉၈၁ တွင် ပဲခူးတိုင်း၊ တိုင်းကောင်စီဝင်အဖြစ် နိုင်ငံ့တာဝန်များ ထမ်းဆောင်ခဲ့သည်။ ၁၉၈၉ တွင် သက်ပြည့်ပင်စင်ယူ၍ အငြိမ်းစားဘဝဖြင့် စာပေများ ရေးသားနေခဲ့သည်။ ၁၉၉၄ ဧပြီ ၉ ရက်နေ့တွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ် နေအိမ်၌ ကွယ်လွန်ခဲ့သည်။ ဆရာရန်အောင်မောင်မောင် ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်အေးမြင့် အောင်နှင့် သားသမီး ကိုးယောက် ကျန်ရစ်ခဲ့သည်။

■

# အားလုံးကောင်းစေချင်ပါသည်

(ပထမအကြိမ်ထုတ်စာအုပ်မှ စာရေးသူ၏ အမှာစာ)

အားလုံးကောင်းစေချင်ပါသည်။

"အားလုံးကောင်းပါတယ်ခင်ဗျား"

ညစဉ်ညတိုင်း ဒီအသံကို နားစွင့်လာခဲ့သည်မှာ ၁၉၅၀ ပြည့် ထောင်မှူးအဖြစ် အလုပ်ဝင်ခဲ့သည်မှစ၍ ၁၉၈၉ ခုနှစ် ထောင်ပိုင်ကြီးအဖြစ် သက်ပြည့် အငြိမ်းစားယူသည် အထိဆိုတော့ အနှစ်လေးဆယ်နီးပါး ကြာမြင့်ခဲ့ချေပြီ။ ဟိုတုန်းကလည်း ဒီအတိုင်း အော်ခဲ့သည်။ ယခုလည်း ဒီအတိုင်း အော်နေဆဲ။ ရှေ့ဆက်ပြီးတော့လည်း ဒီအတိုင်းပင် အော်နေဦးမည်သာ။

အမှန်က အင်္ဂလိပ်လို 'all well' ကို တိုက်ရိုက် မြန်မာပြန်ထားခြင်း ဖြစ်၏။ ကုလားထောင်ကြပ်တွေလက်ထက်က 'အောလ်ဝဲလ်'ဟု မပီကလာပီကလာ အော်ဟစ်ခဲ့ ဖူးသည်။ ဘယ်လိုပဲအော်အော်၊ အဓိပ္ပာယ်ကတော့ အကျဉ်းထောင်အခြေအနေ အားလုံး ကောင်းတယ် ဆိုတာပါပဲ။

ကောင်းပြီ၊ အကျဉ်းထောင်အခြေအနေ အားလုံးကောင်းတယ်ပဲ ထားလိုက်ပါ တော့။ အဲဒီအကျဉ်းထောင်ထဲမှာ ရှိကြတဲ့အကျဉ်းသားတွေကကော ဘယ်လောက်အထိ ကောင်းခဲ့ကြသလဲ၊ ကောင်းနေပြီလဲ၊ ကောင်းသွားကြမှာလဲ။ တော်တော်အဖြေရ ကြပ်မည့် မေးခွန်းတွေ ဖြစ်၏။ ရာဇဝတ္တဗေဒဆိုင်ရာ ပါရဂူတစ်ဦးဖြစ်သူ ဒေါက်တာ

http://www.cherrythitsar.org



ရက်ပက်မဏ္ဍာသီ၏အဆိုအရ 'လူဆိုး တစ်ယောက်နှင့် လူကောင်း တစ်ယောက်၏ ကွာဟမှုအတိုင်းအတာသည် အကျဉ်းထောင်ကို ကာရံထားသော အုတ်နံရံတစ်ခုစာ လောက်သာ ကွာခြားသည်'ဟု ဖတ်ခဲ့မှတ်ခဲ့ရဖူးပါသည်။ မှန်ပါသည်။ ဘုရား ရဟန္တာမှ လွဲပြီး အာသဝေါ မကုန်ခန်းနိုင်သေးသည့် ပုပ္ပုထုဇဉ်လူသတ္တဝါမှန်သမျှ ကောင်းချင်သည့်အခါ ကောင်း၍ ဆိုးချင်သည့်အခါ ဆိုးမည်။ မလိမ္မာ တစ်ခါမိုက်စမြဲဟုလည်း ဆိုထားပြန်၏။ မွေးသည်မှ သေသည်အထိ ရာသက်ပန် ဆိုးသွမ်းသူ၊ ကောင်းမွန်သူရယ်လို့ ဤသတ္တလောကကြီးမှာ မရှိစကောင်း။

အဝတ်ဟောင်းကို အဝတ်လျှော်စက်ထဲထည့်လိုက်ရုံမျှဖြင့် တစ်ဖက်မှ အဝတ်သစ် ပြန်ထွက်လာသကဲ့သို့ လူဆိုးတစ်ယောက်ကို အကျဉ်းထောင်သို့ ပို့လိုက်ပြီး ပြန်ထွက်လာချိန်တွင် လူကောင်းပကတိ ပြန်ဖြစ်လာစေရမည်ဟု အာမဝန် ခံနိုင်မည် မဟုတ်ချေ။ သန္ဓေပါ၊ အမေ မတတ်နိုင်သော လူစားမျိုးကလည်း မြောက်မြားစွာရှိ၏။

tooth for tooth, eye for eye 'သူ့သွားတစ်ချောင်းအတွက် ကိုယ့်သွားတစ်ချောင်း၊ သူ့မျက်လုံး တစ်ဖက်အတွက် ကိုယ့်မျက်လုံးတစ်လုံး' စသည့် ယဉ်ကျေးမှု မထွန်းကားမီက ပြစ်ဒဏ်များ နောက်ပိုင်းတွင် ပြစ်မှုနှင့် ပြစ်ဒဏ်ပေးခြင်းကို အောက်ပါ အချက်သုံးချက်အပေါ်တွင် အခြေပြုခဲ့ပေသည်။

(က) retribution – မိမိကျူးလွန်မိသည့် ပြစ်မှုအတွက် အပြစ်ဒဏ်ပေးဆပ်ရခြင်း။

(ခ) vengeance – ပြစ်မှုကျူးလွန်သူက ခံရသူအတွက် လျော်ကြေးပေးဆပ်ရခြင်း။

(ဂ) restitution – ပြစ်မှုကျူးလွန်သူ ကာယကံရှင်အား ကြောက်လန့်စေရန်နှင့် တစ်ပါးသူတို့အားလည်း ရာဇဝတ်မှုကျူးလွန်ခြင်းမှ ဟန့်တားသောသဘောဖြင့် ကြောက်လန့်စေရန် စံနမူနာပြခြင်း။

အချို့နိုင်ငံများတွင် ရာဇဝတ်မှုကြိုတင်ကာကွယ်ရေးနှင့် အကျဉ်းသားများ စာရိတ္တပြုပြင်ရေးတို့အတွက် preventive system နှင့် parole system တို့ကို စမ်းသပ်ဆောင်ရွက်ခဲ့ကြသည်။ preventive system ဆိုသည်မှာ ရာဇဝတ်မှုများကို ကြိုတင်ကာကွယ်ရခြင်းဖြစ်၍ ရဲလုပ်ငန်းနှင့် ဆင်ဆင်တူသည်။ parole system မှာ ထောင်ကျအကျဉ်းသားများကို လွတ်ရက်မစေ့မီ ကြိုတင်လွှတ်ထားခြင်းဖြစ်၏။ ယင်းစနစ်နှင့် အလွန်နီးစပ်သော အပြစ်ဒဏ်ပြန်လည်စစ်ဆေးရေးအဖွဲ့ jail revisory board ဟူ၍ မြန်မာပြည်မှာလည်း ရှိခဲ့ဖူးသေးသည်။ ခက်တာက အုတ်ရိုးအပြင်ဘက်မှ လူတို့အနေနှင့် ထောင်လွတ်အကျဉ်းသားများအပေါ် ကိုယ်ချင်းစာတရား ခေါင်းပါးတတ်ကြသော အလေ့အထပင်ဖြစ်၏။ သူတို့စိတ်ထဲ ထောင်လွတ်ဆိုသည်နှင့် 'ဟင်' ခနဲ နှာခေါင်းရှုံ့လိုက်တတ်ကြပေသည်။

မှန်ရာကို ဆိုရပါမူ စာရေးသူကိုယ်တိုင်လည်း ထောင်မှူးဝင်လုပ်စက အကျဉ်းသားများ စာရိတ္တပြုပြင်ရေးနှင့်ပတ်သက်၍ ဘာတစ်ခုမှ အလေးအနက်ထား စဉ်းစားခဲ့

http://www.cherrythitsar.org



သည် မဟုတ်ပေ။ သစ်မရခင် ဝါးပေါင်းကွပ်သည့်သဘော၊ ဒီအလုပ်ကြီးနှင့် စွဲစွဲမြဲမြဲ အရိုးထုတ်ကာ အငြိမ်းစားယူသည်အထိ လုပ်မိမည်ဟု မမျှော်မှန်းခဲ့ချေ။ ဒါကြောင့်လည်း တခြားအလုပ်တစ်ခုခု ပြောင်းရွှေ့လုပ်ခွင့်ရရန် အကြိမ်ကြိမ် ကြိုးစားခဲ့ပါသော်လည်း ထမြောက်အောင်မြင်ခြင်း မရှိခဲ့။

ဒီလိုနှင့် တစ်စတစ်စ အချိန်ကြာမြင့်လာခဲ့ရပြီး နောက်ဆုံး အကျဉ်းထောင် အတွေ့အကြုံများကို အခြေခံပြီး စာပေလောကတွင် ခြေချခွင့်ရသောအခါ 'ကဲ၊ ဒါလောက်တောင်ရှိလှတာ အကျိုးပေးရာ အကြောင်းထင်တာပါပဲ။ ဒီဘဝ ဒီမျှနှင့် အရိုးထုတ်ပါတော့မည်'ဟု စိတ်နှလုံး ဒုန်းဒုန်းချမိတော့သည်။ တစ်လုပ်စားဖူး သူ့ ကျေးဇူး ဆိုတာ မဟုတ်လား။ ခုတော့ တစ်လုပ်သာမက တစ်သက်စာပင်စင်ပါ စားနေ ရပြီဆိုတော့ သူ့ကျေးဇူး သိတတ်ရမည်လေ။

ဝန်နှင့်အား၊ မြားနှင့်လေး ဆိုသကဲ့သို့ အကျဉ်းထောင် လောကကြီးတစ်ခုလုံး ပြုပြင်ပြောင်းလဲရေးအတွက် မိမိတစ်ဦးတည်းဖြင့် မစွမ်းဆောင်နိုင်သည့်တိုင်အောင် အသက်အရွယ်နှင့်အတွေ့အကြုံ ရင့်ကျက်လာသည်နှင့်အမျှ မိမိလက်လှမ်းမီသလောက် တစ်ယောက်ချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ အလျဉ်းသင့်သလို ပြုပြင်ရေးအတွက် ဦးတည်၍ ဆုံးမပဲ့ပြင်မှုများ ပြုလုပ်နိုင်ခဲ့ပါသည်။ အလားတူပင် စာပေရေးသားရာတွင် လည်း ရာဇဝတ်မှုနယ်ပယ်နှင့် အကျဉ်းထောင်လောကမှ သင်ခန်းစာယူစရာများ၊ သံဝေဂ ရစရာများ တတ်အားသရွေ့ ထည့်သွင်းရေးသားခဲ့ပါသည်။

စစ်ကိုင်း ထောင်သင်း၊ စလင်း လက်ယာ၊ ပြည်မှာ နဝဒေး ဟု အဆိုရှိသည်။ ထောင်သင်းဆိုသည်မှာ ထောင်မှူးကို ခေါ်ကြောင်း မှတ်သားခဲ့ရဖူး၏။ လက်မရွံ့ အာဏာသား၊ ပါးကွက်သား တစ်နည်းအားဖြင့် လူသတ်သမား၏အသည်းနှလုံးသည် ထာဝစဉ် ခက်ထန် မာကျောနေလိမ့်မည်ဟု တစ်ထစ်ချ ပုံသေယူဆရန် ခက်ခဲလှ၏။ သူလည်း လူထဲကလူသားပင်ဖြစ်၍ နှလုံးသားခံစားမှု ဝေဒနာတစ်ခုတော့ ရှိမည်မှာ ဧကန်မုချမလွဲတည်း။

ထောင်တစ်သက်အတွေ့အကြုံကို ရေးသားရာတွင် လူတစ်ဖက်သားအား အကြောင်းမဲ့ အကျိုးယုတ်စေမည့် အချက်အလက်များကို တတ်နိုင်သမျှ ရှောင်ရှားခဲ့ပါ သည်။ အကယ်၍ မလွှဲမရှောင်သာလျှင် အမည် နေရပ်လိပ်စာများ ပြောင်းလွဲပစ်ခဲ့၏။ ဆရာတပည့်၊ ညီရင်းအစ်ကိုသဖွယ် လေးစားချစ်ခင်ရသည့်လုပ်ဖော်ကိုင်ဖက်ချင်း ချစ်စနိုး ကလူကျီစယ်မိသည်များတော့ ရှိတန်သလောက် ရှိခဲ့သည်ကို ဝန်ခံရမည် ဖြစ်ပါ၏။ ဒါလည်း တကယ်တော့ ထုထည်ပမာဏအားဖြင့် လေးလံလှပြီး ပျင်းရိငြီးငွေ့စရာ ကောင်းသော အကျဉ်းထောင်အကြောင်းကို ရေးသားရာတွင် စာဖတ်သူများ၏ စိတ် ဓာတ်ကို နှိုးဆွပေးသည့် စိတ်ကြွဆေးများသာဖြစ်ပါသည်။ လွန်တာရှိပါက ဝန္ဒာမိပါဟု အကြောင်းကံနှင့် တောင်းပန်ပါရစေ။

ခွဲချိန်တန်၍ ခွဲခွာခဲ့ရသော အကျဉ်းထောင်လောကကြီးအတွက် ထာဝရ ဆုတောင်း နေချင်တာကတော့....

“အားလုံးကောင်းကြပါစေ” ဟူ၍။

ရန်အောင်မောင်မောင်

http://www.cherrythitsar.org

# ထောင်တစ်သက်အတွေ့အကြုံ

## (အဖွင့်)

၁၉၈၄ ခု ဇွန်လ ၃၀ ရက်နေ့တွင် အကျဉ်းထောင်လုပ်သက် ၃၄ နှစ် ပြည့်ခဲ့ပြီ။ လုပ်သက်အရ အငြိမ်းစားယူမည်ဆိုလျှင် အချိန်စေ့၍ ၄ နှစ်ပင် စွန်းခဲ့ပြီဖြစ်၏။ အနှစ် ၃၀ တင်းတင်းပြည့်သည့်နေ့က ဒိုင်ယာရီစာအုပ်ထဲတွင် 'ပင်စင်ယူလို့ ရပြီဟေ့' ဟု ကြုံးဝါးမှတ်သားခဲ့ဖူးသည်။ အသက်အရတော့ ၆၀ ပြည့်မှ အငြိမ်းစားယူနိုင်သဖြင့် ၅ နှစ်ခန့် ကျန်သေးသည်။

မည်သို့ပင်ဖြစ်စေ ၃၄ နှစ် ဆိုသည်မှာ လူတစ်ယောက်၏ ပျမ်းမျှသက်တမ်း တစ်ဝက်ကျိုးခဲ့ပြီဖြစ်၏။ ထောင်ဒဏ် တစ်သက်တစ်ကျွန်းကျသူကို ထောင့်တစ်သက် အကျဉ်းသားဟု ခေါ်လေ့ရှိကြသည်။ ထောင့်တစ်သက်အကျဉ်းသား နှစ်မျိုးနှစ်စားရှိ၏။ ပထမတန်းနှင့် ဒုတိယတန်းဆိုလျှင် ၂၅ နှစ်၊ တတိယတန်းဆိုလျှင် ၂၀ နှစ်။

ထောင်ဒဏ် ၂၅ နှစ် အပြစ်ကျသော ထောင့်တစ်သက်အကျဉ်းသားသည် ထောင်ထဲတွင် ၂၅ နှစ်ပြည့်အောင်မနေရပါ။ လျှော့ရက် သုံးပုံတစ်ပုံအထိ ရနိုင်သည်ဖြစ်၍ အများဆုံးနေရမှ ၁၆ နှစ်ခန့်။ သို့သော် ၁၆ နှစ်အထိ နေရသောအကျဉ်းသားလည်း မရှိခဲ့။ အဘယ့်ကြောင့်ဆိုသော် သာသနာနှစ်ထောင့်ငါးရာတို့၊ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့် စသည်တို့က မကြာမကြာ ပေါ်ပေါက်တတ်ရာ၊ ထောင်ထဲတွင် အများဆုံး ဆယ်နှစ်ခန့်နေရသော ထောင့်တစ်သက် အကျဉ်းသားပင် ခပ်ရှားရှား။

http://www.cherrythitsar.org



အလားတူပင် ထောင်ဒဏ်တစ်သက်တစ်ကျွန်းကျသူ စာပေသမားကို မတွေ့ခဲ့ဖူးသေးချေ။ အများဆုံး ထောင်ထဲတွင် သုံးလေးနှစ်နေသွားရသူ စာပေသမားတွေတော့ အတော်ကလေး များခဲ့သည်။ သူတို့တစ်တွေပင် ထောင်အကြောင်း၊ သို့တည်းမဟုတ် ထောင်အတွေ့အကြုံများ ရေးမကုန်နိုင်အောင်ရှိကြလေရာ၊ အကျဉ်းထောင်လုပ်သက် ၃၄နှစ်ပြည့်ခဲ့ပြီးသူ စာပေသမားတစ်ယောက်အနေနှင့် မိမိကျော်လွှား ဖြတ်သန်းလာခဲ့ရသည့် ခရီးလမ်းကို မှတ်တမ်းတင်ရန် အချိန်ကျလာပြီဟု ကိုယ့်ကိုယ်ကို မြင်လာမိသည်။

အမြင်ချင်းတော့ တူချင်မှ တူပေမည်။

အကျဉ်းထောင်ကိုအုပ်ချုပ်ရသူ ထောင်မှူး ထောင်ပိုင်အမြင်က တစ်မျိုး။ အကျဉ်းထောင်ထဲတွင် အုပ်ချုပ်ခံရသူ အကျဉ်းသား အကျဉ်းသူတို့၏ အမြင်က တစ်မျိုး။

သို့ရာတွင် ထိုသို့ အမြင်ချင်းမတူသည်ကပင်လျှင် အကျဉ်းထောင်သမိုင်းကို လေ့လာလိုသူ သုတေသီတို့အတွက် အကွက်ကောင်းတစ်ကွက် ဖြစ်ချင် ဖြစ်နေပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ရုပ်ရှင်ရိုက်သည့်အခါ ရှုထောင့်စုံအောင် ရိုက်ကွင်း ရိုက်ကွက် အမျိုးမျိုး ပြောင်းလွဲပြီး ရိုက်ပြနိုင်လေလေ ရုပ်ရှင်ကြည့်သူတို့အတွက် ပိုပြီး အရသာ ပြည့်ပြည့်ဝဝခံစားရလေလေ ဖြစ်သောကြောင့်တည်း။

ထောင်တစ်သက်အတွေ့အကြုံ ရေးသားရာတွင် စာရေးသူသည် အကျဉ်းထောင်လောကကို နောက်ခံထားပြီး စာပေစင်မြင့်ပေါ် တက်လာရသူတစ်ဦး ဖြစ်သည့်အလျောက် ထောင်နှင့်စာပေ၊ စာပေနှင့်ထောင်မှာ ရေကိုတား၍ အကြားမထင်ဘိသကဲ့သို့ ထောင်နှင့်စာပေ၊ စာပေနှင့်ထောင် ခွဲခြား၍ ရနိုင်မည်မဟုတ်ပေ။

ဤသည်ပင်လျှင် တစ်နည်းတစ်ဖုံအားဖြင့် စာရေးသူတစ်ဦး၏ဘဝကို မှတ်တမ်းတင်ထားသလို ဖြစ်သွားနိုင်သည့်အတွက် ပိုမိုပြီးပြည့်စုံသည်ဟု ဆိုနိုင်မည် ထင်ပါသည်။

■

http://www.cherrythitsar.org

# ၁

"ဂျိမ်း"

ဒါကတော့ အင်းစိန်ထောင်ဘူးဝရှေ့ရှိ သံတံခါးမကြီး ပိတ်သံ ဖြစ်သည်။

ယင်းတံခါး ပိတ်သံနှင့်အတူ မောင်မောင်၏ ရင်ထဲမှာလည်း 'ဒိန်း' ခနဲမြည်သွားခဲ့သည်။ ကြောက်သလိုလို ရွံ့သလိုလို အားငယ်စိတ်တွေလည်း အလိုလို ဝင်လာမိ၏။ ဘယ်လိုပါလိမ့်။

အသက်နှစ်ဆယ်အရွယ် ကျောင်းမှထွက်စ၊ ထောင်အတွေ့အကြုံမရှိသေးသူ။ ထောင်ဆိုလို့ ရမည်းသင်းထောင်နှင့် မန္တလေးထောင်ကိုသာ အဝေးက မြင်ဖူးသူတစ်ယောက်၊ ထောင်မှူးသင်တန်း တက်ရန်အတွက် အင်းစိန်ထောင်ဘူးဝထဲသို့အဝင်။

မြန်မာပြည်မှာတော့ အင်းစိန်ထောင်မှာအကြီးဆုံး၊ မြန်မာပြည်သာမကသေး၊ အရှေ့အာရှမှာ စစ်ကြိုခေတ်က ဒုတိယအကြီးဆုံး။ ပထမအကြီးဆုံးက ကာလကတ္တားထောင်။ အင်းစိန်ထောင်မှာ မြန်မာပြည်အတွက်တော့ ထောင်တက္ကသိုလ်ဟု ဆိုလောက်ပါသည်။

ထောင်တွေမှာ ပုံစံအမျိုးမျိုး ဖြစ်သည်။ ထောင်တိုင်းပင် 'ဘူးဝ' ဟု ခေါ်သည့် တံခါးမကြီးများရှိသည်။ ထောင်ဘူးဝတွင် တံခါးမကြီး နှစ်ထပ်ရှိ၏။ အချို့ထောင်များတွင် ရှေ့တံခါးက သံတိုင်တံခါး ထား၏။ အချို့ထောင်များတွင် သစ်သားအပိတ်တံခါးထားသည်။ ရှေ့ပိုင်းက သံတိုင်တံခါးထားလျှင်၊ နောက်ပိုင်းက သစ်သားအပိတ်တံခါးထားသည်။ သို့တည်းမဟုတ် ရှေ့ပိုင်းက သစ်သားအပိတ်တံခါးထားလျှင်၊ အတွင်းတံခါးကို သံတိုင်တံခါး ထားလေ့ရှိသည်။

http://www.cherrythitsar.org



ထိုစဉ်က အင်းစိန်ထောင်ဘူးဝရှေ့ တံခါးမှာ သံတံခါးဖြစ်၍ မောင်မောင်တို့ ထောင်မှူး သင်တန်းသားများ ဝင်ပြီးသည်နှင့် 'ဂျိမ်း'ခနဲ ပိတ်လိုက်ခြင်းဖြစ်သည်။

သံတံခါးကြီး 'ဂျိမ်း'ခနဲ ပိတ်လိုက်သောအခါ မောင်မောင့်ရင်ထဲ 'ဒိန်း'ခနဲ မြည်သွားသည်။ တစ်ဆက်တည်းမှာပင် 'ချပ်'၊ သော့ခလောက်ကြီးကို တံခါးကွင်း နှစ်ခုတွင် စွပ်ပြီး 'ဂျလောက်'ခနဲ သော့ခတ်လိုက်ပြန်သောအခါ....။

"သံတံခါးကြီး ပိတ်သွားပြီ။ သော့ခလောက်လဲ ခတ်လိုက်ပြီ။ ငါ ပြန်ထွက်လို့မှ ရပါတော့မလား"

သို့ကလို.... မလိမ်မိုး မလိမ္မာ ကလေးသူငယ်အတွေးမျိုး ဝင်ခဲ့မိသည်။ ရင်ဖိုခဲ့ရသည်။ နောက်ပိုင်း ထောင်မှူးဖြစ်သွားပြီး မိမိဝင်ချင်သည့်အခါ ဖွင့်ပေး၍၊ ထွက်ချင်သည့်အခါ ဖွင့်ပေးမှန်း သိသွားသောအခါတွင်မူ ပြဿနာမှာ ရိုးသွားသည်။ ထမင်းစားရေသောက် ဖြစ်သွားသည်။

ဒါတောင်မှ ထောင်မှူးဖြစ်စက အတွေ့အကြုံလေးတစ်ခုကို ရေးပြချင်သေးသည်။

အကျဉ်းထောင်တွင် အဓိကကျသော လုပ်ငန်းကြီးနှစ်ရပ်ရှိ၏။ နံနက် ထောင်ဖွင့်ခြင်းနှင့် ညနေ ထောင်ပိတ်ခြင်းတို့ ဖြစ်သည်။

ထောင်ထဲတွင် အများသူငါတစ်တွေ တွေးကြသလို၊ မေးကြသလို အကျဉ်းသားများကို အချိန်ရှိသရွေ့ အိပ်ဆောင်အတွင်းသွင်းပြီး သော့ခတ်ထားသည်မဟုတ်ပေ။ အုတ်ရိုး လေးဖက်လေးတန်အတွင်း အိပ်ဆောင်များ၊ တိုက်ခန်းများ၊ အလုပ်ရုံများ၊ ဆေးရုံ၊ ထမင်းချက်ဖို စသည်အားဖြင့် အဆောင်အလိုက် အုတ်ရိုးငယ်များဖြင့်ဖြစ်စေ၊ သံတိုင်အကာအရံများဖြင့်ဖြစ်စေ၊ ကာရံထားသည့်ပရဝဏ်အတွင်း နံနက်မိုးလင်း တံခါးဖွင့်ခြင်းကို ထောင်ဖွင့်သည်ဟုခေါ်၍ ညနေမိုးချုပ် တံခါးပိတ်ခြင်းကို ထောင်ပိတ်သည်ဟုခေါ်ခြင်းဖြစ်သည်။

အကျဉ်းသား လူပေါင်း စာရင်းအရေအတွက်ကို နံနက်ထောင်ဖွင့်တစ်ကြိမ်၊ ညနေထောင်ပိတ်တစ်ကြိမ် ရေတွက်ရသည်။ ထိုအချိန်တွင် အကျဉ်းသားများသည် နှစ်ယောက်တစ်တွဲ တန်းစီထိုင်နေကြရပြီး ထောင်မှူးကိုယ်တိုင် လူရေတွက်ရသည်။ နံနက်ထောင်ဖွင့် လူပေါင်းစာရင်းထဲမှ ထိုနေ့လွတ်သွားသောလူနှင့် ရုံးထွက်သွားသူ တို့ကို နုတ်ပြီး၊ ထိုနေ့ထောင်ကျ လူသစ်များနှင့် ရုံးပြန်အချုပ်တို့ကို ပေါင်းလိုက်လျှင် ညနေ ထောင်ပိတ်လူပေါင်းစာရင်း ကိုက်ညီရမည်ဖြစ်၏။

ထောင်မှူးတစ်ယောက်အနေနှင့် နံနက်ထောင်ဖွင့်ချိန် လူပေါင်းရေတွက်ပြီး တံခါးဖွင့်ပေးရစဉ်က ဘာမှမထောင်းသာလှသော်လည်း ညနေထောင်ပိတ်ချိန် လူပေါင်းရေတွက်ပြီး၊ တံခါးပိတ် သော့ခတ်ကာ ပြန်ထွက်လာရချိန်တွင်မူ ရင်ထဲ၌ ခံစားရသည်။

"ငါ သူတို့ကို ပိတ်ထားခဲ့ရပြီ၊ လှောင်ထားခဲ့ရပြီ၊ သူတို့ ရင်ထဲ ဘယ်လို

http://www.cherrythitsar.org



နေရာမှာပါလိမ့်”

ဤခံစားမှုမှာ ထောင်မှူးဖြစ်စက အပြင်းထန်ဆုံးဖြစ်ပြီး နောက်ပိုင်း တာဝန်ပဲလေ ဟု မိမိစိတ်ကို မိမိ ဖြေနိုင်ခဲ့သော်လည်း ထောင်ဖွင့်ရသည့်တာဝန်လောက် ရင်ထဲမှာမပေါ့ပါးတာကတော့ အမှန်။

ထောင်ဖွင့်ချိန်တွင် တစ်ကြိမ်၊ ထောင်ပိတ်ချိန်တွင် တစ်ကြိမ် ခေါက်သည့် သံချောင်းသံကတော့....

“ဒေါင် ဒေါင် ဒေါင်.... ဒေါင်”

ပထမသုံးချက်ကို ခပ်မြန်မြန်ခေါက်ပြီး နောက်ဆုံးတစ်ချက်ကို နာရီဆိုင်းပြီးမှ ခေါက်ခြင်းဖြစ်၏။

အကျဉ်းသားများအဖို့ ထောင်ဖွင့်သည့်သံချောင်းသံသည် နားဝင်ချိုလှပြီး ထောင်ပိတ်သည့်သံချောင်းသံသည် နားခါးကြမည်ကို လူပြိန်းတွေး တွေးကြည့်လျှင်ပင် သိသာနိုင်ပါသည်။

ထောင်မှူးသင်တန်း ပြန်၍ဆက်ပါမည်။ ထိုစဉ်က ၁၉၄၉ ခုနှစ် ဒီဇင်ဘာ လကုန်ပိုင်းဖြစ်၍ သင်တန်းမှာ ၁၉၅၀ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင်မည်ဖြစ်သည်။ မောင်မောင်နှင့်အတူ ထောင်မှူးသင်တန်းတက်ရန် ရွေးချယ်ခြင်းခံရသူ နှစ်ဆယ်ကျော်ကျော်ရှိသူတို့ရင်ထဲတွင် ဘယ်လိုအတွေးတွေဝင်၍ ဘယ်လိုခံစားနေကြလေမည် မသိ။

ထောင်ဘူးဝထဲဝင်ပြီးနောက် အိန္ဒိယလူမျိုးစာရေးကြီးက လူတွေ့တစ်ယောက်ချင်း စစ်ဆေးသည်။ ထိုအချိန်က မှတ်ပုံတင် မရှိသေး။ ထောင်မှူးသင်တန်းတက်ရန် ထောင်မင်းကြီးလက်မှတ်နှင့် ခေါ်သောစာနှင့် စာမေးပွဲအောင်လက်မှတ်။ အင်းစိန်ခရိုင်ဆရာဝန်ကြီး၏ ဆေးလက်မှတ်ထောက်ခံချက်တို့လောက်သာ စစ်ဆေးနိုင်သည်။

စာရေးကြီးက လူစေ့စစ်ဆေးပြီးနောက် ထောင်ပိုင်ကြီးရုံးခန်းသို့ ခေါ်သွားသည်။ ထောင်ပိုင်ကြီးရုံးခန်းမှာ ထောင်ဘူးဝတစ်ဖက်ကို နေရာယူထား၍ ကျန်တစ်ဖက်တွင် ထောင်ပိုင်လေးခေါ် ဒုတိယထောင်ပိုင်နှင့် ထောင်မှူးကြီးတို့ ထိုင်ကြသည်။ စာရေးဝန်ထမ်းများလည်း ထိုအခန်းမှာပင် ထိုင်ကြ၍ ထောင်မှူးများက ထောင်တွင်းရှိ ရုံးခန်းအသီးသီးမှာ။

လူနှစ်ဆယ်ကျော်လုံး ထောင်ပိုင်ကြီးရုံးခန်းတွင် တန်းစီ၍ရပ်ကြရသည်။

ထောင်ပိုင်ကြီးမှာ သီလကုသိုလ်ကောင်း၍ ယခုတိုင်ပင် (ဤစာရေးနေသည့်အချိန်အထိ) အသက်ရှင်လျက် ရှိနေပါသေးသည်။ မျက်နှာတွင် ကျောက်ပေါက်မာထူလပျစ်နှင့် ဝဝဖိုင့်ဖိုင့် လူပျိုကြီးဖြစ်သည်။ မိခင်အိုကြီးကို အလိုလိုက်၍ လုပ်ကျွေးပြုစုနေသည့် နေရာမှာတော့ နှစ်ယောက်မရှိ။ နာမည်ကြီးသည်။

ထောင်ပိုင်ကြီးနှင့်အတူ အနီးရှိကုလားထိုင်တွင် အဆင့်တူ ထောင်ပိုင်ကြီးတစ်ယောက်လည်း ထိုင်နေသည်။

http://www.cherrythitsar.org



"အေး....၊ မင်းတို့ နက်ဖြန်ခါ ဇန်နဝါရီလ တစ်ရက်နေ့က တနင်္ဂနွေနေ့ဖြစ်တော့ တနင်္လာနေ့ကစပြီး ထောင်မှူးသင်တန်း စတက်ကြရမယ်။ မင်းတို့ရဲ့ သင်တန်းကျောင်းအုပ်ဆရာကြီးကတော့ သူပဲ။ မစ္စတာ အေ ကရစ်ရှနားတဲ့။ တို့လိုပဲ လုပ်သက်ရင့် ထောင်ပိုင်ကြီးတစ်ယောက်ပေါ့။ သင်တန်းကာလ သုံးလအတွင်းမှာ မင်းတို့တစ်တွေ စည်းကမ်းရှိရှိနဲ့ ကြိုးကြိုးစားစား သင်ကြရမယ်။ ကျန်တာတွေကိုတော့ မင်းတို့ ဆရာကြီးက ဆက်ပြောလိမ့်မယ်"

ထိုစဉ်အခိုက်မှာပင် ညှော်နံ့တစ်မျိုး ရလာသည်။ အဝတ်စ မီးလောင်သည့် ညှော်နံ့မျိုး ဖြစ်၏။

ကျောင်းအုပ်ဆရာကြီးက ထောင်မှူးလောင်း သင်တန်းသားတစ်ဦးကို လက်ညှိုးထိုးယင်း လှမ်းပြောလိုက်သည်။

"ဟေ့ သူငယ်.... မင့်တိုက်ပုံအင်္ကျီအိတ်ထဲက မီးခိုးတွေ ထွက်နေပါလား"

မှန်ပါသည်။

မောင်မောင်တို့အဖွဲ့ထဲမှ ရမည်းသင်းသား ထောင်မှူးလောင်း ကိုထွန်းရင် သည် ထောင်ပိုင်ကြီးရုံးခန်းမဝင်မီ စီးကရက်သောက်နေခဲ့သည်။ စာရေးကြီးက ခေါ်လိုက်သောအခါ သောက်လက်စစီးကရက်က တစ်ဝက်မကျိုးသေး။ နမြောသည်နှင့် မီးသတ်ပြီး မီးသေပြီအထင်နှင့် တိုက်ပုံအင်္ကျီဘေးအိတ်အတွင်း ထည့်ထားခဲ့ရာက ယခုတော့.... မီးမသေဘဲ တိုက်ပုံအင်္ကျီကို မီးစွဲလောင်ခဲ့ခြင်းဖြစ်သည်။

အတိတ်နိမိတ်လို့ ဆိုချင်ဆိုတော့....။

ကိုထွန်းရင်တစ်ယောက် ထောင်မှူးဖြစ်ပြီး သုံးလေးနှစ်လောက်အကြာ ပြဿနာဖြစ်ပြီး ထောင်မှူးအလုပ်မှ ထွက်ခဲ့ရသည်။

ကျောင်းအုပ်ဆရာကြီးက သင်တန်းအတွက် လိုအပ်သည်များကို မှာကြားပြီးနောက် ထောင်ပိုင်ကြီးရုံးခန်းမှ ပြန်ထွက်လာခဲ့ကြရသည်။

"ဂျိမ်း....၊ ဂျလောက်"

မောင်မောင်တို့ ထောင်ဘူးဝမှပြန်အထွက် သံတံခါးကြီးပိတ်၍ သော့ခလောက်ပြန်ခတ်စဉ်တွင်မူ ရင်ထဲ၌ ပေါ့သွားသလို ခံစားလိုက်ခဲ့ရသည်။

■

http://www.cherrythitsar.org

# ၂

'ထောင်မှူးဖြစ်ရန် ၈၈ ရက်သာ လိုတော့သည်"

ဤစာတန်းမှာ မောင်မောင်၏ ခုတင်ခေါင်းရင်းရှိ သစ်သားခါးပန်းတွင် မြေဖြူဖြင့် ရေးသားထားသော စာတန်းဖြစ်သည်။

တကယ်တော့ ကျောင်းသားဘဝကတည်းက သန္ဓေတည်လာခဲ့သော စာရေးလိုသည့် အာသီသပင် ဖြစ်၏။ ကျောင်းသားဘဝက ကျောင်းသား နံရံကပ်စာစောင်တို့၊ နှစ်လည်စာစောင်တို့မှာ ကလောင်သွေးခဲ့ဖူးသည်။

မောင်မောင်တို့တက်ရသောထောင်မှူးသင်တန်းမှာ စစ်ပြီးခေတ်ဒုတိယအကြိမ်ဖွင့်လှစ်သည့် ထောင်မှူးသင်တန်းဖြစ်၏။ ပထမအကြိမ်ဖွင့်လှစ်သည့် ထောင်မှူးသင်တန်းမှာ အင်းစိန်ထောင်ကို အဖျက်သမားများ ဝင်ရောက်စီးနင်းစဉ် ကစင့်ကလျားဖြစ်ပြီး သင်တန်းတစ်ဝက်နှင့် ပြီးဆုံးသွားသည်ဟု သိခဲ့ရသည်။

သင်တန်းသားများမှာ သိပ်မများလှသဖြင့် ထောင်အဝင်ဝရှိ အားလပ်နေ သော ဒုတိယထောင်ပိုင်နေအိမ်တွင် နေကြရသည်။ သင်တန်းခန်းမမှာ ထောင်ရှေ့၌ ထောင်မှူးသင်တန်းရှိနေ၍ ခေတ္တပိတ်ထားရသော ထောင်ကြပ်သင်တန်းခန်းမ။ သိပ်ပြီး ကျယ်ဝန်းလှသည်တော့ မဟုတ်ပေ။

သင်တန်းတွင် ကျောင်းအုပ်ဆရာကြီး မစ္စတာ အေကရစ်ရှနားကပင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော အကျဉ်းထောင်လက်စွဲဥပဒေ အပိုင်း ၁ နှင့် ၂ တို့ကို အဓိကထား၍ သင်ကြားပြသသည်။ ဆရာကြီးသည် အကျဉ်းထောင် လက်စွဲဥပဒေကို အရည်ကျိုသောက်ထားသလား ထင်ရလောက်အောင် ပိုင်နိုင်လှသည်။ ထိမိလှသည်။ ဥပဒေအပိုဒ်နှင့် စာသားအတော်များများကို အလွတ်နီးပါးရသည်။

http://www.cherrythitsar.org

## ၁၂ ရန်အောင်မောင်မောင်

အကျဉ်းထောင်လက်စွဲဥပဒေမှာ အခြားဌာနများအတွက် ရေးသားထားသော လက်စွဲဥပဒေများကဲ့သို့ပင် ရေပက်မဝင်အောင် ထောင့်စုံလှသည်။ အကွက်စေ့လှသည်။ ဘယ်နေရာကလေးဖြင့် ကျန်ရစ်တယ်ရယ်လို့ ထောက်ပြစရာ တစ်ကွက်တလေမျှ မရှိ။

အကျဉ်းထောင်အုပ်ချုပ်ရေး၊ အကျဉ်းသားအုပ်ချုပ်ရေး၊ စည်းကမ်းထိန်းသိမ်းရေးမှ အစ.... အကျဉ်းသားများ အာဟာရပြည့်ဝစွာစားသုံးရေးအတွက် အချိုးကျရိက္ခာအမယ်များအလယ်ထားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကိုပါ ရာသီအလိုက် စနစ်တကျ စိုက်ပျိုးရေးအဆုံး.... အတိအကျ ဖော်ပြထားသည်။ ကြိမ်ဒဏ်ပေးလျှင် ဘယ်ပုံရိုက်ရမည်။ အတိအကျပါသည်။

ကြိုးသမားတစ်ယောက်ကို နောက်ဆုံးအဆင့်ကြိုးစင်တင်သည့်အခါ၊ အချင်းတစ်လက်မရှိ မနီလာပိုက်ဆံကြိုးကို ဘယ်ပုံဘယ်နည်း ဆွဲဆန့်ရမည်။ ကြိုးသမား၏ အရပ်အမြင့် ဘယ်လောက်ရှိသလဲ၊ ကိုယ်အလေးချိန် ဘယ်လောက်ရှိသလဲ၊ လည်ပင်းပတ်လည် ဘယ်နှစ်လက်မလဲ။ မူသေတွက်ကိန်းနှင့် တွက်ချလိုက်လျှင် ကြိုးသမား၏ လည်ပင်းကွင်းမှ ကြိုးစင်တန်းအထိ ကြိုးအရှည်ဘယ်လောက်ထားရမလဲ၊ ဖော်မြူလာအရ ချက်ချင်းထွက်လာမည်။

ထောင်ဥပဒေ စာအုပ်ကြီးကို လိုက်သင်နေရသည်မှာ တကယ်တော့ ပျင်းစရာအကောင်းသား။ သို့သော် ဆရာကြီးမှာ လုပ်သက်ရင့် ထောင်ပိုင်ကြီးတစ်ဦးဖြစ်သဖြင့် ထောင်အတွေ့အကြုံကလေးများကို ဥပဒေနှင့်ကိုးကားပြီး ပြောသောအခါတွင် အိပ်ချင်ပြေကြရပြန်သည်။

တကယ်တော့ သင်တန်းဆိုသည်မှာ သဘောတရားမျှသာဖြစ်၍ လက်တွေ့တွင်မူ လုပ်ငန်းခွင်ရောက်မှ မုဆိုးစိုင်သင် ဆိုသကဲ့သို့ အလုပ်က ပြန်သင်သွားမှာပါတကား။

နိုင်ငံခြားအကျဉ်းထောင်များအကြောင်းကို နိုင်ငံခြားမှပြန်လာသူ ထိုစဉ်က အထူးအရာရှိ (နောက်ပိုင်း အကျဉ်းဌာနမင်းကြီးဖြစ်လာသူ) ဦးဘသိန်းက ပို့ချပြီး၊ စိတ်ဝင်စားဖွယ်ရာ စုံထောက်မှုခင်းများအကြောင်းကို စုံထောက်မင်းကြီး ဦးလှဘော်က ဓာတုဗေဒပစ္စည်းများနှင့်တကွ စာတွေ့ရော လက်တွေ့ပါ သင်ကြားပို့ချသွားသည်။

စစ်ရေးပြသင်တန်းမှူး ဦးမောင်မောင်ဦးမှာ ထောင်မှူးဖြစ်၏။ တော်လှန်ရေးရဲဘော်ဟောင်းဖြစ်၍ နောက်ပိုင်း ဗိုလ်သင်တန်းတက်ပြီး ပထမရသဖြင့် ဗိုလ်ကြီးအဆင့်သို့ တိုက်ရိုက်တိုးမြှင့်ခြင်းခံရသည်။ (ထိုစဉ်က စစ်ရေးပြအမိန့်များကို အင်္ဂလိပ်လိုပေးသည်။)

သင်တန်းစသည့်နေ့ နံနက် ၅ နာရီထ၍ အင်းစိန်ထောင်ကြီး အပြင်ဘက်မှာ နှစ်ပတ် အပြေးခိုင်းပြန်သည်။ ညနေဘက်တွင် တစ်ယောက် ထွက်ပြေးသွားသည်။ နောက်တစ်နေ့ ဆက်အပြေးခိုင်းပြန်သည်။ နှစ်ယောက် ထွက်ပြေးသွားပြန်၏။

http://www.cherrythitsar.org



အင်းစိန်ထောင်ကြီးတစ်ပတ်ဆိုသည်မှာ နည်းနည်းနောနော မဟုတ်ပေ။ တစ်မိုင်လောက်တော့ အသာလေးရှိသည်။ ရှင်နည်းရာ အဂ္ဂလူထွက်မည် စိုးသဖြင့် နောက်ပိုင်းတော့ နေ့စဉ် နှစ်ပတ်အပြေးမခိုင်းတော့ဘဲ တစ်ပတ်သာပြေးရတော့သည်။

သင်တန်းကာလအတွင်း ရယ်စရာကလေးတွေလည်း တွေ့ရသည်။ မှတ်လောက် သားလောက် အဖြစ်ကလေးတွေလည်း ကြုံရသည်။

မကြာမီ သက်ပြည့်ပင်စင်သွားတော့မည့် ထောင်ပိုင်ကြီး ဦးကျော်ဇံဦး။

သူ့ခုတင်ဘေးရှိ စားပွဲပေါ်တွင် အမျိုးသမီးဓာတ်ပုံတစ်ပုံ စင်ကလေးနှင့် ထောင်ထားသည်။ တော်တော်ချောသည်။ လှသည်။ ကိုယ်လုံးကိုယ်ပေါက် အချိုးကျသည်။ (နောင်တော့မှ သိရသည်မှာ သလ္လာမယ်တဲ့။)

သူ့ကို မေးကြည့်တော့ သူ့နှမပါတဲ့။

နှမဆိုတော့ ခေါ်ကြပြီပေါ့၊ ယောက်ဖ ယောက်ဖ၊ အစ်ကို စသည်အားဖြင့်။

သို့သော် မကြာလိုက်ပါလေ။ တစ်လခန့်အကြာတွင် သူ့နှမဆိုသူ သင်တန်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။ ကိုယ်ဝန်ကလေး မပေါ့တပေါ်။

အဲဒီကျမှ ဦးကျော်ဇံဦးက ဖွင့်ပြောသည်။ သူ့မိန်းမတဲ့။

ကဲ.... ကောင်းကြရော။ ယောက်ဖခေါ်ထားတဲ့ သူတွေ မျက်နှာပူကြရပြီပေါ့။

ဦးကျော်ဇံဦးက မုံရွာသား။ သို့ပါလျက် ကျော်ဇံဦးဟူ၍ ရခိုင်အမည်ဆန်ဆန်မှည့်ထားသဖြင့် သူ့ကို အခြားရခိုင်အမျိုးသားများနှင့် ကွဲပြားစေရန် 'ဗမာကျော်ဇံဦး' ဟု ခေါ်ကြသည်။

သူ့ခမျာ ဒီနာမည်ကြောင့်လည်း ဒုက္ခရောက်ခဲ့ဖူးပါပြီ။

အကျဉ်းသားဦးစီးဌာန ညွှန်ကြားရေးမှူးများ တစ်ယောက်ပြီးတစ်ယောက် ပြောင်းလဲခဲ့ရာတွင် ညွှန်ကြားရေးမှူးအသစ်တစ်ယောက် လက်ထက်။

"အေး.... သံတွဲမှာ ထောင်ပိုင်လိုနေယင် ဦးကျော်ဇံဦးပို့လိုက်ပေါ့။ သူ ရခိုင်ပဲ"

သို့နှင့် ဗမာကျော်ဇံဦးတစ်ယောက် သံတွဲထောင် ရောက်သွားခဲ့ရသည်။ သူကလည်း 'ကွမ်းသီးကြိုက် တောင်ငူပို့'ဆိုသကဲ့သို့ ပေလီသွားချင်တာနှင့် အတော်ပဲဖြစ်သွားဟန် တူပါသည်။ ပင်စင်ယူကာနီးမှ ရခိုင်မဟုတ်ကြောင်း မနည်းကြီးရှင်းပြကာ ပြည်မသို့ ပြန်ပြောင်းခွင့်ရရန် ကြိုးစားခဲ့ရသည်။

နောက်တစ်ယောက်ကတော့ ရခိုင်အမျိုးသား ကိုစောဖေ။ လူက ခပ်ပွေပွေ။ ခုတော့ အကျဉ်းဌာနတွင် မရှိတော့ပြီ။

သင်တန်းစပြီး ဆယ့်လေးငါးရက်အကြာ သူ့ခုတင်ဘေးရှိ အပေါင်းအသင်းတို့အား၊

"သူငယ်ချင်းတို့၊ ပင်မင်းပေးစရာရှိရင် ပေးလိုက်ကြ လမ်းကြုံတယ်"

အချို့က ပေးလိုက်ကြပြီး အချို့က အားနာသဖြင့် မပေးလိုက်ကြ။

http://www.cherrythitsar.org



သုံးရက်အကြာ အပြင်ထွက်ခါနီး....၊

"ကဲ....၊ ပင်မင်းရွေးမယ့်သူတွေ ပိုက်ဆံပေးကြဟေ့။ နောက်ထပ်ပေးစရာရှိရင်လဲ ထပ်ပေးလိုက်ကြ"

ယခင် လူကြုံပါးထားသူတို့က ပိုက်ဆံထုတ်ပေးလိုက်ကြပြီး တစတစ ရင်းနှီးလာကြပြီဖြစ်၍ နောက်ထပ်အထည်ဟောင်း ပေးသူများလည်း ပေးလိုက်ကြသည်။ အပြန်ကျတော့ မီးပူတိုက်ပြီးအဝတ်များကို ပွေ့ပိုက်လာသည်။

သည်လိုနှင့် ကြာလာတော့ အသွားအပြန်သယ်နေရသည်ကို အားနာလာ သောသူငယ်ချင်းများက....၊

"ပေးဗျာ ကိုစောဖေ၊ ခင်ဗျား အသွားအပြန်သယ်နေရတာ ပင်ပန်းပါတယ်။ ကျွန်တော်တို့လဲ လိုက်ပြီး သယ်ကူပါ့မယ်"

ကိုစောဖေက အကျောက်အကန် ငြင်းသည်။

"ဟာ....နေပါစေ၊ နေပါစေ။ ကျွန်တော်က လမ်းကြုံလို့ အများအကျိုးသယ်ပိုးပေးနေတာပါ။ အထည်များတဲ့အခါ ဆိုင်က ချာတိတ်ကလေး ခေါ်လာယင်လဲ ရပါ တယ်"

မှန်သည်။ နောက်တစ်ကြိမ် အထည်များသည့် အခါများတွင် ပင်မင်းဆိုင်က ဆယ်နှစ်အရွယ်ခန့်ရှိ ကုလားကလေး ကိုစောဖေနောက်မှ အဝတ်ထုပ်ပိုက်၍ ပါလာတတ်သည်။

တစ်စတစ်စနှင့် ကိုစောဖေတစ်ယောက် ပင်မင်းပေးသည့်အလုပ်ကို ဒီလောက်ကြီး စိတ်လိုလက်ရလုပ်နေရသနည်းဟု ကျန်သင်တန်းသားများက သင်္ကာမကင်း ဖြစ်လာကြသည်။ သို့နှင့် မသိမသာ နောက်ယောင်ခံ၍ လိုက်ချောင်းကြသောအခါတွင်....၊

သြော်.... လက်စသတ်တော့ ကိုယ်တော်ချောက ပင်မင်းဆိုင်မှ ကုလားကြီး၏ သမီး မြီးကောင်ပေါက်မကလေးနှင့် ပြေလည်နေသည်ကိုး။ ပြေလည်လိုက်သမှ ကိုစောဖေပေးသမျှ ပင်မင်းထည်များအတွက် ကောင်မကလေးက တစ်ပြားတစ်ချပ်မှ မယူ၊ အကုန်အလကားတိုက်ပေးသည်။ သူငယ်ချင်းတွေပေးသမျှ ပင်မင်းခတွေကိုတော့ ကိုစောဖေ အကုန်ဘုန်း၊ ပြေလည်လိုက်သည့်ဖြစ်ခြင်း။

သည်ကိစ္စ သည်မျှနှင့်ပင် နိဂုံးကမ္ဗတ် အဆုံးသတ်သွားလျှင် တော်ပါသေး၏။ ယခုတော့ ထိုသို့မဟုတ်ပါလေ။

တစ်နေ့တွင် ပင်မင်းဆိုင်ကကုလားကြီး သင်တန်းဘော်ဒါဆောင်သို့ပေါက်ချလာသည်။ လာပုံက ဆောင့်ကြီးအောင့်ကြီး၊ ဒေါနှင့်မောနှင့်။ လက်ထဲမှာလည်း ပင်မင်းအထည် မှတ်တမ်းစာအုပ်ကြီးကိုင်လို့။

ပင်မင်းကုလားကြီး ဒေါနှင့်မောနှင့် ဗမာလိုပြောနေသည်မှာ ပါးစပ်မှပင် တံတွေးများ စင်ထွက်လာသည်။

"ဟေ့.... ဘယ်မှာလဲ ထောင်မှူးစောဖေ။ ဒီမှာကြည့်စမ်း၊ ပင်မင်းကြွေးတွေ

http://www.cherrythitsar.org



တစ်ရာကျော်နေဘီ။ ကန်မလေးကို ပိုက်ဆံမပေးဘဲထွားဒါ၊ အခု ကန်မလေးကိုလဲ တခြားပို့ထားလိုက်ပြီ”

ထိုအခါကျမှ သင်တန်းသားများ ကိုစောဖေကို မျက်ကလူးဆန်ပျာ ရှာကြသည်။ ကိုစောဖေကတော့ အကင်းပါးလိုက်သည့်ဖြစ်ခြင်း၊ ဘယ်အချိန်က လစ်သွားလေပြီမသိ။ ရှာလို့ မတွေ့တော့ပြီ။

ကုလားကြီးက တစ်ပြားသားမျှ မလျှော့။

“စောဖေနော် တူ့တစ်ယောက်ထဲ အဝတ်တွေဒီလောက်မများဘူး။ နင်ဒို့ပါဒယ် မှုတ်လား။ ဒါပဲနော်၊ အကြွေးတွေ ပွေးယင်ပွေး၊ မပွေးယင် ထောင်ပိုင်ကြီး တွားတိုင်မယ်”

ထောင်ပိုင်ကြီးသွားတိုင်မယ်ဆိုတော့ သင်တန်းသားတွေ တွန့်သွားကြသည်။ ထောင်ပိုင်ကြီးထံ သွားတိုင်လျှင်တော့ မိုးမီးလောင်မှာ သေချာသည်။ နောင်ခါလာ နောင်ခါချေး၊ ကိုစောဖေနှင့် ကြည့်ရှင်းတန် ရှင်းရမည်။ လောလောဆယ် ပြဿနာမပေါ်အောင် ပင်မင်းကုလားကြီးကို ပြေရာပြေကြောင်း ဝိုင်းဝန်းတောင်းပန်ပြီး ပင်မင်းကြွေးကို စုပေါင်းဆပ်လိုက်ကြရသည်။

နောက်သင်တန်းသား တစ်ယောက်ကတော့ ရယ်စရာပါ။ သင်တန်းတွင် ထောင်ဥပဒေ သင်ကြားရာ၌ ထောင်ထဲသို့ မသွင်းရန် တားမြစ်ပိတ်ပင်ထားသော ပစ္စည်းများ စာရင်းထဲတွင် လက်နက်ခဲယမ်းမီးကျောက်တို့၊ သံဖြတ်လွှတို့၊ မူးယစ်စေတတ် သောဘိန်းဘင်းကစော်အရက်သေစာတို့နှင့်အတူ မချက်ပြုတ်ရသေးသော စားသောက် ဖွယ်ရာ ပစ္စည်းများလည်းပါသည်။ ဥပမာအားဖြင့် ဆန်အစိမ်း၊ ခေါက်ဆွဲအစိမ်း၊ ကြက်ဥ ဘဲဥ အစိမ်း စသည်အားဖြင့်။ ချက်ပြုတ်ပြီးလျှင်တော့ ပေးနိုင်သည်။

ဆိုလိုသည်မှာ ထောင်ထဲတွင် အကျဉ်းသားတစ်ဦးချင်းအတွက် ချက်စရာ၊ ပြုတ်စရာ နေရာမရှိ။ အားလုံးအတွက် စားဖိုကြီးမှ စုပေါင်းချက်ပြုတ်ပေးရသည်။ ထိုကဲ့သို့သာ တစ်ဦးချင်း ချက်ပြုတ်ခွင့်ပေးမည်ဆိုပါက ဟိုနား ဖိုတစ်လုံး၊ ဒီနား ဖိုတစ်လုံးနှင့် တစ်ထောင်လုံး မီးခိုး ဖုံးသွားစရာအကြောင်းရှိသည်။ သို့ဖြစ်၍ တားမြစ်ထားရခြင်း ဖြစ်၏။

ဆရာကြီးသည် သင်တန်းတွင် စာတွေ့သင်ကြားပြီးသမျှကို ပူပူနွေးနွေး လက်တွေ့သဘောဖြင့် အင်းစိန်ထောင်တွင်းသို့ ဝင်ရောက်လေ့လာခိုင်းသည်။ ထို့နေ့က တားမြစ်ပိတ်ပင်ထားသော ပစ္စည်းများနှင့်ပတ်သက်ပြီး တံခါးဝကြီး အဝင်အထွက်တွင် တလာစီပုံနှင့် ထောင်ဝင်စာတွေ့ပုံတို့ကို လေ့လာနေကြရသည်။ ‘တလာစီ’ဆိုသည်မှာ ကုလားစကားဖြစ်၍ ရှာဖွေခြင်းကို ဆိုလိုသည်။ ယခုတော့ ထောင်ဝေါဟာရ ဖြစ်သွားပြီ။

မောင်မောင်တို့ထဲတွင် အရပ်ရှည်ရှည် ပိန်ပိန်ပါးပါး ဂလန်ဂလား သင်တန်းသားတစ်ယောက်ပါ၍ သူ့ကိုအများက ကိုလောရှည်ကြီးဟု ခေါ်ကြသည်။ ထောင်ဝင်စာ လေ့လာစဉ်က ကိုလောရှည်လည်းပါသည်။ သူသည် ပါးစပ်ကော လက်ကော အငြိမ်

http://www.cherrythitsar.org



နေတတ်သူ မဟုတ်ပေ။

"ဟော့.... အဲဒါ ကြက်ဥအစိမ်းတွေ မဟုတ်လား။ ကြက်ဥအစိမ်းကို ထောင်ထဲ မသွင်းရဘူးလေ"

ဒါလောက်အထိတော့ သူပြောပုံက အဟုတ်သား။ သို့သော် ဒါလောက်နဲ့ ရပ်မနေဘဲ ရှေ့ဆက်လိုက်ပုံက....၊

"ပေး ပေး၊ အဲဒီကြက်ဥတွေ"ဟုဆိုကာ အစိမ်းလိုက် ဖောက်သောက်ပါလေတော့သည်။ သူသောက်ရုံနှင့် အားမရသေး၊ အနီးအနားမှ လူများကို ဝေငှလိုက်သေးသည်။ သို့သော် သူ့လောက် ပေါကြောင်ကြောင် မနေနိုင်ကြသဖြင့် မည်သူမျှ ယူမသောက်ရဲကြ။ ကိုလောရှည်ကတော့ ခပ်တည်တည်ပင်။

ကိုစောဖေ၏ ပင်မင်းကြွေးကိစ္စ ထောင်ပိုင်ကြီးထံ မရောက်လိုက်သော်လည်း ကိုလောရှည်၏ ကြက်ဥအစိမ်း ဖောက်သောက်သောကိစ္စမှာ ထောင်ပိုင်ကြီးထံ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွားသည်။ မရောက်ခံနိုင်ရိုးလား၊ ထောင်ထဲမသွင်းရသည့် ပစ္စည်း အပြင်လူ ပြန်ပေးလိုက်လျှင် ပြီးသည့်ကိစ္စ၊ သူက လူပုံအလယ်တွင် ဖောက်သောက်ခဲ့ပြီကိုး။

အပြင်က ထောင်ဝင်စာလာတွေ့သူနှင့် ထောင်ထဲက အကျဉ်းသားတို့က မခံမရပ်နိုင်တော့ ထောင်ပိုင်ထံ တိုင်ကြပြီပေါ့။

အဆိုပါပြဿနာကို ထောင်ပိုင်ကြီးက ကျောင်းအုပ်ဆရာကြီး၏ပခုံးပေါ် လွှဲပြောင်းပေးလိုက်ရာ နောက်တစ်နေ့ သင်တန်းခန်းမတွင် ဆရာကြီး ဆူလိုက် ပွတ်လိုက် တဲ့ဖြစ်ခြင်း။ သင်တန်းသားများ ခေါင်းမဖော်ရဲကြ။

■

http://www.cherrythitsar.org

# ၃

"ဂူး.... ဂူး.... ဂူး"

ထောင်မှူး သင်တန်းတက်နေစဉ်ကာလအတွင်း ဤအသံကြီးကို ပထမဦးစွာ ကြားလိုက်ကြရသည်။ ဒုတိယကမ္ဘာစစ်ကို မီလိုက်ကြရသောသူများတော့ မှတ်မိနေကြပေမည်။ ရန်သူလေယာဉ်ပျံများ လာသည့်အခါဆွဲသည့် ခွေးဥသြသံကြီးဖြစ်၏။ အချို့စက်ရုံများတွင် စက်ရုံတက်ချိန် ဆင်းချိန်များ အဆိုပါဥသြကို ဆွဲလေ့ မှုတ်လေ့ရှိသည်။

ယခု ခွေးဥသြသံကား အင်းစိန်ထောင်ကြီးပေါ်မှ ဆွဲလိုက်သော ဥသြသံကြီး ဖြစ်ချေသည်။

"ဒေါင်.... ဒေါင်.... ဒေါင်....ဒေါင်....ဒေါင်...."

အဆိုပါ ဥသြသံကြီးနှင့် တစ်ဆက်တည်းပင် ထောင်ပတ်ပတ်လည်ရှိ မျှော်စင်များမှ သံချောင်းခေါက်သံများ တစ်ဒေါင်ဒေါင်နှင့် ဆူညံသွားသည်။ မောင်မောင်တို့ သင်တန်းသားများမှာ ဘုမသိဘမသိနှင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေမိကြသည်။ ဘာများ ဖြစ်တာပါလိမ့်။

သင်တန်း ကျောင်းအုပ်ဆရာကြီး မစ္စတာအေကရစ်ရှနားကမူ ချက်ချင်းသိလိုက်သည်။

"ထောင်ထဲမှာ တစ်ခုခုဖြစ်ပြီဟေ့။ ရိုက်ပွဲလား၊ လူပြေးသလား မသိဘူး။ တို့သွားပြီးကြည့်ရင်း ကူကြရအောင် ခပ်သွက်သွက်တော့ သွားကြရလိမ့်မယ်"

ခပ်သွက်သွက်ဆိုသည့်အတိုင်း ဆရာကြီးသည် ရှေ့ဆုံးမှ အူယားဖားယား မပြေးရုံတမယ်သွားသည်။ သင်တန်းသားများက နောက်ကလိုက်ကြရသည်။ သင်တန်းခန်းမထဲတွင်မူ သင်လက်စ ထောင်ဥပဒေစာအုပ်များနှင့် မှတ်စုစာအုပ်များ ဖရိုဖရဲ ပြန့်ကြဲလျက်။

http://www.cherrythitsar.org



ထောင်ရှေ့ရောက်တော့ အင်းစိန်ထောင်မှ ဝန်ထမ်းများ ရှေ့တံခါးမကြီးတွင် စုပြုံတိုးဝှေ့ ဝင်နေကြပြီ။

ဆရာကြီးက တုန့်ခနဲရပ်လိုက်ရင်း သင်တန်းသားများဘက်သို့လှည့်၍၊

"တွေ့တယ်မှတ်လား။ အခုလို ထောင်လှန့်ပြီဆိုရင် အပြင်မှာ အားလပ်တဲ့ ဝန်ထမ်းတွေ ဘယ်သူမှ မနေရဘူး။ ထောင်ထဲကို အမြန်ဆုံး ပြေးဝင်ကြရတယ်။ ယူနီဖောင်း အပြည့်ဝတ်နေဖို့ မလိုဘူး၊ အင်္ကျီတွေ့ရင် အင်္ကျီဝတ်၊ ဘောင်းဘီတွေ့ရင် ဘောင်းဘီဝတ်"

မှန်သည်။ လူတိုင်းလိုလိုပင် ယူနီဖောင်း အပြည့်အစုံမပါကြ။ အချို့က အပေါ်ပိုင်း ကာကီအင်္ကျီနှင့်၊ အချို့က အောက်ပိုင်း ဘောင်းဘီတိုနှင့်။ ထိုစဉ်က ဘောင်းဘီ ရှည်၊ အင်္ကျီလက်ရှည် မဟုတ်သေး။ ဘောင်းဘီတို၊ အင်္ကျီလက်တို။

သို့သော် တစ်ခုထူးခြားသည်မှာ လူတိုင်း လက်ထဲတွင် တုတ်တစ်ချောင်းစီ ကိုင်ထားကြသည်။ တချို့က နှစ်တောင်ခန့်ဝါးရင်းတုတ်၊ တချို့က ပွတ်လုံးခံထားသော နံပါတ်တုတ်၊ သင်တန်းသားတစ်ယောက်က ဆရာကြီးဘက်သို့လှည့်၍။

"ကျွန်တော်တို့မှာ ဘာလက်နက်မှလဲ မပါဘူး"

ဆရာကြီးကမူ ခပ်အေးအေးပင်။

"ရမှာပေါ့ကွာ၊ ဂါတ်မကြီးပေါ်က နံပါတ်တုတ်တွေ အောက်ပစ်ချပေးထားပါလိမ့်မယ်"

ဆရာကြီးမှာ သတိအလွန်ကောင်းသူဖြစ်၏။

"မင်းတို့ သေသေချာချာကြည့်ကြ။ ထောင်ဥပဒေသင်တန်းတုန်းက ဆရာကြီး ပြောခဲ့တယ် မဟုတ်လား။ ထောင်မှာ တံခါးကြီးနှစ်ချပ်နဲ့ wicket gate လို့ ခေါ်တဲ့ တံခါးနှစ်ချပ်ရှိတယ်။ အဲဒီတံခါးမကြီးကော တံခါးလေး နှစ်ခုပါ တစ်ပြိုင်တည်း ဘယ်တော့မှ မဖွင့်ရဘူးလို့။ အေး၊ အခုလိုထောင်လှန့်တဲ့အခါမှာတော့ အဲဒီတားမြစ်ချက် ကို ခြွင်းချက်အနေနဲ့ မေ့ပစ်လိုက်ရမယ်။ ဘာပြုလို့လဲဆိုတော့ အပြင်က အကူအညီ လာကြမယ့် ဝန်ထမ်းတွေ ထောင်ထဲကို မြန်မြန်ရောက်ဖို့လိုတယ် မဟုတ်လား။ ဒါကြောင့် ဟိုမှာကြည့်၊ တံခါးလေးနှစ်ချပ်ကို အစောင့်နှစ်ယောက်က တစ်ပြိုင်တည်း ဖွင့်ပေးထားတယ်"

သင်တန်းသားများသည် ဆရာကြီးနှင့် ထောင်ကြပ်အစောင့်တစ်ယောက် ဖွင့်ပေးသော တံခါးလေးမှ ခေါင်းငုံ့ဝင်ကြရသည်။ အတွင်းဘက်တံခါးလေးကိုလည်း အစောင့်တစ်ယောက်က ဖွင့်လိုက်ပိတ်လိုက် လုပ်ပေးနေသည်။

အမှန်အတိုင်းဆိုလျှင် ထောင်မှူးနှင့် အထက်အရာရှိများ ထောင်တွင်းဝင်ထွက် သည့်အခါ တံခါးကြီးကို ဖွင့်ပေးရသည်။ သို့သော် ယခုလို ထောင်လှန့်သည့်အချိန်တွင် ဘယ်လောက်ကြီးသည့် အရာရှိဝင်ဝင် တံခါးကြီး မဖွင့်ရ။ တံခါးလေးမှပင် ဝင်ကြရ သည်။ အလားတူပင် ညနေထောင်ပိတ်ချိန်မှစ၍ နံနက်ထောင်မဖွင့်မချင်း တံခါးလေး

http://www.cherrythitsar.org



ကိုသာ ဖွင့်ရပိတ်ရသည်။

ဆရာကြီးစကား မှန်ပါသည်။ အတွင်းတံခါးလေးမှ ခေါင်းငုံ့ဝင်လိုက်သည်နှင့် ဂါတ်မကြီးပေါ်မှ အသင့်ပစ်ချထားသည့် နံပါတ်တုတ် တောင်ပုံရာပုံကိုတွေ့ရသည်။

ဆရာကြီးက တစ်ချောင်းကောက်ကိုင်လိုက်၍ သင်တန်းသားများလည်း တစ်ချောင်းစီ ကောက်ယူကြသည်။ ဆရာကြီးက ဂါတ်ကြီးပေါ်သို့ မော့ကြည့်လိုက်ပြီး၊

"ဟိုမှာ ကြည့်ကြ၊ အလံပြထားတယ်။ အဲဒီအလံကို ကြည့်လိုက်ရင် ဘယ်မှာ အရေးပေါ်နေတယ်ဆိုတာကို သိရမယ်။ နေဦး၊ တို့ ဒီထောင်က မဟုတ်တော့ သူတို့ အချက်ပြအလံတွေ မသိဘူး။ သူတို့ကို မေးကြည့်မှ"

အနီးရှိ ထောင်ကြပ်တစ်ယောက်ကို မေးကြည့်တော့ အလုပ်ဘက်ကို ပြထားသည့် အလံမှန်း သိလိုက်ကြရသည်။

"ကဲ.... အလုပ်ဘက်ကို ပြေးကြစို့ဟေ့"

အင်းစိန်ထောင်၏ အလုပ်ဘက်သည် နီးနီးနားနား မဟုတ်ပေ။ ထောင်၏ တောင်ဘက်အစနှင့် မြောက်ဘက်အစ ဖြစ်၏။ ငယ်ရွယ်သူ သင်တန်းသားများအတွက် မထောင်းသာလှသော်လည်း အသက်အရွယ်ကြီးရင့်ပြီဖြစ်သော ဆရာကြီးအတွက် တော့ မသက်သာလှပေ။

ထောင်အခေါ် အလုပ်ဘက်ဆိုသည်မှာ အကျဉ်းသားများ စက်မှုလက်မှု လုပ်ငန်းများ လုပ်ကိုင်သည့် နေရာဌာနဖြစ်၏။ လုပ်ငန်းကတော့ တော်တော်စုံသည်။ လက်သမား၊ ရက်ကန်း၊ ကြိမ်နှင့် ဝါးလုပ်ငန်း၊ စက်ချုပ်၊ ဖိနပ်ချုပ်၊ ကော်ဇောယက်ခြင်း၊ ဆပ်ပြာချက်ခြင်း စသည်တို့အပြင် ထိုစဉ်က အစိုးရပုံနှိပ်တိုက်မှ ကျွမ်းကျင်သူများနှင့် အကျဉ်းသားများ ပူးပေါင်းလုပ်ကိုင်နေသည့် စာအုပ်ချုပ်လုပ်ငန်းပါ ရှိနေသည်။

မောင်မောင်တို့ သင်တန်းသားများ အလုပ်ဘက်ကို ရောက်သွားတော့ အခြေအနေ အရပ်ရပ်ကို အလျင်ရောက်နေနှင့်သော ဝန်ထမ်းများက အေးဆေးစွာ ထိန်းသိမ်း ထားပြီးဖြစ်သည်ကို တွေ့ကြရသည်။ အကျိုးအကြောင်းမေးကြည့်ရာ ရက်ကန်းရုံ အတွင်း မြင်းခြံမှပြောင်းလာသော အညာသားအကျဉ်းသားများနှင့် အောက်မှ အကျဉ်း သားများ ရန်ငြိုးဖွဲ့၍ တိုက်ပွဲဖြစ်ပွားကြောင်း သိလိုက်ရသည်။

ရက်ကန်းရုံမို့သာ တော်တော့သည်။ လက်သမားရုံသာဆိုပါက လက်နက် ကိရိယာပေါများလှသဖြင့် ထိခိုက်ဒဏ်ရာရသူ အတော်ပင်များပေလိမ့်မည်။ ဒါတောင်မှ ဆေးရုံသို့ အကျဉ်းသားငါးယောက် ပို့လိုက်ရပြီး အပြစ်ဒဏ်တိုက်သို့ နှစ်ဆယ်ခန့် ပိတ်လိုက်ရသည်။

အခြေအနေ အေးဆေးသွားသော်လည်း ထောင်လှန့်သည့်လုပ်ငန်းကတော့ မပြီးဆုံးသေးပေ။ ခွေးဥသြကြီးက မြည်နေဆဲ၊ ထောင်ပတ်ပတ်လည်ရှိ မျှော်စင်များမှ သံချောင်းများ တစ်ဒေါင်ဒေါင် ခေါက်နေဆဲ။ ဆရာကြီးက သင်တန်းသားများအား

http://www.cherrythitsar.org



"ကိုင်း.... မင်းတို့ သင်တန်းသားတွေ လူပေါင်းစာရင်းလိုက်ယူ ကူပေးလိုက်ပါဦး။ လူပေါင်းစာရင်းကိုက်မှ အေးစေ သံချောင်းခေါက်လို့ရမှာ"

ထိုစဉ်က အင်းစိန်ထောင်ထဲတွင် အကျဉ်းသားသုံးထောင်ခန့်ရှိသဖြင့် လူပေါင်းစာရင်းကိုက်အောင် အချိန် အတော်ကြာသွားသည်။ ထောင်ဖွင့် ထောင်ပိတ်ချိန်နှင့်မတူ။ နေ့ခင်းပိုင်း အလုပ်ဆင်းချိန်ဖြစ်သဖြင့် အကျဉ်းသားများ ပြန့်ကြဲနေသည်။

လူပေါင်းစာရင်းကိုက်သွားမှ ဒေါင်.... ဒေါင်.... ဒေါင် ဟူသော အေးစေ သံချောင်းသံ ထွက်ပေါ်လာသည်။ အကျဉ်းထောင်၏ ပုံမှန်အနေအထား ပြန်ရောက်သွားပြီ ဖြစ်၏။ သင်တန်းသားများသည် ဟိုတစ်စု သည်တစ်စု လူစုကွဲနေရာမှ နောက်ဆုံးထောင်ဘူးဝတွင် ပြန်စုမိကြသည်။ ဆရာကြီးမှာ ထောင်ပိုင်ကြီး ရုံးခန်း ထဲတွင် အနားယူနေဟန်တူ၏။ သူ့ခမျာ အသက်ကြီးပြီဖြစ်၍ အတော်လေး ပင်ပန်းသွား သည်။ ဆရာကြီး ထောင်ပိုင်ကြီးရုံးခန်းမှ ပြန်ထွက်လာသောအခါ၊

"ကဲ.... မင်းတို့လဲ ဒီနေ့တော့ ထောင်လှန့်တဲ့အတွေ့အကြုံတစ်ခု ရသွားကြပြီ။ ပြန်နားကြတော့၊ သင်တန်း ဆက်မတက်တော့ဘူး"

သင်တန်းသားများ၏ မျက်နှာများပေါ်တွင် သိသိသာသာကြီး အပြုံးရိပ်များ သန်းသွားကြသည်။ နေ့ခင်း နှစ်နာရီခန့် ရှိပြီ။ သင်တန်းခန်းမသို့ပြန်၍ စာရွက်စာတမ်းများကိုယူပြီး အဆောင်သို့ အပြေးအလွှားသွားကြသည်။ ယူနီဖောင်းချွတ်ပြီး အိပ်ရာပေါ်တွင် ခြေပစ်လက်ပစ် လှဲလိုက်ကြသည်။

"ညနေ ပရိတ်ရှိဦးမလား မသိဘူးဟေ့"

"သင်တန်းဖြုတ်လိုက်ပြီပဲကွာ။ ဘယ်ကလာ ပရိတ်ရှိတော့မလဲ"

"ဒါဆို ရန်ကုန် လစ်မယ်ဟေ့"

သင်တန်းသားများ တစ်ယောက်တစ်ပေါက် ပြောနေကြရာမှ သင်တန်းသား တစ်ယောက်က ကြားဖြတ်၍၊

"အေး.... လစ်တာလဲ လစ်ကြပေါ့ကွာ။ ဒါပေမယ့် ကိုယ့်ပစ္စည်းလေးတွေကိုတော့ သေသေချာချာ သိမ်းဆည်းပိတ်ဆို့သွားကြဟေ့။ ခုတလော တို့သင်တန်းမှာ ပစ္စည်းအပျောက်အရှ သိပ်များတာပဲ၊ လူလဲ ဘာမှ သိပ်များတာမဟုတ်ဘဲနဲ့"

မှန်ပါသည်။ သင်တန်းသားမှာ သိပ်များလှသည်မဟုတ်။ စုစုပေါင်း ပြေးကြည့်မှ ၂၄ယောက်သာရှိသည်။ ဒုတိယထောင်ပိုင်၏နေအိမ်တွင် လူစုခွဲ၍နေကြခြင်းဖြစ်သည်။ အပေါ်ထပ်တွင် နှစ်ခန်း၊ အောက်တွင် သုံးခန်း။ ပစ္စည်း အပျောက်အများဆုံးကတော့ အောက်ထပ်တွင်ဖြစ်သည်။ စောစောပိုင်းက ပိုက်ဆံအလွယ်ထားလျှင် ပျောက်သည်။ ဥစ္စာပျောက် ငရဲကြီးဆိုသကဲ့သို့ ဟိုလူထင်ရနိုးနိုး၊ သည်လူထင်ရနိုးနိုး၊ ကိုယ့်ဟာကိုယ်ပဲ အထားမှားသလိုလို။ ပျောက်ဖန်များလာတော့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လာကြသည်။

“ဟုတ်သေးပါဘူးကွာ၊ တို့အချင်းချင်း လုပ်နိုင်စရာ အကြောင်းမရှိပါဘူး”

“တို့အချင်းချင်း မလုပ်ရင် အပြင်လူပဲပေါ့”

“အပြင်လူဆိုလို့လဲ ဝါဒါတစ်ယောက်နဲ့ တို့အတွက် ထမင်းချက်ပေးတဲ့ အကျဉ်းသား နှစ်ယောက်ပဲရှိတာ”

“ဟ.... သူတို့လဲ ထမင်းစားခန်းကလွဲရင် အခန်းထဲဝင်ကြတာမှမဟုတ်ဘဲ။ နောက်ပြီး တို့သင်တန်းတက်တော့ အခန်းတွေပိတ်ပြီး သော့ခတ်ခဲ့တာမဟုတ်လား”

“အေး၊ အဲဒါကြောင့် အတွေးရခက်နေတာပေါ့”

“ဘာပဲဖြစ်ဖြစ် အပြင်လူဆိုလို့ သူတို့ပဲရှိတာပဲ။ ဝါဒါကို ခေါ်ပြောထားဦးမှ”

တာဝန်ကျဝါဒါကို ခေါ်၍ အကျိုးအကြောင်း ပြောပြထားကြသည်။ အကြောင်းကတော့ သိပ်မထူးလှပါ။ ပျောက်မြဲ ပျောက်လျက်ပင်ဖြစ်၏။ တစ်စတစ်စ နှင့် ပိုက်ဆံကို လုံလုံခြုံခြုံ သိမ်းဆည်းလာသောအခါ အင်္ကျီလုံချည်အကောင်းလေး များပင် ပျောက်စပြုလာ၏။ သင်တန်းသားများ မျက်လုံးပြူးစပြုလာပြီ။

“ဒါတော့ လွန်လာပြီဟေ့”

“အေးကွာ၊ ငါ့ ပလေကပ်လုံချည်အကောင်းကြီး အပြင်မှာလှမ်းထားခဲ့တာ သင်တန်းကပြန်လာတော့ မရှိတော့ဘူး”

“မင့်လုံချည်က အပြင်မှာ လှမ်းထားတာမို့ ထားပါတော့။ ငါ့ တယ်ထူရင်း အင်္ကျီက ခုတင်ခေါင်းရင်းမှာ ချိတ်နဲ့ချိတ်ထားတာကွ”

သို့ကလို ပစ္စည်းပျောက်မှုများ ဘဲဥအစရှာမရသလိုဖြစ်နေခဲ့ရာက တစ်ခုသော တနင်္ဂနွေနေ့ နံနက်ခင်းတွင် ဇရာမပြဿနာကြီးတစ်ခု ပေါ်ပေါက်လာတော့သည်။

သင်တန်းသားများနေသည့်အဆောင်၏ မြောက်ဘက်တွင် အကျဉ်းသား များစားရန် စိုက်ပျိုးသည့် တောင်ယာရှိသည်။ ဆောင်းတွင်းဘက်တွင် ဂေါ်ဖီထုပ်၊ ပန်းမုံလာ၊ မုန်ညင်း၊ နိုကို စသည်တို့ကို စိုက်ပျိုး၍ နွေနှင့် မိုးတွင် ကန်စွန်း၊ ခရမ်း၊ ဟင်းနုနွယ်၊ ချဉ်ပေါင် စသည်တို့ကို စိုက်ပျိုးလေ့ရှိသည်။

ထောင်ဖွင့်ပြီး အပြင်လုပ်အကျဉ်းသားများ ထွက်လာခဲ့ပြီးနောက် တောင်ယာကို ကိုင်ရသော ထောင်ဝါဒါတစ်ယောက် အဆောင်သို့ အူယားဖားယား ပြေးလာသည်။

“ဆရာတို့ ပစ္စည်းများ မပျောက်ကြဖူးလား။ တောင်ယာထဲမှာ သံသေတ္တာ တစ်လုံး သော့ဖျက်ပြီး ဖွင့်ထားတယ် အထဲမှာလဲ ဘာမှမရှိတော့ဘူး”

ထိုစဉ်က သင်တန်းသား များများစားစား မရှိကြပေ။ တနင်္ဂနွေနေ့ အားသဖြင့် စနေနေ့ညကတည်းက ရန်ကုန်သို့ လစ်သွားကြပြီဖြစ်၏။ အပေါ်ထပ်နှင့် အောက်ထပ် ပေါင်းမှ ငါးယောက်ခန့်သာ ရှိသည်။ ဒါတောင် ဘိုင်ကျ၍ မလစ်နိုင်သူများဖြစ်သည်။

သင်တန်းသားများ အပြေးအလွှား သွား၍ကြည့်ကြသည်။ သော့ဖျက်ထား သော သံသေတ္တာမှာ ဟောင်းလောင်း၊ ဘာဆို ဘာတစ်ခုမှ မကျန်။ အဆောင်သို့ပြန်၍

http://www.cherrythitsar.org



အပေါ်ထပ် အောက်ထပ် အခန်းစေ့အောင် ပစ္စည်းတွေ လိုက် စစ်ကြည့်သောအခါ။

လားလား.... မန္တလေးသား ထောင်မှူးလောင်းကိုလှ၏ သံသေတ္တာပေကိုး။ ထိုအချိန်က ကိုလှလည်းမရှိ။ ရန်ကုန်လစ်နေချိန်ဖြစ်၏။ ဘယ်လိုက်ရှာရမှန်းလည်းမသိ။

အကျိုးအကြောင်း ဆရာကြီးထံ သတင်းပို့ကြရာ၊ ဆရာကြီးက ရဲဌာနတွင် အမှုဖွင့်ရန် ပြောကြားသဖြင့် အမှုဖွင့်လိုက်ကြသည်။

ကိုလှ ရန်ကုန်မှ ပြန်ရောက်လာသောအခါ သိရသည်မှာ သံသေတ္တာထဲတွင် ငွေ ၁၅၀ ကျော်၊ ရွှေဆွဲကြိုးတစ်ကုံးနှင့် အဝတ်အစားများ၊ ထိုစဉ်က တန်ဖိုး သုံးရာခန့် ပါသွားသည်ဆို၏။

ထူးဆန်းသည့်အချက်မှာ သံသေတ္တာအခိုးခံရသည့်ညက ကိုလှအခန်းတွင် ခြေရာလက်ရာ လုံးဝ မပျက်ခြင်းပင်ဖြစ်၏။ ထို့အပြင် ထိုညကအခန်းထဲတွင် သင်တန်းသား နှစ်ဦးတည်းသာ ရှိနေသည်။ တစ်ဦးက ကိုမောင်မောင်ခင်။ နောက်တစ်ဦးက ကိုလှစိန်။ (အမည်ပြောင်းထားသည်။) ကိုမောင်မောင်ခင်မှာ ပျော်ပျော်ရွှင်ရွှင် နေတတ်သူတစ်ဦးဖြစ်၏။ လူချစ်လူခင်လည်း ပေါသည်။ ထိုခေတ်က အခေါ်အဝေါ် ဂေါ်ချင် ရှိတ်ချင်လျှင် ကိုမောင်မောင်ခင်နှင့်သာ လိုက်သွား။ သူ့မှာ အမျိုးသမီးမိတ်ဆွေတွေ အများကြီး။ နမဝမ်းကွဲ၊ တူမဝမ်းကွဲတွေလည်း ဒုနှင့်ဒေး။

ကိုလှစိန်က လူတစ်မျိုးတစ်စား၊ ခပ်အေးအေး ခပ်ကုပ်ကုပ် နေတတ်သည်။ အပေါင်းအသင်းလည်း သိပ်မရှိ၊ အပြင်ထွက်လျှင်လည်း တစ်ကိုယ်တော်။

ကဲ.... ကိုလှ၏ သံသေတ္တာပျောက်မှုအတွက် မည်သူ့ကို သူခိုး ယိုးကြမည်နည်း။ လက်ပူးလက်ကြပ် မဟုတ်တော့လည်း အခက်သား။

တစ်နေ့ သင်တန်းမှ ထမင်းစားပြန်၍ ခေတ္တနားနေကြချိန် အောက်ထပ်နေ ကိုစိန်မောင် အပေါ်ထပ်သို့ တက်လာသည်။

"ခင်မောင်လှရေ့ ငါတော့ ကိုလှစိန်ကို မသင်္ကာဘူးကွာ"

ခင်မောင်လှနှင့် ကိုစိန်မောင်တို့မှာ စစ်ကိုင်းသားများဖြစ်ကြပြီး ကိုစိန်မောင်က ခင်မောင်လှထက် အသက်ကြီးသည်။ ကိုစိန်မောင်မှာ ရေတပ်မတော်တွင် အမှုထမ်းနေရာမှထွက်ခဲ့ပြီး ကောက်ပဲသီးနှံ ရောင်းဝယ်ရေးရုံးတွင် စာရေးဝင်လုပ်သည်။ ပြီးမှ ထောင်မှူးသင်တန်း တက်လာသူဖြစ်၏။ ခင်မောင်လှမှာ မောင်မောင်နှင့်အတူ အင်ဂျင်နီယာကျောင်းတက်ပြီး မျက်စိလည်ကာ ထောင်မှူးသင်တန်း တက်လာသူ။

ခင်မောင်လှက ကိုစိန်မောင်အား....

"ခင်ဗျားက ဘယ်လို အထောက်အထားရှိလို့လဲ"

"သူ့လည်ပင်း အင်္ကျီအောက်မှာ ဆွဲကြိုးတစ်ကုံး ရိပ်ခနဲမြင်လိုက်တယ်။ အရင်က မမြင်ဖူးပါဘူး"

"လာဗျာ၊ အဲဒီလိုဆိုယင် ကျွန်တော်တို့ တိုက်ရိုက်ပဲ မေးလိုက်ကြရအောင်"

http://www.cherrythitsar.org



ကိုလှစိန်ကလည်း လူပါး။ မောင်မောင်တို့ အောက်ဆင်းသွားတော့ အခန်းထဲမှာ မရှိတော့ဘဲ အိမ်သာတက်နေသည်။

သင်တန်းသားတွေ လေးငါးခြောက်ယောက် အိမ်သာကို ဝိုင်းထားကြသည်။

ကိုစိန်မောင်ကပင်၊

"ဒီမှာ ကိုလှစိန်၊ ခင်ဗျား ဆွဲကြိုးကို ဖျောက်ဖျက်မယ် မကြံပါနဲ့။ ခင်ဗျား အိမ်သာထဲ ပစ်ချခဲ့ရင်လဲ ခင်ဗျားပဲ တရားခံပဲ။ ခင်ဗျားလည်ပင်းမှာ ဆွဲထားတာ ကျွန်တော်မြင်လိုက်ပြီးသား"

ကိုလှစိန် မငြင်းသာတော့ပါ။ မျက်စိပျက်မျက်နှာပျက် အိမ်သာတံခါးဖွင့်၍ ထွက်လာသည်။ သူ့လက်ထဲတွင် ဆွဲကြိုးကို ဆုပ်လျက်။

ကိုလှကို ဆွဲကြိုးပြကြည့်ရာ သူ့ပစ္စည်းဖြစ်ကြောင်း သေချာသွားသဖြင့် ကိုလှစိန်ကို ဆရာကြီးထံ ခေါ်သွားကြသည်။။

ဆရာကြီးသည် ဟင်းခနဲ သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်သည်။

"အင်း....ခက်တော့ခက်သားပဲကွာ။ မင်းတို့ကို ဆရာကြီး အမြဲတမ်းပြောတယ်မဟုတ်လား။ တို့အကျဉ်းဌာနရဲ့ အဓိကရည်ရွယ်ချက်ဟာ၊ အပြင်မှာရှိတဲ့ ပြည်သူတွေ အေးအေးချမ်းချမ်း နေနိုင်အောင် လူဆိုးသူခိုးတွေကို ထိန်းသိမ်း ချုပ်နှောင်ထားဖို့တာဝန်တစ်ခုတည်း မဟုတ်ဘူး။ အဲဒီ လူဆိုးသူခိုးတွေ နောက်ထပ်ရာဇဝတ်မှုကျူးလွန်ချင်တဲ့ စိတ်ဓာတ်တွေ မပေါ်အောင် သူတို့စိတ်တွေကို ခဝါချပေးဖို့ ပြုပြင်ပေးလိုက်ဖို့လဲ လိုတယ်ဆိုတဲ့အကြောင်း ဆရာကြီး အမြဲပြောခဲ့ပါတယ်။ အခုတော့ အဲဒီလို စာရိတ္တပြုပြင်ပေး ရမယ့် ထောင်မှူးလောင်းတစ်ယောက်က ဒီလိုပြစ်မှုမျိုးကို ကျူးလွန်တာဟာ ခေါင်က မိုးမလုံတာပဲ...."

ဆရာကြီးသည် သင်တန်းခေါင်မိုးကို မော့ကြည့်ရင်း အချိန်အကြာကြီး စဉ်းစားနေသည်။ သက်ပြင်းလည်း မသိမသာချလျက်ရှိ၏။ အတန်ကြာမှ၊

"ကိုင်း.... မောင်လှစိန်၊ မင်းကို သက်ညှာတဲ့အနေနဲ့ နောက်ဆုံးမေးမယ်။ ရဲလက်ကို အပ်ရမလား၊ သင်တန်းက ထွက်သွားမလား"

ကိုလှစိန်မှာ ခေါင်းငိုက်စိုက်ချလျက်၊

"သင်တန်းက ထွက်ပါတော့မယ် ဆရာကြီး"

■

http://www.cherrythitsar.org

# ၄

'ထောင်မှူးဖြစ်ရန် ( ၇ ) ရက်သာ လိုတော့သည်'

မောင်မောင်၏ ခုတင်ခေါင်းရင်းရှိ သစ်သားခါးပန်းတွင် မြေဖြူဖြင့် ရေးသားထားသော ကွင်းစကွင်းပိတ်အတွင်းမှ ရက်များကို တစ်ရက်ပြီးတစ်ရက် လျော့လာခဲ့သည်မှာ နောက်ဆုံး ၇ ရက်သာ ကျန်တော့သည်။ အမှန်အတိုင်းဆိုလျှင် ထောင်မှူးသင်တန်းမှာ ၃ လ သာလျှင်ဖြစ်၍ ၁၉၅၀ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့က စခဲ့သည့် သင်တန်း၊ မတ်လ ၃၁ ရက်နေ့တွင် အဆုံးသတ်ရမည်ဖြစ်၏။

သို့သော်....

သို့သော်၊ ထောင်မှူးသင်တန်း ဆင်းခါနီးမှ ကြားရသည့်သတင်းမှာ အရပ်ရပ်နေပြည်တော် ကြားလို့မှ မလျော်ပါပေ။

"သင်တန်းကဆင်းပြီး ထောင်မှူးခန့်ဖို့ အထက်ကိုစာတင်ထားတာ မကျသေးလို့တဲ့။ အဲဒါ.... မင်းတို့ နောက်ထပ်သုံးလလောက် လက်တွေ့သင်တန်း ဆက်တက်ကြရဦးမယ်"

သို့ကလို သင်တန်း ကျောင်းအုပ်ဆရာကြီးအဖြစ် တာဝန်ယူထားရသူ ထောင်ပိုင်ကြီး မစ္စတာအေကရစ်ရှနားက ပြောလာသည်။

မောင်မောင်တို့ သင်တန်းသားတွေ မောကြပြီပေါ့။

မမော ခံနိုင်ရိုးလား။ နဂိုကတည်းက သင်တန်းကာလ သုံးလပြီးဆုံးလျှင် ထောင်မှူးအဖြစ် ခန့်ထားခြင်းခံရမည်ဟု နားလည်ထားသောအသိ။

ယခု သုံးလပြည့်ခါနီးမှ ထောင်မှူးမဖြစ်သေးဘဲ နောက်ထပ်သုံးလ လက်တွေ့သင်တန်း ဆက်တက်ကြရမည်ဟု ပြောလာသောအခါ....

တာဝေးအပြေးသမားတစ်ယောက် ပန်းဝင်ခါနီးမှ မမျှော်လင့်ဘဲ ရုတ်တရက် ခလုတ်တိုက် လဲလိုက်သလို အကြီးအကျယ် စိတ်ပျက်သွားကြသည်။ မရေမရာကြီးပါကလား။

http://www.cherrythitsar.org



ယခု သုံးလပြည့်ခါနီးမှ ထောင်မှူးမဖြစ်သေးဘဲ နောက်ထပ်သုံးလ လက်တွေ့သင်တန်း ဆက်တက်ကြရမည်ဟု ပြောလာသောအခါ....

တာဝေးအပြေးသမားတစ်ယောက် ပန်းဝင်ခါနီးမှ မမျှော်လင့်ဘဲ ရုတ်တရက်ခလုတ်တိုက် လဲလိုက်သလို အကြီးအကျယ် စိတ်ပျက်သွားကြသည်။ မရေမရာကြီးပါကလား။

လက်ရှိထောင်မှူးသင်တန်းတွင် သင်တန်းသားများ ရရှိနေသည့် ထောက်ပံ့ကြေးမှာ ထိုစဉ်က ထောင်ကြပ်အုပ်တစ်ဦးရသည့် လစာငွေ ၅၀ နှင့် ရှားပါးစရိတ် ၄၇ ကျပ်။ စုစုပေါင်း ၉၇ ကျပ် ဖြစ်၏။ ထောင်ကြပ်အုပ်ဆိုသည်မှာ ယနေ့ သုံးရစ်တပ်ကြပ်ကြီးနှင့် ညီမျှသည်။

ထိုစဉ်က ၉၇ ကျပ် ဆိုသည်မှာ မနည်းလှပါ။ ထမင်းလခ အစိတ်သုံးဆယ်ပေးလျှင် ဟင်းကောင်းနှင့် နပ်မှန်အောင်စားရသည်။ လက်ဖက်ရည်တစ်ခွက်မှ သုံးပဲတစ်မတ်။ ဆီတစ်ပိဿာမှ နှစ်ကျပ်ခွဲ သုံးကျပ်။

သို့သော် ဘာရယ်လို့ မဟုတ်၊ ထောင်မှူးဖြစ်မယ်လို့ ပြောထားတဲ့အချိန် ထောင်မှူးဖြစ်ချင်ကြသည်။ အသက်အရွယ်ကလေးတွေကလည်း နှစ်ဆယ်ကျော်ကျော်၊ လူငယ်အတွေး၊ လူငယ်အမြင်။ ပခုံးထောက်တစ်ဖက်တစ်ချက်တွင် ကြယ်ပွင့်ကလေးတွေ တပ်ချင်ကြသည်။

ဒါကိုလည်း ဆရာကြီးက လိုက်လျောရှာပါသည်။

"မင်းတို့ ကြယ်ပွင့်တပ်ချင်လဲ တပ်ကြပေါ့ကွာ။ ဒါပေမယ့် ထောင်မှူးမဖြစ်သေးတော့ ဒီအတိုင်းတပ်လို့ မဖြစ်သေးဘူး။ ကြယ်ပွင့်အောက်က လိုင်းအပြာကိုခံပြီး တပ်ကြရမယ်"

ဘာပဲဖြစ်ဖြစ် မောင်မောင်တို့ သင်တန်းသားတွေ ကျေနပ်သွားကြသည်။ အိုကေမှာ ပြသွားကြပြီ။

ကြယ်ပွင့်တွေ ဝယ်ကြ၊ ပခုံးတစ်ဖက်တစ်ချက်တွင် အပြာလိုင်းခံ၍ တပ်ကြ။ အပျော်ကြီး ပျော်သွားကြသည်။ ထောင်မှူး မခန့်ချင်သေးလျှင်လည်း နေပေစေတော့။

ထိုစဉ်က ထောင်မှူးဆိုလျှင် လေးထောင့်ကြယ် တပ်ရသည်။ ထောင်မှူးကြီးဖြစ်မှ ငါးထောင့်ကြယ်။

သင်တန်းသားများကို ကြယ်တပ်ခွင့်သာမက ပီးကတ်ခေါ် အရာရှိဦးထုပ်ပါဆောင်းခွင့် ပေးလိုက်သောအခါ သွေးနားထင် ရောက်သွားကြသည်။ လခ မရသေးချင်နေပါစေ၊ အရာရှိ အဆောင်အယောင်တွေ ရနေပြီပဲ။ လခက ထောင်မှူးဖြစ်မှ လစာရင်း ၁၁၀ နှင့် ရှားပါးစရိတ် ၇၅ ကျပ် စုစုပေါင်း ၁၈၅ ကျပ်။

ခု ပြန်တွေးကြည့်လိုက်တော့လည်း ရယ်စရာပါ။

ထိုစဉ်က တောင်ငူနှင့် ပျဉ်းမနားအကြား ကရင်သောင်းကျန်းသူများ မင်းမူနေ

http://www.cherrythitsar.org



သဖြင့် မီးရထားလမ်း တောက်လျှောက်မပေါက်ပေ။ ထောင်မှူးသင်တန်းဆင်းပြီး လက်တွေ့သင်တန်း ၃ လကို မိမိသွားလိုသောထောင်သို့ သွားခွင့်ပြုထားရာ အဝတ်အစား သေတ္တာအခိုးခံရသော မန္တလေးသား ကိုလှရယ်၊ စစ်ကိုင်းသား ကိုခင်မောင်လှရယ်၊ မန္တလေး ပဝတ္တိသား မောင်မောင်တို့ သုံးယောက်က မန္တလေးထောင် သွားခွင့်ရသည်။

မီးရထားလမ်းမပေါက်တော့ ကားနှင့်သွားလျှင်လည်း သောင်းကျန်းသူများ နယ်မြေကို ဖြတ်သွားရမည်ဖြစ်၏။ သင်္ဘောနှင့် သွားလျှင်လည်း ဆယ်ရက်ကျော်ကျော် ကြာမည်။

သို့နှင့် လေယာဉ်ပျံနှင့်ပင် သွားရန်စီစဉ်ကြရသည်။

မင်္ဂလာဒုံလေဆိပ်မှ ဒါကိုတာလေယာဉ်ထွက်လာပြီး ယူနီဖောင်းကိုယ်စီနှင့် မောင်မောင်တို့သုံးယောက်ကို ဟိုလူကကြည့်၊ ဒီလူကကြည့်။

ကြည့်ပေမပေါ့။ တပ်မတော်က လိုလို၊ ရဲက လိုလို၊ ကာကီကွတ်ရှပ် ခေါ် ဘောင်းဘီအပြင် ထုတ်ထားရသော အင်္ကျီများဝတ်လျက် ကြယ်ပွင့်အောက်ကလည်း အပြာခံလိုင်းတွေနှင့်။

ထိုနေ့က ပါလာသော လေယာဉ်မယ်ကလေးမှာ ချောမောလှပသော အင်္ဂလိပ် မြန်မာ ကပြားမကလေးဖြစ်သည်။ လေယာဉ်ထွက်လာပြီး ခါးပတ်များ ချွတ်ခွင့်ရကြ ပြီးနောက် ကော်ဖီနှင့် ဘီစကွက်မုန့်များ လိုက်၍ဝေငှသည်။ တစ်အောင့်လောက်အကြာ တွင် ချိုချဉ်နှင့် ချောကလက်များ လိုက်ဝေပြန်သည်။

သို့ကလို လေယာဉ်မယ်ကလေး လေယာဉ်ဦးနှင့်ပဲ့ လူးလာခေါက်တုံ့ သွား လာရင်းက မောင်မောင်တို့သုံးယောက်ကို စူးစမ်းသလိုအကြည့်ဖြင့် ကြည့်လျက်ရှိသည်။ ကြာလာတော့ သူမလည်း အောင့်အည်း သည်းခံနိုင်စွမ်းမရှိတော့သည့် ဟန်ပန်နှင့် အင်္ဂလိပ်လို မေးလိုက်သည်။

"ရှင်တို့က ဘယ်တပ်ကလဲ"

ကိုလှနှင့် ကိုခင်မောင်လှတို့နှစ်ယောက် ဘာပြန်ပြောရမှန်းမသိဘဲ တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်နေစဉ် နှုတ်သွက်လျှာသွက် မောင်မောင်က ဝင်ဖြေလိုက် သည်။

"ကျွန်တော်တို့ တရားရေး တပ်ကပါ"

ဟား.... ဟား.... ဟား....။ ရယ်စရာကောင်းလိုက်လေ။ ဘယ်မှာ တရားရေး တပ်ရယ်လို့ ရှိပါ့မလဲ။ ရှိချင်ရှိ၊ မရှိချင်နေ။ ပါးစပ်ထဲရှိတာ စွတ်ပြောလိုက်ခြင်း ဖြစ်၏။ အကျဉ်းဌာန ဆိုသည်မှာ တရားရေးဝန်ကြီးဌာန လက်အောက်ခံ မဟုတ်ပါလား။

တကယ်တော့ မန္တလေးရှိ ကျောင်းနေဖက်သူငယ်ချင်းများလည်း မောင်မောင့် ကို ကြည့်ပြီး မျက်စိအလည်ကြီး လည်သွားခဲ့ကြရသည်။ မျက်စိမလည်ဘဲ ခံနိုင်ရိုးလား၊ ၁၉၄၈ ခုနှစ် ဆယ်တန်းအောင်ပြီး ကျောင်းသွားတက်တော့ အင်းစိန် အင်ဂျင်နီယာ

http://www.cherrythitsar.org



ကျောင်း။ ၁၉၅၀ ခုနှစ် ပြန်လာတော့ ထောင်မှူး။ မျက်စိလည်ကြပြီ၊ မေးကြပြီပေါ့။

အဖြစ်က ဒီလိုပါ။

အင်းစိန်အင်ဂျင်နီယာကျောင်း တက်တာတော့ မှန်ပါသည်။ ထိုစဉ်က ဂျီတီအိုင် မခေါ်သေး။ အီးစီအီးစီဟု ခေါ်သည်။ အင်္ဂလိပ်လိုတော့ 'Emergency Civil Engineering Classes'။ ယခုလို သုံးနှစ်မနေရဘဲ တစ်နှစ်ခွဲ အရေးပေါ် အင်ဂျင်နီယာ သင်တန်းဖြစ်သည်။ ကျောင်းအုပ်ဆရာကြီးမှာ ပထမပိုင်း ဦးဘရှင်ဖြစ်၍ နောက်ပိုင်း နိုင်ငံခြားမှ ပြန်လာသော ဟန်ဘလှ ဖြစ်သည်။

အင်ဂျင်နီယာကျောင်းမှ ထွက်ပြီး ရောင်ခြောက်ဆယ်ဘဝနှင့် အစိုးရဌာန များက 'အလိုရှိသည်' ကြော်ငြာတွေ့သမျှ အကုန်လျှောက်သည်။ ခေါ်လျှင် သွားဖြေ သည်။ သို့နှင့်ပင် ပထမဦးဆုံးရသော ထောင်မှူးအလုပ် ဝင်လုပ်ခဲ့ခြင်းပင် ဖြစ်သည်။

မီးရထားရုံးရှိ အစ်ကိုဝမ်းကွဲတစ်ယောက်၏ တိုက်တွန်းမှုလည်းပါသည်။

"ဟေ့၊ ငါစစ်မဖြစ်ခင်က ထောင်မှူးလျှောက်ဖူးတယ်ကွ။ ငါ အိုင်အေ အောင် တာတောင် မရခဲ့ဘူး"

ထောင်မှူးဝင်လုပ်ပြီးမှ သိလာရသည်မှာ ပညာရေးနှင့် သိပ်မပတ်သက်လှပေ။ အင်္ဂလိပ်အစိုးရသည် မြန်မာလူမျိုးများကို တတ်နိုင်သမျှရှောင်၍ ထောင်မှူးခန့်ခဲ့ခြင်း ဖြစ်၏။ ထောင်မှူးထောင်ပိုင်များကို ကြည့်လိုက်လျှင် အင်္ဂလိပ်မြန်မာကပြား၊ အင်္ဂလိပ် အိန္ဒိယကပြားနှင့် အိန္ဒိယလူမျိုးစစ်စစ်သာ များသည်။ ၁၉၅၀ ခုနှစ်ခန့်အထိ ထောင်ကြီး များတွင် အနိမ့်ဆုံးထောင်ဝါဒါတွေကို ကြည့်လိုက်လျှင် အိန္ဒိယလူမျိုး တစ်ဝက်ခန့် ရှိနေသေးသည်။

အမှန်တော့ ဘာမှမဟုတ် အင်္ဂလိပ်အစိုးရတို့၏ Divide And Rule ခေါ် ခွဲခြားအုပ်ချုပ်လိုသော ဗြူရိုကရေစီယန္တရား အသွင်သဏ္ဌာန်ပင်တည်း။ မြန်မာကို မြန်မာချင်း ပြန်အုပ်ချုပ်ခိုင်းလျှင် သက်ညှာမှုတွေ ရှိနေဦးမည် မဟုတ်ပါလား။

မန္တလေးထောင်သို့ လက်တွေ့မဆင်းမီ၊ ထောင်မှူး သင်တန်းဆင်းပွဲကို ရွှေတိဂုံဘုရားလမ်းရှိ ဆန်းကဖေးတွင် တစ်ခမ်းတစ်နား ကျင်းပပေးပါသည်။ တစ်ခမ်း တစ်နားဆိုသည်မှာ တရားရေးဝန်ကြီးကိုယ်တိုင် တက်ရောက်၍ အနောက်တိုင်း အစားအစာကို အကျအန ကျွေးမွေးခြင်းကြောင့်ပင် ဖြစ်၏။

အနောက်တိုင်း အစားအစာဆိုတော့ မောင်မောင်တို့တစ်တွေဒုက္ခ။ ဘယ်ဇွန်း၊ ဘယ်ခက်ရင်း၊ ဘယ်ဓား၊ ဘယ်ပုံဘယ်နည်း ကိုင်တွယ်ရမည် နည်း။ သို့သော် ကိစ္စမရှိပါ။ ဟန်ကိုယ်ဖို့ပေါ့။ အနောက်တိုင်းပြန် အကျဉ်းဌာနမင်းကြီး ဦးဘသိန်းနှင့် စုံထောက်မင်းကြီး ဦးလှဘော်တို့ကိုကြည့်ပြီး စခန်းသွားလိုက်ကြရာ ဤတွင် ထောင်မှူးသင်တန်း နိဂုံးတံလေသတည်း။

■

# ၁

"သခင်"

အလုပ်သင်ထောင်မှူး ဦးမောင်မောင် နားကြောစိမ့်သွားသည်။ တစ်နည်းအားဖြင့် စတွန့်သွားသည်။

ငါ့ကိုခေါ်တာမှ ဟုတ်ရဲ့လား။

ဟုတ်ပါတယ်။ အနားမှာ တစ်ခြားဘယ်သူမှမရှိဘဲ သူနဲ့ အကျဉ်းသားနဲ့ တစ်ယောက်ချင်း။

နောက်တစ်ကြိမ် ထပ်ခေါ်လိုက်တော့ ပိုပြီးသေချာသွားသည်။

"သခင်၊ ကျွန်တော်မျိုးကို ဘုတ်တိုက်ပေးစမ်းပါ"

ပုံစံအင်္ကျီအဖြူ ပုံစံလုံချည်အဖြူဝတ်ထားသော အကျဉ်းသားတစ်ယောက်က ဦးမောင်မောင်ထိုင်နေသော ကုလားထိုင်ရှေ့ရှိ စားပွဲတွင် နံပါတ်ကြီးကို လာတင်သည်။

ပုံစံအင်္ကျီအဖြူ ဆိုရာတွင် ယခုခေတ်လို ကော်လာမပါချေ။ အင်္ကျီလယ်ဝိုက်စွပ်ကျယ်လက်စက ပုံသဏ္ဌာန်ဖြစ်၏။ လုံချည်ကတော့ ယခုခေတ်အတိုင်းပင် ဖြစ်သော်လည်း အနံတိုသဖြင့် နံငယ်လုံချည်ဟု ခေါ်လေ့ရှိသည်။

ကော်လာနှင့် အိတ်ကပ်ပါသောအင်္ကျီကို ၁၉၅၁ ခုနှစ်တစ်ဝိုက် စံပြထောင်များ ပေါ်လာမှ ဝတ်ခွင့်ရခြင်းဖြစ်သည်။ စံပြထောင်များ ပေါ်လာချိန်တွင်မူ နံငယ်အဖြူလုံချည်ပင် မဟုတ်တော့ဘဲ အစိမ်း အညို အပြာ စသည်အားဖြင့် အရောင်နှင့် လုံချည်များကိုပင် ဝတ်ခွင့်ပြုခဲ့သည်။

http://www.cherrythitsar.org



ဘုတ်တိုက်သည်ဆိုခြင်းမှာ အကျဉ်းသားက သူ၏လွတ်ရက်ကို အတွက်ခိုင်းခြင်းဖြစ်၏။ ဘုတ်ဆိုသည့်စကား ထောင်တွင် အတော်ကလေးအသုံးများသည်။ အမှန်တော့ အင်္ဂလိပ်စကား book ဖြစ်၏။ ဘုတ်ကိုင်၊ ဘုတ်လိုက်၊ ဘုတ်သား၊ အပြင်ဘုတ်၊ မိလ္လာဘုတ် စသည် စသည်အားဖြင့်....။

နံပါတ်ကြီးဆိုသည်မှာ အကျဉ်းသား၏ ကိုယ်ရေးရာဇဝင် ကတ်ပြားဖြစ်၏။ အင်္ဂလိပ်လို history ticket ဟု ခေါ်သည်။ နှစ်ကြီးအကျဉ်းသား၏ နံပါတ်ကြီးဆိုလျှင် အပေါ်က ကတ်ထူအဖုံးနှင့်။ နှစ်ကလေး အကျဉ်းသားအတွက်တော့ ကတ်ထူဖုံးမပါဘဲ စာရွက်ထူထူ နှစ်ရွက်မျှသာ။

နံပါတ်ကြီးထဲတွင် အကျဉ်းသား၏အကြောင်းအရာ အကုန်ပါသည်။ အပြင်တွင် ကိုင်သည့် မှတ်ပုံတင်ထက် စုံ၏။ အကျဉ်းသား၏ ထောင်ဝင်အမှတ်၊ အမည်၊ အဖအမည်၊ အသက်၊ နေရပ်လိပ်စာနှင့် အမှတ်အသား၊ အပြစ်ပေးလိုက်သည့် တရားရုံးနှင့် အမှုအမှတ်၊ ဖြစ်ခဲ့သည့်ပြစ်မှုနှင့် အပြစ်ပေးသည့်ရက်စွဲ၊ ဆရာဝန်၏ ကျန်းမာရေးမှတ်ချက်၊ ထောင်တွင်း ထပ်မံကျူးလွန်သည့်ပြစ်မှုနှင့် အပြစ်ပေးခံရပုံ၊ ရရှိပြီးလျှော့ရက် များ စသည်အားဖြင့် အကျဉ်းသားနှင့် ပတ်သက်သမျှ ကကြီးမှအစ အ အထိ ပြည့်စုံပြီး ဖြစ်သည်။

ဦးမောင်မောင်က စားပွဲပေါ်တွင် တင်လာသော နံပါတ်ကြီးကို ကောက်ကိုင်ကြည့်လိုက်သည်။

အမှန်မှာ ဦးမောင်မောင်အနေနှင့် ဟန်ကိုယ်ဖို့ ဆိုသလိုပါ။ အလုပ်သင်ထောင်မှူးတစ်ယောက်အနေနှင့် သူ ဒါလောက် မကျွမ်းကျင်သေးပါ။ နံပါတ်ကြီးကိုကြည့်ရုံနှင့် အကျဉ်းသား၏လွတ်ရက်ကို တွက်ချက်ပေးနိုင်လောက်အောင် အရည်အချင်း မပြည့်ဝသေးပါ။

ထောင်ကျရုံးတွင် အကျဉ်းသား၏ အပြစ်ပေး ဝရမ်းနှင့် လျှော့ရက် ကတ်ပြား စသည်တို့ ရှိနေသေးသည်။ လျှော့ရက် ကတ်ပြားထဲတွင် အကျဉ်းသား ရရှိထားသည့် သာမန် လျှော့ရက် (ကွာ) Quarterly Remission ဟုခေါ်သော အထူးလျှော့ရက်၊ နိုင်ငံတော်အစိုးရမှ အခါအားလျော်စွာ ချီးမြှင့်လေ့ရှိသော သာသနာနှစ်ထောင့်ငါးရာပြည့် အထိမ်းအမှတ် လွတ်ငြိမ်းချမ်းသာခွင့်နှင့်လျှော့ရက် စသည်အားဖြင့် အတိအကျရေးမှတ်ထားရှိသည်။ လျှော့ရက်ကတ်ပြားကို ကြည့်ပြီးမှ အကျဉ်းသား၏ ဘုတ်တိုက်သောကိစ္စ၊ လွတ်ရက်ကို မှန်မှန်ကန်ကန်သိနိုင်မည်ဖြစ်၏။

သို့သော် ယခုဘုတ်တိုက်လာသော အကျဉ်းသားမှာ နှစ်ကြီးသမားမဟုတ်။ နှစ်ကလေးသမား၊ ခိုးမှုနှင့် ထောင်တစ်နှစ် ကျလာသူဖြစ်သည်။

သို့ဖြစ်၍ နံပါတ်ကြီးထဲတွင် ရရှိထားသော လျှော့ရက်များကိုကြည့်ပြီး အကြမ်းဖျင်းအားဖြင့် ပြောနိုင်သည်။

http://www.cherrythitsar.org



"ခင်ဗျား လွတ်ဖို့ တစ်လလောက်ကျန်သေးတာပဲ။ နောက်ထပ် ဆယ်ရက်လောက်ရှိရင် ထောင်ပိုင်ကျန်ရက်တင်ပေးမယ်လေ။ နံပါတ်ကြီးထားခဲ့"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် သခင်"

အကျဉ်းသားသည် ဦးမောင်မောင်ရှေ့မှ ယို့ယို့ကလေး ထွက်သွားသည်။ ဦးမောင်မောင် ဘယ်ပုံ ဘယ်နည်း ကျန်ခဲ့လေသနည်း။ တွေးစရာကလေးတွေ ရေးစရာကလေးတွေ အများကြီးရှိပါသည်။

ပထမ သူ့ကို အခေါ်ခံရသည့် သခင်။

ပြန်ခါနီးလည်း ပြောသွားသေးသည်။ ကျေးဇူးတင်ပါတယ် သခင်တဲ့။

ထိုစဉ်က အကျဉ်းသားအတော်များများက ထောင်မှူးကို သခင်ဟုခေါ်ကြသည်။ ထောင်မှူးကြီးနှင့် အထက် ထောင်ပိုင်လေးတို့ ထောင်ပိုင်ကြီးတို့ဆိုလျှင် သခင်ကြီး။

ရိုးရိုး ရာဇဝတ်မှုအကျဉ်းသားများကသာ ယင်းကဲ့သို့ ခေါ်လေ့ရှိသော်လည်း နိုင်ငံရေးအကျဉ်းသားများကတော့ ဘယ်တော့မှ မခေါ်ပါ။ အများဆုံးခေါ်လှမှ ဆရာ။ သို့မဟုတ် သက်တူရွယ်တူဆိုလျှင် ဦးတပ်၍ ခေါ်ပါသည်။ အသက်အရွယ်ကြီးသူဖြစ်လျှင်လည်း ထောင်မှူးကြီး၊ ထောင်ပိုင်လေး၊ ထောင်ပိုင်ကြီးဟုပင် ပြောလေ့ရှိပါသည်။

လူ့စိတ်သည် တကယ်ပင် ကြောက်စရာကောင်းလှပါသည်။

ဦးမောင်မောင်သည် သူ့အား သခင်ဟု စပြီးအခေါ်ခံရစဉ်က နားကြောစိမ့်မိတာ အမှန်။ စတွန့်သွားသည် ဆိုခြင်းမှာလည်း မုသားမပါ။

သို့သော် ယင်းကဲ့သို့ အခေါ်ခံရဖန်များလာသောအခါ ရိုးသွားသည်။ ရိုးသွားရာက တစ်စတစ်စ သာယာလာသည်။ ကြည်နူးလာသည်။ လူ့စိတ်၊ လူ့စိတ်။

လူ့စိတ်များ ဘယ်လောက် ကြောက်စရာကောင်းလိုက်သနည်းဆိုလျှင် နောက်ပိုင်း သခင်ဟုမခေါ်ဘဲ ဆရာဟုခေါ်သော အကျဉ်းသားကို စိတ်ထဲမတွေ့ချင်တော့။ မကြည်ဖြူချင်တော့ပေ။

ယခု အသက်အရွယ်ထောက်လာချိန် ပြန်တွေးမိသောအခါတွင် ရယ်စရာပါ၊ (ဝါ) တနည်းအားဖြင့် သံဝေဂ ယူစရာပါ။

သံဝေဂ ရမယ်ဆိုလျှင်လည်း ရလောက်ပါပေသည်။ အဘယ်ကြောင့်ဆိုသော် နောက်ပိုင်း စံပြထောင်များပေါ်လာချိန်တွင် ထောင်မှူးအား အကျဉ်းသားက ပခုံးချင်းတိုက်သွားတာကိုလည်း ခံခဲ့ရဖူးသည်။ 'ဆေးလိပ်မီးတစ်တို့လောက်' ဟုလည်း အတောင်းခံခဲ့ရဖူးသည်။

အမှန်တော့ ဦးမောင်မောင်နှင့် 'သခင်'တို့၊ 'မှန်ပါ့ဘုရား'တို့၊ လူကိုလူချင်း ခေါ်လျှင် 'ဘုရား'တို့ ထူးရသည့်ခေတ်အခြေအနေမှာ သိပ်ပြီး မစိမ်းလှပါပေ။

ယခုခေတ်လူငယ်များကို ပြန်ပြောပြလျှင်တော့ အားလုံးအဆန်းချည်းသာ

http://www.cherrythitsar.org



ဖြစ်နေမည်။

ဥပမာအားဖြင့်၊

စစ်ကြိုခေတ်က ဦးမောင်မောင်၏ဖခင် ဦးမင်းကိုသည် မြေစာရင်း အင်စပက်တော် တစ်ဦးဖြစ်သည်။ ယခုခေတ် အခေါ်အဝေါ်အားဖြင့် မြို့နယ် မြေစာရင်း ဦးစီးမှူး ဖြစ်၏။

သူ့အထက်တွင် လယ်ဝန်ရှိ၏။ ခုနစ်မြို့နယ် သို့မဟုတ် အနည်းဆုံး ငါးမြို့နယ် လောက် ကိုင်ထားသည်။ မြို့နယ်များ စုစည်းထားသော ခရိုင်တစ်ခုလျှင် လယ်ဝန် တစ်ယောက်။ မြေစာရင်းအင်စပက်တော်က လယ်ဝန်ထံသို့ ရုံးစာရေးရာတွင် မြန်မာလို ရေးလျှင် ရှေ့ပိုင်းမှ ဘုရားဟု အစချီရသည်။ အင်္ဂလိပ်လို ရေးစရာရှိလျှင်တော့ Sir.

ကောင်းပါပြီ။ မြေစာရင်းအင်စပက်တော်တစ်ယောက် လယ်ဝန်ရုံးခန်းထဲ ဝင် လျှင်ကော၊ ဖိနပ်ချွတ်၍သွား၊ အပြန်ကျလျှင်လည်း ကြို့ကြို့ကလေး နောက်ပြန်၍ ထွက်၊ ရိုကျိုးတတ်သော သူများဆိုလျှင် လက်အုပ်ချီ၍ထွက်သည်။

လယ်ဝန်က ခေါ်လိုက်လျှင်၊

"ဘုရား"

"ဦးမင်းကို ဟိုပင်းစုဘက်က ကွင်းအမှတ် ၄၆၉ မှာ မြေခွန်စည်းကြပ်တဲ့ ကိစ္စ မြို့အုပ်ရေးတဲ့စာကို ပြန်ရှင်းနော်" ဟု ဆိုလိုက်လျှင်၊

"မှန်ပါ့၊ ကျွန်တော်မျိုး အဲဒီကိစ္စ ကြည့်ပြီးအဆင်ပြေအောင် ပြန်တင်ပြပါ့မယ်"

သို့ကလို ပြောရ ဆိုရသည်။ ကြားခဲ့ မြင်ခဲ့ဖူးသည်။

သူ့ကျွန်ခေတ်၊ အင်္ဂလိပ်လက်အောက်တွင် နေခဲ့ကြရစဉ်က အခြေအနေကလေးတွေကို ယခုခေတ် လူငယ်လူရွယ်တွေ တစ်စေ့တစ်စောင်း မြင်စေချင်သည့် သဘောပါ။ သူ့ကျွန်ဘဝ ပြန်မရောက်စေချင်သည့် စေတနာပါ။

ဤသည်မှာ ဦးမောင်မောင်၏ မွေးသဖခင် ကျေးဇူးရှင်နှင့် ပတ်သက်သမျှ သူ့ ကျွန်ခေတ်က အကြောင်းကို ပြန်ပြောင်းရေးပြနေခြင်း ဖြစ်ပါသည်။ အလားတူပင် မြို့အုပ်တို့၊ နယ်ပိုင်ဝန်ထောက်တို့၊ အရေးပိုင်တို့မှာလည်း ဘုရားထူးခံများ ဖြစ်ကြ၏။ မျက်နှာဖြူအရာရှိများက ပို၍ဆိုးသည်။ သူတို့ကို သခင်မခေါ်လျှင် ဘဝင်မကျချင်ကြ။

ကိုင်း ထောင်မှူးပေါက်စအကြောင်း ပြန်ပြီး ဆက်ကြဦးစို့။

ထိုစဉ်က မန္တလေး ဗဟိုအကျဉ်းထောင်ကြီးသို့ ထောင်မှူးသင်တန်း သုံးလ တက်ပြီး လက်တွေ့သင်တန်း သုံးလ လုပ်ငန်းခွင်လေ့လာရန် အလုပ်သင်ထောင်မှူး သုံးယောက် ရောက်လာကြသည်။

ဦးမောင်မောင်၊ ဦးလှနှင့် ဦးခင်မောင်လှ။

သူတို့ သုံးယောက်အနက် ဦးလှမှာ အကျဉ်းထောင်စာရေး လုပ်နေရာမှ

http://www.cherrythitsar.org



ထောင်မှူးသင်တန်း လာတက်သူဖြစ်၍ အကျဉ်းထောင်လုပ်ငန်းကို အကျွမ်းကျင်ဆုံး။ သို့ဖြစ်၍ ဦးလှကို ရုံးခန်းတွင် တာဝန်ချထားသည်။ ဦးခင်မောင်လှကို ထောင်ကျရုံးခန်း၊ ဦးမောင်မောင်ကို မိန်းဂျေးထောင်မှူး။

ရုံးခန်းတာဝန်ခံထောင်မှူးမှာ ဦးအောင်ကြီးဖြစ်၏။ ဦးအောင်ကြီးဆိုလျှင် လူသိနည်းမည်ဖြစ်သော်လည်း ကွယ်လွန်သူရုပ်ရှင်သရုပ်ဆောင်မင်းသားကြီး ဦးကျောက်လုံးဟု ဆိုလိုက်လျှင် ယနေ့လူထု မသိသူ မရှိသလောက် ရှားပေမည်။

မှန်ပါသည်။ ဦးကျောက်လုံးဆိုသည်မှာ ရုပ်ရှင်လောက ဝင်ရောက်ပြီးမှ ရလာ သည့် အမည်။ ဦးကျောက်လုံး၏အမည်ရင်းက ဦးအောင်ကြီး။ ထောင်မှူး။ (ဤ အကြောင်းကိုလည်း ကာတွန်းစိန်ကြီး၏ မိုးသောက်ရုပ်ရှင်မဂ္ဂဇင်းတွင် 'ဦးကျောက်လုံး (သို့မဟုတ်) ကျားလေး'ဟု တစ်စွန်းတစ်စ ရေးခဲ့ဖူးပါသည်။)

ဦးကျောက်လုံး နစဉ်ဘဝ ထောင်မှူးလုပ်နေစဉ်က အနုပညာ ဗီဇပါပုံကလေး ကို ပြန်ပြောင်း သတိရနေမိသေးသည်။

ဦးမောင်မောင်တို့ အလုပ်သင်ထောင်မှူးသုံးယောက်က ဆရာဝန်နေသော တိုက်ပုကလေးတစ်လုံးတွင်နေကြသည်။ ဦးအောင်ကြီးနှင့် အိမ်ချင်းကပ်လျက်၊ ဝင်းထရံ ကလေး တစ်ခုသာခြားသည်။

နံနက်ပိုင်း ပဲပြုတ်ဝယ်ပြီး ဆီမရှိဘူးလား၊ ဦးအောင်ကြီးအိမ် သွားတောင်း။ ထမင်းလခ ချိုင့်ဆွဲစားကြရာတွင် ဟင်းမကောင်းလျှင်လည်း သူတို့အိမ်က ဟင်း တောင်း ယူ၍စားကြနှင့် နှစ်အိမ့်တစ်အိမ်လို နေကြသည်။

တစ်နေ့တွင် နန်းတွင်းရှိ ရုပ်ရှင်ရုံသစ်ကြီးဖွင့်ပွဲ ကျင်းပသည်။ အကျဉ်းထောင် အရာရှိများကိုလည်း ဖိတ်ကြားခြင်းခံရ၍ ဦးအောင်ကြီးနှင့် ဦးမောင်မောင်တို့အဖွဲ့လည်း ပါကြသည်။ စိတ်ရှိလက်ရှိ စားကြ သောက်ကြ။

ထမင်းစားပွဲမှ ပြန်လာသောအခါ ဦးမောင်မောင်နှင့် ဦးလှတို့ အနုပညာဝိုင်း ကလေး ဖွဲ့မိကြ၏။ ဦးမောင်မောင်က ဂီတာကလေး မတောက်တခေါက်တီး၍ ဦးလှက တယောစမ်း၍ ထိုးသည်။ ဦးခင်မောင်လှက ဘေးမှထိုင်ပြီး စိတ်ကူးယဉ်နေသူ။

ည ၁၁ နာရီခန့် ဦးမောင်မောင်တို့အဖွဲ့ အိပ်ရန် တာစူနေစဉ် ဦးအောင်ကြီး တိုက်ပုကလေးထဲ ပေါက်ချလာသည်။ သူလည်း ထမင်းစားပွဲမှ ရေချိန်မကိုက်တကိုက်။

"ပေးစမ်းပါဗျာ ကိုလှ၊ ခင်ဗျား တယော ခဏလောက်"

ဦးမောင်မောင်တို့အဖွဲ့က မထိတထိ ရိသည်။

"ဟုတ်မှလဲ လုပ်ပါ ဆရာရယ်၊ ကြွက်တွေ မြွေတွေများထွက်လာယင် ဒုက္ခ ဖြစ်နေပါဦးမယ်"

ဦးအောင်ကြီး ဘာမှပြန်မပြောဘဲ တယောနှင့် ဘိုးတံကိုသာ ကောက်ကိုင် လိုက်သည်။

http://www.cherrythitsar.org



ဦးအောင်ကြီး အသံစမ်းတော့ ဦးမောင်မောင်တို့အဖွဲ့ မျက်လုံးပြူးစပြုပြီ။ စောစောက သောက်ထားတာတွေ ဘယ်ရောက်ကုန်မှန်း မသိတော့ပေ။

တယောကို ဗယ်ဘက်ပခုံးပေါ်တွင် တင်၍ မေးဖြင့်မှီထားကာ ညာဘက်လက်မှ ဘိုးတံကိုကိုင်ပြီး ထိုးနေပုံမှာ သူ၏ တယောထိုးသက် သမ္မာကိုပြနေပါသည်။

အတန်ကြာမျှ အသံစမ်းပြီးနောက်၊

"ကိုင်း.... ကိုမောင်မောင်၊ ဘာသီချင်းရသလဲ"

ဦးမောင်မောင်က အကြောက်အကန်။

"ဟာ....မလုပ်ပါနဲ့ဆရာ၊ အခုမှ ကာလပေါ်လေး သုံးလေးပုဒ်နဲ့ စိန်ကြောင်နီလာ စပြီး တက်နေတုန်းပါ။ ဆရာ့ဘာသာ အေးအေးဆေးဆေး ထိုးစမ်းပါ"

ဦးအောင်ကြီးသည် ထိုညက လျှပ်ပန်းခွေနဲ့ စ၍တီးသည်။ နောက်ပိုင်း ဟိုစမ်းသည်စမ်းနှင့် မြမန်းဂီရိရောက်သွားပြန်၏။ မြမြမောင်းမောင်းလည်း ပါသည်ထင်သည်။

သူ သီချင်းတစ်ပုဒ်ဆုံး၍ ရပ်သွားသည့်အခါ ဦးလှက၊

"ဆရာ တော်တော်ချိုတာပဲ။ ကျွန်တော်နဲ့ ဦးမောင်မောင်တို့နှစ်ယောက် ညတိုင်း တီးနေကြတာ ဆရာတစ်ခါမှပေါ်မလာဘူး။ ကျွန်တော်တို့နှစ်ယောက် နောက်ထပ်တောင် မတီးရဲကြတော့ဘူး"

ဦးအောင်ကြီး၏ လေသံကမူ ခပ်အေးအေးပင်၊

"မလုပ်ပါနဲ့ဗျာ၊ ဆက်သာတီးကြပါ။ ကျွန်တော်လည်း အိမ်ကထိုင်ပြီး နားထောင်နေတာပါ။ အနုပညာဆိုတာ ဒီလိုပဲပေါ့။ ပတ်မသံ တစ်ခါ ကြားသွားပါရစေ အမေရေ့ ဆိုတာလိုပေါ့။ ကျွန်တော်လဲ ခင်ဗျားတို့နှစ်ယောက် တီးနေ မှုတ်နေတာကို နားထောင်ပြီး ရင်ထဲက ယားကျိကျိဖြစ်လာတာနဲ့ ထွက်လာမိတာပဲ။ ဇေတိ ဇေတိ ဆိုရင် မနေနိုင်တဲ့ ကျွန်တော်တို့ မြန်မာလူမျိုးတွေရဲ့ အနုပညာဗီဇပေါ့ဗျာ"

ဦးအောင်ကြီး ရေချိန်ကျခါနီး ဦးမောင်မောင်က အိမ်ရှိ လက်ကျန်ကလေးနှင့် ထပ်၍ ပါရမီဖြည့်သည်။

ဦးအောင်ကြီးသည် တစ်ခွက်တစ်ဖလားမော့ပြီးနောက် တယောဆက်၍ ထိုးသည်။ ထို့နောက် ငယ်စဉ်က အဖြစ်ဟောင်းကလေးများကိုပင် ရင်ဖွင့်လာတော့သည်။

"ခင်ဗျားတို့သိတဲ့အတိုင်း ကျွန်တော်က နွားထိုးကြီးသားလေ။ မြင်းခြံမှာ ၁၀ တန်းအောင်ပြီး ဒိစတြိတ်ကောင်စီရုံးမှာ စာရေးလုပ်နေရာကနေပြီး ထောင်မှူး ဝင်လုပ်ခဲ့တာ ကျောင်းသားဘဝကတည်းက တယောကို စွဲစွဲမြဲမြဲထိုးခဲ့တာပေါ့။ အေးဗျာ...."

အေးဗျာ.... ဆိုပြီး စကားကို ဖြတ်လိုက်သောအခါ ဦးမောင်မောင်တို့အဖွဲ့မှာ မချင့်မရဲ ဖြစ်သွားရပြန်၏။ သို့နှင့် နောက်ထပ်ကြားချင်သဖြင့် အနည်းငယ် ထပ်ဖြည့်ပေးလိုက်မိသည်။

"အေးလေ၊ ဟိုတုန်းကတော့ အနုပညာသမားတွေကို ဖက်ခွက်စားဆိုပြီး

http://www.cherrythitsar.org



အစွပ်စွဲ အထင်သေးခံခဲ့ကြရတာ မဟုတ်လား။ ကျွန်တော်ဆိုယင် ညတိုင်း ကျွန်တော့် ကောင်မလေး အိမ်ရှေ့မှာ တယောထိုးပြီး အပေါင်းအသင်းတွေနဲ့ ရောက်ခဲ့ကြတာပေါ့။ သူတို့က ကြေးရတတ်တွေ။ အိမ်နဲ့ ခြံနဲ့ ဝင်းနဲ့။ စံပယ်ရုံကြီးတွေလဲ ရှိတယ်။ ညကိုးနာရီလောက် ရွှေစံပယ်ရုံဘေးဝယ် တေးသံပေးလို့ ရောက်ခဲ့ရတယ်လို့ သီချင်းစလိုက်ရင် သူ့အခန်းတံခါး ပွင့်လာရော”

ဦးမောင်မောင်က အားတက်သရော၊

“ဆရာ၊ အဲဒီသီချင်း ကျွန်တော်ရတယ်။ တီးမလား”

ဦးအောင်ကြီးသည် နှာခေါင်းတစ်ချက် ရှုံ့လိုက်ရင်း....

“ဟာ.... မလုပ်ပါနဲ့ဗျာ။ ကျွန်တော် ကိုလှရဲ့ တယောဖိုး မလျော်နိုင်ဘူး။ ကျွန်တော် အဲဒီသီချင်းနဲ့ အသည်းကွဲပြီးတဲ့နောက် ရိုက်ချိုးပြီး၊ တယော မထိုးခဲ့တာ ဒီနေ့အထိဆိုယင် အင်း ဆယ့်တစ်နှစ်လောက် ရှိခဲ့ပြီပေါ့”

ဦးအောင်ကြီးသည် ပြောပြောဆိုဆို တယောနှင့် ဘိုးတံကို ကုလားထိုင်တစ်လုံးပေါ်တွင် ချလိုက်သည်။

“ကဲ၊ သွားမယ်ဗျာ။ ခင်ဗျားတို့ ဆက်တီးကြဦး”

လူကြီးနှင့် လူငယ်ဖြစ်နေ၍ ဦးမောင်မောင်တို့အဖွဲ့မှာ ဘယ်လိုမှ ဇွတ်မတားရဲကြပေ။ သူ၏ အသည်းကွဲဇာတ်လမ်း ဘယ်ပုံဘယ်နည်း အဆုံးသတ်ခဲ့သည်ဆိုတာကိုတော့ ကြားချင်ကြတာ အမှန်။

ဘယ်လိုပဲဖြစ်ဖြစ် ဦးအောင်ကြီး၏ အနုပညာဗီဇမှာ နောက်ပိုင်းတွင် သိသိသာသာကြီး ရုပ်လုံးပေါ်လာ၏။

ဦးအောင်ကြီးသည် များမကြာမီ ထောင်မှူးအလုပ်မှ ထွက်သွားပြီးနောက် မန္တလေးမြို့မှာပင် ကန်ထရိုက် လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်။ ထိုအချိန်မှာပင် ဘယ်လိုက ဘယ်လို ပေါင်းစပ်မိသွားလေသည်မသိ။ မန္တလေး ‘မြို့မဂီတ’တီးဝိုင်းထဲတွင် တယောနှင့် ဘယ်လိုမှ မနီးစပ်သော ကလယ်ရီနက်ကို ကျွမ်းကျင်စွာမှုတ်နေသည်ကို အံ့သြဖွယ်ရာ တွေ့လိုက်ရပြန်သည်။

အနုပညာသမားဆိုသည်မှာ အစိုးရဝန်ထမ်း ဘဝမှာရော စီးပွားရေးလောကမှာပါ သိပ်ပြီး ကျင်လည်လိုဟန်မတူပေ။

ဦးအောင်ကြီးကို ကြည့်ပါ။ ဦးကျောက်လုံး ဖြစ်လာပုံကလေး။

မန္တလေးရုပ်ရှင်မှ ‘ဤလူ့ဘောင်တွင်’ ဇာတ်ကား ရိုက်ကူးနေစဉ် သရုပ်ဆောင် မင်းသား မင်းလွင် မမျှော်လင့်ဘဲ ရုတ်တရက် မော်တော်ဆိုင်ကယ်မှောက်၍ ကွယ်လွန်သွားခဲ့သည်။ သူ့နေရာတွင် လူစားလိုလာ၏။

“ကျွန်တော် လုပ်မယ်”

“ဖြစ်ပါ့မလား ဦးအောင်ကြီးရယ်”

http://www.cherrythitsar.org



"စမ်းကြည့်ကြလေ"

စမ်းကြည့်တော့ ဖြစ်ရုံမျှမက၊ ဟိုဘက်တောင် လွန်သွားသည်။ သို့နှင့်ပင် ဦးအောင်ကြီး အမည်ပျောက်ကာ ဇာတ်လမ်းထဲပါသည့် ဦးကျောက်လုံး အမည် တွင်ခဲ့လေသတည်း။

ကျားလေး ဆိုတာကတော့ ဒီလိုပါ။

ထိုစဉ်က ထောင်လောကတွင် ကျားကြီး ဦးသောင်းချစ်ဟု အမည်တွင်သော ထောင်ပိုင်ကြီးတစ်ယောက်ရှိသည်။ သူရောက်လေရာ ထောင်တိုင်း ထောင်ဘူးဝ တံခါးကြီးပေါ်တွင် ကျားခေါင်းကို သံကွင်းဆွဲထားပြီး တံခါးခေါက်ရန် လုပ်ထားသည်ဆို၏။ စည်းကမ်းကိုင်သော အကြီးအကဲဆိုလျှင် လက်အောက်ဝန်ထမ်းများက နာမည် တစ်ခု မဟုတ် တစ်ခုတော့ ပေးစမြဲပင်။

ဦးကျောက်လုံးလည်း ထောင်မှူးဘဝက စည်းကမ်းကိုင်သူ တစ်ဦးပင်ဖြစ်၏။ သို့နှင့်ပင် ထောင်ပိုင်ကြီးက ကျားကြီး ဦးသောင်းချစ်ဖြစ်တော့ ထောင်မှူးဦးအောင်ကြီး မှာလည်း ကျားလေး ဦးအောင်ကြီးဟု အမည်တွင်ခဲ့လေသည် ဟူသတတ်။

■

# ၆

ထောင်ပိုင်ကြီး ဦးဘဦး။

သူ့ကို လက်အောက်ရှိ ဝန်ထမ်းအားလုံးက ဘဘကြီးဟု ခေါ်ကြရသည်။ တကယ်လည်း ဘဘကြီးအရွယ်ပင် ဖြစ်ပါသည်။ ဟိုတုန်းက သူ့အသက် ငါးဆယ့်ငါးနှစ် မပြည့်မီ ပင်စင်ယူခါနီး အချိန်။

အကျဉ်းထောင်များတွင် တနင်္လာနေ့တိုင်း ထောင်ပိုင်တန်းစီရှိသည်။ စစ်တပ်များတွင် စီအိုပရိတ် နည်းတူဖြစ်၏။ အကျဉ်းထောင်လက်စွဲ ဥပဒေထဲတွင် အသေအချာ ပြဋ္ဌာန်းထားသည်။

တနင်္လာနေ့တိုင်း ထောင်ကျအကျဉ်းသားရော အမှုစစ်ဆေးဆဲ အချုပ်တရားခံတွေပါ တန်းစီရမည်။ သူတို့ ကျန်းမာရေး ဘယ်လိုနေသလဲ၊ ထုတ်ပေးထားသည့် အဝတ်အစားတွေ အပြည့်အစုံ ရှိရဲ့လား၊ သန့်သန့်ပြန့်ပြန့် နေကြ ထိုင်ကြရဲ့လား။

အကျဉ်းသားများအနေနှင့် တင်ပြလျှောက်ထားလိုသည့်အချက်ရှိလျှင်လည်း တင်ပြပိုင်ခွင့်ရှိသည်။ အယူခံတင်ထားတာ ကြာပြီဖြစ်၍ အမိန့်မကျသေးသဖြင့် နှိုးဆော်စာ တင်လိုသည့်ကိစ္စ၊ အသနားခံစာ တင်လိုသည့်ကိစ္စ၊ နှစ်ဝက်ဟု ခေါ်သော Jail Revisory Board အပြစ်ဒဏ် ပြန်လည်စစ်ဆေးရေးအဖွဲ့သို့ အပြစ်ဒဏ်၏ တစ်ဝက်နှင့် လွတ်ရန်တင်ပြလိုသည့်ကိစ္စ၊ ထောင်တွင်းတာဝန်ချထားသော အလုပ်တစ်ခုမှ အခြားအလုပ်တစ်ခုသို့ ပြောင်းရွှေ့လိုသောကိစ္စ စသည် စသည်အားဖြင့် ထောင်ပိုင်ထံ တင်ပြပိုင်ခွင့်ရှိသည်။

အခြား အခြားသောကိစ္စတွေထက် နှစ်ဝက်ဟုခေါ်သော အပြစ်ဒဏ်ပြန်လည်

http://www.cherrythitsar.org



စစ်ဆေးရေးအဖွဲ့မှာ ယခုခေတ် မရှိတော့သဖြင့် လူသိနည်းပေလိမ့်မည်။

အနှစ်နှစ်ဆယ် (သို့မဟုတ်) ထောင်ဒဏ် တစ်သက်တစ်ကျွန်းကျသော အကျဉ်းသားတစ်ယောက် ဆိုပါစို့။ သူ ကျခံပြီးသည့် ထောင်ဒဏ်နှင့် ရရှိခဲ့ပြီးသည့် လျှော့ရက်များ ၁၀နှစ် ပြည့်ပြီးပြီလား။ နှစ်ဝက်ခေါ် အပြစ်ဒဏ် ပြန်လည် စစ်ဆေးရေး အဖွဲ့သို့ တင်နိုင်သည်။

အပြစ်ဒဏ် ပြန်လည် စစ်ဆေးရေးအဖွဲ့တွင် ခရိုင်ဝန်က ဥက္ကဋ္ဌ၊ ထောင်ပိုင်က အတွင်းရေးမှူး၊ အဖွဲ့ဝင်တွေက ထောင်ကြီးကြပ်မှု ကော်မတီလူကြီးတွေ ဖြစ်၏။

ရှေးဦးစွာ နှစ်ဝက်ကိုင်သော ထောင်မှူးက လျှောက်ထားသူ အကျဉ်းသား၏ မူလအပြစ်ပေးသော တရားရုံးသို့ အမှုတွဲကြီးကို ဖတ်ရှုပြီး အကျဉ်းသား၏ ကိုယ်ရေး ရာဇဝင်အကျဉ်းနှင့် အမှုဖြစ်ပွားပုံ၊ အကျဉ်းချုပ်ကို ရေးရသည်။ ပြီးတော့မှ ယင်း အကျဉ်းချုပ်နှင့်တကွ အခြား နှစ်ဝက်ပုံစံများပါပူးတွဲလျက် အကျဉ်းသားအား အပြစ်ပေး သည့် မြို့နယ်၊ ခရိုင်ရှိရာ ခရိုင်ရာဇဝတ်တရားသူကြီးထံ ပေးပို့လိုက်သည်။ ခရိုင် ရာဇဝတ်တရားသူကြီး ဆိုသည်မှာလည်း ခရိုင်ဝန်ပင်ဖြစ်၏။

ခရိုင်ရာဇဝတ်တရားသူကြီးကလည်း မိမိလက်အောက်ရှိ နယ်ပိုင် မြို့ပိုင်တို့ ထံ တစ်ဆင့်ချပေးလိုက်သည်။ နောက်ဆုံး မြို့ပိုင်က သူကြီး၊ ရွာခေါင်း၊ ဆယ်အိမ်ခေါင်း တို့အထိ အဆိုပါ အကျဉ်းသား ကျခံနေရသည့် အပြစ်ဒဏ် မကုန်ဆုံးမီ ပြန်လွတ်လာခဲ့ လျှင် ရပ်ရွာ အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက် အနှောင့်အယှက် ဖြစ်နိုင် မဖြစ်နိုင် စုံစမ်းရသည်။ ဖြစ်နိုင်လျှင် ထောက်ခံ၍ မဖြစ်နိုင်လျှင် မထောက်ခံ။

သို့နှင့်ပင် သက်ဆိုင်ရာ ခရိုင်ရာဇဝတ်တရားသူကြီးက နှစ်ဝက်ပုံစံများတွင် လိုအပ်သလို ဖြည့်စွက် ထောက်ခံ၍ အကျဉ်းသားရှိရာ အကျဉ်းထောင်သို့ ပြန်ပို့လိုက် သည်။ အကျဉ်းထောင် အပြစ်ဒဏ် ပြန်လည် စစ်ဆေးရေးအဖွဲ့မှ အစည်းအဝေး ထိုင်၍ ထောက်ခံခဲ့လျှင် အကျဉ်းဌာနမင်းကြီးထံ ဆက်လက်ပေးပို့ရသည်။

ထိုစဉ်က အကျဉ်းဌာနမှာ တရားရေးဝန်ကြီးဌာန လက်အောက်တွင်ရှိ၍ အကျဉ်းဌာနမင်းကြီးသည် ဗဟိုအပြစ်ဒဏ် ပြန်လည်စစ်ဆေးရေးအဖွဲ့၏ အတွင်းရေးမှူး ဖြစ်သည်။ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များမှာ တရားရေးဝန်ကြီးဌာနမှ ခန့်အပ်ထားသူများ ဖြစ်သည်။

အဆိုပါ ဗဟိုအဖွဲ့မှ နိုင်ငံတော် အစိုးရဖြစ်သော တရားရေးဝန်ကြီးဌာန ဝန်ကြီး အထိ တင်ပြ၍ အတည်ပြုချက်ရပြီးလျှင် အနှစ်နှစ်ဆယ်ကျသော အကျဉ်းသား တစ်ယောက်သည် အထက်က ဆိုခဲ့ပြီးသည့်အတိုင်း ကျခံပြီးထောင်ဒဏ်နှင့် ရရှိပြီး လျှော့ရက် ၁၀နှစ်ပြည့်ပြီးလျှင် အကျဉ်းထောင်မှ လွတ်မြောက်ခွင့်ရလေသည်။ လွတ်ခဲ့ သည့် သာဓကလည်း ရှိသည်။ သို့သော် ရှားတော့ ရှားသည်။

ရှားရခြင်း၏အကြောင်းရင်းမှာ အကျဉ်းသားနေထိုင်ရာ နယ်မြေများမှ သိပ်ပြီး

http://www.cherrythitsar.org



လက်မခံချင်ပေ။ မထောက်ခံချင်ကြပေ။ သူ ထောင်က ပြန်လွတ်လာလျှင် အရင်က အတိုင်းပင် ဆိုးဦးမည် မိုက်ဦးမည်ဟု ယေဘုယျအားဖြင့် ယူဆနေတတ်ကြသည်။ သည်လိုနှင့်ပင် အကျဉ်းသား အပြစ်ဒဏ် ပြန်လည်စစ်ဆေးရေးလုပ်ငန်းများသည် လုံးလည်လိုက်နေခဲ့ရသည်။

အမှန်အတိုင်းတော့ နိုင်ငံခြားမှ Probation နှင့် Parole System များကို မှီငြမ်း အသုံးပြုခဲ့ခြင်း ဖြစ်၏။

Probation ဆိုသည်မှာ ရာဇဝတ်မှု ကျူးလွန်လိုသူ၊ ဆိုးသွမ်းလူငယ်လူရွယ်များကို ကြိုတင် ကာကွယ် တားဆီးရေးလုပ်ငန်း ဖြစ်၏။ သူတို့ကလေးတစ်တွေ၏ အပေါင်းအသင်း၊ အဖွဲ့အစည်း၊ နေပုံထိုင်ပုံ ဘယ်လိုလုပ်၍ ရာဇဝတ်မှု တစ်ခုခု ကျူးလွန်ရန် စတင်လှုံ့ဆော်ကြလေသနည်း၊ ဘယ်ပုံဘယ်နည်း တားဆီးမည်နည်း၊ Probation Officer ဟု သီးခြားခန့်ထားပြီး စီမံချက်များချကာ တားဆီး ဆောင်ရွက်ရသည်။

Parole Officer ကတော့ အကျဉ်းထောင်မှ နှစ်မစေ့မီ အပြစ်ဒဏ် ပြန်လည်စစ်ဆေးရေးအဖွဲ့မှ လွှတ်လိုက်သူများ အပြင်လောကတွင် ကောင်းကောင်းနေ မနေ၊ သူတို့၏ အကျင့်စာရိတ္တနှင့် အပြင်လောက လူနေမှုဆက်ဆံရေး အခြေအနေများကို လိုက်လံအကဲခတ်ပြီး အထက်အစိုးရထံ အစီရင်ခံနေရသူများဖြစ်သည်။

မြန်မာနိုင်ငံတွင် အဆိုပါ အရာရှိများခန့်ထားခြင်းမရှိခဲ့သော်လည်း အပြစ်ဒဏ် ပြန်လည် စစ်ဆေးရေးအဖွဲ့၏ အဓိက မူကတော့ Parole System ပင် ဖြစ်ခဲ့ပေသည်။

ထောင်ပိုင်ကြီး ဦးဘဦးကို ပြန်ဆက်ပါမည်။

ထောင်ပိုင် ထောင်မှူးတွေ၏ ယူနီဖောင်းမှာ ယခုခေတ်တော့ ပြည်သူ့ရဲတပ်ဖွဲ့ နည်းတူ ကာကီဖြစ်၏။ ထိုစဉ်က ထောင်ပိုင်က တစ်မျိုး၊ ထောင်မှူး ထောင်ကြပ်က တစ်ဖုံ။

ထောင်ပိုင်ကြီးသည် ယခုခေတ် အကောက်ခွန်အရာရှိများ ဝတ်သည့်နည်းတူ အပေါ်မှ ရှပ်အင်္ကျီအဖြူလက်တို၊ အောက်မှ ဘောင်းဘီရှည်အဖြူ ဝတ်ထားသည်။ နက်တိုင်နှင့် ပခုံးတစ်ဖက်တစ်ချက်တွင် ပြည်ထောင်စုတံဆိပ် ရွှေရောင်အပေါ်မှ ပီးကတ်ခေါ် အရာရှိဦးထုပ်။ လက်မောင်းတံဆိပ် မရှိသေးပေ။

ထောင်မှူး၊ ထောင်ကြပ်တွေကတော့ ကာကီအင်္ကျီလက်တို၊ ဘောင်းဘီတို။ အရာရှိများအနေနှင့် 'စတော့ကင်း'ခေါ် ခြေအိတ်ရှည် စီးကြ၍ ထောင်ကြပ်များကတော့ 'ရှော့ပတ်တီး'ခေါ် ခြေပတ်များနှင့် စစ်ဖိနပ် စီးကြသည်။

အရာရှိများ အနေနှင့် 'ပီးကက်'ခေါ် အရာရှိ ဦးထုပ်ဆောင်းသူ ရှိသလို၊ 'ကော့ခ်ဟက်'ခေါ် ဖော့ဦးထုပ် ဆောင်းသူများလည်း ရှိကြ၏။ ထောင်ကြပ်များ အနေနှင့် 'ဂေါ်ရခါးဟက်'ခေါ် ကာကီရောင်သက္ကလတ်ဦးထုပ်အဝိုင်းကို ဆောင်းကြသူများသည်။

http://www.cherrythitsar.org



ထောင်ပိုင်ကြီး ဦးဘဦး အနေနှင့် အဖြူရောင်ဝတ်စုံကို ဝတ်ခြင်းမှာလည်း အကြောင်းရှိပါသည်။

စစ်ကြိုခေတ် ထောင်ပိုင် ထောင်မှူးများ၏ ဝတ်စားဆင်ယင်ပုံကို ဆရာ့ဆရာ ထောင်ပိုင်များ၏ ရှေးဟောင်းဓာတ်ပုံများတွင် တွေ့မြင်ဖူးပါ၏။

ထောင်မှူးတစ်ယောက်သည် မြန်မာလိုဝတ်ချင်လျှင် အပေါ်က ကျူးနစ်အကျႌ ကာကီရောင်၊ ခေါင်းပေါင်းနှင့် ပုဆိုးက အနီရောင်၊ အောက်က ရှူးဖိနပ်နှင့် ဖြစ်သည်။ ဘိုလိုဝတ်လျှင်တော့ အပေါ်က ကျူးနစ်အကျႌအဖြူ၊ အောက်က ဘောင်းဘီအဖြူ၊ ရှူးဖိနပ်နှင့် အပေါ်က'ကော့ခ်ဟက်' ခေါ် ဖော့ဦးထုပ်ကို ဆောင်းထားသည်။ ဆင်းဘရောင်း နှင့် ငွေဓားတစ်ချောင်းမှာလည်း အဆောင်အယောင်အဖြစ် ပါသေးသည်။ တကယ်တော့ ခေါင်းပေါင်းနီ ပုဆိုးနီကြီးနှင့်စာလျှင် ဤယူနီဖောင်းကမှ ကြည့်ကောင်းပါသေးသည်။

ဦးဘဦးက ဘိုလိုယူနီဖောင်း ဝတ်ခြင်းဖြစ်၏။ သို့သော် လက်အောက်အရာရှိများအနေနှင့်တော့ ဝတ်ခွင့်မရှိလို့လား၊ မဝတ်ချင်ကြလို့လား မသိ။ ကာကီပင် ဝတ်ခဲ့ကြသည်။

ထောင်ပိုင်ကြီးဦးဘဦးသည် ထောင်ထဲသို့မဝင်မီ ထောင်ရှေ့၌ ထောင်ဝါဒါ များ စစ်ရေးပြခြင်းကို ပထမစစ်ဆေးသေးသည်။ ထိုစဉ်က (၁၉၅၀ ခုနှစ်) ထောင်ဝါဒါကို ထောင်ဘာယာဟု အပြင်လူများ အမှတ်မှားနေကြ၏။ အမှန်မှာ ထောင်ဝါဒါတခြား၊ ထောင်ဘာယာက တခြား။ ထောင်ဝါဒါဆိုသည်မှာ ယခုခေတ်အခေါ် ထောင်ကြပ်ဖြစ်၍ ထောင်ဘာယာဆိုသည်မှာ ထောင်တွင်း ညကင်းစောင့်သည့် အကျဉ်းသားဖြစ်သည်။

ထောင်ပိုင်ကြီး ဝါဒါများ စစ်ရေးပြစစ်ဆေးနေချိန်တွင် ဂွင်းနီခေါ် ထောင်ကြပ်ချုပ် ဦးသက်ရှည် ဦးစီးသည့် စစ်ဘင်ခရာတီးဝိုင်းက အချက်ကျကျတီးမှုတ်လျက်ရှိ၏။ ထောင်ပိုင်ကြီး၏ နောက်တွင်လည်း ထောင်ပိုင်လေးခေါ် ဒုတိယထောင်ပိုင်၊ ထောင်မှူးကြီးနှင့် ထောင်မှူးနှစ်ယောက်လောက် ပါသေးသည်။

မန္တလေးထောင်၏ စစ်ဘင်ခရာ တီးဝိုင်းကလည်း စံတင်လောက်ပါပေသည်။ တပ်မတော်မှ လိုအပ်လျှင် သူ့ကိုခေါ်သည်။ ရဲတပ်ဖွဲ့မှ အလိုရှိသည့်အခါလည်း သုံးသည်။ ယုတ်စွအဆုံး အိန္ဒိယပြည်မှ လာရောက်တင်ဆက်သော 'ကမလာဆပ်ကပ်'အဖွဲ့မှပင်လျှင် မန္တလေးထောင်မှ ဘင်ခရာတီးဝိုင်းကို ငှားရသည်။ ထောင်ပိုင် ထောင်မှူးများ အနေနှင့် 'ကမလာဆပ်ကပ်'ကို ကြည့်ချင်သလို ကြည့်။

တစ်ခုတော့ ပြဿနာရှိသည်။ ဂွင်းနီ ဦးသက်ရှည်၏ ဘင်ခရာတီးဝိုင်းမှာ ထောင်ဝါဒါ ဆယ့်လေးငါးယောက်ခန့် အသုံးပြုထားရာ ကျန်သည့် ထောင်ဝါဒါများ အနေနှင့် 'ဒပ်ဗယ်လ်ဂျူတီ' ခေါ် တာဝန်ကို နှစ်ခါပြန် သုံးခါပြန် ဝင်ရသဖြင့် ညည်းကြညူကြသည်။ ငြိုငြင်ချင်ကြသည်။

http://www.cherrythitsar.org



ထောင်တွင် ကျန်သည့်ဝါဒါများ စာချိုးလိုက်ပုံက၊

"ဂေါ်ကီ ဂေါ်ကီ အတော်မြည်၊ ဒပ်ဗယ်လ်ဂျူတီ တို့ချည့်စောင့်"တဲ့။

ငွေးနီအကြောင်း ရှင်းရဦးမည်။ လူတွေက ငွေးနီ၊ ငွေးနီ ဟု ခေါ်လေ့ရှိကြသည်။ အမှန်က ငွင်းနီပါ။ ငွင်းအနီကြီး လည်ပင်း စလွယ်သိုင်းထားတာပါ။

သူ၏ မူလရာထူးက ထောင်ကြပ်ချုပ်။ ထောင်ကြီးတိုင်းလိုလိုရှိသည်။ သူ၏ လုပ်ငန်းတာဝန်က တပ်ရင်းတစ်ရင်းမှ အာရ်အက်စ်အမ်အတိုင်းပင် ဖြစ်သည်။ ထောင်ဝါဒါတွေ ဂျူတီခွဲသည့် ကိစ္စ၊ မိန်းမလိုင်း ကိစ္စ၊ သဗ္ဗရဏ်ပေါင်း စုံသည်။ ထောင်၏ စည်းကမ်း သေဝပ်ရေးနှင့် လုံခြုံရေးကိစ္စအဝဝ သူ့အပေါ် အများကြီးတည်နေသည်။

ငွင်းနီ ဦးသက်ရှည်သည် ထောင်ဘင်ခရာအဖွဲ့၏ ဘင်မာစတာဖြစ်၍ သူကပင် ဦးဆောင်၍ တီးမှုတ်လျက်ရှိရာ ဘဘကြီး ထောင်ပိုင်ဦးဘဦးက ထောင်ဝါဒါများ စစ်ရေးပြကို စစ်ဆေးပြီးသည်နှင့် ထောင်ကြီးရှေ့ရှိ မိန်းမထောင်သို့ ဝင်လိုက်သည်။ ဒါကလည်း တနင်္လာနေ့တိုင်း လုပ်နေကျဖြစ်၏။

ဆရာကြီး ဒဂုန်ရွှေမျှား ရေးသည့် ထောင်မင်းသား ဦးဘိုးထော်ကို သွားသွားသတိရမိသည်။

သံခြေကျင်း ဂလောင်ဂလွမ်နှင့် နွားရုန်းသည့်နေရာတွင် အကျဉ်းသားများ တကယ်ပင် ရုန်းခဲ့ကြရပါသည်။ ထောင်မှာ နွားတွေ အရှိသားနှင့် နွားကိုတော့ မခိုင်း၊ ရှေ့ကထမ်းပိုးကို အကျဉ်းသားနှစ်ယောက်က ဝင်ရုန်းပြီး နောက်က သုံးလေးယောက် ဝိုင်းတွန်းနေရသည်။

အလျဉ်းသင့်၍ ရေးသားဖော်ပြလိုသည်မှာ ထောင်အကြောင်း ရေးသားသည့် ပြင်ပမှ စာရေးဆရာများထဲတွင် ဆရာကြီး ဒဂုန်ရွှေမျှား ရေးသားသည့် အချက်အလက်များမှာ အတိကျ အမှန်ကန်ဆုံးဖြစ်၏။ ထောင်ထဲတွင် နေရထိုင်ရပုံ၊ အုပ်ချုပ်ရေး ဆိုင်ရာ အပိုင်း၊ ထောင်နှင့်ပတ်သက်သော ဝေါဟာရများ တစ်လုံးတစ်ပါဒမျှ မလွဲပေ။

ဆရာကြီး၏ ထောင်မင်းသားဦးဘိုးထော် ဝတ္ထုများကို ဦးမောင်မောင် ထောင်လောက မရောက်မီက စွဲစွဲမြဲမြဲဖတ်ခဲ့ခြင်းဖြစ်၏။ ထောင်မှူး ဖြစ်လာ၍ တကယ် လက်တွေ့ကျတော့လည်း ဆရာကြီး ရေးထားသည့်အတိုင်း တထေရာတည်းပင်။

ထောင်ပိုင်ကြီး ဦးဘဦး မိန်းမထောင်ထဲ ဝင်သွားချိန်တွင် နောက်ပိုင်းမှ စစ်ဘင်ခရာ တီးဝိုင်းနှင့် ထောင်ဝါဒါ စစ်ရေးပြခြင်းကို ဖြုတ်လိုက်ပြီဖြစ်၏။

မိန်းမထောင်ထဲတွင် အပေါ်အဖြူ အောက်အဖြူဝတ်ထားသော ထောင်ကျ အကျဉ်းသူများက သပ်သပ်။ အရပ်ဝတ်အရပ်စားနှင့် အချုပ်တရားခံ အကျဉ်းသူများက သပ်သပ်။ သူတို့၏လက်ထဲတွင် 'နံပါတ်ကြီး'ခေါ် ရာဇဝင်ကတ်ပြားကလေးကို ရင်ဘတ်ရှေ့တွင် တပ်ထားပြီး သပ်ရပ်စွာတန်းစီရပ်နေကြသည်။

မိန်းမထောင်တန်းစီမှာ အမြဲတမ်း ကြာတတ်သည်။

http://www.cherrythitsar.org



သူတို့က ပစိပစပ်အများသား မဟုတ်လား။ ထောင်ဝင်စာတွေ့ရာတွင် အချိန်တိုတောင်းလွန်းသည့်ကိစ္စ၊ ရေချိုးရာတွင် ရေမလောက်သည့်ကိစ္စ၊ ထောင်အခေါ် မိလ္လာအပြင်လူတွေသိကြတာက ချေးယိုသေးပေါက် အဆင်မပြေသည့်ကိစ္စ၊ နောက်ဆုံး မိန်းမသားများအနေနှင့် ထမင်းစားရာတွင် ထောင်တွင်းဖြစ်၍ ငါးပိရည်ကို မစားရသည့်တိုင်အောင်၊ ထောင်မှပေးသည့် ငါးပိကြော်နှင့်စားရန် တို့စရာကလေးပေးရန် တောင်းဆိုသည်အထိပါလား။

တို့စရာဆိုတော့ သတိရလာပြန်ပြီ။

ထိုစဉ်က ဦးမောင်မောင်မှာ မိန်းဂျေးထောင်မှူး၊ 'မိန်းဂျေး'ဆိုသည်မှာလည်း Main Jail ကို ခေါ်ခြင်း ဖြစ်၏။

အမှန်က မိန်းဂျေးထောင်မှူးဆိုသည်မှာ ထောင်မှူးများ တာဝန်ခွဲဝေ ချထားရာတွင် အလွန်အညံ့ဆုံး အချာဆုံးနေရာဖြစ်၏။ စာရင်းဇယား သိပ်ပြီးကိုင်နေစရာ မလို၊ တုတ်ကလေးတစ်ချောင်း ချိုင်းကြားညှပ်ပြီး ဟိုဟိုဒီဒီ လျှောက်ပတ်နေလျှင် ပြီးသည့်ကိစ္စဖြစ်၏။ ဒါကြောင့်လည်း သူ့ကို ကုလားလို 'ဒန်တားဝါလား' တုတ်ကိုင်လျှောက်သူဟု ခေါ်လေ့ရှိကြသည်။

သို့သော် သူ၏ ပိုင်နက်ကတော့ ကျယ်ဝန်းသည်။ ထောင်ကြီး တစ်ခုလုံး၊ တိုက်ခန်းများ၊ ထောင်တွင်း အလုပ်ဘက်၊ ထောင်ဆေးရုံ၊ ထိုမှုမက ထောင်အပြင်ရှိ မိန်းမထောင်မှာလည်း သူ၏ အုပ်ချုပ်မှုအောက်တွင် ရှိနေသည်။

အဲဒီထောင်အပြင်ရှိ မိန်းမထောင်ကပင် သူ့ကိုဒုက္ခလှလှကြီးပေးခဲ့ခြင်းဖြစ်၏။

တစ်နေ့ တနင်္လာနေ့တန်းစီရာတွင် ထောင်ပိုင်ကြီးဦးဘဦး(ဝါ) ဘဘကြီးက မိန်းမထောင်က တောင်းသည့် တို့စရာများပေးရန် အမိန့်ချထားခဲ့သည်။ ဦးမောင်မောင်ကလည်း ဖိုခေါင်းဖြစ်သူ 'မောင်ရွှင်'ကို မိန်းမထောင်သို့ တို့စရာထည့်ပေးရန် ပြောလိုက်မိ၏။

တစ်နေ့။

"ဆရာ မိန်းမထောင်ကို တို့စရာ ခရမ်းသီးနဲ့ကန်စွန်းရွက် ထည့်ပေးလိုက်မယ်နော်"

"အေး... ပေးလိုက်၊ ပေးလိုက်"

မိန်းမထောင်သို့ ထမင်းပို့ချိန်မှာ နံနက် ၉ နာရီခွဲ ၁၀ နာရီခန့်။ ထောင်ပိုင်ကြီးဆိုသည်မှာလည်း သူပြန်ချင်သည့်အချိန် ပြန်၏။ တစ်ခါတလေ ၁၀ နာရီလောက်မှာ ပြန်တတ်သည်။

ထိုနေ့က ကြုံချင်တော့ မိန်းမထောင် ထမင်းပို့သည့်အချိန်၊ ၁၀ နာရီခန့် အိမ်ပြန်ရန် တံခါးဝ ရပ်လိုက်သည်။

"ဟော့.... အဲဒါ ဘာတွေလဲ"

http://www.cherrythitsar.org



"မိန်းမထောင် ထမင်းပို့မလို့ပါ သခင်ကြီး"

"ထမင်းထည့်တဲ့ စည်ပိုင်းထဲက ခရမ်းသီးတွေက...."

"ဆရာ ဦးမောင်မောင်က တို့စရာ အထည့်ခိုင်းလို့ပါ"

ဦးဘဦး ဒေါသူပုန် ထလေပြီ။

"ဘယ်မလဲ၊ အဲဒီ ဦးမောင်မောင် ခေါ်စမ်း"

အဆင့်ဆင့်ခေါ်ယူ၍ ဦးမောင်မောင် အပြေးအလွှားရောက်လာသောအခါ....

ဦးမောင်မောင်ကလည်း ဦးမောင်မောင်၊ ခပ်တုံးတုံး ခပ်အအ၊ ဘဘကြီး ဘာဆိုလိုသည်ကို အလျဉ်းမသိ။

"မိန်းမထောင်အတွက် ထမင်းပို့တာပါ"

"အေးပါ၊ အဲဒါတော့ ငါသိတာပေါ့။ အဲဒီ ခရမ်းသီးတွေက ဘာလုပ်တာလဲ လို့ မေးနေတာ"

ထိုအချိန်အထိလည်း ဘဘကြီး ဘာဆိုလိုသည်ကို ဦးမောင်မောင် သဘော မပေါက်သေး။

"တစ်နေ့က တနင်္လာနေ့တန်းစီမှာ ဘဘကြီးက မိန်းမထောင်ကို တို့စရာ ပေးလိုက်ပါဆိုလို့ ခရမ်းသီးနဲ့ ကန်စွန်းရွက် ထည့်ပေးခိုင်းတာပါ"

ဘဘကြီးမှာ အလွန်အမင်း စိတ်ရှုပ်သွားဟန်နှင့်....

"ခက်လိုက်တာနော်၊ ထောင်မှူးကြီး ရှင်းပြလိုက်စမ်းပါဗျာ"

ဘဘကြီးသည် ဦးမောင်မောင်အား မျက်စောင်းတစ်ချက် ထိုးကြည့်လိုက် ရင်း ဆောင့်ကြီးအောင့်ကြီး တံခါးဝမှ ထွက်သွားတော့သည်။

ထောင်မှူးကြီးက သူ့ရုံးခန်းထဲခေါ်ပြီး တိုးတိုးတိတ်တိတ် ရှင်းပြတော့မှ အဖြစ် မှန်ကို သိရတော့သည်။

လက်စသတ်တော့ ခရမ်းသီးကို မစိတ် မနွှာဘဲ ပေးလိုက်မိသည့် အပြစ် ပေကိုး။

■

# ၇

"အားလုံး ကောင်းကောင်းထိုင်ထား"

ခြောက်ထောင်ပိုင် တင်မောင်၏ အသံသြကြီးမှာ မန္တလေးထောင်အတွင်း ဟိန်းထွက်သွားသည်။

ခြောက်ထောင်ပိုင်....။

မှန်ပါသည်။ သည်အခေါ်အဝေါ်မှာ တော်တော်လေးတော့ အဆန်းသား။

အကျဉ်းထောင် လုပ်သက် (၃၅)နှစ် ကျော်ခဲ့ပြီ။ ခြောက်ထောင်ပိုင်ဆိုသော အခေါ်အဝေါ် အသုံးအနှုန်းကို ၁၉၅၀ ခုနှစ် တစ်ဝိုက်က မန္တလေးထောင် တစ်ထောင်မှာသာ ကြားခဲ့ဖူးသည်။ တွေ့ခဲ့ကြုံခဲ့ဖူးသည်။ ၁၉၅၀ ခုနှစ် အင်းစိန်ထောင်သို့ ပြောင်းခဲ့ရာတွင် ခြောက်ထောင်ပိုင်ကို မတွေ့ခဲ့ရ၊ ရန်ကုန်ထောင်မှာများ ရှိလေမလားမသိ။ ရန်ကုန်ထောင်ကြီးသာ ဖျက်သွားရော တစ်ခါမျှ မနေခဲ့ဖူးပေ။

မန္တလေးထောင်မှ ခြောက်ထောင်ပိုင်ကတော့ တကယ်ကို အရေးပါလှသည်။ အရာ ရောက်လှသည်။

သူ့အဆင့်အတန်းကလည်း မသေးလှ။

ထောင်တွေမှာ ရိုးရိုး အကျဉ်းသားပြီးလျှင် ဘာယာရှိသည်။ ဘာယာကို ရှစ်မှတ်ဟုလည်း ခေါ်သည်။ သူက ညအချိန် အကျဉ်းသားများနေသော အခန်းထဲတွင် အိပ်ဖန်စောင့်ရသော ကင်းသမား ဖြစ်၏။

ထောင် အနီးအနား နေကြသော အပြင်လူများ ကြားဖူးကြပါလိမ့်မည်။

"စန္ဒရီဘာယာ.... အားလုံး ကောင်းကြပါသလား ခင်ဗျား"

အကျဉ်းထောင်ဗူးဝ အပေါ်ဆုံးထပ် ဗဟိုကင်းကြီးပေါ်မှ ညအချိန် ဆယ့်ငါးမိနစ် တစ်ကြိမ် အော်သည့်အသံ ဖြစ်၏။ ညစောစောပိုင်း မအော်သေးဘဲ ၉ နာရီထိုးမှ စ၍ အော်ခြင်းဖြစ်သည်။ အချို့ထောင်များတွင် ၅ နာရီ ၄၅မိနစ်တွင် စ၍ အော်လေ့ရှိသည်။

ထိုအော်သံကြားလိုက်သည်နှင့် ထောင်ထဲတွင် အစောင့်ကျနေသော ထောင်ကြပ်ဝါဒါများက–

"နံပါတ် ၁ အားလုံး ကောင်းဗျား"

"နံပါတ် ၂ အားလုံး ကောင်းဗျား"

"နံပါတ် ၃ အားလုံး ကောင်းဗျား" စသည်အားဖြင့် အစဉ်လိုက် အော်သွားသည်။ နံပါတ်စဉ်ကတော့ အိပ်ဆောင်များ၊ တိုက်ခန်းများ၊ ဆေးရုံဆောင်၊ အလုပ်ရုံ စသည်အားဖြင့် အမှတ်စဉ် ပေးထားပြီးဖြစ်၏။ အဆောင်များလျှင် များသလောက် အမှတ်စဉ်အဆုံးအထိ အော်သွားကြသည်။

'အားလုံးကောင်းဗျား'ဆိုသော ဖြေသံများ အားလုံးစုံပြီလား။ စုံပြီဆိုလျှင် ဂါတ်မကြီးပေါ်မှ သံချောင်းခေါက်သံ ကြားရမည်။

ထောင်မှ သံချောင်းခေါက်သံမှာ စစ်တပ်တို့၊ ရဲတို့၊ မီးသတ်တို့၊ မီးကင်းတို့နှင့် မတူ တစ်မူထူးခြားတာရှိသည်။ ဆယ့်ငါးမိနစ်ရှိလျှင် တစ်မောင်း၊ သံချောင်းသံက တစ်ချက်။ မိနစ်သုံးဆယ်ပြည့်လျှင် နှစ်မောင်း၊ လေးဆယ့်ငါးမိနစ်တွင် သုံးမောင်း၊ မိနစ်ခြောက်ဆယ် တစ်နာရီ ပြည့်သွားသောအခါ လေးမောင်း၊ လေးချက် ပထမခေါက်သည်။ ပြီးမှ နာရီမောင်းကို ဆက်ခေါက်သည်။

ကိုးနာရီဆိုလျှင် ဆယ့်သုံးချက်ကြားရမည်ဖြစ်၏။ သို့သော် ရှေ့မှခံထားသော ဆယ့်ငါးမိနစ် မောင်းမှာ ခပ်လေးလေး နာရီစောင့်ရသည်။ နာရီမောင်းကတော့ အခြားဌာနများမှ သံချောင်းသံနှင့် ဘာမှမထူးခြား။

ဂါတ်မကြီးပေါ်မှ သံချောင်းခေါက်ပြီးသည်နှင့် ထောင်အုတ်ရိုး ပတ်ပတ်လည်ရှိ မျှော်စင်ကလေးများမှ ၁ ဘူး၊ ၂ ဘူး၊ ၃ ဘူး စသည်အားဖြင့် အစဉ်လိုက် သံချောင်းများ ဆက်ခေါက်သွားသည်။

ဂါတ်မကြီးပေါ်တွင် ကြေးစည်ပုံသဘောမျိုး ကြေးမောင်းများထားလေ့ရှိ၍ နားဝင်ချိုသည်။ သာယာသည်။ မျှော်စင်ကလေးများပေါ်တွင်မူ ရိုးရိုးသံချောင်းကိုပင် သုံးလေ့ရှိသည်။

သံချောင်းခေါက်သံတွေ အားလုံးစုံသည်နှင့် အကျဉ်းသားနေသည့် အိပ်ခန်း အတွင်းမှ 'ရှစ်မှတ်' ခေါ် ဘာယာ ညကင်းသမား၏ အော်သံကို ဆက်၍ကြားရမည်။

ညအချိန် အိပ်ခန်းတစ်ခန်းလျှင် ဘာယာငါးယောက် တာဝန်ချထားသည်။

http://www.cherrythitsar.org



စောစောပိုင်း ည ၆ နာရီမှ ၉ နာရီ တစ်ယောက်၊ နောက်ပိုင်း ၉ နာရီမှ ၁၁ နာရီ၊ ၁၁နာရီမှ ၁နာရီ၊ ၁နာရီမှ ၃နာရီ၊ ၃နာရီမှ ၅ နာရီ။

သူတို့အော်သံကတော့ နောက်ပိုင်းတွင် 'အားလုံးကောင်းဗျား'ပင်ဖြစ်၍ ရှေးခေတ်ကတော့ အပြည့်အစုံ စာချိုးကလေးရှိသည်။ မှတ်မိသမျှတော့....

"၅၆၂၇ စီ၊ ဘာယာ တုတ်ကြီး၊ မျဉ်းတန်းမကျိုး၊ သောက်ရေအိုး ဂန်ဖလား မကွဲ၊ အထဲမှာ အားလုံးကောင်း....၊ ရှိသမျှလူပေါင်း ၁၂၅ယောက် ထိပ်ပေါက် ခေါင်းကွဲ x x x x မရှိ အားလုံးကောင်းဗျား"

မရှိ၏ ရှေ့မှ x x x x စကားလေးလုံးမှာ ရိုင်းလွန်းသဖြင့် လုံးစေ့ပတ်စေ့ ဖော်ပြခြင်းငှာ မစွမ်းသာပေ။

အဓိပ္ပာယ်ကတော့ အိုးစားဆွယ်ခြင်း ဖြစ်၏။ 'အိုးစားဆွယ်'သည် ဆိုခြင်းမှာ လည်း ထောင်ဝေါဟာရဖြစ်၍ ယောကျ်ားချင်း သံဝါသပြုမှုပင် ဖြစ်သည်။

ညကင်းစောင့်သည့် ဘာယာမှာလည်း အာဏာပါဝါ အပြည့်ရှိနေသည်။

အကျဉ်းသားတစ်ယောက် သေးပေါက်လိုပါသလား။

'ဘာယာ သေးပေါက်'ဟု အိပ်ရာမထမီ အသံကျယ်ကျယ်ဖြင့်အော်၍ အခွင့် တောင်းရသည်။ ကျောင်းသားများ ကျင်ကြီးကျင်ငယ်စွန့်လို၍ အပြင်ထွက်လိုသောအခါ ဆရာဆရာမထံ 'Please, Let Me Go Out' ဟု အခွင့်တောင်းရသလို။

ဘာယာက 'ပေါက်'ဟုဆိုမှ အိပ်ရာကထပြီး သေးသွားပေါက်ရသည်။ သေး ပေါက်သည့်နေရာတွင် နှစ်ယောက်ဆုံနေလို့မဖြစ်။

ကျင်ငယ်မဟုတ်ဘဲ ကျင်ကြီးစွန့်လိုလျှင်တော့ ပြဿနာနည်းနည်းကြီးသည်။

'ဘာယာ ချေးယို'

သည်တစ်ခါကျတော့ ဘာယာသည် ကျင်ကြီးစွန့်လိုသူကို သေသေချာချာ ကြည့်သည်။ ဘယ်နားကလဲ၊ ဘယ်သူလဲ သေသေချာချာမှတ်ထားသည်။

ကျင်ငယ်စွန့်ဖို့က အိပ်ခန်း၏အပြင်တွင် အစိတ်ဝင် စဉ့်အိုးကြီးတစ်လုံး ရှိ သည်။ သွပ်ပြားရေတံလျှောက်ကလေး သွယ်တန်းထားသည်။ ကျင်ကြီးစွန့်ဖို့ကျတော့ အခန်းထဲမှာပင် ဂန်ဖလားတစ်လုံးရှိသည်။ ဂန်ဖလားဘေး တစ်ဖက်တစ်ချက်မှ သစ်သားထိုင် ခုံကလေးတစ်ခု လုပ်ထားသည်။ ဂန်ဖလားဆိုသည်မှာ ထောင်အခေါ် အဝေါ် ကုလားစကားဖြစ်ပြီး စဉ့်အင်တုံငယ် ဖြစ်သည်။ ဂန်ဖလားတွင် ကျင်ကြီး စွန့်ရသည်။

သန့်စင်ဖို့ကတော့ ရေတို့ စက္ကူတို့ မရှိ။ စပါးခွံ ရှိသည်။ နောက်ပိုင်းတော့ ဝါးတုတ်ခနောင်း ခွင့်ပြုခဲ့သည်။

ကျင်ကြီးစွန့်သူကို ဘာယာက ဂရုစိုက်၍ ကြည့်ရှုမှတ်သားရခြင်းမှာ အကြောင်းရှိသည်။ သည်ညအဖို့ နောက်ဆုံး ကျင်ကြီးစွန့်သူသည် အဆိုပါဂန်ဖလားကို

http://www.cherrythitsar.org



သိမ်း၍ ဆေးကြောသန့်စင်ရမည်ဖြစ်၏။ အကယ်၍ နောက်ဆုံးစွန့်သူကို မမှတ်မိလိုက်ဘူးဆိုလျှင်တော့ ၃နာရီမှ ၅နာရီ တာဝန်ကျသူ အလင်းပိုင်းဘာယာက ဂန်ဖလားဆေးရပြီသာမှတ်....။

တစ်ခုတော့ ရှိသည်။

နောက်ဆုံး ကျင်ကြီးစွန့်သူသည် ဂန်ဖလားကို မသွန် မဆေးချင်လျှင်လည်းရသည်။ သို့သော် ဆေးလိပ် ရှိရမည်....။

ထောင်ထဲတွင် ဆေးလိပ်မှာ အရေးပါအရာရောက်လှသည်။ ဂန်ဖလား မသွန်ချင်ဖူးလား၊ ဆေးလိပ်ပေးလိုက်၊ သွန်မည့်သူ ရှိသည်။ အနင်းအနှိပ်ခံဦးမလား ဆေးလိပ်ပေးလျှင်ရသည်။ တစ်ပတ်လျှင် တစ်ကြိမ်သာစားရသည့် လေးအောင်စ ဝက်သားတုံးကိုလည်း ဆေးလိပ်နှင့်ပင် အရောင်းအဝယ်လုပ်ကြသည်။

အမှန်အတိုင်း၊ အကျဉ်းထောင်ထဲတွင် ဆေးလိပ်သောက်ခွင့်မရှိပေ။ အကျဉ်းထောင်ထဲတွင် ဆေးလိပ်မသောက်ရဟူ၍ အတိအလင်း ပြဋ္ဌာန်းထားသည်။ သို့သော် ဆေးလိပ်မရှိဘူးလားဆိုတော့ ရှိပါသည်။ ရှိလို့လည်း နောက်ပိုင်းတွင် ထောင်ထဲဆေးလိပ်မသောက်ရဆိုသော ဥပဒေကို ပြင်ဆင်ပေးခဲ့ရသည်။

ဒါက ရှစ်မှတ်ခေါ် ညကင်း ဘာယာ တစ်ယောက်၏ ထောင်တွင်းလုပ်ပိုင်ခွင့် သို့မဟုတ် အခွင့်အာဏာ။

ရှစ်မှတ်သည် ဦးထုပ်အဖြူကိုဆောင်း၍ သူ့အထက်က ဦးထုပ်အနက်ဆောင်းရသော ဆယ့်နှစ်မှတ် ရှိသေးသည်။ သူ့ကို တန်းစီးဟု ခေါ်သည်။

သူတို့ဆောင်းသည့် ဦးထုပ်ဖြူ ဦးထုပ်နက်များမှာ ရသေ့များဆောင်းသည့်ဒေါက်ချာနှင့် ခပ်ဆင်ဆင်တူသည်။ တစ်ပုံစံတည်းတော့ မဟုတ်။ ထောင်ဥပဒေ စာအုပ်ထဲတွင် ပုံစံနှင့် အတိအကျပါသည်။

'၁၂ မှတ်'ခေါ် တန်းစီး၏လုပ်ပိုင်ခွင့်ကျတော့ အတော်လေး ကျယ်ဝန်းသွားပြီ။ သူက အိပ်ခန်းတစ်ခုလုံးကို အပိုင်စား ရထားသည်။ သူ့လက်အောက်မှာ ဘာယာတွေရှိသည်။ အကျဉ်းသားတစ်ဦးသည် ကိစ္စတစ်ခုခုနှင့် ထောင်မှူးထံ ရောက်ရမည့်ကိစ္စဘာယာကို အရင်ပြော၊ ပြီးတော့ တန်းစီး။ ပြီးတော့မှ သန္ဓေ။

'သန္ဓေ'ဆိုတာကလည်း ကြားမှာ ရှိသေးသည်။

ဘာတွေမှန်းတော့ မသိ၊ ထောင် အခေါ်အဝေါ်တွေကလည်း အများသား။

'သန္ဓေ' ဆိုသည်မှာ ကုလားစကားလား၊ ပါဠိလား၊ မခွဲခြားတတ်တော့။ ထောင်တွေမှာတော့ တကယ်ရှိခဲ့ဖူးသည်။

သန္ဓေပြီးတော့မှ 'ခြောက်ထောင်ပိုင်'။

'ခြောက်ထောင်ပိုင်'ကျတော့ အာဏာအပြည့်အဝ။ တစ်ထောင်လုံး သူ့လက်သူ့ခြေ။

http://www.cherrythitsar.org



ဆောင်းထားတာက ဒေါက်ချာဦးထုပ်က အပြာ။ ဘာယာတို့၊ တန်းစီးတို့၊ သန္တေတို့ထက် ထူးခြားမှုကတော့ သူ့လက်ထဲတွင် နံပါတ်တုတ် တစ်ချောင်းရှိနေသည်။ ထောင်ထဲတွင် နံပါတ်တုတ်ကိုင်ရသော ထောင်ကြပ်ဝါဒါတို့နှင့် တန်းတူရည်တူ။

ခြောက်ထောင်ပိုင် တင်မောင်သည် ဦးထုပ်ပြာကိုဆောင်း၊ နံပါတ်တုတ်ကို ပခုံးပေါ်တွင် ဟန်ပါပါထမ်းပြီး ရှေ့ဆုံးမှ ထောင်တွင်းဝင်သွားသည်။ စာစောက 'အားလုံး ကောင်းကောင်းထိုင်ထား' ဆိုသောအသံမှာ အောင်မြင်ခန့်ညားလှသော သူ၏ အသံကြြီး။

သူ့နောက်က လက်ပတ်နီပတ်ထားသော တာဝန်ကြပ် ထောင်ဝါဒါနှစ်ဦး၊ ယူနီဖောင်း မီးပူကျ ဘယ်ညာ တူညီလှမ်းလျက်။

အဲဒီနောက်ကမှ ပီးကက်ဦးထုပ်ကိုဆောင်းလျက် ယူနီဖောင်းအဖြူကို အကျ အန ဝတ်ထားသော အရွေးချယ်ခံတန်း ထောင်ပိုင်ကြီး ဦးဘဦး။

ဦးဘဦး ပခုံးထောက် တစ်ဖက်တစ်ချက်ပေါ်တွင် ရွှေရောင် နိုင်ငံတော်တံဆိပ် (State Seal) တပ်ဆင်ထားသည်။

ထောင်ပိုင်ကြီး၏နောက်က ထောင်ပိုင်လေး ခေါ် ဒုတိယထောင်ပိုင်။ သူက ကြယ်သုံးပွင့်တပ်ဆင်ထားသည်။ ထောင်ပိုင်လေးနောက်က ကြယ်နှစ်ပွင့်နှင့် ထောင်မှူး ကြီး။ အဲဒီနောက်ကမှ ဦးမောင်မောင်တို့လို ကြယ်တစ်ပွင့်စီ တပ်ဆင်ထားကြသည့် ထောင်မှူး လေးငါးယောက်။

တနင်္လာနေ့တိုင်း Monday Parade ခေါ် ထောင်ပိုင်တန်းစီရှိကြောင်း အထက်က ရေးခဲ့ပြီးပြီ။ ယခုလည်း တနင်္လာနေ့ဖြစ်၍ ထောင်ပိုင်ကြီးသည် ထောင်ရှေ့ တွင် ဝါဒါ ပရိတ်ကို ပထမစစ်။ ပြီးတော့ မိန်းမထောင်တန်းစီကို ဝင်စစ်ပြီး ထောင်တွင်း သို့ ဝင်လာခြင်း ဖြစ်၏။

အိပ်ဆောင်တွင်းမှ တန်းစီး၏ အော်သံကိုကြားနေရပြီ။

"နံပါတ်ကြီးကို ကိုင်"

"မတ်တတ်ထ"

"နံပါတ်ကြီးကို ရင်ဘတ်ကပ်ထား"

"ခြေစု၊ ဒူးစေ့၊ ရှေ့တည့်တည့်ကြည့်"

အစီပွာယ်က ဒီလိုပါ။

ထောင်ထဲတွင် အကျဉ်းသားများသည် တစ်ယောက်ချင်း တန်းစီ၍ ပုံစံထိုင် ထိုင်လျက်ရှိကြသည်။ 'ပုံစံ'ဆိုတာလည်း ထောင်ဝေါဟာရ။

ထောင်ထဲတွင် ထိုင်လျှင်လည်း 'ပုံစံ'၊ ထလျှင်လည်း 'ပုံစံ' သွားလျှင်လည်း 'ပုံစံ'။ တစ်ယောက်တည်း သွားလို့မရ၊ နှစ်ယောက်တွဲ သွားရသည်။ 'ပုံစံ' ထမင်း၊ 'ပုံစံ' ဟင်း။ ရေချိုး မိုးချိုး၊ ချေးယို သေးပေါက်ကအစ.... အားလုံး 'ပုံစံ'။

http://www.cherrythitsar.org



ထိုင်ပုံ၊ ထပုံ၊ နှစ်ယောက်တွဲသွားပုံတို့ကို အကျဉ်းထောင်လက်စွဲ ဥပဒေထဲတွင် နမူနာပုံစံ ပန်းချီဆွဲ၍ ပြထားသည်။

ထိုင်လျှင် ဆောင့်ကြောင့်ထိုင်။ လက်နှစ်ဖက်ကို ယှက်၍ ဒူးနှစ်ဖက်ပေါ်တွင် တင်ထား။ ထောင်အရာရှိလာလျှင် ခေါင်းငုံ့ထား။ မေးလျှင် ခေါင်းမော့ဖြေ။

မတ်တတ်ထလျှင် ဘယ်ဘက်လက်ကို ဆီးခုံပေါ်တွင် ပထမတင်။ ညာလက်ကို အပေါ်မှအုပ်ပြီး လက်ချောင်းများဆုပ်ကာ ခေါင်းငုံ့နေ။ မေးမှ ခေါင်းမော့ဖြေ။

ထောင်ပုံစံပြသည် ဆိုခြင်းမှာလည်း တကယ်ပင် ရှိခဲ့ဖူးပါသည်။ အမှန်တော့ ဘာမှမဟုတ်။ ထောင်ထဲသို့ ဝင် ဝင်ချင်း နံနိမ်လိုက်ခြင်းပင် ဖြစ်သည်။ ဒါမှ ဒီကောင် အပိုးကျိုးသွားမယ်ဆိုသည့် သဘော။

ခိုးမှုနှင့် ထောင်ကျလာသူတစ်ဦး ဆိုပါတော့။

"ဟေ့ကောင် မင်းခိုးတာ မှန်သလား"

"မဟုတ်ပါဘူး ခင်ဗျား၊ မတရား စွပ်စွဲခံရတာပါ" ဟု ဆိုလျှင်....

"ကြည့်စမ်း၊ ဒီကောင် မှန်တာမပြောဘူး"ဟု ဆိုပြီး ဝိုင်းတီးသည်။

အကယ်၍ အမှန်အတိုင်း....

"ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော် ခိုးမိပါတယ်" ဆိုပြန်လျှင်လည်း....

"ကဲ၊ ခိုးဦးကွာ၊ ခိုးဦးကွာ" ဟု ဆိုကာ အထုအထောင်း ခံရပြန်၏။

ဘယ်ဘက်က လွတ်သေးလို့လဲ။

ဒါကပင် ထောင်ပုံစံပြသည်ဟု ခေါ်ခြင်းဖြစ်၏။

ယင်းလုပ်ရပ်များကို လခစားဖြစ်သော ထောင်ဝါဒါများ ကိုယ်တိုင်တော့ လုပ်ခြင်း မဟုတ်ပေ။ စောစောက ရေးခဲ့သည့် ထောင်တွင်းအုပ်ချုပ်ရေးအာဏာကို ခွဲဝေခံစားခွင့်ရနေသည့် ဘာယာတို့၊ တန်းစီးတို့က လုပ်နေကြခြင်း ဖြစ်၏။ သို့သော် လခစား ဝန်ထမ်းအဆင့်ဆင့်တို့၏ မသိချင်ယောင် ဆောင်နေကြခြင်းကိုလည်း ဝန်ခံရပေမည်။ ထောင်သားတိုင်း ထောင်ကို.... ကြောက်လန့်သွားဖို့ကလည်း လိုအပ်ပေသည်။

တန်းစီထိုင်နေကြသော အကျဉ်းသားများ၏ရှေ့တွင် သူတို့ တစ်ယောက်ချင်းပိုင်ဆိုင်သော အဝတ်အစားနှင့် အိပ်ရာခင်း၊ စောင်တို့ကို သေချာစွာခေါက်၍ ပုံထားသည်။ အကျဉ်းသားတစ်ယောက်လျှင် အင်္ကျီနှစ်ထည်၊ လုံချည်နှစ်ထည်၊ စောင် တစ်ထည်၊ အိပ်ရာခင်းတစ်ခု။ ခေါင်းအုံး မရှိ၊ ခြင်ထောင် နတ္ထိ။

အဆိုပါ အဝတ်အထည်များကို လျှော်ဖွပ်ရန် တနင်္ဂနွေနေ့တိုင်း ဆပ်ပြာထုတ်ပေးသည်။ ခေါင်းလိမ်းရန် အုန်းဆီပေးသည်။ ဆံပင်ညှပ်ပြီး ခြေသည်းလက်သည်း လှီးထားကြ။ တနင်္လာနေ့တွင် သန့်သန့်ရှင်းရှင်း ရှိနေရမည်။ အဝတ်အစားတွေကော အစုံအလင် ရှိရဲ့လား။ ထောင်ပိုင်ကြီး ကြည့်မည်။

ဦးထုပ်နက်ဆောင်းထားသော တန်းစီးက 'နံပါတ်ကြီးကို ကိုင်'ဟု အော်လိုက်

သည်နှင့် ပုံစံထိုင်နေကြသော အကျဉ်းသားများသည် မိမိတို့ရှေ့ရှိ အဝတ်ပုံပေါ်တွင် တင်ထားသော နံပါတ်ကြီးကို လက်နှစ်ဖက်ဖြင့် ကောက်ကိုင်လိုက်ကြရသည်။ 'မတ်တတ်ထ' ဆိုတော့ နံပါတ်ကြီးကို ကိုင်လျက် ထရပ်လိုက်ကြ၏။ 'နံပါတ်ကြီးကို ရင်ဘတ် ကပ်ထား'ဟု အော်သောအခါ လက်ထဲမှ နံပါတ်ကြီးကို မိမိရင်ဘတ် ဆွဲကပ်လိုက်ကြသည်။ 'ခြေစုံ၊ ဒူးစေ့၊ ရှေ့တည့်တည့်ကြည့်' ဆိုတာကတော့ မတ်တတ်ရပ်နေသည့် အကျဉ်းသားများ ခြေကားယား လက်ကားယားဖြစ်မနေဘဲ ကြည့်လိုက်လျှင် တစ်ဖြောင့်တည်း တစ်ပြေးညီ ပုံစံကျနေရန်ပင်ဖြစ်၏။

ထောင်ပိုင်ကြီး သူတို့ရှေ့ ရောက်လာပြီ။

ထောင်မှူး ဦးမောင်မောင်သည် ထောင်ပိုင်ကြီး ရောက်မလာမီကပင် သူတို့တစ်တွေ အားလုံးကို ကြည့်ရှုခဲ့ပြီး ဖြစ်၏။ ထောင်ပိုင်ကြီးကို ဘာလျှောက်ချင်သလဲ။ ဘာတင်ပြချင်သလဲ။ တင်ပြလို့ရသည့် ကိစ္စဆိုလျှင် လက်ဝါးသာသာရှိ စာရွက်ကလေး **(Request Slip)** ထဲတွင် တင်ပြလိုသည့်အကြောင်းအရာကို အင်္ဂလိပ်လို ရေးထားရသည်။ (ထိုစဉ်က မြန်မာစာ ရုံးသုံး မဖြစ်သေး။)

ထောင်ပိုင်ကြီးသည် တန်းစီထားသော အကျဉ်းသားများရှေ့မှ ခပ်မှန်မှန်လျှောက်သွားသည်။ အချို့ကို ခြေဆုံးခေါင်းဆုံး ကြည့်သည်။ အချို့ကိုတော့ အပေါ်ယံကြော ခပ်လျှမ်းလျှမ်းပင် ကြည့်သွားသည်။ နံပါတ်ကြီးရှေ့တွင် တင်ပြချက်စာရွက်ကလေး တွဲထားတာတွေ့လျှင်တော့ အသေအချာရပ်၍ တင်ပြချက်ကို ဖတ်သည်။ ထောင်ပိုင်လေးနှင့်တန်လျှင် ထောင်ပိုင်လေး၊ ထောင်မှူးကြီးနှင့် ပြီးမည့်ကိစ္စ ထောင်မှူးကြီး၊ ဆက်လက် ဆောင်ရွက်ရန် အမိန့်ပေးသည်။

ထိုအချိန်က ထောင်မှူး ထောင်ပိုင်အဆင့်ဆင့် အလွန်ပင် ကြောက်ကြရသည်။

ဘယ်လောက်အထိ ကြောက်ရသနည်းဆိုလျှင်။

ဦးမောင်မောင်သည် ယခုလို ထောင်ပိုင် တနင်္လာတန်းစီသည့် နေ့မျိုးတွင် အကျဉ်းသားများ တန်းစီသည့်လုပ်ငန်းကို လုံးဝတာဝန်ယူထားရသည့် အနိမ့်ဆုံး အဆင့်အရာရှိ ဖြစ်၏။ သူ့လက်အောက်မှာတော့ ထောင်ကြပ်အုပ်တို့၊ ထောင်ဝါဒါတို့ ရှိသေးသည်။ ဦးမောင်မောင်က 'ဒန်တားဝါးလား' ခေါ် မိန်းဂျေးထောင်မှူးဆိုတော့ တန်းစီသည့်ကိစ္စ အစစအရာရာ သူ့တာဝန်။

သည်မှာပင် ပြဿနာက ရှိလာသည်။ အကျဉ်းသားတိုင်းတွင် နံပါတ်ကြီးအပြည့်အစုံ မရှိကြ။ အလုပ်ဘက်သို့ အလုပ်သွားလုပ်ရင်း အိပ်ခန်းထဲတွင် ထားခဲ့ရာမှ ပျောက်သည်။ တစ်ဦးနှင့်တစ်ဦးမသင့်မြတ်ရာမှ ခိုးဝှက်ဖျောက်ဖျက် ပစ်တတ်သည်လည်း ရှိသည်။ နှစ်ကြီးအကျဉ်းသားဖြစ်၍ ဟောင်းနွမ်းဆွေးမြည့်ကာ ပျက်စီးသွားလည်းရှိ၏။

ကောင်းပါပြီ။ နံပါတ်ကြီးအဟောင်း မရှိတော့လျှင် အသစ်ထပ်လုပ်ပေါ့။ အမယ်လေးလေး....၊ အဲဒီကိစ္စ အပြောလွယ်သလောက် အလုပ်ကျတော့ တကယ်

http://www.cherrythitsar.org



ခက်ခဲလှပါဘိတောင်း။

ဒီခေတ် မှတ်ပုံတင်ပျောက်၍ အသစ်ထပ်လုပ်တာကမှ လွယ်ချင်လွယ်ဦးမည်။ ထိုအချိန်က မန္တလေးထောင်ထဲတွင် အကျဉ်းသားနံပါတ်ကြီးတစ်ခုပျောက်၍ အသစ် တစ်ခု ထပ်လုပ်ရေးကား မလွယ်ရေးချ မလွယ်။

တကယ်တမ်း နံပါတ်ကြီးလုပ်ပေးရမည့် တာဝန်မှာ ထောင်ကျရုံးတာဝန်ခံ ထောင်မှူးဖြစ်၏။ သူ့ကို သွားပြောတော့.... သူတို့က စီနီယာလုပ်သက်ရင့် ထောင်မှူးတွေ၊ စတယ်ကြီး တစ်ခွဲသားနှင့်။ အဆင်ပြေလျှင် လုပ်ပေးသည်။ အဆင်မပြေလျှင် လုပ်မပေး။

သူ့ကိုလည်း သိပ်ပြီး အပြစ်ပြောလို့တော့ မရ။ သူ့မှာကလည်း နံပါတ်ကြီး အသစ် လုပ်ပေးပြီး လက်မှတ်ထိုးနိုင်သူ မဟုတ်။ အနိမ့်ဆုံးအဆင့် ဒုတိယ ထောင်ပိုင်ခေါ် ထောင်ပိုင်လေးထံ တင်၍ လက်မှတ်ထိုးရဦးမည် ဖြစ်၏။

ထောင်ပိုင်လေးထံ တင်ပြန်လျှင်လည်း၊

"ဟေ့၊ မင်းတို့ ထောင်ဥပဒေ နားမလည်ဖူးလားကွ။ နံပါတ်ကြီး ပျောက်ရင် ပျောက်တဲ့အကျဉ်းသားကို ရုံးတင်ရမယ်လေ။ ဘယ်မလဲ ရုံးတင်အပြစ်ပေးတဲ့ အပြစ်ဒဏ် စာအုပ်"

သည်တော့ ထောင်ကျရုံးထောင်မှူးမှာ အသစ်လုပ်ထားသော နံပါတ်ကြီးကို ကိုင်ပြီး ထောင်ပိုင်လေးရှေ့မှောက်မှ အသာလေး အမြီးကုပ်၍ ပြန်လာခဲ့ရသည်။ ထိုစဉ်က ဆင့်ကဲ ဆင့်ကဲ ဒါလောက်အထိ ကြောက်ခဲ့ကြရပါသည်။

ဒီလိုဒီလိုနှင့် နံပါတ်ကြီး မရှိသော အကျဉ်းသားများ၏ အသက်သွေးကြော ဖြစ်၏။ 'ဘုတ်တိုက်' သည်ဟုခေါ်သော အပြစ်ဒဏ် လွတ်ရက်သိလို၍ ထောင်ကျရုံး သွားမလား၊ ဘယ်မှာလဲ နံပါတ်ကြီး။

ခြောက်လတစ်ကြိမ်ရသည့် အကျဉ်းသားဝတ်စုံ ထုတ်ချင်လား။ နံပါတ်ကြီး အရင်ပြ၊ ရေးမှတ်ထားရမည်။ ထောင်ဝင်စာတွေ့မလား၊ ဆေးရုံတက်မလား။ နံပါတ်ကြီး ပါမှ။

ထောင်မှူးဦးမောင်မောင် အလုပ်ဝင်စက နံပါတ်ကြီးမရှိသည့် အကျဉ်းသား ဒါလောက် မများလှသေးပေ။ လေးငါးဆယ်လောက်သာ ရှိသည်။ နံပါတ်ကြီးလုပ်ရန် ခက်ခဲလေ၊ လူဦးရေ ပိုတိုးလာလေနှင့် နောက်ဆုံး တစ်ရာကျော်လာရခြင်း ဖြစ်သည်။

အလုပ်ဝင်စက အချုပ်ရုံးခန်းကိုင်သည့် ထောင်မှူးဦးနွဲ့ကို တိုင်ပင်ကြည့်ရာ၊

"လွယ်ပါတယ်ဗျာ၊ ထောင်ပိုင်ကြီးက ထောင်ကျ အကျဉ်းသားတွေနေတဲ့ မိန်းဂျေးကို အရင်ဝင်တာမဟုတ်လား။ အချုပ်ဘက်မှာ ပုန်းခိုင်းထားတာပေါ့။ ထောင်ပိုင်ကြီးက အလုပ်ဘက်ကို ကူးသွားပြီဆိုတော့မှ မိန်းဂျေးဘက်ကို ပြန်ပို့လိုက်တာပေါ့။ ခင်ဗျားအရင် မစ္စတာ ဂျေအီးလက်ရှလီးတော့ ဒီလိုပဲ လုပ်သွားတာပဲ"

ကောင်းပြီ။ အရင်လူလုပ်သလို လိုက်လုပ်ရုံပေါ့။ ဦးနွဲ့မှာလည်း နံပါတ်ကြီး

http://www.cherrythitsar.org



မရှိသည့် အချုပ်တရားခံ ဆယ့်လေးငါးယောက် ရှိသည်။ အချုပ်တရားခံက ဝင်လာလိုက် ထွက်သွားလိုက်ဖြစ်၍ ဒါလောက် အရေးမကြီးလှ။

ဒီလိုနှင့် တနင်္လာနေ့တန်းစီတိုင်း နံပါတ်ကြီးမရှိသော အကျဉ်းသားတစ်ရာကျော်ကို ထောင်ပိုင်ကြီး မသိအောင် ဖုက်ဖုက်နေခဲ့ရာက တစ်နေ့တွင် ဒုက္ခ လှလှကြီး တွေ့ပါလေတော့သည်။

ထောင်ပိုင်ကြီးသည် ခါတိုင်းလို မိန်းဂျေးဘက် မသွားဘဲ အချုပ်ဆောင်ဘက် ဦးတည်လိုက်သည်။

နောက်က အတူပါလာသည့် ထောင်ပိုင်လေးက....

"ဆရာ ဘယ်သွားမလို့လဲ"

အဘိုးကြီးက ဆူဆူအောင့်အောင့်၊

"အချုပ်ဘက်ကို"

ထောင်ပိုင်လေးက ရှေ့ဆုံးမှ ဦးဆောင်သွားနေသည့် ခြောက်ထောင်ပိုင်ကို လှမ်းအော်လိုက်သည်။

"တင်မောင်.... အချုပ်ဘက်ကိုဟေ့"

ခြောက်ထောင်ပိုင် တင်မောင်သည် အဘိုးကြီး လက်ဝဲဘက်မှ ကွေ့ကာ အချုပ်ဆောင်ဘက်သို့ ဦးဆောင်သွားပြီး တံခါးဝအရောက်တွင် အော်လိုက်သည်။

"အချုပ်ဆောင်၊ ကောင်းကောင်းထိုင်ထား"

နောက်မှလိုက်လာကြသော ထောင်မှူးဦးမောင်မောင်နှင့် ဦးနွဲ့တို့၏ ရင်ထဲတွင် ဗလောင်ဆူသွားကြပြီ။ သွားပါပြီ။ မိုး မီးလောင်ပြီ။ ဘယ်လိုလုပ်မှ ရှုန်တိန် လုပ်ချိန် မရတော့။

ထင်သည့်အတိုင်းပင် အချုပ်ဆောင်ဘက်ရောက်၍ နံပါတ်ကြီးမရှိသဖြင့် ဖုက်ထားသော အကျဉ်းသားတစ်ရာကျော်ကို တွေ့လိုက်ရသောအခါ ထောင်ပိုင်ကြီး ဒေါသူပုန်ထပြီပေါ့။

ဆူလိုက် ပွက်လိုက်သည်မှာ ရစရာမရှိ။ နေစရာမရှိ။ အခုချက်ချင်းပဲ အလုပ်ပြုတ်တော့မယ့်အတိုင်း ဆူရှုံပွက်ရှုံနှင့် ကိစ္စက မပြတ်သေး။ ထုချေလွှာတောင်း၍လည်း အရေးယူခံလိုက်ကြရသေးသည်။ နောက်ဆုံးကျမှ ဇာတ်ရည်လည်ခဲ့ကြရသည်။ ဒီကိစ္စ ထောင်ပိုင်ကြီး သိသွားရခြင်း၏အကြောင်းရင်း အဓိကဖော်ကောင်ကား ထောင်ပိုင်ကြီး ကတော်ပင်တည်း။

ထောင်ပိုင်ကြီးသည် ထိုစဉ်က ထောင်ဘူးဝ၏အလယ်ထပ်တွင် နေသည်။ ထောင်ပိုင်ကြီးက တစ်ခြမ်း။ ထောင်ပိုင်လေးက တစ်ခြမ်း။ အပေါ်ဆုံးထပ်က လက်နက်တိုက်နှင့် ဗဟိုဂါတ်မကြီး။

ထောင်ပိုင်ကြီးကတော်သည် သူ့ယောကျ်ားထောင်ပိုင်ကြီး တနင်္လာနေ့

http://www.cherrythitsar.org



တန်းစီဝင်သည့်အခါ အိမ်အပေါ်ထပ် ပြတင်းပေါက်မှ ခန်းဆီးကို ကွယ်ကွယ်ပြီး ကြည့်နေသည်။ ထောင်ပိုင်ကြီးက မိန်းဂျေးစစ်ဆေးပြီး အလုပ်ဘက်ဝင်ချိန်တွင် အချုပ်ဆောင်ဘက်မှအကျဉ်းသားများ မသင်္ကာဖွယ်ရာ ခပ်သုတ်သုတ်ထွက်လာကြပြီး မိန်းဂျေးဘက် ကူးကူးသွားသည်ကို တွေ့ရ၏။

ထောင်ပိုင်ကတော်ကြီးမှတစ်ဆင့် ဒီအကြောင်းသိသွားတော့ ထောင်ပိုင်ကြီး နားလည်လိုက်ပြီ။

တစ်ခုခုတော့ တစ်ခုခုပဲ၊ သူလည်း ထောင်မှူးလေးဘဝမှ တစ်ဆင့် တစ်ဆင့် တက်လာသည့် ထောင်ပိုင်ကြီးပေကိုး.....။

■

http://www.cherrythitsar.org



# ၈

တနင်္လာနေ့ ထောင်ပိုင်တန်းစီသည့်အကြောင်း ရေးရာတွင် မှတ်လောက်သားလောက် ထောင်ပိုင်ကြီးတစ်ယောက်နှင့် ထောင်မှူးကြီးတစ်ယောက်အကြောင်း ပြန်ပြောင်းသတိရမိသေးတော့သည်။

ထောင်ပိုင်ကြီးက ဦးပန်းမောင်။ အညာသားရုပ်။ မည်းမည်း၀၀၊ ပုပုဖိုင့်ဖိုင့်။ မြန်မာလူမျိုး စစ်စစ်။

ထောင်မှူးကြီးက အင်္ဂလိပ်မြန်မာ ကပြား။ အမည်က မစ္စတာဘော်ဒီကာ။

အကျဉ်းသားများ တန်းစီစစ်ဆေးရာတွင် တင်ပြလိုသော အချက်အလက်ကို request slip တွင် အင်္ဂလိပ်လို ရေးသားထား၍ နံပါတ်ကြီးနှင့် တွဲထား၏။ မရှင်းလင်းသည့် အချက်အလက်ရှိလျှင် ထောင်ပိုင်ကြီးက မေးမြန်းလေ့ရှိသည်။

တနင်္လာတစ်နေ့ တန်းစီရာတွင် ထောင်ပိုင်ကြီးဦးပန်းမောင်သည် အကျဉ်းသား တစ်ယောက်၏ လျှောက်ထားချက်ကို အစအဆုံး နားထောင်နေသည်။ ပြီးတော့မှ ထောင်မှူးကြီး မစ္စတာဘော်ဒီကာဘက်သို့လှည့်၍ အင်္ဂလိပ်လို မေးလိုက်သည်။

'သူ ဘာပြောတာလဲ' တဲ့။

ထောင်မှူးကြီး မစ္စတာဘော်ဒီကာက ထောင်ပိုင်ကြီးကို အင်္ဂလိပ်လို ပြန်ရှင်းပြရသည်။ ထောင်ပိုင်ကြီးနှင့် အကျဉ်းသားမှာ မြန်မာလူမျိုးအချင်းချင်း မြန်မာစကား ပြောကြသည်ကို ကြားက အင်္ဂလိပ်မြန်မာ ကပြား ထောင်မှူးကြီးက အင်္ဂလိပ်လို ဘာသာပြန်ပေးနေရသည်။

http://www.cherrythitsar.org



ကဲ ကောင်းကြရော။

အလားတူအဖြစ်အပျက်ကလေးတစ်ခုလည်း အင်းစိန်ထောင်မှာ တစ်ခါကြုံခဲ့ဖူးသေးသည်။

တနင်္လာနေ့တန်းစီ စစ်ဆေးရာတွင် ထောင်ပိုင်ကြီးသည် အကျဉ်းသားများ တန်းစီသည်ကို ကြည့်ပြီးနောက် ထောင်တွင်းရှိ အချုပ်ရုံးခန်းများ၊ စတိုခန်းများကိုလည်း အလျဉ်းသင့်သလို ဝင်ရောက် စစ်ဆေးသွားလေ့ရှိသည်။

အကျဉ်းထောင်များတွင် လက်သမားလုပ်ငန်းတို့၊ ရက်ကန်းလုပ်ငန်းတို့၊ ကြိမ် ဝါးလုပ်ငန်းတို့ လုပ်မှန်းတော့ လူအများသိပြီး ဖြစ်၏။ ရှေးခေတ်က လက်ရာ အလွန်ကောင်းသည်။

ဘယ်လောက်များ လက်ရာကောင်းသလဲဆိုလျှင် စစ်မဖြစ်မီ အင်္ဂလိပ်ခေတ်က ဦးမောင်မောင်တို့ ငယ်ငယ်၊ ဦးမောင်မောင်၏ဖခင် တောင်ငူအကျဉ်းထောင်မှ ဝယ်ယူခဲ့သည့် အဖုံးနှင့်ကြိမ်ဆွဲခြင်းကြီးတစ်လုံးမှာ ဦးမောင်မောင် ထောင်မှူးဘဝမှ ယခုထောင်ပိုင်အဖြစ် အငြိမ်းစားယူခါနီးသည်အထိ အကောင်းပကတိ ရှိနေသေးသည်။ ဒါတောင် စစ်အတွင်းက ဟိုပြေးဒီလွှားလုပ်ရာ၌လည်း ဤကြိမ်ဆွဲခြင်းကြီး တောက်လျှောက် ပါခဲ့သည်။

အနည်းအကျဉ်း ပျက်စီးတာလောက်တော့ ရှိတာပေါ့လေ။ ဒါလဲ အကြောင်းမဟုတ်။ ထောင်မှူး ထောင်ပိုင် ဖြစ်လာမှတော့ အထဲပြင်ခိုင်းလိုက် ခဏကလေး။

ယင်းကဲ့သို့ ထောင်တွင်းလုပ် ပစ္စည်းများကို ပြင်ပသို့ရောင်းချရန် စုစည်းထားသည့်စတိုကို 'ဈေးတိုက်'ဟု ခေါ်၏။

အင်းစိန်ထောင်ဈေးတိုက်တွင် တစ်နေ့ကြုံရပုံက....

ထောင်ပိုင်ကြီးက ထောင့်တစ်သက်အတွေ့အကြုံ ဆောင်းပါးအစတွင် ပါခဲ့သည့် အလုပ်အလွန်တိကျပြီး မိဘကိုအလွန်ရိုသေသော ကျောက်ပေါက်မာနှင့် ထောင်ပိုင်ကြီး ဦးတင်မောင်။

(ယခု ဆောင်းပါးရေးချိန်အထိ အသက်ထင်ရှား ရှိနေသေးသည်။)

ထောင်ပိုင်လေးခေါ် ဒုတိယထောင်ပိုင်က အင်္ဂလိပ်မြန်မာ ကပြား မစ္စတာ မက္ကနာမားရား။ (ကွယ်လွန်ခဲ့ပြီ)

ထောင်ပိုင်ကြီးသည် ဈေးတိုက်အတွင်းရှိ မှန်ဗီရိုကိုဖွင့်၍ အတွင်းမှ စားပွဲခင်းများနှင့် လက်သုတ်ပဝါများကို ကိုင်ကြည့်နေသည်။ ထို့နောက် လက်သုတ်ပဝါ နှစ်ထည်ကို ထုတ်ယူလိုက်ပြီး ထောင်ပိုင်လေးဘက် လှည့်၍....

" ဒီအက်စ်၊ ဒီလက်သုတ်ပဝါနှစ်ထည် ဘယ်အဆင်က ပိုကောင်းသလဲ။ ကြည့်စမ်းပါဦး"

ထောင်ပိုင်လေးသည် မျက်မှန်အတွင်းမှ ပြူးပြူး၍ သေသေချာချာ ကြည့်လိုက်

http://www.cherrythitsar.org



ပြီးနောက်....

“ကောင်းပါတယ် ဆား၊ ဒီအဆင်လေးလဲ မဆိုးပါဘူး။ ဟိုအဆင်ကလေး ကလဲ တစ်မျိုးယဉ်တာပါပဲ”

လူကြီးနှင့် လူငယ် ဒီလိုပဲ ပြောရမှာပေါ့။ အကြိုက်ချင်းလွဲသွားလျှင် မခက် ပါလား။

သို့သော် ထောင်ပိုင်ကြီးက ဘာပြန်ပြောသည် ထင်ပါသနည်း။

“ခင်ဗျားကလဲဗျာ၊ ဘယ်လိုမှန်းလဲ မသိဘူး။ ဒီဟာဖြင့် ဒီဟာ ကောင်းတယ်၊ ဟိုဟာဖြင့် ဟိုဟာ ကောင်းတယ်ပေါ့။ ဘိုလဲဆိုသေး၊ ဘိလပ်လဲ ရောက်ဖူးတာ မဟုတ် ဘူး”

ကိုင်း.... ဘာဆိုင်သလဲ။ သူ့ဘာသာသူ ဘိုကပြားဖြစ်တာနှင့် ဘိလပ်ရောက် ဖူးတာ မရောက်ဖူးတာ ဘာကမျှမဆိုင်။ ဆိုင်သည် ဖြစ်စေ၊ မဆိုင်သည် ဖြစ်စေ၊ လူကြီးနှင့် လူငယ်ဆိုတာ ဒီလိုပဲ ခံရစမြဲ ထင်ပါ့။

ဦးမောင်မောင် မန္တလေး ဗဟိုအကျဉ်းထောင်တွင် အလုပ်ဝင်စက တနင်္လာနေ့ ထောင်ပိုင်တန်းစီ အတွေ့အကြုံကလေးတစ်ခု ရှိသေးသည်။

အကျဉ်းထောင် လက်စွဲဥပဒေတွင် ပြဋ္ဌာန်းထားချက်များအရ အကျဉ်းသား များအနေနှင့် ဘာသာရေးဆိုင်ရာ ရပိုင်ခွင့်များ ရှိနေသည်။

တနင်္ဂနွေနေ့တိုင်း ထောင်တွင်းသို့ ဘုန်းကြီးတစ်ပါး အမြဲကြွသည်။ ယင်း ဘုန်းကြီးမှာလည်း ခရိုင်ဝန်ကိုယ်တိုင် အသိအမှတ်ပြုထားရသည့် မန္တလေးတောင်ခြေမှ သက်တော် ၇၀ ခန့်၊ ဝါတော် ၅၀ ခန့်ရ ဆရာတော်ကြီးတစ်ပါးဖြစ်၏။ ဆရာတော် ဘွဲ့ကိုတော့ မေ့နေပြီ။

ဗုဒ္ဓဘာသာ အကျဉ်းသားတိုင်း တရားနာကြရသည်။ သီလယူကြရသည်။ ဆရာတော်ကြီးသည် သီလပေး တရားဟောယင်း အကျဉ်းသားများကို ရာဇဝတ်မှုများ လျှော့နည်း ပပျောက်ရေးအတွက် မလိမ္မာ ဒီတစ်ခါသာ မိုက်ပြီး နောက်တစ်ကြိမ် ထောင်ပြန်မလာရေးအတွက် တရားရေအေး တိုက်ကျွေးလေ့ရှိသည်။

ဗုဒ္ဓဘာသာ မြန်မာ အကျဉ်းသားများအတွက်သာ မဟုတ်ပါ။ ခရစ်ယာန်နှင့် မူစလင် အကျဉ်းသားများအတွက်လည်း အစီအစဉ်ရှိပါသည်။

တနင်္ဂနွေနေ့မှာပင် ခရစ်ယာန်တရားဟောဆရာရော၊ မူစလင် မော်လဝီတို့ပါ လာ၍ သူတို့ဘာသာရေးဆိုင်ရာ လုပ်ငန်းများကို လုပ်ကြသည်။ မူစလင်အကျဉ်းသား များအတွက် ထောင်ထဲတွင် ‘ကုလားဖို’ဟုပင် ထမင်းဟင်း သီးသန့်ချက်ပေးသည့် အစီအစဉ်ရှိ၏။ မူစလင်ဘာသာဝင် အကျဉ်းသားများ ဥပုသ်ဝင်သည့် အခါများတွင် သီးသန့်အခန်းပင် ပေးထားသည်။

ထိုစဉ်က မန္တလေးတောင်တော်ကို ကမကထလုပ် တာဝန်ယူ ပြုပြင်ထိန်းသိမ်း

http://www.cherrythitsar.org



နေသည့် ဆရာတော်ကြီး ဦးခန္တီ ရှိနေသေးသည်။ ဘာမှုနှင့် မှန်းတော့ မမှတ်မိ။ ဆရာတော်ကြီး၏ အတွင်းရေးမှူး ဦးလှအောင်ဆိုသူ မန္တလေးထောင်ထဲ ရောက်နေ၏။ ဦးလှအောင်ကို နံပါတ် ၄ တိုက်တွင် ထား၏။

မန္တလေး ထောင်တွင် ၁တိုက်၊ ၂တိုက်နှင့် ၄တိုက် ဟူ၍ ရှိသည်။ ၃တိုက်မှာ စစ်အတွင်းက ပျက်စီးခဲ့၍ နေရာပင် မရှိတော့ပေ။

"ထောင်အပြင် တန်းမရှိဘူးဟေ့"

ဒါက အပြင်မှာရှိသည့် လူမိုက်တွေ ပြောလေ့ ပြောထရှိသည့် စကားရပ်တစ်ခု။

ဒီလို မဟုတ်ပါ။ ထောင်အပြင် တန်းရှိပါသည်။ ထောင်ရှိလျှင် တိုက်ရှိသည်။ တိုက်မရှိလို့ မရ။ လူမိုက်ဆိုသည်မှာ ထောင်ထဲရောက်သည့်တိုင် ကောင်းကောင်းမနေ၊ ထပ်ဆိုးသည်။ ထပ်မိုက်သည်။ ရန်ဖြစ်သည်။ ခိုးသည်။ ဝှက်သည်။ ရိုက်နှက်ထိုးကြိတ်သည်။ ယုတ်စွအဆုံး လူသတ်မှု ထပ်ဖြစ်ချင် ဖြစ်သေးသည်။

သူတို့ကို ဘယ်သွားထားမည်နည်း။ အပြင်တွင် ကောင်းကောင်းမနေသူများအတွက် ရဲအချုပ်ခန်းရှိရသလို ထောင်ထဲမှာလဲ တိုက်ရှိမှ ဖြစ်မှာပေါ့။

"တိုက်ပိတ်တယ်ဆိုတာ မှောင်မည်းနေတာ၊ နေရောင်တောင် မမြင်ရဘူးဆို" အပြင်လူများက ဒီလိုမေးလေ့ ရှိကြသည်။

ဒါကတော့ လွန်လွန်းပါသည်။ ဒီလောက်ကြီးလဲ မဟုတ်ပါ။

တိုက်ခန်းဆိုသည်မှာ အလျား ၁၂ ပေ၊ အနံ ၁၀ ပေခန့်တော့ ကျယ်ဝန်းပါသည်။ ရှေ့မျက်နှာစာမှ လူဝင်သည့် သံတံခါးတစ်ချပ်ရှိသည်။ နောက်ဖေးဘက် အပေါ်နားတွင် လေဝင်ပေါက် သံပြတင်းငယ် ရှိသည်။ နှစ်ပေ၊ တစ်ပေခွဲခန့်။

နေရောင်ကိုတောင် မမြင်ရဘူးဆိုတာလည်း ဟုတ်ကောင်း ဟုတ်ပေမည်။

တိုက်ကို ဆောက်ထားသည့် အနေအထားမှာ အရှေ့အနောက် ဖြစ်နေလျှင် သော်လည်းကောင်း၊ အချို့ထောင်ကြီးများတွင် တိုက်များဝန်းကျင် ပေါက်ရောက်နေ သည့် သရက်ပင်များ၊ ပိန္နဲပင်များ၏ အရိပ်အရောင်ကြောင့် ပိန်းပိတ်အောင် အုပ်ဆိုင်းနေလျှင်သော်လည်းကောင်း နေရောင်ကို မြင်နိုင်စရာ အကြောင်းမရှိပေ။

တိုက်ကလည်း ပုံစံအမျိုးမျိုးရှိသည်။ သီးခြားတိုက်၊ အလုံတိုက်၊ ရင်ခွဲတိုက်၊ ကြိုးတိုက် စသည် စသည်အားဖြင့်။ အင်္ဂလိပ်လိုလည်း အခေါ်အဝေါ် အမျိုးမျိုး။

ဆရာကြီး ရွှေဥဒေါင်း မန္တလေးထောင်မှ ထွက်သွားပြီးနောက် ရှုမဝမဂ္ဂဇင်းတွင် ရေးဖူးပါသည်။ သူ့ကို ကြိုးသမားများ ကြိုးမပေးမီထားသည့်တိုက်တွင် ထားကြောင်း ရေးသားထားသည်။ ဆရာကြီး မန္တလေးထောင်ထဲရောက်သည်မှ လွတ်သွားသည်အထိ ဦးမောင်မောင် မန္တလေးထောင်မှာ ရှိနေပါသည်။

မဟုတ်ပါ။

ဆရာကြီး နေရတာက ၂ တိုက်။ ကြိုးသမားများ ကြိုးမပေးမီ ထားတာက

http://www.cherrythitsar.org



၄ တိုက်။ ၄ တိုက်နှင့် ကြိုးစင်က ကပ်လျက်။

ထိုစဉ် ၂ တိုက်တွင် တိုက်ပိတ်အကျဉ်းသားများနှင့် ဖော်ကောင်အချုပ်တရားခံများကိုသာလျှင် ထားလေ့ရှိသည်။ ၂ တိုက်မှာ တောင်နှင့်မြောက် ဆောက်ထားရာ ညနေပိုင်းနေ အကျနေထိုးနေသည်ဆို၍ ထောင်ပိုင်ကြီး၏အမိန့်အရ ဦးမောင်မောင်ပင် နေအကာလေး လုပ်ပေးခဲ့ရဖူးသည်။

မန္တလေးထောင်ရှိ ၁ တိုက်၊ ၂ တိုက်နှင့် ၄ တိုက်တို့မှာ သီးခြားတိုက်အမျိုးအစားများသာ ဖြစ်၏။ ရှေ့မှာ အကာအရံတော့ ရှိသည်။ သို့သော် သံတံခါးကြီး ရှေ့မှာမူ ဟာလာဟင်းလင်း၊ ဘာ အကာအကွယ်မှ မရှိ။

အလုံတိုက်ကျတော့ တစ်ခန်းချင်း ကန့်ထားသည်။ ဘေးနှစ်ဖက်ရော ရှေ့ဘက်ပါ လုံလုံခြုံခြုံကာထား၏။

ရင်ခွဲတိုက်ကျတော့ မျက်နှာချင်းဆိုင်။ မျက်နှာချင်းဆိုင် ဆိုသော်လည်း တိုက်ခန်း တစ်ခန်းနှင့်တစ်ခန်း မမြင်ရအောင် ဖေးလွှဲထားသည်။ အကျဉ်းထောင်များအတွင်း အိပ်ဆောင်များ၊ တိုက်ခန်းများ တည်ဆောက်ထားပုံကတော့ ဘာကလေးတစ်ခုမျှ ထောက်ပြစရာရယ်လို့ ဟာကွက်မရှိ။

အိပ်ဆောင်တွေ တိုက်ခန်းတွေကို ခတ်ထားသည့် သော့ခလောက်ကို အတွင်းမှ ဘယ်လိုမှ လှမ်းကိုင်၍မရနိုင်ပေ။

ဆရာ ရောင်နီရေးသည့် (ဘာသာပြန်) ဝတ္ထုတစ်ပုဒ်ကို ဖတ်ပြီး ပြောပြရသေးသည်။

“ဆရာကလဲ ပဲခူးထောင်ထဲ ရောက်ဖူးသားနဲ့။ ထောင်ထဲက အကျဉ်းသားက သော့တုနဲ့ အိပ်ခန်းထဲကနေပြီး ဘယ်လိုလုပ် လှမ်းဖွင့်လို့ရပ့ါမလဲ”

သူက စပ်ဖြဲဖြဲနှင့်။

“သိဘူးလေဗျာ။ ကျုပ်က သူ့ဝတ္ထုထဲကအတိုင်း ဘာသာပြန်လိုက်တာကိုး” တဲ့။

စောစောက ဦးလှအောင်အကြောင်း ပြန်ဆက်ပါမည်။

ဦးလှအောင်မှာ အပြစ်ဒဏ်နှင့် တိုက်ပိတ်ခံနေရသော အကျဉ်းသားတော့ မဟုတ်။ သူ့ဘာသာနှင့်သူ တိုက်ခန်းတွင် အေးအေးဆေးဆေး နေလို၍ ထောင်ပိုင်ထံ ခွင့်တောင်းပြီး ၄ တိုက်တွင် နေသူဖြစ်၏။ ၄ တိုက်တွင် ကြိုးသမား ခြောက်ယောက်နှင့် အခြားတိုက်ပိတ်အကျဉ်းသားများလည်း ရှိနေသေးသည်။

ဘဘကြီး ခေါ် ထောင်ပိုင်ကြီး ဦးဘဦးသည် ၁ တိုက်ကို ပထမဝင်ပြီးနောက် ၁၊ ၂၊ ၃၊ ၄ ဆောင်ရှိ တန်းစီထားသော အကျဉ်းသားများကို ကြည့်သည်။ ပြီးတော့ ၂ တိုက်ကို ကြည့်၏။ ၂ တိုက်တွင် ဖော်ကောင် အချုပ်တရားခံများ ရှိသည်။ စောစောက ရေးခဲ့သည့် ဆရာကြီးရွှေဥဒေါင်းလည်း ရှိသည်။

http://www.cherrythitsar.org



ထို့နောက် ၄၊ ၅၊ ၆၊ ၇၊ ၈ ဆောင်တို့မှ တန်းစီထားသော အကျဉ်းသားများကို ကြည့်သည်။ ပြီးတော့ ၄ တိုက် ရောက်သွား၏။

၄ တိုက်ကို အရောက် ပြဿနာက တက်လာသည်။ တစ်ခြားလူ မဟုတ်။ စောစောက ရေးခဲ့သည့် ဦးလှအောင်။

"ဘာကြီး၊ ကျွန်တော် မနေ့က ဥပုသ် မစောင့်ရဘူး"

ထောင်ပိုင်ကြီး ဦးဘဦးက....

"ဟင်.... ဘာပြုလို့လဲ၊ တနင်္ဂနွေနေ့တိုင်း ခင်ဗျားကို အဆောင်မှာ တရားနာပြီး ဥပုသ်စောင့်ခွင့် ပြုထားတာပဲ"

ဦးလှအောင်က တိုက်တန်းစီး ဦးဖဲသာဘက်သို့ တစ်ချက် လှည့်ကြည့်လိုက်သည်။ ပြီးတော့ ဦးမောင်မောင်ကိုလည်း လှမ်းကြည့်၏။

"ကျွန်တော် တိုက်တန်းစီးကို ပြောပါသေးတယ်။ သူက ဘာအမိန့်မှ ပေးမသွားဘူးတဲ့"

ဟိုက် ဗုဒ္ဓေါ။ မိန်းဂျေးထောင်မှူး ဦးမောင်မောင်ဘက် မြားဦးလှည့်လာချေပြီကော။

ဦးမောင်မောင်မှာ တနင်္ဂနွေနေ့က အနားရသည်။ ဤနေရာတွင် အလျဉ်းသင့်သဖြင့် ထောင်မှူးများအနေနှင့် အလုပ်ချိန် အလွှန်ပင် များလှကြောင်း ရေးလိုပါသေးသည်။

ထောင်မှူးတစ်ယောက်၏ တာဝန်မှာ မနက်အစောကြီး ထရသည်။ ထောင်ဖွင့်တာဝန် ထမ်းဆောင်ရန် ၅ နာရီသာသာခန့် ထောင်တွင်းဝင်ခဲ့ရ၏။ ကျီး မနိုးသေး။

ထောင်ဖွင့်သည်ဆိုခြင်းမှာ ယမန်နေ့ညက ပိတ်ထားခဲ့သော အကျဉ်းသားလူပေါင်း ကိုက်မကိုက် စစ်ဆေးပြီး ပိတ်ထားသော အခန်းများကို ဖွင့်ပေးရခြင်းဖြစ်၏။

၅ နာရီထိုး၍ ထောင်မှူး လူစားများ ရောက်လာသည့်အခါ အိမ်သို့ခေတ္တပြန်ယူနီဖောင်းလဲ၊ နောက်ဖေးနောက်ဖီသွား၍ ကော်ဖီလေးသောက်ပြီး နာရီဝက်ခန့်အတွင်း ထောင်တွင်းပြန်ဝင်ရ၏။ မိမိတာဝန်ကျသည့် ဌာနသို့သွား၍ နေ့ခင်းထမင်းစားချိန် ၁၀နာရီ မှ ၁၂နာရီသော်လည်းကောင်း၊ ၁၂ နာရီ မှ ၂ နာရီသော်လည်းကောင်း အချိန်နှစ်နာရီသာ ခွင့်ပြုသည်။ ပြီးတော့ ထောင်တွင်း ပြန်ဝင်၍ အလုပ်ဆက်လုပ်။

ညနေပိုင်းကျတော့ ထောင်ပိတ်ပြီးမှ ထောင်ထဲက ထွက်ရသည်။

ထောင်ပိတ်ချိန် ဆိုတာကလည်း အကန့်အသတ်မရှိ။ အကြောင်းအမျိုးမျိုးကို လိုက်၍ ကြာချင်သလောက် ကြာတတ်သည်။ တရားရုံးမှပြန်သည့် အချုပ်တရားခံတွေ နောက်ကျလျှင်လည်း စောင့်ရသည်။ ယနေ့ ထောင်ဖွင့်ရာမှ လွတ်သည့် လူပေါင်းနှင့် ရုံးထွက်တရားခံတွေကို နုတ်ပြီး၊ ညနေ ရုံးပြန်တရားခံတွေကို ပေါင်းလိုက်သည့် လူပေါင်းနှင့် မကိုက်လျှင်လည်း တစ်ခန်းဝင် တစ်ခန်းထွက် လူပေါင်းစာရင်း မကိုက်

http://www.cherrythitsar.org



မချင်း လိုက်လံရေတွက်နေရသည်။ လူပေါင်းကိုက်မှ ထောင်ပိတ်၍ ရသည်။

ထောင်ပိတ်ပြီးမှ အိမ်ကို ပြန်ခွင့်ရသည်။ အစောဆုံး ၅ နာရီခွဲ ၆ နာရီ၊ နောက်ကျပြီ ဆိုလျှင်တော့ ၇ နာရီခွဲ ၈ နာရီလောက်အထိ ရောက်သွားသည်။ ကျီးတွေ အိပ်မောကျနေပြီ။

နောက်တစ်နေ့ကျတော့ ၇နာရီ အရောက်လာပြီး နေ့ခင်း ၂နာရီ ထမင်းစား အိမ်ပြန်၍ ညနေ ၄ နာရီ အိမ်ပြန်ခွင့်ရ၏။

အခြားရုံးများအနေနှင့် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက် တစ်ရက်ခွဲ ရချိန်က ထောင်မှူးတွေ ဘယ်ရမလဲ။ ဒီတစ်ပတ် နေ့ဝက်၊ နောက်တစ်ပတ်မှ တစ်ရက်ခွဲ။ နောက်ပိုင်း စနေ၊ တနင်္ဂနွေ နှစ်ရက်ပိတ်သောအခါ တစ်ရက်စီသာ ရကြသည်။

ရုံးပိတ်ရက် အများဆုံးဖြစ်သည့် သင်္ကြန်တွင်း ဘယ်နှစ်ရက် ပိတ်သလဲ။ ငါးရက်ဆိုလျှင် နှစ်ရက်ခွဲ။ လေးရက်တည်းဆိုလျှင်လည်း နှစ်ရက်စီ။ သူများတွေ အပြင်မှာ ပျော်လို့ ပါးလို့၊ ရေပက်ခံထွက်လို့၊ ဒီအကောင်တွေမှာတော့ ထောင်ထဲတွင် ဂျူတီကျလို့။ သင်္ကြန်တွင်း တော်တော်များများ အုတ်နံရံအတွင်း သံတိုင်ကြားက ဆွေးခဲ့ရဖူးပါသည်။ ခံခဲ့ရဖူးပါသည်။

ယခုလည်း စနေ၊ တနင်္ဂနွေ တစ်ရက်ခွဲ နားသည့်အပတ် တိုက်တန်းစီးဦးဖဲသာ အား ဦးလှအောင်ကို တနင်္ဂနွေနေ့ ဥပုသ်စောင့်ခွင့်ပြုရန် မမှာခဲ့မိခြင်းပင် ဖြစ်မည်။ ဦးဖဲသာ ပညာပြတာလည်း ပါကောင်းပါမည်။

တိုက်တန်းစီး ဦးဖဲသာ၏ အာဏာပါဝါကလည်း ထောင်ထဲတွင် နည်းနည်း နောနော မဟုတ်။

၁ တိုက်၊ ၂ တိုက်၊ ၄ တိုက်ရှိ အကျဉ်းသားအားလုံး သူ့လက်ထဲမှာရှိသည်။ တာဝန်ကျ ဝါဒါတော့ ရှိပါသည်။ သို့သော် လခစားဝါဒါက အလှည့်နှင့် တာဝန်ကျခြင်း ဖြစ်၍ တိုက်သုံးတိုက်အတွင်း လုပ်ပိုင်ခွင့်မှန်သမျှ တိုက်တန်းစီး၏ လက်ထဲတွင် ရှိသည်။ သူ့လက် သူ့ခြေ။

ထိုစဉ်က တိုက်တန်းစီး ဦးဖဲသာတို့ ဘယ်လောက်အထိ ကောင်းစားသနည်း ဆိုလျှင် ကြိုးတိုက်ခေါ် ၄ တိုက် အနီးတွင် ဘုရားလေးဆူ ရှိသည်။ (ထောင်တွင်းရှိ ကြိုးစင် အတော်များများရှေ့တွင် စေတီဘုရားကလေးများ ရှိတတ်သည်။) ကြိုးစင် အနီးမှ ထိုဘုရားကို ဖဲသာဘုရားဟုပင် ခေါ်စမှတ်ပြုကြသည်။

ဖဲသာဘုရားတွင် ဘာလိုချင်သလဲ၊ အကုန်ရသည်။ ဆေးလိပ်၊ မုန့်ပဲသရေစာ၊ ကွမ်းယာ၊ ထောင်တွင်း ခိုးချက်စားစရာ သားငါး၊ ကြက်သွန်၊ ငရုတ်သီး၊ ဆီ စသည် အားဖြင့် အကုန်ဝယ်၍ရသည်။ အရက်တို့၊ ဆေးခြောက်တို့၊ ဘိန်းတို့တော့ ဖဲသာ မရောင်း။ ကျန်တာကတော့ လိုလေသေးမရှိ။ (ယခုခေတ်) စိန်ဂျွန်းဈေး၊ လဟာပြင်ဈေး တို့နှင့် နင်လား ငါလား။

http://www.cherrythitsar.org



ဦးဖဲသာက စားပြ လူသတ်မှုဖြင့် ထောင်အနှစ် ၂၀ ကျနေသူ၊ အပြင်တွင် နေစဉ်ကပင် ဒါလောက် စီးပွား နေရေးမကောင်းဟု ပြောစမှတ် ပြုကြသည်။ အသက် ၅၀ ခန့်ရှိပြီ။

ဦးဖဲသာသည် ဦးလှအောင်ကို သိပ်ပြီးကြည့်ရသူ မဟုတ်ပေ။ ဦးလှအောင်ကလည်း ဦးလှအောင်။ နိုင်ငံရေးသမားလိုလို၊ ဘာလိုလိုနှင့် ထောင်ပိုင်နှင့် စကားပြော လျှင်လည်း မြန်မာလို မပြော။ အင်္ဂလိပ်လို ရောလေ့ရှိ၏။ ဦးဖဲသာ၊ ဦးလှအောင်ကို ကြည့်မရတာက အရေးမကြီး။ အခုတော့ ပြဿနာက မိန်းဂျေးထောင်မှူးဦးမောင်မောင်၏ ခေါင်းပေါ်သို့ ကျနေချေပြီ။

ထောင်ပိုင်ကြီး ဦးဘဦးက ဦးမောင်မောင်ဘက်သို့ လှည့်၍....

"ဦးမောင်မောင်၊ ခင်ဗျားကို တနင်္ဂနွေနေ့တိုင်း ဦးလှအောင် ဥပုသ်စောင့်ခွင့်ပြုဖို့ ကျွန်တော် ပြောထားတယ် မဟုတ်လား"

ဦးမောင်မောင်ကလည်း ပျာပျာသလဲ။

"ဟုတ်ပါတယ် ဘဘကြီး၊ ကျွန်တော်လဲ တိုက်တန်းစီး ဦးဖဲသာကို ဒီအတိုင်း မှာထားတာပါပဲ"

ဦးထုပ်အနက် ဆောင်းထားသော တိုက်တန်းစီးဦးဖဲသာ ပုံစံအနေအထားဖြင့် ရှေ့သို့ တိုးလာသည်။

"ဟုတ်ပါတယ် သခင်ကြီး။ ခါတိုင်းတော့ ဆရာဦးမောင်မောင် မှာသွားပါ တယ်။ ဒီတစ်ပတ် ဘာမှပြောမသွားတော့ ကျွန်တော်မျိုးက မပို့ရဘူး အောက်မေ့လို့ပါ"

ထောင်မှူးပေါက်စ ဦးမောင်မောင် ခံလိုက်ပေဦးတော့ပေ့။ ဦးဖဲသာတို့က နှစ်ပြားမတန်အောင် ပြောသည်။ လူအများရှေ့တွင် အသားတွေ တဆတ်ဆတ် တုန်လာ သည်အထိ ငေါက်ငမ်းလျက် ရှိ၏။

ဒီနေရာမှာပင် ကယ်တင်ရှင် တစ်ဦး ပေါ်လာ၏။

သူက အခြားသူ မဟုတ်။ ထောင်မှူးကြီး၊ သူ၏အမည်ကလည်း ဦးလှအောင် ပင်။ ထောင်ပိုင်ကြီးအဖြစ် ပင်စင်သွား၍ ယခုတိုင် အသက်ထင်ရှား ရှိနေသည်။

ထောင်မှူးကြီး ဦးလှအောင်က ထောင်ပိုင်ကြီးရှေ့ တည့်တည့်ရပ်၍ အလေးပြု လိုက်သည်။ ပြီးတော့ အင်္ဂလိပ်လို ပြောလိုက်သည့်စကားကတော့....

"ဆား....၊ ကျွန်တော့်ထောင်မှူးကို အကျဉ်းသားတွေရှေ့မှာ မငေါက်ပါနဲ့။ ဆရာပြောချင်ယင် ရုံးခန်းထဲမှာ ကြိုက်သလိုပြောပါ"

ဦးမောင်မောင်တော့ သက်သာရာ ရသွားသည်။ သို့သော် ဘဘကြီး မျက်ထောင့် နီပြီ။ ထောင်မှူးကြီးကို မဲပြီပေ့။

ဘဘကြီးက ထောင်မှူးကြီးအား အင်္ဂလိပ်လိုပင်၊

"ခင်ဗျား ကျုပ်ကို ဒီလိုပြောသလား"

http://www.cherrythitsar.org



ဦးလှအောင်ကလည်း ဆတ်ဆတ်ထိ မခံ။

"ဟုတ်ပါတယ်။ ဒါ အုပ်ချုပ်ရေးအတွက် ကောင်းအောင်ပြောတဲ့ အမှန်တရားပါ"

ဘဘကြီးသည် နောက်ထပ် ဘာမှဆက်မပြောတော့ဘဲ ဟင်းခနဲဆိုကာ ရှေ့သို့ ဆက်သွား၍ အလုပ်ဘက်သို့ ခြေဦးတည်လိုက်သည်။

ထောင်မှူးကြီး ဦးလှအောင်ကလည်း အာဂသတ္တိ။

ထောင်ပိုင်ကြီးနောက် ဆက်မလိုက်တော့ဘဲ နောက်ကြောင်းပြန်၍ ထောင်ဘူးဝ ဘက်သို့ လှည့်ထွက်သွားသည်။

ဦးမောင်မောင် ဘယ်ကိုလိုက်မလဲ။ ထောင်မှူးကြီးနောက် လိုက်မလား၊ ထောင်ပိုင်ကြီးနောက် လိုက်မလား။

ထောင်မှူးပေါက်စ ဦးမောင်မောင် ထောင်ပိုင်ကြီးနောက်ပဲ ကုပ်ကုပ်ကလေး ပါသွားရတာပါ။

ဤသင်ခန်းစာကလေးမှာ အများကြီး အကျိုးထူးပါသည်။

ဦးမောင်မောင် ရာထူးအဆင့်ဆင့်တက်၍ ထောင်ပိုင်ကြီး ဖြစ်လာသောအခါ ဘယ်အခါမျှ ထောင်မှူးတွေကို အကျဉ်းသားများရှေ့မှာ မဆူမငေါက်ခဲ့ပါ။

■

# ၆

၁၉၅၀ ခုနှစ်၊ ဦးမောင်မောင် ထောင်မှူးဖြစ်ခဲ့ပြီးနောက် ပထမဦးဆုံးအကြိမ် အကြီး အကျယ် စိတ်ညစ်ခဲ့ရသောကိစ္စမှာ သိက္ခာတော်ရ ဆရာတော်တစ်ပါး၏ အမှုကိစ္စ ဖြစ်ပါသည်။

ထိုစဉ်က မန္တလေးရှိ ကျောင်းတိုက်ကြီးတစ်တိုက်မှ ဆရာတော်တစ်ပါး လက်နက်မှုနှင့် အကျဉ်းထောင်သို့ ရောက်လာသည်။ လက်နက်မှာလည်း နည်းနည်း နောနော မဟုတ်။ ရိုင်ဖယ်သေနတ်မှသည် ဘရင်းဂန်းအထိ ပါ၏။

ထိုအချိန်က အကျဉ်းထောင်များတွင် အကျဉ်းထောင် အက်ဉပဒေနှင့် လက်စွဲ ဥပဒေအရ၊ အေ–ဘီ–စီ ဟူ၍ အတန်းအစား သုံးမျိုးသုံးစား ခွဲခြားထားသည်။ အေ ကလပ်၊ ဘီကလပ်၊ စီကလပ် ဟူ၍။ ဒါက ထောင်ကျ အကျဉ်းသားများအတွက်ဖြစ်၍ အချုပ်တရားခံများအတွက်တော့ အထူးတန်းနှင့် ရိုးရိုးတန်းဟူ၍ နှစ်မျိုးနှစ်စား ခွဲခြား ထားသည်။

အေကလပ်နှင့် ဘီကလပ် ထောင်ကျလာသော ဘုန်းတော်ကြီးဆိုလျှင် သင်္ကန်းချွတ်စရာမလို။ အလားတူပင် အထူးတန်း အချုပ်တရားခံဘဝရောက်လျှင်လည်း ဒီအတိုင်းနေလို့ ရသေးသည်။ ယခုတော့ ဆရာတော်၏ အချုပ်ရီမန်ထဲတွင် အထူးတန်း ဟူ၍ ဖော်ပြထားခြင်း မရှိခဲ့ပေ။

ဤကိစ္စသည် ထောင်ပိုင်ကြီးမှ ထောင်ပိုင်လေး၊ ထောင်ပိုင်လေးမှ ထောင်မှူး ကြီး၊ နောက်ဆုံး ထောင်မှူးကြီးမှသည် မိန်းဂျေး ထောင်မှူး ဦးမောင်မောင်၏ ခေါင်းသို့

http://www.cherrythitsar.org



ပြဟ္မာမင်း၏ ဦးခေါင်းကြီးပမာ ဝန်ထုပ်ဝန်ပိုး ပိလာချေတော့သည်။

ဦးမောင်မောင် အလွန်အမင်း စိတ်ညစ်သွားသည်။

ဘာပြုလို့များ ငါ ဒီထောင်မှူး အလုပ်ကို ဝင်လုပ်ခဲ့မိပါလိမ့်။

သူ့ကိုယ်သူလည်း အနုလုံ ပဋိလုံ အပြန်ပြန် အလှန်လှန် စဉ်းစားသည်။

အမှန်တော့ ဘာမှမဟုတ်၊ အင်ဂျင်နီယာ ကျောင်းသားဘဝနှင့် ကျောင်းမှ ထွက်လာခဲ့သည်။ ရရာအလုပ် လျှောက်လာခဲ့ရာက ပထမဦးဆုံးရသော အောက်တန်း စာရေးထက်သာသည့် ထောင်မှူးအလုပ်ကို ဝင်လုပ်ခဲ့ခြင်းဖြစ်၏။

"မှားပြီ မှားပြီ။ ငါတော့ အကြီးအကျယ် ရေလိုက် မှားခဲ့ပြီ"

ဦးမောင်မောင် ထောင်မှူးအလုပ်ဝင်လုပ်နေပြီဟု ကြားရသောအခါ ရမည်းသင်း ရှိ အစ်မတစ်ယောက်က ငိုသည်ကို မှတ်မိနေသေးသည်။

အစ်မဖြစ်သူသည် ပွဲကြိုက်သူ ဖြစ်၏။ ပွဲထဲတွင် ဇာတ်လမ်းအရ မင်းသားမှာ ထောင်သွင်း အကျဉ်းချထားခြင်း ခံနေရ၏။ ထောင်မှူးနှင့် သူ၏ လက်အောက်မှ အာဏာသား ပါးကွက်သားတွေက မင်းသားကလေးကို နှိပ်စက်နေကြသည်။ မင်းသား ၏ချစ်သူ မင်းသမီးလေးက ထောင်ဝင်စာလာတွေ့သည်။ ရိုးရိုးတွေ့ခွင့်မပေးဘဲ တံစိုး လက်ဆောင်ပေးမှ ခေတ္တမျှသာ တွေ့ခွင့်ရ၏။ မင်းသားနှင့် မင်းသမီးလေးတို့ စကား တွတ်ထိုးပြီး ငိုချင်း အချီအချဆိုနေတုန်း နှောင်ကြိုးတဲထားသော မင်းသားလေးကို လက်မရွံ့ အာဏာသားတွေက ဖွတ်ဆွဲ၍ ခေါ်သွားကြသည်။

ဇာတ်ကွက်ဇာတ်လမ်း၏ အထွတ်အထိပ် ပွဲကြည့်ပရိတ်သတ်တွေ ရင်ထဲ အခိုက်ဆုံး အခန်းပေါ့။ ဇာတ်စင်ပေါ်မှ ထောင်မှူးနှင့် လက်မရွံ့ အာဏာသားတွေကို ပွဲကြည့် ပရိသတ်တွေက ခဲနှင့် ပေါက်ချင်နေသည့်အချိန်။

အစ်မဖြစ်သူ ငိုခြင်းမှာလည်း သူ့မောင်လေးတစ်ယောက်တော့ ယင်းကဲ့သို့ ပွဲကြည့်ပရိသတ်တွေ၏ အရွံဆုံး အမုန်းဆုံးဘဝ ရောက်နေပါပြီဆိုပြီး ငိုခြင်းပင်ဖြစ်၏။ အင်္ဂလိပ်စကားနှင့်တော့ ဗီလိန်ပေါ့။

ဤသည်ကို အကြောင်းပြု၍ ရန်အောင်မောင်မောင် ကလောင်အမည် ရစက ရယ်စရာ၊ ကလော်စရာ၊ ထေ့စရာ၊ ငေါ့စရာကလေးများ တွေ့လာသောအခါ လက်မရွံ့ မောင်မောင် အမည်ဖြင့် သောကြာစာစောင်ထဲတွင် အများဆုံးရေးခဲ့သည်။ မကြာသေးမီ ကလည်း စပယ်ဦး ဝတ္ထုမဂ္ဂဇင်းတွင် မင်းသူရိန်နှင့် အပြန်ပြန် အလှန်လှန် ကလောင် ကျီစယ်ခဲ့ဖူးပါပြီ။

ရုပ်ရှင်စကားနှင့်ပြောရလျှင် ဒီနေရာမှာ ထောင်အကြောင်းကလေး ခေတ္တ 'ဖိတ်အောက်' လုပ်ပြီး ကလောင်အကြောင်း 'ဖိတ်အင်' လုပ်ပါရစေ။

ဆလိုက်မီးကြီးကို ထောင်အုပ်ရိုးကြီးမှသည် စာအုပ်ပုံကြီးဘက်ဆီသို့ လှည့် ထိုးလိုက်သည့်သဘော။

http://www.cherrythitsar.org



စာပေဝါသနာရှင်တို့အတွက်လည်း အကျိုးရှိကောင်း ရှိပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သူတို့တစ်တွေ မေးလေ့မေးထရှိသည့် စကားမှာ၊

"ဆရာ စာကို ဘယ်လိုစပြီးရေးပါသလဲ။ စာရေးတဲ့အခါ ဘယ်လို ရေးရမလဲ"

ယင်းမေးခွန်းနှစ်ခုအနက် ပထမမေးခွန်းကိုတော့ဖြင့် အတိအကျ ဖြေနိုင်ပါ၏။ ဒုတိယမေးခွန်းကိုတော့ ဟိုတုန်းကလည်း မဖြေတတ်၊ ယခုလည်း မဖြေတတ်သေး။ နောင်လည်း သေသည်အထိ ဖြေတတ်မည်မထင်။

သို့သော် တစ်ခုတော့ရှိသည်။

ပထမမေးခွန်းကို ဖြေယင်းကပင် ဒုတိယမေးခွန်းမှာလည်း အလိုလို ဖြေပြီးသား ဖြစ်ကောင်း ဖြစ်သွားပါလိမ့်မည်။

ဖြစ်သွားပါလိမ့်မည်ဟုသာ ဆိုခြင်းဖြစ်၏။ ဖြစ်ပါမည်ဟုတော့ အတိအကျ အာမဘန္ဒေ မခံနိုင်ပေ။

ဘာပြုလို့လဲဆိုတော့ ကိုယ် စာစပြီးရေးခဲ့တုန်းကတော့ ဘယ်ဆရာကဖြင့် ဘယ်လိုရေးဟဲ့ ဘယ်လိုစပ်ဟပ်ဟဲ့လို့ ကကြီးရေးက သင်ပုန်းကြီးချသလို သင်ခဲ့လို့တုန်း။

ဒါဖြင့် ဆရာ မရှိဘူးလား။

ဟာ သိပ်ရှိတာပေါ့။ ဆရာတွေမှ အများကြီး။

ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် ဝါးဖက်တော် ကစီနှစ်နှင့် လူဖြစ်အောင် မွေးပြီး ချိုမိုင်မိုင် သင်ပေးလိုက်သည့် မိဘ ညီအစ်ကို မောင်နှမက အစ၊ ကကြီးခကွေး သင်ပေးလိုက်သည့်ဆရာကို အလယ်ထားပြီး ကိုယ်ဖတ်တတ်သည့်၊ ဖတ်မိသည့် စာပေ မှန်သမျှကို ရေးသားသူမှန်သမျှ အနန္တောအနန္တဂိုဏ်းဝင် ဆရာတွေချည်းပါ ခင်ဗျား။

ဒါဖြင့် စာကို ဘာဖြစ်လို့ ရေးခဲ့သလဲ။

တုံးတိကြီး ဖြေတယ်လို့တော့ မထင်စေချင်ပါ။ ဆရာ့ဆရာများ ဖြေသလို ရေးချင်လို့ ရေးခဲ့တယ်ဟုပင် ဖြေရပါလိမ့်မည်။ မကျေနပ်လျှင် ထပ်မေးပါ။

ဘာဖြစ်လို့ ရေးချင်ရတာလဲ။

ဟုတ်ကဲ့ ရေးချင်စိတ် ပေါ်လာလို့ပါ။

ဘယ်လိုလုပ် ရေးချင်စိတ်က ပေါ်လာရတာလဲ။

ရေးစရာ အကြောင်းကလေးတွေက ပေါ်ပေါ်လာတာကိုး။

ဘယ်လို ပေါ်ပေါ်လာတာလဲ။

ဟာ....၊ အဲဒီအကြောင်းတွေကတော့ အများကြီးပဲ။ အာရုံငါးပါးနဲ့ ပတ်သက်လာလိမ့်မယ်။ စာရေးချင်တဲ့သူရဲ့ မျက်စိနဲ့မြင်သမျှ၊ နားနဲ့ကြားသမျှ၊ နှာခေါင်းနဲ့ ရှူရှိုက်မိသမျှ၊ လျှာအရသာ ထိတွေ့မိသမျှ၊ အဲဒီ အာရုံငါးပါးခံစားမှုမှာ သာမန်ထက် ထူးခြားမှု

http://www.cherrythitsar.org



ရှိလာယင် ရှိသလို စာရေးချင်စိတ် အလိုလို ပေါ်လာတာပဲ။

ပေါ်လာတော့….။

ပေါ်လာတော့ စာရေးချင်တဲ့ သူက ရေးချလိုက်တာပါပဲ။

ဘယ်လို ရေးချလိုက်တာလဲ။

ဟုတ်ပြီ။ အဲဒါ ပထမ မေးခွန်းပဲ။

"ဆရာ စာကို ဘယ်လိုစပြီး ရေးပါသလဲ"

ဒီမေးခွန်းကိုပဲ ပြန်ပြီး ဒုံရင်းဆိုက် လာပါသည်။ မောင်မောင့်အဖို့ ၁၂ နှစ်၊ ၁၃ နှစ်သားအရွယ် ၆ တန်း၊ ၇ တန်းလောက်က စ၍ စာရေးရန် သန္ဓေမျိုးစေ့ တည်ခဲ့သည်ဟု ဆိုရပေမည်။ တစ်နည်းအားဖြင့် ရေးစရာ အကြောင်းကလေး ပေါ်လာခဲ့သည်။

ပေါ်လာပုံက ဒီလိုပါ။

မောင်မောင်၏ဖခင်ဖြစ်သူမှာ မြေစာရင်းအင်စပတ်တော်တစ်ဦး ဖြစ်၏။ အင်စပတ်တော်၏ အထက်တွင် လယ်ဝန်ကြီးတစ်ဦး ရှိ၏။ လယ်ဝန်ကြီးသည် အရက် အလွန်သောက်သည်။ ရှေ့တွင်ရေးခဲ့သည့်အတိုင်း၊ အင်္ဂလိပ်ခေတ်က လယ်ဝန်ကြီး ဆိုသည်မှာလည်း ဘုရားထူးခံ ဖြစ်၏။

လယ်ဝန်ကြီးမှာ အရုပ် အလွန်မဆိုးလှသော်လည်း ကျောက်ပေါက်မာ အနည်းငယ်ရှိနေသဖြင့် အသားဖြူဖြူ ကိုယ်လုံးကိုယ်ပေါက် တောင့်တင်း၍ ကပြားရုပ် ပေါက်နေသော လယ်ဝန်ကတော်ကြီးနှင့် နှိုင်းယှဉ်လိုက်လျှင် ရှေ့သွားနောက်လိုက် မညီသလို ဖြစ်နေသည်။ သို့သော် ကိစ္စမရှိ၊ သူတို့မှာ ဂုဏ်ပကာသန အပြည့်။

လယ်ဝန်ကြီးမှာ မော်လီဟု ခေါ်သည့် သမီးကလေး တစ်ဦးတည်းသာ ရှိ၏။ သူ့အမေဘက် ကပြားသွေးနွယ်လေသလား မသိ၊ အတော်လေး ချစ်စရာကောင်းသည်။ အသက် ၁၀ နှစ်အရွယ် လေးငါးတန်းလောက် ရှိဦးမည်။

လယ်ဝန်ကြီးသည် ခရိုင်မြို့ ရုံးစိုက်ရာ ရမည်းသင်းတွင် နေရသည်။ သို့သော် သူ၏တစ်ဦးတည်းသော သမီးကလေးကို ရမည်းသင်းကျောင်းမှာ မထားဘဲ ရန်ကုန် ကွန်ဗင့်ကျောင်းတွင် ဘော်ဒါထားသည်။ ကျောင်းပိတ်ရက်များတွင် လယ်ဝန်ကြီး ကိုယ်တိုင် ခွင့်ယူ၍ ရန်ကုန်သွားခေါ်ကာ အိမ်မှာအတူနေကြသည်။ လယ်ဝန်ကြီးသည် တစ်ဦးတည်းသောသမီးလေး မော်လီကို အလွန်ပင်ချစ်ပုံရသည်။ ကလပ်မှ အရက် ဘယ်လောက်မူးလာလာ အိမ်ပြန်ရောက်၍ ကားပေါ်မှ ဆင်းသည်နှင့်၊

'သမီးရေ မော်လီ'ဟု အသံသြကြီးနှင့် ခေါ်လေ့ရှိသည်။ အချိန် စောနေသေး၍ မော်လီ မအိပ်သေးသဖြင့်၊

'ဒက်ဒီ သမီးလာပြီ'ဟု ဆိုကာ အိမ်ပေါ်မှ ပြေးဆင်းပြီး လယ်ဝန်ကြီးကို လက်ဆွဲခေါ်ခဲ့လျှင် ထိုညအဖို့ အစစအရာရာ အဆင်ချောသည်။ မိသားစု အေးအေး

http://www.cherrythitsar.org



ဆေးဆေး ထမင်းအတူစား၍ အိပ်ရာသို့ တန်းတန်းမတ်မတ်ဝင်သည်။

ကားပေါ်မှ ဒယီးဒယိုင်ဆင်းလာချိန် မော်လီမလာဘဲ မော်လီ၏မိခင် လယ်ဝန်ကတော်ကြီးလာပြီဆိုလျှင်တော့ ထိုညအဖို့ လယ်ဝန်ကြီး ဆူပူ၍ မဆုံးတော့ပြီ။ ထမင်းစားပွဲတွင် အကြောင်းအမျိုးမျိုးပြ၍ ရန်ရှာသည်။ စကားပြောမတည့်လျှင် ပန်းကန် ခွဲတတ်သည်။ နောက်ဆုံးတွင် လယ်ဝန်ကတော်ကြီးအား ကိုယ်ထိလက်ရောက် ရိုက်နှက်သည်အထိ စရိုက်ကြမ်းသည်။

ကလပ်ကပြန်တိုင်း မော်လီကြိုဖို့ဆိုတာကလည်း ဘယ်လိုမှ မဖြစ်နိုင်။ ထိုစဉ်က အရာရှိကလပ်ဆိုသည်မှာ လူစုံသည်။ ခရိုင်ဝန် ခေါ် အရေးပိုင်၊ ခရိုင်ရာဇဝတ်ဝန်၊ လယ်ဝန်၊ သစ်တောဝန်၊ နယ်ပိုင်ဝန်ထောက် စသည်အားဖြင့် ခရိုင်အဆင့်မှသည် လူရည်လည်သော မြို့နယ်အဆင့်အထိ ပါသည်။ ဘီလီယက်ခုံ ရှိသည်။ ဖဲဝိုင်း ရှိသည်။

သည်တော့ လယ်ဝန်ကြီး ကလပ်က ပြန်ချိန်ဆိုသည်မှာ သမီးလေး မော်လီ အိပ်မော်ကျရုံမျှမက နှစ်ရေးသုံးရေးပြန်နိုးလောက်သည့် သန်းခေါင်ကျော်သာများသည်။ လယ်ဝန်ကတော်ကြီးက ဇွတ်အတင်းနှိုး၍ အိပ်မှုန်စုံမွှားနှင့် ထကြိုနိုင်သည်လည်း ရှိသည်။ မကြိုနိုင်သည်လည်း ရှိသည်။

မကြိုနိုင်သည့်ညတိုင်းလိုပင် လယ်ဝန်ကတော်ကြီးမှာ မျက်ရည်နှင့် မျက်ခွက်။ အရိုက်အနှက် မခံရသည့်ညဆိုလျှင် ကံကောင်းသည်ဟု မှတ်။

ဤအကြောင်းအရာတွေကို မောင်မောင် ဘယ်လိုလုပ် သိသနည်း။

သူ၏မျက်စိနှင့် တပ်အပ်မြင်ရသလား။

မဟုတ်ပါလေ။ သူ့အသက် ၁၂ နှစ်၊ ၁၃ နှစ် အရွယ် ကျောင်းသားလေးပဲ။

သို့သော် သူ၏ဖခင်ဖြစ်သူက စကားစပ်မိ၍ မိခင်နှင့်မိသားစုကို ပြန်ပြောင်းပြောပြသောအခါ မောင်မောင် နားနှင့်ဆတ်ဆတ်ကြားခဲ့ရသည်။ သည်မှာပင် ရင်ထဲ၌ အစိုင်အခဲကလေး စတင်သန္ဓေတည်စ ပြုခဲ့ပေပြီ။

သို့ကလို နားနှင့်ကြားခဲ့ရာက မျက်စိနှစ်ကွင်းဖြင့် အတိအလင်းမြင်ရသည့် မြင်ကွင်းက ထပ်လောင်းအားဖြည့်လာချေသည်။

လယ်ဝန်ကြီးသည် သူ၏ ကားလေးဖြင့် မြို့နယ်များသို့ ကွင်းဆင်းစစ်ဆေးလေ့ရှိသည်။ ယခု သုံးနှုန်းနေသည့် ကွင်းဆင်းသည်ဆိုသော ဝေါဟာရမှာ ထိုစဉ်က မြေစာရင်းဌာနမှ စတင်လာခြင်းဖြစ်၏။ လယ်ကွင်းများကို မြေတိုင်းစာရေးက တိုင်းတာရ၍ မြေစာရင်း အင်စပတ်တော်က စစ်ဆေးရပြီး၊ လယ်ဝန်က အပြီးသတ် ကြီးကြပ်စစ်ဆေးရခြင်း ဖြစ်၏။ ပြီးလျှင် မြေခွန် စီးကြပ်ရသည်။ လယ်မြေ ဘယ်လောက်အောင်၍ ဘယ်မျှပျက်စီးသည် စသည် စသည်အားဖြင့်။

သည်လိုနှင့် လယ်ဝန်ကြီးသည် မောင်မောင်တို့နေထိုင်ရာ ရနောင် ခေါ် ရန်အောင်သို့ ရောက်ရောက်လာတတ်သည်။ ရောက်တိုင်းပင် ယခင်အခေါ် ဗိုလ်တဲ

http://www.cherrythitsar.org



ယခုအခေါ် အစိုးရ တည်းခိုရိပ်သာတွင် တည်းခိုမြဲ ဖြစ်၏။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် ရနောင်နှင့် ရန်အောင် အကြောင်းကို အနည်းငယ် ရှင်းလိုပါသေးသည်။ မောင်မောင်၏ ဇာတိချက်ကြွေ မွေးရပ်မြေမှာ ယခု မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ရန်အောင်ကျေးရွာဖြစ်၏။ ပျော်ဘွယ်မြို့မှ အနောက်ဘက် ၇ မိုင် ကျော်ကျော်ဝေးသည်။

တစ်ချိန်က မြို့အုပ်ရုံးစိုက်ခဲ့ဖူးသဖြင့် မြို့အုပ်ရုံးရှိသည်။ ဗိုလ်တဲရှိသည်။ ထိုစဉ်က ယခု တပ်ကုန်းမြို့နယ်သည် မြို့နယ်အဆင့်မဟုတ်သေး။ ကျေးရွာအဆင့်သာ ဖြစ်၏။ နောက်ပိုင်းကျမှ မြို့နယ်အဆင့် တက်လာခြင်းဖြစ်၏။

ရန်အောင်နှင့် ရနောင်ဆိုတာကတော့ ရှင်းပါသည်။ အင်္ဂလိပ်စာလုံးပေါင်းလျှင် ရနောင်ဆိုလျှင် Ya Naung၊ ရန်အောင်ဆိုလျှင်လည်း Yan Aung စာလုံးအပိုအလို မရှိ။

ရန်အောင်ဆိုလျှင် ဗြုန်းခနဲလူသိနည်းတတ်၍ မင်းတုန်းမင်းတို့၊ သီပေါမင်းတို့ လက်ထက်က 'ရနောင် မောင်မောင်တုတ်'စားတဲ့ ရနောင်မြို့ဟု ပြောလိုက်လျှင် ရာဇဝင်ကျွမ်းသူတို့ ချက်ချင်းသိသွားတတ်ကြ၏။ ရနောင်မောင်မောင်တုတ် ပွေတတ်၊ တေတတ်ပုံကို သိ၍များ လူကြီးသူမများ ရနောင်မှ ရန်အောင်သို့ ပြောင်းခဲ့လေသလား မသိရပါ။

လယ်ဝန်ကြီး ရန်အောင်သို့ကွင်းစစ်လာသည့်အခါ နွေရာသီ ကျောင်းပိတ်ရက်နှင့်ကြုံလျှင် လယ်ဝန်ကြီးကတော်နှင့် သူ့သမီးကလေး မော်လီပါလာတတ်၏။ မောင်မောင်နှင့် ကစားဖော် ကစားဖက်လို ဖြစ်နေသည်။ သို့သော် မောင်မောင်၏ဖခင်ကြီးက သိပ်ပြီးအရောတဝင် ရှိစေချင်သည့်လက္ခဏာမပြပါ။ ဖေဖေကိုယ်တိုင်က လယ်ဝန်ကြီးကို ဘုရားထူးနေရသည် မဟုတ်ပါလား။

တစ်ခါတွင်မူ လယ်ဝန်ကြီး၏သမီးလေးသာမက လယ်ဝန်ကြီး၏ ခယ်မပါ ပါလာသည်။ နာမည်က ဒေစီ။ တော်တော်လေး ချော၍ တက္ကသိုလ်ကျောင်းသူ ဖြစ်၏။

ဤနေရာတွင် ဇာတ်လမ်းကလေးက အနည်းငယ် ရှုပ်စပြုလာပြီ။

လယ်ဝန်ကြီးသည် ညနေပိုင်းတွင် အရက်မူးမူးနှင့် ဘာပြဿနာရှာလေသည် မသိ။ လယ်ဝန်ကတော်ကြီးနှင့် ကတောက်ကဆဖြစ်တော့သည်။ မှတ်မိသလောက်တော့ ခယ်မဖြစ်သူကို ထိကပါး ရိကပါးလုပ်ရာက စခြင်းဖြစ်ကြောင်းတော့ သေချာသည်။ နောက်ဆုံးတွင် လယ်ဝန်ကြီးဒေါပွကာ သူကိုင်နေကျ ခြောက်လုံးပြူးသေနတ်ကို သုံးလေးချက် ပစ်ဖောက်သည်အထိ ဟိုးလေးတကျော် ဖြစ်ခဲ့သည်။

ထိုစဉ်အခါက လယ်ဝန်ကြီး ဘယ်လောက်အထိ ဘုန်းကြီးလိုက်သနည်း ဆိုလျှင် ယင်းကဲ့သို့ ပြဿနာတက်၊ အရက်မူး၍ ခြောက်လုံးပြူးသေနတ် သုံးလေးချက် ပစ်ဖောက်သည်ကို ဗိုလ်တဲအနီးရှိ ရဲစခန်းမှ မည်သို့မျှ အရေးမယူရဲခဲ့ပေ။ အရေး မယူရဲ

http://www.cherrythitsar.org



ရုံမက ဌာနအုပ်ခေါ် ရဲစခန်းမှူးက 'သခင်ကြီး ဘဘများ အကူလိုသေးသလဲ'ဟု အရေး တယူပင် သွားမေးလိုက်ချေသေးသည်။

ယင်းကဲ့သို့ မျက်စိနှင့်မြင်၊ နားနှင့်ကြားရသည့် လယ်ဝန်ကြီး ဇာတ်လမ်း၏ နောက်ဆက်တွဲအဖြစ် မိဘများမှတစ်ဆင့် ကြားသိလာရသည်မှာ....

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီ တစ်နှစ်ခန့်အလိုတွင် ဖြစ်၏။

လယ်ဝန်ကြီး၏ လက်အောက်သို့ အလုပ်သင် လယ်ဝန်အသစ်ကလေး တစ်ယောက် ရောက်လာသည်။ သူက လူလွတ် လူပျို။ နေစရာ အိမ်ကလည်း အဆင် သင့်မရှိ။ သူ့မိဘတွေနှင့် လယ်ဝန်ကြီးတို့မှာလည်း သိဟောင်း ကျွမ်းဟောင်းများ ဖြစ်နေ၍ လယ်ဝန်ကြီး၏ အိမ်မှာပင် ခေါ်ထားသည်။

လယ်ဝန်ကြီးက ထုံးစံအတိုင်း နေ့စဉ် ကလပ်တက်၍ ညဉ့်နက်မှ အရက်မူး ပြီးပြန်၊ အလုပ်သင် လယ်ဝန်ကလေးမှာမူ အရက်သေစာ မသောက်စားတတ်သဖြင့် နေ့စဉ် ရုံးဆင်း အိမ်မှန်မှန်ပြန်နှင့်၊ တစ်နေ့တွင် ပြဿနာ တက်လာသည် ဆို၏။

ယခုလို စာရေးသက်ကလေး ရလာသောအခါ ဤဇာတ်လမ်းမျိုးကမူ သိပ်ပြီး မဆန်းလှပါ။ လင်ကြီးက အရက်သမား။ အချိန်မှန်မှန် အိမ်မပြန်။ အိမ်ပြန်ပါသော် လည်း မိသားစုအပေါ် ဂျီတိုက်တတ်သူ။ ရန်ရှာတတ်သူ။

အိမ်တွင် အတူနေ လူလွတ်လူပျိုက အရက်မသောက်တတ်။ ကြိုးချင်းထား ကြိုးချင်းငြိရမှာပေါ့။

ဇာတ်သိမ်းခန်းကတော့ သိပ်မကောင်းလှပေ၊ အများထင်ကြသည့်အတိုင်း လယ်ဝန်ကတော်ကြီး အလုပ်သင် လယ်ဝန်ကလေးနှင့် လိုက်ပြေးသည်။ လယ်ဝန်ကြီး မှာမူ သမီးကလေးနှင့် အရူးမီးဝိုင်း ကျန်နေခဲ့သည်။

ထိုအချိန်မှာပင် ဒုတိယကမ္ဘာစစ်ကြီးသည် ပိုင်စိုးပိုင်နင်း မြန်မာပြည်အတွင်း သို့ ချင်းနင်းဝင်ရောက် လောင်ကျွမ်းခဲ့ချေသည်။

ဤသည်မှာ တစ်နေ့တွင် ရန်အောင်မောင်မောင် ဖြစ်လာမည့် မောင်မောင်၏ ရင်ထဲတွင် ပထမဦးဆုံး ရေးသားခဲ့သည့် ဝတ္ထုကလေးတစ်ပုဒ်ပါတည်း။

■

# ၁၀

အချိန်ကာလကား ၁၉၅၀–၅၁ ခုနှစ်....။

နယ်ချဲ့အင်္ဂလိပ်အစိုးရတို့၏ ခါးသီးလှသော ဗြူရိုကရက် အာဏာကွန်ယက်သည် အခြားအခြားသောဌာနတွေထက် အကျဉ်းထောင်လောကတွင် ပိုမို ကြီးထွားပျံ့နှံ့ခဲ့သည်ဟု ထင်ပါသည်။

ဘယ်နေရာ ကြည့်လိုက် ကြည့်လိုက် အာဏာရှင်ဆန်လွန်းလှသည်။

အသက်ဦးဆံပိုင် ရှင်ဘုရင်များလက်ထက်ကလို စေတစ်လုံးပိုင်ရှင်၊ တစ်ချက်လွှတ်အမိန့်....။

"ဟေ့.... အလုပ်ဘက် ထောင်မှူးဦးသိန်းနဲ့ မိန်းဂျေး ထောင်မှူး ဦးမောင်မောင်တို့ကို ခေါ်လိုက်စမ်း"

သို့ကလို ထောင်ပိုင်ကြီးက အမိန့်တော်မြွက် ချမှတ်လိုက်သည်နှင့် တစ်ပြိုင်နက် သူ၏လက်စွဲတော် အော်ဒလီ ထောင်ဝါဒါက ဘူးပုလိပ်ဟု ခေါ်သည့် ခြေမြန်တော် အကျဉ်းသားအား။

"ဟေ့.... ထောင်မှူးဦးသိန်းနဲ့ ထောင်မှူးဦးမောင်မောင်တို့ကို ထောင်ပိုင်ကြီးက ခေါ်နေတယ်လို့ သွားပြော။ ခပ်မြန်မြန် လာခဲ့လို့ ပြောနော်...."

ထောင်မှူး ဦးမောင်မောင်ကတော့ မြန်ပါသည်။ သူက မိန်းဂျေးထောင်မှူးဆိုတော့ သိပ်ပြီး အလုပ်ရှိသူမဟုတ်။ ထောင်ဘူးဝနှင့် သူ့ရုံးခန်းကလည်း အနီးကလေး။

http://www.cherrythitsar.org



အလုပ်ဘက် ထောင်မှူးဦးသိန်း ရုံးခန်းကတော့ ထောင်ဘူးဝနှင့် အတော်လေး ကွာလှမ်းသည်။ အမြန်ဆုံး လမ်းလျှောက်လျှင်တောင် အနည်းဆုံး ငါးမိနစ် ခြောက် မိနစ်။

ငါးမိနစ်၊ ခြောက်မိနစ်က အရေးအကြောင်းမဟုတ်။ အရေးအကြောင်းက ဦးသိန်း၏ အမူအကျင့် ဓလေ့စရိုက်။ ဦးသိန်းက ခပ်အေးအေးသမား၊ အေးလိုက်သမှ ရေခဲက အဘ ခေါ်လောက်သည်။ ဦးသိန်းသည် မနက်အိပ်ရာမှထလျှင် ဘာလ်တီပုံး ခေါ် လက်ဆွဲကိုင်းပါသည့် သံပုံးတစ်လုံးရှိ ရေကုန်သည်အထိ မျက်နှာသစ်သည်။ ပြီးတော့ သူ၏ဇနီးကမ်းလာသည့် မျက်နှာသုတ်ပဝါကိုယူပြီး စိမ်ပြေနပြေ မျက်နှာ သုတ်တတ်သည်။ ပြီးလျှင် တစ်ပေါ့တစ်ပါးသွား၊ နံနက်စာကို အေးအေးလူလူစားပြီး မီးပူကျယူနီဖောင်းကို အကျအနဝတ်သည်။

ဇနီးဖြစ်သူမှာလည်း ဦးသိန်းထက် ငယ်ပုံရ၍ အလွန်ပင် အလိုလိုက်သည်။ ယူနီဖောင်းဝတ်ရာတွင် အင်္ကျီကြယ်သီးတပ်ပေး၊ အင်္ကျီအိတ်တွင်း ဖောင်တိန်ထည့်ပေး၊ လက်ကိုင်ပဝါထည့်ပေးနှင့် တယုတယ ပြုစုတတ်သည်။ ပြီးလျှင် ကြိမ်ခွေးခြေမှာ အသာလေးထိုင်လိုက်၊ ခြေအိတ်စွပ်ပေး၍ ရှူးဖိနပ်စီးပေးပြီး ကြိုးကို သပ်ရပ်စွာ ချည်နှောင်ပေးလိုက်ဦးမည်။ ထောင်ရုံးမှ ပြန်လာလျှင်လည်း ဦးသိန်း ကိုယ့်ဖိနပ်ကိုယ် ချွတ်စရာမလို၊ အသာလေး ခွေးခြေပေါ် ထိုင်နေလိုက် ဖိနပ်ကြိုးဖြေပြီး၊ ခြေအိတ် ချွတ်ပြီး၊ ယူနီဖောင်းကို ချွတ်ပြီး ဇနီးကမ်းပေးသည့် လုံချည်နှင့် လဲလိုက်ရုံသာ။

ဒါဖြင့်....၊ လမ်းလျှောက်တော့ကော။

ဦးသိန်းသည် ကိုယ်လုံး ကိုယ်ထည်ကြီးထွားတုတ်ခိုင်သူတစ်ဦး ဖြစ်၍ ယူနီ ဖောင်းနှင့် အလွန်လိုက်ဖက် ပန်ရသည်။ သို့သော် ဘယ်တော့မှ ဣန္ဒြေပျက်လောက် အောင် မြန်မြန်ကြီးမသွား။ တစ်လှမ်းချင်း လေးလေးမှန်မှန်သွားလေ့ ရှိသည်။ တစ်နည်း ပြောရလျှင် စတိုင်ကျကျ ရှိုးကျကျ။ သူ့ခြေလှမ်းတွေကတော့ ခရီးအရောက်သား။

စကားပြောလျှင်လည်း အေးအေးဆေးဆေးပင်။ ယဉ်ကျေးသိမ်မွေ့လိုက် သည်မှာလည်း သူ့အပြင် နှစ်ယောက်မရှိ။

စစ်မဖြစ်ခင်ကပင် ထောင်မှူးအလုပ် ဝင်ခဲ့ကြသူများဖြစ်၍၊ ထိုစဉ်က ဦးမောင်မောင်တို့ထက် ဆယ့်လေးငါးနှစ်လောက် အသက်ကြီးသည်။ အချို့ လုပ်သက် ရင့် ထောင်မှူးများက ဦးမောင်မောင်တို့လို ထောင်မှူးပေါက်စတွေကို မင်းနှင့်ငါနှင့် ပြောချင်ပြောမည်။ ဦးသိန်းကမူ ခင်ဗျား၊ ကျွန်တော်နှင့် လေးလေးစားစား။

ဦးသိန်းသည် အလုပ်ဘက် ထောင်မှူးဖြစ်၏။ အလုပ်ဘက် ထောင်မှူးဆို တော့ အပြင်လူတွေ သိချင်မှ သိမည်။ ထောင်ထဲတွင် အပြင်ရာဇဝတ်တရားရုံးမှ အလုပ် ကြမ်းနှင့် ထောင်ချလိုက်သော အကျဉ်းသားများ အလုပ်ကြမ်းလုပ်ရန် အလုပ်တွေ တစ်ပုံတစ်ပင်ကြီး ရှိသည်။ လက်သမား၊ ယက်ကန်း၊ ကြိမ်လုပ်ငန်း၊ ဆပ်ပြာချက်၊

http://www.cherrythitsar.org



ဂွမ်းခက်စောင်လုပ်ငန်း၊ ကော်ဇောရက်သည့်လုပ်ငန်း စသည်အားဖြင့် ထောင်ပိုင်ကြီး ချဲ့လျှင် ချဲ့သလောက် ရှိ၏။ အင်းစိန်လို ထောင်ကြီးကျတော့ အကျဉ်းသားများ၏ အဝတ်အစားများကို စက်ချုပ်ခြင်း၊ ယက်ကန်းရက်ခြင်း၊ ဖိနပ်ချုပ်ခြင်းနှင့် စာပုံနှိပ် တိုက်လုပ်ငန်းမျိုးအထိ ရှိသည်။

အဆိုပါ ထောင်တွင်း စက်မှုလက်မှုလုပ်ငန်းများကို ကြီးကြပ်ကွက်ကဲရသည့် ထောင်မှူးကို အလုပ်ဘက်ထောင်မှူးဟု ခေါ်ခြင်းဖြစ်၏။ ထောင်မှူးပေါက်စနှင့် ဘာမှ မဆိုင်၊ လုပ်လည်း မလုပ်နိုင်။ ဦးသိန်းတို့လို စီနီယာထောင်မှူးတွေသာ လုပ်ကိုင် နိုင်သည့် လုပ်ငန်းမျိုး ဖြစ်၏။

ဦးသိန်းသည် အလုပ်ဘက်ရုံးခန်းသို့ရောက်၍ ကုလားထိုင်တွင် ထိုင်ပြီးသည် နှင့် သူ၏ဘောင်းဘီ တစ်ဖက်တစ်ချက်တွင် လက်ကိုင်ပဝါတစ်ထည်စီ အမြဲပါသည်။ လက်ကိုင်ပဝါနှစ်ထည်ကို စားပွဲပေါ်တွင်ချ၊ တစ်ထည်ပြန်ယူပြီး ပါးစပ်နှင့် ပါးစောင် တို့ကို သုတ်သည်။ ဘာမျှ ပေကျံနေလို့မဟုတ်။ သူ၏ အမူအကျင့်ပင် ဖြစ်၏။ (ထိုစဉ် က ယူနီဖောင်းမှာ ကာကီအင်္ကျီ လက်တိုနှင့် ဘောင်းဘီအတို။)

ပြီးလျှင် စားပွဲပေါ်တွင် တင်ထားသော ခဲတံ သုံးလေးချောင်းကို မုတ်ဆိတ်ရိတ် သော ဘရိပ်ဓားကလေးဖြင့် အကျအန ချွန်သည်။ အလုပ်ဘက် ထောင်မှူးပဲ၊ ဒီအလုပ် လောက်တော့ လုပ်ပေးမည့် အကျဉ်းသားတွေ တစ်ပုံတစ်ခေါင်းကြီးပေါ့။ သူ့ဘာသာ သူ ဝါသနာပါ၍ လုပ်ခြင်းဖြစ်၏။

ခဲတံချွန်တာကလည်း အကြောင်းရှိသည်။ အလုပ်ဘက်တွင် လုပ်ရသည့် လုပ်ငန်းတွေမှာ အရမ်းလုပ်လို့မရ၊ ကြိုတင်၍ တွက်ရ ချက်ရသည်။ လက်သမား လုပ်ငန်းဖြစ်စေ။ ကြိမ်လုပ်ငန်းဖြစ်စေ…။ estimate ခန့်မှန်းခြေစာရင်းကို ပထမ ကြိုတင်တွက်ရသေးသည်။ ပြီးမှ မင်နှင့်အချောရေး။ (ထိုစဉ်က ဘောလ်ပင်မပေါ်သေး)

ယင်းကဲ့သို့ ထောင်မှူးဦးသိန်းတစ်ယောက် တစ်နေ့တာအတွက် အလုပ် လုပ်ရန် တာစူနေစဉ်မှာပင် အကျဉ်းသား ဘူးပုလိပ်တစ်ယောက် ပြေးလာပြီး ထောင်ပိုင် ကြီးက ခေါ်နေကြောင်း ပြောတတ်သည်။

ဦးသိန်းကမူ ခပ်အေးအေး။

"အေး…. အေး….၊ လာခဲ့မယ်လို့ ပြောလိုက်။"

ဦးသိန်းသည် ခဲတံကို ချွန်မြဲ ဆက်ချွန်သည်။ လက်ကိုင်ပဝါဖြင့် မျက်နှာကို သုတ်သည်။ ဦးသိန်း မလာနိုင်သဖြင့် နောက်ထပ်အကျဉ်းသားတစ်ဦး ထပ်လာပြန်၏။ ဦးသိန်းက ထိုနည်းတူ ထပ်ပြောလိုက်၏။ အကျဉ်းသားနှင့်မရလျှင် ထောင်ပိုင်ကြီး၏ အော်ဒလီ ထောင်ဝါဒါ ဘတုတ် လိုက်လာမည်ဖြစ်၏။ ထိုအချိန်တွင် ဦးသိန်းသည် သူ့လုပ်ငန်းကို စနေပြီ။

ခေါင်းကို မော့ပြီး….။

http://www.cherrythitsar.org



"အေး.... အေး....၊ ကိုဘတုတ်ရယ်.... လာခဲ့မယ်လို့ ပြောလိုက်ပါကွယ်"

ထိုကဲ့သို့ ပြောပြီး သူ့အလုပ်သူ ဆက်လုပ်နေမည်သာ ဖြစ်၏။ ထိုအချိန်တွင် သူ၏အင်္ကျီအိတ်ထဲမှ ပတ်ကား ၅၁ ဖောင်တိန် မင်နီနှင့် မင်နက်နှစ်ချောင်းတို့ကို ထုတ်ပြီး အလုပ်ရှုပ်နေပြီ ဖြစ်၏။

အဆိုပါ ပတ်ကား ၅၁ ဖောင်တိန်နှစ်ချောင်းမှာလည်း မြင်လိုက် ပျောက်လိုက် သင်္ချိုင်းမှာ...

သခ်ါရပင် ဖြစ်၏။ ထိုအချိန်က မန္တလေးတွင် ရန်ကုန်နည်းတူ မြင်းပွဲတွေ ရှိနေသေးရာ ဦးသိန်း မြင်းပွဲရှုံးချိန်တွင် ပတ်ကားဖောင်တိန် မရှိ။ ဖောင်တိန်တစ်ချောင်း တန်ဖိုးကလည်း တစ်ရာကျော်။ ထိုစဉ်က တစ်ရာကျော်မှာ နည်းနည်းနောနော မဟုတ်။ ဆီတစ်ပိဿာ နှစ်ကျပ်ခွဲ၊ သုံးကျပ်။

ဦးသိန်း မလာနိုင်သဖြင့် နောက်ထပ် စာရေးကိုရဲမြင့် လိုက်လာပြန်၏။

"အန်ကယ်၊ ထောင်ပိုင်ကြီးက လေယာဉ်ပျံ လွှတ်လိုက်ရမလား....တဲ့"

ဦးသိန်း ဘာပြန်ပြောသည် ထင်ပါသနည်း။

"အေး.... ကောင်းသားပဲကွ။ လေယာဉ်ပျံ လွှတ်လိုက်ရင်လဲ ရန်ကုန် မြင်းပွဲ သွားရတာပေါ့"တဲ့။

အမှန်တော့ ဘာမှမဟုတ်၊ ဦးသိန်းသည် ထောင်ပိုင်ကြီးနှင့် ဆွေရိပ်မျိုးရိပ် သိပ်မကင်းချေ။ ထို့ကြောင့်သာ ယင်းကဲ့သို့ နွဲ့ဆိုး ဆိုးနိုင်ခြင်းဖြစ်၏။ ကျန်သည့် ထောင်မှူးများမှာမူ ထောင်ပိုင်ကြီးကို ချေးချမ်းအောင် ကြောက်ကြရသည်။

သို့နှင့်ပင် ထောင်မှူး ဦးသိန်းနှင့် ဦးမောင်မောင်တို့ ထောင်ပိုင်ကြီး အခေါ်ခိုင်းပြီးနောက် တစ်နာရီနီးပါးလောက်ကြာမှ ထောင်ပိုင်ကြီးရုံးခန်းသို့ ရောက်ကြသည်။

"ဦးသိန်းက အလုပ်ဘက်မှာ နန်းတွင်းကျောင်းအတွက်ကုဋီတစ်လုံး ဆောက်ပါ။ ဆောက်ပြီးရင် ဦးမောင်မောင်က အပြင်ဘုတ်အကျဉ်းသားတွေနဲ့ နန်းတွင်းကျောင်းကို သွားပို့ပါ။ ဒါပဲ"

ထောင်ပိုင်က ဒါပဲ....ဟု ဆိုလျှင် ထောင်မှူးတွေအနေနှင့် ဘာမျှပြန်ပြောပိုင်ခွင့် မရှိ။ အလေးပြုပြီး အသာလေး ပြန်ထွက်ရုံသာရှိသည်။ တကယ်တမ်း အပြင်ဘက်ရောက်မှ ပြန်စဉ်းစားကြည့်လိုက်တော့....။

ဘုန်းကြီးကျောင်း တစ်ကျောင်းအတွက် ကုဋီကြီးတစ်လုံး ဆိုသည်မှာ သာမန်ကာလျှံကာ အပြင်လူတွေအတွက် အိမ်သာကလေးတစ်လုံးလို ဖြစ်ကတတ် ဆန်းကချော်ကချွတ် မဟုတ်။ တိုင်မှစ၍ အမိုးအကာ အခင်းအားလုံး ထုနှင့်ထည်နှင့် ဖြစ်သည်။ ပေါ့ပါးသော ကျွန်းသစ်နှင့် ဆောက်သည် ဆိုဦးတော့ အကျဉ်းသားများနှင့် သယ်ဆောင်သွားရမည့်ခရီးမှာ နည်းနည်းနောနောမဟုတ်။

မန္တလေးထောင်မှ နန်းတွင်းကျောင်း ရောက်အောင် အနည်းဆုံး တစ်မိုင်မပြည့်တောင်၊ ၆ ဖာလုံလောက်တော့ အသာလေးရှိသည်။

http://www.cherrythitsar.org



ထောင်ပိုင်ကြီး ရုံးခန်း အပြင်ရောက်တော့မှ ဦးသိန်းနှင့် ဦးမောင်မောင်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်။

"ကဲ.... ဘယ်လိုလုပ်ကြမလဲ" ဆိုသည့် သဘော။

ဘယ်လိုမှ မလုပ်နှင့်။ သူခိုင်းသည့်အတိုင်းသာ မဖြစ်ဖြစ်အောင် ဆက်လုပ်။

ထိုခေတ်က ထောင်ပိုင် အဲဒီလောက်အထိ အာဏာရှိသည်။ ဒါကြောင့်လည်း နယ်ချဲ့ အင်္ဂလိပ်အစိုးရတို့၏ ခါးသီးလှသော ဗျူရိုကရက်အာဏာကွန်ယက်သည် အခြားအခြားသော ဌာနတွေထက် အကျဉ်းထောင်လောကတွင် ပိုမိုကြီးထွားကြောင်း ကနဦးစကား ဆိုခဲ့ခြင်းဖြစ်၏။

ထောင်ပိုင်။

မှန်ပါသည်။ ယခုခေတ်ကျမှ ထောင်ပိုင်ရယ်လို့ အချိန်ပြည့်ရှိခြင်း ဖြစ်၏။ ရှေး အင်္ဂလိပ်ခေတ်က ထောင်ပိုင်အချိန်ပြည့်မရှိပေ။ Civil Surgeon ခေါ် ခရိုင်ဆရာဝန်ကြီးများသည် ထောင်ပိုင်ဖြစ်၏။ ဥပဒေတွင် အတိအလင်းပါသည်။

ခရိုင်ဆရာဝန်ကြီးသည် ထောင်ပိုင်အနေနှင့် ထောင်သို့ တစ်ပတ်လျှင် တစ်ခေါက် နှစ်ခေါက်လောက်သာ လာသည်။ အရေးကြီးသောကိစ္စများ လက်မှတ်ရေးထိုးသည်။ တနလ်ာနေ့ တန်းစီကိုတော့ မပျက်မကွက်လာသည်။ ဒါဖြင့် မည်သူက ထောင်ကိုကြီးကြပ် အုပ်ချုပ်နေသနည်း။ ထောင်ကို တကယ်တမ်း ကြီးကြပ်ကွပ်ကဲ အုပ်ချုပ်နေသူက ထောင်မှူးကြီးပါ။

ဒါကြောင့်လည်း ရှေးခေတ်က လူတွေ ထောင်ပိုင်ကို သိပ်မသိကြ။ ထောင်မှူးကြီးကိုသာ လူသိများသည်။ ထောင်မှူးကြီးနှင့် ထောင်ပိုင်အကြောင်း ပြန်ပြောင်း သတိရမိသေးတော့သည်။

၁၉၄၈–၄၉ က ဦးမောင်မောင်သည် မော်လမြိုင်အကျဉ်းထောင်တွင် ထောင်မှူးကြီး။ ထောင်ပိုင်က ဦးဘရင်။ ကုလားဘရင်ဟု လူသိများသည်။

ထောင်ပိုင်ဘရင်သည် ကျန်းမာရေး သိပ်မကောင်းပေ။ နှလုံးရောဂါရှိသည်။ သို့ဖြစ်၍ အပြင်သို့ သွားစရာ လာစရာရှိလျှင် ထောင်မှူးကြီးဖြစ်သူ ဦးမောင်မောင်သာ ဒိုင်ခံ သွားလာနေရ၏။

ထိုအချိန်က ခရိုင်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ ခေတ်ဖြစ်ရာ တစ်နေ့တွင် ခ–လ–က သို့ ထောင်ပိုင်ကြီးကိုယ်တိုင် မလိုက်မဖြစ်သည့်ကိစ္စတစ်ခု ပေါ်လာသည်။ သို့ဖြစ်၍ ဦးမောင်မောင်နှင့် ဦးဘရင်တို့ ခ–လ–က ရုံးခန်းသို့အတူသွားကြသည်။

ခ–လ–က အတွင်းရေးမှူးမှာ ချင်းဗိုလ်ကြီး။ ဦးမောင်မောင်က ခ–လ–က အတွင်းရေးမှူးနှင့် မိတ်ဆက်ပေးသည်။

"ဗိုလ်ကြီး သူက ထောင်ပိုင်ကြီး ဦးဘရင်ပါ"

ထောင်မှူးကြီးကော ထောင်ပိုင်ကြီးပါ ယူနီဖောင်း ကိုယ်စီနှင့်။ ထောင်မှူးကြီး

http://www.cherrythitsar.org



ဦးမောင်မောင်၏ ပခုံးတစ်ဖက်တစ်ချက်တွင် ရွှေကြယ်နှစ်ပွင့်စီသာပါသည်။ ထောင်ပိုင်ကြီး ဦးဘရင်၏ ပခုံးနှစ်ဖက်တွင် State Seal ပြည်ထောင်စု ရွှေတံဆိပ် တစ်ခုစီတပ်ထား၏။

ခ–လ–က အတွင်းရေးမှူး ချင်းမိုလ်ကြီးသည် တယ်လီဖုန်းပြောလိုက်၊ အခြားဧည့်သည်လာ၍ စကားပြောလိုက်၊ ဥက္ကဋ္ဌ ခေါ်၍ အခန်းထဲသွားလိုက်နှင့် အလုပ်ရှုပ်နေသည့်ကြားထဲက ဦးမောင်မောင်နှင့် ဦးဘရင်တို့၏ ပခုံးများပေါ်ရှိ ရာထူးတံဆိပ်များကို မသိမသာ အကဲခတ်လျက်ရှိ၏။ မသိမသာဆိုသော်လည်း သိသာပါသည်။

ကြာလာတော့ သူလည်း မအောင့်နိုင်တော့ဘူးဟု ထင်ပါသည်။

ပါးစပ်မှ ပွင့်ထွက်လာ၏။

"ဩော်.... ဦးမောင်မောင်က ထောင်မှူးကြီးမို့လို့ နှစ်ပွင့်တပ်ရတာကိုး...."တဲ့။

ဦးမောင်မောင်မှာ ထောင်ပိုင်ကြီး ဦးဘရင် စိတ်ခုသွားမည်စိုးသဖြင့် မနည်းကြီး ရှင်းပြရသည်။ တောင်းပန်ရသည်။ ရွှေကြယ်နှစ်ပွင့်ထက် ရွှေရောင် ပြည်ထောင်စုတံဆိပ် ထောင်ပိုင်ကြီးက ပို၍ ရာထူးကြီးသည့်အကြောင်း။

ထိုနည်းတူပင် အပြင်လူတွေ အသိများတာကလည်း ထောင်မှူးကြီးဆိုသည်မှာ ထောင်ပိုင်ကြီးထက် ရာထူးကြီးသလိုလို။ တပ်မတော်မှ ဗိုလ်မှူးကြီးနှင့် ယှဉ်ပြီး ထောင်မှူး ကြီး ရာထူးက ပိုကြီးသည်ဟု အမှတ်မှားနေသူများလည်း ရှိသည်။

ထောင်ပိုင်အလုပ်ကိုသာ ခရိုင်ဆရာဝန်ကြီး လုပ်စေသည်မဟုတ်သေး။ အင်္ဂလိပ်အစိုးရလက်ထက်က ထောင်မင်းကြီးများမှာလည်း Indian Medical Service အိုင်–အမ်–အက်စ်၊ အိန္ဒိယဆေးပညာဥ်ခံဝန်ထမ်း ဗိုလ်မှူးကြီးများကိုပင် ခန့်ထားခဲ့သည်။

ကာနယ်လ်မင်းလေး၊ ကာနယ်တာရပေါ စသည်အားဖြင့်။

စစ်ပြီးခေတ် မြန်မာလူမျိုးထဲမှ ပထမဦးဆုံး ထောင်မင်းကြီးဖြစ်ခဲ့သူမှာ ဦးဘမောင်။ ဦးဘမောင်မှာ ထောင်မင်းကြီးနှင့် ပုလိပ်မင်းကြီး ပူးတွဲ တာဝန်ယူခဲ့သူဖြစ်၍ သူ့သား ဦးသန်းနွဲ့ကျတော့လည်း ရန်ကုန်ခရိုင် ရာဇဝတ်တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်နေရာမှ အကျဉ်းဌာနမင်းကြီး ဖြစ်လာခဲ့သည်။ ထောင်မင်းကြီးမျိုးဟု ဆိုရမလို။

၁၉၅၀ ခုနှစ် တစ်ဝိုက်က ထောင်ပိုင်ကြီးများ အာဏာပါဝါကြီးလိုက်ပုံမှာ။

တနင်္လာနေ့ ထောင်ထဲသို့ တန်းစီဝင်ရာတွင် လမ်းလျှောက်ယင်း ရှူးဖိနပ်ကြိုး ပြေသွားသည်ကို ကိုယ်တိုင်ကုန်း၍ ပြန်မချည်။ ခါးထောက်ရပ်ပြီး ခြေထောက်ကို ရှေ့ထိုးပေးလိုက်သည်။ အကျဉ်းသား ခြောက်ထောင်ပိုင် တင်မောင်က ကုန်း၍ ချည်ပေးရ၏။ ဒါက ထောင်ထဲလျှောက်သွားစဉ် အကျဉ်းသားက ကြိုးချည်ပေးရသည်ကို

http://www.cherrythitsar.org



ကြည့်ကောင်းသည်ဟု ဆိုချင်က ဆိုနိုင်သေးသည်။

ရှုံးခန်းထဲနေရင်း ကြိုးပြေသွားသည့်အခါ ခြေထောက်ကို ကုလားထိုင်ပေါ်သို့ စတိုင်ပါပါ တင်လိုက်ပြီး။

"ဟော့.... ရဲမြင့်၊ လာစမ်း"ဟု ခေါ်ပြီး ကြိုးချည်ခိုင်းသည်။

ရဲမြင့်ဆိုတာက စာရေး။ သူ့ခမျာ ကြောက်လွန်းလို့သာ လုပ်ပေးရပြီး၊ ရင်ထဲကတော့ မကျေနပ်။ ဤအကြောင်းကို ပြန်ပြောင်းပြောပြပြီး မျက်ရည်တောက်တောက်ကျခဲ့ရှာသည်။

ထိုမျှသာလော၊ မကသေးပါ။

တစ်ခါက တနင်္လာနေ့ ထောင်တွင်းဝင်ရောက်စစ်ဆေးရာတွင် ဘီကလပ်အရောက်၊ ဘီကလပ် အကျဉ်းသားတစ်ဦးက။

"ထောင်ပိုင်ကြီး ဒီပေါင်မုန့်ကို ကြည့်ပါဦး"

ထောင်ပိုင်ကြီးကို ရိုးရိုးအကျဉ်းသားက ခေါ်လျှင် သခင်ကြီးဟု ခေါ်ရသည်။ ဘီကလပ် အကျဉ်းသားအများစုကတော့ အသက် ၅၄ နှစ်ခန့် ပင်စင်ယူခါနီး ထောင်ပိုင်ကြီးအား အသက်အရွယ်ကိုထောက်၍ အန်ကယ် သို့မဟုတ် အန်ကယ်ကြီးဟု ခေါ်လေ့ရှိကြသည်။ ထောင်ပိုင်ကြီးဟု ခေါ်လျှင် သူ အလွန်စိတ်ဆိုးသည်။ သို့သော် ဘီကလပ်အကျဉ်းသားကိုတော့ မပြောရဲ။

ပေါင်မုန့်ကိုယူပြီး နမ်းကြည့်လိုက်တော့ ချဉ်စော် နည်းနည်းနံနေသည်။ အမှန်အတိုင်းတော့ အကျဉ်းသားက ထောင်ပိုင်ကြီးဟု ခေါ်လိုက်ကတည်းက ထောင်ပိုင်ကြီးမျက်ထောင့်နီနေပြီ။ သို့သော် မပြောသာသေးဘဲ ပေါင်မုန့်ကိုယူ၍ နမ်းကြည့်ပြီး ချဉ်စော်နံနေသည်ကို တွေ့ရသောအခါ တွေ့မြင်ရာရာ ဘီကလပ် အကျဉ်းသားများကို ကိုင်ရသူ ထောင်မှူးဦးခင်မောင်သန်းအား မဲတော့သည်။

အင်္ဂလိပ်လိုတစ်ခွန်း၊ မြန်မာလိုတစ်ခွန်း ဆူလိုက်၊ ပွက်လိုက်သည်မှာ ရစရာမရှိ။ ဆောင့်ကြီး အောင့်ကြီးနှင့် ဘီကလပ်ဆောင်မှ ထွက်သွားပြီး နောက်ထပ်ဝင်စရာရှိသည့် အဆောင်တွေကိုပင် မဝင်တော့။

ဖိုကြီးကိုလွန်၍ ဗဟိုဂါတ်မကြီးရောက်သည်နှင့် အပေါ်ရှိ ထောင်ဝါဒါများက သေနတ်မြှောက်၍ အလေးပြုကြသည်။

"ပရဲဆင့်.... အမ်း" (ထိုစဉ်က စစ်မိန့်ပေးသံ အင်္ဂလိပ်လို)

ထောင်ပိုင်ကြီးသည် အလေးပြုခြင်းကိုခံယူပြီးနောက် ထောင်မှူး ဦးခင်မောင်သန်းဘက်သို့ လက်ညှိုးထိုး၍....

"ဟော့....ဂါတ်၊ ဟောဒီထောင်မှူးကို သေနတ်နဲ့ပစ်သတ်လိုက်စမ်း။ အလကားထောင်မှူး"

သို့ကလို ပြောဆိုပြီး ဆောင့်ကြီးအောင့်ကြီး ထောင်ဘူးဝထဲ ဝင်သွားသည်။

http://www.cherrythitsar.org



ကဲ…. ကမ်းကုန်ရော။ အကယ်၍သာ ဂါတ်ကြီးပေါ်မှ ဝါဒါများက ထောင်ပိုင်ကြီး၏အမိန့်ကို နာခံသည့်အနေနှင့် တကယ် သေနတ်နှင့်လှမ်းပစ်ခဲ့လျှင် မခက်ပေဖူးလား။ ဤအပြုအမူမျိုးကိုမှ ဗျူရိုကရက်ဟု မခေါ်လျှင် ဘယ်ဟာကို ခေါ်ရဦးမည်နည်း။

ဦးမောင်မောင်သည် အလုပ်ဘက်သို့ ရောက်တိုင်း ဦးသိန်း ဆောက်လုပ်နေသည့် ကုဋီအိမ်ကြီးကိုကြည့်ကြည့်ပြီး ကြက်သီးမွေးညင်းများ ထနေမိသည်။ ဒါကြီးကို ဘယ်လိုလုပ်ပြီး နန်းတွင်းကျောင်းရောက်အောင် သယ်ရပါမည်နည်း။ ထောင်တွင် လူပေါပါသည်။ လုပ်အား အပြည့်အဝရှိပါသည်။ သို့သော် ဆောက်လုပ်ပြီး ကုဋီအိမ်ကြီးကို မန္တလေးထောင်ကြီးမှ နန်းတွင်းကျောင်းအရောက် သယ်သွားရမည့်အရေးမှာ မလွယ်ရေးချ မလွယ်။ မော်တော်ကားပေါ် တင်လို့လည်း မရ။ ယုတ်စွအဆုံး ထောင်ထဲက ထောင်အပြင်ရောက်ဖို့ပင် မလွယ်။ တံခါး အသေး အကြီး အဆင့်ဆင့်ရှိနေသေးသည်။ တော်ပါသေးသည်။ အမိုးကို ဘုန်းကြီးကျောင်းရောက်မှ မိုးမယ်ဆိုလို့။ နို့ဖြင့် ကရိမ်းနှင့် ထောင်အုပ်ရိုး ကျော်ချရမည့်ကိန်း။

လွယ်သည်ဖြစ်စေ၊ မလွယ်သည်ဖြစ်စေ၊ အလှည့်ကျတော့ နွဲ့မရ ဆိုသကဲ့သို့ ခိုင်းထားသည့်တာဝန် ကျေပွန်အောင်ထမ်းဆောင်ရမှာက ကိုယ့်အလုပ်။

ကိုင်း မ ကြစမ်း….။ ထောင်ထဲမှာဆိုတော့ လူအားက ကောင်းသည်။ တခြားတစ်နေရာတွေမှာ သိပ်ပြီးအခက်အခဲမရှိ။ ထောင်အတွင်း ကန့်ထားသော အုတ်နံရံများတွင် တပ်ဆင်ထားသည့် တံခါးပေါက်များတွင်သာ ကုဋီကြီးကို ဟိုဘက် နည်းနည်းစောင်း၊ ဒီဘက် နည်းနည်းစောင်း လုပ်ရသည်။ ထောင်ဘူးဝရောက်တော့ ထောင်ထဲက အကျဉ်းသားနှင့် ထောင်အပြင်လုပ် အကျဉ်းသားတို့ ဂျူတီချိန်းကြသည်။ အပြင်ဘုတ်အကျဉ်းသားတွေမှာ ခြေထောက်ရှိ သံခြေကျင်းတွေ တချွမ်ချွမ်နှင့် သိပ်ပြီး လွတ်လွတ်လပ်လပ် မရှိလှ။

တွေးကြည့်လျှင်တော့ ရယ်စရာကြီးပါ။ အပြင်တွင် မြင်မြင်သမျှ လူတွေကလည်း ရယ်ကြပါသည်။ ရယ်စရာပေါ့။ လုပ်ပြီးသား ကုဋီကြီးကို အကျဉ်းသားသုံးဆယ်လောက် ဝိုင်းထမ်းသွားသည်မှာ သမားရိုးကျ မြင်ရိုးမြင်စဉ် မြင်ကွင်းမျိုးမှ မဟုတ်ဘဲ။

ဆယ့်လေးငါးလှမ်းလောက် တစ်ခါသယ်၊ မခံနိုင်တော့ ပြန်ချ။ လူထပ်လဲပြီး ပြန်မကြနှင့် ထောင်ကြီးမှ မနက် ၇ နာရီလောက် စသယ်သွားသည်မှာ ၁၀ နာရီလောက်ကျမှ နန်းတွင်းကျောင်း ရောက်တော့သည်။ စာရင်းရှင်းလိုက်တော့ အကျဉ်းသားတစ်ယောက် ပခုံးပြဲသွား၍ နောက်တစ်ယောက် ဒူးကွဲသွားသည်။

ကိစ္စမရှိ….။ ဒါ ထောင်ပိုင်ကြီးခိုင်းတဲ့ ကိစ္စပဲ။

■

# ၁၁

"ကျွန်မ စာရေးဆရာဖြစ်လာတာ ငယ်ငယ်က ရည်းစားစာတွေ ရေးလာခဲ့ရာက စခဲ့တာပါရှင်"

အမျိုးသမီး စာရေးဆရာမတစ်ဦး ဟောပြောပွဲတစ်ခုတွင် သို့ကလို ပြောခဲ့ဖူးပါသည်။ ဟိသစ္စ ထိုစကားသည် မှန်ပေစွ။ မောင်မောင်တို့လဲ ကျောင်းသားဘဝက ရည်းစားစာတွေ ဖြောင်းဆန်အောင် ရေးခဲ့ဖူးတာပေါ့။ ရေးလိုက်သမှ ကိုယ့်အတွက်ကိုလည်း ရေးသည်။ သူများအတွက်လည်း ရေးပေးသည်။

"ကောင်မလေးဆီက ပြန်စာရရင် ခေါက်ဆွဲ ကျွေးမလား၊ ရုပ်ရှင်ပြမလား သုံးစောင်အထိမှ ပြန်စာမလာယင် မင်းကို ငါ ရုပ်ရှင်ပြမယ်"

သို့ကလို လောင်းကြေး စားကြေးနှင့်လည်း ရေးပေးသည်။ ကိုယ်က ရှုံးသဖြင့် အလျော်ပေးရသည်ဟူ၍ မကြုံခဲ့ဖူးပေ။ ကောင်မလေးဆီက ပြန်စာရ အောင်ပွဲခံ၍ ခေါက်ဆွဲစား၊ ရုပ်ရှင်ကြည့်ခဲ့ရသည်သာ များသည်။ မောင်မောင်တို့ ရည်းစားစာရေးသည့်ခေတ်က ကဗျာတို ကဗျာစကလေးများ တစ်စွန်းတစ်စ ကြားညှပ်ရေးသည့်ခေတ်တို့ကို အဖျားခတ် မှီလိုက်သေးသည်။ ကိုယ့်ဘာသာကိုယ် ရေးစပ်တတ်သူတို့ကို ရေးစပ်ကြ၍ မစပ်တတ်သူတို့ကတော့ သူများစပ်ထားတာ ခိုးချပေါ့။

'လက်ဝဲသုန္ဒရ၊ မဲဇာကလျှင်၊ ဆက်သ ရတု၊ ရေးစီပြု၍၊ သမုမင်းဆွေ၊ အမျက်ပြေ၏။

http://www.cherrythitsar.org



မမြကလေး၊ ပတ်ပျိုးရေး၍၊ သက်ဘေးကင်းလွတ်၊ နှောင်ဖွဲ့ကျွတ်၏။
လှိုင်ထိပ်ခေါင်တင်၊ ကနှောင်ရှင်က၊ မာန်ဝင်မျက်ထား၊ ပြုစိမ်းကား၍
ရေးသား ဘောလယ်၊ ချစ်ရေးကြွယ်၏။

ကဗျာ ကဗျာ၊ ငါဖွဲ့ပါလည်း.... .... 'စသည်အားဖြင့် အစချီကာ နောက်ပိုင်း ကောင်မလေး သနားလာအောင် ဆက်ရေးတော့တာပေါ့။

အထူးသဖြင့် ကောင်မကလေးများက တစ်ယောက်မကောင်း၍ တစ်ယောက် ပြောင်းရန် စိတ်ကတိမ်းကပါး ဖြစ်လာသောအခါ မာန်လည်ဆရာတော်ဘုရားကြီး၏ မဃဒေဝ လင်္ကာသစ်ထဲမှ ဣတ္ထိယပိုင်းဆိုင်ရာ အဖွဲ့အနွဲ့ကလေးများနှင့် ကိုင်ပေါက်၍ အကောင်းဆုံးဖြစ်သည်။

'ထွေလည်းထိုထို၊ တောင်ကြီးမြို့၍၊ ရွတ်ဆိုနှုတ်က၊ ကျိန်သမျှလည်း၊
မိန်းမသစ္စာ၊ မုသားတည့်၊ ဖွတ်လျှာသဏ္ဌာန်၊ နှစ်ခွဥဏ်နှင့်၊
မမှန်သည်သာ၊ များလှစွာ၏....' လို့ တစ်မျိုး။

'မိန်းမအလို၊ သဘောဆိုမူ၊ ထဲသိုပိုက်ထား၊ ရေ့ဌင်ါးသို့၊ ထင်ရှားဘယ်ခါ၊
မသိရာဘူး....' ဟုတဖုံ။

သို့ကလို ကိုယ်လိုရာကိုယ်ဆွဲပြီး မရောင်ရာ နန္ဒမ်းလိမ်းဖူးပါသည်။ အမှန် အတိုင်း ဆရာတော်ဘုရားကြီး မူလ ရေးသားတော်မူခဲ့သည် ရည်ရွယ်ယင်း အချက်က တစ်မျိုးပါ။ မောင်မောင်တို့တစ်တွေ လူလည်လုပ်ခဲ့ခြင်းသာ ဖြစ်ပါသည်။

ဘယ်လိုပဲဖြစ်ဖြစ် စာပေဝါသနာရှင်တိုင်းလိုလိုပင် မူလဘူတ ကဗျာရေးစပ် ရာက စခဲ့သည်သာ များပါသည်။ မောင်မောင်တို့လည်း ကဗျာက စခဲ့သူပင်ဖြစ်၏။ ထိုစဉ်က လေးလုံးစပ်ကဗျာ အတော်လေး ထွန်းကားနေပြီဖြစ်သော်လည်း တေးထပ်တို့၊ ဒွေးချိုးတို့၊ လေးချိုးတို့ လက်ကျန်ကလေး ရှိနေသေးသည်။

တေးထပ် အရေးကောင်းလို့လည်း ပြဿနာပေါ်ခဲ့ရဖူးသည်။ မန္တလေး ကောလိပ်မှ ထုတ်ဝေသည့် မဂ္ဂဇင်းတစ်စောင်တွင် ခင်ပြုံးဟူသော ကလောင်ရှင်တစ်ဦးက 'သွေးနီကြစေ တပ်ဦးမေ' တေးထပ်တစ်ပုဒ် ရေးလိုက်သည်။ လွတ်လပ်ရေးမရသေးမီ တိုက်ပွဲဝင်နေကြချိန်တွင် တပ်ဦးမေများအနေနှင့် အသင့်ရှိကြရန် တပ်လှန့်နှိုးဆော် ထားခြင်း ဖြစ်၏။ မောင်မောင်တို့လည်း ကောလိပ်မရောက်သေးပေမင့် အထက်တန်း ကျောင်းသားဘဝ ကျောင်းသားတစ်ဦးပဲ။ ခင်ပြုံး၏ တေးထပ်မှာ နည်းနည်းလေလုံး ထွားသည် ထင်သဖြင့် 'မရဲဘဲ ကျွဲပြဲမစီးနှင့်'ဟု ခေါင်းစီးတပ်ပြီး တေးထပ်တစ်ပုဒ် ရေးသည်။ ကလောင်အမည်ကို တမင်တကာ ခင်ပြုံးနှင့် ဆန့်ကျင်ဘက် 'ချဉ်ဖြုံး'ဟု ရွေးမိသည်။ စာစောင်တွင် ပါလာပြီးနောက်၊ မကြာလိုက်ပါလေ။ မဂ္ဂဇင်း တာဝန်ခံ အယ်ဒီတာ မောင်မောင်တို့ကျောင်း အူယားဖားယား ပေါက်ချလာသည်။ သူနှင့်အတူ ကလောင်ရှင် ခင်ပြုံး၏ ရာဇသံလည်း ပါလာ၏။

http://www.cherrythitsar.org



"အဲဒီတေးထပ်ကိုရေးတဲ့ ချဉ်ဖြူးဆိုတာ ဘယ်သူလဲ။ သူ့ကိုဖော်ထုတ်ပေးနိုင်ရင် ဖော်ထုတ်ပေးပါ။ ဖော်ထုတ်မပေးနိုင်ရင် ရှင်တို့စာစောင်မှာ ဘယ်တော့မှ မရေးတော့ဘူး"

မောင်မောင်က တာဝန်ခံအယ်ဒီတာကို မျက်နှာချိုသွေးရသည်။

"ကလောင်ရှင်ကို ဖော်ထုတ်ပေးသင့် မပေးသင့်ဆိုတာ ခင်ဗျားတို့အယ်ဒီတာတွေ စောင့်ထိန်းအပ်တဲ့သိက္ခာပဲ"

"ဒါဖြင့် ကျွန်တော် ခုဘာဆက်လုပ်ရမလဲ။ အဲဒီ ခင်ပြုံးဆိုတဲ့ ကလောင်ရှင်ကလဲ မလွယ်ဘူးဗျ"

"လွယ်ပါတယ်ဗျာ။ နောက်သုံးရက်နေရင် ခင်ဗျားအိမ်ကို ကျွန်တော် လာခဲ့ပါမယ်"

သုံးရက်အကြာ အယ်ဒီတာအိမ်သို့ မောင်မောင်သွားသည်။ နောက်ထပ်တေးထပ်တစ်ပုဒ် ရေးစပ်ပေးလိုက်သည်။

'လွန်တာရှိ ဝန္ဒာမိ'

တေးထပ်ထဲတွင် ကျောင်းသားတပ်ဦး မောင်နှမအနေနှင့် အားမလိုအားမရဖြစ်၍ ကလူကျီစယ်မိကြောင်း၊ တပ်ဦးမေတို့ သွေးတကယ်နီကြမည်ဆိုလျှင် တပ်ဦးမောင်များက ရှေ့ဆောင်လက်တွဲ ခေါ်ဆောင်သွားကြရန် အသင့်ရှိကြောင်း ထည့်သွင်းရေးစပ်ထားသည်။ အမျက်ပွေလာမှတော့ အမျက်ဖြေရမှာပေါ့။ သည်ကိစ္စ သည်မှာပင်နိဂုံးကမ္ပတ် အဆုံးသတ်သွားခဲ့သော်လည်း 'ချဉ်ဖြူး'ဟူသော ကလောင်အမည်ဖြင့် ယခုအခေါ် လုပ်သားကောလိပ်၊ ယခင်သက်ကြီး တက္ကသိုလ်သို့တိုင်အောင် ကလောင်သွေးခဲ့ဖူးသည်။

ခင်ပြုံးနှင့်တော့ ဘာမျှ မပတ်သက်တော့ပါ။ ပတ်သက်သူအကြောင်းကိုနောက်ပိုင်း 'ကြမ္မာရဟတ်တစ်ပတ်လည်'၊ ရုပ်ရှင်အနေနှင့် 'သိကြားစေ သက်သေညွှန်း' အကြောင်း ရေးသားရာတွင် ပါလာပါမည်။

ထားပါတော့။

စာပေရေစီးကြောင်းတစ်လျှောက်၊ ချောင်းငယ်၊ မြောင်းငယ်ဘဝမှ မြစ်ချောင်းအင်းအိုင်များကို ကျော်ဖြတ်ပြီး စာပေသမုဒ္ဒရာအတွင်းသို့ စီးဆင်းဝင်ရောက်ရာတွင် အဆင့်ဆင့်ဖြတ်သန်းကျော်လွှားခဲ့ရပုံကို အစမှပြန်ကောက်သော်....၊

ရည်းစားစာတွေကို ရေးခဲ့ပြီးနောက် ကျောင်းသားစာစောင်တွေ နံရံကပ်စာစောင်တွေမှာလည်း ရေးပါသည်။ ထိုစဉ်က ဆရာဇဝနသည် မြို့လုံးပတ်လည်ခေါင်းစီးဖြင့် သတင်းစာတစ်စောင်တွင် နေ့စဉ်မြင်သမျှ တွေ့သမျှ ဆောင်းပါးရေးနေသည်။ (မြန်မာ့ အလင်းဟု ထင်သည်)

"ဂေါ်လီ၏ နေ့စဉ်မှတ်တမ်း"

http://www.cherrythitsar.org



ရမည်းသင်းမြို့ အစိုးရအထက်တန်းကျောင်းမှ အပတ်စဉ်ထုတ်ဝေသည့် ကျောင်းသား နံရံကပ်စာစောင်တွင် မောင်မောင်က တစ်ကဏ္ဍ ယူထားသည်။ ဆရာဇဝန၏ 'မြို့လုံးပတ်လည်'ကို အားကျလို့ပါ။

'ဂေါ်လီ၏ နေ့စဉ်မှတ်တမ်း'ထဲတွင် အကြောင်းအရာ မျိုးစုံပါ၏။ ဆရာဇဝန နည်းတူ အရှည်ကြီးမရေးဘဲ တိုစိတိုစိ ရေးသည်။ ကျောင်းရှိသောက်ရေအိုးထဲတွင် မိကျောင်းပေါ်နေသည့် အကြောင်း၊ ကျောင်းအိမ်သာမှာ ပျက်စီးယိုယွင်းနေ၍ ယိုသူ မရှက် မြင်သူရှက်နေရကြောင်း၊ စာသင်ခန်းထဲမှ ထိုင်ခုံများ ရစရာမရှိအောင် ပျက်စီး နေကြောင်း အစချီကာ၊ ကျောင်းသားကျောင်းသူများ ဘက်ကလည်း စည်းမရှိ ကမ်းမရှိ ကျောင်းအိမ်သာ ထရံကိုချိုး၍ ချေးသုတ်ခနောင်းလုပ်သည်မှာ မသင့်တော်ကြောင်း၊ ကျောင်းတက်ချိန်လစ်၍ ရုပ်ရှင်ကြည့်သူများအကြောင်း၊ ခံစပ်ကုန်း ကန်ဘက်တွင် ချိန်းတွေ့တတ်သည့် အတွဲတွေအကြောင်း.... စသည်တို့ကို ထိထိမိမိ ကလော်ခဲ့ သရော်ခဲ့သည်။

ကြာလာတော့ ကျောင်းတွင် မောင်မောင်သုံးယောက်ရှိသည့်အနက် 'ဂေါ်လီ ၏ နေ့စဉ်မှတ်တမ်း' ရေးသူကို ဂေါ်လီမောင်မောင်၊ ပါးအနည်းငယ်ရွဲ့နေသည့် မောင်မောင်ကို ပါးရွဲ့မောင်မောင်၊ ပုစဉ်းခေါင်းနှင့်တူသူ မောင်မောင်ကို ပုစဉ်းခေါင်း မောင်မောင်ဟု အမည်တွင်လာတော့သည်။

ဂေါ်လီ၏ နေ့စဉ်မှတ်တမ်း ရေးရာတွင် စားသာသည့်အပိုင်းလည်း ရှိတန် သလောက် ရှိခဲ့ပါသည်။ အရှည်ကြီး ကိုစန်းမောင်ဆိုလျှင် အရပ်ပုပုလေး မလှလှနှင့် အမြဲတန်းတွဲသည်။ သူတို့အတွဲမှာ သူများတကာထက်ထူးထူးခြားခြား ပုပုနှင့် ရှည်ရှည် ဟိုနားရှောင် မလွတ်၊ ဒီနားကွင်း မလွတ်။ ကိုစန်းမောင်ဆိုလျှင် ဂေါ်လီမောင်မောင်ကို အမြဲတမ်းပူဇော်ပသရသည်။ မှတ်တမ်းထဲ ပါသွားမှာ ကြောက်တာကိုး။

တစ်ချိန်တွင် စာရေးဆရာဖြစ်လာမည့် သူသည် ငယ်စဉ်က အနည်းနှင့် အများတော့ ဆပ်စလူးခါရသည်ဟုထင်သည်။ အဘယ်ကြောင့်ဆိုသော် မောင်မောင်တို့ ငယ်စဉ်က ကျပန်းစကားပြောပွဲဆိုလျှင်လည်း ပါသည်။ စကားရည်လုပွဲ ဆိုလျှင်လည်း ရှေ့ဆုံးက။ ပြဇာတ်ကမလား မင်းသား။ အားကစားဘက်မှာလည်း ဘောလုံးအသင်း တွင် ပါလိုက်သေးသည်။ သို့ကလို ကျောင်းသားဘဝတွင် စုံတကာစေ့လာခဲ့ရာက အင်ဂျင်နီယာကျောင်းသားဘဝတွင် တစ်နှစ်ခွဲ၊ နှစ်နှစ်လောက် စာပေလောကနှင့် မသိမသာ ကင်းကွာခဲ့သော်လည်း ရည်းစားစာအရေးကား မပျက်ခဲ့ပါလေ။

၁၉၅၀ ခုနှစ် အကျဉ်းဌာနတွင် ထောင်မှူး ဝင်လုပ်မိတော့ ငိုက်မျဉ်းနေသော စာရေးချင်သည့်စိတ်သည် တစ်ရေးနိုးလာပြန်၏။ အလုပ်ထဲရောက်သွားတော့ ကျောင်းသားဘဝတုန်းကလို စာကျက်စရာမလို၊ စာမေးပွဲဖြေဖို့ ပူပင်စရာမရှိ၊ အလုပ် တာဝန်ပြီးလျှင် တွေးချင်သလို တွေး၊ ငေးချင်သလို ငေး နေနိုင်၏။ အကျဉ်းသားက

http://www.cherrythitsar.org



ကိုယ့်ကို ရိုက်သွားမှာ မကြောက်လျှင် ငိုင်ချင်လဲ ငိုင်နေ။

ယင်းကဲ့သို့ စာရေးသည်ဆိုခြင်းမှာလည်း တွေးရာ ငေးရာ ငိုင်ရာမှ အစပြု၍ ရင်ထဲတွင် ပေါ်ပေါက်လာသောခံစားချက်တွေကို စက္ကူထက်တွင် အဖြူအမည်း အက္ခရာတင်ခြင်း မဟုတ်ပါလား။

ကောင်းပါပြီ။ စာရေးတော့မည်ဆိုတော့ ဘာအကြောင်းရေးမှာလဲ။အသက် က ငယ်ငယ်၊ အသည်းကနုနုဆိုတော့ အချစ်အကြောင်းပဲပေါ့။ ဟုတ်တယ်လေ။ အသက် ၂၀ အရွယ်ဆိုတာ အချစ်ရေးအချစ်ရာတွင် မလိမ်မိုးမလိမ္မာနှင့် ကိုယ့်အသည်း လည်း ဟက်တက်ကွဲခဲ့ဖူးပြီ။ သူများအသည်းလည်း ရက်ရက်စက်စက် ခွဲခဲ့ဖူးပြီ။

အသည်းကွဲရခြင်းနှင့် အသည်းခွဲခဲ့ခြင်းတည်းဟူသော ဝိရောဓိနှစ်ခုအပေါ် အခြေခံ၍ နှလုံးသားတွင် ရင်နာရ၏။ ကြင်နာရ၏။ ကြေကွဲရ၏။ ဖွဲမီးများ တငွေ့ငွေ့ လောင်ကျွမ်းသလို ဆွေးတမြည့်မြည့် ခံစားရ၏။ ကိုယ်က အသည်းခွဲခဲ့သည်များကို လည်း ကရုဏာတရားနှင့်ယှဉ်ပြီး နောင်တ တရားရမိ၏။

ခြုံ၍ဆိုရသော် ဝေဒနာပါ။ ဝေဒနာဆိုတာ ခံစားမှု၊ ခံစားမှုဆိုတာ ဝေဒနာ၊ ဝေဒနာဆိုတာ လူတိုင်းမှာရှိသည်။ ရှင်ဘုရင်မှ သူတောင်းစား အထိ။ အချစ်အကြောင်း တစ်မျိုးတည်းသာမဟုတ်။ အကြောင်းအမျိုးမျိုးကို အခြေခံသည်။ အချစ်အကြောင်း ဖြစ်မည်။ စစ်အကြောင်း ဖြစ်ချင်ဖြစ်မည်။ အမုန်းအကြောင်း ဖြစ်ချင်ဖြစ်မည်။ ခွေးအကြောင်း၊ အိမ်အကြောင်း၊ ထောင်အကြောင်း၊ သမီးယောက္ခမအကြောင်း စသည် အားဖြင့် ဝေဒနာ၏မြစ်ဖျားခံရာ အကြောင်းတရားများမှာ ဒုနဲ့ဒေး။ ဘယ်လိုမှ ရေတွက် လို့ မရ။

လူတိုင်းလူတိုင်း ဝေဒနာ ခံစားကြရသော်လည်း လူတိုင်းလူတိုင်း၊ အနုပညာ ပါရမီရှင်များ မဟုတ်ကြပေ။ အနုပညာ ပါရမီရှင်မှသာလျှင် မိမိဝါသနာပါသော အနုပညာ ကုန်ထုတ်စွမ်းအားဖြင့် ဝေဒနာကုန်ကြမ်းကို အနုပညာကုန်ချောအဖြစ် ထုတ် လုပ်နိုင်ပေမည်။ ဝေဒနာ တစ်ခုကို အရင်းပြု၍ အနုပညာပါရမီရှင်များဖြစ်ကြသော ကဗျာဆရာက ကဗျာကို စပ်၏။ သီချင်းရေးဆရာက သီချင်းရေး၏။ ပန်းချီဆရာက ပန်းချီဆွဲ၏။ ပန်းပုဆရာက ပန်းပုထုသည်။ စာရေးဆရာက စာရေးသည်။ အဖြေက တော့ ဒါပါပဲ။

အဲ.... တစ်ခုတော့ ရှိသည်။ ယင်း အနုပညာရှင် ခံစားရသော ဝေဒနာ ကုန်ကြမ်း၏ အဆင့်အတန်း အရည်အသွေး ဘယ်လောက်ကောင်းသနည်း။ ကျောက် စကားနှင့်ပြောရလျှင် ဘုံဘိုင်ညွန့်လား၊ ဘုံဘိုင်ရေလား၊ လယ်သီးရေလား။ နောက် တစ်ချက်ကတော့ ယင်းဝေဒနာကုန်ကြမ်းကို အနုပညာကုန်ချောအဖြစ် ထုတ်လုပ်မည့် အနုပညာရှင်၏ ကုန်ထုတ်စွမ်းအားအရည်အချင်း ဘယ်လောက်အထိ ထက်မြက် သနည်း။ ဤအချက် နှစ်ချက်သာ ဟန်ချက်ညီပါစေ၊ ထွက်လာသည့် အနုပညာ

http://www.cherrythitsar.org



ကုန်ချောမှာ အဆင့်အတန်းမြင့်မြင့်နှင့် ရသမြောက် ဂန္ထဝင်ဖြစ်ရမည်မှာ မြေကြီးလက်ခတ် မလွဲ။

ဒါဖြင့်ရင် မေးစရာရှိသည်။ ကိုယ်ပိုင်ဝေဒနာမှပဲလား၊ အငှားဝေဒနာကော အနုပညာကုန်ချော ဖြစ်မလာနိုင်ဖူးလား။ ရပါသည်။ ဖြစ်နိုင်ပါသည်။ အငှားဝေဒနာမှ တစ်ဆင့် အနုပညာကုန်ချောတွေ ထုတ်လုပ်ခဲ့တာ တစ်ပုံတစ်ပင်ကြီးပေါ့။ သို့သော် ကိုယ်ပိုင်ဝေဒနာကိုတော့ ဘယ်လိုမှ မီနိုင်အံ့မထင်။

ဥပမာအားဖြင့် လက်ဝဲသုန္ဒရအမတ်ကြီးကို မဲဇာသို့မပို့ဘဲ ရွှေနန်းတော်ထဲတွင် ဓားမိုးပြီး မဲဇာတောင်ခြေရတုကို အရေးခိုင်းပါ။ ဘယ်လိုလုပ်ပြီး ယခုလောက် ရသ မြောက်သည့် ရတုကြီးမျိုး ပေါ်ထွက်လာနိုင်ပါမည်နည်း။

အနန္တသူရိယ အမတ်ကြီးကော၊

"သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်မှာ ပျက်လင့် ကာသာ၊ ဓမ္မတာတည်း"အစရှိသည့် မျက်ဖြေလင်္ကာကြီးမှာ မင်းပြစ်မင်းဒဏ်နှင့် သေအံ့ မူးမူး ရင်ထဲအသည်းထဲ သွေးထဲသားထဲက တစိမ့်စိမ့်ခံစားလာရသည့်ဝေဒနာ ကုန် ကြမ်းမှ ထွက်လာသည့် အနုပညာကုန်ချောတစ်ခု မဟုတ်ပါလား။

ဥပမာ ပြစရာတွေကတော့ အများကြီးပါ။ ဒါလောက်ဆိုလျှင်ပင် ကိုယ်ပိုင် ဝေဒနာနှင့် အငှားဝေဒနာ ကွာခြားပုံကလေး သိသာလောက်ပါပြီ။

သည်လိုနှင့်ပင် ထောင်မှူးပေါက်စ ဦးမောင်မောင်သည် ကိုယ်ပိုင်ဝေဒနာကို အရင်းပြုပြီး အချစ်ဝတ္ထု စရေးခဲ့သည်။

ကလောင်အမည်ပေးရန် စဉ်းစားလိုက်သောအခါ မောင်မောင်တို့ ရန်အောင် သား၊ ပါးစပ်အခေါ်ရနေအောင်သား၊ ရှေးခေတ် ဒဂုန်မဂ္ဂဇင်းတို့၊ ကဝိမျက်မှန် မဂ္ဂဇင်းတို့တွင် ရေးသားခဲ့သော ရန်အောင်မိမိကြီးနှင့် ရန်အောင်မိမိလေးတို့ကို သွားသတိရသည်။ ရန်အောင် မိမိကြီး၏ အမည်အရင်းမှာ ဦးစံကျော်။ ပျော်ဘွယ်မြို့ မြို့အုပ်ရုံး စာရေးကြီး ဖြစ်၏။ မောင်မောင်၏ ဦးလေးဖြစ်သည်။ 'တီ–အက်စ်–ကျော်' အမည်နှင့်လည်း စာ ရေးသည်။ တီ–အက်စ်–ကျော် ဆိုတာ ထွန်းစံကျော်။ ဗေဒင်လက္ခဏာလည်း တတ် ကျွမ်းသူဖြစ်၍ ဗေဒင်ကိန်းခန်းအရ ထွန်းစံကျော်ဟု မှည့်ထားခြင်းဖြစ်သည်။ ရန်အောင် မိမိလေးမှာ ရန်အောင်သား ကျောင်းဆရာ ဦးသာထွန်း ဖြစ်၏။ ရှေးခေတ်က အမျိုးသား စာရေးဆရာများ အမျိုးသမီးကလောင်အမည်ဖြင့် စာရေးလေ့ရှိသည်။ ဥပမာအားဖြင့် မြစ်သားအကြော ဆိုလျှင် ဘုန်းတော်ကြီးတစ်ပါး။ ကိုယ့်ရှေ့က ရှေ့ဆောင်လမ်းပြ ရှိနေမှတော့ ရန်အောင်မိမိကြီးနှင့် ရန်အောင်မိမိလေးပြီးလျှင် ရန်အောင်မိမိထွေးပေါ့။

သို့သော် သည်ဘက်ခေတ်တွင် အမျိုးသား စာရေးဆရာက အမျိုးသမီး ကလောင်အမည်သုံးသည့်အစဉ်အလာ မရှိတော့ရာ ပထမဦးဆုံးရေးမိသည့် ဝတ္ထု တစ်ပုဒ်ကို ထိုစဉ်က တနင်္လာနေ့တိုင်း ထုတ်ဝေသည့် ဗမာ့ခေတ်သတင်းစာ၊ ယုဝတီ

http://www.cherrythitsar.org



ဂျာနယ်သို့ ပို့လိုက်၏။ အောက်က လိပ်စာရေးရာတွင် ထွေး၊ မှတစ်ဆင့်၊ ဦးမောင်မောင်၊ ထောင်မှူး၊ အင်းစိန်ဗဟိုအကျဉ်းထောင်။

ထောင်မှူး ဦးမောင်မောင်၏ ဇနီးလိုလို၊ နှမလိုလို။ တကယ်တော့ နှမလည်း မရှိ၊ အိမ်ထောင်လည်း မကျသေး။

ထိုဝတ္ထု ယုဝတီဂျာနယ်တွင် ပါလာ၏။ အမည်မှာ 'ကြမ္မာရဟတ် တစ်ပတ်လည်'။

သို့သော် နောက်ပိုင်း'သိကြားစေသက်သေညွှန်း' ဖြစ်လာသည့် ကြမ္မာရဟတ် တစ်ပတ်လည်၏ ဇာတ်လမ်းနှင့်တစ်ခြားစီပါ။ တမင်တကာ ဒီအမည်ကလေးကို ကြိုက်သဖြင့် နောက်တစ်ကြိမ် ထပ်သုံးမိခြင်း ဖြစ်ပါသည်။

ယုဝတီဂျာနယ်တွင် ဝတ္ထုပါလာသော်လည်း ပိုက်ဆံတစ်ပြားမျှမရချေ။ ပိုက်ဆံမရရုံမက သတင်းစာဖိုးပင် အိတ်ထဲမှ စိုက်ရသေးသည်။ ဝတ္ထုဆယ်ပုဒ်ခန့် ပါပြီးသောအခါ (ယုဝတီကလောင်ရှင်)ဘွဲ့ပေး၍ ယုဝတီကလောင်ရှင် ရန်အောင်မိမိထွေး ဖြစ်လာ၏။ ထိုအခါ ဝတ္ထုတစ်ပုဒ်လျှင် ၁၅ ကျပ် ပေးသည်။ ကလောင်ရှင်ပြုတ်၍ ယုဝတီဘွဲ့ရသောအခါ ၂၅ ကျပ် ပေးသည်ဟု သိရသည်။ ထိုအဆင့်အထိ မရောက်လိုက်ပေ။ ယုဝတီကလောင်ရှင်ဘွဲ့ရ၍ ငွေ ၁၅ ကျပ်ရခါမှပင် ဒုက္ခလှလှကြီးတွေ့ပါလေတော့သည်။ ငွေ ၁၅ကျပ် ပို့တာက စာတိုက်က မန်နီအော်ဒါနှင့်။ ထိုစဉ်က ဦးမောင်မောင်သည် အင်းစိန်ထောင်ကြီးတွင် တိုက်ထောင်မှူးအဖြစ် တာဝန်ထမ်းဆောင်နေရာ နေ့ခင်း ၁၁ နာရီခန့်တွင် ဘူးပုလိပ်တစ်ယောက် တိုက်ထောင်မှူးရုံးခန်းသို့ ရောက်လာသည်။

"ဆရာ၊ ဘူးကြီးမှာ ပို့စ်စမင်း ရောက်နေတယ်။ ဆရာ့ငွေ ပါတယ်လို့ ပြောတယ်"

ဘူးပုလိပ်ဆိုသည်မှာ ထောင်ဘူးဝတွင်ထားသော အကျဉ်းသားဘုတ်ကိုင်ဖြစ်၏။ အင်းစိန်လိုထောင်ကြီးတွင် ဘူးပုလိပ် လေးငါးခြောက်ယောက် ထားရသည်။

"ဟော့၊ ထောင်ရုံးသွားစမ်း ထောင်မှူး ဦးမျိုးဇင်ကို ထောင်ပိုင်ကြီးခေါ်နေတယ်"

"အလုပ်ဘက် မစ္စတာဖတ်ကို သွားပြော၊ ပညာဝန်ရုံးက ပရိဘောဂတွေ လာအပ်နေတယ်လို့"

သို့ကလို ထောင်တွင်းအလုပ်ရှိလျှင် ရှိသလို ခိုင်းစေရန် ထောင်ဘူးဝတွင် ထားသော အကျဉ်းသားဘုတ်ကိုင်များကို ဘူးပုလိပ်ဟု ခေါ်ခြင်းဖြစ်၏။ အမှန်တော့ ဆက်သား ခြေမြန်တော်ပေါ့။သူတို့ စားသာသည့်အပိုင်းလည်း ရှိပါသည်။ ထောင်ဝင်စာ သွားခေါ်ရ မလား။ ထောင်ဝင်စာ လာတွေ့သူတို့ ပါလာသည့် စားစရာသောက်စရာနှင့် ဆေးလိပ်ဆို အလျှံပယ်။

ထောင်ဘူးဝရောက်တော့ ပို့စ်စမင်းကို ငွေပို့လွှာကိုင်လျက် တွေ့ရသည်။

"ဆရာက တစ်ဆင့် ထွေးဆိုတဲ့နာမည်နဲ့ ဗမာ့ခေတ်သတင်းစာက ငွေ ၁၅

ကျပ် ပို့လိုက်တယ်"

ဦးမောင်မောင် ပထမ ဝမ်းသာသွားသည်။ နောက်တော့မှ ချက်ခြင်း သတိရလိုက်မိ၏။

"ဟိုက်၊ ဗုဒ္ဓေါ။ ဘယ်မှာလဲ ထွေး"

စာပို့လုလင်၏ မျက်နှာကဲကို ခတ်ရသည်။

"ကျွန်တော် လက်မှတ်ထိုးယူထားလို့ ရမလား"

"ဘယ်ရမလဲဆရာရဲ့၊ ထွေးဆီကိုပို့တဲ့ငွေ ထွေးကိုယ်တိုင် လက်မှတ် ထိုးယူရမှာပေါ့"

ဦးမောင်မောင် ချွေးပြန်စပြုပြီ။ ဘယ်လိုလုပ်ရပါ့မလဲ။ ကိုယ် အင်မတန် ဝါသနာပါသည့် စာရေးလို့ရသည့် ငွေလေး ဆယ့်ငါးကျပ်ကိုလည်း လိုချင်သည်။

စာပို့လုလင်က ဦးမောင်မောင်ကို ကြည့်ပြီး၊

"နေပါဦး၊ ထွေးဆိုတာ ဆရာနဲ့ ဘာတော်တာလဲ"

"ဟို.... ဟို.... ကျွန်တော့် နှမလေးပါဗျာ"

ပါးစပ်က ထွက်မိထွက်ရာ ထွက်သွားသည်။

"ဒီလိုဆိုယင်လဲ ဆရာ့အိမ်ကို ကျွန်တော် သွားပေးလိုက်မယ်လေ။ ဆရာ့အိမ် ဘယ်နားမှာလဲ"

"နေ.... နေ.... နေပါစေဗျာ။ ညီမလေးက အခု အိမ်မှာ မရှိဘူးဗျ။ အညာကို ပြန်နေတယ်"

"ဒီလိုဆိုရင်လဲ အဲဒီအညာကလိပ်စာကို ထပ်ညွှန်းလိုက်ယင် ရတယ်လေ"

"အို....နေပါစေဗျာ၊ နှစ်ရက်သုံးရက်နေရင် ပြန်လာမှာပါ။ ဒီလိုလုပ်ပါလားဗျာ အဲဒီငွေကို စာတိုက်မှာပဲ ထားပြီး ညီမလေးပြန်လာတော့ ကျွန်တော် လွှဲစာနဲ့ စာတိုက်မှာ လာထုတ်မယ်လေ"

"ကောင်းပြီလေ အဲဒီလိုဆိုရင်လဲ စာတိုက်မိုလ်ကြီးကို ပြောပြီး စာတိုက်မှာပဲ ဆိုင်းထားခိုင်းလိုက်မယ်"

ဦးမောင်မောင်မှာ ခုမှပင် ဟင်းခနဲ သက်ပြင်းချလိုက်နိုင်ပါတော့သည်။

ယခုခေတ်လို မှတ်ပုံတင်တွေ ဘာတွေ မပြုရလို့ တော်သေးတာပေါ့။

■

http://www.cherrythitsar.org

# ၁၂

'ထောင့်တစ်သက် အတွေ့အကြုံ' အခန်းဆက်ဆောင်းပါးကို စိတ်ပါဝင်စားစွာ စောင့်ဖတ်နေကြသူများက ထောင်အကြောင်း များများရေးစေလိုကြောင်း သိရှိရပါသည်။

ရေးပါမည်။ ရေးစရာတွေလည်း တစ်ပုံတစ်ခေါင်းကြီး ရှိနေပါသည်။ ရေးသင့်ရေးထိုက်သည်များကို ဆက်လက် ရေးသားပါမည်။ သို့သော်....၊

စာရေးသူ ရန်အောင်မောင်မောင်ရယ်....၊ ထောင်ရယ်....၊ စာပေရယ်.... သုံးဦးသုံးဖလှယ် ဖိုခနောက်ဆိုင်နေလေတော့.... ဟိုပင်သည်ပင်ကူးပါလို့ ဆိုတာလို ရန်အောင်မောင်မောင်အကြောင်း ရောက်လိုက်၊ ထောင်အကြောင်း ရောက်လိုက်၊ စာပေအကြောင်း ရောက်လိုက် ဆိုသကဲ့သို့ ထွေးရောယှက်တင် ရှိကောင်း ရှိနေပါမည်။

ထောင်အကြောင်း ပြန်စသော်....

ဦးမောင်မောင် ထောင်မှူးပေါက်စ ရင်ခုန်ခဲ့ရသော ကြိမ်ဒဏ်ရိုက်သည့်မြင်ကွင်းကို ပြန်ပြောင်း သတိရမိပါသည်။

"ကောင်းကောင်း ထိုင်ထား"

ဒါက ထောင်ပိုင်ကြီး ထောင်ထဲသို့ ဝင်သည့်အခါတိုင်း ခြောက်ထောင်ပိုင်သို့မဟုတ် သန္တေတန်းစီးတို့က ထောင်ထဲသို့ အသံကုန် အော်ဟစ်နေကျ။

"ထောင်ပိုင်ကြီး ထောင်ထဲ ဝင်လာပြီ။ ကောင်းကောင်း ထိုင်ထားကြ။ ပုံစံထိုင်ထားကြ"

ထောင်ဆိုသည်မှာ သာလာယံဇရပ်မဟုတ်။ ဥပုသ်သီတင်း ဆောက်တည်ရာ

http://www.cherrythitsar.org



ကျောင်းသခ်မ်းမဟုတ်။ ပျော်ပွဲစားရာ ဟိုတယ်မဟုတ်။ သည်တော့ သူ့စည်း သူ့ကမ်း သူ့ကလနားနှင့် စနစ်တကျ ရှိဖို့လိုသည်။

ဒီလိုပါပဲ၊ အင်္ဂလိပ်အစိုးရဆိုပြီး ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး ကျွန်သဘောက် ဖြစ်အောင် သွတ်သွင်းနယ်ချဲ့ စိုးမိုးသွားသူများအဖြစ် ရွံရှာစက်ဆုပ် မုန်းတီးရမည် ဖြစ်သော်လည်း သူတို့ဆီက အတုခိုး နည်းယူစရာ အကျင့်ကောင်းကလေး ရှိကြောင်း လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ပြောသွားခဲ့ဖူးသည်။ အတုခိုးစရာ ဆိုသည်မှာ တခြားဘာမှမဟုတ်။ နေမဝင် အင်ပါယာရယ်လို့ ကမ္ဘာ့အနောက်ခြမ်းမှ အရှေ့ခြမ်းသို့တိုင် နယ်ချဲ့အုပ်ချုပ်ခဲ့ရာတွင် သူတို့လူမျိုး၏ စည်းစနစ်ကျနမှုကလေး သက်သက်ကို ဝကွက် ဆိုလိုခြင်း ဖြစ်၏။

နောက်ဆုံးတော့ ထောင်ပုံစံဆိုတာလည်း ဒါပါပဲ။

သင်သည် နိုင်ငံတစ်နိုင်ငံ၏ အစိုးရက ပြဋ္ဌာန်းထားသော ဥပဒေအရ ပြစ်မှုတစ်ခုခုကို ကျူးလွန်၍ ထောင်ကျလာပြီ။ ထောင်ဘူးဝ ရောက်လာပြီ။ သင်၏ ရင်တွင်းတင်းကျပ်စိုးမိုးနေသည့် မာန်မာနများကို လျှော့ချလိုက်ပါ။ သင်၏ကိုယ်ပေါ်တွင် လွှမ်းခြုံထားသည့် လောဘ၊ ဒေါသ၊ မောဟ တည်းဟူသော ခြုံထည်ကြီးသုံးခုကို ချွတ်ချလိုက်ပါ။ ထောင်ထဲတွင် အဆိုပါ ခြုံထည်ကြီးများ လွှမ်းခြုံရန် သင့်တွင် ကိုယ်ပိုင်အချိန်ရယ်လို့ မရှိ။ ကိုယ်ပိုင်လွတ်လပ်ခွင့် မရှိ။

ထောင်ဘူးဝမှ တစ်ခါပြန်ထွက်သည့်အခါကျမှ အဆိုပါခြုံထည်ကြီး သုံးခုကို ပြန်ခြုံလိုက ခြုံသွားပါ။ သို့သော် ထောင်ထဲသို့ နောက်တစ်ခေါက် ပြန်ရောက်မလာစေရန်အတွက် အကောင်းဆုံးကတော့ လောဘ၊ ဒေါသ၊ မောဟတည်းဟူသော ခြုံထည်ကြီးသုံးခုကို ရာသက်ပန် စွန့်လွှတ်လိုက်ပါလေ။

ထောင်ထဲရောက်လာကြသူများ၊ ထောင်ကျလာသူများအနေနှင့် လောဘ၊ ဒေါသနှင့် မောဟ ကလွဲပြီး တခြားဘာအကြောင်းမှ အရင်းမခံ။ ဒီအကြောင်းသုံးရပ်သာ အရင်းခံသည်။

စာသင်ကျောင်းတွင် ကျောင်းစည်းကမ်းရှိသလို၊ ရုံးတွင်လည်း ရုံးစည်းကမ်းရှိရသည်။ ထောင်မှာလည်း ထောင်စည်းကမ်း ရှိရမှာပေါ့။

ဒါကိုပင် ထောင်ပုံစံဟု ခေါ်ခြင်းပါ။

ခုပင် ကြည့်ပါ။ ထောင်ပိုင်ကြီးထောင်ထဲဝင်လာ၍ "ကောင်းကောင်း ထိုင်ထား" ဟု အော်လိုက်သည်နှင့်....

အုတ်ရိုး လေးဖက် လေးတန်အတွင်း လက်ပံပင် ဆက်ရက်မကျသည့်တိုင် ဟိုနား သည်နား တွတ်ထိုးနေကြသည့်အသံများ မီးကို ရေနှင့်သတ်လိုက်သလို ရှဲခနဲ အသံတိတ်သွားပြီ။ ထောင်တစ်ခုလုံး အပ်ကျသံ ကြားရမလောက်။

'ကောင်းကောင်းထိုင်ထား' ဆိုသည့်အတိုင်း သတ်မှတ်ထားသည့် ပုံစံထိုင်

http://www.cherrythitsar.org



ထိုင်ကြရသည်။ ပုံစံရပ် ရပ်ကြရသည်။ ဒါက ထောင်တွင်း သတ်မှတ်ချက်။ သို့တည်း မဟုတ် ထောင်ပုံစံ။

အချိန်အားဖြင့် နေ့ခင်း ၂ နာရီခွဲ၊ သုံးနာရီခန့်။

ဒီအချိန် ထောင်ပိုင်ကြီး ထောင်ထဲသို့ ဘာကိစ္စဝင်သနည်း။

ဝါရင့် အကျဉ်းသားများ သိကြပါသည်။ ကြိမ်ဒဏ် ရှိသည်။ ကြိမ်ဒဏ်ရိုက်တော့မည်။ အပြင်ရုံးထွက်ရာမှအပြန် ကြိမ်ဒဏ်သမား ပါလာသည်။ ထောင်ပိုင်ကြီး၏ နောက်ပါးတော်မှ တစ်ခါတလေ ထောင်ပိုင်ကလေးတို့၊ ထောင်မှူးကြီးတို့ ပါချင်လည်း ပါလာသည်။ သူတို့မပါလျှင်လည်း အကြောင်းမဟုတ်။ ထောင်ကျရုံး ထောင်မှူးနှင့် ဆရာဝန်တို့ ပါလျှင် ကိစ္စပြီးသည်။ သူတို့ နှစ်ယောက်က အဓိက။ မိန်းဈေးထောင်မှူးကြီး ဦးမောင်မောင်ကတော့ ပါလေရာ ငါးပိချက်ဆိုတာလို ထောင်ပိုင်ကြီး ဘယ်အပိုင်းဝင်ဝင် သူပါရသည်။

ကြိမ်ဒဏ်ကို ကျယ်ဝန်းသောအချုပ်ဆောင်တွင်း၊ ကွက်လပ်ထဲတွင် ရိုက်လေ့ရှိသည်။

ကြိမ်ရိုက်သည့်ကားစင်မှာ တြိဂံ ပုံသဏ္ဌာန်ဖြစ်၏။ ကျွန်းသစ် လေးနှစ်ကို ဘောင်ဖွဲ့ခွေထားသည်။ အပေါ်ဘက်မှ ပတ္တာဖြင့် ထောက်ကို ဆက်သွယ်ထားသဖြင့် ခေါက်လို့ ဖြန့်လို့ရသည်။ မလိုသည့်အခါ ခေါက်၍သိမ်းထား။ ကြိမ်ရိုက်တော့မည် ဆိုတော့မှ ထုတ်၍ ဖြန့်ဆင်သည်။

ထောင်ပိုင်ကြီးမလာမီ ကြိမ်ရိုက်သည့်ကားစင်ကို အသင့်ပြင်ထားပြီးဖြစ်၏။ မလှမ်းမကမ်းတွင် စားပွဲတစ်လုံးနှင့် ကုလားထိုင်နှစ်လုံး ခင်းထားသည်။ တစ်လုံးက ထောင်ပိုင်ကြီးအတွက်၊ နောက်တစ်လုံးက ထောင်ဆရာဝန်အတွက်။ စားပွဲပေါ်တွင် ကြိမ်ဒဏ် မှတ်ပုံတင်စာအုပ်ရှိနေသည်။

ထောင်ပိုင်ကြီး အချုပ်ဆောင်တွင်း ဝင်လာပြီး ကုလားထိုင်ပေါ် ထိုင်လိုက်သည်နှင့် ထောင်ကျရုံးတာဝန်ခံထောင်မှူးက ကြိမ်ဒဏ်ရိုက်ခံမည့်သူကို စားပွဲရှေ့သို့ ခေါ်လာသည်။ ပုံစံရပ်စေသည်။ အပေါ်ပိုင်း အင်္ကျီချွတ်ပြီးသား။ အင်္ကျီချွတ်ထားရ ခြင်းမှာ ကိုယ်ပေါ်တွင်ရှိသည့် identification marks ခေါ် အမှတ်အသားများကို စစ်ဆေးရန် ဖြစ်သည်။

ထောင်ပိုင်ကြီးရှေ့ ပုံစံရပ်ပြီးသည်နှင့် ထောင်ကျရုံးဘာယာက စမေးသည်။ ‘ဘာယာ’ ဆိုသည်မှာ ထောင်ကျအကျဉ်းသားပင် ဖြစ်၏။

| | |
|---|---|
| ‘နာမည်’ | ‘တင်မောင်’ |
| ‘အဖေနာမည်’ | ‘ဦးညီထွေး’ |
| ‘အမေနာမည်’ | ‘ဒေါ်ခလေးမ’ |
| ‘မိန်းမ’ | ‘မလှမေ’ |

http://www.cherrythitsar.org



| | |
|---|---|
| 'အသက်' | '၃၂ နှစ်' |
| 'ဘာလူမျိုးလဲ' | 'မြန်မာ၊ ဗုဒ္ဓဘာသာ' |
| 'ဘယ်မှာနေလဲ' | 'အရှေ့ပြင်၊ အောင်တော်မူ' |
| 'ဘာမှုဖြစ်လဲ' | 'မုဒိမ်းမှု' |
| 'ဘယ်ရုံးက အပြစ်ပေးလဲ' | '၄ ရာဘက် အထူးရာဇဝတ်တရားရုံး' |
| 'ကြိမ်ဒဏ် ဘယ်လောက်ကျလဲ' | 'ကြိမ်ဒဏ် အစိတ်' |
| 'အယူခံဦးမလား' | 'မခံပါဘူး' |

ကြိမ်ဒဏ်သမားများ အယူခံလေ့ မရှိကြပေ။ အယူခံဝင်ခဲ့လျှင်လည်း အယူခံအမိန့် မကျမချင်း ထောင်ထဲတွင် အချောင်သက်သက် အချုပ်ခံရမည် ဖြစ်၏။ အယူခံလျှင် အပြင်တွင် အာမခံနှင့် ၁၅ ရက်တော့ နေခွင့်ရှိသည်။ အယူမခံသူ များပါသည်။

သို့သော် ကြိမ်ဒဏ်နှင့် ထောင်ဒဏ်တွဲကျသူများကတော့ အမှုအခြေအနေပေးလျှင် အယူခံ ဝင်တတ်ကြသည်။ အယူခံအမိန့်ကို ထောင်ဒဏ်ကျနေရင်း စောင့်လို့ရသည်။

အယူမခံကြောင်း ပြောပြီးသည်နှင့် ထောင်ကျရုံး ထောင်မှူးက မှတ်ပုံတင်စာအုပ်ထဲတွင် ရေးထားသော ကြိမ်ဒဏ်သမား၏ အမှတ်အသားသုံးခုကို တစ်ခုချင်း ဖတ်ပြရသည်။ ဘာယာက ထောင်မှူးဖတ်ပြသော အမှတ်အသားများကို တစ်ခုချင်း လက်ဖြင့် ထောက်ပြသည်။ ထောင်ပိုင်ကြီးက မှန်မမှန် စစ်ဆေးသည်။

မုဒိမ်းမှုနှင့် ကြိမ်ဒဏ်အစိတ်ကျသော တင်မောင်တစ်ယောက် ကြိမ်ဒဏ် ၂၅ ချက် ကျခံပြီးကြောင်း ထောင်ပိုင်ကြီး၏ လွတ်လက်မှတ်ရပြီးမှ ကိစ္စပြတ်သည်။ ထောင်ပိုင်ကြီးက တရားရုံးမှ အပြစ်ပေးဝရမ်းပေါ်တွင် ကြိမ်ဒဏ် ၂၅ ချက် အပြစ်ပေးပြီးကြောင်း သက်သေခံ လက်မှတ်ရေးထိုးပြီး အပြင်တရားရုံးသို့ ဝရမ်းကို ပြန်ပို့စေရသည်။

တင်မောင်တစ်ယောက် အပြင်သို့ရောက်သည့်တိုင် တင်ပါးပေါ်မှ အရှိုးစင်းများကို ဒဏ်မဖြစ်အောင် မန်ကျည်းရွက်ပြုတ် ကျပ်ထုပ်ထိုးရဦးမှာ သေချာနေပေသည်။

ယနေ့ တရားစီရင်ရေးတွင်မူ ကြိမ်ဒဏ်အပြစ်ပေးခြင်း မရှိတော့ပေ။

■

http://www.cherrythitsar.org

# ၁၃

ကြိမ်ရိုက်သည့်အကြောင်းရေးရာက တစ်ဆက်တည်း ရမည်းသင်းထောင်တွင် ရှိနေစဉ် ရယ်ရမလို ငိုရမလို ကြုံခဲ့ရသည့်အဖြစ်အပျက်ကလေးကို ပြန်ပြောင်းသတိရမိသေး သည်။

ခက်တော့ အခက်သား။ လောကကြီးတွင် ဒီဘက်ကကြည့်တော့ ငိုစရာ ဖြစ်နေပေမယ့် ဟိုဘက်ကကြည့်တော့ ရယ်စရာ ဖြစ်ချင်ဖြစ်နေတတ်သည်။ ထိုနည်းတူ တစ်ယောက်သော သူအတွက် ရယ်စရာ ကိစ္စတစ်ခုသည် ကျန်တစ်ယောက်အတွက် ငိုစရာ ဖြစ်ကောင်း ဖြစ်နေပေလိမ့်မည်။ ဒီဘက်က ကြည့်တော့ ချစ်စရာ၊ ဟိုဘက်က ကြည့်တော့ မုန်းစရာ။ အပေါ်ယံကြည့်တော့ ချီးမွမ်းရမလိုလို၊ အသေအချာ အလေး အနက် တွေးကြည့်လိုက်တော့ ကဲ့ရဲ့စရာ။ ကိုယ်ထင်တော့ ခုတင်ရွှေနန်းတဲ့၊ ထန်းလက် ဖတ်ပင် နတ်ရုပ်ထင်လိုက် သေးသတဲ့။

တခြား မကြည့်နဲ့လေ။ အိမ်က မိန်းမတောင် မရခင်ကတော့ ဒီကမ္ဘာပေါ်မှာ အလှဆုံး၊ ရပြီးတော့ သူကလွဲရင် အကုန်လှနေသတဲ့။ ကဲ.... မခက်လား။ အမြင်ချင်း မတူကြပုံကလေးကို ဆိုလိုချင်းပါ။

ခုလဲ ကြိမ်ရိုက်သူ ရန်အောင်မောင်မောင်တို့ဘက်က ကြည့်လျှင်တော့ ရယ်စရာပေါ့။ ကြိမ်အရိုက်ခံရသူ ကိုသီလနှင့် ကိုသီလ၏ချစ်သူ မလှဖွေးတို့အနေနှင့် ဘယ်လိုလုပ် ရယ်နိုင်ပါ့မလဲ။ ထိုအချိန်တွင် ရန်အောင်မောင်မောင်သည် ထောင်ပိုင်ကြီး ဖြစ်နေပေပြီ။ ထောင်ပိုင်ကြီးဆိုလို့ အထင်မကြီးလိုက်လေနှင့် ထောင်ပိုင်ကြီးအစစ်

http://www.cherrythitsar.org



မဟုတ်သေး။

ဟင်.... ဘယ်လိုလဲ။ ထောင်ပိုင်ဖြစ်တာတောင် အစစ်နဲ့အတု ရှိသေးသလား။ ဟာ....သိပ်ရှိတာပေါ့၊ အတုတော့မဟုတ်ပါ။ ကြယ်နှစ်ပွင့် ထောင်မှူးကြီးက ကြယ်သုံးပွင့် ထောင်ပိုင်ကြီးနေရာ တက်လုပ်နေရခြင်းဖြစ်၏။ တရားဝင်ကတော့ တာဝန်ခံ ထောင်မှူးကြီး။ အရပ်အခေါ်တော့ ထောင်ပိုင်ကြီးပဲပေါ့။

ဒီနေရာမှာ အင်္ဂလိပ်လို service luck လို့ ခေါ်ပြီး မြန်မာလို အရမ်းဘာသာပြန်လိုက်ရလျှင် မင်းမှုထမ်း ကံကြမ္မာကလေးအကြောင်း နည်းနည်းရေးချင်ပါသေးသည်။

ရာဇပလ္လင် ဖင်ကပ်ပါလာတယ်တဲ့။ အရှင်မွေးတော့ နေချင်းကြီးသတဲ့။မွဲချင်တဲ့ ခွေး ပြာပုံတိုးသတဲ့။ ရှေးလူကြီးသူမများ၏ ဆိုစကားတွေ အကုန်မှန်ပါသည်။ ရန်အောင်မောင်မောင်ကိုပင် ဥပမာ ထားကြည့်ပါ။ အင်ဂျင်နီယာကျောင်းတက်ပြီး အင်ဂျင်နီယာမဖြစ်ဘဲ ထောင်မှူးဖြစ်လာ၏။ တစ်ပွင့်ထောင်မှူးဘဝနှင့် ဆယ့်ခုနစ်နှစ်တိတိကြာမှ နှစ်ပွင့်ထောင်မှူးကြီးရ၏။ ထိုစဉ်က ပဲခူးထောင်မှာ ဖြစ်သည်။

ထိုအချိန်က အကျဉ်းဌာနဖွဲ့စည်းပုံမှာ အလွန်ကျဉ်းမြောင်းသည်။ အကျဉ်းဆိုသည့်အတိုင်း တကယ်ပင်ကျဉ်းပါသည်။ အင်္ဂလိပ်လိုတော့ bottle neck ဟု ခေါ်၏။ ပုလင်းများသဖွယ် အောက်ကျယ် အပေါ်ကျဉ်း။ တစ်ယောက် ပင်စင်ယူ သို့မဟုတ် တစ်ယောက်သေမှ နောက်တစ်ယောက် တက်။ အမှန်တော့ မင်းမှုထမ်း ကံကြမ္မာပါပဲ။ ဒီဘက်ခေတ် အကျဉ်းဦးစီးဌာနဖွဲ့စည်းပုံကြီး ပြင်ဆင်ချဲ့ထွင်လိုက် သောအခါ တစ်ပွင့်ထောင်မှူးကလေးတွေ သုံးလေးနှစ်နှင့် ထောင်မှူးကြီးရာထူးရ၏။ လေးငါးရှစ်နှစ်ဆိုလျှင် သုံးပွင့်ထောင်ပိုင်ကြီးတွေ ဖြစ်ကုန်ကြပြီ။

ရှေးက ထောင်မှူးကြီးဆိုလျှင် ထောင်ကြီးများမှာသာ နေရသည်။ ရန်အောင်မောင်မောင်တို့ ကံကြမ္မာမေးမိုန်ခဲ့ရာ ကံဇာတာတက်ချင်လာတော့ ပဲခူးထောင်မှာပင် နှစ်ပွင့်နှင့် ထောင်ပိုင်ကြီး တက်လုပ်ရသည်။ သို့သော် ဖောင်းကားစား မောင်မောင်သည် နန်းသက် သိပ်မရှည်လိုက်ပေ။ လေးလခန့်အကြာမှာပင် ပုံမှန်အတိုင်း မော်လမြိုင်သို့ ပြောင်းရွှေ့ရန် အမိန့်ထွက်လာ၏။

သည်မှာပင် ပြဿနာက စတက်လာသည်။ ၁၉၆၇ ခုနှစ်မှာ ရန်အောင်မောင်မောင်အတွက် ထူးခြားသောနှစ် ဖြစ်၏။ ထောင်မှူးကြီး ရာထူးရသည်။ ၁၉၆၆ ခုနှစ်အတွက် 'ကြိုးစင်ပေါ်မှ မှတ်စုများ' ဝတ္ထုတိုပေါင်းချုပ်ဖြင့် အမျိုးသားစာပေ တတိယဆု ရသည်။ ဤသည်မှာ အကောင်းဘက်က။ အဆိုးဘက်က အဓိကရမွေးသမိခင် ကျေးဇူးရှင်ကြီး လမ်းလျှောက်ရင်း ချော်လဲရာမှ ပေါင်ထိပ်ပြုတ်၍ အိပ်ရာထဲ ဖုန်းဖုန်းလဲခဲ့ရသည်။ အသက် ၆၇ နှစ်ရှိပြီ။

မေမေသည် အစွဲအလန်းကြီးလွန်းသူဖြစ်၏။ တစ်နည်းအားဖြင့် အစဉ်အလာ

ကြီးမားလွန်းသူဟု ဆိုလျှင်လည်း ရသည်။ အသက်အရွယ်ကြီးရင့်လာ၍ ကျန်းမာရေးအတွက် မနက်တစ်ကြိမ် ညနေတစ်ကြိမ် လမ်းလျှောက်ထွက်သည်။ အကျဉ်းထောင်နေအိမ်မှ ထွက်၍ လိပ်ပြာကန် တစ်ပတ်၊ သို့မဟုတ် ကိုယ့်မင်းကိုယ်ချင်းလမ်းမှ စကြာခြံဖြတ်ပြီး ကျုံးရိုးတန်းဘက် စသည်အားဖြင့် ယာဉ်အသွားအလာရှင်းသော လမ်းအတိုင်း နိစ္စဘတ်လမ်းလျှောက်သည်။ နေပူမရှောင် မိုးရွာမရှောင်။ တကယ် မိုးရွာမရှောင်တာပါ။ အောက်ပြည်အောက်ရွာ မိုးများရာဒေသ မနက် ညနေ လမ်းလျှောက်ချိန်ကျပြီဆိုလျှင် မိုးရွာနေသည့်ကြားက ထီးဆောင်း၍လျှောက်သည်။ ဘယ်လိုမှ တားလို့မရ။ ချော်ပြုလဲမည်စိုးသဖြင့် အိမ်ဖော်မကလေး ကျင်အေးကို အဖော်ထည့်လျှင်လည်း မကြိုက်ချင်။

ဒီလိုနှင့် တစ်ညနေခင်း လမ်းလျှောက်ရင်း ချော်လဲရာက ပေါင်ထိပ်ပြုတ်ပါလေတော့သည်။ ဆေးရုံသွားပြတော့ သုံးလခန့် ပေါင်တစ်ဖက်တန်းလန်း အပေါ်ထောင်ပြီး ကုသရမည်ဆိုသဖြင့် အိမ်ပြန်ခေါ်ခဲ့ကာ ကတုတ်က နာမည်ကြီး ဘလှဲဘ ဆရာနှင့် ကုသနေရသည်။ ဒီလိုအခြေအနေမျိုးမှာ မော်လမြိုင်ထောင် ပြောင်းရမည့်အရေး ဘယ်လိုလုပ်မှ တွေးလို့မရ။ မော်တော်ကားနှင့် တောက်လျှောက်သွားလို့ရသည့်နေရာ ဆိုလျှင်လည်း အကောင်းသား။ ခုတော့ မုတ္တမမြစ်ကြီးကို ကုတို့နှင့် တကူးတကကူးရဦးမည်။ သည်ကြားထဲက ရန်အောင်မောင်မောင်သည် မိုက်မဲသော အမှုကြီးတစ်ခုကို ပြုခဲ့မိသည်။ တခြားတော့ မဟုတ်....။ သမီးနှစ်ယောက်ကို တစ်ပြိုင်တည်း ကင်ပွန်းတပ် မင်္ဂလာ လုပ်မိခြင်းဖြစ်၏။ နှစ်မင်္ဂလာ မလုပ်ကောင်းဘူးဟု ဆိုရိုးစကား ရှိသည် မဟုတ်ပါလား။

တိုက်ဆိုင်မှုလို့ ဆိုချင်လဲဆိုတော့....။ ကင်ပွန်းတပ်မှာ ကျွေးတာက အုန်းနို့ခေါက်ဆွဲ။ မေမေ့မှာ သွေးတိုးရောဂါ ရှိနေမှန်းသိပါလျက် တစ်ဖက်က အပျော်လွန်ပြီး မစားဖို့ မတားမိတာက သားမိုက်အပြစ်။ သို့နှင့်ပင် မွေးသမိခင်ကျေးဇူးရှင်ကြီး အုန်းနို့ခေါက်ဆွဲတွေ တစ်ဝစားကာ သွေးတွေနင်းကန်တက်ပြီး ဦးနှောက်သွေးကြောပြတ်၍ သတိမေ့သွားပါလေတော့သည်။ ဆေးရုံတင်သော်လည်း မရတော့ပါ။ တစ်ညသာ ခံသည်။ ကင်ပွန်းတပ်ပွဲအတွက် အိမ်ရှေ့တွင် မဖျက်ရသေးသောမဏ္ဍပ်မှာ အသုဘ မဏ္ဍပ် ဖြစ်ခဲ့ရသည်။

မေမေ့ပါးစပ်မှ ဖွင့်ပြောမသွားသော်လည်း....။

'မင်းတို့ မော်လမြိုင်ပြောင်းရင် ငါ့ကို ခေါ်သွားဖို့ စိတ်အနှောင့်အယှက်ဖြစ်နေကြရတယ် မဟုတ်လား။ ဒီတော့ မင်းတို့ကို ငါ ဒုက္ခမပေးတော့ပါဘူးကွယ်။ ပဲခူးမှာပဲ ခေါင်းချနေရစ်ခဲ့ပါတော့မယ်'

ဒီလို ဒီလို ပြောမသွားခဲ့သော်လည်း ပြောသွားဘိသကဲ့သို့....။

မေမေဆုံးပြီးကာမှ နောက်ထပ် ရင်နာစရာအဖြစ်နှင့် ကြုံလိုက်ရပုံကား....၊

http://www.cherrythitsar.org



မော်လမြိုင်ပြောင်းရမည့် အမိန့် ပျက်ပြီး ရမည်းသင်းသို့ တာဝန်ခံ ထောင်မှူးကြီးအဖြစ် ပြောင်းရွှေ့ရန် အမိန့်ထွက်လာခြင်းပင် ဖြစ်၏။

ကြည့်စမ်း....၊ မေမေသာ မသေသေးရင် ပဲခူးအိမ်ပေါ်ကပွေ့၍ မော်တော်ကားပေါ်တင်၊ ရမည်းသင်းအိမ်ရောက်တော့ ကားပေါ်ကပွေ့ချ၍ အိမ်ပေါ်တင်၊ ဘယ်လောက်များ အဆင်ပြေလိုက်မလဲလို့ အေးလေ လောကဓံတရားပေပဲ။

နောက်တစ်ခု ရှိသေးသည်။ မေမေသည် အညာကို အလွန်ခင်သူတစ်ဦးဖြစ်၏။ အညာဆိုတာထက် ဇာတိချက်ကြွေမွေးရပ်မြေ ရနောင်(ခေါ်) ရန်အောင်ကို ခင်သည်ဆိုပါက ပို၍မှန်ပေလိမ့်မည်။ ရန်အောင်ထက် ဖေဖေ့ကို အခင်ဆုံးဆိုလျှင် အမှန်ဆုံး ဖြစ်ပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် မေမေအသက်ကြီးလာမှ မကြာ ခဏ ပြောလေ့ရှိသော စကားမှာ....။

"ငါ ရနောင်မှာ ပြန်နေပြီး ရနောင်မှာပဲ သေချင်တယ်။ မင်းတို့အဖေ ဂူနားမှာပဲ ခေါင်းချချင်တယ်" ဟူသတည်း။

အကယ်၍များ ပဲခူးတွင် မသေခဲ့ဘဲ ရမည်းသင်းရောက်မှ သေမည်ဆိုလျှင် မေမေ့အလိုကျ ဖေဖေ့ဂူနှင့် ယှဉ်၍ မထားရပါကလား။ ဒါလဲ လောကဓံပဲပေါ့။

ထောင်ပိုင် မစစ်တစစ် ရန်အောင်မောင်မောင်တစ်ယောက် မိခင်ကြီးအတွက် စိတ်မကောင်းဖြစ်နေစဉ်မှာပင် ထောင်ကြပ်တစ်ဦး အိပ်ပေါ်သို့ တက်လာ၏။ ထောင်ပိုင်၏နေအိမ်မှာ ထောင်ဘူးဝ အလယ်ထပ် ဖြစ်သည်။ အပေါ်ထပ်က လက်နက်တိုက်နှင့် ဂါတ်မကြီး၊ အောက်ထပ်က ထောင်အဝင်အထွက် တံခါးပေါက်၊ ဘူးဝ ခေါ်သည်။ ရှေ့မှာ သံတံခါးတစ်ထပ် ရှိသေးသည်။ လုံလုံခြုံခြုံတော့ အရှိသား...။

"ဆရာကြီး ဆရာဦးအောင်သိန်းက သတင်းအပို့ခိုင်းလို့ပါ။ ကြိမ်ဒဏ် ရိုက်ဖို့ ရှိတယ်တဲ့"

"အေး.... အေး.... လာခဲ့မယ်။ ဆရာဝန်ကိုရော ဖုန်းဆက်ခေါ်ပြီးပြီလား"

ရမည်းသင်းလို ထောင်ကလေးမှာ ထောင်ကြီးတွေလို ကိုယ်ပိုင်ဆရာဝန်မရှိ။ ကြိမ်ရိုက်စရာရှိလျှင် ပြည်သူ့ဆေးရုံကြီးမှ လက်ထောက်ဆရာဝန်ကို ဖုန်းဆက်ခေါ်ရသည်။ အကျဉ်းသားတွေ နေထိုင်မကောင်းလျှင်လည်း အပြင်ဆရာဝန်ကိုပင် ခေါ်ပြရသည်။ အတွင်းလူနာအဖြစ် တင်လိုက ရဲတောင်းပြီး အပြင်ဆေးရုံ တင်ရသည်။

"ဆရာဝန် အောက်မှာ ရောက်နေပါပြီ ဆရာကြီး"

"အေးကွာ။ လာပြီ၊ လာပြီ"

နယ်ထောင်ကလေးတွေမှာ ထောင်ပိုင်လုပ်ရတာ ဗိမ်တော့အကျသား။ နံနက် ၈ နာရီလောက် ယူနီဖောင်းဝတ်၊ အောက်ထပ်ဆင်း၊ ရုံးခန်းထဲဝင်၍ လွှတ်လူတွေ လွှတ်၊ ထောင်ထဲ တစ်ပတ်လောက်လှည့်၊ ထောင်ထဲမလှည့်ချင်လျှင် အပြင်ထောင်၏ ယာခင်းလှည့်၊ ရုံးခန်းထဲပြန်ဝင်ပြီး လက်မှတ်ထိုးစရာရှိတာထိုး၊ ဆယ်နာရီခွဲ ဆယ့်

http://www.cherrythitsar.org



တစ်နာရီလောက် ဆိုလျှင် ကိစ္စပြတ်၍ အိမ်ပေါ်ပြန်တက် ထမင်းစားပြီး နားနားနေနေ အိပ်နိုင်သေးသည်။ ဒါကြောင့် အငြိမ်းစားယူသွားသော အကျဉ်းဌာနမင်းကြီး တစ်ဦးက ပြောဖူးသည်။ ၁၂ နာရီနှင့် ၂ နာရီကြား ရုံးချုပ်မှ ဝန်ထမ်းတစ်ဦးဦးက ဖုန်းဆက်လျှင်

"ဟေ့၊ ဒီအချိန် ထောင်ပိုင်တွေကို ဖုန်းမဆက်နဲ့ကွ။ ဒါ ထောင်ပိုင်အိပ်ချိန်"တဲ့။

မှတ်လောက် သားလောက် အဆိုပါ။ မင်းကြီးကပင်....

"မင်းတို့ ထောင်ပိုင်တွေကို အထင်မသေးနဲ့ကွ။ သူတို့က from air to water free" တဲ့။ (မြန်မာလို အဓိပ္ပာယ်ကတော့ လေရော ရေပါ အလကားရနေတဲ့ သူတွေ ပေါ့လေ။)တကယ်တော့ အဆိုပါအကျဉ်းဌာနမင်းကြီးမှာလည်း ထောင်ပိုင် လုပ်ဖူးသူ ဖြစ်သဖြင့် ထောင်ပိုင်အရသာ သိနေပြီပေါ့။

ဦးမောင်မောင်ရုံးခန်းထဲ ရောက်သွားတော့ ရမည်းသင်းဆေးရုံကြီးမှ အမျိုးသမီး ဆရာဝန် ဒေါက်တာဒေါ်သန်းသန်းကို တွေ့လိုက်ရသည်။

"ဟင်....၊ ဒေါက်တာကိုယ်တိုင် လာသလား။ တခြားဆရာဝန်တွေ မအားကြဘူးလား"

"သူတို့လဲ သူတို့အလုပ်တွေနဲ့ မအားကြဘူးလေ။ နောက်ပြီး ကျွန်မက ကြိမ်ရိုက်တာလဲ မမြင်ဘူးလို့ပါ"

ဦးမောင်မောင်က ကြိမ်ရိုက်သည့်အခါ ကိုယ်တုံးလုံးချွတ်၍ ရိုက်ရကြောင်း အင်္ဂလိပ်လိုပြောသည့်အခါ ဒေါ်သန်းသန်းက ပြုံးသည်။ အင်္ဂလိပ်ဘာသာဖြင့်ပင် ပြန်ပြောသည်။ "ကိစ္စမရှိပါဘူး" တဲ့။ ဟုတ်တာပေါ့လေ၊ သူလည်း ဆရာဝန်မပဲ။ ဘာဆန်းတာ မှတ်လို့။

ရမည်းသင်းထောင်တွင် မိန်းမထောင်အတွင်း၌ ကြိမ်ရိုက်လေ့ရှိသည်။ မိန်းမထောင်အတွင်းဆိုလို့ မိန်းမအကျဉ်းသူတွေရှေ့ ရိုက်ခြင်းမဟုတ်ပါ။ ထိုအချိန်တွင် ရမည်းသင်းထောင်မှာ မိန်းမအကျဉ်းသူ မထားတော့။ နေရာလွတ်ဖြစ်နေသဖြင့် ထိုမိန်းမထောင်ဟောင်းအတွင်း ကြိမ်ရိုက်ခြင်း ဖြစ်သည်။

ကြိမ်ဒဏ်အရိုက်ခံရမည့်သူက မောင်သီလ။ အသက်အားဖြင့် အစိတ်မကျော်သေး။ ပြစ်မှုက ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၆၃ အရ လူခိုးမှု။ ကြိမ်ဒဏ်က နှစ်ဆယ်။ 'သီကြားစေသက်သေညွှန်း' ရုပ်ရှင်ကားထဲက မောင်မောင်ဦးအဖြစ် သရုပ်ဆောင်သည့် ဝင်းဦး ခံရသည့် ကြိမ်ဒဏ်မျိုး၊ ပုဒ်မမျိုးပင် ဖြစ်၏။

ထုံးစံအတိုင်း ဆရာဝန်က စစ်စရာရှိတာတွေကိုစစ်၊ ထောင်ပိုင်ကြီးက စစ်စရာရှိတာတွေစစ်ပြီးနောက် ကြိမ်ဒဏ်ရိုက်သည့်လုပ်ငန်း စတော့သည်။

ရမည်းသင်းလိုထောင်ကလေးမှာ မန္တလေးထောင်ကြီးလို ဘယ်ကြိမ်ညာကြိမ် မရှိနိုင်။ ညာကြိမ်တစ်ယောက်ပင် ထောင်ကြပ် မောင်တင်မောင်ကို အနိုင်နိုင်သင်ပေးထားရသည်။ အကျဉ်းသားကို သင်ထားပြန်လျှင်လည်း တော်တော်ကြာ လွတ်သွားလိုက်

http://www.cherrythitsar.org



ပြန်သင်ပေးလိုက်ရနှင့် အလုပ်များလှသည်။ သို့ဖြစ်၍ ထောင်ကြေပ်ကို ပင်တိုင်ထားပြီး အပြီးအပြတ် သင်ပေးထားရခြင်းဖြစ်၏။

ရမည်းသင်းလို ထောင်ကလေးကျတော့ လခစားဝန်ထမ်းဖြစ်သူ သုံးရစ် ဂျမဒါကြီး ဦးစူလတန်က ကြိမ်တန်းစီး တာဝန်ယူရသည်။ အမှန်တော့ ထောင်ကြေပ်အုပ်ပါ။ သို့သော် အင်္ဂလိပ်အစိုးရ လက်ထက်က ဂျမဒါဆိုသော အခေါ်အဝေါ်မှာ အလိုလို ကျန်ရစ်ခဲ့ပြန်သည်။

"အဘ ဦးကျော်ရှိန်၏သား မောင်သီလ ကြိမ်ဒဏ်နှစ်ဆယ်၊ စ ရိုက်"

တစ်ဦးတည်းသော ညာကြိမ် မောင်တင်မောင် လက်စွမ်းပြပါပြီ။ မောင်သီလ၏ တင်ပါးပေါ်သို့ ကြိမ်တစ်ချက် ရွှမ်းခနဲ ကျလိုက်တိုင်း ဂျမဒါကြီးက တစ်၊ နှစ်၊ သုံး... စအော်သည်။ နှစ်ချက်ရိုက်အပြီးတွင် မောင်သီလ 'အမယ်လေးဗျ၊ အဘလေးဗျ' စ၍ အော်ပြီ။ ဂျမဒါကြီး၏ ကြိမ်အချက်အော်သံနှင့် ရောထွေးနေ၏။

ငါးချက်ရိုက်အပြီးတွင် ထောင်အပြင်မှ အမျိုးသမီးတစ်ဦး၏ အော်သံ စူးစူးဝါးဝါးကို ကြားလိုက်ရသည်။

"အမယ်လေး ကိုသီလရဲ့၊ ကျုပ် အပြစ်ပါတော်။ ကျုပ် အပြစ်ပါ"

ထောင်ပိုင် ဦးမောင်မောင် မျက်လုံးပြူးသွားသည်။

"ဟိုက်၊ ဘယ်လိုဖြစ်တာလဲ"

ဒေါက်တာဒေါ်သန်းသန်းက ဦးမောင်မောင်ကိုကြည့်သည်။ ဦးမောင်မောင်က ထောင်မှူးဦးအောင်သိန်းကို ကြည့်သည်။ ဦးအောင်သိန်းက ဂါတ်ကြီးပေါ် လှမ်းကြည့် သည်။ အပြင်မှာ ဘာဖြစ်နေတာလဲဟု မေးသည့်သဘော။ ဂါတ်ကြီးပေါ်မှ တာဝန်ကျက လှမ်းအော်၍ပြောသည်။

"အပြင်ဘက်က တမာပင်ခုံပေါ်မှာ အမျိုးသမီးတစ်ယောက် တက်ပြီး အော်ငိုနေတယ် ဆရာကြီး"

ဘာပဲဖြစ်ဖြစ် ကြိမ်ရိုက်သည့်ကိစ္စကတော့ ရပ်ထားလို့မရ။ တစ်ချက်ပြီး တစ်ချက် ဆက်ရိုက်နေသည်။ မောင်သီလကလည်း အော်သည်။ ဂျမဒါကြီးစူလတန်ကလည်း အော်သည်။ ထောင်အပြင်မှ အမျိုးသမီးကလည်း အော်သည်။

"အမယ်လေးဗျ"

"ခုနစ်၊ ရှစ်"

"ကိုသီလရေ၊ ရှင့်အစား ကျုပ်ပဲခံပါရစေတော်"

ဂါတ်ကြီးပေါ်မှ တာဝန်ကျပြောသော ထောင်အပြင်ဘက်မှ တမာပင်ခုံ ဆိုသည်မှာ ကြိမ်ရိုက်သည့် မိန်းမထောင်နှင့် ဘာမှဝေးသည် မဟုတ်ပေ။ အုတ်နံရံ တစ်ခုသာ ခြားသည်။ ထောင်ရှေ့တွင် နှစ်အဆက်ဆက်က တမာပင်ကြီးများ ရှိသည်။ လူနှစ်ယောက် လက်ယှက်သိုင်းဖက်သည့်တိုင် ပင်စည်လုံးပတ်ကို ဖက်မမီနိုင်ပေ။

http://www.cherrythitsar.org



တမာပင်ခြေရင်းတွင် ပတ်ပတ်လည်ဝိုင်း၍ ထိုင်ခုံရိုက်ထားသည့်ခုံပေါ်မှ အမျိုးသမီး တက်ရပ်၍ အော်နေခြင်းဖြစ်၏။

ဆယ်ချက်ခန့်ရိုက်ပြီးသည့်အခါ အပြင်မှ အမျိုးသမီးအော်သံကို မောင်သီလ ကြားသွားဟန်တူ၏။ အော်သံ အနည်းငယ် ရပ်သွားသည်။ မောင်သီလ၏အော်သံသာ ရပ်သွားသော်လည်း ကြိမ်ရိုက်သံ တရွှမ်းရွှမ်းနှင့် ထောင်အပြင်မှ အမျိုးသမီးအော်သံ တို့ကိုတော့ ကြားမြဲ ဆက်ကြားနေရသည်။ ဂျမဒါကြီး၏ ကြိမ်အချက် ရေတွက်သံ မှာလည်း ကြိုကြားကြိုကြား ပေါ်ထွက်လျက်။

ကြိမ်ရိုက်သည့် ထောင်ကြပ် မောင်တင်မောင်မှာလည်း ဤအဖြစ်မျိုးနှင့် တစ်ကြိမ်မျှ မကြုံဖူးပေ။ မောင်သီလ၏အော်သံ စဲသွားသောအခါ ထောင်ပိုင်ကြီးက သူ့ကို အထင်လွဲမှာစိုးသည်။ ပိုက်ဆံယူထားပြီး ကြိမ်လျှော့ရိုက်သည်ဟု ထင်မှာစိုး သည်။ သို့ဖြစ်၍ အားသွင်းပြီး ခပ်စပ်စပ်ကလေး ဆော်သည်။ ထိုအခါ မောင်သီလ ရှုံ့မဲ့ပြီး အော်ရပြန်သည်။

"အမယ်လေးဗျို့ နာလိုက်တာ လှဖွေးရာ၊ နာလိုက်တာ"

"ဆယ့်ရှစ်၊ ဆယ့်ကိုး"

"ကိုသီလရေ ကျုပ်ကိုသာ သတ်လိုက်ပါတော်"

ဒီလိုနှင့် ကြိမ်ဒဏ် အချက်နှစ်ဆယ်ပြည့်၍ မောင်သီလနှင့် ဂျမဒါကြီးစုလတန် တို့၏ အော်သံသာ စဲသွားသည်။ ထောင်အပြင်ဘက်မှ အမျိုးသမီး၏အော်သံကိုတော့ ကြားနေရဆဲ။

"အမယ်လေး ကိုသီလရေ၊ ရှင့်အဖြစ်က ဆိုးလှချည့်လား အမောင်ရယ်"

ကြိမ်ရိုက်သည့်ကိစ္စ ပြီးသွားသောအခါ ဦးမောင်မောင်မှာ ဘယ်လိုမှ မအောင့် အီးနိုင်သဖြင့် မောင်သီလအား ဖြောင်ဖွင့်မေးရတော့သည်။

"နေပါဦးကွ မောင်သီလရ၊ အပြင်ဘက်က အော်နေတာ ဘယ်သူလဲ"

"ကျွန်တော်နဲ့ အမှုဖြစ်တဲ့ မလှဖွေးပါခင်ဗျာ"

"ဟင်.... မင်းတို့ဟာက ဘယ်လိုဖြစ်ကြတာလဲ"

ထောင်ပိုင်လက်သစ် ဦးမောင်မောင်က အားမနာလျှာမကျိုး မေးသည်ကို ကြိမ်အချက်နှစ်ဆယ် အရိုက်ခံပြီးစ မောင်သီလက ရှုံ့ရှုံ့မဲ့မဲ့နှင့် ဖြေကြားရှာသည်။

'ဒီလိုပါခင်ဗျာ'ဟု အစချီကာ မောင်သီလက ဇာတ်ကြောင်းပြန်သည်။

တကယ်တော့ မောင်သီလနှင့် မလှဖွေးတို့၏ဇာတ်လမ်းမှာ အများသူငါ ကြုံတွေ့နေကျ မဲပြာပုဆိုးလို့ ဆိုချင်ဆို၊ ထူးလျက် မဆန်းသည့် ဇာတ်လမ်းတစ်ပုဒ်ပါ။

မောင်သီလမှာ ရမည်းသင်းမြောက်ဘက် သုံးလေးမိုင်ဝေးသော အင်ကျင်း ကန်ရွာ ဇာတိဖြစ်သည်။ မိဘများမှာ တောင်သူရိုးရာ လုပ်ကိုင်သူများ ဖြစ်၏။ တစ်ခု ထူးတာက မောင်သီလမှာ သူ့မိဘကပေးသော နာမည်စီးသွားလို့လားမသိ။ အရွယ်

http://www.cherrythitsar.org



ရောက်၍ ရှင်သာမဏေပြုပြီးသည်နှင့် လူပြန်မထွက်တော့ဘဲ အသက်နှစ်ဆယ် ရောက်သည့်အခါ ရဟန်းဆက်ခံသည်။ ရဟန်းဒါယိကာမှာ ရမည်းသင်းမြို့ပေါ်မှ ကြေးရတက် ဦးလောစံဖြစ်၍ ဦးသုဇာတဘွဲ့ခံ မောင်သီလကို မန္တလေးအထိ ဆက်ပို့ပြီး ပရိယတ် ပဋိပတ် လောကုတ္တရာပညာများ ဆက်လက်ဆည်းပူးနိုင်ရန် လှူဒါန်း ထောက်ပံ့ခဲ့သည်။ သုံးလေးနှစ်တော့ အဟုတ်သား။ နောက်ပိုင်းတွင် မိခင်ကြီး ကွယ်လွန်သည်ကို အကြောင်းပြုပြီး လူထွက်ကာ အင်ကျင်းကန်ရွာ ပြန်လာခဲ့သည်။

အမှန်တော့ ဘာမှမဟုတ်။ ဦးလောစံ၏သမီးကလေး မလှဖွေးဓော ကပ်နေခြင်းပင်ဖြစ်၏။ ရှင်သာမဏေဘဝကတည်းက ဦးလောစံတို့အိမ် ဝင်ရင်းထွက်ရင်း မောင်သီလနှင့် မလှဖွေးတို့ ရင်းနှီးခဲ့ကြသည်။ ရဟန်းဘဝရောက်၍ မန္တလေးသို့ ခွဲခွာခဲ့ရသည့်တိုင် စာအဆက်အသွယ် မပြတ်ခဲ့ကြ။ မိခင်ကြီးကွယ်လွန်၍ အင်ကျင်းကန်ရွာ ပြန်ရောက်ချိန်နှင့် မလှဖွေးအား လင်ပေးစားတော့မည့်အချိန်တို့ တိုက်ဆိုင်သွားသောအခါ အချစ်ရောဂါ ကုရာနတ္ထိ ဆေးမရှိတော့ဘဲ ရောဂါအရှိန်ဒီဂရီ အမြင့်ဆုံး တက်သွားကာ ထွက်ပြေးကြခြင်းပင် ဖြစ်၏။

ထုံးစံအတိုင်း မိဘက ခွဲသည်။ ဟိုပြော သည်ပြောနှင့် နားယောင်သည်။ ရဲနှင့် တရားရုံးတွင် မိမိအလိုမတူဘဲ ဖြားယောင်းသွေးဆောင် ခိုးယူကြောင်း ထွက်မိသည်။ မလိမ်မိုး မလိမ္မာအရွယ် မဟုတ်ပါလား။

တကယ်တမ်း မောင်သီလကို တရားရုံးက ကြိမ်ဒဏ်အပြစ်ပေးလိုက်မှန်း သိသွားသောအခါ မလှဖွေးကို သူ့မိဘတွေ ဘယ်လိုလုပ်မှ ထိန်းမရတော့ပေ။ သို့နှင့်ပင် တရားရုံးမှ ကြိမ်ဒဏ်ရိုက်ရာ ထောင်အရောက် မလှဖွေး တစ်ကောက်ကောက် လိုက်လာခြင်းဖြစ်၏။ တော်ပါသေးသည်။ မလှဖွေးမှာ အသက် ၁၈နှစ်ပြည့်ပြီး အရွယ်ရောက်နေပေလို့။

ဇာတ်ပေါင်းသည့် အခါ။

မောင်သီလ ကြိမ်ဒဏ်အချက် ၂၀ ခံရကျိုး နပ်ပါပေသည်။ ကြိမ်ဒဏ် အရိုက်ခံပြီး ထောင်မှအထွက် ချစ်သူ မလှဖွေး၏ရွှေလက်ကိုဆွဲကာ အင်ကျင်းကန်ရွာကလေးဆီသို့ ပျော်မြူးစွာ ပြန်ကြလေသတည်း။

■

http://www.cherrythitsar.org

# ၁၄

'ရက်စ်အင်နီး ဂိုးတူဂျေးလ်'

'မြို့ပိုင်ပေါက်စ ထောင်ခြောက်လ'တဲ့။ ရှေးက လူကြီးသူမများ ပြောလေ့ပြောထ ရှိကြသည်။

'ရက်စ်အင်နီး ဂိုးတူဂျေးလ်'ဆိုတာက တရားသူကြီးမင်းက "မင်း အပြစ်ရှိသလား"ဟု အင်္ဂလိပ်လို မေးရာတွင် "ဟင့်အင်း၊ ကျွန်တော်မျိုးမှာ အပြစ်မရှိပါဘူး"ဟု မြန်မာလို ပြန်ဖြေရမည့်အစား အင်္ဂလိပ်လို ပြောချင်သည်နှင့်...."ရက်စ်"ဟု ပြန်ဖြေ မိသည်။ တရားသူကြီးမင်းက ဒီကောင်တော့ မှားဖြေမိပြီဟု သဘောရကာ အင်္ဂလိပ်လို ထပ်မေးပြန်၏။"မင်းမှာ အပြစ်မရှိဘူး မဟုတ်လား" ။ ထိုအခါ တရားခံက 'အင်း.... ငါ အင်္ဂလိပ်လို ရက်စ်ဖြေမိတာ မှားသွားတယ်နဲ့တူတယ်။ ဒီတစ်ခါ တစ်မျိုးပြန်ဖြေမှပဲ' 'ရက်စ်'မှလွဲလျှင် သူတတ်ထားတာလည်း 'နိုး' တစ်ခုတည်းရှိသည်။ ဒီတစ်ခါ ရိုရို သေသေ လေးလေးစားစား 'ဆား'လေးပါ ထည့်ဖြေလိုက်မည်။"နိုး ဆား"။ အပြစ်မရှိ တာကို မဟုတ်ပါဘူး သွားဖြေလျှင်တော့ အပြစ်ရှိနေပြီပေါ့။ ထို့ကြောင့် တရားသူကြီးက "ဆိုး.... ဂိုးတူဂျေးလ် ဖော် စစ်ကဇစ် မန့်တ်စ်"ဟု ထောင်ဒဏ် ၆ လ အပြစ်မပေး ချင်ဘဲ ပေးလိုက်ရလေတော့သည်။

မြို့ပိုင်ပေါက်စ ထောင်ခြောက်လ ဆိုတာလည်း ထိုနည်း လည်းကောင်းပါပဲ။

မြို့ပိုင်ဆိုပြန်တော့ ဒီခေတ်လူငယ်တွေ ဘာမှသိကြတော့မည် မဟုတ်သဖြင့် ရှင်းပြရပေဦးမည်။ စောစောပိုင်းက မြို့ပိုင်ပင် မခေါ်၊ မြို့အုပ်သာ ခေါ်ပါသည်။ မြို့အုပ်

http://www.cherrythitsar.org



ရိုးရိုးမဟုတ်၊ မြို့အုပ်မင်း။

အင်္ဂလိပ်ခေတ် ဘာခေါ်ခေါ် 'မင်း' ပါသည်။ မြို့အုပ်မင်း၊ နယ်ပိုင်မင်း၊ အရေးပိုင်မင်း၊ တိုင်းမင်းကြီး၊ အတွင်းဝန်မင်း၊ ဝန်ကြီးမင်း။ ရန်အောင်မောင်မောင်တို့ ဖေဖေ မြေစာရင်းအင်စပတ်တော် ဦးမင်းကို ကိုလည်း အင်စပက်တော်မင်း။ ယခုခေတ် တစ်ပွင့် ဒုရဲအုပ်ကလေးမျိုးကိုပင်လျှင် ရာဇဝတ်အုပ်မင်း။

ကောင်းပြီ၊ မြို့အုပ် ဘာလုပ်ရသနည်း။

မြို့တစ်မြို့ကို အုပ်ချုပ်ရာတွင် သူအကြီးအကဲ၊သူအခရာ၊ သူ အာဏာ ပါဝါ အရှိဆုံး။ သူ့အောက်မှာ ကျေးရွာများကို အုပ်ချုပ်သည့် သူကြီးများရှိသည်။ သူ့ကို လည်း သူကြီးမင်းပဲ။ သူကြီးလက်အောက်တွင် ရွာခေါင်းများရှိသည်။ ရွာခေါင်းများ အောက်တွင် ဆယ်အိမ်ခေါင်းများ ရှိသေးသည်။ မြို့ပိုင်အထက်မှာတော့ နယ်ပိုင်၊ အရေးပိုင်၊ တိုင်းမင်းကြီး စသည်အားဖြင့်ပေါ့။

၁၉၅၀ – ၅၁ ခုနှစ်တစ်ဝိုက်က ထောင်မှူးပေါက်စ ဦးမောင်မောင်တစ်ယောက် မှာလည်း မြို့ပိုင်ပေါက်စလို ထောင်ခြောက်လ ကျလောက်အောင် မကြီးကျယ်ခဲ့သော် လည်း ဒုက္ခလှလှကြီး တွေ့ခဲ့ဖူးသည်။ ယခုထက်တိုင် အမှုထမ်းစာအုပ်ထဲတွင် မင်နီဖြင့် reprimanded ပြင်းထန်စွာ သတိပေးလိုက်သည်ဟူသော အပြစ်ဒဏ်ကြီး ရှိနေသေး သည်။ အမှုထမ်းသက် ၃၆ နှစ်အတွင်း ဒီတစ်ကြိမ်တည်း မနူးမနပ် စိမ်းဆတ်ဆတ် ထောင်မှူးပေါက်စ မဟုတ်လား။

ဖြစ်ပုံက ဒီလိုပါ။ တစ်နေ့ detainee ခေါ် ပုဒ်မငါးများထားသည့် အဆောင် တွင် ပြဿနာ တစ်ခုပေါ်သည်။ ပြဿနာဆိုသည်မှာလည်း ယခုတွေးကြည့်လျှင်တော့ ရယ်စရာပါ။ သို့သော် ဟိုတုန်းဟိုအခါကတော့ တကယ့်ကို ဇရာမပြဿနာကြီး။ ယင်း ပြဿနာကား အခြားမဟုတ် ပုဒ်မငါးဆောင်မှ ဗမာ့ခေတ်သတင်းစာတစ်စောင်ကို ဖမ်းမိ သွားခြင်းပင် ဖြစ်၏။ ဖမ်းမိသူကား စီ၊ အိုင်၊ ဒီ အောင်ဌေး။

စီ၊ အိုင်၊ ဒီ ဆိုလို့ အပြင်ရဲဌာနမှ စီအိုင်ဒီ မဟုတ်ရပါ။ ထောင်တွင်း စီအိုင်ဒီ ဖြစ်၏။ ထောင်တွင်း စီအိုင်ဒီဆိုသည်မှာ ထောင်ထဲတွင် နေရာအနှံ့ အဆောင်အနှံ့ သွားချင်ရာသွား ပြောသမျှနားထောင် ရှာချင်လျှင် ဘယ်သူ့ကိုမဆို ရှာနိုင်သည်။ သတင်း ထောက်လှမ်းသည်။ ပြီးတော့ ရသမျှသတင်းတွေကို ထောင်မှူးကြီး၊ ထောင်ပိုင်လေး၊ ထောင်ပိုင်ကြီးတို့ထံ သတင်းပို့ရသည်။ အများဆုံး တိုက်ရိုက်ကိုင်တွယ်သူမှာ ထောင်မှူး ကြီး ဖြစ်၏။

ဒါက ပြောင်ပြောင်တင်းတင်းထားသည့် ထောင်တွင်း သတင်းထောက်လှမ်း ရေးအတွက် စီ အိုင် ဒီ။ လျှို့ဝှက်ထားသည့် အကျဉ်းသား ထောက်လှမ်းရေးတွေလည်း အများကြီးရှိသေးသည်။ ထောင်ကြီးတစ်ထောင်ကို အုပ်ချုပ်ရသည့်ကိစ္စမှာ လွယ်သော အလုပ်မဟုတ်။ အုပ်ချုပ်ရသည့် လူတန်းစားတွေမှာလည်း သာမန်လူတန်းစားတွေ

မဟုတ်။ သူ့ထက်သူ လူစွမ်းကောင်း၊ ရာဇဝတ်ကောင်၊ မတစ်ထောင်သားတွေဖြစ်၏။ အင်္ဂလိပ်လိုဆိုတော့ Above the average.

ကောင်းသည့်ဘက်မှာ မဟုတ်၊ မကောင်းသည့်ဘက်မှာ။

လျောင်ချိုင့်တွင်း ထည့်ထားသော ကြက်တူရွေးကလေးတစ်ကောင်၊ ငှက်ကလေးတစ်ကောင်ကိုပင် ကြည့်ပါ။ သူ ဘယ်မှာ ငြိမ်ငြိမ်နေလို့လဲ။ အပြင်ထွက်ချင်သည်နှင့် ဟိုဘက်ပြေးလိုက်၊ သည်ဘက်ပြေးလိုက်၊ တန်းကလေးတွေကို လိုက်ကိုက်ဆိတ်ဆွနေသည်ကို တွေ့ရလိမ့်မည်။ အဲဒါက အသိဉာဏ်ပညာ ကင်းမဲ့သည့် အဟိတ်တိရစ္ဆာန်။ အသိဉာဏ်ပညာရှိသည့် လူကျတော့ ပိုဆိုးတာပေါ့။ ပြီးတော့ မကောင်းသည့်ဘက်တွင် သာမန်ထက် လွန်ကဲနေသည့်သူတွေ။ အဆိုးဆုံး ဆိုလိုက်ရလျှင် များသောအားဖြင့် လူလွန်မသားတွေ။ လူလွန်မသား၊ မတစ်ထောင်ကို အုပ်ချုပ်ရာတွင် အုပ်ချုပ်သူဘက်က အကင်းမပါးလျှင် ခံရပြီပေါ့။

ကုန်းသတ္တဝါထဲတွင် သက်ရှိ အကြီးဆုံးဖြစ်သော ဆင်ကြီးတစ်ကောင်ကို ထိန်းမလား။ ကျွမ်းကျင်လိမ္မာသော ဆင်ဦးစီးတစ်ယောက်က ချွန်းကလေးတစ်ခုကိုင်ပြီး လွယ်လွယ်နှင့် ထိန်းလို့ရပါသည်။ အထိုင်ခိုင်းမလား၊ အထခိုင်းမလား၊ သွားခိုင်းမလား၊ ရပ်ခိုင်းမလား၊ သစ်ဆွဲခိုင်းမလား။ တိရစ္ဆာန်ရုံထဲက ဆင်ကြီးကို 'မိုမိုရေ'ဟုခေါ်လိုက်လျှင် 'ဝူး' လို့ပင် အော်တတ်သေးသည်။

လောကတွင် လူကိုလူချင်း ထိန်းရသောအလုပ်မှာ အခက်ဆုံးဖြစ်၏။ လူလွန်မသားတွေဆိုတော့ ပိုဆိုးတော့မပေါ့။ သည်တော့လည်း အကျဉ်းသားတွေကို အုပ်ချုပ်ရသော ထောင်မှူးကြီးတွေ၊ ထောင်ပိုင်တွေက လူမွေးရသည်။ ပြောင်ပြောင်တင်းတင်း လခစား စီအိုင်ဒီတွေ ထားရသလို၊ တိတ်တိတ်ပုန်း အကျဉ်းသားဒလန်တွေ၊ သူလျှိုတွေ အများကြီး မွေးထားရသည်။ သူတို့ကို မွေးထားမှ ထောင်ဖောက်ပြေးမည့်သတင်း၊ ထောင်ထဲတွင် ဥပဒေမဲ့ လုပ်ချင်ရာလုပ်နေသည့် အကြံအဖန်သတင်းမျိုးစုံ ရမည်ဖြစ်၏။

လခစား စီအိုင်ဒီ အောင်ဌေးဆိုသည်မှာလည်း တစ်ခေတ်တစ်ချိန်တစ်ခါကတော့ နာမည်ကြီး ဖြစ်၏။ (ယခုတော့ သေရှာပါပြီ။)

"ဟော့၊ မြေမှာ မြွေပွေး၊ ရေမှာ ငါးရွေး၊ ထောင်မှာ အောင်ဌေးတဲ့ကွ။ တစ်ဌေးတည်း ရှိတယ်။ နားလည်လား"

သို့ကလိုပင် ဆိုစမှတ်ပြုခဲ့ကြရ၏။ ထောင်ထဲမှာတော့ သူအလျင်ဆုံး၊ အပါးဆုံး။ ချက်ဆိုလျှင် နားခွက်က မီးတောက်သူ။ ထောင်ပိုင်၊ ထောင်မှူးကြီးတွေက သူ့ကို ဒါလောက်အထိပင် အားကိုးခဲ့ကြ၏။ ယခုကိစ္စကတော့ စီအိုင်ဒီအောင်ဌေးတစ်ယောက် ခရုကို ခါးတောင်းကျိုက် ဖမ်းသည့်ကိစ္စပါ။

အဘယ့်ကြောင့်ဆိုသော် ထောင်ထဲတွင် သတင်းစာမရှိ မဟုတ်။ မြန်မာသတင်းစာမက၊ အင်္ဂလိပ်သတင်းစာပင် ရှိသည်။ သို့သော် ရိုးရိုးအကျဉ်းသားတွေထံမှာ

http://www.cherrythitsar.org



မဟုတ်။ ဘီကလပ် အကျဉ်းသားတွေဆီတွင် မျိုးစုံရှိသည်။

ယခု ဗမာ့ခေတ်သတင်းစာ မိထားတာက ပုဒ်မငါးဆောင်။ ထိုအဆောင်တွင် စီကလပ် ရိုးရိုးအကျဉ်းသား နိုင်ငံရေးသမားတွေချည်း သီးသန့်ထားသည်။ ထိုစဉ်က ရှိသည်မှာ ရဲဘော်ဖြူနှင့် ကွန်မြူနစ်ဖြစ်၏။ ပမညတ မပေါ်သေး။ သတင်းစာ လက်ဝယ် မိသူကိုလည်း ကောင်းကောင်းကြီး မှတ်မိနေပါသေးသည်။ ရဲဘော်ဖြူ ကျော်လှိုင်။

"ဆရာ ဦးမောင်မောင်၊ ထောင်မှူးကြီး ခေါ်နေတယ်"

ထောင်ထဲတွင် တစ်ယောက်စကား တစ်ယောက်နား၊ ထောင်မှူးဦးမောင်မောင် လည်း ကြားသင့်သလောက် ကြားပြီးဖြစ်၏။ ဒီကိစ္စပဲ နေတော့မပေါ့။ ထောင်မှူးကြီးက ရခိုင်ဦးကျော်။ အသံသြသြနှင့် သူ့လျှာခင်ထဲ လော်စပီကာတပ်ထားသလား အောက်မေ့ ရသည်။

"ဦးမောင်မောင်၊ အဲဒီသတင်းစာ ဘယ်လိုလုပ်ပြီး ပုဒ်မငါးဆောင်ထဲ ရောက် လာသလဲ"

"ကျွန်တော်လဲ စုံစမ်းနေတုန်းပဲ ဆရာ"

"ခင်ဗျား အဲဒီအမှု ပေါ်အောင်စစ်။ ထောင်ပိုင်ကြီး သိပ်ဒေါပွနေတယ်"

"ဟုတ်ကဲ့ပါ ဆရာ"

ဦးမောင်မောင် ထောင်မှူးကြီးကို အလေးပြု၍ ထွက်လာခဲ့သည်။ အင်း.... ခက်တော့ အခက်သား။ ထောင်ပိုင်ကြီး သိပ်ဒေါပွနေပြီဆိုသည့်ကိစ္စမှာ ဧရာမပြဿနာ ကြီးပင် ဖြစ်ချေတော့သည်။ ထောင်တစ်ထောင်လုံးကို တာဝန်ခံအုပ်ချုပ်နေသူက ထောင်ပိုင်ကြီး၊ အဲဒီ ထောင်ပိုင်ကြီး ဒေါပွနေပြီဆိုမှတော့ မိုးမီးတောက်ပြီပေါ့။ အဲဒီခေတ် အစိုးရပြဇာတ်မှ လူရွှင်တော်တွေစကားနှင့် ပြောရလျှင်တော့ 'စကိုင်းဖိုင်းယား' ပဲ။

စကိုင်းဖိုင်းယားကိစ္စ ထောင်မှူးပေါက်စ ဦးမောင်မောင် စနည်းနာကြည့် ပါသည်။ အမှန်က ဘာမှမဟုတ်၊ စီအိုင်ဒီ အောင်ဌေးနှင့် ပုဒ်မငါးကျော်လှိုင်တို့ ပြဿနာ တစ်ခုအတွက် မပြေလည်ရာက အရှင်းခံလာခြင်း ဖြစ်၏။

ထိုခေတ်ကထောင်ကျအကျဉ်းသားတွေ အေကလပ်စ်၊ ဘီကလပ်စ်၊ စီကလပ်စ် ဟူ၍ သုံးမျိုးသုံးစား ခွဲထားသလို အချုပ်တရားခံများတွင်လည်း အထူးတန်းနှင့် ရိုးရိုး တန်းရယ်လို့ ခွဲခြားထားပြန်သည်။ အထူးတန်းက ဘီကလပ်စ်၊ ရိုးရိုးတန်းက စီ ကလပ်စ်။ အေကလပ်စ်တော့ မရှိ။ ပုဒ်မငါးအကျဉ်းသားများအနေနှင့်လည်း ရိုးရိုးတန်း နှင့် အထူးတန်းဟူ၍ ခွဲခြားထားပြန်၏။ အထူးတန်းနှင့် ရိုးရိုးတန်း အစားအသောက်၊ အဝတ်အစား၊ အနေအထိုင် ထူးခြားသလို ထောင်ဝင်စာတွေ့ရာတွင်လည်း ခြားနား သည်။ရိုးရိုးတန်းတို့ စီကလပ်စ်တို့က ထောင်ဝင်စာတွေ့ရာတွင် သံစကာနှစ်ထပ်ခြားပြီး တွေ့ရသည်။ ဘီကလပ်တို့ အထူးတန်းတို့ဆိုလျှင်တော့ သံစကာခြားထားသည့်နေရာတွင် မတွေ့ရဘဲ ခုံတန်းလျားပေါ်တွင် လွတ်လွတ်လပ်လပ် ပူးပူးကပ်ကပ် တွေ့ခွင့်ရ၏။

http://www.cherrythitsar.org



ဘီကလပ်စ်အကျဉ်းသားနှင့် အထူးတန်းအချုပ်တရားခံများသာ မဟုတ်။ စီကလပ်စ် အကျဉ်းသားများနှင့် ရိုးရိုးတန်း အချုပ်တရားခံများ ပုဒ်မငါးများထဲမှလည်း ယင်းကဲ့သို့ အထူးထောင်ဝင်စာ တွေ့ခွင့်ရသူများ ရှိခဲ့ပါသည်။ ထိုသူများကား အခြားမဟုတ်။ ထောင်မှူး ထောင်ပိုင်များ ပစားပေးခြင်းခံထားရသည့် ရှစ်မှတ်၊ ဆယ့်နှစ်မှတ်၊ တန်းစီး၊ ဘုတ်ကိုင်၊ သန္ဓေ၊ ခြောက်ထောင်ပိုင် စသည့် အကျဉ်းသားများဖြစ်သည်။

ပုဒ်မငါး ကျော်လှိုင်သည် ဦးမောင်မောင် ထောင်မှူးမဖြစ်မီကပင် ဘယ်လိုက ဘယ်လို အကြောင်းအပေါင်း သင့်ခဲ့လေသည်မသိ။ ရိုးရိုးတန်း ပုဒ်မငါးဘဝနှင့် အထူးတန်း ထောင်ဝင်စာ တွေ့ခွင့်ရနေသူဖြစ်၏။

စင်စစ် စီအိုင်ဒီအောင်ဌေး၏ အာဏာပါဝါမှာလည်း နည်းနည်းနောနော မဟုတ်။ ထောင်ထဲတွင် သူထင်သလို မွှေနှောက်နိုင်သူတစ်ဦးဖြစ်၏။ ထောင်ဝင်စာကိစ္စ ကိုလည်း သူဝင်၍စွက်ဖက်နိုင်သည်။ သူနှင့် အလွမ်းသင့်လျှင် သင့်သလို၊ အလွမ်းမသင့် လျှင် မသင့်သလို။ (မ–လ–တ–မ/လ–တ–မ) မလိုတစ်မျိုး လိုတစ်မျိုးလို့ ဆိုချင်ဆို။

ယခုကိစ္စမှာလည်း စီအိုင်ဒီအောင်ဌေးနှင့် ကျော်လှိုင်တို့နှစ်ဦး မလိုသည့်အချိန် အခါမျိုးတွင် ပေါ်ပေါက်လာသော ပြဿနာတစ်ခုဖြစ်၏။ အမှန်အတိုင်းတော့ ဘီကလပ် မှ သတင်းစာတွေ ဟိုအဆောင်ရောက် သည်အဆောင်ရောက်၊ ရောက်နေတာ ကြာပါပြီ။

သို့သော် ဆရာ့ဆရာ ထောင်ပိုင်ကြီးတွေ ပြောဖူးပေါင်း များလှပါပြီ။

"ထောင်ထဲမှာ ဘာမှမဖြစ်ရင် ဘာမှမဖြစ်ဘူးဟေ့။ ဖြစ်မိပြီဆိုရင်တော့ နောက်ချေးပုံပေါ် ခဲကျသလို အကုန်စင်ပြီသာမှတ်"

ဟုတ်လိုက်လေ။ ယခုလည်း နောက်ချေးပုံပေါ် ခဲကျခဲ့ချေပြီ။ ဦးမောင်မောင် သတင်းစာကိစ္စ စုံစမ်းစစ်ဆေးနေစဉ် ထောင်ပိုင်ကြီး၊ ထောင်ပိုင်လေး၊ ထောင်မှူးကြီးတို့ အလိုကျ အဲဒီကိစ္စကိုပင် ဝင်ရောက်ကိုင်တွယ်နေသည့် ထောင်မှူးနှစ်ဦးရှိနေသေးသည်။ တစ်ဦးက အချုပ်ရုံးခန်းကိုင်ရသည့် ထောင်မှူးဦးနွဲ့၊ နောက်တစ်ဦးက ထောင်ကျရုံးခန်း ကိုင်သည့် ထောင်မှူးမစ္စတာဂျက်ဆွမ်းဆင် ခေါ် ဦးခင်မောင်သန်း။ ဂျက်ဆွမ်းဆင် ခေါ် ဦးခင်မောင်သန်းမှာ စစ်ကြိုခေတ်က ပျော်ဘွယ်မြို့ အမျိုးသားအထက်တန်းကျောင်း တွင် ဦးမောင်မောင်နှင့် ကျောင်းနေဖက်သူငယ်ချင်း။ ပန်ချာပီအမျိုးသားဖြစ်၍ ဖောင်းထုပ် ကြီးနှင့်။ သူ၏ ဖောင်းထုပ်အစကိုဆွဲပြီး စက်ဘီးနှင့်ပြေးသဖြင့် အဆဲခံရဖူးပေါင်း များခဲ့ပြီ။ ကက်စ်ဘီ ခေါ် ဂျပန်အပြေး အင်္ဂလိပ်ပြန်အဝင် အိန္ဒိယစစ်တပ်နှင့် ပါလာပြီး ထောင်မှူးဖြစ်လာသူ။ ထိုအချိန်တွင် ဖောင်းထုပ်မရှိတော့ဘဲ ဗိုလ်ကေနှင့် အကျအန။ ဦးမောင်မောင်အပေါ်တွင်လည်း ငယ်သူငယ်ချင်းဖြစ်၍ သံယောဇဉ်ရှိရှာသည်။

"အိုင်ဆေး ဦးမောင်မောင်၊ ဒီအမှုကို ကိုယ် မေးပေးမယ်"

ထောင်မှူးဦးနွဲ့ ဆိုသူမှာလည်း ယခင်က ဘဏ်စာရေးဖြစ်ပြီး အကျဉ်းဌာနမင်း ကြီး ဦးဘမောင်နှင့် ဆွေမျိုးတော်စပ်၍ ထောင်မှူးဖြစ်လာသူ။

http://www.cherrythitsar.org



အမှုကတော့ ပေါ်သွားပါ၏။ သို့သော် ပုဒ်မငါး ကျော်လှိုင်တစ်ယောက်တော့ နံရိုးကျိုး၍ ဆေးရုံတင်လိုက်ရလေတော့သည်။ ဦးမောင်မောင်အတွက် အကုသိုလ်ဂြိုဟ်ဆိုးဝင်ချင်တော့ ထိုအချိန်အခါမျိုးတွင်မှ အကျဉ်းဌာနအထူးအရာရှိ ဦးလှဖေ ထောင်လာစစ်သည့်အချိန်နှင့် ကြုံကြိုက်သွားခြင်းပင်ဖြစ်၏။

အထူးအရာရှိ ဦးလှဖေ ထောင်တွင်း လှည့်လည်စစ်ဆေးပြီး ဆေးရုံဘက်သို့ အရောက်....

"အား.... ကျွတ်.... ကျွတ်....၊ နာလိုက်တာ"

အထူးအရာရှိနောက်တွင် ထောင်ပိုင်ကြီး၊ ထောင်ပိုင်လေး၊ ထောင်မှူးကြီး စသည်အားဖြင့် အရာရှိတွေ စုံသည့်အပြင် ထောင်အုပ်ချုပ်ရေးကော်မတီ ခေါ် အပြင်မှ နိုင်ငံရေးသမားတွေလည်း ပါသေးသည်။

ဦးလှဖေက ထောင်ဆရာဝန်ဘက်သို့ လှည့်၍၊

"သူက ဘာဖြစ်တာလဲ ဒေါက်တာ"

ထောင်ဆရာဝန်က ထောင်ပိုင်ကြီးမျက်နှာကို လှည့်ကြည့်သည်။ ကျွန်တော်ဘယ်လိုဖြေရမလဲဆိုသည့်သဘော။ ထောင်ပိုင်ကြီးမှာ တာဝန်ရှိသူဖြစ်၍ အထူးအရာရှိ၏ အမေးကို ဖြေရ၏။ ထောင်ပိုင်ကြီးက ထောင်ဆရာဝန်ဘက် လှည့်ကြည့်ပြန်၏။ ခင်ဗျားဆက်ဖြေလိုက်ပါ ဆိုသည့်သဘော။

"ဟုတ်ပါတယ်၊ နံရိုးနည်းနည်းအက်သွားတယ် ထင်ပါတယ်။ အပြင်ဆေးရုံထုတ်ပြီး ဓာတ်မှန်ရိုက်ဖို့ စီစဉ်ထားပါတယ်"

ဤမှာပင် နောက်တော်ပါးမှ ပါလာသော ထောင်အုပ်ချုပ်ရေးကော်မတီဝင် နိုင်ငံရေးသမားကြီးက ပြောပါလေတော့သည်။

"မင်းကြီးရယ်.... ထောင်ထဲမှာ ခုလိုကိစ္စတွေဖြစ်တာ မတော်ပါဘူးဗျာ"

နိုင်ငံရေးသမားကြီး၏ စကားလေး တစ်ခွန်းနှစ်ခွန်းဖြင့် ထိုးနှက်ချက်မှာ တကယ်ပင် ထိရောက်ပါပေသည်။ သို့နှင့်ပင် ထောင်မှူးပေါက်စ ဦးမောင်မောင်မှာ ကျော်လှိုင်ကိစ္စနှင့်ပတ်သက်၍ တာဝန်ရှိသည်ဟု ဆိုကာ ပြင်းထန်စွာသတိပေးခြင်း ခံလိုက်ရလေသတည်း။ ထိုမျှသာ မကသေး အထူးအရာရှိ ဦးလှဖေသည် အရာရှိများ အိမ်ထောင်သည်လိုင်းကို လှည့်လည်နှုတ်ဆက်ရင်း ဦးမောင်မောင်၏မိခင်ကို ပြောသွားလိုက်သေးသည်။"အဒေါ့်သားက စိတ်တိုတတ်တယ်နဲ့ တူတယ်" တဲ့။

အင်း.... ခံလိုက်ပေဦးတော့ပေါ့။ မနူးမနပ် စိမ်းဆတ်ဆတ် ထောင်မှူးပေါက်စ ဘဝပေကိုး။ ရက်စ်အင်နီး ဂိုးတူမရျေးတာ တော်လှပြီ။ မြို့ပိုင်ပေါက်စလို ထောင်ခြောက်လ မကျတာ တော်လှပြီ။

ဤကိစ္စ ဤမျှနှင့် ရပ်တန်းက ရပ်သွားလျှင် တော်ပါသေးသည်။ ယခုတော့ မရပ်နိုင်သေးဘဲ ဦးမောင်မောင်အား ပခုက္ကူထောင်သို့ ပြောင်းမိန့်ထွက်လာပြန်၏။

http://www.cherrythitsar.org



ဦးမောင်မောင် အလွန်အမင်းစိတ်ပျက်သွားသည်။ ဘာရယ်လို့တော့ မဟုတ်ပါ။ လူငယ်လူရွယ်တို့ဘာဝ မြို့ကြီးပြကြီးမှာပင် နေချင်သည်။ မြို့ငယ်မြို့သေးလေးများသို့ မသွားချင်။ နောက်ပြီး အဲဒီတုန်းက ဦးမောင်မောင်၏အရွယ်မှာ အသက်နှစ်ဆယ်ကျော်ရုံကလေးသာ ရှိသေးသည်။ အရွယ်နုနု အသည်းနုနု။

အသည်းနုနုဆိုသော်လည်း ပင်ကို ရှိရင်းစွဲအတိုင်း အကောင်းပကတိတော့ မဟုတ်တော့ပေ။ 'သိကြားစေ သက်သေညွှန်း'ပိုင်ရှင် တင်တင်သော် ခွဲ၍ ဟက်တက်ကွဲနေချိန်။ ငယ်ငယ်ရွယ်ရွယ် ရူးရူးမိုက်မိုက်နှင့် အသည်းကွဲဝေဒနာကို အသည်းနှင့်ပင် ပြန်၍ ကုစားခဲ့မိသည်။ ဓာတ်တူနံ့တူ ဆေးဘက်ယူ၊ နံ့တူသတ်က အသေရပေါ့။

တခြားတော့ ဘာမှမဟုတ်ပါ။ ရည်းစားတွေ မှိုလိုပေါက်အောင် ထားခဲ့မိခြင်းပင်ဖြစ်၏။ ရန်ကုန်မှာ နှစ်ယောက်လောက်၊ မန္တလေးမှာ နှစ်ယောက်လောက် တစ်ပြိုင်တည်း။

ဒီတော့ ပခုက္ကူလို မြို့ကလေး ဘယ်မှာပြောင်းချင်ပါမည်နည်း။

ကံကောင်းချင်တော့ မစ္စတာ ဂျီအီးလက်ရှလီး ဆိုသည့် ကပြားထောင်မှူးက အင်းစိန်ထောင်သို့ ပြောင်းမိန့်ထွက်သည်။ အကျဉ်းထောင်မင်းကြီး ဦးဘမောင် ရောက်လာချိန်တွင် နှစ်ဦးသဘောတူ လဲလှယ်ရန် တင်ပြကြရာ ခွင့်ပြုခဲ့သဖြင့် ဦးမောင်မောင် အင်းစိန်ထောင်၊ မစ္စတာဂျီအီးလက်ရှလီး ပခုက္ကူထောင်၊ ပြင်ဆင်သည့်အမိန့် ထွက်လာ၏။

ကွမ်းသီးကြိုက်သည့်သူတော့ တောင်ငူရောက်ခဲ့ပြီ။

■

# ၁၅

"အချစ်ရောဂါ ကိုယ်တွင်းနာကား ကုရာနတ္ထိ ဆေးမရှိ"

သို့ကလို ဖတ်ခဲ့ မှတ်ခဲ့ ကြားနာခဲ့ရဖူးသည်။ ငယ်စဉ်တောင်ကျေး ကလေးဘဝက ဒီအတိုင်းပင် အမှန်ခံစားခဲ့ရပါသည်။ အပိုအလို မရှိပါ။ သို့သော် အချစ်ရောဂါပိုးသည် ငှက်ဖျားပိုးများသဖွယ် ဦးနှောက်ထဲ ရောက်သွားသောအခါ အချစ်စိတ်ရူး ပေါက်သွားတတ်ချေ၏။

"အသည်းကွဲဝေဒနာ ထိုရောဂါကား ကုရာအတ္ထိ ဆေးမြီးတိုရှိ၏"

ယင်းကဲ့သို့ စိတ်ရူးပေါက်ပြီး ရည်းစားတွေ ဘောက်သောက်ထားခဲ့ရာက မန္တလေးထောင်မှ အင်းစိန်ထောင်သို့ ပြောင်းရွှေ့ရခါနီး....။

ထောင်များတွင် ထောင်မှူး ထောင်ပိုင်တစ်ယောက်ယောက် ပြောင်းရွှေ့တော့မည်ဆိုလျှင် နှုတ်ဆက်ထမင်းစားပွဲ လုပ်လေ့ရှိ၏။ ထောင်မှူးပေါက်စ ဦးမောင်မောင်အတွက်လည်း ထမင်းစားပွဲ ကျင်းပပေးသည်။ သူတစ်ယောက်တည်းအတွက်တော့ မဟုတ်။ သတင်းစာအမှုတွင် ချာပါတီအကျွေးကောင်းခဲ့သော ဦးခင်မောင်သန်း ခေါ် ဂျက်ဆွမ်းဆင် အတွက်လည်း ပါ၏။

ချာပါတီကျွေးသည်ဆိုခြင်းမှာလည်း ထောင်ဝေါဟာရတစ်ခုပင် ဖြစ်၏။

ဦးမောင်မောင်တို့ အလုပ်ဝင်စ ၁၉၅၁ခုနှစ်ခန့်က မန္တလေးထောင်တွင် တစ်ကြိမ်ကြုံခဲ့ရဖူးပြီ။

"ထောင်ထဲမှာ ဒိုင်းနမိုင်း ရောက်နေပြီ။ ဒိုင်းနမိုင်းနဲ့ ထောင်အုတ်ရိုးကို

http://www.cherrythitsar.org



ဖောက်ပြီး ထွက်ပြေးကြမလို့တဲ့”

ဤသတင်းသည် ထောင်ထဲတွင် တောမီးများပမာ တရိပ်ရိပ်ပျံ့နှံ့သွားသည်။ ထောင်တွင်း စီ–အိုင်–ဒီ အောင်ဌေးထံမှလည်း ဒီသတင်းရ၏။ ထောင်မှူးကြီး မွေးထားသော လူယုံတော်ထံမှလည်း အလားတူသတင်းကြားရ၏။ ထောင်ပိုင်ကြီး၏ ဒလန် အကျဉ်းသားတွေကလည်း အလားတူသတင်းကိုပင် အခိုင်အမာပေးကြ၏။

ဆရာ့ဆရာ ထောင်ပိုင်ကြီးများ အမြဲပြောလေ့ရှိကြသည်။ ‘ထောင်ထဲမှာ သတင်းတစ်ခုခုများ ကြားရင် ဘယ်တော့မှ ကိုယ့်ဆီမှာ အဆုံးမသတ်လိုက်နဲ့။ ကိုယ့် အထက်လူကြီးကို သတင်းပို့၊ လုပ်ဖော်ကိုင်ဘက် အချင်းချင်းပြောပြ၊ အဲဒီသတင်း ဟုတ်မဟုတ် ရေဆုံးမြေဆုံးလိုက်”

မှန်၏။ ပြဿနာတစ်ခုခု ပေါ်တော့မည်ဆိုလျှင် သတင်းအစအနကလေး အမြဲရတတ်သည်။ အဲ့ဒီသတင်းကို အသေးအဖွဲ့ရယ်လို့ မထီမဲ့မြင် မပြုလိုက်လေနှင့်။ နောက်ပိုင်းတွင် အမှိုက်ကစ ပြာသာဒ်မီးလောင်စမြဲ။ ယခုလည်း သတင်းအစအနတော့ ရထားပြီ။ ရထားသည့် သတင်းကလည်း သာမန်သတင်းမျိုးမဟုတ်။ ဒိုင်းနမိုင်းနှင့် ထောင်ဖောက်ထွက်ပြေးမည့် ဧရာမသတင်းကြီးဖြစ်၏။ ထောင်အာဏာပိုင်တွေ လိုက်ကြ ပေဦးတော့ အမောတကော။

ထိုစဉ်က ထောင်မှူးကြီးမှာ ဆရာဦးလှအောင် ဖြစ်၏။ ဦးမောင်မောင်တို့ အတွက်တော့ တကယ့်ကို အန္တေဝါသိက တပည့်ရင်း ဆရာရင်းဖြစ်သည်။ ကောင်းတာ တွေလည်း သူပဲ သင်သည်။ မကောင်းတာတွေလည်း ချန်မထားတတ်။ မကောင်းတာ တွေ ဆိုတာက အခြားမဟုတ်ပါ။

ထိုစဉ်က မန္တလေးထောင်တွင် တင်းနစ်အားကစားကွင်း ရှိသည်။ ကလပ် ရှိသည်။ မန္တလေးထောင်မှာ နန်းတွင်းတွင် ရှိသဖြင့် နန်းတွင်းရှိ တပ်မတော်အရာရှိများ နှင့် အမြဲအဆက်အသွယ် ရှိသည်။ သူ့တင်းနစ်ကွင်းမှာ ကိုယ်သွားကစား။ ကိုယ့်ကွင်း မှာ ပြိုင်ပွဲလုပ်သည့် အခါများတွင်လည်း တပ်မတော်အရာရှိများကို ဖိတ်ခေါ်ကစားမြဲ။ လျှပ်တစ်ပြတ် တင်းနစ်ပြိုင်ပွဲများ ကစားပြီးလျှင် ထမင်းစားပွဲ ကျင်းပကြသည်။ ထိုအခါမျိုးတွင် အဖျော်ယမကာကလေးက မပါမဖြစ်။ ပထမတော့ ဦးမောင်မောင်တို့ ဘီလပ်ရည်ကိုသာ သောက်ပါသည်။ သို့သော် လကုန်၍ လခထုတ်သည့်အခါ ဘီလပ် ရည် သမားများနှင့် အဖျော်ယမကာသမားတို့ကို တန်းတူထား၍ ကြိတ်နှုန်းအတိုင်း အဖြတ်ခံရသောအခါ ကိုင်း.... မထူးပါဘူးကွာ ဟု ဆိုကာ ရမ်ကလေး တစ်ပက်နှစ်ပက် စသောက်ခဲ့ရာက ယနေ့ထက်တိုင် ရမ်နှင့် မကင်းနိုင်သေး။

ထောင်မှူးကြီးဦးလှအောင်သည် အလုပ်လုပ်ရာတွင် စံထားထိုက်သူတစ်ဦး ဖြစ်၏။ အင်္ဂလိပ်ခေတ်ကတည်းက ထောင်မှူး အလုပ်ဝင်ခဲ့သူ လုပ်သက်ရင့်ထောင်မှူး ကြီးတစ်ဦးဖြစ်၍ အတွေ့အကြုံကလည်း ရင့်ကျက်သည်။ မန္တလေးအကျဉ်းထောင်မှ

http://www.cherrythitsar.org



'ရွှေနန်းမောင်' သကြန်အသင်းကို စတင်တည်ထောင်သူမှာ ထောင်မှူးကြီး ဦးလှအောင် ပင် ဖြစ်၏။ မန္တလေးထောင်တွင် ဘင်ခရာတီးဝိုင်းရှိနေမှတော့ ရေသဘင်အသင်းအဖွဲ့ တစ်ခု တည်ထောင်ဖို့ဆိုသည်မှာ ဘာမှခက်ခဲသည့်အလုပ် မဟုတ်တော့ပေ။ (သို့နှင့်ပင် မန္တလေးထောင်မှ 'ရွှေနန်းမောင်' ရေသဘင်အဖွဲ့မှာ ဝါသနာပါသူ လူကြီးများရှိသည့် အခါ ပေါ်လာလိုက်၊ အားပေးသူမရှိသည့်အခါ မြုပ်သွားလိုက်နှင့် ရန်အောင်မောင်မောင် နောက်တစ်ကြိမ် မန္တလေးထောင် ပြန်ရောက်သည့်အခါ 'ရွှေနန်းမောင်' တစ်ကြိမ် ပြန်ပေါ် လာပုံကလေး ရေးပါဦးမည်။)

ရွှေနန်းမောင် ရေသဘင်အသင်းထွက်စက ဦးလှအောင်သည် သူ့ကိုယ်သူ သမ္မတကြီးပုံသဏ္ဍာန် ဝတ်ဆင်၍ ရေသဘင်ကားထိပ်က ထိုင်သည်။ ဘေးပတ်ပတ် လည်ကမှ တိုင်းရင်းသားလူမျိုးစုံ ပုံသဏ္ဍာန်ဖြင့် သရုပ်ဖော်ထားသည်။ သို့သော် ဦးလှအောင်သည် သမ္မတကြီးနှင့်မတူဘဲ ထိုစဉ်က ပြည့်သူ့လွှတ်တော်ဥက္ကဋ္ဌ လုပ်ခဲ့ သည့် ဗိုလ်မှူးအောင်နှင့် တူနေ၏။ သို့နှင့်ပင် ဆရာဦးလှအောင်နှင့် လုပ်ဖော်ကိုင်ဘက် များက သူ့ကို ဗိုလ်မှူးအောင်ဟု နောင်ပြောင်ခေါ်ရာက နောက်ပိုင်းတွင် သည်နာမည်ပင် တွင်တော့သည်။ ဦးမောင်မောင်တို့ လူငယ်များကတော့ ဗိုလ်မှူးအောင်ဟု မခေါ်ဝံ့ပါ။

ဦးလှအောင် ထောင်တွင်းဒိုင်းနမိုင်းအမှုကို စုံစမ်းစစ်ဆေးပုံမှာ ထောင်မှူး ပေါက်စ ဦးမောင်မောင်တို့အတွက် အများကြီးပညာရသည်။ အရင်းစစ်တော့ အမြစ် မြေက ဆိုသကဲ့သို့ နောက်ဆုံးတော့ အတွေ့အကြုံပါပဲ။

စီ–အိုင်–ဒီ အောင်ဌေး အစဖော်ပေးထားသော အကျဉ်းသားသုံးလေးယောက် အနက် ဆရာဦးလှအောင်က အကျဉ်းသားတစ်ယောက်ကို မျက်စိကျနေ၏။ သူ့နာမည် မှတ်ကြီး။ နာမည်နှင့်လူ တကယ်ပင်လိုက်ဖက်ပါသည်။ သူ့လက်ယာဘက် ပါးပေါ်တွင် လက်တစ်ဝါးစာ ပြာနှမ်းနှမ်းမွေးရာပါအမှတ်ကြီးပါ၏။ အမှုကလည်း သေးသေးမွှားမွှား မဟုတ်။ မုဒိန်း လူသတ်မှု။

"ဦးမောင်မောင်၊ ကိုယ် အဲဒီ မှတ်ကြီးကို မသင်္ကာဘူးကွာ"

"ဟုတ်ကဲ့၊ ကျွန်တော် ဘာလုပ်ပေးရမလဲ ဆရာ"

"နေဦး.... မောင်ရင့်ကို ကိုယ်ပြောပြမယ်။ လူတစ်ယောက်ကို စစ်တော့မယ် ဆိုရင် ပထမဦးဆုံး သူ့မျက်လုံးကို စိုက်ကြည့်လိုက်။ ကိုယ့်စိတ်ထဲလဲ ယုံကြည်ချက်ကို အပြည့်အဝထားရမယ်။ မင်းမျက်လုံးပါဝါအားဟာ ငါ့ကိုအရှုံးပေးနေပြီလို့ စိတ်ထဲမှာ မြဲမြဲယုံကြည်ပြီး စူးစူးစိုက်စိုက်ကြည့်။ သူ မနေတတ် မထိုင်တတ် ဖြစ်သွားလိမ့်မယ်။ အဲဒီတုန်းမှာ ဖိပြီးမေး၊ ကိုယ်ဟန်အနေအထားပါ ပျက်လာလိမ့်မယ်"

"ဒါဖြစ်ရင် ကျွန်တော်တို့ မှတ်ကြီးကို ဖိစစ်လိုက်မယ် ဆရာ"

ဆရာဦးလှအောင်က ခပ်မိန့်မိန့် ပြုံးလိုက်ရင်း လက်ကာထားလိုက်သည်။

"ဟိုး.... ဟိုး..... နေဦး။ အဲဒီလိုလဲ အရမ်းမလုပ်ရဘူးကွ။ ဒီအမှုနဲ့ လုံးဝ

http://www.cherrythitsar.org



မပတ်သက်တဲ့ ကြားလူတစ်ယောက်ကိုရှာကွာ။ မင်းစဉ်းစားစမ်း”

ဦးမောင်မောင်က အတန်ကြာ စဉ်းစားနေပြီး၊

“ရှိပါတယ်ဆရာ၊ ရေကန်ဘာယာ ဖဲရှိန်ဆိုရင် ဘာမှမပတ်သက်ပါဘူး”

“အေး.... အဲဒီကောင် ခေါ်လာခဲ့”

ဦးမောင်မောင်မှာ သူပြော၍သာ ဖဲရှိန်ကို ခေါ်လာခဲ့ရသည်။ ဘာအဓိပ္ပာယ်မှန်း စဉ်းစား၍မရခဲ့ပေ။ ဖဲရှိန်နှင့် ဆရာဦးလှအောင်တို့ အတန်ကြာ နှစ်ကိုယ်ကြား တီးတိုး ပြောကြသည်။ ထို့နောက် အခန်းတစ်ခန်းတွင် ဖဲရှိန်ကိုထား၏။ အခြား အခန်းချင်း ကပ်လျှက်တစ်ခန်းတွင် မှတ်ကြီးကို တိုက်ခန်းထဲမှထုတ်ပြီး ခေါ်ထားသည်။ ထောင်ကြပ် တစ်ယောက်ကို အစောင့်ခိုင်းထား၏။

ထိုစဉ်က မန္တလေးထောင်တွင် စစ်သုံးတယ်လီဖုန်း အပျက်ကြီးတစ်လုံး ရှိ၏။ ယင်းတယ်လီဖုန်းပျက်ကြီးမှ ကြိုးနှစ်စကို ဖဲရှိန်၏ လက်နှစ်ဖက်ကို ပူးပြီးချည်သည်။ ပြီးတော့ တယ်လီဖုန်းကို လှည့်လိုက်၏။

“အမယ်လေးဗျ”

ဖဲရှိန် အသံကုန်အော်သည်။ တကယ်တော့ ဘာမှမဖြစ်ပါ။ ဘက်ထရီကို ဖြုတ်ထားပြီး ဖြစ်၏။

ထောင်မှူးကြီး ဦးလှအောင်က အသံကျယ်ကျယ်ဖြင့်....။

“ဟေ့ကောင် ပြောတော့မလား”

ဖဲရှိန်ကလည်း အသံကိုမြှင့်၍....။

“ကျွန်တော် တကယ်ကို မသိလို့ပါ ဆရာကြီးရယ်”

“အောင်မြေး.... ခပ်နာနာလှည့်စမ်းကွာ”

ဖဲရှိန်၏အသံ ပိုမိုကျယ်လောင်စွာ ကြားရပြန်၏။

“အမယ်လေး..... သေရချည်ရဲ့ဗျာ။ ဆရာကြီးရယ်၊ ဆက်မလှည့်ပါနဲ့တော့။ ကျွန်တော် ပြောပါတော့မယ်”

“အေး.... ပြောစမ်း”

ထို့နောက် ထောင်မှူးကြီးနှင့် ဖဲရှိန်တို့အသံ တိုးဝင်သွားပြန်၏။

တစ်အောင့်လောက်အကြာတွင် ထောင်မှူးကြီးအသံကို ကြားလိုက်ရ၏။

“ဟေ့၊ ဒီကောင့်ကို တိုက်ထဲ သွားပိတ်ထားလိုက်။ ဟိုဘက်ခန်းက မှတ်ကြီး ကို ခေါ်ခဲ့စမ်း”

“ကျွန်တော် ပြောပါတော့မယ် ဆရာကြီးရယ်”

“အေး.... ပြော”

“ဒီကိစ္စ ဂျော့ချ်နဲ့ ဘာနီတို့လက်ချက်ပါ”

ဆရာဦးလှအောင်ကလည်း အားရပါးရ။

http://www.cherrythitsar.org



"အေး၊ ငါထင်သားပဲ" တဲ့။

ဂျော့ချ်နဲ့ ဘာနီတို့မှာ အင်္ဂလိပ်သွေးသုံးဆယ်သားခန့်၊ အိန္ဒိယသွေးလေးဆယ်သားခန့်၊ မြန်မာသွေး သုံးဆယ်သားခန့်ပါသော ကပြားများဖြစ်ကြသည်။ သူတို့နှစ်ယောက်အနက် ဂျော့ချ်အေရွန်က ပို၍လူလည်ကျသည်။ သူတို့နှစ်ယောက်မှာ ညီအစ်ကို အရင်းတော့မဟုတ်ကြ။ တစ်ဝမ်းကွဲလောက်တော်စပ်သည်။ သူတို့နှစ်ယောက်စလုံး မြန်မာပြည်ပေါက်များဖြစ်ကြ၍ အင်္ဂလိပ်အပြေး ဂျပန်အဝင် အိန္ဒိယသို့ ပါသွားကြသည်။ စစ်ပြီးခေတ် မဟာမိတ်တပ် ပြန်ဝင်လာတော့ ဂျော့ချ်အေရွန်က ကက်ပတိန် ခေါ် ဗိုလ်ကြီးအဆင့်ဖြင့် အင်ဂျင်နီယာတပ်မှ ပါလာသည်။ ဘာနီက အရာခံဗိုလ်ဘဝနှင့် ဆေးတပ်မှ ပါလာသည်။ အမှန်တော့ သူတို့နှစ်ယောက်စလုံး လူလိမ်လူကောက်တွေချည်း ဖြစ်၏။

ဂျော့ချ်အေရွန်မှာ အင်ဂျင်နီယာတပ်မှ ဗိုလ်ကြီးအစစ်မဟုတ်ပေ။ အိန္ဒိယမှ မြန်မာပြည်သို့အဝင် ခန့်စာအတုနှင့် ဝင်လာသော ဗိုလ်ကြီးအတုဖြစ်၏။ သို့ဖြစ်၍ (F.S.S.) (Field Situation Service) ခေါ် စစ်ဆေးရေးတပ်က ဖော်ထုတ်ခြင်းခံရပြီး ထောင်ဒဏ် ၂ နှစ် ကျနေခြင်းဖြစ်၏။

ဘာနီအေရွန်မှာ ဆေးတပ်သားမှ တက်လာသော အရာခံဗိုလ်တော့ မှန်ပါသည်။ သို့သော် ဆေးများ မှောင်ခိုရောင်းစား၍ ထောင်ကျလာခြင်းဖြစ်၏။ သူတို့ညီအစ်ကိုနှစ်ယောက် ကြုံကြိုက်ဖန်ဖန် မန္တလေးထောင်တွင် လာ၍ဆုံစည်းနေကြခြင်းပင်ဖြစ်သည်။

ဂျော့ချ်အေရွန်မှာ ခေတ်ပညာတတ်တစ်ဦးဖြစ်၍ ထောင်ရုံးတွင် ဘာသာစာရေးအဖြစ် ပထမ အသုံးပြုခဲ့သည်။ သို့သော် ထောင်ကျအကျဉ်းသားများ၏ ဝရမ်းများကို လက်မှတ်တု၊ လက်ရေးတုဖြင့် ပြင်ဆင်သဖြင့် တရားစွဲခံရပြီး ၁တိုက်တွင် ပိတ်ထားသည်။ ဘာနီအေရွန်မှာလည်း အလားတူပင် ဆေးတပ်မှလာသူဖြစ်၍ ထောင်တွင်း ဆေးရုံမှ ခိုင်းစေခြင်းခံရ၏။

ထောင်မှူးကြီးဦးလှအောင်သည် ထောင်မှူးပေါက်စဦးမောင်မောင်ကို တစ်ဖက်က ပညာသင်ပေးရင်း အစအနကို သိလိုဟန်တူပါသည်။

"ကဲ.... ဦးမောင်မောင်၊ မောင်ရင်လဲ တတ်နိုင်သလောက် လိုက်စမ်း။ ကိုယ်လဲ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဆက်စုံစမ်းဦးမယ်"

အလုပ်ကျတော့ နွဲ့၍ မရတော့ပြီ။ ဦးမောင်မောင်လည်း သူတတ်သလောက် မှတ်သလောက် တာဝန်ယူရပေမပေါ့။ ဂျော့ချ်နှင့် ဘာနီတို့ နှစ်ယောက်စလုံးမှာ ခရစ်ယာန်ဘာသာ ကိုးကွယ်ကြသူများဖြစ်၏။ သူတို့နှစ်ယောက်ကို ဘာသာရေးအရ ချည်းကပ်ကြည့်လျှင် လွယ်လေမလား။

ဦးမောင်မောင်မှာ ရည်းစားတွေ ဖောခြင်းသောခြင်း ထားခဲ့သည့်အတိုင်း

http://www.cherrythitsar.org



မန္တလေး တယ်လီဖုန်းအိပ်ချိန်းမှ နိရာ တစ်ယောက်ပါ၏။ သူမမှာ ခရစ်ယာန်။ ဦးမောင်မောင်ခေါ်လျှင် နိရာ ဘုရားသို့လိုက်သည်။ နိရာခေါ်လျှင် ဦးမောင်မောင် ချတ်ချ်ခေါ် သူတို့ဘုရားရှိခိုးကျောင်းသို့ ပါသွားတတ်သည်။ သို့နှင့်ပင် နိရာ၏ လက်ဝါး ကပ်တိုင်ပါသော ဆွဲကြိုးကလေးတစ်ကုံးသည် ဦးမောင်မောင် လည်ပင်းတွင် ရှိနေ၏။

သူတို့နှစ်ယောက်အနက် အားပျော့သည်ဟု ထင်ရသော ဘာနီအေရှုန်ကို ဦးမောင်မောင် ပထမ ချဉ်းကပ်ရသည်။

"မစ္စတာဘာနီ၊ လိုတဲ့အကူအညီရှိရင် ပြောဗျ"

သူက ယူနီဖောင်းအင်္ကျီအတွင်း မပေါ်တပေါ်ချိတ်ဆွဲထားသော လက်ဝါး ကပ်တိုင်ပါသည့် ပုတီးကို ကြည့်ပြီး။

"ခင်ဗျားလည်း ခရစ်ယာန်ထင်တယ်။ ဟုတ်လား"

"ဟုတ်ပါတယ်။ ပထမတော့ ဗုဒ္ဓဘာသာပါပဲ၊ အမျိုးသမီးက ခရစ်ယာန်ဖြစ် နေတော့ သူ့ကိုယူပြီးရင် သူ့ဘာသာထဲ ဝင်လိုက်ရမှာပေါ့ဗျာ"

"ဟာ အဲဒီအကြံ သိပ်ကောင်းတာပေါ့။ ဘုရားသခင် အောင်မြင်ပါစေဗျာ"

သို့ကလို သူ့ကို ပထမအယုံသွင်းရသည်။ ပြောမယ့်သာ ပြောရသည်။ ယင်း ကဲ့သို့ အကျဉ်းသားကို ကိုယ်က အယုံသွင်း၍ လူမွေးရင်းက ထောင်မှူးပေါက်စဘဝ ကိုယ့်ကို သူတို့က ပြန်ပြီးမွေးသွားသည့်အဖြစ်ပေါင်း သောင်းခြောက်ထောင်ကြုံခဲ့ဖူးပြီ။ အမှန်တော့ ဘာမှ မဟုတ်ပါဘူး။ မုဆိုးစိုင်သင် ဆိုသကဲ့သို့ ထောင်မှူး၊ ထောင်ပိုင်တို့၏ ဘဝအစ လက်ဦးဆရာများမှာ အကျဉ်းသားများသာ ဖြစ်ပါချေ၏။

"ဒီမှာ မစ္စတာဘာနီ၊ ဒိုင်းနမိုင်းကိစ္စ ခင်ဗျားသိသလောက် ကျွန်တော့်ကို ပြောပါလားဗျာ"

"ကျွန်တော်လည်း အဲဒါကို ပြောမလို့ပါ။ ကျွန်တော့်အစ်ကို ဂျော့ချ်နဲ့ တွေ့လို့ မရနိုင်ဖူးလား"

"ဟာ.... အဲဒါတော့ ဘယ်လွယ်မလဲဗျ။ ခင်ဗျားက ဆေးရုံတိုက်မှာ၊ သူက တစ်တိုက်မှာ နေရတာပဲ"

"ဒီလိုဆိုရင်၊ စာတိုကလေးတစ်စောင်လောက် ရေးပေးရင်ကော"

ဦးမောင်မောင်မှာ အတန်ကြာစဉ်းစားပြီးနောက် အစအနကလေးတော့ ရတန် ကောင်းရဲ့ဟု သဘောပိုက်ကာ။

"အေးလေ၊ ရေးပေးလိုက်ဗျာ"

တကယ်တော့ အကျဉ်းသားများအနေနှင့် ထောင်ထဲတွင် စာရေးဖို့ လုံးဝ အခွင့်အလမ်း မရှိပေ။ အပြင်သို့ စာရေးချင်သည်ဆိုလျှင်ပင် တနင်္လာနေ့တန်းစီတွင် ထောင်ပိုင်ထံ ခွင့်တောင်းပြီးမှ ရေးခွင့်ရသည်။ ယင်းစာကိုလည်း ထောင်မှူး၊ ထောင်ပိုင်တို့ အဆင့်ဆင့် ဆင်ဆာလုပ်ပြီးမှ အပြင်သို့ ပေးပို့ခွင့်ပြုသည်။

http://www.cherrythitsar.org



ယခုတော့ ထောင်မှူးပေါက်စ ဦးမောင်မောင်သည် စုံထောက် ဦးစံရှားညဏ်ဖြင့် ဒိုင်းနမိုင်းကိစ္စ အစရှာရန် စာရွက်တစ်ပိုင်းနှင့် ဖောင်တိန်ကို ပေးလိုက်မိသည်။ ဘာနီ ရေးသည့် အင်္ဂလိပ်စာမှာ သုံးလေးကြောင်းမျှသာရှိသည်။ အဓိပ္ပာယ် အားဖြင့်လည်း ရှင်းရှင်းကလေး။ 'ဦးမောင်မောင်မှာ ခရစ်ယာန်ဘာသာဝင်ရန် အစီအစဉ်ရှိသူတစ်ဦး ဖြစ်ကြောင်း၊ ဒိုင်းနမိုင်းကိစ္စနှင့်ပတ်သက်ပြီး ဂျော့ချ် တတ်နိုင်သမျှကူညီစေလိုကြောင်း' ရေးသားထားခြင်း ဖြစ်၏။

ယင်းစာကို ဂျော့ချ်အေရွန်အား သွားပြသောအခါ။

"ကောင်းပြီလေ၊ ကျွန်တော် တတ်နိုင်သလောက် ကူညီရမှာပေါ့။ ခင်ဗျား ဖောင်တိန်ကလေး ခဏလောက်ပေးပါ"

ဦးမောင်မောင်က ဖောင်တိန် ဖြုတ်ပေးလိုက်သောအခါ ဘာနီရေးပေးလိုက်သောစာ နောက်ကျောဘက်တွင် ထပ်၍ရေးနေသည်။

"ရော့၊ ဒီစာလေး.... ဘီကလပ်က မစ္စတာဒစ်ခ်မင်းကို သွားပေးပါ။ ခင်ဗျား လိုချင်တဲ့အဖြေကို ရလာပါလိမ့်မယ်"

ဦးမောင်မောင် မျက်စိလည်သွားပြီ။

မစ္စတာဒစ်ခ်မင်းမှာ လိမ်လည်မှုနှင့် အဖမ်းခံထားရသော အေဂျင်စီတစ်ခုမှ နိုင်ငံခြားသားဖြစ်၏။ ဂျော့ချ်အေရွန်ရေးသည့် စာမှာလည်း ထူးထူးခြားခြားတော့ မဟုတ်။ 'မစ္စတာဒစ်ခ်မင်းပေးပို့သည့် ဘီကလပ်မှ အစားအစာများကို ရကြောင်း၊ ကျေးဇူးတင်ရှိကြောင်း'လောက်သာ ပါသည်။ သို့သော် ဦးမောင်မောင် ယင်းစာကို ဆက်မပေးရဲတော့ပေ။ မိမိဉာဏ်ကလေး တစ်ထွာတစ်မိုက်လောက်နှင့် ဆက်လုပ်မိလျှင် အမှားပါလာမှာ ကြောက်လာသည်။ သို့ဖြစ်၍ ထောင်မှူးကြီးဦးလှအောင်ကို အကျိုး အကြောင်း ပြောပြပြီး စာကိုထုတ်ပေးလိုက်သည်။

ဦးလှအောင်သည် စာရွက်ပိုင်းကလေးကိုယူ၍ ဖတ်ကြည့်ပြီး၊

"အေး၊ ထားခဲ့ဦးကွာ"ဟု ပြောသဖြင့် အလေးပြုပြီး ပြန်ထွက်ခဲ့ရသည်။

နောက်တစ်နေ့။

ထောင်မှူးကြီး ဦးလှအောင်နှင့် စီ အိုင် ဒီ အောင်ဒွေးတို့သည် အကျဉ်းသား များနှင့် နံပါတ် ၂ တိုက်၏ နောက်ဖေးအုတ်ရိုးအနီးတွင် တူးနေဆွနေကြသည်ကို တွေ့ရ သည်။ ဦးမောင်မောင်တော့ ဘာမှနားမလည်။ နောက်ဆုံးတော့မှ ဒိုင်းနမိုင်းကို တူးဖော် ရရှိရကြောင်း သိလိုက်ရသည်။ သို့သော် ဒစ်တိုနီတာ ခေါ် မိုင်းဖောက်ရမည့် ဖြူးစ် မပါသေးကြောင်း သိရသည်။

ထမင်းစားပွဲ ညကျမှ ခပ်ထွေထွေနှင့် ဦးလှအောင်ကို မေးကြည့်ရသည်။

"ဆရာ၊ ဒိုင်းနမိုင်း ဘယ်လိုလုပ် အစပေါ်သွားတာလဲ"

"ဟ၊ မင်းစာက အဓိကပေါ့ကွ"

http://www.cherrythitsar.org



“ဟင်….၊ ကျွန်တော် ဆရာ့ပေးတဲ့စာထဲမှာ ဘာမှ ထူးထူးထွေထွေ မပါပါဘူး”

ဆရာဦးလှအောင်က အရက်တစ်ခွက်မော့လိုက်ယင်း ခပ်ဟက်ဟက်ကလေး ရယ်လိုက်ပြီး။

“ရိုးရိုးကြည့်ရင်တော့ ဘာမှ မပါဘူးပေါ့ကွ။ ဒါပေမယ့် ဘာနီအေရွှန် ရေးတဲ့ စာရယ်၊ ဂျော့ချ်အေရွှန်ရေးတဲ့ စာရယ်ထဲမှာ အောက်ပိုင်းက မသိမသာ အစက်ကလေး တွေ တို့တို့ထားတယ်ကွ။ အဲဒီစာလုံးကလေးတွေကို ပေါင်းလိုက်ယင် ဒိုင်းနမိုင်းဟာ နံပါတ်နှစ် တိုက်နောက်ဖေးမှာ ရှိနေတယ်ဆိုတာ ပေါ်လာတာပေါ့။ သူတို့နှစ်ယောက်က ဘီကလပ်က မစ္စတာဒစ်ခ်မင်းကြီး ပေးစာကမ်းစာ စားနေတဲ့သူတွေပဲကွာ”

ထိုအခါကျမှ ပြဿနာအဝဝ ရှင်းသွားပါလေတော့သည်။

ထမင်းစားပွဲအပြီးတွင် ဦးမောင်မောင်အား သဘော်ဆိပ်သို့ လိုက်ပို့ကြသည်။ ထိုအချိန်က ပျဉ်းမနားနှင့် တောင်ငူအကြားတွင် ကရင်သောင်းကျန်းသူများ ရှိနေသဖြင့် မီးရထားလမ်းနှင့် ကားလမ်း မပေါက်ပေ။ သို့ဖြစ်၍ မန္တလေးမှ ရန်ကုန်သို့ သဘော်နှင့် စုန်ဆင်းခဲ့ရခြင်း ဖြစ်သည်။ မန္တလေးထောင်မှ လိုက်ပို့သူများ ပြန်သွားကြပြီးနောက် ည ၁၁ နာရီခန့်တွင် စိန်ပန်းရဲစခန်းမှ ရဲသားကလေးတစ်ယောက် မင်းနန်သဘော် အထက်တန်းသို့ တက်လာသည်။

“ဒီမှာ ထောင်မှူး ဦးမောင်မောင် ရှိပါသလားခင်ဗျာ”

“ဟုတ်ကဲ့၊ ရှိပါတယ်။ ကျွန်တော်ပါပဲ၊ ဘာကိစ္စရှိလို့ပါလဲ”

“တခြားမဟုတ်ပါဘူးခင်ဗျာ၊ အိပ်ချိန်းက မနိုရာဆိုတာက ဆရာနဲ့ အရေး ကြီးတဲ့စကား ပြောစရာရှိလို့ပါတဲ့”

“သြော်…. သြော်….၊ ကျေးဇူးပဲဗျာ။ ကျွန်တော် လိုက်ခဲ့ပါမယ်”

သို့နှင့်ပင် စိန်ပန်းရဲစခန်းသို့ လိုက်သွားပြီး တယ်လီဖုန်းပြောလိုက်ကြသည်မှာ နံနက် ၅ နာရီခန့်၊ သဘော်မထွက်မီအထိ။

အရေးကြီးသည့် အကြောင်းဆိုသည်မှာလည်း….

ချစ်ကြသည့် အကြောင်းပါပဲ။

■

http://www.cherrythitsar.org

# ၁၆

တယ်လီဖုန်းနှင့် ရည်းစားစကား ဘယ်သူ ဘယ်လောက် များများ ပြောဖူးသနည်း။

ထောင်မှူး ဦးမောင်မောင်တို့ မန္တလေးထောင်တွင် ရှိစဉ်တုန်းက စံချိန်ကို မီနိုင်မည် မထင်ပါ။ ရုံးချိန်တွင် အားလျှင်အားသလို ပြောသည်။ လူကြီးတွေလစ်လျှင် လစ်သလို ပြောသည်။ နေ့ရယ် ညရယ်လို့ သိပ်ပြီး အချိန်မရွေး။ ညပိုင်းက ပြောလို့ ပိုပြီး လူရှင်းသည်။ တိတ်ဆိတ်သည်။ ညလုံးပေါက် ပြောဦးမလား။ တကယ်လည်း ညလုံးပေါက် ပြောဖူးသည်။ တစ်ခုတော့ရှိသည်။ ထိုစဉ်က တယ်လီဖုန်းများမှာ ယခုခေတ်လို အော်တိုတွေဘာတွေ မရှိသေးသည့်အပြင် စစ်ပြီးခေတ်ရှေးဟောင်းတယ်လီဖုန်းများဖြစ်လေရာ စကားတွေ အကြာကြီးပြောပြီး ဘက်ထရီ အားနည်းသွားသောအခါ တယ်လီဖုန်းခေါ်သည့်လက်တံကို မကြာမကြာ လှည့်လှည့်ပေးရသည်။ အဲဒီလိုမှ မလှည့်ပေးလျှင် အသံတိုးတိုးသွားတတ်၏။ အဲဒါက တစ်ဒုက္ခ။

ထိုစဉ်က မန္တလေးထောင်မှ တယ်လီဖုန်းမှာ သူ့ချည်း သီးသန့်မထားဘဲ အထက်မြန်မာပြည်ဝါဒါ(ထောင်ကြပ်)သင်တန်းကျောင်းနှင့် တွဲထား၏။ ဒီတော့ ထောင်ကလှည့်လိုက်လျှင် သင်တန်းကျောင်းမှာ အသံသွားသွားမြည်သည်။ အိပ်ချိန်းက လှည့်လျှင်လည်း ထို့အတူပင်။

သင်တန်းကျောင်းတယ်လီဖုန်းမှာလည်း နေ့ခင်းပိုင်းသာ သင်တန်းကျောင်းတွင်ထား၍ ညပိုင်းတွင် ကျောင်းအုပ်ကြီးအိမ် ပို့ထားရသည်။ သင်တန်း ကျောင်းအုပ်ကြီးက ဦးမောင်မောင်တို့ လက်ဦးဆရာတစ်ဦးဖြစ်သူ ထောင်မှူးကြီးဦးဘတုတ်။

http://www.cherrythitsar.org



ကလင် ကလင်နှင့် တယ်လီဖုန်းမြည်သံ ခဏခဏကြားနေရတော့ သူတို့ဇနီး မောင်နှံ အိပ်ရေးပျက်ဟန် တူပါသည်။ လူငယ်လူရွယ်တို့ဘာဝ ဘယ်လောက် ချစ်ကြ၊ ခင်ကြ၊ ကြင်နာကြကြောင်း၊ မနာလိုဝန်တို ဖြစ်ရတတ်ကြောင်း၊ ပြောမဆုံးပေါင် တော သုံးထောင် ချစ်ဦးကာ ဖွဲ့နွဲ့နေကြသည်ကို ခိုးနားထောင်သည်လည်း ပါကောင်း ပါပါ လိမ့်မည်။ နောက်တစ်နေ့ ကြုံကြိုက်သည့်အခါများတွင်၊

"ဦးမောင်မောင်၊ ခင်ဗျားတို့ဟာ လွန်တယ်ဗျာ။ ညက တစ်ညလုံးမအိပ်ရဘူး" ဟု ပြောတတ်သည်။

ထိုအခါ ဦးမောင်မောင်က၊

"နီးနီးကြားကြား ရှိတာပေါ့ဆရာရယ်"ဟု ရယ်ကျဲကျဲ မျက်နှာချိုသွေးရ သည်။ မတော်လို့များ ထောင်ပိုင်ကြီးသွားတိုင်လျှင် ဦးမောင်မောင်မှာဒုက္ခ။ တကယ် တော့ ထောင်ပိုင်ကြီးလည်း မကြားဘဲ မသိဘဲ နေမည်မဟုတ်ပါ။ အဘယ်ကြောင့်ဆို သော် ထောင်ပိုင်ကြီးနေအိမ်မှာ ဦးမောင်မောင် တယ်လီဖုန်းစကားပြောနေသည့် ထောင် ဘူးဝ ရုံးခန်း၏ အပေါ်ထပ်မှာ နေနေတာပဲ။ ထောင်ပိုင်ကြီး မသိတာတောင်မှ သူ့သမီး သိတာ သေချာသည်။

ထောင်ပိုင်ကြီးတွင် ကျောင်းသူအပျိုရွယ် တစ်ယောက်ရှိ၏။ ဦးမောင်မောင် ညတိုင်းလိုလို တယ်လီဖုန်းဖြင့် ရည်းစားစကားပြောနေသည်ကို မြင်ပြင်းကပ်လာဟန် တူပါသည်။ တစ်ညတွင် ကြမ်းပေါက်ကြားမှ ရေခဲရေနှင့် လောင်းခြင်း ခံလိုက်ရသည်။ ထောင်ပိုင်ကြီးအိမ်တွင် အဲဒီလို အလုပ်မျိုး လုပ်မည့်သူဆိုလို့ ဒီကောင်မလေးမှတစ်ပါး အခြားမရှိ။

သူမအစ်ကို တင့်လွင် တစ်ယောက်တော့ ရှိသည်။ သို့သော် သူ့အတွက်က ပူစရာအကြောင်း မဟုတ်။ ဦးမောင်မောင်တို့နှင့် သက်တူရွယ်တူဖြစ်၍ အပေါင်းအသင်း သွားဖော်လာဘက်၊ ပိုးဖော်ပိုးဘက်၊ ကြုံကြိုက်သည့်အခါများတွင် ကိုတင့်လွင်၏ ဂျစ်ကားတစ်စီးဖြင့် အမရပူရထန်းတောသွား၍ ထန်းရည်သောက်ဘက်။ ဂျူတီ နောက်ကျ၍ ထောင်ပိုင်ကြီး ဆူပူကြိမ်းမောင်းသည့်အခါ ကိုတင့်လွင်နှင့် လိုက်သွားလို့ပါ ဆိုလျှင် ကိစ္စပြတ်သည်။

စေ့စေ့တွေးတော့ ရေးရေးပေါ်ဆိုတာလို အဲဒီတုန်းက ဦးမောင်မောင်တို့လုပ်ရပ် တွေကို ပြန်ပြောင်း စဉ်းစားလိုက်သောအခါ ခုခေတ်အခေါ် တယ်လီဖုန်းသူရဲသာမက တယ်လီဖုန်းသဘက်၊ တယ်လီဖုန်းတစ္ဆေဟုပင် ခေါ်လောက်ပါပေသည်။ တကယ့်ကို တယ်လီဖုန်းတစ္ဆေပါ။

မန္တလေးအိပ်ချိန်းရှိ ရည်းစားဖြစ်သူ နီရာမှတစ်ဆင့် ပြင်ဦးလွင်တို့၊ ကျောက် ဆည်တို့၊ စစ်ကိုင်းတို့ရှိ အိပ်ချိန်းများမှ အမျိုးသမီးအော်ပရေတာများနှင့် သိကျွမ်းခဲ့ရ၏။ အချို့ စာတိုက်မှ အမျိုးသမီးများလည်းပါ၏။

http://www.cherrythitsar.org



တယ်လီဖုန်း အိပ်ချိန်း၏ သဘောမှာ ခလုတ်တွေ ပြိုင်တူဖွင့်ထားလို့ရသည်။ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊ စစ်ကိုင်း၊ မိတ္ထီလာစသည်အားဖြင့် ခလုတ်တွေ ပြိုင်တူဖွင့်လိုက်လျှင် လူ လေးငါးယောက် စကားဝိုင်းဖွဲ့ပြောသလို ပြောလို့ရ၏။ သည်တော့ ဘာလိုသည်ထင်ပါသနည်း။ မန္တလေးမှ ဦးမောင်မောင်က တယ်လီဖုန်းကို ဘေးချပြီး ဂီတာတီးသည်။ ကျောက်ဆည်မှ ခင်အုန်းမြင့်က သီချင်းလိုက်ဆိုသည်။ ပြင်ဦးလွင် [illegible] သီချင်းဆုံးတော့ ခေတ္တနားပြီး ဩဘာပေးကြ၊ နောက်ကြ ပြောင်ကြနှင့် တကယ့်ကို ပျော်စရာကြီးပါ။

အဲဒီလို အချိန်အခါမျိုးတွင် တယ်လီဖုန်းတစ်ခုမှ ခေါ်လိုက်လျှင်၊ ထိုအချိန်က အင်္ဂလိပ်ဘာသာဖြင့် ပြောကြသည်ဖြစ်၍ 'Number please' (နံပါတ် ပြောပါ။) တစ်ဖက်မှ လိုချင်သည့် နံပါတ်ကိုပြောလိုက်သောအခါ။ တယ်လီဖုန်း အော်ပရေတာက တစ်လုံးတည်း ပြောချလိုက်ရုံနှင့် ကိစ္စပြတ်သည်။ 'Engaged' အဲဒီနံပါတ် မအားဘူးပေါ့။ ကဲ.... တစ်ဖက်လူများသိလျှင် ဘယ်လောက်များ မခံချင်စရာကောင်းမည်နည်း။ ခံချင်ခံ၊ မခံချင်နေ အော်တိုဖုန်းများမပေါ်မီကတော့ ရွှေမန်းတင်မောင်ဆိုတဲ့ သီချင်းထဲကလို ထိုနည်းလည်းကောင်း၊ ထိုနည်းလည်းကောင်းပါပဲ။

ယင်းကဲ့သို့ ဦးမောင်မောင်တို့တစ်တွေ ဝိုင်းဖွဲ့ပြီး မဟုတ်တာလုပ်ကြခြင်းမှာ တစ်ခါတစ်ရံဖြစ်သော်လည်း နီရာနှင့် ဦးမောင်မောင်တို့ကတော့ နီရာ ဂျူတီကျသည့် အခါ ညတိုင်းလိုလို စကားပြောဖြစ်ကြသည်။

တစ်ညကဖြစ်ပုံများ တကယ့်ကို မှတ်လောက်သားလောက်။

ထိုညက ဦးမောင်မောင်သည် နန်းတွင်းရှိ စစ်တပ်တစ်တပ် ထမင်းစားပွဲမှ ပြန်လာခဲ့သည်။ ရေချိန်နည်းနည်း လွန်လာ၏။ ရေချိန် ဘယ်လောက်ပဲလွန်လွန် နီရာသာ ဂျူတီကျလျှင် တယ်လီဖုန်းရှိရာ ထောင်တွင်းသို့ရောက်သွားတတ်စမြဲ။ နီရာနှင့် စကားပြောရင်း ပြောရင်းက၊

"အိုင်ဆေး၊ ယူ့အသံ တိုးသွားတယ်။ နည်းနည်း လှည့်လိုက်ပါဦး"

ဦးမောင်မောင်က တယ်လီဖုန်းလက်တံကို ခပ်ဖြည်းဖြည်းလှည့်သည်။ တွဲဖက်ထားသည့် သင်တန်းကျောင်းမှ ဆရာဦးဘတုတ် သိမှာလည်း ကြောက်ရသေးသည်။

နီရာ အသံပေါ်လာပြန်၏။

"ပိုတိုးသွားတယ်။ ဆက်လှည့်ပါဦး"

ဦးမောင်မောင် ခပ်ရှည်ရှည်လေး ဆက်လှည့်ပြန်သည်။ မတတ်နိုင်တော့ပေ၊ ဆရာဦးဘတုတ် ကြားချင်လဲ ကြားပစေတော့။ သို့သော် ဦးမောင်မောင် ပြောသည့်စကားကို တစ်ဖက်မှ ကြားရပုံမပေါ်။ နီရာက...."နေဦး၊ ဒီက လှည့်ကြည့်ဦးမယ်"

နီရာ အိပ်ချိန်းမှလှည့်သည့်အသံသည် ဦးမောင်မောင်နားထဲ ဂလောက်

http://www.cherrythitsar.org



ဂလောက် ကြားနေရသည်။ သင်တန်းကျောင်းမှာတော့ ကလင်ကလင် မြည်နေမှာ အမှန်။ နိုရာ့အသံကိုတော့ ဦးမောင်မောင် ကောင်းစွာကြားနေရဆဲဖြစ်၏။

"ဟေး မောင်မောင်၊ ယူ့အသံလဲ ဘာမှ မကြားရဘူးကွာ"

ဦးမောင်မောင်သည် စိတ်ပေါက်ပေါက်ရှိသည်နှင့် တယ်လီဖုန်းစကားပြောခွက်ကို ပြန်တင်ပြီး၊ စိတ်ရှိလက်ရှိ လှည့်ပါလေတော့သည်။ သင်တန်းကျောင်းမှာ တဝွမ်ဝွမ် မတရားမြည်နေပေလိမ့်မည်။တယ်လီဖုန်း စကားပြောခွက်ကို ပြန်ကောက်ကိုင်လိုက်ရာ တစ်ဖက်မှ နိုရာကလည်း အသံကုန်ဟစ်လျက်ရှိ၏။

"ဟလို.... ဟလို.... ၊ မောင်မောင် နိုရာ့အသံကြားလားဟင်။ မောင်မောင် နိုရာ့အသံ ကြားရလားလို့။ ဘာသံမှလဲ မကြားပါလား"

"ကိုင်း၊ မကြားချင်လဲ နေတော့ကွာ"

ဦးမောင်မောင်လည်း စိတ်မရှည်တော့ဘဲ တယ်လီဖုန်းခွက်ကြီးကို ဝှပ်ခနဲ ပြန်တင်ပြီး ထိုင်ရာမှထလိုက်သည်။ တံခါးထဲရှိ အုတ်နံရံတွင် ချိတ်ထားသော တိုင်ကပ်နာရီကို ကြည့်လိုက်တော့ ၁၂ နာရီခွဲသာသာ ရှိနေပြီ။ အိမ်ကိုပြန်ရန် စိတ်ကူးကြည့်၏။ အိမ်တွင် အတူနေသူ ထောင်မှူးဦးခင်မောင်လှနှင့် ဦးလှတို့ရှိကြသည်။ လူပျိုသုံးဦး တိုက်ပုကလေးတွင် စုပေါင်းနေကြခြင်းဖြစ်သည်။ ယခုကဲ့သို့ ညဥ့်နက်မှအိမ်ပြန်၍ နှိုးရ ပေါင်းလည်း များခဲ့ပြီ။ အားနာစရာ ကောင်းလှသည်။ မထူးတော့ပါဘူးဟု အခန်းထဲရှိ စားပွဲရှည်ကြီးပေါ်တွင် မှတ်တမ်းစာအုပ်တွေကို ခေါင်းအုံးလုပ်ကာ လှဲချလိုက်သည်။ သိပ်ကြာကြာ မအိပ်လိုက်ရပါ။ တံခါးသမား ထောင်ဝါဒါက ဦးမောင်မောင်ကို လှုပ်၍ နှိုးနေသည်။

"ဆရာ၊ ဆရာ ထပါဦး"

"ဟေ၊ ဘာလဲကွ"

ဦးမောင်မောင် အိပ်မှုန်စုံမွှားနှင့် မျက်လုံးဖွင့်လို့ မရသေး။

"မီးတွေ ပျက်သွားပြီဆရာ"

ထိုအခါကျမှ ဦးမောင်မောင် မျက်လုံးပြူးပြဲ ဖွင့်ကြည့်ပြီး အနီးရှိ လက်နှိပ် ဓာတ်မီးနှင့် လက်မှ နာရီကို ကြည့်မိသည်။ နှစ်နာရီ ဆယ့်ငါးမိနစ်ခန့် ရှိပြီဖြစ်၏။

"ဒီနေ့ည ဆက်ကင်းရောင်း ဘယ်သူလဲ"

"ဆရာ ဦးခင်မောင်လှပါ"

"ဒါဖြင့် သူ့ သွားနှိုးကွာ။ မီးဆရာ ကိုကာဆင်ကိုပါ ခေါ်ခဲ့"

ထိုအချိန်က ထောင်များတွင် တာဝန်မှူးချထားသည့် အစီအစဉ် မရှိခဲ့သေးပေ။ night round ခေါ် ညကင်းစစ်သည့်အလုပ်ကို ထောင်မှူးနှစ်ယောက်က တာဝန်ယူရ၏။ ည ၉ နာရီနှင့် ၁၂ နာရီကြား ကင်းစစ်ဝင်သူက first round၊ ၁၂ နာရီနှင့် ၅ နာရီကြားက ကင်းစစ်ဝင်သူက second round။ ဒီကြားထဲက တစ်ခုခုဖြစ်ခဲ့လျှင်

http://www.cherrythitsar.org



သူ့တာဝန်။

ဦးမောင်မောင်သည် စာအုပ်ပုံပေါ်ပြန်၍ခေါင်းလှဲချမိသည်။ သို့သော် ချက်ချင်းပြန်၍ အိပ်မပျော်သေး။ ထောင်များတွင် မီးပျက်လျှင် အလွန်အန္တရာယ်ကြီးသည်။ အလင်းရောင်သည် သုစရိုက်သမားတို့အတွက် မိတ်ဆွေဖြစ်သည်။ မကောင်းကြံချင်သူ မဟုတ်တာလုပ်ချင်သူက အမှောင်ကြိုက်သည်။ ထောင်ထဲတွင် မီးတွေ လင်းထိန်နေ အောင် ထွန်းထားသည့်ကြားက ထွက်ပြေးဖို့ကြံစည်နေကြသေးလျှင် အခုလို မှောင်မိုက်သွားသောအခါ ဆိုဖွယ်ရာမရှိတော့။ ဦးမောင်မောင်၏ စိတ်ထဲ အိမ်ပြန်အိပ်ဖို့ထက် ထောင်ထဲဝင်လှည့်ကြည့်ဖို့သာ စိတ်စောလာသည်။ ထောင်မှူးဦးခင်မောင်လှ သွားခေါ်နေတာတို့၊ မီးဆရာကာဆင် လာပြီး မီးပျက်တာကြည့်မှာတို့၊ အောက်လင်းဓာတ်မီးနှင့် လက်ဆွဲမှန်အိမ် ထွန်းမှာတို့က တော်တော်လေးအချိန်ကြာဦးမည်။

"တံခါးဖွင့်ကွာ"

တံခါးသမားက ဦးမောင်မောင်အိမ်ပြန်မည်ထင်၍ အပြင်တံခါးဖွင့်ရန်သွား၏။

"မဟုတ်ဘူး၊ အတွင်းတံခါးဖွင့်ပါ။ ငါအထဲ ဝင်ကြည့်နှင့်မယ်"

ဦးမောင်မောင်သည် လက်နှိပ်ဓာတ်မီးတစ်လက်နှင့် ထောင်ထဲဝင်ခဲ့သည်။

"စန္ဒရီဘာယာ အားလုံးကောင်းကြပါသလားခင်ဗျား"

ဂိတ်မကြီးပေါ်မှ ကုလားထောင်ဝါဒါ၏အသံကြီး ပေါ်လာ၏။ ဤသည်မှာလည်း ဆယ့်ငါးမိနစ်လျှင် တစ်ကြိမ် အော်နေကျဖြစ်သည်။

ထောင်တွင်းမှ ပြန်၍အော်သည်။

"နံပါတ်တစ်တိုက် အားလုံးကောင်းဗျား"

"နံပါတ်နှစ်တိုက် အားလုံးကောင်းဗျား"

"ခုနစ်၊ ရှစ်ဆောင် အားလုံးကောင်းဗျား"

"အချုပ်ဆောင် အားလုံးကောင်းဗျား" စသည်အားဖြင့် ထောင်တွင်းရှိရှိသမျှ ညကင်းသမား ထောင်ဝါဒါအားလုံးက အားလုံးကောင်းကြကြောင်း အော်နေကြသည်။ အော်မယ့်သာ အော်နေတာပါ။ ထောင်ကြီးတစ်ထောင်လုံး မှောင်မည်းနေမှတော့ ဘယ်လိုလုပ် အားလုံးကောင်းနိုင်တော့မှာလဲ။ ဦးမောင်မောင် စိတ်ထဲပြုံးမိသည်။ အေးပေါ့လေ။ ထောင်တွင်းရှိ ညစောင့်များအားလုံးက အားလုံးကောင်းကြကြောင်း ပြန်ဖြေပြီးမှလည်း နှစ်နာရီနှင့် ဆယ့်ငါးမိနစ်ပြည့်သည့် သံချောင်းသံ ဒေါင်ခနဲ ခေါက်နိုင်ပေမှာကိုး။ အဲဒီနောက်မှာတော့ ထောင်အုတ်ရိုးပတ်ပတ်လည်ရှိ မျှော်စင်များမှ တစ်ဒေါင်ဒေါင် ဆက်ခေါက်ကြပေတော့ပေါ့။

ဦးမောင်မောင် ထောင်အုတ်ရိုးပတ်သည့်ကင်းဘက်သို့ ခြေဦးတည်လိုက် သည်။ ထောင်များတွင် အကျဉ်းသားအိပ်ဆောင်များကိုသာ အစောင့်ချထားရသည် မဟုတ်။ အုတ်ရိုးအတွင်းဘက်မှလည်း ပတ်ကင်းအနေနှင့် ချထားရသေးသည်။ တစ်

http://www.cherrythitsar.org



အုတ်ရိုး၊ နှစ် အုတ်ရိုး စသည်အားဖြင့် အကျဉ်းထောင်ကျယ်ဝန်းလျှင် ကျယ်ဝန်းသလို။ ယင်းကဲ့သို့ အုတ်ရိုးပတ်ကင်းကို အုတ်ရိုးလျှောက် ဂေါ်လီဆွဲသည်ဟု ခေါ်သည်။

ဂေါ်လီဆွဲတယ် ဆိုတာက ဒီလိုပါ။ အုတ်ရိုးလျှောက်ရန် တာဝန်ချထားသည့် ထောင်ဝါဒါတစ်ယောက်လျှင် ကိုက် ၁၂၀ လောက်စီ လမ်းလျှောက်ရန် တာဝန်ပေးထားရာ လမ်းမလျှောက်ဘဲ တစ်နေရာတည်း ပေရပ်နေမည်စိုးသဖြင့် နံပါတ်တပ်ထားသော သုံးလက်မပတ်လည်ခန့် အံစာတုံးကလေးများကို ဆယ့်ငါးမိနစ်လျှင်တစ်ကြိမ် လမ်းလျှောက်မည့်နေရာ အစအဆုံး သယ်ဆောင်သွားစေခြင်း ဖြစ်၏။ ရှစ်အုတ်ရိုးရှိလျှင် နံပါတ် ၁ မှ ၈ အထိ။ ယင်း ဂေါ်လီနံပါတ်နှင့် အချိန်နာရီကို တိုက်ကြည့်ပြီး အုတ်ရိုး ပတ်ကင်း တာဝန်ကျေ မကျေ ချက်ချင်းသိနိုင်၏။ တစ်နေရာရာတွင် ဂေါ်လီတွေ စုပုံနေ ပြီဆိုလျှင်တော့ ဒီကောင်အိပ်နေတာ သေချာနေပြီ။

နံပါတ်တစ်အုတ်ရိုးတွင် ပထမဦးစွာ တွေ့လိုက်ရသူကား ကုလားဝါဒါ တီကာရမ်း။

"အောလ် ဝဲလ် ဆပ်"

သူတို့တစ်တွေသည် အင်္ဂလိပ်ခေတ်ကတည်းက အကျဉ်းထောင်တွင် အမှုထမ်းလာခဲ့ကြသူများဖြစ်၍ ဟိုတုန်းက အခေါ်အဝေါ် အသုံးအနှုန်းတွေကို အရိုးစွဲနေ၏။ သူအော်တာ ဘာမှမဟုတ်။ အင်္ဂလိပ်စကားနှင့် ကုလားစကား ကပြားဖြစ်၏။ အောလ် (all) ဝဲလ်( well) ဆိုတာက အင်္ဂလိပ်လို 'အားလုံးကောင်းပါသည်'။ ဆပ် ဆိုတာက ကုလားလို 'ခင်ဗျား'။ ဒါပါပဲ။ တီကာရမ်းကိုတော့ ဦးမောင်မောင်က ထောင့်တစ်သက် မဟုတ်၊ သေတာတောင်မှ မမေ့။ ဘယ်မေ့နိုင်ပါ့မလဲ၊ ဦးမောင်မောင်ကို ဦးဦးဖျားဖျား ပညာပြခဲ့သည့် လက်ဦးဆရာပေပဲ။

တစ်ညတွင် ဦးမောင်မောင်သည် ဆက်ကင်းရောင်း ခေါ် ဒုတိယညကင်းစစ် ဝင်ခဲ့သည်။ တီကာရမ်းကို နံပါတ် ၃ အုတ်ရိုးတွင်တွေ့ရ၏။ တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်ဖြစ်၍ အောလ် ဝဲလ်ဟု အော်ရမည့်အချိန်အထိ တီကာရမ်းထံမှ ဘာသံမှ မကြားရသေး။ တီကာရမ်းသည် ရပ်တော့မနေ၊ လမ်းတော့ လျှောက်မြဲလျှောက်နေ သည်။ ဦးမောင်မောင်က လက်နှိပ်ဓာတ်မီးနှင့် တီကာရမ်း၏မျက်နှာကို ထိုးကြည့် သည်။ မင်းသားက လမ်းလျှောက်ရင်း အိပ်နေတာပါကလား။ သူ့အိပ်ပုံကလေး ကလည်း တကယ့်ကို သင်းပါသည်။ လက်ဝဲဘက်ချိုင်းကြားတွင် သူတို့ကိုင်နေကျ နံပါတ်တုတ်ကို ညှပ်ထားသည်။ အဆိုပါနံပါတ်တုတ်နှင့် အုတ်ရိုးကို တိုက်ဆွဲထား သည်။ လမ်းလျှောက်ရင်း မယိုင်မလဲစေရန် ဖြစ်၏။ ဦးမောင်မောင်က လက်နှိပ်ဓာတ်မီး နှင့် နောက်တစ်ကြိမ် ထိုးပြန်သည်။ တီကာရမ်းထံမှ ဘာသံမှထွက်မလာ။ ထိုအခါကျမှ ဦးမောင်မောင်က အသံထွက်၍ "ဟေ့ တီကာရမ်း"ဟု ခေါ်လိုက်ရာ၊ တီကာရမ်းသည် ချက်ချင်းပင် နိုးလာပြီး "အောလ်ဝဲလ် ဆပ်"ဟု အလန့်တကြား အော်ပါလေတော့သည်။

http://www.cherrythitsar.org



"တီကာရမ်း အိပ်နေတယ်။ ရုံးတင်ရမယ်" "မအိပ်ပါဘူး ဆပ်၊ ချွန်တော် လမ်းလျှောက်နေတာပဲ" "မင်း လမ်းလျှောက်နေတာတော့ မှန်တယ်။ ဒါပေမယ့် လမ်းလျှောက်ရင်း အိပ်နေတာပဲ" "ချွန်တော် မအိပ်ပါဘူး ဆပ်၊ ဒီမှာ ကြည့်ပါ ဂေါ်လီနံပါတ်တုံး" သူ့လက်ထဲမှ ဂေါ်လီကို ယူကြည့်လိုက်တော့လည်း ဂေါ်လီနံပါတ်သုံး။ သူ့ အချိန်နှင့်သူ အံကိုက်ပင် ဖြစ်၏။ သို့သော် ဘာပဲဖြစ်ဖြစ် တီကာရမ်းကို ညတာဝန်စောင့်ရင်း အိပ်နေသူအဖြစ် ညကင်းစစ် အစီရင်ခံစာထဲတွင် မှတ်တမ်းရေးပြီး ရုံးတင်ခဲ့သည်။

နောက်တစ်နေ့ ထောင်ပိုင်ကြီး ရုံးရောက်သောအခါ တီကာရမ်းက သူ မအိပ်ကြောင်း နံပါတ်သုံးအုတ်ရိုးတွင် သူဆွဲနေသည့်ဂေါ်လီနံပါတ်မှာလည်း အမှန်ပင် ဖြစ်ကြောင်း ဆင်ခြေတက်ပါလေတော့သည်။ သည်လိုဆိုပြန်တော့လည်း ထောင်ပိုင်ကြီးမှာ သူ့ကိုအပြစ်ပေးရ ခက်နေပြန်၏။ သို့ဖြစ်၍ ရုံးတင်သူ ထောင်မှူးဦးမောင်မောင်အား ထောင်ပိုင်ကြီးက ခေါ်မေးရသည်။

"ဦးမောင်မောင် တီကာရမ်းက သူမအိပ်ပါဘူးလို့ ပြောနေပါလား"

"ဟုတ်ပါတယ် ဘဘကြီး၊ သူထိုင်ရက် အိပ်နေတာတော့ မဟုတ်ပါဘူး။ လမ်းလျှောက်ယင်း အိပ်နေတာပါ။ သူ့လက်ထဲက နံပါတ်တုတ်ကို အုတ်ရိုးနဲ့တိုက်ထားပါတယ်"

ထောင်ပိုင်ကြီးမှာ ပင်စင်ယူကာနီး အသက်ကြီးပြီဖြစ်၍ သူ့ကို ဘဘကြီးဟု ခေါ်ကြရသည်။ ဘဘကြီးသည် အတန်ကြာ တွေနေပြီးနောက်....။

"ဒါဖြင့် ဂေါ်လီကော မှန်တယ် မဟုတ်လား"

"ဂေါ်လီကတော့ အမှန်ပါပဲ ဘဘကြီး"

"အေးအေး၊ ကောင်းပြီး နောက်ကို အလုပ်လုပ်ရင် ပိုင်ပိုင်နိုင်နိုင် လုပ်ပေါ့ကွာ"

သို့နှင့်ပင် တီကာရမ်းမှာ ဘာအပြစ်မှ မခံလိုက်ရ။ ဦးမောင်မောင်မှာ ခံပြင်းလိုက်သည့်ဖြစ်ခြင်း။ သိပ်မကြာလိုက်ပါ။ ဦးမောင်မောင်နှင့် တီကာရမ်းမှာ နောက်ထပ် ဆယ့်လေး ငါးရက်အကြာ တစ်ခါတွေ့ရပြန်သည်။ ဒီတစ်ခါတော့ မျက်နှာချင်းဆိုင် မဟုတ်တော့ဘဲ တီကာရမ်းက ရှေ့က၊ ဦးမောင်မောင်က နောက်က။ ဦးမောင်မောင် လူရည်လည်သွားပါပြီ။ တီကာရမ်းသည် ယခင်တစ်ကြိမ် အတိုင်းလိုပင် နံပါတ်တုတ်ကို ချိုင်းကြားညှပ်ပြီး စတိုင်ကျကျ လမ်းလျှောက်ရင်း အိပ်လျက်ရှိ၏။ ဦးမောင်မောင် လက်နှိပ်ဓာတ်မီးနှင့် မထိုးတော့။ ဘာမှလည်း မမေးမမြန်းတော့။ သူ့ချိုင်းကြားတွင် ညှပ်ထားသောနံပါတ်တုတ်ကို ဆတ်ခနဲအမိအရ ဆွဲလုယူထားလိုက်တော့သည်။ တီကာရမ်း အလန့်တကြားအော်ပြန်၏။ "အောလ်ဝဲလ် ဆပ်"ဦးမောင်မောင် နောက်တစ်လှမ်း ဆုတ်လိုက်ပြီး။

"ဟော့ကောင်၊ ဘာမှ အောဝဲလ်မနေနဲ့ ရှေ့တိုးရင် မင်းကိုရိုက်မှာပဲ"

တီကာရမ်း ချုံးပွဲချ၍ငိုကာ ဦးမောင်မောင်ကို တောင်းပန်ပါလေတော့သည်။

http://www.cherrythitsar.org



"ဆပ်၊ ချွန်တော်မားပါဒယ်။ ချွန်ဒေါ်ကို ရုံးမတင်ပါနဲ့ ဆပ်"

ဦးမောင်မောင်မှာလည်း လူငယ်လူရွယ် မခံချင်စိတ်ကလေးတွေ တက်ကြွနေသည့်အချိန်။

"ဘယ်ရမလဲ တီကာရမ်းရယ်၊ မင်းအရင်တစ်ခါ ငါ့အရှက်ကို ခွဲခဲ့ပြီပဲ"

နောက်တစ်နေ့ ထောင်ပိုင်ကြီးရုံးသို့ နံပါတ်တုတ်နှင့်တကွ ရောက်တော့ တီကာရမ်းတစ်ယောက် အဘောက်တန်းလျှောက် အပြစ်ရခဲ့ပေသည်။ နောက်ပိုင်းတော့ ဦးမောင်မောင် ညကင်းစစ်ကျသည့်ညများတွင် လမ်းလျှောက်ရင်း မအိပ်ရဲတော့ပေ။

အဆိုပါ မီးပျက်၍ ဦးမောင်မောင် ထောင်တွင်းဝင်ခဲ့သည့်ညကမူ တီကာရမ်းထံမှ အလွန်အဖိုးတန်သော သတင်းတစ်ခုကို ရလိုက်သည်။

"ဆပ်၊ ၄ တိုက်ဘက်က ကျလိကျလိနဲ့ အသံကြားတယ်။ ချွန်ဒေါ်တော့ သိပ်ပြီး မတင်ကာဘူး"

"ဟေ.... ဟုတ်လား။ လာ၊ သွားကြည့်ရအောင်"

ဦးမောင်မောင်နှင့် တီကာရမ်းတို့ ၄ တိုက်အနီးသို့ ချွတ်နင်း၍ သွားကြသည်။ မှန်၏။ ၄ တိုက် နံပါတ် ၃ ခန်းထဲမှ သံကိုသံချင်း ကြိတ်လှီးနေသည့်အသံကို ပြတ်တောင်းပြတ်တောင်း ကြားနေရ၏။ အနီးသို့ တဖြည်းဖြည်းချဉ်းကပ်သွားပြီး လက်နှိပ်ဓာတ်မီးနှင့် ထိုးလိုက်သောအခါ တိုက်ခန်းထဲတွင် အကျဉ်းသားသုံးယောက်သည် လူပဒေသာပင် သီးနေကြ၏။ အောက်ဆုံးက အကျဉ်းသားတစ်ယောက်က လေးဘက်ကုန်းပေးထား၏။ သူ့အပေါ် အကျဉ်းသားတစ်ယောက် တက်ရပ်နေပြီး အပေါ်ဆုံးက အကျဉ်းသားက သံဖြတ်လွှနှင့် နောက်ဖေး လေဝင်ပေါက်ကို ဖြတ်နေခြင်းပင် ဖြစ်သည်။

"ဟေ့ကောင်တွေ ဆင်းခဲ့ကြ၊ ပေးစမ်း အဲဒီ သံဖြတ်လွှ"

လူတွေတော့ ချက်ချင်းပြန်ဆင်းကြသည်။ သံဖြတ်လွှကို ရုတ်တရက် ထုတ်မပေးသေးဘဲ ဟိုဖွက်မလို ဒီဖွက်မလို လုပ်နေ၏။

"မှူးကြီး၊ တံခါးဖွင့်ပြီး ဆော်ရင် နာလိမ့်မယ်နော်၊ ပေးဆို ပေး"

ထိုအခါကျမှ သံဖြတ်လွှ အကျိုးကလေး ထုတ်ပေးသည်။ တကယ်တော့ တိုက်နောက်ဖေး လေဝင်ပေါက်မှာ လူတစ်ယောက် ထွက်လောက်အောင် မကျယ်ပါ။ သို့သော် အုတ်တစ်လွှာလောက် ထုတ်လိုက်ရင်တော့ ထွက်နိုင်မည်ဖြစ်၏။ ဘာပဲ ပြောပြော ဦးမောင်မောင် တယ်လီဖုန်းအပြောကောင်းပြီး၊ မီးပျက် ပျက်ချင်း ထောင် တွင်းသို့ ချက်ချင်းဝင်နိုင်လို့သာ ဒီကောင်တွေကို လက်မတင်ကလေး ဖမ်းမိခဲ့ခြင်း ဖြစ်၏။ ညကင်းစစ် ထောင်မှူးလာမှဆိုလျှင် တိုက်ဘက်ကို ချက်ချင်း ရောက်ချင်မှလည်း ရောက်မည်။ သူတို့အပြင်ရောက်ပြီးမှ တိုက်ဘက်ရောက်ချင်လည်း ရောက်မည်။

■

http://www.cherrythitsar.org

# ၁၇

စလယ်ဝင် ဖင်မမည်းခင်က ကွဲရချက်နာ ဆိုသကဲ့သို့ မန္တလေး ပဝတ္တိသား ထောင်မှူး ဦးမောင်မောင်တစ်ယောက် မမျှော်လင့်ဘဲ မန္တလေးထောင်မှ အင်းစိန်ထောင်သို့ ပြောင်းရွှေ့ခဲ့ရကြောင်း ရှေ့တွင် ဖော်ပြခဲ့ပြီးပြီ။

ကျောင်းသားဘဝက မန္တလေး ရန်ကုန်၊ ရန်ကုန် မန္တလေး၊ အခေါက်ခေါက် အခါခါ သွားခဲ့လာခဲ့ဖူးပါသည်။ မီးရထားနှင့် တစ်မျိုး၊ မော်တော်ကားနှင့် တစ်ဖုံ၊ လေယာဉ်ပျံနှင့် တစ်တန်၊ ကြုံလျှင်ကြုံသလို ကူးချီသန်းချီ လုပ်ခဲ့ဖူးပါ၏။ ယခုတစ်ခါ သွားရမည့် ခရီးစဉ်က ယခင့်ယခင်ကများနှင့် အလျှင်းမတူ၊ မြစ်ဧရာနဒီကြော မင်းနန် သင်္ဘောကြီးဖြင့် ရေစုန်မျှောရမည့်ခရီး ဖြစ်၏။ ဒီလိုမှ မသွားလို့လည်း မရ။ ထိုစဉ်က ရောင်စုံသောင်းကျန်းသူတို့ ထကြွနေချိန်ဖြစ်ရာ ပျဉ်းမနားနှင့် တောင်ငူကြားတွင် မီးရထားလမ်းရော မော်တော်ကားလမ်းပါ ပိတ်နေသည်။

လေယာဉ်နှင့် သွားလျှင်တော့ ရပါသည်။ သို့သော် ဦးမောင်မောင်နှင့် မိခင်ကြီးတို့ ပြောင်းရွှေ့ရာတွင် ပစ္စည်းပစ္စယအနည်းငယ်ပါဦးမည်ဖြစ်ရာ လေယာဉ်နှင့် အကုန်မသယ်နိုင်။ ပစ္စည်းတွေကို သင်္ဘောနှင့် တင်မည်ဆိုလျှင်လည်း ပစ္စည်းတခြား လူတခြား။ သည်တော့ လူနှင့်ပစ္စည်း တစ်ပါတည်း သင်္ဘောနှင့်ပင် လိုက်ရန် စီစဉ်ရတော့ သည်။ တော်ပါသေးသည်။ ကေဘင် ခေါ် အထက်တန်း၊ ဒုတိယတန်းကို သားအမိနှစ်ယောက်အတွက် အလွယ်နှင့် ဝယ်ယူရပေလို့။

ယခင်က မီးရထားမှာရော၊ သင်္ဘောမှာပါ ပထမတန်း၊ ဒုတိယတန်းနှင့်

တတိယတန်းဟူ၍ သုံးမျိုးသုံးစား ရှိသည်။ နောက်ပိုင်းကျမှ အထက်တန်းနှင့် ရိုးရိုးတန်းရယ်လို့ နှစ်မျိုးနှစ်စားတည်း ခွဲလိုက်ခြင်း ဖြစ်၏။ သင်္ဘောစီးရာတွင် ဦးပိုင်းခန်းက ပထမတန်း၊ ပဲ့ပိုင်းအခန်းက ဒုတိယတန်း၊ ကုန်းပတ်စီးသူများက တတိယတန်း။

သင်္ဘော ပထမတန်းနှင့် ဒုတိယတန်းတို့တွင် ထမင်း၊ ဟင်း၊ ကော်ဖီ၊ လက်ဖက်ရည် စသည်အားဖြင့် အစားအသောက် စားလိုက စားနိုင်သည်။ သို့သော် ဈေးနှုန်းက ကြီးမြင့်လှသည်။ သို့ဖြစ်၍ သားအမိနှစ်ယောက် သင်္ဘောအောက်ထပ်တွင် မီးသွေးမီးဖိုကလေးနှင့် ကိုယ့်ထမင်း ကိုယ်ချက်စားကြသည်။ မန္တလေး ရန်ကုန် အစုန် ခရီး ခုနစ်ရက်ခန့်ကြာမည်ဖြစ်ရာ ယခုလို ခရီးရှည်သွားသူများ ကိုယ့်ထမင်းကိုယ် ချက်စားကြသူ အများသား။

သင်္ဘောမှာ မင်းနန်တစ်စီးတည်းမဟုတ်၊ မင်းကြီးနှင့် မင်းသား နှစ်စီး ပါသေးသည်။ အားလုံးပေါင်း သုံးစီး။ ကွန်ဗွိုင်ခေါ် မော်တော်ကားတန်းလို သင်္ဘောများလည်း စုပေါင်းထွက်ရခြင်း ဖြစ်၏။ သည်လိုမသွားလို့ မဖြစ်၊ ရောင်စုံသောင်းကျန်းသူများသည် မီးရထားလမ်းနှင့် မော်တော်ကားလမ်းကိုသာ မဟုတ်၊ သင်္ဘောလမ်းကိုလည်း ဟိုနား တစ်ချက် ဒီနားတစ်ချက် နှောင့်ယှက်နေချိန်ဖြစ်၏။ ယုတ်စွအဆုံး လေကြောင်းခရီး၌ပင် လေယာဉ်တစ်စီးလုံးအပိုင်စီးကာ မြေပြင်သို့အဆင်းခိုင်းပြီး ငွေတွေယူသွားဖူးသေးသည်။

သင်္ဘောသုံးစီးမှာ ဦးဆောင်ရသူက မင်းနန်။ သူ့နောက်ကမှ မင်းကြီးနှင့် မင်းသားတို့က အစဉ်အတိုင်း လိုက်ကြရသည်။

အေးအေးဆေးဆေး ခရီးသွားနိုင်မည်ဆိုလျှင်တော့ သင်္ဘောနှင့် ရေကြောင်းခရီးသွားရသည်မှာ အရသာအရှိဆုံး ဖြစ်သည်။ အလွန်ဇိမ်ကျ၏။ ဒါလဲ အထက်တန်း အခန်းစီးနိုင်ရင် ပိုကောင်းတာပေါ့လေ။ ကိုယ့်အိမ် ကိုယ့်ရာနှင့် ဘာမှမခြား၊ သင်္ဘောပေါ်တွင် ခြေညောင်းလက်ဆန့် သွားလိုက်လာလိုက်။ အပေါ့အပါး တပိုတပါးသွားဖို့ ဆိုတာကလည်း လိုလေသေးမရှိ။ ပါလာသည့် စားကောင်းသောက်ဖွယ်များ စားလိုက် သောက်လိုက်။ ထိုစဉ်က ဓာတ်ခဲရေဒီယိုများနှင့် ကက်ဆက်တို့ မပေါ်သေးလို့သာပေါ့။ အဲဒီဇိမ်ခံပစ္စည်းတွေ မပေါ်သေးတော့ တစ်မျိုးတစ်ဖုံ ဖန်တီးကြ၏။ အခြားမဟုတ်၊ အေးအေးလူလူ ပိုကာဆွဲကြခြင်းပင် ဖြစ်သည်။ အရှုံးအနိုင်မှာ အဓိကမဟုတ်ဘဲ သင်္ဘောစီး၍ ခရီးသွားရင်း အချိန်ဖြုန်းလိုခြင်းပင်ဖြစ်၏။

မြို့တစ်မြို့သို့ သင်္ဘောဆိုက်ကပ်လိုက်ပြီဆိုလျှင် သူ့ထက်ငါ အလုအယက် ဆင်းကြတက်ကြသည်။ ထိုလူအုပ်ထဲတွင် ခရီးရှည်သွားမည့်သူများပါ၏။ ဒီမြို့မှာ ဘာပေါသလဲ၊ ဝယ်မည် ခြမ်းမည်။ ချက်ပြုတ်စားသောက်ဖို့ ဟင်းလျာများ ဝယ်ကြသည်။ ဦးမောင်မောင်နှင့် မေမေတို့ကတော့ ဦးမောင်မောင်က ဒိုင်ခံအဝယ်တော်၊ မေမေက သင်္ဘောပေါ်မှာနေပြီး ဒိုင်ခံချက်ပြုတ်ကျွေးနေသူ။ တန်ခိုးကြီးဘုရားများရှိ သည့် မြို့ရောက်တော့ မေမေ့ကိုပါ ခေါ်ခေါ်သွားပြီး ဘုရားဖူးခိုင်းရသည်။ ဥပမာအားဖြင့်

http://www.cherrythitsar.org



မကွေးမြို့ရောက်တော့ မြသလွန်ဘုရားသို့ မဖြစ်မနေလိုက်ပို့ရသည်။ အဲဒီ မကွေး မြသလွန်ဘုရား အနီးမှာပင် ပြဿနာက စပါလေတော့သည်။

ဦးမောင်မောင်တို့သင်္ဘောသုံးစီး မန္တလေးမှ ထွက်ခဲ့သည့်အချိန်မှာ ဧပြီလဆန်း ဧရာဝတီမြစ်ရေကျချိန်ဖြစ်၏။ ရေကြောင်းတကယ်ကျပ်သည်။ သင်္ဘောသား ကုလား များ မကြာမကြာ အမှတ်အသားပါသောဝါးလုံးဖြင့် ရေတိုင်းကြရသည်။ သူတို့ရေတိုင်း ပြီး ကုလားစကားဖြင့် ဘယ်နှစ်ပေရှိပြီဟု အော်သောအသံများမှာ အလွန်ပင် နားထောင် ကောင်းသည်။ ကုလားစကားလည်း မတတ်၊ အချိန်လည်း ကြာမြင့်ခဲ့ပြီဖြစ်၍ ဘာတွေ အော်မှန်းတော့ မမှတ်မိတော့ပါ။ နားထောင်လို့ ကောင်းတာကတော့ အမှန်။ သို့ကလို ရေတိုင်း၍ သင်္ဘောစမ်းခုတ်ရင်း ခရီးဆက်ခဲ့ရာက မကွေးမြို့ မြသလွန်ဘုရားအနီး အရောက် သင်္ဘောတစ်စီး သောင်တင်ပါလေတော့သည်။ ဦးမောင်မောင်တို့စီးလာသည့် မင်းနန်သင်္ဘောတော့ မဟုတ်။ တတိယမြောက် နောက်ဆုံးမှလိုက်လာသည့် မင်းသား သင်္ဘော ဖြစ်၏။

သောင်တင်မယ်ဆိုလျှင်လည်း တင်ချင်စရာ။ သင်္ဘောသုံးစီးစလုံး မိမိ ကိုယ် ထည်ချည်း သက်သက်မဟုတ်၊ လက်ဝဲ လက်ယာ ဘေးတစ်ဖက်တစ်ချက်က တွဲသမ္ဗန် ကြီးတွေ ပါသေးသည်။ မီးရထားလမ်းနှင့် ကားလမ်းက ပိတ်နေတော့ ယင်းတွဲသမ္ဗန် ကြီးတွေ၏ ဝမ်းဗိုက်ထဲတွင်လည်း ကုန်စည်တွေက အပြည့်။ သည်တော့ သင်္ဘော မောင်းနေသည့်မာလိန်မှူး ဘယ်လောက် ကျွမ်းကျင်ကျွမ်းကျင်၊ ကုလားတွေ ဘယ် လောက်ပဲ ရေတိုင်းတိုင်း ယခုလို ရေကြောင်းကျပ်နေချိန် တစ်နေရာမဟုတ် တစ်နေရာ တော့ သောင်နှင့် ငြိမှာ သေချာနေသည်။

လူနာ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေဟု အဆိုရှိသည်။

ယင်းစကားပုံသည် ဦးမောင်မောင်အတွက် ရှေးလူကြီးသူမများ တမင်တကာ ဖန်တီးလေခဲ့ရှာသလား ထင်မှတ်မှားရသည်။ အဘယ်ကြောင့်ဆိုသော် ထောင်မှူး ပေါက်စ ဦးမောင်မောင်မှာ မန္တလေး ဂေါဝိန်ဆိပ်ကမ်းမှ သင်္ဘောစထွက်ကတည်းက စန်းပွင့်လျက်ရှိ၏။ တစ်နည်းအားဖြင့် ရတနာပုံ ဆိုက်နေသည်ဟု ဆိုရပေမည်။

သင်္ဘောပဲ့ပိုင်း ဒုတိယတန်းစီး ခရီးသည်များထဲတွင် ရွှေဘိုမှ ပဲခူးသို့ ပြောင်း ရွှေ့ရမည့် စက်ရှင်မင်းကြီးမိသားစု ပါလာ၏။ အရပ်အခေါ် စက်ရှင်မင်းကြီး၊ ရုံးအခေါ် စက်ရှင်တရားသူကြီးမှာ ခရိုင်တစ်ခုတွင် တရားစီရင်ရေးအာဏာ အမြင့်ဆုံးဖြစ်၍ သေဒဏ်အပြစ်ပေးနိုင်သူ ဖြစ်သည်။ ယင်း စက်ရှင်မင်းကြီး မိသားစုထဲတွင် အပျိုအရွယ် သမီးငယ်နှစ်ယောက် ပါလာ၏။ သမီးကြီးက မမကြီး၊ သမီးငယ်က မမလေး။ သူတို့ မိသားစုက အငယ်လေးဟုခေါ်ကြသည်။ မမကြီးက မျက်နှာပေါက်ဆိုးသည်။ မာနကြီး ပုံ ရသည်။ အငယ်လေးက နှုတ်ချိုသည်။ ဖော်ရွေသည်။ မမကြီးက တက္ကသိုလ် ကျောင်းသူ၊ အငယ်လေးက ဆယ်တန်း။

ထိုစဉ်က ဦးမောင်မောင်မှာ ဂီတာတီးတတ်ခါစဖြစ်၍ အားအားရှိလျှင် အိပ်ခန်းထဲမှ အပြင်ထွက်၊ သင်္ဘောလက်ရန်းဘေးတွင် ကုလားထိုင်တစ်လုံးနှင့်ထိုင်ကာ ဂီတာ တဒေါင်ဒေါင် တဒင်ဒင် တီးနေလေ့ရှိသည်။ သီချင်းကြီးနှစ်ပုဒ်နှင့် ကာလပေါ် လေး ငါး ဆယ်ပုဒ်လောက်တော့ ရသည်။ ပြည်လှဖေဆိုသည့် ပပဝင်း သီချင်းတို့၊ ဦးဘညွန့်လား မသိ၊ သီဆိုသည့် ရွှေစံပယ်ရုံသီချင်းတို့၊ တက္ကသိုလ်မျိုးချစ် ဆိုသည့် မေ သီချင်းတို့ကို စသင်ကတည်းက ဆိုတီးသင်လာခဲ့၍ ဆိုတီးနိုင်သည်။

မင်းသား မဖြစ်ချင်လို့ မဖြစ်တာပါ။ အသံကလဲ အသံကောင်း။ ဒါတောင် ရန်ပုံငွေရှာရန် မန္တလေးမြို့ နေသူရိန်ဇာတ်ရုံကြီးတွင် တင်ဆက်သည့် 'သွေးသောက် ညီနောင်' ပြဇာတ်တွင် ပြဇာတ်မင်းသားအဖြစ် ပါဝင်ခဲ့ဖူးသည်။ ဇာတ်ညွှန်းရေးသူက စာရေးဆရာမ ဒေါ်မာလာ။ သီချင်းရေးစပ်၍ တိုက်ပေးသူက ဆရာမြို့မငြိမ်း။

ဘာပဲပြောပြော ဂီတအနုပညာဆိုသည်မှာ ဆွဲဆောင်မှု ရှိသည်သာ ဖြစ်၏။

' ×× ဆွတ်ချူရန် ခက်ပါဘိ၊ မျက်ပါနဲ့သက်လယ် ×× အုံ့ပုန်းမောင့် မျက်နှာငယ်မှာ ကွက်မလည်နိုင်သေး ×× ရွှေငုံးမင်း အမြီးမျှော်သလို ×× ခရီးနော် နီးလျက်နဲ့ ဝေး ×××× ဘယ်သောအခါများ ×× တူမောင်မယ် နီးရပါ့မယ်×× မောင်ကြံရှယ် နတ်ပန်းထက်ပင် ရှုးရခက်သေးတယ် ××' စသည် စသည်အားဖြင့်။

မန္တလေးမှ သင်္ဘောစထွက်၍ မြင်းခြံမှာ တစ်ညအိပ်ပြီး ခရီးဆက်ခဲ့သည် ဆိုလျှင်ပင် ဦးမောင်မောင်နှင့် အငယ်လေးတို့ အတော်လေး လေပေးဖြောင့်ခဲ့ပြီဖြစ်၏။

"အစ်ကိုက အသံလဲ ကောင်းသားပဲ"

"မမြှောက်ပါနဲ့ အငယ်လေးရယ်"

"မြှောက်တာ မဟုတ်ပါဘူး။ တကယ်ပြောတာပါ။ နောက်ပြီး..."

နောက်ပြီးဆို၍ စကားမဆက်ဘဲ နေသဖြင့် ဦးမောင်မောင် ဆက်ပေးရသည်။

"နောက်ပြီး ဘာဖြစ်သေးလဲ အငယ်လေးရဲ့"

"အစ်ကို့ ကြည့်ရတာ တစ်မျိုးလေးပဲ။ အငယ်လေးက ငယ်ပါသေးတယ်။ ဝေဖန်တာတော့ မဟုတ်ဘူးနော်။ အစ်ကို ဘယ်လိုမှ မအောက်မေ့နဲ့"

"ဘယ်လိုမှ မအောက်မေ့ပါဘူးတဲ့ဗျာ။ ကြိုက်သလို ဝေဖန်နိုင်ပါတယ်"

"တခြား မဟုတ်ပါဘူး အစ်ကိုရယ်။ အစ်ကို့ကိုကြည့်ရတာ စိတ်ဓာတ် နုနယ် ပျော့ပျောင်းပုံရတဲ့ အနုပညာသမား ပုံသဏ္ဌာန်ပဲ။ ဒါပေမယ့် အစ်ကို့အလုပ်က ထောင်မှူး ဆိုတော့ တစ်မျိုးပဲလေ။ မအပ်စပ်သလိုပဲ"

ဦးမောင်မောင် အတော်ကလေး တုန်လှုပ်ချောက်ချားသွားမိပါသည်။

မှန်ပါသည်။ အငယ်လေး ပြောမယ်ဆိုလျှင်လည်း ပြောစရာပင်။

ဦးမောင်မောင် ကိုယ်တိုင်ပင် ဤစာကို ရေးနေသည့် အသက် ၆၀နား နီးကပ် လာသည့်အထိ 'ငါ ဘယ်လိုလုပ်များ.... ဒီထောင်မှူးအလုပ်'ကို ဝင်လုပ်ခဲ့မိပါလိမ့်ဟု

http://www.cherrythitsar.org



ယုန်ထင်ကြောင်ထင် တွေးခေါ်လျက် ရှိဆဲဖြစ်၏။

အမှန်တော့ ဘာမှမဟုတ်။ ဗုဒ္ဓဘာသာ တရားတော်ကို ယုံကြည်ကိုးကွယ်သူတို့အဖို့ ကံအကြောင်းတရားပင် ဖြစ်ချေသည်။ အချို့က ခပ်ပေါ့ပေါ့ ပြောတတ်ကြသေးသည်။ 'ကံအကြောင်းတရား ကြုံတစ်ချောင်း နှစ်ပြားပေါ့'တဲ့။ ထားပါတော့ ထောင်မှူးလုပ်ချင်သည်ဖြစ်စေ၊ မလုပ်ချင်သည်ဖြစ်စေ အင်ဂျင်နီယာကျောင်း တက်ခဲ့သော်ငြားလည်း၊ ကံတရားအရ မင်း ထောင်မှူးပဲလုပ်။ ကံတရား ခိုင်းသည့်အတိုင်းလုပ်။

အဲဒီလို အငယ်လေးကို ရှင်းပြလျှင်လည်း နားလည်ချင်မှနားလည်မည်။ဒီတော့ သူမ နားလည်သလိုပင် ပြန်ရှင်းပြရသည်။

"ဒါတော့ အငယ်လေးရယ်၊ လူတိုင်းလုပ်ချင်တာကတော့ မြို့အုပ်တို့၊ နယ်ပိုင်တို့၊ စက်ရှင်မင်းတို့ပဲပေါ့။ ဒါပေမယ့် ကံတရားအရ ကိုယ်တန်ရာ တန်ရာပဲ လုပ်ကြရတာပေါ့"

ဒီခေတ်လူငယ်များ ဒီစကားကြားရတော့၊ ဟာ.... ဘာပြုလို့များ ဆရာဝန်တို့ အင်ဂျင်နီယာတို့ မလုပ်ချင်ရပါလိမ့်ဟု မေးကြချေမည်။ ထိုခေတ်ထိုအခါသည် ဆရာဝန်၊ အင်ဂျင်နီယာခေတ် လုံးဝမဟုတ်ပါလေ။ အိုင်စီအက်စ်၊ ဘီစီအက်စ်ခေါ် မြို့အုပ် နယ်ပိုင်တို့ခေတ်၊ သူ့ထက်နည်းနည်း အောက်တန်းကျတာက ရာဇဝတ်ဝန်ကြီးတို့ခေတ် ဖြစ်၏။ ဆရာဝန်တို့၊ အင်ဂျင်နီယာတို့ဆိုသည်မှာ အဲဒီအလုပ်တွေ မရနိုင်မှ ဆယ်တန်း အောင်ပြီး ဘယ်သူယူယူ အဲဒီ အလုပ်တွေရနိုင်သည်။ ရိုးရိုးဘွဲ့ထက် နှစ်ပိုကြာ၍ ငွေကုန်ကြေးကျများတာပဲ ရှိမည်။ သို့ဖြစ်၍ ဆုလွယ်နပ်လွယ် ဘွဲ့တစ်ခုခုယူပြီး ဘီစီအက်စ်၊ အိုင်စီအက်စ် ဖြစ်အောင် ကြိုးစားပေတော့။

တကယ်တော့ လွတ်လပ်ရေး မရမီနှင့် ရပြီးစပ်ကြား ကာလမှာ ခုပြန်တွေးကြည့်လျှင် ဘာတစ်ခု မရေမရာ မသေချာသော အချိန်အခါမျိုးဖြစ်၏။ ဒီအကြောင်းတွေ အငယ်လေးကို ရှင်းပြလို့ကော လွယ်လင့်တကူ နားလည်နိုင်ပါ့မလား။ သူမ နားလည်အောင်လည်း ဦးမောင်မောင် ဘယ်လိုမှ ရှင်းမပြတတ်။

သို့နှင့်ပင် မကွေးမြသလွန် ဘုရားအနီး မင်းသားသင်္ဘော သောင်တင်နေသည်မှာ သုံးညအိပ် လေးရက်တိတိ ကြာသည်။ မင်းနန်သင်္ဘောက သွားပြီး ဆွဲချ လိုက်၊ သောင်မှ လွတ်လာလိုက်၊ တော်တော်ကြာ ပြန်တင်လိုက်၊ နောက်တစ်ခါ မင်းကြီးသင်္ဘောကသွား၍ ဆွဲချလိုက်၊ သောင်မှ လွတ်ပြီး ပြန်တင်လိုက်။ သင်္ဘောအချင်းချင်း သောင်မှ ဆွဲတင်ရသော အလုပ်မှာလည်း တကယ်တော့ လွယ်သောအလုပ် မဟုတ်ပေ။ ဘေးတစ်ဖက်တစ်ချက်မှ ကုန်တင်သမ္ဗန်ကြီးတွေကို သင်္ဘော ဟိုဘက်လှည့်ဖြုတ်၊ ဒီဘက်လှည့်ဖြုတ်နှင့် ဆိပ်ကမ်းတွင် ကပ်၍ထားခဲ့ပြီးမှ သွား၍ ဆွဲရခြင်းဖြစ်၏။

မန္တလေး ရန်ကုန် သင်္ဘောခရီး ခုနစ်ရက်လောက်သာ ခန့်မှန်းခဲ့သော်လည်း ဆယ့်လေးရက်တိတိ ကြာသည်။ ယုတ်စွအဆုံး သင်္ဘောပေါ်မှာပင် သကြိန်ကျသွားခဲ့

http://www.cherrythitsar.org



ရသည်။

အငယ်လေးကိုလည်း သကြိန်ရေလောင်းပက်ရင်းကပင် ချစ်တင်းစကား ဆိုခဲ့မိသည်။ အငယ်လေးကမူ ဖြူသည်လည်း မဆို၊ မည်းသည်လည်း မငြင်း။ သခင်ပြီးတုံ့ မပြီးတုံ့ ဟန်အမူအရာလေးဖြင့် တင်းခံနေခဲ့သည်။ အငယ်လေး၏ အစ်မ မမကြီးကမူ မျက်စောင်းတခဲခဲ။

ဦးမောင်မောင်နှင့် အငယ်လေးတို့ကြားတွင် ခုကွက်ခံကွက်လေးတစ်ခုက ကြုံဖန်၍ ပေါ်လာခဲ့၏။ တခြားတော့ မဟုတ်။ မန္တလေးမှ သင်္ဘော စထွက်ကတည်းက ကုန်းပတ်ခရီးမှ ပါလာသည့် မမစန်းပင် ဖြစ်၏။

မမစန်း၏အမည်ရင်းမှာ မစန်းမြိုင်ဖြစ်၍ ဦးမောင်မောင်ထက် ဆယ်နှစ်ခန့်ကြီးမည်ဟု ခန့်မှန်းရသည်။ မေမေနှင့် အောက်ထပ်တွင် ထမင်းဟင်းချက်ကြရင်း သိကျွမ်းခင်မင်ကြခြင်းဖြစ်သည်။ ပုသိမ်သူဖြစ်ပြီး သင်္ဘော အစုန်အဆန် ကုန်ကူးနေသူ။

မေမေသည် သင်္ဘောဆိပ်ကမ်းမြို့များသို့ ဆိုက်ကပ်သည့်အခါ သူ့သား ပင်ပန်းမည်စိုးသဖြင့် မမစန်းကို ဟင်းချက်စရာ ငရုတ်၊ ကြက်သွန် စသည်အားဖြင့် လူကြုံမှာလေ့ရှိသည်။ အမှန်မှာမူ ဦးမောင်မောင်အနေနှင့် ဖိုးသွားချင် ဖြစ်၏။ ဒါမှ အငယ်လေးနှင့် ပျော်ပျော်ပါးပါး လည်ရင်းပတ်ရင်း တွဲခုတ်ရမည် မဟုတ်ပါလား။

တစ်ခါတစ်ရံ သင်္ဘောဆိပ်ကမ်းမြို့တစ်မြို့သို့ ဆိုက်သည့်အခါ သုံးယောက်သား အတူသွားဖို့ ကြုံတတ်သည်။

မမစန်းက၊

"ကိုမောင်မောင် နေဦးလေ။ ရှင့်မေမေက ငါးပိနဲ့ဆား နည်းနည်းဝယ်ဖို့ မှာလိုက်သေးတယ်။ စန်းစန်းလဲ လိုက်ခဲ့မယ်"

ထိုအခါမျိုးတွင် အငယ်လေး၏ ကြည်လင်ရွှင်ပျသော မျက်နှာကလေးမှာ ညှိုးပုပ်သွားတတ်သည်။ တစ်ခါတလေ ပါးစပ်မှ လွှတ်ခနဲ ထွက်သွား၏။

"လုပ်ပြီ၊ ဒီမိန်းမကြီး ဝင်ရှုပ်တော့မယ်"

ဆရာတင့်တယ်က 'မင်းပရိယာယ် တေင့်တယ် နားဝယ်မလည်ရှာ'ကို 'မို့ပရိယာယ် တေင့်တယ် နားဝယ်မလည်ရှာ'ဟု တင်စားခဲ့ဖူး၏။ ဦးမောင်မောင်ကော အငယ်လေး၏ ပရိယာယ်ကို ဘယ်လိုလုပ် နားလည်နိုင်ပါအံ့နည်း။

မြစ်ဧရာနဒီကြော မင်းနန်သင်္ဘောကြီးဖြင့် တမေ့တမော မျောခဲ့ရသော ခရီးစဉ်ကြီးမှာ တစ်လမ်းလုံး အဆင်ချောခဲ့ပါ၏။ အငယ်လေးထံမှ ဖြူသည် မည်းသည် ဤနှစ်လီ အဖြေမရခဲ့သည်တိုင် ခုပဲ ဖြူတော့မလိုလို၊ ခုပဲ မည်းတော့မယောင်ယောင် ရင်တဖိုဖိုဖြင့် ထွက်ပေါ်လာမည့်အဖြေကို နားစွင့်ရင်း ရင်လှိုက်ဖိုမောခဲ့ရပါ၏။

မန္တလေးမှ သင်္ဘောများ စထွက်ပြီး ဆယ့်သုံးရက် မြောက်သည်နေ့ မအူပင် ရောက်ခါနီးတွင် ဘာရယ်လို့မသိ သင်္ဘောတစ်စင်းလုံး ပွက်လောရိုက်သွားသည်။

http://www.cherrythitsar.org



ခေါင်းတိုင်မှ ဉသြရှည်ကြီးကို မနားတမ်း ဆွဲနေ၏။ သင်္ဘော အပေါ်ထပ် အောက်ထပ်မှ သံချောင်းသံများ တဒေါင်ဒေါင်ဆူညံသွားသည်။ သင်္ဘောစီးခရီးသည်များမှာ သူ့မျက်နှာ ကိုယ်ကြည့်၊ ကိုယ့်မျက်နှာ သူကြည့်။ ဘာများ ဖြစ်တာပါလိမ့်။

ထိုစဉ်က သင်္ဘောအလုပ်သမားများမှာ ကုလားများဖြစ်၍ သင်္ဘော အပေါ်ထပ် အောက်ထပ် ဆင်းလိုက်တက်လိုက်နှင့် ပျာယာခတ်နေကြသည်။ အချို့ကလည်း မီးသတ်ပုံးတွေကို သွားဖြုတ်နေကြသည်။ နောက်တော့မှ သင်္ဘောမီးလောင်ခဲ့လျှင် မည်ကဲ့သို့ငြိမ်းသတ်မည်ကို အစမ်းလေ့ကျင့်ကြကြောင်းသိရသဖြင့် သင်္ဘောစီး ခရီးသည်များ ဟင်းခနဲ သက်ပြင်းချနိုင်ကြတော့သည်။ နောက်ပိုင်း သင်္ဘောဖြင့် အကြိမ်ကြိမ် ခရီးသွားခဲ့ဖူးသော်လည်း ယင်းအစီအစဉ်မျိုး ယောင်လို့မှ မတွေ့ခဲ့ဖူးတော့ပေ။

ညနေခြောက်နာရီခန့် မအူပင်ဆိပ်ကမ်းသို့ သင်္ဘောဆိုက်ကပ်သောအခါ မမစန်းတစ်ယောက် ဦးမောင်မောင်တို့သားအမိကို နှုတ်ဆက်ခါ ဆင်းသွားတော့သည်။ ထိုအခါကျမှပင် အငယ်လေးတစ်ယောက်လည်း ယခင်အတိုင်း ရွှင်ရွှင်ပျပျ ပြန်မြင်ရပါတော့သည်။ သို့တိုင်အောင် လိုချင်နေသည့် အဖြေကိုကား မရသေး။

နောက်တစ်နေ့နံနက် မအူပင်ဆိပ်ကမ်းမှထွက်ခဲ့ပြီးနောက် တွံတေးတူးမြောင်း ဝင်ခါနီးတွင် အငယ်လေးထံမှ စာတိုကလေးတစ်စောင် ပြန်ရခဲ့သည်။ ဝမ်းသာအားရ အိပ်ခန်းထဲပြေးဝင်ပြီး ဖတ်ကြည့်လိုက်သောအခါ....

အစ်ကို–

အစ်ကို့ကိုတော့ ချစ်ပါတယ်။ ဒါပေမယ့် အစ်ကိုလုပ်နေတဲ့
ထောင်မှူးအလုပ်ကြီးကို ကြောက်လဲကြောက်တယ်၊
ရွံလဲရွံတယ် အစ်ကိုရယ်။

အငယ်လေး။

ကဲ၊ ကောင်းကြရော။ ရာဇဝတ်မှု ကျူးလွန်သူတွေကို ထောင်ချ အပြစ်ပေး၊ ကြိုးမိန့်ပေးနေတဲ့ စက်ရှင်မင်း ရင့်မကြီးသမီးက သူ့အဖေ အပြစ်ပေးတာတွေကို လိုက်ပြီး ဆောင်ရွက်ပေးနေရတဲ့ ထောင်မှူးကို ကြောက်တယ် ရွံတယ်ဆိုပါလား။

ခံလိုက်ပေဦးတော့ ကိုရွှေမောင်မောင်ရေ့။

ဦးမောင်မောင်သည် သင်္ဘောပဲ့ပိုင်းမှနေ၍ တရွေ့ရွေ့ ကျန်ရစ်ခဲ့သော ဧရာဝတီမြစ်ကြီးကို ငေးမောတွေးတောကာ အတွေးကြော ရှည်နေမိသည်။

ဖဲသမားများ ပြောလေ့ပြောထရှိသည့် သိုးဆောင်းစကား တစ်ခုရှိသည်။

“အချစ် ကံဆိုးတဲ့သူဟာ ဖဲ ကံကောင်းတတ်သတဲ့”

မြစ်မင်းဧရာဟာ ဦးမောင်မောင်အတွက် အချစ်ကံခေခဲ့ပေမယ့် စာပေရေးရာဘက်မှာတော့ အဲဒီဧရာဝတီမြစ်ကြီးပေါ်မှာ ဇာတ်အိမ်တည်ပြီး ရန်အောင်မောင်မောင် ရယ်လို့ ကလောင်တစ်ချောင်း မွေးဖွားခဲ့ခြင်းပါ။ တကယ်တော့ မြစ်မင်းဧရာဟာ

http://www.cherrythitsar.org



ရန်အောင်မောင်မောင်၏ ကျေးဇူးရှင်ကြီးပါ။

အဖြစ်ကတော့ ၁၉၄၇ ခုနှစ်က။ ထိုစဉ်က မန္တလေးအကျဉ်းထောင်ကြီးတွင် အကျဉ်းသားများ အဆမတန်ကျပ်တည်း ပြွတ်သိပ်လျက်ရှိ၏။ ထားနိုင်တာက အများဆုံးမှ နှစ်ထောင်ကျော်ကျော်။ တကယ်ရှိနေတာက ထားနိုင်သည့်လူဦးရေ၏ နှစ်ဆခွဲခန့် ငါးထောင်နီးပါး။ တကယ်တော့ ၁၉၄၅ ခုနှစ် ဂျပန်အပြေး အင်္ဂလိပ်အဝင် အထက်မြန်မာပြည်ကို အုပ်ချုပ်ရေးစနစ် စတင်ကိုင်လိုက်သောအခါ မြို့ပြအုပ်ချုပ်ရေးဘက်မှ မြို့ပိုင်၊ နယ်ပိုင်၊ အရေးပိုင်တွေ ပြန်ပေါ်လာသည်။ ရဲစခန်းတွေဖွင့်၍ ဌာနာအုပ်တို့၊ တိုက်ပိုင်တို့၊ ရာဇဝတ်ဝန်တို့ အသက်ပြန်ဝင်လာ၏။ သူတို့တစ်တွေ အလုပ်ပြန်လုပ်ပြီ ဆိုမှတော့ ထောင်လဲ လိုလာပြီပေါ့။

အထက်မြန်မာပြည်၏ စုရပ်ဖြစ်သော မန္တလေးထောင်ကြီးတွင် ဝင်ပေါက်ထောင်ငယ်ကလေးတွေ အမြောက်အမြားရှိ၏။ မြောက်ဖျားက စရသော် မြစ်ကြီးနား၊ ဗန်းမော်၊ ကသာ၊ ရွှေဘို၊ မုံရွာ၊ မိုးကုပ် စသည့် ထောင်ငယ်ကလေးများ အပြင် ရှမ်းပြည်နယ် လက်အောက်ခံ သီပေါတို့၊ လားရှိုးတို့ ရှိနေသေးသည်။ အဆိုပါထောင်ငယ်ကလေးများမှာ အချို့က အများဆုံးတစ်နှစ်၊ အချို့ကငါးနှစ်သာ ထားနိုင်၍ သည့်ထက်ပိုလျှင် မန္တလေးထောင် ပို့ရသည်။ သည်တော့ မန္တလေးထောင်မှာ လူကျပ်ပြီပေါ့။

အောက်ပိုင်းကို လှမ်းကြည့်လိုက်တော့ ထောင်ကြီးတွေ အတော်များများမှာ ချောင်ချောင်ချိချိ။ သရက်တို့၊ ပြည်တို့၊ ပုသိမ်တို့၊ မြောင်းမြတို့ဆိုလျှင် ထားနိုင်သည့် လူဦးရေ၏ ထက်ဝက်ပင်မရှိ။ သာယာဝတီ ထောင်ဆိုလျှင် အကျယ်ကြီး။ သို့နှင့်ပင် အင်္ဂလိပ်အစိုးရသည် မန္တလေးထောင်ရှိ အကျဉ်းသားအချို့ကို အောက်မြန်မာပြည် အကျဉ်းထောင်များသို့ ပြောင်းရွှေ့ရန် စီစဉ်ရတော့သည်။

ကောင်းပါပြီ။ သူတို့ကို ဘယ်ပုံဘယ်နည်း ပြောင်းရွှေ့မည်နည်း။ မီးရထားနှင့် ပြောင်းရအောင် ယခုခေတ်လို အလုံပိတ်ထားသော အကျဉ်းသား တင်သည့်တွဲတွေ မရှိသေး။ လမ်းကလည်း မသင့်။ ကားလမ်းဆိုလျှင် ပို၍ ဒုက္ခရောက်ဦးမည်။ အကောင်းဆုံးကတော့ ရေလမ်းနှင့် သင်္ဘောခရီးပင် ဖြစ်၏။

ရိုးရိုး လူစီးသင်္ဘောပေါ်တွင် အကျဉ်းသားတွေကို သည်အတိုင်း တင်သွားဖို့ ဆိုတာကလည်း လမ်းခရီး လုံခြုံရေးအတွက် စိတ်မချရ။ သံခြေကျင်း ကိုယ်စီခတ်သွားနိုင်သော်လည်း ခရီးရှည်သွားရမည်ဖြစ်ရာ လက်ထိပ်အမြဲခတ်ထား၍ မဖြစ်နိုင်သေး။ ဒီတော့ ရွှေဉာဏ်ရှင် အင်္ဂလိပ်အစိုးရမင်းတို့သည် တွဲသမ္ဗန်ပက်လက်ကြီးတစ်ခုပေါ်တွင် အကျဉ်းထောင်တစ်ခု တည်ဆောက်ကာ ရှေ့မှဆွဲသင်္ဘောနှင့်ဆွဲသွားရန် စီစဉ်ကြပါလေတော့သည်။ အကျဉ်းထောင်ဆိုရာတွင်လည်း မြေပြင်ပေါ် တည်ဆောက်သည့် အုတ်ရိုးတို့၊ အဆောက်အအုံတို့တော့ မဟုတ်။ သံဆူးကြိုးကာရံထားသည့် ယာယီ အကျဉ်းထောင်သဘောမျိုး ဖြစ်၏။

http://www.cherrythitsar.org



ဘာပဲပြောပြော၊ သွားရမည့်ခရီးက အနည်းဆုံး တစ်ဆယ်၊ ကိုးရက် ကြာမည် ဖြစ်ရာ ပက်လက်တွဲသမ္ဗန်ကို အပြင်မှ သံဆူးကြိုး ကာရံထားဦးတော့ သူတို့အတွက် မိုးလုံနေလုံ အချုပ်ခန်းလိုသည်။ ထမင်းချက်စရာ နေရာလိုသည်။ အစောင့်များအတွက် နေရာထိုင်ခင်း လိုသည်။ နောက်ဖေး နောက်ဖီသွားစရာလည်း ရှိရဦးမည်။

တွဲသမ္ဗန်ကြီးပေါ်တွင် သံဆူးကြိုးပတ်လည်ကာရံထားသော ယာယီအကျဉ်းထောင်လည်း ဆောက်ပြီးပြီ။ အကျဉ်းသားများအတွက် အိပ်ဆောင်၊ ထမင်းချက်ဖို၊ နောက်ဖေးနောက်ဖီသွားဖို့ အားလုံးအရံသင့်။ နောက်ဆုံးအဆင့်အနေနှင့် အစောင့်များအတွက် လင့်စင်နှင့် နေရာထိုင်ခင်းပင် အရံသင့်။ လိုက်ပါမည့် အစောင့်အရှောက်များမှာ ယူအမ်ပီခေါ် စစ်ပုလိပ်များဖြစ်၏။ အကျဉ်းသားများ နေရေး၊ ထိုင်ရေး၊ စည်းကမ်းတကျ အုပ်ချုပ်ရေးတို့အတွက် မန္တလေးထောင်မှ ဝွင်းနီဦးသက်ရှည် ဦးစီးသောအဖွဲ့ ပါသည်။

ထောင်ကျ အကျဉ်းသား ငါးနှစ်အထက် တစ်သက်တစ်ကျွန်း ခေါ် အနှစ်နှစ်ဆယ် အစိတ် အကျဉ်းသားများပါသည်။ လမ်းတွင် စားသောက်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငရုတ်၊ ကြက်သွန် စသည့် ရိက္ခာခြောက် အပြည့်အစုံ။ ရိက္ခာစိုကတော့ လမ်းတွင် အလျဉ်းသင့်သလို ဝယ်ချက်သွားမည်။

ရတ်တရက်ကြည့်လိုက်မည်ဆိုလျှင် သံဆူးကြိုးထောင်ငယ်လေး တစ်ထောင် ဧရာဝတီမြစ်ထဲ မျောပါလာသလား ထင်ရသည်။ ဆိပ်ကမ်းတွင် ခေတ္တဆိုက်ကပ်သည့် အခါ ဘေးကလူတွေ ဝိုင်းအုံကြည့်လွန်းသဖြင့် လူစည်ကားသော မြို့ကြီးပြကြီး ဆိပ်ကမ်းကြီးကိုပင် မဆိုက်ရဲတော့။ ရိက္ခာစိုဝယ်ချင်လျှင် ဆိပ်ကမ်းငယ်ကလေးများ တွင်သာ ဆိုက်ကပ်ရသည်။ ဒါလည်း မကြာလိုက်ပါလေ၊ လူအများ ကမ်းလုံးညွတ်မျှ ရောက်လာတတ်သည်။ အထူးအဆန်း မဟုတ်ပါလား။

အကျဉ်းသားနှင့် သူတို့ကို အုပ်ချုပ်ရသော ထောင်အမှုထမ်း ၊ ရဲအမှုထမ်းတို့ ဆိုသည်မှာ တည်ငြိမ်သောထောင်အတွင်း၊ အချုပ်ခန်းတွင်းမှာပင် လွယ်ကူသောအလုပ် မဟုတ်ပေ။ ယခုလို ရေပေါ်တွင် တရွေ့ရွေ့လှုပ်ရှားနေသော သံဆူးကြိုးထောင်ကို အုပ်ချုပ်ရတာက ပိုခက်သေးသည်။ အန္တရာယ် များလှသည်။ အန္တရာယ် ဘယ်လောက် အထိ များလိုက်သနည်းဆိုလျှင် သရက် မရောက်မီကလေးမှာပင် မြစ်တွင်းထောင်ထ မှုကြီး စတင်ပါလေတော့သည်။

အမှန်ကတော့ ဘာမှမဟုတ်။ အစောင့်လိုက်ပါသူ ယူအမ်ပီ အစောင့်တို့၏ ပျော့ကွက်၊ ဟာကွက်၊ အားနည်းချက်တွေကို ရာဇဝတ်ကောင် အကျဉ်းသားတို့က နှိုက်ခြင်းဖြစ်သည်။

ပြောင်းရွှေ့လိုက်သော အကျဉ်းသားများထဲတွင် ငွေကြေးတတ်နိုင်သူတို့ လည်း ပါလေရာ၊ အစောင့်တွေ အရက်သောက်ရန် ဝယ်ပေးသည်။ အမြည်းပါအသင့်။ ခရီးရှည်ကြီးဖြစ်၍ ဖဲဝိုင်းကလည်းပါသေးရာ ဖဲရှုံးသူတို့ ငွေလိုသည်ဆိုလျှင်လည်း

http://www.cherrythitsar.org



ထုတ်ပေးသည်။ သို့နှင့်ပင် တစ်စတစ်စ ရင်းနှီးမှုရလာ၏။ ရင်းနှီးလာသည် ဆိုလျှင်ပင် စောင့်ကြပ်အုပ်ထိန်းမှုအပိုင်းမှာ သိသိသာသာကြီး လျော့နည်းလာတော့သည်။ ယင်း အချက်ကို အခွင့်ကောင်းယူ၍ အကျဉ်းသားများ ထောင်ထ နိုင်ခဲ့ခြင်းဖြစ်သည်။ တစ်ညနေခင်းတွင် ကြိုတင်စီစဉ်ထားသည့်အတိုင်း သံဆူးကြိုးတစ်ထပ်သာ ခြားသော စတင်းဂန်းကိုင်အစောင့်ကို အရက်တိုက်ထား၏။ ယင်းအစောင့် ဆက်ရက်မင်းစည်းစိမ် ခံစားနေစဉ် သူ့အနီးတွင် ချထားသော မဂ္ဂဇင်းဘောက် အသင့်တပ်ပြီး စတင်းဂန်းကို သံချိတ်နှင့် ဖြည်းဖြည်းချင်း ဆွဲယူကြသည်။

သည့်နောက်ပိုင်းမှာတော့ ကမ္ဘာပျက်သလား ထင်ရသည်။ အကျဉ်းသားက အစောင့်တွေကို စတင်းဂန်းနှင့်ပစ်၊ အစောင့်တွေက ဘရင်းနှင့်ပြန်ဆွဲ၊ ယောက်ယက် ခတ်သလောက် သမ္ဗန်ပေါ်တွင် သွေးခြင်းခြင်းရဲနေသည်။ အကျဉ်းသားများ ထောင်ထ သည်ကို သိရသော ရှေ့မှဆွဲသည့်မော်တော်က ကြိုးကိုဖြုတ်လိုက်ရာ သမ္ဗန်ကြီး ရေလယ်တွင် ရေစီးအတိုင်းမျောပါနေသည်။ မော်တော်ပေါ် ပါလာသော စစ်ရဲအဖွဲ့က တွဲသမ္ဗန်ကြီးကို လှည့်ပတ်မောင်းပြီး အကျဉ်းသားများရှိရာသို့ ကူပစ်ပေးနေသည်။ ယင်းကဲ့သို့ သုံးပွင့်ဆိုင် ပစ်ကြခတ်ကြရင်းက ဘယ်ကပစ်လိုက်သော ကျည်ထိသွား လေသည်မသိ။ သမ္ဗန်ကြီးပေါ်ရှိ ဓာတ်ဆီတိုင်ကီကြီးကို ထိမှန်ကာ မီးစွဲလောင်ပါ လေတော့သည်။ သမ္ဗန်ကြီး မီးစွဲလောင်ပြီဆိုတော့ သူ့ထက်ငါ အလုအယက် သံဆူးကြိုး ကို ဖြဲ၍ ရေထဲခုန်ဆင်းကြသည်။ ဆင်းမယ့်သာဆင်းကြသည် အညာသားများဖြစ်၍ ရေမကူးတတ်ကြသည့်အပြင် သံခြေကျင်းကြီးတွေ တန်းလန်းနှင့် စုံးစုံးမြုပ်။

ရေကူးတတ်၍ ကုန်းပေါ်တက်ပြီး ဟိုဟိုဒီဒီ ထွက်ပြေးကြသူများ အနက်မှာ လည်း တကယ်လွတ်မြောက်သွားသူ နည်းလှပါသည်။ အဘယ်ကြောင့်ဆိုသော် ဘယ် သူက ဘယ်လို သတင်းလွှင့်လိုက်သည် မသိ။ 'အဲဒီအကျဉ်းသားတွေဟာ ဗိုလ်ချုပ် အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေကို လုပ်ကြံတဲ့အထဲမှာပါတဲ့ အကျဉ်း သားတွေတဲ့'ဟု ကြားလိုက်ကြရလေရာ ဗိုလ်ချုပ်အောင်ဆန်းတို့ အသက်ခံရ၍ ကြိမ်မီး အုံးသလို ခံစားနေကြသော ပြည်သူလူထုအနေနှင့် မခံမရပ်နိုင်ဖြစ်ကြပြီး ထွက်ပြေးလာ သော အကျဉ်းသားများကို အလွတ်မပေးကြ။ အချို့ဒေသများတွင် လက်လွန်ခြေလွန်။

ဦးမောင်မောင်သည် အချစ်ဝတ္ထုများကို ရေးသား၍ စာပေစင်မြင့်တွင် ကလောင် ခြေကုပ်ရအောင် ကြိုးပမ်းခဲ့သည်။ မအောင်မြင်။ ထို'မြစ်တွင်း ထောင်ထမှုကြီး' ရေးလိုက်တော့မှာပင် 'ရန်အောင်မောင်မောင်' တည်းဟူသော ကလောင်တစ်ချောင်း ဘွားခနဲ မွေးဖွားလာခဲ့သည်။ သို့မို့ကြောင့် ဧရာဝတီမြစ်မင်းကြီးကို ကျေးဇူးရှင် ရင့်မကြီး ဖြစ်ကြောင်း ဆိုခြင်းပါ။

■

# ၁၈

ထောင်မှူးလုပ်သက် နှစ်နှစ်သားအရွယ် ထောင်မှူးပေါက်စ ဦးမောင်မောင်တစ်ယောက် မန္တလေးထောင်မှ အင်းစိန်ဗဟိုအကျဉ်းထောင်သို့ ပြောင်းရွှေ့ရောက်ရှိခဲ့ပါပြီ။ အင်းစိန်ထောင်မှာ ဦးမောင်မောင်အတွက် အစိမ်းသက်သက်တော့ မဟုတ်ပေ။ လွန်ခဲ့သော နှစ်နှစ်ခန့်က ထောင်မှူးသင်တန်းသားဘဝနှင့် သုံးလနေခဲ့ပြီးဖြစ်၏။ သို့သော် ဟိုတုန်းက သင်တန်းသား။ ဘာတာဝန်မျှ မရှိ။ ယခုတစ်ခေါက် ထောင်မှူးအဖြစ် ရောက်လာမှ နဖူးတွေ့ ဒူးတွေ့ တွေ့ရပါလေတော့သည်။ တွေ့ဆို မန္တလေးထောင်တွင် နေစဉ်က အနေချောင်သလောက် အင်းစိန်ကျတော့ အနေကျပ်လှပါဘိခြင်း။

အကျဉ်းထောင်များကို အုပ်ချုပ်ရန် အဓိကအားဖြင့် အကျဉ်းထောင်လက်စွဲ ဥပဒေ တစ်ခုတည်းသာရှိသည်။ ဘေးက အရန်သဘောအနေနှင့် လိုအပ်သည့်အခါမှ ကိုးကားသုံးစွဲရတဲ့ ဥပဒေတွေတော့ ရှိသပေါ့လေ။ ပင်မအနေနှင့်တော့ ၁၈၉၄ ခုနှစ်ကတည်းက စတင်အတည်ပြု ပြဋ္ဌာန်းခဲ့သော အကျဉ်းထောင်အက်ဥပဒေ (၁၈၉၄)ပေါ်တွင် အခြေခံရေးဆွဲထားသည့် အကျဉ်းထောင် လက်စွဲဥပဒေ Burma Jail Mannual ပင် ဖြစ်၏။

အကျဉ်းထောင် လက်စွဲ ဥပဒေဆိုလို့ ရယ်စရာကလေးတစ်ခု ကြားညှပ်လိုက်ချင်သေးသည်။ ဦးမောင်မောင်တို့ခေတ်က ထောင်မှူးစာမေးပွဲကို ၁၀ တန်းအောင်လျှင် ဝင်ဖြေခွင့်ရှိသည်။ ထိုစဉ်က ရာဇဝတ်အုပ်ခေါ် ယခု ဒုရဲအုပ်နည်းတူပင်ဖြစ်၏။ ၁၉၇၅ ခုနှစ်မှစ၍ အခြားဌာနများနှင့် တစ်ပြေးညီဖြစ်စေရန် ဘွဲ့ရများကိုသာ ထောင်မှူးလောင်းအဖြစ်

http://www.cherrythitsar.org



ခေါ်ခဲ့သည်။ သို့နှင့်ပင် ဘွဲ့ရပြီးထောင်မှူးတစ်ယောက် ထောင်မှူးသင်တန်းဆင်းပြီးနောက် ထောင်ကြီးတစ်ထောင်သို့ ရောက်သွားလေရာ....

ထိုထောင်ကို အုပ်ချုပ်နေသည့် ထောင်ပိုင်ကြီးမှာ အင်္ဂလိပ်ခေတ်ကတည်းက အလုပ်ဝင်ခဲ့သော လုပ်သက်ရင့် ထောင်ပိုင်ကြီးဖြစ်၏။ အငြိမ်းစားယူဖို့ သုံးလေးနှစ်သာ လိုတော့သည်။ စစ်ကြိုခေတ်က ထောင်မှူးအလုပ်ဝင်ခဲ့သူဆိုတော့ ၁၀ တန်းအောင်ရုံပဲ ပေါ့။ ထောင်ပိုင်ကြီးမှာ စည်းကမ်းကြီးသူတစ်ဦးဖြစ်၍ ဘွဲ့ရထောင်မှူးသည် ထောင်ပိုင်ကြီးကို သိပ်ပြီး ကျေနပ်ပုံမရ။ အကျဉ်းသားများ၊ ဝန်ထမ်းများနှင့် စကားစပ်မိသည့်အခါ ဘွဲ့ရထောင်မှူးက ပြောလေ့ပြောထရှိသည့် စကားမှာ....'မင်းတို့ ထောင်ပိုင်ကြီးက ၁၀ တန်းပဲ အောင်တာပါကွာ။ တို့က ၁၄ တန်း အောင်လာခဲ့တာပါ' တဲ့။ ဟုတ်ပေတာပေါ့။ ဘွဲ့ရသူတို့ ၁၄ တန်းပဲ။ သူသာ ဆေးဘွဲ့ရလျှင် ၁၇ တန်းလို့ ကြွားလေမလား မသိ။

ယင်းစကား ပြောဖန်များသောအခါ ထောင်ပိုင်ကြီး၏ ရွှေနားသို့ ပေါက်ကြား သွားချေတော့၏။ ထောင်ပိုင်ကြီး မျက်ထောက်နီပြီပေါ့။ 'အင်း...၊ ၁၄ တန်းကြီးကို ပညာပေးဦးမှပါလား'။ ထောင်ပိုင်ကြီးသည် ဘွဲ့ရထောင်မှူးကို သူ၏ရုံးခန်းသို့ ခေါ် လိုက်၏။ ဖောင်းဒိုင်းခနဲ အလေးပြုပြီးသောအခါ ထောင်ပိုင်ကြီးက ဘေးစာတင်ခုံပေါ်မှ အကျဉ်းထောင် လက်စွဲဥပဒေ စာအုပ်ကြီးကို အသာဆွဲယူလိုက်၏။ ပြီးတော့ အတွင်း တစ်နေရာကို လှန်လိုက်ပြီး....

"ရော့ ဟောဒီအပိုဒ်ကို ဖတ်စမ်း၊ ပြီးတော့ မြန်မာလို ဘာသာပြန်"

ဘွဲ့ရထောင်မှူး လက်ထဲသို့ ထောင်ဥပဒေ စာအုပ်ကြီးကို ထိုးပေးလိုက်၏။ ဘွဲ့ရထောင်မှူး ကတုန်ကယင်နှင့် စာအုပ်ကြီးကို လှမ်းယူလိုက်၏။

"တစ်ပိုဒ်လုံးလား ဆရာကြီး"

"အေး.... တစ်ပိုဒ်လုံးပေါ့၊ တစ်ပိုဒ်လုံးမှ အဓိပ္ပာယ်ပေါ်တော့မပေါ့"

အဲဒါမှ ဒုက္ခ။ အပိုဒ်ကလည်း အပိုဒ်အရှည်ကြီး။

ဘွဲ့ရထောင်မှူး စ၍ ဖတ်ပါပြီ။ ထောင်ပိုင်ကြီးက မျက်လုံးကလေးမှေး၍ နားထောင်နေ၏။ အသံထွက် တစ်ချက်မှားသွားသည်နှင့်၊

"နေ.... နေ.... နေပါဦး။ အဲဒါ ဘယ်လို အသံထွက်တယ်"

ဘွဲ့ရထောင်မှူး အမှားအတိုင်းပင်ပြန်ရွတ်၏။ ထိုအခါကျမှ ထောင်ပိုင်ကြီးက အသံထွက်အမှန်ကို ပြင်ပေးပြီး....

"အဲဒီစာလုံးအဓိပ္ပာယ်က ဘာတဲ့တုန်း"

"မ.... မသိပါဘူး ဆရာကြီး"

ထိုအခါ ထောင်ပိုင်ကြီးက အဓိပ္ပာယ်ကို ရှင်းပြပြီး၊

"ကဲ.... ဆက်ဖတ်"

ဘွဲ့ရထောင်မှူး ချွေးပြန်စ ပြုလာပြီ။ အသံထွက်မှားလိုက်၊ ရပ်ပြီး အမှန်ကို

http://www.cherrythitsar.org



ပြန်ပြင်ပေးလိုက်၊ အဓိပ္ပာယ် မေးလိုက်၊ မဖြေနိုင်၍ ထစ်အ ပြီး အချိန်ကုန် နေလိုက်၊ သံသရာလည်နေသည်မှာ စာမျက်နှာသုံးပုံနှစ်ပုံခန့်ရှိသည့် ထောင်ဥပဒေတစ်ပိုဒ်တည်းကို နာရီဝက်ကျော်မှ ဖတ်ပြီး၏။

"ကဲ.... အဓိပ္ပာယ်ကို မြန်မာလိုပြန်ပြောစမ်းပါဦး"

ဘွဲ့ရ ထောင်မှူးခမျာ ချွေးသီးချွေးပေါက်များပင် ကျလာချေပြီ။ နောက်ဆုံးတော့မှ စိတ်နှလုံးကို ဒုံးဒုံးချကာ အရှုံးပေး လက်မြှောက်လိုက်ရလေတော့သည်။

"ကျွန်တော် မပြန်တတ်ပါဘူး ဆရာကြီး"

"အေး.... အေး....၊ မင်းမပြန်တတ်ရင် ငါပြန်ပြမယ်။ ပေး.... အဲဒီစာအုပ်"

ထောင်ပိုင်ကြီးက ပြောပြောဆိုဆို ဘွဲ့ရထောင်မှူးလက်ထဲမှ ထောင်ဥပဒေစာအုပ်ကြီးကို လှမ်းယူလိုက်၏။

"ဒါနဲ့ မင်းတို့ ဘွဲ့ရထောင်မှူးတွေနော်"

"ဟုတ်ကဲ့ ခင်ဗျာ"

"ဘာသာတွဲက"

"ဓာတုဗေဒပါ ခင်ဗျ"

"အေး... အေး...၊ ၁၀ တန်းအောင်ပြီး ဘွဲ့ရအောင် လေးနှစ်ကြီးတောင် ဆက်နေရတာပေါ့နော်"

ဘွဲ့ရထောင်မှူး သဘောပေါက်လိုက်ပြီ။ ငါတော့ ငါးပါးကြီးမှောက်ပြီလို့။

ထောင်ပိုင်ကြီးကမူ ခပ်အေးအေးပင်။

"နားထောင်၊ ငါဖတ်ပြပြီး တစ်ပိုဒ်ချင်း အဓိပ္ပာယ် ရှင်းပြမယ်"

ထောင်ပိုင်ကြီးသည် စောစောက ဘွဲ့ရထောင်မှူး ဒုက္ခတွေ့ခဲ့သော အပိုဒ်ကို ဖတ်၍ အေးအေးဆေးဆေး ရှင်းပြသည်။ ဘွဲ့ရထောင်မှူး မတ်တတ်ရပ်နေရတာ တစ်နာရီကျော်သွားပြီ။ နဖူးမှချွေးကို သုတ်လိုက်၊ သက်သာ နေလိုက်၊ ထောင်ပိုင်ကြီး မေးတာကို ပြန်ဖြေစဉ် သတိ နေလိုက်နှင့်။

နောက်ဆုံးကျမှ ထောင်ပိုင်ကြီးက လေအေးကလေးဖြင့်....

"အေး... အေး.... မင်းတို့ အများကြီးငယ်ပါသေးတယ်ကွာ။ အသက်အတိုင်းပြောရယင် မင်းဟာ ငါ့သားအရွယ်ပါ။ ပညာဂုဏ် မတက်နဲ့ကွ၊ အနန္တော အနန္တဂိုဏ်းဝင် ဆရာသမားတွေကို မစော်ကားနဲ့ကွ ကြားလား"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဘွဲ့ရထောင်မှူး ဖောချွေးပြန်နေပြီ။

"စေတနာနဲ့ ပြောတာပါကွာ။ အနန္တော အနန္တဂိုဏ်းဝင် ဆရာသမား မိဘကို စော်ကားမော်ကားလုပ်ခဲ့ယင် ပဥ္စနန္တရိယကံ သင့်တတ်တယ် လူလေး၊ ကြားလား"

ဘွဲ့ရထောင်မှူး အလွန်အမင်း နောင်တတရားရသွားပုံ ပေါ်သည်။

http://www.cherrythitsar.org



"ဟုတ်ကဲ့ပါ ဆရာကြီး။ ကျွန်တော် ပြောမှားဆိုမှားရှိခဲ့တာကို တောင်းပန်ပါတယ် ခင်ဗျာ"

"အေးကွာ၊ လူကြီးဆိုတာ ခွင့်လွှတ်ရစမြဲပါ။ သာဓု.... သာဓု.... သာဓု....။ ကဲ သွားတော့"

'ကဲ သွားတော့' ဆိုသည့်အချိန်တွင် ဘွဲ့ရထောင်မှူး တစ်နာရီခွဲကျော်ကျော် ချွေးဒီးဒီးကျ၍ မတ်တတ်ရပ်နေပြီးခဲ့ပြီ။

ဒါက အကျဉ်းထောင်လက်စွဲ ဥပဒေနှင့် ပတ်သက်၍ ရယ်စရာ အဖြစ်အပျက်ကလေးကို ကြားညှပ်မိခြင်းပါ။ ယင်း အကျဉ်းထောင်လက်စွဲဥပဒေကို လက်ကိုင်ပြု၍ပင် ထောင်တိုင်း ထောင်တိုင်း အုပ်ချုပ်ကြရသည်။ သို့သော် ထောင်တစ်ထောင်ကို အုပ်ချုပ်ရာတွင် ထောင်ပိုင်ကြီးသည် အဓိကဖြစ်လေရာ ကိုယ့်နည်းကိုယ်ဟန်ဖြင့် ကိုယ် အုပ်ချုပ်တတ်သလို အုပ်ချုပ်သွားမည်သာဖြစ်၏။ အရေးကြီးတာက နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းထားသည့် အကျဉ်းထောင်လက်စွဲဥပဒေဘောင်အတွင်း ဝင်ဖို့သာလျှင် အဓိကဖြစ်၏။

ဥပမာ သာကေပြရလျှင် မန္တလေးထောင်ပိုင်ကြီးက ခပ်ပျော့ပျော့ အုပ်ချုပ်သည်။ အင်းစိန်ထောင်ပိုင်ကြီးကျတော့ ခပ်မာမာ အုပ်ချုပ်သည်။ မန္တလေးထောင်ပိုင်ကြီးက ထောင်မှူးတွေ အဝင်အထွက် အချိန်မှန်မမှန်ကို ဒါလောက် အရေးမထား။ အလုပ်ပြီးလျှင် ခွင့်လွှတ်သည်။ အလုပ်မပြီးလျှင်တော့ အရေးယူသည်။ အင်းစိန်ထောင်ပိုင်ကြီးကျတော့ အလုပ်ပြီး မပြီးဆိုသည့်ကိစ္စကို အသာလေးထားလိုက်ဦး။ သူ့လက်အောက်တွင် ရှိသည့် ဒုတိယထောင်ပိုင်၊ ထောင်မှူးကြီးနှင့် ထောင်မှူးတွေ ထောင်ထဲသို့ အလုပ်ဝင်သည့် အချိန်၊ ထွက်သည့်အချိန်ကို မလှုပ်နိုင်အောင် ကိုင်ထားလိုက်သည်။ ထောင်ဘူးဝ ခေါ် တံခါးမကြီးထဲတွင် လူအဝင်အထွက် စာရင်းစာအုပ်နှင့် ပစ္စည်းအဝင်အထွက် စာအုပ်ဟူ၍ အဓိက စာအုပ်ကြီးနှစ်အုပ် ရှိပါသည်။ သို့သော် သူက ဒါလောက်နှင့် မကျေနပ်။ ယင်းစာအုပ်နှစ်အုပ်ကို ရေးသွင်းသူမှာ ထောင်မှူးလက်အောက်ရှိ ထောင်ဝါဒါများ ဖြစ်၍ ထောင်မှူးတို့၊ ထောင်မှူးကြီးတို့က အနိုင်ကျင့်နိုင်သည်။ သို့ဖြစ်၍ ထောင်မှူးအထက် ထောင်အရာရှိများ ထောင်ဘူးဝတွင် လက်မှတ်ရေးထိုးနိုင်ရန် သီးခြား စာအုပ်တစ်အုပ် ဖွင့်ထားလိုက်၏။

ထောင်ပိုင်ကြီးမှာ တကယ်စည်းကမ်းကြီးသူပီပီ သူကိုယ်တိုင်လည်း ယင်းစာအုပ်ထဲတွင် ဝင်ချိန်ထွက်ချိန်ကို ရေးသားပြီး လက်မှတ်ထိုး၏။ သို့သော် သူ၏ လက်မှတ်ကြီးမှာ တကယ်ပင် ကြောက်စရာ ကောင်းလှပေစွ။ အဘယ်ကြောင့်ဆိုသော် နံနက်တိုင်း ၇ နာရီမထိုးမီ ယူနီဖောင်း အပြည့်အစုံဝတ်၍ သူနေသည့် ထောင်ဘူးဝမှ အောက်သို့ဆင်းကာ ခါးထောက်ရပ်နေတတ်သည်။ သူ၏ပုံပန်းသဏ္ဌာန်ကို ဖော်ပြပါအံ့။

အသက်အားဖြင့် ငါးဆယ်ကျော်၊ အရပ် မနိမ့်မမြင့်၊ ကိုယ်လုံးကိုယ်ထည်က ဝဝဖိုင့်ဖိုင့်ကြီး၊ ဗိုက်ပူသည်။ မျက်နှာမှာ ကျောက်ပေါက်မာ ထူလပျစ်နှင့်။

http://www.cherrythitsar.org



ထောင်ပိုင်ကြီးသည် ထောင်ရှေ့တွင်ခါးထောက်ရပ်ရင်း ဟိုကြည့်သည်ကြည့် ကြည့်၏။ ဂါတ်ကြီးပေါ်မှ ခုနစ်နာရီသံချောင်းခေါက်သံကို နားထောင်နေသည်။ ခုနစ်နာရီသံချောင်းခေါက်လိုက်သည်နှင့် ထောင်ပိုင်ကြီး ထောင်ဘူးဝရှေ့ သွားရပ်သည်။ တံခါးသမားက တံခါးကြီး ဖွင့်ပေးလိုက်လျှင် အထဲဝင်ပြီး ထောင်တွင်းဝင်သည့် မှတ်တမ်းစာအုပ်တွင် ဝင်ချိန် ခုနစ်နာရီ ရေးပြီး လက်မှတ်ထိုးလိုက်၏။

ထောင်မှူးပေါက်စ ဦးမောင်မောင်တို့တစ်တွေမှာ သူ့ကို အသေအလဲ ကြောက်ရသည်။ ကြောက်ရသည်ဆိုခြင်းမှာ ဦးမောင်မောင်တို့တစ်တွေကို မတရားညှဉ်းဆဲနေ၍ ကြောက်ရခြင်းမျိုး မဟုတ်။ သူသတ်မှတ်ထားသည့် စည်းကမ်း ကလနားအတိုင်း လိုက်မမီသဖြင့် ကြောက်ရခြင်းမျိုးသာ ဖြစ်သည်။

ကောင်းပြီ။ ထောင်ပိုင်ကြီးက ခုနစ်နာရီတိတိ ထောင်တွင်းဝင်၍ လက်မှတ်ထိုးသွားပြီ။ သူ့နောက်မှ ဦးမောင်မောင်တို့တစ်တွေ လိုက်ဝင်ပြီး လက်မှတ်ရေးထိုးကြရ၏။ ခုနစ်နာရီ ဆယ့်ငါးမိနစ် ထိုးသည်နှင့် တံခါးသမားက မင်းနီကြီး တားလိုက်ရသည်။ အဲဒီနောက် ထောင်တွင်းဝင်သူတို့ ရုံးရောက်ပေရော့။ ဦးမောင်မောင်တို့မှာ လူငယ်လူရွယ်တွေပဲ။ အကြိမ်ကြိမ်အခါခါ ရုံးရောက်သည်ပေါ့။ ရုံးရောက်သည် ဆိုသည်မှာလည်း လွယ်လွယ်လေးမဟုတ်။ ပထမဦးဆုံး ထုချေလွှာ အတောင်းခံရသည်။ မြန်မာလို မဟုတ်။ ထိုစဉ်က အင်္ဂလိပ်ဘာသာ ရုံးသုံးဖြစ်၍ ထုချေလွှာကို အင်္ဂလိပ်လို မနည်းကြီး ချောမောအောင် ရေးရ၏။ မရေးတတ်လျှင်လည်း လုပ်သက်ရင့် ထောင်မှူးများကို ဆရာတင်ရ၏။ သူတို့ ရေးပေးပြီးလျှင် ထောင်မှူးကြီးနှင့် ပထမတွေ့ရမည်။ ပြီးတော့ ဒုတိယထောင်ပိုင်။ သူတို့တွေမှာ သမ္မာရင့် ပုဂ္ဂိုလ်ကြီးတွေ။ သူတို့တစ်တွေကို ကျော်လွှားပြီးမှ ထောင်ပိုင်ကြီးဆိုသူထံ ရောက်ရခြင်း ဖြစ်၏။

ထောင်ပိုင်ကြီးဆိုသူမှာလည်း ထောင့်တစ်သက် အတွေ့အကြုံ ဆောင်းပါး အစကတည်းက ဖော်ညွှန်းခဲ့သော ဝဏ္ဏကျော်ထင် ဦးတင်မောင် ဖြစ်၏။ ဝဏ္ဏကျော်ထင် ရထိုက်လို့ ရခဲ့သူပင်ဖြစ်၏။ ဆိုလိုသည်မှာ နိုင်ငံတော်အစိုးရအပေါ်တွင် အလွန်ပင် သစ္စာတရားကြီးမားသည်။ မကုန်ထိုက်တာ မကုန်စေနှင့်၊ မတော်မတရား မလုပ်ကြနှင့်၊ အဂတိ မလိုက်စားကြနှင့်၊ အကျဉ်းသားများကိုလည်း နှိပ်စက်ကလူ မပြုကြနှင့် စသည် စသည် အားဖြင့်။ မင်းမှုထမ်းတစ်ယောက်အနေနှင့် ကြည့်လျှင်ကား တကယ်ပင် စံတင်ထိုက်သူ ဖြစ်ပါပေသည်။

ယုတ်စွအဆုံး ရေပိုက်ကြီး ဒီအတိုင်းဖွင့်ထားပြီး ရေတွေဒလဟောကျနေသည် ဆိုကြပါစို့။ အဲဒီအနားက ထောင်မှူး မသက်သာတော့။ အဆူအပူ အကြိမ်းအမောင်းခံရ ချိမ့်မည်။ အလျှဉ်းမသင့်လျှင် ထုချေလွှာ အတောင်းခံရမည်။ အလားတူပင် နံနက် မိုးထိန်ထိန်လင်းနေသည့်တိုင် မီးခလုတ်တွေ မပိတ်ဘဲထားလျှင်လည်း အော်လို့ ဟစ်လို့ မဆုံး။ တကယ်တော့ သည်လိုပုဂ္ဂိုလ်မျိုး နိုင်ငံတော်တွင် အလိုအပ်ဆုံး မဟုတ်ပါလား။

http://www.cherrythitsar.org



အကျဉ်းထောင် ဥပဒေအရ အကျဉ်းသားများကို လျှော့ရက်ပေးရာတွင်လည်း ယခုခေတ် ရန်အောင်မောင်မောင်တို့ ထောင်ပိုင်ဖြစ်ချိန်လို ဖုံးပေါလအောကြီး မဟုတ်။ စစ်စစ်စီစီ ဖြစ်၏။

လျှော့ရက်ဆိုတော့ အကျဉ်းထောင်နှင့်ပတ်သက်၍ သိကောင်းစရာလေး ရေးပြဖို့ လိုလာသည်။ လောကတွင် လူသားတိုင်းသည် မျှော်လင့်ချက်ကလေးတွေ ကိုယ်စီဖြင့် အသက်ရှင်နေကြရခြင်း ဖြစ်၏။ တစ်နည်းအားဖြင့် မက်လုံးကလေးတွေ အသီးသီး အသက အသက ရှိကြစမြဲ။ ဘာမှ မသိတတ်သေးသည့် မိခင်ရင်ခွင်တွင်းမှ ကလေးငယ်သည် သူ့အမေ နို့ကို မျှော်လင့်နေမည်။ သွားငုတ်တုတ် လူငုပ်တုတ် အရွယ် တွင် မုန့်မရမချင်း တအီအီ။ စာသင်ချိန်ရောက်လာတော့ လွယ်အိတ်ကလေးလွယ်၍ ကျောင်းသွားဖို့ အဆင်သင့်။ အင်္ဂလိပ်လို တင်း(န်)အိပ်(ချ်) (teenage) ခေါ် ဆယ့်သုံး လေးနှစ် ရောက်လာပြီလား၊ အချစ်စိတ်ကလေးတွေ ပလူမွေး ပလူတောင် ထွက်လာ တတ်၏။ အူဝဲလို့အော်ပြီး လူဖြစ်လာသည်မှ သေနေ့စေ့၍ မျက်စိနှစ်လုံး စုံးစုံးပိတ်ချိန် [illegible] ရှိုးရှိုးမသေ၊ ဘဝကူးကောင်းလိုက်ချင်သေးသည်။ နောက်ဘဝ နတ်ပြည်ရောက်မှ ရောက်ပါ့ မလားလို့။

အလားတူပင် 'မင်းပြစ်မင်းဒဏ်' သင့်၍ ထောင်သွင်း အကျဉ်းချထားသူတို့ အတွက်လည်း မျှော်လင့်ချက်ကလေး မက်လုံးကလေး ပေးထားဦးမှပေါ့။ 'မင်းကို ထောင်ဆယ်နှစ် အပြစ်ပေးလိုက်တယ်ကွာ။ မင်း ထောင်ထဲမှာ ဆယ်နှစ်နေ' ဆိုလို့ ဘယ်မှာ တရားပါ့မလဲ။ 'မင်းထောင်ထဲမှာ ကောင်းကောင်းမွန်မွန်နေ၊ အလုပ် ကောင်း ကောင်းလုပ်။ မင်း ဆယ်နှစ်ပြည့် မနေရဘူး။ မင်းကို လျှော့ရက်ဆုအဖြစ် ပေးမယ်'။

အကျဉ်းထောင်လက်စွဲ ဥပဒေတွင် ပါရှိသည့် လျှော့ရက်ပေးရေး စနစ်ဆိုသည် မှာလည်း ဒီသဘောပင် ဖြစ်၏။ သာမန်အားဖြင့် အကျင့်စာရိတ္တနှင့် အလုပ်အကိုင် ကောင်းမွန်သည့်အတွက် တစ်လလျှင် ၄ ရက် လျှော့ပေးသည်။ ပြောမယ့်သာ ပြောရ သည်။ အကျဉ်းသား တစ်ယောက် အနေနှင့် တစ်လနေလို့ ထောင်ထဲမှာ ဘာအပြစ်မှ မဖြစ်ဘူးဆိုလျှင်ပင် ၄ ရက်က အပိုင်ပါ။ နောက်၊ ထောင်အခေါ် 'ကွာ' ဆိုတာ ရှိသေး သည်။ အင်္ဂလိပ်လို Quarterly Remission ဖြစ်၏။ သုံးလလျှင် တစ်ကြိမ်ပေးသည့် အထူးလျှော့ရက်။ အဲဒီ အထူးလျှော့ရက်ကတော့ တစ်ဦးတစ်ယောက် သဘောနှင့် ပေးလို့မရ၊ ဘုတ်ဖွဲ့ပြီး ပေးရသည်။ သုံးလတစ်ကြိမ် ပေးသည့် ကွာကို အဆင့်သုံးဆင့် ခွဲထား၏။ အေ၊ ဘီ၊ စီ။ သို့မဟုတ် က၊ ခနှင့် ဂ။ 'က' ဆိုလျှင် ၂၉ရက်၊ 'ခ' က ၂၀ ရက်၊ 'ဂ' ကတော့ ၁၁ ရက်။ တကယ်တော့ ယင်းအထူးလျှော့ရက်များမှာလည်း အကျဉ်းဌာနမင်းကြီး၊ ယခင် ခရိုင်ဝန်၊ ယခင်မြို့နယ်ပြည်သူ့ကောင်စီနှင့် ထောင်ပိုင်တို့

http://www.cherrythitsar.org



တစ်နှစ်အတွင်းပေးနိုင်သော အထူးလျှော့ရက်များကို ခွဲဝေပေးခြင်းဖြစ်၏။ အကျဉ်းဌာန မင်းကြီးက အကျဉ်းသားတစ်ဦးကို တစ်နှစ်အတွင်း အထူးလျှော့ရက် နှစ်လပေးနိုင်၏။ ခရိုင်ဝန်နှင့် ထောင်ပိုင်တို့က တစ်လစီ။

ထို့အပြင် အကျဉ်းသားတစ်ယောက် တစ်နှစ်အတွင်း အပြစ်ကင်းစွာ နေထိုင်လျှင် နှစ်ကွာ clear sheet ၁၅ ရက် ရသေးသည်။ အဝတ်အစား ခြိုးခြံလျှင်လည်း လျှော့ရက်ပေးလို့ ရသည်။ မြွေဆိုးတွေ့လျှင်လည်း လျှော့ရက်ပေးသည်။ လျှော့ရက် အများဆုံး ရသူကတော့ မိလ္လာ။ မိလ္လာဆိုတာ ကုလားစကား၊ မြန်မာလို ပြန်လိုက်တော့ ချေးအိုးထမ်း သေးအိုးထမ်း သန့်ရှင်းရေးလုပ်ရသူ။ သူတို့က တစ်ပတ်လျှင် တစ်ရက် တစ်လလျှင် လေးရက် အသားတင်။

မိလ္လာဆိုလို့ ထောင်ဝင်စာတွေ့ရာမှ ဟာသတစ်ခုကို သတိရမိသေးသည်။

ဓားခုတ်မှုဖြင့် ထောင်သုံးနှစ်ကျသော သားဖြစ်သူကို အပြင်မှအမေက ထောင်ဝင်စာလာတွေ့သည်။ နေထိုင်ကောင်းကြောင်း အာလာပသလ္လာပ အတန်ကြာပြောကြား ပြီးနောက် အမေဖြစ်သူက ထောင်ထဲမှာ သား ဘာလုပ်ရသည်ကို သိချင်သည်နှင့်၊

"ဒါနဲ့ သား..... ထောင်ထဲမှာ ဘာအလုပ်တွေများ လုပ်နေသလဲ"

သားဖြစ်သူမှာ ရုတ်တရက် အဖြေခက်သွား၏။ ထောင်ထဲမှာ သူလုပ်နေတာ က လျှော့ရက်အများဆုံးရသည့် ကျင်ကြီးကျင်ငယ်အလုပ်။ သူ့အမေ သိသွားလို့ နောက်ပိုင်းက ဆွေမျိုးတွေကြားလျှင်လည်း အရှက်ရကြတော့မည်။ နောက်တော့မှ အကြံရကာ မုသားလည်း သုံးရန်မလိုသည့်အဖြေကို ပေးလိုက်၏။

"ကျွန်တော် ထောင်ထဲမှာ မိလ္လာ လုပ်နေပါတယ် အမေ"

အပြင်က အမေလုပ်နေသူက ဘာအတွေး ပေါက်သွားလေသည် မသိ။ အမေ ပြန်ပြောလိုက်သော စကားကို ကြားလိုက်ရသော ထောင်တွင်းမှ သားဖြစ်သူမှာ ပါးစပ် အဟောင်းသား ဖြစ်သွားရလေတော့သည်။ "အေး.... အေး..... ကောင်းတယ် ငါ့သား၊ အဲဒီ မိလ္လာအလုပ်ကို ကောင်းကောင်း တတ်အောင်သင်ခဲ့။ သားထောင်ကလွတ်လာ တော့ အပြင်မှာ လုပ်ကိုင်စားရတာပေါ့ကွယ်" ဟူသတည်း။ သို့ကလိုလည်း ငိုအား ထက် ရယ်အားသန်ရသော အဖြစ်အပျက်ကလေးတွေနှင့် ကြုံခဲ့ ဆုံခဲ့ဖူးသည်။

ဘယ်လိုပဲဖြစ်ဖြစ် လျှော့ရက်ဆိုတာကတော့ အကျဉ်းသားတစ်ဦးချင်း အတွက် အသက်သွေးကြောပင် ဖြစ်၏။

ဒီတော့ နည်းရောင်း၊ များရောင်း တောင်းပြည့်ဆိုတာလို ရှိးရှိးသာမန် လျှော့ ရက် ရလျှင်လည်းယူ၊ ကွာရလျှင်လည်း ထပ်ထည့်၊ မြွေဆုမှတ်တို့ နှစ်ကွာတို့ကိုလည်း လက်မလွတ်စေနှင့်။ ဒီထက်ဒီ မြန်မြန်လွတ်ချင်လျှင် မိလ္လာလျှော့ရက်ကိုလည်း ကိုယ် စိတ် နှလုံး အဆင်းရဲခံပြီး ယူထား။ ဟိုး.... ဟိုး.... သည့်ထက်ပို၍ လောဘ မကြီးလေ နှင့်။ အကျဉ်းထောင် လက်စွဲဥပဒေတွင် ကန့်သတ်ချက်ကြီးတစ်ခုက တားဆီးလျက်

http://www.cherrythitsar.org



ရှိနေ၏။ အသင် အကျဉ်းသားတစ်ဦး ရရှိထားသည့် လျှော့ရက်စုစုပေါင်းသည် မိမိကျခံရမည့် အပြစ်ဒဏ်၏ သုံးပုံ တစ်ပုံထက် မပိုစေရ။ ဆိုလိုတာက ထောင်သုံးနှစ်ကျသူ တစ်ဦး လျှော့ရက် တစ်နှစ်ထက်ပို၍ ခံစားခွင့်မရှိ။ မိလ္လာ ဘယ်လောက်လုပ်လုပ် ဖြတ်တောက်ခံရမည်။ တကယ်တော့ သုံးပုံတစ်ပုံပြည့်အောင် ခံစားရသူလည်း ရှားပါသည်။

အဓိကရေးရန် အချက်ကြီးတစ်ချက် ပမာဒလေခ၍ ကျန်ရစ်ခဲ့ပါသည်။ ယင်းအချက်ကား အခြားမဟုတ်။ အထက်တွင် ဖော်ပြခဲ့သော လျှော့ရက်အသီးသီးကို ခံစားခွင့်ရှိသူများမှာ ထောင်ဒဏ် ၆ လနှင့်အထက် ကျခံရသူများသာဖြစ်၏။ ၆ လ အောက် ထောင်ကျသူများ လုံးဝခံစားခွင့် မရှိ။ သို့ဖြစ်၍ ယခင် တရားစီရင်ရေးခေတ်က တရားသူကြီးအနေနှင့် တရားခံကို မြင်ပြင်းကပ်လာသည့်အခါ ထောင် ၆ လ အပြစ်မပေးဘဲ ထောင် ၅ လ အပြစ်ပေးလိုက်၏။ လျှော့ရက်ပေးရေးစနစ် ဘောင်မဝင်သဖြင့် ယင်းအကျဉ်းသား ခံပေရော့။ ပါးစပ်ကတော့ ချိုချိုလေး ပြောကောင်းပြောမည်။ "မင်းကို ငါသနားလို့ ထောင်ဒဏ် ၆ လ အပြစ်ပေးမလို့ဟာ ၅ လပဲ ပေးလိုက်ပါတယ်ကွာ"။

လျှော့ရက်ဆိုသည်မှာ အကျဉ်းသားများအတွက် သေရေးရှင်ရေး အသက်သွေးကြောဖြစ်လေရာ၊ ဦးမောင်မောင် ထောင်မှူးဘဝမှ ထောင်ပိုင်ဖြစ်သည်အထိ အမြဲတမ်း ဆုံးမစကားပြောလေ့ ရှိသည်ကား၊

"ရေဘူးနဲ့ ဖိနပ်မပါရင် နွေခါမှ သိသတဲ့၊ ဒါနနဲ့ သီလမပါရင် သေခါမှ သိသတဲ့၊ လျှော့ရက်နဲ့ ကွာတားမပါရင် လွတ်ခါမှ သိသတဲ့ကွ"

ထောင် ၁၀ နှစ်ကျသူ နှစ်ယောက်။ တစ်ယောက်က အနေကောင်း၍ လျှော့ရက်တွေ အများကြီးရထားသည်။ ကျန်တစ်ယောက်က ထောင်တွင်းပြစ်မှုတွေ ထပ်ခါတလဲလဲဖြစ်ပြီး လျှော့ရက်တွေ အဖြတ်ခံခဲ့ရ၏။ တိုက်ပိတ်ခံခဲ့ရ၏။ ထောင်က လွတ်ခါနီးတော့ စကားပြောပြီပေါ့။ လျှော့ရက်တွေ အများကြီးရထားသည့်အကျဉ်းသား၊ ထောင်ပိုင်ကြီးထံ ကျန်ရက်တောင်းနေပေပြီ။ ကျန်ရက်ဆိုသည်မှာ လွတ်ခါနီးအကျဉ်းသား အတွက် မက်လုံးပေးထားသော မြှုပ်ကွက်ကလေး တစ်ကွက်ပင်ဖြစ်၏။

အပြေးသမားတစ်ယောက်သည် ပန်းတိုင်ဝင်ခါနီးလေ ပန်းတိုင်ရောက်ချင်လေ။ လကုန်ခါနီးလေလေ လခထုတ်ချင်လေလေ။ အလားတူပင် ထောင်က လွတ်ခါနီးသည့် အကျဉ်းသားမှာလည်း လွတ်ခါနီးမှန်းသိလေ ထောင်က လွတ်ချင်လေလေ။ သည်တော့ သူတို့အတွက် 'ထောင်ပိုင်ကျန်ရက်'ဟူ၍ မက်လုံးပေးထားရ၏။

"ထောင်ပိုင်ကြီး၊ သနားပါဦးခင်ဗျာ။ ကျွန်တော့် ကျန်တဲ့ လျှော့ရက်ကလေး ပေးပါဦး"

တကယ်တော့ ထောင်ပိုင်ကြီးမှာလည်း သူ့အား အပ်နှင်းထားသည့် အကျဉ်းသားတစ်ယောက်၊ တစ်နှစ်ကိုတစ်လ ပေးပိုင်ခွင့်ထက် ပို၍ပေးခွင့်မရှိပါ။ သို့သော် ကွာပေးစဉ်က သူဘယ်လောက်ပေးထားပြီးပြီနည်း၊ သူဘယ်လောက်ပေးနိုင်သနည်း။အလုပ်

http://www.cherrythitsar.org



အကိုင်နှင့် အကျင့်စာရိတ္တကောင်းလျှင် ထပ်ပြီး ပေးနိုင်သလောက် ပေးလိုက်ဦးမည်။ ဒါကိုပင် အကျဉ်းသားများအနေနှင့် ကျန်ရက်ဟု ခေါ်နေကြခြင်းဖြစ်၏။

အထက်ကဆိုခဲ့ပြီးသည့် ထောင်ပိုင်ကြီးဝဏ္ဏကျော်ထင်ဦးတင်မောင်မှာ အဆိုပါ ကျန်ရက်ပေးရာတွင်လည်း အလွန်ပင် စနစ်ကြီးသူဖြစ်၏။ စိစစ်တတ်သူ ဖြစ်၏။ အကျဉ်းသားတွေ ပြောသလို ပြောရလျှင်တော့ အလွန်ပင် ကပ်စေးနဲသူဖြစ်၏။

ထောင်ပိုင်ကြီး ထောင်ထဲဝင်၍ စစ်ဆေးပြီဆိုလျှင် လွတ်ခါနီး အကျဉ်းသားများက ကျန်ရက် တောင်းတတ်၏။ နံပါတ်ကြီးကို လက်နှစ်ဖက်ဖြင့်ကိုင်၍ ရှေ့ထိုးပြပြီး… "သခင်ကြီး၊ ကျန်ရက်ကလေး သနားပါ"။ ထောင်ပိုင်ကြီးက အကျဉ်းသားထံမှ နံပါတ်ကြီးကို ယူ၍ကြည့်သည်။ ပြီးတော့ အိတ်တွင်းမှ ဖောင်တိန်ကို ထုတ်ယူလိုက်၏။ အကျဉ်းသားစိတ်ထဲ ကျိတ်ပြီးဝမ်းသာပြီ။ ဘယ်နှစ်ရက် ပေးမလဲ၊ ဆယ်ရက်လား၊ ငါးရက်လား။ ထောင်ပိုင်ကြီး ဖောင်တိန်အဖုံးကိုချွတ်၍ နံပါတ်ကြီးပေါ်တွင် တစ်စုံတစ်ရာ ရေးခြစ်နေသည်။ အကျဉ်းသား စိတ်ထဲမှန်းကြည့်နေ၏။ ဘယ်နှစ်ရက်ပါလိမ့်။ သို့သော် ထောင်ပိုင်ကြီး အမူအရာပြောင်း၍ ဖောင်တိန်မင်ခါနေသည်ကို မြင်ရသောအခါ အကျဉ်းသား စိတ်ထဲမောသွားပြန်၏။ 'အရေးထဲ သူ့ဖောင်တိန်ကလဲ ဘယ်လိုလုပ် မင်ကုန်သွားပါလိမ့်'။ နောက်ဆုံးတော့မှ ထောင်ပိုင်ကြီးက၊

"အေး….. နောက်တစ်ခါပေါ့ကွာ၊ ဒီတစ်ခါတော့ မင်ကုန်သွားပြီ"

အမှန်တော့ ဘာမှမဟုတ်။ ထောင်ပိုင်ကြီးကလည်း အကျဉ်းသားတွေ၏ အထာကို သိနေသဖြင့် တမင်တကာ မင်မပါသည့် ဖောင်တိန်ကို ချိတ်လာခဲ့ခြင်းဖြစ်၏။

တစ်ခါတွင်မူ အကျဉ်းသားတစ်ယောက်က နံပါတ်ကြီး ထိုးပေး၍ ကျန်ရက် လျှောက်ရာ ထောင်ပိုင်ကြီးကလည်း ထုံးစံအတိုင်းမင်ကုန်နေသည့်ဖောင်တိန်ကို ချွတ်ပြီး ခါနေစဉ် အကျဉ်းသားက သူ့၏ခါးကြားထဲက ဖောင်တိန်တစ်ချောင်းကို ထုတ်ပေးပြီး၊

"ဒီမှာ ဖောင်တိန်ရှိပါတယ် ဆရာကြီး"

ထောင်ပိုင်ကြီးက မျက်မှောင်ကြုတ်လိုက်ပြီး….

"ဟေ….၊ မင်းလက်ထဲ ဘယ်လိုလုပ် ဖောင်တိန်ရောက်နေတာလဲ"

အမှန်အတိုင်းလည်း အကျဉ်းသားများ စာရွက်၊ ဖောင်တိန် ကိုင်ခွင့်မရှိပေ။ သို့သော် အကျဉ်းသားက ခပ်တည်တည်။

"တစ်နေ့က တနင်္လာနေ့တန်းစီမှာ အိမ်ကို စာရေးခွင့်ပေးထားလို့ အဆောင်မှူးဆီက ဖောင်တိန် ခဏတောင်းထားတာပါ။ နံပါတ်ကြီးထဲမှာ မှတ်ချက်နဲ့ ဆရာကြီး လက်မှတ်ရှိပါတယ်"

နံပါတ်ကြီး ကြည့်လိုက်တော့လည်း သူပြောသည့်အတိုင်း မှန်နေ၏။ ထောင်ပိုင်ကြီး ဘယ်လိုမှမငြင်းသာတော့သဖြင့် ကျန်ရက် ၅ ရက်ပေးလိုက်ရလေတော့သတည်း။

■

http://www.cherrythitsar.org

# ၁၉

ဦးမောင်မောင် ထောင်မှူးအလုပ် စဝင်သည့် ၁၉၅၀ ခုနှစ်က အသက် ၂၁ နှစ်သာ ရှိပါသေးသည်။ သို့သော် ထိုစဉ်က တရားရေးဝန်ကြီးဌာန၏ လက်အောက်ခံ အကျဉ်းဌာန မင်းကြီး ဦးဘမောင် လက်မှတ်ရေးထိုး ခန့်ထားလိုက်သော ခန့်စာထဲတွင် မောင်မောင် အား ထောင်မှူးအဖြစ် အလုပ်ခန့်ထားလိုက်သည်ဟု မပါရှိပါ။ ‘ ဦးမောင်မောင်အား ထောင်မှူးသင်တန်း စာတွေ့သုံးလ၊ လက်တွေ့သုံးလ ပြီးစီး၍ ၁–၇–၁၉၅၀ ခု နေ့မှစ၍ ထောင်မှူးအဖြစ် ခန့်ထားလိုက်သည်’ဟု အတိအလင်း ပါရှိပါသည်။

ထောင်မှူးနှင့် တန်းတူ ရည်တူ လခတူ ရာဇဝတ်အုပ် (ယခု ဒုရဲအုပ်)တို့ ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးခြင်း၊ ရာထူးကျခြင်း စသည့် အမိန့်ပြန်တမ်းများကို မြန်မာနိုင်ငံ ပြန်တမ်း (Burma Gazette) တွင် ထည့်သွင်းကြေညာခြင်း မပြုပေ။ ထောင်မှူးကျတော့ ပြန်တမ်းတွင် ထည့်သွင်းခြင်း ခံရသည်။ ‘ဦး’ တပ်ထားသည်။

စစ်ပြီးခေတ်ကျမှသာ ထောင်မှူးနှင့် ရာဇဝတ်အုပ်တို့ လစာတူနေပြီ။ စစ်ကြို ခေတ်က ထောင်မှူးလစာ ၁၀၀ ရနေချိန် ရာဇဝတ်အုပ်က ၅၀ ကျပ်။

ဆိုလိုရင်းမှာ ဌာနဆိုင်ရာအလုပ်သဘောအရ ‘ဦး’တပ်ထားသဖြင့် လူပင်ငယ် သော်လည်း ဦးမောင်မောင်ဟု ရေးခဲ့မိခြင်းပါ။ မောင်မောင်တို့က သာပြီးငယ်ချင်သေး။

မောင်မောင်ဆိုလေ တော်တော့်ကိုက ထီးရိုးရှည်လို့ ဆိုချင် ဆိုကြပေရော့။ မောင်မောင်ဆိုသော နာမည်ကိုကပင် ဘယ်သူကမှ ကြက်သွန်ဖြူဥတစ်လုံးစု နေ့သင့် နံသင့် မှည့်ပေးခဲ့သောနာမည်မဟုတ်။ ကိုယ့်ဘာသာကိုယ် မှည့်ခဲ့သော နာမည်ဖြစ်၏။

http://www.cherrythitsar.org



မောင်မောင် စကားပြောတတ်စကပင် 'ကျွန်တော်က'ဟု မပြောဘဲ'မောင်မောင်ကလေ'ဟု စပြောခဲ့ကြောင်း မိဘများပြောပြ၍ သိရသည်။ သို့သော် အလိုလိုနေရင်း နေ့သင့်နံသင့် ဖြစ်သွား၏။ ကြာသပတေးသားကိုး။

မောင်မောင်အရွယ်ရောက်လာတော့လည်း သက်တူရွယ်တူ မိန်းကလေးများနှင့် စကားပြောသည့်အခါ 'မောင်မောင်ကလေ'ဟု ပြောစမ်း ကြည့်ခဲ့သေးသည်။ အချို့မိန်းကလေးများက ဘာမှမပြောဘဲ ကျေနပ်ပုံရကြသော်လည်း 'မောင်မောင်ကလေ'ကို မြန်မြန်လေး၊ ခပ်လောလောလေး ပြောလိုက်သည့်အခါ 'မောင်ကလေ'လိုလို ဖြစ်သွားတတ်သဖြင့် အချို့မိန်းကလေးများက 'ဟင်း ၊ စီးပိုးလိုက်တာ'ဟု နှာခေါင်းရှုံ့ ခံခဲ့ရပါ၏။

ကဲ....၊ ထောင်မှူးမောင်မောင်ပဲ ထားလိုက်ပါတော့။ ထောင်မှူးမောင်မောင်တို့ထိုအချိန်အခါက လုပ်သက် အနုအရင့်၊ ဝါစဉ် အနိမ့်အမြင့် အလွန်ပင် အလေးဂရုပြုကြရသည်။ ကြယ်တစ်ပွင့်တပ်ထားသည့် ထောင်မှူးချင်းအတူတူ ဂျူနီယာ စီနီယာ သိပ်စကားပြောသည်။ ကြယ်ပွင့်ကလည်း အမျိုးမျိုး။ လေးထောင့်ကြယ်က ထောင်မှူး၊ ငါးထောင့်ကြယ်ဆို ထောင်မှူးကြီး။ ဒါလည်း တကယ်တော့ ဘယ်သူမှ တိတိကျကျ မလိုက်နာကြပါ။ တချို့ ဇွတ်တရွတ်နိုင်သော ထောင်မှူးက ကြယ်ငါးထောင့် တပ်ချင်တပ်သည်။ ခပ်မိုက်မိုက် ထောင်မှူးကြီးက ငါးထောင့်ကြယ်နှစ်ပွင့် တပ်ချင် တပ်ပစ်လိုက်သည်။ အချို့ထောင်မှူးဆိုလျှင် ကြယ်ပွင့်ပင် မတပ်။ (Burma Jails) မြန်မာပြည်အကျဉ်းထောင်များဟု အဓိပ္ပာယ်ရသည့် ဘီ–ဂျေ စာလုံးထပ်ကလေးသာ ပခုံး တစ်ဖက်တစ်ချက် တပ်ထားသည်။

ယူနီဖောင်းဝတ်ပုံကို ကြည့်ဦးမလား။ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း၊ ဝတ်ချင်သလို ဝတ်ခဲ့ကြသည်။ ထောင်မှူးမောင်မောင်တို့ဆိုလျှင် ယူနီဖောင်း မျိုးစုံ ဝတ်ဖူးသည်။ ကာကီအင်္ကျီလက်ရှည်၊ ဘောင်းဘီတို၊ စတော့ကင်း ခေါ်ခြေအိတ်ရှည်၊ ရှူးဖိနပ်နှင့် အပေါ်မှ ဖော့ကာကီဦးထုပ်လည်း ဆောင်းဖူးသည်။ 'ပီးကက်' ခေါ် အရာရှိဦးထုပ်လည်း ဆောင်းခဲ့သည်။ ဂေါ်ရခါး ဦးထုပ်တို့၊ ဆိုက်ကက်ပ် ခေါ် တစောင်းဆောင်းရသည့် ဦးထုပ်တို့ အစုံဆောင်းခဲ့ဖူးသည်။

တကယ်တော့ ဘာမှမဟုတ်ပါ။ တပ်မတော်တို့၊ ရဲတို့လို (dress regul ation) ဆင်တူဝတ်စုံစည်းကမ်း သတ်သတ်မှတ်မှတ် မပြဋ္ဌာန်းခဲ့ခြင်းကြောင့်ပင် ဖြစ်၏။

ရာထူးအဆင့်နှင့် အခေါ်အဝေါ်တွေကလည်း ကပေါက်ချိ ကပေါက်ချာ။ အောက်ဆုံးအဆင့် ရဲသားနှင့် တူညီသူက ထောင်ကြပ်၊ ရဲသားပြီးလျှင် ယခင်အခေါ် (lance corporal) ဒုတပ်ကြပ်ရှိသော်လည်း ထောင်မှာမရှိ။ corporal ခေါ် တပ်ကြပ်လည်း မရှိတော့။ သို့သော် (sergeant) တပ်ကြပ်ကြီးနှင့် ညီမျှသည့် သုံးရစ်ရှိနေပြန်၏။ သူ့ကို ထောင်ကြပ်အုပ်ဟု ခေါ်သည်။ သူ့အထက် ကျပြန်တော့ ဝွင်းနီ။

http://www.cherrythitsar.org



ဂွင်းနီမှာ ဂျပန်အခေါ် ရှီးဘန်းလည်ပင်းသိုင်းသည့် အနီပတ်ကြီးကို ပတ်ထားရ၏။ 'ဂွင်းနီ'မှာလည်း ထောင်ကြပ်အုပ်နှင့် လစာချင်းအတူတူပါ။ ရယ်စရာကောင်းသည်မှာ ထောင်အမှုထမ်းတွေ ပါးစပ်တွင် 'ဂွင်းနီ'ကို 'ဂွေးနီ'ဟု နှုတ်ကျိုးနေကြခြင်းပင်။ ဂွင်းနီပြီးလျှင်တော့ ထောင်မှူး၊ ထောင်မှူးကြီး၊ ဒု ထောင်ပိုင်၊ ထောင်ပိုင် စသည်အားဖြင့်။

ဖွဲ့စည်းပုံနှင့်ယူနီဖောင်းဝတ်ဆင်မှု ကစဉ့်ကရဲနိုင်သည်မှအပ ထိုစဉ်ကအကျဉ်းဌာနမှာ အခြားဌာနများနည်းတူ စည်းကမ်းအပြည့်။ အထက်က ဆိုခဲ့သည့်အတိုင်း လုပ်သက် အနုအရင့်၊ ဝါစဉ် အနိမ့်အမြင့် တကယ်ပင် အလေးထားခဲ့ကြပါသည်။

ဥပမာ ပြရသော်....၊ ထောင်မှူးမောင်မောင် မန္တလေးထောင်မှ အင်းစိန် ထောင်သို့ ပြောင်းရွှေ့ရောက်ရှိလာသောအခါ ထောင်ကြီးနှင့် ထောင်လေးအကြားရှိ ထောင်မှူးနေအိမ်တွင် နေခွင့်ရရှိခဲ့သည်။ ထောင်ကြီးဆိုသည်မှာ ဗဟိုထောင်ကြီး (Central Jail) ဖြစ်၍၊ ထောင်လေးဆိုသည်မှာ (Annex Jail) ကို ခေါ်ခြင်း ဖြစ်၏။ (ယခုတော့ သီးသန့်ထောင်ခေါ်သည်။) ထောင်ကြီးဘက်တွင် သာမန်ရာဇဝတ်မှု ကျူးလွန်၍ ထောင်ကျသူများ၊ အချုပ်ခံနေရသူများ ထား၏။ နိုင်ငံရေးပြစ်မှု ကျူးလွန်ပြီး အပြစ်ရသူများလည်း ရှိ၏။ ထောင်လေး ဘက်တွင်မူ နိုင်ငံရေးသမားချည်း သီးသန့်။

စေ့စေ့တွေးတော့ ရေးရေးပေါ်ဆိုတာလို အကျဉ်းထောင် ဝန်ထမ်းများအနေနှင့် သတိသံဝေဂ တကယ်ပင် ရထိုက်ပါပေသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားသဘောအရ ကမ္မဋ္ဌာန်းကျောင်းကို သွားနေစရာမလို။ ကိုယ့်ထောင်ထဲ ကိုယ်ပြန်ကြည့်နေလျှင်ပင် ကြည့်သောသူသည် မြင်နိုင်၏။ ထောင်မှူးမောင်မောင်လည်း တရားသဘောအရပင် ကိုယ့်ထက် စီနီယာကျသော ထောင်မှူးတစ်ယောက် နောက်ထပ် ပြောင်းရွှေ့ရောက်ရှိလာသောအခါ ထောင်ကြီးနှင့် ထောင်လေးကြားရှိ ထောင်မှူးနေအိမ်မှ ဖယ်ပေးလိုက်ရ၏။ ထောင်ကြီးဘက်ရှိ မိမိထက် တစ်ဆင့်နိမ့်သည့် ထောင်ကြပ်အုပ်နေအိမ်ကလေးသို့ စိတ်လက် မကြည်မသာဖြင့် ပြောင်းရွှေ့ခဲ့ရသည်။

ခုခေတ် ထောင်မှူးတွေကိုများ အဲဒီလို အဖယ်ခိုင်းကြည့်ပါလား။ ဘယ် ဖယ်ပေးလိမ့်မလဲ။ ခဲယဉ်းသားပဲ။ သူလဲတစ်ပွင့်၊ ကိုယ်လဲတစ်ပွင့်။ ဝေးစွခြောက်ပါး အေးမြယောကျ်ားပေါ့။

ထောင်မှူးမောင်မောင်တို့ ခေတ်ကမူ (order is order) အမိန့်ဟာ အမိန့်ပဲ။ ဘာဆင်ခြေဆင်လက် မှ တက်ခွင့်မရှိ။ 'ခန္တီ'မနိုင်၍ သည်းခံရခြင်းသည်လည်းကောင်း ဆိုသကဲ့သို့ ထောင်မှူးမောင်မောင် အားမတန်၍ မာန်လျှော့ခဲ့ပါ၏။

'အေးလေ.... ငါနဲ့ ငါ့အမေ မုဆိုးမကြီး သားအမိနှစ်ယောက်တည်း ရှိတာပဲ။ ထောင်ကြပ်အုပ် နေအိမ်လဲ နေလို့ဖြစ်ပါတယ်'

ဘာပဲပြောပြော ထောင်မှူး စဖြစ် ဖြစ်ခြင်း မန္တလေးထောင်တွင် နေခဲ့ရသော အချိန်ကာလနှင့် အင်းစိန်ထောင်ရောက်ချိန်တို့ကို နှိုင်းယှဉ်လိုက်လျှင် ငရဲနှင့် နိဗ္ဗာန်ပမာ။

မန္တလေးထောင်တွင်နေစဉ်က ဝင်ချင်သည့်အချိန်ဝင်၊ ထွက်ချင်သည့်အချိန်ထွက်။ ဘာပြဿနာမှ မရှိခဲ့သော်လည်း အင်းစိန်ထောင်တွင်မူ တစ်နာရီ နောက်ကျဖို့ မဆိုထားနှင့် မိနစ်ပင် အစွန်းမခံ။

ကြယ်တစ်ပွင့်တပ်သူ ထောင်မှူးအချင်းချင်း ဖြစ်စေကာမူ စီနီယာထောင်မှူးက ဂျူနီယာထောင်မှူးကို ရုံးတင်ခွင့်ရှိ၏။ တစ်ချက်ကလေး မမှားလိုက်နှင့် တကယ်လည်း ရုံးတင်စစ်ဆေး အပြစ်ပေး အရေးယူခြင်း ခံခဲ့ကြရသည်။

ထောင်မှူး မောင်မောင် စိတ်ပျက်လှပြီ။ စိတ်ပျက်လို့လည်း အခြားအလုပ်တစ်ခုခုသို့ ပြောင်းရွှေ့ခွင့်ရရန် အမျိုးမျိုးကြံခဲ့ဖူးသည်။ စိန္တိတံပိန ဘဝိဿတိ၊ ကြံစည်လျက်လည်း ဖြစ်မလာပေ။

ပထမဆုံး ဗိုလ်သင်တန်းတက်ခွင့် လျှောက်ထားသည်။ ထိုစဉ်က ဆယ်တန်းသို့မဟုတ် တက္ကသိုလ်ဝင်တန်းအောင်သူများ ဗိုလ်သင်တန်း လျှောက်ထားခွင့် ရှိသည်။ မောင်မောင်က ကျောင်းထွက်လက်မှတ်ရစာမေးပွဲ အောင်မြင်ပြီး အင်္ဂလိပ်စာ တစ်ဘာသာတည်းဖြေ၍ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အောင်မြင်လိုက်ရာ ဗိုလ်သင်တန်းတက်ဖို့ စိတ်စောနေသည်။

ဗိုလ်ရွေးအဖွဲ့မှာ မြေနီကုန်း၊ ယခုတပ်မတော်ပန်းခြံနှင့် ကျောချင်းကပ် (Slim Lines ) ခေါ် (Officer Testing Team) နေရာတွင် ဖြစ်၏။ ထောင်မှူးမောင်မောင် ဗိုလ်သင်တန်းတက်ခွင့် မရခဲ့ပေ။ ဘာဖြစ်လို့ မရခဲ့သလဲဆိုတာ ပြန်လည်ဆန်းစစ်ကြည့်တော့လည်း အဖြေပေါ်ပါသည်။ ထိုစဉ်က ဗိုလ်ရွေးအဖွဲ့သို့ လာရောက်ဖြေဆိုသူများကို စတိုင်ကျကျထားသည်။ ဗိုလ်ဖြစ်လျှင် ဘယ်လို နေရမည်နည်း။ အဲဒီအတိုင်းထား၏။ အကျွေးအမွေးမှာလည်း ပထမတန်း။ နံနက်ပိုင်း ပေါင်မုန့်ထောပတ်သုတ်၊ ကော်ဖီကြိုက်လျှင် ကော်ဖီ၊ ကော်ဖီ မကြိုက်လျှင် လက်ဖက်ရည်။ ထမင်းကျွေးရာတွင်လည်း (officer mess) ခေါ် အရာရှိရိပ်သာတွင် ကျွေးသည့်အဆင့်ထက် မနိမ့်။

ညနေပိုင်း ထမင်းစားချိန် ရမ်အရက် သောက်ဦးမလား။ ရသည်။ ကျသင့်သော တန်ဖိုးပေးလိုက်ရုံသာ....။ သည်မှာပင် ထောင်မှူးမောင်မောင် ပြဿနာတစ်ချက်တက်၏။ မန္တလေးထောင်မှရခဲ့သည့် အရက်သောက်သည့်အမွေကြောင့် ညနေပိုင်း ဝါသနာ တူသူချင်း အရက်ဝိုင်းကလေး ဖွဲ့မိကြသည်။ တကယ်တော့ သူတို့တစ်တွေက အဲဒီကတည်းက ဗိုလ်ဖြစ်မည့်သူတွေ၏ အကျင့်စရိုက်တွေကို အကဲခတ်နေကြပြီကိုး။ နောက်တစ်ချက်မှာ ကြွခိုင်စွမ်းရည် စစ်ဆေးရေးအပိုင်းတွင် ဖြစ်၏။ ယနေ့ ဗိုလ်ရွေးသည့်စနစ်အတိုင်း တစ်ဦးချင်းစစ်ဆေးခဲ့သည်။ တစ်ဦးချင်း ကြွခိုင်စွမ်းရည်တွင် ဘာပြဿနာမှ မရှိခဲ့သော်လည်း စုပေါင်းကြွခိုင်စွမ်းရည်တွင်မူ မောင်မောင် တစ်ချက်မှားသွားသည်။

စုပေါင်းကြွခိုင်စွမ်းရည်အနေနှင့် အခက်အခဲအမျိုးမျိုးကို လုပ်နေကြရာတွင် ကပ္ပတိန် ခေါ် ဗိုလ်ကြီးအဆင့် စစ်ဆေးရေးအရာရှိများသည် မလှမ်းမကမ်းမှ စောင့်ကြည့်

http://www.cherrythitsar.org



နေကြ၏။ တစ်ခါတစ်ရံ သူတို့အရာရှိအချင်းချင်း စကားပြောနေကြ၍ မောင်မောင်တို့ ဘက်သို့ လှည့်မကြည့်တတ်။ အုတ်နံရံကြီးတစ်ခုပေါ်မှ ဖြတ်ကျော်ကြရာ မောင်မောင် သည် စောင့်ကြည့်နေသော အရာရှိများလစ်ပြီအထင်နှင့် (Out of Bound) ကန့်သတ် နေရာတွင် ညာခြေတစ်ဖက် ချလိုက်မိသည်။ ပါးလိုက်သည့် အရာရှိ။

"နံပါတ် ၁၂၊ အဲဒီနေရာမှာ ခြေမနင်းရဘူးလေ"

ဤသည်မှာ ဒုတိယအချက် မှားယွင်းခြင်း။

တတိယအချက်ကတော့ ခေတ်စကားနှင့် ပြောရလျှင် ပေါ်တင်ကြီးပါ။ နောက်ဆုံးအဆင့် လူတွေ့စစ်ဆေးသည့်အချိန် ဖြစ်၏။ စစ်ဆေးရေးအဖွဲ့ဝင်တစ်ဦးအနေ နှင့် ရမည်းသင်းခရိုင်တွင် ယူအမ်ပီ ခေါ် စစ်ရဲဗိုလ်မှူးအဖြစ် အမှုထမ်းရင်း ဒီအက်(စ်)ပီ ခေါ် ခရိုင်ရဲဝန်လုပ်သွားဖူးသူ တစ်ဦးပါ၏။

"မင်းနာမည်က မောင်မောင် ခေါ် ရန်အောင်မောင်မောင် ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"မင်းဇာတိက ရနှောင်ပေါ့၊ ဟုတ်လား"

သူကိုယ်တိုင်က ရမည်းသင်းခရိုင် ရဲဝန်လုပ်သွားသူဆိုတော့ ရန်အောင်ကို ပျော်ဘွယ် ရနှောင်သားတို့ ပါးစပ်အခေါ် ရနှောင်ဟု ပြောကြဆိုကြသည်ကို အတပ်သိ နေပြီပေါ့။ ဒါက အကြောင်းမဟုတ်၊ သူဆက်မေးသည့် မေးခွန်းတွေက အရေး အကြောင်း ဖြစ်လာသည်။

"မင်း၊ ရနှောင်သား ဆိုတော့ကွာ ဌာနာအုပ် ဦးသက်ထွန်းကို သိမှာပေါ့"

"ဟုတ်ကဲ့.... ကြားတော့ ကြားဖူးပါတယ်။ ကျွန်တော်က ကျောင်းသား ဘဝပါ"

"အေးလေ၊ ကြားဖူးတယ်ဆိုယင် အဲဒီရနှောင်တစ်ဝိုက်မှာ ဓားပြတိုက်မှုတွေနဲ့ ပတ်သက်ပြီး စီးပွားရှာသွားတဲ့အကြောင်းတွေကိုကော မင်း သိသလား"

"ကျွန်တော် ရမည်းသင်းမှာ ကျောင်းသွားနေတာမို့လို့ ဘာမှမသိပါဘူးခင်ဗျာ"

မေးသည့် ဗိုလ်မှူး မျက်နှာ ရှုံ့မဲ့သွားသည်။ မခက်ပေဖူးလား။ သူမေးသည့် မေးခွန်းများကို အလိုက်သင့် အလျားသင့် ဖြေလိုက်လျှင် အမှတ်ပြည့်ပေးလေမလား။ သို့နှင့်ပင် ထောင်မှူးမောင်မောင်နှင့် ဗိုလ်သင်တန်းတို့ အစေးမကပ်ခဲ့ကြ။ အဲဒီတုန်းက သာ ဗိုလ်ဖြစ်ခဲ့လျှင် ယခုလောက်ဆို.... သေလျှင်သေ၊ မသေလျှင် ဗိုလ်မှူးကြီး ဆိုတာ အနိမ့်ဆုံးအဆင့်။

ဗိုလ်သင်တန်းဆိုလို့ မောင်မောင်နှင့်အတူတူ အင်ဂျင်နီယာကျောင်းတက်ခဲ့ပြီး ထောင်မှူးအတူတူ ဖြစ်လာသည့် ခင်မောင်လှကျတော့ တစ်မျိုး။ သူလည်း မောင်မောင် လိုပင် ထောင်မှူးလုပ်နေရာမှ ဗိုလ်သင်တန်းစာမေးပွဲ ဝင်ဖြေသည်။ ထိုစဉ်က သူ မန္တလေး ထောင်မှာ။ ဗိုလ်သင်တန်းကလည်း ယခု ပြင်ဦးလွင်စစ်တက္ကသိုလ်မှာ၊ အနီးကလေး။

http://www.cherrythitsar.org



သူ ဗိုလ်သင်တန်း တက်ခွင့်ရပါ၏။ သို့သော် သူနှင့် လက်ထပ်အံ့ဆဲဆဲ တင်တင်လေးအား စစ်ဗိုလ်ကတော် လုပ်မလား၊ ထောင်မှူးကတော် လုပ်မလားဟု အတည်ပြုချက် ရယူရာတွင်....။ ထိုစဉ်က စစ်ဗိုလ်ဆိုသည်မှာ (ယခုလည်း အတူတူ ပါပဲလေ) ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်ဖြစ်ပါလျက် စွန့်ခြင်းကြီးတစ်ပါးအနေနှင့် စစ်ထဲတော့ မဝင်ပါနှင့်၊ ထောင်မှူးကတော်ပဲ လုပ်ပါမည်ဟုဆိုကာ ဗိုလ်သင်တန်း မတက်ဘဲ ထောင်မှူးအလုပ်ပင် ဆက်လုပ်ခဲ့ပြန်၏။

ကိုင်း.... လံကဓာ လောကဓံ၊ ကိုယ်ဖြစ်ချင်တဲ့အတိုင်း ဘယ်မှာ ဖြစ်လာလို့ တုန်း။ ထောင်မှူးမောင်မောင် အင်းစိန်ထောင်မှာရှိနေစဉ်မှာပင် အကျဉ်းဌာနမှ လွတ် မြောက်ရေးအတွက် နောက်တစ်ကြိမ် ကြိုးပမ်းခဲ့သေးသည်။ ဒီတစ်ခါတော့ ဗိုလ် သင်တန်းလောက် အဆင့်မမြင့်။ သန်းခေါင်စာရင်းဌာနမှ ထောင်မှူးနှင့် လစာချင်း တူသည့် အထက်တန်းစာရေး လျှောက်ခဲ့ခြင်းဖြစ်၏။

လစာချင်းတူမှန်း သိပါလျက် လျှောက်မိခြင်းမှာ လက်ရှိ ထောင်မှူးအလုပ်ကို 'အငယ်လေး' ပြောသလိုပင် တစတစ ရွံရှာစက်ဆုပ်လာခြင်းကြောင့်ပင် ဖြစ်၏။ အထက်တန်းစာရေးရလျှင် ရန်ကုန်မှာပင် နေရမည်။ သက်ကြီးတက္ကသိုလ် ဆက်တက် ၍ ဘွဲ့တစ်ခုခု ရအောင်ယူမည်။ ပြီးလျှင် သင့်ရာအလုပ်တစ်ခုခု ပြောင်းမည်။

ယခုခေတ် လူငယ်များ သွားရည်ကျလောက်အောင် ရေးလိုက်ရဦးမည်။

ထိုခေတ် ထိုအချိန်က ဘွဲ့ရပြီးသူများ မဆိုထားနှင့် မောင်မောင်တို့လို ဆယ်တန်းအောင်ထားသူတွေပင် အလုပ် အလွန်ပေါသည်။ ဒီအလုပ် မကြိုက်လျှင် ဟိုအလုပ် ပြောင်းလုပ်။ ဒီလိုနည်းနှင့်ပင် မောင်မောင်တို့နှင့်အတူ ထောင်မှူးဝင်လုပ်ပြီး တခြားဌာနသို့ ပြောင်းရွှေ့သွားကာ ကြီးပွားနေသူတွေ တစ်ပုံတစ်ခေါင်းကြီး။ သို့ပါလျက် မောင်မောင်ကျကာမှ ထောင်ဇာတာမှာ နဖူးပြင်တွင် အင်္ဂတေ ကိုင်ထားဟန် တူပါသည်။

ကြည့်ပါဦး၊ သန်းခေါင်စာရင်းဌာနတွင် လျှောက်ထားသောအလုပ် ရပါ၏။ သို့သော် ထောင်မှူးလစာနှင့် တူညီသောအဆင့်ဖြစ်၍ ပြောင်းရွှေ့ခွင့် မပြုနိုင်ဟု အကျဉ်း ဌာနမင်းကြီးက ကန့်ကွက်ပါလေတော့သည်။

ကိုင်း၊ ဒါလောက်တောင် ရှိလှတာ ထောင်မှူးအလုပ်ပဲ ဆက်လုပ်ဦးကွာ။

ထောင်မှူးမောင်မောင် စိတ်ပေါက်ပေါက်နှင့် ထောင်မှူးအလုပ်ကိုပင် မချစ်သော် လည်း အောင့်ကာနမ်း၊ မနမ်းသော်လည်း ပင့်သက်ဆက်ရှူခဲ့ရလေသည်။

ထိုစဉ်က အင်းစိန်ထောင်တွင် ထောင်ပိုင်ကြီး၏စည်းကမ်းကြီးမှု တစ်ခုတည်း ကြောင့် စိတ်ညစ်ရသည်ဟု မဆိုသာ။ ထောင်တွင်း အထွေထွေအုပ်ချုပ်ရေးပိုင်းအနေနှင့် လည်း ဟိုနေရာက စီခနဲ၊ သည်နေရာက ညံခနဲ၊ အချိန်မရွေး ပေါက်ကွဲနိုင်သည့် အနေအထားတွင် ရှိနေပေသည်။ အထူးသဖြင့် ထောင်တွင်းရိုက်ပွဲတွေ မကြာခဏ ဖြစ်နေ၏။ အကျဉ်းသား အချင်းချင်း ရိုက်ကြသည်။ အကျဉ်းသားက အမှုထမ်းကို

http://www.cherrythitsar.org



ရိုက်သည်။ ထောင်ထဲတွင်ဓားမကိုင်ရတော့ သံချွန်ကို မြနေအောင်သွေးပြီး တစ်ယောက်နှင့် တစ်ယောက် ထိုးကြသည်။

ယင်းကဲ့သို့ ရိုက်ပွဲဖြစ်တိုင်း ဗဟိုကင်းပေါ်မှ ခွေးဥညြကြီးသည် ကျက်သရေမင်္ဂလာ ကင်းမဲ့စွာ အော်လေ့ရှိ၏။ ထောင်ထဲမှာ မိမိရှိနေလျှင် အချင်းဖြစ်ပွားရာသို့ အမြန်ပြေး၊ အပြင်မှာ ရှိနေလျှင်လည်း ရရာယူနီဖောင်း ကောက်စွပ်ပြီး ထောင်ထဲ အမြန်လာ။ အပြည့်အစုံ ဝတ်နေဖို့မလို။ တစ်ပိုင်းတစ်စ ဝတ်လာလျှင်လည်း ရသည်။ တံခါးသမားအနေနှင့် ထောင်ဝန်ထမ်းနှင့် အပြင်လူ ခွဲခြားနိုင်လျှင် တော်ပြီ။

ထောင်အမှုထမ်း၊ အရာထမ်းတို့၏ဘဝမှာ တကယ်ပင်အနေကျပ်လှပါသည်။ မည်သည့် ထောင်ဝန်ထမ်းမဆို အထက်အရာရှိထံမှ ခွင့်ပြုချက် တစ်စုံတစ်ရာ မရရှိဘဲ ထောင်ပရိဝုဏ်ပြင်ပသို့ ထွက်ခွင့်မရှိ။ ထောင်ဥပဒေအရ ၂၄ နာရီ အချိန်ပြည့် တာဝန်ရှိသည်။ ထောင်ကြပ်ဆိုလျှင် ဝွင်းနီထံမှ ခွင့်တောင်းရမည်။ ထောင်မှူးဆိုလျှင် အနိမ့်ဆုံးအဆင့် ထောင်မှူးကြီး၏ ခွင့်ပြုချက်ရရှိရမည်။ အပြင်ထွက်တိုင်း ထွက်တိုင်း မည်သည့်ထောင်မှူးသည် ထောင်မှူးကြီးထံသွား၍ ခွင့်တောင်းနေနိုင်ပါမည်နည်း။ ထောင်ကြပ်တွေအဖို့လည်း အတူတူပေါ့။

ထောင်ပိတ်တာဝန် မကျသဖြင့် ညနေလေးနာရီ ထောင်က ထွက်သောနေ့တွင် အင်းစိန်ဈေးဘက် တစ်ပတ်လောက်လျှောက်၍ ထိုစဉ်က လူစည်လှသော ဆိုရှယ်ကဖေးတွင် သွား၍ ထိုင်ချင်ထိုင်မည်။ အချိန်ကလေး နည်းနည်းရလျှင် အချိန်မှန်ကားဖြင့် ရန်ကုန်အထိ လစ်တန် လစ်မည်။ သို့ကလို အပြင်ထွက်ခိုက် ထောင်လုန့်အချက်ပေးသည့် ခွေးဥညြအော်သံကြီး ကြားလိုက်ရပြီဆိုလျှင် ကြားသည့်နေရာက နောက်ကြောင်းပြန်၍ ခြေကုန်သုတ်ပေရော့။ အကယ်၍များ ခြေရှည်ပြီး ရန်ကုန်ဘက် လစ်သွားပြီဆိုလျှင်တော့ ခွေးဥညြသံ ဘယ်လိုမှမကြားနိုင်။ နောက်တစ်နေ့ ထုချေလွှာ အတောင်းခံရမည်။ ရုံးတင်ခံရမည်။

ထောင်မှူးကြီးတို့၊ ဝွင်းနီတို့ထံ ခွင့်တိုင်ရမည့်ကိစ္စလည်း မလွယ်ရေးချမလွယ်။ သူတို့တာဝန် ဖြစ်မှာစိုးတော့ သိပ်ပြီး စိစစ်သည်။ သာရေးနာရေးလောက်သာ ခွင့်ပြုချင်သည်။ သာမန်ကိစ္စလောက်တော့ အချားနိမ်းပဲ။ ထောင်မှူးမောင်မောင် အတော်လေး စိတ်ညစ်နေပါပြီ။ စိတ်ညစ်တော့ ဘာလုပ်မည်နည်း။ ဘာမှ မလုပ်ပါ။ စာရေးပါမည်။

မောင်မောင်ဆိုသည့်အကောင်မှာ ငယ်ငယ်ကတည်းက စိတ်ညစ်လျှင် စာရေးတတ်သူ ဖြစ်၏။ များများစိတ်ညစ်လေ စာများများဖိရေးလေ။ ဘာမှ ရေးစရာမရှိလျှင် ဒိုင်ယာရီထဲ ရေးသည်။ ၁၉၄၆ ခုနှစ်မှ ယနေ့အထိ ဒိုင်ယာရီအစဉ်အဆက်ရှိ၏။ စစ်ကြိုခေတ်က ရေးထားသမျှ အင်္ဂလိပ်ပြန်အဝင် ဗုံးကျရာတွင် ပါသွားခဲ့လို့ မရှိတော့။

ငယ်ချစ်ဦးတစ်ဦးနှင့် ၁၉၄၈ ခု ဧပြီလ ၇ ရက်နေ့တွင် ကွဲခဲ့ရ၏။ မှတ်မှတ်ရရ လွတ်လပ်ရေး ရပြီးစ ဖြစ်၏။

http://www.cherrythitsar.org



ယင်း ငယ်ချစ်ဦးထံသို့ ၁၉၄၉ ခုနှစ်မှစ၍ ဧပြီလ ၇ ရက်နေ့ရောက်တိုင်း စာရှည်ကြီးတွေ ရေးရေးပို့၏။ ဘယ်လောက်ကြာအောင် ပို့ခဲ့သနည်းဆိုလျှင် ယင်း ငယ်ချစ်ဦး အသက် ၄၀ ကျော်၍ လက်ထပ်ထိမ်းမြားပြီးစီးကြောင်း သတင်းစာထဲတွင် မင်္ဂလာသတင်းပါသည့် နှစ်တိုင်အောင်တည်း။

ယခုလည်း အင်းစိန်ထောင်ရောက်၍ စိတ်အချည်ပေါက်နေသော ထောင်မှူး မောင်မောင်တစ်ယောက် စာတွေ ဖိရေးရုံမှတစ်ပါး အခြား ထွက်ပေါက်က မရှိပြီ။ကဗျာတွေ ရေး၏။ စာညွှန့်တွေလည်း ပါသည်။ ဝတ္ထုကတော့ အများဆုံး။ ကလောင် အမည်ကတော့ ယခင် ဖော်ပြခဲ့ပြီး ဖြစ်သလို ရန်အောင်မိမိကြီးနှင့် ရန်အောင်မိမိလေး၊ ပြီးတော့ ရန်အောင်မိမိထွေး။ ရန်အောင်မိမိထွေးသည် မိမိရေးပြီးသည့် စာမူများကို မဂ္ဂဇင်းတိုက်များသို့ပို့ရန် လက်နှေးသူတစ်ယောက် မဟုတ်ပေ။ တစ်ပုဒ်ပြီးလျှင် တစ်ပုဒ် ပို့၏။ ဘယ်မဂ္ဂဇင်းနှင့် သင့်တော်မလဲ။ ဘယ်ဂျာနယ်ဆိုရင် ပါနိုင်မလဲ။

သို့ကလို ခပ်သွက်သွက်ကလေး လက်တည့်စမ်းနေရာက ဗမာ့ခေတ် ယုဝတီ ဂျာနယ်တွင် ရန်အောင် မိမိထွေး၏ 'ကြမ္မာရဟတ် တစ်ပတ်လည်' ဝတ္ထု တနင်္လာနေ့ အထူးထုတ်တွင် ပါလာသောအခါ ဖုံးကညာတစ်ပါး လုံးရာကပြားခဲ့သည့် ထောင်မှူး မောင်မောင်မှာ ပျော်လိုက်သည့် ဖြစ်ခြင်း။ စာရူးပေရူးတို့ ထုံးစံအတိုင်း ပျော်သည် ပျော်သည် တို့ပျော်သည်ပေါ့။ ရည်းစားဆီက ပြန်စာရလို့ ပျော်တယ်ဆိုတာ အလကား။ ကိုယ်ရေးလိုက်သည့်ဝတ္ထုကလေးကို ပုံနှိပ်စာလုံးဖြင့် မြင်ရသည့်ပျော်ရခြင်းမှာ အလားတူ ခံစားဖူးသူများသာ ကိုယ်ချင်းစာနိုင်ကြပါလိမ့်မည်။

ဩော်.... လောက လောက၊ ပျော်လို့မှအားမရသေးခင် ပျော်ခြင်းနှင့် ဒွန်တွဲ လျက် အရိပ်ပမာကပ်၍ ပါလာသူကား စိတ်ညစ်ရခြင်းပါတည်း။ အဲဒီ ကြမ္မာရဟတ် တစ်ပတ်လည်ဝတ္ထု ပါလာသော တနင်္လာနေ့မှာပင် ဖြစ်၏။

ခေါင်းဖြူအောင်သိန်းဟု မောင်မောင်တို့ နောက်ပြောင် ခေါ်လေ့ရှိကြသော စာရေးကြီးဦးအောင်သိန်းသည် ထောင်မှူးမောင်မောင်ရုံးသို့ ရောက်လာ၏။

"ကဲ.... ကိုရင်လေး၊ ဒါလေး လက်မှတ်ထိုးပါဦး...."

"ဘာလဲဗျ၊ စာရေးကြီးရ...."

"ထုချေလွှာ တောင်းတာလေ"

"ခင်ဗျာ.... ။ထုချေလွှာ..... ဟုတ်လား။ ဘာကိစ္စတဲ့လဲဗျ"

"စနေနေ့က ထောင်လှန့်တယ်လေ။ ခင်ဗျား မရှိဘူး...."

"ကျွန်တော် ဒီတစ်ပတ်စနေ နေ့ဝက်နဲ့ တနင်္ဂနွေ အားတာပဲဗျ"

"ဒါတော့ ဟုတ်တာပေါ့။ ခင်ဗျားမှ ထောင်မှူးကြီးစားပွဲပေါ်မှာ အပြင်သွားမယ့် မှတ်တမ်းထဲ လက်မှတ်ထိုးမသွားဘဲ"

ဟာ.... ဟုတ်ပြီ။ ဒါဆို ထောင်မှူးမောင်မောင်၊ ရေရေလည်လည် ခံလိုက်ရပြီ။

http://www.cherrythitsar.org



ကြည့်စမ်းပါဦး။ မလွတ်လပ်လိုက်တဲ့ထောင်မှူးမောင်မောင်တို့ဘဝ။ အားလပ်ခွင့်ရသည့်ရက် ထောင်အပြင် ထွက်တာတောင် ထောင်မှူးကြီး စားပွဲပေါ်ရှိ မှတ်တမ်းထဲတွင် လက်မှတ်ရေးထိုးပြီး ထွက်ရသည်။ အလျင်တစ်ပတ်က စနေနေ့တစ်မနက်သာ အားသည်။ ဒီတစ်ပတ် တစ်ရက်ခွဲရသည့်အပတ်တွင် ထောင်မှူးကြီးစားပွဲမှ မှတ်တမ်းလက်မှတ် မထိုးမိသဖြင့် ပြဿနာပေါ်လေပြီ။

"နေပါဦးဗျ၊ အဲဒီနေ့က ဘာပြုလို့ ထောင်လှန့်တာတဲ့လဲ"

"ထောင်မှူးဦးဘတုတ် အရိုက်ခံရတယ်လေ"

"ဟယ်.... ဗုဒ္ဓေါ၊ မြတ်စွာဘုရား....။ တစ်ဆောင် အဆောင်မှူး ဆရာဦးဘတုတ် ဟုတ်လား...."

ခေါင်းဖြူ ဦးအောင်သိန်း ခေါင်းညိတ်ပြ၏။

ရှေ့ဆောင်းပါးများအရ မှတ်မိကြပါလိမ့်မည်။ မန္တလေးထောင်တွင် ရှိနေစဉ် တယ်လီဖုန်းအိပ်ချိန်းမှ နိုရာနှင့်တယ်လီဖုန်း အဆက်မပြတ်ပြောနေရာ၊ မောင်မောင် တယ်လီဖုန်းပြောနေသောလိုင်းနှင့် တစ်လိုင်းတည်း ဆက်ထားသော ထောင်ကြပ်သင်တန်းကျောင်းကို ကိုင်ထားသည့် ကျောင်းအုပ်ဆရာကြီး ဖြစ်၏။

စည်းကမ်းကြီးသည်။ သဘောထားကောင်းသည်။ စစ်ကြိုခေတ်ကတည်းက ထောင်မှူးဝင်လုပ်ခဲ့သော လုပ်သက်ရင့် ထောင်မှူးတစ်ယောက်၊ ဘယ်လိုလုပ်များ အရိုက်ခံရပါလိမ့်။

"ဒါဖြင့်၊ ဆရာဦးဘတုတ် အခု ဘယ်မှာလဲ...."

"အိမ်မှာပါပဲ၊ ဆေးရုံမှာ ဆေးထည့်ပြီး အိမ်မှာ နားနေတယ်...."

"အေးဗျာ.... ကျွန်တော်ကလဲ စနေနေ့ နေ့ခင်းကတည်းက ရန်ကုန်ထွက်သွားလိုက်တာ၊ ဒီနေ့မနက်မှ ပြန်ရောက်တာကိုး။ ဒါတောင် ထောင်ပိုင်ကြီးနဲ့ တိုးနေလို့ လက်ဖက်ရည်ဆိုင်မှာ ခဏသွားစောင့်နေလိုက်ရသေးတယ်"

ထောင်မှူးမောင်မောင် စိတ်နှလုံး ဒုံးဒုံးချလိုက်မိသည်။

"အင်း....၊ ဆရာ ဦးဘတုတ်လောက် သဘောကောင်းတဲ့သူတောင် အရိုက်ခံရတယ်ဆိုတော့.... ငါလိုကောင်ဆိုရင် စိစိညက်ညက် ကြေသွားမှာပဲ။ မဖြစ်ပါဘူး၊ ဒီအလုပ်ကြီးက ထွက်မှ.... ထွက်မှ...."

■

http://www.cherrythitsar.org

# ၂၀

ထောင်မှူးအလုပ်က ထွက်မယ်၊ ထွက်မယ်နှင့် အရှိန်ယူ မောင်းတင်ခဲ့သည့် အကြိမ်ပေါင်း မနည်းတော့ပြီ။ သို့သော် တကယ်တမ်း ခလုတ်ကိုဖြုတ်လိုက်သောအခါ ဒိုင်းခနဲ အသံမြည်မလာဘဲ ကျည်အနှင့်တွေ့လိုက်သလို တစ်ချောက်ချောက်သာ အသံထွက်နေ၏။ ကြာလာတော့လည်း သကြံန်အမြောက်လို ဖြစ်လာသည်။

တကယ်တော့ ထောင်လမိုင်းကလည်း အကြီးသား။ ထောင်လမိုင်း ဘယ်လောက် ကြီးတယ် မကြီးဘူး အထူးတလည် သက်သေပြနေစရာမလို၊ လက်ရှိဘဝကို ပင် ကြည့်။ အကျဉ်းထောင် အမှုထမ်းလုပ်သက်လည်း ၃၆နှစ် ကျော်ခဲ့ပြီ။ လေးထောင့်ကြယ်ကလေးတစ်ပွင့် ထောင်မှူးပေါက်စဘဝမှသည် သပြေခက်တစ်ခွေ ကြယ်ကြီးတစ်ပွင့်၊ ကြယ်ပွင့်ကလေးတစ်ပွင့် ထောင်ပိုင်အဆင့် ၂ ဘဝ ရောက်ခဲ့ပြီ။ တပ်မတော် မှာဆိုလျှင် ဒုတိယဗိုလ်မှူးကြီး၊ ရဲမှာဆိုလျှင် ဒုရဲမှူးကြီး။ ကံကောင်းထောက်မလို့ အစပ်အဟပ်တည့်ခဲ့လျှင် ၁၃၀၀ ကျပ်စား ညွှန်ကြားရေးမှူးများ ဖြစ်ချင်ဖြစ်နေဦးမလား မသိ။ တမင်တကာ ရေးချင်လို့ ရေးတာပါ။ ဖြစ်ချင်တိုင်း မဖြစ်၊ မဖြစ်ချင်သော်လည်း ဖြစ်ခဲ့ရသော လောကဓံ တရားရှစ်ပါး၏ သဘောသကာယကို ပင်စင်ယူခါနီးနေမှပဲ၊ စောဖေတို့ နောကျေနေပြီပေါ့။

တစ်ခါတစ်ခါ ကိုယ့်ဘဝနောက်ကြောင်း ပြန်ပြန်တွေးရတာ အလွန်အင်မတန် အရသာရှိသည်။ သေငယ်ဇောမြောနေစဉ် မိမိဘဝဇာတ်ကြောင်း ပြန်ပြောင်း စဉ်းစားတွေးတောနေသည်မှာ ဒါမျိုးပဲထင်ပါ့။

http://www.cherrythitsar.org



ထောင်မှူးလုပ်ချင်လို့ လုပ်ခဲ့သည်။ မလုပ်ချင်တော့လို့ ထွက်ဖို့ ကြိုးစားသည်။ သို့သော် မအောင်မြင်။ ဆရာဦးဘတုတ်လို အလွန်စိတ်သဘောထား နူးညံ့ပျော့ပျောင်းသော ထောင်မှူးပင်လျှင် အရိုက်ခံရသည်ဆိုတော့ ငါလို သာမန်ကောင်စားသည် ထောင်သားတွေနှင့် ဘယ်လောက်ကြာကြာ သက်ဆိုးရှည်နိုင်ပါမည်နည်း။ ဤသို့တွေး၍ ထိုသို့ထွက်ပေါက်ရှာသည်။ ထွက်ပေါက်က မပွင့်။ အဆင်မပြေ။

နောက်တစ်ခါ ဆရာဦးဘတုတ် အရိုက်ခံရသည့် အကြောင်းရင်းကို ဆန်းစစ်လိုက်ပြန်တော့လည်း အခြေအနေတစ်မျိုးမြင်လာသည်။ ဆရာဦးဘတုတ်ကို ရိုက်သည့် အကျဉ်းသားမှာ ကိုတလုတ်ရှည်၊ အသက်အားဖြင့် အစိတ်ခန့်၊ လူသတ်မှုဖြင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်းကျပြီး စစ်တွေထောင်မှ အင်းစိန်ထောင်ပြောင်းလာသူ။

ဤနေရာတွင် ၁၉၅၂–၅၃ ခုနှစ်တစ်ဝိုက်ဆီက မြန်မာပြည်အကျဉ်းထောင်များ အခြေအနေကို ပြန်လည်တင်ပြရန် လိုအပ်လာချေပြီ။ ထိုစဉ်က မြန်မာပြည် လွတ်လပ်ရေးရပြီးစ လေးငါးနှစ်အကြာ နိုင်ငံရေးအစိုးရလက်ထက် အကျဉ်းဌာနကို အုပ်ချုပ်နေသူမှာ ဘော်စတယ် ခေါ် ကလေးထောင်တွင် ကျောင်းအုပ်ကြီးလုပ်သွားပြီး နိုင်ငံခြား အကျဉ်းထောင်များကို သွားရောက်လေ့လာ၍ ပြန်လာခဲ့သူ ထောင်မင်းကြီး ဦးဘသိန်း။

နိုင်ငံရေးအစိုးက လူတစ်ကိုယ် တိုက်တစ်လုံး၊ ကားတစ်စီး၊ ဝင်ငွေ ၈၀၀ ကျပ်။ အဲဒါ ပြည်တော်သာ စီမံကိန်းတဲ့။ ပြည်တော်သာစီမံကိန်းအရ ပြင်ပလောကတွင် စတန့်ထွင်သောရောဂါသည် အလိုလိုနေရင်း အကျဉ်းထောင်များအတွင်းသို့ ကူးစက်ပြန့်ပွား လာပါချေသည်။ 'စံပြထောင်'တဲ့။

စံပြထောင်ရယ်လို့ သတ်မှတ်ဖွင့်လှစ်တာ မှတ်မိသလောက် ရန်ကုန်၊ မန္တလေး၊ အင်းစိန်၊ ပုသိမ်၊ မြောင်းမြ ဒါလောက်ပင် ဖြစ်၏။ တခြားထောင်တွေမှာ မရှိ။

ကဲ ကောင်းပြီ၊ စံပြထောင်မှာ ဘာတွေထူးခြားသနည်း။ ပထမ ထူးခြားတာကတော့ အဝတ်အစားပါ။ ယခင်က အကျဉ်းသားတိုင်း အကျဉ်းထောင်လက်စွဲ ဥပဒေစာအုပ်ကြီးထဲတွင် ပန်းချီဆွဲ၍ပြထားသည့် ပုံစံအင်္ကျီ၊ ပုံစံလုံချည်။ ပုံစံအင်္ကျီဆိုသည်မှာ စွပ်ကျယ်လက်စက ပုံစံ။ ထောင်တွင်းရက်လုပ်သည့် ပိတ်ဖျဉ်ဖြင့်ပင် ချုပ်ထားသည့် အင်္ကျီ။ ပုံစံလုံချည်ကတော့ ထောင်တွင်းရက်ပိတ်ဖျင်ဖြင့်ပင် ချုပ်ထားသည့် နံငယ်ပုဆိုးတိုနံ့နံ့။ စံပြအကျဉ်းထောင်မှ အကျဉ်းသားများမှု ကော်လာတပ်ထားသော ရှပ်အင်္ကျီ လက်တို ဝတ်ခွင့်ရ၏။ လက်ဝဲဘက်တွင် အင်္ကျီအိတ်ကပ်ပင် ပါလိုက်သေးသည်။ လုံချည်ကျတော့လည်း နံငယ်တိုနံ့နံ့ ဝတ်စရာမလို။ အရောင်ဆိုးထားသော အကျဉ်းသားဝတ် ဖျင်လုံချည် ကိုယ်စီဝတ်ကြရသည်။

ထောင်တွင်းမှာပင် အရောင်အဆင်းအားဖြင့်ကန့်သတ်ထား၏။ ၁ ဆောင်မှာ အပြာ၊ ၂ ဆောင်မှာ အညို၊ ၃ ဆောင်ဆိုလျှင် အစိမ်း၊ ၄ဆောင် ခရမ်းရောင် စသည်ဖြင့် အဆောင်လိုက် အရောင်ခွဲခြားထားသည်။ ဒါက အင်းစိန်ထောင် တစ်ထောင်တည်း

http://www.cherrythitsar.org



အကြောင်း ရေးပြနေခြင်းဖြစ်၍ မန္တလေးနှင့် အခြားစံပြထောင်တွေကျတော့ ပုံစံကတစ်မျိုး။ ဆိုလိုသည်မှာ ဘာတစ်ခုမှ သဲသဲကွဲကွဲ သတ်သတ်မှတ်မှတ် အမိန့်ထုတ်ပြန်ထားခြင်း မရှိဘဲ ဒီထောင် ဒီထောင်တွေမှာ စံပြထောင်ဖြစ်စေဟု အမိန့်ထုတ်ပြန်ခဲ့ခြင်းပင် ဖြစ်၏။ စံပြထောင်များတွင် သိသိသာသာ နောက်တစ်ခု ထူးခြားတာက လျှော့ရက်ကိစ္စ။

လျှော့ရက်အကြောင်း ယခင်အပတ်တွေက ရေးခဲ့ပြီးပြီ။ ထောင်ကျသည့် အပြစ်ဒဏ် ခြောက်လကျော်လျှင် တစ်လလေးရက်ရသည့်အကြောင်း သုံးလတစ်ကြိမ် 'ကွာ'ဟု ထောင်ထဲက ပြောလေ့ရှိသည့် အထူးလျှော့ရက်အကြောင်း၊ နောက်ထပ် ထောင်ပိုင်ပေးနိုင်သည့် ကျန်ရက်များ။ စံပြအကျဉ်းထောင်များတွင် လျှော့ရက်ပေးသည့် စနစ်မှာ တစ်မျိုးဖြစ်သွားသည်။ ယခင်ကလို တစ်လပြီးမှ တစ်လအတွက် လျှော့ရက်ပေး သည့် စနစ်မဟုတ်ဘဲ ကြို၍ လျှော့ရက်များပေးထားသည်။

အကျဉ်းထောင် လက်စွဲဥပဒေအရ ထောင်ကျ အကျဉ်းသားတစ်ယောက် သူဘယ်လောက် လျှော့ရက်ခံစားခွင့်ရှိသလဲ။ ထောင်သုံးနှစ်ကျလာပြီဆိုလျှင် ဥပဒေအရ လျှော့ရက်တစ်နှစ် ကြိုပေးထားလိုက်သည်။ ယင်းကဲ့သို့ လျှော့ရက်တွေကြိုတင်ပေးထား ပြီးမှ ထောင်ထဲတွင် ဘာပြစ်မှုဖြစ်သနည်း၊ ပြစ်မှုဖြစ်လျှင် လျှော့ရက်ကိုဖြတ်၊ အနုတ်ပြ။ နောက်တစ်ခု ထူးခြားလာတာကတော့ စံပြထောင်များတွင် ယခင်ကလို လုံးတီးဆန် မကျွေးတော့ဘဲ ဖွပ်ချောဆန်ကျွေးခဲ့ခြင်းပင်ဖြစ်၏။ လုံးတီးဆန်ဆိုသည်မှာ စပါးကို အခွံချွတ်ရုံသာ ကြိတ်ကျွေးခြင်း ဖြစ်သည်။ ဖွပ်ချောဆန်မှာ ဆန်ဖြူလောက်လည်း မချောဘဲ၊ လုံးတီးလောက်လည်း မကြမ်းသည့် အနေအထားဖြစ်သည်။

စံပြထောင်နှင့် ရိုးရိုးထောင် ဒီသုံးမျိုးလောက်သာ သိသိသာသာ ကွာခြားပါ သည်။ ကျန်တာကတော့ အတူတူပါပဲ။ အဲ....၊ ပြောမယ်ဆိုလျှင် မိလ္လာဆုမှတ်ရက် တစ်ခုတော့ရှိသည်။ မိန်လာ (သို့မဟုတ်) မိလ္လာ ဆိုသည်မှာ ကုလားစကားဖြစ်၍ ထောင်အတွင်း ကျင်ကြီးကျင်ငယ် သန့်ရှင်းရေးလုပ်ခြင်းဖြစ်သည်။ တကယ်တမ်း ပြောကြစတမ်းဆိုလျှင် ယင်းအလုပ်ကို ထောင်ထဲမှာ ဘယ်သူမှ မလုပ်ချင်။ ဘယ်မှာ လုပ်ချင်ပါမည်နည်း။ ချေးအိုးထမ်း၊ သေးအိုးထမ်းရသည့် အလုပ်မဟုတ်ပါလား။ ယင်း လုပ်ငန်းကို မည်သည့်အကျဉ်းသားမှ မလုပ်ချင်ကြလို့လည်း ထောင်မှူး မောင်မောင်တို့ အင်းစိန် စံပြထောင်တွင်နေစဉ်က ဒုက္ခလှလှကြီး တွေ့ခဲ့ဖူးပြီ။

"ဆရာ ငါးဆောင် လေးခန်းမှာ မိလ္လာ မချရသေးဘူး"

"ခါတိုင်း ချနေကျကောင် ဘယ်ရောက်သွားလို့လဲ"

"မနေ့က လွတ်သွားပြီ ဆရာ"

"နောက်ထပ် လူရှာပေါ့"

"ရှာလို့မရဘူး ဆရာ၊ လုပ်ချင်တဲ့သူ ဘယ်သူမှ မရှိဘူး"

"ဟေ ဒုက္ခပါလား"

ခက်တာက ငါးဆောင်မှာလည်း အကျဉ်းသားသိပ်ပြီး များများစားစား ရှိလှသည် မဟုတ်။ လူသစ်ခန်း တစ်ခန်းနှင့် ကျန်သုံးခန်းမှာ ဘီကလပ်အကျဉ်းသားတွေ နေကြသည်။ ဘီကလပ် အကျဉ်းသားဆိုသည်မှာ ကိုပေါ်ကြော့တို့ ဖြစ်ချေသည်။ မိလ္လာအလုပ် မပြောနှင့်၊ ကိုယ့်အဝတ်ကိုပင် လျှော်ဖွပ် ဝတ်ချင်ကြသူများမဟုတ်။ သူတို့ကို ထမင်းချက်ရန်ပေးထားသည့် စီကလပ်အကျဉ်းသားများအား အဝတ်လျှော်ခိုင်း အနင်းအနှိပ်ခိုင်း၊ စတိုင်ကြီးတစ်ခွဲသားနှင့် နေကြသူများ။ ထောင်ထဲတွင် စတိုင်ကျကျ ဗိုလ်ဆန်ဆန်နေထိုင်သူများမှာ ဘီကလပ်အကျဉ်းသားများပင်ဖြစ်၏။ သို့ကလို နေနိုင်အောင်လည်း သူတို့ရနေကြသည့် အခွင့်အရေးတွေက အလျှံပယ်။ အကျဉ်းသားအများစုက လုံးတီးဆန်။ ထားပါတော့၊ စံပြထောင်တွင် ဖွပ်ချောဆန် စားနေရချိန်တွင် သူတို့တစ်တွေက ဆန်ဖြူစားနေကြရ၏။ စီကလပ်အကျဉ်းသား အားလုံး တနင်္ဂနွေ တစ်ပတ်မှတစ်ခါ လေးအောင်စရှိသည့် ဝက်သားကလေးတစ်တုံး စားနေရချိန်တွင် ဘီကလပ်အကျဉ်းသားတွေမှာ နေ့စဉ်အသားဟင်းတစ်ခွက် အမြဲတမ်းပါ၏။ နံနက် ထောင်ဖွင့်ပြီးချိန် အကျဉ်းသားအားလုံး ကုလားလို ဂန်ဇီခေါ်သည့် ဆန်ပြုတ်သောက်နေကြရသော်လည်း ဘီကလပ်အကျဉ်းသားတွေအတွက် လက်ဖက်ရည်နှင့် ပေါင်မုန့်ထောပတ်သုတ်။ စီကလပ်အကျဉ်းသားနှင့် ဘီကလပ်အကျဉ်းသား ကွာတာမှ အများကြီး ကွာပါသည်။ ခုခေတ်စကားနှင့် ပြောရလျှင် အခွင့်ထူးခံ အကျဉ်းသား။

သူတို့အတွက် ပေးရတာက အရပ်ဝတ် အရပ်စား။ စွပ်ကျယ်တို့၊ ခုံဖိနပ်တို့၊ ဖော့ဦးထုပ်တို့ပင် ပါလိုက်သေးသည်။ ရိုးရိုးထောင်ကျ ဘီကလပ် အကျဉ်းသားထက် နိုင်ငံရေးသမား ပုဒ်မ ၅ ဘီလကပ် (သို့မဟုတ်) အထူးတန်းဆိုလျှင် ဆေးလိပ်ဖိုးပင် ပါလိုက်သေးသည်။ တစ်နေ့လျှင် ၁၅ ပြားနှုန်းနှင့် monetary allowance ဟု ခေါ်၏။

သည်တော့ သူတို့တစ်တွေ ထောင်ထဲမှာ ကျယ်ချင်သလောက် ကျယ်နိုင်ကြပြီပေါ့။ ချဲ့ချင်သလောက် ချဲ့နိုင်ကြပြီပေါ့။ အနေအထိုင် အစားအသောက် အဆင့်အတန်းချင်းက သိသိသာသာကြီး ကွာဟနေမှုပဲ။

စောစောက အကျဉ်းသားဘာယာ လာပြောသည့် ငါးဆောင် လေးခန်းဆိုသည်မှာ ဘီကလပ် လူသစ်ခန်း ဖြစ်၏။ အကျဉ်းထောင်များတွင် ထောင်လက်စွဲ ဥပဒေထဲ မပါသော်လည်း အစဉ်အလာအရ မိလ္လာကိစ္စအတွက် လုပ်ထုံးလုပ်နည်း သူ့အလိုအလျောက် ရှိပြီးဖြစ်ပါသည်။ အကျဉ်းသားအများစုနေကြသည့် အခန်းထဲတွင် ညအချိန် အကျဉ်းသားတစ်ဦးတစ်ယောက် သေးပေါက်လိုလျှင် 'ဘာယာ သေးပေါက်' ဟု အော်ရ၏။ ထိုအခါ ဘာယာဟု ခေါ်သည့် ညကင်းသမားက'ပေါက်'ဟု ပြန်ပြောလိုက်ပြီး သေးပေါက်သည့် အကျဉ်းသားကို မှတ်ထားလိုက်သည်။ နောက်တစ်ခါ သေးပေါက်ရုံနှင့် ကိစ္စမပြီးသော အကျဉ်းသားတစ်ယောက်က 'ဘာယာ ချေးပါ'ဟု ပြောရပြန်သည်။ ထိုအခါ ဘာယာက ယင်းချေးပါလိုသောအကျဉ်းသားကို မျက်လုံး

http://www.cherrythitsar.org



ပြူးပြဲပြီး ကြည့်ရ၏။ အရေးကြီးလာပြီ။ ထို့နောက် 'ပါ' ဟု ခွင့်ပြုလိုက်၏။

မျက်လုံးပြူးပြဲပြီး မှတ်သားရခြင်းမှာ အခြားအကြောင်းကြောင့်မဟုတ်။ အခန်းထဲတွင် နံနက်မိုးမလင်းမီ နောက်ဆုံးချေးပါသောအကျဉ်းသားသည် ယင်း ချေးပါထားသည့်ဂန်ဖလားကိုအောက်သို့ချ၍ ချေးအိုးထဲသွန်ရမည်၊ ဆေးရကြောရမည်။ သည်တော့ နံနက်မိုးမလင်းမီ နောက်ဖေးသွားလိုသော အကျဉ်းသားသည် အောင့်နိုင်လျှင်အောင့်၊ မအောင့်နိုင်လျှင် ဂန်ဖလားသွန်ဖို့၊ ဆေးဖို့၊ ကြောဖို့ အသင့်ပြင်ပေတော့။

ဒါက စီကလပ်အကျဉ်းသားများနေသည့်အခန်းမှ ထောင်ဥပဒေထဲ မပါသည့် လက်တွေ့ဥပဒေ။ ဘီကလပ်အကျဉ်းသားများနေသည့်အခန်းကျတော့ ဒီလိုဘယ်ရလိမ့်မလဲ။ သူတို့နေတာ၊ ထိုင်တာ၊ စားတာ၊ သောက်တာကိုက တခမ်းတနား မဟုတ်လား။

စောစောက မိလ္လာမချရသေးကြောင်း လာ၍သတင်းပို့သော ဘာယာအကျဉ်းသားသည် ထောင်မှူးမောင်မောင်ရှေ့တွင် ခြေစုံရပ်လျက်ရှိ၏။

"အေး၊ ဒါဖြင့် တို့ဘာလုပ်ကြမလဲ"

"တစ်ခုတော့ ရှိတယ် ဆရာ"

"ဆေးလိပ်ကလေး၊ ဘာလေးပေးပြီး ရှာရင်တော့ ရမလားမသိဘူး"

"အေးကွာ...၊ ပေးတန်ပေးရမှာပေါ့၊ ရအောင်သာ ရှာကွာ"

သို့နှင့်ပင် ထောင်မှူးမောင်မောင်၏ အိတ်ထဲမှ ဆေးလိပ်ဖိုးသုံးလေးကျပ် ခုန်ထွက်သွားချေတော့သည်။ ထောင်ထဲတွင် ဆေးလိပ်ဆိုသည်မှာ အပြင်လောက က 'အက်ဖ်အီး'လောက် တာသွားချေသည်။ ဤကိစ္စ အင်းစိန်ဗဟိုစံပြအကျဉ်းထောင်တစ်ခုတည်းမှာ ပြဿနာပေါ်သည်မဟုတ်။ အခြားစံပြထောင်များမှာလည်း အလားတူ ပြဿနာ ကြီးထွားခဲ့ပါသည်။ သို့မို့ကြောင့်လည်း ယခင်က ဥပဒေတွင်မပါခဲ့သော လျှော့ရက်ဥပဒေတစ်ခု ထွက်လာ၏။ မိလ္လာလုပ်သည့်အကျဉ်းသားများ တနင်္ဂနွေ တစ်ပတ်လျှင် လျှော့ရက်တစ်ရက် ခံစားစေ၊ တစ်လလျှင် လေးရက်။

အမှန်မှာ လက်ဦးအစ စံပြအကျဉ်းထောင်များဖွင့်သည့် ရည်ရွယ်ချက် အလွန်ပင် ကောင်းပါသည်။ အဓိကအကျဆုံးကတော့ အကျဉ်းသားများ၏ စာရိတ္တပြုပြင်ရေး။ အကြောင်းတစ်ခုခုကြောင့် သို့မဟုတ် အကြောင်းအမျိုးမျိုးကြောင့် ထောင်ကျလာခဲ့ပြီး နောက်တစ်ကြိမ် ထောင်ပြန်မကျရေး။ ထောင်ထဲတွင် အသက်မွေးဝမ်းကျောင်းပညာ တစ်ခုခု သင်ကြားတတ်မြောက်စေပြီး၊ ထောင်မှလွတ်သောအခါ ယင်းပညာဖြင့် လုပ်ကိုင်စားသောက်စေရေး စသည်စသည်အားဖြင့် စံပြထောင်စဖွင့်စဉ်က ရည်ရွယ်ချက်မှာ အလွန်ပင် မြင့်မားကောင်းမွန်လှပါသည်။ လုပ်လည်း တကယ်လုပ်ခဲ့ကြပါသည်။

ယခုအခေါ် ထောင်ကျ လူသစ်ခန်း။ စံပြထောင်အခေါ် orientation centre တွင် လုပ်သက်ရင့်၊ အတွေ့အကြုံ ရင့်ကျက်သော ထောင်မှူးတစ်ယောက်က ထောင်ကျလူသစ်အကျဉ်းသား တစ်ဦးချင်းအလိုက် သေချာစွာစိစစ်သည်။ အပြင်မှာ ဘာလုပ်

http://www.cherrythitsar.org



စားသလဲ။ ပညာအရည်အချင်း ဘယ်လောက်ရှိသလဲ။ ဘယ်လို မျိုးရိုးကလဲ။ ဒီအမှု ဘယ်လို ဖြစ်လာရသလဲ။ ယခင်ကကော ဒီလိုအမှုမျိုး ဖြစ်ဖူးသလား။ ပြင်ပလောက စားဝတ်နေရေးအခြေအနေ ဘယ်လိုရှိသလဲ။ စသည်အားဖြင့် အကျဉ်းသားတစ်ဦးချင်း၏ ကိုယ်ရေးအတ္ထုပ္ပတ္တိများကို နှိုက်နှိုက်ချွတ်ချွတ် မေးမြန်းသည်။ လေ့လာစုံစမ်းသည်။ အကဲခတ်သည်။ ကိုယ်ရေးရာဇဝင်ဖိုင်ကြီးဖွင့်ကာ ရေးမှတ်ထားသည်။ ပြီးမှ အဆောင်မှူးများနှင့် ဘုတ်ဖွဲ့ထိုင်ကာ ယင်းအကျဉ်းသားနှင့် ဘယ်အဆောင် သင့်တော်မည်နည်း၊ သင့်တော်သည့်အဆောင်ပို့။ အဆောင်များတွင်လည်း အဆောင်မှူးများမှာ လုပ်သက်ရင့် ထောင်မှူးများပင်ဖြစ်၏။ လက်ထောက် အဆောင်မှူးများလည်း ရှိသည်။ အဆောင်ကြပ်များလည်းရှိသည်။ စံပြထောင်၏ သဘောသဘာဝအရ လ ကလေး၊ နှစ် ကလေး သမားများထက် နှစ်ကြီး အကျဉ်းသားများကို ပိုပြီးအလေးထားရ၏။

တကယ်တော့ အကျဉ်းထောင်ဝန်ထမ်းများ၏ တာဝန်ဝတ္တရားများမှာ နဂိုက ပင် များရသည့်အထဲ ဤစံပြထောင်လုပ်ငန်းများပါ ထပ်ပေါင်းလိုက်သောအခါ ပို၍ ဝန်ပိ လာကြသည်။ ခါတိုင်းထက် အစောကြီးထရသည်။ ထောင်ဖွင့်ပြီး ပြီးချင်း ယခင်ကတော့ Ganci Parade ဆန်ပြုတ်သောက် တန်းစီရသော်လည်း ယခု ဆန်ပြုတ်မသောက်မီ ပီတီ ခေါ် ကျန်းမာရေးလေ့ကျင့်ခန်းများ လုပ်ကြရသည်။ ပြီးတော့ ဆန်ပြုတ်တိုက်ပြီး အလုပ်ဘက် လွှတ်ရသည်။ ခါတိုင်းဆိုလျှင် အလုပ်ဘက် ရောက် သည်နှင့် ယင်းအကျဉ်းသား အားလုံးအတွက် အလုပ်ဘက်ထောင်မှူးမှာ တာဝန်ရှိ သော်လည်း စံပြထောင်များမှာမူ အဆောင်မှူးများမှာလည်း သူတို့တစ်တွေ တာဝန်ချ ထားသည့် အလုပ်တွင် စိတ်ဝင်စားမှု ရှိမှရှိရဲ့လား၊ တိုးတက်မှုကော ရှိရဲ့လား၊ လိုက်ပြီး လေ့လာအကဲခတ်ဖို့ တာဝန်ပိုလာပြီဖြစ်၏။

နေ့ခင်းပိုင်း ၁၀ နာရီမှ ၁၂ နာရီ အလုပ်နား၍ အဆောင်ပြန်ချိန်တွင်လည်း အဆောင်မှူးများမနားကြရပါ။ သူတို့အချင်းချင်းပေါင်းသင်းဆက်ဆံရေး၊ ဖွင့်ထားသော စာကြည့်ခန်းတွင် မည်သည့်အကျဉ်းသား မည်သည့်စာမျိုးဖတ်တတ်သနည်း၊ ဘယ်သူ တွေနှင့်ပေါင်း၍ ဘာတွေများကြံစည်နေကြသနည်း၊ လေ့လာအကဲခတ်ရပြန်၏။ ဒါတွေ အာလုံးကို ထူးလျှင်ထူးသလို ကိုယ်ရေးမှတ်တမ်းများတွင် ရေးထည့်။ ပြီးလျှင် အနည်း ဆုံး တစ်လနှစ်ကြိမ် အဆောင်မှူးများအစည်းအဝေးတွင် ပြန်လည်စိစစ်ကြရ၏။ ယင်း အစည်းအဝေးတွင် ထောင်မှူးကြီးတို့၊ ထောင်ပိုင်လေးတို့၊ ထောင်ပိုင်ကြီးတို့ ပါလာ သည်။ ဘယ်အကျဉ်းသားက ဘယ်ပုံဘယ်နည်း တိုးတက်လာသည်။ ဘယ်အကျဉ်း သားကဖြင့် ပိုမိုဖောက်ပြန်ပျက်စီးလာသည်၊ ဘယ်လိုပြုပြင်လျှင် ကောင်းမည် စသည် အားဖြင့်။ ကြာလာတော့ ဤစံပြထောင်စီမံကိန်းကြီးမှာ ကောင်းတော့ ကောင်းပါသည်။ သို့သော် မျက်စိစပ်စ ပြုလာသည်။

နံပါတ်တစ် ရသည့်အဖြေကတော့ အကျဉ်းသားအင်အားနှင့် အကျဉ်းထောင်

http://www.cherrythitsar.org



ဝန်ထမ်းအင်အား မမျှတတော့ခြင်းပင် ဖြစ်၏။ လုပ်ရမည့် လုပ်ငန်းပမာဏ ထုထည်က အလွန်ကြီးမားသည်။ ဝန်ထမ်းအင်အားကိုတော့ ထပ်ဖြည့်မပေး။ သည်တော့ လုပ်ငန်းပိုင်းတွေမှာ အားနည်းချက်တွေ၊ ချွတ်ယွင်းချက်တွေ ပေါ်လာသည်။ မီးများ၍ မီးနိုင်လာသည် ရေမတိုးနိုင်။ နောက်ထပ် အဓိကကျသည့် အားနည်းချက်တစ်ခုမှာ ရိုးရိုးရာဇဝတ်မှု အကျဉ်းသားများနှင့် နိုင်ငံရေးအကျဉ်းသားများ ရောပြွမ်းလာခြင်းပင်ဖြစ်၏။ သာမန်ရာဇဝတ်မှုဖြင့် ထောင်ကျလာသော အကျဉ်းသားများမှာ ယေဘုယျအားဖြင့် ကူးစက်တတ်သော ရောဂါသည်များ၊ ဝေဒနာရှင်များ မဟုတ်ကြသော်လည်း နိုင်ငံရေးအခြေခံ၍ ထောင်ကျလာသော အကျဉ်းသားများမှာမူ ပလိပ်ရောဂါတို့၊ ဝမ်းရောဂါတို့ကဲ့သို့ ကူးစက်မြန်သော ဝေဒနာရှင်များ ဖြစ်ကြချေသည်။

သည်တော့ ဘာဖြစ်သနည်း။

ထစ်ခနဲရှိ ဟိုဟာ မကောင်းဘူး၊ ဒီဟာပေးပါ၊ ဘာလိုချင်သည်၊ ညာလိုချင်သည် စသည်အားဖြင့် လိုလားချက်တွေ တောင်းဆိုလာကြသည်။ ထောင်အာဏာပိုင်တွေဘက်မှလည်း လုံးဝဥဿုံ ပြီးပြည့်စုံ၍ ရာခိုင်နှုန်းပြည့် မှန်ကန်သည်ဟု အာမဘာန္တေမခံပါ။ သို့သော် တစ်ချို့တလေ တောင်းဆိုချက်များကျတော့လည်း ရယ်စရာကောင်းသည်။ စံပြထောင်ဖြစ်၍ သွားတိုက်ဆေးနှင့် သွားပွတ်တံပေးရန်ကိစ္စ၊ ရေအိမ်သုံးစက္ကူပေးရန်ကိစ္စ စသည်အားဖြင့်။

လူလိမ္မာ မြှောက်စားတော့ ယဉ်ပါးသည်။ လူမိုက်မြှောက်စားတော့ ရမ်းကားသည်။ ဒီလောက်အထိ အပြင်းအထန်ကြီး မဝေဖန်လိုက်ချင်ပါ။ အမှန်တော့ ဖြစ်ခဲ့သမျှ ပျက်ခဲ့သမျှ၊ အဆိုးအကောင်းဟူသမျှသည် ကာလ ဒေသ ပယောဂအပေါ် အခြေခံခဲ့ခြင်းပါတည်း။

တစ်ခုတော့ ရှိသည်။ ထောင်ဟာ ထောင်ပဲ။ သာလာယံဇရပ် မဟုတ်ပါ။ ဟိုတယ် မဟုတ်ပါ။ တရားရိပ်သာ မဟုတ်ပါ။ နတ်ပြည်ခြောက်ထပ်နှင့် ငရဲကြီးရှစ်ထပ် ဘယ်လိုလုပ်ပေါင်းစပ်နိုင်ပါအံ့နည်း။ ဒီလိုဒီလိုနှင့်ပင် စံပြထောင်စီမံကိန်းကြီး တစ်စတစ်စ ရေစုန်မျောလာခဲ့ရာက နောက်ဆုံးတွင် ဒုံရင်းအတိုင်း ပုံစံထောင်ပင်လယ်တွင်းသို့ ပြန်လည်စုန်ဆင်းခဲ့ရလေတော့သတည်း။

ဆရာဦးဘာတုတ် အရိုက်ခံရခြင်းမှာလည်း ယင်းစံပြထောင် စီမံကိန်းများ ဖရိုဖရဲ ပြိုလဲစ အခါသမယတွင် အဖျားခတ်ခံလိုက်ရခြင်းပင် ဖြစ်၏။ အမှန်စင်စစ် ဆရာဦးဘာတုတ်သည် အလွန်စိတ်သဘောထား ကောင်းသူ၊ ဖြောင့်မတ်တည်ကြည်သူ၊ တိကျပြတ်သားလှသူတစ်ဦးဖြစ်သည်။ ဘယ်လောက်အထိများ တိကျလိုက်သနည်းဆိုလျှင်....။

တစ်ခါက ပျဉ်းမနားအနောက်ဘက် ဘူးကွဲလမ်းဖောက်လုပ်ရေး စခန်းတွင် အလုပ်အတူ လုပ်ခဲ့ရသည်။ ပျဉ်းမနား တောင်ညိုလမ်းကို ရဲဘက်များနှင့် ဖောက်လုပ်

http://www.cherrythitsar.org



ခြင်းဖြစ်၍ ဘူးကွဲစခန်းတွင်နေစဉ် ရမည်းသင်းတွင် ထားခဲ့ရသော ဇနီးဖြစ်သူ 'အနီ' သေဆုံးခဲ့သဖြင့် အသည်းကွဲစခန်း လုံးချင်းဝတ္ထုကို ရေးခဲ့သည်။( ညွန့်မြန်မာရုပ်ရှင်မှ ဒါရိုက်တာမောင်လှဦးက 'သည်လမ်းနှင့် သည်စခန်း' အမည်ဖြင့် ရုပ်ရှင်ရိုက်ခဲ့သည်။ ကောလိပ်ဂျင်နေဝင်း၊ ဇော်ခင်၊ ခင်သန်းနုတို့ဖြင့်....။) ထိုစဉ်က ဆရာဦးဘတုတ်မှာ သုံးပွင့်ထောင်ပိုင် စခန်းတာဝန်ခံဖြစ်၍ ရန်အောင်မောင်မောင်မှာ တစ်ပွင့်ထောင်မှူး ဘဝမှာပင် ရှိသေးသည်။

တစ်နေ့တွင် ဆရာဦးဘတုတ်သည် မန္တလေးမှ ရထားဖြင့်ပြန်လာ၍ ထောင်မှူး မောင်မောင်တို့အဖွဲ့က ပျဉ်းမနားဘူတာ သွားကြိုကြသည်။ သွားကြိုသည့်ကားမှာ ပျဉ်းမနားလမ်းရုံးမှ ဝင်းဦးမောင်းသည့် ကျောက်တင်ကား တစ်ပါကားကြီး။

ရထားပေါ်မှ ပစ္စည်းများချ၍ ကားပေါ်သို့ သယ်ပို့ကြသည်။

"ဟေ့ ရန်အောင်၊ ပစ္စည်းတွေ စစ်ပါဦးကွ"

"ဟုတ်ကဲ့ပါ ဆရာ"

ပစ္စည်းတွေ လျှောက်ရေတွက်ကြည့်သည်။

"ဆရာ၊ အားလုံးပေါင်း ဆယ့်နှစ်ခုပါ"

ဦးဘတုတ် မျက်ခုံးတွန့်သွားသည်။

"ဟေ.... ဆယ့်သုံးခုပါကွ"

ရန်အောင် မောင်မောင် ထပ်စစ်ရပြန်သည်။

"ဆယ့်နှစ်ခုပဲ ဆရာရဲ့"

ဆရာဦးဘတုတ်ကမူ အခိုင်အမာ။

"ဆယ့်သုံးခုမှ ဆယ့်သုံးခု၊ ငါသေသေချာချာ မှတ်လာခဲ့တာ။ ရထားပေါ်မှာ များ ကျန်ခဲ့သလား"

အတူပါလာသည့် စာရေးကြီး ဦးထွန်းလှရွှေက၊

"ရထားပေါ်မှာ ဘာမှမကျန်ဘူး ဆရာကြီး၊ ရထားလဲ မရှိတော့ဘူး။ ထွက်သွားပြီ။ ဆယ့်နှစ်ခုတည်းပါ ဆရာကြီး"

ဦးဘတုတ် ဒေါကြီး မောကြီး....။

"ဆယ့်သုံးခုပါ ဆိုမှကွာ"

ရန်အောင်မောင်မောင် လေပြေထိုးရသည်။ "ကဲ ရထားကလဲ ထွက်သွားပြီ ဆရာ နောက်တစ်ခုကို လမ်းမှာ စဉ်းစားဦးပေါ့။ ကျွန်တော် တောင်ငူထောင်ဘက်ကို လှမ်းဖုန်းဆက်ပေးပါ့မယ်" ဘယ်လိုပဲပြောပြော ဆရာဦးဘတုတ် ဘဝင်ကျပုံ မပေါ်။ ပျဉ်းမနားဘူတာမှ ကားထွက်ခဲ့ပြီး လမ်းတစ်လျှောက်လုံး သက်ပြင်းတချချ၊ ခေါင်းတကုပ်ကုပ်နှင့် ပါလာခဲ့သည်။ ၁၀ မိုင်ခန့်ဝေးသည့် ဘူးကွဲစခန်းသို့ ရောက်ပြီး နောက် ရေမိုးချိုးပြီး ထမင်းစားပွဲရောက်မှ ဆရာဦးဘတုတ်မျက်နှာ အနည်းငယ် ရွှင်ပျစ

http://www.cherrythitsar.org



ပြုလာသည်။

"ဟေ့ ရန်အောင်၊ ငါသတိရပြီကွ" တဲ့။ "ဘာပစ္စည်းလဲ ဆရာ" ဆိုတော့.... "ပစ္စည်းမဟုတ်ဘူး လူကွ လူ" တဲ့။ "ဘယ်လိုလူလဲ ဆရာ"

"ဒီလိုကွ၊ ပစ္စည်းဆယ့်နှစ်ခုနဲ့ ငါပါ ပေါင်းလိုက်လျှင် ဆယ့်သုံးခုလို့ မှတ်ထားတာ" ကဲ၊ကောင်းကြရော။ အဲဒီလောက်တိကျလွန်းသည့် ဦးတိကျကြီးဆရာဦးဘတုတ်၊ အင်းစိန်ထောင်တွင် ကိုတလုပ်ရှေက တိကျလွန်းသောကြောင့် ရိုက်ခဲ့ခြင်းဖြစ်၏။

"ဆရာကြီး.... ကျွန်တော့်ကို ဘုတ်တိုက်ပေးပါ"

ဘုတ်တိုက်သည်ဆိုခြင်းမှာ အကျဉ်းထောင်ဝေါဟာရ ဖြစ်၍ လွတ်ရက်ကို အတွက်ခိုင်းခြင်း ဖြစ်သည်။ အမှန်ကတော့ အင်္ဂလိပ်စကား book ပါပဲ။ ဆရာဦးဘတုတ်မှာ နားအတန်ငယ်လေးသည်။ (နားလေးသူတို့ ထုံးစံအတိုင်း အတင်းပြောလျှင်တော့ ချက်ချင်းကြားသည်။) အနီးတွင်ရပ်နေသူ လက်ထောက် အဆောင်မှူး ဦးမှိုင်းက "ဆရာ.... တလုပ်ရှေက ဘုတ်တိုက်ချင်လို့တဲ့" ဆရာဦးဘတုတ်ကြားသွားပြီး အကျဉ်းသား ကိုယ်ရေးမှတ်တမ်းများတွင် စာကုန်းရေးနေရာမှ ခေါင်းမော့ကြည့်လိုက်၏။ တလုပ်ရှေကိုတစ်လှည့် ဦးမှိုင်းကို တစ်လှည့်ကြည့်ရာမှ သူ့မျက်လုံး ရုံးခန်းနံရံတွင် ချိတ်ထားသော ပြက္ခဒိန်ဆီသို့ ရောက်သွားသည်။ ထို့နောက် အဆောင်ရုံးခန်း အဝင်ဝတွင် ရေးဆွဲထားသော ဆိုင်းဘုတ်ကြီးကို လက်ညှိုးညွှန်ပြပြီး "ဘုတ်တိုက်တဲ့နေ့က သောကြာနေ့လေကွာ"ဟု ပြန်ပြောလိုက်သည်။

မှန်ပါသည်။ စံပြထောင်စီမံကိန်းအရ၊ အဆောင်တိုင်း သတ်မှတ်ထားသော စည်းကမ်းချက်များရှိ၏။ ယင်းစည်းကမ်းချက်များကို ဆိုင်းဘုတ်ဖြင့် အထင်အရှား ရေးပြထားသည်။ 'ထောင်ဝင်စာ တွေ့ရမည့်နေ့'၊ 'အယူခံ တင်ရမည့်နေ့'၊ 'အိမ်သို့ စာရေးခွင့် ရှိသည့်နေ့'၊ 'အဝတ်အစားများ လဲလှယ်ရမည့်နေ့'၊ 'ဘုတ်တိုက်နိုင်သည့်နေ့နှင့် ကျန်ရက် တောင်းနိုင်သည့်နေ့' စသည်အားဖြင့်။ မကျန်းမမာဖြစ်လျှင်မူ အချိန်မရွေး တင်ပြနိုင်ခွင့်ရှိကြောင်းလည်း ဖော်ပြထားသည်။

အကျဉ်းသား တလုပ်ရှေက ရိုကျိုးစွာ ပြန်ပြောသည်။

"သောကြာနေ့မှ ဘုတ်တိုက်ရမှာတော့ ဟုတ်ပါတယ် ဆရာရယ်၊ ကျွန်တော့် အိမ်က မနက်ဖြန် ထောင်ဝင်စာလာရင် ဘယ်တော့လောက် လွတ်နိုင်မယ်လို့ ပြောပြလိုက်ချင်လို့ပါ"

တလုပ်ရှေအသံကလည်း ခပ်တိုးတိုး၊ သူပြောသမျှ ဆရာဦးဘတုတ် အကုန်ကြားချင်လည်း ကြားမည်။ တစ်ဝက်တစ်ပျက်လည်း ကြားကောင်း ကြားမည်။

"အေးလေ.... ဘုတ်တိုက်ဖို့ဆိုယင် သောကြာနေ့လာခဲ့၊ ဒါပဲ"

ဆရာဦးဘတုတ် သူ့အလုပ်သူ ဆက်လုပ်သည်။ တလုပ်ရှေမျက်နှာ ကွက်ခနဲ ပျက်သွားသည်။ ပြီးတော့ ချာခနဲ လှည့်ထွက်သွားသည်။

http://www.cherrythitsar.org



"ထောင်ကျတဲ့ရက်ရှိသလို ထောင်လွတ်တဲ့ရက်လဲ ရှိရမှာပေါ့"

သို့ကလိုထောင်မှူး၊ ထောင်ပိုင်များက အားပေးလေ့ရှိသလို ထောင်ကျအကျဉ်းသားများအနေနှင့်လည်း သူတို့ကိုယ်သူတို့ အားတင်းကြပါသည်။ သို့သော် လူဆို သည်မှာ ကိုယ့်လက်ပေါ် မီးပွားကျမှ ကိုယ်အသိဆုံးပါ။ သူများအပူကို ကိုယ့်အပူလုပ် ပြီး ဘယ်လိုပဲ နေရာယူ ခံစားကြည့်ကြည့် ကိုယ်တိုင်ပူရသူနှင့်တော့ ဘယ်လိုမှမတူနိုင်။

ခပင် တလုပ်ရှေကိုကြည့်။ သူသည် ၁၉၄၇ ခု နှစ်ကုန်ပိုင်းလောက်က လူသတ်မှုဖြင့် ထောင်ဒဏ် တစ်သက်တစ်ကျွန်းကျခဲ့သူဖြစ်၏။ ထားပါတော့ အနှစ် ၂၀။ သူဘုတ်တိုက်ချင်နေသည့် ၁၉၅၄ ခု နှစ်ကုန်ပိုင်းဆိုတော့ ထောင်ထဲမှာ သူ ခုနစ်နှစ်ခန့် နေပြီးပြီ။ စံပြစီမံကိန်းအရ လျှော့ရက်တွေ ဖောခြင်းသောခြင်း ပေးထားသည်ကိုလည်း သူ သိထားသည်။ ဒီတော့ သူ့စိတ်ထဲ သူ့တွက်ကိန်းနှင့် သူလွတ်ရက်နီးပြီဟု ယူဆနေမှာ အမှန်။ မြန်မာပြည် လွတ်လပ်ရေးရစဉ် ရရှိထားသည့် အထူးလျှော့ရက်များကလည်း ရှိနေသေးသည်။ တလုပ်ရှေ သူ့စိတ်သူ ဘယ်လိုလုပ်မှ ထိန်းလို့ သိမ်းလို့ မနိုင်တော့ပါ။ အိပ်ဆောင်အတွင်း လှည့်လည်၍ ရိုက်စရာလက်နက် လိုက်ရှာသည်။ ထောင်တွင်းမှာ ဘယ်လိုလုပ် လက်နက် လွယ်လွယ်နှင့် တွေ့နိုင်ပါ့မလဲ။ လက်နက်မရှိအောင်ပင် တမင် တကာ ပိုက်စိတ်တိုက် သိမ်းဆည်းရှာဖွေနေကျ မဟုတ်လား။

အကြံကုန် ဂဠုန်ဆားချက်၊ တလုပ်ရှေ ဘာလုပ်သည် ထင်ပါသနည်း။

ဆရာဦးဘုတ်၏ အဆောင်မှူးရုံးခန်းထဲ ပြန်ဝင်သွားကာ စားပွဲပေါ် တင်ထားသည့် သစ်သားမျဉ်းလုံးကို ဆတ်ခနဲ ဆွဲကာ ခွပ်ခနဲ ရိုက်လိုက်ခြင်းပင်တည်း။

ဩော်.... အဲဒီ စနေနေ့က ခရာတွေမှုတ်၊ ခွေးဥသြကြီးဆွဲပြီး ထောင်လုန့်အချက်ပေးစဉ် ရန်ကုန်သို့ လစ်နေမိသော ထောင်မှူးမောင်မောင်တစ်ယောက် ထုချေလွှာတင်ရဦးမှာပါကလား....။

■

http://www.cherrythitsar.org

# ၂၁

တိုက်တိုက်ဆိုင်ဆိုင် ဤဆောင်းပါးကို ရေးနေစဉ်မှာပင် ပျောက်ဆုံးနေသော စာအုပ်ကလေးတစ်အုပ်ကို ပြန်လည် ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းစာအုပ်မှာ မြန်မာနိုင်ငံတော် အကျဉ်းဌာနမင်းကြီး ဦးဘသိန်း(ဘီ၊ အေ) စီစဉ်ရေးသားသည့် 'အကျဉ်းဌာန အမှုထမ်း၊ အရာထမ်းများ ဖတ်ရှုမှတ်သားရန် သင်ခန်းစာများ' စာအုပ်ဖြစ်၏။ ၁၉၅၃ ခုနှစ်က ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပုံနှိပ်တိုက်က ပုံနှိပ်ထုတ်ဝေခဲ့၍ စာမျက်နှာ ၆၁ မျက်နှာသာရှိသော စာအုပ်ပါးကလေးဖြစ်သည်။ သို့သော် စံပြထောင်စီမံကိန်းဆိုသည်မှာ ယင်းစာအုပ်ပါးကလေးပေါ်တွင် အဓိက အခြေခံထားခြင်းဖြစ်၏။

ဦးဘသိန်းသည် အကျဉ်းဌာနမင်းကြီး မဖြစ်မီ ဘော်စတယ် ခေါ် ကလေးထောင် (ထောင်ပိုင်)ကျောင်းအုပ်ကြီးဘဝက အင်္ဂလန်နိုင်ငံသို့ ပညာတော်သင်သွားခဲ့သူဖြစ်သည်။ သို့ဖြစ်၍ အင်္ဂလန်နိုင်ငံ အကျဉ်းထောင်သမိုင်းများကို အခြေခံကာ အင်္ဂလန်တွင် ရာဇဝတ်မှုကျူးလွန်သူများကို မည်သို့ပြုပြင်ပုံများဖော်ပြထားပြီး မြန်မာပြည်တွင် ဖြစ်စေလိုသော စံပြထောင်အချက်အလက်များဖြင့် အဆုံးသတ်ထား၏။ အထက်က ဆိုခဲ့ပြီးဖြစ်သည့်အတိုင်း ကောင်းတော့ကောင်းပါသည်၊ မျက်စိစပ်တာကတော့ အမှန်။

စံပြထောင်တွေ ဖွင့်စတုန်းကတော့ ဟုတ်တော့မလိုလိုပါ။ နောက်ပိုင်း တစ်စတစ်စနှင့် စည်းကမ်းပိုင်းကို နိုင်နိုင်နင်းနင်း မကိုင်နိုင်ရသည့်ကြားထဲ နိုင်ငံရေး အကျဉ်းသားများက 'ပွဲလန့်တုန်း ဖျာဝင်ခင်း' လိုက်သောအခါ စံပြထောင်များကို 'စံပျက်ထောင်' များဟု ကင်ပွန်းတပ်သည်အထိ အခြေအနေ ဆိုးရွားပျက်စီးလာသည်။

http://www.cherrythitsar.org



ဒါဖြင့် ကောင်းပြီ။ စံပြထောင်တွေ မပေါ်မီ ယခင်ပုံစံ ထောင်တွေမှာကော အဲဒီ တားမြစ်ပိတ်ပင်ထားသည့် ပစ္စည်းတွေ မရဘူးလားလို့ မေးစရာရှိသည်။ မရဘူးလို့ မငြင်းလိုပါ။ ရပါသည်။ သို့သော် စည်းကမ်းကောင်းကောင်း ကိုင်နိုင်သော ထောင်ပိုင် လက်ထက်တွင် မရှိသလောက် ရှားပါသည်။ အိမ်ထောင်တစ်ခုကို ကွပ်ကဲရာတွင် အိမ်ထောင်ဦးစီးမှာ အဓိကဖြစ်သလို ထောင်တစ်ထောင်အုပ်ချုပ်ရာတွင်လည်း ထောင်ပိုင်မှာ အခရာ မဟုတ်လား။

စံပြထောင်မှာတော့ စည်းကမ်းကိုင်နိုင်သည့် ထောင်ပိုင်လည်း ‘ခါချဉ်ကောင် မာန်ဖီးလို့ တောင်ကြီးဖြိုမယ့်ကြံ၊ ခါးကမသန်’သည့်ကိန်း ဆိုက်ရလေတော့သည်။ သူတို့ကို ပေးထားသည့် အခွင့်အရေးတွေက မတန်တဆ မဟုတ်လား။ ယုတ်စွအဆုံး အကျဉ်းသားအများ စားသောက်ရန် ချက်ပြုတ်သည့်ဖိုကြီးတွင် ထမင်းချက် အလုပ် သမား တာဝန်ချရာတွင်ပင် အကျဉ်းသားများ စိတ်တိုင်းကျ ကော်မတီဖွဲ့၍ ရွေးချယ်ခွင့် ပေးထား၏။

နိုင်ငံရေးအကျဉ်းသားဆိုသည်မှာ လူပါးတွေ မဟုတ်လား။ ထောင်အာဏာပိုင်တွေ၏ အုပ်ချုပ်ရေးအာဏာကို တစ်စတစ်စ ဖဲ့ယူလာကြခြင်း ဖြစ်၏။ နောက်ဆုံး သုံးလတစ်ကြိမ် ‘ကွာ’ဟုခေါ်သည့် အထူးလျှော့ရက်ထောက်ခံရာတွင်ပင် အကျဉ်းသားများထဲမှ ကိုယ်စားလှယ်တောင်းခံလာသည်အထိ အကဲပိုလာကြသည်။ (ဤအခွင့်အရေးကိုတော့ မပေးခဲ့ပါ။)

ထောင်တွင်း ဒုစရိုက်မှုခင်းအနေနှင့် ဖဲဝိုင်းတွေလည်း မှိုလိုပေါက်နေသည်။ တစ်နေ့တွင် ထောင်မှူးကြီးက ထောင်မှူးမောင်မောင်ကိုခေါ်၍ ပြောသည်။

“ရန်အောင်ရေ.... သုံးဆောင်က မိလ္လာချောင်ထဲမှာ ဖဲဝိုင်း ဖြစ်ဖြစ်နေတယ်ကွ။ အဲဒါ မိအောင်ဖမ်းစမ်းပါ”

“ဟုတ်ကဲ့ပါ ဆရာ”

ထိုစဉ်က ထောင်မှူးမောင်မောင်မှာ တရားဝင် ရန်အောင်မောင်မောင် မဖြစ်သေးပါ။ သို့သော် ရင်းနှီးသူ ထောင်လောကမှာတော့ မောင်မောင်တွေ အများကြီးကြားထဲမှ ရန်အောင်ဟု ခွဲခြား အသိအမှတ်ပြုထားကြပြီ။ ထုံးစံအတိုင်း မောင်မောင်ဆိုသော နာမည်မှာ ကျောင်းမှာရော၊ အလုပ်ထဲမှာရော အလွန်ပေါသည်။ အရပ်ထဲမှာလည်း ပေါသေးသည်။ မောင်မောင် ထောင်မှူးအလုပ်စဝင်တော့ နံပါတ်မှာ ၄။ ၁ မှာ ပင်စင်ယူသွားပြီ။ ၂ က ရခိုင်မောင်မောင်။ ၃ က သရက်မောင်မောင်။ ၅ က ကုလားလေးမောင်မောင်။ နံပါတ် ၃ သရက်မောင်မောင် စစ်ဗိုလ်ဖြစ်သွားသောအခါ နံပါတ် ၄ မောင်မောင်ကို နံပါတ် ၃ အဖြစ် အပြောင်းခံလိုက်ရသည်။ ဒီအတိုင်းနေလို့တော့ မဖြစ်ချေတော့ဘူးဟု မောင်မောင်နောက်က နံပါတ်ကို ဖြုတ်ခွင့်ပြုရန်နှင့် ရန်အောင်မောင်မောင်ဟု အမည်ပြောင်းခွင့် လျှောက်ထားလိုက်သည်။ သတင်းစာထဲ ကြော်ငြာထည့်

ရမည်ဆိုသဖြင့် ကြော်ငြာထည့်ပြီး ထပ်တင်လိုက်မှ ထောင်မှူးဦးမောင်မောင် ၃ အား ရန်အောင်မောင်မောင်ဟု ပြောင်းခွင့်ပြုကြောင်း မြန်မာနိုင်ငံပြန်တမ်းထဲ ပါလာသည်။ ထိုအချိန်က ရန်အောင်မောင်မောင် အမည်နှင့် စာမရေးဖြစ်သေး၊ ရန်အောင်မိမိထွေး အမည်ဖြင့် ရေးနေဆဲ ဖြစ်သည်။ ယခု ဖဲဝိုင်း အဖမ်းခိုင်းသည့်ကိစ္စတွင် ရန်အောင်ဟု တရင်းတနှီးခေါ်သူမှာ လက်ဦးဆရာ၊ ယခင်က အကြိမ်ကြိမ်ရေးဖူးသည့် ထောင်မှူးကြီး ဦးလှအောင် ဖြစ်သည်။ မိုလ်မှူးအောင်ဟု ခေါ်ကြသည်။

ယခု ဖဲဝိုင်းဖမ်းရမည့်နေရာမှာ နံပါတ် ၃ ဆောင်တွင်း မိလ္လာချောင် ဖြစ်၍ အဆောင်မှူးဦးကြင်ကို ပထမ ခွင့်တောင်းရသေးသည်။ သူ့ဆီက လူအကူအညီ တောင်း ရသည်။ တကယ်တမ်း အမှတ်သုံးဆောင် မိလ္လာချောင် ဖဲဝိုင်းသွားဖမ်းသောအခါ ဖဲရိုက် သည့် အကျဉ်းသားတွေ အလျှိုအလျှို လစ်ကုန်ကြပြီ။ တစ်ယောက်မှ ရှာမတွေ့တော့။ ဘယ်လိုလုပ် တွေ့နိုင်မည်နည်း။ သူတို့မှာ ဒလန်တွေရှိသည်၊ ကင်းတွေရှိသည်။

သို့နှင့်ပင် ထောင်မှူးမောင်မောင်မှာ မျက်နှာငယ်လေးနှင့် ထောင်မှူးကြီး ဦးလှအောင်ထံ ပြန်လည် သတင်းပို့ရသည်။

"ဖဲဝိုင်းတော့ ဖြစ်တာအမှန်ပဲဆရာ၊ ဒါပေမယ့် ဖမ်းလို့မမိဘူး။ လွတ်သွား တယ်"

"အဲဒါ မင်းတို့ညံ့တာပေါ့ကွ၊ ဟာကင် ခေါ်လိုက်စမ်း"

ရုက်တတ်မည်ဆိုလျှင် လဲသေဖို့သာကောင်းတော့သည်။ ဟာကင်ဆိုသည်မှာ မည်သူထင်ပါသနည်း။ လက်မောင်းတွင် သုံးရစ်တပ် ထားသော ရိုးရိုးထောင်ကြပ်အုပ်၊ အရပ်ထောင်ထောင်မောင်းမောင်းနှင့်။ ထောင်ကြပ်အုပ် ဟာကင် ရောက်လာသောအခါ ဆရာဦးလှအောင်က....

"ဟေ့ ဟာကင်"

"ဟုတ်ကဲ့ ဆရာကြီး"

"ထောင်ထဲမှာ ဖဲဝိုင်းတွေ ဖြစ်ဖြစ်နေတယ်ကွ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"အဲဒါ၊ မိအောင်ဖမ်းစမ်းကွာ"

"ဟုတ်ကဲ့ ခင်ဗျ"

"မင်းဆရာ ဦးမောင်မောင်ကိုလဲ ဖဲဝိုင်းဖမ်းနည်းလေး ဘာလေး သင်ပေးလိုက် ပါဦးကွာ"

ထောင်ကြပ်အုပ် ဟာကင်က ထောင်မှူးမောင်မောင်ဘက်သို့ အားတုံ့အားနာ လှည့်ကြည့်သည်။ ထောင်မှူးမောင်မောင်မှာ မျက်နှာတစ်ခုလုံးနီရဲကာ တစ်ကိုယ်လုံး ရှိန်းတိန်းဖိန်းတိန်း ဖြစ်သွားသည်အထိ ခံစားလိုက်ရသည်။ ဘယ့်နှယ်....၊ ပခုံးပေါ် အပွင့်တင်ထားသည့် ထောင်မှူး ရင့်မကြီးတစ်ယောက်ကို သုံးရစ်တပ်ထားသည့်

http://www.cherrythitsar.org



ထောင်ကြပ်အုပ်တစ်ယောက်က ဖဲဝိုင်းဖမ်းနည်း သင်ပေးရမယ်ဆိုတော့။ ကျလိုက်သည့် သိက္ခာ၊ ဓောက်ထိုးမိုးမျှော်ပေါ့....။

တကယ် ပြန်တွေးကြည့်တော့လည်း သိက္ခာကျတာ မကျတာ အပထား။ ဆရာဦးလှအောင်၏ ပြောစကား အလွန်ပင် မှန်လှပါသည်။ ထောင်မှူးမောင်မောင်တို့ အလုပ်ဝင်စက အလုပ်သဘောနှင့်ပြောရလျှင် ဘာတတ်မည်နည်း။ ဘာနားလည်မည်နည်း။ ထောင်မှူးသင်တန်း စာတွေ့သုံးလ၊ လက်တွေ့သုံးလ။ သို့သော်ငြားလည်း တကယ့်တကယ်တော့ ဘာမှ တတ်သည်မဟုတ်ပါ။ နားလည်သည် မဟုတ်ပါ။ ဝိုးတိုးဝါးတားသာလျှင် ဖြစ်၏။ ယောင်တိယောင်ကန်းသာလျှင် ဖြစ်၏။ ပခုံးပေါ်အပွင့်တင်၍ အလုပ်ခွင်သို့ ဝင်သည့်အခါ မုဆိုးစိုင်သင် ထောင်မှူးကို အကျဉ်းသားက သင်သွားခြင်း ဖြစ်၏။ ဆရာ့ဆရာ ထောင်ဝါဒါတို့၊ ထောင်ကြပ်အုပ်တို့လည်း ပါပါသည်။

တကယ့်တကယ်တော့ ထောင်မှူးမောင်မောင်ကို ထောင်မှူးတစ်ယောက် အနေနှင့် ပီပီပြင်ပြင်ဖြစ်လာအောင် နံပါတ်တစ် အကျဉ်းသားက အများဆုံးသင်ပေး၏။ နံပါတ်နှစ်မှာမူ သူ့လက်အောက်က ဝန်ထမ်းများ ဖြစ်ပေသည်။ ကိုယ့်ဘာသာကိုယ် ပြန်တွေးကြည့်တော့လည်း အဖြစ်သနစ် ဇစ်မြစ်အမှန်ကို ပြန်လည် မြင်ယောင်နိုင်ပါသည်။ အသက်နှစ်ဆယ် မပြည့်တပြည့် ဆယ်တန်းအောင်၍ ကျောင်းမှထွက်စ မောင်မောင်၏ပုံပန်းသဏ္ဍာန်မှာ ကိုယ်လုံးကိုယ်ထည်သေးသွယ်သွယ်နှင့် ဘယ်လိုလုပ်မှ ထောင်မှူးရုပ် မပေါက်တာ အမှန်ပါ။ တစ်ဖက်က စိတ်နေသဘောထားအနေနှင့် ကြည့်မည် ဆိုပြန်လျှင်လည်း အနုပညာဝါသနာပါ၍ ကဗျာဆန်ချင်သူ၊ လွမ်းစရာရှိလျှင် သူများတကာထက် ပို၍လွမ်းတတ်သူ၊ ဆွေးတတ်သူ။

တစ်ခုတော့ ရှိသည်။ တစ်ဖက်က မသိစိတ်အနေနှင့် ကြမ်းချင် ရမ်းချင်သည့် ဝသီကလေး၊ စရိုက်ကလေးလည်း ပါဟန်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ထောင်မှူးလုပ်နေရာမှ ထောင်မှူးအလုပ်ထက်ပို၍ ခက်ခဲသော တပ်မတော်ထဲဝင်ရန် ကြံခဲ့သည်မဟုတ်ပါလား။ စစ်ထဲဝင်လိုသည့်အကြံမှာ ယခုမှပေါ်ပေါက်ခြင်း မဟုတ်။ ဂျပန်ခေတ်က တစ်ကြိမ် ပေါ်ခဲ့ပြီးဖြစ်၏။ မြန်မာပြည်လွတ်လပ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ရဲဘော်သုံးကျိပ်တို့ ဂျပန်ပြည်သို့ လျှို့ဝှက်ထွက်ခွာသွားခဲ့ကြောင်း ကြားနေရသည်။ အင်္ဂလိပ်အပြေး ဂျပန်အဝင် ဘီအိုင်အေ ခေါ် ဗမာ့လွတ်မြောက်ရေး တပ်မတော်ကြီး ချီတက်လာသည်ကိုလည်း ဝမ်းမြောက်ဝမ်းသာ တွေ့မြင်နေရသည်။ ဘီအိုင်အေမှသည် ဘီဒီအေ ခေါ် 'ဗမာ့ကာကွယ်ရေး တပ်မတော်' ဖွဲ့စည်းခဲ့သည်ကိုလည်း ဂျပန်ခေတ် ပျဉ်းမနားတွင်နေစဉ်က အားပါးတရ တွေ့မြင်ခဲ့ပြီး ဖြစ်၏။ ထိုစဉ်က အစ်ကိုအကြီးဆုံးဖြစ်သူ ကိုချစ်တင်မှာ ပျဉ်းမနားတွင် ရာဇဝတ်အုပ် လုပ်နေ၍ အစ်ကိုလေးကိုတင်အောင်က တပ်ကုန်းတွင် ရာဇဝတ်အုပ် လုပ်နေသည်။ မောင်မောင်မှာ မွေးချင်းပေါက်ဖော် လေးဦးအနက် အငယ်ဆုံးဖြစ်၍ ဂျပန်ခေတ်က

http://www.cherrythitsar.org



အသက်ကို ပြန်လည်တွက်စစ်မည်ဆိုလျှင် ဆယ့်လေးနှစ် သို့မဟုတ် အများဆုံး ဆယ့်ငါးနှစ်သာ ရှိမည်ဖြစ်၏။ ဘာပဲဖြစ်ဖြစ် အသက်ပြည့်သည် မပြည့်သည်ကို နားမလည်။ စစ်ထဲဝင်လိုစိတ်သာလျှင် ပြင်းပြခဲ့မိ၏။ ဂျပန်ခေတ်က အသက်မပြည့်ဘဲ စစ်ထဲဝင်ခဲ့ပြီး သည်ဘက်ခေတ် ရောက်သောအခါ လွတ်လပ်ရေးမော်ကွန်းဝင်ဘွဲ့ ရခဲ့သူတွေ တစ်ပုံတစ်ပင် ရှိပါသည်။ ဒါတွေကို ပြန်တွေးကြည့်တော့လည်း ထိုစဉ်က စွတ်ရွတ်ပြီး စစ်ထဲမဝင်ဖြစ်ခဲ့သည်ကို ယူကြုံးမရ ဖြစ်လို့မဆုံး။

ထားပါတော့၊ လွန်ပြီးတာတွေ လွန်ပြီးခဲ့ပြီပဲ။ လက်ရှိ သားယောကျာ်းသုံးဦး ပါသည့်အနက် သားကြီးသြရသ မောင်ရည်မွန်မှာ တပ်မတော်တွင် ဗိုလ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက် ရှိသည်။ တစ်ခါတစ်ခါ သူ့အတွက် ကိုယ်စားပွား၍ ဝမ်းမြောက်ခြင်း ဖြစ်ရ၏။ ဖရဏာ ပီတိ ဂွမ်းဆီထိမိ၏။ 'အေးလေ၊ ငါ စစ်ထဲ မဝင် ဖြစ်လဲ၊ စစ်ဗိုလ်မဖြစ်လဲ ငါ့သားတော့ စစ်ဗိုလ်ဖြစ်သေးသားပဲ'ဟု တစ်ဖက်တစ်လမ်းမှ စိတ်ကျေနပ်မှု ဖြစ်ပေါ်မိ၏။ ကိုယ့်စိတ် ကိုယ်ဖြေရ၏။

အင်းစိန်ထောင်တွင် ဖဲဝိုင်းဖမ်းပုံကလေး ပြန်ဆက်ပါဦးမည်။

ထောင်ကြပ်အုပ် ဟာကင်မှာ မြန်မာအိန္ဒိယကပြား ဖြစ်၍၊ ထောင်မှူး မောင် မောင်တို့ထက် စော၍ အကျဉ်းဌာနသို့ရောက်နေသူ၊ အရပ်အမောင်းကောင်းသည်။ အသက်အားဖြင့် အစိတ်ကျော် သုံးဆယ်အတွင်း။ သူ့အရည်အချင်းကလည်း တကယ် ပညာသားပါလှသည်။ သူသည် မိန်းဂျေး ခေါ် အင်းစိန်ထောင် ဖိုကြီးရှေ့တွင် ထောင်မှူး မောင်မောင်တို့နှင့် အမြဲထိုင်နေလေ့ရှိသည်။မိန်းဂျေးရှေ့မှ ဖြတ်သွားသော အကျဉ်းသား တစ်ယောက်ကို မျက်လုံး တစ်ချက် ဝေ့ကြည့်လိုက်သည်နှင့် ဟာကင် အတပ်သိသည်။ ဒီကောင်မှာ အကြံအဖန် ပါသလား၊ မပါဘူးလား။ အကြံအဖန်ဆိုတာက မြောက်မြား လှစွာသော ထောင်ဝေါဟာရတွေထဲက တစ်ခုသော ထောင်အခေါ်အဝေါ်။ ထောင်ထဲမှာ ထောင်ဥပဒေနှင့် ဆန့်ကျင်၍ လုပ်သမျှ အလုပ်အကိုင်အားလုံးသည် အကြံအဖန်သာ လျှင်ဖြစ်၏။ ထောင်ဝင်စာတွေ့ရာတွင် ပိုက်ဆံခိုးသွင်းမလား၊ အကြံအဖန်။ ထောင်ထဲ တွင် တနင်္ဂနွေတစ်ပတ်လျှင် လေးအောင်စသာရသော ဝက်သား (သို့မဟုတ်) အမဲသား ဟင်းကို ချန်ထားပြီး အသီးအရွက်ကလေးနှင့် ရောနှောချက်ပြုတ် စားသောက်ချင် သလား၊ အကြံအဖန်ဟင်း။ထောင်ထဲတွင် တခြားအကြံအဖန်တွေ ဒုနဲ့ဒေး ရှိပါသည်။ ထောင်မှူးထောင်ပိုင်ကို နားလည်မှုယူထားပြီး သက်သာအောင် နေထိုင်လျှင်လည်း အကြံအဖန်။ နာမကျန်းချင်ယောင်ဆောင်၍ ဆေးရုံဘက် တက်နေလျှင်လည်း အကြံ အဖန်။ ထောင်အဝင်အထွက် တားမြစ်ပိတ်ပင်ထားသောပစ္စည်း အထုတ်အသွင်း လုပ် လျှင်လည်း အကြံအဖန်။ အကြံအဖန်တွေ များလှပါဘိတောင်း။

ယင်းအကြံအဖန်တွေ အားလုံးကို မိအောင်ဖမ်းဆီးနိုင်သူ သို့မဟုတ် ရှာဖွေ ဖော်ထုတ်နိုင်သူမှာ ထောင်အနေနှင့် လူစွမ်းကောင်းပင် ဖြစ်၏။ ထောင်ကြပ်အုပ် ဟာကင်

http://www.cherrythitsar.org



မှာ အဲဒီလိုလူစွမ်းကောင်း ဖြစ်၏။ ဟာကင်သည် မောင်မောင်တို့နှင့်အတူ မိန်းဂျေး ခေါ် ဖိုကြီး၏ရှေ့ ထောင်ဖွင့် ထောင်ပိတ်လုပ်သော စားပွဲတွင် ထိုင်လျက်ရှိရာ၊ 'ဟော့ ကောင် လာဦး'ဟု အကျဉ်းသား တစ်ယောက်ကို ခေါ်လိုက်လျှင်၊ ဇကန္တ ပြေးမလွတ်။ ယင်း အကျဉ်းသား အကြံအဖန် တစ်ခုခုလုပ်လာပြီသာ မှတ်။ ဟာကင် အခေါ်ခံရသော အကျဉ်းသားမှာ မျက်ကလူးဆန်ပျာနှင့် ဟာကင်ကို ကြောက်လန့်တကြား ကြည့်နေ တတ်သည်။ ဟာကင်ကလည်း အကျဉ်းသား၏ အမူအရာကိုကြည့်ပြီး၊

"ဟော့ကောင် မင်းချိုင့်ဖွင့်စမ်း"

"ဘာမှ မပါပါဘူးဆရာရယ်။ ဘီကလပ်က ဦးမင်းစိန်အတွက် ပေါင်မုန့် နွားနို့ ယူလာတာပါ"

"ဖွင့်ဆို ဖွင့်စမ်းကွာ"

သို့ကလိုပြောပြီး အကျဉ်းသားယူလာသည့် ချိုင့်ကိုဖွင့်လိုက်လျှင် ချိုင့်ထဲတွင် နွားနို့အစား ဆေးရုံမှ လူနာများကို ပေးရသော ကြက်သားဟင်းကို တွေ့ရမည် ဖြစ်၏။

အကျဉ်းထောင် အက်ဥပဒေအရ ပြဋ္ဌာန်းထားချက်များမှာ တကယ်ပင်ပြည့်စုံ လှပါပေသည်။ အကျဉ်းသားတစ်ယောက်အတွက် နေရာထိုင်ခင်း ဘယ်လောက်ရှိရ မည်။ အကျဉ်းသားတစ်ဦးအတွက် ကျန်းမာရေးနှင့် ညီညွတ်စေရန် ၃၆ စတုရန်းပေ၊ ၅၄၀ ကုဗပေ အကျယ်အဝန်းရှိသော နေရာထိုင်ခင်းပေးရမည်။ အိပ်ဆောင်တွင် ထားချင်ထား၊ တိုက်ထဲတွင် ထားချင်ထား တရားဥပဒေအရ အပြစ်ဒဏ်ကျနေသော အကျဉ်းသားပင်ဖြစ်လင့်ကစား သူ့ဘက်က ရပိုင်ခွင့် အပြည့်အဝပေးရမည်။ အလားတူ အကျဉ်းသားလည်း သွေးနဲ့လူ သားနဲ့လူပဲ။ မကျန်းမမာဖြစ်သည့်အခါ ဖြစ်မည်။ ထိုအခါမျိုးတွင် သူ့ကို လုံးတီးဆန်နှင့် ပဲဟင်းကို ကျွေးလို့မဖြစ်။ အာဟာရဖြစ်စေရန် ဆေးရုံမှ ဆန်ဖြူနှင့် ကြက်သားဟင်းကျွေးသည်။ ပေါင်မုန့်နှင့် နွားနို့ပေးသည်။ hospital diet ဟု ခေါ်၏။

ယခုလည်း ဟာကင် အဖွင့်ခိုင်းလိုက်သော ချိုင့်ထဲတွင် အကျဉ်းသား ပြောသည့် နွားနို့အပြင် ကြက်သားဟင်းကို ကြံဖန်၍ တစ်ကန့်ကန့်ပြီး ထည့်လာသည် ကို တွေ့လိုက်ရပြီ။ သို့သော် ဟာကင်က လူပါး၊ အကျဉ်းသားကို ဘာမှ မလုပ်လိုက်။

"သွား.... ဟော့ကောင်၊ နောက် မင်း ငါ့ကို အဲဒီအပေါက်မျိုး မချိုးနဲ့"

သို့ကလို နှစ်ပေါက်တစ်ပေါက်နှင့် ချိုးထားလိုက်ပြီး အကျဉ်းသားကို သူ့လူ ဖြစ်အောင် စည်းရုံးထားလိုက်သည်။ နောက်ပိုင်း အဲဒီအကျဉ်းသားဆီက သတင်းထူး မှန်သမျှ ဟာကင် ရပြီပေါ့။ ဒီတော့ ထောင်မှူးမောင်မောင်တို့လို လေ့ကြီးထိုး ရိုးရိုး သွားသူနှင့် ထောင်ကြပ်အုပ်ဟာကင်တို့ ထောင်တွင်းအုပ်ချုပ်ရေးကျွမ်းကျင်မှု ကွာဟ သည်မှာ ဘာမှ မဆန်းတော့။

တစ်နေ့ မိန်းဂျေးစားပွဲတွင် ထိုင်နေကြစဉ် ထောင်ကြပ်အုပ် ဟာကင်က ပြော

http://www.cherrythitsar.org



လာသည်။

"ဆရာ၊ နှစ် တောင်ယာထဲမှာ ဖဲဝိုင်းဖြစ်နေတယ်၊ သတင်းရတယ်၊ သွားဖမ်းချည်ရအောင်"

"အေး.... သွားလေကွာ"

အင်းစိန်ထောင်မှာ အကျယ်ကြီးဖြစ်၍ ထောင်ထဲမှာပင် တစ်၊ နှစ်၊ သုံး၊လေး တောင်ယာအထိရှိသည်။ အိပ်ဆောင်များနှင့် ထောင်အုတ်နံရံအကြားတွင် မြေကွက်လပ်တွေ အမြောက်အမြား ရှိနေသည်။ အင်းစိန်ထောင်ကြီးမှာ အပေါ်စီးလေယာဉ်ပျံပေါ်မှ ကြည့်လျှင် အလွန်လှသည်။ အုတ်နံရံကြီးမှာ စက်ဝိုင်းပုံသဏ္ဍာန်ဖြစ်၍ အလယ်ခေါင်တွင် cook house ခေါ် ဖိုကြီးရှိသည်။ ဖိုကြီး၏ ဘေးပတ်လည်မှ အိပ်ဆောင်များမှာ စက်ဝိုင်း၏ radius များ ဖြစ်နေ၏။ အိပ်ဆောင်အပြင် တိုက်ခန်းများနှင့် ဆေးရုံလည်း ရှိနေသည်။ အင်္ဂလိပ်အစိုးရများ လုပ်သွား၊ ကိုင်သွားပုံ တစ်ခုတော့ အံ့သြစရာကောင်းသည်။ ဘယ်လိုလုပ်မှ နားမလည်နိုင်သည့်အချက် တစ်ချက်ရှိ၏။ မြန်မာပြည်အတွင်းရှိ မြို့ကြီးမြို့ငယ်အသီးသီးတွင် အကျဉ်းထောင်ပေါင်း မြောက်မြားစွာ ဆောက်လုပ်သွားသည့်အနက် အကျဉ်းထောင် တစ်ခုနှင့် တစ်ခု ပုံစံချင်း ဘယ်လိုလုပ်မှ မတူညီခဲ့ပေ။

ယခင်က central jail ဗဟိုအကျဉ်းထောင်ဟု သတ်မှတ်သွားခဲ့သော ရန်ကုန်၊ အင်းစိန်နှင့် မန္တလေးတို့ကိုပင် ဆိုကြပါစို့။ တစ်ထောင်နှင့် တစ်ထောင် ဘယ်လို လုပ်မှ ပုံစံချင်း မတူပေ။ ထောင်အဝင်ဝ တံခါးမကြီးမှစပြီး ထောင်တွင်းအိပ်ဆောင်များ၊ တိုက်ခန်းများ ဖွဲ့စည်းထားပုံအထိ တစ်ထောင်လျှင် ပုံစံတစ်မျိုးဖြစ်၏။ ထောင်ငယ်ကလေးများတွင်လည်း အလားတူပင် ဖြစ်၍ တစ်နေရာတွင် တစ်မျိုးစီ၊ တစ်ပုံစီ။ အလွန်စည်းစနစ်ကျလှပါသည်ဆိုသော ကိုလိုနီအင်္ဂလိပ်အစိုးရများ အကျဉ်းထောင် ဆောက်လုပ်သည့် နေရာကျခါမှ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ် ဆန်းသွားသည်မှာ အကျဉ်းထောင် လုပ်သက် ၃၆ နှစ်တိုင်အောင် တွေးခေါ်၍ မပေါ်ခဲ့နိုင်သည်မှာ ပဟေဠိ တစ်ခုပမာပေ။

သို့နှင့်ပင် ထောင်မှူးမောင်မောင်သည် ထောင်ကြပ်အုပ် ဟာကင် ခေါ်ရာ နှစ်တောင်ယာ ဖဲဝိုင်းဖမ်းရန် လိုက်သွားခဲ့သည်။ ဟာကင်သည် ဖဲဝိုင်းရှိလျှင် သူတို့ ချထားသည့် ကင်းရှိမည်ကို အတပ်သိပြီး ဖြစ်၏။

"ဆရာ တစ် အုတ်ရိုးဘက်က သွားနှင့် ကျွန်တော်နဲ့ မောင်ဝင်းတို့ ငါးဆောင်နောက်ဖေးပေါက်ဘက်က ထွက်ခဲ့မယ်"

ဘာပဲပြောပြောလေ....၊ ခုနေမှာတော့ ပခုံးပေါ် အပွင့်တင်ထားသည့် ထောင်မှူး တစ်ယောက်မှာလည်း အတွေ့အကြုံ သင်ခန်းစာ ကိုယ့်ထက် ရင့်ကျက်ပြီး ဖြစ်သည့် သုံးရစ်ထောင်ကြပ်အုပ် စကားကို မြေဝယ်မကျ နားထောင်ရ၏။

"အေး.... အေး.... ကောင်းပြီ"

http://www.cherrythitsar.org



တစ် အုတ်ရိုးနှင့် အုတ်ရိုးအကူး နံပါတ်တစ် တောင်ယာ အရောက်တွင် အကျဉ်းသား သုံးလေးယောက် ပေါက်တူးပေါက်နေသည့်အနက်မှ အကျဉ်းသား တစ်ယောက်က ကောက်ကာငင်ကာ သီချင်းအော်၍ ဆိုလိုက်ပါလေတော့သည်။ "ချစ်ပင် ချစ်ရိုး ချစ်လိုက်ပါတဲ့မေ .... ခန်းသဋ္ဌာညောင်ဖွေ၊ အမြဲပင်တမ်းတနေ...."။ ထောင်မှူးမောင်မောင် နောက်တော့မှသိရသည်။ ဖဲဝိုင်းကို လှမ်းပြီး အချက်ပေးလိုက်တာ ကိုး။ နှစ်တောင်ယာ ဖဲဝိုင်းရောက်သွားတော့ ဖဲသမားများ အလျှိုလျှို ပြေးကုန်ကြပြီ။ စုစုပေါင်း အကျဉ်းသားသုံးယောက်တည်း ကျန်၏။ နှစ်ယောက်မှာ နှစ်တောင်ယာမှ ဖြစ်၍ တစ်ယောက်မှာ လက်တိုမြအောင် ဖြစ်သည်။

မြအောင်မှာ ထောင်လက်ကောက်။ ညာဘက် လက်တစ်ဖက် တံတောင်ဆစ်မှ ပြတ်နေသည်။ ရမည်းသင်း ဝါထိုးရပ်ကွက်ထဲ အိမ်တစ်အိမ်တက်၍ ဖောက်ထွင်းရာမှ အိမ်ရှင်နိုး၍ ဓားနှင့်ခုတ်လိုက်သဖြင့် လက်ပြတ်နေသူ။ ထောင်တွင်း မိန်းဈေး အထွေထွေ အလုပ်ချထားသဖြင့် သူက ထောင်ထဲ ဟိုနေရာရောက်၊ ဒီနေရာရောက်။

ထောင်ကြပ်အုပ် ဟာကင်နှင့် ထောင်မှူးမောင်မောင်တို့ ဟိုဘက်ဒီဘက် နှစ်ဖက်ညှပ်မိကြပါ၏။ သို့သော် ဖဲဝိုင်းကတော့ လူရှဲသွားခဲ့ပြီ။ ဘာသက်သေခံ အထောက်အထားမှလည်း ရှာမရ...။ တောင်ယာမှ အကျဉ်းသားနှစ်ယောက်ကလည်း ဘာဖဲဝိုင်းမှ မရှိကြောင်း ငြင်းဆိုလျက်ရှိ၏။ တောင်ယာတဲကလေးအတွင်း ရှာဖွေကြ သော်လည်း အချည်းနှီးသာလျှင်ဖြစ်နေ၏။

ထိုအခိုက်မှာပင် ထောင်ကြပ်အုပ် ဟာကင်က လက်ပြတ်မြအောင်ကို တစ်ချက် စူးစိုက်၍ ကြည့်လိုက်၏။

"ဟေ့ကောင်....၊ မြအောင်"

မြအောင် အနည်းငယ် မျက်စိမျက်နှာ ပျက်စပြုလာပြီ။

"မင်းလက်နှစ်ဖက် မြှောက်စမ်း"

မြအောင်က အကောင်းလက်ဝဲဘက်ကို မြှောက်လိုက်၏။

"မလိုချင်ဘူး.... ညာဘက်လက်ပါမြှောက်"

မြအောင်က တိုနေသောညာဘက်လက်ကို မြှောက်လိုက်သောအခါ ချိုင်း ကြားတွင် ညှပ်ထားသောဖဲထုပ်မှာ ဖလောခနဲ ဟိုတစ်ချပ်ဒီတစ်ချပ် ကျလာလေတော့ သတည်း။ လက်တိုမြအောင်ကို စစ်မေးကြည့်တော့ ဖဲရိုက်သည့် အကျဉ်းသားများကို မိပြီပေါ့။

သြော်.... ပညာဆိုသည်မှာ ကြီးသည် ငယ်သည်မဟူ၊ ရာထူးကြီးသည် ငယ်သည် မရွေး၊ ကျွမ်းကျင်ရာ လိမ္မာစမြဲပဲပေါ့။

■

http://www.cherrythitsar.org

# ၂၂

အင်းစိန်ထောင်တွင် ထောင်မှူးမောင်မောင်တို့ နစဉ်ဘဝက အသားကျွေးသည့်နေ့များတွင် တွေ့ကြုံရသော ဒုက္ခအဝဝကို ထောင်ကြပ်ဟာကင်ပင် ကယ်တင်ခဲ့ဖူးပြီ။

အကျဉ်းထောင်တိုင်းပင် တစ်ပတ်လျှင် တစ်ကြိမ်သာ အသားစားကြရသည်။ ဝက်သားဖြစ်စေ၊ အမဲသားဖြစ်စေ၊ အလျဉ်းသင့်သလို ကျွေးလေ့ရှိ၏။ လူတစ်ယောက်လျှင် အရိုးလွတ်လေးအောင်စ၊ အရိုးနှင့် ငါးအောင်စ၊ ဝက်သား အမဲသား မစားလျှင် ဘဲဥ သို့မဟုတ် ကြက်ဥ။

ထိုစဉ်က အင်းစိန်ထောင်တွင် ဗုဒ္ဓဟူးနေ့တိုင်းအသားကျွေး၏။ အသားကျွေးသည့်နေ့တိုင်း ထောင်မှူးမောင်မောင်မှာ အကြီးအကျယ် လိုမ့်ခံနေရ၏။ ခံရပုံကား ဤသို့ပါတည်း။ ထောင်မှူးမောင်မောင်မှာ ဖိုကြီးထောင်မှူး ဖြစ်၏။ နံနက် ၈ နာရီခွဲ ၉ နာရီခန့်တွင် ဈေးတိုက်ထောင်မှူး ရုံးခန်းသွား၍ အသားသွားယူရသည်။ ယနေ့ထောင်ဖွင့် လူပေါင်းဘယ်လောက်ရှိသနည်း။ ရှိသည့်လူပေါင်းကို လေးအောင်စနှင့် မြှောက်၍ ရသည့်အချိန်အတွယ်အတိုင်း အသားထုတ်ပြီး ဖိုကြီးသို့ယူလာခဲ့သည်။ ဖိုကြီးသို့ရောက်သည့်အခါ ယူလာသည့်ဝက်သားကို လေးအောင်စစီ အတုံးကလေးများ တုံးရတစ်ရ၏။ စဉ်းတီတုံးများပေါ်တင်ပြီး ခုတ်ရာထစ်ရာတွင် ဘယ်မှာလျှင် လေးအောင်စ အတိအကျရနိုင်ပါမည်နည်း။ နည်းသည်လည်း ရှိတတ်၏။ များသွားသည်လည်း ရှိနိုင်သည်။ ပုံစံထောင်ဆိုလျှင်တော့ အကြောင်းမဟုတ်။ စံပြထောင် 'ကြေးကျွတ်' အလွန်ထူပြောသည်။ လေးအောင်စ မပြည့်ဘူးထင်လျှင် ခပ်စွာစွာအမျိုးသမီးများ ဈေးထဲဈေးဝယ်ရာတွင် ဈေးခေါင်း၏ သမာဓိချိန်ခွင်

http://www.cherrythitsar.org



အချိန်ခိုင်းသလို တနင်္ဂနွေတစ်ပတ်လျှင် လေးအောင်စသာရသည့် ဝက်သားတုံး ကလေးများကို အချိန်ခိုင်းတတ်၏။ သို့မို့ကြောင့် အကျဉ်းသားတစ်ယောက်လျှင် ရပိုင်ခွင့် ရှိသည့် လေးအောင်စ ဝက်သားတုံးလေးများကို ပိုသွားလျှင်လှီးထုတ်။ လိုနေပြန်လျှင် လည်း နီးပြားကလေးနှင့် ထပ်၍တွဲ၊ ထမင်းစားတော့မှ အရိုးထွင်သလို နီးပြားကလေးကို ဆွဲဖြုတ် စသည်အားဖြင့် ထောင်ထဲအကျဉ်းသား ထမင်းစားရသည်မှာ အလွန်ပင် အလုပ်ရှုပ်ပါသည်။ ယင်းကဲ့သို့ တိတိကျကျ အလုပ်လုပ်သော်ငြားလည်း ဝက်သား ဟင်း ကျွေးသည့် ဗုဒ္ဓဟူးနေ့ ညနေပိုင်းတွင် ဘယ်တော့မှ ဝက်သားဟင်းမလောက်။ အကျဉ်းသား သုံးလေးဆယ်ခန့် အမြဲတမ်း ကျန်စမြဲ။ ပုံစံထောင်ဆိုလျှင် 'မင်းတို့ နောက် တစ်ပတ်ကို ပိုစားကွာ' ဆိုလျှင် ကိစ္စပြတ်၏။ စံပြထောင်ဆိုတော့ ဘယ်ရလိမ့်မလဲ။ ထောင်မှူးကြီးသွားတိုင်မှဖြင့် ဒုက္ခ။ သို့နှင့်ပင် ကိုယ့်အိတ်ထဲမှစိုက်ပြီး မစားရသေးသော အကျဉ်းသားများကို နောက်တစ်နေ့ ဝယ်ကျွေးလိုက်ရသည်။

သို့ကလို စိုက်ရဖန်များတော့ ထောင်မှူးပေါက်စ ရသည့်လခကမှ ၁၈၅ ကျပ်၊ မစားသာတော့သဖြင့် တစ်မျိုးကြံရပြန်သည်။ အင်းစိန်ထောင် အလုပ်ဘက်တွင် အစိုးရပုံနှိပ်တိုက် ရှိသည်။ အပြင်အလုပ်သမားခ သက်သာစေရန် အင်္ဂလိပ်ခေတ် ကတည်းက ဖွင့်လှစ်ထားခြင်းဖြစ်၍၊ အပြင်လူ 'လခစား' များက ထောင် မြောက်ဘက် ဘူးမှ ဝင်ရသည်။ အကျဉ်းသားများက အလုပ်ဘက်မှတစ်ဆင့် ကူးရသည်။

ထောင်မှူးမောင်မောင်သည် ယင်းစာပုံနှိပ်တိုက်သို့သွား၍ ဖြတ်စဖြတ်န ကတ်ထူပြားကလေးများ စုဆောင်းသည်။ တစ်လက်မခွဲ ပတ်လည်ခန့် ကတ်ပြား ကလေးများဖြတ်ပြီး ရုံးတံဆိပ်ရိုက်၊ လက်မှတ်ထိုးကာ ဝက်သားစားလက်မှတ်ကလေး များ တီထွင်လိုက်သည်။ လူနှစ်ထောင်ခန့်အတွက် ကတ်ပြားဖြတ်၊ တံဆိပ်ရိုက်၊ လက်မှတ်ထိုးရသည်မှာလည်း တကယ်တော့ သိပ်မလွယ်လှ။

ကိုင်း၊ ဒီတစ်ခါတော့ ဟုတ်လောက်ပြီဟု တွက်ဆကာ အဆောင်ထောင်ပိတ် လူပေါင်းစာရင်းအတိုင်း ဝက်သားစားလက်မှတ်ကလေးများကို ကြိုတင်ဝေငှထား သည်။ ညနေကျတော့ ထမင်းထိုးရာတွင် လက်မှတ်တစ်စောင်လျှင် ဝက်သားတစ်ပုံစံ၊ တစ်ဆောင်၊ နှစ်ဆောင်၊ သုံးဆောင်၊ လေးဆောင် အလှည့်ကျ ထမင်း ထိုးသွားသည်။ ဟိုက်....။ ဖိုကြီးထဲမှ ဝက်သားဟင်းပုံစံ ပြတ်သွားပြီ။ ဖိုကြီးအပြင်မှာ ဝက်သား လက်မှတ်ကလေးတွေကိုင်လျက် ကျန်နေပါသေးကလား။ ရေတွက်ကြည့်လိုက်တော့ ဆယ့်ငါးယောက် တိတိ။ မနက်က ထောင်ရှိလူပေါင်း၊ လုပ်ထားသည့် ဝက်သား လက်မှတ်နှင့် အတိအကျ လုပ်ထားပါလျက် ဘယ်လိုလုပ် ဆယ့်ငါးယောက်စာ လိုနေ ပြန်သနည်း။ မတတ်နိုင်တော့ပြီ၊ ဆရာဟာကင် လက်ကိုပင် ဝကွက်အပ်ရတော့၏။

"ကိုဟာကင် ကြည့်လုပ်ပါဦးဗျာ။ ကျုပ်လခ တစ်လခလုံးလဲ ဝက်သားဖိုး စိုက်ရတာနဲ့ ကုန်သလောက်ပဲ"

http://www.cherrythitsar.org



သူလဲ သိလောက်ဟန် တူပါသည်။ ကြည့်ကောင်းကောင်းနှင့် ကြည့်နေသလား မပြောတတ်။

"နောက်တစ်ပတ် ကျွန်တော် ကြည့်လုပ်ပေးပါ့မယ်"

မှန်ပါသည်။ နောက်တစ်ပတ် ဆရာဟာကင်ကို ဆရာတင်ပြီးမှ အဖြေပေါ်တော့သည်။

"ဆရာ တွေ့လား"

"ဘာလဲ၊ ကိုဟာကင်"

"ရေတွေလောင်းနေတာလေ"

"အေးလေ တွေ့သားပဲ၊ ဖိုကြီး သန့်ရှင်းရေးအတွက် ရေလောင်းဆေးနေကြတာ မဟုတ်လား"

"အဲဒါ တရားခံပေါ့ ဆရာရဲ့"

ထောင်မှူးမောင်မောင်မှာ ခုထက်ထိ သဘောမပေါက်။

"ကျုပ်တော့ ဘာမှ နားမလည်ဘူးဗျာ"

ထောင်ကြပ်အုပ် ဟာကင်က အဓိပ္ပာယ်ပါပါ တစ်ချက်ပြုံးလိုက်ပြီး

"လာ ဆရာ၊ ကျွန်တော် ပြမယ်"

ဆရာဟာကင်က ပြောပြောဆိုဆို ဖိုကြီးနောက်ဖေးဘက်သို့ ခေါ်သွားသဖြင့် ထောင်မှူးမောင်မောင် ဘုမသိ ဘမသိ လိုက်သွားရသည်။ အင်းစိန်ထောင် ထမင်းချက်ဖိုကြီးမှာ စက်ဝိုင်းပုံသဏ္ဌာန်ဖြစ်၍ ဖိုကြီးအတွင်းဘက်မှ ရေမြောင်းကလေး ဖောက်ထားသည်။ ဖိုကြီးထဲ ရေလောင်းဆေးသည့်အခါ ယင်းရေမြောင်းအတိုင်း စီးသွားပြီး နောက်ဖေးဘက်မှာ ရေထွက်ပေါက် ရှိသည်။အဆိုပါ ရေထွက်ပေါက်တွင် အကျအနထိုင်၍ ရေနှင့်အတူ မျောပါလာသော ဝက်သားတုံးကလေးများကို ဆယ်နေသူကား လက်တစ်ဖက်ပြတ်နေသော မြအောင်ပါတည်း။ သူ့အနီးအနားမှာလည်း ဆေးရုံဖိုမှ ဒန်အိုးဟောင်းကလေး တစ်လုံး။ ထောင်မှူး မောင်မောင်တို့ကိုတွေ့တော့ မြအောင် ရုတ်တရက်ထွက်ပြေးရန် ထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်။ သို့သော် ဟာကင်က အလွတ်မပေး။ သူ့ချိုင်းတွင် ထာဝစဉ် ညှပ်ထားလေ့ရှိသော လက်ကိုင်တုတ်တိုဖြင့် မြအောင် ခေါင်းတစ်ချက်တီးလိုက်သည်။

"ဟေ့ကောင် မပြေးနဲ့၊ မင်းနဲ့ ဖိုကြီးထဲကကောင်တွေနဲ့ ပေါင်းပြီး လုပ်နေတာကြာပြီ"

အဲဒီ ဗုဒ္ဓဟူးနေ့ကစပြီး ထောင်မှူးမောင်မောင် ဝက်သားဖိုး မစိုက်ရတော့ပေ။ ထောင်မှူးမောင်မောင်တို့ အင်းစိန်ထောင်တွင် ရှိစဉ်က အချိန်ရှိသမျှ စိတ်ညစ်နေရသည်တော့ မဟုတ်ပါ။ တစ်ခါတလေတော့လည်း ပျော်စရာလေးတွေ၊ ရယ်စရာလေးတွေကြုံတွေ့ရတတ်ပါသေးသည်။ မကြုံကြုံအောင် ဖွတ်ဖန်တီးယူရသည်များလည်း ရှိခဲ့၏။

http://www.cherrythitsar.org



ဘာပဲပြောပြော ဗဟိုအကျဉ်းထောင်ချင်း အတူတူ အင်းစိန်ထောင်နှင့် ၁၂ မိုင်သာ ဝေးသည့် ရန်ကုန်ထောင်တွင် ရှိနေကြသော ထောင်မှူးတွေနှင့် မတူတာကတော့ အမှန်။ ရန်ကုန်ထောင်က ထောင်မှူးတွေများ အင်းစိန်ထောင်က ထောင်မှူးတွေလို ညည်းသံညူသံ အလျှင်းမကြားရ။ တာဝန်ထမ်းဆောင်ရတာချင်းအတူတူ ဘာပြဿနာမှ မပေါ်ကြ။ ပျော်လို့ ရွှင်လို့။ ဘယ်တူနိုင်ပါ့မလဲ၊ အုပ်ချုပ်သည့် ထောင်ပိုင်ချင်းမှ မတူဘဲ။ အင်းစိန်ထောင်ကို အုပ်ချုပ်သူက ဝဏ္ဏကျော်ထင် ဦးတင်မောင်၊ စည်းကမ်း ကလနား အလွန်ကြီးမား၍ စာအုပ်ကြီး အသေကိုင်ထားသူ။ ရန်ကုန်ထောင်ပိုင်ကြီးက ဝဏ္ဏကျော်ထင် ဦးဆိတ်။ ဝဏ္ဏကျော်ထင်ချင်းတော့ အတူတူပါပဲ။ သို့သော် သူက ဦးတင်မောင်လို စည်းကမ်းသိပ်မကိုင်။ သောက်ကာ စားကာနှင့် ပျော်ပျော်ပါးပါး အုပ်ချုပ်တတ်သူ။

ညနေခင်း ထောင်ပိတ်ပြီးလို့ ထောင်ပိုင်ကြီး အိမ်ပေါ်တက်သွားပြီလား ဆိုမှ ဖြင့်....

"ဟော့ကောင်တွေ သောက်သွားကြဦးလေကွာ။ တစ်ခွက်တစ်ဖလား"

ဟော၊ ဘယ်လောက် အဆင်ပြေလိုက်သလဲ။ သူကတော့ ပိုကာဝိုင်းမှာ ဒူးကလေးနှံ့လို့။ ထောင်ပိုင်ကြီး ဦးဆိတ်သည် မည်မျှလောက်အထိ ပျော်ပျော်ကြီး အုပ်ချုပ် သွားပါသနည်းဆိုလျှင်....

နေ့ခင်းပိုင်း အားလပ်ချိန် အပျင်းပြေ ပိုကာဒေါင်းနေပြီဆိုပါတော့။ တရားရေး ဝန်ကြီးဌာနမှ အတွင်းဝန်သည် ရုံးကိစ္စပေါ်သဖြင့် ရန်ကုန်ထောင်သို့ ရောက်လာတတ် သည်။ အတွင်းဝန်ဆိုသဖြင့် အထင်မသေးလိုက်လေနှင့် တရားရေးဝန်ကြီးဌာနတွင် ဝန်ကြီးပြီးလျှင် အတွင်းဝန်မှာ အာဏာအရှိဆုံး။ ဝန်ကြီးက အမိန့်ပေးထားပြီးလျှင် သူသည် အမိန့်အရဟု လက်မှတ်ထိုးနိုင်သူ။ ယင်းအတွင်းဝန် ရန်ကုန်ထောင်ဘူးဝသို့ ကားရပ်ပြီး အတွင်းဝန်တစ်ယောက် ရန်ကုန်ထောင်ဝ ရောက်ရှိကြောင်း သတင်းပို့သည့် တိုင်အောင် ထောင်ပိုင်ကြီး ဦးဆိတ်၊ ဖြုသည်ထင်ပါသလား။ လုံးဝ မဖြုပါ။ ဖဲဝိုင်းက မထပါ။ "အေး အေး၊ ထောင်ပိုင်လေး ခေါ်ပေးလိုက်ကွာ"တဲ့။ ပိုကာဒေါင်းရင်းက သို့ကလို တယ်လီဖုန်းဖြင့် ထောင်ကြီးထဲက လှမ်းပြောလိုက်တတ်သည်။

တရားရေးဝန်ကြီးပြီးလျှင် ဒုတိယအာဏာအရှိဆုံး အတွင်းဝန်မှာလည်း ထောင်ပိုင်ကြီး ဦးဆိတ်၏ အစီအစဉ်ကို မလွန်သာပါ။ ထောင်ပိုင်ကလေးနှင့်ပင် ကိစ္စပြီး ပြတ်လိုက်ရ၏။ သို့ကလောက် အာဏာအရှိန်အဝါ ကြီးမြင့်ခဲ့သော ထောင်ပိုင်ကြီး ဝဏ္ဏကျော်ထင် ဦးဆိတ်။ သူ့လက်အောက် မလုပ်ဖူးသဖြင့် သူ့အကြောင်းတော့ သိပ် မသိ။ သို့ပေမယ့် သူ့ဂုဏ်သတင်းကား ကြီးမားလှပါဘိ။

ထိုစဉ်က မြန်မာစာ ရုံးသုံး မဖြစ်သေး။ စာရေးဝန်ထမ်းကလည်း ပြည့်ပြည့်ဝဝ မရှိသေး။ ဒီတော့ ထောင်မှူးမောင်မောင်တို့ ကိုယ်တိုင် အင်္ဂလိပ်လက်နှိပ်စက်ဖြင့်

http://www.cherrythitsar.org



အစီရင်ခံစာ ရေးရသည်။ တစ်ခါတလေများ ညလုံးပေါက်....။

အင်္ဂလိပ်စာ ရုံးသုံး ဆိုလို့ ထောင်ပိုင်ကြီး ဦးတင်မောင်အကြောင်း ပြန်ပြောင်း သတိရမိသေးသည်။ ထောင်ပိုင်ကြီးသည် ရုံးစာများကို အင်္ဂလိပ်လိုစာကြမ်းတင်ရာတွင် အလွန် ကြေးကျွတ်များ၏။ ထောင်မှူးမောင်မောင်တို့လည်း အင်္ဂလိပ်မြန်မာ ဆယ်တန်း အောင်လာသည့်တိုင် အင်္ဂလိပ်လို သိပ်ကြီး ကျွမ်းကျွမ်းကျင်ကျင် ရှိလှသည် မဟုတ်ပါ။ နိုင်နိုင်နင်းနင်း ရှိလှသည် မဟုတ်ပါ။ ဒီလိုပဲ လုပ်ရင်းကိုင်ရင်း အမှုတွဲဟောင်းတွေကို ကြည့်ကာ ရေးရချွတ်ရခြင်း ဖြစ်၏။ သို့တိုင်အောင် စာကြမ်းတစ်ခု သွားတင်ပြီဆိုလျှင် မျက်မှောင်ကြီး ကုပ်ပြီး ဟိုနေရာပြင်၊ ဒီနေရာဖျက်၊ စာကြမ်းတစ်ခုလုံး ပြင်ရာ၊ ဖျက်ရာ တွေက တင်းကျမ်း။ နောက်ပြီး ပြောလိုက်သေးသည်။ "ခင်ဗျားတို့ ဘယ်လိုလုပ် ဆယ်တန်းအောင်လာတာလဲ"တဲ့။ ယင်းကဲ့သို့ အပြောခံရဖန်များလာတော့ ထောင်မှူး မောင်မောင်လည်း အတော်လေးခံပြင်းလာမိသည်။ သို့နှင့်ပင် တစ်ကြိမ်တွင်မူ၊ ထောင်ပိုင် ကြီး ယခင်တစ်ကြိမ်လက်မှတ်တို ရေးထိုး၍ အတည်ပြုခဲ့ပြီးဖြစ်သော စာကြမ်းကို ဘောင်းဘီအိတ်အတွင်း အသာလေးခေါက်၍ ထည့်လာခဲ့သည်။ အကြောင်းအရာ ကိစ္စရပ်မှာလည်း ထပ်တူထပ်မျှဖြစ်၍ အကျဉ်းသားနံပါတ်၊ အမည်နှင့် ခရိုင်ရာဇဝတ် တရားသူကြီး နေရပ်လိပ်စာသာလျှင် အပြောင်းအလွဲရှိသည်။ ထုံးစံအတိုင်း ထောင်ပိုင် ကြီးသည် ပတ်ကားဖောင်တိန်အဖုံးဖွင့်ကာ ဟိုပြင်၊ ဒီပြင် ပြင်ပါလေတော့သည်။ ထောင်မှူးမောင်မောင်က ဘာမှ မပြောဘဲ အသာလေး ငြိမ်နေလိုက်၏။ စာကြမ်းကို မျက်လုံးပြူးပြဲကြည့်ကာ အစမှအဆုံး တစ်ခေါက်ဖတ်၍ ပြင်၏။ ပြီးတော့ ဒုတိယ အကြိမ် တစ်ခေါက်ပြန်ဖတ်ရင်း ထပ်ပြင်ပြန်၏။ သို့ကလို ပြင်ရင်းက၊

"ခင်ဗျားတို့လူငယ်တွေ အင်္ဂလိပ်စာလေး ဘာလေး တိုးတက်မှုရှိအောင် ကြိုးစားဦးမှပေါ့ဗျ။ အခုတော့ ဆယ်တန်းအောင်လာတယ်သာ ပြောတယ်။ ရေးထား တဲ့ အင်္ဂလိပ်စာကတော့ ဘဲရီးပူးဝါးပဲ"

ဒီတစ်ခါတော့ ထောင်မှူးမောင်မောင် ဘယ်လိုလုပ်မှ ငြိမ်၍ မခံနိုင်တော့ပေ။ သို့ဖြစ်၍ ဘောင်းဘီအိတ်အတွင်းမှ စာရွက်ခေါက်ကလေးကို ထုတ်၍ ဖြန့်ပြီး ထောင်ပိုင် ကြီး စားပွဲပေါ်တင်လိုက်သည်။

"ဟောဒီမှာ အလျင်တစ်ခါ ဆရာကြီး လက်မှတ်ထိုးထားတဲ့ဒရပ်ဖ်ပါ။ အကြောင်းအရာနဲ့ ကိစ္စရပ်ကလည်း အတူတူပါပဲ။ အကျဉ်းသား နာမည်၊ နံပါတ်နဲ့ ခရိုင်ရာဇဝတ်တရားသူကြီး လိပ်စာသာ ပြင်ရေးခဲ့ရတာပါ"

ထိုအခါ ထောင်ပိုင်ကြီးသည် ထောင်မှူးမောင်မောင် တင်ပြသော စာကြမ်း အဟောင်းကို နှာခေါင်းရှုံ့ပြီး ပြန်ဖတ်သည်။ ပြီးတော့မှ နောက်ထပ်တင်သော စာကြမ်း ကို ဆောင့်ကြီးအောင့်ကြီး လက်မှတ်ရေးထိုး လိုက်လေတော့သတည်း။

ထောင်မှူးမောင်မောင်တို့ အလုပ်ဝင်စက အဲဒီလောက် လုပ်ရကိုင်ရ ကျပ်လှ

http://www.cherrythitsar.org



သည်။ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ခဲ့ရသည်။

ဒါဖြင့် လုပ်လို့ ကိုင်လို့ကောင်းသည့် ရန်ကုန်ထောင်ကို ပြောင်းပါလားတဲ့။ အဲဒါက သာပြီးမလွယ်သေး။ အပေါင်းအသင်းရှိမှ၊ အကပ်အရပ်ရှိမှ။ ဒီတော့ ပျော်တာ မပျော်တာ အပထား။ ကိုယ်လည်း ဘာမှ မတတ်နိုင်တဲ့ အတူတူ အင်းစိန်ထောင်မှာပင် အောင့်အည်းသည်းခံကာ ဆက်လုပ်ပေဦးတော့ပေါ့။ အဲဒီထောင်ပိုင်ကြီးကို နိုင်တဲ့ ထောင်မှူးတစ်ယောက်တော့ ရှိခဲ့ဖူးသည်။ သူ့ နာမည်က ဦးဘမြိုင်။ ဘာကြောင့်မှန်း မမှတ်မိတော့။ သူ့ကို လူအများက ဗိုလ်ကြီးဘမြိုင်ဟု ခေါ်ကြသည်။ ထောင်မှူး တိုက်ရိုက်ဖြစ်လာသူမဟုတ်ဘဲ လက်အောက်ဝန်ထမ်းမှ တက်လာသူဖြစ်၏။ အရက် တော့ အလွန်ကြိုက်သည်။ အရက်ကလေး ခပ်ထွေထွေဖြင့် ထောင်ထဲ ဝင်ချင် ဝင်တတ် သည်။ ထောင်ထဲ ရောက်တော့လဲ အေးအေးမနေ။ အကျဉ်းသားတွေက သီချင်းဆို ပေးပြီး ဝိုင်းလက်ခုပ်တီးပေးလျှင် ကွေးနေအောင် ကတတ်သည်။

အကြောင်းတစ်ခုခုကြောင့် ထောင်ပိုင်ကြီးက ဆူပူကြိမ်းမောင်းပြီဆိုလျှင် ဘာမှ ခံမပြောဘဲ ငြိမ်နေလိုက်၏။ သို့သော် ညနေပိုင်းရောက်သောအခါ အရက်တစ်မူး သောက်ပြီး ထောင်ပိုင်ကြီးနေအိမ်ဖြစ်သော ထောင်ဘူးဝရှေ့တွင် ပုဆိုးစလွယ်သိုင်းကာ ကလော် တုတ်ပါလေတော့သည်။ ထောင်ပိုင်ကြီးကမူ ဦးဘမြိုင်မူးနေမှန်းသိ၍ ချက်ချင်း ဘာမှ မပြောသေးဘဲ နောက်တစ်နေ့နံနက်မှ အရေးယူမည်ဟု ကြံရွယ်ထားသည်။

သို့သော် ထောင်ပိုင်ကြီး အရေးယူချိန် မရလိုက်ပါ။ နောက်တစ်နေ့ နံနက် ခုနစ်နာရီခန့် ထောင်ပိုင်ကြီး အောက်မဆင်းခင် အုန်းပွဲ၊ ငှက်ပျောပွဲဖြင့် အိမ်ပေါ်တက်၍ ကန်တော့လိုက်ရာ ထောင်ပိုင်ကြီးမှာ စိတ်ဆိုးရအခက်၊ စိတ်မဆိုးရအခက်နှင့် ခွင့်လွှတ် လိုက်ရလေတော့သည်။ ဒါလည်း တစ်ကြိမ်တည်းမဟုတ်။ ထောင်ပိုင်ကြီး ဆူတိုင်း လုပ်တတ်၏။ ထောင်ပိုင်ကြီးကလည်း သူ့ကို ပင်စင်သွားခါနီးမို့ ခွင့်လွှတ်ထားဟန် တူပါသည်။ အသက်ငါးဆယ့်ငါးနှစ်ပြည့်၍ အငြိမ်းစားယူသွားရာ သုံးလေးကြိမ် လောက်နှင့် ကိစ္စ ပြတ်သွား၏။

နောက်တစ်ယောက်။ ယင်းထောင်ပိုင်ကြီးကို ကလန်ကဆန်လုပ်ရဲသူမှာ ထောင်မှူးကြီးဦးစိန် ဆိုသူဖြစ်၏။ မြင်းလောင်း အလွန်ဝါသနာပါသဖြင့် မြင်းဦးစိန် ဟုလည်း ခေါ်ကြသည်။ အဆဲတော့ အလွန်သန်သည်။ အကျဉ်းသား မပြောနှင့်။ ထောင်မှူးမောင်မောင်တို့ တစ်တွေပင် သူ့အဆဲခံဖတ်တွေဖြစ်ကြ၏။ ထောင်မှူးကြီး ဦးစိန် ထောင်ထဲသို့ ရောင်း (round) ဝင်သွားပြီဆိုလျှင် အကျဉ်းသားတစ်ယောက်ကို တွေ့လိုက်သည်နှင့် "ဟေ့ကောင် မအေ...."ဟု စဆဲ၍ နှုတ်ဆက်လိုက်သည်။ ပြီးမှ "ဗုဒ္ဓဝါဒီ မြန်မာပြည်၊ နင်ဘယ်သူလဲ"မေးလိုက်သည်။ အကျဉ်းသားက "ကျွန်တော် သာဇံပါ"ဟုပြန်ဖြေလျှင်၊ "အေး....၊ နင် ဘာမှုလဲ"ဟု ဆက်မေးပြန်သည်။ "ကျွန်တော် လူသတ်မှုပါ ဆရာကြီး"ဟု ဖြေရာ၊ "ငါးပါးသီလတော့ လုံအောင်ထိန်းမှပေါ့ မအေ

http://www.cherrythitsar.org



ပေးရ”ဟု ဆဲကာ ရှေ့ဆက် လျှောက်သွားတော့သည်။

နောက်ထပ် အကျဉ်းသားတစ်ယောက် တွေ့ပြန်လျှင် “ဗုဒ္ဓဝါဒီ မြန်မာပြည် နင်ဘယ်သူလဲ”ဟု မေးပြန်သည်။ “ကျွန်တော် ကံကောင်းပါ”။ “ဟ.... ခွေးမသား၊ ကံကောင်းလျှင် ထောင်ကျပါ့မလား။ ကံမကောင်းလို့ ထောင်ကျတာပေါ့။ မင်းနာမည် မြန်မြန်ပြောင်းပစ်၊ ဒါနဲ့ နင်က ဘာမှုလဲ”။ “ကျွန်တော်က ခိုးမှုပါ”။ “ဟဲ့.... မသာ၊ ငါးပါးသီလ နိုင်အောင်ထိန်းကွ”ဟု ဩဘာပေးလိုက်ပြန်သည်။

နောက်ထပ် တွေ့သမျှ အကျဉ်းသားတွေကိုလည်း ငါးပါးသီလနှင့်သာ အမြဲ ကိုင်ပေါက်သွားသည်။ ဘာအမှုပဲလာလာ သူကတော့ ငါးပါးသီလက တစ်ပြားမျှ မလျော့။ ဟုတ်တော့ ဟုတ်ပေသားပေါ့။ အမှုမှန်သမျှ ငါးပါးသီလနှင့် ဘယ်မှာကင်း နိုင်ပါ့မလဲ။ လူတိုင်းလူတိုင်းသာ တကယ်တမ်း ငါးပါးသီလမြဲနေမှုဖြင့် ဘာအမှုမှ ဖြစ်စရာမလို။ ထောင်တွေ၊ ရုံးတွေ၊ ရဲဌာနတွေ မလို။

သို့သော် တစ်ချီတစ်ချီတော့လည်း ထောင်မှူးကြီး ဦးစိန် ချောက်ကျရတတ် သည်။

“ဘာအမှုလဲ ခွေးသူခိုး”

“ကျွန်တော် မီးရထား လက်မှတ်မဲ့ စီးမှုပါ”

“အေး.... ငါးပါးသီလ နိုင်အောင်ထိန်း”ဟု ပြောပြီးခါမှ သိပ်မဆိုင်ဘူးဟု သဘောရကာ “နောက်ကို လက်မှတ် ဝယ်စီးကွ” ဟု လျှောချလိုက်တတ်သည်။

ပြီးတော့မှ ပြန်လည်သတိရဟန်ဖြင့်–

“ရထားခိုးစီးတာလဲ အဒိန္နာဒါနပါပဲကွာ” တဲ့။

ထောင်မှူးကြီးဦးစိန် ထောင်တွင်းရောင်းလှည့်၍ နောက်ဆုံးစခန်းချရာ နေရာကား နံပါတ် ၃ တိုက်မှ အခန်းတစ်ခန်းဖြစ်သည်။

■

http://www.cherrythitsar.org

# ၂၃

လူမိုက်များ သုံးလေ့ရှိသည့် "ထောင်အပြင် တန်းမရှိဘူး" ဆိုသော စကားမှာ အလွန်ပင် မှားသည်။ ထောင့်အပြင် တန်းရှိ၏။ တန်းမရှိလို့ မဖြစ်။ အပြင်လောကတွင် ဆိုးသွမ်းဟော့ရမ်းသူတို့ရှိသလို ထောင်တွင်းမှာလည်း ရှိ၏။ အပြင်လောကမှ ကိုရမ်းကားတို့အတွက် ရဲစခန်းရှိရသလို ထောင်ထဲရောက်လာမှတော့ အပြင်လောက ထက် ပိုတော့မပေ့ါ။ ယင်းသကောင့်သားများအတွက် ထောင့်အပြင် တန်းရှိဦးမှပေ့ါ။

မကောင်းသည့်ဘက်တွင် သာမန်အထက် ဖြစ်ကြကုန်သော ကိုရွှေရာဇဝတ် ကောင်တို့သည် အုတ်ရိုးလေးဖက်လေးတန် ကာရံထားသည့် ထောင်တွင်းရောက် သည့်တိုင်အောင် အေးဆေးငြိမ်သက်စွာ နေသည်ထင်ပါသလား။ မထင်လိုက်ပါလေ နှင့်။ ထင်ခဲ့လျှင် အလွဲကြီး လွဲချိမ့်မည်။

ထောင်ထဲရောက်နေသည့် အကျဉ်းသား အချင်းချင်းရယ်လို့ မညှာတာ။ မစာနာတတ်။ သူ့ပစ္စည်း ငါ၊ ငါ့ပစ္စည်း သူ၊ လစ်လျှင် ခိုးသည်၊ တိုသည်။ ထောင်ထဲမှာ ရှိသည့် အစိုးရပစ္စည်းဆိုတာကတော့ လုံးဝထည့်ပြောစရာမလို။ ယခင်အပတ်က ရေးခဲ့ သည့် ဝက်သားတုံးခိုးတာက အသေးအဖွဲ၊ ဂိုဏ်းဂဏဖွဲ့၍ အလုပ်ဘက်ဟုခေါ်သော စက်မှုလက်မှုဌာနမှ ပစ္စည်းပစ္စယ ရသမျှအကုန်ခိုးတတ်သည်။ ဒါက ခိုးမှုတစ်ခုတည်းကို ပြောနေခြင်းဖြစ်၍ ထောင်ထဲတွင် အခြားဖြစ်တတ်ပျက်တတ်သော အမှုတွေအများကြီး။ ထောင်ထဲရောက်လာမှတော့ မင်းလဲ လူမိုက်၊ ငါလဲ လူမိုက်ပဲ၊ စွာတာတာ လာမလုပ်နှင့်၊ ဟင်း....၊ ဆော်ပတော်တီးပစ်လိုက်မည်။ တကယ်လည်း တီးပါသည်။ တီးလိုက်သမှ ထောင်ထဲတွင် လူသတ်မှုအထိ ဖြစ်သည်။ ယောကျ်ားအကျဉ်းသားတွေ မဆိုထားဘိ၊

http://www.cherrythitsar.org



မိန်းမအကျဉ်းသူတွေထဲမှာပင် ဇော်ဂနီတွေ၊ ဇော်ဂနက်တွေ တစ်ပုံတစ်ပင်ကြီး။ (နောက်တော့မှ အလျဉ်းသင့်လျှင် ရေးပြပါဦးမည်။) ဒါတွင်လားတဲ့။ မကသေးပါ။ ယခင်က အလွန်များပြား၍ ယခုခေတ် ပပျောက်စပြုပြီဖြစ်သော အေအိုင်ဒီအက်စ်ရောဂါ စတင်ဖန်တီးသည့် ယောကျ်ားချင်း သံဝါသပြုမှုကလည်း ရှိလိုက်သေးသည်။ ထောင် ဝေါဟာရ အရတော့ 'အိုးစားဆွယ်သည်'ဟု ခေါ်သည်။ အဲဒီလို ကောင်စားတွေကို ထောင်ထဲမှာ ဘယ်သွားထားမည်နည်း။ သူတို့အတွက် နေရာရှိရဦးမှာပေါ့။ ထောင့် အပြင် တန်းရှိမှ ဖြစ်တော့မပေါ့။ သို့နှင့်ပင် အကျဉ်းထောင်တွေ စဆောက်ကတည်းက သင်းတို့အတွက် နေရာထိုင်ခင်း ဆောက်ခဲ့ရ၏။ အဲဒါ တိုက်ခန်းတွေပင် ဖြစ်သည်။ ထောင့်အပြင် တန်းမှာ တိုက်ခန်း။

ထောင်မှူးကြီးဦးစိန် စတည်းချရာ တိုက်နံပါတ် ၃ ဆိုသည်မှာ အင်းစိန်ထောင်တွင် ရှိသည့် တိုက်ကြီး ၄ တိုက်အနက် ပုံစံတစ်မျိုး ဖြစ်၏။ တစ်ခန်းချင်းလည်း ရှိသည်။ နှစ်ခန်း သို့မဟုတ် သုံးခန်းကို စုစည်းပြီး အပြင်မှ အုတ်ရိုး ကာရံထားသည်လည်း ရှိသည်။ ဆိုလိုသည့်သဘောမှာ တစ်ဦးချင်း ထားချင်သလား၊ သုံးဦးထား မလား။ ထောင်အုပ်ချုပ်ရေး သဘောအရ အဆင်ပြေသလို ထားနိုင်သည်။

အင်္ဂလိပ်အစိုးရများ တကယ့်ကိုအမြော်အမြင်ကြီးမားလှသည်။ ယင်း နံပါတ် ၃ တိုက်မှာပင် နိုင်ငံတော် လုပ်ကြံမှုကြီး၏တရားခံ ဂဠုန်ဦးစောကို ထားခဲ့ခြင်း ဖြစ်၏။

ထောင်မှူးကြီးဦးစိန် စတည်းချရာ တိုက်ခန်းတွင်မူ သံခုတင်တစ်လုံးရှိသည်။ မွေ့ရာ ခေါင်းအုံးနှင့် အိပ်ရာ အကျခင်းထားသည်။ ထောင်မှူးကြီး ရောက်လာမည့်အချိန်တွင် နင်းနှိပ်ပေးမည့် အကျဉ်းသား နှစ်ယောက်က အရန်သင့်။ ထောင်ပိုင်ကြီးသည် ဆူစရာကြိမ်းစရာရှိလျှင် ထောင်မှူးကြီးအဆင့်ကိုလည်း ချမ်းသာမပေးတတ်ပေ။ ထိုအခါမျိုးတွင် ထောင်မှူးကြီး ဦးစိန် ဘာလုပ်သည် ထင်ပါသနည်း။ သူ့ရုံးခန်းသို့ ပြန်သွားပြီး သူ၏အကျဉ်းသားဘာယာအား "ထောင်ပိုင်ကြီးမေးရင် ငါရောင်း (round) သွားတယ် ပြောလိုက်ကွာ၊ ငါ့လိုက်မခေါ်နဲ့"သို့ကလို ပြောပြီး၊ နံပါတ် ၃ တိုက်သို့သွားကာ အနှိပ်ခံနေတတ်သည်။ အကြောင်းရှိလို့ လိုက်ခေါ်လျှင်လည်း "ငါ့ကို မတွေ့ဘူးလို့ ပြောလိုက်" ဆိုပြီး အော်လွှတ်တတ်သည်။

ကြာလာတော့ ထောင်ပိုင်ကြီးလည်း ရိပ်မိသွားဟန် တူပါသည်။ ထောင်ထဲသို့ မယောင်မလည်လိုက်သွားပြီး ဦးစိန်အနှိပ်ခံနေသည့် တိုက်ခန်းရှေ့ ခါးထောက် ရပ်ကာ "အင်း၊ ထောင်မှူးကြီး ထောင်ထဲ ရောင်းလှည့်ပုံကလဲ တယ်ကောင်း"။ ထိုအခါ ဦးစိန်သည် အိပ်ရာက လူးလဲထကာ "မတတ်နိုင်ဘူး ဆရာရယ်၊ ကျောပူတာ ခံနိုင်သေး တယ်၊ နားပူတာ မခံနိုင်တော့ဘူး"။ "နားပူတာ မခံချင်ရင် မခံရအောင် လုပ်ကြပေါ့ဗျ" ယင်းသို့ပြောပြီး ဆောင့်ကြီးအောင့်ကြီး ထွက်သွားလေတော့သည်။

အဲဒီထောင်ပိုင်ကြီးကို ထောင်မှူးမောင်မောင်တို့လည်း ကူလီကူမာ လုပ်ခဲ့ဖူး

http://www.cherrythitsar.org



ပါသေးသည်။ ဖြစ်ပုံက ဒီလိုပါ။ ထောင်မှူးမောင်မောင် မန္တလေးထောင်မှ အင်းစိန်ထောင် ပြောင်းရွှေ့ခဲ့ပြီး အင်းစိန်ထောင်ရောက်စ ပထမထောင်မှူး နေအိမ် နေရကြောင်း၊ မိမိထက် စီနီယာထောင်မှူး ရောက်လာသောအခါ လက်ရှိနေအိမ်ကို ဖယ်ပေးလိုက်ရပြီး ထောင် ကြပ်အုပ်နေအိမ် ဆင်းနေရကြောင်း ရှေ့တွင် ရေးသားခဲ့ပြီးပြီ။

အဲဒီလိုနေရင်းက တစ်စတစ်စနှင့် ကိုယ့်စီနီယာကျသည့်အလှည့်သို့ ရောက် လာခဲ့သည်။ အိမ်ကလည်း အရန်သင့်ရှိနေပြီ။ သို့သော် လွယ်လွယ်နှင့်ကား မရ၊ အတော်လေး ပူညံပူညံ လုပ်ယူလိုက်ရသေးသည်။ ဒီနေရာမှာ ကွယ်လွန်သူ လုပ်သက် ရင့် ထောင်မှူး ဦးမောင်မောင်ကြီး၏ ပြောစကားကို ပြန်လည်ကြားယောင်မိသေးသည်။ သူသည် စစ်ကြိုခေတ်ကတည်းက ထောင်မှူး။ ဝင်လိုက်ထွက်လိုက်နှင့် စစ်ပြီးခေတ် ရောက်သောအခါ သူနှင့်တစ်ပတ်တည်း ထောင်မှူးဝင်ခဲ့သူ ထောင်ပိုင်ကြီး၏ လက် အောက်တွင် ထောင်မှူးကလေးဘဝနှင့် လုပ်နေပြီး ပင်စင်သွားခဲ့သူ ဖြစ်၏။

“ဒီမှာ ကိုရင်ရန်အောင် ကိုယ်ရစရာရှိတဲ့ အခွင့်အရေးကို ခပ်အေးအေးလေး တောင်းနေလို့ ဘယ်တော့မှ လွယ်လွယ်နဲ့ မရဘူး။ အောက်လက်သီးလေး ဘာလေး ထိုးပေးတတ်ရတယ်ဗျ”

“အောက်လက်သီး ဆိုတာ ဘာလဲ အန်ကယ်ရ”

အသက်အရွယ်ကိုထောက်၍ ထောင်မှူးအချင်းချင်း ဖြစ်သော်လည်း ရိုသေ သမှုအရ အန်ကယ်ဟု ခေါ်ကြသည်။

“အောက်လက်သီးဆိုတာ ကိုယ့်အထက်လူကြီးကို ကိုယ်မှန်တဲ့အကွက် တွေ့ ထားလျှင် ပူညံပူညံလုပ်ပေးရတယ်ဗျ။ တချို့အထက်လူကြီးက ခံမှန်းသိရင် ဖိထောင်း တတ်တာ။ အဲဒါ အောက်လက်သီးပေါ့။ ”

အထက်ကဆိုခဲ့သည့်အတိုင်း ပူညံပူညံ လုပ်လွန်းမကလုပ်မှ ထောင်မှူးနေအိမ် ရသည်။ အင်းစိန်ထောင်အနောက်ဘက် ဘောလုံးကွင်းရှေ့ အိမ်အသစ်လေးအိမ်အနက် အရှေ့ဘက်အကျဆုံးအိမ်။ P.W.D. ခေါ် Public Works Departmentမှ ဆောက် လုပ်ပေးထားသော အိမ်များဖြစ်၍ ရေလည်းသွယ်ပြီးပြီ။ အိမ်အတွင်း မီးကြိုးများလည်း သွယ်တန်းပြီးပြီ။ သို့သော် မီးမရသေး။ မီးသာမရတာ အိမ်ရှေ့မှာ လမ်းမီးတိုင်ကြီး ရှိနေသည်။ ထောင်မှူးမောင်မောင်၏ အိမ်အနောက်ဘက်ကပ်လျက်က ဈေးတိုက် ထောင်မှူးဦးမျိုးဇင်၊ လူပျို။ သူ့အိမ်နှင့်ကန့်လန့်ဖြတ်က ထောင်မှူးဦးအောင်တင့် အိမ်၊ သူလည်း လူပျို (ယခု အကောက်ခွန်)။ ဦးအောင်တင့်အိမ် မြောက်ဘက်က ထောင်မှူး ဦးကြင့် အိမ်၊ သူက အိမ်ထောင်နှင့် စီနီယာထောင်မှူး။ ထောင်မှူးလေးဦးစလုံးကပင် လမ်းမီးနှင့် အိမ်မီး ဆက်သွယ်ပေးကြရန် ထောင်မှူးကြီး၊ ထောင်ပိုင်လေးတို့မှ တစ်ဆင့် ထောင်ပိုင်ကြီးထံ တင်ပြကြသည်။ သို့သော် မီးသွယ်မပေး၊ ပီဒဗလျူဒီသို့ စာရေးထား ကြောင်း၊ သူတို့ လာဆက်ပေးမှ ဖြစ်မည်ဖြစ်ကြောင်းသာ ခပ်ပေါ့ပေါ့ သိရသည်။

http://www.cherrythitsar.org



ဒီတော့ မောင်မောင်တို့ ထောင်မှူးလူပျိုသုံးယောက် တိုင်ပင်ပြီး ကိုယ့်နည်းကိုယ့်ဟန်နှင့် ယခုခေတ်မီးခိုးသွယ်သလို ဝါယာကြိုးနှစ်စ ဝါးခြမ်းပြားထိပ်ညှပ်ပြီး ညနေမိုးချုပ်လျှင် လမ်းမီးတိုင်ချိတ်သည်။ နံနက်မိုးလင်းလျှင် ဖြုတ်သည်။ အိမ်ထောင်သည်ဦးကြင်မှာ ညိုလို့မရ။ ဆယ့်လေးငါးရက် မကြာပါ။ ထောင်ပိုင်ကြီးဦးတင်မောင် သိသွားပြီး သူ့ရုံးခန်းထဲခေါ်ဆူသည်။ ထုချေလွှာတောင်းသည်။ သည်တော့ ထောင်မှူး မောင်မောင်တို့ သုံးယောက် ဘာလုပ်သည် ထင်ပါသနည်း။ သုံးယောက်သား တီးတိုးတိုင်ပင်ညှိနှိုင်းထားကြသည်။ တစ်ည ထောင်မှူးမောင်မောင်ထောင်တွင်းမှ ညဥ့် ရောင်းလှည့်ပြီး ပြန်အလာ၊ အချိန်အားဖြင့် ညနှစ်နာရီခွဲခန့် ဘောလုံးကွင်းထိပ် အရောက်တွင် အိတ်ထဲမှ ခရာကိုထုတ်၍ အသံကုန်မှုတ်ပါလေတော့သည်။ အကျဉ်းထောင်ထုံးစံအရ ခရာမှုတ်သံကြားလျှင် နီးရာမျှော်စင်မှ သံချောင်းခေါက်ရမည်ဖြစ်သဖြင့် အနီးဆုံး နံပါတ် ၁ မျှော်စင်မှ သံချောင်းစခေါက်သည်။ သူ့အသံကြားတော့ တခြားမျှော်စင်တွေကလည်း သံချောင်းလိုက်ခေါက်သည်။ နောက်ဆုံး ဗဟိုကင်းကြီးမှ ခွေးဥသြသံကြီး ထွက်ပေါ်လာသည်။

ထောင်ပိုင်ကြီး ဦးတင်မောင် ဘယ်လိုလုပ် နေနိုင်တော့မည်နည်း။ လက်နှိပ်ဓာတ်မီးကြီးကိုင်၍ လိမ့်လိမ့် လိမ့်လိမ့်နှင့် ပေါက်ချလာသည်။ အရပ်ပုပု၊ လူခန္ဓာကိုယ်က ဝဝတုတ်တုတ် ဖြစ်၏။ အရာရှိနှင့် အခြားအဆင့်တွေလည်း အတော်စုံနေပြီ။

"ဘယ်သူ ခရာစမှုတ်တာလဲ"

ထောင်မှူး မောင်မောင်က....

"ကျွန်တော် မှုတ်တာပါ"

"ဘာပြုလို့ မှုတ်ရတာလဲ"

"ထောင်မှူး ဦးအောင်တင် အိမ်ကို သူခိုးတက်နေတာ မြင်လို့ပါ"

ဦးအောင်တင် အိမ် သွားကြည့်ကြသည်။ ခြေရင်းပိုင်း ပြတင်းပေါက်တွင် ဝါးလုံး နှစ်လုံး ထောင်လျက် တွေ့ရ၏။ ထောင်ပိုင်ကြီးက ဒေါကြီး မောကြီးနှင့်၊

"ခရာက အကျဉ်းသားပြေးမှ မှုတ်ရတာပဲ"

"ဒါတော့ ကျွန်တော်မသိဘူး ဆရာကြီး။ သူခိုးတက်နေတာ မြင်တော့ ကျွန်တော့် လက်ထဲမှာလဲ ဘာလက်နက်မှမရှိဘူး။ ဘူးက လက်နက်ရှိတော့ သူ့ အားကိုးနဲ့ သူခိုးပြေးအောင် မှုတ်လိုက်ရတာပဲ"

ထောင်ပိုင်ကြီးက ဟင်းခနဲ သက်ပြင်းကြီး ချလိုက်သည်။

"ခင်ဗျားတို့ ထောင်မှူးပေါက်စတွေ ခက်ပါတယ်ဗျာ"

ထို့နောက် ဘာမှမကြာလိုက်ပါလေ၊ ထောင်မှူး မောင်မောင်တို့ အိမ်သစ်လေးလုံးတွင် လျှပ်စစ်မီးများ ထိန်လင်းသွားလေတော့သတည်း။

■

http://www.cherrythitsar.org

# ၂၄

အကျဉ်းထောင်အမှုထမ်းသက် ၃၆နှစ် တစ်လျှောက် အင်းစိန်ဗဟိုအကျဉ်းထောင်ကြီးကို ဖြင့် ဘယ်လိုလုပ်မှ မေ့မရနိုင်ပါ။ ကျေးဇူးတရားလည်း ကြီးမားလှပါဘိသည်။ ယခု အချိန်ထိ သုံးကြိမ်တိတိ ရောက်ခဲ့ပြီးပြီ။ ၁၉၅၀ ခုနှစ် ထောင်မှူး သင်တန်းတက်စဉ်က တစ်ကြိမ်၊ ၁၉၅၁ ခုနှစ် မန္တလေးထောင်မှ ပြောင်းရွှေ့ရောက်ရှိစဉ်က တစ်ကြိမ်၊ နောက်ဆုံး ၁၉၈၅ ခုနှစ် သာယာဝတီထောင်မှ ရာထူးတက်ပြီး ညွှန်ကြားရေးမှူးချုပ်ရုံး ပြောင်းစဉ်က တစ်ကြိမ်၊ စုစုပေါင်း သုံးခေါက်တိတိ။ နောက်တစ်ခေါက် ပြန်မရောက်ဘူးလို့ မဆိုနိုင်။ လုပ်သက်အားဖြင့် အငြိမ်းစားယူနိုင်ပြီ ဖြစ်သော်လည်း အသက်အားဖြင့် သုံးနှစ်နီးပါး လိုသေးသည်။ ထောင်ကြီးသလောက် ပညာလည်း အများကြီးရပါသည်။

ကံမကောင်း အကြောင်းမသင့်၍ ထောင်ထဲရောက်လာသူများက အင်းစိန်ထောင်ကြီးကို 'ဘဝတက္ကသိုလ်'ဟု တင်စားလေ့ရှိကြသည်။ စာရေးဆရာကြီးတစ်ဦး ကမူ 'တောရရိပ်သာ'ဟု ဆို၏။ အကျဉ်းထောင် ဝန်ထမ်းတွေအဖို့တော့ ထောင်တက္ကသိုလ်ပါတည်း။

နောက်ဆုံးတစ်ခေါက် ပြန်ရောက်ချိန်မှာ ညွှန်ကြားရေးမှူးချုပ်ရုံးတွင် တာဝန်ထမ်းဆောင်ရခြင်းဖြစ်၍ အင်းစိန်ထောင်နှင့် လုံးဝမပတ်သက်။ သို့သော် ညွှန်ကြားရေးမှူးချုပ်မှာ အင်းစိန်ထောင်ပရိဝုဏ်အတွင်းရှိနေသဖြင့် အကျဉ်းထောင် နေအိမ်မှာပင် နေရ၏။

တရားသဘောနှင့်ယှဉ်၍ ကြည့်မည်ဆိုလျှင် သတိသံဝေဂ တကယ်ပင်ရလောက်ပါပေသည်။ လခ ၁၀၀၀–၅၀–၁၂၀၀ စား၊ ထောင်ပိုင်အဆင့် ၂ ရာထူး

http://www.cherrythitsar.org



တက်ခဲ့သည့်တိုင်အောင် ဟိုး.... ငယ်စဉ်တောင်ကျေး ကလေးဘ၀ဟု ဆိုလောက်သည့် ထောင်မှူးဘ၀ နေအိမ်ကလေးမှာ နေရ၏။ အလုပ်ဝင်စ ထောင်မှူးဘ၀တုန်းကတော့ အကြောင်းမဟုတ်။ အိမ်ထောင်လည်း မကျသေး။ မိခင်မုဆိုးမကြီးနှင့် သားအမိ နှစ်ယောက်တည်း ဘယ်လိုနေနေ ရသည်။ ယခုတစ်ကြိမ် ပြန်ရောက်ချိန်ကျတော့ သားသမီးက ကိုးယောက်။ တစ်ခါတစ်ရံ အိမ်ထောင်ကျသွားသည့် သမီးကြီးနှင့် မိသားစု ရောက်သည့်အခါ မြေးသုံးယောက်ပင် ရနေပြီဖြစ်ရာ အိမ်ကလေး ကျဉ်းကျဉ်း ကျုတ်ကျုတ်နှင့် လူတစ်ရပ်စာပင် ခေါင်းမလွတ်သော အိမ်အောက်ထပ်တွင် သားအချို့ ဝင်အိပ်ကြရသည်။

ရာထူးမတက်မီ တစ်ဘားတစ်ပွင့် သာယာဝတီ ထောင်ပိုင်ကြီးဘ၀ ပြန်ကြည့် မည်ဆိုလျှင် ၁၉၂၄ ခုနှစ်ကတည်းက သာယာဝတီထောင်ကြီးနှင့် ပြိုင်တူတည်ဆောက် ခဲ့သော ထောင်ပိုင်ကြီးနေအိမ်မှာ နှစ်ထပ်တိုက်ကြီး။ အပေါ်ထပ် အောက်ထပ် ရေချိုးခန်း နှင့် အိမ်သာ သုံးခုပါသည်။ ခြံဝင်းကြီးက အကျယ်ကြီး၊ တစ်ဧကခွဲလောက် ရှိ၏။

မြန်မာပြည်ရှိ အကျဉ်းထောင်များတွင် မန္တလေးထောင် ထောင်ပိုင်ကြီးနေအိမ် ပြီးလျှင် သာယာဝတီထောင် ထောင်ပိုင်ကြီးနေအိမ်မှာ အကောင်းဆုံး ဖြစ်၏။ (မန္တလေး ထောင်ရှိ ထောင်ပိုင်ကြီးနေအိမ်မှာလည်း နောက်ပိုင်း ဖွဲ့စည်းပုံအရ ထောင်ပိုင်ကြီးများ မနေခဲ့ကြရပါ။ ညွှန်ကြားရေးမှူးများ နေလျက်ရှိ၏။)

ရာထူးတက်၍ ပြောင်းရွှေ့ခဲ့ရာတွင် ဦးစီးအရာရှိ (ဦး) ပထမတန်း ဆိုတော့ တပ်မတော်မှာဆိုလျှင် (ဂျီဝမ်း) ပေါ့။ နံနက် ၉ နာရီထိုး ရုံးသွားရတော့မည်။ ရေမလာ၍ ရေမချိုးရပါ။ လျှပ်စစ်မီး ပျက်သွားပြီ။ ရိုက်စ်ကွတ်ကာ ခေါ် လျှပ်စစ်မီးနှင့် ချက်နေသည့် ထမင်းအိုးကြီးက တည်လျက်တန်းလန်း။

ကိုယ့်ထောင်နှင့်ကိုယ် ဆိုလျှင်တော့ သိပ်လွယ်သည်။ "ဟော့၊ မီးဆရာ ခေါ် လိုက်စမ်း။ မီးမလာဘူး၊ ရေမရဘူး"။ အောက်မေးကလေး လှုပ်လိုက်ရုံသာ၊ မိနစ်ပိုင်း နာရီပိုင်းအတွင်း အားလုံးပြေလည်သွားနိုင်သည်။ ယခုတော့ အောက်မေးလှုပ်လို့လည်း မရ၊ အပေါ်မေးပါ လှုပ်လို့လည်း ဘာမှ အကြောင်းထူးမလာ။ ကိုယ်က ထောင်ကိုမှ မပိုင်ဘဲ။ ရုံးချုပ်ဆိုတော့ စာရွက်တွေကိုသာ ကိုင်နေရသူ မဟုတ်လား။ တစ်ခုတော့ ရှိသည်။ အင်းစိန်ထောင်သို့ ယခုလိုပင်စင်ယူခါနီးအချိန် ပြန်ရောက်ရတာ ရေးဖြစ် ဟောင်း အောက်မေ့ဖွယ်ရာကလေးများ အလွန်တွေး၍ ကောင်းသည်။

ဩော်၊ ဟောဒီ ဒုတိယညွှန်ကြားရေးမှူးချုပ်နေသည့် အိမ်ကလေးဟာ တို့ တစ်တွေ ၁၉၅၀ ခုနှစ် ထောင်မှူးသင်တန်း တက်စဉ်တုန်းက နေခဲ့ရသည့် အိမ်ကလေး ပါကလား။ အင်းစိန်ထောင်ကြီးရှေ့ တင်းနစ်ကစားကွင်းနှင့် ကပ်လျက်ရှိသည့် မြေစိုက် တဲကလေးက တို့သင်တန်းခန်းမ။ အင်းစိန်ဆေးရုံကြီးဘက်မှ စီးဆင်းသည့် မြောင်း ကလေးပေါ်မှ တံတား ရောက်လျှင် ညီစို့စို့အနံ့က နံစမြဲ။ ယခုလည်း ဒီအနံ့အတိုင်းပင်။

http://www.cherrythitsar.org



အင်းစိန်ဆေးရုံဘက်မှ စီးဆင်းလာသည့် ရေမြောင်းဖြစ်၍ ဆေးရုံနံ့ နံခြင်းဖြစ်၏။ အင်းစိန်ထောင်ဘူးဝကြီးသို့ သွားရာလမ်းတစ်လျှောက်မှ ပိတောက်ပင်ကြီးတွေကကော၊ ရန်ကုန်တက္ကသိုလ်ကို ကုံကော်တောဟု တင်စားခဲ့သည့်နည်းတူ အင်းစိန်ထောင် တက္ကသိုလ်ကိုလည်း ပိတောက်တောဟု တင်စားရမည်သာ။

ဆရာ့ဆရာ ထောင်ပိုင်ကြီးများ၏ ကျေးဇူးတရား ကြီးမားလှပါဘိ။ အင်းစိန်ထောင်ကြီးသို့ဝင်ရာလမ်းတစ်လျှောက် ဝဲယာ စီတန်းစိုက်ထားသော ပိတောက်ပင်များ အစီအရီရှိနေသည်။ ပိတောက်ပန်းများ ပွင့်ချိန်တန်လျှင် အင်းစိန်ထောင်လမ်းမကြီး တစ်လျှောက် ပိတောက်ပန်းတွေက ဝေဝေ၊ ပိတောက်နံ့တွေက သင်းသင်း။

ပိတောက်ပန်းနှင့် ပတ်သက်၍ မှတ်လောက်သားလောက် အဖြစ်အပျက် ကလေးများ၊ ရယ်မောစရာ ကလေးများလည်း ကြုံဆုံခဲ့ရသည်။ တစ်ခုသော သင်္ကြန်တွင် ထောင်မှူးမောင်မောင်တို့ လူပျိုအဖွဲ့သည် သင်္ကြန်တွင်း ဆော့ကစားကြရန် စီစဉ်ခဲ့ကြ၏။ လူပျိုအပျိုဆိုလို့ ယခင်အပတ်ကရေးခဲ့သော ထောင်မှူးဦးအောင်တင်နှင့် ဦးမျိုးဇင်တို့လည်း ပါကြသည်။ အိမ်ထောင်ကျပြီးသူ ထောင်မှူး သုံးလေးယောက်လည်း ပါကြသည်။ မှတ်မိသလောက် ထောင်မှူး ဦးထွန်းရင်တို့၊ ဦးအောင်သိန်းတို့။

ထိုစဉ်က သင်္ကြန်တွင်း လည်ရန် ဂျစ်ကားငှားရတာ ဈေးအလွန်ပေါသည်။ ယခုခေတ် လူအများကြားတွင် တအံ့တသြ ဖြစ်သွားမည်။ တစ်နေ့ကုန် လည်ချင် သလောက်လည် အများဆုံးပေးရမှ ၇၀၊ ၈၀။ သည်တော့ ထောင်မှူးတစ်ယောက် နှစ်ဆယ်၊ အစိတ် ထည့်ရုံနှင့် သင်္ကြန်တွင်း တစ်ရက် ကောင်းကောင်း လည်နိုင်သည်။ ရေစိမ်ခံ၊ နေပူခံ၊ ရမ်အရက် သောက်ဦးမလား၊ ရမ်ကွပ်ကြီးတစ်လုံးမှ ၁၄ ကျပ်။ ဆော့ကစားကြရန် ကမကထဆော်သြသူက ထောင်မှူးမောင်မောင်။ အနုပညာဗီဇကလေးက ပါလာပြန်တော့ ဂျစ်ကားရှေ့တွင် ဆိုင်းဘုတ်တင်ရန် အမည်ရွေးလိုက်သည်။

"ပိတောက်လုလင်"

ကိုယ့်စိတ်ကူးနှင့် ကိုယ်တော့ ဟုတ်နေသည်။ ခါတိုင်းခါတိုင်းနှစ်တွေ သင်္ကြန်ကျလျှင် ပိတောက်ပွင့်နေကျ မဟုတ်လား။ ပိတောက်သာ ပွင့်လျှင် ပိတောက်ပန်းတွေ ဂျစ်ကားတစ်ခုလုံး ဝေဆာနေအောင် ဆင်လိုက်မည်။ သို့သော် ဒီနှစ်ကျခါမှ သင်္ကြန်အကြိုနေ့ ရောက်သည့်တိုင်အောင် ပိတောက်က မပွင့်။ ဂျစ်ကားဖြင့် လည်မည့် သင်္ကြန်အကျနေ့မှာလည်း မပွင့်သေး။ ဒီတော့ ကြံမိကြံရာ ကြံရသည်။ ပိတောက်ပန်း မပွင့်သော်လည်း ပိတောက်ပန်းနှင့် ဆင်တူသည့် ငုပန်းတွေက ဖြိုင်ဖြိုင်ပွင့်နေရာ ငုပန်းတွေ ခူးပြီး ဂျစ်ကားပတ်လည် တင်ခဲ့ရ၏။

ဂျစ်ကားရှေ့က ဆိုင်းဘုတ်မှာ "ပိတောက်လုလင်"။ ဂျစ်ကားပေါ် ဆင်လာတာက ငုပန်းတွေ။ သည်တော့ ထောင်မှူးမောင်မောင်တို့ ဂျစ်ကားကို ရေပက်သည့် ကောင်မကလေးတွေက ပြောကြပြီပေါ့။

http://www.cherrythitsar.org



"ဟော့....၊ ငုလုလင်တွေ၊ ငုလုလင်တွေ" တဲ့။

ဒီလိုနှင့်ပင် ရန်ကုန်မြို့ထဲ ဟိုလမ်းဝင် ဒီလမ်းထွက်နှင့် ထမင်းစားချိန် ရောက်လာသောအခါ ကန်တော်ကြီးကြက်ကျွန်းဘက်တွင် စတည်းချကြသည်။ အဲဒီအချိန်က ကြက်ကျွန်းမှာ အလွန်ပင်စည်ကားသည်။ မိန်းကလေး၊ ယောကျ်ားလေး နောက်ပြောင်မှုလည်း အလွန်များ၏။ တောင်ပြုံးပွဲနှင့် နင်လား၊ ငါလား။

မြန်မာ့ သင်္ကြန်ပွဲတော်မှာ ထူးခြားမှု တစ်ခုရှိ၏။ နှစ်ဟောင်းကုန်မြောက် နှစ်သစ်ရောက်၍ ပြီးခဲ့သည့်နှစ်ဟောင်းမှ အညစ်အကြေး ချေးညော်တွေ ဆေးကြောသုတ်သင်ရာလည်း ရောက်၏။ နှစ်သစ်အတွက် ရေစင်ပက်ဖျန်း၍ ကြိုဆိုသည့်သဘောလည်း ဆောင်၏။ (တစ်နည်းအားဖြင့်) တစ်နှစ်တာခရီးပတ်လုံး အောင့်အည်းမျိုသိပ်ထားခဲ့ရသမျှ အန်ချရင်ဖွင့်လိုက်သည့် အနေအထားလည်း ရှိနေသည်။

လက်သည်းခွံခွာ ရေနွေးပူလောင်းသည့် ဖက်ဆစ်ဂျပန်ခေတ်ကို ပြန်ကြည့်ပါ။

"ဘီးကျိုးပဲ့မယ် မာစတာရဲ့၊ ယော်ရောရှိ၊ ယော်ရောရှိ"

"အမေနိုးမယ် မာစတာရဲ့၊ ယော်ရောရှိ၊ ယော်ရောရှိ"

ထောင်မှူးမောင်မောင်တို့ ခေတ်ကျတော့ တစ်မျိုး။ ယနေ့ထက်တိုင်ပင် သင်္ကြန်ကျသည့်အခါ ရေသဘင်အလှပြကားများနှင့် လှည့်လည်ကပြ သီဆိုရင်း သံချပ်ထိုး၍ တစ်နှစ်တာအတွင်း အောင့်အည်းမျိုသိပ်ထားရသမျှ ရင်ဖွင့်သည့် အလေ့အထမတိမ်ကောသေးပေ။ ထောင်မှူးမောင်မောင်တို့အဖွဲ့ထဲတွင် အကဲဆုံး၊ အသည်းဆုံးက ထောင်မှူးဦးထွန်းရင်။ သူသည် အိမ်ထောင်သည်တစ်ဦးဖြစ်၏။ ထောင်မှူးမောင်မောင်တို့ထက်လည်း အသက်အများကြီး ကြီးသည်။ စစ်ပြီးခေတ် ရမည်းသင်းတွင် မောင်မောင်တို့ ကျောင်းပြန်တက်နေချိန် ဆပ်ပလိုင်း ခေါ် ကုန်သွယ်ရေးတွင် အလုပ်လုပ်နေပြီ ဖြစ်၏။ထောင်မှူးမောင်မောင်တို့ အင်းစိန်ထောင်ကြီးတွင် အလုပ်ဝင်စ သင်တန်းတက်ရန် ထောင်ပိုင်ကြီးထံ သတင်းပို့စဉ် စီးကရက်ကို မီးသတ်ပြီး တိုက်ပုံအင်္ကျီထဲထည့်ခဲ့ရာမှ မီးမသေဘဲ တိုက်ပုံအင်္ကျီ မီးစွဲလောင်သူ ဖြစ်၏။

ထောင်မှူး ဦးထွန်းရင် အမြဲတမ်းပြောလေ့ပြောထရှိသော စကားတစ်ခွန်းရှိ၏။ သူကထောင်မှူးမောင်မောင်တို့ထက် အသက်ကလည်းကြီး၊ အိမ်ထောင်ကျ၍ကလေးပင် ရပြီးနေသူဖြစ်ရာ ဘာစကားလေး ပြောလိုက် ပြောလိုက် (You are very young.) 'မင်း ငယ်ပါသေးတယ်ကွာ'ဟု။ ထောင်မှူးမောင်မောင်တို့ ထောင်မှူးလူပျိုအဖွဲ့မှာ ဒီစကားကလေး တစ်လုံးတည်းနှင့်ပင် ထောင်မှူးဦးထွန်းရင်ကို အရှုံးပေးနေကြရ၏။ ဘာပဲ ပြောလိုက် ပြောလိုက် သူက လူတတ်၊ သူက လူစွာ။ ကြာလာတော့ ထောင်မှူးမောင်မောင်တို့အဖွဲ့ သူ့ကို မြင်ပြင်းကပ်လာသည်နှင့် တစ်နည်းတစ်ဖုံ ချောက်ချရန် တိုင်ပင်နီးနှောမိကြသည်။

အကြံပြုလာသူက ထောင်မှူးဦးအောင်တင်၊ မြိတ်သား၊ စကားလေးတဝဲဝဲနှင့်။

http://www.cherrythitsar.org



"ဟော့.... ရန်အောင်၊ ဦးထွန်းရင်ကြီးကို ပညာပေးဖို့ ကောင်းနေပြီကွ"

"အေး.... ငါလဲ ဒါပဲ စဉ်းစားနေတာ...."

"လွယ်ပါတယ်ကွာ....၊ တို့ ဒီလိုလုပ်ကြရအောင်"

သို့ကလို အစချီပြီး ထောင်မှူးမောင်မောင်တို့ လုပ်ကြံမှုကြီးတစ်ခုကို ဖန်တီးခဲ့ကြသည်။ ထိုစဉ်က ထောင်မှူးဦးထွန်းရင်မှာ အချုပ်ထောင်မှူး။ အချုပ်ထောင်မှူးဆိုသည်မှာ အမှုစစ်ဆေးဆဲအချုပ်တရားခံများကို ကိုင်ရသည်။ တစ်ဖက်မှ ထောင်ဝင်စာလည်း ပြပေးရသည်။ ထောင်ဝင်စာ ပြရသည့်တာဝန်ကို ထောင်မှူးတိုင်း ကြောက်ကြသည်။ ထောင်ဝင်စာဆိုသည်မှာ အုတ်ရိုးလေးဖက်လေးတန် ကာရံထားသော ထောင်တွင်းလောကနှင့် ထောင်အပြင်လောကတို့ တဒင်္ဂဟန်အားဖြင့် ဆက်စပ်ပေးခြင်းပင် ဖြစ်၏။ အချိန်အားဖြင့် ဘယ်လောက်ကြာမည်နည်း။ အများဆုံးမှ ဆယ့်ငါးမိနစ်လောက်။ ယင်း ဆယ့်ငါးမိနစ်လောက်အတွင်း အပြင်မှ ထောင်ဝင်စာတွေ့သူနှင့် အထဲမှ အချုပ်တရားခံ သို့မဟုတ် ထောင်ကျအကျဉ်းသားတို့ ပြောကြဆိုကြသည့်စကားများကို ပြုံးပြုံးပြနားထောင်ရသည်။ ထောင်ဝင်စာပြသည့်တာဝန်မှာ သို့ကလောက် တာဝန် ကြီးသည်။ သို့ဖြစ်၍ ထောင်မှူးတိုင်း ထောင်ဝင်စာပြသည့်တာဝန်ကို ကြောက်ကြခြင်းဖြစ်၏။

သို့သော် ထိုစဉ်က ထောင်မှူးမောင်မောင်တို့ လိုလိုလားလား ထောင်ဝင်စာပြပေးလိုသော ထောင်ဝင်စာနှစ်ခုတော့ ရှိသည်။ တစ်ခုမှာ စောဘင်ဆင်နှင့် သူ၏ဇနီး။ စောဘင်ဆင်ဆိုတော့ ယခုခေတ်နှောင်း စာဖတ်သူများ သိပ်သိကြမည် မဟုတ်သော်လည်း နော်လွီဇာဘင်ဆင် ဆိုလျှင်တော့ ရိပ်ဖမ်းသံဖမ်း သိကြပါလိမ့်ဦးမည်။ မယ်ဇမာ ရဖူးသည့်၊ ရုပ်ရှင်မင်းသမီးလုပ်ဖူးသည့် နော်လွီဇာဘင်ဆင်မှာ စောဘင်ဆင်နှင့် ကရင်အမျိုးသမီးတို့၏ သမီးဖြစ်၏။ စောဘင်ဆင်က ဂျူးလူမျိုးအစပ်။ ထောင်ထောင်မောင်းမောင်း ဗလကောင်းကောင်း။ သူ၏ဇနီး ကရင်အမျိုးသမီးက အရပ် ခပ်ပုပုပြတ်ပြတ်၊ မျက်နှာပြားပြား။ စောဘင်ဆင်မှာ ပုဒ်မငါးနှင့် ဖမ်းဆီးထားသူ ဘီကလပ်အကျဉ်းသားဖြစ်၍ ထောင်ဝင်စာတွေ့ရာတွင် လွတ်လွတ်လပ်လပ်တွေ့ရသူဖြစ်ရာ သူ့ဇနီးအား တွေ့လိုက်သည်နှင့် အားရပါးရ ပွေ့ဖက်ကာနမ်းလေ့ရှိသည်။ ထောင်ဝင်စာအချိန်စေ့၍ ပြန်ခါနီးလျှင် တစ်ကြိမ်။ စောဘင်ဆင်က တက်တက်ကြွကြွရှိသလောက် သူ့အမျိုးသမီးကတော့ အစဉ်အမြဲ ရှက်အမ်းအမ်း။ သို့ဖြစ်၍ စောဘင်ဆင်တို့၊ ထောင်ဝင်စာကို ပြပေးလိုသော ထောင်မှူးက မရှား။

ထိုစဉ်က နော်လွီဇာဘင်ဆင်မှာ အလွန်ပင်ငယ်ပါသေးသည်။ ဆယ်နှစ် ဆယ့်နှစ်နှစ်ခန့်သာရှိ၏။ ထောင်မှူးမောင်မောင်တို့က ထိပ်ပုတ်ခေါင်းရိုက်။ နော်လွီဇာဘင်ဆင်နှင့်အတူ တူမကလေးတစ်ယောက် ပါသေးသည်။ သူကတော့ အရွယ်ရောက်နေပြီဖြစ်၍ ထောင်မှူးမောင်မောင်တို့ လူပျိုထောင်မှူးတွေ ဂေါ်မိ ငမ်းမိကြသည်။

နောက် ထောင်ဝင်စာတစ်ခုကတော့ ရုပ်ရှင်နှင့် ပြဇာတ်မင်းသမီး မေရီမြင့်နှင့်

http://www.cherrythitsar.org



ဗိုလ်မြလှိုင်တို့ ဖြစ်သည်။ မေရီမြင့်သည် အော်စတင် ကားကလေးကို ကိုယ်တိုင်မောင်း၍ ထောင်ဝင်စာ လာတွေ့လေ့ရှိသည်။ သူ့ကျပြန်တော့ စောဘင်ဆင်တို့လို ဖက်ယမ်းနမ်းရှုပ်ခြင်း မရှိပါ။ သို့သော် နာမည်ကြီး ရုပ်ရှင်မင်းသမီး၊ ပြဇာတ်မင်းသမီးဖြစ်၍ ငမ်းလိုက်ကြခြင်းပင် ဖြစ်၏။ အချုပ်ထောင်မှူး ဦးထွန်းရင်က သူများတကာထက် အငမ်းပိုသည်။ မေရီမြင့်ကလည်း ဦးထွန်းရင်မှာ အချုပ်ထောင်မှူးဖြစ်၍ ပင်တိုင် ထောင်ဝင်စာပေးနိုင်သူဖြစ်ရာ အခြားထောင်မှူးတွေထက်ပို၍ မျက်နှာချိုသွေးရသည်။ ဦးထွန်းရင်က မေရီမြင့်၏ ဓာတ်ပုံတစ်ပုံကို တောင်းရာ 'ဦးထွန်းရင်သို့ အမှတ်တရ' စာတန်းကလေးရေး၍ လက်မှတ်ထိုးပေးခဲ့၏။ ရုပ်ရှင်နှင့် ပြဇာတ်မင်းသမီး တစ်ယောက်အဖို့ ဓာတ်ပုံတစ်ပုံပေးတာ ဘာဆန်းသနည်း။

မှန်ပါသည်။ မေရီမြင့် အဖို့တော့ ဘာမှ မဆန်းပါ။ သို့သော် ခပ်ပေါပေါ၊ ခပ်ကြောင်ကြောင် ထောင်မှူးဦးထွန်းရင်အဖို့တော့ အလွန်ပင် ဆန်းနေပါသည်။ ဆန်းနေလို့လည်း မေရီမြင့်၏ဓာတ်ပုံကလေးကို အကျအန မှန်ပေါင်သွင်း၍ ထောင်တွင်းရုံးခန်း စားပွဲပေါ်တွင် အမြတ်တနိုးထောင်ထားခြင်းဖြစ်၏။ ဒါကိုပင် ထောင်မှူးမောင်မောင်တို့အဖွဲ့က ချက်ကောင်းယူ၍ ထောင်မှူးဦးထွန်းရင်ကို ချောက်ချခဲ့ခြင်းဖြစ်၏။

ဦးထွန်းရင်၏ဇနီးမှာ မကြာမကြာ နေရပ်ဇာတိရမည်းသင်းသို့ ပြန်တတ်သည်။ အဲဒီအခါမျိုးတွင် ထောင်မှူးမောင်မောင်တို့လို ထောင်မှူးလူပျိုတွေအဖွဲ့မှာ ဦးထွန်းရင်၏နေအိမ်တွင် တရုန်းရုန်းနှင့် စားအိမ်သောက်အိမ်။ အားလပ်ချိန်တွင် အရက်လည်း သောက်ကြသည်။ ဖဲဝိုင်းလည်း ထောင်ကြသည်။ သမီးရည်းစား ချိန်းတွေ့သူလည်း မရှား။ ယင်းကဲ့သို့ ယောက်ယက်ခတ်နေချိန်တွင် ထောင်မှူးမောင်မောင်နှင့် အောင်တင်တို့ ဦးထွန်းရင်ကိုချောက်ချရန် ခြေပုန်းခုတ်ခဲ့ကြခြင်းဖြစ်၏။

ပထမဦးစွာ ထောင်မှူးဦးထွန်းရင်၏ စားပွဲပေါ်တွင် တင်ထားသော မေရီမြင့်၏ ဓာတ်ပုံ အရွယ်အစားမျိုး တစ်ပုံ မရအရရှာသည်။ ဆိုက်တူ ရွယ်တူ။ ဒါလည်း သိပ်ပြီး မခဲယဉ်းလှပါ။ ထိုစဉ်ကတည်းက ရုပ်ရှင်ရုံတစ်ဝိုက် ကွန်တီနင်တယ်မုန့်တိုက် (ယခုပြည်သူ့မုန့်တိုက်) အောက်တွင် နာမည်ကြီး ရုပ်ရှင်မင်းသမီးများ၏ ဓာတ်ပုံတွေ ရှာဝယ်နိုင်သည်။ အဲဒီ ဓာတ်ပုံကို ဦးထွန်းရင်စားပွဲပေါ်ရှိ မှန်ပေါင်ထဲ အသာညှပ်ထား၊ စားပွဲပေါ်မှ မေရီမြင့်ကိုယ်တိုင် (ဦးထွန်းရင်သို့ အမှတ်တရဟု) လက်မှတ်ရေးထိုးထားသော ဓာတ်ပုံကလေးကို အသာယူ။ ဦးထွန်းရင်၏ဇနီး ရမည်းသင်းမှ ပြန်မလာခင် တစ်ည သူတို့လင်မယားအိပ်ရာအောက် အသာကလေးထိုးထားလိုက်ကြသည်။

ဦးထွန်းရင်မှာ အပေါင်းအသင်း ရောင်းရင်းများနှင့် မူးရူးပျော်ပါးနေသည်ဖြစ်ရာ၊ ထောင်မှူးမောင်မောင်တို့ ချောက်ချသည့်အကွက်ကို ဘယ်လိုလုပ်သိနိုင်မည်နည်း။ နောက်တစ်နေ့ ဦးထွန်းရင်ဇနီး အိမ်ပြန်ရောက်ချိန်ကျတော့ ထောင်မှူးမောင်မောင်တို့ တစ်တွေ ဗိုင်းကောင်းကျောက်ဖိ၊ ဦးထွန်းရင်တို့အိမ်ဘက်ကို လှည့်လို့တောင် မကြည့်။

http://www.cherrythitsar.org



အဲ.... သူ့မိန်းမ အိမ်ပြန်ရောက်စ အိပ်ရာကို ရှင်းလင်း ခါလှန်းသည်နှင့် မေရီမြင့် ဓာတ်ပုံကို တွေ့ပြီပေါ့။

"ကိုထွန်းရင်၊ ကိုထွန်းရင်"

ခါတိုင်းလို အစ်ကိုတွေ ဘာတွေ မခေါ်တော့၊ အိမ်ခန်းထဲမှ မေရီမြင့်ဓာတ်ပုံကို ကိုင်ပြီး 'ကိုထွန်းရင်'ဟု သံကုန်ဟစ်ပါလေတော့သည်။ ဦးထွန်းရင်ကလည်း ထောင်ထဲမှ ပြန်ရောက်စ၊ ဘုမသိ ဘမသိ။

"ဟေ.... ဘာလဲကွ"

"ဒီမှာ၊ ဒါက ဘာသဘောလဲ"

ဦးထွန်းရင်မှာ သူ့မိန်းမ လှမ်းပေးသော မေရီမြင့်ဓာတ်ပုံကိုယူပြီး ပြူးတူးပြဲတဲ။ နောက်ပြီး သူ့မိန်းမမျက်နှာကို မဝံ့မရဲကြည့်ကာ....

"ဒါ.... မင်း ဘယ်ကရတာလဲ"

"အိပ်ရာအောက်က တော်ရေ့၊ အိပ်ရာအောက်က။ ကျုပ်မရှိတုန်း ရှင်တို့ နှစ်ပါး ကြည်နေကြတဲ့ အိပ်ရာအောက်က"

ဦးထွန်းရင် ရုတ်တရက် တွေဝေသွားသည်။ ဓာတ်ပုံနောက်ကျောဘက် လှန်ကြည့်လိုက်တော့လည်း မေရီမြင့်လက်ရေးနှင့် လက်မှတ်ကို တွေ့နေရသည်။ သူပြန်စဉ်းစားကြည့်လိုက်၏။ ရုံးခန်းထဲမှာလဲ ဓာတ်ပုံ အရှိနေသားပါလား။

ဦးထွန်းရင် ဦးနှောက်ခြောက်လေ၊ သူ့မိန်းမက ဆူလို့ပွတ်လို့ ကောင်းလေ။

"အစကတည်းက ဦးမောင်မောင်တို့၊ဦးအောင်တင်တို့က အပြောသား။ အစ်မကြီး ရုပ်ရှင်မင်းသမီးဆိုတာ မလွယ်ဘူးနော်တဲ့။ ကြည့်စမ်း.... ကျုပ်မရှိတုန်း ရှင် ဘယ်လောက်အထိ သောင်းကျန်းနေသလဲ"

ဦးထွန်းရင် ဘယ်လိုလုပ်မှ ဖြေရှင်းချက်ပေးလို့ မရ။ မိုးမီးလောင်ပြီပေါ့။

နောက်တစ်ကြိမ် သောက်ဝိုင်း၊ စားဝိုင်းကျမှ ထောင်မှူးမောင်မောင်တို့အဖွဲ့က ပေါက်ကောင်ကို ဖော်လိုက်ကြသည်။

"အစ်ကိုထွန်းရင် ကျပ်ကျပ်သတိထားပါ"

သူက ထောင်မှူးမောင်မောင်တို့ထက် အသက်ကြီးသူပီပီ

"ဘာလဲကွ....၊ မင်းတို့က ဘာသတိထားရမှာလဲ"

"မဟုတ်ဘူးလေ.... ကျွန်တော်တို့ကို လူငယ်တွေဆိုပြီး အထင်မသေးပါနဲ့"

ထိုအခါကျမှ မေရီမြင့် ဓာတ်ပုံကိစ္စ ထောင်မှူးမောင်မောင်တို့အဖွဲ့ လုပ်ကြံထားမှန်း သိသွားကာ အရက်ကလေးထွေထွေနှင့် ဆဲဆိုကြိမ်းမောင်းပါလေတော့သည်။

သို့ကလို အင်းစိန်ထောင်ပိတောက်တောတွင် အကျဉ်းထောင်ရင်နို့သောက်စို့ခဲ့စဉ်က ကြုံဖန်၍ ပျော်စရာရွှင်စရာကလေးများ ဖန်တီးယူခဲ့ရသည်များလည်း ရှိခဲ့ဖူးပါ၏။

■

http://www.cherrythitsar.org

# ၂၅

လွန်ခဲ့သော ၃၅ နှစ်ခန့်က အင်းစိန်ထောင်တွင် တာဝန်ထမ်းဆောင်နေစဉ်အတွင်း ရေးစရာ အကြောင်းအရာကလေးတွေကဖြင့် တစိမ့်စမ့်တွေးလေ တရေးရေးပေါ်လေ ဆိုသလိုပါပဲ။

"ဒေါင်၊ ဒေါင်၊ ဒေါင်.... ဒေါင်"

ဤသည်မှာ လက်ရှိတာဝန်ထမ်းဆောင်နေသည့် မန္တလေးဗဟိုအကျဉ်းထောင် ထောင်ပိုင်ကြီးနေအိမ် အပေါ်ထပ်ရှိ ဗဟိုကင်းခေါ် ဂါတ်မကြီးပေါ်မှ ခေါက်လိုက်သည့် သံချောင်းသံလေးချက် ဖြစ်၏။ သံချောင်းသံကို ကြားရရုံဖြင့် သိသာပါသည်။ နာရီ အချိန်မှန် ခေါက်နေသည့် သံချောင်းသံမဟုတ်။ ပထမသုံးချက်ကို ခပ်မြန်မြန်ဆက်တိုက် ခေါက်လိုက်သည်။ ပြီးမှ သုံးစက္ကန့်ခန့် နာရီဆိုင်းပြီး နောက်ဆုံးတစ်ချက်ခပ်ပြင်းပြင်း ခေါက်လိုက်ခြင်း ဖြစ်၏။ ဒါဆိုလျှင် ထောင်ပိတ် သံချောင်းခေါက်သံပေါ့။

ထောင်ပိုင်ကြီး ဦးရန်အောင်မောင်မောင် လက်မှနာရီကို ကြည့်လိုက်သည်။ ညနေ ၆ နာရီခွဲပြီ၊ ဆောင်းနေဖြစ်၍ နေရောင်အလျင်းမရှိတော့။ လမ်းမီးများပင် ထိန်ထိန် လင်းနေပြီ။ အချုပ်တရားခံများ ရုံးထွက်ရုံးပြန် စောင့်နေရသဖြင့် ဆောင်းတွင်းမှာတော့ ဒီအချိန်ထောင်ပိတ်နိုင်တာ အစောဆုံးပါပဲလေ။

'အင်း.....၊ ဟိုတုန်းကများဖြင့်....'

ထောင်ပိုင်ကြီး ဦးရန်အောင်မောင်မောင် အသက် ၃၅ နှစ်ခန့် ပြန်ငယ်သွားပြီ။ ရုပ်ရှင်စကားဆန်ဆန်ပြောရလျှင် တစ်လိုင်းနှစ်ပွင့် ထောင်ပိုင်အဆင့် ၂ မှာ (ဖိတ်အောက်)

http://www.cherrythitsar.org



မိုန်ပျောက်သွားပြီး ကြယ်ကလေးတစ်ပွင့်၊ ထောင်မှူးပေါက်စ မောင်မောင်ဘ၀၊ (ဖိတ်အင်)မိုန်လင်းလာချေပြီ။

"မောင်ငွေး.... မောင်ငွေး၊ တော်တော် ဒုက္ခပေးတဲ့ကောင်ပါကလား"

ထောင်ဖွင့်သည့်လုပ်ငန်းနှင့် ထောင်ပိတ်သည့် လုပ်ငန်းတို့မှာ အဓိက ကျသော လုပ်ငန်းကြီး နှစ်ရပ်ဖြစ်ချေသည်။ အသက်သွေးကြောဟု ဆိုနိုင်လောက်ပါသည်။ အကျဉ်းထောင်လောကနှင့်ပတ်သက်၍ ဗဟုသုတနည်းပါးသူ အပြင်လောကမှ လူအချို့က ထောင်ထဲကအကျဉ်းသားတွေကို ရဲအချုပ်ခန်းမှာလို အစဉ်ထာဝရ ပိတ်လှောင်ထားသည်ဟု အထင်လွဲမှားတတ်ကြ၏။ မဟုတ်ပါ။ လုံး၀မဟုတ်ပါ။ ဘယ့်နှယ်ထောင်ထဲကအကျဉ်းသားဆိုတာ ရဲအချုပ်ခန်းလို ဆယ့်လေးငါးရက်နှင့် ပြီးပြတ်သည့်ကိစ္စမျိုးမဟုတ်။ ထောင်ဒဏ် တစ်သက်တစ်ကျွန်းကျသည့် အကျဉ်းသားဆိုလျှင် အနှစ်နှစ်ဆယ် အစိတ်။ ဘယ်လိုလုပ် အကျဉ်းထောင်အိပ်ခန်းထဲတွင် လှောင်ပိတ်၍ နေနိုင်ပါမည်နည်း။

ဒီတော့ မနက်မိုးလင်းလျှင် သူတို့တစ်တွေကို အိပ်ခန်းဖွင့်ပေးရသည်။ ညနေမိုးချုပ်လျှင် အိပ်ခန်းပြန်ပိတ်ပေးရသည်။ တစ်နေကုန် နေထွက်မှ နေဝင်သည်အထိ အုတ်ရိုးလေးဖက်လေးတန်အတွင်း လွတ်လပ်စွာ သွားလိုရာ သွား၊ လာလိုရာ လာ။

ဟိုး.... ဟိုး....၊ အဲဒီလို လွတ်လွတ်လပ်လပ်ကြီး သွားချင်သလို သွားပြီး လာချင်သလို လာလို့လည်း ထောင်ထဲမှာ ဘယ်လိုလုပ် စည်းကမ်းရှိနိုင်ပါတော့မလဲ။ သူတို့စိတ်နှင့် သူတို့ကိုယ် လုပ်ချင်တိုင်း လုပ် လွှတ်ထားလိုက်လျှင် ယောက်ယက်ခတ်ကုန်မှာပေါ့။ ဖြောင်းဆန်ကုန်မှာပေါ့။

"ဒေါင်၊ ဒေါင်၊ ဒေါင်.... ဒေါင်။ ထောင်ဖွင့်ချိန် အိပ်ခန်းမှ ထွက်လျှင် နှစ်ယောက်တွဲ တန်းစီ၍ ထွက်ရ၏။ ဒါက ထောင်ပုံစံ၊ ထောင်တွင်းအကျဉ်းသားများ လမ်းလျှောက်လျှင် တစ်ယောက်ချင်း မသွားရ၊ နှစ်ယောက်တွဲမှ။ အိမ်သာသွားလျှင် နှစ်ယောက်တွဲ၊ ရေချိုးလျှင်လည်း နှစ်ယောက်တွဲ၊ ထမင်းဆွဲတော့လည်း နှစ်ယောက်တွဲ၊ အလုပ်ဘက်ကိုသွားလျှင်လည်း နှစ်ယောက်တွဲ၊ ဆေးရုံသွားမလား၊ နှစ်ယောက်တွဲ။ နောက်ဆုံးတော့ ဘာမှမဟုတ်ပါ။ စည်းကမ်းကလနား ကွပ်ထားခြင်းသာလျှင် ဖြစ်၏။ နှစ်ယောက်တစ်တွဲသွားရမည်လို့ သတ်မှတ်ထားတော့ အထိန်းရ အသိမ်းရ လွယ်သည်။ တစ်ယောက်တစ်ပေါက် ကိုယ်ထင်ရာကိုယ်စိုင်းနေကြလျှင် ထောင်ထဲမှာ ဘယ်လိုလုပ် စည်းကမ်းရှိနိုင်ပါတော့မည်နည်း။ သို့သော် ခြွင်းချက်တစ်ခုတော့ ရှိနေပြန်သည်။ ဘာယာတို့၊ ဘုတ်ကိုင်တို့၊ တန်းစီးတို့၊ သန္တေတို့၊ ခြောက်ထောင်ပိုင်တို့ကျတော့ တစ်ယောက်ချင်း သွားလိုရာသွား၊ သူတို့က ရှစ်မှတ်တို့၊ ဆယ့်နှစ်မှတ်တို့ မဟုတ်လား။ နောက်ပြီး သူတို့က အကျဉ်းထောင်အုပ်ချုပ်သူများကို လုပ်ငန်းသဘောအားဖြင့် ဝိုင်းဝန်း ကူညီနေကြသူများ။

http://www.cherrythitsar.org



သူတို့တစ်တွေကို ထောင်ဥပဒေစာအုပ်ထဲတွင် (convict officer) အကျဉ်းသားအရာရှိများဟု အတိအလင်းဖော်ပြထားသည်။ ရှေးခေတ်ကဆိုလျှင် အကျဉ်းသားအရာရှိများကို တစ်လလျှင် ရှစ်ပဲငါးမူးတိတိ လခအဖြစ်ပေးရသည်ဆို၏။ ကိုင်း.... ဘယ်လောက်နိပ်လိုက်သလဲ။ အကျဉ်းသားအဖြစ် ထောင်ကျတာတောင်မှ အရာရှိ ဖြစ်လိုက်သေး။ ပိုက်ဆံငါးမူးဆိုတာကလဲ တစ်လစာ ဆေးလိပ်ဖိုးတော့ ကောင်းကောင်းကြီး လုံလောက်သည်။

ရှစ်မှတ် အကျဉ်းသားအရာရှိက ဦးထုပ်ဖြူ ဆောင်းရသည်။ ယင်း ဦးထုပ်ဖြူမှာ ရသေ့များဆောင်းသည့် ဒေါက်ချာနှင့် ခပ်ဆင်ဆင်တူ၏။ ဆယ့်နှစ်မှတ်ကျတော့ ဦးထုပ်အနက်။ စံပြထောင်ခေတ်ကျတော့ ဘယ်သူက ဘယ်လိုထွင်လိုက်လေသည် မသိ။ ရှစ်မှတ်ဘာယာက အင်္ကျီရင်ဘတ်အိတ်ကပ်အထက်တွင် အနီလိုင်းကလေး တစ်ခု၊ ဆယ့်နှစ်မှတ်တန်းစီးက နှစ်လိုင်း၊ အိပ်ဆောင်တစ်ဆောင်လုံးကို အုပ်ချုပ်သူ အိပ်ဆောင်တန်းစီးကျတော့ သုံးလိုင်း။ ဘာပဲပြောပြော အကျဉ်းသားအရာရှိခေါ် သူတို့ တစ်တွေသည် အကျဉ်းထောင်ကို အုပ်ချုပ်နေကြရသူတွေ အတွက်တော့ အကူအညီ အထောက်အပံ့ရတာ အမှန်။

သို့သော် တစ်ခုတော့ရှိသည်။ သူတို့တစ်တွေကို အကျဉ်းထောင် အုပ်ချုပ်သူ လခစား ဝန်ထမ်းများက မိမိတို့အခွင့်အာဏာကို ခွဲဝေပြီး အကျဉ်းသားများကို အုပ်ချုပ် စေရာတွင် တတ်နိုင်သမျှ မှန်မှန်ကန်ကန်နှင့် တရားမျှတမှုရှိဖို့ ကိုယ်ချင်းစာတရားလေး ထားတတ်ဖို့လိုသည်။ အဘယ်ကြောင့်ဆိုသော် သူတို့တစ်တွေညစ်လျှင် ညစ်သလို စိတ်ထားယုတ်မာလျှင် ယုတ်မာသလို၊ သူတို့တစ်တွေနှင့် အချိန်ပြည့် အနီးကပ်နေကြ ရသည့် အကျဉ်းသားအများစုမှာ ခါးကော့နေအောင် ခံကြရသည်။ ကြီးနိုင်ငယ်ညှဉ်းလို သဘောမျိုး ထောင်တိုင်းလိုလိုပင် မကင်းချင်။

ခက်တော့လည်း အခက်သား။ ထောင်ထဲရောက်လာသမျှ သကောင့်သား တွေကလည်း ခြောက်ပြစ်ကင်း သဲလဲစင် သူတော်ကောင်းများ အရောက်အပေါက်နည်း သည်။ အမှန်အတိုင်းဆိုရလျှင် အများစုက လူလွန်မသားတွေ၊ အင်္ဂလိပ်လို above average။ ကောင်းသည့်ဘက်မှာ မဟုတ်၊ မကောင်းသည့်ဘက်မှာ ဖြစ်၏။

"မင်္ဂလာပါဆရာ" "မင်္ဂလာပါတပည့်တို့" ဆိုလျှင်လည်း အလဟဿ အချည်း နှီး၊ သာမဏေန သာမဏော၊ ဂေါဏေန ဂေါဏော ဆိုတာလို လူလိမ္မာအုပ်ချုပ်ပုံ နှင့် လူမိုက်အုပ်ချုပ်ပုံကတော့ ဘယ်လိုမှ မတူနိုင်။ ဒီလို ဒီလိုနှင့်ပင် ကမ္ဘာတစ်ဝန်းလုံးရှိ အကျဉ်းထောင်အသီးသီးတွင် သူ့နည်း သူ့ဟန်ဖြင့် အဆင်ပြေသလို၊ အလျဉ်းသင့်သလို အုပ်ချုပ်နေကြခြင်း ဖြစ်မည်ထင်ပါသည်။

ကဲ၊ မြန်မာပြည်ရှိ လွန်ခဲ့သော ၃၅ နှစ်ခန့်က အင်းစိန်ဗဟို အကျဉ်းထောင်ကြီး တွင် အထက်က အသက်သွေးကြောဟု ဆိုခဲ့သော ထောင်ဖွင့်ထောင်ပိတ်လုပ်ငန်းကို

http://www.cherrythitsar.org



ပြန်ဆက်ကြရအောင်။

တော်တီတော်တီဟူသော ခရာသံကို ယခုလည်း မန္တလေးထောင်တွင် ကြားနေရပါသည်။ ယခင်ကလည်း အင်းစိန်ထောင်တွင် ကြားခဲ့ရပါ၏။

နံနက် အရုဏ်ပင် မတက်သေး။ လုပ်သားပြည်သူ လူအများ အိပ်ရာထဲတွင် ကွေးလို့ကောင်းတုန်း အိပ်ရာထနိုးသည့် ခရာသံဖြစ်၏။ တကယ်တမ်း အိပ်ရာမှနိုး နေချိန် အစအဆုံး နားထောင်မည်ဆိုလျှင် လွမ်းဖွယ်ရာ တကယ်ပင် ကောင်း၏။ ထိုစဉ်ကတော့ အင်္ဂလိပ်ခေတ်က တေးသွားအတိုင်း ယခုတော့ မြန်မာ့နည်း မြန်မာ့ဟန် တေးသွားကို ပြင်ထားသည်။ နှစ်မျိုးစလုံး နားဝင်ပီယံ နားထောင်၍ ကောင်းလှပါပေ၏။

နားဆင်လို့တော့ ဘဝင်ငြိမ့်တာ မှန်ပါ၏။ သို့သော် အဘယ်သူသည် အဲဒီအချိန်မျိုး အိပ်ရာက ထချင်ပါမည်နည်း။ ထောင်မှူးဆိုသည့် သတ္တဝါမှာ ထချင်လည်း ထ၊ မထချင်လည်း ထ။ တာဝန် မဟုတ်ပါလား။ ထောင်မှူးမောင်မောင်တို့များ အဲဒီကတည်းက နံနက်စောစော ထသည့်အကျင့် အရိုးစွဲလာခဲ့သည်မှာ အဆင့်ဆင့်ရာထူး တက်လာခဲ့၍ ယခုထောင်ပိုင်ကြီး ဖြစ်နေပြီ။ ၃၇ နှစ်ခန့် ကြာခဲ့ပြီ။ ထောင်ဖွင့်တာဝန် ဝင်ဖို့လည်း မလိုတော့။ သို့သော် တော်တီတော်တီ အိပ်ရာထနိုးသည့် ခရာသံကြားလျှင် ဘယ်လိုမှ ဆက်အိပ်လို့မရ။

တကယ်တော့ ထောင်ဖွင့်သည့် တာဝန်ဆိုသည်မှာလည်း သိပ်ပြီး ကြီးကြီးကျယ်ကျယ် မဟုတ်လှပါ။ မနေ့ညက ထောင်ထဲ တန်းပိတ်ပြီး သော့ခတ်ထားသည့် အကျဉ်းသားတွေ စေ့မစေ့ ရေတွက်ခြင်းသာလျှင် ဖြစ်ပါသည်။ ညပိုင်း ထောင်ဖောက် ထွက်ပြေးခြင်းရှိမရှိ၊ ဒါအဓိကပါပဲ။

ထောင်အုတ်ရိုးများပေါ်တွင် အုတ်ခဲကလေးများ အစီအရီထပ်ပြီး တင်ထားသည်ကို စာဖတ်သူများ တွေ့ဖူးမြင်ဖူးကြပါလိမ့်မည်။ Tell tale brick ဟုခေါ်၏။ အကျဉ်းသားများ အုတ်ရိုးကျော်၍ ထွက်ပြေးမည်ဆိုလျှင် ယင်းအုတ်ခဲကလေးများ ဖရိုဖရဲဖြစ်နေရမှာပေါ့။ ဟိုတစ်လုံး သည်တစ်လုံး လွင့်စဉ်ကျနေရမှာပေါ့။ ဒါကိုလည်း ထောင်အုတ်ရိုးကို ပတ်ပြီး ထောင်ဝါဒါတွေကို အစစ်ဆေးခိုင်းရသည်။ ကောင်းလျှင် ကောင်းသလို၊ မကောင်းလျှင် မကောင်းသလို ထောင်ဖွင့် ထောင်ပိတ် စာအုပ်ထဲတွင် မှတ်တမ်းရေးပြီး လက်မှတ် ရေးထိုးစေရ၏။ နောက်တစ်နည်း၊ ယင်း အုတ်ခဲကလေး တင်ထားခြင်းအားဖြင့် သံချိတ်ပါသောကြိုး၊ စောင်စသည်တို့ဖြင့် လှမ်းချိတ်၍မရ။

ထောင်အုတ်ရိုးလည်း စစ်ဆေးပြီးပြီ။ ထောင်တွင်းလူပေါင်းလည်း မနေ့ညက ပိတ်ထားသည့် လူပေါင်းနှင့် ကိုက်ညီပြီဆိုလျှင် ထောင်ဖွင့်ပေးလိုက်တော့။

ကောင်းပြီ၊ ညနေ ထောင်ပိတ်ချိန် ကြည့်ကြရအောင်။

ဒါလဲ တကယ်တော့ ဘာမှမဟုတ်ပါ။ လူပေါင်းရေတွက်ခြင်းသာလျှင် ဖြစ်၏။ လူပေါင်းရေတွက်တာချင်း အတူတူ။ ထောင်ဖွင့်တာဝန်နှင့်စာလျှင် ထောင်ပိတ်

http://www.cherrythitsar.org



တာဝန်က ပို၍ကြီးမားသည်ဟုဆိုရမည်။အဘယ်ကြောင့်ဆိုသော် အကျဉ်းထောင်များ တွင် တစ်နေကုန် အသွင်းအထုတ် လုပ်ငန်းတွေက အလွန်များသည်။ ဥပမာ နံနက်ပိုင်း လွှတ်လူတွေ လွှတ်ပေးမည်။ ဤနေရာတွင် ထောင်မှူးမောင်မောင်မှ ထောင်ပိုင်ကြီး ဦးရန်အောင်မောင်မောင် ဖြစ်လာချိန်အထိ ခံယူချက်ကလေးတစ်ခု တင်ပြလိုသေးသည်။

"ထောင်မှူးထောင်ပိုင်တွေဟာ မနက်ပိုင်းမှာ ကုသိုလ်ရတဲ့ အလုပ်ကိုလုပ်တယ်။ ဘာပြုလို့လဲဆိုတော့ အကျဉ်းသား လွှတ်လူတွေကို လွှတ်ပေးရတာကိုး"

မွေးနေ့များတွင် ငါးတွေကိုပဲ လွှတ်လွှတ်၊ ရွှေတိဂုံဘုရားခြေရင်းတွင် လှောင်အိမ်ထဲထည့်ထားသော စာကလေးတွေကိုပဲ ဝယ်လွှတ်လွှတ်၊ လူတိုင်းလူတိုင်း ပြောလေ့ပြောထ ရှိကြသည်။ "နင့်တစ်ခါလွှတ်၊ ငါ့ကို ဘဝဆက်တိုင်းဆက်တိုင်း လွှတ်"တဲ့။

သြော်.... လူဆိုသည်မှာ လောဘသားတွေ မဟုတ်ပါလား။ သူ့ကိုတော့ ဒီတစ်ခါပဲ လွှတ်မယ်၊ မိမိကိုယ်ကိုကျတော့ ဘဝဆက်တိုင်း ဆက်တိုင်း လွှတ်ရမယ်တဲ့။ ဘယ်လောက် အတ္တဆန်လိုက်သလဲ။ ထားပါတော့လေ၊ လူဟာ လူပဲ မဟုတ်လား။

ယင်းကဲ့သို့ လွှတ်လူတွေကို လွှတ်ပြီးတော့ အမှုစစ်ဆေးဆဲ ရုံးထွက်တရားခံတွေ ရှိသေးသည်။ မကျန်းမာ၍ ဆေးရုံပို့ရသူလည်း ရှိကောင်းရှိမည်။ ထောင်ပြောင်း အကျဉ်းသားများလည်း ရှိ၏။ ဒါက အထွက်၊ အနုတ်လက္ခဏာ၊ အပေါင်းလက္ခဏာ၊ အဝင်ပိုင်းကျတော့ အချုပ်ထောင်ကျ လူသစ်တွေ ရောက်လာမည်။ ထောင်ကြီးလျှင် ကြီးသလို ထောင်ဂဏန်း၊ ထောင်ငယ်လျှင် ရာဂဏန်း။ ထောင်ဖွင့်သည့်လူဦးရေ၊ ကျား၊ မ၊ စုစုပေါင်းကိုတည်၊ ထိုနေ့ဝင်သမျှ လူဦးရေကိုပေါင်း ရသည့်ကိန်းဂဏန်းထဲက ထွက်သမျှကို နုတ်၊ ရလဒ်သည် ထိုနေ့ ထောင်ပိတ် လူဦးရေစုစုပေါင်း ဖြစ်ရမည်။

ယင်းကိစ္စမှာ ကိန်းဂဏန်းနှင့်ချ၍ တွက်ပြတော့ အလွန်လွယ်သည်။ သို့သော် တကယ်တမ်း လက်တွေ့လုပ်ငန်းကျတော့ အလွန်ပင် ခက်ခဲလှပါ၏။

ထောင်မှူးမောင်မောင်တို့ခေတ်က ဘယ်ရလိမ့်မလဲ။ ထောင်မှူးများကိုယ်တိုင် အိပ်ဆောင်တွင်းဝင်ပြီး နှစ်ယောက်တွဲ တန်းစီထားသော အကျဉ်းသားများကို နှစ် ယောက် လေးယောက် ခြောက်ယောက် စသည်အားဖြင့် ရေတွက်ရ၏။ တစ်ပြုံးတစ်လံ ညောင်ကန်ထမ်းပိုး အကျိုးနှင့်မရ။ အကျဉ်းသားက တစ်ခန်းတစ်ခန်းလျှင် တစ်ရာ ကျော်၊ တစ်ရာ့ငါးဆယ်နီးပါး ရှိတတ်သည် မဟုတ်လား။ မိမိတစ်ယောက်တည်းလည်း မဟုတ်၊ ထိုညအတွက် တာဝန်ယူစောင့်ကြပ်မည့် ထောင်ဝါဒါလည်း ပါသည်။ နေ့ သမားလည်း ပါ၏။ လူပေါင်းရတော့မှ ထိုနေ့ညအတွက် တာဝန်ယူ စောင့်ကြပ်ကြ မည့် ဘာယာစာရင်းကိုရေး၍ လက်မှတ်ရေးထိုးခဲ့ရ၏။

ဥပမာ၊ လူပေါင်း ၁၄၀ ရှိသည်ဆိုပါတော့ ၁၃၅ + (အပေါင်း) ၅ = ၁၄၀။

အပေါင်း ၅ မှာ ထိုနေ့ည အိပ်ခန်းထဲတွင် အိပ်ဖန်စောင့်ကြပ်မည့် အကျဉ်းသား ညကင်းစောင့် ဘာယာများဖြစ်၏။ ညဦးပိုင်း ခြောက်နာရီမှ ကိုးနာရီတစ်ယောက်၊

http://www.cherrythitsar.org



၉ နာရီ မှ ၁၁ နာရီတစ်ယောက်၊ ညဉ့်လယ်ပိုင်း ၁၁နာရီ မှ ၁နာရီ၊ ၁နာရီမှ ၃နာရီ၊ ၃နာရီမှ မိုးလင်းပိုင်း ၆ နာရီထိ တစ်ယောက်စီ။ သို့ကလို ညဦးပိုင်းနှင့် မိုးလင်းပိုင်းတွင် သုံးနာရီ တာဝန်ပေးထား၍ လူတိုင်းအိပ်ချင်တတ်သော ညဉ့်လယ်ပိုင်းတွင်မူ နှစ်နာရီသာ တာဝန်ပေးထား၏။

ထောင်မှူးတစ်ယောက် တစ်ယောက်လျှင် ထောင်ဖွင့်ထောင်ပိတ် တာဝန်ယူရသည့် အိပ်ခန်းကလည်း မနည်းလှပေ။အင်းစိန်လို ထောင်ကြီးတွင် အဆောင်တစ်ဆောင်လျှင် အပေါ်ထပ်လေးခန်း အောက်ထပ်လေးခန်း စုစုပေါင်း ရှစ်ခန်းတိတိရှိ၏။ တစ်ခန်းလျှင် အကျဉ်းသားတစ်ရာကျော်ဆိုတော့ စုစုပေါင်း အကျဉ်းသား ရှစ်ရာကျော်၊ တစ်ထောင်နီးပါး။

တစ်ခါတလေတော့လည်း ထောင်ဖွင့်ထောင်ပိတ် အကျဉ်းသားရေတွက်ရာ တွင် ထောင်မှူးမောင်မောင်တို့တစ်တွေ မှားယွင်းတတ်သည်။ မှားတတ်တာက အကျဉ်းသားများ နှစ်ယောက်တစ်တွဲ တန်းစီထိုင်နေကြသည့်အခါ အကြောင်းမဟုတ်။ တစ်ပြူး တစ်လံနှင့် ကိစ္စပြီးနိုင်၏။ အဲဒီလိုမဟုတ်ဘဲ နှစ်ယောက်တစ်တွဲ မပြည့်၍ ဘက်ပဲ့နေသည့်အခါ သို့မဟုတ် နေထိုင်မကောင်းသည့် အကျဉ်းသားက တုံးလုံးလှဲ နေသည့်အခါ လူ ရေတွက်ရာတွင် မှားလေ့မှားထ ရှိတတ်၏။

အဆိုပါ အမှားလူပေါင်းစာရင်းကို ထောင်ပိတ်စားပွဲတွင်ထိုင်နေသည့် ထောင်ဖွင့် ထောင်ပိတ် အင်ချပ်ထောင်မှူးထံ သွားပေးသည့်အခါ ဘယ်လိုလုပ် ထောင်ဖွင့် ထောင်ပိတ် လူပေါင်း ကိုက်နိုင်တော့မည်နည်း။ 'လူပေါင်း မကိုက်ဘူးဟေ့၊ ပြန်ရေကြဦး' သွားပေဦးတော့ အိပ်ခန်း ရှစ်ခန်း။ အပေါ်ထပ် အောက်ထပ်၊ တက်ချည် ဆင်းချည်။ ခြေတိုအောင် လမ်းလျှောက်ပေဦးတော့။

ထောင်ဖွင့်ထောင်ပိတ်အဖွဲ့ကို အကျဉ်းထောင်များတွင် ထောင်မှူးကြီးအဖွဲ့နှင့် ဒုတိယထောင်မှူးကြီးအဖွဲ့ဟူ၍ နှစ်ဖွဲ့ခွဲထားသည်။ ဒုတိယထောင်မှူးကြီး ဆိုသူမှာလည်း တကယ်တော့ ထောင်မှူးမောင်မောင်တို့လို ကြယ်တစ်ပွင့်တပ် ထောင်မှူးရိုးရိုးသာလျှင် ဖြစ်၏။ သို့သော်လည်း သူက ထောင်မှူးကြီးဖြစ်ခါနီး စီနီယာထောင်မှူး။ ထိုစဉ်က စီနီယာ၊ ဂျူနီယာ တကယ်ပင်စကားပြောပါသည်။ ကြယ်တစ်ပွင့် ထောင်မှူးချင်းအတူတူ အဲဒီ ဒုတိယထောင်မှူးကြီးကို အလိုလိုကြောက်နေရ၏။ ဘယ်လောက် ကြောက်သလဲ ဆိုလျှင် ထောင်ဖွင့်ထောင်ပိတ် လူပေါင်းစာရင်းပေးပြီး မကိုက်ညီ၍ မိမိတာဝန်ယူရသည့် အဆောင်ကများ လူပေါင်းမှားပြီဆိုပါက ထောင်မှူးအချင်းချင်း ရုံးတင်ခံရ၏။ ထုချေလွှာ အတောင်းခံရ၏။ အရေးယူ ခံရ၏။ ယုတ်စွအဆုံး အလွန်သဘောကောင်းသည့် ဒုတိယထောင်မှူးကြီးဖြစ်ပါက လက်ဖက်ရည်တစ်ဝိုင်း တိုက်လိုက်ရ၏။ ယခုခေတ် ဝမ်းတောဘယ်လ်လောက်တော့ မဆိုးရွားလှပါ။

သို့ကလို ထောင်ဖွင့်ထောင်ပိတ် လူပေါင်းရေတွက်ရာတွင် အရေးကြီးလှသည်

http://www.cherrythitsar.org



ဆိုမှ တစ်နေ့သ၌.... ထောင်မှူးမောင်မောင်တို့ ထောင်ဖွင့်ထောင်ပိတ်အဖွဲ့မှ အဖွဲ့တာဝန်ခံ မစ္စတာ အယ်ဒီကာစတိုးသည် လူပေါင်းစာရင်းကို အကြိမ်ကြိမ် ပေါင်းလျက်ရှိ၏။ တစ်ကြိမ် ပေါင်းလိုက်၊ မကိုက်လိုက်၊ နောက်တစ်ကြိမ် ပြန်ပေါင်းလိုက်၊ မကိုက်လိုက်။ သူ့ကိုယ်သူစိတ်မချသဖြင့် အနီးရှိ စီနီယာထောင်မှူးဦးလွန်းဖေကို အပေါင်းခိုင်းပြန်သည်။

"ရက်စ်၊ ဝမ်းရှော့(တ်)" (အဓိပ္ပာယ်မှာ တစ်ယောက်လိုနေတယ်)

နောက်ထပ် ထောင်မှူးတစ်ယောက် မစ္စတာအင်အေဖတ် ပေါင်းပြန်သည်။ ထိုနည်း၄င်းပင်။ မစ္စတာအယ်ဒီက....

"တစ်ယောက်လိုနေတယ်ကွာ၊ ပြန်ရေကြပါဦး"

ထောင်မှူးမောင်မောင်တို့အုပ်စု အိပ်ဆောင်ဘက်သို့ ပြန်လည် ချီတက်ရပြန်ပါပြီ။ တစ်ဆောင်ချင်းဝင် တစ်ခန်းချင်း တန်းစီထိုင်နေသည့် အကျဉ်းသားများကို ပြန်၍ ရေတွက်ကြရပြန်၏။ လူပေါင်းကိုက်ပါသည်။ ပထမအကြိမ်ရေတွက်ခဲ့သည့်အတိုင်းပင်။ ထောင်ပိတ်စားပွဲပြန်ရောက်တော့ မိုးလည်းစုပ်စုပ်ချုပ်ခဲ့ပြီ။ ထောင်ပိတ်တာဝန်ခံ မစ္စတာ အယ်ဒီကြီးကလည်း မျက်လုံးပြူးစ ပြုပြီ။ နေ့စဉ် လူဝင်လူထွက်စာရင်း ထောင် အခေါ် morning report ကို ပြန်စစ်ကြ၏။ ယင်းစာအုပ်မှာ ထောင်မှူးများကိုယ်တိုင် ရေးသွင်း ရသော ထောင်အဝင် အထွက် အချက်အချာအကျဆုံး စာအုပ်ဖြစ်၏။

ထောင်ဘူးဝထဲ အကျဉ်းသားဝင်လာလျှင် အချုပ်လူသစ်လား၊ အချုပ်ဟောင်း လား၊ ထောင်ကျလူသစ်လား၊ ထောင်ကျဟောင်း ရုံးပြန် ဆေးရုံပြန်လား၊ တခြား ထောင်မှ ပြောင်းလာသည့် ထောင်ကျလား၊ အချုပ်လား သို့မဟုတ် တခြားထောင်သို့ ဆက်လက်ပြောင်းရွှေ့ရမည့် ထောင်ကျဧည့်သည် enroute လား၊ စသည်အားဖြင့် ယောကျာ်း မိန်းမပါ ခွဲခြား ရေးသွင်းရသော စာအုပ်ဖြစ်၏။

တော်ရုံတန်ရုံ အတွေ့အကြုံမရှိသော ထောင်မှူးဆိုလျှင် ဤစာအုပ်ကို မှန်ကန် စွာ မရေးသွင်းတတ်ပေ။ ရေးတော့ရေးမည်။ သူရေးလိုက်တာက အမှား။ ဆိုလိုသည်မှာ လူပေါင်းတော့ ကိုက်ချင်ကိုက်မည်။ သို့သော် အကျဉ်းသားအမျိုးအစား ခွဲခြားမရေး တတ်သဖြင့် လချုပ်စာရင်း။ နှစ်ဝက်ချုပ်စာရင်း၊ နှစ်ချုပ်ပြုစုရာတွင် အလွဲလွဲအချော်ချော် ဖြစ်သွားနိုင်သည်။

ယင်းစာအုပ်ကို အပြန်အလှန် အပေါင်းအနုတ် လုပ်ကြည့်တော့လည်း မှန်ကန် နေ၏။ မစ္စတာအယ်ဒီ စိတ်မရှည်တော့ပေ။ "gate register သွားယူကွာ"

အဲဒီစာအုပ်ကလည်း ထောင်ဝင်ထောင်ထွက် အချက်အချာကျသော စာအုပ် ပင် ဖြစ်၏။ ထောင်ဘူးဝတွင် အစဉ်အမြဲ ထားရသည်။ သူ့ကိုတော့ ထောင်မှူးတွေမကိုင်၊ တံခါးတာဝန်ကျ ထောင်ဝါဒါထောင်ကြပ်က ရေးသွင်းရ၏။ ထောင်ပိုင်ကြီး ဦးရန်အောင် မောင်မောင် ဘယ်အချိန်ဝင်သည်၊ ဘယ်အချိန် ထွက်သည်၊ ထောင်မှူး ဦးလူလူ ဝင်ချိန် ထွက်ချိန်၊ ထောင်ကြပ်သာစိန် အဝင်အထွက်၊ ဆောက်လုပ်ရေးဌာနမှာ လက်သမား၊

http://www.cherrythitsar.org



ပန်းရန်ဆရာများ အဝင်အထွက်၊ စသည်အားဖြင့် အပြည့်အစုံရေးသွင်းရသော စာအုပ်ဖြစ်၏။ အကျဉ်းသား အဝင်အထွက်ကိုတော့ အမည်နာမနှင့် ရေးရန်မလို။ သို့သော် အမျိုးအစားနှင့် လူပေါင်းကိုတော့ အတိအကျ ရေးမှတ်ထားရ၏။ ထောင်မှူးများကိုယ်တိုင်ရေးသွင်းလက်မှတ်ထိုးရသည့် နေ့စဉ်လူဝင်လူထွက်စာရင်းအတိုင်းပင် ဖြစ်၏။

အင်္ဂလိပ်အစိုးရများ အလွန်သေချာပါသည်။ မသေချာလျှင် မလုပ်ပါ။

ယခင်က ငွေတိုက်များ၊ ဘဏ်များတွင် ငွေရေးကြေးရေးကိစ္စသည် အလွန်ပင်အရေးကြီးသလို အကျဉ်းထောင်များတွင်လည်း လူသည် တကယ်အရေးပါလှပါသည်။ တကယ်တမ်း တွေးကြည့်တော့ ငွေလျော့လျှင် မိမိမှာရှိသည့်ငွေဖြင့် စိုက်ထည့်နိုင်သော်လည်း လူလျော့လျှင် ဘယ်လိုစိုက်မည်နည်း။

ယခုပင်ကြည့်ပါ။ အကျဉ်းသားတစ်ယောက် လျော့နေပြီ၊ ဘယ်လိုဖြည့်တင်းမည်နည်း။

■

http://www.cherrythitsar.org

# ၂၆

သို့ဖြစ်၍ ဘယ်လိုလုပ်မှ ဟာကွက်ပျော့ကွက်ရယ်လို့ မရှိနိုင်အောင် ထောင်မှူးကိုယ်တိုင် ရေးသွင်း လက်မှတ်ထိုးရသည့် စာအုပ်က တစ်အုပ်၊ မလှုပ်နိုင်အောင် အကွက်စေ့စေ့ စီစဉ်ထားခဲ့ခြင်းဖြစ်၏။ တံခါးစာအုပ်မှာ ထောင်ဘူးဝတံခါးတွင် အစဉ်အမြဲ ထားရသည်။ သူက လူဝင်တိုင်း ထွက်တိုင်း ရေးသွင်းမှတ်သားရသည့် စာအုပ် မဟုတ်လား။ ယင်းစာအုပ်ကို ထောင်ဝါဒါ တစ်ယောက်က ထောင်ဘူးဝရောက်အောင် အပြေးအလွှား သွားယူရ၏။ အင်းစိန်ထောင်အတွင်း လျှပ်စစ်မီးတွေ ထိန်ထိန်လင်း၍ ညအချိန် ခုနစ်နာရီထိုးလုပြီ။ တံခါးစာအုပ် ရောက်လာ၍ လူပေါင်းစာရင်းအတွက် စစ်လိုက်ပြန်တော့လဲ လူပေါင်းစာရင်းက ကိုက်ညီနေ၏။ မစ္စတာအယ်ဒီ သူ၏ခေါင်းကို တဂျစ်ဂျစ်ကုတ်ပြီး...

“ခက်တယ်ကွာ၊ သိပ်ခက်တယ်။ အဲဒီလျော့နေတဲ့ လူတစ်ယောက်၊ ဘယ်သူလဲ မင်းတို့ အိပ်ခန်းစာရင်းနဲ့ လိုက်ရှာကြ၊ ဒါပဲ”

အဲဒါမှ မဟာ့မဟာ တကယ့်အခက်အခဲ ဖြစ်၏။ ထိုစဉ်က အင်းစိန်ထောင်ကြီးထဲတွင် အကျဉ်းသားပေါင်း လေးထောင်ကျော် ငါးထောင်နီးပါး ရှိသည်။ ဘယ်သူ ဘယ်ဝါ တစ်ယောက်လျော့နေတယ်ဆိုတာ အလွန်ရှာရခက်ပါသည်။ တစ်ခုတော့ ရှိသည်။ မစ္စတာ အယ်ဒီ ပြောသလို အိပ်ဆောင်များတွင် အိပ်ခန်းတိုင်း လူအမည်စာရင်း ရှိ၏။ ဒါကလဲ မှန်မှန်ရေးသွင်းသည့် အိပ်ခန်းရှိသလို မရေးသွင်းသည့် အိပ်ခန်းကလဲ အမြောက်အမြား။ ဘာပဲဖြစ်ဖြစ် ထောင်မှူးမောင်မောင်တို့ လူငယ်ပိုင်းတွေ ပြေးကြလွှားကြရပြန်သည်။ အိပ်ဆောင်တွေကိုဝင် လူပေါင်းစာရင်းတောင်း၊ လူအမည်နှင့်

http://www.cherrythitsar.org



ကိုက်မကိုက်စစ်၊ အကျဉ်းသားအချင်းချင်းကိုလဲ မင်းတို့နဲ့ အတူနေ ဘယ်သူပျောက်နေသလဲ အရှာခိုင်း၊ တစ်စတစ်စနှင့် တစ်နာရီခွဲ နှစ်နာရီနီးပါးလိုက်ရှာမှ အဖြေရလာသည်။

ပျောက်နေတာက မောင်ဌေး၊ အိပ်ဆောင်အမှတ် ၂ အခန်း ၃ မှ ထောင်အနှစ် ၂၀ လူသတ်မှု။ သူ့ထောင်တွင်းအလုပ်က ဖိနပ်ချုပ် ဘုတ်ကိုင်။

ထိုစဉ်က အင်းစိန်အကျဉ်းထောင်ထဲ ဖိနပ်ချုပ်လုပ်ငန်း ရှိပါတယ်။ ယခုခေတ် စာဖတ်သူများ စိတ်ထဲ မယုံချင်စရာ ပုံပြင်ပမာ ဖြစ်ကောင်းဖြစ်နေမည်။ မယုံမရှိပါနှင့်၊ တကယ် ရှိခဲ့ပါသည်။ ယခုလဲ ရှိနေပါသေးသည်။ ရှိလိုက်သမှ ထိုစဉ်က တပ်မတော်အတွက် စစ်ဖိနပ်များနှင့် ရဲအတွက် စစ်ဖိနပ်များကိုပင် အစုလိုက် အပြုံလိုက် ပေးသွင်းနိုင်ခဲ့၏။

ကောင်းပြီ၊ မောင်ဌေး တစ်ယောက် ပျောက်နေတာတော့ သိပြီ။ မောင်ဌေး ဘယ်ကွဲနေသနည်း။

အချိန်အားဖြင့် ညရှစ်နာရီခွဲ ကျော်ကျော် ၉ နာရီ ထိုးခါနီးနေပြီ။

"ကိုင်း....၊ ဒီကောင့်ကို လိုက်ရှာကြဟေ့....။ ဒီကောင် အပြင်ထွက်ပြေးနိုင်တဲ့ အထောက်အထား သဲလွန်စတော့ ဘာတစ်ခုမှ မတွေ့ရသေးဘူးကွ"

အင်းစိန်ထောင်အတွင်း လက်နှိပ်ဓာတ်မီး တဝင်းဝင်းနှင့် ထောင်လုံးပတ်လည် လိုက်ရှာကြသည်။ အင်းစိန်ထောင်ဆိုတာကလဲ အကျယ်ကြီး။ ထောင်မှူး မောင်မောင်တို့ တစ်တွေမှာ ထမင်းကဆာ ဝမ်းက ဟာလှပြီ။ ထိုအခိုက်မှာပင် အလုပ်ဘက် တံခါးစောင့် ထောင်ကြပ်တစ်ဦးက ထောင်မှူးမောင်မောင်ကို အနားကပ်ပြောသည်။ မှတ်မှတ်ရရ သောကြာဆိုသူ ဖြစ်၏။

"ဆရာ ကျွန်တော် သတိရပြီ"

"အေး.... ပြောစမ်းပါဦး"

"ဒီကောင် မောင်ဌေးလို့ ထင်တာပါပဲ။ အလုပ်ဘက်တံခါးတွေ လိုက်ပိတ်နေတဲ့အချိန်မှာ သူ့ပုံစံလုံချည် ကျန်ရစ်ခဲ့တယ်ဆိုပြီး အလုပ်ဘက် ပြန်ဝင်သွားတယ်။ ဒီကောင် ပြန်မထွက်ဘဲ အလုပ်ဘက်မှာများ ရှိနေမလား"

သို့နှင့်ပင် ထောင်မှူးမောင်မောင်တို့အဖွဲ့ အလုပ်ဘက်သို့ တပ်တောင်တာမိုလ်ထုနှင့် လူစု၍ ဝိုင်းရပြန်သည်။ အလုပ်ဘက်ဆိုတာကလဲ အကျယ်ကြီး။ လက်သမားရုံ၊ ရက်ကန်းရုံ၊ စက်ချုပ်ရုံ၊ ဖိနပ်ချုပ်ရုံ၊ စာပုံနှိပ်စက်လုပ်ငန်း စသည်အားဖြင့် အတော်လေး ကျယ်ဝန်းသည်။ ဟိုရှာကြ ဒီရှာကြ၊ ရေမြောင်းတွေကိုလဲ အလွတ်မပေး။

နောက်ဆုံး၊ မောင်ဌေးကို တွေ့မယ့်တွေ့တော့ ဘယ်နေရာမှာတွေ့သည် ထင်ပါသနည်း။ ဖိနပ်ချုပ်ရုံခေါင်းရင်း သရက်ပင်ခွဆုံတွင် ငုတ်တုတ်ကလေး ထိုင်လျှက် တွေ့လိုက်ကြရသည်။

လက်နှိပ်ဓာတ်မီးရောင်အောက်တွင် မျက်လုံးကလေး ပြူးကြောင်ကြောင်နှင့်။

http://www.cherrythitsar.org



"ဟော့ကောင်.... မောင်ငွေး....၊ ဆင်းခဲ့"

လိုက်ရှာသူများ ဒေါပွပြီး တီးပစ်ချင်ကြပြီ။ သို့သော် မောင်ငွေးကလဲ လူပါး။

"ဆရာတို့ ကျွန်တော်အောက်ရောက်လျှင် ဝိုင်းရိုက်ကြမှာပဲ။ ကျွန်တော် သိတယ်။ ဒီတော့ ကျွန်တော်အရိုက်မခံနိုင်ဘူး။ ဟောဒီ သစ်ပင်ပေါ်ကခုန်ချပြီး အသေပဲ ခံလိုက်မယ်"

"ဟိုက်...."

အောက်မှ လူအများ မျက်လုံးပြူးသွားကြ၏။

"ဟော့ကောင်.... မောင်ငွေး၊ မရိုက်ပါဘူးကွာ။ တို့မှာ ထောင်မပိတ်ရသေးလို့ ထမင်းဆာလှပြီ။ လာပါ.... ဆင်းခဲ့ပါကွာ"

ဘာပဲပြောပြော မောင်ငွေး ဆင်းမလာ။

"ကျွန်တော့်ကို ဆရာဖတ် ခေါ်ပေးပါ"

သူပြောသည့်ဆရာဖတ်မှာ အလုပ်ဘက်ထောင်မှူး မစ္စတာ အင်အေဖတ် ဖြစ်၏။ သူ့ကို အပြေးအလွှား သွားခေါ်ကြရသည်။

မစ္စတာဖတ် ရောက်လာတော့ မောင်ငွေးက....

"ဆရာ ကျွန်တော့်ကို သူတို့ဝိုင်းမရိုက်အောင် ဆရာတာဝန်ယူပါ။ ဒါမှမဟုတ်ရင် ကျွန်တော် ဟောဒီသရက်ပင်ပေါ်က ခုန်ချပြီး သေလိုက်မယ်"

မစ္စတာဖတ်ကလဲ အခြေအနေအရ ရှောရှောရှူရှူ လိုက်လိုက်လျောလျော ပြောရသည်။

"အေးပါကွာ.... ငါ တာဝန်ယူပါတယ်။ မင်းကို လက်ဖျားနဲ့တောင် မတို့စေရပါဘူး"

မောင်ငွေး သရက်ပင်ပေါ်မှ အေးအေးဆေးဆေး ဆင်းလာသည်။ သူ့ကို အောက်မှ လက်ယားနေသူတို့ တီးခွင့်မရကြ။ မောင်ငွေးကို တိုက်ပိတ်ပြီးမှ ထောင်ပိတ် သံချောင်းခေါက်နိုင်သည်။

"ဒေါင်၊ ဒေါင်၊ ဒေါင်....၊ ဒေါင်"

ဒီတော့ ညဆယ်နာရီခွဲပြီ။

မောင်ငွေးအမည်ရှေ့မှ ဘွဲ့ထူးဂုဏ်ထူးတစ်ခု တိုးလာ၏။

'သရက်ပင် မောင်ငွေး'

အကျဉ်းထောင် လုပ်ငန်းများတွင် အဓိကတာဝန်ကြီးနှစ်ရပ်ဖြစ်သည့် ထောင်ဖွင့် ထောင်ပိတ် ပြုလုပ်ရာ၌ အင်းစိန်ထောင်က သရက်ပင် မောင်ငွေးလို မန္တလေးထောင်မှာလဲ ဒုက္ခလှလှကြီး တွေ့ခဲ့ဖူးကြပြီ။

အချိန်ကာလအားဖြင့် ၁၉၄၈ ခုလွတ်လပ်ရေးရပြီး နိုင်ငံနှင့်အဝန်း သောင်းကျန်းသူ ရောင်စုံအဖျက်သမားတို့ ဆူပူထကြွနေချိန်။

http://www.cherrythitsar.org



မန္တလေးထောင်ကြီးထဲတွင်လဲ နိုင်ငံရေးသမား ရောင်စုံတို့ ပုဒ်မငါးဘဝနှင့် အမြောက်အမြား ရှိနေကြသည်။ သူတို့တစ်တွေသည် ထောင်မှူး ထောင်ပိုင်တွေကို အပျော်တမ်း နောက်ကြ ပြောင်ကြရာတွင် တကယ့်ကို လက်ကုန်ဖြစ်၏။ တစ်ညနေခင်း ထောင်ပိတ်ရာတွင် လူပေါင်း စာရင်းမကိုက်၊ တစ်ယောက် လိုနေ၏။ ထောင်ဖွင့် ထောင်ပိတ်ရာတွင် လူနှစ်ယောက်လျော့နေလျှင် ဒီလောက် အကြောင်းမဟုတ်။ တစ်ယောက် လိုနေလျှင် ထောင်မှူးတွေ မျက်လုံးပြူးသွားတတ်ကြသည်။

အဘယ်ကြောင့်ဆိုသော် ထောင်ဖွင့် ထောင်ပိတ် လူပေါင်း ရေတွက်ရာတွင် အိပ်ဆောင်အတွင်း အကျဉ်းသားများ နှစ်ယောက်တစ်တွဲ ထိုင်နေကြရာ၊ နှစ်ယောက် လိုလျှင် သို့မဟုတ် နှစ်ယောက်ပိုလျှင် အကျဉ်းသားတစ်တွဲ အရေအတွက် လွဲနိုင်၏။

တစ်ယောက်တည်း ဆိုလျှင်တော့ ဒါ ပြဿနာပဲ။

ထိုစဉ်က ထောင်ပိတ်တာဝန်ခံ ထောင်မှူးက ထောင်မှူးဦးအောင်ကြီး (ကွယ်လွန်သူ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဦးကျော်လုံး)။

"ကိုင်း.... ဘရာသာ ဂျေလာတို့ရေ လူပြန်စစ်ကြပါဦး"

ထောင်မှူးတွေ ကိုယ်စီကိုယ်င မိမိတို့ ပိတ်ခဲ့သည့် အိပ်ဆောင်များကို လူပြန်စစ်ကြသည်။ ဖိုကြီးရှေ့ရှိ ထောင်ပိတ်စားပွဲတွင် ပြန်ဆုံမိကြသောအခါ လူတစ်ယောက် လိုမြဲ လိုလျက်။ ဦးအောင်ကြီး ခေါင်းကုတ်ရပြီပေါ့။

"ဦးသိန်းရေ ခရော့စ်ချက် လုပ်ကြဦးစို့ဗျာ"

ခရော့စ်ချက်ဆိုသည်မှာ ထောင်မှူးအချင်းချင်း သူပိတ်သည့် အိပ်ခန်း ကိုယ်စစ်၊ ကိုယ်ပိတ်သည့် အိပ်ခန်း သူစစ်၊ တစ်ယောက်နှင့်တစ်ယောက် လွှဲပြောင်း၍ အမှား ရှာခိုင်းခြင်း ဖြစ်၏။

အကျဉ်းထောင်များတွင် အကျဉ်းသားပြေးတာချင်း အတူတူ ထောင်တွင်းမှ ပြေးတာနှင့် ထောင်အပြင်မှ ပြေးတာတို့ တန်းတူရည်တူ သတ်မှတ်လို့မရပေ။ ထောင်အပြင်ထွက်၍ အလုပ်လုပ်ရသော အကျဉ်းသားများမှာ လွတ်ရက်နီးသူများ ဖြစ်၏။ အများဆုံးကျန်လှမှ ခြောက်လခန့်။ ပြေးနိုင်ဖို့ အခွင့်အလမ်းကလဲ များသည်။ ဒီတော့ အပြင်ဘက်က ထွက်ပြေးလျှင် သိပ်အကြောင်းမဟုတ်။ ထောင်ထဲက ထွက်ပြေးတာ ဆိုလျှင်တော့ တကယ့်ကိုအကြောင်းပါ။ ဘယ့်နှယ်၊ ဒါလောက် အုတ်ရိုးအထပ်ထပ် သံဆူးကြိုးအတန်တန် ကာရံထားသည့် ထောင်ကြီးအတွင်းမှ ထွက်ပြေးပြီဆိုမှတော့ အကြီးဆုံးထောင်ပိုင်မှ ထောင်ပိုင်လေး၊ ထောင်မှူးကြီး စသည်အားဖြင့် အဆင့်ဆင့်၊ ထောင်ဝါဒါကလေးအထိ တာဝန်ရှိလာပြီပေါ့။

ထောင်မှူး မောင်မောင် နှစ်ပွင့် ထောင်ပိုင်ဖြစ်ကတည်းက အမြဲတမ်း ပြောခဲ့ပါသည်။

"ထောင်မှာ ပြဿနာတစ်ခုဖြစ်လာလျှင် နောက်ချေးပုံပေါ် ခဲကျလိုက်သလိုပဲ။

http://www.cherrythitsar.org



ဘယ်သူမှ မလွတ်ဘူး အကုန်စဉ်တာပဲ”

ဟိသစ္စ၊ ထိုစကားသည် အကြွင်းမဲ့ မှန်လှပေစွ။

ထောင်မှာ တစ်ခုခု ဖြစ်ကြည့်ပါလား။ ဘယ်သူမှ မလွတ်။ မီးနိုး ကြွက်လျှောက် မိုးမဆုံးမြေမဆုံး ရှိရှိသမျှ ဝန်ထမ်းကြီးငယ်အားလုံး ဇယ်စက်သလို ဒုက္ခရောက်ကြရ၏။ တစ်နည်းမဟုတ် တစ်နည်းနည်း တာဝန်ရှိနေတတ်၏။ သို့ကလို တာဝန်ရှိအောင်လည်း အင်္ဂလိပ်အစိုးရများ ရေးဆွဲသွားသည့် ထောင်ဥပဒေစာအုပ်ကြီးက ရေပက်မဝင်အောင် ချုပ်ကိုင်ထားပေသည်။

ခက်တော့လည်း အခက်သား။ မြွေအလမ္ပာယ်ဆရာနှင့် မြွေပမာ ဥပမာပေးချင်လည်းပေးတော့။ လှောင်ချိုင့်တွင်းမှ ငှက်ငယ်ကလေးကိုသာ စံထားကြည့်ပါ။ သူဘယ်မှာ အေးအေးဆေးဆေး နေလို့လဲ။ ဟိုဘက်ထောင့် ပြေးလိုက်၊ သည်ဘက်ထောင့်ပြေးလိုက်၊ လှောင်ချိုင့်ကလေးကို ကာရံထားသော ဝါးတန်းကလေးတွေကို နှုတ်သီးဖြင့်ဆိတ်လိုက် ဆွလိုက်။ သူမှ အထဲမှာ မနေချင်တာ၊ လွတ်ရာလွတ်ကြောင်း ရှာနေမှာပေါ့။

အဲဒါက အဟိတ်တိရစ္ဆာန်၊ လူကျတော့ ပိုဆိုးတာပေါ့။

Law makers are law breakers ဟု အဆိုရှိသည်။ ဥပဒေကို လုပ်တာလဲ လူပဲ၊ ဥပဒေကို ချိုးဖောက်တာလဲ လူပဲ။

တရားဥပဒေအရ အုတ်ရိုးလေးဘက်လေးတန် ကာရံထားသော ထောင်တွင်းရောက်လာသည်။ သူတို့တစ်တွေ ပျော်ပျော်ရွှင်ရွှင် ရှိကြပါသလား။ ဝေးလေစွတကား၊ မတတ်သာလို့သာ အောင့်အည်းကျိတ်မှိတ်၍ နေနေရသော်လည်း တစ်မိနစ် တစ်စက္ကန့်ကလေးမှ အထဲမှာမနေချင်။ ဒီတော့ သူတို့လည်း လှောင်ချိုင့်အတွင်းမှ ငှက်ငယ်ကလေးနှုတ်သီးဖြင့် ထိုးဆွ၍ ထွက်ပေါက်ရှာသလို တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေလွတ်မြောက်ရာ လွတ်မြောက်ကြောင်း ရှာကြံကြမှာပေါ့၊ ဒါ ဓမ္မတာပါပဲ။

အဲဒီဓမ္မတာကို ပိတ်ရ ဆို့ရ၊ တားဆီးရမှာက စောစောက ပြောတဲ့ နှစ်ပွင့်ထောင်ပိုင် ဦးမောင်မောင်တို့ရဲ့ အလုပ်။ နှစ်ပွင့်ထောင်ပိုင်ဆိုတာက ဒီလိုပါ။

ဦးမောင်မောင်သည် ထောင်မှူးသက် ရှည်၏။ ကြယ်ကလေးတစ်ပွင့်ထောင်မှူးဘဝနှင့် ၁၇ နှစ်တိုင်တိုင် လုပ်ခဲ့ရသည်။ ၁၉၅၀ခုနှစ်မှသည် ၁၉၆၇ခုနှစ် အထိ။ ၁၉၆၇ ခုနှစ် ကြယ်နှစ်ပွင့်တပ်ထောင်မှူးကြီးရာထူး တိုးသည်နှင့် ပဲခူးထောင်တွင် ကြယ်သုံးပွင့်တပ် ထောင်ပိုင်ကြီးမလာမီ တာဝန်ခံထောင်မှူးကြီးအဖြစ် တာဝန်ယူရ၏။ ဆိုလိုတာက ပဲခူးထောင်တွင် ရှိရမှာက ကြယ်သုံးပွင့်တပ် တာဝန်ခံအရာရှိ။ သို့သော် ယင်းတာဝန်ခံအရာရှိနေရာ လူစားမပေးနိုင်သေးတော့ ထောင်မှူးကြီး ဦးမောင်မောင်ကပင်တာဝန်ခံအရာရှိ နေရာတွင်လုပ်။ တာဝန်ခံ အရာရှိကိုလဲ အရပ်အခေါ် ထောင်ပိုင်။

အမှန်တော့ အကျဉ်းဌာနမင်းကြီး အမှူးပြုသည့် အထက်ကအရာရှိတွေ အနေနှင့်လဲ ဟိုမလှည့်နိုင်၊ သည်မလှည့်နိုင် တော်သလို လျော်သလို ကြည့်၍ တာဝန်ပေး

http://www.cherrythitsar.org



နေရခြင်းသာပါ။

ဘာပဲပြောပြော ထောင်ထဲကပြေးမှတော့ ထောင်ဝန်ထမ်းတိုင်း သွေးလန့်ကြသည်။ချက်ချင်းလက်ငင်း ဒုက္ခတွေ့ကြမည့်ကိစ္စမဟုတ်လား။ ဒါကြောင့်လဲ ဦးကျော်ကလုံး လောင်းလျာ ထောင်မှူးဦးအောင်ကြီးတို့အဖွဲ့ ဒါလောက်ပျာယာခတ်နေကြခြင်းပင်။

ခရော့စ်ချက်သွားလုပ်သည့် ထောင်မှူးများ ပြန်ရောက်လာကြပြီ။

"ကိုင်း လူပေါင်း ပြန်စစ်ကြည့်ပါဦး"

ပြန်စစ်ကြသည်။ ထူးမခြားနား၊ စောစောကအတိုင်း တစ်ယောက် လိုမြဲလိုလျက်။ အချိန်အားဖြင့် ခြောက်နာရီခွဲခန့်ရှိပြီ။ ထောင်ပိတ်စားပွဲကို ဖိုကြီးရှေ့တည့်တည့် လျှပ်စီးမီးရောင်အောက် ရွှေ့ကြရ၏။ ထောင်မှူးဦးအောင်ကြီး သူ့ဝသီအတိုင်း သက်ပြင်းရှည်ကြီး 'ဟူး'ခနဲ မှုတ်ထုတ်လိုက်သည်။

"မောနင်းရီပို့နဲ့ တံခါးစာအုပ်လဲ ပြန်စစ်ကြပါဦးဗျာ"

ယင်းစာအုပ်များတွင် ရေးသွင်းရာမှာလဲ အမှားအယွင်းရှိနိုင်သည်။ အဲဒီစာအုပ်တွေကို ယူပြီး တိုက်ဆိုင်စစ်ဆေးကြည့်ပြန်တော့လဲ အားလုံးကိုက်နေသည်။ ထိုနေ့က အဝင်လူပေါင်း ၁၅၄၊ အထွက်က ၁၃၂ ယောက်။ ဘယ်လိုပဲ ပေါင်းပေါင်း၊ ဘယ်လိုပဲနုတ်နုတ် တစ်ယောက်ကတော့ အနုတ်လက္ခဏာ ပြလျက်ပင်ရှိ၏။ ဦးအောင်ကြီး ကြော့နေအောင်ဖြီးထားသော သူ့ဗိုလ်ကေကို ဖွာရရာကြအောင် ကုတ်လေပြီ။

"ဟင်း.... ဒုက္ခပါလားနော်၊ ကဲ.... ထောင်ထဲ ဘယ်နေရာများ ပုန်းနေမလဲ၊ လိုက်ရှာကြရအောင်ဗျာ"

ထိုအခိုက်မှာပင် ထောင်ဘူးဝပေါ်တွင် နေသည့် ထောင်မှူးကြီးက လှမ်းအော်ပြီ။ "ထောင်ပိတ်လို့ မပြီးကြသေးဘူးလား"။ မေးတော့မှာပေါ့၊ ညခုနစ်နာရီ ထိုးလုပြီ။ 'ဒေါင်၊ ဒေါင်၊ ဒေါင်.... ဒေါင်' ဆိုသည့် ထောင်ပိတ်သံချောင်းသံမှ မကြားသေးဘဲကိုး။

ကိုရွှေနယ်ချဲ့ အင်္ဂလိပ်အစိုးရများ အမြော်အမြင် ကြီးမားလှပါဘိ။ ထောင်ပိုင်တွေ၊ ထောင်မှူးကြီးတွေကို ထောင်ဘူးဝပေါ်တွင်ထားတာ အလကားမဟုတ်။ အချိန်ပြည့် ၂၄နာရီ အကျဉ်းထောင်လုပ်ငန်း အဝဝကို အနီးကပ် ကြီးကြပ်ကွပ်ကဲ လမ်းညွှန်နိုင်ရန် ခပ်ယဉ်ယဉ်ကလေး တာဝန်ပေးထားခြင်း ဖြစ်၏။ ဒီခေတ်စကားနှင့်ပြောရလျှင် တကယ့်ကို အပိုင်ကိုင်ထားခြင်းပါ။

ခုပဲကြည့်လေ၊ ခုနစ်နာရီ ထိုးခါနီးနေသည်အထိ ထောင်ပိတ်သံချောင်းသံ မကြားရသဖြင့် ထောင်မှူးကြီး အိမ်ပေါ်မှ လှမ်းမေးနေပြီ။အောက်က ဘယ်ထောင်မှူးပြန်ဖြေရဲသည် ထင်ပါသနည်း။ ဘယ်ထောင်မှူးမှ မဖြေရဲပါ။ ထောင်မှူးက ထောင်မှူးကြီးကို အဲဒီလောက်အထိ ကြောက်ရသည်။

"ငါမေးနေတယ်လေ၊ ဘာဖြစ်နေတာလဲလို့"(အင်္ဂလိပ်ဘာသာဖြင့် မေးခြင်း)

http://www.cherrythitsar.org



ထိုအခါမှ ဦးအောင်ကြီးက အင်္ဂလိပ်လို အထစ်ထစ်အငေါ့ငေါ့ ပြန်ဖြေသည်။

"တစ်ယောက်လိုနေလို့ ရှာနေကြတုန်းပါဆရာ"

မရဲတရဲ ပြန်ဖြေရင်းက ထောင်မှူးကြီး အောက်ဆင်းလာမှာကိုလဲ ကြောက်နေရသေးသည်။ စိတ်မထင်လို့ ထောင်မှူးကြီး အောက်ဆင်းလာလျှင် အကုန်ပွက်လောရိုက်သွားမှာ မုချ။

ထောင်မှူး ဦးအောင်ကြီး အောက်က လူတွေကို မဲပြီ။

"ဟော့ အာဂျမ်းဆင်တို့၊ ရာမက်ခန်းတို့၊ တီကာရမ်းတို့ ထောင်ထဲ အကျဉ်းသား ပုန်းနိုင်မယ့်နေရာတွေ လိုက်ရှာကြစမ်းကွာ"

ထိုစဉ်က ထောင်ဝါဒါတွေ၊ ထောင်ကြပ်အုပ်တွေမှာ အိန္ဒိယလူမျိုးတွေ များသည်။ ပြောမယ့်သာ ပြောရသည် မန္တလေးထောင်မှာ အင်းစိန်ထောင်ကြီးလို ပုန်းအောင်း စရာနေရာ များများမရှိ။ အင်းစိန်ထောင်တို့၊ ရန်ကုန်ထောင်တို့လောက်လဲ မကျယ်ဝန်း။ နာရီဝက်ခန့် ထောင်မှူးတွေရော ထောင်ဝါဒါတွေပါ ဟိုရှာဒီရှာနှင့် ဘယ်မှာမှ အစအန မတွေ့ရ။ ထောင်မှူးဦးအောင်ကြီး သူ့နဖူးသူ လက်ဝါးဖြင့် အကြိမ်ကြိမ်ရိုက်ရင်း ဦးနှောက် ခြောက်စပြုပြီ။ ထိုအခိုက်မှာပင် ထောင်ဝါဒါတီကာရမ်းက ထောင်မှူးဦးအောင်ကြီးရှေ့ အလေးပြုရင်း ပြောလိုက်သည်။

"ဆပ်.... ကျွန်တော်တော့ အချုပ်ဆောင်ကို တိပ်ပြီး မတင်ကာဘူး"

ဦးအောင်ကြီး မျက်ခုံးနှစ်ဖက်ပင့်ရင်း၊

"ဟော့.... ဘာပြုလို့လဲကွ"

"တူတို့ ပုဒ်မနားတွေနော်။ ကျွန်တော်တို့ လူရေတယ်၊ ပြန်လာတယ်၊ ပြုံးစိစိ လုပ်နေကြတယ်။ ဒီတောင်တွေ တစ်ခုခုလုပ်တာလား မတိဘူးဆပ်"

တီကာရမ်း စကားမပီ၍ ပုဒ်မငါးကို ပုဒ်မနားဟု ပြောခြင်းဖြစ်၏။ ဦးအောင်ကြီးမှာ တီကာရမ်းပြောစကားအရ ဟုတ်လိုဟုတ်ငြား....

"အိုင်ဆေး မစ္စတာဒတ်စ်၊ ကျွန်တော်တို့ ထောင်မှူးတွေ အချုပ်ဆောင်ကို တစ်ပြိုင်တည်း ချက်လုပ်ကြမယ်ဗျာ"

သို့နှင့်ပင် တာဝန်ကျထောင်မှူးအားလုံး အချုပ်ဆောင်ကို တပ်တောင်တာဗိုလ်ထုနှင့် လူစုကာ ဝိုင်းလိုက်ကြသည်။ ဦးအောင်ကြီးအပါအဝင် ထောင်မှူးအားလုံး ငါးယောက်။ ဥပဒေအရတော့ ထောင်တိုင်းထောင်တိုင်း ထောင်ကျအကျဉ်းသားနှင့် အချုပ်တရားခံတို့ကို သီးခြားခွဲထားရမည်ဖြစ်၏။ နိုင်ငံရေးအကျဉ်းသား ပုဒ်မငါး ဆိုတော့ ပိုဆိုးသေးသည်။ ထောင်ကျအကျဉ်းသားနှင့်ရော ရိုးရိုးအချုပ်တရားခံနှင့်ပါ ရောနှောမထားဘဲ သီးခြားထားဖို့လိုသည်။

သို့သော် မန္တလေးထောင်မှာက အထက်က ဆိုခဲ့သည့်အတိုင်း နေရာထိုင်ခင်း အလွန်ပင် ကျဉ်းမြောင်းသည်။ အိပ်ဆောင်ကြီးကြီးမားမားရယ်လို့ အိပ်ခန်းရှစ်ခန်းရှိ

http://www.cherrythitsar.org



ထောင်ကျဆောင်ကြီး တစ်ဆောင်နှင့် အိပ်ခန်းသုံးခန်းရှိသော အချုပ်ဆောင်ကြီး တစ်ဆောင်သာ ရှိသည်။ ရန်ကုန်ထောင်တို့ အင်းစိန်ထောင်တို့မှာဆိုလျှင် လူတွေ ခွဲထားစရာ အိပ်ဆောင်တွေ အများကြီး။ သည်တော့ မန္တလေးထောင်တွင် ထိုအချိန်က ပုဒ်မငါး အကျဉ်းသားတွေကို အချုပ်ထောင်မှာပင် ရောနှောထားရ၏။ ထောင်ကျ အကျဉ်းသားတွေနှင့် မရောလျှင် ပြီးရော။

အချုပ်ဆောင်တွင် အခန်းသုံးခန်းရှိ၏။ အောက်ထပ်တွင် တိုးလျှိုပေါက် အခန်းကျယ်ကြီး တစ်ခန်း၊ အပေါ်ထပ်မှာလည်း အောက်ထပ်နှင့် အကျယ်အဝန်း အတူတူပင် ဖြစ်၍ အလယ်ဗဟိုမှ အခန်းကန့်ထားသဖြင့် နှစ်ခန်းရှိ၏။ အရှေ့ဘက် ခေါင်းရင်းခန်းတွင် ပုဒ်မငါးတွေကို ထားသည်။ စုစုပေါင်း တစ်ရာ့နှစ်ဆယ်ခန့်။

ထောင်မှူးဦးအောင်ကြီးတို့အဖွဲ့ အချုပ်ဆောင်ကိုသွားပြီး တစ်ပြိုင်တည်း ဝင် စစ်ကြတော့ အဖြေပေါ်လာသည်။ အပေါ်ထပ် ပုဒ်မငါး ခန်းက ၁၂၈ ယောက်။

ထောင်မှူး ဦးကျော်ဒင်က ဘယ်လိုလုပ်မှ မယုံကြည်နိုင်။

"ကျွန်တော် ဒီအခန်းကို သုံးခါရေ ပြီးပြီ။ ၁၂၇ ယောက်ပါ"

ဦးကျော်ဒင် ထပ်ရေတွက်ပြန်၏။ ဇင် တွဲ၊ ၁၂၈ ယောက်တိတိ။

ဘာယာစာရင်းကို ယူကြည့်၏။ ဘာယာစာရင်းဆိုတာက ထိုနေ့ည အိပ် ဆောင်ပိတ် လူပေါင်းစာရင်း၊ အကျဉ်းသား စုစုပေါင်း ၁၂၂ ယောက်နှင့် ဘာယာ ငါး ယောက် ပေါင်းသော် ၁၂၇ ယောက်၊ အတိအကျထောင်မှူး ဦးသိန်း မင်စိမ်းနှင့် ရေးပြီး လက်မှတ်ထိုးထား၏။

ဦးကျော်ဒင်က ဦးသိန်းဘက်လှည့်ပြီး

"ဒီမှာ ခင်ဗျားလက်ရေးနဲ့ လက်မှတ်ထိုးတယ်၊ ဝမ်းတွမ်တီးဆဲဗင်း"

ဦးသိန်းက ဦးကျော်ဒင်လက်မှ ဘာယာစာရင်းကိုယူ၍ ကြည့်သည်။ သူ့ လက်ရေး၊ သူ့လက်မှတ်၊ ၁၂၇ ယောက်၊ အတိအကျ။ ဦးသိန်း မျက်မှောက်တစ်ချက် ကျုံ့လိုက်သည်။ ပြီးတော့ လူပေါင်း ပြန်ရေတွက်ပြန်၏။ ၁၂၈ ယောက်၊ ဘယ်လိုဖြစ် တာပါလိမ့်။ ဦးသိန်း ပုဒ်မငါးတွေကို မျက်လုံးတစ်ချက် ဝှေ့ယမ်း ကြည့်လိုက်သည်။ စောစောက ထောင်ဝါဒါ တီကာရမ်း ပြောသည့်အတိုင်း ပြုံးစေ့စေ့ စပ်ဖြဲဖြဲ။

ဦးသိန်းက ဦးအောင်ကြီးဘက်သို့ လှည့်၍

"အိုင်ဆေး ဦးအောင်ကြီး၊ ကျန်တဲ့အခန်းတွေ လူပြန်စစ်ခိုင်းဗျာ"

ဦးသိန်းမှာလည်း စီနီယာထောင်မှူး တစ်ယောက်ပင်ဖြစ်၍ ဦးအောင်ကြီး မနေသာ။

"ကဲ ဟိုဘက်တစ်ခန်းနဲ့ အောက်ခန်းကို ပြန်စစ်ကြပါဦး။

မစ္စတာဒတ်စ်တို့အဖွဲ့ ထွက်သွားကြ၏။ ပြန်လာတော့ လူပေါင်းက စောစော ကအတိုင်း။ ဘာမှမလွဲ။

ထောင်မှူး ဦးသိန်း သံသယဝင်ပြီ။ မျက်ထောင့်လည်း နီစပြုပြီ။ အချိန်အား ဖြင့်လည်း ခုနစ်နာရီခွဲကျော်ကျော် ရှစ်နာရီ ထိုးလုပြီ။ ခါတိုင်း ယခုအချိန်ဆိုလျှင် ရမ် ကလေး တစ်ပတ်နှစ်ပတ်သောက်ပြီး ထမင်းစားပြီးနေပြီ။ ဦးသိန်း တစ်ခွန်းတည်း ပြောလိုက်၏။

"ဟေ့ မင်းတို့ဘာယာ ငါးယောက်ရယ်၊ တန်းစီးရယ်၊ အိပ်ခန်းစောင့်ရယ် ငါနဲ့ လိုက်ခဲ့စမ်း"

ဦးအောင်ကြီးက ဟန့်တားကြည့်၏။

"ဘာလုပ်မလို့လဲ ဦးသိန်း၊ လူပေါင်းကိုက်နေမှပဲဗျာ၊ မိုးချုပ်လှပြီ"

"အသာနေစမ်းပါဗျာ၊ အဖြေရှာကြည့်ရဦးမှာပေါ့"

ဦးသိန်း အကျဉ်းသား ခုနစ်ယောက်ကို ခေါ်ထုတ်သွား၏။

"အာဂျမ်းဆင် လာဟေ့"

သူ၏လက်စွဲတော် ထောင်ကြပ်အုပ်ကိုလည်းခေါ်သွားသည်။ မိန်းဂျေးရုံးခန်း တွင် ဦးသိန်းသည် အကျဉ်းသားခုနစ်ယောက်ကိုစစ်ဆေးရာ နာရီဝက်ပင် မကြာလိုက် ပါ။ အဖြစ်မှန် ဘူးပေါ်သလို ပေါ်သွားသည်။

နောက်လိုက်ကြတဲ့ ပုဒ်မငါးတွေ။

သူတို့အခန်း ကြမ်းခင်းကို အပေါက်ဖောက်ထားသည်။ ဦးသိန်း အိပ်ဆောင် တွင်း ဝင်၍ လူရေတွက်သည့်အခါ အဆိုပါ ကြမ်းပေါက်မှ ပုဒ်မငါးတစ်ယောက်က အောက်ထပ်သို့ ကြိုးနှင့်ဆင်းသည်။ ဦးသိန်း အောက်ထပ်မဝင်ခင် အပေါ်ထပ်သို့ ကြိုးနှင့် ပြန်တက်သည်။ ဒီတော့ ပုဒ်မ ငါးခန်းမှာ လူတစ်ယောက် လျော့နေပြီပေါ့။ တကယ်ရှိတာက ၁၂၈၊ ဦးသိန်း ဝင်ရေတွက်တိုင်း ၁၂၇ ယောက်။

ဦးသိန်းက တန်းစီးကို အထစ်ထစ် အငေါ့ငေါ့ မေးလိုက်သည်။

"အဲ.... အဲဒီကောင် ဘယ်သူလဲ"

"ကျော်လှိုင်ပါ"

"ခွေးမသား ဒီကောင် တိုက်ပိတ်ရမယ်"

ကျော်လှိုင်ကို တိုက်ပိတ်ပြီးမှ ထောင်ပိတ်သံချောင်း ခေါက်နိုင်တော့သည်။

"ဒေါင်၊ ဒေါင်၊ ဒေါင်.... ဒေါင်"

■

http://www.cherrythitsar.org

# ၂၇

တစ်နေ့က ငယ်ပေါင်းကြီးကွဲ သူငယ်ချင်းထောင်မှူးဟောင်း ဦးအောင်တင် (လက်ရှိ အကောက်ခွန်အရာရှိ)က ဖုန်းဆက်သည်။

"ဟေ့ကောင်၊ တို့ ငယ်ငယ်တုန်းက မကောင်းတာတွေချည်း လျှောက်ရေး မနေနဲ့။ ကောင်းတာကလေးတွေလဲ ရေးပါဦးကွ။ တို့ငယ်ငယ်က ကောင်းတာကလေး တွေလဲ လုပ်ခဲ့ပါသေးတယ်"

သို့ကလို ဆိုလာ၏။

အမှန်ကတော့ စာရေးသည့်သဘောကို သူမသိလို့ ပြောခြင်းပါ။ လောကတွင် ကောင်းသည့်အလုပ်ကို လူအများစုလုပ်သည်။ မကောင်းသည့် အလုပ်ကို လုပ်သူက လူအနည်းစု။ နောက်ပြီး ကောင်းသည့်အကြောင်းတွေ လျှောက်ရေးနေလျှင်လည်း ဘယ် သူ ဖတ်ချင်မည်နည်း။ ဖတ်ရင်းဖတ်ရင်းက ငြီးငွေ့သွားပြီး အိပ်ချင်လာမှာ ဧကန်။

လူတစ်ယောက်ကို ခွေးကိုက်သည့်အကြောင်း ရေးမလား။ ဘာဆန်းလို့လဲ။ ခွေးက လူကိုကိုက်တာ သဘာဝပဲ၊ ဘာမှမဆန်း။ အဲ.... လူက ခွေးကို ပြန်ကိုက်ပြီ ဆိုလျှင်တော့ အဲဒါ နည်းနည်း ဆန်းသွားပြီ။ စာရေးဆရာဆိုတာက လူက ခွေးကို ပြန်ကိုက်သည့်အကြောင်း ရှာရှာဖွေဖွေ စစ်စစ်ပေါက်ပေါက် ကြည့်တတ်မြင်တတ်ရမည် ဖြစ်၏။ ရေးတတ်ချွတ်တတ်ရမည် ဖြစ်၏။ ဤအခန်း အစကိုပင် ကြည့်ပါ။

ရေးရိုးရေးစဉ် 'ငယ်ပေါင်းကြီးဖော်'ဟု မဆိုဘဲ 'ငယ်ပေါင်းကြီးကွဲ'ဟု အစချီ ထားသည်။

http://www.cherrythitsar.org



ရိုးရိုးရှင်းရှင်းကလေးပါ၊ ငယ်ငယ်က ပေါင်း၍ ကြီးတော့ ကွဲသွားကြသည်။

စာဖတ်သူကို သို့ကလို လက်တို့ခေါ်ဖို့လိုသည်။ နှိုးဆွတတ်ရမည်၊ သို့မှသာ သူရေးသည့်စာကို ဆက်ဖတ်မည်ဖြစ်၏။

နောက်ထပ် ဥပမာတစ်ခု ပြပါဦးမည်။ မနေ့တစ်နေ့က ကိုမျိုးမြင့်တို့ ဇနီးမောင်နှံ မန္တလေးသကြ်န်သို့ အလည်ရောက်လာကြ၏။ သူလည်း အကောက်ခွန်ရောက်သွားသည့် ဦးအောင်တင်လိုပင် ငယ်ပေါင်း ကြီးကွဲ။ သူက လမ်းမတော်မြို့နယ်ပြည်သူ့ကောင်စီ အတွင်းရေးမှူးဘဝမှ အနားယူနေသူ။ နံနက် ငါးနာရီခန့် ထောင်ဘူးဝ ရှေ့ရှိ မိန်းမထောင်မှထ၍ ဘုရားရှိခိုးကြသည်။

"ဩကာသ.... ဩကာသ.... ဩကာသ...."

မိန်းမအကျဉ်းသူ ဘုတ်ကိုင်တစ်ယောက်က တိုင်ပေးသည်။ အကျဉ်းသူများက လိုက်၍ဆိုကြ၏။ အစ်ကိုမျိုးမြင့်က ကောက်ကာငင်ကာ ဘာပြောလိုက်သလဲဆိုတော့။ "နေစမ်းပါဦး၊ အဲဒီအမျိုးသမီးတွေ ဘုရားရှိခိုးနေကြတာ မျက်နှာသစ်ပြီးကြလို့လား"တဲ့။

ဒီမေးခွန်း တကယ်မေးထိုက်သည့် မေးခွန်းပါ။ မနက်ငါးနာရီခွဲခန့် ရှိသေးသည်။ ဘယ်အကျဉ်းသူ အကျဉ်းသား မျက်နှာသစ်ရဦးမည်နည်း။ ထောင်မှ မဖွင့်ရသေးတာ။ ထောင်ဖွင့်ပြီးမှ အိမ်သာတက်ကြ၊ မျက်နှာ သစ်ကြ။ ဒါလဲ စည်းနှင့်ကမ်းနှင့် နှစ်ယောက်တစ်တွဲ။ မျက်နှာသစ်ပြီးသည်ဖြစ်စေ၊ မသစ်ရသေးသည်ဖြစ်စေ၊ ဒီအချိန်မှာ ဘုရားရှိခိုးရန် သတ်မှတ်ထားလျှင် သူ့အစီအစဉ်အတိုင်း ရှိခိုးကြရမည်ဖြစ်၏။

ယောကျ်ား ထောင်ထဲမှာကောတဲ့၊ သူတို့လဲ ဘာထူးမည်နည်း။ မျက်နှာသစ်ရဖို့ ဝေးစွ၊ ပလုတ်ကျင်းဖို့ပင် အခွင့်အရေးမရ၊ နံနက် ၅ နာရီခွဲ သံချောင်းခေါက်လျှင် ဘုရားရှိခိုးကြ။ ပလုတ်မကျင်းရဘူးဆိုလို့ အကျဉ်းသား အကျဉ်းသူတွေ ညအချိန် ရေမသောက်ရတော့ဖူးလားတဲ့။ ဒီလိုလဲ မဟုတ်ပါ။ ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်တဲ့၊ သောက်ရေတော့ ပေးရမှာပေါ့။

အကျဉ်းသား အကျဉ်းသူများ အိပ်ကြသည့် အိပ်ခန်းအပြင်ဘက်တွင် ငါးဆယ်ဝင် စဉ့်အိုးကြီးများဖြင့်ထည့်ထားသော သောက်ရေအိုးကြီးများ ထားဝရရှိပါသည်။ အိပ်ခန်းတန်းကြီးမှာ ရေငတ်သည့်အခါတိုင်း သောက်နိုင်ကြပါသည်။ သို့သော် ဒါက သောက်ရေသက်သက်ပဲ။ ပလုတ်ကျင်းဖို့ ရေမဟုတ်၊ မျက်နှာသစ်ဖို့ ရေမဟုတ်။ အိပ်ခန်းတစ်ခန်း တစ်ခန်းလျှင် အကျဉ်းသား အကျဉ်းသူ တစ်ရာ့လေးငါးဆယ် ရှိလေရာ၊ မျက်နှာသစ်ဖို့ မဆိုထားနှင့် လူလေးငါးဆယ် ပလုတ်ကျင်းဖို့ပင် ရေမလုံလောက်။ ဒါကြောင့် အကျဉ်းသားရော အကျဉ်းသူများပါ ပလုတ်မကျင်း မျက်နှာမသစ်ရသေးဘဲ နံနက်ထောင်မဖွင့်မီ သံပြိုင် ဘုရားရှိခိုးနေကြရခြင်းဖြစ်၏။ ညနေကျပြန်တော့လည်း ခုနစ်နာရီ သံချောင်းခေါက်ပြီးလျှင် ဘုရားရှိခိုးကြ။

http://www.cherrythitsar.org



ကိုးနာရီ သံချောင်းခေါက်လျှင်တော့ အိပ်ကြတော့၊ အိပ်ချင်လည်း အိပ်၊ မအိပ်ချင်လည်း အိပ်၊ စကားပြောသံ လုံးဝမကြားစေရ။ နောက်တစ်နေ့ နံနက် ငါးနာရီခွဲလျှင် ပလုတ်မကျင်း မျက်နှာမသစ်ရသေးဘဲ မျက်ချေးတွဲလောင်းနှင့် ဘုရားရှိခိုးကြဦး။

ဆိုလိုတာက စာရေးရာတွင် အဲဒီလို မထိခလုတ် ထိခလုတ် ဖြစ်ရိုးဖြစ်စဉ် မဟုတ်သော အကြောင်းအရာကလေးတွေကို တို့ဆိတ်သွားရခြင်း ဖြစ်၏။

ရန်အောင်မောင်မောင် ထောင်အတွေ့အကြုံ အများကြီးရှိပါသည်။ ၃၇ နှစ် ကျော်ခဲ့ပြီ။ သို့သော် အဲဒီ ၃၇ နှစ်ရေးခဲ့သည့် ဒိုင်ယာရီထဲကအတိုင်း ပြန်ရေးကြည့်ပါလား။ ဘယ်မဂ္ဂဇင်းတိုက်မှမသုံး၊ ဘယ်စာဖတ်သူမှ စိတ်မဝင်စား။ ဒါက ဘယ်လိုလုပ်စာစရေးမလဲဟု အခါအခွင့်သင့်တိုင်း မေးတတ်ကြသည့် စာရေးချင်သူများအတွက် အဖြေပေးလိုက်ခြင်းပါ။ လွယ်ပါသည်။ ပလုတ်မကျင်း မျက်နှာမသစ်ရသေးဘဲ မျက်ချေးတွဲလောင်းနှင့် ဘုရားရှိခိုးရသည့်အကြောင်းက စရေးပေါ့။

မကြာသေးမီက စာပေဟောပြောပွဲတစ်ခုတွင် ကြုံခဲ့ရပုံကလေး။

ရန်အောင်မောင်မောင် မဟောပြောမီ အနီးရှိ မိတ်ဆွေရင်း အရာရှိကြီးတစ်ယောက်ကို စမိသည်။ "ခင်ဗျားကို တစ်နာရီလောက်တော့ နှိပ်စက်လိုက်ဦးမယ်ဗျား" ဆိုတော့ သူက... "အေးဗျာ၊ တစ်ရေး နှစ်ရေးတော့ ရဦးမှာပေါ့" တဲ့။

ရန်အောင်မောင်မောင် ပြုံးမိပါသည်။ စင်ပေါ်ရောက်သွားတော့ ကိုယ် ပြောချင်တာကလေး မပြောမီ ပရိသတ်ကို နှိုးရ ဆွရသည်။ ကလိရသည်၊ ရိရသည်။ ရယ်စရာကလေး ပြောလိုက်၊ အချဉ်ပေါက်စရာကလေး ပြောလိုက်နှင့် ပရိသတ်ကို ထိန်းယူရသည်။ လမိုင်းကပ်အောင် လုပ်ယူရသည်။

စောစောက တစ်ရေးနှစ်ရေးရမည့် မိတ်ဆွေကြီးလည်း ယောင်ယမ်းလို့ မငိုက်သာပါ။ ရယ်သည့်အခါ ရယ်လိုက်၊ ပါးစပ်ဟောင်းလောင်းနှင့် ငေးသည့်အခါငေးလိုက်။

ဟောပြောပွဲလည်း စာရေးတာနှင့် မခြားပါ။ အနုပညာတွေချည်းပါ။

ထောင့်တစ်သက် အတွေ့အကြုံ ဆက်ရသော်.... တစ်ညနေခင်း မန္တလေး ဗဟိုအကျဉ်းထောင်ကြီးတွင် ထောင်ပိတ်လူပေါင်းစာရင်း မကိုက်သည့်အကြောင်းကိုပင် ပြန်၍ အစချီရပါမည်။ ဒါကလည်း တစ်နှယ်ငင်၍ တစ်စင်ပါလာခြင်းပါ။ ထောင်ပိတ် လူပေါင်းစာရင်း မကိုက်သည့်အကြောင်းတွေ ဆက်ကာဆက်ကာ ရေးနေတော့ ငြီးငွေ့စရာလည်း ဖြစ်မသွားစေလို၊ စေတနာအရတော့ ယခုခေတ် အကျဉ်းထောင် ဝန်ထမ်းတွေ အတွက်လည်း သင်ခန်းစာရစေလိုသည့်အပြင် စာဖတ် ပရိသတ်အတွက်တော့ ဗဟုသုတပေါ့။

ဒီတစ်ခါတော့ ယခင့်ယခင်က ထောင်ပိတ် လူပေါင်းစာရင်း မကိုက်တာလို ရှောမွေးမဟုတ်၊ အမြွှာပူး အရှင်လတ်လတ် မွေးခဲ့ခြင်းဖြစ်၏။

http://www.cherrythitsar.org



ဒီတစ်ခါ လူလျှော့နေတာက အကျဉ်းသား နှစ်ယောက်တိတိ၊ နှစ်ယောက် လျှော့လျှင် ထောင်မှူးများ ကြောက်လှေ့မရှိ၊ သိပ်မဖြုံချင်။

ဘယ်ဖြုလိမ့်မလဲ၊ ထောင်ပိတ်ရာတွင် အကျဉ်းသားများ နှစ်ယောက်တစ်တွဲ ထိုင်ပြီး တန်းစီပေးထားရာ လူပေါင်းရေတွက်သူတို့က 'တစ်ပျူး တစ်လံ ညောင်ကံ ထမ်းပိုး အကျိုး' ရေတွက်ရင်း တစ်တွဲ မှားလာတာ နေမှာပေါ့။ အဲဒီတော့ ထောင်ပိတ် တာဝန်ခံ ဒုတိယထောင်မှူးကြီး ဦးထွန်းခင်ကလည်း ခပ်အေးအေးပင်။

"ပြန်ရေကြဦးကွာ၊ မင်းတို့ တစ်တွဲလျှော့လာပြီ"

ထောင်မှူးဦးကြည်မောင်က မကျေနပ်သော လေသံဖြင့်....

"မှားတဲ့လူ ဖိုင်းပဲနော် ဗိုလ်ကြီး"

ထောင်မှူးအများစုက ဒုတိယထောင်မှူးကြီး ဦးထွန်းခင်ကို ဗိုလ်ကြီးဟု နောက် ပြောင် ခေါ်လေ့ရှိကြသည်။ ဦးထွန်းခင်ကလည်း လေအေးကလေးနှင့်....

"အေးပါကွာ၊ တို့ဖိုင်းဖန်လဲ အတော်လေးရနေပါပြီ။ ဒီနေ့ လူပေါင်းကိုက်လို့ ထောင်ပိတ်ပြီးရင် ဖူးပိန်သွားကြတာပေါ့"

ဖိုင်းဖန်ဆိုသည်မှာ ထောင်ပိတ် လူပေါင်းတစ်ခါမှားလျှင် ဒဏ်ငွေ ငါးကျပ်ကျ မှတ်သားပြီး လေးငါးခြောက်ဆယ်ခန့်ရလျှင် မင်္ဂလာဈေး အနီးရှိ ဖူးပိန်ဟိုတယ်တွင် ထောင်မှူးတွေ စုပေါင်းသောက်စားကြခြင်း ဖြစ်၏။ (မှတ်ချက်။ ထိုစဉ်က လေးငါး ခြောက်ဆယ်ခန့်ရှိလျှင် ဟိုတယ် ဝမ်းတေဘယ်လ် ထိုင်လို့ရသည်။ ရမ် အကြီးတစ်လုံးမှ ၁၃ ကျပ်)။

အရက်မသောက်တတ်သော ထောင်မှူးဦးစိန်မောင်က ဦးကြင်မောင်ကို မျက်စောင်းထိုးရင်း....

"ကျုပ်တို့တော့ သဘောမတူဘူးဗျို့၊ မသောက်တတ်တဲ့အတွက် အပိုကုန်ကျ စရိတ်ကို တခြားနေရာမှာ အသုံးချရလိမ့်မယ်"

ထောင်မှူးဦးကောင်းညွန့်က ကြားဖြတ်၍ လေပြေထိုးလိုက်သည်။

"ရပါတယ် အစ်ကိုရာ၊ ဖူးပိန်မှာ စားသောက်ပြီးတော့ ဘုရားနီဘက် ဆက် ကြတာပေါ့"

ထောင်မှူး ဦးသန်းလှကဝင်၍ အတည်ပြုလိုက်၏။

"အိုကေ၊ ဒီအဆိုကို ရာခိုင်နှုန်းပြည့် ထောက်ခံ အတည်ပြုတယ်"

ထိုစဉ်က ထောင်မှူးပေါက်စ မောင်မောင်တို့ဘဝ အလွန်ပင် ပျော်စရာ ကောင်း ပါသည်။ ရသည့်လခ ဘာမှမများ၊ လစာရင်း ၁၁၀၊ ရှားပါးစရိတ် ၇၅၊ စုစုပေါင်း ၁၈၅ တည်းရယ်။ သို့သော် သူ့ခေတ် သူ့အခါ ကုန်ဈေးနှုန်းနှင့် စားလောက် သောက် လောက်သည်။ ပျော်နိုင်ပါးနိုင်သည်။ ထောင်မှူးတွေ အချင်းချင်းလည်း စည်းလုံး ညီညွတ်မှု ရှိကြသည်။ သူစားရလို့ ငါက မနာလိုမှု မရှိ၊ ကတုန်းကတိုက် မရှိကြ။

http://www.cherrythitsar.org



တကယ့်ကို ပျော်စရာကြီးပါ။

ထောင်ပိတ်ပြီး စက်ဘီးတွေ တသီတတန်းနှင့် နန်းတွင်းမှ မြို့ပြင်ထွက်သောက်ကြ၊ စားကြ၊ အငြိမ့်ပေါသည့် ဝါတွင်းသုံးလပတ်လုံး အငြိမ့်တွေ လျှောက်ကြည့်ကြ၊ သန်းခေါင်သန်းလွဲမှ ပြန်လာကြ။

တစ်ခါတလေ ကျတော့လည်း ရယ်စရာအကောင်းသား။ မန္တလေး အကျဉ်းထောင်ကြီးတွင် စုစုပေါင်း ကားတစ်စီးသာ ရှိ၏။ စစ်အတွင်းက ကျန်ခဲ့သည့် ဖို့ဒ်ကားကြီးဖြစ်၍ နံပါတ်မှာ ၄၃၇။ လိုင်စင်မရှိ ဘာမရှိ။ ထောင်ရှေ့တွင်ထားသော ယင်းကားကြီးကို ထောင်ဘူးဝပေါ်တွင်နေသော ထောင်ပိုင်ကြီး မသိအောင် ထောင်မှူးတွေ အသာလေး ဝိုင်းတွန်းသွားကြ၏။ စက်မနှိုးရဲ။ ထောင်နှင့် အတော်လေး လှမ်းလှမ်းကလပ်ထောင့်လောက်ရောက်မှ ဒရိုင်ဘာကိုခင်မောင်ကို စက်နှိုးစေကာ မြို့ပြင်သို့ ညလုံးပေါက် ထွက်လည်တတ်ကြသည်။

နောက်တစ်နေ့ ထောင်ပိုင်ကြီး သိသွားကာ ထောင်မှူးလေးငါးယောက် စုပေါင်းရုံးတင်၍ အရေးယူခြင်း ခံရသည်များလည်း ရှိခဲ့ဖူးပါ၏။ (ထိုစဉ်က ဒရိုင်ဘာကိုခင်မောင်ပင် အဆင့်ဆင့် ရာထူးတက်ခဲ့ပြီး ထောင်မှူးဦးခင်မောင်ဘဝနှင့် မကြာမီ အငြိမ်းစား ယူတော့မည်။)

ထောင်မှူးဦးစိန်မောင်တို့အဖွဲ့ နောက်တစ်ကြိမ် လူပေါင်းစစ်ပြီး ပြန်လာချိန်တွင် ထောင်ပိတ် တာဝန်ခံကြီး ဦးထွန်းခင် မျက်လုံးပြူးစပြုပြီ။

"ဘယ့်နှယ်၊ လူပေါင်းက နှစ်ယောက်လိုမြဲ လိုနေလျက်ပါလား"

"ဟာ.... မဟုတ်သေးပါဘူးကွာ၊ မောနင်းရီပို့ ပြန်ပေါင်း၊ တံခါးစာအုပ်နဲ့ တိုက်ကြည့်ကြပါဦး"

ထောင်ပိတ် လူပေါင်းမကိုက်လျှင် လုပ်စရာအလုပ်က ဒါပဲရှိသည်။ ထောင်မှူးများကိုယ်တိုင် ရေးသွင်းရသော မောနင်းရီပို့ ခေါ် နေ့စဉ်လူပေါင်းစာရင်းနှင့် တံခါးသမား ထောင်ကြပ်များ ရေးမှတ်ထားသည့် တံခါးစာအုပ်နှစ်ခုကို ချိန်ထိုးကြည့်၊ သူတို့နှစ်ခု ကိုက်ညီလျှင် ထိုနေ့အဖို့ အကျဉ်းသား အချုပ်သား အဝင်အထွက် မှန်သည်။

တစ်စတစ်စ မိုးချုပ်လာပြီ။ ဦးထွန်းခင်လည်း စိတ်ပူစပြုပြီ။

"အိပ်ဆောင်မီးနဲ့ အုတ်ရိုးမီးတွေ ဖွင့်လိုက်ဟေ့"

တစ်ထောင်လုံး၏ လျှပ်စစ်မီးတွေကို ဂါတ်ကြီးမှ ထိန်းချုပ်ထားရာ မိန်းခလုတ်ကို ဖွင့်လိုက်သည်နှင့် တစ်ထောင်လုံး ထိန်လင်းသွားသည်။

"အဝင်အထွက်၊ အားလုံး ကိုက်တယ် ဗိုလ်ကြီး"

မျက်မှန်ပါဝါအထူကြီးနှင့် ထောင်မှူးဦးကောင်းညွန့်က နှစ်ကြိမ်သုံးကြိမ် စာရင်းတိုက်ပြီး ပြောလိုက်သည်။ ဦးထွန်းခင် ဟူးခနဲ သက်ပြင်းရှည်ကြီး ချလိုက်ပြီး....

"ကိုင်း ဒါဖြင့် အဲဒီလိုနေတဲ့ အကျဉ်းသားနှစ်ယောက် ဘယ်သူလဲဆိုတာ

http://www.cherrythitsar.org



ခင်ဗျားတို့ အိပ်ခန်း လူပေါင်းစာရင်းနဲ့ သွားရှာကြပေတော့"

တကယ်တော့ လူပေါင်းထောင့်လေးငါးရာရှိသော အကျဉ်းထောင်ကြီး တစ်ထောင်တွင် လျော့နေသော အကျဉ်းသားနှစ်ဦး ဘယ်သူဘယ်ဝါဆိုတာ လိုက်ရှာဖို့က မလွယ်ရေးချ မလွယ်။ လွယ်တာ မလွယ်တာ ဘေးချိတ်၊ လုပ်စရာ အလုပ်က ဒါပဲရှိသည်။

ထောင်ပိတ် တာဝန်ကျ ထောင်မှူးများ မျက်နှာငယ်ကလေးတွေ ကိုယ်စီနှင့် အိပ်ခန်းများဆီသို့ ထွက်သွားရပြီ။ ဦးထွန်းခင်လည်း မနေသာ၊ အဖြစ်အပျက် အစုံအလင်ကို ထောင်မှူးကြီးထံ သတင်းပို့လိုက်ရပြီ ဖြစ်၏။ အချိန်အားဖြင့် ညခုနစ်နာရီခန့် ရှိပြီ။ ဒီညအဖို့တော့ ထောင်ပိတ် တာဝန်ကျသည့် ထောင်မှူးတွေအဖို့ ဘယ်လိုလုပ်မှ ဇာတ်သိမ်း မကောင်းနိုင်တော့။

မှန်ပါသည်။ အကျဉ်းထောင် တစ်ထောင်အဖို့ ထောင်ပိတ်ရသော တာဝန်မှာ တစ်နေ့တာ လုပ်ငန်း၏ မိုးလင်းပိုင်း ဇာတ်သိမ်းခန်း ဖြစ်၏။ ထောင်ပိတ်လူပေါင်းရပြီး ဒေါင်၊ ဒေါင်၊ ဒေါင် .... ဒေါင် ဟု သံချောင်းခေါက်သံကြားရမှ ထောင်မှူးထောင်ပိုင် ထောင်ကြပ်တို့ စိတ်အေးကြရသည်။ သို့ဖြစ်၍ ထောင်ပိတ် သံချောင်းသံကို ရွှေရင်အေး သံချောင်းသံတဲ့။ ထောင်ထဲမှာ တစ်ခုခုဖြစ်လို့ သံချောင်းမြွေပြီဆိုလျှင်တော့ ရွှေရင်ဆို့ သံချောင်းဟု ခေါ်စမတ် ပြုကြ၏။

ညရှစ်နာရီခွဲခန့်ရောက်မှ လူပျောက်ရှာသည့် ထောင်မှူးတွေ ထောင်ပိတ်စားပွဲ၌ ပြန်စုမိကြသည်။ ထိုအချိန်တွင် ထောင်ပိုင်ကြီးရော ထောင်မှူးကြီးပါ ရောက်နေကြပြီ ဖြစ်၏။

"တစ်ခန်းက ကိုကြီးနဲ့ နှစ်ခန်းက ဘလွင်တို့ ပျောက်နေတယ်"

ထောင်မှူးကြီးက ကြားဖြတ်၍ မေးလိုက်သည်။

"ကိုကြီးက ဘယ်သူလဲ"

"ထောင်မှူး ဦးစိန်မောင် ရုံးခန်းက ဘာယာပါ"

ဘာယာဆိုသည်မှာ ရှေးအခေါ် ကုလားစကားဖြစ်၍ ရုံးခန်းအကူဖြစ်သည်။ ဦးစိန်မောင်မှာ အခင်းမဖြစ်ပွားမီ ၁၀ ရက်လောက်ကမှ ပုသိမ် အကျဉ်းထောင်မှ ပြောင်းရွှေ့လာသူဖြစ်၏။ ထိုအချိန်က စံပြထောင်ခေတ်ဖြစ်၍ ၁–၂ အဆောင်မှူး ဖြစ်သည်။ ထောင်မှူး မောင်မောင်တို့နှင့် သင်တန်း တစ်ပတ်တည်းဆင်း။

ထောင်ပိုင်ကြီးက ဝင်ထောက်လိုက်ပြန်၏။

"ကျန်တဲ့ နောက်တစ်ယောက်ကကော ဘယ်အလုပ်ကလဲ"

"ဆံပင်ညှပ် ဘုတ်ကပါ"

"သူတို့နှစ်ယောက်က ဘယ်လောက်သမားတွေလဲ"

"သူတို့နှစ်ယောက်စလုံး အနှစ်နှစ်ဆယ် တစ်ကျွန်းသမားတွေချည်းပါ"

http://www.cherrythitsar.org



Transportation For Life ကို မြန်မာလို တစ်သက်တစ်ကျွန်းဟု ခေါ်ကြသည်။ အင်္ဂလိပ်ခေတ်က ထောင်ဒဏ် တစ်ကျွန်းကျသူကို တကယ်ပင် တစ်ကျွန်းပို့ခဲ့၏။ မြန်မာနိုင်ငံမှ မပိုင်၊ အင်္ဂလိပ်အစိုးရ လက်အောက်ခံ အိန္ဒိယနိုင်ငံမှ ပိုင်သည့် Port Blair ကျွန်း။ လွတ်လပ်ရေးရပြီးနောက် ကိုကိုးကျွန်းပို့ခဲ့သည့် အစဉ်အလာများ ရှိပါသည်။ ထောင်ဒဏ် တစ်သက်တစ်ကျွန်းကျသူများတော့ မဟုတ်ပေ။ နိုင်ငံရေးသမားများ ဖြစ်၏။

"သူတို့နှစ်ယောက် အမှုတွေကကော ဘာမှုတွေလဲ"

"နှစ်ယောက်စလုံး ဓားပြမှုတွေပါ"

ထောင်ပိုင်ကြီးက ဦးစိန်မောင်ဘက်သို့ လှည့်၍။

"ခင်ဗျားဘာယာကိုကြီးကို နောက်ဆုံးဘယ်အချိန်က တွေ့ခဲ့သလဲ"

"ကျွန်တော် မနက်ခုနစ်နာရီ ရုံးခန်းရောက်ကတည်းက တွေ့ပါတယ်။ သူက နေမကောင်းဘူးဆိုလို့ လက်ထောက်အဆောင်မှူး အုန်းမောင်ကို ဆေးရုံသွားရင် ခေါ်သွားဖို့ ပြောလိုက်ပါတယ်"

"အုန်းမောင် အခေါ်ခိုင်းစမ်းပါဦး"

စံပြထောင်ခေတ်မို့ ထောင်မှူးက အဆောင်မှူး၊ ထောင်ဝါဒါက လက်ထောက်အဆောင်မှူး အဖြစ်။

မကြာမီ အုန်းမောင်ရောက်လာ၏။

"အုန်းမောင် မင်း မနက်တုန်းက နေမကောင်းတဲ့သူတွေ ဆေးရုံပို့တော့ ကိုကြီးပါသလား"

"မပါဘူးခင်ဗျ၊ ကိုကြီးကို ရှာလို့မတွေ့ဘူး။ ဒါနဲ့ ကျွန်တော်လဲ တစ်နေရာရာမှာ နေမကောင်းလို့ အိပ်နေမှာပဲ ဆိုပြီး ထားခဲ့မိတယ်"

"ဘလွင်ကိုကော နောက်ဆုံး ဘယ်သူတွေ့ကြသလဲ"

ထောင်ပိုင်ကြီး မေးနေသည်ကို ထောင်မှူးကြီးက ကြားဖြတ်၍....

"ဘလွင်က ဆံပင်ညှပ် ဘုတ်ကဆိုတော့ မိန်းဂျေးထောင်မှူး ဦးမောင်မောင်နဲ့ဆိုင်တာပဲ၊ ဦးမောင်မောင် ဘယ်မှာလဲ"

ဟိုက်.... ဗုဒ္ဓေါ၊ မြတ်စွာဘုရား။ ထောင်မှူး မောင်မောင် ချောက်ပေါက် လှလှကြီးတိုးပြီ။ ထိုနေ့က ထောင်မှူး မောင်မောင် ညနေလေးနာရီ အားသည်။ ထောင်ပိတ်ဖို့ တာဝန်မရှိ၊ သို့ဖြစ်၍ မြို့ထဲ လစ်သွားပြီဖြစ်၏။ မှန်ပါသည်။ အပြင်သို့ ထွက်တိုင်း ထွက်တိုင်း အထက်အရာရှိထံခွင့်ပန်သွားရမည်ကို ထောင်မှူးမောင်မောင် ကောင်းကောင်းကြီးသိပါသည်။ သို့သော် သူက ထောင်မှူးလူပျိုပီပီ တစ်ရက်ခြား အားလပ်တိုင်း အပြင်ထွက်ချင်သူဖြစ်ရာ အဘယ်မှာ သွားတိုင်း သွားတိုင်း ခွင့်တိုင်ဝံ့ပါမည်နည်း။ သို့ဖြစ်၍ ဆယ်ခါရုံတစ်ခါသာ ခွင့်တိုင်တတ်ပြီး ကျန်သည့် အားလပ်ရက်တွေမှာတော့

http://www.cherrythitsar.org



လစ်လျှင် လစ်သလို ကြိတ်နေခြင်း ဖြစ်၏။ တတ်နိုင်ပါဘူးလေ၊ ကိုယ်ဖြစ်ကိုယ်ခံ နက်ဖြန်နံနက် ရုံးတင်ခံရမှာကတော့ မြေကြီး လက်ခတ်မလွဲ။

ထောင်မှူး ဦးစိန်မောင်က ဝင်၍ အကြံပြုသည်။

"ဘလွင်အကြောင်း၊ လေးခန်းမှာ အိပ်တဲ့ ဆံပင်ညှပ် ဘုတ်ကိုင်ထွန်းမောင်ကို သွားမေးကြည့်ရင် ရမှာပါ"

"အေး.... သွားမေးစမ်းဗျာ"

ထွန်းမောင်၏ ပြောပြချက်အရ၊ ဘလွင်သည် မနက် ၁၂ နာရီအထိ ဆံပင်ညှပ် ဘုတ်တွင် ဆံပင်ညှပ်နေဆဲ ဖြစ်၏။ ၁၂ နာရီ ဘုတ်သိမ်းတော့ လူချင်းကွဲသွားသည်။ ကိုကြီးတစ်ယောက်လည်း ဘလွင်ကို လာတွေ့ပြီး တီးတိုးစကား ပြောခဲ့ကြသည်ဆို၏။

ထောင်ပိုင်ကြီးက....

"ဒါဆိုရင် ဒီကောင်နှစ်ယောက် ၁၂ နာရီအထိတော့ ထောင်ထဲမှာ ရှိသေးတာ သေချာတယ်။ ၁၂ နာရီနောက်ပိုင်း ထောင်ထဲက ဘယ်လို ထွက်ပြေးနိုင်သလဲ ဆိုတာ ကိုသာ စုံစမ်းဖို့လိုတယ်၊ အုတ်ရိုး ပတ်ပတ်လည် လျှောက်ကြည့်ကြပါဦး"

တကယ်တော့ မန္တလေးထောင်အတွင်း ပုန်းအောင်းစရာနေရာ ရှားပါးလှပါ သည်။ သို့သော် ထောင်ပိုင်ကြီးအမိန့် ဆိုပြန်တော့လည်း မငြင်းသာဘဲ လိုက်လံ ရှာဖွေကြရပြန်သည်။ အချိန်အားဖြင့် ရှစ်နာရီခွဲခန့်ရှိပြီ၊ မည်သည့် သဲလွန်စမျှ မတွေ့ ရသေး။ ထိုအခိုက်မှာပင် ထောင်ပိတ် တာဝန်ခံ ထောင်မှူး ဦးထွန်းခင်က တစ်စုံတစ်ခု ကို သတိရဟန်ဖြင့် ကောက်ကာငင်ကာ ပြောလိုက်သည်။

"အဲ.... တစ်ခုတော့ရှိတယ်၊ တံခါးပစ္စည်းအဝင်အထွက် စာအုပ်ယူခဲ့စမ်းဟေ့"

တံခါးစာရေး တာဝန်ယူထားရသော ထောင်ဝါဒါမောင်ကြည် ယင်းစာအုပ်ကို ယူလာ၏။မောင်ကြည်မှာ အရှာအဖွေအလွန်ကောင်းသဖြင့် လူကြီးများက တံခါးထဲတွင် ယုံကြည်စိတ်ချစွာ တာဝန်ပေးထားခြင်း ဖြစ်သည်။ တစ်ကြိမ်က ထောင်ဝါဒါတစ်ဦး ဖောင်တိန်ထဲ စာခိုးထုတ်သည်ကို ဖောင်တိန်ကို အဖုံးဖွင့်ကြည့်ပြီး မင်ခါကြည့်ရာ ဘာမှ မထွက်သဖြင့် စာကိုဖမ်းပြီး ရုံးတင်နိုင်ခဲ့သည်။ အကျဉ်းသားများလည်း သူ့ကို အလွန် ကြောက်ကြ၏။

"ဒီနေ့ အမှိုက်လှည်း ထုတ်သေးသလား"

"ဟုတ်ကဲ့.... ထုတ်ပါတယ်"

"ဘယ်နှစ်ခေါက် ထုတ်သလဲ"

"သုံးခေါက်ပါ"

"ဘယ်အချိန်၊ ဘယ်အချိန်တွေလဲ"

မောင်ကြည်က စာအုပ်ကို လှန်ကြည့်ပြီး ပြန်ပြောသည်။

"၁၂ နာရီ ၄၀ တစ်ခေါက်၊ ၁ နာရီ ၅၀ တစ်ခေါက်၊ ၃ နာရီ တစ်ခေါက်ပါ"

"ဘာတွေ တင်သွားသလဲ"

"မြက်ခြောက်နဲ့ အမှိုက်သရိုက်တွေပါ"

ဦးထွန်းခင်က ပေါင်ကို တစ်ချက်ပုတ်လိုက်သည်။

"အဲ.... ဟုတ်ပြီ၊ ကဲ.... လာကြ၊ အပြင်ဘက် သွားကြည့်ကြရအောင်"

ထောင်မှူးနှင့် ထောင်ကြပ်များသည် လက်နှိပ်ဓာတ်မီး တဝင်းဝင်းနှင့် အမှိုက်လှည်းသွန်ရာ ထောင်၏အရှေ့မြောက်ထောင့် တောစပ်ဘက်ဆီသို့ သွားကြည့်ကြ သည်။ အမှိုက်ပုံ၏ အနီးအနားတွင် သဲလွန်စကလေးများ ရှိလိုရှိငြား စေ့စေ့စပ်စပ် ရှာကြသည်။ ဘာမျှ မတွေ့ရ။ ထောင်မှူးဦးကောင်းညွန့်၏ လက်နှိပ်ဓာတ်မီးရောင်သည် ဟိုဟိုသည်သည် ဝေ့ယမ်းနေရာက မွန်းနံချုံနှစ်ခုခြားအရောက် ဝင်းခနဲ ထိုးထားသည်။

"အမှိုက်လှည်း ဘုတ်လိုက်တဲ့ထောင်ကြပ် ဘယ်သူလဲ"

ထောင်ကြပ် မောင်ညဏ် ရှေ့တိုးလာသည်။

"ကျွန်တော်ပါ"

"ဒီအမှိုက်ပုံက ဘာပြုလို့ ဟိုအမှိုက်ပုံတွေနဲ့အတူမပုံဘဲ ချုံကြားထဲ လာပုံထားရတာလဲ"

မောင်ညဏ်မှာ ရုတ်တရက် ဘာပြန်ဖြေရမှန်း မသိ၊ ကြောင်နေ၏။

"ဒီအမှိုက်ပုံနား သေသေချာချာ ရှာကြစမ်းဟေ့"

သိပ်မကြာလိုက်ပေ၊ ထောင်ကြပ်အုပ်တစ်ဦးက ဝမ်းသာအားရ အော်ပြောလိုက်၏။

"တွေ့ပြီ။ ဟောဒီမှာ လုံချည်နှစ်ကွင်း"

အမှိုက်ပုံနှင့် မလှမ်းမကမ်းမှ ထောင်ပုံစံ လုံချည်နှစ်ထည်ကိုထပ်လျက် တွေ့ရသည်။ ထောင်ပုံစံလုံချည်ဆိုသော်လည်း စံပြထောင်ဖြစ်၍ အရောင်ခွဲထားရာ တစ်–နှစ်ဆောင်အတွက် သတ်မှတ်ထားသည့် အစိမ်းရောင်လုံချည်ပေါ်တွင် ဆေး အနက်ဖြင့် ရိုက်ထားသော ထောင်နံပါတ်များကို ကြည့်တော့လည်း ပျောက်နေသည့် ကိုကြီးနှင့် ဘလွင်တို့၏ ထောင်နံပါတ်များ။

"အင်္ကျီ ကျန်သေးတယ်၊ အမှိုက်ပုံထဲ ရှာကြည့်ပါဦး"

အမှိုက်ပုံထဲ မွှေနှောက်ရှာဖွေကြရာတွင် အင်္ကျီကိုတော့ မတွေ့ရပေ။ သို့သော် တစ်မိုက်ခန့်ရှိ သံချွန်နှစ်ချောင်းကို တွေ့ကြရသည်။ ကိုကြီးနှင့် ဘလွင်တို့၏ အရေးပေါ်က ခုခံရန် လက်နက်များပင် ဖြစ်ပေမည်။

ထောင်ဆိုသည်မှာ အမှုကိစ္စတစ်ခု ပေါ်ပေါက်ပြီဆိုလျှင် အစအန မရသေးမီ အလိုက်ရခက်သော်လည်း အစကလေးတစ်ခုရသွားပြီဆိုလျှင် နောက်ပိုင်း သူ့ဘာသာသူ အလိုလိုပေါ်သွားတတ်သည်။ ဘယ်သူမှ အသား အနာမခံချင်ကြ။ အမှန်အတိုင်း ထိုနေ့က မြက်ခြောက်လှည်းအတွင်းပုန်းအောင်းပြီး ထွက်ပြေးရန် ကြံစည်ခဲ့ကြသူများမှာ

http://www.cherrythitsar.org



ကိုကြီးနှင့် ဘလွင်တို့နှစ်ဦးတည်း မဟုတ်၊ မြေခါနှင့် ဘသောင်းတို့လည်း ပါကြသေးသည်။ သူတို့နှစ်ယောက်လည်း နှစ်ကြီး အကျဉ်းသားများ။

မြေခါက လုံးစေ့ပတ်စေ့ အစစ်ခံသည်။

"ဒီကိစ္စအားလုံး ခေါင်းဆောင်တာကတော့ ကိုကြီးပါပဲ ဆရာ။ သူက ကြံရည်ဖန်ရည်လဲ ကောင်းတယ်၊ ထောင်မှူးဘာယာဆိုတော့ ထောင်ထဲမှာလုပ်ပိုင်ခွင့်လဲရှိတယ်။ အမှိုက်လှည်းထဲ မြက်အစိုတွေအောက် လိုက်သွားရင် မွန်းမှာစိုးလို့ မြက်တွေကို ခြောက်အောင် ကြိုတင် စီစဉ်ထားတာလဲ သူပါပဲ"

"ဒါဖြင့် မင်းတို့နှစ်ယောက်က ဘယ်လိုလုပ် ကျန်နေခဲ့တာတုံး"

"ကျွန်တော်တို့နှစ်ယောက်က ကုသိုလ်ဆိုးတာလား ကောင်းတာလား မသိပါဘူး ဆရာကြီးရယ်။ ဒုတိယအခေါက်လိုက်မယ်လုပ်တော့ လက်ထောက်အဆောင်မှူး ဆရာအုန်းမောင် မလှမ်းမကမ်းမှာ ရောက်နေတယ်။ နောက်ဆုံးခေါက် ကျပြန်တော့လဲ ထောင်ကြပ်အုပ်ဦးနီက ရောက်လာပြန်ရော"

"ဒါဖြင့် မင်းတို့နဲ့ အမှိုက်လှည်းဘုတ်က ဘုတ်ကိုင် စံမြနဲ့ ချိတ်ဆက် လုပ်ထားပြီးသားပေါ့"

"ဟုတ်ပါတယ် ဆရာကြီး"

"ဘုတ်လိုက် မောင်ညဏ်နဲ့ တံခါးစောင့် ထောင်ကြပ်တွေကောကွာ၊ ခါတိုင်းဆိုရင် အမှိုက်လှည်း ထွက်တဲ့အခါ သံချွန်ကြီး နှစ်ချောင်းနဲ့ ထိုးနေကျပဲ"

"ဒါတော့ ဆရာကြီးတို့ပဲ စဉ်းစားပြီး စစ်ဆေးကြည့်ပါ"

မှန်လိုက်လေ၊ ဒီလိုကိစ္စမျိုးကျတော့ အသားထဲက လောက်ထွက်၊ အတွင်းလူ မပါဘဲ ဘယ်လိုလုပ် ထွက်ပြေးလွတ်မြောက်နိုင်ပါမည်နည်း။ သို့နှင့်ပင် လောက်ကောင်များကို တရားဥပဒေနှင့်အညီ ဆက်လက်အရေးယူရပေဦးမည်။ လောလောဆယ်တော့ ထောင်ပိတ်ထောင်မှူးများ ဖူးပိန်မသွားနိုင်တော့။ အဘယ်ကြောင့်ဆိုသော် ဖူးပိန်ဟိုတယ်က မန္တလေးထောင်ကြီးထက် နာရီဝက်ခန့် အချိန်စော၍ ပိတ်သွားခြင်းကြောင့်ပင်တည်း။

■

# ၂၈

လွန်ခဲ့သော နှစ်လခန့်က ရန်အောင်မောင်မောင်ထံသို့ ဆန်းဆန်းပြားပြား စာတစ်စောင် ရောက်လာပါသည်။

ဆန်းဆန်းပြားပြားဟု ဆိုရခြင်းမှာ စာရေးသူသည် သာသနာ့ဝန်ထမ်း ရဟန်းတစ်ပါး ဖြစ်နေခြင်းကြောင့်ပင်။

ဒကာကြီး ဦးရန်အောင်မောင်မောင်။

ကျုပ်ကတော့ မန္တလေးမြို့ အနောက်ပြင် ( )တိုက်မှ သာသနာ့ဝန်ထမ်း ရဟန်းတစ်ပါးပါပဲ၊ ရဟန်းဝါ ဆယ်ဝါကျော်ခဲ့ပြီပေါ့ဗျာ။ ပရိယတ် ပဋိပတ်တွေ လိုက်စားရင်း တစ်ဖက်က အပျင်းပြေသဘော ဝါသနာတူ ဦးပဉ္ဇင်းတွေနဲ့ လစဉ်ထုတ် မဂ္ဂဇင်းတွေကိုလည်း ဖတ်ခဲ့မိကြပါတယ်။ အဲဒီအထဲမှာ ဒကာကြီး ရေးတဲ့ ကလျာအမျိုးသမီး မဂ္ဂဇင်းထဲက 'ထောင့်တစ်သက် အတွေ့ အကြုံ' လည်း ပါတာပေါ့လေ။

အဲဒီအထဲမှာ ကျုပ်ဘဝင်မကျနိုင်တာက ဒကာကြီးရေးတာ အခန်းဆက်တွေလည်း များလှပြီ၊ အခုထက်ထိ ကြိုးပေးခံရတဲ့ ကြိုးသမားအကြောင်းလည်း တစ်ခါမျှ မပါသေးဘူး၊ လွတ်လပ်ရေးမရမီ စပ်ကူးမပ်ကူးကာလ ဂဠုန်ဦးစောတို့ ကြိုးပေးတဲ့အကြောင်းတော့ ပါသပေါ့လေ။ အဲဒီတုန်းက ကျုပ်တို့ မွေးကင်းစအရွယ် လူမမည်ကလေးတွေမို့ နောက်ပိုင်းမှ စာတွေ

http://www.cherrythitsar.org



ဖတ်ပြီး သိခဲ့ရတဲ့ အကြောင်းအရာတွေပါ။

အဓိက ကျုပ်တို့သိချင်တာက အခုကြိုးပေးတဲ့ စနစ် မရှိတော့ဘူးလား၊ သေဒဏ်ဆိုတာ ပယ်ဖျက်လိုက်ပြီလား၊ အဲဒါပါပဲ။ ဒကာကြီး ဆောင်းပါးတွေထဲမှာလဲ အဲဒီအကြောင်း တစ်စွန်းတစ်စ မပါလေတော့၊ ယုန်ထင်ကြောင်ထင် ဖြစ်စရာကြီးပေါ့။

ဒါပါပဲ ဒကာကြီးရယ်၊ အလျဉ်းသင့်တဲ့ အပတ်မှာ အဲဒီအကြောင်းလေးတွေ ထည့်ရေးစေချင်ပါသေးတယ်။

မေတ္တာသတ္တောအနန္တော။
အရှင် ပညာသီဟ

မှန်လှပါ အရှင် ပညာသီဟ ဘုရား။

တပည့်တော်တို့ မြန်မာနိုင်ငံတွင် သေဒဏ်မရှိတော့ကြောင်း၊ သေဒဏ်ကို ပယ်ဖျက်လိုက်ကြောင်း အမိန့်ကြော်ငြာစာ ထွက်သည်ကို အရှင်ဘုရား တွေ့ခဲ့ဖူးပါသလား။ တပည့်တော်တော့ မတွေ့မသိ မကြားဖူးပါ။

ယင်းကဲ့သို့ မကြားဖူးသည့်ပြင် မည်သည့်မြို့နယ် ပြည်သူ့တရားရုံးမှ မည်သူက မည်သူ့ကို မည်ကဲ့သို့သတ်သဖြင့် သေဒဏ်စီရင်လိုက်ကြောင်း၊ မူးယစ်ဆေးဝါးမိသဖြင့် သေဒဏ်အမိန့် ချမှတ်လိုက်ကြောင်း သတင်းစာများတွင် ဖတ်ရှုရမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တပည့်တော်တို့နိုင်ငံတွင် သေဒဏ်စနစ်၊ ကြိုးပေးသည့်စနစ် ပယ်ဖျက်ခြင်း မရှိသေးကြောင်း လယ်ပြင် ဆင်သွားသလို ထင်ရှားနေပါသည်ဘုရား။

ကြိုးပေးသည့်အကြောင်း မရေးဖြစ်သေးတာက ဒီလိုပါ။

အခန်းဆက်ဆောင်းပါးရှည် ရေးသားရာတွင် အချိန်ကာလထက် အကြောင်းအရာကို ဦးစားပေးရပါသည်။ ဆောင်းပါးတစ်ခု၏အစသည် နောက်ဆုံးဆောင်းပါး၏ အဆုံးတွင်ပါရှိသည့်အကြောင်းအရာနှင့် နီးနှောဆက်နွယ်နေရပါမည်။ သို့မှသာ စာဖတ်သူတို့၏ စိတ်အာရုံကို အနှောင့်အယှက်မဖြစ်စေဘဲ ဆွဲဆောင်နိုင်စွမ်း ရှိပါလိမ့်မည်။

ဒီတော့ အချိန်ကာလအားဖြင့် အစီအစဉ်အတိုင်း ဖြစ်ချင်လည်း ဖြစ်မည်။ ဖြစ်ချင်မှလည်း ဖြစ်မည်။ ခုန်ပျံကျော်လွှား ဟိုရောက် ဒီရောက် ဖြစ်ချင်လည်း ဖြစ်သွားနိုင်သည်။ ဒါကြောင့် အကြောင်းအရာခြင်း တူညီသည့် မန္တလေးထောင် ရောက်လိုက်၊ အင်းစိန်ထောင် ရောက်သွားလိုက်။ အချိန်ကာလထက် အကြောင်းအရာကို ဦးစားပေးနေရခြင်း။

ကြိုးပေးသည့်အကြောင်း စရမည်ဆိုလျှင်တော့ ထောင်မှူးမောင်မောင် အလုပ်ဝင်ပြီး နှစ်နှစ်သား မပြည့်ခင်ကပင် နဖူးတွေ့ ဒူးတွေ့ ပထမဦးဆုံး ကြုံတွေ့ခဲ့ဖူးပါပြီ။

မန္တလေးထောင်ကြီးမှာပင်ဖြစ်၏။ အကျဉ်းထောင်လောက လုပ်ငန်းအဝဝတွင် ကြိုးပေးသည့်အလုပ်မှာ မဟာ့မဟာ ကြီးမားသည့် လုပ်ငန်းကြီးတစ်ရပ်ပင် ဖြစ်လောက်

http://www.cherrythitsar.org



သည်။ ဒါကြောင့်ပင် ကိုရွှေ အင်္ဂလိပ်တို့က ကြိုးဒဏ်ကို capital punishment ဟု ခေါ်ဆိုခဲ့လေသလား မသိ။

ထောင်မှူးမောင်မောင် အလုပ်ဝင်စကပင်လျှင် ကြိုးသမားနှင့် ရင်းနှီးခင်မင်သိကျွမ်းခဲ့ရပါ၏။ မောင်မောင်က မိန်းဂျေး (ခေါ်) ကုလားလို ဒန်တားဝါလား (တုတ်ကိုင်လျှောက်ရသည့်) ထောင်မှူးဆိုတော့ ကြိုးသမားမှာလည်း သူ့လက်အောက်မှာ။ အမှန်ကတော့ ခပ်ချာချာထောင်မှူးပါ။ ထက်သည့်ထောင်မှူးတွေက အဲဒီလိုနေရာမျိုးတွေမှာ မကိုင်ရ။ ထောင်ကျရုံးတို့၊ အချုပ်ရုံးတို့၊ စျေးတိုက်တို့ ကိုင်ရသည်။

စျေးတိုက်ဆိုတာက ယခင်အခေါ်။ ယခုခေတ်က ထောက်ထောင်မှူးကြီး။ 'ထောက်'ဆိုသည်မှာ တပ်မတော်မှ အကျဉ်းဌာနမင်းကြီးနေရာတွင် ညွှန်ကြားရေးမှူးချုပ်လုပ်သူများက (ဦး) (ရေး) (ထောက်) ပုံသဏ္ဌာန် ဖန်တီးလာပြီးမှ ဖွဲ့စည်းလာခဲ့ခြင်း။ ခပ်ရှင်းရှင်းကလေး ရေးရလျှင်တော့ အကျဉ်းသားအားလုံး၏ စားဝတ်နေရေးအတွက် အောက်ခြေသိမ်းဖန်တီးပေးနေရသည့်ထောင်မှူး။ ယခင်ဖွဲ့စည်းပုံအရ ထောင်မှူးကြီး။

မဟုတ်ကဟုတ်ကနှင့် ကမောက်ကမ နေတတ်သော ထောင်မှူးမောင်မောင်တို့နှင့် အဲဒီလိုနေရာမျိုးမှာ ဝေလာဝေး၊ ဟိုခေတ် ဟိုအခါက ဒီလိုကောင်မျိုးကို ထောင်ပိုင်လက်ထောက်ကြီးများက မျက်စိမကျ။ ဒီတော့ ထောင်မှူးမောင်မောင်တို့လို လူစားဒန်တားဝါလား၊ တုတ်ထမ်း လမ်းလျှောက်ပေါ့။ တစ်ခုတော့ ကောင်းသည်။ ပျော်ပျော်နေ၊ ပျော်ပျော်စား၊ ပျော်ပျော်သွား၊ ပျော်ပျော်လာ၊ ဘာတာဝန်မှ မရှိ။

ကျောင်းမှထွက်စ အသက်ကလည်း ငယ်ငယ်၊ ထောင်မှူးအလုပ်ကို လိုလိုချင်ချင် စိတ်ဝင်စား၍ လုပ်ခဲ့ခြင်းလည်း မဟုတ်၊ မြဲမည်လည်း မထင်၊ အထက်တန်းစာရေးနှင့်စာလျှင်တော့ အာဏာပါဝါလေး နှစ်ပြားတစ်ပဲဖိုးလောက် ပိုသည့်သဘောရှိသဖြင့် အခိုက်အတန့် ဝင်တည်းသည့်သဘော လုပ်ခဲ့ခြင်းဖြစ်ရာ အလုပ်အပေါ်တွင် လည်းသိပ်တန်ဖိုးမထားချင်။ ဒီတော့ အမှန်အတိုင်းဆိုရလျှင် ထောင်မှူးပေါက်စမောင်မောင်ဘဝက ဘာတစ်ခုမှ အလေးအနက်မထား၊ ခပ်ပေါ့ပေါ့နေ၊ ခပ်ပေါ့ပေါ့စား၊ ခပ်ပေါ့ပေါ့လုပ်။ အဲဒီခေတ်က မြို့ပိုင်ပေါက်စ ထောင်ခြောက်လဆိုသည့် အချိုးအတိုင်း ထောင်မှူးပေါက်စ ထောင်ခြောက်လ မကျခဲ့တာပင် ကံကောင်း။

ဘာပဲပြောပြော ငယ်စဉ်တောင်ကျေးကလေးဘဝကတည်းက သန္ဓေတည်ခဲ့သော အနုပညာဗီဇကဖြင့် ကျောင်းသားဘဝမှသည် ထောင်မှူးအလုပ်ဝင်ခဲ့သည့်တိုင်ချင်ခြင်းတပ်လျက်ပင် ရှိ၏။ ကဗျာကလေး စပ်လျက်၊ စာတိုပေစကလေး ရေးလျက်။ ဘယ်စာအုပ်တိုက် ပို့သလဲ၊ ဘယ်မဂ္ဂဇင်းတိုက် ပို့သလဲ။ ဘယ်စာအုပ်တိုက်၊ ဘယ်မဂ္ဂဇင်းတိုက်မှ မပို့ပါ။ ကိုယ့်ဘာသာကိုယ် ရေးချင်လို့ ရေးနေခြင်းဖြစ်၏။ မှတ်မိပါသေးသည်၊ အဲဒီတုန်းက စိတ်ပါလက်ပါရေးခဲ့သည့် ဝတ္ထုတိုကလေး တစ်ပုဒ်။

"သပြေနှစ်ခက် ကြွေရက်စော"

http://www.cherrythitsar.org



ထိုစဉ်က တပ်မတော်က စစ်ဗိုလ်များ၏ ပခုံးထက်တွင် ယခုခေတ်လို ကြယ်ပွင့်တွေ မဟုတ်။ သပြေခက် အတန်းကလေးများ ဖြစ်၏။ ဗိုလ်က သပြေခက် နှစ်ခက်၊ ဗိုလ်ကြီးဆိုလျှင် သပြေခက် သုံးခက်။ ထောင်မှူးမောင်မောင်တို့လည်း သူငယ်ချင်းစစ်ဗိုလ်များနှင့် သွားရင်းလာရင်း၊ လည်ရင်းပတ်ရင်း၊ ပိုးရင်းပန်းရင်းက သူငယ်ချင်းစစ်ဗိုလ်များကို မိမိတို့ထက် ပို၍အရေးပေးခံရသည်ကို တွေ့ရသောအခါ မှန်တာပြောရလျှင် စစ်ဗိုလ်ရူး ရူးမိ၏။ ရူးလို့လဲ ဗိုလ်သင်တန်းလျှောက်ခဲ့၏။ သို့သော် မရ။

မရလည်းဘာဖြစ်လဲ၊ စာရေးချင်တဲ့ ဗီဇကရှိနေတော့ စာထဲတွင် ကိုယ့်ဘာသာကိုယ် ဗိုလ်ဖြစ်လိုက်သည်။ အံမယ်၊ စာရေးဆရာများ တယ်ပြီး စိတ်ကူးယဉ်လို့ ကောင်းကိုး။ ကိုယ်ရေးတဲ့စာထဲ ဖြစ်ချင်တာ အကုန်ဖြစ်လို့ ရပါလား။ စကြဝတေး မန္တတ်မင်းကြီး ဖြစ်မလား၊ ရှင်ဘုရင် ဖြစ်မလား၊ သူတောင်းစား ဖြစ်မလား။ ဖြစ်ချင်တာ အကုန်ဖြစ်လို့ ရသည်။ ဖြစ်ချင်တာ အကုန်ဖြစ်လို့ ရသည်ကား မှန်ပါ၏။ သို့သော် စာရေးဆရာတွေ သက်ဆိုးမရှည်တာ အဲဒါတရားခံပင် ဖြစ်လောက်သည်။

အဘယ်ကြောင့်ဆိုသော် အနုပညာလောကတွင် စာရေးဆရာလောက် ခံစားမှုများတာ မရှိနိုင်။ ဝတ္ထုတစ်ပုဒ်ရေးသည် ဆိုကြပါစို့။ စာရေးဆရာသည် ဇာတ်ကောင်တိုင်းအတွက် ခံစားနေရ၏။ သူပဲ မင်းသား၊ သူပဲ မင်းသမီး၊ သူပဲ ဗီလိန်၊ သူပဲ ဇာတ်ပို့၊ တရားဟောမေ့ ကထိကဆိုလည်း သူပါပဲ။

ရုပ်ရှင်တို့၊ ပြဇာတ်တို့၊ ကဇာတ်တို့မှာ မင်းသားက မင်းသားအခန်းတစ်ခုတည်း။ မင်းသမီးက မင်းသမီးအခန်း တစ်ခုတည်း။ မင်းသမီး အမေအဖေကလည်း ထိုနည်း၎င်း။ ဇာတ်ရုပ်တစ်ရုပ်တည်းအတွက်သာ သရုပ်ဆောင်ရ၏။ ခံစားရ၏။

စာရေးဆရာဆိုသည်မှာ သူရေးသည့်ဝတ္ထုထဲက ဇာတ်ကောင်တိုင်း ဇာတ်ကောင်တိုင်းအတွက် ခံစားနေရ၏။ ကိုယ်စားပြုနေရ၏။ ဝတ္ထုထဲက ဇာတ်လိုက်မင်းသားအကြောင်း ရေးသည့်အခါ စာရေးဆရာသည် သူ့ကိုယ်သူ အလိုလိုနေရင်းမင်းသား ဖြစ်သွား၏။ မင်းသားတွေး တွေးရ၏။ မင်းသားရေး ရေးရ၏။ မင်းသားပြောပြောရ၏။ မင်းသမီး အလှည့်ကျတော့ကော....။ အဲဒီကျပြန်တော့လည်း ဘယ်လိုလေး ကပိုကရို ဝတ်စားဆင်ယင်မည်၊ ဘယ်လို မူလိုက်မည်၊ ဘယ်လို ခရာလိုက်မည်၊ ဘယ်လိုတာလိုက်မည်၊ သူပဲ မင်းသမီးပါ။

နောက်တစ်ခါ ယောက္ခမကြီး အကြောင်း ရောက်လာပြန်တော့....၊

"ဟေ့၊ 'တူနှစ်ကိုယ် တဲအိုပျက်မှာ နေရ ရွှေပုံပေါ်မှာ စံရ ချစ်တာကြိုက်တာ ပဓာန'ဆိုတာ သီချင်းထဲမှာကွ၊ သီချင်းထဲမှာ၊ နားလည်လား။ တကယ်တမ်း တဲအိုပျက်မှာ နေကြည့်စမ်းပါလား၊ ဟင်း.... တစ်မွန်းတည့်တောင် မခံဘူး" စသည်အားဖြင့်။ ယောက္ခမတွေး တွေး၍ ယောက္ခမရေး ရေးရပြန်သည်။ အလားတူပင် အခြားဇာတ်ပို့မှန်သမျှအကြောင်း ရေးတော့မည်ဆိုလျှင်လည်း သူတို့ကိုယ်စား ဈာန်ဝင်စား၍ ရေးပါမှ

http://www.cherrythitsar.org



ဇာတ်ကွက်ဇာတ်လမ်း သရုပ်ပီပြင်သည်။ တိုတို နှင့် လိုရင်းကိုဆိုရသော် ဝတ္ထုတစ်ပုဒ် ဖြစ်လာသည်။ ဒီလို စာရေးဆရာတွေ ရသာမျိုးစုံ ခံစားမှုတွေ ပြင်းပြပြီး အသက် တိုကြလေသလား။ ဒါလဲ စဉ်းစားစရာပဲပေါ့....။

စာစာက 'သပြေနှစ်ခက် ကြွေရက်စော' ပြန်ဆက်ရအောင်....။

ဟိုတုန်းက ရေးခဲ့သည့်ဇာတ်လမ်း အတိအကျကိုတော့ ဘယ်လိုမှ သတိမရ တော့။ သို့သော် ကိုယ့်ဘာသာကိုယ် ဇာတ်လိုက်လုပ် ကိုယ့်ဘာသာကိုယ် ဇာတ်လမ်း ဆင်ပြီး ကိုယ်ရေးချင်သလို ရေးထားတဲ့ ဝတ္ထုပဲ၊ ကိုယ်ကောင်းချည်းပဲပေါ့။ ခုနေ ပြန်ရှာ တွေ့လို့ ဖတ်ကြည့်လျှင်လည်း ရယ်စရာကြီး နေမှာပါ။ ဘယ်လိုပဲ ဖြစ်ဖြစ် စာရေးသင် ခါစ စာရေးဆရာ၊ ကဗျာဆရာလောင်းလျာတို့ လုပ်တတ်သည့် အကျင့်ကလေးတစ်ခု ရှိသည်။ အဲဒါက တခြားမဟုတ်၊ ကိုယ်ရေးထားသည့် စာကလေး ကဗျာကလေးကို မိမိနှင့်နီးစပ်ရာလူကို ပြတတ်ခြင်းပင် ဖြစ်၏။

ထိုစဉ်က ထောင်မှူးမောင်မောင်မှာ မိန်းဂျေးထောင်မှူး ဖြစ်သဖြင့် ကြိုးသမား ရေချိုးထုတ်သည့် လုပ်ငန်းကို နေ့စဉ်လုပ်ရသည်။ ကြိုးသမား ဆိုလိုက်သည်နှင့် အပြင်လူတွေ စိတ်ထဲ ဒီနေ့စက်ရှင်တရားသူကြီးရုံးမှ ဒီကနေ့ စီရင်ချက်ချ၊ နက်ဖြန် သန်ဘက် ကြိုးစင်ပေါ်တင်၊ ကြိုးပေးလိုက်သည်ဟု ထင်ကြသည်။ သို့ကလို အထင်မှား အမြင်မှား၍ မေးကြမြန်းကြသည်။ အမှန်က ထိုသို့မဟုတ်ပေ။

တရားခံတစ်ယောက်ကို ပြစ်မှုထင်ရှားသဖြင့် ယခင် စက်ရှင်တရားသူကြီးရုံး၊ ယခင်မြို့နယ်ပြည်သူ့တရားသူကြီးအဖွဲ့မှ သေဒဏ်စီရင်ချက် ချပြီးနောက် ခုနစ်ရက် အတွင်း ဗဟိုတရားရုံးသို့ အယူခံလွှာ တင်သွင်းရသည်။ ခေတ်စနစ်ချင်းတော့ တူချင်မှ တူမည်။ ထိုစဉ်က အယူခံဝင်ရာဌာနမှာ High Court ခေါ် တရားလွှတ်တော် ဖြစ်၏။ တရားလွှတ်တော်မှအယူခံရှုံးသော် နောက်တစ်ဆင့်တက်ရ၏။Supreme Court ခေါ် တရားလွှတ်တော်ချုပ်ရှိသေးသည်။ အုပ်ချုပ်ရေးစနစ်သစ်တွင် မရှိတော့သော တရားရေး ဝန်ကြီးဌာန၏ စီမံကွပ်ကဲမှုဖြစ်၏။ စာဒကတက်သည် ခေါ်၏။ စာဒကပါ ရှုံးလျှင် တော့ နောက်ဆုံးအဆင့်ဖြစ်သည့် နိုင်ငံတော်သမ္မတထံ အသနားခံစာ တင်ပေရော့။

နိုင်ငံတော်သမ္မတ ဆိုတာလည်း မြန်မာပြည်ကြီး လွတ်လပ်ရေးရပြီးမှ ပေါ် ပေါက်လာခြင်းဖြစ်၍ လွတ်လပ်ရေး မရမီကဆိုလျှင် Governor ခေါ် ဘုရင်ခံထံတင် ရသည်။ အချို့သေဒဏ်ကိစ္စဆိုလျှင် ဘုရင်ခံနှင့်မပြီးပြတ်၍ အင်္ဂလန်ရှိ ဘုရင်မင်းမြတ်ထံ အရောက် အသနားခံစာ တင်ရ၏။ သူ့ကျွန်ဘဝနှင့် လွတ်လပ်သည့်ဘဝ အကွာကြီး ကွာလှပါဘိခြင်း။

ဆိုလိုတာက ကြိုးသမားတစ်ယောက်သည် ယခု ကြိုးမိန့်အပေးခံရပြီး ချက် ချင်း ကြိုးစင်တင်၍ အသတ်ခံရခြင်းမဟုတ်။ အယူခံတင်၊ စာဒကတက်၊ အသနား ခံစာတင် စသည့် သူ့ဘက်က ခုခံကာကွယ်ခွင့်အဆင့်ဆင့်တို့ကိုလုပ်ဆောင်ရင်း အနည်း

http://www.cherrythitsar.org



ဆိုး သုံးလေးလကြာ၏။ အများဆုံး သုံးလေးငါးနှစ်လည်း ကြာတတ်သည်။ သည်တော့လဲ ကြိုးသမားတွေ သူတို့ ဘဝမေ့ပြီပေါ့။ သူတို့ကိုယ်သူတို့ ငါတို့ ကြိုးမိန့်ပေးခံထားရပါကလားဆိုသည့် အသိတရားပင် မရှိတော့။ ထောင်ထဲမှာ သူလိုလို ငါလိုလို။ ထောင်ထဲမှာ အသိတရား အပြည့်အဝနှင့် ဘုရားရှိခိုး ပုတီးစိပ်နေကြသည့် ကြိုးသမားများ ရှိသလို သီချင်းကလေး တအေးအေးနှင့် မေ့မေ့ပျောက်ပျောက် နေတတ်ကြသော ကြိုးသမားများလည်း အမြောက်အမြားရှိ၏။

စောစောက ရေးခဲ့သည့်အတိုင်း ထောင်မှူးမောင်မောင်တို့ ရေချိုးထုတ်ချိန်တွင် အညောင်းပြေ အညာပြေ ခြင်းလုံးခတ်ကြသည့် ကြိုးသမားလည်း ရှိ၏။ ဘယ့်နှယ်တတ်နိုင်မလဲ။ တစ်နေ့ တစ်နေ့ အယူခံအမိန့်တွေ၊ စောဒကအမိန့်တွေ၊ အသနားခံစာအမိန့်တွေ စောင့်စားလာခဲ့ရသည်မှာ ရက်ကိုလစား လကိုနှစ်က ဝါးမျိုခဲ့သည်မှာ လမှသည် နှစ်ချီခဲ့ပြီ မဟုတ်လား။ သည်တော့လည်း ကြိုးသမားနှင့် ယင်း ကြိုးသမားကိုစောင့်ထိန်းရသော မိန်းဂျေး ထောင်မှူး (သို့မဟုတ်) တိုက်ထောင်မှူးတို့မှာ တစ်ဦးမေတ္တာ တစ်ဦးမှာကူးလူးကာ ဆိုသကဲ့သို့ လုံးလားထွေးလား တရင်းတနှီး။

မှတ်မှတ်ရရ ထောင်မှူးမောင်မောင် ပထမဦးဆုံး ခင်မင်ရင်းနှီးခဲ့ရသည့် ကြိုးသမားမှာ ထောင်ဝင်နံပါတ် ၅၀၅–စီ၊ ဗိုလ်မိုးကြိုး (ခေါ်) ဘသော်ပင် ဖြစ်၏။ ‘ စီ ’ ဆိုသည့် အင်္ဂလိပ်စကားလုံး၏အဓိပ္ပာယ်မှာ Casual ဖြစ်၏။ အမြဲတမ်း ထောင်ကျစားနေသူ တစ်ယောက်မဟုတ်။ တစ်နည်းအားဖြင့် ထောင်ဝေါဟာရအရ ပြောရလျှင် ထောင်လက်ကောက်တစ်ဦး မဟုတ်။ ထောင်လက်ကောက်ကျတော့ ထောင်နံပါတ်၏နောက်မှ ‘ အိပ်ချ် ’ (Habitual) ။ သူက ထောင်ကျစားနေသူ။ ကြိုးသမားကိုရော၊ သာမန်ထောင်ကျ အကျဉ်းသားကိုပါ တရားရုံးက ‘စီ’နှင့် ‘အိပ်ချ်’ကို အပြစ်ပေး ဝရမ်းတွင်ခွဲခြားလိုက်ပြီး ဖြစ်၏။ ယင်းအမှုကို စွဲတင်သော အမှုလိုက်ရဲများ၏ကျွမ်းကျင်မှုအပေါ်တွင် အဓိက မူတည်နေပေသည်။ တစ်ခါတစ်ရံ ယင်းအမှုလိုက်ရဲများ မျက်စိလျှမ်းသွားသည့်အခါ ထောင်ပိုင်များက ‘ စီ ’ သမားများကို ‘ အိပ်ချ် ’ တပ်လိုက်ရန်လည်း ထောင်ဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားသေးသည်။

“အံမာ၊ ဟော့ကောင် ဝါဟစ်။ မင်းထောင်က လွတ်သွားတာ ဘာကြာသေးလို့လဲ။ အရင်ကလဲ သုံးလေးခါ ထောင်ကျဖူးတဲ့ကောင်ပဲ။ မင်းကို ‘ စီ ’ တပ်လို့ ဘယ်ရမလဲကွ။ ‘ အိပ်ချ် ’ ပဲ ဖြစ်ရမှာပေါ့”

ကောင်းပြီ၊ စီ နှင့် အိပ်ချ် ဘာကွာလို့လဲ။ ဟာ.... ဟိုတုန်းကတော့ သိပ်ကွာတာပေါ့။ စီ သမား ထောင်ကလွတ်လျှင် ထောင်ဘူးဝမှ လွှတ်လိုက်ခြင်းဖြစ်၏။ အိပ်ချ်သမားကျတော့ ထောင်ဘူးဝမှ လွှတ်၍မရ၊ ရဲမှတစ်ဆင့် လွှတ်ရသည်။

ထောက်ဘူးဝမှ လွှတ်ခြင်းကို Gate Release ဟု ခေါ်၍ ရဲမှတစ်ဆင့် လွှတ်ခြင်း ကို Through Police Release ဟု ခေါ်၏။ ထောင်ဥပဒေ စာအုပ်ကြီး

မှာရော ထောင်ပုံစံ စာအုပ်တွေမှာပါ အတိအလင်းပါ၏။ တံခါးလွတ် အကျဉ်းသားများကို ရဲဆားပုလင်း (Surveillance) တွေက စိတ်မဝင်စား။ 'ဒီကောင် တစ်ခါတလေ ထောင်ကျဖူးတဲ့ကောင်ပဲ'။ ရဲမှတစ်ဆင့် လွတ်သည့် အကျဉ်းသားဆိုလျှင်တော့ သူတို့မှာ တာဝန်ရှိနေပြီ၊ အလုပ်ပိုနေပြီ။ ဒီကောင် နောက်ထပ် ဘာပြစ်မှုကျူးလွန်ဦးမှာလဲ၊ တို့ကို ဘာအလုပ်ပေးဦးမှာလဲ။ သူ့ကို မလှုပ်နိုင်အောင် ကိုင်ထားသည်။ ဒါက ဆားပုလင်းတွေ အလုပ်။ တစ်ခုတော့ရှိသည်။ ဆားပုလင်းတွေက အဲဒီလို အိပ်ချ်အက်စ် တွေကို ခိုင်းစားတာလည်း ရှိသေးသည်။ ဒါက သူ့အမြီးနှင့် သူ့ချည်၊ ငါးကြင်းဆီနှင့် ငါးကြင်း ကြော်ခြင်း ဖြစ်၏။ အမှုတစ်ခု ဖြစ်ပြီဆိုလျှင် ဒီအိပ်ချ်အက်စ်တွေ မပါချင်နေ သူတို့ သိသည်။ သူတို့ကိုသာ အမြီးလိမ်လိုက်၊ အစအန ရလာတတ်၏။ ဒီလိုလည်း ဆားပုလင်းတွေက ပါးရနပ်ရသည်။

ဒီဘက်ခေတ်စာဖတ်သူတွေ ဗဟုသုတရစေလိုသောစေတနာနှင့် ရောက်တတ်ရာရာ လျှောက်ရေးနေမိခြင်းပါ။ သူများပြောသံကြား မဟုတ်၊ ကိုယ်တွေ့တွေချည်းပါ။

မိုးကြိုး ခေါ် ဘသော်အကြောင်း ပြန်ဆက်ရသော် သူ့ကို ရေချိုး၊ လမ်းလျှောက်ဖို့ တိုက်ခန်းဖွင့်ပေးရန် အချိန်နောက်ကျသွားသည်နှင့်....၊

"ဆရာ ဘယ်သွားနေလဲ။ ဒီနေ့နောက်ကျလိုက်တာ။ လေးနာရီတောင် ထိုးခါနီးနေပြီ"

"အေးဗျာ၊ ကျုပ်လဲ ဒီနေ့ စိတ်ထဲ ဆာဆာရှိတာနဲ့ အလုပ်ဘက်က ဦးသိန်းရုံးခန်းသွားပြီး စာထိုင်ရေးနေတာ။ နည်းနည်းနောက်ကျသွားတယ်ဗျာ"

"ဘာစာတွေလဲ ဆရာရဲ့"

"ဝတ္ထုကလေးတစ်ပုဒ် ရေးနေတာပါဗျာ"

"ဘာဝတ္ထုလဲ ဆရာရဲ့"

"အချစ်ဝတ္ထု ဆိုပါတော့လေ။ ကိုယ့်ဘာသာကိုယ်လဲ ရေးသာ ရေးနေရတယ်၊ အချစ်ဝတ္ထုလား၊ စစ်ဝတ္ထုလား သိပ်ပြီး မကွဲပြားလှပါဘူး"

"ဒါနဲ့ ဆရာ့ဝတ္ထုနာမည်က ဘာတဲ့လဲ"

"သပြေနှစ်ခက် ကြွေရက်စောတဲ့"

ဗိုလ်မိုးကြိုး ခေါ် ဘသော် တစ်အောင့်လောက် တွေဝေငေးမောနေသည်။ သူသည် ရေမချိုးမီ ၁ နံပါတ် ကြိုးတိုက်ရှေ့တွင် အညောင်းပြေ လမ်းလျှောက်နေခြင်း ဖြစ်၏။ ထောင်မှူးမောင်မောင်က သူနှင့် မလှမ်းမကမ်းမှာ ကုလားထိုင်တစ်လုံးနှင့် ထိုင်စောင့်နေရသည်။ ထိုစဉ်က မန္တလေးတစ်ထောင်လုံးတွင်မှ ကြိုးသမား သုံးယောက်သာ ရှိသည်။ တစ်ယောက်လျှင် နာရီဝက်ခန့် အညောင်းပြေ အညာပြေ လမ်းလျှောက်၊ ပြီးတော့ ရေချိုး၊ တိုက်ခန်း ပြန်ပိတ်။ ကြိုးသမားသုံးယောက် ရေချိုးထုတ်ချိန် ထောင်မှူးမောင်မောင်လာမှ ဖွင့်ရသည်။ ဒီတော့ နေ့စဉ်နေ့တိုင်း ကြိုးသမားသုံးယောက်

http://www.cherrythitsar.org



အတွက် တစ်နာရီခွဲ နှစ်နာရီလောက်အချိန်ပေးရ၏။ ထောင်မှူးမောင်မောင် အားလပ်ခွင့်ရသောနေ့ဆိုလျှင်လည်း တခြားတာဝန်ကျထောင်မှူးတစ်ယောက် သွားထိုင်စောင့်ပေးရော့။ အဲဒီလို ကြိုးသမားသုံးယောက်နှင့် ထောင်မှူးမောင်မောင်တို့ နိစ္စဓူဝ လက်ပွန်းတတီး ကြုံတွေ့ဆက်ဆံနေရတော့ ဘယ်လိုလုပ် မရင်းနှီးဘဲ ခံနိုင်ပါတော့မည်နည်း။

အဲဒီ ရင်းနှီးမှုဒဏ်ကလည်း တော်တော် ခံစားရသည်။ မိမိနှင့် ရင်းနှီးကျွမ်းဝင်နေသည့် ကြိုးသမားတစ်ယောက် အယူခံ စောဒက အသနားခံစာ အဆင့်ဆင့်ရှုံးပြီး တကယ်တမ်း ကြိုးစင်တင်ရတော့မည့်အချိန်တွင်....၊

နောက်ဆုံးတော့ ဘာမျှမဟုတ်၊ ခင်မင်တွယ်တာမှု၏ အကျိုးဆက်အနေနှင့် ရင်နာရခြင်းပါတည်း။ သူ့အပြစ်ရှိလို့ သူခံရတာပဲ၊ သင်းထိုက်နဲ့ သင်းကံပေါ့။ သို့ကလို လွယ်လွယ်တွေး၍ အပေါ်ယံလွှာလွှာကလေး ဖြေဖျောက်မည်ဆိုလျှင်လည်း ရနိုင်ပါသည်။ သို့သော် တကယ်တမ်းကျတော့ တစ်ဦးနှင့်တစ်ဦး ဆွေမတော်မျိုးမစပ် တာဝန်အရ ဆက်ဆံကြရာက အနေကြာလာသောအခါ သံယောဇဉ်အမျှင်တန်းကလေး မသိမသာ သွယ်ယှက်ခဲ့မိကြသည်။ သူ့အကြောင်း ကိုယ်သိ၊ ကိုယ့်အကြောင်း သူသိသည်ဆိုလျှင်ပင် ခင်မင်တွယ်တာမှု အရင်းပြုပြီး သံယောဇဉ်မျိုးစေ့ကလေး ရင်မှာပျိုးခဲ့မိပေပြီ။

ထောင်မှူးမောင်မောင်၏ လုပ်သက်အတွေ့အကြုံအရ ပထမဦးဆုံး ကြိုးပေးသည်ကို တွေ့မြင်ခဲ့ရသော ဗိုလ်မိုးကြိုး ခေါ် ဘသော် ဆိုပါတော့။

စင်စစ် ထောင်မှူးမောင်မောင်မှာ ထိုစဉ်က လုပ်သက်အလွန်ပင် နုနယ်သေး၍ ကြိုးပေးသတ်ရာတွင် အဓိကတာဝန်အရှိဆုံးပုဂ္ဂိုလ်မှာ ထောင်ပိုင်ကြီးပင်ဖြစ်၏။ အစစအရာရာ လုပ်ငန်းသဘောအရ ပြေပြစ်ချောမောဖို့ သူ့မှာ တာဝန်ရှိသည်။ ထောင်ပိုင်ကြီး၏ အနီးကပ်ကြီးကြပ် လမ်းညွှန်မှုအရ ကိုယ်ထိလက်ရောက် လိုက်လံ ဆောင်ရွက်ရသူက ထောင်မှူးကြီး။ အချို့ထောင်မှူးကြီးများ တာဝန်ကို ဘယ်လောက်အထိ ကြောက်သနည်း။ သို့တည်းမဟုတ် လေးစားသနည်းဆိုလျှင် ကြိုးစင်ပေါ်တွင် ကြိုးသမားကို ကိုယ်တိုင် ကွင်းစွပ်ရမှ ကျေနပ်သည်။ အချို့ကလည်း ကိုယ်တိုင် ဒေါက်ဖြုတ်ကြသည်။ တကယ်တော့ ဒါက လူနည်းစုပါ။ အများစုက ယုံကြည်စိတ်ချရသော အကျဉ်းသားသို့မဟုတ် ထောင်ကြပ်တစ်ဦးဦးကို ခိုင်းစေလေ့ရှိကြပါသည်။

တစ်ချိန်က ဗြိတိန်တွင် ကြိုးပေးသည့်အလုပ်ကို အကျဉ်းထောင်ဝန်ထမ်းများက လုပ်ဆောင်ရန် မလို။ လခစားအဖြစ် သော်လည်းကောင်း၊ ကန်ထရိုက်စနစ်ဖြင့်သော်လည်းကောင်း၊ ကြိုးပေးသည့်လုပ်ငန်းကို လုပ်ဆောင်ကြသည့် လူသတ်သမား **(hang-man)** ဟူ၍ သီးသန့်ရှိသည်။ ထိုသူများသည် ကြိုးပေးသည့်လုပ်ငန်းကို အထိအခိုက် ချွတ်ယွင်းချက် တစ်စုံတစ်ရာမရှိဘဲ အသက်မွေးဝမ်းကျောင်းပညာ တစ်ရပ်အနေနှင့် ကျွမ်းကျွမ်းကျင်ကျင် ပြုလုပ်နိုင်ကြသည်ဆို၏။ တကယ်တော့ ဒါကလည်း ပညာတစ်ခုပါ။ ပညာတစ်ခုဟုဆိုရခြင်းမှာ အင်္ဂလိပ်များရေးဆွဲသွားသော အကျဉ်း

http://www.cherrythitsar.org



ထောင် လက်စွဲဥပဒေတွင် အသေးစိတ်ဖော်ပြထားသည့် ကြိုးပေးရာတွင် လိုက်နာရမည့် ပုံသေကိန်း (formulae) ကို ဖတ်ရှုမှတ်သား လိုက်နာခဲ့ရခြင်းကြောင့်ပင် ဖြစ်ပါ၏။

အပြင်လောကတွင် အဖန်ငါးရာ့ငါးကမ္ဘာ ခံစားရတတ်သည်ဟု ဆိုအပ်သော ဆွဲကြိုးချသည့် အလုပ်မှာ အလွယ်ကလေး။ ဒါက အပြင်လောကတွင် သူ့သဘောနှင့်သူ ဆောင်သွားသော ဥပစ္ဆေဒကကံ ခံစားရခြင်း၊ အောင်မြင်ထမြောက်သည်လည်း ရှိမည်။ လွဲချော်ချွတ်ယွင်းသည်လည်း ရှိမည်။ ထောင်ထဲမှာ တရားဥပဒေအရ ကြိုးပေးရသည့် လုပ်ငန်းမျိုးကျတော့ အဲဒီလို လက်တန်း ကချော်ကချွတ်လုပ်လို့မရ။ နည်းစနစ် အတိအကျ လုပ်နည်းလုပ်ဟန် မှန်ပါမှ။

ဒါကြောင့်လည်း အကျဉ်းထောင်လက်စွဲ ဥပဒေထဲတွင် အတိအကျ ရေးထားသည်။ အဲဒီ ကြိုးပေးမည့်အကျဉ်းသား အရပ်အမြင့် ဘယ်လောက်ရှိသလဲ။ ကိုယ်အလေးချိန်က ဘယ်လောက်လဲ။ သူ့လည်ပင်းက တုတ်သလား၊ သေးသလား၊ ဘယ်နှစ်လက်မ ရှိသလဲ။ ခက်တော့ အခက်သား။ အဲဒီအကျဉ်းသား ကြိုးပေးခါနီးကျမှ သူ့လည်ပင်း ဘယ်နှစ်လက်မလဲလို့ သွားတိုင်းလျှင် အဲဒီ ကြိုးသမားတရားခံ၏စိတ်ထဲ ဘယ်လို ခံစားရမည်နည်း။ ဒီတော့ ပါးရည်နပ်ရည်ရှိသည့် ထောင်မှူးကြီးများက အဲဒီ ကြိုးသမားကို ထောင်ထဲဝင်စကပင် လည်ပင်းတိုင်းထားလိုက်သည်။ အရပ်အမြင့်လည်း တိုင်းရသည်။ ကိုယ်အလေးချိန်ကျတော့ အတိအကျ ရှိနိုင်ပြန်သည်။

နောက်ဆုံးတော့ အဲဒီ ကြိုးပေးခံရမည့် ကြိုးသမား ဘယ်လိုပဲ မသိအောင် လုပ်လုပ် တစ်နည်းမဟုတ် တစ်နည်းနှင့် သိသွားသည်က များပါသည်။

သို့ကလို ထောင်အာဏာပိုင်တို့အနေနှင့် ကြိုးပေးမည့်ကိစ္စကို ဘယ်လိုပင် သိုသိုသိပ်သိပ် ဖုံးဖုံးဖိဖိ လုပ်စေကာမူ ကြိုတင်ရိပ်မိ သိရှိသွားသူတို့အထဲတွင် ထောင်ဝင် အမှတ် ၅၀၅ – စီ ဗိုလ်မိုးကြိုး ခေါ် ဘသော်လဲ အပါအဝင်ဖြစ်၏။

"ဆရာဦးမောင်မောင် ရေးနေတဲ့ ဝတ္ထုက သပြေနှစ်ခက် ကြွေရက်စော နော်"

"အင်း ဟုတ်တယ်လေ။ အဲဒါ ဘာဖြစ်လဲ"

"အဲဒါ တကယ့်အဖြစ်အပျက်လား ဆရာ"

ထောင်မှူးမောင်မောင် ရုတ်တရက် ဘာပြန်ဖြေရမှန်း မသိ။ တကယ့် အဖြစ်အပျက်တော့ မဟုတ်။ စိတ်ကူးယဉ် သက်သက်ချည်းလည်း မဟုတ်။

"အေးဗျာ၊ အဲဒါတော့ ကျုပ်လဲ ဘာပြန်ပြောရမှန်း မသိဘူး။ ခုမှ ဝတ္ထုရေးသင်ခါစလေ"

"ဒါဖြင့်ရင်လဲ မိုးကြိုးအသက် သေရက်ကယ်စော ဆိုတဲ့ အကြောင်းလေး ရေးပါလား ဆရာ"

"ဗျာ"

http://www.cherrythitsar.org



## ၂၉

အချိန်ကာလအားဖြင့် ၁၉၄၈ – ၄၉ ခုနှစ်ခန့်။ မြန်မာပြည် လွတ်လပ်ရေး ရပြီးစ။

ထိုအချိန်က အမိမြန်မာနိုင်ငံကြီး သူ့ကျွန်ဘဝမှ လွတ်မြောက်ခဲ့ရသည့်တိုင် နိုင်ငံအတွင်း အေးဆေးငြိမ်သက်ခြင်းကား အလျှင်းမရှိခဲ့ပေ။ ကွန်မြူနစ်နှင့် ရဲဘော်ဖြူများက တောခို သောင်းကျန်းခဲ့ကြသည်။ စောဘဦးကြီး ခေါင်းဆောင်သော အဖွဲ့က လည်း သူတစ်လူ ငါတစ်မင်း ဆူပူထကြွလျက်ရှိ၏။ တခြား မကြည့်နှင့်....၊ မန္တလေးမြို့ ကြီးကို သောင်းကျန်းသူ ရောင်စုံအဖျက်သမားများ သိမ်းပိုက်ထားစဉ်ကဆိုလျှင်....

နာရီစင်ကြီး သွားကြည့်။

နံနက်ပိုင်းသွားကြည့်လျှင် ကွန်မြူနစ်အလံကြီး တစ်လူလူလွင့်လျက် တွေ့ရမည်။ နေ့လယ်ပိုင်းကျတော့ စောဘဦးတို့အဖွဲ့အလံ။ ညနေပိုင်း ကျပြန်တော့ ရဲဘော်ဖြူအလံ။ အစိုးရစစ်တပ်များကတော့ နန်းတွင်းမှာ အခိုင်အခံ့ရှိနေကြသည်။ စစ်ကိုင်းဘက်ကိုလည်း သူတို့ မကူးနိုင်။ ပြင်ဦးလွင်ကိုလည်း ပိုင်ပိုင်နိုင်နိုင် မသိမ်းနိုင်။

သို့သော် ရက်ပိုင်းမျှသာ ဖြစ်၏။ နောက်ပိုင်းတွင် နန်းတွင်းမှ စစ်တပ်များနှင့် စစ်ကိုင်း၊ ပြင်ဦးလွင်တို့ဘက်မှ စစ်ကူများပူးပေါင်းပြီး စနစ်တကျ ပြန်လည်တိုက်ခိုက်လိုက်သောအခါ သောင်းကျန်းသူများ တောတွင်း ပြန်ဝင်သွားခဲ့ကြရသည်။

အဲလို အချိန်အခါမျိုးတွင် မြစ်သားမြို့နယ်တစ်ဝိုက်၌ ရဲဘော်ဖြူ ဗိုလ်မိုးကြိုးခေါ် ဘသော်တို့ ခြောက်လုံးပြူးကြီး တကားကားနှင့် ဗိုလ်ကျ မင်းမူနေသည်မှာ ဘာမျှ မဆန်းလှ။

http://www.cherrythitsar.org



တကယ်တော့ ဗိုလ်မိုးကြိုး ခေါ် ဘသော်မှာလည်း လွတ်လပ်ရေးတိုက်ပွဲ တစ်လျှောက်တွင် နိုင်ငံရေးအစဉ်အလာ ရှိခဲ့သူတစ်ဦးပင် ဖြစ်ပါ၏။ စစ်ကြိုခေတ်က ကျောက်ဆည်မြို့ အစိုးရအထက်တန်းကျောင်းတွင် ကိုးတန်းအထိ ပညာသင်ဖူးသည်။ ဂျပန်ခေတ်က ကူမဲမြို့ အာရှလူငယ်အစည်းအရုံးတွင် ပါဝင်လှုပ်ရှားနေရာမှ ဗမာ့ကာကွယ်ရေးတပ်မတော်သို့ ဝင်ရောက်ခဲ့သည်။ အင်္ဂလိပ်တွေ ပြန်ဝင်လာချိန်မှာတော့ ဒုဗိုလ်အဆင့်။ ရဲဘော်ဖြူ ရဲဘော်ဝါ ကွဲတော့ ရဲဘော်ဖြူထဲပါကာ တောခိုသွားခဲ့ခြင်း ဖြစ်၏။ ဗိုလ်မိုးကြိုးဆိုတာကလည်း ရဲဘော်ဖြူ ဗိုလ်ဘဝနှင့် တောခိုသွားခဲ့ပြီးမှ ရခဲ့သည့် အမည်။ မူရင်း အမည်ကတော့ ဗိုလ်ဘသော်ပါပဲ။

ဗိုလ်ဘသော်ဘဝ မတိုင်ခင် စစ်ကြိုခေတ် ကျောင်းသားမောင်ဘသော်အနေနှင့် ဆရာမ ဒေါ်ခင်လေးတင့်နှင့် အတန်ပင်ရင်းနှီးခဲ့ရသည်။ ရင်းနှီးစရာ အကြောင်းကလည်း ပေါ်ပေါက်ခဲ့၏။

တကယ်တော့ ဘသော်က တောသား။ တောသားဆိုသော်လဲ တောသား အနုညာတတော့ မဟုတ်၊ တော သူကြီးသားဖြစ်၏။ သူကြီးသား ဆိုကာမျှနှင့် အထင်မသေးလေနှင့်။ သူကြီးဆိုသည်မှာ ယခင် ကျေးရွာအုပ်စု ကောင်စီဥက္ကဋ္ဌကဲ့သို့ အာဏာအပြည့်ရှိသည်။ ကျေးရွာအုပ်စု ကောင်စီဥက္ကဋ္ဌမှာ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားခြင်းဖြစ်၍ အဖွဲ့အစည်းနှင့် အုပ်ချုပ်ရသည်။ သူကြီးဆိုတာက သူ့တစ်ယောက်တည်း။ အာဏာရှင်စနစ်။ သူ့လက်အောက်က ရွာခေါင်းတို့၊ ဆယ်အိမ်ခေါင်းတို့ ရှိသေးသည်။ သို့သော် တုတ်တုတ်မျှ လှုပ်ဝံ့ကြသူများ မဟုတ်၊ တစ်သွေးတစ်သံတစ်မိန့်။

ဘသော်၏ အဖေ သူကြီးဦးလူတုတ်ဆိုတာက ရိုးရိုးသူကြီး မဟုတ်။ မင်းစုဘူတာအနောက်ဘက် ဒရယ်ခေါင်းရွာမှ အထူးအာဏာရ သူကြီးဖြစ်သည်။ နှစ်လုံးပြူး သေနတ်ကြီးတစ်လက် အပိုင်စားပေး သနားခြင်းခံရသည်။ အထူးအာဏာရ သူကြီးဆိုတော့ ရာဇသတ်ကြီးဥပဒေအရ ပြစ်မှုကျူးလွန်သူ တစ်ဦးဦးကို ထောင်ဒဏ်ခြောက်လအထိ အပြစ်ပေးခွင့်ရှိသည်။

စစ်ပြီးခေတ် ပြဇာတ်များ တစ်ခေတ်ဆန်းချိန်က သရော်ခဲ့ ထေ့ခဲ့သော မယ်သုံ ပေါက်ဆီတို့ အပြောကလေးအတိုင်း ရေးရလျှင်....၊

"သီဂျီးသီဆန်း.... ဖိုးစတင်းဒတ် သီမင်း"။ ဘသော်တို့ ကြီးပြင်းလာရတာက အဲဒီလို ဘဝမျိုးပါ။ ဆိုလိုတာက 'သီဂျီးသီဆန်း'ဆိုသည်မှာ သူကြီး၏ သား။ 'ဖိုးစတင်းဒတ် သီမင်း' ဆိုတာကတော့ လေးတန်းကျောင်းသား။

မှန်ပါသည်။ အဲဒီလို ရွာမှာရှိသည့် မူလတန်းကျောင်းမှ လေးတန်းအောင်ပြီးသည့်နောက် ကျောက်ဆည်မြို့ ဟိုက်စကူးကျောင်းသို့ ဘသော် ရောက်ခဲ့ခြင်း ဖြစ်၏။ ဒရယ်ခေါင်းရွာနှင့်အနီးဆုံး မြစ်သားမြို့တွင် ထားလျှင်လည်း ရပါသည်။ သို့သော် သူကြီးကတော် ဒေါ်ခလေးမ၏မောင် ဦးသာညွန့်ဆိုတာက အမိန့်တော်ရ ရှေ့နေဘဝနှင့်

http://www.cherrythitsar.org



ကျောက်ဆည်တွင် ကောင်းစားနေသည်။ သည်တော့ ဘသော်၏ ဘဝရှေ့ရေးကို မျှော်တွေးပြီး သူကြီးကတော် ဒေါ်ခလေးမ၏အစီအမံဖြင့် ဘသော်တစ်ယောက် ကျောက်ဆည်မြို့ အစိုးရဟိုက်စကူးကျောင်းသို့ ရောက်ခဲ့ရခြင်းပင်။

အမိန့်တော်ရရှေ့နေ ဦးသာညွန့်၏ဇနီးက ဒေါ်ခင်လေးမြင့်၊ ကျောက်ဆည်မြို့ ဘိလစ်စာရေးကြီး၏သမီး၊ ဆယ်တန်းမအောင်၍ ကျောင်းထွက်ထားသည်။ သူ့ညီမ မခင်လေးတင့်က ဆယ်တန်းမှာ။ ဘသော်နှင့် မခင်လေးတင့်တို့ အသက်အားဖြင့် လေးငါး နှစ်တော့ ကွာတာပေါ့။

"ဟဲ့ ဘသော်၊ နင် ဒီလပတ်စာမေးပွဲမှာ သချ်ာကျတယ်ဆို"

"ဟုတ်တယ် မမတင့်၊ ကျွန်တော် နှစ်မှတ်ပဲ လိုတာပါ"

"သချ်ာဆိုတာ အမြဲတမ်းတွက်နေရတာဟဲ့၊ ပြစမ်းပါဦး နင့်သချ်ာစာအုပ်တွေ"

ဒီလိုနှင့် ဘသော်တစ်ယောက် တစ်တန်းပြီးတစ်တန်း တက်လာခဲ့ရာမှ ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်ချိန်တွင် ဘသော်က ကိုးတန်းမှာ၊ မခင်လေးတင့်က မန္တလေး ကောလိပ်မှ အင်တာအောင်ပြီး ရန်ကုန်တက္ကသိုလ်ရောက်။

ဂျပန်ခေတ်ကျတော့ မခင်လေးတင့်က ကျောက်ဆည်မြို့မှ အာရှလူငယ် အစည်းအရုံး အမျိုးသမီးခေါင်းဆောင်။ ဘသော်တို့လဲ ဘယ်ခေလိမ့်မလဲ။ ကူမဲမြို့ပေါ်မှာ သူလဲ အာရှလူငယ် အစည်းအရုံးအဖွဲ့ဝင်ပေါ့။ ခေတ်ပညာတတ် လူငယ်ဆိုတော့ တောမှာ မနေနိုင်၊ နီးစပ်ရာ ကူမဲမြို့ပေါ်တက်လာသည်။ ဒီမှာပင် ဒုတ္တဝတီ ဇော်ဂျီ ပန်းလောင် မြစ်ပေါင်းအစုံ ပြန်လည်ဆုံဆည်းမိကြသလို မခင်လေးတင့်နှင့် မောင် ဘသော်တို့ ပြန်လည်ဆုံဆည်းခွင့်ကြုံခဲ့သည်။

"ငါ့မောင်က ဘယ်ဆိုးလို့လဲ။ အမျိုးသားရေး လှုပ်ရှားမှုကျတော့ ရှေ့တန်းက ပါလာသားပဲနော်"

"ဒါပေါ့ မမတင့်ရဲ့။ လက်သည်းဆိပ်တော့ လက်ထိပ်နာဆိုတာလို ကိုယ့် အမျိုးထိလာတော့လဲ မချိအောင် နာရမှာပေါ့။ ဒါတင်မကသေးဘူး၊ ကျွန်တော် ဗမာ့ တပ်မတော်ထဲ ဝင်တော့မလို့။ ကိုယ်ထိလက်ရောက်ပဲ ဝင်ကြဲတော့မယ် မမတင့်ရယ်"

မခင်လေးတင့်မှ ခေတ္တခဏမျှ တွေဝေ ငေးမောသွားသည်။ ဘာပဲပြောပြော မိမိ၏အိမ်တွင် ငါးတန်းကျောင်းသားလေး ဘဝအရွယ်မှစ၍ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ချိန် လူပျိုဘော်ဝင်ခဲ့သည်အထိ လက်ပွန်းတတီး နေခဲ့ရတော့လည်း သံယောဇဉ်နွယ်ကြိုးက မထိတထိ ရစ်ပတ်နှောင်ဖွဲ့ခဲ့မိလေပြီ။ ခင်လေးတင့် တစ်ခုတည်း မေးမိသည်။

"ငါ့မောင် အသက်ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ခြောက်နှစ်၊ အေးလေ.... ဆယ့်ခြောက်နှစ်ကျော်လို့ ဆယ့်ခုနစ်နှစ်ထဲ ဝင်ခဲ့ပြီ"

"ဗမာ့တပ်မတော်က အသက်ဆယ့်ရှစ်နှစ်ပြည့်မှ ဝင်ခွင့်ပြုတာ မောင်လေးရဲ့"

http://www.cherrythitsar.org



"ရပါတယ်ဗျာ၊ သူတို့ ဆယ့်ရှစ်နှစ်ဆိုလဲ ဆယ်ရှစ်နှစ်ပေါ့"

ခင်လေးတင့်တစ်ယောက် ဟင်းခနဲ မသိမသာ သက်ပြင်းချလိုက်သည်ကို ဘသော် အနေနှင့် သိကောင်းမှ သိပေမည်။

မှန်ပါသည်။ အဲဒီအချိန်က ဘသော် ဘာမှမသိလိုက်။ ဘသော် တကယ်တမ်း သိသည့်အချိန်ကျတော့ မြစ်သားမြို့ အစိုးရအလယ်တန်းကျောင်းအုပ် ဖြစ်နေသော ဒေါ်ခင်လေးတင့်က မြစ်သားမြို့နယ်မှ ပါလီမန်အမတ်ဖြစ်နေပြီ။ ဘသော်လဲ ရဲဘော်ဖြူ ဗိုလ်မိုးကြိုး ခေါ် ဗိုလ်ဘသော် ဖြစ်နေပြီ။

မြန်မာပြည်ကြီး သူ့ကျွန်ဘဝမှ လွတ်လပ်ရေး ရပြီးစ ပြည်တွင်းစစ်အရှိန် အဟုန် မြင့်မားနေချိန်။

သစ်ပင်မှန်လျှင် အမြစ်ရှိရမည်။ လူမှန်လျှင် အချစ်ရှိရမည်။တိုင်းပြည်မှန်လျှင် လည်း စစ်ရှိရမည်။ သို့သော် စစ်ဆိုတာကတော့ တကယ့်ကို ရင်နာစရာ၊ စက်ဆုပ်စရာ၊ ရွံရှာဖွယ်ရာ ကောင်းလှပါကလား။ ဘာပြုလို့လဲဆိုတော့ စစ်ဆိုတာ ကိုယ့်အချင်းချင်းလဲ တိုက်နေ၊ ခိုက်နေ၊ သတ်နေ၊ ဖြတ်နေကြတာကိုး၊ အိမ်ကြက်အချင်းချင်း အိုမည်းသုတ် ခံရပြီး ခွပ်နေရသည့် ဘဝပေကိုး။ နောက်ဆုံးတော့ ဘာမှ မဟုတ်ပါ။ ဝါဒမှိုင်းပါပဲ။ လူသည်သာလျှင် အဓိက တရားခံ ဖြစ်၏။

ငါက ကွန်မြူနစ်၊ သူက ဆိုရှယ်လစ်။ ကွန်မြူနစ်ပင်ရိုးရိုး မဟုတ်သေး။ အလံနီကွန်မြူနစ်ရယ်လို့ ကွန့်တက်လိုက်သေးသည်။ ရဲဘော်ဖြူ၊ ရဲဘော်ဝါ၊ နောက် တစ်ခါ ပမညတဆိုပြီး ပေါ်လာပြန်သေး၏။ အဲဒီလို ဖြူနီညိုပြာ ရောင်စုံဖြာ ဝါဒမှိုင်းတွေ တိုက်လာမှတော့ တစ်မြေတည်းနေ တစ်ရေတည်းသောက်သည့် အမိနိုင်ငံသား အချင်းချင်း အိုးမည်းသုတ်ခံရ၍ ခွပ်ကြပြီ၊ သတ်ကြပြီ ဖြစ်ကြပြီ။

ဘယ်လောက် ရင်နာစရာ ကောင်းလိုက်သနည်း။ အမှန်က ဒီ ရေလှိုင်း၊ ဒီ ဝဲဂယက်၊ ဒီ ကျောက်ဆောင်ကြားတွင် ဗိုလ်မိုးကြိုး ခေါ် ဗိုလ်ဘသော်တစ်ယောက် စစ်ဦးဘီလူးအနေနှင့် သားကောင်ဖြစ်ကာ ကြိုးကျခဲ့ရခြင်းပင်။

ဘသော် ကြိုးပေးအသတ်မခံရမီ တစ်ရက်အကြိုက ပြောခဲ့သည့်စကားသံ ကလေးများ ယခုထက်တိုင် ကြားယောင်နေမိပါသေးသည်။ ကြာတော့ ကြာပါပြီ၊ လွန်ခဲ့သည့် ၃၆ နှစ်ခန့်က....။

"ဆရာကလဲ ဆရာ့ခံစားမှုနဲ့ ဆရာ၊ သပြေနှစ်ခက် ကြွေရက်စော ဝတ္ထုကိုရေး နေတာနော်"

"အေးလေ၊ ထားပါတော့ဗျာ"

ဘယ်နှယ့်လုပ်မလဲ။ နက်ဖြန်မနက်ပဲ ကြိုးပေးအသက်ခံရတော့မယ့် သူကို အလိုက်အထိုက် ပြန်ပြောရတော့မှာပေါ့။ ဘသော်ကမူ အလေးအနက်။

"အဲဒီလို ပေါ့ပေါ့လေး မပြောလိုက်ပါနဲ့ ဆရာရယ်။ အခုလက်ရှိ အခြေအနေ

http://www.cherrythitsar.org



အတိုင်း ပြောရရင် ကျွန်တော်က သေလူ၊ ဆရာက ရှင်လူပါ"

ထောင်မှူးမောင်မောင်က ပျာပျာသလဲ ဖာရထေးရသည်။

"မဟုတ်၊ မဟုတ်ပါဘူး ကိုဘသော်ရယ်....။ ကျွန်တော် ပေါ့ပေါ့ဆဆ ပြောနေတာ မဟုတ်ပါဘူး။ ခင်ဗျားရင်ထဲ ဘယ်လိုခံစားနေရမယ်ဆိုတာ ကျွန်တော် ကိုယ်ချင်းစာပါတယ်"

ဘသော် အံတစ်ချက် ကြိတ်လိုက်သည်။ ပြီးတော့ မချိတရိလိုလို၊ မထီမဲ့မြင်လိုလို သူ့မျက်နှာပြင်ပေါ်မှာ ပြုံးရိပ်ခပ်ဖျော့ဖျော့ သန်းသွား၏။

"ဆရာက ကျွန်တော့်ကို သေရမှာ ကြောက်တယ်ထင်လို့လား"

"ဟင့်အင်း၊ အဲဒီလိုလဲ မထင်မိပါဘူးဗျာ"

ဘသော် နှုတ်ခမ်းတစ်ချက်ရွဲ့လိုက်ရင်း....၊

"ဟင်း၊ ဝေးသေး"

ဟူးခနဲ သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်ပြန်သည်။ ပြီးမှ....၊

"ဆရာဦးမောင်မောင်ကို ကျွန်တော် တစ်ခုမေးမယ်"

ထောင်မှူးမောင်မောင်က ဘသော်၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ပြီး....၊

"မေးပါ၊ ကိုဘသော် မေးပါ"

"ဒီလူသတ်မှုကို ကျွန်တော် တကယ်ကျူးလွန်တယ်လို့ ဆရာထင်သလား"

ထောင်မှူးမောင်မောင်က အသာလေး ငြိမ်နေသော်လည်း ဗိုလ်မိုးကြိုးက မငြိမ်။

"ကျွန်တော် မေးတာ ဖြေပါဦးလေ.... ဆရာရဲ့"

မတတ်သာတော့ပြီ၊ ဖြေပြောကလေး ပြောပါမှ။

"အေးဗျာ၊နက်ဖြန်မနက် ကြိုးပေးအသတ်ခံရတော့မယ့် လူသားတစ်ယောက် အနေနဲ့ မုသားစကား မပြောဘူးဆိုတာ ကျွန်တော်ယုံပါတယ်။ အမှုအကြောင်းတော့ ကျွန်တော် မသိဘူးလေ"

မှန်ပါသည်။ ထောင်မှူးမောင်မောင် အနေနှင့် ဘယ်လိုလုပ် အမှုအကြောင်း သိနိုင်ပါ့မလဲ။ ကြိုးသမားအယူခံကို ကိုယ်တိုင်ကိုယ်ကျ ရေးကြရသည့် ထောင်မှူးကြီးတို့၊ ထောင်ကျရုံး ထောင်မှူးတို့ဆိုလျှင်တော့ သူ၏ စီရင်ချက်မိတ္တူကို ဖတ်ပြီး အမှုသွားအမှုလာ သိနိုင်စရာအကြောင်းရှိသည်။ စီရင်ချက်မိတ္တူတွင်ပါသည့် စွဲချက်များ၊ နှစ်ဖက်သက်သေ ထွက်ဆိုချက်များ၊ ကျွမ်းကျင်မှုဆိုင်ရာ ပါရဂူများ၏ သက်သေခံချက်များကို ထောက်ထားပြီး အဲဒီကြိုးသမား တကယ်သတ်သလား၊ မသတ်ဘူးလားဆိုတာ ကောက်ချက်ချနိုင်စရာ အကြောင်းရှိသည်။ ခုတော့ ထိုအချိန် ထိုအခါက ထောင်မှူးမောင်မောင် ဆိုတာ တကယ့်ကို ထောင်မှူးပေါက်စ ကျောင်းသား၊ နို့နံ့မပြယ်သေးသည့် လူငယ်လူရွယ်ဆိုတော့.... ခပ်ပေါ့ပေါ့နေ၊ ခပ်ပေါ့ပေါ့စား၊ တစ်နေကုန် တစ်နေခန်း တာဝန်များပိနေသည့်ကြားက အားလပ်သည်နှင့် နန်းတွင်းမှ မြို့ပြင်ထွက်မည်၊

http://www.cherrythitsar.org



လည်မည် ပတ်မည်၊ ပိုးမည် ပန်းမည်၊ ပျော်မည် ပါးမည် ဒါလောက်ပဲ ရှိတာ။

ဤလူ့ပြည်တွင် နာရီပိုင်းသာ နေရတော့မည့် ကြိုးသမားတစ်ယောက်အနေနှင့် ထောင်မှူးမောင်မောင်၏ အဖြေကို မချင့်မရဲ ဖြစ်လာဟန်တူပါသည်။

"အမှုအကြောင်းက အရှင်းကလေးပါ ဆရာရယ်။ ကျွန်တော် လူမသတ်ဘူးလို့ မငြင်းလိုပါဘူး။ နိုင်ငံရေးအရ တောခိုရင်း လက်အောက်ငယ်သားတွေကို သတ်ဖို့ အမိန့်ပေးခဲ့တာတွေ ရှိသလို၊ စိတ်လိုက်မာန်ပါ ကျွန်တော်ကိုယ်တိုင် သတ်ခဲ့တာတွေလဲ ရှိပါတယ်"

ဗိုလ်မိုးကြိုးသည် ကြိုးတိုက်အခန်းထဲတွင် ပုဆစ်တုပ်၍ထိုင်နေရာမှ သူ၏ ရှေ့ရှိ တံခါးသံတိုင်နှစ်ချောင်းကို လက်နှစ်ဖက်ဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။ ပြီးတော့ ထောင်မှူးမောင်မောင်ကို မျက်နှာလွှဲလိုက်ပြီး ခေါင်းကိုမော့ကာ အာကာသ မိုးကောင်းကင်ကြီးကို အဓိပ္ပာယ်ကင်းမဲ့စွာဖြင့် မော်ကြည့်လိုက်သည်။ ပြီးတော့မှ ရင်ထဲက လှိုက်၍ လှိုက်၍ ထွက်လာသော ဆို့နစ်သည့်အသံကြီးဖြင့်....

"အခုအမှုကတော့ မမှန်ပါဘူး ဆရာရယ်၊ ဒေါက်တာစိုးသိမ်းကို ကျွန်တော် မသတ်တာ အမှန်ပါ"

ထောင်မှူးမောင်မောင် ဘာမှ ဝင်မပြောသာပါ။ ဘသော်ပြောသမျှကိုသာ အသာလေး ငြိမ်ပြီး နားထောင်နေရသည်။

ဒေါက်တာစိုးသိမ်းဆိုတာက မြစ်သားမြို့ဇာတိ။ သူလဲ ပါလီမန်အမတ်ပင် ဖြစ်၍ နိုင်ငံရေးအရ ဒေါ်ခင်လေးတင့်နှင့် အတန်ပင် ရင်းနှီးသည်။ သူ့မှာက သားကြီး မယားကြီးနှင့်။ ဒီကြားထဲက အပျိုကြီး ပါလီမန်အမတ် ဒေါ်ခင်လေးတင့်ကို ကြာကူလီ ရိုက်ချင်သည့် သတင်းအစအန ကြားလာရသောအခါ ရဲဘော်ဖြူ ဗိုလ်မိုးကြိုး ခေါ် ဗိုလ်ဘသော်အနေနှင့် မချင့်မရဲဖြစ်ကာ ကြိမ်းဝါးပြောဆိုခဲ့ဖူးတာတော့ အမှန်။ 'ဒီ မသာ ကိုယ့်တွင်းကိုယ်ဖော်နေတာနဲ့ တူပါတယ်ကွာ။ တစ်နေ့တော့ ဘသော်အကြောင်း သိရစေမပေါ့' ဟု။ နှုတ်ကြောင့် သေ၊ လက်ကြောင့် ကြေသတဲ့။ ဘသော်စကား အလိုအရတော့ ယခုလည်း နှုတ်ကြောင့်ပင် ကြိုးကျခဲ့ရလေသလား။

တကယ်တော့ ဒေါက်တာစိုးသိမ်း အသတ်ခံရပုံမှာ သိပ်ပြီး ရှုပ်ရှုပ်ထွေးထွေး မရှိလှ။ ရိုးရိုးစင်းစင်းနှင့် ရှင်းရှင်းကလေးဖြစ်၏။

မြစ်သားမြို့ ဖဆပလရုံးခန်းတွင် အရေးပေါ်အစည်းအဝေးတစ်ခု ထိုင်နေကြသည်။ နေ့ခင်း ထမင်းစားချိန်တိုင်အောင် မပြတ်သေး။ ထမင်းကို ဖြစ်သလို မှာစားကြပြီးနောက် အစည်းအဝေးဆက်ထိုင်ကြပြန်၏။ ဒေါ်ခင်လေးတင့်ရော ဒေါက်တာစိုးသိမ်းပါ ပါသည်။ ဒေါ်ခင်လေးတင့်မှာ ညနေသုံးနာရီကျော်ကတည်းက နာရီတကြည့်ကြည့်၊ ဖင်တကြွကြွ ဖြစ်နေပေပြီ။ ကျောက်ဆည်ပြန်ရဦးမှာ မဟုတ်လား။ တကယ်တမ်း အစည်းအဝေးပြီးတော့ ညနေငါးနာရီခွဲပြီ။ ဒီအချိန် ကျောက်ဆည်ပြန်ဖို့ ဘယ်မှာ

http://www.cherrythitsar.org



ဘတ်စ်ကား ရှိတော့မှာလဲ။ ဒေါ်ခင်လေးတင့် ဟူးခနဲ သက်ပြင်းချမိသည်။

ပျဉ်းမနား–မန္တလေး လော်ကယ်ရထားတော့ ရှိသည်။ သို့သော် အဲဒီရထားက မြစ်သားဘူတာသို့ ညခုနစ်နာရီခွဲ ရှစ်နာရီလောက်မှ ဆိုက်တတ်၏။ ကျောက်ဆည်သို့ မိုးစုပ်စုပ်ချုပ်မှ ရောက်မည်။ မတတ်နိုင်တော့ဘူးလေ။ ရောက်ချင်တဲ့အချိန်မှရောက်၊ အဲဒီလောကယ်ရထားကိုပဲ စောင့်စီးရတော့မှာပေါ့။

ဒီည မပြန်လို့ကတော့ မဖြစ်။ အသက်ရှစ်ဆယ်ကျော်ရှိ မိခင် မုဆိုးမကြီးမှာ လေဖြတ်ထားသည်။ အစ်မဖြစ်သူ ဒေါ်ခင်လေးမြင့်ကလည်း မီးယပ်ကျိုးနေသည်။ သူ့သားသမီးတွေကလည်း ဘာမှ လုပ်တတ်ကိုင်တတ်သည် မဟုတ်။

အစည်းအဝေးပြီးတော့ ဥက္ကဋ္ဌကြီးက ဝတ္တရားအရ မေးသည်။

"ဆရာမ ဘာနဲ့ပြန်မလဲ"

"ကျွန်မ လော်ကယ်ရထားနဲ့ပဲ စောင့်ပြန်ရမှာပေါ့"

"ဟင်.... အဲဒီ ရထားဆိုရင် မိုးချုပ် မနေဖူးလား။ အချိန်မှန်တာလဲ မဟုတ်"

"ရပါတယ် ဥက္ကဋ္ဌကြီးရယ် ရောက်တဲ့အချိန်ပေါ့"

ဒေါက်တာစိုးသိမ်းက မရဲတရဲ ဝင်ပြောသည်။

"ကျွန်တော့်ကားနဲ့ လိုက်ပို့ပေးမယ်လေ ဆရာမ"

"ဟင့်အင်း.... ဟင့်အင်း....၊ နေပါစေ။ ရတယ်"

အကျိုးအကြောင်း ဘာမှ မသိရှာသေးသော ဥက္ကဋ္ဌကြီးကမူ....၊

"ဆရာမကလဲ၊ အားနာစရာမှ မဟုတ်တာ။ ကိုယ့် လုပ်ဖော်ကိုင်ဖက်ချင်းပဲ။ ဆရာ့ကားနဲ့ဆို ခဏကလေး ရောက်သွားမှာ"

အဖွဲ့ဝင်များထဲက သိပြီးသူ ရှိသလို၊ ဥက္ကဋ္ဌကြီးနည်းတူ မသိကြသေးသူများလည်း ရှိကြလေရာ....။ မသိကြသေးသည့် လူကြီးများက....

"ဆရာမရေ့ စိတ်ကူးမလွဲနဲ့။ ဒေါက်တာစိုးသိမ်း ကားနဲ့သာ ပြန်။ သူ့ကားက ကျွန်တော်တို့အဖွဲ့အတွက် ချောကားပဲ"

ဒေါ်ခင်လေးတင့်မှာ ခုမှ တကယ့်အကျဉ်းအကျပ်ထဲ ရောက်နေရသည်။ ရှေးတိုးလဲ ထမ်းပိုး နောက်ဆုတ်လဲ လှည်းထုတ်။ သူ့ကားနှင့် မလိုက်ချင်ပါဘူးဟု ဘယ်လို ရှင်းပြရပါမည်နည်း။ သိပြီးသူတွေအတွက် အကြောင်းမဟုတ်သော်လည်း မသိရသေးသူတွေကို ရှင်းပြရအောင်က မိအေး နှစ်ခါရှက်ဘာဝ ရောက်ရပေတော့မည်။ အဲဒီလို အခြေအနေမျိုးတွင် အချက်ကျကျ အခွင့်အရေးယူလာတတ်သူက ဒေါက်တာစိုးသိမ်း။

"ကဲပါ ဆရာမရယ်၊ စိတ်ကူးမလွဲပါနဲ့။ ကျွန်တော့်ကားနဲ့ပဲ လိုက်ပို့ပါ့မယ်"

ဒေါ်ခင်လေးတင့်က အင်းမလှုပ်၊အဲမလှုပ် ရှိနေစဉ်မှာပင် ဒေါက်တာစိုးသိမ်းက တစ်ဆက်တည်း သူ့ဒရိုင်ဘာဘက်သို့ လှည့်၍....

http://www.cherrythitsar.org



"ဦးကျော်ရှိန်၊ အိမ်ကိုပြန်ပြီး ဓာတ်ဆီဖြည့်ဗျာ။ ကျွန်တော့်သေနတ်ပါ ယူလာခဲ့၊ ကြားလား"

"ဟုတ်ကဲ့ပါ ဆရာ"

ကြိုးသမား ဗိုလ်မိုးကြိုး ခေါ် ဗိုလ်ဘသော်၏အသံမှာ လုံးဝ မူမမှန်တော့ပေ။ တိုးသွားလိုက်၊ ကျယ်သွားလိုက်။ တစ်ခါတစ်ရံ လည်ချောင်းကွဲသံကြီးလိုလို၊ အာခေါင်ခြစ်၍ ထွက်လာသောအသံကြီးလိုလို၊ အတက်အကျ အနိမ့်အမြင့် ပုံမှန်မဟုတ်တော့။

နာရီပိုင်း မိနစ်ပိုင်းအတွင်း ဇော်မုချ မလွဲမသွေ မြေကြီးလက်ခတ်မလွဲ သေရတော့မည့် လူသားတစ်ယောက်အနေနှင့် သူဘာပြောချင်သနည်း။ ဘာပြောမည်နည်း။ ပြောချင်တာပြော။ ထောင်မှူးမောင်မောင် သည်းခံခွင့်လွှတ် နားထောင်ရပေမည်။ သူပြောထားပြီပဲ။ "ဆရာက ရှင်လူ၊ ကျွန်တော်က သေလူ" တဲ့။

"အဲဒီညက သူတို့ မြစ်သားကညနေ ၆နာရီလောက်မှထွက်ဖြစ်ကြတယ်လေ။ တရားရုံးမှာ ထွက်ချက်အရ ဂျစ်ကားကို ဒေါက်တာစိုးသိမ်းက မောင်းလာတယ်။ ဘေးမှာ ဆရာမ ဒေါ်ခင်လေးတင့်က ထိုင်လာတယ်။ ဒရိုင်ဘာကျော်ရှိန်က နောက်ခန်းမှာ။ ဒါထက်ဆရာ.... မြင်းခြံကလာတဲ့ကားလမ်းနဲ့ ရန်ကုန်–မန္တလေးလမ်းတို့ ဆုံတဲ့နေရာ လက်ညှိုးထိုးကို ဆရာ သတိထားမိသလား မသိဘူး"

"ဟာ.... သိပ်သိတာပေါ့ဗျာ၊ အဲဒီလက်ညှိုးထိုးမှာ ထမင်းစားလို့ အားကြီးကောင်းတယ်လေ"

"ဟုတ်တယ်၊ အဲဒီလက်ညှိုးထိုးမှာ ဒေါက်တာစိုးသိမ်းက လောကွတ်ချော်ပြီး ထမင်းကျွေးသေးသတဲ့"

လက်ညှိုးထိုးက သူတို့ဂျစ်ကားဆက်ထွက်တော့ ခုနစ်နာရီကျော်ပြီပေါ့။ မုန့်ပေါင်းရွာဆိုလျှင် လက်ညှိုးထိုးနှင့် ဆယ်မိုင်ကျော်ခဲ့ပြီ။ ရှေ့နားမှာ သမံတလင်းရွာနှင့် သမံတလင်းတံတား၊ လမ်းဘေးတစ်ဖက်တစ်ချက်တွင် တောကလဲ ခပ်ထူထူ။

တစ်နေရာအရောက်တွင် လမ်းဘေးမှ သေနတ်သံများ တဒိန်းဒိန်း တဒိုင်းဒိုင်း ထွက်ပေါ်လာပြီး ဂျစ်ကား ထိုးရပ်သွားသည်။ မရပ်လိုက်လို့လည်း မဖြစ်။ ကားရှေ့ညာဘက်ဘီးက သေနတ်မှန်၍ ပေါက်သွားပြီ။ လမ်းဘေး ထိုးမကျသွားအောင်ပင် ဘရိတ်နှင့် ဂီယာပါ မနည်းကြီး ရောထိန်းယူလိုက်ရသည်။

ဒေါက်တာ စိုးသိမ်းကလဲ သတိရှိသူပင်။ ကားရှေ့မီးကို မမှိတ်သေးဘဲ ထားသည်။ ပြီးတော့၊ ခါးတွင်ချိတ်ထားသော ခြောက်လုံးပြူးကို အသာထုတ်၍ ပေါင်ကြားတွင် ဝှက်ကိုင်ထားသည်။ လက်ညှိုးက ခလုတ်ပေါ်မှာ အသင့်။

လမ်းဘေးမှ သေနတ်သံ ဒိုင်းခနဲ မြည်ဟည်းသွားပြီး....၊

"မီးပိတ်လိုက်ဟေ့"

ဒေါက်တာစိုးသိမ်း ကားမီးပိတ်လိုက်ရသည်။

http://www.cherrythitsar.org



ဒေါ်ခင်လေးတင့်က ခပ်တိုးတိုးသတိပေးပါသေးသည်။

"မခုခံနဲ့နော် ဆရာ၊ ခုခံရင် ပိုဆိုးလိမ့်မယ်"

ဒေါက်တာစိုးသိမ်း ဘာမှပြန်မပြော။

သိပ်မကြာလိုက်။ လက်နက်ကိုင်လူဆိုးများ ကားအနီး ဝိုင်းအုံလာကြသည်။

"တစ်ယောက်မှ မလှုပ်ကြနဲ့။ အကုန်လုံး ခေါင်းငုံ့ထားကြ"

ဒေါက်တာစိုးသိမ်းသည် ခေါင်းငုံ့ထားရာမှ မျက်လွှာကို မသိမသာခိုးပင့်ပြီး ခေါင်းဆောင်ကို ရှေးရှာနေမိသည်။ ညာဘက်လက်ကလည်း ပေါင်ကြားထဲတွင် ခြောက်လုံးပြူးသေနတ်ကို ကျစ်ကျစ်ပါအောင်ဆုတ်လျက်။ သို့သော် မှောင်နှင့်မည်းမည်း ဘယ်လိုလုပ် ခေါင်းဆောင်ကို ရွေးတတ်ပါမည်နည်း။ ထိုအချိန်မှာပင် သူတို့ထဲမှ တစ်ယောက်က၊

"ကိုင်း၊ အချိန်သိပ်မရှိဘူး။ ပါလာတဲ့ ရွှေငွေလက်ဝတ်လက်စား မြန်မြန်ထုတ်ပေးကြ။ တိုင်းပြည်အတွက် ရန်ပုံငွေ သဘောပေါ့။ ချန်ထားမယ်တော့ မကြံနဲ့နော်၊ ချန်ထားတာ ရှာလို့တွေ့ရင် သေပြီသာမှတ်"

ဒေါက်တာစိုးသိမ်းသည် ထိုသူကိုပင် ခေါင်းဆောင်ဖြစ်မည်ဟု မှတ်ယူဟန်ရှိသည်။ ပေါင်ခြံထဲက သေနတ်ကို ဖြုန်းခနဲထုတ်၍ ထိုသူကိုချိန်ပြီး ပစ်လိုက်သည်။ ဒိုင်းခနဲအသံမထွက်လိုက်ပါ။ အကုသိုလ်ဝင်ချင်တော့ ကျည်အနှင့်တွေ့ပြီး ချောက်ခနဲ မြည်သွား၏။ နောက်တစ်ချက် ထပ်ပစ်ချိန်မရလိုက်ပါ။ ခြေမြန်လက်မြန် လူဆိုးများက ဒေါက်တာစိုးသိမ်းကို သေနတ်ဒင်ဖြင့် ဆောင့်သူက ဆောင့်၊ သေနတ်လုသူက လုပြီး ကားပေါ်မှ တရွတ်တိုက် ဆွဲခေါ်သွားကြသည်။ နောက်တစ်နေ့နံနက်ကျမှ ဒေါက်တာစိုးသိမ်း၏ အလောင်းကို သမံတလင်းရှာ သချိုင်းကုန်းအနီးမှ ကောက်ယူကြရသည်။ ခေါင်းတခြား ကိုယ်တခြား၊ သေနတ်ဒဏ်ရာ ဗရပွ။

ကြိုးသမား ဗိုလ်မိုးကြိုး ခေါ် ဗိုလ်ဘသော် ပြောသမျှကို နားထောင်အပြီး ထောင်မှူးမောင်မောင်က မရှင်းတာကလေးတစ်ခုကို မေးဖြစ်အောင် မေးလိုက်မိသည်။

"နေပါဦး၊ ခင်ဗျား ပြောတဲ့အထဲမှာ မြစ်သားက ဖဆပလ ဥက္ကဋ္ဌကြီး မသိဘဲ သိတဲ့လူက သိထားတယ် ဆိုတဲ့ကိစ္စက ဘာများပါလိမ့်"

"သြော်.... ဟုတ်တယ်ဆရာ။ ကျွန်တော်ပြောတဲ့အထဲ အဲဒါကျန်သွားတယ်။ တခြားမဟုတ်ဘူး ဆရာရဲ့။ ဒေါ်ခင်လေးတင့် မြစ်သားအစည်းအဝေးကအပြန်၊ ဘတ်စ်ကားပေါ် ထိုင်စောင့်နေတုန်း၊ ဒေါက်တာစိုးသိမ်းဇနီး ဒေါ်မေရီ လာပြီး ကြောင်တောင်နှိုက်မ၊ လင်ခိုးမ၊ ဘာညာနဲ့ ရန်တွေ့သွားသတဲ့"

"သြော်.... သြော်"

http://www.cherrythitsar.org

# ၂၀

ထောင်မှူးမောင်မောင်နှင့် ကြိုးသမားတို့ စကားကောင်းနေစဉ်မှာပင် ထောင်မှူးကြီး ဦးလှအောင်နှင့် မန္တလေးတောင်ခြေမှ ဆရာတော်ကြီးတစ်ပါးတို့ ကြိုးတိုက်သို့ ရောက်လာသည်။ ဆရာတော်ကြီးမှာ သက်တော်အားဖြင့် ခြောက်ဆယ်ကျော်၊ ဝါတော် လေးဆယ်ကျော်လောက်ပေပြီ။ တနင်္ဂနွေနေ့တိုင်း ထောင်တွင်းသို့ကြွ၍ သီလပေးတရားဟောနေကျ ဘုန်းတော်ကြီးဖြစ်၏။

ဒီကနေ့ကြွလာတာကတော့ ခါတိုင်းလို အကျဉ်းသားတွေကို သီလပေးတရားဟောဖို့မဟုတ်။ နက်ဖြန်မနက် အရဏ်တက်အချိန် ကြိုးပေးခံရမည့် ဗိုလ်မိုးကြိုး ခေါ် ဗိုလ်ဘသော်ကို သရဏဂုံတင်ရန် ဖြစ်၏။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ထုံးတမ်းစဉ်လာအရ လူသေပြီး၊ အသုဘချခါနီး သရဏဂုံတင်ခြင်း ဖြစ်၏။ အခု လူက မသေသေး၊ သရဏဂုံတင်တော့မည်။

ဘာပြုလို့လဲ တဲ့....။

ဘာပြုလို့မှန်းတော့ ထောင်မှူးမောင်မောင်လည်း စဉ်းစားလို့ မရပါ။ ထောင်တွေမှာ အစဉ်အလာအတိုင်း အဲဒီလိုပင် ကြိုးသမားတွေကို ကြိုးမပေးမီတစ်နေ့ ကြိုတင်၍ သရဏဂုံ တင်ခဲ့သည်။

ရှေးမြန်မာမင်း လက်ထက်တွေကများ သို့ကလို စက်တိုင်မတင်ခင် သရဏဂုံ တင်ခဲ့သည့် အလေ့အထ ရှိခဲ့ဖူးလေသလား။

ရှိကောင်းရှိမည်။

http://www.cherrythitsar.org



သို့မို့ကြောင့်လည်း....'သူတည်းတစ်ယောက် ကောင်းဖို့ရောက်မူ တစ်ယောက်သူမှာ ပျက်လင့်ကာ သား ဓမ္မတာတည်း' အစချီသည့်.... အနန္တသူရိယအမတ်ကြီး၏ မျက်ဖြေလင်္ကာကြီး ကမ္ဘည်းတင်ခဲ့ဟန်ရှိသည်။ ယင်း အနန္တသူရိယအမတ်ကြီး၏ မျက်ဖြေလင်္ကာကို ဖတ်ရပြီးနောက် နရပတိစည်သူမင်းကြီးက သတ်အံ့ဆဲဆဲအမတ်ကြီး၏ အသက်ကို ခွင့်လွှတ်ခဲ့သည်။

'လက္ခဏာ ဟန်မကျချင်တော့၊ အနန္တခက်ပွေ၊ ကံမမှ အသက်ရှည်မည် ကျမျက်ရည်ယိုဆင်း၊ တွေးမိတိုင်း စိတ်နာသည်၊ မအိပ်တာ လေးညဥ့်အလင်း'။ သို့ကလို သေအံ့မူးမူး အချိန်ကလေးတွင် တေးတစ်ပုဒ်ရေးစပ်ခဲ့သူ စလေဦးပုညကိုတော့ မြို့ဝန်ဦးသာအိုးက ချမ်းသာ မပေးခဲ့ပေ။ သို့သော် တော်ပါသေးသည်။ မင်းတုန်းမင်းတရားကြီးက အကျိုးအကြောင်းသိရသည့်အခါ "လူကို ခွေးက သတ်သေးရဲ့"ဟု အသိအမှတ်ပြုခြင်း ခံလိုက်ရသေးသည်။

ယခု ဗိုလ်မိုးကြိုး ခေါ် ဗိုလ်ဘသော် ကျတော့ ဘာမျက်ဖြေ လင်္ကာမှလည်း ရေးခွင့်မရှိ၊ တေးတစ်ပုဒ် ရေးစပ်ဖို့လည်း ဝေလာဝေး။ ရေးလည်းမရေးတတ်။ ရေးတတ်လို့ ရေးခဲ့လျှင်လည်း သူ့မျက်ဖြေလင်္ကာတွေ တေးထပ်တွေကို ဘယ်သူကမှ ဂရုတစိုက်ဖတ်နေလိမ့်မည် မဟုတ်။

ဘာပဲပြောပြော လူဆိုသည်မှာ မျှော်လင့်ချက်ကလေးကိုယ်စီနှင့် အသက်ရှင်နေကြသူများဖြစ်၏။ သူသူကိုယ်ကိုယ် မြေကြီးလက်ခတ်မလွဲ မုချမသွေ သေရတော့မည်ကို သိနေသည့်တိုင် နောက်ဆုံး နာရီပိုင်း မိနစ်ပိုင်း စက္ကန့်ပိုင်းအထိ မျှော်လင့်ချက်ကလေးတော့ ထားတတ်စမြဲ။

တခြား မကြည့်နှင့်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည် ခေါင်းဆောင်ကြီးများအား ရက်စက်ယုတ်မာစွာ လုပ်ကြံခဲ့သော ဂဠုန်ဦးစောကို ကြည့်။ သူ့ကို ကြိုးပေးအဆုံးစီရင်တော့မည့် နံနက်ခင်းအရုဏ်တက် ကြိုးတိုက်အတွင်းမှ သွားထုတ်သောအခါ ပထမဦးဆုံး ပြောလိုက်သော စကားမှာ....

" Any message from London? "

အဓိပ္ပာယ်ကတော့ 'လန်ဒန်မှ ဘာသတင်းထူးသေးသလဲ'တဲ့။ အမေကျော်ဒွေးတော်လွမ်း နယ်ချဲ့အင်္ဂလိပ် အစိုးရမင်းများ၏ အရှင်သခင် လန်ဒန်ရှိ ဘုရင်မင်းမြတ်ကြီးထံမှ သူ့အသက်တစ်ချောင်း ကယ်မရာ ကယ်မကြောင်း ဘာသတင်းကောင်းကလေးများ လာသေးသလဲပေါ့လေ....။ အမေးခံရသည့် ထောင်ပိုင်ကြီးက....

" No, nothing. Very sorry."

'ဟင့်အင်း ဝမ်းနည်းပါတယ်ဗျာ။ ဘာမှ မလာပါဘူးပေါ့'။

ဂဠုန်ဦးစော ကြိုးပေးစဥ်က ထောင်မှူးမောင်မောင်တို့ မမီလိုက်ပါ။ နှစ်နှစ်လောက် ကပ်လွဲသွားသည်။ အကယ်၍သာ မီခဲ့လျှင် ဦးစော မျက်နှာအနေအထား

http://www.cherrythitsar.org



ဘယ်လိုရှိမည်၊ ဘယ်လိုနေမည်ကို ကြည့်ချင်သေးသည်။ သိလိုက်ချင်သေးသည်။

ဘာပြုလို့လဲဆိုတော့ ၃၇ နှစ်တည်းဟူသော အကျဉ်းထောင်လောက အမှုထမ်းသက်တစ်လျှောက် ကြိုးသမားအတော်များများ ကြိုးစင်တင် ကြိုးပေးသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည့် အတွေ့အကြုံအရ.... 'ငါတကယ် သေရတော့မှာပါကလား။ ဘယ်လို့မှ ထွက်ပေါက် မရှိတော့ဖူးလား။ လွတ်လမ်း မရှိတော့ဖူးလား' သို့ကလို သိရသည့်အချိန်တွင် ယင်းကြိုးသမားသည် (half dead) တစ်ဝက်သေသွားပြီ ဖြစ်၏။ ဒါ တကယ့်ကို ကိုယ်တွေ့ပါပဲ။

ဥပမာ ဆိုကြပါစို့။ ကင်ဆာရောဂါ ဖြစ်နေသူတစ်ဦးသည် သူ့ကိုယ်သူ ကင်ဆာရောဂါ ဖြစ်နေကြောင်း အတိအကျသိခဲ့လျှင် ကင်ဆာရောဂါအကြောင်းကို လည်း တကယ်သိနားလည်ခဲ့လျှင် ထိုသူသည် တစ်ဝက်သေနေပြီ။ ဘာပဲပြောပြော သူ့စိတ်ထဲ သေတာနှင့် မသေတာ ဒီနှစ်ခုကိုပဲ ချီတုံချတုံ၊ ငုပ်ချည်ပေါ်ချည် စဉ်းစားနေမှာ မြေကြီးလက်ခတ်မလွဲ။ အန္တိမ နောက်ဆုံးမျှော်လင့်ချက် ဆုံးရှုံးခဲ့ရသည့် ကြိုးသမား တစ်ယောက်မှာလည်း ထိုနည်းနှင်နှင်ပင် ဖြစ်၏။

'ငါသေရတော့မည်၊ ငါသေရတော့မည်'

ထိုအခါတွင် စောစောက ဂျွန်ဦးစောတွေးသလို ငါမသေနိုင်သေးပါဘူး။ သူအားကိုးသည့် ဗြိတိသျှနယ်ချဲ့အင်္ဂလန် လန်ဒန်မှ သူ့အသက်ကို ကယ်တင်ရာ ကယ်တင်ကြောင်း သတင်းကောင်းကလေးများ ကြားရဦးမလားဟူသော မျှော်လင့်ချက် ရေခဲတောင်ကြီးသည် နေထိန်းပမာ ဒလဟော စီးဆင်း အရည်ပျော်သွားခဲ့ပေပြီ။

သွားပြီ၊ သွားပြီ။ ငါ့ဘဝမှာ ဘာမျှော်လင့်ချက်မှမရှိတော့။ငါ သေရတော့မည်။

သိသာပါသည်။ အလွန်ခက်ထန်မာကျောသော ကြိုးသမားပင် ဖြစ်စေကာမူ တကယ့်တကယ် သေခါနီးတော့ ဖော့ဖယောင်းပမာ ပျော့ပျောင်းသွားတတ်ကြောင်း ကြိုးစင်တက်သွားသော ကြိုးသမား သုံးလေးဆယ် အတွေ့အကြုံအရ အခိုင်အမာ ပြောနိုင်ပါသည်။ အလွန်ခက်ထန်မာကျောသော ကြိုးသမားဆိုတာကော တကယ် ရှိတတ်ပါသလားလို့ မေးခဲ့ပါလျှင်....၊ 'ဟာ.... သိပ်ရှိတာပေါ့' ဟုပင် ဖြေရပါလိမ့်မည်။

ကြိုးသမားဘဝနှင့် အနေကြာလာသောအခါ ပင်ကိုက ဂျီတိုက်တတ်သော အလေ့အကျင့်ရှိသည့် ကြိုးသမားသည် သူ့ဝသီအတိုင်း ဂျီတိုက်လေ့ရှိ၏။

"ငါးဟင်း အရိုးများတယ်"

"ကြက်သားဟင်း မနူးဘူး"

"အမဲသားဟင်းက အရွတ်တွေချည်းပဲ" စသည်အားဖြင့် ကြိုးသမားများထဲမှ အမြဲတမ်း ကြေးထူသည့်သူများ ရှိခဲ့ဖူးသည်။

ထိုစဉ်ကတော့ ကြိုးသမားများမှာ ဘီ ကလပ် အကျဉ်းသားများ စားသလို နေ့စဉ် အသားငါး စားနေခဲ့ကြရသည်။

http://www.cherrythitsar.org



မာကျောခက်ထန်သည့် ကြိုးသမားများနှင့် ကြုံလာသည့်အခါ....။ မှန်ပါ သည်။ အဲဒီလိုအခါမျိုးတွင် ထောင်အာဏာပိုင်များအနေနှင့်အလွန်ပင်တာဝန်ကြီးသည်။ ဆရာ့ဆရာ ထောင်ပိုင်ကြီးများ ပြောစကားအရဆိုလျှင် ယင်းကဲ့သို့ ဗရုတ်သုတ်ခ၊ ဝရုန်းသုံးကား ကြိုးသမား အမြောက်အမြားရှိခဲ့ဖူးသည် ဆို၏။

ကြိုးသမားတစ်ယောက်ဆိုလျှင်.... ကြိုးတိုက်ခန်းအတွင်း အဝတ်အစားက ကိုယ်တုံးလုံး၊ သူ့ကိုယ်သူလည်း သူ စွန့်ပစ်ထားသည့် မစင်များနှင့် ရစရာမရှိအောင် လိမ်းကျံထားသည်။ တိုက်ခန်းအပြင်မှ လာသမျှကိုလည်း ဂန်ဖလားအတွင်းမှ မစင်နှင့် ကျင်ငယ်ရည်များကို လှမ်းပက်လျက်ရှိသည်။ လူကလည်း ဗလကောင်းကောင်း တောင့်တောင့်တင်းတင်း။

အဲဒီလို ကြိုးသမားကျတော့ လွယ်လွယ်နှင့် ဖမ်းလို့ ချုပ်လို့မရ။ သင်းတို့လို လူစားကို ကြိုးတိုက်အပြင်မှ ဖမ်းလို့ ချုပ်လို့ရအောင် ပစ္စည်းကိရိယာ တစ်မျိုး တီထွင်ရ၏။ လွယ်လွယ်ကလေးပါ။ မီးခဲ ပူသည်။ မီးခဲကို လက်နှင့်ကိုင်လို့မရ။ လက်နှင့် ကိုင်လို့မရတော့ ကိုင်လို့ရအောင် မီးညှပ်ပေါ်လာရသည်။ ယခုလည်း လူပူကို လက်နှင့် ဖမ်းချုပ်လို့မရတော့ လူညှပ်ပေါ်လာရမှာပေါ့။ မီးကျီခဲအတွက် မီးညှပ်ခပ်သေးသေးသာ လိုသည်။ လူမီးခဲ လူပူအတွက်တော့ လူညှပ်ခပ်ကြီးကြီး လုပ်ရပေလိမ့်မည်။

လူညှပ်ခပ်ကြီးကြီးကို သစ်သားနှင့် လုပ်လို့မရ။ သစ်သားဆိုလျှင် သူက သန်သန်မာမာ အားကောင်းမောင်းသန်ဆိုတော့ ကိုင်ချိုးပစ်လိုက်နိုင်သည်။ သို့ဖြစ်၍ သံနှင့်လုပ်မှ ဖြစ်မည်။ အနည်းဆုံး အချင်း တစ်လက်မခွဲခန့်၊ အရှည် ခြောက်ပေခန့်ရှိ သံလုံးကြီးနှစ်ချောင်းကို ပန်းပဲဖိုတွင်အပ်၍ လူမီးညှပ် စပယ်ရှယ်လုပ်ယူရသည်။ သံချောင်းနှစ်ချောင်း၏နှစ်ပေခွဲခန့်နေရာတွင် အနည်းငယ်ပြားပြီး မှိုကြီးကြီးတေ၊ နှစ်ပေခွဲ အစွန်းထွက်သည့်ဘက်မှ သံချောင်းအစွန်းကို ရှစ်လက်မခန့် ခပ်ပြားပြားရိုက်။ အဲဒါ လူမီးညှပ်ပါပဲ။

ဗိုလ်မိုးကြိုး ခေါ် ဗိုလ်ဘသော်အား ကြိုးဒဏ်စီရင်ချိန်က ထောင်မှူးမောင်မောင် တစ်ယောက် ဘယ်လိုများ ခံစားရလေသနည်း။ အမှန်အတိုင်း ထိုအချိန်က လူ တစ်ယောက်၏အသက်ကို ကြက်လည်လိမ်လိုက်သလို သို့တည်းမဟုတ် စဉ်းတီတုံး ပေါ်တင်ပြီး ဓားထက်ထက်ဖြင့် ပိုင်းချလိုက်သလို ထောင်မှူးမောင်မောင်အနေနှင့် တွေ့ မြင်ဖူးခြင်းမှာ တတိယအကြိမ် ဖြစ်၏။

ပထမဦးဆုံးအကြိမ်မှာ ဂျပန်ခေတ်ကဖြစ်၏။ ထိုစဉ်က မောင်မောင်၏ အသက်မှာ ဆယ့်သုံးလေးနှစ်ခန့် ရှိသေးသည်။ တောမီးလောင်တော့ တောကြောင် လက်ခမောင်းခတ်ဆိုတာလို အင်္ဂလိပ်အပြေး ဂျပန်ဝင်ချိန် သူခိုးဓားပြများ ဆူပူထကြွ လျက် ရှိသည်။

"ဒေါ်ရောဘော.... ခူရား၊ ဘာကဲရိုး"

http://www.cherrythitsar.org



'ဒေါရေဘော' ဆိုတာက ဂျပန်လို သူခိုး၊ 'ခူရား ဘာကဲရိုး' ဆိုတာက ဆဲရေးတိုင်းထွာခြင်း။ ဂျပန်ခေတ်က ဓားပြမပြောနှင့် သူခိုးကိုလည်း သေဒဏ်ပေးသည်။

တစ်ခုတော့ အကောင်းသား။ အဲဒီလို သူခိုးကို သေဒဏ်ပေးစဉ်က ပြည်သူလူထုတွေ အိပ်ကောင်းခြင်း အိပ်ကြရသည်။ စားကောင်းခြင်း စားကြရသည်။ ဖက်ဆစ်တော့ ဖက်ဆစ်ပေါ့လေ။

သူခိုးကို သေဒဏ်ပေးစဉ်က ဆယ့်သုံးလေးနှစ်သား မောင်မောင်၏ အတွေ့အကြုံ။ မောင်မောင်တို့ ရပ်ရွာဇာတိ ရန်အောင် ခေါ် ရနောင် မြောက်ဘက် ဈေးကုန်းမှာ။ သူခိုးကို မမှတ်မိတော့။ ဘယ်မှာဘယ်လို ခိုးမှန်းလည်း ဘယ်လိုမှ စဉ်းစားလို့ မရတော့။ ဓားပြမဟုတ် သူခိုးမှန်းသာ ဝိုးတိုးဝါးတား သတိရနေသည်။ သေဒဏ်စီရင်ခြင်း ခံရမည့်သူကို လုံးပတ် လူတစ်ဖက်စာသာသာခန့်ရှိ ကုက္ကိုပင်ကြီးနောက် ကျောမှီပြီး လက်ပြန်ကြိုး တုပ်ထား၏။ မျက်နှာကို အဝတ်စည်းထားသည်။ ထောင်မှာ ကြိုးပေးတာလိုတော့ စနစ်တကျမရှိ။ အဘယ်ကြောင့်ဆိုသော် ခြေထောက်ကို တုပ်နှောင်ထားခြင်း မရှိ။ ဂျပန်ခေတ် စစ်ဦးဘီလူး လူသတ်ပွဲပဲ၊ ဘယ်လိုလုပ် နည်းစနစ်ကျနိုင်ပါ့မလဲ။

သေဒဏ်စီရင်ကြမည့်သူများမှာ ဂျပန်စစ်ဗိုလ်နှင့် စစ်သားလည်း ပါသည်။ ဗမာ ဘီအိုင်အေစစ်ဗိုလ်နှင့် စစ်သားများလည်း ပါသည်။

သေဒဏ် စီရင်ရာတွင် bayonet ခေါ် လှံစွပ်နှင့် အသေထိုးသတ်ရမည် ဖြစ်၏။ လှံစွပ် တပ်ထားသော ရိုင်ဖယ် ကိုယ်စီကိုင်ထားသည့် ဂျပန်စစ်သားက နှစ်ယောက်၊ မြန်မာစစ်သားက နှစ်ယောက်။ သူတို့ လေးယောက်စလုံး လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ သို့သော် သေဒဏ်စီရင်ခြင်း ခံရမည့်သူကို ကျောခိုင်းနေကြရသည်။ လှည့်မကြည့်ရ။ အမိန့်ပေးမည့်သူက ဂျပန်စစ်ဗိုလ်။ မြန်မာစစ်ဗိုလ်တစ်ဦးလည်း အနီးတွင် ရှိနေ၏။ လူသတ်ပွဲကို လာရောက်ကြည့်ရှုကြသည့် ပြည်သူလူထု ပရိသတ် ကားမနည်းလှပေ။ ရန်အောင်တစ်မြို့တည်းက မဟုတ်ဘဲ ကြားကြားသမျှ နီးစပ်ရာ ရွာများကပါ နံနက်ဝေလီဝေလင်းကတည်းက စုရုံးရောက်ရှိနေကြသည်မှာ ခါတိုင်း ရန်အောင် ဈေးနေ့ထက် လေးငါးဆမျှ စည်ကားလျက်ရှိ၏။ ရန်အောင်ဈေးမှာ အညာဒေသ ဓလေ့ထုံးစံအရ ငါးရက် တစ်ဈေး ဖြစ်သည်။

ယမန်နေ့က ရန်အောင်သူကြီး ဦးသန်းထွန်း၏အမိန့်ဖြင့် မောင်းတဒူဒူ ခတ်ကာ ကြေညာထားချက်အရ ရွာနီးချုပ်စပ်ပါကြားသိသွားပြီး ဒါလောက် လူများနေခြင်း ဖြစ်၏။ သတ်ရမည့်အချိန်က နံနက်ရှစ်နာရီတိတိ။ ဂျပန်စစ်ဗိုလ်က လက်မှ နာရီကို ကြည့်လိုက်သည်။ ရှစ်နာရီ ထိုးသည်နှင့်....။

ဂျပန် စစ်မိန့်ပေးသံများကို ထိုစဉ်က အလွတ်ရခဲ့သော်လည်း ယခုတော့ မေ့ကုန်ပြီ။ သဘောကတော့....။

"ရှေ့ကြည့်"

http://www.cherrythitsar.org



"သတိ"

"နောက်လှည့်"

"အသင့်ပြင်"

"လှံစွပ်ထိုး"

ဒါလောက်ပါပဲ။

ဂျပန်စစ်ဗိုလ်၏ အမိန့်သံ ဆုံးသွားသည်နှင့် လှံစွပ်တပ်ထားသော ရိုင်ဖယ် သေနတ်ကိုင်ထားသည့် စစ်သားလေးဦးတို့သည် ပေနှစ်ဆယ်ခန့်အကွာမှ တဟုန်ထိုး ပြေးသွားကာ ကုက္ကိုပင်တွင် ချည်နှောင်ထားသော သူခိုး၏ ရင်ပြင်ကို လှံစွပ်နှင့် အားရှိ ပါးရှိ ထိုးလိုက်ကြသည်။

"ကျား...."။ ကျားဆိုတာက စစ်သားများ အော်သံ။

"အား...."။ အားဆိုတာက လှံစွပ်နှင့် အထိုးခံရသော သူခိုး၏အော်သံ။

စစ်သားလေးယောက်တို့၏ လှံစွပ်ထိုးချက်မှာ တကယ်ပင် ချိန်သားကိုက်လှ ပေသည်။ လက်ဝဲ လက်ယာ ရင်အုံတွင် တစ်ချက်စီ၊ အလားတူပင် လက်ဝဲ လက်ယာ ဝမ်းဗိုက်တွင် တစ်ချက်စီ။

မှတ်မိသလောက် အသတ်ခံရသူသည် ချက်ချင်းသေပုံ မရပါ။ (ယခုထက် တိုင်ပင် မျက်စိထဲ မြင်ယောင်နေပါသေးသည်။ အဲဒီလို အသတ်ခံရတာနှင့် နှိုင်းစာလျှင် ကြိုးပေးခံရတာက အများကြီး သက်သာတာပေါ့။)

ဒုတိယအကြိမ် လူသတ်ပွဲကို တွေ့ကြုံရသည်မှာ အင်းစိန်ဗဟိုအကျဉ်းထောင် ကြီးရှေ့တွင် ဖြစ်၏။ အင်းစိန်ဗဟို အကျဉ်းထောင်ကြီးရှေ့ ဆိုလို့ မောင်မောင် တစ်ယောက် ထောင်မှူးဖြစ်နေပြီ မထင်လိုက်လေနှင့်။ ၁၉၄၈–၄၉ ခုနှစ် လွတ်လပ်ရေး ရပြီးစအချိန်၊ မောင်မောင်က အင်းစိန်အရေးပေါ် အင်ဂျင်နီယာသင်တန်း ကျောင်းသား ဘဝ။ E.C. E.C. ခေါ် Emergency Civil Engineering Classes ကျောင်းသား ဘဝ။ စပ်စပ်စုစု ညနေခင်း အင်းစိန်ဈေး ဆိုရှယ်ကဖေးတွင် လက်ဖက်ရည်သောက် ရင်း နောက်တစ်နေ့ အင်းစိန်ထောင်ကြီးရှေ့၌ သေဒဏ်အမိန့်ကျပြီးသူ နှစ်ယောက်ကို သေနတ်ဖြင့် ကွပ်မျက်စီရင်မည်ဖြစ်ကြောင်း ကြားခဲ့ရသည်။ ဘာရယ်လို့တော့ မဟုတ်။ လူငယ်လူရွယ်တို့ဘာဝ အလုပ်မရှိ အလုပ်ရှာခဲ့ကြခြင်းပင်။

"ခင်မောင်လှ သွားမလားဟေ့"

မောင်မောင်၏အဆိုကို ခင်မောင်လှက သဘောတူလိုက်၏။

"အေး၊ သွားတာပေါ့ကွာ။ အဲဒီအဖွဲ့က ခေါင်းဆောင်က တို့စစ်ကိုင်းသားပဲ။ ဗိုလ်သိုးထိန်းတဲ့"

"ကိုကျော်ဝင်းလဲ လိုက်ခဲ့ဗျာ"

"အင်း၊ လိုက်မယ်လေ။ မနက် ၇ နာရီဆိုတော့ စောစောထ လမ်းလျှောက်ရ

http://www.cherrythitsar.org



လိမ့်မယ်”

ထိုအချိန်က မြန်မာပြည်ကြီး လွတ်လပ်ရေးရပြီးစ၊ ဖြူနီညိုပြာ သောင်းကျန်းသူ သူပုန်များ မီးကုန်ယမ်းကုန် ဆူပူထကြွနေချိန်။ အစိုးရအနေနှင့် တစ်ဖက်က သောင်းကျန်းသူများကို နှိမ်နင်းရင်း တစ်ဖက်က တိုင်းပြည် ငြိမ်ဝပ်ပိပြားရေးအတွက် ဆောင်ရွက်နေရသည်။ အဲဒီအချိန်က ကြိုးသမားကို ထောင်ထဲမှာ ကြိုးမပေး။ ထောင်အပြင်ထုတ်၍ သေနတ်ဖြင့် သုတ်သင်စီရင်သည်။ ယင်းကဲ့သို့ သေနတ်ဖြင့် သုတ်သင်စီရင်သည့်တပ်ဖွဲ့ ကို execution squad ဟု ခေါ်၏။

မောင်မောင်တို့အဖွဲ့ တကယ်ပင် ဝီရိယကောင်းခဲ့ကြပါသည်။ နောက်တစ်နေ့ နံနက် ဝေလီဝေလင်း မိုးကလေးတစိမ့်စိမ့်ရွာနေသည့်ကြားက ထီးကိုယ်စီဆောင်းပြီး အင်းစိန်ထောင်ကြီးရှေ့ အရောက်သွားခဲ့ကြသည်။ တကယ်တော့ ဘာလိုလို့နှင့် အဲဒီကတည်းက ထောင်ဇာတာပါနေသလား မသိ။ အင်းစိန်ထောင်ကြီး ဝင်ရာလမ်း၏ အရှေ့ဘက်။ ယခုတော့ ထောင်ဝင်စာဈေးတန်းနှင့် အဆောက်အအုံတွေ ပြည့်နေပြီ။ ဟိုတုန်းကတော့ လယ်ကွင်းပြင် ဟာလာဟင်းလင်း။ အဲဒီ လယ်ကွင်းပြင်ကြီးထဲမှာ ကြိုးသမားနှစ်ယောက်တို့သည် နောက်မှီနှင့် လက်တင်ပါ ကုလားထိုင်ကြီးနှစ်လုံး ပေါ်တွင် အကျအနထိုင်လျက်။ လွတ်လွတ်လပ်လပ်တော့ မဟုတ်။

သူတို့လက်တွေ၊ ခြေထောက်တွေ၊ ခါးတွေကို ကုလားထိုင်နှင့် ပူးတွဲပြီး မလှုပ်နိုင်အောင် ကြိုးတုပ်ထားသည်။ ကြိုးပေးသည့်အခါ ကြိုးသမားများကို ဝတ်ပေးသလို အင်္ကျီဖြူလက်ရှည်(ဆရာဝန်ဂျူတီကုတ်လို)အင်္ကျီကို ပြောင်းပြန်ဝတ်ထားသည်။ ဦးခေါင်းကိုလည်း အဝတ်ဖြူ ခေါင်းစွပ်ဖြင့် စွပ်ထား၏။ မောင်မောင်တို့ ငယ်ငယ်က မတော်တဆ ဟာဝေယံရုပ်အင်္ကျီလို ရင်ကွဲအင်္ကျီကို ပြောင်းပြန်ဝတ်မိသည့်အခါ လူကြီးမိဘများက ပြောလေ့ရှိကြသည်။ “ဟဲ့.... အဲဒီလို မဝတ်ကောင်းဘူး” တဲ့။

ရှေးပဝေသဏီကတည်းက သေဒဏ်စီရင်ခြင်းခံရမည့်သူများကို အဲဒီလို အင်္ကျီပြောင်းပြန် ဝတ်ပေးခဲ့လေသလား။ ဒါလည်း စဉ်းစားစရာ။

အမှန်တော့ ဘာမျှမဟုတ်ပါ။

ဒီဘက်ခေတ် ထောင်မှူးမောင်မောင်တို့ ကြိုးပေးစီရင်ရာတွင် မျက်မြင်အတွေ့အကြုံများအရ ကြိုးသမား၏ ရှေ့မျက်နှာစာ၌ ရုပ်ရှုပ်ယှက်ယှက် ဘာတစ်ခုမျှ မရှိစေလိုသည့် သဘောပင် ဖြစ်ဟန်တူပါသည်။

ကြိုးပေးရန် ကြိုးကွင်းစွပ်လိုက်သည့်အခါ အင်္ကျီရှေ့ရှိ ကြယ်သီးတွေ ဘာတွေနှင့်များ ငြိနေမလား၊ အနှောင့်အယှက် ဖြစ်နေမလား။

■

http://www.cherrythitsar.org

# ၃၁

လူတစ်ယောက် အသက်တစ်ချောင်း မွေးဖွားလာဖို့ကိစ္စ လွယ်လို့လား။

အာဝေဏိက ဝေဒနာငါးပါးကို ခံစားပြီး ကိုးလလွယ် ဆယ်လမွေး၊ ဖဝါး လက်နှစ်လုံး၊ ပခုံး လက်နှစ်သစ်၊ ဝါးဖတ်တော် ကစီညှစ်နှင့် လူဖြစ်အောင် မွေးလာခဲ့ရသည့်ကိစ္စ မလွယ်သလို။ အဲဒီ အသက်တစ်ချောင်း မီးစာကုန်ဆီခန်း၊ သို့တည်းမဟုတ် မီးစာက မကုန်သေးပါဘဲလျှက် ဆီခန်း၍ ဟုပ်ခနဲငြိမ်း။

နောက်တစ်ခါ၊ ဆီရှိသေးသော်လည်း မီးစာကုန်သွားသဖြင့် မီးမတောက်တော့။

ကောင်းပြီ။ ဆီလည်း ရှိသည်၊ မီးစာကလည်း အရှည်ကြီး ကျန်သေးသည်။ ဒီကြားထဲက လေပြင်းတစ်ချက် ဝှေ့လိုက်သဖြင့် ဟုပ်ခနဲ ငြိမ်းသွားပြန်ရင်ကော။

လူသားတစ်ယောက် အသက်တစ်ချောင်း ကြိုးပေးအသတ်ခံရသည့်ကိစ္စမှာ မီးစာလည်း မကုန်၊ ဆီလည်း အလုံအလောက်ရှိပါသေးလျက် ဘဝ ဘဝကပြုခဲ့ဖူးသည့် ကုသိုလ်၊ အကုသိုလ်တည်း ဟူသော လေပြင်းမွှေ၍ ဟုပ်ခနဲ ငြိမ်းသွားရခြင်း မဟုတ်ပါလား။

လူ့အကျိုးပေးဆိုတာကလည်း အဆန်းသား။ ကြုံကြုံဖန်ဖန် အင်ဂျင်နီယာ ကျောင်းသားမောင်မောင်သည် ကံမကောင်း အကြောင်းမသင့်၍ ကျောင်းမှထွက်ပြီး ထောင်မှူးမောင်မောင် ဖြစ်လာရ၏။ ပထမဦးဆုံး နဖူးတွေ့ဒူးတွေ့ ဗိုလ်မိုးကြိုး ခေါ် ဘသော်ကို ကြိုးပေးသည့် အတွေ့အကြုံနှင့် ရင်ဆိုင်ခဲ့ရသည်။

http://www.cherrythitsar.org



"အမှုအကြောင်းက အရှင်းကလေးပါ ဆရာရယ်။ ကျွန်တော် လူမသတ်ဘူးလို့ မငြင်းလိုပါဘူး။ နိုင်ငံရေးအရ တောခိုရင်း လက်အောက်ငယ်သားတွေကို သတ်ဖို့ အမိန့်ပေးခဲ့တာတွေရှိသလို၊ စိတ်လိုက်မာန်ပါ ကျွန်တော်ကိုယ်တိုင် သတ်ခဲ့တာတွေလဲ ရှိပါတယ်"

သို့ကလို ဗိုလ်မိုးကြိုး ပြောခဲ့၏။ နောက် တစ်ဖန်။

"အခုအမှုကတော့ မမှန်ပါဘူးဆရာရယ်။ ဒေါက်တာစိုးသိမ်းကို ကျွန်တော် မသတ်တာ အမှန်ပါ"

ဒီလိုလည်း အခိုင်အမာ ဆိုထားပြန်သည်။

ထောင်မှူးမောင်မောင် ဘယ်လိုမှ ဘဝင်မကျနိုင်သဖြင့် ထောင်ကျရုံးသို့သွား၍ စီရင်ချက်မိတ္တူကို ဖတ်ကြည့်သည်။ အရှင်းသားပဲ။

ဒေါ်ခင်လေးတင့်အား ဒေါက်တာစိုးသိမ်းက မြစ်သားမှ ကျောက်ဆည်သို့ ဂျစ်ကားဖြင့် လိုက်ပို့စဉ် အတူပါလာသည့် ဒရိုင်ဘာ ဦးကျော်ရှိန်က ဗိုလ်မိုးကြိုး ခေါ် ဘသော်ကို လူမြင်လျှင်မှတ်မိပါသည်ဟုဆိုတာ တရားခံများကြား လက်ဆွဲ၍ ပြခဲ့သည် ဆို၏။

တစ်ခါက ရေးခဲ့ဖူးပြီ။ အိုင်ဒင်တီ ဖီကေးရှင်း ပရိဒ် ( identificantion parade) ဟု ခေါ်၏။

တရားဥပဒေရှုထောင့်မှ ကြည့်မည်ဆိုလျှင် အဲဒီအချက် တစ်ချက်တည်းနှင့်ပင် အနိစ္စသဘော ကိစ္စချောနေပြီ ဖြစ်၏။ သို့သော် ဒေါ်ခင်လေးတင့်၏ ထွက်ချက်ကျတော့ တစ်မျိုး။

"ကျွန်မ ဗိုလ်မိုးကြိုး ခေါ် ဗိုလ်ဘသော်ကို စစ်မဖြစ်ခင် ငယ်ငယ်ကတည်းက အိမ်မှာလာပြီး ကျောင်းနေခဲ့လို့ ကောင်းကောင်းသိခဲ့ပါတယ်။ အဲဒီညက သမံတလင်း တံတားနားရောက်တော့ မိုးချုပ်နေပါပြီ။ ကားတောင် မီးဖွင့်မောင်းခဲ့ရတာပါ။ ဒီကြားထဲ သေနတ်သံတွေ တဒိုင်းဒိုင်းနဲ့၊ လူဆိုးတွေက ခေါင်းငုံ့ထားကြဆိုတော့ မောင်ဘသော် ပါ မပါ ကျွန်မ မမြင်ပါဘူး။ သူ့အသံကိုလဲ ကျွန်မ မကြားမိပါဘူး"

တရားဥပဒေအရ သံသယ၏ အကျိုးကို တရားခံ ခံစားခွင့်ရှိသည်မှာ အမှန်။ ဒါပေမယ့် တရားခံနှင့် သက်သေဒေါ်ခင်လေးတို့မှာ ဟိုဘက်ဒီဘက် ဆွေမျိုးစပ်မည် ဆိုလျှင် ဒေါ်ခင်လေးတင့်၏အစ်မ ဒေါ်ခင်လေးမြင့်ဆိုတာက ဗိုလ်မိုးကြိုး၏ မိခင်။ ဒရယ်ခေါင်းရွာ သူကြီးကတော် ဒေါ်ခလေးမ၏ မောင်၊ ရွှေနေ ဦးသာညွန့်၏ ဇနီး။ ဒါကြောင့်များ သံသယ၏အကျိုးမှာ မပီမပြင် ဝိုးတိုးဝါးတားဖြစ်ကာ ဗိုလ်မိုးကြိုး တစ်ယောက် ကြိုးကျခဲ့ရလေသလား။

ထောင်မှူးမောင်မောင်မှာ ဥပဒေသမားမဟုတ်၍ ခေါင်းရှုပ်လှပါသည်။ဗိုလ်မိုးကြိုးကို ခုမှ ဒီအကြောင်းတွေ ပြန်မေးနေ၊ ပြောနေလို့ကော ဘာထူးတော့မည်နည်း။

နက်ဖြန် မနက်ပဲ သူ့ကို ကြိုးပေးတော့မည်။

နက်ဖြန်မနက် ကြိုးပေးရမည့်ကိစ္စ၊ ထောင်မှူးထောင်ပိုင်တို့ဘက်က ကြိုတင် ပြုလုပ် ဆောင်ရွက်ရမည့် ကိစ္စအဝဝကား နည်းနည်းနောနော မဟုတ်ပေ။ ကောင်းပြီ၊ ထောင်မှူးမောင်မောင်၏ ပထမဦးဆုံး အတွေ့အကြုံဖြစ်သော ဗိုလ်မိုးကြိုးကို ကြိုးပေး စဉ်က ဘယ်လိုများပါလိမ့်။

ထိုစဉ်က ဗိုလ်မိုးကြိုးအသက် ဘာရှိဦးမည်နည်း။ အစိတ်ပေါ့။ သို့သော် ကိုယ်လုံးကိုယ်ထည်က ထွားကျိုင်းတုတ်ခိုင်သည်။ သန်မာ တောင့်တင်းသည်။ သူ့ကို လွယ်လွယ်နှင့် ဖမ်းဆီးချုပ်နှောင်လို့ ရပါ့မလား။ လူညှပ်များ လိုဦးမလား။

ထောင်မှူးကြီး ဦးလှအောင်မှာ စစ်ကြိုခေတ်ကတည်းက ထောင်မှူးလုပ်ခဲ့သူ ဖြစ်၍ အတွေ့အကြုံရင့်ကျက်လှပေပြီ။ "ငွင်းနီ ဦးသက်ရှည် ခေါ်လိုက်ဟေ့"။ ငွင်းနီ ဦးသက်ရှည်မှာ ထောင်ကြပ်ချုပ် ဖြစ်၏။ ထောင်ဝါဒါ ခေါ် ထောင်ကြပ်တွေ၏ အချုပ်၊ တပ်မှာဆိုလျှင် အာရ်အက်စ်အမ်နှင့် တစ်ပုံစံတည်း။

ဦးသက်ရှည်ကလည်း အရပ် ထောင်ထောင်မောင်းမောင်း၊ ကိုယ်လုံး ကိုယ် ထည် ထွားထွားကျိုင်းကျိုင်း။ တော်ရုံတန်ရုံ ထောင်ဝါဒါများ ကူလီကူမာ လာမလုပ်နှင့်၊ နားရင်းအုပ်လိုက်ရုံနှင့် ခွေလဲသွားမည်။

"ဦးသက်ရှည်"

"ဟုတ်ကဲ့၊ ဆရာကြီး"

"ခင်ဗျားလို ခပ်တောင့်တောင့် သန်သန်မာမာ ထောင်ဝါဒါ လေးငါးယောက် လောက် ရှာထားပါဗျာ။ ကျုပ်တို့ မိုးကြိုးကို ဆွဲထုတ်တန် ထုတ်ရလိမ့်မယ်"

"စိတ်ချပါ ဆရာကြီး"

ထောင်ကြပ်ချုပ် ဦးသက်ရှည်မှာလည်း နုယ်နုယ်ရရ မဟုတ်။ စစ်ကြိုခေတ် ကတည်းက ထောင်ဝါဒါအဖြစ် စတင်ဝင်ရောက်ခဲ့ပြီး ငွင်းနီ ခေါ် ထောင်ကြပ်ချုပ် ရာထူးသို့ အဆင့်ဆင့် ရာထူးတက်လာသူဖြစ်၏။ သူလည်း ယခုလို ကြိုးပေးသည့် အတွေ့အကြုံ အမြောက်အမြား ရှိခဲ့ဖူးပြီ။ ဝါရင့်သဘာရင့်။

ထောင်မှူးမောင်မောင် စိတ်ထဲမှာတော့ မိုးကြိုးသည် ထောင်မှူးကြီး ကြိုတင် ပူပန်သလို ကလန်ကဆန်လုပ်လိမ့်မည် မထင်ပါ။ ကြိုးမပေးမီ တစ်နေ့ သရဏဂုံတင် သည့် အချိန်အထိ ဗိုလ်မိုးကြိုးသည် ချောချောမွေ့မွေ့ပင်ဖြစ်၏။ ထောင်မှူးမောင်မောင်နှင့် လည်း အေးအေးဆေးဆေး စကားလက်ဆုံကျလျက်။

တစ်ခုတော့ ရှိသည်။ လွန်ခဲ့သော တစ်ပတ်ခန့် သူ၏ဦးလေးတော်စပ်သူ ရှေ့နေဦးသာညွှန့် ထောင်ဝင်စာလာတွေ့စဉ်က....

"စိတ်ကောင်းကောင်းထားပေါ့ ဘသော်ရာ။ လူဆိုတာ အကုသိုလ် တကယ် ဖိစီးလာပြီဆိုရင် ဘယ်လိုမှ ရှောင်လို့ တိမ်းလို့ မလွတ်တတ်ဘူး"

http://www.cherrythitsar.org



ဗိုလ်မိုးကြိုးမှာ သူ့ဦးလေးရှေ့နေ ပြောသည့်စကား အဓိပ္ပာယ်ကို ချက်ချင်း သဘောမပေါက်သဖြင့်....၊

"ဟင်.... ဘယ်လို ပယောဂမကင်းတာလဲ ဦးလေး"

"ဒီလိုလေကွာ၊ မင်းက မန္တလေး ထောင်ကြီးချုပ်ကနေပြီး ကျောက်ဆည် စက်ရှင်တရားသူကြီးရုံးကို ဆယ့်လေးရက်တစ်ကြိမ် ရမန် လာ လာ ယူရတယ် မဟုတ်လား။ အဲဒီလို လာတုန်းမှာ ပုလိပ်တွေက ဒရိုင်ဘာဦးကျော်ရှိန်ကို အဲဒါ ဗိုလ် မိုးကြိုးပဲ မှတ်ထား ဆိုပြီး ပြတဲ့သဘောပေါ့"

ဗိုလ်မိုးကြိုးမှာ ငယ်ထိပ်ကို မြွေပေါက်ခံလိုက်ရသလို ခံပြင်းလွန်းသဖြင့် ယမ်းပုံမီးကျ အံတကြိတ်ကြိတ်၊ တက် တစ်ခေါက်ခေါက်။

"ဟင်း.... ကြည့်စမ်း၊ ဒီအကောင်တွေ တကယ် ယုတ်မာပါကလား"

ဦးသာညွန့်က တရားသဘောနှင့်ယှဉ်၍ နှစ်သိမ့်ပါသည်။

"အကုသိုလ်ဆိုတာ အဲဒါပဲပေါ့ ဘသော်ရာ။ အာဃာတတရားတွေ ဘာမှ ထားမနေပါနဲ့တော့"

ဒီတစ်ချက်တော့ ဗိုလ်မိုးကြိုး ခံပြင်းတာအမှန်။

" ကြည့်စမ်းပါဦး ဆရာဦးမောင်မောင်ရယ်။ 'မရ ရသကချိုင်' ဆိုတာလို အဲဒီလို မတရားလုပ်တာကတော့ ကျားကျားမီးယပ် ဖြစ်မနေဖူးလား"

မှန်ပါသည်။ အဲဒီ သတင်းစကား ကြားရသည့် ထောင်မှူးမောင်မောင်၏ စိတ်ထဲ ဗိုလ်မိုးကြိုးတစ်ယောက် ဒေါက်တာစိုးသိမ်းကို တကယ် သတ် မသတ် သံသယ ဝင်ခဲ့ပါချေပြီ။ သို့သော်....၊ အရာခပ်သိမ်း၊ အားလုံးသောကိစ္စအပေါင်းတို့မှာ ကုန်လွန်ခဲ့ပြီ ဖြစ်၏။ ခုမှတော့ ဘာတစ်ခုမျှ ပြုပြင်လို့မရတော့။ နက်ဖြန်မနက်ပဲ ဗိုလ်မိုးကြိုးကို ကြိုးပေး အဆုံးစီရင်တော့မည်။

နောက်တစ်နေ့မနက် ခရာသံမှာ တကယ်ပင် လွမ်းဆွတ်ကြေကွဲဖွယ်ရာ ကောင်းလှသည်။ ယခင်ကလည်း နံနက်စောစော ဗြူဂလာ (ခရာသမား) ရာမက်ခန်း၏ ခရာသံကို ကြားနေကျ ဖြစ်၏။ ဒီနေ့မနက်ကျတော့ ပိုပြီးစောသည်။ ၄ နာရီ ကြိုးပေး ရမှာဆိုတော့ နံနက် ၃ နာရီလောက်ကစပြီး မှုတ်နေသည်။ ရာမက်ခန်း ၏ နှိုးထခရာသံ မှာ ဆွဲဆွဲငင်ငင် ချွဲချွဲပျစ်ပျစ် နိုင်လှသည်။

တကယ်တော့ ထောင်အမှုထမ်းတိုင်းလည်း တစ်ညလုံး အိပ်ပျော်ကြသည် မဟုတ်ပါ။ နက်ဖြန်မနက် အရဏ်တက်၊ ကြိုးပေးရမည့်ကိစ္စမှာ သူတို့ခေါင်းထဲ အရိုးစွဲ လျက်။ တာဝန်အရှိဆုံး ထောင်ပိုင်ကြီးနှင့် ထောင်မှူးကြီးတို့အဖို့ ပိုပြီး ဆိုးတော့မပေါ့။

ထောင်အပြင်မှ ရာမက်ခန်း၏ ခရာသံသည် သံစဉ်တစ်မျိုး ပြောင်းသွားပြန် ၏။ စောစောက နှိုးထခရာသံလို ချွဲချွဲပျစ်ပျစ် ဆွဲဆွဲငင်ငင်မဟုတ်။ ခပ်ဆတ်ဆတ်ကလေး မြူးမြူးကြွကြွနှင့် အိပ်ရာမှ လူးလဲ ထချင်စရာ အသံမျိုးဖြစ်သည်။

http://www.cherrythitsar.org



ထောင်ဝန်ထမ်းများ အိပ်ရာမှ လူးလဲထ၊ ယူနီဖောင်း ကပျာကယာဝတ်ကြ၊ ထောင်တွင်းသို့ ခပ်သုတ်သုတ်ဝင်။ ထိုအချိန်တွင် အပြင်မှ ကားတစ်စီးဖြင့် တရားသူကြီး တစ်ယောက်လည်း ရောက်လာပေပြီ။ စက်ရှင်မင်းကြီးကိုယ်တိုင် လာချင်လာ၊ မလာချင် လျှင် သူ့လက်အောက်က ရာဘက် ရာဇဝတ်တရားသူကြီးတစ်ယောက် လွှတ်ချင် လွှတ်။ တရားသူကြီးတော့ ပါရမည်။ ထောင်ဆရာဝန်လည်း ရောက်လာပြီ။ သူလည်း အဓိကကျသူတစ်ဦး။ အပြင်မှလာသည့် တရားသူကြီးနှင့် ထောင်ဆရာဝန်တို့က ထောင်ပိုင်ကြီး ရုံးခန်းမှာ ခေတ္တနားနေကြသည်။ ထိုအချိန်တွင် ထောင်ဝါဒါတွေ အမိန့်သံ ခပ်အုပ်အုပ်ပေး၍ ထောင်တွင်းသို့ ချီတက်သွားကြပြီ။ ထောင်မှူးမောင်မောင်တို့ အရာ ရှိငယ်တစ်စုလည်း ခပ်ကုပ်ကုပ်နှင့် အမှတ် ၁ ကြိုးတိုက်အနီး ရောက်နေကြပြီဖြစ်၏။

အမှန်အတိုင်း နက်ဖြန်နံနက် ကြိုးပေးမည့် အကျဉ်သားကို ကြိုးစင်နှင့် အနီးကပ်ဆုံးဖြစ်သည့် နံပါတ် ၄ တိုက်သို့ ကြိုတင် ပြောင်းရွှေ့ထားရမည် ဖြစ်၏။

သို့သော် ဘာ့ကြောင့်မှန်းမသိ။ ဗိုလ်မိုးကြိုးကို ကြိုတင်မရွှေ့ခဲ့ကြ။ နောက် တော့မှ သိရသည်မှာ ဗိုလ်မိုးကြိုးအား ကြိုးပေးရာတွင် တာဝန်ယူရမည့် ထောင်မှူးကြီးမှာ စစ်ကြိုခေတ်ကတည်းက ဝင်ခဲ့သူဖြစ်သော်လည်း ဒီဘက်ခေတ်တွင် ဤအကြိမ်သည် ပထမဦးဆုံးအကြိမ်ဖြစ်သဖြင့် လက်ရွံ့နေသည်။ ဗိုလ်မိုးကြိုးကိုလည်း မယုံမရဲ။ သို့ဖြစ်၍ မနက်ကျမှ တစ်ခါတည်း ၁ တိုက်မှ ထုတ်မည်။ နှစ်ခါရွှေ့၍ နှစ်ခါ ပြဿနာ အတက် မခံနိုင်။

တကယ်တမ်း ဗိုလ်မိုးကြိုးထံ ရောက်သွားချိန်တွင် အထင်နှင့် အမြင်မှာ တစ်မျိုးစီ ဖြစ်နေ၏။ ဗိုလ်မိုးကြိုးမှာ အပြုံးပင် မပျက်။

“ဘာလဲဗျ၊ ဆရာ ဦးသက်ရှည်ရ။ ခင်ဗျားတို့က ကျွန်တော့်ကို ရန်းမယ် ကန်မယ် ထင်နေလို့လား။ ဟင်း…၊ ဝေးသေး။ လူ့ဘဝ တစ်သက် တစ်ခါ သေရတာ ဘာဆန်းလို့လဲ။ ရော့….၊ ခင်ဗျားတို့ လက်ထိပ် ခတ်ချင်ခတ်။

ဗိုလ်မိုးကြိုးသည် ယောင်ယောင်ကန်းကန်းနှင့် သံတိုင်ကြားမှလက်နှစ်ချောင်း ထိုးပေး၏။ ဘယ်လိုလုပ် လက်ထိတ်ခတ်မလဲ။အဲဒီအတိုင်းသာ လက်ထိတ်ခတ်ရလျှင် ဆွဲမရ၊ နှုတ်မရ ညှပ်ပူးညှပ်ပိတ် ဒုက္ခဖြစ်နေမှာပေါ့။ သို့ဖြစ်၍ ထောင်မှူးကြီးက ပျာပျာသလဲ၊

“လက်ထိတ်ခတ်ဖို့ မလိုသေးပါဘူးကွာ။ တို့…. မှတ်ပုံတင်စာအုပ်ကြီးနဲ့ တိုက်ကြည့်ရအောင်၊ မင်းအပေါ်အင်္ကျီကိုသာ အရင်ချွတ်လိုက်ပါ”

ထိုအချိန်အထိ ကြိုးတိုက်တံခါး မဖွင့်သေး။ ဗိုလ်မိုးကြိုး ရှပ်အင်္ကျီကို ချွတ် လိုက်သည်။ ထောင်ပိုင်ကြီး ကြိုးတိုက်ရှေ့ တိုးသွား၏။ တရားသူကြီးကိုလည်း ခေါ် သည်။ “လာ…. ဘရာသာ(အစ်ကို)ရှေ့တိုး”။

တရားသူကြီး ရှေ့တိုးလာသည်။ထောင်ကျရုံးထောင်မှူး မစ္စတာဂျက်ဆွမ်ဆင်

http://www.cherrythitsar.org



ထောင်ကျ မှတ်ပုံတင် စာအုပ်ကြီးကိုဖွင့်၍ ကုလားထိုင်တစ်လုံးပေါ် တင်ထားသည်။ (ယခင်က ရေးခဲ့ဖူးပါပြီ။ ထောင်ကျလူသစ် ထောင်ဝင်စ မေးမြန်းသလိုပါပဲ။ နာမည်၊ အဖေနာမည်၊ အမေနာမည်၊ အသက်၊ နေရပ်လိပ်စာ စသည်အားဖြင့် မေးမြန်း။) အရေးအကြီးဆုံးက သူဟာ တကယ် ကြိုးပေးခံရမည့် ကြိုးသမားတစ်ယောက် ဟုတ်ရဲ့လား။

သူ ထောင်ဝင်စက ရယူထားခဲ့သော ကိုယ်ခန္ဓာပေါ်ရှိ အမှတ်အသားများနှင့် တိုက်ဆိုင်စစ်ဆေးဖို့ပင် ဖြစ်၏။ အားလုံးပြီးစီးပြီလား။ ပြီးစီးပြီဆိုလျှင် ကြိုးတိုက်တံခါး ဖွင့်ပေတော့။

အဲဒီနေရာမှာ သတိကြီးစွာ ထားဖို့လိုသည်။ သူ က လန်ကဆန် လုပ်မည်ဆို လျှင် မူလ ကြိုတင်စီစဉ်ထားပြီး ဖြစ်သည့်အတိုင်း လူအားနှင့် ချုပ်ကိုင်ဖမ်းမည်။ လူ အားနှင့် မနိုင်လျှင် လူမီးညှပ်ဖြင့် ညှပ်မည်။

သို့သော် ဗိုလ်မိုးကြိုးမှာ စောစောက သူပြောခဲ့သည့်အတိုင်း အသာတကြည် အဖမ်းခံပါသည်။ စိတ်ကို လုံးလုံးလျားလျား လျှော့ချထားဟန်တူ၏။

နောက်ပိုင်း ဆက်လက်လုပ်ကိုင်သွားသည့် အစိတ်အပိုင်းတွေကတော့ ဇာတ်တိုက်နာနေသည့် ပြဇာတ်တစ်ခု သို့တည်းမဟုတ် အကြိမ်ကြိမ်အဖန်ဖန် လေ့ကျင့်ပြီး ဖြစ်သည့် စစ်ရေးပြတစ်ခုသဖွယ် တစ်ခုပြီးတစ်ခု ဇယ်စက်သလို သွက်သွက်လက်လက် ရှိလှသည်။

လေသံကလေးဖြင့် အနီးကပ် ကြီးကြပ် ညွှန်ကြားသွားသူက ထောင်မှူးကြီး။ ဟိုတုန်းက ထောင်ပိုင်ကြီးများ ဘုန်းတန်ခိုးကြီးမားလှပါဘိ။ အသာကလေး လက်ပိုက်ကြည့်နေပြီး အမြင်မတော်တာလေးတွေ့မှ တစ်ခွန်းစ နှစ်ခွန်းစ ဝင်ပြောရုံလောက်သာ။

ကြိုးပေးခအနေနှင့် အကျဉ်းထောင် လက်စွဲဥပဒေတွင် ပြဋ္ဌာန်းထားသည်မှာ–

| | |
|---|---|
| အကျဉ်းထောင် ဝန်ထမ်းဆိုလျှင် | ၅ ကျပ် |
| အကျဉ်းသားဆိုလျှင် | ၁၀ ကျပ် |
| အပြင်လူဆိုလျှင် | ၁၅ ကျပ် |

■

http://www.cherrythitsar.org

# ၃၂

ထောင့်တစ်သက် အတွေ့အကြုံ ရေးသားရာတွင် အကြောင်းကြောင်းကြောင့် တစ်ခါ တစ်ရံ ဟိုနားကျော်သွားလိုက်၊ ဒီနားခုန်သွားလိုက်၊ ကသိကအောက်နှင့် အမြီးအမောက် မတည့်သည့်အခါများလည်း ရှိခဲ့ပါသည်။

စာရေးသူ၏ အားနည်းချက်ဟု မှတ်ယူကာ လွန်တာရှိ ဝန္ဒာမိပါရစေ။

လောကတွင် အရာခပ်သိမ်း လုပ်ငန်းဆောင်တာဟူသမျှ မုဆိုးကို စိုင်က သင်သွားတာချည်းပါပဲ။ ဘယ်အလုပ်ပဲဖြစ်ဖြစ် ကျောင်းတို့၊ သင်တန်းတို့မှာက စာတွေ့၊ လုပ်ငန်းခွင်ကျတော့မှ တကယ့်လက်တွေ့။ တပ်မတော်သားများအတွက် နဖူးတွေ့ ဒူးတွေ့ ဆိုသော စကားသည် ပို၍ မှန်ကန်ပါလိမ့်ဦးမည်။

ထောင်မှူးမောင်မောင်တို့လည်း အလုပ်ဝင်စတုန်းက ရေရေလည်လည်ကြီး ခံလိုက်ရတာပေါ့။ တကယ့်ကို ပယ်ပယ်နယ်နယ်၊ အလူးအလိမ့်ပါ။ ဖြစ်ပုံမှာ– ကိုယ့် ပေါင် ကိုယ်လှန်ထောင်းသလို ပြန်ပြောင်းနတ်သံနှောရမှာပင် ရှက်စရာ။

ထိုစဉ်က ထောင်မှူးနှင့် ရာဇဝတ်အုပ် (ယနေ့ဒုရဲအုပ်)သည် ရာထူးအဆင့်ချင်း လစာချင်း တူညီကြသော်လည်း ရာဇဝတ်အုပ် (ရာဖို့အုပ်လို့ လွယ်လွယ်ခေါ်ကြသည်) က ခြောက်လုံးပြူးကိုင်ရ၍ ထောင်မှူးက ခြောက်လုံးပြူး မကိုင်ရ။ ဒီတော့ ထောင်မှူး ပေါက်စ တော်တော်များများ ခြောက်လုံးပြူးရူး ရူးကြသည်။ အဲဒီအထဲ တောင်မှူး မောင်မောင်လည်း ပါ၏။

ရူးမယ့်သာရူးတာပါ။ ထောင်ဝန်ထမ်းများ ထောင်ထဲဝင်သည့်အခါ မည်သူမျှ

http://www.cherrythitsar.org



လက်နက်ကိုင်ဆောင်ခွင့် မရှိ။ ထောင်ဥပဒေစာအုပ်ကြီးထဲတွင် အတိအလင်းပြဋ္ဌာန်းတားမြစ်ထားသည်။

ရှင်းရှင်းကလေးပါ။ ထောင်ဘူးဝရှေ့ တံခါးမကြီးများပေါ်တွင် အင်္ဂလိပ်လို အဖြူအမည်းစာလုံး ထင်းထင်းကြီးရေး၍ ဆိုင်းဘုတ်ချိတ်ဆွဲထား၏။ လက်နက်ယူခွင့်မရှိ။

No entry with arms. (နိုး အဲန်ထရီ ဝစ် အမ်းစ်)

ဟုတ်တာပေါ့။ ဘာကိစ္စ ထောင်ထဲ ခြောက်လုံးပြူးကြီး ချိတ်ဝင်သွားလို့ ရနိုင်ပါမည်နည်း။ အကျဉ်းသား အများစုတွေ ကြားထဲမှာ သူတို့တစ်တွေ ဝိုင်းလုရ၍ အန္တရာယ်ပြုခဲ့လျှင် ပြေးပေါက်ဆိုတာ နတ္ထိ၊ ကွိခနဲ ကိစ္စချောသွားမည်။

လက်နက် တစ်စုံတစ်ရာမပါဘဲ ထောင်ထဲဝင်နေကြတာတောင် ထောင်အာဏာပိုင်တွေကို အန္တရာယ်ပြုခဲ့ပေပြီ။

မြန်မာပြည်ကြီး လွတ်လပ်ရေးရပြီးစ ၁၉၄၉ ခုနှစ်ခန့်က မန္တလေးဇာတိ အကျဉ်းထောင်ကြီးမှာပင် ဖြစ်၏။ ထိုအချိန်က အကျဉ်းထောင်များတွင် နိုင်ငံရေး အကျဉ်းသားများ ဖောင်းပွနေသည်ဟု ဆိုခြင်းမှာ ရိုးရိုးနိုင်ငံရေးသမား စစ်စစ်နှင့် ရောင်တော်ပြန်နှင့် ရောလွှတ်သော နိုင်ငံရေးသမားအယောင်ဆောင် အကျဉ်းသားတို့ ရောထွေးနေခြင်းကို ဆိုလိုခြင်း ဖြစ်၏။

အကျဉ်းထောင် အုပ်ချုပ်ရေးတွင် political (ပေါ်လစ်တစ်ကယ်လ်) ခေါ် နိုင်ငံရေးအကျဉ်းသားနှင့် criminal (ခရင်မင်နယ်လ်) ခေါ် ရာဇဝတ်အကျဉ်းသားတို့ မရောနှောမိစေရန် အလွန်အင်မတန် အရေးကြီးလှပါသည်။ လုပ်သက်ရင့်၊ သမ္မာရင့် ထောင်ပိုင်ကြီးများလည်း သိပ်သတိထားကြပါသည်။

အဲဒီအကျဉ်းသားနှစ်မျိုး ထွေးရောယှက်တင် ပေါင်းစပ်သွားလျှင် ထောင်အုပ်ချုပ်ရေး မလွယ်တော့။ အတိအလင်း ဆိုရလျှင် ထောင်အုပ်ချုပ်ရေး ပျက်ပြီ။

ဘာပြုလို့လဲတဲ့။ နိုင်ငံရေး အကျဉ်းသားက နိုင်ငံရေးအမြင်၊ နိုင်ငံရေး ရှုထောင့်မှ ရိုးရိုးသားသား စည်းစနစ်ရှိသေးသည်။ လိုရင်းကိုသာ တော်တည့်မှန်ကန်စွာ တောင်းဆိုတတ်သည်။

ရာဇဝတ်အကျဉ်းသားကျတော့ အဲဒီလိုမဟုတ်၊ ကလိန်ကကျစ်တွေ ပါလာပြီ။ အကျယ်ချဲ့လာပြီ။ ဟုတ်ဟုတ် မဟုတ်ဟုတ်၊ ဆိုင်ဆိုင် မဆိုင်ဆိုင်၊ လိုလားချက်တွေထဲမှာ ဖွတ်အတင်း သာသာထိုးထိုး ရောမွှေကြပြီ။

ဆိုလိုတာက ထောင်အတွင်း အကျဉ်းသားတွေကို သွားတိုက်ဆေးနှင့် သွားပွတ်တံထုတ်ပေးဖို့တို့၊ ရေအိမ်သုံးစက္ကူ ထုတ်ပေးဖို့တို့လို တောင်းဆိုချက်တွေပေါ့။ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအနေနှင့် ဘယ်လိုမှ မအပ်စပ်တာ အခြေအနေ မပေးတာ။

ရယ်စရာလေး ကြားညှပ်ရေးချင်ပါသေးသည်။

http://www.cherrythitsar.org



ထောင်မှူးမောင်မောင် အင်းစိန်ထောင်ကြီးတွင်ရှိနေစဉ်က ဖြစ်၏။ တစ်နေ့ ထောင်ဝင်စာ ပြပေးနေစဉ်။ ထောင်တွင်းရှိ အကျဉ်းသားက အပြင်မှ ထောင်ဝင်စာ လာတွေ့သူ ဇနီးသည်အား–

“ကလေးတွေ အားလုံး နေကောင်းတယ် မဟုတ်လား”

“ကောင်းပါတယ်”

“အေးအေး...လာမယ့်တနင်္လာနေ့မှာ ငါရုံးထွက်ရမယ်။ ရုံးကိုလာခဲ့ဦးနော်”

“သိတယ်လေ၊ လာမှာပေါ့”

“အဲဒီနေ့ကျရင် ဟို.... ဟိုဟာ”

အထဲက အကျဉ်းသား စကားထစ်နေပြီ။

“ဘာလဲတော့”

“သွားတိုက်ဆေးနဲ့ သွားပွတ်တံ ဝယ်ခဲ့စမ်းပါကွာ”

အပြင်မှ အကျဉ်းသား၏ဇနီး မျက်ထောင့်နီပြီး မျက်မှောင်ကြီး တအားကုပ်၍ နှုတ်ခမ်းကြီး စူလာပြီ....။ နောက်ပြီးတော့မှ တံတွေး ပျစ်ခနဲထွေးလိုက်ရင်း....

“ဟင်း.... အိမ်မှာ မီးသွေးခဲနဲ့တောင် သွားမှန်မှန် မတိုက်တဲ့သူကများ”

သို့ကလို ကောက်ချက်ချ၍ ထောင်ဝင်စာတွေ့ရာမှ ပြန်သွားခဲ့ကြသော ဇနီးသည်လည်း အမြောက်အမြား။

ဒီလိုနှင့်ပင် နိုင်ငံရေး အကျဉ်းသားများ၏ လိုလားချက်၊ တောင်းဆိုချက်တွေမှာ ရာဇဝတ်အကျဉ်းသားများ၏ ယုတ္တိမတန်သော အဆိုပြုချက်များနှင့် ရောပြွမ်းကာ သဲထဲရေသွန်ဖြစ်ခဲ့မှုများ ဒုနဲ့ဒေး။

အမှန်မှာတော့ အပြင်လောကတွင် ဘာဖြစ်နေသနည်း၊ အခြေအနေ ဘယ်လိုရှိသနည်း။ ထောင်တွင်းမှာလည်း အပြင်လောကမှ အဖြစ်အပျက် အခြေအနေအတိုင်း ရောင်ပြန်ဟပ်နေခြင်းပင် ဖြစ်၏။

ထိုအချိန်က အပြင်လောကတွင် ရောင်စုံအဖျက်သမားများ ဆူပူသောင်းကျန်းနေချိန်။ သူတို့တစ်တွေထဲက ဖမ်းမိထားသူတွေကို ထောင်ထဲသွင်းထားတာကိုတော့ အပြင်လောကမှဂယက် ထောင်ထဲ ရိုက်စမြဲပေါ့။ လိုလားချက်တွေ တောင်းဆိုလိုက်ကြ။ နောက်ဆုံး တစ်စတစ်စနှင့် အခြေအနေ ပြင်းထန်လာတာ ညနေ ထောင်ပိတ်ချိန်တွင် အိပ်တန်းမတက်ဘဲ ဖြစ်လာ၏။

ထိုစဉ်က ထောင်ပိုင်ကြီးမှာ ဦးဘတင် ဖြစ်၏။ ထောင်မှူးကြီးက ဦးလှအောင်။

ညနေထောင်ပိတ်တာဝန်ခံ ထောင်မှူး ဦးသိန်းက ထောင်မှူးကြီး အိမ်သို့လှမ်း၍ တယ်လီဖုန်းဆက်သည်။

“အိုင်ဆေး.... ချိ(ဖ်) (chief) အခြေအနေကတော့ သိပ်မကောင်းဘူး”

“ဘယ်လို အခြေအနေ မကောင်းတာလဲ”

http://www.cherrythitsar.org



"အကျဉ်းသားတွေ ဒီညနေ အိပ်ဆောင် မဝင်ဘူးလို့ သတင်းရတယ်"

"အိုကေ၊ ကျွန်တော် လာခဲ့မယ်လေ"

ထောင်မှူးကြီး မနေသာ။ အိမ်ပေါ်မှဆင်း၍ ထောင်တွင်းဝင်ခဲ့ရသည်။ ထောင်မှူးကြီးနှင့် ထောင်ပိုင်ကြီးတို့မှာ ထောင်ဘူးဝအလယ်ထပ်တွင် တစ်ယောက်တစ်ခြမ်းစီ နေကြသည်။ အရေးပေါ် ကိစ္စဆိုလျှင် ချက်ချင်းသိသည်။ မိနစ်ပိုင်းအတွင်း ထောင်ထဲဝင်နိုင်သည်။ ထောင်မှူးကြီး ဦးလှအောင် ဖိုကြီးရှေ့ရှိ ထောင်ပိတ်စားပွဲ ရောက်သွားတော့ ထောင်မှူးတွေ လူစုံရောက်နေကြပြီ။ ထောင်ပိတ်တာဝန်ခံ ထောင်မှူးဦးသိန်း၊ ထောင်မှူး မစ္စတာ ဒစ်ကီဆိုင်းမွန်း၊ မစ္စတာ ဒတ်စ်၊ ဦးလွန်းဖေ၊ ဦးနွဲ့။

အချိန်အားဖြင့် ညနေ ၅ နာရီခွဲခန့်၊ အလင်းရောင်ရှိနေသေးသည်။

ထောင်မှူးကြီး ဦးလှအောင်က....

"လာဗျာ.... ကျွန်တော်တို့ ထောင်ထဲ ဝမ်းရောင်း (တစ်ပတ်) ပတ်ရအောင်။ အခြေအနေ သိရတာပေါ့"

မိန်းဂျေး ထောင်မှူးဦးနွဲ့က ကန့်ကွက်သည်။

"ဆရာ၊ မလွယ်ဘူးထင်တယ်"

"ဘာပြုလို့လဲဗျ"

"ကျွန်တော်တို့ ထောင်မှူးတွေ ထောင်ပိတ်ဝင်ရင် ဆီးဖမ်းပြီး ပြန်ပေးဆွဲဖို့ အစီအစဉ် ရှိနေတယ်"

ဦးလှအောင်က ဒီ–ဂျေ (D.J.) ခေါ် ထောင်ပိတ် တာဝန်ခံ deputy chief jailor (ဒပျူတီ ချိဖ်ဂျေလာ) ဦးသိန်းကို လှမ်းကြည့်သည်။

"ဟုတ်လား ဦးသိန်း"

"ဟုတ်တယ် ချိဖ်။ အဲဒီ အင်ဖော်မေးရှင်းဟာ အမှန်ပဲ"

ထောင်မှူးကြီး ဦးလှအောင် အောက်နှုတ်ခမ်းကိုသွားဖြင့်ကိုက်ပြီး မသိမသာ သက်ပြင်းတစ်ချက် ချလိုက်သည်။

ပြီးမှ....

"တောက်"ခနဲ တက်တစ်ချက် ခေါက်လိုက်ရင်း....

"ဩော်.... ဒီလိုလား။ ဒီမယ် ဦးသိန်း"

"ဟုတ်ကဲ့.... ချိဖ်"

"ရာဇက်ခန်းကို ခေါ်ပြီး အင်မာဂျင်စီဗြူဂယ်လ် အမှုတ်ခိုင်းဗျာ။ ပြီးတော့ ဒဗလျူတီအက်စ်ကို ဖုန်းဆက်။ သင်တန်းသားတွေ အကုန်ခေါ်"

emergency bugle (အင်မာဂျင်စီဗြူဂယ်လ်) ဆိုတာက အရေးပေါ် ခရာ၊ W.T.S (ဒဗလျူတီအက်စ်) ဆိုတာက Warder's Training School (ဝါးဒါးစ် ထရိန်နင်စကူး) ခေါ် အထက်မြန်မာနိုင်ငံအတွက် မန္တလေး ဗဟိုအကျဉ်းထောင်ကြီးနှင့်

http://www.cherrythitsar.org



တွဲဖက်ဖွင့်လှစ်ထားသည့် ဝါဒါ ခေါ် ထောင်ကြပ်သင်တန်းကျောင်း။ ထိုစဉ်က ကျောင်းအုပ်ကြီးမှာ ထောင်မှူး ဦးဘတုတ်။

ထောင်မှူးကြီး ဦးလှအောင်မှာ စစ်ကြိုခေတ်ကတည်းက မျက်နှာဖြူဗိုလ်ကပြားတွေနှင့် ပခုံးချင်းယှဉ်၍ ထောင်လောက ဝင်သူတစ်ယောက်ပဲ။ ဒါလောက်တော့ ဘယ်မှုလိမ့်မလဲ။

"ဟော့.... ဖရူးစခမ်း"

အနီးတွင် အရံသင့်ရပ်နေသည့် စလွယ်သိုင်းအနီကြီးနှင့် ဝွင်းနီ ဖရူးစခမ်းက၊

"ဂျီး.... ဆပ်"

"မင်း ဂါတ်ကြီးပေါ်တက်၊ ဘရင်းဂန်းကို အဆင်သင့်ပြင်ထား။ ကျည်ကပ် အပိုတွေပါ ထည့်ထားနော်"

"အချား.... ဆပ်"

ဘာမျှ မကြာလိုက်။ ရာမက်ခမ်း၏ အရေးပေါ် ခရာမှုတ်သံကြောင့် အပြင်တွင် ရှိနေကြသော ထောင်မှူးနှင့် ထောင်ဝါဒါတို့ ရောက်လာကြသည်။ မရှေးမနှောင်းဆိုသလိုပင် ထောင်ကြပ်သင်တန်းကျောင်းမှ သင်တန်းသားများလည်း ကျောင်းအုပ်ကြီး ဦးဘတုတ်နှင့်အတူ ရောက်လာကြ၏။ ထောင်မှူးကြီး ဦးလှအောင်ကလည်း စိတ်မြန်ကိုယ်မြန်။

"ကဲ.... လာ၊ ထောင်ထဲဝင်ကြမယ်"

ထောင်ထဲမှာကတော့ အကျဉ်းသားတွေ ရှူစီရှူစီ ။ အော်သံ ဟစ်သံတွေလည်း ဆူညံနေသည်။ ထောင်မှူးကြီး ဦးလှအောင်မှာ သတိကောင်းသူ ဖြစ်၏။ ထောင်ထဲသို့ မဝင်မီ ဂါတ်ကြီးပေါ်ရှိ ထောင်ကြပ်ချုပ်ကို လှမ်းအော်ပြောလိုက်သည်။

"ဟော့၊ ဖရူးစခမ်း"

"ဂျီး....ဆပ်"

"တို့ ထောင်ထဲဝင်မယ်။ ခရာသံကြားရင် ပစ်သာပစ်၊ ကြားလား"

အထက်ပါ စကားကို ဦးလှအောင် မြန်မာလို မပြော။ ဟိန္ဒူစတန်နီ ဘာသာနှင့် ပြောခြင်းဖြစ်၏။ ရှေးက ထောင်မှူး၊ ထောင်ပိုင်တွေ ကုလားစကားကို ရေရေလည်လည် ပြောတတ်ကြသည်။ (အဲဒီလိုမှ မတတ်လျှင် ထောင်မှူးရာထူး အမြဲတမ်းမဖြစ်။ နှစ်တိုးမရ။)

ဝွင်းနီဖရူးစခမ်းက ရိုကျိုးစွာ ပြန်အော်သည်။

"အချား ဆပ်၊ ရယ်ဒီ ဆပ်"

ထောင်မှူးကြီး ဦးလှအောင်က ထောင်မှူး ဦးသိန်း နားနားကပ်၍ ခပ်တိုးတိုး ပြောနေသည်။ အခြားမဟုတ်၊ ထောင်ပိုင်ကြီး ဦးဘတင့်ထံ အကျိုးအကြောင်း သတင်းပို့ပြီး ခရိုင်ဝန်ထံမှ တရားဝင် ပစ်ခတ်မိန့် အတောင်းခိုင်းခြင်း ဖြစ်၏။

http://www.cherrythitsar.org



"ရက်စ် ချိဖ်"

ထောင်မှူး ဦးသိန်း အလေးပြုပြီး ထွက်သွားသည်။

ထောင်မှူးကြီးက ဆက်၍....

"ဦးဘတုတ်နဲ့ ဦးနွဲ့တို့က သင်တန်းသားတွေနဲ့ ထောင်ကျဆောင်ဘက်ကို သွားပြီး နေရာယူထားကြ။ ဦးလွန်းဖေနဲ့ မစ္စတာဒစ်ကီတို့က ကျန်တဲ့ ဝါဒါတွေနဲ့ အချုပ်ဆောင်နဲ့ ဘီကလပ်ကိုသွား။ မစ္စတာဒတ်စ်က ဆေးရုံကစောင့်"

ခက်တာက အကျဉ်းထောင်များ တည်ဆောက်ပုံချင်း တစ်ထောင်နှင့်တစ်ထောင် မတူ။ လက်ရှိ အခြေအနေအရ ထောင်ကျဆောင်ဘက်တွင် လူအင်အားများနေသည်။ အခန်းရှစ်ခန်း။ မရှိဘူးဆိုတောင်မှ တစ်ခန်း တစ်ရာ့ငါးဆယ်နှုန်းထားဦး။ လူတစ်ထောင့် နှစ်ရာကျော်ကျော်။ အချုပ်နှင့်ဘီကလပ်ဘက်တွင် လူအများဆုံးသုံးလေးရာထက် မပို။ ဒီတော့ ထောင်မှူးကြီးလည်း မိမိအင်အားကို ဒီအတိုင်းပင် အသုံးချရပေမည်။

အဲဒီလို အကျဉ်းထောင်များ တစ်ထောင်နှင့် တစ်ထောင် ပုံစံချင်းမတူတာကို ထောင်မှူးမောင်မောင် ရာထူးအဆင့်ဆင့်တက်ပြီး ထောင်ပိုင်ကြီးဖြစ်၍ တောင်ငူအကျဉ်းထောင်ရောက်ခါမှ သဘောပေါက်တော့သည်။ပထမတစ်ခေါက် အငြိမ်းစားယူတော့မည့် ထောင်ပိုင်ကြီး ဦးတူတူနှင့် တောင်ငူ အကျဉ်းထောင်တွင်း ဝင်ရောက်စစ်ဆေးသည်။ အိပ်ဆောင်များ၊ တိုက်ခန်းများ၊ ထောင်တွင်းဆေးရုံ၊ ကြိုးစင်၊ အလုပ်ဘက် စက်မှုလက်မှုဌာန၊ ထောင်အတွင်းထားရှိသမျှ စတိုခန်းများ၊ ထောင်အုတ်ရိုး၊ ထောင်အလယ်တွင် ထားရှိသော ဗဟိုမျှော်စင်ကြီး။ လိုလေးသေးမရှိ လိုက်လံစစ်ဆေး လက်ခံသည်။ နောက်ပြီးတော့မှ လက်အောက်ရှိ ဒုတိယထောင်ပိုင်၊ ထောင်မှူးကြီးနှင့် ထောင်မှူး အသီးသီးတို့ တာဝန်ယူ လက်ခံထားရသော သက်ရှိသက်မဲ့ ပစ္စည်းပစ္စယ အားလုံးကို ပခုံးပြောင်း လက်ခံတာဝန်ယူရ၏။

သက်ရှိ သက်မဲ့ဆိုတော့ အားလုံးပါသည်။ ထောင်အုတ်ရိုးကြီးလည်း ပါသည်။ ထောင်အဆောက်အအုံ အသီးသီးနှင့် ထောင်က ပိုင်သော ကျွဲနွားတွေလည်း ပါသည်။ လက်နက် ခဲယမ်းမီးကျောက်လည်း မလွတ်။

အမှန်မှာ ထောင်ဆိုတာ အင်မတန့် အင်မတန် တာဝန်ကြီးလှပါသည်။

ဆရာ့ဆရာ ထောင်ပိုင်ကြီးများ ပြောသလို....

"ထောင်ဆိုတာ ဘာမှမဖြစ်ရင် ဘာမှ မဖြစ်ဘူးကွ။ အေး၊ ဖြစ်ပြီဆိုရင်တော့ နောက်ချေးပုံပေါ် ခဲကျတာပဲ။ အကုန် စဉ်သာပြီမှတ်"

မှန်လိုက်လေ။ ထောင်မှာ တစ်ခုခုဖြစ်ပြီဆိုလျှင် အမြင့်ဆုံးအဆင့် ထောင်ပိုင်ကြီးမှသည် အနိမ့်ဆုံးအဆင့် ဝါဒါ ခေါ် ထောင်ကြပ်အထိ ဘယ်သူမှ ပြေးမလွတ်။ ရေပက်မဝင်အောင် ရေးဆွဲထားသော ထောင်ဥပဒေပါ အချက်အလက်များအရ

http://www.cherrythitsar.org



တစ်ခုခုနှင့် ငြိနေပြီ။ အဲဒီလို ငြိတတ်လွန်းလို့ ထောင်ပိုင်ကြီး ဦးရန်အောင်မောင်မောင် တောင်ငူ အကျဉ်းထောင်အတွင်းသို့ ကျေကျေညက်ညက်ရှိအောင် နောက်တစ်ခေါက် ထပ်ဝင်စစ်သည်။ အိပ်ဆောင်တွေ စုံစေ့အောင်ရောက်ပြီးပြီ။ တိုက်ခန်းတွေလည်း စစ်ပြီးပြီ။ ဒုတိယကမ္ဘာစစ်အတွင်းက ဗုံးကျ၍ ပျက်စီးခဲ့ပြီး ပြန်မဆောက်နိုင်သေးသော နံပါတ် ၂ အဆောင်သို့လည်း ရောက်ခဲ့ပြီ။ အဲဒီအဆောင် အုတ်ခုံပေါ်မှာ အင်းလေး ရေမျောကျွန်းပေါ် စိုက်ပျိုးကြသလို အုတ်ခုံပေါ် မြေကြီးတင်၍ စိုက်ပျိုးထားကြသည် ကိုလည်း တွေ့မြင်ခဲ့ပြီးပြီ။ အားလုံးပြီးစီးလို့ ထောင်ထဲက ပြန်ထွက်မယ်ဆိုတော့ ထောင်ပိုင်ကြီး ဘယ်လမ်းက ပြန်ရမည်မှန်း မသိတော့။

သူ့နောက်မှာကလည်း ဒုတိယထောင်ပိုင်၊ ထောင်မှူးကြီး၊ ထောင်မှူးများနှင့် လက်အောက်အခြားအဆင့်တွေ ပါလာသည်။ နောက်လှည့်ပြီး ငါ ဘယ်လမ်းက ပြန်ထွက်ရမှာလဲလို့ မေးရန်ကလည်း မသင့်လျော်။ သို့နှင့်ပင် နောက်ဆုံး အိပ်ဆောင် တစ်ခုကို စစ်ပြီး ဒီလမ်းက ထွက်ရင်ဖြင့် ထောင်ဘူးဝဘက် ရောက်တန်ကောင်းရဲ့ဟု ယူဆကာ ခပ်တည်တည်ချိုးချလိုက်၏။ နောက်မှလိုက်လာကြသည့် အရာရှိတွေ ကတော့ ဘာမျှ မပြောရဲ၊ ထောင်ပိုင်ကြီး မျက်စိလည်နေပြီရယ်လို့လဲ မထင်ဝံ့။

"အင်း..... ဒီထောင်ပိုင်ကြီး ရောက်ပြီးသားနေရာကို နောက်တစ်ခေါက် ပြန်ကျော့ပြီး အငိုက်ဖမ်းချင်သလား"

သို့လော သို့လော တွေး၍ အသာမေးပြီး လိုက်လာကြသည်။

ဆယ့်လေးငါးလှမ်းလောက် ရောက်တော့ ထောင်ပိုင်ကြီး ရိပ်မိလိုက်ပြီ။

'ဟိုက်.... ငါတော့ လမ်းမှားလာပြီ၊ ဒါ ငါပထမဦးဆုံး ဝင်ခဲ့တဲ့လမ်းပဲ။ ရှေ့မှာ ဈေးတိုက် ရှိတယ်'။ ဈေးတိုက်ဆိုသည်မှာ အကျဉ်းသားများအတွက် ရိက္ခာဂိုဒေါင်၊ ထောင်စတို။ သို့သော် ထောင်ပိုင်ကြီးပဲ ဘယ်ရလိမ့်မလဲ။ အတွေ့အကြုံနှင့် လုပ်သက်တွေ ဒါလောက်ရလာမှတော့ ချော်လဲရောထိုင် တတ်ရဦးမှာပေါ့။

"ဟေ့.... မင်းတို့ ကတ္တားကို စောစောက စစ်ဖို့ မေ့သွားတယ်ကွ။ မှန်းစမ်း ကြည့်ရအောင်"

ထောင်ပိုင်ကြီးက ကတ္တားကိုစစ်မည်ဆိုတော့ ထောက်ထောင်မှူးကြီးနှင့် လက်အောက်ဝန်ထမ်းများ ပျာယာခတ်သွားကြပြီ။ ဟို အလေး ပြေးယူ၊ ဒီအလေး ပြေးယူ၊ ကတ္တားကို ဖုန်သုတ်သူတို့က သုတ်ကြနှင့် ယောက်ယက်ခတ်သွားကြ၏။

"အလေး များများမလိုပါဘူးကွာ။ မင်းတို့ ကတ္တားကိုသာ ပုံမှန်ချိန်ထား လိုက်ပါ"

ပြောပြောဆိုဆို ထောင်ပိုင်ကြီး ကတ္တားပေါ် တက်ရပ်လိုက်၏။

"ဘယ်လောက်ရှိလဲဟေ့"

ဈေးတိုက်ဝန်ထမ်းတစ်ဦးက ကတ္တားချိန်သီးကို ဘယ်ညာကစားရင်း....

http://www.cherrythitsar.org



"တစ်ရာ့ခြောက်ဆယ့်နှစ်ပေါင်ပါ ဆရာကြီး"

ထောင်ပိုင်ကြီးသည် ကတ္တားပေါ်မှ ဆင်းပြီး....

"အေး.... မင်းတို့ ကတ္တားမဆိုးပါဘူး။ နှစ်ပေါင်လောက်တော့ စားတယ်ကွ။ ခါတိုင်းပုံမှန် ငါ့အလေးချိန် တစ်ရာ့ခြောက်ဆယ် ရှိတာပဲ"

ထောက်ကိုင်သည့် ထောင်မှူးကြီးဦးပြုံးချိုက ပြေရာပြေကြောင်းနှစ်သိမ့်သည်။

"ဆရာကြီး ခရီးသွားရင်း ကျန်းမာရေးလေ့ကျင့်ခန်း မရှိလို့ နေမှာပါ"

ဘာပဲဖြစ်ဖြစ် ထောင်ပိုင်ကြီး မျက်စိလည်သည့်ကိစ္စတော့ ပြေလည်သွားပြီ။ အလာတုန်းက ထောင်ဘူးဝကြီးမှ တည့်တည့်လျှောက်လာပြီး ညာဘက်ချိုးလိုက်လျှင် ဈေးတိုက်ကို ရောက်သည်။ ယခု အပြန်ကျတော့ ဘယ်ဘက် ပြန်ချိုးလျှင် ထောင်ဘူးဝ ရောက်ရမှာပေါ့။ ဒီတစ်ခါတော့ ထောင်ပိုင်ကြီး ထောင်ထဲမှ ဖြောင့်ဖြောင့်တန်းတန်း ပြန်ထွက် နိုင်ပါပြီ။

ဆိုလိုသည်မှာ ထောင်တွေကို တမင်တကာ တစ်ထောင်နှင့်တစ်ထောင် မတူအောင် တည်ဆောက်ထားခြင်း ဖြစ်၏။ တစ်နည်းအားဖြင့် အကျဉ်းသားတွေကို မျက်စိလည်အောင် ဖန်တီးထားသည့် သဘောပင် ဖြစ်၏။

အကျဉ်းသားဆိုသည်မှာ တစ်ထောင်မှ တစ်ထောင်သို့ အကြောင်းအမျိုးမျိုးနှင့် အပြောင်းအရွှေ့ရှိတတ်လေရာ ဒီထောင်မှာလည်း ဒီအတိုင်း။ ဟိုထောင်မှာလည်း ဒီပုံစံအတိုင်းဆိုလျှင် သူတို့အတွက် ပြေးပေါက်ချောင်နိုင်စရာ အကြောင်းရှိသည်။

သို့ဖြစ်၍ အလွန်အမြော်အမြင်ကြီးပြီး စည်းစနစ် ကောင်းလှပါသည် ဆိုသော အင်္ဂလိပ်အစိုးရများ မြန်မာပြည်အတွင်းရှိ အကျဉ်းထောင်များကို တစ်ထောင်နှင့် တစ်ထောင် ပုံစံချင်းမတူအောင် တမင်တကာ ဆောက်လုပ်သွားခြင်း ဖြစ်တန်ရာသည်။

မန္တလေး ဗဟိုအကျဉ်းထောင်ကျတော့ အင်္ဂလိပ်အစိုးရများ အစောဆုံး တည်ဆောက်ခဲ့သဖြင့် (၁၈၈၆ ခုနှစ်က တည်ဆောက်သည်။) အကျဉ်းသားများ မျက်စိလည်အောင် လုပ်ချိန် ရလိုက်ဟန်မတူ။

■

http://www.cherrythitsar.org



# ၃၃

အကျဉ်းထောင်တစ်ခုလုံး အကွက်အကွင်းရှင်းနေသည်။ လင်းနေသည်။ ရှင်းလိုက် လင်းလိုက်သမှ အကျဉ်းသားတစ်ထောင်ကျော်ကျော် ရှိနေသော၊ ထားမည်ဆိုလျှင် လေးထောင်အထိ ချောင်ချောင်ချိချိထားနိုင်သော အိပ်ခန်းကြီးရှစ်ခန်းမှာ တစ်တန်း တည်း။ လေးခန်းစီ၏အကြားတွင် မဆိုစလောက် အုတ်ရိုးငယ်ကလေးတော့ ကန့်ထား ပါသည်။ ဒါလည်း တကယ်တမ်း မပြောပလောက်ပါ။

လုပ်သက်ရင့် ထောင်မှူး၊ ထောင်ပိုင်တို့အနေနှင့် ဤအချက်ကို ကွင်းခနဲ ကွက်ခနဲ မြင်လိုက်ပြီး ဖြစ်၏။ သို့မို့ကြောင့်လည်း စောစောက ထောင်မှူးကြီး ဦးလှအောင်အနေနှင့် ထောင်ကျဆောင်ဘက်သို့ လူအင်အားများများ စေလွှတ်လိုက်ခြင်း ဖြစ်၏။ စစ်တိုက်သလိုပါပဲ။ ရန်သူအင်အား များများရှိသည့်ဘက် မိမိအင်အား များများ လွှတ်ပေးရမှာပေါ့။

ထောင်မှူးကြီးဦးလှအောင် စိတ်ကူး သိပ်မှန်ပါသည်။ သူ လူအင်အားများများ ကြိုလွှတ်လိုက်သော ထောင်ကျဆောင်ဘက်ကပင် တုံ့ပြန်မှု ချက်ချင်းလက်ငင်း ရောက်လာ၏။

ဦးလှအောင် နံပါတ် ၁ တိုက်ရှေ့သို့ အရောက်....

"ဆရာ.... ရှေ့ဆက်မသွားနဲ့တော့"

"ဟင်.... ဘာဖြစ်လို့လဲ"

"သူတို့ လူအုပ်နဲ့ ဖိလာတယ်ဆရာ။ ကျွန်တော်တို့ကိုဖမ်းပြီး ပြန်ပေးဆွဲကြ

http://www.cherrythitsar.org



လိမ့်မယ်။ နောက်ပြီး....”

နောက်ပြီးဆိုကာ ဦးနှဲ့ အထစ်ထစ် အငေါ့ငေါ့နှင့်....

“ဂျော့ချ်အေရှန်နဲ့ ဘာနီတို့ရဲ့ ဒိုင်းနမိုင်းကိုလဲ ရေစက်အုတ်ရိုးနားမှာ မြှုပ်ပြီးသားတဲ့”

လာပါပြီ။ ဒီမှာပင် ရိုးရိုးနိုင်ငံရေးအကျဉ်းသားနှင့် Criminal (ခရင်မနယ်လ်) ဟု ခေါ်သော ရာဇဝတ်ကောင်တို့အပိုင်း....။

ဂျော့ချ်အေရှန်နှင့် ဘာနီအေရှန်တို့ ညီအစ်ကိုနှစ်ယောက်က မြန်မာစစ်စစ် မဟုတ်။ အင်္ဂလိပ်ကုလား မြန်မာကပြား လူလိမ်လူကောက်တွေပဲ။ ဂျော့ချ်အေရှန်က စစ်ဗိုလ်အယောင်ဆောင်မှုနှင့် ထောင်ကျနေသူ။ ဘာနီအေရှန်က ဆေးခိုးရောင်းစား၍ ထောင်ကျလာသူ။ သူတို့နှစ်ယောက်စလုံး ရာဇဝတ်သား ထောင်ကျတွေ။

အဲဒီ ရာဇဝတ်အကျဉ်းသား ထောင်ကျတွေနှင့် နိုင်ငံရေးအကျဉ်းသားတို့ ပေါင်းစပ်မိမှတော့ ဇာတ်ရှုပ်ကုန်ပြီပေါ့။ သို့သော် ထောင်မကြီးဘက်တွင် ဆူပူ အကြမ်းဖက်မှု ဖြစ်ပွားနေကြသည်ကို ခေါင်းဆောင်ပိုင်းက မသိကြ။

ဘာပဲပြောပြော ထောင်မှူးကြီး ဦးလှအောင်ကတော့ ခြေသွက်လက်သွက်၊ ဂါတ်မကြီးဘက်ရောက်၍ ဝွင်းနီဖရူးစခမ်း လက်ထဲမှ ဘရင်းဂန်းကိုယူပြီး အသင့်ပြင်ထားပြီ....။

ထောင်ပိုင်ကြီးလည်း ဂါတ်ကြီးပေါ် ရောက်နေပြီ။

“super firing order (စူပါ ဖိုင်းရားရင်းအော်ဒါ) ရပြီးပြီနော်....”

ထောင်မှူးကြီးက ထောင်ပိုင်ကြီးကို ပစ်မိန့်ရပြီးပြီလားဟု မေးလိုက်ခြင်း ဖြစ်၏။

“အိုကေ.... ရပြီးပြီ။ D.C. (ဒီစီ)က S.D.O. (အက်စ်ဒီအို) တစ်ယောက်ကို လွှတ်လိုက်မယ်တဲ့”

D.C. (ဒီစီ)က ခရိုင်ဝန်၊ S.D.O. (အက်စ်ဒီအို)က နယ်ပိုင်ဝန်ထောက် ခေါ် နယ်ပိုင် ရာဇဝတ်တရားသူကြီး။

စနစ်ဟောင်း အုပ်ချုပ်ရေးအရ တကယ်တမ်း ပစ်ရ ခတ်ရမည်ဆိုတော့ ခရိုင်ရာဇဝတ်တရားသူကြီး၏အမိန့် လိုလာပြီ။ ဖြစ်နိုင်လျှင် တရားသူကြီးတစ်ဦးဦး မျက်မြင်သက်သေရှိနေပါမှ....။

နောက်ဆုံးတော့ ဇာတ်သိမ်းခန်းက လုံးဝမကောင်းပါ။

ဂါတ်မကြီးပေါ်မှ ဘရင်းဂန်းနှင့် ဆွဲသဖြင့် အကျဉ်းသားနှစ်ယောက် ပွဲချင်းပြီး သေသည်။ ရေစက်အနီးမှ ထောင်အုတ်ရိုးကို ဒိုင်းနမိုင်းနှင့်ခွဲမည်ဆိုတော့ အဲဒီနေရာကို မဲပြီး ပစ်ရခြင်းဖြစ်၏။ အကျဉ်းသား ဆယ့်လေးငါးယောက် ဒဏ်ရာရကြသည်။

ထောင်မင်းကြီးနှင့် အထက်အရာရှိကြီးငယ်တို့ ရောက်လာကြ၏။ အကျဉ်း

http://www.cherrythitsar.org



သားများလည်း အလိုလို ပြိုကွဲသွားပြီ။

အားလုံးအေးအေးဆေးဆေး ဖြစ်သွားပြီးနောက် တစ်ညနေခင်း တင်းနစ်ရိုက်ပြီး အရက်ဝိုင်းကျမှ အဖြေကပေါ်လာသည်။ ထောင်မှူးကြီးဦးလှအောင်က အရက် ကလေး နှစ်ခွက်လောက်ဝင်ပြီးသည်နှင့်၊

"အဲဒါပေါ့ကွ.... သူ့ အမြီးနဲ့ သူ ပြန်ချည်ပြီး ငါးကြင်းဆီနဲ့ ငါးကြင်းပြန်ကြော် ရတယ်ဆိုတာ"

"ခင်ဗျာ....၊ ဘာကိုပြောတာလဲ ဆရာ"

"အေး.... မင်းတို့ မသေမချင်းမှတ်ထားကြ။ နိုင်ငံရေးသမားတွေချည်း လွှတ်ထားရင် သံသရာရှည်မယ်၊ ကြာတတ်တယ်။ကျော့ချိတို့ ဘာနီတို့လို ရာဇဝတ်သားတွေနဲ့ သာ ရောမွှေပေးလိုက်။ ခပ်စောစော ပြတ်ရော"

သြော်.... ဒါလဲ ပညာတစ်မျိုးပါပဲကလား။

တကယ့်ကို အနန္တော အနန္တဂိုဏ်းဝင် ဆရာ့ဆရာ ထောင်မှူးကြီးတွေ၊ ထောင်ပိုင်ကြီးတွေဆီက ပညာတွေအများကြီး၊ အများကြီး ရခဲ့တာပါ။ ဆရာကြီးတွေ မပြောနှင့် တပည့်ဟုဆိုရမည်ဖြစ်သော အကျဉ်းသားတွေဆီက ရသည့်ပညာတွေပင် အမြောက် အမြား။

အသေးအဖွဲ ဥပမာကလေးတစ်ခုကိုပင် သာကေတင်ပြပါမည်။ ထောင်မှူး မောင်မောင် **(Dietary Jailor)** ဒိုက်ယက်ထရီဂျေလာဟု ခေါ်သော ရိက္ခာထောင်မှူး ဘဝက....။ စစ်တပ်မှာဆိုလျှင်တော့ တပ်ထောက်ဗိုလ်ကြီးပေါ့။ ရိက္ခာထောင်မှူး တစ်ယောက်အနေနှင့် ထောင်တွင်းရှိ အကျဉ်းသားများ စားသုံးရန် ရိက္ခာပစ္စည်း အစို အခြောက်အားလုံး တာဝန်ယူ၍ ဝယ်ခြမ်းသိမ်းဆည်းရသည်။ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ငါးပိ၊ ပဲ၊ ချင်း(ဂျင်း)၊ နနွင်းတက်၊ မန်ကျည်းသီးမှည့်ကအစ မကျန်စေရ။ နံနံစေ့ပင် ပါလိုက်သေး။ ယင်းရိက္ခာပစ္စည်းများကို ကန်ထရိုက်စနစ်ဖြင့် လေလံတင်ကာ ဝယ်ယူ စုဆောင်းရခြင်းဖြစ်၏။ တစ်နေ့တွင် ငရုတ်သီးခြောက်နှင့် ကြက်သွန်များ တင်လာသော လော်ရီကားကြီး လမ်းမှာမိုးမိလာသည်။ ထောင်မှူးမောင်မောင်က ပစ္စည်းပေးသွင်းလာသူ ကန်ထရိုက် ဦးဟန်ညွှန့်အား၊

"ဒီအတိုင်း ချိန်လို့တော့ မဖြစ်ဘူးဗျို့။ အလေးချိန်က နှစ်ဆလောက် တက်နေ လိမ့်မယ်။ နေလှန်းပြီးချိန်မှ"

ဦးဟန်ညွှန့်ကလည်း အေးအေးဆေးဆေးပါ။

"ရပါတယ်ဗျာ၊ ရပါတယ်။ ဦးမောင်မောင် ကြိုက်သလိုလုပ်ပါ။ ကျွန်တော်က လဲ မိုးရွာမယ်လို့ လုံးလုံးမထင်ဘူးဗျ။ ဆောင်းပဲဝင်နေမှပဲ"

သို့နှင့်ပင် နေသာသော နောက်တစ်နေ့တွင် မိုးမိထားသည့် ငရုတ်သီးခြောက် တွေ၊ ကြက်သွန်တွေကို နေထုတ်လှန်းရန်စီစဉ်ရသည်။ ဒါလောက် လုပ်ငန်းကိုတော့

ထောင်မှူးကိုယ်တိုင် လုပ်စရာ မလို၊ လက်ထောက်ဝန်ထမ်းတွေနှင့် အကျဉ်းသား ဘုတ်ကိုင်တွေ၊ ဘာယာတွေ ရှိသည်။ သို့သော် ထိုအချိန်က ထောင်မှူးမောင်မောင်မှာ လုပ်သက်လေးငါးနှစ်ရှိခဲ့ပြီဖြစ်ရာ ကုလားထိုင်တွင် ထိုင်နေရင်း မျက်စိထောင့်စွန်းမှ မတော်တရော်ကလေးတစ်ခုကို အလိုလိုနေရင်း မြင်တွေ့နေရသည်။

တခြား မဟုတ်ပါ။ ရိက္ခာဂိုဒေါင်ထဲက ကြက်သွန်နီနှင့် ငရုတ်သီးခြောက် အိတ်တွေ ထမ်းထမ်း ထုတ်နေသည့် အကျဉ်းသားက ရှစ်ယောက်တိတိ။ သူတို့အားလုံး ဂိုဒေါင်ထဲက ကြက်သွန်နီနှင့် ငရုတ်သီးခြောက်အိတ်တွေ တစ်ယောက် တစ်အိတ်စီ ထမ်းထုတ်လာကြသည်။ အပြင်ရောက်တော့ အသင့်ခင်းထားသော ဖျာကြမ်းများ ပေါ်တွင် သူ့အကန့်နှင့် သူ ဂုန်နီအိတ်ကြီးဖြေ၍ လောင်းချနေကြသည်။ အဲဒီအထဲမှာ ထူးဆန်းတာတစ်ခုကို ထောင်မှူးမောင်မောင် သွားတွေ့လိုက်၏။

အကျဉ်းသားတစ်ယောက်သည် ဂုန်နီအိတ်ထဲမှ ငရုတ်သီးခြောက်များကို ဖျာကြမ်းပေါ်သို့သွန်ချရာတွင် ဝဲယာလက်နှစ်ဖက်က ဂုန်နီအိတ်ထောင့်စွန်းနှစ်ခုကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလျက်ရှိ၏။ ဂုန်နီအိတ်ထဲမှ ငရုတ်သီးခြောက်များ ကုန်အောင် ခါတော့ ခါပါသည်။ သို့သော် သူ၏လက်နှစ်ဖက်ကမူ ဂုန်နီအိတ်အစွန်း နှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်လျက်။ ပြီးတော့ သူသည် အဲဒီဂုန်နီအိတ်ကို သပ်ရပ်စွာ ခေါက်ကာ တစ်နေရာတွင် သီးသန့်ပုံထား၏။

ထောင်မှူးမောင်မောင်သည် အဲဒီအကျဉ်းသားကို ကြည့်ရင်း ကြည့်ရင်းက မျက်စိထဲ ဆန်းနေတာတော့ အမှန်။ သူတစ်ခုခု မဟုတ်တာလုပ်နေမှန်း စိတ်ထဲက (instinct) အင်စတင့် အနေနှင့် သိနေ၏။ ဘာရယ်လို့တော့ ဗြုန်းစားကြီး မပြောနိုင်။

အဲဒီအကျဉ်းသား ရှစ်ယောက် ထမင်းဆွဲသွားတော့ အဖြေပေါ်လာပါသည်။

ထမင်းဆွဲသွားသည်ဆိုခြင်းမှာ ထမင်းစားချိန် ထမင်းစားခန်းတွင် သွားစားကြသလိုပင် ဖြစ်၏။ သို့သော် အဲဒီလိုတော့ ဘယ်မှာစတိုင်ကျကျ ဟုတ်ပါ့မလဲ။ ကိုယ့်ပုံစံပန်းကန် ကိုယ်ကိုင်၍ ဖိုကြီးတွင် တစ်နပ်စာ ထမင်းနှင့် ပဲဟင်း၊ ငါးပိကြော်တို့ကို သွားယူကြခြင်းပင် ဖြစ်၏။

အဲဒီအချိန်မှာ ထောင်မှူးမောင်မောင်သည် စောစောကအကျဉ်းသား သီးသန့်ခေါက်၍ပုံထားသော ဂုန်နီအိတ်အထပ်ကို အသာလေးသွားပြီးစမ်းသည်။

အားပါးပါး....။ ဂုန်နီအိတ် ထောင့်စွန်းမှာ ငရုတ်သီးခြောက်တွေပါကလား။ ဒီအကောင် ဂုန်နီအိတ်ကိုပြောင်အောင် ခါချသလိုလိုနှင့် လက်ဝဲနှင့်လက်ယာ လက်နှစ်ဖက်ဖြင့် ဂုန်နီအိတ်နှစ်ဖက်ထောင့်စွန်းမှာ ငရုတ်သီးခြောက်တွေ တိုနေခဲ့တာကိုး။

ခက်တော့လည်း အခက်သား။ ထောင်ထဲမှာလည်း အကြံအဖန်ဆိုတာ ရှိသည်။ အကြံအဖန်ဟင်း၊ အကြံအဖန်ထမင်း၊ အကြံအဖန်နွားနို့ စသည်အားဖြင့် အားလုံး ထောင်အာဏာပိုင်တွေမသိအောင် လုပ်ရတာတွေချည်းပါပဲ။ ယခုလည်း အဲဒီ

http://www.cherrythitsar.org



အကျဉ်းသား တိုထားသည့် ငရုတ်သီးခြောက်တွေ အားလုံးစုလိုက်လျှင် ငါးဆယ်သား တော့ အသာလေးကျော်မည်။

ထောင်ထဲမှာ ပိုက်ဆံကိုင်မသုံးရတော့ (အကြံအဖန်ပိုက်ဆံလည်း မကင်း ကြောင်း ဝန်ခံပါသည်။) အကြံအဖန် ပစ္စည်းချင်း အလဲအလှယ်လုပ်ကြ။ ဘာတာစနစ်။ ယခုလည်း ငရုတ်သီးခြောက် ငါးဆယ်သားလောက်နှင့် အလုပ်ဖြစ်ချေဦးတော့မည်။

ထောင်မှူးမောင်မောင် ယင်းကိစ္စ မည်သူ့ကိုမှမပြောပါ။ အသာလေး နှုတ်ပိတ် ရေငုံနေလိုက်သည်။ မုဆိုးစိုင်သင်၊ ထောင်မှူး အကျဉ်းသားသင်ပေ့ါ။ (ယခင်တစ်ကြိမ် ကလည်း အင်းစိန်ထောင်ဖိုကြီးထဲတွင် ဝက်သားတုံးတွေ၊ ငါးတွေကို ဖိုကြီးရေလောင်း ဆေးသလိုလိုနှင့် ရေမြောင်းပေါက်ဝမှ ဆယ်ယူသည့် အကြောင်းရေးခဲ့ဖူးပါပြီ။)

ငရုတ်သီးခြောက်ကိစ္စ ဘယ်သူ့ကိုမှ မပြောခြင်းမှာ အကြောင်းရှိသည်။

အကျဉ်းထောင်လောကတွင် 'ဆင်စာနှင့် ဆိတ်စာ' ဟူသော ပုံပြင်ကလေး တစ်ပုဒ် ရှိခဲ့ဖူးသည်။ အထက်မြန်မာပြည်ရှိ ထောင်ငယ်ကလေး တစ်ထောင်မှာ ဖြစ်၏။ သုံးပွင့်ထောင်ပိုင်ကြီး တနင်္လာနေ့ ထောင်တွင်း ဝင်စစ်သည်။ ထုံးစံအတိုင်း ထောင်ကျ

အကျဉ်းသားများနှင့် အချုပ်တရားခံများ တန်းစီစစ်ပြီး အလုပ်ဘက် ဝင်လိုက်သည်။

အလုပ်ဘက်ဆိုလို့ သိပ်ပြီး ကြီးကြီးကျယ်ကျယ် မဟုတ်ပါ။ လက်သမား လုပ်ငန်း ကလေး ချောက်ချီချောက်ချက်နှင့် စပါးကြိတ်သည့် လုပ်ငန်းသာလျှင်ရှိ၏။

ရှေးခေတ်က ထောင်တွင်းရှိ အကျဉ်းသားတွေအတွက် ယခုခေတ်လို ဆန် ဝယ်မကျွေး။ တစ်နှစ်စာ စပါး ဝယ်ယူသိုလှောင်ထားသည်။ နောက်ပြီး ထောင်ထဲမှာ စပါးကြိတ်တွေနှင့် အကျဉ်းသားတွေကို ကြိတ်ကျွေးသည်။ ဆန်ဖြူမဟုတ် လုံးတီး ဆန်။ နောက်ပိုင်း စံပြထောင်ခေတ်ကျတော့ ဆန်ဖြူနှင့်လုံးတီးဆန်အကြား ဆန်လုံးညို။ အကျဉ်းသားတွေလည်း အလုပ်ရ၊ စရိတ်စကလည်း သက်သာ၊ အကွက်ကို စေ့လို့။

ထောင်ပိုင်ကြီးသည် လက်သမားရုံမှ ထွက်ခဲ့ပြီး ဆန်ကြိတ်ရုံထဲသို့ ဝင်သွား သည်။ နောက်မှ ထောင်မှူးတစ်ယောက် ပါလာ၏။ အကျဉ်းသားများသည် စပါးကြိတ် နှစ်လုံးနှင့် အားကြိုးမာန်တက် ကြိတ်ခွဲလျက်ရှိကြ၏။ ထောင်ပိုင်ကြီးသည် ခါးထောက် ၍ အတန်ကြာရပ်ကြည့်နေသည်။ ပြီးမှ ကြိတ်ခွဲပြီးဆန်လုံးညိုပုံထဲမှ ဆန် လက်တစ်ဆုပ် ခန့်ယူ၍ အနီးကပ်ကြည့်သည်။ ပြန်သွန်ချလိုက်ပြီးနောက် ဘေးသို့ စောင်းငဲ့ကြည့် လိုက်ရာ နံရံတွင်ထောင်ထားသော ဆန်လုံးညိုတစ်အိတ်နှင့် တစ်ပိုင်းကို တွေ့ရသည်။

ထိုစဉ်က ဆန်တစ်အိတ်လျှင် သုံးတင်း။ တစ်ပိုင်းက တစ်တင်းခွဲ။

"ကိုယ်၊ ခုတလော ဘယ်ရီဘယ်ရီ ဖြစ်ချင်နေတယ်။ အဲဒီဆန်တစ်အိတ် အိမ်ပေါ် ပို့လိုက်စမ်း။ ကြားလား ဦးရွှေသောင်းဖြူ"

ထောင်မှူး ဦးရွှေသောင်းဖြူက သတိဆွဲပြီး....

"ဟုတ်ကဲ့ပါ ဆရာကြီး"

http://www.cherrythitsar.org



မှန်ပါသည်။ (Beri Beri) ဘယ်ရီဘယ်ရီ ခေါ် ထုံနာကျဉ်နာအတွက် ဆန်လုံးညိုမှာ အလွန်ကောင်းသည်။ လုံးတီးဆန်က ပို၍ ကောင်းသည်။ ဒါကြောင့်လည်း ရှေးခေတ်က အကျဉ်းသားတွေကို လုံးတီးဆန် ကျွေးခဲ့ခြင်းဖြစ်၏။

အကျဉ်းသားဆိုတာက မနက်ထမင်းတစ်နပ်၊ ညနေထမင်းတစ်နပ်အပြင် တခြား သားရေစာ ဘာမှရှိသည်မဟုတ်။ မနက်မိုးလင်း ဂန်ဇီ ခေါ် ဆန်ပြုတ်တစ်ခွက်သာ ရှိသည်။ ဒီတော့ အများအားဖြင့် ထောင်ဝင်စာ အလာနည်းသည့် အကျဉ်းသားများ ဘယ်ရီဘယ်ရီ ခေါ် ထုံနာကျဉ်နာ အဖြစ်များတတ်၏။ လုံးတီးဆန်နှင့် မလုံလောက်သဖြင့် ပဲတီစိမ်းကိုပင် အပင်ဖောက်၍ ကျွေးရသေးသည်။ ပဲတီပင်ပေါက်ကလည်း ထုံနာကျဉ်နာအတွက် ဆေးကောင်းတစ်ခုဖြစ်၏။

ထောင်မှူး ဦးရွှေသောင်းဖြူကလည်း လူပါးပါ။ (သူ့အကြောင်း ထောင်တစ်သက် အတွေ့အကြုံဆောင်းပါးအစ ထောင်မှူးမောင်မောင်တို့ သင်တန်းတက်စဉ်က ရေးခဲ့ဖူးပါပြီ။) အလကားပါ။ ဒီအဖိုးကြီး စတန့်ထွင်တာပါ။ ဘာ ဘယ်ရီဘယ်ရီမှ မဖြစ်ပါဘူး။

"ဟော့.... ကျန်တဲ့အိတ်တစ်ပိုင်း ငါ့အိမ်ပို့လိုက်ကွာ"

နောက်တစ်ရက် ထောင်ပိုင်ကြီး ဆန်ကြိတ်ရုံသို့ ရောက်သောအခါ....

"ဟော့.... ဟိုတစ်နေ့က ကျန်တဲ့ ဆန်အိတ်တစ်ပိုင်း ဘယ်ရောက်သွားသလဲကွ"

ထောင်မှူး ဦးရွှေသောင်းဖြူက သတိဆွဲပြီး ပြန်ပြောလိုက်ရာ ထောင်ပိုင်ကြီး ရှူးရှူးရှဲရှဲနှင့် ဒေါပွပြီး ထောင်ဘူးဝဘက်ဆီသို့ ဆောင့်ကြီးအောင့်ကြီး ထွက်သွားလေတော့သတည်း။

ထောင်မှူး ဦးရွှေသောင်းဖြူ ဘယ်လိုမှ ကြမ်းကြမ်းတမ်းတမ်း မပြောပါ။ ရိုင်းရိုင်း စိုင်းစိုင်းလည်း မပြောတတ်ပါ။ ဘယ့်နှယ် ကြယ်တစ်ပွင့်နှင့် ကြယ်သုံးပွင့် အဆင့်ချင်းက ကွာလှမ်းလှပါဘိ။ ဦးရွှေသောင်းဖြူ ပြန်ပြောလိုက်တဲ့ စကားက ယဉ်ယဉ်ကလေး။

"ဆရာကြီးရယ် ဆင်စာရှိရင် ဆိတ်စာလဲ ရှိရမှာပေါ့" တဲ့။

ကဲ....၊ တကယ့်ကို မှတ်လောက်သားလောက် မဟုတ်ပါလား။

ဒါကြောင့်လည်း ငရုတ်သီးခြောက်ငါးဆယ်သား တိုသည့် အကျဉ်းသားကို ထောင်မှူးမောင်မောင် ဘယ်လိုမှဒုက္ခမပေးခဲ့ခြင်းပါ။ ဒုက္ခပေးချင်မှဖြင့် အလွယ်ကလေး။ နောင်လာ နောက်သားတွေ သင်ခန်းစာယူဖို့ပါ။ ဆိတ်စာကိုပါ လိုက်မငမ်းချင် ကြပါနှင့်။

မှုဆိုးစိုင်သင်၊ ထောင်မှူး အကျဉ်းသားသင်ခဲ့သည့် သာဓကတွေကတော့ အများကြီးပါ။အဲဒီ အများကြီးတွေအနက်က တစ်ကွက်လောက် (ပလေးဘက်) (Play Back) နောက်ကြောင်းပြန်ပြရလျှင်....။

http://www.cherrythitsar.org



ထောင်မှူးမောင်မောင် အလုပ်ဘက် ထောင်မှူး လုပ်ဖူးသည်။ (ဝပ်ခ်ယဒ် ဂျေလာ) work-yard jailor ဟု ခေါ်၏။ အဲဒီအလုပ်ဘက်မှာ လုပ်ငန်းတွေက အများကြီး။ လက်သမား ရှိသည်။ ရက်ကန်းရှိသည်။ စက်ချုပ် ရှိသည်။ ဝွမ်းခက်စောင် ရက်သည့် လုပ်ငန်းရှိသည်။ ဆပ်ပြာချက်သည့် လုပ်ငန်းလည်း ရှိ၏။ ကြိမ်လုပ်ငန်း၊ ဝါးလုပ်ငန်း တော်တော်လေး စုံပါသည်။ သမ္မတ အိမ်တော်အတွက် သိုးမွေးကော်ဇော ပင် ရက်လုပ်ပေးခဲ့ရ၏။ အဓိက အများဆုံး လုပ်ရတာကတော့ လက်သမားလုပ်ငန်းပါ၊ ရုံးသုံး ကျောင်းသုံး ပရိဘောဂများ။

အဲဒီမှာ အင်ဂျင်နီယာကျောင်းထွက် ထောင်မှူးမောင်မောင်တို့ ကောင်းကောင်း ကြီး ပညာရခဲ့ပါသည်။

သူ့လက်အောက်မှာ လက်သမားဆရာတွေတော့ရှိပါသည်။ သို့သော် ထောင် ကြပ် ဝါဒါအဆင့်လောက်သာ ဖြစ်၏။ ယခုခေတ်လို မန်နေဂျာတွေ၊ နည်းပြတွေ မရှိ သေး။ ဒီတော့ ဘုတ်ကိုင်တို့၊ ဆိုင်းဆရာတို့ လိုမှ့သမျှကို ထောင်မှူးမောင်မောင်တို့ အလူးအလဲ ခံနေရ၏။ ဆိုင်းဆရာဆိုလို့ ရွာစားကြီးစိန်ဗေဒါ မထင်လိုက်ပါနှင့်။ အဲဒီ ဆိုင်းနှင့် ဘယ်လိုမှ မပတ်သက်ပါ။ လက်သမား ဆိုင်းခေါင်းဆောင်ကို ဆိုင်းဆရာဟု ခေါ်ခြင်း ဖြစ်ပါ၏။ သူကလည်း တကယ့်ကိုအဓိပတိ။ ထောင်ထဲရောက်မှ လက်သမား အလုပ်ကိုစလုပ်ခဲ့ပြီး အဆင့်ဆင့်အရည်အချင်းတွေတက်ခါ အပြင်ရောက်လျှင် စီးပွားဖြစ် လက်သမားဆရာ လုပ်စားနိုင်သည့်အဆင့် ရောက်နေပြီ။

ခက်တာက အလုပ်ဘက် ထောင်မှူးမောင်မောင်သည် ကျွန်းသစ် ၃ ပေ× ၁ပေ နှင့် ၄ ပေ × ၁ ပေကို မျက်မြင်ကြည့်ပြီး ခွဲခြားတတ်သူ မဟုတ်ပေ။ ၅ ပေ × ၁ပေနှင့် ၆ပေ× ၁ပေဆိုတာဝေလာဝေး။ လက်သမားဆိုင်းဆရာတွေက အဲဒီထောင်မှူးမောင်မောင် ၏ အားနည်းချက်ကိုပင် အခွင့်ကောင်းယူခဲ့ဟန် တူ၏။

ခြောက်ပေ သုံးပေ ဗီရိုတစ်လုံး လုပ်မည်ဆိုပါတော့....

"ဆရာ ဟောဒါက နဖူးစည်း၊ လေး–တစ်။ ဒါကတော့ ဘေးဘောင်၊ ခြောက် –တစ်။ ဒါက အခင်း၊ ခြောက်–ငါးမူး။ ဟောဒါက တံခါးဆံအတွက်၊ ခြောက်–ငါးမူးပဲ။ ဒါက ခွာလေး၊ လေး–တစ်ပဲ"

အဲဒီလိုပြောပြောပြီး သူတို့ ကျွန်းသစ်တွေ ထုတ်ထုတ်သွားသည်။

သို့သော် ထောင်မှူးမောင်မောင် ဘဝင်မကျနိုင်တာတစ်ခုက ရှိနေသည်။ သင်းတို့တစ်တွေ အကြံအဖန်ပစ္စည်းများ ဘယ်လို ဖန်တီးနိုင်ကြသနည်း။ အကြံအဖန် ပစ္စည်းဆိုတာ တခြားမဟုတ်။ ဆေးလိပ်ထည့်သည့် သေတ္တာကလေးတွေ၊ ခွေးခြေတို့၊ ထမင်းချက်သည့်နေရာ ဖင်ထိုင်ခုံတို့၊ နောက်ဆုံး ထမင်းစား စားပွဲဝိုင်းနှင့် ပက်လက် ကုလားထိုင်တို့အထိ ပါ၏။

အဲဒီလို ပစ္စည်းမျိုးတွေ ထောင်ထဲက မသိမသာရော၊ သိသိသာသာပါ ထမ်း

http://www.cherrythitsar.org



ထမ်းထုတ်သွားသည်ကို မြင်ရသောအခါ အလုပ်ဘက်ထောင်မှူးမောင်မောင် ဘယ်လိုလုပ် ဘဝင်ကျနိုင်ပါတော့မည်နည်း။

ဒီတော့မှ ထောင်မှူးမောင်မောင် အလုပ်ဘက်ပညာကို ကကြီးရေ ကမှ စ၍ ပညာယူရသည်။ ပညာမယူလို့လည်း မရတော့။ သူ့ကျွန်းသစ်တွေက လျှော့လျှော့လာမှကိုး။ ကြာရင် ဒုက္ခ ဖြစ်ရချည်ရဲ့။ သို့နှင့်ပင် နောက်ပိုင်းကျတော့ ဆိုင်းဆရာတွေနှင့် လက်သမားနည်းပြတွေ အလစ်မှာ ပေတံကလေးတစ်ချောင်း မသိမသာကိုင်ပြီး ၃ ပေ × ၁ပေနှင့် ၄ ပေ × ၁ပေ ကွဲပြားအောင် လေ့လာရ၏။ သြော်.... ဒါက ၅ ပေ × ၁ပေ၊ ဒါက ၆ပေ × ၁ပေကိုး၊ ၁၂ လက်မပေ ပျဉ်တော့ သိသာပါသည်။ သို့သော် ၁၀ ပေ × ၁ပေနှင့်ကတော့ မတိမ်းမယိမ်းပါကလား။

နောက်ပိုင်းကျတော့ ဆိုင်းဆရာတွေ အလုပ်ဘက် ထောင်မှူးမောင်မောင်ကို ဘယ်မှာ ဖြီးလို့ရတော့မလဲ။

မုဆိုးစိုင်သင်၊ ထောင်မှူးကို အကျဉ်းသားသင်ခဲ့ပြီပဲ။

■

http://www.cherrythitsar.org

# ၃၄

မှဆိုးစိုင်သင်၊ ထောင်မှူးအကျဉ်းသားသင် ဆိုလို့....။

'အင်း.... မင်းအောင်၊ မင်းနောင်....၊ မင်းအောင်၊ မင်းနောင်။ မင်းတို့နှစ်ယောက်ကို ဘယ်လိုလုပ်မေ့လို့ ရနိုင်ပါ့မလဲကွာ'

ပင်စင်ယူခါနီး ထောင်ပိုင်ကြီး ဦးရန်အောင်မောင်မောင် သို့ကလို အသံတိတ် ညည်းညူမိပါသည်။ ကြာတော့ ကြာခဲ့ပါပြီ....။ လွန်ခဲ့သည့် ၃၆ နှစ်။ ထောင်မှူး မောင်မောင်တို့ ငယ်စဉ်တောင်ကျေး ထောင်မှူးပေါက်စကလေးအရွယ်ကပေါ့။ စာစော က ဆောင်းပါးများတွင်ရေးခဲ့ဖူးသည့်အတိုင်း ထောင်မှူးမောင်မောင်လည်း အခြားအခြား သောထောင်မှူး ပေါက်စတွေ နည်းတူ ခြောက်လုံးပြူးရူး ရူးခဲ့ဖူးပါ၏။ တကယ်ပါ။

အခုနေ ပြန်စဉ်းစားကြည့်တော့ ဘာမျှရှက်စရာမရှိ။ ကိုယ်က အသက်အရွယ် ရလာသည့် လူကြီးတစ်ယောက်အနေနှင့် ဟိုး.... ငယ်စဉ်တောင်ကျေး ကလေးအရွယ် ဆိုရမယ့် ထောင်မှူးပေါက်စ မောင်မောင်ကို ပြန်တွေးကြည့်ပြီး ပြုံးနေနိုင်ပြီပဲ။ အဲ.... ဟိုတုန်းကတော့ ဘယ်မှာပြုံးနိုင်မှာလဲ။ ခြောက်လုံးပြူး ခါးချိတ်ချင်သည့် ရောဂါက အရှိန်တက်လို့ကောင်းတုန်း။ အဲဒီတက်နေသည့် ရောဂါအရှိန်ကို မီးလောင်ရာလေပင့်။ အနာ မရင်း ရင်း အောင် ညှော်တိုက်ပေးခဲ့ကြသူများမှာ မင်းအောင်နှင့် မင်းနောင်ဆိုသည့် အကျဉ်းသားနှစ်ဦးပင် မဟုတ်ပါလား။

မင်းအောင်နှင့် မင်းနောင်ဆိုလို့ ညီအစ်ကိုနှစ်ယောက်ဟု မထင်လိုက်လေနှင့်။ လုံးဝ မဟုတ်ရေးချ မဟုတ်။

http://www.cherrythitsar.org



မင်းအောင်က ထောင်ကျအကျဉ်းသား၊ မတ္တရာမြို့နယ်မှ မုဒိမ်းမှုဖြင့် ထောင် ငါးနှစ်ကျသူ။ မင်းနောင်က ပုဒ်မ ၅ အကျဉ်းသားတစ်ယောက်။

ပုဒ်မ ၅ အကျဉ်းသားဆိုတော့ ယခုခေတ် စာဖတ်ပရိသတ်တွေအတွက် ရှင်းပြဖို့ လိုလာပြန်သည်။ ထိုစဉ်က မြန်မာပြည်ကြီး လွတ်လပ်ရေးရပြီးစ စီမံမှု အက် ဥပဒေအရ ပုဒ်မ ၅ ဆိုတာ ရှိသည်။ ပုဒ်မ ၅ ဆိုတာ ထောင်ကျ အကျဉ်းသား မဟုတ်သလို အမှုစစ်ဆေးဆဲ အချုပ်တရားခံဟုလည်း မဆိုသာချေ။ အဘယ်ကြောင့် ဆိုသော် သူတို့တစ်တွေကို ထောင်ထဲမှာ ထိန်းသိမ်းထားစဉ် ဘယ်ရာဇသတ်ကြီး၊ ဘယ်ရာဇဝတ် ပုဒ်မနှင့်မှ အမှုစစ်ဆေးခြင်းမရှိ။ အဲဒီလို တရားစွဲဆိုခြင်း မပြုလုပ်နိုင်၍ ပုဒ်မ ၅ နှင့် ထိန်းသိမ်းထားခြင်းဖြစ်၏။

သို့ဖြစ်၍ သူတို့တစ်တွေကို (detenee) ဒီတင်းနီး၊ ထိန်းသိမ်းထားသူများဟု ခေါ်၏။ သူတို့အထဲမှာလည်း ရိုးရိုးတန်းနှင့် အထူးတန်းပုဒ်မ ၅ ရယ်လို့ ရှိနေပြန်သည်။ ထောင်ကျ အကျဉ်းသားတွေကို အေ ကလပ်၊ ဘီ ကလပ်၊ စီ ကလပ် ခွဲသလိုပဲပေါ့။

မင်းနောင်မှာ ရိုးရိုးတန်း ပုဒ်မ ၅ အကျဉ်းသားတစ်ယောက်။ ကျောက်ဆည် နယ်ဘက်မှ ရဲဘော်ဖြူအဖြစ် တောခိုပြီး အဖမ်းခံထားရသူ။

အဲဒီတုန်းက နိုင်ငံရေးအစိုးရကို ပုန်ကန်ပြီး တောခိုသွားကြသည့် အဖွဲ့အစည်း တွေကလည်း အများသား။ ပထမတော့ ကွန်မြူနစ်တို့၊ ကေအင်ဒီအိုတို့၊ နောက်ပိုင်း ရဲဘော်ဖြူတို့၊ ကွန်မြူနစ်မှ ခွဲထွက်သည့် အလံနီတို့၊ တော်တော်ကလေး စုံပါသည်။ မင်းနောင်က ရဲဘော်ဖြူ အရှိန်အဝါ သိပ်မရှိသူ။ နောက်လိုက် ရဲဘော်ဆိုတော့ ပုဒ်မ ၅ ရိုးရိုးတန်းပဲပေါ့။

မင်းနောင်ကို မင်းအောင်မှတစ်ဆင့် ထောင်မှူးမောင်မောင် သိကျွမ်းခဲ့ရခြင်း ဖြစ်၏။ မင်းအောင်က ထောင်မှူးမောင်မောင်၏ လက်စွဲတော် ဘာယာ။

အကျဉ်းထောင်များတွင် ထောင်မှူးတစ်ယောက်၏ ဘာယာဆိုသည်မှာ တော်တော်ကလေး အရေးပါ အရာရောက်လှပါသည်။ တပ်မတော်မှာဆိုလျှင် ဘက်စ် မင်း။ အချို့ဌာနတွေမှာ အော်ဒလီ။ ပီအေလို့ ခေါ်ချင်ခေါ်လိုက်ဦး။ ဘာပဲဖြစ်ဖြစ် ထောင်မှူးတစ်ယောက်အနေနှင့် ထောင်ထဲတွင် လုပ်စရာကိုင်စရာကိစ္စ ရှိတာမှန်သမျှ သူ့ဘာယာကို အရင်ဆုံးပြောလေ့ရှိ၏။ ထောင်မှူး မောင်မောင်သည် သူ၏ချင်ခြင်းတပ်မှု ကို ဘာယာဖြစ်သူမင်းအောင်အား ပထမဦးဆုံး ဖွင့်ဟတိုင်ပင်ကြည့်မိသည်။

"ငါ ဂီတာတီး သင်ချင်တယ်ကွာ"

သူ၏ဘာယာ မင်းအောင်က ပျာပျာသလဲ....

"ရပါတယ် သခင်၊ ထောင်ထဲမှာ ဂီတာတီးတတ်တဲ့ အကျဉ်းသား တစ်ပုံကြီး ပါ"

ထိုစဉ်က ထောင်မှူးကို အကျဉ်းသားက သခင်ဟု ခေါ်နေရသည့်အချိန်။

http://www.cherrythitsar.org



ထောင်မှူးကြီး၊ ထောင်ပိုင်လေး၊ ထောင်ပိုင်ကြီးတို့ဆိုလျှင် သခင်ကြီး။

“ဂီတာတစ်လုံးတော့ ဝယ်ဦးမှ”

ဘာယာ မင်းအောင်က မျက်နှာလိုအားရ….၊

“ဝယ်စရာ မလိုပါဘူးသခင်ရယ်၊ အလုပ်ဘက် ထောင်မှူး ဦးသိန်းကို ပြောလိုက်ရင် ရပါတယ်။ တလောဆီက ဘီကလပ်က အရာရှိတွေ ခရစ္စမတ်အတွက် ဂီတာကြီးတစ်လုံး လုပ်ထားတာများ ကောင်းမှကောင်း”

သို့နှင့်ပင် ဆယ့်လေးငါးရက်အကြာတွင် ထောင်တွင်းဖြစ် ဂီတာတစ်လုံးကို ထောင်မှူးမောင်မောင် ရလိုက်၏။ ဂီတာကြိုးတို့၊ ကီးတို့ကိုတော့ ကိုယ့်ပိုက်ဆံနှင့် ကိုယ်ဝယ်ရတာပေါ့လေ။ ထောင်မှူးမောင်မောင် ဂီတာတီးဖို့ ချင်ခြင်းတပ်ရခြင်းမှာလည်း နောက်ကြောင်း ရာဇဝင်ကလေး အမှတ်ထင်ထင် ရှိခဲ့ဖူးသည်။

ထောင်မှူးမောင်မောင်သည် မန္တလေးသားဇာတိ မဟုတ်ပေမယ့် ပဝတ္တိသားဟု ဆိုရမည်။ မူလတန်းနှင့် အလယ်တန်းတို့ကို စစ်ကြိုခေတ် ပျဉ်းမနားနှင့် ပျော်ဘွယ်ကျောင်းတို့တွင် နေခဲ့ပြီး စစ်ပြီးခေတ် ရမည်းသင်း အစိုးရအထက်တန်းကျောင်းတွင် ရှစ်တန်းပြန်တက်ကာ နောက်ဆုံး မန္တလေး အထက (၁)မှ ဆယ်တန်းအောင်ခဲ့ရသူဖြစ်၏။ စစ်ကြိုခေတ်က ဖခင်ဖြစ်သူ ရွှေတောင်ကြီး ပြုခဲ့ရပြီးနောက် စစ်ပြီးခေတ်တွင် ရေကြည်ရာ မြက်နုရာ ဆိုသလို မိခင်မုဆိုးမကြီးနှင့်အတူ အစ်ကို အစ်မများရှိရာ ကျောင်းဆက်နေခဲ့ရခြင်း ဖြစ်သည်။မန္တလေး အထက (၁)တွင် နေစဉ်မှာပင် ‘သိကြားစေ သက်သေညွှန်း’ထဲက တင်တင်သော်ကို သွားတွေ့သည်။ ကိုးတန်းကျောင်းထွက်လက်မှတ်ရ စာမေးပွဲနှင့် တက္ကသိုလ်ဝင်တန်းကို တစ်နှစ်တည်းဖြေဆိုကြမည့် ကျောင်းသူကျောင်းသားများ။ တင်တင်သော်တို့အိမ်နှင့် တစ်အိမ်ကျော်တွင် မောင်မောင်၏ အစ်ကိုဝမ်းကွဲ အစ်ကိုတင်နှင့် မမတင်တို့အိမ် ရှိသည်။ အစ်ကိုတင်က ဂီတာကောင်းကောင်းတီးတတ်သည်။ သည်မှာပင် ညစဉ်ညတိုင်းလိုလို အစ်ကိုတင်က ဂီတာတီး၊ မောင်မောင်က သီချင်းဆို၍ တင်တင်သော်ကို ချစ်ရေးဝင်ခဲ့မိချေ၏။

“× × ဆွတ်ချူရန် ခက်ပါဘိ၊ မျက်ပါနဲ့သက်လယ် × × အုံ့ပုန်းမောင့်မျက်နှာငယ်မှာ ၊ ကွက်မလည်နိုင်သေး × × ရွှေငုံးမင်း အမြီးမျှော်သလို × × ခရီးနော်နီးရက်နဲ့ဝေး × × ဘယ်သောအခါများ × × တူနှစ်ကိုယ်နီးရပါ့မယ် × × ဩော်….မောင်ကြံရှယ် နတ်ပန်းထက်ပင် ခူးရခက်သေးတယ်….” အစချီသည့် ပြည်လှဖေ၏ ပပဝင်း။

“ရွှေစံပယ်ရုံအားဝယ်…. တေးသံပေးလို့ ရောက်ခဲ့ပေါ့ကွယ်…. ပန်းစံပယ်အလှပျိုစံပယ်ဖြူရယ်၊ ချစ်တင်းစကားကိုဖြင့် မောင်ဖွဲ့မယ်….” စသည်အားဖြင့် ချစ်တေးသံ ကျူးရင့်ခဲ့ရာတွင်….

တင်တင်သော်က….

http://www.cherrythitsar.org



"မောင်မောင် ညက သီချင်းဆိုတာ တင်တင်ကြားတယ်"

"ဘယ်လိုလဲ တင်တင်၊ နားထောင်ကောင်းရဲ့လား"ဆိုတော့....

"တင်တင် စာကြည့်လို့ မရဘူးကွယ်" တဲ့။

မောင်မောင်တစ်ယောက်ကျောင်းသားဘဝက မန္တလေးနေသူရိန်ဇာတ်ရုံကြီးတွင် ကျောင်းသားပြဇာတ် ကပြဖူးသည်ကို တစ်နေရာတွင် ရေးခဲ့ဖူးပြီ ထင်ပါသည်။ သို့ကလို အစ်ကိုတင်နှင့် မကြာမကြာ ညတိုင်းလိုလို သီချင်းဆိုခဲ့ရာက တစ်ခါတစ်ရံ ဂီတာကို ခေါက်ကြည့်မိခဲ့သည်။ ငယ်ငယ်က သံပတ္တလား တီးခဲ့ဖူးတော့ ဂီတသံစဉ်နှင့် သိပ်မစိမ်းလှ။ ဤသည်မှာ ထောင်မှူးမောင်မောင် ဂီတာတီးဖို့ ချင်ခြင်းတပ်ရခြင်း၏ နောက်ကြောင်းပြန် အခြေခံ အချက်အလက်တွေ။

ထောင်မှူးမောင်မောင်အား ဂီတာတီးသင်ပေးသည့် လက်ဦးဆရာကား ပုဒ်မ ၅ အကျဉ်းသား မင်းနောင်ပင် ဖြစ်သည်။ ထောင်ထဲမှာ သူ့ကို ရှာဖွေခေါ်လာသူမှာလည်း ဘာယာ မင်းအောင်။ မင်းနောင်သည် ကျောက်ဆည်နယ်တစ်ဝိုက်မှဖြစ်၍ ငယ်စဉ်က မယ်ဒလင်တီးသည်။ အသက်ကလေး နည်းနည်းရလာတော့ ဂီတာ ဆက်တီးသည်။ ရဲဘော်ဖြူဘဝနှင့် တောခိုရာတွင်ပင် ဂီတာကြီး တစ်ပိုက်ပိုက်နှင့်။ တောခိုသူရဲဘော် ရဲဘက်အချင်းချင်း၏ ပြုံပြင်ခြင်းခံခဲ့ရသည်ဆို၏။ မင်းနောင် အဖြစ်သည်းလွန်းတော့ သူ့ကို 'စောင်းတော်ရှင် မင်းနောင်'ဟု နောက်ပြောင်ခေါ်ဝေါ်ခဲ့သည်အထိ။

မင်းနောင် ဂီတာတီး မဆိုးပါ။ သင်ရိုးအတိုင်း ပထမ စိန်ကြောင်နီလာ တက်ပေးသည်။ နောက် ညဥ့်သုံးယံ ခါ။ ပြီးတော့ အလွမ်းသမား ထောင်မှူးမောင်မောင် အလွန်တီးချင်နေသည့် ဖြေလျှော့ခွေ။ ယင်းကဲ့သို့ ဂီတာတီးသင်နေရင်း ဂီတာကျူရှင်ဖိုးကလည်း သိပ်မသေးလှ။

"သခင်၊ ကိုမင်းနောင်က ခေါက်ဆွဲကြော် စားချင်လို့တဲ့"

"အေး.... ရမယ်၊ ရမယ်"

"ကိုမင်းနောင်က ရဲနီဆေးလိပ်တစ်ရာလောက်တဲ့ သခင်"

ထိုစဉ်က မန္တလေးထောင်ထဲတွင် ရဲနီဆေးလိပ်သာ ဒိုင်ခံအသုံးအများသည်။ ထောင်မှူးမောင်မောင်က....

"ဟ.... ကိုမင်းနောင်က ပုဒ်မ ၅ အကျဉ်းသားပဲ။ နေ့စဉ် အတွက်ကျဆေးပေါ့လိပ် ရနေတယ် မဟုတ်လား"

မှန်ပါသည်။ ထိုစဉ်က နိုင်ငံရေး ပုဒ်မ ၅ အကျဉ်းသားများ တစ်နေ့လျှင် ၁၃ ပြားနှုန်းဖြင့် (monetary allowance) မော်နထရီ အလောင်းဝင့်စ် ရနေကြ၏။

အဲဒါကို ထောင်ထဲမှာ ဆေးလိပ်ဖိုးဟု လွယ်လွယ်ခေါ်လိုက်ကြသည်။ ထိုစဉ်က ၁၃ ပြားသည် နည်းနည်းနောနော အသပြာ မဟုတ်ပါ။ ပိုက်ဆံ တစ်ပြားပေးလျှင် ဆေးပေါ့လိပ် လေးငါးလိပ်ရသည်။ ဒီတော့ သူတို့အတွက်ရသောဆေးလိပ်ဖိုးမှာ ဘယ်

http://www.cherrythitsar.org



လိုလုပ်မှ ဆေးလိပ်သောက်၍မကုန်နိုင်သဖြင့် ကျန်ငွေကို ဆေးလိပ်သွင်းသော ကန်ထရိုက်နှင့်ပေါင်းပြီး အကြံအဖန်လုပ်ကြသည်။ သွားတိုက်ဆေးမှာသည်၊ သွားပွတ်တံမှာသည်။ ထန်းလျက်တို့၊ ပဲကြီးလှော်တို့၊ မြေပဲယိုတို့စသည့် သရေစာများ မှာကြသည်။ အဲဒါကြောင့် ထောင်မှူးမောင်မောင်က ဘာယာမင်းအောင် ပြောသည့် မင်းနောင် အတွက် ရဲနီဆေးပေါ့လိပ် တစ်ရာကို ဘဝင်မကျနိုင်သဖြင့် စောဒကတက်မိခြင်းဖြစ်သည်။

မင်းအောင်ကလည်း သူ့ဆင်ခြေနှင့် သူ၊

"ဒါတော့ သခင်ရယ်၊ ထောင်ထဲမှာလဲ သူနဲ့အတူတောခိုပြီး ထောင်ကျလာတဲ့ အပေါင်းအသင်းရဲဘော်တွေ ရှိသေးတယ် မဟုတ်လား။ သူတို့တစ်တွေနဲ့ ဝေငှ မျှတပြီး စားကြရတာပါ"

"ကဲ.... ရှိစေတော့၊ ရှိစေတော့"

ထောင်မှူးမောင်မောင် ဆက်လက် အငြင်းပွားမနေတော့ဘဲ ရဲနီဆေးပေါ့လိပ် တစ်ရာ ဝယ်ပေးလိုက်ပါသည်။ ကိုယ့်လိုဘ ပြည့်ဖို့အတွက် သူ့လိုဘလည်း ဖြည့်ပေးနိုင်ရပေမပေါ့။

သို့ကလို အေးအေးဆေးဆေး ဂီတာတီးသင်နေရာက တစ်နေ့တွင် မင်းအောင်က စကား စလာပြန်သည်။ အဲဒီအချိန်မှာ ကိုမင်းနောင် မရှိ။

"သခင် ခြောက်လုံးပြူးယူမလား"

ကြည့်စမ်း။ ဒီကောင်တွေ ဘယ်လောက် အကဲခတ်ကောင်းလိုက်သလဲ။ ဈေးသည်သည် ဈေးဝယ်၏မျက်နှာရိပ်မျက်နှာကဲကိုကြည့်ပြီး အကဲခတ်တတ်၏။ သူ တကယ် ဝယ်ချင်သလား မဝယ်ချင်ဘူးလား။ တကယ်ဝယ်နိုင်မယ့်ပုံလား၊ မဝယ်နိုင်ဘဲ ဟန်ဆောင်ပန်ဆောင် မေးနေတာလား။ အဲဒီလောက် အကဲခတ်ကောင်း၏။ ယုံကြည်အောင် သာဓကနှင့် ပမာပြဆိုပါမည်။

တစ်ခါက....။ တစ်ခါကဆိုသည်မှာ လွန်ခဲ့သည့် သုံးဆယ့်လေး ငါး ခြောက်နှစ် ခန့်ကပေါ့။ ထောင်မှူးမောင်မောင်သည် အားလပ်သော နေ့တစ်နေ့တွင် ပျင်းပျင်းရှိသည်နှင့် ဈေးချိုတိုက်တန်း ကိုဟာစန်၏ဆိုင်တွင် ထိုင်နေမိသည်။ လက်ဖက်ရည်ကြမ်းလေး သောက်လိုက်၊ အာလာပ သလ္လာပ စကားလေးပြောရင်း ဟိုငေးသည်ငေး။

အေးလေ၊ အဲဒီ အရွယ်တုန်းကတော့ ဟိုငမ်းဒီငမ်းဆိုရင် ပိုပြီးမှန်မှာပေါ့။

ကိုဟာစန် ဆိုင်မှာရှိသည့် အရောင်းပစ္စည်းတွေကတော့ အိုင်–စီ–အိုင် ခေါ် နိုင်ငံခြားမှလာသည့် ဆိုးဆေးအမျိုးမျိုး၊ မြန်မာပြည်လုပ် သံသေတ္တာများ၊ သားရေသေတ္တာများ၊ နိုင်ငံခြားမှလာသည့် ဗီးလ်စတပ်ဖို့ ခေါ် ဦးထုပ်နှင့် မြန်မာပြည်လုပ် ကာကီဖော့ဦးထုပ်လည်း တွေ့မိသည်။ ဒါလောက်ပါပဲ။ ဆိုင်ပိုင်ရှင်အနေနှင့် ကိုဟာစန်သို့မဟုတ် သူ့ညီကိုတင်မြင့်။ သူတို့နှစ်ယောက် တစ်ယောက်မဟုတ် တစ်ယောက် အမြဲတမ်းရှိသည်။ သူတို့နှစ်ယောက်ထက် ဆိုင်မှာမြဲတာက ဦးမာမွတ်။

http://www.cherrythitsar.org



ဦးမာမွတ်မှာ ထိုစဉ်ကပင် အသက်ခြောက်ဆယ်ခန့်ရှိပေပြီ။ မုတ်ဆိတ်မွေး ဖားဖားကြီးမှာ သူ့ရင်ညွန့်အထိ တွဲကျနေပြီး တစ်ပင်မကျန် ဖြူဆွတ်လျက်ရှိ၏။ ခေါင်းမှာတော့ သံပရာခွံဦးထုပ် အမြဲဆောင်းထားသည်။ ထောင်မှူးမောင်မောင်က ဦးမာမွတ် အကြောင်း ဦးဟာစန်အား မေးကြည့်ဖူးသည်။

"အဲဒီမာမူကြီးနဲ့ ခင်ဗျားတို့ ဘယ်လိုတော်သလဲ"

"ဆွေမျိုးသားချင်းဆိုပါတော့ဗျာ၊ ကျွန်တော်တို့ မိဘလက်ထက်ကတည်းက သုံးလာခဲ့တာပဲ။ သူ့ပညာကလဲ မခေဘူးဗျ။ ခင်ဗျား တစ်အောင့်လောက်စောင့်ကြည့်နေ"

မှန်ပါသည်။ ထောင်မှူးမောင်မောင် ရေနွေးကြမ်းသောက်ရင်း စောင့်ကြည့်နေသည်။ သိပ် မကြာလိုက်ပါ။ ဆိုင်ထဲသို့ ဘုန်းကြီးတစ်ပါးနှင့် ဒကာကြီးတစ်ယောက် ဝင်လာသည်။ ဂိုက်ဆိုက်ကြည့်ခြင်းအားဖြင့် မန္တလေးမြို့ပေါ်က မဟုတ်နိုင်၊ တောက တက်လာကြဟန်တူသည်။ သူတို့နှစ်ဦးအနက် ဦးဆောင်သူမှာလည်း ဘုန်းကြီးပင် ဖြစ်ဟန်တူ၏။ ဆိုင်ခန်းအတွင်း စင်ပေါ်တွင်တင်ထားသော သံသေတ္တာများကို တစ်လုံးချင်း လိုက်ကြည့်ရင်း သံသေတ္တာတစ်လုံးကို လက်ညှိုးထိုး၍....

"ဒကာကြီး၊ ဒီသံသေတ္တာ ဘယ်လောက်လဲ"

ဦးမာမွတ်က ပျာပျာသလဲ သံသေတ္တာကို အောက်ချပြသည်။

"ဒီဟာလား ဦးပဉ္စင်း၊ ဒီထက်ကြီးတာလဲ ရှိပါသေးတယ်။ ဒါက မြန်မာပြည်လုပ်ပါ။ နိုင်ငံခြားကလာတဲ့ သံသေတ္တာလဲ ရှိပါသေးတယ်"

"ဘယ်မှာလဲ နိုင်ငံခြားကလာတဲ့ သေတ္တာက"

"အထဲမှာပါ၊ တပည့်တော် ယူပြပါမယ်"

အံမာ၊ သူကလည်း တပည့်တော်တွေ ဘာတွေနဲ့။ အေးလေ၊ ဈေးရောင်းဖို့သာ အဓိကမဟုတ်လား။ ပွဲပါသွားတာမှတ်လို့။ ဦးမာမွတ် ဆိုင်အတွင်းခန်းဘက်သို့ ဝင်သွားပြီး သံသေတ္တာတစ်လုံး ဆွဲထုတ်လာသည်။ မှန်ပါသည်၊ အခန်းထဲက ဆွဲထုတ်လာသည့် သေတ္တာကတော့ နိုင်ငံခြားဖြစ် စစ်စစ်ပါ။ ထောင်မှူးမောင်မောင်တို့ မိဘများ လက်ထက်ကတည်းက ရိုးကုမ္ပဏီမှ ဝယ်ခဲ့သော သံသေတ္တာ အမျိုးအစားဖြစ်၏။ တစ်လုံးလည်း အမွေရလိုက်သည်။ စစ်ကြိုခေတ်၊ ဂျပန်ခေတ်၊ စစ်ပြီးခေတ်။ ထောင်မှူးမောင်မောင်၏ အသက်ထက် ကြီးဦးမည်။ ဒူပေနာပေ တကယ့်ခံသည့်သေတ္တာမျိုး။

ဘုန်းကြီးနှင့် ဒကာကြီးတို့သည် သံသေတ္တာနှစ်လုံးကိုယှဉ်၍ ကြည့်ကြပြီ။ ပြည်တွင်းဖြစ်နှင့် နိုင်ငံခြားဖြစ်။ ကွာသမှ သိပ်ကွာတာပေါ့။

ဘုန်းကြီးက လေသံခပ်ပျော့ပျော့ဖြင့်....

"ကဲ ဈေးနှုန်းပြောပါဦး ဒကာကြီးရယ်"

ဦးမာမွတ်က ဘုန်းတော်ကြီးနှင့် နောက်လိုက် ဒကာကြီးတို့၏ မျက်နှာရိပ် မျက်နှာကဲကို တစ်ချက် စွေစောင်းကြည့်လိုက်သည်။

cherry thitsar

http://www.cherrythitsar.org



"ဟောဒီနိုင်ငံခြားဖြစ်က နှစ်ရာ့ငါးဆယ်ပါ"(ဒါ.... ဟိုတုန်းက ဈေးနှုန်းနော်) ဦးမာမွတ် ဆက်မပြောသေး၊ ဈေးဝယ်သူနှစ်ဦး၏ အမူအရာကို အကဲခတ်နေသေးသည်၊ ပြီးမှ....။

"ဒါကတော့ ခုနစ်ဆယ့်ငါးကျပ်ပါ"

ဘာပဲပြောပြော ဘုန်းတော်ကြီးနှင့် ဒကာကြီးတို့ စိတ်အလုပ်ရှုပ်သွားကြပြီ။ ၂၅၀ကျပ်တန်ကို ကြိုက်သည်။ သူတို့မတတ်နိုင်။ ၇၅ကျပ်တန်ကျတော့ ၂၅၀ ကျပ်တန်နှင့်စာလျှင် အင်တင်တင်။ ဘုန်းကြီးနှင့်အတူပါလာသော ဒကာကြီးကလည်းသံသေတ္တာနှစ်လုံးကို ကြည့်လိုက်၊ သူ့ဘုန်းကြီးကို ကြည့်လိုက်၊ ဦးမာမွတ်ကို ကြည့်လိုက်၊ ဘယ်လိုမှ အကဲမရ။ သူတို့နှစ်ဦး တီးတိုးတိုင်ပင် ဆွေးနွေးကြပြန်သည်။ ထောင်မှူးမောင်မောင်နှင့် အတန်ငယ်လှမ်းနေသဖြင့် ဘာမှမကြားရ။ အသံသာ မကြားရသော်လည်း သူတို့နှစ်ဦး၏ အမူအရာကို ကြည့်ရခြင်းအားဖြင့် နိုင်ငံခြားဖြစ် သံသေတ္တာကို အငမ်းမရ ဖြစ်နေပုံမှာ ပေါ်တင်ကြီးပါ။ နောက်ဆုံးကျမှ ဒကာဖြစ်သူက နိုင်ငံခြားဖြစ်သံသေတ္တာကို လက်ညှိုးထိုးရင်း....၊

"ဒီဟာ အနည်းဆုံး ဘယ်လောက်ထားနိုင်မလဲ"

ဦးမာမွတ် ကိုဟာစန်ဘက်သို့ တစ်ချက် လှည့်ကြည့်လိုက်သည်။

ကိုဟာစန်က ကုလားလို ပြောလိုက်၏။ အစအဆုံး ဘာပြောမှန်း မသိသော်လည်း 'ဒတ်စ်ရူပြား'ဆိုသောအသံကြားလိုက်ရသဖြင့် တစ်ဆယ်တော့လျှော့နိုင်ကြောင်း ထောင်မှူးမောင်မောင် နားလည်လိုက်သည်။ သို့တိုင်အောင် ဦးမာမွတ်က။

"နှစ်ရာလေးဆယ့်ငါးကျပ် အနည်းဆုံးပါပဲ နောင်ကြီးရယ်"

ကိုင်း၊ ကြည့်ပါဦး။ တစ်ဆယ်လျှော့နိုင်သည့်ကိစ္စ ချက်ချင်းမပြောလိုက်သေး။ ငါးကျပ်ကပ်၍ ထစ်ထားလိုက်သေးသည်။ သြော်.... ဈေးသည်.... ဈေးသည်။ သူတို့၏ အရောင်းအဝယ်ကိစ္စကလည်း ပညာသား ပါလွန်းလှပါကလား။

ဘုန်းကြီးနှင့် ဒကာကြီးတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြပြန်ပြီ။ သူတို့နှစ်ယောက် အမူအရာ ကြည့်ရသည်မှာ ၂၄၅ ကျပ်လည်း တတ်နိုင်ဟန်မတူ။ ၂၄၅ကျပ် မဆိုထားနှင့် ၂၀၀ကျပ်ကျော်ပင် နိုင်နင်းမည့်ပုံစံမျိုး မရှိ။ သို့ဖြစ်၍ ဦးပဥ္စင်းက၊

"ကျုပ်တို့ တခြားဆိုင်တွေ လျှောက်ကြည့်လိုက်ဦးမယ် ဒကာကြီးရယ်"ဟု ပြောရာ ဦးမာမွတ်က လုံးဝလက်မခံ၊ လက်ကို မဆွဲရုံတမည်။

"ဒီလိုလဲ ဘယ်ဟုတ်မလဲ ဦးပဥ္စင်းရယ် ရောင်းသူနဲ့ ဝယ်သူဆိုတာ ရောင်းတဲ့သူကလဲ ကိုယ်ရောင်းနိုင်တဲ့ ဈေးကိုပြော၊ ဝယ်သူကလဲ ပေးနိုင်တဲ့ဈေးကို ဆစ်ပေါ့။ အရှင်ဘုရား ဘယ်လောက်လောက်ပေးနိုင်သလဲ၊ ကြိုက်သလိုဆစ်ပါ"

လာပြန်ပြီ၊ အရှင်ဘုရားတဲ့။ အေးလေ ပွဲသွားတာမှတ်လို့။ ဘာပဲပြောပြော ဘုန်းကြီးနှင့်ဒကာကြီးတို့ လတ်တလော ဆိုင်ထဲမှ မထွက်နိုင်သေး။ ဦးမာမွတ်၏လေ

http://www.cherrythitsar.org



မိနေပြီ၊ တစ်နည်းအားဖြင့် မှိုင်းမိနေပြီ။ စပါးကြီးမြွေများသဖွယ် အညှို့ခံထားရပြီ ဟုလည်း ဆိုနိုင်၏။ ဦးမာမွတ်က အထွန့်တက်လိုက်သေးသည်။

"မြန်မာစကားရှိသားပဲ ဦးပဉ္ဇင်းရယ်၊ ရောင်းသူတစ်ဆယ်၊ ဝယ်သူတစ်ကျပ် တဲ့။ ရောင်းတဲ့သူကလဲ ကိုယ် ရောင်းနိုင်တဲ့ဈေး ပြောတာပဲ၊ ဝယ်တဲ့သူက ကိုယ်ဝယ်နိုင် တဲ့ဈေး ဆစ်ပေါ့၊ ဘာမှ အားမနာပါနဲ့"

ဦးမာမွတ်က လိမ္မာပါးနပ်စွာ လမ်းဖွင့်ပေးလိုက်ပြန်သည်။ သည်တော့လည်း ဘုန်းတော်ကြီးနှင့် ဒကာကြီးတို့ အနည်းငယ် အားတက်လာ၏။ ဒကာကြီးက ကိစ္စပြတ် လိုဟန်ဖြင့် အရဲစွန့်ပြီး....

"ကျုပ်တို့က တစ်ရာ့ငါးဆယ်လောက်ပဲ တတ်နိုင်တာဗျ"ဟု ဆိုလိုက်သည်။

ဦးမာမွတ်က ခပ်ပြုံးပြုံး၊ ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်ရင်း....

"ဒါလောက်လဲ ခွာပြီးမပြောပါဘူးနောင်ကြီးရယ်။ မယုံရင် တခြားဆိုင်တွေလဲ လျှောက်မေးကြည့်ပါဦး"

ဦးပဉ္ဇင်းနှင့် ဒကာကြီးတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ သည်။ ထွက်ပေါက်ရတော့မည်ဆိုပြီး လှည့်ပြန်မည်အလုပ် ဦးမာမွတ်က....

"နေပါဦး ဦးပဉ္ဇင်းတို့၊ သံသေတ္တာမရနိုင်ရင် သားရေသေတ္တာ ကြည့်ကြပါဦး"

ဘုန်းကြီးနှင့် ဒကာကြီးတို့ ဆိုင်ထဲမှ ထွက်မည့်ခြေလှမ်း တုံ့ခနဲ ဖြစ်သွားပြီး တန်းပေါ်တွင် တင်ထားသော သားရေသေတ္တာများဆီသို့ မျက်စိရောက်သွားပြန်သည်။

"အဲဒါတွေက မြန်မာပြည်မှာ လုပ်တာတွေပါ၊ နိုင်ငံခြားကလာတဲ့ သားရေ သေတ္တာတွေအထဲမှာ ရှိပါသေးတယ်"

ဦးမာမွတ် ပြောပြောဆိုဆို ဆိုင်ခန်းထဲ ဝင်သွားပြီး သားရေသေတ္တာနှစ်လုံး ဆွဲထုတ်လာ၏။

ဒါကတော့ ဦးမာမွတ် ဗြောင်လိမ်တာပါ။ ထိုခေတ်က နိုင်ငံခြားမှလာသည့် သားရေသေတ္တာ လုံးဝမရှိ။ အလျှင်းမရှိ။ ယခုခေတ်လို (brief case) ဘရိဖ်ကေ့စ်တွေ၊ (suit case) ဆုတ်စ်ကေ့စ်တွေ၊ (attache case) အတက်ချီကေ့စ်တွေ ဘယ်လိုမှ မပေါ်သေး။ တိုရှင်းလိုရှင်း ရေးရသော် နောက်ဆုံးတွင် ဘုန်းတော်ကြီးနှင့် ဒကာကြီးတို့ နိုင်ငံခြားမှလာသည်ဟု ဦးမာမွတ်ပြောသော သားရေသေတ္တာတစ်လုံးကို အတန်တန် ဈေးဆစ်ကာ တစ်ရာ့နှစ်ဆယ်နှင့် ဈေးတည့်သွားလေတော့သတည်း။

'သူ့ပညာကလဲ မခေဘူးဗျ၊ ခင်ဗျား တစ်အောင့်လောက် စောင့်ကြည့်နေ' ဆိုသော ကိုဟာစန်၏ပြောစကား တကယ်မှန်ပါသည်။ ဆိုင်ထဲဝင်လာသည့်ဈေးဝယ်သူ ကို လက်ချည်းဗလာ ပြန်လွှတ်လိုက်ရိုးထုံးစံ ရှိဟန်မတူ။

အလားတူပင် ဘာယာ မင်းအောင်က ထောင်မှူးမောင်မောင်ကို မျှော့သွေးစမ်း လာချေပြီ။ "သခင် ခြောက်လုံးပြူး ယူမလား" တဲ့။

http://www.cherrythitsar.org



ဟာ လိုချင်တာပေါ့၊ ဘယ့်နှယ် ပြောပါလိမ့်။ အဲဒီတုန်းက ထောင်မှူးပေါက်စ မောင်မောင်တို့ ခြောက်လုံးပြူး ရှူး ရှူးနေသည့် အချိန်ပဲ။ သို့သော် ဟန်ကိုယ့်ဖို့ဆိုသော စကားကလည်း ရှိနေပြန်သည်။

"အေး ရရင်တော့ လိုချင်တာပေါ့။ ဘယ်သူ့ဆီကလဲ"

"လွယ်ပါတယ်သခင်။ သခင့်ကို ဂီတာတီးသင်နေတဲ့ ကိုမင်းနောင်က တောပြန် မဟုတ်လား။ ကျောက်ဆည်ဘက်မှာ သူဝှက်ထားခဲ့တဲ့ ခြောက်လုံးပြူးတို့၊ ရိုင်ဖယ် သေနတ်တို့ ရှိသတဲ့"

"အဲဒါကို ဘယ်သူက သွားယူမှာလဲ"

"ဒီလကုန်ရင် မတ္တရာက ခိုးမှုနဲ့ ထောင်ကျနေတဲ့ ကျွန်တော့်အသိ တစ်ယောက် လွတ်မယ်၊ သူသွားယူပေးပါလိမ့်မယ်။ ကျွန်တော် အားလုံး စီစဉ်ပြီးပါပြီ"

ထိုစဉ်က ဒုတိယကမ္ဘာစစ်ကြီးပြီးစ ဖြစ်၍ မြန်မာပြည်တွင် လက်နက်ပုန်းများ ဖော်ထုတ်နေချိန် ဖြစ်သည်။ အစိုးရအရာရှိများ၊ ဂုဏ်သရေရှိ လူကြီးများ အစိုးရထံ လက်နက်တင်ပြနိုင်လျှင် လိုင်စင်ထုတ်ပေးသည်။ သို့ဖြစ်၍ ထောင်မှူးမောင်မောင်က....

"အေးလေ၊ သူလွတ်ရင် အယူခိုင်းလိုက်ပေါ့"

ဘာယာ မင်းအောင်က ထောင်မှူးမောင်မောင်၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ရင်း....

"လောလောဆယ် ငွေတစ်ရာလောက်တော့ လိုတယ် သခင်"

'လောလောဆယ် ငွေတစ်ရာလောက်'။ ထောင်မှူးမောင်မောင် သူ၏စိတ်ထဲ တီးတိုးရေရွတ်မိသည်။ အဲဒီတုန်းက ငွေတစ်ရာမှာ နည်းနည်းနောနော မဟုတ်။ သူ့ လက်ထဲမှာလည်း ဘယ်လိုလုပ်မှမရှိ။ ရှိတယ်ပဲ ထားဦး။ ကြံဖန်ပြီး ရှာလို့ရတယ်ပဲ ထားဦး။ သူ၏နားထဲတွင် ထောင်မှူးသင်တန်း တက်စဉ်က ကျောင်းအုပ်ဆရာကြီး မစ္စတာ အေကရစ္စနား၏ စကားသံကြီး ပြန်လည်ကြားယောင်လာမိသည်။

"မင်းတို့ အကျဉ်းထောင် လက်စွဲဥပဒေအပိုဒ် ၁၁၇ ကိုလဲ သတိထားကြနော်။ မင်းတို့ ထောင်မှူးတွေနဲ့ အကျဉ်းသားတွေနဲ့ ဘာတစ်ခုမှ အရောင်းအဝယ် မလုပ်ရဘူး။ ငွေရေးကြေးရေး ကိစ္စ မပတ်သက်စေရဘူး။ တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်တဲ့နည်းနဲ့ ဖြစ်စေပေါ့ကွာ။ အဲဒီလို ပတ်သက်လာရင် အကျဉ်းထောင် အက်ဥပဒေ ၄၂ နဲ့ တရားစွဲခံရမယ် ကြားလား"

ထောင်မှူးမောင်မောင် သူ၏ဘာယာမင်းအောင်ကို စေ့စေ့ကြည့်ပြီး ခေါင်းယမ်းလိုက်သည်။

"တော်ပြီကွာ၊ မင်းခြောက်လုံးပြူး မလိုချင်တော့ဘူး"

အမယ်လေး.... ကံသီလို့ပါတကား။

■

# ၃၅

အကျဉ်းထောင် လုပ်ငန်းသဘော သဘာဝအရ ဣဋ္ဌာရုံရယ်လို့ မရှိ၊ အနိဋ္ဌာရုံအတိ။ သို့တစေ အဲဒီကြားထဲက တစ်ခါတစ်ရံ ရယ်စရာမောစရာကလေးများကိုလည်း ကြုံကြားကြုံကြား တွေ့ရတတ်ပါသေးသည်။

အထက်မြန်မာပြည်ရှိ ထောင်ကြီးတစ်ထောင်တွင် အမှုထမ်းနေစဉ်က ဖြစ်၏။ ထောင်မှူးလူငယ်တို့ ဘာသာဘာဝ နည်းနည်းကလေး အချိန်အား မရလိုက်နှင့် ရသည့် အချိန်ကလေးကို လုပြီး ခေါင်းမှလွတ်သည့်မြင်းပမာ ကဆုန်ချ၍ အပြင်ထွက် ပျော်လေ့ ပါးလေ့ ရှိကြသည်။ တစ်ခါက မန္တလေးထောင်ကြီးတွင် ဖိုဒ့်ကားကြီးကို ထောင်ရှေ့မှ ထောင်ပိုင်ကြီး မသိအောင် အသာလေးတွန်းထုတ်သွားပြီး ခပ်လှမ်းလှမ်းရောက်မှ စက်နှိုး၍ အပြင်ထွက်လည်ခဲ့သည့်အကြောင်း ရေးခဲ့ဖူးပါပြီ။

ပထမတော့ တတ်နိုင်သည့် ထောင်မှူးနှစ်ယောက် သုံးယောက် စုပေါင်းဒကာခံ ၍ စားပွဲရုံသို့ သွားကြမည်။ စားကြသောက်ကြမည်။ ပြီးတော့ ဖွေဖောက်တတ်သော ထောင်မှူးတစ်ယောက်၏ ဦးဆောင်မှုဖြင့် တစ်နေရာရာ ရောက်သွားကြမည်။ ဆိုကြပါစို့....၊ အဲဒီတုန်းက ဘုရားနီအနောက်ဘက် သို့တည်းမဟုတ် အောင်ပင်လယ်တစ်ဝိုက် ဆီသို့။ အပျော်အပါးဆိုတာကတော့ စုံသလားမမေးလေနှင့်၊ စုံမှစုံ။ ထောင်မှ ထွက်သွားကြသည့် ထောင်လွတ် အကျဉ်းသားများကလည်း အဘက်ဘက်က ပါရမီဖြည့်ဖို့ အရံသင့်။ အချို့အချို့သော ထောင်လွတ်တွေမှာ နောက်တစ်ခေါက် ထောင်ပြန်ရောက်ဖို့ သေချာပေါက် ဆိုတော့ ယခုကတည်းက ကြိုတင်ပြုစုထားခါမှ တော်ကာကျမည်။

http://www.cherrythitsar.org



အဲဒီလို ပျော်ကြပါးကြရာက တက်လာသည့် ပြဿနာကလည်း မသေးလှ။

တစ်နေ့တွင် ဘာဖြစ်လာသည် ထင်ပါသနည်း။ ထောင်မှူးမောင်မောင်မှာ ညနေ ထောင်ပိတ်မရှိ၊ ညနေလေးနာရီထွက် ဖြစ်၍ ထောင်တွင်းမှ ထွက်လာရာ တံခါး ထဲတွင် ရုတ်ရုတ်သဲသဲ ဖြစ်နေ၏။ ဘာများဖြစ်နေသလဲလို့ ကြည့်လိုက်တော့....

လားလား.... ရုံးအပြန်တွင်ပါလာသော အမျိုးသမီးတစ်ဦးက ထောင်မှူး မောင်မောင်တို့အဖွဲ့ဝင် ထောင်မှူးတစ်ယောက်၏ ဒူးကိုဖက်လို့၊ မျက်ရည်စက်လက်။

"အမယ်လေး အစ်ကိုရဲ့.... ကယ်ပါဦး"တဲ့။

ကဲ.... ဘယ့်နှယ် လုပ်မတုံး၊ မခက်ပါလား။ သူမ အမူက ပြည့်တန်ဆာအမူ လေ....။ ထောင်မှူးမောင်မောင်ကတော့ လူပါးပဲ၊ ဘာရမတုံး၊ မမြင်ချင်ယောင်ဆောင်ပြီး အသာလေး အပြင်လစ်ထွက်ခဲ့တာပေါ့။ နို့ဖြင့် အစ်ကိုလဲ အတူတူပါတာပဲဆိုရင် မခက် ပါလား။ သို့သော် ရှောင်လို့ရသည့်အခါရှိသလို မရှောင်သာသည့် အမြှောင်ကြား မင်းနဲ့ ငါနဲ့ညားရသည့်အဖြစ်များလည်း ရှိခဲ့ဖူးပါသည်။

အဖြစ်က ဒီလိုပါ။

'ဗိုလ်အောင်ဒင် သားဟေ့၊ သား ဗိုလ်အောင်ဒင်။ ပြိုင်စံရှားဟေ့ ကျားခင်စိန်' ဒါက ဗိုလ်အောင်ဒင် ရုပ်ရှင်ကား၏အဆက် သားဗိုလ်အောင်ဒင် ကားထဲမှသီချင်းဖြစ်ပါ သည်။ ကျားခင်စိန်အဖြစ်သရုပ်ဆောင်သူက သမ္ဘာရင့် ရုပ်ရှင်မင်းသမီးကြီး ခင်အုန်းမြင့်။ အဲဒီကားထဲတွင် ခင်အုန်းမြင့်၏သရုပ်ဆောင်ချက်မှာ သိပ်ပြီးသဘာဝကျ၊ ပီပြင်လှ သည်။ ကျားခင်စိန်ဆိုသောအမည်နှင့် လိုက်ဖက်စွာ ကျားကျားလျားလျား နိုင်လှသည်။ မိန်းမသားပင်ဖြစ်လင့်ကစား ယောကျ်ားဆန်သောအမူအရာ၊ ရဲစွမ်းသတ္တိရှိသောဟန်ပန်၊ တောင့်တင်းဖျတ်လတ်သော ကိုယ်အနေအထားတို့ဖြင့် တကယ့်ကို ကျားခင်စိန် ပီသလှ ပါပေ၏။ ထောင်မှူးမောင်မောင်နှင့် ပဲခူးထောင်တွင် တွေ့ခဲ့ဖူးသော ကျားခင်စိန်ကတော့ တစ်မျိုးတစ်စား။ သားဗိုလ်အောင်ဒင်ထဲက ကျားခင်စိန်နှင့် ဆန့်ကျင်ဘက်။

သုံးတောင်ထွာဝတ် မိန်းမပီသစွာ ဣန္ဒြေရှိသည်၊ သိက္ခာရှိသည်။ မိန်းမ ဆန်သည်၊ ဆင်ပြင်လက္ခဏာ အမူအရာအားဖြင့်လည်း နူးညံ့သိမ်မွေ့သည်။ အကြောင်း မသိသူ လူစိမ်းတစ်ယောက်အနေနှင့် ကျားခင်စိန်ကို တွေ့မြင်ခဲ့ရင် ဘာကတော်ပါလိမ့်၊ ပွဲရုံပိုင်ရှင်ကြီးများလားဟု ထင်မှတ်မှားရလောက်အောင် ဆင်ယင်ထုံးဖွဲ့တတ်၏။

ရယ်တော့လည်း ရယ်စရာ။ ဖြစ်ပုံကလေး ပြန်ပြောင်း နတ်သံနှောချင်ပါသေး သည်။ ထိုစဉ်က ပဲခူးထောင်ကျဉ်းကျဉ်းကလေးထဲတွင် လွတ်လပ်ရေးအထိမ်းအမှတ် အဖြစ် ပြေးခုန်ပစ် ပြိုင်ပွဲကလေးတစ်ခုကို ဖြစ်သလို ကျင်းပခဲ့သည်။ ထောင်ပိုင်ကြီး လောကွတ်ချော်သဖြင့် ခရိုင်ဝန် ခေါ် အရေးပိုင်ကြီးက သူကိုယ်တိုင်လာ၍ ချီးမြှင့်မည် ဆို၏။ အရေးပိုင်သာမက အရေးပိုင်ကတော်ကြီးပါ ထောင်ထဲမရောက်ဖူး၍ လိုက်လာ မည်ဆိုတော့ ထောင်ပိုင်ကတော်တို့ ထောင်မှူးကတော်တို့လည်း မနေသာတော့ဘူးပေါ့။

http://www.cherrythitsar.org



အံမယ်.... ကျားခင်စိန်ကလည်း အခြားအကျဉ်းသူ နှစ်ယောက်နှင့်အတူ အကျအန ဝတ်စားဖြီးလိမ်းပြီး ကုလားထိုင်ပေါ်မှာ အခန့်သားထိုင်လို့ပါလား။ ထောင်မှူးမောင်မောင် အလုပ်များနေသည့်ကြားမှ မျက်စိတစ်ချက် ဝေ့ယမ်းကြည့်မိသည်။ ကျားခင်စိန်၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုမှာ အရေးပိုင်ကတော်နှင့် ထောင်အရာရှိကတော်တို့ထက် လုံးဝမနိမ့်ကျ၊ သာပင် သာချင်သေးသည်။ သို့သော် တစ်ခုတည်းဆိုရန်ရှိသည်။ ကျားခင်စိန်သည် လူတစ်ဖက်သားအား လက်တစ်လုံးကြား လိမ်တော့မည်ဆိုလျှင် သူ့အပြင် နှစ်ယောက်မရှိ။ အနုပညာဆန်ဆန်နှင့် သူမတူအောင် ပိပိရိရိ လိမ်သွားတတ်ခြင်းပင် ဖြစ်၏။ ၁၉၅၅ ခုနှစ်တစ်ဝိုက်က ရန်ကုန်၊ ပဲခူး၊ တောင်ငူ၊ သထုံ၊ မော်လမြိုင် စသည့်မြို့ကြီးများတွင် ရုပ်ရည်သားသားနားနားနှင့် မိန်းမရွယ်တစ်ယောက် တကယ့်ထိပ်သီးဆိုင်ကြီးများ၌ ကလိန်စေ့ငြမ်းဆင်၍ ပစ္စည်းများ လိမ်လည်ရယူသွားသည့် သတင်းများက သတင်းစာတွင် အထင်အရှား။

သူမ ကလိန်ကျပုံက ဒီလို။ ပဲခူးမြို့ဈေးကြီးထဲတွင် နံနက် ၁၀ နာရီခန့် လူစည်ကားချိန်ဖြစ်၏။ မွတ်စလင်အထည်ဆိုင်ကြီးတစ်ဆိုင်ရှေ့တွင် မယ်သီလရှင် တစ်ပါးနှင့် သားသားနားနား ဝတ်ဆင်ထားသော မိန်းမရွယ်တစ်ယောက်တို့ လာရပ်သည်။ မိန်းမရွယ်ကတော့ အထူးပြောရန်မလို၊ ကျားခင်စိန်ပင် ဖြစ်၏။ အသက်အရွယ် အားဖြင့် ၃၈ နှစ်ခန့် ဖြစ်၍ အသားဖြူသည်။ အရပ်အမောင်းက ငါးပေ သုံးလက်မခန့်။ မျက်လုံးမျက်ဖန်ကောင်း၍ နှာတံစင်းစင်းရှိသည်။ ဖက်ဖူးရောင်နိုင်လွန်အင်္ကျီလက်ရှည်နှင့် အနက်ပြောက် တူဘာရက်ကိုးထဘီကို ဝတ်ဆင်ထားသည်။ လက်ဝတ်လက်စား ရွှေထည်ပစ္စည်းကလည်း အပြည့်အစုံ၊ အဖိုးတန် လက်ပွေ့အိတ် တစ်ခုကိုလည်း ပိုက်လျက်။

"အစ်မလေး၊ ဘာယူမလဲ ခင်ဗျာ....၊ ထိုင်ပါဦး"

"လိုချင်တာကတော့ အစုံပါပဲ။ ဒိုက်ဦးဘုရားပွဲမှာ သွားရောင်းချင်လို့"

ထိုအချိန်က ဒိုက်ဦးတွင် တကယ်ပင် ဘုရားပွဲရှိနေကြောင်းကိုလည်း ဆိုင်ရှင်က သိပြီးဖြစ်သည်။

"ရပါတယ်၊ အစ်မလေး ကြိုက်တာယူပါ။ ထိုင်ပါဦးခင်ဗျာ"

ကျားခင်စိန်နှင့် မယ်သီလရှင်တို့ ဆိုင်ပေါ်တက်ထိုင်ကြသည်။ နဂါးပိတ်၊ ရှန်သားပွင့်ရိုက်မှအစ နိုင်လွန် အပေါ်စား၊ အကောင်းစား စုစုပေါင်းပစ္စည်း ကျပ် ၈၀၀ ဖိုးလောက်ရွေးချယ် ဈေးတည့်ကြသည်။ ဆိုင်ရှင်ကလည်း တစ်မနက်တည်းနှင့် ပွပေါက်တိုးပြီဟု အပျော်ကြီး ပျော်နေသည်။ အရောင်းအဝယ် ပြီးပြတ်သည်နှင့် ကျားခင်စိန်က ဆိုင်ရှေ့မှ ဖြတ်သွားသော ကူလီကုလား တစ်ယောက်ကို လှမ်းခေါ်လိုက်၏။

"ဟေ့ ကူလီ၊ လာဦး"

အထည်နှစ်ထုပ် ကူလီကုလားပခုံးပေါ်ရောက်သွားပြီ။ ကျားခင်စိန်က ကျသင့်ငွေကိုရှင်းရန် လက်ပွေ့အိတ်ကို ဖွင့်လိုက်သည်။ လက်ပွေ့အိတ်ထဲမှ ရာတန်ငါးရွက်

http://www.cherrythitsar.org



ခန့်နှင့် တစ်ဆယ်တန်၊ ငါးကျပ်တန်များထုတ်၍ ရေတွက်နေသည်။

"ဟောတော့၊ ငွေလဲ မပြည့်တော့ပါလား။ ခုမှ သတိရတယ်၊ မနေ့က ညွန့်မြင့်စတိုးက ကိုထွန်းမြင့်ဆီမှာ ငွေတစ်ထောင် အပ်ထားခဲ့တာ ဝင်မယူခဲ့ရသေးဘူး"

ညွန့်မြင့်စတိုးမှာ အဆိုပါ အထည်ဆိုင်နှင့် ဝါးနှစ်ပြန်ခန့်သာ ဝေးသည်။ သို့သော် လမ်းထောင့်စွန်း ကွယ်နေသဖြင့် အထည်ဆိုင်မှ လှမ်းကြည့်လို့ မမြင်နိုင်ပေ။ ညွန့်မြင့်စတိုးမှ မန်နေဂျင်းပါတနာ ကိုထွန်းမြင့်ကိုလည်း အထည်ဆိုင်ရှင်က ကောင်းစွာ သိ၏။ ကျားခင်စိန်က ဆိုင်ရှင်၏မျက်နှာကို တစ်ချက်အကဲခတ်လိုက်ရင်း....။

"ဒီလို လုပ်ပါလား....။ ဆရာလေး ဒီမှာစောင့်နေပါဦး။ ကျွန်မငွေယူပြီး အခု ပြန်လာခဲ့မှာပေါ့။ ကုလားကတော့ ထမ်းလက်စနဲ့ တစ်ခါတည်း လိုက်ပို့ပါကွယ်။ ယုံရဲ့လား ဆရာကြီး"

ကျားခင်စိန်၏ အမူအရာမှာ တကယ်ပင် ပိရိလှသည်။ ကန္တဲ့ကလျှနှင့် ရှပ်တပ်တပ် မဟုတ်။ မခိုးမခန့်ဟုလည်း မဆိုသာ။ ခပ်တည်တည်နှင့် မိန့်မိန့်ကလေးဟု ဆိုရမလား။ ဘာပဲပြောပြော ဆိုင်ရှင်ကတော့ ကျားခင်စိန်ကို ယုံနေပါပြီ။ စောစောက မြင်လိုက်ရသော ရာတန်များကြောင့်လည်းကောင်း၊ ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော ရွှေထည်ပစ္စည်းများကြောင့်လည်းကောင်း၊ နောက်ပြီး ဆရာလေးကိုပါ စောင့်ခိုင်းထားဦး မယ်ဆိုတော့ ဘယ်မှာ သံသယဝင်နိုင်တော့မှာလဲ။

"ယုံပါတယ်ခင်ဗျာ၊ ယုံပါတယ်"

အထုပ်အပိုးနှင့် ကျားခင်စိန်တို့ လစ်ချေပြီ။ ဆယ့်ငါးမိနစ်လောက်ကြာတော့ ဆိုင်ရှင့်စိတ်ထဲ သံသယဝင်လာ၏။ ကျားခင်စိန်ထားခဲ့သည့် မယ်သီလရင်ကတော့ လွယ်အိတ်ကလေးတစ်လုံး ရင်ဝယ်ပိုက်ရင်း ဣန္ဒြေရရထိုင်လျက် ကျားခင်စိန် သွားရာ လမ်းသို့ ပြန်လာနိုးနိုး လည်တဆန့်ဆန့်။ နာရီဝက်ခန့်ကြာတော့ ဆိုင်ရှင်မှာ အယုံအကြည် ကင်းမဲ့လာ၏။

"ဟာရှင်၊ ညွန့်မြင့်စတိုးကို သွားစမ်း။ ခုနက မိန်းမ ရှိသလားလို့၊ ပြီးတော့ သူပြောတဲ့ ငွေတစ်ထောင် အပ် မအပ် ဆိုတာလဲ ကိုထွန်းမြင့်ကို မေးခဲ့"

ချက်ချင်းလိုပင် ဟာရှင်ပြန်လာပြီး ညွန့်မြင့်စတိုးသို့ အဆိုပါအမျိုးသမီး မလာကြောင်း၊ ငွေအပ်သည်ဆိုသော ကိစ္စမှာလည်း လုံးဝမဟုတ်ကြောင်း ပြန်ပြောလာသည်။ အဲဒီကျတော့ ဆိုင်ရှင်လည်း ထိပ်ချမှ ဓားပြမှန်း သိလိုက်ပြီ။

"သွားပြီ.... သွားပြီ။ ရှစ်ရာကျော်ဖိုးလောက် ကိစ္စချောပြီ"

သို့သော် ကိစ္စမရှိ၊ ကယ်တင်ပစ္စည်းအနေနှင့် မယ်သီလရင်တစ်ပါး ရှိနေသေးသည်။ အထည်ဆိုင်ရှင်က မယ်သီလရင်ကို ရဲစခန်းသို့ ခေါ်သွားပြီး အမှုဖွင့်သောအခါ၊

"ဆရာလေးလဲ ဘာမှ မသိရပါဘူးကွယ်၊ ဆရာလေးက ဘုရားကြီးကပါ။ ဒီနေ့မနက်မှ ဘုရားကြီးက ဒိုက်ဦးကားနဲ့ တက်လိုက်လာရင်း အဲဒီမိန်းမနဲ့ တွေ့ရတာ"

http://www.cherrythitsar.org



ရဲအရာရှိက ဖြတ်၍မေးလိုက်သည်။

"သူ့နာမည်က"

"မညွန့်စိန်လို့ ပြောတာပဲ၊ ဒိုက်ဦးမှာနေတယ်တဲ့"

ရဲအရာရှိက အသေးစိတ် ဆက်၍ စစ်မေးရာ....

"အေးလေ ခုနပြောတဲ့ အတိုင်းပါပဲ။ ဆရာလေးနဲ့ကလဲ ဘုရားကြီးကနေပြီး ကားပေါ်မှာ တွေ့ခဲ့ကြတာပဲ။ သူက ဆရာလေးကို တွေ့တွေ့ချင်း အမေအရင်းလို ခင်မင်သတဲ့။ သူ့အမေကလဲ အသက် ၆၀ ကျော်နေပြီ၊ ဆရာလေးတို့ အရွယ်ပဲတဲ့။ နောက်ပြီး ဆရာလေးလိုပဲ မယ်သီလရင် ဝတ်နေသတဲ့။ အဲဒါ အမေအနေနဲ့ လှူချင် တန်းချင်ပါတယ် ဆိုပြီး ပဲခူးဈေးထဲမှာ ဆရာလေးအတွက် တစ်ဆယ်ကျော်ဖိုးလောက် ဝယ်လှူခဲ့တယ်။ ဆရာလေးက ပြောပါတယ်။ မဟာစေတီဘက်မှာရှိတဲ့ သမီးဆီကို သွားဦးမယ် ဆိုတော့၊ နေပါဦး ဆရာလေးရယ်၊ မနက်စာ ထမင်းအတူတူစားပြီးတော့မှ ခွဲကြတာပေါ့ ဆိုပြီး အဲဒီအထည်ဆိုင်ကို ဝင်ခဲ့ကြတာပဲကွယ်"

ဒီမှာပင် ဇာတ်လမ်းက ဆုံးပြီ။ သို့သော်... ရဲအရာရှိက ဘယ်အဆုံးခံနိုင်မလဲ။ ကျားခင်စိန်၏ ပုံပန်းသဏ္ဌာန်ကို မေးမြန်းမှတ်သားထားလိုက်တာပေါ့။ ပြီးတော့ မီးရထားဘူတာတို့၊ ကားဂိတ်မှာ လိုက်၍ရှာစေသည်။ ဘယ်မှ ရှာလို့မတွေ့။ နာရီဝက် ကျော်ကျော်၊ တစ်နာရီနီးပါးဆိုသော အချိန်ကာလမှာ ကျားခင်စိန်အတွက် လိုသည် ထက်ပင် ပိုနေပါလိမ့်ဦးမည်။

မိချင်တော့လည်း အလွယ်ကလေးပါ။ သုံးရက်အကြာမှာပင် ညောင်ဝိုင်း ဈေးထဲက သွားမိလာသည်။ ကျားခင်စိန်က မိန်းမပါး မဟုတ်လား။ အထည်ပစ္စည်း များလိမ်ပြီး ပဲခူးမှ ချက်ချင်းမထွက်၊ ညောင်ဝိုင်းဘက်တွင် ခြေရာဖျောက်ထားလိုက်၏။ သွေးအေးလောက်မှ ပဲခူးက လစ်မယ်ပေါ့လေ။ သို့သော် ရာဇဝတ်မှု ကျူးလွန်သူတို့နှင့် ရဲဆိုတာက ကြောင်နှင့်ကြွက်လို မဟုတ်လား။ သူဘယ်လောက် ပြေးနိုင်မှာတဲ့လဲ။

အဲဒီမှာ မညွန့်စိန်ဟု အမည်ပြောင်းထားသော ကျားခင်စိန် ပဲခူးထောင်ရောက် လာပြီပေါ့။ ကျားခင်စိန် ပဲခူးထောင်ထဲ ဝင်လာတော့ ထောင်မှူးမောင်မောင်တို့ ဝန်ထုပ်ဝန် ပိုး တက်ချေပြီ။ လက်အောက်ငယ်သားတွေကိုလည်း အထူးသတိပေးရ၏။

"အဲဒါ မိန်းမလည် သိန်းကြွယ်နော်၊ မင်းတို့ကျပ်ကျပ် သတိထားကြ။ မင်းတို့ ငါတို့ကို အများကြီး ဒုက္ခပေးနိုင်တယ်"

ထောင်မှူးမောင်မောင် သူမရာဇဝင်ကိုလည်း ဇာတ်ခင်းပြပါသည်။

"အေး.... သူပြောတာတော့ ဟသ်ာတဇာတိပဲ။ သူ့ယောကျ်ားက ရဲအုပ်တဲ့။ သားကလေးတစ်ယောက်ရပြီးမှ စိတ်သဘောချင်း မတိုက်ဆိုင်လို့ လင်မယားချင်း ကွဲခဲ့ ကြသတဲ့"

တစ်နေ့တွင် ကျားခင်စိန် ရုံးထွက်မှအပြန် မော်တော်ကားအရောင်းအဝယ်

http://www.cherrythitsar.org



စာချုပ် တစ်ခုပါလာသည်။

"ရော့ အဲဒီစာချုပ် ဆရာ့ဆီမှာ သိမ်းထားပါ။ ဆရာစီးချင်ရင်လဲ ကားယူစီး ထားပါ"

အံ့မယ်လေးလေး၊ ကြောက်လှပါပြီ။ သူမကားကိုလည်း ဘယ်လိုမှ မစီးရဲပါ။ သို့နှင့်ပင် သူမ၏ မော်တော်ကားအရောင်းအဝယ် စာချုပ်ကို ဥပဒေနှင့်အညီ သိမ်းဆည်း ထားပြီး နောက်တစ်ပတ် ရုံးအထွက်တွင် ပြန်ပေးလိုက်သည်။ သူ့အမှုတွေကလည်း အများသား မဟုတ်လား။ တောင်ငူရုံး ထွက်လိုက်၊ ရန်ကုန်ရုံး ထွက်လိုက်၊ မော်လမြိုင် ရုံး ထွက်လိုက်နှင့် ပဲခူးထောင်မှာ တစ်နှစ်နီးပါး ကြာသွားသည်။

အဲဒီတစ်နှစ်နီးပါးအတွင်း ပဲခူးထောင်မှာ မွေသွားလိုက်ပုံကတော့....

ဤနေရာတွင် ထိုစဉ်က ပဲခူးထောင်၏ အနေအထားကလေးကို ဖော်ပြရန် လိုအပ်လာပြန်၏။ တကယ်တော့ ထိုစဉ်က ပဲခူးထောင် (ယခုလက်ရှိ ရဲအချုပ်)မှာ အကျဉ်းထောင် အင်္ဂါရပ်နှင့် လုံးဝမပြည့်စုံပေ။ တစ်ထပ်တိုက်ပုကလေး၊ ဟိုဘက်ဒီဘက် ရင်ခွဲ သုံးခန်းစီ။ ရှေ့ပိုင်းက ရုံးခန်းငယ်နှစ်ခု၊ ရုံးခန်းတစ်ခုတွင် ထောင်ပိုင်ရုံးထိုင်၍ ကျန် ရုံးခန်းတစ်ခုတွင် မိန်းမအကျဉ်းသူများကို ထားရခြင်းဖြစ်၏။ ထောင်မှူးရုံးခန်း ကတော့ ရုံးခန်းနှစ်ခုနှင့် အိပ်ဆောင်ကြား ကွက်လပ်ကလေးမှာ။ ထောင်မှူး၊ထောင်ပိုင်ရုံး ဆိုတာကလည်း နေ့ခင်းပိုင်းမှသာ အသက်ဝင်လှုပ်ရှားနေခြင်းဖြစ်၏။ ညပိုင်းနှင့် ရုံးပိတ် ရက်အချိန်များတွင်မူ အဲဒီနေရာတွေမှာ ပေယျာလကန် ပစ်ထားရသည့်သဘော သက် ရောက်နေသည်။

ကျားခင်စိန်နေသည့်အခန်းမှ ယောကျ်ားတွေနေသည့်အချုပ်ခန်းဘက် လှမ်း ကြည့်မည်ဆိုလျှင် ဘာမျှ မဝေးလှ။ အများဆုံး ဆယ့်လေးငါးပေသာ ဝေးမည်။ ဒီတော့ ကျားခင်စိန်ကလည်း နဂိုကတည်းက ခြေမငြိမ်၊ လက်မငြိမ်၊ ပြဿနာပေါင်း သောင်း ခြောက်ထောင်ပေါ့။ အကျဉ်းသားတန်းစီး မောင်မြင့်နှင့် ဘာလိုလို ကြားနေခဲ့ရသည် မှာတော့ ကြာပါပြီ။ ဖြစ်နိုင်စရာလည်း အကြောင်းရှိ၏။ တန်းစီးဆိုသည်မှာ ထောင်ထဲ တွင် ယူနီဖောင်းဝတ် လခစားဝန်ထမ်းများပြီးလျှင် သူ့မှာ အာဏာပါဝါအပြည့်။ လုပ်ပိုင် ခွင့်တွေ အများကြီး ရှိသည်။

လိင်မတူသည့် လူသားနှစ်မျိုးနှစ်စားကို အတူပူးတွဲထိန်းသိမ်းရသည်မှာ အင်မတန်တာဝန်ကြီးပါသည်။ သဘာဝတရားအရလည်း ဟိုလို ဒီလို တောင်းဆိုလျက် ရှိဟန်တူ၏။ တစ်နေ့တွင် ထောင်ကြပ်အုပ် ဦးချစ်က သတိပေးလာသည်။

"ဆရာ၊ မောင်မြင့်နဲ့ မခင်စိန်တို့ အခြေအနေ သိပ်မဟန်ဘူး"

"ဟုတ်လား၊ ဘယ်လို မဟန်တာလဲ"

"မခင်စိန် ရုံးထွက်က ပြန်ပြန်လာတိုင်း မောင်မြင့်အတွက် ခေါက်ဆွဲကြော်တို့၊ ထမင်းကြော်တို့ အမြဲတမ်း ပါပါလာတယ်"

http://www.cherrythitsar.org



"ဒါတော့ သူမှာလိုက်လို့ နေမှာပေါ့"

"မဟုတ်သေးဘူးဆရာ။ တလောဆီက ဒေါ်စော စာတစ်စောင် မိထားတယ် ပြောတယ်"

ဒေါ်စောမှာ အမျိုးသမီးထောင်ကြပ် ဖြစ်၏။

"ဟုတ်လား၊ ဘယ်သူက ပေးတဲ့စာလဲ"

"မောင်မြင့်က မခင်စိန်ကို ပေးတဲ့စာပေါ့ ဆရာရဲ့"

"ခင်ဗျားတို့ အဲဒီတုန်းက ကျွန်တော့်ကို ဘာလို့ မပြောကြတာတုန်း။ ဒေါ်စော ခေါ်စမ်း"

ဒေါ်စော ရောက်လာ၍ မေးကြည့်လိုက်တော့ ဦးချစ် ပြောတဲ့အတိုင်း မှန်နေသည်။ စာတွေ မရှိတော့ပြီ။ မီးရှို့ဖျက်ဆီးလိုက်ပြီ ဆို၏။ မေးကြည့်တော့ ရည်းစားစာပါပဲ။ ဆရာ ဗန်းမော်တင်အောင်လိုပင် ညည်းလိုက်ချင်ပါသည်။

"ဘာများကော တတ်နိုင်ဦးမှာလဲ"

ဖိုနှင့်မ ဆိုတာ သဘာဝမဟုတ်လား။ လူမဆိုထားနှင့် တိရစ္ဆာန်ပင်လျှင် ကြက်ဖကြီးက အောက်အီးအီးအွတ်ဆိုတော့ ကြက်မကြီးက ကတော် ကတော် အော်မြဲ။

ကောင်းပြီ၊ တန်းစီးမောင်မြင့်နှင့် ကျားခင်စိန်တို့ ပြဿနာ ဖြေရှင်းလို့ လွယ်ပါတယ်။ မောင်မြင့်က ထောင်ကျပဲ။ နောက်တစ်ခေါက် ထောင်ကျတွေ အင်းစိန်ထောင် ပြောင်းလျှင် ထည့်ပို့လိုက်ရုံပေါ့။ အင်း.....၊ မောင်မြင့်ပြဿနာ ပြီးတော့ ဦးချစ်က ပြဿနာ တစ်မျိုးတက်လာ ပြန်ချေသည်။

တစ်ညနေခင်း ထောင်မှူးမောင်မောင် အိမ်ပေါ်သို့ ဒေါ်စော တက်လာ၏။

"ဆရာ၊ ကျွန်မလဲ မပြောဘူးလို့ နေတာ၊ အခုတော့ မပြောလို့ မဖြစ်တော့လို့"

ထောင်မှူးမောင်မောင်မှာလည်း ရင်ထဲက ခပ်လေးလေး....။

"အင်း..... ဆိုစမ်းပါဦးဗျာ"

"တခြားတော့ မဟုတ်ပါဘူးဆရာရယ်၊ ဆရာဦးချစ်နဲ့ ဒေါ်ခင်စိန်တို့ အကြောင်းပါ"

"ဟိုက်.... ဦးချစ်၊ ထောင်ကြပ်အုပ်ဦးချစ် ဟုတ်လား"

"ဟုတ်ပါတယ် ဆရာရယ်၊ ဆရာဦးချစ်ပါ"

"နေပါဦး၊ သူတို့နှစ်ယောက်က ဘာဖြစ်နေကြလို့လဲ"

"အဲဒါတော့ ဆရာ့ဘာသာ စုံစမ်းကြည့်တော့၊ ကျွန်မလဲ ပါးစပ်က ပြော မထွက်တော့ဘူး"

အလိုလေးလေး၊ ပြဿနာက မသေးလှပါကလား။ စုံစမ်းကြည့်လိုက်တော့ ဒေါ်စော၏ပြောစကားတွေ အကုန်မှန်နေပြန်သည်။ ထောင်ကြပ်အုပ်ဦးချစ်သည် နံနက်စောစော မိုးမလင်းမီ ထောင်မှူးမောင်မောင်အိမ်သို့ ထောင်ဖွင့်ရန် သော့တွေ လာယူသည်။

http://www.cherrythitsar.org



ထိုစဉ်က ပဲခူးထောင်မှာ ထောင်မှူးတစ်ယောက်တည်းဆိုတော့ နေ့စဉ်ထောင်ဖွင့် ထောင်ပိတ် မဝင်နိုင်။ ဦးချစ် သော့တွေယူသွားပြီး ထောင်ဖွင့်သည်။ အဲ.... ထောင်မဖွင့်မီ မိန်းမအကျဉ်းသူတွေကို အိမ်သာတက်၍ ရေချိုးစေ၏။ ပဲခူး အကျဉ်းထောင်ကလည်း အိမ်သာက တစ်ခုတည်း။ အဲဒီမှာ ပြဿနာ တက်ပြီပေါ့၊ ကျားခင်စိန်ကလည်း ခပ်သည်းသည်းဆိုတော့ ဦးချစ်လည်း ဈာန်လျှောဟန် တူပါသည်။

ဦးချစ်မှာ အိမ်ထောင်ရှိသူ တစ်ဦးပါ။ တကယ့် လူရိုးလူအေး။ အသက်အားဖြင့်လည်း လေးဆယ်တစ်ဝိုက်။ ကျားခင်စိန်နှင့်ကျကာမှ ကြောင်ကျ မကျ၊ ခွေးကျကျဟန်ရှိသည်။ ထောင်မှူးမောင်မောင် သူ့ကိုခေါ်၍ သတိပေးသည်။

"ဦးချစ်၊ ဆင်ခြင်ဦးနော်။ ခင်ဗျား သတင်းတွေ ပဲခူးတစ်ထောင်လုံး ပြန့်နေပြီ"

ဦးချစ်မှာ ထောင်မှူးမောင်မောင်နှင့် ငယ်ပေါင်းဖြစ်၍ သူမှားမိပါကြောင်း ရိုးသားစွာ ဝန်ခံရှာသည်။ နောက်ထပ် မမှားမိအောင် ဆင်ခြင်ပါမည်ဟု ကတိပေးသည်။ ဆင်လည်း ဆင်ခြင်ခဲ့ပါသည်။ အဲဒီအခါကျမှ မရွှေကျားခင်စိန်တို့ တစ်စခန်းထပြီပေါ့။

ကျားခင်စိန်လို မိန်းမမျိုး ဘယ်လောက်တောင် ကြောက်စရာ ကောင်းလိုက်သလဲဆိုတော့....။ အပြင်တရားရုံးတွင် ရုံးထွက်ရင်း သူ့ကို ထောင်ကြပ်အုပ် ဦးချစ်က နံနက်စောစော ထောင်ဖွင့်ချိန် ဗလက္ကာရပြုကျင့်ရန် ကြံစည်ကြိုးစားပါသည်ဟု ဦးတိုက်လျှောက်ထားပါလေတော့သည်။ ကဲ.... ကောင်းကြရော....။

ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ။ ထောင်ကြပ်အုပ် ဦးချစ်ကတော့ ရာထူးကျပြီး တရားရုံးမှာ ရင်ဆိုင်ရပြီ။ ဌာနဆိုင်ရာအနေနှင့်လည်း ပီ–အီးတို့၊ ဒီ–အီးတို့ ဝင်လာပြီ။ ကျားခင်စိန်တို့ကတော့ အပြုံးမပျက်ပါ။ ထမင်းစား ရေသောက် ခပ်မိန့်မိန့်။ ကျားခင်စိန်တို့ ပဲခူးထောင်တွင် ဒါလောက်နှင့်အတောမသတ်ပါ။ နောက်ထပ် အများကြီး မွှေသွားနှောက်သွားသေးသည်။ နောက်ဆုံးတော့ မအူမလည်၊ မနူးမနပ်နှင့် လခစားဝန်ထမ်းကလေးများသာ ထောင်ကြပ်အုပ် ဦးချစ်လို ခံသွားရစမြဲပါ။

ဦးချစ်လည်း ကံကောင်းပါသည်။ တရားရုံးတွင် မခင်စိန်တိုင်သောအမှုတရားရင် လွတ်သွားသည်။ သက်သေသက်ကန်မှ မရှိဘဲ။ ပီ–အီး၊ ဒီ–အီးမှာတော့ ခံလိုက်ရသည်။ ရာထူးတစ်ဆင့်လျှော၍ အခြားထောင်တစ်ထောင်သို့ ပြောင်းရွှေ့ခံရ၏။ အလုပ်မပြုတ်လျှင် ကံကောင်းပေါ့၊ လုပ်သက်တွေကလည်း နည်းတာမဟုတ်။

ထောင်မှူးမောင်မောင်နှင့် ကျားခင်စိန်တို့ ဒီဘဝ ဒီမျှသာ ရေစက်ဆုံလိမ့်မည်ဟု ထင်ခဲ့မိသည်။ အလိုလေးလေး၊ မဟုတ်ပါလား။ မန္တလေးထောင်မှာ တစ်ခါပြန်ပြီး ကြုံရသေးတယ်ခင်ဗျ။ သို့သော် အဲဒီကျတော့ ကျားခင်စိန်သည် မခင်စိန် မဟုတ်တော့။ မအမာ ခေါ် မတင်သန်း ဖြစ်နေချေပြီ။

သူ့ဘာသူ အမာမကလို့ အပျော့ဖြစ်ဖြစ်၊ မခင်စိန်က မတင်သန်းဖြစ်ဖြစ် ထောင်မှူးမောင်မောင်အဖို့တော့ ကျားခင်စိန်ဟာ ကျားခင်စိန်ပါပဲ။ တစ်ပြားသားမှ

http://www.cherrythitsar.org



မလျှော့။ သူ့မျက်နှာကြီးကိုလည်း ကျားချီသွားတောင် မေ့နိုင်မည် မဟုတ်။ ဒီတစ်ခါတော့ မရွှေခင်စိန်တို့က ကကြိုးတစ်မျိုးပြောင်းလာ၏။ ခါတိုင်းလို ရိုးရိုးလိမ်လည်မှုမျိုး မဟုတ်တော့။ ဘိန်းချသည်၊ အမယ် ရွှေချောင်းများပင် ပါလိုက်သေး။

ကျားခင်စိန်ကို ထောင်မှူးမောင်မောင် ထောင်ထဲရောက်ရောက်ချင်း တွေ့ရသည် မဟုတ်။ မိန်းမထောင်ကလည်း သီးခြား၊ သူ့မိန်းမထောင်မှူးနှင့် သူ။ အတန်ငယ်အလှမ်းကွာနေသလို ရှိသည်။ ထောင်မှူးမောင်မောင် မိန်းမထောင်သို့ မရောက်မဟုတ်။ မိန်းဂျေးထောင်မှူးဆိုတော့ မကြာမကြာ ရောက်ရပါသည်။ ရက်ကန်းစင်တွေ ပျက်လျှင်လည်း ခေါ်သည်။ တခြား ဘာညာဘာညာ ကိစ္စဆိုလျှင်လည်း ခေါ်တတ်သည်။သို့သော် ကျားခင်စိန်သည် ထောင်မှူးမောင်မောင် မိန်းမထောင်သို့ဝင်သွားတိုင်း တမင် တကာ ပုန်းပုန်းနေသည်ဆို၏။ ဒါလည်း မခင်စိန် ထောင်မှ လွတ်သွားပြီးမှ သိရခြင်းပါ။

ကျားခင်စိန် မန္တလေးထောင်ကြီးရောက်ပြီး တစ်လခန့်အကြာတွင်မှ ဘူးတံခါးထဲ ရုံးထွက်ကအပြန် ထောင်မှူးမောင်မောင်နှင့် ပက်ပင်းတိုးမိခြင်း ဖြစ်၏။

"ဩော်.... မခင်စိန်ကိုး"

သူမကတော့ ခပ်မိန့်မိန့်ပါပဲ။

ကျားခင်စိန်မှန်း သိသည်နှင့် ချက်ဆိုနားခွက်က မီးတောက်ပြီးသားပဲ။

ချက်ချင်း အထက်လူကြီးများကို အကျိုးအကြောင်း ရှင်းပြသည်။ အမျိုးသမီးထောင်မှူးကိုလည်း သတိဝီရိယနှင့်အုပ်ချုပ်ရန် သတိပေးပြောကြားသည်။ ဒီတစ်ခါကျတော့ ထောင်ကြီးဖြစ်သည့်အပြင် အုပ်ချုပ်ရေးယန္တရားမှာလည်း ပီပြင်တိကျလှသည်ဖြစ်၍ ကျားခင်စိန်တစ်ယောက် မလှုပ်သာ မလူးသာတော့ဘူးဟု တွက်ဆထားသည်။

ထောင်မှူးမောင်မောင်တို့ မှန်းချက်နှင့် နှမ်းထွက် လွဲပြန်ပါလေပြီ။ ကျားခင်စိန်သည် သူမ ရင်ဆိုင်ရသော အမှုတွေကို ဒဏ်ငွေနှစ်ရာဆောင်၍ လွတ်သွား၏။ အဲဒီဒဏ်ငွေနှစ်ရာကို သူမကိုယ်တိုင်ပေးသည် ထင်ပါသလား၊ နိုး နိုး.... ဝေးသေး။ ထောင်ထဲတွင် တွေ့ရသော အခြားအချုပ်တရားခံ အမျိုးသမီးတစ်ဦးကို အပြင်တွင် ဖွက်ထားသော ရွှေချောင်းများအကြောင်း ယုတ္တိရှိအောင် လိမ်လည်ပတ်တီးရိုက်သွားခြင်း ဖြစ်၏။ ဒဏ်ငွေစိုက်ဆောင်ခဲ့သူအမျိုးသမီး ထောင်ကလွတ်တော့ ကျားခင်စိန်ကို ဘယ်မှာရှာရမှန်း ခြေရာပင် ရှာမရတော့ပေ။ ကျားခင်စိန်၏ လက်တစ်လုံးကြား မျက်လှည့် လက်လှည့် ဒဏ်ကို အပြင်လောကရော ထောင်လောကမှပါ အလူးအလဲ ခံခဲ့ကြရပြီဖြစ်၏။

အဲဒီအထဲမှာ ထောင်မှူးမောင်မောင် ပါလိမ့်မယ်လို့ မထင်။ ဟုတ်ကဲ့၊ ပါသမှပါ။ နောက်ဆုံးပိတ် အိတ်နှင့်လွယ်လို့ ဆိုရမလား ထင်ပါ့။

ဖြစ်ရပုံကတော့....

ကျားခင်စိန်သည် ထောင်ထဲရောက်ပြီးနောက် ထောင်မှူးမောင်မောင် မိန်းမထောင်သို့ ရောက်သွားတိုင်း ချောင်တစ်ချောင်တွင် ပုန်းပုန်းနေတတ်၏။ အဲဒါကို သတိ

http://www.cherrythitsar.org



ထားမိသော အခြားအမျိုးသမီး တရားခံများက စပ်စုကြသည်။

“နေပါဦး အမာ၊ ဒီထောင်မှူး လာရင် ရှင် ဘာပြုလို့ ပုန်းပုန်းနေရတာလဲ”

ကျားခင်စိန် ပြန်ဖြေလိုက်ပုံကတော့....

“ရှင်တို့ မသိရင် အသာနေစမ်းပါ။ သူနဲ့ ကျွန်မနဲ့က ငယ်ရည်းစားရှင့်။ သူနဲ့ မတွေ့ချင်လို့ တမင်ရှောင်နေတာ။ လွန်လွန်ကျူးကျူးတောင် ဖြစ်ခဲ့တာ” ဟူသတည်း။

ကဲ.... ဘာများကော တတ်နိုင်ပါဦးမည်နည်း။

# ၃၆

' Prison must be as silent as graveyard. ' တဲ့။

အဓိပ္ပာယ်ကတော့....'အကျဉ်းထောင်ကောင်းတို့ မည်သည် သုသန်တစပြင်ကဲ့သို့ တိတ်ဆိတ်နေရမည်' တဲ့။ သို့ကလို ဆရာ့ဆရာ ထောင်ပိုင်များ၏ အဆိုအမိန့်ကို ကြားနာမှတ်သားခဲ့ရ ဖူးပါသည်။ သူတို့တစ်တွေလည်း နိုင်ငံခြားသို့ အကျဉ်းထောင် အုပ်ချုပ်ရေးအတွက် လေ့လာရေးခရီး ထွက်ဖူးကြသည့် ပုဂ္ဂိုလ်တွေပဲ။ အတွေ့အကြုံများ ကြပေမပေါ့။

သို့သော် ထောင်ပိုင်ကြီးတစ်ဦးကမူ ယခုလို ဆိုပြန်သည်။'ဟော့.... ထောင်ဆိုတာ ငြိမ်မနေရဘူးကွ။ ငြိမ်နေရင် တစ်ခုခုဖြစ်ချင်ပြီသာ မှတ်' တဲ့။ ပြီးတော့ ဆက်လိုက်သေးသည်။ 'အဲဒီအခါကျရင် ထောင်ထဲမှာ မဟုတ်တာတစ်ခုခုဖြစ်အောင် ကိုယ်က စပေးလိုက်....၊ ဒါပဲ" ဟူသတည်း။ သူ့ပညာကလည်း တစ်ဖက်တစ်လမ်းက ကြည့်ပြန်တော့ အတုယူစရာပါ။ လူမွေးသလား မမေးနှင့်၊ တပည့်မွေးသလား မမေးနှင့်၊ မွေးသမှမွေး။

သူမွေးသည့် တပည့်တပန်း လူတန်းစားအလွှာက အောက်ဆုံးအဆင့် ဖြစ်သော အကျဉ်းသား ဘာယာတန်းစီးနှင့် ယခင်က ထောင်ဝါဒါဟု ခေါ်သော ထောင်ကြပ်တို့။ သူ့စိတ်ကူးလည်း မှန်ပါသည်။ အုပ်ချုပ်ရေးအရ အကျဉ်းသား အများစုနှင့် နိစ္စဒူဝ လက်ပွန်းတတီး ဆက်ဆံနေသူများကို မွေးထားပါမှ သူတို့တစ်တွေဆီက သတင်း ရတော့မပေါ့။

http://www.cherrythitsar.org



သို့သော် သူတို့တစ်တွေကို ပစားပေးလွန်းပြန်တော့လည်း တစ်ဖက်တစ်လမ်းမှ ပြဿနာ တက်လာပြန်ချေသည်။ ယုံကြည်အောင် ပမာပြ၍ သာဓကဆိုရလျှင် စောစောက ထောင်ဆိုတာ ငြိမ်နေလို့မကောင်းဘူးကွ။ ငြိမ်နေရင် တစ်ခုခုဖြစ်ချင်ပြီသာမှတ် ဟု ပြောသည့် ထောင်ပိုင်ကြီးဆိုပါတော့။

သူ၏ အရည်အချင်းကလည်း မသေး။ ဥပဓိရုပ်ကလည်း ကောင်းသည်။ မြန်မာလူမျိုးထဲတွင် ရှားရှားပါးပါး ထောင်ထောင်မောင်းမောင်း ခံ့ခံ့ညားညား။ အင်္ဂလိပ်လို ရွှတ်ရှက် ဒွတ်ဒက် မှုတ်ရမလား၊ လာခဲ့စမ်း။ သူ အထက်မြန်မာပြည်ရှိ ထောင်ကြီးတစ်ထောင်တွင် တာဝန်ထမ်းဆောင်နေစဉ်က တယ်လီဖုန်းလာသည်နှင့်....

'Ba Tin's speaking'ဟု၊

'ဟုတ်ကဲ့၊ ဘတင် ပြောနေပါတယ်'ဟု ပြောလိုက်လျှင်၊ တစ်ဖက်မှ....

' I don't want Ba Tin, I want superintendent of jail'

ဘတင် မလိုချင်ဘူး၊ ထောင်ပိုင်လိုချင်ပါသတဲ့။ ဒီတော့လည်း ဦးဘတင်က၊

'I am the superintendent of jail' ဟု ရှူတည်တည် နှိပ်ချလိုက်သည်။ 'ဟုတ်ကဲ့ ကျွန်တော် ထောင်ပိုင်ပါပဲ' ပေါ့။ အမှန်က ထိုအချိန်တွင် ဦးဘတင်သည် ထောင်ပိုင်မဖြစ်သေး။ ဒုတိယထောင်ပိုင်အဆင့်မှာ ရှိသေးသည်။ သို့သော် နှုတ်သွက်လျှာသွက်၊ အင်္ဂလိပ်လိုကလည်း ရေရေလည်လည်ပြောတတ်နေတော့ ထောင်ပိုင်ရှေ့က 'ဒုတိယ'ကလေး ဖြုတ်လိုက်ရတာ ဘာအကြောင်းလဲ။ တကယ့်ထောင်ပိုင်အစစ်က ခပ်အေးအေး၊ ခပ်နုံနုံ။

တစ်ဖက်မှ ပြောနေသူကလည်း အင်္ဂလိပ် မျက်နှာဖြူ အရေးပိုင် တစ်ယောက်။ သူတို့နှစ်ယောက် အင်္ဂလိပ်လို ရွှတ်ရှက်ဒွတ်ဒက် ရေရေလည်လည် မှုတ်နေကြသည်။ ဘာမျှ မကြာလိုက်ပါလေ၊ အဲဒီမျက်နှာဖြူအရေးပိုင် ထောင်သို့ လူကိုယ်တိုင် လာရောက်ရန် အကြောင်းပေါ်လာ၏။ ထိုအခါ လက်အောက်ရှိ ထောင်မှူးကြီးက ထောင်ပိုင်ကြီးအစစ်ထံ ခေါ်သွား၏။ ထောင်ပိုင်ကြီးက သူ့ကိုယ်သူ အင်္ဂလိပ်လို မိတ်ဆက်သည်။

"ကျွန်တော် ထောင်ပိုင် စန်းမောင်ပါ"

ဒီတော့ မျက်နှာဖြူအရေးပိုင်ကြီးက....

"ကျွန်ုပ် ထောင်ပိုင်စန်းမောင်ကို မတွေ့ချင်ဘူး။ ထောင်ပိုင်ဘတင်ကိုပဲ တွေ့ချင်တယ်"

ထောင်ပိုင်ကြီးကလည်း ခပ်အေးအေးသမား မဟုတ်လား။

"ကဲ.... ကဲ၊ သူ့ကို ဦးဘတင်ဆီသာ ခေါ်သွားလိုက်ကြပါ"ဟု ပြောရလေတော့သည်။ ထောင်ပိုင်ကြီး ဦးဘတင်မှာ အဲဒီလောက်ထက်သည်။ လုပ်ရည်ကိုင်ရည်မှာလည်း တကယ့်ထိပ်တန်း ထောင်ပိုင်စာရင်းဝင်။

အကျဉ်းထောင်များကို အုပ်ချုပ်ကြရာတွင် ထောင်ပိုင် တစ်ယောက်နှင့်

http://www.cherrythitsar.org



တစ်ယောက် အုပ်ချုပ်ပုံချင်း မတူညီကြပေ။

ဒါဖြင့် ဥပဒေက ဘယ်နှစ်မျိုးရှိနေလို့လဲတဲ့။ ဟင့်အင်း မရှိပါ။ ဥပဒေကတော့ တစ်မျိုးတည်း။ ၁၈၉၄ ခုနှစ်ကတည်းက စတင်ပြဋ္ဌာန်းခဲ့သော အကျဉ်းသားများ အက်ဥပဒေ။ ယင်း အက်ဥပဒေပေါ်တွင်အခြေခံ၍ အကြိမ်ကြိမ်အဖန်ဖန် ပြင်ဆင်ရေးဆွဲခဲ့သော အကျဉ်းထောင် လက်စွဲဥပဒေ၊ ဒီတစ်မျိုးတည်း ရှိပါသည်။ ၁၈၉၄ ခုနှစ်ဆိုတော့ စဉ်းစားသာ ကြည့်ပေတော့။ ပါတော်မူပြီး ၉ နှစ် အကြာ။ ယင်းလက်စွဲ ဥပဒေကိုတော့ ဘယ်ထောင်ပိုင်မှ လက်မလွှတ်နိုင်။ သို့သော် အကျဉ်းထောင်ကို အုပ်ချုပ်တတ်သလို အုပ်ချုပ်သွားကြခြင်းပင် ဖြစ်၏။

အထက်က ရေးခဲ့သည့်အတိုင်း ထောင်ပိုင်ကြီး ဦးဘတင်သည် လူမွေး၍လည်းကောင်း၊ ထောင်ငြိမ်နေလျှင် ပြဿနာအစဖော်၍လည်းကောင်း အုပ်ချုပ်သွား သည့်နည်းကို ပြန်ကြည့်ရလျှင် 'အင်း၊ ကောင်းတော့ ကောင်းပါသည်၊ မျက်စိတော့ အစပ်သား'ဟု ဆိုရလေမလား။

အဘယ်ကြောင့်ဆိုသော် သူမွေးထားတဲ့တပည့်တွေက တယ်စွာသကိုး။ သူမွေးထားတဲ့ သရဲ၊ အဲလေ.... တပည့်၊ ထူးပါဘူးလေ၊ သရဲတွေက စွာလွန်း ကဲလွန်းလေတော့ ထောင်မှူးမောင်မောင်တို့တစ်တွေ အနေကျုံ့ပြီပေါ့။ ဘယ့်နှယ်၊ ထောင်မှူးကို ထောင်ကြပ်က တလာစီရမယ်လို့။

တလာစီဆိုတာ ကုလားစကားပါ။ ရှာဖွေခြင်းကို ဆိုလို၏။ အင်္ဂလိပ်ခေတ်က အကျဉ်းထောင်များကို အုပ်ချုပ်သူများမှာ အင်္ဂလိပ်မျက်နှာဖြူတို့၊ ကုလားတို့ များလေတော့ ကုလားစကား အများကြီး လွှမ်းမိုးခဲ့သည်။

အဲဒီခေတ်က သူမွေးထားသည့် ထောင်ကြပ် ဘိုနီတို့၊ သောကြာတို့ဆိုတာများ လက်မတထောင်ထောင်၊ ထဆင်ထူး လုံးကြီးတင်ဆန်ခတ် ထီမထင်။ မျက်နှာလိုအားရ ဟုတ်တာမှန်တာ သတင်းပေးသည့်အခါများတွင်အကြောင်းမဟုတ်သော်လည်း မလိုမုန်းထား၍ မဟုတ်တာ မမှန်တာကို လီဆယ် သတင်းပေးခံရလျှင်မူ၊ သတင်းပေးခံရသူတို့ ခါးကော့နေအောင် ခံရစမြဲ။

အဲဒီတုန်းက ထောင်ထဲတွင် စောဘင်ဆင်ဆိုတာရှိသည်။ လူလတ်ပိုင်းနှင့် လူကြီးပိုင်းတို့ ကောင်းကောင်းကြီး မှတ်မိကြပါလိမ့်မည်။ မယ်ဗမာနော်လွီဇာဘင်ဆင်ကို။ သူ့ယောကျ်ားက လင်းထင်။ စောဘင်ဆင်ဆိုတာက နော်လွီဇာဘင်ဆင်၏ အဖေ။ အမေက ကရင်အမျိုးသမီး။ စောဘင်ဆင်နှင့် သူ၏ဇနီး ကရင်အမျိုးသမီးတို့ ထောင်ဝင်စာတွေ့တိုင်း နမ်းရှုပ်လေ့ရှိကြောင်း ရေးသားခဲ့ဖူးပါပြီ။ သူက ဂျူးလူမျိုးပေကိုး။ စောဘင်ဆင်သည် ကရင်သောင်းကျန်းသူများနှင့် ဆက်နွယ်သည်ဟုဆိုကာ နိုင်ငံရေးပုဒ်မ ၅နှင့် ထောင်ထဲရောက်နေခြင်း ဖြစ်၏။ ရှုပ်သလားမမေးနှင့်၊ ရှုပ်မှ ရှုပ်။ ကျီကျသလား မမေးနှင့် ကျမှကျ။

http://www.cherrythitsar.org



ထိုစဉ်က နိုင်ငံရေး အကျဉ်းသားများ ထောင်ထဲတွင် ဗိုလ်ကျမှုအပေါင်း သရဖူဆောင်းခဲ့ချိန် ဖြစ်၏။ ဟိုဟာ မလိုချင်ဘူး၊ ဒီဟာ လိုချင်တယ်၊ ထောင်ကော်မတီ ခေါ်ပေး။ အဲဒီလို အချိန်အခါမျိုးတွင် ပွဲလန့်တုန်း ဖျာဝင်ခင်းတတ်သူကား စောဘင် ဆင်။

စောဘင်ဆင်သည် သူ့ကိုထားသည့် ပုဒ်မ ၅ ဆောင်ထဲတွင် ဘယ်တော့မှ အတည်တကျ မနေ၊ ဟိုအဆောင်ကူး၊ ဒီအဆောင်ကူးနှင့် ထောင်ထဲတွင် အလွန်ခြေများ သူ ဖြစ်၏။ အမှန်က ထောင်ထဲတွင် အဲဒီလို မိမိသွားချင်တိုင်း သွားခွင့်ရှိသည်မဟုတ်။ အကြောင်းကိစ္စ ကြီးငယ်ရှိလျှင်တော့ သွားခွင့်ပြုပါသည်။ ဥပမာအားဖြင့် မကျန်းမာဖူး လား ဆေးရုံသွား။ စောဘင်ဆင်တို့လို ဘီကလပ်အကျဉ်းသားတွေ အဝတ်အစား ထုတ်လိုလျှင် အဝတ်တိုက်ဆောင်မှူးရှိရာ နံပါတ် ၅ ဆောင်သို့သွား။ ဒါလည်း အသား လွတ်ကြီး မဟုတ်၊ သက်ဆိုင်ရာအဆောင်မှူးထံမှ gate pass ခေါ် တံခါးလက်မှတ် ပါရမည်။ ထိုအချိန်က ထောင်မှူးမောင်မောင်မှာ တိုက်ထောင်မှူးဖြစ်၏။ တိုက်အကြောင်း အနည်းငယ် ပြန်လည်ရှင်းပြပါဦးမည်။

ထောင့်အပြင် တန်းမရှိဘူးဟု ပြောလေ့ပြောထ ရှိကြသည်။ ဒါက လူမိုက်တွေ ရဲ့ လက်သုံးစကားပေါ့လေ။ မဟုတ်ပါ၊ တန်းရှိပါသည်။ ရှိကို ရှိရပါမည်။ ဘယ့်နှယ်၊ ထောင်ဆိုသည်မှာ ကျယ်ဝန်းလှသည့် အုတ်ရိုးလေးဘက် လေးတန်အတွင်း အကျဉ်း သားတွေကို ကြိုးဖြင့် ထာဝရချည်နှောင်ထားလို့ ရတာမှမဟုတ်ဘဲ။ ဒီအတိုင်း လွတ်လွတ်လပ်လပ်ထားရတာ။ စည်းကမ်းထိန်းသိမ်းရန် သူ့အဆောင်နှင့်သူ ကန့်ကန့် ထားတာကတော့ ရှိတန်သလောက် ရှိတာပေါ့လေ။ သို့သော် ယင်းအဝန်းအဝိုင်းကလေး ထဲမှာပင် ပြဿနာပေါင်းစုံက တက်နေကြသည်။ အချင်းချင်း ခိုးကြဝှက်ကြ၊ ရိုက်ကြ နှက်ကြသည်။ အံမယ်လေး.... တစ်ခါတစ်ခါများ လူသတ်မှုပင် ဖြစ်လိုက်သေး။ ဈေး ရောက်လျှင် အသတ်ခံရမည့် ကြက်ခြင်းထဲက ကြက်တွေ တစ်ကောင်နှင့် တစ်ကောင် နှုတ်သီးဖြင့် ဆိတ်ဆွ ရန်မူနေသည့်အဖြစ်နှင့် မတူပေဖူးလား။

ဒီတော့ သူတို့တစ်တွေကို ထိန်းချုပ်ဖို့အတွက် နေရာထိုင်ခင်းလိုလာသည်။ သို့ဖြစ်၍ ထောင်တိုင်းထောင်တိုင်း တိုက်ခန်းဆောက်ပေးရသည်။ ထောင်ငယ်လျှင် တိုက်ခန်းနည်းနည်း၊ ထောင်ကြီးလျှင် တိုက်ခန်းများများ။ အဲဒါ ထောင့်အပြင် တန်းပဲ ပေါ့။ ထောင်မှူးမောင်မောင် ကိုင်ရသော တိုက်ခန်းများမှာ နည်းနည်းနောနော မဟုတ်။ စုစုပေါင်း တစ်ရာကျော်ကျော်ရှိသည်။ သည်တော့ အဲဒီနေရာမှာ ထောင်မှူး တစ်ယောက် ထားပါမှ။

လှေကြီးပေါ် လှေငယ်တင်သလို အုတ်ရိုးလေးဘက်လေးတန် ကာရံထား သော ထောင်ကြီးအတွင်းရှိ တိုက်ခန်းများပရိဝုဏ်ကိုလည်း အုတ်ရိုးခပ်နိမ့်နိမ့်ဖြင့် ကာရံပိတ်ဆို့ထားသည်။ မည်သူမျှ မဝင်ရ၊ အကျဉ်းသား မဆိုထားနှင့် တာဝန်မကျ

http://www.cherrythitsar.org



သော ထောင်မှူး ထောင်ကြပ်တို့ပင် ဝင်ခွင့်မရှိ။

ဒီကြားထဲက ပြဿနာမရှိ ပြဿနာရှာလာသူကား မစ္စတာစောဘင်ဆင်။

"ဆရာ၊ ဟောဒီပုဒ်မ ၅၊ 'လေး' တိုက်က အချုပ်ဖော်ကောင်တွေနဲ့ လာပြီး စကားပြောနေတာတွေ့လို့ ဖမ်းလာခဲ့တယ်"

ထောင်မှူးမောင်မောင်ထံသို့ လာရောက်သတင်းပို့တိုင်ကြားနေသူမှာ တိုက်ထောင်ကြပ်အုပ် ဦးမှိုင်း၊ အလုပ်တာဝန်အနေနှင့် အလွန်တိကျ သေချာသူတစ်ဦးဖြစ်၏။ သူနှင့်အတူ ပါလာသူတို့မှာ မစ္စတာ စောဘင်ဆင်နှင့် တိုက်တန်းစီး ငညို။ ထောင်မှူးမောင်မောင်က ထောင်ကြပ်အုပ် ဦးမှိုင်းအား....

"နေပါဦး တံခါးစောင့်က ဘာဖြစ်လို့ ဖွင့်ပေးရတာတဲ့လဲ"

ဦးမှိုင်းက သူ့လက်ထဲမှ စာရွက်ကလေး တစ်ရွက်ကိုထုတ်ပြရင်း....

"ဟောဒီ ဂိတ်ပတ်စ်ပြပြီး ဝင်လာတာပေါ့။ ထောင်ကြပ်ကလေးကလဲ လူသစ်လေ။ အင်္ဂလိပ်စာလဲ မတတ်ဘူး။ သူ့ဂိတ်ပတ်စ်က ဆေးရုံသွားတဲ့ ဂိတ်ပတ်စ်ကြီးပဲ"

မှန်ပါသည်။ ထောင်မှူးမောင်မောင် ယူကြည့်လိုက်တော့ ထောင်မှူး ဦးထွန်းရင် လက်မှတ်နှင့် ရေးထိုးထားသော ဆေးရုံသွားခွင့် ဂိတ်ပတ်စ်။ ရက်စွဲတွေလည်း လွန်ခဲ့ပါပြီ။ ဒီဂိတ်ပတ်စ်နှင့် စောဘင်ဆင်တစ်ယောက် ထောင်ထဲတွင် ဘယ်လောက်များ ခြေရှုပ်ခဲ့လေပြီ မသိ။ တာဝန်အရ ထောင်မှူးမောင်မောင် မေးရမြန်းရပြီ။

"မစ္စတာစောဘင်ဆင် ခင်ဗျားဘာကိစ္စ ဒီအချုပ်ဖော်ကောင်တွေနဲ့ သွားတွေ့ရတာလဲ"

စောဘင်ဆင် မြန်မာလို ရေရေလည်လည် ပြောတတ်ပါသည်။ သူ့မျက်နှာပေးက ခပ်မိန့်မိန့်။

"ဒါတော့ဗျာ အပြင်ကတည်းကသိခဲ့တဲ့ မိတ်ဆွေတွေပဲ၊ သူတို့အမှုအကြောင်းကလေးမေးပြီး ကူညီနိုင်ရင် ကူညီရတာပေါ့"

"ဒါပေမယ့် ခင်ဗျား ဒီတိုက်ဝင်းထဲကိုတော့ ဘယ်လိုမှ လာခွင့်မရှိဘူးလေ။ အဲဒါ ခင်ဗျား လွန်တာပေါ့၊ ကျွန်တော်တော့ တာဝန်အရ ရုံးတင်ရလိမ့်မယ်"

သူကလည်း အပြုံးမပျက်။

"ဒါတော့ ခင်ဗျား ကြိုက်သလိုလုပ်ပါ။ ကျွန်တော့် ဂိတ်ပတ်စ်ပေါ်မှာ စီအိုင်ဒီ ဘိုနီရဲ့လက်မှတ် ပါ ပါတယ်။ သူ့လက်မှတ်ပါရင် တစ်ထောင်လုံး ဘယ်သွားသွား ရတယ်လို့ ပြောလို့ပါ"

"ဟိုက်"

ထောင်မှူးမောင်မောင် နည်းနည်းတော့ ဖြုန်သွားရပေပြီ။ ဖြုန်ရပေမပေါ့။ စီအိုင်ဒီဘိုနီဆိုတာက ထောင်ပိုင်ကြီး မွေးထားသည့် လူယုံတော်တစ်ဦးပေကိုး။ စီအိုင်ဒီဆိုတာကလည်း တရားမဝင် ဖြစ်ထွန်းလာသော ထောင်တွင်းဝေါဟာရ တစ်ခုပါ။

http://www.cherrythitsar.org



အကျဉ်းထောင်အတွင်း လျှို့ဝှက် စုံစမ်းထောက်လှမ်းခြင်းပင် ဖြစ်ပါ၏။

ထောင်မှူးမောင်မောင် စောဘင်ဆင်၏ဂိတ်ပတ်စ်ကို ပြန်ကြည့်သည်။ မှန်၏။ ဘိုနီ၏လက်မှတ်ကို တွေ့ရသည်။ ထောင်မှူးဦးထွန်းရင်၏ လက်မှတ် ရက်စွဲထက်ပင် သူ့ရက်စွဲက နောက်ကျသေးသည်။ ပူပူနွေးနွေး။ သို့သော် ဘာပဲဖြစ်ဖြစ်၊ စီအိုင်ဒီ ဘိုနီဆိုသူမှာ သာမန်ထောင်ဝါဒါ ခေါ် ထောင်ကြပ်တစ်ဦးမျှသာ၊ မိမိထံ လာရောက် သတင်းပို့ တိုင်ကြားနေသူကား ထောင်ကြပ်အုပ်၊ သူ၏သတင်းပို့ တိုင်ကြားချက်ကို လျစ်လျူရှု မျက်ကွယ်ပြုခဲ့လျှင် မိမိ၏တိုက်အုပ်ချုပ်ရေး ပျက်ပြားလာနိုင်စရာ အကြောင်းရှိသည်။ သို့ဖြစ်၍ ရုံးတင်စာအုပ်တွင် ရေးသွင်းပြီး ထောင်မှူးကြီးထံသို့ တင်ပို့လိုက်သည်။

ထောင်မှူးမောင်မောင်ကြို၍ တွေးထင်ထားသည့်အတိုင်းပင် ဖြစ်၏။ ခဏ ကြာတော့ ထောင်မှူးမောင်မောင်ကို ထောင်မှူးကြီးရုံးက ခေါ်ပြီ။ ဟိုရောက်တော့ စီအိုင်ဒီ ဘိုနီကိုလည်း တွေ့လိုက်ရ၏။

ထောင်မှူးကြီးက....

"ဘယ်လိုဖြစ်တာလဲ ဦးမောင်မောင်"

"ကျွန်တော့်ရီပို့တ်ထဲ ပါတဲ့အတိုင်းပါပဲ ဆရာ။ မစ္စတာ စောဘင်ဆင် 'လေး' တိုက်က အင်ဖော်မာတွေနဲ့ လာစကားပြောနေတာကို ထောင်ကြပ်အုပ် ဦးမှိုင်းက တွေ့ လို့ ကျွန်တော့်ဆီ ရုံးလာတင်တာပါ။ ကျွန်တော် မေးကြည့်တော့ စောဘင်ဆင်က ဆေးရုံသွားတဲ့ဂိတ်ပတ်စ်နဲ့ တိုက်ထဲဝင်လာတာတဲ့။ တံခါးစောင့်ကလဲ လူသစ်ကလေး ဆိုတော့ မသိဘူးပေါ့။ ကျွန်တော်က စောဘင်ဆင်ကို ဒါဆေးရုံသွားတဲ့ လက်မှတ်ပဲ၊ တိုက်ထဲ ဘယ်ဝင်လို့ရမလဲဆိုတော့ သူက စီအိုင်ဒီဘိုနီလက်မှတ် ပါပါတယ်တဲ့။ သူ့ လက်မှတ်ပါရင် တစ်ထောင်လုံး ဘယ်သွားသွားရပါတယ်လို့ ပြောသတဲ့"

ထောင်မှူးကြီးကလည်း လူပါး။ သူလည်း ထောင်ပိုင်မွေးထားသည့် လူယုံ တော်နှင့် ဘယ်မှာ ထိပ်တိုက်တိုးချင်ပါ့မလဲ။ သို့သော် ဟန်ကိုယ့်ဖို့ဆိုတာတော့ ရှိ ထားဦးမှ။ ထောင်မှူးကြီးနှင့် ထောင်ဝါဒါ ခေါ် ထောင်ကြပ်တို့၏အဆင့်မှာ ကွာခြားလှ ပါဘိတောင်း။

"ဟုတ်လား ဘိုနီ၊ မင်းအဲဒီလို ပြောသလား"

"ဘာကိုပြောတာလဲ ဆရာကြီး"

"ဩော်.... မင်းလက်မှတ်ပါရင် တစ်ထောင်လုံး ဘယ်သွားသွားရပါတယ်လို့ လေ"

ဘိုနီကလည်း လူလည်။ အေးလေ.... လည်လို့လည်း ထောင်ပိုင်ကြီး တစ် ယောက်လုံးက လူယုံမွေးစားကာ မြှောက်စားခြင်းခံရတာပေါ့။ လောလောဆယ် ထောင် မှူးကြီးကိုလည်း ကြောက်တန်သလောက် ကြောက်ရသည်။ စောဘင်ဆင်ထံမှလည်း

http://www.cherrythitsar.org



ဘယ်လောက် စားထားသောက်ထားရလေသည် မသိ။ သို့ဖြစ်၍ ပျားလည်းစွဲသာ ရှဉ့်လည်းလျှောက်သာမည့် မယုတ်မလွန် အဖြေမျိုးဖြင့် တုံ့ပြန်လာသည်။

"အဲဒီလို သဘောတော့ မဟုတ်ပါဘူး ဆရာကြီးရယ်၊ ထောင်ထဲမှာ သွားလာနေကြတဲ့ ဂိတ်ပတ်စ်တွေကို လိုက်စစ်ရင်း အသိအမှတ်ပြုတဲ့သဘော လက်မှတ်ထိုးပေးလိုက်တာပါ။ ဒီအဘိုးကြီးဆီက အင်ဖော်မေးရှင်းတွေ သိပ်ရတာ ဆရာကြီးရဲ့"

ဟောကြည့်၊ ကိုဘိုနီတို့ ငယ်နိုင်ကိုင်လိုက်ပြီ။ အင်ဖော်မေးရှင်းဆိုတာက သတင်း။ အဲဒီသတင်းရဖို့ ထောင်ပိုင်ကြီးကိုယ်တိုင် အဓိက စိတ်ဝင်စားပြီး ဘိုနီတို့၊ သောကြာတို့အဖွဲ့ကို လူယုံမွေး၊ မြှောက်စားထားလေတော့ ထောင်မှူးကြီးမှာလည်း တက်လာသည့်ပြဿနာကို ရုတ်ခြည်း အဆုံးဖြတ်ရ ခက်သွားဟန်တူပါသည်။ လက်ဝဲဘက်လက်ဖြင့် မေးစေ့ကလေးကိုပွတ်၍ ထောင်မှူးမောင်မောင်ကို ကြည့်လိုက်၊ ဘိုနီကို ကြည့်လိုက်၊ စောဘင်ဆင်ကို ကြည့်လိုက်။ နောက်ဆုံးကျမှ၊

"အေးလေ၊ ဘာပဲဖြစ်ဖြစ် မစ္စတာစောဘင်ဆင် ဒီဂိတ်ပတ်စ်နဲ့ တိုက်ထဲသွားတာတော့ ခင်ဗျားလွန်တယ်ဗျာ။ တိုက်ထဲမှာက ကျုပ်တို့ အရေးကြီးတဲ့ သီးခြားတရားခံတွေကို ခွဲထားရတာ။ ဒီတစ်ခါနောက်ဆုံးအနေနဲ့ သတိပေးလိုက်မယ်။ နောက်တစ်ကြိမ်ဆိုရင်တော့ ထောင်ပိုင်ကြီးဆီတင်ပြီး အပြစ်ပေးရလိမ့်မယ်"

အဆင်မသင့်လျှင် ခြေချော်လက်ချော် တိုက်ပိတ်ခံရမည်ဟု မျှော်မှန်းထား သော စောဘင်ဆင်ကတော့ ဝမ်းမြောက်ဝမ်းသာ 'ရက်ဆား' ပေါ့။ ထောင်မှူးကြီးက ဘိုနီဘက်သို့ လှည့်လိုက်သည်။

"မင်းကလဲ မင်းပဲ၊ အပြောအဆိုကလေးလဲ ဆင်ခြင်ဦး။ အာချောင်တိုင်း ကောင်းတာ မဟုတ်ဘူး။ အကျဉ်းသားတစ်ယောက်ကို တစ်ထောင်လုံး သွားချင်တိုင်း သွားဖို့ ခွင့်ပြုနိုင်လောက်အောင် မင်း ဘယ်လိုလုပ် ခွင့်ပြုနိုင်မှာလဲ။ အင်ဖော်မေးရှင်း ယူဖို့ လိုအပ်လာရင် ငါ့ကို ပြောပေါ့ကွ၊ ကြားလား"

ဒါလောက်နှင့် ဖြတ်ချလိုက်တော့ ဘိုနီလည်း ငြိမ်သွားသည်။ အထွန့်မတက်တော့။

"ဟုတ်ကဲ့ ဆရာကြီး"

ပွဲကတော့ နင်တန် နင်တန်၊ ပန်းကန်ကွဲ ဒိုင်ပွဲရပ်ပါပဲ။ ဒိုင်ကသာ ပွဲရပ်သော်လည်း တစ်ဖက်သော ထိုးသားကမူ ပွဲမရပ်နိုင်သေး။ အခြားသူမဟုတ်၊ ဘိုနီပဲပေါ့၊ သူဘယ်လိုလုပ် ထောင်ကြပ်အုပ် ဦးမိုင်းအပေါ် အခဲကျေနိုင် ပါမည်နည်း။ သူအစဖော်လို့ ပေါ်လာရသည့်ပြဿနာ မဟုတ်ပါလား။ ဦးမိုင်း သူ့တာဝန်အရ မှန်တာ လုပ်ခဲ့သည်ကို ဘိုနီ မစဉ်းစားတော့။ ဘိုနီတို့ စစ်မျက်နှာသစ် ဖွင့်လေပြီ။

"ဟင်း.... ဒင်းတော့ နေနှင့်ဦးပေါ့ကွာ"

ဘိုနီတို့၊ သောကြာတို့ (ယခုခေတ်အခေါ်) သမတ လူကြမ်းအဖွဲ့သည်

http://www.cherrythitsar.org



သူတို့ ကြိမ်းမောင်းထားသည့်အတိုင်း တကယ်လက်တွေ့ကျကျ အကောင်အထည် ဖော်တတ်သူများဖြစ်၏။ ဘိုနီက ထောင်ထဲမှာမွေ့သည်။ သောကြာက ဘူးတံခါးမကြီးမှ ဆီး၍ ဒုက္ခပေးသည်။ ထောင်ကြပ်အုပ် ဦးမှိုင်းမှာ တံခါးကြီးအဝင်အထွက် အလူးအလဲ ခံနေရ၏။ ဒီကြားထဲ ဘိုနီက တိုက်ထဲ ဝင်မွေ့လိုက်သေးသည်။ စီ–အိုင်–ဒီ ဆိုတော့ ထောင်ထဲမှာ ဘယ်သွားသွား ဘယ်မွေ့မွေ့ အင်ဖော်မေးရှင်းလေး တစ်ခုတည်းအတွက် ဘောမဲ့ပေးထားရသူတွေ။ ဦးမှိုင်းကလည်း လုပ်သက်ရင့် ထောင်ကြပ်အုပ်တစ်ဦးဆိုတော့ လူရည်တော့လည်ပါသည်။ အကင်းပါး ပါသည်။ တတ်နိုင်သမျှ ရှောင်ပါတိမ်းပါသည်။ ထောင်ထဲအဝင် ဘာပစ္စည်းမျှ မသွင်း။ ထောင်ထဲမှအထွက် ဘာပစ္စည်းမှ မထုတ်။

ဘယ်လိုမှ အပြစ်ရှာမရတော့၊ ဒီကောင်တွေ ယုတ်ကန်းကြလေပြီ။ တစ်နေ့ ထောင်ကြပ်အုပ် ဦးမှိုင်း ပိန္နဲသီးနှစ်လုံးဆွဲ၍ ထောင်ထဲက ထွက်လာသည်။ တစ်လုံးက ထောင်မှူးမောင်မောင် အိမ်အတွက်၊ နောက်တစ်လုံးက ထောင်ကြပ်အုပ် ဦးမှိုင်းအတွက်။ ထောင်ပိုင်ကြီးအိမ်အတွက် ငါးလုံး၊ ထောင်ပိုင်လေးအိမ်အတွက် သုံးလုံး၊ ထောင်မှူးကြီး အိမ်အတွက်နှစ်လုံး အပို့ခိုင်းပြီးသားပါ။ ဆင်စာတွေ၊ ကျွဲစာတွေ၊ ဆိတ်စာတွေ ပို့ပြီးပါပြီ။ ဒါက ပုရွက်ဆိတ်စာပါ။ အံမာ.... ပုရွက်ဆိတ်စာ ကျတော့မှ တံခါးမှ သောကြာက ဦးမှိုင်းကို ထောင်တွင်းမှ ပစ္စည်းထုတ်သည်ဆိုပြီး ထောင်မှူးကြီးရုံး တင်ပါလေတော့ သည်။ ထောင်မှူးကြီးကလည်း သောကြာကို ကြောက်လေသလား မသိ၊ ထောင်ပိုင် လေးထံ ဆက်တင်သည်။ သူ့အိမ်မှာ ပိန္နဲသီးနှစ်လုံး ရောက်နေတာ မသိတဲ့အတိုင်း။ တော်ပါသေးသည်။ သုံးလုံးရထားသည့် ထောင်ပိုင်လေးက ကြားဝင်ဖြတ်လိုက်ပေလို့။

"သောကြာရယ်၊ ထောင်ပိုင်ကြီးအိမ်ရော၊ ငါ့အိမ်ပါရောက်ပါတယ်ကွ။ ပေး လိုက်စမ်းပါကွာ"

သို့နှင့် ပိန္နဲသီးကိစ္စ ဤမျှနှင့်ပြတ်သွားသည်။ ပိန္နဲသီးက ထောင်မှူးမောင်မောင် တာဝန်ယူရသည့် တိုက်ဝင်းအတွင်းရှိ အပင်သုံးပင်က ရသည့်အသီးတွေပါ။ အိမ်ပျော့ က နှစ်ပင်၊ အိမ်မာက တစ်ပင်။ အသီးတွေကတော့ အများကြီး၊ ကျန်သည့် အသီးများကို တိုက်အတွင်းရှိ အကျဉ်းသားများ ဝေငှစားသုံးစေခဲ့သည်။

ဒါတင်မက၊ သောကြာနှင့် ဘိုနီတို့အဖွဲ့ ဘယ်လောက်အထိ သောင်းကျန်း မင်းမူနေခဲ့ကြပါသနည်း ဆိုလျှင် ထောင်မှူး တစ်ယောက် တံခါးမှအထွက်တွင် တလာစီ (ရှာဖွေခြင်း) သည်အထိ ဖြစ်၏။ ထောင်မှူးကလည်း ထောင်မှူးပါ။

စာဖတ်သူများ မှတ်မိကောင်း မှတ်မိကြပါလိမ့်ဦးမည်။ ထောင်မှူးသင်တန်း တက်ပြီး လက်တွေ့သင်တန်း ဆင်းနေကြစဉ် ထောင်ဝင်စာတွေ့ရာတွင် ကြက်ဥကို အစိမ်းမပေးရဘူး၊ ပြုတ်ပြီးမှ ပေးလို့ရတယ်ဟုဆိုကာ ထောင်ဝင်စာလာတွေ့သူ၏ ရှေ့မှောက်ဝယ် ကြက်ဥကို ဖောက်စားခဲ့သည့်အကြောင်း။ အဲဒီ ခပ်ကြောင်ကြောင်၊ ခပ်နုံနုံ ထောင်မှူးပါပဲ။ ထောင်ထဲကအထွက်တွင် ယူနီဖောင်းအောက်က ကာကီပိတ်စ

http://www.cherrythitsar.org



ငါးကိုက်လောက်ကို ကိုယ်ပေါ်တွင်ပတ်၍ထွက်ခဲ့ရာ ဘိုနီ၏သတင်းပေးချက်အရ တံခါးကြီးမှ သောကြာက ဖမ်းဆီးခဲ့ခြင်းဖြစ်၏။ ယခင်ခေတ် မော်လမြိုင်ဘက်က မှောင်ခိုကုန်သည်တွေလိုပေါ့လေ။

ထောင်မှူး မကောင်းတာတော့ မကောင်းဘူးထားပါ။ သို့သော် ထောင်မှူးကို ထောင်ဝါဒါက တလာစီဆိုတာကတော့ ဘယ်လိုမှ မဖြစ်စကောင်း။ သို့ဖြစ်၍ ထောင်မှူးမောင်မောင်တို့ အဲဒီကိစ္စ လပတ်အစည်းအဝေးမှာ ဝိုင်းတိုင်ကြသည်။ နောက်ပိုင်းအမိန့်ထွက်လာတာက ထောင်မှူးတစ်ယောက်ကို ရှာချင်ရင် ထောင်မှူးကြီး၏ ခွင့်ပြုမိန့်ဖြင့် အနိမ့်ဆုံးအဆင့် အခြားထောင်မှူးတစ်ယောက်က ရှာပေစေ။

တစ်နေ့တွင် ထောင်ဂါတ်မကြီးပေါ်မှ ခွေးဥသြဆွဲသံကြီး ပေါ်ထွက်လာ၏။

"ဂူး.... ဂူး.... ဂူး.... ဂူး...."

ယခုခေတ် အလုပ်ရုံ၊ စက်ရုံများမှ အလုပ်ဆင်းချိန်၊ အလုပ်သိမ်းချိန် အချက်ပေးသည့် ဥသြသံမျိုး ဖြစ်၏။ ယင်းအသံနှင့် တစ်ပြိုင်နက်တည်းလိုလိုပင် ထောင်အုတ်ရိုး ပတ်လည်ရှိ မျှော်စင်များမှ သံချောင်းခေါက်သံများ တဒေါင်ဒေါင် ပေါ်ထွက်လာ၏။ ထောင်လုန့်ပြီ၊ ဘာများဖြစ်တာပါလိမ့်၊ တနင်္ဂနွေနေ့ကြီး၊ နေ့ခင်းတစ်နာရီခန့်။ အဲဒီနေ့က ထောင်မှူးမောင်မောင်သည် အားလပ်ပါလျက် လကုန်ရက် ဘိုင်ကျသဖြင့် ဘယ်မှ မသွား။ အိမ်မှာပင် ရှိနေသည်။ သို့ဖြစ်၍ ယူနီဖောင်းတစ်ပိုင်းတစ်စ ဝတ်ပြီး ထောင်ထဲပြေးဝင်ခဲ့ရသည်။ ထောင်မှူးမောင်မောင် ဂါတ်မကြီးပေါ် မော့ကြည့်လိုက်တော့ အလံအမှတ်အသားအရ ပြဿနာ ဖြစ်နေတာက တိုက်။

"ဟိုက်"

တိုက်ထဲမှာ ဘာတွေများ ဖြစ်ကုန်ပါလိမ့်။ တိုက်ထဲမှာက ကြိုးသမား ဆယ့်လေး ငါးယောက် ရှိသည်။ အရေးကြီးသည့် သီးခြားအကျဉ်းသားတွေလည်း ရှိသည်။ စုစုပေါင်းတစ်ရာကျော်ကျော်၊ ဘာပြဿနာများ ပေါ်နေပါလိမ့်။ ဘာပြဿနာပဲ ပေါ်ပေါ်၊ ကိုယ့်ပိုင်နက်ထဲမှာ ဖြစ်လာပြီဆိုမှတော့ ဖြေရှင်းဖို့ အသင့်ပြင်ပေတော့။ ထောင်မှူးမောင်မောင် စိတ်မော လူမောနှင့် အပြေးအလွှား တိုက်ထဲ ရောက်သွားသည်။ တံခါးအဝင်ဝ ၁ တိုက်တွင် တွေ့ရသော ထောင်ကြပ်တစ်ဦးကို မေးကြည့်ရသည်။

"ဘယ်မှာ ဖြစ်တာလဲကွ"

"နံပါတ် ၄ တိုက်မှာ ဆရာ"

ထောင်မှူးမောင်မောင် ဒုန်းစိုင်းရပြန်၏။ နံပါတ် ၄ တိုက်သို့ ရောက်သောအခါ မြင်တွေ့ရသော အခြေအနေ အရပ်ရပ်မှာ သိပ်မကောင်းလှပေ။ စီအိုင်ဒီ ဘိုနီသည် သူ၏ဝဲယာ လက်နှစ်ဖက်ကို နောက်ပြန်ယှက်ပြီး ဦးခေါင်းနောက်စေ့မှ ယိုစီးကျနေသော သွေးများကို ပိတ်ဆို့လျက်ရှိ၏။ ဘေးပတ်ဝန်းကျင်တွင် အချုပ်ဖော်ကောင် တရားခံများဝိုင်းအုံနေကြသည်။ အကျဉ်းထောင်ဝန်ထမ်းများနှင့် ထောင်မှူးအချို့လည်းပါသည်။

http://www.cherrythitsar.org



ထောင်မှူးမောင်မောင်က သူ၏လက်စွဲတော် ထောင်ကြပ်အုပ် ဦးမှိုင်းကို မေးရသည်။

"ဘယ်လိုဖြစ်တာလဲ ဦးမှိုင်း"

"ဇာတ်လမ်းအစကတော့ ဘိုနီပါပဲ ဆရာ။ သူကျွန်တော့်ကို ဘယ်လိုမှ အခဲမကျေနိုင်ဘူး မဟုတ်လား။ နည်းလမ်းအမျိုးမျိုးနဲ့ အပြစ်လိုက်ရှာနေတာလဲ ဆရာသိတဲ့အတိုင်းပဲ။ ဘယ်လိုမှ အပြစ်ရှာမရတော့ တိုက်ထဲမှာ မိလ္လာချတဲ့ ငပွကို သံဖြတ်လွှအကျိုးကလေး တစ်ပိုင်းပေးပြီး ဟောဒီ ၄ တိုက် ဖော်ကောင် တိုက်ဝင်းထဲမှာ လာအဝှက်ခိုင်းတယ်လေ။ ဘိုနီ လည်တယ် လည်တယ်နဲ့ အလကားပါ။ ငပွနဲ့ တိုက် တန်းစီးငညိုတို့ ညီအစ်ကိုအရင်းပဲ။ ဒါလောက်ဆိုရင် ဆရာနားလည်ပါပြီ။ အဲဒါနဲ့ ဘိုနီနဲ့အဖွဲ့ တလာစီဖို့လာတော့ အချုပ်ဖော်ကောင်တွေက ဘိုနီကို ရရာလက်နက်နဲ့ ဝိုင်းထုလိုက်ကြတာပေါ့။ ဟောဒီမှာ သံဖြတ်လွှအကျိုး"

"ကဲ.... ကဲ.... ဘိုနီကို ဆေးရုံမြန်မြန်ပို့၊ ငညိုနဲ့ ငပွရယ်၊ ဘိုနီကို ဝိုင်းရိုက်ကြတဲ့ အချုပ်ဖော်ကောင်တွေရယ်၊ အားလုံး တိုက်ထဲပိတ်ထား။ ငါ ထောင်မှူးကြီးဆီ သွားသတင်းပို့လိုက်ဦးမယ်"

အကျဉ်းထောင်ဆိုသည်မှာ သုသာန်တစပြင်လို ငြိမ်နေတာ ကောင်းသလား၊ ဆူဆူပူပူကလေးဖြစ်နေမှ ကောင်းသလား ဆိုတာတော့ သင်ခန်းစာယူစရာပဲပေါ့။

■

http://www.cherrythitsar.org

# ၃၇

အကျဉ်းထောင် လုပ်သက် ၃၈ နှစ်ခန့်အတွင်း သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေ အမြောက်အမြားရှိခဲ့၏။ တချို့က ရိုးရိုးသားသား၊ တချို့က ဆန်းဆန်းပြားပြား၊ တချို့ကျတော့ မှတ်လောက်သားလောက်။ စာတစ်စောင် ပေတစ်ဖွဲ့ ရေးသားပြုစုမည် ဆိုပြန်တော့လည်း ရိုးရိုးသားသားဆရာတွေအကြောင်းကို မည်သူမျှ စိတ်ဝင်စားမည်မဟုတ်။

ကောင်းပြီ။ ဆန်းဆန်းပြားပြား ဆရာတွေအကြောင်း ရေးမလား။ အဲဒါကလည်း သိပ်မလွယ်လှပါ။ စာဖတ်သူတို့အနေနှင့် စိတ်ဝင်စားစရာတွေ ပါကောင်းပါမည်။ သို့သော် တကယ်တမ်းတွေးကြည့်တော့ အန္တရာယ်အများသား။ စာရေးဆရာများ စာရေးရာတွင် ဆောင်ရန်၊ ရှောင်ရန် စည်းမျဉ်းကလနားတွေက ရှိသေးသည် မဟုတ်ပါလား။ ဒီတော့ ကိုယ့်ဘေး ကိုယ်လွတ်အောင်၊ ကိုယ့် သားမယား၊ မြေး၊ မြစ်၊ တီ၊ တွတ်၊ ကျွတ်ထိအောင် ကျန်းမာရေးကောင်းစေရန်အတွက် ဆန်းဆန်းပြားပြား ဆရာနှင့် မှတ်လောက်သားလောက် ဆရာတို့ကြားလောက် မှန်းပြီး ရေးတတ်ပါမှ....။

မှတ်လောက်သားလောက် ဆရာဆိုလို့ ဆရာဦးထွန်းခင်ကိုပင် ရှေ့တန်းတင် ရုပ်လုံးဖော်လိုက်ရပေတော့မည်။ သူ့ကို ဆရာလို့လည်း ပြောလို့ရသည်။ လုပ်ဖော်ကိုင်ဖက်ဆိုလျှင်လည်း မမှားပြန်ပေ။ အဘယ်ကြောင့်ဆိုသော် ထောင်မှူးမောင်မောင် ၁၉၅၀ ခုနှစ် အလုပ်ဝင်ချိန်အထိ ဦးထွန်းခင်မှာ ထောင်မှူးဘဝမှာပင် ရှိသေး၏။ သူက ၁၉၄၆ ခုနှစ် ( CAS'B' ) ကတ်စ်ဘီ ခေါ် မြန်မာပြည်သို့ အင်္ဂလိပ်အစိုးရများ ပြန်ဝင်လာချိန် ထောင်မှူး ဖြစ်လာသူ။ စစ်အုပ်ချုပ်ရေး အချိန်ကာလ.....။

http://www.cherrythitsar.org



အမှုထမ်းသက် အနေနှင့်တော့ အများကြီးပေါ့။ စစ်ကြိုခေတ်ကတည်းက ဒီပဲရင်းမြို့နယ်တွင် မြို့ပိုင်ရုံးစာရေး လုပ်လာသူဖြစ်၏။ အရင်းစစ်တော့ အမြစ်မြေက ဆိုတာလို တကယ်တော့ ဦးထွန်းခင်မှာ ထောင်မျိုးထောင်နွယ်ပါ။ စစ်ကြိုခေတ်ကတည်းက သူ့အစ်မ ဒေါ်ခင်ခင်၏ခင်ပွန်း ဦးဘရင် ဆိုတာက ထောင်ပိုင်တစ်ဦးဖြစ်၏။ ဦးဘရင်က ရွှေဘိုထောင်ပိုင်။ ဦးဘရင်ကို အကြောင်းပြု၍ပင် ပုသိမ်သား ဦးထွန်းခင် ရွှေဘိုသို့ရောက်ခဲ့ရခြင်း ဖြစ်၏။ ဆယ်တန်းအောင်ပြီးနောက် အစ်မနှင့် ယောက်ဖရှိရာ ရွှေဘိုသို့ရောက်လာသည်။ ဟိုအလုပ်ရှာ ဒီအလုပ်ရှာနှင့် ဒီပဲရင်းမြို့တွင် ရုံးစာရေး အလုပ်ရခဲ့၏။ ဟိုခေတ်က အခေါ် apprentice။ ဒီဘက်ခေတ်နှင့် နှိုင်းပြောရလျှင် ခြောက်ကျပ်ငါးဆယ်ပြားတန် နေ့စားခပ်ဆန်ဆန်။

သို့သော် တူတော့မတူပါ။ ခြောက်ကျပ်ငါးဆယ်ပြားတန် နေ့စားထက် အများကြီးသာသည်။ (apprentice) အစမ်းခန့်သည် အမှုထမ်းသက် ရေတွက်လို့ ရ၏။ နောက်ပြီး ရှေးခေတ်အခေါ် ဘောက်ဆူး။ ယခုခေတ်တော့ လက်ဖက်ရည်ဖိုးပေါ့။ တစ်နေ့လျှင် တစ်ကျပ်ငါးမူး စာရေးကြီးက တရားဝင်ရှယ်ယာခွဲပေးသေးသည်။ အံမယ်၊ တစ်ကျပ်ငါးမူးဆိုလို့ အထင်မသေးလိုက်လေနှင့်။ လက်ဖက်ရည် တစ်ခွက်မှ သုံးပြား၊ နံပြားထောပတ်သုတ်က နှစ်ပြား၊ ငါးပြားဖိုးဆိုလျှင် တစ်မနက်စာ ဖူလုံတဲ့ခေတ်။

အဲဒီမှာ ပုသိမ်သား ဦးထွန်းခင်နှင့် ဒီပဲရင်းသူ ဒေါ်ဆယ်တို့ အကြောင်းဆက် ပေါင်းဖက်မိကြခြင်းပင်။ ဒေါ်ဆယ်က ဒီပဲရင်းနယ်က တက်သည့် ဒိစတြိတ်ကောင်စီ လူကြီး၏ သမီးဖြစ်၏။ ဒိစတြိတ်ကောင်စီလူကြီးဆိုတာက ယခုခေတ် စည်ပင်သာယာ လို လုပ်ငန်းမျိုး ခပ်ဆန်ဆန် ဖြစ်သည်။ ရွှေဘို တစ်ခရိုင်လုံးအတွင်း ယခင်က (Public Works Department) ခေပီဒဗလျူဒီ အဆောက်အအုံ လမ်းနှင့် တံတားလုပ်ငန်း များမှအပ ကျန်သည့် ကျေးလက်တောရွာပိုင်းဆိုင်ရာ လမ်းများ၊ တံတားနှင့် ဈေးများကို ကြီးကြပ်ကွပ်ကဲရသည့် အဖွဲ့ဝင်ဖြစ်၏။ မဲဖြင့် ရွေးချယ်တင်မြှောက်ရသည်။

ဒိစတြိတ်ကောင်စီလူကြီးဆိုတော့ ထောင်မှူးမောင်မောင်၏ မျက်စိထဲ ဦးစံတင်၏မျက်နှာ ကွက်ခနဲပေါ်လာသည်။ ဦးစံတင်မှာ ထောင်မှူးမောင်မောင်နှင့်သမီးယောက်ဖ ဝမ်းကွဲတော်စပ်၏။ အစ်မဝမ်းကွဲ ဒေါ်ခင်ညွန့်၏ ခင်ပွန်း။ သူက မူလတန်းပြ ကျောင်းဆရာ တစ်ဦးပါ။ သို့သော် ရပ်ရေးရွာရေး အကျိုးပြုလုပ်ငန်းတွေ လုပ်ရင်းကိုင်ရင်းက ထောင်မှူးမောင်မောင်တို့ဇာတိ ရနောင် ခေါ် ရန်အောင်မြို့နယ်မှ ရမည်းသင်းခရိုင် ဒိစတြိတ်ကောင်စီ လူကြီးအဖြစ် ရွေးချယ်တင် မြှောက်ခြင်းခံခဲ့ရသည်။ အံမယ်လေး.... ဦးစံတင်တို့များ အဲဒီတုန်းက မြှောက်ကြွမြှောက်ကြွနှင့် မျက်စိကို နောက်ကရော။

ရန်အောင်နှင့် ပျော်ဘွယ် ခုနစ်မိုင်ကျော်ကျော် ရှစ်မိုင်ခန့်သာ ဝေးသည်။ ပျော်ဘွယ်နှင့် ရမည်းသင်းက ဆယ့်နှစ်မိုင်။ သို့သော် ဒိစတြိတ်ကောင်စီလူကြီးမင်း ဦးစံတင်သည် ရန်အောင်မှ ပျော်ဘွယ်သို့ ခါတိုင်းသွားနေကျလို မြင်းလှည်း မစီး၊

http://www.cherrythitsar.org



ပျော်ဘွယ်မှ ရမည်းသင်းသို့လည်း ရှေးခေတ်က ပြေးနေသည့် ဘတ်စ်ကားနှင့် မသွားတော့။ ဒီစတြိတ်ကောင်စီလူကြီးတစ်ယောက်မဟုတ်လား။ ဟိတ်နှင့်ဟန်နှင့် ထိုက်ထိုက်တန်တန် အော်စတင်ကားကလေး တစ်စီး ဝယ်စီးလိုက်သည်။ သူ့မိန်းမဘက်က ပိုက်ဆံချမ်းသာလို့ပါ။ ဒီစတြိတ်ကောင်စီလူကြီးအနေနှင့် ကားတစ်စီး ဝယ်စီးနိုင်လောက်အောင် ဘာတစ်ခုမှ အထောက်အကူမပြု။ အဲဒီခေတ်က ကားတစ်စီး ဘာမှ တန်ဖိုးမရှိသော်လည်း ငွေတန်ဖိုးက မြင့်လေတော့ ပျော်ဘွယ်တစ်မြို့လုံးမှာပင် ကား နှစ်စီး သုံးစီးသာ ကိုယ်ပိုင်ဝယ်စီးနိုင်ခဲ့သည်။

အစည်းအဝေးက ပြန်လာတော့ မော်တော်ကားသံ တဝီဝီနှင့် ဟွန်းသံတဝီဝီသာမက အစည်းအဝေး အသွားတုန်းက တည့်တည့်ပေါင်းထားသည့် မောင့်ကျက်သရေခေါင်းပေါင်း စောင်းငဲ့လာပြီး ဇနီးဖြစ်သူ ဒေါ်ခင်ညွန့်အား တဂျီဂျီ ဂျစ်ကန်သံလည်း ကြားရစမြဲ။ ဒီစတြိတ် ကောင်စီလူကြီးမင်း ရေချိန်ကလေးရလာပြီ မဟုတ်လား။

အဲ.... ဘယ်မှာ ဒုက္ခလှလှကြီး တွေ့သလဲဆိုတော့ နောက်တစ်ကြိမ် ရွေးချယ်တင်မြှောက်ပွဲမှာ ဦးစံတင် မပါလာတော့။ အဲဒီမှာ ဒီစတြိတ်ကောင်စီ လူကြီး ပြုတ်ဦးစံတင်တစ်ယောက် ခြေမကိုင်မိ လက်မကိုင်မိ အိမ်မြှောင်အမြီးပြတ်သလို ဆတ်ဆတ်လူးပါလေတော့သည်။

'ဘာလုပ်မလဲ၊ ငါ ဘာလုပ်ရမလဲ။ ကျောင်းဆရာ ပြန်လုပ်မလား။ ဟင့်အင်း၊ ဟင့်အင်း၊ ငါသိက္ခာ ကျတော့မပေါ့'ဟု ဦးစံတင် အတန်တန် စဉ်းစားတွက်ဆပြီးမှ ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ် ချမှတ်လိုက်သည်။ 'ဦးပဥ္ဇင်းဝတ်ပြီးမှတော့ ကိုယ်ရင်ပြန်မဝတ်နိုင်ဘူးကွာ' ဟူသတည်း။ သို့နှင့်ပင် ဦးစံတင်တစ်ယောက် စစ်မဖြစ်မီက သေသာသေရော၊ ကျောင်းဆရာ ပြန်မလုပ်တော့ပေ။

ဦးထွန်းခင်ယောက္ခမ ဒေါ်ဆယ့်ဖခင် ဒီစတြိတ်ကောင်စီလူကြီး ဆိုတာလည်း ယင်းကဲ့သို့ ရွေးချယ်တင်မြှောက်ခံရသူ တစ်ဦးပင် ဖြစ်ပါလိမ့်မည်။ ဒါကြောင့်လည်း သူတို့နှစ်ဦး လုပ်ငန်းသဘောအရ အကြောင်းဆက် ပေါင်းမိခဲ့ခြင်းဖြစ်တန်ရာ၏။ ဦးထွန်းခင်ကို တကယ့်ကို လူထူးလူဆန်းတစ်ဦးအနေနှင့် သတ်မှတ်ရမည့်သဘောရှိနေ၏။ အကြောင်းကား သူ့မိန်းမဒေါ်ဆယ်၊ သားဦးမောင်ကျော်သိန်း မီးဖွားစဉ်က ရှက်လှသည်ဟုဆိုကာ အိမ်မှထွက်သွားလိုက်သည်မှာ ခုနစ်ရက် ခုနစ်လီ ကြာခဲ့သည်ဆို၏။

"ဘယ့်နှယ်.... အိမ်ထောင်ရက်သားကျလို့ ကလေးမွေးတာ ရှက်စရာတဲ့လား။ ရှက်စရာရှိ မိန်းမကသာ ရှက်ကောင်းရှက်ရမှာပေါ့"

ဦးထွန်းခင်က အဲဒီလို လူစားမျိုး။

ထောင်မှူးမောင်မောင်နှင့် ဦးထွန်းခင်တို့ လူချင်းစတင်တွေ့ရှိသိရချိန်မှာ ၁၉၅၆ ခု။ ထောင်မှူးမောင်မောင် ပဲခူးထောင်မှ မန္တလေးထောင်သို့ ပြောင်းရွှေ့ ရောက်ရှိလာချိန်။ ဘာကြောင့်မှန်း မသိ၊ သူ့ကို ထောင်မှူးအများစုက ဗိုလ်ကြီးဟု ခေါ်ကြသည်။

http://www.cherrythitsar.org



ထောင်မှူးကြီး ဦးလှအောင်အား ဗိုလ်မှူးဟု ခေါ်ခဲ့သည့်အတိုင်း အသက်ကြီး၍ လုပ် သက်ရင့် ထောင်မှူးအချင်းချင်း ရှိသေသမှုနှင့် ခေါ်ခဲ့ခြင်းလည်း ဖြစ်တန်ရာပါသည်။

အမှန်တော့ ဦးထွန်းခင်ကို ဗိုလ်ကြီးလို့ စခေါ်သူက ထောင်မှူး မစ္စတာ စွန်ဒရန်း၊ ဦးထွန်းခင်အကြောင်း ရေးသားရာတွင် စွန်ဒရန်းအကြောင်း မပါခဲ့လျှင်လည်း ပြီးပြည့်စုံသည်ဟု မဆိုနိုင်ပြန်။

ထောင်မှူး မစ္စတာစွန်ဒရန်းကလည်း နာမည်ကလေးတစ်လုံးနှင့်ပါ။ ထောင်မှူး မောင်မောင်တို့ အလုပ်ဝင်စက အကျဉ်းထောင်လောကတွင် ကပြားတွေ ကြီးစိုးနေချိန် ဖြစ်၏။ အင်္ဂလိပ်မြန်မာကပြား၊ အင်ဂလိုအင်ဒီယန်း ခေါ် အင်္ဂလိပ်ကုလားကပြား။ ထောင်ပိုင်ကြီး မစ္စတာအေကရစ်ရှား၊ မစ္စတာအိပ်ချမက်ကနားမားရား၊ ဂျေအယ်လ် ဗွီဒီဂိုဖေးရီးယိုး၊ ထောင်မှူးကြီး အယ်ဒီကတ်စထရိုး၊ ရှူးဘယ်ဒီကတ်စရိုး၊ အင်အေဖတ် မဂ္ဂနမ်း၊ အေဆတ်သာလင် စသည်အားဖြင့်....။ မစ္စတာ စွန်ဒရန်းမှာလည်း အဲဒီလို ကပြားမျိုး။ တကယ်တော့ ဘိုကြက်ချေးပါ။ ဘယ်လိုလုပ်မှ ဘိုရုပ်မပေါက်။ သူ့မိန်းမ 'မေ'ကမှ ဘိုကပြားသွေး ပါသေးသည်။

တစ်ခေတ်တစ်ခါက မစ္စတာ စွန်ဒရန်းတို့ သောင်းကျန်းခဲ့ပုံမှာလည်း အကျဉ်း ထောင်ရာဇဝင်မှာ တကယ့်ကို စံတင်စရာ မှတ်လောက်သားလောက်ပင် ဖြစ်ခဲ့ပါချေ၏။ အောက်မြန်မာပြည်ရှိ ထောင်ကြီးတစ်ထောင်တွင် ဖြစ်သည်။ ထောင်ပိုင်က လှျမ်းလှျမ်း တောက် ထက်ထက်မြက်မြက် နာမည်ကြီးလှစွာသော ဦးဘတင်။

ကြုံကြိုက်ဖန်ဖန် အဲဒီထောင်မှာ ထောင်မှူး ကပြားလူဆိုးသုံးဦး သွား၍ ဆုံဆည်း မိချေသည်။ သရိုး ထောင်စကက်တီးယား သုံးယောက်ကား....မစ္စတာ စွန်ဒရန်း၊ မစ္စတာ မဂ္ဂနမ်နှင့် မစ္စတာ ဆက်သာလင် ခေါ် ဦးစိန်လှိုင် ခေါ် ဂျမ်ဘိုတို့ပင်တည်း။ သူတို့ သုံးယောက်အနက် ဂျမ်ဘိုက ထောင်မျိုးထောင်နွယ်။ ထောင်ပိုင်ကြီး မစ္စတာ ဆတ် သာလင်၏သား။ ကျန်နှစ်ယောက်ကတော့ အပြင်ကပါ။ ဂျမ်ဘိုသည် ထောင်မှူးကြီးနှင့် ပင်စင်ယူပြီးကာမှ ဘာစိတ်ကူးပေါက်လေသည် မသိ။ ခရစ်ယာန်ဘာသာမှ ဗုဒ္ဓ ဘာသာသို့ ကူးပြောင်းပြီး ရဟန်းခံ၏။ ကလေးငယ်တွေကို အင်္ဂလိပ်စာ ကျူရှင်ပြနေ သည် ဆိုလားပဲ။ တစ်ခါတလေတော့လည်း တစ်ချိန်က အတူသောက်ခဲ့ စားခဲ့ဖူးသော ထောင်မှူးမောင်မောင် (ယခုတော့ ထောင်ပိုင်ပေါ့လေ) ထံ ရောက်လာတတ်၏။

"ဒကာကြီး၊ ကျုပ်နေတဲ့ကျောင်းတိုက်ထဲမှာ အဆောက်အအုံတွေ ပြင်ဆောက် နေတာရှိတယ်။ အဲဒါ ဒကာကြီး တတ်နိုင်သလောက် လှူပါ"

"တင်ပါ့၊ ဒီလိုရှိပါတယ်ဘုရား"

"ဘယ်လိုလဲ ဒကာကြီးရဲ့"

"အရှင်ဘုရား ခါတိုင်းလူဝတ်နဲ့ လာတုန်းက တပည့်တော် အရက်တိုက်နေ ကျ မဟုတ်လား"

"အင်းလေ၊ အဲဒါဘာဖြစ်လဲ"

"အခုလဲ အရက်တစ်လုံးဖိုး ငွေသုံးဆယ် လှူလိုက်ပါတယ်ဘုရား"

"ဟာ.... လုပ်တော့မယ် ဒကာကြီးကလဲ"

မစ္စတာ ဆတ်သာလင် ခေါ် ဂျမ်ဘိုက အဲဒီလိုလူစား။ မစ္စတာမဂ္ဂနမ် ဆိုတာကတော့ ယခုလက်ရှိ ရန်အောင်မောင်မောင်လိုပင် ထောင်ပိုင်အဆင့် ၂ ဘဝနှင့် ပင်စင်သွားခဲ့ချေပြီ။ သရီးထောင်စကကတ်တီးယား သုံးယောက်အနက် အရက်ကို ခပ်ရမ်းရမ်းသောက်၍ ထောင်မှူးဘဝနှင့်ပင် စောစောစီးစီး အနိစ္စသဘော ကိစ္စချောသွားခဲ့သူကား မစ္စတာ စွန်ဒရန်းပင်တည်း။ သူတို့သုံးယောက်နှင့်မှ အကျဉ်းထောင်လောကတွင် ဟိတ်တစ်လုံး ဟန်တစ်လုံးနှင့် နာမည်ကြီးလှစွာသော ထောင်ပိုင်ကြီး ဦးဘတင်ကို ထောင်ကြီးတစ်ထောင်တွင် ဆုံမိအောင် ဆုံခဲ့ကြချေ၏။

ဦးဘတင်ကတော့ သူ့ထုံးစံအတိုင်းပေါ့။ စာအုပ်ကြီးသမား၊ ထောင် တစ်ထောင်လုံး သူ့လက်သူ့ခြေ၊ သူ့လက်အောက်က ထောင်မှူးကြီးနှင့် ထောင်မှူးတွေ အီးတောင် ကျယ်ကျယ်မပေါက်ကြစေနှင့်။ ဂျမ်ဘိုတို့၊ စွန်ဒရန်းတို့ ထောင်မှူးတွေလည်း စိတ်အညစ်ကြီး ညစ်ကြလှပြီ။ အဲဒီလို နေခဲ့ကြရာက တစ်နေ့မှာ ပြဿနာပေါ်ချင်တော့ ထောင်ကြီးရှေ့ရှိ ထောင်မှူးကြီး မစ္စတာအယ်ဒီ၏နေအိမ်တွင် မွေးနေ့ပွဲတစ်ခု ကျင်းပဖြစ်ကြသည်။ ထောင်မှူးတွေဘဝကလည်း ခက်တော့ခက်သား။ မနက်စောစော ဝေလီဝေလင်း ကြီးမနိုးမီ အိပ်ရာကထ၍ ထောင်ထဲဝင်ခဲ့ရသည်။ ညနေ အဲဒီကျိကန်းတွေ အိပ်တန်းတက်၍ တစ်ရေးတမောလောက်ရပြီးမှ ထောင်ထဲက ပြန်ထွက်ခဲ့ကြရ၏။ တစ်ခါတစ်ရံ အိမ်က ကလေးပင် အဖေကိုမမှတ်မိချင်။

ဒီတော့လည်း တစ်နေကုန်တင်းထားရသည့် အကြောကလေး လျှော့ချင်ကြတာ တော့အမှန်။ အခုလို ထောင်မှူးကြီး၏ မွေးနေ့ပါတီပွဲဆိုတော့ စိတ်လွတ်ကိုယ်လွတ် သောက်ကြ၊ စားကြ၊ မူးကြ၊ သီချင်းတွေ တကြော်ကြော် အော်လို့ပေါ့။ "ဟက်ပီး ဘတ်သ်ဒေး တူးယူ၊ ဟက်ပီး ဘတ်သ်ဒေး တူးယူ" စသည် အားဖြင့် မင်္ဂလာရှိသော မွေးနေ့ပေါ့လေ။ အဲဒီအသံတွေက ဘယ်လောက်အထိ ကျယ်လိုက်သလဲဆိုရင် ထောင်မှူးကြီးအိမ်နှင့် တစ်ခေါ်သာသာလောက်ဝေးသော ထောင်ပိုင်ကြီး ဦးဘတင်တို့အိမ်တိုင်အောင် ပျံ့လွင့်သွား၏။ အပြင်မှ အရာရှိကြီးများနှင့် ဖိမ်ကျကျ ပိုကာဒေါင်းနေသော ထောင်ပိုင်ကြီး မျက်ထောင့်နီလေပြီ။ အချိန်အားဖြင့် ည ၁၁ နာရီခန့်။

"ဟေ့ အဲဒါ ဘယ်ကအသံတွေလဲကွ"

"ထောင်မှူးကြီး မစ္စတာအယ်ဒီအိမ်ကပါ ဆရာကြီး။ မွေးနေ့ပွဲ ကျင်းပတာတဲ့"

ထောင်ပိုင်ကြီး၏ အော်ဒလီ စံတင်က မျက်နှာလိုအားရ....

"အံမာ ဒီခွေးမသားတွေ ကြီးကျယ်လို့၊ ရော့ဟေ့ ငါ့ဖဲ ခဏကိုင်စမ်း"

ထောင်ပိုင်ကြီးသည် အနီးရှိ တပည့်တစ်ဦးကို သူ၏ဖဲ ပေးခဲ့ပြီး ထောင်ရှေ့ရှိ

http://www.cherrythitsar.org



ထောင်မှူးကြီးအိမ်ဘက်သို့ ဒေါ်နှင့်မောနှင့် ထွက်သွား၏။ သူ၏နောက်မှ တပည့်ကျော် စံတင်နှင့် ဖွဲမီးလှုံနေသူ ထောင်ကြပ်စောဂျိုးဇက်တို့ ပါသွားသည်။ ထောင်မှူးကြီး အိမ်ရှေ့ ရောက်တော့ ထောင်ပိုင်ကြီး ဦးဘတင်က ခါးထောက်၍ အော်လိုက်သည်။

"ဟေ့၊ ဘယ်သူတွေလဲကွ ဆူနေတာ"

ဘယ်သူမှမကြား ဘယ်ကြားနိုင်ပါ့မလဲ၊ အားလုံး မူးနေကြပြီကိုး....။ ထောင် ပိုင်ကြီးက ရှေ့သို့နှစ်လှမ်း သုံးလှမ်းတိုး၍ ထပ်အော်ပြန်သည်။

"ဟေ့ ငါမေးနေတာ မကြားဖူးလား။ အပေါ်မှာ ဆူနေတာ ဘယ်သူတွေလဲ လို့"

ထောင်ပိုင်ကြီးဦးဘတင် တစ်စတစ်စနှင့် လှေကားရင်း ရောက်သွားပြီ။ စွန်ဒရန်း တို့အဖွဲ့ သောင်းကျန်းနေကြတာက ထောင်မှူးကြီးအိမ် အပေါ်ထပ်မှာ။ နား ပါးသော ထောင်မှူးကြီးကတော် မေဘယ်လ်က ဦးဘတင်၏အသံကို ခပ်သဲ့သဲ့ ကြား လိုက်မိ၏။ သူမ၏ ခင်ပွန်းအနီးသို့ကပ်၍ လေသံခပ်တိုးတိုးဖြင့်....။

"အောက်က ထောင်ပိုင်ကြီးအသံကြားတယ်နော်"ဟု အင်္ဂလိပ်လို သတိပေး လိုက်၏။

ထောင်မှူးကြီး မစ္စတာ အယ်ဒီသည်၊ 'အိုး.... မိုင်ဂေါ့ဒ်'ဟု ဆိုကာ နောက်ဖေး ပေါက်မှဆင်း၍ ထောင်တွင်းသို့ ခပ်သုတ်သုတ် ပြေးဝင်သွားသည်။ ထောင်မှူးကြီး ထောင်တွင်း ဝင်စစ်မယ်ပေါ့။ အပေါ်ထပ်မှာတော့ စွန်ဒရန်းတို့အဖွဲ့တွေ သောင်းကျန်းလို့ ကောင်းတုန်း။ ထောင်ပိုင်ကြီး ရောက်လာတာကိုလည်း နဇာမိ မသိ။ ထောင်မှူးကြီး တစ်ယောက် လစ်ပြေးတာကိုလည်း 'ဝီဒုန့်နိုး' တို့ မသိ။

"ဟက်ပီး ဘတ်သ်ဒေးတူးယူ။ ဟက်ပီး ဘတ်သ်ဒေးတူ မစ္စတာ အယ်ဒီ ဟက်ပီး၊ ဟက်ပီးဘတ်သ်ဒေး...." သူတို့သီချင်းသံ မဆုံးလိုက်ပါ။ ထောင်ပိုင်ဦးဘတင် လှေကားမှ တစ်ထစ်ချင်း အပြေးအလွှားတက်ရင်း အိမ်ပေါ်ရောက်လာ၏။

ဦးဘတင် ပထမဦးဆုံး ရင်ဆိုင်ရသူကတော့ မစ္စတာ စွန်ဒရန်း။ စွန်ဒရန်း ရေရေလည်လည် မူးနေပြီ၊ လူမှန်းသူမှန်း မသိတော့။

(Who are you, What do you want.) ဟူးအာယူ ဝှပ်ဒူးယူဝန့်။ မင်း ဘယ်သူလဲ၊ ဘာလိုချင်သလဲပေါ့။ ဦးဘတင်ကလည်း ဘယ်ခံလိမ့်မလဲ နာမည်တစ်လုံး နှင့် နေခဲ့သူ မဟုတ်လား။ 'I am Ba Tin, I want this' အိုင်အမ် ဘတင် အိုင်ဝန့်သစ်စ် ဆိုပြီး စွန်ဒရန်းကို နောက်ကောက် ထိုးချလိုက်၏။ ဆိုလိုတာက 'ငါ ဘတင်၊ ငါလိုချင်တာ ဒါပဲ'ပေါ့။

ဦးဘတင်က ဝဝတုတ်တုတ် ထောင်ထောင်မောင်းမောင်း၊ စွန်ဒရန်းက အရပ် ရှည်ရှည်ပိန်ပိန်သေးသေး၊ ခါးချည့်ကလေး၊ အရက်ကလည်း လူမှန်းသူမှန်း မသိအောင် မူးနေပြန်တော့ ခွေခနဲ လဲကျသွားပြီပေါ့။

http://www.cherrythitsar.org



အဲဒီမှာ သရီးထောင်စကက်တီးယား သုံးယောက်အနက် ဒုတိယလူစွမ်း ကောင်း ထွက်လာပြန်ချေ၏။ သူကား မစ္စတာဆတ်သာလင် (ခေါ်) ဦးစိန်လှိုင် (ခေါ်) ဂျမ်ဘို ပင်တည်း။ သူက အရပ်ရှည်သည်။ ကိုယ်လုံးကိုယ်ထည် တုတ်ခိုင် ထွားကျိုင်း သည်။ သန်မာသည်။ စွန်ဒရန်း ခွေခနဲလဲကျသွားတော့ သူ့စိတ်ထဲ သောက်ဖော်စားဖက် အချင်းချင်း ခံလိုက်ရလေခြင်းဟု နာကြည်းသွားဟန် တူ၏။ 'Oh! You do like this' အိုး.... ယူဒူးလိုက်သစ်စ်၊ ခင်ဗျားက ဒီလိုလုပ်သလားဟု ဆိုကာ ထောင်ပိုင်ကြီး၏ ကိုယ်ကို ဝင်လုံးကာ ထိုးမိထိုးရာ ထိုးပါလေတော့သည်။

အဲဒီမှာ ပြဿနာ၏ အစဖြစ်၏။ ထောင်ပိုင်ကြီး၏ အော်ဒလီစံတင်ထံတွင် ဓားမြှောင်တစ်ချောင်းက ပါလာပေသကိုး။ ထောင်ပိုင်ကြီး၏ အော်ဒလီစံတင်လည်း ထောင်ပိုင်ကြီးကို ရန်မူလာပြီဆိုတော့ ပါလာသည့် လက်နက်ကလေးနှင့် မျက်နှာလို အားရ ကူရ ပံ့ရဟန် တူပါ၏။ ဂျမ်ဘို့လက်တွင် ဓားထိသွားသည်။ ဦးဘတင်ကလည်း လူပါး၊ ဓားဒဏ်ရာဖြင့် ဦးစိန်လှိုင်လက်မှထွက်နေသည့် သွေးတွေကိုကြည့်ပြီး ပြဿနာ တက်တော့မည်ကို သဘောပေါက်သွားဟန်တူ၏။

"ကဲ.... လာ၊ စံတင်နဲ့ ဂျိုးဇက်တို့ ပြန်ကြမယ်ဟေ့"

ဖြစ်သမျှ ပျက်သမျှ ကိစ္စအဝဝအားလုံးကို ခြုံလိုက်သည်ရှိသော် ဂျမ်ဘို ခေါ် ဦးစိန်လှိုင်ကို လူရည်အလည်ဆုံးဟု သတ်မှတ်ရပါလိမ့်မည်။ အဘယ်ကြောင့် ဆိုသော် သူသည် ရန်ကုန်သို့ ဦးစွာရောက်အောင်သွား၍ အကျဉ်းဌာနမင်းကြီးထံ သူ၏လက်မှ ဓားဒဏ်ရာကိုပြကာ တိုင်တည်နိုင်ခဲ့ခြင်းကြောင့်ပင် ဖြစ်၏။

ဦးဘတင်၏တယ်လီဖုန်းဖြင့် သတင်းပို့တိုင်တန်းချက်မှာလည်း ထိရောက် တန်သလောက် ထိရောက်ခဲ့ပါသည်။

အဲဒီထောင်မှူးသုံးယောက် ရာထူးကျစေ....။

ဒါကတော့ အထက်လူကြီးများ အနေနှင့် လူကြီးနှင့်လူငယ် ပြဿနာပေါ်လာ သည့်အခါ ဖြစ်နိုင်လျှင် လူကြီးဘက်မှရပ်တည်ပေးပါမှ အုပ်ချုပ်ရေးကိစ္စအဝဝ အဆင် ပြေနိုင်စေရန် စီစဉ်ပေးရသည့်သဘောပင်ဖြစ်၏။ ပြီးတော့မှ လူကြီးကိုကျိတ်၍ ဆုံးမ ပေါ့။ အဲဒါကလည်း လူကြီးလုပ်နေသူများအတွက် သင်ခန်းစာ ယူစရာပါ။

တစ်နှယ်ငင် တစ်စင်ပါတဲ့၊ နှစ်နှယ်သုံးနှယ်ငင်တော့လည်း နှစ်စင်သုံးစင်ပါ ချင် ပါမပေါ့လေ။ ခုပင် ကြည့်ပါလား၊ ဦးထွန်းခင်အကြောင်း ရေးချင်တာ၊ စွန်ဒရန်းက မဖြစ်မနေ ပါလာပြန်ရော။ စွန်ဒရန်း ပါတော့ မဂ္ဂနမ်းတို့၊ ဂျမ်ဘိုတို့ ပါလာပြီပေါ့။ နို့ သူတို့ သုံးယောက်က အကျဉ်းထောင်ရာဇဝင်မှာ အဓိက စံတင်ထိုက်သူများ မဟုတ် ပါလား။ နောက်ဆုံးတော့ ဘာမှမဟုတ်ပါ။ ဗန်းမော်ကလည်း ဗန်းမော်၊ မောင်းထောင် ကလည်း မောင်းထောင်ဆိုသလိုပါပဲ။ ထောင်ပိုင်ဦးဘတင် အရက်မူးနေကြသည့် ဝိုင်း သို့ မသွားဘဲ နောက်တစ်နေ့ကျမှ ရုံးခန်းထဲ လာခဲ့ကြစမ်းဆိုလျှင် ပြီးနိုင်သည့်ကိစ္စ။

http://www.cherrythitsar.org



ဌာနတိုင်း၊ ဌာနတိုင်း အုပ်ချုပ်သူ လူကြီးပိုင်းအနေနှင့် အတုယူစရာတွေ အများကြီးပါ။ ဦးထွန်းခင်လိုလူစား၊ အတုယူစရာတွေ အများကြီး။ သူက အုပ်ချုပ်သူ လူကြီးပိုင်း မဖြစ်လာမီ၊ သူလို ကိုယ်လို ထောင်မှူးအချင်းချင်း ဘဝကပင် အတုယူစရာတွေ ကြည်ညိုချင်စရာတွေ တစ်ပုံတစ်ပင်ကြီး ဖြစ်၏။ အထူးသဖြင့် လူတစ်ဖက်သားကို ခွင့်လွှတ်တတ်သည့်နေရာတွင် သူ့အပြင် နှစ်ယောက်မရှိ။ သူအမြဲတမ်း ပြောလေ့ရှိသော စကားမှာ....'I say, life is very short' အိုင်ဆေး၊ လိုက်ဖ် အစ်စ် ဘဲရီး ရှော့တ်၊ ဘဝဆိုတာ တိုတိုကလေးပါပဲ ပေါ့။ ပြီးတော့ ဆက်လိုက်သေးသည်။ 'Life is aliving for others' လိုက်ဖ်အစ် အလစ်ဖ်ဗင်းဖော် အားသား၊ ဘဝဟူသည် သူများအတွက် အသက်ရှင်နေရခြင်း ဖြစ်သည် ဟူ၏။

ထိုစဉ်က ထောင်မှူးမောင်မောင်တို့ လုပ်ဖော်ကိုင်ဖက် ထောင်မှူးတွေထဲတွင် ခပ်သွက်သွက် ထောင်မှူးတစ်ယောက်ရှိ၏။ သူသည် ထောင်မှူးမောင်မောင်တို့လို တိုက်ရိုက် ထောင်မှူးဖြစ်လာသူ မဟုတ်။ လက်အောက် ဝန်ထမ်းစာရေးဘဝမှ တက်လာသူ ဖြစ်၏။ သူ၏ အမူအကျင့်မှာ တခြားထောင်မှူးတွေနှင့်မတူ တစ်မူထူးခြား၏။ စာရေးမှတက်လာသူ ဖြစ်သော်လည်း အလုပ်တော့ ဘာမျှ ဟုတ်တိပတ်တိမတတ်။ လတ်လျားလတ်လျားနှင့် အထက်ဖား အောက်ဖိ အထက်လူကြီးတွေ ကြိုက်အောင် အကုန်လုပ်တတ်သည်။ လူကြီး ဘာကြိုက်သနည်း၊ အဲဒီအတိုင်း မဖြစ်မနေ လုပ်ပေးတတ်၏။ ဘယ်ရုံး သွားရမလဲ၊ ဘယ်ကန်ထရိုက်ဆီ ပြေးရမလဲ၊ လူကြီး၏ လိုအင်ဆန္ဒကို တစ်မှုဟုတ်ချင်း ဖြည့်တင်းပေးနိုင်၏။

တစ်ခုတော့ရှိသည်။ ကိုယ့် လုပ်ဖော်ကိုင်ဖက် ထောင်မှူးအချင်းချင်းကျတော့ ဘယ်သူ့ကို ဘယ်လို ဆော်ပလော်တီးလိုက်ရမလဲ၊ ဘယ်လို ကတုံးကတိုက် လုပ်လိုက်ရမလဲ၊ လက်နှေးသူ တစ်ယောက် မဟုတ်။ ဘယ်သူသေသေ ငတေမာလျှင် ပြီးရော။ တစ်နည်းအားဖြင့် ဆိုရလျှင် ထောင်မှူးအများစုထဲတွင် ထောင်မှူးချဉ်ဖတ်ဟု ဆိုကြပါစို့။ အဲဒီ ဦးချဉ်ဖတ်ကို ဦးထွန်းခင်တစ်ယောက် ဘယ်လိုသုံးသပ် မှတ်ချက်ပြုလိုက်သလဲ ဆိုတော့။ သူသည် ကွမ်းလည်း မစား၊ ဆေးလိပ် မသောက်ပေမင့် စကားပြောရာတွင် တံတွေးမြုံ့မြုံ့ပြီး စုတ်သပ်လေ့ရှိ၏။ 'အင်း.... ပလပ်၊ ပလပ်၊ ကျွတ်၊ ကျွတ်၊ ကျွတ်၊ တော်တော် သနားစရာ ကောင်းတာပဲနော်'တဲ့။

အမှန်က သူလည်း ထောင်မှူး ဦးချဉ်ဖတ်ကို ထောင်မှူးမောင်မောင်တို့နည်းတူ လုံးဝကြည့်မရသူ တစ်ယောက်ပင်။ သို့သော် သူအပြင်းထန်ဆုံး ပြောလိုက်တာကတော့ သနားစရာ သတ္တဝါတစ်ဦးအဖြစ်။ နောက်ပိုင်း ထောင်မှူးမောင်မောင်တို့ နားလည်သဘောပေါက် လက်ခံလာကြရသည်မှာ ဦးထွန်းခင်က သနားစရာကောင်းသည်ဟု သုံးသပ်ခြင်းခံရသော ပုဂ္ဂိုလ်သည် ဘယ်နေရာမှ သုံးမရသည်ဟု ဂဏှာဟိ မှတ်ပေရော့။

သို့သော် 'စွန်ဒူး'ဟု အတိုကောက်ခေါ်သော ထောင်မှူး မစ္စတာစွန်ဒရန်းကျ

http://www.cherrythitsar.org



တော့ သူ ချစ်သည်။ စွန်ဒရန်း၏ ဆိုးမွေ ကောင်းမွေကို ခံနိုင်ခဲ့သည်ဟု ဆိုရပေမည်။ စွန်ဒရန်းကလည်း ခက်တော့ အခက်သား။ အထက်လူကြီးတွေကို ကလန်ကဆန် လုပ်ပုံက ခပ်ယဉ်ယဉ်ကလေး။ ထောင်မှူးတွေ၏အဓိကတာဝန်ဖြစ်သည့် ထောင်ဖွင့် ထောင်ပိတ်တာဝန်ကို သူလာချင်မှလာသည်။ အများအားဖြင့် ညပိုင်းက အသောက် လွန်ထားသဖြင့် ထောင်ဖွင့်ရန် ပျက်ကွက်လေ့ရှိ၏။ အဲဒါကို ကျန်သည့် ထောင်မှူး မောင်မောင်တို့အဖွဲ့က သိပ်ပြီး မကျေနပ်ချင်။ သို့သော် လူတစ်ဖက်သားကို ထာဝစဉ် အကောင်းမြင်တတ်သော ဦးထွန်းခင်ကတော့ ခွင့်လွှတ်စမြဲ။

"နေစမ်းပါဦးဗျာ၊ ဒီကောင်ညက အမူးလွန်သွားတယ်နဲ့တူပါတယ်"

ယင်းကဲ့သို့ ဦးထွန်းခင်ကသာ စွန်ဒူးအပေါ် ခွင့်လွှတ်နိုင်ခဲ့သော်လည်း စွန်ဒူး၏ လက်ချက်ဖြင့် ဦးထွန်းခင်တစ်ယောက် ဒုက္ခလှလှကြီး တွေ့ခဲ့ဖူးပါ၏။ အမှန်က စွန်ဒရန်း အဓိက ရည်ရွယ်သည့်ပစ်မှတ်မှာ ဦးထွန်းခင်မဟုတ်။ ယခု ခေတ်အခေါ်တော့ 'ရေး'၊ ဟိုတုန်းကတော့ (establishment)ကိုင်သည့် ထောင်မှူးဦးသိန်းမောင်ဖြစ်သည်။

တစ်နေ့တွင် မစ္စတာစွန်ဒရန်းထောင်မှအထွက် ထောင်ဘူးဝ ရုံးခန်းထဲ ဝင်ချိန် ထောင်မှူးဦးသိန်းမောင် ရုံးခန်းထဲ အမှတ်မထင်ရောက်သွားသည်။ အဲဒီမှာ တွေ့လိုက်ရတာက ထောင်မှူးဦးသိန်းမောင်သည် အမျိုးသမီးထောင်မှူး အပျိုကြီးမ ဒေါ်ခင်ခင်ကြီး၏ လက်ကို အကျအနကိုင်ပြီး အမှုထမ်းစာအုပ်ပေါ်တွင် လက်ဗွေနှိပ်လျက်ရှိ၏။ အမှန်တကယ်တော့ ဒီကိစ္စလက်အောက်ငယ်သား စာရေးဝန်ထမ်းလောက်နှင့် ပြီးရမည့် အလုပ်ပါ။

စွန်ဒူးက ၁၀ နာရီထမင်းစားရန် အတူထွက်လာသော ထောင်မှူးဦးထွန်းခင်ကို လက်တို့ခေါ်၏။ ဦးထွန်းခင်က ဘာမှန်းမသိဘဲ လိုက်သွားပြီး ဦးသိန်းမောင်နှင့် ဒေါ်ခင်ခင်ကြီးတို့၏ အခြေအနေကိုကြည့်ကာ မသိမသာပြုံးမိသည်။ သူတို့နှစ်ယောက် ထမင်းစား ထွက်သွားကြပြီးနောက် စွန်ဒူးတစ်ယောက် ဦးသိန်းမောင်အိမ်ဝင်၍ ကျန်ရစ်ခဲ့သည်။ ဦးထွန်းခင် ဘာမှန်း နားမလည်လိုက်။ တအောင့်နေမှ စွန်ဒူးရောက်လာပြီး၊

"ဗိုလ်ကြီး ကျွန်တော်တော့ ဦးသိန်းမောင်ကို ဂျောက်တွန်းခဲ့ပြီ"

ဦးထွန်းခင်မှာ ဘုမသိဘမသိ။

"ဘာ ဂျောက်တွန်းတာလဲဟ"

"ဟိုအပျိုကြီး ထောင်မှူးမဒေါ်ခင်ခင်ကြီးနဲ့ ဦးသိန်းမောင်တို့ လက်ဗွေနှိပ်နေကြတဲ့ အကြောင်းလေ။

"ဒေါ်ခင်တီကိုလား"

"အင်းပေါ့"

"အေး ကောင်းရောကွာ"

ဒေါ်ခင်တီမှာ ဦးသိန်းမောင်၏ဇနီးဖြစ်၏။ သို့ကလို စကားပြောနေကြချိန်

http://www.cherrythitsar.org



တွင် ဦးထွန်းခင်၏ဇနီး ဒေါ်ဆယ်လည်း အနီးမှာရှိနေသည်။ သူတို့ ထောင်မှူး သုံးယောက်က အိမ်ချင်းကပ်လျက်၊ အမျိုးသမီးထောင်မှူး ဒေါ်ခင်ခင်ကြီးက သူတို့ သုံးယောက်အိမ်တွေအလွန်မှာ။ ဘာမှမကြာလိုက်ပါချေ၊ ဦးသိန်းမောင် အိမ်ဘက်မှ စူးစူးဝါးဝါးအော်သံ ကြား လိုက်ရ၏။

"ဟ.... ကိုက်တယ်ဟ၊ ကိုက်တယ်။ လုပ်ကြပါဦး"

စွန်ဒရန်း၏လက်ချက်ဖြင့် ဒေါ်ခင်တီ ဦးသိန်းမောင်ကို ကိုက်လေပြီ။ ဘယ်နေရာ ကိုက်လေသည် မသိ။ ဦးထွန်းခင်ကလည်း ထမင်းစားတော့မည့်ဆဲဆဲ။

"ဟော့ စွန်ဒူး၊ မင်းလက်ချက်နဲ့ ဟိုလင်မယားတော့ ပြဿနာပေါ်နေပြီ။ လာ တို့သွားဖျဉ်ကြဦးစို့"

ထိုအခိုက်မှာပင် အမျိုးသမီးထောင်မှူး ဒေါ်ခင်ခင်ကြီးကလည်း ၁၂ နာရီ ထမင်းစား အပြန်၊ ဦးထွန်းခင် အိမ်ရှေ့အရောက်၊

'ရှင်လဲ အတူတူပါပဲ'ဟု ဦးထွန်းခင်၏ဇနီး ဒေါ်ဆယ်က လက်ဆေးခွက်နှင့် ကောက်ပေါက်လိုက်ရာ၊ ဦးထွန်းခင်က အရှောင်လိုက်....

သူ့သားဖိုးလုံး(ယခုတော့ အမေရိကန်ရောက် ဒေါက်တာလုဖေပေါ့လေ)၏ ခေါင်းကို မှန်သွားလေတော့သတည်း။

■

http://www.cherrythitsar.org

# ၃၈

ထူးခြားသည့် ထောင်ပိုင်တွေ အကြောင်းရေးတော့မည်ဆိုလျှင် ဆရာဦးထွန်းခင် အကြောင်းက အများသား။ သူသည် ထောင်လုပ်ငန်းကို တကယ် ကျွမ်းကျင်သည်။ နိုင်နင်းသည်။ ဖိဖိစီးစီး လုပ်တတ်သည်။ သို့သော် တစ်ခါတလေ ကျပြန်တော့လည်း သူလုပ်သွား၊ ကိုင်သွားပုံက ခပ်ပေါ့ပေါ့ တန်တန်လေး။

ဆိုကြပါစို့....။ ထောင်မှူးမောင်မောင်တို့ ငယ်စဉ်အခါက တင်းနစ်ရိုက် ကစားရန် အလွန်ပင် သနားစရာကောင်းခဲ့ကြသည်။ ဒါ လည်း [illegible] နေ့စဉ် ထောင်ဖွင့်ထောင်ပိတ် တာဝန်က ရှိနေလေတော့ ဘယ်လိုလုပ် နေ့စဉ် လေးနာရီထွက်၍ တင်းနစ်ရိုက်နိုင်ပါမည်နည်း။ အဲ....၊ ကိုယ် လေးနာရီထွက်ခွင့်ရှိသည့် နေ့မှာတော့ မှန်တာပြောရလျှင် လေးနာရီအတိ ထွက်ချင်သည်။ ရသည့်အချိန်ကလေး တင်းနစ် အပြည့်အဝရိုက်လိုက်ချင်သည်။

သို့ပေမယ့် အဲဒီတုန်းက ထောင်မှူးပေါက်စလေးတွေ အနေနှင့် အထက်အရာရှိများဖြစ်ကြသည့် ထောင်မှူးကြီးတို့၊ ထောင်ပိုင်ကလေးတို့ကို ကြောက်လိုက်ရပုံများ....။ သူတို့ ရုံးမဆင်းသေးလျှင် ကိုယ်လည်း ထောင်ထဲက မထွက်ဝံ့။ အမှန်အတိုင်းတော့ ကိုယ်အား ကိုယ်ထွက်ပေါ့။ ဟင့်အင်း.... ကိုယ်အားပေမယ့် မထွက်ဝံ့ကြပါ။ သူတို့ မျက်နှာကြည့်နေကြရ၏။ ဆင့်ကဲဆင့်ကဲ အထက်အရာရှိကို ရိုသေလေးစား ကြောက်ရွံ့ရခြင်းကို ဆိုလိုခြင်းပါ။

ခုခေတ်များတော့ မဟုတ်ပေါင်။

http://www.cherrythitsar.org



ရှစ်နာရီထိုးပြီ။ ထောင်ပိုင်ကြီးရုံးခန်းထဲ ရောက်နေပြီ။ "စာရေး မောင်ဘယ်သူ ခေါ်လိုက်စမ်းဟေ့" ဆိုတော့....၊ "မရောက်သေးဘူး ဆရာကြီး"တဲ့။

ကဲ.... ကောင်းကြရော....။ ဟိုတုန်းကများ စာရေးမဆိုထားနှင့် ထောင်မှူး မောင်မောင်တို့ပင် ထောင်ပိုင်က ခေါ်လိုက်သည်ဆိုလျှင် ရှေ့တော်မှောက် ချက်ချင်း ရောက်ရ၏။ အားတာ မအားတာ ဘေးချိတ်ထား၊ ထောင်ဥပဒေကိုက ၂၄ နာရီ တာဝန် ရှိနေသည် မဟုတ်ပါလား။

အဲ.... ဦးထွန်းခင်တို့ကျတော့ တစ်မျိုးတစ်စား။ လေးနာရီအားလျှင်လည်း ထွက်ချင်မှ ထွက်သည်။ လေးနာရီမအားဘဲ ထောင်ပိတ် တာဝန်ရှိနေပေမယ့် အပြင် ထွက်ပြီး တင်းနစ်ရိုက်ချင် ရိုက်နေတတ်၏။ ရှားရှားပါးပါး တစ်ပတ်လျှင် တစ်ရက်သာ နားရသည့် စနေ၊ တနင်္ဂနွေလို နေ့ရက်မျိုးတွင်လည်း ဘယ်မှမသွားဘဲ ထောင်ထဲဝင်၍ အလုပ်လုပ်ချင်နေတတ်၏။ ဒါကြောင့်လဲ အထက်လူကြီးတွေက ဘာမျှ မပြောတာလား မသိ။ စီနီယာထောင်မှူးဆိုသည့် ဂုဏ်ပုဒ်ကလည်း ပါသေးတာပေါ့လေ။

ဦးထွန်းခင်မှာ သူများနှင့်မတူ တစ်မူထူးခြားသည့် အမူအကျင့်စရိုက်ကလေး များလည်း ရှိပါသေး၏။ အဲဒါကတော့ အစားအသောက် ပက်စက်ခြင်း၊ တစ်နည်းအား ဖြင့် ပါးစပ်သရမ်းခြင်းဟု ဆိုရမည်လား မသိ။ ဒီနားမှာ မုန့်တီစားပြီး ရှေ့နားရောက် တော့ လက်ဖက်ရည်သောက်မည်။ တစ်အောင့်လောက်ကြာအောင် တော်တော်လေး သွားမိပြီး မြီးရှည်ဆိုင် တွေ့ပြီလား.... "လာ.... မြီးရှည်စားလိုက်ဦးစို့"တဲ့။

တကယ်တော့ ထောင်မှူးမောင်မောင်တို့ သူစားသလောက် ဘယ်သူမှ လိုက် မစားနိုင်ကြတော့ပါ။ မန္တလေးထောင်တည်ရာ နန်းမြို့အတွင်းမှ စက်ဘီးကိုယ်စီဖြင့် စထွက်ပြီဆိုကတည်းက ဖူးပိန်တို့၊ လျှမ်းစိန်တို့မှာ အဝအပြဲ စားသောက်ခဲ့ပြီးသားပဲ။

ဒါလောက်နှင့်ဆိုလျှင် စာမဖွဲ့လောက်သေး။ ဦးထွန်းခင်က အရက်ကလေး ခပ်ထွေထွေနှင့်ဆိုလျှင် ရုပ်ရှင်ကလေး ကြည့်လိုက်ချင်သေးသည်။

"အိုင်ဆေး.... မစိုးရိမ်က ကုလားကား သိပ်ကောင်းတာတဲ့။ ဝင်ကြည့်ကြရ အောင်"

ထောင်မှူးမောင်မောင်တို့ အဖွဲ့က ကုလားကားဆိုတော့ သိပ်ပြီး စိတ်မပါချင်။

"ဟာဗျာ.... ဗိုလ်ကြီးကလဲ ကုလားကားက အားအားရှိ သီချင်းပဲ ဆိုနေတာ၊ ပျင်းစရာကြီး။ ဝင်းလိုက်က ဘရစ်ဂျ်အွန်သည် ရီးဗွားကွေ သွားကြည့်ကြရအောင်ပါ"

"အံမယ်လေး မောင်ရင်တို့ ကုလားကားကို သေသေချာချာ ကြည့်ကြပါဦး၊ အဲဒီ သီချင်းဆိုနေတာကိုက တကယ့် အရသာပါ" တဲ့။

သူ့ကို ဘယ်သူမှ မလွန်ဆန်နိုင်လေတော့၊ မစိုးရိမ် ရုံဘက်သို့ စက်ဘီးများ ကွေ့ဝိုက်စီတန်း၍ စီးကြရပြန်လေ၏။ မစိုးရိမ်ရုံ အဝင်ဝတွင် တွေ့ရပြန်ပါလေပြီ၊ အမဲအူပြုတ်ဆိုင်။ အမဲအူပြုတ်မှာ ဦးထွန်းခင် အလွန်အကြိုက်အနှစ်သက်ဆုံး အစား

http://www.cherrythitsar.org



အစာ ဖြစ်၏။ "လာကြဗျာ.... အမဲအူပြုတ်ကလေး တွယ်လိုက်ကြဦးစို့"တဲ့၊ လုပ်ပြန်ပါလေရော။ အင်း....၊ တကယ်တမ်းကျတော့ သူတစ်ယောက်တည်းပါ၊ အမဲအူပြုတ်ကိုလည်း ဘယ်ထောင်မှူးမှ ယောင်လို့ပင် လှည့်မကြည့်နိုင်တော့။ သို့နှင့်ပင် အမဲအူပြုတ်စားသောက်ပြီး ရုပ်ရှင်ရုံတွင်းဝင်၍ ကုလားကား ကြည့်ဖြစ်ကြသည်။

ရုပ်ရှင်ရုံထဲကျတော့ သူအလွန်ကြိုက်လှပါသည်ဆိုသော ကုလားကားကို စွဲစွဲမြဲမြဲ ကြည့်သည်ထင်ပါသလား။ ဘယ်.... ဝေးသေး။ ရုပ်ရှင်စပြလို့ တအောင့်အကြာ ကုလားမင်းသားနှင့် မင်းသမီးလည်း သီချင်းဆိုရော၊ ဦးထွန်းခင်လည်း အိပ်ရော။ အိပ်တာမှ ရိုးရိုးတန်းတန်း အသံတိတ် မဟုတ်။ 'ခလူး.... ခလူး.... ခလော.... ခလော'နှင့် ဟောက်ပင်နေလိုက်သေးသည်။

အဲ.... ရုပ်ရှင်အားလပ်ချိန်ပေးတော့ ဦးထွန်းခင်တို့ တစ်ရေးနိုးပြီ။ အဲဒီမှာ သူ့ဗိုက်ကလည်း တစ်စခန်းထပြီ။ ဒါလောက်ထိအောင် မဆံ့မပြဲ စားထားတော့ ငါ့ဝမ်းပူဆာ မနေသာမဟုတ်။ ငါ့ဝမ်းပြည့်ကာ မနေသာဘဲ သူ့ဗိုက် ဆန္ဒပြပြီပေါ့။

"ခင်ဗျားတို့မှာ စက္ကူကလေးဘာလေးများ မပါကြဖူးလား"

"ဘာလုပ်မလို့လဲ ဗိုလ်ကြီး"ဆိုတော့၊"ကျွန်တော် အိမ်သာတက်ချင်လို့" တဲ့။

အပြင်ထွက် အရက်သောက်၍ လျှောက်လည်ခဲ့ကြတာ ဘယ်သူ့မှာ စက္ကူပါမည်နည်း။ "ဟင့်အင်း.... ကျွန်တော်တို့မှာလဲ ဘာစက္ကူမှ မပါဘူး" ဆိုတော့၊

"နေပေစေ.... ရတယ်၊ ရတယ်" ဟုဆိုကာ၊ ရုပ်ရှင်ရုံ အိမ်သာသို့ ကမန်းကတန်း ပြေးလေတော့သတည်း။ အဲဒီမှာ စက္ကူပြဿနာ ဘယ်လိုရှင်းခဲ့လေသည်မသိ၊ တအောင့်လောက်ကြာတော့ ပြန်လာပြီး ရုပ်ရှင်ဆက်ကြည့်သည်။ ရုပ်ရှင်ဆက်ကြည့်သည် ဆိုသော်လည်း စောစောက အတိုင်းပါပဲ။ တအောင့်လောက်သာ ကြည့်ပြီး၊ "ခလူး ခလူး.... ခလော.... ခလော...." အိပ်မြဲအိပ်လျက်၊ ဟောက်မြဲ ဟောက်လျက်။

ရုပ်ရှင်ပြီးတော့ သူ့ကိုမနည်းကြီးနှိုးယူရသည်။ ဒါတောင် ရုပ်ရှင်ရုံက အထွက် သူပြောလိုက်သော စကားတစ်ခွန်းကြောင့် ထောင်မှူးမောင်မောင်တို့အဖွဲ့မှာ မပြုံးဘဲ ဝါးလုံးကွဲရယ်ကြရမည့်ကိန်း။ ဘာပြောလိုက်သလဲဆိုတော့....

"ကဲ.... ကျွန်တော် မပြောဖူးလား။ ကုလားကား ဘယ်လောက်ကောင်း သလဲ...." တဲ့....။

"ကောင်းပါ့ဗျာ၊ ကောင်းပါ့" ဟုသာ ဩဘာပေးလိုက်စရာ ကောင်းလှပါဘိ။

ဆရာဦးထွန်းခင်မှာ ထောင်မှူးဘဝမှ ထောင်ပိုင်ကြီးအဆင့်အထိ အသက် ၆၀ ပြည့်၍ အငြိမ်းစား ယူသွားသည့်တိုင် ဘယ်ထောင်ပို့ပို့ ဘယ်စခန်းပြောင်းပြောင်း လုံးဝ ငြင်းဆန်ခြင်း၊ အများသူငါလို အကြံအဖန်လုပ်၍ ပြောင်းရွှေ့မိန့်ပျက်ရန် ကြိုးစားခြင်း အလျှင်းရှိခဲ့သူ မဟုတ်ပါ။ ဘယ်ပို့ပို့ သွားသည်။ ဘယ်ပြောင်းပြောင်း အမိန့်တော်မြတ် အတိုင်းပင်။ သူ၏ မှတ်လောက်သားလောက် လက်သုံးစကားလေး

http://www.cherrythitsar.org



တစ်ခုရှိသည်။

"ဒီမယ်....၊ မဆယ်နဲ့ ငွေသာ ပါလို့ကတော့ ဘယ်ပို့ပို့ သွားပါတယ်ဗျာ...."

ဒေါ်ဆယ်ဆိုတာက သူ၏ချစ်လှစွာသော ဇနီး။ ဒေါ်ဆယ်နှင့် ငွေသာပါလို့ကတော့ ဘယ်ပြောင်းပြောင်း ဂျောင်းမယ်ပေါ့။ အမှန်တကယ်လည်း ဂျောင်းခဲ့ပါသည်။ ဆရာဦးထွန်းခင် ထောင်မှူးကြီးဘဝက သရက်မြို့ ဘော်စတယ် ကလေးထောင်သို့ ပြောင်းခဲ့ရသည်။

ဘော်စတယ်ကလေးထောင်ဆိုတာက အရပ်အခေါ်ပါ။ အမှန်တကယ်က (Boarstal Training School) ဘော်စတယ် ထရိန်နင်စကူးလ်၊ ဘော်စတယ် လူငယ် သင်တန်းကျောင်း။ အဲဒီဘော်စတယ်ဆိုသည်နှင့် တီကို ဆားနှင့်တို့လိုက်သလို တွန့်သွားတတ်ကြသည်၊ ရွံ့သွားတတ်ကြသည်။

ဘယ်သွားချင်ပါ့မလဲ၊ သူက ထောင်နှင့် ပုံစံချင်း လုံးဝ မတူတာကိုး။

ဘော်စတယ်တွင် ရှိနေသည့် ကျောင်းသားကလေးများသည်လည်း ရာဇဝတ်ပြစ်မှုတစ်ခုခုကို ကျူးလွန်၍ တရားရုံးက ထိုက်သင့်သောအပြစ်ဒဏ် ချမှတ်ခြင်းခံရသည့် တရားခံများ၊ သို့သော် သူတို့တစ်တွေမှာ အသက် ၁၆နှစ်နှင့် အောက် လူငယ်ကလေးများသာဖြစ်၍ အသက်မပြည့်သေး။ ဒီတော့ သူတို့အတွက် တစ်မျိုးတစ်ဖုံ စဉ်းစားရမည်။ အသက် ၁၈နှစ်ပြည့်ပြီးသည့် ရာဇဝတ်ကောင်များနှင့် တစ်တန်းတစ်စားတည်း ထားလို့မရ။ အတွေးအခေါ်ချင်းကလည်း မတူ၊ အမူအကျင့် စရိုက်ကလည်း ခြားနား။ သူတို့ ကလေးတွေကို သီးခြားထားပါမှ။ ဒါကြောင့်လည်း ဘော်စတယ် လူငယ်သင်တန်းကျောင်းရယ်လို့ ပေါ်ပေါက်လာရခြင်း ဖြစ်တန်ရာသည်။ သို့သော် ခက်တာက အဲဒီတုန်းက အကျဉ်းထောင်ရော၊ ဘော်စတယ်ပါ တရားရေး ဝန်ကြီးဌာန တစ်ခုတည်း လက်အောက်မှာ ရှိနေသကိုး။ ဒီတော့ ထောင်ကလူလည်း ဘော်စတယ် ပြောင်း၊ ဘော်စတယ်ကလူလည်း ထောင်ပြောင်းပေါ့။

အမှန်တကယ်တော့ ဦးထွန်းခင်၏ ပင်ကိုက အရာရာကို သည်းခံခွင့်လွှတ်တတ်သော စိတ်ဓာတ်သည် ဘော်စတယ်ရောက်သွားပြီးနောက် ပိုမိုရင့်ကျက် မာကျောလာသည့် သဘောရှိ၏။ အဘယ်ကြောင့်ဆိုသော် ဘော်စတယ်ကို အုပ်ချုပ်ရသော အမြင့်ဆုံးအဆင့်ကျောင်းအုပ်ကြီးမှသည် အောက်ဆုံးအဆင့် ဆရာအထိ အချိန်ရှိသရွေ့ သည်းခံခွင့်လွှတ်နေရတတ်သည်။

အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ရာဇဝတ်ပြစ်မှုကြီးတွေကို ကျူးလွန်ထားသူတွေပဲ၊ ဘယ်လွယ်လိမ့်မလဲ၊ တကယ်တမ်း မညှာမတာ ပြောရလျှင် လူဆိုးကလေးတွေပေါ့။ သို့သော် သူတို့တစ်တွေမှာ ဆရာမင်းကျော်ရေးသလို အဖြူကိုအမည်းဆိုးခံထားရသော လူငယ်လူရွယ်ကလေးများဖြစ်လေရာ သူတို့၏ အတွင်းအစွမ္တသဏ္ဍာန်တွင် စွန်းထင်းနေသော အဲဒီအရောင်ကို နိုင်ငံတော်အစိုးရအနေနှင့် တတ်နိုင်သမျှခဝါချပေးဖို့ တာဝန်ရှိ

http://www.cherrythitsar.org



နေပြန်သည်။ သို့ဖြစ်၍ ဘော်စတယ်တွင် အတတ်နိုင်ဆုံး လိုက်လျောထားသည်မှာ သူတို့ကို အကျဉ်းသားလို့ မခေါ်ရ။ ကျောင်းသားဟု ခေါ်ရမည်။ ထောင်မှ မဟုတ်ဘဲ ကိုး....။ အုပ်ချုပ်သူများကိုလည်း ထောင်မှပင် ပြောင်းရွှေ့ခဲ့စေကာမူ ထောင်မှူး၊ ထောင်မှူးကြီး အခေါ်အဝေါ်များကို မြွေအရေလဲသလို ပြင်လိုက်ရ၏။ ထောင်မှူးကြီးက အိမ်ဆရာကြီး၊ ထောင်မှူးက အိမ်ဆရာ၊ ဒုတိယထောင်ပိုင် ကျတော့ ဒုကျောင်းအုပ်ကြီး၊ ကျောင်းအုပ်ကြီးမှာလည်း ထောင်ဘက်ပြန်ပြောင်းလျှင် အရွေးချယ်ခံတန်း၊ ဟိုတုန်းက လစာနှုန်းထား ၈၀၀/၅၀/၁၂၀၀။

ဦးထွန်းခင် ဘော်စတယ်ပြောင်းစဉ်က ထောင်မှူးကြီးဆိုတော့ အိမ်ဆရာကြီး ပေါ့။ တကယ်တမ်းကျတော့ အိမ်ဆရာကြီးဆိုသည်မှာလည်း ကျောင်းသားတွေနှင့် လုံးလားထွေးလားပါ။ လက်ထောက်အိမ်ဆရာလည်း ထိုနည်းငှင်းပါပဲ။

ကျောင်းသားတွေ ထမင်းဆိုလျှင် သူတို့လည်း ထကြ၊ ခြေလက်မျက်နှာ ဆေး ကြောသုတ်သင်၍ နံနက်စာဆန်ပြုတ် သောက်သည်ကို ကြီးကြပ်ကွပ်ကဲ၊ ပြီးလျှင် ကျောင်းသားတွေနှင့်အတူ ပီတီခေါ် ကျန်းမာရေးလေ့ကျင့်။ နောက်ပိုင်း အလုပ်ခွင်ဝင် တာရော ဆွေးနွေးပွဲနေ့ကလေးတွေမှာ အိမ်ဆရာများနှင့်ကျောင်းသားတွေ တပူးတွဲတွဲ။

အမှန်အတိုင်းက ကျောင်းသားတွေ တစ်ဦးချင်းအပေါ် (individual attention) အင်ဒီဗီဂျူရယ်အတင်းရှင်း၊ စိတ်ပါဝင်စားစွာ ဘယ်သူ ဘယ်ဝါ ဘယ်လို အကျင့်စာရိတ္တမျိုးရှိသည်၊ ဘယ်လိုလုပ် အမှုဖြစ်ပြီး အပြစ်ပေးခံခဲ့ရတာလဲ၊ တစ်စတစ်စ ကြီးပြင်းလာခဲ့ရသည့် မိသားစုအခြေအနေ၊ သေသေချာချာ ဂဃနဏ လေ့လာပြန် တော့လည်း ဝေဒနာရှင်တစ်ဦး၏ ရောဂါဇာစ်မြစ်ကို ဖော်ထုတ်နိုင်သည့် သဘော။

အနာမသိ ဆေးမရှိ၊ အနာသိလျှင် ဆေးရှိရမှာပေါ့။

ကောင်းပြီ....၊ အဲဒီဘော်စတယ် လုပ်ငန်းကော ဘယ်လောက် အတိုင်းအတာ အထိ အောင်မြင်ခဲ့သနည်း။ ဒါကတော့ ပုံသေကားကျကြီး ပြောလို့မရပါ။ ဘယ်လုပ်ငန်း မျိုးပဲဖြစ်ဖြစ် မလုပ်ဘဲနေတာနှင့်စာလျှင် အကျိုးအမြတ် ရှိစမြဲပင်တည်း။ ဘော်စတယ်က ထွက်ပြီးနောက် လူကောင်းသူကောင်း ဖြစ်သွားကြသူတွေ ရှိသလို၊ အသက် ၁၈ နှစ် ပြည့် ၍ နောက်ထပ် ပြစ်မှုကျူးလွန်ပြီး ထောင်ကျလာသူတွေလည်း အမြောက်အမြား။

ကဲ.... ဘော်စတယ်အကြောင်း ခေတ္တခဏ ဟပ်ပဒိုင်း ရပ်ဆိုင်းရအောင်ပါ။

ဦးထွန်းခင်အကြောင်း ဆက်ကြပါဦးစို့။ ဆရာဦးထွန်းခင်သည် ကြုံလာလျှင် ဟန်မလုပ်နှင့် မုံရွာကဆန်ပြုတ်ဟု ဆိုချင်လျှင် ဆိုနိုင်သည့် လူစားမျိုး ဖြစ်၏။ အဘယ် ကြောင့်ဆိုသော်....။ တစ်ခါက ထောင်မှူးမောင်မောင် မန္တလေးထောင်တွင် ရှိနေစဉ်က တာဝန်တစ်ခုဖြင့် ရန်ကုန်ဆင်းရသည်။ ထိုအချိန်တွင် ဆရာဦးထွန်းခင်မှာ တောင်ငူ အကျဉ်းထောင်တွင် ထောင်မှူးကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိ၏။ သို့ဖြစ်၍ တောင်ငူထောင်သို့ လှမ်း၍ အကျိုးအကြောင်း ဖုန်းဆက်ထားသည်။ တောင်ငူထောင်မှာ

http://www.cherrythitsar.org



က ဆရာဦးထွန်းခင်အပြင် ထောင်မှူးမောင်မောင်၏ငယ်သူငယ်ချင်း ထောင်မှူး ဦးခင်မောင်လှနှင့် အခြားလုပ်ဖော်ကိုင်ဖက် အပေါင်းအသင်းရောင်းရင်းတွေ ရှိနေသေးသည်။

တောင်ငူဘူတာသို့ ရောက်တော့ ထောင်မှူးကြီးဦးထွန်းခင်တို့အဖွဲ့က အသင့်အနေအထားဖြင့် ကြိုဆိုလျက်။ အသင့်အနေအထားဆိုသည်မှာ ထမင်း၊ ပုလင်းနှင့် မြည်းစရာပါ အရံသင့် စီစဉ်ခဲ့ခြင်းကို ဆိုလိုခြင်းဖြစ်၏။

"ဦးမောင်မောင်၊ ခင်ဗျား ရန်ကုန်မှာ ဘယ်လောက်ကြာမလဲ"

"သိပ်မကြာပါဘူး ဗိုလ်ကြီးရာ၊ အလွန်ဆုံး လေးငါးရက်ပေါ့"

သူ တအောင့်လောက်တွေ၍ စဉ်းစားနေသည်၊ အတန်ငယ်ကြာတော့....

"ကျုပ်လဲ လိုက်ခဲ့ဦးမယ်ဗျာ" တဲ့။ ဟယ်.... သူ့ကြည့်လိုက်တော့လည်း စွပ်ကျယ်အင်္ကျီ လက်စကကြီးနှင့်။ ဘယ်က ထလာသည်မသိ။

"ဦးခင်မောင်လှ ခင်ဗျားအင်္ကျီ ခဏပေးဗျာ။ ညွန့်မောင်ကို မြန်မြန်လက်မှတ်ဝယ်ခိုင်းလိုက်။ ခင်ဗျားမှာ ပိုက်ဆံပါသလောက် ကျွန်တော့် ပေးလိုက်ပါဦး"

ဦးခင်မောင်လှက သူဝတ်လာသော ဟာဝေယံရှပ်အင်္ကျီကိုချွတ်၍ ပါလာ သော ပိုက်ဆံပေးလိုက်ရသည်။ စွပ်ကျယ်လက်ပြတ်နှင့် ပြန်ရ၏။ တောင်ငူ ဘူတာမှ ရထားထွက်၍ စကားစမြည်ပြောကြည့်မှ သိရသည်။ ဒေါ်ဆယ်က ရန်ကုန်ရောက်နေသကိုး။ ဒါကြောင့်လည်း 'မဆယ်နှင့်ဝေ့ပါရင် ဘယ်ပို့ပို့ သွားပါတယ်ဗျာ'လို့ သူပြောတာနေမှာပေါ့။

သို့သော် မဆယ်မပါဘဲ သွားခဲ့ရသော ခရီးတစ်ထောက်တော့ ရှိခဲ့ဖူးပါသည်။ အဲဒီနေရာကတော့ ကိုကိုးကျွန်း.....။ အဲဒီ ကိုကိုးကျွန်းကျတော့ သူဘယ်လိုလုပ်၍ ဒေါ်ဆယ်ကို ခေါ်သွားနိုင်ပါတော့မည်နည်း။ ဟင့်အင်း၊ ဒီလိုကျပြန်တော့လည်း ဦးထွန်းခင်သည် ကြောက်ရွံ့နောက်တွန့် တတ်သူမျိုးမဟုတ်။ ပခုက္ကူထောင်တွင် ထောင်ပိုင်လုပ်နေရာမှ ဒေါ်ဆယ်မပါဘဲ ကိုကိုးကျွန်းသို့ အရောက်သွားခဲ့ပါသည်။ ဒေါ်ဆယ်အစား ယမကာ ရိက္ခာကလေးတော့ ပိုပိုလျှံလျှံ သယ်သွားရတာပေါ့လေ။

ကိုကိုးကျွန်းအကြောင်းတော့ ကျွန်းပြန်စာရေးဆရာ အတော်များများ ရေးသားခဲ့ပြီးဖြစ်၍ အကျယ်မချဲ့လိုတော့ပြီ။ သို့တစေ ဆရာဦးထွန်းခင်သည် ကိုကိုးကျွန်းကို စခန်းသိမ်းခဲ့ရသည့် ထောင်ပိုင်တစ်ဦးဖြစ်လေရာ၊ အုပ်ချုပ်သူများဘက်မှ အခက်အခဲအမျိုးမျိုးကို မည်ကဲ့သို့ ကျွမ်းကျင်ပါးနပ်စွာ သည်းခံစိတ်အပြည့်ဖြင့် အုပ်ချုပ်ကျော်လွှားနိုင်ခဲ့ကြောင်း နောင်အလျဉ်းသင့်သည့်အခါများတွင် ဖော်ပြပါဦးမည်။

ဒါလောက်တောင် သည်းခံစိတ်အပြည့်ဖြင့် အရာရာကို ခွင့်လွှတ်တတ်သူတစ်ဦးအနေနှင့် စိတ်မဆိုးတတ်ဘူးတော့မထင်လိုက်လေနှင့်။ သူလည်း လောကီသားပဲ။ သို့သော် ရှားရှားပါးပါး ထောင်မှူးမောင်မောင်တော့ တစ်ကြိမ်သာ တွေ့ခဲ့ဖူးသည်။ ရမည်းသင်းစား သီလဝကမှ တစ်သက်မှာသုံးခါပြိုးသည်။ သူက တစ်သက်မှာ

http://www.cherrythitsar.org



တစ်ကြိမ်လောက်ပါ။

ဒါကလည်း တကယ့်ကို မှတ်လောက်သားလောက်။ ၁၉၆၆ ခုနှစ်တစ်ဝိုက် ပဲခူးထောင်တွင် တာဝန်ထမ်းဆောင်နေစဉ်က ဖြစ်၏။ ဆရာဦးထွန်းခင်က သုံးပွင့်ထောင်ပိုင်၊ ထောင်မှူးမောင်မောင်က တစ်ပွင့်ထောင်မှူးဘဝမှာပင် ရှိနေသေးသည်။ ယခုခေတ် ဖွဲ့စည်းပုံတွေက ချဲ့ထွင် ပြင်ဆင်လိုက်တော့ သုံးလေးနှစ်အတွင်း တစ်ပွင့်ထောင်မှူးက နှစ်ပွင့်ထောင်မှူး၊ နောက်ထပ် သုံးလေးနှစ်အကြာမှာ နှစ်ပွင့်ထောင်မှူးကြီးက သုံးပွင့် ဒုတိယ ထောင်ပိုင်ဖြစ်။ ဟောခနဲ၊ ဒိုင်းခနဲ မျက်လှည့်ပြလိုက်သလို၊ ဒုံးပျံကြီးများ ရှူးခနဲ လွှတ်လိုက်သည့်သဖွယ်။ ထောင်မှူးမောင်မောင်တို့များ တစ်ပွင့်ထောင်မှူးဘဝမှ နှစ်ပွင့်ထောင်မှူးကြီးဖြစ်အောင် ၁၇ နှစ်တိတိ လုပ်ခဲ့ရပါ၏။ တကယ့်ကို ဘုရားစူးရပါစေ့။

အဲဒီ ပဲခူးထောင်တွင် နေကြစဉ်က ရေမြွေကြီး ဦးထွန်းခင်ကို စိတ်ဆိုးအောင် လုပ်ခဲ့သူ တစ်ယောက်အကြောင်း ကောင်းကောင်းကြီး မှတ်မိနေပါသေးသည်။သူ့အမည်ကား သိန်းမြင့်။

သိန်းမြင့်အဖေက ရဲ၊ စာသင်။ ဟိုတုန်းက အခေါ်ကို ပြောရခြင်းပါ။ (Sergeant) ဆာဂျင်ကို စာသင်ဟု ခေါ်၏။ အမည်ကတော့ ဦးလှဖေဟု ထင်သည်။

ထိုစဉ်က ပဲခူးထောင်မှာ အကျဉ်းဌာနက ရဲလက်ထဲမှ လွှဲပြောင်းလက်ခံထားခြင်းဖြစ်၍ ရဲနှင့် ထောင်ဝန်ထမ်းများနေအိမ် ရောပြွမ်းနေသည်။ ထောင်လိုင်းနှင့် ရဲလိုင်း ဘယ်သူမှ ခွဲခြားလို့မရ။ သို့ဖြစ်၍ စာသင်ကြီး ဦးလှဖေ၏အိမ်က ထောင်ပိုင်ကြီး ဦးထွန်းခင်၏ အိမ်ရှေ့တည့်တည့်မှာ။ ဒီတော့လည်း ဦးထွန်းခင်အနေနှင့် သိန်းမြင့်တို့ မိသားစုအကြောင်းကို ကောင်းကောင်းသိနေသည်။

သိန်းမြင့်သည် ရဲ၏သား ပီသစွာ ရဲထဲဝင်သွားသည်။ ပဲခူးဝဲလဘုန်း ရဲသင်တန်းမှ ဆင်းပြီးနောက် ဝေါမြို့နယ်သို့ရောက်သွား၏။ ဝေါမြို့နယ်ကလည်း သူ့ကို ဝေါမြို့ပေါ် မထား။ ကျေးလက်တောရွာ ရဲကင်းစခန်းကလေးတစ်ခုသို့ ပို့လိုက်၏။

ပြဿနာအစ အဲဒီကပါပဲ။ ထိုအချိန်က ပဲခူးနယ်တစ်ဝိုက်မှာလည်း သောင်းကျန်းသူများ ကြိုကြား ကြိုကြား ရှိနေသေးသည်။ သိန်းမြင့် တာဝန်ကျသည့် ရဲကင်းတစ်ဝိုက်မှာလည်း သူတို့တစ်တွေ မသိမသာ လှုပ်ရှားလျက်။

"သေချာရဲ့လား မနော်ရဲ့"

"အို.... သေချာပါတယ် အစ်ကိုရဲ့၊ နောက်ပိုင်းကိစ္စ မနော်တာဝန် ထားစမ်းပါ"

"အစ်ကိုတော့ ကြောက်တယ်ကွယ်"

"အဲဒါ အစ်ကို သတ္တိ မရှိလို့ပါ။ သူများတွေ ဒီလိုပဲ လုပ်နေတဲ့ဥစ္စာ"

"အေးလေ.... မနော် စိတ်ချရတယ်ဆိုရင်လဲ လုပ်ကြတာပေါ့"

အမှန်ကတော့ ဘာမှမဟုတ်၊ သိန်းမြင့်တစ်ယောက် မနော် ခေါ် နော်ဖောဝါး၏ မှိုင်းမိသွားခြင်းပင် ဖြစ်၏။ နော်ဖောဝါးက သောင်းကျန်းသူတို့၏ သူလျှို ဒလန်။

http://www.cherrythitsar.org



သူ့ချစ်သူရည်းစား စောဝီလီယံ ရှိနေသည်။ စောဝီလီယံ ခိုင်းသမျှ လိုက်လုပ်နေရသူ။ သိန်းမြင့်က လူငယ်လူရွယ်၊ ချစ်ခြင်းမေတ္တာနှင့် ပတ်သက်၍ ဘာတစ်ခုမျှ အတွေ့အကြုံ မရှိဖူးသူ။ ခု နော်ဖောဝါးနှင့် တွေ့တော့ အရူးအမူး။ ကန်းနေသည့်ဆင် တောတိုးပြီပေါ့။

ဒီလိုနှင့်ပင် သိန်းမြင့်တစ်ယောက် ထောင်ထဲသို့ ရောက်လာပါချေသည်။ ကျည်ဆန်ရောင်းမှု၊ သောင်းကျန်းသူများနှင့် ဆက်သွယ်မှု။

ထောင်ပိုင်ဦးထွန်းခင်ကရော၊ ထောင်မှူးမောင်မောင်တို့ကပါ သိန်းမြင့်ကို ဥပဒေဘောင်အတွင်းမှ တတ်နိုင်သလောက် စောင့်ရှောက်ပါသည်။ မျက်စိအောက်တွင် အမြဲမြင်တွေ့နေရသော အိမ်နီးနားချင်းတွေဆိုတော့ သံယောဇဉ် မကင်းကြဘူး မဟုတ်လား။

ဒီလိုနှင့် နေကြရာက သိန်းမြင့်၏အမှုမှာ ရုံးထွက်၍အစစ်ခံလိုက်၊ ပြန်လာလိုက်နှင့် လေးငါးခြောက်လခန့်ကြာသွားသည်။ တစ်နေ့တွင် နေ့စဉ်တာဝန်ယူ ရုံးထုတ်နေကျ တပ်ကြပ်ကြီးဦးစိုးတင်က ထောင်မှူးမောင်မောင်ထံလာ၍ သတင်းပို့သည်။

"ဆရာ.... သိန်းမြင့်ကို နည်းနည်းဆုံးမ ထားပေးပါဦး"

"ဘယ်သိန်းမြင့်လဲ၊ ရဲသိန်းမြင့်လား"

"ဟုတ်တယ်လေ၊ အငြိမ်းစားတပ်ကြပ်ကြီး ဦးလှဖေသား သိန်းမြင့်ပေါ့"

"ဒီကောင် ဘာဖြစ်လဲဗျ၊ ထောင်ထဲမှာတော့ ဒီကောင် ကောင်းကောင်းနေနေတာပဲ"

"ဒါတော့ ဟုတ်တယ်ဆရာ။ ဒါပေမယ့် ဒီကောင် အပြင်ရုံးထွက်ရင် သိပ်ဂျီတိုက်တာ။ ဟိုဟာဝယ်စားမယ်၊ ဒီဟာ ဝယ်စားမယ်၊ ဟိုနားသွားချင်တယ်၊ ဒီနားသွားချင်တယ်နဲ့ သူလုပ်ချင်တာ မလုပ်ရရင် ဂျစ်ကန်ကန်လုပ်ရော"

"ဒါတော့ ခင်ဗျားတို့ ရဲအချင်းချင်းပဲဗျာ၊ ကြည့်ထိန်းကြပေါ့"

"ရဲအချင်းချင်းတော့ မှန်ပါတယ်ဆရာ။ ကျွန်တော်တို့ ပြောလို့ ဘယ်လိုမှ မရလို့ပါ"

"အေးလေ ကျွန်တော်တို့လဲ ကြည့်ပြောပါဦးမယ်"

သိန်းမြင့်ကို အကျိုးအကြောင်း ပြောကြည့်သောအခါ....

"ဟာ.... ဆရာကလဲ သူတို့က သိပ်လူပါးဝတာ ဆရာရဲ့။ ရဲအချင်းချင်းရယ်လို့ တစ်စက်ကလေးမှ ညှာတာမဟုတ်ဘူး။ ပိုက်ဆံတတ်နိုင်တဲ့ ဖဲထွန်းဖေတို့ကျတော့ ဘာစားချင်သလဲ၊ ဘယ်သွားချင်သလဲ၊ ရုံးကအပြန် အိမ်တောင် လိုက်ပို့လိုက်သေး"

"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ကွာ၊ ကိုယ့်ဘက်က အလွန်မဖြစ်စေနဲ့ပေါ့"

"ဟုတ်ကဲ့ပါဆရာ...."ဟု သိန်းမြင့် ပြောသွားခဲ့သည်။

သို့သော် တကယ်တမ်းကျတော့ သူသည် မဟုတ်ခဲ့ပေ။ တစ်ညနေခင်း သုံးနာရီခွဲသာသာခန့် ဆူးတံခါးထဲမှ ရုတ်ရုတ်သဲသဲနှင့် ဆူဆူညံညံအသံများ ကြားလိုက်ရ၏။ (ဆူးတံခါးဆိုသည်မှာ ထောင်ဘူးဝပြီးတော့ အတွင်းဘက်က ဒုတိယ အကာအရံ

http://www.cherrythitsar.org



သံဆူးကြိုးတံခါး ဖြစ်သည်။) ထောင်မှူးမောင်မောင်က "ဘာဖြစ်လာလဲဟေ့...."ဟု မေးရာ ဖြေမည့်သူမရှိ။ သူတို့လည်း အဲဒီနေရာအရောက် ပြေးသွားကြဟန် တူပါသည်။

ထောင်မှူးမောင်မောင် ထ၍လိုက်သွားသောအခါ ဟုတ်ကဲ့ပါဆရာဆိုသော သိန်းမြင့်၏ မဟုတ်ခဲ့သော လုပ်ရပ်ကို တွေ့ရပါလေတော့သည်။ ယင်းလုပ်ရပ်ကား အခြားမဟုတ်၊ ပဲခူးရုံးထွက်က ပြန်လာရာတွင် သူ့ကို လက်ထိတ်ဖြုတ်ပေးသော ရဲသား အား လက်ထိတ်သံကြိုးနှင့် ရိုက်လိုက်ခြင်းပင် ဖြစ်၏။ ရဲသား၏ ဦးခေါင်းနှင့် နဖူးတို့ တွင် ဒဏ်ရာများရကာ သွေးများဖြာဆင်းလျက်။ ထိုအချိန်တွင် ထောင်ပိုင်ကြီး ဦးထွန်းခင်လည်း အနီးတွင် ရောက်နေပြီး ဖြစ်၏။

"ဟေ့ကောင် လာစမ်း၊ မိုက်လုံးကြီးလှချည်လား"

သိန်းမြင့် ကြောက်ရွံ့ရွံ့နှင့် ရှေ့သို့ မရဲတရဲ တိုးလာသည်။

"ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ ဟင်၊ ခွေးသား"

"ဒီကောင် သိပ်လူပါးဝတယ် ဆရာကြီး...."

ဆရာဦးထွန်းခင် အသားများ တဆတ်ဆတ်တုန်နေသည်။ သူတစ်သက်နှင့် တစ်ကိုယ် ဒါလောက် ဒေါသဖြစ်တာကို ဒီတစ်ကြိမ်သာ တွေ့ဖူးသည်။

"ဘယ်လို လူပါးဝတာလဲ ပြောစမ်း"

သိန်းမြင့်မှာ အထစ်ထစ် အငေါ့ငေါ့။

"ဟို.... ဟို အချုပ်ခန်းထဲမှာ ကျွန်တော်က အိမ်သာသွားချင်လို့ပါဆိုတာ ဖွင့်မပေးဘူး၊ ပိုက်ဆံပေးတဲ့လူတွေကျတော့ ဖွင့်ပေးတယ်"

"အံမာ၊ ဒါလေးနဲ့များ ဒါလောက်လုပ်ရသလား။ မင်းလဲ ရဲလုပ်လာတဲ့ ကောင်ပဲ၊ ထိုင်စမ်း"

သိန်းမြင့် အုတ်နံရံကို ကျောမှီ၍ ထောင်ပုံစံ ထိုင်ချလိုက်သည်။

ပဲခူးထောင်ထဲမှ အကျဉ်းသားတွေကတော့ "ရေမြွေကြီး စိတ်ဆိုးသွားပြီဟေ့" တဲ့....။

■

http://www.cherrythitsar.org

# ၃၉

ထောင့်တစ်သက် အတွေ့အကြုံကို စွဲစွဲမြဲမြဲဖတ်သူ မိတ်ဆွေတစ်ဦးနှင့် စာရေးသူ၏ ဇနီးတို့ ဆုံတွေ့ကြရာတွင်....

"ဆရာ ဦးမောင်မောင်က လုပ်ဖော်ကိုင်ဖက်တွေအကြောင်း ရေးတဲ့အခါ ပယ်ပယ်နယ်နယ် ရေးသလောက် သူ့အကြောင်း သူကျတော့ ထိန်းထိန်းသိမ်းသိမ်းရေးတယ်နော်"ဟု ပြောလိုက်သည် ဆို၏။ ဘယ်သူများပါလိမ့်ဟု စစ်စစ်ပေါက်ပေါက် မေးကြည့်လိုက်တော့ လွန်ခဲ့သည့် နှစ်လသုံးလခန့်က ဆက်တိုက်လိုလို ရေးလာခဲ့သော အငြိမ်းစားထောင်ပိုင်ကြီး ဦးထွန်းခင်၏ ဆွေမျိုးတစ်ဦး ဖြစ်နေချေသည်။

အင်း....၊ လက်သည်းဆိပ်တော့ လက်ထိပ်နာပေမပေါ့လေ။ သူ့ဆွေမျိုးထိလာမှကိုး။ အမှန်တကယ်အားဖြင့် စာဖတ်သူများ သတိမထားမိလို့ နေမှာပါ။ ထောင်မှူးကြီး မောင်မောင်ဖြစ်လိုက်၊ ဒုတိယထောင်ပိုင် ဖြစ်လိုက်၊ ပင်စင်ယူခါနီး ထောင်ပိုင်ကြီး ဖြစ်လိုက်နှင့် အချိန်ကာလထက် အကြောင်းအရာအားဖြင့် နီးနှောဆက်နွယ်သလို ရေးသားခဲ့ရာတွင်....၊ ချိန်ခွင် လျှော့စက် ကြည့်ပါ၊ အကောင်းထက် အဆိုးက တစ်လေးသာပါလိမ့်မည်။

ထားလိုက်ပါတော့။ ဒါလောက်နှင့်မှ မကျေနပ်နိုင်သေးဘူးဆိုလျှင် ငယ်စဉ်တောင်ကျေး ထောင်မှူးကလေးဘဝက ဆိုးခဲ့ပေခဲ့ တေခဲ့ပုံကလေးများ တစ်စွန်းတစ်စကို ကိုယ်ပေါင်ကို ပြန်ထောင်းပြပါဦးမည်။ ၁၉၅၂ ခုနှစ်တစ်ဝိုက် အင်းစိန်ဗဟိုအကျဉ်းထောင်ကြီးတွင် တာဝန်ထမ်းဆောင်နေချိန်က ဖြစ်၏။

http://www.cherrythitsar.org



"ဟော့ကောင် ညွှန့်ဖေ၊ ကြည့်လည်း လုပ်ဦးနော်"

"ဘာလဲကွ"

"မင်းလုပ်နေတာတွေ ငါမြင်ပါတယ်၊ ထောင်မှူးကြီးလဲ သိပုံရတယ်နော်"

"အံမယ်လေး၊ အသာနေစမ်းပါမောင်မောင်ရာ။ အဲဒီထောင်မှူးကြီး လုပ်နေတာကိုလဲ ငါသိပါတယ်"

"ဟင်.... သူလဲ လုပ်သလား"

"အေးပေါ့ကွ၊ ဒါကြောင့် ငါလဲ လုပ်ရဲတာပေါ့။ မင်းတို့ငါတို့ လကုန်ခါနီး ဘိုင်ပြတ်နေပြီ မဟုတ်လား။ ငွေရပေါက် ရလမ်းအနေနဲ့ ဒီတစ်နည်းပဲရှိတယ် ကိုယ့်လူ"

ညွှန့်ဖေပြောတာ ဟုတ်တော့လည်း ဟုတ်သည်။ လဆန်း ထောင်ထောင် လလယ် ပြောင်။ ကိုင်း.... လကုန်ခါနီး ဘယ့်နှယ်ရှိစ ဆိုတာလို ထောင်မှူးမောင်မောင်နှင့် ညွှန့်ဖေတို့ လဆန်းဆယ့်ငါးရက်ကျော်ပြီဆိုလျှင် ဘိုင်ပြတ်စ ပြုပြီ။ ဟိုက သည်က အတိုးနှင့် ချေးတန်ချေး၊ ရှိသည့်လက်စွပ်ကလေး နာရီကလေး ပေါင်တန်ပေါင်၊ တစ်ခါတစ်ရံ အမြတ်တနိုးဝယ်ယူထားသည့် 'ပတ်ကား ၅၁' ဖောင်တိန်ကလေးပင် ပေါက်ဖော်ကြီးထံ အလည်ရောက်သွားတတ်၏။

ညွှန့်ဖေဆိုတာက မောင်မောင်နှင့် တူဝရီးတော်စပ်သူ။ မောင်မောင်၏ အစ်မဝမ်းကွဲက မွေးထားတော့ တူတစ်ဝမ်းကွဲပေါ့။ သို့သော် အသက်ချင်းက မတိမ်းမယိမ်းဆိုတော့ ငယ်စဉ်ကတည်းကပင် မင်းနှင့် ငါနှင့် နိုပ်ခဲ့ကြခြင်းဖြစ်၏။ ညွှန့်ဖေက အေဂျီရုံး ခေါ် ငွေစာရင်းမင်းကြီးရုံးတွင် အောက်တန်းစာရေး။ နှစ်ယောက် လခပေါင်းလျှင် ၃၀၀ိ/– ခန့်။ တကယ်တမ်း အဲဒီခေတ်က ကုန်ဈေးနှုန်းနှင့် သုံးစွဲတတ်မည်ဆိုလျှင် နှစ်ယောက်လခ ကောင်းကောင်းကြီး လောက်ပါသည်။ သို့သော် ထောင်မှူးမောင်မောင်နှင့် ညွှန့်ဖေတို့က လူပျိုလူလွတ်တွေ။ ရုပ်ရှင်ကလေး ကြည့်ချင်၊ ပြဇာတ်ကလေး ကြည့်ချင်၊ တစ်ခါတစ်ရံ အရက်သောက်ချင်၊ အဖော်ကောင်းရင် အခုလို ဖဲဝိုင်းကလေး ထိုင်ချင် ဆိုတော့ နှစ်ယောက်ရသည့်လခ ဘယ်လိုလုပ် လောက်ငနိုင်ပါမည်နည်း။

ယခုလည်း ထောင်မှူးမောင်မောင်နှင့် ညွှန့်ဖေတို့ တူဝရီးနှစ်ယောက် ဘိုင်ကျင့်ဘိုင်ကြံ ဘိုင်ပွတ် ပွတ်ရန်၊ ချန်ကေရိုတ်ဟု အများက နောက်ပြောင်ခေါ်နေကြသော ထောင်မှူးဦးအောင်သိန်းအိမ်မှဖဲဝိုင်းသို့ ရောက်နေကြခြင်းဖြစ်၏။ ဖဲကစားနည်းမှာ ပိုကာဒေါင်းခြင်းပင် ဖြစ်၍ ထိုစဉ်က ခေတ်စားနေသည့် ကိုင်ဒေါင်းမဟုတ်ဘဲ ခင်းဒေါင်းဖြစ်၏။ အထွေကို အောက်တွင် ချပြထားရသည်။

ထောင်မှူးကြီးမှာလည်း ဤကိစ္စမျိုးမှာ ဝါသနာအပါသား။ သို့သော်သူ့အိမ်မှာ ထောင်ဘူးဝကြီးပေါ် ထောင်ပိုင်ကြီး ဝဏ္ဏကျော်ထင်ဦးတင်မောင်နေအိမ်နှင့် ကပ်လျက်ဖြစ်နေသဖြင့် ဖဲဝိုင်းမလုပ်ရဲ။ ယခုလို ထောင်မှူးတစ်ယောက်ယောက်အိမ်မှာ ဆိုတော့ အရက်သောက်သွားသလိုလို ဘာလိုလိုနှင့် သွားရင်းဟန်လွှဲ ရောက်လာတတ်သည်။

http://www.cherrythitsar.org



စောစောပိုင်းက ထောင်မှူးကြီး ဖဲခိုးနေသည်ကို ထောင်မှူးမောင်မောင် သတိမပြုမိပါ။ မိမိနှင့် စပ်ဆုရှယ်ယာ ညွန့်ဖေ၏ဖဲကိုသာ ကြည့်နေသဖြင့် ညွန့်ဖေ ဖဲခိုးကစားနေမှန်းတော့ သိနေသည်။ သို့ဖြစ်၍ ထောင်မှူးတစ်ယောက် ဒေါင်းသွားပြီး ကုလားဖန်ထိုးနေစဉ်၊ အပေါ့သွားရန် အိမ်သာဘက်သို့ ထွက်သွားသော ညွန့်ဖေနောက်သို့လိုက်၍ သတိပေးမိခြင်း ဖြစ်၏။

ဘာပဲပြောပြော မောင်မောင်နှင့်ညွန့်ဖေတို့ အဲဒီညက တွက်ခြေ တကယ်ကိုက်ခဲ့ကြသည်ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် ညနှစ်နာရီခွဲခန့် ဖဲဝိုင်းသိမ်းတော့ ငွေတစ်ရာကျော်လောက် အနိုင်ပေါ်လိုက်ကြသည်။ အံ့မယ်၊ ထောင်မှူးမောင်မောင်နှင့် ညွန့်ဖေတို့ ကောင်းစားလိုက်ပုံများ။ အဲဒီညက ဖဲဝိုင်းသိမ်းပြီး အိမ်ပြန်မအိပ်သေးဘဲ ပေါက်တောဘက်တွင် ကနေသော ရွှေမန်းတင်မောင် ရုံဖွင့်ချိန် သွားကြည့်ကြ၊ အကြော်တွေ မုန့်တွေ ဝယ်စားကြ၊ နောက်တစ်နေ့ ကျပြန်တော့လည်း မောင်မောင်၏ပြတ်လုလုပိန်းတိန်းဖိနပ်ကို လွှင့်ပစ်ပြီး ဖိနပ်အသစ် ဝယ်စီး၊ ဆံပင်တွေ ဘာတွေညှပ်၊ တူဝရီးနှစ်ယောက် အတော်လေး ကြီးပွားခဲ့ကြသည်။

နောက်တစ်နေ့ ညနေခင်းတင်းနစ်ကုတ်ကျတော့ တင်းနစ်ရိုက်အပြီး ယမကာလေး မှီဝဲနေစဉ် ထောင်မှူးကြီးက ညွန့်ဖေအား၊

"ဒီမှာ ကိုညွန့်ဖေ၊ မနေ့ညက ခင်ဗျားလုပ်နေတာ ကျုပ်မမြင်ဘူး မှတ်လို့လား"

ညွန့်ဖေကလည်း ဘယ်ခံလိမ့်မတုန်း။

"သိပါတယ် အန်ကယ်၊ အန်ကယ်လုပ်နေတာလဲ ကျွန်တော်မြင်နေတာပဲ ဥစ္စာ"

ထောင်မှူးကြီး မျက်လုံးပြူးသွား၏။

"ဟင်.... ဟုတ်လား၊ ဒါဖြင့် ကွစ်ကွစ်"

quit, quit ဆိုတာ၊ မြန်မာလိုတော့ ကျေရောပေါ့။

ဟိုအကြောင်းရေးရာက ဒီအကြောင်းကလေး ဆက်လိုက်ချင်သေးသည်။

မြို့ငယ်လေးတစ်မြို့၊ ထောင်ငယ်လေးတစ်ထောင်တွင် တာဝန်ထမ်းဆောင်နေစဉ်က ဖြစ်၏။ မြို့ငယ်ဆိုပေမယ့် ခရိုင်ဝန် အုပ်ချုပ်သည့် ဒိစတြိတ်မြို့ တစ်မြို့ပါ။ အရွေးချယ်ခံတန်း အရာရှိကြီးများဖြစ်သည့် ခရိုင်ဝန်ခေါ် အရေးပိုင်ရှိသည်။ ဒီ–အက်စ်–ပီ ခေါ် ခရိုင်ရာဇဝတ်ဝန်ကြီး ရှိသည်။ ဒီ–အက်ဖ်–အို ခေါ် ခရိုင်သစ်တောအရေးပိုင်ရှိသည်။ စီ–အက်စ် ခေါ် ခရိုင် ဆရာဝန်ကြီးရှိသည်။ အဲဒီလို အရာရှိကြီးတွေ စုံလင်နေမှတော့ အရာရှိကလပ်ဆိုတာလည်း ရှိရ၏။ ယင်းအရာရှိကလပ်တွင် တင်းနစ်ရိုက်နိုင်၏။ ဘိလိယက်ထိုးချင် ထိုးနိုင်၏။ အရက်ဆိုတာကတော့ မျိုးစုံ။ ဈေးနှုန်း ချိုသာလှပါဘိ။ အဲ.... အရက်ကလေး ခပ်ထွေထွေနှင့် ဖဲဆက်ရိုက်ကြဦးမလား။ ဒါလဲ ရသည်။ ထိုစဉ်က လောင်းကစား အက်ဥပဒေ ယခုခေတ်လို မပြင်းထန်သေး။

http://www.cherrythitsar.org



ထောင်မှူးမောင်မောင်တို့ ငယ်စဉ်က မကောင်းခဲ့တာလေးတွေ ပြန်ပြောင်းဝန်ခံချင်လို့ပါ။ ကလပ်ရောက်လျှင် ပထမ တင်းနစ်ရိုက်သည်။ ပြီးတော့ အရက်သောက်သည်။ ဘီလီယက်တော့ မထိုးတတ်။ ခပ်ထွေထွေဖြင့် ဖဲဝိုင်းဆက်ထိုင် ဖြစ်ကြသည်။ အဲဒီမှာ ထူးဆန်းသည့် အရာရှိတစ်ယောက်အကြောင်း ရေးချင်ပါသည်။ သူ့ အမည်ကိုဖော်လို့ မကောင်းတတ်တော့ ဦးကကြီးဟု ဆိုကြပါစို့။

ဦးကကြီးသည် ခရိုင်အဆင့် အရာရှိကြီးတစ်ဦး ဖြစ်၏။ အရွေးချယ်ခံတန်းတော့ မဟုတ်။ အစိုးရဌာနတစ်ခုမှ လစာရင်း ၄၅၀ ကျပ်စား၊ ပြန်တမ်းဝင် ဂေဇက်တက် အရာရှိကြီးတစ်ဦး ဖြစ်၏။ နောက်ပြီး သူက အဲဒီအရပ် ဇာတိ၊ ပင်စင်ယူခါနီး ကိုယ့်အရပ်ကိုယ် ကြံဖန်၍ ပြောင်းလာခဲ့သူ ဖြစ်သည်။ ဦးကကြီးသည် တင်းနစ် ရိုက်သည်။ အရက်သောက်သည်။ ဘီလီယက် ထိုးသည်။ ဖဲလည်း ရိုက်သည်။ ကနဦးအစတော့ ပိုကာပါပဲ။ ဆယ်ချပ် သို့မဟုတ် ဆယ့်သုံးချပ်။ သောက်ရင်း စားရင်း နည်းနည်းကလေး ထွေလာကြပြီဆိုတော့ တွမ်တီဝမ်း ခေါ် နှစ်ဆယ့်တစ်ပေါက်သို့ အလိုအလျောက် ကူးပြောင်းသွား၏။ ထိုမှတစ်ဆင့် ပို၍ ပို၍ မူးလာကြသောအခါ တစ်ချပ်မှောက် သို့မဟုတ် ရှိုးရောက်သွားကြပြီ။ ထိုအချိန်မှာ ဝိုင်းကြမ်းပြီ။

ဦးကကြီးက လူတစ်မျိုး။ အရက်များများ မသောက်။ အာဏာကုန် သုံးပက်။ ပိုကာဒေါင်းပြန်တော့လည်း ဘယ်တော့မှ ရှုံးသည်မရှိ။ အမြဲတမ်း နိုင်လေ့ရှိ၏။ ပိုကာ နှစ်ကောင်နှင့် ဒေါင်း၊ သုံးကောင်နှင့် ဒေါင်း၊ တုပ်စားလျှင်လည်း သူချည့်ပဲ။ တစ်ခု ထူးဆန်းတာက ဝင်းပလေးတို့၊ သတ်ဒ်ကပ်တို့ကျတော့ ဦးကကြီး သိပ်မစားရ။

ဦးကကြီးသည် သူ့အိတ်ထဲမှလက်ကိုင်ပဝါလေးနှင့်ထုပ်ထားသော အဆောင်ကလေးကို ထုတ်ထုတ်ပြတတ်သည်။ ယင်း အဆောင်ရုပ်ကလေးမှာ လက်နှစ်ဆစ်ခန့်သာ ရှိ၍ ကိုယ်လုံးတီး မိန်းမပုံ။ အဲဒီမိန်းမရုပ်ပုံကို မြွေတစ်ကောင်က ရစ်ပတ်ထား၍ မျက်နှာကျတော့ လျှာနှစ်ခွနှင့် မြွေဟောက် ဦးခေါင်းပုံသဏ္ဍာန်။

"ကျွန်တော် ဖဲနိုင်တာ ဒီအဆောင်ကြောင့်ပေါ့ဗျ။ ဂျိုကာဟေ့ဆို ဂျိုကာပဲ၊ ကြားဖဲဟေ့ဆို ကြားဖဲကွက်တိ"

ဦးကကြီးကို လူလိမ္မာဟု ဆိုရလေမလားမသိ။ သူသည် ပိုကာတစ်မျိုးတည်းကစားသည်။ တွမ်တီဝမ်းတို့၊ တစ်ချပ်မှောက်တို့၊ ရှိုးတို့ ဘယ်တော့မှ မကစား။ သူ မကျွမ်းကျင်ဘူးဟုဆိုကာ ဘေးထွက် ထိုင်နေတတ်သည်။ သို့တည်းမဟုတ် ပိုကာဝိုင်းမှ တစ်ရာ့လေးငါးဆယ် နိုင်ထားပြီဆိုတော့ အရက်ကလေး ဖိမ်နှင့် မျှင်းပြီး သောက်နေတတ်၏။

တစ်သက်လုံး ဘယ်လောက်ပင် ဖုံးစေကာမူ တစ်ချက်ကလေး ကုန်းလိုက်ရုံနှင့် အတုံးလိုက်အတစ်လိုက် ပေါ်တတ်သည် မဟုတ်ပါလား။ ထိုအတောအတွင်းမှာပင် ဗိုလ်ကြီးစောဂျိုးဇက်သည် တပ်မတော်မှ အငြိမ်းစားယူပြီးနောက် ထောင်မှူးမောင်မောင်

http://www.cherrythitsar.org



ရှိရာ မြို့ကလေးသို့ ပြန်လည်ရောက်ရှိလာ၏။ စောဂျိုးဇက်နှင့် ဦးကကြီးတို့က ငယ်သူငယ်ချင်းတွေ၊ မင်းနှင့် ငါနှင့် တရင်းတနှီး ပြောနေကြသူများ။

မိုလ်ကြီး စောဂျိုးဇက်သည် အငြိမ်းစားယူပြီးစ အပြင်တွင် ယောင်လည်လည် နှင့် မနေတတ်သဖြင့် ထောင်မှူးမောင်မောင်တို့ အရာရှိကလပ်သို့ ဝင်လာသည်။ တင်းနစ် တော့ မရိုက်တတ်။ ဘီလိယက်ထိုးသည်။ အရက်သောက်သည်။ ဖဲရိုက်သည်။ ပိုကာ ဝိုင်းမှသည် တွမ်တီဝမ်း၊ တစ်ချပ်မှောက်၊ ရှိုး အထိ အစအဆုံး။ ဆယ့်လေးငါးရက် လောက် ကြာလာတော့ ထောင်မှူးမောင်မောင်ကို နယ်ပိုင်ကြီး ဦးထွန်းတင်က တီးတိုး စကား ဆိုလာ၏။

"အိုင်ဆေး ဦးမောင်မောင်၊ နောက်တစ်ခါ ပိုကာဝိုင်းကျရင် ဦးကကြီးရဲ့ အခြေ အနေကို သေသေချာချာ စောင့်ကြည့်စမ်းပါ"

"ဘာပြုလို့လဲ နယ်ပိုင်ကြီး"

"ဒီလူကြီး ဖဲခိုးချနေတာတဲ့ဗျ"

"အစ်ကို့ကို ဘယ်သူပြောလို့လဲ"

"သူ့သူငယ်ချင်း မိုလ်ကြီး စောဂျိုးဇက်လေဗျာ"

ထိုအတောအတွင်း မိုလ်ကြီး စောဂျိုးဇက်နှင့် ထောင်မှူးမောင်မောင်တို့ စကား စပ်မိကြရာတွင်၊

"ဘရာသာတို့က သတိမထားမိကြလို့ပါ။ သူတင်းနစ်ရိုက်ပြီး အရက်သောက် ဖဲရိုက်တော့မယ်ဆိုရင် ဘယ်တော့မှ ဘောင်းဘီတိုနဲ့မထိုင်ဘူး။ အမြဲတမ်းလုံချည်လဲ တတ်တာချည့်ပဲ။ ဒါမှလဲ သူလိုချင်တဲ့ဖဲကို လုံချည်ပေါင်ကြားထဲမှာ ဝှက်ထားနိုင်မှာပေါ့"

မိုလ်ကြီး စောဂျိုးဇက်က စကားဆက်လိုက်သေးသည်။ "ဒီကောင် ကျွန်တော် နဲ့ ငယ်ပေါင်းပဲဗျာ။ သူ့အကြောင်း ကောင်းကောင်းသိတာပေါ့။ သောက်ကျင့် တစ်စက်မှ ကောင်းတဲ့ကောင် မဟုတ်ဘူး" တဲ့။ မှန်လိုက်လေခြင်း။

ထောင်မှူးမောင်မောင်တို့ အရက်နည်းနည်းလျှော့သောက်ပြီး မူးချင်ယောင် ဆောင်၊ ပိုကာဝိုင်းစပြီး အခြေအနေစောင့်ကြည့်လိုက်တော့ ဦးကကြီး၏ဖဲခိုးပုံ နည်းဇာတိ ရုပ်လုံး ပေါ်တော့တာကိုး။

ထောင်မှူးမောင်မောင်တို့ အချင်းချင်း အများကြီး ညှိနှိုင်းတိုင်ပင်ကြပါသည်။ ဦးကကြီးကို ဒီအတိုင်းပဲ လွှတ်ထားကြမလား။ ဖဲခိုးသည်ကို လက်ပူးလက်ကြပ် ဖမ်း လိုက်မလား။ အင်း.... လက်ပူးလက်ကြပ် ဖမ်းလိုက်ပြန်လျှင်လည်း အရာရှိကြီး၏ သိက္ခာ ကျတော့မှာ အမှန်။ အဲဒီလို မဖမ်းပြန်လျှင်လည်း သူ့ကိုယ်သူ အဟုတ်ကြီး ထင်နေလိမ့်ဦးမည်။ နောက်ဆုံးတော့ ခင်ဗျားလုပ်တာ ကျုပ်တို့ သိပါသည်ဆိုသော သဘောကို ပြရန်အတွက် ဦးကကြီးပါသော ပိုကာဝိုင်းကို ဘယ်သူမှ မကစား။ သိသိ သာသာကြီး ရှောင်နေလိုက်ကြ၏။

http://www.cherrythitsar.org



ဦးကကြီးလည်း ရိပ်မိသွားဟန်တူ၏။ နောက်ပိုင်း အတော်လေး ဆင်ခြင်သွားပါသည်။ သူ ပင်စင်မယူမီ ထောင်မှူးမောင်မောင် အခြားမြို့တစ်မြို့သို့ ပြောင်းရွှေ့ခဲ့ရသဖြင့် 'ဠူဂျီး ဠူဂေါင်း' ဖဲသူခိုးအကြောင်း နောက်ထပ် ဘာသံမှ မကြားခဲ့ရတော့ပေ။

ထောင်မှူး ထောင်ပိုင်နှင့် ဖဲဝိုင်းကတော့ သိပ်ကင်းလှသည် မရှိခဲ့ပါချေ။ တစ်နည်းအားဖြင့် ထောင်ပိုင်ကြီးတစ်ယောက်၏ ပြောစကားအရ ထောင်မှူးကြီးတို့၊ ထောင်ပိုင်လေးတို့၊ ထောင်ပိုင်ကြီးတို့က ဖဲဝိုင်းကလေးပင် စဉ်ဆက်မပြတ် ထောင်ထားရမလိုလို။ "မင်း စဉ်းစားကြည့်ကွ" တဲ့။ "ဖဲဝိုင်းရှိတော့ ထောင်မှူးတွေ ဖဲဝိုင်းမှာ မဲနေပြီး ထောင်က မခွာဘူး မဟုတ်လား။ ဒီတော့ ထောင်လုံခြုံရေး စိတ်ချရတာပေါ့။ အရေးရယ် အကြောင်းရယ်ဆိုရင် ထောင်မှူးတွေ စုံနေတာပေါ့ကွ" တဲ့။

အင်း..... သူပြောတာလည်း ဟုတ်သလိုလို။ ဟုတ်သလိုလိုဆိုလို့ တကယ်လက်တွေ့လည်း ကြုံခဲ့ဖူးပါ၏။

ထောင်မှူးကြီး ဦးဘတုတ် ဘယ်လောက်အထိ စည်းကမ်းကြီးလိုက်သလဲဆိုရင်....၊ သူ့ဇနီးက အမျိုးသမီးထောင်မှူး ဒေါ်ကြည်ကြည်။ အလုပ်ကိစ္စနှင့် သူ့စားပွဲရှေ့ ရောက်လာသည့်အခါ လုံးဝ ထိုင်ခွင့်မပေး။ သတိဆွဲ၍ ရပ်နေရ၏။ အလုပ်ကိစ္စနှင့် မပြေလည်သည့် ပြဿနာများ ရှိလို့ကတော့ ဟိန်းလိုက် ဟောက်လိုက်သည်များ ရစရာမရှိ။ သို့သော်.... စည်းကမ်း ဘယ်လောက်ကြီးကြီး ဖဲရိုက်တာကလေးတော့ ဝါသနာထုံသည်။ နေ့စဉ်ရက်ဆက်တော့ မဟုတ်။ စနေ၊ တနင်္ဂနွေနှင့် အားလပ်သော ထောင်ရုံးပိတ်ရက်များတွင် သူ့အိမ်မှာ ဖဲဝိုင်းဖြစ်တတ်သည်။ ဆယ့်သုံးချပ် ပိုကာဝိုင်းပင်ဖြစ်။ ဆရာဦးဘတုတ် ဘယ်လောက်အထိ ဖဲဝါသနာပါသနည်းဆိုလျှင် ပိုကာဒေါင်းရန် လူမစုံသည့်အခါများတွင် ဦးမောင်မောင်ကြီးနှင့် နှစ်ယောက်တည်း ဟောလီဝုဒ်ဆွဲ၏။ ငယ်သူငယ်ချင်းတွေဆိုတော့ နှစ်ယောက်သား ငြင်းကြ၊ ခုံကြ၊ ရန်ဖြစ်ကြ။

"တော်တို့ကလဲ ကလေးတွေလဲ မဟုတ်ဘဲနဲ့၊ အိမ်ပူရင် လာဘ်တိတ်တယ်"

ဆရာဦးဘတုတ်သည် လုပ်ငန်းခွင်မှာသာ မမကြည်ကို နိုင်သော်လည်း အိမ်ပေါ်ကျတော့ မမကြည်စကား အတည်ဖြစ်၏။ ပြားပြားဝပ်။ ပိုကာဒေါင်းကြရင်း ဆရာဦးဘတုတ် ဖဲသေနေသည့်အခါများတွင်....

"ရှင်ဖယ်ဦး၊ ကြည် တစ်လှည့်ကိုင်ဦးမယ်။ ရှင့်ဖဲက သိပ်သေနေတယ်"ဟု ပြောသည်နှင့် ပျာပျာသလဲ ထပေးတတ်၏။

ပြီးလျှင်.... ဆရာဦးဘတုတ်သည် အလကားမနေ။ သုံးတောင့်ထိုး လက်နှိပ်ဓာတ်မီးကိုဆွဲကာ ထောင်ထဲသို့ ရောင်း(Round) ဝင်သွားတတ်၏။ (လက်နှိပ်ဓာတ်မီးဆိုလို့ ဆရာ့ကို သတိရနေပါသေးသည်။ ဆရာက မြင်းခြံသားဆိုတော့ သူတို့ အရပ်မှာ လက်နှိပ်ဓာတ်မီးကို 'တုတ်မီး' ဟုခေါ်သည်ဆို၏။ အေးလေ၊ တုတ်လို ရိုက်လို့အရသား မဟုတ်လား။)

http://www.cherrythitsar.org



ညတစ်ည။ အဲဒီညကို ကောင်းစွာမှတ်မိနေပါသေးသည်။ အဲဒီနေ့က စနေနေ့၊ ထောင်မှူး မောင်မောင်တို့ ဂျူတီကျသည့်နေ့ ဖြစ်၏။ ထောင်မှူး မောင်မောင်ကြီးတို့၊ ဦးကြည်မောင်တို့လည်း ပါသည်။ ဂျူတီကျသော်လည်း ကိစ္စမရှိ။ ထောင်မှူးကြီး အိမ်ပေါ်မှာ ဖဲရိုက်နေတာပဲ၊ ဘယ်သူ့ကိုမှ ဂရုစိုက်စရာ မလို။ (Batch In charge) ဘက်ချ်အင်ချပ်ဟုခေါ်သည့် စီနီယာထောင်မှူး ဦးမောင်မောင်ကြီး ဆိုလျှင် ခပ်တည်တည်ပင်။ ထောင်မှူးကြီး အိမ်ပေါ်မှနေပြီး ထောင်အတွင်းဘက် ပြတင်းတံခါးကို အသာဖွင့်ပြီး....

"ဗျို့.... ဦးစိန်မောင်၊ ထောင်ပိတ် လူပေါင်း ကိုက်ပြီလား"

"ဟုတ်ကဲ့၊ ကိုက်ပါပြီ"

"ဒါဆိုရင် ထောင်ပိတ်သံချောင်းခေါက်ပြီး စာအုပ်ကို အပေါ်ပို့လိုက်ဗျာ"တဲ့။

ထောင်တွင်းက ထောင်မှူးလေးငါးယောက်စာကို တစ်ယောက်တည်း အလုပ်လုပ်နေရသည့် ဦးစိန်မောင်ကတော့ မခံချိ မခံသာပေါ့။သို့သော် ဘာတတ်နိုင်ပါမည်နည်း။ ထောင်မှူးကြီး အိမ်ပေါ်ကနေပြီး ထောင်မှူးကြီး အရှိန်အဝါသုံးကာ အပေါ်စီးနှင့် ပြောလာမှကိုး.....။

ဖဲရိုက်တတ်သည့် ဆရာထောင်ပိုင်များအကြောင်းကို ရေးရင်းရေးရင်းက ဆရာဦးတူထူးကို ပြန်ပြောင်း သတိရလာပြန်သည်။ သူလည်း ဖဲရိုက်အလွန်ဝါသနာ ကြီး၏။ သူက စနေနေ့ထိအောင် မစောင့်ချင်။ သောကြာနေ့ ညနေစောင်းကတည်းက စချင်သည်။ သောကြာ တစ်ညလုံး၊ စနေတစ်နေ့နှင့် တစ်ညလုံး၊ တနင်္ဂနွေတစ်နေ့နှင့် တစ်ညလုံး။ အဲ.... တနင်္လာနေ့ ကျပြန်တော့လည်း သူမဟုတ်သလို။ ထောင်တွင်း တန်းစီဝင်စစ်ပြန်၏။ ပြီးတော့ ထောင်ငယ်ကလေးပီပီ အလုပ်မရှိလျှင် မရှိသလို၊ အိမ်ပေါ်တက်၍ တစ်ရေးတစ်မော အနားယူရတာပေါ့။

ရှေးခေတ်က ထောင်မှူးထောင်ပိုင်များ တကယ်ပင် စည်းစနစ်ကြီးသည်။ ထောင်ပိုင်ကြီး ဦးတူထူးဆိုလျှင် အိမ်မှာနေသည့်အခါ စီးကရက် ဖွာသည်။ ဆေးပေါ့လိပ်လည်း သောက်သည်။ ကွမ်းလည်း စားသည်၊ ထောင်ထဲဝင်ပြီဆိုရင်တော့ အချိန်ဘယ်လောက်ပဲ ကြာစေကာမူ ဆေးလိပ်မသောက်၊ ကွမ်းမဝါးတော့။ ရှေးခေတ်က ထောင်ထဲတွင် အကျဉ်းသားရော ဝန်ထမ်းများပါ ဆေးလိပ်သောက်ခွင့် မရှိ။

ဦးတူထူးမှာ တစ်ခု ထူးခြားတာလေးတော့ ရှိသည်။ သူလည်း သွေးနှင့်ကိုယ်သားနှင့်ကိုယ်ပဲ။ ဖဲဝိုင်း ရက်ဆက်ဖန်များတော့ အိပ်ချင်ရှာမှာပေါ့။ မယုံမရှိလေနှင့် ဖဲရိုက်ရင်း အိပ်တတ်သူရယ်လို့ ဆရာဦးတူထူးတစ်ယောက်သာ တွေ့ဖူးသည်။ အထက်အိမ်က ပစ်ချသည့်ဖဲကို ကြည့်သည်။ ကြိုက်လျှင် စားသည်။ မကြိုက်လျှင် ဆွဲသည်။ အောက်အိမ်ကို ပစ်ဖဲချပေးသည်။ ပြီးလျှင် တစ်ရေးအိပ်သည်။ တစ်ခါတလေ 'ခလူးခလော၊ ရှလူးရှလော'နှင့် ဟောက်များပင် နေလိုက်သေး။ နောက်တစ်ပတ် ပြန်လည်လာ

http://www.cherrythitsar.org



ပြီလား၊ သူ့အလိုလို ပြန်နိုးလာ၏။ ဘယ့်သူမှ နှိုးစရာ မလို၊ ဖဲပစ် လုံးဝမမှား။

တစ်ခုတော့ ရှိသည်။ ဖဲရိုက်တတ်သူ စုံတွဲတို့၏ အစဉ်အလာအရ မောင်ရိုက်မယ်၊ မာရိုက်မယ်နှင့် ဖဲလုတတ်၏။ ဦးတူထူး၏ ဇနီးအမည်က ဒေါ်အမာ။ ဦးတူထူး ဖဲသေသည့်အခါများတွင်၊

"မောင် ဖယ်ဦးလေ၊ မာ ဖဲကိုင်လိုက်ဦးမယ်"

ဦးတူထူးက သိပ်မလိုက်လျော့ချင်။

"ရပါတယ် မာရယ်၊ ဒီတစ်ခါ မောင် ဖဲမွှေလိုက်ပါဦးမယ်"

မောင် ဖဲမွှေပြီးသော်လည်း ဖဲက သေမြဲ သေလျက်ရှိရာ....

"ခဏဖယ်ပါဦး မောင်ရဲ့၊ မာ ဖဲနှိုးပေးမလို့ပါ။ ဖဲနိုးသွားတော့ မောင် ဆက်ကိုင်တာပေါ့"

ဦးတူထူး ဆောင့်ကြီးအောင့်ကြီးနှင့် ဖဲချပ်များ ပစ်ချသွားသည်။ ပြီးတော့ deck chair ခေါ် ကြိမ်ပက်လက် ကုလားထိုင်ကြီးပေါ်တွင် စိတ်ပျက်လက်ပျက် လှဲချလိုက်၏။ 'ခလူးခလော ရှလူးရှလော'နှင့် ဟောက်သံများ သံစုံထွက်ကာ ဦးတူထူး အိပ်မောကျသွားပြီ။

ထိုနည်းတူပါပဲ။ ဆရာဦးဘတုတ်နှင့် မမကြည်တို့ ဖဲရိုက်ကြတော့မည်ဆိုလျှင် အမြဲ ဖဲလုလေ့ရှိတတ်၏။ အဲဒီ အလုက အလုကောင်း။

စနေနေ့ တစ်နေ့တွင် ဆရာဦးဘတုတ်၏ ထောင်ဘူးဝပေါ်ရှိ နေအိမ်၌ နံနက် ၁၁ နာရီ ကျော်ကျော်ခန့် ထမင်းစားပြီး ဖဲဝိုင်း စဖြစ်ကြသည်။ ဆရာဦးဘတုတ်၏ဖဲမှာ သေလိုက်သည့်ဖြစ်ခြင်း၊ ညနေ ခြောက်နာရီခွဲကျော်ကျော် ခုနစ်နာရီခန့် ထောင်ပိတ်သံချောင်း ခေါက်ကရော။ ဖဲတစ်ကြိမ်မှ မဒေါင်းသေး။ ဦးဘတုတ် ဒေါပွလှပြီ။ သူနှင့် ငယ်သူငယ်ချင်းဖြစ်သူ ထောင်မှူးဦးမောင်မောင်ကြီးအဖို့တော့ တကယ့်ကို စ စရာ အကွက်ကောင်းလို ဖြစ်နေ၏။

"ဒေါ်ကြည်ကြည်၊ ခင်ဗျားယောကျ်ား ဖိနပ်ကိုလဲ သေသေချာချာ သွားကြည့်ဦးနော်၊ ဖိနပ်တစ်ဖက်များ မှောက်နေသလား"

ဖဲသမားများ မိမိတို့စီးလာသည့် ဖိနပ်တစ်ဖက်မှောက်နေလျှင် ဖဲရှုံးတတ်ကြသည်ဟု အယူရှိကြသည်။ ဦးဘတုတ် ကပျာကယာ ခွေးကတက်ဆင်း၍ သူစီးနေကျ ရှုတိုင်းယဉ်က ဝယ်ထားသည့် ပိန်းတိန်းဖိနပ်ကို ဆင်းကြည့်သည်။ ဘယ်တစ်ဖက် ညာတစ်ဖက် ယှဉ်လျက်သား အတည့်ပါ။ ဦးဘတုတ်၏ စိတ်ထဲတွင် 'အလကားပါ၊ ဒီလူကြီး သက်သက်အဆင်းတွန်းတာ နေမှာပါ'။

ဦးဘတုတ် ဖဲဝိုင်း ဆက်ထိုင်သည်။ အချိန်တန်လျှင် နေရာလဲကြသည်။ ဦးဘတုတ် တစ်ခါတလေ ဖဲတိုးပြီး ဒေါင်းသည့်အခါ ဒေါင်းပါသည်။ သို့သော် ရှုံးမြဲ ရှုံးလျက်။

http://www.cherrythitsar.org



ည ၁၂ နာရီကျော်ကျော်ခန့်တွင် မမကြည် တစ်ရေးနိုးလာ၏။ ဦးမောင်မောင်ကြီးက လှမ်းစလိုက်သည်။

“လုပ်ဦးလေဗျာ၊ ဒေါ်ကြည်ကြည် အိပ်ချင်ပြေ ကော်ဖီကလေး၊ မုန့်ကလေး”

ဒေါ်ကြည်ကြည်က ဦးမောင်မောင်ကြီးကို မျက်စောင်းတစ်ချက်ထိုးရင်း၊

“ရမယ် အားကြီး၊ ရှင်တို့အကောက်က စားလောက် သောက်လောက်ကိုး”

“အံမယ်၊ အဲဒီလို မပြောပါနဲ့ဗျာ။ ဟောဒီမှာ၊ ရော့.... သုံးဆယ့်ငါးကျပ်ကျော်နေပါပြီ”

ဦးမောင်မောင်ကြီးက အကောက်ထည့်သည့်ယွန်းအစ်ကလေးလှမ်းပေးလိုက်ရာ။ သုံးဆယ့်ငါးကျပ်ဆိုသဖြင့် ဒေါ်ကြည်ကြည် အနည်းငယ်ကျေနပ်သွားဟန်တူ၏။

“ကော်ဖီတော့ ရမယ်၊ မုန့်တော့ မရှိဘူး တော်ရေ့”

“မနက်ကပဲ မုန့်ကြွပ်တွေ ဝယ်လာတာ တွေ့သေးတာဗျာ”

“အဲဒါက ကလေးတွေ မနက် ကျောင်းမသွားခင် စားသွားဖို့လေ”

“ကဲ.... ကဲ.... ကော်ဖီလောက် ရရင်တော်ပါပြီဗျာ”

ကော်ဖီခွက်များ အသီးသီးချပြီးနောက် မမကြည်က ဆရာဦးဘတုတ်၏ မျက်နှာရိပ် မျက်နှာကဲကို ဖမ်းရင်း....၊

“ဘယ့်နှယ်နေလဲ”

ဆရာဦးဘတုတ်၏ မျက်နှာကြီးမှာ စူပုပ်ပုပ်။

ဦးမောင်မောင်ကြီးကလည်း အစသန်သူ မဟုတ်လား။

“ဘယ့်နှယ်မှမနေဘူး၊ ခင်ဗျားယောက်ျားကြီး ‘ကျွန်မကျောမှာ ဒဏ်ရာတွေနဲ့’ ဆိုတဲ့ ကိန်း ဆိုက်နေပြီ။ အကောက်ထဲက ဆွဲသုံးတာတောင် ငါးဆယ်လောက် ရှိပြီထင်တယ်”

ဦးဘတုတ် ဦးမောင်မောင်ကြီးကို မျက်စောင်းတစ်ချက် ထိုးလိုက်၏။

“ငါးဆယ်မရှိပါဘူးဗျာ၊ သုံးဆယ်တည်းပါ”

အကောက်ဆိုတော့ ဒါ ဒေါ်ကြည်ကြည်၏ ဘတ်ဂျက်ကို ထိခိုက်မိသွားပြီ။ ထမင်းလည်း ကျွေးရသည်။ လက်ဖက်ရည်၊ ကော်ဖီ၊ မုန့်လည်း တိုက်ရသည်။ အရက်ကျတော့ ကိုယ့်ဘာသာကိုယ် ကြိုက်တတ်သူတို့ ဝယ်သောက်ကြ။ ဦးဘတုတ်ကော ဦးမောင်မောင်ကြီးပါ အရက်မသောက်တတ်။

“မောင်.... ကြည် တစ်လှည့် ကိုင်ဦးမယ်နော်”

ဦးဘတုတ်က ဆူအောင့်အောင့်၊ ဖဲ ဆယ့်သုံးချပ်ကို မှောက်ချပစ်ခဲ့သည်။

“အင်း.... ရော့”

ဆရာ ဦးတူထူးလို လူစားက ယခုလိုအချိန်မျိုးမှာ ပက်လက်ကုလားထိုင်ပေါ်တွင် အိပ်၍ ‘ခလူးခလော ရှလူးရှလော’နှင့် ဟောက်နေမည်ဖြစ်သော်လည်း ဆရာ

http://www.cherrythitsar.org



ဦးဘတုတ်ကတော့ လူတစ်မျိုးပါ။ သုံးထောင့်ထိုး လက်နှိပ်ဓာတ်မီးတစ်လက်ကို ဆွဲပြီး ထောင်တွင်း ရောင်း (Round) ဝင်သွားတော့၏။

မိုးပြီပေါ့။ ထောင်ထဲတွင် အိပ်နေကြသည့် ဝါဒါတွေ တသီတတန်းကြီး။ ထိုမျှသာ မကသေး။ ထောင်ဝါဒါတစ်ယောက် ထောင်မှူးကြီးအိမ်ပေါ် ဖဲဝိုင်းသို့ အပြေးအလွှား ရောက်လာ၏။

"ဆရာတို့အားလုံး လိုက်လာခဲ့ပါတဲ့၊ ထောင်မှူးကြီးက အခေါ်ခိုင်းလိုက်လို့"

ထောင်မှူး ဦးမောင်မောင်ကြီးက....

"ဟေ.... ဘာဖြစ်လို့တဲ့လဲကွ"

"ဆေးရုံတိုက်မှာ ဖောက်ထားတာတွေ့လို့တဲ့။ ဂါတ်ကြီးပေါ်ကိုလဲ သံချောင်း အခေါက်ခိုင်းလိုက်ပြီ"

ထိုအခိုက်မှာပင် ဂါတ်ကြီးပေါ်မှ သံချောင်းသံများ ပေါ်ထွက်လာ၏။ ထောင် အုတ်ရိုး ပတ်ပတ်လည်ရှိ မျှော်စင်ကလေးများမှလည်း သံချောင်းသံများ ကြားနေရပြီ။ ဖဲဝိုင်းမှ ထောင်မှူးများနှင့်တကွ သံချောင်းသံကြားရသော ပြင်ပမှ ထောင်မှူး ထောင်ကြပ် များ ထောင်တွင်းသို့ အူယားဖားယား ပြေးဝင်သွားကြရသည်။

ထောင်ထဲရောက်သွားကြတော့ အဖြေပေါ်ပြီ။ မှန်၏။ ဆေးရုံတိုက် ၆ ခန်းကို နောက်ဖေးဘက် အုတ်နံရံဖောက်ပြီး အကျဉ်းသားနှစ်ယောက် အပြင်ရောက်သွားကြပြီ။

"ဟိုက်.... ဗုဒ္ဓေါ၊ ဆေးရုံတိုက်ပိတ် စာရင်းယူခဲ့စမ်းဟေ့။ ဒီကောင်တွေ ဘယ်သူတွေလဲ မသိဘူး"

ဆေးရုံတိုက်တွင် တာဝန်ကျသည့် ထောင်ဝါဒါကလေးက မျက်စိသူငယ်နှင့် ဝင်ပြောသည်။

"ကျွန်တော် သိပါတယ် ဆရာကြီး။ ဓားပြမှုနဲ့ အချုပ်ခံနေရတဲ့ တုတ်ကြီးနဲ့ စံမောင်တို့ပါ။ သူတို့နှစ်ယောက် လက်ပါးမို့လို့ ဆေးရုံတိုက်မှာ ခွဲထားတာပါ"

(Leper) လက်ပါးဆိုသည်မှာ (Leprosy) လက်ပရိုစီ ကိုယ်ရေပြားရောဂါ ရှိသဖြင့် ဆေးရုံတိုက်တွင် ခွဲခြားထားရခြင်း ဖြစ်၏။

ထောင်မှူးကြီးက တစ်ဆင့်တက်လာပြန်၏။

"တိုက်ထဲမှာ ဘာပြုလို့ နှစ်ယောက်ထားရတာလဲ"

"အရင်ကတော့ သုံးယောက်ပါ၊ မနေ့က ဝါဟစ် လွတ်သွားပြီး နောက်ထပ် လူဖြည့်စရာ မရှိသေးလို့ပါ"

အကျဉ်းထောင်အက်ဥပဒေမှာ မပါသော်လည်း ထောင်များတွင် လုပ်ထုံးလုပ် နည်း တစ်ခုရှိသည်။ တိုက်ခန်းထဲတွင် နှစ်ယောက်၊လေးယောက်၊ခြောက်ယောက် မပိတ် ရ။ စုံ– မထားရ။ သုံးယောက်၊ ငါးယောက်၊ ခုနစ်ယောက် ပိတ်ရမည်။ မ– ထားရမည်။

အကြောင်းသော်ကား ပြဿနာတစ်ခုခုဖြစ်လာလို့ စုံဖြစ်နေခဲ့သော် ဟိုဘက်

http://www.cherrythitsar.org



သည်ဘက် မဲတူနေတတ်၏။ မ ဆိုမှ အဖြူအမည်း မဲခွဲ၍ပေါ်မည်။

"ကဲ.... ကဲ၊ ဒီနှစ်ကောင် ဘယ်နေရာက ပြေးသလဲ လိုက်ရှာကြပါဦး"

ထောင်မှူး ထောင်ကြပ်များ ထောင်အုတ်ရိုးပတ်ပတ်လည် လိုက်ရှာကြသည်။ ဘယ်နေရာကမျှ ပြေးသည့် ခြေရာလက်ရာကို မတွေ့ကြရ။ ထောင်ရိုး ပတ်ပတ်လည် ပေါ်ရှိ အုတ်နီခဲလေးများမှာ အလှအပတင်ထားခြင်းမဟုတ်။ ယင်းကဲ့သို့ အကျဉ်းသား ပြေးလျှင် ဘယ်နေရာက ပြေးမှန်းသိနိုင်အောင် တင်ထားသော အုတ်ခဲလေးများ ဖြစ်၏။ (tell tale brick) တဲလ်တေးလ်ဘရစ်ခ်ဟု ခေါ်သည်။

ထောင်မှူးကြီး ဦးဘတုတ် ခေါင်းကုတ်ရပြီ။

"ဒီကောင်နှစ်ယောက် အပြင်တော့ မရောက်သေးဘူးဗျ။ ထောင်ထဲ လိုက်ရှာကြစမ်းပါဦး"

ထောင်မှူးမောင်မောင်တို့တစ်တွေ ထောင်တွင်း နေရာအနှံ့အပြား လိုက်ရှာကြသည်။ ထောင်တွင်း အလုပ်ရုံ၊ ကြိုးစင်၊ သစ်ပင်တွေပေါ်၊ ဘယ်မှာမှ ရှာမတွေ့။ နောက်ဆုံး မီးစက်နှင့် ရေစက်တာဝန်ခံ ကာဆင်ခေါ် ဦးကျော်ညွှန့်လာမှ ပြဿနာရှင်းသွားတော့သည်။ နံနက်လေးနာရီခန့်ရှိပြီ။ ကာဆင် အချိန်မှန် ရေစက်ဖွင့်ချိန် ဖြစ်၏။

"ဆရာကြီး၊ ရေစင်ပေါ်က လူသံလိုလို ကြားတယ်"

"အေး.... ရေစင်ပေါ် တက်ကြည့်ကြစမ်းကွာ"

ဟုတ်ပါ့။ ဘသားချောနှစ်ယောက် ရေစင်ပေါ်မှာ ရေတက်လာတော့ တစ်စ တစ်စ နေလို့ မရတော့ပဲကိုး။ ကွိစိကွိစိ စကား တီးတိုးပြောလာကြပြီပေါ့။ဒင်းတို့နှစ်ယောက်ကို ရေစင်ပေါ်မှ အဆင်းခိုင်းပြီး စစ်မေးတော့မှ ဘူးပေါ်သလို ပေါ်လာသည်။

ကံကောင်းလို့ပါကလား။

"ဟုတ်ပါတယ်၊ ထောင်မှူးကြီး ရောင်းဝင်လာတော့ ကျွန်တော်တို့နှစ်ယောက် တိုက်ဖောက်ပြီး အပြင်ရောက်နေကြပါပြီ။ မူလ အစီအစဉ်က ဆေးရုံရင်ခွဲတိုက်ထဲမှာ ထားတဲ့ လေးတစ် တစ်ချောင်းနဲ့ ထောင်အုတ်ရိုးကျော်တက်မလို့ပါ။ ဒါပေမယ့် ညနေက ထောင်ဝါဒါတွေ တလာစီပြီး သိမ်းသွားမှန်း ကျွန်တော်တို့ မသိလိုက်ပါဘူး။ ဒါနဲ့ ကျွန်တော်တို့လဲ စောင်တစ်ထည်နဲ့ ကျွန်တော်တို့နှစ်ယောက် လုံချည်တွေကို ကြိုးလို ကျစ်ပြီး ရေစက်ထဲက တွေ့ရာသံချောင်းနဲ့ ချိတ်လုပ်ပြီး အုတ်ရိုးကျော်တက်မလို့ပါ။ အဲဒီလို လုပ်နေတုန်း သံချောင်းခေါက်သံတွေ ကြားတော့ ကျွန်တော်တို့နှစ်ယောက် ကြံမိကြံရာ ရေစင်ပေါ် တက်ပုန်းနေမိကြတာပါ"

အံမယ်လေး။ မမကြည် ဆရာဦးဘတုတ်ထံမှ ဖဲလုတာ အလုကောင်းပါကလား။

■

# ၄၀

အကျဉ်းထောင်အမှုထမ်းသက်တစ်လျှောက် ဆိုးခဲ့သည်လည်း ရှိ၏။ ကောင်းခဲ့သည်လည်း ရှိ၏။ တောက်လျှောက်ဆိုးနေမှဖြင့် ဘယ်လိုလုပ် ဒီအဆင့်ထိ ရောက်လာနိုင်ပါ့မလဲ။ ကြွားစရာကိစ္စလည်း အလျှင်းမဟုတ်။ ကြွားလည်း မကြွားချင်။ ယနေ့ ယခု ဤဆောင်းပါးကို ရေးနေချိန်တွင် စစ်ပြီးခေတ် ထောင်မှူးသင်တန်း ဒုတိယပတ် သင်တန်းဆင်းအနေနှင့် အကျဉ်းဦးစီးဌာနတွင် လုပ်သက်အရင့်ဆုံး နေရာသို့ ရောက်ခဲ့ရပေပြီ။ တောက်လျှောက်ဆိုးခဲ့သည့် ထောင်မှူးများအကြောင်း ရေးမည်ဆိုလျှင် နတ်သက်ကြွေသလို ကြယ်တစ်ပွင့်နှင့် နိဂုံးကမ္ပတ အဆုံးသတ်ခဲ့သူတွေ အများကြီးပေါ့။

ဥပမာအားဖြင့် ထောင်မှူးမောင်မောင်တို့ သင်တန်းတက်စဉ်က ဒိုဘီသည် ကုလားမကလေးကို ရည်းစားထားပြီး ယူနီဖောင်းတွေ၊ အရပ်ဝတ်တွေ အလကား အတိုက်ခိုင်းသည့် ထောင်မှူးလောင်းတစ်ယောက် အကြောင်း ဆိုကြပါစို့။

သူသည် ထောင်မှူးလောင်းဘဝကပင် ဒီလောက်သောင်းကျန်းစ ပြုခဲ့ရာ ထောင်မှူးသင်တန်းဆင်းပြီး ပခုံးပေါ် ကြယ်တစ်ပွင့်တပ်၍ ထောင်ကြီးတစ်ထောင်တွင် ထောင်မှူး ဖြစ်လာသောအခါ သူ၏ ဗရုတ်သုတ်ခ နန်းဇာတိရုပ်သည် ဘွားခနဲ ပေါ်လာ ချေတော့သည်။

ထောင်ထဲက အကျဉ်းသားဆိုတာကတော့ ရေနစ်သူနှင့် ဘာမျှမခြား။ ကောက်ရိုးတစ်မျှင် မြက်တစ်ပင်တွေ့လျှင်လည်း ဖမ်းဆုပ်မိမည်သာ။ အဲဒီလို အခါမျိုးတွင် ကောက်ရိုးလည်း မဟုတ်၊ မြက်ပင်လည်း မဟုတ်ပါဘဲ ငါးမန်းစွယ်ကို

http://www.cherrythitsar.org



ဖမ်းဆုပ်မိသည့် အခါမျိုးနှင့်လည်း ကြုံရတတ်၏။

"ဆရာ၊ ကျွန်တော့်အိမ်က နက်ဖြန်ခါ ထောင်ဝင်စာ လာလိမ့်မယ်နော်"

"အေး ဟုတ်လား၊ ဘယ်သူလာမှာလဲ"

"ကျွန်တော့်မိန်းမပါ ဆရာ"

ပြောလာသည့် အကျဉ်းသားမှာ လူသတ်မှုနှင့် ထောင်အနှစ် နှစ်ဆယ်ကျပြီး ပဲခူးထောင်မှပြောင်းလာသူ စံမောင်ဖြစ်၏။ သူ့မိန်းမဆိုတော့ ယင်းထောင်မှူးက မျက်လုံးကလေး မသိမသာမေး၍ စဉ်းစားကြည့်လိုက်သည်။ အင်း၊ ဟုတ်သားပဲ။ အရင်တစ်ခါ ထောင်ဝင်စာလာတုန်းက သူ့မိန်းမကို တွေ့လိုက်ဖူးတယ်။ အသားဖြူဖြူ အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်း လုံးကြီးပေါက်လှ၊ သုံးနှစ်အရွယ်ကလေးငယ်ကို ခါးထစ်ခွင် ချီလို့။ တဒင်္ဂပဟာန်အတွင်း ကိုယ့်စိတ်ကူးနှင့်ကိုယ် ကြည်နူးသွားသော ထောင်မှူးက၊

"အေး.... ဟုတ်ပြီ၊ အဲဒါ ငါဘာလုပ်ပေးရမလဲ"

"တခြားတော့ မဟုတ်ပါဘူး ဆရာ။ ကျွန်တော့်မိန်းမက ဝေါ နှောင်ပတ္တရာက တစ်လမှတစ်ခါလောက် ထောင်ဝင်စာ လာနိုင်တာပါ။ အဲဒါ အထူးထောင်ဝင်စာတွေ့ဖို့"

ခက်တော့လည်း အခက်သား။ ဤ ဒွန္နယာကြီးမှာ အထူးဆိုတာက နေရာ တကာတိုင်းမှာ ရှိနေသည်။ ကိုးလလွယ် ဆယ်လမွေးရာမှာလည်း အထူး။ ဝါးဖတ်တော် ကစီနှစ်နှင့် လူဖြစ်အောင် မွေးရာမှာလည်း အထူး။ စားရာလောက်ရာမှာလည်း အထူး။ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်မှသည် လူမွေးလူတောင် ပေါက်သည်အထိ သွား တာ လာတာ နေတာထိုင်တာမှာလည်း အထူးတွေကအများကြီး။ အို.... ကုန်ကုန်ပြော ရရင် သေတာတောင် အထူး။ အဆင့်လှလှကလေး သေချင်ကြတဲ့ အထူးကြိုက်ဘဝ။

အပြင်မှာ ဒါလောက် ရေပန်းစားနေသည့် အထူးကြိုက်ရောဂါ။ အုတ်နံရံ တစ်ချပ်သာခြားတဲ့ ထောင်ထဲမှာလည်း ကူးစက်လာရမှာပေါ့။ ဒါမွေတာပါပဲ။ အမှန် အတိုင်း အထူးထောင်ဝင်စာတွေ့ခွင့်ရရန် ချဉ်းကပ်လာသည့် အကျဉ်းသား စံမောင်ကို ဘာမျှ အပြစ်တင်စရာ အကြောင်းမရှိ။

အထူးထောင်ဝင်စာနှင့် ရိုးရိုးထောင်ဝင်စာ၊ ဘယ်ပုံဘယ်နည်း ဘယ်လောက် အထိ ကွာခြားသည်ကို ကြည့်ကြရအောင်။ ရိုးရိုးထောင်ဝင်စာကို စီ ကလပ်စ် အကျဉ်း သားများနှင့် ရိုးရိုးတန်းတန်း အချုပ်သားများ တွေ့ခွင့်ရှိ၏။ ထိုစဉ်က ထောင်ကျဆိုလျှင် အေကလပ်စ် (A. Class)၊ ဘီကလပ်စ် (B. Class)၊ စီကလပ်စ် (C. Class) ရယ်လို့ သုံးမျိုးသုံးစားရှိသလို၊ အချုပ်သားများ အနေနှင့်လည်း အထူးတန်း (special class) နှင့် (ordinary class) ရယ်လို့ နှစ်မျိုး နှစ်စား ခွဲခြားထားချိန်ကိုး။

ကောင်းပြီ၊ ရိုးရိုး ထောင်ဝင်စာ မြင်ကွင်းကို ထင်ထင်လင်းလင်း တွေ့ရအောင် ဆလိုက်ထိုး၍ ကြည့်ကြပါစို့။ ထုံးစံအတိုင်း ထောင်ဝင်စာတွေ့သည့် အခန်းထဲတွင် အပြင်မှ လာတွေ့သူတို့က တစ်ဖက်၊ ထောင်တွင်းမှ အကျဉ်းသား အချုပ်သားတို့က

တစ်ဖက်ပေါ့။ သူတို့နှစ်ဦးကြားတွင် ခပ်စိပ်စိပ်သံဆန်ခါနှစ်ထပ် ကာရံထားသည်။ သံဆန်ခါနှစ်ချပ်ကြား ထောင်ကြပ်များ ဝင်ရောက်ထိန်းသိမ်းစောင့်ကြည့်လျက်ရှိရာ အကွာအဝေးအားဖြင့် တစ်ပေခွဲသာသာခန့် ရှိမည်။ အဲဒီမှာ ထောင်ဝင်စာ တွေ့ကြချိန်တွင် အပြင်ကလူနှင့် အထဲကအကျဉ်းသားတို့ အသံကုန်ဟစ်ကြပေရော့။ ဘယ်မှာ အသံကုန်မဟစ်လို့ ရနိုင်ပါမည်နည်း။ အထဲက အကျဉ်းသား တစ်ယောက် အပြင်မှ အနည်းဆုံး လူနှစ်ယောက် လောက်တော့ လာတွေ့တတ်သည်။ တွေ့ချင်သူတွေများလွန်း၍ အပြင်မှ လေးယောက်ထက် မပိုရဟု ကန့်သတ်ထားရ၏။ သည်တော့ အထဲက အကျဉ်းသား ၁၅ ယောက်ပဲ ထားပါတော့။ အပြင်မှ လာတွေ့သူများက ၄၀ကျော်၊ ၅၀နီးပါး။ တွေ့ခွင့်ရသည့် အချိန်ကလေးက ၁၅ မိနစ်ရယ်။ ပြောချင်သည့် စကားတွေက အများကြီး။

'နေပါဦး၊ ရှေ့နေက ဘာပြောသလဲ၊ နောက်တစ်ပတ် ရုံးချိန်း အာမခံရမယ်တဲ့လား'။ 'အယူခံကိစ္စ ဘာထူးသလဲဟေ့ မိန်းမ'။ 'တော့်အမေအိမ်မှာ ကျုပ်ဆက်နေလို့ မဖြစ်ပါဘူးတော်၊ တော့်အစ်မတွေ ညီမတွေက တော် ထောင်ကျသွားပြီးကတည်းက ကျုပ်ကို မတရား နှိမ်နေကြတာပဲ။ ကျုပ် အမေအိမ်ပဲ ကျုပ် ပြန်နေတော့မယ်'။ 'အဲဒီနွားတစ်ရှည်းတော့ မရောင်းလိုက်ပါနဲ့ ရှင်မရာ။ ငါနဲ့ သေဖော် ရှင်ဘက်ပါ'။ 'အင်း ရှင်ကတော့ ထောင်ထဲကနေပြီး တွန်းမှာနေ၊ ကျွန်မတို့ အပြင်မှာ ဘယ်လို နေရထိုင်ရ စားရသောက်ရတယ်ဆိုတာများလဲ မေးစမ်းပါဦး။ ထမင်းတောင် နပ်မှန်တာ မဟုတ်ဘူးရှင့်'။ 'ငါ့သားရယ်.... အမေ တဖွဖွ ဆုံးမနေတဲ့ကြားက မင်းက မိုက်လုံးကြီးခဲ့တာကိုး၊ အခုတော့ အမေ ရင်ကျိုးရပြီမဟုတ်လား'။ 'အဖေရယ် အဖေ့မိန်းမက အလကားဗျ၊ အဖေ့အပေါ်မှာ သစ္စာရှိတာမဟုတ်ဘူး။ အခု မြောက်ပိုင်းက ရွာခေါင်း ဦးစံထွန်းနဲ့ နောက်မီးလင်းနေတာဗျ'။ '.... .... .... ....'။ '.... .... .... .... ....'

ဤစကားများကို တိုးတိုးညင်သာ ပြော၍ရသည်မဟုတ်။ လူအုပ်က များ၍ အသံဗလံတွေက ဆူညံလွန်းကအားကြီးနေတော့ သူ့ထက် ငါ လုပြီး သူ့အသံထက် ကိုယ်က ပိုကျယ်အောင် အာခေါင်ခြစ်အော်နေကြရခြင်းဖြစ်၏။ ထောင်ဝင်စာ တွေ့သည့်နေရာကို ငါးစိမ်းတန်းက အဘခေါ်လောက်သည်။ တကယ့်ကို ကျွက်ကျွက်ညံလို့။

အထူး ထောင်ဝင်စာကျတော့ တစ်မျိုး။ ရိုးရိုးထောင်ဝင်စာလို သံဆန်ခါတွေ ဘာတွေ မခြား။ ခုံတန်းရှည် နှစ်ခု ဟိုဘက် ဒီဘက် မျက်နှာချင်းဆိုင်လျက်။ ဒူးချင်းပေါင်ချင်းများပင် မတော်တဆ ထိနိုင်သေး။ အထူးတန်း အချုပ်တရားခံနှင့် ဘီကလပ်ထောင်ကျအကျဉ်းသားများဆိုလျှင် ကုလားထိုင်နှင့် ထိုင်၍ အကျအန တွေ့ကြရသည်။ အဲဒီလို လွတ်လွတ်လပ်လပ် တွေ့ခွင့်ရလို့ပင် တစ်ချိန်က မယ်ဗမာရခဲ့ဖူးသော နော်လှီဇာဘင်ဆင်၏ဖခင် မစ္စတာစောဘင်ဆင်တစ်ယောက် သူ့ဇနီး ထောင်ဝင်စာ လာတွေ့ချိန်တွင် အားရပါးရဖက်ပြီး နမ်းရှုပ်လေ့ရှိကြောင်း ရေးခဲ့ဖူးပါပြီ။

ရိုးရိုးတန်း ထောင်ကျ အကျဉ်းသားများအနေနှင့်တော့ ဒါလောက်ကြီး အခွင့်

http://www.cherrythitsar.org



မရလှပါ။ ခုံတန်းရှည်နှစ်ခုပေါ် မျက်နှာချင်းဆိုင်ထိုင်ကာ ဣန္ဒြေရရ တွေ့ရခြင်းဖြစ်၏။

ပြင်ပလောကမှာသာ အရာရှိရယ်လို့ ရှိသည်မဟုတ်။ ထောင်ထဲမှာလည်း အကျဉ်းသားအရာရှိဟူ၍ ရှိသည်။ အကျဉ်းထောင်လက်စွဲဥပဒေ စာအုပ်ကြီးထဲတွင် (convict officer)ကွန်ဗစ် အော်ဖစ်ဆာ၊ အကျဉ်းသားအရာရှိဟု အတိအလင်းပါ၏။ သူတို့တစ်တွေကား ရှစ်မှတ် ခေါ် ဘာယာ၊ ဆယ့်နှစ်မှတ် ခေါ် တန်းစီး။ အဲဒီ ရှစ်မှတ် ဆယ့်နှစ်မှတ်ထဲမှပင် ဘုတ်ကိုင်တို့၊ မဲဇလီတို့ စသည်အားဖြင့်။ နောက်ပြီး သန္ဓေတို့၊ ခြောက်ထောင်ပိုင် ခေါ် ထောင်မင်းသားတို့ ဆိုတာတွေကလည်း ရှိသေးသည်။ သူတို့ တစ်တွေ အားလုံး အကျဉ်းသားအရာရှိတွေချည်း ဖြစ်၏။ သူတို့တစ်တွေ အားလုံး အတွက် အထူးထောင်ဝင်စာ။

အဲ.... အဲဒီ အထူးထောင်ဝင်စာမှာ မသိမသာကလေး ဖောင်၍မျှောင်၍ အကွက်ကောင်း ချောင်းနေသည့် အကျဉ်းသားလူတန်းစား တစ်ရပ်ကလည်း ရှိနေသေး သည်။ ယင်းလူတန်းစားကား ထောင်မှူး ထောင်ပိုင် ရုံးခန်းတွင် ခေါ်ထားသည့် ရုံးအကူ များ ဖြစ်၏။ သူတို့တစ်တွေမှာ ဆယ့်နှစ်မှတ်ဖြစ်ဖို့ ဝေလာဝေး၊ ရှစ်မှတ်ပင် မဖြစ်သေး။ နို့၊ ရှစ်မှတ်ဖြစ်ဖို့ဆိုတာကလည်း ထောင်မှူး ထောင်ပိုင်က ဥုံဖွမန်းပြီး ဖြစ်ချင်တိုင်း ဖြစ်တာမှတ်လို့။ သူ့မှာ သတ်မှတ်ချက်တွေက အများကြီး။

ဥပမာအားဖြင့် ကျခံရသည့် အပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံပြည့်ပြီး ဖြစ်ရမည်။ လျှော့ရက်စနစ်ဖြင့်တွက်လျှင် ရနိုင်သည့် လျှော့ရက်၏ သုံးပုံနှစ်ပုံရပြီး ဖြစ်ရမည်။ ကျန်းမာသန်စွမ်းရမည်။ နေ့ခင်းပိုင်းတာဝန်အပြင် ညပိုင်းဘာယာ စောင့်ချိန် အိပ်ရေး ပျက်ခံနိုင်ရမည် စသည်အားဖြင့်။

သို့သော်လည်း....၊ အဲ.... ပေါ့လေ ဆိုတာလို အဲဒီသတ်မှတ်ချက် စည်းကမ်း ကလနားတွေကို အဘယ်လူသားတွေကများ အတိအကျရာခိုင်နှုန်းပြည့် လိုက်နာကြ လို့လဲ။ သာမန်ပုထုဇဉ်လူဝတ်ကြောင် မဆိုနှင့်၊ ရှင်တော်မြတ်ဘုရား၏သားတော် ရဟန်း သံဃာများအတွက်ပင် သိက္ခာပုဒ်တွေ တစ်ခုပြီးတစ်ခု တိုးခဲ့ရသည် မဟုတ်ပါလား။ သာမန် လူဝတ်ကြောင်တို့၏ဘိုးအေ ဟု ကင်ပွန်းအပ်ရမည့် ထောင်တွင်းရောက် ကိုလွန်ကဲ တို့ အဖို့မူကား အဘယ်မှာ ဆိုဖွယ်ရာ ရှိတော့အံ့နည်း။

ပထမဦးဆုံး ရှစ်မှတ်ဘာယာ စာရင်းတင်ပေးရမည့် မိန်းဂျေးထောင်မှူး မစ္စတာ မဂ္ဂနမ်း၏ ဘာယာထံ ချဉ်းကပ်ရသည်။

"ဆရာ.... ကျွန်တော် ဒီတစ်ပတ် ရှစ်မှတ်စာရင်း တင်ပေးဖို့"

မိန်းဂျေးထောင်မှူး၏ ဘာယာကလည်း ခပ်မာမာ။

"အံမာ.... ဒီအတိုင်း ဘာရမလဲကွ"

"အထဲမှာ ပါ ပါတယ်ဆရာ"

ထိုအခါမှ ထောင်မှူးဘာယာက နံပါတ်ကြီးကို အသာလှန်ကြည့်လိုက်၏။

http://www.cherrythitsar.org



အထဲမှာ ငါးကျပ်တန်တစ်ရွက်။ ငါးကျပ်တန် တွေ့လိုက်တော့ ထောင်မှူး၏ ဘာယာ အနည်းငယ် ကြည်သွားဟန်ဖြင့်၊ အသံတော့ ခပ်ပြတ်ပြတ်။ 'အေး... အေး၊ ထားခဲ့'တဲ့။ ဒီလိုနည်းနှင့် ဖြတ်လမ်းက ရှစ်မှတ်ခေါ် ဘာယာဖြစ်လာသူတွေလည်း တစ်ပုံတစ်ခေါင်း။ ဒါလည်း ကန့်သတ်ချက်နှင့်။ မတိမ်းမယိမ်း ချွတ်ယွင်းချက်ရှိသူများသာ ခွင့်ပြုနိုင်၏။

စံမောင်ဆိုတာက ခုမှ လူသတ်မှုနှင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျလာတာ ဘာမှ မကြာသေး။ ဘယ်လိုလုပ် ဘာယာစာရင်း တင်နိုင်ပါအံ့နည်း။ သို့သော် စံမောင်က ရိုးရိုး ထောင်ကျတစ်ဦးမဟုတ်။ ယခုခေတ် စကားနှင့် ပြောရလျှင် အပ်ထည် ထောင်ကျတစ်ဦးဖြစ်၏။ စံမောင်၏ဖခင်က နောင်ပတ္တရာ ရွာသူကြီးဆိုတော့ ဝေါ မြို့ပိုင် ကို နိုင်သည်။ ပေးကမ်း ဆက်သထားရတာတွေကလည်း နည်းနည်းနောနော မဟုတ်။ ဆန်အိတ်လိုက်၊ ဆီပုံးလိုက်၊ ငါးစိုတန် ငါးစို၊ ငါးခြောက်ချိန်တန် ငါးခြောက် ပိဿာ လိုက်။ ငါးပိရည် ကောင်းကောင်းလေးများ စားချင်သလား။ သုံးဦးစပ် ခေါ် ငါးပြေမ၊ ငါးဖယ်နှင့် ငါးရံ့တို့ ပေါင်းစပ်ထားသည့် ငါးပိရည်ဆို ချက်ချင်း။

စံမောင် ကံကောင်းချင်တော့ အဲဒီ ဝေါမြို့ပိုင်နှင့် စံမောင်ရောက်သွားသည့် အဆောင်မှ ထောင်မှူးတို့က ငယ်သူချင်း ဖြစ်နေ၏။ သည်တော့ စံမောင် တစ်ယောက် အလိုလိုနေရင်း စပယ်ရှယ်အပ်ထည် ဖြစ်သွားပြီပေါ့။ထောင်မှူးကလည်း သူ့သူငယ်ချင်း မျက်နှာ ထောက်ထားပြီး ရုံးခန်းခေါ်ထားရသည်။ ထောင်မှူး၏ အထက်အရာရှိများ ဖြစ်ကြသည့် ထောင်မှူးကြီးတို့၊ ထောင်ပိုင်လေးတို့၊ ထောင်ပိုင်ကြီးတို့ မသိရအောင် အကျဉ်းသားတစ်ယောက်ကို ထောင်ထဲမှာ ဖျောက်ထားသည့်နည်းတွေကလည်း အများကြီး။ အပ်ထည်ဖြစ်သော စံမောင်ကို သူ့ထောင်မှူးက မသိမသာ စာရင်းဖျောက် ထားသည်မှာ ဘာမျှ မဆန်းပါ။ တစ်လုတ်စားဖူး သူ့ကျေးဇူး။ ငါးချဉ်တို့ ငါးခြောက်တို့ သူ့အိမ်ရောက်ပြီးလောက်ပြီပေါ့။

ဘာပဲဖြစ်ဖြစ် စံမောင်တို့ လင်မယားကတော့ အကျေကြီး ကျေနပ်လျက်ပါ။ ဘယ့်နှယ်၊ မနေ့တစ်နေ့ကမှ ထောင်ကျလာသည့်အကျဉ်းသားတစ်ယောက် ရှစ်မှတ်တွေ ဆယ့်နှစ်မှတ်တွေကြားထဲဖောက်ပြီး အထူးထောင်ဝင်စာ တွေ့ရသည်မှာ နည်းတဲ့ အခွင့် အရေးမှတ်လို့။

စံမောင်ကလည်း ပျော်လို့၊ သူ့မိန်းမ မခင်မြကလည်း ရွှင်လို့၊ သုံးနှစ်အရွယ် သားငယ်ကလေး ဖိုးပြူးကို သူက ပွေ့လိုက်၊ ကိုယ်က ချီလိုက်၊ တဒင်္ဂပဟာန်အားဖြင့် ကြည့်လျှင်တော့ တကယ့်ကိုကြည်နူးစရာ အတိပါ။ သို့သော် ဆယ့်ငါးမိနစ်တည်း ဟူသော အချိန်ကာလဆိုသည်မှာ ဘယ်လောက်များ ကြာလိုက်ပါသနည်း။

"ဂလိုင်.... ဂလိုင်.... ဂလိုင်....ဂလိုင်"ဟူသော ထောင်ဝင်စာ အချိန်စေ့သည့် ခေါင်းလောင်းသံက စံမောင်နှင့် မခင်မြတို့၏ ချမ်းမြေ့ကမ္ဘာကလေးကို အစိတ်စိတ် အမြွှာမြွှာ ကွဲပျက်အောင် ဖြိုခွင်းဖျက်ဆီးလိုက်ချေပြီ။

http://www.cherrythitsar.org



စံမောင်နှင့် မခင်မြတို့၏ရင်ထဲတွင် ဒိန်းခနဲ ဒိုင်းခနဲ မြည်ဟည်းလျက်။ အင်း.... ခွဲရတော့မှာပါကလား။ ထောင်ဝင်စာ ပြပေးနေသည့် ထောင်မှူးကလည်း မနေသာ၊ သူ့မှာ နောက်ထပ် အသုတ်လိုက် ပြပေးရမည့် ထောင်ဝင်စာတွေက တစ်ပုံတစ်ခေါင်း။

"ကဲ.... ကဲ.... အချိန်စေ့ပါပြီ။ တော်ကြပါတော့ဗျာ"

မခင်မြ ထိုင်ရာမှ မထမီ၊ သူမ၏ခင်ပွန်း စံမောင်ကို စေ့စေ့စိုက်ကြည့်ရင်း....

"အစ်ကို.... ဆရာက ထောင်ဝင်စာတွေ့ပြီးရင် သူ့အိမ်ကို ခဏလာခဲ့ပါဦးလို့ မှာလိုက်တယ်"

စံမောင် မျက်မှောင်တစ်ချက် ကုပ်လိုက်မိသည်။ စဉ်းစားချိန်လည်း သိပ်မရတော့။ ထောင်ဝင်စာ အချိန်စေ့ပြီဖြစ်၍ သူသူကိုယ်ကိုယ် ထိုင်ရာမှ ထနေကြပြီ။ ဆရာ ဆိုသည်မှာ အထူးထောင်ဝင်စာ ခိုးပြပေးသည့် ထောင်မှူးကို ဆိုလိုခြင်း ဖြစ်၏။

စံမောင်သည် သူ့ရင်ခွင်ထဲမှ သားငယ်ကို မခင်မြ လက်ထဲ ထည့်လိုက်ရင်း....

"အေး.... သွားလိုက်ပေါ့ကွယ်၊ ပြောစရာရှိလို့ နေမှာပေါ့"

ကလေးကိုချီ၍ ထောင်ဘူးဝဘက်သို့ထွက်သွားသော မခင်မြတို့ သားအမိ၏ ကျောပြင်ကို ကြည့်ပြီး စံမောင် ဟင်းခနဲ သက်ပြင်းရှည်ကြီး ချလိုက်မိသည်။ အဲဒီ သက်ပြင်းရှည်ကြီးမျိုး စံမောင် တစ်ခါချခဲ့ဖူးပြီ။ ဘာမျှ မကြာသေး၊ လက်ရှိ လူသတ်မှုနှင့် ထောင်မကျမီ နောင်ပတ္တရာရွာမှာ နေစဉ်က ဖြစ်၏။

"ဟင်း...."

စံမောင်သည် သက်ပြင်းရှည်ကြီးလေးတွဲ့စွာချရင်း မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေ၏။

"ဟုတ်ရဲ့လား၊ ညှပ်ကြီးရာ၊ ငါတော့ ဖြစ်နိုင်မယ် မထင်ပါဘူး"

"အေးလေကွာ.... ငါ့ကိုလဲ ချစ်တီးက ပြောတာပဲ၊ မင်းလဲ စုံစမ်းကြည့်ဦးပေါ့"

ညှပ်ကြီးတို့ ချစ်တီးတို့ ဆိုတာက စံမောင်နှင့် ညီအစ်ကိုဝမ်းကွဲတွေ။ အဖြစ်အမှန် မဟုတ်ဘဲ လုပ်ကြံသည့် ဇာတ်လမ်းတော့ မခင်းတန်းရာ။

"အေး.... ငါလဲ ကြားကြားချင်း မင်းကို ပြောမလို့ပဲ။ တိုက်ရိုက်ကြီး ပြောမထွက်တာနဲ့ ညှပ်ကြီးက တစ်ဆင့် အပြောခိုင်းလိုက်ရတာ"

ချစ်တီးက သို့ကလို ဆို၏။ စံမောင် စဉ်းစားရပြီ။ သူ့ဇနီး မခင်မြ၏ အခြေအနေကိုလည်း တစေ့တစောင်း အကဲခတ်ရပြီ။ ရလာသည့်သတင်းက အတော်လေး ခိုင်မာနေပြီ မဟုတ်လား။

တကယ်တော့ ဦးဖေမောင်တင် ဆိုသူမှာလည်း စံမောင်တို့နှင့် ဆွေရိပ်မျိုးရိပ် မကင်း။ နောင်ပတ္တရာဆက်ပင်ဖြစ်၏။ ဦးဖေမောင်တင်၏ဖခင် ဦးစံရှင်းမှာ နောင်ပတ္တရာ ရွာတွင် ဆန်စက်တည်ပြီး ပဲခူးရွှေမော်ဓော ဘုရားလမ်းတွင် တိုက်ဆောက်ကာ သူဌေး အမည်ခံနိုင်ခဲ့ခြင်း ဖြစ်၏။

ဦးစံရှင်း ကွယ်လွန်ပြီးနောက် ဦးဖေမောင်တင်က နောင်ပတ္တရာရှိ ဆန်စက်သို့ တစ်ပတ် တစ်ခါလောက် လာသည်။ ကားရှိသော်လည်း ကားလမ်းက မပေါက်၊ ရထားနှင့် လာရခြင်းဖြစ်၍ တစ်ခါလာလျှင် နှစ်ညအိပ် သုံးညအိပ်။ ဦးဖေမောင်တင် မိန်းမများတာကတော့ ရပ်သိရွာသိ၊ ဟိုးလေးတကျော်။ ဟိုနား တစ်ယောက်၊ ဒီနား တစ်ယောက်၊ တတ်နိုင်သူဆိုတော့ ပစ်စလက်ခတ်တော့ မဟုတ်။ အိမ်တစ်ဆောင် မီးတပြောင်နှင့်။

မခင်မြမှာ စံမောင်နှင့် မရမီကတည်းက ဦးဖေမောင်တင်၏ ဆန်စက်တွင် အလုပ်သမားတစ်ဦးအဖြစ် အလုပ်လုပ်နေသူဖြစ်၏။ စံမောင်နှင့် ရပြီးတော့ စံမောင်၏ မျက်နှာကို ထောက်ထားပြီး သာမန်အလုပ်ကြမ်းဘဝမှ ဂရို့ချိုးသည့် ရာထူးသို့ တက်ခဲ့ရသည်။

တစ်သားမွေး တစ်သွေးလှဆိုတာလို မခင်မြကလည်း ဖိုးပြူးကလေး မွေးပြီး ခါမှ ယခင်ကထက် ပိုပြီးလှလာသလား အောက်မေ့ရ၏။ အပျိုတုန်းက လှသည့်အလှ က ပန်းမပွင့်မီ အဖူးအငုံဘဝ လှသည့်အလှမျိုး။ တစ်သားမွေးပြီးချိန် အအိုဘဝ အလှ က ရဲရဲဝင့်ဝင့် စွင့်စွင့်ကားကား စွမ်းအားရှိသလောက် လှမျိုးကြွယ်သည့် ပန်းပွင့် တစ်ပွင့်၏ အလှမျိုး။ အမှန်အတိုင်းတော့ မခင်မြ ဘယ်လောက်ပဲ လှလှ စံမောင်အနေနှင့် ဘယ်လိုမှ မဥပဒ်မိပါ။ ဥပဒ်စရာလည်း အကြောင်း မပေါ်ခဲ့ပါ။

ခုမှ.... ညီအစ်ကိုတော်များ ဖြစ်ကြသည့် ညွပ်ကြီးနှင့် ချစ်တီးတို့က သတိပေး စကား ပြောကြားလာတော့ စံမောင် စဉ်းစားရပြီပေါ့။ ဦးဖေမောင်တင်သည် မိန်းမ ဘယ်လောက်များစေကာမူ၊ ကာမေသု မိစ္ဆာစာရကံ သူတစ်ပါးအိမ်ရာကို ဖျက်လိုဖျက်ဆီး လုပ်တတ်သည့် အကျင့်မျိုးမရှိ၊ နာမည်ပျက် မရှိစဖူး။

အဲဒီကိစ္စ အရက်ဝိုင်းတစ်ခုမှာ အဖြေပေါ်သွားသည်။

"ဟား.... ဟား.... ဟား....၊ မင်းတို့က ဒီကိစ္စ ငါ့ကိုမှ မမေးကြဘဲကိုး။ အမှန်က ဖေမောင်တင် မဟုတ်ပါဘူးကွ။ ဖေမောင်တင်တို့က အဲဒီလို ကြာကူရီရိုက်တဲ့ အလုပ်ကို ဘယ်တော့မှ မလုပ်ဘူး။ လွတ်လွတ်ကျွတ်ကျွတ်နဲ့ တွေ့မှ ရှေ့ပတ္တမြား ရှေ့နဂါး သိက္ခာရှိရှိ ခြေတော်တင်တတ်တာပါ"

"ဒါဖြင့် ဘယ်သူလဲ ဦးလေးမောင်"

ဦးလေးမောင်ဆိုတာက ဆန်စက်မှ စက်ဆရာ ဖိုမင်ကြီး ဦးဘမောင် ဖြစ်၏။ ဦးဖေမောင်တင်၏ဖခင် ဦးစံရှင်း လက်ထက်ကတည်းကပင် သစ္စာရှိရှိ အမှုတော်ထမ်း လာခဲ့သော လူဟောင်းကြီး တစ်ယောက်ဖြစ်၍ ဦးဖေမောင်တင်ကို ငယ်ငယ်က လိုပင် ဖေမောင်တင်ဟုခေါ်ကာ မင်းနှင့် ငါနှင့် ပြောနေသူဖြစ်၏။ အသက်အားဖြင့် ခြောက် ဆယ် ကျော် ခုနစ်ဆယ်အတွင်း။ ဦးဘမောင်က အရက်ဖန်ခွက်ကို ကောက်ကိုင်၍ ဝွတ်ခနဲ မော့ချလိုက်ရင်း....

http://www.cherrythitsar.org



"ဟ ၊ ဘယ်သူရှိရဦးမှာလဲ။ တို့စက်မှာ တဏှာရူးဆိုလို့ ငမြကြီးတစ်ယောက် ရှိတာပဲ။ ဒီအကောင် ဖေမောင်တင် အရှိန်အဝါသုံးပြီး ကောင်မလေးတွေကို ရိသဲ့သဲ့ လုပ်နေတာ ကြာပါပြီ"

ဦးဘမောင်ပြောသည့် ငမြကြီးဆိုတာက ဦးဖေမောင်တင်၏ လူယုံတော်၊ ဦးဖေမောင်တင် မလာနိုင်သည့်အခါများတွင် ဆန်စက်ကို မန်နေဂျာသဖွယ် စီမံအုပ်ချုပ်နေရသူ။ ဝေါနှင့် ဘုရားကြီးရွာ အကြားမှ ကေရစ်ရွာ ဇာတိဖြစ်၍ ပဲခူးမြို့ ဟိုက်စကူးကျောင်းတွင် ဦးဖေမောင်တင်နှင့် ကျောင်းအတူ နေဖူးသည်။ ရန်ကုန်ရှိ အစိုးရရုံးကြီး တစ်ရုံးတွင် ဝင်ရောက်အမှုထမ်းနေရာမှ လာဘ်စားမှုဖြစ်၍ အလုပ်ပြုတ်လာခဲ့ရာ သူငယ်ချင်းဖြစ်သူ ဦးဖေမောင်တင်က ခေါ်ယူစောင့်ရှောက်ထားခြင်းဖြစ်၏။ အမည်ရင်းကလည်း ဦးမြကြီး။ ဦးဘမောင်ကသာ သူ့ တူသားအရွယ်မို့ ဦးမြကြီးကို ငမြကြီး ခေါ်နေသော်လည်း အများအမြင်မှာတော့ မန်နေဂျာ ဦးမြကြီးပါပဲ။ နို့.... ဦးဖေမောင်တင် မရှိသည့်အခါများတွင် ဆန်စက်မှာ သူ့လက်သူ့ခြေ မဟုတ်ပါလား။

ဘာပဲပြောပြော စံမောင်အဖို့တော့ အာရုံပြောင်းသွားခဲ့ရပြီ။ မြားဦးက ဦးမြကြီးဘက် လှည့်သွားခဲ့ရပြီး နောက်ဆုံး အရက်ဝိုင်းမှအပြန် ဇနီးဖြစ်သူ မခင်မြကိုပင် ဖြောင်ဖွင့်၍ သတိပေးခဲ့မိသေးသည်။

"တို့ကြားနေရတဲ့ သတင်းတွေကတော့ အဲဒါတွေပဲ ခင်မြ၊ အဲဒါ နင် သတိနဲ့ ဝီရိယနဲ့ နေဖို့ပြောတာပါ"

"အို.... စိတ်ချစမ်းပါတော်။ ခင်မြကို လာစမ်းလို့ ရမတဲ့လား။ ဒီလို နှာဘူးကြီး မျိုး စိတ်ကူးထဲတောင် မထည့်ဘူး"

ပြောမယ့်သာ ပြောရသည်။ ဦးမြကြီး၏ ရိသဲ့သဲ့ အမူအရာတွေကို မခင်မြ ရိပ်စားမိတာ ကြာပါပြီ။ တစ်ပတ်တစ်ခါ ငွေရှင်းတာက အစ၊

"လာ.... လာ၊ မခင်မြ ယူလှည့်"

ပထမဦးဆုံး အခေါ်ခံရသူ မခင်မြ။

နေ့ခင်း ထမင်းစားချိန် ကျပြန်တော့လဲ....

"ရော့ဟော့၊ ဟောဒီဟင်းလေး မခင်မြ သွားပေးလိုက်စမ်း၊ ငါတစ်ယောက်တည်း ဘယ်လိုလုပ်မှ စားလို့မကုန်ဘူး"

ပထမ စေတနာသန့်သန့်နှင့် ပေးသည်ထင်၍ မခင်မြ ယူစားမိသေးသည်။ နောက်ပိုင်း ဦးမြကြီး၏အမူအရာ သိပ်ပြီး အကဲမရသောအခါ လုံးဝ လက်မခံတော့။ ဘယ်လိုပဲဖြစ်ဖြစ် အကြံသမားမှာ အကြံသမားပါတည်း။ သုံးတောင်ပြည့်ခန်းသာ အလယ်မှာ၊ တို့တော့မယ်တဲ့ ဆိတ်တော့မယ်ဟု ဘယ်ခြောက်ကာ ညာလှမ်းသည်မှာ သူတို့အကျင့်။ ချော့လို့ရလျှင်ချော့မည်။ ခြောက်လို့ရလျှင် ခြောက်မည်။ ပျော့ကွက်ဟာကွက် ရှာမည်။

http://www.cherrythitsar.org



"ဟဲ့.... မခင်မြ လာစမ်း၊ နင့်ဂရို့စာရင်းတွေကလဲ အမှားတွေချည်းပါလား၊ ဒီမှာ လာပေါင်းကြည့်စမ်းပါဦး"

မှန်၏။ ပြန်ပေါင်းကြည့်လိုက်တော့ မခင်မြ၏ အမှား။

"အို....ဒါတော့တော်၊ ကျုပ်လဲ လေးတန်းအထိပဲ အတန်းကျောင်းနေဖူးတာ၊ တစ်ခါတလေတော့ မှားမှာပေါ့"

"အေး.... အဲဒီလို အမှားများလာရင် သူဌေးကို သွားထိခိုက်မှာပေါ့။ နောက် တစ်ခါ မှားရင်တော့ သူဌေးကို တိုင်ရလိမ့်မယ်"

သူဌေးကို တိုင်မှာတော့ မခင်မြ အကြောက်သား။ သူ့ယောကျ်ား စံမောင်က လည်း သူ့အဖေသူကြီး သေပြီးမှ သူကြီးဖြစ်ရမည့်သူ။ ဘာအလုပ်မှ မည်မည်ရရ ရှိသူမဟုတ်။

"မခင်မြ၊ နက်ဖြန်ခါ ဆန်စက်ကို လာခဲ့ဦး"

ဦးမြကြီးက အလုပ်သမားများအလစ်တွင် နှစ်ယောက်ချင်းကပ်၍ ပြောသည်။ မခင်မြက တအံ့တသြ။

"ဦးလေးမောင်ကပြောတော့ နက်ဖြန်ခါ ဆန်စက် ပြင်မလို့ဆို။ စက်ပိတ်တယ် မဟုတ်လား"

"အေးလေ စက်တော့ ပိတ်တာပေါ့။ ဒါပေမယ့် နင့် ဂရို့စာရင်းတွေ မှားနေ တာ ပြန်ပြင်ပြီး လချုပ်စာရင်း လုပ်ရဦးမယ်မဟုတ်လား။ သန်ဘက်ခါဆို သူဌေး လာတော့မှာ"

ဒီလိုနှင့် နောက်တစ်နေ့ နေ့ခင်းကြောင်တောင် မခင်မြတစ်ယောက် ငိုကြီး ချက်မနှင့် အိမ်ပြန်ပေါက်ချလာသည်။ စံမောင် သိလိုက်ပြီ။ မြကြီး စော်ကားလိုက်ပြီပေါ့။ စံမောင် မခင်မြကို တဖွဖွမေးသည်။ မခင်မြ ဘာမှပြန်မပြော။ တစ်ကိုယ်လုံး သိမ့်သိမ့် တုန်ကာ တရှုပ်ရှုပ်သာလျှင် ငိုကြွေးလျက်ရှိ၏။

စံမောင် ဘာမပြော ညာမပြောနှင့် သူ့အဖေ၏ နှလုံးပြူးသေနတ်ကြီး ယူကာ ဆန်စက်သို့ အပြေးသွားပြီး ဦးမြကြီးကို လူပုံအလယ်မှာပင် ပြောင်ပြောင်တင်းတင်း ပစ်သတ် ပစ်လိုက်၏။ ညီအစ်ကိုတော်များ ဖြစ်ကြသည့် ညှပ်ကြီးနှင့် ချစ်တီးတို့လည်း ဘယ်လိုမှ တားမနိုင်၊ ဆီးမနိုင်၊ ဆွဲမရ။ သူတို့နှစ်ယောက်ပင် အလိုတူ အလိုပါ အားပေး ကူညီမှုဖြင့် ထောင်နှစ်နှစ်စီ ကျလိုက်သေးသည်။

စံမောင် ထောင်ထဲရောက်ပြီးမှ နောက်တစ်ကြိမ်ထွက်လာသော သက်ပြင်း ရှည်ကြီးမှာမူ ထုထဲမြင့်မားသောထောင်အုတ်ရိုးကြီးကို ကျော်လွှားနိုင်ဟန်မတူတော့ပေ။

"စံမောင်.... မင်းကို ထောင်မှူးကြီးရုံးခန်းက ခေါ်နေတယ်"

စံမောင် ရုတ်တရက် အံ့အားသင့်သွားမိ၏။ ထောင်မှူးကြီးရုံးခန်းသို့ သူ ရောက်စရာ အကြောင်းမရှိ။ ထောင်ပြစ်မှုအနေနှင့်လည်း ဘာတစ်ခုမှ ကျူးလွန်ခြင်းမရှိ။

http://www.cherrythitsar.org



စံမောင် ရင်တထိတ်ထိတ်ဖြင့် ထောင်ဘူးဝရှိ ထောင်မှူးကြီးရုံးခန်းသို့ လိုက်လာခဲ့ရသည်။ ဟိုရောက်တော့ ပိုပြီး ရင်မောရသည်မှာ ထောင်မှူးကြီး၏ စားပွဲရှေ့ရှိ ကုလားထိုင်ပေါ်တွင် သားငယ် ဖိုးပြူးကို ချီပွေ့ကာ တရှုပ်ရှုပ် ငိုကြွေးလျက်ရှိသည့် မခင်မြကို တွေ့လိုက်ရခြင်းပင်တည်း။

စံမောင်က ထောင်မှူးကြီး၏ စားပွဲရှေ့တွင် ပုံစံအနေအထား မတ်တတ်ရပ်လျက် ရှိ၏။ထောင်မှူးကြီးကမူ လိုက်လိုက်လျောလျော။

"မောင်စံမောင် ထိုင်ကွာ"

ထောင်မှူးကြီးက နှစ်ခါလောက်ထပ်ပြောမှ စံမောင် ကုလားထိုင်ပေါ် ခပ်ယို့ယို့ ထိုင်ဝံ့သည်။ ထောင်မှူးကြီးက လေသံ ခပ်အေးအေးဖြင့်....

"တခြားတော့ မဟုတ်ပါဘူးကွာ။ မင်းမိန်းမ ထောင်ဝင်စာတွေ့ပြီးတော့ မင်းတို့နှစ်ယောက်ကို အထူးထောင်ဝင်စာ ခိုးပြပေးတဲ့ ထောင်မှူးအိမ်ကို သွားတယ်။ ဟိုရောက်တော့ အဲဒီထောင်မှူးက ဗလက္ကာရပြုကျင့်ဖို့ ကြိုးစားတယ်။ ဒါပေမယ့် အိမ်နီးနားချင်းတွေက ရှိနေတော့ ဘယ်လိုမှ မအောင်မြင်ပါဘူး။ အဲဒါ မင်းမိန်းမက တို့ကို အကျိုးအကြောင်း လာတိုင်တော့ 'ငါ့တူမ၊ ညည်း ဘာလုပ်ချင်သလဲ။ ရဲဌာနမှာ အမှုဖွင့် ပေးရမလား မေးတော့၊ မင်းကို တိုင်ပင်ချင်သေးတယ်' ဆိုတာနဲ့...."

စံမောင်၏စိတ်ထဲ ထောင်းခနဲဒေါသထွက်သွားသည်။ သူ့အဖေ၏ နှစ်လုံးပြူးသေနတ်ကြီးကိုလည်း ပြေးမြင်လိုက်မိသည်။

"ဟင်း.... ငါသာ အပြင်မှာ ရှိနေရင်တော့လား"

အဲဒါက ရုတ်ခြည်းပေါ်ထွက်လာသော ဒေါသ၊ ကိုယ် တကယ်ရောက်နေတာက ထောင်ထဲမှာ။ စံမောင် ကိုယ့်စိတ်ကိုယ် အဆုံးစွန်အထိ လျှော့ချလိုက်ပြီး....

"ဆရာတို့ သင့်တော်သလိုသာ စီစဉ်ပါ"

"မဟုတ်သေးဘူး လေကွာ၊ မင်းတို့နှစ်ယောက် တိုင်ပင်ကြပါဦး"

စံမောင်တို့နှစ်ယောက် တွတ်ထိုး တိုင်ပင်ကြပြီးနောက်၊ စံမောင် ကပင်....

"ကျွန်တော်တို့ အပြင်မှာ အမှုမဖွင့်တော့ပါဘူး။ ဆရာတို့ပဲ သင့်သလို အရေးယူ ပေးပါ"

ဌာနဆိုင်ရာအနေနှင့်အရေးယူလို့ကော အဲဒီထောင်မှူး ဘယ်လိုလုပ်သက်သာနိုင်ပါ့မလဲ။ ကြယ်တစ်ပွင့် ပြုတ်၍ ထောင်သက် ကြွေခဲ့ရပြီပေါ့။

တကယ်တော့ ထိုအချိန် ထိုအခါက ဗျူရိုကရေစီစက်ယန္တရား အရှိန်အဟုန်မြင့်မားစွာ လည်ပတ်နေချိန်ကာလ၊ အကျဉ်းထောင်များအကြောင်း သခင်နု ရေးခဲ့သည့် 'ရက်စက်ပါပေ့ကွယ်' ဝတ္ထုမှာ အပိုမပါ၊ အလိုသာ ရှိနိုင်ဦးမည့်အကြောင်း။

■

http://www.cherrythitsar.org

# ၄၁

မကြာသေးမီကပင် ထောင်မှူးမောင်မောင်ရယ်၊ အကောက်ခွန် ရောက်နေသည့် ဦးအောင်တင်(ထောင်မှူးလူထွက်)ရယ်၊ လမ်းမတော်မြို့နယ် ကောင်စီအတွင်းရေးမှူး ဟောင်း ဦးမျိုးမြင့် (အကျဉ်းဦးစီး အငြိမ်းစား)တို့ အင်းစိန်တွင်နေသည့် အငြိမ်းစား ထောင်ပိုင်ကြီး ဝဏ္ဏကျော်ထင် ဦးတင်မောင်ထံသို့ သွားကန်တော့ခဲ့ကြသေးသည်။

"ဟော့ကောင်.... မင်း ငါ့အကြောင်းတွေရေးနေတာ အိမ်နားက စာအုပ်ဆိုင်မှာ ငှားပြီး ဖတ်ရတယ်ကွ"တဲ့။

"ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော် ရေးခဲ့တဲ့အထဲမှာ လွန်တာများရှိရင် ဝန္ဒာမိပါ ဆရာကြီး"

"အေးပါကွာ.... ခွင့်လွှတ်ရမှာပေါ့၊ မင်းတို့ စာရေးဆရာဆိုတာ ကူလီကူမာ အများသား မဟုတ်လား"

"မှန်ပါတယ် ဆရာကြီး၊ စာဖတ်တဲ့သူတွေကလဲ အဲဒီကူလီကူမာကိုမှ ကြိုက် ကြတာခင်ဗျ"

"အေးကွ.... ဟုတ်တယ်ကွ"ဟု ဆိုကာ ဆရာကြီး တဟားဟား ရယ်ပါလေ တော့သည်။ တကယ် သီလကောင်းသည့် ဆရာကြီးဖြစ်၏။ အသက် ၈၀ ကျော်ခဲ့ပြီ၊ ကျန်းမာရေးကောင်းလျက်ပင် ရှိနေသေးသည်။ ခြေထောက်ကလေးတော့ အနည်းငယ် ခွင်နေ၏။ တချို့ကျတော့လည်း တစ်မျိုး။ လူကြုံရှိတိုင်း လှမ်းလှမ်းဆဲနေ၏။

လွန်ခဲ့သည့် နှစ်ဆယ့်တစ်နှစ်ခန့် ထောင်မှူးကြီးမောင်မောင် မော်လမြိုင်

http://www.cherrythitsar.org



အကျဉ်းထောင်တွင် တာဝန်ထမ်းဆောင်နေစဉ်က ဖြစ်၏။ ထောင်တွင်း ကြိုးတိုက်ထဲတွင် ကြိုးသမား ဆယ်ယောက်ခန့် ရှိနေသည်။ အဲဒီဆယ်ယောက်ထဲမှာမှ ထိုစဉ်က နာမည်ကြီး ကေအင်ဒီအိုဗိုလ် အကျဉ်းသား ဗိုလ်ဆလံ ခေါ် ကောင်လေး ခေါ် သန်းမောင်လည်း ပါ၏။

ဗိုလ်ဆလံတို့များ အပြင်တွင် ကေအင်ဒီအိုဗိုလ်ဘဝနှင့်ရှိစဉ်က နာမည်ကြီးသလား မမေးနှင့်၊ ကြီးမှကြီး။ မယ်ဗမာနော်လွီဇာဘင်ဆင်၏ခင်ပွန်း လင်းထင် တို့ကလည်း တောတွင်းမှာ သောင်းကျန်းမင်းမူနေချိန်ဆိုတော့ သူ၏အခွေဝါသိက တပည့်ရင်း ဗိုလ်ဆလံဆိုသည်မှာလည်း မြေအောက်လောကတွင် ဘုန်းမီးနေလ တောက်ပလျက်ရှိ၏။ တစ်ရွာလျှင် မိန်းမတစ်ယောက်၊ ဘယ်ရွာသွားသွား မိန်းမက အရံသင့်။

ဗိုလ်ဆလံကို ဖမ်းဆီးရမိ၍ တရားရုံးတင် စစ်လိုက်တော့....၊ ကြိုးဒဏ်ကသုံးမှု၊ တစ်သက်တစ်ကျွန်း ခေါ် အနှစ်အစိတ်က လေးမှု၊ သူ ဘယ်လိုလုပ် လွတ်နိုင်မည်နည်း။ အယူခံတင်သည်၊ ရှုံးသည်။ စာေဒက တက်သည်၊ ရှုံးသည်။ နောက်ဆုံးအဆင့် နိုင်ငံတော်သမ္မတထံ တင်သွင်းထားသော အသနားခံစာသာလျှင် ကျန်တော့၏။

ထိုစဉ်က ဗလက ခေါ် ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီအောက်တွင် ခလက ခေါ် ခရိုင်လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီတို့ရှိကြလေရာ၊ ခလက ဥက္ကဋ္ဌကြီး ထောင်တွင်းဝင်ရောက် စစ်ဆေးခိုက် ထောင်ပိုင်ကြီးက "ဒီကောင့်အမှုကတော့ မလွယ်ဘူးဗျ။ ခင်ဗျားတို့ ကျိန်းသေပေါက် ကြိုးပေးရမှာပဲ"

ထောင်ပိုင်ကြီးမှာ နှလုံးရောဂါရှိနေသဖြင့် တုန်တုန်ယင်ယင်နှင့်။ 'ထောင်မှူးကြီး လုပ်ပါဦးဗျ'ဟု ပျာယာခတ်နေတတ်သူ။

ယခုလည်း ထောင်မှူးကြီးဦးမောင်မောင်ဘက်သို့လက်ညှိုးထိုး၍"တောင်ကြီးက ဆရာမရေ၊ ထောင်မှူးကြီး ဖြစ်လာမှတော့ ဦး ကလေး တပ်လိုက်ပါရစေတော့နော်"

"ရပါတယ် ဥက္ကဋ္ဌကြီးရယ်၊ အဲဒါတွေ အားလုံး ဟောဒီထောင်မှူးကြီး တာဝန်တွေပါ" တဲ့။

ကဲ မှန်လိုက်လေ။ ထောင်မှူးကြီးဆိုသည်မှာ အကျဉ်းထောင်လက်စွဲ ဥပဒေအရ ချည်ထား တုပ်ထား နှောင်ထားလိုက်သည်မှာ ဘယ်နေရာမှ လွတ်ပေါက်မရှိ။ ထောင်တစ်ထောင်ကို အုပ်ချုပ်ရာတွင် အကျဉ်းသားများ ချေးယိုသေးပေါက်ကအစ ကြိုးသမား ကြိုးစင်ပေါ်တင်၍ သေဒဏ်ပေးသည်အထိ အားလုံး သူ့တာဝန်တွေချည်း။

နို့ ရှေးခေတ်က ထောင်ပိုင်ဆိုတာ ထောင်မှာ အမြဲရှိတာမှ မဟုတ်ဘဲ။

Civil Surgeon ဟု ခေါ်သော ခရိုင်ဝန်ကြီးများသာလျှင် တစ်ပတ်လျှင် တစ်ကြိမ်လောက် ထောင်သို့လာရောက်ပြီး ထောင်ပိုင်အဖြစ် အုပ်ချုပ်ခဲ့ကြခြင်း ဖြစ်၏။ ဒါကြောင့်လည်း ထောင်မှူးကြီးကိုသာ လူသိများခဲ့သည်မှာ ဘာကမှ အပြစ်ဆိုစရာ အကြောင်းမရှိ။

ထောင်ပိုင်ကြီးက ကိုယ့်ကို လက်ညှိုးထိုးတော့ ထောင်မှူးကြီး ဦးမောင်မောင် အတော်လေးစတွန့်သွားခဲ့ရပြီ။ ခလကဥက္ကဋ္ဌကြီးနှင့်အဖွဲ့ ပြန်သွားသည်နှင့် ထောင်မှူးကြီး ဦးမောင်မောင် ထောင်ဥပဒေစာအုပ်ကြီးကို အမောတကော ပြန်လှန်မိသည်။

အမှန်က ယင်းကိစ္စအားလုံးအတွက် တာဝန်အရှိဆုံးပုဂ္ဂိုလ်မှာ ထောင်ပိုင်ကြီးသာလျှင်ဖြစ်၏။ သူ့ကိုတော့ ထောင်မှူးကြီးက အများဆုံး ကူညီထောက်ပံ့ တာဝန်ယူဆောင်ရွက်ပေးရမည့်အကြောင်း ထောင်ဥပဒေတွင် ပြဋ္ဌာန်းထားသည်။ အဲဒီတစ်ချက်တည်းနှင့်ပင် ထောင်ပိုင်ကြီးက ထောင်မှူး ဦးမောင်မောင်ကို ကိုင်ထားခြင်းဖြစ်၏။

အလှည့်ကျတော့ နွဲ့မရဆိုတာလို ထောင်မှူးကြီးဦးမောင်မောင်ကလည်း အကိုင်ခံပါသည်။ သို့သော် ထိုအချိန်အထိ ကြိုးပေးသည့် တာဝန်ကို ကိုယ်တိုင်ကိုယ်ကျ တာဝန်ယူ၍ ဆောင်ရွက်ဖူးခြင်း မရှိသေး။ ကိုယ့်မျက်စိအောက် ကြိုးပေးသည့် အတွေ့အကြုံကမူ မနည်းလှတော့ အနည်းဆုံး ဆယ့်လေးငါးယောက်လောက် ရှိခဲ့ပြီ။ သို့သော် မိမိပါဝင် တာဝန်ယူခဲ့ရသည့် အခန်းကဏ္ဍမှာ ဝေလေလေ သဘောမျှသာ။

ထောင်မှူးပေါက်စ ဘဝက အခြားထောင်ဝါဒါတွေနှင့်အတူ ကြိုးစင်ကို ဝိုင်း၍ စောင့်ကြပ်ခဲ့ရသည်။ နည်းနည်း စီနီယာကျ၍ တိုက်ထောင်မှူး ဖြစ်လာတော့ ကြိုးသမားများကို ထိန်းရ ကျောင်းရသည်။ ကြိုးပေးသည့် နေ့ရောက်တော့ ကြိုးသမားကို တိုက်မှ ချောမောစွာ ထုတ်ယူရေးအတွက် တာဝန်ယူရသည်။

ကြိုးသမား တစ်ယောက်ကို ကြိုးစင်တင်ရန် တိုက်မှထုတ်ယူဖို့ ကိစ္စမှာလည်း တကယ် စဉ်းစားကြည့်တော့ လွယ်ကူလှသည့် ကိစ္စ မဟုတ်ပေ။ အသိဉာဏ်ရော ခွန်အားပါ အပြည့်အဝရှိသော မနုဿလူသားကို မဆိုထားနှင့်၊ ကြက်ခြင်းထဲမှ ကြက်ကလေးတစ်ကောင်ကိုဆွဲထုတ်ပြီး သတ်ရန်လုပ်ဖို့ကိစ္စပင် လွယ်သမို့လား။ တအွတ်အွတ် တအီအီ၊ တကော်ကော် အော်လိုက်မည့်ဖြစ်ခြင်း။ မာဂဓစကားနှင့် ဘာသာပြန် လိုက်ရလျှင်၊ 'သူ့မသတ်ပါနှင့်၊ ငါ့မသတ်ပါနှင့်' ဟု အသနားခံနေသည့် သဘောဖြစ်၏။

ဝက်ကျတော့ ပိုဆိုးသေး။ အိမ်မှာမွေးထားသည့် ဝက်တွေ ဖြီးလာချိန်။ ကလေးတွေ ကျောင်းကလည်း ဖွင့်တော့မည်။ ငွေလိုသဖြင့် ဝက်လိုင်စင်စီထံ ရောင်းချသည့်အခါ တအီးအီး တအူးအူးနှင့် စူးစူးဝါးဝါး အော်လိုက်ပုံများ တစ်ရပ်ကွက်လုံး ပျက်မတတ်။ နွားတို့၊ ဆိတ်တို့၊ သိုးတို့လည်း အတူတူပါပဲလေ။ လူတွေလို စကားမပြောတတ်လို့သာပါ။ သူတို့စိတ်ထဲ တစ်နည်းနည်းနှင့် အသက် ဇီဝိန်ကြွေရတော့မည်ကို သိနေသယောင်ယောင်။ ဒါက အိပ်ခြင်း၊ စားခြင်း၊ မေထုန်မှီဝဲခြင်းတည်းဟူသော အသိသုံးမျိုးသာရှိသည့် အဟိတ် တိရစ္ဆာန်တစ်ကောင်ကို သတ်ရဖြတ်ရမည့်ကိစ္စ။

အဟိတ်တိရစ္ဆာန်ထက် အစစအရာရာ အဘက်ဘက်မှ အဆပေါင်းများစွာ သာလွန်သော လူသားတစ်ဦးကို အရှင်လတ်လတ် ကြိုးတိုက်အတွင်းမှထုတ်၍ ကြိုးစင်ပေါ် တင် ကြိုးပေးသတ်၊ အဆုံးစီရင်ရမည့်ကိစ္စမှာ အဘယ်သို့များ လွယ်လွယ်ကလေး

http://www.cherrythitsar.org



စဉ်းစား၍ ရနိုင်ပါအံ့နည်း။ တစ်ခုတော့ ရှိသည်။ လူကလူ၊ တိရစ္ဆာန်က တိရစ္ဆာန်ပဲ။

အဲဒီနေရာမှာ အပြင်လူတွေ အများဆုံး မေးတတ်ကြတာက.... "ကြိုးသမား တစ်ယောက် ကြိုးပေးတော့မယ်ဆိုရင် ကြိုးတိုက်ထဲက ဗွတ်အတင်းဆွဲထုတ် ကြိုးစင် ပေါ်တင်ပြီး ကြိုးပေးလိုက်တာပဲလား" တဲ့။

သူတို့ မေးသည့်အထဲတွင် 'ဗွတ်အတင်း' ဆိုသည့်အချက်ကို ဝကွက်၍ ဖြေရသော်....။ လူနှင့်တိရစ္ဆာန်သေရမှာ ကြောက်တာချင်းတော့ အတူတူပါပဲ။ ဘာမှ မထူးခြား။ သို့သော် လူမှာ မာနရှိသည်။ ဆင်ခြင်တုံတရားရှိသည်။ ငါ အော်ဟစ် ရုန်းကန်နေလို့ကော ဘာအကြောင်း ထူးမှာလဲ၊ သေရမှာ သေရမှာပဲ။ အဲဒါ မာန။

'အေးလေ.... ငါက သူ့ကို သတ်ခဲ့မိတာကိုး။ ငါလဲ သူ့လို သေရမှာပဲပေါ့'။ အမှန်ကတော့ လူဆိုသည်မှာ 'ငါဘယ်လိုလုပ်မှ မနေရတော့ဘူး။ ကံသေကမ္ပ သေရ တော့မှာပဲ'ဟု တထစ်ချ သိရသည့်အချိန်မှစ၍ တစ်ဝက်သေနေပြီး ဖြစ်၏။ အင်္ဂလိပ် လိုတော့ (half dead) ဟပ်ဖ်ဒက်ဒ် ဟုခေါ်၏။

ယင်း အကြောင်းတရားများပေါ် အခြေခံ၍ သေဒဏ်စီရင်မည့် ကြိုးသမား တစ်ဦးအား ကြိုးတိုက်အတွင်းမှ ထုတ်ရာတွင် ကြက်ခြင်းထဲမှ အသတ်ခံရမည့်ကြက် များလို ဟိုပြေးဒီပြေး ရုပ်ပျက်ဆင်းပျက်တော့ မရှိလှပေ။ ပင်ကိုကပင် စိတ်ဓာတ်နုံချာသူ သို့မဟုတ် တစ်ဝက်သေပြီးမှ စိတ်ဓာတ်ဖောက်ပြား ချောက်ချားသူတို့ ကမူးရှူးထိုး သွေးရူးသွေးတန်း ကြိုးပေးမည့် နံနက်ခင်း တိုက်တံခါးသွားဖွင့်ချိန် ပါးစပ်ထဲရှိသမျှ ပေါက်တတ်ကရပြောပြီး ရုန်းကန်နေကြသည့် ကြိုးသမားလည်း မရှိ မဟုတ်ပါ။ ရှိပါ သည်။ သို့သော် အလွန် အင်မတန် ရှားပါးလှ၏။

ကောင်းပြီ....။ ဒါက ကြိုးပေးခံရမည့် သူတို့ဘက်မှ ခံစားချက်။ ယထာဘူတ သဘာဝကျအောင် သူ့ကို ကြိုးပေးသတ်ရမည့် သူတို့ဘက်က အမြင်ကိုလည်း တစေ့ တစောင်း ပြန်ပြောင်း ကြည့်ကြပါဦးစို့။ အဘယ် ထောင်မှူး ထောင်ပိုင်သည် ဒီ ကြိုးပေး သည့်အလုပ်ကြီးကို လုပ်ချင်ပါမည်နည်း။ လက်မရွံ့ အာဏာသား ပါးကွက်သား လူသတ်သမား အလုပ်ကြီးပဲ။ သူနှင့် ကိုယ်က ငြိုးသူရန်ဘက်လည်း မဟုတ်။ စစ်မြေပြင်မှာလို သူပစ် ကိုယ်ပစ်။ ကိုယ်က သူ့ကိုဦးအောင် မပစ်နိုင်လျှင် သူက ကိုယ့်ကို ပစ်လိမ့်မည်။ သူ မသေလျှင် ကိုယ်သေရမည်။ သူသေ ကိုယ်သေ အသေအလဲ ဆင်နွှဲရ မည့်ပွဲ။ အဲဒါက တစ်မျိုး။ အခုဟာက လူတစ်ယောက်၏ အသက်ကို သွေးအေးအေးနှင့် ကြိုးစင်ပေါ်တင်ပြီး ကြိုးပေးသတ်ရမည့် ကိစ္စ၊ အနီးကပ်ဆုံး ဥပမာပြပါဟု ဆိုလာလျှင် ဈေးထဲမှ ငါးစိမ်း အရှင်ကို ဝယ်လာပြီးနောက် အိမ်ရောက်တော့ ဈေးခြင်းတောင်းထဲမှ ငါးအရှင်ကိုထုတ် စဉ်းတီတုံးပေါ်တင် ဓရတ်ကျည်ပွေ့နှင့် ဦးခေါင်းကို ခွပ်ခနဲထု၊ အဲဒါ နှင့် ဘာများကွာခြားသနည်း။ ဟိုဟာက ငါး၊ ဒါက လူ။ အသက်တစ်ချောင်း၏ တန်ဖိုးချင်း ကွာခြားလှပါဘိ။

http://www.cherrythitsar.org



ဒီတော့ ငါးခေါင်းထုသူနှင့် တာဝန်အရ ကြိုးပေးရသူ အာဏာသား ပါးကွက်သား အကျဉ်းထောင်ဝန်ထမ်းတို့၏ ခံစားချက်ခြင်းမှာ မိုးနှင့် မြေပမာ ကွာခြား၏။ ဘယ်လိုမှ မတူနိုင်။

ခုပင်ကြည့်ပါ။ ဗိုလ်ဆလံကို ချက်ချင်းလက်ငင်းကြိုးပေးဖို့မလိုသေး။ နိုင်ငံတော် သမ္မတကြီးထံမှ နောက်ဆုံး အသနားခံစာရှုံးပြီးမှ ဆောင်ရွက်ရမည့်ကိစ္စ ဖြစ်၏။ သို့သော် ခလက ဥက္ကဋ္ဌကြီးကမေးရာတွင် ထောင်ပိုင်ကြီးက မိမိဘက်သို့ လှည့်၍ လက်ညှိုးထိုးလျက် ရှိချေပြီ။ အင်း.... ဒီတစ်ခါဖြင့် ဘယ်လိုမှ ပြေးမလွတ်။ နဖူးတွေ့ ဒူးတွေ့ ကြုံရတော့မှာပါကလား။

ဘာပဲပြောပြော ထောင်မှူးကြီး ဦးမောင်မောင်သည် ထိုအချိန်အထိ ကံကောင်းနေဆဲဟု ဆိုရပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကြိုးသမား ဗိုလ်ဆလံတစ်ယောက် နိုင်ငံတော် သမ္မတထံမှ အသနားခံစာ ကျမလာမီ အခြားထောင်တစ်ထောင်သို့ ပြောင်းရွှေ့ခဲ့ရခြင်းကြောင့်ပင် ဖြစ်၏။ ထောင်မှူးကြီးကို လက်ညှိုးထိုးသည့် ထောင်ပိုင်ကြီး သူ့ထိုက်နှင့်သူ့ကံ နေရစ်ပေရော့။ နောက်ထပ် ထောင်မှူးကြီးကလည်း တော်တော်နှင့် လာနိုင်ဦးမည်မဟုတ်သေး။ ထောင်မှူးကြီး ဦးမောင်မောင်ကတော့ ခပ်ပျော်ပျော် ခပ်ပြုံးပြုံး မော်လမြိုင်ထောင်မှ ဗန်းမော်ထောင်သို့ ဆန်တက်သွားပြီ။

ကြည့်စမ်းပါဦး။ ပြောင်းရတဲ့ခရီးက မော်လမြိုင်မှ ဗန်းမော်တဲ့။ မြန်မာပြည်အောက်ဖျားမှ အထက်အစွန်ဆီသို့။

ဆရာ ချစ်စံဝင်းရေ....။ ဤခရီးလည်း တကယ် မနီးပါဘူးနော်။ ဘယ့်နှယ်.... ကားတစ်တန်၊ သင်္ဘောတစ်တန်၊ မီးရထားတစ်တန် သွားလိုက်ရတဲ့ ခရီးနည်းနည်းနောနော မဟုတ်။ မိတ်ဆွေ အပေါင်းအသင်းတွေ ဝိုင်းဝန်း ကူညီတာတောင် ဆယ့်လေးငါးရက် ကြာသည်။ ကြာမှာပေါ့၊ မန္တလေးမှ ဗန်းမော်သို့ သင်္ဘောဖြင့်သွားရမည့် ရေလမ်းခရီးကပင် လေးညအိပ်ငါးရက်တိတိ။ သင်္ဘောနှင့် မသွားလို့ကလည်းမဖြစ်။ အိမ်ထောင်ပစ္စည်း ပရိဘောဂ ဝန်စည်စလယ် များပြားသည့်အပြင် မော်လမြိုင်တွင် မွေးခဲ့သည့် ရှစ်ယောက်မြောက် လသမီးကလေးက ပါသေးသည်။

မြန်မာပြည် တစ်နံတစ်လျား ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း ခရီးအတော်များများ သွားခဲ့ဖူးပါသည်။ ဘယ်လိုမှ မမျှော်လင့်ခဲ့သော ချင်းပြည်နယ် ဖလမ်းတို့၊ ဟားခါးတို့။ ထိုမှတစ်ဆင့် အိန္ဒိယနယ်စပ် ထန်တလန်တို့သို့ ပြည်သူ့လွှတ်တော်နှင့် ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်၏ ကျေးဇူးဖြင့် ရောက်ခဲ့ဖူးပါ၏။ ဘူးသီးတောင်မောင်းတော ရောက်ခဲ့ရသည်မှာလည်း သူ့ကျေးဇူးပင်။

ရေကြောင်းခရီး သွားရတာချင်းအတူတူ ဝဲယာရှုမျှော်ခင်း ပသာဒအလှကို စာပန်းချီ၊ ကဗျာပန်းချီ ရေးဖွဲ့ကြမည်ဆိုလျှင် ဗန်းမော်နှင့် ကသာကြား ရေလမ်းခရီးမှာ ပန်းချီဆရာတို့ ငိုလောက်၍ 'ပန်းချီငို'ဟု ခေါ်ရသလို 'စာဆိုငို'ဟု ဆိုလောက်ပါပေသည်။

http://www.cherrythitsar.org



တကယ်တော့ လက်ဝဲသုန္ဒရအမတ်ကြီးကို ရွှေဘိုမင်းက လူပျိုတော်ငအောင်တင်နှင့် အပျိုတော် မခင်မိတ်တို့အတွက် မျက်မာန်တော်ရှပြီး မဲဇာပို့ခဲ့လို့သာပါ။ မဲဇာဆိုတာက ထီးချိုင့်အောက်နား ဧရာဝတီမြစ်မှ ဖြာထွက်သွားသည့် မြစ်လက်တက်၊ ချောင်းသာသာဖြစ်၏။ အကယ်၍များ သူ့ကို မဲဇာမပို့ဘဲ ဇန်းမော်ဆရာတော် နယ်နှင်ခံရသလို ဇန်းမော်အထိ ပို့ခဲ့မည်ဆိုပါလျှင် နောက်ထပ် ကမ်းသာဇန်းမော် (ကသာဇန်းမော်) ရေလမ်းခရီး ရတုကဗျာတွေ ဘယ်လောက်များ ကမ္ဘည်းတင်ကျန်ရစ်ခဲ့ပါလိမ့်။

ကသာဇန်းမော် ရေလမ်းခရီးက အလွန်လှ၏။ ရွှေကူ အထက်တက်လေ ပို၍လှလေ။ ဒုတိယမြစ်ကျဉ်း (second define) နီးလာတော့ ဧရာဝတီ မြစ်က လည်းကျဉ်းသည်ထက် ကျဉ်းလာ၏။ ဝဲယာနှစ်ဖက်ကမ်း တောင်ကမ်းပါးယံကို ကြည့်မည်ဆိုလျှင်လည်း 'ပံသု' ပထဝီမြေသားထုရယ်လို့ မရှိတော့။ ကျောက်တောင် ကျောက်သားကျောက်ပန်း ကျောက်နွယ်တွေနှင့် မြစ်ကမ်းပါးကျောက်တောင်စောင်း တွင်ရေညှိတွေပင် အထပ်ထပ်။

မြစ်က တစ်စတစ်စ ကျဉ်းလာသည်နှင့်အမျှ တောတွေက နက်လာ၏။ ဝဲယာဘေးတစ်ဖက်တစ်ချက်မှ တောင်ကမ်းပါးယံတွေကလည်း မြင့်မားလာ၏။ မြစ်ကျဉ်းနားနီးလေ ရေစီးကသန်လေ။ မြစ်ကျဉ်းအတွင်း သင်္ဘောကြီးခုတ်မောင်းဆန်တက်နေချိန်တွင်မူ သင်္ဘောကြီး ခုတ်မှ ခုတ်သေးရဲ့လားဟု ထင်မှတ်မှားယူရသည်။ သင်္ဘောကတော့ အရှိန်ကုန် (full) ဖူးလ် ခုတ်မောင်းလျက်ပါ။ သို့သော် တစ်ဖက်မှ ရေစီးသန်လေတော့ သင်္ဘောကြီး ရွေ့မှရွေ့ရဲ့လား။ ဒီလိုနှင့် ထောင်မှူးမောင်မောင် မော်လမြိုင်ထောင်မှ ဇန်းမော်ထောင်သို့ ရောက်ခဲ့ရသည်။

အံမယ်.... အဲဒီ ဇန်းမော်ထောင်ကျတော့ ထောင်မှူးကြီး ဦးမောင်မောင်က ပခုံးပေါ်တွင် ကြယ်ကလေး နှစ်ပွင့်နှင့် ထောင်ပိုင်ကြီး ခင်ဗျ။ ကြယ်ကလေး နှစ်ပွင့်နှင့် ထောင်ပိုင်ကြီးဆိုသည်မှာ လူပုံအလယ်တွင် သိပ် မတင့်တယ်။ ဒီတော့ ဦးမောင်မောင်က လူခပ်ထူထူရှိလျှင် ဘယ်တော့မှ ယူနီဖောင်းမဝတ်။ အစည်းအဝေးတွေ တက်လျှင်လည်း ခပ်တည်တည်ပင် အရပ်ဝတ်နှင့် တိုက်ပုံနှင့်။

ဘယ့်နှယ်လုပ်မလဲ။ ထောင်ပိုင်ကြီးဆိုပြီး ကားတွေ ဘာတွေလည်း ရှိတာမဟုတ်။ စက်ဘီးကလေး ချောက်တီးချောက်ချက်နှင့်၊ ဟိတ်တစ်လုံး ဟန်တစ်လုံးနှင့် ဝမရှိဘဲ ဝိလုပ်နေရသည့်ဘဝမဟုတ်ပါလား။ ဘာပဲပြောပြော ဇန်းမော်လိုခရိုင်မြို့ကြီးတွေ ဌာနဆိုင်ရာ အကြီးအကဲတစ်ဦးအနေနှင့် အခြားလူကြီးတွေကလည်း ထောင်ပိုင်ကြီး ဆိုပြီး လူရာအသွင်းသား။ ဗျူဟာမှူး ဗိုလ်မှူးကြီးတို့၊ တပ်ရင်းမှူးတို့နှင့် တင်းနစ်ရိုက်ဖော် ရိုက်ဖက်။ ခရိုင်ဝန်တို့၊ ခရိုင်ဆရာဝန်ကြီးတို့နှင့် အရက်သောက်ဖော် သောက်ဖက်။

တင်းနစ်ရိုက်ဖော်ရိုက်ဖက်ဆိုလို့ လူဂျာကို သတိရမိသေးသည်။ လူဂျာမှာ ဇန်းမော်ခရိုင်ဝန်ကြီး ဦးကွန်ဂျိတောင်၏ သမီးဖြစ်၏။ ဦးကွန်ဂျိတောင်မှာ နောက်ပိုင်း

ကချင်ပြည်နယ် တိုင်းမင်းကြီးအဖြစ် တာဝန်ထမ်းဆောင်ပြီး အငြိမ်းစား ယူသွားခဲ့သည်။

လူဂျာမှာ တကယ့်ကို ယောကျ်ားစိတ်။ တပ်တွင်း တင်းနစ် ကစားကွင်းတွင် တစ်ဦးတည်းသော အမျိုးသမီးတင်းနစ်အားကစားသမား။ ဟောဟောဒိုင်းဒိုင်း၊ ရှူးရှူး ရှဲရှဲ။ တင်းနစ်ကစားကြရင်း သူ့ကို ညစ်သည်ထင်လို့ကတော့ ဗျူဟာမှူး ဗိုလ်မှူးကြီး ကိုပင် မခံ။ ကတ်ကတ်လန် ပြန်ရန်တွေ့တတ်သူ ဖြစ်၏။

သူ့အစ်မ မာဂရက်ကတော့ တစ်မျိုး။ သူမကို မိန်းမဆန်သည်၊ မိန်းမဟန် ပီသသည်ဟုပင် ဆိုရပေမည်။ မာဂရက်က တက္ကသိုလ် ရောက်နေပြီဖြစ်၍ ကျောင်းပိတ် ရက်များကျမှ တင်းနစ် လာကစားလေ့ရှိသည်။ ယင်း မာဂရက်ကား ယနေ့ နာမည် ကျော်ကြား လူသိများလျက်ရှိသည့် စတီရီယိုအဆိုတော် ကေဂျာနူးပင်တည်း။

ကေဂျာနူးတစ်ယောက် ယခုလို ထင်ပေါ်ကျော်ကြားသည့် အဆိုတော်တစ်ဦး ဖြစ်လာရခြင်းမှာ သူမဖခင် ခရိုင်ဝန်ကြီး ဦးကွန်ဂျိတောင်၏ ကျေးဇူးပင်ဖြစ်၏။ အဘယ် ကြောင့်ဆိုသော် ခရိုင်ဝန်ကြီးသည် ဂီတအနုပညာကို တလေးတစား မြတ်နိုးသည်။ ဝါသနာ ထုံသည်။ ထိုအချိန်အထိ သူကိုယ်တိုင် ဂီတာကြီး တစ်ဒေါင်ဒေါင်ခေါက်၍ သားသမီးတွေကို အင်္ဂလိပ်တေးသီချင်းတွေ သီဆိုခိုင်းနေကျဖြစ်၏။ တစ်ခါတစ်ရံလည်း သားအကြီးတွေကို ဂီတာအတီးခိုင်း၍ သမီးတွေကို သီချင်းဆိုစေသည်။ ကေဂျာနူး၊ ကေဂျာနူးနဲ့။ နောက်ပိုင်းကျတော့မှ အသေအချာကြည့်လိုက်တော့ မာဂရက် ဖြစ်နေပါ ရော့ကလား။ ဖခင်ကြီး ဦးကွန်ဂျိတောင်၏ ဂီတအနုပညာ မြေတောင်မြှောက်ပေးမှု အကျိုးဆက်တစ်ရပ်ဟုပင် ဆိုရချေမည်။

ဗန်းမော်ထောင်မှာ နေခဲ့သည့် နှစ်နှစ်တာ ဘဝခရီးမှာ ပျင်းရိပြီး ငြီးငွေ့ဖွယ် အလျှင်း မရှိခဲ့ပါပေ။ မနက်မိုးလင်းလျှင် မြီးရှည် သို့မဟုတ် ဆန်ခေါက်ဆွဲ တစ်ခုခုစား၊ ဈေးဝယ်ခြမ်းပြီး ပြန်ခဲ့ကြ။ ထောင်ထဲ တစ်ခေါက်လျှောက်ပြီး ရုံးခန်းထဲ ဝင်ထိုင်၍ ရုံးအလုပ်လုပ်။ ၁၁ နာရီလောက်ဆိုလျှင် ရုံးအလုပ်ပြီးပြီ။ ကျန်သည့် ရုံးထုတ် ရုံးပြန် ဆိုတာက ထောင်မှူးအလုပ်။ ညနေ လွတ်လူဆိုတာကလည်း တစ်ခါတစ်လေမှ။ တစ်ခု တော့ ရှိသည်။ ဗန်းမော်မြို့မှာ အလွန်သာယာလှပသလောက် မြို့အပြင် ထွက်ဖို့တော့ သောင်းကျန်းသူများ လှုပ်ရှားမှုကြောင့် အခြေအနေ သိပ်မပေးလှပေ။ မိုးမောက်သို့ သွားရာလမ်း ရေပူစမ်းသို့ပင် အိမ်က ကလေးတွေ မရောက်ခဲ့ကြရ။

ဆရာ ဦးသိန်းဖေမြင့်၏ ကျေးဇူးကြောင့် မိုးမောက်ကျော်၍ မန်စီသို့ တစ်ခေါက် ရောက်ခဲ့ဖူးပါသည်။ ထိုစဉ်က ဆရာသည် 'ချင်းဝိသေသတိုင်း သမိုင်းအစ' ရေးသားပြီးနောက် 'မြစ်ဖျားဧရာ ရောင်စုံဖြာ'တွင် အခန်းဆက် ဆောင်းပါးရှည်ကြီးကို ရေးသားလျက်ရှိရာ နိုင်ငံတော်အစိုးရ၏ အစီအစဉ်ဖြင့် ကချင်ပြည်နယ်အတွင်း ခရီးလှည့် လည်နေခြင်း ဖြစ်သည်။ ဆရာနှင့်အတူ မြစ်ကြီးနား ကချင်ပြည်နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီမှ ဦးလဝမ် ပါလာ၏။ ရန်အောင်မောင်မောင်တို့မှာ ဆရာတို့ အဖွဲ့ကို

http://www.cherrythitsar.org



ဧည့်ခံကြိုဆိုနေရာချထားပြီး ဗန်းမော်ခရိုင်အတွင်း သွားလာလှုပ်ရှား လေ့လာသမျှကို အကူအညီပေးရန် ဗန်းမော်ခရိုင် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီမှ တာဝန်ပေး ထားသူများဖြစ်၏။ အခန့်သင့်ချင်တော့ မန်စီရှေ့တန်း စစ်မျက်နှာတွင်လည်း ဗိုလ်မှူးစိုးညွန့် (ထီလာစစ်သူ)က ရှိနေသည်။ သည်တော့ ဆရာဦးသိန်းဖေမြင့် သိလိုသမျှ စူးစမ်း မေးမြန်းနိုင်ရန် ထီလာစစ်သူက အရံသင့် စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်နေ၏။

ဆရာ ဦးသိန်းဖေမြင့်ထံမှ မှတ်လောက်သားလောက် ပညာတစ်ခု ရလိုက်၏။ ဆရာသည် သူသိလိုသမျှကို မေးမြန်းပြီး သိရသည်နှင့် ချက်ချင်းပင် မှတ်စုစာအုပ်ထဲ ရေးမှတ်လေ့ရှိ၏။ "ဆရာ ဒီလိုပဲ အမြဲတမ်း အားလုံးလိုက်မှတ်တာပဲလား...."ဟု မေးကြည့်သောအခါ.... "မှတ်ရတယ်ဗျို့၊ မှတ်ရတယ် ကိုမောင်မောင်ရေ့။ နှုတ်တစ်ရာ စာတစ်လုံးတဲ့ဗျ။ အသက်ကလေးရလာတော့ ဦးနှောက်ကလဲ ကွန်ပျူတာမှ မဟုတ်တာဗျာ...." တဲ့။

မှန်လိုက်လေ။ ရန်အောင်မောင်မောင်တို့လည်း အသက်လေးဆယ်လောက် အထိတော့ ကိုယ့်မှတ်ဉာဏ်ကိုယ် အားအကိုးဆုံးပေါ့။ ငါးဆယ်ကျော်လာတော့ အဲဒီ ကွန်ပျူတာကြီး ဘာဖြစ်လာမှန်း မသိ။ သိပ်အလုပ် မလုပ်ချင်တော့။ ဒီတော့ ဆရာ ဦးသိန်းဖေမြင့်၏ နှုတ်တစ်ရာ စာတစ်လုံးနည်းက အကောင်းဆုံး။

ဘာပဲပြောပြော ဗန်းမော်မှာနေရတာ တကယ်ပျော်ခဲ့တာတော့ အမှန်။

ရေးဖော်များအနေနှင့် မင်းကျောင်းကုန်းဆရာတော် ဗန်းမော်ရဲမြင့်တို့၊ ရွှေကူ မေနှင်းတို့ကလည်း ရှိနေသည်။ စာဆိုတော်နေ့ ဟောပြောပွဲ အခမ်းအနားတွေမှာဆိုလျှင် တပျော်တပါး ဟောကြ၊ ပြောကြ။ ဗန်းမော်ရဲမြင့်ပင် စင်ပေါ်တက်၍ 'ပန်းနွယ်ကစိမ်း' ကို ဟစ်လိုက်သေး၏။ ဗန်းမော်မှာ အားမရသေးသဖြင့် မရွှေကူမေနှင်း၏ ဆန္ဒအရ ရွှေကူအထိပင် ရဲမော်တော်နှင့် စုန်၍ ဟောခဲ့၊ ပြောခဲ့ကြသေးသည်။

စူ့ထက်စူ လူစွမ်းကောင်းလို့ ဆိုချင်ဆို။ ဗန်းမော်တွင် မိမိထက်ပို၍ အပျော်ကြီး ပျော်နေသူ တစ်ဦးကလည်းရှိနေသေးသည်။ သူကတော့ ထောင်မှူးကြီး မစ္စတာနာရရမ်း ဆိုသူ ဖြစ်၏။ သူကမှ ထောင်မှူးကြီး ဦးမောင်မောင်ထက် ပိုဆိုးတော့မပေါ့။ ဦးမောင်မောင်က ပခုံးပေါ်ကြယ်နှစ်ပွင့်တင်၍ သုံးပွင့်နေရာတွင် ထောင်ပိုင်ကြီး လုပ်နေ သူ။ မစ္စတာ နာရရမ်းက ကြယ်ကလေးတစ်ပွင့် ထောင်မှူးဘဝနှင့် ထောင်ပိုင်ကြီး ခေတ္တ တက်လုပ်နေသူဖြစ်၏။ သက်ဆိုင်ရာတို့က လူမြင်ကောင်းအောင် ကြယ်တစ်ပွင့် ထပ် တင်ရန် ခွင့်ပြုထားဟန် တူ၏။ ရှုတည်တည်နှင့် ကြယ်နှစ်ပွင့်တပ်လျက်။

မစ္စတာ နာရရမ်းကိုလည်း အထင်သေးလို့ မရပါ။ အဘယ်ကြောင့်ဆိုသော် သူသည် တကယ့်ထောင်ပိုင်ကြီး စစ်စစ်ဘဝမှ အငြိမ်းစားယူထားသူတစ်ဦး ဖြစ်၏။ ပင်စင်ယူပြီးခါမှ အပြင်တွင် အလကား မနေတတ်သဖြင့် ရဲဘက်စခန်းတွင် ထောင်မှူး အဖြစ် ပြန်ပြီး အလုပ်ဝင်နေသူ ဖြစ်၏။

http://www.cherrythitsar.org



လုပ်သက်အနေနှင့် စီနီယာကျသလား မမေးလေနှင့်၊ စစ်ကြိုခေတ်ကတည်းက အလုပ်ဝင်ခဲ့သည့် အကျဉ်းထောင် ဂျိုးကြီးတွေ။ ဒါကြောင့်လည်း သာမန်ထောင်မှူးတစ်ယောက်၏လက်သို့ ထောင်ကြီးတစ်ထောင်လုံး ဝ ကွက်အပ်ခဲ့ခြင်းဖြစ်၏။

ဖြစ်ပုံက ဒီလိုပါ။ မစ္စတာ နာရရမ်းမရောက်မီက ဗန်းမော်ထောင်ကို ထောင်ပိုင်ကြီးအဖြစ် အုပ်ချုပ်နေသူမှာလည်း ထောင်မှူးကြီးတစ်ဦးပင် ဖြစ်၏။ အဲဒီ ထောင်မှူးကြီး လက်ထက်တွင် ပြဿနာမျိုးစုံ တက်နေသည်။ သူ့ကို မြန်မြန်ပြောင်းမှဖြစ်မည်။ သို့ဖြစ်၍ ဗန်းမော်နှင့် မော်လမြိုင် ထောင်မှူးကြီးချင်း လဲကြ။ ဗန်းမော် ထောင်မှူးကြီးကို မြန်မြန်ထွက်စေချင်တော့ မစ္စတာနာရရမ်းက ဗန်းမော်ထောင်ပိုင် ခေတ္တသွားလုပ်။ သို့နှင့်ပင် မစ္စတာနာရရမ်းတစ်ယောက် နှစ်လခန့် အသာလေး ကြာသွား၏။

ထောင်မှူးကြီး ဦးမောင်မောင် ဗန်းမော် ရောက်ရောက်ချင်း သူဆီးပြောသည့် စကားမှာ....

"I say U Yan Aung, Bhamo is very nice place, I am going to settle down here."

(အဓိပ္ပာယ်ကတော့.... 'ဒီမှာ ဦးရန်အောင်၊ ဗန်းမော်က သိပ်နေလို့ကောင်းတဲ့ မြို့ဗျ။ ကျွန်တော် ဒီမှာပဲ အခြေချတော့မယ်' ပေါ့)။

မစ္စတာ နာရရမ်းနှင့် တစ်ပတ်ခန့် အလုပ်လွှဲအပ် လက်ခံနေရင်းက အဖြေပေါ်လာသည်။ သူသည် ညနေစောင်းသည်နှင့် မြင်းလှည်းတစ်စီးငှားပြီး ထွက်သွားတတ်၏။ ပြန်လာသည့်အချိန်ကို ကြည့်ပါဦး။ ဆယ်နာရီခွဲ၊ ဆယ့်တစ်နာရီဆိုတာ အစောဆုံး။ မြင်းလှည်းပေါ်မှာလည်း ကလေးမကလေးတွေ တစ်ပြုံတစ်ခေါင်း။

အပြန်အလှန် နှုတ်ခွန်းဆက်သံများမှာလည်း ထောင်ဘူးဝရှေ့မှာ ဆူညံလို့။

"ဂွတ်နိုက် ဒယ်ဒီ"

"ဂွတ်နိုက် ဘေဘီ" စသည်အားဖြင့်....။

ဒီတော့မှ မစ္စတာ နာရရမ်းတစ်ယောက် ဗန်းမော်ကို အဘယ်ကြောင့် ဒါလောက် အမွှမ်းတင်နေမှန်း သဘောပေါက်ခဲ့ရလေသည်။

■

http://www.cherrythitsar.org

# ၄၂

"ဘယ်လိုလဲဗျ၊ ခင်ဗျားတို့ စာရေးဆရာ ထောင်ပိုင်ကြီး ဦးရန်အောင်မောင်မောင်က ရေးစရာ ကုန်ကြမ်းတွေ ကုန်ပြီနဲ့တူတယ်၊ စာရေးတာလဲ မတွေ့ရတော့ပါလား"

ဤသည်ကား ထောင်ဘူးဝ ခေါ် ထောင်အဝင် တံခါးမကြီးထဲမှ ကြားလိုက်ရသည့်အသံ ဖြစ်၏။ စောစောက တံခါးထဲရှိ ထောင်မှူးတစ်ယောက်၏ 'အလေးပြု'ဟု အော်သံကြားလိုက်ရသည်။ ဧကန္တ လူကြီးတစ်ယောက်ယောက် ထောင်ထဲဝင်ဟန်တူပါရဲ့။

ထောင်ဘူးဝ တံခါးမကြီးထဲတွင် ဆိုင်းဘုတ်ကြီးတစ်ခု ချိတ်ဆွဲထားသည်။ အဲဒီ ဆိုင်းဘုတ်ကြီးပေါ်တွင် ထောင်ပိုင်ကြီးမှအစ ထောင်မှူးတွေအဆုံး အရာရှိတွေ အားလုံး ပါ၏။ အမည်နောက်မှ နေရာရွှေ့၍ရသော ရှိ–မရှိ စာလုံးကလေးတွေ ရှိ၏။ ရှိလျှင် မရှိကို ဆွဲဖုံးထား။ မရှိလျှင် ရှိစာလုံး ဆွဲဖုံးထား....

ဥပမာအားဖြင့်....

၁။ ဦးရန်အောင်မောင်မောင် ထောင်ပိုင်အဆင့် (၂) တာဝန်ခံအရာရှိ ရှိ –မရှိ
၂။ ဦးသန်းစိန် ထောင်ပိုင်အဆင့် (၁)ဒု–တာဝန်ခံအရာရှိ ရှိ –မရှိ
၃။ ဦးဘိုနောင် ဒုတိယထောင်ပိုင် ရှိ –မရှိ
၄။ ဦးဆန်နီ ထောင်မှူးကြီး ရှိ –မရှိ
၅။ ဦးလှိုင်ထွန်း ထောင်မှူး ရှိ –မရှိ

စသည်အားဖြင့် ထောင်မှူးတွေကတော့ ၁၈ ယောက်ခန့် ဆက်ရေးထား၏။

http://www.cherrythitsar.org



ထိပ်ဆုံးက ရန်အောင်မောင်မောင်ကို ကြည့်ပြီး ညှော်သည်လူကြီးက ပြော လိုက်ခြင်း ဖြစ်ပေလိမ့်မည်။ သူလည်း ကလျာအခန်းဆက် ဆောင်းပါးကို ဆက်ဖတ် နေသူ ဖြစ်တန်ကောင်းရဲ့။ တစ်ဆက်တည်းလိုလိုပင် ရန်အောင်မောင်မောင်၏ လက် အောက်ရှိ ဒုတိယ တာဝန်ခံ ထောင်ပိုင်အဆင့် ၁ ၏ ပြန်ဖြေသံကို ကြားလိုက်ရသည်။

"ဟုတ်ကဲ့.... လောလောဆယ်တော့ ထောင်ပိုင်ကြီးက ကျန်းမာရေး သိပ် မကောင်းလို့ ခွင့်ယူထားပါတယ်။ မကြာခင် သက်ပြည့်ပင်စင်သွားတော့မှာပါ။ အဲဒီကျ ရင်တော့ ဆက်ရေးနိုင်လိမ့်မယ် ထင်ပါတယ်"

အထက်ပါ တံခါးထဲမှ အမေးအဖြေကို အလယ်ထပ်တွင်ရှိနေသော ထောင်ပိုင် ကြီး နေအိမ်ပေါ်မှ အတိုင်းသား ကြားနေရသည့် ရန်အောင်မောင်မောင်က မပြုံးဘဲ ဝါးလုံးကွဲသာ ရယ်လိုက်ချင်ပါတော့သည်။ ဘယ့်နှယ် ကျွဲပခုံးထလုနီးပါး အနှစ် လေးဆယ်လုံးလုံး ကုန်းရုန်းလာခဲ့ရသည့် ထောင့်လုပ်သက် အတွေ့အကြုံ ကုန်ကြမ်း တွေကို အခန်းဆက်ဆောင်းပါးလေး ၄၀လောက်နှင့် ကုန်ရမည်ဆိုတော့ အရပ်ရပ် နေပြည်တော် ကြားလို့မှ တော်နိုင်ပါ့မလား။

အခုတော့ အငြိမ်းစားယူဖို့ ကြိုတင်ပြင်ဆင်ခွင့်လည်းရနေပြီ။ ကျန်းမာရေး အခြေအနေလည်း အတော်ကောင်းသွားပြီ။ အခြေအနေအရ ဟပ်ဘဒိုင်း ပေးထားခဲ့ ရသော ထောင့်တစ်သက် အခန်းဆက်ကလေးကို မျှော်မှန်းလျက် စောင့်စားနေကြကုန် သော စာဖတ်သူ ဆွေသဟာအပေါင်းတို့အတွက် ရှေကန့်လန့်ကာဖွင့်....။

ဒီနေရာမှာတော့ ဆရာဒေါင်းနွယ်ဆွေကို တကယ်ပင် ချီးကျူးပါ၏။ သူ သည် ကဗျာ၏သစ္စာတရားကို ဦးထိပ်ရွက်ပန်ဆင်လျက် သေသည်အထိ ကဗျာများ ရေးစပ်သွားခဲ့သူ ဖြစ်သည်။ ကိုယ်တိုင်မရေးနိုင်ကြသည့် စာရေးဆရာ အများသူငါလို ပါးစပ်ကပင် နှုတ်တိုက်ချမပေးဘဲ သူ့လက်ရေးနှင့်သူ ကြိုးစားရေးသွားခဲ့သည်။

ခက်တာက ရန်အောင်မောင်မောင်သည် ပါးစပ်ကလည်း နှုတ်တိုက်ချမပေး တတ်။ ကက်ဆက်နှင့် အသံသွင်းပြန်တော့လည်း ဘယ်လိုမျှ အားမရ။ ယုတ်စွအဆုံး ကိုယ့်လက်ရေးနှင့် ကိုယ် စာရွက်ပေါ်ရေးချရသည်ပင် ဦးနှောက်ထဲက ဉာဏ်သိပ်မထွက် ချင်။ တကယ်တော့ ရန်အောင်မောင်မောင်သည် စာရေးဆရာမဟုတ်၊ စာရိုက်ဆရာ သက်သက်သာလျှင် ဖြစ်ချေ၏။ ဖူးလ်စကက် စာမျက်နှာနှစ်ရွက်ကိုယူ၍ မင်ခံစက္ကူ တစ်ရွက်ကိုကြားမှာညှပ်ပြီး လက်နှိပ်စက်ထဲသွင်းလိုက်၊ ရိုက်ပေတော့ တဖြောင်းဖြောင်း။ ပြင်ချင်တာရှိလား.... နေရာရှိလျှင် ထပ်ဖြည့်မည်၊ နေရာမရှိလျှင် လက်နှိပ်စက်ထဲမှ စာရွက်တွေကိုထုတ်ပြီး မင်ခံစက္ကူကို ချန်ထားကာ စာရွက်နှစ်ရွက်ကို ဆွဲဆုတ်ပစ် လိုက်မည်။ ဗြိခနဲ.... ဗြိခနဲ။

ယင်းကဲ့သို့ လက်နှိပ်စက်ဖြင့် ရိုက်ကျင့်ပါလာခဲ့သည်မှာ ကာလတောင် အတော်ပင် ကြာမြင့်ခဲ့လေပြီ။ နှစ်ပရိစ္ဆေဒအားဖြင့် တွက်ချင့်ကြည့်မည်ဆိုလျှင် လက်ရှိ

http://www.cherrythitsar.org



အိုလံပီယာ လက်နှိပ်စက်ကလေးကို တန်ဖိုးငွေငါးရာပေး၍ ဝယ်ယူခဲ့သော လွန်ခဲ့သည့် သုံးဆယ့်ငါးနှစ်ခန့်မှ စခဲ့လေသည်။

ဤအကျင့်ကြောင့်ပင် တစ်ခါက ပြဿနာဖြစ်ခဲ့ရဖူး၏။ ထိုစဉ်က ရန်အောင်မောင်မောင်သည် ကြယ်သုံးပွင့် ဒုတိယထောင်ပိုင်ဘဝဖြင့် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးတွင် ဦးစီးအရာရှိအဖြစ် စတင် တာဝန်ထမ်းဆောင်ခါစ ဖြစ်သည်။ ညွှန်ကြားရေးမှူးချုပ်က သူ့ရုံးခန်းသို့ခေါ်ယူ၍ စာကိုယ်အကြောင်းအရာများကို ပြောပြကာ ရုံးစာမူကြမ်း တစ်စောင် အရေးခိုင်းလိုက်သည်။ ရန်အောင်မောင်မောင် သူ့ရုံးခန်းသို့ ပြန်လာပြီး စာမူကြမ်းကို လက်ရေးဖြင့် ရေးကြည့်သည်။ ဘယ်လိုမှ စိတ်ကြိုက်မတွေ့။ ဟိုနေရာ ဖျက်လိုက်၊ သည်နေရာ ပြင်လိုက်၊ ကြောင်လိုက်၊ ခြစ်လိုက်။ မတတ်သာသည့်အဆုံး အနီးရှိလက်နှိပ်စက်ငယ်ကို စားပွဲပေါ်တင်ကာ စာမူကြမ်းကို စရိုက်နေ၏။ အချိန်အတော်ကြာသောအခါ ညွှန်ကြားရေးမှူးချုပ်သည် ဒေါကြီးမောကြီးနှင့် မိမိရုံးခန်းသို့ ပေါက်ချလာ၏။

"ဘယ်မလဲဗျ ဦးရန်အောင်၊ ကျုပ်ရေးခိုင်းလိုက်တဲ့ စာမူကြမ်းကော"

"အခု ရေးနေပါတယ် ဗိုလ်မှူးကြီး"

"ကျုပ်ရေးခိုင်းတာက စာမူကြမ်းပဲဗျ၊ လက်နှိပ်စက်နဲ့ ရိုက်ရအောင် စာချောမှ မဟုတ်တာဘဲ"

"မှန်ပါတယ် ဗိုလ်မှူးကြီး။ ကျွန်တော်က စာရေးရင် လက်နှိပ်စက်နဲ့ရိုက်တာ အကျင့်ပါနေလို့ပါ"

ညွှန်ကြားရေးမှူးချုပ်မှာ မျက်ထောင့်ကြီးနီလျက် လုံးဝကျေနပ်ပုံမရ။

"ဒါဖြင့် မြန်မြန်ရေးဗျာ...၊ ကျုပ်က အရေးကြီးလို့ ခင်ဗျားကို ကိုယ်တိုင်ခေါ်ခိုင်းတာ၊ ပြီးရင် ဝန်ကြီးရုံးကို ချက်ချင်းသွားပို့ရမှာ"

ညွှန်ကြားရေးမှူးချုပ်သည် ဆောင့်ကြီးအောင့်ကြီးနှင့် ပြန်ထွက်သွား၏။ ရန်အောင်မောင်မောင်မှာလည်း ကတုန်ကယင်နှင့် တုန်လှုပ်ချောက်ချားနေသည့်ကြားက စာမူကြမ်းကို ပြီးအောင် ဆက်ရိုက်ရသည်။ ပြီးသည်နှင့် ညွှန်ကြားရေးမှူးချုပ် ရုံးခန်းရှိရာ အပေါ်ထပ်သို့ အပြေးအလွှားတက်ပြီး တင်ပြလိုက်သည်။ ညွှန်ကြားရေးမှူးချုပ်သည် စာမူကြမ်းကို တစ်လုံးချင်း စေ့စေ့စပ်စပ်ဖတ်ပြီး အပြင်အဆင် တစ်လုံးမျှ မရှိ၊ အတည်ပြုလက်မှတ်ရေးထိုးပြီးမှ၊

"အင်း... ခင်ဗျားအကျင့်ကလဲ တစ်မျိုးပဲနော်၊ ဝတ္ထုရေးရင်ကော ဒီလိုပဲ ရေးသလား"

"မှန်ပါတယ်"

"ကဲ... ကဲ... အဲဒီစာကို လက်နှိပ်စက်ဌာန မြန်မြန်ချပေးလိုက်ဗျာ။ ဒါကို အလျင်ဆုံး ရိုက်ပါလို့ပြော၊ ပြီးတာနဲ့ ကျွန်တော့်ဆီ ပြန်တင်ခဲ့"

http://www.cherrythitsar.org



ထိုအခါကျမှ ရန်အောင်မောင်မောင်မှာ ရင်ထဲမှ အလုံးကြီးကျသွားကာ ညွန်ကြားရေးမှူးချုပ်ရုံးခန်းမှ အလေးပြု၍ ပြန်လည် ထွက်ခွာလာနိုင်ခဲ့ပါတော့သတည်း။

အဲ.... ဒီဆောင်းပါးကိုကော ဘယ်လိုရေးသလဲလို့ မေးစရာ ပေါ်လာပြန် သည်။ မတတ်နိုင်တော့ဘူးလေ။ ဆရာဝန်ကလဲ လက်နှိပ်စက်ကို လုံးဝရိုက်ခွင့်မပေး သေးတော့ တစ်လုံးနှစ်လုံး ကိုယ့်ဘာသာကိုယ်ရေးလိုက်၊ ကျောင်းပိတ်ထား၍ အားနေ သော ဆေးကျောင်းသူ သမီးငယ်ကို ပါးစပ်ကပြောပြီး အရေးခိုင်းလိုက်နှင့် စခန်းသွားရ တော့မှာပေါ့။

ကိုင်း.... ၊ ဗန်းမော် အကျဉ်းထောင်အကြောင်း ပြန်ဆက်ကြရအောင်။

ဗန်းမော်မြို့ကလေးမှာ တကယ်သာယာသော နေချင့်စဖွယ် မြို့ကလေးပါ။ ရှေးအခေါ် မန်းမော် (အိုးလုပ်သောရွာ) မှ ကာလရွေ့လျောကာ ဗန်းမော်ဖြစ်လာသည့် ဆို၏။ နို့.... ဗန်းမော်ထောင်ကကော.... တဲ့။

အံမယ် သူကလဲ မစည်ကားအပ်သောအရပ် စာရင်းဝင်ပေမယ့် မေခနှင့်မလိခ တို့ ပေါင်းစပ်၍ စီးဆင်းလာသော ဧရာဝတီမြစ်နှင့် တရုတ်ပြည်တွင်းမှ မြစ်ဖျားခံလာ သော တာပိန်မြစ်တို့ ဆုံစည်းရာ မြစ်ကမ်းနဖူးလေးပေါ်မှာ သာသာယာယာပဲခင်ဗျ။

"တာပိန်မြစ်ရေနောက်ကျိကျိ၊ သောက်မိလျှင် မပြန်နိုင်၊ လာရင်းဆိုင် ဝက်ပျိုသားရယ်နဲ့၊ နမ်ဖားဆန်အဆီအစ်တယ်၊ ပြန်ဖြစ်ပြီဘူး...." တဲ့။ စာဆိုကလေး နဲ့ပါ။ တာပိန် မြစ်ရေကတော့ နောက်တာ အမှန်ပါပဲ။ သို့သော် ဧရာဝတီ မြစ်ရေနှင့် ပေါင်းစပ်မိပြီး ဟိုကမ်းတိုက် ဒီကမ်းတိုက်နှင့် ဗန်းမော်မြို့အောက်နား ဝင်းကင်းဆိပ်ကမ်း လောက် ရောက်လျှင်ပင် ရေကြောင်းနှစ်ခု ရောစပ်သမသွားလေပြီ။

လာရင်းဆိုင်ဆိုတာကတော့ မုန်ညင်းချဉ် တစ်မျိုးပါပဲ။ စားလို့တော့ အလွန် ကောင်း၏။ မုန်ညင်းစောဆိုတာ ရှိသေးသည်။ မုန်ညင်းစိမ်းကို ချဉ်ရည်ချက်ပြီး ကြံ သကာ ထောင်းထည့်ထားခြင်းဖြစ်၏။ ဝက်ပျိုသားဆိုလို့ ဗန်းမော်က ဝက်သားကိုတော့ ဘယ်ကဝက်သားနှင့်မျှ လာမယှဉ်လေနှင့်။ ဗန်းမော်ဝက်သား တကယ် စားကောင်း သည်။ အောက်ပြည်အောက်ရွာမှ မြန်မာများ ဝက်သားတုန်ကို စားဖူးလျှင် လျှာလည် သွားမှာ မုချ။ သူတို့ဆီက ဝက်တွေ မစင်မစား။ ဘယ်စားမတုန်း စင်ပေါ်တင် မွေးထား တာကိုး။ နမ်ဖားဆန်....တဲ့။ သူက စားလို့တော့ တကယ်ကောင်းပါ၏။ သို့သော် ကောက်ညှင်းဆန်လို စေးသည်။ စားနေကျမဟုတ်ပါက နံနက်စာ စားပြီးလျှင် ညနေစာ ထမင်းမဆာတော့။ ဆန်ဈေးကောင်းနေချိန်မျိုးတွင် ထမင်းတစ်နပ်သာ စားရလျှင် အကိုက်သား။

အဲဒီအချိန်က ထောင်ထဲမှာ ကချင်တိုင်းရင်းသားက အများဆုံး၊ ရှမ်း အမျိုးသားကလည်း အသင့်အတင့်ရှိ၏။ တခြားမြို့ကြီးမှ ထောင်တွေနှင့်နှိုင်းစာလျှင် သောင်းကျန်းသူနှင့် ဆက်သွယ်မှုများ၊ ဘိန်းမှုများ အများဆုံးဟု ဆိုရမည်။

http://www.cherrythitsar.org



ကချင်နှင့် ရှမ်းတိုင်းရင်းသားများချည့်သာလော၊ မဟုတ်သေးပါ။ အောက်ပြည် အောက်ရွာမှ ဗမာများလည်း ရှိတန်သလောက် ရှိပါသေးသည်။ ဗန်းမော်–မန္တလေး အစုန်အဆန်သင်္ဘောကြီးတွေက ရှိနေလေတော့ တရုတ်ပြည်ဘက်မှ ဝင်လာသည့် ကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားရင်း အမှုအခင်းဖြစ်ကာ အချုပ်ခံရသူများ၊ ထောင်ကျသူများ၊ အချို့ ရာဇဝင်လူဆိုးများကတော့ ဝရမ်းပြေးရင်း နယ်လှည့်ဓားပြတိုက်ကာ ထောင်နန်းစံနေသူများကိုပင် တွေ့ရ၏။

အကြောင်းက တိုက်ဆိုင်ချင်တော့ လွန်ခဲ့သော ၁၀ နှစ်ခန့်က ပဲခူးထောင်တွင် တွေ့ခဲ့ဖူးသော မိတ်ဆွေဟောင်းကြီး တစ်ဦးကို သွားတွေ့လိုက်ရ၏။ ထောင်မှူး၊ ထောင်ပိုင်နှင့် အကျဉ်းသားတို့မည်သည် ရွှေမန်းတင်မောင်နှင့် ပွဲကြည့်ပရိသတ်လို လူတိုင်းကိုတော့ မမှတ်မိနိုင်ပေ။ သို့သော် ထောင်ထဲတွင်ရှိစဉ်က မှတ်လောက်သားလောက် အဖြစ်အပျက်ကလေးများ ဖြစ်ခဲ့ဖူးသော အကျဉ်းသားကိုတော့ ထောင်မှူး၊ ထောင်ပိုင်တို့က ကောင်းစွာ မှတ်မိနေတတ်၏။

"ဆရာကြီး ကျွန်တော့်ကို မှတ်မိတယ်နော်...."

"ဟာ.... မှတ်မိတာပေါ့ ကိုရင်သန်းမြင့်ရယ်၊ နေပါဦး မောင်ရင်က ကျူးကျူးကျော်ကျော် ဒီဗန်းမော်ထောင်အထိ ဘယ်လိုက ဘယ်လို ရောက်နေရတာတုန်း"

"နောက်တော့မှ ဆရာကြီးကို အေးအေးဆေးဆေး ပြောပြပါ့မယ်"

ဘာပဲပြောပြော ထောင်မှူးကြီးမောင်မောင်လည်း ကိုယ့်ဗမာစကားကို ပြောတတ်သူချင်း တွေ့လိုက်ရတော့ ဝမ်းသာသွားသည်။ အဘယ်ကြောင့်ဆိုသော် ထောင်ထဲရှိ ကချင်တိုင်းရင်းသား အများစုသည် ဗမာလို ရည်ရည်လည်လည် မပြောတတ်ရှာကြပေ။ အချို့ဆို တောင်ပေါ်ကျေးလက်မှဖြစ်၍ ဗမာစကား လုံးဝမပြောတတ်။

ပို၍ အားတက်စရာ ကောင်းတာကတော့ သန်းမြင့်သည် ထောင်တစ်ထောင်လုံးရှိ အကြီးအကဲ တန်းစီးကလည်း ဖြစ်နေ၏။ ထိုမျှမကသေး ကချင်လိုကလည်း မွတ်လို့၊ ရှမ်းလိုကလည်း အလိုက်အထိုက် ရောတတ်သေးသည်။

ထောင်တစ်ထောင်၏ တာဝန်ခံအရာရှိအဖြစ် တာဝန်ယူထားရသော ထောင်မှူးကြီးမောင်မောင် ဘယ်လိုမှ ကြည့်၍မရနိုင်အောင် မျက်စိစပါးမွေးစူးနေတာ တစ်ခုရှိနေသည်။ အခြားတော့ မဟုတ်၊ ထောင်ဝင်စာလာတွေ့ရာတွင် အပြင်မှပါလာသောပစ္စည်းထဲ၌ ဟင်းသီးဟင်းရွက်များပါ ပါလာခြင်း ဖြစ်၏။ ထောင်ဥပဒေအရ ထောင်တွင်းသို့ အသားငါးနှင့် ဟင်းသီးဟင်းရွက်စသည်တို့ကို မချက်မပြုတ်ရသေးဘဲ အစိမ်းလိုက် သွင်းခွင့်မရှိပေ။

ဗန်းမော်ထောင်မှာကတော့ အသားငါးရယ်လို့ ဟုတ်တိပတ်တိ သွင်းတာ မတွေ့ရပါ။ တစ်ခါတလေဖြင့် ကြက်ဥကလေး တစ်လုံးစနှစ်လုံးစ တွေ့ရတတ်သည်။ ကြက်ဥပင် အစိမ်းသွင်းခွင့် မရှိ။ ပြုတ်လျှင် ပြုတ်၊ ကြော်လျှင် ကြော်။

http://www.cherrythitsar.org



သည်တော့ ထောင်မှူးကြီးမောင်မောင် ထောင်တွင်းသို့ အချိန်အခါမဲ့ဝင်ရောက်စစ်ဆေးသည်ဆိုသည်မှာ ယခုခေတ်အခေါ်တော့ ရှောင်တခင် စစ်ဆေးခြင်း တစ်နည်းအားဖြင့် ဆပ်ပရိုက်စ်ချက်ခ် (surprise check) ပြုလုပ်ခြင်းပေတည်း။ ထောင်ဥပဒေအရ ထောင်ပိုင်သည် တနင်္လာနေ့နံနက်တိုင်း ထောင်တွင်းသို့ဝင်၍ မန်းဒေးအင်စပက်ရှင်ပရိတ် (Monday inspection parade) စစ်ဆေးရမြဲဖြစ်သည်။ ထောင်ကျ အကျဉ်းသားရော၊ အချုပ်တရားခံများပါ တန်းစီစေပြီး ၎င်းတို့၏ ကျန်းမာရေး၊ အဝတ်အစားများ သန့်ရှင်းစင်ကြယ်ရေးမှအစ ကြည့်ရှုရကာ သူတို့တင်ပြလိုသမျှကို နားထောင်ရသည်။ ထိုနေရာမှာပင် အမိန့်ပေးတန်လျှင်ပေး၊ မပြီးပြတ်နိုင်က နောက်မှပါလာသောထောင်မှူးကို မှတ်သားထားစေကာ ဆက်လုပ်ကိုင်စေရသည်။ နောက်နေ့များမှာတော့ ထောင်အခြေအနေကို ကြည့်ပြီး မိမိ ကြိုက်နှစ်သက်သည့်အချိန်တွင် ထောင်တွင်းသို့ ဝင်ရောက်စစ်ဆေးရသည်။ ထောင်ငယ်လေးများအနေနှင့် တစ်ပတ်လျှင် အနည်းဆုံး သုံးကြိမ်ခန့်တော့ ဝင်လေ့ရှိကြပါသည်။ သို့သော် ထောင်ပိုင် အများဆုံးဝင်လေ့ရှိတာက နံနက်စောစော ပိုင်းသာလျှင် ဖြစ်၏။

ပေါ်ချင်တော့လည်း အလွယ်ကလေးပါ။

တစ်နေ့တွင် ထောင်မှူးကြီး မောင်မောင်သည် ထမင်းစားပြန်ရန် အပြင်သို့ ထွက်တော့မလိုလိုနှင့် ထောင်တွင်းဘက်သို့ ပြန်၍ ခြေဦးတည်လိုက်၏။ သော့ကိုင်သည့် တံခါးသမား ထောင်ကြပ်ပင် မျက်စိလည်သွားသည်။

"ဘယ်သွားမလို့လဲ ဆရာကြီး"

"ထောင်ထဲဝင်မလို့၊ တံခါး မြန်မြန်ဖွင့်စမ်းကွာ"

တံခါးသမားက နဝေတိမ်တောင်နှင့် ထောင်အတွင်းဘက် ဝင်သည့် တံခါးကို ဖွင့်ပေးလိုက်ရသည်။ ထိုအချိန်တွင် ထောင်မှူးကလည်း ဆယ်နာရီမှ ဆယ့်နှစ်နာရီ ထမင်းစား ထွက်နေသည်။ ထောင်လေးအခေါ် ဂျမဒါကြီးဆိုသည့် ထောင်ကြပ်အုပ်မှာလည်း ဘယ်ရောက်နေသည်မသိ။ ကျန်သည့် ထောင်ကြပ်ကလေးများမှာလည်း နေ့ခင်း ဆယ့်နှစ်နာရီကြား ထမင်းစားလာလဲသော ညသမား ထောင်ကြပ်များဖြစ်၍ ထောင်မှူးကြီး မောင်မောင်ကိုပင် ကောင်းစွာ မမှတ်မိကြသေး။ ဗန်းမော် ဆောင်းတွင်းကလည်း အေးလွန်းသဖြင့် အင်္ကျီ အထပ်ထပ် ဝတ်ထားရာ၊ ပခုံးပေါ်က ကြယ်ပွင့် မမြင်သာ။ ထောင်မှူးကြီး မောင်မောင်ကို အလေးပြုသူပင် မရှိကြ။

အကျဉ်းသားထဲမှ အကင်းပါးဆုံးကား တန်းစီးသန်းမြင့်ပင်တည်း။

သူသည် ထောင်မှူးကြီး မောင်မောင်ထံသို့ ကပျာကယာပြေးလာကာ....

"ဘာလုပ်မလို့လဲ ဆရာကြီး"

"ဘာလုပ်လုပ်ပေါ့ကွ၊ ငါထောင်ပိုင်ပဲ၊ ထောင်ထဲ မဝင်ရတော့ဘူးလား"ဟု ခပ်ဆတ်ဆတ်ပြောလိုက်မှ သန်းမြင့်အမြီးကုပ်သွားကာ နောက်မှ အသာလေးကပ်

http://www.cherrythitsar.org



လိုက်လာသည်။ ထောင်မှူးကြီး မောင်မောင်သည် တိုက်နောက်ဖေး၊ အလုပ်ရုံ အကြို အကြား၊ မိလ္လာချောင်၊ ထောင်တွင်းရေလှည့်စက် စသည့်အားဖြင့် ချောင်ကြိုချောင်ကြား မှန်သမျှ ထောင့်စေ့အောင် လိုက်ကြည့်သောအခါတွင် မီးဖိုငယ်လေးများဖြင့် ဟိုနား တစ်စု ဒီနားတစ်စု ချက်ပြုတ်နေကြသည်ကို တွေ့လိုက်ရသည်။

သူတို့တည်နေသည့် အိုးငယ်ကလေးများကို လိုက်ကြည့်သောအခါ အထဲမှာ ဘာသားငါးမျှ မရှိ၊ ဟင်းသီးဟင်းရွက် ဟင်းအိုးလေးများသာ တွေ့ရသည်။ မုန်ညင်း ရွက်၊ ဖရုံပွင့်၊ ဖရုံညွန့်၊ ဘူးပွင့်၊ ဘူးညွန့်နှင့် အများဆုံး တွေ့ရတတ်သည်ကား ဥရင် ကောက်ရွက်များပင်တည်း။ ထောင်မှူးကြီးမောင်မောင်၏ ရင်ထဲတွင် အတော်လေး စိတ်မကောင်းဖြစ်သွားမိသည်။ ဩော်.... သူ့ခမျာမှာ ထောင်မှကျွေးသည့် ကုလားပဲဟင်း နှင့် ငါးပိချက်ကို စားရရုံနှင့်အားမရနိုင်ဘဲ မိရိုးဖလာ ဘိုးစဉ်ဘောင်ဆက် ခံတွင်းတွေ့ လာခဲ့သည့် ဤ ဟင်းရွက်ကလေးများကို မက်မက်မောမော ခိုးချက်စားနေကြတာကိုး။

နောက်တစ်နေ့မနက်ကျတော့ ထောင်မှူးကြီး မောင်မောင်သည် သူ့ရုံးခန်းတွင် ထောင်မှူးနှင့် ထောင်ကြပ်အုပ်တို့ကို ခေါ်ကာ အစည်းအဝေးထိုင်ကြရသည်။ တော ထောင်ငယ်လေးမှာတော့ ဆိုးတိုင်ပင် ကောင်းတိုင်ပင်ဆိုလို့ ဒီသုံးယောက်ပဲ ရှိတာကိုး။

"ကျွန်တော်တော့ ထောင်ထဲမှာ ဟင်း ခိုးခိုးချက်နေတဲ့ မီးဖိုကလေးတွေ ကိစ္စ လုံးဝ ဘဝင်မကျဘူးဗျာ"

ထောင်မှူး ဦးစံထွန်းအေးက မျက်နှာငယ်လေးနှင့်....

"ကျွန်တော်တို့လဲ ဒီကိစ္စ ဆရာမသိအောင်ဆိုပြီး ဖုံးဖုံးဖိဖိ လုပ်ခိုင်းထားတာ ပါပဲ။ သူတို့တစ်တွေကလဲ ကျွန်တော်တို့ ဒီထောင်ကို မရောက်ခင်ကတည်းက အစဉ် အလာလို ဖြစ်နေကြတော့ ဖြုန်းခနဲ ပိတ်ပစ်လိုက်ရင် ပြဿနာတက်လာမှာ စိုးလို့ပါ"

"ဒါတော့ ဒါပေါ့လေ။ ဒါပေမယ့် ဒီကိစ္စကြီးက ထောင်ဥပဒေနဲ့လဲ လုံးဝ ဆန့်ကျင်နေတယ်၊ မီးရေး ထင်းရေးကိစ္စလဲ ကြောက်နေရတယ်၊ ထောင်သန့်ရှင်းရေး အနေနဲ့လဲ အများကြီး ထိခိုက်တယ်"

ထောင်ကြပ်အုပ်ကလည်း သူ့ရှုထောင့်မှ ဝင်၍ပြောသည်။

"ထင်းကိစ္စလဲ မလွယ်ဘူး ဆရာကြီး၊ သူတို့က ဖိုကြီးမှာသွားသွားပြီး ထင်းတို ထင်းစကလေးတွေ အကြံအဖန် သွားလုပ်ကြတာဆိုတော့ လူတစ်ရာ ဝါးတစ်ရာဆွဲလိုက်ရင် ထင်းတိုက်ရတဲ့အခါက် ပိုများလာတာပေါ့"

"ထင်းကတော့ ထားပါတော့ဗျာ၊ တောထဲမှာ အလကားသွားခုတ်ရင် လိုသလောက်ရတာပဲ မဟုတ်လား"

"မထင်နဲ့ ဆရာကြီး၊ အဲဒီလို တောထဲသွား ထင်းခုတ်ရင်းက ပြဿနာဖြစ်ခဲ့ ဖူးပြီ"

"လုပ်စမ်းပါဦးဗျ၊ အတွေ့အကြုံလေးကြားရတော့ ဗဟုသုတ ဖြစ်တာပေါ့"

http://www.cherrythitsar.org



တကယ်တော့ မြွေအလမ္ပယ်ဆရာ မြွေကိုက်ခံရတာ မဆန်းသလို၊ အကျဉ်းထောင်လောက အကျဉ်းသားပြေးတာလည်း ထူးလျက်နှင့် မဆန်းသော ကိစ္စမျိုးသာဖြစ်ချေ၏။ သို့သော် ဗန်းမော်ထောင်မှ ပြေးပုံကလေးကတော့ ခပ်ဆန်းဆန်း....။

ထိုအချိန်က ဗန်းမော်မြို့ ပတ်ပတ်လည်တွင် ကချင်သောင်းကျန်းသူများက ရှိနေရာ မြို့နှင့် သိပ်ဝေးဝေးလည်း မသွားရဲပေ။ ဌာနဆိုင်ရာတိုင်းလိုလိုပင် လုံခြုံရေးကို အထူးဂရုစိုက်နေကြရသည်။ သို့ဖြစ်၍ ဗန်းမော်ထောင်တွင် အစဉ်အလာကလေးတစ်ခု လုပ်ထားပုံက.... ထင်းခုတ်သောနေ့တွင် အကျဉ်းသား သုံးယောက်ဖြင့် အစောင့်ဝါဒါနှစ်ယောက် ထည့်ပေးသည်။ ထင်းတစ်ရက်ခုတ်ထားလျှင် လှည်းသုံးလေးစီးတိုက်ရသဖြင့် နောက်တစ်နေ့ ထင်းတိုက်သွားရာတွင်မူ အကျဉ်းသားတစ်ယောက်နှင့် အစောင့်ဝါဒါ တစ်ယောက်သာ ထည့်ပေးလိုက်သည်။ အစောင့်ဝါဒါကပါ ထင်းများကို လှည်းပေါ်သို့ ကူတင်ပေးရ၏။ အစောင့်ဝါဒါတစ်ယောက်နှင့် အကျဉ်းသားတစ်ယောက်တို့ နှစ်ယောက်တည်း ထင်းတိုက်သွားကြသည့် နေ့တစ်နေ့တွင် ဖြစ်၏။ နံနက် ၁၀နာရီခန့်တွင် ထင်းများလည်း တင်ပြီးပြီ။ အမောပြေအဆာပြေ ထောင်မှ ယူလာခဲ့သော ထမင်းကြော်နှင့် ငါးပိကြော်ကိုပင် ရေနွေးကြမ်းနှင့် သောက်ပြီးကြပြီ။ မြက်စားရန် လံထားသောနွားနှစ်ကောင်ကိုဆွဲ၍ လှည်းကောက်ပြီးပြန်ရုံသာ ရှိတော့ သည်။ ထိုအခိုက်မှာပင် အကျဉ်းသားက အနီးရှိဓားမတိုကို ကောက်ကိုင်ကာ ထိုင်ရာမှ ထလိုက်၏။ အစောင့်ဝါဒါ ကျော်ဇေယျက....

"ဟေ့ကောင် ဘာလုပ်မလို့လဲ"

"ဟိုဗျာ.... ဂျမဒါကြီးက ဝါးလေးနှစ်လုံး သုံးလုံးလောက် ကောက်ခဲ့စမ်းပါ ဆိုလို့"

တစ်ဖာလုံခန့်အကွာ တောင်ကမူလေးပေါ်တွင် ဝါးရုံတောကလည်း ရှိနေရာ ကျော်ဇေယျက အဟုတ်မှတ်၍ ထိုင်ကြည့်နေမိသည်။ ဝါးတစ်ရိုက်ခန့် အကွာအဝေးသို့ ရောက်သောအခါ အကျဉ်းသားက နောက်သို့ ပြန်လှည့်ပြီး....

"ဆရာကိုကျော်ဇေယျရေ.... ကျုပ်တော့ ပြေးပြီဗျို့"ဟု လှမ်းအော်ပြော လိုက်ရာ ကျော်ဇေယျမှာ စပ်ဖြဲဖြဲနှင့်....

"ဟေ့ကောင် မနောက်နဲ့လေကွာ"

"နောက်နေတာ မဟုတ်ဘူးဗျ၊ တကယ်ပြေးမှာ"

"ဟိုက်...."

ကျော်ဇေယျသည် ထိပ်ချမှ ဓားပြမှန်းသိ ဆိုသလို ထိုင်ရာမှထ၍ ပြေးလိုက်သည်။ အကျဉ်းသားက ရှေ့ကပြေး၊ ကျော်ဇေယျက နောက်ကလိုက်....

တစ်မိုင်နီးပါးခန့် ခရီးပေါက်ခဲ့သောအခါ ကျော်ဇေယျ စဉ်းစားရတော့၏။ အကျဉ်းသား လက်ထဲမှာ ဓားမတိုနှင့်၊ မိမိလက်ထဲတွင် ဘာလက်နက်မျှ မရှိ။ ထို့အပြင်

http://www.cherrythitsar.org



အကယ်၍များ သောင်းကျန်းသူနှင့် တွေ့ခဲ့လျှင် အကျဉ်းသားက ထောင်ကပြေးလာတာ ပါဟု ပြောလိုက်ရုံနှင့် ကိစ္စပြတ်နိုင်သည်။ မိမိမှာမူ ယူနီဖောင်းကြီးနှင့် ဖြစ်နေသဖြင့် ဘယ်လိုနည်းနှင့်မျှ သက်သာစရာအကြောင်း မမြင်။ နောက်ဆုံး ကျော်ဇေယျသည် စိတ်နှလုံးကို ဒုံးဒုံးချလိုက်ကာ 'ကဲ၊ ပြေးချင်လဲ ပြေးတော့ကွာ၊ နှစ်တိုးတစ်နှစ်လောက် တော့ အဖြတ်ခံလိုက်ဦးပေါ့'ဟု ညည်းညည်းညူညူ ပြောဆိုပြီး လှည်းတစ်စီးဖြင့် ထောင်သို့နောက်ကြောင်း ပြန်လှည့်ခဲ့ရသည် ဆို၏။

အကျဉ်းထောင်ရာဇဝင်တွင် ယခုလို ပြောင်ပြောင်တင်းတင်းကြီး ပြောပြီး ပြေးသည်မှာ ဤတစ်ကြိမ်သာကြားခဲ့ဖူးသည်။ ဘယ်တော့မဆို တပိုတပါးသွားဦးမည်။ ဘာညာလုပ်ဦးမည် စသည်ဖြင့် လိမ်ညာပြောဆိုကာ အစောင့်အလစ်တွင် ထွက်ပြေး သည့် သာဓကများသာ ရှိခဲ့ဖူးသည်။

"ဒါဖြင့် အခုကော ခင်ဗျားတို့ ဒီအစီအစဉ်အတိုင်း လုပ်နေတုန်းပဲလား"

"မဟုတ်ပါဘူး ဆရာကြီး၊ သုံးယောက် နှစ်ယောက်နှုန်းပဲ ထည့်ပါတော့ တယ်"

ဦးစံထွန်းအေးက ဝင်၍ အကြံပေးသည်။

"သေနတ်တစ်လက်လောက် ထည့်ပေးလိုက်ရရင် ကောင်းမလားဆရာ"

"အံမလေး.... မလုပ်လိုက်ပါနဲ့ဗျာ၊ ဆေးအတွက် လေးနေပါဦးမယ်"

ဘာပဲပြောပြော ထောင်မှူးကြီးမောင်မောင်၏ စိတ်ထဲတွင်ကား မီးဖိုငယ်လေး များ ကိစ္စအတွက် ရတက်မအေးနိုင်ဘဲ လိပ်ခဲတည်းလည်းပင် ရှိနေခဲ့ပါ၏။

■

# ၄၃

ခက်တာက ထောင်တစ်ထောင်ကို စည်းကမ်း ကိုင်တော့မည်ဆိုလျှင် အင်မတန် သတိထားရ၏။ လိမ္မာပါးနပ်ပြီး အကင်းပါးဖို့ သိပ်အရေးကြီးသည်။ မိမိစိတ်ထင်တိုင်း စွတ်တင်ပြီး အရမ်းကာရောကြီး စည်းကမ်းကိုင်လိုက်လျှင် ထောင်ဆူတတ်သည်။ ဝက်အူကို ဇွတ်အတင်းအကျပ်ကြီး လှည့်လို့မရ။ တစ်ရစ်ချင်း တစ်ရစ်ချင်း တင်းမှန်းမသိ တင်းသွားမှ ဖြည်းဖြည်းချင်း အထာကျလာတတ်သည်။ ပိုဆိုးတာက ထောင်ထဲမှာက လူစုံ။ အများစုက (Above the average) လူလွန်မသားတွေ။ ကောင်းသည့်ဘက်မှာ မဟုတ်၊ ဆိုးသည့်ဘက်မှ ဖြစ်၏။

သို့သော် လက်ရှိ ဗန်းမော်ထောင်၏ အခြေအနေကား ဒီလောက်ကြီး ဆိုးလှသည် မဟုတ်ချေ။ ဒီမီးဖိုကိစ္စကလေး တစ်ခုမှလွဲ၍ တစ်ထောင်လုံးလိုလိုပင် ထောင်စည်းကမ်းကို လိုက်နာနေထိုင်သူများ ဖြစ်၏။ ကေအိုင်အေ သောင်းကျန်းသူတွေထဲကလည်း အရာရှိအဆင့် နှစ်ဦးသာရှိ၍ သူတို့နှစ်ယောက်ကို သီးခြားခွဲထားသဖြင့် လုံးဝမလှုပ်နိုင်.....။ ရိုးရိုးတပ်သားများနှင့် သောင်းကျန်းသူတို့နှင့် ဆက်သွယ်သူများမှာလည်း အေးအေးဆေးဆေးပင် နေထိုင်ကြသည်။ အကြောင်းကိစ္စရယ်လို့ ပေါ်လာလျှင် တန်းစီးမှတစ်ဆင့် သူတို့ခေါင်းဆောင်ကိုသာ ခေါ်ပြောလိုက်၊ ကိစ္စ ပြတ်သွားတတ်၏။

ယခုကိစ္စမှာလည်း အကျဉ်းထောင်မှ ဥပဒေနှင့်အညီ မနက် ပဲ၊ ညနေ ဟင်းသီးဟင်းရွက်အပြင် တစ်ပတ်တစ်ခါ အမဲသား (သို့မဟုတ်) ဝက်သား လေးအောင်စနှုန်း ကျွေးမွေးလျက်ပင်ရှိ၏။ ဟင်းသီးဟင်းရွက်အနေနှင့် အပြင်က ဝယ်ရန်ပင် မလို။ ထောင်

http://www.cherrythitsar.org



ယာစိုက်ခင်းမှာ သုံးဧကခန့် အကျယ်ကြီးဖြစ်၍ စိုက်ပါပျိုးပါလေ့။ အကျဉ်းသား ၃၀၀ ခန့် အတွက် ဖူလုံပိုလျှံသဖြင့် ဝန်ထမ်းများကိုပင် ဝေငှနိုင်သေးသည်။ ရာသီမရွေး စိုက်ပျိုး၍ရသော ကန်စွန်း၊ ခရမ်း၊ ချဉ်ပေါင်၊ ဟင်းနုနယ်အပြင် ဆောင်းဥတုတွင် ပန်းမုန်လာတို့ ဂေါ်ဖီထုပ်တို့ နိုကိုဥ၊ မုန်ညင်းတို့ စိုက်ကျွေးနိုင်သေးသည်။ သို့သော် သူတို့ ခံတွင်းတွေ့နေတာက ဥရင်ကောက်တို့၊ ဖရုံညွန့်တို့၊ ဘူးညွန့်တို့၊ တစ်ပတ်တစ်ခါ ရသည့် အသားတုံးကိုလည်း တစ်ကြိမ်တည်းအကုန်မစားပစ်ဘဲ အလီလီခွဲကာ ဟင်းသီးဟင်းရွက်နှင့် ရောနှော ချက်စားချင်တတ်ကြသည်။ တစ်ခါကများ မုံညင်းရွက်တွေ နေလှန်းပြီး ချဉ်ဖတ်အိုးကြီးတည်ကာ မြေကြီးထဲ မြှုပ်ထားသည်ကို တွေ့ရသဖြင့် မနည်းကြီး နားလည်အောင် ပြောပြီး အပြင်ထုတ်ပစ်စေရသည်။

"အင်း.... ဒီကိစ္စ ဘယ်နည်းဘယ်ပုံ ဖြေရှင်းရလျှင် ကောင်းမလဲ"

စိတ္တေတိ ကြံဆဲ၊ ပုစ္ဆ မေးပြန်ပြီဟု ဆိုရမလို တစ်နေ့တွင် ကြေးနန်းစာတစ်စောင် ရောက်လာ၏။ 'အကျဉ်းဌာနမင်းကြီး ထောင်စစ်ရန် မြစ်ကြီးနားထောင်မှတစ်ဆင့် ဗန်းမော်သို့ ဇူလိုင်လ ၁ ရက် တနင်္ဂနွေနေ့ လေယာဉ်နှင့်ရောက်မည်။ (ရပ်) ၂ ရက်နေ့ ထောင်စစ်ပြီး ၃ ရက်နေ့ ရေကြောင်းခရီးဖြင့် ကသာထောင်သို့ သွားမည်။ (ရပ်) ဗန်းမော် လေယာဉ်ကွင်းတွင် ကြိုရန်နှင့် ဗန်းမော်–ကသာ သင်္ဘော အထက်တန်းလက်မှတ် နှစ်စောင် ကြိုတင်စီစဉ်ထားရန် ။ (ရပ်) ဗိုလ်တဲတွင် နှစ်ယောက်စာ တည်းခိုရေးအတွက် စီစဉ်ထားရန် ညွှန်ကြား။ (ဆုံး)

အကျဉ်းဌာနမင်းကြီး ထောင်မှူးကြီး မောင်မောင် မျက်ကလူးဆန်ပျာ ဖြစ်ရပါလေပြီ။ ထိုအချိန်က ညွှန်ကြားရေးမှူးချုပ် မခေါ်သေး။ အကျဉ်းဌာနမင်းကြီးဟုသာ ခေါ်၏။ အခြားဌာနများတွင်လည်း ရဲမင်းကြီး၊ ယစ်မျိုးမင်းကြီး၊ အကောက်ခွန်မင်းကြီး ဟုသာ ခေါ်ခဲ့ကြသည်။ ရောက်လာမှာက တနင်္ဂနွေနေ့။ ကြေးနန်းစာ မိမိလက်ထဲ ရောက်တာက သောကြာနေ့ဆိုတော့ အရေး....အဘား....အဘား ဟုသာ အော်လိုက်ချင်ပါတော့သည်။

အကျဉ်းဌာနမင်းကြီးအကြောင်းကို ထောင်မှူးကြီးမောင်မောင်ကောင်းကောင်း သိပါသည်။ သူသည် လေယာဉ်ပျံစီးရမှာ အလွန်ကြောက်သူ ဖြစ်၏။ သို့ဖြစ်၍ မန္တလေးမှ မီးရထားစီးပြီး မြစ်ကြီးနားကိုသွား၊ မြစ်ကြီးနားမှ လေယာဉ်ပျံ မစီးမဖြစ်သော ဗန်းမော်ခရီးတိုကလေးကို လေယာဉ်ပျံစီးပြီးတော့ ကသာသို့ နေ့ချင်းပေါက် သင်္ဘောနှင့် စုန်။ ကသာရောက်မှတော့ ရထားနှင့်ပြန်ပြန်။ သင်္ဘောပဲ ဆက်စီးစီး၊ မန္တလေးသို့ တစ်ညအိပ်ခရီးသာ ကျန်တော့သည်။

ထောင်မှူးနှင့် ထောင်ကြပ်အုပ်တို့ကို ခေါ်ပြီး ကြေးနန်းစာကို ထိုးပြရသည်။

"ကိုင်း.... ဘယ့်နှယ်လုပ်ကြမလဲ၊ ကြားတစ်ရက်ပဲ ကျန်တော့တယ်"

ထောင်မှူးနှင့်ထောင်ကြပ်အုပ်တို့လည်း သူတို့ဆရာ မျက်နှာကိုကြည့်ပြီး

http://www.cherrythitsar.org



ဘာပြန်ပြောရမှန်း မသိသဖြင့် ငေးတေးတေး ငိုင်တိုင်တိုင်ကြီး ဖြစ်နေကြသည်။

"ဒီအတိုင်း ထိုင်ကြည့်နေလို့ မဖြစ်ကြသေးဘူးလေ။ အိုးတွေ ခွက်တွေကို ဘယ်လိုလုပ်ကြမလဲလို့ ကျွန်တော် မေးနေတာ"

ထိုအခါကျမှ ထောင်မှူးက....

"ကျွန်တော်တို့ အလျင်ထောင်ပိုင် လက်ထက်တုန်းက ခ–လ–က လူကြီးတွေ ထောင်လာစစ်ဖူးတယ်"

"အင်း.... အဲဒီတုန်းက ဘယ်လိုလုပ်ကြသလဲ"

"အဲဒီတုန်းကတော့ ထောင်ထဲမှာ ဟိုနားဝှက် သည်နားဝှက်နဲ့ပဲ ကိစ္စပြီးသွားတာပဲ"

"ကျုပ်တို့ မင်းကြီးကိုလဲ အထင်သေးလို့မရဘူးနော်။ သူက ထောင်ပိုင်လုပ်ခဲ့ဖူးတဲ့သူ"

မှန်ပါသည်။ ထောင်မှူးမောင်မောင်တို့ အလုပ်ဝင်စက အင်းစိန်ထောင်တွင် ဒုတိယထောင်ပိုင်အဖြစ်နှင့် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ နောက်ပိုင်းတွင်လည်း ဘော်စတယ် ခေါ် ကလေးထောင် ကျောင်းအုပ်ကြီး လုပ်ခဲ့ဖူး၏။ ထောင်အကြောင်းတော့ ထုံးလိုချေ ရေလိုနှောက်၊ နောကျေနေသူ။

"ကျွန်တော့်သဘော ပြောရရင်တော့ ဒီနေ့ နေ့ဝက်နဲ့ မနက်ဖြန်တစ်နေ့လုံး အချိန်ရသေးတယ်။ တနင်္ဂနွေနေ့လဲ ရောက်ရောက်ချင်း ထောင်ဝင်စစ်မှာ မဟုတ်သေးဘူး။ အဲဒီတော့ ဒီနေ့ နေ့ဝက်နဲ့ မနက်ဖြန်တစ်နေ့လုံး အဲဒီအိုးခွက်တွေကို ထောင်ပြင်ထုတ်၊ တနင်္ဂနွေနေ့ ထောင်သန့်ရှင်းရေး အချောသတ်ကိုင် မဖြစ်နိုင်ဖူးလား"

ထောင်ကြပ်အုပ်က အားတက်သရော ဝင်၍ပြောသည်။

"ဖြစ်နိုင်ပါတယ် ဆရာကြီး"

"ကိုင်း.... ဖြစ်နိုင်ရင် အဲဒီအတိုင်း လုပ်ကြဗျာ။ ဒါပဲ"

ထောင်မှူးကြီး မောင်မောင် သူတို့လုပ်သမျှကို အသာ စောင့်ကြည့်နေသည်။ နောက်ဆုံးတော့ ဘာမှမဟုတ်၊ တန်းစီးသန်းမြင့်ကို ခလုတ်နှိပ်လိုက်ခြင်းပင်တည်း။ သန်းမြင့်က ဆော်ဩ၊ အကျဉ်းသားတွေက အိုးတွေခွက်တွေကို ထောင်ဘူးဝသယ်၊ ထောင်ဘူးဝမှ နွားလှည်းနှင့် အပြင်ထုတ်။ အပြင်တောင်ယာရှိ ချုံပုတ်များအတွင်း သွား၍ ဝှက်ထားကြခြင်းပင်ဖြစ်၏။ အဲဒီနေရာလောက်အထိတော့ အကျဉ်းဌာန မင်းကြီး မရောက်တန်ရာ။ သူပြန်သွားပြီးမှပင် သည်အိုးတွေ ခွက်တွေကို ထောင်ထဲ ပြန်မရောက်စေရေး အတွက် တစ်မျိုးတစ်ဖုံ ကြံရဖန်ရပေဦးမည်။

သန်းမြင့်မှာ ရဲလူထွက် တစ်ဦးဖြစ်၏။ လူကတော့ လူလည်၊ မျက်စိလျင်၍ စူးစမ်းတတ်သော အလေ့ရှိသည်။ ဗန်းမော်ထောင်ရောက်ပြီး တစ်နှစ်ခန့် အကြာတွင် ကချင်လို မွှတ်နေတာသာကြည့်။ သူကသာ လူတကာ၏မျက်ခုံးမွေးပေါ်တွင် စကြီ

http://www.cherrythitsar.org



လျှောက်လို၍ သူ့အပေါ် လူညွန့်ခူးလာလျှင်ကား ဆတ်ဆတ်ထိမခံ အလွတ်မပေးတတ်။ သူသည် ရဲသားဘဝက အထက်အရာရှိတစ်ဦးနှင့်အတူ လာဘ်စားမှုဖြစ်ခဲ့ရာတွင် သူတစ်ယောက်တည်း ထောင်ကျခံပြီး အရာရှိကို ပုတ်ထုတ်ခဲ့သည်။ ထိုအချိန်က ထောင်မှူးမောင်မောင်မှာ ပဲခူးထောင်တွင်ရှိနေသည်။ သန်းမြင့်ထောင်ကျတာက ခြောက်လတည်းဖြစ်၍ ပဲခူးထောင်မှာပင် နေရသည်။ ဘာပဲပြောပြော သန်းမြင့်သည် အစိုးရအပေါ်မှာတော့ သစ္စာရှိသူဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် ရဲဘော်ဖြူဗိုလ်နန္ဒဆိုသူအား ကြိုးမိန့်ချပြီး အင်းစိန်ထောင်သို့မပို့မီ ပဲခူးထောင်မှ ဖောက်ထွင်းထွက်ပြေးရန် ကြိုတင်စီစဉ်ထားသည်ကို သန်းမြင့်က သတင်းပေးနိုင်သဖြင့် ကြိုတင်ကာကွယ်နိုင်ခဲ့ပေသည်။ ယခု ဇန်းမော်ထောင်တွင် နှစ်နှစ်ကျခဲ့ရခြင်းမှာလည်း သန်းမြင့်၏ မခံချင်စိတ်ကြောင့်ပင်ဖြစ်၏။

"ဆရာကြီးပဲ စဉ်းစားကြည့်ပါ။ လာဘ်စားလို့အားလုံးရတာက ငွေရှစ်ထောင်၊ ကျွန်တော့်ကို သုံးထောင်ပေးမယ်လို့ ပြောပြီးသား။ ကျွန်တော် ထောင်ကျနေတုန်း ကျွန်တော့်မိန်းမ သူ့အိမ်သွားတောင်းတော့ ငွေလေး နှစ်ရာပဲ ပေးလွှတ်လိုက်တယ်။ သူ့မှာလဲ ထောင်မကျပေမယ့် ဌာနဆိုင်ရာက လွတ်အောင်လိုက်ရဦးမှာလို့ ပြောလွှတ်လိုက်သတဲ့။ တကယ်တမ်းကျတော့ ဌာနဆိုင်ရာကလဲ မလွယ်ပါဘူး။ ရာထူးတစ်ဆင့်လျှော့ပြီး မယူမနေရ ပင်စင်ပေးခံလိုက်ရတယ်" ထောင်မှူးကြီး မောင်မောင်မှာ ကိုယ့်သောကနှင့်ကိုယ် ဖြစ်နေသဖြင့် လိုရင်းကို အတိုချုံးရန် ပိတ်ပြောလိုက်သည်။

"အေးပါကွာ၊ ဒါတွေထားစမ်းပါ။ ငါ သိပြီးသားပါ။ မင်း ဇန်းမော်ထောင် အထိတောင်လာပြီး ဘယ်လိုလုပ် ထောင်နှစ်နှစ်ကျနေတယ်ဆိုတာသာ သိချင်တာပါ"

တန်းစီးသန်းမြင့်က ခပ်ဟဟရယ်မောလိုက်ရင်း....

"ကိစ္စက ရှင်းနေပြီလေ ဆရာကြီးရဲ့။ သူ့မိန်းမက ရွှေကူသူဆိုတော့ ရွှေကူမှာ ပြန်ပြီး အခြေချတာကိုး။ ကျွန်တော်ကလဲ ရွှေကူအထိ လိုက်တောင်းတာပေါ့။ ကျွန်တော့်ကို မချေမငံပြောလို့ နှစ်ထောင့်ရှစ်ရာဖိုး ဓားနဲ့ထိုးခဲ့တယ်လေ"

"ဖြစ်မှဖြစ်ရလေ သန်းမြင့်ရယ်"

အင်း.... လောလောဆယ် သန်းမြင့်ကိစ္စ အသာထားလို့ အကျဉ်းဌာနမင်းကြီး လာမည့်ကိစ္စ ချောချောမောမော ဖြစ်အောင် ဆုတောင်းရပေဦးတော့မည်။ ဘာပဲပြောပြော ထောင်တာဝန်ခံ တစ်ဦးအနေနှင့် အကျဉ်းဌာနမင်းကြီး၏ စစ်ဆေးခြင်းကို ပထမဆုံးအကြိမ် နဖူးတွေ့ဒူးတွေ့ကြုံရမှာဆိုတော့ ရင်အခုန်မိသား။ ရင်ခုန်ရပေမပေါ့။ ထောင်မှူးကြီးမောင်မောင်သည် ထိုအချိန်က ထောင်ပိုင်အစစ် မဟုတ်သေးပေ။ အစစ်မဟုတ်လို့ အတုလားဆိုတော့။ နိုး.... နိုး....၊ ဒီလိုလည်း မဟုတ်ပါ။ အတုသာဆိုလျှင် ပြစ်မှုဆိုင်ရာ ဥပဒေ ၁၇၀ အရ အယောင်ဆောင်မှုနှင့် အဖမ်းခံရမှာပေါ့။

ဖြစ်ရပ်မှန်က ဇန်းမော်တို့၊ ကသာတို့၊ မြစ်ကြီးနားတို့လို ထောင်ငယ်မျိုးတွင်

http://www.cherrythitsar.org



ထောင်တာဝန်ခံအဖြစ် သုံးပွင့်ထောင်ပိုင်ကို ထားရမည် ဖြစ်၏။ သို့သော် ထိုအချိန်အခါက ထောင်အပြင်တွင် လမ်းတွေဖောက် တံတားတွေဆောက်၊ သစ်တွေထုတ်၊ တာတမံတွေဖို့ စသည်အားဖြင့် အကျဉ်းသားများကို ရဲဘက်အဖြစ် တိုင်းပြည်အကျိုးပြုလုပ်ငန်းများကို စေခိုင်းလျက်ရှိရာ ဖွဲ့စည်းပုံအသစ်ကလည်း မကျသေးသဖြင့် ရှိသမျှ ထောင်များမှ အရာရှိ ကြီးငယ်များကိုပင် ထုတ်နုတ်အသုံးပြုနေရသည်။ သည်တော့ ဗန်းမော်လိုထောင်ငယ်လေးတချို့တွင် အလားအလာရှိသော နှစ်ပွင့်ထောင်မှူးကြီးများကိုပင် ထောင်ပိုင်အဖြစ် အုပ်ချုပ်စေရသည်။ ဖားတစ်ပိုင်းငါးတစ်ပိုင်း ထောင်ပိုင်တွေ ဆိုကြပါစို့။

မင်းကြီးလာမည်ဆိုတော့ ထောင်စစ်ဆေးရေးသာမက ကြိုဆိုဧည့်ခံရေးအတွက်ပါမကျန် စီစဉ်ထားရန် လိုလာပြန်၏။ သို့ဖြစ်၍ ထောင်မှူးဦးစံထွန်းအေးနှင့် တိုင်ပင်ပြီး တတ်နိုင်သမျှတော့ စီစဉ်ထားပြီး ဖြစ်သည်။ ဒီကြားထဲ အိမ်က ရှင်မကသူ့ဘက်က ပံ့ပိုးမှုလိုမလို မေးလာပြန်၏။

"မင်းကြီး စားဖို့သောက်ဖို့အတွက် ဈေးသွားရမှာလား"

"မလိုပါဘူးကွာ၊ အကုန်စီစဉ်ပြီးပါပြီ"

"ဘယ်လို စီစဉ်ထားလို့လဲ"

"ဗိုလ်တဲမှာ မဂ္ဂနန်းရှိတယ်လေကွာ"

"မဂ္ဂနန်းက ဘာလုပ်တာလဲ"

"မဂ္ဂနန်းက ဘတ်တလာ ထမင်းချက်လေ ဟိုးအင်္ဂလိပ်အစိုးရ လက်ထက်ကတည်းက ထမင်းချက်လာတာ။ ဘဏ္ဍာစိုးခေါ်တာပေါ့။ အင်္ဂလိပ် ထမင်းဟင်းစားမလား၊ မြန်မာထမင်းဟင်း စားမလား၊ ပလာတာတို့ ချာပါတီတို့ စားဦးမလား၊ တရုတ်စာတော့ သိပ်မချက်တတ်ဘူး၊ တစ်နပ်လောက်တော့ တရုတ်ဆိုင်က ဝယ်ကျွေးလိုက်ပေါ့"

"အဲဒီလိုကြီးဆိုတော့ ဧည့်ခံရေးမှာ ပစ်စလက်ခတ်ထားသလို မနေဖူးလား"

"ဒီမင်းကြီးအကြောင်းလဲ မင်းသိသားနဲ့ကွာ။ တို့ပဲခူးမှာနေတုန်းက အိမ်မှာထမင်းတွေ ချက်ထားတာ မစားဘဲနဲ့ ဆိုင်သွားစားတာ မမှတ်မိဘူးလား"

"အဲဒီတုန်းက ကိုယ်က ထောင်တာဝန်ခံမှ မဟုတ်သေးဘဲ။ ထောင်မှူးပဲရှိသေးတာကိုး"

"မထင်ပါနဲ့ကွာ၊ ဒီမင်းကြီးက လူတစ်မျိုးကိုးကွ၊ အဲဒီတုန်းကလဲ ထောင်ပိုင်က မူစလင်ဖြစ်နေလို့။ ကိုယ်လိုက်သွားပြီး ပိုက်ဆံရှင်းတော့ လုံးလုံးအပေးမခံဘူး။ သူပဲ ဖွတ်ထုတ်ပေးတာပဲ။ သူ့နောက်ကပါတဲ့ ဦးအုန်းမြိုင်တို့ကတော့ အပြောသား။ ခင်ဗျား ဘယ်လိုပေးပေးရမှာ မဟုတ်ဘူးတဲ့"

"ဒါဖြင့်လဲ ပြီးပါလေရော့ရှင်။ တော်တော်ကြာ ပြောစရာကြီးများ ဖြစ်နေမလားလို့ပါ"

http://www.cherrythitsar.org



"မဖြစ်ပါဘူးကွာ၊ ထောင်လာစစ်တဲ့အခါကျတော့ ကော်ဖီလေး မုန့်လေး ရေနွေးကြမ်းလေး ရုံးခန်းထဲ ပို့ပေးဖို့တော့ စီစဉ်ထားပေါ့။ ဩော်.... မေ့နေလို့၊ မင်းကြီးက လက်ဖက်ရည်သောက်တယ်။ လက်ဖက်ရည်ကျကျမှာ နို့စိမ်းလေးနဲ့ ဖျော်ပြီး ဓာတ်ဘူး ထဲ ထည့်ပေးထားတာပေါ့"

"ဒါဖြင့်ရင်လဲ ပြီးရောပေါ့"

လူ့စိတ်ဆိုတာလည်း  အခက်သား။ တစ်ခါတစ်ရံ ကိုယ့်စိတ်ထဲ မှန်တယ် ထင်ရင် ယတိပြတ်ဆုံးဖြတ်ချက်ချပြီး အလုပ်တစ်ခုကို လုပ်ထားစေကာမူ ဘေးလူက တစ်မျိုးပြောလာလျှင် စိတ်ထဲ စနောင့်စနင်း ဖြစ်သွားတတ်၏။ မူလဆုံးဖြတ်ချက်သည် အလိုလိုနေရင်း အင်အားယုတ်လျော့ သွားတတ်သည်။ 'သူပြောတာ ဟုတ်များ ဟုတ်လေမလား'ပေါ့။ သာမန်ဘေးလူမဟုတ်ဘဲ ကိုယ့်မယားအရင်းခေါက်ခေါက်ကြီး က ပြောတာဆိုတော့ ပိုဆိုးတာပေါ့။ ပြောပါများ မယားစကားအောင်ဆိုမဟုတ်လား။ ဒါကြောင့်လည်း မိန်းမဖျက်က ပြည်ပျက်တတ်စွာဆိုသကဲ့သို့ အလုပ်ထဲ မိန်းမ ဝင်ပါ လာသဖြင့် ထောင်လုပ်သက် အနှစ်လေးဆယ်အတွင်း ဒုက္ခသုက္ခရောက်သွားရသည့် ထောင်အရာရှိကြီးငယ်တွေက  တစ်ပုံတစ်ခေါင်းကြီး။

ခက်တော့ အခက်သား။ ထောင်အလုပ်ဆိုတာကလည်း လုပ်ငန်းတည်နေရာ နှင့် ပေးထားသော နေအိမ်တို့မှာ တစ်နေရာတည်းဖြစ်နေရာ အလုပ်ထဲ မိန်းမ ဝင်ပါချင်စရာ အလွန်ကောင်းနေသည်။ နဂိုကတည်းက အပေါ်စီးမှ နေရာရလာခဲ့သော မိန်းမမျိုး၊ မိန်းမကြောက်တတ်သော ယောကျ်ားမျိုးနှင့်ဆိုလျှင် နောက်ဆုံး ဒုက္ခတွေ့ရပြီသာမှတ်။

မိန်းမကြောက်ရသော ယောကျ်ားဆိုတာကတော့ နေရာတကာတိုင်းမှာ ရှိပါသည်။ အဲဒီအထဲမှာ ထောင်က ပိုဆိုးလေသလား မပြောတတ်။ ရှေးကလည်း ရှိခဲ့ဖူး၍ ယခုခေတ်လည်း မပပျောက်နိုင်သေး။ တချို့အရာရှိကတော်များ ဆိုလျှင် ယောကျ်ား တာဝန်ယူရသည့် ရိက္ခာဂိုဒေါင်သော့ကို လက်ကမချဘဲ ကိုင်ထားတတ်သည်အထိပင် အတင့်ရဲလာကြ၏။ ယင်းတို့၏ ခင်ပွန်းများမှာလည်း သက်ဆိုး မရှည်ကြပါ။ ပစ်စာ တိုင်စာများကြောင့် အလုပ်ထိခိုက်သည်အထိ အရေးယူခံရတတ်စမြဲ။ နောက်ဆုံးတော့ ယောကျ်ားတွေသာ အဓိကပါ။ အခရာပါ။ မိန်းမဆိုတာ လှေနှင့်မြင်းလို မယှွင်းဘဲ တူညီလို့ ဆိုရိုးစကား အရှိသားပဲ။ ပွဲဦးထွက်ကတည်းက အလျှော့ပေးလိုက်မိလျှင် အစရှိတော့ အနောင်နောင် ဆိုတာလို ဆက်ပြီး နင်းတက်လာမည်သာ ဖြစ်၏။

ရှေးခေတ်က ထောင်ပိုင်ဆိုလို့ ရယ်စရာလည်းကောင်း၊ သင်ခန်းစာယူစရာ လည်း ကောင်းလှသော ထောင်ပိုင်ကြီး တစ်ယောက်အကြောင်းကို ပြန်ပြောင်းတွေးမိ သေးတော့သည်။ "ခင်ဗျားတို့ ကျွန်တော်တို့ ထောင်ပိုင် ဖြစ်လာကြတဲ့ အချိန်ကျရင် ဒီလိုမဖြစ်ဖို့ အရေးကြီးတယ်ဗျ၊ အဲဒါ သိပ်သတိထားရလိမ့်မယ်"တဲ့။

"ဘာကိုပြောတာလဲ ဘရာသာ"

http://www.cherrythitsar.org



"မနက်ကကိစ္စကိုကြည့်လေ၊ အဘိုးကြီး ထောင်ထဲစဝင်ကတည်းက ဆူလိုက်ပွက်လိုက်တာ။ ပုဏ္ဏကတိုက်တာ ကျနေတာပဲ။ ခင်ဗျားတို့ ကျွန်တော်တို့ ထောင်မှူးပေါက်စတွေကို ဆူတာပွက်တာတော့ ထားပါတော့။ ဒါက ရိုးအီနေပါပြီ။ ခင်ဗျားတို့ ကျွန်တော်တို့တစ်တွေလဲ အရေထူနေကြပါပြီ။ အခုတော့ဗျာ ဘယ့်နှယ် ထောင်ပိုင်လေးတို့ ထောင်မှူးကြီးတို့ကို ပြောလိုက် ဆိုလိုက်တာများ ရစရာရှိသလား"

"အေးဗျာ၊ ကျုပ်တို့ဖြင့် ဘယ်လိုလုပ် မျက်နှာထားရမှန်းတောင် မသိဘူး"

ထောင်မှူးတစ်ယောက်က ဝင်၍ ထင်မြင်ချက်ပေးလိုက်သည်။

"အဲဒါ ဗျူရိုကရက် အငွေ့အသက်တွေပေါ့ဗျ။ လွတ်လပ်ရေးရပြီးတာ နှစ်နှစ်ကျော်ကျော်ရှိသေးတော့ သူတို့ ဗျူရိုကရက် ထောင်ပိုင်ကြီးတွေရဲ့ အမွေဆိုးတွေက အရိုးစွဲနေကြပြီကိုး"

"အလကားပါဗျာ၊ ဒီကိစ္စ အစအဆုံး ကျွန်တော်သိပြီးပါပြီ"

"ဘယ်လိုဖြစ်တာလဲ"

"မနက်က အဘိုးကြီးနဲ့ အဘွားကြီး နောင်ဂျိန်ပလေးကြတယ်တဲ့လေ"

"ပြဿနာက"

"ပြဿနာက ခင်ဗျားတို့ ကျွန်တော်အဖို့တော့ အသေးအဖွဲ့ပေါ့၊ ဒါပေမယ့် အဘိုးကြီး အဘွားကြီးအတွက်တော့ ဧရာမပြဿနာကြီး ဖြစ်နေတာကိုး"

"ဘယ်လိုဖြစ်တာလဲ"

"ဒီနေ့ တနင်္လာနေ့၊ မန်းဒေးအင်စပက်ရှင်းပရိတ် (Monday inspection parade) လေ။ အဲဒါ အဘိုးကြီးက ဝါဒါပရိတ်ကို ဘင်စတတ်နဲ့ စစ်ဆေးပြီးရင် မိန်းမထောင် ဝင်တယ်မဟုတ်လား"

"အေးလေ ဒါလုပ်နေကြပဲ"

"ဒီနေ့မနက်တော့ အဘွားကြီးက 'ရှင် မိန်းမထောင်ဝင်စစ်တဲ့အခါ ရှေ့က တစ်ခါ ကြည့်ပြီးရင် တော်ရောပေါ့၊ ဘာကိစ္စနောက်က တစ်လှည့် ထပ်စစ်ရတာလဲ'လို့ မေးသတဲ့"

"ဒီတော့"

"ဒီတော့ အဘိုးကြီးက 'ဟဲ့.... ဘယ်မှာ ငါနောက်က စစ်ဆေးလို့လဲ။ ရှေ့ကပဲ သူတို့နံပါတ်ကြီးတွေကို လျှောက်ကြည့်တာပါ'လို့ ပြန်ဖြေတာပေါ့။ ဒီတော့ အဘွားကြီးက 'ရှင်လူကြီးဖြစ်ပြီး ဖြောင်မလိမ်နဲ့။ ကျုပ် တနင်္လာနေ့တိုင်း အိမ်ပေါ်က စောင့်စောင့်ကြည့်နေတာ ကြာပြီ။ မိန်းမအကျဉ်းသူတွေကို ရှေ့ပိုင်းက စစ်ပြီးရင် နောက်ဘက်လှည့်သွားပြီး တော်တော်လေးကြာတော့မှ မိန်းမထောင်က ထွက်ထွက်လာတာ ကျွန်မမျက်စိနဲ့ အမြင်ပါ'လို့ ပြန်ပြောလိုက်တာပေါ့"

"အဘိုးကြီးက ဘာပြန်ပြောသလဲ"

http://www.cherrythitsar.org



"အဘိုးကြီးကလဲ အမှန်အတိုင်း 'သြော်.... ဒါလား၊ သူတို့နောက်ဘက်က လှည့်သွားမှ မိန်းမထောင်ကို ပတ်မိမှာကိုး။ ထောင်သန့်ရှင်းရေးလဲ ကြည့်ရသေးတယ် လေကွာ'လို့ ပြန်ပြောသတဲ့။ ဘာပြောပြော အဘွားကြီးကတော့ မာလိုးနိမ်းပဲ။ အဲဒီကတည်းက သူတစ်ပြန်ကိုယ်တစ်ပြန် အော်ဟစ်ရန်ဖြစ်ကြပြီး နောက်ဆုံး အဘွားကြီးက သနပ်ခါးတုံးနဲ့ အဘိုးကြီး ညို့သကျည်းကို ခေါက်လွှတ်လိုက်သတဲ့"

"သြော်.... ဒါ့ကြောင့် အဘိုးကြီး မနက်က ထောင်ထဲဝင်တော့ ခြေထောက်တစ်ဖက် ထော့နင်းထော့နင်း ဖြစ်နေတာကိုး။ နေစမ်းပါဦး၊ ဒီလောက် စေ့စေ့စပ်စပ် ခင်ဗျားကို ဘယ်သူက ဖောက်သည်ချလိုက်တာတုန်း"

"သူ့အော်ဒလီ (ordealy) ဘတုတ်ကလေးပေါ့ဗျ"

ထောင်ဂိတ်စားပွဲရှိ ထောင်မှူးများ တဝါးဝါးတဟားဟား ရယ်မောမိကြသည်။

ဤသည်တို့ကား လွန်ခဲ့သည့် အနှစ်လေးဆယ်ခန့် ထောင်မှူးမောင်မောင်တို့ အလုပ်ဝင်စ တွေ့ကြုံခဲ့ရသော အကျဉ်းထောင်လောက ပြယုဂ် တစ်စိတ်တစ်ဒေသပင်တည်း။

■

http://www.cherrythitsar.org

# ၄၄

ဗန်းမော်လေယာဉ်ကွင်းတွင် လေယာဉ် မဆိုက်မချင်း ဟိုတွေး၊ ဒီတွေး၊ အတွေးတွေ ကစဥ့်ကလျားဖြစ်နေရာမှ မင်းကြီးအကြောင်း တစ်ပတ်ပြန်ကျော့လာပြန်သည်။ အင်းစိန်ထောင်တွင် နေကြစဉ်က အဖြစ်အပျက်ကလေးတွေ ခေါင်းထဲ အစီအရီပေါ်လာ၏။

"ဟော့.... မောင်ကြည်၊ နော့(သ)ဖိုးဇီးရီးတူး ခေါ်မရသေးဘူးကွ"

ထိုစဉ်က တယ်လီဖုန်းများမှာ ယခုခေတ်လို အော်တိုတွေ မဟုတ်သေးပေ။ အိပ်ချိန်း (exchange) မှ တစ်ဆင့် မိမိလိုရာ နံပါတ်ကို ဆင့်ကဲဆင့်ကဲ ခေါ်ယူရ၏။

ရန်ကုန်တစ်မြို့တည်းပင် အိပ်ချိန်းတွေကလည်း များလှပါဘိတောင်း....။ central ဆိုတာက မြို့မ၊ East က အရှေ့၊ West က အနောက်၊ South ကတောင်၊ North က မြောက်၊ ငါးခု ခွဲထားသည်။ ထို့အပြင် ရန်ကုန် ဆေးရုံကြီးတို့၊ အတွင်းဝန်ရုံးတို့၊ ဟိုက်ကုတ်တို့၊ အကောက်ခွန်ရုံးတို့၊ စစ်ရုံးတို့၊ ငွေစာရင်းမင်းကြီးရုံးတို့မှာ အိပ်ချိန်းလိုင်းခွဲ အလတ်စားကလေးတွေ ရှိသေး၏။ အိပ်ချိန်းတစ်ခုလျှင် ရုံးအကြီးအသေးအလိုက် လိုင်းခွဲ ၅၀၀၊ ၃၀၀၊ ၂၀၀၊ ၁၀၀ စသည်အားဖြင့် ရှိတတ်သည်။ အင်းစိန်ထောင်မှာပင် လိုင်းခွဲ ၅၀ခန့် အနည်းဆုံး ရှိသည်။ ဒါလောက် လိုင်းခွဲတွေ များရသည့်ကြားထဲ ခလုတ်နှိပ်လို့လည်း မရ၊ မဂ္ဂနစ်တစ် လက်လှည့်တံနှင့် တဂွမ်ဂွမ် လှည့်နေရတော့ ဘယ်မှာ လွယ်လွယ်နှင့် ခေါ်လို့ ရနိုင်ပါမည်နည်း....။

ထိုအချိန်က ယခုမင်းကြီးဖြစ်နေသူမှာ ဒုတိယထောင်ပိုင်ဘဝဖြစ်၍ မိမိရုံးခန်းထောင့်တွင် ထိုင်နေသော အောပရေတာကို အော်မေးနေခြင်း ဖြစ်၏။

http://www.cherrythitsar.org



"မရသေးဘူး ဆရာကြီး၊ ကျွန်တော်လဲ ဆက်တိုက် လှည့်ခေါ်နေတာပဲ"

သူသည် တယ်လီဖုန်းခွက်ကို 'ဂွပ်'ခနဲ ဆောင့်ချလိုက်ပြီး....

"အဲဒီ အိပ်ချိန်းစုတ်ကြီး ကန်ချပစ်လိုက်ကွာ"

ကဲ.... သူပြောသလိုသာ အဲဒီ တယ်လီဖုန်း အိပ်ချိန်းဘုတ်ကြီးကို အော်ပရေတာက အရွဲ့တိုက်ပြီး တကယ်ကန်ချလိုက်ပါက မခက်ပါလား။ သို့သော်.... မည်သူက အရွဲ့တိုက်၍ ကန်ချဝံ့ပါမည်နည်း။ မင်းကြီးသည် ထိုစဉ်ကပင် စိတ်မြန်လက်မြန် ရှိသည်။ ဝူးဝူးဝါးဝါး လုပ်တတ်သည်။ သို့သော် မည်သည့်ဝန်ထမ်းကိုမျှ ဒုက္ခရောက် အောင် မှတ်တမ်း မှတ်ရာနှင့် ဒုက္ခပေးလေ့ပေးထ မရှိ။

ခက်တာက ထိုစဉ်အခါက အင်းစိန်ထောင်ကြီးကို ဦးစီးကွပ်ကဲ အုပ်ချုပ်နေသူမှာ ဝဏ္ဏကျော်ထင်ဘွဲ့ရ ထောင်ပိုင်ကြီး ဖြစ်သည်။ သူက စည်းကမ်း အလွန်ကြီးသည်။ ထောင်ဥပဒေစာအုပ်ကြီးကို အရည်ကျိုသောက်ပြီး အသေဆုပ်ကိုင်ထားသူ ဖြစ်၏။ သူကိုယ်တိုင်လည်း အတိအကျလိုက်နာသည်။ သူ့လက်အောက်က ဝန်ထမ်းတွေကို လည်း သူ့လိုပင် နည်းစနစ်ကျစေချင်သည်။ လုပ်ငန်းခွင် တာဝန်တွေကို ရာခိုင်နှုန်းပြည့် ကျေပွန်စေချင်သည်။ သို့သော်.... တကယ်တမ်း လက်တွေ့ကျတော့ သူမျှော်မှန်းသလို အဘယ်မှာ စိတ်တိုင်းကျ ဖြစ်လာပါအံ့နည်း။ လက်ချောင်းကလေးများပင် တစ်ပြေးညီ မဟုတ်ဘဲ အတိုအရှည်ရှိသေးရာ သူစိတ်တိုင်းကျတာတွေက နည်းနည်းလောက်၊ စိတ်တိုင်းမကျ နိုင်တာတွေက ဒုနဲ့ဒေး။

စိတ်တိုင်းမကျနိုင်တိုင်း အောက်ကလူတွေကို ဖိဆူ၊ ထောင်ပိုင်လေးတို့ ထောင်မှူးကြီးတို့ကလည်း 'ငါ့မိန်းမက ငါ့ကိုနိုင်၊ ငါက ကြက်မကြီးနိုင်' ဆိုတာလို အောက်က ထောင်မှူးတွေ ဖိပွက်နှင့် ထောင်မှူးမောင်မောင်တို့တစ်တွေမှာ စကတည်းက ယဉ်သကိုဆိုတာလို အလုပ်ဝင်စကတည်းကပင် ထွက်ပြေးချင်သည့်စိတ်တွေ တဖွားဖွား ပေါ်လာခဲ့ရသည်။ တကယ်ထွက်ပြေးကြသည့် ထောင်မှူးတွေလည်း နည်းနည်းနောနော မဟုတ်။

"ဒေါင်.... ဒေါင်.... ဒေါင်"ဟူသော သံချောင်းခေါက်သံကြားရမှ အတွေး လက်စပြတ်သွားသည်။ မပြတ်လို့ မဖြစ်။ ၁၅ မိနစ်ခန့်အတွင်း လေယာဉ်ဆိုက်တော့ မည်။ ဆုတောင်းရပြန်ပြီ။ အလာခရီးတစ်လျှောက် မင်းကြီး စိတ်လက်ကြည်သာ ချမ်းမြေ့ပါစေ....ဟု။

တော်ပါသေးသည်။ လေယာဉ်ပေါ်မှ ဆင်းလာသော မင်းကြီးမျက်နှာကို ကြည့်လိုက်တော့ ပြုံးလို့ရွှင်လို့....။ သူ့နောက်ကပါလာသော ပီအေဦးမျိုးမြင့်ကို အသာကပ်၍ မေးကြည့်ရသေးသည်။

"ဘယ့်နှယ်လဲ အိုကေရဲ့လား"

"အိုကေပါတယ်။ ဘယ်မှာ တည်းဖို့လုပ်ထားသလဲ"

http://www.cherrythitsar.org



"အစိုးရ ဗိုလ်တဲမှာလေ။ အခုတော့ သံတဲ ခေါ်တာပေါ့"

"အဲဒီမှာ သရဲခြောက်တဲ့ အခန်းလေး ဘာလေးများ မရှိဖူးလား"

"ဘာလုပ်ဖို့လဲ"

"အဘိုးကြီး ထားရအောင်လို့ပါ"

"ဘာလဲ၊ အဘိုးကြီးက သရဲကြောက်တတ်လို့လား"

ဦးမျိုးမြင့် ဘာမှပြန်မဖြေနိုင်မီ အကျဉ်းဌာနမင်းကြီးက ထောင်မှူးကြီး မောင်မောင်တို့ ပစ္စည်းတင်နေကြသော ကားအနီးသို့ ရောက်လာသည်။

"ပစ္စည်းတွေစုံပြီလား ကိုမျိုးမြင့်"

"စုံပါပြီ မင်းကြီး"

မင်းကြီးက ကားကိုကြည့်ပြီး....

"ဘယ်က လင့်ရိဘာလဲ ဦးမောင်မောင်"

"ရဲက ဒီအက်စ်ပီကားပါ ဆရာကြီး၊ ဒီ ဗန်းမော်မှာက ကားသိပ်ရှားပါတယ်"

မှန်၏။ ဗန်းမော်တွင် ဌာနဆိုင်ရာကားရော၊ ကိုယ်ပိုင်ကားပါ အင်မတန်ရှား ပါးသည်။ လမ်းတွေကတော့ ကောင်းပါ၏။ ကတ္တရာလမ်းမကြီးတွေ ဖြူးလို့။ သို့သော် အဆင်းအတက်၊ ကုန်းနိမ့်ကုန်းမြင့်ကလေးများ ပေါသည်။ မြင်းလှည်းရိုးရိုးနှင့် လေးဘီး တပ် ရှေးရထားလုံး မြင်းလှည်း လေးငါးစီးလောက်တော့ ရှားရှားပါးပါး တွေ့ရသည်။ ထောင်မှာလည်း ဘာကားမျှ မရှိ။ ထောင်ပိုင်ကတော်ကြီး ဈေးသွားချင်လျှင် ထောင်ပိုင် ကြီးက စက်ဘီးနင်း၍ ဈေးလိုက်ပို့။ ကုန်းတက် မတ်စောက်သည့်အခါ ဟောဟဲလိုက် ၍ ထောင်ပိုင်ကတော်ကို အဆင်းခိုင်းပြီး စက်ဘီးတွန်းတက်ကြ၊ အဆင်းကျတော့ ဇိမ်ကလေးနှင့် လိမ့်ချသွားရုံသာ။

ဗိုလ်တဲရောက်၍ ပစ္စည်းများ နေရာချထားပြီးမှ မင်းကြီးက....

"နေ့လယ်စာ စားပြီး တစ်အောင့်တစ်နား နေသေးတာပေါ့။ နေ့ခင်းလောက်မှ ခ–လ–က ဥက္ကဋ္ဌ သွားတွေ့ကြရအောင်"

"ဒီနေ့ တနင်္ဂနွေနေ့ ရုံးပိတ်ပါတယ် ဆရာကြီး"

"အိမ်သွားတွေ့ကြတာပေါ့။ ကိုယ့်ဝတ္တရားပဲ၊ ဒါထက် ကသာသွားဖို့အတွက် သင်္ဘောလက်မှတ် ရထားပြီးပြီလား"

ထောင်မှူးကြီးမောင်မောင်က မှတ်စုစာအုပ်ထဲမှ အထက်တန်း သင်္ဘော လက်မှတ် နှစ်စောင်ကိုထုတ်၍ မင်းကြီးကိုပြပြီး သူ့ကိုယ်ရေးအရာရှိ ဦးမျိုးမြင့်ထံ လှမ်း ပေးထားလိုက်သည်။ သည်တော့ မင်းကြီးသည် စိတ်ချလက်ချ ဖြစ်သွားဟန်ဖြင့် သူ့ အတွက် ပြင်ဆင်ထားသော အခန်းထဲသို့ ဝင်သွားတော့သည်။

"ထမင်း ဘယ်အချိန်လောက် ကျွေးရမလဲ ဦးမျိုးမြင့်"

"သူကတော့ အစ်ကိုတို့ ကျွေးတဲ့အချိန်စားမှာပဲ။ အခု ၁၀ နာရီ ထိုးပြီဆိုတော့

http://www.cherrythitsar.org



၁၁ နာရီခွဲလောက် စားကြတာပေါ့”

“နေပါဦး၊ စောစောက စကားစ ပြတ်သွားလို့။ အဘိုးကြီးက သရဲတို့တစ္ဆေတို့ ကြောက်တတ်လို့လား”

“ဘာရယ်လို့ မဟုတ်ပါဘူးဗျာ၊ တစ်ခါတစ်ခါ ခပ်ကြောင်ကြောင်ရယ်။ ပခုက္ကူထောင် သွားစစ်ကြတုန်းက တစ်ခါကြုံရဖူးပြီ။ အဲဒီတုန်းက ရုံးအုပ်ကြီး ဦးခင်မောင်မြင့်လဲ ပါတာပေါ့”

“အဲဒီတုန်းက တကယ်ကော သရဲခြောက်လို့လား”

“ဖြစ်ပုံက ဒီလိုဗျ။ ထောင်ပိုင်ကြီးကလဲ ဦးထွန်းခင်လေ၊ သူက အပေါင်းအသင်းကောင်းတယ် မဟုတ်လား။ နောက်ပြီး ညနေစာကိုလဲ မင်းကြီးနဲ့ အတူတူစားရမှာဆိုတော့ နည်းနည်းပါးပါး သောက်ရစားရအောင် အကြံအဖန်လုပ်တာပေါ့။ ခရိုင်ဝန်တို့၊ ဒီအက်စ်ပီတို့ကိုပါ ထမင်းစား ဖိတ်ထားလိုက်တယ်လေ”

“အင်း.... ဟုတ်တာပေါ့လေ၊ မင်းကြီးကမှ အရက်မသောက်တတ်ဘဲကိုး”

“အဲဒါနဲ့ ညကျတော့ စားရင်းသောက်ရင်း ဒီအက်စ်ပီကြီးက ပခုက္ကူဗိုလ်တဲမှာ သရဲခြောက်တတ်တယ် ဆိုတဲ့အကြောင်းကို စပါလေရောဗျို့။ လေကလေးက နည်းနည်းရနေတော့ သူကလဲ ဇာတ်ကွက်ဇာတ်လမ်းကလေးနဲ့ဗျ”

စစ်ပြီးခေတ်က မစ္စတာဘရောင်းဆိုသူ မျက်နှာဖြူ အရေးပိုင်ကြီးတစ်ယောက် ရှိသည်ဆို၏။ အရေးပိုင်ဆိုသည်မှာ မြို့သုံးလေးမြို့ကို စုပေါင်းထားသည့် ခရိုင်ကြီး တစ်ခရိုင်တွင် အာဏာအရှိဆုံး ဖြစ်၏။ သို့ဖြစ်၍ လွတ်လပ်ရေးရပြီးခေတ်တွင် အရေးပိုင် အစား ခရိုင်ဝန်ဟု ပြောင်းလဲ ခေါ်ဝေါ်ခဲ့ကြသည်။ အရေးပိုင်ကြီး မစ္စတာဘရောင်းမှာ တောပစ်အလွန် ဝါသနာပါ၏။ သရက်ခရိုင်တွင် နေစဉ်က တောပစ်ထွက်ရင်း ကျားမကြီး တစ်ကောင်ကို ပစ်လိုက်ရာ ထိမှန်သေဆုံးသွားပြီး နို့စို့အရွယ် ကျားငယ်ကလေး တစ်ကောင် ကျန်ရစ်ခဲ့သည်။ အရေးပိုင်ကြီးမှာ ကျားငယ်ကလေးကို သနားလည်း သနား၊ ကျားပေါက်စကလေးဆိုတော့ ချစ်စရာကလည်း ကောင်းသဖြင့် အိမ်သို့ယူခဲ့ ကာ နို့တိုက်မွေးမြူစေခဲ့သည်။ အရေးပိုင်ကတော်ကြီး မစ္စစ်ဘရောင်းမှာ ကျားပေါက်စ ကလေးပါလာစက မျက်နှာတစ်ခုလုံး ရှုံ့မဲ့ပြီး မကျေမနပ်သောအမူအရာ ဖြစ်ခဲ့သော် လည်း နောက်ပိုင်းတွင် အိမ်မှာသာ အနေများသော မိမိနှင့် ပို၍ ယဉ်ပါးလာခဲ့သည်။ သံယောဇဉ် ဖြစ်လာခဲ့သည်။ ထိုအချိန်မှစ၍ အရေးပိုင်ကြီး မစ္စတာဘရောင်းမှ အမည်ရင်းပျောက်ကာ ကျားအရေးပိုင်ကြီး၊ ကျားအရေးပိုင်ကြီးဟု အမည်တွင်လာခဲ့ သည် ဆို၏။ ကျားကလေးမှာလည်း တစ်စတစ်စနှင့် ယဉ်ပါးလာကာ အရေးပိုင် ကတော်ကြီး ကားနှင့် အပြင်ထွက်လျှင် ကားပေါ်မှာလိုက်၊ အိမ်မှာ နေသည့်အခါများ တွင်လည်း ပြေးလိုက် သွားလိုက် ကစားလိုက်နှင့်။ သားသမီးများကို အင်္ဂလန်တွင် ထားရစ်ခဲ့ရသည့် အရေးပိုင်ကတော်ကြီးမှာ ကျားကလေးကိုပင် သားငယ်တစ်ယောက်

http://www.cherrythitsar.org



သဖွယ် တယုတယ ကျွေးမွေး ပြုစုလာခဲ့သည်။ ကျားကလေးကိုလည်း ယူလာခဲ့စက ကြောင်တစ်ကောင်နှင့်တူသဖြင့် 'ပူစီ' ဟု အမည်ပေးထားကြသည်။ 'ကျားဆရာ ကြောင်ဆို မဟုတ်လား'။

မျှားမကြာမီ ကျားအရေးပိုင်ကြီးသည် သရက်ခရိုင်မှ ပခုက္ကူခရိုင်သို့ ပြောင်း ရွှေ့ခဲ့ရသည်။ ပခုက္ကူမှ အရေးပိုင်ကြီးမှာ ပင်စင်ယူပြီး ဘိလပ်သို့ ပြန်ရတော့မည် ဖြစ်၏။ သဘော်ရက် မရသေးသဖြင့် နေအိမ်မှ ဖယ်မပေးသေးမီ ကျားအရေးပိုင် မိသားစုမှာ အခိုက်အတန့်အားဖြင့် ဗိုလ်တဲမှာပင် နေကြရသည်။ တစ်ဖက်ကလည်း အရေးပိုင်နှစ်ဦး မှာ အလုပ်လွှဲပြောင်း လက်ခံရေးအတွက် စီစဉ်လျက်ရှိကြ၏။ တစ်နေ့တွင် ကျား အရေးပိုင်ကတော်ကြီးသည် ရေချိုးခန်းထဲတွင် ရေနွေးနှင့် ရေအေးတို့ကို စိတ်ကြိုက် ရောစပ်ပြီး ဇိမ်ခံရေချိုးလျက်ရှိသည်။ ပြီးသည်နှင့် ရေဇလုံကြီးထဲမှ ထွက်ကာ မွေးပွ တဘက်ကြီးတစ်ထည်ဖြင့် တစ်ကိုယ်လုံး ပြောင်စင်အောင် နေရာအနှံ့ ပွတ်လိုက် ပြန်သည်။ စိတ်ရှိလက်ရှိ သုတ်သင်သန့်စင်ပြီးမှ တန်းပေါ်မှ ဂါဝန်ကို ယူလိုက်သောအခါ ရေမချိုးမီက ပူစီနှင့် ကစားထားသဖြင့် ညစ်ပတ်ပေရေနေသည်ကို တွေ့လိုက်လေသည်။ အရေးပိုင်ကတော်ကြီးသည် ကိုယ်ပေါ်တွင် တဘက်ကို လုံခြုံအောင် လွှမ်းလိုက်ပြီး ရေချိုးခန်းတံခါးကို ခပ်ဟဟကလေး ဖွင့်လိုက်သည်။

"အမီနာရေ.... အမီနာ"

"ဆပ်.... လာပြီ.... သခင်မဆပ်"

အမီနာဆိုတာက အရေးပိုင်ကတော်ကြီး၏ အိမ်ဖော်တစ်ယောက်၊ အဲဒီခေတ် က မျက်နှာဖြူအရာရှိဆိုလျှင် 'သခင်' ခေါ်ရသည်။ အရာရှိကတော်ကို 'သခင်မ'ဟု ခေါ်ရ၏။ တချို့ မြို့ပိုင် နယ်ပိုင်တွေများ အရေးပိုင်ကြီးက ခေါ်လျှင် 'ဘုရား'ဟုပင် ထူးကြရသည်။ အမီနာ အပြေးအလွှား ရောက်လာ၏။

"ဘာခိုင်းမလို့လဲ သခင်မ"

"ငါ့အခန်းထဲက ဗီရိုထဲမှာ ဟိုအနီနဲ့ အပြာ အပြောက်အပြောက် ဂါဝန် တစ်ထည် သွားယူခဲ့စမ်း"

ထိုအချိန်တွင် အရေးပိုင်ကတော်ကြီးမှာ မြန်မာလိုရော ကုလားလိုပါ မွှတ်နေပြီ။ အမီနာပင် အင်္ဂလိပ်လို ချောက်ချီးချောက်ချက် ပြောတတ်နေပြီ ဖြစ်၏။

"အချားဆပ်"

"နေဦး.... အမီနာ၊ အဲဒီဂါဝန် ပူစီကို အပေးခိုင်းလိုက် မာလိုးတဲ"

"အချားဆပ်"

ဒီအက်စ်ပီကြီးက အာခြောက်သွားဟန်ဖြင့် အရက်ဖန်ခွက်ကို ကောက်ယူပြီး တစ်ကျိုက် နှစ်ကျိုက် မော့လိုက်သည်။ အကျဉ်းဌာနမင်းကြီးမှာ အရက်သောက်တတ် သူ မဟုတ်ရကား သူ့ရှေ့ရှိ အအေးဖန်ခွက်ကို လက်စသတ်လိုက်၏။ ထမင်းဆာလာ

http://www.cherrythitsar.org



ဟန်လည်း တူပါသည်။

"ကဲပါလေ စားရင်းသောက်ရင်း ပြောကြတာပေါ့"

ခရိုင်ဝန်ကြီးက အရက်ခွက်ကို ကောက်ကိုင်လိုက်ပြီး....

"နေပါဦးလေ၊ ပြီးခါနီးပါပြီ။ ခုမှ ကောင်းခန်းကို ရောက်တော့မှာ မင်းကြီးရ။ ကဲ ဆက်စမ်းပါဦး ဒီအက်စ်ပီကြီးရဲ့"

"အင်း.... အမိနာကတော့ သူ့သခင်မ ပို့ခိုင်းလိုက်တဲ့အတိုင်း ဂါဝန်ကို ကျားကလေးပါးစပ်ထဲ ပေးလိုက်ပြီး သွားအပို့ခိုင်းလိုက်တာပေါ့။ ခါတိုင်းလဲ ဒီအတိုင်းပဲ ခိုင်းနေကျကိုး။ အဲဒါနဲ့ ပူစီလည်း ရေချိုးခန်းထဲရောက်ရော အရေးပိုင်ကတော်ကြီးက တံခါး ကို ဂျိန်းခနဲ ပိတ်လိုက်ပြီး 'ဂလောက်ခနဲ ချက်ထိုးလိုက်ရောတဲ့"

မင်းကြီးက စိတ်သိပ်ရှည်ဟန်မတူ

"အဲဒါနဲ့ ဇာတ်လမ်း ပြီးသွားရော ဆိုပါတော့"

ခရိုင်ဝန်ကြီးက....

"ဘယ်က ဇာတ်လမ်းပြီးရဦးမှာလဲ။ ကဲ....ဒီအက်စ်ပီကြီး၊ ခင်ဗျားဇာတ်လမ်း အဆုံးသတ်တော့ဗျာ၊ မင်းကြီးကြည့်ရတာ ထမင်းဆာနေပြီနဲ့ တူပါတယ်"

ဒီအက်စ်ပီကြီးက အရက်ဖန်ခွက်ထဲမှ လက်ကျန်တစ်ဝက်ကို အပြတ်ရှင်း လိုက်ပြီး၊

"ဟုတ်တယ်၊ မင်းကြီးပြောတာအမှန်ပါပဲ။ မျက်မြင်ဇာတ်လမ်းကတော့ အဲဒီမှာ ဆုံးခန်းတိုင်ပြီလို့ ဆိုရတော့မှာပေါ့။ ဘာပြုလို့လဲဆိုတော့ ကျန်တဲ့ဇာတ်သိမ်းပိုင်းက အသံတွေသာ ကြားနေရပြီး မျက်စိနဲ့မှ မမြင်ရတော့တာကိုး"

ပြီးခါနီးမှ မင်းကြီးလည်း စိတ်ဝင်စားလာဟန် တူပါသည်။

"ဘယ်လို အသံတွေ ကြားရလို့လဲ"

"အမိနာပြန်ပြောသမျှတော့ စောစောပိုင်း ရေချိုးခန်းထဲမှာ ပြေးသံလွှားသံတွေ ကြားနေရတယ်တဲ့။ အရေးပိုင်ကတော်ရဲ့ ပျော်ပျော်ရွှင်ရွှင် ရယ်မောနေသံကိုလဲ ကြား နေရတော့ စောစောကတည်းက အရေးပိုင်ကတော်နဲ့ ကျားကလေး ကစားနေကြတယ် လို့ ထင်ရတာပေါ့။ နောက်ပိုင်းကျမှ ကြောက်စရာကောင်းတဲ့ ကျားဟိန်းသံကို ကြား လိုက်ရပြီး အရေးပိုင်ကတော်ရဲ့ စူးစူးဝါးဝါး ငယ်သံပါအောင် အော်သံကိုကြားလိုက်ရ တော့ ရေချိုးခန်းထဲမှာတော့ တစ်ခုခုဖြစ်ပြီဆိုပြီး ရေချိုးခန်းတံခါးကို သွားတွန်းဖွင့်ကြည့် ပေမယ့် အထဲက ချက်ချထားတော့ ဖွင့်လို့ မရဘူးပေါ့။ အဲဒါနဲ့ အမိနာက မာလီကုလား စွပ်ပရားကို အရေးပိုင်ရုံးပြေးပြီး အခေါ်ခိုင်းရတာပေါ့။ အရေးပိုင်ကြီးကလည်း အူယား ဖားယား ရုံးကကားနဲ့ ဗိုလ်တဲပြန်လာပြီး အံဆွဲထဲက ခြောက်လုံးပြူးကိုထုတ် ရေချိုး ခန်း တံခါးကို တွန်းဖွင့်ကြည့်ကြတော့ အထဲမှာ သွေးစိမ်းရှင်ရှင် ပန်းထွက်ပြီး အသက် ပျောက်နေတဲ့ အရေးပိုင်ကတော်ကို တွေ့လိုက်ကြရတယ်။ ကျားပေါက်ကလေး ပူစီက

http://www.cherrythitsar.org



တော့ အဲဒီသွေးတွေကို လျှာနဲ့ အားရပါးရ လျက်နေတာကို တွေ့ရတာနဲ့ အရေးပိုင်ကြီး လည်း စိတ်မထိန်းနိုင်တော့ဘဲ ကျားပေါက်ကလေးကို ခြောက်လုံးပြူးထဲက ကျည်ဆန် ခြောက်တောင့်ကုန်သည်အထိ ပစ်သတ်လိုက်ရတော့တာပေါ့"

ခရိုင်ဝန်ကြီးက ဝင်၍ နိဂုံးကမ္ပတ် အဆုံးသတ်ပေးလိုက်သည်။

"အဲဒီကတည်းက ဒီ ပခုက္ကူဗိုလ်တဲမှာ သရဲခြောက်တယ်ဆိုပြီး နာမည်ကြီးခဲ့ တာ ခုထက်ထိပါပဲဗျာ"

အကျဉ်းဌာနမင်းကြီး၏ မျက်နှာမှာ သိပ်ပြီး သာယာပုံ မရတော့။ သို့သော် ဟန်ကိုယ့်ဖို့ ဆိုတာလို....

"ဟာ မဖြစ်နိုင်တာဗျာ။ အင်္ဂလိပ်ခေတ်က ဖြစ်ခဲ့တဲ့ ဇာတ်လမ်းပဲ။ ဂျပန်ခေတ် တစ်ခေတ်လုံးပဲ ကျော်လာခဲ့ပြီ။ ခုလောက်ဆို ကျွတ်လောက် လွတ်လောက်ရောပေါ့။ နေပါဦး၊ ဘယ်လိုခြောက်တာလဲ"

ဒါမျိုးဆိုတာက အခက်သား၊ တစ္ဆေသရဲကြောက်တတ်သူတို့သည် ကြောက် လည်း ကြောက်သည်၊ ဘယ်လိုခြောက်ပါလိမ့် ဆိုတာကိုလည်း သိချင်တတ်ကြသည်။

"အမျိုးမျိုးပဲ၊ ရေချိုးခန်းထဲက ဆူဆူညံညံအသံတွေကို ကြားရတဲ့သူလဲ ရှိတယ်။ ဂါဝန်ဝတ်လက်စ မျက်နှာဖြူအမျိုးသမီးပုံလိုလို တွေ့ဖူးသူလဲ ရှိတယ်။ တချို့များ ကျားဟိန်းသံတောင် ကြားရဖူးတယ်လို့ ပြောကြတာပဲ"

ဦးမျိုးမြင့်က ပခုက္ကူဗိုလ်တဲမှ ဖြစ်ကြောင်းရယ်ကုန်စင်ကို နတ်သံနှောပြီးသည့် နောက် ထောင်မှူးကြီးမောင်မောင်က....

"နို့.... ညကျတော့ တကယ်ကော သရဲခြောက်လို့လား"

"ခြောက်လား မခြောက်လားတော့ မသိဘူး အစ်ကိုရေ၊ ဦးခင်မောင်မြင့်နဲ့ ကျွန်တော်တို့တော့ တစ်ညလုံး မအိပ်ကြရဘူး။ တော်တော်ကြာ ဦးခင်မောင်မြင့် သွားနှိုး လိုက်၊ ကျွန်တော့်ကို လာနှိုးလိုက်နဲ့ သူ့အခန်းလိုက်ကြည့်ပြန်တော့လည်း ဘာမှ ထူးထူးထွေထွေ မတွေ့ရဘူး။ ဘယ်လိုခြောက်သလဲ မေးကြည့်တော့ လူတစ်ယောက် ကပဲ လာပြီး လှုပ်နှိုးသလိုလို။ ရေချိုးခန်းထဲကပဲ တစ်ချွတ်ချွတ်ကြားသလိုလို ပြောတာ ပဲ။ မတတ်သာတဲ့ နောက်ဆုံး မနက်နှစ်နာရီလောက်ကျမှ သူသောက်နေကျ ဆေး နှစ်လုံးကို ဖွတ်တိုက်ပြီး ပြန်လာခဲ့ကြရတယ်"

"သူသောက်နေကျဆေးက ဘာဆေးလဲ အစ်ကိုရ"

"ဗေလီယံပဲပေါ့"

ယခုမှပင် ထောင်မှူးကြီးမောင်မောင်၏ ရင်ထဲတွင် မရှင်းလင်းသေးသည့် ပြဿနာတစ်ခု အဖြေပေါ်သွားတော့သည်။ သူသည် ရုံးချုပ်သို့ ရောက်တိုင်းလိုလိုပင် တာဝန်အရ အကျဉ်းဌာနမင်းကြီးထံ သတင်းပို့ရသည်၊ မိမိတင်ပြစရာရှိသည်တို့ကို တင်ပြ၍ မိမိအား ညွှန်ကြားသည်များကို လိုက်နာဆောင်ရွက်ရန် မှတ်သားနာယူ

http://www.cherrythitsar.org



ရသည်။ တစ်ခါတစ်ရံ မင်းကြီး မအားလပ်သည့် အခါများတွင် နာရီဝက်ကျော်ကျော် တစ်နာရီခန့်အထိ သူ၏စားပွဲရှေ့ ကုလားထိုင်တွင် ထိုင်စောင့်နေရတတ်၏။ မင်းကြီးသည် အရက်မသောက်တတ်သော်လည်း စီးကရက်တော့ လက်ကြားက ချလေ့မရှိ။ တစ်လိပ်ပြီးတစ်လိပ် ဆက်လက်သောက်နေတတ်သူ ဖြစ်သဖြင့် (change smoker) တစ်ယောက်ဟု ဆိုလောက်ပေသည်။ အလုပ်လုပ်ရင်း၊ စကားပြောရင်း စိတ်တိုလာလျှင်ကား သောက်လက်စ စီးကရက်အရှည်ကြီးကိုပင် ဆေးလိပ်ခွက်ထဲ ဖိထိုးခြေမွပစ်တတ်သည်။ သူ၏ စားပွဲပေါ်တွင် တယ်လီဖုန်းနှစ်လုံးရှိရာ တယ်လီဖုန်းတစ်လုံးနှင့် စကားပြော၍ မပြီးပြတ်သေးခင် နောက်တစ်လုံးထပ်လာလျှင် ကျန်တစ်ဖက်နှင့် ကောက်ကိုင်ပြီး နားထောင်လေ့ရှိ၏။ နှုတ်ခမ်းကြားမှ စီးကရက်ကလည်း ခဲမြဲခဲလျက်။ လူတစ်ယောက် နားနှစ်ဖက်ပါသဖြင့် တယ်လီဖုန်းနှစ်လုံးကို ပြိုင်တူနားထောင်နိုင်သော်လည်း ပါးစပ်က တစ်ပေါက်တည်းသာရှိတော့ ဘယ်လိုလုပ်၍ တစ်ဖက်လူနှစ်ယောက်ကို အဆင်ပြေအောင် ပြန်ပြောနိုင်ပါ့မည်နည်း။ လက်အောက်မှ တပည့်တပန်းတစ်ဦးကိုလည်း ခေါ်၍ ပြောခိုင်းလေ့မရှိ။ ကြာလာတော့ မင်းကြီးစိတ်တိုလာပြီး မီးသေမည် ထင်ရသည့် တယ်လီဖုန်းကို 'နောက်မှ ပြန်ဆက်ဗျာ'ဟု ပြောကာ ဂွပ်ခနဲ ပြန်တင်လိုက်တတ်၏။ ကျန်တစ်ဖက်ကို စကားဆက်ပြောမယ်လည်း လုပ်ရော တစ်ဖက်မှ လည်း သူ့ကိုနောက်မှ ပြန်ဆက်ခိုင်းသည် အထင်နှင့် တယ်လီဖုန်း ပြန်ချသွားလေပြီ။ ထိုအခါ မင်းကြီးသည် ကျန်တယ်လီဖုန်း တစ်လုံးကို ဂွပ်ခနဲ ပြန်တင်လိုက်၏။ ပြီးသည်နှင့် စီးကရက်ကို ပြာခံခွက်ထဲတွင် ထိုးခြေလိုက်ပြီး 'ဟူး'ခနဲ သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်သည်။ ထို့နောက် စားပွဲအံဆွဲကိုဖွင့်ကာ ဆေးကတ်ပြားလေးထဲမှ ဆေးပြားတစ်ပြားကို ရေနွေးကြမ်းနှင့် မျှောချလိုက်လေသတည်း။

ဩော်.... လက်စသတ်တော့ အဲဒီတုန်းက သူသောက်တဲ့ဆေးက စိတ်ငြိမ်ဆေး ဗေလီယံကိုး။

ထောင်မှူးကြီး မောင်မောင်က ဦးမျိုးမြင့်အား....

"ဒီ ဗန်းမော်ဗိုလ်တဲမှာလဲ သရဲခြောက်တဲ့ ရာဇဝင်ရှိပါတယ်။ ညကျရင် ဘတ္တလာ မဂ္ဂနန်းကို ဇာတ်စုံခင်းခိုင်းလိုက်ရမလား"

ဦးမျိုးမြင့်က မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားပြီး....

"အမယ်လေး.... မလုပ်လိုက်ပါနဲ့ အစ်ကိုရာ၊ တောင်းပန်ပါတယ်။ ညကျရင် ကျွန်တော်တစ်ယောက်တည်း ဒုက္ခဖြစ်ရမှာ။ ဦးခင်မောင်မြင့်တို့၊ ဦးအုန်းမြိုင်တို့လဲ ပါကြတာ မဟုတ်ဘူး။ နောက်ပြီး အဘိုးကြီး ဒီညအိပ်မပျော်ရင် နောက်တစ်နေ့ မနက် အစ်ကို့ထောင်စစ်တော့ အစ်ကို နာသွားမှာပေါ့"

"အင်းလေ၊ ဒါလဲ ဟုတ်တာပဲ၊ ဆရာ ဦးထွန်းခင်တို့ကျတော့ လူကြီးချင်းဖြစ်နေလို့ တော်ရုံတန်ရုံသိပ်ပြောမှာမဟုတ်ဘူး။ ကျွန်တော်တို့ကျတော့ ငယ်နိုင်မဟုတ်လား

http://www.cherrythitsar.org



ပြောစရာရှိ ဖိပြောမှာ တွယ်စရာရှိရင်လဲ ဖိတွယ်မှာ”

ထောင်မှူးကြီး မောင်မောင်သည် နောက်တစ်နေ့နံနက် အစောကြီးထ၍ ဘုရားရှိခိုးနေကျပါ။ သို့သော် ဒီနေ့လောက် ဝီရိယမကောင်း။ စိပ်ပုတီး စိပ်ပြန်တော့လည်း အရှည်ကြီး။ ရသမျှ ဘုရားစာများကိုလည်း တစ်ခုမကျန် ရွတ်ဖတ်သရဇ္ဈာယ်လျက်။

ငယ်စဉ်က အင်္ဂလိပ်–မြန်မာနှစ်ဘာသာသင်သော ပျော်ဘွယ်မြို့ အမျိုးသားအထက်တန်းကျောင်းတွင် နေခဲ့ရသည်။ အဖိတ်ဥပုသ် ကျောင်းပိတ်ရက်များတွင် မိဘများက အိမ်မှာ အလကားမထား၊ မိမိတို့ကိုးကွယ်သော မင်းကျောင်းသို့ စေလွှတ်၍ မင်္ဂလသုတ် ပရိတ်ကြီးတို့ နမက္ကာရတို့ကို ကျက်စေသည်။ ဘုန်းတော်ကြီး၏ ဝေယျာဝေစ္စများကို ဆောင်ရွက်စေသည်။ ထိုမျှမကသေး၊ ဂျပန်ခေတ်က ချွေးတပ်ဆွဲမှာကြောက်သဖြင့် ကိုယ်ရင်တစ်ဝါ ဆိုခဲ့ဖူး၏။ ချွေးတပ်ဆိုသည်မှာ ဂျပန်များ၏ စစ်ဆင်ရေး အစီအစဉ်အရ ယိုးဒယား မြန်မာ မီးရထားလမ်း ဖောက်လုပ်ရန် အလုပ်သမားဆွဲခြင်း ဖြစ်၏။ သံဖြူဇရပ်ဘက်တွင် ငှက်ဖျားမိ၍ သေလိုက်ကြသည့် ချွေးတပ်တွေ သောက်သောက်လဲ။ ယင်းကဲ့သို့ သူငယ်စဉ်က ဘုန်းကြီးကျောင်းရိပ်ခိုခဲ့ခြင်း၊ ကိုရင်တစ်ဝါဆိုခဲ့ခြင်းအားဖြင့် ရဟန်းသံဃာ ဝေယျာဝေစ္စ ဝတ်ကြီးဝတ်ငယ်တို့ကို ကျွမ်းကျင်နားလည်ခဲ့သည်။ ငါးရာ့ငါးဆယ်တို့ ဗုဒ္ဓဝင်တို့ ဇာတ်ကြီးဆယ်ဘွဲ့တို့နှင့် တရင်းတနှီးရှိခဲ့ခြင်းအားဖြင့် အထက်တန်းကျောင်းသားဘဝ ရောက်လာသောအခါ မြန်မာစာ အခြေခံနှင့် အထောက်အကူ များစွာရခဲ့သည်။ အိမ်က သားသမီးတချို့ဆိုလျှင် ဘွဲ့ရပြီး အလုပ်ဝင်နေကြပြီ ဖြစ်သော်လည်း ဘုန်းကြီးဝေယျာဝစ္စ လုပ်တတ်ဖို့ ဝေလာဝေး၊ ဘုန်းကြီးနှင့်ပင် ကောင်းစွာစကားမပြောတတ်။ ဟုတ်ကဲ့ တစ်လုံး၊ တပည့်တော် တစ်လုံး၊ ကျွန်တော် ကျွန်မ တစ်လုံး၊ တင်ပါ့ဘုရားတစ်လုံးနှင့် ကပေါက်ချိ ကပေါက်ချာ ဖြစ်ခဲ့ရသည်။ ပါဒ်ဆင့်ပါသည့် ပါဠိစကားလုံးဆိုလျှင် လုံးဝမဖတ်တတ်ကြတော့။

ထောင်မှူးကြီး မောင်မောင်သည် စိတ်တိုင်းကျ ဘုရားရှိခိုးပြီးနောက် ၇နာရီခွဲခန့်တွင် ယူနီဖောင်းလဲကာ ဗိုလ်တဲဆီသို့ ကားဖြင့်ထွက်လာခဲ့သည်။ ဗိုလ်တဲ ရောက်သွားတော့ မင်းကြီးအိပ်ရာက မထသေး၊ ဦးမျိုးမြင့်ကိုသာ ဧည့်ခန်းတွင် တွေ့လိုက်ရ၏။

“ဘယ်လိုလဲ အစ်ကို၊ ညက အဆင်ပြေရဲ့လား”

“တော်စမ်းပါအစ်ကိုရာ၊ သရဲအကြောင်း မပြောမိတာ တော်သေးတာပေါ့”

“ဟင်.... ဘာဖြစ်လို့လဲ”

“အစ်ကိုတို့က ကျွန်တော်နဲ့အဘိုးကြီးကို တစ်ယောက် တစ်ခန်းစီအိပ်ဖို့ စီစဉ်ပေးထားခဲ့တယ် မဟုတ်လား။ အဲဒါအစ်ကိုလဲ ပြန်သွားရော ကျွန်တော့်အခန်းက အကျယ်ကြီး၊ တစ်ယောက်တည်းအိပ်ရာမှာ ပျင်းပါတယ်ဆိုပြီး သူ့အခန်းထဲကို ဇွတ်ပြောင်း အိပ်ခိုင်းတယ်။ ကျွန်တော် ဘယ်လိုငြင်းလို့မှ မရဘူး။ သူကိုယ်တိုင် ခုတင်ရွှေ့မယ် လုပ်နေတာနဲ့ နေပါစေ မင်းကြီးဆိုပြီး မဂ္ဂနန်းနဲ့ နှစ်ယောက် မရွှေ့ကြရတယ်”

http://www.cherrythitsar.org



"အဲဒါနဲ့ သရဲခြောက်တဲ့ အကြောင်းပြောတာနဲ့ ဘာဆိုင်လို့လဲ"

"သိပ်ဆိုင်တာပေါ့ အစ်ကိုရ။ သရဲခြောက်တဲ့အကြောင်းသာ ပြောမိရင် ပိုဆိုးတော့မပေါ့၊ အခုတော့ မျက်နှာကြက်အပေါ်မှာ ကြွက်တွေ ပြေးနေသံကြားတိုင်း ကျွန်တော့်ကို နှိုးနှိုးပြီး အပေါ်က ဘာသံလဲ မသိဘူးလို့ မေးတတ်တယ်။ ကျွန်တော်က ကြွက်တွေ ပြေးနေသံပါလို့ ပြောလဲ လက်မခံဘူး။ ကြွက်သံကြားရင်း နှိုးရင်းပဲ။ သည်ကြားထဲ ခရီးပန်းလာပြီး အိပ်ရင် ကျွန်တော်က ဟောက်တတ်တယ်။ သူက သွားကြိတ်တတ်တယ်။ သူသွားကြိတ်တာကို သူ့ကိုယ်သူ သိဟန်မတူဘူး။ သိပ်အိပ်မပျော်နိုင်တိုင်း ကျွန်တော့် ဟောက်သံကို ကြားကြားနေရတော့၊ ခင်ဗျားက သိပ်ဟောက်တတ်တာပဲဗျာ ပြောပြီး မနက်မိုးလင်းခါနီးမှ အိပ်ပျော်သွားတာ၊ ခုထက်ထိပဲ"

ထောင်မှူးကြီးမောင်မောင်က လက်မှနာရီကိုကြည့်လိုက်ရာ ၇း၄၅ခန့် ရှိနေပေပြီ။ ထောင်စစ်ရန် နံနက် ၉နာရီ ချိန်းထားတာ ဘာပဲဖြစ်ဖြစ် ထောင်စစ်ချိန် နည်းလေလေ အပြစ်တွေ့တာ နည်းလေလေဟု ထောင်မှူးကြီးမောင်မောင် စိတ်ထဲတွင် နှလုံးပိုက်မိသည်။ သို့သော် သူ၏ဆုတောင်း မပြည့်လိုက်ပါ။ ရှစ်နာရီခွဲခန့်တွင် မင်းကြီးသည် ရေမိုးချိုး အဝတ်အစားလဲပြီး အခန်းထဲမှထွက်လာ၏။ လက်မှနာရီကိုကြည့်လိုက်ရင်း....

"နည်းနည်းတောင် နောက်ကျသွားတယ်။ ညကတစ်ညလုံး ကိုမျိုးမြင့် ဟောက်နေတာနဲ့ မိုးလင်းခါနီးမှ အိပ်ပျော်တော့တယ်"

ဦးမျိုးမြင့်မှာလည်း တစ်ဖက်သတ်ဖိထိုးခံနေရသဖြင့် ခံပြင်းလာဟန် တူပါသည်။ အောက်လက်သီးတစ်လုံး ပင့်တင်လိုက်၏။

"မင်းကြီးက ကျွန်တော်ဟောက်တာကိုသာသိတာကိုး။ မင်းကြီး တဂျွတ်ဂျွတ် သွားကြိတ်နေတာကျတော့ ကိုယ့်ကိုယ်ကို သတိမထားမိလို့ပါ"

ထိုအခါကျပြန်တော့လည်း မင်းကြီးမှာ ရယ်ရယ်မောမော....

"ဟုတ်လား၊ ကျွန်တော် သွားကြိတ်သလား၊ ဆောရီးဗျာ.... ဆောရီး။ ဒီလိုဆိုလဲ ကျေရောပေါ့။ ကဲ.... လာကြ၊ လက်ဖက်ရည်သောက်ပြီး သွားကြရအောင်"

"ထောင်ရောက်တော့ ၉နာရီ အချိန်ကိုက်ပါပဲ။ ပထမဦးဆုံးဂါတ်ကြီးပေါ်တက်၍ စစ်ဆေးသည်။ လက်နက်တွေ တစ်လက်ချင်းစစ်ပြီး ကျည်ဆန်တွေ ရေတွက်ခိုင်းသည်။ ထောင်ငယ်လေးဆိုတော့လည်း လက်နက်ခဲယမ်း များများ မရှိ။ သို့ဖြစ်၍ အားလုံးအိုကေ။ ထောင်မှူးကြီး မောင်မောင်က တစ်ခုတော့ တင်ပြရသည်။

"ဒီ ဂါတ်ကြီးပေါ်ကနေ ကြည့်ရင် ထောင်ကျဆောင်နောက်ဖေးဘက်နဲ့ အချုပ်ဆောင်နောက်ဖေးဘက်နေရာတွေဟာ ကျည်ကွယ်မျက်ကွယ်ဖြစ်နေပါတယ်ဆရာကြီး"

မင်းကြီးက သေသေချာချာ လိုက်ကြည့်သည်။

"အင်း.... ဟုတ်တယ်၊ ခင်ဗျား ဘာလုပ်ချင်လဲ"

"ကျွန်တော့် သဘောကတော့ အဲဒီဘက်မှာ မျှော်စင်တစ်ခု ဆောက်ထားရင်

http://www.cherrythitsar.org



လုံခြုံရေးအတွက် ပိုပြီးစိတ်ချရပါလိမ့်မယ်"

"ကောင်းတယ်၊ ပီဒဗလျူဒီ (P.W.D.) နဲ့ ညှိပြီး အက်စ်တီမိတ် (estimate) တင်လိုက်ပေါ့"

P.W.D. ဆိုတာ (Public Works Department) ယခုခေတ် အခေါ် ဆောက်လုပ်ရေး၊ (estimate) က ခန့်မှန်းခြေ ကုန်ကျစရိတ်။

ဂါတ်ကြီးပေါ်မှဆင်းပြီး ထောင်တွင်းဝင်ခဲ့ကြသည်။ ပထမဦးစွာ ထမင်းချက်ဖို ဝင်သည်။ အားလုံးအဆင်ပြေပါ၏။ ပြီးတော့ ထောင်ကျဆောင်ဘက် ကူးခဲ့ကြသည်။

"ဘယ်လိုလဲ နေကောင်းကြရဲ့လား"

ထောင်ကျအကျဉ်းသား အဆောင်ပေါ်တွင် အကျဉ်းသားများ တန်းစီထားရာ မင်းကြီးက နံပါတ်ကြီးကို ရင်ဘတ်ရှေ့တွင် ဖြန့်ကိုင်ထားသော အကျဉ်းသား ဆယ်ယောက်ခန့် စစ်ဆေးပြီး မေးလိုက်ခြင်းဖြစ်သည်။ အံ့မယ် ဒါလောက်တော့ ထောင်မှူးကြီး မောင်မောင်တို့လည်း ရောတတ်နေပါပြီ။

"ကဂျာအိုင်အီး"

"ကဂျာအိုင်–ဒူးဝါကမ္ဘာ"

အကျဉ်းသားများက 'နေကောင်းပါတယ် ဆရာကြီး'ဟု ပြန်ဖြေကြခြင်း ဖြစ်သည်။ ဒူးဝါဆိုတာက ဆရာ (သို့မဟုတ်)အကြီးအကဲ၊ ဒူးဝါကမ္ဘာဆိုတော့ ဆရာကြီး (ဝါ) ဆရာ့ ဆရာကြီးပေါ့။

နောက် လေးငါးလှမ်း ဆက်လျှောက်မိတော့ မင်းကြီးက ထပ်မေးပြန်သည်။

"ဘာများ ပြောစရာ ရှိကြသေးလဲ"

အို.... ဒါလောက်အထိလည်း ထောင်မှူးကြီး မောင်မောင်တို့က အပျော့ပေါ့။

"ဖာနော့တ်ဆွန် မယူအိုင်အီး"

"မယူအိုင်– ဒူးဝါကမ္ဘာ"

"ဘာမှ ပြောစရာ မရှိပါဘူးပေါ့"

မင်းကြီးက ထောင်မှူးကြီး မောင်မောင်ဘက်သို့ လှည့်၍....

"ခင်ဗျားလဲ တော်တော် ပြောတတ်နေပြီလား"

"ထမင်းစား ရေသောက်လောက်ပါပဲ။ ကချင်တိုင်းရင်းသား အများစုက တောင်ပေါ်က များတယ်။ မြန်မာလို လုံးလုံး မပြောတတ်ကြဘူးခင်ဗျ"

ဆက်လျှောက်သွားရင်းက အကျဉ်းသားတစ်ယောက်၏ ရှေ့တည့်တည့် အရောက်တွင် မင်းကြီးသည် တုံ့ခနဲ ရပ်သွား၏။ ထောင်မှူးကြီးမောင်မောင် ရိပ်မိလိုက်ပါပြီ။ အကျဉ်းသား အင်္ကျီနှင့် နံငယ်ပိုင်းတို့သည် ညစ်ပတ်ပေရေလျက်ရှိ၏။ ချေးအထပ်ထပ်နှင့် အင်္ကျီနှင့် နံငယ်တို့မှာ အဖြူရောင်ပျောက်ပြီး ညိုမှိုင်းညစ်ထေးလွန်းလှသည်။ တနင်္ဂနွေနေ့တိုင်း ရေချိုး အဝတ်လျှော်ရန် ဆပ်ပြာ ထုတ်ပေးနေကျ။ စနေနေ့က

http://www.cherrythitsar.org



ထပ်ပြောပြီးသား။ ထောင်မှူး ဦးစံထွန်းအေးနှင့် ဂျမဒါကြီးတို့ကို လှည့်ကြည့်လိုက်တော့လည်း မျက်စိမျက်နှာ ပျက်နေကြပြီ။ မင်းကြီးက ထိုအကျဉ်းသားကို ဒုတိယအကြိမ် ခြေဆုံးခေါင်းဆုံးကြည့်ပြီးနောက်၊

"မင်း ရေမချိုးဖူးလား"

ဟိုက်.... ဒီတစ်ခါတော့ ထောင်မှူးကြီးမောင်မောင်တို့ ကွဲပြီ။ 'ရေမချိုးဖူးလား' ဟု ကချင်လို မမေးတတ်သေး။ နောက်မှပါလာသော တန်းစီးသန်းမြင့်က အလိုက်သိစွာ ဝင်၍မေးပေးသည်။

"ချိုးပါတယ်တဲ့ ဆရာကြီး"

"ရေချိုးတဲ့အခါ ချေးမတွန်းဖူးလား၊ ဆပ်ပြာ မတိုက်ဖူးလား၊ အဝတ်မလျှော်ဖူးလားလို့ မေးကြည့်စမ်းပါကွာ"

မင်းကြီး၏အသံမှာ မာလာပြီး ဒေါသသံပါလာပြီ။ သန်းမြင့်က ကချင်လိုမေးပြီးနောက် အကျဉ်းချုံး၍ ဘာသာပြန်ပြောရ၏။

"အိမ်က ထောင်ဝင်စာ မလာနိုင်တာနဲ့ ထောင်က ထုတ်ပေးတဲ့ ဆပ်ပြာကို ဆေးခေါင်းမှုန့်နဲ့ လဲသောက်လိုက်ပါတယ်လို့ ပြောပါတယ် ဆရာကြီး"

"ဆေးခေါင်းမှုန့်ဆိုတာ ဘာကိုပြောတာလဲ"

"ထောင်ထဲမှာ ရရာစက္ကူနဲ့ ပွတ်ချွန်းလိပ်သောက်တဲ့ ဆေးမှုန့်ပါ။ တစ်ထုပ်ကို တစ်ကျပ်လောက် ပေးရပါတယ်"

မင်းကြီးမှာ စိတ်ရှုပ်သွားဟန်တူ၍ ခေါင်းကိုကုတ်လိုက်ပြီး....

"နောက်ကို အဝတ်အစားကိုတော့ ပြောင်အောင်လျှော်ပါ။ ပိုမှ ဆေးမှုန့်နဲ့ လဲသောက်ချင်သောက်လို့ ပြောလိုက်"

ထောင်ကျဆောင်တော့ ပြီးသွားပြီ။ ဒုတိယ အစီအစဉ်က အချုပ်ဆောင်မှ အချုပ်တရားခံများကို စစ်ဆေးရန် ဖြစ်၏။ အချုပ်ဆောင်ဘက်တော့ ထောင်မှူးကြီး မောင်မောင် သိပ်ပြီးစိတ်မပူလှ။ အဘယ်ကြောင့်ဆိုသော် သူက ထောင်ကျဆောင် လောက် လူမများဘဲ အများဆုံးရှိလှမှ အချုပ်တရားခံ ခြောက်ဆယ် ခုနစ်ဆယ်ခန့်သာ ရှိခြင်းကြောင့်ဖြစ်၏။ နောက်တစ်ကြောင်းကလည်း အချုပ်တရားခံဆိုသည်မှာ အပြင် တရားရုံးတွင် အမှုဆိုင်နေဆဲဖြစ်သဖြင့် အပြစ်ရှိသူများဟု မသတ်မှတ်နိုင်သေးပေ။ သို့ဖြစ်၍ မင်းကြီးများ ထောင်စစ်ဆေးသည့်အခါတွင်လည်း ထောင်ကျအကျဉ်းသား လောက် အလေးအနက်မထား၊ စိတ်ပါဝင်စားမှုလည်း နည်းပါးတတ်သည်။သို့သော်.... ထောင်မှူးကြီး မောင်မောင်၏ အထင်နှင့်အမြင်မှာ ပါစင်အောင် လွဲခဲ့ချေပြီတကား။

တစ်နေရာအရောက်တွင် အချုပ်တရားခံတစ်ဦးသည် တန်းစီနေရာမှ ရှေ့သို့ တစ်လှမ်း နှစ်လှမ်း တိုးထွက်ကာ ဘာစကားတွေမှန်း မသိ တဂူးဂူးတဝါးဝါးနှင့် ပြောပါလေတော့သည်။

http://www.cherrythitsar.org



ကချင်စကားတော့ လုံးဝ မဟုတ်မှန်း ထောင်မှူးကြီး မောင်မောင် သိသည်။ သို့သော် ဘာစကားမှန်း မသိသဖြင့် နောက်မှပါလာသည့် တန်းစီးသန်းမြင့်ဘက်သို့ အားကိုးတကြီး လှည့်ကြည့်လိုက်ရာ....

"သူပြောနေတာတွေက လီဆူးစကားတွေ ဆရာကြီး။ ကျွန်တော်လဲ တစ်လုံးမှ နားမလည်ဘူး။ နေဦး ဆရာကြီး၊ လီဆူးလို ကောင်းကောင်းတတ်တဲ့ ကချင်ကြီး တစ်ယောက်တော့ ရှိတယ်။ ကျွန်တော် ပြေးခေါ်လိုက်ဦးမယ်"

မကြာမီ အဆိုပါ ထောင်ကျ ကချင်ကြီး ပါလာကာ လီဆူးဘာသာဖြင့် မေးမြန်းပြီး၊ အကျဉ်းဌာနမင်းကြီးအား မြန်မာလို ပြန်ရှင်းပြနေသည်။

သွားပါပြီ.... သွားပါပြီ။ တစ်သက်လုံး ဖုံးသမျှ ကုန်းကာမှပေါ် ဆိုတာလို တကယ့်ဝှက်ဖဲကိုမှ မင်းကြီးရှေ့ လှန်ပြမိချေပြီတကား။

"သူကပြောပါတယ် ဒူးဝါကမ္ဘာကြီး၊ ကျွန်တော်တို့ တောင်ပေါ် တိုင်းရင်းသားတွေဟာ ပဲဟင်းနဲ့ ငါးပိကြော်ထက် ဟင်းသီးဟင်းရွက်ကို ဆားခတ် ချက်စားရတာ ပိုပြီး ကြိုက်ပါတယ်တဲ့။ ဒူရင်ကောက်ရွက်တို့၊ မုန်ညင်းရွက်တို့၊ ဖရုံညွှန့်၊ ဘူးညွှန့်တို့ကို ဆားခတ်ပြီး ချက်စားလေ့ ရှိပါတယ်တဲ့။ အခု ထောင်ထဲရောက်တဲ့အခါကျတော့လဲ အဲဒီလိုပဲ သုံးလေးယောက် တစ်အိုး ချက်စားလို့ရပါတယ်တဲ့။ အခု ဒူးဝါကမ္ဘာကြီး မလာခင်တစ်ရက်ကမှ ကျွန်တော်တို့ ဟင်းချက်စားတဲ့ အိုးခွက်တွေကိုသိမ်းပြီး အပြင်ဘက်ကို ထုတ်သွားပါတယ်။ အဲဒါ ကျွန်တော်တို့အားလုံး အများကြီး ဒုက္ခရောက်နေကြပါပြီ။ ဒူးဝါကမ္ဘာကြီး ကယ်ပါဦးလို့ ပြောပါတယ်"

'ကဲ.... ကောင်းကြပါလေရော အရပ်ကတို့'

■

# ၄၁

အကျဉ်းဌာနမင်းကြီး ဗန်းမော်ထောင်တွင်း ဝင်စစ်သည့် ကိစ္စကတော့ ပြီးသွားပါပြီ။ သို့သော် ဝန်ထမ်းနေအိမ်များကို ကြည့်ချင်သေးသည်။ ဝန်ထမ်းများနှင့်လည်း တွေ့ချင်သေးသည်ဆိုပြီး နေ့ခင်းနှစ်နာရီကို ပြန်ချိန်းထား၏။ နေ့ခင်းရောက်လာတော့ သူ့မျက်နှာရိပ် မျက်နှာကဲကို ဖမ်းရ၏။ တော်ပါသေးသည်။ အပြုံးအရယ် မပျက်ပါ။

"မောင်ရင်က ကိုယ့်ကို ထောင်ပိုင်လုပ်ခဲ့ဖူးတယ်ဆိုတာ မေ့နေတယ်ထင်ပါရဲ့"

သူ့ဘာကို ဆိုလိုမှန်း ထောင်မှူးကြီးမောင်မောင် ဒက်ခနဲ သိလိုက်ပါသည်။ မနက်က တန်းစီမှာ လီစူးအကျဉ်းသား လျှောက်သည့်ကိစ္စပဲ ဖြစ်ရမှာပေါ့။ အခြေအနေအရ လေပြေထိုးမှ ဖြစ်တော့မည်။

"မမေ့ပါဘူး ဆရာကြီး၊ မယုံရင် ကျွန်တော့် တပည့်တွေကို မေးကြည့်ပါ။ တို့မင်းကြီးကို အထင်မသေးနဲ့နော်၊ ထောင်ပိုင်က တက်လာတဲ့ မင်းကြီးလို့ ကြိုပြော ထားပြီးသားပါ"

တကယ်လည်း ပြောခဲ့ပြီးသားဖြစ်၏။ ယခုလို မမျှော်လင့်တဲ့ရှုထောင့်က 'စနိုက်ပါ' ဝင်ပစ်မယ့်ကိစ္စကို ဘယ်လိုလုပ် ကြိုတင်ပြီး ခန့်မှန်းနိုင်ပါအံ့နည်း။

"ဒီကိစ္စ လွယ်ပါတယ်ကွာ၊ သူတို့ အဲဒီလို ဟင်းသီးဟင်းရွက် ချက်စားချင်တဲ့ သူတွေကို ဖိုကြီးထဲမှာ ဟင်းအိုးခပ်ရွယ်ရွယ်တစ်လုံးနဲ့ သီးခြားတည်ပေးလိုက်။ ပြီးတော့ ညီတူညီမျှ ခွဲဝေပေးလိုက်ပေါ့။ အေး.... တစ်ခုတော့ ရှိတယ်၊ အကျဉ်းသား အများစု စားတဲ့အထဲက ဆီကိုတော့ မထိခိုက်စေနဲ့ပေါ့"

http://www.cherrythitsar.org



"သူတို့ ချက်စားတဲ့အထဲလဲ ဆီလုံးဝ မပါပါဘူး ဆရာကြီး။ ငါးပိလေးနဲ့ ဆားခတ်ပြီး ရေလုံပြုတ် စားကြတာပါ။ အတို့အမြှုပ် သဘောမျိုးပါ"

"ဒါဆိုရင် ပိုကောင်းတာပေါ့ကွာ၊ ငါးပိနဲ့ ဆားလောက်တော့ မင်းလဲ (spare) စပယ်ယာ လုပ်နိုင်မှာပေါ့"

"ဟုတ်ကဲ့ ဖြစ်ပါတယ် ဆရာကြီး"

ဟော.... ကြည့်။ လူကြီးများ ဖြေရှင်းပေးလိုက်တော့လည်း ပြဿနာဆိုတာ အလွယ်နှင့် ပြေလည်သွားရသည်။ ဒါကြောင့်လည်း လူကြီးဖြစ်နေတာပဲဟု ထောင်မှူးကြီး မောင်မောင်စိတ်ထဲ အတွေးဝင်လိုက်မိသည်။

အမှန်တော့ ဘာမှမဟုတ်။ အတွေ့အကြုံက စကားပြောခြင်းဖြစ်၏။ အတွေ့ အကြုံဆိုသည်မှာ ထောင်ဥပဒေစာအုပ်ထူကြီးထဲတွင်လည်း မရှိ။ ကျောင်းတုန်းက သင်ခဲ့သည့် ဂဏန်းသင်္ချာတို့၊ အက္ခရာသင်္ချာတို့လို ဘာသာရပ်တွေထဲလည်း မပါ။ အတွေ့အကြုံဗေဒဆိုသည်မှာ လုပ်ရင်းကိုင်ရင်း စိုင်က မုဆိုးကို သင်သွားသည့် ဘာသာရပ်တစ်မျိုးသာ ဖြစ်ပေသည်။

ကြွားဝါစရာလည်း အကြောင်းမဟုတ်၊ ကြွားဝါလိုစိတ်လည်း အလျဉ်းမရှိ။ သို့သော် လုပ်သက်နုဝန်ထမ်းများအတွက် သင်ခန်းစာယူလိုက ယူနိုင်အောင် အရိပ်အမြွက်လောက်တော့ ရေးပြချင်ပါသေးသည်။ ထောင်မှူးမောင်မောင်သည် ကြယ်တစ်ပွင့် ထောင်မှူးပေါက်စကလေး ဘဝမှ ၃၉ နှစ်နှင့် ၉ လကျော်ကျော်၊ ဆိုကြပါစို့ အနှစ် ၄၀ နီးပါး တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အမြင့်ဆုံးထောင်ပိုင်ကြီးဘဝနှင့် ၁၀–၁၀–၈၉ နေ့မှစ၍ သက်ပြည့် အငြိမ်းစား ယူခဲ့ပြီးပါပြီ။ ယခုရေးနေသည့် အခန်းကဏ္ဍမှာ အသက် ၄၀ ခန့်က ထောင်မှူးကြီးဘဝဖြင့် ထောင်ငယ်ကလေး တစ်ထောင်ကို စတင်အုပ်ချုပ်ခါစ ဖြစ်သည်။ ဒီတော့ ပြဿနာတစ်ရပ်ပေါ်လာလျှင် ဖြုန်းခနဲ မဖြေရှင်းတတ်သေး။ မနူးမနပ် စိမ်းဆတ်ဆတ် တာဝန်ခံတစ်ယောက် အဆင့်မျှသာ ရှိချေသည်။

ထောင်တွင် အကြီးမားဆုံးပြစ်မှုဖြစ်သည့် ထောင်တွင်းမှအကျဉ်းသား ပြေးတာ မဟုတ်သေး။ အပြင်အလုပ်မှ လွတ်ခါနီး သုံးလအလိုလောက် အကျဉ်းသား တစ်ယောက် ထွက်ပြေးသည်ကိုပင် အိပ်မပျော် စားမဝင်အောင် ခံစားခဲ့ရဖူးသည်။ အကျဉ်းဌာနမင်းကြီး ဘယ်တော့ပေါက်ချလာမလဲ။ ငါ့ကို ဘာတွေများ အပြစ်တင်ခံရမလဲ။ အုပ်ချုပ်ရေးညံ့တယ်ဆိုပြီး တခြားထောင်များ ပြောင်းပစ်ဦးမှာလား။ လဲပေါင်း လားပေါင်း များစွာဖြင့် သောကပင်လယ်ဝေခဲ့ဖူးသည်။ နောက်ဆုံး တာဝန်ရှိသူအား ဌာနဆိုင်ရာ စစ်ဆေးမှုပြုလုပ်ပြီး ပြန်လည်တင်ပြရန် ကြေးနန်းပြန်ရောက်လာမှပင် 'ဟင်း' ခနဲ စိတ်နှလုံး ဒုံးဒုံးချနိုင်ပါတော့သည်။ အိပ်ပျော် စားဝင်ပါတော့သည်။

အသက် ၄၇ နှစ်ခန့်တွင် ထောင်အလတ်စား တစ်ထောင်ကို ကိုင်ရပြန်၏။ ဒီတစ်ခါတော့ အတွေ့အကြုံလေးလည်း အတော်အသင့် ရသင့်သလောက်ရခဲ့ပြီး မိမိ

http://www.cherrythitsar.org



ကိုယ် မိမိလည်း ယုံကြည်စိတ်ချမှု (confidence) ရှိသင့်သလောက် ရှိခဲ့ပြီဖြစ်၏။ ဒါတောင်မှ ပြဿနာနှစ်ရပ်ကို ကိုင်တွယ်ရာတွင် အတော်လေးဦးနှောက်ခြောက်ခဲ့ရသေးသည်။ ပထမပြဿနာမှာ နိုင်ငံခြားသားတစ်ဦး ရုတ်တရက် သေဆုံးသည့်ကိစ္စဖြစ်၏။

"နေပါဦး ခင်ဗျားနာမည် ဘယ်သူ...."

"ရမ်အစစ်ပါ" (သူပြောလိုက်သော အသံထွက်အမှန်မှာ 'ရမ်အဇစ်' ဖြစ်ပါလိမ့်မည်။ ဒါကို မိမိက နားကြားလွဲကာ ရမ်အစစ်ဟု ကြားမိခြင်းဖြစ်နိုင်ပါသည်။)

"အင်း.... ခင်ဗျားကိုတော့ တစ်နေ့ သုံးကြိမ်လောက် ထိုင်ထိုင်ပြီး ရှိခိုးဖို့ကောင်းနေပြီကော"

အနီးရှိ ထောင်မှူးကြီး ဦးပြုံးချိုက....

"ဘာဖြစ်လို့လဲ ဆရာကြီး"

"ဟ.... မင်းတို့ငါတို့ ဝယ်ဝယ်သောက်နေကြရတာ ရမ်အတုတွေ များနေ တယ် မဟုတ်လား။ မင်းတို့ပဲ အတုကို 'အင်'လို့ခေါ်တယ်ဆို။ ခုသူကရမ်အစစ်ဆိုတော့ တစ်နေ့သုံးကြိမ် ရှိခိုးရုံမကဘူး ဖန်ပေါင်းချောင်ထဲထည့်ပြီး ကိုးကွယ်ဖို့ ကောင်းနေတာပေါ့ကွ"

ရမ်အဇစ် ထောင်ထဲရောက်စက မှတ်ပုံတင်စာအုပ်ကြီးနှင့်တိုက်ဆိုင်ပြီး လူသစ်ကြည့်ရင်း သို့ကလို နောက်ပြောင် ပြောဆိုခဲ့မိသေးသည်။

"နေပါဦး အဲဒီရမ်အဇစ်ကို ငါလူသစ်ကြည့်တုန်းက သေသေချာချာ မှတ်မိနေပါတယ်၊ အသက်မငယ်တော့ဘူးကွ"

တာဝန်ရှိသူ ထောင်မှူးက ဝင်ဖြေလိုက်သည်။

"အသက်ခုနှစ်ဆယ့်နှစ်နှစ်တဲ့ ဆရာကြီး"

"အခု သေတာက အဆောင်မှာ ဒီအတိုင်းနေရင်း သေတာလား"

"မဟုတ်ဘူး ဆရာကြီး။ ရေထမ်းရင်းက ဖြုန်းခနဲ လဲသွားလို့ ထောင်တွင်းဆေးရုံထမ်းပို့ကြတော့ ဟိုကျတော့ အသက်မရှိတော့ဘူး"

"ဒီအရွယ်ကြီးကျမှ ဘယ်မဟာပညာကျော်က ရေထမ်းခိုင်းရတာလဲကွာ။ ထောင်ထဲမှာ ရေထမ်းနိုင်တဲ့သူတွေ တစ်လှေကြီးပါ"

"ဒီလိုပါ ဆရာကြီး။ ဒီအဘိုးကြီးက သူများဖိနပ်ကို ခိုးပြီး ဆေးလိပ်နဲ့ လဲသောက်ပစ်တယ်တဲ့။ အဲဒီလို ခိုးမိကြောင်းလဲ ဒီအဘိုးကြီးက ဝန်ခံတော့ အဆောင်အင်ချုပ် လူညွှန့်က အပြစ်ပေးတဲ့အနေနဲ့ ရေသုံးခေါက် အထမ်းခိုင်းလိုက်တာတဲ့"

"ပတ်မကြီးမှ ဟုတ်ရဲ့လားကွာ"

"ဟုတ်ပါတယ် ဆရာကြီး"

ပတ်မကြီးဆိုသည်မှာ ထောင်ဝေါဟာရ ဖြစ်၏။ စည်ပိုင်းကို တစ်ပိုင်းဖြတ်၍

http://www.cherrythitsar.org



သံကွင်းတပ် ထမ်းပိုးလျှိုကာ နှစ်ယောက်ထမ်းရခြင်း ဖြစ်သည်။

"အေး.... ကောင်းကြရောပေါ့ကွာ။ ခင်ဗျားကိုရော လုည္ဂ္ဂနို့က အကျိုး အကြောင်း လာသတင်းပို့သလား"

"အားလုံး ဖြစ်ပြီးမှ ကျွန်တော် သိရတာပါ"

"ကဲ.... ဒါဖြင့် စာရေးကြီးကိုခေါ်ပြီး လုည္ဂ္ဂနို့ကို ရာထူးချဖို့စီစဉ်။ အထက်ကို လဲ အစီရင်ခံစာတင်ဖို့ ဆက်လုပ်ပါ။ ကျွန်တော် ဆရာဝန်နဲ့ တွေ့လိုက်ဦးမယ်"

ထောင်ဆရာဝန်ကိုခေါ်ပြီး အပြင်ဆေးရုံထုတ်၍ ရင်ခွဲစစ်ဆေး (post-mortem) လုပ်ရန် စီစဉ်ရသည်။ inquest ခေါ် ရဲဌာနတွင် သေမှုသေခင်းဖွင့်ရန်လည်း စီစဉ်ရသည်။ အရေးထဲ ရာထူးချမည်ဆိုတော့ အဆောင်အင်ချုပ်လုည္ဂ္ဂနို့က အထွန့်တက် လာပြန်သေးသည်။

"ကျွန်တော့်ကို ရာထူးချရအောင် ဘာအပြစ်ရှိလို့လဲ ဆရာကြီး"

"ဟ.... ဒီအဘိုးကြီးသေရတာ မင်းကြောင့် မဟုတ်ဖူးလား။ အဲဒါ အပြစ် ပေါ့ကွ"

"သူ့မှာ အပြစ်ရှိလို့ ကျွန်တော် အပြစ်ပေးတာပဲ ဆရာကြီး"

"အံမာ.... လာ.... လာချည်သေးတော့။ အကျဉ်းသားတစ်ယောက်ကို မင်း မပြောနဲ့ ထောင်မှူးတောင် အပြစ်မပေးနိုင်ဘူးကွ၊ နားလည်လား။ အကျဉ်းသားကို အပြစ်ပေးတယ်ဆိုတာ ထောင်ပိုင်အလုပ်၊ ထောင်ဥပဒေမှာ ဒီအတိုင်း အတိအလင်း ရေးထားတာ"

"ကျွန်တော်တို့ဆီမှာတော့ ဒီလိုပဲ အပြစ်ပေးနေကြတာပဲ"

"အေး.... အဲဒါပေါ့ကွ၊ ထောင်အလုပ်ဆိုတာ ဘာမှမဖြစ်ရင် ဘာမှမဖြစ်ဘူး။ တစ်ခုခုဖြစ်ပြီဆိုရင်တော့ နောက်ချေးပုံထဲ ခဲကျသလို အကုန်စဉ်ပြီသာမှတ်။ အခု သေတာက နိုင်ငံခြားသားဆိုတော့ အထက်ကို ဆင့်ကဲဆင့်ကဲတက်ရမှာ။ မင်းထောင်မှူး လဲ အရေးယူခံရမှာပဲ။ အဆင်မသင့်ရင် ငါတောင် အဆစ်ပါနိုင်သေးတယ်။ ကဲ.... ရှင်းပြီလား"

ဒီတော့မှ ကိုရွှေလုည္ဂ္ဂနို့ တစ်ယောက် အလေးပြုပြီးနောက် ချာခနဲ လှည့်ထွက် သွားတော့သည်။ တော်ပါသေး၏၊ ဆေးရုံကြီးမှ (post-mortem report)ခေါ် ရင်ခွဲ မှတ်တမ်းရောက်လာတော့ အဘိုးကြီးမှာ နဂိုက နှလုံးရောဂါရှိနေကြောင်း ပါရှိလာသည်။

ဒီလိုနှင့်ပင် တစ်စတစ်စ လုပ်သက်ရင့်၍ အသက်ကြီးလေ၊ သည့်ထက် ကြီးသည့် ထောင်ကြီးများကို ကိုင်ခဲ့ရာမှ အသက် ၅၀ခန့်တွင် (က) အဆင့်ရှိ နာမည်ကြီး လူဆိုးထောင်ကြီးတစ်ထောင်ကို ကိုင်ခဲ့ရသည်။ ထိုမှတစ်ဆင့် ငါးနှစ်ကျော် အကြာတွင် မြန်မာပြည်တွင် အကြီးဆုံး ဗဟိုထောင်ကြီး နှစ်ထောင်အနက် တစ်ထောင်ကို ကိုင်လာခဲ့ သည်မှာ နောက်ဆုံး သက်ပြည့်အငြိမ်းစားယူခဲ့သည်အထိ ဖြစ်သည်။

http://www.cherrythitsar.org



ဆိုလိုရင်းမှာ အတွေ့အကြုံများလေ သင်ခန်းစာ များများရလေ၊ အရေထူလာပြီး ရင့်ကျက်လာလေဖြစ်သည်။ တကယ် ရင့်ကျက်လာပြီဆိုတော့ မိမိရုံးခန်းထဲသို့ လက်အောက်ဝန်ထမ်းတစ်ဦး ဝင်လာသည်နှင့် သူ ဘာပြောတော့မည်ကို အလိုလိုသိနေ၏။ ကိုယ်အုပ်ချုပ်နေသည့် ထောင်အကြောင်း 'က'အစ 'အ'အဆုံး အပ်ကျတာပါမကျန် သိသွားပြီးသား မဟုတ်လား။ ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာဆိုတာလို မိမိကြိုတင်တွေးထင်ထားတာနှင့် လွဲခဲပါဘိခြင်း။

နောက်တစ်ခု ပိုပြီး အံ့သြစရာကောင်းတာက ထိုပုဂ္ဂိုလ်နှင့် စကားသုံးလေးခွန်း အချီအချပြောပြီးသည်နှင့် မိမိခေါင်းထဲတွင် အဖြေက အလိုအလျောက်ပေါ်ပြီး ဖြစ်နေတတ်၏။ ဒီကိစ္စကို ငါဘယ်လိုဆုံးဖြတ်၍ ဘာဆက်လုပ်ရန် အမိန့်ပေးလိုက်ရမည် နည်း၊ သို့မဟုတ် အရေးယူရမည်နည်း။ ဘယ်လို ပြန်ဖြေရမည်နည်း။ သို့တည်းမဟုတ် အထက်သို့ ဘယ်လိုဆက်လက်တင်ရမည်နည်း ဆိုတာ ကွန်ပျူတာသဖွယ် အလိုလိုပေါ်လာတတ်၏။

တစ်ခုတော့ရှိသည်။ မိမိစိတ်ထားမှန်ဖို့တော့ အလွန့်အလွန် အရေးကြီးသည်။ စိတ်ထားမှန်ဖို့ ဆိုလိုခြင်းဖြစ်၍ စိတ်ထားကောင်းဖို့ ဆိုလိုခြင်း မဟုတ်ပေ။ စိတ်ထားမှန်ဖို့ဆိုလိုခြင်း မဟုတ်ပေ။ စိတ်ထားမှန်ခြင်းနှင့် စိတ်ထားကောင်းခြင်းတို့မှာ တစ်ဘာသာစီဖြစ်သည်။ ဘယ်နှယ့် လူကောင်းနည်း၍ လူဆိုးများသော အကျဉ်းထောင်ကို အုပ်ချုပ်ရာတွင် သမ္မုဒ္ဒေရှုတ်၍ မေတ္တာချည်း ပို့နေလို့ကတော့ ငါးပါးမကသံဃာစင်ပါ မှောက်ကုန်တော့မှာပေါ့။ အရေးကြီးတာက တက်လာသည့် ပြဿနာကို ယထာဘူတကျကျ သမာသမတ်မျှတစွာ ရှုမြင်တတ်ဖို့ပင်ဖြစ်သည်။ သမာသမတ်မျှဖို့ဆိုပြန်တော့ တပည့်မွေး ဆရာမွေးသည့်ကိစ္စ မရှိလျှင် အကောင်းဆုံးဖြစ်၏။ ထောင်မှူးမောင်မောင်တို့တော့ ငယ်ငယ်ကလည်း ဆရာမမွေး။ ကိုယ်လူကြီး ဖြစ်လာတော့လည်း တပည့်မမွေးခဲ့ဖူးပေ။ ကိုယ့်အထက်က ရှိသမျှ ကိုယ့်ဆရာ၊ ကိုယ့်အောက်က ရှိသမျှ ကိုယ့်တပည့်။ တစ်ပြေးတည်း။

နောက်တစ်ချက် အရေးကြီးတာက အလျင်စလို ဆုံးဖြတ်ရမည့် ကိစ္စနှင့် အေးအေးဆေးဆေး အချိန်ယူပြီး ဆုံးဖြတ်ရမည့် ကိစ္စဖြစ်၏။ ခုခေတ်စကားနှင့် ပြောရလျှင်တော့ အဓိကနှင့်သာမည ပေါ့။ အလျင်စလို ဆုံးဖြတ်ရမည့်ကိစ္စကို တုံ့ဆိုင်းတုံ့ဆိုင်းဖြစ်နေလျှင် ပြဿနာ ပိုကြီးထွားလာနိုင်သည်။ တုံ့ပြန်မှုတွေ ဘေးဘီအသိုင်းအဝန်းက ထိုးနှက်ချက်တွေ ပွားများလာနိုင်သည်။ အလားတူပင် ဖြည်းဖြည်းဆေးဆေး အချိန်ယူပြီး ဆုံးဖြတ်ရမည့်ကိစ္စကို အလျင်စလို အလောတကြီး ဆုံးဖြတ်မိလျှင်လည်း အမှားများနိုင်သည်။ နောက်ဆုံးတော့ ဘာမှမဟုတ်ဘဲ အတွေ့အကြုံကသင်သွားသော ပညာရပ်များသာ ဖြစ်ချေသည်။ ဘာပုံသေနည်း၊ ဘာဖော်မြူလာမှ မရှိ။ တစ်နှင့် နှစ်ပေါင်း သုံး ရတာမျိုး မဟုတ်။

http://www.cherrythitsar.org



ခုပင် ကြည့်ပါ....။ ထောင်ပိုင်ပေါက်စ မောင်မောင်အတွက် ခေါင်းခဲနေရသော ဧရာမပြဿနာကြီးကို အတွေ့အကြုံရင့်ကျက်ပြီးဖြစ်သည့် အကျဉ်းဌာနမင်းကြီးက တစ်ထိုင်တည်းနှင့် ဖြေရှင်းလိုက်ပြီ မဟုတ်ပါလား။

ထိုနေ့က ထောင်လိုင်းများကို စစ်ဆေးရာတွင် အားလုံး အဆင်ပြေပါသည်။ သို့တိုင်အောင် ဝန်ထမ်းများနှင့် တွေ့ဆုံပွဲတွင် ခိုးလိုးခုလုကလေးတစ်ခု ဖြစ်မိအောင် ဖြစ်လိုက်ပါသေးသည်။ ဝန်ထမ်းများနှင့်တွေ့ဆုံပွဲကို ထောင်ပိုင်ရုံးခန်းထဲမှာပင် ပြုလုပ်ခဲ့သည်။ အကျဉ်းဌာနမင်းကြီးက ထောင်ပိုင်ကုလားထိုင်မှာ ထိုင်၍ စားပွဲဘေး တစ်ဖက်တစ်ချက်က ထောင်မှူးကြီး မောင်မောင်နှင့် ပီအေဦးမျိုးမြင့်တို့ ထိုင်နေကြသည်။ ရှေ့တည့်တည့်မှ ဝန်ထမ်းတွေက ခုံတန်းရှည်ဖြင့် ထိုင်နေကြ၏။

"အရေးကြီးဆုံးကတော့ ဝန်ထမ်းတွေအားလုံး စည်းစည်းလုံးလုံး ညီညီ ညွတ်ညွတ်ရှိကြဖို့ဟာ အဓိကအချက်ပဲ။ ထောင်ပိုင်တစ်ယောက်တည်း ဘယ်လောက်ပဲ မိုးပျံအောင်တော်နေပါစေ၊ ဝန်ထမ်းတွေအားလုံးက စည်းလုံးညီညွတ်မှုမရှိဘဲ ဘေးတိုက် လိုက်နေကြရင် ဒါမှမဟုတ် စည်းကမ်းဖောက်နေကြရင် အဲဒီထောင်အုပ်ချုပ်ရေးဟာ ဘယ်တော့မှ အောင်မြင်မှာ မဟုတ်ဘူး။ ပစ်စာတွေ ဘာတွေ မပို့ကြပါနဲ့။ တကယ်တမ်း လာစစ်တဲ့အခါကျတော့ စာပစ်တဲ့သူကို ရှာမတွေ့တော့ဘူး။ တကယ်မှန်တဲ့ ကိစ္စဆိုရင် လက်မှတ်ထိုးပြီး အတိအကျတိုင်ပါ။ အရေးယူ...."

ထိုအခိုက်မှာပင် အပေါ်မှ ပင်ပေါင်ဘောလုံးကလေးတစ်လုံးသည် ထောင်ပိုင် စားပွဲပေါ်ရှိ မှန်ပြားပေါ်သို့ 'ဒေါက်'ခနဲ ကျလာ၏။ ထောင်မှူးကြီးမောင်မောင်က မိမိဘက် လိမ့်လာသော ဘောလုံးကလေးကို အသာဖမ်းဆုပ်ထားလိုက်ရသည်။ ရုတ်တရက် ဆိုတော့ မင်းကြီးလည်း လန့်ဖျပ်သွားကာ အပေါ်သို့ ခေါင်းမော့ ကြည့်လိုက်သည်။ အပေါ်ထပ်မှာ ထောင်ပိုင်နေအိမ်ဖြစ်၏။ ကြမ်းပြင်ကို ကျပ်ပြားဝိုင်း သာသာခန့် ဖောက် ထားသည်ကို မင်းကြီး မြင်သွား၏။ ယင်းအပေါက်မှ ထောင်မှူးကြီး မောင်မောင် ကလေးတွေ လက်ချက်ဖြင့် ပင်ပေါင်ဘောလုံးကလေး ကျလာခြင်းပင်ဖြစ်သည်။

မင်းကြီးက ထောင်မှူးကြီးမောင်မောင်ကို ပြုံးစစမျက်နှာပေးဖြင့် လှည့်ကြည့် ရင်း....

"ဘယ်လိုလဲဗျ၊ ဒီအပေါက်ကတော့ ထောင်ပိုင်ကတော် ထောင်မှူးကြီးကို ချက်ကင်လိုက်တဲ့ အပေါက်ထင်တယ်"

"မပြောတတ်ပါဘူး ဆရာကြီးရယ်၊ ကျွန်တော်ရောက်ကတည်းက ဒီအတိုင်း တွေ့ရတာပဲ။ အလျင်လူတွေ မေးကြည့်တော့လဲ အစဉ်အဆက် ရှိလာတာပါလို့ ပြောကြ ပါတယ်"

"အေးဗျာ၊ ကျုပ်လဲ ထောင်တွေရောက်တိုင်းလိုလို သတိထားကြည့်မိတယ်၊ သမံတလင်း ခင်းထားတဲ့ ထောင်ကလွဲရင် ထောင်တိုင်းလိုလို သစ်သားကြမ်းခင်းကို

http://www.cherrythitsar.org



ဖောက်ထားတဲ့ ချောင်းကြည့်ပေါက် ရှိကြတာချည်းပဲ။ ဒါပေမယ့် ဒီထောင်လို ထောင်ပိုင် ရုံးခန်းတော့ မဟုတ်ဘူးပေါ့။ တံခါးကြီးအပေါ်တည့်တည့်မှာ ဖောက်ထားတတ်ကြတယ်။ အေးလေ.... ဒါလဲ လိုအပ်ချက်တစ်ခုပဲ၊ လက်အောက်ငယ်သားတွေ ထောင်ထဲ ထောင်ပြင် ခိုးသွင်းခိုးထုတ်လုပ်ရင် သိနိုင်တာပေါ့"

အကျဉ်းဌာနမင်းကြီး ဝန်ထမ်းတွေကို ဆုံးမစကား ဆက်လက် ပြောကြားပြီးနောက် ပြုံးပြုံးရွှင်ရွှင်ပင် ထောင်မှပြန်သွားသည်။ ဘာပဲဖြစ်ဖြစ် ထောင်မှူးကြီး မောင်မောင်၏ခေါင်းပေါ်မှ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ကျသွားပြီ။ အကျင့်စာရိတ္တ ကောင်းမွန်သော ထောင်ကျအကျဉ်းသားများကို အကျဉ်းဌာနမင်းကြီး၏ အထူး လျှော့ရက် တစ်လစီ ပေးသွားသဖြင့် အကျဉ်းသားများလည်း ပျော်၍ကျန်ရစ်ခဲ့ကြသည်။

ညနေစာကို တရုတ်ဆိုင်မှ တရုတ်ထမင်းဟင်းများမှာ၍ ကျွေးမွေးရာ ဦးမျိုးမြင့်က....

"အေးဗျာ၊ အဲဒီလို အပြောင်းအလဲလေး လုပ်ဦးမှပေါ့၊ ကျုပ်တို့မှာ မဂ္ဂနမ်း ချက်ကျွေးတဲ့ ဗိုလ်စာတွေကို စားနေရတာ ဗိုလ်စိတ်ပေါက်ပြီး ဘိလပ်ရောက်ခါနီးနေပြီ"

"စိတ်ချပါဗျာ။ မနက်ဖြန်မနက် ဘရိတ်ဖတ်စ်ကိုလည်း ဒီအရပ် နာမည်ကြီး ဌာနေစာ မြီးရှည်နဲ့ ဆန်ခေါက်ဆွဲ စီစဉ်ထားပါတယ်"

ထိုအခါ အကျဉ်းဌာနမင်းကြီးက ကြားဖြတ်၍....

"ဦးမောင်မောင်၊ မနက်သင်္ဘော ဘယ်အချိန်ထွက်သလဲ"

"ခြောက်နာရီခွဲကျော်ကျော်၊ ခုနစ်နာရီလောက်မှ ထွက်ပါတယ် ဆရာကြီး"

"ဒီလိုဆိုလဲ မောင်ရင့် မြီးရှည်တွေ မြီးရှက်တွေ လုပ်မနေပါနဲ့ကွာ၊ လက်ဖက်ရည် ကော်ဖီ သောက်ပြီး ဆင်းကြတာပေါ့၊ တော်တော်ကြာ သင်္ဘောမမီဘဲ နေပါ့မယ်"

"မီပါတယ် ဆရာကြီး၊ စိတ်ချပါ။ သင်္ဘောက နှင်းကွဲမှ ထွက်လို့ရတာပါ"

ထိုအချိန်က ထောင်မှူးကြီး မောင်မောင်သည် ကိုယ့်ချောက်ပေါက် ကိုယ်တူးမိ မှန်း လုံးဝမတွေးမိခဲ့ပါလေ။

■

http://www.cherrythitsar.org

# ၄၆

"တူ.... ဂူ....ဂူ....၊ တူ.... ဂူ....ဂူ...."

"ဦးရန်အောင်၊ သင်္ဘောဥသြဆွဲသံ မဟုတ်လားဟေ့"

အကျဉ်းဌာနမင်းကြီးက သင်္ဘောဥသြဆွဲသံကြားသဖြင့် မေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်ပါတယ် ဆရာကြီး"

"ဒါဖြင့်လဲ ဆင်းကြစို့ကွာ။ တော်ကြာ မမီလိုက်ဘဲ နေဦးမယ်"

"ရပါတယ် ဆရာကြီး။ အဲဒီလို သုံးလေးခါမဆွဲဘဲနဲ့ သင်္ဘော မထွက်သေးပါဘူး။ နှင်းတောင် ကောင်းကောင်းမကွဲသေးပါဘူး"

ပြောမယ့်သာ ပြောရသည်။ သည်နေ့မှ ဘယ်လိုအကုသိုလ် ဝင်သည်မသိ။ နေခြည်လာ နှင်းပျောက်ဆိုသကဲ့သို့ နေရောင်ကလေး ပြိုးပြိုးပြောက်ပြောက်သည် နှင်းထုကြီးကို စတင်ဖြိုခွဲစ ပြုနေပြီဖြစ်၏။ လက်မှ နာရီကို ကြည့်လိုက်တော့ ၆ နာရီ ၁၅ မိနစ်သာ ရှိသေးသည်။ ခါတိုင်းဆိုလျှင် ဗန်းမော်ဆောင်းတွင်းမှာ တော်တော်နှင့် နှင်းမကွဲနိုင်။ တစ်ခါတလေများ ၁၀ နာရီ၊ ၁၁ နာရီကျမှ နှင်းလုံးလုံးကွဲသဖြင့် ထောင်ကို နေမြင့်မှ ဖွင့်ရသည်။ ထမင်းကျက်သည်နှင့်၊ အကျဉ်းသားတွေကို ထုတ်ပြီး မီးဖိုထဲ သော့ခတ်ထားစေသည်။ အလုပ်ရုံတွေလည်း ပိတ်ထားရ၏။ နှင်းကွဲမှ ထောင်ကိုဖွင့်နိုင်ပြီး နံနက်စာကျွေးစေ၊ နေ့ခင်းပိုင်း အလုပ်ဆင်းကြပေရော့....။

အော်ဒလီညီမောင်ကိုတော့ ဈေးဖွင့်လျှင်ဖွင့်ချင်း မြီးရှည်နှင့် ဆန်ခေါက်ဆွဲ

http://www.cherrythitsar.org



မြန်မြန်ဝယ်၍ မြန်မြန်ပြန်လာခဲ့ရန် အသေအချာ မှာလိုက်ပြီးသား။ ဗန်းမော်မြီးရှည်မှာ မန္တလေးမြီးရှည်နှင့် မတူပါ။ မန္တလေးမြီးရှည်က ဝက်သားကို တုံး၍တစ်၍ ထည့်သည်။ ဗန်းမော်မြီးရှည်က ဝက်သားကို နူးနေအောင်ပြုတ်ပြီး ဓားပြားရိုက်၍ထည့်သည်။ ဗန်းမော် ဝက်သားကလည်း နာမည်ကြီး။

(အလားတူပင် 'ဗန်းမော် ဝက်သားတုန့်'မှာ နာမည်ကြီးသည်။ ဝက်သားကို အသားအခေါက်ရော၊ ရိုးတွင်းချဉ်ဆီပါ နုတ်နုတ်စင်း၊ ဆီ၊ ဆား၊ နနွင်း၊ ငရုတ်၊ ကြက်သွန် စသည်တို့ သမအောင်ထည့်ပြီး သံလင်ပန်းထဲတွင် ထည့်ကာ အိမ်ခေါင်မိုး သို့မဟုတ် စင်တစ်ခုခုပေါ်တွင် နှင်းတောထဲ ပစ်ထား၍ နှင်းခံထားခြင်း ဖြစ်၏။ ပြီးတော့ သည်အတိုင်း စားစား၊ ကြော်စားစား၊ ချက်စားစား အလွန်စားလို့ကောင်းသည်။)

သဘော်ဆိပ်မှ ဒုတိယအကြိမ် ဥသြဆွဲသံ ကြားလိုက်ရပြန်၏။ မင်းကြီးက လက်မှ နာရီကိုကြည့်လိုက်ရင်း....

"ဦးမောင်မောင်ရေ၊ သွားကြရအောင်ပါကွာ။ ဒီနေ့လဲ လေယာဉ်ပျံ မရှိဘူး မဟုတ်လား။ ရန်ကုန်မှာက ဘယ်လိုမှ ရက်ချိန်းပြင်လို့မရတဲ့ အစည်းအဝေးတွေ ရှိနေ တယ်ကွ"

"ရပါတယ် ဆရာကြီး။ ခုပဲ လာတော့မှာပါ။ ကျွန်တော် ကားနဲ့ ထပ်လွှတ် လိုက်ပါဦးမယ်။ ဧရာဝတီရုံးကိုလဲ ဖုန်းဆက်ထားပါ့မယ်"

ထောင်မှူးကြီး မောင်မောင်မှာ ကိုယ်ခင်းသည့်ဇာတ် ကိုယ်မနိုင်တော့သည့် ဇာတ်ဆရာလို ယောက်ယက်ခတ်လျက်ရှိပြီဖြစ်၏။ ထောင်မှူးဦးစံထွန်းအေးနှင့် ရဲ လင့်ရှိဗာကားကို ပြီးသမျှယူခဲ့ရန် ထပ်လွှတ်လိုက်၏။ ပြီးတော့ ဧရာဝတီရုံးသို့ ဖုန်းဆက်ကြည့်ရာ၊ တယ်လီဖုန်းကိုင်မည့်သူ မရှိ။ မန်နေဂျာကြီးလည်း ဆိပ်ကမ်း ရောက်နေလောက်ပေပြီ။ တစ်အောင့်လောက်အကြာတွင် ညီမောင်၏ စက်ဘီးနှင့် ဦးစံထွန်းအေးကားတို့ ရှေ့ဆင့်နောက်ဆင့် ပေါက်ချလာသည်။ ခရီးရောက်မဆိုက် ဆီး၍ပင် ဟောက်မိသည်။

"မင်းနှယ်ကွာ မြန်မြန်ပြန်လာပါ ဆိုမှ"

"မြီးရှည်က အစောကြီးရတယ် ဆရာကြီး။ ဆန်ခေါက်ဆွဲ အဒေါ်ကြီးက နောက်ကျနေလို့"

"ရတာ အလျင်ယူလာ ပြီးရောကွာ။ ကဲ.... ကဲ... မြန်မြန်ပြင်ကွ၊ မင်းကြီးက ဖင်တကြွကြွ ဖြစ်နေပြီ"

မင်းကြီးက မြီးရှည်တစ်ပွဲစားပြီး ဆန်ခေါက်ဆွဲ ထပ်မစားတော့။ ကိုမျိုးမြင့်က ဆန်ခေါက်ဆွဲ တစ်ပွဲ ဆက်စားနေသည်ကို ကြည့်ပြီး သိပ် စိတ်ရှည်ဟန်မတူ။

"ကိုမျိုးမြင့် မြန်မြန်စားဗျာ"

ကိုမျိုးမြင့်လည်း ဆက်မစားရဲတော့။

http://www.cherrythitsar.org



"မြည်းကြည့်ရုံပါ မင်းကြီး"

ပစ္စည်းတွေမှာ ကားပေါ်အသင့်တင်ထားပြီး ဖြစ်၏။ သံတဲမှ ကားစထွက်လာစဉ်မှာပင် သဘော်ဆိပ်မှ ဥသြရှည်ကြီးဆွဲသံကို ကြားလိုက်ရပြန်သည်။ မင်းကြီးက....

"ဟော.... ထွက်တော့မယ်နဲ့ တူတယ်"

"ဒီလိုပါပဲ ဆွဲနေကျပါ။ တစ်ခါတလေ သဘော်သားတွေ ဈေးသွားဝယ်နေရင်း ပြန်မလာသေးရင်လဲ ဥသြရှည်ကြီးဆွဲတတ်ပါတယ်"

သို့သော်.... ဈေးနားအရောက်တွင် 'တူ.... တူ.... တူ'ဟူသော ဥသြကို သုံးကြိမ်အသံဖြတ်ဆွဲသံ ကြားလိုက်ရသောအခါ ထောင်မှူးကြီးမောင်မောင် ရင်ထဲထိတ်ခနဲဖြစ်သွားသည်။ အလို.... ဒါဆိပ်ခံသမ္ဗန်တွင် ချိတ်ဆွဲထားသော ဆိုင်းကြိုးများကို ဖြုတ်ရန် အချက်ပေးသံပါကလား။ လက်မှနာရီကို ကြည့်လိုက်ရာ ခုမှ ၇နာရီ ၁၅ မိနစ်သာ ရှိသေးသည်။ ခါတိုင်း ခုနစ်နာရီခွဲကျော်ကျော်မှ ထွက်နေကျသဘော်က ဒီနေ့မှဘာကြောင့် ဒါလောက် အလောတကြီး နိုင်နေပါလိမ့်။ နှင်းကတော့ ကောင်းကောင်းကွဲနေပေပြီ။

သဘော်ဆိပ်သို့ မော်တော်ကားဆိုက်တော့ သဘော်သည် စက်ရှိန်မြှင့်ပြီးကမ်းမှ ခွာစပြုနေပြီဖြစ်၏။ သို့သော် သဘော်မှာ ရေဆန်ဘက်ကို ဦးတည်၍ ကမ်းကပ်ထားခြင်းဖြစ်သဖြင့် သဘော်တစ်ပတ်လှည့်ရင်း ပြန်ကပ်မည်ဆိုလျှင် အချိန်ရသေးသည်။ သို့ဖြစ်၍ လင့်စင်ပေါ် လှမ်းပြီး လက်ပြကြသည်။ မန်နေဂျာကြီးကလည်း ဖိုင်တွဲကြီး တရမ်းရမ်းနှင့် လှမ်း၍ အချက်ပြလျက်ရှိ၏။ သို့သော် လင့်စင်ပေါ်မှ တက်မကိုင်မှာ သဘော်ကွေ့ရန် ရေစီးကြောင်း ဂရုစိုက်နေရသဖြင့် နောက်သို့ ပြန်လှည့်မကြည့်အားပေ။ သဘော်အပေါ်ထပ်မှ ပြန်၍ လက်ပြသည်ကိုကြည့်ပြီး ထောင်မှူးကြီးဦးစံထွန်းအေးက....

"ဟိုမှာ ပြန်ပြီး လက်ပြနေတယ်၊ သဘော်ပြန်ကပ်မယ်နဲ့ တူပါတယ်"

မင်းကြီးကမူ စိတ်ပျက်လက်ပျက်။

"ဘယ်ကဟုတ်ရမှာလဲဗျ။ အဲဒါ ကေဗင်ကခရီးသည်တွေ သူတို့ကိုနှုတ်ဆက်တယ်ထင်ပြီး ပြန်လက်ပြနေတာ"

မှန်၏။ သဘော်သည် ရေလယ်ကောင်ရောက်သည်နှင့် တစ်ပတ်လှည့်ပြီးအောက်ဘက်သို့ တရွေ့ရွေ့ စုန်ဆင်းသွားလေပြီ။

ထောင်မှူးကြီးမောင်မောင်က အနီးရှိ မန်နေဂျာကြီးကို အပြစ်တင်မိသည်။

"မန်နေဂျာကြီးကလဲဗျာ ကျွန်တော်တို့ မင်းကြီး လိုက်ပါမယ်လို့ အတန်တန်ပြောထားရဲ့သားနဲ့ နည်းနည်းလောက် အချိန်ဆွဲထားပါဦးတော့...."

"ထောင်ပိုင်ကြီး အပြစ်တင်ရင်လဲ ခံရမှာပါပဲဗျာ။ ကျွန်တော်လဲ တတ်နိုင်

သလောက် စောင့်ပါသေးတယ်။ ခက်တာက အပေါ်မှာ တပ်မတော်က အရာရှိကြီး တစ်ဦးလဲ ပါသေးတယ်။ သူက မြစ်ကြီးနားက လာတဲ့ စာပို့ရထားကို နဘားဘူတာက ဖြတ်ပြီး အချိန်မီ စီးရမှာတဲ့။ သူရောက်နေတဲ့အချိန်ကိုလဲ ပြန်ကြည့်ဦး၊ မနက်ခြောက် နာရီခွဲကတည်းက....”

ထိုအခါ မင်းကြီးအတွက် ပြောစရာ အကွက်ကောင်းတစ်ကွက် ရသွားသည်။

“ကဲ.... မင်းတို့နဲ့ ဝီရိယချင်း မကွာလား....”

ဘာမဟုတ်သည့် မီးရှည်နှင့် ဆန်ခေါက်ဆွဲအတွက် ထိုနေ့က ထောင်မှူးကြီး မောင်မောင်သည် မျက်နှာမရ ခြေထောက်ရဆိုသလို ကောင်းကောင်းကြီး ဒုက္ခရောက်ခဲ့ ရသည်။ အမှန်ကတော့ စေတနာပါ။ ခုတော့ စေတနာက ဝေဒနာဖြစ်။ ရိုးရိုးမကဘဲ ဖင်လိန်က ကာမှ၊ လှချင်လွန်းလို့ သွားချောင်တိုက် ရေစီးကမ်းပြိုလိုက် ခဲ့ရပေပြီ။

“ဦးမောင်မောင်၊ မနက်ဖြန်တော့ လေယာဉ်လက်မှတ် သေချာအောင် လုပ်ဗျာ ဒါပဲ”

မင်းကြီးသည် အဲဒီစကားတစ်ခွန်းသာ ပြောပြီး သူ့အခန်းထဲ ဝင်သွားသည်။ ပြန်ထွက် မလာတော့ပေ။ မင်းကြီးအကြောင်း ထောင်မှူးကြီးမောင်မောင် အစင်းသိသူ ဖြစ်သည်။ သူ ခင်ဗျားနှင့် ကျွန်တော်နှင့် ပြောလာပြီဆိုလျှင် ဒေါပွပြီသာမှတ်။

ထောင်မှူးကြီး မောင်မောင်မှာ လေယာဉ်ရုံးမှ ဦးဘဂျမ်းထံသို့ အမောတကော ပြေးရပြန်သည်။

“တစ်နေရာတော့ တာဝန်ယူတယ် ဦးမောင်မောင်။ နှစ်ယောက် အတွက်တော့ သိပ်မသေချာဘူး။ အေး.... တစ်ခုတော့ ရှိတယ်။ ဗန်းမော်က တစ်ယောက်လောက် မလိုက်ဖြစ်ရင်၊ ဒါမှမဟုတ် မြစ်ကြီးနားက တစ်နေရာ အပိုပါလာရင်တော့ ရမယ်။ လေယာဉ်ကွင်းတော့ နှစ်ယောက်လုံး ဆင်းခဲ့ကြလေ”

“ကူညီစမ်းပါဦး အစ်ကိုရယ်၊ ဒီနေ့ ကသာ သဘော်ာ မမီလိုက်လို့ ကျွန်တော့် မင်းကြီးက အရမ်းဒေါကန်နေတယ်ဗျ။ အစ်ကို့ ကျေးဇူး ဒီတစ်သက် မမေ့ပါဘူးဗျာ”

သံတဲ ပြန်ရောက်တော့ ဦးမျိုးမြင့်ကိုသာ တိုးတိုးတိတ်တိတ် ကျိတ်ပြီး ပြော ထားရသည်။ မင်းကြီးကို မျက်နှာချင်း မဆိုင်ရဲ။ ထိုည ထောင်မှူးကြီး မောင်မောင်မှာ ဘယ်လိုမှ အိပ်လို့မရတော့။ ဘယ်လူး ညာလိမ့်ကာဖြင့် မိုးစင်စင်သာ လင်းခဲ့ရသည်။

နောက်တစ်နေ့ မနက်ကျတော့ လေယာဉ်ကွင်း မဆင်းကြမီ ယူနီဖောင်းဝတ် ကြီးနှင့်ပင် ရှူးဖိနပ်ကိုချွတ်၊ မင်းကြီးအခန်းထဲဝင်၍ ဦးသုံးကြိမ်ချကာ ကန်တော့ရသည်။

“ကျွန်တော့်ကြောင့် ဆရာကြီး စိတ်အနှောင့်အယှက် ဖြစ်ရတာကို ခွင့်လွှတ်ပါ ဆရာကြီး၊ ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ်”

“အေးပါကွာ ခွင့်လွှတ်ပါတယ်၊ ငါ့စိတ်ထဲ ဘယ်လိုမှ သဘောမထားပါဘူး။ နို့ မင်းကလဲ ငါတို့စားစေချင်တဲ့ စေတနာကြောင့် ဖြစ်ရတာကိုး”

http://www.cherrythitsar.org



ထောင်မှူးကြီးမောင်မောင် ရင်ထဲမှ ဝန်ထုပ်ဝန်ပိုး အစိုင်အခဲကြီးသည်လည်း ဝါဂွမ်းကလေးတစ်ဖတ်ပမာ ပေါ့သွားသည်။ အထူးသဖြင့် မင်းနှင့် ငါနှင့်ပြောလိုက်သော အသံမှာ နားဝင်အချိုဆုံးဖြစ်၏။ ဒါဆိုလျှင် မင်းကြီး စိတ်ဆိုးပြေသွားပြီ ဖြစ်ကြောင်း ထောင်မှူးကြီးမောင်မောင် ကောင်းကောင်းကြီး နားလည်လိုက်ပြီ။ မိဘနှင့် သားသမီး၊ ဆရာနှင့် တပည့်၊ ငယ်သူက ကြီးသူကို လွန်တာရှိ ဝန္ဒာမိပါက ခွင့်လွှတ်နိုင်သည့် အဖြစ်မှန်လျှင် ဒီလိုပဲခွင့်လွှတ်ရပေမပေါ့။ နာယကဂုဏ် ခြောက်ပါးမှာလည်း ပါပြီးသား။

တော်ပါသေးသည်။ ထိုနေ့က မြစ်ကြီးနားမှထိုင်ခုံလွတ်ပါလာသဖြင့် မင်းကြီးရော ဦးမျိုးမြင့်ပါ ရန်ကုန်သို့ ချောမောစွာ ပြန်ပါသွားကြသည်။ မင်းကြီးသာ လေယာဉ်ပျံနှင့် ပါသွားသော်လည်း မင်းကြီး၏အကြောင်းကား ထောင်မှူးကြီးမောင်မောင်၏ ခေါင်းထဲတွင် တရစ်ဝဲဝဲ မင်းမူဆဲပင် ဖြစ်၏။ မင်းကြီး အကြောင်းသာမက မင်းကြီးနှင့် ပတ်သက်ရာ ပတ်သက်ကြောင်း မှန်သမျှမှာလည်း တစ်နွယ်ငင် တစ်စင်ပါ ပေါ်လာ လိုက် ဝိုးတိုးဝါးတား ခပ်ရေးရေး မှေးမှိန်ပျောက်သွားလိုက်နှင့် စေ့စေ့တွေးလေ ရေးစရာ ချွတ်စရာတွေ ပေါ်လာလေပါပဲ ကလား။

"ဦးမောင်မောင်၊ ခင်ဗျားကို ခင်ဗျားမင်းကြီးက စကားပြောချင်လို့တဲ့"

ကြည့်ကြပါဦး၊ ထောင်ပိုင်ကြီးတစ်ယောက်က သူ့လက်အောက်ရှိ ထောင်မှူးကို ပြောလိုက်တဲ့စကား။ 'ခင်ဗျားမင်းကြီး'ဆိုတာက တမင်ငေါ့ပြောတာ။ သူ့မင်းကြီး မဟုတ်တဲ့ အတိုင်းဘဲ။ 'ဦးမောင်မောင် တယ်လီဖုန်း လာတယ်ဗျို့'၊ ဒါမှမဟုတ်.... 'ဦးမောင်မောင်.... မင်းကြီးက စကားပြောချင်လို့တဲ့'၊ ဒါလည်း ပြီးသည့်ကိစ္စပါ။ ခုတော့ 'ခင်ဗျားမင်းကြီး'တဲ့။

သူက မြန်မာမွတ်စလင်ကပြား သုံးပွင့်ထောင်ပိုင်၊ နေကြတာက ပဲခူးထောင်။ ထောင်မှူး မောင်မောင်သည် မိမိနှင့် လုပ်ဖော်ကိုင်ဖက် ထောင်မှူးများအနက်မှ ကိုယ့်ထက် စီနီယာကျ၍ ရာထူးအဆင့်ဆင့် တက်ခဲ့သူများကို ဆရာတန်လျှင် ဆရာ၊ ဆရာကြီးတန်လျှင် ဆရာကြီးဟု ပြင်ဆင်ခေါ်ခဲ့ပါသည်။ အလွန်အမင်း ရင်းနှီး၍ နာမည်ခေါ်ကာ နှုတ်ကျိုးနေသူများကို အနည်းဆုံး အစ်ကိုကြီးဟု ပြင်၍ခေါ်ခဲ့ပါသည်။ သို့သော် သူ့ကိုတော့ ဘယ်လိုမှ ပြင်ခေါ်လို့မရခဲ့ပါ။ နှစ်ပွင့်ထောင်မှူးကြီးဘဝ က (Chief) ချိဖ်ဟု ခေါ်ခဲ့သည်။ အဓိပ္ပာယ်မှာ (Chief Jailor) ထောင်မှူးကြီးကို အတိုကောက် ခေါ်ခြင်းဖြစ်၏။ သူ (Officer In Chargge) သုံးပွင့်ထောင်ပိုင်ဖြစ်လာတော့ O.I.C. ဟုသော်လည်းကောင်း၊ ထောင်တာဝန်ခံအရာရှိဟုသော်လည်းကောင်း ခေါ်ရမှာ ရိုင်းမည် စိုးသဖြင့် ဘာမျှမခေါ်၊ သံပြတ်ပြောခဲ့သည်။ သူ့ပခုံးပေါ် (State Seal) နိုင်ငံတော် တံဆိပ် ရောက်လာတော့ ခေါ်ရတာ လွယ်သွားပြီ။ Super ဟု။ (Superintendent of Jail) ကို အတိုကောက် ခေါ်ခြင်း ဖြစ်၏။

သို့ကလို ဆရာဟု ပြောင်းလဲခေါ်ဝေါ်ရန် နှုတ်ဆွံ့ခဲ့မိခြင်းမှာ အကြောင်းရှိ၏။

သူ၏ စိတ်နေသဘောထား သိမ်ဖျင်းပုံကလေးများမှာ ရယ်စရာလိုလိုနှင့် မခံချိမခံသာ ဖြစ်စရာ ကောင်းလှခြင်းကြောင့် ဖြစ်၏။

ထောင်မှူးမောင်မောင်က လူငယ်ဆိုတော့ သူ့ထက်စော၍ ထောင်ရုံးခန်းသို့ ရောက်နေကျ။ သူ ရုံးခန်းထဲဝင်လာလျှင် ပြောစရာ စကားတစ်ခုက အမြဲတမ်းပါလာ တတ်၏။

"ဦးမောင်မောင်.... ခင်ဗျား အိမ်ရှေ့မှာ မာစီဒီး ကားကြီးတစ်စီး ရပ်ထားလိုက်တာ ကောင်းလိုက်တဲ့ ကားကြီးဗျာ"

"ဟုတ်ပါတယ်။ အဲဒါ ရန်ကုန်ကလာတဲ့ ရုပ်ရှင်လောကက ကျွန်တော့် မိတ်ဆွေတွေပါ"

သူ့စိတ်ထဲ ထောင်မှူးမောင်မောင် အိမ်ရှေ့ရပ်ထားသမျှ ကားမှန်လျှင် ထောင်ဝင်စာလာတွေ့သည့် ကားချည်း ထင်မှတ်နေဟန်ရှိသည်။ ထိုအချိန်က ပဲခူးရှိ စီးပွားရေး သောင်းကျန်းသူများကို ထောင်တွင်း ဆွဲသွင်းထားခိုက်နှင့် ကြုံနေသည်။ ထောင်မှူး မောင်မောင်အနေနှင့်ကား ဥပဒေပြင်ပမှ ဘာတစ်ခုမျှ အကူအညီများ မပေးခဲ့ စဖူး။ စိတ်ထဲ ခပ်ချဉ်ချဉ်ရှိသည်နှင့် တစ်ဆက်တည်း ပြောချလိုက်မိသည်။

"ပဲခူးဆေးလိပ်ခုံတွေက ကျွန်တော့် မိတ်ဆွေမှန်သမျှလည်း ကားကောင်းတွေနှင့်ချည်းပဲ"

ပိုပြီး တိုက်ဆိုင်တာက ထောင်မှူးမောင်မောင်သည် စာရေးရှိန်တက်နေချိန် ဖြစ်ရာ လုံးချင်းဝတ္ထုတွေ တစ်ပုဒ်ပြီးတစ်ပုဒ်၊ ရုပ်ရှင်ကားတွေ တစ်ကားပြီး တစ်ကား ရိုက်နေချိန် ဆိုတော့ ရန်ကုန်ရှိ ရုပ်ရှင်စာပေနှင့် ဂီတလောကမှ မိတ်ဆွေတွေ မကြာခဏ လာကြသည်။ အချို့ဆိုလျှင် စားသောက်ပြီး နေအိမ်ကျဉ်းကျုတ်ကျုတ်ကလေးတွင် ညပင် အိပ်သွားတတ်ကြသည်။ ဆရာဦးသုခပင် နှစ်ကြိမ် သုံးကြိမ် ရောက်ဖူးသည်။

ယင်းကဲ့သို့ သူမို့ ထောင်ထဲဝင်လာလျှင် ထေ့စရာ ငေါ့စရာကလေးတွေ တစ်ခုမဟုတ် တစ်ခု ပါလာတတ်တော့ ထောင်မှူးမောင်မောင်မှာ နားကလောလာသည်။ သည်တော့ သူဝင်လာ၍ 'အလေးပြု' အော်သံကြားလျှင် ထောင်မှူးမောင်မောင်သည် ထောင်ထဲသို့ ကပျာကယာ ရောင်းလှည့် ထွက်သွားသည်။ ကွေ့ပတ်ရှောင်နေလိုက်သည်။ ကိုင်း၊ အေးကြရော။

သို့သော် ပရံပရ ဘယ်ဘဝကများ ရေစက်တွေ ဘုံဘိုင်တွေ ဆုံခဲ့လေသည် မသိ။ ထောင်ကြီးတစ်ထောင်တွင် ပြန်လည်ဆုံစည်းမိကြပြန်သည်။ အဲဒီကျတော့ သူက Super ခေါ် ထောင်ပိုင်ကြီး။ မောင်မောင်က Chief ခေါ် ထောင်မှူးကြီး။ ထိုအချိန်တွင် သူ့မှာ နှလုံးရောဂါစွဲကပ်နေပြီဖြစ်၏။ ထောင်ထဲတွင် အရေးကိစ္စ ပေါ်သည့်အခါများတွင် ကတုန်ကယင် ဖြစ်နေတတ်၏။ ဒါကို ထောင်မှူးကြီးမောင်မောင်က အလိုက်သိစွာဖြင့်....

"စူပါ၊ အေးအေးဆေးဆေး ရုံးခန်းထဲမှာပဲ ထိုင်နေပါ။ အထဲ မလိုက်ပါနဲ့၊

http://www.cherrythitsar.org



ကျွန်တော် ဝင်ရှင်းမှာပေါ့။ တကယ်လိုအပ်မှ စူပါ့ကို အခေါ်ခိုင်းလိုက်ပါ့မယ်”

အဲဒီကျေးဇူးတွေကြောင့်ပင် ထင်၏။ သူ အများကြီး အချိုးပြင်သွားပါသည်။ ဒါတောင် တစ်ခါတလေ ငယ်ချီပေါ်ချင်သေးသည်။ တစ်ည သန်းခေါင်ယံ အချိန်တွင် မိန်းမထောင်၌ လျှပ်စစ် ဝါယာကြိုးမှာ ရှော့ခ်ဖြစ်ကာ မီးထ လောင်ပါတော့သည်။ မိန်းမထောင်မှာ နှစ်ထပ်ဆောင် ဖြစ်၏။ အောက်ထပ်က ၄×၂ လက်မ မျဉ်းတန်းများ ရိုက်ထားသည်။ အပေါ်ထပ်က ၄×၁½ လက်မလျှာထိုးကပ်ရိုက်ပြီး ပြတင်းတံခါး နှစ်ပေါက်တွင် သံတိုင်များ စိုက်ထားသည်။ ဝါယာကြိုး စတင်ရှော့ခ် ဖြစ်သည့်နေရာမှာ လှေကားအတက်၊ မိန်းခလုတ်နား ဖြစ်၍ တစ်စတစ်စနှင့် မီးကြိုးအတိုင်းလောင်ကာ အပေါ်ထပ် မိန်းမထောင် အတွင်းသို့ ကူးဆက်လာ၏။

မိန်းမထောင်အပေါ်တွင် အချုပ်တရားခံများကို ထား၍ စုစုပေါင်း ၄၅ ယောက်ခန့်ရှိသည်။ အောက်ထပ်ရှိ ထောင်ကျစ အမျိုးသမီးက ၄၀ ကျော်ဆိုတော့ မိန်းမ (၁၀၀) နီးပါး အော်ဟစ်သံများမှာ ကမ္ဘာပျက်သလား ထင်ရ၏။ ဒီကြား ငါးနှစ်အောက် ကလေးငယ်တွေက ဆယ်ယောက်ခန့် ရှိသေးသည်။ တကယ့် သေရေးရှင်ရေးကျတော့ မိန်းမသားရယ်လို့ အထင်မသေးလေနှင့်....။ အပေါ်ထပ်က မိန်းမတွေက ကာထားသည့် ငါးမူးပြား သစ်သားကို ထုကြထောင်းကြ ခြေဖြင့်ကန်နင်းဖွင့်ကြသည်။ လူတစ်ကိုယ်စာ ထွက်သာရုံ ပွင့်သွားသောအခါ အောက်သို့ ခုန်ချကြသည်။ အောက်ထပ်က မိန်းမတွေက အပေါ်ထပ်ကြမ်းခင်းကို မရ ရအောင်ခွာ၍ အပေါ်ထပ်သို့ ကုတ်ကပ်တက်ကြသည်။ အောက်ထပ်မှာက ၄×၂ လက်မ မျဉ်းတန်းတွေ စီရိုက်ထားသဖြင့် ဘယ်လိုမှ ဖောက်ထွက်လို့ မရ။

အပေါ်ထပ်မှ မိန်းမ ခပ်ဝဝတစ်ဦးက သူမ ဘယ်လိုမှ ခုန်မချရဲသဖြင့် ညဏ်နီ ညဏ်နက်ထုတ်လိုက်သည်။ ခြုံရန်ပေးထားသော စောင်နှစ်ထည်ကို ဆက်လိုက်ပြီး အပေါ်ထပ်တွင် ခိုင်ခံ့အောင်ချည်ကာ စောင်အတိုင်း လျှောဆင်း၏။ နောက်ထပ် စောင်ကိုကိုင်ပြီး လျှောဆင်းသမျှ အနာတရမရှိကြတော့ပေ။ စာရင်းချုပ်လိုက်သောအခါ ခြေကျိုးလက်ကျိုး ခြေပွတ်တိုင်လည်သူ မိန်းမ ခုနစ်ယောက်ရှိသည်။ ပွန်းရာပဲ့ရာ ရှရာ ဒဏ်ရာရသူတွေတော့ အများကြီး။

အကျဉ်းထောင် ဥပဒေအရ မိန်းမအကျဉ်းသူတွေကို ဒီအတိုင်း အိပ်ဆောင် အပြင်ဘက်တွင် ထားခဲ့လို့မဖြစ်။ ဒီတော့ လက်သမား အကျဉ်းသားတွေကို အပြင်ထုတ်ပြီး ညတွင်းချင်း ပြင်ဆင်ရသည်။ လျှပ်စစ်မီးများ ယာယီသုံးရအောင် သွယ်တန်းစေရသည်။ အားလုံး ကိစ္စဝိစ္စ ပြီးစီး၍ ထောင်မှူးကြီးမောင်မောင် အိမ်ပြန်ရောက်တော့ နံနက် ငါးနာရီထိုးပေပြီ။

နောက်တစ်နေ့ ရုံးရောက်တော့ စာရေးကြီးက မင်းကြီးရုံးသို့ အစီရင်ခံရန် ကြေးနန်းစာ မူကြမ်း လာပြသည်။ ကြေးနန်းစာတွင် ထူးခြားချက်တစ်ခုပါနေ၏။ အခင်း

http://www.cherrythitsar.org



ဖြစ်ပွားရာသို့ ထောင်ပိုင်ကြီးနှင့် တာဝန်မှူးတို့ ဦးစွာရောက်ကြောင်းနှင့် ထောင်မှူးကြီးက နောက်မှရောက်ကြောင်း ပါနေခြင်းပင် ဖြစ်၏။

"ဒါကြီးက ထည့်ဖို့လိုသေးလို့လားကွာ"

"ဒါတော့ မသိဘူးဆရာ။ ထောင်ပိုင်ကြီး ရေးခိုင်းတဲ့အတိုင်း ရေးရတာပဲ"

"သူက ထောင်ဘူးဝကြီးပေါ်မှာ နေတာ၊ တာဝန်မှူးက တံခါးဝထဲမှာ အိပ်တာဆိုတော့ သူတို့နှစ်ယောက် အလျင်ဆုံးရောက်ရမှာပေါ့။ ကျွန်တော်က အပြင်မှာ နေရတဲ့ကောင်ပဲ။ ကျွန်တော့်ကို လာနှိုးမှလာရတော့ သူတို့ထက်တော့ နောက်ကျမှာပေါ့"

စာရေးကြီးသည် ထောင်ပိုင်ကြီးကိုလည်းကြောက်၊ ထောင်မှူးကြီးကိုလည်း ကြောက်ရသဖြင့် ဘာမှ ပြန်မပြောဘဲ ပေပြီးရပ်နေသည်။ ထောင်မှူးကြီး မောင်မောင် သည် ယင်းကိစ္စနှင့်ပတ်သက်၍ ထောင်ပိုင်ကြီးနှင့်သွားတွေ့ပြီး ဖြေရှင်းမည်ဟု စိတ်ကူးမိ လေသည်။ ပြီးမှ ငါ့မှာ အကြောင်းပြစရာ ရှိသားပဲလေဟု ဒေါသကို ချုပ်တည်းကာ ကြေးနန်းစာပေါ်တွင် လက်မှတ်ကို ရေးထိုးပေးလိုက်သည်။

ထောင်မှူးကြီးမောင်မောင် ကြိုတင်တွက်ဆထားချက် မမှားပေ။ နောက် တစ်နေ့ မင်းကြီးထံမှ တယ်လီဖုန်း ရောက်လာ၏။

"နေပါဦး၊ မောင်ရင်က မီးလောင်တဲ့နေရာကို ဘာဖြစ်လို့ ချက်ချင်းမရောက်ရ တာလဲ"

"ကျွန်တော်အပြင်မှာ နေတာပဲ။ ထောင်နဲ့တစ်ခေါ်လောက် ဝေးသေးတယ်။ လူလွှတ်ခေါ်မှ ကျွန်တော်သိရတာကိုး"

"မောင်ရင့်အိမ်မှာ တယ်လီဖုန်း မရှိဖူးလား"

"မရှိပါဘူး။ ရှိရင် ကျွန်တော်ချက်ချင်း သိပြီး ချက်ချင်း ရောက်သွားမှာပေါ့"

"ဒါဖြင့် တယ်လီဖုန်း အမြန်ဆုံးတပ်ဖို့ စီစဉ်ကွာ"

သို့နှင့်ပင် ထောင်မှူးကြီး မောင်မောင်အတွက် တစ်လအတွင်း တယ်လီဖုန်း တစ်လုံး အမြတ်ထွက်ခဲ့ရလေသည်။

■

http://www.cherrythitsar.org



# ၄၇

နောက်တစ်ခု ကြုံရတာကတော့ တကယ့်ကို ရယ်စရာပါ။ ထောင်ရှေ့တွင် အုန်းပင်လေးပင်ရှိ၍ အုန်းသီးများ ပြွတ်သိပ်ခဲနေသည်။ ရင့်လည်း ရင့်လှပေပြီ။ ယခင်ထောင်ပိုင်တွေ အဆက်ဆက်က အုန်းသီးများရင့်သည့်အခါ ဝန်ထမ်းများကိုပါ ဝေငှစားသောက်လေ့ရှိသည်။ သို့ဖြစ်၍ ထောင်မှူးကြီးမောင်မောင်က ထောင်ပိုင်ကြီးအား စကားစကြည့်သည်။

"အုန်သီးတွေ ရင့်ကုန်ပြီ၊ အလျင်တုန်းကတော့ ဝန်ထမ်းတွေ ဝေငှပြီး စားကြသောက်ကြတာပဲ"

ထိုအခါ ထောင်ပိုင်ကြီးက....

"အချိန်တန်တော့ နွားပိန်ကန်လိမ့်မပေ့။ ကျွန်တော် စောင့်နေတာ အကြောင်းရှိပါတယ်"ဟု ပြန်ပြောခဲ့ပါသည်။

တစ်နေ့တွင် ထောင်မှူးကြီးမောင်မောင် နေ့ခင်းထမင်းစားပြန်ချိန်တွင် ထောင်ပိုင်ကြီးနှင့် အကျဉ်းသားငါးယောက် အုန်းသီးခြွေချနေသည်ကို တွေ့လိုက်ရသည်။

"ဘာလဲ စုပါ၊ အုန်းသီးတွေ ဝေတော့မလို့လား"

"ဟင့်အင်း မဝေပါဘူး။ သန်ဘက်ခါ ကျွန်တော်တို့ ပွဲနေ့လေ၊ ခင်ဗျားတို့အားလုံးကို အုန်းနို့ခေါက်ဆွဲ ချက်ကျွေးမလို့"

"ဒီလောက် အုန်းသီးတွေအများကြီး ဘယ်ကုန်နိုင်မလဲ။ အုန်းထမင်းချက်စားချင်လို့ ကျွန်တော့်ကို နှစ်လုံး သုံးလုံးလောက် မျှပါဦးလား"

http://www.cherrythitsar.org



ထောင်ပိုင်ကြီးသည် အင်းလည်း မလှုပ်၊ အဲလည်း မလှုပ်။ ဘာစကားပြန်မျှ မရ။ ညနေကျတော့ အော်ဒလီငွေသောင်းက အိမ်သို့ အုန်းသီးတစ်လုံး လာပို့သည်။ ပြီးတော့ ငွေသောင်းက....

"ထောင်ပိုင်ကြီးက ပထမတော့ နှစ်လုံးပေးမလို့ပဲတဲ့၊ ဒါပေမယ့် ဆရာကြီးက သုံးလုံးတောင်းလို့ တစ်လုံးပဲ ပေးလိုက်တယ်လို့ ပြောခိုင်းလိုက်ပါတယ်"

ထောင်မှူးကြီး မောင်မောင် ဒေါပွပွနှင့် 'ပြန်ယူသွားကွာ'ဟု ပြောမိသေးသည်။ အိမ်ရှင်မက ဒီလူကြီးအကြောင်း သိသားနဲ့ ဖက်မဖြစ်စမ်းပါနဲ့ဟု တားသဖြင့် ပြန်မပေး ဖြစ်ခဲ့ပါ။ ကိုင်း.... သူ့ကို ဘယ်လိုလူစားမျိုးဟု သတ်မှတ်ရပါလိမ့်။

စောစောပိုင်းက မင်းကြီးထံမှ တယ်လီဖုန်းလာသည့်ကိစ္စမှာ ဘာမျှမဟုတ်၊ သူနှင့်ပြောလို့ မသင့်သည့်ကိစ္စဖြစ်သဖြင့် မင်းကြီးက ထောင်မှူးမောင်မောင်ကို တမင်ခေါ် ခိုင်းခြင်းသာဖြစ်၏။ မင်းကြီးပြောမှာက အင်းတကော်မှာ သူ၏ ကိုယ်ပိုင် ဝက်မွေးထား သည့်ကိစ္စ။ သူက မွတ်စလင်ကပြား။ ဘယ်လိုလုပ် ပြောလို့သင့်တော်ပါမည်နည်း။

တယ်လီဖုန်းခွက်ကို ကောက်ကိုင်လိုက်ရာ မင်းကြီးက....

"ရန်အောင်ရေ၊ အင်းတကော်ဘက်မှာ ဝက်တွေနာနေတယ်လို့ ပြောသံကြား တယ်ကွ"

"ဆရာကြီး ဝက်တွေလား"

"ကိုယ့် ဝက်တွေတော့ မနာသေးပါဘူး။ ဒါပေမယ့် ကြိုတင်ကာကွယ်ဆေး ထိုးထားဖို့တော့ လိုလိမ့်မယ်။ ပဲခူးမှာ တိရစ္ဆာန် ဆေးကုဆရာဝန်ထဲက မောင်ရင်နဲ့ ရင်းနှီးတဲ့သူ မရှိဖူးလား"

"ရှိပါတယ် ဆရာကြီး"

"ဒါဖြင့် ဒီလိုလုပ်ပါလား။ လာမယ့် တနင်္ဂနွေနေ့မှာ မောင်ရင်တို့ နှစ်ယောက် အင်းတကော်ကို ဆယ်နာရီလောက် အရောက်လာခဲ့ပါလား။ ကိုယ် အင်းတကော် ကားဆိပ်က စောင့်နေမယ်။ ပဲခူး လာခေါ်ဖို့ လိုသေးသလား"

"မလိုပါဘူး။ ပဲခူး–အင်းတကော် ကားတွေ ပေါပါတယ် ဆရာကြီး"

"အေး.... အဲဒီလိုဆိုရင် ကိုယ် အလျင်ရောက်ရင်လဲ စောင့်နေမယ်။ မောင်ရင် တို့ အလျင်ရောက်ရင်လဲ စောင့်နေကြပေါ့။ ထမင်းလဲ ကျွေးပါ့မယ်၊ ဆရာ့ကိုလဲ ကျသင့် တဲ့ ဆေးဖိုးဝါးခ ပေးမှာပေါ့ကွာ"

"ဖြစ်ပါတယ် ဆရာကြီး"

"စိတ်ချနေမယ်နော်"

"စိတ်ချပါ ဆရာကြီး"

တနင်္ဂနွေနေ့ကျတော့ ထောင်မှူးကြီးမောင်မောင်တို့ အင်းတကော်သို့ဆယ်နာရီ မထိုးမီ ရောက်နှင့်နေသည်။ မင်းကြီးတို့ကား ပေါ်မလာသေး။ သူစီးသော လင့်ရိုဗာကား

http://www.cherrythitsar.org



မှာလည်း စစ်ပြီးခေတ်ကတည်းက မင်းကြီး အစဉ်အဆက် စီးလာသော ကားဖြစ်သဖြင့် အတော်ကလေး ဟောင်းနွမ်းချုချာနေပြီ ဖြစ်၏။ ဆယ့်တစ်နာရီထိုးပြီးတော့ ထောင်မှူး မောင်မောင်က ခေါ်လာသည့် ဆရာကို အားနာသဖြင့်....

"မင်းကြီးကတော့ အချိန်တကယ့်ကို တိကျတာဗျ၊ ကားထွေနေလို့ ဖြစ်လိမ့်မယ်"

"ကိစ္စမရှိပါဘူးဗျာ၊ စောင့်ကြတာပေါ့၊ ဆေးထိုးတာက ဘာမှမကြာပါဘူး"

ဆယ့်နှစ်နာရီခွဲခါနီးမှ မင်းကြီးတို့ကား ပေါက်ချလာသည်။

"ဆောရီးဗျာ၊ ကားက လမ်းမှာ ဖောက်ဖောက်နေလို့ သုံးခါလောက်ရပ်ပြီး ပြင်ခဲ့ရတယ်။ ကဲ.... လုပ် ထမင်းစားကြရအောင်။ ခင်ဗျားတို့လဲ ဆာရောပေါ့။ ကျွန်တော် လဲ ဆာလှပြီ"

ထမင်းစားသောက်ပြီး ဝက်ခြံသို့ ထွက်ခဲ့ကြသည်။ မိုးတွင်းကြီးဖြစ်သဖြင့် ကားက တောက်လျှောက် မောင်းမရ။ ရွာလယ်ကောင်တွင်ထားခဲ့ပြီး ကုန်းကြောင်း ဆက်လျှောက်ခဲ့ကြရသည်၊ ရွှံ့တွေဗွက်တွေရုန်းကြရသည်။ တိရစ္ဆာန်ဆေးကုဆရာဝန်က အင်းတကော်ဘက် လာနေကျမို့ ဓာတ်သိဖြစ်ဟန်တူသည်။ တောဘွတ် ခေါ် လည်ရှည် ဖိနပ် စီးလာခဲ့သည်။

ဝက်ခြံရောက်တော့ ရွှံ့တွေ ဗွက်တွေနှင့်မို့ တစ်ကောင်ချင်း ဖမ်းရသည်မှာ မလွယ်လှပါ။ ဝက်ကလည်း အကြီးအသေး ဝက်သိုး၊ ဝက်မ၊ နို့စို့အရွယ်ပါမကျန် အကောင်ခြောက်ဆယ်ခန့် ရှိသည်။ တစ်ကောင်ချင်း မိသွားပြီဆိုလျှင်တော့ ဆရာ ဆေးထိုးတာက အလွယ်ကလေး၊ တင်ပါးဆုံကို 'စွပ်'ခနဲ ထိုးလိုက်ရုံသာ။ ကိစ္စဝိစ္စ ပြီးပြတ်၍ အင်းတကော်ကားလမ်း ပြန်ရောက်တော့ ညနေ လေးနာရီ ခွဲပြီးနေပြီ။

မင်းကြီးက ဆရာ့ကို အလွန်အမင်း အားနာသွားဟန် တူ၏။

"ကဲ.... စံထူး၊ ဆရာနဲ့ဦးမောင်မောင်ကို ပဲခူးလိုက်ပို့လိုက်ပါကွာ။ ငါလက်ဖက် ရည်ဆိုင်က စောင့်နေမယ်"

တိရစ္ဆာန်ဆေးကု ဆရာဝန်ကလည်း မင်းကြီးကိုတစ်လှည့် ပြန်အားနာနေ ဟန်တူ၏။

"နေပါစေ အန်ကယ်၊ အင်းတကော်နဲ့ ပဲခူး ဆယ့်ခုနစ်မိုင်ပဲ ဝေးတာပါ။ ကားတွေလဲ ပေါပါတယ်"

ဘာပြောပြော မင်းကြီးက ဇွတ်အတင်းပင်။

"အို.... မဟုတ်တာ ဆရာရယ်၊ ရန်ကုန်အမြန် ကားတွေက လူကျပ်လာမှာ။ စံထူး လိုက်ပို့လိုက်ပါကွာ"

ကိုစံထူး၏ မျက်နှာကို ကြည့်လိုက်တော့ သိပ်မကြည်လင်လှပေ။ သူ့ကို ထောင်မှူးမောင်မောင်တို့ ကောင်းကောင်းသိကြသည်။ ကိုစံထူးဟု မခေါ်ကြ။ ကိုစံမူးဟု

http://www.cherrythitsar.org



နောက်ပြောင်ခေါ်လေ့ ရှိကြသည်။ ဖိုးငနဲ ဖြစ်၏။ သူလည်း ခုလောက်ဆို နေအကျ လေထ လောက်ပြီပေါ့။ သို့သော် မင်းကြီးအမိန့်ကိုတော့ သူ မလွန်ဆန်သာပါ။ စိတ်မပါ့တပါဖြင့် ပဲခူးရောက်အောင် လိုက်ပို့ရှာပါသည်။ ဘာပဲပြောပြော အင်းတကော်နှင့် ပဲခူး ကားရှောင်တာနှင့်၊ အဆင်းအတက်နှင့် မိနစ်လေးဆယ်တော့ အသာလေး မောင်းရသည်။ ပဲခူး ရောက်တော့ သိဂီမင်းစားသောက်ဆိုင်ရှေ့ ကားရပ်ခိုင်းလိုက်သည်။

"ကိုစံထူး တစ်ခွက်တစ်ဖလားလောက် ချသွားဦးလေဗျာ"

"တော်ပြီဆရာ၊ ကျွန်တော်က ကားကို ဂိုဒေါင်ထဲသွင်းပြီးမှ သောက်တတ်တဲ့ ကောင်ပါ။ ဒါကြောင့်လဲ ဒီအသိုးကြီးနဲ့ မြဲနေတာပေါ့"

အင်း၊ ဒီလိုတော့လည်း အတော်သားပဲဟု ချီးကျူးကာ ထောင်မှူးမောင်မောင်က အလိုက်သိစွာ ငွေတစ်ဆယ် ထုပ်ပေးလိုက်ရာ ဆလံအထပ်ထပ်ပေးပြီး ကားကို ဝူးခနဲ မောင်းထွက်သွားတော့သည်။

နောက်တစ်ခေါက် ရန်ကုန်ရောက်တော့မှ အကြောင်းစုံ ပြန်လည်ကြားသိရသည်။ ထိုနေ့က အင်းတကော်မှ ရန်ကုန်အပြန်လမ်းတွင် ကားက ဗွေဖောက်နေသဖြင့် ပြင်လိုက်မောင်းလိုက်နှင့် ရန်ကုန်သို့ ခုနစ်နာရီခွဲကျမှ ပြန်ရောက်ကြသည်။ မင်းကြီးမှာ ကမ္ဘာအေးဘုရားလမ်းတွင် နေသဖြင့် မရမ်းကုန်းမီးပွိုင့်တွင် ကားကို ကွေ့ရမည်ဖြစ်သော်လည်း ကိုစံထူးက မကွေ့ဘဲရှေ့သို့ ဆက်မောင်းသွားသည်။

နောက်မှ လိုက်လာသော မင်းကြီးက....

"ဟေ့.... စံထူး၊ မရမ်းကုန်းလွန်လာပြီလေကွာ။ ဘယ်ဆက်မောင်းမလို့လဲ"

ကိုစံထူးက ဘာမှပြန်မပြော၊ ကားကိုရှေ့သို့သာ ဆက်လက်မောင်းမြဲ မောင်းနေသည်။ မင်းကြီးမှာ နောက်က ဖင်တကြွကြွ....။ လှည်းတန်းမီးပွိုင့်ရောက်တော့လည်း မီးက တောက်လျှောက်စိမ်းနေသဖြင့် ရှေ့သို့ဆက်မောင်းပြန်သည်။ မင်းကြီးမှာ ဒေါပွလှပြီ။

"ဟေ့ကောင်၊ ငါပြောနေတာ မကြားဖူးလား။ ကြံတောကို မောင်းမလို့လား"

ကိုစံထူးက ဘာမှ ပြန်မဖြေ။ သို့သော် ဟံသာဝတီအဝိုင်း ရောက်တော့ ကြံတောဘက် မကွေ့လို့ တော်ပါသေးသည်။ အဲ.... မြေနီကုန်း မီးပွိုင့်ရောက်တော့ မီးနီနှင့်မိပြီး ကိုစံထူး ကားဆက်၍ မောင်းမရတော့။ ထိုအခါကျမှ မင်းကြီးသည် ကားတံခါးကို ကပျာကယာဖွင့်ဆင်းတာ သုံးဘီးတစ်စီးငှားပြီး ကမ္ဘာအေးဘုရားလမ်း နေအိမ်သို့ ပြန်ခဲ့ရတော့သတည်း။

အင်း.... ကိုစံမူးနှင့်ကျကာမှ မင်းကြီးတစ်ယောက် နောက်ကောက်ကျခဲ့ရသည့်နည်းတူ နောက်တစ်နေ့ မနက်မှစ၍ မင်းကြီး၏ ကားပေါ်တွင် ကိုစံထူးကို မတွေ့ရတော့ပေ....။ သို့ကလို အကျဉ်းထောင်လုပ်သက်တစ်လျှောက် ရယ်စရာ၊ မောစရာ ခိုးလိုးခုလုလေးတွေ တွေ့လိုက်၊ တစ်ခါတလေကျတော့လည်း နောင်လာနောင်သား

http://www.cherrythitsar.org



အကျဉ်းထောင်ဝန်ထမ်းတွေအတွက် မှတ်လောက်သားလောက် သင်ခန်းစာလေး တွေ့ရလိုက်နှင့် ကြုံတောင့်ကြုံခဲ ရင်နာစရာအဖြစ်အပျက်ကလေးများနှင့်လည်း တွေ့ရတတ်ပါသေးသည်။

ထောင်မှူးမောင်မောင်သည် အကျဉ်းထောင်ကိုစဝင်ကတည်းက ပြည်ထောင်စုမြန်မာနိုင်ငံဖွား တိုင်းရင်းသား အများအပြားကို တွေ့ခဲ့ရာ တိုင်းရင်းသားတိုင်း၏ ဘာသာစကားကို တတ်ကျွမ်းလိုသူ ဖြစ်၏။ ဖြစ်နိုင်ပါက စာပါ သင်ချင်စိတ် ရှိသည်။

ပထမဦးဆုံး ချင်းအမျိုးသားများနှင့် တွေ့ဆုံ၍ ချင်းစာနှင့် ချင်းစကားပါ သင်ကြည့်ဖူးသည်။ ချင်းစာမှာ အင်္ဂလိပ်စာလုံးကို သုံးထားခြင်း ဖြစ်၍ လွယ်မယောင်နှင့် ခက်လှသည်။ ချင်းစကားကျတော့ အသံထွက်ရ ပိုခက်သေးသည်။ သို့နှင့်ပင် အောင်မြင်စွာ လက်လျှော့ခဲ့ရလေသည်။

ချင်းစကားလိုပင် အသံထွက်ရန် ခက်ခဲသော စကားမှာ မွန်စကားပင် ဖြစ်၏။ ဘေးလူအနေနှင့် နားထောင်လျှင်လည်း လည်ချောင်း လိုဏ်ခေါင်းထဲမှ ထွက်လာသော အာလုပ်သံလိုလို ထင်ရသည်။ စကားပြောလျှင်တော့ ကျယ်လောင်ကျယ်လောင်နှင့် အားပါးတရ ရှိလှသည်။ လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့် မော်လမြိုင် အကျဉ်းထောင်တွင် တာဝန်ထမ်းဆောင်စဉ်က မွန်စကား အသင်ကောင်းသဖြင့် ဒုက္ခလှလှကြီး နစ်ကြိမ် တွေ့ခဲ့ဖူးပြီ။

ပထမအကြိမ်မှာ အချုပ် လူသစ်များကို စစ်ဆေးနေချိန် ဖြစ်၏။ ထိုစဉ်က မော်လမြိုင်ထောင်တွင် အထက်က ရေးခဲ့သည့် ထောင်ပိုင်ကြီးနှင့် ထောင်မှူးကြီး မောင်မောင်တို့နှစ်ဦးသာ လူကြီးပိုင်းအနေနှင့် ရှိသည်။ ဒုတိယထောင်ပိုင် မရှိပေ။ သို့ဖြစ်၍ ထောင်ပိုင်ကြီးက ထောင်ကျလူသစ်များကို စစ်ဆေးပြီး ထောင်မှူးကြီး မောင်မောင်က အချုပ်လူသစ်များကို မှတ်ပုံတင်စာအုပ်နှင့် တိုက်ဆိုင် စစ်ဆေးကြည့်ရှုရသည့် ဒုတိယထောင်ပိုင်လုပ်ရသည့် လုပ်ငန်းကို ကူညီ ဆောင်ရွက်ရသည်။

"ဂျမို့ဟလောရော" (မင်းနာမည် ဘယ်သူလဲ)

"ကွန်ပလိုင်"

"ဂျမို့အပါး" (မင်းအဖေ ဘယ်သူလဲ)

"ဦးကူးပလိုင်"

"ဂျမို့အမား" (မင်းအမေ ဘယ်သူလဲ)

"ဒေါ်ရွှေမဲ"

"မို့အမောက်မို့ရော" (ဘာအမှု ဖြစ်တာလဲ)

ဤတွင်ပင် အချုပ်တရားခံသည် ထောင်မှူးကြီးတော့ မွန်လို ကောင်းကောင်း တတ်သည်အထင်နှင့် သူဖြစ်ခဲ့ရသော အမှုကို အစမှအဆုံးတိုင် မွန်ဘာသာစကားဖြင့် နတ်သံနှော၍ ဇာတ်ကြောင်းပြန်ပါလေတော့သတည်း။

http://www.cherrythitsar.org



ထောင်မှူးကြီး မောင်မောင်မှာ ဘာတစ်ခုမျှ နားမလည်တော့သဖြင့် မျက်လုံး ကြောင်တောင်တောင် ပါးစပ်အဟောင်းသားနှင့် ငေး၍ နားထောင်နေရသည်။ ပြီးမှ အနီးရှိ မွန်စကားသင်ပေးသော ထောင်ဘာယာ ကိုစိုးမြင့်အား....

"လုပ်ပါဦးဗျ ကိုစိုးမြင့်၊ ကျုပ်တော့ ဘာတစ်ခုမှ နားမလည်တော့ဘူး။ သူ ဘာတွေပြောနေတာလဲ"

ကိုစိုးမြင့်က အားပါးတရ ရယ်ရင်း....

"သူက ဆရာ့ကို မွန်လို ကောင်းကောင်းတတ်တယ်ထင်ပြီး သူ့အမှုဖြစ်ပုံ ဇာတ်လမ်းစုံကို လျှောက်ပြောနေတာပါ"

"နို့.... အမှုက ဘာမှုတုံးဗျ"

"အမှုက ရိုးရိုးမိန်းမခိုးမှုပါ ဆရာရယ်။ ဒါပေမယ့် သူ့အဖို့တော့ ဇရာမစွန့်စား ခန်းကြီးပေါ့။ သူ့ကောင်မလေးက ဘယ်လောက် ချောပုံလှပုံ၊ သူ့ကိုဘယ်လောက်အထိ ချစ်ခင်ယုယတွယ်တာပုံ၊ ဒါပေမယ့် သူက ပိုက်ဆံမရှိတော့ ခိုးရာလိုက်ပြေးလာပြီးမှ သူ့မိဘတွေကသင်ပေးတဲ့အတိုင်း သူသဘောမတူဘဲ ဖွတ်အတင်းခိုးလာခဲ့တဲ့အကြောင်း ရဲစခန်းမှာထွက်လို့ အဖမ်းခံခဲ့ရပုံကို ဖွဲ့ကာနွဲ့ကာ စီကာပတ်ကုံး နတ်သံနှောပြီး ပြောပြ နေတာပါ"

"တော်ပြီဗျာ၊ တော်ပြီ။ နောက်ထပ် ကျုပ် မမေးရဲတော့ဘူး၊ မြန်မာလိုတတ်ရင် တော့ မြန်မာလို ဖြေပလေ့စေ။ မြန်မာလို မတတ်ရင်လဲ ခင်ဗျားပဲ မွန်လိုမေးပြီး ဘာသာ ပြန် ပြောပြပေတော့"

သို့တိုင်အောင် ထောင်မှူးကြီးမောင်မောင်သည် အမှတ်သည်းခြေရှိသူ မဟုတ် ပေ။ ဒုတိယအကြိမ် အမှားတစ်ခုကို ထပ်မံကျူးလွန်မိပြန်၏။ ၁၉၆၈ ခုနှစ် စာဆိုတော် နေ့ဟု ထင်သည်။ မုဒုံမြို့ စာဆိုတော်နေ့ အထိမ်းအမှတ်ပွဲတွင် စာရေးဆရာလေးဦး ဖိတ်ကြားထား၍ နှစ်ဦးမှာ မော်လမြိုင်မြို့ခံ စာရေးဆရာများ ဖြစ်ကြသော ရန်အောင် မောင်မောင်နှင့် ဒေါက်တာတင်စိုးတို့ ဖြစ်ပြီး ကျန်နှစ်ဦးမှာ ရန်ကုန်မှ ဖိတ်ထားသည့် လင်းယုန်မောင်မောင်နှင့် ဗိုလ်မြင့်တို့ ဖြစ်ကြသည်။

ထောင်မှူးကြီး မောင်မောင်က မွန်စကား သင်ပေးသူ ဘာယာကိုစိုးမြင့်အား အပူတစ်ခုကပ်မိသည်။

"ကျွန်တော် မုဒုံ စာဆိုတော်နေ့ဟောပြောပွဲမှာ ပဏာမခြေဆင်းအနေနဲ့ မွန်လို ပြောချင်တယ်ဗျာ။ အဲဒါ ကျွန်တော် ပြောချင်တဲ့စကားကို စာနဲ့ရေးပေးမယ်။ ခင်ဗျားက မွန်လို ဘာသာပြန်ပြီး စာနဲ့ပြန်ရေးပေးပါ။ အဲဒါကို ကျွန်တော် အလွတ်ရအောင် ကျက် မယ်။ အလွတ်ရတော့ ကျွန်တော် ခင်ဗျားရှေ့မှာ အခေါက်ခေါက် အခါခါ ဆိုပြမယ်။ အသံထွက် မှန်အောင် ခင်ဗျားက ပြင်ပေးပေါ့"

"ရပါတယ် ဆရာ၊ ဆရာ ပြောချင်တာကိုသာ ရေးပေးပါ။ ကျွန်တော် မဖြစ်

http://www.cherrythitsar.org



မနေ သင်ပေးပါ့မယ်”

ထောင်မှူးကြီး မောင်မောင်က အောက်ပါအတိုင်း ရေးချပေးလိုက်သည်။

“မုဒုံမြို့နယ်ရှိ စာပေဝါသနာရှင်အပေါင်းတို့ခင်ဗျား၊ အခုလို မင်္ဂလာ ရှိတဲ့ စာဆိုတော်နေ့ အထိမ်းအမှတ် ဟောပြောပွဲကြီးမှာ မွန်တိုင်း ရင်းသား အများစုကို မွန်ဘာသာစကားနဲ့ ကျွန်တော် လေးစားစွာ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ မွန်ဘာသာစကားကို သင်ကြား နေဆဲကာလ ဖြစ်တဲ့အတွက် အသံနေအသံထား အမှားအယွင်း ပါရှိခဲ့ရင် ခွင့်လွှတ်ကြဖို့ ကြိုတင်တောင်းပန်ထားအပ်ပါတယ်”

ကိုစိုးမြင့်က ထောင်မှူးကြီး မောင်မောင် ရေးထားသည့် စာကိုဖတ်ပြီး မွန်ဘာသာဖြင့် ပြန်ရေးပေးသည်။ ဟိုတုန်းကတော့ အလွတ်ရ၍ ယခု ပြန်ရွတ်ကြည့်သော အခါ ဘာမျှ သတိမရတော့ပေ။ ‘ပဘောဝကော့’တို့ ‘အချားကချာကော့’တို့ ပါတာ လောက်သာ သတိရတော့သည်။ထောင်မှူးကြီး မောင်မောင်သည် ကိုစိုးမြင့် ရေးပေးသည့် စာကို ပင်ပန်းကြီးစွာဖြင့် အလွတ်ကျက်သည်။ ရှင်ဖျက် ဒဇဂ္ဂသုတ် ဆိုသကဲ့သို့ ပရိတ်ကြီး ဒဇဂ္ဂသုတ်ထက် ခက်သေးသည်ဟု ထင်မိသည်။ အလွတ်ရပြီးနောက် ကိုစိုးမြင့်ရှေ့တွင် အကြိမ်ကြိမ်အခါခါ ရွတ်ဆိုပြသည်။ ကိုစိုးမြင့်ကလည်း အသံနေ အသံထားကို စိတ်ရှည်လက်ရှည် အဖန်ဖန်အလီလီ ပြုပြင်ပေးသည်။ စာဆိုတော်နေ့ မတိုင်မီ နှစ်ရက်အလိုတွင်မူ အတော်လေး အဆင်ပြေကာ ကိုစိုးမြင့်က ဒီလောက်ဆို ရပါပြီဆရာဟု အောင်လက်မှတ် ထုတ်ပေးခဲ့သည်။

သို့နှင့်ပင် စာဆိုတော်နေ့အထိမ်းအမှတ်ဟောပြောပွဲ အခမ်းအနား ကျင်းပမည့် နေ့သို့ ရောက်လာခဲ့ပါသည်။ အခမ်းအနားကို မြို့လယ်ရှိ ရုပ်ရှင်ရုံတစ်ရုံတွင် ကျင်းပရာ ပရိသတ်များ ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။ အချို့ဆိုလျှင် ရုံထဲတွင် နေရာ မရသဖြင့် ရုံပြင်မှ နားထောင်ကြရသည်။ ထောင်မှူးကြီး မောင်မောင်သည် ထိုအချိန်တွင် စာရေးသက် ၁၇ နှစ်ခန့်ရှိပြီဖြစ်၍ စာပေဟောပြောပွဲ အတွေ့အကြုံ အတော်အသင့် ရှိခဲ့ဖူးပေပြီ။ သို့ဖြစ်၍ ရင်ခုန်ခြင်း၊ နှလုံးတုန်ခြင်း မရှိခဲ့ပေ။ သို့သော် ပဏာမ ခြေဆင်း မွန်ဘာသာစကားကို ထပ်ခါတလဲလဲ မမေ့မလျော့အောင် ရွတ်ဆိုနေရသဖြင့် ချမ်းအေး လှသော ဆောင်းတွင်းကြီးမှာပင် ဇောချွေးများ ပြန်လျက်ရှိ၏။

ပထမဦးဆုံး ဟောပြောသူမှာ ဆရာဗိုလ်မြင့် ဖြစ်၏။ သူက ပရိသတ်ကို အရှုန်းဖောက်ပြီး ဖမ်းစားလိုက်သည်။

“မုဒုံမြို့သူမြို့သားအပေါင်းတို့ ခင်ဗျား....။ မုဒုံမြို့အတွက် အလွန် ဝမ်းသာ စရာကောင်းတဲ့ သတင်းတစ်ခုကို ကျွန်တော် ဦးစွာဖောက်သည်ချလိုပါတယ်။ အဲဒါက တော့ တခြား မဟုတ်ပါဘူး။ မကြာခင်ကာလအတွင်း မုဒုံမြို့မှာ လေယာဉ်ပျံကွင်းတစ်ခု ဖောက်လုပ်ဖို့ အစီအစဉ်တစ်ရပ်ရှိနေပါတယ်။ လေယာဉ်ကွင်း ဖောက်လုပ်မယ့်နေရာက

http://www.cherrythitsar.org



တော့ စာရေးဆရာရန်အောင်မောင်မောင်ရဲ့ နဖူးပေါ်မှာ ဖြစ်ပါတယ် ခင်ဗျား....”

ရန်အောင်မောင်မောင် ထိပ်ပြောင်နေခြင်းကို ပြက်လုံးထုတ်လိုက်သဖြင့် ပရိသတ်များ ဝါးခနဲ ပွဲကျသွားသည်။ ထောင်မှူးကြီးမောင်မောင်မှာ ခါတိုင်းလို မျက်နှာမပူအားပါ။ ကျက်ထားသော စာကိုသာလျှင် အထပ်ထပ် အခါခါ ရွတ်ဆိုနေရသောကြောင့် ဖြစ်သည်။ ဆရာဗိုလ်မြင့်က ပရိသတ်ကို ဖမ်းစားမိသည်နှင့် သူပြောလိုသော စာပေအကြောင်းအရာများ၊ လေကြောင်း အတွေ့အကြုံများကို တစ်နာရီနီးပါးခန့် ဟောပြောသွားသည်။ အင်း.... သူပြီးတော့ ကိုယ့်အလှည့်ပါလား။

ရန်အောင်မောင်မောင် ရှုတည်တည်နှင့် စကားပြောခွက်ရှိရာသို့ ထသွား သည်။ ပရိသတ်များကို တစ်ချက်ဝေ့ရမ်းကြည့်လိုက်သည်။ ပရိသတ်များမှာ စောစောက ဆရာဗိုလ်မြင့် အရွှန်းဖောက်သွားသော စကားကြောင့် ပြုံးစိပြုံးစိဖြစ်နေကြသည်။ ကလေးငယ်များနှင့် လူလတ်ပိုင်း အမျိုးသား၊ အမျိုးသမီးများကမူ ဟန်မလုပ်နိုင်ကြဘဲ တခစ်ခစ် ရယ်မောလျက် ရှိကြသည်။ ဒုက္ခပါလား၊ ဒီပရိသတ်ကြီးကို ငါဘယ်လိုလုပ် ထိန်းရမလဲ၊ အေးလေ.... မွန်လိုပြောလိုက်ရင်ဖြင့် ငြိမ်သွားတန်ကောင်းပါရဲ့။ သို့ဖြစ်၍ အချိန်ဆွဲမနေတော့ဘဲ မွန်စကားကို အစချီလိုက်သည်။ တော်ပါသေးရဲ့ ပရိသတ်ကြီး ငြိမ်သွားပေလို့။ သို့နှင့်ပင် ကျက်ထားသော စာကလေးကို မမေ့မလျော့ဘဲ အစအဆုံး ရွတ်ဆိုသွားနိုင်ခဲ့သည်။

ပရိသတ်ကို ပြန်အကဲခတ် ကြည့်ပြန်၏။ သူတို့ စိတ်ဝင်စားနေကြပုံရသည်။ ထိုအချိန်မှစ၍ မိမိပြောလိုသော ထောင်အတွေ့အကြုံ နောက်ခံထားသည့် စာပေစကားများကို ချောမောစွာ ဆက်ပြောနိုင်ခဲ့ပါတော့သည်။

ရန်အောင်မောင်မောင် ပြီးတော့.... ဒေါက်တာတင်စိုး၊ ဒေါက်တာတင်စိုး ပြီးတော့ နောက်ဆုံးပိတ် အိတ်နှင့်လွယ်သူမှာ ဆရာ လင်းယုန်မောင်မောင် ဖြစ်၏။ ဟောပြောပွဲပြီးချိန်တွင် ညတစ်နာရီ ဖြစ်၍ ခိုက်ခိုက်တုန်နေကြပေပြီ။ စာရေးဆရာအဖွဲ့အား စာကြည့်တိုက်အနီးရှိ ရွှေကုန်သည်တစ်ဦး၏ နေအိမ်တွင် နေရာချထားပေးသည်။ ထိုအိမ်တွင် ညလယ်ပိုင်း ယမကာဝိုင်း ဖွဲ့မိကြသည်။ ယမကာဝိုင်းတွင် အခမ်းအနားမှူး လုပ်သူကပင် ကမကထပြု၍ ပြုစုတိုက်ကျွေးလျက်ရှိရာ တစ်ခွက်လောက်ဝင်မိသည်နှင့် ရန်အောင်မောင်မောင်က အခမ်းအနားမှူးအား သွေးတိုးစမ်းကြည့်မိသည်။

“ညက ကျွန်တော် မွန်လိုပြောတာ ဘယ့်နှယ့်နေသလဲဗျ၊ အသံနေအသံထား မှန်ရဲ့လား”

“ဟုတ်ကဲ့ မဆိုးပါဘူး ဆရာရယ်”

ရန်အောင်မောင်မောင်က လုံးဝမကျေနပ်။

“ခင်ဗျားကသာ မဆိုးပါဘူးပြောတယ်။ ပရိသတ်ကြီးတစ်ခုလုံးကတော့ ငြိမ် နားထောင်နေတာ မဟုတ်လား”

http://www.cherrythitsar.org



“ဘယ်ဟုတ်မလဲ ဆရာရဲ့။ ဘာစကား ပြောမှန်းမသိလို့ ငြိမ်နားထောင်နေကြတာ”

ထိုအခါကျမှ ရန်အောင်မောင်မောင်၏ မျက်နှာသည် ထူပူရှိန်းဖိန်းသွားကာ သောက်ထားသော အရက်များ ဘယ်ရောက်ကုန်သည် မသိရတော့။

ယခုတိုင်ပင် ပြန်တွေးကြည့်မိတိုင်း ရှက်မိပါသေးသည်။

တစ်ခုတည်းသာ ဆုတောင်းမိသည်မှာ အခမ်းအနားမှူးလုပ်သူက နောက်ပြောင်ကျီစယ်လိုက်ခြင်း ဖြစ်ပါစေဟု။

■

http://www.cherrythitsar.org

# ၄၈

စက်ဘီးစီးတတ်ခါစ သူများ စက်ဘီးထိုင်ခုံပေါ်က မဆင်းချင်သလို၊ ကားမောင်းတတ်ခါစ သူများ ကားပေါ်မှ မဆင်းချင်သလို၊ ကချင်စကားလေး မတောက်တခေါက်ပြောတတ်ခါစ ထောင်မှူးကြီးမောင်မောင်မှာလည်း တယ်ပြီး လက်တည့်စမ်းချင်သကိုး။

"ကဂျာအိုင်အီး၊ ကဂျာအိုင်"

နလက အစည်းအဝေးတို့၊ ခလက အစည်းအဝေးတို့ တက်ရသည့်အခါများတွင် ကချင်တိုင်းရင်းသားများနှင့် တွေ့ရလေတိုင်း ကချင်လို နေကောင်းရဲ့လား၊ နေကောင်းပါတယ်ဟု မေးရမြန်းရ နှုတ်ခွန်းဆက်ရသည်မှာ အမောတကော။

အိမ်က ကလေးတွေလည်း မနေရ။

"သားတို့ သမီးတို့ အိပ်ကြတော့လေ၊ မနက်လဲ စောစောထပြီး စာကျက်ကြ.... ဂျောင်ဂျောင်ရွတ်.... ဂျောင်ဂျောင်ရှော့တ် အနအခယားတိုနားလောတဲ့"

"အဲဒါ ဘာကိုပြောတာလဲ ဖေဖေ"

"ကချင်လိုပြောတာလေကွာ။ စောစောအိပ်ထပြုကျင့်က တွင်းပကိုယ်ခန္ဓာတဲ့။ အနအခယားတိုနားလော ဆိုတာ အဖျားအနာ ကင်းတယ်ပေါ့ကွာ"

အပြင်ထွက်သည့် အခါများတွင်လည်း ကချင်လို ပြောသံကြားလျှင် နားစွင့်တတ်စမြဲ။ ဗန်းမော်ထောင်နှင့် စစ်တပ်အနီးတွင် နောင်ခိုဈေးကလေးရှိသည်။ ဗန်းမော်ဈေးကြီးမှာ တစ်မိုင်ခွဲခန့်ဝေးသဖြင့် ဗန်းမော်စစ်တပ်၊ အကျဉ်းထောင်၊ ရွှေကျီးနားရွာနှင့် နောင်ခိုရွာတို့မှ ထိုဈေးကလေးမှာပင် အဝယ်များကြသည်။ ထောင်မှူးကြီးမောင်မောင်

http://www.cherrythitsar.org



လည်း နံနက်တိုင်း လမ်းလျှောက်ထွက်၍ အပြန်တွင် နောင်ခိုဈေးဝင်ပြီး မုန့်ဟင်းခါး လက်သုပ် စားလေ့ရှိသည်။ သူ့အရပ်နှင့် သူ့ဇာတ်ဆိုတာလို စားလို့ မဆိုးလှပါ။ မြီးရှည် တို့ ဆန်ခေါက်ဆွဲတို့ ကောင်းကောင်းစားချင်လျှင်တော့ ဗန်းမော် မြူနီစပါယ် ဈေးကြီး ရောက်အောင် သွားရသည်။

တစ်နေ့သော နံနက်ခင်း လမ်းလျှောက်ရာမှအပြန် မုန့်ဟင်းခါး ထိုင်စားနေစဉ် လက်ဖက်ရည်ဆိုင်တွင် ကချင်အမျိုးသားကြီးနှစ်ဦးနှင့် အမျိုးသမီးကြီးတစ်ဦး ပြောနေသံကို နားစိုက်ထောင်နေမိသည်။ နားလည်တာလည်း ပါ၏။ နားမလည်တာလည်း ပါ၏။ ပါတီတို့ ကောင်စီတို့ဆိုလျှင် ဒီအတိုင်းပင် ထည့်သုံးသည်။ နလကတို့၊ ခလက တို့လည်း ထိုနည်းတူပင် ဖြစ်သည်။ ယင်းကဲ့သို့ ထောင်မှူးကြီးမောင်မောင် နားစိုက် ထောင်နေသည်ကိုလည်း သူတို့အထဲမှ တစ်ယောက်က ရိပ်မိသွားဟန်တူပါသည်။ အဘယ့်ကြောင့်ဆိုသော် ထောင်မှူးကြီးမောင်မောင် မုန့်ဟင်းခါးစားပြီး ဆိုင်မှအထတွင် အောက်ပါအတိုင်း မြန်မာစကားဖြင့် ပီပီသသကြီး ပြောလိုက်သောအသံကို ကြားလိုက်ရ ခြင်းကြောင့် ဖြစ်ပါသည်။

"ဘယ်လိုလူစားလဲ မသိပါဘူး၊ သူ့ကိုသူ စုံထောက်လိုလို ဘာလိုလိုနဲ့တဲ့"

ကဲ.... မှတ်ကရော။

ထိုနေ့ထိုရက် ထိုအချိန်မှစ၍ ထောင်မှူးကြီးမောင်မောင်သည် ကချင်စကား ပြောသံကြားတိုင်း နားမစွင့်ရဲတော့ပေ။ တော်တော်ကြာ စုံထောက်ဟု အထင်ခံရပြီး ဆော်ပလော်တီးလိုက်မှဖြင့် မခက်ပါလား။

လိုလျှင်ကြံဆ နည်းလမ်းရသကဲ့သို့ အဖြေတွေ့ချင်တော့လည်း အလွယ် ကလေးပါ။ တစ်နေ့ မိမိရုံးခန်းထဲတွင် ပက်လက်ကုလားထိုင်တစ်လုံးနှင့် စာဖတ်နေခိုက် ထောင်ဝင်စာတွေ့သည့် နေရာမှ တဝေါဝေါ စကားပြောသံများ ပေါ်ထွက်လာသည်ကို ကြားလိုက်ရသည်။ ဟုတ်ပြီ၊ ဒါ ကိုယ့်ပိုင်နက်ပဲ။ ငါရှင်ဘုရင် ဘယ်နှစ်ပတ်လှည့်လှည့် ဆိုတာမျိုးပေါ့။ ထောင်ဝင်စာမှာ သွားနားထောင်တာ အကောင်းဆုံး။ ဒါလည်း ကိုယ် တစ်ယောက်တည်း မဖြစ်သေး။ မိမိအား ကချင်ဘာသာ သင်ကြားပေးနေသည့် ဆရာမ ရှုဂမ်ကို ခေါ်ရသေးသည်။ ဆရာမရှုဂမ်သည် ဆရာဖြစ်သင်တန်းဆင်းပြီး၊ မန်စီမြို့နယ်ရှိ မူလတန်းကျောင်းအုပ် လုပ်နေသူဖြစ်၏။ ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေး ကျောင်းအုပ်လုပ်နေအကောင်းသား ကျေးရွာကတင်မြှောက်၍ ကျေးရွာသမဝါယမဥက္ကဋ္ဌ ဝင်လုပ်မိရာမှ ငွေနှင့်စာရင်းများ ကွာသဖြင့် တစ်ဖွဲ့လုံး ထောင်ကျလာခြင်းဖြစ်၏။

တစ်ခုတော့ရှိသည်။ ထောင်မှူးကြီး မောင်မောင်ကိုယ်တိုင် ထောင်ဝင်စာတွေ့ သည့်နေရာတွင် သွားရောက် ထိုင်နားထောင်နေသည်ဆိုတော့ လက်အောက်ငယ်သား တွေ အနေကျုံ့ကြသည်။ စိတ်လွတ်ကိုယ်လွတ် မရှိကြ။ သို့ဖြစ်၍ မိမိကပင် လမ်းဖွင့် ပေးရသည်။

http://www.cherrythitsar.org



"ဆရာမရှူဂမ်က ကချင်လို ရှင်းပြလိုက်မှ သူတို့မျက်နှာများ ပြုံးရွှင်သွားကြသည်။ ဗန်းမော်လို ထောင်ငယ်လေးတစ်ထောင်တွင် ထောင်ဝင်စာပြသည့် နေရာမှာ ထောင်ကြီးတွေလို သံစကာတွေအကျအနကာပြီး စနစ်တကျပြုလုပ်ထားသည့် ထောင်ဝင်စာ ပြခန်းရယ်လို့ မရှိပေ။ တံခါးမကြီး သံတိုင်ကြားအတွင်းက အကျဉ်းသားများနေရပြီး အပြင်ဖက်မှ လာတွေ့သူများ ထိုင်နေရခြင်း ဖြစ်သည်။

သို့ကလို ထောင်ဝင်စာပြရာတွင် ပညာယူနေရာမှ ရင်နင့်ဖွယ်ရာ ဇာတ်လမ်းလေးတစ်ပုဒ်ကို ကြားခဲ့ရခြင်း ဖြစ်၏။ ထိုနေ့က ထောင်ဝင်စာမှာ လူရှင်းနေသည်။ အထဲမှ ကချင်ယောကျ်ားတစ်ဦးနှင့် ပြင်ပမှ လာတွေ့သူ သူ၏ဇနီးနှင့် အခါလည်ကျော် ခန့်ရှိ ကလေးငယ်တစ်ဦးသာ ပါသည်။ အပြင်မှ လာတွေ့သူ ကချင်အမျိုးသမီးမှာ အသက်အစိတ်ခန့်ရှိ၍ အဝတ်အစား ဟောင်းနွမ်းသော်လည်း ရုပ်ရည်ကလေးမှာ သန့်စင်ချောမွေ့သည်။ ထောင်ဝင်စာပေးမည့် ပစ္စည်းကတော့ များများစားစား မပါလှ။ ဆတ်သားခြောက်လား ချေသားခြောက်လား မသိ၊ အသားခြောက်တစ်ထုပ်၊ ဆီတိုဟူး၊ ဒူရင်ကောက်ရွက်နှင့် မုံညင်းဖူးများ၊ ဆေးခေါင်းမှုန့်နှစ်ထုပ်တို့သာ ပါသည်။

"နေပါဦး ဆရာမရှူဂမ်ရဲ့၊ သူတို့ စကားပြောတဲ့အထဲမှာ နောင်ပါပါဆိုတဲ့ စကားလုံး ခဏခဏပါတာ ကြားရတယ်။ နောင်ပါပါဆိုတာ ဘာကိုဆိုလိုတာလဲ"

"နောင်ပါပါဆိုတာ ဗမာလို အနီးစပ်ဆုံး ပြောရရင်တော့ ဝိုင်းကြီးပတ်ပတ်ချာချာလည်ဆိုတာလို မနောကတဲ့အခါမှာ လှည့်ပြီးကနေရတာကို ဆိုလိုတာပါ။ အဲဒီအကြောင်းက မနောအကနဲ့ သက်ဆိုင်ပါတယ်"ဟု အစချီကာ ဆရာမရှူဂမ်က အောက်ပါအတိုင်း အသေးစိတ်ရှင်းပြခဲ့သည်။

ကချင်အမျိုးသားရိုးရာ မနောအက ကကြရာတွင် ရှေ့ဆုံးမှ မနော ခေါင်းဆောင် အဖိုနှစ်ယောက်နှင့် နောက်လိုက်အမနှစ်ယောက် ရှိသည်။ အဖို ခေါင်းဆောင်ကို 'နော်ရှောင်'ဟု ခေါ်၍ အမခေါင်းဆောင်ကို 'နော်ရှောင်ကွမ်ဒေါ'ဟု ခေါ်သည်။ သူတို့လေးဦးနောက်မှ 'နောင်ပါအင်ဒေါ' ခေါ် နောက်လိုက်များက နော်ရှောင်များ ဦးဆောင်ကပြသည့်ကကြိုးကကွက်အတိုင်း လိုက်၍ကကြရသည်။ မနောခေါင်းဆောင်များသည် မနောတိုင်ကြီးလေးတိုင်တွင် ရေးခြယ်ထားသော ကကွက်များကိုကြည့်ပြီး ကနေရာမှခွဲထွက်သွားသောအခါ 'နောင်ပါအင်ဒေါ' ခေါ် နောက်လိုက်များမှာ ခါးပြတ် ကျန်ရစ်ခဲ့သည်။ ထိုအခါ မိမိတို့ဘာသာ ပတ်လည်ဝိုင်း၍ 'ကစု' သို့မဟုတ် 'ကရန်' ကကွက်တစ်မျိုးမျိုးကို ကနေကြရသည်။ ယင်းကဲ့သို့ ပတ်ချာလည်၍ ကနေခြင်းကို 'နောင်ပါပါ' ဟု ခေါ်ခြင်းဖြစ်သည်။ မြန်မာလို ဝိုင်းကြီးပတ်ပတ်လည်သည့် သဘောမျိုးပင်။

ဆရာမရှူဂမ်က ဆက်၍....

"ခုနက ထောင်ဝင်စာတွေ့တုန်းက ထောင်ထဲက တွယ်ရာက သူ့မိန်းမဘောက်ဂျာကို ဘဝဆိုတာ နောင်ပါပါလိုပဲပေါ့။ မနောအက ကတဲ့အခါမှာ နောက်လိုက်

http://www.cherrythitsar.org



တွေမှန်သမျှ 'နော်ရှောင်'တွေ ရှေ့ကနေပြီး ခေါင်းဆောင်သွားတဲ့အတိုင်း ကွေ့ကောက် တွန့်လိမ်ပြီး လိုက်ကရတဲ့ အကြောင်း၊ အဲဒီလို ကနေရင်းက နော်ရှောင်တွေ ခွဲထွက်သွား ပြန်တော့ နောက်လိုက်တွေဟာ နောင်ပါပါလှည့်သလို ချာချာလည်နေရတာကို ဘဝနဲ့ တင်စားပြီး ဖျောင်းဖျနေတာပါ"

"ဩော်.... အထဲက အကျဉ်းသားက တွယ်ရာတဲ့လား။ သူ့ကို လာတွေ့တဲ့ အမျိုးသမီးက သူ့မိန်းမဘောက်ဂျာပေါ့"

"ဟုတ်ပါတယ် ဆရာကြီး။ ပါလာတဲ့ ကလေးလေးကတော့ သူတို့သားလေး ပါ။ 'ဒွတ်'လို့ ခေါ်ပါတယ်။ ချစ်စနိုးအနေနဲ့ လူပုလေးလို့ ခေါ်တာပါ"

"နို့.... တွယ်ရာက ဘယ်လိုလုပ် အမှုဖြစ်ပြီး ထောင်ကျလာတာတဲ့လဲ"

ဒီတော့မှ ဆရာမရှုဂမ်က ဘောက်ဂျာနှင့်တွယ်ရာတို့၏ အကြောင်းကိုဇာတ်စုံ ခင်းပါလေတော့သည်။

ဗန်းမော်မြို့မှ လှမ်းကြည့်မည်ဆိုလျှင် နွမ်ဘော်ဘွန်တောင်တန်းကြီးကို အတိုင်းသား လှမ်းမြင်နေရသည်။ အမြင်သာနီး၍ ခရီးဝေးသည့်တောင် ဆိုသကဲ့သို့ တကယ်တော့ နီးလှသည့် ခရီးမဟုတ်။ စိန်လုံမြို့အနီးရှိ တောင်တန်းကြီးတစ်ခု ဖြစ် သည်။ ယင်း တောင်တန်းတစ်ကြောတွင် ကျေးရွာငယ်ကလေးများ ရှိ၍ ရွာတစ်ရွာတွင် အိမ်ခြေ နှစ်ဆယ်အစိတ်ခန့်သာ ရှိသည်။ ဘောက်ဂျာမှာ မုံခါပါရွာ၏ 'ကွင်း'ဟု ဆိုရ မလောက် အလှကြွယ်သည်။ ဂုဏ်တင့်သည်။ လိမ္မာရေးခြားရှိသည်။ တွယ်ရာမှာ မုံခါပါရွာနှင့် မလှမ်းမကမ်းရှိ ရှဒန်ကောင် ရွာသားဖြစ်သည်။

အများသူငါအဖို့ ချစ်ခြင်းအစ မျက်စိကလို့ ဆိုရိုးရှိခဲ့သော်လည်း တွယ်ရာနှင့် ဘောက်ဂျာတို့ အတွက်မူ ချစ်ခြင်းအစ ပေါင်ဝ်ကဟု ဆိုရမလို ဖြစ်နေသည်။ အဘယ့် ကြောင့်ဆိုသော် တွယ်ရာသည် ပေါင်ဝ်ကို တီးမှုတ်ရာတွင် သူမတူအောင် ထူးချွန်ခြင်း ကြောင့်ပင် ဖြစ်၏။

ပေါင်ဝ်မှာ ကချင်ရိုးရာ တူရိယာပစ္စည်း တစ်ခုဖြစ်သည်။ တူရိယာပစ္စည်း ဆိုသော်လည်း ကြီးကြီးမားမား မဟုတ်ပေ။ အလျားတစ်မိုက်ခန့်၊ အနံလက်နှစ်လုံးခန့် ရှိ ဝါးခြမ်းပြားငယ်လေးသာ ဖြစ်သည်။ ယင်းဝါးပြားငယ်ကို ချောမွတ်အောင် သတ် ထားပြီး အလယ်မှ ဝါးဆန်ကလေးဖြစ်အောင် ထွင်းထားသည်။ ဝါးဆန်ကလေးကို လက်ဖြင့် ခတ်လိုက်သောအခါ တုန်ခါသောအသံ ထွက်ပေါ်လာသည်။ ဝါးဆန်၏ အလယ်တွင် တုန်ခါသော အသံကို လိုသလို ထိန်းရန် ပျားဖယောင်းအနည်းငယ် ဖို့ ထားသည်။ ဤသည်မှာ ပေါင်ဝ်ပင် ဖြစ်၏။

ပေါင်ဝ်ကို လက်ဝဲဘက်လက်ဖြင့် ကိုင်ကာ ဘာဂျာမှုတ်သလို ပါးစပ်ထဲသွင်း ပြီး လည်ချောင်းထဲမှ ထွက်လာသော အာလုပ်သံဖြင့် မှုတ်ရသည်။ ညာဘက်လက်က ဝါးဆန်ကလေးကို လိုသလို ခတ်ပေးသည်။ ထွက်လာသော အသံမှာ ဘာသံနှင့်တူပါ

http://www.cherrythitsar.org



သည်ဟု အတိအကျ ဥပမာပေးရန် ခက်လှသည်။ အနီးစပ်ဆုံး ဥပမာပေးရသော် ကျောက်ခတ် ကျောက်ပန်းများကြားတွင် တသွင်သွင်ကျနေသော စမ်းရေစီးသံလို ခပ်လွင်လွင်ကလေး ဖြစ်သည်။ အသံချဲ့စက်အနီး ကပ်၍ မှုတ်လျှင် ပိုပြီး နားထောင်၍ ကောင်းသည်။ အမှန်မှာ ပေါင်ဝ်သည် အမျိုးသားက အမျိုးသမီးအား အနီးကပ်၍ ညုရ နှဲ့ရသော ကိရိယာတစ်မျိုးသာ ဖြစ်သည်။ ခေတ်စကားနှင့်ဆိုတော့ ရှိုက်တာပေါ့။ မိဘများ အိပ်မောကျနေချိန် အမျိုးသမီးအိပ်သည့် နေရာအနီး ဝါးထရံအပြင်မှ ကပ်၍ နှစ်ကိုယ်ကြား မှုတ်လေ့ရှိကြသည်။ နဂိုက မစွမ်းရင်းရှိနေလျှင် တဲအပြင်ထွက်၍ အတွေ့ ခံသည်အထိ အရာရောက်လှပေသည်။

အမျိုးသားက အမျိုးသမီးအား မလှမ်းမကမ်းမှ ပေါင်ဝ်မှုတ်ပြီး ချစ်ရေးငင်လို့ လည်း ရသည်။ ထိုအခါ လက်ဟန်ခြေဟန် ပါလာသည်။ မျက်စမျက်န ပါလာသည်။ မျက်နက်ကလေး ထောင့်ကပ်လိုက်၊ မျက်စ ပစ်လိုက်၊ မျက်စိတစ်ဖက် မှိတ်လိုက်နှင့် ပေါင်ဝ်ကတော့ အမှုတ်မပျက်ပေ။ တစ်ခါ ဝါးဆန်ကလေးကို ခတ်နေသော ညာဘက် လက်ကလည်း စည်းချက်မပျက်ရ အဲ တောင်ယာတဲဆီသို့ လက်ညှိုးထိုးလိုက်၊ လက်ညှိုးနှစ်ချောင်း ထောင်ပြလိုက်။ လက်ဝါးဖြန့်ပြီး ခေါင်းကလေးစောင်းငဲ့ကာ အိပ် ဟန်ပြလိုက်နှင့် အချက်ပြ ချစ်ရေးငင်လျက် ရှိသည်။ အဓိပ္ပာယ်မှာ တောင်ယာထဲသို့ တို့နှစ်ယောက်တည်းသွားပြီး အိပ်ရအောင်ဟူသတည်း။

ဤမှာဘက်တွင် ရှဒန်ကောင် ရွာသား တွယ်ရာက တစ်ဖက်ကမ်းခပ် ထူးချွန် သည်။ ပေါင်ဝ်ဝိဇ္ဇာဟု ခေါ်ရမလောက် ကျော်ကြား၏။ ဝါးဆန်ကလေးကို ခတ်နေသော ညာဘက်လက်က လက်ဟန်ခြေဟန်ပြရုံ မကသေး မီးကျီခဲရဲရဲတစ်ခဲကို စည်းဝါးမပျက် မြှောက်လိုက်၊ ပြန်ဖမ်းလိုက်လုပ်ပြနိုင်သေးသည်။ မြို့ကြီးပြကြီးမှာသာ ဆိုပါက ထရမ်းပက် ဝင်းဦးတို့၊ ဇော်ဝင်းရှိန်တို့လို ပေါင်ဝ်တွယ်ရာရယ်လို့ အလင်္ကာဘွဲ့ပင် ချီးမြှင့်လောက်ပါပေသည်။ ပေါင်ဝ်တွယ်ရာ၏ အညာအန အခရာအတာ လှိုင်း ဂယက်တွင် ဘောက်ဂျာတစ်ယောက် နစ်မျောမူးယစ်နေမိသည့်နည်းတူ အလုပ်အကိုင် ကောင်း၍ ရိုးသားတည်ကြည်မှုရှိသော တွယ်ရာအား ဘောက်ဂျာ၏မိဘများက မျက်စိ ကျလျက် ရှိသည်။ ရိုးရာဓလေ့အရ ဆွေမျိုးစပ်ကြည့်ပြန်တော့လည်း ယောက္ခမမျိုးနှင့် သမက်မျိုး၊ အံဝင်ခွင်ကျဖြစ်နေသည်။ သို့နှင့်ပင် တွယ်ရာတို့ဘက်မှ 'ဖိုဂျော့ဖိုဂျာ' ခေါ် မင်္ဂလာကွမ်းဖိုး တင်ပြီး တူနှစ်ကိုယ် ဂဟေဆက်ခဲ့ရာမှ သာဦးကလေးဒွတ်ပင် အခါလည် သား ကျော်ခဲ့ပေပြီ။

ထိုအချိန်ထိ တွယ်ရာက တောင်ယာခုတ်၊ ဘောက်ဂျာက ဟင်းသီးဟင်းရွက် တို့ ခေါပုတ်တို့ စသည်များကို စိန်လုံဈေးသို့ ရက်ခြား သွားရောင်းခြင်းအားဖြင့် တွယ်ရာ တို့ အိမ်ထောင်ရေးမှာ ပန်းခင်းသော လမ်းပမာ သာတောင့်သာယာ ရှိနေခဲ့ပေသည်။

ကြည်လင်သော လောကဓာတ်တစ်ခွင် တိမ်စင်လမင်းကြီး ထွန်းလင်း

http://www.cherrythitsar.org



တောက်ပနေဆဲ ရာဟုဆင် လေနီကြမ်းက မညှာမတာဝင်၍ သရမ်းလိုက်သလို တစ်နေ့တွင် မမျှော်လင့်ဘဲ ဘောက်ဂျာတို့အိမ်တွင် ကြမ္မာဆိုး ဝင်ခဲ့ရသည်။

ထိုနေ့မှာ တနင်္ဂနွေနေ့ဖြစ်၍ ခရစ်ယာန်ဘာသာ ကိုးကွယ်သူများပီပီ တွယ်ရာရော ဘောက်ဂျာပါ အိမ်မှာ အနားယူနေကြသည်။ သားငယ် ဒွတ်တစ်ယောက် စောင်ပုခတ်ထဲတွင် အိပ်မောကျနေခိုက်၊ ဘောက်ဂျာက တွယ်ရာအတွက် နံနက်စာကို ဦးစွာပြင်ပေးနေသည်။ ကချင်အမျိုးသားတို့ ဓလေ့ထုံးစံအရ ဇနီးသည်က ခင်ပွန်းဖြစ်သူအတွက် ထမင်းအလျင်ပြင်ကျွေးရသည်။ အတူတူ စားလေ့စားထ မရှိကြပေ။

ဘောက်ဂျာသည် နီးဖြင့်ရက်လုပ်ထားသော လင်ပန်းထဲတွင် ထမင်းကို ဖက်ဖြင့်ထုပ်၍ သေချာစွာထည့်လိုက်သည်။ အိမ်မှာပင် စားစေကာမူ ယခုလိုပင် ကျွေးရသည်။ ထမင်းထုပ်ဘေးမှာ ဖက်ပန်းကန်လေး သုံးလုံးချကာ ဟင်းများခပ်ထည့်နေ သည်။ တစ်ခွက်မှာ တွယ်ရာ တောလှည့်ရာမှ ရလာသည့် ဆတ်သားဆားနယ်ဟင်း ဖြစ်၏။ နောက်တစ်ခွက်မှာ ဝါးကျည်တောက်ဖြင့် သိပ်ထားသော မျှစ်ချဉ်ခြောက် ဖြစ်၏။ ကျန်တစ်ခွက်မှာ ထိန်ကဲ့ကို ငါးပိငရုတ်သီးဖြင့် ထောင်းထားသည်။ ထိန်ကဲ့သည် ပြည်မမှ ဂျူးမြစ်နံ့မျိုးရ၍ ထမင်းမြိန်ဆေးဖြစ်သည်။ ဘောက်ဂျာသည် ထမင်းဗန်းကို ယူ၍ အိမ်ရှေ့တွင် ချလိုက်သည်။ ပြီးမှ ဝါးကျည်တောက် သောက်ရေခွက်ဖြင့် ရေတစ်ခွက်ခပ်လာသည်။ တွယ်ရာအတွက် သီးသန့်ဖြစ်၏။ လင်ယောကျ်ား ခရီးဝေးသွားနေစဉ် မှောက်မထားရပေ။ မှောက်ထားပါက ခရီးသွားနေသူ အန္တရာယ်ရှိသည်ဟု အယူရှိကြသည်။ ထို့အပြင် ခရီးသွားနေသူ၏ အိပ်ရာပေါ်တွင်လည်း မည်သူမျှ မအိပ်စေရပေ။ ခြေနှင့် မနင်းမိစေရ၊ ခရီးသွားရင်း ဘေးဒုက္ခတွေ့တတ်သည်ဟု အစွဲရှိကြသည်။

ဘောက်ဂျာက ထမင်းပြင်ပြီးသည်နှင့် အိမ်အောက်ရှိ တွယ်ရာကို လှမ်းခေါ် လိုက်သည်။

"အားရာ.... ထမင်းစားရအောင်လေ"

"အေး.... အေး.... လာပြီ အားဂျာ"

အားရာတို့၊ အားဂျာတို့ဆိုသည်မှာ တွယ်ရာနှင့် ဘောက်ဂျာတို့ လင်မယား အချင်းချင်း ချစ်စနိုး ခေါ်ဝေါ် သုံးစွဲကြခြင်း ဖြစ်သည်။ တွယ်ရာသည် အိမ်အောက်မှ တက်လာပြီး လက်ဆေး၍ ထမင်းထိုင်စားနေသည်။ ဘောက်ဂျာက တွယ်ရာအနီးတွင် ယို့ယို့လေးထိုင်ရင်းက အချိန်ကာလကြာမြင့်စွာ မျိုသိပ်ထားခဲ့ရသော အစိုင်အခဲကို ရင်ဖွင့်မိသည်။

"အားရာကို တစ်ခု သတိပေးချင်တယ်။ ဂျမာလုတို့အိမ်ဘက်ကို အသွားအလာဆင်ခြင်ရင် ကောင်းလိမ့်မယ်၊ တော်တော်ကြာ ဘေးလူတွေ ကဲ့ရဲ့စရာ ဖြစ်မှာ စိုးလို့ပါ"

တွယ်ရာသည် သဘောကောင်းသလောက် စိတ်ကြီးသူဖြစ်၏။ ထမင်းလုတ်

http://www.cherrythitsar.org



ကို ပါးစပ်ထဲ ခွံ့တော့မည့်ဆဲဆဲ ရပ်တန့်သွားသည်။ မျက်နှာလည်း ကွက်ခနဲပျက်သွား၏။ ဂျမာလုမှာ ဘောက်ဂျာတို့ မုံခါပါရွာသူဖြစ်၍ တစ်ချိန်က တွယ်ရာနှင့် ဘာလိုလို သတင်းပြေးဖူးသည်။ သို့သော် သောင်းကျန်းသူဗိုလ်တစ်ဦးက ဂျမာလုကို တော်ကောက်သွားခဲ့သည်။ နှစ်နှစ်ခန့်ကြာသောအခါ မုံခါပါရွာမှ မှေ့မှေ့ပျောက်ပျောက် ရှိနေချိန်တွင် ဂျမာလုတစ်ယောက် ခုတော့ဖြင့် မစိုပြည် နဂိုရည် ပျက်ယွင်းပြီး မုဆိုးမဘဝနှင့် ပြန်ရောက်လာချိန် ဖြစ်၏။ တွယ်ရာက အသံခပ်မာမာပင်....

“ငါတို့သွားတာ ရိုးရိုးတန်းတန်း သွားတာပါ။ နောက်ပြီး မုဆိုးမဘဝနဲ့ပြန်လာတော့ အားငယ်မှာစိုးလို့ စောင့်ရှောက်တဲ့ သဘောပါ”

“အို.... သူ့အစ်မတွေ ခဲအိုတွေ အရှိသားပဲ အနေသာကြီးပါ။ တော်တော်ကြာ သက်ဆိုင်ရာက အထင်လွဲပြီး အမေးအမြန်း ခံနေရရင် မကောင်းဘူး”

“ဘာမေးစရာလိုသလဲ။ သူ့ယောကျ်ားမှ မရှိတော့တာ”

ဘောက်ဂျာက မထူးတော့သည့်အခြေမို့ အတိအလင်းပင် ဖွင့်ပြောလိုက်ရသည်။

“မှန်ရာပြောရရင် အားရာ အဲဒီကို မသွားစေချင်ဘူး”

“ဘာလဲ.... နင်က ငါ့ကို မယုံလို့လား”

ဘောက်ဂျာ၏ရင်သည် နင့်ခနဲဖြစ်သွားသည်။ ခါတိုင်း လင်မယား ချစ်စနိုး ‘အားရာ.... အားဂျာ’ဟု ပြောနေရာမှ နင့်နင့်သီးသီး နင်နှင့်ငါ ပြောလာသောအခါ ဂျမာလုအပေါ် ပိုပြီး မနာလို ဖြစ်လာသည်။ သို့ဖြစ်၍ ခပ်ပြတ်ပြတ်ပင် ပြောလိုက်မိသည်။

“သိနိုင်ဖူးလေ၊ ကေအိုင်အေ ဗိုလ်ကတော်ကျက ဘယ်လောက်များ အစွမ်းထက်နေသလဲမှ မသိတာ”

နောက်ပိုင်းတွင်မူ ဘောက်ဂျာနှင့်တွယ်ရာတို့၏ ရန်ပွဲမှာ ပို၍ ပြင်းထန်လာသည်။ နင်ပဲငဆ ရစရာမရှိအောင် စွပ်စွဲကြသည်။ အပြန်အလှန် ဆဲကြဆိုကြသည်။ စိတ်ကြီးသော တွယ်ရာသည် ထမင်းဆက်မစားတော့ဘဲ ထရံတွင် ထိုးထားသော ကချင်ဓားကို ဆွဲလိုက်သည်။ ဘောက်ဂျာမှာ မျက်ရည်များ တွေတွေစီးကျလာကာ သူမ၏ လည်ပင်းကို စင်းပေးလိုက်သည်။

“သတ်ပါ.... သတ်ပါ.... ငါသေတော့ နင်တို့နှစ်ယောက် အေးအေးနေရရော မဟုတ်လား”

သို့သော် တွယ်ရာသည် ဘောက်ဂျာကို မခုတ်ဘဲ စားလက်စထမင်းဗန်းကို ခုတ်ချလိုက်သည်။ နီးဖြင့် လုပ်ထားသော ထမင်းဗန်းမှာ ထက်ပိုင်းပြတ်သွား၏။ အိမ်ရှေ့ကြမ်းပြင်တွင် ထမင်းနှင့်ဟင်းများ ဖွာရရာကြဲသွားလေသည်။

“ရက်စက်လှချည်လား အားရာရယ်၊ နင်ဘယ်လိုလုပ်လိုက်တာလဲ။ အားလုံး

http://www.cherrythitsar.org



ဒုက္ခရောက်ကုန်တော့မှာပဲ”

ဘောက်ဂျာသည် ငိုသံပါအောင် အော်လိုက်ပြီး ရှိုက်ကြီးတငင် ငိုကြွေးနေသည်။ ဘောက်ဂျာ၏အော်သံကြောင့် အိမ်နီးပါးချင်းများ ပြေးလာကြပြီး ဖျန်ဖြေနေကြသည်။ တွယ်ရာကမူ ဘာမှ မပြောတော့ဘဲ အိမ်ပေါ်မှ ဆင်းသွားလေသည်။

ဘောက်ဂျာ၏စိတ်ထဲတွင်မူ မိမိ လည်ပင်းကို ဓားနှင့်ပိုင်းလိုက်သည်ကမှ တော်သေးသည်ဟု အောက်မေ့လိုက်သည်။ အဘယ့်ကြောင့်ဆိုသော် ကချင်အမျိုးသားတို့ ဓလေ့ထုံးစံအရ ထမင်းထုပ်ကို ဓားဖြင့်ပိုင်းခြင်းသည် ဧရာမကြီးကျယ်သော ပြစ်မှုကြီး ဖြစ်၏။ ညီအစ်ကိုချင်း၊ သားအဖချင်း၊ မိတ်ဆွေအချင်းချင်း သေခန်းဖြတ်သည့် ကိစ္စဖြစ်၏။ လင်ခန်း မယားခန်း ဖြတ်သည့်ကိစ္စ ဖြစ်၏။ ချစ်သူ ခင်သူ အချင်းချင်း မသင့်မြတ်ကြသောအခါ ထမင်းထုပ်ကို အလယ်မှ ဓားနှင့်ပိုင်း၍ ရန်သူစာရင်း သွင်းလေ့ရှိကြသည်။ ထိုနေ့ထိုရက် ထိုအချိန်မှစ၍ ဘောက်ဂျာ၏ ဘဝမှာ သားငယ်ဒွတ်ကို ရင်ဝယ်ပိုက်လျက် ငိုပွဲစတင်ခဲ့ရလေသည်။

ဆရာမရှုဂမ်သည် တွယ်ရာနှင့်ဘောက်ဂျာတို့အကြောင်းကို အစအဆုံးပြောပြပြီးနောက် သူ၏ ဒသနပါ ဖြည့်စွက်ပံ့ပိုးကာ နိဂုံးကမ္ဗတ် အဆုံးသတ်လိုက်သည်။

“အမှန်တော့ ဆရာကြီးရယ် လင်နဲ့မယားဆိုတာ သံသယမရှိကြတာ အကောင်းဆုံးပါ။ တစ်ခါတလေ ဘာမဟုတ်ဘဲနဲ့လဲ တစ်ယောက်နဲ့တစ်ယောက် စွပ်စွဲကြရာက အရှုံ့တိုက်တတ်တဲ့သဘောလဲ ရှိတယ်လေ။ တွယ်ရာဟာ ဘောက်ဂျာက မကြိုက်မှန်းသိလေ ဂျမာလုဆီသွားလေ၊ ဂျမာလုကလဲ သူ့အတွက်ကြောင့် တွယ်ရာ စိတ်ဆင်းရဲရတာကို အသနားပိုရာက သံယောဇဉ်ငြိတွယ်လာတဲ့ သဘောလဲ ရှိမှာပေါ့”

ထောင်မှူးကြီး မောင်မောင်က ကြားဖြတ်၍....

“ဒါဖြင့် တွယ်ရာနဲ့ ဂျမာလုတို့က ဘယ်လိုဖြစ်ပြီး ထောင်ကျလာရတာလဲ”

“တောတွင်းမှာ သောင်းကျန်းသူနဲ့ တပ်မတော်နဲ့ တိုက်ပွဲဖြစ်ပြီး ဂျမာလုက တောတွင်းသောင်းကျန်းသူတွေဆီကို ရေးလိုက်တဲ့ စာတစ်စောင် ဖမ်းမိသွားတယ်။ အဲဒီစာထဲမှာ ဂျမာလုက ဒီတစ်ခါ တွယ်ရာကိုပါရအောင်ခေါ်ပြီး တောထဲကိုပြန်လာခဲ့မယ်လို့ ရေးထားသတဲ့၊ အဲဒီအမှုနဲ့ ထောင်နှစ်နှစ်စီကျလာခဲ့တာပေါ့”

ဖြစ်ရပ်အမှန်မှာ ဤမျှသာ ဖြစ်ပါ၏။ စာပေလောကတွင် ရေးတတ်ရင် ဝတ္ထုဖြစ်တယ်ဆိုသော စကားလုံး ရေပန်းစားခဲ့သည်။ စာပေဟောပြောပွဲနှင့် ဆွေးနွေးပွဲများတွင် ဝတ္ထုဘယ်လိုရေးရမလဲဟု မကြာခဏ မေးလေ့ရှိကြသော စာပေဝါသနာရှင်များ ၁၉၇၁ ခုနှစ်၊ ဇူလိုင်လထုတ် မြဝတီမဂ္ဂဇင်းမှ ရန်အောင်မောင်မောင်၏ ‘နောင်ပါပါ ကြာကြာမဝိုင်းလို’ ဝတ္ထုနှင့် နှိုင်းယှဉ်ဖတ်ကြည့်ကြပါကုန်။

■

http://www.cherrythitsar.org

# ၄၉

ထောင့်တစ်သက်အတွေ့အကြုံ ရေးသားခဲ့ရာတွင် မာတိကာ စဉ်ထားသလို တာဝန်အရ မိမိကျင်လည်ခဲ့ရသည့် ထောင်များအလိုက် ဘယ်ထောင်ပြီး ဘယ်ထောင် ရေးခဲ့သည် မဟုတ်ပေ။ အလားတူပင် ကြယ်တစ်ပွင့်တပ် ထောင်မှူးဘဝမှ နောက်ဆုံး တစ်ခွေနှင့် နှစ်ပွင့်တပ် (လက်ဖတင်ကာနယ်အဆင့်မျိုး) ရောက်သည်အထိ စူကာစဉ်ကာ တစ်ဆင့် ပြီးတစ်ဆင့်လည်း မရေးဖြစ်ခဲ့။ အကြောင်းအရာကိုသာ မူတည်ပြီး အဆင်ပြေသလို ရေးခဲ့ခြင်း ဖြစ်၏။ ထောင်မှူးကြီးဘဝ ရေးနေရာက ထောင်ပိုင်ကြီးဘဝ ရောက်ချင် ရောက်သွားမည်။ ထိုမှတစ်ဖန် ထောင်မှူးဖြစ်ချင်ပြန်ဖြစ်သွားမည်။ ထောင်ပိုင်လေး ခေါ် ဒုတိယထောင်ပိုင်အဆင့်သို့ ပြောင်းချင်ပြောင်းသွားမည်။ တစ်လနှင့်တစ်လ အကြောင်း အရာချင်းသာ ဆက်စပ်နေပါစေ၊ ရာထူးအဆင့်တို့၊ ထောင်အစဉ်လိုက်တို့ကား ခုန်ပျံ ကျော်လွှား ကစဉ့်ကလျား။

ဤကဲ့သို့ ရေးရခြင်းမှာလည်း အကြောင်းရှိပါသည်။ ရာထူးအဆင့်နှင့် ထောင်အစဉ်လိုက် မာတိကာဆွဲသလို ရေးသွားခြင်းအားဖြင့် စာဖတ်သူတို့ကို မငြီးငွေ့ စေလိုပေ။ ဒုက္ခမပေးလိုပေ။ ယင်းကဲ့သို့ ရေးသားခြင်းမှာ ဒိုင်ယာရီဆန်၍ မှတ်တမ်း သဘော သက်ဝင်သည်ဟု ယူဆခြင်းကြောင့်လည်းဖြစ်၏။ ရုပ်ရှင်ပြသည့်အခါတွင် ကော၊ ဝတ္ထုထဲပါသည့်အတိုင်း အစဉ်လိုက် ရိုက်ပြသွားလို့ ရမတဲ့လား။ ဖိတ်အင်ပြ လိုက်၊ ဖိတ်အောက်ပြလိုက်၊ မစ်ခ်လုပ်လိုက်၊ ကလို့စ်အပ်ပြလိုက်၊ ထရိုင်ပေါ့နှင့် ချာချာ လှည့်လိုက်၊ အာရုံအမျိုးမျိုး ပြောင်းပေးရသည့် သဘောမျိုးပင်။ ဤအကြောင်းကိုလည်း

http://www.cherrythitsar.org



ဆောင်းပါး အဆက်ဆက် အကြိမ်ကြိမ်ရေးခဲ့ဖူးပါပြီ။

၁၉၅၀ ခု ဇန်နဝါရီလမှ ၁၉၈၉ ခု အောက်တိုဘာလအထိ အကျဉ်းထောင်ဆိုလည်းနွားဘဝနှင့် အနှစ်လေးဆယ်နီးပါးအတွင်း ရေးစရာ ချွတ်စရာတွေက များလှပါဘိတောင်း။ စာဖတ်သူများ စိတ်ဝင်စားစွာ စောင့်မျှော်နေကြသည့် ကြိုးသမားများအကြောင်းဆိုလျှင် ဟုတ္တိပတ္တိ မရေးရသေး။ ကမ္ဘာနှင့်အဝှမ်း ရာဇဝင်စာတင်ရမည့် အကျဉ်းသားတစ်ဖြစ်လဲ "ချောက်တွေ့လျှင် လမ်းဖောက်၊ ချောင်းတွေ့လျှင် တံတားဆောက်" ကာ ပြစ်မှုကြွေး ချွေးဖြင့်ဆပ်နေကြသည့် ရဲဘက်တွေအကြောင်းကိုလည်း ယောင်လို့ပင် မတို့ရ၊ မထိရသေး။

ရှောင်စရာ ဆောင်စရာတွေကလည်း အများသား။ ရှောင်စရာ ဆောင်စရာဆိုသည်မှာ အခြားမဟုတ်။ တစ်ခါက အင်္ဂလိပ်စာအုပ်ဆိုင် တစ်ဆိုင်မှ "The Great Escapes" ဆိုသော စာအုပ်တစ်အုပ်ကိုတွေ့၍ ဝယ်လာခဲ့သည်။ အိမ်ရောက်၍ ဖတ်ကြည့်ရာ အင်္ဂလိပ်နန်းရင်းဝန်ကြီး မစ္စတာဝင်စတန်ချာချီလ် စစ်သံ့ပန်းဖြစ်ခဲ့စဉ်က ထောင်ဖောက်ထွက်ပြေးပုံမှ စပြီး၊ အခြားကမ္ဘာအနှံ့ ထောင်ဖောက်မှုကြီးများကို စိတ်ဝင်စားဖွယ်ရာ ရေးသားထားသော စာအုပ်ဖြစ်နေ၏။ ထောင်မှူးမောင်မောင်သည် အလွန်သဘောကျသွားကာ တစ်ပုဒ်ပြီးတစ်ပုဒ် ဘာသာပြန်ပြီး မြဝတီတစ်လှည့် ငွေတာရီတစ်လှည့် ရေးပို့ခဲ့သည်။

သုံးလေးပုဒ်ခန့် ဘာသာပြန်ပြီး၍ ထောင်မင်းကြီးနှင့် တွေ့သောအခါ....

"ဦးမောင်မောင် ဘာသာပြန်ဝတ္ထုတွေကို ဖတ်ရတယ်။ သူတို့ဆီက ခေတ်မီတဲ့ထောင်ကြီးတွေ မဟုတ်လား။ ဖတ်လို့တော့ အကောင်းသားဗျ။ ဒါပေမယ့် ကျွန်တော်တို့ဆီက ထောင်တွေက ဘိုးတော်မင်းလေးဖက်ပြေးစက ဆောက်ထားတဲ့ ရှေးထောင်တွေဆိုတော့ သူခိုးလမ်းပြလိုများ ဖြစ်နေမလား မသိဘူး"

ထောင်မင်းကြီးက ပညာရှိစကား ဆိုခြင်းဖြစ်၏။ ဟုတ်ပေသားပဲ။ တကယ်တမ်း ထောင်ဖောက်ထွက်ပြေးပြီဆိုတော့ ထောင်မှူးမောင်မောင်တို့ပဲ ခေါင်းကိုက်ရမှာ မဟုတ်ပါလား။ အလုပ်ရှုပ်ရမှာ မဟုတ်ပါလား။

မှန်ပါသည်။ လူထက်အဆပေါင်းများစွာ ကြီးမားလှသော ဆင်ဆယ်ကောင်ကို ထိန်းချုပ်ဖို့ မခက်လှ။ ဆင်ဆိုတာက အဟိတ်တိရစ္ဆာန်၊ အိပ် စား ကာမ ဤသုံးဝကိုသာ သိသူ။ လူဆိုသည်မှာ အသိတရားရှိသည်။ ယင်းအသိတရားကို အခြေခံ၍ ကြံရည်ဖန်ရည် ရှိသည်။ ဆင်ကောင်ကြီးလောက် အင်အားမရှိပေမယ့် ဆင်ကောင်ကြီးထက် အစွမ်းထက်သည်။ လုပ်ရည်ကိုင်ရည် ရှိသည်။ အကောင်းဆုံးလည်း လုပ်နိုင်သည်။ အဆိုးဆုံးလည်း လုပ်နိုင်သည်။ နောက်ပြီး အုတ်ရိုးလေးဘက်လေးတန်အတွင်း ရောက်နေကြသူများကို အားလုံးလူဆိုးချည်းဟု မဆိုလိုသော်လည်း လူကောင်းက နည်းနည်း၊ လူဆိုးက များများ။ လူဆိုးများလေလေ အုပ်ချုပ်ရသူတွေအတွက် အလုပ်ပိုလေလေ။

http://www.cherrythitsar.org



နို့.... သူတို့ တစ်တွေကို တရားရုံးက အပြစ်ပေးလိုက်စဉ်ကလည်း ‘မောင်မဲအား ဓားပြတိုက်မှုဖြင့် ထောင်ခုနစ်နှစ်ကျခံစေ’ ဟုသာ အပြစ်ပေးလိုက်ခြင်း ဖြစ်၏။ ‘မောင်မဲကိုရော မောင်မဲ၏ စိတ်ကိုပါ ထောင်ဒဏ်ကျခံစေ’ ဟု အပြစ်ပေးလိုက်ခြင်း မဟုတ်။ မောင်မဲ၏ ရုပ်ကိုသာ အပြစ်ပေးလို့ရမည်။ မောင်မဲ၏နာမ်ကို ဘယ်လိုလုပ်အပြစ်ပေးလို့ ရပါမည်နည်း။ သည်တော့ သူတို့တစ်တွေ၏ အတွင်းအဇ္ဈတ္တသဏ္ဍာန်ကို ဘယ်သူက ထိုးဖောက်မြင်နိုင်ပါအံ့နည်း။ သူတို့တစ်တွေ၏ ခန္ဓာကိုယ် အတ္တဘောကြီးကသာ မလွဲမရှောင်သာ၍ အုတ်ရိုးလေးဘက်လေးတန်အတွင်း အချုပ်အနှောင် ခံနေရသော်လည်း၊ သူတို့တစ်တွေ၏ စိတ်ဝိညာဉ်ကား အုတ်ရိုးကိုကျော်လွှားကာ ပြင်ပလောကတွင် ကျက်စားလွင့်ပျံ့နေသည်မှာ မြေကြီးလက်ခတ်မလွဲတည်း။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် အပြင်လူတွေ အမှတ်မှားကာ မေးလေ့မြန်းလေ့ရှိသော ပြဿနာတစ်ရပ်ကို ဖြေရှင်းချင်ပါသေးသည်။ လူတစ်ယောက်ကို သေစားသေစေရန် ကြိုးမိန့်ပေးပြီးနောက် အခြားပြစ်မှုများအတွက် ကျခံရန် အပြစ်ပေးလိုက်သည့် ထောင်ဒဏ်တွေကို ဆက်လက်ကျခံနေတယ်ဆိုတာ ဟုတ်မဟုတ် သိလိုကြခြင်းပင် ဖြစ်၏။ ဆိုလိုသည်မှာ ကြိုးသမားကို ကြိုးပေးပြီးသည့်တိုင်အောင် သူ၏ဝိညာဉ်ကို ထောင်ထဲတွင် ဆက်လက်ကျခံစေခြင်းပင်ဖြစ်၏။ အမှန်မှာ ထိုကိစ္စ အလျဉ်းမဟုတ်ပါ။ ကြိုးသမားတစ်ဦးအား သေဒဏ်စီရင်ပြီးနောက် သူသွားလိုရာ သွားနိုင်ရန် အမိန့်ပြန်တမ်းထုတ်၍ သူ၏ခေါင်းထဲတွင် ထောင်လွတ်လက်မှတ် ထည့်ပေးလိုက်ပြီး ဖြစ်၏။ သူ၏ဝိညာဉ်ကိုကော ထောင်အာဏာပိုင်တို့က အဘယ်သို့သော စွမ်းပကားဖြင့် ထိန်းချုပ်ထားနိုင်စွမ်း ရှိပါအံ့နည်း။ လူကိုပင် အနိုင်နိုင် ထိန်းသိမ်းနေရသည့်ကြားထဲက ဝိညာဉ်ကိုပါ စောင့်နေရဦးမည်ဆိုလျှင်တော့ ထောင်ဝန်ထမ်းတွေ အကုန် ထွက်ပြေးကုန်ကြပေလိမ့်မည်။

ဤစကြဝဠာကြီးကို စိုးမိုးနေသည်ကား လူသားတွေမဟုတ်။ ယင်းလူသားတွေ၏အဇ္ဈတ္တရင်တွင်းမှ စိတ်ဝိညာဉ်သာလျှင် ဖြစ်၏။ စိတ်၏စွမ်းအင်မှာ နှိုင်းဖက်မမြင်ကြီးမားလှပေစွ။ အခု ရန်ကုန်မှာ ရှိနေပေမယ့် ချက်ချင်း မန္တလေးရောက်ချင် ရောက်သွား၏။ ကမ္ဘာကို ပတ်ချင်လျှင်လည်း ဒီစိတ်ပါပဲ။ သွားတုန်းကတော့ လက်ဖက်ရည်ဆိုင် လမ်းရောက်မှစိတ်ဖောက်ပြီး ဝင်သွားတာက အရက်ဆိုင်။ ဝိပဿနာ တရားထိုင်ကြတော့ကော၊ ထိတယ်ဟဲ့.... သိတယ်ဟဲ့။ ကြားတယ်ဟဲ့.... သိတယ်ဟဲ့။ ကျင်တယ်ကိုက်တယ်၊ သိတယ်ဟဲ့။ မှတ်လိုက်ရတဲ့စိတ်၊ ထိန်းလိုက်ရတဲ့စိတ်၊ ဖမ်းလိုက်ရတဲ့စိတ်။ အဲဒီလောက်ထိန်းနေချုပ်နေ မှတ်နေတဲ့ကြားထဲကပဲ ဘယ်အကြို အကြားကများ ဆီလိုအပေါက်ရှာသွားလေသည်မသိ၊ စွတ်ရွတ်ပြီး အိမ်ရောက်သွား ပါလေရောဗျား။

အိမ်က ရှင်မျက်နှာ ပေါ်လာလိုက်၊ ကလေးတွေ မျက်နှာပေါ်လာလိုက်၊ ငွေရေးကြေးရေးကိစ္စ ပေါ်လာလိုက်၊ အလုပ်ကိစ္စ ပေါ်လာလိုက်။ ကြည့်စမ်းပါဦး၊ နာရီ

http://www.cherrythitsar.org



ဝက်လောက်ကလေးတောင် တရားမှတ်လို့ လွတ်လွတ်ကျွတ်ကျွတ် မရနိုင်ပါကလား။

ထောင်ထဲက အကျဉ်းသားဆိုတာက ဝိပဿနာ ဓမ္မရိပ်သာမှာ တရားထိုင်နေသူတွေမှ မဟုတ်ဘဲ။ အချိန်ရှိသရွေ့ သူတို့စိတ်တွေ အိမ်ပြန်နေကြမည်မှာ ယုံမှားသံသယရှိဖို့ မလို။ လူ့စိတ်ဆိုသည်မှာ မျောက်စိတ်လိုပဲဟု ဆိုလေ့ရှိကြသည်။ ယင်းအဆို ဘယ်လောက်အထိ ယုတ္တိတန် မတန် မသိရပေမယ့် လူ့စိတ်ဆိုသည်မှာ ကြောက် စရာ ကောင်းတာကတော့ အမှန်။

ထောင်မှူးကြီး မောင်မောင် ရမည်းသင်းထောင်တွင် တာဝန်ခံအရာရှိအဖြစ် တာဝန်ထမ်းဆောင်နေစဉ်က ဖြစ်၏။ တစ်နေ့၊ ၁၂ နာရီခွဲခန့် နေ့လယ်စာစားပြီး ထမင်းလုံး စီနေစဉ် 'ရှိ... ရှိ' ဟူသော ခရာသံ စူးစူးရှရှမှုတ်သံကို ကြားလိုက်ရသည်။ ယင်းခရာသံနှင့် သံချောင်းကို တစ်ဆက်တည်း အမြန်ခေါက်သံတို့မှာ ထောင်မှူး၊ ထောင်ပိုင်တို့အတွက် ငှက်ဆိုးထိုးသံပမာ အမင်္ဂလာသံပင် ဖြစ်လေသည်။ ပင်စင်ယူပြီး၍ ယခုဤစာကိုရေးနေသည့် အချိန်အထိ ထိုအသံမျိုးကို ကြားရလျှင် နားစွင့်မိဆဲ၊ ကြက်သီးထ၍ ခေါင်းထောင်မိတုန်း။ ခရာသံနှင့် မရှေးမနှောင်းပင် မျှော်စင်များပေါ်မှ သံချောင်းခေါက်သံ တစ်ဒေါင်ဒေါင် ဆက်တိုက်ထွက်ပေါ်လာ၏။ တစ်ခုခုတော့ ဖြစ်ပြီ။ အကျဉ်းသား ထွက်ပြေးသလား။ အုပ်စုဖွဲ့၍ ရိုက်ကြနှက်ကြသလား။

ထောင်မှူးကြီး မောင်မောင်သည် ထောင်ဘူးဝပေါ်တွင် နေခြင်းဖြစ်ရာ ပြတင်းပေါက်မှနေ၍ ထောင်တွင်းကို လှမ်းကြည့်လိုက်သည်။ အခြေအနေက ပုံမှန် အနေ အထား။ ဒါဆိုလျှင် အပြင်ဘုတ်က ထွက်ပြေးခြင်း ဖြစ်ရမည်။ ထောင်မှူးကြီးမောင်မောင် အိမ်အောက်သို့ ပြေးဆင်းလာခဲ့သည်။

"ဘာဖြစ်တာလဲဟေ့"

"ကိုသိန်းမောင် တောင်ယာက အကျဉ်းသားတစ်ယောက်ပြေးလို့ ဆရာကြီး"

"ထောင်မှူး ဦးအောင်သိန်းကော"

"ဝါဒါနှစ်ယောက်နဲ့အတူ စက်ဘီးနဲ့ ထွက်သွားကြပြီ။ ထောင်ပိုင်ကြီး မေးရင် ပြောလိုက်ပါလို့ မှာသွားခဲ့တယ်"

ထောင်ဝါဒါတွေလည်း ဟိုပြေးဒီလွှား အကျဉ်းသားပြေးမည် ထင်သည့်ဘက်ကို လိုက်နေကြရသည်။ ထိုအခိုက် ထွက်ပြေးသောဘုတ်မှ ထောင်ဝါဒါခေါ် ထောင်ကြပ်သိန်းမောင်နှင့် အကျဉ်းသားငါးယောက်တို့ ထောင်ဘူးဝရှေ့ ရောက်လာကြသည်။ ထုတ်တာက အကျဉ်းသားခြောက်ယောက်တည်း။ အမှန်အတိုင်း ထောင်ကြပ်တစ်ဦး လျှင် အကျဉ်းသား ၁၀ ယောက်အထိ ထုတ်ခွင့်ရှိ၏။ အခြား အပြင်ဘုတ်များလည်း ထောင်တွင်းသို့ ပြန်သွင်းနေကြပြီ။ ဒါက ထောင်ဥပဒေအရ ကန့်သတ်ချက် ဖြစ်သည်။ အပြင်မှ အကျဉ်းသားပြေးလျှင် အပြင်ဘုတ်တွေ အကုန်ပြန်သွင်း။ ထွက်ပြေးသည့် အကျဉ်းသားနောက်ကို ဝိုင်းလိုက်ကြ။ ထွက်ပြေးသည့်ဘုတ်မှ ထောင်ကြပ်ကလည်း

ကျန်ခဲ့သည့် အကျဉ်းသားများကို ထောင်ထဲပြန်သွင်းဦး။ ပြီးမှ လိုက်တန်လျှင် ဆက်လိုက်။ နို့ဖြင့် ကျန်သည့် အကျဉ်းသားတွေပါ ထပ်ပြေးကုန်လျှင် မခက်ပါလား။

ထောင်မှူးကြီးမောင်မောင်က ထောင်ကြပ်သိန်းမောင်ကို မေးလိုက်သည်။

"ဘယ်လိုဖြစ်တာလဲ သိန်းမောင်"

သိန်းမောင်က ဟန်မပျက်။

"မိလ္လာသွားချင်တယ်ဆိုလို့ ကျွန်တော်က ခွင့်ပြုလိုက်တာပါ၊ တစ်အောင့်နေလို့ သွားကြည့်တော့ မရှိတော့ဘူး ဆရာကြီး"

ထောင်မှူးကြီး မောင်မောင် စိတ်ထဲပြုံးလိုက်မိသည်။ အံမာ ဒီလိုဘယ်ရလိမ့်မလဲ၊ အကျဉ်းသားပြေးပြီဆိုလျှင် ဒါ သူတို့ လက်သုံးစကားပဲ။

"ပြေးတဲ့ကောင် နာမည်က ဘယ်သူတဲ့လဲ"

"ညှပ်ကြီး တဲ့"

"ညှပ်ကြီး ဟုတ်လား"

"ဟုတ်ကဲ့ မနက်ဖြန် လွတ်တော့မှာပါ"

"အေး.... ဟုတ်လိမ့်မယ်။ တလောဆီကတောင် ငါ့ဆီလာ ဘုတ်တိုက်တော့၊ မင်းနာမည်က ညှပ်ကြီးဆိုတော့ အဆန်းသားပါလားကွ၊ ဘာပြုလို့ ညှပ်ကြီးလို့ ခေါ်တာလဲဆိုတော့၊ ကျွန်တော့်ကို မွေးတုန်းက ညှပ်နဲ့ဆွဲထုတ်ရလို့ပါဆိုပြီး သူ့နဖူးညာဘက်နဲ့ ဘယ်ဘက်က အမာရွတ်နှစ်ခုကို ပြသွားသေးတယ်"

အကျဉ်းသား ဘုတ်တိုက်သည်ဆိုခြင်းမှာ ထောင်မှလွတ်မည့်ရက်ကို ခေါ်ဝေါ်သည့် ထောင်ဝေါဟာရ ဖြစ်၏။ အကျဉ်းထောင်ဥပဒေအရ ထောင်ဒဏ်ခြောက်လနှင့်အထက်ကျခံရသူများသာ သာမန်လျှော့ရက်၊ ထောင်ပိုင်ကြီး၊ အကျဉ်းဌာနမင်းကြီး၊ ခရိုင်ဝန်စသူတို့၏ အထူးလျှော့ရက်များ ခံစားခွင့်ရှိကြသည်။ ထောင်ခြောက်လအောက်ကျသူများ မည်သည့်လျှော့ရက်မှ ခံစာခွင့်မရှိကြပေ။ လျှော့ရက်ကို အကျဉ်းသားအချို့က ဆုံးမရက်ဟုလည်း ခေါ်လေ့ရှိကြသည်။ ဒါလည်း ရည်ရွယ်ချက်နှင့် အဓိပ္ပာယ်တို့ သိပ် မခြားနားလှပါ။

ဒါဖြင့် ထောင်ခြောက်လအောက်ကျသည့် အကျဉ်းသားတွေအတွက်တော့ လုံးဝမျှော်လင့်ချက် မရှိတော့ဘူးပေါ့ဟု မေးစရာပေါ်လာသည်။ ဒီလိုလည်း မဖြစ်သေး၊ သူတို့အတွက် အားထားစရာ မျှော်မှန်းချက်ရောင်ခြည်လေး (incentive) ရှိဦးမှပေါ့။ သို့ဖြစ်၍ ထောင်ပိုင်များက သူလုပ်ပိုင်ခွင့်ရှိသည့် တစ်နှစ်လျှင် အထူးလျှော့ရက် တစ်လထဲမှ သူတို့၏ လုပ်ငန်းဆောင်တာများကိုကြည့်ပြီး မျှတစွာပေးလေ့ရှိသည်။ ဥပမာအားဖြင့် ထောင်တစ်လကျ၍ ထောင်ထဲမှလုပ်ရလျှင် တစ်ရက်၊ အပြင်လုပ်ရလျှင် နှစ်ရက်၊ ထောင်နှစ်လကျသူကို ထောင်တွင်း အလုပ်အတွက် နှစ်ရက်၊ အပြင်ထွက်ရလျှင် လေးရက်စသည်အားဖြင့် ပေးလေ့ရှိ၏။ ယင်းကဲ့သို့ ပေးခြင်းကို ထောင်ဝေါဟာရ အရ

http://www.cherrythitsar.org



ကျန်ရက်ဟု ခေါ်လေ့ရှိကြသည်။

အကယ်၍ အပြင်တရားရုံးမှ တရားသူကြီးတစ်ဦးက အချုပ်တရားခံ တစ်ဦးအား ခြောက်လပေးရမည့်အပြစ်ဒဏ်အတွက် မင်းကိုတော့ သနားပါတယ်ကွာ၊ ငါးလပဲ ခံပေတော့ဟုမျှား အပြစ်ပေးခဲ့လျှင် ထိုတရားခံ သေပေတော့။ အဘယ်ကြောင့်ဆိုသော် ခြောက်လချတာကမှ လျှော့ရက်သုံးပုံတစ်ပုံ အပြည့်ရခဲ့လျှင် လေးလနှင့် လွတ်နိုင်သေးသည်။ ငါးလချလိုက်လို့ကတော့ ထောင်ပိုင်ကြီးက ကျန်ရက် ဆယ့်ငါးရက်လောက် ပေးဦးတော့ လေးလခွဲလောက် နေရမည် ဖြစ်၏။

"ကဲ.... ကဲ.... သိန်းမောင် အကျဉ်းသား ငါးယောက်ခေါ်၊ ငါ့ရုံးခန်းထဲ လိုက်ခဲ့ကြ"

ထောင်မှာ အမှုတစ်ခုရယ်လို့ ဖြစ်လာလျှင် ချက်ချင်းလက်ငင်း ပူပူနွေးနွေး စစ်ဆေးပါမှ အဖြစ်မှန်ကို သိရတတ်သည်။ နို့ဖြင့် သူတို့အချင်းချင်း အကွက်ဆင်ပြီး ညှိနှိုင်းပြီး၊ ကလိန်စေ့ ငြိမ်းဆင်ပြီး၊ ဇာတ်တိုက်ပြီး ဖြစ်နေသည်။ သို့ဖြစ်၍ စာရေးကိုဘသန်းကိုခေါ်ကာ သိန်းမောင်၏ ထွက်ဆိုချက်ကို အလျင်ယူရသည်။ အကျဉ်းသားငါးယောက်ကိုမူ တစ်နေရာစီ ခွဲခိုင်းထားပြီးဖြစ်၏။ သိန်းမောင်၏ ထွက်ဆိုချက်မှာ ဘာမှ မထူးခြား၊ စောစောကအတိုင်းပင်။ မိလ္လာတကက်နေစဉ် ထွက်ပြေးသွားကြောင်း ပြောနေသဖြင့် သူ၏ ထွက်ချက်ကိုရပ်ပြီး ထောင်အပြင်သို့ ထွက်ခိုင်းထားသည်။

ထို့နောက် အကျဉ်းသားများကိုဆက်၍ စစ်ဆေးရာ သုံးယောက်မြောက်အထိ သိန်းမောင်နှင့် တစ်ထပ်တည်းပင် ထွက်ဆိုနေကြသည်။ လေးယောက်မြောက် အကျဉ်းသားမှာ ဘုတ်ကိုင်ဖြစ်၏။ ဘုတ်ကိုင်ဆိုသည်မှာ အကျဉ်းသားငါးယောက်ကို ထိန်းသိမ်းရသည့် ဘာယာဖြစ်သည်။ အသက်ကလည်း ငါးဆယ်ခန့်ရှိပြီ။

"ခင်ဗျားက ဘုတ်ကိုင်နော်၊ နာမည် ဘယ်သူတဲ့လဲ"

"ကျွန်တော့် နာမည် မောင်မြင့်ပါ"

"ဒီမှာ ဦးမြင့်။ ထောင်ကြပ် သိန်းမောင်ပြီးရင် တာဝန်အရှိဆုံးဟာ ခင်ဗျားပဲ။ ညှပ်ကြီးပြေးတဲ့ အမှုနဲ့ပတ်သက်ပြီး ခင်ဗျားပါ တရားစွဲခံနိုင်မလား"

ဘုတ်ကိုင်ဦးမြင့် မျက်နှာပျက်သွားသည်။ ထို့နောက် တုန်တုန်ယင်ယင်ဖြင့်၊

"ကျွန်တော်ကိုတော့ တရားမစွဲပါနဲ့ ဆရာကြီး၊ ကျွန်တော် မှန်တဲ့အတိုင်း ပြောပါ့မယ်"

"အေး.... ခင်ဗျားပြောတာ မှန်ရင် ခင်ဗျားကို တရားမစွဲတဲ့အပြင် ကျွန်တော် လျှော့ရက် ထပ်ပေးဦးမယ်"

"ဒီနေ့ ရမည်းသင်းဈေးနေ့ပါ။ ညှပ်ကြီးရဲ့အမေနဲ့ ညီတို့ ရမည်းသင်းဈေးကို လှည်းနဲ့လာပြီး ဟင်းသီးဟင်းရွက် ရောင်းကြပါတယ်။ တောင်ယာဘေးက လှည်းဖြတ်မောင်းရင်း ညှပ်ကြီးနဲ့ ထောင်ဝင်စာ ခဏရပ်တွေ့ကြပါတယ်"

http://www.cherrythitsar.org



"ဆရာသိန်းမောင် သိသလား"

"ဆရာသိန်းမောင် အနားမှာ ရှိပါတယ်။ ညှပ်ကြီးအမေက အင်္ကျီတစ်ထည်နဲ့ လုံချည်တစ်ထည်ပေးတာ မြင်လိုက်ပါတယ်။ နောက်ပြီး ညှပ်ကြီးက တောင်းလို့ ရွှေဖရုံသီးတစ်လုံးနဲ့ ခရမ်းချဉ်သီး ငါးဆယ်သားလောက်လဲ ပေးခဲ့ပါသေးတယ်။ နေ့ခင်းထမင်းစားပြီး အပြင်ဘုတ်ထွက်တော့ ရွှေဖရုံသီးနဲ့ ခရမ်းချဉ်သီးကို အကြော်အဖန်ဟင်းချက်စားမယ်ဆိုပြီး ဆရာကိုသိန်းမောင်ဆီမှာ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်တို့ ညှပ်ကြီးက တောင်းပါတယ်။ ဆရာကိုသိန်းမောင်က ငါ့အိမ် သွားယူချေဆိုပြီး လွှတ်လိုက်တာတော်တော်နဲ့ ပြန်မလာတော့လို့ လိုက်ကြည့်မှ ညှပ်ကြီး ထွက်ပြေးမှန်း သိရတာပါ။ ကျွန်တော် ပြောတယ်လို့တော့ ဆရာကိုသိန်းမောင်ကို ပြန်မပြောပါနဲ့ ဆရာကြီး။ ကျွန်တော် အရိုက်ခံရပါလိမ့်မယ်"

"ခင်ဗျားပြောတာသာ မှန်ပါစေ၊ ခင်ဗျားရဲ့ လုံခြုံရေးအတွက်ကို ကျွန်တော်လုံးဝ တာဝန်ယူတယ်၊ ပေးထားတဲ့ကတိအတိုင်းလဲ လျှော့ရက်ထပ်ပေးမယ်"

သိန်းမောင်ကိုခေါ်၍ ဘုတ်ကိုင်မောင်မြင့် ထွက်ချက်ကို ဖတ်ပြသောအခါ ဘသားချော ငိုင်ကျသွားပါလေတော့သည်။ ဘာမျှ မငြင်းသာတော့။

"ကျွန်တော့်ကို ချမ်းသာပေးပါ ဆရာကြီး။ ကျွန်တော် ကြောက်လို့ လိမ်ပြောမိတာပါ။ ဒီကောင် နက်ဖြန်ခါ လွတ်တော့မှာပဲ ဆရာကြီး။ ကျန်ရက်တစ်ရက် ထပ်ပေးပြီး ဒီနေ့ အလွတ်ပြလိုက်ရင် ဖြစ်နိုင်တဲ့ကိစ္စပဲ"

ထောင်မှူးကြီးမောင်မောင်က ကိုယ့်ရင်ဘတ် ကိုယ်ထုပြီး....

"အံမာ.... ကိုယ်တော်ချောက ငါ့ကိုပါ ထိန်ချန်မှုနဲ့ အမှုပတ်အောင် အဖော်ခေါ်ချင်သေးလို့လား။ တစ်ရက်လိုလို တစ်နာရီလိုလို ပြေးမှုဟာ ပြေးမှုပဲကွ။ အခုဆိုရင် ထောင်လုန့်သံချောင်း ခေါက်ပြီးလို့ ရဲတွေတောင် ရောက်လာပြီး အပြင်မှာ ဝိုင်းထားပြီ မဟုတ်လား။ အဲဒါကြောင့် ငါအမြဲတမ်း ပြောတာပေါ့။ အပြင်အလုပ်တွေကို ထောင်ဝင်စာ တွေ့ချင်ရင် ထောင်ထဲမှာ ခေါ်တွေ့။ အပြင်မှာမတွေ့နဲ့လို့။ အခုလဲ မင်းက အကျဉ်းသားကို နက်ဖြန်လွတ်မယ်ဆိုပြီး ယုံတာကိုး။ အစည်းအဝေးတွေမှာ ငါအမြဲတမ်း ပြောသလိုပေါ့။ မနက်တိုင်း ဘုရားရှိခိုးပြီးရင် အကျဉ်းသားသည် ငါ့အမေလင် မဟုတ်၊ အကျဉ်းသားသည် ငါ့အမေလင် မဟုတ်၊ အကျဉ်းသားသည် ငါ့အမေလင် မဟုတ်လို့ သုံးခေါက်တိတိ ရွတ်ပါလို့"

ထောင်မှူးကြီးမောင်မောင် တစ်အောင့်လောက် စဉ်းစားပြီးမှ....

"နေဦး.... ငါ နောက်တစ်ခု သိချင်သေးတယ်။ မင်း သူ့အမေနဲ့ သူ့ညီကို သေသေချာချာ မှတ်မိသေးတယ် မဟုတ်လား"

"ဟုတ်ကဲ့.... မှတ်မိပါတယ် ဆရာကြီး၊ ခါတိုင်းလဲ လာနေကျပဲ"

"ဒီလိုဆိုရင် ဒီအချိန် ဈေးကွဲစပဲရှိသေးတယ်။ သူတို့ သားအမိ ပြန်မှာ မဟုတ်

http://www.cherrythitsar.org



သေးဘူး၊ မင်း စက်ဘီးနဲ့သွားပြီး ထောင်ကို ခေါ်လာခဲ့စမ်း"

ရမည်းသင်း၊ ပျော်ဘွယ် စသည်မြို့များမှာ ငါးရက်တစ်ကြိမ် ဈေးကြီးနေ့ ဖြစ်၏။ နာရီဝက်ခန့်အကြာတွင် ညှပ်ကြီး၏အမေနှင့် ညီတို့ နွားလှည်းမောင်း၍ ထောင်သို့ ရောက်လာကြသည်။ ညှပ်ကြီး၏အမေမှာ အသက်ငါးဆယ်ကျော်ခန့်ရှိပြီ ဖြစ်၍ တောသူ အရိုးအအ ဖြစ်သည်။ သို့ဖြစ်၍ ထိုအဘွားကြီးကိုခေါ်မေးရာ အကြောင်းစုံ ပေါ်လာပါတော့သည်။ အဘွားကြီး၏အမည်မှာ ဒေါ်ခ ဖြစ်သည်။ သားနှစ်ယောက် ရှိသည့်အနက် ညှပ်ကြီးက အကြီး၊ ပေစိက အငယ်ဖြစ်သည်။ ရမည်းသင်း အနောက်ဘက် ဆယ်မိုင်ခန့်ဝေးသည့်ရွာတန်း သူကြီးအပိုင် အိုင်ပုတ်ရွာ ဇာတိဖြစ်၏။ သားအမိ သုံးယောက် လယ်ယာကိုင်းကျွန်း လုပ်ကိုင်စားသောက်နေကြရာမှ သားအကြီးညှပ်ကြီး က တစ်ရွာတည်းနေမခင်မေနှင့် အိမ်ထောင်ကျသွားခဲ့သည်။ အိမ်ထောင်ကျပြီး သော်လည်း ညှပ်ကြီးသည် အိမ်မခွဲဘဲ မိခင်ကြီး၊ ညီငယ်တို့နှင့်အတူ ဒိုးတူပေါင်ဖက် လုပ်ကိုင် စားသောက်နေခဲ့ကြသည်။

ခက်တာက မခင်မေသည် ညှပ်ကြီးနှင့် အိမ်ထောင်ကျစဉ်က အပျိုမဟုတ်ပေ။ မုဆိုးဖိုရွာခေါင်း ဦးတုတ်ကျော်နှင့် ဇွလခန့် အိမ်ထောင်ကျခဲ့ဖူးသည့် တစ်ခုလပ် ဖြစ်၏။ ဦးတုတ်ကျော်၏ သားသမီး လေးယောက်ဒဏ်ကို မခံနိုင်သဖြင့် ကွဲခဲ့ခြင်း ဖြစ်သည်။ (ထိုစဉ်က သူကြီးတို့၊ ရွာခေါင်းတို့၊ ဆယ်အိမ်ခေါင်းတို့ အုပ်ချုပ်သည့်ခေတ် ဖြစ်၏။ အိုင်ပုတ်ရွာမှ ရွာခေါင်းက အကြီးဆုံး၊ သူ့အထက်က ရွာတန်းရွာမှ သူကြီးကလှမ်း၍ အုပ်ချုပ်ရသည်။) ယခုတော့ ညှပ်ကြီးနှင့် မခင်မေတို့ အိမ်ထောင်ကျခဲ့သည်မှာလည်း သုံးနှစ်သုံးမိုး ရှိခဲ့ပြီ၊ သားသမီးကား မရသေး။

ပြဿနာအစမှာ ဦးတုတ်ကျော်၏ မြေပဲခင်းနုတ်သောနေ့တွင် မခင်မေ လက်စားလိုက်ရာမှ အစချီခြင်းဖြစ်သည်။ တောရွာများတွင် ပျိုးနုတ်ရာတွင် လည်းကောင်း၊ လယ်ရိတ်၊ မြေပဲနုတ် စသည့်လုပ်ငန်းများတွင် လည်းကောင်း လက်စားလိုက်လေ့ ရှိကြသည်။ လက်စားလိုက်သည် ဆိုခြင်းမှာ ကိုယ့်မြေပဲခင်း သူလာနုတ်ပေးလျှင် သူ့မြေပဲခင်းကိုလည်း ကိုယ်က တစ်လှည့် ပြန်နုတ်ပေးရခြင်း ဖြစ်၏။ အစားအသောက် အကျွေးအမွေးကိုတော့ မြေရှင်က တာဝန်ယူသည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး ညှပ်ကြီး နှင့် မခင်မေတို့ အချီအချ စကားများကြသည်။ တစ်ဆိတ်ကို တစ်အိတ်လုပ်ကာ ပုံကြီး ချဲ့၍ အတို့အထောင် လုပ်ချင်သူတွေကလည်း အများသား။

"နင်.... ဒီနေ့ တုတ်ကျော် မြေပဲခင်း လက်စားလိုက်နုတ်တယ်ဆို"

"ဟုတ်တယ်၊ ပထမက အရီးလေးဒေါ်ငွေတင်မြေပဲခင်းဆိုလို့ လိုက်သွားတာ၊ ဟိုကျတော့မှ အရီးလေးဒေါ်ငွေတင်က ဒီနေ့ ပြဿဒါးနေ့ကြီးမို့ မနုတ်ဖြစ်သေးဘူး ဆိုတာနဲ့ လာလက်စနဲ့ မထူးဘူးဆိုပြီး တစ်စပ်တည်း ကိုတုတ်ကျော်အခင်းကို ဝင်နုတ် ဖြစ်သွားတာ"

http://www.cherrythitsar.org



"ဒီကောင်နဲ့ အဆက်အသွယ် မလုပ်စေချင်မှန်း နင်အသိသားနဲ့"

"ဒါတော့ တစ်ရက်နေလဲ တစ်ရက် အလကားဖြစ်မှာပဲ မဟုတ်လား။ ကိုယ့်မြေပဲခင်း နုတ်တဲ့နေ့ကျတော့ လူတစ်ယောက် လုပ်အားဆိုလဲ မနည်းဘူး"

"ဒါနဲ့ လင်ပောင်းကြီးနဲ့အတူ ထမင်းလက်ဆုံစားပြီး ပြုံးလို့ရွှင်လို့ဆို"

"တော် ဒီလို အရမ်းမစွပ်စွဲနဲ့။ သူလဲ နောက်မိန်းမ ရပြီးသား။ ကျုပ်လဲ တော်နဲ့ ညားခဲ့တာ သုံးနှစ်တောင်ရှိပြီ မဟုတ်လား။ ဘာအစွန်းအထင်းများ ရှိခဲ့ဖူးလို့လဲ"

ညွှပ်ကြီးသည် ကုလားမနိုင် ရခိုင်မဲ ဆိုသကဲ့သို့ မခင်မေကို ပြောမရတော့ ညနေပိုင်း အရက်သောက်ပြီး ရွာခေါင်းဦးတုတ်ကျော်၏ အိမ်ရှေ့တွင် ဓားကြိမ်း သွားကြိမ်းသည်။

"ဟော့.... သူများမယား ကြာခိုချင်တဲ့ ရွာခေါင်း၊ သတ္တိရှိရင် အပြင်ထွက်ခဲ့ကွ.... ဟောဒီဓားချက်နဲ့ မာလက စျာန်ကြွသွားစေရမယ်"

ရွာခေါင်းဦးတုတ်ကျော်က လူပါး။ အပြင်မထွက်ဘဲ သူ၏ တပည့်တပန်းများနှင့် ညွှပ်ကြီးကိုဝိုင်းဖမ်းကာ ထိပ်တုံးခတ်ထားလိုက်သည်။ နောက်တစ်နေ့နံနက်ကျမှ ညွှပ်ကြီးကို လက်ပြန်ကြိုးတုပ်ပြီး ရွာတန်းသူကြီးဦးပုထံ သွားအပ်သည်။ ဦးပုက ပြေရာပြေကြောင်း ပြောပါသေးသည်။

"မင်းလဲ သူ့ကို တစ်ညလုံး ထိပ်တုံးခတ် အပြစ်ပေးပြီးပြီပဲကွာ။ ငါလဲ ဆုံးမလိုက်ပါ့မယ်။ ဒီကောင် အရက်သောက်ထားလို့ပါ၊ ဒီလောက်အထိ သတ္တိရှိတဲ့ကောင် မဟုတ်ပါဘူး"

သို့သော်.... ရွာခေါင်း ဦးတုတ်ကျော်သည် ဦးပု၏ ကြားဝင်ဖျန်ဖြေမှုကို လုံးဝလက်မခံဘဲ တင်းမာနေသဖြင့် ရမည်းသင်းရဲစခန်းသို့ ဆက်ပို့လိုက်ရသည်။ ထိုအမှုဖြင့် ညွှပ်ကြီး ထောင်လေးလကျခဲ့ခြင်း ဖြစ်သည်။ထောင်မှူးကြီးမောင်မောင်က ဒေါ်ခ ပြောသမျှကို ဆုံးအောင်နားထောင်ပြီး တစ်ခွန်း အစ်အောက်ကြည့်မိသည်။

"နေပါဦး.... မနက်က အဒေါ်သားနဲ့တွေ့တော့ မခင်မေအကြောင်းများ စကားစပ်မိသေးသလား"

"ဟုတ်တယ်.... သူ့မိန်းမ အိမ်ပေါ်က ဆင်းသွားတာ နှစ်လလောက်ကြာပြီဖြစ်တဲ့ အကြောင်းတော့ ပြောလိုက်မိတယ်။ တော်တော်ကြာ သူပြန်လာမှ သိသွားရင် အဒေါ်တို့ကို အပြစ်တင်နေမှာစိုးလို့"

"ဒါတင်ပဲလား၊ ဦးတုတ်ကျော်နဲ့ ပတ်သက်ပြီး ဘာပြောမိသေးသလဲ"

"အေးလေ.... ရွာထဲမှာ သတင်းဖြစ်နေတာ တစ်ခုကိုတော့ ပြောလိုက်မိတယ်"

"ဘယ်လို သတင်းပါလိမ့်"

"ရွာခေါင်းနဲ့ ပြန်ဆက်နေသလိုလိုပေါ့"

ထောင်မှူးကြီး မောင်မောင် ကိုယ့်အတွေးနှင့်ကိုယ် ကျိတ်၍ ပြုံးလိုက်မိသည်။

http://www.cherrythitsar.org



ကိုင်း.... လူ့စိတ်များ ဘယ်လောက်ကြောက်စရာ ကောင်းလိုက်ပါသနည်း။ ဘာမဟုတ်သည့် ဒိန်းဒလိန်းနတ် ဝင်ပူးတာနှင့် တစ်ရက်ကလေးတောင် မစောင့်နိုင်။ တစ်ရက်မပြောနှင့် တစ်မနက်ပင် ကြာလှပြီ။ တတ်နိုင်လျှင် နာရီ၊ မိနစ်၊ စက္ကန့်ပင် မဆိုင်းလို။ တုံးဆိုတိုက် ကျားဆိုကိုက်။

"ကိုင်း.... အဒေါ်နဲ့ အဒေါ့်သားတို့ ပြန်နိုင်ကြပါပြီ။ အဒေါ့်သား ညှပ်ကြီးနဲ့ တွေ့ရင်လဲ ထောင်ကဖြစ်ဖြစ်၊ ရဲကဖြစ်ဖြစ် လာဖမ်းတဲ့အခါ အေးအေးအသာတကြည် လိုက်သွားဖို့ ပြောပြပေးပါ။ ရာဇဝတ်ဘေးဆိုတာ ပြေးလွတ်တာမျိုး မဟုတ်ပါဘူး"

ဒေါ်ခတို့ ပြန်သွားပြီးနောက် တစ်နာရီခန့်အကြာတွင် ညှပ်ကြီးအား လိုက်ရှာကြသော ထောင်မှူးဦးအောင်သိန်းနှင့် ထောင်ဝန်ထမ်းအဖွဲ့တို့ ပြန်ရောက်လာကြသည်။ ဘယ်မှာမျှ ရှာမတွေ့ခဲ့ကြ။

"ဦးအောင်သိန်း ဘာမှ စိတ်ကူးမလွဲနဲ့ ဒီကောင် ဒိန်းဒလိန်းနတ်ဖမ်းပြီး ရွာတန်းပြန်မှာပဲ။ ခင်ဗျားတို့က လမ်းမကြီးအတိုင်း လိုက်ရှာတော့ သူက တောလမ်းက ဖြတ်ပြေးမှာပေါ့။ ညနေ ခြောက်နာရီလောက်ကျရင် ထောင်ကကားနဲ့ ဝန်ထမ်း ခြောက်ယောက်လောက် ခေါ်သွား။ သေနတ်နှစ်လက်လဲ လိုရမယ်ရယူသွား။ ကားကို ရွာတန်းချောင်း ဒီဘက်ထိပ်မှာ ရပ်ပစ်ခဲ့။ ပြီးတော့မှ ရွာတန်းသူကြီး ဦးပုဆီကိုသွားပြီး အကူအညီတောင်း ညဆယ်နာရီ ဆယ့်တစ်နာရီလောက်မှ အိုင်ပုတ်ရွာကိုကူးပြီး သူ့အိမ်နဲ့ သူ့မိန်းမအိမ်ကို ဝိုင်းရှာကြ။ သေချာပေါက်မိရစေ့မယ်"

ညနှစ်နာရီခန့်တွင် ဦးအောင်သိန်းတို့အဖွဲ့ ပြန်ရောက်လာကြသည်။ ညှပ်ကြီး လည်း ပါလာသည်။ သူ့မိန်းမ မခင်မေအိမ်မှာ မိခဲ့သည်ဆို၏။

အင်း.... ညှပ်ကြီးတစ်ယောက် ဒိန်းဒလိန်းနတ် အဖမ်းကောင်းလိုက်တာ ထောင်ပြေးမှုနဲ့ နောက်ထပ် ထောင်ခြောက်လ ထပ်တိုးပါကရောလား။

■

# ၅၀

ထောင်ပြေးမှုအနေနှင့် မြန်မာနိုင်ငံ အကျဉ်းထောင်ရာဇဝင်မှာ စာတင်လောက်သည့် ထွက်ပြေးမှုကြီးတစ်ခု ဖြစ်ပွားခဲ့ဖူးသည်။ ထောင်ကျအကျဉ်းသား သုံးဆယ့်ငါးယောက် တိတိ အစုလိုက် အပြုံလိုက် ထွက်ပြေးကြခြင်းဖြစ်၏။ အကျဉ်းထောင်ကို လူသားတွေက ဖောက်ထွင်းထွက်ပြေးရခြင်းမဟုတ်ဘဲ လေနတ်သား၊ မိုးနတ်သားများက ဖွင့်ပေးလိုက်ခြင်းဖြစ်သည်။ သို့ဖြစ်၍ 'နတ်သိကြားဖွင့်တဲ့ထောင်'ဟု မှုခင်းစာစောင်တွင် ရန်အောင်မောင်မောင် ရေးခဲ့ဖူးသည်။

တိတိကျကျဆိုရပါမူ ၁၉၅၇ခု၊ မေလ ၂၇ရက်နေ့က မန္တလေး ဗဟိုအကျဉ်းထောင်ကြီးတွင် ဖြစ်ပွားခဲ့ခြင်းပင်ဖြစ်၏။ ဆရာ့ဆရာ ထောင်ပိုင်ကြီးများ၏ ပြောကြားချက်အရ စစ်ကြိုခေတ်ကလည်း ဤအဖြစ်မျိုးနှင့် မကြုံဖူးခဲ့ပေ။

ဤအကြောင်းကို ရေးတော့မည်ဆိုလျှင် ထောင်တွင်းရှိ ထောင့်တစ်သက် ပဒေါင်ပင်ကြီးက စရပေလိမ့်မည်။ ယင်းပဒေါင်ပင်ကြီးသည် ထောင်တွင်း အလယ်ဗဟိုတည့်တည့် အလုပ်ရုံဝင်းအတွင်း တည်ရှိနေပြီး လူသုံးယောက် လက်နှစ်ဖက်ဆန့်တန်းထားသော်လည်း ပင်စည်လုံးပတ်ကို မမီသေးချေ။ သို့ဖြစ်၍ သူ၏သက်တမ်းကိုလည်း မည်သူမျှ ခန့်မှန်းတွက်ဆလို့ မရနိုင်ကြပေ။

ထောင့်တစ်သက် ပဒေါင်ပင်ကြီး ပါလာပြန်တော့ ကိုနေဦးနှင့် ဦးဒီပတို့အကြောင်းကလည်း အလိုလို ဆက်စပ်ပါလာရမည်သာ ဖြစ်ပေသည်။ ကိုနေဦးမှာ ခေတ်ပညာတတ် တက္ကသိုလ်ကျောင်းသား တစ်ဦးဖြစ်၍ သူ၏ ချစ်သူရည်းစားကို

http://www.cherrythitsar.org



သတ်လာခဲ့သူ ဖြစ်၏။ ထိုစဉ်က ထောင်မှူးမောင်မောင်သည် အလုပ်ဘက် တာဝန်ခံ ထောင်မှူးအဖြစ် တာဝန်ယူနေရသည်။ အလုပ်ဘက်တွင် လက်သမားလုပ်ငန်း၊ ရက်ကန်းလုပ်ငန်း၊ ကော်ဇောရက်သည့်လုပ်ငန်း၊ ဂွမ်းကပ်စောင်လုပ်ငန်း၊ ဆပ်ပြာချက်သည့်လုပ်ငန်း၊ ကြိမ် နှင့် ဝါးလုပ်ငန်း စသည်အားဖြင့် လုပ်ငန်းတော်တော်စုံလင်သည်။ ကော်ဇောရက်သည့် လုပ်ငန်းဆိုလျှင် သိုးမွေးများကို ဝယ်ယူကာ အရောင်အမျိုးမျိုး ဆေးဆိုးပြီး ဒီဇိုင်းအသစ် အဆန်းများဖြင့် ရက်လုပ်နိုင်သဖြင့် နိုင်ငံတော်သမ္မတအိမ်အတွက်ပင် ရက်လုပ်ပေးခဲ့ရဖူးသည်။

သမ္မတ အိမ်တော်အတွက် ကော်ဇောဆိုခါမှ ရေးစရာတစ်ခု သတိရလာပြန်သည်။ မန္တလေးဗဟိုအကျဉ်းထောင်ကြီးတွင် နှစ်စဉ်နှစ်တိုင်း တန်ဆောင်တိုင် မီးထွန်းပွဲကျင်းပလေ့ရှိ၏။ မနက်ပိုင်း သံဃာတော်များ ပင့်ဖိတ်၍ ကထိန်သင်္ကန်း ကပ်လှူခြင်း၊ ဆွမ်းကပ်ခြင်း၊ လူများအား ထမင်းဟင်း သို့မဟုတ် ကြာဆံကြီးကျွေးခြင်း စသည့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကာ ညနေပိုင်းတွင် မန္တလေးထောင်ကြီးကို လျှပ်စစ်မီးရောင်စုံများ သွယ်တန်းထွန်းညှိထားသည်။ ထို့အပြင် ထောင်ဘေးရှိ ဝန်ထမ်းများနေအိမ်ရှေ့တွင် ဝါးတိုင်များစိုက်ထူ၍ ရောင်စုံမီးပုံးလေးများ သွယ်တန်းကာ ဆီမီးခွက် သို့မဟုတ် ဖယောင်းတိုင်ဖြင့် တန်ဆောင်တိုင်မီးပူဇော်လေ့ရှိသည်။ ဝန်ထမ်းများ အားအထားဆုံးကား ညပိုင်းပါဝင်မည့် အငြိမ့်ပင်တည်း။ အငြိမ့်ကိုတော့ မန္တလေးဌာနေများနည်းတူပင် ဝါသနာပါသလားမမေးနှင့်။ အရာရှိကြီးကြီးပြောင်းလျှင်လည်း နှုတ်ဆက်ထမင်းစားပွဲအပြီး အငြိမ့်ပါစမြဲ။

ထိုစဉ်က ယိုးဒယားပြန် အမာစိန်ကလည်း နာမည်တက်ခါစ၊ အမာစိန်တို့နှင့် ခေတ်ပြိုင် နာမည်ကြီးအငြိမ့်များ ဖြစ်ကြသော ဆိုဗီယက်ပြန် နွဲ့နွဲ့စန်းတို့၊ ညိုညိုဆန်းတို့ အငြိမ့်များကိုလည်း အလွတ်မပေးကြ။ အငြိမ့်ငှားရန် တာဝန်ယူသူမှာ ထောင်တွင်း တာဝန်ထက် ပြင်ပတာဝန်က အလွန်များလွန်းသဖြင့် ပြင်ပထောင်မှူး (out-door Jailor) ဟု အချင်းချင်း နောက်ပြောင်ခေါ်ဝေါ်ခြင်းခံရသည့် ထောင်မှူးဦးကြည်မောင်ပင် ဖြစ်၏။ အလှူတစ်ခုလုပ်လျှင် ငရဲသားကြီးလေးဦး ပါရသည်ဆိုသကဲ့သို့ ချက်ရေး ပြုတ်ရေး တာဝန်ခံရသူ အိုးသူကြီးမှာ ထောင်မှူးဦးစိန်မောင်ပင်ဖြစ်၏။ ဝန်ထမ်းအားလုံး မိသားစုပါမကျန် မီးခိုးတိတ် မဖျောပ်သို့ လာရောက်စားသောက်ကြရန် ဖိတ်ကြားထားသည့်ကြားက ချိုင့်နှင့်ဆွဲချင်သူ၊ အိုးနှင့်သယ်ချင်သူတို့က ရှိနေသေးရာ ဦးစိန်မောင်နှင့် အဖွဲ့က ပိတ်ပင်ဟန့်တားရသည်။ အမုန်းခံရသည်။ သည်တော့ ဦးစိန်မောင်က ယမမင်းကြီးပေါ့။ အငြိမ့်မကမီတစ်နေ့ ဦးကြည်မောင် ပေါက်ချလာသည်။

"အစ်ကိုရေ .... ကော်ဇောတစ်ချပ်လောက် ကူညီပါဦး"

"အဆင်သင့် လုပ်ပြီးသားမရှိဘူး။ စင်မှာ တန်းလန်းပဲရှိတယ်"

"အစ်ကို့ ရုံးခန်းထဲက လိပ်ထားတဲ့ ကော်ဇောကြီးတစ်ချပ် ရှိသေးတာကော"

http://www.cherrythitsar.org



"အဲဒါ သွားမထိနဲ့ မီးခဲခင်ဗျ။ သမ္မတအိမ်တော်အတွက် တရားရေးဝန်ကြီးဌာနကို ပို့ပေးရမှာ"

"ရပါတယ် အစ်ကိုရာ တစ်ညတည်းပဲ"

"ကျွန်တော်ကတော့ မပေးရဲဘူး။ စူပါသိရင် ပွက်လိမ့်မယ်"(စူပါ ဆိုသည်မှာ ထောင်ပိုင်ကြီးကို ပြောခြင်းဖြစ်၏။)

ဦးကြည်မောင်သည် ခေါင်းတစ်ချက်ကုတ်လိုက်ပြီး ....

"စီဂျေဆီက ပါမစ်ရရင်ကော"

"ဒါတော့ အစ်ကိုပိုင်ရင် ကြည့်လုပ်လေ"

ဦးကြည်မောင်သည် ပြန်ထွက်သွားပြီးနောက် ထောင်မှူးကြီးထံမှ လက်မှတ်ယူလာ၏။ ထောင်မှူးမောင်မောင်လည်း မနေသာတော့ဘဲ ကော်ဇောကို ထုတ်ငှားလိုက်ရတော့သည်။

ပွဲကမည့်ညကျတော့ ထောင်မှူးမောင်မောင် လေရရန်နှင့် ဇာတ်စင်ပေါ်တက်ခဲ့သည်။ တီးဝိုင်းက လက်စွမ်းပြလျက်ရှိ၍ သည်တစ်ကြော့ပြီးလျှင်အငြိမ့် စထွက်ရန် လေပြေထိုးတော့မည် ဖြစ်၏။ ပွဲခင်းတွင် လူတွေ ထိုင်နေကြပြီ။ ရှုစိရှုစိနှင့် သိပ်မငြိမ်ကြသေး။ နောက်နားဆီတွင် ထောင်ပိုင်ကြီး၊ ထောင်ပိုင်လေး၊ ထောင်မှူးကြီးတို့ မိသားစုများ ဆက်တီကုလားထိုင်ပေါ်တွင် ထိုင်နေကြပြီ။ ထောင်မှူးကတော်တွေလည်း ပါ၏။ ထောင်မှူးမောင်မောင်သည် ကတ္တီပါပြည့်ဖုံးကား အတွင်းမှနေ၍ ချောင်းတစ်ချက် ဟန့်ကြည့်သည်။ မိုက်ခွက်က ကတ္တီပါပြည်ဖုံးကား အပေါ်တွင်ရှိနေသဖြင့် အသံဝင်မလာပေ။ သို့ဖြစ်၍ ဆိုင်းဝိုင်းမှ မိုက်ခွက်တစ်ခုကို ခဏယူကာ အစပျိုးလိုက်သည်။

"ရွှေပွဲလာ ပရိသတ်များ ခင်ဗျား .... မကြာခင်မှာပဲ ယိုးဒယားပြန် အမာစိန် အငြိမ့် စင်တင်ကပြ ဖျော်ဖြေပါတော့မယ်။ အငြိမ့်မထွက်ခင် အနည်းငယ် စကားပလ္လင်ခံချင်တာကတော့ ဒီညအဖို့ အမာစိန်အတွက် အလွန်ကံကောင်းပြီး မင်္ဂလာအပေါင်းခညောင်းတဲ့ ညတစ်ညဖြစ်ပါလိမ့်မယ်။ ဘာပြုလို့လဲဆိုတော့ အခုဇာတ်စင်ပေါ်မှာ ခင်းထားတဲ့ ကော်ဇောကြီးဟာ နိုင်ငံတော်သမ္မတအိမ်တော်အတွက် ကျွန်တော်တို့ မန္တလေးထောင် အလုပ်ဘက်က ကျွမ်းကျင်ပညာရှင်ကြီးများရဲ့ အထူးဒီဇိုင်းနဲ့ ရက်လုပ်ထားတဲ့ ကော်ဇောဖြစ်လို့ပါပဲ။ အမာစိန်ရဲ့ ယိုးဒယားကန်တော့ပန်းကလေးကလဲ...."

ထိုအခိုက်မှာပင် မည်သူက ကားလိပ်ကို ဆွဲတင်လိုက်သည်မသိ။ ထောင်မှူးမောင်မောင်၏ မျက်နှာကြီးသည် ဆလိုက်မီးရောင်အောက်တွင် ထင်းခနဲ ပေါ်ထွက်သွား၏။ လေရနေတော့ မျက်နှာမှာလည်း အဆီတဝင်းဝင်းနှင့် ခုပြန်တွေးကြည့်တော့ ရှက်စရာကောင်းလှပါ၏။ သို့သော် မတတ်နိုင်တော့ပေ။ ပြောလက်စ စကားကို ဆုံးအောင် ပြောရပေတော့မည်။

"အဲဒီတော့၊ ရွှေမန်း ဗဟိုအကျဉ်းထောင်မှ ရွှေပွဲလာပရိသတ်အပေါင်းတို့က

http://www.cherrythitsar.org



ယိုးဒယားပြန် အမာစိန်ကို လိုက်လိုက်လှဲလှဲ အားပေးကြဖို့ မေတ္တာရပ်ခံအပ်ပါတယ် ခင်ဗျား....”

ထောင်မှူးမောင်မောင် စကားပြောအပြီးတွင် ပြည်ဖုံးကားကြီးပြန်ကျသွား၏။ ကြိုးကိုင်ထားသူကို ကြည့်လိုက်တော့ စာရေးသန်းရွှေ ဖြစ်နေသည်။ ပြည်ဖုံးကား ပြန်မချမီ အိမ်ကရှင်မသည် ကလေးကိုချီပြီး ဆတ်ခနဲ ထသွားသည်ကိုလဲ သတိပြုမိလိုက်၏။ ဇာတ်ခုံပေါ်မှ ခုန်ဆင်းပြီးနောက် စာရေးသန်းရွှေကို လိုက်ရှာပြီး နံဘေးကို လက်သီးနဲ့ တစ်ချက်ထိုးလိုက်ရာ မူရင်းလက်သည်တရားခံ ပေါ်လာတော့သည်။

“ထောင်မှူးဦးစိန်မောင် ခိုင်းလိုက်တာ ဆရာရ။ သူ့ကြာဆံကြီး ဒယ်အိုးနားမှာ လူတွေ ဝိုင်းဝိုင်းလည်နေတော့၊ သွား.... ဟိုမှာ ထောင်မှူးမောင်မောင် လေရရန့် ဇာတ်ခုံပေါ်တက်နေတယ်။ ကားလိပ် ဆွဲတင်လိုက်စမ်းကွာ ဆိုတာနဲ့ လာတင်တာပါ”ဟု ဖြောင့်ချက်ပေးရှာသည်။

နောက်တစ်နေ့ ညနေပိုင်း ထောင်မှူးမောင်မောင် အလုပ်ဘက်တွင် ရှိနေစဉ် ဘူးပုလိပ်တစ်ယောက် ပေါက်ချလာ၏။ (ဘူးပုလိပ်ဆိုသည်မှာ ထောင်ကျအကျဉ်းသားပင်ဖြစ်၍ ထောင်ဘူးဝမှ ထောင်တွင်းသို့ ဗာဟီရကိစ္စများ ခိုင်းစေရန် တာဝန်ချထားခြင်း ခံရသူဖြစ်သည်။)

“ဆရာ.... ဆရာ.... ထောင်ပိုင်ကြီးက ခေါ်ခိုင်းလိုက်လို့”

ထောင်ပိုင်ကြီးသည် နေ့စဉ် နံနက်ရှစ်နာရီတွင် ယူနီဖောင်း အပြည့်အစုံ ဝတ်၍ ရုံးတက်လေ့ရှိသည်။ နံနက်တစ်နာရီလောက် ထမင်းစားပြန်တတ်သည်။ ညနေသုံးနာရီလောက် ရုံးပြန်တက်ချိန်တွင် တစ်ခါတစ်ရံသာ ယူနီဖောင်းနှင့်လာတတ်၍ အရပ်ဝတ်နှင့် လာလျှင် ကွမ်းတဖပ်ဖပ် ဝါးလာတတ်၍ မျက်လုံးထောင့်မှာလည်း နီကြင်ကြင် ဖြစ်လာပြီ။ ဒါဆို ရမ်တစ်ပက်နှစ်ပက် အစပျိုးလာပြီ။ သတိသာ ထားကြပေရော့။

ထောင်ပိုင်ကြီး ရုံးခန်းသို့အသွား ထောင်မှူးမောင်မောင် ဝမ်းထဲမှ အကြိမ်ကြိမ် ကျိတ်၍ ဆုတောင်းသွားသော်လဲ ဆုတောင်းမပြည့်ပါ။ ဟိုရောက်တော့ ထောင်ပိုင် ကြီးကို အရပ်ဝတ်နှင့် တွေ့လိုက်ရပြီး မျက်ထောင့်ကြီးနီနေပြီ။ ထောင်ပိုင်ကြီးက ထွေးခံထဲတွင် ကွမ်းတံတွေး ဗျစ်ခနဲ ထွေးလိုက်ပြီး....

“နေစမ်းပါဦး၊ ခင်ဗျားက သမ္မတအိမ်တော်အတွက်ကော်ဇောကို ဘာကိစ္စ လောကွတ်ချော်ပြီး ခင်းပေးရတာတုံး”

“ထောင်မှူးဦးကြည်မောင် လာပြောတုန်းက ကျွန်တော်က မငှားရဲဘူးလို့ ငြင်းပါသေးတယ် ဆရာကြီး။ သူပြန်သွားပြီး ထောင်မှူးကြီးဆီက လက်မှတ်နဲ့ လာတောင်းလို့ ကျွန်တော် ငှားလိုက်တာပါ”

ထောင်ပိုင်ကြီးက ထောင်မှူးကြီးကိုခေါ်ခိုင်းပြီးမေးကြည့်ရာ သူခွင့်ပြုမိကြောင်း ဝန်ခံရလေသည်။ ထောင်မှူးကြီးရယ်လို့ ချမ်းသာခွင့်ပေးမယ် ထင်ပါသလား။ ဆူလိုက်

http://www.cherrythitsar.org



ပွက်လိုက်တာ ပွက်ပွက်ကိုညံလို့။ အပုပ်ချိန်မဟုတ်ပါလား။ နောက်ဆုံး သတ္တုချလိုက်သောအခါ ထောင်မှူးမောင်မောင်ပင် အပြစ်တင်ခြင်း ခံရသည်။ ထောင်မှူးကြီးက....

"အမှန်က ဒီကိစ္စ ဘယ်လိုလုပ်မှ စူပါသိနိုင်တာမဟုတ်ဘူး။ ခင်ဗျား မှူးမှူးနဲ့ တက်ပြီး အာချောင်လို့ အခုတော့ စကိုင်းဖိုင်းယားပြီ မဟုတ်လား"

မှူးသည့်ဒဏ် ကိုယ်သာခံပေတော့ ငမိုက်သားမောင်မောင်ရေ...။ ထိုမျှမကသေး၊ အိမ်ရှင်မကလည်း 'မှူးရင်လည်း ကိုယ့်ဘာသာကိုယ် အေးအေးနေတာ မဟုတ်ဘူး။ ဇာတ်စင်ပေါ်တက်ပြီး ကိုယ့်အထုပ်ကိုယ် ဖြေပြရသေးတယ်'ဟူသော အပြစ်တင်သံနှင့်အတူ လေးငါးရက်လောက်စကားမပြောဘဲနေခြင်းကို အဆစ်ခံလိုက်ရပါသေးသည်။ ကိုင်း.... နတ်သိကြားဖွင့်တဲ့ ထောင်အကြောင်း အစပျိုးထားခဲ့ရာမှ စိတ်ကူး လေရှူးပင့်ပြီး ချော်တောငေါ့သွားခဲ့ပြန်ပါပြီ။ လိုရင်းကို ပြန်ကောက်ကြပါဦးစို့။

တစ်နေ့သော နံနက်ခင်း ခုနစ်နာရီခန့်အချိန် အလုပ်ဘက်ဖွင့်စအချိန်တွင် တစ်နေရာဆီမှ ဆူဆူညံညံ အသံကြားလိုက်ရသဖြင့် ဘာများဖြစ်ပါလိမ့်ဟု ရုံးခန်းဝသို့ ထွက်၍ ကြည့်မိသည်။ ထိုအခိုက်မှာပင် အလုပ်ဘက်ထောင်ကြပ်အုပ် ဦးဗဟာဒူးသည် လက်ထဲမှ ညောင်ရွက်ကလေးတစ်ရွက် ကိုင်လာပြီး အကျဉ်းသားနှစ်ယောက်ကို ခေါ်လာ၏။ အကျဉ်းသားတစ်ဦးမှာ ထောင်မှူးမောင်မောင်၏ ရုံးခန်းတွင် စာရေးအဖြစ် အလုပ်လုပ်နေသူ ကိုနေဦးဖြစ်၍ ကျန်တစ်ဦးကိုမူ ထောင်မှူးမောင်မောင် မသိပေ။ အသက်အားဖြင့် လေးဆယ်ကျော် ငါးဆယ်တွင်းဖြစ်သည်။

"ဘာဖြစ်ကြတာလဲ ဦးဗဟာဒူး"

"သူတို့နှစ်ယောက် ဒီညောင်ရွက်ကလေးကို သူယူမယ်ငါယူမယ် လုနေရင်း ရန်ဖြစ်နေကြလို့ဆပ်"

ထောင်မှူးမောင်မောင်က မိမိသိနေသူ ကိုနေဦးအား ဦးစွာမေးရသည်။

"ဘယ်လိုဖြစ်တာလဲ ကိုနေဦး"

"ဒီညောင်ရွက်ကလေး ကြွေကျလာတာကို ကျွန်တော်အလျင်မြင်တာပါ။ အဲဒါနဲ့ ကျွန်တော်က ပြေးကောက်တော့ ဦးဒီပက သူအလျင်မြင်တာဆိုပြီး ကျွန်တော့်ဆီက လာလုပါတယ်"

"ဟာ.... ညောင်ရွက်များ ဘာလုပ်လို့ ရတာမှတ်လို့ဗျာ။ အပင်ပေါ်မှာ အများကြီးကျန်ပါသေးတယ်။ ခင်ဗျားတို့ ဘယ်နှစ်ရွက် လိုချင်သေးသလဲပြော ကြိုက်သလောက် တက်ခူးစမ်းပါ"

"မဟုတ်ဘူးဘရာသာ၊ ကျွန်တော်က အလုပ်ဘက်ရောက်တဲ့အခါ ပထမဦးဆုံး ကြွေကျလာတဲ့ညောင်ရွက်ကလေးကို သိမ်းထားဖို့ သန္နိဋ္ဌာန်ချထားပါတယ်။ အမှန်ကတော့ တစ်နေကုန်ကြွေသမျှ ညောင်ရွက်ကလေးတွေကိုကောက်ပြီး သိမ်းထားချင်တာပါ။ ကျွန်တော့်အမှု ဘယ်လိုဖြစ်ခဲ့ရလဲဆိုတာလည်း ဘရာသာ့ကို ပြောပြီးသား

http://www.cherrythitsar.org



မဟုတ်လား။ ညောင်ရွက်ကလေးတစ်ချက် ကြွေကျလာတိုင်း ကျွန်တော့်စိတ်ထဲမှာ နှင်းရီကိုယ်ပွားလေးတစ်ခု ကျလာတယ်လို့ ထင်မိတယ်။ အဲဒီလို တစ်နေကုန် ကြွေကျ သမျှ ညောင်ရွက်တွေကို မကောက်နိုင်တော့ ပထမဦးဆုံး ကြွေကျလာတဲ့ ညောင်ရွက်ကလေးကိုပဲ ကောက်ယူပြီး သိမ်းလာခဲ့တာ ကြာပါပြီ"

ထောင်မှူးမောင်မောင်က ဦးဒီပဆိုသူဘက်သို့ လှည့်၍....

"ခင်ဗျားကရော ဒီညောင်ရွက်ရမှပဲလား"

"ဟုတ်တယ်ဆရာကြီး။ ကျွန်တော်လည်း အလုပ်ဘက်ရောက်တဲ့အခါမှာ ညောင်ရွက်ကို ကောက်ပြီး သိမ်းနေကျပါ"

"ခင်ဗျား ရည်ရွယ်ချက်ကကော"

"ကျွန်တော်ကတော့ ထောင်ထဲမှာ နေရတဲ့ နေ့ရက်တွေကို မှတ်ထားချင်လို့ပါ'

"အဲဒါဖြင့် ဒီညောင်ပင်ကြီးက ညောင်ရွက်တွေ အကုန်ကြွေပြီး ရွက်နုကလေးတွေ စထွက်နေတဲ့ အချိန်ကျတော့ ခင်ဗျားတို့နှစ်ယောက် ဘယ်လိုလုပ် ညောင်ရွက်ကောက်ကြသလဲ"

သူတို့ နှစ်ဦးစလုံးထံမှ ဘာအဖြေမှ ထွက်မလာပေ။ သို့နှင့်ပင် ဦးဒီပကိုထပ်မေးကြည့်ရသည်။

"ခင်ဗျားက ဘာမှုနဲ့ ထောင်ဘယ်လောက် ကျတာလဲ"

"လူသတ်မှုနဲ့ ကြိုးမိန့်ကျတာပါ။ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ တစ်သက်တစ်ကျွန်း ပြောင်းလာခဲ့တာပါ"

"ဘယ်သူ့ကို သတ်တာလဲ"

ဦးဒီပသည် ချက်ချင်းမဖြေသေးဘဲ ခပ်ဆိုင်းဆိုင်းဖြစ်နေသည်။ အတန်ကြာမှ မပွင့်တပွင့်နှင့် တုံ့ဆိုင်းတုံ့ဆိုင်း ပြန်ဖြေသည်။

"ကျွန်တော့် မိန်းမကိုသတ်တဲ့ အမှုပါ"

တော်ပြီ။ ထောင်မှူးမောင်မောင် ဆက်မမေးတော့။ ဒါလောက်ဆို သိလိုက်ပြီ။ ပြင်ပမှ စိတ်ရောဂါအထူးကု ပညာရှင်ကြီးများအနေနှင့် ကိုယ့်မိန်းမကိုယ် သတ်သူများအပေါ် ဘယ်လိုတွေးပြီး ဘယ်လိုမြင်သည်၊ ဘယ်လိုယူဆ၍ ဘယ်လိုကောက်ချက်ချသည် မသိရပေမယ့်၊ ထောင်မှူးမောင်မောင် တွေ့ဖူးသမျှ ထောင်ထဲရောက်လာသော ကိုယ့်မိန်းမကိုယ် သတ်ခဲ့သူတို့သည် အားလုံး ခပ်ကြောင်ကြောင်တွေချည်း ဖြစ်၏။ ကြောင်ပုံချင်းတော့ တူချင်မှတူမည်။ ကြောင်တာကတော့ တစ်နည်းမဟုတ် တစ်နည်းဖြင့် ကြောင်စမြဲပင်။ (ယင်းအကြောင်း အစုံအလင်ကို သီးခြားရေးပါဦးမည်)

ယခုကိစ္စတွင်လည်း ထောင်မှူးမောင်မောင် အနေနှင့် ခပ်ကြောင်ကြောင်ပင် အဆုံးအဖြတ် ပေးလိုက်ရ၏။

"ကိုင်း....နောက်နေ့တွေကျတော့ ခင်ဗျားတို့နှစ်ယောက် ဦးတဲ့လူက အလျင်

http://www.cherrythitsar.org



ကောက်ကြပေတော့။ ရန်ဖြစ်ရင်တော့ တိုက်ပိတ်ခံရမှာပဲ။ ဒီနေ့အဖို့တော့ ဒီညောင်ရွက်ကလေးကို ပြည်သူပိုင်သိမ်းလိုက်ပြီ”ဟု ပြောပြောဆိုဆို ညောင်ရွက်ကိုယူပြီး အံဆွဲထဲ ထည့်ထားလိုက်ရသည်။ ဦးဒီပသည် ကိုနေဦးကို မကျေနပ်သော အကြည့်ဖြင့် စောင်းကန်းစောင်းကန်း ကြည့်ကာ ရုံးခန်းထဲမှ ပြန်ထွက်သွားတော့သည်။

သာဆန်းရဂုံဖွေ့ သီချင်းကြီးထဲမှာ ထင်၏။ “ညင်းပြေပြေ လေပြည်လောင်း.... ညှာခြေစိမ်းရင့်မောင်း.... ညောင်းရွက်ကယ်တဲ့ ကြွေလေဟန်”ဆိုသကဲ့သို့ ရာသီဥတု သဘာဝအလျောက် ရွက်ဟောင်းကြွေ၍ မြေခရသည်ကိုပင် စိတ်ရောဂါ ဝေဒနာရှင်တို့ အတွက် ခံစားချက်တစ်မျိုး ပေါက်ဖွားလာရသည်လား။

ဒါမှမဟုတ် ဆရာကြီးမင်းသုဝဏ် ရေးဖွဲ့သကဲ့သို့....

“ဆန်းစခါနွေ၊ သာတပေါင်းမို့ ညှာညောင်းကြွေ၊ ပြေပြေရောရု၊
ရတုအညီ မြေသို့သက်တဲ့ ရော်ရွက်ရည်ကို ပလီပလာ သည်ခါ
ဓလေ့ လေရူးဖေ့တော့၊ ကွေ့ကွေ့ ဝန်းဝိုက်၊ ရွှေကြောင်ဖား မြီး
ဖျား ကိုက်သို့ မြိုင်ထိုက်စံရန် ရွက်ဟောင်းပြန်သော်၊ ရွှေခြံဂါမ
ကျွန်ဌာနဆီမှ မိဘနှစ်ပါး ဆွေအများကို လွမ်းအားနှင့် ဆွေးမိသော
ကြောင့်”

ဆိုသော ကဗျာတွင် ပါရှိသည့်အတိုင်း တပေါင်းတန်ခူး လေရူးအဖေ့တွင် ကြောင်ဖားကြီးက သူ့အမြီးဖျားကိုသူ လှည့်ပတ်ကိုက်သကဲ့သို့ ရွက်ဟောင်းလေးတွေ ဝေ့ကာဝိုက်ကာ မြေသို့ သက်ဆင်းလာသည်ကို တွေ့မြင်ရပြီး ကိုနေဦးတို့ ဦးဒီပတို့ ရောဂါဟောင်းတွေ ပြန်ထလာလေသလား။

ဘာပဲပြောပြော တပေါင်းတန်ခူး မန္တလေးနွေဦးသည် အပူရှိန် စ တက်ချိန်ဖြစ်၏။ ကဆုန်ရောက်သည့်တိုင်အောင်လည်း ပူလို့ကောင်းတုန်း။ ဈေးချိုရုံထဲ ဝင်ကြည့်မလို့လား။ ဈေးချိုသူတွေ ရွှေခြေချင်း တဝင်းဝင်းနှင့် ယပ်တောင် တဖျပ်ဖျပ်ခတ်လျက် ပန်ကာတဝီဝီဖွင့်လျက်တွေ့ရပေမည်။ ဒါကြောင့်လည်း ‘ဈေးချို ချွေးစို အအေးကိုမရ အမလေး အလိုဗျ အသည်းယားစရာ’ဟု စာချိုးကလေးပင် ရှိခဲ့ဖူးသည်။

ညဘက်ကျတော့ ပိုလို့ဆိုးသေးသည်။ လေက တိုက်တစ်ချက် မတိုက်တစ်ချက်နှင့် ပူအိုက်ရသည့်ကြားထဲ ကိုက်လိုက်သည့် ခြင်ကလည်း ဝီဝီခေါ်လို့ တယောကိုတင်ရီအဖွဲ့က အရှုံးပေးရမလောက်။ ခြင်ကိုက်လို့ ခြင်ထောင်ထဲဝင်မည် ကြံပြန်တော့လည်း ချွေးတွေက တဒီးဒီး ယိုစီးလာသည်။ လက်ချိုးရေတွက်၍ရသော ခြင်လုံဆန်ခါတို့ လေအေးစက်တို့နှင့် နေနိုင်သူများအဖို့တော့ တစ်မျိုးပေါ့။

ကဲ....ပြင်ပလေကို လွတ်လပ်စွာ ရှူရှိုက်ခွင့် ရနေကြသည့် ရွှေမန်းသူ ရွှေမန်းသားတို့ အညာနွေဒဏ်ကို ဒါလောက်ခံစားနေရမည်ဆိုလျှင် အုတ်ရိုးအထပ်ထပ် သံတိုင်အထပ်ထပ် ဝန်းရံပတ်နေသည့် ရွှေမန်းထောင်အတွင်းမှ ကိုရွှေအကျဉ်းသားတို့ အကျဉ်း

http://www.cherrythitsar.org



သူတို့ကော ဘယ်လိုများ ခံစားနေရရှာပါလိမ့်။ ဒါ တို့အလုပ် မဟုတ်ပါဘူး။ သူတို့ အပြစ်နဲ့ သူတို့ခံရတာပါဟု ပြောသူက ပြောကြပေလိမ့်မည်။ အင်း.... တစ်ခုတော့ ရှိသည်။ အကျဉ်းသား အကျဉ်းသူတို့၏ ဇနီးမယား သမီးသားနှင့် ခင်ပွန်း လင် ဆွေမျိုး ရင်းချာ တစ်စုကမူ ကိုယ်ချင်းစာမိကောင်း စာမိကြပါလိမ့်မည်။

တကယ်တမ်းလက်တွေ့ ထောင်ထဲနေရသူ အကျဉ်းသားအကျဉ်းသူတွေအဖို့တော့ လောကငရဲကို ခံစားနေရသည်နှင့် သိပ်မခြားလှပါ။ ယပ်ခတ်ရအောင်ကလည်း အကျဉ်းသားတိုင်း ယပ်တောင် ကိုင်နိုင်သည်မဟုတ်။ တန်းစီးတို့ ဘုတ်ကိုင်တို့လောက်သာ ထောင်တွင်းလုပ် ဝါးယပ်တောင်ကလေးများ ကိုင်နိုင်ကြသည်။ သည်တော့ အကျဉ်းသားတိုင်းလိုလိုပင် အပူရှပ်ကာမှုရှပ်ရော အင်္ကျီကိုချွတ်ပြီး အပေါ်ပိုင်းတုံးလုံးနှင့်။ ပူရ အိုက်ရသည့်ကြားထဲ ကြမ်းပိုးကလည်း ကိုက်လိုက်သေး။

စောစောပိုင်းကတော့ စကားပြောသူပြော၊ သီချင်းဆိုသူဆို၊ ပုတီးစိပ်သူစိပ်၊ အနင်းအနှိပ်ခံသူကခံနှင့် အပူဒဏ်ကို သတိရတစ်ချက် မရတစ်ချက် မေ့မေ့ပျောက် ပျောက်နေနိုင်သေးသည်။ ထောင်ဗဟို မျှော်စင်ကြီးပေါ်မှ သံချောင်းသံကိုးချက်တိတိ ခေါက်၍ ညကင်းဘာယာမှ 'အိပ်ချိန်' ဟု အော်လိုက်သည်နှင့် မီးကိုရေနှင့် သတ်လိုက် သလို တစ်ထောင်လုံး တိတ်သွားသော အခါတွင်မူကား အိပ်ပျော်ပျော် မပျော်ပျော် လူးလိမ့်သာ ခံကြပေရော့။ သို့ကလို ညစဉ်ညတိုင်း လူးလိမ့်ခံစားလာခဲ့ကြရာမှ ၂၇-၅-၅၇ နေ့ ည ၁၁ နာရီခန့်တွင်မူ ရာသီဥတု အခြေအနေက ဆိုင်းမဆင့် ဗုံမဆင့်ပါဘဲ တစ်မျိုးတစ်ဖုံ ပြောင်းလဲလာသည်။ တစ်မိုးလုံး မှောင်တက်လာပြီး လျှပ်စီးတွေ ဝင်းခနဲ လက်ခနဲ ပြိုးပြိုးပြက်ပြက် လင်းလက်လာသည်။ တစ်စတစ်စနှင့် မိုးချုန်းသံပါ ကြား လာရသော အခါ အိပ်မပျော်နိုင်သေးသော အကျဉ်းသားများ၏ ရင်ထဲတွင် အပျော်ကြီး ပျော်လာကြသည်။ ဘာပဲဖြစ်ဖြစ် မိုးရွာလိုက်လျှင် အပူဒဏ်တော့ သက်သာဦးမည်။

မိုးလေး တစ်ဖျောက်နှစ်ဖျောက် စတင်ရွာလာပြီး လျှပ်စီးတွေ တစ်အားလက်လာသည်။ မိုးချုန်းရုံသာမက မိုးကြိုးပင် ပစ်လိုက်သေးသည်။ ထို့နောက် မိုးတွေ သဲကြီးမဲကြီး ရွာချလာသည်။ သိပ်မကြာလိုက်ပါ၊ လေပြင်းက ဝှေ့လာပြန်၏။လေတွေ က တစ်အား စွတ်တိုက်နေသည့်ကြားက 'ဝုန်း'ခနဲ မြည်ဟီးသံကြီးပေါ်ထွက်လာပြန် သည်။ လျှပ်စစ်မီးတွေအားလုံး ငြိမ်းကုန်ပြီဖြစ်၏။ ထောင်မှူးမောင်မောင်တို့ နေအိမ် တစ်ခုလုံးမှာလည်း ခါယမ်းလျက်ရှိသည်။ အပေါ်မှအုတ်ကြွပ်မိုးများ တစ်ချပ်ချင်း ကွာကျနေ၏။ ဘယ်ကလွင့်လာသည်မသိ၊ ခေါင်မိုးသွပ်ပြားများလည်း လေထဲတွင်ပါလာ သံ ကြားနေရသည်။ အိမ်ခေါင်မိုးသို့ တခြွမ်းခြွမ်း လာရိုက်သည်လည်း ရှိ၏။ အိမ်ရှေ့ရှိ ထောင်အုတ်နံရံကြီးကို လာရောက်ထိမှန်သံလည်း ကြားနေရ၏။

ထောင်မှူးမောင်မောင်သည် ခြောက်လုံးပြူး ချိတ်ထားသော ခါးပတ်ကို ခါး တွင်ပတ်ကာ လက်နှိပ်ဓာတ်မီးတစ်လက်နှင့် အပြင်ထွက်ရန် ကြိုးစားကြည့်သေးသည်။

http://www.cherrythitsar.org



ဘယ်လိုလုပ်မှ ထွက်၍မရပေ။ လေပြင်းတွေက တအားတိုက်နေပြီး သွပ်ပြားတွေ က လေထဲတွင် လွင့်ပါလျက်ရှိသည်။ အိမ်ဘေးပြတင်းကို အသာဟပြီး အိမ်နီးချင်း ဦးစိန်မောင်ကို လှမ်းအော်ကြည့်သေးသည်။

“ဗျို့.... ဦးစိန်မောင်.... ဦးစိန်မောင်.... အစ်ကိုမောင်ရေ....”

ဘာထူးသံမျှ ပြန်မကြားရ။ သူကော ဘယ်လိုလုပ် အပြင်ထွက်ရဲမည်နည်း။ ထိုအခိုက်မှာပင် ထောင်အနောက်မြောက်ထောင့် မျှော်စင်လောက်ဆီမှ သေနတ်သံ နှစ်ချက် သုံးချက်ကို ခပ်သဲ့သဲ့ကြားလိုက်ရသည်။ တစ်ဆက်တည်းလိုလိုပင် အခြားမျှော်စင်များနှင့် ဗဟိုကင်းခေါ် ဂါတ်မကြီးပေါ်မှ သေနတ်သံများရော၊ သံချောင်းသံများပါ ဆူညံစွာ ကြားနေရပြီ။ လက်မှနာရီကို ကြည့်လိုက်တော့ နံနက်နှစ်နာရီ ထိုးခါနီးနေပြီ။ မတတ်သာတော့ပြီ။ ဦးစိန်မောင်၏ အိမ်တံခါးကို သွားခေါက်ခေါက်ကာ မိုးထဲလေထဲမှာပင် နှစ်ယောက်သား ထောင်ဘူးဝဘက်ဆီသို့ ထွက်ခဲ့ကြသည်။ ထိုအချိန်အထိ သွပ်ပြားတွေ ကောင်းကင်တွင် ပလူပျံနေဆဲ။ သံချောင်းခေါက်သံတွေ တဒေါင်ဒေါင်။ သေနတ်သံတွေက တဒိုင်းဒိုင်း။

ထောင်မှူးမောင်မောင်လည်း ခါးကြားထဲမှ ခြောက်လုံးပြူးကိုထုတ်ကာ မိုးပေါ်ထောင်၍ နှစ်ချက်ဆင့်ပစ်လိုက်သည်။ ဘာကိုမှ မြင်လို့တော့မဟုတ်၊ အခါအခွင့် သင့်သခိုက် မပစ်ရတာကြာပြီဖြစ်သော ခြောက်လုံးပြူးကို ပစ်စမ်းကြည့်ခြင်းဖြစ်၏။

“ဒိုင်း.... ဒိုင်း....”

ထောင်ဘူးဝရောက်တော့ ဂါတ်ကြီးအုတ်ကြွပ်မိုးတွေ တစ်ခြမ်းလုံး လွင့်ထွက်သွားပြီး ထောင်ပိုင်လေးနှင့် ထောင်မှူးကြီးတို့ နေအိမ်များ ရွှဲနစ်နေကြသည်ကို တွေ့လိုက်ရသည်။ ထောင်အရာရှိအချို့နှင့် ဝန်ထမ်းအချို့လည်း ရောက်နေကြပြီ။ထောင်ဘူးထဲတွင် ရေများ စီးဝင်နေသည်မှာ ခြေသလုံးလောက်အထိ ရောက်၏။

“ဒါဆို ထောင်ထဲက အမိုးတွေ လန်ကုန်မှာပဲ”

“လန်တာပေါ့.... အမိုးတွေလန်ပြီး အောက်မြားတန်းတွေ၊ ထုပ်တွေ၊ လျောက်တွေပါ ကျွတ်ထွက်ကုန်လို့ အဲဒီ သစ်သားချောင်းတွေနဲ့ အကျဉ်းသားတွေ အုတ်ရိုးကျော် ထွက်ပြေးကြတာ မနည်းတော့ဘူး။ ငါးဆယ်လောက်တော့ ရှိမယ်ထင်တယ်”

တစ်ယောက်တစ်ပေါက် ပြောနေကြရာက ထောင်ပိုင်လေး ရောက်လာပြီး...

“ဒရိုင်ဘာခင်မောင် မရောက်သေးဖူးလားဟေ့”

“ရောက်ပါပြီ ဆရာကြီး”

“ကားနှိုးပြီး တပ်ထိန်းတို့၊ ရဲစခန်းတို့ သွားအကြောင်းကြားစမ်းကွာ။ တယ်လီဖုန်းလိုင်းတွေ ပြတ်ကုန်လို့ ဘယ်မှ ခေါ်မရဘူး”

ထောင်မှူးမောင်မောင်က....

“ကျွန်တော်လည်း လိုက်သွားမယ် ဆရာကြီး”

http://www.cherrythitsar.org



"ကောင်းတယ်.... လိုက်သွား။ အရာရှိ နှစ်ယောက်လောက် ဝန်ထမ်းခြောက်ယောက်လောက်နဲ့ သေနတ်နှစ်လက်ပါယူသွား။ ကျုံးမြောက်ဘက် တစ်ပတ်လောက်လျှောက်မောင်းကြည့်ကြပေါ့"

ထိုစဉ်က မန္တလေး ဗဟိုထောင်ကြီး တစ်ထောင်လုံးတွင် စစ်အတွင်းက သုံး၍ကျန်ခဲ့သည့် ၄၇၃ အမှတ်ရှိ ၁၅ ဟန္ဒြိတ်ထရပ်ကား တစ်စီးသာရှိသည်။ ကားဂိုဒေါင်ရောက်တော့ အမိုးအကာ သွပ်ပြားများ လန်ကုန်ပြုတ်ကုန်ပြီကို တွေ့ကြရ၏။ ကားကိုနှိုးကြည့်တော့လည်း ဘယ်လိုမှ နှိုးလို့မရ။ ဝေါက်နှင့် လှည့်သည်။ မနိုး၊ တွန်းနှိုးကြသော်လည်း မရ။ ဒရိုင်ဘာ ကိုခင်မောင်က....

"ကျွန်တော့်ဆိုင်ကယ် သွားနှိုးကြည့်ရအောင်။ တစ်ယောက်တော့ လိုက်ရမယ်"

"ဦးမောင်မောင် လိုက်သွားလေ။ ခင်ဗျားမှာ သေနတ်ပါတယ်"

တော်ပါသေးသည်။ မော်တော်ဆိုင်ကယ်က အလွယ်နှင့် နှိုးရပေလို့။ ယင်းဆိုင်ကယ်မှာလည်း စစ်သုံးလက်ကျန် ဘီအက်စ်အေ အမျိုးအစားဖြစ်၍ ကိုခင်မောင်၏ကိုယ်ပိုင်ဆိုင်ကယ်ဖြစ်သည်။ နှစ်ယောက်သား ဆိုင်ကယ်ဖြင့် ထွက်ခဲ့ကြပြီး နန်းတွင်းတပ်ထိန်း။ ထိုမှတစ်ဆင့် အောင်တော်မူရဲစခန်း၊ ပြီးတော့ မြို့မရဲဝန်ထောက်ကြီး ဦးအေးအိမ်သို့ ရောက်ခဲ့ကြသည်။

လမ်းတစ်လျှောက်လုံး လဲကျနေသော သစ်ပင်ကြီးများကို ရှောင်ကွင်းမောင်းလာနိုင်ခဲ့သော်လည်း မြေပြင်တွင် ပြုတ်ကျနေသော လျှပ်စစ်မီးကြိုးများကိုတော့ ဖြတ်ကျော်၍ စီးခဲ့ကြသည်။ ဓာတ်အားသာ ဖြုတ်မထားလျှင် ဓာတ်လိုက်၍ သေနိုင်ပေသည်။ ပြင်ပတွင်မူ နန်းတွင်းလောက် အပျက်အစီးများပုံ မရလှပေ။

မြို့မဝန်ထောက်ကြီးအိမ် ရောက်တော့ သူ့တပည့်တွေကိုနှိုးပြီး ရဲဝါယာလက်ကားတစ်စီး စီစဉ်ပေးသည်။ အဆိုပါကားဖြင့် ရဲတပ်ဖွဲ့ဝင်တွေနှင့်အတူ ထောင်မှူးမောင်မောင်တို့ ကျုံးမြောက်ဘက်ကို ပတ်မောင်းကာ မီးများထိုးကြည့်ကြသေးသည်။ဘာအစအနမျှ မတွေ့ရ။ နံနက် သုံးနာရီခွဲခန့် ရှိပေပြီ။ နောက်မှ ပြန်မိလာသော အကျဉ်းသားအချို့က ပြန်ပြော၍ သိရသည်မှာ–

"ရဲဝါယာလက်ကား ကျုံးဘေးပတ်မောင်းနေတော့ ကျွန်တော်တို့ မန္တလေးတောင်ပေါ်ရောက်နေကြပြီ။အဲဒီကမှ တောင်မြောက်ဘက်တောလမ်းကဆင်း၊ဘုန်းတော်တိုးရွာကိုဖြတ်ပြီး မတ္တရာလမ်းပေါ်ရောက်မှ လူစုခွဲ လမ်းခွဲပြီး ထွက်ပြေးကြတာပေါ့"

လေမှာ (Tornado) ခေါ် ဒေသန္တရ အရပ်တစ်စုံတစ်ရာတွင် မိုးချုန်းလျက်ကျသည့် လေပြင်းမုန်တိုင်းမိုးဖြစ်ပြီး မြန်မာလို 'လေတံခိုး'ဟု ခေါ်ရမည်ထင်သည်။

စာရင်းချုပ်လိုက်သောအခါ ထောင့်တစ်သက် ပညောင်ပင်ကြီး အမြစ်ပါကျွတ်ပြီး မြေကြီးပေါ်သို့ ဗုန်းဗုန်းလဲကျသွားသည်။ ထောင်ကျဆောင် အခန်း ၂၊ ၃၊

http://www.cherrythitsar.org



၄ တို့ သွပ်မိုးများ လန်ကုန်သည်။ မြားတန်းများနှင့် ထုပ်လျောက်အချို့ပါ ကျွတ် ထွက်သွားသည်။ ဗဟိုမျှော်စင် အနောက်ဘက်ခြမ်း အုတ်ကြွပ်မိုးများ လွင့်စင်ကျကွဲ သွားသည်။ ရိက္ခာဂိုဒေါင် အမိုးများ လန်ကုန်သည်။ နွားတဲပိ၍ နွားတစ်ကောင်သေ သည်။ အလုပ်ဘက် ရက်ကန်းရုံအမိုးများ လန်သွားသည်။ ထောင်ကျ အကျဉ်းသား သုံးဆယ့်ငါးယောက်တိတိ ထွက်ပြေးလွတ်မြောက်သွားကြသည်။

၁၉–၆–၅၇ နေ့တွင် ထွက်ပြေးသော အကျဉ်းသားများ ၁၃–၇–၅၇ နေ့ မတိုင်မီ ပြန်လည်အဖမ်းခံပါက ထွက်ပြေးမှုအတွက် အရေးယူမည် မဟုတ်ကြောင်း ရေဒီယိုမှ အသံလွှင့်ခဲ့ရာ၊ အကျဉ်းသားအများစု အဖမ်းခံကြသည်။ ပြန်လည်ဝင်ရောက် ခြင်းမရှိသော ရာဇဝင်လူဆိုး လေးဦးအနက်မှ သုံးဦးကို အရှင် ပြန်လည်ဖမ်းမိသည်။

ရာဇဝတ်ဘေး ပြေးမလွတ်ပါလေ။

■

http://www.cherrythitsar.org

# ၅၁

ယခင်လက ရေးခဲ့သည့် ကိုယ့်မယား ကိုယ်သတ်သူများအကြောင်း ပူပူနွေးနွေးလေး ဆက်လိုက်ကြဦးစို့....။

လူကိုလူချင်း လေ့လာအကဲခတ်ရသော အလုပ်သည် အလွန်ခက်ခဲနက်နဲ သော ဘာသာရပ်ဟု ထင်သည်။ ပျော်စရာလည်း တကယ်ကောင်း၏။ တာဝန်အရ စိတ်ရောဂါအထူးကု ဆေးရုံသို့ သုံးလေးခေါက် ရောက်ဖူးပါသည်။ သိပ်ပြီး နံ့နံ့စပ်စပ် မရှိလှပါ။ သေသေချာချာ အချိန်ယူပြီး စေ့စေ့စပ်စပ် နှိုက်နှိုက်ချွတ်ချွတ်သာ လေ့လာခွင့် ရမည်ဆိုပါက စိတ်ဝင်စားစရာတွေ တစ်ပုံတစ်ပင်ကြီး တွေ့ရလိမ့်မည် ထင်ပါသည်။

လုပ်ငန်းသဘောအရ အကျဉ်းထောင်နှင့် စိတ်ရောဂါအထူးကု ဆေးရုံတို့ အဆက်အစပ်တော့ ရှိပါသည်။ အမှုစစ်ဆေးဆဲ အချုပ်တရားခံတစ်ဦးသည် သာမန် သွေးရိုးသားရိုးမဟုတ်ဘဲ စိတ်ဖောက်ပြန်သော ရောဂါကြောင့် ယင်းပြစ်မှုကို ကျူးလွန်ရ ခြင်းဖြစ်ကြောင်း တရားရုံးတွင်လျှောက်ထားလာပါက တရားရုံးမှ အဆိုပါတရားခံသည် အမှန်တကယ် စိတ်ရောဂါခံစားနေရခြင်း ဟုတ်မဟုတ် အကျဉ်းထောင်သို့ စာရေးမေးရ သည်။ ထိုအခါ ထောင်ဆရာဝန်က အချုပ်တရားခံကို ထောင်ဆေးရုံတင်ထားပြီး ကန့်သတ်ထားသော အချိန်ကာလအတွင်း စောင့်ကြည့်ချိန် (observation period) သတ်မှတ်ကာ လေ့လာအကဲခတ်ရသည်။ အချုပ်တရားခံသည် ထိန်းသိမ်းမရနိုင် အောင် ဖောက်ပြန်နေပါက ဆေးရုံတိုက်ခန်းတွင် ပိတ်ထားရသည်။

ထောင်ဆရာဝန်သည် မဖြစ်မနေ တစ်နေ့လျှင် အနည်းဆုံး သုံးကြိမ်လောက်

http://www.cherrythitsar.org



လူနာကို ကြည့်ရသည်။ လေ့လာရသည်။ အကဲခတ်ရသည်။ စကားပြောကြည့်ရသည်။ လူနာနေပုံထိုင်ပုံ သွားပုံလာပုံ မျက်စိကြည့်ပုံကအစ လေ့လာအကဲခတ်ရသည်။ ထမင်းစားပြီးပြီလား၊ မနေ့က ဘာဟင်းနဲ့စားသလဲ။ တမြန်နေ့က ဘာဟင်းနဲ့စားသလဲ မေးမြန်းရသည်။ ပြီးတော့ ပုံစံ ၃တွင် တစ်ချက်ချင်း ရေးသွင်းထားရ၏။

ကိစ္စက ထောင်ဆရာဝန်နှင့် မပြီးသေးပါ။ သတ်မှတ်ရက် ပြည့်သောအခါ လူနာကို ပုံစံများနှင့်တကွ အပြင်ပြည်သူ့ဆေးရုံကြီးသို့ ထုတ်ပေးရသည်။ ယခင် ခရိုင်ဆရာဝန်ကြီး၊ ယခု မြို့နယ်ဆရာဝန်ကြီးထံ ရောက်လာတော့ ပိုပြီး အရေးကြီးလာပြီ။ အသေးစိတ်လာပြီ။ လိုအပ်ပါက သူ့အဆင့်နှင့်သူ ဆေးဝါးတိုက်ကျွေး စမ်းသပ်ကြည့်ရ၏။ မှတ်တမ်းမှတ်ရာများကိုလည်း ပြည့်စုံစွာရေးသွင်းထားရသည်။ ခရိုင် ဆရာဝန်ကြီးသည် အဆိုပါလူနာအား စိတ်ရောဂါအထူးကုဆေးရုံသို့ ပို့ရန် သင့်မသင့် အဆုံးအဖြတ်ပေးရမည့် အဆင့်ပေတည်း။ အပြင်ဆေးရုံကြီးတွင် ကန့်သတ်ရက် ကုန်ဆုံးသွားပါက ခရိုင်ဆရာဝန်ကြီး၏ ထောက်ခံချက်ဖြင့် မှတ်တမ်းများနှင့်တကွ လူနာကို စိတ်ရောဂါအထူးကုဆေးရုံသို့ ဆက်၍ ပို့ရသည်။ တစ်ချိန်တည်းမှာပင် ယင်းကဲ့သို့ ပို့လိုက်ကြောင်း တရားရုံးသို့ အကြောင်းကြားစာ ပေးပို့လိုက်ရသည်။ ထိုအခါ တရားရုံးမှ ယင်း အချုပ်တရားခံနှင့် ပတ်သက်လေသမျှ အမှုတွဲအားလုံးကို စိတ်ရောဂါအထူးကုဆေးရုံသို့ ပို့လိုက်ရလေသည်။

ကောင်းပြီ။ ယင်းအချုပ်တရားခံသည် အမှတ်တကယ် စိတ်ရောဂါဝေဒနာခံစားနေရကြောင်း တရားရုံးကို စာရောက်လာပါပြီ....တဲ့။ အဲဒီတရားခံကို အမှုက တစ်ခါတည်း လွှတ်လိုက်ရောလား။ နိုး.... နိုး.... ဒီလိုမဟုတ်ပါ။ ဒီလိုမဟုတ်ပါ။ ဒီလိုတမ်းသာဖြင့် လောကကြီးမှာ ကိုယ်အမြင်ကတ်တဲ့သူတွေကို လျှောက်သတ်ပြီး ကျွန်တော် ရူးနေလို့ပါချည်း ပြောကြမှာပေါ့။ တရားဥပဒေဆိုသည်မှာ ပျော့ကွက်ဟာကွက် ချွတ်ယွင်းချက်ရယ်လို့ လုံးဝမရှိစေရဘဲ အကွက်စေ့စေ့ ရေပက်မဝင်အောင် ရေးဆွဲထားခြင်းဖြစ်၏။ ယခု စိတ်ရောဂါခံစားနေရသည်ဆိုလျှင် အမှုစစ်ဆေးခြင်းကို ခေတ္တဆိုင်းငံ့ထား။ ရောဂါပျောက်အောင် ကုဦး။ ရောဂါပျောက်လျှင် အမှုကို ဆက်စစ်မည်။ အဲဒါ တရားဥပဒေ၏ အဆုံးအဖြတ် စည်းကမ်းသတ် ကလနား။

ကိုနေဦးမှာ သို့ကလို စိတ်ရောဂါအထူးကုဆေးရုံပြန် တစ်ဦးဖြစ်၏။ သူအချုပ်တရားခံဘဝနှင့်ရှိစဉ်က ထောင်မှူးမောင်မောင်နှင့် မကြုံခဲ့ဖူးပါ။ သို့သော် မန္တလေးထောင်တွင် အနေကြာလာခဲ့ပြီဖြစ်သော ဒေါက်တာမိုဟင်ဒရား၏ ပြောကြားချက်အရ အတော်လေး စိတ်ဝင်စားစရာ အကောင်းသား။

"observation period တုန်းက ကျွန်တော်သူ့ကို သေသေချာချာ ဂရုစိုက်လေ့လာခဲ့ပါတယ်။ ပညာလိုချင်တာလည်း ပါတာပေါ့လေ။ ကျောင်းမှာ သင်ခဲ့တာက အခြေခံသဘောတရားလောက် မဟုတ်လား။ နောက်ပိုင်းမှ ကိုယ့်ဘာသာကိုယ် စာအုပ်

http://www.cherrythitsar.org



တွေ့ထဲရှာပြီး ဖတ်ကြည့်ရတာ။ အခုလို လူကိုယ်တိုင်လက်တွေ့လေ့လာရတော့ ပညာတိုးတာပေါ့။သူ့ရောဂါကတော့ ခပ်ယဉ်ယဉ်ပဲ၊ ကြမ်းကြမ်းတမ်းတမ်းကြီး မဟုတ်ဘူးဗျ"

ကိုနေဦးသည် မြေလတ်ပိုင်းရှိ မြို့ကလေးတစ်မြို့နှင့် သုံးမိုင်ခန့်သာဝေးသော ညောင်ပင်သာရွာ ဇာတိဖြစ်သည်။ အဆိုပါဒေသတစ်ဝိုက်တွင် ဧရာဝတီမြစ်၏ ဟိုဘက်ခြမ်း သည်ဘက်ခြမ်း မြေနုကျွန်း ဖြစ်သဖြင့် အခြားသီးနှံများထက် ဆေးရိုးကို အကြီးအကျယ် အားပြုစိုက်ကြသည်။ ကိုနေဦး၏ မိဘများဖြစ်သော ဦးချစ်မြနှင့် ဒေါ်သင်းအုံတို့မှာ တစ်ဦးတည်းသော သားကလေးကို သူတို့လို ပင်ပင်ပန်းပန်း မလုပ်စေချင်ကြ။ သို့ဖြစ်၍ လေသာကျောင်းတွင် မင်္ဂလသုတ်တို့ နမက္ကာရရတို့ ကုန်သည်နှင့် မြို့ကျောင်းသို့ သွားတက်စေသည်။ ညောင်ပင်သာရွာမှာ မြို့နှင့်နီးသဖြင့် မူလတန်းကျောင်းပင် မရှိသေး။ တောက်မည့်မီးခဲ တရဲရဲ ဆိုသကဲ့သို့ လူဆိုသည်မှာ မွေးရာပါဗီဇ ပါပြီးသားဖြစ်၏။ မောင်နေဦးသည် တောမှာမွေး၍ တောမှာနေသူ ဖြစ်လင့်ကစား အသန့်အပြန့်အလွန်ကြိုက်သူ တစ်ဦးဖြစ်၏။ ခြေလက်မျက်နှာတို့ကို မကြာခဏဆေးလေ့ရှိသည်။ နေပူကြီးမှပြန်လာသည့်အခါ မိဘများက အပူရှပ်မည်စိုး၍ပြောသော်လဲ ဘယ်လိုမှမရ။ လောက်လေးခွကိုင်ပြီး ငှက်ပစ်သူတွေ့လျှင် သူအလွန်မုန်းတီးရွံရှာတတ်၏။ ပြောလို့ရလျှင်ရ မရလျှင် ယင်းလောက်လေးခွကို တန်ရာတန်ကြေးပေးပြီးဖျက်ဆီးပစ်တတ်သည်။

ထိုစဉ်က ညောင်ပင်သာရွာမှ မြို့ကျောင်းသွားတက်သူ ဆယ်ယောက်ခန့်ရှိသည်။ ၎င်းတို့အထဲတွင် ရှားရှားပါးပါး မိန်းကလေးနှစ်ဦးပါ၏။ နှင်းရီနှင့် အေးအေးတင့်။ သူတို့အဖို့ အသွားသုံးမိုင်၊ အပြန်သုံးမိုင်ဆိုသည်မှာ ဘာမှ အပန်းကြီးသည် မဟုတ်။ ထမင်းစား ရေသောက်မျှသာ....။ ကိုနေဦး၏ မိဘများဖြစ်သော ဦးချစ်မြနှင့် ဒေါ်သင်းအုံတို့မှာ အမြင်ကျယ်ကြသူများဖြစ်၏။ သို့ဖြစ်၍ ရွာမှာ စုမိဆောင်းမိရှိသည်နှင့် မြို့သို့တက်၍ ဆေးရိုးပွဲရုံ ဖွင့်ကြသည်။ ထိုအချိန်တွင် ကိုနေဦးမှာ အင်္ဂလိပ်မြန်မာ ခြောက်တန်းကျောင်းသားဖြစ်နေပြီ။ အချို့မှာ ရွာမှ ကျောင်းလာတက်နေဆဲဖြစ်၍ နှင်းရီနှင့် အေးအေးတင့်တို့လည်း ရှိနေသေးသည်။

ကိုနေဦး ငယ်စဉ်ကတည်းက ဝါသနာအပါဆုံး ကစားနည်းမှာ စွန်လွှတ်ခြင်းဖြစ်၏။ အညာမှာတော့ လေတံခွန်လွှတ်သည်ဟု ခေါ်ကြသည်။ နောက်ပြီး သူတို့အရပ်တွင်လွှတ်သော လေတံခွန်က အမြီးပါသည်။ အခြားသော မြို့ပြကြီးများတွင် လွှတ်သည့် အမြီးမပါသည့်စွန်ကို သူတို့က ကုလားစွန်ဟုခေါ်ကြသည်။သို့ကလို လေတံခွန်လွှတ်ရာတွင်လည်း ကိုနေဦးသည် အများသူငါနှင့် ရောရောနှောနှောမလွှတ်။ မည်သူ၏စွန်နှင့်မျှ တိုက်ခိုက်ဖို့၊ ဖြတ်ဖို့မဟုတ်။ သူ့စိတ်ကူးနှင့်သူ လူသူလေးပါးကင်းရှင်းသော နေရာတွင် လွတ်လွတ်ကျွတ်ကျွတ် တစ်ယောက်တည်း ကစားတတ်ခြင်းဖြစ်သည်။

"ဆရာ တော်တော်လေး အသေးစိတ် သိထားတာပဲ။ သူ့အမှုတွဲကို ဖတ်ထားတယ် ထင်တယ်"

http://www.cherrythitsar.org



ထောင်မှူးမောင်မောင်က ဒေါက်တာမိုဟစ်ဒရား ပြောသမျှကို တအံ့တသြနား ထောင်ပြီး မေးကြည့်ရာ–

"ဟင့်အင်း၊ မဖတ်ပါဘူး။ အမှုတွဲက စိတ်ရောဂါကုဆေးရုံ (Mental Hospital) ရောက်မှ ပို့ရတာပဲ။ ကိုယ်ကသိချင်တော့လည်း စိတ်ရှည်လက်ရှည် လေ့လာရတာပေါ့ဗျာ။ တစ်ညနေခင်းမှာ သူ့တိုက်ခန်းဘက်ကို ကျွန်တော်ရောက်သွားတယ်။ အဲဒီအချိန်ဟာ သူစိတ်ဖောက်ပြန်နေတဲ့ အချိန်ပဲ။ ဆေးရုံတိုက်ခန်းထဲကနေပြီး အပြင်ကောင်းကင်ကြီးကို မော့ကြည့်နေတယ်။ ကျွန်တော်ဖြင့် မျက်တောင်မှခတ်ရဲ့လား မသိပါဘူး။ ဒါနဲ့ ကျွန်တော်လည်း သူကြည့်နေတဲ့နေရာကို လိုက်ကြည့်တော့ ဘာမှ မတွေ့ရဘူး။ တိမ်ကင်းစင်နေတဲ့ ကောင်းကင် ပြာလဲ့လဲ့ကြီးကိုပဲ တွေ့ရတယ်။

"ဒါနဲ့ ကျွန်တော်က ကိုနေဦး ဘာကြည့်နေတာလဲဆိုတော့ သူဖြုန်းခနဲ လန့်သွားတယ်ဗျ။ ပြီးမှ ခုနသူကြည့်နေတဲ့နေရာကို လက်ညှိုးထိုးပြီး ဟိုမှာ ကျွန်တော်လွှတ်ထားတဲ့ စွန်ကလေး၊ မလှဖူးလားဆရာ....တဲ့။ ကျွန်တော်ထပ်ကြည့်ပါတယ်။ ဘာမှ မရှိပါဘူး။ စောစောက အတိုင်းပါပဲ။ ဒါပေမယ့် ဒါမျိုးက အလိုက်အထိုက် ပြောတတ်ရမယ် မဟုတ်လား။ အေးဗျာ၊ လှလိုက်တာလွန်ပါရောဆိုတော့ သူက လှမှာပေါ့ဆရာတဲ့၊ အဲဒါ ရိုးရိုးစွန်မှ မဟုတ်ဘဲ။ ကျွန်တော့်အသည်းနှလုံးကို လွှတ်တင်ထားတဲ့ စွန်ကလေးပါတဲ့။ နောက်ပြီး သူက ဆက်ပြောသေးတယ်။ ဆရာ တောရွာတွေမှာ စုန်းတောက်စားတာ မြင်ဖူးသလားတဲ့။ ကျွန်တော်က မြင်တော့မမြင်ဖူးဘူး၊ ကြားတော့ ကြားဖူးတယ်ဆိုတော့ စုန်းတောက်စားတယ်ဆိုတာလည်း ဒီသဘောမျိုးပါပဲ....တဲ့။ သူ့ရဲ့ ဝိညာဉ်က ခန္ဓာကိုယ်ကြီးကိုခွာပြီး ကောင်းကင်မှာကျက်စားနေတဲ့ သဘောမျိုးပါပဲ....တဲ့။ ဒါပေမယ့် ကျွန်တော့် အသည်းနှလုံးစွန်က စုန်းတောက်စားတာနဲ့ တစ်ခုတော့ ကွာတာပေါ့....တဲ့။ ဘာများလဲလို့မေးကြည့်တော့ ကျွန်တော့်အသည်းနှလုံးစွန်က နှင်းရီကလေးကို လိုက်ရှာနေတာလေတဲ့။ နှင်းရီဆိုတာက သူသတ်ခဲ့တဲ့ သူ့ရည်းစားလေဗျာ'

ထောင်မှူးမောင်မောင်မှာ စိတ်ရောဂါဝေဒနာရှင်များ အကြောင်း ဗဟုသုတရသလို တစ်ဖက်ကလဲ ကိုနေဦးအတွက် အတော်လေး စိတ်မကောင်းဖြစ်နေမိသည်။ ဒေါက်တာက ဆက်၍....

"နောက်ပြီး ထူးခြားတာတစ်ခု ရှိသေးတယ်ဗျ"

"ဘာများလဲ ဆရာ"

"သူ စိတ်ကောင်းဝင်တဲ့ အချိန်ကို ခိုင်းကြည့်။ နားရွက်နှစ်ဖက်ကိုလည်း တစ်ခုချင်း လှုပ်တတ်တယ်၊ ရင်သား (chest) နှစ်ဖက်ကိုလည်း တစ်ခုချင်း လှုပ်တတ်တယ်။ ချက်စ်လှုပ်တာတော့ ထားပါတော့ဗျာ။ အားကစားသမား တော်တော်များများ လုပ်တတ်ကြတာပဲ။ နားရွက်လှုပ်တာကတော့ ဆန်းတယ်ဗျ"

မှန်၏။ နားရွက်နှစ်ဖက်ကို တစ်ဖက်ချင်း ဆတ်ခနဲဆတ်ခနဲ လှုပ်ပြခဲ့ဖူးသည်။

ဝမ်းတွင်း ပါလာခဲ့ခြင်းဖြစ်၍ ငယ်စဉ်က သူငယ်ချင်းများကို လှုပ်ပြခဲ့ဖူးသော်လည်း နည်းနည်းကြီးလာသောအခါ ရှက်တတ်လာသဖြင့် မည်သူ့ကိုမျှမပြခဲ့ကြောင်း၊ သို့သော် ဒေါက်တာမိုဟင်ဒရားနှင့်တွေ့သောအခါ ဘယ်လိုကဘယ်လို စိတ်ကူးပေါက်ပြီး ပြောပြမိသည်ကို မတွေးတတ်အောင်ဖြစ်ရကြောင်း၊ ဒေါက်တာကို သူအလွန်ခင်မင် တွယ်တာကြောင်း၊ သူပြောသမျှကို စိတ်ပါဝင်စားစွာ ဂရုစိုက် နားထောင်လေ့ရှိကြောင်း၊ တစ်ခါတလေ ညနေဂျီပီကို မသွားတော့ဘဲ မိမိနှင့် စကားပြောနေတတ်ကြောင်း ကိုနေဦးက ပြန်လည်ပြောပြပါသည်။ သြော်.... မည်သည့်ဝေဒနာရှင်မဆို မိမိအသက်ကို ပုံအပ်ထားသည့် သမားတော်၏ စိတ်ဝင်စားမှု၊ ကြင်နာယုယ ဂရုပြုမှုကို လိုလားတောင့်တမြဲပါတကားဟု ထောင်မှူးမောင်မောင် သင်ခန်းစာယူမိပါသည်။

ကိုနေဦးဇာတ်ကြောင်းဆက်ရသော်....၊ ၉ တန်းကျောင်းသားဘဝက ကံဆိုးမိုးမှောင်ကျခဲ့သည်။ အရင်းစစ်တော့အမြစ်မြေက ဆိုတာလို အဓိကတရားခံကား သူ၏ စွန့်လွှတ်တတ်သော ဝါသနာပင်ဖြစ်၏။ တစ်ညနေခင်း စွန်လွှတ်ရင်း အဝေးပြေး ကုန်တင် ကားကြီးတစ်စီးက ဝင်တိုက်ရာ၊ ခရိုင်ဆေးရုံကြီးမှတစ်ဆင့် မန္တလေးဆေးရုံကြီး အထိတက်၍ နှစ်လခန့်ကြာအောင် ကုသခဲ့ရသည်။ ထိုနှစ်က ၉တန်း စာမေးပွဲ မဖြေခဲ့ရ။ မြို့ဆေးရုံတွင်ရှိနေစဉ် ညောင်ပင်သာရွာမှ သူငယ်ချင်းများ လာကြည့်ကြပါသည်။ နှင်းရီနှင့် အေးအေးတင့်တို့လည်း ပါ၏။ အဆိုးနှင့် အကောင်း ဒွန်တွဲနေတတ်သော လောကသဘာဝအတိုင်း ကိုနေဦး၏ မိဘများကတော့ ဆေးရိုးပွဲရုံအပြင် ဆေးလိပ်ခုံကြီး တစ်ခုထောင်ကာ တိုက်ဆောက်ကားစီးနေနိုင်ကြပြီ။ သားဖြစ်သူကိုလည်း ၁၀တန်း အောင်ပြီးနောက် မန္တလေးကောလိပ်သို့ ပို့ခဲ့သည်။ ထိုစဉ်က မန္တလေးတက္ကသိုလ် မဖြစ်သေး။

လူ့ဘဝလောက် အလိမ်အကောက် အတွန့်အတက်များတာ လောကကြီးမှာ ဘာမျှမရှိ။ တုဘက်လည်းမမြင်၊ နှိုင်းဘက်လည်း မရှိ။ ကိုနေဦးအဖို့ ဒါလောက်ကြီး တနင့်တပိုး လေးလေးပင်ပင် အဖိစီးခံရသည်မဟုတ်သေး။ တကယ့်မဆိုစလောက် တစ်ဆစ်ချိုးကွေ့ကလေး တစ်ကွေ့မျှသာ ဖြစ်၏။ ယင်း တစ်ဆစ်ချိုးကွေ့ကို ဖန်တီးခဲ့သူမှာလည်း သူ၏ဖခင် ဦးချစ်မြပင်ဖြစ်၏။ ဦးချစ်မြသည် အရောင်းအဝယ်ကိစ္စဖြင့် မန္တလေးသို့ သွားရင်းလာရင်းက လက်ဖက်စို လက်ဖက်ခြောက်နှင့် သနပ်ဖက် ပွဲရုံပိုင်ရှင်ကြီး ဦးလူလှနှင့် သိကျွမ်းခင်မင်ခဲ့ရသည်။ တစ်ဆက်တည်းမှာပင် သူတို့အိမ်မှာ တည်းရင်းခိုရင်းက ဦးလူလှ၏သမီးချောကလေး ယဉ်ယဉ်လှကိုလည်း တစေ့တစောင်း လေ့လာအကဲခတ်ခွင့် ရခဲ့သည်။

"ဦးလေး စားနော်၊ ကျွန်တော်တို့ ရွှေမန်းသူတွေက ကျွေးရင် တဝစားမှကြိုက်တာဗျ။ ကိုယ့်အိမ်လို သဘောထားပြီး လွတ်လွတ်လပ်လပ်နေပါ။ ဘာမှ အားနာစရာ မရှိဘူး"

http://www.cherrythitsar.org



ဦးချစ်မြစိတ်ထဲ အတော်ကျေနပ်နေ၏။ 'အင်း....နာမည်လေးက ယဉ်ယဉ်လှ၊ ရုပ်ကလေးကလည်း ချော၊ အပြောကလည်း ချိုပါပေ့။ ငါ့သားနေဦးနဲ့သာ ပေးစားလိုက်ရရင်ဖြင့်.... သူလည်း ကောလိပ်ရောက်နေပြီပဲ။ ငါ့သားထက် တစ်တန်းငယ်တာပဲရှိတယ်။ ဂျစ်ကားများ မောင်းသွားလိုက်တာ ငါ့ဒရိုင်ဘာ မောင်ဝင်းထက်တောင် ကျင်လည်သေး'။ သို့နှင့်ပင် ဦးချစ်မြ ရွှေလမ်းငွေလမ်း ခင်းပေးထားသဖြင့် ကိုနေဦး တစ်ယောက် ယဉ်ယဉ်လှတို့အိမ်သို့ ချောင်းပေါက်နေသည်။ ကျောင်းမှာလဲ တွေ့ကြသည်။ ဂျစ်ကားနှင့်အတူ လျှောက်လည်ကြသည်။ မန္တလေးတောင်၊ စစ်ကိုင်းတောင်၊ ပြင်ဦးလွင် စသည်အားဖြင့်....။ ကိုနေဦးစိတ်ထဲမှာ ရွာမှ ကျောင်းနေဘက် နှင်းရီနှင့် ယှဉ်လိုက်တော့ ယဉ်ယဉ်လှကို မိုးကျနတ်မယ်အလား ထင်မှတ်မိ၏။ တေးထပ်ကလေး ပင် တစ်ပိုင်းတစ်စ စပ်မိသေး....

'ရှုတိုင်းယဉ် အသွင်ကြွ၊ ယဉ်ယဉ်လှ တစ်မူး။
ဘုရင်မ တစ်ဆူငယ် သူမတူထိပ်တန်း။
ကျက်သရေရွှန်းရွှန်းဝေသည်၊ ထွန်းသစ်နေရောင်လျှမ်း။'

သို့သော် ကိုနေဦး၏ အသည်းစိုင်ကို ကျွဲရိုင်းဆယ်ကောင်လောက် ဝင်ခတ်လိုက်သလို တစ်နေ့တွင် မမျှော်လင့်သောသတင်းတစ်ခုကို မကြားချင်ဘဲ ကြားလိုက်ရ၏။ ထိုနေ့က အဆောင်တွင်ထမင်းစားမကောင်းသဖြင့် ကိုနေဦးသည် အပြင်စားသောက်ဆိုင်တစ်ဆိုင်သို့ ထွက်ခဲ့သည်။ အပေါက်မှလှမ်းဝင်ကတည်းက သူနှင့် တစ်တန်းတည်းနေ ကျောင်းနေဘက် သူငယ်ချင်းတစ်စုကို အခန်းငယ်တစ်ခုတွင် တွေ့လိုက်ရသည်။ သူသည် သောက်တတ်စားတတ်သူမဟုတ်သဖြင့် သူတို့ကို မမြင်ချင်ယောင်ဆောင်ကာ အခန်းလွတ်ဆို၍ တစ်ခန်းတည်းသာရှိသော ကပ်လျက်အခန်းကို ဝင်ခဲ့ရ၏။

ကိုနေဦးသည် ထမင်းကြော်တစ်ပွဲ ဘဲကင်တစ်စိတ်မှာ၍ ထမင်းစားနေရင်းက တစ်ဖက်ခန်းမှ လေရရနှင့် ပြောနေသံများကို အတိုင်းသား ကြားနေရ၏။

"ဟား ဟား ဟား....၊တောသားဆိုပြီး ဗိုက်ထဲရှို့တွေနဲ့ဆိုတာ ဒီလိုကောင်စားမျိုးပေါ့ကွ။ အခုတော့ နွားမရှို့ပိတ်ထားတာကြီးနဲ့ ငိုနေကြပြီလေ။ အေးလေ ထမ်းပေဦး တော့ပေါ့ကွာ လှည်းကျိုးကြီး...."

"ဘယ်သူ့ရှိရဦးမှာလဲကွ၊ ဟိုတောသား ဂျင်ဂလိဝါလား နေဦးပေါ့။ သူနဲ့ တွဲနေတဲ့ ဖက်စ်ရီးယားက ယဉ်ယဉ်လှဆိုတာက ကိုးတန်းကျောင်းသူကတည်းက ယောကျ်ားနဲ့ လိုက်ပြေးလို့ မိဘက ပြန်ခွဲထားတာ။ လိုက်ပြေးတဲ့သူကလည်း ကြည့်ဦး လေ။ ရွှေဆိုင်တန်းက မိန်းမရှိတဲ့ ငနဲတစ်ကောင်နဲ့တဲ့"

"မင်းတို့ဟာ ဟုတ်မှလည်း ပြောကြပါကွာ"

"သိပ်ဟုတ်တာပေါ့ကွ။ တို့က စတိတ်မှာ အတူတူနေခဲ့ကြတာပဲ။ ကျောင်း တက်ရင် ရွှေခါးပတ် ပတ်၊ ကိုယ်တိုင် ဂျစ်ကားနဲ့မောင်းတက်တာ။ ငယ်နာမည်က

http://www.cherrythitsar.org



ဘက်တီတဲ့"

ကိုနေဦး စားလက်စ ဘဲကင်တစ်ဖက် အောက်သို့ ဖုတ်ခနဲကျသွားသည်။ ကမ္ဘာကြီးတစ်ခုလုံး အိုးထိန်းစက်ပမာ ချာချာလည်လေပြီ။ ဘာကိုမျှလည်း ဆက်စားချင်စိတ် မရှိတော့။ ကျသမျှကိုရှင်းကာ ဆိုင်ထဲမှ ပြန်ထွက်လာခဲ့သည်။ ထိုညက တစ်ညလုံး အိပ်၍ မရခဲ့။ ကိုနေဦးသည် အရပ်သို့ပြန်ရန် အထုပ်အပိုးများ ပြင်ဆင်ပြီးဖြစ်၏။ သို့သော် စိတ်ထဲမှာလည်း တစ်မျိုးကြီးခံစားနေရသည်။ မထွေးနိုင် မမျိုရက်ဆိုတာလို လိပ်ခဲတည်းလည်းကြီး ခံစားနေရသည်။ ပြောချင်ရာ လျှောက်ပြောနေကြတာများလား၊ နဖူးတွေ့ဒူးတွေ့ ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းလိုက်ရလျှင် ကောင်းလေမလား....။ ဒါပဲ ကောင်းပါတယ်။ တုံးဆိုလည်းတိုက်၊ ကျားဆိုလည်း ကိုက်။ မရွှေယဉ်ယဉ်လှတို့ကတော့ အပြုံးပင် မပျက်ပါလေ။

"သြော်.... ကိုနေဦးက ဒီကိစ္စ ခုမှ သိသလား။ ရပ်သိရွာသိ ဟော်လေးတကြိုးဟိုးလေးတကျော် ဖြစ်ခဲ့တဲ့ကိစ္စပဲ။ ကျွန်မက ဘာဖုံးကွယ်နေစရာရှိသတုံး"

"နေပါဦး၊ ရှင့်ကို ပြောထားရအောင် ရှင်နဲ့ကျွန်မက သမီးရည်းစားလား၊ ရှင်ကကော ကျွန်မကို ချစ်ပါတယ်လို့ တစ်ခွန်းပြောဖူးသလား"

"ဒါတော့ဗျာ.... လူကြီးတွေ အချင်းချင်း ပြေပြေလည်လည် ဖြစ်နေကြတာကို ခင်ဗျားလည်း သိပြီးသားပါ"

"ဒါ လူကြီးတွေခေတ် မဟုတ်ဘူးရှင့်၊ လူငယ်တွေခေတ် လူငယ်တွေခေတ်၊ နားလည်ရဲ့လား ကိုရှေးရိုးကြီးရဲ့"

"ဒါဖြင့် ကျွန်တော်နဲ့အတူတူ ဟိုဟိုဒီဒီ သွားလာလည်ပတ်နေတာ ကျတော့ကောဗျာ"

"ဒါလည်း ဘာမှ မဆန်းပါဘူး၊ ကိုယ့်သာသယာမှု ကိုယ်ရှာကြတာပဲလို့ သဘောထားလိုက်ရုံပေါ့"

တော်လောက်ပါပြီ။ ဒါလောက်ဆိုလျှင်ပင် သဘောပေါက်ဖို့ ကောင်းပြီဖြစ်၏။ ကျောင်းကလည်း ဆက်မတက်ချင်တော့။ မန္တလေးမှာလဲ မနေချင်တော့။ သို့ဖြစ်၍ နေရပ်သို့တန်းပြန်ခဲ့သည်။ အိမ်ပြန်ရောက်တော့လည်း မိဘများက ဘာမျှ မေးလို့မရ။ "ကျောင်းဆက်မနေချင်တော့လို့ ထွက်လာခဲ့တာ"ဟူသော အဖြေတစ်ခုသာ ရခဲ့ကြသည်။ ဘာပြုလို့ ကျောင်းဆက်မနေချင်တာလဲဟုလည်း ဆက်၍ မေးမရ။ မေးဖန်များသောအခါ ကျွန်တော် ဒီမြို့ပေါ်မှာလည်း မနေချင်တော့ဘူးဟုဆိုကာ အိတ်တစ်လုံးဆွဲ၍ အဝတ်အစားတွေထည့်ကာ ညောင်ပင်သာရွာသို့ ထွက်သွားတော့သည်။ သူ့အိတ်ထဲတွင် မမေ့မလျော့ ထည့်သွားသည့် ပစ္စည်းများအနက် လေတံခွန်လွှတ်သည့် ရစ်လုံးနှင့် ရောင်စုံ ဆီစိမ်စက္ကူများမှာ ဦးစားပေး ပစ္စည်းများပင်ဖြစ်သည်။

'ထနောင်းကိုးပင်၊ စစ်ကိုးပင်၊ ရွှေမြင်တင်အောက်၊ ညောင်ညိုပြင်ပေါက်၊

http://www.cherrythitsar.org



ရေနောက်ကြည်လာ ညောင်ပင်သာရွာ’ဟု စာချိုးကလေး ရှိခဲ့ဖူးသည့် ကိုနေဦး၏ ဇာတိ ချက်ကြွေ မွေးရပ်မြေ ညောင်ပင်သာရွာကလေးမှာ သာတောင့်သာယာ ရှိသည်ကား အမှန်။ ထနောင်းပင်ကိုးပင်ရှိသည်။ စစ်ကိုးပင်လည်းရှိသည်။ ရွာဦးထိပ်တောင်ကမူလေး ပေါ်တွင် တည်ထားသော ရွှေမြင်တင်ဘုရားခြေရင်း၌ ညောင်ညိုပင်ကြီးတစ်ပင်လည်း ပေါက်လျက်ရှိ၏။ ရေနောက်ကြည်လာဆိုခြင်းမှာ ညောင်ပင်သာရွာကလေးသည် ဧရာဝတီမြစ်ကြီး၏ ပစောက်ကွေ့သဏ္ဍာန်အတွင်း တည်ရှိရာ၊ ရေနောက်များက မြစ်ကြောင်းအလယ်တောင်မှ စီးဆင်းသွားပြီး ပစောက်ကွေ့အတွင်း ရေကြည်ကလေးများ ကျန်နေရစ်ခြင်းကို ဆိုလိုခြင်းဖြစ်၏။

စာချိုးထဲ မပါတာဆို၍ တစ်ခုတည်းကျန်ရစ်ခဲ့သည်။ ယင်းအချက်မှာ တောင်ကျရေများ စီးဆင်းသည့်အခါ ဧရာဝတီမြစ်တွင်း စီးဝင်သွားပြီး ကျန်သည့်အချိန်တွင် ရေခန်းနေသည့် ရွာတောင်ဘက်ရှိ သဲချောင်းအတွင်း လက်ယက်တွင်းကလေးများ တူး၍ ရေခပ်လေ့ရှိကြသည်။ သဲမှန်တိုင်းကျသော အခါများတွင်မူ တစ်ရွာလုံး အလူးအလဲ ခံကြပေရော့....။ ကိုနေဦးသည် စိတ်ကောင်းဝင်သည့် အခါများတွင် သူတို့ ညောင်ပင်သာရွာ ကလေးအကြောင်း စိတ်လိုလက်ရ ပြောပြတတ်သည်။ ဒေါက်တာမိုဟင်ဒရားကတော့ ထိုသို့ မမြင်....။

“အမှန်က ဒီလူ ရွာပြန်သွားတာဟာ ကြမ္မာဆိုး ဝင်ချင်လို့ပဲဗျ”

“ဘာပြုလို့လဲဆရာ”

“အဲဒီမှာ သူ့ငယ်သူငယ်ချင်း နှင်းရီနဲ့ ပြန်တွေ့သွားတာကိုး။ ကိုနေဦးကတော့ လေတံခွန်လွှတ်ဖို့ကလွဲရင် ဘာမှ စိတ်ဝင်စားတဲ့သူ မဟုတ်ပါဘူး။ ဒါပေမယ့် နှင်းရီ ကိုနေဦး လေတံခွန်လွှတ်တဲ့ နေရာကို သွားသွားပြီး စကားပြောရာကအစ သံယောဇဉ်ငြိတွယ်သွားပြီ သမီးရည်းစား ဖြစ်သွားရော ဆိုကြပါစို့ဗျာ”

ဒေါက်တာမိုဟင်ဒရား၏ ဇာတ်ကြောင်းပြန်ကို နားထောင်ရသည်မှာ ဆတ်တငံ့ငံ့နိုင်လှသည်။ အကျဉ်းချုံးလွန်းသလိုကြီး ဖြစ်နေသဖြင့် အားမလိုအားမရလည်း ဖြစ်ရ၏။ ခက်တာက ကိုနေဦးလို လူစားကလည်း ကိုယ်က မေးတိုင်း ပြောသူမဟုတ်။ တစ်ခါတစ်ရံ ဆိုတာလို သူ့ဘာသူ ပြောချင်ပြန်တော့လည်း ချောလို့။

“နှင်းရီ ခဏမျက်စိ မှိတ်ထားစမ်း”

“ဘာလုပ်ဦးမလို့လဲ အစ်ကိုရဲ့”

“ဘာလုပ်လုပ်၊ မှိတ်ဆို မှိတ်စမ်းပါကွယ်။ ခဏလေးပါ”

နှင်းရီ မျက်စိမှိတ်ထားစဉ် ကိုနေဦးက ဂျာကင်အင်္ကျီထဲမှ ခေါင်းစည်းပိုးပဝါ စ ကလေးကို အသာထုတ်လိုက်သည်။ နေဗွီဘလူးခေါ် ရေတပ်အပြာရောင် နောက်ခံပေါ်တွင် အဖြူလုံး အပြောက်အပြောက်ကလေးတွေနှင့် ခေါင်းစည်းပုဝါကလေး။ ယင်း ပဝါကလေးကို နှင်းရီ၏ ခေါင်းတွင် စည်းပေးပြီးမှ...

http://www.cherrythitsar.org



"ကဲ....ဖွင့်လို့ရပြီ၊ ဖွင့်တော့"

"ဟယ်.... လှလိုက်တာနော်၊ ဒါဘယ်သူ့အတွက် ဝယ်ထားတာလဲဟင်...."

ကိုနေဦး နှင်းရီ၏မေးခွန်းကို မဖြေနိုင်တော့ပေ။ လွယ်လွယ်ကလေး ပြန်ပြီး ဒါ နှင်းရီအတွက် အစ်ကိုဝယ်ထားတဲ့ ချစ်သက်လက်ဆောင်ပေါ့'ဟု ပြောလျှင် ဖြစ်နိုင်ပါ၏။ သို့သော် ကိုနေဦး ဒီလိုလည်း မညာမတာ မလိမ်ရက် မညာရက်ပါ။

"ကျွန်တော် အမှန်အတိုင်း ပြောလိုက်ပါတယ်။ ရွှေမန်းသူ ယဉ်ယဉ်လှ အတွက် ဝယ်ထားပြီးမှ မပေးဖြစ်ခဲ့တဲ့အကြောင်းကို ရိုးရိုးသားသားပဲ ဖွင့်ပြောလိုက်ပါ တယ်။ ဒါပေမယ့် နှင်းရီဟာ မျက်စိမျက်နှာ မကောင်းတဲ့ ကျွန်တော့်ကိုကြည့်ပြီး စိတ်မဆိုးရှာပါဘူး။ ဘယ်သူ့အတွက်ပဲ ဝယ်ဝယ် နှင်းရီကိုပေးတော့ နှင်းရီအတွက်ပေါ့နော်လို့ ပြောရှာပါတယ်"

သွားပြန်ပါပြီ။ ရုပ်မြင်သံကြားကြည့်၍ ကောင်းနေတုန်း လျှပ်စစ်မီးပျက်သွားသလို ကိုနေဦး အသံတိတ်သွားသဖြင့် မော့ကြည့်လိုက်ရာ ကိုယ်တော်ချောက ပါးစပ်ကို တင်းတင်းစေ့ကာ အဝေးသို့ ငေးတေးတေး ငူတူတူ ကြောင်တောင်တောင်ကြည့်နေချေတော့၏။ မတတ်သာသည့်အဆုံး ဓာတ်ခဲရေဒီယိုနှင့် တူသည့် ဒေါက်တာမိုဟင်ဒရား၏ ဓာတ်လမ်းပမာ နားဆင်စရာကိုသာ နားသောတဆင်ရပေတော့မည်။

"အဲဒီခေါင်းစည်းပိုးပဝါကလေးဟာလည်း ကိုနေဦးရဲ့ဇာတ်လမ်းမှာ အရေးပါတဲ့ သက်သေခံ အထောက်အထားတစ်ခုပဲဗျ။ နောက်တော့ ပေါ်လာပါလိမ့်မယ်။ အဲဒီလိုနဲ့ တစ်နေ့မှာ ကိုနေဦး လေတံခွန်လွှတ်နေတုန်း လေပြင်းတိုက်လာပြီး သူ့လေတံခွန်လေး ပြတ်ထွက်သွားပါလေရော။ ကိုနေဦးက သူ့လေတံခွန်ကိုလိုက်နေတုန်း သဲချောင်းထဲက လေပွေမုန်တိုင်းမွှေ့ပြီး လေပွေရဲ့အလယ်မှာ ရောက်သွားတာကိုး။ သူ့မျက်စိထဲကို သဲနဲ့ဆုပ်ပက်လိုက်သလို ဖြစ်သွားတာပေါ့။ မျက်စိဖွင့် မရတော့ဘူးလေ။ မြို့က သူ့မိဘတွေ ချက်ချင်းလိုက်လာပြီး မြို့ကို ပြန်ခေါ်သွားရတာပေါ့။ မြို့ရောက်တော့ ဟိုလူပြော ဒီလူပြော ဆေးမြီးတိုတွေနဲ့ လျှောက်ကုနေရင်းက ကြောင်တောင်ကန်းသွားတာပေါ့ဗျာ"

မိဘနှစ်ပါးက မန္တလေးကို မျက်စိသွားကုရန်ပြောတော့ ကိုနေဦးက ခါးခါးသီးသီး ငြင်းသည်။ သို့ဖြစ်၍ သားအဖနှစ်ယောက် ရန်ကုန်သို့ ဆင်းခဲ့ကြရ၏။ မျက်စိအထူးကု ဆရာဝန်ကြီးများထံ ပြသကြည့်သောအခါ (corneal opacity) ကော်နီရယ်အော်ပက်စီတီ ခေါ် အပြင်တိမ် စွဲကပ်ရာမှ ယခုကဲ့သို့ ကြောင်တောင်ကန်းသွားရခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိကြရသည်။ မျက်စိကြည်လွှာအစားထိုး၍ ကုသလျှင် ပြန်မြင်လာနိုင်ကြောင်း သိရသည့်အခါ ကိုနေဦးတို့သားအဖမှာ ဝမ်းသာသွားကြရပြန်သည်။

မျက်စိရောဂါ ကုသနေစဉ်မှာလည်း ကိုနေဦး၏စိတ်မှာ ဂနာငြိမ်တယ်ရယ်လို့ သိပ်မရှိလှပေ။ 'လေတံခွန်' 'လေတံခွန်' ဟူ၍ လည်းကောင်း၊ 'နှင်းရီ' 'နှင်းရီ' ဟူ၍ လည်းကောင်း မကြာမကြာ ယောင်ယမ်းအော်ဟစ်လေ့ ရှိတတ်သည်။ ထို့အပြင်

http://www.cherrythitsar.org



ငယ်ကျင့်ကို မဖျောက်နိုင်သည့်အတိုင်း ဆရာမတွေကို ခေါ်ခေါ်ပြီး ခြေတွေလက်တွေကို အဆေးခိုင်းတတ်၏။ နောက်ဆုံး ဆရာဝန်ကြီးများကပင် မေးယူရသည်။

"သူ ငယ်ငယ်က ဘာရောဂါ ကြီးကြီးကျယ်ကျယ် ဖြစ်ခဲ့ဖူးသေးသလဲ"

"တခြားတော့ ဘာမှ မဖြစ်ဖူးပါဘူးဆရာ။ ကားတိုက်ခံရလို့ ဆေးရုံတော့ တက်ခဲ့ရဖူးပါတယ်"

"ကျွန်တော်တို့ သဘောအရ ပြောရရင် မျက်စိရောဂါကုပြီးတဲ့အချိန်မှာ စိတ်ရောဂါအထူးကု ဆရာဝန်တစ်ယောက်နဲ့ ပြကြည့်စေချင်ပါသေးတယ်"

ဒီလိုကျတော့ ဦးချစ်မြက လုံးဝလက်မခံပြန်ပေ။ သူတို့သား မရူးပါဘူးပေါ့။

မျက်စိရောဂါကုသပြီးနောက် သားအဖနှစ်ယောက် မြို့သို့ဝမ်းမြောက်ဝမ်းသာ ပြန်ရောက်လာကြသည်။ မြို့ရောက်ရောက်ချင်းဆိုသလိုပင် ကိုနေဦးက ညောင်ပင်သာရွာသို့ တန်းပြန်သွားသောအခါ ဦးချစ်မြနှင့် ဒေါ်သင်းအုံတို့ လင်မယား အချီအချစကားများ၍ ကျန်ရစ်ခဲ့တော့သည်။

"အင်း....မျက်စိ ပြန်ကောင်းပြန်တော့လည်း တစ်ဒုက္ခဆိုတာလို မင့်သားက ရွာက နှင်းရီကို စွဲစွဲလမ်းလမ်း ဖြစ်နေတာကိုးကွ"

"ဒီမယ် ကိုချစ်မြ ဘာမှ ဒုက္ခဖြစ်မနေနဲ့၊ တော့်ကိုယ်တော်သာ လူလည်ကြီးထင်နေတာ။ တော်တို့သားအဖ ရန်ကုန်ကို မျက်စိကုသွားနေတုန်း ကျုပ် မန္တလေးကို အလုပ်ကိစ္စနဲ့ သုံးလေးခေါက်ရောက်လို့ အကြောင်းစုံသိခဲ့ပြီးပြီ။ တော်တို့ကျုပ်တို့ ကံကောင်းလို့ နွားမရှို့ပိတ်ထားတာနဲ့ လွဲခဲ့ကြတာ။ တော့်သားကလည်း အဲဒီအကြောင်း တွေသိလို့ စိတ်ညစ်ပြီး ကျောင်းကထွက်လာတာ နေမှာ။ ဦးလူလှသမီးက မယားရှိတဲ့ ယောကျ်ားနဲ့ လိုက်သွားဖူးတယ်တဲ့တော့"

"ဟင်.... ဟုတ်လား"

"ဟုတ်ပ....ဟုတ်ပ၊ ဒီတော့ ဘာမှ စိတ်ကူးလွဲမနေနဲ့။ မြင်းအုန်းခွဲ၊ ကျွန်ကုလား၊ မယားတောသူ သဘောဖြူသတဲ့။ သားလည်း စိတ်ချမ်းသာအောင် နှင်းရီကလေးနဲ့သာ ပေးစားလိုက်"

"အေးပါကွာ၊ သား စိတ်ချမ်းသာရင်ပြီးတာပါပဲ။ သားဆီက အသံမြည်ပါစေဦး"

ဒေါက်တာ မိုဟင်ဒရားက ဇာတ်လမ်းကို နိဂုံးမချုပ်မီ ဟင်းခနဲ သက်ပြင်းရှည်ကြီးတစ်ချက် မှုတ်ထုတ်လိုက်သည်။

"ဗိုး.... အဲဒီတုန်းက ကိုနေဦးကို နှင်းရီနဲ့ ခပ်မြန်မြန် အိမ်ထောင်ချပေးလိုက်ရင် အကောင်းသားဗျာ။ အခုလို မဖြစ်သင့်တာတွေ လျှောက်မဖြစ်တော့ဘူးပေါ့။ အေးလေ.... အကြောင်းက တိုက်ဆိုင်လာမှကိုး...."

တစ်နေ့တွင် ကိုနေဦးသည် ရွှေမြင်တင်ဘုရား ခြေရင်းရှိ ညောင်ညိုပင်အောက်

http://www.cherrythitsar.org



ဝယ် တစ်ယောက်တည်း ထိုင်လျက်ရှိသည်။ ဆရာဝန် ညွှန်ကြားလိုက်သည့်အတိုင်း နေကာမျက်မှန်တပ်လျက်။ အနီးတွင်လည်း ရစ်လုံးနှင့် လေတံခွန်က အရန်သင့်။ နေက လည်း နည်းနည်းပူ၍ လေကပါ ငြိမ်နေသဖြင့် အချိန်ယူစောင့်နေခြင်းဖြစ်၏။

ထိုအခိုက်မှာပင် နှင်းရီတစ်ယောက် ပိုးပဝါကလေး ခေါင်းစည်းပြီး လက်ထဲမှာ လည်း အထုပ်တစ်ထုပ်နှင့် ကိုနေဦးထံ ရောက်လာသည်။

"ဘာတွေလည်း နှင်းရီ"

"စလေဆီးသီးတွေလေ၊ အစ်ကို အပျင်းပြေစားရအောင်လို့ ယူလာတာ"

ကိုနေဦးက ဆီးသီးတစ်လုံးကို ယူစားကြည့်သည်။

"တော်တော်ချိုတယ်နော်၊ ဒါကြောင့် စလေဆီးသီးနာမည်ကြီးတာပဲ။ ဘယ် က ရတာလဲဟင်"

"စကုဘက်က ဧည့်သည်တွေလာလို့ ပါလာတာ"

"နှင်းရီတို့အိမ်ကို အဲဒီဘက်က ဧည့်သည်တွေ မကြာမကြာ လာတယ်နော်"

"ဟုတ်တယ်၊ အဖေဘက်က ဆွေမျိုးတွေလို့ ပြောတာပဲ"

"ယောကျ်ားလား၊ မိန်းမလား"

"ယောကျ်ားရော၊ မိန်းမရော အစုံလာတတ်တာပဲ။ ဒီတစ်ခါတော့ ယောကျ်ား တစ်ယောက်တည်းပါ"

"ဘယ်အရွယ်လောက် ရှိပြီလဲ"

"အစ်ကိုတို့လောက်ပဲ ရှိမှာပေါ့"

ထိုအခါကျမှ ကိုနေဦးသည် နှင်းရီ၏ ခေါင်းတွင်စည်းထားသော ပိုးပဝါက လေးကို ကြည့်မိသည်။

"ဒါက ဘယ်ကရတာလဲဟင်"

"အစ်ကိုပေးထားတာလေ"

"အစ်ကိုပေးထားတာ ဒါမဟုတ်ပါဘူး"

"ဟုတ်ပါတယ် အစ်ကိုရဲ့။ မျက်မှန်ကိုချွတ်ပြီး သေသေချာချာလည်း ပြန် ကြည့်ပါဦး"

နှင်းရီက ခေါင်းမှဖြုတ်၍ ပြသည်။ ကိုနေဦးကလည်း မျက်မှန်ကို ချွတ်၍ ကြည့်သည်။ ပြီးတော့ ဦးခေါင်းကို ခပ်သွက်သွက် ခါယမ်းလိုက်သည်။

"မဟုတ်ဘူး မဟုတ်ဘူး၊ ဒါ အစ်ကိုပေးထားတာ မဟုတ်ဘူး။ အစ်ကိုပေး ထားတာက နေဗွီဘလူး အောက်ခံမှာ အဖြူပြောက်ကလေးတွေနဲ့ပဲ။ ခုဟာက အစိမ်း အောက်ခံ အဝါပြောက်တွေ"

"ဟုတ်ပါတယ် အစ်ကိုရဲ့၊ ဒီမှာ အပြာအောက်ခံနဲ့ အဖြူပြောက်ကလေးတွေ လေ"

http://www.cherrythitsar.org



ကိုနေဦးတစ်ယောက် ဘယ်လိုရှင်းပြလို့မှ လက်မခံတော့ပေ။ နောက်ပိုင်း သူ့ကိုယ်သူ ဘာလုပ်လို့ ဘာကိုင်မိမှန်းလည်း သတိမရတော့ပေ။ တရားရုံးရောက်မှ အဆိုပါ ပိုးပဝါလေးဖြင့် နှင်းရီ၏ လည်ပင်းကို ရစ်ပတ်ပြီး ညှစ်သတ်ခဲ့မိကြောင်း သိရတော့သည်။ ထိုအခါကျမှ ပိုးပဝါကလေးကို ခေတ္တခဏပြန်ယူပြီး ကြည့်မိသောအခါ ဘာမျှ မပြောနိုင်တော့ဘဲ ချုံးပွဲချ၍ ရှိုက်ကြီးတငင် ငိုကြွေးနေတော့သည်။

သူပေးခဲ့သည့် နေဗွီဘလူး အောက်ခံ အဖြူပွင့်ဖောက် ပိုးပဝါကလေးပါပဲ **ကလား....။**

သို့နှင့်ပင် မန္တလေးထောင်နှင့် မန္တလေး ပြည်သူ့ဆေးရုံကြီးမှတစ်ဆင့် စိတ်ရောဂါအထူးကု ဆေးရုံကြီးတွင် ၁ နှစ်ခန့် တက်ရောက်ကုသခဲ့ပြီးနောက် အမှုကြွေးကို ပြန်လည်ရင်ဆိုင်ခဲ့ရ၏။ တော်ပါသေးသည်။ အမှုဖြစ်ပွားချိန်က ကိုနေဦးသည် စိတ်ဖောက်ပြန်နေချိန် ဖြစ်နိုင်စရာအကြောင်း ရှိပါသည်ဟူသော စိတ်ရောဂါအထူးကု ဆရာဝန်ကြီး၏ သက်သေခံချက်အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ်သာ အပြစ်ရရှိခဲ့ပေသည်။

■

# ၁၂

ဦးဒီပကျတော့ ကိုနေဦးနှင့် တစ်ဘာသာစီ....။

သူသည် ကိုနေဦးလို စိတ်ရောဂါအထူးကုဆေးရုံသို့ ရောက်ဖူးသူမဟုတ်ချေ။ အမှုဖြစ်ပွားစဉ်ကလည်း စိတ်ရောဂါခံစားနေရခြင်းမရှိ။ လူကောင်းပတိဖြစ်၏။ ယုတ်စွအဆုံး သူ့မိန်းမသတ်မှုဖြင့် ကြိုးမိန့်ကျလာပြီးနောက် ကြိုးသမားဘဝနှင့် ရှိနေစဉ်ကပင် ထိုကဲ့သို့ ကြောင်တောင်တောင်မဖြစ်သေး။

တရားရုံးမှ သေဒဏ်စီရင်ခြင်း ခံရသူတို့သည် စီရင်ချက်ချစဉ်က တစ်ကြိမ်၊ အကျဉ်းထောင်ဘူးဝသို့ ဝင်စဉ်တစ်ကြိမ် မျက်စိမျက်နှာပျက်ဖြစ်လောက်အောင် ကြောက်ရွံ့ ထိတ်လန့်လေ့ ရှိကြသည်။ သူသူကိုယ်ကိုယ် လူသတ်မှုကို သက်သေခံ အထောက်အထားခိုင်လုံစွာဖြင့် အမှန်တကယ်ကျူးလွန်ခဲ့သည့်လူသတ်တရားခံများအဖို့တော့ မိမိကိုယ်ကိုမိမိ သေလူဟု တွက်ထားပြီးသားဖြစ်၏။ သို့သော် တကယ်တမ်းတရားသူကြီး၏ ပါးစပ်မှ 'မသေမချင်း လည်ပင်းကြိုးကွင်းတပ်၍ သတ်စေ'ဟု စီရင်ချက် ချလိုက်သောအခါ အဘယ်သကောင့်သားသည် ပြုံးပြုံးကလေးနားထောင်နေနိုင်ပါအံ့နည်း။

ဤနေရာတွင် ကြိမ်ဖန်များစွာ ရေးသားတင်ပြခဲ့ဖူးသော်လည်း ထပ်ခါတလဲ သိလို၍ မေးမြန်းကြသူများအတွက် အပြန်ပြန်အလှန်လှန် ထပ်မံရှင်းပြပါဦးမည်။

"အဲဒီလို ကြိုးတစ်ခါပေးလို့ မသေရင် အဲဒီလူကို လွှတ်လိုက်ရတယ်ဆို"

လုံးဝ (လုံးဝ)မဟုတ်ပါ ခင်ဗျား။ ဘယ့်နှယ် တရားသူကြီးလက်မှတ် ရေးထိုးတဲ့ ဝရမ်းထဲမှာ မသေမချင်းလို့ အတိအကျပါပြီးသားပဲ။ အင်္ဂလိပ်လို ဝရမ်းထဲမှာလဲ

http://www.cherrythitsar.org



(till death) လို့ အထင်အရှား ပါပြီးသားခင်ဗျ။ ဒီတော့ ဒီတစ်ကြိုးနဲ့ မသေလျှင် နောက်တစ်ကြိုးနှင့် ထပ်သတ်ပဲ။ မသေတဲ့လူလည်း မရှိပါဘူးလေ။

ဒါဖြင့် မတော်တဆ ချွတ်ချော်တိမ်းပါးမှုများ မရှိနိုင်တော့ဖူးလား။ မှန်ပါသည်။ ရှိနိုင်ပါသည်။ သို့မို့ကြောင့်ပင် လူတစ်ယောက်ကို ကြိုးပေးတော့မည်ဆိုလျှင် ကြိုးစင်ပေါ်တွင် ကြိုးကွင်းနှစ်ခု အရန်သင့် ဆင်ပြီးသား။ ကားများသာ စပယ်ယာဘီး သုံးသည် မဟုတ်။ ကြိုးဒဏ်စီရင်ရာတွင်လည်း စပယ်ယာကြိုးနှင့်။

ကြိုးသမားလူသစ် ထောင်ဘူးဝဝင်ခါစ ကြောက်တာ လန့်တာကတော့ ထောင်ကျလူသစ်တို့၊ အချုပ်လူသစ်တို့နှင့် သိပ်မထူးခြားလှပါ။ ဓမ္မတာပါပဲ။ ထောင်ထဲ ရောက်လျှင် ဘယ်လိုနေရထိုင်ရမလဲ၊ အရိုက်အနှက်များ ခံရဦးမလား....။ ထောင်ဆိုသည်မှာ ကြောက်စရာကောင်းမှန်း ကြိုတင်သိထားသော်လည်း ကိုယ်တွေ့မကြုံရခင် တွေး၍ ကြောက်ရွံ့ထိတ်လန့်တတ်သည့် သဘောတရားသာလျှင်ဖြစ်၏။ တကယ်တော့ ကြိုးသမားကို ဘာမျှမလုပ်ပါ။ လက်ဖျားနှင့်ပင် မတို့ပါ။ နာမည်မေးမည်၊ အဖေနာမည် မေးမည်၊ နေရပ်လိပ်စာ၊ ဖြစ်ခဲ့သောပြစ်မှုနှင့် ပုဒ်မ၊ ကျခံခဲ့ရသောအပြစ်ဒဏ်တို့ကို ဝရမ်း နှင့် တိုက်ဆိုင်စစ်ဆေးမေးမြန်းမည်။ ပြီးတော့ ရဲပုံသဏ္ဌာန်တွင်ပါသည့် ကိုယ်ခန္ဓာအမှတ် အသားများနှင့် တိုက်ဆိုင်စစ်ဆေးကြည့်ရှုမည်။ ကြိုးသမားဆိုတော့ ရိုးရိုးအကျဉ်းသားထက် ပို၍ စေ့စေ့စပ်စပ် ရှာဖွေမည်။ ပြီးသည်နှင့် ထောင်မှူးကြီးကိုယ်တိုင် ကြိုးတိုက်ခန်းသို့ လိုက်ပို့မည်။ ကြိုးတိုက်ခန်းကိုလည်း နှံ့နှံ့စပ်စပ် ရှာဖွေစစ်မည်။ ထောင်အခေါ် တလာစီမည်။ ကြိုးသမားထားသည့် တိုက်ခန်းသော့ခလောက်အတွက် သော့တူ နှစ်ချောင်းထားရသည်။ တစ်ချောင်းကို အဝတ်အိတ်ငယ်ကလေးအတွင်းထည့်ပြီး အသေချုပ်ကာ ချိတ်ပိတ်ထားရ၏။ ထို့အပြင် ဓားပါးပါး ငါးလက်မခန့်တစ်ချောင်းနှင့် အတူ ကြိုးတိုက်စောင့်ထောင်ကြပ်ထံတွင် အပ်နှံထားရ၏။ ကြိုးသမား မိမိကိုယ်မိမိ သေကြောင်းကြံလျှင် သို့တည်းမဟုတ် အရေးပေါ်ကိစ္စ ကြုံကြိုက်လျှင် ဖွင့်နိုင်ရန်ဖြစ်၏။ ကျန်တစ်ချောင်းမှာ နေ့ခင်းပိုင်း လမ်းလျှောက်၊ ရေချိုးထုတ်ရန် ဖြစ်၏။ ကြိုးတိုက်ခန်းကို ထောင်မှူးတစ်ယောက် ရှေ့မှာသာလျှင် ဖွင့်ခွင့်ရှိ၏။

ကြိုးသမား လူသစ်သည် ကြိုးတိုက်ခန်းထဲ ရောက်သွားပြီး မိမိနှင့် ဘဝတူ ကြိုးသမားများကို တွေ့လိုက်ရသည်နှင့် အလိုလိုနေရင် အားငယ်စိတ်များ ပပျောက်သွားတတ်သည်။ ကြောက်ရွံ့ထိတ်လန့်စိတ်များ ဘယ်ရောက်ကုန်သည် မသိရတော့။ ဆေးရုံတက်ရသူတစ်ဦး ဆေးရုံပေါ်တွင် မိမိနှင့် ရောဂါတူအချင်းချင်း တွေ့လိုက်ရသည့် အခါ ငါလိုလူလည်း ရှိသေးပါကလားဟု အားတက်သွားသည့် သဘောမျိုးပင်။

ကြိုးသမားဘဝဆိုတာကလည်း အခက်သား။ အယူခံတို့ စာဒကတက်တာ တို့က အနည်းဆုံး တစ်နှစ်ခွဲနှစ်နှစ်ခန့် ကြာတတ်သည်ပဲ။ အဲဒါတွေ ရှုံးပြီးလို့ နောက်ဆုံး အဆင့် သမ္မတထံ အသနားခံစာ တင်ထားပြီဆိုလျှင်တော့ ရက်အကန့်အသတ်မရှိ။

http://www.cherrythitsar.org



သို့ဖြစ်၍ အချို့ကြိုးသမားများသည် ကြိုးတိုက်ခန်းထဲတွင် အနေကြာလာသောအခါ မိမိကိုယ်မိမိ သေဒဏ်စီရင်ခြင်းခံထားသူပါကလား ဆိုသောအသိပင် မေ့မေ့ပျောက်ပျောက် ဖြစ်သွားတတ်သည်။ စိပ်ပုတီးကို နာနာဖိစိပ်သူတို့လည်း ရှိတန်သလောက်ရှိပါသည်။ အများစုကတော့ မေ့မေ့လျော့လျော့ ပျော်ပျော်ပါးပါးပင်။ ရေချိုးထုတ်ချိန်တွင် ခြင်းလုံးခတ်သူကခတ်၊ မက်ဒလင်တီးသူကတီး၊ သီချင်းဆိုသူကဆို နှစ်ဆယ့်လေးနာရီလုံးလုံး တိုက်ခန်းကျဉ်းကျဉ်းကလေးတွင် အညောင်းမိသမျှ ဒီအချိန်ကလေးအတွင်းမှာပင် အကြောလျှော့ကြရသည် မဟုတ်ပါလား။

ထောင်မှူးမောင်မောင်သည် ဦးဒီပ ကြိုးတိုက်အတွင်းတွင်ရှိစဉ်က လုံးဝ သတိမမူမိပေ။ သတိမူနိုင်စရာလည်း အကြောင်းမရှိ။ သူက အလုပ်ဘက်ထောင်မှူးအဖြစ်တာဝန်ယူထားချိန်ဖြစ်ရာ ကြိုးတိုက်နှင့် လုပ်ငန်းသဘောအရ ဆက်စပ်မှုမရှိသလောက်ဖြစ်၏။ ဦးဒီပတစ်ယောက် အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ ထောင်အနှစ် ၂၀သို့ ပြောင်းပြီး အလုပ်ဘက်လာအိပ်ချိန်တွင်လည်း အများနှင့်လက်ခံခဲ့ရခြင်းဖြစ်သဖြင့် ဦးဒီပကို ဝကွက်၍ မသိရှိခဲ့။ ကိုနေဦးနှင့် ညောင်ရွက်လုကြသော ကိစ္စမှ စတင်ကာ ဦးဒီပကို သိခဲ့ရခြင်းဖြစ်သည်။ အမှုကို မေးမြန်းလိုက်တော့လဲ ကိုယ့်မယား ကိုယ်သတ်ပြီး ကြိုးမိန့်ကျရာမှ ထောင်တစ်သက်တစ်ကျွန်းသို့ ပြောင်းလာသူ။

ထိုအချိန်တွင် ထောင်မှူးမောင်မောင်သည် ကိုယ့်မယားကိုယ်သတ်၍ ထောင်ထဲ ရောက်လာပြီးနောက် ခပ်ကြောင်ကြောင်ဖြစ်သွားသူများအကြောင်းကို အတော်လေးစိတ်ဝင်စားနေမိပြီဖြစ်၏။ သို့သော် ဘာကြောင့်မှန်းမသိ၊ ထောင်ထဲရောက်လာသမျှအကျဉ်းသားတို့သည် အပြင်တွင် ဖြစ်ပျက်ခဲ့သမျှ အမှုအကြောင်းအရာတွေကို ထောင်အာဏာပိုင်တွေက မေးလျှင် ဘယ်တော့မှ အမှန်အတိုင်း မပြောချင်ကြ။ အချုပ်တရားခံဆိုလျှင်လည်း ထားပါတော့။ အမှုမပြီးပြတ်သေးလို့။ အခုတော့ အမှုပြီးပြတ်၍ ထောင်ကျလာသူတို့ကလည်း ဝေ့လည်ကြောင်ပတ် ဖြေလေ့ရှိကြသည်။

'အလကားပါဆရာရယ်။ သူကြီးနဲ့မတည့်လို့ အမှုဆင်တာ ခံလိုက်ရတာပါ'၊ 'ငွေများ တရားနိုင်လို့ အဆိုရှိတယ်မဟုတ်လားဆရာရယ်။ တကယ်သတ်တဲ့သူဘက် က ငွေရှင်ကြေးရှင်တွေဆိုတော့ အာဏာပိုင်တွေကို ငွေနဲ့ပုံအောပြီး ကျွန်တော့်ကို ထောင် ချလိုက်တာပါ' စသည်စသည်အားဖြင့် ထောင်ထဲရောက်လာသမျှခြောက်ပြစ်ကင်းသဲလဲစင် လူသူတော်ကောင်းကြီးတွေလား ထင်မှတ်မှားရသည်။

အဲ.... သူတို့ အကျဉ်းသား အချင်းချင်း တွေ့ကြပြီဆိုမှဖြင့် ဒီလိုမဟုတ်ပြန်တော့ပေ။ "ငါ့အမှုက ဒီလိုကွ"ဟု အစချီကာ ဖြစ်ကြောင်းရယ်ကုန်စင်ကို ကကြီးမှအစ အ အဆုံး အူမချေးခါးမကျန် တစ်လုံးချင်း ဖောက်သယ်ချလေ့ရှိကြသည်။ တစ်ခုတော့ရှိသည်။ ထောင်အာဏာပိုင်တို့က သူတို့ဖြစ်စဉ် ကျောရိုးလောက် သိထားပြီဆိုလျှင်တော့ မလိမ်ရဲ မညာရဲတော့။ အမှန်အတိုင်း ပြောလာတတ်ကြ၏။

http://www.cherrythitsar.org



သို့နှင့် ထောင်မှူးမောင်မောင်မှာ ကြားလူတစ်ယောက် ရှာရတော့သည်။ ထောင်ဝေါဟာရနှင့် ပြောရလျှင် အကြံအဖန် လုပ်ရတော့သည်။

"မောင်တွတ်ရေ"

"ခင်ဗျာ.... ဆရာကြီး"

မောင်တွတ်မှာ ထောင်မှူးမောင်မောင်၏ ခြေမြန်တော် သို့မဟုတ် ရုံးစေလုလင် တစ်နည်းအားဖြင့် ထောင်တွင်းအခေါ် အလုပ်ဘက်ထောင်မှူး၏ ဘာယာဖြစ်၏။ ပင်လည်ဘူး ဗန်းမောက်ဘက်မှ ဂဒူးဂဏန်းအမျိုးသားဖြစ်၍ အလွန်ရိုးသားသည်။ 'လက်သမားရုံ သွားစမ်းဟေ့' ဆိုလိုက်လျှင် စကားမှမဆုံးသေး ရွှတ်ခနဲ သူပြေးထွက်သွားပြီး လက်သမားရုံရောက်မှ တစ်ခေါက်ပြန်လာကာ 'ကျွန်တော် ဘာလုပ်ရမလဲ ဆရာကြီး'ဟု ပြန်မေးတတ်သည့် လူစားမျိုးဖြစ်၏။ သို့ဖြစ်၍ သူ့ကိုခိုင်းလျှင် လက်ကို ဆွဲထားပြီး စကားအစ အဆုံးပြောပြီးမှ လက်ကို ပြန်လွှတ်လိုက်။

"လက်သမားရုံက ဆိုင်းဆရာဘဖေကို သွားခေါ်စမ်း။ တယောဘဖေကို ပြောတာနော်၊ စက်ချုပ်ရုံက စက်ဘဖေကို ပြောတာ မဟုတ်ဘူး"

ထိုစဉ်က ထောင်ထဲတွင် နာမည်ကြီး ဘဖေနှစ်ဦးရှိသဖြင့် တယောနှင့် စက်ဟု ဝိသေသနနှစ်ခု ခွဲထားရသည်။ တယောဘဖေက ထီးချိုင့်နယ်က ထောင်ကျလာသော ရှေးခေတ် ဟွန်းတယော အထိုးကောင်းသူ။ စက်ဘဖေက စက်ချုပ်ရာတွင် နာမည်ကြီး။ ထောင်မှ အရာရှိများပါ သိသွားကာ ယူနီဖောင်းလာ၍ အပ်လေ့ရှိကြသည်။ နာမည်ကြီးမှာပေါ့။ သူက ၂၆ ဘီလမ်းရှိ နာမည်ကြီးစက်ချုပ်ဆိုင်တွင် စက်ချုပ်ရာမှ အပေါင်းအသင်းမှား၍ ဓားပြမှုဖြင့် ထောင်ကျလာသူကိုး။

မကြာမီ မောင်တွတ်နှင့်အတူ တယောဘဖေ ရောက်လာ၏။

"ကိုဘဖေ၊ ဦးဒီပဟာ ခင်ဗျားဆိုင်းကနော်"

"ဟုတ်ပါတယ်"

"အိပ်တော့ကော"

"ထောင်ကျဆောင် တစ်ခန်းမှာလေ၊ ကျွန်တော်နဲ့ တစ်ခန်းတည်းပဲပေါ့"

"အေးဗျာ တစ်ခုလောက်ကူညီစမ်းပါ။ သူ့အမှုဖြစ်စဉ်ကလေး မေးပေးစမ်းပါ"

ကိုဘဖေ နှာခေါင်းရှုံ့သွားသည်။

"ဟာ.... ဆရာရယ် တခြားခိုင်းချင်တာ ခိုင်းစမ်းပါ၊ ကျားမြီးဆွဲဆို ဆွဲပါ့မယ်၊ ဒီကောင်နဲ့ စကားပြောရတာ လက်ပေါက်ကပ်လွန်းလို့ပါ"

"ဘယ်လိုလက်ပေါက်ကတ်တာလဲဗျ"

"အို.... မေးလည်း ပြောချင်မှ ပြောတာ။ ခိုင်းလိုက်ရင်လည်း သူလုပ်သမျှ တလွဲချည်းပဲ။ တလောဆီကများ ဆရာမြင်စေ့ချင်တယ်။ ဗီရိုဘေးထောင် ခြောက်တစ် တစ်ချပ်ကို ရွှေဘော်ထိုးနေလိုက်တာ ရွှေဘော်စာလည်း မထွက်ပါလားလို့ သူ့ရွှေဘော်

http://www.cherrythitsar.org



ကို ယူကြည့်လိုက်တော့ ရွှေဘော်သွားမှ မတပ်ဘဲကိုး....”

ထောင်မှူးမောင်မောင်ပါ ပြုံးလိုက်မိသည်။

“ဒါနဲ့ အဖြတ်အတောက်များ ရမလားလို့ လှုအပ်ကြည့်တော့လည်း ခြစ်ပြ ထားတာက တစ်နေရာ၊ သူဖြတ်ထားတာက တစ်နေရာ။ ဆောက်ကိုင်ခိုင်းဖို့တော့ ဝေလာဝေးပေါ့။ လက်သမားရုံရောက်နေတာလည်း ကြာလှပြီ။ သူ့နောက်မှ ရောက်တဲ့ သူတွေတောင် ဆိုင်းခွဲထောင်နေကြပြီ”

“အေး.... အဲဒီလို ထူးခြားတာကလေးတွေ ရှိလို့ ခင်ဗျားကို အမေးခိုင်းရတာ ပေါ့ဗျ။ အကြမ်းဖျဉ်းလောက်သိရရင် တော်ပါပြီ။ ကျန်တာ ကျွန်တော့်ဘာသာ ဆက်မေး ပါ့မယ်။ မောင်တွတ်ရေ.... ဗီရိုထဲက ကြယ်နီဆေးပေါ့လိပ် ငါးဆယ်စီးတစ်စီး ကိုဘဖေ ကို ပေးလိုက်ပါကွာ”

“သူက ကွမ်းကြိုက်တာ ဆရာရဲ့၊ ကွမ်းမရရင် ဆေးရွက်ကြီး ရှာငုံတာပဲ။ သူ့မှာ ထောင်ဝင်စာကလည်း လာမယ့်သူ မရှိတော့ ဒီလိုပဲ ဝက်သားဟင်း ပုံစံလေး ရောင်းလိုက်၊ အနင်းအနှိပ် ကြိုက်တဲ့သူကို နင်းနှိပ်ပေးလိုက်နဲ့ ကြံဖန်ပြီး ဆေးရွက်ကြီး ငုံနေရရှာတာ”

“အဲဒီ ဆေးပေါ့လိပ်ကလည်း ဆေးရွက်ကြီးတို့ ကွမ်းတို့ ဖြစ်ပါတယ်ဗျာ။ ဦးဖဲသာ ဘုရားဈေးမှာ ဘာယူမလဲ ကြိုက်တာသာပြော....”

မှန်၏။ ထောင်ထဲမှာတော့ ဆေးပေါ့လိပ် ဆိုသည်မှာလည်း ပေါ့သေးသေး မဟုတ်။ ပြင်ပလောကရှိ အက်ဖ်အီးလောက်နီးနီး ခရီးရောက်၏။ ဦးဖဲသာ ဘုရားဈေးက လည်း ယခုခေတ် လေဟာပြင်ဈေးနှင့် နင်လားငါလား။ လိုတာ အစုံရသည်။ ကွမ်းယာ အချိုယူမလား၊ ကုလားပဲကြမ်းကြော်ယူမလား၊ ထန်းလျက်၊ ပဲကြီးလှော်၊ သကြားလုံး၊ ချိုချဉ် အစုံရှိသည်။ ဘီကလပ်မှ ပို၍ ပြန်ရောင်းသည့် ပေါင်မုန့်ထောပတ်သုတ်၊ ယိုသုတ် လည်း ရနိုင်သည်။ အသားနေ့ဆိုလျှင် ကုလားဖိုမှ ပြန်ရောင်းသည့် ကြက်သားဟင်းနှင့် ပလာတာ ဝယ်စားဦးမလား။ ဆေးပေါ့လိပ်နှင့် တန်ဖိုးဖြတ်၍ သူ့ဈေးနှင့်သူ။

သို့နှင့်ပင် ဆေးလိပ်ငါးဆယ် အရင်းပြု၍ ကိုဘဖေပြန်ပြောသမျှ နားထောင် ပြီး ဦးဒီပဇာတ်ကြောင်း ပုံကြမ်းလောင်းနိုင်ခဲ့သည်။ နောက်ထပ် ဆေးရွက်ကြီးငါးဆယ် သားလောက် ဝယ်ထားပြီး တစ်ပတ်တစ်ကြိမ် နှစ်ကြိမ်ဆိုသလို အနှိပ်ခံရင်း စပ်စုလိုက် သောအခါ ဆေးရောင်စုံဖြင့် စုတ်ချက်ပီပီ ခြယ်မှုန်းထားသော ပန်းချီကား တစ်ချပ်သဖွယ် ပီပြင်လာ၏။ ရုပ်လုံးပေါ်လာ၏။ အသက်ဝင်လာ၏။ အရေးကြီးတာက အဲဒီ ပန်းချီ ကားချပ်ကို အနုပညာမျက်စိဖြင့် ဝေဖန်သုံးသပ် ကောက်ချက်ချရန် လိုအပ်သလို၊ ဦးဒီပ ၏ ရင်တွင်းမှ အခြေခံကျသော အဇ္ဈတ္တခံစားမှုဝေဒနာကို မှန်ကန်တိကျစွာ ရှာကြံ ဖော်ထုတ်နိုင်ဖို့ပင် ဖြစ်၏။ သို့မှသာ ဦးဒီပတစ်ယောက် ဘယ်လိုလုပ်ပြီး ကြောင်တောင် တောင် ဖြစ်သွားသည်ကို ခြေရာကောက်နိုင်ပေမည်။ သို့တည်းမဟုတ် တစ်ဆက်တည်း

http://www.cherrythitsar.org



လိုပင် ကိုယ့်မိန်းမကိုယ် သတ်လာပြီးနောက် ထောင်ထဲရောက်မှ ကြောင်တောင်တောင် ဖြစ်သွားကြသူတွေ အကြောင်းကိုလည်း အစဖော်ပေးနိုင်မည့် ကွင်းဆက်ကလေးများ ရကောင်း ရနိုင်ပေမည်။

"အား.... ကျွတ် ကျွတ် ကျွတ်။ အဲဒီအကြော သိပ်မထောက်နဲ့၊ နာတယ်ဗျ။ ဒါနဲ့ နေပါဦး၊ ခင်ဗျား အားတဲ့အချိန်တွေမှာ ဘာတွေ စဉ်းစားနေတတ်သလဲ"

ထောင်မှူးမောင်မောင်သည် အနှိပ်ခံနေရင်း လက်ပြင်ကြောတစ်ချက် ခပ်ဆတ်ဆတ်ကလေး အဆွဲခံလိုက်ရသဖြင့် စုတ်သပ်လိုက်ရင်း ဦးဒီပဘက် ခေါင်းစောင်း၍ မေးလိုက်ခြင်းဖြစ်၏။

"ကျွန်တော်လား...."

ဦးဒီပသည် ကျွန်တော်လားဟု ဆိုပြီး သူ၏စိတ်တွေ ကယောက်ကယက်ဖြစ်သွားကြောင်းကို နှိပ်လက်စ လက်ကျလက်နက ဖော်ပြလျက်ရှိ၏။ စောစောကလို စည်းချက်မမှန်တော့....။ ခပ်ဖွဖွတစ်ချက်၊ ခပ်ဖိဖိတစ်ချက်၊ ကပေါက်တိကပေါက်ချာ ဖြစ်နေပေပြီ။

"အေးလေ.... ခင်ဗျားစိတ်ထဲမှာ ဘာတွေစဉ်းစားနေတယ် ဆိုတာကို အမှန်အတိုင်း သိချင်လို့ ကျွန်တော်မေးတာပေါ့"

"ကျွန်တော်စဉ်းစားတာကတော့ စုံနေတာပဲ ဆရာရေ၊ ဟိုရောက်လိုက် ဒီရောက်လိုက်ပဲ"

"ဟုတ်ပြီ... အဲဒီ ဟိုရောက်ဒီရောက်ကိုပဲ ကျွန်တော်ကသိချင်နေတာ"

ဦးဒီပ ငြိမ်ကျသွားပြန်သည်။ နောက်ကျောရိုးတစ်လျှောက်ကို လက်ဖနောင့်နှင့် ထောက်နေရာမှ ဘာပြန်ပြောရပါ့မလဲဟု အကြံယူနေဟန်ရှိသည်။ တစ်ချက်တစ်ချက် အထိနာသွားသော်လည်း ထောင်မှူးမောင်မောင် မလှုပ်ဝံ့။

"ကျွန်တော် အဓိကထားပြီး စဉ်းစားတာကတော့ အခုဖြစ်ခဲ့တဲ့ ကိစ္စမှာ အစပိုင်းက မှားသလား၊ အဆုံးပိုင်းမှာ မှားသလား ဆိုတာပါပဲ"

"အစပိုင်းဆိုတာက...."

"အစပိုင်းဆိုတာက ဆရာရယ်၊ ကျွန်တော် အိမ်ထောင်ပြုလိုက်တဲ့ အချိန်လို့ ဆိုရမှာပေါ့...."

"သြော်.... သြော်...."

ဒီတစ်ခါ ငြိမ်ကျသွားသူက ထောင်မှူးမောင်မောင်ဖြစ်၏။ ဒီလိုပဲ ဖြစ်ရမှာပေါ့။ ဘယ့်နှယ် လူတစ်ယောက်လုံး တငေးငေးတငူငူနှင့် ကြောင်တောင်တောင် ဖြစ်လောက်အောင် ခိုင်လုံသောအကြောင်းအချက်ဆိုတာ ရှိကိုရှိရမည် ဖြစ်၏။ ယင်းအချက်ပေါ်တွင် အခြေခံ၍ တနုံ့နုံ့ တွေးနေ ငေးနေတာ မှန်လျှင်တော့ ဦးဒီပကို ဘာမျှ အပြစ်ဆိုစရာ အကြောင်းမရှိ။ လူ၏ စိတ်အလျဉ်ဆိုသည်မှာ ထန်းလျက်ကို ညှောင်စေးကျအောင် ကျို

http://www.cherrythitsar.org



လိုက်သောအခါ တစ်နွယ်ငင် တစ်မျှင်တန်းသွားသကဲ့သို့ ဘေးဘီသို့ ဖိတ်စဉ်စရာ အကြောင်း မရှိတော့ပေ။ ပြောချင်တာတွေ ပြောနေကြပါစေ၊ သူကြားချင်မှကြားမည်။ လုပ်ချင်တာတွေလုပ်နေ၊ သူမြင်ချင်မှမြင်မည်။ ဒါကို ကြောင်တောင်တောင် မကလို့ ကြောင်တက်တက် ပြောလျှင်လည်း သူ ဂရုစိုက်လိမ့်မည် မဟုတ်။

ဦးဒီပသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်းဒယမြို့နယ်၊ နောင်မွေရွာဇာတိဖြစ်သည်။ မိဘရိုးရာ တောင်ယာလုပ်ငန်းကို လုပ်ကိုင်ခဲ့၍ အဓိကအားဖြင့် ကြက်သွန်ဖြူနှင့် အာလူး စိုက်ပျိုးသည်။ တစ်ရွာတည်းနေ နန်းရွှေမြနှင့် အိမ်ထောင်ကျပြီး သားကလေး အိုက်ထွန်းတစ်ယောက်သာ မွေးဖွားခဲ့သည်။ ဦးဒီပသည် အသောက်အစား လောင်း ကစားကင်း၍ အလုပ်ကိုသာ ကြိုးစားလုပ်ကိုင်ခဲ့သည့်အလျောက် စီးပွားရေးအားဖြင့် ချောင်ချိပြေလည်လျက် ရှိကြသည်။ သူတို့ဇနီးမောင်နှံ၏ စိတ်ထဲတွင် တစ်ဦးတည်းသော သားကလေး အိုက်ထွန်းကို တခမ်းတနား ရှင်ပြုပေးရန်သာ အာရုံစောလျက် ရှိကြသည်။ အိုက်ထွန်း ခုနစ်နှစ်သားကျော်ကျော် ရှစ်နှစ်အတွင်းသို့အရောက် တစ်လခန့် ကြို၍ ရှင်ပြုရန် ရက်သတ်မှတ်ပြီး သင်္ကန်းတောင်းကျက်ရန် လေသာစံကျောင်း ဆရာတော်ထံ အပ်နှံပြီးပြီ။ အကျွေးအမွေးအတွက်လည်း ကြိုတင်စီမံပြီးပြီ။ သားလေး အိုက်ထွန်းကိုလည်း ကြိုတင်ဆုံးမစကား ပြောထားရသေး

"ငါ့သား ဒီရက်ပိုင်းအတွင်းမှာ သစ်ပင်အမြင့်တွေ ဘာတွေ မတက်နဲ့။ ချောင်းထဲကိုလည်း ရေသွားမချိုးနဲ့။ ကိုက်တတ်တဲ့ ခွေးတွေ နားကိုလည်း မကပ်နဲ့။ ကန်တတ်တဲ့ နွားတို့၊ ကျွဲတို့၊ မြင်းတို့နားလည်း မကပ်နဲ့"

"ဘာပြုလို့လဲ အဘ"

"ရှင်ပြုခါနီး မောင်ရင်လောင်းဆိုတာ ဒီလိုပဲ အသွားအလာ အနေအထိုင် ဆင်ခြင်ရတယ်ကွယ့်"

"မဆင်ခြင်ရင် ဘာဖြစ်တတ်လို့လဲ အဘ"

"မဆင်ခြင်ရင် ကုသိုလ်ကောင်းမှုပြုမှာကို မလိုလားတဲ့နတ်မိစ္ဆာတွေက ပြုစားတတ်လို့ပေါ့။ နတ်မိစ္ဆာဆိုတာ မကောင်းဆိုးဝါးနတ်ကို ပြောတာပေါ့ကွယ်။ မြတ်စွာဘုရား ပွင့်ခါနီးတော့ မာရ်နတ်က ဖျက်လိုဖျက်ဆီး လုပ်သလိုပေါ့"

အိုက်ထွန်းအနေနှင့် ဘယ်လောက်အထိ နားလည်သည်၊ မလည်သည် မသိရသော်လည်း ဦးဒီပက သူတတ်သိသမျှ ရှင်းပြခဲ့သည်။ သို့သော် ဘိုးမသေဘဲ ဘွားသေရသည် ဆိုသကဲ့သို့ အလှူမတိုင်မီ ငါးရက်အလိုတွင် မမျှော်လင့်သော အကုသိုလ် ဂြိုဟ်ဆိုးတစ်ခု ဝင်လာခဲ့သည်။ အလှူတွင် ချက်ပြုတ်ရန်အတွက် တောထဲသို့ ထင်းခုတ်သွားသော အဖွဲ့ကို ဒေါ်နန်းရွှေမြနှင့် အမျိုးသမီးအဖော်နှစ်ဦး ထမင်းလိုက်ပို့ကြရာမှ ဒေါ်နန်းရွှေမြမှာ ပိုးထိခြင်း ခံခဲ့ရသည်။ ထိုစဉ်က ကျေးလက် ဆေးပေးခန်းများလည်း မရှိသေးသဖြင့် ပင်းဒယမြို့သို့ သယ်ယူသွားခဲ့ကြရာ လမ်းမှာပင် အသက်ပျောက်

ခဲ့ရသည်။ ဦးဒီပမှာ အတက်တွင် ဇာတ်ပြတ်သလို ခံလေသမျှ သဲရေကျ ဖြစ်ခဲ့ရ၏။

အသုဘကိစ္စ မြန်မြန်ပြီးမြောက်အောင် ဆောင်ရွက်ပြီး အလှူရက်နေ့တွင် အိုက်ထွန်းကို မပျက်မကွက် ရှင်ပြုပေးခဲ့ရာ၊ 'မိခွေမြရေ.... အမျှ....အမျှ....အမျှ'ဟု ငိုသံပါကြီးနှင့် ရေစက်ချသံကို ကြားရသူအပေါင်းတို့မှာ ရင်မဆို့ဘဲ မနေနိုင်ကြတော့ပေ။

နောက်ပိုင်းတွင် ဦးဒီပအတွက် အလုပ်တစ်ခု ပိုလာခဲ့သည်။ တစ်ဦးတည်းသောသား မိတဆိုးကလေးအိုက်ထွန်းကို စိတ်မချနိုင်သဖြင့် သွားလေရာခေါ်သွားသည်။ အလုပ်သွားလည်း အတူတူ၊ ပင်းဒယသို့ ကုန်သွားရောင်းလျှင်လည်း အတူတူ။ သို့ကလို သွားရင်းလာရင်းက ဦးဒီပသွားနေကျပွဲရုံတွင် တောင်ကြီးမှ သူဌေးကြီး ဦးစိုင်းအောင်ထွန်းနှင့် တွေ့ခဲ့ရခြင်းဖြစ်၏။ ဦးစိုင်းအောင်ထွန်းသည် ဦးဒီပတို့ မိသားစု၏ အဖြစ်သနစ်များကို မေးမြန်းစုံစမ်းပြီးနောက် စိတ်နှလုံးကောင်းရှိသူပီပီ မိမိတို့မှာ သမီးကလေး နှစ်ယောက်သာ မွေးဖွားပြီး သားယောကျ်ားလေး မထွန်းကားခဲ့သဖြင့် ဇနီးဖြစ်သူမှာ သားရူး ရူးနေသူဖြစ်ကြောင်း၊ ဦးဒီပ ခွင့်ပြုမည်ဆိုလျှင် အိုက်ထွန်းကို စာချုပ်စာတမ်းနှင့် မွေးစားလိုကြောင်း၊ ပညာတတ်အောင်လည်း ကျောင်းကောင်းကောင်း ထားပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဦးဒီပ အမက်ဆုံးအချက်မှာ ကျောင်းထားပေးမည်ဆိုသည့် ကိစ္စပင် ဖြစ်၏။ တကယ်တမ်း အိုက်ထွန်းသည် ကျောင်းနေဖို့ ဝေလာဝေး၊ မြန်မာလို သေစာ ရှင်စာလေး တောင်မှ ဘုန်းကြီးကျောင်းမှ အနိုင်နိုင်တက်ခဲ့ရသူ ဖြစ်၏။ သို့ဖြစ်၍ ကိုယ်မချိ အမိသော်လည်း သားတော်ခံဆိုသကဲ့သို့ သားလေးအိုက်ထွန်းကို မခွဲချင်ဘဲနှင့် ခွဲခဲ့ရ၏။ မထည့်ချင်ဘဲ ထည့်ခဲ့ရ၏။ သို့နှင့်ပင် ဦးဒီပသည် မယားကို လွမ်းတာက တစ်မျိုး၊ သားကို သတိရတာက တစ်ဘက်နှင့် အသက် ၃၅ နှစ်ကျော်မှ အရက်သောက်တတ်လာခဲ့သည်။ တစ်နှစ်ခွဲခန့်အကြာ သားဖြစ်သူအိုက်ထွန်း ရွာသို့ပြန်လာရာတွင် တစ်သွေးတစ်မွေး ဖြစ်လာသော သားကိုကြည့်ပြီး ဦးဒီပ ကြည်နူးခဲ့ရသည်။ သားက သတိတရ ဝယ်လာသော ရှမ်းဘောင်းဘီအကောင်းစားတစ်ထည်နှင့် ခေါင်းပေါင်းသည့် တဘက်တစ်ထည်ကို အမြတ်တနိုး ကိုင်တွယ်ရင်း ရွာထဲတွင် ကြွားလို့မဆုံး၊ ပျော်တပြုံးပြုံး မော်လို့မဆုံး။ တစ်ပတ်ခန့်အကြာတွင် အိုက်ထွန်း တောင်ကြီးသို့ ပြန်သွားခဲ့သည်။

နောက်ပိုင်းတွင် သောင်းကျန်းသူများနှိပ်စက်ညှဉ်းပန်းမှုဒဏ်ကြောင့် နောင်မွေ ရွာသူရွာသားအတော်များများ ရွာတွင်မနေရဲကြတော့ဘဲ နီးစပ်ရာမြို့များသို့ ပြေးခဲ့ကြရသည်။ ထိုအထဲတွင် ရှိသမျှငွေကလေးပိုက်ပြီး ပင်းဒယသို့တက်ခဲ့သူ ဦးဒီပလည်းပါ၏။ အစ်မဝမ်းကွဲတစ်ဦး၏အိမ်တွင်နေကာ ဖြစ်သလို လုပ်ကိုင်စားသောက် နေထိုင်ခဲ့သည်။

"အဲဒီမှာ ရှုတီနဲ့ကျွန်တော် စပြီး တွေ့ခဲ့တာပါပဲ။ ရှုတီက ဦးအဝိန် ခေါက်ဆွဲဆိုင်က ဦးအပိန်ရဲ့ ခယ်မပါ။ အပျိုတော့ မဟုတ်ပါဘူး၊ တစ်ခုလပ်ပါ။ အောင်ပန်းက ကားသမားတစ်ယောက်နဲ့ အိမ်ထောင်ကျတယ်လို့ ပြောပါတယ်။ ကျွန်တော့်ထက်တော့

http://www.cherrythitsar.org



ဆယ်နှစ်ကျော်ကျော် ငယ်မှာပေါ့။ ကျွန်တော်ကလည်း ညနေတိုင်းလိုလို ဦးအဝိန်ဆိုင်ကို အရက်သွားသောက်ရင်း တွေ့ခဲ့ကြတာပါ"

အမှန်ကတော့ ဦးဒီပက ကြောင်ခံတွင်းပျက်၊ မရှုတီက ဆက်ရက်တောင်ပံကျိုး၊ ယင်းဆက်ရက်တောင်ပံကျိုးကို ကြောင်ခံတွင်းပျက်ပါးစပ်ထဲ ဖွတ်ခွဲ့ကျွေးသူက ဦးအဝိန် မိန်းမ မကျင်လှ။ ကျွေးပေမပေါ့၊ သူ့ယောကျ်ား ဦးအဝိန်ကြီးက မျက်စောင်းတထိုးထိုး၊ မာန်တဖီဖီ ဖြစ်နေသည့် ကြောင်အလစ်သမားကြီးပေကိုး။

ဦးဒီပသည် မရှုတီနှင့် အကြောင်းပါပြီးနောက် ဦးအဝိန်ဆိုင်မှာပင် အတူလုပ်အတူစားကြရာမှ ဒေါ်ကျင်လှ၏ အကြံပေးချက်အရ မြို့အထွက် ကားလမ်းဘေးတွင် မြေစိုက်အိမ်ကလေးတစ်လုံးဆောက်ကာ ခေါက်ဆွဲဆိုင်ခွဲတစ်ခု ထောင်ခဲ့သည်။ ဦးဒီပ၏အမည်မှာ ရိုးလွန်းသဖြင့် 'ရှုတီ စားတော်ဆက်'ဟု ဆိုင်းဘုတ်တင်လိုက်သည်။ ဒါလည်း ဒေါ်ကျင်လှ၏ အကြံပင်ဖြစ်၏။ ဦးဒီပမှာ မရှုတီက မီးဖိုချောင်မှ ဒိုင်ခံ ချက်ပြုတ်ကြော်လှော်ပေးသမျှ ဆိုင်ရှေ့ချပေးခြင်း၊ သိမ်းဆည်းခြင်း၊ အရက်ပုန်း ရောင်းခြင်း၊ ယင်းအရက်ပုန်းထဲမှ ကိုယ်ကြိုက်သလို သောက်သုံးနေရသဖြင့် အကျေနပ် ကြီးကျေနပ်လျက်ရှိ၏။ နောက်ပိုင်းတွင် ဦးဒီပတို့ ဆိုင်တစ်ဝိုက် ကွက်သစ်ကလေးတစ်ခုသဖွယ် လူစည်ကားလာသဖြင့် လူငှားပင် ထားခဲ့ရသည်။

တစ်နေ့တွင် မမျှော်လင့်ဘဲ အိုက်ထွန်းရောက်လာသည်။ တစ်ယောက်တည်းမဟုတ်၊ သူငယ်ချင်းသုံးယောက်နှင့်အတူ မော်တော်ကားတစ်စီးဖြင့် လာခြင်းဖြစ်၏။ ဒီတစ်ခါ အိုက်ထွန်းကိုကြည့်ရသည်မှာ ဦးဒီပအဖို့ ဘယ်လိုမှ ဝမ်းသာကြည်နူးမှု မဖြစ်နိုင်ခဲ့ပေ။ အကြောင်းသော်ကား ဆံပင်ကလည်း ဖိုးရိုးဖားရားနှင့် ဂုတ်ထောက်၊ ရှိရင်းစွဲမျက်နှာအလှကလေးပင် ဖုံးအုပ်သွားသည်။ အင်္ကျီကလည်း ကြောင်ကြောင်ကျားကျား၊ ဘောင်းဘီရှည်ကြီးကလည်း မြေပြင်တွင် တရွတ်တိုက်ဆွဲလျက်၊ ပါးစောင်မှာလည်း စီးကရက် ခဲထားလိုက်သေးသည်။

ဦးဒီပ ရင်တုန် ပန်းတုန် မေးမိသည်။

"ငါ့သား ဘယ်လိုဖြစ်လာတာတုံး"

"မြို့မှာ ဒီလိုပဲ ဝတ်ရစားရတယ်၊ ဒါမှ ခေတ်မီတာ ဒက်ဒီရ"

"ဒက်ဒီဆိုတာ ဘာလဲကွ"

"ဒက်ဒီဆိုတာ အဖေကိုပြောတာပါဗျာ၊ ခင်ဗျားကြီးနဲ့ စကားပြောရတာ တယ်ဝကျတာပဲ"

"ကဲ.... ရောက်သခိုက် ငါ့ဆီမှာပဲ ထမင်းစားသွားကြ"

အိုက်ထွန်းတို့ လူသိုက်သည် ကားပေါ်မှ ပစ္စည်းတွေချကာ ဂီတာတီးကြ၊ သီချင်းဆိုကြ၊ ဘီယာဘူးတွေ ဖောက်သောက်ကြ၊ အရက်ပြင်းပုလင်းပါ ဖွင့်ရောလိုက်ကြနှင့် ရှုတီစားတော်ဆက်အတွင်း ဖြောင်းဆန်အောင် သောင်းကျန်းသွားကြသည်။

http://www.cherrythitsar.org



ပြန်ခါနီး အရှိန်ကလေးရရနှင့် ရိသွားလိုက်သေး။

"ဒက်ဒီ အမျိုးသမီးက တယ်မိပါလား"

"ဟာ.... တော်တော် မိုက်ရိုင်းတဲ့ကောင်တွေပါလား။ သွားကွာ၊ သွားကြ၊ မြန်မြန်သွားကြ"

နောက်ထပ် နှစ်နှစ်ခန့်အတွင်း တပ်မတော်မှ တိုက်ခိုက်ရှင်းလင်းခဲ့သဖြင့် နောင်မွေရွာတစ်ဝိုက် လုံးဝ အေးချမ်းသာယာခဲ့ပြီဖြစ်၏။ သို့ဖြစ်၍ အချို့ ကိုယ့်ရွာကိုယ် ပြန်ကြသည်။ ဦးဒီပလည်း ပြန်ချင်သဖြင့် မရှုတီကို စကားစကြည့်တော့ မြို့မှာမွေးပြီး မြို့မှာကြီးပြင်းခဲ့သူ မရှုတီက ဘယ်လိုမှ လက်မခံခဲ့ပေ။ ဦးဒီပမှာလည်း နန်းရွှေမြ ခေါင်းချခဲ့သော ရွာကလေး၊ မိမိတစ်သက်လုံး တောင်ယာ လုပ်ကိုင်စားသောက်ခဲ့သော ရွာကလေးကို သံယောဇဉ်မပြတ်ချင်သဖြင့် ရွာသို့ ခေတ္တပြန်ကာ တောင်ယာလုပ်ငန်းများကို အလုပ်သမားများနှင့် စီစဉ်ထားပြီး မြို့နှင့်ရွာ ကူးချည်သန်းချည် လုပ်နေခဲ့ရသည်။ တစ်နေ့တွင် ရွာမှမြို့သို့ ပြန်အရောက် မရှုတီက သိမ်းထားသော သတင်းစာဟောင်း တစ်စောင်ကို ယူပြီး တစ်နေရာကို ထောက်ပြ၍ ဦးဒီပ ဖတ်ကြည့်ရာ အိုက်ထွန်းသည် ရွှေငွေ စုစုပေါင်းတန်ဖိုး တစ်သောင်းနီးပါး ခိုးယူထွက်ပြေးသွားသဖြင့် အမွေစား အမွေခံ သားသမီးအဖြစ် မွေးစားထားခြင်းမှ စွန့်လွှတ်လိုက်ကြောင်း သူဌေးကြီး ဦးစိုင်းအောင် ထွန်း၏ ကြော်ငြာကို တွေ့လိုက်ရသည်။ အင်း.... တစ်နေ့နေ့တော့ ဒီကိန်း ဆိုက်မှာပဲဟု ယခင်တစ်ခေါက်လာကတည်းက ဦးဒီပ တွေးမြင်လိုက်ပြီးသား။ အမှုမလုပ်တာဘဲ တော်လှပြီဟု သူဌေးကြီးကို ကျေးဇူးတင်နေရသေးသည်။

တစ်နှစ်ခန့်ကြာသောအခါ အိုက်ထွန်းတစ်ယောက် ဦးဒီပထံ ပြန်ရောက်လာသည်။ ခြေကုန်လက်ပန်း ကျခဲ့ပြီ။ ပါသမျှလည်း ဖြုန်းပြာခါကျခဲ့ပြီ။ ဘာပဲဖြစ်ဖြစ် ဦးဒီပမှာတော့ ကိုယ့်သားဟာ ကိုယ့်သားပဲပေါ့။ တောင်းဆိုးပလုံးဆိုးသာ ပစ်နိုင်မည်၊ သားဆိုးဖြစ်နေမှန်းသိပါလျက် မပစ်နိုင်။ သို့ဖြစ်၍ နောက်နောင် မမိုက်တော့ဘဲ လိမ်လိမ် မာမာနှင့် မိမိတို့နှင့် ဒိုးတူပေါင်ဖက် လုပ်ကိုင်စားသွားရန် ဆုံးမစကားပြောပြီး လက်ခံ ထားခဲ့ရသည်။

အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိ စကားပုံ ရှိပြီးဖြစ်၏။ သို့သော် တကယ်တမ်း အိုးပိုင်ရှင်နှင့် ကြိုးပိုင်ရှင်တို့၏ စိတ်ထဲတွင်မူ မဖြစ်တန်ပါဘူးဟု လျှော့တွက်ထားလေ့ရှိ၏။ အိုးချင်းထိ၍ ခွပ်ခနဲကွဲမှ၊ ကြိုးချင်းငြိ၍ ပြန်ဖြုတ်မရတော့မှ ဟုတ်ပေသားပဲဟု နောင်တရလေ့ ရှိကြသည်။ ယခုလည်း ထိုနည်းနှင်နှင်ပါပဲ။

ဦးဒီပအနေနှင့် မရှုတီနှင့် အိုက်ထွန်းတို့အပေါ် မသင်္ကာစရာတွေကတော့ အများသား။ မိမိအား အလုပ်ပင်ပန်းသည်ဟုဆိုကာ စောစော အရက်မူးလောက်အောင် တိုက်ပြီး ထမင်းကျွေး၍ စောစောအိပ်စေခြင်း၊ ညဉ့်နက်သန်းခေါင်သန်းလွဲ ဆိုင်ပိတ်ချိန် အထိ သူတို့နှစ်ယောက်တည်း ကျန်ရှိနေတတ်ခြင်း၊ အစားအသောက် ကျွေးမွေးရာတွင်

http://www.cherrythitsar.org



လည်း မိမိထက်ပို၍ တယုတယ ဂရုတစိုက်ကျွေးတတ်ခြင်း၊ အိုက်ထွန်း အကြိုက်ဆုံး အခေါက်ကင်တစ်ပွဲစာအမြည်းကို သပ်သပ်ဖယ်ထား ဖွက်ထားပြီး အရက်သောက်သည့် အချိန်ကျမှ ထုတ်ပေးတတ်ခြင်း စသည်စသည်အားဖြင့်။

သံသယဆိုသည်မှာ အင်မတန်ကြောက်စရာကောင်း၏။ ချိန်ခွင်ခွက် နှစ်ခွက် ထဲတွင် ဟုတ်တာနှင့် မဟုတ်တာကို ဆတူထည့်၊ ချိန်ခွင်ကို မြှောက်ကြည့်ပါ။ သံသယ တည်းဟူသော ချိန်ခွင်လျှာသည် ဘယ်တော့မှ ဘောင်ပိတ်မနေ၊ နတ်ဝင်သည်အလား ဟိုဘက်သည်ဘက် ယိမ်းထိုးနေလိမ့်မည်။စင်စစ် သံသယမီးကိုမွေးသူသည် သူတစ်ပါး ကို မလောင်ကျွမ်းခင် မိမိကို အလျင်ဆုံးအလောင်ခံရပေလိမ့်မည်။ တစ်ညတွင်မူ ဦးဒီပ၏ သံသယချိန်ခွင်လျှာသည် ဟုတ်သည့်ဘက်ကို ဇောက်ထိုးလောက်နီးနီး ကစားသွား ခဲ့၏။ ထိုညက ထုံးစံအတိုင်း စောစောအရက်မူးအောင်သောက်၍ ထမင်းစားပြီး မိမိတို့ လင်မယားအိပ်သည့် အထပ်ခိုးကလေးပေါ်သို့ တက်အိပ်နေခဲ့ရာမှ တစ်ရေးနိုးသလိုလို အိပ်မက်မက်သလိုလို အောက်ထပ်မှ အသံတစ်ပိုင်းတစ်စများကို ကြားနေရ၏။

"ပေးပါဦးဗျ၊ တစ်ပက်လောက်"ဟူသော အိုက်ထွန်း၏ အသံ။

"တော်ပြီကွယ်၊ မင်းကလေး မူးနေပြီ ထမင်းစားတော့" မရှုတီ၏ အသံ။

"မမ ဆွိတီကလဲဗျာ"

"ဘာ မမဆွိတီလဲ၊ သူများနာမည် ရှုတီပါ"

"ဆွိတီဆိုတာ ဘိုလိုခေါ်တာလေ၊ ချိုမြသော အချစ်ကလေး....တဲ့"

"ရှူး....တိုးတိုး၊ အပေါ်က အဘိုးကြီး ကြားသွားဦးမယ်။ ရော့တစ်ပက် ဒါပြီး စားတော့"

ဦးဒီပလည်း ခုတင်ဘေးရှိ တန်းပေါ်တွင် တင်ထားသော အရက်ပုလင်းကို အသာဆွဲပြီး သုံးလေးကျိုက်မော့ကာ အိပ်ပစ်လိုက်ရ၏။

"အဲဒီလိုပဲ ယုန်ထင်ကြောင်ထင်နဲ့ စိတ်မချမ်းမသာ ဖြစ်နေခဲ့ရာက တစ်နေ့မှာ တောင်ယာလုပ်ငန်းနဲ့ ပတ်သက်ပြီး မသွားမဖြစ်လို့ နောင်မွေကို ပြန်လာခဲ့ပါတယ်။ ပင်းဒယကနေပြီး ရွာကို ယောကျ်ားခြေလှမ်းနဲ့ မှန်မှန်လျှောက်သွားရင်း ခြောက်နာရီ လောက်တော့ ကြာပါတယ်။ မနက်စာ စားပြီး နေ့မွန်းတိမ်းသာသာလောက်မှာ ထွက်ခဲ့ တာ ညနေလေးနာရီလောက်မှာ အင်တိုင်းရွာအဝင်ရောက်တော့ တောထဲက ပြန်လာတဲ့ သူငယ်ချင်းတစ်ယောက်နဲ့ တွေ့ပြီး သူတောထဲက ယုန်တစ်ကောင် ရခဲ့တဲ့အကြောင်း၊ အိမ်မှာလည်း ရွှေလီမွှော်တစ်လုံး အဆင်သင့်ရှိတဲ့အကြောင်း ပြောပြီးခေါ်တာနဲ့ သူ့အိမ် ခဏရယ်လို့ ဝင်လိုက်မိပါတယ်"

ယခုလိုအခါမျိုးတွင် ဦးဒီပကို စကားထောက်ပေးဖို့ မလိုတော့ပေ။ ကရားရေ လွှတ် တတွတ်တွတ် အရှိန်ရသွားပြီဖြစ်၏။ ထောင်မှူးမောင်မောင်၏ ကျောပြင်ကို နှိပ်လက်စ လက်ကျ လက်နများလည်း နာရီကိုက် မှန်နေပြီဖြစ်၏။

http://www.cherrythitsar.org



"ညနေခြောက်နာရီခွဲလောက်ကျတော့ ရွှေလိမ္မော် တစ်ပုလင်းလည်းပြောင်၊ ယုန်တစ်ကောင် အမြည်းလည်း ကုန်တာနဲ့ ကျွန်တော် ရှာကို ဆက်ထွက်ခဲ့ပါတယ်။ ဒါပေမယ့် အင်တိုင်းရွာအထွက်ကျတော့ ကျွန်တော့်နားထဲမှာ ဟိုတစ်ညက အိပ်ချင်မူးတူးနဲ့ ကြားခဲ့ရတဲ့ 'မမဆွိတီ'တို့၊ 'အဘိုးကြီး ကြားသွားမယ်'တို့ဆိုတဲ့ အသံတွေကို ကြားယောင်လာပြီး ဘယ်လိုဖြစ်သွားသလဲ မသိပါဘူး။ ကျွန်တော့် ခြေလှမ်းတွေဟာ ပင်းဒယဘက်ကိုပဲ ပြန်လှည့်လာခဲ့မိပါတယ်။ ပင်းဒယဘက် ပြန်ရောက်တော့ ဆယ်နာရီခွဲသာသာ ဆယ့်တစ်နာရီလောက်တော့ ရှိရောပေါ့။ ဆိုင်ရောက်တော့ မီးတွေ အားလုံး ပိတ်ထားကြပြီ။ ဒါနဲ့ ကျွန်တော်လည်း နောက်ဖေးမီးဖိုချောင်ဘက်က ပြတင်း ပေါက်ကို အသာခိုးဖွင့်ပြီး အထဲဝင်လာခဲ့တော့ အပေါ်ထပ်ခိုး ကျွန်တော်တို့ အိပ်ခန်း ထဲက အိုက်ထွန်းနဲ့ ရှုတီတို့ရဲ့ တခိခိ ရယ်သံတွေကို ကြားလိုက်ရတာပါပဲ။ ကျွန်တော် ဘယ်လို ခံစားလိုက်ရမယ်ဆိုတာ ဆရာ စဉ်းစားသာ ကြည့်ပါတော့"

ဦးဒီပသည် တစ်အောင့်လောက်ကြာအောင် ငိုင်နေသေး၏။ ပြီးမှ သတိပြန်ဝင်လာကာ အရက်တစ်ပုလင်းဆွဲပြီး ရေမရောဘဲ တစ်ဝက်လောက် ကုန်သည်အထိ မော့ချလိုက်၏။ ထို့နောက် ပထမ အသားခုတ်သည့်စားကို သွားကိုင်သည်။ တစ်ခါ ဒီဓားနှင့်တော့ ဘာမှ မဖြစ်လောက်ပေဘူးဟု ယူဆကာ ထင်းခွဲသည့်ဓားမကြီးကို ထပ်ယူပြီး ဓားနှစ်လက်ကိုင်၍ အထပ်ခိုးပေါ်တွင် အခြေအနေပျက်နေကြသည့် သားနှင့် မိန်းမတို့ကို မီရာဆွဲခုတ်တော့သည်။ နှစ်ယောက်လုံး ငြိမ်ကျသွားမှ အောက်ထပ် ပြန်ဆင်းလာပြီး ရေနံဆီပုလင်းကိုယူ၍ နံရံတွေ ပက်ဖျန်းကာ မီးတင်ရှို့ပြီး ဆိုင်အပြင်သို့ ပြေးထွက်လာခဲ့ခြင်းဖြစ်၏။

"ကျွန်တော် မြို့ပြင်ရောက်လို့ ပြန်လှည့်ကြည့်လိုက်တော့ မီးတောက်က တော်တော် တောက်နေပြီ။ ဆေးအိမ် တစ်အိမ်အိမ်တောင် ကူးလောက်ပြီ ထင်ပါရဲ့။ အဲဒီကျတော့လည်း ကျွန်တော့်စိတ်ထဲ ဘယ်လို စိတ်ရူးတွေ ပေါ်လာတယ်မသိပါဘူး။ ဆိုင်ဘက်ကို ပြန်ပြေးမိပြန်ရော၊ ဟိုရောက်တော့ လူတွေလည်း အတော် ရောက်နေကြပြီ။ ကျွန်တော်လည်း အထပ်ခိုးပေါ်ကို မီးလုံးတွေကြားထဲက ပြေးတက်သွားခဲ့ပါတယ်။ အထဲမှာတော့ သွေးတွေ အိုင်ထွန်းနေတာပေါ့။ သူတို့နှစ်ယောက်ကို ကြည့်လိုက်တော့ အိုက်ထွန်းက မလှုပ်တော့ဘူး။ ဆွိတီက လူးလွန့်နေတာကိုတွေ့တာနဲ့ပဲ သူ့ကိုထမ်းပြီး မီးတောက်ထဲကပဲ ပြန်ဆင်းလာခဲ့ပါတယ်"

ထောင်မှူးမောင်မောင်မှာလည်း ပြီးခါနီးလေ မြန်မြန်သိချင်လေလေ....။

"ဒါဖြင့် ခင်ဗျားသားက မီးထဲမှာ ကျန်ရစ်ခဲ့တာပေါ့...."

"ဘယ်ကျန်လိမ့်မလဲဆရာ၊ ရပ်ကွက်ထဲက ကြက်ခြေနီ လူငယ်တစ်ယောက်က အသက်စွန့်ပြီး ဝင်ကယ်ခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော့်အထင်နဲ့အမြင် တလွဲစီ ဖြစ်ကုန်တာပေါ့။ ကျွန်တော် သေပြီထင်လို့ ထားခဲ့တဲ့ သားက မသေဘဲ၊ မသေဘူး

http://www.cherrythitsar.org



ထင်လို့ ကယ်ခဲ့တဲ့ မိန်းမက အပြင်ရောက်လို့ တစ်အောင့်အကြာမှာ သေသွားခဲ့တာကို ပေါ့။ ကျွန်တော့် သားဟာ ဆေးရုံမှာ နှစ်ရက်လောက် ခံလိုက်ပါသေးတယ်။ ကျွန်တော့်ကို အမှုပေါ့အောင်ဆိုပြီး သူနဲ့ ရှုတီတို့ သူတစ်ပြန် ကိုယ်တစ်ပြန် ဓားနဲ့ခုတ်ကြလို့ရတဲ့ ဒဏ်ရာတွေပါလို့ ရဲမှာ အစစ်ခံသွားတယ်လေ။ ကြည့်ပါဦး ကျွန်တော် ဘယ်လောက် မိုက်လုံးကြီးသလဲလို့”

“ဒါနဲ့ ခင်ဗျားမိန်းမ သတ်မှုနဲ့ ကြိုးကျခဲ့တာဆို”

“ဟုတ်တယ်လေ.... ရှုတီက မသေခင် အရပ်လူကြီးတွေရှေ့မှာ သူနဲ့ အိုက်ထွန်းတို့ကို ကျွန်တော်က ဓားနဲ့ခုတ်သတ်ပြီး မီးရှို့ခဲ့တာပါလို့ ထွက်သွားတာကိုး၊ ဒါကြောင့် သူ့ကိုသတ်တဲ့အမှုက ကြိုးမိန့်၊ အိုက်ထွန်းက ဆေးရုံရောက်မှ သေတာ ဆိုတော့ လူသေမှုနဲ့ တစ်သက်တစ်ကျွန်း ကျခဲ့ရတာပေါ့”

အင်း.... ဦးဒီပတစ်ယောက် ကြောင်တောင်တောင် ဖြစ်လောက်ပါပေသည်။

■

http://www.cherrythitsar.org

# ၅၃

ကိုယ့်မိန်းမကိုယ်သတ်ပြီး ထောင်ထဲရောက်လာကြကုန်သော 'ဒိန်းဒလိန်းကြောင်'များ အကြောင်းကတော့ ပြောမဆုံးပေါင် တောသုံးတောင်လို့ ဆိုရမည်လား မသိ။ ရေးဖွဲ့လို့ မကုန်နိုင်တယ်။ ကဲ....မယုံချင်နေဟု လောကအလယ် အံ့ဩစဖွယ်ပင် ကောင်းလှပါပေ၏။ သို့သော် သူတို့၏ဇာတ်လမ်းအများစုမှာ တစ်ခါလာလည်း မည်းပြာပုဆိုး ဆိုသကဲ့သို့ ထူးမခြားနားတွေသာ များနေလေတော့ ကျမ်းလေးအံ့စိုး၍ စုံတကာစေ့အောင် မဖော်ပြလိုတော့ပြီ။ အဲဒီအထဲက ဦးဘရှင်တစ်ယောက်၏ ဇာတ်ကြောင်းကလေးမှာမူ မည်းပြာပုဆိုးထဲမှ ဆင်ကွဲတစ်ခုလို ဖြစ်နေသဖြင့် အနောက်တိုင်း ထမင်းစားပွဲတွေ၏ ဒဲဇတ် အစာပိတ် သဘောထားကာ နိဂုံးကမ္ပတ် အဆုံးသတ်လိုက်ချင်ပါသေးသည်။

ဦးဘရှင်မှာ ထောင်မှူးမောင်မောင်တာဝန်ယူရသည့် အလုပ်ဘက်မှ ကော်ပတ်ဘုတ်ကိုင် တစ်ယောက်ဖြစ်၏။ ကော်ပတ်ဘုတ်ကိုင်ဆိုလို့ အထင်မသေးလေနှင့်။ သူလည်း ထောင်ထဲမှာတော့ စားသာသော နေရာတစ်နေရာဖြစ်၏။

ဘဏ္ဍာရေးနှစ် တစ်နှစ် တစ်နှစ် ထုတ်လုပ်ရသည့် လက်သမား လုပ်ငန်းမှ ပရိဘောဂ တန်ဖိုးမှာ နည်းနည်းနောနော မဟုတ်ပေ။ သိန်းချီ၍ ထုတ်လုပ်ရသည်။ ကျောင်းသုံးပရိဘောဂ အများဆုံးဖြစ်သည်။ အစိုးရ ဌာနများ၊ ကျောင်းများမှ ပရိဘောဂ လုပ်ချင်လျှင် ပထမဦးဆုံး အကျဉ်းထောင်ကို မှာရသည်။ အကျဉ်းထောင်မှ လုပ်မပေးနိုင်လျှင် (အင်-အေ-စီ)Non Available Certificate တောင်းရ၏။ ယင်းထောက်ခံချက်ပါမှ ပြင်ပတွင် တင်ဒါခေါ်၍ လုပ်ခွင့်ရှိသည်။ ဒီကြားထဲ ထောင်အရာရှိ ကြီးငယ်

http://www.cherrythitsar.org



များနှင့် မကင်းရာမကင်းကြောင်း အိမ်ထောင် ပရိဘောဂများလည်း ကြားညှပ်လုပ်ပေးရသေးသည်။ အဆိုပါလက်သမားရုံမှ ထွက်သမျှ ပစ္စည်းမှန်သမျှ နောက်ဆုံး ကော်ပတ်ရုံသို့ ပို့ရသည်။ ရုံးသုံးဗီရိုတို့၊ အရာရှိစားပွဲတို့၊ ကုလားထိုင်တို့ဆိုလျှင် ကော်ပတ်စားပြီး ပါလစ်ပါသုတ်ပေးရသည်။ လက်သမားရုံမှ အကျဉ်းသားတွေကလည်း ဆေးလိပ်သေတ္တာကလေးအစ၊ ခေါက်မှန်လေးအစ ဆေးလိပ်ဖိုးရအောင် အကြံအဖန်လုပ်လေ့ရှိကြ၏။ ယင်းပစ္စည်းများကို ကော်ပတ်စားပြီး ပါလစ်သုတ်ဖို့ ကိစ္စကျတော့ ဦးဘရှင်ကို ကပ်ရသည်။ ဆေးလိပ်ပေးရသည်။ အလားတူပင် ထောင်တွင်းမှာထိုးသည့် ကြိုးပုတီးကိုလည်း အပြင်လူများ အလွန်ကြိုက်နှစ်သက်ကြသည်။ ယင်းကြိုးပုတီးကိုလည်း ပါလစ်ဝအောင် စိမ်ထားလေလေ၊ ကြာရှည်ခိုင်ခန့်လေလေ။ ထောင်မှူးမောင်မောင်ကိုင်သည့် ကြိုးပုတီးဆိုလျှင် ဒုလ္လဘရဟန်းသုံးကြိမ်ခံ၍ သိမ်သုံးသိမ် ဝင်ပြီးပြီ။ အနှစ်သုံးဆယ်ကျော်ကျော် ယခုထက်တိုင် ကိုင်နေဆဲဖြစ်၍ အရောင်တဖိတ်ဖိတ်။

ဦးဘရှင်၏ ထူးခြားချက်က စကားတစ်ခွန်းပြောပြီးလျှင် ယင်းပြောပြီးသားစကားကို နှုတ်မှ တိုးတိုးကလေး ရွတ်ဆိုနေတတ်ခြင်း ဖြစ်၏။ ဥပမာ– ထောင်မှူးမောင်မောင်က ခိုင်းစရာရှိ၍ ခေါ်လိုက်သည့်အခါ သူရောက်လာပြီး "ဆရာကြီး ကျွန်တော်ရောက်ပါပြီ"ဟု ပါးစပ်မှ အသံထွက်၍ပြော၏။ ပြီးတော့ အသံမထွက်ဘဲ နှုတ်ခမ်းနှစ်ခုကို တရွရွလှုပ်ပြီး ဆရာကြီး ကျွန်တော် ရောက်ပါပြီဟု ထပ်ပြောတတ်သည်။

ထောင်မှူးမောင်မောင် သူနှင့်တွေ့စက မေးကြည့်ဖူးသည်။

"ခင်ဗျားဟာ ဘယ်လိုဖြစ်တာလဲ ဦးဘရှင်၊ ဘာပြုလို့ စကားပြောပြီးတိုင်း ခင်ဗျား ပါးစပ်က လှုပ်လှုပ်နေရတာလဲ"

"ကျွန်တော်လည်း ဘာဖြစ်မှန်းမသိဘူး ဆရာကြီး၊ မွေးရာပါအကျင့်ပဲ။ ကျွန်တော် လူမှန်းသူမှန်းသိတတ်တဲ့ အချိန်ကစပြီး အဲဒီလိုပဲ ပြောပြီးသား နောက်ဆုံးစကားကို ခပ်တိုးတိုးပြန်ပြန်ရွတ်တတ်တာ အကျင့်လိုဖြစ်နေပြီ"

ပြောရင်းဆိုရင်းက ဦးဘရှင်၏ နှုတ်ခမ်းနှစ်ခုမှာ ရွစိရွစိ။ အင်း.... ဒါလည်း ရောဂါတစ်ခုပဲနဲ့တူပါတယ်။ ဆရာဝန်တွေတော့ သိမှာပဲဟု ထောင်မှူးမောင်မောင် စိတ်ထဲအောက်မေ့လိုက်မိ၏။ နောက်ပိုင်းတွင်မူ သူနှင့် လုပ်ဖော်ကိုင်ဖက် အကျဉ်းသားများက တစ်မျိုး ပြောလာပြန်၏။

"ဦးဘရှင်ကြီးဟာ စိတ်ဖောက်ပြန်နေပြီနဲ့ တူတယ်"

"ဟ.... ဒါသူလုပ်နေကျပဲကွ၊ စကားပြောပြီးတိုင်း ပြောပြီးသားစကားကို ပြန်ပြောတာလေ၊ မွေးရာပါလို့ ပြောတယ်"

"အခုဟာက ဘာစကားမှ မပြောဘဲ ဒီအတိုင်းနေရင်းက တရွရွလှုပ်နေတယ်လို့ ပြောတာပါ"

"ဟင်.... ဟုတ်လား....နေပါဦး၊ ငါခေါ်မေးကြည့်ပါဦးမယ်ကွာ"

http://www.cherrythitsar.org



မကြာမီ ဦးဘရှင် ရောက်လာသည်။ သူရောက်လာကြောင်း သတင်းပို့ပြီးသည်နှင့် ထုံးစံအတိုင်း သူ့နှုတ်ခမ်းနှစ်ခုက တလှုပ်လှုပ် တရွရွ။

"ဦးဘရှင်၊ ခင်ဗျား အလျင်တုန်းက စကားပြောပြီးမှ အဲဒီပြောပြီးသား စကားကို ခပ်တိုးတိုး ပြန်ပြန်ရွတ်တယ် မဟုတ်လား"

"မှန်ပါတယ်"

"အဲဒါ ဘယ်လိုဖြစ်နေတာလဲဗျ"

ဦးဘရှင်သည် မျက်မှောင်ကြီး ကုတ်သွားကာ စိတ်ရှုပ်သောလေသံမျိုးဖြင့်....

"ကျွန်တော်လည်း ဘာပြန်ပြောရမှန်းတောင် မသိတော့ပါဘူး ဆရာကြီးရယ်၊ ခုဟာက ထောင်ထဲရောက်ပြီးမှ ဖြစ်လာတဲ့ ကိစ္စပါ။ ထောင်ထဲရောက်တာတောင် အစက ဘာမှ မဖြစ်သေးပါဘူး၊ ခုတလောမှ ဖြစ်လာတဲ့ ကိစ္စပါ"

"အင်း.... ဘယ်လိုစဖြစ်လာသလဲ၊ ဆိုစမ်းပါဦး"

"ဘယ်လို စဖြစ်တာလဲဆိုတော့ ကျွန်တော့်စိတ်ထဲမှာ တစ်ခုခုကို စိတ်မကူးလိုက်နဲ့ အဲဒီစိတ်ကူးအတိုင်း ပါးစပ်က ထွက်ထွက်သွားတာပါပဲ။ ဒါနဲ့ ဘာမှ စိတ်မကူးဘဲ၊ မတွေးဘဲ ကြိုးစားပြီး နေကြည့်တယ်။ ဒါပေမယ့် မရပါဘူး ခဏပါပဲ။ နောက်တော့ ပြန်တွေးမိပြန်ရော။ စိတ်ကူးမိပြန်ရော၊ အဲဒီကျရင် အတွေးအတိုင်း ပါးစပ်က ယောင်ယောင်ထွက်မိတာပါပဲ။ ဘေးကလူတွေအနေနဲ့ ကြည့်ရင်တော့ ကျွန်တော့်ကို ရူးနေပြီလို့ ထင်ကြမှာပေါ့၊ ပြောကြမှာပေါ့။ အဲဒါ ကျွန်တော့်ကို ကူညီပါဦး၊ ကယ်ပါဦး ဆရာကြီးရယ်၊ ကျွန်တော် ရူးများနေပြီလား။ ဆရာဝန်တစ်ယောက်ယောက်နဲ့ ပြပေးပါဦး...."

ထောင်မှူးမောင်မောင် အတော်လေး စိတ်မကောင်းဖြစ်သွားမိသည်။ စိတ်မကောင်းဖြစ်ရသည်ဆိုခြင်းထက် ကိုယ်ချင်းစာတရား ရင်ဝယ်ထားပြီး ကြေကွဲဝမ်းနည်းရပါသည်ဆိုပါမှ ပို၍ မှန်ကန်လိမ့်မည် ထင်ပါသည်။ ဟုတ်ပေမှာပေါ့။ ထောင်ထဲရောက်နေသည့် အကျဉ်းသားတစ်ဦးအဖို့ ထောင်မှူး၊ ထောင်ပိုင်တို့မှ အားမကိုးလျှင် ဘယ်သူ့သွား၍ အားကိုးရပါမည်နည်း။ ထောင်မှူးမောင်မောင်သည် ဦးဘရှင်ကို ထောင်ဆရာဝန်ထံ ခေါ်သွားပြီး ပြသတိုင်ပင်ကြည့်သည်။ ထောင်ဆရာဝန်က သေချာစွာ စမ်းသပ်စစ်ဆေး မေးမြန်းပြီး အောက်ပါအတိုင်း အကြံပြုလိုက်သည်။

"ကျွန်တော့်စိတ်ထင်တော့ စိတ်ရောဂါ ဒါမှမဟုတ် ဦးနှောက်တို့ အာရုံကြောတို့နဲ့ ဆိုင်လိမ့်မယ်လို့ထင်တယ်။ ခက်တာက မန္တလေးမှာ စိတ်ရောဂါ အထူးကုဆေးရုံလည်း မရှိဘူး။ ဒါပေမယ့် ဦးနှောက်နဲ့ အာရုံကြောဆိုင်ရာ ပါရဂူ ဆရာဝန်ကြီးတစ်ယောက် ရောက်နေတယ်လို့ ကြားတယ်။ သူ့ဆီကို ပထမ ပြကြည့်ရရင် ကောင်းမယ်" (ထိုစဉ်က မန္တလေးတွင် စိတ်ရောဂါ အထူးကုဆေးရုံ မဖွင့်ရသေး။)

ခက်တာက ထောင်ထဲရှိ အချုပ်တရားခံ သို့မဟုတ်၊ ထောင်ကျ အကျဉ်းသား တစ်ဦးကို အပြင်ဆေးရုံသို့ လွယ်လွယ်ကူကူနှင့် ထုတ်၍မရပေ။ အရေးပေါ်ကိစ္စဆိုလျှင်

http://www.cherrythitsar.org



ထောင်ပိုင်က တာဝန်ယူ၍ ပို့နိုင်သည်။ သို့တိုင်အောင် ခရိုင်ရာဇဝတ် တရားသူကြီးထံ အမိန့်တောင်းခံရသေးသည်။ ယခုလို ကိစ္စမျိုးကျတော့ ခရိုင်ရာဇဝတ်တရားသူကြီးထံမှ ခွင့်ပြုမိန့်ကျပြီးမှသာ အပြင်ထုတ်ခွင့်ရှိ၏။ မတတ်နိုင်တော့ပြီ။ သက်ဆိုင်ရာ လမ်းကြောင်း အတိုင်းသာ ခွင့်ပြုမိန့် တောင်းလိုက်ရတော့သည်။ အဆင်ပြေချင်တော့ ဆယ်ရက်ခန့်အကြာမှာပင် ခရိုင်ရာဇဝတ်တရားသူကြီးထံမှ ခွင့်ပြုမိန့်ကျလာ၏။ ဒီလိုကျပြန်တော့ ဦးဘရှင်က တစ်မျိုးလှည့်ပြီး ဈေးဆစ်လာ ပြန်သည်။

"ကျွန်တော် သံခြေကျင်းမပါဘဲ အပြင်ထွက်လို့ မရဖူးလား ဆရာကြီး"

"ဟာ.... ဒါတော့ ကျွန်တော်လည်း ဘာမှမတတ်နိုင်ဘူးဗျာ။ ဥပဒေမှာ အတိအလင်း ဆိုထားတဲ့ကိစ္စပဲ။ ခင်ဗျားလို သန်သန်မာမာ မပြောနဲ့၊ သေခါနီး လူမမာတောင် သံခြေကျင်း ခတ်လိုက်ရတာ ခင်ဗျား အမြင်ပဲလေ"

သို့နှင့်ပင် ဦးဘရှင်သည် အပြင်ပြည်သူ့ဆေးရုံကြီးတွင် တစ်လနီးပါးခန့် ကြာသွားရာ ထောင်မှူးမောင်မောင်ပင် မေ့သလောက်နီးပါးဖြစ်နေ၏။ တစ်နေ့တွင် ဦးဘရှင်သည် အလုပ်ဘက် ရုံးခန်းသို့ ဝမ်းသာအားရ ပေါက်ချလာသည်။

"ဆရာကြီး ကျွန်တော် ဆေးရုံကြီးက ပြန်ဆင်းလာပြီ။ ဆရာကြီးကျေးဇူးကို တစ်သက်လုံး မမေ့ပါဘူး ဆရာကြီးရာ.... "

နောက်ဆုံးစကားလုံးကလေးတွေကို တီးတိုးရေရွတ်နေဆဲ။

"ခင်ဗျားရောဂါ အခြေအနေ ဘယ်လိုလဲ"

"အများကြီး သက်သာပါတယ်"

"ဒါပေမယ့် ခင်ဗျားပါးစပ်က အခုထိ လှုပ်နေတုန်းပါလား"

"အဲဒါကတော့ မွေးရာပါဖြစ်နေလို့ ဘာမှမတတ်နိုင်ဘူးတဲ့။ အခု အလျင်ကလို စိတ်ကူးရုံနဲ့ ပါးစပ်မလှုပ်တော့ဘူးလေ။ ဆေးတွေ ဆက်စားဖို့လည်း စာရေးပေးလိုက်ပါတယ်။ မွေးရာပါလည်း တဖြည်းဖြည်းတော့ ပျောက်ချင် ပျောက်သွားနိုင်ပါသတဲ့"

ဆေးစာရွက်ကို ယူကြည့်ရာ၊ စိတ်ငြိမ်ဆေး၊ အိပ်ဆေးနှင့် အားဆေးများကို တွေ့ရသည်။ တချို့ဆေးတစ်မည် နှစ်မည်ကိုတော့ ထောင်မှူးမောင်မောင်လည်း ဘာမှန်းနားမလည်။ ဦးဘရှင်က ပြောပြောဆိုဆို ထောင်မှူးမောင်မောင်အား ထိုင်၍ ကန်တော့မည်ပြုရာ ထောင်မှူးမောင်မောင်က ကပျာကယာ ဆွဲထူလိုက်ပြီး....

"ဦးဘရှင်၊ ခင်ဗျားက ကျုပ်ထက်အသက်ကြီးတာ၊ မလုပ်ပါနဲ့ဗျာ"

"အသက်ကြီးတာ ငယ်တာနဲ့ မဆိုင်ပါဘူး ဆရာရယ်၊ ကိုယ့်ကျေးဇူးရှင်မို့ ကိုယ်ကန်တော့ပဲ။ ထောင်ထဲမှာဆိုတော့ ကျွန်တော့်မှာလည်း တခြား ကန်တော့စရာ ဘာမှ ရှိတာမဟုတ်ဘူး"

"မလိုပါဘူးဗျာ၊ ကျွန်တော်တို့က တာဝန်ဝတ္တရားအရ ဆောင်ရွက်ပေးရတာပါ။ ခင်ဗျား တတ်နိုင်မယ်ဆိုရင်လည်း တစ်ခုပဲကူညီပါ"

http://www.cherrythitsar.org



"ပြောပါဆရာ၊ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ခင်ဗျားလည်း ကိုယ့်မိန်းမကိုယ်သတ်ပြီး ထောင်ကျလာတယ်နော်"

"ဟုတ်ပါတယ် ဆရာ၊ အမှန်က ကြိုးကျရမယ့် အမှုပါ။ ကျွန်တော့်ရှေ့နေ အလိုက်ကောင်းလို့ရယ်၊ မျက်မြင်သက်သေ မရှိတာကြောင့်ရယ်၊ ကြိုးမကျဘဲ တစ်သက် တစ်ကျွန်း အနှစ်အစိတ်ကျခဲ့တာပါ"

"အေးဗျာ၊ ဖြစ်နိုင်ရင် အဲဒီအကြောင်းကလေးသာ ကျွန်တော့်ကို အမှန်အတိုင်း ပြောပြပေးပါ။ ခင်ဗျာက ပြောပြီးသားစကား ပြန်ပြန်ရွတ်တတ်တော့ ခိုင်းရတာလည်း အားနာပါရဲ့"

"အားမနာပါနဲ့ ဆရာ၊ ပြောပြပါ့မယ်။ တစ်လုံးမကျန် အမှန်အတိုင်း အကုန် ပြောပါ့မယ်။ ဆရာကြီး မေးစရာရှိရင်လည်း မေးပါ၊ ဘာမှ အားမနာပါနဲ့"

ပြီးသည်နှင့် ဦးဘရှင်သည် ဆရာကြီး မေးစရာရှိရင်လည်း မေးပါ။ ဘာမှ အားမနာပါနဲ့ဟု နှုတ်မှ ခပ်တိုးတိုး ရွတ်နေပါတော့သည်။

စင်စစ် ဦးဘရှင်သည် ဘာမျှ အသက်ကြီးသေးသည် မဟုတ်ပေ။ ထောင်မှူး မောင်မောင်ကသာ မိမိထက် အသက်ကြီးသူ တစ်ဦးအနေနှင့် ဦးတပ်၍ ခေါ်နေခြင်းဖြစ်၍ ထိုစဉ်က ဦးဘရှင်၏အသက်မှာ သုံးဆယ့်ငါးထက် ကျော်ဦးမည်မဟုတ်ပေ။ တစ်ခု တော့ ရှိသည်။ ဦးဘရှင်သည် လောကဓံမုန်တိုင်းဒဏ်ကို ဘယ်လောက်များ အလူး အလဲခံခဲ့ရသည်မသိ။ သူ့အသက်နှင့်နှိုင်းစာလျှင် ရုပ်ရည်က ဆယ်နှစ်စာလောက် ပိုမို အိုမင်း ရင့်ရော်နေတာကတော့ အမှန်။

"ဘရှင်ရေ... ခဏလောက်ဟေ့"

ဘရှင်သည် ကြံခင်းတွင် လမိုင်းမျိုးသစ်များ ချပြီး ပြန်အလာ ဆန်ပြာနေရာမှ လှမ်းခေါ်လိုက်သော အရီးဒေါ်ငွေမျှင်၏ အသံကြောင့် တုံ့ခနဲ ရပ်သွားသည်။ ဒေါ်ငွေမျှင် မှာ ဘရှင်၏ ကွယ်လွန်သူမိခင်ကြီး ဒေါ်ငွေရှင်၏ ညီမအရင်းဖြစ်၍ ဘရှင်က အရီးဟု ခေါ်သည်။

"ဘာလဲ အရီး"

"ခဏလောက် အိမ်ဝင်ပါဦးကွယ်၊ ပြောစရာလေးရှိလို့"

ဘရှင် မငြင်းသာတော့ဘဲ အိမ်ထဲသို့ ဝင်လာခဲ့ရသည်။ အမှန်အတိုင်း ဘရှင် သည် အိမ်ထဲကို မဝင်ချင်။ အထူးသဖြင့် ဒေါ်ငွေမျှင်၏ ယောကျ်ားဦးဘထွန်းနှင့် သူ့ သားသမီးတွေကို လုံးဝမတွေ့ချင်။ မတော်တဆလမ်းမှာ တွေ့ကြလျှင်လည်း တစ်ဦးနှင့် တစ်ဦး ခေါ်ပြောကြသည် မဟုတ်။ ဒေါ်ငွေမျှင်သည် ခါးလယ်လောက်သာသာမြင့်သော လေးပင်သုံးခန်းအိမ်၏ ရှေ့ကြမ်းပြင်ပေါ်တွင် ဆန်ကောတစ်ချပ်ဖြင့် ဆန်ပြာလိုက်၊ စပါးလုံးရွေးလိုက် လုပ်နေသည်။ ဘရှင်က ဒေါ်ငွေမျှင်၏ အနီးနေရာလွတ်တွင် ဝင်ထိုင်လိုက်သည်။

http://www.cherrythitsar.org



"ဘာများလဲ အရီး"

"တခြား မဟုတ်ပါဘူး ငါ့တူရယ်၊ သတိပေးစရာကလေး ရှိလို့ပါ"

"ပြောစရာရှိတာ ဘွင်းဘွင်းသာပြောပါ အရီး၊ ကျွန်တော် အရီးကို ခင်ပါတယ်။ ကျွန်တော်ကြည့်မရတာက အရီးယောကျ်ားကြီးနဲ့ အရီးသားသမီးတွေပါ"

"အေးပါ.... အရီးသိပါတယ်၊ အခုလည်း သူတို့ မရှိပါဘူး။ ဒါကြောင့် အေးအေးဆေးဆေး စကားပြောရအောင် မင်းကို ခေါ်တာပေါ့။ ဒီလိုကွယ် ဒီစကားမျိုးက ကိုယ့်တူအရင်း အဒေါ်အရင်းချင်းမို့သာ မပြောမဖြစ်လို့ ပြောရမယ့်စကားကိုး....၊ သူစိမ်းတရံ ဆိုရင်တော့ ယောင်လို့တောင် သွားမဟလေနဲ့၊ ယုံရင်တော်ပါရဲ့ မယုံရင် ကိုယ့်ရှူးကိုယ်ပတ်တတ်တဲ့ စကားမျိုးမဟုတ်လား"

ဒါလောက်ဆိုလျှင် ရိပ်ဖမ်းသံဖမ်းသဘောမျှတော့ ဘရှင်အကဲခတ်လို့ ရပါပြီ။ သို့သော်.... မိမိမကြားချင်သောစကား၊ မသိချင်သောအကြောင်းအရာ မဟုတ် ပါစေနဲ့လို့တော့ ရင်ထဲကျိတ်၍ ဆုတောင်းနေဆဲ။

"ခက်တာက ဒီကိစ္စမျိုးမှာ ဘေးပြောသာမရှိရင် ကာယကံရှင်အနေနဲ့ သိဖို့ အခက်သားကလား။ အေး.... သိတော့သိမယ် အစစအရာရာ အလွန်အကျွံဖြစ်ပြီးမှ သိရတတ်တာမျိုးကလား။ ခုဟာက သူပြောလူပြောနဲ့ နားမဆံ့တော့လို့ မပြောမပြီး မတီးမမည် ဆိုတာလို မင်းကို ဖွင့်ပြောရမှာ"

ဟုတ်ပါပြီ။ သေချာသွားပါပြီ။ ဒါလောက် စကားပလ္လင်ခံနေမှ.... ဝွမ်းဘုံ အကြောင်းမှတစ်ပါး အခြားမရှိ။

"တည့်တည့်သာပြောပါ အရီးရာ၊ ဝွမ်းဘုံအကြောင်း မဟုတ်လား"

"အေး.... အဲဒီအကြောင်းပြောမလို့ပဲ။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ စိတ်လိုက် မာန်ပါတော့ မလုပ်နဲ့ပေါ့ကွယ်"

ဘရှင်သည် သူ့ခေါင်းသူ တဖြည်းဖြည်း ကုတ်လိုက်ရင်း....

"ခက်ပါတယ် အရီးရယ်၊ ဒီကောင်မ သတ်ပစ်မှ အေးမှာပါ"

"အေး.... အဲဒါကြောင့် စိတ်လိုက်မာန်ပါ လက်လွန်ခြေလွန် မလုပ်ဖို့ အရီး ပြောတာပေါ့။ ဒါမျိုးဆိုတာ ခေါင်းအေးအေးထားပြီး ကိုယ့်မိန်းမကိုယ် ဖျောင်းဖျောင်း ဖျဖျ ဆုံးမရမှာပေါ့။ မရတဲ့အဆုံးတော့ သင်းထိုက်နဲ့သင်းကံ သွားပေစေပေါ့။ လောကမှာ မိန်းမတွေ ပေါပါတယ်ကွယ်။ မိန်းမတစ်ယောက်အတွက်နဲ့တော့ ကိုယ့်ဘဝကိုယ် အနစ်မွန်း မခံချင်စမ်းပါနဲ့'

"သွားမယ် အရီးရာ"

"အေး.... အေး....၊ ငါပြောသလို တရားလက်လွတ်တော့ ဘာမှမဖြစ်စေနဲ့နော် ကြားလား ငါ့တူ"

"ဟုတ်.... ဟုတ်ကဲ့ပါ"

http://www.cherrythitsar.org



ဟုတ်ကဲ့ပါဆိုသော်လည်း ကြံခင်းမှ ပြန်လာစဉ်ကလို ခြေလှမ်းမသွက်တော့။ ခေါင်းထဲမှာလည်း နောက်ကျိတွေဝေသွားပေပြီ။ ဆံတစ်ပင်တင်း ချစ်ခြင်းမယားတဲ့။ ဒိန်းဒလိန်းနတ် ဖမ်းစားပြီဆိုမှဖြင့် ရင်ထဲမှာ ဒိန်းတပ်တပ် ဗလောင်ဆူစမြဲပေပေါ့။

ဘရှင်မှာ ပျဉ်းမနားတောင်ဘက် သပြေလှရွာအနောက်ဘက်ကျေးရွာကလေး တစ်ရွာတွင် မွေးဖွားခဲ့သည်။ ဖခင်ဖြစ်သူမှာ မြန်မာမဟုတ်၊ ဦးတောရီးဆိုသူ ကျူလီယာ ကပြားဖြစ်၏။ မိခင်က ဒေါ်ငွေမျှင်၏အစ်မအရင်း ဒေါ်ငွေရှင်။ ဘရှင်မှာ တစ်ဦးတည်းသောသားဖြစ်၍ ဗုဒ္ဓဘာသာပင် ကိုးကွယ်သည်။ ဘရှင်အား ရှင်ပြုပေးပြီးနောက် ကိုယ်ရင်ဝတ် ဘဝနှင့် ရှိနေစဉ်မှာပင် တောရီးသည် ဓားပြများသတ်၍ သေခဲ့ရသည်။ ဘုန်းတော်ကြီးမှာ ဗေဒင်လက္ခဏာကို ဝါသနာပါသူဖြစ်ရာ ဘရှင်၏ဇာတိကို ကြည့်ရှုတွက်ချက်ပြီး၊ ဥပဇ္ဈာယ်ဒကဒဏ်သင့်ရန် အကြောင်းရှိသည်။ ဘုန်းကြီးဘဝနှင့်သာ ဆက်နေသွားရန် အကြံပေးခဲ့သည်။ သို့သော် ဂျပန်ခေတ်ရောက်၍ မိခင်ကြီး အပြင်းဖျားသောအခါ တစ်ဦးတည်းသောသားအနေနှင့် မနေသာတော့ဘဲ ကိုရင်ဝတ်မှထွက်ကာ မိခင်ကြီးကို ပြုစုရပြန်သည်။ မိခင်ကြီးမှာ အပြင်းဖျားရာက ပျောက်ကင်းသည့်တိုင် အကောင်းပကတိ ပြန်မဖြစ်တော့ဘဲ တရှောင်ရှောင်နှင့် လုံးပါးပါးခဲ့ရာက နောက်ဆုံး လောကကြီးကိုပါ မျက်ကွယ်ပြုသွားခဲ့သည်။ ထိုအချိန်က ဘရှင်မှာ ဆယ့်သုံးလေးနှစ်အရွယ် ဥမမယ်စာမမြောက် မိတဆိုးဖတဆိုးဘဝနှင့် လောကအလယ် ယောင်လည်လည် ကျန်ရစ်ခဲ့သည်။ အဒေါ်ရင်း ဒေါ်ငွေမျှင် ခေါ်ယူမွေးစားထားသော်လည်း ဦးလေးဖြစ်သူက သားသမီးများ၍ မကြည်ဖြူ။ သူ့သားသမီးတွေကလည်း သဘောထားပုပ်ကြသည်။ သို့နှင့်ပင် ဘရှင်သည် ဟိုအိမ်သည်အိမ် နွားကျောင်း၊ ဘဲကျောင်း။ သူရင်းငှားဝင်လုပ် စသည်အားဖြင့် အလျဉ်းသင့်သလို ကိုယ့်ဝမ်းကိုယ် ရှာကြံကျောင်းနေခဲ့ရာက အင်္ဂလိပ်များ ပြန်ဝင်လာပြီးနောက် ငွမ်းဘုံနှင့် အိမ်ထောင်ကျခဲ့ခြင်းဖြစ်သည်။

"ငွမ်းဘုံ၊ နင် ငါ့ကို တကယ် ချစ်ပါတယ်နော်"

"သြော်.... ကိုဘရှင်ရယ် ခုမှ ဘာသူငယ်ပြန်နေရပြန်တာတုန်း၊ ချစ်လို့ ယူထားတာပေါ့"

"မဟုတ်သေးဘူးလေ၊ နင်က ငွမ်းဘုံဆိုတဲ့အတိုင်း ငွမ်းကလေးလိုဖြူပြီး နုနေတာ မဟုတ်လား။ ငါက နက်ကြုတ်နေတာ။ ဒီကြားထဲ ကုလားက စပ်လိုက်သေး။ နင်နဲ့ ငါတွဲသွားကြရင် ကျီးကန်းက ဘဲဥချီလာတယ်လို့ ပြောကြတာဟဲ့"

"ဘယ်သူတွေ ဘာပဲပြောပြောပေါ့တော်၊ တော်နဲ့ကျုပ် တစ်ယောက်နဲ့ တစ်ယောက် ချစ်နေကြရင် ပြီးတာပဲမဟုတ်လား။ ဘာလဲ တော်က ကျုပ်ကို မယုံဘူး ပေါ့လေ"

ဘရှင်က လူရိုးဆိုတော့ အမှန်အတိုင်းပင် ပြောမိသည်။

"မယုံဘူးတော့ မဟုတ်ဘူးပေါ့ဟယ်၊ ဒါပေမယ့် တစ်နေ့မှာ နင် ငါ့ကို သစ္စာ

http://www.cherrythitsar.org



ဖောက်သွားမှာကိုတော့ ကြောက်တယ်”

“ကိုင်း လာ၊ ဘုရားရှေ့မှာ သစ္စာဆိုကြမယ်”

ဘုရားရှေ့ ရောက်သောအခါ ဘရှင်က မတိုင်တတ်ဘူးဆိုသဖြင့် ငွမ်းဘုံက ပင် တိုင်ပေးခဲ့ရသည်။ တစ်ယောက်အပေါ် တစ်ယောက် သစ္စာဖောက်ပါက ကုန်းသွား ကုန်းဘေး၊ ရေသွား ရေဘေး ဘေးအပေါင်းနှင့် တွေ့ရပါစေသားဟု သစ္စာဆိုကာ ညောင်ရေအိုးမှ သစ္စာရေသောက်ခဲ့ကြသည်။ ထိုမျှသာမက ငွမ်းဘုံက အဆစ်ပါ ထည့် လိုက်သေး၏။

“သစ္စာဆိုနေတာက ဘယ်တော့မှ စူးမှန်း မသိဘူး။ ဝေးပါသေးတယ်တော်၊ ကျုပ်သာ သစ္စာဖောက်လို့ကတော့ တော့်လက်နဲ့သာ ကျုပ်ကို သတ်ပစ်လိုက် လည် စင်း ခံမယ်”

ဘရှင် ကျေနပ်သွားကာ အားကျမခံ ပြန်၍ပြောခဲ့မိ၏။

“အေး.... ငါ သစ္စာဖောက်ရင်လည်း နင် ငါ့ကိုသတ်၊ ဒါမှမဟုတ် ငါ့ကိုယ်ငါ သတ်မယ်”

ဘရှင်သည် ငွမ်းဘုံနှင့်ညားစက သစ္စာဆိုခဲ့ဖူးသည်များကို ပြန်လည်ကြား ယောင်နေမိသည်။ ယခုတော့ ချစ်လှစွာသော ဇနီးသည် ငွမ်းဘုံ တကယ်ပဲ သစ္စာဖောက် လေပြီလား။

“အမေ့....”

ဘရှင်သည် အတွေးတွေအူပေါက်ကာ လျှောက်လာခဲ့ရာက အိမ်အဝင်ဝရှိ ငုတ်တိုတစ်ခုနှင့် တိုက်မိရာက ယောင်ယမ်းအော်လိုက်မိခြင်းဖြစ်၏။ အိမ်ရှေ့မှာတော့ ငွမ်းဘုံကို မတွေ့ရ။ အထဲမှာပင် ရှိလေမလား။

“ငွမ်းဘုံရေ....”

“တော်.... ကိုဘရှင် ပြန်လာပြီလား။ ကျုပ်ဗိုက်ထဲက လေထိုးလွန်းလို့ ထမင်း အိုးတောင် မတည်ရသေးဘူး။ အတော်ပဲ ထမင်းအိုးကလေးတစ်လုံး ဆန်ဆေးပြီး တည်ထားလိုက်ပါလား။ ဟင်းတော့ မနက်က ခရမ်းချဉ်သီးတွေ ရှိသေးသားပဲ”

ဘရှင် အိမ်ခန်းထဲဝင်သွားသောအခါ ငွမ်းဘုံသည် ဝမ်းဗိုက်အောက်တွင် စောင်တစ်ထည်ခု၍ မှောက်အိပ်နေသည်ကို တွေ့လိုက်ရ၏။ အစကတော့ အရီး ဒေါ်ငွေမျှင်ထံမှ ကြားခဲ့ရသမျှကို မေးမြန်းပြီး အနေအထိုင်ဆင်ခြင်ရန် ဆုံးမဖို့ စိတ်ကူး ခဲ့ပြီးသား သို့သော် ဇနီးသည် နေမကောင်းဖြစ်နေသည်ကို မြင်ရပြန်တော့လည်း အစရ ခက်နေသည်။

“ငွမ်းဘုံ....”

“တော်....”

“အေးလေ.... နင်နေမကောင်းရင်လည်း ငါပဲ တည်လိုက်ပါ့မယ်”

http://www.cherrythitsar.org



ဒါပဲပြောပြီး ဘရှင်ပြန်ထွက်လာခဲ့သည်။ စောစောက မောင်းတင်လာခဲ့သမျှ ဘယ်ရောက်ကုန်သည် မသိရတော့ဘူး။ တကယ်တော့ ဘရှင်သည် ဥမ်းဘုံကို အသက်လောက် ချစ်မြတ်နိုးသူဖြစ်၏။ ချစ်လွန်းလို့လည်း နေရာတကာတွင် အလိုလိုက်၏။ ဘရှင်သာ အိမ်မှာ ရှိနေလို့ကတော့ ဥမ်းဘုံ ဘာအလုပ်မျှ ပင်ပင်ပန်းပန်း မလုပ်ရ။ ဘရှင်ကသာ အပြောရလွတ် ဒိုင်ခံလုပ်သွားမြဲဖြစ်သည်။ သို့ဖြစ်၍ ဘရှင်သည် ဥမ်းဘုံကို မေးရင်းမေးရင်းက အချစ်ကြီးပြီး အမျက်ကြီးသွားမှာ စိုးရိမ်ပူပန်နေခြင်းပင်။ တစ်ညတွင် ဘရှင်သည် ရွာမြောက်ဘက်တွင် အဖော်တစ်ယောက်နှင့်အတူ ကင်းကျလျက် ရှိသည်။ ည ၁၀နာရီခန့်တွင် အသက်ဆယ်နှစ်ခန့်ရှိ ကလေးငယ်တစ်ယောက်က ဘရှင်ရှိရာသို့ အပြေးအလွှားရောက်လာသည်။ ထိုကလေးမှာ ဘရှင်တို့အိမ်နီးချင်း ဦးစံဘ၏သားငယ် မောင်လူအေးဖြစ်သည်။ မောင်လူအေးသည် အသက်ပင် မှန်မှန်မရှူနိုင်ဘဲ....

"ဦးလေး.... ဦးလေး"

"ဟေ.... ဘာလဲ၊ မောင်လူအေး"

"ဦးလေးပြောတာ ကျွန်တော်တွေ့ထားပြီဗျ"

ဘရှင်က အတူကင်းကျသူ သာမောင်ကို အိပ်နေရာမှ အသာနှိုးလိုက်သည်။

"သာမောင်ရေ၊ ငါ အိမ်ခဏပြန်လိုက်ဦးမယ်ကွာ။ ငါ့အိမ်က ဘဲတွေ ပျောက်ပျောက်နေတာ ဘဲသူခိုးတွေ့ထားပြီ။ ငါသွားဖမ်းချင်လို့၊ သူကြီးလာရင် ကြည့်ပြောလိုက်ပါကွာ"

ဘရှင်နှင့် မောင်လူအေးတို့သည် ရွာမြောက်ဘက်ပေါက်မှ ရွာတောင်ဖျားရှိ ဘရှင်တို့အိမ်ဘက်ဆီသို့ ခပ်သွက်သွက် လျှောက်လာခဲ့ကြသည်။ လမ်းရောက်၍ လူသူရှင်းမှ ဘရှင်က မောင်လူအေးကို ချော့မော့မေးကြည့်ရသည်။

"ဘယ့်နှယ့်လဲ မောင်လူအေး၊ ဦးလေးပြောထားတာ မြင်လို့လား"

"မဟုတ်ဘူး၊ ဦးလေးမိန်းမက ခြံစည်းရိုးအပေါက်က အပြင်ကို ထွက်သွားတာ"

"အပြင်မှာ ဘယ်သူရှိသလဲ"

သို့နှင့်ပင် ဘရှင်တို့ အိမ်အနီးသို့ ရောက်လာကြသည်။

"ဘယ်မလဲဗျ၊ ဦးလေး ကျွန်တော့်ကို ပေးမယ်ဆိုတာ"

"အေး....အေး....ရော့"

ဘရှင်က အင်္ကျီအိတ်အတွင်းမှ ပိုက်ဆံတစ်မတ် ထုတ်၍ပေးလိုက်ရသည်။ ဘရှင်သည် မောင်လူအေးအား မုန့်ဖိုးပေးမည်ဟုဆိုကာ မိမိမရှိခိုက် အိမ်ကို အရိပ် အခြည် စောင့်ကြည့်ရန်နှင့် လူအဝင်ရှိလျှင်ဖြစ်စေ၊ ဇနီးဖြစ်သူ ဥမ်းဘုံ အပြင်ထွက် သည်ကို မြင်လျှင်ဖြစ်စေ မိမိအား လိုက်ခေါ်ရန် မှာကြားထားခဲ့ခြင်းဖြစ်၏။ ဘရှင် အိမ်ထဲဝင်သွားတော့ ဥမ်းဘုံကို မတွေ့ရ။ သို့ဖြစ်၍ ဘုရားစင်အောက် ထရံတွင်

http://www.cherrythitsar.org



ထိုးထားသော ငှက်ကြီးတောင်ဓားကို ဆွဲထုတ်ခါ အပြင်သို့ ထွက်ခဲ့သည်။ ထိုအချိန်တွင် ဦးစံဘနှင့် သားအကြီးဖြစ်သူ သက်တင်တို့ကလည်း မောင်လူအေးကို အကျိုး အကြောင်း မေးမြန်းထား၍ ဘရှင်တို့အိမ်ဘက်ဆီသို့ တစ်စေ့တစ်စောင်း အကဲ ခတ်လျက် ရှိကြ၏။ ဘရှင် ခြံအပြင်သို့ ရောက်သည်ဆိုလျှင်ပင် ငွမ်းဘုံ၏ 'အမယ်လေး ကယ်ကြပါဦးတော့' ဟူသော ငယ်သံပါအောင် အော်လိုက်သံနှင့်အတူ 'ကမြင်းမ သေပေ တော့'ဟူသော ဘရှင်၏အသံတို့ကို ဆက်တိုက်ကြားလိုက်ရသဖြင့် ဦးစံဘတို့ သားအဖ ပြေးထွက်လာကြသည်။

ကံကောင်းထောက်မသည်ဟုပင် ဆိုရချေမည်။ ဦးစံဘတို့ အချိန်မီရောက် သွားကြ၍ ဓားကတဝင့်ဝင့်နှင့် ငွမ်းဘုံကို သတ်မည်တကဲကဲလုပ်နေသော ဘရှင်ကို အချိန်မီ ဝင်ဆွဲလိုက်နိုင်ကြသည်။ ထိုအချိန်မှာ လူတစ်ယောက် အဝတ်အစား ဖိုသီ ဖတ်သီနှင့် ရွာတောင်ပေါက်ဆီသို့ သုတ်ခြေတင်သွားသည်ကို တွေ့လိုက်ကြရ၏။

"ဟဲ့ကောင်မ၊ နင့်ကိုငါ သတင်းကြားလို့ချောင်းနေတာကြာပြီ။ ခုမှ လက်ဆုပ် လက်ကိုင် မိတော့တယ်။ နင်ဘာငြင်းချင်သေးသလဲ"

ငွမ်းဘုံမှာ ဘာမျှပြန်မပြောနိုင်ဘဲ မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ တရှုပ်ရှုပ်ငို နေသည်။ ဦးစံဘ၏ဇနီး ရောက်လာပြီး ငွမ်းဘုံကို ဆွဲခေါ်သွား၏။ ဦးစံဘနှင့် သက်တင် တို့က ဘရှင်ကို အိမ်ပြန်ခေါ်ခဲ့ပြီး တရားပြနေကြသည်။ နောက်ထပ် တစ်ပတ်ခန့် ကြာသွားသည်။ ဘရှင်နှင့် ငွမ်းဘုံတို့မှာ တစ်အိမ်တည်းအတူနေကြလျက် တစ်ယောက် နှင့် တစ်ယောက် စကားမပြောကြ။ သူ့အလုပ် သူလုပ်၊ ကိုယ့်အလုပ် ကိုယ်လုပ်။ တစ်ညနေတွင်မူ ငွမ်းဘုံက စကားစလာသည်။

"ကိုဘရှင်"

"ဘာလဲဟ"

"တော်တို့ ကျုပ်တို့ ပိုက်ဆံအသုံးကျပ်နေတယ်။ အဲဒါ မနက်ဖြန် တောထဲကို ထင်းလည်းခုတ်ရင်း ဖက်လည်းခူးရင်း သွားကြရအောင်လား။ မနက်ကတည်းက ထမင်းချက်သွားကြတာပေါ့။ နေ့လယ်နေ့ခင်း တောထဲမှာပဲ နားနားနေနေ စားကြတာ ပေါ့၊ မကောင်းဖူးလား"

"နင့်သဘောပဲလေ"

ငွမ်းဘုံသည် နောက်တစ်နေ့နံနက် စောစောစီးစီးထ၍ စိတ်လိုလက်ရ ထမင်း ချက်သည်။ အိမ်ရှိသည့် ဒုံးခြောက် လေးငါးမြွှာင်ကို မီးအုံးပြီး ငါးပိချက်တစ်ခွက် ချက်သည်။ တို့စရာကတော့ တောထဲရောက်မှ အလျဉ်းသင့်သလို....။ နံနက် ၆ နာရီ သာသာခန့်ကပင် ဘရှင်တို့လင်မယား လှည်းတစ်စီးဖြင့် အနောက်ရိုးမဘက်ဆီသို့ ထွက်ခဲ့ကြသည်။ တောထဲရောက်တော့ ဘရှင်က ထင်းခုတ်၊ ငွမ်းဘုံက ဖက်ခူးပြီး မွန်းတည့်အချိန်လောက်တွင် ထမင်းစားရန် ပြင်ကြ ဆင်ကြသည်။ ထမင်းမစားမီ

http://www.cherrythitsar.org



ငွမ်းဘုံက ဘရှင်မသိအောင် ယူလာသော ပုလင်းတစ်လုံးကို တောင်းထဲမှ ဆွဲထုတ်လိုက်ရာ ဘရှင်အံ့အားသင့်သွားသည်။

"နင့်ပုလင်းထဲက ဘာတွေလဲဟ"

"အရက်တွေလေ"

"ဘာလုပ်ဖို့လဲ"

"တော် သောက်ဖို့ပေါ့"

"နင်ဘယ်တုန်းက သွားယူလိုက်တာလဲ"

"မနေ့ညကလေ၊ ဒေါ်မြမေဆီ ဆန်ချေးထားတာ သွားတောင်းရင်း ကိုတာတီးတို့ဆိုင်က ဝင်ဝယ်ခဲ့တာ"

"အေး.... နည်းနည်းပင်ပန်းတဲ့အခါတော့ အကောင်းသား။၊ ကဲ၊ အကြမ်းပန်းကန်ထဲ ငှဲ့ဟာ...." ဘရှင်သည် အရက်ကို အမြဲတမ်းသောက်လေ့ရှိသူ မဟုတ်သော်လည်း တစ်ရံတစ်ခါတော့အနည်းအကျဉ်းသောက်တတ်သည်။ ဘရှင် တစ်ခွက်သောက်ပြီးသောအခါ ငွမ်းဘုံကလည်း သူမအတွက် တစ်ခွက်ထပ်ငှဲ့၍ မော့ချလိုက်သည်။

"ဟင်.... နင်ကပါ အရက်တွေ ဘာတွေ သောက်လို့ပါလား"

"တစ်ခါတလေ ဒီလိုပဲ ပျော်ပျော်ပါးပါးပေါ့တော်"

ဘရှင်က သောက်လိုက် ငွမ်းဘုံက သောက်လိုက်နှင့် ထမင်းမစားမီ အရက်တစ်လုံး ကုန်တော့သည်။ ထမင်းစားပြီးသည်နှင့် ငွမ်းဘုံက စကားအဆန်းတွေ တစ်လုံးပြီးတစ်လုံး ပြောတော့သည်။

"ကိုဘရှင်"

"ဟင်...."

"တော် ကျုပ်ကို တကယ်ချစ်တယ်နော်"

"ဟေ....အေး"

"ကျုပ်သိပါတယ်တော်၊ တော်ကျုပ်ကို ဘယ်လောက် ချစ်တယ်ဆိုတာ ကျုပ်ကောင်းကောင်းသိပါတယ်။ ကဲ....ကဲ ဒါဖြင့်၊ တော် ကျုပ်ကို အားရပါးရကြီး ဝအောင် ချစ်ပစ်လိုက်စမ်း"

"ဟဲ့....ငွမ်းဘုံ၊ နင်ဒီနေ့ စကားအဆန်းတွေ ပြောလှချည့်လား"

ပြောမယ့်သာ ပြောရသည်။ ဘရှင်မှာလည်း အတော်လေး မူးနေပြီဖြစ်သည့်အပြင် မိမိအနီးတွင် ကန့်ကရပွတ်သီးပွတ်သပ်လုပ်နေသော ငွမ်းဘုံ၏ ဖောင်ဖွဲ့အာရုံကို မကျော်လွှားနိုင်တော့ဘဲ လူသူကင်းသည့် စုံတောအလယ်တွင် ချစ်ပင်ပျိုး၍ ချစ်မိုးတွေ စွေခဲ့မိကြသည်။ တစ်အောင့်အကြာတွင် ငွမ်းဘုံသည် လဲလျောင်းနေရာမှ လူးလဲထလိုက်ပြီး ထဘီကိုပြင်ဝတ်၍ ဆံပင်ကို ပြင်ထုံးလိုက်သည်။ ပြီးတော့ အနီးတွင် ချထားသော ဘရှင်ထင်းခုတ်သည့် ဓားမကိုယူပြီး ဘရှင်၏လက်ထဲ ထိုးထည့်လိုက်သည်။

http://www.cherrythitsar.org



ဘရှင်မှာ ထိုအချိန်အထိ ဂွမ်းဘုံ၏အပြုအမူတွေကို ဘာတစ်ခုမှ နားမလည်နိုင်သေး။

"ဒီဓားက ဘာလုပ်တာလဲ ဂွမ်းဘုံ"

ဂွမ်းဘုံက ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။

"ဟား....ဟား....ဟား၊ တော်နဲ့ကျုပ်တို့ သစ္စာဆိုထားကြတာတွေ မေ့ကုန်ပြီလား။ ကျုပ်သစ္စာဖောက်ခဲ့မိတယ်လေ။ တော် ကျုပ်ကို သတ်ပစ်ပါ"

ဘရှင်မှာ အခုမှ ရှင်းရှင်းလင်းလင်း နားလည်တော့သည်။

"မဟုတ်သေးပါဘူး ဂွမ်းဘုံရာ၊ ပြီးခဲ့တာတွေလည်း ပြီးခဲ့ပြီဟာပဲ"

ဂွမ်းဘုံက ခေါင်းကိုသာ တွင်တွင်ယမ်းနေသည်။

"ဟင့်အင်း၊ ဟင့်အင်း.... တော်ခွင့်လွှတ်ပေမယ့် ကျုပ်ကိုယ်ကျုပ် ခွင့်မလွှတ်နိုင်ဘူး။ ကျုပ်လည်း တော်ချစ်သလို တော့်ကို အသက်လောက် ချစ်တာပဲ"

"အေးလေ၊ အဲဒီလိုချစ်ရင် နင်နောက်ထပ် မမှားအောင် မဆင်ခြင်နိုင်ဖူးလား"

"ဒီမယ် ကိုဘရှင်၊ ကျုပ်စိတ်ကိုကျုပ် နိုင်တယ်ထားဦး။ ကျုပ်သွေးသားကို ကျုပ်မနိုင်ဘူး။ ဒီတော့ နောက်ထပ်လည်း ဖောက်ပြန်နေဦးမယ့်အတူတူ ကျုပ်လိုကောင်မကို တစ်ခါတည်း သတ်ပစ်လိုက်ရင် မအေးပေဖူးလား"

"ကဲ....ဒါဖြင့် ငါတစ်ခုမေးမယ်၊ နင်မှန်မှန်ဖြေမလား"

"ကြိုက်တာသာမေး၊ ခုနေအခါတော့ ကျုပ်က သေလူလေ။ အမှန်အတိုင်း ပြောမှာပဲ"

"နင်နဲ့ ဟိုညက ဖောက်ပြားကြတာ ဘယ်သူလဲ"

"ကိုအောင်ပွင့်လေ"

ဘရှင်၏ မျက်စိထဲမြင်နေတာက အလျှံတညီးညီး တောက်လောင်နေသည့် မီးတောက်ကြီး။ စီးထားတာက မြင်းဖြူ၊ ဆူပွက်နေတာက ရင်ထဲက ဒေါသပိုးပေါင်း သောင်းခြောက်ထောင်။ အဲဒီတွန်းအားတွေ စုပေါင်းမိသောအခါ ဘရှင်၏ လက်ထဲမှ ဓားမသည် အလိုလိုနေရင်း အပေါ်သို့ မြောက်တက်သွားပြီး ဂွမ်းဘုံ၏ လည်မျိုကို ပိုင်းမိရက်သား ဖြစ်သွားတော့၏။

"တကယ့် မိန်းမဗျာ၊ အမေ့ဆိုပြီး အသက်ထွက်သွားတာတောင် အပြုံးမပျက်ဘူး"

ဦးဘရှင်၏ပါးစပ်မှ နောက်ဆုံးပြောပြီးသားစကားကိုပြန်ရွတ်နေ၏။ထောင်မှူးမောင်မောင်က မမေးမဖြစ် စကားကြွင်းကလေးကို ကပျာကယာ မေးလိုက်ရ၏။

"နေပါဦး၊ အဲဒီ ကိုအောင်ပွင့်ဆိုတာက ဘယ်သူမို့လို့လဲဗျ"

"ဆရာ့ကိုတော့ ကိုယ့်ကျေးဇူးရှင်အရင်းအချာမို့ အမှန်အတိုင်းဖွင့်ပြောရတော့မှာပဲ၊ ကိုအောင်ပွင့်ဆိုတာက ဂွမ်းဘုံရဲ့ အလျှင်ယောကျ်ားကြီးလေ။ သူ့လက်ထဲက ကျွန်တော်နဲ့ ဖောက်ပြန်ပြီး ညားခဲ့ရတာပါ"

http://www.cherrythitsar.org



ထောင်မှူးမောင်မောင်၏ နှုတ်မှ 'သြော်...သြော်'ဟု ပြောမိသည်ထင်၏။ သို့သော် ရင်ထဲကမူ မဃဒေဝလင်္ကာသစ်ထဲမှ စာကလေးတစ်ပိုဒ်ကို ရွတ်ဆိုနေမိလေသည်။

မိန်းမဖျက်က
ပြည်ပျက်တတ်စွာ ဆိုရိုးမှာရှင့်
မေတ္တာမမြဲ၊ သစ္စာလွဲ၍
ဖောက်လွဲရှေ့လွယ်၊ လေသဖွယ်နှင့်
အကယ်မယွင်း၊ အာလွန်မြင်းသို့....။

■

# ၃၄

ကောင်းပြီ၊ ကိုယ့်ရည်းစား၊ ကိုယ့်မိန်းမ ကိုယ်သတ်တဲ့ သူတွေချည်းပဲလား။ ကိုယ့်လင် ကိုယ်သတ်တဲ့ မိန်းမကော မရှိတော့ဖူးတဲ့လား။ ဟာ.... သိပ်ရှိတာပေါ့၊ ဘယ့်နှယ်ပြောပါ လိမ့်။ သူတို့လည်း ခုခေတ်မှသာ သတ်ကြသည်မဟုတ်။ လွန်လေပြီးသော ရှေးအတိတေ ကာလကပင် ကိုယ့်လင်ကိုယ် သတ်ခဲ့တဲ့အကြောင်း ဇာတ်နိပါတ်တော်တွေ ကျမ်းဂန်တွေ မှာ အထင်အရှား ပြဆိုထားခဲ့သည် မဟုတ်ပါလား။

ချစ်ဟောင်းကိုရှဲ၊ ချစ်သစ်လဲ၍၊ သေပွဲသွင်းကာ၊ မိသာမာသို့၊ ကြင်နာကင်းမဲ့၊ ချစ်မင့်ဘူး၊ ကိုးဆယ့်ကိုးဇာတ်၊ လင်ကိုသတ်သား၊ မမြတ်ယုတ်မာ၊ ကျမ်းနှိုက်လာခဲ့၊ (မဃဒေဝ လင်္ကာသစ် သတ်ပုံအတိုင်း)

ကိုယ့်လင် ကိုယ်သတ်တဲ့ မိန်းမဆိုလို့ အကျဉ်းထောင်လုပ်သက် ၃၅ နှစ်ခန့် အရ ထောင်ပိုင်ရင့်မကြီးဖြစ်နေသူ ကိုယ်တိုင် အထူးအဆန်းသဖွယ် ထောင်တွင်းဝင်၍ ကြည့်ခဲ့ရသော အကျဉ်းသူ တစ်ယောက်အကြောင်းကို ပြေး၍ သတိရမိသည်။ ထိုစဉ်က ရန်အောင်မောင်မောင်သည် အောင်မြန်မာပြည်ရှိ (က)အဆင့် အကျဉ်းထောင်ကြီး တစ် ထောင်တွင် ထောင်ပိုင်အဆင့် ၁ အဖြစ် တာဝန်ထမ်းဆောင်နေချိန် ဖြစ်၏။

"ဆရာကြီး၊ ကျွန်တော်တို့ မိန်းမထောင်ကို ဝင်ပြီး လေ့လာချင်ပါတယ်"

"မိန်းမထောင်မှာ 'ထောက်'နဲ့ ပတ်သတ်တဲ့ကိစ္စ ဘာရှိလို့လဲ"

ယင်းကဲ့သို့ ပြန်လည် မေးလိုက်ရခြင်းမှာ အကြောင်းရှိ၏။ ထိုအချိန်က အထက်မြန်မာပြည်ရှိ ဗဟိုအကျဉ်းထောင်ကြီး တစ်ထောင်တွင် ထောင်မှူးသင်တန်း တစ်ခု

http://www.cherrythitsar.org



ဖွင့်လှစ်လျက်ရှိရာ၊ လုပ်သက်ရင့် ထောင်ပိုင်ကြီးများက ဦး/ရေး/ထောက်ဆိုင်ရာ ဘာသာရပ်များကို တာဝန်ခွဲ၍ ပို့ချပေးခဲ့ရသည်။ မိမိတာဝန်ယူရတာက 'ထောက်' ဆိုင်ရာ ဘာသာရပ်ဖြစ်သဖြင့် မိန်းမထောင်ကို လေ့လာချင်သည်ဟု သတင်းပို့လာသူ ထောင်မှူး သင်တန်းသားအား ပြန်၍ မေးလိုက်ရခြင်းဖြစ်သည်။

သင်တန်းသားက ဘာမှ ပြန်မဖြေဘဲ ပြုံး၍သာနေသည်။ အနီးတွင်ရှိနေသော သင်တန်းဆရာ ထောင်မှူးဦးသန်းဌေးက အနီးသို့ကပ်၍ တိုးတိုးပြောလိုက်သည်။

"အမှန်က ဘာမှမဟုတ်ဘူး ဆရာကြီး၊ မိန်းမထောင်က ဟိုအမျိုးသမီးကို ကြည့်ချင်ကြလို့"

"ဘယ်အမျိုးသမီးလဲဗျ"

"ဒရိုင်ဘာနဲ့ ပေါင်းပြီ သူ့လင် သူသတ်တဲ့ အမျိုးသမီးလေ"

"သြော်...သြော်..."

ဒါလောက်ဆို ချက်ချင်းနားလည်လိုက်ပါပြီ။ အဲဒီ အမျိုးသမီးအကြောင်းက လူပြောသူပြော များလှသဖြင့် မိမိလည်း ကြားတန်သလောက် ကြားထားပြီးဖြစ်၏။ ဒရိုင်ဘာနှင့် ယင်းအမျိုးသမီးတို့ လူမှုရေးဖောက်ပြားကာ လင်ကြီးကို ပူးပေါင်းကြံစည်၍ သတ်ကြသည်။ အလောင်းကို ခြံတွင်းတစ်နေရာတွင်မြှုပ်ထားကာ ခင်ပွန်းဖြစ်သူ တော ပစ်သွားရာမှ ပြန်မရောက်လာကြောင်း သတင်းလွှင့်ထားခဲ့၏။ ရဲစခန်းတွင်လည်း ဒီ အတိုင်းပင် အမှုဖွင့်ခဲ့၏။

ထို့ကြောင့် ရေးက.... ပေါရာဏတို့၊ မယားအနား၊ ကျွန်ယောကျ်ားကို၊ မထားအပ်ရာ၊ မိန့်ကြမှာရှင့်.... (မဃဒေဝ)

ဒုစရိုက်မောင်မယ်တို့ လုပ်ထားကိုင်ထားကြပုံကဖြင့် တကယ့်ကို ပိပိရိရိရှိကြ ပါပေသည်။ ကြားရသူ တစ်ဖက်သား လက်ဖျားခါရလောက်အောင် အကွက်ဆင်ထားပုံ ကလည်း သေသေသပ်သပ် ရှိလှပါ၏။ တောပစ်သွားရာတွင် ယူသွားလေ့ရှိသည့် သေနတ်၊ စီးလေ့ရှိသည့် ဖိနပ်နှင့် အခြားအသုံးအဆောင် ပစ္စည်းများကိုလည်း လက်စ လက်န မကျန်ရအောင် ဖျောက်ဖျက်သိုဝှက်ထားပြီးဖြစ်သည်။ သို့သော် ရာဇဝတ် ဆောတို့ မည်သည် ပြေးလွတ်ရိုးထုံးတမ်းစဉ်လာ မရှိခဲ့ပါချေ။ 'ဘုရင်တို့ဘုန်း မိုးသို့ချုန်း၊ လူပုန်းတောမှာ မနေသာ'တဲ့။ ရှေးက စာဆိုရှိပြီးသားပဲ။ ဒုံးပျံခေတ်၊ ဂြိုဟ်တုခေတ်၊ စတားဝါးခေတ်တွင် တိုးတက်နေပါသည်ဆိုသော နိုင်ငံကြီးများ၌ပင် သိပ္ပံနည်းကျ စနစ်တကျကျူးလွန်ခဲ့ကြသည့် ရာဇဝတ်မှုကြီးများမှာလည်း တစ်နေ့မဟုတ် တစ်နေ့မှာ ပေါ်လာစမြဲ။ ဘာမဟုတ်သည့် သဲလွန်စကလေးမှ စတင်ခြေရာခံမိကာ အရိုးတွန်စမြဲ။

ရာဇဝတ်ဆောဆိုသည်မှာ ဖြည်းဖြည်းပြေးလို့လည်း မလွတ်၊ မြန်မြန်ပြေး လည်း မလွတ်၊ ဒုန်းစိုင်းလို့လည်း မလွတ်၊ သဲလွန်စတစ်ခုမဟုတ် တစ်ခုခုကတော့ အမြဲလိုလို ကျကျန်ရစ်တတ်သည်။ ယခုလည်း ဖြစ်ချင်တော့ သဲလွန်စ မကျန်ရစ်ရလေ

http://www.cherrythitsar.org



အောင် ပျော့ကွက်၊ ဟာကွက်၊ ယိုကွက် အားလုံးကို ပိတ်ဆို့တားဆီးထားခဲ့ပြီးခါမှ အရေးအကြီးဆုံး အချက်တစ်ချက်ကိုမူ မျက်စိလျှမ်းသွားခဲ့ကြသည်။ သတိမမူမိချင် တော့ ဂူကို မမြင်မိ၊ ကြိုးစင်ဆိုတာ ဝေလာဝေး။ ယင်းအချက်ကား အခြားမဟုတ်၊ သေဆုံးသူ အမြဲတမ်းသောက်သုံးလေ့ရှိသည့် ဆေးတံနှင့်ဆေးမှုန့်ဘူးပင်တည်း။ ထာဝရ ဆေးလိပ်၊ ဆေးတံ သောက်သုံးသူတို့သည် တခြားပစ္စည်းသာ မေ့ချင်မေ့မည်။ ဘိန်းစား နှင့် ဘိန်းပြောင်းပမာ ကိုယ်အလွန် ကြိုက်နှစ်သက်သည့် အဲဒီပစ္စည်းမျိုးကိုတော့ မမေ့ မလျော့ ပါအောင်ယူသွားတတ်စမြဲ။ မီးခြစ်ကတော့ ထားလိုက်ပါ။ ဘယ်မှာရှာဝယ်ဝယ် စက္ကူမီးခြစ်နှင့်လည်း သုံးလို့ရသည်။ ဒါတောင် ဆေးတံသမားအဖို့တော့ မိမိအသုံးပြု နေကျ ဂက်စ်မီးခြစ်ကလေးပါမှ။

"နေပါဦး၊ ဒီဆေးတံနဲ့ ဆေးမှုန့်ဘူးက ဘာပြုလို့ ကျန်ရစ်ခဲ့တာတုံး။ သူအမြဲ တမ်း သုံးနေကျ မဟုတ်လား"

ဒီမေးခွန်းကို ဒုစရိုက်မယ် အကြောက်ဆုံးဖြစ်၏။ ခင်ပွန်းသည် ပြန်မလာ၍ အပူရုပ် သရုပ်ဆောင်နေသည့် မျက်နှာမှာ အပျက်ကြီး ပျက်သွားခဲ့ရ၏။ မချိလို့ ပေါ်တဲ့ သွား ရယ်သလား မေးချင်မေးကြပေတော့။ သူမကတော့ ခပ်ပေါ့ပေါ့ပင် ဆင်သေကို ဆိတ်ရေဖြင့် ဖုံးဖိရန် ကြိုးစားခဲ့ပါသေးသည်။

"အို.... ဒါတော့ သူ့ဆေးတံတွေက အများကြီးပဲ။ ရှိုးကေ့စ်ထဲမှာ ကြည့်ပါ လား၊ ဆယ့်လေးငါးချောင်းတောင်"

မှန်ပါသည်။ ဆေးတံသမားတို့မည်သည် တတ်နိုင်လျှင် တတ်နိုင်သလို ဝါသနာအလျောက် ဆေးတံများ ဝယ်ယူစုဆောင်းတတ်သည်မှာ ဓမ္မတာပါ။ သို့သော်.... တစ်ချောင်းယူပြီး ကြည့်လိုက်တော့ အသိသာကြီး။ ရက်ပိုင်းအတွင်း အသုံးပြုထားသည့် ဆေးတံ၏အနံ့အသက်၊ ဆေးချေးတက်နေပုံ၊ ဆေးတံရိုးအတွင်းပိုင်းမှအဆီကလေးများ ဝေ့နေပုံက အကွာခြားကြီးပါကလား။ သည်တော့ လူတွေ၏ (အထူးသဖြင့် ရဲတွေ၏) အာရုံသည် သူတို့တစ်တွေနေသည့် ခြံဝင်းကြီးဆီသို့ ပြန်လည်စုရုံး ရောက်ရှိလာ၏။ စောစောပိုင်းကတော့ တောပစ်သွားလျှင် အတူပါသွားတတ်သူများကို လိုက်လံစုံစမ်းရ၊ တောထဲတွင် ရှာဖွေကြရနှင့် တောင်ဘက်သို့ပြေးနေသော ယုန်ကို မြောက်ဘက်အနံ့ လိုက်ရှာနေခဲ့ကြရသည်။ ယခုတော့ တောင်ဘက်သို့ ပြန်လည်တာစူမိကြပြီ။

သူတို့နေတာက ခြံကြီးဝန်းကျယ်နှင့်။ လင်မယားနှစ်ယောက်တည်းလည်း မဟုတ်။ ကွယ်လွန်သူ ပထမဇနီးကြီးက ကျန်ရစ်ခဲ့သည့် သားကြီးသမီးကြီး သုံး ယောက်။ ကြီးပေါင်း ယခုဇနီးနှင့်က သားတစ်ယောက်နှင့် သမီးတစ်ယောက်။ လူကြီး တွေက ဘူးခံနေမှတော့ ဖရုံသီးမည့် ကလေးတွေကိုပင် ချော့၍တစ်မျိုး၊ အစ်၍အောက်၍ တစ်ဖုံ လှည့်ကာပတ်ကာမေးရာမှ အစအန ရလာကြသည်။ လက်စသတ်တော့ သူတို့နှစ်ယောက် လူမှုရေးဖောက်ပြန်နေတာ ကြာလှမှကိုး။ ကလေးအကြီးကြီးတွေက အများကြီးသိ၍

http://www.cherrythitsar.org



ကလေးငယ်တွေက ရိုးတိုးရိပ်တိတ် သိကြသည်။ ကုန်ကုန်ပြောရလျှင် ကလေးတွေအဖေကြီးကိုယ်တိုင်ပင် သားကြီးသမီးကြီးတွေမှတစ်ဆင့် သိတန် သလောက် သိထားပြီးဖြစ်၏။ သိထားလို့လည်း ဇနီးဖြစ်သူကို ပြီးခဲ့တာတွေ ပြီးခဲ့ပါစေတော့။ နောက်ထပ် မမှားကြရန် စောင်းပါးရိပ်ခြည် ဆုံးမစကား ပြောထားပြီးဖြစ်၏။

သို့သော်....။ ဤ သို့သော်ကား သာမန်ကာလျှံကာ သို့သော်မဟုတ်။ ကိုလေ သာမီးဟပ်၍ မျက်စိစုံလုံးကန်းစေသော သို့သော်ဖြစ်၏။ သို့သော် သောက်လေသောက်လေ၊ ငတ်မပြေတည့်၊ ရေငံဆားကျင်း၊ နွားတစ်သင်းလို့ အဆိုရှိသည်မှာ ဝေလာဝေး၊ စက်ရပ်လို့လည်း မရတော့။ စပါယ်ရှယ် ဂီယာကြီးဝင်ကာ ဂျမ်းဖြစ်လေပြီ။ မျက်စိကန်းနေမှတော့ တစ္ဆေလည်း မကြောက်၊ သရဲလည်း မကြောက်နိုင်တော့။ သူတို့ လွှယ်လွှယ်ကလေး စိတ်တွက် တွက်ထားတာက ဒီအဘိုးကြီးကို ကိစ္စတုံးလိုက်လျှင် တစ်တောရှင်းရော။ သည်တောလွန်မြောက်လျှင် သူတို့မျှော်မှန်းထားသည့် သာယာ ချမ်းမြေ့သော ချစ်ခရီးလမ်းကလေး။ အဲဒီလမ်းစ၏ အဆုံးမှာ ကြိုးစင်ကြီးရှိနေတာကို သူတို့ မမြင်နိုင်ကြ။ ပထမဇနီးနှင့်မွေးထားသည့်သမီးအကြီးဆုံးက မိထွေးနှင့် ဘယ်လိုမှ နေလို့မရသဖြင့် ရပ်ဝေးရှိ ဖခင်၏ဆွေမျိုးများထံ ရောက်နေသည်။ ဒီတော့ သမီးကြီးအောက် ၁၄ နှစ်အရွယ်ခန့်ရှိ ရှစ်တန်းကျောင်းသားကလေး၏ စကားကိုပင် အတည်ယူရတော့မလို ဖြစ်နေသည်။

"အဲဒီညက ကြက်သားဟင်းနဲ့ ကျွန်တော်တို့ ထမင်းစားကြတယ်။ ကောင်းလိုက်တဲ့ ကြက်သားဟင်းဗျာ၊ တစ်ခါမှဒါလောက် မကောင်းဖူးဘူး။ အရည်ကလည်း သောက်လို့ ချိုမှချို၊ ကြက်သားဟင်းထဲ ဘာတွေများထည့်ချက်ထားသလဲ မသိပါဘူး။ ထမင်းစားပြီးတာနဲ့ ကျွန်တော်တို့ မောင်နှမတစ်တွေ အားလုံးဒေါင်းကုန်ကြတော့တာပဲ။ အိပ်ရာထဲ အစောကြီး ရောက်သွားကြတယ်"

"အဲဒီတော့ ဘယ်နှစ်နာရီလောက် ရှိပြီလဲ"

"ကျွန်တော့်စိတ်ထင် ခုနစ်နာရီလောက်ပဲ ရှိဦးမယ်ထင်တယ်။ အိပ်ရာထဲ ရောက်လို့ ခေါင်းချလိုက်တာနဲ့ တစ်ခါတည်း အိပ်ပျော်သွားတော့တာပဲ။ တစ်ရေးနိုးတော့ သေးပေါက်ချင်တာနဲ့ ကျွန်တော် ထသေးတယ်"

"အဲဒီတော့ ဘယ်နှစ်နာရီလောက် ရှိပြီလဲ"

"အိပ်ချင်မူးတူးနဲ့ ဆိုတော့ ဘယ်နှစ်နာရီမှန်း မသိပါဘူး"

"အဲဒီတော့ အောက်ထပ်က ဘာသံတွေ ကြားသေးလဲ"

"အောက်ထပ်ကတော့ ဘာသံမှမကြားပါဘူး။ ဒါပေမယ့် အိမ်သာမှန်ပြတင်းက အပြင်ကို လှမ်းကြည့်တော့ အိမ်နောက်ဖေးက စိန်ပန်းပင်ကြီးအောက်မှာ လူရိပ်နှစ်ရိပ်တွေ့ရတယ်'

"ဘယ်သူတွေလဲ"

http://www.cherrythitsar.org



"လူကိုတော့ သဲသဲကွဲကွဲ မမြင်ရဘူး"

"အေး.... ဘယ်သူတွေလို့ ထင်သလဲကွာ...."

"ဦးလေးနဲ့ အန်တီလေးတို့ နေမှာပါ"

"မင်းက ဘာပြုလို့ ဒီလို ပြောနိုင်ရတာလဲ"

"ဒီလိုပဲ သူတို့နှစ်ယောက်ကို ဟိုနားတွေ့ ဒီနားတွေ့တွေ့နေကျပဲ။ ကျွန်တော်တို့အဖို့ ရိုးနေပြီလေ"

သေချာပါပြီ။ သူတို့နှစ်ယောက် လက်ချက်ပဲ ဖြစ်ရမှာပေါ့။

ရဲက သူတို့နှစ်ယောက်ကိုဖမ်း၊ သက်သေလူကြီးများနှင့်အတူ စိန်ပန်းပင်ကြီးတစ်ဝိုက် တူးကြ၊ ဆွကြရင်းက တောပစ်သွားသည်ဆိုသူ အလောင်းကို ပြန်လည်ရရှိခဲ့ကြသည်။ ဆင်ကောင်ကြီး ဖမ်းမိမှတော့ ဆင်ခြေရာခံဖို့ မလိုတော့။ အိမ်နောက်ဖေးခြံစည်းရိုးခြေရင်းတွင် မြေမြှုပ်ဖျောက်ဖျက်ထားသော တောပစ်သေနတ်နှင့် တောစီးဖိနပ်တို့ကိုပါ တူးဖော်ပေးကြရတော့သည်။ ဒရိုင်ဘာ၏ ဖြောင့်ချက်တွင်....

"ဟုတ်ပါတယ်၊ အဲဒီညက ကလေးတွေကို ကြက်သားဟင်းထဲမှာ ဆေးခြောက်ခတ်ပြီး ကျွေးတာပါ။ ဓားမြှောင်ကိုလည်း အစ်မကပဲ အဆင်သင့် ရှာထားတာပါ။ အဘိုးကြီးအိပ်ပျော်နေတုန်း ကျွန်တော့်ကို အထိုးခိုင်းလို့ ကျွန်တော်က နှစ်ချက်ထိုးပါတယ်။ အဘိုးကြီး လန့်နိုးသွားပြီး မလုပ်ဖို့ အတန်တန်တောင်းပန်ပါတယ်။ အစ်မက ပေးစမ်း ဓားမြှောင်၊ ယောကျ်ားမဟုတ်သလိုဘဲဆိုပြီး ကျွန်တော့်ကို အချုပ်ခိုင်းလို့ ချုပ်ပေးထားတုန်း အစ်မက သုံးလေးချက် ဆက်ထိုးမှ အဘိုးကြီး ငြိမ်ကျသွားပါတယ်"

ကြောက်မက်ဖွယ်ရာ ကောင်းလှပါကလား။

'မိန်းမတို့ဓာတ်၊ သည်တိုင်းမှတ်လော့၊ မတ်နှင့်တစ်သွန်၊ ကျွန်နှင့်ကြုံကြိုက်၊ တွေ့ရာကြိုက်၍၊ ကြုံကြိုက်သမျှ၊ မိပါပတို့၊ ကြုံကြမစောင်း၊ မြွေဟောက် ပြန်ကာပေါက်သို့၊ စိတ်ကောက်ဝင်ကာ၊ ပျက်သစ္စာနှင့်၊ မေတ္တာသွေပြောင်း၊ သတ်ခွင့်ချောင်းလျက်၊ သေကြောင်းကိုသာ၊ ကြံတတ်စွာ၏၊ ကိလေသာဟူ၊ မိုက်သွေးဆူက၊ လူသော ခွေးသော၊ ကျေးကျွန်သောဟူ၊ သဘောမထင်၊ မဆင်ခြင်ခဲ့။' (မဃဒေဝသတ်ပုံအတိုင်း)။

ဒါလောက် အကျော်ဇေယျဖြစ်ခဲ့သည့် အမှုကြီးကို ထောင်မှူးသင်တန်းသားများ အနေနှင့် စိတ်ဝင်တစား ရှိသည်မှာ အပြစ်မဆိုသာပါ။ လုပ်ငန်းသဘော သဘာဝ အနေနှင့်လည်း တစ်နည်းမဟုတ်တစ်နည်း ဆက်စပ်နေတာကလည်း အမှန်။သည့် ထက်မှန်ရာကို ဆိုရလျှင် သင်တန်းဆရာကိုယ်တိုင်ကလည်း သူ့တပည့်တွေနှင့် ထူးမခြားနား ထဲကပါ။ သူက လူကြီးဆိုတော့ သိက္ခာဆည်နေရသေးသကိုး။

ခုတော့လည်း.... တပည့်လိမ္မာတော့ ဆရာ အာပတ်လွတ်သွားတာပေါ့လေ။ သို့နှင့်ပင် သက်ဆိုင်ရာ အကျဉ်းထောင် တာဝန်ခံအရာရှိအား သတင်းပို့စေပြီး နောက်တစ်နေ့နံနက် မိန်းမထောင်သို့ ဝင်ကြည့်ဖြစ်သည်။

http://www.cherrythitsar.org



"ကောင်းကောင်းထိုင်ထား"

မိန်းမထောင် အချုပ်တန်းစီး၏အော်သံမှာ တစ်ထောင်လုံး ဟိန်းထွက်သွားသည်။ အသံက ငါးစိမ်းသည်အသံလို စွာတာမဟုတ်၊ မိန်းမကောင်းလျှာပါး ကျယ်လောင်လောင်မဟုတ်၊ ဩဇာတိက္ကမနှင့်ပြည့်ဝသောအသံမျိုးဖြစ်သည်။ ရွှေလည်း ရွှေတတ်ကြပေ့။ကောင်းကောင်းထိုင်ထား ဆိုသည်မှာ ပုံစံထိုင်ကြရန် အော်ဟစ်သတိပေးလိုက်ခြင်းဖြစ်၏။ ထောင်ထဲမှာကတော့ ပုံစံနှင့် ဘယ်နေရာမှ မကင်း။

ထောင်ပုံစံဆိုသည်မှာလည်း ခေတ်တွေစနစ်တွေနှင့်အညီ အမျိုးမျိုးပြောင်းလဲခဲ့ပေပြီ။ ရှေးခေတ်ကတော့ 'ထောင်ဥပဒေ' စာအုပ်ကြီးထဲတွင် ရုပ်ပုံနှင့် အတိအကျဖော်ပြထားသည့်အတိုင်း တစ်မျိုးတည်းဖြစ်၏။ ထိုင်လျှင် ဆောင့်ကြောင့်ထိုင်၊ လက်နှစ်ဖက်ကို ဒူးနှစ်ဖက်ပေါ်တင်ထား၊ ထလျှင် ခြေစုံရပ် ဒူးစေ့ ရှေ့တည့်တည့်ကြည့်၊ လက်နှစ်ဖက်ကို ရှေ့တွင် ဆန့်တန်း၍ လက်ဝဲဘက် လက်ဖမိုးပေါ် ညာဘက်လက်ဝါးက အုပ်ထား။ ဒါက လက်နောက်ပစ်လျှင် လက်နက်ဝှက်ထားမှာ စိုးလို့၊ သွားလျှင် နှစ်ယောက်တစ်တွဲသွား။ ယခုခေတ်မှာ ထူးခြားလာတာက ထိုင်လျှင် တင်ပျဉ်ခွေထိုင်၊ လက်နှစ်ဖက်ကို ဆန့်တန်းပြီး ပေါင်တစ်ဖက် တစ်ချက်စီပေါ်တွင် တင်ထားရ၏။ အမျိုးသမီးများထိုင်လျှင် ဒူးတုပ်၍ထိုင်၊ လက်ပိုက်ထား၊ ကလေးရှိလျှင် ကလေးကို ပေါင်ပေါ်တင်၍ ပွေ့ထား။ မတ်တပ်ရပ်တာနှင့် သွားတာကတော့ ယခင်အတိုင်းပါပဲ။

ပထမအောက်ထပ်သို့ ဝင်ကြည့်ကြရာ အမျိုးသမီးထောင်မှူး သင်တန်းဆရာကြီးနှင့် သင်တန်းသားများကို ရှင်းပြနေသည်။

"ဒီအောက်ထပ်မှာတော့ ခိုးမှုရယ်၊ မှောင်ခိုမှုရယ်၊ ပြည့်တန်ဆာမှုရယ်၊ တစ်ခြား တိုလီထွာလီ အမှုကလေးတွေ ထားပါတယ်။ အပေါ်ထပ်မှာမှ လူသတ်မှုနဲ့ မူးယစ်ဆေးဝါးလို အမှုကြီးတွေကို ထားပါတယ်"

သူမ ဘာကိုဆိုလိုမှန်း ဆရာကြီးကလည်း ချက်ချင်း သဘောပေါက်လိုက်ပါသည်။ ဆရာကြီးတို့ တွေ့ချင်တဲ့ အမျိုးသမီး ဒီအထဲမှာ မပါသေးဘူး ဆိုသည့်သဘော။

"ဟုတ်တာပေါ့လေ။ မူးယစ်ဆေးဝါးမှုကလည်း သေဒဏ်အထိ အပြစ်ပေးနိုင်တဲ့ အမှုမျိုးပဲ။ လူသတ်မှုနဲ့အတူတူ လုံခြုံစိတ်ချရတဲ့ အပေါ်ထပ်မှာ ထားရမှာပေါ့"

တွေ့ပါပြီ။ အပေါ်ထပ်တက်၍ အခန်းထဲ ဝင်လိုက်သည်နှင့် ထင်းခနဲ။ ဒီကြားထဲ သင်တန်းသားဆရာထောင်မှူးက ဟိုဟာပဲဆိုပြီး ပြမည့်ဟန်မျိုး အနီးကပ်လာသဖြင့် မိမိက သိပါတယ်ဆိုသည့်သဘော တံတောင်နှင့်အသာ တွတ်လိုက်ရသေးသည်။ အများစုအလယ်တွင် ကွက်ကွက်ကွင်းကွင်း ထင်းထင်းကြီးသိသာနေခြင်းကတော့ အမျိုးသမီး၏ ဝတ်စားဆင်ယင်မှုနှင့် မှန်နံ့သာခြယ်သထားမှုမှာ အများစုနှင့်မတူ တစ်မူထူးခြား နေခြင်းကြောင့်ပင် ဖြစ်၏။ နဂိုကလည်း ဒီအတိုင်းပင် ပြောသံကြားပြီးသား။

အသက်အားဖြင့် ၃၀ ကျော်ကျော်၊ ၃၅နှစ်အတွင်းလောက် ခန့်မှန်းရသည်။

http://www.cherrythitsar.org



အသားမဖြူမညို ကိုယ်လုံးကိုယ်ပေါက်မှာ သွယ်သွယ်လျလျ၊ ဒူးတုပ်ထိုင်နေသဖြင့် အရပ်အမြင့်ကို အတိအကျမခန့်မှန်းနိုင်သော်လည်း သိပ်မပုတာကတော့ သေချာသည်။ နက်ပြာရောင် ဘူးပါတိတ်ကို အထက်အောက် ဝမ်းဆက် ချုပ်ဝတ်ထားသည်။ အမှုစစ်ဆေးဆဲ အချုပ်ခံဆိုတော့ ကိုယ်ဝတ်ချင်တာ ဝတ်ခွင့်ရှိသည် မဟုတ်လား။ မျက်ခုံးမွေးကိုလည်း အကျဆွဲထား၍ မျက်တောင်တုတပ်ထား မထားတော့ ဂရုမပြုမိ။ မျက်နှာပေါ်မှာ မိတ်ကပ်လိမ်းထားမှန်းတော့ သိသာသည်။ နှုတ်ခမ်းနီကိုလည်း မသိမသာဆိုးထားသည်။ ဒါတွေကိုလည်း အချုပ်တရားခံဆိုတော့ ရုံးထွက်ရုံးပြန် ရှိနေသေး၍ ခွင့်ပြုထားရသည်။ အဖိုးတန် ရွှေငွေလက်ဝတ်လက်စားတော့ လုံးဝဝတ်ဆင်ခွင့် မရှိ။ ပါလာလျှင် စာရင်းနှင့်တကွ ထောင်မှူးကြီးထံ အတိအကျအပ်နှံထားပြီးဖြစ်၏။ နားကပ်မပါလို့လည်း အကြောင်းမဟုတ်လှပါ။ ယခုခေတ်အမျိုးသမီးတွေ နားပေါက်မရှိတာက ခပ်များများရယ်။

ထောင်ကျသွားပြီဆိုလျှင်တော့ ဘယ်သူဘယ်ဝါ့ သမီးကြီးပဲဖြစ်ဖြစ် အပေါ်ဖြူ အောက်ဖြူ။ ဒါတောင် သနပ်ခါးလိမ်းရာတွင်လည်း အချို့က မိတ်ကပ်ကလေး ထည့်ချင်သေးသည်။ ဒါလောက်အထိတော့ လိုက်၍ မချုပ်ချယ်တော့ပါ။ ထောင်ဥပဒေအရ သူတို့ ခေါင်းဖြီးလျှင်သုံးဖို့ အုန်းဆီပင် ထုတ်ပေးရသေးသည်။ ဆံပင်ရှည်ထားသော အကျဉ်းသားရှိလျှင်လည်း အုန်းဆီခွဲတမ်း တစ်ပတ်တစ်ကြိမ်ရသည်။ ယခုခေတ် ဆံပင်အရှည် ထားသည့် အကျဉ်းသားများလည်း မရှိတော့ပါပြီ။

" သူ့မျက်နှာကို သေသေချာချာ ဂရုစိုက်ကြည့်စမ်းပါ။ မျက်နှာကလေးက တစ်ချက်မညိုးဘူး။ ခပ်တင်းတင်းပဲ"

ဤအချက်ကိုတော့ အသေအချာ အလေးထား၍ လေ့လာလိုက်ပါသည်။ အလကားပါ၊ အပေါ်ယံရုပ်ကြည့်လျှင်တော့ ဟုတ်ပေမပေ့ါ။ ထိုအချိန်အခါက အကျဉ်းထောင်လုပ်သက် ၃၂ နှစ်ကျော် ၃၃ နှစ်အတွင်း ဝင်ခဲ့ပြီဖြစ်သော ထောင်ပိုင်ကြီး တစ်ယောက် အဖို့တော့ ဒီလိုမျက်နှာပေးမျိုးက ရိုးနေပါပြီ။ အမှန်က ဘာမှမဟုတ်။ သူ့ကိုယ်သူ ဟန်လုပ်၍ မာန်တင်းထားခြင်းသာဖြစ်သည်။ အတွင်းအဇ္ဈတ္တက တဟုန်းဟုန်းတောက်လောင်နေသော သောကမီးနှင့် အားငယ်စိတ်တို့ကို ရေခဲစိမ်ထားသော ဇာပဝါပါးပါးဖြင့် ဖုံးလွှမ်းထားခြင်းသာဖြစ်၏။

ထောင်မှူးသင်တန်းတွင် မိမိတာဝန်ယူထားရသည့် ဘာသာရပ်ကို သင်ကြားပို့ချ ပြီးစီးသောအခါ မိခင်ထောင်သို့ ပြန်လာခဲ့ရသည်။ ကိုယ့်ထောင်ကိုယ်ပြန်ရောက်သည့်တိုင်အောင် တစ်နှယ်ငင် တစ်စဉ်တန်းလာသည့် စိတ်ကူးစိတ်သန်းကလေးက မပျောက်နိုင်သေးပေ။ ငါ့ထောင်မှာကော ကိုယ့်လင်ကိုယ် ဒါလောက်ရက်ရက်စက်စက် သတ်သည့် မိန်းမမျိုးရှိသလား။ ရှိပါ့ခင်ဗျာ ရှိပါ့။ ဒီနယ်ကမှ ပိုတောင်ကြမ်းသေးသည်။ သက်ငယ်ပျစ်ကလေးအစိတ် အကြွေးသွားတောင်းရာမှ မိန်းမအချင်းချင်းနှစ်တစ်လက်မ

http://www.cherrythitsar.org



ပျဉ်ချောင်းဖြင့် အသေ ရိုက်သတ်ခဲ့သည့် မိန်းမတောင်ရှိသေး။

အကျဉ်းထောင်လုပ်သက် အတွေ့အကြုံအရ မြန်မာပြည်အရပ်ရပ် နယ်ကြမ်းသောနယ်မြေ သုံးနယ်မြေ တွေ့ရသည်။ အဲဒါတွေကတော့ ရွှေဘိုရယ်၊ မြင်းခြံရယ်၊ သာယာဝတီရယ်၊ ထစ်ခနဲရှိလျှင် တုတ်ဆွဲ ဓားဆွဲနှင့် မခံချင်စိတ်က တကယ်ပြင်းထန်တတ်ကြသည်။ တုတ်ကိုတုတ်ချင်း ဓားကိုဓားချင်း ယှဉ်ပြိုင်ရင်ဆိုင်ဖို့လည်း ဝန်မလေး၊ ကြောက်မွေးပါလျှင် ဇာဂနာနှင့် တစ်ပင်ချင်း နှုတ်ပစ်လိုက်မည်။ ဒါလောက် အထိ။

ကိုယ့်ဆွေမျိုးသားချင်းထဲက တစ်ယောက်ယောက် အသတ်ခံရလို့ ရဲကလာစစ်သည့်အခါ ဖော်ပြမည်ထင်သလား၊ ဝေးပါသေး။ မည်သူမည်ဝါ သတ်သွားမှန်း အတပ်သိပါလျက် မသိပါဘူးဟု ပြောင်ငြင်းသည်။ ဘူးခံသည်။ ပြီးတော့မှ အသာ လေး အခွင့်ကောင်းကို ချောင်းနေသည်။ ချောင်းတာမှ ရက်ပိုင်းလည်းမဟုတ်၊ လပိုင်းလည်းမဟုတ်၊ နှစ်ချီ၍ချောင်းသည်။ သည်းခံ၍စောင့်သည်။အဲ.... အခွင့်သာပြီ ဆိုလျှင်တော့ ထွက်ပြေးဖို့ မကြိုးစားလေနှင့်။ ပျံလေတဲ့ငှက်ခါး နင်နားပြီ မဟုတ်လား။ လာခဲ့ ဒီတစ်ခါ မင်းအလှည့်ပဲ။ သူတို့ကို မေးလိုက်လျှင်လည်း ရှင်းရှင်းနှင့် ဘွင်းဘွင်းပင် အမှန်အတိုင်း ဖြေတတ်သည်။

"ဟုတ်တယ်၊ သူ့ကို ကျွန်တော်သတ်တယ်။ လွန်ခဲ့တဲ့ သုံးနှစ်လောက်က သူ့အဖေက ကျွန်တော့် အဖေကို သတ်သွားလို့...."

"ဟ.... မင်းအဖေကို သတ်တာက သူမှ မဟုတ်ဘဲ၊ သူ့အဖေဆို"

"ဟုတ်တယ် သူ့အဖေလေ။ သူ့အဖေမှ မရှိတော့ဘဲ သေသွားပြီကိုး။ ဒီတော့ သူ့ကိုပဲ သတ်ရမှာပေါ့"

ကဲ.... အဲဒါသာ စဉ်းစားကြည့်ပေတော့။ ဘာပဲပြောပြော အငြိုးကြီးငြိုးပြီး ကလဲ့စားချေသည့် သဘောပါနေတာကတော့အမှန်။ ဒါက အများကြီးတော်သေးသည်။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ကျွန်တော့်အဘိုးကို သူ့ဦးလေးက သတ်လို့ အခုသူ့ကို ဘုရားပွဲမှာ အပြီးဖျောင်လိုက်တာ ဆိုတာကပါသေးသည်။ တောဘုရားပွဲတို့ ဘုန်းကြီးပျံတို့ လူစုစုရှိပြီဆိုလျှင် သူတို့အဖို့ လူသတ်ကွင်းကြီး ကျနေသည်။ ဒီတော့ ကြိုးတိုက်ခန်းထဲတွင် ကြိုးသမား ၂၃ယောက်တိတိအထိ လူစည်ကားနေသည်မှာ အဆန်းမဟုတ်တော့ချေ။ ယင်းကြိုးသမား ၂၃ ယောက်အနက် ကြိုးသမားသုံးယောက်တို့၏ အခြေအနေ သိပ်ပြီးမကောင်းလှပေ။ အခြေအနေမကောင်းဟု ဆိုရခြင်းမှာ အယူခံလည်း ရှုံးပြီးပြီ။ စောဒကတက်ရာမှာလည်း အနိုင်မရခဲ့။ နိုင်ငံတော်သမ္မတထံ အသနားခံစာတင်ထားသည်မှာလည်း ကြာလှပြီ။ နိုင်ငံတော်သမ္မတထံမှ အသနားခံစာ ရှုံးသည့်အမိန့်သာ ကျလာလျှင် ကြိုးပေးရတော့မည်ဖြစ်၏။သူတို့သုံးယောက်၏အမှုကလည်း ဆိုးသလား မမေးနှင့်၊ ဆိုးမှဆိုး ပထမ ဓားပြတိုက်သည်။ ဒုတိယ မုဒိမ်းကျင့်သည်။ တတိယ လူသတ်သည်။ ဓားပြ လူသတ် မုဒိမ်းမှုဆိုတော့ ဒီထက် ရက်စက်ကြမ်းကြုတ်သော

http://www.cherrythitsar.org



အမှုမရှိတော့ပြီ။ ကနဦးကတော့ မြို့မှ စပါးရောင်း၍ပြန်လာသော နွားလှည်းကို ဓားပြတိုက်ကြခြင်းသာလျှင် ဖြစ်၏။ လှည်းပေါ်တွင် သားအမိသားအဖ သုံးဦးပါလာရာ၊ ဖခင်က လှည်းရှေ့တွင်ထိုးထားသော ဆောင်ဓားဖြင့် ခုခံရာမှ လုပ်သေနတ်ဖြင့် ပစ်သတ်လိုက်ကြသည်။ မထူးတော့ဘူး ဆိုပြီး သမီးငယ်နှင့် သူ့အမေကို မုဒိန်းကျင့်ကာ လက်စတုံးသတ်ပစ်ခဲ့ကြခြင်း ဖြစ်၏။

အမှုဖြစ်စဉ်က စုစုပေါင်း ခြောက်ယောက်ဖြစ်သည်။ ခြောက်ယောက်စလုံး ကြိုးမိန့်၊ တစ်သက်တစ်ကျွန်းဒဏ် နှစ်မိန့်စီကျခဲ့ရာမှ အယူခံရာတွင် သုံးဦးမှာ လူသတ်မှုနှင့် မုဒိန်းမှုတို့တွင် မပါဝင်ခဲ့ဘဲ ဓားပြမှုတစ်မှုတည်း ကျူးလွန်ခဲ့ကြောင်း ပေါ်လွင်သည်ဆိုကာ တစ်သက်တစ်ကျွန်း အပြစ်ဒဏ်သို့ ပြောင်းလဲခဲ့ခြင်းဖြစ်၏။ သည်တော့ နိုင်ငံတော် သမ္မတထံမှ အသနားခံစာမှာလဲ မျှော်လင့်ချက် သိပ်မရှိလှပေ။

ထိုအချိန်အထိ ထောင်မှူးမောင်မောင်သည် ထောင်မှူးဘဝမှ ထောင်မှူးကြီး၊ ထိုမှတစ်ဆင့် ဒုတိယ ထောင်ပိုင်၊ ထောင်ပိုင် အဆင့် ၁ ဖြစ်လာသည်အထိ ကြိုးသမားအား ကြိုးပေးရာတွင် တာဝန်ခံ၍ ကိုယ်တိုင်ကိုယ်ကျ အနီးကပ်ကြီးကြပ် ဆောင်ရွက်ခဲ့ဖူးခြင်း မရှိသေးပေ။ ထောင်မှူးတစ်ယောက်အနေနဲ့ ကြိုးသမား ဆယ့်ခြောက်ယောက်လောက် ကြိုးပေးသည်ကို တွေ့ခဲ့ကြုံခဲ့ဖူးပါသည်။ သို့သော် ထောင်မှူးတစ်ယောက်အနေနှင့် ကြိုးပေးရာတွင် 'တို့လူလေးများ ဆိုသလေး.... ဝေလေလေ'ဆိုသည့် အခန်းလောက်ကသာ ဖြစ်၏။

ကြိုးသမားတစ်ယောက်ကို ကြိုးပေးစီရင်ရာတွင် အဓိကအခန်းမှ တာဝန်ယူဆောင်ရွက်ရသူတို့မှာ ထောင်မှူးကြီးနှင့် ထောင်ပိုင်ကြီးတို့သာလျှင် ဖြစ်၏။ အချင်းတစ်လက်မရှိ မနီလာကြိုးကို ကြိုတင်မှာယူ ရရှိထားရမည်။ အဆိုပါကြိုးကို ပိဿာချိန်သုံးဆယ်ခန့်လေးသော သံတုံးကြီးတစ်တုံးအောက်မှာဆွဲ၍ အပေါ်ကြိုးစကို ထုပ်တန်းတွင် ချည်နှောင်ကာ သုံးလေးရက်လောက် စန့်နေအောင် ဆွဲဆန့်ထားရမည်။ ပြီးတော့ ကြိုးသမားကို ပေါင်ချိန်ရမည်။ အရပ်အမြင့်တိုင်းရမည်။ လည်ပင်းအကျယ် တိုင်းရမည်။ အဲဒါတွေစုံမှ ထောင်ဥပဒေစာအုပ်ကြီးတွင် အတိအကျ ဖော်ပြပါရှိသော ဖော်မြူလာဖြင့် ကြိုးအရှည် (drop)ဘယ်လောက်ထားရမည်ကို တွက်ရချက်ရမည်။ အချို့ဆုတောင်းကောင်းသော ထောင်ပိုင်ကြီးများသည် ပင်စင်ယူသွားကြသည့်တိုင်အောင် ထိုကဲ့သို့တာဝန်ယူ၍ ကြိုးပေးခဲ့ရသည့် အဖြစ်မျိုးနှင့် မကြုံတွေ့ခဲ့ကြရပေ။ မိမိလည်း အလားတူဆုတောင်း၍ ထောင်ပိုင်အဆင့် ၁ ဖြစ်ခဲ့ရပြီ။ သို့သော် ဒီသုံးကောင်ကြောင့် စိတ်ထဲမှာ တထင့်ထင့်....။ သို့ဖြစ်၍ မိမိနှင့် လုပ်ဖော်ကိုင်ဖက် ဒုတိယထောင်ပိုင်ကို တိုးတိုးတိတ်တိတ် တိုင်ပင်ကြည့်ရသည်။

"ဦးမြင့်သိန်းရေ၊ ကျွန်တော်တို့ မနီလာကြိုးကို မှာထားရင် ကောင်းမလားပဲ"

"ဟာ.... ဆရာကလည်း နိမိတ်မရှိ နမာမရှိ၊ ဘာပြုလို့ ကြိုမှာထားရမှာလဲ"

http://www.cherrythitsar.org



"ဟို.... အကောင်သုံးယောက်က သိပ်ပြီးစိတ်ချရတာ မဟုတ်ဘူးဗျ"

"အမိန့်မှ မကျသေးဘဲ ဆရာရယ်၊ သတ္တဝါတစ်ခု ကံတစ်ခု ဘယ်ပြောလို့ရမှာလဲ"

"အေးလေ၊ ဒါတော့ဒါပေါ့။ အမိန့်ကျလာတဲ့ အချိန်ကျမှ မှာနေရင်၊ မင်းတို့ ကြိုတင်လုပ်မထားဖူးလားလို့ အပြစ်တင်ခံနေရမှာ စိုးလို့ပါ"

ဦးမြင့်သိန်းလည်း တစ်ခွန်းကနှစ်ခွန်း အတိုက်အခံပြောလိုဟန် မတူတော့ပေ။

"ဆရာမှာစေချင်လည်း မှာထားလိုက်ပါ့မယ်လေ။ ကြိုးမပေးဖြစ်ရင်လည်း လာမယ့် အကျဉ်းထောင် ပြေးခုန်ပစ်ပြိုင်ပွဲမှာ လွန်ဆွဲရတာပေါ့"

ဦးမြင့်သိန်းပြောသော သတ္တဝါတစ်ခု ကံတစ်ခုဆိုသည့်စကား တကယ်ပင် မှန်ကန်လှပါပေသည်။ အဘယ့်ကြောင့်ဆိုသော် တစ်ညတွင် ရေဒီယိုမှရော ရုပ်မြင်သံကြားမှပါ နိုင်ငံတော်ကောင်စီ၏ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်တစ်ခု ထွက်ပေါ်လာ၏။ အဆိုပါအမိန့်အရ သေဒဏ်ကျခံနေရသူများ တစ်သက်တစ်ကျွန်း အပြစ်ဒဏ်သို့ ပြောင်းလဲကျခံစေ။ ကျန်သည့် ထောင်ကျအကျဉ်းသားများလည်း အချိုးကျ အပြစ်ဒဏ်မှ လျှော့ပေါ့ကျခံစေ။ ထောင်ပိုင်ကြီး ရန်အောင်မောင်မောင်သည် ဝမ်းသာလွန်းသဖြင့် ချက်ချင်းပင် ထောင်တွင်းဝင်၍ ကြိုးသမားများကို ပြောပြလိုက်သည်။ သူတို့ခမျာလည်း ပျော်လို့ရွှင်လို့ အော်လို့ဟစ်လို့၊ ရယ်သူကရယ်၊ ငိုသူကငို တဟေးဟေး တဟားဟား ဖြစ်နေကြရာ မနည်းကြီး ပတ်တုပ်ယူရသည်။

ထောင်ပိုင်အဆင့် ၁ အထိတော့ ဆုတောင်းပြည့်ခဲ့ပြီ။ နောက်တစ်ဆင့် ထောင်ပိုင်အဆင့် ၂ ကျန်သေးသည်။ ဒါလည်း သတ္တဝါတစ်ခု ကံတစ်ခုပဲ။

ဘယ်လိုလဲ စောင့်ကြည့်ကြရအောင်။

■

# ၁၁

အောင်မြ၊ သန်းမြင့်၊ ဝင်းမြင့်၊ အုန်းထွန်း၊ ရဲလွင် (ခေါ်) ပက်ထရစ်ဘားနပ်၊ သိုက်ထွန်းနှင့် မောင်သန်းတို့ ကောင်းရာသုဂတိ လားကြပါစေ။ ဤသည်မှာ ရန်အောင်မောင်မောင်၏ အသက်နှင့်ကိုယ်ခန္ဓာ တည်မြဲနေသမျှ ကာလပတ်လုံး မိမိပြုသမျှ ကုသိုလ်ကောင်းမှုအစုစုတို့ကို ဂုဏ်ကျေးဇူး အထူးတင်ပေသော မွေးသမိခင်၊ မွေးသဖခင်၊ ဆရာသမား၊ ဘိုးကြီး ဘွားကြီး၊ ရေမြေသနင်း မင်းမှအစပြု၍ အထက်ဘဝဂ်၊ အောက်အဝီစိ၊ အနန္တစကြဝဠာ၊ ဗီလာထုတ်ချင်းအကြွင်းမရှိ၊ သုံးဆယ့်တစ်ဘုံ၌ ကျင်လည်ကြကုန်သော ဝေနေယျ သုခိတ၊ ဒုက္ခိတ သတ္တဝါအပေါင်းတို့နှင့်အတူ အမည်တပ်၍ မေတ္တာပို့ အမျှဝေရမည့် ကြိုးသမား ခုနစ်ဦး၏ အမည်များပင်တည်း။

ရှင်းပါအုံ....။ ရန်အောင်မောင်မောင်သည် ကြိုးပေးရာတွင် ထောင်ပိုင် အဆင့် ၁ အထိတော့ ကြိုးပေးရာတွင် ကိုယ်တိုင်ကိုယ်ကျ တာဝန်ယူ ဆောင်ရွက်ရမည့် ဘေးမှ ကင်းဝေးရန် ဆုတောင်းပြည့်ခဲ့ပြီဖြစ်ကြောင်း လက်ခမောင်းခတ်ခဲ့၊ ကြွေးကြော်ခဲ့မိ၏။ သို့သော် စကားကုန်မဆိုဘဲ နောက်တစ်ထစ် ထောင်ပိုင်အဆင့် ၂ တက်ရန် ကျန်သေးကြောင်းတော့ စကားကြွင်းချန်ခဲ့ပါသေးသည်။ ထောင်သံသရာ ဆိုသည်မှာလည်း ဘဝသံသရာ စက်ဝန်းကြီးထဲမှ စက်ဝန်းငယ်ကလေးပင် ဖြစ်ဟန်တူပါသည်။ ဘာပြုလို့လဲဆိုတော့ ခုပဲကြည့်လေ၊ ထောင်လုပ်သက် အနှစ်လေးဆယ်ခန့်အတွင်း ထောင်မှူးပိစိကွေးလေး မောင်မောင်မှသည် ထောင်ပိုင်ကြီး ဦးရန်အောင်မောင်မောင် ဖြစ်သည်အထိ ဆုံလည်နွားနှင့် ချားရဟတ်ပမာ မန္တလေး အကျဉ်းထောင်သို့ တာဝန်ဖြင့် ၁၉၅၀ ခုနှစ်မှာ

http://www.cherrythitsar.org



တစ်ကြိမ်၊ ၅၆ ခုနှစ်မှာတစ်ကြိမ်၊ ယခုတစ်ကြိမ် သုံးခါသံသရာလည်ခဲ့ရပြီ မဟုတ်လား။ ဒီတစ်ခေါက်ကတော့ ကဲ….ဘယ်ပြေးမလဲ မိရွှေသဲဆိုတာလို၊ ယခင်သင်တန်းနည်းပြဆရာဘဝနှင့်လာခဲ့စဉ်က အရေးတယူ ထောင်ထဲဝင်၍ကြည့်ခဲ့ရသော ဒရိုင်ဘာနှင့်ပေါင်း၍ ကိုယ့်လင်ကိုယ်သတ်သည့် အမျိုးသမီးနှင့် ပက်ပင်းတိုးခဲ့ရချေပြီ။ မတွေ့ချင် လို့လည်း နေလို့မရ။ မမြင်ချင်လို့လည်း မဖြစ်။

ထောင်ပိုင်တစ်ယောက်အနေနှင့် အကျဉ်းသား အကျဉ်းသူများကို အနည်းဆုံး တစ်ပတ် တစ်ကြိမ်နှစ်ကြိမ်တော့ မဖြစ်မနေ တွေ့မြင်နေရမည်သာဖြစ်သည်။ သာမန်အကျဉ်းသား အကျဉ်းသူထက် သေဒဏ်စီရင်ခြင်းခံထားရတော့ ပိုပြီးဂရုတစိုက်ကြည့်ဖို့ တာဝန်ရှိနေသည်။ ယခင်လက ရေးခဲ့သည့် အမျိုးသမီးသည် ယခု လေးနှစ်ခန့်အကြာ ပြန်တွေ့တော့ သေဒဏ်စီရင်ခြင်းခံရ၍ ကြိုးတိုက်အတွင်း ရောက်နေပေပြီ။ ကြိုးသမားဆိုတော့ အပေါ်အဖြူ အောက်အဖြူနှင့် နှုတ်ခမ်းနီပါးနီဆိုးထားခြင်း အလျဉ်းမရှိ။ မျက်ခုံးမွေးလည်း မဆွဲ၊ ဆံပင်တစ်ပတ်လျှိုနှင့် သနပ်ခါးရေကျဲ လိမ်းထားသည်ကိုပင် မတွေ့ရ။ လက်ထဲမှာလည်း ထောင်တွင်းလုပ် ကြိုးပုတီးတစ်ကုံးကို ကိုင်လျက်။ သူမ၏ မျက်နှာတွင် ဖုံးလွှမ်းထားသော ရေခဲစိမ် ဇာပဝါပါးသည်လည်း ကွာကျခဲ့ချေပြီ။ ဟန်လုပ်၍ တင်းထားခဲ့သော မာန်မာနတွေလည်း လေလျော့သွားသည့် ပူဖောင်းတစ်ခု သဖွယ် ပြေလျော့ပိန်ရှုံ့သွားခဲ့ရပေပြီ။

ကြိုးတိုက်ဆိုလို့ သတိရသေးသည်။ ထောင်မှူးမောင်မောင်တို့ အလုပ်ဝင်စက မန္တလေးလို ဗဟိုအကျဉ်းထောင်ကြီးတွင် မိန်းမကြိုးသမားများထားဖို့ ကြိုးတိုက်ရယ်လို့ မရှိခဲ့ပေ။ ထိုစဉ်က မိန်းမကြိုးသမား ဆိုတာကလည်း ကြုံတောင့်ကြုံခဲ ရှားရှားပါးပါး မဟုတ်လား။ ထိုသို့ ရှိနေစဉ် မမျှော်လင့်ဘဲ မိန်းမတစ်ယောက် ကြိုးမိန့်ကျလာရာ အုပ်ချုပ်သူ လူကြီးတွေ ပျာယာခတ်သွားခဲ့ရသည်။ ကြိုးသမားဆိုတာကလည်း ထောင်ဥပဒေအရ မည်သည့်အကျဉ်းသား အကျဉ်းသူနှင့်မျှ ရောထားလို့မရ။ ကြိုးတိုက်အတွင်းမှာသာ သီးသန့်ထားရသည်။

မှတ်မှတ်ရရ ထိုအမျိုးသမီးမှာ ယော၊ ဂန့်ဂေါနယ်မှဖြစ်၍ အသက်ရှစ်နှစ်အရွယ်ရှိ ကလေးမတစ်ဦးထံမှ နားဆွဲတစ်စုံကို ချွတ်ယူပြီး ရေတွင်းပျက်ထဲ တွန်းချ၍ သတ်ခဲ့သော အမှုဖြစ်၏။ နောက်ပိုင်းကျတော့ အယူခံရာတွင် တစ်သက်တစ်ကျွန်း အပြစ်ဒဏ်သို့ ပြောင်းလဲသွား၍ တော်သေးသည်။ ထိုစဉ်ကတော့ မိန်းမကြိုးသမား ဆိုတာ ရှားပါးပစ္စည်း။ ယခုခေတ်မှာတော့ မူးယစ်ဆေးဝါး အက်ဥပဒေအရလည်း ကြိုးကျလာသော အမျိုးသမီးများ ရှိနေရာ ကြိုးတိုက်မဆောက်လို့ မဖြစ်တော့….။

ထိုအချိန်တွင် အားမတန်၍ မာန်လျော့ခဲ့ရသော ကိုယ့်ယောကျ်ား ကိုယ်သတ်ခဲ့သည့် ကြိုးသမားအမျိုးသမီးနှင့် ကြံရာပါ ဒရိုင်ဘာကြိုးသမားတို့မှာ အယူခံရော၊ စာဒကပါ ရှုံးခဲ့သည်မှာ ၂ နှစ်ခန့် ကြာခဲ့ပေပြီ။ နောက်ဆုံးအဆင့်ဖြစ်သည့် နိုင်ငံတော်

http://www.cherrythitsar.org



သမ္မတထံမှ အသနားခံစာကို စောင့်ဆိုင်းနေကြဆဲဖြစ်၏။ စစ်ပြီးခေတ် သည် ဘက်ပိုင်းမှာတော့ ထိုအချိန်အထိ မိန်းမကြိုးသမားကို ကြိုးပေးသတ်သည့် ရာဇဝင် မရှိသေး။ စစ်ကြိုခေတ်ကလည်း မကြုံဖူးခဲ့ဟု ဆရာ့ဆရာ ထောင်ပိုင်ကြီးများ ပြောပြ၍ သိရသည်။ ဒီတစ်ခါတော့ ကြုံများ ကြုံရလေမလား။

တစ်နေ့သော နံနက်ခင်း ထောင်ပိုင်ကြီး လွတ်လူများလွတ်နေစဉ် ညွှန်ကြား ရေးမှူးရုံးမှ ထောင်မှူးဦးတင်လှ ပေါက်ချလာသည်။

"ဆရာကြီး ဗိုလ်မှူးက အခေါ်ခိုင်းလိုက်လို့"

"အေး…အေး…. လာခဲ့မယ်၊ ဗိုလ်မှူးအပြင်သွားစရာ ရှိသေးလား"

"ခုချိန်အထိတော့ ဘာမှ ပြောသံမကြားသေးဘူး"

"ဒီလိုဆိုရင် လွတ်လူ ပြီးအောင်လွတ်လိုက်ဦးမယ်၊ လေးငါးယောက်ပဲ ကျန် တော့တာပါ။ အဲဒါပြီးရင် လာခဲ့မယ်လို့ သတင်းပို့လိုက်ပါ။ ကြားလား…."

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဦးတင်လှ အလေးပြု၍ ထွက်သွားသည်။

ထောင်ပိုင်ကြီး၏ မြောက်မြားလှစွာသော လုပ်ငန်းတာဝန်များထဲတွင် နေ့စဉ် ကုသိုလ်ရသော လုပ်ငန်းကြီးတစ်ခုရှိ၏။ ယင်းလုပ်ငန်းမှာ နေ့စဉ် နံနက်စောစော လွတ် လူများကို လွှတ်ရသည့် အလုပ်ပင်တည်း။ ငယ်ငယ်က ခိုကလေး၊ စာကလေးများ ဖမ်းမိသည့်အခါ 'နင့်ကို တစ်ခါလွှတ် ငါ့ကို ဘဝဆက်တိုင်းလွှတ်'ဟုဆိုကာ လက်ခုပ် ထဲမှ လွှတ်ခဲ့ဖူးသည်များကိုလည်း ပြန်ပြောင်းသတိရမိသည်။ ရွှေတိဂုံဘုရား စောင်း တန်း ခြေရင်းတွင် စာကလေး၊ ခိုကလေး၊ ငှက်ကလေးများ လှောင်ချိုင့်အတွင်း လှောင် ထားပြီး ကုသိုလ်ဖြစ်လွှတ်ရန် ရောင်းချနေသူများကိုလည်း မြင်ယောင်မိသည်။ ကုသိုလ် တော့ ရပါ၏။ တာဝန်က ကြီးလှပါဘိသည်။ ဘဏ်မှာငွေပိုပေးမိလို့ အကြောင်းမဟုတ်။ ငွေရှိလျှင် စိုက်လျော်လို့ရသည်။ သက်မဲ့ပစ္စည်းကိုင်ရသည့် အစိုးရ ဝန်ထမ်းများ အဖို့လည်း အကြောင်းမဟုတ်လှပါ။ လူမတတ်ပေမယ့် လက်ဖက်ထုပ်တော့ တတ်ရ မည် ဆိုသကဲ့သို့ ငွေသာရှိပါစေ၊ စိုက်လျော်ထည့်လို့ ဖြစ်နိုင်သေးသည်။ ထောင်မှာ လူမှားမိခဲ့လျှင်မူ ငွေနှင့်ဝယ်ထည့်လို့လည်းမရ၊ သူ့ကိုယ်စား မှားလွှတ်မိသူကိုယ်တိုင် အထဲဝင်ရမည့်ကိန်း ဆိုက်နေသည်။ သို့ဖြစ်၍ လွတ်သူ လွှတ်သည့်ကိစ္စကို ထောင်ပိုင် ကြီးကိုယ်တိုင် တာဝန်ယူနေရခြင်းဖြစ်၏။ ထောင်ပိုင်ကြီး မအားလပ်သည့်အခါများတွင် ထောင်ပိုင်ကလေးကို တာဝန်ယူစေရသည်။ သို့တည်းမဟုတ် အမိန့်စာထုတ်၍ တာဝန် လွှဲအပ်ပိုင်ခွင့်ရှိသည်။ ယခုတော့…. ထောင်ပိုင်ကလေးက ကျိုင်းတုံထောင် ပြောင်းသွား၍ သူ့နေရာ လူစားရောက်မလာသေး။ ထောင်ပိုင်အဆင့် ၁ တစ်ယောက်လာမယ်လို့တော့ သတင်း ကြားထားသည်။ အမိန့်စာက မထွက်သေး။

ဒါဖြင့် လူမှားလွှတ်သည့်ကိစ္စမျိုး မရှိနိုင်ဖူးလားဆိုတော့ ရှားသည်ဟု ဆိုရ

http://www.cherrythitsar.org



ပေမည်။ ငဖြူ ငမဲ မှားလွှတ်သည့်ကိစ္စကတော့ လုံးဝမရှိသလောက်ပင်။ ဘယ်လိုလုပ်ရှိပါ့မတုန်း။ ထောင်ဝင်စက စစ်သလို ထောင်နံပါတ်၊ အမည်၊ အဖေအမည်၊ အမေအမည်၊ မိန်းမ/ခင်ပွန်း အမည်၊ အသက်၊ အပြစ်ပေးသည့်ရုံး၊ ဖြစ်ပွားသည့်ပြစ်မှု၊ ချလိုက်သည့်အပြစ်ဒဏ် အားလုံးကို စစ်မေးပြီးမှ ကိုယ်ပေါ်တွင် ထင်ရှားသည့် အမှတ်အသား သုံးခုကို သေသေချာချာစစ်ပြီး လွှတ်ရတဲ့ကိစ္စပဲ။ ဖြစ်နိုင်တာနှင့် ဖြစ်တတ်တာက လျှော့ရက်များ မှားယွင်းတွက်ချက်ထားခြင်း၊ ပိုမို တွက်ချက်ထားခြင်း၊ လျှော့ရက်သည် ချလိုက်သည့်အပြစ်ဒဏ်၏ သုံးပုံတစ်ပုံထက် ပိုနေခြင်း စသည့်ကိစ္စများပင်ဖြစ်၏။

အချုပ်ခံရက်ကို ထောင်ကျရက်အဖြစ် သတ်မှတ်သည့် အမိန့်ထွက်ပြီး နောက်ပိုင်းတွင် တွက်ရချက်ရတာ ပိုပြီး လက်ဝင်သေးသည်။ ဂရုစိုက်ရသေးသည်။ ကြောက်စရာ အကောင်းဆုံးကတော့ လွှတ်ဝရမ်းအတုနှင့် ညားတတ်ခြင်းပင်ဖြစ်၏။ ဒါကများသောအားဖြင့် အချုပ်တရားခံများအား လွှတ်ရာတွင် ဖြစ်လေ့ဖြစ်ထ ရှိတတ်သည်။ ရန်ကုန်ထောင်ကြီးမဖျက်မီက ထောင်အရာရှိတွေ ပယ်ပယ်နယ်နယ်ကြီး ခံခဲ့ရဖူးပြီ။

ရန်ကုန်ထောင်ပိုင်ကြီးမှာ တာဝန်တွေ များပြားလှသည့်အလျောက် လွှတ်လူကိစ္စမှန်သမျှကို ထောင်ပိုင်လေးနှင့် လွှဲထားသည်။ ထိုနေ့ကမှ ထောင်ပိုင်ကလေးကလည်း အသုဘတစ်ခုသွားပို့ရန် ရှိနေသဖြင့် ညနေပိုင်းရုံးပြန် အချုပ်လွှတ်လူများရှိပါကဆက်လက် ဆောင်ရွက်ရန် ထောင်မှူးကြီးကို တာဝန်ပေးသွားသည်။ ထောင်မှူးကြီးသည် ၁၂ နာရီမှ ၂ နာရီထမင်းစားပြန်ပြီးနောက် ရုံးပြန်တက်လာသောအခါ အချုပ်ကိုင်ရသည့်ထောင်မှူးက အချုပ်မှတ်ပုံတင်စာအုပ်ကြီးနှင့်အတူ အာမခံဖြင့်လွှတ်ရမည့် အချုပ်တရားခံများကို ခေါ်လာခဲ့သည်။ ထောင်မှူးကြီးက အချုပ်ရီမန်များ၊ လွှတ်ဝရမ်းနှင့်အာမခံစာချုပ်ပေါ်တွင်ပါသည့် တရားသူကြီး၏ လက်မှတ်များ၊ ရုံးတံဆိပ်များကိုသေချာစွာ စစ်ဆေးပြီး လွှတ်လိုက်သည်။ တရားသူကြီး၏ ထိုးမြဲလက်မှတ် အင်္ဂလိပ်လို၊ မြန်မာလိုနှင့် လက်မှတ်ကိုပါ တွဲထားသည့် ဖိုင်တွဲကြီးရှိနေသည်။ ထိုနေ့ကလွှတ် သွားသည့်အထဲတွင် ဂျော့ချ်အေရှန် (ခေါ်) မြင့်သိန်းတစ်ယောက် ပါသွားသည်ကိုမည်သူမျှ သတိမပြုခဲ့မိပေ။

ရုံးချိန်းနေ့ကျတော့ သူ့အမှုကိုခေါ်ပြီး ရုံးထုတ်ရဲက ပါမလာကြောင်း၊ အာမခံလွှတ်ဝရမ်းဖြင့် ထောင်ကလွှတ်သွားပြီဟု သိခဲ့ရကြောင်း ပြောပြသဖြင့် ထောင်မှ ပြန်ပို့သည့် လွှတ်ဝရမ်းမိတ္တူနှင့် အာမခံစာချုပ်တို့ကို ရှာကြည့်ရာ ရုံးမှာပင် တွေ့ရသည်။ သို့သော် လွှတ်ဝရမ်းနှင့် အာမခံစာချုပ်တို့က အစစ်မဟုတ်။ အတုကြီးဖြစ်နေသည်။ အတုဆိုသော်လည်း အစစ်နှင့် ဘာမှမခြား။ တရားသူကြီးလက်မှတ်ရော၊ ရုံးတံဆိပ်တို့ပါ တစ်ထေရာတည်း။ တစ်ခုတည်းဆိုစရာရှိသည်မှာ ရုံးတံဆိပ်မှာ သစ်လွင်နေခြင်းပင်။

အမှန်အတိုင်း ဂျော့ချ်အေရှန်၏ အမှုများမှာ လက်နက်မှုတို့၊ သောင်းကျန်းသူများနှင့် ဆက်သွယ်မှုတို့ဖြစ်သဖြင့် ဘယ်လိုမှ အာမခံရနိုင်သော အမှုများ မဟုတ်ပေ။

http://www.cherrythitsar.org



သို့သော် သူကတော့ ခပ်တည်တည် ထောင်ကထွက်သွားခဲ့ပြီဖြစ်၏။သူ့ကြောင့် ဒုက္ခ လှလှကြီးရောက်သွားရသူများမှာ ထောင်မှူးကြီးနှင့် အချုပ်ကိုင်သည့်ထောင်မှူးတို့ပင်။

ဂျော့ချ်အေရွှန် (ခေါ်) မြင့်သိန်းသည် ယင်းအမှု မတိုင်မီကလည်း မန္တလေး ထောင်မှ ထောင်မှူး၊ ထောင်ပိုင်တွေကို အလားတူ ချောက်ချခဲ့ဖူးပြီ။ ထိုစဉ်ကတော့ လွတ်ဝရမ်းတုနှင့် ထွက်သွားခြင်း မဟုတ်။ တရားရုံးမှ အပြစ်ပေးလိုက်သော ထောင်ကျ ဝရမ်းများရှိ အပြစ်ဒဏ်များကို ပြင်ဆင်ခြင်းဖြစ်၏။ အပြစ်ဒဏ်များကို ပြင်ဆင်ခြင်း ဖြစ်၏။ အပြစ်ဒဏ်ကို ရေးသားရာတွင် ဘဏ်လုပ်ထုံးလုပ်နည်းအတိုင်း ငွေသားကို ဂဏန်းနှင့်ရော စာသားနှင့်ပါ ရေးရသည်။ ဒါကိုလည်း သူ ရအောင်ပြင်သည်။ ဥပမာ ထောင်ဒဏ် အနှစ် ၂၀ ချလိုက်သူကို ထောင်ဒဏ် ၂ နှစ်၊ ၁၀ နှစ်ချလိုက်သူကို ၅ နှစ် သို့မဟုတ် ၁ နှစ်။ ပိုပြီး ယုတ္တိရှိအောင် ပုဒ်မကိုပါ ပြင်တန်လျှင် ပြင်သည်။ တရားသူကြီး လက်မှတ်ထိုးစရာလိုလျှင် တစ်ထေရာတည်းတူအောင် ထိုးလိုက်သေးသည်။

ဂျော့ချ်အေရွှန် (ခေါ်) မြင့်သိန်းမှာလည်း ဇာတ်သိမ်း မကောင်းခဲ့ရှာပါ။ သူ သည် တောတွင်းရှိ သောင်းကျန်းသူများကိုပါ လက်နက်များ ဝယ်ပေးမည်ပြောပြီး ငွေများ လိမ်လည်ယူခဲ့သူဖြစ်၏။ ထောင်မှလွတ်ဝရမ်းတုဖြင့် လွတ်သွားပြီးနောက် အပြင် တွင်လည်း အထင်ကရနေလို့မဖြစ်သဖြင့် တောတွင်းသို့ပြန်သွားခဲ့ရာ အသတ်ခံခဲ့ရ ကြောင်း သတင်းစာများတွင် ပါလာခဲ့သည်။

အကျဉ်းထောင်များတွင် လွတ်လူလွတ်ရသည့်ကိစ္စမှာ ထိုမျှလောက်အထိ တာဝန်ကြီး၏။ အန္တရာယ်လည်းများ၏။ သို့ဖြစ်၍ ကြေးနန်းဖြင့်လွတ်မိန့်ကိုလက်မခံရ။ အပြင်လူ ယူလာသော လွတ်ဝရမ်းကို လက်မခံရ။ တရားရုံးမှ လွတ်ဝရမ်းကိုလည်း သမ္မန်ပြာတာ ယူလာမှ ယင်း၏ မှတ်ပုံတင်နှင့် လူကို တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်မှ သာလျှင် (Local Despatch Book) ချောစာအုပ်တွင် လက်မှတ်ထိုး၍ လက်ခံရမည် ဟု အမိန့်များ ထုတ်ဆင့်ထားခဲ့ရသည်။ အဝေးမြို့ကပို့ရသည့် လွတ်ဝရမ်းဆိုလျှင် မှတ်ပုံတင် ချောစာနှင့်ပို့မှ လက်ခံ၍ လွတ်ပေးရသည်။

သာယာဝတီအကျဉ်းထောင်တွင် တာဝန်ထမ်းဆောင်စဉ်က တစ်ကြိမ် ကြုံခဲ့ ဖူးပါပြီ။ ဇဟိုတရားရုံးမှရှေ့နေကြီးသည် သူ၏အမှုသည်ကြိုးသမားအတွက် လွတ် ဝရမ်းကိုကိုင်ကာ တက္ကစီကား စင်းလုံးငှား၍ ယူလာဖူးသည်။ ထောင်က ဆောရီးပဲ မလွတ်နိုင်ကြောင်း ပြောပြသောအခါ သူဒေါပွ၍ ဇဟိုတရားရုံးကို ဖုန်းဆက်ကြည့်ပါဟု ပြောပြန်သည်။ ဖုန်းမဆက်နိုင်ကြောင်း၊ ညွှန်ကြားချက်မရှိကြောင်း ရှင်းပြလိုက်ရသည်။ စာတိုက်မှ မှတ်ပုံတင်ဖြင့်ရောက်လာမှ လွတ်ရတော့ ကြိုးသမားမှာ အချောင်သက်သက် သုံးလေးရက်နောက်ကျသွားခဲ့ရသည်။နစ်နာခဲ့ရသည်။

ထောင်ပိုင်ကြီးသည် လွတ်လူများကိစ္စပြတ်သည်နှင့် ညွှန်ကြားရေးမှူးရုံးဘက် ထွက်လာခဲ့သည်။ ညွှန်ကြားရေးမှူးဆိုသည်မှာလည်း ထောင်မှူးမောင်မောင်တို့ အလုပ်

http://www.cherrythitsar.org



စဝင်ကတုန်းကမရှိခဲ့ပေ။ ထောင်မှူး၊ ထောင်မှူးကြီး၊ ဒုတိယထောင်ပိုင်၊ ထောင်ပိုင်၊ ပြီးလျှင် ရုံးချုပ်မှာ အကျဉ်းဌာနမင်းကြီးရယ်၊ ဒုတိယအကျဉ်းဌာနမင်းကြီးရယ်၊ ( S.J.I. ) (supervisor of jail industries) စက်မှုလက်မှုဝန်ရယ် ဤသုံးဦးသာ အကြီးအကဲ အနေဖြင့် အုပ်ချုပ်နေခဲ့သည်။ နောက်ပိုင်းကျတော့ ရုံးချုပ်တွင် အထူးအရာရှိတစ်ဦး တိုးလာ၏။ မရေး မနှောင်းဆိုသလိုပင် အင်းစိန်ထောင်နှင့် မန္တလေးထောင်တို့တွင်လည်း အထူးအရာရှိတစ်ဦးစီ ခန့်ထားခဲ့၏။ ၁၉၇၄–၇၅ ခု နောက်ပိုင်းကျမှ အကျဉ်းဦးစီးဌာန ဟူ၍ ဖွဲ့စည်းပုံအသစ် ပီပီပြင်ပြင်ပေါ်လာပြီး ညွှန်ကြားရေးမှူးများဖြင့် အကျဉ်းထောင်များကို တိုင်းနှင့်ပြည်နယ်အလိုက် အုပ်ချုပ်စေခဲ့ခြင်းဖြစ်သည်။ သို့တိုင်အောင် ပြည်နယ်တိုင်း၊ တိုင်း တိုင်းမှာ အကျဉ်းထောင်က မရှိ။ ရှိပြန်လျှင်လည်း တစ်ထောင်စ နှစ်ထောင် စ ဆိုတော့ ညွှန်ကြားရေးမှူး များများစားစား ထားဖို့မလိုပြန်။ သို့ဖြစ်၍ ရန်ကုန်တိုင်း ထောင်အုပ်စု၊ မန္တလေးတိုင်း ထောင်အုပ်စု၊ ဧရာဝတီတိုင်း ထောင်အုပ်စုနှင့် မွန်ပြည်နယ် ထောင်အုပ်စု ဟူ၍ ခွဲခြားကာ တာဝန်ပေးထားခဲ့ခြင်းဖြစ်၏။

မန္တလေးတိုင်း ထောင်အုပ်စုထဲတွင် (က)အဆင့် ထောင်တစ်ထောင်နှင့် (ခ) (ဂ) အဆင့် ထောင်အစုံရှိသည်။ နယ်အားဖြင့်လည်း အကျယ်ဆုံးဖြစ်သည်။ အရှေ့လား သော် လားရှိုး၊ ကျိုင်းတုံ၊ တောင်လားသော် လွိုင်ကော်၊ အနောက်လားသော် မုံရွာ၊ မြောက်လားသော် ဗန်းမော်၊ မြစ်ကြီးနားအထိ ဖြစ်၏။ ထောင်ပိုင်ကြီးအဖို့တော့ တစ်မူ ကသိုလ်ထူးသည် ဆိုရပေမည်။ အဘယ့်ကြောင့်ဆိုသော် သူနှင့် ညွှန်ကြားရေးမှူး ဖြစ်သူ ဗိုလ်မှူးတို့မှာ ယခုမှ တွေ့ဖူးကြသူများမဟုတ်။ လွန်ခဲ့သည့် ဆယ့်ငါးနှစ်ခန့်က ဗန်းမော် တွင် အတူတူနေခဲ့ကြဖူးသည်။ ထိုစဉ်က ထောင်ပိုင်ကြီးမှာ နှစ်ပွင့်ထောင်မှူးကြီး ဘဝ၊ သူကလည်း နှစ်ဘားဗိုလ်ဘဝ ထောင်ပိုင်ကြီး၏တူနှင့် ဗိုလ်သင်တန်း တစ်ပတ်တည်း ဆင်းလာခဲ့သူဖြစ်၏။ မိမိတို့တစ်ဦးချင်းသာမဟုတ်၊ မိသားစုပါ အိမ်နီးပါးချင်း အနေနဲ့ ခင်မင်ခဲ့ကြပြီးဖြစ်သည်။ ညွှန်ကြားရေးမှူးက မကြာခဏ ရယ်စရာပြောလေ့ရှိသည်။

"ထောင်ပိုင်ကြီးက အဲဒီတုန်းက နှစ်ပွင့်ထောင်မှူးကြီးဆိုပေမယ့် နယ်မှာတော့ ထောင်ပိုင်ကြီးကိုးဗျ။ ကျွန်တော်တို့ဗျူဟာမှူးတို့ တပ်ရင်းမှူးတို့နဲ့ တင်းနစ်ကစားဖက်တွေ လေ။ ကျွန်တော်တို့က ကိုယ့်လူကြီးတွေပါတဲ့ ပွဲဆိုတော့ ဘောလုံးတောင် ကောက်ပေးခဲ့ ရတာပေါ့"

ဘာပဲဖြစ်ဖြစ် ယခုလက်ရှိ ကိုယ့်အထက်လူကြီး ဖြစ်လာသောအခါ ထောင်ပိုင် ကြီးအနေနှင့်လည်း သိတတ်ရသည်။ လေးလေးစားစား ဆက်ဆံရသည်။ သူ့ကျေးဇူး တွေကလည်း ကြီးမားလှပါ၏။ ထောင်ပိုင်ကြီးမှာ ပင်စင်မယူမီ ကျန်းမာရေးအခြေအနေ အတော်လေး ချွတ်ယွင်းခဲ့ရာ အဖက်ဖက်က လိုလေသေးမရှိအောင် ကူညီစောင့်ရှောက်ခဲ့ သည်များကိုလည်း ဒီတစ်သက် မေ့နိုင်စရာအကြောင်း မရှိတော့ပေ။

ညွှန်ကြားရေးမှူးနှင့် တွေ့သောအခါ သူအခေါ်ခိုင်းရသော အကြောင်းရင်းကို

http://www.cherrythitsar.org



ရှင်းပြသည်။ သူ၏လက်အောက်ရှိ (က)အဆင့်အကျဉ်းထောင်မှ ကြိုးသမားနှစ်ယောက်မှာ နောက်ဆုံးအဆင့်ဖြစ်သည့် နိုင်ငံတော်သမ္မတထံမှ အသနားခံစာ ရှုံးခဲ့လေပြီ။ ဒါဆိုလျှင် ကြိုးပေးရတော့မည်ဖြစ်၏။ အဲဒီထောင်မှ ထောင်ပိုင်ကြီးမှာလည်း အိပ်ရာထဲလဲနေသည်။ ဒုတိယတာဝန်ခံ အရာရှိလည်းမရှိ။ ထောင်မှူးကြီးလုပ်သူမှာလည်း အခြားဌာနမှ ပြောင်းရွှေ့လာသူဖြစ်၍ ကြိုးပေးသည့်အတွေ့အကြုံ လုံးဝမရှိ။

"အဲဒါ ထောင်ပိုင်ကြီးပဲသွားပြီး တာဝန်ယူပေးစေချင်တယ်ဗျာ၊ အကူအညီလိုချင်ရင်လည်း ကျွန်တော့်အုပ်စုထဲက ကြိုက်တဲ့အရာရှိ ခေါ်သုံးပါ"

"ဟုတ်ကဲ့.... ပထမ တစ်ခေါက်တော့ ဟိုထောင်က ကြိုးစင်အခြေအနေကြည့်ဖို့နဲ့ ကြိုတင်ပြင်ဆင်မှု လုပ်ဖို့ရယ်၊ မြို့နယ်တရားရုံးတို့ တိုင်းတရားရုံးတို့နဲ့ ရက်ချိန်းကြိုတင်ညှိဖို့ ရက်ကြိုပြီး သွားဖို့လိုပါလိမ့်မယ်။ အစစအရာရာ ပြင်ဆင်ပြီး ရက်ချိန်းလည်းသတ်မှတ်ပြီးပြီဆိုမှ တစ်ညအိပ်ကြိုပြီး သွားလိုက်ပါ့မယ်"

"အေးဗျာ၊ ခင်ဗျား ကောင်းမယ်ထင်သလိုသာ ကြည့်စီစဉ်ပါ။ လိုတဲ့ အကူအညီ ရှိရင်လည်း ပြောပါ"

ထောင်ပိုင်ကြီးထိုင်ရာမှ ထမည်အပြု ဗိုလ်မှူးက သူ၏ အံဆွဲသော့ကို ဖွင့်ပြီး အထဲမှ စာအိတ်နီကြီးတစ်အိတ်ကို ဆွဲထုတ်လိုက်သည်။ (စာအိတ်နီကို သေဒဏ်ကိစ္စများတွင်သာ သုံးလေ့ရှိသည်။)

"နေဦးဗျ၊ နောက်ဆက်တွဲ လက်ဆောင်ကလေးတစ်ခု ထပ်ပေးရဦးမယ်။ ဒါလည်း ကြိုတင်ပြင်ဆင်စရာရှိတာကလေး ပြင်ဆင်ထားနိုင်အောင်ပေါ့"

ထောင်ပိုင်ကြီးသည် ဖွင့်ပြီးသားစာအိတ်ထဲမှ စာရွက်ခေါက်ကြီးကို ထုတ်ကြည့်လိုက်ရာ ထင်ထားသည့်အတိုင်း ကြိုးသမားကိစ္စပင်ဖြစ်နေသည်။

'ဝင်းမြင့်'မှာ လူသတ်မှု၊ အလောင်းဖျောက်ဖျက်မှုတို့နှင့် သေဒဏ်ကျထားခဲ့ရာ အယူခံလည်း ရှုံးခဲ့ပြီး စောဒကလည်း ရှုံးခဲ့ပြီ။ ယခုနောက်ဆုံးအဆင့် နိုင်ငံတော်သမ္မတထံမှ အသနားခံစာလည်း ရှုံးခဲ့ပြီဖြစ်၏။ ကြိုးဒဏ်စီရင်ရုံသာ ရှိတော့သည်။

"ဒါဖြင့် သူနဲ့ အမှုတွဲ မတင်လှိုင်ကျတော့ကော ဗိုလ်မှူး"

"အဲဒါတော့ ကျွန်တော်လည်း မသိဘူးလေဗျာ။ သူတစ်ယောက်တည်းအတွက် ရုံးမိန့်လာတာပဲ။ကြည့်ရတာ အမျိုးသမီးကို ကြိုးမိန့်မပေးချင်ဘူးနဲ့တူပါတယ်'

ကိုယ့်ယောကျ်ားကိုယ်သတ်သော မတင်လှိုင်မှာ နောက်ထပ် ထွက်ပေါ်လာသော အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် အမိန့်တစ်ခုအရ ကြိုးဒဏ်မှ တစ်သက်တစ်ကျွန်းသို့ လွှဲပြောင်းကျခံသွားခဲ့ရပါသည်။

ကဲ.... ဘယ်မှာ အချို့အချို့သော ထောင်ပိုင်တွေလို ဆုတောင်းပြည့်ခဲ့လို့လဲ။ အသက်ကြီးတောင့်ကြီးမား အငြိမ်းစားယူခါနီးကျခါမှ ဆင်ပြောင်ကြီး အမြီးတစ်လေပြီ။

■

http://www.cherrythitsar.org

# ၅၆

အကျဉ်းဦးစီးဌာနနှင့် တရားရေးတို့ ဥပဒေဝန်ထမ်းတို့ အခေါ်အဝေါ်တွေက ပြောင်းပြန်ဖြစ်နေသည်။ အကျဉ်းဦးစီးဌာနမှာ အဆင့် ၂ က အကြီးဆုံး၊ တရားရေးတို့ ဥပဒေဝန်ထမ်းတို့မှာ အဆင့် ၁ က အကြီးဆုံး။ သို့နှင့်ပင် ၁၉၈၅ ခု နှစ်ဦးပိုင်းတွင် ထောင်ပိုင်အဆင့် ၂ အထိ ရာထူးတိုးကာ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးတွင် ဦးစီးအရာရှိ (ပ) ဦးအဖြစ် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့ရသည်။ တပ်မတော်တို့၊ ရဲတပ်ဖွဲ့တို့မှာဆိုလျှင်တော့ ဂျီ–ဝမ်း ပေါ့။ ရန်အောင်မောင်မောင်နှင့် ရုံးချုပ်လုပ်ငန်းတို့ သိပ်ပြီးစိမ်းလှသည်မဟုတ်ပါ။ ၁၉၇၅ ခုနှစ်က ဦးစီးအရာရှိ (တ) ဦး၊ ဂျီသရီးအဖြစ် တစ်ကြိမ် တာဝန်ထမ်းဆောင်ခဲ့ဖူးပြီ ဖြစ်၏။

အကျဉ်းထောင်နှင့် ရုံးချုပ်တို့မှာ လုပ်ငန်းသဘော သဘာဝချင်းတော့ ကွာသည်။ ထောင်မှာက လူတွေနှင့် နပန်းလုံးနေရသည်။ ရုံးကျတော့ ရုံးစာရင်းတွေ အင်းတွေနှင့် ဖိုက်တင်ချနေရသည်။ ကြေးနန်းစာတွေ၊ တယ်လီဖုန်းတွေနှင့် ဂျူဒိုကရာတေး လက်စွမ်းပြနေရ၏။ စိတ်မောရတာချင်းတော့ အတူတူပါပဲ။ ရုံးချုပ်မှာ သိသိသာသာ ထူးခြားတာတစ်ခုကတော့ ထောင်မှာတုန်းကလို နံနက်စာ ထမင်းစားပြီး တစ်ရေး တစ်မောမနေ့ပ်ရခြင်းပင်ဖြစ်၏။ သုံးဆယ့်ငါးနှစ်လောက် ပါလာသည့်အကျင့်ဆိုတော့ ဘယ်လိုမှ ဖျောက်ဖျက်လို့မရ။ နံနက်စာထမင်းစားပြီးသည်နှင့် ရုံးစာကိုဖတ်ကြည့် ရာတွင် စာလုံးတွေက ဝေဝါးနေသည်။ ဟိုပြေးသည်ပြေး ထွက်ပြေးနေကြသည်။ မျက်တောင်စင်းလာချေပြီ။ မတတ်သာသည့်အဆုံး ပက်လက်ကုလားထိုင်တစ်လုံး

http://www.cherrythitsar.org



အိမ်မှယူထားပြီး ဆယ်မိနစ် ဆယ့်ငါးမိနစ်လောက် ငိုက်လိုက်ရမှ သက်သာတော့သည်။

မည်သို့ပင်ဖြစ်စေ ထောင်တစ်ထောင်၏ထောင်ပိုင်ကြီး လုပ်ရတာလောက်တော့ တာဝန်မကြီးလှပေ။ ကိုယ့်အထက်မှာ ခေါင်းခံပေးမည့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ ရှိနေသေးသည်။ မိမိ၏တာဝန်မှာ ညွှန်ချုပ်နှင့် ဒုချုပ်တို့အတွက် လိုအပ်မည့် 'ဦး' ဘာသာရပ်ဆိုင်ရာ လုပ်ငန်းတာဝန်အဝဝကို လိုလေသေးမရှိအောင် စီစဉ်ဆောင်ရွက်ဖို့သာ အရေးကြီးသည်။ မိမိ၏ လက်အောက်မှာလည်း ဦးစီး (ဒု)(တ)နှင့် ရုံးအဖွဲ့သားများ ရှိနေသေးသည်။ သို့ဖြစ်၍ သက်ပြည့် အငြိမ်းစားယူရန် ကျန်တော့သည့် သုံးလေးနှစ်ကို ရုံးချုပ်မှာပင် နိဂုံးကမ္ပတ် အဆုံးသတ်တော့ဟု စိတ်နှလုံးတုံးတုံးချခဲ့မိသည်။

သို့သော်လည်း ကြံစည်လျက်လည်း ပျက်တတ်၏။ မကြံစည်ဘဲနှင့်လည်း ဖြစ်တတ်၏....တဲ့။ ဖြစ်ချင်တာလည်း မဖြစ်ရပါ။ မဖြစ်ချင်တာတွေလည်း ဖြစ်ရတာဆိုတဲ့ ဆရာဦးသုခ၏ ဘဝသံသရာ သီချင်းကို ဘယ်သွားထားရမည်နည်း။ ရုံးချုပ်မှာ လုပ်၍ တစ်နှစ်ခွဲခန့်အကြာမှာပင် အရေးပေါ်အမိန့်တစ်ခု ထွက်လာ၏။ ထွက်စေ.... ဒိုင်းတော်....၊ မန္တလေး ဗဟိုအကျဉ်းထောင်သို့။

မန္တလေးထောင်ကြီးမှာ ထောင်မှူးမောင်မောင်၏ အကျဉ်းထောင်သက်တမ်းအတွက် ဘူမိနက်သန် ထောင်နေရာမှန်ဟု ဆိုချင်လည်းဆိုတော့။ ၁၉၅၀ ခုနှစ် ထောင်မှူးအလုပ်ဝင်စက တစ်ကြိမ်၊ ၁၉၅၆ ခုနှစ်မှ ၁၉၇၀ ခုနှစ်အထိ ဒုတိယအကြိမ်၊ ယခုထောင်ပိုင်ကြီးဘဝဖြင့် တတိယအကြိမ်၊ လက်ဝှေ့ကြိုးဝိုင်းစကားနှင့် ပြောရလျှင် (Third and Last Round) 'သတ်ဒ်အင် လပ်စ်ရောင်း'ဟု အသံချဲ့စက်မှအော်ပြီး 'မောင်'ခနဲ မောင်းကလေးတစ်ချက်ထုလိုက်ရုံသာ ရှိတော့သည်။

အရေးပေါ် အမိန့်ဟုဆိုရခြင်းမှာ အကြောင်းရှိသည်။ မန္တလေးထောင်ပိုင်ကြီးသည် စင်စစ် အငြိမ်းစားယူရန် အသက်မပြည့်သေးပေ။ သို့သော် သူ့မှာ အာဂန္တုသွေးတိုးရှိနေသည်။ ဒီကြားထဲက ဘယ်လိုဗွေဖောက်လာသည်မသိ။ နှလုံးရောဂါက ရုတ်တရက်ဝင်ရောက်တိုက်ခိုက်လိုက်ရာ ကျန်းမာရေးထောက်ခံချက်ဖြင့် လုပ်သက်ပင်စင်တင်လိုက်ခြင်း ဖြစ်သည်။ သူသည် ဘုရားတရားအလွန်ကြည်ညိုသူဖြစ်၏။ နံနက်တိုင်း ဘုရားရှိခိုး အဓိဋ္ဌာန်ပုတီးစိပ်ကာ နေကိုရှိခိုးပြီး တစ်စုံတစ်ခု ရွတ်နေတတ်သည်။ ညနေလဲ ဝတ်မပျက်ရပေ။ သမထအလုပ်ကိုလည်း တော်တော်လုပ်ထားကြောင်း သိရသည်။

တစ်ခါက မှတ်မိသေးသည်။ ရုံးချုပ်တွင် ထောင်ပိုင်များ ခြောက်လပတ်အစည်းအဝေး ထိုင်နေစဉ်ဖြစ်၏။ သူရော မိမိပါ အခြားထောင်ပိုင်အဆင့် ၂ များနှင့်အတူ ရှေ့ဆုံးတန်းက ထိုင်နေကြသည်။ နောက်ကမှ ထောင်ပိုင်အဆင့် ၁ တို့ ဒုတိယထောင်ပိုင်တို့ စသည်အားဖြင့် ရာထူး အနိမ့်အမြင့်အလိုက်။

ညွှန်ချုပ်သည် အဖွင့်အမှာစကားပြောနေရာမှ ခေတ္တရပ်လိုက်ပြီး....

"ရှေ့ဆုံးက ထိုင်နေတဲ့ ထောင်ပိုင်ကြီးတွေထဲကပေါ့ဗျာ၊ ကျုပ် နာမည်တော့

http://www.cherrythitsar.org



ဖွင့်မပြောချင်ဘူး။ ခင်ဗျားတို့လုပ်စရာရှိတဲ့ ဘုရားတရား ကိစ္စတွေကို ဧည့်ရိပ်သာမှာ ပြီးစီးအောင် လုပ်ခဲ့ကြစေချင်တယ်။ ဒါ ရုံးချိန်ဗျ၊ ရုံးကိစ္စကိုလည်း စိတ်ဝင်စားဦးမှပေါ့"

ဟုတ်ပေတာပေါ့။ သမထဆရာကြီးဘက် လှည့်ကြည့်လိုက်တော့ သူက လက်ချောင်းလေးတွေကို တစ်ခုချင်းချိုးပြီး ဘုရားစာရွတ်နေတာကိုး။ သူ့ကို 'ရမ် ဘိုးတော်'ဟု လည်း နောက်ပြောင်ကျီစယ် ခေါ်ဝေါ်လေ့ရှိကြသည်။ ရမ်ဘိုးတော်ဖြစ်ရခြင်းမှာ ထောင်ပိုင်များ စုမိသခိုက် ညနေစာထမင်းမစားမီ သောက်တတ်စားတတ်သူများ ယမကာဝိုင်းကလေးများ ဖွဲ့လေ့ရှိကြသည်။ ထိုအခါ သူလည်းပါလာတတ်၏။ များများ တော့ မသောက်၊ တစ်ပက်ခွဲ သို့မဟုတ် အလွန်ဆုံးသောက်လှမှ နှစ်ပက်။ ထမင်းစား သောက် ပြီးတော့ ထောင်ပိုင်တွေ ဟိုနားတစ်စု၊ ဒီနားတစ်စု ရောက်တတ်ရာရာ ဝိုင်းဖွဲ့ လေကန်လေ့ရှိကြသည်။ တစ်ညတွင် ထိုစဉ်ခေတ်က ခေတ်ထနေသော ဘိုးတော်များ အကြောင်း စကားဦးလှည့်သွားရာ ရမ်ဘိုးတော်က အစွမ်းပြပါလေတော့သည်။

"ဒါ ဘာမှ ဆန်းတဲ့အလုပ် မဟုတ်ပါဘူးဗျာ၊ အထက်လမ်းအောက်လမ်းတွေ အကြောင်းတို့၊ တစ္ဆေသရဲမွေးတဲ့အကြောင်းတွေတော့ ကျွန်တော်လည်း နားမလည်ဘူး။ သမထနည်းမှာလည်း သူ့အထိုက်အလျောက်တော့ တန်ခိုးဣဒ္ဓိပါဒ် ရှိသင့်သလောက် ရှိတာပဲ။ ကျွန်တော်လက်တွေ့ပြမယ်။ ဦးကောင်းညွှန့် ခင်ဗျား စိပ်ပုတီးပါလာသလား"

ဦးကောင်းညွှန့်မှာ မော်လမြိုင်ထောင်ပိုင်ကြီးဖြစ်၏။

"ပါတယ်၊ ခေါင်းအုံးအောက်က ပိုက်ဆံအိတ်ထဲမှာ သွားယူလိုက်ရမလား"

"နေဦး၊ မယူနဲ့ဦး..... အဲဒီပုတီးဟာ ပယင်းပုတီးဖြစ်ရမယ်၊ ဆယ့်ခုနစ်လုံး မြောက်မှာ အနာကလေး တစ်ခုပါတယ်၊ ကိုင်း သွားယူချေတော့...."

ဦးကောင်းညွှန့် ထိုင်ရာမှ ထသွားပြီး ပိုက်ဆံအိတ် ယူလာသည်။ အိတ်ကိုဖွင့် လိုက်တော့ ပယင်းပုတီး ဆိုတာလည်း အမှန်။ ဆယ့်ခုနစ်လုံးမြောက် ပုတီးလုံးကလေး မှာလည်း အနာကလေးပါလာတာ အမှန်။ အရှိန်ရနေသော ဦးခင်မောင်လှက သိပ်ပြီး လက်မခံချင်။

"ဒါတော့ အစ်ကို သူ့ပုတီးယူစိပ်ထားလို့ သိတာလည်း ဖြစ်နိုင်တာပဲ"

"ကောင်းပြီ၊ ဒါဖြင့် အစ်ကိုလှကို ပြောမယ်။ အစ်ကိုလှ ကိုးကွယ်နေတဲ့ ဆရာတော်တစ်ပါးက အစ်ကိုလှ ဆောင်ပြီး သုံးဖို့အတွက် ကံ့ကော်သား လမ်းလျှောက် တုတ်တစ်ချောင်း စွန့်ထားတယ်မဟုတ်လား"

ဦးခင်မောင်လှ ခေါင်းညိတ်ခဲ့ရသည်။

"အင်း....ရှိတယ်"

"အဲဒီကံ့ကော်သားတုတ်ရဲ့ အရင်းပိုင်းမှာ နဂါးခေါင်းရုပ်တစ်ခုကော မပါဘူး လား"

"ဟာ.... ပါတယ်ဗျို့"

http://www.cherrythitsar.org



ဦးခင်မောင်လှ အံ့အားသင့်ပြီး အမူးပင် ပြေသွားပုံရသည်။ ထိုမျှနှင့်မရပ်သေးဘဲ  တစ်ဆင့်တက်လာပြန်သည်။ ဒီတစ်ခါ ရန်အောင်မောင်မောင် အလှည့်။

"ကိုရန်အောင့်သား ဗိုလ်သင်တန်းစာမေးပွဲဖြေထားတယ်၊ အဲဒါ ရလိမ့်မယ်"

ရန်အောင်မောင်မောင် ကျေနပ်သွားသည်။ ထိုစဉ်က ထောင်ပိုင်အဆင့်(၁) ဘဝဖြင့် သာယာဝတီအကျဉ်းထောင်တွင် တာဝန်ထမ်းဆောင်နေဆဲ ဖြစ်၏။ သားကြီးမောင်ရည်မွန်က ဗိုလ်သင်တန်းဖြေထားပြီး အောင်စာရင်းစောင့်နေဆဲ။

ထိုမျှနှင့် မရပ်သေး၊ နောက်ဆက်တွဲ ပါလိုက်ချေသေးသည်။

"ဗိုလ်ဖြစ်ပြီး သိပ်မကြာဘူး တိုက်ပွဲမှာ ဒဏ်ရာရလိမ့်မယ်"

"ဟာဗျာ.... ခင်ဗျားကလည်း နိမိတ်မရှိ နမာမရှိ"

"ဒါတော့ မတတ်နိုင်ဘူး၊ ကျွန်တော်မြင်တာ ကျွန်တော်ပြောရတာပဲ။ ဒါပေမယ့် သိပ်လည်း စိတ်မပူပါနဲ့ မသေပါဘူး"

ဘာပဲပြောပြော ရမ်ဘိုးတော်အပေါ်တွင် မကျေမချမ်းနှင့် ဒေါ်အပွကြီး ပွလျက်ရှိသည်။ ဘယ့်နှယ် ဗိုလ်သင်တန်းပင် မတက်ရသေးခင် သူ့စကားတွေက မဦးမချွတ်ကြီး ပါကလား။ သို့သော် နောက်ပိုင်းတွင် သူ့ကို ခွင့်လွှတ်လိုက်ရသည်။ အဘယ်ကြောင့်ဆိုသော် သားဖြစ်သူသည် ဗိုလ်ဖြစ်ပြီး ရှေ့တန်းတစ်နေရာတွင် သောင်းကျန်းသူများနှင့် တိုက်ပွဲဖြစ်ရာမှ ဒဏ်ရာများ ရလာခဲ့ခြင်းကြောင့်ဖြစ်သည်။ ယခုထက်တိုင် သားကြီး၏ ခန္ဓာကိုယ်ထဲတွင် လက်နက်ကြီးကျည်ဆံ အစအနတွေ ရှိနေဆဲ။

ခက်တာက သူသည် အရက်မသောက်ဘဲဒီအတိုင်းနေလျှင် မေးလို့ပြောချင်မှ ပြောသည်။ ပြောပြန်လျှင်လည်း အမှားများ၍အမှန်နည်းသည်။ ရမ်ကလေး တစ်ပက်နှစ်ပက်လောက် ဝင်မိပြီဆိုလျှင်တော့ ဉာဏ်ရှင်လာကာ မမေးဘဲလည်း စွပ်ရှုပ်ပြောချလိုက်တတ်၏။ ဒါကြောင့်လည်း ရမ်ဘိုးတော်ရယ်လို့ နာမည်ကြီးနေခြင်း ဖြစ်သည်။

တစ်ခါကဖြစ်ပုံများ အံ့သြစရာကောင်းသည်ထက် တကယ့်ကို ကြောက်ခမန်းလိလိ။ ထိုအချိန်က ရမ်ဘိုးတော်သည် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင် ခွင့်ယူထားချိန်ဖြစ်၏။ သို့သော် တာဝန်ထမ်းဆောင်နေစဉ် အမှုတစ်ခုနှင့်ပတ်သတ်၍ ရန်အောင်မောင်မောင်နှင့်အတူ သက်သေခံရန် အင်းစိန်မြို့နယ် တရားရုံးသို့ လာခဲ့ကြသည်။ သက်သေခံပြီးနောက် သူ၏ အငြိမ်းစားလစာများ ဆောင်ရွက်ရန် ပင်စင်ဦးစီးဌာနသို့ သွားကြရသည်။ အကျဉ်းဦးစီးဌာနမှ အငြိမ်းစားယူထားသူ ဦးအုန်းမြိုင်နှင့် ဦးမျိုးမြင့်တို့လည်း ပါလာကြ၏။

ဦးအုန်းမြိုင်၏ ကျေးဇူးကြောင့် ပင်စင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်လောက်ရှိသော ဦးသန်းတင်က ပင်စင်ကိစ္စကို တစ်နေ့တည်းနှင့် အပြီးအပြတ်ဆောင်ရွက်ပေးခဲ့သည်။ သို့နှင့်ပင် ရုံးဆင်းချိန်ကျတော့ အကျဉ်းဌာနသို့ ပြောင်းရွှေ့လာသော ဦးအောင်တင်၏ ကားလေးဖြင့် ကရဝိတ်ဟိုတယ်သို့ ရောက်ခဲ့ကြသည်။ ဒကာ

http://www.cherrythitsar.org



တော်ကား ဦးအောင်တင်။ ဦးအုန်းမြိုင်၊ ဦးမျိုးမြင့်နှင့် ဦးသန်းတင်တို့မှာ အရက်လုံးဝ မသောက်တတ်ကြ။ သူတို့သုံးယောက်အတွက် အအေးမှာပြီး အမြည်းစားစေရသည်။ ဘီယာတစ်လုံးစီနှင့် အစပျိုးကြသူတို့မှာ ရန်အောင်ရယ်၊ ဦးတင်အောင်ရယ်၊ ရမ်ဘိုးတော်ရယ် တို့ဖြစ်၏။ ဘီယာတစ်ဝက်လောက်ကုန်တော့ ဦးအောင်တင်က အဆိုပြုလာသည်။

"ရမ်နည်းနည်းလောက် ရောကြဦးစို့လား"

ကျန်သည့်နှစ်ယောက်ကလည်း ကောင်းသားပဲပေါ့။ သို့နှင့်ပင် စားရင်း သောက်ရင်း ရောက်တတ်ရာရာ စကားစမြည်ပြောနေကြရာက ရမ်ဘိုးတော်သည် ဦးသန်းတင်ကို ကြည့်ပြီး ကောက်ကာငင်ခါမေးလိုက်သည်။

"ဦးသန်းတင်၊ ခင်ဗျား ကျန်းမာရေးအခြေအနေ ကောင်းရဲ့လား"

ထိုင်နေသူအားလုံး အံ့အားသင့်သွားကြသည်။ ဦးသန်းတင်မှာ အသက် ၅၅ နှစ်တော့ ကျော်လောက်ပေပြီ။ ကျန်းကျန်းမာမာ ဝဝဖြိုးဖြိုး သန်သန်မာမာပင် ဖြစ်၏။ ဦးသန်းတင်က ပြုံး၍ သူ့အမေးကို ဖြေလိုက်သည်။

"ကောင်းပါတယ်၊ ဘာဖြစ်လို့လဲ"

"ကျွန်တော် ခင်ဗျားကို ကြည့်ရတာ အားမရဘူးဗျာ၊ အစားအသောက် အနေ အထိုင် ဆင်ခြင်စေချင်တယ်"

ဦးသန်းတင်သည် ရမ်ဘိုးတော်အကြောင်း ဘာမျှသိသူ မဟုတ်ပေ။ သို့ဖြစ်၍ ဦးအုန်းမြိုင်က ဝင်၍ ရှင်းပြရသည်။

"ဒီလိုပါ၊ သူက ထောင်လောကမှာတော့ ရမ်ဘိုးတော်ဆိုပြီး နာမည်ကြီးပဲ။ အခုလို ရမ်ကလေး တစ်ပက်နှစ်ပက်လောက် သောက်ပြီးပြောရင် သူ့စကားက မှန် တတ်တယ်၊ အဲဒါကြောင့် စေတနာနဲ့ ပြောတာပါ။ ဘယ်လိုမှ မအောက်မေ့ပါနဲ့"

"ကိစ္စမရှိပါဘူး၊ အခုလိုသိထားတော့လည်း ဆင်ခြင်ရတာပေါ့။ နဂိုကတော့ ခေါင်းကိုက် ဝမ်းနာတောင် မဖြစ်ပါဘူး"

ရမ်ဘိုးတော်က 'ကျွန်တော် ခင်ဗျားအတွက် ဘုရားမှာ အာရုံပြုပြီး ဆုတောင်း ပေးခဲ့ပါ့မယ်'ဟု ပြောပြောဆိုဆို ထိုင်ရာမှထ၍ ရွှေတိဂုံဘုရားကြီးဘက်သို့ လက်အုပ်ချီ လိုက်သည်။ ကန်တော်ကြီးရေပြင်ကိုဖြတ်၍ ကြည့်လိုက်လျှင် ရွှေရောင်တဝင်းဝင်းနှင့် ရွှေတိဂုံဘုရားကြီးကလည်း ကြည်ညိုဖွယ်ကောင်းလှပါဘိ။ ယမကာနှင့် အဖျော်ရည် သောက်သုံးနေသူများကတော့ ဘုမသိ ဘမသိနှင့် ငေးမောကြည့်နေကြသည်။ သူက တော့ ဘာကိုမှ ဂရုမစိုက်၊ ပါးစပ်မှ တစ်စုံတစ်ခုကို နှစ်မိနစ်ကြာမျှ ရွတ်ဆိုလျက်ရှိသည်။ ပြီးမှ ပြန်ထိုင်ပြီး ဘီယာမတ်ကို ပြန်ကိုင်လိုက်၏။

ထိုညက တစ်နေရာတွင် ထမင်းသွားစားသောက်ကြပြီးနောက် ဦးအောင်တင် က ဧည့်သည်အားလုံးကို အိမ်တိုင်ယာရောက် သူ့ကားဖြင့် လိုက်ပို့ခဲ့သည်။ ရန်အောင် မောင်မောင်တို့ နှစ်ယောက်ကိုတော့ အင်းစိန်အကျဉ်းဦးစီး အရာရှိ ဧည့်ရိပ်သာအထိ

http://www.cherrythitsar.org



ထိုနေ့က သောကြာနေ့။

ရန်အောင်မောင်မောင်မှာ နောက်ပိုင်းတွင် အရေးကြီးသော လုပ်ငန်းတစ်ခု ရှိနေသဖြင့် စနေနေ့တွင် ရမ်ဘိုးတော်နှင့်အတူ မန္တလေးသို့ ပြန်ခဲ့ကြ၏။ တနင်္လာနေ့ ထုတ် သတင်းစာထဲတွင် ဦးသန်းတင်တစ်ယောက် တနင်္ဂနွေနေ့က ကွယ်လွန်၍ အင်္ဂါနေ့တွင် သင်္ဂြိုဟ်မည်ဖြစ်ကြောင်း နာရေးသတင်းတွင် ပါလာ၏။ ချက်ချင်းပင် ဦးမျိုးမြင့်ထံ ဖုန်းဆက်၍ အကျိုးအကြောင်း မေးမြန်းကြည့်ရာ တနင်္ဂနွေနေ့က အလှူအိမ် တစ်ခု သွား၍ အုန်းနို့ခေါက်ဆွဲစားပြီး ဦးနှောက်သွေးကြောပြတ်ကာ သေဆုံးသွားခြင်း ဖြစ်ကြောင်း သိလိုက်ရသည်။

ကဲ.... မယုံချင်နေလို့ ဆိုရမည့်ကိန်း ဆိုက်နေပါရော့လား။

သူ့ အတတ်ပညာကလည်း ခက်တော့အခက်သား၊ ဆံပင်ညှပ်သမားများ ကိုယ့်ခေါင်းကဆံပင် ကိုယ်ပြန်ညှပ်၍ မရသလို သူ့ကိုယ်သူကျတော့ ကြိုတင်ကြည့်ထားလို့ ရဟန်မတူ။ သိထားပုံလည်းမရ။ မသိလို့သာ ယခုလို နှလုံးရောဂါ ရုတ်ချည်းဝင်လာကာ မမျှော်လင့်ဘဲ အငြိမ်းစားယူလိုက်ရတာပေါ့။

■

http://www.cherrythitsar.org

# ၅၇

"ဆရာ"

"ဟေ....ဘာလဲ မောင်ထွန်းရင်"

"ဆရာ့ကို ကျွန်တော်မေးခွန်းတစ်ခုလောက် မေးပါရစေ။"

"အောင်မယ်လေး မောင်ထွန်းရင်ရယ်၊ မင်းနဲ့ငါ နေလာခဲ့တာ ဒါလောက်ကြာလာမှပဲ။ မေးချင်တာများ စကားပလ္လင်တွေ ဘာတွေ ခံနေရသေးတယ်လို့၊ ဘာမေးမှာလည်း မေးပေါ့ကွ"

"မဟုတ်သေးပါဘူးဆရာ၊ အဲဒီလို လွယ်လွယ်ကလေး မပြောလိုက်ပါနဲ့။ အခု ကျွန်တော်မေးမယ့် မေးခွန်းဟာ မေးမယ်မေးမယ်နဲ့ ရင်ထဲမှာ မျိုသိပ်ထားခဲ့ရတာ ကြာလှပါပြီ။ ထောင်မှူးကြီးလာတဲ့အခါ ကျတော့လည်း မမေးရဲလို့"

"အေးပါကွာ၊ မေးချင်တာ ရဲရဲမေး။ ဆရာဖြေနိုင်တာဆိုရင် ဖြေဖို့အသင့်ပါပဲ"

"ဆရာနဲ့ ကျွန်တော်တို့ဟာ ရန်သူတွေမဟုတ်ဖူးနော်"

"ကြံကြီးစည်ရာကွာ မင်းနှယ်၊ ဘယ်လိုလုပ် ရန်သူဖြစ်နိုင်မှာလဲ။ ဘာရန်ငြိုးရန်စမှ ရှိဖူးတာလည်း မဟုတ်"

"ဟုတ်ပြီ၊ ကျွန်တော်လိုချင်တာအဲဒါပါ။ ကဲ ကျွန်တော်တစ်ခုထပ်မေးဦးမယ်"

"မေးဗျာ၊ မေး....မေး"

"ဆရာပြောသလို ဘာရန်ငြိုးရန်စမှ မရှိဖူးတဲ့ ရန်သူလည်း မဟုတ်တဲ့ ကျွန်တော်တို့နှစ်ယောက်ကို မနက်ဖြန်မနက် ကြိုးပေးသတ်ရတော့မယ်ဆိုတော့ ဆရာ့ရင်ထဲ

http://www.cherrythitsar.org



မှာ ဘယ်လိုခံစားရသလဲ၊ အဲဒါ ကျွန်တော်သိချင်တာပါ"

ကိုင်း.... မေးတဲ့သူက မေးပါပြီ။ ဖြေနိုင်တာဆိုရင် ဖြေဖို့အသင့်ဆိုတဲ့ဆရာကြီး ဖြေပေတော့။ ဤသည်မှာ ယခုလောလောလတ်လတ် အမေးခံရခြင်းမဟုတ်။ လွန်ခဲ့ သော ၃၅ နှစ်ကျော်ကျော် ထောင်မှူးမောင်မောင် အမှုထမ်းသက် သုံးလေးနှစ်လောက်အရ ထောင်မှူးပေါက်စဘဝက အမေးခံခဲ့ရခြင်းဖြစ်၏။

ထွန်းရင် ခေါ် ကရင်ဆိုတာက နက်ဖြန်နံနက် ၅ နာရီတိတိမှာ ကြိုးစင်တင် ကြိုးပေး အသတ်ခံရတော့မည့် ကြိုးသမား။ သူတစ်ယောက်တည်း မဟုတ်။ ဗိုလ်မိုး ကြိုးခေါ် ဗိုလ်မုတ်ဆိတ် ခေါ် တင်မောင်ဆိုသူနှင့် နှစ်လောင်းပြိုင် ခေါင်းဆိုင်သေရမည့်သူ ဖြစ်၏။ ခပ်စောစောပိုင်းကပင် သူတို့နှစ်ဦးအတွက် ဆရာတော်တစ်ပါး ပင့်ဖိတ်ကာ သရဏဂုံ တင်ပြီးခဲ့ပေပြီ။ ဗုဒ္ဓဘာသာကိုးကွယ်သူတို့ အစဉ်အလာအရတော့ လူသေပြီးမှ သရဏဂုံ တင်ရစမြဲဖြစ်၏။ ဒါက အဇ္ဈေဝသုဝေ၀ ခုတွေးဆပြန်လှန် ယနေ့လား၊ နက်ဖြန်ငယ် ရက်မှန်မှန် မသိ ဆိုတာလို ဘယ်နေ့ဘယ်ရက် ဘယ်အချိန်မှာ သေမှာမှန်း ကြိုတင်မှ သိမထားဘဲ။ ခုတော့ ထွန်းရင်နှင့် ဗိုလ်မိုးကြိုးတို့အတွက် ကြိုတင်သိထား ပြီးသားလေ။ နက်ဖြန် နံနက် အရုဏ်တက် ၅ နာရီတိတိ။ သည်တော့ သူတို့နှစ်ဦး အတွက် ကြိုတင်ပြီး သရဏဂုံ တင်ထားလိုက်ခြင်းက မသေမီစပ်ကြား သရဏဂုံသုံးပါး ကို နုသဿတိတရား ပွားများမနေနိုင်ပေဖူးလား။ နုသဿတိတရား ဆယ်ပါးစလုံး မပွားများ နိုင်တောင်မှ ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ သုံးပါးတော့ အနည်းဆုံး အောက်မေ့ဆင်ခြင် သုံးသပ်နေနိုင်မည်။ ခရစ်ယာန်တို့ မူစလင်တို့ဆိုလျှင်လည်း သူတို့ ဘာသာအရ ခွင့်ပြုစမြဲဖြစ်၏။ ဘဝကူးကလေးမှ ကောင်းပါစေတော့။

ထိုအချိန်ထိ ထောင်မှူးမောင်မောင်သည် ကြိုးသမားခြောက်ယောက်ခန့် ကြိုး ပေးသည်ကို ကြုံခဲ့ဖူးပြီဖြစ်၏။ ဒါလည်း တကယ်တော့ ယခင်လတွေက ရေးခဲ့သလို ဝေလေလေ အခန်းလောက်ကသာ ပါဝင်ခဲ့ခြင်းဖြစ်ရာ၊ ယခုလိုလည်း ဘယ်ကြိုးသမား ကမှ အမေးမခံခဲ့ရဖူးပေ။ ယခုတကယ်တမ်း တွေ့တွေ့ဆိုင်ဆိုင် မေးလာသောအခါ ဘာ ကစ၍ ဘယ်လိုဖြေရမှန်း စဉ်းစားမရတော့သဖြင့် အတန်ကြာအောင် တိတ်ဆိတ် တွေဝေ နေမိပေသည်။ သူ၏အမေးကို ပေါ့ပေါ့တန်တန် ဖြေလိုက်လျှင်တော့ အလွယ်သား။

"ဟာ.... လူတစ်ယောက်လုံး သေရမယ့်ကိစ္စ တို့လည်း ဘယ်မှာ စိတ်ကောင်း နိုင်ပါ့မလဲကွာ"

တကယ်လည်း စိတ်မကောင်းဖြစ်နေသည့်အတူတူ ဤမျှလောက် ဖြန်းသန်း ဖြေလိုက်လျှင် ထွန်းရင်အနေနှင့်တော့ ကျေနပ်သွားရမည်သာဖြစ်၏။ သို့သော် နက်ဖြန် သေရတော့မည့် သတ္တဝါ တစ်ဦးအား ယင်းကဲ့သို့ ဖြစ်ကတတ်ဆန်း အဖြေမျိုး ပေးခြင်း အားဖြင့်လည်း မစော်ကားလိုပေ။ သူက အလေးအနက်ထား၍ မေးလာသောမေးခွန်းကို ကိုယ်ကလည်း အလေးအနက်ထား၍ တုံ့ပြန်ပါမှ တရားမျှတမှု ရှိပေလိမ့်မည်။

http://www.cherrythitsar.org



ဒါဖြင့် နောက်တစ်မျိုးလှည့်ပြီး စဉ်းစားကြည့်ရအောင်။

ထွန်းရင်သည် ထောင်မှူးမောင်မောင်တို့ ထောင်အုပ်ချုပ်သူတို့ဘက်က သနားလာအောင် ဒီမေးခွန်းကို တမင်တကာ မေးနေခြင်းများလား။ ဒီလိုလည်း လုံးဝမဖြစ်နိုင်။ ထောင်အုပ်ချုပ်သူတို့က သနားရုံမျှဖြင့်လည်း သူသည် သေရမည့်ဘေးမှ ပြေးမလွတ်နိုင်ကြောင်း ကောင်းကောင်းကြီး သိထားသူဖြစ်၏။ သို့စဉ်လျက် အဘယ့်ကြောင့် ဤမေးခွန်းမျိုးကိုမှ ကြံကြီးစည်ရာ မေးရပါလေသနည်း။ တွေးစရာပင်ဖြစ်၏။

ထောင်ပိုင်ကြီး ဦးရန်အောင်မောင်မောင်သည် ယခင်လက ရေးခဲ့သည့်အတိုင်း (က)အဆင့် အကျဉ်းထောင်ကြီးတစ်ထောင်တွင် အရေးကြီးသည့် တာဝန်တစ်ရပ်ကို ထမ်းဆောင်ရန် မော်တော်ယာဉ်ဖြင့် ထွက်ခွာခဲ့ရင်း လမ်းတွင် ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ရာများကို စားမြုံ့ပြန်နေမိခြင်းဖြစ်သည်။ ဟိုတုန်းကတော့ အသက်ကလည်း ငယ်သေးသည်။ ထောင်လုပ်ငန်းအတွေ့ အကြုံကလည်း နုနယ်သေးသည်။ နောက်ပြီး ပါဝင်ကပြရသည့် အခန်းကလည်း ဝေလေလေအခန်းလောက်မျှသာ။ ယခုတော့ အသက်အားဖြင့် ငါးဆယ့်ငါးနှစ်ကျော်၍ ခြောက်ဆယ်အတွင်းအဝင် ပင်စင်ယူရန်ပင် လေးနှစ်လောက်သာ လိုတော့သည်။ ထောင်အတွေ့ အကြုံအားဖြင့်လည်း ရင့်ကျက်ခဲ့ပြီ ဆိုကြပါစို့။ အရေးအကြီးဆုံးကတော့ သည်တစ်ခါ ဝေလေလေအခန်းက ညာလို့ဝါးလို့ မရတော့။ ကိုယ်တိုင်ဇာတ်ညွှန်းရေး၍ ကိုယ်တိုင် ဒါရိုက်တာလုပ်ရုံမျှမကသေး ကိုယ်တိုင် အဓိကကျသည့် အခန်းကို ပါဝင်ကပြရတော့မည်ဖြစ်၏။ မင်းသားကတော့ မဟုတ်၊ ဘီလူးဆိုင်းတီး၍ ထွက်ရမည့် ဘီလူးခန်း။ ကောင်းပြီ အခုလိုအခါမျိုးမှာများ ငယ်ငယ်တုန်းကလို ‘ဆရာကြီးရင်ထဲ ဘယ်လိုခံစားရပါသလဲ’လို့ အကယ်၍များ မေးလာခဲ့လျှင် ဘယ်လိုဖြေရပါ့။ အင်း.... အစဉ်းစားရ အခက်သားပါကလား။

လောကကြီးတွင် လူရယ်လို့ဖြစ်လာလျှင် အလုပ်လုပ်ရမည်။ သမုဒ္ဒရာ ဝမ်းတစ်ထွာလို့ပဲဆိုဆို သားကျွေးမှု မယားကျွေးမှုလို့ပဲ ပြောပြော လူမှန်လျှင် အလုပ်လုပ်ကို လုပ်ရမည်။ လုပ်စရာအလုပ်တွေ ဆိုတာလည်း တောင်ပုံရာပုံ ရွေးလို့မကုန်။ ကိုယ်ပိုင်လုပ်ငန်းလုပ်မလား၊ နိုင်ငံ့ဝန်ထမ်း အစိုးရလခစားလုပ်မလား ကြိုက်တာယူ ဆူတာရွေး။

အဲ.... တစ်ခုတော့ရှိသည်။ အရွေးမှန်ဖို့လိုသည်။ ကုန်ရှုံးတော့ တစ်ခေါက် လင်ကုန်ရှုံးလျှင် တစ်သက်လုံးမှောက်ဟု ဆိုရိုးရှိသလို အလုပ်အရွေးမှားလျှင်လည်း တစ်သက်လုံး ဆွေးသွားရမှာ သေချာနေ၏။ မောင်မောင်တို့လည်း မှားလိုက်သမှ ပက်ပက်စက်စက် ခွက်ခွက်လန်ပါရောလား။ တကယ်တော့ အရွေးမှားတယ်လို့လည်း မဆိုသာ၊ နှစ်ဆယ်ကျော် အစိတ်အပိုင်း အရွယ်တော် တစ်ဆိတ်ဟိုင်းမှာစိုးလို့ ရရာအလုပ် ကောက်ကာငင်ကာ ဝင်ခဲ့ရတော့လေသလားမသိ။

အေးလေ.... ကိုယ်က ကုန်သည်မျိုးရိုးကလည်း မဟုတ်လေတော့ ကိုယ်ပိုင်အလုပ်ရယ်လို့ ဘာတစ်ခုမှ မည်မည်ရရ မလုပ်တတ်၊ ငှက်ပျောပင်စိုက် မိလိုက်ဖသာ

http://www.cherrythitsar.org



ဆိုတာလို မိဘတွေက အစိုးရလခစား လုပ်ခဲ့လေတော့ ကျောင်းပညာသင်ပြီးသည်နှင့် အစိုးရအလုပ်တစ်ခုပဲ လုပ်ကောင်းသည်ဟု ထင်ခဲ့မိ၏။ သို့နှင့်ပင် ရရာထောင်မှူးအလုပ် ဝင်လုပ်ခဲ့ကြောင်း ကြားရသည့်အခေးက အစ်မတစ်ဦးမှာ မျက်ရည်ပေါက်ပေါက်ကျခဲ့ ရဖူးသည်။ သူ့မောင်လေးတော့ ဇာတ်ပွဲထဲက လက်မရှိ အာဏာသား ပါးကွက်သားတွေ လို နှောင်ကြိုးတဲထားသောမင်းသားကလေးကို တံစိုးလက်ဆောင်ယူ၍ မင်းသမီးလေးနဲ့ တွေ့ပေးတဲ့ အခန်းကြည့်ပြီး ဒုက္ခရောက်ပါပြီပေါ့။

နောက်ဆုံးတော့ လူမတန်ကံချဆိုတာလို ကံတရားစီမံသည့်အတိုင်း နာခံကြ ရခြင်းပင် ဖြစ်ပါလိမ့်မည်။ လောကကြီးတွင် လူမှန်လျှင် စကြဝတေး မန္ဓာတ်မင်းချည်း ဖြစ်ချင်ကြမှာပေါ့။ မီလျှံနာ သူဌေး သူကြွယ်ချည်း ဖြစ်ချင်ကြမှာပေါ့။ ခုတော့ ကိုယ်ဖြစ် ချင်တိုင်း ဖြစ်လို့ရသလား။ မရပါ။ အဖြေက ဒါပါပဲ။ ဒီတော့ ကုန်သည်ပွဲစားလည်းရှိ မည်။ သူဌေးသူကြွယ်လည်း ရှိမည်။ ဆင်းရဲသားလည်း ရှိမည်။ သူတောင်းစားလည်း ရှိမည်။ ကံကိုသာ ရှိုးမယ်ဖွဲ့ကြပါစို့။

ဘယ်လိုပဲဖြစ်ဖြစ် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေကြသူတိုင်းမှာတော့ တာဝန်ကိုယ်စီရှိကြတာ အမှန်။ စစ်သားက စစ်တိုက်ရသည်။ ဆရာဝန်က ဆေးကုရ သည်။ အင်ဂျင်နီယာက လမ်းဖောက်တံတားဆောက် တိုက်တည်ရသည်။ ဆရာ ဆရာမက စာပြရသည်။ သို့ကလို တာဝန်ကိုယ်စီရှိကြသည့်အထဲ အကျဉ်းဌာနဝန်ထမ်း တို့ ထမ်းဆောင်ရသောတာဝန်မှာ ကြမ်းတမ်းခက်တရော်သည်လို့ ဆိုရမည်လား၊ ဘဝ အကျိုးပေးမကောင်းဟု ဆိုရမည်လား မခွဲခြားတတ်သော်လည်း နှလုံးစိတ်ဝမ်း အေးချမ်းဖွယ်ရာ လူသာစုခေါ် နတ်သာစုခေါ်သည့် တာဝန်မျိုး မဟုတ်ပါလေ။ ရဲက တရားခံကို ဖမ်းသည်။ တရားသူကြီးက အပြစ်ပေးလိုက်သည်။ သူတို့ ထမ်းဆောင် ရသော တာဝန်မှာ အခိုက်အတန့်မျှသာဖြစ်၏။ သူတို့ ဖမ်းဆီးအပြစ်ပေးလိုက်သော အကျဉ်းသားတစ်ဦးကို ထောင်မှမလွတ်မချင်း ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသူ တို့မှာ အကျဉ်းဌာနဝန်ထမ်းတို့ပင်ဖြစ်၏။ ထားပါတော့၊ သူ့အပြစ်နှင့်သူ။ စိတ်ဖြေလို့ ရသေးသည်။

တစ်ချိန်က ကြိမ်ဒဏ်ရှိခဲ့ဖူးသည်။ လူတစ်ယောက်ကို ကိုယ်လုံးတီးချွတ်၊ ကြိမ်ရိုက်သည့် ကားစင်တွင်တင်၊ ခြေနှင့်လက်တို့ကို မလှုပ်နိုင်အောင် ကြိုးနှင့် ခိုင်မြဲစွာ တုပ်၊ တင်ပါးပေါ်တွင် ဆေးဝါရည်လူးထားသော ပိတ်စပါးကလေး ကပ်ပြီး ဘယ်ကြိမ် ညာကြိမ် တစ်ရွှမ်းရွှမ်းရိုက်လိုက်သည့်အခါ အမယ်လေး ဘလေး အော်သံများ တစ် ထောင်လုံး ကျွတ်ကျွတ်ညံသွားတတ်သည်။ အရိုးလိုက် အရိုးလိုက် အစင်းစင်းကလေး များဥပြီး တင်ပါးကလေး တဆတ်ဆတ်တုန်ခါနေသည့်မြင်ကွင်းမှာ အနိဋ္ဌာရုံအတိ ဖြစ်၏။ ရှိစေဦးတော့၊ သင်းမိုက်ပြစ်နှင့်သင်း.... စိတ်ကို တင်း၍ ဖြေလိုက်ဦးမည်။

တစ်ဦးနှင့်တစ်ဦး ရန်ငြိုးရန်စ မရှိပါဘဲနှင့် လူကိုလူချင်းသတ်ရသောအလုပ်မှာ

http://www.cherrythitsar.org



အလေးအနက်ထား၍စဉ်းစားကြည့်လျှင် တကယ်တုန်လှုပ် ချောက်ချားဖွယ် ကောင်းလှသော တာဝန်မျိုးဖြစ်၏။ စစ်သည်တော်များ စစ်မြေပြင်တွင် စစ်တိုက်ရင်း လူသတ်လျက်ရှိကြသည်။ သို့သော် တစ်ဖက်သတ် အနိုင်ကျင့်၍ သတ်နေခြင်းမျိုးမဟုတ်။ သူပစ်ကိုယ်ပစ်၊ သူသေကိုယ်သေ သတ်နေရခြင်းဖြစ်၏။ ကိုယ်ကသူ့ကို မှန်အောင်မပစ်နိုင်လျှင် သူကကိုယ့်ကို ပစ်ပေလိမ့်မည်။ ဆိုလိုရင်းမှာ ကိုယ်ကသူ့ကို ဦးအောင် မသတ်နိုင်လျှင် သူ၏ကျည်ဆံက ကိုယ်၏ခန္ဓာကိုယ်အတွင်း ဖောက်ထွင်းသွားလိမ့်မည်။ နှစ်ယောက်ချင်း လုံ့စွပ်တိုက်ပွဲ ဆင်နွှဲရာတွင်လည်း မိမိက ဦးစွာမထိုးနိုင်လျှင် ရန်သူ၏လုံ့စွပ်ဖျားတွင်မိကာ အသက်ပါသွားခြိမ့်မည်။သည်တော့ တိုက်ပျော်သည်။ သတ်ပျော်သည်။ နောက်ပြီး စစ်မြေပြင်ဆိုတာက သူ့သူကိုယ်ကိုယ် သွေးသား ဆူပွက်နေချိန်ဖြစ်၏။ လောဘမီး၊ ဒေါသမီး၊ မောဟမီးတို့အနက် တစ်မီးမီး တောက်လောင်၍ လူနှစ်ယောက် ရန်ဖြစ်ကြ၊ ထိုးကြ၊ ကြိတ်ကြ၊ သတ်ပုတ်ကြရာတွင်လည်း သွေးပူနေချိန်ဖြစ်၍ မထောင်းတာလှ။

ကြိုးဒဏ်စီရင်ရသော တာဝန်မှာမူ ဤသို့မဟုတ်ပါလေ။ အကျဉ်းထောင်လက်စွဲ ဥပဒေထဲတွင် တစ်ပိုဒ်ချင်း တစ်လုံးချင်း ရေးသား ပြဋ္ဌာန်းထားချက်များအတိုင်း တစ်သဝေမတိမ်း လိုက်နာကာ လူတစ်ယောက်၏ အသက်ကို ဇီဝိန်ချွေရသော တာဝန်မျိုးဖြစ်၏။ ဒါကြောင့်လည်း အင်္ဂလိပ်လို ကက်ပီတယ်လ် ပန်းနစ်ရှမင့် (Capital Punishment)အကြီးမားဆုံးအပြစ်ဒဏ်ရယ်လို့ ခေါ်ဝေါ်သမုတ်ခဲ့လေသလား မပြောတတ်။ တစ်ချိန်က ဗြိတိန်တွင် ကျင့်သုံးခဲ့သော စနစ်မျိုးရှိလျှင်လည်း အကောင်းသား၊ သူတို့ဆီမှာ ကြိုးဒဏ်ပေးသည့်တာဝန်ကို အကျဉ်းထောင်ဝန်ထမ်းများ လုပ်ရန်မလိုပေ။ လခစားအဖြစ်သော်လည်းကောင်း ကြိုးပေးသည့်အလုပ်ကို အသက်မွေးဝမ်းကျောင်းတစ်ခုအနေနှင့် လုပ်လျက်ရှိကြသည့် ဟင်းဂ်မင်း (Hang Man) ဟူ၍ သီးသန့်ရှိသည်။ ထိုသူများသည် ကြိုးပေးခြင်းအလုပ်ကို အထိအခိုက် ချွတ်ယွင်းချက် တစ်စုံတစ်ရာမရှိစေဘဲ ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ကြသူများ ဖြစ်၏။ ကန်ထရိုက် အလုပ်ကို စိတ်ဝင်စားသူများ စဉ်းစားကြပါကုန်။

ထောင်ပိုင်ကြီး ဦးရန်အောင်မောင်မောင်သည် ထောင်မှူးပေါက်စ မောင်မောင်ဘဝက ကြိုးသမားထွန်းရင်မေးခဲ့သော မေးခွန်းကို ဘယ်လိုဖြေခဲ့မိမှန်း စဉ်းစားလို့မရတော့ပေ။ နောက်တစ်နေ့နံနက် အရုဏ်တက်အချိန်တွင် အသက်နှင့်ခန္ဓာကိုယ် အိုးစားကွဲရတော့မည့်သူတစ်ဦး ကျေနပ်နှစ်သိမ့်နိုင်မည့် အဖြေမျိုးကို ပေးမှပေးနိုင်ခဲ့ပါလေစဆိုတာလည်း မမှတ်မိတော့။ တစ်ခုတော့ရှိသည်။ ထိုစဉ်ကသူသည် ကြိုးပေးသည့်ကိစ္စများတွင် ဝေလေလေသမားတစ်ဦးသာဖြစ်သဖြင့် တကယ်တာဝန်ရှိသူထောင်မှူးကြီးသုံးလေးဦးကိုတော့ မေးမြန်းစပ်စုခဲ့ဖူးသည်။ သူတို့၏ ခံစားချက်တွေမှာလည်း တစ်ယောက်တစ်မျိုးစီမို့ စိတ်ဝင်စားစရာတော့ အကောင်းသား။

http://www.cherrythitsar.org



ထောင်မှူးကြီးတစ်ယောက်က....

"ဟာ.... ကျွန်တော်တော့ အလုပ်ကထွက်သွားချင်စိတ်ကို ပေါက်သွားတာပဲ။ ကြိုးသမားကို ကြိုးစင်ပေါ်ရောက်အောင် ဆွဲတင်ခဲ့ပြီး ဒေါက်ဖြုတ်ချတဲ့အထိတော့ ဒါလောက် မဆိုးသေးဘူးဗျ။ လုပ်ငန်းသဘောအရ အဆင်ပြေအောင် စိတ်စောနေမိတာကိုး။ အဲ....အလောင်းကို အပြင်ထုတ်သွားပြီး ကြိုးပေးတဲ့ကိစ္စ လုံးလုံးပြီးစီးပြီ ဆိုတော့မှ ရင်ထဲက ခံစားမှုက စလာတာကိုး၊ ဒါနဲ့ မနက်က ဝတ်ခဲ့တဲ့ ယူနီဖောင်းတွေကို အားလုံး ချွတ်ပစ်လိုက်တယ်။ နောက်ထပ်လည်း အဲဒီအဝတ်တွေ ပြန်မဝတ်ဖြစ်တော့ပါဘူး။ ပြီးတော့မှ ရေမိုးချိုး အဝတ်အစားအသစ်လဲပြီး အရက်နှစ်ခွက်လောက် ရေမရောဘဲ သောက်ပစ်လိုက်တယ်။ ရင်ထဲပူထူသွားပြီး နည်းနည်းနှလုံးငြိမ်သွားသလိုရှိပါရဲ့။ ဒါပေမယ့် ကိုယ့်လက်တွေကို ကြည့်ကြည့်ပြီး နှလုံးမသန့်ဖြစ်နေတယ်။ တစ်လနှစ်လလောက်နဲ့ အကင်းမသေဘူးဗျို့။ တဖြည်းဖြည်းကျမှ တာဝန်ပဲလေဆိုပြီး ကိုယ့်စိတ်ကိုယ် မနည်းကြီး တင်းယူရတယ်"

သူသည် ကြိုးကွင်းစွပ်ပြီး ကြိုးတင်းရာတွင် လက်အောင်ငယ်သားများနှင့် စိတ်မချနိုင်သဖြင့် ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ခဲ့သူတစ်ဦးဖြစ်၏။ တကယ်တော့ စိတ်မချမည် ဆိုလျှင်လည်း စိတ်မချနိုင်စရာပင်။ ကြိုးကွင်းစွပ်တာက အကြောင်းမဟုတ်သော်လည်း ကြိုးတင်းတာက အကြောင်းဖြစ်၏။ အချင်းတစ်လက်မရှိ မနီလာကြိုး၏ အစတစ်စတွင် သံကွင်းကလေး တစ်ခုမြှုပ်၍ ကြိုးကို ကျစ်ထားရသည်။ မက်တယ်လ်အိုင်း (Metal Aye) ဟုခေါ်၏။ အဆိုပါ သံကွင်းကို လက်ဝဲဘက်ဖြစ်စေ၊ လက်ယာဘက်ဖြစ်စေ မေးရိုးအောက်တည့်တည့် ထားပေးရသည်။ သို့မှသာ ဒေါက်ဖြုတ်၍ ကြိုးစင်တံခါးပွင့်ပြီး ကြိုးသမားအောက်သို့ ကျသွားသည့်အခါ နားရွက်နောက်နားသို့ ရောက်သွားနိုင်မည်ဖြစ်၏။ ကြိုးကွင်းတင်းမနေနိုင်လျှင် ခေါင်းပေါ်တွင် စွပ်ထားသော မျက်နှာဖုံးအိတ်ကြီးနှင့်လည်း၍ ကျွတ်ထွက်သွားတတ်သည်။

ဒုတိယ ထောင်မှူးကြီး၏ အဖြေမှာမူ ခပ်ရိုးရိုးပင်ဖြစ်၏။

"ဘယ်တတ်နိုင်မှာလည်း ဦးမောင်မောင်၊ တာဝန်ဟာ တာဝန်ပဲ မဟုတ်လား။ ဝက်ဖြစ်တဲ့ဘဝမှာ မစင်ကြောက်နေလို့ မဖြစ်တော့ဘူးလေ။ လူတစ်ယောက်လုံး သေရမယ့်ကိစ္စမှာ စိတ်တော့ ဘယ်ကောင်းနိုင်မှာလည်း။ သေတာမှ အခုပဲ အရှင်လတ်လတ် သန်သန်မာမာကြီးကနေ စက္ကန့်ပိုင်းအတွင်းလေ။ ဈေးထဲက ငါးစိမ်းသည်တွေ ငါးထုတာကမှ ကြာဦးမယ်။ ဒါပေမယ့် ဒီအလုပ်ကို ငါလုပ်တာမဟုတ်ဘူး။ ထောင်မှူးကြီး ဆိုတဲ့ အလုပ်က လုပ်တာပဲလို့ ကိုယ့်စိတ်ကိုယ် လှည့်ဖြေရတာပေါ့ဗျာ"တဲ့။

နောက် ထောင်မှူးတစ်ယောက်၏ အဖြေမှာမူ ခပ်ဆန်းဆန်းဖြစ်၏။ သူသည်လည်း စောစောက ထောင်မှူးလိုပင် သူတစ်ပါးအား စေခိုင်းရသည်ကို အားမရနိုင်ဘဲ ကိုယ်တိုင်ကိုယ်ကျလုပ်ရမှ ကျေနပ်သူတစ်ဦးဖြစ်၏။

http://www.cherrythitsar.org



"အင်း.... ခင်ဗျား မျက်စိအောက်မှာပဲ နှစ်ခါရှိပြီနော်။ ပထမ အကြိမ်မှာတော့ စိတ်ထဲမှာ တော်တော်လေးလှုပ်ရှားမိတယ်။ ဒါပေမယ့် ခပ်ဆန်းဆန်းလေးပဲဗျ။ ကြိုးသမားကို ကြိုးစင်ပေါ်တင်လိုက်တဲ့အချိန်မှာ ကျွန်တော့်သား ဆန်နီကလေးရဲ့ မျက်နှာကို ကွက်ခနဲ ပြေးမြင်လိုက်တယ်လေ"

အဆိုပါ ထောင်မှူးကြီးသည် အိမ်ထောင်ရေးကုသိုလ်ကံ မကောင်းသူ တစ်ဦးဖြစ်၏။ သူကိုယ်တိုင် အရက်မပြောနှင့်၊ ဆေးလိပ်ပင် မသောက်တတ်။ ဆေးလိပ်ငွေ့ပင် မခံနိုင်။ သူ၏ဇနီးမှာ ထိုခေတ်အခါက ဆိုရှယ်ခပ်ကျကျနှင့် စီးကရက်လက်ဖျားက မချဘဲ ယောကျာ်းလေးအပေါင်းအသင်းများနှင့် သွားသွားလာလာ နေတတ်သူဖြစ်၏။ ကြာလာတော့ တစ်ယောက်နှင့်တစ်ယောက် ဘယ်လိုမှ အစေးမကပ်တော့ဘဲ ဇနီးက သူ့ကိုပစ်သွားခဲ့သည်။ သူက သားကလေး ဆန်နီကိုတော့ မရအရ ယူထားလိုက်၏။ ရှစ်နှစ် ကိုးနှစ်ခန့်လောက်တော့ ရှိပေပြီ။ သည်တော့ မိတဆိုးသားကလေး ဆန်နီကို သူအသက်လောက်ချစ်သည်။

"ဆန်နီ့မျက်နှာမြင်တာ ရိုးရိုးမြင်တာမဟုတ်ဘူး၊ ခင်ဗျားလည်း အသိသားနဲ့ ဒီကောင်က ပေါင်မုန့်ယိုသုပ်ကို သိပ်ကြိုက်တဲ့ကောင်လေ။ ဆန်နီ့မျက်နှာမြင်လိုက်တုန်း ပေါင်မုန့်ယိုသုပ်နှစ်ချပ်ကို ထပ်ပြီး ပလုတ်ပလောင်းစားနေတဲ့ပုံကို မြင်လိုက်ရတာ။ အဲဒီတော့ ကျွန်တော့်စိတ်ထဲမှာ ငါ ဒီအလုပ်ကို သားကလေး ပေါင်မုန့်ယိုသုပ်စားဖို့ အတွက် လုပ်ရတယ်လို့ စိတ်နှလုံး ဒုံးဒုံးချပြီး လုပ်တာပဲ။ ဒ့ီအပြင်တော့ ထူးခြားချက် သိပ်မရှိလှပါဘူး။ နောက်တစ်ယောက်ကျတော့ လမိုင်းနည်းနည်း ကပ်သွားသလား မသိပါဖူးဗျာ၊ လက်ယဉ်သွားတယ်လို့ ပြောရမလားပဲ။ ပထမတစ်ယောက် တုန်းက လောက် မဆိုးတော့ဘူးလေ။ လုပ်စရာရှိတာလုပ်ပြီး အိမ်ပေါ် အသာတက်အိပ်နေလိုက်တယ်။ ကိစ္စဝိစ္စပြီးလို့ အလောင်းကို ထောင်ထဲက ထုတ်ယူသွားမှ ထောင်ဘူးဝ အိမ်ပေါ်ကနေပြီး အောက်ကိုငုံ့ကြည့်လိုက်တယ်။ အဲဒီကျတော့ ဒီအလုပ်ကို ငါလုပ်တာ မဟုတ်ဘူး။ ငါနဲ့ဘာမှမဆိုင်ဘူး။ ငါက အခုမှ အိပ်ရာကထတာပဲ။ ဒီအလုပ်ကိုလုပ်တဲ့ လူက နောက်တစ်ယောက်လို့ သဘောထားလိုက်တယ်လေ၊ ကဲ အေးရော မဟုတ်လား"

ထိုစဉ်က ထောင်ပိုင်ကြီးများ၏ ခံစားချက်ကိုတော့ မေးမကြည့်ခဲ့ဖူးပေ။ သို့သော် အမူအရာကိုအကဲခတ်ခြင်းအားဖြင့် အတော်အတန်သိသာနိုင်ပါသည်။ ထောင်ပိုင်ကြီးတစ်ယောက်သည် နံနက်တိုင်း ပုတီးစိပ်နေကျဖြစ်၏။ ထိုနေ့က ကြိုးပေးရာတွင်လည်း လက်ထဲက ပုတီးကိုမချ။ သို့သော် ပါးစပ်ကမူ အငြိမ်မနေနိုင်ဘဲ ထောင်မှူးကြီး လုပ်ဆောင်သမျှထဲက အမြင်မတော်သည်များကို ဝင်ရောက်အမိန့်ပေးနေရ၏။ ယင်းထောင်ပိုင်ကြီးသည် တရားသူကြီးအပြစ်ပေး ဝရမ်းပေါ်တွင် ကြိုးပေးစီရင်ပြီးကြောင်း လက်မှတ်ရေးထိုးရာတွင်လည်း တုန်တုန်ယင်ယင်ဖြစ်ကာ ဖြောင့်ဖြောင့်တန်းတန်း လက်မှတ်မထိုးနိုင်ဘဲ ဖြစ်နေရှာသည်ကို မြင်ခဲ့ရဖူးသည်။

http://www.cherrythitsar.org



ခက်တော့လည်း အခက်သား....။ နောက်ပိုင်းတွင် အချို့ထောင်ပိုင်များ ထောင်မှူးကြီးများကိုယ်တိုင် ကြိုးကွင်းစွပ်၊ ကိုယ်တိုင်ဒေါက်ဖြုတ်၍ စတန့်ထွင်လာသည် များလည်း ရှိခဲ့ဖူး၏။ တကယ်တော့ နောက်ပိုင်း အကျဉ်းဌာနဝန်ထမ်းများအနေနှင့် အတွေ့အကြုံက နည်းပါးလာလေရာ မိမိတာဝန်ဖြစ်မည့်အတူတူ မထူးတော့ပါဘူး၊ တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန်ဟု သဘောပိုက်ကာ လက်အောက်ငယ်သားကို စိတ်မချနိုင်တိုင်း ကိုယ်တိုင်ဝင်ကြဲကြသည်များလဲ ပါကောင်း ပါပါလိမ့်မည်။

မိမိနှင့် လုပ်သက်နှစ်နှစ်လောက်သာငယ်သည့် ထောင်ပိုင်ကြီးတစ်ယောက်၏ ခံယူချက်ကမူ တစ်မျိုးဘာသာ။ 'ကျွန်တော်ကတော့ လူတစ်ယောက်ကို ကြိုးပေးရ တော့မယ်ဆိုရင် အဲဒီကြိုးသမား ကျူးလွန်ခဲ့တဲ့အဖြစ်အပျက်တွေကို အစအဆုံး အခေါက်ခေါက်အခါခါ ပြန်ဖတ်တယ်။ သူဘယ်လောက်အထိ ရက်ရက်စက်စက် ပြစ်မှုကျူးလွန်ခဲ့သလဲ ဆိုတာကို အနုလုံပဋိလုံ ပြန်ပြီးစဉ်းစားတယ်။ သူ့အသတ်ခံရတဲ့ တရားလိုဘက်ကနေပြီး ဝင်ခံစားကြည့်တယ်။ ငါသာ အဲဒီလို ခံစားရရင် ငါ့မိသားစုသာ အဲဒီလို နိုင့်ထက်စီးနင်း မတရား သတ်ဖြတ် ကျူးလွန်ခံရရင် ငါဘယ်လိုနေမလဲဆိုတာ မပေါ် ပေါ်အောင် တွေးတယ်။ သူ့ရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ မျက်နှာကိုလည်း စေ့စေ့ ကြည့်ပြီး မှတ်ထားလိုက်တယ်။ အဲဒီလိုဆိုတော့ ဒီတာဝန်ကို ထမ်းဆောင်ရတဲ့ နေရာမှာ ခံစားမှု သက်သာသွားတာပေါ့ဗျာ။ သင်းမိုက်ပြစ်နဲ့ သင်းခံရတာပဲလေဆိုပြီး ဖြေသာ သေးတာပေါ့"တဲ့။

ဒီနေရာမှာတော့ အဲဒီထောင်ပိုင်နှင့် ရန်အောင်မောင်မောင်တို့မှာ ခံယူချက်ချင်း ဆန့်ကျင်ဘက်လို ဖြစ်နေ၏။ အဘယ်ကြောင့်ဆိုသော် သူသည် ဘယ်ကြိုးသမား ကြိုးစင်ပေါ်တက်ရဖို့ ရာခိုင်နှုန်းများသနည်း၊ အဲဒီကြိုးသမားကို စေ့စေ့စပ်စပ် မကြည့် တော့ပေ။ တာဝန်အရ သွားရောက်စစ်ဆေးရာတွင်လည်း မျက်လုံးထဲ ဝေဝါး၍ကြည့် သည်။ သူ၏အကြောင်းအရာကို သိထားလျှင်တော်ပြီ။ သူ၏ မျက်နှာပုံရိပ်ကြီးကို သေသည်အထိ အမှတ်မရချင်နေပေ။ ငါးစိမ်းသည်မ မျက်စိကိုစုံမှိတ်ပြီး ငါးခေါင်းကို ပိသလေးနှင့် ထုလိုက်သလိုများ နေလေသလားမသိ။

မိမိတာဝန်ထမ်းဆောင်ရမည့် ထောင်သို့ ရောက်ရောက်ချင်း ပထမဦးဆုံး သွားကြည့်ရသည့်နေရာမှာ ကြိုးစင်ပင်ဖြစ်၏။ ကြိုးစင်မှာ အလီပိုပုံစံ (Alipor Pattern) ဖြစ်၍ မြန်မာပြည်အကျဉ်းထောင်ကြီးများတွင် ယင်းပုံစံမျိုးသာ များသည်။ အပေါ်ပိုင်းမှ တိုင်များတန်းများမှာ အရှင်ဖြစ်၏။ ယင်းတို့ကိုဖြုတ်ပြီး ဂိုဒေါင်ထဲတွင် သိမ်းထားရာမှ အထုတ်ခိုင်းပြီး အဆင်ခိုင်းရသည်။ ကြိုးစင်အောက်ခံ သံမံတလင်း ကိုင်ထားသော ကျင်းကိုတော့ အပေါ်မှ ပတ္တာတပ်ထားသည့် တံခါးကြီးနှစ်ချပ် ဖုံးအုပ်၍ သော့ခတ်ထားသည်။

http://www.cherrythitsar.org



"ဦးရဲတင့် အဲဒီတံခါးနှစ်ချပ်ကိုဖွင့်ဗျာ။ ပြီးတော့ တံခါးအောက်မှာရှိတဲ့ သံလက်ယက်နဲ့ လီဗာကို သံချေးတွေ ပြောင်အောင် ပွတ်တိုက်ခိုင်းပါ။ ပထမ ရေနံဆီနဲ့ ချွတ်တိုက်ပစ်၊ နောက်မှ ဒီဇယ်နဲ့ ဂိုဒေါင်ထဲက တိုင်နဲ့တန်းတွေကိုလည်း ထုတ်ပြီး ပြောင်လက်နေအောင် တိုက်ခိုင်းထားပါ"

အတွေ့အကြုံမရှိသေးသည့် ထောင်မှူးကြီးကို ပညာလည်းပေးရင်း အလုပ်လည်း ပြီးစီးအောင် ခိုင်းရသည်။ တိုင်းနှင့်မြို့နယ် တရားရုံးများသို့လည်း ရက်သတ္တတစ်ပတ်ခွာ၍ ရက်ချိန်းအတောင်းခိုင်းလိုက်၏။ ဖြစ်နိုင်လျှင် တနင်္ဂနွေနေ့ကိုပင် ယာယီသတ်မှတ်ပေးလိုက်သည်။ တနင်္ဂနွေဆိုတော့ ထောင်အလုပ်ပိတ်သည်။ ထောင်ဝင်စာလည်း မရှိ။ အစစအရာရာ လုပ်ရကိုင်ရတာ ရှင်းသည်။ ပြီးတော့ တာဝန်ထမ်းဆောင်သူတို့ အနေနှင့်လည်း နားနားနေနေ ကိုယ်စိတ်နှစ်ပါး အပန်းဖြေနိုင်သည်။

"သူတို့နှစ်ယောက် စီရင်ချက်မိတ္တူလက်ခံရရှိရင် ပေးစမ်းပါဦးဗျာ။ ဖတ်ကြည့်ရအောင်။ နောက်ပြီး မရှင်းတာရှိရင်လည်း ခင်ဗျားတို့ကို မေးချင်ပါသေးတယ်"

သူငယ်ချင်းထောင်ပိုင်လိုပင် လွမ်းစရာပေါ်လာလျှင် နာစရာနှင့် ထေနိုင်ရန် သူတို့နှစ်ယောက်အကြောင်းကိုလည်း သိထားချင်သေးသည်။ အောင်မြနှင့်သန်းမြင့်တို့နှစ်ယောက် အမှုဖြစ်ပွားခဲ့ပုံမှာ သိပ်ပြီး အဆန်းတကြယ် ရှိလှသည်တော့မဟုတ်။သို့သော် ရက်စက်ကြမ်းကြုတ်မှုမှာတော့ မီးကုန်ယမ်းကုန်ဖြစ်၏။ တစ်ခုတော့ရှိသည်။ သင်ခန်းစာယူလိုသူများအတွက်တော့ ဗာလာနံ လူမိုက်တို့နှင့် အသေဝနာစ ဝေးစွာရှောင်ရှားရန်တည်းဟူသော မင်္ဂလာတရားတော်က အစချီရပါလိမ့်မည်။

အောင်မြနှင့် သန်းမြင့်တို့သည် မကွေးတိုင်းအတွင်းရှိ မြို့ငယ်လေးတစ်မြို့တွင် တစ်မြို့တည်းနေ၊ တစ်ရေတည်းသောက် မွေးဖွားကြီးပြင်းလာခဲ့ကြသော ငယ် ပေါင်းကြီးဖော်များ ဖြစ်ကြသည်။ အောင်မြ၏ဖခင်မှာ အစိုးရစက်ရုံတစ်ရုံတွင် အလုပ် လုပ်၍ သန်းမြင့်၏ဖခင်မှာ သင်္ဘောဆိပ်တွင် ကူလီထမ်းနေရသဖြင့် လက်လုပ်လက်စား များဟု ဆိုရပေမည်။ မည်သို့ပင်ဖြစ်စေ မိဘများ၏ မေတ္တာမှာ သားသမီးများကို ပညာတတ်စေချင်ကြသည်။ မိမိတို့လို ပင်ပင်ပန်းပန်း လုပ်ရမည်ကို စိုးကြသည်။ သို့ဖြစ်၍ သူတို့နှစ်ဦးကိုလည်း မဖြစ်မနေ ကျောင်းထားပေးခဲ့ကြသည်။

သူသူငါငါ လူသတ္တဝါတို့၏ဝလေ့စရိုက်သည် ငယ်စဉ်တောင်ကြေး ကလေးဘဝတည်းက မပီ့တပီ ရုပ်လုံးကြွလာတတ်၏။ ကြီးလာလျှင် ခြင်ကောင်ဖြစ်မလား၊ ဆင်ပြောင်ဖြစ်မလားဆိုတာ ငယ်စဉ်ကတည်းက ခန့်မှန်းလို့ရ၏။ ခြင်ကောင်ဖြစ်မည့်သူက ရေညှိရေမှော်ကိုစားနေသည့် ပိုးလောက်လန်းဘဝဖြင့် ရေထဲမှာ တလူးလူးတလွန့်လွန့်၊ ဆင်ပြောင်ဖြစ်မည့်သူက ညာသံပေး၍ ဆင်စွယ်ရာကလေး ပြူတစ်ပြူတစ်။ အောင်မြမှာ ငယ်စဉ်ကတည်းက အနေအေးသည်။ လူချင်းယှဉ်လျှင် ကြောက်တတ်သည်။ ရန်ဖြစ်တော့မည်ဆိုလျှင် ဝေးဝေးရှောင်ပြေးတတ်၏။ သန်းမြင့်က လူစွာ လူဆူ

http://www.cherrythitsar.org



လူပူ၊ ရန်မဖြစ်ရလျှင် မနေတတ်သူ။ အောင်မြကိုတော့ သန်းမြင့်က ခွေးချေးနိုင်သလို အသေနိုင်သည်။ သူတို့နှစ်ယောက် ခုနစ်တန်းရောက်သည့် နှစ်မှစ၍ ပျက်စပြုပြီ။ ပျက်စပြုပြီ ဆိုခြင်းထက် သန်းမြင့်ဖျက်၍ အောင်မြပျက်ရပါသည်ဟု အခိုင်အမာဆိုမှ ပို၍ မှန်ကန်ပါလိမ့်မည်။ ကျောင်းမှန်မှန်တက်နေသူ အောင်မြကို ကျောင်းပြေးရန် စတင်သွေးထိုး လှုံ့ဆော်သူက သန်းမြင့်။ အောင်မြစာကျက်နေလျှင် လာရောက်ဖြားယောင်း ခေါ်ဆောင်သွားသူက သန်းမြင့်။ ဆေးလိပ်အသောက် သင်ပေးတာတို့၊ အိမ်မှ ပိုက်ဆံခိုးရန် နည်းပေးလမ်းပြလုပ်ပေးသူမှာလည်း သန်းမြင့်။ ဘယ်ဘဝက ဝဋ်ကြွေးရယ်လို့မသိ၊ အောင်မြသည် သန်းမြင့်၏ ဩဇာကို တစ်လုံးတစ်ပါဒမျှ မလွန်ဆန်ဝံ့အောင် သိမ်ငယ်လွန်းလှသည်။

ကိုယ်ကောင်းလျှင် ခေါင်းဘယ်မှမရွှေ့တို့၊ လူတင်ပါလို့ နွားကျားကိုက်တာပါတို့ ဆိုတဲ့ စကားပုံတွေမှာ အောင်မြနှင့် လားလားမှ မသက်ဆိုင်သလိုဖြစ်နေ၏။ သန်းမြင့်၏ တစ်သွေးတစ်သံတစ်မိန့်အောက်တွင် အောင်မြ၏ခေါင်းမှာ ရွှေ့ရုံမျှမက ပြားပြားဝပ်၍ စိုက်စိုက်ပင် ကျိုးကျခဲ့ရပြီး ချုံထဲကကျားကြီး ဖြောင်ထွက်ဆွဲခဲ့သည်မှာ ရှစ်တန်းအရောက် နှစ်ယောက်စလုံး ကျောင်းထုတ်ခံရသည်အထိ ဆိုးသွမ်းခဲ့ကြ၏။ အောင်မြ၏ မိဘများကတော့ သူတို့သားကို သန်းမြင့်နှင့်မတွဲရန် ပြောမရသည့်အတူတူ ကျောင်းထုတ်ခံရတာပဲ ခပ်ကောင်းကောင်းဟု တွက်မိကြသည်။ ဘာပဲဖြစ်ဖြစ် ယခင်လိုတော့ တစ်ပူးတွဲတွဲနေလို့မရတော့။ ပြီးတော့ စက်ရုံမှအကြီးအကဲများကို အကူအညီတောင်းကာ အောင်မြအား နေ့စားအလုပ်တစ်နေရာရအောင် သွင်းပေးထားလိုက်သည်။ သန်းမြင့်မှာမူ သူ့အဖေနှင့်အတူ သင်္ဘောဆိပ်တွင် ကူလီထမ်းသလိုလို ဘာလိုလိုနှင့် ယောင်ခြောက်ဆယ်ဘဝဖြင့် ဆိုးမြဲ ပေမြဲ တေမြဲ။

လူဆိုး လူပေ လူတေတို့အတွက် ထောင်ဘူးဝတံခါးကြီးသည် ထာဝရဖွင့်ထားလျက်ရှိပေရာ၊ သန်းမြင့်မှာ သင်္ဘောပေါ်မှ ပစ္စည်းခိုးမှုနှင့် ပခုက္ကူထောင်တွင် ဈေးဦးပေါက် ထောင်၂ နှစ်ကျခဲ့ရ၏။ တိုက်တိုက်ဆိုင်ဆိုင်ပင် အောင်မြ၏ မိဘများမှာလည်း သူတို့သားအတွက် ဗေဒင်ဆရာကြီးတစ်ဦးထံတွင် ဗေဒင်ကို စစ်ဆေးကြည့်ရာ ဥပဇ္ဈေဒကံ ထိုက်နိုင်သည်ဟု ဟောလိုက်သဖြင့် အောင်မြကို ရဟန်းဝတ်ခိုင်းလိုက်၏။ အသက် နှစ်ဆယ်မပြည့်သေးသဖြင့် ပဋိသန္ဓေတစ်နှစ်ကိုယူကာ ရဟန်းဘောင် တက်ခဲ့ရသည်။ အောင်မြမှာ ဦးအာစရိယဘဝနှင့် ရဟန်းဘောင်တွင် မြဲသွားလျှင် အကောင်းလေသား။ ယခုတော့ သည်လိုမဟုတ်။ အဖို့က ပါလာလေသလား မပြောတတ်။ ရဟန်းဘဝနှင့် မပျော်ပိုက်ဟုဆိုကာ တစ်နှစ်မပြည့်မီ လူပြန်ထွက်လာသည်။ မိမိနှစ်ခြိုက်သူ တွေ့လျှင် အိမ်ထောင်ပြုရန် မိဘတွေက တိုက်တွန်းပြန်တော့လည်း ကျွန်တော်မိန်းမမယူချင်သေးပါ။ မိဘကို လုပ်ကျွေးချင်ပါသေးသည်ဟု ဆိုလာပြန်သည်။

ထိုအတောအတွင်းမှာပင် သန်းမြင့်လည်း ပခုက္ကူထောင်မှတစ်ဆင့် ရဲဘက်

http://www.cherrythitsar.org



စခန်းများ ရောက်ကာ လှေျာ့ရက်များရ၍ ထောင်မှလွတ်လာခဲ့ပြန်သည်။ လူ့ဘဝတွင် မလိမ္မာ တစ်ခါမိုက်သူတို့သာ ထောင်ကထွက်လာလျှင် အပိုးကျိုးသွားတတ်သော် လည်း သန်းမြင့်လို ခွေးမြီးကောက် ကျည်တောက်စွပ်ရမည့် လူစားမျိုးအတွက်မူကား၊ မြင်းကို ချိုတပ်လိုက်သလို ရှေးကထက် ပိုဆိုး ပိုမိုက်လာခဲ့သည်။ သူ့ကိုယ်သူ ခိုးမှုနှင့် ထောင်ကျလာတာကိုများ တကယ့်လူစွမ်းကောင်းကြီးပမာ၊ 'ထောင်ထွက်ကွ'ဟူ၍ ဂုဏ်ယူဝင့်ကြွားချင်လိုက်သေးသည်။

အောင်မြမှာလည်း ရဟန်းဝတ်က ထွက်လာပြီးနောက် စက်ရုံတွင် အလုပ်ပြန်ဝင်ခဲ့ရာ တာဝန်အရ စက်ရုံမှ ပစ္စည်းများကို သဘော်ဆိပ်သို့ သွားပို့ရသည့်တာဝန်ကို ယူနေရသည်။ အဲဒီမှာ သန်းမြင့်နှင့် အောင်မြတို့နှစ်ယောက် ပြန်လည်ဆုံစည်းမိကြခြင်း ပင်ဖြစ်၏။ တစ်နေ့တွင် သန်းမြင့်က အောင်မြအား အရက်တိုက်ခိုင်းသည်။ အောင်မြက သူမသောက်တတ်၍ မတိုက်နိုင်ကြောင်း ငြင်းသည်။ သန်းမြင့်က မရမကဖွတ်ပြောနေရာ မတတ်သာသည့်အဆုံး အိတ်ထဲတွင်ပါလာသည့် ပိုက်ဆံကို ထုတ်ပေးလိုက်သည်။ သန်းမြင့်က လက်မခံဘဲ မင်းကိုယ်တိုင်လိုက်တိုက်ရမည်ဟု အတင်းခေါ်သဖြင့် အရက်ဆိုင်သို့ လိုက်သွားခဲ့ရသည်။ ငယ်ကြောက်မဟုတ်လား။ အရက်ဆိုင်ရောက်မှတော့ အောင်မြလည်း ဘာသားနဲ့ထုထားတာမို့ ခံနိုင်ပါမည်နည်း။ သန်းမြင့်တစ်ချက် အော်လိုက်ရုံနှင့် တစ်ခွက်ဝင်သွားသည်။ နှစ်ချက်အော်တော့ နှစ်ခွက်ဝင်သွားပြီ။ ဒီတော့မှ သန်းမြင့်က သူ့လိုရင်းကို ဇာတ်စုံခင်းပြသည်။

"ဟေ့ကောင်အောင်မြ၊ မင်းကို ပူတူးမက တစ်ဖက်သတ်ကြွေနေတာကွ"

"ဘယ် ပူတူးမလဲ"

"တို့သဘော်ဆိပ်မှာ ကွမ်းယာရောင်းနေတဲ့ ပူတူးတူးလေး ကွမ်းယာဆိုင်က ပူတူးမပေါ့"

"ဒါတွေ ငါစိတ်မဝင်စားဘူး"

"မင်း စိတ်မဝင်စားပေမယ့် ငါစိတ်ဝင်စားတယ်"

"မင်း စိတ်ဝင်စားရင် မင်းဘာသာမင်း ရအောင်ယူပေါ့ကွ"

"အေး.... သူက ငါ့ကိုမကြိုက်လို့ ခက်နေတာပေါ့။ မကြိုက်ရုံတင်မကဘူး စော်ကားလိုက်သေးတယ်ကွ။ ထောင်ထွက် အလုပ်မရှိ တစ်ရာ့ကိုးတစ်ရာ့တစ်ဆယ်တဲ့။ နင့်လိုကောင်စား ယူမယ့်အစား သူတောင်းစားယူတာကမှ တောင်းကျွေးဦးမယ်တဲ့။ ဒါနဲ့ ငါက အောင်မြလိုကောင် ဆိုရင်ကောဆိုတော့၊ ဟဲ့ သူနဲ့နင်နဲ့ တူသလားတဲ့။ ဟိုက အလုပ်နဲ့ အကိုင်နဲ့ အတည်တကျနေတာတဲ့'

"ဒါတော့ ငါလည်း မတတ်နိုင်ဘူး"

"မင်း မတတ်နိုင်ပေမယ့် ငါတတ်နိုင်တယ်၊ ဒီမယ် သန်းမြင့်တဲ့ကွ။ တစ်မြင့်တည်းရှိတယ် နားလည်လား၊ ဟောဒီမှာကြည့်"

http://www.cherrythitsar.org



သန်းမြင့်ပြောပြောဆိုဆို သူ၏ရုပ်အင်္ကျီအိတ်ထဲမှ စာနှစ်စောင်နှင့် ဓာတ်ပုံ တစ်ပုံကို ထုတ်ပြသည်။ ဓာတ်ပုံမှာ သန်းမြင့်ပြောသည့် ပူတူးမ၏ ဓာတ်ပုံဖြစ်၏။ စာနှစ်စောင်ကို အောင်မြက ယူဖတ်ကြည့်ရာ မိမိထံသို့ ပြန်ထားသော ရည်းစားစာနှစ်စောင် ဖြစ်နေသည်။ အောင်မြ အခုမှ ပြန်စဉ်းစားကြည့်သည်။ ခုတစ်လော ပူတူးမ၏ အပြုံးပန်းတွေ ဖော်ရွေမှုတွေ ဝေဆာနေပုံ၊ ကွမ်းယာစားပါဦးလား၊ စီးကရက်သောက်ပါ ဦးလားဟု လောကွတ်ပျူငှာရှိနေပုံတို့ကို တစိမ့်စိမ့်တွေးပြီး ပူတူးမအတွက် စိတ် မကောင်း ဖြစ်နေမိသည်။ ဓာတ်ပုံ ကျောဘက်တွင်လည်း 'ချစ်သော ကိုအောင်မြသို့'ဟု ရေးထားသေးသည်။

"သန်းမြင့် မင်း ဒီလို မိန်းကလေးတစ်ယောက်ကို မလှည့်စားသင့်ဘူးကွာ"

အောင်မြက အပြစ်တင်သော လေသံဖြင့်ပြောရာ သန်းမြင့်ကမူ ဘာမှမဖြစ်သလို တဟဲဟဲရယ်မောရင်း အရက်ခွက်ကို ယူပြီး မော့လိုက်သည်။

"ဟေ့ကောင်.. ဘုန်းကြီးလူထွက် ငတုံး၊ လောကကြီးအကြောင်း မင်းဘာမှ နားမလည်သေးပါဘူး။ မင်းကိုယ်မင်း လူပြိန်တော် ပညာရှိဂိုက် ဖမ်းမနေစမ်းပါနဲ့။ ပူတူးမကလည်း မင်းကို အတည်ကြံတာမဟုတ်ပါဘူး။ သူ့မှာ ရည်းစားတွေ မှိုလိုပေါက် နေလို့၊ နေဦး မင်းကိုငါ တစ်နေ့ လက်တွေ့ပြရဦးမယ်။ ငါ့အကြံက ဒါနဲ့ မပြီးသေးဘူး"

မှန်ပါသည်။ သန်းမြင့်၏အကြံ တကယ်ပင်မဆုံးခဲ့ပါ။ ယင်းအကြံအောင်မြင်သောနေ့မှာ သူတို့သုံးယောက်စလုံးလည်း အကုသိုလ် အလုံးလိုက်အရင်းလိုက် ဝင် သော နေ့တစ်နေ့ ဖြစ်ပါလေ၏။ ထိုနေ့က ဧရာဝတီမြစ် ရေစီးကြောင်းပြောင်း၍ ကော သွားသော သင်္ဘောဆိပ်ပေါ်ရှိ ဆိပ်ခံသင်္ဘောပျက်ကြီးပေါ်တွင် သန်းမြင့်နှင့် အောင်မြ တို့ သောက်ကြစားကြသည်။ မကြာမီ သန်းမြင့်စာရေး၍ ချိန်းဆိုထားသည့်အတိုင်း ပူတူးမတစ်ယောက် ဆိုက်ကားတစ်စီးဖြင့် ပေါက်ချလာ၏။

သန်းမြင့်က ပူတူးမကို ပထမ အောင်မြနှင့် လွှတ်ပေးသည်။ ပြီးတော့ သူကပါ အလိုမတူဘဲ သားမယားအဖြစ် ဓားထောက်၍ ပြုကျင့်ခဲ့သည်။ ပူတူးမက သန်းမြင့် လက်ထဲမှ ဓားကိုလုပြီး ပြန်ထိုးခဲ့ရာ သူ့လက်မောင်းတွင် ဒဏ်ရာရသွားခဲ့သည်။ သန်းမြင့် သူ့အသားထိ၍ သွေးစိမ်းရှင်ရှင်ထွက်လာပြီဆိုတော့ ငယ်ထိပ်သွေးတက်ပြီ။ ပူတူးမကို ချုပ်ကိုင်ပြီး အောင်မြကို ဓားနှင့်ထိုးစေ၏။ သူကိုယ်တိုင်လည်း ထိုး၏။ အမှုကတော့ ဒါပါပဲ။ ရက်စက်ကြမ်းကြုတ်လှသော မုဒိန်း လူသတ်မှု။

သူတို့နှစ်ယောက်အား ကြိုးပေးမည့်နေ့....။ တရားသူကြီးအဖွဲ့လည်း ရောက် နေကြပြီ။ ထောင်ဆရာဝန်လည်း အဆင်သင့်။ အကျဉ်းဦးစီးဌာနအရာရှိနှင့် အကြပ်တပ်သားများသည် ကြိုးစင်နောက်ဘက်ပိုင်းကို ဂငယ်သဏ္ဌာန် ဝိုင်းရံထား ကြသည်။ လျှပ်စစ်မီးရောင် ထိန်ထိန်လင်းနေသည့်အပြင် အရေးပေါ် မီးငြိမ်းသွားပါက အဆင်သင့်ဖြစ်ရန် အောက်လင်းဓာတ်မီးလေးလုံးထွန်းညှိထားရာ လေထွက်သံတရှူးရှူး

http://www.cherrythitsar.org



တရှဲရှဲမှတစ်ပါး ပကတိ အသံတိတ်ဆိတ်လျက်....။

ထောင်ပိုင်ကြီးသည် ကြိုးစင်အောက်ခြေတွင်ရပ်လျက် သူ၏လက်အောက်ငယ်သားများ တစ်ခုပြီးတစ်ခု လုပ်ဆောင်ချက်များကို စူးစိုက်ကြည့်လျက်ရှိ၏။ ဒေါက်ဖြုတ်ရန် တာဝန်ယူထားသူကမူ လက်နှစ်ဖက်က ဒေါက်ခလုတ်ကို ကျစ်ကျစ်ပါအောင်ဆုပ်လျက်၊ တခြားဘယ်ကိုမျှမကြည့်။ ထောင်ပိုင်ကြီးကိုသာ မျက်တောင်မခတ်ဘဲ စူးစိုက်ကြည့်နေ၏။ အောင်မြနှင့်သန်းမြင့်တို့ ကြိုးစင်ပေါ်ရောက်၍ သူတို့အတွက် ဆေးဖြူဖြင့်ဝိုင်းထားသော နေရာအသီးသီးတွင် ခြေစုံရပ်မိကြပြီ။ အောင်မြက ညာဘက်တွင်၊ သန်းမြင့်မှာ ဘယ်ဘက်က။ သူတို့နှစ်ယောက်၏ ဦးခေါင်းကို ခေါင်းစွပ်အဖြူကြီးများ လည်ပင်းအထိစွပ်ထားရာ အပေါ်အင်္ကျီလက်ပြတ်၊ အောက်ပိုင်း နံငယ်ဖြူနှင့် ဆိုတော့ ပိုးတောင့်တဲကြီးနှစ်ခုနှင့် တူနေသည်။ အောက်ပိုင်းမှ ခြေထောက်နှစ်ချောင်းကို ကြိုးတုပ်သူများက အလျင်အမြန်တုပ်ပေးနေကြသည်။ လက်နှစ်ဖက်မှာမူ ကြိုးတိုက်မှ ထုတ်စဉ်ကတည်းက လက်ပြန်ကြိုးတုပ်ပြီးသား။ ထိုအခိုက်မှာပင် အရာရှိတစ်ဦးက....

"တပ်ဖွဲ့ သတိ...."ဟု အမိန့်ပေးလိုက်ရာ ဂငယ်သဏ္ဌာန် ဝိုင်းထားသော တပ်ဖွဲ့ဝင်များ သက်သာအနေအထားမှ သတိဆွဲလိုက်ကြသည်။ ကြိုတင်ပြင်ဆင် ဇာတ်တိုက်ထားပြီး ဖြစ်သည့်အတိုင်း ဝန်ထမ်းအသီးသီး၏ လုပ်ဆောင်ချက်များမှာ ဆက်တိုက်ပင်ဖြစ်၏။ အောင်မြနှင့် သန်းမြင့်တို့နှစ်ယောက်ကို ကြိုးကွင်းစွပ်၍ ကြိုးစကို တင်းပြီးပြီ။ ထောင်ပိုင်ကြီး၏အသံ ထွက်ပေါ်လာ၏။

"ကိုင်း၊ မင်းတို့ လိုရာဆုကို တောင်းကြ"

ပထမဦးဆုံး အောင်မြ၏အသံ ထွက်ပေါ်လာ၏။ အသံမှာ ပီပီသသကြီး မဟုတ်၊ ခပ်ဝါးဝါး။

"ဖြစ်လေရာ ဘဝတိုင်းမှာ အခုလို မကောင်းတဲ့ အပေါင်းအသင်းမျိုးနဲ့...."

အောင်မြ၏ အသံမဆုံးမီ သန်းမြင့်၏ အသံစူးစူးဝါးဝါး ပေါ်လာပြန်၏။ ပီပီသသကြီး။

"ဟေ့ကောင် အောင်မြ....မင်း....အဲဒီလို...."

ထိုအခိုက်မှာပင် ထောင်ပိုင်ကြီးသည် ဘောင်းဘီအိတ်အတွင်းမှ လက်ကိုင်ပဝါအဖြူကလေးတစ်ထည်ကို ဆွဲထုတ်လိုက်ရာ ဒေါက်ဖြုတ်သူက အံကိုကြိတ်ပြီး ဒေါက်ခလုတ်ကို ဆွဲဖြုတ်လိုက်၏။ ကြိုးစင်ပေါ်မှတံခါးကြီးနှစ်ချပ် ဂျိုင်းခနဲ မြည်ဟည်းသွားကာ ပိုးတောင့်တဲကြီးနှစ်ခု အောက်သို့လျှောခနဲ ကျဆင်းသွားတော့သည်။ ကြိုးစနှစ်ခုမှာ ခါယမ်းခြင်းမရှိဘဲ တင်တင်းရင်းရင်း တည်ငြိမ်လျက်။ သန်းမြင့်သည် မသေခင်နောက်ဆုံးစက္ကန့်ပိုင်းအထိ အောင်မြအပေါ် အနိုင်ယူကာ ဩဇာပေးနေဆဲပါတကား။

■

# ၅၈

လူတိုင်းလူတိုင်း ဘဝကူး ကောင်းလိုကြသည်။ လောက်လမ်းသဖွယ် ဝိညာဉ်တွယ် ဟူသော ဆိုရိုးစကားရှိ၏။ ပိုးလောက်လမ်းကလေးများသည် ရှေ့တွင် ဦးခေါင်းပိုင်း အတွက် အတွယ်အတာရပြီးမှ နောက်ဘက်ရှိ အမြီးပိုင်းအတွယ်အတာကို လွှတ်လေ့ရှိ သည်။ လူသတ္တဝါတို့၏ ဝိညာဉ်သည်လည်း နောက်ဘဝအတွက် ကွန်းခိုစရာနေရာ ရှာဖွေပြီးမှ လက်ရှိခန္ဓာကိုယ်ကြီးကို စွန့်လွှတ်ခဲ့သည့် သဘောပင်ဖြစ်သည်။ သို့ဖြစ်၍ သေခါနီး မေ့မြောနေသောလူမမာများ ဘဝကူးကောင်းစေရန် ဘုရားစာဖွင့်ပေးကြသည်။ အချို့ ကက်ဆက်မှနားတပ်ကိရိယာလေးပင် တပ်ဆင်ပေးကြသေးသည်။ အလားတူပင် ကြိုးပေးခါနီး ကြိုးသမားတစ်ယောက်ကိုလည်း ဘဝကူး ကောင်းစေရန် လိုရာဆုကို အတောင်းခိုင်းခြင်းဖြစ်၏။ ထောင်ဥပဒေတွင် မပါပေ။ ဒါလည်း ယခုခေတ်မှ ပေါ်လာ ခြင်း မဟုတ်ပါ။ ရှေးအစဉ်အလာ ရှိခဲ့ပြီးဖြစ်၏။

အနန္တသူရိယအမတ်ကြီး သေအံ့မူးမူးအချိန်ကာလမျိုးတွင် ဘဝကူးကောင်း စေရန်အတွက် လိုရာဆုကိုအတောင်းခိုင်းသောအခါ တခြားဘာဆုကိုမှ မတောင်းတော့ ဘဲ 'သူတည်းတစ်ယောက် ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်မှာ ပျက်လင့်ကာသာ ဓမ္မတာတည်း' အစချီသည့် မျက်ဖြေလင်္ကာတစ်ပုဒ်ကို အံ့ဖွယ်သရဲရေးစပ်နိုင်ခဲ့သေး သည် မဟုတ်ပါလား။

တစ်နေ့တွင် ထောင်မှူးကြီး ဦးထန်ဒိုလန်းသည် ထောင်ပိုင်ကြီး ဦးရန်အောင် မောင်မောင် ရုံးခန်းတွင် ရုံးလုပ်ငန်းများ လက်မှတ်ထိုးရင်း စကားမရှိ စကားရှာလာ၏။

http://www.cherrythitsar.org



"ဆရာကြီး၊ ဟိုကောင်ကို ကြိုးမပေးခင် မိန်းမထောင်က အမျိုးသမီးနဲ့ တွေ့ချင်တယ်ဆိုရင် ဆရာကြီး ခွင့်ပြုမှာ မဟုတ်လား"

"ဘယ်အမျိုးသမီးလဲ"

"သူနဲ့၊ အမှုတွဲအမျိုးသမီးပေါ့"

"ဘာလဲ.... ခင်ဗျားကို ခွင့်တောင်းနေလို့လား"

ဦးထန်ဒိုလင်းသည် ချင်းအမျိုးသား ထောင်မှူးကြီးဖြစ်၍ ကြိုးတိုက် လုံခြုံရေးကိုလည်း တာဝန်ယူရသူ ဖြစ်သည်။ တစ်ခါတစ်ရံ ပေါက်ပေါက်ရှာရှာနှင့် ကတ်သီးကတ်သတ်မေးခွန်းကိုလည်း ရှာကြံမေးတတ်သူ ဖြစ်၏။

"ခွင့်မတောင်းသေးပါဘူး။ တကယ်လို့များ ခွင့်တောင်းလာရင် ဆရာကြီး ခွင့်ပြုမှာလားလို့ မေးကြည့်တာပါ"

ထောင်ပိုင်ကြီးမှာ စိတ်ရှုပ်သွားဟန်ဖြင့်....

"တော်စမ်းပါဗျာ၊ အရေးထဲအကြောင်းထဲ ခင်ဗျားက စကားဦးသန်းပြီး လမ်းကြောင်းပေးမနေပါနဲ့။ ခွင့်တောင်းလာတော့လည်း ခွင့်တောင်းတဲ့ အထိုက်အလျောက် ခွင့်ပြုသင့်မပြုသင့် စဉ်းစားရဦးမှာပေါ့"

ထောင်ပိုင်ကြီးက ဒေါပွပွနှင့် အော်လိုက်တော့ ဦးထန်ဒိုလန်း ဇက်ပုဝင်သွားသည်။ ဒါတောင် အကျင့်က ပါနေတော့ အထွန့်တက်မိအောင် တက်လိုက်သေးသည်။

"သူတို့နှစ်ယောက်လည်း တစ်ယောက်နဲ့တစ်ယောက် ချစ်ကြပုံပဲဆရာကြီး"

"ဘာဗျ၊ ဒါ အချစ်မခေါ်ဘူးဗျ။ တဏှာပေမ မှောင်ကြီးကျတယ်လို့ ခေါ်တယ်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ ဒ သ န သော ဆိုတာ ကြီးလေးတဲ့ ပြစ်မှုကြီးတစ်ခုပဲ။ ခင်ဗျားနားလည်လွယ်အောင် ပြောရရင် ဆက်စ်သက်သက်ပဲ၊ သူတစ်ပါး သားမယားပါ မရှောင်တာမျိုးကျတော့ တိရစ္ဆာန်ဆန်တဲ့ ဆက်စ်ပေါ့ဗျာ။ အနောက်တိုင်း ယဉ်ကျေးမှုဆိုတဲ့ လီဗင်းတူဂဲသားဆိုတာလည်း ဒါမျိုးပဲ မဟုတ်လား"

ပြောမယ့်သာပြောရသည်။ တကယ်တမ်းကြိုးပေးခံရမည့်သူက ခွင့်တောင်းခံလာခဲ့လျှင်ကော ဘယ်လိုအဆုံးအဖြတ်ပေးရပါ့မလဲ။ အေးလေ.... နောင်ခါလာ နောင်ခါ ဈေးပေါ့။ အဲဒီကျတော့လည်း အခြေအနေကြည့်သုံးသပ်ပြီး ဟိုကွေ့ရောက်လျှင် ဟိုတက်နဲ့ ကြည့်လှော်ရပေမပေါ့။ အရေးကြီးတာက ဒုတိယအကြိမ်မြောက် ကြိုးစားပေးရမည့်ကိစ္စမှာ ချောချောမောမောဖြစ်သွားဖို့ပဲ မဟုတ်လား။ တော်ပါသေး၏။ ကြိုးပေးခံရသည့် ဝင်းမြင့်ကရော၊ ကြိုးတိုက်တွင်းကျန်ခဲ့သည့် မတင်လှိုင်ကပါ မည်သူကမျှ တွေ့ခွင့် မတောင်းခဲ့ပါ။ ကြိုးပေးခြင်းကိစ္စမှာလည်း ချောချောမောမောပင် ထမြောက်အောင်မြင်သွားခဲ့ပါသည်။

စိတ်အေးလက်အေးရှိသွားမှပင် မိန်းမထောင်ရှိကြိုးတိုက်ဘက်သို့ခြေဦးလှည့်ဖြစ်တော့သည်။ ကြံဖော်ကြံဖက် သင်းတို့နှစ်ဦးအနက် တစ်ဦးကတော့ တရားဥပဒေ၏

http://www.cherrythitsar.org



အန္တိမအဆုံးအဖြတ်ကို ခံယူပြီးသွားခဲ့ပေပြီ။ ကျန်ရစ်သူတစ်ဦးအနေနှင့် မည်သို့ခံစားရလေမည်နည်း။ ခုမှပင် အကဲခတ်ဖို့ သတိရလာ၏။ အံ့ဩကုန်နိုင်ဖွယ်၊ ကဲ.... မယုံချင်နေဟု ဆိုချင်လည်းဆိုတော့။ အမျိုးသမီး၏ မျက်နှာမှာ တစ်ချက်ကလေးမျှ မပျက်။ ပကတိ တည်ငြိမ်အေးဆေးလျက်ရှိ၏။ သူမ၏ မျက်နှာကို သေချာစွာ စူးစမ်းလေ့လာ ကြည့်ပါသည်။ ယခင်တစ်ခါတုန်းကလို ဘာဟန်ဆောင်မှုမျှ မရှိ။ အရှိကို အရှိအတိုင်း။ သူမ၏ မျက်နှာပြင်မှာ တိမ်စင်လနှယ် ကြည်လင်ချမ်းမြေ့လျက်ရှိ၏။ စိတ်နှလုံး ဒုံးဒုံးချလိုက်ပြီလားမသိ။ လက်ထဲတွင်လည်း စိတ်ပုတီးတစ်ကုံးကိုင်လျက်။ ရှင်တော်မြတ်ဘုရား လက်ထက်တော်က ကျွတ်ချိန်တန်၍ ရဟန္တာမပင် ဖြစ်သွားကြကုန်သော ဗုဒ္ဓ၏ သမီးတော်များကို ပြေးပြီးမြင်ယောင် လိုက်မိပါသည်။

နောက်တစ်ယောက်ကြုံရသည်ကား ထောင်ထဲတွင် မိုရှေဒါယန်းဟု အမည်ပေးထားကြကုန်သော မျက်လုံးတစ်ဖက်ပျက်နေသည့် အုန်းထွန်း။ သူ့အကြောင်းက တော့ အကျယ်ချဲ့စရာ သိပ်ရှိလှမည်မဟုတ်ပါ။ တပ်ကုန်းမြို့နယ် ကျေးရွာတစ်ရွာတွင် မိန်းမငယ်ကလေးတစ်ဦးအား မုဒိန်းကျင့်ပြီး ရက်စက်စွာသတ်ဖြတ်ခဲ့သော အမှုဖြစ်၍ ခရေစေ့တွင်းကျ မဖော်ပြလိုတော့ပြီ။ တစ်ခုထူးခြားတာက သူ့အား ကြိုးမပေးမီတစ်ရက် အလိုတွင် အညာမိုးသည် ဘာမပြောညာမပြော ဖြုန်းခနဲ သဲကြီးမဲကြီး ရွာချလိုက်ခြင်းပင်ဖြစ်၏။ မုတ်သုံလေအားကောင်း၍ အောက်ပြည်အောက်ရွာ မိုးကောင်းနေချိန်တွင် မန္တလေး၌ ရွာချင်မှရွာသည်။ မုတ်သုံလေဆုတ်စပြု၍ မိုးကုန်ခါနီး ဆောင်းအကုန် နွေအကူးတွင် သဲကြီးမဲကြီး ရွာချင်ရွာတတ်သည်။

သူ့ဘာသူ ရွာချင်တဲ့အချိန်ရွာချင်သလိုရွာတာ အကြောင်းမဟုတ်သော်လည်း မန္တလေးထောင်အနေအထားကတော့ တစ်မျိုးဖြစ်နေသည်။ မိုးကလေး နည်းနည်းသည်း ပြီဆိုလျှင် မန္တလေးထောင်တံခါးကြီးထဲ ရေတွေဝင်ကုန်ပြီ။ ထောင်ရှေ့မှာလည်း ရေအဖွေးသား၊ လှေလှော်၍ရသည်။ တံခါးထဲရေဝင်တာကလည်း အခုမှမဟုတ်။ မောင်မောင်တို့ ထောင်မှူးစလုပ်ကတည်းကဖြစ်၍ ဒူးဆစ်လောက်အထိ ဖြတ်ရသည်။ တံခါးကြီးနှစ်ချပ်စလုံးကိုဖွင့်ပြီး ရေတွေ ခပ်ထုတ်၊ စုပ်ထုတ်ယူရ၏။ ထောင်မှူးမောင်မောင်ဘဝမှ အနှစ်လေးဆယ်နီးပါး ထောင်ပိုင်ကြီးဦးမောင်မောင်ဖြစ်လာတော့ တံခါးထဲရေမဝင်အောင် ဘယ်လိုလုပ်ရမလဲဟု အမျိုးမျိုးစဉ်းစားသည်။ ဘယ်လိုမှ မရနိုင်ပါ။ တစ်ထောင်လုံးက စီးသမျှရေတွေ တံခါးထဲ အန်ထွက်လာခြင်း ဖြစ်၏။ အောက်ခံသမံတလင်းကို မြှင့်လျှင် ရပါ၏။ ထောင်ဘူးဝတံခါးကြီးနှစ်ချပ်ကို ဘယ်လိုလုပ် မြှင့်ရပါမည်နည်း။ ဒီလိုနှင့် ပင်စင်သာယူခဲ့ရော သူ့နဂိုအတိုင်းပင် လက်လျှော့ကာ ပစ်ထားခဲ့ရသည်။

တံခါးထဲရေဝင်တာက အကြောင်းမဟုတ်။ ယခုလို ကြိုးပေးခါနီး ကြိုးစင်ထဲ ရေဝင်တာက အကြောင်းဖြစ်သည်။ မိုးမှာ စဲသည်မရှိဘဲ သဲကြီးမဲကြီးရွာနေလေရာ ကြိုးစင်အောက်ခန်းထဲ ဝင်လာသမျှ ရေတွေကို ခပ်ထုတ်လို့ မနိုင်ဘဲ ဖြစ်နေရသည်။

http://www.cherrythitsar.org



"အဲဒီလို မိုးတွေ သဲကြီးမဲကြီး ရွာနေတုန်းမှာပေါ့ဗျာ၊ ပရိဝါးတုန်းက ရန်ကုန်ထောင်မှာ ကြိုးသမား တစ်ယောက်ကို ကြိုးပေးတော့ ထူးဆန်းတဲ့ အဖြစ်အပျက်တစ်ခု ဖြစ်ခဲ့ဖူးတယ်။ ခင်ဗျားက စာရေးဝါသနာပါတဲ့လူဆိုတော့ ပြောပြရဦးမယ်"

အငြိမ်းစားယူသွားပြီးနောက် ယခုအခါ ကွယ်လွန်ခဲ့ပြီးဖြစ်သော ထောင်ပိုင်ကြီး ဦးတူးတူး၏ နောက်ကြောင်းပြန်ပြောကြားသံများသည် ဦးမောင်မောင်၏ နားထဲတွင် ပြန်လည်ကြားယောင်လျက်။ မျက်စိထဲတွင်လည်း ကွင်းကွင်းကွက်ကွက် မြင်ယောင်လျက်။ ထိုစဉ်က ထောင်မှူးဦးတူးတူးသည် ထောင်မှူးဖြစ်ပြီး ရန်ကုန်ထောင်ကြီးတွင် တာဝန်ထမ်းဆောင်ခဲ့သည်မှာ နှစ်နှစ်ခန့်ရှိခန့်မျှသာ ရှိသေးသည်။ ထောင်မှူးဖြစ်ပြီးမှ ပထမဦးဆုံးသော ကြိုးပေးသည့်အတွေ့အကြုံဖြစ်၏။ ကြိုးပေးခံရမည့်သူမှာ ဘဇံဆိုသူဖြစ်၍ ပဲခူးခရိုင် စက်ရှင်မင်းကြီးရုံးတော်မှ လူသတ်မှုဖြင့် သေဒဏ်စီရင်ပြီး ပဲခူးတွင်ကြိုးစင်မရှိသဖြင့် ရန်ကုန်ထောင်သို့ ပို့ခြင်းခံရသူဖြစ်သည်။ High Court ခေါ် တရားလွှတ်တော်မှ စောဒကလည်း ရှုံးခဲ့ပြီ။ ထိုစဉ်က ဘုရင်ခံရှိသေး၍ ဘုရင်ခံအသနားခံစာတင်ရာတွင်လည်း အရေးနိမ့်ခဲ့သဖြင့် နောက်ဆုံးအဆင့် ကြိုးပေးရုံသာ ရှိတော့သည်။

ထောင်မှူးဦးတူးတူးမှာ သူငယ်ချင်းဖြစ်သူ ထောင်မှူးဦးဘရင်က အတင်းလှုပ်နှိုးနေလို့သာ အိပ်ရာက မထချင်ဘဲ ထရသည်။ အိပ်ရေးက မဝချင်သေး။ နာရီကိုကြည့်လိုက်တော့ နံနက် ၄ နာရီရှိသေးသည်။ ရန်ကုန်မိုးကလည်း တစိမ့်စိမ့်ရွာနေရာ စောင်ခြုံထဲကွေး၍ ဖိမ်ယူလို့ကောင်းတုန်း။ သို့သော် တာဝန်သည် တာဝန်သာဖြစ်၍ ယူနီဖောင်းဝတ်၊ မိုးကာများခြုံကာ နှစ်ယောက်သား ထောင်တွင်းသို့ ဝင်ခဲ့ကြရသည်။ ခါတိုင်းသွားနေကျလမ်းဖြစ်သော်လည်း ရေတွေကလည်းတဖွေးဖွေး၊ လူတွေကလည်း အိပ်ချင်မူးတူးနှင့်ဆိုတော့ ဟိုမြောင်းထဲ ချော်ကျ၊ ဒီမြောင်းထဲ ချော်ကျ။ ထောင်ထဲရောက်ပြန်တော့လည်း တကယ်အလုပ်ရှုပ်နေကြသူများမှာ ကပြားထောင်ပိုင်ကြီး၊ ကုလားထောင်မှူးကြီးနှင့် လုပ်သက်ရင့် ထောင်မှူးပေါက်စနှစ်ဦးမှာ ယောင်လည်လည် ဖြစ်နေကြသည်။

"လာကွာ.... တို့ ဟိုကောင့်အခြေအနေ သွားကြည့်ကြရအောင်"

ဦးဘရင်ခေါ်၍ ဦးတူးတူး ကြိုးတိုက်ဘက်သို့ လိုက်လာခဲ့သည်။ ဘဇံကို ကြိုးစင်နှင့် အနီးဆုံးတိုက်ခန်းဖြစ်သည့် မိုးကြိုးတိုက်သို့ ပြောင်းရွှေ့ထားပြီးဖြစ်၏။ ကြိုးစင်အနီးတွင် ယာယီရွက်ဖျင်တဲကလေးတစ်လုံး ထိုးထားကာ အစောင့်အကြပ်များ ချထားသည်။ အရေးပေါ်အသုံးပြုနိုင်ရန် အောက်လင်းဓာတ်မီးကြီးနှစ်လုံးကိုလည်း ထွန်းညှိထား၏။ ကြိုးစင်အောက် ကလိုင်ထဲတွင် ရေများမှာလည်း အဖွေးသား။ ရင်စို့လောက်တော့ အသာလေးရှိမည်။

"ဟော့ ဘရင်၊ ကြည့်ပါဦးကွ။ ဒီရေတွေနဲ့ ကြိုးပေးလို့ဖြစ်ပါ့မလား"

"သူတို့လည်း တစ်ညလုံးခပ်ထုတ်နေကြတာပဲ။ မိုးကဆက်တိုက်ရွာနေတော့ မနိုင်တော့ဘူးနဲ့ တူပါတယ်။ ဒီအတိုင်း ကြိုးပေးရင် ခါးလောက်အထိတော့ ရေမြုပ်နေမှာ

http://www.cherrythitsar.org



ပေါ့ကွာ။ ဘယ်တတ်နိုင်မှာလဲ၊ အလောင်းကို ရေထဲက ဖြုတ်ယူကြရမှာပေါ့”

“အင်း.... ဒီကောင့်ဒုက္ခကလည်း မသေးပါလား။ သေတာတောင် ကိုယ်တစ်ပိုင်း ရေနစ်နေရဦးမှာပေါ့”

နှစ်ယောက်သား ကြိုးတိုက်တွင်းသို့ဝင်ခဲ့ရာ ဘဇံသည် ကြိုးတိုက်ခန်း ထောင့်တစ်နေရာတွင် ချောင်ကပ်ပြီး ရပ်နေသည်ကိုတွေ့ကြရ၏။ အစောင့်ကုလား ထောင်ကြပ်များကို မေးကြည့်ကြရာ ဘဇံသည် တစ်ညလုံးမအိပ်ကြောင်း၊ ယခုလိုပင် ထိုင်လိုက်ထလိုက် ဟိုချောင်ကပ်လိုက် ဒီချောင်ကပ်လိုက် လုပ်နေကြောင်း သိခဲ့ရသည်။ ဦးတူးတူးနှင့် ဦးဘရင်တို့ ကြိုးတိုက်ခန်းသံတိုင်အနီး ကပ်သွားသည့်အခါ ဘဇံသည် မျက်လုံးပြူးကြောင်ကြောင်နှင့် အသံကုန် အော်ဟစ်လျက်ရှိသည်။

“မလာနဲ့.... မလာနဲ့၊ ငါ့အနားကို ဘယ်သူမှ မလာနဲ့”

နံနက် လေးနာရီခွဲ သာသာခန့်တွင် ကပြားထောင်ပိုင်ကြီး၊ ကုလားထောင်မှူးကြီး၊ ထောင်ဆရာဝန်နှင့် အပြင်မှလာသော မြန်မာတရားသူကြီးတို့အဖွဲ့ ရောက်လာကြသည်။ ထောင်မှူးကြီးက တိုက်ခန်းရှေ့သို့သွားကာ မြန်မာလို ရေလည်စွာ ပြောနေသည်။

“ဘဇံ စိတ်ကောင်းကောင်းထားပါ။ တို့ ဝတ္တရားရှိတာ လုပ်ရမယ်နော်။ စိတ်ကောင်းကောင်းထားပါ”

ဘဇံသည် ထောင်မှူးကြီးကိုတော့ ကောင်းစွာသိသည်။

“သခင်ကြီး မလာနဲ့....မလာနဲ့....၊ ငါ့ကိုမလုပ်နဲ့”

ထောင်မှူးကြီးက အစောင့်ကုလားထောင်ကြပ်ကို သော့ဖွင့်ရန် အမိန့်ပေးလိုက်သည်။

“ဟေ့ စန္ဒရီ.... ကြာဘိခိုလိုး”

အစောင့်ထောင်ကြပ် သော့ဖွင့်နေစဉ်မှာပင် ဘဇံသည် ဘာမပြော ညာမပြောနှင့် သူသွားထားသော ဂန်ဖလားထဲမှ ချေးများ သေးများဖြင့် လှမ်းပက်လိုက်၏။

“ဒဲမ်မစ်၊ ဒမ်ဘလယ်ဒီဖူးလ်”

ထောင်မှူးကြီးသည် သူ့ကို ချေးများသေးများ စဉ်သွားသဖြင့် စိတ်ဆိုးသွားကာ အင်္ဂလိပ်လို ဆဲဆိုရေရွတ်လိုက်ပြီး အနီးရှိ ဂွင်းနီ အာဂျမ်းဆင်ကို လှမ်းကြည့်လိုက်၏။ အာဂျမ်းဆင်မှာ ပန်ချာပီလူမျိုးဖြစ်၍ ပေါင်းထုပ်ကြီးပေါင်းထားသည်။ အသက် ၄၀ ခန့်ရှိ၍ အရပ်မြင့်မြင့် ကိုယ်လုံးကိုယ်ထည် ထွားထွားကျိုင်းကျိုင်းနှင့် သန်မာတောင့်တင်းသူဖြစ်၏။ လည်ပင်းမှာလည်း စလွယ်နီကြီး သိုင်းထားသည်။ သူ့ကို ထောင်လောကမှ ဂွင်းနီ သို့မဟုတ် ဖွေးနီဟုခေါ်ကြသည်။ အာဂျမ်းဆင်နှင့် ခပ်တောင့်တောင့်ကုလား ထောင်ကြပ်လေးယောက်တို့ ကြိုးတိုက်ခန်းထဲ ဝင်သွားကြသည်။ ဘဇံမလှုပ်နိုင်တော့ပေ။ လက်ထိပ်နောက်ပြန် အခတ်ခံလိုက်ရတော့သည်။

အမှန်အတိုင်း သူ့အတွက် ကြိုတင်ချုပ်ထားသော အကျီအဖြူ အရှည်ကြီးကို

http://www.cherrythitsar.org



လက်နောက်ပြန်ဝတ်ပြီးမှ လက်ထိပ်ခတ်ရန်ဖြစ်၏။ သို့သော် ယခုလိုအကြောက်အကန် ခုခံနေတော့လည်း အခြေအနေက မပေးတော့ပေ။ ထောင်ပိုင်ကြီးမှာ သည်အတိုင်းပင် မှတ်ပုံတင်စာအုပ်ကြီးနှင့် ကိုယ်ပေါ်ရှိအမှတ်အသားတို့ကို တိုက်ဆိုင်စစ်ဆေးရတော့၏။ ပြီးသည်နှင့် အစောင့်များဘေးမှတွဲကာ ကြိုးစင်ပေါ်သို့ ဖွတ်ဆွဲခေါ်သွားကြသည်။

ကြိုးစင်ပေါ်ရောက်မှပင် ရုပ်အင်္ကျီဖြူကြီးကို နောက်ပြန်လွှမ်းခြုံကာ နောက်မှ ကြိုးသိုင်းချည်နှောင်ပေးရသည်။ ခြေထောက်နှစ်ဖက်ကို ပူး၍ ကြိုးဖြင့်တုပ်ရသည်။ ပြီးသည်နှင့် ကြိုးကွင်းကိုကိုင်ထားသော အကျဉ်းသားတစ်ဦးက ဘဇံ၏ခေါင်းတွင်စွပ် ပြီး ကြိုးစကိုတင်းလိုက်၏။ ဘဇံ၏ပါးစပ်မှ 'အင့်'ခနဲ အသံထွက်သွားသည်။ ထိုအခိုက် မှာပင် အောက်မှစောင့်ကြည့်နေသော ထောင်ပိုင်ကြီးက ဦးထုပ်ချွတ်လိုက်သည်နှင့် အကျဉ်းသားတစ်ဦးက ဒေါက်ကို ဖြုတ်ချလိုက်ရာ တံခါးကြီး နှစ်ချပ် ပွင့်ကျသွားသည်။ တံခါးနှစ်ချပ်ပွင့်ကျပြီး အုတ်နံရံနှင့် သွားရိုက်သဖြင့် ထွက်ပေါ်လာသော 'ဂျိမ်း'ခနဲ မြည်သံကြီးနှင့်အတူ ဘဇံ၏ကိုယ်တစ်ပိုင်းရေထဲသို့ 'ဗွမ်း'ခနဲ ကျသွားသံတို့ ဆက်တိုက် ထွက်ပေါ်လာ၏။

ဘဇံ ကျူးလွန်ခဲ့သော ပြစ်မှုကို ပြန်လည်ဆန်းစစ်လိုက်သောအခါ....။

'သောင်ယံမှာ မောင်နဲ့ငှက်ကယ်တို့ တူပျော်ပျော်ဘယ်ခါစက်ရပ့် လည်ယှက် ကာ သူတို့လို....'။ ဘဇံသည် သီချင်းကလေး တအေးအေးနှင့် အူမြူးလျက်ရှိသည်။ လှေဦးမှနေပြီး ထိုးဝါးကို ရေထဲထိုးလိုက်၊ ပဲ့တိုင်ရောက်အောင် လျှောက်သွားလိုက်၊ တစ်ခါ ထိုးဝါးကို ရေထဲမှဆွဲနှုတ်ပြီး လှေဦးပြန်လျှောက်လိုက်နှင့် လှေဦးနှင့်ပဲ့ပိုင်း လူးလာခေါက်တုံ့ လျှောက်လျက်ရှိ၏။ နေထန်းတစ်ဖျားခန့်သာ ရှိသေးသော်လည်း ဘဇံ၏နဖူးတွင် ချွေးသီးချွေးပေါက်များ စီးကျလျက်ရှိသည်။ သို့သော် ဘဇံမှာ မောရ ပန်းရမှန်း မသိနိုင်သလို သီချင်းကလေး တအေးအေးနှင့်....။

ဘဇံတို့ လှေကြီးသည် ပဲခူးချောင်းကြီးအတိုင်း တရွေ့ရွေ့ ဆန်တက်လျက်ရှိ သည်။ နံနက် ၆ နာရီခန့် ဒီရေစ၍တက်ချိန်ကပင် မကြက်ကြီးရွာမှ ထွက်ခဲ့ကြရာ အတော်လေး ခရီးပေါက်ခဲ့ပေပြီ။ လှေကြီးပေါ်တွင် ပဲခူးသို့ ပို့ဆောင်ပေးရမည့် စပါးအိတ် များ တင်ဆောင်လာခဲ့၍ အပြန်ကိုမူ အလျဉ်းသင့်သလို တင်ဆောင်ခဲ့ရမည်ဖြစ်သည်။

"ကျောက်တန်းမှာ မနက်စာစားကြမယ်ဟေ့"

လှေသူကြီး ဦးလှရွှေက ပဲ့ပိုင်းတွင်ထိုင်ကာ ကွမ်းတဖတ်ဖတ်ဝါးရင်း လှမ်း ပြောလိုက်ခြင်းဖြစ်၏။ အခြားလှေထိုးသားများအဖို့ ဘာမျှအကြောင်းမထူးလှသော် လည်း ဘဇံမှာမူ ကိုယ့်အတွေးနှင့်ကိုယ် စိတ်ကူးယဉ်လျက် ရှိပေပြီ။ ကျောက်တန်းတွင် ထမင်းစားကြလျှင် မိမိချစ်သူ မလှမြိုင်နှင့် တွေ့ရဦးမည် မဟုတ်ပါလား။ မလှမြိုင်မှာ ကျောက်တန်းလှေဆိပ်ရှိ ထမင်းဆိုင်ရှင် ဒေါ်အမလေး၏ သမီးချောဖြစ်၏။ ဘဇံနှင့် မလှမြိုင်တို့မှာ ပဲခူးနှင့်ကျောက်ကြီး လှေနှင့်အစုန်အဆန် သွားလာနေခဲ့ကြရာမှ

http://www.cherrythitsar.org



ရည်ငံနေခဲ့ကြသည်မှာ တစ်နှစ်ပင်ကျော်ခဲ့ပေပြီ။ ဒေါ်အမလေးတို့ဘက်ကလည်း ဘဇံတို့ မျိုးရိုးဗီဇ စုံစမ်းလေ့လာပြီး အသောက်အစားမရှိသူ ဘဇံကို ကျေနပ်လက်ခံကြသည်။ ဒီတစ်ဝါကျွတ်လျှင်ဖြင့် လူကြီးစုံရာဖြင့် တောင်းရမ်းပြောဆိုဖို့ သဘောတူပြီးသား။

ကျောက်တန်းနှင့် နီးလာလေလေ ဘဇံ၏ စိတ်များ ပိုမိုမြူးထူးတက်ကြွလာလေလေ။ မလှမြိုင်ချက်ပြုတ်ထားသည့် ထမင်းဟင်းကိုစားဖို့ ပါးစပ်တပြင်ပြင်နှင့် ဝမ်းထဲက ဟာလာလေလေဖြစ်နေရသည်။ သို့သော် လှေသူကြီးဦးလှရွှေနှင့် ထမင်းအတူစားရမှာတော့ ဘဇံ ဖီလင်အောက်သည်။ ဦးလှရွှေမှာ နှုတ်ကြမ်းလျှာကြမ်းနှင့် အပြောအဆို အလွန်အပေါက်ဆိုးသူဖြစ်၏။ လက်အောက်ငယ်သားများကို လူထုထု ရှိပြီဆိုလျှင် အာဏာပါဏာပြတတ်၏။ အားမနာတမ်း ငေါက်ငန်းပြောဆိုတတ်၏။ ဆဲရေးတိုင်းထွာတတ်သူဖြစ်၏။ ဘဇံအနေနှင့် သည့်ထက်ပို၍ မခံမရပ်နိုင်သောအကြောင်းတစ်ခုရှိသေးသည်။ ယင်းအချက်မှာ ဦးလှရွှေသည် အသက် ၄၅ ကျော်၍ ၅၀ အတွင်း ရောက်နေပြီဖြစ်သော်လည်း သူ့အသက်ကိုမှ သူမထောက်၊ သမီးအရွယ်မျှရှိသေးသည့် မလှမြိုင်ကို ထိကပါးရိကပါး ပြောတတ်ခြင်းဖြစ်၏။ နှုတ်ခမ်းကျင်စွယ်ကို လက်ဖြင့်သပ်ရင်းက အာသာပြင်း၍ ရီဝေသောမျက်လုံးအစုံဖြင့် စူးစိုက်ကြည့်တတ်သေးသည်။

တစ်ခုတော့ပြောစရာရှိသည်။ ဦးလှရွှေသည် ငွေပေးရာတွင် အခြားလှေသူကြီးများထက် ရက်ရောသူဖြစ်၏။ ဒီကောင်းကွက်တစ်ခုတည်းကို ဝကွက်ကြည့်ပြီး ဘဇံ သူ့လက်အောက်တွင် ဆဲဆိုသမျှ အောင့်အည်းသည်းခံကာ မလှမြိုင်နှင့် အမြန်နီးစပ်နိုင်ရေးအတွက် ငွေကျိတ်စုနေရခြင်းဖြစ်သည်။ သို့နှင့်ပင် ဘဇံတို့လှေကြီး တရွေ့ရွေ့ဆန်တက်ခဲ့ရာက ၁၀နာရီခွဲသာသာခန့်တွင် ကျောက်တန်းလှေဆိပ်သို့ ဆိုက်ခဲ့သည်။ လှေပေါ်တွင် လိုက်ပါလာသည့် ခရီးသည် သုံးလေးယောက်လည်း ထမင်းဆင်းစားကြသည်။ ဒေါ်အမလေး ထမင်းဆိုင်တွင် မလှမြိုင်တစ်ဦးတည်း ထိုင်ရောင်းနေသည်ကို တွေ့လိုက်ရ၏။

"အမြိုင်၊ အဒေါ်ကော"

"ရွာထဲမှာ အသုဘတစ်ခုရှိလို့သွားတယ်။ ကိုဘဇံ ဘာဟင်းနဲ့စားမလဲ"

"ငါးသလောက်က ဒီနေ့မှရတယ်။ ကိုဘဇံ ဘယ်နေ့ပြန်စုန်မှာလဲ၊ ပေါင်းထားလိုက်မယ်လေ။ အခု ငါးမြင်းဆီပြန်ရှိတယ်။ အဲဒါနဲ့ စားမလား"

"အေးကောင်းတယ်၊ ထည့်ဟာ"

မလှမြိုင်က ဘဇံထမင်းစားနေသည်ကို ပြုံးပြုံးကြီးကြည့်ပြီး တွတ်ထိုးနေသည်ကို လှေသူကြီးဦးလှရွှေက နာလိုဟန်မတူပေ။

"မလှမြိုင်တို့က ပိုက်ဆံပေးစားတဲ့လူအချင်းချင်း မောင်ဘဇံတို့ကျတော့ မျက်နှာကြီးပါသလားဟေ့"

http://www.cherrythitsar.org



မလှမြိုင်က ရှက်ပြုံးကလေးပြုံးလိုက်ပြီး…

"မဟုတ်ပါဘူး ဦးလေးရယ်၊ သူက ငါးသလောက်ပေါင်း ကြိုက်တတ်လို့ ပြောတာပါ"

"ဒါပေါ့ဗျာ၊ မျက်နှာကြီးရာ ဟင်းဖတ်ပါဆိုတာ"

ဘဇံကတော့ ဦးလူရွှေ ဘာတွေပြောနေပြောနေ စိတ်ဝင်စားလှသည် မဟုတ်။ ဒီတစ်ခါဝါကျွတ်လျှင် မိမိပိုင်ဆိုင်ရတော့မည့် လှဇေကရီကလေး မလှမြိုင်ကိုသာလျှင် တစိမ့်စိမ့်ကြည့်ရင်း ထမင်းကို အရသာခံ စားနေမိသည်။ မလှမြိုင်သည် ဆံပင်တစ်ပတ်လျှို့ထုံး၍ သနပ်ခါးရေကျဲကလေးကို ခပ်မှုန်မှုန်ခြယ်သထားသည်။ ပင်နီဖျဉ်ချောလက်စကလေးနှင့် သရက်ထည် ကြက်သွေးရောင်ပွင့်ရိုက်လုံချည်ကို ဝတ်ဆင်ထားရာ ဖြူဖွေးနုညက်သော အသားကလေးနှင့် ပန်တင့်နေပေသည်။

"ဟေ့ ဘဇံ၊ ထမင်းစားပြီးရင် လှေပေါ်က ကွမ်းအစ် သွားယူကွာ"

ဘဇံသည် မလှမြိုင်၏ အလှရေယာဉ်ကြောတွင် နစ်မြောနေရာက ဆတ်ခနဲ တုန်သွားသည်။ ပြီးမှ အရေးကောင်း ဒိန်းဒေါင်းဖျက်ရန်ကောဟူသော သဘောမျိုးဖြင့် ဦးလူရွှေကို တစ်ချက်လှမ်းကြည့်လိုက်ပြီး လှေဘက်သို့ ထွက်သွားသည်။ လှေပေါ်မှ ကွမ်းအစ်ယူလာပြီးနောက် ဦးလူရွှေ၏ စားပွဲဝိုင်းတွင် တင်ပေးလိုက်ပြီး မလှမြိုင်အနီးရှိ ခွေးခြေကလေးတစ်ခုကို ဆွဲထိုင်နေလိုက်သည်။

"ဟေ့ကောင်…. ခွေးမသား ဘဇံ၊ ဘယ်မလဲကွ ထုံးဘူး။ ထုံးဘူးမပါဘဲ မင်းအမေလင်နဲ့ ကွမ်းစားရမှာလားဟင်"

ဘဇံသည် ဦးလူရွှေ၏ဆဲသံများကိုကြားလိုက်ရသောအခါ ခေါင်းထဲတွင်ထူပူသွားသည်။ ခါတိုင်းလည်း ဆဲတော့ဆဲနေကျပါ။ သို့သော် အခုတော့ အမေကိုလည်း ထိခိုက်ပြီး အဆဲခံရပြန်၊ ချစ်သူ မလှမြိုင်ရှေ့မှောက်တွင်လည်း ဖြစ်ပြန်ဆိုတော့ ပိုပြီး ရှက်သွားသည်။ အခံရခက်သွားသည်။ ဒေါသဖြစ်သွားသည်။ ရှက်စိတ်နှင့် ဒေါသတို့ ရောမွှေလိုက်တော့ ဘယ်တုံးကမှ ပြန်မပြောဖူးသော ဦးလူရွှေအား လွှတ်ခနဲ တစ်ချက် ပြန်အော်လိုက်မိ၏။

"ဒီမှာ ဦးလူရွှေ၊ ခင်ဗျားထုံးဘူးမပါတာ ပြန်ယူပေးဆိုရင် ပြီးရောပေါ့။ အမေကိုတော့ ထိခိုက်မဆဲနဲ့ဗျာ"

ဦးလူရွှေကလည်း ပို၍ ဒေါသထွက်လာသည်။

"အံမာ ခွေးမသားလူပါးဝလို့၊ ဘယ်တုန်းက ပြန်ပြောဖူးလို့လဲ။ ဆဲတယ်ကွာ၊ ရီးပြုလား….ကဲ"

ဘဇံသည် ထပ်ကာထပ်ကာဆင့်၍စော်ကားနေသော ဦးလူရွှေအား ဘယ်လိုမှ သည်းမခံနိုင်တော့သည့်အဆုံး လက်သီးဖြင့် လှမ်းထိုးလိုက်သည်။ ဦးလူရွှေက ရှောင်လိုက်သဖြင့် မထိုးမိဘဲ ဘေးလူများ ဝိုင်းဆွဲ၍ ဖျန်ဖြေနေကြစဉ် ဦးလူရွှေက ဘဇံ၏

http://www.cherrythitsar.org



ရင်ဝကို ဆောင့်ကန်လိုက်ရာ ဘဇံ ပက်လက်လဲကျသွားသည်။ ဘဇံလဲရာမှထပြီး ပြန်ထိုးမည်လုပ်တော့ လူတွေများလာ၍ ဘာမျှ ပြန်မလုပ်လိုက်ရ။

"သည်းခံပြီး နေစမ်းပါ ကိုဘဇံရယ်၊ ခုနေအခါမှာ ဘာမှ စိတ်လိုက်မာန်ပါ မလုပ်ချင်စမ်းပါနဲ့....နော်....၊ အမြိုင် စိတ်ချပါရစေ"

ဘဇံသည် မလှမြိုင် တီးတိုးကပ်၍ မှာကြားလိုက်သော စကားသံများကို ကြားယောင်နေရင်း ခရီးဆက်ထွက်ခဲ့ရသည်။ ညနေလေးနာရီခွဲခန့်တွင် ပဲခူးသို့ ရောက်ပြီး နောက်တစ်နေ့ ပါလာသည့်ကုန်များကို ချကာ အပြန်ကုန်စောင့်နေရသည်။ နောက်တစ်နေ့ သုံးနာရီခန့်ကျမှ ပဲခူးမှ အပြန်ကုန်အဖြစ် ရေနံဆီနှင့် ပဲအိတ်များ တင်ဆောင်ကာ ပြန်စုန်ဖြစ်ခဲ့ကြသည်။ ရေကျချိန်ဖြစ်သဖြင့် တစ်ခါတစ်ရံသာ ထိုးဝါးကူရပြီး ဘဇံက တက်မကြီးကိုင်ခဲ့ရသည်။

ဦးလူရွှေသည် နေစောင်းလာလျှင် အရက်သောက်နေကျဖြစ်၏။ ယခုလည်း ပဲခူးမှ ဝယ်လာခဲ့သော ပုလဲအရက်ကို ငါးကြော်အမြည်းဖြင့် သောက်လျက်ရှိသည်။ တဖြည်းဖြည်း နေလုံးကွယ်ပျောက်၍ မှောင်စပျိုးလာသည်နှင့် အရက်တစ်လုံးလည်း ကုန်ခဲ့ပြီ။ ထမင်းမစားသေးဘဲ လှေဦးနှင့် ပဲ့ပိုင်းကို ကွမ်းဝါးရင်း ခေါက်တုံ့ခေါက်ပြန် လျှောက်လျက်ရှိ၏။

တစ်ကြိမ်တွင်မူ ပဲ့ပိုင်းတွင် ဘဇံကို ကျောပေးပြီး လှေအစွန်းတွင် ရပ်နေသည်။ ဘဇံသည် ဦးလူရွှေ၏ ကျောပြင်ကို စိုက်ကြည့်ရင်းက ခေါင်းထဲတွင် ရီဝေဝေဖြစ်လာ၏။ တစ်နေ့က ကျောက်တန်းလှေဆိပ်တွင် ဖြစ်ပျက်ခဲ့သမျှ မျက်စိထဲ တရေးရေးပြန်မြင်လာသည်။ နားထဲတွင် ဦးလူရွှေ၏ ဆဲသံများကို ကြားလိုက်၊ မျက်စိထဲတွင် မလှမြိုင်၏ ရုပ်သွင်ကလေးကို မြင်လိုက်နှင့် အာရုံတွေ ထွေပြားလာ၏။ တဒင်္ဂအတွင်း ဖြစ်ပေါ်လာသော ဒေါသကို ဘဇံတစ်ယောက် မချုပ်တည်းနိုင်တော့ပေ။ ပဲ့ကိုင်နေရာမှ ကပျာကယာ ထွက်သွားပြီး လှေစွန်းတွင်ရပ်နေသော ဦးလူရွှေအား နောက်မှနေ၍ ရုတ်တရက် ကန်ချလိုက်သည်။ ဦးလူရွှေသည် ရေထဲသို့ ဝုန်းခနဲကျသွားပြီး ပြန်ပေါ်လာကာ ရေကူးတတ်သူ ဖြစ်သည့်အလျောက် ယက်ကန်ယက်ကန်နှင့် ကူးခတ်ရင်းက ဂူးဂူးဝါးဝါး အော်နေသည်။ လှေမှာအတော်လေးကြီးသဖြင့် ပဲ့ပိုင်းတွင်ဖြစ်ပျက်နေသမျှကို လှေဦးပိုင်းက လူများ မသိလိုက်ကြရပေ။

ဘဇံသည် ရေထဲတွင် ဗလုံးဗထွေးဖြစ်နေသော ဦးလူရွှေကို အတန်ကြာအောင် စိုက်ကြည့်နေသေးသည်။ နောက်မှ သတိရကာ အနီးရှိထိုးဝါးတစ်ချောင်းကို ယူလိုက်ပြီး ဦးလူရွှေ၏ လည်မျိုဆီသို့ထိုးစိုက်ချလိုက်သည်။ ဘဇံမှာ ထိုးဝါးထိုးနေကျ လက်ဆရပြီး ဖြစ်သဖြင့် ထိုးဝါးအဖျားတွင်ရှိသော သံချွန်သည် ဦးလူရွှေ၏ လည်ပင်းတည့်တည့်ကြီး စူးဝင်သွားတော့သည်။

ဘဇံက ထိုးဝါးကိုဆွဲနုတ်လိုက်ပြီး ရေထဲတွင် သွေးများစင်သွားအောင်

ခါယမ်းဆေးကြောပစ်လိုက်၏။ ပြီးတော့ ဣန္ဒြေမပျက် တက်မကိုဆက်ကိုင်လာခဲ့သည်။

နောက်တစ်နေ့နံနက် ဝေလီဝေလင်းတွင် မကြက်ကြီးရွာသို့ ရောက်သောအခါတွင်မှ လှေသူကြီး ဦးလူရွှေ မပါလာမှန်းသိကြရသည်။ သိလျှင်သိချင်း လက်ဦးအစွပ်စွဲခံရသူကား ဘဖဲပင်တည်း။ ဘဖဲကလည်း မူပျက်သလား မမေးနှင့်။ မဖုံးခင်က ပေါ်ချင်သည်။ ထူးဆန်းသည်မှာ ဘဖဲသည် အပမှီပြီး မကောင်းဆိုးဝါးစွဲကပ်နေသလား ထင်ရသည်။

"ဗျာ.... လှေသူကြီး၊ ဟုတ်လား၊ ကျုပ်မသတ်ပါဘူး။ ကျုပ်သတ်တယ်လို့ ဘယ်သူပြောလို့တုန်း။ ခင်ဗျားတို့ မဟုတ်တာတွေ မပြောနဲ့ဗျာ။ ဦးလူရွှေကို ကျုပ်မသတ်ပါဘူး....ဟီး....ဟီး...."

ဘဖဲသည် ပြောပြောဆိုဆို ဟီးချ၍ ငိုတော့သည်။ ဘဖဲ၏ အခြေမလှသဖြင့် လှေသမားများက ဝိုင်းဖမ်းပြီး သူကြီးထံ အပ်လိုက်သည်။ မကြာခင်ပင် သက်သေခံအထောက်အထားအဖြစ် လှေသူကြီး ဦးလူရွှေ၏အလောင်းကြီး ရေထဲမျောပါလာသဖြင့် မကြက်ကြီးရွာသားများက ဝိုင်းဆယ်၍ သူကြီးလက် အပ်လိုက်သည်။ သူကြီးကလည်း ဦးလူရွှေ၏အလောင်းနှင့် ဘဖဲကိုပါ ဖမ်းဆီးပြီး ပဲခူးရဲဌာနသို့သွား၍ အပ်နှံလိုက်သည်။ ဌာနရောက်တော့ ဘဖဲ၏လူသတ်မှုမှာ ဘူးပေါ်သလိုပေါ်ခဲ့ရပေပြီ။

ထောင်ပိုင်ကြီး ဦးရန်အောင်မောင်မောင်သည် မျက်စိတစ်ဖက်ပျက်နေသည့် ငရမန်ကန်းအား ကြိုးမပေးမီညက တစ်ညလုံး နှစ်ခြိုက်စွာအိပ်မပျော်ခဲ့ပေ။ မိုးကလည်း တစိမ့်စိမ့်ရွာလျက်ရှိ၏။ မိုးရွာလေလေ ထောင်ပိုင်ကြီး ဦးတူးတူးပြောပြဖူးသည့် စစ်ကြိုခေတ်က ရန်ကုန်ထောင်တွင် ကြိုးပေးခံခဲ့ရသည့် ဘဖဲအကြောင်းက မထွက်နိုင်လေလေဖြစ်နေရသည်။ တော်ပါသေးသည်။ မိုးက နံနက် လေးနာရီခွဲခန့်တွင် စဲစပြုလာသည်။ သို့နှင့် ဘုရားရှိခိုး၊ အဓိဋ္ဌာန်ပုတီးစိပ်၊ အမျှအတန်းပေး၊ ယူနီဖောင်းလဲပြီးနောက် ကြိုးစင်သို့ တစ်ခေါက်သွားကြည့်ရသေးသည်။ တပည့်များ ကူဘိုတာရေစုပ်စက်ဖြင့် စုပ်၍ တင်ထားသဖြင့် ကြိုးစင်ထဲတွင် ရေများမရှိတော့။

ဘဖဲသာလျှင် တူသောအကျိုးပေးလေသည်ထင့်....။

■

# ၁၉

အကျဉ်းထောင်များရှိ ကြိုးစင်နှင့် ကြိုးသမားများအကြောင်း ကလောင်လမ်းကြောင်း ပြောင်းလိုက်ပါဦးမည်။ ဒါကလည်း အကြောင်းရှိပါသည်။

"နေပါဦး၊ ဒီကြိုးပေးတဲ့အလုပ်က ထောင်ကြီးတွေမှာပဲ လုပ်လို့ရသလား။ ထောင်ကလေးတွေမှာကော လုပ်လို့မရဖူးလား"ဟု စာဖတ်သူများက အမေးရှိလာပြန်၏။ မေးသင့်မေးထိုက်သော မေးခွန်းတစ်ခုပါပေ။

ကိုရွှေနယ်ချဲ့အင်္ဂလိပ်တို့သည် သူများတိုင်းပြည်ကို နှစ်ပေါင်းတစ်ရာကျော်မျှ ကျွန်ပြုအုပ်ချုပ်သွားရာတွင် ထောင့် စေ့သလား မမေးနှင့်။ သို့ကလို မေးစရာမကျန်ရစ်ရလေအောင် အကွက်စေ့စေ့ စီမံဆောင်ရွက်သွားပြီသား။ ထောင်ကြီးတွေမှာ မြန်မာပြည်အနှံ့အပြား နေရာဌာနတိုင်း ရှိသည်မဟုတ်။ ရန်ကုန် အင်းစိန်တို့၊ မန္တလေးတို့၊ မြင်းခြံတို့၊ ပုသိမ် မြောင်းမြတို့၊ မော်လမြိုင်တို့၊ စစ်တွေတို့လို မြို့ကြီးများမှာသာ ရှိခြင်းဖြစ်၏။ သာယာဝတီထောင်ကြီးပင် ၁၉၂၅ ခုနှစ်ကမှ နောက်ဆုံးတည်ဆောက်ခဲ့သည့် ထောင်တစ်ထောင်။

သေဒဏ်စီရင်ခြင်းခံရသော ကြိုးသမားများအား ခရီးဝေးဝေးလံလံ သယ်ယူပို့ဆောင်ရခြင်းအားဖြင့် လမ်းခရီးတွင် အန္တရာယ်ရှိကြောင်း သူတို့ကောင်းစွာသိသည်။ သို့ဖြစ်၍ သွားရေးလာရေးခက်ခဲသော နေရာဌာနများရှိ ထောင်ငယ်ကလေးများတွင် လည်း ကြိုးစင်ဆောက်ထားခဲ့ပါသေးသည်။

ထောင်မှူးမောင်မောင်သည် အကျဉ်းထောင်လုပ်သက် အနှစ် ၄၀ ခန့်အတွင်း

http://www.cherrythitsar.org



ထောင်မှူးဘဝနှင့် ၁၇ နှစ်တိတိ အလူးအလဲခံခဲ့ရသည်။ ကျန်သည့် ၂၃ နှစ်တာ ကာလမှာ ထောင်ပိုင်လုပ်ခဲ့ရသည်က များသည်။ ကြယ်နှစ်ပွင့်တပ် ထောင်မှူးကြီးဘဝနှင့်လည်း ထောင်ပိုင်၊ ကြယ်သုံးပွင့်တပ် ဒုတိယထောင်ပိုင်ဘဝနှင့်လည်း ထောင်ပိုင်၊ တစ်ဘား တစ်ပွင့်တပ် ထောင်ပိုင်အဆင့် ၁ ဘဝနှင့်လည်း ထောင်ပိုင်၊ တစ်ဘားနှစ်ပွင့်တပ် ထောင်ပိုင် အဆင့် ၂ ဘဝနှင့်လည်း ထောင်ပိုင်၊ နောက်ဆုံး ပင်စင်ယူသည်အထိဆိုကြပါစို့။

၁၉၇၀ ခုနှစ်၊ ကသာအကျဉ်းထောင်တွင် တာဝန်ခံထောင်မှူးကြီးအဖြစ် တာဝန်ထမ်းဆောင်နေစဉ်ကဖြစ်၏။ တစ်နေ့တွင် ထောင်မှူးဦးသောင်းမြင့်သည် ထောင်ကျ အပြစ်ပေး ဝရမ်းတစ်စောင်ကို ကိုင်၍ ရုံးခန်းထဲဝင်လာပြီး အလေးပြုလိုက်သည်။

"ဆရာကြီး ဒီမှာကြည့်ပါဦး၊ ဗန်းမောက်က ကြိုးသမားတစ်ယောက် လာပို့နေတယ်"

ဦးသောင်းမြင့်ထံမှ အပြစ်ပေးဝရမ်းကို ယူကြည့်မိသည်။ သေဒဏ်စီရင်ခြင်းခံရသူမှာ ဗန်းမောက်မြို့နယ် ကြောင်လည်ရွာနေ အဖ ဦးရွှေပု၏သား ဗိုလ်မိုးသီး ခေါ် ရွှေတီးဖြစ်၏။ ဝရမ်းခေါင်းစီးတွင်လည်း 'ထောင်ပိုင်–ကသာ'ဟု လိပ်မူထားသည်။ ရဲမှပြုစုသည့် တရားခံပုံသဏ္ဍာန် ပုံစံလည်းပါ၏။ တရားရုံးမှ စီရင်ချက်မိတ္တူပင် ပါလိုက်သေးသည်။ ကြိုးသမား၏အယူခံမှာ ခုနစ်ရက်အတွင်း တင်ရမည်မဟုတ်ပါလား။

သည်နေရာမှာ ထောင်ပိုင်ကြီး ဦးနှောက်အလုပ်လုပ်ရပြီ။ ကသာထောင်တွင် ကြိုးစင်မရှိဘူးဟုဆိုကာ လက်မခံဘဲ ပြန်လွှတ်လိုက်လျှင် ရသည်။ သည့်ထက် တာဝန်ကျေချင်သေးလျှင် မန္တလေးထောင်သို့ပို့ပါဟု စာကလေးတစ်စောင် ရေးပေးလိုက်ရုံသာ ရှိ၏။ သို့သော် ပြန်လွှတ်ရမည့်ခရီးက နီးနီးနားနားမဟုတ်။ ကသာမှ အင်းတော်သို့ ၁၈ မိုင်ဝေးသေးသည်။ အင်းတော်မှ ဗန်းမောက်ရောက်အောင်မိုင်၂၀ လောက် ဝေးလိမ့်ဦး မည်ထင်သည်။ လမ်းကလည်း လမ်းကောင်းမဟုတ်။ တစ်နေ့လုံးနေမှ ကားကြီးများ အသွားတစ်စီး အပြန်တစ်စီးသာရှိသည်ဆို၏။ လမ်းခရီးတွင် ထွက်ပြေးမှုဖြင့်အခက်။

"ဦးသောင်းမြင့်ရေ.... လက်ခံထားလိုက်ပါဗျာ"

"ဆရာကြီးကလည်း ကျွန်တော်တို့ထောင်မှာ ကြိုးစင်မှမရှိတာဘဲ"

"ဒါတော့ မှန်တာပေါ့ဗျာ၊ ဒါပေမယ့် ကျွန်တော်တို့က လက်မခံဘဲ ပြန်လွှတ်လိုက်ရင် ပြန်ရမယ့်ခရီးက မနီးလှဘူး မဟုတ်လား။ လမ်းမှာထွက်ပြေးရင် ကျွန်တော်တို့မှာတော့ အပြစ်မရှိဘူးပေါ့။ ဒါပေမယ့် တာဝန်တော့ မကင်းဘူးလေ။ နောက်ပြီး သူ့အယူခံကို အချိန်မီ ရေးပေးဖို့က ရှိသေးတယ်။ တစ်ခုတော့ရှိတယ်။ ဝရမ်းပေါ်ကလိပ်စာကိုတော့ မန္တလေးထောင်လို့ ပြန်ပြင်ဖို့ လိုလိမ့်မယ်။ သူ့ကိုလာပို့တဲ့ ရဲတွေထဲမှာ အဆင့်အကြီးဆုံး ဘယ်သူပါသလဲ"

"ဒုရဲအုပ်တစ်ယောက် ပါပါတယ် ဆရာကြီး"

"ဒါဖြင့် သူ့ကို ခေါ်လိုက်ပါဗျာ"

http://www.cherrythitsar.org



ဒုရဲအုပ် ရောက်လာသောအခါ လိပ်ပတ်လည်အောင် ရှင်းပြရ၏။

"အမှန်အတိုင်း သူ့ကိုလက်မခံဘဲ ပြန်လွှတ်လိုက်ရင်ရပါတယ်။ ကျွန်တော်တို့ ထောင်မှာကြိုးစင်မရှိဘူးလေ။ ဒါပေမယ့် ခင်ဗျားကို ဒုက္ခပေးသလိုဖြစ်နေလိမ့်မယ်။ ဒီတော့ ခင်ဗျားတစ်ခုတာဝန်ယူပါ"

"ဟုတ်ကဲ့၊ ပြောပါခင်ဗျာ"

"အပြစ်ပေးဝရမ်းနှစ်စောင်ထဲက မူရင်းကိုပြန်ယူသွားပါ။ တရားရုံးမှာ ပြန်တင်ပြပြီး မန္တလေးထောင်ကို လိပ်စာပြင်ရေးပေးပါ။ အသွားတစ်ရက်အပြန်တစ်ရက်ဆိုတော့ သုံးရက်အတွင်း ပြန်ရောက်အောင် ပို့ပေးပါ။ ကျွန်တော်တို့ အယူခံတင်ပြီးရင် ကသာက ရဲတောင်းပြီး မန္တလေးထောင်ကို ဆက်ပို့ပေးပါမယ်"

"ဟုတ်ကဲ့၊ စိတ်ချပါ ထောင်ပိုင်ကြီး"

ဒုရဲအုပ်မှာ ကြိုးသမားကို ပြန်ခေါ်မသွားရသဖြင့် အပျော်ကြီးပျော်သွားသည်။ ပြုံးရွှင်စွာဖြင့် မူရင်းဝရမ်းကို ယူပြီး အလေးပြုကာ ပြန်ထွက်သွားတော့သည်။

"ဦးသောင်းမြင့်၊ ခင်ဗျား ကြိုးသမားအယူခံ ရေးဖူးသလား"

"ဘယ်ရေးဖူးဦးမှာလဲ ဆရာကြီးရယ်။ ကျွန်တော့်လုပ်သက် ဘယ်လောက်ရှိသေးတာမှတ်လို့။ ကြိုးသမားတော့ စောင့်ခဲ့ဖူးတာပေါ့"

ဟုတ်ပေလိမ့်မည်။ သူသည် လက်အောက်ဝန်ထမ်းဘဝမှ ထောင်မှူးရာထူး ရခဲ့သူဖြစ်၏။ သို့သော် ကြိုးစားမှုအပြည့်ရှိသည်။ လိုချင်စိတ် တတ်ချင်စိတ်ရှိသည်။ အထက်လူကြီးများကိုလည်း ထာဝစဉ်ရိုသေလေးစားတတ်သည်။ သို့ဖြစ်၍ အဆင့်ဆင့် ရာထူးတက်ခဲ့ကာ ထောင်ပိုင်ကြီး ဦးမောင်မောင် ပင်စင်ယူချိန်တွင် ကြယ်သုံးပွင့်တပ် လုပ်သက်ရင့် ဒုတိယထောင်ပိုင်အဖြစ် နောက်တစ်ဆင့် ရာထူးတက်ရန်ပင် ချိန်နေသူ ဖြစ်၏။ ဦးသောင်းမြင့်က လိုလိုချင်ချင်ပင် ပြောရှာသည်။

"ဆရာကြီး ပါးစပ်ကသာ ပြောပြပါ။ ကျွန်တော် လိုက်ရေးပေးပါ့မယ်"

သူများအကျိုးဆောင် ကိုယ့်အကျိုးအောင် ဆိုသောစကားမှာ တကယ်ပင် မှန်၏။ ကြိုးသမား ဗိုလ်မိုးသီး ခေါ် ရွှေတီး၏ စီရင်ချက်မိတ္တူကို ဖတ်လိုက်တော့ ရေငတ်သူ ရေတွင်းထဲကျလိုက်သလို စာရေးစရာ ကုန်ကြမ်းရှာနေသူ ရန်အောင် မောင်မောင်အတွက် အကွက်တွေ့သွားပြီပေါ့။ အကြည်ဆိုက်လို့ အကြိုက်တွေ့၊ အချိုရှာ သကာတွေ့ခဲ့ရပြီပေါ့။ စီရင်ချက်မိတ္တူထဲတွင် အမှုဖြစ်ပွားပုံအကျဉ်းပါ၏။ တရားလို တရားခံ နှစ်ဖက်ပြသက်သေထွက်ဆိုချက်များအနက် အရေးကြီးသော အကြောင်းအရာ များပါ၏။ ကျန်တာ ဘာသိချင်သေးသလဲ။ သိချင်သမျှ ကြိုးသမားကိုသာ မေးပေတော့။

လင်ဆိုးမယား တဖားဖား၊ သားဆိုးအမေ တပေပေဟု အဆိုရှိ၏။ ရွှေတီး၏ မိခင် ဒေါ်မှဲ့ဘူးမှာလည်း သားဆိုးအမေ ဖြစ်မှန်းမသိ ဖြစ်ခဲ့ရသည်။ ကိုယ်ဖြစ်ချင်လို့ ဖြစ်ရတာမဟုတ်။ ကာလဒေသ ပယောဂတည်းဟူသော အချိန်အခါ နေရာဌာနနှင့်

http://www.cherrythitsar.org



ပတ်ဝန်းကျင် အခြေအနေအရပ်ရပ် လှိုင်းတံပိုးရိုက်ခတ်မှုဒဏ်ကြောင့် ရွှေတီးမှသည် ဗိုလ်မိုးသီးဘဝရောက်ခဲ့ရသည်။ ဒေါ်မွဲ့ဘူးမှာလည်း သားဆိုးအမေ ဖြစ်ခဲ့ရ၏။

သာယာအေးမြလှသည့်ညချမ်းအခါ ထွက်ပြူလာသည့် သော်တာလမင်းကြီးအား တိမ်ညိုတိမ်ပုပ်တွေ ဖုံးအုပ်လိုက်သလို လွတ်လပ်ရေးရပြီးစ သွေးနုသားနု မြန်မာပြည် တစ်ဝန်းမှာလည်း ရောင်စုံသောင်းကျန်းသူတို့ စစ်တလင်းဖြန့်ခင်းလိုက်သောအခါ တစ်ပြည်လုံး သေနတ်သံတွေ တဒိုင်းဒိုင်းနှင့် ယမ်းခိုးယမ်းငွေ့တွေ ဝေခဲ့ရ၏။ ဒုတိယကမ္ဘာစစ်၏ ဒဏ်ရာဒဏ်ချက်တွေ အနာမကျက်သေးမီ မြန်မာပြည်တစ်နံတစ်လျားချောင်ကြိုချောင်ကြားပါမကျန် သောင်းကျန်းသူတွေ၏ဒဏ်ကို ခါးကော့နေအောင် ခံခဲ့ကြရ၏။ စင်စစ် ဇန်းမောက်တို့၊ ပင်လည်ဘူးတို့ မြို့နယ်များမှာ အလွန်ရိုးသားသော မြန်မာပြည်ဖွား ဂဒူးဂဏန်း တိုင်းရင်းသားတို့ အများစုနေထိုင်ရာ ဒေသသာလျှင်ဖြစ်၏။ ဂဒူးဂဏန်း အမျိုးသားများကို ရှမ်းဆန်သည်ဟု ပြောလျှင်လည်းရသည်။ သို့သော် ဘာသာစကားမှာ တစ်မျိုးတစ်ဘာသာဖြစ်၏။ ကျွန်းသစ်ပေါများရာ ဒေသဖြစ်၍ အိမ်တိုင်းလိုလိုပင် ကျွန်းလုံးတိုင်ကြီးများမှာ အခိုင်အခန့်။ အိမ်ရှေ့တွင် အိမ်ထောင်ဦးစီး အကြီးအကဲ ကွယ်လွန်သည့်အခါ သင်္ဂြိုဟ်ရန် ကျွန်းလုံးကိုထွင်းထားသည့် ခေါင်းများမှာလည်း အရန်သင့်။ ဂဒူးဂဏန်း တိုင်းရင်းသားတို့မှာ ရှမ်းအမျိုးသားများကဲ့သို့ တစ်မူးရလို့တစ်ပဲလှူ တို့ရှမ်းတောင်သူ တူနိုင်ရိုးလားဆိုသော ထုံးတမ်းစဉ်လာကို လိုက်နိုင်သူများဖြစ်၏။ ဗုဒ္ဓဘာသာကို အလွန်ယုံကြည်ကိုးစားစွာ ကြည်ညိုကိုးကွယ်ကြသည်။ တခြားမကြည့်နှင့်။ နန်းစားရွာတွင် ဆောက်လုပ်ထားသော ရွှေကျောင်း ကြီးမှာ နာမည်နှင့်လိုက်အောင် တစ်ကျောင်းလုံးရွှေပိန်းချထားသည်ကို ကြည့်ခြင်းအား ဖြင့် သိနိုင်စေသည်။ 'မမြင်ဖူး မူးမြစ်ထင်'ဟု ဆိုရိုးရှိခဲ့သော မူးမြစ်၏ မြစ်ဖျားခံရာဒေသလည်း ဖြစ်၏။ နန်းစားရွာအနီးရှိ မူးမြစ်ဖျားကို လူတစ်ယောက် ဟိုဘက်သည်ဘက် ခုန်ကူးနိုင်သည်ဆိုလျှင် ပုံပြင်ပမာ မယုံမရှိလေနှင့်။ တကယ်လက်တွေ့ ခုန်ကူးခဲ့ဖူးသည်။

ကြောင်လည်ရွာမှာ ဇန်းမောက်မြို့နယ်အတွင်းရှိ ဂဒူးဂဏန်းအမျိုးသားအများစုနေထိုင်ရာ နန်းစားရွာသို့သွားရာ လမ်းခွဲဖြစ်၏။ သည်နယ်တစ်ဝိုက်မှာပင် တစ်ချိန်က ဂျပန်အပြေး အင်္ဂလိပ်ပြန်အဝင် ကာနယ်ဝင်းဂိတ်တပ်များ လေထီးဖြင့် အလုံးအရင်း ခုန်ဆင်းခဲ့ရာ ဒေသလည်းဖြစ်၏။ တောနက်သည်။ တောင်ကုန်းများရှိသော်လည်း သိပ်ပြီး မမြင့်မားလှ။ မြန်မာပြည် အနောက်မြောက်ပိုင်း လေထီးဖြင့် ခုန်ဆင်းရန် အကွက်အကွင်းကောင်းသော နေရာဌာနဖြစ်၏။

ရွှေတီးမှာ ကြောင်လည်ရွာသူကြီး ဦးရွှေပု၊ ဒေါ်ဘူးမွဲ့တို့၏ တစ်ဦးတည်းသော သားကလေးဖြစ်သည်။ ဂဒူးဂဏန်းနယ်မြေကို သောင်းကျန်းမှု မုန်တိုင်းကြီး ကျရောက်ချိန်တွင် ရွှေတီး၏ အသက်မှာ ကိုးနှစ် ဆယ်နှစ်ခန့်သာ ရှိသေးသည်။ မိဘနှစ်ပါးတို့က တစ်ဦးတည်းသော သားကလေးကို ရှင်ပြုရန် အားယူနေချိန်ဖြစ်၏။

http://www.cherrythitsar.org



"သားလေး၊ သက်န်းတောင်း ဆိုစမ်းပါဦး"

'သကလ ဝတ္တ ဒုက္ခနိဿရန နိဗ္ဗာန်နုဿ သစ္စိ ကရနတ္ထာယ'အစရှိသည့် သင်္ကန်းတောင်းကို ရွှေတီးက ဒိုးဒိုးဒေါက်ဒေါက်ရွတ်ပြသံကြားရသော သူကြီးကတော် ဒေါ်မှဲ့ဘူးမှာ ရင်တွင်း၌ ပီတိတွေ ဝေဖြာလျက်ရှိ၏။

"အမေ...."

"ဘာလဲ ငါ့သား"

"ကျွန်တော့်ကို ရှင်ပြုရင် ဂေါ်ယာကိုလည်း ထည့်ပြီး ရှင်ပြုပေးပါနော်"

"အေးပါ ငါ့သားရယ် ပြုပေးပါမယ်။ မင့်အဖေကိုလည်း ပြောပြီးပါပြီ။ မင်း အဖေကတောင် နှစ်ပါးတော့ မပြုကောင်းဘူးဆိုပြီး နောက်ထပ် ရှင်တစ်ပါး ထပ်ရှာနေပါ သေးတယ်"

ရှင်နှစ်ပါး မပြုကောင်းတာ ပြုကောင်းတာ ရွှေတီးမသိ။ ဂေါ်ယာပါ ပြုပေး မည် ဆိုတော့ သူပျော်သည်။ ဂေါ်ယာက သူနှင့် ကစားဖော် ကစားဖက်။ ဂေါ်ယာမှာ တစ်ကိုယ်လုံး အသားရောင် ဆွတ်ဆွတ်ဖြူနေ၍ မျက်လုံးက ပြာနေသည်။ ကာနယ် ဝင်းဂိတ် တပ်များ လေထီးနှင့်ခုန်ဆင်းကြချိန်က ဂေါ်ယာစစ်သားသေဆုံး၍ ဝင်စားသည် ဟုလည်း ပြောကြသည်။ သူ့အမေနှင့် ဂေါ်ယာစစ်သားတို့ တိတ်တိတ်ပုန်းညား၍ မွေးသွားသည်ဟုလည်း ပြောကြသည်။ ရွှေတီး ဘယ်ဟာမှန်မှန်း မသိရသော်လည်း ဂေါ်ယာမှာ အဖေရော အမေပါ မရှိတော့တာကတော့ လက်တွေ့။

တစ်နေ့တွင် သောင်းကျန်းသူများသည် ရွှေတီးတို့ ကြောင်လည်ရွာကို ဝင်စီး ကြသည်။ တစ်ရွာလုံး မီးဟုန်းဟုန်းတောက်ပြီး ပြာကျသည်အထိ မီးတင်ရှို့ကြ၏။ သူကြီး ဦးရွှေပုနှင့် ရွာခေါင်း ဦးသူတော်တို့ကို လူပုံအလယ်တွင် ကြိုးနှင့်တုပ်ကာ ရက်ရက်စက်စက် ဓားနှင့်ခုတ်၍ အသေသတ်ကြသည်။ သူကြီးကတော် ဒေါ်မှဲ့ဘူးက သူ့ယောကျ်ားအလောင်းကိုဖက်၍ ငိုယိုရင်း သောင်းကျန်းသူများကို ဆဲရေးတိုင်းထွာ နေရာ သောင်းကျန်းသူတစ်ယောက်က လုံစွပ်နှင့် ထိုးပစ်ခဲ့သည်။

ထိုအချိန်တွင် ရွာထဲသို့ ဆွမ်းချိုင့်သွားပို့နေသော ဂေါ်ယာက အဖြစ်အပျက် အလုံးစုံကို မျက်စိနှင့်မြင်ခဲ့ကာ သွေးပျက်ပြီး ရွာနှင့်တစ်ခေါ်လောက်ဝေးသည့် ဘုန်းကြီး ကျောင်းသို့ အမောတကော ပြေးလာသည်။ ရွှေတီးကို အကျိုးအကြောင်းပြောပြ၏။ ရွှေတီးသည် ကျက်သရေခန်းထဲတွင် ဦးပဥ္စင်းများ၊ ကိုရင်များနှင့် ပုန်းအောင်းနေရာမှ ဖွတ် တံခါးဖွင့်၍ ထွက်သွားသည်။ ဂေါ်ယာလည်း ရွှေတီးနှင့်အတူ လိုက်ထွက်သည်။

ကျက်သရေခန်းနေ ဦးပဥ္စင်း ဦးဝိဇယက အတန်တန် တားပါသေးသည်။

"ဟဲ့ကောင်လေးတွေ သေနတ်တွေ ဒါလောက်ပစ်နေတာ သေကုန်လိမ့်မယ် မသွားကြနဲ့"

ဘယ်သူတွေ ဘယ်လောက်တားတား ရွှေတီးကတော့ အဖေ အမေဖော့နှင့်

http://www.cherrythitsar.org



ရှေ့ကစွတ်ပြေး၊ ဂေါ်ယာက နောက်ကပြေးလိုက်။ တစ်နေရာအရောက်တွင် သေနတ်ကိုင်ထားသော သောင်းကျန်းသူတစ်ယောက်နှင့် ထိပ်တိုက် ဘွားခနဲ သွားတိုးသည်။ သည်တစ်ခါတော့ ဆက်မပြေးရဲတော့။ သေနတ်ကြီးနှင့် ချိန်ထားမှကိုး။ သို့နှင့်ပင် ရွှေတီးနှင့်ဂေါ်ယာတို့နှစ်ယောက် သောင်းကျန်းသူများ ရွာမှ ပြန်လည်ထွက်ခွာသွားသောအခါယောင်တောင်တောင်နှင့် ပါသွားခဲ့သည်။ အမှန်က သောင်းကျန်းသူ စောတာတီဖိုးသည်ပဲခူးရိုးမတွင် ကျန်ရစ်ခဲ့သော သူ၏သားကလေးဖိုးခွားနှင့် ချွတ်စွတ်တူနေသော ရွှေတီးတစ်ယောက်ကိုသာ ခေါ်သွားလိုခြင်းဖြစ်၏။ သို့သော် ရွှေတီးက ဂေါ်ယာကိုပါခေါ်မှလိုက်နိုင်မည်ဆိုသဖြင့် နှစ်ယောက်စလုံး ပါသွားကြခြင်းဖြစ်သည်။

သောင်းကျန်းသူများသည် ဂဒူးဂဏန်းနယ်မြေတွင် ဆယ်နှစ်ဆယ်မိုး ကြီးစိုးပြီး သူတို့အယူဝါဒအတိုင်း သောင်းကျန်းချင်တိုင်း သောင်းကျန်းခဲ့ကြရာ ရွှေတီးနှင့်ဂေါ်ယာတို့မှာ ဘုရားဟောဇာတ်တော်ထဲမှ ခိုးသားဓားပြများလက်ထဲ ရောက်သွားကြသော ကျေးသားကလေးများပမာ လူဆိုးလူသွမ်း လူရမ်းကားလေးများအဖြစ်ကြီးပြင်းခဲ့ကြရ၏။ ခုတ်မဟဲ့ ထစ်မဟဲ့ သတ်မဟဲ့ ဖြတ်မဟဲ့....။

ဘုရားရဟန္တာနှင့် အရိယာနွယ်ဝင် သူတော်စင်တို့ကလွဲလျှင် သည်းခံခြင်းတရားဆိုသည်မှာ တစ်စုံတစ်ခုသော အတိုင်းအတာတွင် ဆုံးခန်းတိုင်စမြဲဖြစ်၏။ ဂဒူးဂဏန်းနယ်မြေတွင် သောင်းကျန်းသူများ၏ ရက်စက်ကြမ်းကြုတ် ယုတ်မာမှု ပမာဏကလည်း ကမ်းကုန်ခဲ့ချေပြီ။ ဘုရားဆင်းတုတော်တွေကို ရိုက်ချိုးဖျက်စီးကြသည်။ ရဟန်းငယ်တွေကို လူဝတ်လဲစေကာ သူတို့ လက်နက်ကိုင် တပ်ထဲသို့ ဖွတ်အဝင်ခိုင်းကြသည်။ ဘုန်းကြီးကျောင်း ဆွမ်းကွမ်းပို့သူတို့ကို ဓမ္မန္တရာယ်တဲ့။ အထင်ကရ တည်ဆောက်ထားသော ရွှေကျောင်းတော်ကြီးကိုပင် မီးတင်ရှို့တော့မည် တကဲကဲ။

ဤမှာပင် ဂဒူးဂဏန်းတိုင်းရင်းသားတို့၏ မြစ်ဖျားဒေသ သောင်းကျန်းမှုများဆန့်ကျင်တိုက်ခိုက်သည့် တော်လှန်ရေးကြီးတစ်ရပ် ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။ သေနတ် မရှိလျှင် အကြောင်းမဟုတ်၊ ဒူးလေးရှိသည်၊ ဝါးချွန်ရှိသည်။ တုတ်၊ ဓားရရာလက်နက်ဖြင့် တော်လှန်ကြသည်။ လက်နက်ချင်းမမျှလို့ သေချင်လည်း သေသွားစမ်းပါစေ။ သင်းတို့လို အဓမ္မဝါဒီ ဒိဋ္ဌိတက္ကဒွန်းတွေ လက်အောက်တွင် အသက်ရှင်နေရသည်ထက် သေရတာကမြတ်၏။ ဖွဲကားမလျှော့။ အစိုးရကပါ လက်နက်များ ထုတ်ပေး၍ ပြည်သူ့စစ်များ ဖွဲ့စည်းပေးလိုက်သောအခါ ပိုပြီးအားတက်လာကြသည်။

ထိုအချိန်တွင် သောင်းကျန်းသူများ၏ အသီးအပွင့်နှင့်တူသည့် ရွှေတီးတစ်ယောက်မှာ ဗိုလ်မိုးသီးဘ၀ ရောက်နေပြီ။ ခြောက်လုံးပြူး ခါးချိတ်ထားသည့် ဒုနိုင်ငံရေးမှူး ဖြစ်နေပြီ။ ဂေါ်ယာက စတင်းဂန်းတစ်လက်နှင့် သူ၏အပါးတော်မြဲကိုယ်ရံတော်။ သို့သော် အခြေအနေမကောင်း။ သူတို့တစ်တွေ ဂဒူးဂဏန်းနယ်မြေကိုစွန့်ခွာ၍ မြေကြောရှုံ့ရန် ပြင်ဆင်နေဆဲကာလ။

http://www.cherrythitsar.org



တစ်နေ့တွင် လူငါးယောက်ကို လက်ပြန်ကြိုး ကိုယ်စီတုပ်၍ သူတို့ဌာနချုပ်သို့ ဖမ်းဆီးခေါ်လာကြသည်။ ထူးဆန်းတာက ငါးယောက်စလုံး ခေါင်းတုံးတုံးထားကြ သည်။ လက်စသတ်တော့ သူတို့စစ်အင်အားဖြည့်ရန် ရဟန်းဝတ်ငါးပါးကို လူဝတ်လဲစေပြီး အရပ်ဝတ်စုံနှင့်ခေါ်လာကြတာကိုး။ ဖြစ်ချင်တော့ သူတို့အထဲတွင် ကြောင်လည်ရွာ ဘုန်းကြီးကျောင်းမှ ဦးပဋ္ဌင်း ဦးဝိဇယ ပါလာ၏။ ဦးဝိဇယက အရွယ်ကြီးပြင်းလာသော ရွှေတီးကို မမှတ်မိ။ ရွှေတီးက လူငယ်ဖြစ်၍ ကောင်းကောင်းကြီးမှတ်မိနေသည်။ ရွှေတီးက အခြားသူများအလစ်တွင် အနားကပ်၍ ခပ်တိုးတိုးပြောပြသောအခါ ဦးဝိဇယလည်း အံ့အားသင့်နေ၏။

"မင်းနှယ်ကွာ နေနိုင်လိုက်တာ၊ အမေတစ်ယောက်လုံးကိုတောင် လာတွေ့ဖော် မရဘူး"

"ဘာ.... တပည့်တော်အမေ သေပြီ မဟုတ်လား ကိုယ်တော်ရဲ့"

"ဘယ်က သေရမှာလဲကွ၊ သူတို့က လုံ့စွပ်နဲ့ထိုးပြီး သေပြီအထင်နဲ့ ထားခဲ့ကြတာကိုး။ အင်းတော်ဆေးရုံမှာ သုံးလလောက်တက်ပြီး ဆေးကုလိုက်ရတယ်"

"ဒါဖြင့် အခု အမေဘယ်သူနဲ့ နေသလဲဘုရား"

"သူ တစ်ယောက်တည်းပါပဲကွယ်၊ မျက်စိကလည်း သိပ်ပြီးမကောင်းရှာဘူး။ ဝေသုတ်ချီ ဆရာတော်ဆီမှာ တရားသွားအားထုတ်နေတာက များပါတယ်"

ရွှေတီး အားတက်သွားသည်။ အမေ့ကိုလည်း တွေ့ချင်သည်။ ဦးဝိဇယကိုလည်း ကယ်ချင်သည်။ သို့ဖြစ်၍ ဂဒူးစကားဖြင့် အသံခပ်အုပ်အုပ် ပြောလိုက်သည်။

"အရှင်ဘုရား ဣန္ဒြေမပျက်နေပါ။ တပည့်တော် ကြည့်စီစဉ်ပါ့မယ်"

သုံးလေးရက် အကြာမှာပင် တပ်မတော်သားများနှင့် ဂဒူးဂဏန်း ပြည်သူ့စစ်အဖွဲ့ဝင်များသည် လက်နက်မျိုးစုံဖြင့် ဗိုလ်မိုးသီးတို့ ဌာနချုပ်ကို ဝိုင်းဝန်းတိုက်ခိုက်ကြသည်။ ည ၁၂ နာရီကျော်ကျော် သန်းခေါင်ယံအချိန်ကောင်းဖြစ်၏။ အခွင့်ကောင်းကိုချောင်းနေသော ရွှေတီးသည် သေနတ်သံများ၊ မီးတောက်မီးလျှံများကြားမှ အချုပ်ခန်းကို အသက်စွန့်၍ ဖွင့်လိုက်သည်။ ပြီးတော့ ဂေါ်ယာနှင့်အတူ ဦးဝိဇယကိုခေါ်ကာ သောင်းကျန်းသူများ ပြေးရာနောက်သို့ မလိုက်ဘဲ လမ်းခွဲ၍ ထွက်ခဲ့ကြသည်။ သူက ဒီနယ်ကို ကျွမ်းပြီးသား မဟုတ်လား။

ဒေါ်မှဲ့ဘူးသည် ရွှေတီးကိုဖက်၍ ငိုမဆုံးနိုင်အောင် ရှိနေသည်။ တစ်ဦးတည်းသောသား သေပြီဟု စိတ်နှလုံး ဒုံးဒုံးချထားခဲ့ရာမှ သေရွာပြန် သား။ အခု သားဖြစ်သူကို အသက်ရှင်လျက် တွေ့ရပြန်တော့ သားက သောင်းကျန်းသူ လူမိုက်ကြီး။ အမေ့ရင်ထဲ လှိုက်လှိုက်တက်လာပြီး ဘယ်လိုလုပ်မှ ဖြေမဆည်နိုင်တော့ပြီ။

"ဖြစ်မှဖြစ်ရလေ ငါ့သားရယ်။ အမေ့မှာတော့ လင်သေ သားဆုံး မပဋ္ဌာလိုယူကျုံးမရဖြစ်ခဲ့ရတာ နှစ်တွေမနည်းတော့ပါလား။ ကြည့်စမ်းပါဦး အမေ့သားကြီး

http://www.cherrythitsar.org



ထွားလာလိုက်တာ နည်းတဲ့လူကောင်ကြီး မဟုတ်ဘူး”

ဒေါ်မှဲ့ဘူးသည် မျက်စိမှုန်တဝါးဖြင့် သားကို တစ်ကိုယ်လုံး ဟိုစမ်းဒီစမ်း စမ်းနေရင်းက အငမ်းမရ တရစပ် နမ်းရှုတ်လျက်ရှိ၏။ အလွန် စိတ်ခိုင်ပါသည်ဆိုသော သောင်းကျန်းသူ ဗိုလ်မိုးသီးပင် ရင်ထဲဆို့တက်လာကာ မျက်ရည်များ ဖြိုင်ဖြိုင်ကျခဲ့ရ၏။

“ဒီတစ်ခါတော့ အမေ့ကိုပစ်ပြီး ဘယ်မှ မသွားပါနဲ့တော့ ငါ့သားရယ်။ အမေနဲ့ပဲ အတူတူနေပါတော့နော်”

ရွှေတီးက ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းရင်း....

“မဖြစ်သေးဘူး အမေ....၊ မဖြစ်သေးဘူး။ ကျွန်တော့်မှာ အစိုးရ ရာဇဝတ်မှုနဲ့ မကင်းတဲ့ ပြစ်မှုတွေ အများကြီးရှိနေတယ်”

“သူများတကာတွေ ဒီလိုပဲ အလင်းဝင် လက်နက်ချပြီး နေကြတာကို ပြောသံကြားဖူးပါတယ် ငါ့သားရယ်”

“မတူဘူး အမေ၊ သူများတကာတွေနဲ့ ကျွန်တော့်အဖြစ်က မတူသေးဘူး”

မှန်ပါသည်။ ကိုယ့်ဝမ်းနာ ကိုယ်သာသိသူက ရွှေတီးပါ။ သောင်းကျန်းသူဘဝနှင့် အထက်က ခိုင်းစေသမျှ တာဝန်များကို ထမ်းဆောင်ရင်း လက်လွန်ခြေလွန်ဖြစ်ကာ နောင်တစ်ချိန်တွင် အရိုးတွန်လာမည့်လူသတ်မှုတွေကိုလည်း ကျူးလွန်ခဲ့ဖူးသည်မဟုတ်ပါလား။ ဘယ်လိုလုပ် လိပ်ပြာလုံနိုင်ပါမည်နည်း။ ရွှေတီးက ပြန်ခါနီး မိခင်ကြီးကို ဦးသုံးကြိမ်ချ၍ ကန်တော့ပြီး ငွေငါးရာ ပေးနေသည်ကို ဒေါ်မှဲ့ဘူးက ခါးခါးသီးသီး ငြင်းခဲ့သည်။

“မယူဘူး....မယူဘူး၊ မင်းဆီက တစ်ပြားမှ အမေမလိုချင်ဘူး။ အဲဒီငွေတွေဟာလည်း ဘယ်လိုမှ သန့်ရှင်းစင်ကြယ်မှာ မဟုတ်ဘူး”

ဘယ်လိုပဲပြောပြော ရွှေတီးက ငွေများကို ဖွတ်ထားခဲ့၍ အမှောင်အတွင်းသို့ ပြန်လည်ဝင်ရောက် ပျောက်ကွယ်သွားခဲ့သည်။ ဒေါ်မှဲ့ဘူးသည် ငွေများကိုယူကာ ဝေသုတ်ချီ ဆရာတော်ဘုရားကြီးထံသွား၍ အကျိုးအကြောင်းလျှောက်ထားခဲ့သည်။ ဝေသုတ်ချီ ဆရာတော်ဘုရားကြီးမှာ လူသူလေးပါးနှင့် ကင်းဝေးရာဒေသတွင် တောရဆောက်တည်ကာ တရားဘာဝနာပွားများအားထုတ်နေသည့် တန်ခိုးကြီးဆရာတော်ကြီး တစ်ပါးဖြစ်၏။

“အင်း.... သူကတော့ မိဘဆိုတဲ့အသိနဲ့ သူတတ်အားသရွေ့ ကန်တော့ပေတာကိုး၊ ဓမ္မိယလဒ္ဓတော့ မဟုတ်ပေဘူးပေါ့။ ဒါယိကာမကြီး စိတ်ထဲမသိုးမသန့် ဖြစ်ရင်လည်း သူ့အတွက်ရည်စူးပြီး ကုသိုလ်ကောင်းမှု လုပ်ပေးလိုက်ပေါ့”

ဆရာတော်ကြီးအမိန့်ရှိသည့်အတိုင်း ဒေါ်မှဲ့ဘူးသည် သူ့သားပေးသွား သောငွေများကို ရွာတွင် ဘုရားတည်နေသော ရံပုံငွေထဲသို့ အကုန်လှူဒါန်းခဲ့သည်။ မိခင်ကြီးက ငွေကိုလက်မခံမှန်း သိသောအခါ ရွှေတီးသည် စားသောက်စရာများကို

http://www.cherrythitsar.org



ယူ၍လာပြန်သည်။ ဒါကိုလည်း ဒေါ်မှဲ့ဘူးက ငြင်းဆန်၍ သားဖြစ်သူကို လက်နက်ချ အလင်းဝင်ရန် အမျိုးမျိုးဖျောင်းဖျနားချသော်လည်း ဘယ်လိုမှမရခဲ့။ ဗန်းမောက်နယ် တစ်ဝိုက်တွင် ဓားပြဗိုလ်ဘဝနှင့် ကျင်လည်ကျက်စားကာ သူ၏ဘဝ ဖွပ်သည်ထက် ညစ်ခဲ့ရ၏။ ဗိုလ်မိုးသီး ခေါ် ရွှေတီးက သူ၏ ဇာတ်လမ်းကို သူကိုယ်တိုင်ပင် နိဂုံးကမ္ပတ် အဆုံးသတ်ကာ နတ်သံနှော၍ ပြောသွားရှာ၏။

"အမှန်က ကျွန်တော်ဟာ ပဋ္ဌာနန္တရိယကံ ထိုက်တာပါ ဆရာကြီးရယ်။ ကျွန်တော့် သူငယ်ချင်း ဂေါ်ယာကတော့အပြောသား။ ရဲတွေက အမေ့ဆီကို ဝင်ထွက်နေတာ သတင်းရနေပြီတဲ့။ အတင့်မရဲနဲ့တဲ့။ ကျွန်တော်ကလည်း အမေ့ကိုမတွေ့ဘဲ မနေနိုင်ဘူးလေ။ အဲဒီညက သန်းခေါင်ကျော်လောက် အမေ့ဆီကို ကျွန်တော်သွားတော့ အမေက အိမ်မှာမရှိဘူး။ ဝေသုတ်ချီဆရာတော်ဆီ သွားနေတယ်လေ။ ရဲတွေက အပြင်က ဝိုင်းထားပြီး ကျွန်တော်နဲ့ ဂေါ်ယာတို့ကို လက်နက်ချပြီး ထွက်ခဲ့ကြဖို့ အော်ပြောပါသေးတယ်။ ကျွန်တော်တို့က လက်နက်မချဘဲ ခံပစ်တော့ ရဲတစ်ယောက်ကျသွားတယ်။ ဂေါ်ယာလည်း စတင်းဂန်းကိုင်ပြီး ပွဲချင်းပြီးသေကျန်ရစ်ခဲ့တယ်။ ကျွန်တော်ကတော့ လွတ်လာခဲ့တယ်"

ရဲတို့လက်မှ အသက်မသေဘဲ လွတ်လာခဲ့သော ဗိုလ်မိုးသီးသည် ဝေသုတ်ချီ ဆရာတော်ဘုရားကြီး၏ တောရကျောင်းဆီသို့ ညကြီးမင်းကြီးမှာပင် ဒေါသတကြီး သုတ်ခြေတင်လျက်ရှိ၏။

"ဒါ ဘာမှမဟုတ်ဘူး၊ အမေ့လက်ချက်ပဲ ဖြစ်ရမယ်။ အမေဟာ ငါ့ကို သားလေးတစ်ယောက်တည်းဆိုပြီး ချစ်တယ်ချစ်တယ်နဲ့ ဘာချစ်တာလဲ။ အခုလို သေတွင်းထဲ ပို့တာ ချစ်တာလား"

သူသည် မိခင်ကြီး ဒေါ်မှဲ့ဘူးအပေါ်တွင် အချစ်မဝင်နိုင်တော့ဘဲ အပြစ်မြင်လျက် ရှိ၏။ သည့်ထက် မှန်ရာကိုဆိုရလျှင် ဒေါသမီးပွားကလေးပင် မသိမသာ လောင်ကျွမ်းစပြုနေပေပြီ။ ဒါက သူတို့အတွက် အဆန်းမဟုတ်တော့ပါ။ သူတို့ ဆရာ့ဆရာ ဗဂေးသောင်းကျန်းသူ အရင့်အမာကြီးများက အဖေအရင်းခေါက်ခေါက်ကိုပင် မိမိကိုယ်တိုင်သတ်၍ ခေတ်သစ်အဇာတသတ်ဇာတ် ခင်းခဲ့ပြီးပြီ မဟုတ်ပါလား။

"ကျွန်တော်တော့ တံငါသည်တွေ ကိုယ့်မျက်စိအောက်မှာ ဘုရားကြီး ရှိနေပါလျက် ကြောင်တောင်ကန်းလို ဘုရားကို မမြင်ရဘူးဆိုတာ လက်တွေ့ကျတော့ ယုံပါပြီ ဆရာကြီးရယ်။ ဘယ့်နှယ် ဒီ တောရကျောင်းဆိုတာ ကျွန်တော်တို့ငယ်ငယ်တုန်းက အခေါက်ခေါက်အခါခါ သွားနေကျ နေရာတွေပဲ။ မျက်စိမှိတ်သွားတောင် ရောက်နိုင်တဲ့ နေရာတွေပါ။ အခုတော့ အဲ့ဒီညက ကျွန်တော် မျက်စိလည်ပြီး တောရကျောင်းကို ရှာလို့ကို မတွေ့ဘူး။ တောထဲမှာ ချာချာကိုလည်နေတာပဲ။ အဲ.... နောက်ဆုံး ဖြစ်ချင်တော့ ဒါဖြင့် တောရကျောင်းပဲဆိုပြီး အထဲကိုဝင်သွားလိုက်တာ ကြောင်လည် ရဲကင်း

http://www.cherrythitsar.org



စခန်း ဖြစ်နေပါရောလား...."

ကြိုးသမား ဗိုလ်မိုးသီးခေါ် ရွှေတီး၏ အယူခံ ရေးပြီးသွားသည်နှင့် ထောင်မှူး ဦးသောင်းမြင့်က

"ဆရာကြီးတော့ ပင်ပန်းသွားမှာပဲ။ ကျွန်တော့်အဖို့တော့ ပညာ အများကြီး ရလိုက်ပါတယ်။ ဗန်းမော်တရားရုံးကလည်း ကြိုးသမားကို မန္တလေးထောင် တန်းပို့လိုက်ရင် အဖြစ်သားနဲ့...."

"ဒါတော့ သူတို့ကိုလည်း အပြစ်မဆိုသာဘူးဗျ။ ကသာထောင်မှာ အင်္ဂလိပ်ခေတ်က ကြိုးစင်ရှိခဲ့ဖူးတာကိုး"

"ဟင်.... ဟုတ်လား ဆရာကြီး၊ ကသာထောင်မှာ ကြိုးစင်ရှိခဲ့ဖူးတယ်လား"

"အေးလေဗျာ....၊ အချုပ်ထောင်ဟိုဘက်နားက ကမူမြင့်မြင့်ကလေးဟာ ကြိုးစင်နေရာဟောင်းပေါ့။ စစ်ကြိုခေတ်က ဘုန်းကြီးတစ်ပါးကို ကြိုးပေးမယ့် မနက်ခင်းမှာပဲ မိုးကြိုးပစ်လို့ ကြိုးစင်မီးလောင်ပြီး ပျက်စီးသွားခဲ့တာလေ။ နောက်ထပ်လည်း ပြန်မဆောက်ဖြစ်ကြတော့ဘူး...."

■

# ၆၀

'ထောင့်တစ်သက်အတွေ့အကြုံမှာ ရေးထားတဲ့ မြို့တွေ၊ ထောင်တွေ တော်တော် စုံသွားပြီ။ အဲဒီ အထဲက ဘယ်မြို့ဘယ်ထောင်မှာ နေရတာအပျော်ဆုံးလဲ'ဟု တစ်စုံ တစ်ယောက်က မေးလာခဲ့သည်ရှိသော်....

ဟုတ်ကဲ့၊ ဖြေဖို့အသင့်ပါ။ အဖြေမှ တစ်ခုတည်း မဟုတ်ဘဲ နှစ်ခုတောင်။

ပထမ အဖြေက အလုပ်ဝင်စ လူငယ်အတွေး လူငယ်အမြင်။

"မောင်မောင်တို့က ကြက်များလို ချေးကျတဲ့နေရာ ပျော်နေတဲ့ကောင်ပဲ။ ရောက်တဲ့နေရာ ပျော်တာပဲ။ မပျော်လည်း ပျော်အောင် ကြံဖန်နေပစ်လိုက်တာပဲ"

ဒုတိယအဖြေကျတော့ တစ်မျိုး။ အသက်အရွယ်ကလေးက ထောက်လာ၊ အတွေ့အကြုံလည်း ရလာပြီဆိုတော့....။

"ပဋိရူပဒေသဝါသောစ လို့ မင်္ဂလာတရားတော်မှာ ပါပြီးသားပဲလေ။ သင့်တင့်လျှောက်ပတ်တဲ့ နေရာမှာ နေရတာပေါ့။ ပျော်ရာမှာမနေရ တော်ရာမှာနေရ ဆိုတဲ့ စကားလည်း အရှိသားပဲ။ ခိုင်းတဲ့ကျွန် ထွန်တဲ့နွားဆိုတာလို ထားရာနေ၊ စေရာ သွားရတဲ့ မင်းခစား ဘဝမဟုတ်လား။ ရောက်လေရာအရပ်မှာ တွေ့တဲ့လူနဲ့ သင့်အောင် ပေါင်းပြီး ပျော်အောင်နေရတာပေါ့ဗျာ"

ဘာပဲပြောပြောပါ။ ထောင်မှူးမောင်မောင်သည် ခြေထောက်တွင် ဗွေပေါက် မပေါက်တော့ မသိ။ ဘယ်ဘက် ခြေဖဝါးတွင် မှဲ့တစ်လုံးပါတာတော့ သေချာသည်။ အဲဒီမှဲ့တန်ခိုးကြောင့်လား မပြောတတ်။ ထောင်တစ်ထောင် မြို့တစ်မြို့တွင် အကြာကြီး

http://www.cherrythitsar.org



မနေချင်တာတော့ အမှန်။ တစ်နေရာရာတွင် နည်းနည်း အနေကြာလာလျှင် ပျင်းရိစပြု ပြီ။ အကြံအဖန်လုပ်လာပြီ။ သို့တိုင်အောင် အမှုထမ်းသက် အနှစ်လေးဆယ်ခန့်အတွင်း ကြာလို့ကြာမှန်း မသိလိုက်တဲ့ မြို့နှစ်မြို့တော့ မှတ်မှတ်ရရ ရှိခဲ့ဖူးသည်။ ကသာမြို့နှင့် သာယာဝတီ။ကသာမှာ ငါးနှစ်နီးပါးကြာ၍ သာယာဝတီမှာ ငါးနှစ်နှင့်ငါးလတိတိ ကြာခဲ့သည်။ ကသာခေါ် ကမ်းသာမြို့က စရအောင်။

ပျင်းပျော်ပျက်ပြေးဆိုတဲ့ 'ပ'လေးလုံးစကားက မြို့တိုင်းမြို့တိုင်းရဲ့ လက်သုံး စကားပါ။ ကသာကိုလည်း ထိုနည်းလည်းကောင်း ပြောကြတာပါပဲ။ ဒါပေမယ့် ထိုစဉ်က 'ဂ'အဆင့် တောထောင်ငယ်ကလေးမှာ ထောင်ပိုင်လုပ်နေတဲ့ တာဝန်ခံ ထောင်မှူးကြီးမောင်မောင်တို့တော့ ပျင်းတယ်ဆိုတာ ဘယ်နားမှန်းမသိ။ ရောက်စလည်း ပျော်၊ အလယ်လည်းပျော်၊ ငါးနှစ်ကြာလို့ ပြောင်းရတဲ့အထိလည်း ပျော်၊ ပျက်ပြီး မပြေးရတာဘဲ ကံကောင်း။ မပျော်ဘဲခံနိုင်ရိုးလား။ ကသာမြို့က ခရိုင်ဆိုပေမယ့် မြို့ ကွက် မြို့ကွင်းက ခပ်ကျဉ်းကျဉ်း။ ပေါင်းသင်းစရာဆိုလို့ ခရိုင်အဆင့်၊ မြို့နယ်အဆင့် အရာရှိတွေနှင့် မြို့ခံစာပေနှင့် ကုန်သည်အသိုင်းအဝိုင်းသာ ရှိလေတော့ သိုက်သိုက် ဝန်းဝန်း စည်းစည်းလုံးလုံး ရှိကြသည်။ အစားအသောက်အနေနှင့်လည်း ကြက်သား၊ ငါး၊ ပုစွန်၊ ဟင်းသီးဟင်းရွက်မှအစ ဝယ်လို့ခြမ်းလို့ကောင်းတဲ့ အချိန်အခါ။

လည်ပတ်စရာကလည်း နားရသည့်စနေ၊ တနင်္ဂနွေရယ်လို့ သိပ်မရှိ။ ဒီတစ် ပတ် ရှစ်မိုင်သစ်တောစိုက်ခင်းသွားလျှင် နောက်တစ်ပတ်ကျ မာန်လည်ဆရာတော်ဘုရား ကြီးကျောင်းသို့သွား၍ လေ့လာ။ ရှေ့အပတ် ပလရွေ့ခေါ် ပုလုရွေ့ဘက်ကိုကူး၊ သစ် ထုတ်လုပ်ရေးမှ မော်တော်တွေနှင့် အင်းရွာတို့၊ ထီးချိုင့်တို့ လိုက်လိုကလိုက်။ ရွှေလီမြစ်ရိုး တစ်လျှောက် အင်းကြီးလေဘိုသွားဦးမလား။ ခြေထောက်မဲ့ပေါက်သူအတွက် သွား စရာ လမ်းတွေ များပါဘိ။

သောကြာနေ့ တစ်နေ့တွင် ဒီ–အက်ဖ်–အို ခေါ် ခရိုင်သစ်တောဝန် ဦးသိန်း လွင်က တယ်လီဖုန်းဆက်သည်။

"ဦးမောင်မောင် ကမ်းမင်း ဆန်းဒေး အားသလား"

"အားပါတယ်၊ ဘယ်သွားမလို့လဲ"

"ချောင်းဝကို သွားမလို့"

"နေ့ချင်းပြန်ပဲမို့လား"

"နေ့ချင်းပြန်ပါ၊ ဖင်မလီပါ ခေါ်ခဲ့ဗျာ၊ ပျော်ပျော်ပါးပါးပေါ့။ ကျွန်တော်တို့ သစ်တောက မော်တော်နဲ့ဆိုရင် ကျဉ်းမှာစိုးလို့ မော်တော်ကြီးတစ်စီး စီစဉ်ထားတယ်"

"အဲဒီမှာ ကြိမ်များ ဝယ်လို့ရမလား"

"ဟာ.... ရနိုင်တာပေါ့၊ အထက်တက်သွားရင် ကြိမ်တောပဲ"

ရွှေ့.... နိပ်ဟ။ ထောင်ပိုင်လုပ်ရတာလည်း အကွက်မြင်တတ်မှ။ နောက်ပိုင်း

http://www.cherrythitsar.org



တစ်ခုခုဖြစ်ရင် ထောင်ပိုင်ဘယ်သွားနေသလဲ၊ ကြိမ်ဝယ်သွားနေလို့ပါ။ မိုးကြိုးပစ်ရင် ကာဖို့ ထန်းလက်ကလေးလေ။ ကသာထောင်ထဲမှာ လက်မှုပညာလုပ်ငန်းအဖြစ် ကြိမ်အဝတ်ထည့်ခြင်း၊ ကြိမ်လင်ပန်း၊ ကြိမ်ထိုင်ခုံတို့ ရှိလေတော့ ယင်းလုပ်ငန်းများအတွက် ကြိမ်ဝယ်ထွက်တယ်ပေါ့။

သို့နှင့်ပင် တနင်္ဂနွေနေ့ နံနက် ၆ နာရီခန့်တွင် ရွှေဟသာ် မော်တော်ကြီးဖြင့် မိသားစုများပါ တပျော်တပါး ခရီးထွက်ဖြစ်ခဲ့ကြသည်။ ဧရာဝတီမြစ်၏ အနောက်ဘက် မြစ်ကမ်းတွင် တည်ရှိသော ကသာဆိပ်ကမ်းမှာ ရေကြောင်းခရီး အဝင်အထွက် အလွန်သာယာလှပသည့် မြို့ကလေးဖြစ်၏။ ကွေ့ကောက်ဝန်းဝိုက်နေသည့် ကမ်းနားလမ်း တစ်လျှောက် တည်ဆောက်ထားသည့် တိုက်တာအိမ်ခြေများ၏ ပသာဒအလှကို တောင်ဖျားနှင့် မြောက်ဖျားရှိ စေတီနှစ်ဆူတို့က ပန်ရစ္စာ တည်ငြိမ်သပ္ပာယ်ဖွယ်ရာ ရှုမငြီးနိုင်အောင် ရှိကြသည်။ မြစ်မင်းဧရာ၏ အရှေ့ဘက်ကမ်းမှ ဖြာထွက်လာသော နေရောင်ခြည်အောက်တွင် တငေးတမော ရင်သပ်အံ့သြဖွယ်ရာ မြင်တွေ့ရသလို၊ ညနေမှောင်ရီပျိုးစ လျှပ်စစ်မီးရောင် တထိန်ထိန်ထွန်းညှိထားချိန်မှာလည်း နှလုံးစိတ်ဝမ်း အေးချမ်းကြည်နူးစရာ အတိသာတည်း။ တစ်စတစ်စနှင့် နေမြင့်လာသည်နှင့်အမျှ တရွေ့ရွေ့ဆန်တက်လာသော မော်တော်ကြီးသည် ကျောက်တုံးကြီးကိုလွန်၍ မိုးထား (ခေါ်တော့ မိုးစား)ကို လှမ်းမြင်နေရပြီ ဖြစ်၏။ မိုးထားကိုမြင်တော့ ကျော်ရ ခေါ် ဦးကောဝိဒကို အလိုလိုသတိရလာသည်။ လူ၏ စိတ်အလျဉ်ဆိုသည်မှာ မျဉ်းဖြောင့်ကြီး တစ်ကြောင်း ဟုတ်ဟန်မတူ။ ကွင်းဆက်ကလေးတွေ တစ်ခုနှင့်တစ်ခု ချိတ်တွယ်ထားသည့် ချိန်းကြိုးသဖွယ် ဖြစ်ဟန်တူ၏။ အကြောင်းအရာတစ်ခုကို စဉ်းစား၍ ခေါင်းထဲ ပေါ်လို့မှမဆုံးမီ နောက်ဆက်တွဲ တွေးစရာအမျှင်တန်းကလေးက လက်ခနဲ ပေါ်လာ၏။

ယခုပင်ကြည့်ပါ။ မိုးထားကိုမြင်တော့ ကျော်ရ ခေါ် ဦးကောဝိဒကို သတိရလာသည်။ တစ်ဆက်တည်းပင် တစ်နေ့က ကြိုးသမား ရွှေတီး ခေါ် ဗိုလ်မိုးသီးအတွက် ထောင်မှူးဦးသောင်းမြင့်နှင့် အယူခံရေးပေးခဲ့ရသည်များ ခေါင်းထဲဝင်လာပြန်၏။ ပေါက်ပင် ကိုင်းတာ အစပြုပြီး ဗျိုင်းနားတာ၊ ငါးပေါ်တာ၊ ကျွဲလူးတာ၊ ဖြုတ်ကိုက်တာ၊ မိုးရွာတာ၊ ဖားအော်တာ၊ မြွေကိုက်တာတို့ ဆက်စပ်သွားလေသလား မပြောတတ်။

"ဘာတွေများ ဒါလောက်တွေးနေငေးနေရတာလဲ စာရေးဆရာကြီးရဲ့။ နောက်ပိုင်းမှာ စကေရေဘယ်လ် ဝိုင်းတို့၊ ချိုင်းနီးစ် ချက်ကာတို့ ကစားနေကြတယ်လေ။ မပါဖူးလား။ ဘာလဲ ဆယ့်သုံးချပ် မဟုတ်လို့လား"

မော်တော်ဦးပိုင်းရှိ ခုံတန်းရှည်ကလေးပေါ်တွင် ထိုင်နေရာသို့ အတွေးစလာပြီး ဖြတ်သူက သစ်တောဝန်ထောက် ဦးမြအောင်ဖြစ်၏။

"ဆယ့်သုံးချပ်က စောပါသေးတယ်ဗျာ။ အပုပ်ချိန်ကျတော့ အလိုလို ဖြစ်လာမှာပဲ မဟုတ်လား။ အခုဟာက မိုးထားကိုကြည့်ပြီး တစ်နေ့က ကြိုးသမားအကြောင်း

http://www.cherrythitsar.org



စဉ်းစားနေတာပါ"

"အေး.... ဟုတ်တယ်ဗျ၊ ကျွန်တော်တို့ ဇန်းမောက်ဘက် ခရီးထွက်တဲ့အခါ အမြဲတမ်း ဒုက္ခပေးပေးနေတဲ့ ဓားပြဗိုလ် ဗိုလ်မိုးသီးကို ကြိုးပေးလိုက်ပြီလို့ ကြားတယ်။ အဲဒါ ကသာထောင် ပို့လိုက်တယ်ဆို....၊ ကသာထောင်မှာ ကြိုးစင်ရှိလို့လား"

"ပရိဝါးတုန်းက ရှိခဲ့ဖူးတယ်လေ။ ဘုန်းကြီးတစ်ပါးကို ကြိုးပေးမယ့်မနက်မှာ မိုးကြိုးပစ်လို့ ကြိုးစင်မီးလောင်သွားခဲ့တာလို့ ကျွန်တော့်ကိုလည်း ရှေးခေတ်မီတဲ့ ထောင်မှူးတစ်ယောက်က ပြောပြလို့သိခဲ့ရတာ"

"လုပ်စမ်းပါဦး၊ အပျင်းလည်းပြေ၊ ဗဟုသုတလည်း ရပေါ့"

အချိန်အခါအားဖြင့် စစ်ကြိုခေတ်သမယ၊ ခုနှစ်သက္ကရာဇ်တော့ အတိအကျမပြောပြနိုင်။ ပုံတောင်ပုံညာ၊ ပတ္တမြား၊ ပြဒါးရှင်စသည့် ပီတိုက်ပ်(P. type) သင်္ဘောများသည် မန္တလေးဇန်းမော်အစုန်အဆန် ပြေးဆွဲလျက်ရှိသည်။ မန္တလေး ရန်ကုန် အညာဆန်သင်္ဘောပေါ်ကြီးတွေက သူ့ထက်ပိုကြီးသောအမ်တိုက်ပ်ပုံစံ မင်းကြီး၊ မင်းလေး၊ မင်းသား၊ မင်းနန် စသည့်သင်္ဘောများဖြစ်၏။ မန္တလေးမှ ဇန်းမော်သို့ ဆန်တက်မည်ဆိုလျှင် လေးညအိပ် ငါးရက်ကြာ၍ အစုန်ကျတော့ နှစ်ညအိပ်သုံးရက်နှင့် မန္တလေးရောက်သည်။

ဇန်းမော်အဆန်ခရီးတွင် မန္တလေးမှစထွက်သည့်ည တကောင်း၊ ကြာညပ်မှာ အိပ်ရသည်။ နောက်တစ်ည ထီးချိုင့်မှာအိပ်ပြီး တတိယည ကသာမှာ တစ်ညတာ ရပ်နား၏။ နောက်တစ်နေ့နံနက်စောစော ဆက်ထွက်ခဲ့ပြီး ၉ နာရီသာသာခန့်တွင် မိုးထားဆိပ်ကမ်းသို့ ရောက်မြဲဖြစ်သည်။ သင်္ဘောစီး ခရီးသည်တိုင်းလိုပင် မိုးထားမှာ နံနက်စာ ထမင်းစားလေ့ရှိကြသည်။ ညနေ သုံးနာရီ၊ လေးနာရီခန့်မှ ရွှေကူ ဆိုက်မည်ဖြစ်၍ ကြားထဲတွင် ဆိပ်ကမ်းကြီးကြီးမားမား မရှိတော့။

မိုးထားဆိပ်ကမ်းကလည်း အတည်တကျရယ်လို့ မရှိပေ။ ရေတက်ရေကျကို လိုက်၍ အပြောင်းအရွှေ့လုပ်နေကြရသည်။ မိုးတွင်းရေတက်ချိန်တွင် ကမ်းနားရှိ အတည်တကျဆောက်ထားသောဆိုင်များတွင် ရောင်းချကြရပြီး နွေဘက်ရေကျသွားသောအခါ သောင်ကြီးထွန်းလာသဖြင့် ထမင်းဆိုင်များ သင်္ဘောဆိုက်သည့်နေရာနှင့် နီးအောင် သောင်စပ်တွင် ယာယီတဲကလေးများ ထိုး၍ ရောင်းကြရသည်။

"ဆို.... ကိုလှဦး၊ ဘာဟင်းနဲ့ထည့်ရမလဲ"

"သိရဲ့သားနဲ့ဗျာ.... မအေးမိကလည်း စားနေကျ ငါးမြင်းဟင်းပဲပေါ့"

"သိနိုင်ဘူးလေ.... တစ်ခါတလေ အပြောင်းအလဲကလေးများ ကြိုက်တတ်သလားလို့"

"ကျွန်တော်တို့က လှေကြီးထိုးရိုးရိုး တစ်သမတ်တည်းပါ မအေးမိရယ်"

"အံမယ်လေး....တော်စမ်းပါ၊ အဲဒီလှေကြီးထိုးရိုးရိုးသမားတွေ တစ်ခါတလေ ချော်တောငေါ့သွားတာတွေ အများကြီး"

http://www.cherrythitsar.org



"နေစမ်းပါဦး မအေးမိရဲ့၊ မအေးမိ ပြောတဲ့စကားက အနှောင့်မလွတ် အသွားမလွတ်ပါလား။ ကျွန်တော်က ဘာတွေများ ချော်တောင်ငေါ်နေလို့လဲ"

"တော်စမ်းပါရှင်၊ အိပ်ချင်ယောင်ဆောင်နေတဲ့သူဆိုတော့ အနှိုးရခက်သားပဲ။ ကိုလှဦး အရင်တစ်ခေါက် ဗန်းမော်ဘက်သွားတုန်းက ဘယ်ဆိုင်မှာ သွားစားသလဲ"

"ဩော်..... ဒါလား၊ ဒါဆိုရင်တော့ မအေးမိ အထင်လွဲနေပြီ။ အဲဒီအခေါက်တုန်းက ကိုချစ်ထွန်းနဲ့ အတူတူလာကြတာ မဟုတ်လား။ ကိုချစ်ထွန်းပါလာမှတော့ သူ့နှမ မအမာဆိုင်မှာပဲ စားရတာပေါ့"

ကိုလှဦးမှာ မန္တလေးဗန်းမော်သင်္ဘောနှင့် အစုန်အဆန်လိုက်ကာ ကုန်ကူးနေသည့် ကုန်သည်တစ်ဦးဖြစ်သည်။ ထိုစဉ်က ဗန်းမော် တဘက်မှာ နာမည်ကြီးဖြစ်သည်။ 'အယ်လ်ဂျင်းတဘက်'ဟုလည်း ခေါ်၏။ သို့သော် ဗန်းမော်တွင် တဘက်စက်ရုံရှိသည်မဟုတ်။ တရုတ်ပြည်မှလာသည့်ပစ္စည်းဖြစ်သည်။ အလားတူပင် ပိုးစများ၊ ပဝါများ၊ သစ်ကြားသီး၊ တည်သီး စသည်များလည်း တရုတ်ပြည်မှဝင်သည်။ ဘာအကောက်ခွန်မျှမရှိ။

တကယ်တော့ ဒါတွေက အပေါ်ယံ ဗန်းပြ အလုပ်သက်သက်ပေါ့။ လှဦးအတွင်းကျိတ် တိတ်တိတ်ပုန်းလုပ်နေတာက ဘိန်းကုန်ကူးခြင်း။ ထိုစဉ်က ကချင်ပြည်နယ်တို့၊ ရှမ်းပြည်နယ်တို့တွင် ဘိန်းစိုက်ပျိုးခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းတို့ကို တရားဝင်သဘောမျိုး ခွင့်ပြုထားခဲ့သည်။ ဒီလောက် အလေးအနက်မထား။ မြန်မာဘိန်းစား များများဖြစ်လေ၊ နယ်ချဲ့က သဘောကျလေလေ။

ဒါတွေကို ရိုးသားသော မအေးမိခမျာ ဘာမျှမသိရှာ။ သူမစိတ်ထဲ ကိုလှဦးကို ရိုးရိုးသားသားလုပ်ကိုင်စားနေသည့် ကုန်သည်တစ်ဦးအဖြစ်သာ ယုံစားထင်မှတ်နေမိခဲ့သည်။ ကိုလှဦးကလည်း မြို့ကြီးသား ရုပ်ချော အပြောကောင်း၊ ဘန်ကောက်လုံချည်တရွှမ်းရွှမ်း၊ အယ်လ်ပတ်ကားတိုက်ပုံနှင့် ဘိုကေကြော့နေအောင် ဖြီးလို့၊ စီးထားသည့် ပမ့်မ်ရှူးကလည်း ဆေးနက်ရောင်တဖိတ်ဖိတ်။

တစ်နေ့တွင် ကိုလှဦးက မအေးမိကို အကြင်နာစကားဆိုလာသည်။

"အအေးမိတို့သားအမိ အခုလို နေပူမရှောင် မိုးရွာမရှောင် လုပ်ကိုင်စားနေရတာ စိတ်မကောင်းပါဘူးဗျာ"

"ဒီလိုပဲပေါ့ ကိုလှဦးရယ်၊ လူရယ်လို့ ဖြစ်လာမှတော့ တစ်ဝမ်းတစ်ခါး စားဖို့သောက်ဖို့ ရှာရဖွေရမှာပဲပေါ့။ အမေက မုဆိုးမ ဆိုပေမယ့် မာနရှိတယ်။ ဘယ်သူ့ကိုမှ အောက်ကျခံချင်တာ မဟုတ်ဘူး"

"ဒါတော့ မှန်ပါတယ်။ ကျွန်တော့်စေတနာက မအေးမိတို့ သားအမိ သက်တောင့်သက်သာနဲ့ အေးအေးလူလူနေတာမြင်ချင်လို့ပါ။ ဒီမယ် မအေးမိ....၊ ငွေ တစ်ရာရင်းရင် ငါးဆယ်လောက် ကျိန်းသေမြတ်မယ့်အလုပ်မျိုး မလုပ်ချင်ဖူးလား"

http://www.cherrythitsar.org



"ဩော်.... ဒါတော့ လောဘသားတွေပဲရှင်။ ဘယ်သူမလိုချင်ဘဲ ရှိပါ့မလဲ။ ဒါပေမယ့် တစ်ရာရင်းပြီး ငါးဆယ်မြတ်မယ့်အလုပ်က ဘယ်အလုပ်မျိုးမို့လို့လဲ"

"ဒီအတွက်တော့ ဘာမှ ဦးနှောက်ခြောက် မခံပါနဲ့လေ။ ကိုလှဦးတာဝန်ထား စမ်းပါ။ ကိုလှဦးတို့က မပိုင်ရင်မလုပ်ပါဘူး။ ကိုင်း.... အခု မအေးမိဆီမှာ ငွေတစ်ရာရှိရင် ပေးလိုက်။ ကျွန်တော်နောက်တစ်ခေါက် ပြန်တက်လာရင် ငွေတစ်ရာ့ငါးဆယ် ဆက်ဆက်ပြန်ပေးမယ်"

မအေးမိ အလုပ်ရသွားပြီ။ ဦးနှောက်ထဲက ခွေးသွားစိပ်တွေ တကျို့ကျို့ ကြိတ်နေရပြီ။ အင်း.... ငွေတစ်ရာ၊ ငွေတစ်ရာ။ အဲဒီခေတ်က ငွေတစ်ရာဆိုသည်မှာ နည်းနည်းနောနောမဟုတ်။ ဆန်တစ်တင်းမှ နှစ်ကျပ်ခွဲ သုံးကျပ်။ ဆီတစ်ပိဿာ ငါးမတ် တစ်ကျပ်ခွဲ။ ငွေတစ်ရာတင်ထား၊ ဗန်းမော်သဘော်ာ အစုန်အဆန်နှင့် မော်တော် အစုန်အဆန် ပါလာသည့်ခရီးသည်တွေ တစ်နေကုန်ထမင်းရောင်းလို့ရသည့် အမြတ်က အာဏာကုန် နှစ်ကျပ်ခွဲ သုံးကျပ်မတ်တင်းလောက်။ သည်တော့ ငွေတစ်ရာ ရရာရကြောင်း မအေးမိ တစ်ယောက် ကြံမိကြံရာ ကြံရပါလေဘိ။

အမေ ဒေါ်မြမေ မသိအောင် နားက နားကပ်ကလေးကို ချွတ်ပြီး ရွာခေါင်းကတော် ဒေါ်အေးကြည်ထံ သွားပေါင်ကြည့်ရာ ငွေအစိတ်သာပေးသည်။ မိဘ လက်ငုတ်မြေပဲခင်းပါ ထည့်စာရင်းသွင်းရလျှင် ခြောက်ဆယ်တော့ ပေးမယ်တဲ့။ မတတ်သာသည့်အဆုံး အမေ့ကိုဖွင့်ပြောပြီး နားပူနားဆာလုပ်မိသည်။

"အမေရယ်၊ ဘုန်းကြီး သွားလျှောက်ကြည့်ပါလား"

"ဟဲ့.... ဘယ်ဘုန်းကြီး သွားလျှောက်ရမှာတုန်း"

"လေသာစ်ကျောင်းက ဦးကောဝိဒပေါ့တော်"

သို့နှင့်ပင် ဘုန်းကြီးအမှူ ရွာမပတ်ရဘဲ မအေးမိတို့သားအမိ နှစ်ယောက်၏ အပူ ဘုန်းကြီးဦးကောဝိဒထံ ကူးစက်သွားလေတော့သည်။ ဦးကောဝိဒမှာ ငယ်ဖြူတော့မဟုတ်၊ တောထွက်တစ်ဦးဖြစ်၏။ သူ၏ တောထွက်ကလည်း ယခုခေတ်သောင်းကျန်းသူ အချို့လို အလင်းဝင်လိုက်၊ တောခိုလိုက်ဘဝမျိုး။ သူ၏လူနာမည်က ကျော်ရဖြစ်၍ ကျောက်ထုံးကြီးရွာ ဖြစ်သည်။ ငယ်စဉ်က မိုးထားရွာ လေသာစ်ကျောင်းတွင် ရှင်သာမဏေဘဝနှင့်နေကာ ဆယ့်ကိုးနှစ်အရွယ်တွင် ရဟန်းခံ၍ မန္တလေးသို့ စာဝါလိုက်ရန် ရောက်လာခဲ့သည်။ မန္တလေးရောက်တော့ ပရိယတ္တိထက် ဘိုင်စကုပ်တို့၊ ဘောပွဲတို့ ဝါသနာပါရာက ရဟန်းဝတ်နှင့် မပျော်သဖြင့် လူဝတ်လဲကာ ပုလိပ်သား (ယခုခေတ်ရဲ) အဖြစ် အလုပ်ဝင်ခဲ့သည်။ ပုသိမ်ကြီးသူ မလှဝင်းနှင့် အိမ်ထောင်ကျကာ စာသင်(ယခုခေတ် တပ်ကြပ်ကြီး)အထိ ရာထူးတက်ခဲ၏။ စာသင်ဘဝဖြင့် လာဘ်စားမှုဖြစ်ပြီး ထောင်ခြောက်လ ကျနေစဉ် ဇနီးဖြစ်သူ မလှဝင်းက နောက်အိမ်ထောင်ပြုသွားသည်။ ထောင်ကထွက်တော့ ကျော်ရတစ်ယောက် လူ့ဘဝကြီးကို စိတ်ကုန်ပြီ။ ငြီးငွေ့ပြီ။

http://www.cherrythitsar.org



အသက်ကလည်း လေးဆယ်ကျော်လို့ ငါးဆယ်အတွင်း ဝင်လာပြီ။ သို့ဖြစ်၍ ဒီဘဝ သည်မျှနှင့် အရိုးထုတ်တော့မည်ဟု ရဟန်းဘောင်ဝင်ကာ မိုးထားသို့ ပြန်လာခဲ့ခြင်း ဖြစ်သည်။ တိုင်းရက်သည့် ပကလာ မိုးရွာသည်နှင့် အခန့်သင့်ဆိုသကဲ့သို့ လေသာစံ ကျောင်းမှာကလည်း ကျောင်းထိုင်ဘုန်းကြီးမရှိ။ ရပ်ရွာမှ ဦးကောဝိဒကိုပင် ကျောင်း အပ်ထားခဲ့သည်မှာ ငါးနှစ်ပင် ကြာခဲ့ပေပြီ။

ယခုဒေါ်မြမေကလည်း အပူကပ်လာပြန်တော့....

"အေးလေ.... ဆရာဒကာဆိုတာ ဒါလောက်တော့ အပေးအယူရှိကြရမှာပေါ့။ ရှိတဲ့အခါလည်း လှူ၊ မရှိတဲ့အခါလည်း လိုရင်ပြန်တောင်းပေါ့"

ဟုပြောပြောဆိုဆို ငွေတစ်ရာ ထုတ်ပေးလိုက်သည်။

ကိုလှဦး ကတိတည်ပါသည်။ နောက်တစ်ခေါက်ပြန်လာသောအခါ ငွေတစ် ရာ့ငါးဆယ်တိတိ မအေးမိလက်ထဲသို့ အပ်နိုင်ခဲ့သည်။ မအေးမိတို့ သားအမိ အူမြူး သွားကြသည်။ ကောင်းမှန်းသိ သာအိတစိုစိုဆိုသော မြန်မာစကားပုံရှိ၏။ မအေးမိတို့ သားအမိ ခံတွင်းတွေ့သွားကာ လောဘတက်ပြီး တစ်ရာ့ငါးဆယ်စလုံး ပုံအောလိုက်ပြန် သည်။ နှစ်ရာ့အစိတ် ရလာပြန်သည်။ အစိတ်ယူထား၊ နှစ်ရာပြန်ရင်း၊ ဟုတ်ပြီ။

ဟုတ်ပြီဆိုတာက ထိုးသားဘက်ကအမြင်ကိုး။ ဒီတစ်ခါ ဒိုင်စားလှည့်ဆိုတာ သူတို့မသိ။ လှဦးတစ်ယောက် ပဲခူးမှာ ဘိန်းတွေမိပြီး ထောင်နန်းစံနေရပြီ။ သင်္ဘောလာ တိုင်း မအေးမိ ကိုလှဦးကို မျှော်၏။ အရိပ်အရောင်ပင် မတွေ့ရ။ မအေးမိတို့ သားအမိ အိမ်မြှောင် အမြီးပြတ်ဆတ်ဆတ်လူး ခံစားနေရပြီ။ မတတ်သာသည့်အဆုံး ကိုလှဦးနှင့် အတူသွား အတူလာနေကျ ဆူကာနီ ကိုချစ်ထွန်းကို ဖွင့်ပြောပြီး မေးမြန်းစုံစမ်းရတော့ သည်။ ဆူကာနီ ကိုချစ်ထွန်းဆိုတာကလည်း ကိုလှဦးနှင့် အပေါင်းအသင်း ဒီပုတ်ထဲ က ဒီပဲ၊ အမြီးစားဖက် ခေါင်းစားဖက်တွေဆိုတော့ ငယ်ထိပ်သွေးတက်နေသည့် မအေးမိ ကို ကိုယ်တိုင်လိုက်ခဲ့ရန် အပါခေါ်သည်။ မအေးမိ အမေကိုမပြောတော့ဘဲ ဦးကောဝိဒ ထံသို့ ကိုယ်တိုင်သွား၍ မျက်ရည်ခံထိုးသည်။

ဦးကောဝိဒမှာလည်း ဘုရားမဟုတ်၊ ရဟန္တာလည်းမဖြစ်သေး။ သာမန်ပုထုဇဉ် လူဝတ်ကြောင်မှ ရဟန်းဘဝ ကူးပြောင်း၍ အာသဝေါ မကုန်ခန်းနိုင်သေးသူ။ လုံးကြီး ပေါက်လှ ရှမ်းသွေးစပ်သည့် မအေးမိကိုကြည့်ပြီး ငယ်ငယ်က ဖတ်ခဲ့ဖူးသည့် ဥပကနှင့် မဆာဝါ ဇာတ်လမ်းကို လက်ခနဲပြေးမြင်လိုက်မိသည်။ ဒီတော့၊ ရော့.... လိုသမျှ နောက်ထပ် အရင်းယူပေတော့။

ဦးအောင်မြနှင့် စကားကောင်းနေစဉ်မှာပင် ရွှေဟသ်ာမော်တော်ကြီးသည် ချောင်းဝဆိပ်ကမ်းသို့ ဆိုက်ကပ်လိုက်ရာ နာရီကိုကြည့်တော့ ၁၁ နာရီ ထိုးခါနီးနေပြီ။ ချောင်းဝဆိုသည်မှာ ဧရာဝတီမြစ်တွင်းသို့ စီးဆင်းနေသည့် ကောက်ကွေ့ချောင်း၏အဝ ဖြစ်သောကြောင့် ခေါ်ခြင်းဖြစ်ပြီး ဟိုဘက်ကမ်းက ကချင်ပြည်နယ်၊ ဒီဘက်ကမ်းက

http://www.cherrythitsar.org



စစ်ကိုင်းတိုင်း နယ်ခြားသတ်မှတ်ထားရာ ဌာနဖြစ်၏။ ချောင်းဝတွင် ခရိုင်သစ်တော လုပ်ငန်းလုပ်ပြီး ထောင်ပိုင်ကြီးက ကြိမ်လိုက်ရှာ၍ ဝယ်ရသည်။ ပြီးသည်နှင့် နံနက်စာ စားသောက်ပြီး တစ်ရေးတစ်မော အိပ်စက်နားနေကာ ညနေသုံးနာရီလောက် မော်တော် ပြန်စုန်ဖြစ်ကြသည်။ ညနေစောင်းပြီဆိုတော့ မော်တော်ပေါ်တွင် နေအကျ လေထသူများ အတွက် ယမကာဝိုင်းကလေး ဖွဲ့မိကြသည်။ ဆယ့်သုံးချပ် ကိုင်သူလည်းကိုင်ကြပြီး ဦးအောင်မြကမူ နံနက်ပိုင်းက ဆတ်တင့်ငွှနှင့် မပြတ်ခဲ့သော ဦးကောဝိဒ ဇာတ်လမ်းကို စိတ်ဝင်စားနေဟန်ရှိသည်။

"လုပ်ဗျာ ဦးမောင်မောင်၊ မအေးမိနဲ့ ဦးကောဝိဒတို့ ဇာတ်လမ်းကလေး"

ဇာတ်ကြောင်းပြန်သူ ထောင်ပိုင်ကြီးမှာလည်း တစ်ခွက်တစ်ဖလား ဝင်ထားပြီ ဆိုတော့ နှုတ်စလျှာစ အာရွှင်စ ပြုနေပါပြီ။

"ဇာတ်လမ်းအဆုံးသတ်လိုက်တော့ ဒီဧရာဝတီမြစ်ကြီးကိုပဲ မေးကြည့်ပေ တော့။ ဧရာဝတီမြစ်ကြီးကသာ စကားပြောတတ်မယ်ဆိုရင် ကျွန်တော့်ထက်ပိုပြီး ပြည့် ပြည့်စုံစုံ ပြောနိုင်မှာ သေချာတယ်။ နေရာကလည်း ဟောဒီ မိုးထားတဲ့ကျောက်ထုံးကြီး ကြားမှာ အဆုံးသတ်ခဲ့တာပဲဗျ"

မှန်ပါသည်။ မြစ်မင်းဧရာ၏ရင်ထဲတွင် ပြောပြစရာ ဇာတ်လမ်းတွေ တစ်ပုံ တစ်ပင်ကြီး ပြွတ်သိပ်ပြည့်နှက်နေမှာ သေချာပါသည်။ ရင်နင့်စရာ၊ လွမ်းမောဖွယ်ရာ ထိတ်လန့်ဖွယ်ရာ မှုခင်းတွေ၊ အဖြစ်အပျက်တွေ တစ်ထောင့်တစ်ည ပြောပြလို့လည်း ကုန်နိုင်စရာအကြောင်းမရှိ။ ဦးကောဝိဒမှာ မဖိတ်ခေါ်ဘဲ ကျောင်းပေါ်သို့ ပြောင်ပြောင် တင်းတင်း တက်လာသော အကုသိုလ်ဂြိုဟ်ကောင်၏ ဖိစီးမှုဒဏ်ကြောင့် အပူလုံးကြွ ကာ ယူကျုံးမရ ဖြစ်နေချေပြီ။ အပူမှာ တစ်ပူတည်းမဟုတ်။ နှစ်ပူတောင်။ ပထမတစ်ပူက မအေးမိနှင့် ဒေါ်မြမေတို့ တစ်တိတစ်တိယူသုံးထားသည့် ငွေငါးရာကျော်ကျော် အပူ။ နောက်တစ်ပူက အဲဒီထက်ပိုဆိုးသေး၏။ ရင်ထဲအသည်းထဲ တမြိုက်မြိုက် လောင်ကျွမ်း နေသည့် ရာဂအပူ။ ဥပက ရဟန်းကြီး၏ မဆာဝါအမူ။ မတတ်သာသည့်အဆုံး ငါးထပ်ကျောင်းဆရာတော် ဦးတိလောကထံ သွား၍ သိက္ခာချ လူဝတ်လဲပေးရန် လျှောက်ထားရလေတော့သည်။

"ကောဝိဒရယ်၊ ဒါလောက်အထိ နေလာပြီးတော့မှ ဘာပြုလို့ မီးပုံထဲ ပြန်ခုန် ဆင်းချင်ရတာလဲ"

"မှန်လှပါ၊ တပည့်တော် ရှေ့ဆက်ပြီး ငရဲမမွေးချင်တော့လို့ဘုရား"

ငရဲမမွေးချင်လို့ မီးပုံထဲ ခုန်ဆင်းခဲ့သူ ဦးကောဝိဒတစ်ဖြစ်လည်း လူပြန်တော် ကျော်ရတစ်ယောက် ခြေရာလည်းပျောက်။ ရေလည်းနောက်ကာ မုန်းချက်နှင့်နှမ်းထွက် မကိုက်ခဲ့ပုံကား မအေးမိတစ်ယောက် ဦးကောဝိဒ၏ စက်ကွင်းမှ လွတ်ကင်းရန်အတွက် ဆူကာနီချစ်ထွန်းနောက် ကောက်ကောက်ပါအောင် လိုက်သွားခဲ့ခြင်းပင်တည်း။ ကျော်ရ

http://www.cherrythitsar.org



ဆွေ့ဆွေ့ခုန်နေပြီ။ လာခဲ့ ဒေါ်မြမေ၊ ခင်ဗျား ဘယ်ပြေးမလဲ။

ရွှေဟသ်ာ မော်တော်ကြီးသည် အစုန်ခရီးမို့ မိုးထားကိုပင် ကျော်ခဲ့ပြီ။

"ဇာတ်လမ်းကတော့ ဒါပါပဲဗျာ၊ ကျော်ရဟာ ဒေါ်မြမေကို ကျောက်ထုံးကြီး သွားပြီး ငွေယူရအောင်လို့ လှေနဲ့ ညာခေါ်လာခဲ့တယ်။ နောက်ပြီး ဟောဒီနားလောက်မှာပဲ ဓားမြှောင်နဲ့ ထိုးသတ်ပြီး ရေထဲ မျှောချလိုက်တာပါပဲ"

"နို့ ဘုန်းကြီးဝတ်နဲ့ ကြိုးပေးဖို့လုပ်တုန်း ကြိုးစင်ကို မိုးကြိုးပစ်တာဆို"

"ဟုတ်တယ်လေ၊ အဲဒီလိုသတ်ပြီးမှ သူမဟုတ်သလိုခပ်တည်တည်ဘုန်းကြီး ပြန်ဝတ်ပြီး ကျောင်းပြန်ထိုင်နေတာကိုး။ ဘုန်းကြီးဝတ်နဲ့ဆိုရင် သက်သာမယ်လို့ ထင်တာလည်း ပါတာပေါ့လေ"

"ဒါဖြင့် ဘယ်လိုလုပ် အမှုပေါ်သွားတာတဲ့လဲ"

"ဒေါ်မြမေ အလောင်းက ကသာအောက် အင်းရှာ အထက်နားမှာ သွားပေါ်တယ်လေ။ နောက်ပြီး ညနေခင်းဒေါ်မြမေကို ကျော်ရလှေနဲ့ တင်ခေါ်သွားတာကို မြင်လိုက်တဲ့ တံငါသည်တစ်ယောက်ကလည်း ရှိနေတယ်။ အပြန်မှာ ကျော်ရတစ်ယောက်တည်း ပြန်လာတာကိုလည်း သူပဲသက်သေခံတော့ ဦးကောဝိဒလည်း ငြင်းမရတော့ဘူးပေါ့"

■

# ၆၁

ကသာအကြောင်း ရေးနေရင်းက ပူပူနွေးနွေးကြားဖြတ်ပြီး ရေးစရာ အကြောင်းကလေး တစ်ခု ပေါ်လာ၏။ ကသာအကြောင်း နယ်နိမိတ်ဘောင်အတွင်းက လွတ်သွားမည် မဟုတ်သလို စိတ်ချမ်းမြေ့စရာ အကြောင်းလည်း လုံးဝမဟုတ်။

အကြောင်းအရာချင်း နီးနွယ်ဆက်သွယ်သွားပုံကား လုံမလေးမဂ္ဂဇင်း၏ စာတည်းချုပ်လည်းဖြစ်၊ တာဝန်ခံထုတ်ဝေသူလည်းဖြစ်သူ မလေးလုံသည် ၁၉၉၁ ဖေဖော်ဝါရီ ၂၈ ရက်နေ့က ကွယ်လွန်သွားခဲ့ရှာသည်။ ခရစ်ယာန်ဘာသာဝင်တို့ အစဉ် အလာနှင့်အညီ သပ်ရပ်တင့်တယ်စွာ ပြင်ဆင်ထားသည့် စာပေညီမငယ် မလေးလုံ၏ ရုပ်ကလာပ်ကို အသုဘရှုရသည်မှာ ချိန်ခါမသင့်သေးဘဲ ကြွေလွင့်ခဲ့ရသည့် ပန်းတစ်ပွင့် နယ် နမြောတသ ကြေကွဲဝမ်းနည်းဖွယ်ရာ အတိသာတည်း။

အဲဒီမှာ မတွေ့ရတာ အချိန်ကာလအတန်ကြာမြင့်ခဲ့ပြီဖြစ်သော ဆရာကြီး ဦးသုခနှင့်တွေ့လိုက်ခြင်းက ရေးလက်စ ထောင့်တစ်သက်အတွေ့အကြုံ ကသာ အခန်း စဉ်တွင် ကြားဖြတ်ဝင်ရေးရန် အကြောင်းဖန်လာခြင်းဖြစ်၏။

“အေးအေးဆေးဆေးစကားပြောရအောင် အိမ်ကိုအလည်လာခဲ့ဦးဗျာ။ ဆရာ ကတော်ပါခေါ်ပြီး ထမင်းတစ်နပ်လောက် လာစားကြပါဦး။ ကသာတို့ ပဲခူးမှာတို့မှာ နေတုန်းက ခင်ဗျားတို့အိမ်မှာ လာပြီးစားခဲ့သောက်ခဲ့တာတွေ သတိရနေသေးတယ်”

ဆရာဦးသုခသည် ရန်အောင်မောင်မောင် ပဲခူးတွင်ရှိစဉ်က ရန်ကုန်မှ ပဲခူးသို့ ဘုရားဖူးရင်း အလည်သဘော လာခြင်းဖြစ်သော်လည်း ကသာကိုတော့ တကူးတက

http://www.cherrythitsar.org



ရုပ်ရှင်ရိုက်ရန် လာခဲ့ခြင်းဖြစ်သည်။ ဆရာသည် ဘာပဲလုပ်လုပ် အစစအရာရာ အလွန်အသေးစိတ် လုပ်တတ်သူတစ်ဦးဖြစ်သည်။ ရေဆုံး မြေဆုံး လိုက်လေ့ရှိ၏။ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ လက်တစ်ဆုံး နိုက်တတ်သူဟု ဆိုပါမှ ပိုမိုမှန်ကန်ပြည့်စုံလေမည်လား မပြောတတ်။ ဒါကြောင့်လည်း ဆရာ၏ အနုပညာ လက်ရာမှန်သမျှသည် လျှမ်းလျှမ်းတောက် စံချိန်သစ်တင်ကာ ပရိသတ်၏ ရင်ဝယ် တစ်သက်တာ မမေ့နိုင်လောက်အောင် စွဲငြိကျန်ရစ်ခဲ့သည်ချည်းဖြစ်၏။

ဆရာ ပထမဦးဆုံးတစ်ခေါက် ကသာသို့ ရောက်လာသော ခရီးကိုပင် ဆန်းစစ်ကြည့်ပါ။ ရန်အောင်မောင်မောင်ရေးသည့် 'စောရအိုင်စိမ်း' ဝတ္ထုကို ရုပ်ရှင်ရိုက်ရန် စကားကမ်းလှမ်း ဝယ်ယူလိုသည့်ကိစ္စမှာ ဆရာကိုယ်တိုင် အပင်ပန်းခံ၍ ကသာသို့လိုက်လာရန်မလိုသေး။ စာရေးလို့လည်းရသည်။ တယ်လီဖုန်းလည်း ဆက်နိုင်၏။ ဒီလိုမှ မဟုတ်ရင် ထုတ်လုပ်သူနှင့် တွဲဖက်ဒါရိုက်တာ မောင်နှင်းမိုးဖြစ်ဖြစ် တစ်ယောက်ယောက် လွှတ်လိုက်လျှင် ကိစ္စပြတ်နိုင်၏။ ဆရာက ဒီလိုမဟုတ်။ ဘာပဲဖြစ်ဖြစ်ကိုယ်တိုင်ကိုယ်ကျ လုပ်ရ၊ တွေ့ရ၊ ပြောရဆိုရမှ အားရကျေနပ်သူဆိုတော့ ကသာအထိတကူးတက ဒုက္ခခံ၍ လိုက်လာခဲ့ခြင်းဖြစ်သည်။ သို့သော် ရန်အောင်မောင်မောင်က ကသာတွင်မရှိ။ နိုင်ငံတော်တာဝန်တစ်ခုဖြင့် ဇရာဝတီနှင့် ရွှေလီမြစ်ရိုးတစ်လျှောက် မော်တော်စီးကာ စုန်ချည်ဆန်ချည် အလုပ်များလျက်ရှိသည်။ ဒါကိုလည်း စိတ်စောနေသော ဆရာက ပြန်လာမည့်ရက်အထိ သည်းခံပြီးစောင့်ဆိုင်းမနေလို။ သို့ဖြစ်၍ ကသာမှ ၁၈ မိုင်ခန့် ဝေးသည့် ရွှေလီမြစ်ဝ အင်းရွာအထိ ပုံချိတ်တစ်စီးငှားပြီး လိုက်ချလာသည်။ ဒီတော့ ရန်အောင်မောင်မောင်မှာ မနေသာတော့ဘဲ အဖွဲ့ဝင်များကို တောင်းပန်ကာ ကသာသို့ တစ်ညအိပ် ပြန်လိုက်လာခဲ့ရသည်။

ဆရာဦးသုခ၏ အနုစိတ် စေ့စပ်တိကျပုံများကို ထိုအချိန်ကမှ သိရသည် မဟုတ်ပါ။ ယခင်တစ်ကြိမ် 'ကြမ္မာရဟတ် တစ်ပတ်လည်'ဝတ္ထုကို 'သိကြားစေသက်သေညွှန်း' ရုပ်ရှင်ရိုက်စဉ်က ကိုယ်တွေ့မျက်မြင် လေ့လာသိရှိခွင့် ရပြီးဖြစ်၏။ ထိုအချိန်က လျှမ်းလျှမ်းတောက် နာမည်ကြီးနေဆဲ ရုပ်ရှင်မင်းသား ကိုဝင်းဦးသည် ကားတိုင်းလိုလို ဆောင်းဘီဝတ်၍ သရုပ်ဆောင်နေကျ။ သို့သော် အဆိုပါကားတွင် ဇာတ်လမ်းနှင့် အံမဝင်ခွင်မကျဟုဆိုကာ လုံချည်ကိုသာ ဝတ်စေခဲ့သည်။ ကိုဝင်းဦးသာ မဟုတ်၊ အခြားနာမည်ကြီး သရုပ်ဆောင်များလည်း ဆရာ့ကို ချေးမများရဲ၊ ဂျီမတိုက်ဝံ့ကြ။ ဆရာ၏ပညာနှင့် သမ္မာကို အလိုလို ရှိန်နေပြီး မဝံ့မရဲ ရှိနေတတ်ကြသည်။

တစ်နေ့ အစိုးရရုပ်ရှင် မြှင့်တင်ရေးစတူဒီယို၌ ပလေးဘက်နှင့် ဒပ်ဗင်လုပ်နေရင်း အသံသွင်းကြသည်ကို မှတ်မိနေသေးသည်။ ထိုနေ့က ကိုဝင်းဦး သီဆိုရမည့် ဇာတ်ဝင်သီချင်း၊ အစအဆုံး မမှတ်မိတော့သော်လည်း 'မိတစ်ပါးရေ ကတိမထားလေ သိကြားစေသက်သေ ညွှန်းပါသည်'လောက်တော့ သတိရပါသေးသည်။ တေးဂီတက

http://www.cherrythitsar.org



ဂီတလုလင် မောင်ကိုကိုနှင့်အဖွဲ့။ သီချင်းမဆိုမီ ကိုဝင်းဦးက ‘ဆရာ ကျွန်တော့်လက်တွေ စမ်းကြည့်စမ်းပါ’ဆိုလို့ ကိုင်ကြည့်လိုက်တော့ အေးစက်နေသည်။ ‘အဲယားကွန်ဒီးရှင်း ကြောင့်နဲ့ တူပါတယ်ဗျာ’ဆိုတော့ ‘မဟုတ်ဘူး၊ ဆရာ့ရှေ့မှာ သီချင်းဆိုရမှာ ကြောက်နေ လို့’တဲ့၊ အဲဒီလောက်အထိ။

‘စောရအိုင်စိမ်း’ကို ‘ချစ်စရာမို့ ချစ်ပါသည်’ ရိုက်တော့လည်း စေ့စပ်သေချာ သလား မမေးနှင့်။ ဝတ္ထုကျောရိုးပြုထားသည့် ဗန်းမော် မိုးမောက်တို့အစား နယ်မြေအေး ချမ်းသည့် ကသာမြို့တွင် အခြေချပြီး ရိုက်ကွင်းတော်တော်များများကို ရိုက်သွားခဲ့ရာ ကိုယ်တွေ့မျက်မြင် လေ့လာခွင့်ရခဲ့သည်။ ဇာတ်လမ်းအရ သူနာပြုဆရာမလေး စိမ်း (ချိုပြုံး)နှင့် ဗိုလ်မင်းသိန်း (ဇော်လွင်)တို့ ကချင်ကောက်သစ်စားပွဲတွင် တွေ့ကြရမည်ဖြစ် ရာ ကသာလေယာဉ်ကွင်းအနီး ကွက်လပ်ကြီးထဲတွင် ငွေငါးထောင်ကျော် အကုန်ခံကာ တကယ့်ကောက်သစ်စားပွဲတစ်ခုကို ကျင်းပရိုက်ကူးခဲ့သည်။ နောက်ပိုင်းတွင်လည်း ၈ မိုင် သစ်တောစိုက်ခင်းများတစ်ဝိုက် အချိန်အတော်ကြာကြာ ရိုက်ကူးသွားခဲ့သည်။

အဲဒီမှာ ပထမ သူများကို နောက်ပြောင်ကျီစယ်ရာမှ နောက်ပိုင်းတွင် ကိုယ့်ရှုး ကိုယ်ပြန်ပတ်ခဲ့ရသည့် ဇာတ်လမ်းကလေးတစ်ပုဒ် မှတ်သားလောက် ဖြစ်ပွားခဲ့ရခြင်းပင်။

ရှေ့က ရေးခဲ့သလို ကသာထောင်မှာနေရတာကတော့ ‘ပျော်သည် ပျော်သည် တို့ပျော်သည်’လို့ ဆိုရမလောက် ထောင့်တစ်သက်ခရီးတစ်လျှောက် အပျော်ကြီး ပျော်ခဲ့မိ တာ ဧဝံ အမှန်ပါပဲ။ ပျော်မှာပေါ့။ ထောင်ငယ်ကလေးဆိုတော့ အပူအပင် အကြောင့် အကျ သောကဖြစ်စရာတွေက နည်းခဲ့ပေတာကိုး။ ထောင်အပူဆိုသည်မှာ တော်တော် အရှိန်ပြင်းထန် ဆိုးရွားသည်။ အုတ်ရိုးလေးဖက်လေးတန်အတွင်း ကျခံနေရသည့် အကျဉ်းသားတွေသာ ဒုက္ခရောက်သလား၊ ပူရသလား မထင်လိုက်လေနှင့်။ အဲဒီ အကျဉ်းထောင်ကို အုပ်ချုပ်ရသည့် ထောင်မှူး၊ ထောင်ပိုင်၊ ထောင်ဝန်ထမ်းတွေမှာလည်း စက္ကန့်နှင့်အမျှ ထာဝရ ပူပန်နေရသည်။ သောက ပွားနေရသည်။ ရတက်အေးရသည့် အချိန်ရယ်လို့ လုံးဝ (လုံးဝ) မရှိ။ ဘယ်ရှိနိုင်ပါ့မလဲ။ သူတို့ တာဝန်ယူ ထိန်းသိမ်း စောင့်ကြပ်နေရတာက အဝိဇ္ဇာနက သက်မဲ့ပစ္စည်းတွေမှ မဟုတ်ဘဲ၊ သဝိဇ္ဇာနက သက်ရှိလူသားတွေ မဟုတ်လား။ အဲဒီလူသားတွေထဲမှာ ဆိုးသည့်ဘက်တွင် ဇဂတက် ရလောက်သည့် above the average လို့ ဆိုရမည့် လူလွန်မသားတွေ ပါလိုက်သေး သည်။ ဒီတော့ ဗုံးကြီးတစ်လုံး၏ စနက်တံကို မီးရှို့ထားသလို အချိန်မရွေး ထပြီး ပေါက်ကွဲနိုင်၏။ မမျှော်လင့်တာတွေ ဖြစ်ချင်တာတွေ အကုန်ဖြစ်နိုင်၏။

ရုံးသမားက ရုံးချိန်အတွင်းသာ တာဝန်ရှိသည်။ ဆရာဝန်က လူနာရှိမှ ကုသ ရသည်။ ရဲသားက အမှုဖြစ်မှ အလုပ်များရသည်။ စစ်သားပင် ရန်သူရှိမှ စစ်တိုက်ရ သည်။ ထောင်အလုပ်ဆိုတာက တစ်မျိုးတစ်ဘာသာ။ နာရီပိုင်း မိနစ်ပိုင်း စက္ကန့်ပိုင်း အတွင်း ပြဿနာ ကြီးငယ်မဟူ ချိန်ခါမရွေး ထပေါ်နိုင်သည်။ ပေါ်လည်း ပေါ်ခဲ့သည်။

http://www.cherrythitsar.org



မယုံမရှိပါနှင့်။ နှစ်လေးဆယ်ကိုယ်တွေ့ပါ။ ဒါကြောင့်လည်း အစိုးရ လခစားချင်း အတူတူ အခြားဝန်ထမ်းတွေ ရုံးတစ်ရက်ပိတ်သည်ဆိုလျှင် ထောင်ဝန်ထမ်းတွေမှာ နေ့ဝက်သာ အနားရ၏။ မောင်မောင်တို့ ထောင်မှူးလုပ်စတုန်းကများ စနေ မနက်ခင်း ပိုင်းသာ အားပြီး နောက်တစ်ပတ်ကျမှ နေ့ခင်းပိုင်းမှစ၍ တနင်္ဂနွေတစ်နေ့လုံး နားရ၏။ သင်္ကြန်ရုံးပိတ်ရက် သူများတွေ လေးရက် ဖိမ်ကျနိုင်ပေမယ့် ထောင်ဝန်ထမ်းတွေ နှစ်ရက် တည်း ကတ်သီးကတ်သပ်။ သူများပျော်လို့ မပျော်နိုင် ရည်းစားပျောက်လို့ငိုင် တာ မဟုတ်၊ သံတိုင်ကြားမှာ မှိုင်နေရတာ တကယ့် လက်တွေ့ပါ။ ဒါနဲ့များ ကသာထောင် မှာ ဘယ့်နှာကြောင့် အပျော်ကြီးလာပျော်နေရပါလိမ့် ဟုအမေးပုစ္ဆာ ထုတ်လာငြားအံ့....။

မှန်ပါသည်။ ပူပြင်းခြောက်သွေ့လှသည့် ကန္တာရလွင်တီးခေါင်အတွင်း ရှားရှား ပါးပါး အိုအေစစ်ကလေးတစ်ခု တွေ့လိုက်ခြင်းပင်ဖြစ်ပါသည်။ ထောင်ငယ်တော့ တာဝန် ပေါ့တာက တစ်ကြောင်း၊ စာပေအနုပညာကို တန်ဖိုးထား အလေးအနက်ပြုတတ်ကြ သော ကသာနယ်သူနယ်သားများ၏ ဝိုင်းဝန်းအားပေးမှုကြောင့် တစ်ကြောင်း ဖားတစ် ပိုင်း ငါးတစ်ပိုင်း စာပေလုပ်သား ရန်အောင်မောင်မောင်မှာ သူဇာကိုလည်း မချစ်နှင့်၊ စာမူကိုလည်း မစပ်နှင့်ဟု ဆိုသော်ငြားလည်း ထောင်ကိုပစ်ပြီး စာပေလှုပ်ရှားမှုနယ်ပယ် အတွင်း ခြေစုံပစ်ပြီး နစ်မြုပ်နိုင်ခဲ့ခြင်းဖြစ်၏။

နိုင်ငံတော်အစိုးရက စာပေလှုပ်ရှားမှုမှန်သမျှ တာဝန်ချိန် (on-duty)လို့ သတ် မှတ်ထားလေတော့ ရေငတ်သူရန်အောင်မောင်မောင် ရေတွင်းထဲဖောက်ထိုးဆင်းကာ ဖိုးကျိုင်းတုတ်ဖြစ်သွားပြီပေါ့။ ထောင်အတွက်ပူစရာမလို၊ နောက်ဆံတင်းစရာအကြောင်း မရှိ။ စာပေတာဝန်ကို စိတ်ရှိလက်ရှိ ဆောင်ရွက်ပေတော့။ ဒီကြားထဲ စာပေရောင်းရင်း 'ကြူကြူသင်း'တစ်ယောက် သူမ၏ခင်ပွန်း အလုပ်တာဝန်နှင့် ထပ်ရောက်လာပြန်တော့ ပိုအားတက်သွားပြန်သည်။ မဲဇာအလယ်တန်းကျောင်းအုပ် အစ်ကိုစောလည်း ရှိနေ သည်။ ကသာနှင့်မြို့နီးချုပ်စပ်များဖြစ်သည့် အင်းတော်၊ ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး စသည့်မြို့နယ်များကလည်း တက်ညီလက်ညီရှိကြပါပေသည်။ တစ်မြို့ တည်း ဒိုင်ခံ၍ အဝေးက စာရေးဆရာများကို ဖိတ်ကြားခြင်းအားဖြင့် စရိတ်စက အကုန် အကျများလှသည်။ သို့ဖြစ်၍ မြို့နယ်တွေ ညှိနှိုင်းကြ၊ ရန်ကုန်နှင့် မန္တလေးမြို့နယ်များမှ အလျဉ်းသင့်သလို စာရေးဆရာများကိုဖိတ်ကြားပြီး စာဆိုတော်နေ့အထိမ်းအမှတ် ဟောပြောပွဲများ၊ စာရေးသူဖတ်သူ ဆွေးနွေးပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပရ သည်မှာ ပျော်စရာ ကြည်နူးစရာ ကောင်းလှပါဘိ။

ထိုအချိန်က မန္တလေးတွင် နေထိုင်သော ဆရာကြီး ဦးဆန်းထွန်း (မန်းတက္က သိုလ်)ကတော့ ဒိုင်ခံ မပါလို့မဖြစ်။ ကသာ စာပေပရိသတ်ကလည်း ဆရာကြီးဆိုလျှင် ဘယ်နှစ်ကြိမ်ပြောပြော ငြီးငွေ့တယ်ရယ်လို့မရှိ။ ဆရာကြီးမှာကလည်း ပြောစရာ ဟော စရာတွေ ပေါကြွယ်လှပါဘိ။ တစ်ခါနှင့်တစ်ခါ မထပ်စေရ။ ဗန်းမော်မှ မင်းကျောင်းကုန်း

http://www.cherrythitsar.org



ဆရာတော် ကဗျာစာဆို ဇန်းမော်ရဲမြင့်နှင့် ဇန်းမော်ကဗျာဆရာတို့လည်း ရောက်လာကြသည်။ ရန်ကုန်မှ ဆရာ ဆရာမများဖြစ်သော ဗိုလ်ဇကို၊ သော်တာဆွေ၊ ဒေါင်းနွယ်ဆွေ၊ သိပ္ပံမှူးတင်၊ ရေနံမြေ ဒေါ်ခင်စု၊ တိုင်းရင်းမေ မမြင့်နွယ်တို့လည်း ပွဲဆက်လိုက်၍ အားပေးခဲ့ကြသည်။ ကွယ်လွန်သူ ဆရာမောင်နေဝင်းနှင့်အတူ ဆရာမင်းကျော်နှင့် နတ်နွယ်တို့လည်း အင်းတော်မှတစ်ဆင့်ကူးခဲ့ဖူး၏။ ဆရာဒေါင်းဆိုလျှင် ကသာဈေးထဲ ခေါ်သွားပြီး နာမည်ကြီး ဆန်ခေါက်ဆွဲကျွေးရာ ဆန်ခေါက်ဆွဲနှင့် တွဲဖက်၍ စားရသော မုန်ညင်းချဉ်များကိုကြည့်ပြီး 'မုံညင်းချဉ်သုပ်တစ်ပွဲထည့်ဗျာ'ဟု မှာနေသဖြင့် ပွဲကျခဲ့ရဖူးသည်။ အလားတူပင် သူ့ဇနီး မမြင့်နွယ် ထီးချိုင့်တွင်ဟောပြောစဉ်က အရပ်နိမ့်နေသဖြင့် ဆပ်ပြာသေတ္တာကို ခုပေးရာ သေတ္တာကျိုးကျသဖြင့် ခိုးလိုးခုလု ဖြစ်ခဲ့ရသေး၏။

ကသာနယ်တစ်ဝိုက်တွင် စာပေလှုပ်ရှားမှု အရှိန်အဟုန်မှာ ဒေါင့်ကြီးတို့ မော်လူးတို့ မဲဇတို့လို ကျေးရွာကလေးများတွင် စာဆိုတော်နေ့ အထိမ်းအမှတ် ဟောပြောပွဲများ ကျင်းပနိုင်သည်အထိ မြင့်မားခဲ့ပေသည်။ အဲဒီလှုပ်ရှားမှုနှင့်အတူ ကသာထောင်ပိုင်ထောင်မကပ်သည့်ရက်တွေကလည်း မနည်းတော့။

ဒါတင်ပဲလားဆိုတော့ မကသေးပါ။ မြန်မာစာကော်မရှင်အတွက် စာပေဝေါဟာရ ခရီးတွေက ရှိသေးသည်။ သစ်လုပ်ငန်းနှင့် ဆင်သမားများ ဝေါဟာရ၊ ရပ်ရွာဓလေ့ဝေါဟာရ လေ့လာစုဆောင်းစရာတွေ အများသား။ ဒီကြားထဲ မြို့နယ်အာဏာပိုင်အဖွဲ့အစည်းမှ ကြီးလေးသည့်နိုင်ငံတော်တာဝန်တစ်ခုကိုလည်း ပေးအပ်ထားသေး သည်။ ကသာနယ်မှာ ကုန်းလမ်းခရီးနည်း၍ ရေလမ်းခရီးများသည်။ သစ်ထုတ်လုပ်ရေး တို့ ယခင် ခရိုင်ဝန်တို့သုံးသည့်မော်တော်များကို လိုသလိုသုံး၍ ဧရာဝတီနှင့် ရွှေလီမြစ်ရိုးတစ်လျှောက် အစုန်အဆန် လူးလာခေါက်တုံ့ ကူးသန်းလျက် မဲဇာချောင်းထဲလည်းဝင်သည့်အခါ ဝင်လိုက်ရသေးသည်။

ကြာလာတော့ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က 'လူကြီးမင်းသည် အကျဉ်းထောင်တစ်ခု၏ တာဝန်ခံအရာရှိ ဖြစ်သဖြင့် အကျဉ်းထောင်၏ လုံခြုံရေးနှင့် စည်းကမ်းသေဝပ်ရေးအတွက် တာဝန်ရှိကြောင်း သတိချပ်စေလိုပါသည်'ဟုပင် သတိပေးလာရသည်။ တကယ်တော့ လူကြီးမလွန်ပါ။ လွန်တာက အိုအေစစ်ထဲမှာ အောက်ခြေလွတ်နေသည့် ရန်အောင်မောင်မောင်ပင်ဖြစ်၏။

ဒီလိုနှင့် တစ်နေ့တွင် စာပေဝေါဟာရခရီးမှပြန်အရောက် အိုအေစစ်ထဲမှ သဲကန္တာရအတွင်း ပြန်ဝင်လိုက်သလို နဖူးတွေ့ဒူးတွေ့ တွေ့ပါလေတော့သည်။ ထောင်မှူးဦးသောင်းမြင့်က ဆီးကြို သတင်းပို့လာ၏။

"ဆရာကြီး နေ့ခင်းတစ်နာရီလောက်က ဒုတပ်ကြပ် စိုးမင်းဘုတ်က အကျဉ်းသားတစ်ယောက် ထွက်ပြေးတယ်။ ကျွန်တော်တို့ ထောင်လှန့်ပြီး လိုက်ရှာတာ ဘယ်မှ မတွေ့ဘူး။ ပြေးတဲ့အကျဉ်းသားက 'ဖိုးတုတ်'တဲ့၊ ကျောက်ထုံးကြီးသား၊ ခိုးမှုတဲ့။

http://www.cherrythitsar.org



ထောင်ခြောက်လကျတာ၊ လွတ်ဖို့ဆယ်ရက်ပဲကျန်တော့တယ်။ ထောင်ကြပ်အုပ် ဦးစောအောင်စိန်နဲ့ တပ်သားသုံးယောက်တော့ ကျောက်ထုံးကြီးကို လွှတ်ထားတယ်"

"ရုံးချုပ်ကို ကြေးနန်းရိုက်ပြီးပြီလား"

"မရိုက်ရသေးပါဘူး။ ဆရာကြီး ညနေပြန်လာမယ်ဆိုလို့ စောင့်နေတာပါ"

"ကျန်ခဲ့တဲ့ အကျဉ်းသားတွေ စစ်ဆေးပြီးပြီလား။ ဘာထူးသေးလဲ"

"ဟုတ်ကဲ့၊ စစ်ပြီးပါပြီ။ ထူးတာကတော့ လွန်ခဲ့တဲ့သုံးလေးရက်က ဖိုးတုတ် ညီတစ်ယောက် ထောင်ဝင်စာလာတွေ့တုန်းက သူ့ကလေး ဝက်သက်ပေါက်နေတယ် လို့ ပြောသွားတယ်တဲ့"

"ထောင်ဝင်စာမှာ လာတွေ့တာလား၊ တောင်ယာထဲ လာတွေ့တာလား"

"တောင်ယာထဲ လာတွေ့တာပါ"

"အဲဒါ ပြောတာပေါ့ဗျ။ အပြင်လုပ် အကျဉ်းသားတွေကို ထောင်အပြင်မှာ ထောင်ဝင်စာမတွေ့ပေးပါနဲ့လို့ ကျွန်တော်ခဏခဏပြောတယ်မဟုတ်လား။ အမိန့်လည်း ထုတ်ပြီးပြီ။ ဒီကောင်တွေ အမှတ်ကိုမရှိဘူး။ မနက်တော့ ကြေးနန်း ဆက်ဆက်ရိုက် လိုက်ဗျာ။ နီးစပ်ရာ ရဲစခန်းတွေကိုရော တယ်လီဖုန်း ဆက်ပြီးပြီလား"

"ဟုတ်ကဲ့၊ ဆက်ပြီးပါပြီ။ ကြေးနန်းတော့...."

ကြေးနန်းတော့ ဆိုပြီး ထောင်မှူးဦးသောင်းမြင့် စကားရပ်သွားသည်။ တစ်ခုခု ကို ဆက်ပြောချင်သည့်ဟန်။ ပြီးမှ ပြောသင့်မပြောသင့် ချိန်ဆနေပြီး အလေးပြုကာ ပြန်ထွက်သွားသည်။ ထောင်ပိုင်ကြီး မနေသာတော့ပါ။ ရဲမော်တော်တောင်းပြီး လက် နက်ကိုင်အစောင့်အရှောက်များနှင့်တကွ ကျောက်ထုံးကြီးသို့ ညတွင်းချင်း လိုက်သွား သည်။ ဖိုးတုတ် အိမ်ပြန်မကပ်သေး။ နောက်ဆုံးထောင်ပိုင်ကြီး လက်လျှော့ပြီး ပြန်လာခဲ့ရသည်။

နောက်တစ်နေ့နံနက်စောစော ဒုတိယတပ်ကြပ်စိုးမင်း ထောင်ပိုင်ကြီးရုံးခန်းသို့ မရဲတရဲ ဝင်လာသည်။ သူသည် ဒုတိယတပ်ကြပ်ရာထူးတက်တာ ဘာမှမကြာသေး။ သုံးလေးလခန့်သာ ရှိသေးသည်။

"ဆရာကြီး.... ကျွန်တော့်ကို ကယ်ပါဦး"

"အေး.... မင်းတို့ကို မဖြစ်ခင်ကတည်းက ငါတဖွဖွပြောနေခဲ့တာ ဂရုမှ မစိုက် ကြဘဲ။ ကဲ.... ဆိုပါဦး၊ ဘယ်လို ကယ်ရမှာလဲ"

"ဖိုးတုတ် လွတ်ဖို့ ဆယ်ရက်တည်း လိုတော့တာပါ။ ဆရာကြီး အထူးလျှော့ ရက်ပေးပြီး အလွတ်ပြလိုက်ရင် ရပါတယ်"

"ဩ.... မင်းက ငါ့ကိုပါ အမှုပတ်အောင် ဆွဲသွင်းချင်သေးတယ် ဆိုပါတော့"

"အလျင်ကလည်း ဒီလို အစဉ်အလာရှိခဲ့ဖူးပါတယ် ဆရာကြီး"

"အေး.... မင်းက အစတစ်စ ဆွဲပြလိုက်တော့ ငါကလည်း အထုပ်ကြီး

တစ်ထုပ်လုံး ဖြေပြရသေးတာပေါ့ကွာ။ အဲဒီအစဉ်အလာတွေကို အခု ရုံးချုပ်က အကုန်လုံး သိသွားပြီခင်ဗျ။ အဲဒါကြောင့် အခု ငါ့ကို အဲဒီလို လုပ်ထားတာတွေကို စာရင်းကောက်ပြီး ပြန်တင်ဖို့ ခိုင်းထားပြီးပြီ၊ ကဲ ရှင်းပြီလား"

ဒီနေရာကစပြီး ဆက်ရေးရမယ့် စာပိုဒ်ကလေး နှစ်ပိုဒ် သုံးပိုဒ်လောက်ကိုတော့ အစိုးရဝန်ထမ်းတွေမှန်သမျှ အသေအချာ ဖတ်ကြမှတ်ကြစေချင်ပါသည်။ စိုးမင်းပြောတာ မှန်ပါသည်။ အစဉ်အလာမှာ ထောင်ပိုင်တစ်ဆက်တည်းမဟုတ်။ နှစ်ဆက်တိုင်တိုင်ဖြစ်၏။ ဖြစ်ပုံက အပြင်အလုပ်မှအကျဉ်းသားတစ်ယောက် ထွက်ပြေးရာ လွတ်ဖို့က ဆယ့်လေးရက်သာ လိုတော့သည်။ အဲဒီ ကျန်သည့်ဆယ့်လေးရက်ကို ထောင်ပိုင်ကျန်ရက် သို့မဟုတ် အထူးလျှော့ရက်ပေးပြီး ထောင်မှ ရိုးရိုးလွတ်သည့်သဘော ပြလိုက်သည်။ (အဲဒါ ပထမထောင်ပိုင်၏ ပထမအမှား။) သို့ကလို ထွက်ပြေးတာကို လွယ်တယ်ဆိုပြီး လိမ်လည်ရေးသွင်းရသည့် စာရင်းအင်းမှတ်တမ်းတွေကတော့ နည်းနည်းနောနောမဟုတ်။ ထောင်ကျအပြစ်ပေးသည့် ဝရမ်း၊ ထောင်ကျမှတ်ပုံတင်စာအုပ်၊ လွတ်ရက်မှတ်ပုံတင် စာအုပ်၊ လျှော့ရက်ကတ်ပြား၊ နံပါတ်ကြီး၊ အထူးလျှော့ရက်ပေးစာအုပ်၊ တံခါးလူဝင်လူထွက်စာရင်း၊ နေ့စဉ်အစီရင်ခံစာ စာအုပ်စသည်အားဖြင့် တသီတသန်းကြီးဖြစ်သည်။ လချုပ်စာရင်းကိုလည်း ဒီအတိုင်းပင်ဆက်လိမ်ရမည်ဖြစ်၏။

နောက်တစ်ကြိမ် အကျဉ်းသားတစ်ယောက် ထပ်ပြေးတော့ လွတ်ဖို့ရက်က နှစ်လလောက် ကျန်သေးသည်။ ထောင်ပိုင်ကျန်ရက်ပေးလို့ ဘယ်နည်းနှင့်မှ မဖြစ်နိုင်တော့။ အခက်တွေ့ပြီ။ သို့နှင့် ရုံးချုပ်သို့ ကြေးနန်းရိုက် တိုင်မည်လုပ်သောအခါ တာဝန်ရှိသူ တပ်သားက ပထမလုပ်ခဲ့သည့် အစဉ်အလာကို လက်ညှိုးထိုးလာပြီပေါ့။ သူ့အမှုကျမှ တိုင်လျှင် ပထမအမှု ပြန်ဖော်မယ်ပေါ့။ ဒီတော့ ထောင်ပိုင်နှင့်ထောင်မှူးတို့ မျက်စိမှိတ်ပြီး အလွတ်ပြကာ လိမ်လိုက်ရပြန်သည်။ အစရှိ အနောင်နောင်။ ယင်းကဲ့သို့ လိမ်၍ စာရင်းပြခဲ့သည့် အကြိမ်ပေါင်း လေးငါးကြိမ်အရောက် ထောင်ပိုင်အဟောင်းပြောင်း၍ အသစ်တစ်ယောက် ရောက်လာသည်။ (ပထမ ထောင်ပိုင်၏ ဒုတိယနှင့်နောက်ဆက်တွဲအမှားများ။)

ဒုတိယ ထောင်ပိုင်၏ ပထမအမှားကို ကျူးလွန်ပုံမှာမူ နည်းနည်းပဟေဠိဆန်နေသည်။ အဘယ့်ကြောင့်ဆိုသော် သူက ထောင်ပိုင်အသစ်။ ဘယ်သူ့ကိုမှ ကြောက်စရာမလို ငဲ့ကွက်စရာအကြောင်းမရှိ။ သူ့ကို အကျပ်ကိုင်လို့လည်း မရသေး။ သို့ပါလျက် ဘာကြောင့်များ ဒီအမှားကို စတင်ကျူးလွန်မိပါလိမ့်။ တစ်ခုတည်း စဉ်းစားစရာရှိသည်မှာ သူ၏လက်အောက်တွင်ရှိနေသည့်ထောင်မှူးမှာ ပထမထောင်ပိုင်လက်ထက်ကတည်းက ရှိနေသည့် ထောင်မှူးပင်ဖြစ်သည်။ အကျဉ်းသားပြေးရာတွင် ထောင်ပိုင်တစ်ဦးတည်း တာဝန်ရှိသည်မဟုတ်။ ထောင်မှူးမှာလည်း သူ့အဆင့်နှင့်သူ တာဝန်ရှိသည်။

http://www.cherrythitsar.org



မှတ်တမ်းမှတ်ရာများတွင် ထောင်ပိုင်လက်မှတ်နှင့်ယှဉ်၍ သူ၏လက်မှတ်များလည်း ရှိနေ၏။ ဒီတော့ ကြက်သွန်တစ်တက်မက လေးငါးခြောက်တက်စားပြီး ဖြစ်နေသော ထောင်မှူးအပေါ် ဘယ်လို ငဲ့ညှာထောက်ထား မလွန်ဆန်နိုင်စရာအကြောင်း ရှိလို့များ မသိ။ (ဒုတိယထောင်ပိုင်၏ ပထမ အမှား။) ဒီလိုနှင့် တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန် ဆိုပြီး မျက်စိကို စုံမှိတ်ကာ တစ်တက်ပြီးတစ်တက် စားခဲ့ရာက နောက်ဆုံး ငရုတ်သီးအတောင့်လိုက် ကိုက်မိပြီဆိုတော့ မရှုနိုင်မကယ်နိုင် တရှူးရှူးတရှဲရှဲ မျက်ကလဲဆန်ပျာ ဖြစ်ရပြီပေါ့။ ဥပဒေနှင့် မလွတ်ကင်းသည့် ကိစ္စတစ်ခုကို လက်အောက်ငယ်သားများနှင့် ပူးတွဲပြီး လုပ်ရသည့်အလုပ်မှာ နောင်ရေးအတွက် ဘယ်လောက် ရင်လေးစရာကောင်းကြောင်း သင်ခန်းစာ မယူထိုက်ကြပေဖူးလား။

ဘယ်လိုပဲဖြစ်ဖြစ် ဒီလို မဆိုစလောက် အနှောင့်အယှက် အခက်အခဲကလေး တွေကလွဲရင်တော့ ကသာမှာ နေရတာ ပျော်နေတုန်းပါပဲ။ ပျော်ရုံသက်သက်သာ မဟုတ်။ သူ့ဘဝ သက်တမ်းတစ်လျှောက် ဒုလ္လဘရဟန်း သုံးကြိမ် ဝတ်ဖူးသည့်အနက် ပထမဦးဆုံးအကြိမ် ရဟန်းခံခြင်းအားဖြင့် အမြတ်ပင် ထွက်လိုက်သေးသည်။ ဒါလည်း စာဆိုတော်ခရီးနှင့် ဆက်နွယ်ကာ အထမြောက်သွားခြင်းပင်ဖြစ်၏။

ဆရာဒေါင်းနွယ်ဆွေတို့၊ ရေနံမြေဒေါ်ခင်စုတို့နှင့်အတူ ဝန်းသိုရှိ ခန္တီးဆရာ တော်ဘုရားကြီးကို သွားရောက်ဖူးမျှော်ခွင့်ရခဲ့သည်။ သက်တော် ဝါတော် ကြီးရင့်ပြီဖြစ်၍ အလွန်ကြည်ညိုဖွယ်ရာကောင်းသည့် ဆရာတော်ဘုရားကြီးဖြစ်၏။ မျက်နှာတော်မှာ ပကတိ ကြည်လင်သန့်ရှင်း အေးမြနေသည်။ ဆရာတော်ကို ဖူးမြင်ပြီး ရင်ထဲတွင် အလိပ်လိပ်တက်သည်အထိ ကြည်နူးဝမ်းမြောက်ကာ အလိုလိုနေရင်း ရဟန်းခံချင်စိတ် တဖွားဖွား ပေါ်ပေါက်လာရ၏။ ထိုအချိန်က ဘာသာရေးကို သိပ်အလေးအနက် ထားပုံ မရသေးသော ဆရာဒေါင်းပင် စိတ်လိုလက်ရ ဦးသုံးကြိမ်ချ ဝတ်ပြုခဲ့သည်ကို တွေ့မြင် ခဲ့ရသည်။ ဒီလိုနှင့်ပင် ခုနစ်ရက်တည်း ဒုလ္လဘရဟန်းခံပြီး လူပြန်တော်ဖြစ်လာသော ရန်အောင်မောင်မောင်တို့ ကသာကလူတွေ ဘယ်သူမှ မမှတ်မိကြတော့။ လမ်းတွေ့လျှင် ရှောင်သွားကြသည်။ သူ့မျက်နှာကို တစ်ချက်လှည့်ကြည့်ပြီး ရှောင်ထွက်သွားကြသည်။ နှုတ်မဆက်ကြတော့။ စက်ဘီးစီးရင်း ရန်အောင်မောင်မောင်က ပြုံးပြလျှင်လည်း ပြန်ပြုံး ပြရမလို၊ ရယ်ရမလို၊ အူတူတူ ကြောင်တောင်တောင် ဖြစ်နေကြရသည်။ ထောင်ပိုင်ကြီးနဲ့ တော့ တူသလိုလို အရှိသား။ သူ့ညီများလား။

ဘယ်လိုလဲ။ ဘုန်းကြီးလူထွက်ထောင်ပိုင်ကြီးကို ခေါင်းတုံးတုံးလိုက်ရုံနဲ့ သူ့ကို လူတွေက မမှတ်မိတော့ဘူး တဲ့လား။ မဟုတ်ရပါ။ အနှစ်နှစ်အလလ သိမ်းထားခဲ့ ရတဲ့ ကွယ်လွန်သူ သူ့မိခင်ကြီးရဲ့ဆံစုကို ရဟန်းမဝတ်မီကတည်းက ရန်ကုန်မှာ အကျ အနလုပ်ထားတဲ့ ဆံပင်တု (WIG) ကြီးကို တပ်ထားတာကိုး။ ဘယ်လိုလုပ် မှတ်မိနိုင် ကြပါ့မလဲ။ ရက်တရက်ကြည့်လိုက်လျှင် တူတော့တူသည်။ အသက် နှစ်ဆယ်လောက်

http://www.cherrythitsar.org



ပြန်ငယ်သွားသလို ထင်မှတ်ကြရသည်။

အပြင်လူတွေ မပြောနှင့်။ ရုပ်ရှင်သမားတွေပင် ခံလိုက်ကြရပုံက....

တစ်ညနေခင်း စခန်းမှူး ဦးတင်ညွန့်အိမ်မှ ဆရာဦးသုခ အမှူးပြုသည့် ရုပ်ရှင်အဖွဲ့သားများကို ညနေစာထမင်းဖိတ်၍ကျွေးသည်။ ကိုနှင်းမိုးတို့၊ ထုတ်လုပ်သူ ကိုကျင်မောင်တို့၊ မချိုတို့လည်းပါသည်။ ဦးတင်ညွန့်၏ဇနီး ဒေါ်ရင်ရင်မှာ ဧည့်သည်သရုပ်ဆောင်အဖြစ် ပါဝင်ခွင့်ရထားတော့ သူတို့ လင်မယားမှာလည်း တက်တက်ကြွကြွ။ လူကလည်း စုံသလောက်ရှိပြီ။ ရန်အောင်မောင်မောင် မလာသေးပါကလားဟု ပုလင်းဖွင့်လိုသူ ဦးတင်ညွန့်က လည်တဆန့်ဆန့်မျှော်လျက်ရှိ၏။ ထိုအချိန်မှာ ရုပ်ရှင်သရုပ် ဆောင် ဦးထွန်းရင်(ကသာ)နှင့် အသက်သုံးဆယ်ခန့်ရှိ လူရွယ်တစ်ဦးတို့ အိမ်ပေါ်သို့ တက်လာသည်။ ဦးထွန်းရင်ကို သိပြီးဖြစ်၍ လူတွေအားလုံး ဧည့်သည်လူစိမ်းကို မသိမသာ စောင့်ငဲ့ကြည့်လျက်ရှိသည်။

"ဆရာတို့နဲ့ မိတ်ဆက်ပေးရဦးမယ်။ သူက မိုးကောင်းက ကျောက်ကုန်သည် ဦးခင်မောင်ဆွေပါ။ ရုပ်ရှင်ရိုက်တာကို လေ့လာရင်း ရုပ်ရှင်လုပ်ငန်းကိုလည်း စိတ်ဝင်စားလို့ တမင်တကာ လာလည်တာပါ"

အားလုံးပင် တစ်ယောက်ချင်း လက်ဆွဲနှုတ်ဆက်ကြသည်။ ကြည့်ကွက်ကြည့်ကွက်လုပ်ကြသည်။ ဘယ်သူမှ ရုတ်ချည်းမမှတ်မိကြ။ မောင်နှင်းမိုးက....

"ဆရာမောင်မောင်လည်း မလာသေးပါလား"

"ဟုတ်တယ်၊ သူ့ကို စောင့်နေတာ ဖုန်းဆက်ကြည့်ဦးမှ"

ဦးတင်ညွန့်က ပြောပြောဆိုဆို တယ်လီဖုန်း ထဆက်သည်။ ပြန်ချပြီးနောက်

"ထွက်သွားပြီလို့ ပြောတယ်၊ လာမှာပါ။ ကျွန်တော်တို့ စနှင့်ကြရအောင်။ ဦးခင်မောင်ဆွေလည်း နည်းနည်းပါးပါးတော့ ရမှာပါ"

ဦးထွန်းရင်လည်း အာခြောက်လာပြီထင်ပါသည်။

"ရပါတယ်၊ ကျွန်တော်တို့ စနှင့်ကြတာပေါ့"

နောက်ပိုင်းကျတော့ ဦးထွန်းရင်နှင့် ရန်အောင်မောင်မောင်တို့လည်း ဘယ်လိုမှ ဆက်ပြီး ဟန်မဆောင်နိုင်ကြတော့ပါ။ သောက်ရင်းစားရင်း တခွိခွိနှင့် ရယ်နေကြရာက အလိမ်ပေါ်သွားခဲ့ရသည်။ ကသာမှာ ထိုနည်းနှင်နှင် ခံရသူတွေလည်းအမြောက်အမြား။ ခက်တာက ယင်းဆံပင်တုမှာ အမြဲတမ်းတပ်ထားလို့ ရသည်မဟုတ်။ ဆောင်းတွင်းမှာပင် နံနက်ပိုင်း အေးသည့်အချိန်လောက်သာ တပ်ထား၍ အဆင်ပြေသည်။ နေ့ခင်းပိုင်း ပူလာချိန်တွင် ချွေးဒီးဒီးကျပြီး အနေရအထိုင်ရ ခက်လှသည်။ သို့ဖြစ်၍ စွပ်လိုက်ဖြုတ်လိုက်နှင့်။

တစ်ညနေခင်း တင်းနစ်ကစားရာမှအပြန် မမျှော်လင့်ဘဲ မိုးမိလိုက်သဖြင့် အချမ်းပြေကလေးတော့ ရမ်တစ်ပက်နှစ်ပက်လောက် သောက်ဦးမှပဟု ပိန်းခြံ၏ ရန်ကုန်

စားပွဲရုံထဲသို့ ဝင်ခဲ့မိသည်။ ရမ် တစ်ပက်ကုန်ပြီး နောက်တစ်ပက် အစပျိုးနေချိန်မှာပင် တစ်ဖက်ခန်းမှ လေရရှနှင့် ပြောလိုက်သော စကားသံကို ကြားရသော ထောင်ပိုင်ကြီးမှာ လက်ထဲမှဖန်ခွက်ကို လွတ်မကျအောင် မနည်းကြီး ထိန်းထားလိုက်ရ၏။

"ဟုတ်တယ်ဗျ၊ အဲဒီ ထောင်ပိုင်ကတော်ကြီးကတော့ စံပြပါပဲဗျာ။ တစ်ခါတလေ ထောင်ပိုင်ကြီးစက်ဘီးနောက်မှာ တွေ့တယ်။ တစ်ခါတလေကျတော့လည်း ထောင်ပိုင်ကြီးညီလား ဘာလား မသိပါဘူးဗျာ၊ အဲဒီလူ စက်ဘီးနောက်မှာ အခန့်သား ထိုင်လိုက်လို့။ ကျုပ်တို့တောမြို့ကလေးအနေနဲ့ ကြည့်ရင်တော့ မျက်စိထဲမှာ ကန့်လန့်ကြီး ဖြစ်နေတာပေါ့ဗျာ...."

ထိုနေ့ထိုရက် ထိုအချိန်မှစ၍ ထောင်ပိုင်ကြီးသည် ဆံပင်တုကြီးကို ခေါင်းပေါ် မတင်ရဲတော့ပေ။

■

http://www.cherrythitsar.org



# ၆၂

နဒီဝင်္ကာ ဣတ္ထိဝင်္ကာ တဲ့။ နဒီ၊ မြစ်တို့သည်၊ ဝင်္ကာ၊ ဖြောင့်ဖြောင့်ဖြူးဖြူးမဟုတ်ဘဲ ကွေ့ကောက်ဝန်းဝိုက်၍ စီးဆင်းကုန်၏။ ဣတ္ထိယ၊ မိန်းမတို့သည်လည်း၊ နဒီ၊ မြစ်ကဲ့သို့ ဝင်္ကာ၊ အလိမ်အကောက် အလှည့်အပတ် ပရိယာယ်ဝင်္ကန္တ မြောက်မြားစွာဖြင့် လှည့်ဖြားတတ်စွာ၏။ သို့ကလို စာဆိုရှိ၏။

မြစ်တို့သည် မြင့်ရာမှ နိမ့်ရာသို့ စီးဆင်း၏။ ဒါ ကလေးဘဝကတည်းက အသိပါ။ မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာတို့သည် ပင်လယ်သမုဒ္ဒရာအတွင်းသို့ စီးဆင်းကုန်၏ ဆိုတာလည်း ကိုယ်တွေ့မျက်မြင်ပင်။ မြန်မာပြည် မြေမျက်နှာသွင်ပြင်ကတော့ မြောက်ပိုင်းကမြင့်၍ တောင်ပိုင်းက နိမ့်ဟန်တူသည်။ သို့ဖြစ်၍ မြစ် အတော်များများသည် မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းလျက်ရှိသည်။ ဒါကိုပင် အစွဲပြု၍ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ဟု ခွဲခြားသတ်မှတ်ထားပုံရသည်။

ယင်းကဲ့သို့ မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းနေသည့် မြစ်အများစုကို ဆန့်ကျင်လျက် ရှားရှားပါးပါး တောင်ဘက်မှ မြောက်ဘက်သို့ စီးဆင်းနေသည့် မြစ်တစ်စင်းက ရှိနေသေးသည်။ အဲဒီမြစ်ကတော့ 'ရွှေလီမြစ်'ပင်ဖြစ်၏။ ရွှေလီမြစ်သည် တရုတ်ပြည်တွင် မြစ်ဖျားခံခဲ့ပြီး မြန်မာပြည်တွင်းသို့ မူဆယ် နမ့်ခမ်းမြို့များအနီးမှ ဖြတ်၍ အနောက်တောင်ယွန်းယွန်းဆီသို့ စီးဆင်းဝင်ရောက်ခဲ့သည်။မိုးမိတ် မြောက်ဘက်နား အရောက်တွင် မြောက်ဘက်သို့ စီးဆင်းသွားသည်မှာ ကသာအောက် အင်းရွာ ရောက်သည်အထိဖြစ်၏။ ဧရာဝတီက အစုန်ဆိုလျှင် ရွှေလီက အဆန်၊ ရွှေလီက

http://www.cherrythitsar.org



အစုန်ဆိုလျှင် ဧရာဝတီက အဆန်။ မိုင်သုံးဆယ်လောက်တော့ ရှည်လျားလိမ့်မည် ထင်၏။

သစ်ထုတ်လုပ်ရေးပိုင် ပုံရှည်မော်တော်ကလေးသည် ရွှေလီမြစ်ရိုးအတိုင်း တောင်ဘက်မှ မြောက်ဘက်သို့ တရွေ့ရွေ့ စုန်ဆင်းမောင်းနှင်လျက်ရှိ၏။ ကသာမှ မြန်မာစာပေအဖွဲ့ကို ဦးဆောင်လျက် ရွှေလီမြစ်ရိုးတစ်လျှောက် ဝေါဟာရ ရှာဖွေစုဆောင်းရေး ခရီးထွက်ခဲ့ရာက သစ်တောဦးစီးဌာန၊ သစ်ထုတ်လုပ်ရေး ကော်ပိုရေးရှင်းတို့နှင့် သက်ဆိုင်သည့် ဆင်စခန်းတော်တော်များများကို ရောက်ခဲ့သည်။ ကျွန်းချောင်းအထက် အစုကြီးချောင်းဝကို ဗဟိုပြု၍ ခွေးယောင်ကုန်းစခန်း၊ ကျစ်ရိုစခန်း၊ နမ့်မဲချောင်း ဆင်နာရုံ စသည်တို့ပါ တော်တော်လေးနှံ့ခဲ့၏။ ဆင်နာရုံဆိုလို့ ဘာများပါလိမ့် အောက်မေ့တယ်။ လက်စသတ်တော့ ဆင်ဆေးရုံပြောတာကိုး။ အဲဒီမှာ အိုမင်းမစွမ်း သည့် ဆင်များ၊ နာမကျန်းသည့် ဆင်များ၊ ထိခိုက်ဒဏ်ရာရသော ဆင်များကို ဘွဲ့ရ တိရစ္ဆာန်ဆေးကုဆရာဝန်များဖြင့် အကျအန ကုသပေးနေခြင်းဖြစ်၏။ ဆင်များကို ကျုံးသွင်းဖမ်းချိန်နှင့် မကြုံကြိုက်သော်လည်း ဖမ်းမိပြီး ဆင်များကို သင်ကြားပေးနေပုံ၊ ကျုံးသွင်းသည့်နေရာ လေ့ကျင့်သင်ကြားပေးပြီး အရွယ်ရောက်ဆင်များကို သစ်ထုတ်လုပ်ရေးလုပ်ငန်းမှ အသက်အရွယ်နှင့် အတိုင်းအထွာတို့အရ ဝယ်ယူပုံလည်း လက်တွေ့လေ့လာခဲ့ရ၏။ ဝေါဟာရတွေကတော့ အမြောက်အမြား။

"ပွဲချိတ်ဆိုတာ ဆင်ဦးစီးရဲ့ နောက်လိုက်တပည့်ကိုပြောတာပါ။ ဆရာတို့ နားလည်လွယ်အောင်ပြောရရင် ဆင်ဦးစီးက ဆင်ဒရိုင်ဘာဆိုရင် ပွဲချိတ်က ဆင်စပယ်ယာပေါ့။ စပယ်ယာကနေ ဒရိုင်ဘာကို ပရိုမိုးရှင်း တက်နိုင်သလို ပွဲချိတ်ကလည်း ဆင်ဦးစီး ပရိုမိုးရှင်း ရနိုင်တာပေါ့"

ဆင်ခေါင်းကြီး ဦးရာညွန့်ကလည်း ခေတ်အမီသား။ ပရိုမိုးရှင်းတွေ ဘာတွေနှင့်။ အဲဒီအသံတွေ ကြားရကတည်းက ရန်အောင်မောင်မောင်၏ နားရွက်တွေ အလိုလို ထောင်လာမိသည်။ ငါဒီအသံတွေ ကြားဖူးတယ်။ ဘယ်မှာပါလိမ့်။ နေပါဦး ကြားဖူးတာလား၊ ဖတ်ဖူးတာလား သိပ်မသေချာ။ ဝေါဟာရတွေကို မလွတ်တမ်း လိုက်မှတ် ရေးသည်နှင့် ဘယ်လိုလုပ်မှ အစဖော်မရခဲ့။ ခုအပြန်ခရီး ပုံရှည်မော်တော်ဖြင့် ရွှေလီမြစ်အတိုင်း စုန်ဆင်းလာရာမှ ကောက်ကွေ့စီးဆင်းတတ်သောမြစ်၊ မာယာများပြားသော မိန်းမ၊ အစုန်နှင့်အဆန်ဖြစ်နေသော ရွှေလီနှင့် ဧရာဝတီတို့ကို ရောထွေးပေါင်းစပ်မိပြီး မထင်မရှားပေါ်လာခြင်း ဖြစ်၏။

ဟုတ်ပြီ၊ အစရပြီ။ ပွဲချိတ်တောကျော်။ တွေ့ဖူးသလား၊ ရုပ်လုံးဖော်ကြည့်ပြန်သည်။ နိုး..... နိုး။ လူကိုယ်တိုင် တွေ့ဖူးခြင်းမဟုတ်။ စာထဲမှာ ဖတ်ဖူးခြင်းဖြစ်သည်။ ဘယ်သူရေးတဲ့ စာထဲမှာပါလိမ့်။ အဲ....၊ ခုမှ ရုပ်မြင်သံကြားဖန်သားပြင်ပေါ်တွင် လိုင်းကလေးတွေဖြစ်၊ လိုင်းကလေးတွေကနေပြီး ရုပ်ပုံလွှာပေါ်လာသလို မောင်ကျော်ညွန့်၏

http://www.cherrythitsar.org



ဖြူဖြူသွယ်သွယ်နွဲ့နွဲ့ပုံကလေး အထင်းသားပေါ်လာပါတော့သည်။ မောင်ကျော်ညွန့်သည် ကသာတွင် လူသတ်မှုဖြစ်ပြီး ထောင်ဆယ်နှစ်ကျကာ မန္တလေးထောင်သို့ ရောက်လာခဲ့သည်။ သူသည် ဆယ်တန်းကျောင်းသားဖြစ်သဖြင့် ထိုစဉ်က ထောင်တွင်းမှာပင် ဆယ်တန်းစာမေးပွဲ ဖြေဆိုရန် စီစဉ်ပေးခဲ့ရာ ဆရာတက္ကသိုလ်ဘုန်းနိုင် လာ၍ စာမေးပွဲ စောင့်ပေးရသည်ကို မှတ်မိနေသေးသည်။

ထိုအချိန်က ထောင်မှူးမောင်မောင်မှာ အလုပ်ဘက်တာဝန်ခံထောင်မှူး။ ထောင်ကျမောင်ကျော်ညွန့်က အကူစာရေး။ ထောင်မှူးမောင်မောင်က စာရေးခါစ ဆိုတော့ မောင်ကျော်ညွန့်လည်း ရောဂါကူးစက်ကာ စာလိုက်ရေးသည်။ သူရေးတာက ရွှေလီမြစ်ရိုးကျစ်ရိုစခန်းက ပွဲချိတ်တောကျော်အကြောင်းဖြစ်၏။ သို့ကလို ထောင်ထဲမှာ စာစရေးပြီး စာရေးဆရာဖြစ်သွားသူတွေ ရှိခဲ့သော်လည်း မောင်ကျော်ညွန့်တော့ ဖြစ်မလာ ပါ။ ထောင်မှူးမောင်မောင်၏ ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက်တော့ ထောင်ထဲမှ ဝတ္ထုရှည်ကြီး တစ်ပုဒ်စရေးကာ ယနေ့ ရုပ်ပါစာရေးဆရာကြီး ဖြစ်ခဲ့ဖူးသည်။

မောင်ကျော်ညွန့်နှင့် စပါမည်။

တစ်ခေတ်တစ်ခါက မြန်မာပြည် တစ်နံတစ်လျားရှိ မြို့နယ်များတွင် မောင်ရွေးပွဲ မယ်ရွေးပွဲတွေ အတော်ကလေး ခေတ်စားခဲ့သည်။ ရည်ရွယ်ချက် အလွန်မွန်မြတ်ကောင်းမွန်ပါ၏။ ယောကျ်ားဆို ကျားကျားလျားလျား ယောကျ်ားပီပီသသ။ မိန်းမဆိုပြန်လည်း ကြတ္တိခနဲ့ရုပ်ဥစ္စာတဲ့။ မိန်းမပီပီသသ လှပကြဖို့။ မောင်တွေထဲက ရုပ်ရှင်သရုပ်ဆောင်ဖြစ်ခဲ့သူရှိသလို၊ မယ်တွေထဲက နိုင်ငံကျော်မင်းသမီး ဖြစ်ခဲ့သူတို့လည်း အထင်အရှား။ ကသာ မယ်ရွေးပွဲတွင် ယုယုအေးတစ်ယောက် ပါဝင်ယှဉ်ပြိုင်ခဲ့တာကတော့ ရုပ်ရှင်မင်းသမီးဖြစ်ချင်လို့ မဟုတ်သလို ဗိုလ်ကတော်ဘဝ မျှော်မှန်းလို့လည်း မဟုတ်ရပေ။ ဒါဖြင့် မိန်းမပီပီသသ အလှပြိုင်ချင်လို့လား။ ဒီလိုလည်း မဟုတ်ပါ။ တကယ်တော့ ဘာဖြစ်လို့လဲဆိုတာကို သူမကိုယ်တိုင်လည်း ပီပီပြင်ပြင် ခံစားမိပုံ မရ။ တစ်ခုတည်း ကောက်ချက်ချစရာရှိတာက ယုယုအေးသည် နေရာတကာတွင်ပေါ်ပြူလာဖြစ်ချင်တယ်ဆိုတာတော့ အသေချာဆုံးဖြစ်သည်။

ကျောင်းစာမှာ အတော်ကြီးမဟုတ်ပေမယ့် ကျောင်းကပွဲဆိုလျှင် ထိပ်ဆုံးကပါသည်။ ပြေးခုန်ပစ်အားကစားမှာလည်း ဟိုစပ်စပ်သည်စပ်စပ်။ စကားရည်လုပွဲတို့ ကျပန်းစကားပြောပွဲတို့မှာလည်း လက်မလွှတ်ရပေ။ နှစ်ပတ်လည် ဆုပေးပွဲမှာတော့ ဘေးထိုင်ငေးကြည့်နေရသည့် သစ်ကုန်သည် ဦးတိုက်လီ၊ ဒေါ်ကျင်တီတို့၏ တစ်ဦးတည်းသော သမီးကလေးအနေနှင့် ကျောင်း၏ ခေါင်းလောင်း၊ မြို့၏ ဆည်းလည်း။

မောင်ကျော်ညွန့်နှင့် တင်ထွန်းလွင်တို့ နှစ်ယောက်ကိုတော့ ယုယုအေး သူများတကာထက် အရေးပေးပါသည်။ ဒါကလည်း အကြောင်းရှိ၏။ မောင်ကျော်ညွန့်အဖေက ခရိုင်သစ်တောဝန် ဦးဘမင်း။ ဦးဘမင်းကို ယုယုအေး၏ဖခင် ဦးတိုက်လီက

http://www.cherrythitsar.org



မျက်နှာချိုသွေးနေရသည်။ တင်ထွန်းလွင်ကတော့ စက်ရှင်မင်းကြီး ဦးထွန်းလွင်သား စာတော်သည်။ စာတော်သော တင်ထွန်းလွင်တစ်ယောက် မြာပွေတတ်တာကိုလည်း မောင်ကျော်ညွန့်နှင့် ယုယုအေးပါ အသိအမှတ်ပြုပြီးသား။

"သူငယ်ချင်း၊ ဒီတစ်ပတ် ဆန်းမားဗေကေးရှင်း ရွှေလီထဲ လိုက်မလား"

"ဘာကိစ္စလဲ"

"အလည်ပေါ့ကွ၊ ကိုယ့်ဖားသားကြီး ရွှေလီဘက်ကို တောနင်းသွားမှာ။ မြို့ပေါ်မှာ ပျင်းစရာကြီး"

"ဘယ်လောက်ကြာမှာလဲ"

"မကြာပါဘူး၊ သုံးလေးရက်ပေါ့။ တောထဲမှာ ယုန်သား ချေသား ဆတ်သား အစုံစားရမယ်။ ဆင်လည်း စီးရမယ်"

"အေး.... ဆင်တော့မစီးဖူးဘူး၊ စီးကြည့်ချင်တယ်။ အိမ်ကိုပြောကြည့်ဦးမယ်"

တကယ်လိုက်ဖြစ်ပြီဆိုတော့ တောထဲမရောက်ခင် မော်တော်ပေါ်မှာကတည်းက တင်ထွန်းလွင် အပျော်ကြီးပျော်နေပြီ။ ရွှေလီမြစ်အတိုင်း မော်တော်ဆန်တက်ရင်း ပဲ့ပိုင်းတွင် ငါးမျှားချိတ်ကလေးများ စုပေါင်းချည်ပြီး တွဲလောင်းချကာ ငါးမျှားလျက် လိုက်ပါလာသည်။ မောင်ကျော်ညွန့်က ယင်းကဲ့သို့ငါးမျှားသည်ကို တစ်ခါမှ မတွေ့ဖူး။

"အဲဒါ ဘာလုပ်တာလဲကွ"

"ငါးမျှားတာလေ၊ လက်ထွန်ပစ်တယ်လို့ ခေါ်တယ်။ တို့ မြစ်ဝကျွန်းပေါ်တုန်းက အဘိုးကြီးနဲ့ ခရီးထွက်ရင်း တတ်လာခဲ့တာပေါ့"

"ငါးရသလား"

"ဟာ....သိပ်ရတာပေါ့။ မင်းစောင့်ကြည့်နေ"

ရတော့ရပါသည်။ ကြီးကြီးမားမားတော့မဟုတ်။ ငါးစင်ရိုင်းကလေးများ၊ ငါးသန်ချိပ်ကလေးများ၊ တစ်ညှိုတစ်ထွာခန့်။ ငါးစာအဖြစ် တီကောင်ကလေးများ ချိတ်ထားသည့် ငါးမျှားချိတ်ပေါင်း သုံးလေးဆယ်ဆိုတော့ တစ်ချိတ်မဟုတ် တစ်ချိတ်တွင် ငြိတွယ်ခဲ့ခြင်းဖြစ်သည်။

"တင်ထွန်းလွင်တို့ကတော့ကွာ မိန်းမပိုးတဲ့နေရာမှာသာ ဟိုတစ်ယောက် ဒီတစ်ယောက် ခြေရှုပ်တာမဟုတ်ဘူး။ ငါးမျှားတဲ့နေရာမှာလည်း တစ်ချိတ်မမိ တစ်ချိတ်မိပဲဟော့"

မောင်ကျော်ညွန့်က သူ့သူငယ်ချင်းကို သို့ကလို ဩဘာပေးခဲ့ဖူးသည်။ တောထဲမှာတော့ သူတို့ပျော်ကြပါသည်။ ပဲ့ချိတ်တောကျော်ထံမှ ဒူးလေးပစ်နည်းနှင့် ဓားပေါက်သောအတတ်တို့ကို သူတို့နှစ်ယောက်စလုံး လက်တွေ့သင်ကြား တတ်မြောက်ခဲ့၏။ မောင်ကျော်ညွန့် တာဝန်ယူခဲ့သည့်အတိုင်း တောကောင်သားတွေကတော့ မစားချင်အဆုံး။

ဆောင်းဦးပေါက် မြောက်ပြန်လေညင်းကလေး တသွင်သွင်သုတ်ဖြူးလျက်ရှိသည်။ ကသာမြို့၏ ဆိပ်ကမ်းသာအလှသည် ညပိုင်းလျှပ်စစ်မီးတွေ ထွန်းညှိချိန်ကျမှ ပိုမိုပီပြင်လာသလို ထင်ရသည်။ တစ်သွင်သွင် စီးဆင်းလျက်ရှိသည့် မြစ်မင်းဧရာကို နောက်ခံပြုလျက် ကမ်းနားလမ်းတစ်လျှောက် တည်ဆောက်ကိုးကွယ်ထားသော စေတီပုထိုးများတွင် ထွန်းညှိပူဇော်ထားသည့် လျှပ်စစ်မီးရောင်စုံများမှာ မလှမ်းမကမ်းတွင် အုပ်မိုးလျက်ရှိသည့် ဖက်စွတ်တောင်တန်းကြီးကိုပင် ထိုးဖောက်ထိန်လင်းတော့မယောင်။

မန္တလေး–ဗန်းမော် အစုန်အဆန် သင်္ဘောကြီးများကလည်း တစ်ခါတစ်ရံ တစ်စီး၊ အစုန်အဆန် ဆုံသည့်ညများတွင် နှစ်စီး ဆိုက်ကပ်ရပ်နားလေ့ရှိရာ ဆိပ်ကမ်းမှာ လူသူလေးပါး စည်ကားလျက်ရှိ၏။ ရေချိုးဆိပ်အတွက် ကုသိုလ်ရှင်များ ဆောက်လုပ်ထားသည့် အုတ်သမံတလင်း လှေခါးထစ်ကလေးများမှာ ညအချိန်အစ်ကိုကာလသားတို့ ကွန်းခိုရာ၊ ယခုခေတ်စကားနှင့်ပြောရလျှင် ဘိ တစ်ခု။

"ထိန်ဝင်း လုပ်ကွာ၊ သီချင်းတစ်ပုဒ်လောက်"

"တော်စမ်းပါကွာ၊ မင်းတို့ မယ်ဒိုလင်ကြီးက ဖီလင်အောက်ပါတယ်'

မောင်ကျော်ညွန့်က ထိန်ဝင်းကို သီချင်းဆို၍ မယ်ဒိုလင်အတီးခိုင်းရာ တင်ထွန်းလွင်က ကန့်ကွက်လိုက်၏။ မယ်ဒိုလင်ကိုင်ထားသူ ထိန်ဝင်းမှာ ဘယ်သူ့စကားနားထောင်ရမှန်းမသိ။ ဂီတရေစီးကြောင်း အပြောင်းအလဲတွင် လူငယ်လူရွယ်တို့၏ လက်ထဲရှိ မယ်ဒိုလင်နေရာ၌ ဂစ်တာများ အစားထိုး နေရာယူခါစ အချိန်ကာလ....။

မောင်ကျော်ညွန့်က မခံချင်စိတ်နှင့် ပြန်ပြောလိုက်သည်။

"ဘာလဲကွ၊ မင်းက အော်ကုလားတို့ ဂီတာအဖွဲ့ကို အားပေးချင်တဲ့ သဘောလား"

"မဆိုင်ပါဘူးကွာ၊ ဂီတာသံကိုကြိုက်ချင်တာတောင် ဒီကောင်တွေ လမ်းသရဲပုံစံမျိုးကို အော့နှလုံးနာလွန်းလို့ပါ"

ထိန်ဝင်းက သူ့ထင်ကြေး ဝင်ပေးသည်။

"မင်း အော့နှလုံးနာတာ ရိုးရိုးဟုတ်ရဲ့လားကွာ၊ ခုတစ်လော အော်ကုလား လင့်ဒ်ရှိဘာပေါ် ယုယုအေးပါပါသွားတာကိုတွေ့ရလို့ နှလုံးပိုးကိုက်ခံနေရတာများလား"

မောင်ကျော်ညွန့်ကလည်း ထောက်ခံသည်။

"ထိန်ဝင်းပြောတာ ဖြစ်နိုင်တယ်။ ယုယုအေးကလည်း အော်ကုလားကို ဖေဗာပေးရမယ်လေ။ အော်ကုလားအဖေ ဆင်ခါလစ်က မယ်ရွေးပွဲအဖွဲ့မှာ ဥက္ကဋ္ဌမဟုတ်လား"

မလှုပ်စိတ်တူ တင်ထွန်းလွင်တစ်ယောက် ငြိမ်သွားပုံထောက်တော့ ဒါပဲဖြစ်ရမည်ဟု သူငယ်ချင်းနှစ်ယောက် ကောက်ချက်ချမိကြ၏။ အော်ကုလား ခေါ် သန်းမြင့်ဆိုတာက ဆင်ပိုင်ကြီးဦးခါလစ်၏ တစ်ဦးတည်းသောသား။ ထိန်ဝင်းတို့နှင့်ကျောင်းနေဖက် သူငယ်ချင်း။ သူက ကျောင်းစာမတော်လှပေမယ့် အားကစားဘက်မှာထူးချွန်သား။

http://www.cherrythitsar.org



အလေးမသည်။ ဂျူဒို ကရာတေးလည်း ဝါသနာပါသည်။ ကိုးရိုးကားရား ဝတ်ဆင် တတ်တာလေးနှင့် ဂီတာလေးတဒေါင်ဒေါင် ခေါက်တတ်တာကတော့ သူ့ခေတ်သူ့အခါ ကာလသားသမီးတွေ ဝါသနာပေပဲ။ တစ်နေ့တွင် တင်ထွန်းလွင်က သူ့စိတ်ထဲရှိသမျှ ဖွင့်အန်ချမိသည်။

"ယုယုအေး၊ နင် ဒီအကောင်နဲ့ ဘာပြုလို့ ဒါလောက် တွဲတွဲနေတာလဲ"

"ငါ တွဲချင်လို့တွဲနေတာပေါ့။ နင် ယောကျ်ားတစ်ယောက် လုပ်နေပြီး အဲဒီလို အူမတိုချင်စမ်းနဲ့"

"အဲဒီလို ပစ်စလက်ခတ် မပြောပါနဲ့ ယုယုအေးရယ်။ ငါ နင့်ကို ဘယ်လောက် ချစ်တယ်ဆိုတာ နင်သိသင့်ပါတယ်"

"တော်စမ်းပါ တင်ထွန်းလွင်ရယ်။ အဲဒီအပြောတွေက နင့်ပါးစပ်က ထွက်နေ ကျ မုသားကိန်းဂဏန်းတွေ မဟုတ်လား။ နင် မိန်းကလေး ဘယ်နှစ်ယောက်ကို တစ် ပြိုင်တည်း ပြောနေတယ်ဆိုတာ ငါမကြားချင်အဆုံး"

"ဘာပဲဖြစ်ဖြစ် နင့်ကိုတော့ ငါအသည်းနင့်အောင် ချစ်နေတာပါဟယ်"

"ဒါလည်း နင့်ရဲ့ ဖော်မြူလာတစ်ခုပဲ။ ဒီမှာ တင်ထွန်းလွင်၊ ရွှေမန်းတင်မောင် မင်းသမီးငါးလက်နဲ့ တွဲနေတာက ဇာတ်ခုံပေါ်မှာဟဲ့"

"ဒါဖြင့် ငါတောင်းထားတဲ့ အဖြေကို မပေးဘူးပေါ့"

"ဒီလိုလည်း ငါမဆိုဘူးလေ၊ ငါစဉ်းစားမယ်လို့ ပြောပြီးသားပဲ"

"အော်ကုလားကိုကော"

"သူက နင့်လိုတောင် ချစ်ရေးမဆိုသေးဘူး။ သူက လူတစ်မျိုးစားပဲ"

"ချစ်ရေးဆိုလာရင်ကော"

"ဒါလည်း စဉ်းစားရမှာပဲပေါ့"

လူဆိုတာကလည်းအခက်သား။ မရဘူးဆိုလေ လိုချင်လေလေ။ လွယ်လွယ် နဲ့ ရတာမျိုးကို သိပ်တန်ဖိုးမထားချင်တတ်ကြ။ ဒါကိုသိလို့ ယုယုအေး တမင်သက်သက် ဈေးကိုင်တာတော့ လုံးဝမဟုတ်။ သူတို့အထဲတွင် အထူးခြားဆုံးအကျင့်စရိုက် ပိုင်ရှင် မှာ မောင်ကျော်ညွန့်ဖြစ်၏။ သူက အသားဖြူဖြူ သွယ်သွယ်လျလျ ပိန်ပိန်ပါးပါး အရပ်လည်း ခပ်ပြတ်ပြတ်။ သူသည် မောင်နှမသားချင်း ခုနစ်ယောက်ရှိသည့်အနက် အကြီးဆုံးဆိုလျှင် မမှားသလို၊ အငယ်ဆုံးဆိုလျှင်လည်း မှန်နေပြန်၏။ ခပ်ရှုပ်ရှုပ် ပဟေဠိ ဆန်သွားပြီ။ ရှင်းဦးမှ။

ခရိုင်သစ်တောဝန်ဦးဘမင်း၏ဇနီး ဒေါ်ခင်ခင်ကြီးက မွေးထားသည့် သားနှစ် ယောက်၊ သမီးနှစ်ယောက်အနက် မောင်ကျော်ညွန့်က အငယ်ဆုံး။ ဒေါ်ခင်ခင်ကြီး ပဥ္စမမြောက် ကိုယ်ဝန်ဆောင်ပြီး မီးမဖွားနိုင်၍ ကွယ်လွန်သွားပြီးနောက် ဦးဘမင်းနှင့် ခယ်မဖြစ်သူ ဒေါ်ခင်ခင်လေးတို့ လက်ဆက်၍ သမီးနှစ်ယောက်၊ သားတစ်ယောက်

http://www.cherrythitsar.org



မွေးဖွားပြန်ရာ မောင်ကျော်ညွှန့်မှာ တစ်နှစ်ခွဲသာသာ နှစ်နှစ်နီးပါး ရှိညှာဖြစ်နေသဖြင့် ရန်ကုန်ရှိ အဘိုးအဘွားများက တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်ထားခဲ့ကြသည်။ ဒေါ်ခင်ခင်လေးနှင့် သားတစ်ယောက် သမီးတစ်ယောက် ရပြီးချိန်တွင် ဦးဘမင်း၏ စိတ်ထဲ တစ်မျိုးတွေးပြီး ပူလာ၏။ ကလေးက ငါးနှစ်ကျော်၍ ခြောက်နှစ်ထဲဝင်လာပြီ ဖြစ်ရာ ကျောင်းထားရတော့မည်။ အဘိုးအဘွားထံ ဆက်ထားလျှင် ဒီကလေး သင်းကွဲ ကလေး ဖြစ်နေမည်။ ကျန်တဲ့ကလေးတွေနှင့် စိတ်ဝမ်းကွဲကုန်မှဖြင့်။ မဖြစ်သေးဘူး။ ပြန်ခေါ်ထားမှ။ သက်မဲ့ပစ္စည်းကိုသာ ဖွတ်အတင်း ထိုးထည့်ထားလို့ ရကောင်းရမည်။ သက်ရှိ လူသားဆိုတာ တစ်မျိုးတစ်ဘာသာ။ မောင်ကျော်ညွှန့်ကို ကျန်သည့်မိသားစုက အကြီးဆုံးနေရာတွင် မထားနိုင်ကြသလို အငယ်ဆုံးရယ်လို့လည်း အရေးမပေးနိုင်ခဲ့ကြ။ အကြီးတွေအတွက် သူ့ထက်အငယ်ရှိနေသေးသလို အငယ်တွေအတွက်လည်း သူ့ ထက် အကြီးတွေရှိနေသေးသည်။ အဲဒီမှာ မောင်ကျော်ညွှန့်အတွက် အလယ်လူ အူနဲ့ ဟောင်းလောင်း ဘဝ ဆိုက်ရောက်ခဲ့ရပြီ။ အနေကျပ်ခဲ့ရပြီ။

နောက်ဆုံးတော့ မောင်ကျော်ညွှန့်မှာ ပုံစံတစ်မျိုး ထွက်လာသည်။ လူကြည့် တော့ ကန္တဲ့ကလျနှင့် လူနုလူအေး။ သူကြမ်းချင်လျှင် တခြားသူငယ်ချင်းတွေ လိုက်မမီ အောင် ဝုန်းဒိုင်းကြဲပစ်တတ်သည်။ ကသာမောင်မယ် ရွေးပွဲတုန်းက ဖြစ်ရတဲ့ကိစ္စကိုပဲ ကြည့်။ အမှန်က သူ့အနေနဲ့ အနေသာကြီး။ မြင်းကမလှုပ်၊ ခုန်ကလှုပ်။ အိုးကမပူ၊ စလောင်းကပူ ဘောင့်မဲ့ကြောင့် ဘမုတိအတွက် ဝေက်က ကြားဝင်ခံချင်ရတာလဲမသိ။

ယုယုအေး စင်ပေါ်တက်သည်နှင့် သူတို့အဖွဲ့ စလောင်းကြသည်။ အသံသေး အသံကြောင်များဖြင့် ပေါက်တက်ကရ မဖွယ်မရာ အော်ကြဟစ်ကြသည်။ အဲဒီမှာ အော်ကုလားတို့အဖွဲ့နှင့် ထိပ်တိုက်တွေ့ကြတော့ မောင်ကျော်ညွှန့်တို့လူသိုက် အထိ နာခဲ့ကြသည်။ ဟိုက ဂျူဒိုကရာတေး ကိုယ်ခံကလေး တတ်ထားသူတွေ မဟုတ်လား။ ထိုအချိန်က မောင်ကျော်ညွှန့်နှင့် တင်ထွန်းလွင်တို့ ပဲ့ချိတ်တောကျော်ထံမှ ဓားပေါက် ပညာ မသင်ကြရသေး။ ရွှေလီမြစ်ရိုးမှ ပြန်လာပြီးကတည်းက သူတို့နှစ်ယောက် လက်ယားနေကြသည်။

"ဒီတစ်ပတ်ကျောင်းပိတ်ရက် တို့ဘယ်မှာ ပရိုက်တစ်စ်လုပ်ကြမလဲ၊ ငါ့အိမ် မှာတော့ အဘိုးကြီးရှိနေတယ်"

"ငါ့အိမ်လာခဲ့လေ။ ဖားသားကြီး ကောလင်းဘက်ကို တရားရုံးစစ်ဖို့ သွားနေ တာ ပြန်ရောက်မှာ မဟုတ်သေးဘူး"

"အိုကေ.... ကောင်းတယ်"

ကျောင်းပိတ်ရက်များတွင် သူတို့နှစ်ယောက် ဓားပေါက်လေ့ကျင့်နေကျ။ မောင်ကျော်ညွှန့်၏အဖေက ဆူထားသဖြင့် တင်ထွန်းလွင်၏အိမ်သို့ သိုက်ပြောင်းရခြင်း ဖြစ်သည်။ သစ်တောဝန်နှင့် စက်ရှင်မင်းကြီးတို့ နေအိမ်များမှာလည်း ခြံကြီးဝင်းကျယ်နှင့်

http://www.cherrythitsar.org



တခမ်းတနား။ စက်ဘီးစီးတတ်ခါစ စက်ဘီးပေါ်မှ မဆင်းချင်သလို၊ ကားမောင်းတတ်ခါစ ကားမြင်တိုင်း တက်မောင်းချင်သလို၊ ဓားပေါက်တတ်ကာစ မောင်ကျော်ညွန့်နှင့် တင်ထွန်းလွင်တို့မှာလည်း လက်တည့်စမ်းချင်နေကြသည်။

"ကျောင်း ကထိန်ကျရင် ဒီကောင်နဲ့ တွေ့ကြသေးတာပေါ့ကွာ"

"ဟုတ်တယ်၊ အဲဒီပွဲမှာ ယုယုအေးတို့က ဥမ္မာဒန္တီဇာတ် ကကြမယ်လို့ ပြောတယ်"

သို့သော် ကျောင်းကထိန် မရောက်လိုက်ပါ။ ဒီကြားထဲမှာပင် ကြမ္မာက ဝင်လာသည်။ ဝင်လာသည့်ကြမ္မာမီးကို စတင်မွေးသူက ယုယုအေး။

"မင်းဟာ သေချာရဲ့လား။ တင်ထွန်းလွင်"

"သေချာပါတယ်ကွ၊ စာထဲမှာ အတိအကျရေးထားတာပဲ"

"ဘယ်လိုရေးထားလို့လဲ"

"ကျောင်းရဲ့ မြောက်ဘက်ဇလီကြီးနားက ညောင်ပင်ကြီးအောက်က စောင့်နေပါတဲ့။ သူတစ်ယောက်တည်းတော့ မလာရဲဘူးတဲ့။ သိဝိမင်းလုပ်တဲ့ ဥမ္မာလွင်ကိုပါ ခေါ်ခဲ့မယ်တဲ့"

"ဘယ်မလဲ မင်းစာ ပြစမ်းပါဦး"

"မပါခဲ့ဘူးကွ။ အိမ်မှာ ကျန်ရစ်ခဲ့တယ်"

မောင်ကျော်ညွန့်က လက်မှနာရီကို ကြည့်လိုက်သည်။

"အင်း.... ခုမှ ဆယ်နာရီခွဲပြီးစ ရှိသေးတာ။ လာပါလိမ့်မယ် ထင်ပါရဲ့။ ချိန်းထားတာက ဆယ်နာရီခွဲနော်"

"အင်း.... ဇာတ်တိုက်အပြီး နေမှာပေါ့"

မယ်ရွေးပွဲတွင် နှစ်သိမ့်ဆုကလေးပင် မချိတ်ရသော ယုယုအေးသည် မယ်ရွေးပွဲဥက္ကဋ္ဌကြီး ဆင်ခါလစ်ကိုရော သူ့သား အော်ကုလားကိုပါ စိတ်အနာကြီး နာသွားဟန်တူသည်။ အော်ကုလားကို အကပ်မခံတော့ဘဲ တင်ထွန်းလွင်နှင့်သာ ပြောင်ပြောင်တင်းတင်း တွဲပြသည်။ ယခုနောက်ဆုံး စာနှင့်ရေး၍ ချိန်းတွေ့သည်အထိ။

အစိုးရအထက်တန်းကျောင်းနှင့် ကုလားဇလီကြီးကြားတွင် ညောင်ပင်များ ကုက္ကိုပင်များနှင့် ချုံနွယ်ပိတ်ပေါင်း အတော်လေး ထူထပ်သည်။ လပြည့်ကျော် ငါးရက်နေ့ ည ၁၀ နာရီခွဲဆိုတော့ ထန်းတစ်ဖျားသာသာခန့် ပေါ်ထွက်လာသည့် လရောင်ရိပ်မှာ သစ်ပင်များကြား ပြိုးပြိုးပြောက်ပြောက်သာ ထွန်းလင်းနိုင်၏။ ဧရာဝတီမြစ်ပြင်ကို ဖြတ်၍ တိုက်ခတ်လာသော လေပြည်ကလေးက တဖြူးဖြူး။

"ဟော့.... ဟိုမှာ လာနေပြီကွ"

သူတို့နှစ်ယောက် သေသေချာချာကြည့်လိုက်တော့ တရွေ့ရွေ့လာနေသော လူရိပ်က လေးခု။

http://www.cherrythitsar.org



သူတို့နှစ်ယောက် စကားအချီအချပြောနေစဉ် ဆယ်ကိုက်ခန့်အကွာ လရောင်ဖြင့် လူရိပ်ကွဲလာသည်။ ယုယုအေးတို့မဟုတ်။ ယောကျ်ားကလေးတွေ။ တင်ထွန်းလွင်က အသံတုန်တုန်ယင်ယင်ဖြင့်၊

"ဟော့ကောင်၊ လစ်ရအောင်"

"အသာနေ၊ ဘာလို့လစ်ရမှာလဲ"

မောင်ကျော်ညွန့် ပြောပြောဆိုဆို သူ၏လက်ထဲရှိ ဓားနှင့် လှမ်းပေါက်လိုက်သည်။ လက်မောင်းတစ်ဖက် စိုက်သွားသည်။ အော်ကုလားတော့မဟုတ်။ အော်ကုလားနှင့် နှစ်ယောက် သူတို့ဆီပြေးဝင်လာသည်။ မောင်ကျော်ညွန့်က ထွက်ပြေးမည့်ဆဲဆဲ တင်ထွန်းလွင်လက်ထဲမှဓားမြှောင်ကို ဆတ်ခနဲဆွဲယူလိုက်ပြီး နောက်ထပ်ပစ်မည်အလုပ် အော်ကုလားတို့သုံးယောက် သူ့ကို ဝိုင်းပြီးဖြစ်နေ၏။ လူကြောက် တင်ထွန်းလွင်ကတော့ ထွက်ပြေးပြီ။

သုံးယောက်နှင့်တစ်ယောက် ကြောက်ကန် ကန်ရုန်းမှတစ်ပါး အခြားနည်းလမ်းမရှိပြီ။ ဇာတ်ပေါင်း၍ စာရင်းချုပ်လိုက်သော် ဂျူဒိုကရာတေးဆရာကြီး အော်ကုလားတစ်ယောက် မောင်ကျော်ညွန့်၏လက်ချက်နှင့် အူပွင့်ကာ ဆေးရုံအရောက်တွင် ဇီဝိန်ကြွေခဲ့သည်။ သူ၏အဖော်တစ်ယောက် လက်မောင်းတွင် ဓားဒဏ်ရာ ရခဲ့သည်။ မောင်ကျော်ညွန့်မှာမူ ထောင် ၁၀ နှစ် ကျခဲ့ရလေသတည်း။

နောက်ပိုင်းကျမှ လူပြောသူပြောနှင့် သိရသည်မှာ 'မိုက်ရင်ချလင်း အင်သီတောကွင်း' ဗွီဒီယိုဇာတ်လမ်းကို ရိုက်ကူးပြီး ခဲတစ်လုံးတည်းနှင့် ငှက်နှစ်ကောင်ကို မှန်အောင်ပစ်နိုင်သော ဒါရိုက်တာကြီးကား အကယ်ဒမီယုယုအေး ဟူသတတ်။

■

# ၆၃

ကူးစက်တတ်တဲ့ ရောဂါတွေထဲမှာ စာရေးချင်တဲ့ရောဂါကိုလည်း နောက်တိုးအဖြစ် ဖြည့်စွက်သင့်သည်ထင်၏။ နောက်ပိုင်းကျမှ ဖြစ်တာ မဖြစ်တာ အပထား။ သူများ စာရေးတယ်ဆိုလို့ လိုက်ရေးချင်တဲ့လူကတော့ အများသား။ ကြုံဖူးကြပါလိမ့်မည်။

"အေးဗျ၊ ကျုပ်လည်း စာရေးမယ်စိတ်ကူးနေတာ၊ အချိန်မရတာနဲ့" ဆိုတာက တစ်မျိုး။

"ဟုတ်တယ်၊ ကျုပ်လည်း ငွေပိုငွေလျှံကလေး သုံးရအောင် စာရေးဦးမှဗျာ" ဆိုသူကတစ်ဖုံ။

စာရေးခြင်းတည်းဟူသော အတတ်ပညာကို တခြားအသက်မွေးဝမ်းကျောင်း အလုပ်တွေနှင့် တစ်ပြေးတည်းထားပြီး ပါးစပ်ဖျား လွှာလွှာကလေး ပြောတတ်ကြသူတွေ အမြောက်အမြား။ သူတို့လိုလူစားတွေအကြောင်း ဆရာသော်တာဆွေ မကြာခဏ ရေးခဲ့ဖူးပါသည်။

ထောင်မှူးမောင်မောင်တို့ စာရေးစကလည်း လုပ်ဖော်ကိုင်ဖက် ထောင်မှူးတစ်ယောက်ကို တွေ့ဖူးသေးသည်။ ထိုစဉ်က ထောင်ထဲတွင် စာရေးဆရာကြီးတစ်ဦး နိုင်ငံရေးမှုဖြင့် ရောက်နေ၏။ ထောင်မှူးမောင်မောင်သည် အဆိုပါစာရေးဆရာကြီး ရေးခဲ့သောစာများကို စစ်ကြိုခေတ်ကတည်းက စွဲစွဲမြဲမြဲဖတ်ခဲ့ဖူး၍ အလွန်ကြိုက်ပါသည်။ လေးစားကြည်ညိုလှပါသည်။ သို့သော် တာဝန်အရ ဆက်ဆံရသည်မှတစ်ပါး နိုင်ငံရေးအမှုဆိုတော့ အနားသိပ်မကပ်ရဲ။

http://www.cherrythitsar.org



အဆိုပါ စာရေးချင်တဲ့ရောဂါပိုး ထနေသည့် ထောင်မှူးကတော့ ဗလာစာအုပ်ကလေး ကိုင်ကိုင်ပြီး နေ့စဉ်နေ့တိုင်း ဆရာကြီးထံ သွားသွားနေခဲ့သည်။ နောက်ပိုင်း စာရေးဆရာကြီး လွတ်သွားတော့ သူ့ရောဂါပိုး သေသွားသလားမသိ။ စာရေးဆရာ လည်း ဖြစ်မလာခဲ့။ အတုမြင်အတတ်သင်ဆိုပေမယ့် ဒီအတတ်ပညာမျိုးက လွယ်လွယ် နှင့် မတတ်လာတာတော့အမှန်။ ပါရမီခံလို့ ဆိုရမလား။ ဗီဇမျိုးစေ့လို့ ဆိုရမလား။ မျိုးစေ့လို့ ဆိုရအောင်ကလည်း နေရာဒေသမရွေး ချစိုက်လို့ ပေါက်တတ်သည့်အပင်မျိုး မဟုတ်။ ဒူးရင်းတို့၊ မင်းဂွတ်တို့လို ရေမြေဒေသ ရာသီဥတု ရွေးသေးသည်။

အတုမြင် အတတ်သင်ဆိုတော့ မောင်မောင်တို့ ငယ်ငယ်က မွေးရပ်မြေမှာ အတုခိုးခဲ့ကြပုံကို ပြန်ပြောင်းသတိရမိသေးသည်။ တစ်ယောက်က ပုလိပ် (ယခုခေတ်ရဲ) ဆို ယောကျ်ားလေးတွေအကုန် ပုလိပ်ထဲ ဝင်လိုက်ကြသည်။ မိန်းကလေးတစ်ယောက် ဆေးလိပ် လိပ်တော့ အကုန်လိုက်လိပ်ကြပြန်သည်။ ကျောင်းဆရာခေတ်ရောက်လာပြန်တော့ သူတို့တစ်တွေ ဆရာဆရာမ ဖြစ်ကုန်ကြပြန်သည်။ ရှေးက ယောကျ်ားဖျင်းတော့ ပုလိပ်၊ မိန်းမဖျင်းတော့ ကွိတ်ဟု အဆိုရှိခဲ့ဖူးသည်။ တော်ပါသေးသည်။ 'ကွိတ်' မဖြစ်ကုန်လို့။ 'ကွိတ်'ဆိုတာ မိန်းမရှုင်။

ခုခေတ် လူငယ်တွေက အတုခိုး ပိုမြန်သေး။ ရုပ်မြင်သံကြားထဲက စုံထောက်ဇာတ်လမ်း သီအေတင်းမ်ထဲက ခေါင်းတုံးထက်ခြမ်းရိပ်ပြီး လက်ချောင်းပြည့် လက်စွပ်များဝတ်ထားသော နီဂရိုးသရုပ်ဆောင်ကြီး မစ္စတာတီကို ဘာကြောင့်များ အတုမခိုးကြသေးပါလိမ့်။

ကသာမှာ လူသတ်မှုဖြစ်ပြီး ထောင်ရောက်လာတဲ့ မောင်ကျော်ညွန့်လည်း ထိုနည်းလည်းကောင်းပါပဲ။ သူ့မျက်စိအောက်မှာ ထောင်မှူးမောင်မောင် စာရေးနေတာမြင်တော့ အတုမြင်အတတ်သင်ခဲ့တာပေါ့။ ဒါလည်း တကယ်တော့ သူ့ရင်ထဲမှာ နင့်နင့်နဲနဲ ခံစားချက်ကလေးရှိနေလို့သာပါ။ သူသည် ဖခင်ဖြစ်သူ ခရိုင်သစ်တောဝန် ဦးဘမင်းနှင့်အတူ ရွှေလီမြစ်ရိုး သစ်တောကြိုးဝိုင်းသို့ အလည် လိုက်သွားခဲ့ဖူးသည်။

'ဆဒ္ဒန်အိုင်သာ ရွှေကြာညီးလို့လင်း.... သောင်တင်းလေ....သောင်တင်းလေ.... သောင်တင်းလေ၊ ငှက်တော်.... တီတီတွတ်ကယ်နှင့်သာ၊ ချည်ခင်စွပ်ကယ်....ဖော်ပြ ဟစ်ကြွေးကာ၊ မြစ်တွေးမှာ ချစ်ရေးငယ်သာ....'

ဧရာဝတီမြစ်နှင့် ရွှေလီမြစ်တို့ဆုံစည်းရာ အင်းရွာမြစ်ဆုံမှ ရွှေလီမြစ်ရိုးအတိုင်း တရွေ့ရွေ့ဆန်တက်သွားမည်ဆိုလျှင် တစ်ဖက်တစ်ချက်၌ အားရဖွယ်ရာ မြန်မာ့အဖိုးတန် ရတနာသိုက်ကြီးများဖြစ်သည့် သစ်တောကြိုးဝိုင်းကြီးများကို အပြိုင်းအရိုင်း တွေ့ရမည်ဖြစ်သည်။ ရေမြေတောတောင်သဘာဝအလျောက် တောရှိလျှင် ဆင်ရှိသည်။ ဆင်မရှိလျှင်လည်း သစ်ထုတ်ရန် ပို့ထားရမည်ဖြစ်၏။ ယခု ရွှေလီကြိုးဝိုင်းမှာ တကူးတက ပို့နေရန်မလိုဘဲ ဆင်ရိုင်းများကို နည်းမျိုးစုံနှင့် ဖမ်းဆီးနိုင်သည့်နေရာမျိုးဖြစ်သည်။

http://www.cherrythitsar.org



'သန္တာရိုးတံ၊ မင်းစံရွှေပွင့်၊ ကိုးဆင့်နဝရတ်၊ ဘုံပြာသာဒ်သို့၊ တမွတ်စွင့်စွင့်၊ ပင်လုံးပွင့်သော အင်ကြင်းပင်ပျို၊ မြရွက်ညို့၌ ဆိုသကဲ့သို့ အင်ကြင်းပန်းတွေကလည်း ပင်လုံး လန်းလျက်ရှိသည်။ ဆင်ရယ်၊ အင်ကြင်းပန်းရယ် ပေါင်းစပ်လိုက်သောအခါ ကြာမျိုးငါးပါးနှင့် ပန်းပေါင်းစုံလှသည့် ဆဒ္ဒန်အိုင်အတွင်း ပဒုမ္မာကြာစွယ်ကို စားလိုက်၊ ကြာမုံတို့၏ ဝတ်ဆံတို့ကို အပေါ်သို့ ဖြန့်ကျဲလိုက် လုပ်နေသည့် မောင်းသောအစွယ်ပိုင် ရှင် ဆင်ဖြူတော်ဆဒ္ဒန်ဆင်မင်းနှင့် ဆင်မိဖုရားနှစ်ပါးဖြစ်သော မဟာသုဘဒ္ဒါနှင့် စူဠ သုဘဒ္ဒါတို့၏ ပုံသဏ္ဌာန်များ ထင်ဟပ်လာရပေလိမ့်မည်။ တောကျော်၏ နော်ပယ်ရီ ကူးကိုတော့ စူဠသုဘဒ္ဒါလို မုဆိုးတစ်ပိုင်းမိန်းမရိုင်းကြီးရယ်လို့ မဆိုသာပါချေ။ နော် ပယ်ရီကူးသည် တောကျော်အပေါ်တွင် မုန်းပင်ပျိုး၍ မုန်းမိုးဆွေခဲ့သူလည်း မဟုတ်။ ရန်ငြိုးရန်စ ရန်ကြွင်းရယ်လို့လည်း စိုးစဉ်းမျှမရှိခဲ့စဖူး။

ကြာရိုးကြာစွယ် ကြာဝတ်မှုန်နှင့် အင်ကြင်းပန်းတို့ မပါပေမယ့် တောကျော်နှင့် နော်ပယ်ရီကူးတို့ ဇာတ်လမ်းအစမှ ဆုံးခန်းတိုင်သည့်တိုင်အောင် 'ပွဲစမိတ်'ဆိုသည့် ဆင်မကြီးတော့ ပါခဲ့သည်။ ရွှေလီမြစ်အတိုင်း ဆန်တက်သွားလျှင် အင်းကြီး၊ လေဘိုသို့ ရောက်သည်။ အင်းကြီးက ကသာမြို့နယ်၊ လေဘိုက မြစ်တစ်ဖက်ကမ်း မိုးမိတ်မြို့ နယ်။ အမှန်တော့ ရှေးမြန်မာမင်းများ လက်ထက်တော်က လေ့ဗိုလ် (ယခုခေတ်) ရေဗိုလ်များ နေခဲ့သည်ဆို၏။ အင်းကြီးလေဘိုအထက်တွင် ပွဲစမိတ် သစ်တောနယ်ရှိ၍ အဆိုပါနယ်မှ ဖမ်းမိလာသော ဆင်ကြီးကို 'ပွဲစမိတ်'ဟု အမည်ပေးထားခြင်းဖြစ်သည်။

ပွဲစမိတ်နှင့် တောကျော်တို့မှာ လူနှင့်ဆင် ဘဝချင်းခြားနားသော်လည်း တစ် နယ်တည်းသားချင်းများဟု ဆိုရမည်။ အဘယ့်ကြောင့်ဆိုသော် တော်ကျော်မှာလည်း ရွှေလီမြစ်ကမ်းနဖူး သစ်ဆိပ်ဝါးဆိပ်ရွာငယ်ကလေးဖြစ်၍ အိမ်ခြေအစိတ်ခန့်မျှသာ ရှိ သည်။ ခိုတာရွာမှ တစ်နေ့ခရီး ပြင်းပြင်းနှင်လျှင် ကြိမ်တော၊ ဝါးတောရောက်သည်။ မျှင်ဝါး၊ ကြသောင်းဝါး၊ သိုက်ဝါး၊ ဝါးပိုးဝါး မျိုးစုံရှိသည်။ ဝါးခုတ်ရသည့် လုပ်ငန်း မှာလည်း အန္တရာယ်အများသား။ ဝါးတောမှာ သစ်တောလို မဖြောင့်ဖြူးဘဲ ဟိုဘက် တိမ်း သည်ဘက်ယိုင်နှင့် ပေါက်ချင်သလိုပေါက်နေသောဝါးများကို ကျွမ်းကျင်မှု အားပြု ပြီး ခုတ်ရခြင်းဖြစ်၏။ ကိုင်းနေသည့်ဝါးကို ခုတ်လိုက်လျှင် ကန်ပြီး စူးတတ် ရှတတ် သည်။ အပေါ်က ပြန်ကျလာသည့်ဝါးချွန်များ ရင်ဝရင်ညွန့်တည့်တည့် ဝင်စူးတတ်ပြီ ဆိုမှဖြင့် ပွဲချင်းပြီး။

မိုးတွင်းပိုင်းဆိုလျှင် ခုတ်ပြီးဝါးများကို ခိုတာရွာအရောက် 'ဒုန်း'ချသည်။ ဒုန်း ချသည်ဆိုခြင်းမှာ သီတံနှင့်သီပြီး ကျွဲတစ်ရှဉ်း ထမ်းပိုးတပ်၍ အလွတ်ဆွဲသွားခြင်း ဖြစ်သည်။ ဒုန်းချရာတွင် အောက်ပိုင်းမှ ဝါးများ ပျက်စီးတတ်သည်။ သို့ဖြစ်၍ ဆောင်း နှင့် နွေအခါ လှည်းဖြင့်သယ်လေ့ရှိသည်။ ရေစပ်ရောက်မှ ဝါးများကို စည်း၍ အပျစ်လုပ် သည်။ ဖောင်ဖွဲ့ပြီးသည်နှင့် ရေစုန်အတိုင်း မျှောနိုင်ပြီ။

http://www.cherrythitsar.org



ဝါးခုတ်ရာတွင် သီးသန့်သုံးသည့် မလူးဓားရယ်လို့ ရှိသည်။ ငါးလူးနှင့်တူသည်ဟုဆိုပြီး အချို့ ငါးလူးဓားဟုခေါ်ကြသည်။ မလူးဓားမှာ ဓားမနှင့်မတူဘဲ အသွားတန်းနေသည်။ ဓားမနှင့် ဝါးကိုခုတ်လျှင် တိခနဲမပြတ်၊ မလူးဓားနှင့်ခုတ်မှ တိတိရိရိပြတ်သည်။ ဓားဖျက်တော့ ဝါးမျက်ဟု အဆိုရှိရာ အကောင်းဆုံးကို သုံးရသည်။

တောကျော်၏အဖေ ဦးကံချွန်က ဝါးခုတ်ရင်း သူ့သားကို လက်တွေ့ပညာပေးလျက် ရှိသည်။ မှန်၏။ သားအဖနှစ်ယောက် ဝါးရုံတစ်ခုလုံးခုတ်ပြီးကြပြီ။ သို့သော်ဝါးကိုင်းတွေရှုပ်ယှက်ခတ်ပြီး ဆိုင်းဖွဲ့နေသည်။ အောက်သို့မကျသေး။ တစ်ခုချင်း ဆွဲလိုက်လျှင် တစ်ပင်နှင့်တစ်ပင် ယှက်တင်နေသည့်ဝါးချွန်များက ဘေးလူကို လာဆူးမည့်အန္တရာယ် အပြည့်ရှိနေ၏။

"ကြည့်နေ အဖေပြမယ်"

ဦးကံချွန်က မလူးဓားတစ်ချောင်းကိုဆွဲပြီး ချုံထဲ ပစ်ထည့်လိုက်သည်။ လက်ကလည်း တည့်မှတည့်။ တကယ့်ချက်ကောင်းကိုမှန်ပြီး ဝါးရုံကြီးတအိအိ ပြိုဆင်းလာသည်။ သို့သော် အောက်သို့ပုံကျမသွားပေ။ တင်နေဆဲဖြစ်၏။ နောက်ထပ် ဓားမတစ်ချောင်းဆွဲပြီးထပ်ပစ်လိုက်မှ အောက်သို့ပြိုကျသွားသည်။ ဝါးတွေကို ကိုယ်လိုရာ ဆွဲလို့ရသွားပြီ။ ထိုအချိန်ကစ၍ တောကျော်သည် ဓားပေါက်သည့် အတတ်ကို ဖခင်ဦးကံချွန်ထံမှ လက်ထပ်သင်ကြားတတ်မြောက်ခဲ့ခြင်းဖြစ်၏။ ဝါးရုံကို ပထမ မပစ်ရသေး။ သစ်ပင်များကို ဝါးချွန်ဖြင့်ပေါက်ပြီး ကျင့်ရသေးသည်။ မလူးဓား မကိုင်ရသေးဘဲ ဓားမြှောင်ရိုးရိုးဖြင့် လက်ဆမှန်အောင် အတန်ကြာကျင့်ခဲ့ရသည်။

မြွေလမ္မာယ်ဆရာသည် မြွေကိုက်၍သေဆုံးရသည်မှာ ဓမ္မတာဖြစ်၏။ သစ်ဝါးခုတ်ကျွမ်းကျင်သူ ဦးကံချွန်မှာလည်း သစ်ဝါးအန္တရာယ်ဖြင့်သေခဲ့လျှင် မထောင်းသာ။ ယခုတော့ ဝက်ဝံကိုက်၍ သေခဲ့ရသည်။ ဒီအဖြစ်ကို တောကျော်တို့သားအမိ စိတ် အနာကြီးနာကာ ခိုတာရွာနှင့် ဝါးခုတ်လုပ်ငန်းကို စွန့်လွှတ်၍ ရွှေလီမြစ်ရိုးအတိုင်း ဖောင်ကြုံနှင့်စုန်ဆင်းလာခဲ့ကြသည်။ ယောကျ်ားဖောင်စီး၊ မိန်းမမီးနေတဲ့၊ တောကျော် တို့သားအမိကတော့ ဦးကံချွန်ရှိစဉ်က ဖောင်ကို အိမ်လုပ်နေခဲ့ရသူများဆိုတော့ ဘာမျှ မမှု။ တောကျော်၏ အစ်မ မခါဥဆိုလျှင် ဖောင်စီး၍ ခရီးသွားရင်းက ဖောင်ပေါ်တွင်မွေးလာခဲ့သူဖြစ်၏။ နောက်ပြီး ဖောင်စီး၍ခရီးသွားရင်း အိမ်ထောင်ကျခဲ့ရသည်။ ဖောင်သမားနှင့်တော့ မဟုတ်။ ငအိုးရွာတွင် ဖောင်ဆိုက်၍ရပ်နားရာမှ ဆင်ဦးစီး အောင်မောင်းဆိုသူနှင့်။ ယခုလည်း သားအမိနှစ်ယောက် အောင်မောင်းနှင့် မခါဥတို့ လင်မယားထံအားကိုးတကြီး ပြောင်းရွှေ့ခဲ့ကြခြင်းဖြစ်သည်။ ရွှေသမက်၊ ငွေသမက် ဆင်ဦးစီး အောင်မောင်းကလည်း အားကိုးလောက်ပါပေသည်။ အရက်သမား ဘိန်းစား။

"တောကျော်ရေ.... နင့်အစ်မ ကလေးမွေးဖို့ အခက်တွေ့လို့ ခွေးဟောင်ကုန်းစခန်းမှာ သားဖွားဆရာမတစ်ယောက် ရောက်နေတယ်လို့ ပြောတယ်။ အဲဒါ သွားခေါ်

http://www.cherrythitsar.org



ပေးစမ်းပါ”

“ဟာဗျာ.... အမေကလည်း သူ့ယောက်ျားကြီး ရှိသားနဲ့”

“နင့်ယောက်ဖကြီးက နေမကောင်းလို့ပါတဲ့”

“ဘယ်က နေမကောင်းရမှာလဲဗျ။ စောသိန်းအောင်တဲမှာ ဘိန်းရှူနေတာ အမြင်သားနဲ့”

သားအမိနှစ်ယောက် အချီအချပြောနေသံများကို ကြားနေရသော မခါဥက အခန်းထဲမှ ကြားဝင်၍ ပြောလိုက်သည်။

“အစ်မ အနေရခက်လွန်းလို့ပါ မောင်လေးရယ်။ ဆင်တစ်ကောင် ကောက်သွားလိုက်ပေါ့”

ဆင်နှင့်သွားရမည်ဆိုတော့ တောကျော်အူမြူးသွားသည်။ စပယ်ယာက ကားခွေကိုင်ပြီး မောင်းနှင်ခွင့်ရသည့်အခါ အပျော်ကြီးပျော်နေသလို ဆင်ဦးစီးထံမှ ကြိုးတင်ခွင့်ပြုချက်တောင်းခံရဦးမည်။ ခွင့်မတောင်းဘဲ သူ့ဆင်ယူသွားလို့မရ။ အန္တရာယ်ရှိနိုင်သည်။ ရှေးခေတ်က ဆင်ဦးစီးများသည် ဆင်နှင့် ခရီးသွားတော့မည်ဆိုလျှင် အိမ်က ဇနီးမယားကို စတိအနေဖြင့် ကွာရှင်းပစ်ခဲ့ရသည်ဟုပင် အဆိုရှိခဲ့ဖူးသည်။ သို့ဖြစ်၍ ယောက်ဖဖြစ်သူအောင်မောင်း ဘိန်းရှူနေရာသို့သွားပြီး အကျိုးအကြောင်းပြောပြကာ ခွင့်တောင်းရသည်။ အောင်မောင်းသည် တုံးလုံးလှဲနေသော စောသိန်းမောင်၏ ပေါင်ပေါ်တွင် ဦးခေါင်းတင်၍ လဲလျောင်းရင်း တောပါဘူးကို ရှူနေရာမှ အပင်ပန်းမခံချင်သလို ခေါင်းကို ခတ်လေးလေးဆတ်ပြ၏။ ပြီးမှ တစ်စုံတစ်ခုကို သတိရဟန်ဖြင့် ‘ဟော့ကောင် တောကျော် ပွဲစမိတ်ဆိုရင် ညာဝင်နော်’ဟု အော်ပြောလိုက်၏။ ဒါက အရေးအကြီးဆုံး။ ဆင်နှင့်အသက်မွေးရသူတွေအတွက် သေရေးရှင်ရေး။

ဆင်တစ်စ မြင်းတစ်စ ဆိုသော စကားရှိသည်။ ဆင်တို့ မြင်းတို့ မည်သည် သန္ဓေကလေးတွေ၊ အကျင့်ကလေးတွေ ကိုယ်စီ ပါစမြဲဖြစ်၏။ ဆင်က အကောင်ကြီး၍ အင်အားကြီးမားတော့ ပိုပြီး ဂရုစိုက်ရသေးသည်။ သတိတစ်ချက် အလစ်ခံ၍မရ။ ဆင်ဦးစီးနှင့်ပွဲချိတ်တို့သည် ဆင်ကို ထူးခတ်ရန် ဝင်ရာတွင်လည်းကောင်း၊ ဆင်ကောက်ရာတွင် လည်းကောင်း ဘယ်ဝင် ညာဝင်ရှိသည်။ ဘယ်ဝင်နေကျဆင်ကို ဘယ်ဘက်က ဝင်မှ၊ ညာဘက်က ဝင်နေကျဆင်ကို ညာဘက်ကဝင်မှ၊ အဝင်မှားလျှင် သေပေရော့။ ခွာနှင့် အသာကလေးရုပ်လိုက်ရုံနှင့် ဦးခွံပြားသွားမည်။ နွားများ အတိုင်အလှည့် ရှိသကဲ့သို့ပင် ဖြစ်သည်။

အချို့ဆင်ဦးစီးများမှာ ဆင်နှင့်ပတ်သတ်လာလျှင် လေ့လာမှုအထူးကျွမ်းကျင်ကြသည်။ ဆင်အော်သံကိုနားထောင်ပြီး မိမိဆင် ဟုတ်မဟုတ် အတပ်ပြောနိုင်၏။ ယုတ်ဆွအဆုံး ဆင်ချေးတုံးကိုမြင်လိုက်ရလျှင်ပင် သူ၏ဆင် ယိုထားသော ချေးတုံး ဟုတ် မဟုတ် ခွဲခြားပြောနိုင်၏။ ခြေရာ၊ လက်ရာ၊ ခြေသည်း၊ လက်သည်းကိုလည်း

http://www.cherrythitsar.org



မှတ်မိနေတတ်ကြသည်။ မိမိဆင် သွားတတ်လာတတ်ပုံကို အလွတ်လိုလိုရနေသဖြင့် ထူးကြောင်းကိုကြည့်ပြီးတော့လည်း ကိုယ့်ဆင် ဟုတ်မဟုတ် ခွဲခြားနိုင်ကြသည်။

ခွေးဟောင်ကုန်း ဆင်စခန်းကိုရောက်လို့ နော်ပယ်ရီကူးကို တွေ့လိုက်ရတော့ တောကျော် အံ့အားသင့်သွားသည်။ သားဖွားဆရာမဆိုလျှင် တောကျော်အရင် တွေ့ဖူးသမျှ အသက်ခပ်ကြီးကြီး၊ ရုပ်ရည်အားဖြင့်လည်း သာမန်ရွက်ကြမ်းရေကျိုမျှသာ။ ခု တွေ့လိုက်ရသည့် ဆရာမကလေးကတော့ အသက်အားဖြင့် နှစ်ဆယ်ကျော် အစိတ်ပိုင်း၊ သူနှင့်မတိမ်းမယိမ်း။ နောက်ပြီး တစ်ခုထူးခြားတာက နော်ပယ်ရီကူး၏ မပြုမပြင် နဂိုယဉ်နေသည့်သဘာဝအလှ။ အိပ်မောကျနေသည့် တောတွင်းသားကလေးတောကျော်၏ စိတ်ဆင်ရိုင်းတွေကို နိုးထစေသူ။ ရင်ခုန်တာတွေ၊ နှလုံးသွေးဆူတာတွေ တောကျော် နားမလည်။ သူသိတာက သူတို့ကျစ်ရိစခန်းက ဒီလုံးဆိုသည့်ဆင်ကြီး မုန်ယိုသည့် အတိုင်း ခံစားနေရခြင်းပင် ဖြစ်၏။

အသွားတုန်းက ဆင်ကို မိမိစိတ်တိုင်းကျ ဦးစီးပဲ့ကိုင်လုပ်၍ အူမြူးနေသော တောကျော်မှာ အပြန်တွင် ချစ်စရာကောင်းလှသော ဆရာမကလေး နော်ပယ်ရီကူး ပါလာတော့ သူ၏ ပျော်ရွှင်ကြည်နူးမှုတွေက အထွတ်အထိပ် ရောက်သွားပြီး စကားတွေ ဖောင်လောက်အောင် နှုတ်ရေးကြွယ်လျက်ရှိ၏။

"ဆရာမ အခုလို တောတောင်တွေထဲမှာ လာနေရတာ မပျင်းဖူးလားဟင်"

"ဟင့်အင်း မပျင်းပါဘူး။ ဘာ ပျင်းစရာရှိလို့လဲ ကိုတောကျော်ရဲ့၊ ကျွန်မတို့လည်း တောမှာမွေးပြီး တောမှာကြီးခဲ့ရတာပဲ"

"ဆရာမ ဇာတိက"

"ကရင်ပြည်နယ် ဘောဂလိကပါ"

"ကရင်ပြည်နယ်ဆိုတော့ အဝေးကြီးပေါ့နော်"

"ဝေးတာပေါ့၊ ကိုတောကျော် တောင်ငူကို ရောက်ဖူးသလား"

"ကျွန်တော်လား၊ တောင်ငူဝေးလို့ မန္တလေးတောင် မရောက်ဖူးဘူး။ အဖေမသေခင်က ဝါးဖောင်ချရင်း ကျောက်မြောင်းအထိပဲ ရောက်ဖူးတယ်။ ဒါနဲ့ ဆရာမနေတဲ့ ဘောဂလိက တောင်ငူနဲ့ နီးလို့လား"

"နီးတော့မနီးပါဘူး၊ တောင်ငူကသွားရင် ရောက်တဲ့အကြောင်းပြောမလို့ပါ"

"ဘာပြုလို့ ဒီလောက်ဝေးတဲ့နေရာကို ပြောင်းရတာလဲ။ ဆရာမတို့ နယ်ဘက်မှာ နေရာမရှိလို့လား"

"မဟုတ်ပါဘူး၊ အလုပ်ဝင်ဝင်ချင်း ပြည်နယ်မှာပဲ နေခဲ့ရတာပါ"

"ဒါဖြင့် ဘာဖြစ်လို့ ဒီလောက်အဝေးကြီး ပြောင်းလာခဲ့ရတာလဲ ဆရာမရယ်"

"ဒီလိုပဲပေါ့ရှင်၊ ကိုယ့်အကြောင်းကလေးတွေနဲ့ ဆိုပါတော့"

ဘာအကြောင်းများပါလိမ့်ဟု ဆက်မေးမည်အလုပ် နော်ပယ်ရီကူးက ဆင်

ပေါ်မှ မော့ကြည့်ရင်း....

"ဟိုမှာကြည့်ပါဦး ကိုတောကျော်၊ အင်ကြင်းပန်းတွေ လှလိုက်တာ"

"ဆရာမ လိုချင်လို့လား"

"နေပါစေရှင်၊ ကိုတောကျော် မွေးလူနာက အရေးကြီးပါတယ်"

"ရပါတယ် ဆရာမရဲ့၊ ခဏကလေးပါ"

ပြောပြောဆိုဆို တောကျော်က မလှမ်းမကမ်းရှိ အင်ကြင်းပန်းကြီးအောက် ဆင်ကို ရပ်လိုက်သည်။ ဆင်ပေါ်ကဆိုတော့ သိပ်ပြီး ခဲခဲယဉ်းယဉ်းကြီး မဟုတ်လှပါ။ တောကျော် မတ်တပ်ရပ်ပြီး တစ်ခိုင်လုံး မြိုင်မြိုင်ဆိုင်ဆိုင်ပွင့်နေသည့် အင်ကြင်းပန်းကို အလွယ်နှင့် လှမ်းဆွဲယူနိုင်သည်။

"တောထဲမှာ အင်ကြင်းပန်းက ပေါပါတယ် ဆရာမရယ်။ ဆရာမ သစ်ခွပန်း ကိုကော မကြိုက်ဖူးလား"

"ဘယ်လို မေးလိုက်ပါလိမ့် ကိုတောကျော်ရယ်၊ မိန်းကလေးဆိုတာ ပန်း ကြိုက်တဲ့အမျိုးအစား မဟုတ်လား"

"မိန်းကလေးဆိုတာ ပန်းကြိုက်တယ် ဆိုပေမယ့် ကြာပေးရင်တော့ စိတ်ဆိုး တတ်တယ်ဆို"

တောကျော့် ပြက်လုံးကို နော်ပယ်ရီကူး နားမလည်လိုက်ပေ။ နားမလည်လို့ ရှင်းပြနေချိန်လည်းမရ။ သစ်ခွပန်းအကြောင်း ပြောလို့မှ စကားမဆုံးမီ ကညင်ပင်ကြီး ထိပ်ဖျားတွင် ပေါက်နေသော ကြက်တူရွေးနှင့် လက်တံတိုသစ်ခွပန်းတွေကို တွေ့လိုက် ကြရသည်။ ဒီတစ်ခါတော့ ဆင်ပေါ်မှ ရပ်ခူးလို့လည်း မလွယ်တော့။ သစ်ပင်ပေါ်တက် နေရန်လည်း အချိန်မရှိ။ တောကျော်က သူ၏ခါးကြားမှ ဓားမြှောင်ကိုထုတ်၍ လက်စွမ်း ပြသည်။ သစ်ခွပန်းကတော့ ဆင်ပေါ် တန်းတန်းမတ်မတ်ကျလာပါ၏။ ပစ်လိုက်သော ဓားက အောက်သို့လွင့်ကျသွားသဖြင့် ဆင်ကို အဝပ်ခိုင်းပြီး ဆင်းကောက်လိုက်ရသည်။ နော်ပယ်ရီကူးမှာ တအံ့တသြ။

နောက်ပိုင်းတွင် တောကျော်သည် သူ့အစ်မ ခဏခဏ ကလေးမွေးပါစေဟု ဆုတောင်းရမလို ဖြစ်နေသည်။ တကယ်တော့ ဒီဆုတောင်းကြီးကလည်း မဟုတ်သေး။ ဘယ်လိုပဲဖြစ်ဖြစ် တောကျော်တို့ စခန်းချရာ ကျစ်ရှိစခန်းနှင့် ခွေးဟောင်ကုန်းစခန်းတို့ အတွက် ဆရာမသွားခေါ်ဖို့ သူပဲ ဒိုင်ခံတာဝန်ယူလိုက်တော့သည်။ ဆရာမ အမြဲတမ်း စခန်းချတာက တိုက်နယ်ရွာကြီးတစ်ရွာဖြစ်သည့် ကွန်းချောင်းမှာ။ နော်ပယ်ရီကူးစိတ်ထဲ ဘယ်လိုဘယ်ညာ မသိရပေမယ့် တောကျော်ကတော့ ကိုယ့်အတွေးနှင့်ကိုယ် စိတ်ကူး ယဉ်မိတာအမှန်။ သူ့ကိုကော ဘယ်လိုအပြစ်ပြောလို့ ရပါအံ့နည်း။ တောသားလည်း လူပဲ။ သူ့မှာလည်း နှလုံးသားနှင့်ပဲ လို့ ပြောမှာပေါ့။ ချစ်စရာရှိ ချစ်မှာပဲပေါ့။

"ကိုတောကျော်က ကျွန်မကို အပျိုထင်လို့လား"

နော်ပယ်ရီကူးက ပြုံးစစနှင့် ပြောလာသောအခါ တောကျော်က ဟက်ဟက်ပက်ပက် ရယ်မိသည်။

"မနောက်ပါနဲ့ ဆရာမရယ်"

"မနောက်ပါဘူး၊ တကယ်ပြောတာပေါ့။ ကလေးတစ်ယောက်တောင် ရှိသေး"

"အဲဒီကလေးအဖေကော"

"တောထဲမှာသေပြီ"

"ဒါဖြင့် ကလေးက ဘယ်မှာလဲ"

"အမေဆီ ထားပစ်ခဲ့တယ်၊ ယောကျ်ားလေး၊ သုံးနှစ်လောက်ရှိပြီ၊ ဖိုးခွားတဲ့"

တောကျော် ငိုင်ကျသွားသည်။ ဒါလောက်အထိတော့ ဆရာမ လိမ်မပြောတန်ရာ၊ အမှန်အတိုင်းပြောတာပဲ ဖြစ်ရမည်။ အမှန်အတိုင်းဆိုလျှင် မိမိ ဘာလုပ်ရပါမည်နည်း။ ခုတော့ ကိုယ်ကစ၍ ချစ်ရေးဆိုခြင်းဖြစ်နေပြီ။ တောကျော်၏ရင်ထဲတွင် ခါချဉ်အုံကြီးကို တုတ်နှင့်ထိုးလိုက်သလို ရှုံးတိုးရှုတ ဖြစ်နေ၏။ ကြည့်စမ်းပါဦး....၊ ဒါလောက်ချော ဒါလောက်လှနေတာများ ကလေးတစ်ယောက်အမေတဲ့။

"ကဲ....ဘယ်လိုလဲ ကိုတောကျော်၊ မုဆိုးမ ကလေးတစ်ယောက်အမေကို ချစ်နိုင်သေးရဲ့လား"

နော်ပယ်ရီကူးက ပြုံးစစနှင့်မေးလိုက်သည်။ တောကျော်ကတော့ တကယ့်ကလေးဆိုးကြီးပမာ။

"ကျွန်တော်ကတော့ ဘာပဲ ဖြစ်နေ ဖြစ်နေ၊ ချစ်နေမှာပဲ ဆရာမ"

ဒါလည်း မုသားမပါ။ သူ့ရင်ထဲမှာ အရှိကို အရှိအတိုင်း ပြောခြင်းပင် ဖြစ်၏။ နော်ပယ်ရီကူးက သက်ပြင်းတစ်ချက် လေးတွဲ့တွဲ့ချမိသည်။

"ကဲပါလေ ကျွန်မစဉ်းစားပါရစေဦး၊ ကိုတောကျော်ကလည်း စဉ်းစားဦးပေါ့"

ကိုတောကျော်ကမူ သူ့ဘက်က တစ်ပြားသားမျှမလျှော့။

"ကျွန်တော့်ဘက်ကတော့ ဘာမှ စဉ်းစားစရာမလိုတော့ဘူး။ ဆရာမ စဉ်းစားဦးမယ် ဆိုလို့သာ စောင့်ရမှာ"

တောကျော် စိတ်ရှည်လက်ရှည်စောင့်၏။ စောင့်ရင်းစောင့်ရင်းက စောကြာဖဲတစ်ယောက် သူတို့ဆင်စခန်းသို့ ဆင်ဦးစီးအဖြစ် ပြောင်းလာသောအခါ အခြေအနေက တစ်မျိုးပြောင်းသွားသည်။ အမှန်အတိုင်း စောကြာဖဲသည် စောဂါကျီး ခေါင်းဆောင်သော အဖွဲ့မှ ဆင်ဖမ်းအဖွဲ့ဝင် ဖြစ်သည်။ ထိုအချိန်က မေ့ဆေးဖြင့်ပစ်ခတ်၍ ဆင် မဖမ်းတတ်ကြသေး။ ရှေးရိုး ကျုံးသွင်းဖမ်းသည့် နည်းစနစ်ကိုပင် သုံးလေ့ရှိကြသည်။ မိုးကျ၍ စောဂါကျီးတို့အဖွဲ့ ဆင်ဖမ်းသည့်လုပ်ငန်းကိုသိမ်း၍ အောက်ပြည်ပြန်သွားကြသောအခါ စောကြာဖဲ ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။

စောစောပိုင်းတော့ တောကျော်သည် စောကြာဖဲနှင့် ပတ်သတ်၍ ဘာတစ်ခုမှ

http://www.cherrythitsar.org



စိတ်ဝင်စားခဲ့သည်မဟုတ်။ စိတ်ဝင်စားစရာလည်း အကြောင်းမရှိ။ ခုတော့ ခေါင်းထဲ ထည့်လာရပြီ။ နော်ပယ်ရီကူးနှင့် ပတ်သက်လာမှကိုး။ တစ်နေ့ အစုကြီးချောင်းဝနား တွင် သူတို့နှစ်ယောက် စကားအချီအချ ပြောနေကြသည်ကို ချုံကွယ်မှနေ၍ မြင်လိုက် ကြားလိုက်ရသည်။ သို့သော် ကရင်လိုပြောနေသဖြင့် ဘာတွေပြောနေမှန်းမသိ။ လေသံ နှင့် အမူအရာကို ကြည့်ရတာတော့ အတော်ကလေး တင်းမာသည်။ နှစ်ဦးစလုံးပင် ဒေါသသံ လွှမ်းမိုးနေသည်။

လူ့စိတ်ဆိုတာလည်း အခက်သား။ ကိုယ်လိုရာ ဆွဲတွေးတတ်သော သဘော ရှိသည်။ ခုလည်း သူတို့ကရင်အမျိုးသားအချင်းချင်း စကားပြောရာမှ အဆင်မပြေကြလို့ ဖြစ်မှာပါဟု လျှော့လျှော့ပေါ့ပေါ့ တွေးဆလက်ခံလိုက်ချင်သည်။ သို့သော် တကယ်တမ်း ကျတော့ ရင်ထဲမှာ မရိုးမရွနှင့် ဗလောင်ဆန်နေသည်။ အဖြစ်မှန် သနစ်မှန်ကို သိချင်စိတ် ပြင်းပြနေသည်။ ဘယ်လိုလုပ်မှ ဖိနှိပ်ချိုးနှိမ် မျိုသိပ်လို့မရလို့ ဖြောင်ဖွင့်မေးကြည့် လိုက်တော့၊ ဟင်း.... ရင်မောစရာအတိပါကလား။

ဟုတ်ပါသတဲ့။ စောကြာဖဲဟာ ဖိုးခွားအဖေ အစစ်ပါတဲ့။ တောထဲမှာ သေပြီ ဆိုတာက လူယုတ်မာ စောကြာဖဲကို တမင်တကာစိတ်နာလို့ ပြောခဲ့တာဆိုကိုး။ သူက လူကောင်းမှ မဟုတ်ဘဲ။ စောကြာဖဲ သောင်းကျန်းသူ ဗိုလ်ဘဝတုန်းက နော်ပယ်ရီကူးကို အတင်းအဓမ္မ ခေါ်တော်တင်ခဲ့လို့ ဖိုးခွားကို ရခဲ့တာလေ။ အခုမှ အလင်းဝင်ပြီး စောစ်ဖဲတို့ ဆင်ဖမ်းအဖွဲ့ကို ပြန်တွေ့ပြီး ဆင်ဦးစီးလုပ်ကျန်နေခဲ့တာတဲ့။ နော်ပယ်ရီကူး ကိုလည်း ကောင်းကောင်းမွန်မွန် ပြန်ပေါင်းပါ့မယ်ပေါ့။ နော်ပယ်ရီကူးကတော့ ခါးခါးသီးသီးပါပဲ။ သူလို သောင်းကျန်းသူဘဝက ရောက်လေရာ ပေါက်ပန်းဈေးမိန်းမတွေ တစ်ယောက်ပြီး တစ်ယောက် ယူတတ်သူမျိုးကို ယေးဆလန် ဒိုးဆလန်။

မောင်ကျော်ညွှန့် ရေးထားသော ပွဲချိတ်တောကျော်ဝတ္ထုက ဤနေရာမှာပင် အဆုံးသတ်သွားသည်။ ဝတ္ထု ဆုံးသွားသော်လည်း ဇာတ်လမ်းက မဆုံးသေး။ တိုးလို့ တန်းလန်းဝတ္ထုကိုပင် မြောက်မြားလှစွာသော စာအုပ်သေတ္တာတွေထဲက မနည်းကြီး ရှာယူရသည်။ ၁၉၅၆ ခုနှစ်လောက်က ဆိုတော့ ဟိုထောင် ဒီထောင် ပြောင်းခဲ့ရသည်မှာ အနှစ် ၂၀ ပင် ကျော်ခဲ့ပြီကော။ ရွှေလီမြစ်ရိုး မတက်မီက သူ့ဝတ္ထုကို ဖတ်မိခဲ့ အကောင်း သား။ တောကျော်တို့ဇာတ်လမ်း ဘယ်လိုအဆုံးသတ်ခဲ့သည်ကို တစ်စွန်းတစ်စ မေးလို့ ရနိုင်သေးသည်။ ခုတော့ ရွှေလီထဲ နောက်တစ်ခေါက်ပြန်ရောက်ဖို့ကလည်း လွယ်တဲ့ ကိစ္စ မဟုတ်။ မောင်ကျော်ညွှန့်ကိုလည်း ဘယ်ရှာရမှန်းမသိ။ ဇာတ်ပွဲတွေထဲကလို သိကြားမင်း နားကင်းကြီးနဲ့ ဆင်းလာပြီး 'လက်ညှိုးထောင် ကိုယ်ရောင်လင်းစေဗျား'လို့ ဇာတ်သိမ်းရမှာကလည်း မလွယ်လှ။ သို့ကလို ဘေးကျပ်နံကျပ် ဖြစ်နေစဉ် တစ်နေ့ ထောင်ကြပ်တစ်ဦး ရုံးခန်းထဲဝင်လာ၍ အလေးပြုပြီး သတင်းပို့လာသည်။

"ဆရာကြီး အပြင်မှာ ဧည့်သည်တစ်ယောက် ဆရာကြီးနဲ့ တွေ့ချင်လို့တဲ့"

http://www.cherrythitsar.org



"ဘယ်သူတဲ့လဲ"

"ဦးရာညွန့်တဲ့"

"ဘယ်ကတဲ့လဲ၊ ဘာကိစ္စတဲ့လဲ"

"အဲဒါတော့မသိဘူး ဆရာကြီး၊ ကျွန်တော်ပြန်မေးလိုက်ဦးမယ်"

"တော်စမ်းပါကွာ၊ မင်းတို့ကို ပြည့်ပြည့်စုံစုံ သတင်းပို့တတ်ဖို့ ဘယ်နှစ်ခါ သင်သင် အမှတ်သည်းခြေကို မရှိကြဘူး။ ကဲ ကဲ၊ ခေါ်လိုက်၊ ခေါ်လိုက်"

ဧည့်သည်ရောက်လာတော့ တပည့်အပေါ် ထွက်နေသည့်ဒေါသ အလိုလိုပြေပျောက်သွားရသည်။ လက်စသတ်တော့ မကြာသေးခင်ကမှ ရွှေလီမြစ်ရိုး ကျစ်ရှိုစခန်းတွင် တွေ့ခဲ့သည့် ဆင်ဦးစီးဦးရာညွန့်ကိုး။ သူ့သား ဘိန်းမှုနဲ့ အဖမ်းခံထားရလို့ ထောင်ဝင်စာ လာတွေ့တာတဲ့။ အဆင်ချောချင်တော့ 'တိုင်းရက်သည့်ပက္ကလာ၊ မိုးရွာသည်နှင့် အခန့်သင့်'ဆိုတာလို ဆင်ဦးစီး ဦးရာညွန့်က ပဲ့ချိတ်တောကျော်တို့ ဇာတ်လမ်းကို ကကြီးကစ အ အထိ အစအဆုံး သိထားသူ။

တောကျော်၊ နော်ပယ်ရီကူးနှင့် စောကြာဖဲတို့၏ သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းကို မိုးပေါ်က သိကြားမင်း နားကင်းကြီးနဲ့ လက်ညှိုးထောင် ကိုယ်ရောင်လင်းကာ ရွှေလက်တွဲ၍ ပျော်ပွဲဝင်နိုင်ရန် မဖန်တီးနိုင်ခဲ့ပါ။ တစ်နည်းအားဖြင့် ဇာတ်သိမ်းမကောင်းခဲ့ပါ။ အကြံသမားစောကြာဖဲသည် နော်ပယ်ရီကူး ပျဉ်ထောင်လေးရွာတွင် မွေးလူနာကြည့်၍ အပြန် လမ်းမှဖြတ်ပြီး အဓမ္မကျင့်ကြံခဲ့ပြန်သည်။ ထိုစဉ် ဆင်ဦးစီး အောင်မောင်းနှင့် ပဲ့ချိတ်တောကျော်တို့ ပွဲစမိတ်ကိုစီး၍ သစ်ဆွဲရာမှ အပြန်ခရီးနှင့် ပက်ပင်းတိုးကြသည်။ စောကြာဖဲက နော်ပယ်ရီကူးကို ချွန်းနှင့်ပေါက်သတ်ပြီး ထွက်ပြေးရာ အောင်မောင်းနှင့် တောကျော်တို့က နောက်ကလိုက်ကြသည်။ စောကြာဖဲသည် ဆင်မကြီး ပွဲစမိတ်ပေါ် တက်ပြီး ထွက်ပြေးရန် အနီးကပ်သွားစဉ် တောကျော်က ခါးတွင်ထိုးထားသော ဓားကောက်ဖြင့် လှမ်းပေါက်လိုက်၏။

"ဒါဖြင့် နော်ပယ်ရီကူးလည်း သေ၊ စောကြာဖဲလည်း သေ။ ဒီလိုဆိုတော့ တောကျော်ကော အပြစ်မရဖူးလား။ ဆင်ဦးစီး အောင်မောင်းကော ဦးရာညွန့်တို့ စခန်းမှာ ရှိသေးသလား"

ဇာတ်သိမ်းခန်းကို သိလိုဇောဖြင့် ရန်အောင်မောင်မောင်က အငမ်းမရ မေးပြောဝင်ပြောမိရာ ဦးရာညွန့်က၊

"နေဦး ထောင်ပိုင်ကြီးရ။ ကျွန်တော်ရှင်းပြဦးမယ်။ တောကျော်က ဓားပေါက်အလွန် လက်တည့်တဲ့ကောင်ပါ။ အဲဒီနေ့ကတော့ ပြေးရင်းလွှားရင်း ပစ်ရလို့နဲ့ တူပါတယ်။ စောကြာဖဲကို မထိဘဲ ဆင်နှာမောင်းကို သွားစိုက်တယ်။ နောက်..၊ စောကြာဖဲ မှားသွားတာ တစ်ခုရှိသေးတယ်။ ပွဲစမိတ်က ညာဝင်ရတဲ့ဆင်၊ သူက သေရေးရှင်ရေး ဆိုတော့ ဘယ်ဘက်က ဝင်လိုက်တာကိုး။ ဒီတော့ ဆင်မကြီးက ခွာနဲ့နင်းသတ်လိုက်

http://www.cherrythitsar.org



တာပေါ့။ ဒါနဲ့မပြီးသေးဘူး။ ဆင်မကြီးက ကမူးရှူးထိုးဖြစ်ပြီး အနားကပ်လာတဲ့ အောင်မောင်းကိုပါ ဆက်နင်းသတ်ပြန်ရော။ တောကျော် ကတော့ ကိုယ်လွတ်ရုန်းပြေးရတော့တာပေါ့”

“သြော်.... ဖြစ်မှ ဖြစ်ရလေ။ အောင်မောင်းက အချောင် သေရတာပေါ့။ နို့ တောကျော်ကော”

“အဲဒီကတည်းက ဆင်နဲ့ သစ်လုပ်ငန်းကို စိတ်နာသွားလားမသိဘူး။ သူ့အမေတို့၊ သူ့အစ်မတို့ မိသားစုနဲ့အတူ ရွှေလီမြစ်ဖျား ခိုတာရွာပြန်ပြီး ဝါးခုတ်နေလေရဲ့”

■

http://www.cherrythitsar.org

# ၆၄

'ဝါးရုံပင် မူလအစဆီက၊ ကုန်အစဉ်ဖြူ ခဝါတောင်မှ၊ ရှုကာ
မဝနိုင်တဲ့ ရွှေဘူးညို။ ခလယ်လောက်ကယ်နှင့်၊ စွယ်တောက်ကာ
တက္ကလာ တပ်ပါလို့၊ နံနက်စာ ချက်စရာ ပြတ်သော်လည်း၊
အိမ်သူမှာ စိတ်ပူလို့ မကျပ်တယ် (ကွယ်) သောမနသချို။'

ထောင်ပိုင်ကြီးသည် စိတ်ပေါက်ပေါက်နှင့် ဆရာကြီးဦးဖူးညို၏ဘိန်းလေးချိုး ထဲက အခံနှစ်ပိုဒ်ကိုရွတ်ဆိုလျက်ရှိ၏။ ထောင်ပိုင်ကြီး စိတ်တိုရခြင်းမှာ အကြောင်းရှိ၏။

သူသည် ညနေတိုင်း တင်းနစ်သွားကစားနေကျ။ တင်းနစ်ကစားရာတွင် တက်တင်ခေါ် လောင်းကြေးပါသည့်အခါ ရှုံးလျှင် ကသာကလပ်တွင် ကိုယ်က တိုက်ရမည်။ နိုင်လျှင် အလကားသောက်ရမည်။ တက်တင်မရှိလျှင်လည်း ကိုယ့်ပိုက်ဆံနှင့် ကိုယ် ဝယ်သောက်မည်။ တင်းနစ်ကွင်းနှင့် ကပ်လျက်တည်ရှိသည့် ကသာကလပ်က လည်း ဧရာဝတီမြစ်ကမ်းနဖူးတွင် ရှုခင်းက သာယာပါဘိသနှင့်။ ယမကာကလည်း မျိုးစုံ။ ဘီယာ သောက်မလား၊ ရမ် ယူမလား၊ အိုးဘရန်ဒီ ယူမလား။ မန္တလေးဂျင် ယူမလား။ ဒီနေ့မှ ရာသီဥတု ဘာစိတ်ကူးပေါက်သည်မသိ။ ဆယ့်နှစ်နာရီကျော်ကျော် လောက်မှာ ချိန်ခါမဲ့မိုး ရုတ်တရက်ရွာချလိုက်သည်။ သွားပြီ၊ သွားပြီ။ တိုင်မင်တွေ အကုန်အောက်ကုန်ပြီပေါ့။

သို့သော် ကိစ္စမရှိ။ ဒီလိုနေ့အတွက် သူ့မှာ သီးခြားအစီအစဉ် ရှိပြီးသား။ ထောင်ပိတ် သံချောင်းသံ နာခံဖို့ပဲ ရှိသည်။ လက်မှနာရီကို ကြည့်လိုက်ရာ ညနေ ၆

http://www.cherrythitsar.org



နာရီ ထိုးပြီးနေပြီ။ ခုအချိန်ထိ ရွှေရင်အေး သံချောင်းဟု အကျဉ်းထောင် ဝန်ထမ်းများ နားလည်ထားကြသော ထောင်ပိတ်သံချောင်းခေါက်သံ မကြားရသေး။

၆ နာရီခွဲပြီ။ ခုထက်ထိ ထောင်ပိတ်သံချောင်း မခေါက်သေး။ ထောင်ပိုင်ကြီး ဂဏှာမငြိမ်တော့ပေ။ ထောင်ပိတ်သံချောင်းကို ရွှေရင်အေးသံချောင်းဟု အကျဉ်းထောင် မိသားစုက တင်စားခေါ်ဝေါ်ကြတာ အကြောင်းရှိသည်။ အကျဉ်းထောင်ဝန်ထမ်းများ သည် နံနက်ဝေလီဝေလင်း ကျီးမနိုးခင်ကတည်းက တာဝန်ထမ်းဆောင်ရန် ထောင်ထဲသို့ ဝင်ခဲ့ကြရ၏။ နေ့ခင်း ၁၀ နာရီမှ ၁၂ နာရီ သို့မဟုတ် ၁၂ နာရီမှ ၂ နာရီ ခေတ္တအိမ်ပြန်၍ ထမင်းစားခွင့်ရသည်။ ပြီးတော့ တစ်ခါ ထောင်ထဲပြန်ဝင်၊ ည မိုးစုပ်စုပ်ချုပ် သည်အထိ ထောင်ပိတ်ပြီးလို့ အိမ်ကိုပြန်တော့ ကျီးကန်းတွေ အိပ်တန်းတက်လို့ တစ်ရေးတမော ရနေပြီ။ ထောင်ကြီးတွေမှာဆိုလျှင် ည ၈ နာရီ၊ ၉ နာရီအထိ ထောင်မပိတ်ရသေး။ အိမ်က ကလေးတွေဆိုလျှင် ကိုယ့်အဖေကိုပင် မမှတ်မိကြ။ ထောင်ပိတ်သံချောင်း ခေါက်လျှင်တော့ ကလေးတို့အဖေတွေ ပြန်လာကြတော့မည်။ သည်တော့ အကျဉ်း ထောင် မိသားစုအတွက် ရွှေရင်အေး၊ ငွေရင်အေး၊ စိန်ရင်အေး သံချောင်းပေါ့။

နို့ ထောင်ပိုင်ကြီးက ဘာအကြောင်းခံ၍ သံချောင်းသံကို နားစွင့်နေရသနည်း။ သူက တစ်မျိုးတစ်ဘာသာပါ။ ရွှေရင်အေး သံချောင်းသံ နာခံပြီးမှ ယမကာ ပုလင်းနှင့် ဖန်ခွက်ကို ကိုင်ရမည်လေ။ ဒါကြောင့် ဒါလောက်မနေထိမထိုင်သာ ထချည်ထိုင်ချည် မရိုးမရွ ဖြစ်နေခြင်းပင်။ ဒါဖြင့် အဲဒီဥပဒေကို ဘယ်သူက သတ်မှတ်ထားလို့ပါလိမ့်။ ဘယ်သူကမှ သတ်မှတ်ထားခြင်းမဟုတ်ပါ။ ဘယ်အထက်လူကြီးကမှလည်း တားမြစ် ထားခြင်းမရှိ။ ထောင်ဥပဒေစာအုပ်ကြီးထဲမှာလည်း မပါ။ သူ့ဘာသာသူ လုပ်ထား သည့် ဥပဒေသာလျှင် ဖြစ်၏။ အဲဒီလို မလုပ်ထားလို့လည်းမရ။ ထောင်ဆိုသည်မှာ ပြဿနာပေါင်းစုံ ရောကြိုထားသည့် ပြဿနာ တာရပေါ်ပေါင်းအိုးကြီးဖြစ်၏။ ညနေထောင်ပိတ်ချိန်နီးလာလေလေ ပြဿနာက ပေါ်တတ်လေလေ။ ထောင်ကျအချုပ်၊ ပုဒ်မငါး၊ ကျား/မ တစ်နေကုန် အဝင်အထွက်မှ ကိုက်ရဲ့ လား၊ စာရေးသောက်ရေးကော လောက်လောက်ငှငှနှင့် အဆင်ပြေရဲ့လား၊ ကျန်းမာရေး အခြေအနေကော၊ တစ်ခါ တလေ ထောင်ပိတ်ခါနီးမှ အပြင်ဆေးရုံ မပို့မဖြစ်၍ ပို့ရသည်များလည်း ရှိတတ်သေး သည်။ ထောင်ပိတ်ချိန်တွင် လူပေါင်းမှန်ကန်ဖို့က အဓိကအကျဆုံး။

ထောင်တစ်ထောင်မှာ ပြဿနာရယ်လို့ ပေါ်လာလျှင် အောက်ပိုင်းဝန်ထမ်း အဆင့်ဆင့်က ကိုင်တွယ်ဖြေရှင်းကြမည်။ ဘယ်လိုလုပ်မှ ဖြေရှင်းလို့မရသည့်အဆုံး အနီးကပ် အမြင့်ဆုံးအာဏာပိုင် ထောင်ပိုင်ကြီးထံ ရောက်လာမည်။ အဲဒီအချိန်မှာ ထောင်ပိုင်ကြီးက အရက်မူးနေလို့ ဖြစ်မတဲ့လား။ အရက်မူးသည်ဖြစ်စေ၊ မမူးသည်ဖြစ်စေ ဥပဒေအရ ဘယ်လောက်ပင်မှန်ကန်နေသည့်စကားကိုပြောပြော အရက်နံ့ကလေး ရရုံမျှ နှင့် သူပြောသမျှစကားတွေ သဲထဲရေသွန်၊ အချိန်မစီးတော့။ ဒါကြောင့် ကိုယ့်စိတ်ကို

http://www.cherrythitsar.org



ချွန်းအုပ်ပြီး သံမဏိစည်းမျဉ်း လုပ်ထားရခြင်းဖြစ်၏။ ထောင်ပိတ်သံချောင်း ခေါက်ပြီးမှ အရက်ခွက်ကိုကိုင်။ ဒါတောင် သိပ်ပြီးမသေချာလှသေး။ ထောင်ပိတ်ပြီးလည်း ပြဿနာက ပေါ်ချင် ပေါ်တတ်သေးသည်။ ထောင်ဆိုတာ မီးတောင်လို့ ဆိုလျှင်မမှား။ မီးတောင်မှ မီးသေတောင်မဟုတ်။ မီးငြိမ်းတောင်။ အချိန်မရွေး ထ၍ ပေါက်ကွဲနိုင်သည်။ ရှိစေတော့။ ဒါလောက်အထိတော့ ကိုယ်လည်းမတတ်နိုင် အရိယာနွယ်ဝင် သူတော်စင်ကြီးလည်း မဟုတ်။ နေအကျ လေထလာပြီဖြစ်သော ထောင်ပိုင်ကြီးသည် အငြိမ်နေလို့ မရတော့။ ထောင်အတွင်း လှမ်းမြင်နိုင်သည့် လေသာပြတင်းကို ဖွင့်ကြည့်ရပြီ။

ထောင်ပိုင်ကြီးကို ထောင်ဘူးဝအလယ်ထပ်တွင် နေထိုင်စေခြင်းမှာ အကြောင်းမဲ့သက်သက် မဟုတ်။ ချိန်ခါမရွေး နှစ်ဆယ့်လေးနာရီပတ်လုံး တာဝန်ပေးထားသည့် သဘောပင်ဖြစ်၏။ ထောင်တစ်ထောင်၏ အကြီးအကဲက အချက်အချာကျသည့် ထောင်ဘူးဝမှာ ရှိနေတော့ မဟုတ်တာ လုပ်ချင်သည့် လက်အောက်ငယ်သားတို့၊ အကျဉ်းသားတို့မှာ အထိုက်အလျောက် ရှိန်နေကြသေးသည်။ ဒါတောင် ထောင်ပိုင်ကြီး မသိလိုက်ရဘဲ ဥပဒေနှင့်မလွတ်ကင်းသည့်ပစ္စည်းများ ထောင်ထဲ ခိုးသွင်းခိုးထုတ် လုပ်တာ အများကြီး။

ထောင်ထဲ ကြည့်လိုက်တော့လည်း တိတ်ဆိတ်ငြိမ်သက်လို့ပါကလား။ ရေကြောင်း ကျွမ်းကျင်သည့် မာလိန်မှူးသည် ရေသွားရေလာကို ကြည့်ပြီး ရေအောက်မှာ သဲသောင်ရှိသလား၊ ကျောက်ဆောင်ရှိသလား၊ ရေအတိမ်အနက် ဘယ်လောက်လဲ ခန့်မှန်းနိုင်သလို လုပ်သက်ရင့် ထောင်ပိုင်တစ်ဦးအနေနှင့်လည်း ကိုယ့်ထောင်ကို တစ်ချက် လှမ်းကြည့်လိုက်ရုံနှင့် သာမန်အချိန်လား၊ အရေးပေါ်အခြေအနေလားဆိုတာ အကဲခတ်လို့ ရပါသည်။ သာမန်အခြေအနေပါ။ ထမင်းချက်ရုံကို ကြည့်လိုက်တော့ တံခါးပိတ် သော့ခတ်ထားပြီးဖြစ်၍ စားရေးသောက်ရေးကိစ္စတော့ ပြတ်တာ သေချာသွားပြီ။ အိပ်ဆောင်တွေထဲမှာလည်း အကျဉ်းသား နှစ်ယောက်တစ်တွဲ ပုံစံထိုင်လျက်ရှိကြသည်။ သူတို့လည်း ထောင်ပိတ်သံချောင်းခေါက်ပြီးမှ ပုံစံထိုင်နေရာမှထ၍ လွတ်လွတ်လပ်လပ် နေကြရမည့်သူတွေ။ လူပေါင်းမကိုက်လို့တော့ မဟုတ်တန်ရာ။ လူပေါင်းမကိုက်လျှင် တစ်ထောင်လုံး ပျာယာခတ်နေရမည်။

ထူးခြားတာဆိုလို့ မျက်စိအောက်မြင်ကွင်းထဲမှာ ထောင်ပိတ်ထောင်မှူး ဦးသောင်းမြင့်နှင့် ထောင်ကြပ်အုပ် ဦးစောအောင်စိန်တို့ ပျောက်နေခြင်းပင် ဖြစ်၏။ သူတို့နှစ်ယောက် ဘယ်ရောက်နေသနည်း။ အချုပ်ဆောင်ထဲမှာလား။ မိန်းမထောင်ထဲမှာလား။ အိမ်ပေါ်က မမြင်နိုင်တာ အဲဒီနေရာနှစ်နေရာပဲရှိသည်။ ထောင်ပိတ်နောက်ကျနေရခြင်း၏ အခြေခံပြဿနာသည် သူတို့ရှိနေသည့်နေရာကို ဗဟိုပြုနေပေလိမ့်မည်။

"ဒေါင်.... ဒေါင်.... ဒေါင်၊ ဒေါင်"

ခေါက်ပါပြီ။ ရွှေရင်အေး သံချောင်း။ ၇ နာရီလည်း ထိုးပြီ။ ထောင်ပိုင်ကြီး

http://www.cherrythitsar.org



လည်း ပုလင်းနှင့် ဖန်ခွက်ကိုင်ပြီ။ စာရေးစားပွဲမှာ အကျအနထိုင်။ ဖန်ခွက်ထဲ ပက်ခ်မက်ရှာခေါ် အရက်ချိန်သီး ဘဲနှုတ်ခမ်းကလေးနှင့် ရမ်တစ်ပက်ထည့်၊ ရေခဲရေအသင့်ရောစပ်ပြီး တစ်ကျိုက်မော့လိုက်၏။ ပြီးတော့ ထောင်ပိုင်ကတော်ကြီး အသင့်ပြုလုပ်ပေးထားသော ဆတ်သားခြောက် မီးဖုတ်ကလေးကို ကောက်ဝါးကာ တစ်မြုံ့မြုံ့ အရသာခံနေဆဲ။ အရေးကောင်း ဒိန်းဒေါင်းဖျက်ပါလေပြီ။

"ဖေဖေ၊ အိမ်ရှေ့မှာ အန်ကယ်ဦးသောင်းမြင့်"

ဟုတ်ပေသားပဲ၊ ဘာပြုလို့ ထောင်ပိတ်နောက်ကျရတယ်ဆိုတာ လာပြီးသတင်းပို့ဦးမှာပေါ့။ အိမ်ရှေ့ထွက်လိုက်တော့ ဦးသောင်းမြင့်တစ်ယောက်တည်းမဟုတ်။ ကသာပြည်သူ့ဆေးရုံကြီးမှ ကွန်ပေါင်ဒါခေါ် ဆေးစပ်ဆရာ ဂျွန်နသန်ကိုပါတွေ့ရသည်။

"လာ.... ထိုင်ကြဗျာ၊ ဘယ်သူဒုက္ခပေးပြန်ပြီလဲ၊ အချုပ်က စိန်လှိုင်လား"

စိန်လှိုင်မှာ ပန်းနာသမား၊ သူ့အိမ်မှာ နေရတဲ့အချိန်ရယ်လို့ သိပ်မရှိ။ ကသာထောင်ဆိုသည်မှာ သူ့အိုးသူ့အိမ်လို ရေအိုးနှင့် ရေမှုတ်။ အမှုကလည်း ကြီးကြီးမားမားမဟုတ်။ ခိုးမှုလောက်၊ အရက်မူး ရမ်းကားမှုလောက်သာ။ ထောင်ထဲရောက်ပြီး ညကြီးသန်းခေါင် ပန်းနာထလျှင် ဘယ်သူမှမအိပ်ရ။ မနေရတော့။ ဆရာဂျွန်နသန်လာပြီး အက်စ်မာဝွန် အကြောဆေးထိုးမှ ငြိမ်ကျသွားတတ်သည်။ ဒီတော့ ပန်းနာထတော့မည်ဆိုလျှင် ဒီကောင် အမှုတစ်ခုခုလုပ်ပြီ။

'စိန်လှိုင် မဟုတ်ဘူး ဆရာကြီး။ မိန်းမထောင်က ကချင်မ မူးလဲသွားလို့'

'ဟင်.... မတရားသင်း အက်ဥပဒေနဲ့ ထောင်နှစ်နှစ်ကျတဲ့ မနန်းဒွိလား၊ ဘယ်လိုဖြစ်တာလဲ"

ဦးသောင်းမြင့်နှင့် ဂျွန်နသန်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ပြိုင်တူကြည့်လိုက်ကြသည်။ သူပြောနိုးနိုး ကိုယ်ပြောနိုးနိုး။ ဆရာဂျွန် မျက်နှာကတော့ နီရဲနေပြီး အဆီတွေ ပြန်နေပြီ။ ရေချိန်ကိုက်နေပြီပေါ့။ ဒီအချိန်ခေါ်လို့ရတာ ကံကောင်း။ ခါတိုင်းဆိုဒေါင်းနေလောက်ပြီ။ ရေချိန်လက်ခံရှိသူ ဂျွန်နသန်ကပင် စကားစလာ၏။

"ကျွန်တော်ကတော့ ပရက်စ်ရှိနေတယ် ထင်တာပဲ"

ထောင်ပိုင်ကြီး မျက်လုံးပြူးသွား၏။

"ဟာ.... မဖြစ်နိုင်တာဗျာ၊ ဒီကောင်မလေး အိမ်ထောင်မရှိပါဘူး။ အပျိုလို့ပြောပါတယ်"

"ဒါတော့ကျွန်တော်မသိဘူး။ မူးတယ်၊ အန်တယ်၊ ထမင်းမစားနိုင်တာလည်း နှစ်ရက်လောက်ရှိပြီ။ မင့်ဖ် (ရာသီပန်း) မလာတာလည်း နှစ်လရှိပြီလို့ ပြောတာပဲ"

"စမ်းကြည့်တော့ကော"

"ဒါလောက်နဲ့ ဘယ်သိနိုင်ဦးမှာလဲ"

အေးလေ။ သူလည်း ဆေးစပ်ဆရာ ကွန်ပေါင်ဒါအဆင့်ဆိုတော့ ဒါလောက်ပဲ

http://www.cherrythitsar.org



ပြောနိုင်မှာပေါ့။ ဘာပဲဖြစ်ဖြစ် ထောင်ပိုင်ကြီးမှာတော့ ခေါင်းကိုက်ရပြီ။ အလေးအနက် စဉ်းစားရပြီ။ အကျဉ်းသူတစ်ယောက် ထောင်ထဲဝင်စဉ် ကိုယ်ဝန်ပါမလာဘဲ ထောင်ထဲ ရောက်ပြီးမှ ကိုယ်လေးလက်ဝန်ရှိလာပြီဆိုလျှင် အဲဒါ တကယ့်ဧရာမပြဿနာကြီး။

အကျဉ်းထောင်လက်စွဲဥပဒေအရ အကျဉ်းသူတစ်ယောက် ထောင်ထဲဝင်လာလျှင် ကာမပိုင်ခင်ပွန်း ရှိမရှိ မေးရမည်။ ကိုယ်ဝန် ရှိမရှိ မေးရမည်။ ကိုယ်ဝန်ရှိလာလျှင် ဘယ်နှစ်လဆိုတာ ထောင်မှတ်ပုံတင် စာအုပ်ကြီးထဲမှာ ရေးမှတ်ထားရသည်။ ဆရာဝန်နှင့် ထပ်မံစစ်ဆေးပြီး မှတ်ချက်ရေး၊ လက်မှတ်ထိုးထားစေရ၏။ အချိန်တန်တော့ ထောင်က တာဝန်ယူ၍ မွေးဖွားပေးရသည်။ ထောင်ထဲရောက်လာပြီးမှ ရှိသည့် ကိုယ်ဝန်ဆိုလျှင်တော့ အဲဒါ ထောင်ပိုင်ကြီး ကြည့်ရှင်းပေတော့။

"ဦးသောင်းမြင့်၊ ဒေါက်တာ ဦးသန်းဖေကို သွားအခေါ်မခိုင်းဖူးလား"

"အခေါ်ခိုင်းပါတယ် ဆရာကြီး၊ ဆရာဦးသန်းဖေက နလကအဖွဲ့နဲ့ နယ်ကို စစ်ကြောင်းကြီးငါးကြောင်း ဆင်းသွားလို့ ဆရာဌွန်ကို ထပ်ပြီးအခေါ်ခိုင်းလိုက်ရတာပါ"

"အေးဗျာ၊ ဒီအတိုင်းဆိုရင်တော့ မနက်ဖြန် ဆရာဝန်ကြီးဆီ ဖုန်းဆက်ပြီး ဆရာဝန်တစ်ယောက်နဲ့ စမ်းသပ်ပေးဖို့ မေတ္တာရပ်ခံရမှာပဲ။ တကယ်လို့သာ ဆရာဌွန် ပြောတဲ့အတိုင်း ဟုတ်နေရင်တော့ ခင်ဗျားနဲ့ကျွန်တော် အလုပ်ရှုပ်ပြီသာမှတ်။ ဦးနှောက်ခြောက်ဖို့ ပြင်ထားပေတော့"

"ဟုတ်ပါတယ် ဆရာကြီးရယ်၊ ကျွန်တော်လည်း ဘယ်လိုလုပ်မှ စဉ်းစားလို့ မရပါဘူး။ မဟုတ်ပါစေနဲ့လို့ ဆုတောင်းနေမိပါတယ်"

"ဒီလိုပဲပေါ့ဗျာ၊ ပြဿနာရယ်လို့ဖြစ်လာမှတော့ တတ်သမျှမှတ်သမျှ အဖြေရှာပြီး ရင်ဆိုင်သွားရမှာပေါ့"

"ဘယ်လိုလဲ ဆရာဌွန်၊ အမောပြေ တစ်ပက်နှစ်ပက် ချသွားဦးမလား"

ဆရာဌွန်၏ မျက်နှာက ပြုံးဖြဲဖြဲ။

"ဝမ်းဖော် သီရုပ်ဒ် (လမ်းအတွက် တစ်ခွက်)လောက်ပေါ့ ထောင်ပိုင်အုပ်ကြီးရယ်"

"ဦးသောင်းမြင့်ကော ချသွားလေ"

"တော်ပြီ ဆရာကြီး၊ ကျွန်တော်ထမင်းဆာလှပြီ"

ဦးသောင်းမြင့် ထိုင်ရာမှ ထပြီး အလေးပြု၍ ပြန်ထွက်သွားသည်။

ထိုနေ့ညက ထောင်ပိုင်ကြီး တစ်ရေးနိုးလာတော့ သူ့ခေါင်းထဲ ပထမဦးဆုံး ရောက်လာတာကတော့...

"လေးသစ်မှန်မှန်၊ အောက်ကခံ၊ တက္ကလာခေါင်ဖျား၊ နှစ်သစ်ထားရမတဲ့။ ဟောဒါက တော်ပါဘူးရဲ့ တက္ကလာလို့ခေါ်တယ်။ အဲဒီတက္ကလာအထိ တော်ပါဘူးရဲ့ အောက်ခြေကနေပြီး လက်လေးသစ်ထားရတယ်။ တက္ကလာအမြင့်ကတော့ လက်

http://www.cherrythitsar.org



နှစ်သစ်ပေါ့"

မကြာသေးမီက ကသာမြို့နယ် စာပေအဖွဲ့အနေနှင့် ရွှေလီ သစ်တောကြိုးဝိုင်းအတွင်း ဘိန်းစားဝေါဟာရများ ရှာဖွေစုဆောင်းစဉ် ဆင်စခန်းတစ်ခုမှ ဆင်ဦးစီးများ တစ်ယောက်ပေါင် တစ်ယောက်ခေါင်းအုံးရင်း ပြောပြခဲ့သော စကားသံများကို ပြန်လည်ကြားယောင်နေမိခြင်းဖြစ်၏။ ဘိန်စားမှာလည်း သုံးမျိုးသုံးစားရှိသေးသည်။ နတ်ဘိန်းစား၊ နွားဘိန်းစား၊ ခွေးဘိန်းစားတဲ့။ နတ်ဘိန်းစားဆိုတာက အဆီကိုရှူတဲ့သူ၊ နွားဘိန်းစားကတော့ တော်ပါဘူးနှင့် ရှူသူအများစု။ ခွေးဘိန်းစားဆိုတာက အနိမ့်ဆုံးအဆင့်။ တော်ပါရည် ဖျော်သောက်ရသူများ။

ဩော်.... ငါ့နယ်၊ ဘာကြောင့်များ ခုတလော ဒီဘိန်းစား အကြောင်းတွေချည့် ခေါင်းထဲဝင်နေရပါလိမ့်။ သို့ကလို အတွေးပေါက်ပြီး စိတ်နောက်မိသည်။ သို့သော် တစ်ရေးနိုးပေါ်လာသော အကြံကိုတော့ ပစ်ပစ်ခါခါကြီး သဘောထားလို့မရ။ တစ်ရေးနိုးညများသည် လူကို ကောင်းကျိုးပြုပေါင်း များလှပြီ။ စာရေးလို့မရဘူးလား။ အထစ်အငေါ့ဖြစ်နေသလား၊ ဇာတ်လမ်းဇာတ်ကွက်ဖော်ဖို့ အခက်အခဲဖြစ်နေသလား၊ အသာလေးပစ်ထားလိုက်။ ညအိပ်ရေးဝအောင်အိပ်ပြီး ၂ နာရီ၊ ၃ နာရီလောက် တစ်ရေးနိုးချိန်တွင် ပြန်ကောက်ရေး။ ဦးနှောက်ထဲ ကြည်ကြည်လင်လင် ဉာဏ်တရွှင်ရွှင်နှင့် တယ်လည်းရေးလို့ လက်သွက်သကိုး။ ဒါကြောင့် တစ်ရေးနိုး ပေါ်လာသောအကြံကို ပစ်စလက်ခတ်မေ့ပျောက်ပစ်လို့မရ။ အကြောင်းရှိရမည်။

ဟုတ်ပြီ။ အစရပြီ။ မဆီလေးရယ်မှ အိုမဆိုင်။ မိန်းမထောင်နဲ့ ဘိန်း၊ မယ်သီလရင်နဲ့ ဘီးလို ဘယ်မှာ အပ်စပ်လို့တုန်း။ ဒီကိစ္စ ပေါ်အောင်စစ်မှ။

နောက်တစ်နေ့ နံနက် ရုံးခန်းရောက်ရောက်ချင်း ခရိုင်ဆရာဝန်ကြီးထံ တယ်လီဖုန်းဆက်၍ အကျိုးအကြောင်းပြောပြပြီး ဆရာဝန်တစ်ယောက်လွှတ်ရန် မေတ္တာရပ်ခံရသည်။ ပြီးသည်နှင့် မိန်းမထောင်မှ မတူးကို အခေါ်ခိုင်းလိုက်သည်။ မတူးရောက်လာသောအခါ အစောင့်အရှောက်အဖြစ် လိုက်ပါလာသူ အမျိုးသမီး ထောင်ကြပ် အေးမေသန်းကို ပြန်လွှတ်လိုက်၏။ အနီးတွင် ထောင်မှူးဦးသောင်းမြင့် တစ်ဦးတည်းသာ ရှိနေစေသည်။

'မတူး ကျွန်တော်မေးတာကို အမှန်အတိုင်းပြောပါ။ ခင်ဗျား မှန်တာကိုပြောရင် ခင်ဗျားကို မိန်းမထောင် တန်းစီး ပြန်ခန့်မယ်"

"ဟုတ်ကဲ့၊ ကျွန်မသိတာဆိုရင် အားလုံး အမှန်အတိုင်း ပြောပါ့မယ်"

ထောင်ပိုင်ကြီး ငယ်နိုင်ကိုင်လိုက်ပြီ။ မတူးမှာ မကြာသေးမီကမှ မိန်းမထောင်တန်းစီးက ပူပူနွေးနွေးပြုတ်ထားခဲ့သူ ကျားနာဖြစ်သည်။ တကယ်တော့ မတူးမှာ မဟုတ်မခံ ဆတ်ဆတ်ကြဲ မိန်းမစားမျိုး။ အရက်မူး၍ မတရားနိုပ်စက်သော သူ့ယောကျ်ားကို ပင် ငုံ့ခံမနေဘဲ ဓားနှင့်ပြန်ခုတ်ခဲ့၍ ထောင် ၂ နှစ်ကျလာသူ။ မိန်းမထောင် တန်းစီးဘဝ

http://www.cherrythitsar.org



တွင်လည်း စည်းနှင့်ကမ်းနှင့် အုပ်ချုပ်တတ်သူဖြစ်၏။ မတူးက စည်းကမ်းကိုင်တော့ အကျဉ်းသားများ အနေကျပ်ကြသည်။ မတူးကို အပြစ်ရှာကြသည်။ မတူးတစ်ကွက်မှား သည်နှင့် အကျဉ်းသူများ ဝိုင်းတွန်းကြရာ မတူး တန်းစီးအလုပ်မှ ပြုတ်ခဲ့ခြင်းဖြစ်သည်။ အကျဉ်းထောင်လုပ်သက် နှစ်ဆယ့်ငါးနှစ်ကျော်လာပြီဆိုတော့ ထောင်ပိုင်ကြီးအနေနှင့် ဘယ်ခလုတ်နှိပ်လျှင် ဘာဂဏန်းထွက်လာမည်ကို အတပ်သိပြီးသား။ထောင်ကွန်ပျူတာ အိတ်စပတ်။ သို့ဖြစ်၍ မတူးအားဖြုတ်ချရာတွင် အားပေးကူညီခဲ့သူ ထောင်ကြပ်အေးမေ သန်းကိုပါ အပြင်ပထုတ်လိုက်ရခြင်းဖြစ်၏။ ခုတော့ သူသိချင်သမျှ အကုန်သိရပြီ။

"ဟုတ်ပါတယ်၊ အဲဒီဘိန်းထုပ်ဟာ မနန်းဒွိရဲ့ဘိန်းထုပ်ပါ။ နန်းဒွိဟာ အပြင်မှာ ကတည်းက ဘိန်းစွဲနေတာပါ။ သူ့ကို ကချင်သောင်းကျန်းသူတစ်ယောက်က တော်ကောက်ပြီးတောထဲပါသွားဖူးတယ်။ တောထဲမှာ ဘိန်းဖြူအထိ သုံးခဲ့ဖူးပါတယ်လို့ ပြောပါတယ်"

တော်ပြီ။ ဒါလောက်ဆိုလုံလောက်ပြီ။ မနန်းဒွိကို ခေါ်စစ်လိုက်တော့ ဘယ်လို လုပ်မှ မငြင်းသာတော့ဘဲ အမှန်အတိုင်း ဖွင့်ဟဝန်ခံရတော့သည်။ မူးတာမော်တာ၊ အော့အန်တာ ဘိန်းမမျိုရလို့ကိုး။ ရာသီပန်းမပွင့်တာ နှစ်လရှိပြီဆိုတာလည်း ပြောမိ ပြောရာ ပြောတာပါတဲ့။ အင်း.... မနန်းဒွိကလည်း ပြောချင်ရာပြော ဆရာ ဝွန်နသန် ကလည်း လေရရဆိုတော့ ပြဿနာတွေ မရှုပ်သင့်ဘဲ ရှုပ်ကုန်ရတာပေါ့။

ပြီးသည်နှင့် ထောင်မှူးဦးသောင်းမြင့်ဘက်သို့လှည့်၍

"ကဲ.... ဗိုက်ပြဿနာကတော့ ရှင်းသွားပြီ။ အဲဒီဘိန်း ဘယ်ကရတယ်၊ ထောင်ထဲကို ဘယ်လိုဝင်လာတယ်ဆိုတာတော့ ခင်ဗျား ဆက်လက်ကပြရမယ့် အပိုင်း ပဲ။ နောက်ဆုံးတစ်ခုပဲ ပြောစရာရှိတယ်။ မတူးကိုတော့ တန်းစီးပြန်ခန့်ထားလိုက်ပါ"

■

http://www.cherrythitsar.org



# ၆၅

စာဆိုတော်ရာသီ ရောက်လာတော့မည်။

စာဆိုတော်နေ့ နီးလာလေလေ ကသာကို သတိရလေလေ။

“ဒီအသံကိုကြားရင် က ချင်တာ မြန်မာ့အစဉ်အလာ.... က ချင်တာ ဟေလာ မောင်ရီးဝါး....”

အဲဒီ ‘မြန်မာ့ရှော့ခ်အင်ရီး စိန်အိုးစည်’သီချင်းထဲကအတိုင်း စာရေးဆရာတွေ ရင်ထဲမှာ ကျလိကျလိနဲ့ ရှုပိုးထိုးကြပြီ။ စာဆိုတော်နေ့ အထိမ်းအမှတ် ဟောပြောပွဲများ ဘယ်ကလာ ဖိတ်ပါ့မလဲလို့ အမျှော်ကြီးမျှော်ကြရပြီ။ ဒီနှစ် ဘာတွေဟောမလဲ ပြောမလဲ လို့ တွေးရပြီ။ တစ်ပွဲနဲ့တစ်ပွဲ ထပ်လို့မဖြစ်သေး။ သုံးလေးခွင်စာတော့ အသင့်ပြင်ထားမှ။

ပြီးတော့ ဘာတွေများ ကျွေးလိုက်မွေးလိုက်မလဲ။ ဘာလက်ဆောင်တွေများ ပေးလိုက်မလဲ။ ဒါလည်း ပါတာပေါ့လေ။ ဒီနှစ်အတွက် မှန်းချက်နှင့်နှမ်းထွက် ဘယ်လို နေမယ်ဆိုတာ မသိရသေးလျှင်လည်း နေပါစေ။

လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်က စာဆိုတော်နေ့တွေ အကြောင်းကို ပြန် ပြောင်းတွေးတော စားမြုံ့ပြန်လျှင်လည်း အရသာရှိမှာပါ။ယခင် ကသာခရိုင်၊ ယခု ကသာမြို့နယ်စုတွင်းရှိ ကသာ၊ ထီးချိုင့်၊ အင်းတော်၊ ကောလင်း၊ ပင်လည်ဘူး စသည့် မြို့နယ်များမှာ စာပေလှုပ်ရှားမှုအနေနှင့် အလွန်ပင်တက်တက်ကြွကြွရှိလာကြသော မြို့နယ်များ ဖြစ်၏။ နှစ်စဉ်နှစ်တိုင်း စာဆိုတော်နေ့ အထိမ်းအမှတ် ဟောပြောပွဲများကို စည်ကားသိုက်မြိုက်စွာ ဆင်နွှဲကျင်းပလေ့ရှိကြသည်။

http://www.cherrythitsar.org



ယင်းကဲ့သို့ ကျင်းပရာတွင် ငွေကုန်ကြေးကျသက်သာစေရန် မြို့နယ်အချင်းချင်း ညှိနှိုင်းကြပြီး ရန်ကုန်နှင့် မန္တလေးမှ စာရေးဆရာကြီးများ၊ စာရေးဆရာမကြီးများကို ဖိတ်ကြားဟောပြောစေခဲ့သည်။

၁၉၇၁ ခုနှစ်က ဗန်းမော်ထောင်မှ ကသာထောင်သို့ ပြောင်းရွှေ့ရောက်ရှိလာသော ရန်အောင်မောင်မောင်ဆိုတာက သုံးလေးနှစ်ကြာသည်နှင့် မြို့ခံစာရေးဆရာ ဖြစ်သွားပြီ။ သူနှင့်အတူ အစ်ကိုစောတို့လည်း ရှိနေကြသည်။ စာပေလှုပ်ရှားမှု လှိုင်းတံပိုးအနေနှင့် ကသာနှင့် အင်းတော်မြို့နယ်တို့ကို ပိုမိုပြင်းထန်သည်ဟု ဆိုရမည်လားမသိ။ သူတို့က မြို့ပေါ်တွင်သာမဟုတ်။ ကျေးရွာများအရောက် စာဆိုတော်နေ့ ဟောပြောပွဲများ ကျင်းပလိုကြသည်။

အဲဒီအထဲမှာ အင်းတော်က ကိုအောင်မင်းသိန်းမှာ အကဲဆုံး၊ အသဲဆုံး။

"ဆရာ.... ဟိုတစ်နှစ်တုန်းက အင်းရွာအထက် ဒေါင့်ကြီးကျေးရွာ မူလတန်းကျောင်းမှာ ဟောပြောပွဲ လုပ်ခဲ့သေးတယ်ဆို"

"အဲဒါက ထီးချိုင့် ဟောပြောပွဲသွားရင်း လမ်းကြုံလို့ပါဗျာ။ အံ့မယ်.... သူတို့ရွာကလည်း အဆင့်အတန်းမနိမ့်လှဘူးဗျ။ မူလတန်းကျောင်းသူကလေးတွေက ပန်းစည်းတွေဆက်ပြီး ကြိုကြတာ၊ ကျွန်တော်ဖြင့် ဒီတစ်ခါပဲကြုံဖူးသေးတယ်"

"မနှစ်ကလည်း အစ်ကိုစော တာဝန်ကျတဲ့ မဲဇာကျောင်းကို သွားဟောပြီးပြီ နော်"

"အေးလေ.... ဟုတ်ပါတယ်။ နေစမ်းပါဦး။ ခင်ဗျား ဘာပြုလို့ ကျွန်တော့်ကို ဒါလောက် စကားပလ္လင်ခံပြီး ချည်တုပ်နေရတာတုန်း"

"ဒီနှစ် မော်လူးကို ဟောပြောပွဲ ဖိတ်ချင်လို့ပါ"

"အံ့မယ်လေး.... ဒါများ ကိုအောင်မင်းသိန်းရာ၊ ပြောပြောက စောရောပေါ့။ စာရေးဆရာဆိုတာ ဖိတ်ရင် ဘယ်နေပါ့မလဲ၊ နဂိုကတည်းက ဖိုးပြောချင်တွေပဲ"

အနယ်နယ် အရပ်ရပ် စာပေဝါသနာရှင် အတော်များများကို တွေ့ခဲ့ဖူးသော်လည်း သူလိုလူရှားမှရှားသည်။ စာပေစိတ် အင်မတန်ပြင်းပြသည်။ ထမင်းမေ့၊ ဟင်းမေ့။ လူကိုကြည့်လိုက်တော့ မည်းမည်းသဲသဲ ထောင်ထောင်မောင်းမောင်း တုတ်တုတ်ခိုင်ခိုင် အရပ်ခြောက်ပေနီးပါးခန့်။ ရုပ်ရှင်ထဲ ကပ္ပလီ သရုပ်ဆောင်လိုလျှင် သူ့ကိုသာခေါ် အတော်ပဲ။ စာပေစိတ် ပြင်းထန်ပုံကတော့ ထိုအချိန်က သူ့အသက် အစိတ်လောက်ရှိပြီ။ ဘာစီးပွားရေးမျှမလုပ်။ အစ်ကိုအစ်မတွေ ကားထောင်ထားသည်ကို ငုတ်တုတ်ထိုင်ကြည့်နေသည်။ သူ့မှာ မဆိုသလောက် စာအုပ်ဆိုင်ကလေးတော့ရှိသည်။ စာပေနှင့် နီးနွယ်သည့် သတင်းစာကိုယ်စားလှယ် မရအရယူထားသည်။ ကျန်တာ စာကြည့်တိုက်ထောင်၊ မြို့နယ်အတွင်း စာပေလှုပ်ရှားမှုလုပ်၊ ဒါပဲ။ သူ စာပေဝါသနာပါပုံကတစ်မျိုး။ သူနှစ်သက်သည့် စာရေးဆရာဆိုလျှင် ယင်းပုဂ္ဂိုလ်၏အတ္ထုပ္ပတ္တိ ကိုယ်ရေးရာဇဝင်

http://www.cherrythitsar.org



အတိအကျလေ့လာတတ်သည်။ နှိုက်နှိုက်ချွတ်ချွတ် အတွင်းကျကျလည်း စပ်စုတတ်သည်။ လူချင်းတွေ့လို့ကတော့ အားနာရကောင်းမှန်းမသိ။ စွတ်ရွတ်မေးလေ့ရှိ၏။

ဆရာဒေါင်းနွယ်ဆွေကို အရက်ဝိုင်းတွင် 'ဆရာက မွတ်ဆလင်လား' ဟုမေးရာ ဒေါင်းကြီးက ပြုံးနေသည်။ ဘာမျှပြန်မဖြေ။ ဝန်းသိုရောက်၍ ယခုအခါ ပျံလွန်တော်မူခဲ့ပြီဖြစ်သော ဝန်းသိုဆရာတော်ဘုရားကြီးအား ဝတ်ချကန်တော့နေသည်ကို မြင်ရသောအခါ သူမျက်စိလည်သွားသည်။

ဘာပဲဖြစ်ဖြစ် မော်လူးစာပေဟောပြောပွဲကိုတော့ ငြင်းလို့မရ။ ငြင်းလို့မရလို့ ရန်ကုန်၊ မန္တလေးမှ စာရေးဆရာတွေ ဖိတ်ပေးရအောင်ကလည်း ကျေးရွာအဆင့်ဆိုတော့ စရိတ်စက တတ်နိုင်မည်မဟုတ်။ သို့ဖြစ်၍ မြို့ခံစာရေးဆရာနှင့် ရွက်ပုန်းသီး စာပေကလောင်ရှင်ကလေးများကို ပွဲထုတ်ပေးရသည်။ ရွက်ပုန်းသီးဆိုသော်ငြားလည်း သူတို့၏ ဝတ္ထုကဗျာလေးများ စာစောင်အသီးသီးတွင် ပါနေကြပြီ။

သူတို့တစ်တွေကတော့ ကသာသင်းမွေး၊ ကသာလှဝင်းနွယ်၊ ထီးချိုင့်ဖြူစိုး၊ ထီးချိုင့် မောင်ငြိမ်းသာ၊ ဝင်းထိန် (အင်းတော်)၊ မောင်ရည်ဦးနှင့် သလ္လာခင်အေးတို့ ဖြစ်ကြသည်။ ထိုနေ့က မောင်ရည်ဦးနှင့် သလ္လာခင်အေးတို့ အလှည့်ကျ စင်ပေါ်တက်ဖြစ်ကြသည်။ သူတို့နှစ်ယောက်လည်း ကြိုးသားပမ်းစား ဟောပြောသွားကြရှာပါသည်။ ဒီလိုပဲ တစ်စတစ်စ ပွဲတိုးခဲ့ကြရတာပဲလေ။

ကြူကြူသင်းနှင့် အစ်ကိုစောတို့ပြောပြီးကြတော့ ရန်အောင်မောင်မောင် အလှည့် ရောက်လာသည်။ စာဆိုတော်နေ့ စာပေအကြောင်း ဘယ်လိုပဲပြောပြော ထောင်အကြောင်းက မလွဲသာမရှောင်သာ ကြားညှပ်သွားတတ်သည်။ မသိမသာ ခလုတ်တိုက်မိ သွားတတ်သည်။ ကိုယ်က ထောင်စာရေးဆရာတံဆိပ် ရထားမှကိုး။

ရွှေပွဲလာပရိသတ်များကို ငြိမ်အောင် ထိန်းရတဲ့အလုပ်ကလည်း သိပ်တော့မလွယ်လှ။ သူတို့ကို တစ်ခုခုနဲ့ ဖမ်းစားထားမှ တော်ကာကျသည်။ ဘာနဲ့ဖမ်းစားမလဲ။ ရယ်စရာနဲ့လား။ ကိုယ်က ဆရာကြီးကွေးလို ကလိမထိုးတတ်။လျှို့ဝှက်သည်းဖိုနဲ့လား။ ဆရာမောင်သိန်းဆိုင်လို မဖန်တီးတတ်။ နုနုရွရွ လှလှပပ ချစ်မေတ္တာဇာတ်ကြောင်းကလေးတွေ ကျတော့လည်း ကိုယ်နှင့်မအပ်စပ်။ သီချင်းဆိုပြရအောင်ကလည်း အသံကခြောက်ကပ်ကပ်။ သည်တော့ ထောင်စာရေးဆရာပီပီ ရွှေပွဲလာပရိသတ်ကြီးကို အုတ်နံရံကြီး လေးဖက်လေးတန် ကာရံထားသော ထောင်ထဲကိုပင် ဆွဲသွင်းရသည်။

ထောင်ထဲမှာလည်း ဖမ်းစားစရာတွေ တစ်ပုံကြီးပါ။ မှိုင်းနဲ့ ဖမ်းမလား။ သေခါနီးကြိုးသမား အကြောင်းသာပြောလိုက်။ ပရိသတ်ကြီး ငြိမ်ကျသွားတတ်သည်။ တစ်ခါတရံ အသက်ရှူသံများပင် ကြားရမလောက် သိပ်ငြိမ်သွားပြန်လျှင်လည်း ရယ်စရာကလေး အရွှမ်းဖောက်ပြီး ပြန်ဆွပေးလိုက်။ ထောင်ဝင်စာတွင် မုဒိမ်းမှုနှင့် ထောင်ကျနေ သောလင်ဖြစ်သူက သူ့မိန်းမကို ငွေလိုချင်သဖြင့် လက်ညှိုးနှင့်လက်မတို့ကိုဝိုင်းပြရာတွင်

http://www.cherrythitsar.org



ဇနီးသည်က အဓိပ္ပာယ်ကောက် လွဲသွားသည့်အကြောင်း၊ လေသေနတ်နှင့် ဓားပြတိုက်ရာမှ သေနတ်မောင်း၊ ခါးကျိုးသွားပြီး ပြေးပေါက်မှားခဲ့သည့်အကြောင်း စသည်အားဖြင့်။

အရေးကြီးတာက အကွက်ကောင်းလေးတစ်ကွက်နှင့် လမိုင်းကပ်သွားဖို့ပင်ဖြစ်၏။ လမိုင်းကပ်သွားပြီဆိုမှ ကိုယ်ပြောချင်ရာ ပြောပေတော့။ ငယ်စဉ်က မြို့တော်အောင်မြစိန်ပွဲကြည့်စဉ် မြို့တော်ပေါ်စံ၏ 'စောင်ပတ်ကြီးနဲ့ မိန်းမကြီး' တစ်ခွန်းတည်းနှင့် မိုးလင်းသွားသည်ကို မှတ်မိနေသေးသည်။ နောက်ပိုင်းဇာတ်ထုပ်ကရာတွင် မင်းသားနှင့် မင်းသမီး ငိုချင်းချ၍ ဘိန်းဆိုင်ကတရုတ်ကြီး ဘောင်းဘီပျောက်လို့ငို တီးလုံးကြားထဲကပင် သူ့ပျက်လုံးက အသက်ဝင်နေဆဲ။

ဟောရင်းပြောရင်းကလည်း ကိုယ့်ပရိသတ် ကိုယ်အကဲခတ်ရသေးသည်။ ပါးစပ်ထဲ အာတွေ့တွေ့နှင့် ပြောချင်ရာစွတ်ပြောနေလို့ မဖြစ်သေး။ ပရိသတ်အခြေအနေကြည့်ပြီး စကားလမ်းကြောင်းပြောင်းတန်လျှင်လည်း ပြောင်းပေးရသည်။ ထိုနေ့က အခြေအနေမဆိုးလှပါ။ မိမိမှာ နောက်ဆုံးမှပြောရသူ ဖြစ်သော်လည်း ပရိသတ်ကြီး လမိုင်းကပ်နေဆဲဖြစ်ကြောင်း မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်ရုံ နှင့် သိလိုက်ပါသည်။

သို့သော်.... အဲဒီသို့သော်မှာ သေးသေးမွှားမွှား သို့သော် မဟုတ်။ ဧရာမ စူပါ့စူပါ သို့သော် ဖြစ်နေ၏။ အဘယ့်ကြောင့်ဆိုသော် ရှေ့ပိုင်း မိမိကောင်းစွာ မြင်သာသော နေရာရှိ အမျိုးသမီးတစ်ယောက်မှာ တရှုပ်ရှုပ်ငိုနေပါတော့သည်။

"ဟိုက်.... မြတ်စွာဘုရား၊ ငါဘာများ အပြောမှားပါလိမ့်။ ငါပြောတဲ့အထဲမှာ ရှိုက်ကြီးတငင် ငိုရလောက်အောင် ဘာမှလည်း မပါပါလား။ မှားပြီ၊ မှားပြီ၊ ဘာမှားမှန်းတော့ မသိ"

ငိုနေသော အမျိုးသမီးမှာ ငယ်ငယ်ရွယ်ရွယ်တော့ မဟုတ်။ အသက်အားဖြင့် သုံးဆယ့်ငါး လေးဆယ်တွင်းလောက်ဖြစ်သည်။ သူ့ရင်ခွင်ထဲမှာလည်း အသက်ငါးနှစ်ခန့် ကလေးငယ်တစ်ဦး ရှိနေသည်။ ကလေးငယ်ကတော့ ပြုံးကြည့်ကြောင်ကြည့်။ ခုခေတ်စကားနှင့်ပြောရလျှင် 'မှားပါတယ် မပုတ္တရယ်' ဆိုသည့် ကိန်းဆိုက်နေပြီ။ မှားပြီဆိုမှတော့ ရှေ့ဆက်စကားပြောလို့ သိပ်အပေါက်အလမ်း မတည့်ချင်တော့။ လျှာနှင့် သွားတို့ ပဋိပက္ခဖြစ်ကာ လမ်းကြောင်းပျောက်ပြီး လယ်ကွက်ထဲက အက်စ်အီး ဖြတ်မောင်းသလို ကပေါက်ချိကပေါက်ချာဖြစ်သွားတတ်သည်။ သို့ဖြစ်၍ ပြောလက်စ စကားကို တော်သလိုလျော်သလို နဂိုးကမွတ်အဆုံးသတ်ကာ ဟောပြောပွဲကို ပတ်စာချွာ ဖျာသိမ်းလိုက်ရတော့သည်။ အနီးတွင်ရှိနေသော ဒေါ်ခင်တင့် (သလ္လာခင်လေး)က

"ဆရာ.... ဘယ်လိုဖြစ်တာလဲ၊ ဘာပြုလို့ ဖြတ်ချလိုက်တာလဲ"

"အေးဗျာ.... အကြောင်းရှိလို့ ဆိုပါတော့။ ဒါထက် ကျွန်တော့်ကို တစ်ခုကူညီစမ်းပါ"

http://www.cherrythitsar.org



"ဘာများလဲဆရာ"

"ဟိုမှာ ပါတိတ်အပြာဝမ်းဆက်နဲ့ အမျိုးသမီးတစ်ယောက် တွေ့လား။ (ထိုအချိန်တွင် လူတွေ ရုံပေါက်ဝတိုးဝှေ့ထွက်နေဆဲ) ကလေးလေး လက်ကဆွဲလို့လေ"

"ဟုတ်ကဲ့၊ တွေ့တယ်ဆရာ"

"အဲဒီအမျိုးသမီး ကျွန်တော်ဟောပြောနေတုန်းမှာ ငိုနေတာတွေ့လို့ဗျ။ အဲဒါဘာပြုလို့လဲ လိုက်မေးပေးစမ်းပါ။ ဒါမှမဟုတ် အဆင်ပြေရင်လည်း ခေါ်လာခဲ့ပေါ့ဗျာ"

ခဏနေတော့ ဒေါ်ခင်တင့်ပြန်လာ၏။ အမျိုးသမီးနှင့် ကလေးငယ်တို့လည်း ပါလာသည်။ မြင်ရုံနှင့် ကချင်အမျိုးသမီးမှန်း သိလိုက်သည်။ မျက်ရည်စများ မခြောက်ကတ်သေး။ နေပါဦး၊ သူ့ကို ကောင်းကောင်းသိပါတယ်။ ဘယ်သူများပါလိမ့်။

"ဆရာကြီး၊ ကျွန်မ မကော့လေ"

ဟာ.... ဟုတ်တာပေါ့။ မကော့ မကော့။ မကော့ယောကျ်ားက အောင်စိန်။ အောင်စိန်မှ ရိုးရိုးအောင်စိန်မဟုတ်။ ဓားနှစ်လက် အောင်စိန်။ ဘာကြာသေးလို့တုန်း။ လွန်ခဲ့သော သုံးလေးနှစ်ခန့်ကပင် သူတို့အိမ်မှာ မိသားစုနှင့်အတူ စားခဲ့သောက်ခဲ့သေးသည်။ သို့သော် ဒီအရပ်မှာတော့မဟုတ်။ ဗန်းမော်နှင့် မိုးမောက်အကြား ၇ မိုင်ကချင်စုစည်း ရွာကလေးမှာ။

ဗန်းမော်ထောင်ပိုင်အဖြစ် တာဝန်ထမ်းဆောင်နေစဉ်က ဖြစ်၏။ ကလေးတွေ ပူဆာလွန်းသဖြင့် တနင်္ဂနွေနေ့တစ်နေ့ မီးသတ်မှ ဦးတင်ညွန့်ဂျစ်ကားကို အကူအညီတောင်းကာ မိုးမောက်ရေပူစမ်းသို့ လိုက်ပို့ခဲ့သည်။ မိုးမောက်နှင့် ဗန်းမော် ၁၀ မိုင်ခန့်သာဝေးသည့် အပြန်လမ်းတွင် ဦးတင်ညွန့်၏ဂျစ်ကား ဖွဲဖောက်သဖြင့် ၇ မိုင် ကချင်စုစည်းရွာမှာ ကားရပ်ပြီးပြင်ရာမှ အောင်စိန်နှင့် မကော့တို့ လင်မယားကို မမျှော်လင့်ဘဲ တွေ့ခဲ့ရခြင်းဖြစ်သည်။ ထိုစဉ်က အောင်စိန်သည် စုစည်းရွာတွင် ဓားနှစ်လက်ဆံသနှင့် စက်ဘီးပြင်ဆိုင် ဖွင့်ထားသည်။ ထိုကဲ့သို့ အောင်စိန်တစ်ယောက် သမ္မာအာဇီဝအလုပ် ကောင်းကောင်း လုပ်နေသည့်အတွက် လူသာခ နတ်သာခခေါ်ဖြစ်ခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် တစ်ချိန်ကအောင်စိန်သည် ထောင်နှစ်ကြိမ်တိုင်တိုင်ကျဖူးသည့် လူဆိုးလူပေတစ်ယောက်။ ဆိုးရုံပေရုံတေရုံမျှမက လူကလည်း ခပ်ကြောင်တောင်တောင် အကောင်။

အောင်စိန်မှာ မန္တလေး ရွှေဘိုသွား မော်တော်ကားလမ်းပေါ်ရှိ ဆားထောင်ရွာဇာတိဖြစ်သည်။ ဆားထောင်ရွာတွင် ရိုးရိုးတောင်သူ လုပ်ငန်းအပြင် စီးပွားဖြစ် ဆားချက်သူတို့ ရှိကြသည့်အနက် အောင်စိန်၏ မိဘများမှာ ကြေးရတက်များဖြစ်၏။ အောင်စိန်ငယ်စဉ်က ကျောက်အကြီးအကျယ်ပေါက်ခဲ့ဖူးသည်။ သေကံမရောက် သက်မပျောက်ခဲ့ပေမယ့် ကျောက်ပေါက်မာ ထူလပျစ်နှင့် မင်းကုသလက်သစ် ဖြစ်ခဲ့ရသည်။ ယောကျ်ားလေး အလှပျက်သည်မှာ မထောင်းသာလှသော်လည်း အနည်းငယ်ပေါကြောင်ကြောင်နိုင်ခြင်းအားဖြင့် ကျောက်သွေးပြလျက်ရှိ၏။ သို့သော် ကျောက်သွေးပါသူတို့၏ ဓမ္မတာ

http://www.cherrythitsar.org



အတိုင်း ပေါသည်ကို ပေါသည်ပြောပြန်တော့လည်း မခံချင်ပြန်။ သို့ကလို ပေါကြောင်ကြောင် နိုင်ခြင်းကပင် အောင်စိန်အတွက် ဓားနှစ်လက်ဘွဲ့ထူး ဆွတ်ခူးနိုင်အောင် ဖန်တီးပေးလိုက်သလိုဖြစ်နေ၏။ အဘယ်ကြောင့်ဆိုသော် တစ်ညတွင် အောင်စိန်၏ မိဘများအိမ်သို့ ဓားပြများလာတိုက်ကြသည်။ အချိန်အားဖြင့် သူငယ်အိပ်ဆိတ်ချိန်အလွန် သက်ကြီးခေါင်းချချိန်နီးနီး ဖြစ်၏။ သို့သော် အောင်စိန်ရော မိဘနှစ်ပါးပါ မအိပ်ကြသေးပေ။ အိမ်ရှေ့ခန်းတွင် မီးဖိုပြီး အောင်စိန်က ထန်းမြစ်မီးဖုတ်စားနေသည်။ အောင်စိန့် အစ်မ မလှကြည်တစ်ယောက်သာ အိပ်ရာထဲ ကွေးနေသည်။

ဓားပြများသည် သေနတ်သုံးလေးချက် ပစ်ဖောက်ကာ အိမ်ဝင်းထဲဝင်လာကြသည်။ အောင်စိန်တို့အိမ်မှာ လေးပင်သုံးပင် ထရံကာသက်ငယ်မိုး နှစ်ထပ်အိမ်ဖြစ်၍ အောက်ထပ်တွင် နွားခြံရှိသည်။ ဓားပြများသည် အပေါ်ထပ်သို့ တက်လာကာ တံခါးမကြီးကို ထုထောင်းပြီး အဖွင့်ခိုင်းလျက်ရှိ၏။

“ဟေ့.... တံခါးမြန်မြန်ဖွင့်ကြစမ်း”

အောင်စိန်၏ အမေနှင့် အဖေမှာ အလွန်အမင်းကြောက်လန့်နေကြပြီ ဖြစ်၏။ မလှကြည်သည် အိပ်ရာမှနိုးလာကာ တုန်တုန်ယင်ယင်နှင့် မိဘနှစ်ဦးကြား တိုးဝှေ့လျက်ရှိသည်။ အောင်စိန်၏ အဖေက တံခါးဖွင့်ပေးရန် ထိုင်ရာမှ ထလိုက်ရာ အောင်စိန်က လက်ကို ဆွဲထားလိုက်သည်။

“အဖေ.... နေပါစေ၊ ဖွင့်မပေးနဲ့”

အမေဖြစ်သူက စိုးရိမ်တကြီး ဝင်ပြောလိုက်သည်။

“ဖွင့်မပေးလို့ သေကုန်မှာပေါ့ဟဲ့”

အောင်စိန်က အလျှော့မပေး။

“မသေပါဘူးဗျာ၊ အသာနေစမ်းပါ”

အောင်စိန်သည် ပြောပြောဆိုဆို အိမ်ဦးခန်းဘက်သို့ထွက်သွားသည်။ အောင်စိန်၏ မိဘများမှာ မင်းကြီးမင်းလေးကိုးကွယ်ကြသဖြင့် ဘုရားစင်၏အောက်နားကျကျ တောင်ဘက်ထရံတွင် အုန်းငှက်ပျောပွဲ ရှန်ပန်းထည်အစုံအလင်နှင့် နတ်စင်သီးခြားရှိသည်။ နတ်ပွဲအနီး ဝါးထရံတွင် ငှက်ကြီးတောင်ဓားနှစ်လက် ထိုးစိုက်ထားသည်။ အောင်စိန်သည် ဘာမပြောညာမပြောနှင့် နတ်အုန်းပွဲမှ ရှန်ပန်းထည်ကိုဖြုတ်ခါ ခေါင်းကို စည်းလိုက်သည်။ ထို့နောက် ထရံတွင်ထိုးထားသော ငှက်ကြီးတောင်ဓားနှစ်ချောင်းကို ဆွဲဖြုတ်လိုက်ပြန်သည်။ အောင်စိန်၏အမေကမူ အောင်စိန်လုပ်နေသမျှကို ကြည့်ပြီး အကြောက်ကြီးကြောက်နေပြီဖြစ်၏။

“အို.... ဒီကျောက်ရူးနဲ့တော့ ဒုက္ခဖြစ်ကုန်တော့မှာပါပဲ”

အောင်စိန်ကမူဘာမှမမှုသလို ရှန်ပန်းထည်ခေါင်းစည်းပြီး ငှက်ကြီးတောင်ဓားနှစ်လက်ကို တစ်ဖက်တစ်ချက်ကိုင်ကာ တံခါးမကြီးအနီး၌ ဓားသိုင်းကပါလေတော့၏။

http://www.cherrythitsar.org



အောင်စိန်သည် ဓားသိုင်းကို ဟုတ်တိပတ်တိမတတ်သော်လည်း ငယ်စဉ်က ရွာဦးကျောင်းတွင် ရှမ်းဦးပဉ္ဇင်းတစ်ပါး သင်ပေးထား၍ ဆိုင်းချက်ကျကျ အလှကတတ်သူ တစ်ဦးဖြစ်သည်။ အကယ်၍သာ ယခုလိုကြောက်စရာ အန္တရာယ်နှင့်ရင်ဆိုင်ရသော အချိန်အခါမဟုတ်ပါက အောင်စိန်ကနေပုံမှာ ကြည့်လို့ပင်ကောင်းနေပေလိမ့်မည်။

ဓားပြများက အပြင်မှ သေနတ်ဒင်ဖြင့် တံခါးမကြီးကို ဆောင့်နေရာ အောင်စိန်သည် ဓားသိုင်းကရင်းက အသံကုန်ဟစ်လိုက်သည်။

"သယ်.... မင်းကြီးမင်းလေး စောင့်ရှောက်နေတဲ့အိမ်ကို ဘယ်သူ့အားကိုးနဲ့ လာပြီး နှောင့်ယှက်ကြတာလဲဟေ့။ ငါ့အကြောင်း သိသွားစေ့မနော်"

ဓားပြဗိုလ်လုပ်သူသည် အောင်စိန်၏အသံကြားသည်နှင့် ထရံပေါက်မှချောင်း ကြည့်လိုက်သည်။ လက်ဆွဲမှန်အိမ်နှင့် မီးလင်းဖိုတို့မှ မီးရောင်အောက်ဝယ် အောင်စိန် ဓားသိုင်းကနေသည်ကို အတိုင်းသား မြင်နေရသည်။ ဓားပြဗိုလ်က သူ့လူများဘက်သို့ တီးတိုးလှည့်၍၊

"ဒီအိမ်ကို တိုက်လို့မဖြစ်သေးဘူးဟေ့၊ နတ်မကြိုက်ဖူးနဲ့တူတယ်"

သို့နှင့်ပင် ဓားပြများ နောက်ကြောင်းပြန်လှည့်သွားပြီး အခြားရနိုင်မည်ထင်သည့် အိမ်တစ်အိမ် ထပ်ဝင်ကာ ရသမျှ လုယက်ယူငင်သွားကြသည်။ ထုထောင်းသွားကြသည်။ ထိုအချိန်မှစ၍ အောင်စိန်၏အမည်ရှေ့မှ ဓားနှစ်လက်ဟူသော ဝိသေသမှာ လက်ဖက်တစ်ရိုးမကမ်းလိုက်ရဘဲနှင့် အလိုလိုကင်ပွန်းတပ်ပြီး ဖြစ်သွားသည်။ တကယ်တော့ အောင်စိန်အတွက် ဓားနှစ်လက်ဘွဲ့ထူးရခဲ့ခြင်းမှာ ဓားပြတိုက်မခံလိုက်ရခြင်း တစ်ခုသာလျှင် အကောင်းရှိ၍ ကျန်တာမှန်သမျှ အဆိုးဘက်ကချည်း အလေးသာခဲ့သည်ဟုဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် အောင်စိန်သည် နဂိုကပင် ကျောက်သွေးပါ၍ ကြောင်တောင်တောင်နိုင်သည့်အထဲ အရပ်က ဓားနှစ်လက်အောင်စိန်၊ ဓားနှစ်လက်အောင်စိန်ဟု မြှောက်သလိုလို ပင့်သလိုလို နှောက်ပြောင်သလိုလို ဝိုင်းဝန်း ကောင်းချီးသြဘာပေးလာသောအခါ အောင်စိန်မှာ ခြေဖျားထောက်ချင် ဘဝင်ကိုင်ချင်လာ၏။

ဒီလိုနှင့် အောင်စိန်ဘဝကမလုပ်ရဲသောအလုပ်တစ်ခုကို ဓားနှစ်လက်အောင်စိန် ဘဝတွင်လုပ်ရဲလာလေ၏။ အောင်စိန်သည် တစ်ရွာတည်းနေမအေးတင့်ကို အသေအလဲ ကြိုက်နေသူဖြစ်၏။ သို့သော် ကိုယ့်လိပ်ပြာကိုယ်မလုံသဖြင့် မစရဲပေ။ ယခုတော့ မီးလောင်ရာလေပင့်လိုက်ရာ သူ့ရင်ထဲကအချစ်မီးတောက်ကြီး ဟုန်းခနဲထတောက်ပြီပေါ့။

"အေးတင့်ရယ် နင့်ကိုငါ ချစ်နေတာကြာလှပြီ။ မပြောရဲလို့ ကြည့်နေရတာပါ။ နင်ကသာ ပြန်ချစ်မယ်ဆိုရင် မိသားဖသားပီပီ တောင်းရမ်းယူပါ့မယ်ဟယ်"

"အံမယ်.... မင်းကုသဘိုးအေကများ ငါ့ကို ရာရာသသ မူးချောင်းကြီး ခြေကန်စောင့် နင့်လိုကောင် သေတာတောင် မကြိုက်ဘူးမှတ်ပါ"

ဩော်.... မအတ္တာက ဒီလိုကိုး၊ ဒီလိုဆို ကျုပ်က ဟိုလိုလုပ်တယ်ဗျာဟု ဆိုကာ

http://www.cherrythitsar.org



ဓားနှစ်လက်အောင်စိန်သည် အပေါင်းအသင်းများနှင့်တိုင်ပင်ကာ မအေးတင့်ကို ကား တင်၍ ခိုးခဲ့သည်။ ကံဆိုးချင်တော့ နေ့ချင်းပြီး စစ်ကိုင်းအနီးဝါးချက်ရွာမှ ပြန်မိကာ ထောင် ၂ နှစ်ကျခဲ့ရ၏။

မြင်းကို ချိုတပ်လိုက်သလို ထောင်ထွက်ဓားနှစ်လက်အောင်စိန် ဒုစရိုက်နယ် ကျယ်ပြန့်လာ၏။ အရက်သောက်၊ ဖဲရိုက်၊ အရပ်ထဲရမ်းနှင့် သူ့မိဘများ လျော်၍မဆုံး။ ဒီကြားထဲ အရက်ဝိုင်းတစ်ခုတွင် ထောင်ထွက်ချစ်တီးက၊

"တို့ ရွှေဘိုမန်းကား ဓားပြတိုက်ရအောင်ဟေ့"

"လက်နက်လိုတယ်ကွ"

"ငါ့မှာရှိသားပဲ"

"မင်းရှိတာက သေနတ်ကြီး၊ ဘယ်ဖြစ်ပါ့မလဲ"

"လေသေနတ်လဲ ဘာဖြစ်လဲကွ၊ ညဘက်တိုက်ကြမှာပဲ။ တစ်ခါတစ်ခါ ရွှေဘို မန်းကားတွေ မိုးချုပ်တတ်ပါတယ်"

"သေနတ်သံလေး ဘာလေးပေးမှ ကားက ရပ်ပေးတော့မပေါ့"

"လွယ်ပါတယ်ကွာ၊ သီတင်းကျွတ်တုန်းက ပေထုပ်လုပ်တဲ့ ယမ်းမှုန့်တွေ ရှိပါသေးတယ်။ ပေထုပ်သံလည်း သေနတ်သံလောက်တော့ မြည်တာပဲ"

"မင်း ပေထုပ်သံလောက်နဲ့ မဖြစ်ပါဘူးကွာ"

အရက်တစ်ခွက်နှစ်ခွက် သောက်စက မဖြစ်နိုင်သောကိစ္စသည် တစ်ပုလင်းမှ နှစ်ပုလင်းကုန်သွားသောအခါ အလိုလိုဖြစ်နိုင်သွားကြသည်။ သို့နှင့် ဆားတောင်ရွာနှင့် နှစ်မိုင်ခန့်ဝေးသော တောစပ်ကလေးမှစောင့်ကာ မန္တလေးဘက်မှလာသော ရွှေဘိုမန်း ကားကို ဓားပြတိုက်ကြတော့သည်။ ဓားနှစ်လက်အောင်စိန်က ခေါင်းဆောင်လုပ်ကာ ချစ်တီး၏ လေသေနတ်ကို ကိုင်ထားသည်။ ပေထုပ်သံကြောင့် ရွှေဘိုမန်းကား ထိုးရပ် သွား၏။ လရောင်ကလေးက ခပ်ရေးရေး။

ခရီးသည်များကို အောက်ဆင်းခိုင်းပြီး ပါသမျှရွှေငွေ လက်ဝတ်လက်စားပါ မကျန် တော်တော်ရလိုက်ကြသည်။ ပစ္စည်းယူပြီး ပြန်လွှတ်လိုက်လျှင် ပြီးနေသည့်ကိစ္စ။ ယခုတော့ အောင်စိန်သည် လူတတ်ကြီးလုပ်ပြီး လေသေနတ်ကို မြေကြီးတွင် ထောက် ကာ တရားဟောပါလေတော့သည်။ အရက်ရှိန်ကလည်း တက်နေဆဲ။

"ဒီမယ်.... ခင်ဗျားတို့ဆီက အခုလို ရွှေငွေလက်ဝတ်လက်စားတွေ ယူရတာ ကျုပ်တို့စိတ်မကောင်းပါဘူး။ ဒါလည်း ကျုပ်တို့ကိုယ်ကျိုးမဟုတ်ပါဘူး။ တိုင်းပြည် အကျိုး အတွက်ပါ။ ဒီတော့ခင်ဗျားတို့ကလည်း အလုခံရတယ်လို့ မအောက်မေ့ပါနဲ့။ ပါတီရန်ပုံငွေ ထည့်တယ်လို့သဘောထားကြပါ"

အောင်စိန်၏အဖော်များက လစ်ကြရန်လက်ရိပ်ခြေရိပ်ပြပေမယ့် အရှိန်ကောင်း နေသောအောင်စိန်က လေမပြတ်နိုင်။ ထိုအချိန်မှာပင် အောင်စိန်မှီ၍ရပ်နေသော လေ

http://www.cherrythitsar.org



သေနတ်မှာ ခါးကျိုးသွားကာ အောင်စိန် ယိုင်လဲမလို ဖြစ်သွား၏။ ထိုအခါကျမှ ခရီးသည်များမှာ ဟာခနဲဖြစ်သွားပြီး သေနတ်အစစ်မဟုတ်ဘဲ လေသေနတ်ကြီးမှန်း သိသွားကြသည်။ သို့နှင့်ပင် ထိုင်နေကြရာမှ ဖြုန်းခနဲထပြီး ညာသံပေး၍ ဝိုင်းကြရာ အောင်စိန်တို့လူသိုက်မှာ လက်ဝတ်လက်စားများပါ ပစ်ချ၍ လူလွတ်ထွက်ပြေးသွားခဲ့ကြရသည်။ သို့သော် အဲဒီမှာ ပြန်မိပြီး လုယက်မှုနှင့် ထောင် ၃ နှစ်ကျနေစဉ် ထောင်မှူးမောင်မောင်နှင့် မန္တလေးထောင်တွင် တွေ့ခဲ့ကြခြင်းဖြစ်၏။ အောင်စိန် ထောင်ကလွတ်ခါနီးတော့ အပြင်ဘုတ်ထွက်ရသည်။ သူတာဝန်ကျသည့် တောင်ယာမှာ မိန်းမထောင်နှင့် ကပ်နေသည်။ မိန်းမထောင်၏ အကာအရံမှာ သံဆူးကြိုးဖြစ်သဖြင့် ဘိန်းမှုနှင့် ထောင်ကျလာသော မကော့နှင့် စက္ခုရူပနေ သံဝါသကြပြီး မကော့ ထောင်မှလွတ်ချိန်တွင် ဆံထုံးနောက် သျှောင်ပါကာ မကော့၏ဇာတိ ဗန်းမော်ဘက်သို့ ပါသွားခြင်းဖြစ်၏။

၇ မိုင် ကချင်စုစည်းရွာတွင် တွေ့ခဲ့စဉ်က အောင်စိန်နှင့်မကော့တို့ လင်မယားသည် သားသမီးသုံးယောက်နှင့်အတူ သီရိဂေဟာတစ်ခု တည်ဆောက်နိုင်ခဲ့ကြသည်။ ဆံသနှင့် စက်ဘီးပြင်ဆိုင်အပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတို့ကြောင့် ဝင်ငွေကောင်းကာ သာယာချမ်းမြေ့စွာဖြင့် ကြည်နူးဖွယ်ရာ တွေ့မြင်ခဲ့ရသည်။ သို့ဖြစ်၍ သူတို့အကြောင်းကို ၁၉၇၁ခု ဇန်နဝါရီလထုတ် ငွေတာရီမဂ္ဂဇင်းတွင် 'ဓားနှစ်လက်အောင်စိန်' အမည်ဖြင့် ဝတ္ထုကလေးတစ်ပုဒ်ပင် ရေးခဲ့မိသေးသည်။

ဒီကနေ့မော်လူးစာပေဟောပြောပွဲမှာလည်း သူ့အကြောင်းကိုပင် ရယ်စရာတစ်ကွက်အနေနှင့် ဟာသနှော၍ပြောခဲ့မိရာ မကော့တစ်ယောက် ဘောက်မယ့်ကြောင့် တရှုပ်ရှုပ်ငိုနေလေသနည်း။

"နေပါဦး၊ ခင်ဗျားစောစောက ငိုနေတာမဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး"

"ဘာပြုလို့ ငိုရတာလဲဗျ"

"ဆရာကြီးက ကိုအောင်စိန့်အကြောင်းတွေ လာပြောနေတာကိုး"

"အေးလေ.... အဲဒါငိုစရာလားဗျ၊ ကျွန်တော်က ရယ်စရာအနေနဲ့ ပြောနေတာပဲ"

"ဆရာကြီးကသာ ရယ်စရာအနေနဲ့ ပြောနေပေမယ့် ကျွန်မအနေနဲ့ ဘယ်လိုလုပ် ရယ်နိုင်မှာလဲ ဆရာကြီးရယ်။ ကိုအောင်စိန် မရှိတော့ဘူး ဆရာကြီးရဲ့။ ကေအိုင်အေတွေ သတ်လို့ သေသွားပြီ။ အဲဒါကြောင့် ကျွန်မအမျိုးတွေရှိတဲ့ ဒီမော်လူးကို ပြောင်းလာကြတာပေါ့"

"ဟင် ဟုတ်လား၊ ဘယ်လိုဖြစ်တာလဲ မကော့ရာ"

"ထုံးစံအတိုင်းပေါ့ ဆရာကြီးရယ်၊ ကေအိုင်အေတွေကတော့ ဆက်ကြေးလာတောင်းနေတာပဲပေါ့။ အဲဒီတစ်နေ့တော့ ကိုအောင်စိန်ကလည်း အရက်နည်းနည်း

http://www.cherrythitsar.org



သောက်ထားတယ်။ ကေအိုင်အေဗိုလ်ကို ကျွန်တော်စားသိုင်းကပြပါမယ်ဆိုပြီး ဓားနှစ်လက်နဲ့ကပြနေရင်းက ဘယ်လိုလုပ် စိတ်ဖောက်လာတယ် မသိပါဘူး။ ကေအိုင်အေဗိုလ်ကို ဓားနဲ့ခုတ်လိုက်ပါရော။ အဲဒီဗိုလ်လည်း သေလုမျောပါး ခံသွားရတာပေါ့။ သူတို့လည်း အကြီးအကျယ်ဒေါပွပြီး ကိုအောင်စိန်ရော ကျွန်မသား အကြီးလေးကိုပါ အိမ်ရှေ့မှာတင် ပစ်သတ်သွားကြတယ်လေ။ ဒါနဲ့ အားမရသေးဘူး။ အိမ်ဆိုင်ကိုလည်း မီးနဲ့ရှို့သွားကြသေးတယ်။ ကျွန်မနဲ့ သမီးနှစ်ယောက်သာ တောထဲသွားနေလို့ အသက်ရှင်ရက်ကျန်ရစ်ခဲ့တာပါ။ ဒါ အငယ်ဆုံးသမီးလေးလေ။ သူ့ထက်အကြီးက သူ့အဘိုးအိမ်မှာ”

“သြော်.... ဖြစ်မှဖြစ်ရလေဗျာ”

နောက်ပိုင်း စာပေဟောပြောပွဲများတွင် ရန်အောင်မောင်မောင်သည် ရယ်စရာကို အရမ်းအရမ်း မပြောရဲတော့ပေ။

“မှားပါတယ် မကော့ရယ်....”

■

http://www.cherrythitsar.org

# ၆၆

ဝန်ထမ်းလောကမှာသာ ပစ်စာဆိုတာ ရှိသလားအောက်မေ့ခဲ့ရာ စာပေလောကတွင် လည်း ပစ်စာရှိနေမှန်း ယခုမှသိရပါတော့သည်။ ပစ်စာကို အင်္ဂလိပ်လို (anonymous letter) ဟုခေါ်၏။ ပစ်စာတို့၏ သဘောမှာ ပေးပို့သူ၏ အမည်၊ နေရပ်လိပ်စာ နှင့်လက်မှတ်တို့မပါရှိခြင်းပင်ဖြစ်သည်။ အမည်၊ နေရပ်လိပ်စာနှင့်လက်မှတ် အတိအကျ ပါသော တိုင်ကြားစာကို (complaint letter) ဟုခေါ်၏။ သူက ပစ်စာနှင့် နှိုင်းယှဉ် လျှင် ပိုပြီးအဆင့်မြင့်သည်။ တန်ဖိုးထား၍ အလေးပေး အရေးယူရသည်။ စာပေလောက အနေနှင့်တော့ ပစ်စာရယ်လို့ လျစ်လျူရှု၍မရပါ။ စာဖတ်သူ၏ ဆန္ဒသဘောထားကို လေးစားရပါလိမ့်မည်။

'ဆရာရန်အောင်မောင်မောင်ခင်ဗျား....

ကလျာမဂ္ဂဇင်းမှာ ဆရာရေးနေတဲ့ ထောင်တစ်သက်အတွေ့အကြုံ အခန်း ဆက်ဆောင်းပါးကို ကျွန်တော်လစဉ် စောင့်ဖတ်နေပါတယ်။ ကျွန်တော်က ကဗျာသမား ဆိုတော့ ကဗျာပြီးရင် ဒုတိယဦးစားပေး ဆရာ့ဆောင်းပါးကို ဖတ်မိတာပါ။ ပြီးမှ ကျန်တဲ့ ကာတွန်းတို့၊ အခြား ကောင်းနိုးရာရာတွေကို ဆက်ဖတ်တာပါ။ တခြားစာစောင်တွေမှာ ပါတဲ့ ဆရာ့လက်ရာတွေကိုလည်း အကုန်နီးပါးလောက် ဖတ်မိပါတယ်။

စိတ်တော့မရှိပါနဲ့ဆရာ။ ကျွန်တော့်အမြင်ကို ပွင့်ပွင့်လင်းလင်း ဝေဖန်ပြောရ ရင် ဆရာ့စာတွေဖတ်ရတာ ထောင်စော်နံလွန်းနေသလိုပဲ.... .... .... .... .... .... ....'

လိုရင်းကတော့ ဒါလောက်ပါပဲ။ ကျန်တာကတော့ ထောင်အကြောင်း သူ့

http://www.cherrythitsar.org



အမြင် သူ့ရှုထောင့်က အတော်များများရေးသားထားသည်။ ဒါကြောင့်လည်း ပစ်စာ အနေနှင့်ရေးပြီး အောက်က စာဖတ်ပရိသတ်တစ်ဦးလို့ ခြေရာဖျောက်ထားဟန် တူပါ သည်။ တောရပြန်တစ်ဦးလို့တော့ သူဝန်မခံ။

ဟုတ်ပ့ါ၊ မှန်ပ့ါခင်ဗျာ။ ထောင်စော်နံမှာကတော့ ဇကန်အမှန်ပဲပေါ့။ ထောင် စာရေးဆရာရေးတဲ့စာကိုး။ ထောင်စာရေးဆရာကလည်း သူဖြစ်ချင်လွန်းလို့ ဖြစ်လာရ တာ မဟုတ်။ အသက်နှစ်ဆယ်အရွယ်လောက်မှာ ကံမျက်စိလည်လမ်းမှားပြီး ထောင်မှူး ဝင်လုပ်မိရာက တဝဲလည်လည်နဲ့ ပြန်မထွက်နိုင်တော့ဘဲ အသက်ခြောက်ဆယ်ပြည့်လို့ ပင်စင်ယူခဲ့ရတဲ့ ထောင်စော်နံပြန်ပါဦး စာရေးဆရာလေ။ ဒီတော့ ဘယ်လိုလုပ် ရှယ်နယ် ဖိုက် ရေမွှေးနဲ့ ထွက်လာနိုင်ပ့ါမလဲ။ သင်းပျံ့မွှေးကြိုင် ဗစ်ခ်ထရီအမွှေးတိုင် ဖြစ်နိုင် ပါတော့မလဲ။ ငါးစိမ်းတန်းသွားရင် ငါးညှီနံ့နံသလို၊ ဆေးရုံသွားရင် ဆေးရုံနံ့ နံသလို၊ ထောင်စာရေးဆရာရေးတော့လည်း ထောင်စော်နံပြီပေါ့။ သို့သော်လည်းတဲ့၊ အဲတဲ့ ဆိုတာလို တစ်ခုတော့စောဒကတက်ဖွယ်ရာရှိပါသည်။ ထောင်ဆိုတာလည်း မနေ့ တစ်နေ့ကမှ ပေါ်လာသည့် ရွှေကြာပင်မဟုတ်။ ရှေးအထက်ကျော်ကာရီ ပဝေသဏီ ကတည်းက ရှိခဲ့တဲ့ထောင်ဆိုတော့ လောဘ၊ ဒေါသ၊ မောဟတည်းဟူသော မီးတောင် ကြီး သုံးခုမှ လွင့်စဉ်လာသည့် ဒုစရိုက်ချော်ရည်ချော်မြုပ်တွေ ရှိနေသမျှ ကာလပတ်လုံး ရဲတို့၊ တရားရုံးတို့၊ ထောင်တို့ဆိုတာ ရှိနေဦးမှာ မြေကြီးလက်ခတ်မလွဲ။ ထောင်ရှိလျှင် ထောင်ထဲဝင်လာမည့် ဒုစရိုက်သား ထောင်စာကလေးတွေရှိမည်။ သူတို့အကြောင်း ရေးမည့် ထောင်စာရေးဆရာဆိုတာလည်း တစ်ဦးမဟုတ် တစ်ဦးဦး ရှိနေဦးမည်သာ။

ဒီတော့ ထောင်စော်မနံစေချင်ရင် လွယ်ပါတယ် ကိုပစ်စာရယ် အပြင်ထွက်ကြ တာပေါ့။ ကိုင်း.... ပြောနေကြာတယ်။ ထောင်စော်မနံရအောင် အုတ်နံရံကြီးတွေကို ကျော်ပြီး အပြင်ထွက်လိုက်ကြစို့။ ဟော.... ရောက်ပါပြီ ရဲဘက်စခန်း။

ရဲဘက်စခန်းဆိုသည်မှာ ယခင်က မရှိ။ ထောင်မှူးမောင်မောင်တို့ အလုပ်ဝင် ပြီး ၁၂ နှစ်ကျော်ကြာမှ ပေါ်ပေါက်လာခြင်းဖြစ်၏။ ထို့နောက် ဘာမျှမကြာလိုက်ပေ။ မုံရွာ၊ ပုလဲ၊ ဂန့်ဂေါလမ်းကို အကျဉ်းသား တစ်ဖြစ်လဲ ရဲဘက်များဖြင့် ဖောက်လုပ်ရေး လုပ်ငန်းကြီး စတင်ပေါက်ဖွားလာခဲ့ပေသည်။ ထိုစဉ်က ပြည်သူ့အကျိုးပြု တပ်ဖွဲ့ဟု ခေါ်၏။ ဤသည်ပင်လျှင် တစ်ချိန်က အကျဉ်းထောင်တွင်း ပိတ်လှောင်ထားခြင်း ခံခဲ့ရ သည့် အကျဉ်းသားများအနေနှင့် ထုထည်အားဖြင့် မြင့်မားလှသော အုတ်နံရံကြီးများကို ကျောခိုင်းကာ ပြင်ပလောကတွင် နိုင်ငံအကျိုးပြုလုပ်ငန်းအဝဝကို တာဝန်ယူ ဆောင်ရွက် ကြရမည့် ရဲဘက်များ စတင်မွေးလာခဲ့ရသော သမိုင်းကြောင်း အစပင်တည်း။

အလှည့်ကျတော့ မနွဲ့ရ ဆိုတာလို ထောင်မှူးမောင်မောင်တို့လည်း ဘယ်နေ လိမ့်မလဲ။ ရဲဘက်စခန်းတွေဖွင့်ပြီး မကြာလိုက်ပါဘူး။ ထွက်စေ ဒိုင်းတော် ၊ ဘူးကွဲစခန်း သို့။ ဘူးကွဲစခန်းမှာ ပျဉ်းမနား–တောင်ညို လမ်းဖောက်လုပ်ရေးလုပ်ငန်း အခြေစိုက်ရာ

http://www.cherrythitsar.org



ရဲဘက်စခန်းဖြစ်၍ ပျဉ်းမနားမြို့ အနောက်ဘက် စမိုင်ခန့်အကွာ ဘူးကွဲရွာအနီးတွင် တည်ရှိသည်။ ဘူးကွဲစခန်းဆိုတော့ ထိုစဉ်က ရမည်းသင်းထောင်တွင် တာဝန်ကျနေသော ထောင်မှူးမောင်မောင်အတွက် သိပ်ပြီး အခက်အခဲမရှိလှပေ။ အခက်အခဲမရှိအောင်လည်း အကြောင်းက တိုက်ဆိုင်ဖန်တီးလာ၏။ ရမည်းသင်းထောင်တွင် ရှိနေစဉ် သားများကိုရှင်ပြု၍ သမီးကြီးကို နားသအလှူမင်္ဂလာ ပြုလုပ်ရာသို့ ဘူးကွဲစခန်းတာဝန်ခံ ထောင်ပိုင်ကြီး ဦးဘတုတ် ရောက်လာသည်။ ဆရာဦးဘတုတ်က ရှင်ပြုနားသ အလှူလာရင်း ဆွယ်တရားဟောလာသည်။

"ရွှေကိုင်းမောင်မောင်က သူ့အိမ်သားတွေ မုံရွာမှာ ရှိနေတယ်။ ပုလဲ ဂန့်ဂေါ ဌာနချုပ်ကိုပြန်ပြောင်းချင်လို့တဲ့။ ခင်ဗျား သူ့နေရာကိုလာပါလား။ ရဲဘက်စခန်းကတော့ ခုမထွက်လည်း နောက်တစ်နေ့အလှည့်ကျ ထွက်ရမှာပဲ။ ဘူးကွဲဆိုတော့ ရမည်းသင်းနဲ့ နီးတာပေါ့"

သို့နှင့်ပင် 'ဟုတ်ကဲ့ပါဆရာ'ဟု ဆိုကာ ဘူးကွဲစခန်းသို့ ရောက်လာခဲ့ခြင်းဖြစ်သည်။

အကျဉ်းထောင်နှင့် ရဲဘက်စခန်း ဘာများကွာခြားသနည်းဟု မေးလာလျှင် ဟာ.... ဘယ့်နှယ်ပြောပါလိမ့်။ သိပ်ကွာ၊ အများကြီးကွာဟု ဖြေရပါလိမ့်မည်။ မိုးနဲ့မြေ လောက်ကွာဟု ဖြေရပါလိမ့်မည်။ ကိုပစ်စာပြောတာ မဆိုးပါ။ အုတ်နံရံကြီး မမြင်ရတော့ တာကိုက ရင်ထဲမှာ ဟာလာဟင်းလင်း ရှင်းရှင်းကြီးဖြစ်နေပါတော့သည်။ ထောင်စော်မနံ တော့ဘူးပေါ့။ မှန်တာပြောရလျှင် အကျဉ်းသားတစ်ဖြစ်လဲ ရဲဘက်တွေစိတ်ထဲ ဘယ်လို ခံစားရမည်မသိပေမယ့် ထောင်မှူးမောင်မောင်တို့ အကျဉ်းထောင်ဝန်ထမ်းတွေ စိတ်ထဲမှာ ပင် စိတ်လွတ်ကိုယ်လွတ်ဖြစ်ရုံမျှမက ယောင်ချာချာကြီးဖြစ်နေသည်။ လုပ်ငန်း သဘော သဘာဝအားဖြင့်လည်း ထောင်နှင့် ရဲဘက်စခန်း အတော်ကွာဟသွားသည်။ ဆယ်နှစ် ဆယ်မိုး အရိုးစွဲလာခဲ့သော ထောင်မှ နိစ္စဘတ်ကျင့်ဝတ်များကို ရုတ်ခြည်း ဖျောက်ဖျက် မရချင်။

ထောင်ဖွင့်၊ ထောင်ပိတ် တာဝန်ချိန်မှာ အကျဉ်းထောင်တစ်ခုအနေနှင့် အလွန် တာဝန်ကြီးသော လုပ်ငန်းကြီးတစ်ရပ်ဖြစ်၏။ ရဲဘက်စခန်းမှာတော့ တပ်ဖွဲ့ပုံသဏ္ဌာန် ဖြစ်၍ တန်းစီ၊ သက်သာ၊ သတိ၊ ညာညှိ၊ အမှတ်စဉ် မှတ်လိုက်ရုံနှင့် ကိစ္စပြတ်သည်။ နဂိုကပင် လွတ်ရက်နီးလည်းဖြစ်၊ အပြစ်ကျလာသော ပုဒ်မအနေနှင့်လည်း စာရိတ္တမထိ ခိုက်သော သူများကိုသာ ဆန်ခါတင် ရွေးထုတ်ခဲ့ခြင်းဖြစ်သဖြင့် ထွက်ပြေးမှာကို သိပ်ပြီး မပူရမပင်ရတော့။ ထိုမျှသာမကသေး ထောင်တွေမှာလို အကျဉ်းသား အဝင်အထွက် ပြဿနာက မရှိတော့သဖြင့် နားအေးပါးအေးနှင့် မျက်စိရှုပ်စရာ သက်သာသွားသည်။ အချုပ်တရားခံရယ်လို့ မရှိတော့သဖြင့် ရုံးထွက်ရုံးပြန်အတွက် အလုပ်များစရာ မလို တော့။ ထောင်ကျ လွတ်လူတော့ ရှိသည်။ သို့သော် ရှားရှားပါးပါး တစ်ခါတလေ

http://www.cherrythitsar.org



သုံးလေးရက်နေမှ လွတ်လူ တစ်ယောက်စနှစ်ယောက်စသာ။ အစစအရာရာ ထောင်နှင့် ကွာတာတော့အမှန်။ အသက်ရှူရှိုက်ရသည့် လေခြင်းပင် မတူ။ ထောင်ထဲကလေက အုတ်ရိုးလေးဖက်လေးတန် ကာရံထားသဖြင့် အသက်ရှူ မွန်းကျပ်ပိတ်လှောင်နေသည်။ အပြင်လေ ရှူရတာကတော့ နှာစီမှ ညင်းပြေပြေဝင်သွားပြီး လည်ချောင်းရှိ လေရှူပြွန်မှ တစ်ဆင့် ရှောခနဲ အဆုတ်တွင်း ဆင်းသွားသလား ထင်ရသည်။ ထောင်အနံ့အသက် ကင်းသည့် လွတ်လပ်သော လေပြည်လေညင်းကလေး။

၁၉၅၀ ပြည့်နှစ်ထောင်မှူး မောင်မောင်တို့ အလုပ်ဝင်စက အတွေ့အကြုံက လေးကို ပြန်ပြောင်း သတိရမိသေးသည်။ ပထမဦးဆုံး သတင်းပို့ရန် အင်းစိန် ထောင်ဘူး ဝကြီးထဲ အဝင်သံတံခါးကို ဂျိမ်းခနဲ ပြန်ပိတ်လိုက်ပြီး ဧရာမ ချပ်(ပ်)အမျိုးအစား ဂျာ မနီလုပ် သော့ခလောက်ကြီးကို ဂလောက်ခနဲ ခတ်လိုက်ရာ ရင်ထဲတွင် ဟာခနဲ ခံစား လိုက်ရပြီး ရင် တဒိန်းဒိန်းခုန်လာမိသည်။ ပြန်ထွက်လို့မှ ရပါတော့မလား။

ဒါ ထောင်ကျတာ မဟုတ်သေးဘူးနော်၊ ထောင်မှူးအလုပ်ဝင်ဖို့သတင်းပို့တာ။

ထိုစဉ်ကပင် အပြစ်ဒဏ်အသီးသီးဖြင့် ထောင်ထဲဝင်စ အပြင်လူများ ဘယ်လို ခံစားရမည်ကို ကိုယ်ချင်းစာတတ်ခဲ့ပါသည်။ နောက်ပိုင်း ထောင်မှူးဘဝနှင့် တာဝန်ထမ်း ဆောင်စဉ် အကျဉ်းသားများအတွက် ကိုယ်ချင်းစာနာစိတ် အပေါ်ဆုံးအချိန်ကို ဖော်ပြပါ ဆိုလျှင် ညနေပိုင်းထောင်ပိတ်ချိန်ကိုပင် အလေးထားရေးသားရပါလိမ့်မည်။ မှန်၏။ သူတို့တစ်တွေကို အိပ်ဆောင်တွေထဲသွင်း၊ တံခါးပိတ် သော့ခတ်၊ ကိုယ်ကတော့ အိမ် ပြန်။ သူတို့ရင်ထဲ ဘယ်လို ခံစားကြရလေမည်နည်း။

ဒါဖြင့် ရဲဘက်စခန်းမှာကျတော့ကော သူတို့ကိုသော့မခတ်တော့ဘူး တဲ့လား။ နိုးနိုး၊ အဲဒီလို ပစ်စလက်ခတ် လက်လွတ်စပယ်ကြီးလည်း ထားလို့မဖြစ်ဘူးပေါ့။ သူတို့ လည်း ရဲဘက်ဆိုသည့်တိုင်အောင် တည်ဆဲဥပဒေအရ ရာဇဝတ်ပြစ်မှုတစ်ခုကို ကျူးလွန် သဖြင့် ထိုက်တန်သောအပြစ်ဒဏ် ကျခံနေကြရသူများပဲ။ အထိုက်အလျောက် အရံ အတားတော့ ရှိရဦးမှာပေါ့။ ရဲဘက်စခန်းတိုင်းမှာ အိပ်ဆောင်တွေပတ်ပတ်လည် သံဆူး ကြိုး ကာရံထားပြီး သော့ခတ်ထားရတာပါပဲ။ သို့သော် ထောင်နှင့်စာလျှင် အများကြီး အများကြီး ခံသာပါသည်။ အဘယ့်ကြောင့်ဆိုသော် အိပ်ဆောင်တိုင်းအိပ်ဆောင်တိုင်း နေရှင်နယ်ဓာတ်ခဲရေဒီယိုကလေးတွေ ကိုယ်စီနှင့် ငြိမ့်လို့။ နေ့စဉ်သတင်းစာ ဖတ်ဖို့လည်း အရန်သင့်။ နောက်ပိုင်းက ထောင်ဝင်စာ လာတွေ့ဦးမလား။ အိမ်သူအိမ်သားများနှင့် လွတ်လွတ်လပ်လပ် ညဥ့်အိပ်ညဥ့်နေတွေ့ဖို့ ဧည့်တွေ့ဆောင်လည်း အကျအန။

ရဲဘက်များအနေနှင့် မိမိကိုယ်မိမိ ပြန်ငုံ့ကြည့်ရုံနှင့်ပင် သူ့ကိုယ်သူ အကျဉ်း သားတစ်ယောက်ပါလားဆိုတာ မေ့သွားလောက်ပါသည်။ အပြင်က အလုပ်သမားများ နည်းတူ ရဲဘက်ဝတ်စုံအပြာနှင့်၊ ဂျန်းဂဲလ်ဘွတ်ခေါ် အဝတ်ဖိနပ်နှင့်၊ တောဆောင်း ဦးထုပ်နှင့် သားသားနားနား။

http://www.cherrythitsar.org



ထောင်ထဲမှာနေစဉ်က ထောင်ဝင်စာမလာလျှင် ဆေးလိပ်သောက်စရာပင် မရှိ။ ဆေးလိပ်ကလေး တစ်ဖွာနှစ်ဖွာလောက် သောက်ရဖို့အရေး ဟိုလူ နှိပ်ပေးရ ဒီလူ နင်းပေးရ၊ ဘော်ဇာအကျဉ်းသားတို့၏ အဝတ်ဟောင်းကို လျှော်ဖွပ်ပေးရ၊ အကြံအဖန် ဝက်သားဟင်းကို ကိုယ်မစားရက်ဘဲ ပြန်ရောင်းစားရနှင့် ဒုက္ခရောက်လိုက်တဲ့ဖြစ်ခြင်း။ ရဲဘက်ဘဝရောက်တော့ ဆေးလိပ်သောက်ဖို့ ပူစရာမလို။ မုန့်ပဲသရေစာ ဝယ်စားဖို့ ထိုက်သင့်တဲ့လုပ်အားခ ပေးထားတော့ တချို့ခြိုးခြံချွေတာတဲ့ရဲဘက်ဆိုလျှင် လစဉ်မှန်မှန် အိမ်ပြန်ငွေပို့နိုင်သေးသည်။

ဘာပဲပြောပြော အကျဉ်းထောင်သမိုင်းကြောင်းအနေနှင့် တစ်ဆစ်ချိုးပြောင်းလဲသွားတာတော့အမှန်။ ယခင်က ထောင်ဆိုသည်မှာ မြို့ကြီးတိုင်းမပြောနှင့် ခရိုင်မြို့တိုင်းပင် ရှိတတ်သည်မဟုတ်။ ပေါင်းတည်လို၊ တောင်တွင်းကြီးလို အနိမ့်ဆုံးအဆင့် ထောင်ငယ် ကလေးများပင် နယ်ပိုင်ရုံးစိုက်သည့်မြို့များဖြစ်၏။ ထောင်မှူးမောင်မောင်တို့လည်း ယခုလို တောထဲမှာ လာနေရလိမ့်မယ်လို့ ဘယ်မှာအိပ်မက် မက်ခဲ့ပါ့မတုံး။

သို့သော် ယခုရောက်နေသော ဘူးကွဲစခန်းကလေးမှာ သာသာယာယာနှင့် နေချင့်စဖွယ်ကလေးပါ။ ပျဉ်းမနားမှ အနောက်ဘက် ပြန်ကပြေးရွာအထိတော့ လမ်းကောင်း ရှိပြီးသား။ ဆိတ်နံတုန်းခေါ် ဆိတ်ညံတုန်းရွာအထိ မြင်းလှည်းပေါက်သည်။ ရှေ့ဆက်သွားလျှင်တော့ သစ်တင်သည့် ကားများသာ မောင်းနိုင်သည့် fair weather road ခေါ် လမ်းကြမ်းသက်သက်ဖြစ်၏။ သို့ဖြစ်၍ all weather road လမ်းချော ဖြစ်အောင် ပြန်ကပြေးရွာ လမ်းခွဲမှစပြီး ရဲဘက်များလုပ်အားဖြင့် ကျောက်တုံးကြီးများ ခင်းသည့် အလုပ်လုပ်နေရခြင်းဖြစ်၏။

လုပ်ငန်းရှင်အနေနှင့်ကြီးကြပ်ရသည့်ဌာနမှာယခင်အခေါ် P.W.D. (Public Works Department) ဆောက်လုပ်ရေးဖြစ်၍ သူတို့ဌာနမှ ပေးထားသည့် taper ခေါ် ကျောက်တင်ပြီး လှန်ချ၍ရသောကားကို စခန်းသုံးအဖြစ် ပေးထားသည်။ တော်ပါသေးသည်။ စခန်းအတွက် တာဝန်ကျလာသော ဒေါက်တာရန်ရှင်းမှာ ဂျစ်ကားကလေး တစ်စီး ပါလာပေလို့။ အရေးကြုံလျှင် သူ့ကားကိုပင် မေတ္တာရပ်ခံရသည်။

ရဲဘက်များနှင့် ဝန်ထမ်းများ၏ ကျန်းမာရေးအတွက် ဆရာဝန်တစ်ယောက်အပြင် ဆေးမှူးတစ်ယောက်၊ ယောက်ျားသူနာပြုတစ်ယောက်ပါ ပေးထားသည်ဆိုတော့ ဘာလိုသေးသနည်း။ ဘာမျှမလိုတော့ပါ။ အားလုံးပြီးပြည့်စုံနေသည်ဟု ဆိုရမလောက်။ သို့သော် လောကကြီးမှာအကောင်းနှင့်အဆိုး ဒွန်တွဲနေတတ်တဲ့ နိယာမ သဘောတရား မဟုတ်ပါလား။ တကယ်တမ်းကျတော့ ပြီးပြည့်စုံခြင်းဆိုသည်မှာလည်း တရားသဘောနှင့်ကြည့်မည်ဆိုလျှင် နိဗ္ဗာန်မှတစ်ပါး အခြားမရှိ။ သုခနှင့် ဒုက္ခတို့မှာလည်း ချိန်ခွင်ညှာ တိတိရိရိ တစ်ပြေးညီမရှိတတ်။ ထိုနည်းလည်းကောင်းပါပဲ။ အကျဉ်းသား တစ်ဖြစ်လဲ ရဲဘက်တို့အတွက် ထောင်ပိတ်ချိန်တွင် ခံစားမှုလျော့ပါးသွားသည်နှင့်အမျှ အကျဉ်း

http://www.cherrythitsar.org



ထောင်ဝန်ထမ်းတွေအတွက် ခံစားမှုဝေဒနာသစ်တစ်မျိုး တိုးလာရချေပြီ။ ခါတိုင်း ထောင်ပိတ်ပြီးအိမ်ပြန်လျှင် ဘယ်လောက်ပင်နောက်ကျစေကာမူ မိသားစုနှင့် အစုံအလင်တွေ့လိုက်ရပြီး တစ်နေကုန် ပင်ပန်းထားသမျှ အမောပြေသွားရသည်။ ရဲဘက်စခန်းမှာတော့ ဒီလိုမဟုတ်။ အလုပ်ကိစ္စအဝဝပြီး၍ မိမိနေထိုင်ရာ အဆောင်သို့ ပြန်ရောက်သည်နှင့် ပျင်းခြောက်ခြောက် ငေါင်းစင်းစင်းကြီး။ ဖိနပ်ချွတ်၊ ယူနီဖောင်းလဲ၊ အိပ်ရာပေါ် ခြေပစ်လက်ပစ်လှဲလိုက်သည်နှင့် ခြင်ထောင်အမိုးတွင် ကလေးတွေပုံရိပ်တွေ ထင်မြင်လာ သည်။ မပီကလာ ပီကလာ စကားပြောတတ်ခါစ သားငယ်သမီးငယ်တို့၏ အသံကလေးများ ကြားယောင်လာသည့်နည်းတူ ကျောင်းသားအရွယ်သားသမီးတို့ကိုလည်း သတိရနေသည်သာ ဖြစ်၏။ ကလေးယိုးမယ်ဖွဲ့၍ ထမနဲတစ်အိုးကုန် ဆိုတာလို ကလေးတွေအမေကတော့ အမေပင်စည်ကြီးပေါ့။

သူများတကာတွေ အိမ်လွမ်းနာကို ဘာဆေးနှင့် ကုသည်မသိရပေမယ့် ထောင်မှူးမောင်မောင်ကတော့ စာရေးခြင်းဖြင့် သက်သာရာသက်သာကြောင်း ရှာခဲ့ရသည်။ စခန်းရုံးခန်းထဲမှနေ၍ ပြုပြင်ဖောက်လုပ်ဆဲ ပျဉ်းမနား–တောင်ညိုလမ်းမကြီးကို ဖြတ်ပြီး မျှော်ကြည့်လိုက်မည်ဆိုလျှင် မလှမ်းမကမ်းတွင် ဘူးကွဲရွာကလေး။ ရွာဦးထိပ်ရှိ တောင်ကုန်းကလေးပေါ်၌ ထုံးဖွေးဖွေးနှင့် ဘူးကွဲစေတီတို့မှာ သာမောရှုတင့်ဖွယ်ရာ နှလုံးစိတ်ဝမ်း ပျော့ပျောင်းနူးညံ့ စိတ်ကူးစိတ်သန်း ဖြန့်ကြက်ဖွယ်ရာအတိပါတည်း။

တစ်နေ့တွင် ဆရာဦးဘတုတ်က ရုံးစာများကို ဖောက်ဖတ်ရင်း....

"ဦးမောင်မောင်ရေ့၊ ခင်ဗျားကိုတော့ ထင်ပေါ်လို့ စင်တော်ကောက်ပြီ"

"ဘာများပါလိမ့်ဆရာ"

"ဌာနချုပ်က ကြိမ်စကြာရိုက်လိုက်ပြီလေ။ မုံရွာ–ပုလဲ–ဂန့်ဂေါလမ်း ဖောက်လုပ်ရေး အလုပ်စခန်းဌာနချုပ်ကို အမြန်ပြောင်းရွှေ့ရမယ်တဲ့။ ခင်ဗျားနေရာကို ဖရန့်ဒီဘစိန် လာလိမ့်မယ်"

"အဲဒါမှ ဒုက္ခပဲဆရာ"

"ဘာပြုလို့လဲဗျ"

"အိမ်က အမျိုးသမီးက မွေးကာနီး ဖွားခါနီး"

"ဒီလိုဆိုလည်း မွေးဖွားပြီးမှ လာပါရစေလို့ လျှောက်လွှာတင်လိုက်တာပေါ့ဗျာ။ ကျွန်တော်လည်း ထောက်ခံပေးပါ့မယ်...."

■

http://www.cherrythitsar.org

# ၆၇

'နန်းလုံးကြိုင်မြစ် လက်တစ်ဆစ် ပျစ်ပျစ်ဝါအောင်သွေး၊ အစွန်းနှစ်ဖက်ဖြုတ်တဲ့ ကွမ်းရွက်ပြုတ်ရည်နဲ့ ဆတူရော၊ တဟွတ်ဟွတ်ချိုးတဲ့ ချောင်းလောက်များတော့ သြောင်း ဒူရေဒူရေ သွားဟုန်ဟုန်ပါတဲ့ ခင်ဗျာ'

ဤသည်မှာ ထောင်မှူးဦးအောင်စိုးလင်း၏ အသံ။ ဒါဆိုသေချာသွားပြီ။ သူ လေရလာပြီ။ နောက်တစ်မျိုး ဆိုတတ်သေးသည်။

"တီလုပ်လို ကျုပ်ဆိုပြမယ်လေ၊ အီးအီးပွမ်"

ကြုံကြုံဖန်ဖန် ပေါက်တက်ကရ သူအကုန်ဆိုတတ်သည်။ အမြဲတမ်းတော့ မဟုတ်။ ညနေပိုင်းအပုပ်ချိန်၊ ဘီအီးဒီစီ တန်ခိုးနှင့် အာသွက်လျှာလိုက် ဉာဏ်ရွှင်နေချိန် ကျမှ။ ဦးအောင်စိုးလင်းမှာ လူချစ်လူခင်များသော ထောင်မှူးလူငယ်တစ်ဦး ဖြစ်သည်။ သူ့ကိုပြီးလွယ်အောင် အ စ လ ဟု ခေါ်လေ့ရှိကြသည်။ အသားညိုညို လူကိုယ်ဟန် ခပ်နွဲ့နွဲ့၊ မျက်လုံးကောင်းကောင်း၊ နှာတံပေါ်ပေါ်၊ စကားပြောလျှင် မပွင့်တစ်ပွင့်။ ဖြန်းခနဲ ကြည့်လျှင်တော့ မခုတ်တတ်တဲ့ကြောင်လို၊ သို့သော် သူ့ကြာမျက်လုံးက ညှို့ဓာတ် အပြည့်၊ သို့မို့ကြောင့်လည်း ရောက်လေရာ အိမ်ထောင်ကျရပါစေရဲ့ဟူသော ဆုတောင်း ပြည့်ခဲ့လေသလား မသိ။

အ စ လတို့ ခြေသွက်လိုက်ပုံများ ဘူးကွဲစခန်းသို့ရောက်ပြီး သုံးလေးလ အကြာမှာပင် သပြေပင်ရွာမှ နွယ်စိမ်း ဆိုသော သူငယ်မကလေးတစ်ယောက်နှင့် ချိတ်မိ ကြပြီ။ ဒါကလည်း သိပ်ပြီးတော့မဆန်း။ သပြေပင်ရွာမှာ ပျဉ်းမနား ဘူးကွဲကားလမ်း

http://www.cherrythitsar.org



ပေါ်တွင်ရှိ၍ ရဲဘက်များ ကျောက်ကြီးစီနေရသော နေရာတွင်ရှိသည်။ သူက ရဲဘက်များ အလုပ်လုပ်ရာတွင် ကြီးကြပ်ရသည့်ထောင်မှူး။ တကယ်တော့ အ စ လအနေနှင့် ကောက်သင်း ကောက်ခြင်းပါ။ ထောင်မှူးတစ်ယောက်နှင့်တစ်ယောက် (Handling over and taking over)ခေါ် အလုပ်လက်ခံ လွှဲအပ်ကြသည့်အခါ ပြောလေ့ပြောထ ရှိသော စကားကလေးများရှိသည်။

'ဒီမယ် ဘရာသာ၊ အလုပ်တွေချည်း ဖိလုပ်မနေနဲ့နော်။ အပြင်က လုပ်စရာရှိတာ ကလေးတွေလည်း ဟင်းစားလေး ကွန်ချက်ကလေး ပြခဲ့ဦး'

နှယ်စိမ်းမှာ ဘူးကွဲစခန်းမှ တာဝန်ထမ်းရန် နှစ်ဇော့၍ တောင်တွင်းကြီးထောင်သို့ ပြန်ပြောင်းသွားရသော ထောင်မှူးဦးရည်ခိုင်၏ လက်ကျန်စာရင်းဟု အဆိုရှိသည်။ ဒီတော့လည်း ဦးရည်ခိုင်၏လုပ်ငန်းဆောင်တာ ကိစ္စအဝဝကို ဆက်လက်တာဝန်ယူရသူ ဦးအောင်စိုးလင်းအနေနှင့် တရားမဝင် ခြေရာနင်းခဲ့ဟန် တူပါသည်။

ဒီအခွင့်အရေးမျိုးတော့ ထောင်မှူးမောင်မောင်တို့ လူပျိုတုန်းကလည်း ဘယ်အလွတ် ပေးလိမ့်မလဲ။ ထောင်ကြီးတစ်ထောင်သို့ ပြောင်းရွှေ့ရောက်ရှိကာစဖြစ်၏။

"ဟဲလို ခုစကားပြောနေတာ နော်ရာလား"

"ဟုတ်ပါတယ်။ ကျွန်မနော်ရာဂေးလ်ပါ၊ ရှင်ဘယ်သူလဲ"

"ကျွန်တော် ဂျက်စီလေ"

"အိုး.... မဖြစ်နိုင်တာ၊ ဒါ ဂျက်စီ့အသံမဟုတ်ပါဘူး။ ဂျက်စီအသံကို ကျွန်မကောင်းကောင်းသိပါတယ်"

"ဒါဖြင့် ဂျူနီယာ ဂျက်စီပေါ့ဗျာ"

"ရှင် ဒီလို မနောက်ပါနဲ့၊ ကျွန်မ မကြိုက်ပါဘူး။ ရှင့်နာမည်အမှန်ကို ပြောပါ။ နို့ဖြင့် ရှင့်ကိုကျွန်မ လက်ခံစကားမပြောတော့ဘူး။ လိုင်းဖြတ်ပစ်လိုက်မယ်"

"ကျေးဇူးပြုပြီး လိုင်းတော့ မဖြတ်လိုက်ပါနဲ့။ ကျွန်တော့်နာမည် အမှန်ပြောပါ့မယ်။ ထောင်မှူးမောင်မောင်ပါ"

အထက်ပါစကားများကို မြန်မာလိုပြောနေကြခြင်းမဟုတ်ပါ။ အင်္ဂလိပ်လိုပြောနေကြခြင်းဖြစ်သည်။ ထိုစဉ်က တယ်လီဖုန်းပြောလျှင် မြန်မာလို ပြောလို့မရ။ လုံးဝမရတော့ မဟုတ်။ လူ အထင်မကြီး။ သို့ဖြစ်၍ ဘိုလိုမှုတ်ကြရသည်။

တယ်လီဖုန်းလက်တံကို လှည့်ပြီး စကားပြောခွက်ကို ကောက်ကိုင်လိုက်သည်နှင့် တစ်ဖက်အိပ်ချိန်းမှ အော်ပရေတာ အမျိုးသမီး၏ ဘိုလိုမေးသံကို ကြားရပါလိမ့်မည်။ 'နံဘားပလို့စ်' (number please)။ ထိုအခါ ကိုယ်ပြောလိုသည့် နံပါတ်ကို ပြောလိုက်။ လိုင်းအားလျှင် ဆက်ပေးလိမ့်မည်။ အကယ်၍ လိုင်းမအားပါက....'ဆောရီး အင်ဂေ့ချ် ပလို့စ်'(Sorry, engaged please)။ တယ်လီဖုန်းပြောနေစဉ်လည်း မကြာမကြာ လိုင်းပေါ်တက်လာပြီး မေးတတ်သေးသည်။ 'ဖီးနစ်ရှ် ပလို့စ်'(finish

http://www.cherrythitsar.org



please)တဲ့။ အကယ်၍ ပြောနေဆဲ သို့မဟုတ် တစ်ဖက်မှလူကို ခေါ်နေဆဲဖြစ်လျှင်.... 'ဟိုးလ်ဒင်း ပလိ့စ် (holding please) ဟု ပြောထားရသည်။ ထိုသို့ မပြောထားပါက ပြောပြီးပြီအထင်နှင့် လိုင်းကိုဖြတ်ချလိုက်ရော။

ဂျက်စီဆိုတာက ထောင်မှူး မစ္စတာဂျက်ဆွမ်းဆင်ကို အတိုကောက် ပြောခြင်းဖြစ်သည်။ ဂျက်ဆွမ်းဆင်သည် ပန်ချာပီလူမျိုးဖြစ်ပြီး စစ်မဖြစ်မီကတည်းက ထောင်မှူး မောင်မောင်နှင့် သူငယ်ချင်းဖြစ်သည်။ ဗောင်းထုပ်ကြီးနှင့် စစ်အတွင်း အိန္ဒိယ ပါသွားပြီး ဂျပန်အပြေး အင်္ဂလိပ်ပြန်အဝင် ဆံရှည်ဖြတ်၊ ဗောင်းထုပ်ပြုတ်၊ ဘိုကေထားပြီး ထောင်မှူးဖြစ်လာ၏။ ယခုမှသူငယ်ချင်းနှစ်ယောက် အကျဉ်းဌာနတွင် ပြန်လည်ဆုံတွေ့နေကြခြင်းဖြစ်သည်။ သို့သော် သူက ကတ်စ်ဘီခေါ် စစ်အုပ်ချုပ်ရေးကာလတည်းက ဝင်ခဲ့သူဆိုတော့ မိမိထက် လေးနှစ်လောက်စီနီယာကျသည်။ ထောင်မှူးအလုပ်မှာသာ စီနီယာကျပေမယ့် တယ်လီဖုန်းသရဲဘဝမှာတော့ ပိန်မသာလိမ်မသာဟုဆိုရမည်။ ဒါကြောင့်လည်း ဂျက်စီ အခြားထောင်ပြောင်းရွှေ့သွားပြီးမကြာမီ နော်ရာဂေးလ်ကို တယ်လီဖုန်း ကောက်လှည့်ရာက နောက်ပိုင်းသမီးရည်းစား ဖြစ်သွားသည်အထိ ခရီးပေါက်ခဲ့ခြင်းဖြစ်သည်။

နော်ရာဂေးလ် (Nora Gale) ဆိုတော့ အင်္ဂလိပ်အစစ်လား အောက်မေ့ပါတယ်။ ဘယ် ဟုတ်လို့တုန်း။ နောက်ပိုင်းကျမှ သိရတာက နော်ရာကလေး၊ သူ့အဖေက ဦးလူကလေးကိုး။ တယ်လီဖုန်းနှင့် ရည်းစားစကားပြောရသည်မှာ မျက်နှာပူစရာအကြောင်းမရှိ။ စကားပြောခွက်ကိုင်ထားသည့် လက်သာ တုန်ချင်တုန်မည်။ ရင်ခုန်သံတော့ နည်းနည်းမြန်ချင်မြန်မည်။ ဒီလိုနှင့် ထောင်မှူးမောင်မောင်တို့ ငယ်စဉ်က အလုပ်လွှဲပြောင်းလက်ခံရာတွင် ဟင်းစားရော ကွန်ချက်ပါ အမွေဆက်ခံခဲ့ဖူးသည်။

ဦးအောင်စိုးလင်းလည်း ထိုနည်းတူပင် အမွေရထားဟန်တူပါသည်။

တောင်တွေ့လျှင် လမ်းဖောက်၊ ချောင်းတွေ့လျှင် တံတားဆောက်ဆိုသည့် လုပ်ငန်းများမှာ လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာဒေသမရွေး၊ အချိန်ကာလမရွေး လူသားတိုင်းကို အကျိုးပေးနေသည့် လူသာခု၊ နတ်သာခုခေါ်၊ နိဗ္ဗာန်တံခါး ပွင့်စေသည့် ကျင့်စဉ်များ ဖြစ်ပါသည်။ မာဃလမ်းစဉ်လို့လည်း ခေါ်နိုင်သည်။ ခေတ်စကားနှင့်ပြောရလျှင် နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေး အဘက်ဘက်က လက်တွေ့အကျိုးပြုသည့် လုပ်ငန်းစဉ်များဖြစ်၏။

ထိုစဉ်က ရဲဘက်များနှင့် စတင်ဖောက်လုပ်ခဲ့သောလမ်းများ၊ မြန်မာပြည်တစ်နံတစ်လျား နည်းနည်းနောနောမဟုတ်။ လမ်းဖောက်တယ်ဆိုမှတော့ ချောင်း မြောင်းတွေတွေ့လျှင်လည်း တံတားဆောက်ရမည်သာ ဖြစ်၏။ ငွေအင်အားတတ်နိုင်လျှင် မြစ်ကိုပါဖြတ်၍ တံတားဆောက်တန် ဆောက်ပေးရမည်။ မှတ်မိသလောက် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း အထက်အောက်၊ အရှေ့အနောက် ရက်ကန်းလွန်းယှက်သလို ဖောက်လုပ်ခဲ့သော လမ်းများမှာ မုံရွာ–ပုလဲ–ဂန့်ဂေါလမ်းများမှအစ၊ ပျဉ်းမနား–တောင်ညို–

တောင်တွင်းကြီး–နတ်မောက်လမ်း။ ပုသိမ်–မုံရွာလမ်း။ ပုသိမ်–လှေ့ကြပြာကို ဖြတ်၍ ဖောက်လုပ်သည့် ရခိုင်ပြည်နယ်ဖြတ်လမ်း။ ပန်းတောင်း–နီပူတောင်–တောင်ကုတ် လမ်း။ မိုင်းတုံ–မိုင်းဆတ်–မိုင်းဖြတ်ကားလမ်း။ တောင်ငူ–အုတ်တွင်း–သပြေဝ၊ ပြည်သို့ ဖောက်သည့်ကားလမ်း။ ပဲခူး–ဇောင်းတူ သစ်ထုတ်လုပ်ရေးလမ်း၊ ဒါတောင် ကျန်ကောင်း ကျန် နေဦးမည်။

စာစစ်တွေးကြည့်လျှင် ရဲဘက်များအဖို့တော့ ဇိကုပ်နတ်ပြည် အတင်ခံလိုက်ရခြင်းဖြစ်၏။ မှန်ပါသည်။ ရဲဘက်ဆိုသည်မှာ တစ်ချိန်က အချိန်ကုန်၊ ငွေကုန်၊ လူပန်း၊ အုတ်ရိုး လေးဖက်လေးတန် ကာရံထားသည့် အကျဉ်းထောင်များအတွင်း စိတ်ညစ်နွမ်းဆန်ကုန်မြေလေးဘဝတွင် ရပ်တည်ခဲ့ကြရသည်။ ထောင်ထဲမှာလုပ်သည့် အလုပ်ဆိုတာ ဘာမျှမပြောပလောက်။ သူတို့အတွက် ကုန်ကျရသည့် စားဝတ်နေစရိတ်ကို ဘယ်လိုမှ မကာမိနိုင်။ ကိုင်း... ဒီတော့ ထောင်အပြင်ထွက်ကြစမ်း၊ မင်းတို့မှာ တင်နေခဲ့တဲ့ ရာဇဝတ်အကြွေးတွေကို ချွေးဖြင့် ပေးဆပ်ကြစမ်း။ အဲဒီမှာ အကျဉ်းသား တစ်ဖြစ်လည်း ရဲဘက်ဆိုတာ ပေါ်ပေါက်လာခဲ့ခြင်းပါ။

ကမ္ဘာတစ်လွှား ကြွားမယ်ဆိုလျှင် ကြွားလောက်ပါသည်။ နိုင်ငံအသီးသီးက လာရောက်လေ့လာခွင့်ပင် တောင်းခဲ့ဖူးပါသည်။ ရဲဘက်အကြောင်း စာဖွဲ့၍ ကုန်နိုင်အံ့ မထင်။ ဒီတော့ ဖြည်းဖြည်းချင်းခြွေပြီး ကားလိပ်ဖွင့်ကြပါစို့။ ကိုင်း လောလောဆယ် ဘူးကွဲစခန်း ခဏပြန်ကြရအောင်။

အကျဉ်းဌာနဝန်ထမ်းများ အနေနှင့်လည်း ရဲဘက်စခန်းမှာ အလုပ်လုပ်ရတာ ထောင်နှင့်စာလျှင် အများကြီး ခေါင်းပေါ့သည်။ သားတစ်ကွဲ၊ မယားတစ်ကွဲ ဆိုပေမယ့် ရုံးခန်းတာဝန်ယူရသည့် ထောင်မှူးမောင်မောင်တို့အဖို့တော့ တိန်တိန်မြည်လို့။

ရုံးလုပ်ငန်းကိစ္စ၊ ငွေထုတ် ငွေသွင်းကိစ္စ၊ ပျဉ်းမနားသွားရင်း အခြေအနေပေးလျှင် ကားနှင့်ဖြစ်စေ၊ ရထားနှင့်ဖြစ်စေ မိသားစုရှိရာ ရမည်းသင်းထောင်သို့ မကြာခဏ လစ်သွားနိုင်သည်။ ကံကောင်းထောက်မလို့ စနေ၊ တနင်္ဂနွေနှင့်ကြုံသည့်အခါ နှစ်ညအိပ် လောက် ခွေနေနိုင်သေးသည်။ ထိုမျှမက မွေးခါနီး ဖွားခါနီး ဇနီးသည်အတွက် မိတ်ဆွေ ဆရာဝန်များထံ သွားရောက်ပြသ အပ်နှံနိုင်သေးသည်။ သည့်ထက်ပို၍ အချိန်ရသည့် အခါများတွင် ရမည်းသင်းအရာရှိကလပ်သွား၍ တင်းနစ်ကစားခြင်း၊ ပေါင်းဟောင်း သင်းဟောင်းများနှင့် သောက်စားပျော်ပါးနိုင်သေးသည်။ တစ်ခုတော့ရှိသည်။ မိမိ အထက်အရာရှိဖြစ်သူ စခန်းတာဝန်ခံ ဆရာဦးဘတုတ်နှင့် ပြေလည်ဖို့ပင် အရေးကြီးသည်။ နောက်တစ်ချက်မှာ သူ မန္တလေးထောင် ပြန်သည့်နေ့ရက်နှင့် မကြုံကြိုက်ဖို့ပင် ဖြစ်သည်။ သူလည်း အခွင့်သာလျှင် မိမိလိုပင် သူ၏မိသားစုရှိရာ မန္တလေးသို့ ပြန်တတ်တာကိုး။ သူမရှိလျှင် မိမိရှိနေမှ မိမိက စခန်းတွင် လုပ်သက်အရင့်ဆုံး စီနီယာ ထောင်မှူး။

http://www.cherrythitsar.org



တစ်နေ့ ရမည်းသင်းမှအပြန် မိမိစီးလာသည့် ချောက်တစ်ဘေပါကားကို မောင်းသူ ဝင်းဦးက စကားဆန်းတစ်ခုဆိုလာသည်။

"ဆရာတို့စခန်းလည်း ခုတလော နွယ်စိမ်းတစ်ယောက် တော်တော်လေး အစက်ကျနေတယ်နော်"

"အေးဗျာ အ စ လနဲ့ ချိတ်မိနေကြတယ် ထင်ပါရဲ့"

"ဆရာက အခုမှ ထင်နေတုန်းရှိသေးတာကိုး။ ဆရာဦးအောင်စိုးလင်းက သိပ်ခြေသွက်တာ"

"တစ်နေ့က မနက်အစောကြီး ကျွန်တော့်ကားနဲ့ ရဲဘက်တွေ အလုပ်ဆင်းတော့ ဆရာဦးအောင်စိုးလင်းနဲ့ အတူတူ ပါလာကြတာပဲ။ ညက ဆရာတို့ တောင်ညိုရိပ်သာမှာ အိပ်ကြတယ်ထင်ပါရဲ့"

"ဟုတ်ရဲ့လားဗျာ။ ဆရာဦးဘတုတ် သိရင်တော့ မိုးမီးလောင်တော့မှာပဲ"

"ဒါတော့ ဟုတ်မဟုတ် ဆရာ့ဘာသာ စုံစမ်းကြည့်ပေါ့။ ကျွန်တော့်ကားရှေ့ခန်းမှာတော့ နှစ်ယောက်သား တခိခိနဲ့ ရယ်မောနေကြတာပဲ"

တောင်ညိုရိပ်သာဆိုသည်မှာ ထောင်မှူးမောင်မောင်နေသည့် အရာရှိရိပ်သာဖြစ်၏။ ဒါလောက်အထိ အတင့်ရဲလွန်းနေတာ။ အမှန်ဆိုရင်တော့ အ စ လ ကို သတိပေးထားဦးမှ။ တော်တော်ကြာ ရဲဘက်တွေပါ သိက္ခာကျစရာ ဖြစ်လာမည်။ စာရေးကြီး ဦးထွန်းရွှေကလည်း သတိပေးဖူးသည်။

"အစ်ကို့ညီကို နည်းနည်းပါးပါး ဆုံးမထားဦးနော်။ ကျွန်တော် မြင်းခြံပြန်နေတုန်း ကောင်မလေးကို စခန်းအထိ ခေါ်ခေါ်လာတယ်လို့ အော်ဒလီမြစိန်က ကျွန်တော့်ကို တိုင်နေတယ်"

"မဖြစ်နိုင်တာဗျာ၊ စခန်းခြံစည်းရိုးတွေကို သံဆူးကြိုးတွေနဲ့ အလုံကာထားတာပဲ"

"ဒါက လွယ်ပါတယ်။ တံခါးသော့က ကျွန်တော်တို့အဆောင်ညှော့ခန်းမှာ ချိတ်ထားတာပဲ။ နောက်ပြီး အစ်ကိုမသိအောင် ခေါင်းရင်းဘက် ပြတင်းပေါက်က ပျဉ်ပြား ထောင်ထောင်ပြီး တက်တတ်တာလည်း အစ်ကိုသိသားနဲ့"

တကယ်တမ်း အ စ လ ကို ဖျောင်းဖျပြောဆိုတော့လည်း မင်းသားက အပြုံးမပျက်။ ဒီလိုလူစားမျိုးဆိုတာကလည်း ပလီစိချောက်ချက်၊ ကလိမ်စွေ့ငြမ်းဆင် လျှာအရိုးမရှိတိုင်း မုသာဝါဒကို ဖောဖောသီသီ အရည်ကြိုသောက်ပြီး ဆင်သေကို ဆိတ်ရေနှင့်ဖုံးဖို့ ဝန်လေးကြသူများ မဟုတ်။

"အစ်ကိုကြီးကလည်းဗျာ သူများတွေ ချွန်ပေးတိုင်း အရမ်းကာရော ယုံတော့တာပဲကိုး။ နွယ်စိမ်းနဲ့ ကျွန်တော်တို့က ရိုးရိုးတန်းတန်း ခင်မင်နေတာပါ"

"အေးပါလေ.... ကာစင်ကာစင်နဲ့ တော်တော်ကြာတော့...."

http://www.cherrythitsar.org



"စိတ်ချစမ်းပါ အစ်ကိုရာ၊ မတော်တရော် ဘာမှ မဖြစ်စေရပါဘူး။ ကောင်မလေးက သိပ်သနားစရာကောင်းတာ"

"တော်စမ်းပါ အ စ လ ရာ၊ နင်တနားတာ နာတိပါဒယ်"

"မဟုတ်ဘူး အစ်ကိုကြီးရ၊ ဦးရည်ခိုင်က အတည်ပေါက် ယူမယ်ပြောလို့ ကောင်မလေးက တကယ်ယုံနေတာ"

"နို့.... ခင်ဗျားကကော ယူနိုင်လို့လား၊ မောင်ရင်တို့ နှစ်ယောက်စလုံး လိုင်စင်ကြီးတွေနဲ့ပဲ"

"ဟုတ်ပါတယ်၊ ကျွန်တော်လည်း မယူနိုင်ပါဘူး"

"ဒါကြောင့်ပြောနေတာပါ။ တော်တော်ကြာ အဘိုးကြီး သိသွားရင် မချောင်ဘူး"

"ဒီမှာအစ်ကို၊ အဘိုးကြီးလည်း ဘာမှမသိစေရဘူး။ အစ်ကိုလည်း ဘာမှ ဦးနှောက်ခြောက်ခံမနေပါနဲ့။ စိတ်အေးလက်အေးသာနေကြပါ။ ဘာသံညာသံကြားရင် အစ်ကိုစီးတဲ့ဖိနပ်နဲ့ ကျွန်တော့်ပါးကို ဘယ်ပြန်ညာပြန်ချ၊ ကဲ....ကျေနပ်ပြီလား"

အပြောကတော့ ရွှေမန်း၊ အကကျတော့ ချိုမိုင်မိုင်ဆိုတာ အ စ လလို လူစားပေါ့။ ဘာကြာလိုက်လို့တုန်း။ တစ်ပတ်ခန့်အကြာမှာပင် ဆင်သေ ဆိတ်ရေနဲ့ ဖုံးထားတဲ့ အ စ လတို့ နန်းဇာတိရုပ် ဘွားခနဲ ပေါ်လာပါတော့သည်။ မင်းသားခေါင်းချွတ်လိုက်တော့ အစွယ်ကြီးငေါငေါနဲ့ ဘီလူးရုပ်ပေါ်လာပြီပေါ့။

ထိုနေ့က မှတ်မှတ်ရရ ဇန်နဝါရီ နောက်ဆုံးအပတ်၊ တနင်္ဂနွေနေ့။ ရဲဘက်များ အလုပ်နားကြသည်။ အထူးဟင်းလျာအဖြစ် ငါးသလောက်ပေါင်းကျွေးသည်။ ညဘက်ကျတော့ ဝန်ထမ်းများ တစ်လတစ်ကြိမ်လုပ်နေကျ ထမင်းစားပွဲ (mess night) ပျဉ်းမနားမှ ကိုဘာစန်ဒံပေါက် အော်ဒါမှာ၍ တပျော်တပါးစားကြသည်။ ည ၉နာရီခန့် ဒံပေါက်အဖွဲ့ကို ပျဉ်းမနားသို့ ကားနှင့်ပြန်ပို့မည်အလုပ် ဦးအောင်စိုးလင်းက ထောင်မှူးမောင်မောင်အနီးကပ်လာ၍ လက်ညှိုးကလေး ကွေးပြသည်။

"အစ်ကို ဒါလေး ခဏပေးလိုက်ပါဦး"

ခြောက်လုံးပြူးသေနတ် တောင်းခြင်းဖြစ်၏။

"ဟာ.... ဘာလုပ်မှာလဲဗျာ။ အဘိုးကြီးသိရင် ဆူဦးမယ်"

"မဆူပါဘူး အစ်ကိုရ။ အပြန်ကျတော့ မှောင်တယ်၊ လမိုက်ရက်ကြီး"

သေနတ်မှာ စခန်းပိုင်ဖြစ်၍ မိမိအား ယုံကြည်စိတ်ချသဖြင့် အပ်နှံထားခြင်းဖြစ်၏။ အမှန်အတိုင်း ဆရာဦးဘတုတ်မသိဘဲ ယူကိုင်ခွင့်မရှိ။ သူလည်း မတောင်းရဲသဖြင့် သော့ကိုင်သူ မိမိအား လာအပူကပ်နေခြင်းဖြစ်ရာ လမိုက်ရက်လည်း အမှန်ဖြစ်နေသဖြင့် ရှည်ရှည်ဝေးဝေး မပြောနေဘဲ ထုတ်ပေးလိုက်သည်။

နှစ်ရက်အကြာ ဆရာဦးဘတုတ် ပျဉ်းမနားမှပြန်လာတော့ ဦးအောင်စိုးလင်း

သေနတ် ပေးကိုင်လိုက်သောကိစ္စနှင့်ပတ်သတ်၍ ပြဿနာပါလာပြီ။ မင်းသားက ဒံပေါက်အဖွဲ့ကို ပျဉ်းမနားလိုက်ပို့ပြီး ဘူးကွဲစခန်းသို့ တန်းတန်းမတ်မတ် မပြန်သေး။ သပြေပင်ရွာရှိ နွယ်စိမ်းထံ စခန်းတစ်ထောက်ချသေးသည်။ သို့သော်.... နွယ်စိမ်းက အတွေ့မခံ၊ ဘယ်အတွေ့ခံလိမ့်မလဲ။ အိမ်ခန်းထဲမှာ အဆက်ဟောင်းကြီး ဦးရည်ခိုင် ရောက်နေတာကိုး။ ဒီမှာတင် အ စ လတို့ ရည်းစားလုလု ရွှေဥစားကာ လေရရှန့် သပြေပင်ရွာကြမ်းညှပ် ဒိန်းဒလိန်းနတ် ဖမ်းအထွက် သေနတ်နှစ်ချက် ပစ်ဖောက်ခဲ့သည် ဆို၏။ ကဲ.... ကောင်းကြပေရော့။

"အဲဒါ ခလက အတွင်းရေးမှူး ဗိုလ်ကြီး ပီကျော်ဟန်ကိုတော့ ကျွန်တော်တို့ ဌာနဆိုင်ရာ အရေးယူပေးပါ့မယ်လို့ ပြောခဲ့ပြီးပြီ။ နလကကို ချပေးထားတယ်လို့ ပြောတယ်။ ခင်ဗျားနဲ့ ဗိုလ်ကြီးမင်းစန်းတို့က ပြေလည်ပါတယ်။ အ စ လ ခေါ်သွားပြီး တောင်းပန်လိုက်ကြဦး။ ခုတော့ ကျည်တောင်ကန်ဘက် စစ်ကြောင်းကြီးငါးကြောင်းနဲ့ ထွက်သွားတယ်။ မရှိကြသေးဘူး။ စနေ၊ တနင်္ဂနွေနေ့လောက်မှ သွားကြ"

အဲဒါမှ ပွ။ ထောင်မှူးမောင်မောင်တို့ တနင်္ဂနွေ ရမည်းသင်းပြန်ဖို့ ကိုယ့်စိတ်ကူးနှင့် ကိုယ် စီမံချက်ရေးဆွဲပြီးသား။ သောကြာနေ့က ဇန်ဝါရီလ ၃၁ ရက်၊ ပျဉ်းမနားသွား၊ လစာငွေများထုတ်၊ စာရေးကြီး ဦးထွန်းလှရွှေနှင့် ငွေတွေပြန်ပေးလိုက်၊ ရမည်းသင်းပြန်၊ စနေ၊ တနင်္ဂနွေ နှစ်ရက်ခွေပြီး တနင်္လာနေ့ကျမှ ဘူးကွဲစခန်းကိုပြန်၊ ကိုယ့်အကြံနှင့်ကိုယ် ဟန်ကိုကျလို့။ ခုတော့ ဒီအကြံအစည်တွေအားလုံး သဲထဲရေသွန်ဖြစ်ရပေါ့။ အ စ လ ကို ကြည့်လိုက်တော့လည်း သူ့ခမျာ သနားစရာပါ။ ဆရာဦးဘတုတ်က ဆူထား ပွက်ထား ကြိမ်းမောင်ထားလို့ မျက်နှာကလေး ဆီးရွက်လောက်သာ ကျန်တော့သည်။

တကယ်တမ်းကျတော့ ဒီတစ်ပတ် စနေ၊ တနင်္ဂနွေ ရမည်းသင်းပြန်ဖို့ စီမံချက် မှာ အ စ လ ပြဿနာမပေါ်လျှင်လည်း ကြံဖန်ပျက်ရမည့်ကိန်း ရှိနေဟန်တူပါသည်။ အဘယ်ကြောင့်ဆိုသော် ကိစ္စတစ်ခုက မြန်းစားကြီး ပေါ်ပေါက်လာ၏။ ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း ဩဘာနိမိတ်ထွန်းဆိုသကဲ့သို့ အတိတ်တို့နိမိတ်တို့ဆိုသည်ကို ဘယ်လိုမှ ပစ်ပယ်၍ မရစကောင်းပါ။ ကောင်းသည့် အတိတ်နိမိတ်ရော၊ မကောင်းသည့် အတိတ် နိမိတ်ပါ အမှန်တကယ်ရှိပါသည်။

ဇန်နဝါရီ ၂၇ရက် နံနက်စောစော ၄နာရီခန့် ထောင်မှူးမောင်မောင်ကို အိပ်ရာထဲ လာနှိုးရင်း....

"ဦးမောင်မောင် ထစမ်းပါဦး၊ နီနီဆုံးလို့ ကျွန်တော် မန္တလေးပြန်ရဦးမယ်"

ထောင်မှူးမောင်မောင် အိပ်ရာမှ နိုးနိုးချင်း ရင်ထဲ ဒိန်းခနဲတက်ဆောင့်ကာ မျက်စိမျက်နှာ ပျက်သွားသည်။ သူ့ဇနီးအမည်က အနီခေါ် ဒေါ်နီနီအောင်ကိုး။ ဆရာဦး ဘတုတ်ကလည်း မိမိ၏ မျက်နှာရိပ်ကဲကို ချက်ချင်းဖမ်းမိလိုက်သည်။

"သြော်.... မန္တလေးက ကျွန်တော့်ခယ်မ နီနီကိုပြောတာပါ။ မောင်မောင်ကြီး

မိန်းမလေ”

အဲဒီ မနီနီကို ထောင်မှူးမောင်မောင်သိသည်။ ဆရာ့ဇနီး မေကြည်၏ ညီမ အရင်း။ ဦးမောင်မောင်ကြီးနှင့်လည်း ခင်သည်။ သို့သော် မိမိနောက်ဆုံးအခေါက် ရမည်းသင်းပြန်စဉ်က ကိုယ်ဝန်ကြီးနှင့် ရေချိုးခန်းထဲ ချော်လဲထားသည်ဆိုတော့ ဇနီးသည်နီနီအတွက် ရတ်တရက် ငယ်ထိပ် သွေးတက်သွားတာ အမှန်။ အိမ်မှုန်စုံမွှား မျက်စိနှစ်လုံးကို ပွတ်သပ်နေသည့်ကြားက ရင်ထဲတွင် တဒိန်းဒိန်းခုန်နေဆဲ။ သို့နှင့်ပင် ဒီတစ်ပတ် ရမည်းသင်းပြန်မည့်အစီအစဉ်ကို စိတ်နှလုံးဒုံးဒုံးချခါ ပယ်ဖျက်လိုက်ရသည်။ သို့သော် ကိစ္စမရှိ။ ဦးမြမောင်ရှိသည်။ ဦးမြမောင်ဆိုတာက မိမိ၏အစ်ကိုများနှင့် သူငယ်ချင်း၊ တပ်မတော်မှ အငြိမ်းစားယူပြီး မိမိကိုခင်မင်သဖြင့် ဘူးကွဲစခန်းကို ပြောင်းရွှေ့စဉ်ကတည်းက အတူလိုက်ပါပြီး ကူညီစောင့်ရှောက်နေသူ။ ဒီတော့ ၃၁ ရက်နေ့ လခထုတ်ပြီး လစာနှင့် အခြား ပေးစရာရှိသည်များကို ဦးမြမောင် ရမည်းသင်းအပြန် ပေးလိုက်နိုင်သည်။ အခြားပေးစရာပစ္စည်းများထဲတွင် ဦးစားပေးရမှာက ကောက်ညှင်း ကျည်ထောက်။ ဘူးကွဲတောင်ညိုလမ်းတွင် ကောက်ညှင်းကျည်တောက်ဖုတ်သည့် တင်းဝါး ပေါသည်။ ကောက်ညှင်းဆန် ကောင်းသည်။ တင်းဝါးဖုတ်ကျွမ်းကျင်သည့် ရဲဘက်များကလည်း အသင့်ရှိနေသည်။ အိမ်က ကလေးတွေက ကောက်ညှင်း ကျည်ထောက်ကို အလွန်ကြိုက်ကြသည်။ နောက်ပြီး သူတို့လိုချင်နေသည့် ခုံညင်းဒိုး အတောင့်လိုက်လည်း တောထဲက ရထားသည်။ မိန်းမအတွက်တော့ သူ့အကြိုက် ငါးသလောက် လတ်လတ်ဆတ်ဆတ် ဝယ်ပေးလိုက်မည်။

“လာမယ့်အပတ်တော့ ဆက်ဆက်ပြန်ခဲ့မယ်လို့ အိမ်ကိုပြောပြလိုက်ပါဗျာ။ ပစ္စည်းတွေလည်း သေသေချာချာ ကြည့်သွားဦးနော်။ အစ်ကိုတို့ အိမ်အတွက် ကောက်ညှင်းကျည်တောက်နှစ်လုံးသတ်သတ်”

“စိတ်ချပါ မောင်မောင်ရာ၊ ငါကလေးမှ မဟုတ်တာဘဲ။ ကားဆိပ်က ဆင်းဆင်းချင်း မြင်းလှည်းငှားပြီး မင်းအိမ်ကို အရင်သွားမှာပါ”

ဦးမြမောင်ကို ရမည်းသင်းသွားမည့် ဘတ်စ်ကားပေါ်တင်ပြီး သူ့ကားထွက်မှ ဘူးကွဲစခန်းသို့ စိတ်ချလက်ချပြန်လာခဲ့ရသည်။ နောက်တစ်နေ့၊ ၁၉၆၄ ဖေဖော်ဝါရီ ၁ရက်၊ နံနက်ကိုးနာရီခွဲခန့် ရုံးခန်းထဲ ဝင်လာပြီး စာနှစ်စောင်ပေးသည်။ သူ့မျက်နှာ သိပ်မကောင်း။ ပထမစာကို ယူကြည့်လိုက်ရာ ဇနီးဒေါ်နီနီအောင် အသည်းအသန်ဖြစ်နေ၍ အမြန်ပြန်လာရန် တယ်လီဖုန်းသတင်း ဖြစ်နေသည်။ ဝင်းဦးက စားပွဲပေါ်တင်ထားသော နောက်စာတစ်စောင်ကို မရဲတရဲလက်ညှိုးညွှန်ပြရင်း....

နောက်စာတစ်စောင်ကို ယူဖတ်လိုက်တော့....

“ဒေါ်နီနီအောင် ၀၇း၃၀ နာရီက ဆုံးပြီ”

■

http://www.cherrythitsar.org

# ၆၈

စလယ်ဝင် ဖင်မမည်းခင် ကွဲချက်ကနာ ဆိုသလို ဘူးကွဲစခန်းရောက်လို့ လေး ငါး ခြောက်လရှိသေးသည်။ ထောင်မှူးမောင်မောင်တို့ အသည်းကွဲရပါလေပြီ။ အတက်တွင် ဇက်ပြုတ်လိုက်သလို၊ လှေလှော်ရင်း တက်ကျိုးဆိုတာလို ဒါမျိုးပဲဖြစ်ပါလိမ့်မည်။ ဘူးကွဲ စခန်းအတွင်း တောင်ကမူလေးပေါ်ရှိ ရုံးခန်းထဲတွင် ငူငူကြီးထိုင်နေမိသည်။ သူ၏ရှေ့ စားပွဲပေါ်တွင် တယ်လီဖုန်းသတင်း စာရွက်ကလေးနှစ်စောင်က သူ့သခင်ကို ငေး ကြောင်ကြောင် စိုက်ကြည့်လျက်။

ပထမစာတစ်စောင်က ဇနီးဖြစ်သူ အသည်းအသန်ဖြစ်၍ အမြန်လာပါရန်။

ဒုတိယ စာတစ်စောင်က ဆုံးပြီ။

ဘာတွေ ဘယ်လိုဖြစ်ကုန်ပြီနည်း။ စခန်းမှာ တယ်လီဖုန်း မရှိ။ တယ်လီဖုန်းရှိသော ပျဉ်းမနားမြို့နှင့် ၈ မိုင်ခန့်ဝေးသည်။ သွားချင်လျှင် စာလာပို့သော ဝင်းဦး၏ ကျောက်တင် ဘေပါကားနှင့် သွားနိုင်ပါ၏။ သို့သော် စခန်းတာဝန်ခံ ဦးဘတုတ်က သူ့ခယ်မဒေါ်နီနီ ဆုံးသဖြင့် မန္တလေးသို့ ခွင့်ပြန်နေသည်။ လောလောဆယ် လုပ်သက် အရင့်ဆုံး ထောင်မှူးတစ်ဦးအနေနဲ့ တာဝန်ယူအုပ်ချုပ်နေရသူ။ ငါ ဘာလုပ်ရမလဲ။

အသက်သုံးဆယ်ကျော်လို့ငါးနှစ်စွန်းခဲ့ပြီ။ တစ်သက်နှင့်တစ်ကိုယ်ဒါလောက် တုန်လှုပ်ချောက်ချားဖွယ်ရာ တစ်ခါမှ မကြုံဖူးခဲ့။ ဘယ်ကစလို့ ဘာလုပ်ရမှန်းမသိ။ ကမ္ဘာမြေကြီးသည် အိုးထိန်းစက်သဖွယ် ချာချာလည်သွားသည်ဟု စာထဲမှာဖတ်ဖူး၏။

ဝတ္ထုဇာတ်ကြောင်းအရ အလျဉ်းသင့်သည့်အခါ ကိုယ်တိုင်လည်း ရေးခဲ့ဖူးသည်။ ခုလက်တွေ့ တကယ်လည်းနေပြီလား။

နွေခေါင်ခေါင် မိုးကြိုးရှစ်စိတ်ကွဲတယ်ဆိုတာဒါမျိုးပဲထင်ပါရဲ့။ ဘာ ကြာသေးလဲ။ မနေ့ကပဲ လူကြုံဦးမြမောင်နှင့် ဇနီးအတွက် လစာငွေ၊ သူမ ကြိုက်တတ်သည့် ငါးသလောက်၊ ကလေးတွေအတွက် ကောက်ညှင်းကျည်ထောက်နှင့် ဒိုးသီးများ ပေးလိုက်သေးသည်။ ညနေ ၅နာရီလောက်အထိ ပျဉ်းမနားမှာ ရှိနေသည်။ မနေ့က တစ်ခုခုဖြစ်လျှင် ရမည်းသင်းနှင့် ပျဉ်းမနား ချက်ချင်း တယ်လီဖုန်း ဆက်လို့ရသည်။ တစ်ညတာအတွင်း ဘယ်လိုဖြစ်သွားပါလိမ့်။ အိမ်မှာကျန်ရစ်တာက မေမေရယ်၊ ဇနီးဖြစ်သူအနီရယ်၊ ကလေး ငါးယောက် ရယ်၊ အိမ်ဖော်မလေး အမာကြည်ရယ် ဒါပဲ။ ကလေးငါးယောက်ဆိုလို့ ကြီးကြီးမားမားမဟုတ်ကြ။ အကြီးဆုံးသမီးကြီး စပယ်ဦးကမှ ၇ နှစ်ကျော်ကျော် ရှိသေးသည်။

ရှင်မွေးလွန်းကလည်း မွေးစိပ်သလားမမေးနှင့်။ တစ်ယောက်နှင့်တစ်ယောက် နှစ်နှစ်ပြည့်အောင်မကွာ။ တစ်နှစ်ခွဲသာသာ ခြားသည်။ အရေးရယ် အကြောင်းရယ်ဆိုလျှင် အိမ်မှာ ယောကျ်ားသား မားမားမတ်မတ် မည်သူမျှမရှိ။

ယောကျ်ားဖောင်စီး မိန်းမမီးနေတဲ့။ ကိုယ်ဝန်ဆောင်မိန်းမများ သချိုင်းကုန်းကို တစ်နေ့ မျက်စောင်းသုံးခါ ထိုးနေသတဲ့။ ဒါတွေကိုသိလို့ ဘူးကွဲစခန်းမှ မုံရွာ–ပုလဲ–ဂန့်ဂေါလမ်းမင်းတိုင်ပင် ရဲဘက်စခန်း ဌာနချုပ်သို့ ပြောင်းရွှေ့ရေးကိစ္စကို ဇနီးဖြစ်သူ မီးဖွားပြီးသည်အထိ ဆိုင်းငံ့ပေးပါရန် လျှောက်လွှာတင်ထားခဲ့သည်။ သက်ဆိုင်ရာက လည်း ခွင့်ပြုခဲ့ပါ၏။ ခုတော့ ဘာများ တတ်နိုင်သေးသနည်း။ မျက်စိထဲ အမှိုက်ဝင် သလို မိုက်ခနဲ ပါပဲကလား။ မိုက်ခနဲက အရေးမကြီး။ ခုချက်ချင်းလက်ငင်း ဘာလုပ်ရ မည်နည်း။ လောလောဆယ် အနီးကပ် ဆိုးတိုင်ပင် ကောင်းတိုင်ပင် ဆိုလို့ ထောင်မှူး ဖရက်ဒီ ဘစိန် တစ်ဦးတည်းသာရှိသည်။

"အခြေအနေကတော့ ဒီအတိုင်းပဲဗျာ။ ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ"

"ဒါအရေးအကြီးဆုံး နာရေးကိစ္စပဲဗျာ။ ခင်ဗျားသွားမှာသာ သွားပါ။ ကျွန်တော်တို့ ပျဉ်းမနားကနေပြီး ရန်ကုန်ရုံးချုပ်နဲ့ မန္တလေး ဆရာဦးဘတုတ်ဆီကို ဖုန်းဆက်ကြတာပေါ့"

ပါးစပ်ကပြောတော့ အလွယ်ကလေး၊ လုပ်ရမှာတွေက အများကြီး။ ရန်ကုန် နှင့် မန္တလေး တယ်လီဖုန်းဆက်ဖို့ဆိုတာ ချက်ချင်းလက်ငင်း လိုင်းရဖို့ မလွယ်လှ။ ရပြန်လျှင်လည်း ပီပီသသ ကြည်ကြည်လင်လင် ပြောလို့ရချင်မှရသည်။ နောက်ပြီး တယ်လီဖုန်း ဆက်ရုံနှင့် ကိစ္စမပြတ်။ တရားဝင်ဖြစ်သွားအောင် ကြေးနန်းရိုက်ရဦးမည်။ ထို့အပြင် မိမိတာဝန်ယူထားရသည့် ရဲဘက်စခန်းအသေးသုံးငွေရေးကြေးရေးကိစ္စ၊ ရဲ လုပ်အားခနှင့် သက်သာချောင်ချိရေးကိစ္စများကိုလည်း ထောင်မှူးဦးဘစိန်ထံ အရေးပေါ်

http://www.cherrythitsar.org



လွှဲပေးခဲ့ရဦးမည်။ မိမိပြီးလျှင် သူကစီနီယာအကျဆုံးထောင်မှူး။ ရုံးကိစ္စများပြီးပြတ်တော့ တောင်ညိုရိုပ်သာပြန်၍ ပစ္စည်းများ သိမ်းရဆည်းရသေးသည်။ လက်နှိပ်စက်ထဲတွင် ရေးလက်စဝတ္ထုရှည်ကြီးက တိုးလိုးတန်းလန်း။ ဝတ္ထု ခေါင်းစဉ်အမည်ပင် မတပ်ရသေး။ ကြွက်လျှောက်တန်းပေါ်တွင်တင်ထားသော သောက်လက်စ အိုးလ်ဘရန်ဒီပုလင်းကလည်း မိမိကို မျက်စပစ်ပြနေသည်။ သုံးလေးခွက်လောက် ဆင့်သောက်လိုက်ရလျှင် ကောင်းလေမလား။ 'တော်စမ်းပါ။ စိတ်ညစ်ပြေပျောက် အရက်သောက် ဆိုပေမယ့် မင်းကိုသောက်လို့ စိတ်ညစ်သက်သာလည်း ခဏပါ။ အမူးပြေတော့ ဒီဝေဒနာလည်း ပြန်ပေါ်လာဦးမှာပဲ။ အဆိပ်ဆိုလည်း အကောင်းသား။ တစ်ခါတည်း ကိစ္စပြတ်ရော"

ပျဉ်းမနား ရုံးရောက်တော့ ရမည်းသင်းထောင်ကို ပထမဦးဆုံး ဖုန်းဆက်ကြည့်သည်။ ချစ်သော အနီတစ်ယောက် ဘယ်ပုံဘယ်နည်း ရေတိမ်နစ်ရတယ်ဆိုတာ သိချင်လှပြီ။ သို့သော် ထိုစဉ်က တယ်လီဖုန်းများမှာ ယခုခေတ်လို မတိုးတက်သေး။ အော်တိုဖုန်းဆို ရန်ကုန်နှင့် မန္တလေးမှာသာ ရှိသေးသည်။ ပျဉ်းမနားလို၊ ရမည်းသင်းလို မြို့ကလေးတွေမှာ လက်လှည့်တံနှင့် တဝွမ်ဝွမ် လှည့်ပေဦးတော့။ အရေးထဲကျတော့မှ ရမည်းသင်းကို ခေါ်မရ။ ဒီတော့ မိမိသိချင်သမျှ မသိရသဖြင့် စိတ်မောရပြန်သည်။ သောကပရိဒေဝမီးဆိုတာ တငွေ့ငွေ့လောင်သလောက် တမြည့်မြည့် ခံစားရလွန်းလှပါတကား။

ကိစ္စဝိစ္စပြီးသလောက်ရှိ၍ နာရီကို ကြည့်လိုက်တော့ ၁ နာရီထိုးပြီးနေပြီ။ နေ့ခင်းပိုင်း ရထားမရှိတော့သဖြင့် ကားဆိပ်ဆီသို့ ပြေးရပြန်သည်။ ပျဉ်းမနား ရမည်းသင်း ပုံမှန် ပါစင်ဂျာကား ၁၂ နာရီခွဲက ထွက်သွားပြီ။ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ ဆိုတာလို အကုသိုလ်ကံများ ဖိစီးပြီဆိုမှဖြင့် ဘာမှအဆင်မပြေချင်တော့။ နောက်ဆုံး ၂ နာရီကျော်မှ ကြုံရာကုန်ကားကြီးတစ်စီးဖြင့် တောင်းပန်ပြီး နောက်ခန်းမှ လိုက်ခဲ့ရသည်။ ကုန်တင်ကားကြီးသည် ငါးလိုက်ချောင်းတံတားကို ကျော်ဖြတ်၍ ပျဉ်းမနားမြို့ မြောက်ဖျား ရွာကောက်ရပ်မှ ထွက်လာခဲ့သည်။ သံလမ်းအနောက်ဘက် သစ်တော ကျောင်း တောင်ကုန်းမြင့်သည် တရွေ့ရွေ့ ဝိုးတဝါး ကျန်ရစ်ခဲ့သည်။ မော်တော်ယာဉ် နောက်ပိုင်း မြင်ကွင်းအနေနှင့် မျက်ကြည်လွှာဖန်သားပြင်ပေါ်တွင် ဖြည်းဖြည်းချင်း မှိန်ပျောက်သွားသည်နှင့်အမျှ အသည်းနှလုံးတွင်းမှ ကျစ်လျစ်တင်းမာစွာ ဖွဲ့စည်းထားသည့် ခံစားမှုဝေဒနာပုံရိပ်များသည် ရင်နာဖွယ်ရာ မှိန်လင်းလာခဲ့ရပေသည်။

ဒီအချိန်ဆို အိမ်မှာ ဘယ်ပုံရှိနေမည်နည်း။

အနီသေတာ အိမ်မှာလား။ ဆေးရုံမှာလား။ ဘာမျှ သဲသဲကွဲကွဲ မသိရသေး။ ဆေးရုံမှာဆိုလျှင် အိမ်ကို ပြန်သယ်ပြီး ပြင်ဆင်ထားလေသလား။ သို့တည်းမဟုတ် ဆေးရုံမှာပဲ ရှိသေးသလား။ အိမ်ကလည်းကျဉ်းကျဉ်းကျုတ်ကျုတ်။ ဒါတောင် မိမိ ပြောင်းရွှေ့ ရောက်လာပြီးမှ ကလေးများသော အိမ်ထောင်တစ်ခုအနေနှင့် ဘယ်လိုလုပ်မှ

http://www.cherrythitsar.org



နေမဖြစ်သဖြင့် ဆောက်လုပ်ရေးနှင့် အတိုက်အခံလုပ်ပြီး ခေါင်းရင်းခန်းတစ်ခု တိုးချဲ့ထားခဲ့ပေလို့။

သြော်.... ခုမှ အရေးအကြီးဆုံးတစ်ခုကို သတိရလာသည်။ ကလေး ကလေး၊ ကလေးကော ရှင်သလား၊ သေသလား၊ ဘာမျှမသိရသေး။ မသိရသေးတာတွေများ လေလေ ရင်ထဲမှာ ဗလောင်ဆူပြီး အသည်းနှလုံးထဲ တစစ်စစ် နာကျင်လာရလေလေ။ ဖြစ်နိုင်လျှင် တအိအိမောင်းနှင်နေသည့် ကုန်တင်ကားကြီးကို အတောင်ပံတပ်ကာ ဂျက်အင်ဂျင် အစားထိုးပြီး နေအိမ်အရောက် မောင်းပြေးချင်လှပါပြီ။ မြန်မြန်ရောက်ချင်ပါသည်ဆိုကာမှ ကားက စိန်ရောင်ခြည်တောင်ကြား အဝေးပြေးကားရပ်စခန်းလေးတွင် ရပ်ဖြစ်အောင် ရပ်လိုက်သေးသည်။ ဒီတစ်ခါတော့ ဘယ်လိုမှ သည်းမခံနိုင်တော့။ နောက်ကားကြုံကလည်း မလာ။ သူတို့ကိုလည်း ပြောလို့မရမယ့်အတူတူ ထမင်းဆိုင်မှ အရက်တစ်ပိုင်းမှာပြီး ထိုင်သောက်ပစ်လိုက်သည်။ ကိုယ်ဖြစ်ချင်သလို မဖြစ်လာတဲ့ ဒီလောကကြီးမှာ သူဖြစ်ချင်တာတွေ လျှောက်ဖြစ်ပါစေတော့။

ကိုယ်ဖြစ်ချင်သလို ဖြစ်လို့ရတာ တစ်နေရာပဲရှိသည်။ တခြားမဟုတ်။ ကိုယ်ရေးသည့် ဝတ္ထုတွေထဲမှာဖြစ်၏။ ဒီနေရာမှာ မင်းသေလိုက်စမ်း၊ ရှင်လိုက်စမ်း၊ မင်းတို့နှစ်ယောက်က အခါတော်ပေးတာက နတ်ရေးငယ်ရွှေစာ မင်္ဂလာဆောင်ကြတာမလို့လား။ ဟင့်အင်း၊ နေကြပါဦး၊ မပေါင်းကြနဲ့ဦး၊ ကောင်လေးက အမှုကြီး တန်းလန်းနဲ့။ ရဲတွေလာဖမ်းလိုက်ဦး။ တရားရုံးက ထောင်ချလိုက်စမ်း။ ဒါမှမဟုတ် ကောင်လေးနဲ့ ကောင်မလေး ညားပေးချင်ရင်လည်း တရားခံအစစ် ပေါ်လာပြီး ထောင်အကျခံလိုက်၊ ကောင်လေး တရားသေလွတ် စသည်အားဖြင့် ဇာတ်လမ်း၊ ဇာတ်ကွက်နှင့် ဆီလျော်အောင် ကိုယ်ရေးချင်သလို ရေးလို့ရသည်။ ကိုယ်က စေတစ်လုံးပိုင်ရှင် စာရေးဆရာကြီး။ ဘာတတ်နိုင်သေးသနည်း။ ဟုတ်ကဲ့၊ ဘာမျှ မတတ်နိုင်ပါ။ လောကခံဇာတ်ဆရာကြီး ပြုသမျှ နရတော့မည့် ဘဝဖြစ်ပါ၏။ ကံစီမံရာ နာခံရမည့် ဘဝဖြစ်ပါ၏။ ထားရင်လည်း နေ သတ်ရင်လည်း သေ လည်စင်းသာခံပေရော့။ ကိုယ်က ဘဝဇာတ်ခုံကြီးပေါ်မှာ ဇာတ်ရုပ်ကလေးတစ်ရုပ် ဖြစ်နေပြီ မဟုတ်လား။

"ဒကာကြီး ထောင်မှူးဦးမောင်မောင် မဟုတ်လား။"

အရေးထဲ ဘယ်ကဘုန်းကြီးနဲ့ လာတွေ့နေရပါလိမ့်။

"ဘုန်းကြီးကို သေသေချာချာ ကြည့်စမ်းပါဦး ဒကာကြီးရဲ့။ ခင်ဗျား ကျုပ်ကို ကောင်းကောင်းသိပါတယ်"

ပထမတော့ မတ်တပ်၊ နောက်တော့ အရက်သောက်နေသည့် စားပွဲရှေ့ရှိ တန်းလျားမှာ လာထိုင်ချလိုက်သည်။ ဟုတ်ပ၊ မြင်ဖူး သိဖူးတာတော့ အမှန်။ သို့သော် ကိုယ့်အပူနှင့်ကိုယ်၊ ဘယ်သူဘယ်ဝါ ဘယ်မှာသိခဲ့ပါလိမ့် စဉ်းစားမနေနိုင်။

"ဘိုချင်းလေ ဒကာကြီးရဲ့၊ မန္တလေးထောင် ကြိုးတိုက်မှာတုန်းက မှတ်မိပြီ

http://www.cherrythitsar.org



လား”

တည့်တည့်ပြောမှ ရိပ်မိရုံကလေးရှိသည်ဆိုတာလို အတော်လေး စဉ်းစားယူရသည်။ စိတ်အစဉ်တွင် သူ့ကိုယ်ပေါ် လွှမ်းခြုံထားသည့် ဇကသီနှင့် သင်းပိုင်ကိုချွတ်၊ ထောင်ပုံစံ နံငယ်အင်္ကျီ လုံချည်ဖြူကို ဝတ်ပေးလိုက်မှ မျက်စိထဲ တရေးရေးပေါ်လာသည်။ ထောင်မှူးထောင်ပိုင်တို့နှင့် ထောင်ထွက်ဆိုသည်မှာ စီးစီးပိုးပိုး ဥပမာတင်စားရလျှင် ရွှေမန်းတင်မောင် ပွဲကြည့်ပရိသတ်လို မဟုတ်လား။ ဟုတ်ပြီ၊ ဟုတ်ပြီ။ သူ့နာမည် အပြည့်အစုံက ဘိုချင်းစိန်၊ တစ်ချိန်က သူကြီးတစ်ယောက်ကို သေနတ်နှင့် ပစ်သတ်ရာမှ ကြိုးကျပြီး မန္တလေးထောင်ထဲ ရောက်လာခဲ့သူ၊ ရမည်းသင်းခရိုင်ကမှန်းတော့ သတိရသည်။ ဘယ်မြို့နယ်ကဆိုတာတော့ စဉ်းစားလို့မရ။ ကြာလည်းကြာခဲ့ပြီ၊ ဆယ့်သုံးလေးနှစ်ကျော်ခဲ့ပြီပဲ။

“တင်ပဲ့၊ တပည့်တော်သတိရပါပြီ။ ဒါနဲ့ ကိုယ်တော် ယခုဘယ်မှာ သီတင်းသုံး....”

“ကျုပ်ထောင်ကလွတ်ကတည်းက သာသနာ့ဘောင်ဝင်ခဲ့တာ အခုထိ ခြောက်ဝါဆိုလောက် ရနေပြီပေါ့။ ရှေ့မြို့မှာ ကျောင်းထိုင်နေတယ်”

“တပည့်တော်ကိုတော့ ခွင့်လွှတ်ပါဘုရား။ တပည့်တော်မှာက....”

တပည့်တော်မှာကဆိုပြီး ပူပူနွေးနွေး ပရိဒေဝသောကမီး တောင်လောင်နေပုံကို အကျဉ်းချုံး၍ လျှောက်ထားလိုက်သည်။

“အင်း.... ဒကာကြီးပုံမြင်ကတည်းက အပူသည်မှန်း ရိပ်မိပါတယ်။ ဒီလိုပဲပေါ့ ဒကာကြီးရယ် သေခြင်းတရားဆိုတာ ရှင်တော်မြတ်ဘုရားကိုယ်တိုင်တောင် လွန်ဆန်နိုင်တာမှမဟုတ်ဘဲ။ ကြီးသည်၊ ငယ်သည်၊ နုသည်၊ ရင့်သည် မရွေးဘူးလေ။ သီးမှည့်တဝင်းဝင်း၊ သီးကင်း တဖုတ်ဖုတ်ဆိုတဲ့ စကားလည်းရှိသားပဲ။ အေးလေ ဒကာကြီးနားထဲ နည်းနည်းစိမ်းမယ်ထင်တဲ့ ဥပမာလေးတစ်ခုလောက် ဘုန်းကြီးပြောပါ့မယ်”

အင်း.... အခုမှ ထိုင်နေရအခက်၊ ထသွားရအခက်ဆိုတာလို ဒုက္ခလှလှကြီး တွေ့နေရပေပြီ။ ဘုန်းတော်ကြီးတစ်ပါး ရှေ့မှာထားပြီး သောက်လက်စအရက်ခွက်ကို မော့လို့လည်း မဖြစ်။

“ဒကာကြီးအိမ်မှာ သောက်ရေအိုးတစ်လုံးကွဲတယ်ဆိုပါတော့။ အဲဒီသောက်ရေအိုးက သောက်လက်စအဟောင်းကြီးဆိုရင် ဟာ....ကွဲချင်ကွဲပါစေ၊ ဒီရေအိုးကြီးက ဟောင်းနေပြီပဲ။ နောက်တစ်လုံးအသစ် ဝယ်လိုက်တာပေါ့လို့ ပြောလိမ့်မယ်။ တကယ်လို့ သောက်ရေအိုးက အသစ်စက်စက် ဝယ်ပြီးခါစ ရေတောင်မထည့်ရသေးဘူးဆိုရင်တော့ ဖြစ်မှဖြစ်ရလေ၊ ရေအိုးလေးက အသစ်စက်စက် သုံးတောင်မသုံးရသေးဘူးလို့ နှမြောကြလိမ့်မယ်။ အဲဒီလိုပဲ ပန်းကန်ဟောင်းတစ်ချပ်နဲ့ ပန်းကန်အသစ်တစ်ချပ် ကွဲတာချင်းတူပေမယ့် ပန်းကန်အဟောင်းထက် အသစ်ကို ပိုနှမြောကြမှာပဲ မဟုတ်လား”

http://www.cherrythitsar.org



ဘုန်းကြီးပေးသည့် ဥပမာက ခပ်ဆန်းဆန်းဖြစ်နေသဖြင့် အပြေးအလွှား လိုက်၍ စဉ်းစားကြည့်မိသည်။ သူပြောတာလည်း ဟုတ်တုတ်တုတ်။

"အဲဒီသောက်ရေအိုးကော၊ ပန်းကန်ကော ကွဲတတ်တဲ့အမျိုးချည့်ဆိုတာကို တော့ နမြောတဲ့စိတ်က ဖုံးလွှမ်းနေလို့ မေ့နေတတ်ကြတယ်လေ။ သီကင်းတဖုတ်ဖုတ်ဆို တာက ကြွေချင်လည်းကြွေပေါ့။ မှည့်မှ မမှည့်သေးတာ။ စားလို့မရသေးတော့ နမြောရ ကောင်းမှန်းမသိကြဘူး။ ဒီတော့ ဒကာကြီးလည်း ပန်းကန်အသစ်၊ အိုးအသစ်အတွက် စိတ်မကောင်းဖြစ်မနေပါနဲ့။ တရားနဲ့သာ စိတ်ကိုဖြေပါ။ လူဆိုတာ သေမျိုးတွေပါ။ ချစ်တဲ့သူရယ်၊ မုန်းတဲ့သူရယ်၊ စိမ်းတဲ့သူရယ်၊ ကျက်တဲ့သူရယ်လို့ မခွဲခြားပါဘူး"

ဘုန်းကြီးက ဘယ်လိုပင် တရားပြနေစေကာမူ၊ အနာရှိန်တက်နေချိန်ဖြစ် သဖြင့် ဆေးချက်က မတိုးနိုင်သေး။ မီးများမီးနိုင် ရေများရေနိုင် ဆိုတာလို ရင်ထဲက ဗျာပါဒမီးရှိန်က တဟုန်းဟုန်းလူးလွန့်လောင်မြိုက်နေဆဲ။

ထိုအခိုက်တွင် ကားထွက်တော့မည်ဆိုသဖြင့် ဘုန်းကြီးကို ဝတ်ပြုနှုတ်ဆက် ကာ လိုက်ပါခဲ့ရသည်။ သောက်လက်စ အရက်ခွက်နှင့် ပုလင်းမှာလည်း စားပွဲပေါ်မှာ တိုးလိုးတန်းလန်း။ အနီ၊ ချစ်သောအနီ၊ ပိုပြီးတိကျမှန်ကန်အောင် ဝိသေသပြုရလျှင် သနားစရာ ကောင်းလှသော အနီ။

ဘုန်းတော်ကြီး ဘိုချင်းစိန်(ဘွဲ့ပင်မမေးလျှောက်ခဲ့မိပါ) ပြောတာမှန်ပါသည်။ ရေအိုးသစ်နှင့်ရေအိုးဟောင်း၊ ပန်းကန်ပြားအသစ်နှင့် အဟောင်း။ ကွဲတတ်သော အမျိုး ဆိုတာ မငြင်းလိုပါ။ သို့သော် ကွဲသည့်ရေအိုးနှင့် ပန်းကန်က မိမိမျက်စိအောက်မှာ ကွဲခဲ့ခြင်းမဟုတ်။ မျက်ကွယ်မှာ ကွဲခဲ့ရခြင်းဖြစ်သည်။ မျက်စိအောက်မှာ ကွဲခဲ့တာဆိုရင် ဖြေသာသေးတာပေါ့။ ခုတော့ ဘယ်ပုံဘယ်နည်း ကွဲသွားမှန်းပင် မသိရသေး။ ဒါက ကိုယ့်ဘက်က ခံစားမှု၊ ကွဲရသူ ကာယကံရှင် ပန်းကန်ပြားသစ်ဘက်ကနေ စဉ်းစားရင် ဒီထက်ပိုဆိုးတော့မပေါ့။ မိန်းမတို့ ဓမ္မတာ အာဝေဏိက ဝေဒနာခံစားနေချိန်တွင် သူသူ ကိုယ်ကိုယ် မိမိတို့ လင်သားကို အားကိုးတကြီး၊ အနီးအနားတွင် ရှိစေချင်ကြသည်။ ဝေဒနာခံစားနေရ၍ မျက်စိနှစ်လုံး မဖွင့်နိုင်သဖြင့် လူကိုမမြင်ရလျှင် နေပါစေ။ ကိုယ့် လင်သား၏ လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်နေရလျှင်ပင် တစ်အား။

အမှန်အတိုင်း ဒီနေ့၊ ဒီရက်၊ ဒီစနေ တနင်္ဂနွေ ရက်သတ္တပတ်မှာ မိမိအိမ်ပြန် ရောက်ရမည့်ရက်၊ ဒါကိုလည်း အနီခမျာသိပြီးသား။ ဘာပဲဖြစ်ဖြစ် မိမိလင်သား ပြန် အလာကို မျှော်နေမှာမုချ။ အရေးထဲမှာ အရာပေါ်ဆိုတာလို မမျှော်လင့်ဘဲ ထောင်မှူး ဦးအောင်စိုးလင်း သေနတ်ပစ်ဖောက်သောကိစ္စနှင့် ဆရာဦးဘတုတ်၏ခယ်မ နီနီ ဆုံးသောကိစ္စတို့လည်း ပြိုင်တူပေါ်လာခဲ့ရသည်။ သို့ဖြစ်၍ လူကြုံ ဦးမြမောင်နှင့်အတူ လစာငွေတို့ လက်ဆောင်ပစ္စည်းတို့ကိုသာ ပြန်ပေးလိုက်နိုင်ခဲ့သည်။ ဆီမလူးသည့် ပေဖူးလွှာ စာကလေးတစ်ကြောင်းနှစ်ကြောင်းပင် ရေးမပေးမိခဲ့။

http://www.cherrythitsar.org



မီးစာကုန် ဆီခန်းဖြစ်ဖြစ်၊ မီးစာမကုန် ဆီခန်း၊ သို့မဟုတ် ဆီမခန်း မီးစာမကုန် လေတိုက်လို့ပဲဖြစ်ဖြစ် ငြိမ်းခါနီး မီးခွက်သည် စွမ်းအားရှိသလောက် ဖျစ်ညှစ်၍ ဟုန်းခနဲ တစ်ချက်တော့ တောက်လောင်စမြဲ ဖြစ်သည်။ အလားတူပင် အသက်မထွက်မီ ဝေဒနာကို မချိမဆံ့ ခံစားရင်းက ငါတော့ဒီဘဝ မနေရတော့ဘူး။ မရဏာရှင်သေမင်းနောက် မလွဲမသာ ကောက်ကောက်ပါအောင် လိုက်ပါရတော့မည်ကို သက်စောင့်အနေနှင့် သိလိုက်တတ်ကြသည်။ အဲဒီအချိန်အခါမျိုးမှာ ချစ်သောအနီ၏စိတ်ထဲ ဘာတွေပေါ်လာလေမလဲ။ ဒီကမ္ဘာမြေ လောကကြီးပေါ်မှာ သူမအချစ်ရဆုံး၊ အားအထားရဆုံး ချစ်လင်သား၊ ဒါမှမဟုတ် ဥမမည်စာမမြောက် မျက်စိသူငယ်ကျန်ရစ်ခဲ့ကြမည့် ပုစုခရု သားသမီးငါးယောက်လား၊ ဒီနှစ်ခုစလုံး ဖြစ်ချင်ဖြစ်မည်။ ဘာတွေများ မှာခဲ့ချင်ရှာပါလိမ့်။

ထားလိုက်ပါတော့။ ချစ်သောအနီကို ဒါလောက်နှင့်လည်း သနားစရာရယ်လို့ စာမဖွဲ့လောက်သေး။ လင့်ဝတ္တရား၊ မယားဝတ္တရား အကျယ်မချဲ့လိုတော့ပါ။ မောင်မောင်နှင့် အနီတို့က သူ့ဘက်ကိုယ့်ဘက် မဆိုစလောက် ချွတ်ယွင်းချက်ကလေးများမှ တစ်ပါး၊ အပြည့်အဝအနီးပါး လိုက်နာနိုင်ခဲ့ကြပါ၏။ သို့ဖြစ်၍လည်း အိမ်ထောင်သက်တမ်းတစ်လျှောက် ပြဿနာကြီးငယ်မပေါ်ပေါက်ခဲ့။ သို့သော် အဲဒီအထဲက မဆိုစလောက် ဆိုတာကလေးကိုဖြင့် ဝကွက်ပြီး ခြွင်းချက်အနေနှင့် ရှင်းတမ်းထုတ်ဖို့ လိုပါလိမ့်မည်။ သချင်္ာဗေဒအနေနှင့်တော့ အီကွေးရှင်းပေါ့။ အီကွေးရှင်း မထုတ်လို့မဖြစ်။ အီကွေးရှင်း မထုတ်ခဲ့လျှင် အိမ်ထောင်ရေးအကြွင်းမှ ကိန်းပြည့်မဟုတ်၊ ဒသမနှင့် အကြွင်း။ ဒါဆိုလျှင် ပြဿနာ။ ပြဿနာဆိုတာ အမှိုက်၊ တစ်နေ့မှာ ပြာသာဒ်အထိ မီးတက်လောင်နိုင်သည်။

ကမ္ဘာ့အိမ်ထောင်ရေး သုတေသန စစ်တမ်းထုတ်ရာတွင် မိမိတို့၏ဇနီး ဖြစ်သူများကို ရင်ထဲမှာသာ ကျိတ်ပြီး ချစ်တတ်သူ ခင်ပွန်းလင်များစာရင်း ပါလေမလားမသိ။ အကယ်၍ ရှိခဲ့လျှင် အဆိုပါစာရင်းတွင် ထောင်မှူးမောင်မောင်အနေနှင့် နံပါတ်ဝမ်း တစ်ဂဏန်း၊ တစ်မဟုတ်တောင် ထိပ်ဆုံးတန်းက ပါဝင်နိုင်ကြောင်း မိမိကိုယ်မိမိ ယုံကြည်သည်။ သူ အနီ့ကို နှစ်နှစ်ကာကာချစ်ပါသည်။ သည်းလှိုက်အူဖို မြတ်နိုးပါသည်။ သို့သော် အိမ်ထောင်သက်ရှစ်နှစ်ပြည့်၍ ကလေးသာ တစ်ယောက်ပြီးတစ်ယောက် ပဋိသန္ဓေ မြောက်ခဲ့သည်။ နှုတ်မှဖွင့်ဟ၍ ချစ်ခြင်းစကားကို အလေးအနက်ထားပြီး မပြောကြားခဲ့မိ။ ဘာပြုလို့လဲ၊ ဒါတော့ သူ့ကိုမမေးနှင့်။ မည်သူ့ကိုမျှ ဖွင့်ဟပြောလိမ့်မည်မဟုတ်။ အနီနှင့် အိမ်ထောင်ပြုသည့်အချိန်မှစ၍ သူ၏စိတ်ထဲတွင် လျှို့ဝှက်စွာချထားခဲ့သည့် မဟာသန္နိဋ္ဌာန်တစ်ခု။ ဒါဖြင့် သူ့ရဲ့မဟာသန္နိဋ္ဌာန်က သက်ဆုံးတိုင် မယိမ်းမယိုင် ထိန်းသိမ်းသွားနိုင်ဖို့ ရည်ရွယ်ခဲ့သလား။ ဒီလိုလည်းမဟုတ်။ အနီသို့မဟုတ် သူ တစ်ယောက်တစ်ယောက်တော့ အရင်သေရမည်ဆိုသည်ကို အတတ်သိထားခဲ့ပြီးဖြစ်၏။ နှစ်ယောက်

http://www.cherrythitsar.org



စလုံး ပြိုင်တူသေဖို့ ဆိုတာကတော့ ကြုံတောင့်ကြုံခဲ၊ ဖြစ်တောင့်ဖြစ်ခဲကိစ္စ။ အဲဒီလို တစ်ယောက်နှင့်တစ်ယောက် မကွဲမီအချိန်မျိုးကျမှ သူ၏မဟာသန္နိဋ္ဌာန်ကြီးကို ဖွင့်ချ အန်ပြ လိုက်တော့မည်။ ဘာပြုလို့ ကိုယ်နှုတ်အမူအရာချစ်ခွင့်မသာဘဲ ရင်ထဲမှ ကျိတ်ပြီး ချစ်နေခဲ့ရသည့်အကြောင်း။

ခုတော့ စိန္တိတမ္ပိနသဝိဿတိဆိုသော ဘုရားဟော တရားတော်နှင့်အညီ ကံဆိုးမ မန္တေနီက မောင်မောင်၏ မျက်ကွယ်တွင် မရဏာရှင်သေမင်း၏ လျှပ်တစ်ပြက်ဆင့်ခေါ်ခြင်းကို ခံခဲ့ရလေပြီ။ ဘဝဘဝက သီလပါရမီ နည်းရှာခဲ့သည်ထင့်။

ရမည်းသင်းရောက်ပြီဆိုလို့သာ ကားပေါ်မှ ဆင်းခဲ့ရသည်။ စိတ်ထဲကတော့ မဆင်းချင်။ ဘယ်ရောက်ရောက် ဘယ်ပေါက်ပေါက် သွားချင်ရာသွား၊ မောင်းချင်ရာမောင်း၊ အိမ်ပြန်ရောက်ပြီဆိုသည်နှင့် ရင်ဆို့ဖွယ်ရာမြင်ကွင်းကို မြင်ရမည်။ မကြားချင်တာတွေ ကြားရမည်။ မမြင်ချင်တာတွေကို မြင်ရတော့မည်။ သို့သော် တကယ်တမ်းကျတော့ ဘယ်လိုလုပ် ရှောင်ကွင်းလို့ရနိုင်ပါမည်နည်း။

ခုပြန်တွေးလျှင် ခုရင်နာလွန်းသဖြင့် အဲဒီမြင်ကွင်းအကြောင်းကိုတော့ အကျယ်ချဲ့၍ စာမဖွဲ့လိုတော့ပြီ။ ကလေးလည်း မကျန်ရစ်ခဲ့ပါ။ ယောကျ်ားလေး လို့တော့ ပြောသည်။ ဆရာဝန်ကိုမေးကြည့်တော့ (Internal Hemorrhage) တဲ့။ ဖြစ်ဖြစ်ချင်း ရမည်းသင်းဆေးရုံ ပို့နိုင်ခဲ့ပါသည်။ သို့သော် ခရိုင်ဆေးရုံကြီးဆိုပေမယ့် ရန်ကုန်အမျိုးသမီးဆေးရုံလို အစစအရာရာ ပြည့်ပြည့်ဝဝ ကုသမှုများ မပြုလုပ်နိုင်ခဲ့။

မနေ့က မိုးချုပ်မှ ဦးမြမောင်ရောက်လာသည်။ ပါလာသော ကောက်ညှင်းကျည်တောက်ကို ကလေးတွေ အားရပါးရ စားကြသည်။ ဒိုးသီးခွဲ၍ ဒိုးဆန်နှင့် တပျော်တပါးကစားကြသည်။ အနီကြိုက်သော ငါးသလောက်က မီးဖိုပေါ်တွင် ပေါင်းထားဆဲ။

ည ၁၂ နာရီလောက်မှာ ဗိုက်ထဲက အိုးတိုးအောင့်တောင့်နှင့်ဝေဒနာစတင်ခံစားရသည်။ ၂ နာရီ ၃ နာရီခန့် ဘယ်လိုလုပ်မှ မခံမရပ်နိုင်တော့သဖြင့် ဟိုလူ့နှိုး ဒီလူ့နှိုးနှင့် တပည့်များက ထောင်ရှိ ဖိုဒ့် ဆန်ကားကြီးဖြင့်ဆေးရုံပို့ကြသည်။ တာဝန်ကျ ဆရာဝန်က ဆေးထိုးဆေးတိုက်သော်လည်း မသက်သာ။ ဗိုက်ခွဲဖို့ လိုအပ်လာပြီ။ ဆရာဝန်ကြီးဖုန်းဆက်တာနှင့် ပြင်တာဆင်တာနှင့် ခုနစ်နာရီခွဲလို့ သီရေတာခွဲစိတ်ခန်းထဲရောက်ချိန် တွင် အသက်မရှိတော့။ လူပြောသူပြောနှင့် မိမိသိရသမျှ ဒါလောက်ပါပဲ။ မိခင်ကြီးထံ သေတ္တာသော့ အပ်နှံသွားသည်မှတစ်ပါး ဘယ်သူ့ကိုမျှ စကား တစ်ခွန်းတစ်ပါဒ ဖွင့်ဟမှာကြားနိုင်ခြင်း အလျဉ်းမရှိခဲ့။

ဘဝဇာတ်ဆရာကြီး ရေးသားသွားခဲ့သည့် ဇာတ်ညွှန်းကဖြင့် တိကျပြတ်သားပါပေ့။ လက်သံပြောင်ပါပေ့။ ဒါရိုက်တာနှင့် ကင်မရာမင်းတို့ကလည်း ထပ်ဆင့်အကယ်ဒမီများ ဖြစ်ဟန်တူပါသည်။ ဒါလောက်ဇာတ်ကွက်နာသည့် ဇာတ်လမ်းမျိုးကို စာရေးဆရာပေါက်စ ရန်အောင်မောင်မောင်တို့ ဘယ်လိုလုပ် စွမ်းဆောင်နိုင်ပါမည်နည်း။

http://www.cherrythitsar.org



သူတတ်နိုင်တာ တစ်ခုပဲရှိသည်။ ရေးလက်စ ခေါင်းစဉ်မတပ်ရသေးသော လုံးချင်းဝတ္ထုရှည်ကြီးထဲတွင် ချစ်သောအနီတစ်ယောက်လုံး ဆုံးရှုံးခဲ့ရသော ထောင်မှူး မောင်မောင်ကိုလည်း ဇာတ်ကောင်တစ်ဦးအဖြစ် ထည့်၊ ဒေါက်တာရန်ရှင်းအပြင် ဘူးကွဲ ရှာသူ ခွာညိုတို့နှင့် သုံးပွင့်ဆိုင် ဇာတ်လမ်းအဖြစ် ရေးမွေ။

ဝတ္ထုအမည်ကိုမူ ချစ်သောအနီအား စတေးပြီး အသည်းနှလုံးတစ်ခုလုံး အစိတ်စိတ်အမြွှာမြွှာ ကွဲကြေခဲ့ရပြီဆိုမှတော့.... အသံထွက်အတိုင်း....

"အသည်းကွဲစခန်း"လို့....။

■

# ၆၉

"အစ်ကို့ကို ခွာညိုက တရားစွဲမလို့တဲ့၊ ရှေ့နေ လိုက်ငှားနေတယ်"

"ဘာကိစ္စ"

"အသည်းကွဲစခန်း ဝတ္ထုထဲမှာ သူ့နာမည် ထည့်ရေးထားလို့တဲ့"

ဤသည်မှာ ပျဉ်းမနားဘူတာသို့ ရထားဆိုက်ဆိုက်ချင်း ကြားလိုက်ရသည့် သတင်းစကား။ ပြောလာသူက ထောင်မှူး အ စ လ အမည်ခံ ဦးအောင်စိုးလင်း။

အင်း..... ပြဿနာတော့စပြီ။

"ခွာညိုဆိုတာ အပြင်မှာ တကယ်ရှိလို့လား ဆရာ"

သို့ကလို ကြားမှစကားဖြတ်မေးလိုက်သူက မြန်မာ့အသံမှ စာရေးဆရာ သန်းစိန်သစ်(ကွယ်လွန်ရှာပြီ)။ သူက မေးပေမှာပေါ့။ အသည်းကွဲစခန်းကို အခေါက်ခေါက် အခါခါ ဖန်တစ်ရာထေအောင် ကျေညက်နေသူကိုး။

အဖြစ်က ဒီလိုပါ။ အသည်းကွဲစခန်းဝတ္ထုကို ရုပ်ရှင်သစ်မဂ္ဂဇင်းတိုက်မှ နှစ်ကျပ်တန် လုံးချင်းထုတ်ဝေခဲ့ရာ ဝတ္ထုထွက်ထွက်ချင်း ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီမှ ရုပ်ရှင်ရိုက်ရန် ဝယ်ယူသွားခဲ့သည်။ ဒါရိုက်တာက လှဦးအမည်ခံ ယခင်ခေတ်ဟောင်း လူကြမ်းသရုပ်ဆောင် လှမောင်လေး၊ ဇာတ်ညွှန်းရေးသူက သန်းစိန်သစ် (မြန်မာ့အသံ)၊ သရုပ်ဆောင်တွေက ကောလိပ်ဂျင်နေဝင်း၊ ခင်သန်းနု၊ ဇော်ခင်၊ ပုလဲ။ ခင်သန်းနုက ခွာညိုနေရာတွင် သရုပ်ဆောင်ရမည့်သူ။ ဇော်ခင်က ဒေါက်တာ ရန်ရှင်း၊ ကောလိပ်ဂျင်နေဝင်းက အသည်းကွဲဝတ္ထုစခန်းထဲက ဇနီးဖြစ်သူသေဆုံးပြီး နောက်ပိုင်းမှ ဝင်လာသူ

http://www.cherrythitsar.org



ထောင်မှူးမောင်မောင်။

ထိုစဉ်က ရုပ်ရှင်ကုမ္ပဏီများ အလွန်အယူသည်းကြသည်။ (ခုလည်း တချို့ရှိသေးတာပါပဲလေ)။ 'ကြမ္မာရဟတ် တစ်ပတ်လည်' ဝတ္ထုကို ရုပ်ရှင်ရိုက်မယ်ဆိုတော့ ပဲခူးရုပ်ရှင်က ကြမ္မာဆိုသော စကားလုံးကြီးကို မသုံးရဲ။ သည်တော့ ဆရာသုခက 'သိကြားစေ သက်သေညွှန်း'လို့ အမည်ပြောင်းရိုက်ခဲ့ရသည်။ ခုလည်း ဗြိတိသျှဘားမားမှ ဦးနေဝင်းက ကွဲမှာကြောက်တယ်နဲ့ တူပါရဲ့။ အမည်ပြောင်းပေးပါဆို၍ 'သည်လမ်းနှင့် သည်စခန်း'ဟု အမည်ပြောင်းခဲ့ရသည်။

ဒါလည်း လွယ်လင့်တကူ မဟုတ်။ ရုပ်ရှင်ဇာတ်လမ်းစိစစ်ရေးအဖွဲ့က ခွင့်ပြုပြီးသည့်တိုင်အောင် ဌာနဆိုင်ရာ လုပ်ငန်းတွေပါနေသေးသဖြင့် တရားရေးဝန်ကြီးဌာနအထိ တက်ရသည်။ ထိုစဉ်က ရဲဘက်လုပ်ငန်းများ စတင်ခါစဖြစ်၍ တရားရေးဝန်ကြီးဌာနဝန်ကြီး၏လက်အောက်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းထားရှိသည်။ ဥက္ကဋ္ဌမှာ တရားရေးဝန်ကြီးဌာန အတွင်းဝန်ဖြစ်၍ အကျဉ်းဌာနမင်းကြီးက အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ရသည်။ အဖွဲ့ဝင်များအဖြစ် ဗ လ က ခေါ်ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီမှ အထူးအရာရှိ ဦးစောလုံအပြင် အခြား ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများအပါအဝင် ပံ့ပိုးကြရသည်။ အဓိကကျသော ဆောက်လုပ်ရေးဝန်ကြီးဌာနကတော့ မပါလို့မဖြစ်။

ယမ်းအဖွဲ့မှ ဝတ္ထုကို အသေအချာဖတ်သည်။ ဇာတ်ညွှန်းကို အပြန်ပြန်အလှန်လှန် စိစစ်သည်။ စာရေးဆရာနှင့်တကွ ဇာတ်ညွှန်းရေးဆရာရော၊ ဒါရိုက်တာပါခေါ်ယူ၍ လိုအပ်သည်များကို ထောက်ပြသည်။ ပြီးမှ ရုပ်ရှင်ရိုက်ရန် ခွင့်ပြုခဲ့ခြင်းဖြစ်၏။ သို့ဖြစ်၍ ဇနီးကွယ်လွန်သဖြင့် ခွင့်လေးလယူပြီးနောက် ပဲခူးထောင်တွင် အလုပ်ဝင်နေပြီဖြစ်သော ထောင်မှူးမောင်မောင်နှင့် သန်းစိန်သစ်တို့မှာ မနေသာတော့ဘဲ ရုပ်ရှင်ရိုက်ကွင်းရှိရာ ပျဉ်းမနားသို့လိုက်သွားခဲ့ရခြင်းဖြစ်သည်။ ဒါရိုက်တာလှဦးနှင့် ရုပ်ရှင်အဖွဲ့က ပျဉ်းမနားတွင် ရောက်နှင့်နေကြပြီ။

ယခုခရီးရောက်မဆိုက် ကြားလိုက်ရသည့် သတင်းစကားအရ မရွှေခွာညိုက တရားစွဲမလို့ ဆိုပါကလား။ ဆရာသန်းစိန်သစ်က ခွာညိုဆိုတာ အပြင်မှာ တကယ်ရှိသလားတဲ့။ ဟုတ်ကဲ့၊ ရှိပ့ါခင်ဗျာ၊ ရှိပ့ါဟုပင် ဖြေရပါလိမ့်မည်။ ဒါဖြင့် သူမအမည်ကို ဘာကြောင့် အသည်းကွဲဝတ္ထုတွင် ထည့်သုံးရတာလဲဟု ထပ်မေးခဲ့လျှင်တော့။ အင်း.... အဖြေရ ခပ်ခက်ခက်။

ဆရာဝန်စာရေးဆရာက သူ့လူနာတွေအကြောင်းရေးရမည်။ စစ်ဗိုလ်စစ်သားစာရေးဆရာက သူ့တိုက်ပွဲအကြောင်းရေးမည်။ ကျောင်းဆရာ ဆရာမ စာရေးဆရာက သူ့ကျောင်းသားတွေအကြောင်း ရေးမည်။ ဘာထူးသလဲ။ ထောင်မှူးထောင်ပိုင် စာရေးဆရာကလည်း သူ့ထောင်သားတွေအကြောင်း ရေးမှာပဲပေါ့။

http://www.cherrythitsar.org



တစ်ညနေခင်း ပဲခူးထောင် အရှေ့ဘက်ရှိ ထောင်မှူးနေအိမ်ပေါ်သို့ သားအမိနှစ်ယောက် တက်လာသည်။ မိခင်ဖြစ်သူမှာ အသက် ၄၀ကျော် ၅၀တွင်းဖြစ်၍ သမီးဖြစ်သူကတော့ အသက် ၂၀ ပြည့်ပုံမရသေး။ ရုပ်ဆင်းရူပကာချောမောလှပသော်လည်း သူမမျက်နှာက မသာမယာ၊ မျက်လွှာညိုးငယ်စွာချလျက်။ ဒါဆိုအပူသည်ပဲ။ ထောင်ထဲ မှာ သူတို့နဲ့ပတ်သတ်တာ ဘယ်သူရှိနေမလဲ။ ဟုတ်တယ်လေ။ ခါတိုင်းလည်း ဒီလိုပဲ လာနေကျကိုး။ ထောင်ကျလား၊ အချုပ်လား။ အချုပ်ဆိုလျှင် ထောင်ထဲမှာ သက်သက်သာသာ ချောင်ချောင်ချိချိနေရဖို့၊ ထောင်ကျဆိုလျှင်လည်း ပဲခူးထောင်မှာ ခြောက်လအောက်သာ ထားခွင့်ရှိသဖြင့် အယူခံတင်နေဆဲကာလ ရန်ကုန်ထောင်တို့၊ အင်းစိန်ထောင်တို့ မပြောင်းရဖို့၊ ဒီကိုပဲလာပြီး အပူကပ်နေကျ မဟုတ်လား။

"လာကြပါ၊ ထိုင်ကြပါ"

ဘာပဲဖြစ်ဖြစ် ကြိုဆိုသမှုတော့ ပြုရသည်။ ပြီးတော့ သူတို့စကားအစကို စောင့်ရ၏။ သို့သော် မည်သူကမျှ စကားမစ။ အမေနှင့်တူသူက မျက်နှာပို၍ ငယ်သည်ထက် ငယ်သွားသလို ထင်မှတ်ရသည်။

"ကျွန်တော်ဘာများ အကူအညီပေးရမလဲ အဒေါ်"

အဒေါ်က ဘာမှမပြောဘဲ သူ့သမီးဘက် လှည့်ကြည့်သည်။ ညည်းစပြောလိုက် ဆိုသည့်သဘော။ သမီးက မျက်လွှာကို ဖြည်းဖြည်းချင်း ပင့်တင်ရင်း....

"ကျွန်မ ဆရာ့စာဖတ်ပရိသတ်တစ်ဦးပါဆရာ၊ မြဝတီမှာ ဆရာရေးလိုက်တဲ့ ခ–ချစ်စရာ မချစ်ဝံ့ပါ ဝတ္ထုနဲ့ပတ်သတ်ပြီး...."

အမျိုးသမီး၏အသံမှာ တစ်စတစ်စ တိမ်ဝင်ပျောက်ကွယ်သွားပြီး နောက်ဆုံးလုံးဝပျောက်ကွယ်သွားသည်။ စကားမဆက်နိုင်တော့၊ နောက်ဆုံးစကားလုံးများ ငိုသံပါလာပြီး ပါးပြင်ထက်တွင် မျက်ရည်များ တသွင်သွင်စီးဆင်းလာ၏။ ဟိုက်.... အထင်နဲ့အမြင် ပါစင်အောင် လွဲကုန်ပါရောလား။ ထောင်ဝင်စာကိစ္စ လာတယ်ထင်ထားတာ။ ငါရေးတဲ့ဝတ္ထုနဲ့ပတ်သတ်လို့တဲ့။ ဘာတွေများ မှားကုန်ပါလိမ့်။ သူမပြောတဲ့ မြဝတီမဂ္ဂဇင်းထဲက 'ခ–ချစ်စရာ မချစ်ဝံ့ပါ' ဇာတ်ကြောင်းကို အပြေးအလွှား စဉ်းစားရသည်။ ရေးပြီးတာ သိပ်မကြာသေး။ မဂ္ဂဇင်းထဲပါ‌စ ပူပူနွေးနွေးဖြစ်သဖြင့် ရှည်ရှည်ဝေးဝေး မစဉ်းစားလိုက်ရပါ။ ပဲခူးအထက် ချောင်းဖျား မလွှမ်းပြင်သစ်ထုတ်လုပ်ရေး ရဲဘက်စခန်းမှ ရဲဘက်ချစ်စရာအကြောင်း ခေါင်းထဲထင်းခနဲပေါ်လာ၏။

ရဲဘက်ချစ်စရာသည် မလွှမ်းပြင် သစ်ထုတ်လုပ်ရေးစခန်းမှ ငှက်ဖျားမိလာသဖြင့် ပဲခူးဆေးရုံတက်၍ ဆေးကုသနေစဉ် သူနာပြုဆရာမလေး ညိုညိုဝင်းနှင့် သိကျွမ်း ခင်မင်ခဲ့ရသည်။ ခဲမှန်ဖူးသောစာသူငယ်လို ချစ်စရာက မိန်းမ မုန်းတီးရေးသမား။ သို့သော် သူက ရဲဘက်ဘဝဖြင့် ၁၀ တန်း စာမေးပွဲဖြေရန် ကြိုးစားနေသူ။ ညိုညိုဝင်းမှာ သူ ကျန်းမာလာအောင် ပြုစုကုသပေးခဲ့သည့်ပြင် စာမေးပွဲဖြေဆိုနိုင်ရေးအတွက်လည်း

http://www.cherrythitsar.org



အကူအညီများ ပေးနေသူဖြစ်သဖြင့် အတိတ်က မိန်းမ မုန်းတီးရေး အသည်းကွဲပုံပြင်ကို ဖွင့်ဟဝန်ခံခဲ့မိသည်။

"မိန်းမတွေရဲ့ မှတ်ကျောက်ဟာ ထောင်ဗျ ထောင်၊ နားလည်ရဲ့လား။ ကိုယ့် မိန်းမ သစ္စာရှိမရှိ ယောကျ်ားလုပ်တဲ့လူက ထောင်ကျကြည့်။ အဲဒါ ကိုယ့်မိန်းမ သစ္စာရှိ မရှိ သိရတာပဲ။ ရွှေအကြောင်း ဖယောင်းသက်သေ တင်သလို မိန်းမအကြောင်းလည်း ထောင်နဲ့ မှတ်ကျောက်တင်ကြည့်ရင် ပေါ်လာတော့တာပဲ"

ဒါက ချစ်စရာ၏ရင်ထဲမှ နာကြည်းမှုကို အရင်းတည်ပြီး ခံစားနေရသော ဒဿန။ အဲဒီဒဿနကို အမွေပေးခဲ့သူက မချို။ မချိုကို ချစ်စရာသည် ရန်ကုန်နှင့် ရှမ်းပြည်နယ် နီစန်း ကုန်တင်ကားကြီး အစုန်အဆန်မောင်းရင်း သာစည်တွင် ခရီး တစ်ထောက်နား၍ ထမင်းစားရာမှ စတွေ့ခဲ့သည်။ မချို၏ မိဘများက သာစည်ကား ဂိတ်တွင် ထမင်းဆိုင်ဖွင့်ထား၏။

က–ကညစ် ပေမှာခြစ်

ခ–ခရာ အသံသာ

ဂ–ဂဏန်း ရေမှာဖမ်း

မချို၏ မောင်ငယ်ညီမငယ်များက ယခင် သင်ပုန်းကြီးဖတ်စာကို အံလျက် ရှိကြသည်။ ချစ်စရာက အနီးရှိစာရွက်လွတ်ပေါ်တွင် "ခ–ချစ်စရာ မချိုပါ"ဟု ကောက် ရေး၍ ချစ်ပင်ပျိုးခဲ့သည်။ ချစ်ပင်ပျိုး၍ ချစ်ပင်ပေါက်၏။ သို့သော် ချစ်မိုးရွာ၍ ချစ်ပန်း ချစ်ပွင့်တွေ မဝေမီ လောကဓံမုန်တိုင်း ကျခဲ့သည်။ ရှမ်းပြည်နယ်မှ ကားတစ်ခေါက် ပြန်အဆင်း ကားပိုင်ရှင် ဦးခင်မောင်ကြည်ပါလာ၏။ ပျော်ဘွယ်မြို့အရောက် ကား ဖွဲဖောက်စဉ် ကားပိုင်ရှင် ဦးခင်မောင်ကြည်က မြို့ချစ်စားပွဲရုံဝင်၍ သူ့ဝါသနာအတိုင်း အရက်သောက်သည်။ ချစ်စရာက အရက် မသောက်တတ်။ သို့သော် အရက်ဝိုင်းတွင် စကားများကြသောအခါ ဦးခင်မောင်ကြည်ဘက်မှဝင်ကူရာမှ လက်လွန်ပြီး ထောင် ငါးနှစ်ကျခဲ့ရသည်။ အဲဒီမှာ မချိုမှတ်ကျောက် အတင်မခံနိုင်ခဲ့သဖြင့် ချစ်စရာ တစ်ယောက် မိန်းမဆိုတာ ဆောင်းလေပမာအညီ အတွင်းသဘောတွေ ဘယ်မတည် ပြောင်းလွဲတတ်သည်ဟု၊ ပဲ့ကိုင်ရာလူနောက်၊ စီးရာကိုသာ ပါတတ်သည် ဟူသော ခေတ်ဟောင်းအဆိုတော် မင်းသားခင်မောင်ရင်ထုံး နှလုံးမူကာ မိန်းမ မုန်းတီးရေး သမားကြီး လုံးလုံးဖြစ်ခဲ့ရသည်။

ဒီအဖြစ်ဒီသနစ်တွေကို ရင်နာနာနှင့် ကြားခဲ့ရသော သူနာပြုဆရာမကလေး ညိုညိုဝင်းက ရဲဘက်ချစ်စရာအပေါ်တွင် အကြင်နာပွားကာ အသနားပိုမိသည်။ သို့ဖြစ် ၍ ချစ်စရာ ဆယ်တန်းစာမေးပွဲ ဝင်ဖြေရေးအတွက် စာအုပ်များ ငှားရမ်းကူညီခဲ့သည်။ စာအုပ်တစ်အုပ်ပြန်အပေးတွင် ချစ်စရာက 'ခ–ချစ်စရာ မချစ်ဝံ့ပါ'ဟု လက်ဆော့လိုက် သည်။ များမကြာမီ အကျဉ်းဌာနမင်းကြီးထံမှ ချစ်စရာအား ဆယ်တန်းစာမေးပွဲဝင်

http://www.cherrythitsar.org



ရောက်ဖြေဆိုခွင့်ပြုကြောင်း အမိန့်စာရောက်လာ၏။ ထိုစာ၏ အောက်နားဆီမှ ညိုညို ဝင်းက 'မ–မဆိုတိုင်း ပုံမခိုင်းသင့်ပါ'ဟု လက်တို့ပြန်လိုက်လေသည်။ ဝတ္ထုကြောင်းက ဒါလောက်ပါပဲ။

ဒါဖြင့် ခုအိမ်ပေါ်တက်လာပြီးငိုနေတာ ညိုညိုဝင်းလား၊ မဖြစ်နိုင်ပါ။ လုံးဝ မဖြစ်နိုင်ပါ။ ညိုညိုဝင်းဆိုတာ ဇာတ်လမ်းအရ မိမိအားဖြည့်ထားသည့် စိတ်ကူးယဉ် ဇာတ်ကောင်တစ်ဦး။ ဒါဆို အဲ.... ဟယ်၊ မချိုများ ဖြစ်နေမလား။ အမျိုးသမီးမှာ အသံ ထွက်၍မငိုသော်လည်း ရှိုက်ရှိုက်ပြီး မျက်ရည် တတွေတွေ စီးဆင်းနေဆဲ။ ဒါကို အမေ ဖြစ်သူက မနှစ်မြို့ဟန်ဖြင့် သူ့သမီးကို မျက်စောင်းတစ်ချက်ထိုးလိုက်ရင်း....

"အဓိပ္ပာယ်မရှိတာ ငိုမနေစမ်းပါနဲ့အေ၊ ပြောစရာရှိတာ ပြောလိုက်တာမဟုတ် ဘူး"

သို့တိုင်အောင် သမီးဖြစ်သူက တစ်ခွန်းမှမဟ၊ ခေါင်းပင် ပြူမကြည့်။ သည် တော့မှ အမေဖြစ်သူက ထောင်မှူးမောင်မောင်ဘက်သို့လှည့်၍....

"ဒီမယ်ကွယ့် အဲဒီဝတ္ထုရေးတာ မောင်ရင်လား"

"ဟုတ်ပါတယ်ခင်ဗျာ၊ ဘာပြုလို့ပါလဲ အဒေါ်"

"ဘာဖြစ်ရမလဲကွယ့်၊ အဲဒီဝတ္ထုထဲမှာပါတဲ့ သာစည်ထမင်းဆိုင်က မချိုဆို တာ အဒေါ့်သမီး၊ သူပဲပေ့ါ"

"ဟင်.... သူ့နာမည်က မချို"

"မချိုတော့ မဟုတ်ဘူးပေါ့ကွယ်။ ဒါပေမယ့် အခြားအကြောင်းတွေကအကုန် တိုက်ဆိုင်နေတော့ အဒေါ်တို့ သာစည်မှာ ဘယ်လိုလုပ် မျက်နှာထားရမှန်းတောင်မသိ တော့ဘူး။ အမှုဖြစ်တာကလည်း မိတ္ထီလာကန်တော်စားပွဲရုံနဲ့ ပျော်ဘွယ်မြို့ချစ်စားပွဲရုံပဲ ကွာတာကိုး"

သွားပြီ....သွားပြီ။ အမှန်အတိုင်း ရဲဘက်ချစ်စရာက မိမိကိုပြောပြခဲ့စဉ်က ယင်းမာပင်ကားဆိပ်ထမင်းဆိုင်ဖြစ်၏။ ယင်းမာပင်မှာ ထမင်းဆိုင်တွေအများကြီးရှိနေ တယ်။ အမှန်အတိုင်းရေးလို့မဖြစ်ချေဘူးဆိုကာ သာစည်သို့ပြောင်းရေးလိုက်ကာမှ အ ရှောင်အတိမ်းကောင်းသည့် ဂျက်စီကိုမ်းတို့ တည့်တည့်ကြီးသွားတိုးနေတော့တာကိုး။ တကယ်တော့ ချစ်စရာပြောစဉ်ကတည်းက အမည်အရပ် လွှဲပြောပြီးသား။ ခုမှတော့ ဘာတတ်နိုင်တော့မည်နည်း။ မိမိ၏အမှားကို မိမိဝန်ချတောင်းပန်ရန် နည်းလမ်းမှ တစ်ပါး အခြားမရှိ။ သို့ဖြစ်၍ မချိုတို့သားအမိ ကျေနပ်ခွင့်လွှတ်နိုင်သည်အထိ မနည်း ကြီး အာပေါက်လုမတတ် ခယဝပ်တွားတောင်းပန်တိုးလျှိုးပြီး မျက်ဖြေလက်ဖြေဆက်သွင်း ခဲ့ရသည်။ ပြဿနာက ဒီမှာမဆုံးသေး။

မချိုတို့သားအမိ ပြန်သွားပြီး စိတ်ညစ်ညစ်နှင့် သင်္ကြံမင်း စားသောက်ဆိုင်သို့ ရောက်သွားရာ မိမိနှင့် ပုလင်းတူ ဘူးဆို့ တရားရုံးစာရေးဆရာကြီး ဦးစိုးမြင့်နှင့်

http://www.cherrythitsar.org



တွေ့တော့....

"အစ်ကို ကံကောင်းတယ်လို့အောက်မေ့လိုက်ပါ။ အဲဒီသားအမိ နေ့လယ်က ရုံးကို လာကြသေးတယ်။ အသရေဖျက်မှုနဲ့ တရားစွဲချင်လို့တဲ့။ ကျွန်တော်က တရားစွဲရင် အဒေါ်တို့ မှားမှာပေါ့။ တော်တော်ကြာ သတင်းစာထဲပါလာရင် မိအေးနှစ်ခါနာဆိုတာလို အဒေါ်တို့ပဲ ထပ်ပြီး အရှက်ကွဲရမှာပဲ။ စာရေးဆရာကတော့ နာမည်ကြီးသည်ထက် ကြီးသွားမှာပေါ့လို့ ခြောက်လွှတ်လိုက်ရတယ်။ ကဲ.... ဒီည အစ်ကိုဒကာခံပေတော့"

"ကောင်းလှပါပြီ ကျေးဇူးရှင်ကြီးရယ်။ အံမယ်လေး.... ကံကြီးပေလို့ပါလား"

ဘူးကွဲရဲဘက်စခန်းရောက်သွားတော့ ရဲဘက်များမှာ ရုပ်ရှင်ရိုက်ရာတွင် ပါဝင်ရတော့မည်ဖြစ်သဖြင့် အပျော်ကြီးပျော်နေကြသည်။ ရုပ်ရှင်အဖွဲ့က အလှူဒါနပြုသည့်အနေဖြင့် ရဲဘက်စခန်းတစ်ခုလုံးအတွက် အထူးဟင်းလျာများ ချက်ပြုတ်ကျွေးခဲ့သဖြင့် အဆီတွေရစ်ကာ ပြုံးလို့ရွှင်လို့။ ဒေါက်တာရန်ရှင်းကလည်း မင်းသမီးခင်သန်းနုနှင့် သိကျွမ်းခင်မင်ရလို့ ကျေနပ်အားရလို့။ အံမယ် နောက်ပိုင်း ကျေးတော ရထားတိုက်မှုဖြစ်ရာတွင် ခင်သန်းနုရထားပေါ် ပါတယ်ကြားလို့ မြင်းခြံထောင်ရောက်နေတဲ့ ဒေါက်တာရန်ရှင်းတစ်ယောက် ဂျစ်ကားနဲ့ အပြေးအလွှားရောက်လာသေးသဗျ။ ကောလိပ်ဂျင်နေဝင်းကတော့ ဇနီးဖြစ်သူ သေဆုံးပြီးစ စိတ်ညစ်ညစ်နှင့် အရက်ဖိသောက်ပြရသည့် ထောင်မှူးမောင်မောင်အခန်းဆိုတော့ အံကိုက်ပါပဲ။ ဇော်ခင်ကို တစ်ခုတော့ သတိပေးရသည်။

"ကိုဇော်ခင်က ဒေါက်တာရန်ရှင်းနေရာမှာဆိုတော့ ဆံပင်လေးနည်းနည်းတိုသွားအောင် ညှပ်လိုက်ရင် ကောင်းမယ်။ ပုဆိုးချက်ပြုတ် ဝတ်မယ့်အစား ဘောင်းဘီများများ ဝတ်တာပေါ့ဗျာ"

ရုပ်ရှင်ရိုက်သည့်ကိစ္စများ ပြီးပြတ်၍ ပျဉ်းမနားက ပြန်ရတော့မည်။ ခွာညိုကိစ္စက မပြီးမပြတ် တိုးလိုးတန်းလန်း လိပ်ခဲတည်းလည်း။

"ရန်အောင်ရေ၊ ၁ တိုက်က အကျဉ်းသားတွေကို ၂ တိုက် ပြောင်းပစ်လိုက်ကွာ"

"ဟာ.... ဖြစ်နိုင်ပါ့မလားဆရာ၊ ပိုဆူကုန်မှာပေါ့"

"ဖြစ်ပါတယ်ကွ၊ ဆူချင်သလောက်ဆူစမ်းပါစေ။ နို့ဖြင့်လည်း တစ်နေ့မဟုတ်တစ်နေ့ ပေါက်ကွဲတော့မှာပဲ။ ပေါက်ကွဲစရာရှိသမျှ တစ်ခါတည်းနဲ့ အပြီးအပြတ်ကုန်အောင် ပေါက်ကွဲလိုက်တော့ နားအေးသွားရော။ မီးက လောင်နေပြီပဲ။ အစအနရှိသလောက် အကုန်ပြာကျသွားအောင် လောင်ပေစေပေါ့"

"တော်တော်ကြာ ထောင်ပိုင်ကြီးက ပြောနေဦးမယ်ဆရာ"

"ထောင်ပိုင်ကြီး နားလည်အောင် ငါရှင်းပြလိုက်ပါ့မယ်၊ ငါ့တာဝန်ထားပါ"

http://www.cherrythitsar.org



ထောင်ကြီးတစ်ထောင်တွင် ပြဿနာပေါ်စဉ်ကဖြစ်၏။ မိမိက တိုက်ထောင်မှူး၊ အမိန့်ပေးနေသူက ထောင်မှူးကြီး။ သို့ဖြစ်၍ လောလောဆယ် နီးရာစားဖြစ်သည့် ထောင်မှူးကြီးအမိန့်ကို နာခံခဲ့ရသည်။ ထောင်မှူးကြီးက ဆက်လိုက်သေးသည်။

"ဒါ....Getting over difficulties (အခက်အခဲများကို ကျော်လွှားခြင်း)ဆိုတဲ့ စာအုပ်ထဲကပါတဲ့ လမ်းညွှန်ချက်ကွ။ စာရေးဆရာနာမည်တော့ ငါမေ့နေတယ်။ သူက ဘာရေးထားသလဲဆိုတော့ 'မိတ်ဆွေတဲ့၊ စာပွဲခင်းအဖြူတစ်ခုပေါ်မှာ မင်အပြာအိုးမှောက်သွားလို့ စိတ်ပူမနေပါနဲ့တဲ့။ စာပွဲခင်းတစ်ခုလုံးကို အပြာရောင်ဆိုးလိုက်ပါ'တဲ့။ တို့မြန်မာစကားမှာလည်း အရှိသားပဲကွ။ ကြွေးထူတော့ မပူ၊ သန်းများတော့ မယားတဲ့။ သန်းခေါင်ထက်ပိုပြီး ညဥ့်မနက်တော့ပါဘူးဆိုတဲ့သဘောပေါ့ကွာ"

သူ့နည်းကလည်း ဟုတ်တုတ်တုတ်။ ရှိပြီးသားပြဿနာ နည်းနည်းတော့ ပိုကြီးသွားသည်။ ပြီးတော့ ငြိမ်ကျသွားသည်။ နောက်ထပ်ပြဿနာတစ်ခုပေါ်စရာရှိတာ မပေါ်တော့။

ဟုတ်ပြီ။ အကြံကုန်ဂဠုန်ဆားချက်ဆိုတာလို အဲဒီထောင်မှူးကြီးနည်းလိုက်မှပဲ။ သို့နှင့်ပင် ဒေါက်တာရန်ရှင်းနှင့် တိုးတိုးတိတ်တိတ်တိုင်ပင်၊ သူ၏သဘောတူညီချက်ကို ရယူကာ မင်စွန်းသွားသောစားပွဲခင်းကို ဆေးရောင်ဆိုးလိုက်ရာ ခွာညိုတစ်ယောက်မျက်စိလည်သွားသလားမသိ။ တရားစွဲမည့် နို့တစ်စာရောက်မလာတော့ပေ။

တစ်ချက်ခုတ် နှစ်ချက်ပြတ် တစ်ပွဲတိုး သုံးလိုက်သည့် ဆေးမြီးတိုကတော့ အောက်ပါကြော်ငြာကို ကြေးမုံသတင်းစာထဲတွင် ထည့်လိုက်ခြင်းပင်ဖြစ်၏။

စာရေးဆရာ ရန်အောင်မောင်မောင်သို့။

အသည်းကွဲစခန်း ဝတ္ထုကို သည်လမ်းနှင့်သည်စခန်း အမည်ဖြင့် ရိုက်ခဲ့သောကိစ္စနှင့်ပတ်သက်၍ မိမိနှင့်ပြေလည်အောင် မဖြေရှင်းနိုင်ပါက တရားဥပဒေအရ အရေးယူရမည်ဖြစ်ပါကြောင်း ။

ပုံ ဒေါက်တာရန်ရှင်း။

ကိုင်း.... အေးကြရော။

■

http://www.cherrythitsar.org



# ၇၀

တစ်နေ့က ထောင်တစ်သက် စာဖတ်ပရိသတ်တစ်ဦး အိမ်တိုင်ရာရောက် ပေါက်ချလာသည်။ တမင်တကာ အလည်လာခြင်းတော့မဟုတ်။ သူ့သမီးနှင့် ကိုယ့်သမီးတို့က ဆေးတက္ကသိုလ် ၁ တွင် ခရီးကြုံလိုက်လာခြင်းဖြစ်၏။

"ကျွန်မရော အိမ်က ကလေးတွေအဖေပါ အစ်ကိုကြီး စာဖတ်ပရိသတ်တွေပါ။ ကလျာမဂ္ဂဇင်းဖတ်ရင် အစ်ကိုကြီးနဲ့ ဒေါက်တာမျိုးသန့်တင်စာကို မလွတ်တမ်းဖတ်ကြပါတယ်။ ကလေးတွေအဖေတောင် မှာလိုက်သေတယ်။ ထောင်စော်နံပြန်ပါဦးဆိုပြီး ထောင်အကြောင်းတော့ လုံးလုံးကြီးမပယ်လိုက်ပါနဲ့တဲ့။ အဲဒီထောင်စော်နံတာကလေးကလည်း တစ်မျိုးတစ်ဘာသာ စိတ်ဝင်စားစရာ ကောင်းတာပါပဲတဲ့"

အင်း..... လူတစ်ကိုယ် အကြိုက်တစ်မျိုး နေကြမှာပါလေ။ ဘာပဲဖြစ်ဖြစ် ထောင်ထဲက အပြင်ထွက်ပြီး ရဲဘက်အကြောင်းရေးတယ်ဆိုပေမယ့် ထောင်ကို ဘယ်လိုလက်လွှတ်လို့ ဖြစ်ပါ့မလဲ။ ဝမရှိဘဲ ဝိလုပ်လို့ မရသလို ထောင်မပါဘဲ ရဲဘက်မဖြစ်။ ထောင်က ပင်စည်ကြီး။ ရဲဘက်ဆိုတာက အဲဒီပင်စည်ကြီးက ဖြာထွက်နေသည့် အခက်အလက်။ တလောဆီက မန္တလေးသို့ရောက်စဉ် စာနယ်ဇင်းကိုယ်စားလှယ်လုပ်နေသူတူမတစ်ဦးက 'ဦးလေးမောင် အခန်းဆက်က ဘယ်တော့ဆုံးမှာလဲ'ဟု မေးသဖြင့် 'ငါသေတော့ ဆုံးမှာပေါ့ဟဲ့'ဟု ပြောခဲ့ရသေးသည်။

ဟိသစ္စ ထိုစကားသည်၊ ဧဝကံ အမှန်ဖြစ်ဆုံးဖြစ်၏။

http://www.cherrythitsar.org



ဘယ့်နှယ်၊ အသက်နှစ်ဆယ်အရွယ်က ခြောက်ဆယ်တင်းတင်းပြည့်သည် အထိ အနှစ်လေးဆယ်လုံးလုံး ငရဲပန်းတစ်လှည့်၊ ရွှေပန်းတစ်လှည့်ဆိုတာလို နေ့ခံ၊ ညစံ ဘဝဖြင့် ထောင်တစ်သက်လွတ်ရက်မရှိ ကွန်ပျူတာဦးနှောက်ထဲ တစ်တီတီ ရိုက် သွင်းထားခဲ့တဲ့ ထောင်အတွေ့အကြုံဆိုက်ဖာ (cipher)တွေကို အခုလို အငြိမ်းစားယူ ပြီးတဲ့အချိန်မှာ တစ်ခုချင်း၊ တစ်ကွက်ချင်း ဒီကုတ်(de-code)လုပ်ပြီး အသုံးချတတ် ရမှာပေါ့။ ဒီတော့ ထောင်စော်နံတာရော၊ မနံ့တနံ့ပါ လေးဖက်လေးတံ ကာရံထားတဲ့ အုတ်နံရံကြီးအတွင်း ဝင်တဲ့အခါဝင်လိုက်၊ အပြင် ပြန်ထွက်တဲ့အခါ ထွက်လိုက် ရွှေစာ ဖတ်ပရိသတ်စိတ်ကြိုက် ကကြိုးကကွက် စုံလင်စွာ ခုနစ်ထွေကနဲ့ အသုံးတောခံရမှာမို့ ပြောနေရင် စကားကြောရှည်ရော့မယ်။ကိုင်း.... နမူနာ ဒေးခိုး ကွန်ပျူတာ ဒီကုတ်ခလုတ် နှိပ်လိုက်ကြပါစို့။

"ဆရာမောင်လုံး ကားကို ဖြည်းဖြည်းနဲ့ မှန်မှန်သာ မောင်းပါဗျာ။ ကျွန်တော် တို့ သိပ်အရင်မလိုပါဘူး"

မုံရွာမှ ချင်းတွင်းမြစ်ကို ကူးတို့ဖြင့်ဖြတ်ကူးပြီး ညောင်ပင်ကြီးဆိပ်ကမ်း တက် ပြီးကတည်းက ယာဉ်မောင်း ဒုတပ်ကြပ် ဆရာမောင်လုံးသည် ဆယ်ဘီးတပ် ကာဂို စစ်ကားအသစ်ကြီးကို စိတ်ရှိလက်ရှိ အမြန်နှုန်းမောင်းလာခဲ့ရာ ရှေ့ခန်းတွင် ထောင်မှူး မောင်မောင်၏ အတွင်းဘက်မှစီးလာသူ ထောင်မှူးဦးစိန်မောင်က အရှိန်နှုန်း လျှော့ချရန် လေပြေထိုးလိုက်ခြင်းဖြစ်သည်။ ဆရာမောင်လုံးက ခပ်ပြုံးပြုံး။

"မကြောက်ပါနဲ့ဆရာရဲ့။ ကျွန်တော်က အမြဲသတိရှိပါတယ်"

"သတိရှိတာတော့ အကောင်းဆုံးပေါ့။ အရင်တစ်ခါ ကိုဟာကင်သေပြီး ကတည်းက ကားစီးရမှာ လန့်နေကြတယ်"

မှန်ပါသည်။ ယင်းမာပင်အနီး မော်တော်ကားနှင့် သစ်ပင်ဝင်တိုက်မိပြီး ထောင် ကြပ်အုပ်ဦးဟာကင် ပွဲချင်းပြီးသေဆုံးခဲ့သည်မှာ ဘာမှမကြာသေး။ ဦးဟာကင်တစ်ဦး တည်းမဟုတ်။ ကျန်ဝန်ထမ်းနှင့် ရဲဘက်အချို့လည်း သေသူသေ၊ ဒဏ်ရာရသူရခဲ့ကြ သည်။ ထိုစဉ်က မုံရွာ–ပုလဲ–ဂန့်ဂေါ လမ်းမကြီးဖောက်လုပ်ရာတွင် အကျဉ်းဌာနနှင့် တွဲဖက်၍ စစ်မြေပြင် အင်ဂျင်နီယာတပ် ဆောက်လုပ်ရေးတို့ ပူးတွဲတာဝန်ယူခဲ့ကြရ သည်။ လုံခြုံရေးအတွက် ခြေလျင်တပ်ရင်း အကူအညီလည်း မပါလို့မပြီး။

ဌာနချုပ်က မင်းတိုင်ပင်မှာ။ ဌာနချုပ်တွင် လွတ်လပ်ရေး အခမ်းအနားတက် ရောက်၍ သတင်းဆောင်းပါးရေးရန် ဘူးကွဲစခန်းမှ ထောင်မှူးမောင်မောင်ကို ကြိမ်စကြာ ရိုက်ခေါ်သဖြင့် ရောက်လာခြင်းဖြစ်သည်။ ထောင်မှူးဦးစိန်မောင်က မုံရွာတွင် ရုံးကိစ္စများ ဆောင်ရွက်ရင်း ထောင်မှူးမောင်မောင်ကို ကြိုလာခဲ့သူဖြစ်၏။

ဒီနေရာပေါ့ ကိုဟာကင်တို့ကား အက်ဆီးဒင့်ဖြစ်တာ"

"ဟုတ်လား၊ အကွေ့ဆိုတော့ အရှိန်မထိန်းနိုင်ဘူးနဲ့တူပါတယ်။ ကျွန်တော်

http://www.cherrythitsar.org



ရမည်းသင်းထောင်မှာ ရှိတုန်းက ကြားလိုက်ရတယ်။ စိတ်မကောင်းဘူး”

“ဒီလူဟာ ထောင်နဲ့အကျိုးမပေးဘူးနဲ့ တူပါတယ်ဗျာ။ မှတ်မိသေးလား အင်းစိန်ထောင်မှာနေကြတုန်းက အရိုက်ခံရတာလေ”

“ဟာ.... သိပ်မှတ်မိတာပေါ့။ ဒီလူဟာ ထောင်အုပ်ချုပ်ရေးအနေနဲ့ ကြည့်ရင်တော့ တကယ့်လူတော်တစ်ယောက်ဗျ”

ထောင်မှူးမောင်မောင်တို့အလုပ်ဝင်စက ထောင်ကြပ်အုပ်ဦးဟာကင်ကို အစစအရာရာ ဆရာတင်ထားကြရသည်။ ဆရာမတင်လို့မဖြစ်။ သူက မိမိတို့လက်အောက်မှ အမှုထမ်းဆိုပေမယ့် မိမိတို့ထက် လုပ်သက်ရင့်သည်။ အတွေ့အကြုံများသည်။ သူ့ ပင်ကိုဗီဇကိုကလည်း ထက်မြက်သွက်လက်သူ တစ်ဦးဖြစ်၏။ ဆင်ပြောင်ကြီး ဘယ်လောက်ပင်ကြီးပါစေ၊ သူ့အထာသိလျှင် ချွန်းကလေးတစ်လက်တည်းနှင့် နိုင်နင်း စွာ ထိန်းသိမ်းသွားနိုင်၏။ လူကို လူချင်းထိန်းရသောအလုပ် (man handling) ဆို သည်မှာ လွယ်ကူသောအလုပ်မဟုတ်။ အထူးသဖြင့် မ တစ်ထောင်သား လူဆိုးလူသွမ်း မိုက်မဲသည့်ဘက်မှာ တစ်ဖက်ကမ်းခတ်သည့် (above the average) များကို နိုင်နင်းစွာ အုပ်ချုပ်တတ်ဖို့ဆိုသည်မှာ တော်ရုံတန်ရုံ အစွမ်းအစနှင့်တော့ မလွယ်ရေးချမလွယ်။

ထောင်မှူးမောင်မောင်တို့ အလုပ်သင်ဝင်စကဆိုလျှင် သင်းတို့တစ်တွေ ကလိမ်ကကျစ် အညစ်ကြီးညစ်ကာ လက်စွမ်းပြသမျှ အလူးအလဲ ခံခဲ့ရတာပေါ့။ ဝက်သားကျွေးသည့်နေ့တိုင်း ပုံစံဟင်းမလောက်၍ လျော်လို့မဆုံး။ ဖဲဝိုင်းသွားဖမ်းပြန်တော့လည်း သူတို့တစ်တွေက အချိန်းအချက်ထားလုပ်၍ ဖမ်းမမိခဲ့သဖြင့် ထောင်မှူးကြီး၏ အကြိမ်းအမောင်းခံခဲ့ရ။ ထောင်တွင်းပစ္စည်းပျောက်မှုဖြစ်သည့်အခါများတွင်လည်း အမှုပေါ် အောင်မစစ်ဆေးနိုင်သဖြင့် မျက်နှာကောင်းမရခဲ့။ အဲဒါတွေအားလုံး ဆရာဟာကင် လက်ဝကွက်အပ်ပြီး ဆရာတင်လိုက်တော့လည်း အစစအရာရာ အဆင်ကိုချောလို့။

ဒါလောက်နှင့်လည်း ဆရာဟာကင်အကြောင်း စာမဖွဲ့လောက်သေး။ ဒီထက်အစွမ်းထက်တာ ထောင်တစ်သက် အက္ခရာတင်ဖို့ ကျန်သေးသည်။ တစ်ရံရောအခါက အင်းစိန်ထောင်ကြီးထဲတွင် လုယက်မှုကြီး ဖြစ်ဖူးပါသည်ဟုဆိုလျှင် စာဖတ်သူပရိသတ်က ‘ဟယ်....တောက်တီးတောက်တဲ့၊ ဘယ့်နှယ်ကြံကြီးစည်ရာ ထောင်ထဲမှာ လုယက်မှုဖြစ်ရတယ်လို့’ဆိုပြီး ယုံကောင်းမှယုံကြပါလိမ့်မည်။ မယုံမရှိပါနှင့်။ တကယ်ဖြစ်ခဲ့ဖူးတာပါ။ ဘုရားစူး မိုးကြိုးပစ်။ အလုခံရသူက ရက်ကန်းနည်းပြဆရာတစ်ဦး။ လုသူကတော့ အကျဉ်းသားပဲပေါ့။ လုသည့်ပစ္စည်းက လက်ပတ်နာရီရယ်၊ လက်စွပ်ရယ်၊ ပတ်ကားဖောင်တိန်ရယ်။ အခင်းဖြစ်ပွားပုံကလေးကို ပြန်လည်ရီဇျူးလုပ်ကြည့်ကြရအောင်။

ဘယ်ခေတ်အခါက စခဲ့သည်မသိ။ အင်းစိန်ထောင်ဝန်ထမ်းတွေ၏ စိတ်ထဲတွင် အစွဲအလမ်းကြီးတစ်ခုက သံမှိုနှက်ထားသလို စွဲမြဲ စွန်းထင်းနေခဲ့သည်။ အမင်္ဂလာသံ ခွေးဥသြကြီး တစ်ခါအော်ပြီးပြီဆိုလျှင် တစ်ကြိမ်တစ်ခါတည်းနှင့် ဘယ်တော့မှ

ကိစ္စမပြတ်။ တစ်လအတွင်း သုံးကြိမ်သုံးခါအော်ပြီးမှ နားအေးသွားတတ်သည်။ ယင်း (siren) ခွေးဥသြကို ထောင်ဘူးဝ အပေါ်ဆုံးထပ်ရှိ ဗဟိုဂါတ်မကြီးပေါ်တွင် ထားရှိပြီး ထောင်လုန့်သည့်အခါနှင့် ထောင်လန့်သည့်အခါများတွင် စက်ရုံမှဥသြသံများကဲ့သို့ တဝူးဝူး အော်မြည်စေရန် လှည့်ပေးရခြင်းဖြစ်၏။

ထောင်လုန့်တာနှင့် လန့်တာကတစ်မျိုးစီ။ ထောင်လုန့်တယ်ဆိုတာ အစမ်း ဓာတ်တိုက်လေ့ကျင့်ခြင်း။ ထောင်လန့်တယ်ဆိုတာက အရေးကြီးငယ် ပြဿနာ တကယ်ကိုပေါ်ပြီ။ ထိုအခါ ခွေးဥသြကြီးအော်ရုံမျှမက ထောင်ပတ်ပတ်လည်ရှိ မျှော်စင်များမှလည်း သံချောင်းများ အဆက်မပြတ် ဒေါင်ဒေါင်မြည်အောင် ခေါက်ကြရသည်။ ဒါဆို ထောင်ဝန်ထမ်းမှန်သမျှ ယူနီဖောင်းအပြည့်အစုံ ဝတ်နေဖို့မလို၊ ဖြစ်သလို တစ်ပိုင်းတစ်စနှင့် ထောင်ထဲကို အပြေးအလွှားဝင်ကြပေတော့။ ထောင်ထဲ ဘယ်နေရာမှာ အရေးပေါ်နေတယ်ဆိုတာ သိချင်သလား။ ဂါတ်ကြီးပေါ်ကို မော့ကြည့်၊ အလံပြထား လိမ့်မည်။ တံခါးဝတွင် စုပုံထားသည့် နံပါတ်တုတ်တစ်ချောင်းကိုဆွဲ၍ အခင်းဖြစ်ရာသို့ အမြန်ဆုံးပြေး။

မှတ်မှတ်ရရ ၁၉၅၂ခု ဖေဖော်ဝါရီလ ၂၀ရက်နေ့တွင် ထောင်တွင်း လူယက်မှု ကြီး ပေါ်ပေါက်ခဲ့ရခြင်းဖြစ်သည်။ လဆန်းပိုင်းက ထောင်မှူးတစ်ယောက် အရိုက်ခံခဲ့ရသ ဖြင့် ခွေးဥသြကြီး ပထမအကြိမ်အော်ခဲ့ရပြီးပြီ။ ပုံစံထောင်တွေကို စံပြထောင်ဆိုပြီး ပြု ပြင်ရေးကြားကာလတွင် စည်းကမ်းပိုင်းအနေနှင့် လျော့တိလျော့ရဲ။ ဒါကြောင့်လည်း ထောင်ထဲမှာလုယက်မှုရယ်လို့ ထောင်ရာဇဝင် တင်ရလောက်အောင် ဖြစ်ခဲ့တာပေါ့။

လူပုံက ရိုးရိုးကလေးပါ။ နံနက် ၈ နာရီခန့် မိန်းဂျေးမှအကျဉ်းသားတွေ အလုပ်ဘက်သို့တန်းစီ၍သွင်းနေချိန်၊ အင်းစိန်မြို့ထဲကနေပြီး အလုပ်ဆင်းရန်ဝင်လာသူ ရက်ကန်းဆရာအား အကျဉ်းသားသုံးယောက်က ဘာမပြောညာမပြော ဓားထောက် လုခဲ့ခြင်းဖြစ်၏။ ဓားဆိုလို့ အပြင်က စတီးဓားတို့၊ ဓားမြောင်တို့ မထင်လေနှင့်။ မိတ်အင် ထောင်တွင်း ချည်ထုပ်ပတ်သည့် စည်ပတ်သံပြားကို ချွန်ထက်နေအောင်သွေးပြီး နံငယ် လုံချည်စုတ်ကို လက်ကိုင်အဖြစ်ပတ်ထားသော ဓားဖြစ်၏။ ရက်ကန်းဆရာလည်း ရုတ်တရက်ဆိုတော့ မျက်စိထဲ အမှိုက်ဝင်သလို အငိုက်ခံလိုက်ရခြင်းပင်။

ဒီအမှုမျိုးကို မြို့ပိုင်ပေါက်စ ထောင်ခြောက်လဆိုတာလို ထောင်မှူးမောင်မောင် တို့ဘယ်မှာ အနားကပ်နိုင်ပါအံ့နည်း။ ထောင်တွင်းဖဲဝိုင်းတို့ သာမန်ခိုးမှုကလေးတို့ကိုပင် ဖြစ်ဖြစ်မြောက်မြောက် မိအောင်မဖမ်းနိုင်သူများဆိုတော့ ဆရာဟာကင်တို့ လုပ်သက်ရင့် ထောင်မှူးကြီးတို့ လုပ်တာကိုင်တာကို ကြည့်ပြီး ပညာယူကြရသည်။ ရက်ကန်းဆရာက သူ့ကိုလုသူအကျဉ်းသားသုံးဦးအနက် တစ်ဦးကို လူမြင်လျှင်မှတ်မိပါသည်ဟု ပြော သဖြင့် အလုပ်ဘက် တစ်ရုံဝင်တစ်ရုံထွက် အကျဉ်းသားတွေကို တန်းစီစေပြီး လိုက်ရှာ ကြသည်။ တကယ်တမ်းကျတော့ သူလည်း ဇဝေဇဝါဖြစ်နေသည်။ နောက်ဆုံးကျမှ

http://www.cherrythitsar.org



လက်သမားရုံထဲရှိ အကျဉ်းသားတစ်ယောက်ကို လက်ဆွဲပြနိုင်ခဲ့သည်။

ထောင်မှူးကြီးကမေးလိုက်သည်။

"မင်းနာမည်ဘယ်သူလဲ"

"လှကျော်ပါ"

"ကျန်တဲ့နှစ်ယောက်ကော ဘယ်သူတွေလဲ"

"ကျွန်တော်မသိဘူး။ ဒီကိစ္စလည်း ကျွန်တော်ဘာမျှမပါဘူး"

လှကျော်ကမူ ဘူးတစ်လုံးဆောင် အိုအောင်မဆင်းရဲ။ နှစ်ကြီးသမား ပီသစွာ ခေါင်းကို တွင်တွင်ယမ်းသည်။

"ဟေ့ကောင်လှကျော် မင်းမလိမ်နဲ့ အမှန်အတိုင်းပြော။ မင်းရက်ကန်းရုံ ချည်ချမှာလုပ်နေတာ အခုဘာပြုလို့ လက်သမားရုံထဲ ရောက်နေရတာလဲ"

သို့ကလို ဆရာဟာကင် တစ်လုံးထောက်လိုက်တော့ လှကျော်မျက်နှာ ကွက် ခနဲပျက်သွားသည်။

"လာ တိုက်ထဲလိုက်ခဲ့"

တိုက်ထဲရောက်သည့်တိုင်အောင် လှကျော်က လုံးဝမဖော်။ ဒီလိုကျတော့ ထောင်မှူးကြီးနှင့် ဆရာဟာကင်တို့ ဝှက်ဖဲတွေထုတ်သုံးကြရပြီ။ ထောင်မှူးကြီး၏ ဝှက်ဖဲ က 'တလုပ်ရှေ'။ နှစ်ယောက်စလုံး ရခိုင်အမျိုးသားတွေ၊ စစ်တွေမှပြောင်းလာကြသော နှစ်ကြီးသမားများ။ ဖမ်းမိထားပြီးခေါင်းမာနေသည့်လှကျော်ကလည်း ရခိုင်သားပဲကိုး။ ဒါဖြင့် သူတို့ ဝှက်ဖဲတွေကကော လူကောင်းတွေလားဆိုတာ လုံးဝမဟုတ်။ ထောင်ထဲမှာ လူရှုပ်လူပွေ ထောင်လက်ကောက်ရင့်မကြီးတွေ ဖြစ်၏။ ဒါမှလည်း သူတော်ချင်းချင်း သတင်းလွေ့လွေ့ဆိုတာလို သတင်းရတော့မပေါ့။ အပြင်က ရဲဆားဖဲလင်း လုပ်ငန်း သဘောမျိုးပါပဲ။ သူတို့အလုပ်က အရှုပ်သား။ ဟိုအကျဉ်းသား ခေါ်၍ စစ်ဆေးလိုက်၊ တိုက်ပိတ်လိုက်၊ ပြန်ဖွင့်လိုက်၊ လှကျော်နှင့် ရောထားလိုက်၊ ပြန်ခွဲလိုက်၊ ဒီလိုနှင့် ညတွင်းချင်းပင် လုယက်ရာတွင် အမှုတွဲအဖြစ်ပါဝင်သည့် စောထွန်းဦးနှင့် စံရွှေတို့ကို ဖော်ထုတ်နိုင်ခဲ့ကြသည်။ သို့သော် ပစ္စည်းတွေကိုတော့ ပြန်မရသေး....။

"ဆရာ၊ ကျွန်တော် ဆယ့်နှစ်မှတ်ရမှာ သေချာတယ်နော်"

"အေးပါကွ၊ သေချာပါတယ်။ မင်း ပစ္စည်းတွေ ပြန်ရအောင်သာ လိုက်ပေးပါ"

"ဒီလိုဆိုရင် ကျွန်တော့်ကိုဒီည စောထွန်းဦးအခန်းမှာ ပြောင်းသိပ်ပေးပါ"

ဆရာဟာကင့်အင်ဖော်မာ တလုပ်ရှေက အပိုင်ကိုင်သည်။ ဆယ့်နှစ်မှတ်ဆို သည်မှာ ထောင်တွင်းအခေါ် ဘုတ်ကိုင်ရာထူးဖြစ်၏။ သို့သော် ထောင်မှူးကြီး၏ အင် ဖော်မာအောင်ပွင့်က တလုပ်ရှေထက် တစ်ကွက်ကျော်၍ ခြေသွက်သွားသည်။ နောက် တစ်နေ့နံနက်စောစောမှာပင် အလုပ်ဘက်အမိုက်ပုံထဲက လုယက်ထားသည့်နာရီ၊ လက် စွပ်နှင့် ဖောင်တိန်တို့ကို ဖော်ထုတ်ပေးလိုက်သည်။ တလုပ်ရှေ အလွန်ပင် ခံပြင်းသွား၏။

http://www.cherrythitsar.org



ဆရာဟာကင်အပေါ်မှာလည်း လုံးဝမကျေနပ်။ တလုပ်ရှေသည် ဆရာဟာကင်ကို ရိုက်ဖို့အကွက်ချောင်းလျက်ရှိသည်။ သို့သော် ဆရာဟာကင်၏အရပ်ကြီးမှာ ကလန်ကလား ၆ ပေကျော်၍ တလုပ်ရှေက ၅ ပေ မပြည့်တပြည့်။ ဟာကင်၏ချိုင်းလောက်သာ ရှိနေတော့ အောက်ကခုန်ရိုက်ရမှာလည်း ခက်နေသည်။ ဒီတော့ တလုပ်ရှေ ဆင်ကြံကြံရတော့သည်။ ဝက်သားကျွေးသောနေ့တစ်နေ့တွင် ဖိုကြီးထဲအလုပ်ရှုပ်နေသော ဆရာဟာကင်ကို တလုပ်ရှေက နှစ်ပေခန့်မြင့်ပြီး လူတစ်ဖက်စာလုံးပတ်ရှိသော ငရုတ်ဆုံကြီးပေါ် တက်၍ ထင်းချောင်းတစ်ချောင်းနှင့် ဦးခေါင်းကို ရိုက်ခွဲလိုက်ခြင်းပင်တည်း။ ဤတွင် တစ်လအတွင်း သုံးကြိမ်မြောက် ခွေးဥသြကြီး အော်ရပြန်ချေပြီ။

"အေးဗျာ ကိုဟာကင် အဖြစ်ကတော့ ကိုယ်မွေးတဲ့မျောက် ကိုယ့်ပြန်ချောက်လိုက်သလို အတော်လေး ခံပြင်းစရာကောင်းတယ်နော်"

ထောင်မှူးမောင်မောင်နှင့် ဦးစိန်မောင်တို့ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ရာများကို လာပြောကြသည်ကို ဆရာမောင်လုံးနားထောင်ရင်း ကားကိုမှန်မှန်မောင်းလာခဲ့သည်မှာ မင်းတိုင်ပင် ဌာနချုပ်နား ရောက်ခါနီးပြီဖြစ်၏။ ထို့နောက် ဦးစိန်မောင်က ကောက်ကာငင်ကာ....

"သူတို့အကြောင်း ခင်ဗျားကပြောတော့၊ ကျွန်တော်ပခုက္ကူထောင်မှာ အတူနေခဲ့ရတဲ့ ထောင်မှူးဦးဇော်လွင်တို့ လင်မယားကို သွားသတိရမိတယ်ဗျ"

"ဘာပြုလို့လဲအစ်ကိုရ"

"ခင်ဗျားသိတဲ့အတိုင်း ဦးဇော်လွင်က အရပ်ရှည်ရှည်၊ သူ့မိန်းမဒေါ်မြမြက ဦးဇော်လွင်ခါးလောက်ရှိတယ် မဟုတ်လား"

"ဟုတ်တယ် ဒီလူကြီးနဲ့ ဆော်လီဘောရိုက်ရင် ကျွန်တော်တို့ အမြဲရှုံးတယ်လေ"

"ဦးဇော်လွင် အပြင်က အရက်သောက်ပြီးပြန်လာရင် သူ့မိန်းမက ခွေးခြေကလေးတစ်လုံးယူပြီး ခုရပ်ရတယ်။ ပြီးတော့ သူ့ယောကျ်ား နှာခေါင်းနမ်းကြည့်ပြီး အရက်နံ့ရရင် နားရင်းတီးတော့တာပါပဲ"

"ဟင် ဦးဇော်လွင်ကလည်း ခံတာပဲလား"

"မခံလို့ ဖြစ်မလားဗျ။ မင်းသားက အပြင်မှာ စမောလေးတစ်ယောက်ရှိနေသေးတာကိုး"

"သြော် အင်း....အင်း.... ဒီလိုဆိုတော့လည်း ခံရပေမပေါ့လေ"

■

http://www.cherrythitsar.org

# ၇၁

ပုလဲစိန်ဇာတ်အဖွဲ့ကြီးအကြောင်း ပြန်ပြောင်းစဉ်းစားမိတော့၊ ရယ်စရာတွေလည်းပါရဲ့၊ စိတ်ညစ်စရာတေလည်းပါရဲ့။ ငါးရာနှစ်ဆယ့်ရှစ်သွယ်လည်းမဟုတ်၊ ထောင့်ငါးရာလည်း မမည်တဲ့ ခွတီးခွကျ မောင်မစ္စကလို ချစ်ခြင်းမေတ္တာမျိုးလည်းပါရဲ့။ အိုစုံတကာကို စေ့လို့။

ပုလဲစိန် ဇာတ်အဖွဲ့ဆိုတာ မြို့တကာနယ်တကာလှည့် ကပြနေတဲ့ဇာတ်အဖွဲ့ကြီး မဟုတ်ပေမယ့် မုံရွာ–ပုလဲ–ဂန့်ဂေါလမ်း တစ်လျှောက်မှာတော့ တစ်ခေတ်တစ်ခါက ဟိုးလေးတကျော် လျှမ်းလျှမ်းတောက်နာမည်ကြီးခဲ့တဲ့ ဇာတ်အဖွဲ့ကြီးဖြစ်၏။ နာမည်ကြီးပေမပေါ့။ အဲဒီဇာတ်အဖွဲ့ကြီးတွေရဲ့ ထူးခြားတဲ့ဝိသေသတွေက အပြင်မှာ ကပြအသုံးတော်ခံနေကြတဲ့ ဘယ်ဇာတ်အဖွဲ့နဲ့မှမတူဘဲကိုး။ ပိုက်ဆံဘယ်လောက် ပေးငှားငှား အပြင်မှာ အကျဉ်းသားတွေချည့်ကတဲ့ ပွဲရယ်လို့ ဘယ်မှာမှရှာလို့မရ။ ထောင်တွေထဲမှာ အခါကြီးရက်ကြီး ပွဲကလေ့ရှိသော်လည်း အပြင်လူတွေ ဝင်ကြည့်ခွင့်မရှိ။ ခု ပုလဲစိန် ဇာတ်အဖွဲ့ဆိုတာ အကျဉ်းသားတစ်ဖြစ်လဲ ရဲဘက်တွေချည်း ကပြအသုံးတော်ခံသည့် ဇာတ်အဖွဲ့။ ဒီထက်ပိုပြီး ထူးခြားတာက ယင်းဇာတ်အဖွဲ့ထဲတွင် အမျိုးသမီးလုံးဝမပါ။ အားလုံး အမျိုးသားတွေချည့်။

ဒီလိုဆိုရင် အဲဒီဇာတ်ထဲမှာ မင်းသမီးမပါတော့ဘူးလားလို့ မေးမလို့လား။ ဟာ သိပ်ပါတာပေါ့။ ‘ဝန်မပါဘဲပွဲမဖြစ် ဝန်ပါပြန်တော့ ပွဲစိတ်ညစ်’ဆိုတာလို မင်းသမီးမပါလို့ ဘယ်ဖြစ်ပါ့မလဲ။ ဇာတ်အခေါ် တောင်ထဲမှာစည်းတဲ့ဇာတ်ဆိုတော့ ဣတ္ထိယ

http://www.cherrythitsar.org



နွယ်ဝင် မင်းသမီးစစ်စစ်တော့ မရနိုင်ဘူးလေ။ ဘုန်းကညာတစ်ပါး လုံးရာက ပြားလို တောရပြန် နွဲ့နွဲ့လုံးကိုပဲ သုံးရတာပေါ့။ နောက်ပိုင်း တစ်ခေတ်ထခဲ့တဲ့ မိုးကြိုးငှက်ငယ် ဆိုတာ အဲဒီပုလဲစိန်ဇာတ်ကို အတုခိုးတာ နေမှာပါ။

"သူ့အရပ်နဲ့ သူ့ဇာတ်ဆိုတာလို ထောင်ထဲမှာ ကတုန်းကတော့ ယောကျ်ား မင်းသမီးကိုပဲသုံးတာ သဘာဝကျတာပေါ့။ အခုဟာ အပြင်လောကမှာ ထွက်ကနေတာ ပဲ။ အပြင်က မင်းသမီးနဲ့ဆိုရင် ပိုပြီးအဆင်မပြေပေဖူးလား"

"ဟာ ဟုတ်တာပေါ့။ ဒီအကြံ သိပ်ကောင်းတယ်။ မင်းသမီးရှာကြဟေ့"

အကြံပေးသူက အင်ဂျင်နီယာမိုလ်ကြီး၊ ခုမှ မျက်စိပွင့်သွားသူက ဇာတ်အဖွဲ့ ခေါင်းဆောင်ထောင်မှူးကြီး။ သို့နှင့်ပင် အပြင်မင်းသမီး ရှာငှားဖြစ်သွားကြသည်။ ငွေရေး ကြေးရေးအတွက် ဘာမှပူစရာ ပင်စရာမရှိ။ ရဲဘက်တစ်ယောက်လုပ်အားခ တစ်နေ့ ၃ကျပ် ၁၅ပြား ရသည့်အထဲမှ သီးသန့်သက်သာချောင်ချိရေးရန်ပုံငွေ အလုံအလောက်။

ပွဲမဝင်ခင် အပြင်ကကျင်းပဆိုတာလို မုံရွာ–ပုလဲ–ဂန့်ဂေါ လမ်းမကြီး ဖောက် လုပ်ရေး၊ ပြည်သူ့အကျိုးပြုတပ်ဖွဲ့ တပ်မဟာဌာနချုပ်တည်ရာ မင်းတိုင်ပင်စခန်းမှ မကြာမီ ကျင်းပတော့မည့် လွတ်လပ်ရေးအောင်ပွဲကြီးတွင် ကပြအသုံးတော်ခံရန် အတွက်၊ ပုလဲစိန်ဇာတ်အဖွဲ့ကြီး တရုန်းရုန်းနှင့် ဇာတ်တိုက်နေသည်မှာ ပျော်စရာကြီး။ သတင်းဆောင်းပါးရေးမည့် ထောင်မှူးမောင်မောင်ကလည်း ကင်မရာတစ်လုံးနှင့် ယောင် တောင် ပေါင်တောင်။ အားလုံးထဲမှာ စိတ်ဓာတ်ရှင်မြူးတက်ကြွဆုံး ပုဂ္ဂိုလ်ကတော့ ပုလဲစိန်အမည်ခံ ဇာတ်မင်းသား ဗန္ဓုလကျော်စိန်ပင် ဖြစ်၏။ သူက ပျော်မှာပေါ့ အနှစ်နှစ် အလလနွဲ့နွဲ့လုံးနှင့် တွဲခဲ့မိရာက၊ ခုမှ မင်းသမီးစစ်စစ်နဲ့ နှစ်ပါးခွင်မှာ ပီပီပြင်ပြင်ကြီး ကပြ အသုံးတော်ခံရတော့မှာကိုး။

ဟုတ်ပ။ ဘယ်အရာမဆို အတုနဲ့အစစ်ကတော့ အစစအရာရာကို အကွာ ကြီး ကွာလှပါသည်။ ဇာတ်ခုံပေါ်မှာ တွဲကနေရသူ မပြောနှင့်၊ အောက်မှကြည့်နေရသည့် ပရိသတ်အနေနှင့်လည်း ဘာကလိုတိုတို၊ တစ်မျိုးကြီး။ အပေါ်ယံက ဝတ်စားဆင်ယင် လိမ်းခြယ်ပြုပြင်သမျှကို စိတ်ကူးနှင့် ခွာချကြည့်လိုက်သောအခါ မချင့်မရဲ အသည်းယား ချင်စရာကြီး။ သို့သော် ထောင်ထဲမှာဆိုတော့ ရသေ့စိတ်ဖြေ ဒီနည်းပဲရှိသည်။ ယောကျ်ား ထောင်က မင်းသားနှင့် မိန်းမထောင်က မင်းသမီးစစ်စစ်တို့သာ တွဲပြီး ပွဲထုတ်လိုက် ရလျှင် ပြဿနာပေါင်း သောင်းခြောက်ထောင် ဘယ်လိုမှ ရှင်းမရဘဲ ကွိုင်ပူရုံမျှမက လောင်ကျွမ်းသွားနိုင်သည်။

ဗန္ဓုလကျော်စိန်ကတော့ လောင်မကျခင် အပြင်လောကမှာကတည်းက ရေ မရောသော မင်းသားစစ်စစ်ဖြစ်၏။ ဘယ်လောက်အထိ စစ်သလဲဆိုလျှင် ခုခေတ်မင်း သားတွေလို ဆံပင်တုတပ်စရာမလို မွေးရာပါသျှောင်ကြီးဖွေ့နှင့် ဖြစ်သည်။ ထောင်ထဲမှာ ဗန္ဓုလကျော်စိန်လို ဆံပင်ရှည်ထားရန် လွယ်သည့်ကိစ္စမဟုတ်။ ထောင်ပိုင်ကြီးထံမှ

http://www.cherrythitsar.org



ဆံပင်ရှည်ထားခွင့်လက်မှတ် ရှိထားရသည်။ သို့မှသာ တစ်ပတ်တစ်ကြိမ် တရားဝင် ဆံပင်လိမ်းရန် အုန်းဆီထုတ်ခွင့်ရှိ၏။ အလားတူ မိန်းမအကျဉ်းသူတွေအတွက်လည်း ခေါင်းလိမ်းရန် အုန်းဆီထုတ်ပေးရသည်။ သနပ်ခါးတို့ မိတ်ကပ်တို့ နှုတ်ခမ်းနီ ပါးနီတို့ တော့ ကိုယ့်ဘာသာကိုယ် အကြံအဖန်လိမ်းကြ။

ဒါဖြင့် ဘောင်းထုပ်ကြီးနှင့်ပန်ချာပီကြီး ထောင်ထဲဝင်လာလျှင်ကော။ သူကျ တော့ ဘယ်သူ့ဆီမှာမှ အမိန့်တောင်းခံနေစရာမလို။ ရိုးရာဓလေ့ ထုံးစံအရ ဘောင်းထုပ် နှင့်တကွ ဆံပင်ရှည်ပါ ထားခွင့်ရှိသည်။ အထဲမှ ရိုးရာဓားကလေးကိုလည်း မသိမ်းနှင့်။ ကတုံးပြောင်ပေါ်မှာ ဆံပင်ရှည်သုံးလေးမျှင်သာထားသည့် ဟိန္ဒူများကိုလည်း နေမြဲနေ စေ။ ထောင်ဥပဒေမှာ ဒီအတိုင်း အတိအလင်းပါသည်။

ပုလဲစိန်အမည်ခံ ဗန္ဓုလကျော်စိန်မှာ အသက်အားဖြင့် သုံးဆယ်ခန့်သာ ရှိ သေးသည်။ အသားဖြူဖြူ လူပုံကန့်နွဲ့ မင်းသားရုပ်ပေါက်သည်။ မင်းသားရုပ်ပေါက် ဆို အပြင်မှာလည်း တကယ်'က'စားနေသည့် မင်းသားကိုး။ သူက ရုပ်ချောသလောက် အပြောချိုသည်။ အပြောချိုလို့လည်း ငယ်စဉ်က အပျိုချောတစ်ဦးကို သားမှတ်မှတ် မယားမှတ်မှတ် ရထားခဲ့ပြီဖြစ်သည်။ သို့သော် သူ့အပြောချို အော်တိုမက်တစ်မှာ ရုပ် တန်းကမရပ်ဘဲ ဆက်ပြီးချိုသာမြဲချိုကာ မြို့ရွာအနှံ့ လှည့်လည်ပွဲကခြင်း၊ နောက်ထပ် အပျိုချောနှင့်မတွေ့ဘဲ အအိုတစ်ယောက်နှင့် လည်လွှန်းတဲ့ဘီး ချေးသင့်ကာ ထောင်နန်း စံခဲ့ရခြင်းဖြစ်၏။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉ အရဆိုတဲ့ မယားခိုးမှုကလည်း ကြောက်စရာ ကောင်းလှပါဘိ။ လင်ကြီးဖြစ်သူက တရားဝင် မကွာရှင်းသမျှ ဘယ်တော့မှကိစ္စမပြတ်။ ထောင်တစ်ခါကျပြီး နောက်ထပ်ပြန်ပေါင်းလျှင် ထောင်ထပ်ကျသည်။ သည်လိုနှင့် ဗန္ဓုလကျော်စိန်တို့ ထောင်သံသရာလည်၍မဆုံး။ သူကတော့ ဘယ်လောက် သံသရာ လည်လည်လေ၊ ထောင်ထဲရောက် မင်းသားလုပ်၊ ဇာတ်က၊ ဟန်ကိုကျလို့။

ရဲဘက်စခန်းရောက်ပြီး ပုလဲစိန်ဇာတ်အဖွဲ့ကြီး စတင်တည်ထောင်စဉ် ကတည်းက သူ ပင်တိုင်ထားပြီး တွဲခဲ့ရသည့်မင်းသမီးမှာ လှဝင်းစိန်ဖြစ်၏။ နာမည်ရင်း က မောင်လှဝင်းပါ။ သူ့ခမျာ ဘဝကုသိုလ်အကျိုးပေး မကောင်းရှာ။ အမေမွေးစဉ် ကတည်းက ဘုရားဆုပန် ယောကျ်ားစင်စစ်ဖြစ်ပါလျက်၊ အဒေါ်အပျိုကြီးများ၏ လောင်းရိပ်အောက်တွင် ကြီးပြင်းခဲ့ရသဖြင့်၊ မိန်းမစိတ် ဝင်နေရှာသည်။ မောင်လှဝင်း လိုလူစား ကံမကောင်း အကြောင်းမလှ၍ ထောင်ထဲရောက်လာလျှင် အလွန်အန္တရာယ် များသည်။ ဟုတ်ကဲ့၊ ဟိုလူကခေါ်ချင် ဒီလူကပေးချင်ကမ်းချင် ကျွေးချင်မွေးချင် မျက်နှာ တော့ ပွင့်ပါရဲ့။ သို့သော် ကောင်းသောမျက်နှာပွင့်ခြင်းမျိုးတော့ မဟုတ်။ ခုပဲကြည့်လေ၊ မောင်လှဝင်းတစ်ယောက် ယောကျ်ားစင်စစ်ဘဝမှ မင်းသမီးလေး လှဝင်းစိန်ဖြစ်ခဲ့ရပြီ မဟုတ်လား။ တကယ်တော့ ဤကိစ္စမျိုးမှာ ကြားလို့လည်းမလျော် ရေးရန်လည်းမသင့်

http://www.cherrythitsar.org



ပေမယ့်၊ အတိတ်၊ပစ္စုပ္ပန်နှင့် အနာဂါတ်လောကတစ်ခွင် ဘယ်လိုလုပ်မှ ရှောင်ကွင်း၍ မရနိုင်သော၊ ဖုံးဖိထားရန်လည်း ခက်ခဲလှစွာသော ဝဋ်နကြံနာ ရောဂါတစ်မျိုးလို့သာ ဆိုစရာအကြောင်းရှိတော့သည်။

"ကိုင်း.... ချစ်လိုက်ကြဦးစို့ မောင့်မယားလေး သလ္လာဝတီမြင့်မြင့်ကြည်ရေ"

လွတ်လပ်ရေးအောင်ပွဲနေ့ကျတော့ ပုလဲစိန်တို့ စိတ်ရှိလက်ရှိ ဟဲလေပြီ။ ဟဲအား ရှိသွားပြီပေါ့။ မုံရွာမှ ငှားလာသော ရေမရောသည့် မင်းသမီးစစ်စစ် သလ္လာဝတီ မြင့်မြင့်ကြည်နှင့် တွဲကရပြီကိုး။ မင်းသားကို ကြည့်ရသည်မှာ ယခင်ကထက် ပို၍တက်ကြွနေသည်။ ရွှင်မြူးနေသည်။ သွက်လက်နေသည်။ အာကလည်း ရွှင်သလားမမေးနှင့်။ သီချင်းတစ်ပိုဒ်နှင့် တစ်ပိုဒ်ကြား စကားဖန်ထိုးနေလိုက်တာများ ကရားရေလွှတ် တတွတ်တွတ်။

အောက်မှ ပွဲကြည့်ပရိသတ်လည်း မျက်စိလည်နေကြသည်။

"အဲဒီမြင့်မြင့်ကြည်ဆိုတာ မင်းသမီးအစစ်ထင်တယ်တော့"

"ဘယ် မင်းသမီးအစစ် ဟုတ်ရမှာလဲ။ ရဲဘက်မင်းသမီးပဲ နေမှာပါအေ"

"မဟုတ်ဘူး ကောင်မရဲ့၊ ဒီမင်းသမီးကို ငါမုံရွာ ဈေးသွားရောင်းတုန်းက ဘုရားပွဲမှာ ကြည့်ခဲ့ဖူးတယ်အေ့"

မင်းတိုင်ပင်ရွာနှင့် ရွာနီးချုပ်စပ်မှ လာရောက်ကြည့်ရှု အားပေးကြသည့် ပွဲကြည့်ပရိသတ်ကလည်း အမြောက်အမြား၊ လျှပ်စစ်မီးရောင် တထိန်ထိန်နှင့် စားသောက်ဖွယ်ရာများ ရောင်းချနေသည့် ပွဲဈေးတန်းကလည်း စည်စည်ကားကား။ အပြင်ပန်းက ကြည့်လျှင်တော့၊ အကျဉ်းထောင်များတွင် ညအခါအော်နေကျအတိုင်း 'အားလုံးကောင်းပါသည်ခင်ဗျား'ပါပဲ။ ဒါပေမယ့် ကင်ဆာရောဂါများလို အတွင်းမှာ လှိုက်စားနေသော ကန့်လန့်ကာနောက်ကွယ်က ပဋိပက္ခအသွင်သဏ္ဌာန်ကိုတော့ ပွဲကြည့်ပရိသတ်တွေ အနေနှင့် နဇာနာမိဘာမျှမသိကြ။

"ရော့ လက်ဖက်ရည်သောက်လိုက်ဦး၊ မုန့်လည်းစား"

"သွားစမ်းပါ၊ မစားချင်ပါဘူး"

"ဟင် စောစောကနင်ပဲ လက်ဖက်ရည်သောက်ချင်လှချည်ရဲ့ဆို။ နင်ကြိုက်တဲ့ အီကြာကွေးလည်း ပူပူနွေးနွေးရလို့ ဝယ်လာခဲ့တယ်"

"ငါ နင့်ကိုပြောလို့လား"

"အေးလေ၊ ငါ့ကိုတော့ မပြောဘူးပေါ့။ ဒါပေမယ့် နင်ပြောတဲ့ ကျော်စိန်ကမှ နင့်ကိုလှည့်မကြည့်တာ။ ဟိုကဖြင့် ငါးစိမ်းမြင် ငါးကင်ပစ်ဆိုတာလို မင်းသမီးသစ် ကလေး ရောက်လာကတည်းက ဣန္ဒြေကိုမဆည်နိုင်ဘူး။ ပျာယာခတ်နေတာပဲ ပုလဲစိန် ကနေ ပျာကလက်စိန်လို့ ပြောင်းလိုက်ဖို့ ကောင်းတယ်"

လှဝင်းစိန် ဘာမှပြန်မပြောဘဲ ငြိမ်နေ၏။ ပြည်ဖုံးကားကြီးကို နောက်ကျော

http://www.cherrythitsar.org



ဘက်မှနေပြီး အဓိပ္ပာယ်မဲ့စွာ ငေးကြည့်နေမိသည်။

"နင်လည်း မင်းသမီးလုပ်နေတာပဲဟာ။ ဟိုဒွေးချိုးလေး မကြားဖူးဘူးလား"

လှဝင်းစိန် လက်ပွားဘက်တစ်ချက်လှည့်ကြည့်ပြီး မပြောချင်ပြောချင်ဖြင့်....

"ဘယ်ဒွေးချိုးလဲ"

"ပန်းစံပယ် နန်းအလယ်မပေါ်ခိုက်ဟာမို့ အလိုက်တော်တန်သင့်ရုံပ ခံပွင့်ကို ကုံး။ နန်းအလယ် ပန်းစံပယ်လှိုင်လှိုင်ပေါ်တော့ ခံပန်းခိုင်ယာယီရွှေ့တယ် တောလေ့ ရွာသုံး.... ဆိုတာလေ"

လှဝင်းစိန်မကြားဖူးပါ။ သို့သော် ဆိုလိုရင်း အဓိပ္ပာယ်ကိုတော့ ဒိုးခနဲဒက်ခနဲ နားလည်လိုက်သည်။ ဟုတ်တာပေါ့၊ ဟိုကောင်မက စံပယ်ပန်း၊ မိမိက ခံပွင့်ပဲ။ ဘယ်တူ လိမ့်မလဲ။ ခုပဲကြည့်လေ ကိုရွှေပုလဲစိန်တို့ ခြေလှမ်းပျက်နေပုံများ စံပယ်ပန်းသလ္လာဝတီ မြင့်မြင့်ကြည်ကို ငှားလာပြီးကတည်းက မိမိကို လုံးလုံးစိတ်မဝင်စားတော့။ ဖုတ်လေတဲ့ ငါးပိ ရှိတယ်ပင်မအောက်မေ့။

"အလှ လက်ဖက်ရည်သောက်လိုက်ဦးလေ။ တော်တော်ကြာ အေးကုန်လိမ့် မယ်"

"တော်ပါပြီ၊ ငါဘာမှ စားချင်သောက်ချင်စိတ်မရှိတော့ဘူး"

"အီကြာကွေးလေး စားလိုက်ပါဦးဟ၊ နောက်တစ်ခန်း ပြန်ထွက်ရဦးမှာ မဟုတ်လား။ နင် ဆာနေမှာပေါ့"

"ဟင့်အင်း၊ မဆာပါဘူး"

"ခက်လိုက်တာ အလှရယ်။ နင့်မှာလည်း အလကားနေရင်း ကိုယ့်အပူကိုယ် ရှာနေတာကိုး။ ချင်းစိမ်းနဲ့ မိတ်သလင် သူကြင်မှ ကိုယ်ကြင်ပေါ့ဟ။ လောကကြီးမှာ စိတ်ချမ်းသာချင်ရင် ကိုယ်ချစ်ကို မရှာရဘူး။ သူချစ်ကိုရှာရတယ်တဲ့"

"ငါက ဘယ်မှာသွားပြီး သူချစ်ကိုရှာရမှာတဲ့လဲ"

"ဩော်.... နင့်နှယ်၊ ငါတစ်ယောက်လုံးရှိနေတဲ့ဥစ္စာ"

"သွား.... လိပ်မျိုး"

မှန်ပါသည်။ လိပ်မျိုးအခေါ်ခံရသူ လက်ပွားခေါ်စိန်သန်း သူ့ဘက်သူယက်ခဲ့ သည်မှာ ကြာခဲ့ပါပြီ။ စိန်သန်း၏ ညာလက်မအနီး လက်ချောင်းကလေးတစ်ချောင်း အပိုပါနေသဖြင့် သူ့ကို မန္တလေးထောင်မှာကတည်းက လက်ပွားဟုပင် ခေါ်ကြသည်။ သူက မုဒိမ်းကြံစည်မှုဖြင့် ထောင်သုံးနှစ်ကျနေသူ။ ပုလဲစိန် ဇာတ်အဖွဲ့ထဲမှာတော့ ကျရာ ဇာတ်ရုပ်နေရာတွင် ဝင်ကနိုင်၏။ လူရွှင်တော်လည်း သူ၊ ပြဇာတ်လူကြမ်းလည်း သူ၊ ဝန်ကြီးအဖြစ် 'ပုစွန့်လက်မကက္ကရဟု နှစ်ဖက်လှ အကျက်ညီတော့၊ ဟဲ့....ထွက်စည် တော်ယွန်း'ဟုလည်း ဆိုင်းဆင့်နိုင်သူဖြစ်၏။

နောက်တစ်နေ့ည ပွဲဆက်ကတော့ ပြဿနာတစ်မျိုး ပေါ်လာပြန်သည်။

http://www.cherrythitsar.org



"ဘာလဲဗျ၊ ခင်ဗျားတို့မင်းသားက ဇာတ်သဘောနားမလည်ဖူးလား။ မင်းသားနဲ့ မင်းသမီးနှစ်ပါးသွား တွဲကတယ်ဆိုတာ စာဆိုတောင်ရှိသေးတယ်။ ပဝါတစ်ကမ်းလက်တစ်လှမ်းတဲ့။ မင်းသမီးကို မကိုင်ရမပြုရဘူး မပြောပါဘူး။ ကျုပ်လည်း မင်းသမီးလင် လုပ်စားလာတာ အံတိုနေပါပြီ။ သဏ္ဍာန်လုပ် သရုပ်နဲ့တူဆိုတာလို အလုပ်သဘော ကိုင်ပြရပါတယ်။ အခုတော့ မဟုတ်ပါဘူး။ နည်းနည်းလက်သရမ်းလွန်းသလားလို့ပါ။ ဒါမင်းသမီးအတု မဟုတ်ဘူး။ မင်းသမီးအစစ်ဗျ အစစ်"

ဇာတ်ခုံနောက်ပိုင်းတွင် အရက်မူးပြီး ပွဲကြမ်းနေသူမှာ သလ္လာဝတီမြင့်မြင့်ကြည်၏ ခင်ပွန်း ကိုစိန်ထွန်းဆိုသူဖြစ်၏။ သူ့ကိုလည်း အဆိုးမဆိုသာ။ မနေ့ညက မင်းသားပုလဲစိန်တစ်ယောက် တောရပြန် နွဲ့နွဲ့လုံးနှင့် ကနေကျဆိုတော့ ဘရိတ်အုပ်မရဘဲ အရှိန်လွန်သွားဟန်တူသည်။ မျက်နှာချင်းမထိရုံတမည် ခပ်ကြမ်းကြမ်းခပ်ရမ်းရမ်းကပြအသုံးတော်ခံသွားရာ ပွဲကြည့်ပရိသတ်အနေနှင့်တော့ အကျေနပ်ကြီး ကျေနပ်ကာလက်ခုပ်သြဘာသံ တဖြောင်းဖြောင်း။ ပွဲက ဌာနချုပ်မှာ ကပြရုံနှင့်မပြီး။ စခန်းခွဲကလေးတွေကို လှည့်လည်ဖြေဖျော်ရဦးမည်ဖြစ်သဖြင့် ဇာတ်အဖွဲ့တာဝန်ခံထောင်မှူး ဦးကောင်းညွန့်က ကိုစိန်ထွန်းကို လေပြေထိုးရသည်။ ချော့မော့ရသည်။ တော်တော်ကြာစိတ်ကောက်ပြီး သူ့မိန်းမ ပြန်ခေါ်သွားမှဖြင့် အခက်။

"စိတ်ချစမ်းပါ ကိုစိန်ထွန်းရာ၊ နောက်ထပ် ဒါမျိုး မဖြစ်စေရပါဘူး။ မင်းသားကို သေသေချာချာ ပြောထားပြီးပါပြီ။ ခင်ဗျား မူးရင်လည်း အိပ်တော့ဗျာ။ တော်တော်ကြာ ထောင်မှူးကြီးသိသွားလို့ ကျွန်တော့်ကို ပွက်နေဦးမယ်"

တော်ပါသေးသည်။ နောက်ညများတွင် မင်းသမီးယောကျ်ား မူးပြီး ဂျီမတိုက်တော့။ သို့သော် လှဝင်းစိန်က တစ်စခန်းထလာပြန်သည်။ ဒါကတော့ ကြိတ်ဝိုင်း၊ ကိုစိန်ထွန်းလို ဆူဆူပူပူမဟုတ်။

"ကိုကျော် မနေ့ညတုန်းက နောက်ပိုင်းဇာတ်ကတော့ ငိုချင်းချအပြီးမှာ ကိုကျော်နဲ့ ဟိုကောင်မ ခေါင်းချင်းဆိုင်ပြီး ဘာတွေတွတ်ထိုးနေတာတုန်း"

ညက နောက်ပိုင်းကသည့်ဇာတ်မှာ လက်ဝဲသုန္ဒရ။ လူပျိုတော် ငအောင်နှင့်အပျိုတော် မခင်မိတ်တို့ ရည်ငံနေသောကိစ္စနှင့်ပတ်သတ်၍ လက်ဝဲသုန္ဒရအမတ်ကြီးမဲဇာမပို့မီ နှောင်ကြိုးတည်း၍ အနောက်ဝန်လက်ပွားစိန်သန်း နှိပ်စက်ခန်းကို တစ်ရေးနိုးကားလိပ်ကြားမှ ပြူစူပြစ်တင်နေခြင်းဖြစ်သည်။

"ဟဲ့.... ဘယ်ကလာ တွတ်ထိုးနေရမှာလဲ။ ငိုချင်းတီးလုံး ရိုက်နေတုန်း အဲဒါပြီးရင် သားလေးကို ရှင်မပြုရသေးတဲ့အကြောင်း စကားဖန်ထိုးဖို့ မြင့်မြင့်က သတိပေးနေတာပါ"

"တော်စမ်းပါ၊ သူ့အကြောင်း မသိရင်ခက်မယ်။ ဒါအကွက်ပဲဆိုပြီး ပြောချင်ရာ ပြောနေတာများ"

http://www.cherrythitsar.org



ဒါလောက်နှင့်ပင် ဌာနချုပ်တွင် ပွဲသုံးချီကပြီး စခန်းခွဲများတွင် ဆက်လက်ဖျော်ဖြေရန် ထွက်သွားကြသည်။ ထောင်မှူးမောင်မောင်လည်း သတင်းဆောင်းပါးများ ရေးသားပေးပို့ပြီး ဘူးကွဲစခန်း ပြန်လာခဲ့သည်။ တစ်လခန့်အကြာ ဌာနချုပ်မှ ဘူးကွဲစခန်းအတွက် ရဲဘက် ၁၀၀ အင်အားလာဖြည့်ပေးသည်။ သူတို့အထဲတွင် လက်ပွားစိန်သန်း ပါလာသဖြင့် ထောင်မှူးမောင်မောင် အံ့အားသင့်နေသည်။

"ဟေ့ကောင် လက်ပွား၊ မင်းက ပုလဲစိန်ဇာတ်အဖွဲ့ထဲက မဟုတ်လား။ ဘယ်လိုလုပ် ပါလာရတာလဲ"

"ပုလဲစိန်ဇာတ်အဖွဲ့ ခေါင်းကွဲသွားပြီ ဆရာ"

"ဟင် ဘယ်လိုဖြစ်တာလဲ"

"ဆရာပြန်သွားပြီး စစ်မျှောင်စခန်းခွဲမှာသွားကတော့ ဒုတိယည မင်းသားဓားထိုးခံလိုက်ရတယ်"

"ဟင်.... ဘယ်သူက ထိုးတာလဲ။ ဟို ငှားတဲ့မင်းသမီးယောကျ်ားလား"

"မဟုတ်ဘူး ဆရာရဲ့။ လှဝင်းစိန်က ထိုးတာ"

"အို.... ဖြစ်မှဖြစ်ရလေကွာ။ ဘယ်လိုဖြစ်သွားတာလဲ၊ ပွဲချင်းပြီးပဲလား"

"လုပ်တာတော့ အိပ်နေတယ်ထင်ပြီး အသေထိုးတာပဲ။ ဒါပေမယ့် မင်းသားအိပ်မပျော်သေးဘဲ မှိန်းနေတာဆိုတော့ ဆေးရုံတက်ပြီး ၁၀ ရက်လောက် ကုလိုက်ရတယ်"

ခုမှပင် လှဝင်းစိန်အမည်ခံ မောင်လှဝင်းအကြောင်း ပြန်ပြောင်းသတိရလာ သည်။ သူ ထောင် ၂ နှစ်ကျခဲ့တာမှာ သူ့လို ဘဝတူတူ အချင်းချင်း အချစ်တော် ပြိုင်လု ခြင်းခံရသူတစ်ယောက်။

ဟိုစဉ်ကတည်းက ထောင်မှူးမောင်မောင်သည် ပြဿနာတစ်ခုကို အဖြေရှာလာခဲ့သည်မှာ အချိန်တွေ တရွေ့ရွေ့ ကုန်ဆုံး၍ အဆင့်ဆင့်ရာထူးတက်ကာ ထောင်ပိုင်ကြီး ဘဝနှင့် ပင်စင်ယူခဲ့သည်အထိ အဖြေမပေါ်ခဲ့။ သူတို့လို ဝေဒနာရှင်တွေ၏ ချစ်ခြင်းမေတ္တာ သဘောတရားကို ဘယ်အတန်းအစားတွင် ခွဲခြားသတ်မှတ်ရပါမည်နည်း။ ၁၅၀၀ ကီလေသာ၊ လင်ချစ်မယားချစ်မျိုးလား၊ ဒါမှမဟုတ် ၅၂၈ သွယ် မောင်ချစ်နှမချစ်လား။

ခုမှပင် အဖြေပေါ်ပါတော့သည်။ ဒါချစ်ခြင်းမေတ္တာမှ မဟုတ်ဘဲ။ အိပ်ချ်အိုင်ဗွီရောဂါပိုးတွေ စုပေါင်းဖွဲ့စည်းထားပြီး၊ ခုခံအားကျဆင်းမှုရောဂါကို ဖိတ်ခေါ်နေတဲ့ အေ၊ အိုင်၊ ဒီ၊ အက်စ် မေတ္တာတု မေတ္တာယောင်ပဲ....။

■

http://www.cherrythitsar.org

# ၇၂

ယနေ့ကမ္ဘာ့လူသားထုတစ်ရပ်လုံးကို အစွယ်ငေါငေါဖြင့် ခြောက်လှန့်ကာ ရန်သတ္တရု ပြုလျက်ရှိသည့် အေအိုင်ဒီအက်စ် ရောဂါဆိုးကြီး၏ မြစ်ဖျားခံရာ လမ်းစတစ်ခုဖြစ် သော ကူလီကူမာ လိင်တူလိင်ကွဲ မောင်မစ္စကတို့အကြောင်း ရေးကြီးခွင်ကျယ် ငြီကာချဲ့ ၍ စာမဖွဲ့လိုပါ။ သို့သော် ကိုယ့်စိတ်ကိုယ် ဘယ်လိုမှ ထိန်းမနိုင်သိမ်းမရတာက ခက်လှသည်။ ထိန်းမနိုင်သိမ်းမရဆို မိန်းမထောင်တစ်ထောင်လုံး အုန်းအုန်းကျွက်ကျွက် ပွက်လောရိုက်သွားခဲ့သော တစ်ရံရောအခါက အဖြစ်အပျက်မှာ ရယ်ရအခက် ငိုရအခက် မျက်စိထဲမှာ ဘယ်လိုမှမထွက်။ အဲဒီနေ့ကတော့ မိန်းမထောင်အတွင်း ကမ္ဘာပျက်တဲ့နေ့ ရယ်လို့ ဆိုရမလောက် ပါပဲ။

ကမ္ဘာပျက်ပြီပေါ့။ ဘယ့်နှယ် သုံးတောင့်ထွာဝတ် ဣတ္ထိယန္ဒြယ်ဝင်မိန်းမသား စစ်စစ်တွေချည်းနေတဲ့ မိန်းမထောင်ထဲမှာ အတောင်နှစ်ဆယ်ဝတ်ဆိုတဲ့ (ဒီခေတ်သာ ဝတ်ရရင် မောကြောပါ။) မင်းယောကျ်ားသားကြီးတစ်ယောက် ဆွမ်းဆန်ထဲ ကြွက်ချေး လာရောနေတာ လေးညလွန်လို့ ငါးရက်မြောက်နေမှကိုး။ တော်သေးတာပေါ့။ အဲဒီ အတောင်နှစ်ဆယ်ဝတ်က အများသူငါလို အားကောင်းမောင်းသန်မဟုတ်ဘဲ ခင်သူဇာ နွဲ့နွဲ့နှောင်းပမာ မိန်းမလျာအခြောက်ကြီး ဖြစ်နေလို့။ ဘာပဲဖြစ်ဖြစ် အန္တရာယ်ကတော့ မသေးလှ။ ဖြစ်ပုံကငိုအားထက်ရယ်အားသန်ဆိုတာလို ထိုနေ့က ထောင်တစ်ထောင်လုံး အထူးတလာစီသောနေ့တစ်နေ့။

အထူးတလာစီဆိုတာ အပြင်မှာ လူတွေ ပြောပြောနေကြတဲ့ မော်တော်ယာဉ်

http://www.cherrythitsar.org



ဆပ်ပလိုင်းချက်လုပ်သလို ဆာပရိုက်စ်ဆပ်ချ် (surprise search) အထူးရှာဖွေခြင်း ဖြစ်၏။ ထောင်ဆိုတာ ခဏခဏစိတ်ကူးရတိုင်း ထထရှာနိုင်ပါမှ တော်ကာတန်ကာကျ သည်။ ရှာတိုင်းလည်း တားမြစ်ပိတ်ပင်ထားသော ပစ္စည်းမတွေ့မရှိ။ အမြဲတွေ့သည်။

ထောင်ထဲမှာ တားမြစ်ပိတ်ပင်ထားသောပစ္စည်း (prohibited article)က လည်း အများသား။ အရက်သေစာ၊ ဘိန်းကင်းကစော်၊ ဆေးခြောက်၊ နောက်ဆုံး ကိုးကင်း၊ ဘိန်းဖြူ။ ယခုခေတ်ကျတော့ ဖင်ဆီဒိုင်း၊ သံချွန် စူး ဆောက် ဓား၊ သံဖြတ်လွှ မှသည် ဘလိတ်ဓားအထိ ကုန်ကုန်ပြောရရင် အကျဉ်းသား၊ အကျဉ်းသူတစ်ယောက် ကို တရားဝင်ထုတ်ပေးထားသည့် ဝတ်စုံနှစ်စုံ၊ စောင်၊ အိပ်ရာခင်းကလွဲလျှင် အားလုံး တားမြစ်ပိတ်ပင်ထားသည့် ပစ္စည်းချည့်ပါပဲ။

အထူးတလာစီရာတွင် လူကို ဖင်ပြန်ခေါင်းပြန် အကြိုအကြားပါမကျန် ပွတ် သပ်ပြီး ရှာရသည်။ အခန်းတွင်းရှိ လူကုန် အပြင်ထွက်ပြီးမှ အိပ်ရာများကို လှန်လှော ကာ စေ့စေ့စပ်စပ် မွှေနှောက်ရှာဖွေရခြင်းဖြစ်၏။ ထိုနေ့က မိန်းမထောင်မှာ ဒုတိယအဆင့် မရောက်သေးမီ ပထမအဆင့်အနေနှင့် လူခန္ဓာကိုယ်ပေါ်တွင် ပွတ်သပ်ရှာနေစဉ်မှာပင် မမျှော်လင့်ဘဲ စကာ့ဒ်ဒုံးကျည်ထပြီး ပေါက်ကွဲခဲ့ရခြင်းဖြစ်သည်။

"ဟဲ့.... သောက် ပလုတ်တုတ်"

အမျိုးသမီးထောင်ကြပ် ဒေါ်ကြူကြူဆွေ မျက်လုံးမျက်ဆန် ပြူးသွားရုံမက ပါးစပ်မှပင် ယောင်ယမ်းအော်လိုက်မိသည်။ မဖြစ်ဘူး၊ မဖြစ်ဘူး။ ဒီကိစ္စ ထောင်မှူးဒေါ် ဘော်ဘီအေးကို အမြန်ဆုံးသတင်းပို့မှ။ ပထမ ဒေါ်ဘော်ဘီအေးလည်း ဘယ်ယုံမှာလဲ။

"ဟုတ်မှဟုတ်ရဲ့လားဒေါ်ကြူကြူဆွေရယ်၊ ခင်ဗျား စိတ်ထင်နေလို့များလား"

"သြော်..... ခက်ပါဘိတော့ ဆရာမရယ်၊ ကျွန်မအရူးမှ မဟုတ်ဘဲ။ ကျွန်မ သေသေချာချာကို...."

ဒေါ်ဘော်ဘီအေး လက်ကာပြလိုက်သည်။ တော်ပြီ၊ ရှေ့မဆက်နဲ့တော့။ နားလည်လိုက်ပြီဆိုသည့်သဘော။ ဒါတောင် ဒေါ်ကြူကြူဆွေက ကြက်သီးထသည့် ဟန် ပခုံးတွန့်ပြလိုက်သေးသည်။

"ကဲ အဲဒီကောင်မ၊ အဲလေ အဲဒီကောင်ကို ခေါ်ခဲ့စမ်းပါ"

မကြာမီ 'အကျင်(ခေါ်)ကျင်ကျင်သန်း အမျိုးသမီးထောင်မှူးရုံးခန်း ရောက် လာသည်။ အပြင်ပန်းအနေနှင့် လူပုံသဏ္ဌာန်ကိုကြည့်တော့လည်း တကယ့်ပီဘိ မိန်း ကလေးအစစ်နှင့် ဘာမှမခြား။ ဆံပင်အရှည်ကို တစ်ပတ်လျှိုထုံးလို့။ မျက်နှာပေါ်မှာ လည်း သနပ်ခါး၊ မိတ်ကပ်အဖွေးသားနှင့် ညကတည်းက ဆိုးထားသော နှုတ်ခမ်းနီနှင့် မျက်ခုံးကို ပြောင်အောင်ရိတ်ထားပြီး ဆိုးဆေးနှင့် ဆွဲထားပုံမှာလည်း သုံးရက်လ ခုံးမျက် စ နံနက်အိပ်ရာထ တခြားအမျိုးသမီးတွေ ပုံစံအတိုင်း။ အတွင်းက ဘာတွေခုခံထား သည်မသိ။ အဖုအထစ် အဖောင်းအကြွပေါ်မှာ ဘော်လီအင်္ကျီခံကာ အပေါ်ကမြန်မာဖြစ်

http://www.cherrythitsar.org



ပါတိတ်ဝမ်းဆက် ဝတ်လျက်။ ခြေသည်းလက်သည်းရဲရဲနီ။ အသားရောင်က မဖြူမညို။ ကိုယ်လုံးကိုယ်ထည် သေးသေးသွယ်သွယ်။ အသက်အားဖြင့် သုံးဆယ်တစ်ဝိုက်။

"ဟဲ့ကောင်မတွေ သွားကြစမ်း။ ဒါ ညည်းတို့အမေ့လင် မျောက်ပွဲပြနေတာ မဟုတ်ဘူး"

ထောင်မှူးရုံးခန်းပတ်ပတ်လည် အမျိုးသမီးအကျဉ်းသူတွေ တစ်ယောက်တစ်ပေါက်နှင့် ဝိုင်းလာကြသဖြင့် မိန်းမထောင်တန်းစီး ဒေါ်ကုလားမက နှုတ်လျှာကြမ်းကြမ်းနှင့် သံကုန်ဟစ် ပတ်ကြမ်းတိုက်ယူရသည်။ ဒါတောင် မိန်းမတို့ဓမ္မတာအတိုင်း မလှမ်းမကမ်းမှ ပြူတစ်ပြူတစ် ပွစိပွစိ။ လူရှင်းသလောက်ရှိမှ အမျိုးသမီးထောင်မှူး ဒေါ်ဘော်ဘီအေးက စစ်ဆေး မေးမြန်းရသည်။ သူမကတော့ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ပင်။

"ကဲ ဆိုစမ်းပါဦး။ ညည်းနာမည်၊ အေးလေ မင်းနာမည် ဘယ်သူ"

"အဟင့်၊ ကျင်ကျင်သန်းပါရှင့်။ မိတ္ထီလာတစ်ဈေးလုံး အို တစ်မြို့လုံးပါလေ အကျင်လို့ပဲ ခေါ်ကြပါတယ်ရှင်"

ဒေါ်ဘော်ဘီအေး စိတ်ရှုပ်ဟန်ဖြင့် ဦးခေါင်းကိုကုတ်လျက်

"တော်စမ်းပါကွာ၊ မင်းမိဘတွေပေးထားတဲ့ ယောကျ်ားနာမည်ရင်းကို ပြောစမ်းပါ"

"ဂျော်နီ ခေါ် မောင်ကျင်ထွန်းပါ"

အမျိုးသမီးထောင်မှူး နှာခေါင်းရှုံ့သွားသည်။ ရှုံ့မှာပေါ့။ သူ့နာမည်က ဘော်ဘီ။ ဒီကောင့်နာမည်က ဂျော်နီ။ ဘော်ဘီနှင့် ဂျော်နီ ခပ်ဆင်ဆင် ဖြစ်နေတာကိုး။အနီးတွင် ရပ်နေသော အမျိုးသမီးထောင်ကြပ် ဒေါ်ကြူကြူဆွေကတော့ ဘော်ဘီကို တစ်လှည့် အဓိပ္ပာယ်ပါပါ မျက်လုံးကစားလျက်။

"နေပါဦး၊ မင်းကဘာမှုနဲ့ ထောင်ဘယ်လောက်ကျလာတာလဲ"

"ကျွန်မယောကျ်ားကို ဓားထိုးမှုနဲ့ ထောင်နှစ်နှစ်ကျလာတာပါ"

"ဟင် မင်းမှာ ယောကျ်ားရှိတယ်"

"ရှိတာပေါ့ရှင့်။ ကလေးတောင် နှစ်ယောက်ရှိသေး။

"ဘာ..... ကလေးတွေရှိတယ် ဟုတ်လား။ ဘာလဲ မွေးစားထားတဲ့ ကလေးတွေပေါ့"

"မဟုတ်ပါဘူး။ ကျွန်မယောကျ်ား ကိုယ်တိုင် ဗိုက်ထဲမှာ ကိုးလလွယ် ဆယ်လ မွေးထားတဲ့ ကလေးတွေပါ"

"ဘယ်လို.... ဘယ်လို.... နင့်ယောကျ်ားက ကလေးမွေးတယ်ဟုတ်လား။ ဟာ ပြဿနာတော့ ရှုပ်ကုန်ပါပြီ။ လုပ်စမ်းပါဦး။ နင်က ဘယ်လိုလုပ် ယောကျ်ားရပြီး နင့်ယောကျ်ားက ဘယ်လိုကလေးမွေးတယ်ဆိုတာ အစအဆုံး ရှင်းပြစမ်းပါဦး"

http://www.cherrythitsar.org



"ဒီလိုပါ ဆရာမရယ်"

ဤတွင် ကြုံလေဘုံပွေ ရစ်ပလေ၏။ (Believe it or not) ကဲ.... မယုံချင်နေ ဆိုတာလို ထူးခြားဆန်းကြယ်လှတဲ့ လူ့လောကဇာတ်ခုံကြီးပေါ်မှာ ပြောမယုံ ကြုံဖူးမှသိ။ 'ရှိတော့ရှိတယ် ရှားတယ်'ဇာတ်လမ်းတစ်ပုဒ်၊ လန်ကြုပ်မဟုတ်။ ဇာတ်ရှုပ်ပကတိ အရှိကို အရှိအတိုင်း မေ–အကျွန်ုပ်သည်၊ ဇဝ်–ဤသို့၊ သုတံ–ကြားလိုက်ရ၏။ ဥပဓာရိတံ–ဆောင်လိုက်ရပါချေ၏။

ကျော်နီခေါ်ကျင်ထွန်းဆိုတာက မိတ္ထီလာမြို့နေ ဗိုလ်ကတော် ဒေါ်အေးကျင်၏ သား။ ဗိုလ်ကတော် ဆိုသော်လည်း ယခုခေတ် လူအများ နားလည်ထားသည့် စစ်ဗိုလ်ကတော်မဟုတ်။ လွတ်လပ်ရေးမရမီ ကျွန်ခေတ်က မိမိကိုယ်မိမိ ဗိုလ်အခေါ်ခံခဲ့သူအများသား။ သူတစ်ပါးတိုင်းပြည်ကို နယ်ချဲ့ကျွန်ပြုအုပ်ချုပ်ခဲ့သူ မျက်နှာဖြူတို့က လည်း သူတို့ကိုယ်သူတို့ ဗိုလ်တဲ့။ သခင်တဲ့။ နောက်ပြီး မီးရထားစက်ခေါင်းမောင်း သူက စက်ခေါင်းဗိုလ်၊ ရထားထိန်းက ဂါတ်ဗိုလ်၊ လမ်းအင်ဂျင်နီယာက လမ်းဗိုလ် ဆိုတာတွေ ရှိသေးသည်။ အဲဒီအထဲမှာ ဒေါ်အေးကျင်ယောကျ်ား မစ္စတာဒတ်စ်ဆိုတာ က စက်ခေါင်းဗိုလ်၊ ဗိုလ်ကြက်ချေး။ ဗိုလ်ကြက်ချေးလင်မယားက သမီးတွေမွေးလာ တော့ အေမီတို့၊ ဒေစီတို့ဖြစ်၊ အငယ်ဆုံးယောကျ်ားကလေးကျတော့ ကျော်နီ။ ဒါနဲ့ပဲ လူတွေပါးစပ်ထဲမှာတော့ ဗိုလ်ကတော်ဒေါ်အေးကျင်ရယ်လို့ နှုတ်ကျိုး ကျန်ခဲ့ပါလေရော။ အရင်းစစ်တော့ အမြစ်မြေက ဆိုတာလို ကျော်နီတစ်ယောက် မိန်းမစိတ်ပေါက်သွား တာက သူ့မိဘတွေအပြစ်။ ငယ်စဉ်က သူ့အစ်မတွေနဲ့အတူ မန္တလေး သာသနာပြု မိန်းကလေးကျောင်းတွင် ထားခဲ့ရာမှ မည်းနှင့်နီပါး အတူထားတော့ နီပါးမည်းစော်နံခဲ့ရခြင်း ဖြစ်၏။ ခွေးတောက် သရက်ပင်ချင်းယှက်၍ သရက်ပင်မင်း သီးချိုကင်းခဲ့ရခြင်းဖြစ်၏။ မိဘများ ကွယ်လွန်ပြီး အစ်မများ အိမ်ထောင်ရက်သားကျ၍ တစ်နယ်တစ်ကျေး ပြောင်းရွှေ့သွားတော့ ကျော်နီတစ်ယောက်တည်း အကျင်ခေါ် ကျင်ကျင်သန်းအဖြစ် မိတ္ထီလာတွင် သောင်တင်ကျန်ရစ်ခဲ့သည်။ မိတ္ထီလာဈေးထဲမှ ကျပန်းဈေးရောင်းဖြစ်သွား တာကတော့ သူ့မိခင်မျိုးရိုးလိုက်ခြင်းဖြစ်၏။ ဗိုလ်ကတော်ဒေါ်အေးကျင်သည် တစ်ချိန်က သာစည်ဘူတာတွင်ဈေးရောင်းရင်း စက်ခေါင်းဗိုလ်မစ္စတာဒတ်စ်နှင့် ဖူးစာဆုံခဲ့ကြသည် မဟုတ်လား။

"အကျင် ဈေးကောက်ဟေ့"

"ဈေးကောက်ကလည်း စောလိုက်တာ လွန်ပါရောတော်။ ဈေးဦးတောင် မပေါက်သေးဘူး"

"နင့်ဘာသာ ဈေးဦးပေါက်တာမပေါက်တာ ငါ့မသိဘူး။ ငါ့အလုပ်ငါလုပ်တာပဲ"

"နောက်တစ်ခေါက် လှည့်လာပါလား ဦးလူလေးရယ်"

http://www.cherrythitsar.org



"တော်စမ်းပါဟာ၊ ပိုက်ဆံလေး တစ်မတ်နဲ့ ပြန်ပြန်လာရတာ မလွယ်ဘူး။ လာပြန်တော့လည်း နင်က အကြွေမရှိဘူး လုပ်ပြန်ရော။ ရက်ကျော်ပေါင်းလည်း များပြီ"

"အကျင်တို့က ကုသိုလ်လည်းရ ဝမ်းလည်းရ ဆိုတာလို ဘုရားပန်းရောင်းတာပါနော်။ ဟိုဘက်က မုန့်ဆိုင်တွေနဲ့ တန်းတူကောက်တော့ အကျင်တို့ ပေးရတာများတောင် များသေး"

"ဟဲ့ ဒါတော့ နင့်ဘာသာနင် ဘာရောင်းရောင်းလေ။ ယူထားတဲ့ နေရာအကျယ်အဝန်းက အတူတူပဲဆိုတော့ တစ်ဈေးတည်း သတ်မှတ်ထားရတာပေါ့"

ဒီလိုနှင့် ဈေးကောက် 'ကိုလူလေး'တစ်ယောက် ဈေးတစ်ပတ်လည်သွားပြန်သည်။ အကျင်ထံ နောက်တစ်ခေါက် ပြန်ရောက်ချင်မှ ရောက်တော့သည်။ ဈေးကောက်ဆိုတာမျိုးက ဒီနေ့ချက်ချင်း ပေးလျှင်ပေး၊ မပေးလျှင် နောက်တစ်နေ့ ပြန်တောင်းလို့ရတတ်တာမျိုးမဟုတ်။ တကယ်တော့ ကိုလူအေးအနေနှင့် အကျင်ထံမှ ဈေးကောက်ခငွေတစ်မတ်ကိုလည်း သိပ်အလေးထားလှသည်မဟုတ်ပါ။ ဘေးလူတွေ မြင်ကောင်းကြားကောင်းအောင် စကားမရှိစကားရှာ ဟန်လုပ်ရန်တွေ့နေရခြင်းသာဖြစ်သည်။ အကြောင်းက ရှိသည်။ သူတို့ နှစ်ယောက်မှာ ကူလီကူမာ ဘာလိုလို ရှိးတိုးရိပ်တိပ်။

ကိုလူလေး ပုံပန်းသဏ္ဌာန်ကိုကြည့်ရအောင်။ အသက်အားဖြင့် သုံးဆယ်မပြည့်တတ်သေး။ ဒီဘက်ခေတ် ရှားရှားပါးပါး ဩှော်ကြိုးဇွေ ဘေးစောင်းထုံးထားတတ်သည်။ အတွင်းကစွပ်ကျယ်တစ်ထပ် ခပ်ကျပ်ကျပ်ခံ၍ အပေါ်က ရှပ်အင်္ကျီလက်ရှည် အမြဲဝတ်ထားကာ အင်္ကျီလက်ကြယ်သီး ဘယ်တော့မှမတပ်ဘဲ ဖိုးရိုးဖားရား။ခါးကလုံချည်ဝတ်တော့လည်း ဖရိုဖရဲ ပုံမကျပန်းမကျ။ ကွမ်းတဖတ်ဖတ်ဝါးလွန်းသဖြင့် သွားများ ညိုမည်းနေသည်။ စကားပြောသည့်အခါ အသံကခြောက်ကပ်ကပ်။

ကိုလူလေးနှင့် အကျင်တို့နှစ်ယောက် အကြိုက်ချင်းတူတာ တစ်ခုရှိသည်။

"အကျင်ရေ ဖောင်တော်ဦးဘုရားပွဲမှာ ရွှေမန်းတင်မောင်နဲ့ ကကိစိန်အပြိုင်တဲ့"

"စိန်လိုက်လေ ကြာသလားလို့။ ရွှေမန်းသုံးည၊ ကက်နက်စိန် သုံးညပေါ့။ ဖျာကောင်းကောင်းရအောင် ဦးလူလေး စိုက်ဝယ်ထားလိုက်နော်။ ခုနစ်ရက်ဖြစ်နေရင် တစ်သက်စိန်အတွက် တစ်ညပိုဝယ်လိုက်"

ဇာတ်ပွဲတို့ အငြိမ့်ပွဲတို့သာ မဟုတ်သေး။ ရုပ်ရှင်ဆိုလျှင်လည်း အလွတ်မပေး။ ရုပ်ရှင်ရုံနှစ်ရုံ ကားလဲတိုင်း အတူကြည့်ကြသည်။ သူတစ်လှည့် ကိုယ်တစ်လှည့် ဒကာခံကြေး။ ဝင်းဦးကားဆိုလျှင် နှစ်ထပ်ကွမ်းပင် ကြည့်ဖြစ်တာများသည်။ အိုးချင်းထားအိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိသတဲ့။ ရှေးလူကြီးသူမများ အလွန်လေးစားကြည်ညိုဖွယ်ရာကောင်းလှသည်။ ထားရစ်ခဲ့တဲ့စကားတွေ မှတ်သားလောက်စရာတွေချည်း။ ရိုးရိုးကြိုးချင်းငြိတာက အကြောင်းမဟုတ်။ လိမ်တွန့်ရှုပ်ထွေးပြီး အမယ်ဘုတ်သူ့ချည်ခင် ဖြစ်ရုံထက် မပိုနိုင်။ ဒီဘက်ခေတ် လျှပ်စစ်ကြိုး အဖိုနှင့်အမနှစ်ချောင်း

http://www.cherrythitsar.org



ငြိမ်ကြပြီဆိုလျှင် မီးပွင့်ပြီပေါ့။ သြော်.... ကိုလူလေးကို ယောကျ်ားအစစ် ထင်လို့လား။ လုံးဝမဟုတ်ပါခင်ဗျား။ သူကယောကျာ်းလျာလေ။ နာမည်ရင်းက မစိန်ကြည်၊ တောမရွာဇာတိ။ သူ့ကျတော့ ဘယ်လိုကဘယ်လို မိန်းမစင်စစ်က ယောကျ်ားဖြစ်လာတယ် မသိ။ ဘဝ ဘဝက ဝိပါတ်ဝဋ်လို့သာ ဆိုစရာအကြောင်းရှိတော့သည်။

ကိုရွှေဖူးစာ နတ်ရေးတို့များ တာဝန်ကျေပါပေ့။ တာဝန်ကျေသည့် ဟိုဘက်နှစ်ဘူတာလောက် လွန်လိုက်သေးသည်။ ကြည့်ပါဦး.... မိန်းမလျာနှင့် ယောကျ်ားလျာနှစ်ဦးကိုလည်း သူတို့ဘာသာသူတို့ အေးအေးမနေရ။ နှစ်ပါးဂဟေဆက်လို့ ပေါင်းဖက်မိသည်။ မပေါင်းဖက်လို့လည်းမရတော့။ ယောကျ်ားလျာ ကိုလူလေးမှာ ဂဗ္ဗသေယျပုနာရေတိ ကိုယ်ဝန်ရှိလာမှကိုး။ အဲဒီမှာ ပြဿနာတစ်ခုနှင့် ခိုးလိုးခုလု ထိပ်တိုက်သွားတွေ့သည်။ ကိုလူလေးမှာ လူသိရှင်ကြား တရားဝင်ယူသည့် မယားကြီးရှိပြီးသား။ သူမက ငါးစိမ်းသည် 'မတင်ရွှေ'၊ သူတို့နှစ်ယောက် တစ်အိမ်တည်းအတူနေကြသည်။ လေးငါးနှစ်ပင်ကြာခဲ့ပြီ။ ဘာပြဿနာမှမရှိ။ ဘယ်ရှိမလဲ၊ ငြိသည့်ကြိုးနှစ်ချောင်းက အမတွေချည်းပဲ။ လျှပ်စစ်မီးတို့မည်သည် အဖိုနှင့်အမပေါင်းစပ်မိမှ ဖျတ်ခနဲလင်းလာတတ်တာ မဟုတ်ပါလား။ ဖျတ်ခနဲလင်းလို့ ကိုလူလေးတစ်ယောက် မဖုံးနိုင်မဖိနိုင် ဖြစ်လာတော့ အိမ်ထဲကအိမ်ပြင် မထွက်ဝံ့တော့။ အကျင်ကိုလည်း ပြောင်ပြောင်တင်းတင်းပင် အိမ်ပေါ်ခေါ်တင်ထားလိုက်ရပြီ။ အပြင်ပန်းကကြည့်လျှင် ဈေးကောက်ကြီး ဦးလူလေးမှာ မိန်းမနှစ်ယောက်နှင့်အမြိုင့်သား။ သို့သော် အဲဒီဦးလူလေးကြီး မယားနှစ်ယောက်ကြား ဗျာများပြီး အိမ်တွင်းပုန်းကလေးမွေးနေရတယ်ဆိုတာ့ အရပ်ရပ်နေပြည်တော်ကြားလို့မှမလျော်။

ကြားလို့တော်တာမတော်တာ အပထား။ သဘာဝတရားကို မလွန်ဆန်နိုင်ကြသည့် ကိုလူလေးနှင့် အကျင်တို့နှစ်ယောက် အစရှိအနောင်နောင် ဆိုတာလို သမီးတစ်ယောက် သားတစ်ယောက်ပင် မွေးဖွားပြီးခဲ့ကြပြီ။ ခက်တာက ထိုအချိန်ထိ သူတို့နှစ်ယောက်၏ စိတ်ဓာတ်များ ပင်ကိုသဘာဝအတိုင်း ပြန်မရောက်သွားကြသေးခြင်းပင်ဖြစ်သည်။ ဒီတော့ သူတို့မွေးထားတဲ့ ကလေးနှစ်ယောက်ကို မိန်းမစိတ်ဓာတ်အပြည့်အဝရှိနေသူ မတင်ရွှေကပင် လူလားမြောက်အောင် မွေးကျွေးပြုစု ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်ဆို၏။ တစ်လိမ်နှစ်လိမ် ပွေလိမ်ရှုပ် အမယ်ဘုတ်ကယ် သူ့ချည်ခင်ပမာဃရာဝါသ သမ္မန္ဓဟု ကိစ္စများမြောင် လူတို့ဘောင်ဝယ် အိမ်ထောင်သက်မွေး ခြနှယ်မြေးသား ဆိုဘိသကဲ့သို့ ဂျော်နီခေါ်အကျင်က သူ/သူမတို့၏ အေအိုင်ဒီအက်စ်အကယ်ဒမီဇာတ်လမ်းကို ဖြစ်ကြောင်းကုန်စင် နတ်သံနှော၍အဆုံး၊ ဒေါ်ဘော်ဘီအေးက

"ဒါနဲ့ဘယ်လိုလုပ် ဓားထိုးမှုက ဖြစ်ကြရတာတုန်း"

"အလကားပါ ဆရာမရယ်။ ဒီလူကြီးက သက်သက် သဝန်ကြောင်တာပါ"

"ဟဲ့.... ဘယ်လူကြီးလဲ"

"ဘယ်သူရှိရဦးမလဲ အကျင့်ယောကျ်ား ဦးလူလေးကြီးပေါ့။ သူက အကျင်နဲ့

http://www.cherrythitsar.org



မတင်ရွှေတို့ကို မသင်္ကာဖြစ်သတဲ့လေ”

“ဘာပြုလို့ မသင်္ကာရတာလဲ”

“မတင်ရွှေက သူ့ဘာသူ ကားစပယ်ယာတစ်ယောက်နဲ့ဖြစ်ပြီး ကိုယ်ဝန်ရှိတာကို အကျင်နဲ့စွပ်စွဲတယ်။ တစ်နေ့လာလည်းဒီအကြောင်း၊ တစ်နေ့လာလည်းဒီအကြောင်း မူးမူးပြီးရမ်းလွန်းလို့ မှတ်လောက်သားလောက်အောင် ဓားနဲ့ထိုးပစ်လိုက်တာပါ။ ကျွန်မ အသေမလုပ်ပါဘူး။ ဒါကြောင့် ထောင်နှစ်နှစ်တည်း ကျခဲ့တာပေါ့”

“နို့၊ မတင်ရွှေနဲ့ညည်းတို့ကကော တကယ်ငြိစွန်းခဲ့ကြလို့လား”

“ကြံကြံဖန်ဖန် ဆရာမရယ်၊ ဘယ်ကလာ ဟုတ်ရမှာလဲ။ မဟုတ်လို့လဲ အခု ကျွန်မ အမှုဖြစ်နေတုန်း သူ့ကောင် စပယ်ယာနောက် လိုက်ပြေးသွားပါပြီ”

ဂျော်နီ့ ဇာတ်လမ်းကတော့ ဒီမှာဆုံးပါပြီ။ သို့သော် ဒေါ်ဘော်ဘီအေး ဇာတ်လမ်းကတော့ ခုမှအစ။ သူမနာမည်ကြည့်လေ၊ ဘော်ဘီဆိုတာ မိန်းမနာမည်မှမဟုတ်ဘဲ။ ယောကျ်ားနာမည်ကြီး၊ ငယ်စဉ်ကတည်းက ယောကျ်ားစိတ် မသိမသာဝင်နေ၍ သူ့ကိုယ်သူ ဘော်ဘီအေးဟု ခံယူထားသူ။ တရားဝင်အမည်က ဒေါ်အေးအေးတင့်။

ဒေါ်အေးအေးတင့် ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာ ချမှတ်လိုက်ပါပြီ။ ရှမ်းတရုတ်မလေး လီလီယန်းနှင့် မိမိတို့၏ ဇာတ်လမ်းကို ရပ်တန်းကရပ်လိုက်မှပါကလား။

သြော်.... မေ့နေလို့ ပတ်စာခွာ ဖျာသိမ်းဖို့ ကျန်နေသေးတယ်ဗျို့။

ဂျော်နီခေါ် အကျင်အား ထောင်မှလက်ခံစဉ်က တာဝန်ပေါ့လျော့သူ ဝန်ထမ်းများကို စစ်ဆေးအရေးယူပြီးနောက် ဂျော်နီတစ်ယောက် ယောကျ်ားထောင်ဘက်သို့ မပြောင်းချင်ဘဲ ပြောင်းခဲ့ရကာ အခြားမိန်းမလျာများနှင့်အတူ တိုက်ပိတ်ခံခဲ့ရလေသတည်း။

မှတ်ချက်။ ။အထက်ပါ ဇာတ်လမ်းမျိုး တကယ်ရှိပါသလား မမေးပါနှင့်။ မြို့ တစ်မြို့မှာ တကယ်ရှိခဲ့ဖူးပါသည်။ သို့သော် မိတ္ထီလာမှာတော့ မဟုတ်ပါ။

■

http://www.cherrythitsar.org

# ၇၃

အေအိုင်ဒီအက်စ် နန်းစတော့ စီးရီးကဖြင့် ဘရိတ်အုပ်လို့ သိပ်မရချင်သေး။ သဒ္ဒါလွန်းဆွမ်းတော်တော်ရပ်ဆိုတာလို၊ တစ်ခွေစာနှင့် အပြတ်ဖြတ်တော့မည်ဆိုကာမှ နောက်ထပ်ကာရန်တွေ နဘောတွေ ရစ်သမ်တွေက ဆီလိုအပေါက်ရှာပြီး ဝင်ဝင်လာသေးသည်။ သို့သော် ဒီတစ်ခေါက် အကောင်းဘက်ကပါ။ ဗုဒ္ဓဘာသာ သာသနာ ရောင်ဝါနေသို့ ထွန်းသည့် ပြည်ထောင်စုဖွား မြန်မာနိုင်ငံ တိုင်းရင်းသားတို့ ကမ္ဘာ့အလယ် ရင်ကိုကော့ခေါင်းကိုမော့ပြီး ထည်ထည်ဝါဝါ ဂုဏ်ယူဝင့်ကြွားနိုင်မည့် စီးရီးတစ်ခွေပါ။

ကြည့်လေ။ ဒီကနေ့ ကမ္ဘာ့အရှေ့အနောက် နိုင်ငံကြီး တော်တော်များများက နိုင်ငံ့ခေါင်းဆောင်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးတစ်ချို့ လိင်ကိစ္စနဲ့ ပတ်သတ်ပြီး လူပုံအလယ်မှာ ဘယ်လောက်အထိ အရှက်ရနေကြတယ်ဆိုတာ အရပ်ရပ်နေပြည်တော် ကြားလို့မှ မလျော်။ လိင်ကိစ္စအမှုပွေလို့ ရာထူးကနုတ်ထွက်ရတဲ့ ဝန်ကြီးချုပ်တွေရှိသလို၊ ပါလီမန်ထဲအထိ အပြာမယ်က တက်သရမ်းလိုသရမ်း၊ တရားစီရင်ရေးမှာ အကြီးအကဲလုပ်မယ့်သူက အပြာကိစ္စကြောင့် အမှုဆိုင်လို ဆိုင်ရ၊ အမယ်ဘုတ်ကဲ့ သူ့ချည်ခင် လိင်ကိစ္စအမှုပွေလိုက်ပုံများ ပြောမဆုံးပေါင်တောသုံးထောင် ဆိုသလိုပါပဲ။ မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံမှာတော့ ဒီလိုကိစ္စမျိုး ဝေလာဝေး။ ဗုဒ္ဓဘာသာအယူဝါဒ အထွန်းကားဆုံးနိုင်ငံတစ်ခုဖြစ်သည့်အပြင် ဟီရိသြတ္တပ္ပဆိုတဲ့ အရှက်နှင့် အကြောက်တရား မဏ္ဍိုင်နှစ်ခုခိုင်ခိုင်ကြီးစိုက်ထူထားနိုင်တော့ သူတို့နိုင်ငံတွေလို မျက်စိရှက်စရာ နားရှက်စရာ အစွန်းအထင်းရယ်လို့ ကင်းကင်းရှင်းရှင်း ဗလာနတ္ထိ လုံးဝမရှိ။

ထောင်စာရေးဆရာပီပီ ထောင်လောကကိုပင် သက်သေထားပြီး ယုံကြည်အောင် ပမာပြု၍ သာဓကဆောင်ပါမည်။

"ဝ့ပ်တ်စ် ရောင်း ဒစ်"

(What's wrong, Dick)

"အိုး....ဘူးလ်ရှစ်၊ ဆိုဒိုမီကေ့စ်"

(Oh!bull shit, Sodomy case.)

ထောင်မှူးမောင်မောင်တို့ အလုပ်ဝင်စ၊ အချိန်ကာလအားဖြင့် မြန်မာနိုင်ငံကြီးလွတ်လပ်ရေးရပြီးသည်မှာဘာမျှမကြာသေး။သည်တော့ အင်္ဂလိပ်အစိုးရလက်ထက်က ကျွန်အငွေ့အသက်တွေ အစိုးရဌာနတိုင်းမှာ အများကြီးကျန်နေသေးသည်။ အခြားအခြားသော ဌာနတွေထက် အကျဉ်းဌာနက ပိုဆိုးသည်။ သူက(divide and rule) တိုင်းရင်းသားတွေကို သွေးခွဲပြီး အုပ်ချုပ်ရမှာဆိုတော့ ထောင်မှူးထောင်ပိုင်ထဲမှာ မြန်မာဆိုတာ ခပ်ရှားရှား။ အင်္ဂလိုဘားမားတို့ အင်္ဂလိုအင်ဒီယန်းတို့သာများသည်။ထောင်ဝါဒါဆိုလျှင်လည်း ပေါင်းထုပ် ပါတာနှင့် မပါတာသာခြားသည်။ အားလုံးနီးနီး ကုလားတွေချည်း။ သို့ဖြစ်၍ အင်္ဂလိပ်ခေတ်ကထောင်မှူးများ ဟိန္ဒူစတန်နီစကားမတတ်လျှင် အမြဲတမ်းမရ။ နစ်တိုးခံစားခွင့်မရှိ။ ကုန်ကုန်ပြောရလျှင် ထောင်ဝါဒါများ ဂျူတီခွဲသည့် (Guard Book) ခေါ် စာအုပ်ကြီးထဲတွင် အင်္ဂလိပ်စာနှင့်တွဲလျက် ဟိန္ဒူစတန်နီ စာများယှဉ်တွဲပုံနှိပ်ထားရသည်။ စကားပြောတော့လည်း ကပြားတွေများတော့ ဘိုလိုပင်မှုတ်ကြရသည်။ ထောင်မှူးမောင်မောင်နှင့် မစ္စတာအင်အေဖတ်တို့ ထောင်ဖွင့်ရာမှအပြန် ထောင်ဖွင့်စားပွဲတွင်ထိုင်နေသော မစ္စတာဒစ်ကီဆိုင်းမွန်းကို ဖတ်က ဘာဖြစ်နေတာလဲဟု မေးရာ၊ဒစ်ကီက Sodomy case ဖြစ်ကြောင်း ပြန်ပြောခြင်းဖြစ်၏။

ထောင်ဖွင့်စားပွဲအနီးတွင် အကျဉ်းသားတစ်ယောက်ကို အမှုထမ်းသုံးလေးယောက်က ဝိုင်းပြီး နားပန်ကျင်းနေကြသည်။ အကျဉ်းသားမှာ အသက်သုံးဆယ်ကျော်လေးဆယ်တွင်း ဖြစ်၏။ မလှမ်းမကမ်းတွင်လည်း အကျဉ်းသား ခပ်ရွယ်ရွယ် တစ်ယောက် ပုံစံထိုင်၍ ခေါင်းအောက်ငုံ့ထားသည်။ ထိုအချိန်ထိ Sodomy ဆိုသောစကား၏ အဓိပ္ပာယ်ကို ထောင်မှူးမောင်မောင် မသိသေး။ သို့ဖြစ်၍ အနီးတွင် ရှိနေသည့် ထောင်မှူး ဦးလွန်းဖေကို မေးကြည့်ရသည်။

"အစ်ကိုကြီး ဆိုဒိုမီဆိုတာဘာလဲ"

"အိုးစားဆွယ်တာကို ပြောတာလေ"

အဲဒါမှ ခွပဲ။ ကျောင်းမှထွက်စ ဗဟုသုတမကြွယ်သေးသူအနေနှင့် အိုးစားဆွယ်တယ်ဆိုတာကိုလည်း ကြားဖူးနားဝမရှိ။ သို့သော် ထပ်မေးလို့လည်း မကောင်းတော့သည်နှင့် သိသလိုလို မသိသလိုလို ဟန်လုပ်ပြီး အခြေအနေကို စောင့်ကြည့်နေလိုက်ရသည်။

http://www.cherrythitsar.org



"ဟေ့ကောင် မောင်မြင့် မှန်မှန်ပြောစမ်း။ မင်း အကျင့်ယုတ်ပြန်ပြီမဟုတ်လား"

ဂျမဒါကြီးခေါ် ထောင်ကြပ်အုပ်နာရေးဆင်မှာ မြန်မာရည်ကော ထောင်ရည်ကော အရည်ကျိုသောက်ထားသလို ကမ္ဘဝါဖတ်မည့်သူ။

"ကျွန်တော်မဟုတ်ပါဘူး ဆရာနားရယ်"

မောင်မြင့်ဆိုသူ အကျဉ်းသား၏ စကားမဆုံးမီ နာရေးဆင်က ဖိနပ်ဖြင့် နံဘေးကန်လိုက်ရာ အွန့်ခနဲ မြည်သွားသည်။

"ဘာမဟုတ်ရမှာလဲ၊ အရင်တစ်ခါ နင်လမ်းမတော်က ကောင်လေးနဲ့ဖြစ်လို့ တိုက်ထဲမှာ မြက်စားရပြီးပြီမဟုတ်လား"

နာရေးဆင်က ခေါင်းငုံ့၍ ပုံစံထိုင်နေသော အကျဉ်းသား လူရွယ်ဘက်သို့ လှည့်၍ မေးပြန်သည်။

"ဟဲ့ကောင်လေး၊ နင့်နာမည်ဘယ်သူ"

လူရွယ်အကျဉ်းသားမှာ အသက်ဆယ့်ရှစ်နှစ်ခန့်သာ ရှိသေးသည်။ အသားဖြူဖြူ ပိန်ပိန်ပါးပါး ကိုယ်ဟန်နွဲ့နွဲ့ မိန်းမချော ချောသူဖြစ်၏။

"မြအောင်ပါ"

"နင့်ကို ဟိုကောင် တန်းစီးမောင်မြင့်က ဘာလုပ်သလဲ မှန်မှန်ပြောစမ်း"

လူရွယ်အကျဉ်းသားမြအောင် ဆိုသူက တန်းစီးမောင်မြင့်ဘက်သို့ မရဲတရဲ လှည့်ကြည့်လိုက်သည်။ သူ့ခမျာ အတော်လေး ကြောက်ရွံ့နေပုံရသည်။

"သူ သူ ကျွန်တော့်ကို"

"ပြော၊ ဘာမှမကြောက်နဲ့ ဒီကောင် အခု တန်းစီးမဟုတ်တော့ဘူး။ သူ့ခေါင်းက ဦးထုပ်အနက်ကို ချွတ်ပစ်လိုက်ပြီ"

ထိုအခါကျမှ မြအောင် အနည်းငယ် အကြောက်ပြေသွားပုံရသည်။ ဒါတောင် သူ့အသံက ပုံမှန်မဟုတ်။ တုန်တုန်ယင်ယင်။

"အဲဒီအစ်ကိုကြီးက ကျွန်တော်ထောင်ထဲဝင်ဝင်ချင်း မင်းဘယ်ကလဲတဲ့။ကျွန်တော်က ပဲခူးချောင်းဆေး မကြက်ကြီးကပါဆိုတော့ မင်းနဲ့ငါနဲ့ တစ်နယ်တည်းသားပဲတဲ့"

ထောင်မှူး ဒစ်ကီဆိုင်းမွန်းက ကြားဖြတ်၍၊

"ဟေ့ကောင် မောင်မြင့်၊ မင်းက ဒလဘက်ကမဟုတ်လား"

"ဟုတ်ပါတယ် သခင်"

"ဒလနဲ့ ပဲခူးမကြက်ကြီး ဘယ်လိုလုပ် တစ်နယ်တည်းသား ဖြစ်နေရပြန်တာလဲကွ"

မောင်မြင့် ပြန်မဖြေဝံ့။ နာရေးဆင်က နောက်ကျောကို ပိတ်ကန်လိုက်ရာ ရှေ့သို့ အလျားထိုးလဲကျသွားသည်။

http://www.cherrythitsar.org


"ပြောလေ ငမြင့်"

ထိုအချိန်က အကျဉ်းသားကို 'မောင်' မတပ်ဘဲ 'င'တပ်၍ ခေါ်သည့် အကျင့် မပျောက်သေး။ တရားရုံးများတွင်လည်း စီရင်ချက်ထဲ 'မောင်'မတပ်ဘဲ 'ငဘ'တို့ 'ငတင်' တို့ပင် တပ်၍ သုံးနှုန်းနေဆဲ။ မောင်မြင့် နောက်တစ်ချက် အကန်မခံရမီ အမှန်အတိုင်း ဖွင့်ပြောရ၏။

"မြအောင်က သူ့ဆီမှာ ငွေဒင်္ဂါးနှစ်ပြား အလုံသွင်းလာတယ် ဆိုလို့ပါ"

ဒစ်ကီက မြအောင်ဘက်သို့လှည့်၍

"သူပြောတာ ဟုတ်သလား"

"ဟုတ် ဟုတ်ပါတယ် သခင်။ ကျွန်တော်တို့ရွာက ထောင်ထွက် ကိုညိုကြီး က မင်းထောင်ထဲကျရင် သက်သာအောင် ငွေဒင်္ဂါးနှစ်ပြားမျိုသွားဆိုလို့ ဝက်မလွတ် ငှက်ပျောသီးထဲ ထည့်မျိုခဲ့ရတာပါ"

"မင်းက ဘာမှုနဲ့ ထောင်ဘယ်လောက် ကျတာလဲ"

"ကျွန်တော့်မိထွေးရဲ့ ရွှေကြယ်သီးတစ်လုံး ခိုးပြီးရောင်းမိလို့ ထောင်ခြောက် လ ကျလာတာ"

ရှေးခေတ်က ထောင်ထဲသို့ ဝင်လာသော လူသစ်များ ဒင်္ဂါးပြားများ မျိုခဲ့လေ့ရှိ ကြသည်။ ဒါကို အလုံသွင်းသည်ဟု ခေါ်၏။ မောင်မြင့်က လူသစ်ဘုတ်ကိုင်ဆိုတော့ ထောင်ထဲမှာ ဆားခါးတိုက်၍ အညစ်အကြေးများနှင့်အတူ ကျလာသော ငွေနှစ်ကျပ်ကို ဖြောင်ပြီးပြီ။ ထိုစဉ်က ထောင်ထဲမှာ ငွေနှစ်ကျပ်၏ တန်ဖိုးမှာလည်း မသေးလှ။

"အင်း ဆက်ပြောစမ်းပါဦး"

"ထောင်ထဲ ရောက်ကတည်းက အဲဒီအစ်ကိုကြီးနဲ့ အတူနေ အတူအိပ် အတူ စားခဲ့ရပါတယ်။ အလုပ်လဲ ပင်ပင်ပန်းပန်း မလုပ်ရပါဘူး။ သူ့အဝတ်အစား လျှော်ဖွပ် ပေး သူညောင်းတယ်ဆိုရင် နင်းနှိပ်ပေးတာလောက်ပါပဲ။ အသားနေ့မဟုတ်ဘဲ နေ့တိုင်း အသားရောထားတဲ့ အကြဲအဖန်ဟင်းနဲ့ ထမင်းကောင်းကောင်း စားရပါတယ်။ မုန့်ပဲ သရေစာဆိုရင်လည်း သူက လူသစ်ဘုတ်ကိုင်ဆိုတော့ ဟိုလူ့ဆီကနည်းနည်း ဒီလူ့ဆီ က နည်းနည်း စုံအောင် မပြတ်စားရပါတယ်။ နောက်ပြီး သူတိုက်တဲ့ ဆေးလိပ်သောက် ကြည့်တော့လည်း စိမ်းရွှေရွှေနဲ့ တစ်မျိုးကြီးပဲ။ အဲဒါ တခြားအကျဉ်းသားတွေမေးကြည့် တော့ အထဲမှာနွားပါတယ်လို့ ပြောပါတယ်။ နွားဆိုတာ ဘာမှန်းကျွန်တော်မသိပါဘူး"

ထောင်ထဲမှာ ဆေးခြောက်ကို နွားဟုခေါ်ကြောင်း သူ့ခမျာမသိရှာသေး။

"အဲဒါ မနေ့ညက လျှပ်စစ်မီးတွေ ပျက်တော့မှ သူ့အကြံကို ကျွန်တော် သိ ရတာပါ။ သူ သူကျွန်တော့်ကို...."

ထောင်မှူး ဒစ်ကီဆိုင်းမွန်းက နာရားဆင်ဘက်သို့လှည့်၍၊

"နာရားဆင် ဆဲလ်ဘန်းကရိုး"

http://www.cherrythitsar.org



ထောင်ကြပ်အုပ်နာရားဆင်က မောင်မြင့်၏နားရင်းကို တစ်ချက်အုပ်လိုက်ပြီး၊

"လာခဲ့ နွားကောင်၊ နင့်ကို တိုက်ထဲမှာ မြက်ကျွေးမယ်၊ ကော်ဖီတိုက်မယ်"

တိုက်ထဲတွင်တိုက်မည့်ကော်ဖီမှာ ကျင်ငယ်ရည်ဖြစ်ကြောင်း မောင်မြင့် အထာကျွမ်းပြီးဖြစ်၏။ ထောင်မှူးမောင်မောင် ဒါလောက်အထိတော့ မအသေးပါ။ အရိပ်ပြလို့ အကောင်မထင်တာမဟုတ်။ အကောင်ကြီးတစ်ကောင်လုံးမြင်နေမှ အရိပ်လောက်ထင်လာခြင်းဖြစ်၏။ ပိုပြီးသေချာအောင် အိမ်ပြန်ရောက်တော့ အင်္ဂလိပ်မြန်မာ ဦးထွန်းငြိမ်း အဘိဓာန်ကို လှန်ကြည့်ရသည်။ တွေ့ပါပြီ၊ Sodomy ဆိုတာ ယောကျ်ားချင်း မေထုန်ဆက်ဆံခြင်း၊ တိရစ္ဆာန်နှင့် မေထုန်သံဝါသပြုခြင်းတဲ့။ ဒီလိုဆိုတော့ ထောင်ဝေါဟာရ အိုးစားဆွယ်တယ်ဆိုတာကမှ ပိုပြီးနားဝင်ချိုသေး။ ဝေါဟာရတီထွင်ကြသူများ အလွန်ချီးကျူးဖို့ကောင်းပါသည်။ ခုကြည့်ပါ။ အိုးစားဆွယ်သတဲ့။ မှန်လိုက်လေ၊ လူဆိုတာ ဘယ်နေရာရောက်ရောက် ကြိုက်မရှက် ငိုက်မရှက် ငတ်မရှက် မဟုတ်လား။ ထောင်ထဲမှာလည်း ငတ်မရှက်သူများ တော်ရုံတန်ရုံ စိတ်အားနွဲ့သူတို့ သူတို့အလိုလိုက်ရပြီပေါ့။

အရင်းစစ်တော့ အမြစ်မြေက ဆိုတာလို ဒါတွေဟာ သူတစ်ပါးနိုင်ငံကို ကျွန်ပြုအုပ်ချုပ်လိုတဲ့ နယ်ချဲ့အင်္ဂလိပ်ရဲ့ ဖြုရိုကရက် အမွေဆိုးများဖြစ်ကြောင်း နောက်ပိုင်းမှာ အဖြေပေါ်လာပါလိမ့်မည်။ ဆက်သာ ဖတ်ကြည့်ပါ။

တစ်ခါက ကြုံခဲ့ရပုံများ တွေးကြည့်လျှင် အင်မတန်ရင်နာစရာ ကောင်းပါသည်။ သားအဖ အရင်းခေါက်ခေါက် အဖေက ထောင်ထဲအရင်ရောက်နေသည်။ သားက နောက်မှဝင်လာသည်။ သို့သော် သားဖြစ်သူနီတာရဲဘဝက မိဘနှစ်ပါး ကွဲကွာသွားခဲ့ကြသဖြင့် သားကလည်းအဖေကိုမသိ၊ အဖေကလည်း သားကိုမသိ။ အဖေက လူဆိုးဓားပြ လူရှုပ်လူပွေ၊ ထောင်ကို ခြင်ထောင်နှင့်မခြား ဝင်လိုက် ထွက်လိုက်လုပ်နေသူ ထောင်လက်ကောက်။ အပြင်မှာရော ထောင်ထဲမှာပါ မဟုတ်တာ မကောင်းတာမှန်သမျှ ဘာတစ်ခုမှအလွတ်မပေးတတ်သည့် ဒုစရိုက်သမားသက်သက်။ သားအရင်း ခေါက်ခေါက်ကို ထောင်ထဲမှာတွေ့တော့လည်း မိမိသားမှန်းမသိဘဲ မဟုတ်တမ်းတရမ်း ကြံမိတာလည်းအမှန်။ သို့သော် မိဘအမည် နေရပ်လိပ်စာ မေးမြန်းစုံစမ်းကြည့်လိုက်တော့ မိမိသားအရင်းဖြစ်နေသည်။ 'ငါမင်းအဖေပါကွာ'ဟု ဖွင့်ပြောလိုက်ချင်ပါသည်။ သို့ပေမယ့် သားဖြစ်သူ ပြောတဲ့စကားကိုလည်း နားထောင်ကြည့်ပါဦး။

"အဖေသေပြီလို့ အမေက ပြောတာပဲ။ မသေလို့ အပြင်မှာ တစ်ကယ်ရှိနေရင်လည်း မတွေ့ချင်ပါဘူးဗျာ။ အဖေ့ဝတ္တရားမှ မကျေပွန်တဲ့အဖေပဲ။ မိဘဝတ္တရား ငါးပါးရှိတာ သူတစ်ပါးမှ မကျေပွန်လို့ ကျွန်တော်တို့သားအမိမှာ ဒုက္ခသုက္ခတွေ ဗရပွနဲ့ အခုလို နောက်ဆုံး ထောင်ထဲရောက်လာရတာပေါ့"

မထွေးနိုင် မမျိုရက် အဖေလူဆိုးကြီး ရင်ကျိုးရလေပြီ။ ဩော်... သူ့အမေ ပြောထားတဲ့စကားတွေကို တစ်ဖက်သတ်နားဝင်နေမှကိုး။ အေးလေ၊ ပြောမယ်ဆိုလည်း

http://www.cherrythitsar.org



ပြောစရာ။ ငါကလည်း လူကောင်းတစ်ယောက်မဟုတ်။ ခုပဲကြည့်၊ မကြံစည်ရာကို ကြံစည်မိပြီ မဟုတ်လား။ ယင်းကဲ့သို့ ကြံစည်ကြောင်းကို သားက ရိပ်မိတန်သလောက် ရိပ်မိထားသည်။ ထို့အပြင် သူ့အကျင့်ဆိုးတွေကို အခြားအကျဉ်းသားတွေထံမှ သိခဲ့ရသဖြင့် သတိဝီရိယနှင့်နေနေရသည်။ ကံဆိုးချင်တော့ ချမ်းအေးသောညတစ်ည၊ အဖေက သားဖြစ်သူကို စောင်ကလေးဆွဲခြုံပေးရာ၊ သားက အထင်လွဲပြီး လိုလိုမည်မည် အသင့်ဝှက်ထားသော ကျောက်ခဲထည့်ထားသည့် အဝတ်ထုပ်ဖြင့် ခေါင်းကို ထုလိုက်သည်။ အဖေ ထောင်တွင်းဆေးရုံအရောက် သေဆုံးသွား၏။ သေပြီးမှ သူ့အဖေ မသေခင် ပြောသွားသဖြင့် သူ့အဖေအရင်းခေါက်ခေါက်ဖြစ်နေမှန်း ကြေကွဲဖွယ်ရာ သိလိုက်ရသည်။ ဤသည်မှာ စိတ်ကူးယဉ် လုပ်ကြံဖန်တီးထားသော ဇာတ်လမ်း ဇာတ်ကွက် မဟုတ်။ တကယ့်အဖြစ်အပျက်။

အဲဒီဇာတ်လမ်းဇာတ်ကွက်ကလေးကိုပင် ထောင်ထွက်အကျဉ်းသားများနှင့် ပတ်သတ်ပြီး စာပေဗိမာန်မှ အရေးခိုင်း၍ ရေးရသော 'ဖိုးထောင်'ဝတ္ထုထဲတွင် ထည့်ရေးခဲ့ဖူးသည်။ မကြာသေးမီက ခင်စပယ်ဦး ဗွီဒီယိုထုတ်လုပ်ရေးမှ ဒါရိုက်တာ ထူးကျော်က သီဟတင်စိုး၊ နွဲ့နွဲ့မူ၊ မေသဥ္ဇာဦးတို့နှင့် နှစ်ကားတွဲရိုက်ထားပြီးဖြစ်သည်။

ကိုင်း.... ကောက်ကြောင်းဆွဲပြီး အီကွေးရှင်းထုတ်ကြည့်ရအောင်။ ထောင်မှူး မောင်မောင်တို့ အလုပ်ဝင်စက ဆိုဒိုမီအမှုတွေ အများကြီး အများကြီး တွေ့ခဲ့ရသည်။ ဖောခြင်းသောခြင်း တွေ့ခဲ့ရသည်။ ဆိုဒိုမီတွေ အများကြီး။

ဆယ်စုနှစ်တစ်နှစ်ကျော်၍ ထောင်မှူးကြီးဖြစ်လာချိန်တွင် အတော်လေး လျော့နည်းသွားခဲ့သည်။ လုံးဝ ပပျောက်ခြင်းတော့ မရှိသေး။ နှစ်စုကျော်၍ ဒုတိယထောင်ပိုင်ဖြစ်လာချိန်တွင် သိသိသာသာကြီး ပပျောက်သွားခဲ့ပြီး သုံးစုကျော်လေးစု ပြည့်ကာနီး ထောင်ပိုင်အဆင့် ၁ မှ အဆင့် ၂ ရာထူးတက်ပြီး အငြိမ်းစားယူခဲ့ချိန်တွင်မူ လုံးဝမရှိတော့။ ခုခေတ်ထောင်မှူးထောင်ပိုင်လက်သစ်တွေ 'ဆိုဒိုမီ'ဆိုတာ ဘာမှန်းသိကြတော့မည် မဟုတ်။

ဒါဆိုလျှင် တရားခံဘယ်သူလဲဆိုတာ လယ်ပြင်ဆင်သွားသလို ထင်ရှားနေပါပြီ။ ဤအချက်ကို ရှေ့မီနောက်မီ အကျဉ်းထောင်ဝန်ထမ်းမှန်လျှင် မည်သူမျှ ငြင်းဆန်နိုင်မည်မဟုတ်ပါ။

တစ်ခုတော့ သတိပေးပါရစေ။ ခေတ်မီမီ ကလောင်အမည်ဆန်းဆန်း သုံးချင်ကြသူများ။ 'ဆိုဒိုမီ'လို့ မထွင်မိကြပါစေနှင့်ဟု။

■

# ၇၄

“လင်းယုန် ၁ မှ လင်းယုန်၊ လင်းယုန် ၁ မှ လင်းယုန်၊ အသံဘယ်လောက်ကြားလဲ။ ကြားရင်အကြောင်းပြန် ဒါပဲ”

“လင်းယုန်မှ လင်းယုန် ၁၊ လင်းယုန်မှ လင်းယုန် ၁၊ အသံငါးကြားတယ် အိုဗာ”

ပဲခူးထောင် ထန်းသီးပုလဲဝက်ဝံ ဦးထွန်းခင်ကို ဖုန်းဆက်ရင်း ရထားဘယက် ရဲဘက် နောက်ထပ်နှစ်ရာ စနေနေ့အရောက်ပို့ရန်၊ ပုလဲခရုထန်းသီး ပဲခူးထောင် ဖုန်းဆက်ပြီး အကြောင်းပြန်၊ ရထားဖြစ်လား၊ ဒါပဲ”

“လင်းယုန်မှ လင်းယုန် ၁၊ လင်းယုန်မှ လင်းယုန် ၁၊ ရထားဖြစ်တယ် အိုဗာ”

သမိုင်းတစ်ခေတ်ဆန်းသစ်လာချိန်တွင် တပ်မတော်သားများနှင့်အတူ လက်တွဲကာ စစ်ဆင်ရေး တာဝန်များတွင် တစ်ဖက်တစ်လမ်းမှ စွမ်းစွမ်းတမံ အထောက်အကူပြု တာဝန်ထမ်းဆောင်ခဲ့ကြသော ရဲဘက်များအကြောင်း သတင်းစာများတွင် ဖတ်လိုက်ရသောအခါ တစ်ချိန်က ထောင်မှူးမောင်မောင်တို့ ပါဝင်လှုပ်ရှားခဲ့သော ‘အလင်းရောင် စစ်ဆင်ရေး’ကြီးကို ပြန်ပြောင်းသတိရလာသည်။ ၁၉၆၆ ခုနှစ် နှစ်ဦးပိုင်းကဆိုတော့ ကြာတော့ကြာခဲ့ပါပြီ။ ၂၆ နှစ်ကျော်ကျော်။ လွန်ခဲ့သော ၂၆ နှစ်ဆိုတာ ကြာပြီလို့လည်း ပြောလို့ရသည်။ မကြာသေးဘူးလို့လည်း ပြောလို့ရသည်။ ဘာပြုလို့တုန်းတဲ့။ အဲဒီ ၂၆ နှစ်အတွင်း ဘဝတစ်ပါးပြောင်းရွှေ့ ကွယ်လွန်သွားသူတို့အတွက်တော့ ကြာပြီလို့

http://www.cherrythitsar.org



ဆိုနိုင်သည်။ သီလ၊ ကုသိုလ်၊ ပါရမီကြောင့် ယနေ့ထက်တိုင်အောင် အသက်မသေ ကျန်ရစ်နေသူတို့အတွက်မူ သိပ်မကြာသေး။ မနေ့တစ်နေ့ကလိုပင် ထင်မှတ်နေရသည်။ ဘဝဆိုတာ အိပ်မက်မက်လိုက်သလို အတိုကလေးမဟုတ်ပါလား။

"Life, Life, Life is very short."

"ဘဝ ဘဝ၊ ဩော်.... ဘဝဆိုတာ တိုတောင်းလွန်းလှပါတကား"

ဤသည်မှာ ထောင်တစ်သက်အတွေ့အကြုံ၏ အဓိက ဇာတ်ကောင်ကြီး ဦးစောဂျင်မီပြောနေကျ လက်သုံးစကားဖြစ်သည်။ ဦးစောဂျင်မီမှာ အသက် ၄၅ နှစ်ခန့် ခရစ်ယာန်ဘာသာဝင် ကရင်အမျိုးသား သစ်ထုတ်လုပ်ရေးမှ လက်ထောက်မန်နေဂျာ တစ်ဦးဖြစ်သည်။ သူပြောနေကျ နောက်ထပ် စကားတစ်ခွန်း ရှိသေးသည်။

"Old soldier never die"တဲ့။ သူက ဖက်ဆစ်ဂျပန် တော်လှန်ရေးတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆင်နွှဲဖူးသူဆိုတော့ စစ်သားဟောင်းကြီးများကိုတွေ့လျှင် တလေးတစား ရှိတတ်သည်။ ထာဝစဉ် ပျော်ပျော်ရွှင်ရွှင်နေတတ်သူတစ်ဦးလည်းဖြစ်၏။ အမှန်အတိုင်း အကျဉ်းဌာနနှင့် သစ်ထုတ်လုပ်ရေးဌာနဆိုသည်မှာ ဘယ်လိုမှ ပတ်သက်စရာအကြောင်းမရှိ။ ယေဘုယျအားဖြင့် အများဆုံးအဆက်အစပ်ရှိသည်မှာ တရားရုံးနှင့် ရဲစခန်းတို့သာလျှင်ဖြစ်၏။ သို့သော် အလင်းရောင်စစ်ဆင်ရေးကြီးကျတော့ ဌာနပေါင်းစုံ ပါလာရသည်။ မပါလို့ မဖြစ်။

အလင်းရောင်စစ်ဆင်ရေးကို ထိုစဉ်က မင်္ဂလာဒုံတွင် တည်ရှိနေသော လပခ ခေါ် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်က ကွပ်ကဲခြင်းဖြစ်၏။ ပဲခူး ခလရ (၃၀)မှ ပဲခူး ချောင်းဖျား ဓောင်းတူသို့ ဦးတည်၍ ပဲခူးမှ ဘုရားကြီးအထိ မောင်းလာသော ကွန်ဗွိုင်ခေါ် ကားတန်းရှည်ကြီးမှာ နည်းနည်းနောနောမဟုတ်ပေ။ ရှေ့ဆုံးမှ ပွိုင့်ခေါ် လက်နက်မျိုးစုံကိုင် အစောင့်အရှောက်ကားအလွတ်၊ ကားငယ်ငါးစီး၊ ကားကြီးသုံးစီး ပါသေး သည်။ ဌာနဆိုင်ရာအကြီးအကဲများလည်း အစုံအလင်။ ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီမှ အထူးအရာရှိ ဦးစောလုံပါသည်။ အကျဉ်းဌာနမင်းကြီးပါသည်။ ပဲခူးခရိုင် ရဲဝန်၊ ထိုစဉ်က အခေါ် ပလကမှ လမ်းအရေးပိုင်၊ သစ်ထုတ်လုပ်ရေး မန်နေဂျာ၊ ပဲခူး တောင်ပိုင်း သစ်တောအရေးပိုင်၊ ကျန်းမာရေးဌာန၊ ပညာရေးဌာန၊ တိရစ္ဆာန်ဆေးကုဌာန စသည်အားဖြင့် ဌာနစုံ၊ လူစုံတက်စုံ ဖြစ်သည်။ အငယ်ဆုံးအဆင့်ဆိုလို့ ခလက ဥက္ကဋ္ဌ ကြီး၏ အိုင်အိုဒုဗိုလ်ရင်မောင်သန်းနှင့် ထောင်မှူးမောင်မောင်တို့လောက်သာ ပါသည်။

ကားတန်းကြီးမှာ ဘုရားကြီးရောက်သည်နှင့် ကတ္တရာလမ်းကို ကျောခိုင်းကာ အနောက်ဘက်သို့ ချိုးကွေ့လိုက်ရာ လမ်းကြမ်းနှင့် စတင်ရင်ဆိုင်လိုက်ရသည်။ ပထမ တော့ ကျောက်လမ်း၊ နောက် မြေလမ်း၊ ရှေ့ဆက်တော့ လှည်းလမ်းကြောင်းသာ ရှိ တော့သည်။ သွားရေးလာရေး အလွန်ခက်ခဲသော အရပ်ဒေသများ ဖြစ်၏။ ပဲခူးသူ ပဲခူးသားတို့ ပြောလေ့ပြောထရှိသောစကားကိုလည်း နားထောင်ကြည့်ပါဦး။ သေချင်ရင်

http://www.cherrythitsar.org



စိန်မစားနဲ့ ဓောင်းတူကိုသွားတဲ့။

မှန်ပါသည်။ အလွန်ခေါင်၍ တောနက်ကာ ငှက်ဖျားကြမ်းသော မြန်မာပြည် အလယ်ကြော ပဲခူးရိုးမတောင်တန်းကြီး၏တောင်ဘက် အစွန်အဖျားဖြစ်သည်။ ဒီဘက် ခေတ်တွင် ငှက်ဖျားထက်ပိုပြီး ကြောက်စရာကောင်းတာက ပဲခူးရိုးမကို ခြေကုပ်ယူထား ကြသော ကွန်မြူနစ်သောင်းကျန်းသူများ၏ အကြမ်းဖက်ဓမ္မန္တရာယ် အဖျက်လုပ်ငန်း အသွယ်သွယ်ပင်ဖြစ်သည်။ ထိုဓမ္မန္တရာယ် အသွယ်သွယ်ကို ဖယ်ရှားတိုက်ဖျက်ကာ နယ်မြေငြိမ်းချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် တပ်မတော်မှ ဦးစီး ကွပ်ကဲပြီး ဌာနဆိုင်ရာပေါင်းစုံပါဝင်သည့် အလင်းရောင်စစ်ဆင်ရေးကြီး ထိုးဖောက် ဝင်ရောက်လာခဲ့ရခြင်းဖြစ်သည်။

"ဟိုရှေ့က ညို့ညို့ဟာ ဘောနက်ကြီးဖြစ်မယ်"

ဦးစောဂျင်မီက ကားမောင်းနေရာမှ ပြောလိုက်ခြင်းဖြစ်သည်။ ရှေ့က မောင်း သွားသော ကားသုံးစီးအရှိန်ကြောင့် ဖုန်လုံးတွေကြားမှ လှမ်းမြင်ရသည့် ရွာတစ်ရွာကို လှမ်းကြည့်၍ ပြောနေရခြင်းဖြစ်၏။ ရှေ့ခန်းတွင် ထိုင်လိုက်လာသော အကျဉ်းဌာန မင်းကြီး ဦးသန်းနုက....

"ခင်ဗျားက သစ်ထုတ်လုပ်ရေးမှာလုပ်တော့ ဒီဘက် နယ်ကျွမ်းပြီးသားပေါ့"

"ဟာ.... မဟုတ်ဘူး မင်းကြီး၊ ကျွန်တော်က ဗန်းမော်က ပြောင်းလာတာ ဘာမှမကြာသေးဘူး။ ဒီနေ့မှ တောကိုစတက်ရမှာ။ ဒါပေမယ့် ဒီနယ်က ကျွန်တော်နဲ့ မစိမ်းလှပါဘူး"

ဘောနက်ကြီးရွာထဲကို ကားဖြတ်မောင်းတော့ ကားတန်းဘေးဖုန်လုံးတွေ နောက်မှ ကလေးငယ်များ ပြေးလိုက်လာကြသည်။ အချို့မီရာကို တွဲလောင်းခို၍ စီးကြ သည်။ လူကြီးအချို့လည်း ထွက်ကြည့်ကြသည်။ သူတို့အနေနှင့် ဒါလောက်များသော ကားတန်းရှည်ကြီးကို တအံ့တဩ ရှိနေကြပုံရသည်။ ဘောနက်ကြီးလွန်တော့ ဦးစောဂျင် မီကို စကားစကြည့်မိသည်။

"ဘောနက်ကြီးဆိုတော့ ကရင်ရွာလား မသိဖူးနော်"

"မဟုတ်ပါဘူး၊ မြန်မာရွာပါ။ ဘာလဲ ခင်ဗျားက ဘောနက်ကြီးဆိုတာ ကရင် စကားထင်လို့ ကျွန်တော့်ကိုမေးတာလား။ သိပ်လည်း အထင်မကြီးနဲ့ဗျ။ ကျွန်တော်က ကရင်ဆိုပေမယ့် အဖေက ကရင်၊ အမေက မြန်မာ။ အမေ့လက်ပေါ်မှာ ကြီးခဲ့ရတာ ကရင်စကား သိပ်တတ်တာမဟုတ်ဘူး။ တော်တော်ကြာ ဟိုကေအင်ဒီအိုဗိုလ်လို ဖြစ်နေ ဦးမယ်"

"ဘယ်လိုတဲ့လဲ အစ်ကိုရ၊ လုပ်စမ်းပါဦး"

"ဒီလိုလေ၊ အရင် ယူအမ်ပီက တောခိုသွားတဲ့ ကရင်ကုလားကပြား တစ် ယောက် ကေအင်ဒီအိုထဲမှာ ဗိုလ်ဖြစ်သွားသတဲ့။ သူကလည်း ကျွန်တော့်တို့လိုပဲ ကရင်

http://www.cherrythitsar.org



စကားကို မတောက်တခေါက်သာ တတ်တဲ့သူနဲ့ တူပါရဲ့။ သူတို့တပ်တွေ ရှေ့ကိုတက်တဲ့အခါ ထော–ထော ဆိုပြီး အမိန့်ပေးနေကျပေါ့။ တစ်နေ့မှာတော့ အစိုးရတပ်တွေနဲ့ ရင်ဆိုင်တိုက်ပွဲဖြစ်ပြီး နောက်ပြန်ဆုတ်ဖို့ လိုလာရော၊ အဲဒီဗိုလ်ကလည်း 'နောက်ပြန်ဆုတ်' ဆိုတာကို ကရင်လို ဘယ်လိုအမိန့်ပေးရမှန်းမသိဘူး။ ဒါနဲ့ပဲ နောက်ဆုံးမှာ 'နောက်ပြန်ထော ဟော့–နောက်ပြန်ထော'လို့ ကုန်းအော်ပြီး ပြေးခဲ့ကြရသတဲ့"

ကားပေါ်ပါလာကြသူများ အသံထွက်၍ ရယ်မိကြသည်။ အနည်းငယ် ဆက်မောင်းမိတော့ ကားတန်းကြီး တန့်ခနဲရပ်သွားသည်။ အကျိုးအကြောင်း စုံစမ်းကြည့်လိုက်တော့ ရှေ့ဆုံးမှသွားသည့် ရဲအက်စ်ကော့ကား ဗွက်နစ်နေလို့တဲ့။ ရဲကားနစ်ပြီဆိုသည်နှင့် ဒီအက်စ်ပီဦးသန်းမောင် မနေသာတော့ဘဲ သူ့ကားမှ ဆင်းပြီး သွားကြည့်ရသည်။ ကျန်လူများလည်း မိမိတို့ကားမှ ဆင်းကြပြီး သွားကြည့်ကြသည်။ မိုးအကုန်ဆောင်းအကူး လျှိုမြောင်ကလေးတစ်ခုအတွင်း တင်ကျန်နေသော ဗွက်ထဲ နောက်ဘီးနှစ်ဘီးစလုံး နစ်နေခြင်းဖြစ်၏။ ကားမှာ ချောဆွဲထားသော ထရပ်သုံးတန်ကားဖြစ်သည်။ ကားစက်နှိုးပြီး လူအားနှင့် ဝိုင်းတွန်းကြသည်။ ကားစက်သံ တဝီးဝီးအော်မြည်ကာ ဘီးများသာ နွံထဲနစ်သည်ထက် နစ်သွားသည်။ တုတ်တုတ်မျှ မလှုပ်။ နေ့ခင်း ၁ နာရီခန့် နေကလည်း ပူလာပြီ။ ထမင်းလည်း ဆာလာကြပြီ။

ဦးစောဂျင်မီက "မဖြစ်သေးဘူး။ လှုပ်လေမြုပ်လေနေမှာပဲ။ ဖောင်းတူမပြောနဲ့ သံစို့ပင်တောင် ရောက်ဖို့မလွယ်ဘူး။ ဒီလိုလုပ်ကြရအောင်။ ကျွန်တော့်ကားမှာ ဝန်ချီပါတယ်။ ကျွန်တော့်ကားတစ်စီးစာ ရှေ့ကိုမောင်းလို့ရအောင် နည်းနည်းဖယ်ပေးကြ။ မရတဲ့နေရာလည်း ဘေးကချုံတွေကို ထွင်ကြတာပေါ့။ ပြီးမှ ဝန်ချီနဲ့ နစ်နေတဲ့ကားကို နောက်ပြန်ဆွဲတင်မယ်။ အပေါ်ရောက်တော့မှ နွံ့ဗွက်ကို သစ်ကိုင်းခြောက်တို့၊ မြေမာမာတို့နဲ့ ဝိုင်းဖို့ကြတာပေါ့"

သူတို့ကားက တင်ဇာဂျစ် အမျိုးအစား။ ကားရှေ့မှာ ဝန်ချီစက်အသေးစားပါသည်။ သူပြောတာ အဟုတ်သား၊ နစ်နေတဲ့ကားကို စက်နှိုး၊ ဂီယာသွင်း၊ လူတွေက ကားပြန်တွန်း၊ ဝန်ချီစက်နှင့် နောက်ပြန်ဆွဲတင်လိုက်တော့ နွံ့ဗွက်ထဲကကား ကုန်းပေါ်ရောက်လာသည်။ ဦးစောဂျင်မီက သူ့မျက်နှာပေါ်မှချွေးတွေကို လက်နှင့်သပ်ချရင်း 'လိုက်ဖ် လိုက်ဖ်'ဟု ညည်းသည်။ နွံ့ဗွက်ကိုဖို့ကြ ထမင်းစားကြနှင့် ထိုနေရာက နေ့ခင်း ၂နာရီခန့်မှ ကားတန်းကြီး ဆက်ထွက်နိုင်သည်။

"ဦးစောဂျင်မီကား ရှေ့ဆုံးကမောင်းဗျာ။ ခင်ဗျားကားက ဝန်ချီလည်းပါ တယ်။ နောက်ပြီး ခင်ဗျားက လမ်းအရေးပိုင် ဦးမောင်မောင်အေးထက် တောလမ်း ပိုကျွမ်းတယ်"

လူကြီးတွေအားလုံး တညီတညွတ်တည်းလမ်းညွှန်မှုပြုကြသည်ကို ဦးစောဂျင်မီက ပြုံးပြုံးရွှင်ရွှင်ပင် ခေါင်းညိတ်သည်။ ပြီးတော့ ခရစ်ယာန်ဘာသာဝင်တို့ ဘုရား

http://www.cherrythitsar.org



အာရုံပြုသည့်အနေနှင့် ညာလက်ဖြင့် နဖူးနှင့် ဝဲယာရင်ဘတ်တို့ကို တို့ထိလိုက်သည်။ ထောင်ပိုင်ဝန်ဦးလှရွှေက ဂုဏ်တော်ပုတီးကို ထုတ်သည်။ ရှေ့ဆုံးကဆိုတော့ ပို့င့်ဖြစ်သွားပြီ မဟုတ်လား။

"မကြောက်ပါနဲ့ အန်ကယ်ရ၊ အိုးလ်ဆိုးလ်ဂျား နဲဗားဒိုင်းတဲ့။ ကျွန်တော်က တော်လှန်ရေး ရဲဘော်ဟောင်းတစ်ယောက်ပါ"

လူကြီးတွေ စိတ်ကူးမှန်ပါသည်။ နောက်ပိုင်း ဗွက်နစ်သမျှ ဦးစောဂျင်မီကားနှင့် နောက်ပြန်လှည့်ပြီး ဝန်ချီစက်နှင့်ဆွဲလိုက်။ အသာလေးပါလာသည်ချည်း။ သို့သော် ချောက်တစ်ခုတွင်မူ ရှေ့ဆုံးမှသွားသော သူ့ကားပါ လေးဘီးစလုံး စုံးစုံးနစ်နေသည်။ ဖိုးဘိုင်ဖိုးခေါ် လေးဘီးစလုံးအလုပ်လုပ်သည့်ဂီယာသွင်းသော်လည်း အောက်ပိုင်းမှသဲကိုက်ပြီး ယောင်ယောင်လေးမျှမရွေ့။ သူ့ဆရာ သစ်ထုတ်လုပ်ရေးမန်နေဂျာ ဦးသော်က၊

"ဘယ်လိုလဲ စောဂျင်မီ၊ တောင်ဇေးလဲတုန်းက ဖိုးသူတော်က ထူနိုင်တယ်။ အခု ဖိုးသူတော်လဲတော့ တောင်ဇေးက မထူနိုင်တော့ဘူး မဟုတ်လား"

ဦးစောဂျင်မီကမူ အပြုံးမပျက်။

"ရပါတယ်ဆရာ။ ဖိုးသူတော်လဲလို့ တောင်ဇေးမထူနိုင်ရင်လည်း ကပ္ပိယက ထူမှာပေါ့၊ ကြည့်ပါ"

ဦးစောဂျင်မီက ပြောပြောဆိုဆို သူ၏ကားရှေ့မှ ဝန်ချီစက်ကြိုးကို ဖြေ၍ မလှမ်းမကမ်းရှိ ကျွန်းပင်တစ်ပင်ကို သွားချည်သည်။ ပြီးသည်နှင့် ကားကိုလည်း စက်နှိုး၊ ဝန်ချီစက်ကိုလည်း ဆွဲစေရာ ရွံ့ဗွက်ထဲနစ်နေသော ကားကလေးမှာ တရွေ့ရွေ့ မြေမာပေါ် တက်လာခဲ့သည်။ သို့နှင့်ပင် ခရီးဆက်ထွက်ခဲ့ကြရာ သံစို့ပင်ရွာရောက်တော့ အချိန်မရှိတော့သဖြင့် ထိုရွာမှာပင် စခန်းချ ရပ်နားကြရသည်။ လူအုပ်က တောင့်သဖြင့် ရွာဦးကျောင်းရှိ ဇရပ်နှင့်ကျောင်းပေါ်ကျောင်းအောက် အဆင်ပြေသလို တစ်ညတာ တည်းခိုကြရသည်။ ညစာ ထမင်းစားသောက်ပြီးသည်နှင့် အလင်းရောင် စစ်ဆင်ရေး လုပ်ငန်းစဉ်ပဏာမအနေနှင့် ရွာထဲတွင် လူထုအစည်းအဝေးခေါ်ကာ ခလက ဥက္ကဋ္ဌကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲတို့က ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကိစ္စအဝဝကို ဟောကြပြောကြ ဆွေးနွေးကြသည်။ ကျေးရွာလူထုကလည်း သောင်းကျန်းသူများ လက်အောက်တွင်ရှိစဉ်က ခါးသီးသော အတွေ့အကြုံများနှင့်တကွ အလင်းရောင်စစ်ဆင်ရေးကြီးဝင်ရောက်ပြီး နောက်ပိုင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ လူမှုရေး၊ စီးပွားရေးအတွက် လိုအပ်သည်များကို တင်ပြတောင်းဆိုခဲ့ကြသည်။ ဆွေးနွေးပွဲပြီးလို့ ဘုန်းကြီးကျောင်းပြန်ရောက်တော့ ၁၀နာရီ ခွဲနေပြီ။

အိပ်ရာထဲ ခေါင်းချ၍ ခပ်မှေးမှေးရှိသေးသည်။ အောက်ထပ်မှ ဆူညံဆူညံ အသံကြားသဖြင့် ဘာများပါလိမ့်ဟု အိပ်ရာမှထကာ ဆင်းလာခဲ့သည်။ ဦးစောဂျင်မီ

http://www.cherrythitsar.org



လည်းပါသည်။ ဘုန်းကြီးကျောင်း အောက်ထပ်တွင် အောက်လင်းဓာတ်မီးကြီး တရှဲရှဲ မြည်ကာ ခရိုင်ရဲဝန်ကြီး ဦးသန်းမောင်နှင့် သူ၏ ရဲတပ်ဖွဲ့ဝင်များ အလုပ်ရှုပ်နေကြသည်။ တစ်ခါတစ်ရံ ထောင်သို့ လာဖူးသော ဓောင်းတူစခန်းမှူး ဦးလှရွှေကိုလည်းတွေ့ရ၏။

"ကျွန်တော်တို့လည်း မပစ်ချင်လို့ အိမ်ကိုဝိုင်းထားပြီး လက်နက်ချ အဖမ်းခံဖို့ အော်ပြောပါသေးတယ်။ သူက စတင်းဂန်းနဲ့ စပစ်လို့ ကျွန်တော်တို့က ပစ်ဖမ်းရတာပါ"

ထိုအခါကျမှ အသေအချာကြည့်လိုက်ရာ မလှမ်းကမ်းရှိ ကွပ်ပျစ်ကလေးပေါ်တွင် ပက်လက်အိပ်နေသောလူနာတစ်ယောက်ကို တွေ့လိုက်ရသည်။ တစ်မျက်နှာလုံး ရှုံ့မဲ့ကာ ညည်းညူလျက်ရှိ၏။ အောက်ပိုင်းတွင် ခြုံထားသော ဘာဘူစောင်အဟောင်းကြီးပေါ်၌ သွေးကွက်ကြီးတစ်ကွက်ကို တွေ့ကြရသည်။ ဦးသန်းမောင်က ဦးလှရွှေကို ထပ်မေးသည်။

"နာမည်ကဘယ်သူ...."

"ကောင်းဆင့်တဲ့၊ သူ့အမေအသည်းအသန်ဖြစ်နေတယ် သတင်းကြားလို့ တောထဲက ပြန်လာတာပါ။ ဒါပေမယ့် အသက်တောင် မမီပါဘူး။ သူ့အမေက သင်္ဂြိုဟ်ပြီးနေပါပြီ"

"အေး.... ကောင်းပြီ၊ မှန်တာကတော့ ဆီးစပ်မှာပဲ။ ဒါပေမယ့် မင်းတို့က ကုန်းကြောင်းထမ်းလာကြတော့ သွေးထွက်လွန်နေတယ်။ ငါ့ကားနှစ်စီးထဲက စီရေဖိုက်ကိုယူပြီး အခုချက်ချင်း ပဲခူးကိုပြန်ကြ၊ ဟိုရောက်ရင် တရားသူကြီးတစ်ယောက်ရှေ့မှာ ဖြောင့်ချက်ထပ်ယူဦး၊ ကြားလား"

ထောင်မှူးမောင်မောင်တို့လည်း ကိုယ်နှင့်မဆိုင်သော ကိစ္စဖြစ်သဖြင့် ကျောင်းပေါ်ပြန်တက်ပြီး အိပ်ပစ်လိုက်ကြသည်။ နောက်တစ်နေ့ မနက်ကျတော့ ယမန်နေ့ကလို လမ်းပန်းအခက်အခဲများနှင့် တွေ့နေရမည်စိုးသဖြင့် အစောကြီးထပြီး နံနက် ၅ နာရီ ကားတန်းကြီး ဆက်ထွက်ခဲ့သည်။ သို့သော် ဒီနေ့ ဘာအခက်အခဲမှ မတွေ့သည့်ပြင် ဗိုလ်ကြီးကိုကိုကြီး ဦးစီးသော ဘီအီးတပ်မှ မြေထိုးစက်ကြီးများ၊ မြေညှိစက်ကြီးများနှင့် အကျအန လမ်းဖောက်လျက်ရှိကြသည်။ အသေးစိတ် လမ်းပြုပြင်ရေးလုပ်ငန်းများကို ထောင်မှူးကုလားလေးမောင်မောင်ဦးစီးသော ရဲဘက်များက အချောသပ်လျက်ရှိရာ ကိုယ့်ဆွေမျိုးရင်းချာများကို တွေ့လိုက်ရသလို ထောင်မှူးမောင်မောင် အူမြူးသွားသည်။

လမ်းကကောင်းလေလေ ဦးစောဂျင်မီက မောင်းလေလေ၊ အာဝဇ္ဇန်းကလည်း ရွှင်လာလေလေ။

"ကိုရန်အောင်၊ မနေ့ကတုန်းက ဘောနက်ကြီးရွာအကြောင်း မေးတယ်မဟုတ်လား။ ဒီနေ့တွေ့ခဲ့တဲ့ ရွာတွေအကြောင်းတော့ ကျွန်တော်ဖြေနိုင်ပါပြီ။ ဂူတောင်ရွာဆိုတာ ဂူရှိလို့ ဂူတောင်ရွာလို့ ခေါ်ခဲ့တာပေါ့။ ဂျပန်တော်လှန်ရေးတုန်းက အဲဒီဂူထဲမှာ ကျွန်တော်တို့ သုံးလေးည အိပ်ခဲ့ရသေးတယ်။ အဆိပ်ကောင်ရွာဆိုတာက အဆိပ်ပင်ရှိ

http://www.cherrythitsar.org



တဲ့ ရွာတဲ့"

"ဒါဖြင့် ဝက်ကျဆိုတဲ့ ရွာကကော"

"ရှင်းပါတယ်ဗျာ၊ ဝက်ကြီးဓောင်းတူချောင်းထဲကျသွားလို့ပေါ့။ ဟား.... ဟား.... ဟား"

တော်ပါသေးသည်။ ဓောင်းတူအကြောင်း ဆက်မမေးမိပေလို့။ မေးမိလျှင် သူ ဘယ်လိုများ လံကြုပ်ဒီပနီ ဖွင့်လေဦးမည်မသိ။

ဓောင်းတူရောက်တော့ လူတိုင်းကိုယ်စီကိုယ်ငှ အလုပ်ရှုပ်ကုန်ကြပြီ။ ဘယ်သူမှ မအားလပ်ကြတော့။ လမခရှေ့တန်းကွပ်ကဲမှုဌာနချုပ်မှ ဒုဗိုလ်မှူးကြီးမောင်မောင်လေးနှင့် သွားတွေ့သူက တွေ့ကြသည်။ သူတို့အဖွဲ့က လူစုံသည်။ မော်ဘီခရိုင်ဝန် ဦးခင်မောင်ဖုံတို့ သန်လျင်ခရိုင်ပညာဝန်တို့ ပါသည်။ ကုန်သွယ်ရေးမှ ရပ်ရှင်မင်းသား ကျော်ဆွေ၏အစ်ကို ဗိုလ်မှူးမျိုးခင်တို့ပါသည်။ နေ့ခင်း ၁၂ နာရီတွင် မူလတန်းကျောင်း၌ဌာနပေါင်းစုံအပြင် ရွာနီးချုပ်စပ်များဖြစ်သည့် ဝက်ကျ၊ မန်ကျည်းခုန်၊ ကြက်လည်ဆစ်ကျေးရွာများမှ လူထုအစည်းအဝေးကြီး ထိုင်ကြပြန်သည်။ လုပ်စရာလုပ်ငန်းတွေကတော့ တစ်ပုံတစ်ပင်ကြီး။

လုပ်စရာတွေများသလောက် ကြိုးမဲ့ကြေးနန်းစက်မှာလည်း အနားမနေရ။ လင်းယုန် ၁ နှင့် လင်းယုန် ဆက်တိုက်အော်နေရသည်။ ကျွန်းသစ်များ ထုတ်လုပ်ရာတွင် ရဲဘက်များကို သုံးမည်ဆိုတော့ နောက်ထပ်ရဲဘက် ၂၀၀ ထပ်မှာရသည်။ အရေးထဲ မနေ့က သံစို့ပင်တွင် တွေ့ခဲ့ရသော တရားခံလူနာမှာ လမ်းတွင်ကွယ်လွန်သွားကြောင်း ဒီအက်စ်ပီထံကြေးနန်း ဝင်လာလိုက်သေးသည်။ တစ်နေ့ခင်းလုံး ပျောက်ချက်သားကောင်းနေသော ဦးစောဂျင်မီတစ်ယောက် ညနေမိုးစုပ်စုပ်ချုပ်မှ တည်းခိုရေးစခန်းသို့ ပြန်ရောက်လာသည်။ အရက်တွေလည်း မူးလာ၏။

"ဦးမောင်မောင်၊ ကျွန်တော့်ကို မကယ်နိုင်တော့ဖူးလားဗျာ"

(မျက်ရည်လည်ရွဲရှိုက်သံပါကြီးနှင့်။)

"ဟင်.... ဘယ်လိုဖြစ်လာလို့လဲ အစ်ကို"

"မနေ့ညက သံစို့ပင်မှာ တွေ့ခဲ့တဲ့ သောင်းကျန်းသူတရားခံ ကောင်းဆင့်ဆိုတာ ကျွန်တော့်သားဖြစ်နေလို့ဗျ"

"ဟင်.... ဘယ်လို.... ဘယ်လို"

သူ့စကားတွေက အရက်မူးနေတော့ ကမောက်ကမ။

"မလှဆင့်လေဗျာ၊ မလှဆင့်။ မလှဆင့်က ဝက်ကျရွာက ကျွန်တော့်ငယ်ရည်းစား။ ကောင်းဆင့်က ကျွန်တော့်သား၊ ကျွန်တော့်နာမည်က တော်လှန်ရေးတုန်းက ဖိုးကောင်း။ ဒီတော့ ဖိုးကောင်းနဲ့ မလှဆင့်တို့သားဟာ ကောင်းဆင့်ပေါ့။ ကောင်းဆင့်ဟာ သူ့ပထွေး ဖြူစောထီးဗိုလ်ကိုသတ်ပြီး တောခိုသွားတာတဲ့။ ဒီကောင် ဒဏ်ရာ

http://www.cherrythitsar.org



ပျောက်ရင် ခင်ဗျားတို့ ပဲခူးထောင်ကို ရောက်လာမှာပေါ့နော်။ အဲဒါ ခင်ဗျားတို့ စောင့်ရှောက်ပေးထားပါဗျာ"

သူပြောတဲ့ ကောင်းဆင့်ဆိုတာ သေပြီလို့ ခုချက်ချင်းကြီး ဘယ်လိုလုပ်ပြောရပါမည်နည်း။

ကောင်းဆင့်ဘဝက တော်လှန်ရေးရဲဘော်ကြီး ဖိုးကောင်းဘဝထက်ရော၊ သူ့ငယ်ရည်းစား မလှဆင့်ဘဝထက်ပါ ပို၍ တိုတောင်းလွန်းလှသည်ကို ဦးစောဂျင်မီ တစ်ယောက် မသိရှာသေးပါကလား။

"Life is very short."

■

http://www.cherrythitsar.org

# ၇၁

ခက်တာက ပင်စင်ယူပြီးတာ သုံးနှစ်သုံးမိုးပင် ကျော်ခဲ့ပြီ။ ယခုထက်ထိ ထောင်ကျင့်ထောင်ကြံတွေ မပျောက်ချင်သေး။ ထောင့်ကျင့်ထောင်ကြံဆိုလို့ တလွဲချော်မတွေးလိုက် ပါနဲ့။ ရန်အောင်မောင်မောင်၏ ထောင်မှူးထောင်ပိုင်လုပ်သက် အနှစ် ၄၀ အတွင်း ရုပ်ပျက်ဆင်းပျက် အကျင့်မတန်ခဲ့ပါ။ ဒါဖြင့် ဘယ်လို ထောင်ကျင့်ထောင်ကြံများပါလိမ့်။ ဒါ တော့ ဒီလိုရှိပါတယ်။ လမ်းဆုံးတော့ ရှာရောက်ဆိုတာလို စာဆုံးတော့ သဘောပေါက်လာပါလိမ့်မည်။

"ဟ.... ကောင်ကြီး။ ဘာကိစ္စ အစောကြီး ထနေရတာလဲ။ အိပ်လေကွာ အိပ် အိပ်။ မင်းမှာ ဘာအလုပ်မှ မရှိဘူး။ မင်း အငြိမ်းစားယူပြီးနေပြီ၊ အိပ် အိပ်။ မျက်စိနှစ်လုံးကို ဖွတ်မှိတ်ပြီး စိတ်ရှိလက်ရှိ လိုမ့်အိပ်ပစ်လိုက်စမ်း။

"ဘာ.... အလုပ်ကိစ္စဟုတ်လား၊ မင်းနှယ်ကွာ ပေါက်ပေါက်ရှာရှာ မင်းမှာ ဘာအလုပ်မှ မရှိတော့တဲ့ဥစ္စာ။ ဘာကိစ္စ အလုပ်အကြောင်း စဉ်းစားနေရမှာလဲ"

ထောင်ကျင့်ထောင်ကြံတွေထဲမှာ အဆိုးဆုံးက ထောင်ထောင်ထလာသော ကိုယ့်စိတ်ကို ဆင်များ ချွန်းအုပ်သလို မနည်းကြီး နှိပ်ကွပ်ထိန်းချုပ် တွန်းလှန်နေရခြင်းပင် ဖြစ်၏။ ဆုံးမနေရခြင်းပင်ဖြစ်၏။ ဒါလေးများ ထားလိုက်စမ်းပါ။ 'ပင်စင်နာ' မှန်လျှင် ဒါလောက်တော့ ခံစားရစမြဲပါပဲလို့ အပြစ်တင် မစောကြစေလိုပါ။ အခြားအခြားသော ပင်စင်နာတွေထက် ထောင်ပင်စင်နာက ပိုပြီးရောဂါပြင်းပါသည်။ လမိုင်းကြမ်းပါသည်။ ကိုယ့်ငါးချဉ်မို့ ကိုယ်ချဉ်တာမဟုတ်။ ထောင်အလုပ်ဆိုတာက နှစ်ဆယ့်လေးနာရီ

http://www.cherrythitsar.org



တာဝန်အပြည့်။ တာဝန်ကလည်း ရိုးရိုးတာဝန်မဟုတ်သေး။ သဝိညာဏက သက်ရှိသတ္တဝါတွေကို ထိန်းသိမ်းစောင့်ရှောက်ရသောတာဝန်။ အဲဒီ သက်ရှိသတ္တဝါတွေက လည်း ငြိမ်ငြိမ်နေတဲ့လူက ခပ်ရှားရှား။ တလှုပ်လှုပ်တရွရွနဲ့ ထစ်ခနဲရှိ ဆင်ကြဲကြဲနေ ကြသူ လူလွန်မသားတွေက ခပ်များများ။ ဒီတော့ အဘယ်မှာ အိပ်ကောင်းခြင်း အိပ်၍၊ စားကောင်းခြင်း စားရပါမည်နည်း။ တကယ်ပါ။ ထမင်းစားရင်းတန်းလန်း ထပြေးရတာတို့၊ ညဥ့်နက်သန်းခေါင် အများသူငါ ဖိမ်နှင့်ကွေးလို့ကောင်းတုန်း အိပ်မှုန်စုံမွှားနှင့် ထောင်ထဲဝင်ရတာတို့ဆိုတာလောက်က ရိုးအီနေပြီ။ ယင်းကဲ့သို့ ထုသားပေသားမကျမီ ထောင်မှူးပေါက်စ ဘဝတုန်းကတော့ တစ်မျိုးပေါ့။

အင်းစိန်ထောင်ကြီးမှာ second round ခေါ် ဒုတိယညဥ့်ရောင်းလှည့်တာဝန်ကျသော ညဆိုလျှင် အလွန်စိတ်မောစရာကောင်းသည်။ ထိုစဉ်က ယခုခေတ်လို duty officer ခေါ် တာဝန်မှူးတွေ ဘာတွေညာတွေမရှိသေး။ တစ်ညလျှင် ပထမနှင့် ဒုတိယညဥ့်ရောင်းလှည့်ရန် ထောင်မှူးနှစ်ယောက်ကို တာဝန်ချထားသည်။ ပထမပိုင်းတာဝန်ကျသူက ည ၉ နာရီနှင့် ၁၂ နာရီကြား၊ ဒုတိယပိုင်းက ၁၂ နာရီနှင့် ၄ နာရီကြား ဆက်ကင်းရောင်းဟုခေါ်သည်။ အင်းစိန်ထောင်ကြီး တစ်ပတ်ပြည့်အောင် လှည့်ဖို့ဆိုတာ (အစီရင်ခံစာ ထိုင်ရေးသည့်အချိန်မပါသေး။) နှစ်နာရီတိတိကြာသည်။ ကြာမှာပေါ့။ အုတ်ရိုးပတ်ပတ်လည် လျှောက်ရတာက တစ်နာရီနီးပါး။ အိပ်ဆောင်တွေ၊ တိုက်ခန်းတွေ၊ ဆေးရုံတွေ လှည့်လည်စစ်ရသေးသည်။ တိုက်ပိတ်သည့် အခန်းတွေကချည်း နှစ်ရာကျော်ကျော်။ အိပ်ဆောင်တစ်ဆောင်လျှင် အိပ်ခန်းကြီး အပေါ်ထပ်လေးခန်း၊ အောက်ထပ် လေးခန်း ပေါင်း ရှစ်ခန်း။ အိပ်ဆောင်က လေးဆောင်ရှိသည်။ ဒါတောင် အဆောင်တစ်ဆောင်က ဂျပန်ခေတ်မှာ မီးလောင်ပျက်စီးသွားပြီး နောက်ထပ် ပြန်မဆောက်ရသေးလို့။ နို့မဟုတ် ငါးဆောင်၊ အိပ်ခန်းတိုင်းမှာရှိသည့် ဘာယာစာရင်း တွေကို သူ့ဇယား၊ သူ့အချိန်၊ သူ့အကွက်နှင့်သူ လက်မှတ်ရေးထိုးရတာဆိုတော့ ဘယ်လိုမှ မသက်သာ။ မိုးတွင်းအခါဆိုလျှင် အပေါ်တက်လိုက် အောက်ဆင်းလိုက်နှင့် အလွန်ဒုက္ခရောက်သည်။ ကြာလာတော့ မတတ်နိုင်သဖြင့် လက်ကောက်ကျပြီး အပေါ်ထပ်က ဘာယာစာရင်းတွေကို ထောင်ကြပ်အယူခိုင်း၊ အောက်မှာလက်မှတ်ထိုး၊ ထောင်ပိုင်ကြီးဝင်လာလို့ ကွိခနဲမိရင်တော့ နောက်တစ်နေ့ရုံးတက် ထုချေလွှာတင်ပေရော့။

သင်တန်းတွင် ချေးထွက်များမှ စစ်မြေပြင်တွင် သွေးထွက်နည်းမည်ဆိုသော တပ်မတော်၏ လက်သုံးစကားမှာ တကယ်မှန်သည်။ ငယ်စဉ်ဘဝ ထောင်မှူးပေါက်စက ထောင်ပိုင်ဆိုးဆိုး (ထိုစဉ်က အမြင်သာ၊ အမှန်တော့ သူ့တာဝန်သူ ကျေပွန်စွာ ဆောင်ရွက်ခြင်းမျှသာ။) လက်အောက်တွင် ဖေဖေကျွတ် ဖွတ်ဖွတ်ကြေအောင် လူးလိမ့်ခံခဲ့ရသောအတွေ့အကြုံများသည် ကိုယ်အသက်ကြီး၍ ထောင်ပိုင်ဖြစ်လာသောအခါ အလွန်အဖိုးတန်သော သင်ခန်းစာများအဖြစ် အသုံးတည့်လာသည်။

http://www.cherrythitsar.org



ဘယ်လောက်အထိ အကျိုးပြုသနည်းဆိုပါမူ ညဘယ်နှစ်နာရီထပြီး ထောင်ထဲဝင်စစ်ချင်သလဲ။ နှိုးစက်တွေ နာရီတွေ ဘာတွေမလို။ အိပ်ရာမဝင်ခင် စိတ်ထဲမှာမှန်းပြီးအိပ်။ မိမိထချင်သည့် အချိန်နာရီအတိအကျ အိပ်ရာမှ နိုးလာတတ်သည်မှာ ယနေ့ထက်တိုင်။ အိမ်က ကလေးတွေ မနက်စောစော ထချင်လျှင် 'ဖေဖေရေ ဘယ်နှစ်နာရီ နှိုးပါ'လို့သာ မှာထား။ နှိုးစက် ချဖို့မလို။ ဟန်ကိုကျလို့။

သို့ကလို အနှစ်လေးဆယ် အရိုးစွဲလာခဲ့တဲ့ ထောင်ကျင့်ထောင်ကြံတွေဟာ ပင်စင်နာဘဝရောက်လာတော့ အဆင်ပြေတာရှိသလို အချိန်အခါမရှိ အိပ်ရာမှ နိုးနေတာမျိုးကျတော့ သိပ်မနိပ်ချင်။ ကိုယ်တစ်ယောက်တည်း မျက်လုံးပြူးကြောင်ကြောင်နှင့် အလိုလိုနေရင်း ဒေါသဖြစ်နေတတ်သည်။ အငြိမ်းစားယူပြီးစက ဖြစ်ပုံများ မနက်လင်း မျက်စိနှစ်လုံးပွင့်သည်နှင့်....

"ကလေးတွေ၊ ဖေဖေ့ယူနီဖောင်း တံဆိပ်တပ်ပြီးပြီလားဟေ့"

"ဟင်.... ဖေဖေကလည်း အယ်လ်ပီအာရ်(အငြိမ်းစား မယူမီ ကြိုတင်ပြင်ဆင်ခွင့်) ယူပြီးပြီဆို၊ ရုံးသွားဖို့ လိုသေးလို့လား"

"အေး.... ဟုတ်သားပဲ၊ မလိုတော့ဘူး။ မလိုတော့ဘူး"

ဆရာ့ဆရာ ထောင်ပိုင်ကြီး တစ်ယောက်က ကိုယ့်ထက်ပိုဆိုးတာပေါ့။ သူ လည်း ကြိုတင်ပြင်ဆင်ခွင့် ယူထားချိန်။ နောက်ထောင်ပိုင်မလာသေး၍ ထောင်ပိုင်နေတဲ့ တိုက်ကြီးမှာ အခန့်သား။ နေအိမ်နှင့် ထောင်က မလှမ်းမကမ်းဆိုတော့ စက်ဘီးနှင့် ရုံးတက်နေကျ။ သူက မနက်ပိုင်းသာ ယူနီဖောင်းဝတ်ပြီး ညနေပိုင်း အရပ်ဝတ်နှင့် ရုံးတက်လေ့ရှိသည်။ ဒါကလည်း သူ့အကြောင်းနှင့်သူ။ မနက်ပိုင်း ၁၂ နာရီ ရုံးဆင်း ထမင်းစားပြီး တစ်ရေးတစ်မောအိပ်၊ အိပ်ရာထ ရေမိုးချိုးပြီး ညနေ ၃ နာရီလောက် ရမ်လေး နှစ်ပက်သုံးပက်သောက်၊ ကွမ်းလေးတဖတ်ဖတ်ဝါးပြီး ရုံးလာနေကျဖြစ်သည်။ မျက်ထောင့်တော့ နည်းနည်းနီလာပြီပေါ့။ ဆူစရာရှိလျှင်လည်း ဆူပြီပွက်ပြီ။ ထောင်မှူးမောင်မောင်တို့လည်း ဝေရာမဏီ အဝေးကရှောင်ကြပြီ။

ယင်း ထောင်ပိုင်ကြီးသည် ပင်စင်ယူပြီး နောက်တစ်နေ့ နေ့ခင်းပိုင်း အိပ်ရာမှ နိုးတော့ ရေမိုးချိုး အဝတ်အစားလဲပြီး ရမ်ကလေး နှစ်ပက်သုံးပက်နှက်၊ ကွမ်းကလေးဝါးကာ စက်ဘီးစီး၍ ထွက်လာခဲ့သည်။ သူ့အိမ်ကလည်း အမှုမဲ့အမှတ်မဲ့ ခါတိုင်းလည်း သွားနေကျဆိုတော့ အပြင်တစ်နေရာရာပဲ သွားသလားပေါ့။ ဘယ်ဟုတ်လိမ့်မတုန်း။ ထောင်ကိုပင် တန်းတန်းမတ်မတ် စက်ဘီးနင်းပြီး ဘူးတံခါးမှာချိတ်ဆွဲထားတဲ့ ကျားခေါင်းကြီးက သံကွင်းကို တဒိုင်းဒိုင်းခေါက်တော့တာကိုး။ တံခါးသမားက ကြောက်ကြောက်လန့်လန့်နဲ့ တံခါးကြီးကို ဖွင့်ပေးပြီး အလေးပြုလိုက်တော့ ခါတိုင်းထိုင်နေကျ သူ့ရုံးခန်းမှာ အခန့်သား သွားထိုင်နေလိုက်ရော။

"ငွေးနီခေါ်စမ်းဟေ့"

http://www.cherrythitsar.org



ဂွင်းနီ ဦးသက်ရှည် ရောက်လာတော့ မတိမ်းမစောင်း ဖိန်းဖောင်းရိုက်ပြီ။

"မနေ့ညက ဘာပြုလို့ ငါ့အိမ်ကို ထောင်ပိတ်စာရင်း မပို့တာလဲ"

သူ ပင်စင်ယူပြီးပြီ။ ဘာကိစ္စ ထောင်ပိတ်စာရင်း ပို့စရာလိုတော့မလဲ။ အမှန်က ဂွင်းနီမှာလည်း အပြစ်မရှိ။ ထောင်မှူးကြီးက မပို့နဲ့တော့ဟု ပြောသဖြင့် အပို့မခိုင်းခြင်း ဖြစ်သည်။ သို့သော် ဘာမှပြန်မပြောရဲ။ ပြန်မပြောရဲလေ ဖိပြီးဆူပွက်လေ။ နောက်ဆုံး ရုံးခန်းတစ်ခုလုံး ကမ္ဘာပျက်မလောက် ဝုန်းဒိုင်းကြဲနေတော့ ထောင်ပိုင်လေးကို ပြေးပြီး သတင်းပို့ကြရသည်။ ထောင်ပိုင်လေး ဦးသူကြွယ်က လေပြေထိုးတတ်သည်။

"ဆရာ မနေ့ကစပြီး အယ်လ်ပီအာရ် သွားတယ်မဟုတ်လား။ အဲဒါ ဆရာ စိတ်အနှောင့်အယှက်မဖြစ်အောင်လို့ ကျွန်တော်အပို့မခိုင်းတာပါ"

ထိုအခါကျမှ ထောင်ပိုင်ကြီးသည် သူ့နဖူးသူ လက်ဝါးဖြင့် ဖြန်းခနဲ ရိုက်လိုက်ပြီး အင်္ဂလိပ်လို ရေရွတ်လိုက်သည်။

"အိုး.... မိုင်ဂေါ့ဒ်၊ ကျွန်တော်မေ့သွားတယ်ဗျာ"

ဒါနှင့်မပြီးသေး။ ထောင်ပိုင်လေးက သူ့အိမ်ပေါ်ခေါ်သွားပြီး ဝီစကီလက်ကျန်နှင့် ဧည့်ခံလိုက်သေးသည်။ ပြီးမှ ထောင်ပိုင်လေးက ထောင်မှူးမောင်မောင်တို့ကို ပုံပြင်ကလေးတစ်ပုဒ် ပြောပြသည်။

"တို့ ထောင်ပိုင်ကြီးလည်း တောအုပ်ကြီးမြင်းလို ဖြစ်နေပြီကွ"တဲ့။

"တောအုပ်ကြီးမြင်းက ဘယ်လိုလဲဆရာ"ဆိုတော့....

"ဒီလိုကွ၊ တို့ငယ်ငယ်က တောအုပ်ကြီးတစ်ယောက်ရှိတယ်။ သူ့မှာ အုန်းခွံရောင်မြင်းညိုကြီး တစ်ကောင်လည်း ရှိတယ်။ သူတောသွားတဲ့အခါ အဲဒီမြင်းညိုကြီးကို စီးစီးသွားတာပေါ့။ တောအုပ်ကြီးက နည်းနည်းပါးပါးလည်း သောက်တတ်စားတတ်တော့ ညနေ တောကပြန်လာတဲ့အခါ ရွာအနောက်ပိုင်းက ကိုချက်ကြီးအရက်ဆိုင်ရှေ့မှာ ရပ်၊ မြင်းညိုကြီးကို ဆိုင်ရှေ့မှာရှိတဲ့ တမာပင်မှာချည်ပြီး အရက်ဝင်ဝင်သောက်လေ့ရှိသတဲ့။ ဒီလိုနဲ့ တောအုပ်ကြီး အသက် ၅၅ နှစ်ပြည့်လို့ ပင်စင်ယူတဲ့အခါ (ယခင်ပင်စင် ၅၅ နှစ်) အရက်ကို ဖြတ်လိုက်သတဲ့။ ဒါပေမယ့် အဲဒီမြင်းညိုကြီးကိုစီးပြီး လမ်းကြုံလို့ ကိုချက်ကြီး အရက်ဆိုင်ရှေ့ရောက်တဲ့အခါ မြင်းက ရှေ့ဆက်မသွားတော့ဘဲ ရပ်ရပ်နေသတဲ့။ ဘယ်လိုပဲမောင်းမောင်း ကြိမ်နဲ့ရိုက်ရိုက် ထုံပေပြီး ရပ်နေတာပဲတဲ့။ နောက်ဆုံးတော့မှ တောအုပ်ကြီးက သဘောပေါက်ပြီး မြင်းပေါ်ကဆင်း၊ တမာပင်မှာချည်၊ ဆိုင်ထဲဝင်သွားပြီး ရေတစ်ခွက်ခပ်သောက်၊ ပြန်ထွက်လာပြီး မြင်းပေါ်တက် ဆက်မောင်းတော့ ဖြောင့်လို့တဲ့။ ခုထောင်ပိုင်ကြီးလည်း တောအုပ်ကြီးမြင်းလို ဖြစ်နေတာပေါ့ကွာ"

မှန်လိုက်လေ။ ဆင်တစ်စ မြင်းတစ်စလို့ အဆိုရှိသမို့လား။ ထောင်ပင်စင်နာ တစ်စက ပိုများ ဆိုးနေသလားမသိ။ ဆိုးမယ်ဆို ဆိုးလောက်သည်။ အရိုးစွဲလာတဲ့ နှစ်ပရိစ္ဆေဒကလည်း မနည်းလှ။ ထောင်မှူးမောင်မောင်တို့ ကြယ်တစ်ပွင့်ထောင်မှူးဘဝနှင့်

http://www.cherrythitsar.org



၁၇ နှစ်ကြာမှ ကြယ်နှစ်ပွင့်ထောင်မှူးကြီး ရာထူးတက်ရသည်။ ကိုယ်ညံ့လို့မဟုတ်။ bottle neck ခေါ် အောက်ပိုင်းကကျယ်ပြီး အပေါ်ပိုင်းကျဉ်းလှသော အကျဉ်းဌာန ဖွဲ့စည်းပုံကြောင့် တစ်ယောက်ပင်စင်သွားမှ၊ သို့မဟုတ် တစ်ယောက်သေမှ တစ်ယောက် ရာထူးတက်ရသောခေတ် (ဒီခေတ် ၁၇နှစ်ဆိုလျှင် အနည်းဆုံး ကြယ်သုံးပွင့်၊ ကံကောင်း လျှင် ဘားတစ်ပွင့်။)

သို့နှင့် ထောင်မှူးကြီးရာထူး တက်ခဲ့ပြန်တော့လည်း အကျိုးပေးက တစ်မျိုး။ ထုံးစံအတိုင်း ထောင်ကြီးတွေမှာ ထောင်မှူးကြီးကြာကြာမလုပ်ရဘဲ ထောင်ပိုင်အဖြစ် တာဝန်ပြီးတာဝန်ယူရသည်။ ဗန်းမော်ထောင်မှာ။ အဲဒီလို တစ်ဆင့်နိမ့်ရာထူးနှင့် ထောင်ပိုင် လုပ်ရတာက ပိုပြီးကြောက်စရာကောင်းသေးသည်။ အထူးသဖြင့် ထောင်ထဲက ထွက် ပြေးမှာအကြောက်ဆုံး။ အဲဒါ ထောင်ပိုင်အစစ် မဖြစ်လိုက်ရဘဲ အလုပ်ပြုတ်ပေါက်လေ။ ထောင်ထဲက ထွက်ပြေးတာမပြောပါနှင့်။ ထောင်ပြင်အလုပ် အကျဉ်းသားတစ်ယောက် ထွက်ပြေးတာတောင် ကြောက်ချေးပါ လန့်ဖျားဖျားပြီး အိပ်ရာထဲ တစ်လလောက် လဲခဲ့ဖူးသည်။ ဒီတော့ မောင်ပေါက်ကျိုင်းထုံး သုံးခုထဲက နှစ်ခုကိုပဲ နှလုံးမူရသည်။ ‘မေးပါများ စကားရ’။ ဒီအလုပ်ကောင်းသည်၊ အင်ဖော်မေးရှင်း ရနိုင်သည်။ ‘သွားပါ စောက်စောက် ခရီးရောက်’။ နိုး....နိုး.... မကောင်းဘူး။ ထောင်က မခွာနှင့်။ ဂေါက်သီး သွားရိုက်နေသော ထောင်ပိုင်တစ်ယောက် နောက်ပိုင်းက တစ်ထောင်လုံး ထွက်ပြေးသွား သဖြင့် ဒုက္ခလှလှကြီး တွေ့ခဲ့ဖူးသည်။ ‘မအိပ်မနေ အသက်ရှည်’။ ဟာ.... ဒီအလုပ် သိပ်ကောင်းသည်။ ဘဲရီးဂွတ်ဒ် ကဲရီးအွန်၊ ဆက်လုပ်။

ဗန်းမော်ထောင်က ပိုပြီး သတိထားရသေးသည်။ အထဲမှာရှိသည့် အကျဉ်း သား တစ်ဝက်ကျော်ကျော်က ကေအိုင်အေ သောင်းကျန်းသူတွေ။ သူတို့အထဲမှာ ဗိုလ် အဆင့် နှစ်ယောက်ပါသေးသည်။ သူတို့နှစ်ယောက်ကို အများနှင့် ရောထားလို့မဖြစ်။ ထောင်ဘူးဝအလယ်ထပ်ရှိ ထောင်ပိုင်နေအိမ်နှင့်အနီးဆုံး ဘီကလပ်ဆောင်မှာ သီးခြား ခွဲထားရသည်။ (တစ်ချိန်က နိုင်ငံရေးသမား ခေါင်းဆောင်ကြီးများ နေခဲ့ဖူးသည့် အဆောင်။) သူတို့နှစ်ယောက်တည်း စိတ်ချလက်ချထားလို့မရ။ မိမိ လူယုံမွေးထား သော ထောင်ကျအကျဉ်းသား ဘာယာငါးယောက်ကိုပါ ပူးတွဲတာဝန်ချထားရသည်။

စာရေးဆရာ ထောင်ပိုင်တစ်ယောက်အဖို့ မောင်ပေါက်ကျိုင်းထုံး နှလုံးမူဖို့ သိပ်မခက်လှပါ။ ညနေစောင်းသည်နှင့် စစ်တပ်ထဲသွား တင်းနစ်ရိုက်၊ ပြန်လာ ရေချိုး၊ ရမ်လေးသုံးလေးပက်သောက်ပြီး ထမင်းစား။ ညရှစ်နာရီထိုးသည်နှင့် ရေဒီယိုသတင်း နားထောင်ပြီးအိပ်။ ဟော.... ညတစ်နာရီလောက်ကျတော့ အိပ်ရေးဝလို့ နိုးနေပြီ။ အဲဒီ အချိန် ထောင်ထဲဝင်စစ်၊ ပြန်လာတော့ လက်နှိပ်စက် တချောက်ချောက်ရိုက်ပြီး စာရေး။ လေးနာရီလောက်ကျတော့ တစ်ရေးလောက် ပြန်မှေး။

ထောင်ထဲမဝင်ချင်လည်းလွယ်ပါသည်။လျှပ်စစ်လူခေါ်ခေါင်းလောင်းတစ်လုံး

http://www.cherrythitsar.org



ဂါတ်ကြီးပေါ်မှာတင်ထား။ ခလုတ်ကို ထောင်ပိုင်ကြီး အိပ်တဲ့ခုတင်ခေါင်းရင်းမှာတပ်။ ခလုတ်ကိုနှိပ်လို့ ခေါင်းလောင်းမြည်လာလျှင် ဂါတ်ကြီးပေါ်မှ 'အားလုံးကောင်းပါတယ် ခင်ဗျား'ဟု အော်ခိုင်း။ တစ်ဆက်တည်း ထောင်တွင်းရှိ အစောင့်ထောင်ကြပ်များနှင့် ဘာယာများက အားလုံးကောင်းကြောင်း ဆက်သတင်းပို့ကြ။ ဒါလည်းကိစ္စပြတ်သည်။ သို့သော် လျှပ်စစ်မီးပျက်ပြန်တော့ ဒီနည်းက သိပ်မဟန်။ သို့ဖြစ်၍ နွားဆွဲသည့် ခြူလေး တစ်လုံးကို ဂါတ်ကြီးပေါ်ချိတ်။ ကြိုးတစ်ချောင်းနှင့် ကြမ်းပြင်ကိုဖောက်၊ ထောင်ပိုင်ကြီး ခုတင်ခေါင်းရင်း တန်းလန်းထားလိုက်သည်။ အိပ်နေရင်းကြိုးစကလေးကိုဆွဲ၍ ခြူလေး အသံမြည်လျှင် တစ်ထောင်လုံးအစောင့်တွေမှန်သမျှ 'အားလုံးကောင်းပါသည် ခင်ဗျား' လို့ ဆူညံအောင်အော်ဟစ်ကြပေရော့။ ကြာလာတော့ ထောင်ကြပ်တွေက ထောင်ပိုင်ကြီး ကတော်ကို မေးယူရသည်အထိ။ 'အန်တီ၊ ဆရာကြီး ဘယ်အချိန်အိပ်သလဲ'တဲ့။

ဒီကြားထဲက ပြဿနာစပေါ်ချင်တော့ တစ်ညနေခင်း ထောင်မှူးဦးစံထွန်းအေး တင်းနစ်ပြိုင်ပွဲ ရှိနေသဖြင့် ပြိုင်ပွဲအပြီး သောက်ဟယ်စားဟယ်နှင့် အနည်းငယ် မိုးချုပ် သွားသည်။ ညရှစ်နာရီခန့် ရှိသွားပြီ။ အကျိုးအကြောင်း မေးကြည့်လိုက်တော့ အသည်း ထိတ်စရာ။ မသင်္ကာဖွယ်လူတစ်ယောက် ထောင်အနောက်ဘက်အုတ်ရိုးအနီးကို ဝါးလုံး တစ်ချောင်းနှင့် ထောင်ကြည့်နေသည်ကို ထောင်ကြပ်က မြင်သဖြင့် လှမ်းအော်ဟစ်ရာ ဝါးလုံးချပြီး ထွက်ပြေးသွားလို့တဲ့။ အောက်မှာရှိသည့်လူများ ဝိုင်းလိုက်ကြပေမယ့် ဘယ်မီတော့မှာတုန်း။ တောင်ယာဘက်ဖြတ်ပြေးပြီး ခြံစည်းရိုးဖောက်ကာ ရွှေကျီးနားရွာ ဘက် ထွက်ပြေးသွားပြီတဲ့။ သောက်စားထားသမျှ ဘယ်ရောက်ကုန်သည်မသိ။ ထောင် သို့ ချက်ချင်းပြန်ပြေးခဲ့ရသည်။ အခြေအနေကြည့်လိုက်တော့ ကေအိုင်အေ လက်ချက် လို့ပင် ယူဆရသည်။ အုတ်ရိုးကျော်ဝင်ဖို့တော့ မဖြစ်နိုင်။ အမြင့်ဘယ်လောက်ရှိတယ် ဆိုတာ တိုင်းထွာကြည့်လေသလားမသိ။ ဘာပဲဖြစ်ဖြစ် သတိတော့ထားရမည်။ သို့ ဖြစ်၍ ချက်ချင်းပင် တပ်မတော်၊ ရဲ၊ ခလကတို့ထံ ဖုန်းဆက်ပြီး အပြင်စည်းရိုး လုံခြုံရေးအတွက် ကြိုတင်ပြင်ဆင်ညှိနှိုင်းဆောင်ရွက်ရသည်။ အတွင်းစည်းရိုး လုံခြုံရေး ကို မအိပ်မနေဆောင်ရွက်နေသည့်ကြားက အပြင်ရန်ကလည်း တစ်မျောင့်ပါကလား။

ထောင်ပိုင်ကြီး မောင်ပေါက်ကျိုင်းထုံး နှလုံးမူသလို ထောင်ထဲရှိ ကေအိုင်အေ နှစ်ယောက်ကလည်း နဂါးမင်းလို အလစ်ချောင်းနေဟန်တူပါရဲ့။ တစ်ညတွင် သုံးနာရီခွဲ သာသာလောက် စာရေးပြီး တစ်ရေးလောက်ပြန်နှပ်မယ်လို့ အိပ်ရာထဲ အလှဲလိုက်၊ ထောင်ပိုင်ကြီး ကတော်က အရေးထဲအရာပေါ်ပါလေတော့သည်။ ဗိုက်နာလို့တဲ့။ သူ့ ကိုယ်ဝန်က သုံးလေးလ ရှိသေးသည်။

"ဘာများ အစားမှားလို့လဲကွာ"

"ဘာ အစားမှားရမှာလဲရှင့်။ ထောင်နဲ့မြို့နဲ့ ဒါလောက်ဝေးလို့ အူခြောက်နေရ တဲ့အထဲ။ အခုဟာက အိုးတိုးအောင့်တောင့်နဲ့ ဘယ်လိုမှ နေမရလို့ပါ"

http://www.cherrythitsar.org



"အေးပါကွာ၊ ဒီလိုဆိုရင်လည်း ထောင်လာနေကျ ဒေါက်တာဝင်းစိန်ကို အခေါ်ခိုင်းပေးပါ့မယ်။ ဒီအချိန်ကြီး ဆေးရုံတို့ ဆေးခန်းတို့ သွားရအောင် မြင်းလှည်းရဖို့ ကလည်း မလွယ်ဘူး"

အောက်ထပ်ရှိ တံခါးသမားကိုနှိုးပြီး အော်ဒလီညီမောင်ကို အခေါ်ခိုင်းရသည်။ သို့သော် ညီမောင်မလာခင် ထောင်ကြပ်အုပ် ဦးပွေရောက်လာသည်။

"ဘာလဲ ဦးပွေ၊ ညီမောင်ကော"

"ညီမောင် လာပါလိမ့်မယ်။ သွားနှိုးနေပါတယ်။ ခုဟာက အရေးကြီးသတင်း ပို့စရာရှိလို့ပါ"

"ကိုင်း.... ဆိုစမ်းပါဦး"

ဆိုစမ်းပါဦးလို့ သတင်းစုံကြားလိုက်ရတော့ ထောင်ပိုင်ကြီး မျက်လုံးပြူးရပြီ။ အံမယ်လေး၊ ကံကြီးပေလို့ပါလား။ မောင်ပေါက်ကျိုင်းလို နဂါးနိုင်မင်းရာဇာ မဖြစ်ဘဲ နဂါးစားထောင်ပိုင်ဖြစ်ဖို့ လက်မတင်ကလေး လိုတော့သည်။ ကေအိုင်အေနှစ်ယောက် လေးနာရီကျော်ကျော်လောက်မှာ ထောင်ဖောက်ထွက်ပြေးတော့မလို့၊ တန်းကိုတောင် ဖြတ်ထားပြီးပြီတဲ့။ အလိုလေး၊ ဗုဒ္ဓေါမြတ်စွာဘုရား၊ ကြည့်စမ်း မိန်းမဗိုက်နာလာတာ ကံကောင်း။

သူမအတွက်တော့ ကံမကောင်းရှာပါ။ ဆရာဝန်ရောက်လာတော့ ဆေးရုံကြီး အမြန်ပို့မှ ဖြစ်မည်ဆို၍ စစ်တပ်ကို တယ်လီဖုန်းဆက်၍ ကားတောင်းပြီး ဆေးရုံပို့ကြရာ **(abortion)** အဘောရှင်း ခေါ် ကိုယ်ဝန်ပျက်ကျ၍ သားအိမ်ခြစ်လိုက်ရသည်။ သမီး ချည်း သုံးယောက်ဆက်တိုက်မွေးခဲ့ရာမှ ဒီတစ်ခါ သားကလေးများဖြစ်နေမလားဟု သူ့ခမျာ စိတ်မကောင်းဖြစ်နေရှာသည်။

လောကဓမ္မတာ အဆိုးနှင့်အကောင်း ဒွန်တွဲနေတတ်စမြဲဖြစ်သည်။ သူမ အတွက် အဘောရှင်းကမကောင်း။ ထောင်ပိုင်ကြီးအတွက် ထောင်ပြေးမှု အဘောရှင်းက အကောင်း။ အင်္ဂလိပ်လိုဆို aborted escape case ပေါ့။

■

# ၇၆

ဆားဗစ့်လပ်ခ် (service luck)ကို အဆင်ပြေအောင် ဘယ်လိုဘာသာပြန်ရမည် မသိ။ တိုက်ရိုက်ဘာသာပြန်လျှင်တော့ မင်းမှုထမ်းကံကြမ္မာပါပဲ။ သို့သော် မိမိဆိုလိုရင်းအချက် ဒက်ခနဲ အဓိပ္ပာယ်မပေါ်။ ဆိုချင်တာက လူတစ်ယောက်၏ အမှုထမ်းသက်တမ်း တစ်လျှောက် အကြောင်းအပေါင်းကောင်းခြင်း မကောင်းခြင်း၊ ဒုက္ခ သုက္ခတွေ့ရခြင်းတို့ပင် ဖြစ်သည်။ မင်းမှုထမ်းဆုတောင်းဆိုရင်ကော အဆင်ပြေမလား။ ခေါ်ချင်သလိုခေါ်၊ အစိုးရ အမှုထမ်း အရာထမ်းမှန်လျှင် သူနှင့် မကင်းနိုင်ကြ။ အချို့ အမှုထမ်းသက် တစ်လျှောက်လုံး ကံကောင်းသူများရှိသလို၊ အချို့ကျတော့ အလုပ်စဝင်ကတည်းကပင် ပင်စင်သာယူသွားရော ကံဆိုးမိုးမှောင်ဆက်တိုက်ကျသူများလည်းရှိတတ်သည်။ တချို့ ကျတော့ အဖုအထစ် အကွေ့အကောက်တွေနှင့် ကံကောင်းလိုက် မကောင်းလိုက်။

ဥပမာ ဆိုပါစို့။ ထောင်မှူးမောင်မောင်တို့ အလုပ်ဝင်စက တွေ့ခဲ့ရသည့် ထောင်ပိုင်ကြီး ဝဏ္ဏကျော်ထင်ဦးဆိတ်။ တစ်ချိန်၊ ရန်ကုန်မြို့လယ်ကောင်တွင် မားမားမတ်မတ် တည်ရှိခဲ့သော ရန်ကုန်ထောင်ကြီးမှာ ယခုလက်ရှိ အင်းစိန်ထောင်ကြီးလိုပင် ဗဟိုထောင်ကြီးဖြစ်၏။ ထောင်ကြီးလျှင် ပြဿနာကြီးစမြဲ။ အကျဉ်းထောင်တို့၏ သမားရိုးကျ ဖြစ်ရိုးဖြစ်စဉ် ထုံးတမ်း ဓမ္မတာအတိုင်း အနိဋ္ဌာရုံ စုံစီနဖာ ကူလီကူမာတွေက ပေါပါဘိ။ ထောင်ထဲမှာ ရှိတာတွေက နိုင်ငံရေးသမားအဓိပတိတွေ အများစုဆိုတော့ လေကင်းသံ ခြောက်ပေါက်နှင့် ဦးနှောက်ခြောက်စရာ ဗိန်းမောင်းရိုက်သံတွေက ဆူဆူညံညံ။ ထောင်ပိုင်ကြီး ဦးဆိတ်တို့ကတော့ မဖြုံပေါင်။ အပြုံးမပျက်ပေါင်။ စိတ်ရှည်လက်ရှည်

http://www.cherrythitsar.org



ဆိုတာလို စိတ်အေးလက်အေး ခေါင်းအေးအေးထားပြီး တယ်လီဖုန်းတစ်လုံးနှင့် ပြဿနာကို ကိုင်တွယ်ဖြေရှင်းခဲ့ပုံများ ပိုကာဒေါင်းပင် မပျက်။

ညီအစ်ကိုအရင်းလို ချစ်ခင်သော ကျောင်းနေဖက်သူငယ်ချင်း ထောင်မှူး တစ်ယောက်ရှိသေးသည်။ သူ့ကို ထောင်လောကမှာ အလောင်းစည်သူမင်းကြီးလို့ခေါ်စမှတ်ပြုကြသည်။ အလောင်းစည်သူမင်းကြီးက လက်ညှိုးညွှန်ရာ ရေဖြစ်သလို သူငယ်ချင်း ထောင်မှူးက လက်ညှိုးညွှန်ရာ ထောင်ဖြစ်သည်။ သူပြောင်းချင်တဲ့ထောင်ကို အချိန်မရွေး ပြောင်းလို့ရသည်။ သူ့ ဆားဗစ္စလပ်ခ်က တစ်မျိုး။ မင်းကြီးတူမ ရထားတာကိုး။

မင်းမှုထမ်းဆုတောင်း ကောင်းမကောင်းတော့မသိ။ ထောင်ရာဇဝင်မှာ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်းကလေး အသုံးတော်ခံသွားခဲ့ကြသော ထောင်မှူး၊ ထောင်ပိုင် အတော်များများ ရှိခဲ့ဖူးသည်။ အကျဉ်းထောင်လက်စွဲဥပဒေမှာ ထောင်ထဲသို့ မည်သည့် လက်နက်မျှ ကိုင်ဆောင်၍မဝင်ရဟု အတိအလင်းပြဋ္ဌာန်းထားသည်။ ထောင်ဘူးဝတွင် ယခင်က အင်္ဂလိပ်လို 'No entry with arms.'၊ ယခု မြန်မာလို 'လက်နက် ကိုင်ဆောင်၍ မဝင်ရ'ဟု ဆိုင်းဘုတ်များ အထင်အရှား ရေးဆွဲထားသည်။ ဘာပြုလို့လဲဆိုတော့ အကျဉ်းသားတွေက ဝိုင်းလုပြီး အန္တရာယ်ပြုမှာ စိုးလို့ပေါ့။ ထောင်ဝန်ထမ်းတွေ လက်နက်မလို။ ခရာတစ်လုံးရှိ ကိစ္စပြတ်သည်။ အရေးကြုံလျှင်ခရာမှုတ်၊ အချက်ပေး၊ အုတ်ရိုးပတ်ပတ်လည်ရှိ မျှော်စင်များပေါ်မှ အခင်းဖြစ်သည့်နေရာကို သေနတ်နှင့်ပစ်။

အဲဒီလောက်ပြင်းထန်သည့် သံမဏိစည်းမျဉ်းကြီးကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခဲ့သူတစ်ဦး ရှိခဲ့ဖူးသည်။ သူကား အပြင်လူမဟုတ်။ ဒုတိယကမ္ဘာစစ်တွင် အင်္ဂလိပ်စစ်တပ်ထဲ၌ ဆူဗေဒါမေဂျာအဖြစ်အမှုထမ်းခဲ့ဖူးသည့် စစ်ပြန်ကြီးမစ္စတာအယ်လ်ပိန်းဆွေဖြစ်၏။ သူကတော့ စစ်တပ်မှထွက်၍ ထောင်မှူးဘဝရောက်သည်အထိ ခြောက်လုံးပြူးကို ခပ်တည်တည်ခါးထိုး၍ ထောင်ထဲဝင်လာသည်ကို မျက်ဝါးထင်ထင် တွေ့ခဲ့ဖူးသည်။ သို့သော် သူ ဘာဆုတောင်း ကောင်းခဲ့လေသည်မသိ။ ဘာပြဿနာမှ မဖြစ်။

ပြဿနာဖြစ်ချင်တဲ့သူများကျတော့ အလွယ်လေး။ တစ်နေ့ မန္တလေးထောင်ကြီးသို့ တရားရေးဝန်ကြီးဝင်စစ်သည်။ထိုစဉ်နိုင်ငံရေးအစိုးရလက်ထက် အကျဉ်းဌာနက တရားရေးဝန်ကြီး လက်အောက်မှာရှိသည်။ ထောင်မှူးမောင်မောင်က တံခါးမကြီးတွင် တာဝန်ကျနေသည်။ ကြယ်တစ်ပွင့်တပ်ထားသော ဝန်ကြီး၏သက်တော်စောင့် ရဲအရာရှိ ခါးတွင် ခြောက်လုံးပြူးသေနတ် ချိတ်ဆွဲလျက် နောက်တော်ပါးက ပါလာသည်။

သူ့ကိုကပ်၍ မျက်နှာချိုသွေးရသည်။

"ဆရာ၊ သေနတ်ကို ဒီမှာအပ်ထားခဲ့ပါနော်။ ကျွန်တော်တို့ သေတ္တာထဲမှာ လုံလုံခြုံခြုံ သော့ခတ်ပြီး သိမ်းထားပေးပါ့မယ်"

"ဟာ ဘယ်ဖြစ်မလဲ၊ ဝန်ကြီးရဲ့ အနီးကပ်လုံခြုံရေးအတွက် ကျွန်တော့်မှာ တာဝန်ရှိတယ်"

http://www.cherrythitsar.org



"ဒါတော့မှန်ပါတယ်။ ဒါပေမယ့် ဝန်ကြီး ထောင်ထဲဝင်စစ်နေတုန်းမှာတော့ အဲဒီလုံခြုံရေးအတွက် ကျွန်တော်တို့အကျဉ်းထောင်ရဲ့ တာဝန်ဖြစ်သွားပါပြီ။ အပြင်မှာ ဆိုင်းဘုတ်ရေးထားတာ ဘရားသား အမြင်ပါပဲ။ ထောင်ထဲကို လက်နက် မယူရပါဘူး"

ဝန်ကြီးနှင့်အဖွဲ့က ထောင်ပိုင်ကြီး၊ ထောင်မှူးကြီးတို့နဲ့အတူ ရှေ့ကဝင်သွားကြပြီ။ သက်တော်စောင့်မှာ ထောင်မှူးမောင်မောင်နှင့် စကားအချီအချများရင်း တံခါးထဲမှာ ကျန်ရစ်ခဲ့၏။ သူက ဖွတ်အတင်း ဝင်လိုက်မည်တကဲကဲ။

"ဟော့.... တီကာရမ်း မတ်ခိုလိုး"

(တံခါးစောင့် သော့ကိုင်ကုလား ထောင်ကြပ်ကို ဖွင့်မပေးရန် အမိန့်ပေးလိုက်ခြင်းဖြစ်၏။) ကုလားထောင်ကြပ်ကတော့ အချားဘရားဆပ်ဆိုပြီး တံခါးကို မဖွင့်ရေးချ မဖွင့်။ သက်တော်စောင့်ကိုယ်တော်ချော မျက်ထောင့်နီပြီး တံခါးထဲ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း ကျန်ရစ်ခဲ့၏။

မကြာမီ ထောင်မှူးကြီး ထောင်ထဲမှ သုတ်သီးသုတ်ပြာ ပြန်ထွက်လာ၏။

"ဟော့.... ဝန်ကြီးနဲ့ပါလာတဲ့ နိုင်ငံရေးသမားအဖွဲ့တွေက မနည်းဘူးကွ။ အပြင် က ဦးကျော်ကင်တင်းကို ပြေးကြစမ်းပါဦးကွာ၊ လက်ဖက်ရည်နဲ့မုန့် ထပ်လုပ်ပါဦး"

ထောင်မှူးမောင်မောင်က ထောင်မှူးကြီး၏ မျက်နှာရိပ်မျက်နှာကဲကို ကြည့်ပြီး သက်တော်စောင့်ကို လက်နက်မအပ်သဖြင့် တံခါးဖွင့်မပေးနိုင်သည့်ကိစ္စ ကြိုတင်သတင်းပို့ထားရသည်။ ထောင်မှူးကြီးက 'အေး.... မင်းမှန်တယ်'ဟု ဆို၏။ သို့သော် ဝန်ကြီး ထောင်ထဲမှပြန်ထွက်လာတော့ အခြေအနေကတစ်မျိုး။

"ဟော့.... ခင်မောင်၊ မင်းဘာပြုလို့ လိုက်မလာတာလဲ"

"တံခါးဖွင့်မပေးလို့ပါ ဝန်ကြီး"

ဟိုက်၊ ကွဲပြီ။ ဝန်ကြီးက ထောင်ပိုင်ကြီးဘက် လှည့်ကြည့်သည်။ ထောင်ပိုင်ကြီးက ထောင်မှူးမောင်မောင်ကို မျက်မှောင်ကြီးကုတ်ကာ စားတော့ဝါးတော့မည့်အသွင် ကြည့်သည်။ သက်တော်စောင့်ပြောသည့်စကားထဲတွင် လက်နက်အကြောင်း တစ်လုံးတစ်ပါဒမျှ မပါ။ ဝန်ကြီးပြန်သွားတော့ မိုးမီးလောင်ပြီပေါ့။

"မင်းတို့နှယ်ကွာ၊ တံခါးကြီးမှာ ဆက်ဆံရေးပြေပြစ်တဲ့ ထောင်မှူးကို ဂျူတီချရောပေါ့။ ကြည့်စမ်းပါဦး၊ ထောင်ထဲမှာ ဝန်ကြီးဟာ တောက်လျှောက် အင်ပရက်ရှင်ကောင်းလာခဲ့တာ။ ပြန်ထွက်ခါနီးမှ မျက်နှာကြီးရှစ်ခေါက်ချိုးနဲ့ လုပ်ထားခဲ့သမျှ အကုန်သဲထဲရေသွန် ဖြစ်တော့တာပဲ"

စောစောက 'မင်းမှန်ပါတယ်'ဆိုသည့် ထောင်မှူးကြီးလည်း ဘာမှဝင်မပြောရဲ။ ထိုစဉ်က ထောင်ပိုင်ကြီးဆိုလျှင် မှားမှားမှန်မှန် သေမလောက်ကြောက်သည်။ ဒီတော့ ထောင်မှူးမောင်မောင်အတွက် တွတ်ပီကံမကောင်းသည့်ပွဲ။

ကံကောင်းချင်သည့်သူများကျတော့ တစ်မျိုးတစ်ဘာသာ။ စောစောက ထောင်ထဲ ခြောက်လုံးပြူးခါးထိုးဝင်ခဲ့သည့် ထောင်မှူးသည် တစ်ချိန်တွင် မော်လမြိုင်

http://www.cherrythitsar.org



ထောင်မှာ ထောင်ပိုင်ကြီးသွားဖြစ်သည်။

"အဝါလေးလည်း ဇိမ်ပဲ။ အနီလေးလည်း ဇိမ်ပဲ"

"မော်လမြိုင်မြို့ကြီးကျယ်တယ်ဆို၊ လျှောက်ပတ်ကြည့်တော့ အကျဉ်းကလေး"

"သူများပျော်လို့ မပျော်နိုင်၊ ရည်းစားပျောက်လို့ ငိုင်"

မော်လမြိုင်သကြ်န်ကလည်း နာမည်ကြီး။ ထောင်ပိုင်ကြီးကလည်း ငယ်မူငယ်သွေး ပျောက်သေးဟန်မတူ။ ထောင်ထဲက အကျဉ်းသားတွေထုတ်ပြီး မော်လမြိုင်သကြ်န် မော်တော်ကားနှင့် လျှောက်လည်ကြရာက ဒိုင်းဝန်ကွင်းအရောက် အရပ်ထဲမှ ရေသကြ်န်အဖွဲ့နှင့် ရန်ဖြစ်ကြသည်။ တုတ်တပြက် ဓားတပြက်၊ ပြဲသူပြဲ ကွဲသူကွဲ။ ရန်ပွဲက အတော်လေး ကြီးမားသွားပြီး သတင်းစာထဲပါလာသောအခါ ထောင်ပိုင်ကြီး မစားသာတော့။ ဤမှာပင် သူ၏ ဆားဗစ္စလ်ခ် နိဋ္ဌိတံကာ ပင်စင်ယူလိုက်ရသည်။

နောက်တစ်ယောက်ကျန်ပါသေးသည်။ ထောင်ပိုင်ကြီး ဦးစိန်ကြိုင်။

တစ်ချိန်က ကိုကိုးကျွန်းတွင် ထောင်ဖွင့်ပြီး နိုင်ငံရေးအကျဉ်းသားများ ပို့ထားခဲ့ရာ တာဝန်ကျနေသူ ဦးစိန်ကြိုင်က ကိုကိုးကျွန်းရောက် ထောင်မှူးကြီး ဦးစိန်ကြိုင်အတွက် မေလှမြိုင်၏ 'ပြန်ချင်ပြီ'သီချင်းကို မြန်မာ့အသံ သောတရှင်တို့လိုရာ အခန်းမှာ တောင်းခံခဲ့ဖူးသဖြင့် ' ပြန်ချင်ပြီ စိန်ကြိုင် 'ဟုလည်း နာမည်ကြီးသည်။ သူလည်း ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်းသမား။ ထောင်မှူးမောင်မောင်တို့နှင့် ငယ်စဉ်ကတည်းက သောက်ဖော်စားဖက်။ သူက ထောင်မှူးမောင်မောင်တို့ထက် သာသည်။ သူ့ပခုံးပေါ်မှ ကြယ်ပွင့်ကလေးများသည် အနိစ္စသဘောကို ထာဝစဉ်စကားပြောလျက်ရှိသည်။ သုံးပွင့်ဖြစ်လိုက်၊ နှစ်ပွင့်ဖြစ်လိုက်၊ သုံးပွင့်ပြန်ဖြစ်လိုက်။ ကိုယ်တော်ကလည်း ကဲသလား မမေးနှင့်။ ထောင်တစ်ထောင်မှာ ထောင်ပိုင်လုပ်နေစဉ် လက်နက်တိုက်မှ သေနတ်တွေ ယူပြီး တောပစ်ထွက်သွားသည်။ အဆိုပါကိစ္စနှင့်ပတ်သတ်၍ အတိုင်ခံရပြီး ညွှန်ကြားရေးမှူးက ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှု လာလုပ်သည်။ ညွှန်မှူးကို ဗိုလ်တဲမှာ နေရာချထားပေးပြီး စားစရာသောက်စရာများ အပြည့်အစုံပို့ပေးထားသည်။ သူကတော့ သွား၍ ဧည့်မခံ။ ညကျတော့ ရွှေမန်းတင်မောင်ပွဲ သွားကြည့်နေလိုက်သည်။ အေးကြရော။သို့သော် တကယ်မအေးသေး။ တကယ်အေးတာက နောက်တစ်ထောင်ရောက်လို့ နေ့ခင်းကြောင်တောင် ထောင်ထဲကအကျဉ်းသား တံခါးကိုစီးပြီး ထွက်ပြေးသွားမှု။ ထွက်ပြေးသည့် အကျဉ်းသားကလည်း နယ်နယ်ရရမဟုတ်။ ထိုနယ်တစ်ဝိုက်တွင် နာမည်ကြီး ဓားပြဂိုဏ်းခေါင်းဆောင် ရှင်မတောင်ခင်မောင်။ ထိုအချိန်က ထောင်ပိုင်ကြီး ခြင်းလုံးသွားခတ်နေပါသတဲ့။

သူများမျက်ချေးအကြောင်းတွေ လျှောက်ရေးနေပြီး ကိုယ့်မျက်ချေး ကိုယ်မှန်ထဲပြန်ကြည့်ဦးမှ။ ကိုယ့်ဆုတောင်းကော ကောင်းရဲ့လား။ ပင်စင်တောင် ယူပြီးနေမှ

http://www.cherrythitsar.org



ပဲ။ ရီဝိုင်းလုပ်ပြီး ရီဗျူးပြန်လုပ်ဖို့ ဘာမှမခက်။ မိမိဆုတောင်းကတော့ အကောင်းကြီး လည်း မဟုတ်၊ အဆိုးကြီးလို့လည်း မဆိုသာ။ ဆိုးချည်တစ်ခါ ကောင်းချည်တစ်လှည့် ဆိုသလိုပါပဲ။ အေးလေ၊ မိမိကိုယ်တိုင်က လူဆိုးကြီး မဟုတ်သလို ခြောက်ပစ်ကင်း သဲလဲစင်၊ ထောင်မလဲ သဲကော်၊ လူကောင်းကြီးတစ်ယောက်မှ မဟုတ်တာ။ ကံဆိုတာ အလုပ်ဆိုခဲ့ရင် မိမိလုပ်ဆောင်သမျှ အကျိုးအကြောင်း အဆိုးအကောင်းပေါ်မှာ မူတည် ပြီး ရောင်ပြန်ဟပ်မှုကို ခံစားနေရမှာပေါ့။ ဒါကြောင့် အမှုထမ်းသက် အနှစ် ၄၀အတွင်း အလူးလူးအလိမ့်လိမ့် နင့်နေအောင်ခံစားခဲ့ရသော လမိုက်ရက်များရှိသလို ကောင်းကွက် ကလေး တစ်ကွက်စ နှစ်ကွက်စလည်း ရှိခဲ့ဖူးသည်။

တစ်ခုတော့ သတိကြီးစွာ ထားရသည်။

"ဥပဒေမှာ ဘယ်လိုပဲ ဆိုထားဆိုထား၊ အခြေအနေနဲ့ အချိန်အခါကိုတော့ သုံးသပ်ကွ။ ဘယ်တော့မှ လေ့နံ့ဓားထစ်ကြီးလိုက်မလုပ်နဲ့။ အရိပ်သုံးပါးနားမလည် ချေသငယ် ကျားစာဖြစ်သတဲ့။ ငါ့ကို ကြည့်လေကွာ"

ဤသည်မှာ တက္ကသိုလ်ဆရာတစ်ဦး မှာဖူးသည့် နှုတ်စကား အဆိုအမိန့် ဖြစ်ပါသည်။ ထင်းခွေမကြုံ ရေခပ်ကြုံ၊ ကွေ့တစ်ကွေ့မှာဖြင့် ကိုယ်တွေ့ကြုံခဲ့ရပါသည်။ ရမည်းသင်းထောင်တွင် နှစ်ပွင့်ထောင်ပိုင်အဖြစ် အမှုထမ်းနေစဉ်ကဖြစ်၏။

"ဦးသိန်းအောင်၊ ညနေ ထောင်ပိတ်ပြီးရင် သော့တွေအိမ်ပေါ်ပို့ထားလိုက်ဗျ"

"ဘာလုပ်ချင်လို့လဲ"

"လုပ်စရာရှိလို့ပေါ့ဗျာ'

"ကျွန်တော် သိပါတယ်။ စောစောကပဲ ရဲစခန်းက ဖုန်းဆက်တယ်။ ညခုနစ် နာရီခွဲ ရှစ်နာရီလောက်မှာ တရားခံသုံးဆယ့်ငါးယောက် လာပို့ချင်လို့တဲ့။ ရဲအချုပ်ခန်း မှာလည်း နေရာမရှိလို့တဲ့။ ကျွန်တော်က ထောင်ပိတ်ပြီးရင် ဘာတရားခံမှ လက်မခံနိုင် ဘူး။ ဥပဒေမရှိဘူးလို့ ပြောလိုက်တယ်။ အဲဒီကိစ္စ မဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်တော့်ကို ခလက ဥက္ကဋ္ဌကြီးက ဖုန်းဆက်ထားလို့"

ထောင်မှူးကြီး ဦးသိန်းအောင် ဘာမျှပြန်မပြော။ အင်းမလှုပ် အဲမလှုပ်နှင့်ပြန် သွားသည်။ ခက်တော့အခက်သား၊ သူပြောတာ နည်းလမ်းကျပါသည်။ ထောင်ပိတ်ပြီး လျှင် မည်သည့်အကျဉ်းသား လူသစ်မျှ လက်မခံရပါ။ ထောင်ဥပဒေမှာ အတိအကျ တားမြစ်ထားသည်။ ဒါဖြင့် အထဲကအကျဉ်းသား နေထိုင်မကောင်းဖြစ်ရင်ကော၊ ဒါတော့ ခြွင်းချက်ရှိသည်။ ထောင်ပိုင်ကို သတင်းပို့ပြီး ထောင်မှူးတစ်ယောက်ရှေ့မှာဖွင့်။ ဒါတောင် တံခါးကို သံကြိုးနှင့်ချိတ်ပြီး လူတစ်ယောက်စာ ထွက်သာရုံ ခပ်ဟဟဖွင့်၊ ချက်ချင်းပြန်ပိတ်။

သို့သော် ခလကဥက္ကဋ္ဌကြီးက 'ဒါလေးတော့ ဖြစ်အောင်ကူညီပါဗျာ'ဟု မေတ္တာရပ်ခံထားရာ ကြယ်သုံးပွင့် ထောင်ပိုင်နေရာတွင် မတန်မရာ တက်လုပ်နေရသော

http://www.cherrythitsar.org



ကြယ်နှစ်ပွင့်ထောင်မှူးကြီး တစ်ယောက်အနေနှင့် ဘယ်လိုလုပ် ငြင်းဝံ့ပါမည်နည်း။ သူ့အဆင့်နှင့် ကိုယ့်အဆင့်က ကွာခြားလှပါဘိ။ ဒါ့အပြင် 'လှေနံဓားထစ်မလုပ်နဲ့ကွ' ဆိုသော ဆရာ့ဆရာ ထောင်ပိုင်ကြီး၏ ပြောစကားတွေကလည်း နားထဲကမထွက်။ အချိန်တန်၍ ထောင်ပိတ်ပြီးသော်လည်း ဦးသိန်းအောင်ထံမှ ထောင်ပိတ်သော့တွေ ရောက်မလာ။ ခက်ပြီ။ ဦးသိန်းအောင်နှင့် မိမိတို့မှာ မတန်ရင်ကာ ရင်းနှီးကြသူတွေ၊ ဒီထက် တိကျမှန်ကန်အောင် ပြောရလျှင် ပုလင်းတူဘူးဆို့ သောက်ဖော်စားဖက်တွေ။ သူ ဟက်ကလပ်ခေါ် စာရေးကြီးဘဝကတည်းက။ စာရေးကြီးမှ ထောင်မှူးဖြစ်လာပုံကို ကြည့်ပါဦး။ တစ်နေ့ အင်းစိန်ထောင်ကို အကျဉ်းဌာနမင်းကြီး လာစစ်ရာ....

"ဟ... ခေါင်းဖြူကြီး ခုထက်ထိ ထောင်မှူးမဖြစ်သေးဖူးလား"

"ခင်ဗျားကမှ မခန့်သေးဘဲ ဘယ်ဖြစ်မလဲ"

မင်းကြီးပြန်သွားပြီး မကြာမီ ထောင်မှူးခန့်စာ ထွက်လာခဲ့သည်။ နဂိုကပင် ရင်းနှီးပြီး ဖြစ်ဟန်တူပါသည်။ တစ်ခါက ထောင်မှူးမောင်မောင် မန္တလေးထောင်တွင် ရှိနေစဉ် သူအလည်ရောက်လာ၍အရက်တိုက်ရာ မိခင်ကြီးထံတွင် ဝါတွင်း အရက် မ သောက်ပါဘူးဟု ကတိပေးခဲ့သည်ဆို၏။ သို့သော် မင်္ဂလာဈေးအနီး ဖူးပိန်စားသောက် ဆိုင်သို့ ရောက်သောအခါ 'အမေရေ၊ ဒီတစ်နေ့တော့ ရန်အောင်ကြီးနဲ့ တွေ့နေလို့ ခွင့်လွှတ်ပါဗျာ'ဟု မြွောက်ပြကာ မော့ချလိုက်လေတော့သည်။ ဒါလောက်အထိ ရင်းနှီး နေကြသူအချင်းချင်းဆိုတော့လည်း တော်တော်အပြောရခက်သည်။ မိမိရမည်းသင်း ထောင် ရောက်စကလည်း အိမ်ပေါ်ခေါ်၍ အရက်တိုက်ရာ....

"ခင်ဗျား အိမ်ပေါ်အရက်လာသောက်တာ ဒါ နောက်ဆုံးပဲ။ နောက်ဆိုရင် ခင်ဗျားအိမ်လည်း ခေါ်မတိုက်နဲ့။ ကျွန်တော့်အိမ်လည်း လာမသောက်နဲ့။ အောက်က လူတွေ အရိုအသေတန်တယ်။ သောက်ချင်ရင် ကိုယ့်အိမ်မှာ ကိုယ်သောက်ကြမယ်"

ထောင်ပိုင်လက်သစ်က ကြောက်ကြောက်လန့်လန့်နှင့် မကြာခဏ ထောင်ထဲ ဝင်စစ်လေ့ရှိရာ 'ခင်ဗျား ထောင်ထဲ နေ့တိုင်း ဝင်မစစ်နဲ့ဗျာ။ ထောင်ပိုင် ဈေးပေါတယ်။ တနင်္လာနေ့တစ်နေ့ပဲ ယူနီဖောင်းအကျအနဝတ်ပြီးဝင်စစ်။ သေသေချာချာ တန်းစီပေး မယ်။ အဲဒီနေ့ကျ ခင်ဗျား ကျွန်တော့်ကို ဆူစရာရှိလည်း ဆူ၊ ပြောစရာရှိလည်း ပြော၊ ကျန်တဲ့ရုံးခန်းထဲမှာ ထောင်ပိုင်ကြီးဆိုပြီး စတိုင်နဲ့လက်မှတ်ထိုးနေစမ်းပါ'တဲ့။ ကဲ မခက် လား။ လူကတော့ တဖွတ်ထိုး၊ စိတ်ကောင်းတော့ရှိသည်။သို့သော် တကယ့်ကို ခွစာပါ။

တစ်နေ့ ထောင်ရေကန်အနီးရှိ ရွှံ့ဗွက်ထဲတွင် ရိက္ခာဂိုဒေါင်ထဲမှ ငါးပိအိတ်တွေ ဖောက်ဖြဲပြီး မြှုပ်ပစ်နေသည်ဟု သတင်းရသဖြင့် သူ့ကို ခေါ်မေးကြည့်ရာ လောက်တက် နေလို့ဟု ပြောသည်။ နောက်တော့မှ သိရတာက ဘယ်ဟုတ်လို့တုန်း၊ ယခင်ထောင်ပိုင် လက်ထက်က ပိုလျှံသည့်ငါးပိအနည်းငယ်ကို ဝန်ထမ်းများအားဝေငှပေးရာ စာအပစ် ခံရလို့တဲ့။ နောက်ပြီး ပိုလျှံသည့်ဆန်အိတ်ကို လူမထားတဲ့ မိန်းမထောင်ထဲမှာဖွင့်ပြီး

http://www.cherrythitsar.org



'သိသူဖော်စား၊ မသိသူကျော်သွား'လို့ အလှူပေးခဲ့ဖူးသတဲ့။ အဲဒီလို လူစား။

ညရှစ်နာရီသာသာလောက် တရားခံများရောက်လာသည်။ နလကဥက္ကဋ္ဌ ကိုယ်တိုင်ပါလာ၏။ သူတို့လည်း အရေးပေါ်လိုအပ်ချက်အရ အပူတပြင်း ဆောင်ရွက်ရ ဟန် တူပါသည်။ တမင်တကာပင် ဦးသိန်းအောင်ကို အခေါ်မခိုင်းပါ။ မိမိကိုယ်တိုင် ကြီးကြပ်ဆောင်ရွက်မည်ဟု သော့ကိုသာ အတောင်းခိုင်းလိုက်သည်။ သို့သော် သော့ မပေးလိုက်။ သူကိုယ်တိုင် သော့တွဲကိုင်ပြီး လိုက်လာသည်။ ပုံပန်းသဏ္ဌာန်ကိုလည်း ကြည့်ပါဦး။ စွပ်ကျယ်အင်္ကျီလက်စကနှင့် လုံချည်တိုတိုဝတ်လျက် ခုံဖိနပ်ကြီး တဂွမ်ဂွမ် စီးလို့။ သူ လေရလာပြီ။ ပြီးတော့ ဘာပြောသည်ထင်ပါသနည်း။

"ခင်ဗျား အဲဒီလိုကျပ်ကျပ် အလျှော့ပေး။ ကြာရင် ဂုတ်ခွစီးလိမ့်မယ်"တဲ့။

"အေးလေ၊ ခင်ဗျားက ကျွန်တော့်လို တာဝန်မယူရသေးတော့ ပြောအားရှိတာ ပေါ့"

ဤသည်မှာ ပါးစပ်က အသံမထွက်ပါ။ စိတ်ထဲက ရေရွတ်နေမိခြင်းသာ ဖြစ်ပါသည်။ အဲဒီလိုသာ ပြောချလိုက်ရင် နှစ်ယောက်သား ထ နပန်းလုံးရမလားမသိ။

■

# ၇၇

ယောနိသော မနသီကာယ။ အရာရာမှာ စိတ်ထားသဘောထား မှန်ကန်မှုတဖို့တော့ လိုပါလိမ့်မည်။ စိတ်ကောင်းနှလုံးကောင်းရှိတာက တခြား၊ မှန်ကန်မှုတစွာ ခံယူ နှလုံးသွင်းထားတာက တစ်ဘာသာ။

ထောင်မှူးမောင်မောင်တို့ ငယ်ငယ်က စိတ်ထားသဘောထား မှန်ကန်မှုတမှု လုံးဝမရှိခဲ့ပါ။ နှလုံးသွင်းခံယူချက်တွေက မူမမှန်ဘဲ ကမောက်ကမဖြစ်၊ တွေးခေါ် ဆင်ခြင်တုံတရား မှားယွင်းနေတော့ ဘယ်လိုမှ အမြင်မကြည်လင်နိုင်။

"အဓိပ္ပာယ်မရှိတာဗျာ၊ ဒီတနင်္ဂနွေနေ့လေး တစ်နေ့ အားတဲ့ဥစ္စာကို ဘယ့်နှယ် ဓမ္မာရုံမှာ ဝတ်တက်ရမယ်လို့။ ပြီးတော့ အချိန်ကိုလည်း ကြည့်ပါဦး။ ညနေ ၇နာရီဆို တော့ တစ်ကယ့်အပုပ်ချိန်ကြီး"

မှန်လိုက်လေ။ အပုပ်ချိန်ဆိုသည်မှာ သောက်တတ်စားတတ်သူတို့ အမြတ် တနိုး တန်ဖိုးထားသည့် မင်္ဂလာယူချိန်။ ဒါကိုသိလို့ ထောင်ပိုင်ကြီးက မင်္ဂလာ ဒီအချိန်မှာ ဘုရားဝတ်တက်ခိုင်းခြင်းပါ။ ဇိကုတ်ပြီး နတ်ပြည်တင်ဖို့မဟုတ်သေး။ ငရဲအိုး ဇောက်ထိုး ဆင်းမည့်သူကို ကယ်တင်ခြင်းပါ။ နောက်ပြီး တနင်္ဂနွေတစ်ရက်တည်း။ ခက်တာက အဲဒီ တနင်္ဂနွေနေ့တစ်ရက်ဆိုသည်မှာ အကျဉ်းထောင်ဝန်ထမ်းတွေအတွက် ရွှေထက် အဖိုးတန်သေးသည်။ ခုခေတ်စကားနှင့်ပြောရလျှင် ဒေါ်လာတနင်္ဂနွေ။ အဘယ်ကြောင့် ဆိုသော် သူများတကာတွေ စနေ၊ တနင်္ဂနွေ နှစ်ရက်ရုံးပိတ်သော်လည်း ထောင်မှူး ထောင်ပိုင်တွေအတွက် ထောင်ဖွင့်ထောင်ပိတ်တာဝန်မကျသော စနေ သို့မဟုတ် တနင်္ဂနွေ

http://www.cherrythitsar.org



တစ်ရက်တည်းသာ အားသည်။ အများပြည်သူရုံးပိတ်ရက် တစ်ရက်ဆိုလျှင် ထောင်မှာ နေ့ဝက်သာ အားလပ်ခွင့်ရ၏။ ဒါလည်း တကယ်တမ်းကျတော့လွတ်လွတ်ကျွတ်ကျွတ် မဟုတ်သေး။ အရေးပေါ်ထောင်လှန့်သည့်ကိစ္စတို့ ပေါ်လာလျှင် အားလပ်ခွင့်ကို အဆုံး ရှုံးခံကာ ထောင်ထဲပြေးဝင်လိုက်ကြရသေးသည်။ ဒီတော့ ဒီရှားရှားပါးပါး အားလပ်ခွင့် တနင်္ဂနွေနေ့လေးမှာ ဘုရားဝတ်တက်ခိုင်းသော ထောင်ပိုင်ကြီးအပေါ် ဘယ်မှာ အမြင် ကြည်ပါတော့မည်နည်း။နောက်ပြီး ဆရာ့ဆရာထောင်ပိုင်ကြီးများ ပြောတတ်သေး၏။

"မင်းတို့တစ်တွေထောင်ပိုင်ဖြစ်မယ့်ခေတ်ကျရင် ပျက်စီးပါပြီကွာ။ လွယ်လွယ် နဲ့ ဖြတ်လမ်း သိပ်လိုက်ချင်ကြတာပဲ။ ထောင်ဥပဒေစာအုပ်ကြီးတွေဟာ အလကားရေး ထားတာ မဟုတ်ဘူးကွ။ နှစ်ပေါင်းတစ်ရာလောက် အိန္ဒိယနဲ့ မြန်မာပြည်က အကျဉ်း ထောင် အုပ်ချုပ်ရေးတွေကို အခြေခံပြီး ရေပက်မဝင်နိုင်အောင် ရေးထားခဲ့တာ"

ဒီလို မှတ်လောက်သားလောက် ဆုံးမသြဝါဒများကိုလည်း မောင်မောင်တို့ ရွှေနားတော် လေချော်ကာ အကောင်းမထင်ခဲ့။ 'အလကားပါကွာ၊ ဘူဒါးကြီးတွေ စာအုပ်ကြီးလှန်ပြီး ပညာခန်းပြနေတာပါ။ တို့ထောင်ပိုင်ဖြစ်တဲ့အချိန်ကျတော့လည်း သူ့အိုးနဲ့သူ့ဆန် တန်ရုံတော့ ဖြစ်သွားဦးမှာပေါ့။ ဟိုကွေ့ရောက် ဟိုတက်နဲ့လှော်၊ ဒီကွေ့ရောက် ဒီတက်နဲ့ အလိုက်သင့် လှော်သွားကြရမှာပေါ့'ဟု။

ထောင်ပိုင်ကြီးတစ်ယောက်ဆိုလျှင် အလွန်စည်းကမ်းစနစ်ကြီးသည်။ အချိန် တိကျသည်။ နံနက် ၇ နာရီဆိုလျှင် ယူနီဖောင်းအပြည့်အစုံ ဝတ်ဆင်ပြီး ထောင်ဘူးဝ အလယ်ထပ်မှာရှိတဲ့ သူ့အိမ်ပေါ်မှဆင်း၊ ဘူးတံခါးရှေ့မှာ ခါးကြီးထောက်ပြီး အခန့်သား ရပ်နေလိုက်သည်။ ထောင်အခေါ် တစ်မောင်း၊ ၇ နာရီ ၁၅ မိနစ်ထိုးသည်နှင့် တံခါးထဲဝင် လက်မှတ်ထိုးသည့် စာအုပ်တွင် သူ့လက်မှတ်ကို ထိုး၍ မင်နီကြီးတားထားလိုက်သည်။ အဲဒီအချိန်ထက် နောက်ကျပြီး ထောင်ထဲဝင်လာသူတွေ ထုချေလွှာတင်ကြပေရော့။

နံနက် ထောင်ဖွင့်ပြီးချိန် အလင်းရောင်ကောင်းစွာရနေပါလျက် လျှပ်စစ်မီးတွေ မပိတ်သေးဖူးလား၊ ထောင်ဘူးဝကနေပြီး အသံကုန် ဟစ်လိမ့်မည်။ ထောင်ထဲလှည့် စစ်ဆေးစဉ် ရေပိုက်တွေ တိုးလိုးတန်းလန်းဖွင့်ပြီး ရေတွေအလဟဿ ဖြစ်နေလျှင်တော့ အနီးရှိထောင်မှူး မသက်သာဘူးမှတ်။ ဒါကိုလည်း လက်အောက်ရှိထောင်မှူးတွေက အကောင်းမမြင်နိုင်ဘဲ မဲ့ကာရွဲ့ကာ သူ့ကွယ်ရာမှာ စကားတင်း ဆိုလိုက်ကြသေးသည်။

'ဒီအဘိုးကြီးသေရင် ထောင်မှာ ဥစ္စာစောင့်ဖြစ်ဖြစ်၊ သရဲဖြစ်ဖြစ် ဖြစ်နေမှာ ကွ'တဲ့။ ရှေးကဝိပါက် ခုနစ်ရက်၊ ကာလဝိပါတ် နောက်ပိုးတက်သတဲ့။ မကြာသေးမီက ရေးခဲ့ဖူးသလို ဘဝဆိုတာ တိုတိုကလေးမဟုတ်လား။ သိပ်မကြာလိုက်ပါ။ ထောင်မှူး မောင်မောင်တို့ အဆင့်ဆင့်ရာထူးတက်ခဲ့ပြီ။ ထောင်ပိုင်ဖြစ်လာသည်နှင့် ရေရေ လည် လည်ကြီး ကြမ္မာရဟတ် တစ်ပတ်လည်တော့သည်။ လက်အောက်ငယ်သား အများစု ၏ဝေဖန်သုံးသပ် သြဘာပေးချက်ကို အမြည်းသဘော နားထောင်ကြည့်ရအောင်။

http://www.cherrythitsar.org



"ဒီထောင်ပိုင်က ဘာစတန့်ထွင်လဲ မသိပါဘူးကွာ။ မနက်စောစော အိပ်ရာထ ဘုရားရှိခိုး ပုတီးစိပ် တရားထိုင်၊ ညနေ ထောင်ပိတ်ပြီးတာနဲ့ အရက်ခွက်ကိုင်တော့ တာပဲ။ ဘုရားတစ်ဖက် ဓားတစ်လက်ဆိုတာ ဒီထောင်ပိုင်ပေါ့ကွ"တဲ့။

ဒါက ယေဘုယျသဘော အတိုချုံးပြီး ဒိုင်မှပွဲစားတွေ သတ်မှတ်သည့် လက်ကားဈေး။ နောက်ပိုင်း ပြဿနာပေါ်တိုင်း ပေါ်တိုင်း လက်လီဆိုင်ကလေးတွေက အဆင့်ဆင့် ဈေးကစားသွားတာ အများကြီး ရှိသေးသည်။ ထောင်ဆိုသည်မှာ ပြဿနာအရွယ်အစား ဆိုက်စုံမျိုးစုံ မွေးဖွားထုတ်လုပ်ရာ ဒုစရိုက်စက်ရုံကြီးတစ်ခု။ ထောင်ပိုင်ကြီးက အဲဒီပြဿနာတွေ သူတတ်သမျှ မှတ်သမျှ ထောင်အဌာရသ ပညာစွမ်းဖြင့် ကိုင်တွယ်ဖြေရှင်းပေးနေရသည့် မြွေအလမ္ပာယ်ဆရာ မဟုတ်လား။

တစ်နေ့ နေ့ခင်း ၁ နာရီသာသာခန့် ထမင်းစားပြီး ရုံးပြန်တက်ရန် မိမိနေအိမ်မှ ထောင်သို့ ထွက်လာခဲ့သည်။ ထောင်ရှေ့အရောက် ကုန်တင်ကားကြီးတစ်စင်းပေါ်မှ ဆန်အိတ်များကို အကျဉ်းသားတွေ ချနေကြရာ ထောင်ဘူးဝတံခါးမကြီး နှစ်ချပ်စလုံး ဟာလာဟင်းလင်း ဖွင့်ထားသည်ကို တွေ့လိုက်ရသဖြင့် ထောင်ပိုင်ကြီး မျက်လုံးပြူးပြီး ရင်ထဲကအလုံးကြီး ဒိန်းခနဲတက်ဆောင့်သွားသည်။ အလိုလေး ဘုရား ဘုရား။

ထောင်တံခါးမကြီးနှစ်ချပ်ကို ဘယ်တော့မှတစ်ပြိုင်တည်းမဖွင့်ရ။ထောင်ဥပဒေစာအုပ်ထဲမှာ အတိအလင်းရေးထားသည်။ ဘာပြုလို့တုန်း၊ အကျဉ်းသားတွေ ထွက်ပြေးမှာ စိုးလို့ပေါ့။ တံခါးမကြီးကို မဆိုထားဘိ။ wicket gate ခေါ် ခွေးတိုးပေါက် (သည်းခံပါ) လူဝင်ပေါက်တံခါးငယ်လေးကိုပင် တစ်ပြိုင်တည်းမဖွင့်ရ။ ခြွင်းချက် ကလေးတစ်ခုတော့ရှိသည်။ ထောင်ထဲတွင် ပြဿနာကြီးငယ်ပေါ်၍ သံချောင်းသံ တည်ည်ထောင်လှန့်အချက်ပေးနေစဉ် ထောင်ထဲကို ဝန်ထမ်းတွေ မြန်မြန်ဝင်နိုင်ရန် တံခါးလေးနှစ်ချပ်ကို တစ်ပြိုင်တည်း ဖွင့်ထားနိုင်သည်။ သို့သော် အစောင့်နှစ်ယောက်က သော့နှစ်ချောင်းခွဲ၍ ဖွင့်ချည်ပိတ်ချည် လုပ်ပေးရမည်။

ယခု တံခါးမကြီးနှစ်ချပ်ကို တစ်ပြိုင်တည်း ဖွင့်ထားတယ်ဆိုတော့ ထောင်ပိုင်ကြီးရင်ထဲ အလုံးတက်ဆောင့်တာ နည်းတောင်နည်းသေး။ နှလုံးရောဂါအခံသာရှိလျှင် ဦးနှောက်သွေးကြောပြတ်ကာ အရှင်လတ်လတ် အနိစ္စသဘော ကိစ္စချောသွားဖို့ ကောင်းနေသည်။ ဘယ့်နှယ်ဗျာ မကြုံဖူး၊ မကြားဖူး ထောင်လုပ်သက် အနှစ်အစိတ်ကျော်ခဲ့ပြီ။ ကျော်မကောင်း ကြားမကောင်းပါကလား။ အသေအချာ ကြည့်လိုက်တော့ တံခါး ထဲတွင် ထောင်မှူးကြီး ကုလားထိုင်တစ်လုံးနှင့် အကျအနထိုင်နေသည်။ ဤနေရာတွင် အဆိုပါထောင်၏ ထူးခြားသောတည်ဆောက်ထားပုံကို အနည်းငယ်ဖော်ပြရန် လိုအပ်ပါလိမ့်မည်။ မြန်မာပြည်တွင် စစ်ကြိုခေတ်က အတွင်း ၃၇မင်းနှင့်အပြိုင် အကျဉ်းထောင် ၃၇ ထောင်ရှိခဲ့သည်။ ရှေးခေတ်က ထောင်အကြီးအငယ်နှင့်တည်နေရာလိုက်ပြီး ဗဟို အကျဉ်းထောင်၊ ခရိုင်အကျဉ်းထောင်နှင့် လက်အောက်အကျဉ်းထောင်ဟု ခေါ်ခဲ့သည်။

http://www.cherrythitsar.org



တည်ဆောက်ခဲ့သည့် အချိန်ကာလလည်း မတူ။ နယ်ချဲ့ အင်္ဂလိပ်အစိုးရများသည် အောက်မြန်မာပြည်ကို ပထမသိမ်းပိုက်ပြီး ၁၈၈၅ ခုနှစ်ကျမှ မန္တလေး ရတနာပုံ အပါအဝင် တစ်ပြည်လုံးကျွန်ပြုခဲ့ခြင်းဖြစ်ရာ သူ့လက်ထဲ စောစောရောက်သည့်နယ်တွင် ထောင်များ စောစောဆောက်ခဲ့သည်။ သို့ဖြစ်၍ တနင်္သာရီတိုင်းရှိ မြိတ်တို့၊ ထားဝယ်တို့ စသည့် ထောင်များမှာ ထောင်သက်အရင့်ဆုံး။ တစ်ခုထူးခြားတာက ထောင်တွေ အရွယ်အစား သာ တူမည်။ တည်ဆောက်ထားပုံ အနေအထားချင်း၊ ပုံစံချင်း တစ်ခုနှင့်တစ်ခု လုံးဝ မတူကြ။ အချို့တစ်ထောင်နှင့်တစ်ထောင် ဆင်သလိုလိုတော့ရှိသည်။ သို့သော် တစ်ထပ် တည်း တစ်ပုံစံတည်းတော့မဟုတ်။ တည်ဆောက်ထားသော ထောင်ပုံစံချင်းတူနေလျှင် အကျဉ်းထောင်လုံခြုံရေးအတွက် မကောင်းကြံလိုသူတို့အဖို့ အကွက်ကောင်း ဖြစ်နေမည် မဟုတ်ပါလား။

ထောင်တကာ့ထောင်တွင် ယခုရေးမည့် ထောင်ကမှ အထူးခြားဆုံး။ အဘယ့် ကြောင့်ဆိုသော် အထက်ကရေးခဲ့သည့်အတိုင်း ဆန်အိတ်တွေသွင်းနေ၍ တစ်ပြိုင် တည်းဖွင့်ထားသော တံခါးကြီးနှစ်ချပ်အပြင် နောက်ထပ်တံခါးကြီး နှစ်ချပ်ကပ်လျက် ရှိနေသေးသည်။ ဟင် ဘယ်လိုပါလိမ့်။ ထောင်ဆိုတာ ဝင်ပေါက်ထွက်ပေါက် များများ မရှိ။ တစ်ပေါက်တည်းသာ ထားတဲ့အတွက် ဘူးတံခါးလို့ ခေါ်ထားတာ။ ဘယ်လိုလုပ် တံခါးမကြီးနှစ်ပေါက် ကပ်လျက် တည်ရှိနေပါလိမ့်လို့ ဦးနှောက်စားစရာ ပြဿနာတစ်ခု ပေါ်လာပြန်သည်။ သူကလည်း ရာဇဝင်ကလေးနှင့်။ မူလထောင်မကြီး တည်ဆောက် ပြီးမှ နောက်ထပ်တိုးချဲ့ဖို့ လိုလာသည်။ ထိုအခါ ပထမရှိနေသည့် တံခါးပေါက်ဘက်က ရုံးခန်းကို အစိုးရဘဏ္ဍာငွေများထားရန် (treasury vault) ငွေတိုက်အဖြစ် အသုံးပြု လိုက်၏။ အဆိုပါတံခါးကြီးနှစ်ချပ်ကို ငွေသွင်းငွေထုတ်လျက်ရှိသည့် အခါများတွင်သာ အဖွင့်အပိတ်လုပ်ခဲ့သည်။ အခြားတစ်နေရာတွင် ငွေတိုက်အသစ်ဆောက်လုပ်ပြီး ပြောင်းရွှေ့သွားသောအခါ အဆိုပါအခန်းမှာ အကျဉ်းထောင်အတွက် အရေးကြီးသော စတိုခန်း ဖြစ်လာသည်။ သို့သော် ဝန်ထမ်းတွေ ပါးစပ်ထဲမှာတော့ ငွေတိုက်ဟုပင် နှုတ်ကျိုးနေကြသည်။

ဘယ်လိုပဲခေါ်ခေါ် လောလောဆယ် ဤငွေတိုက်ဘက်ရှိ တံခါးကြီးနှစ်ချပ်ကို ပြိုင်တူဖွင့်ပြီး ဆန်အိတ်များအသယ်ခိုင်းနေသော ထောင်မှူးကြီးမှာတော့ အပြစ်ရှိနေပြီဖြစ် ၏။ ခက်တော့အခက်သား၊ ချက်ချင်းကြီး အကျဉ်းသားတွေရှေ့မှာ ပြောချလိုက်လျှင် သူ့ခမျာ အရှက်ရပေလိမ့်မည်။ နောက်ပြီး သူ့ကိုလည်း အပြစ်မဆိုသာ၊ မြန်မာစာကို စာလုံးပေါင်းသတ်ပုံ မှန်အောင်မရေးတတ်သူ တစ်ဦးအနေနှင့် အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော ထောင်ဥပဒေစာအုပ်ကြီးကို ဘယ်လိုလုပ် ဖတ်နိုင်ပါမည်နည်း။

ဘာလုပ်ရလျှင်ကောင်းမလဲဟု စဉ်းစားရင်း တစ်ဖက်ရှိ တံခါးကြီးကို အဖွင့် ခိုင်းကာ ရုံးခန်းထဲ ဝင်ခဲ့သည်။

http://www.cherrythitsar.org



"အလေးပြု"

မိမိ၏ညာလက်ကိုမြှောက်ရင်း အလေးပြုရန်အမိန့်ပေးသူကိုကြည့်လိုက်တော့ ထောင်မှူးဦးပြုံးရည်။ ခေါင်းထဲသို့ အကြံတစ်ခု တစ်မဟုတ်ချင်း ဝင်လာ၏။

"ဗိုလ်ပြုံး၊ထောင်မှူးကြီးကို ကိုယ်ခေါ်နေတယ် ပြောလိုက်စမ်းပါ။ မောင်ရင်က သူ့နေရာမှာ သွားတာဝန်ယူ။ တံခါးတစ်ချပ်ချင်းဖွင့်ပြီး ခါတိုင်းလို တစ်ဆင့်ပြီးတစ်ဆင့် သယ်။ ဒါနဲ့ မောင်ရင်တို့က တံခါးမကြီးနှစ်ချပ် ပြိုင်တူမဖွင့်ရဘူးလို့ မပြောကြဖူးလား"

"ပြောပါတယ်ဆရာ၊ ဘယ်နေလိမ့်မလဲ။ ကျွန်တော် အဲဒီအတိုင်းလုပ်နေတာပါ။ သူထမင်းစားပြန်လာပြီးတော့ မင်းလုပ်နေတာ ကြာတယ်ကွာ။ မင်းရုံးခန်းထဲ သွားနေဆိုပြီး လွှတ်လိုက်လို့ပါ"

ထောင်မှူးကြီးရောက်လာတော့ အကျိုးအကြောင်း ရှင်းပြရသည်။ သူ ဘာမျှပြန်မပြော။ သို့သော် ကျေနပ်ပုံတော့မရ။ ထောင်အုတ်ရိုးကြီးမှာ နားရှိသည်၊ မျက်စိရှိသည်၊ ပါးစပ်ရှိသည်။ မင်းနားတစ်ထောင် မင်းမြှောင်တစ်သိန်း ဆိုသကဲ့သို့ သူ့ လက်အောက် ငယ်သားတွေ ဘာလုပ်လုပ်ဘာပြောပြော ထောင်ပိုင်ကြီးအကုန်ပြန်ကြားရစမြဲ။

'မင်းတို့ ထောင်ပိုင်ကြီးက တယ်အရစ်ရှည်တာပဲကွာ။ နေရာတကာမှာ စာအုပ်ကြီးအတိုင်း လျှောက်လုပ်နေလို့ ဘယ်မှာ အလုပ်တွင်ကျယ်မှာလဲ'တဲ့။

နောက်ထောင်မှူးကြီးတစ်ယောက်ကျတော့ တစ်မျိုး။ မိမိ၏ တပည့်အရင်းခေါက်ခေါက်ပါ။ သူ့စာအုပ်ထိန်းသူတွေကလည်း အစစအရာရာ သွန်သင်စောင့်ရှောက်ရန် မိမိထံ ယုံကြည်စွာအပ်နှံထားသူဖြစ်၏။ စေတနာဆိုတာ နေရာတကာတိုင်းမှာ တူညီသော တုံ့ပြန်မှုရရှိဖို့ အလွန်ပင်ခဲယဉ်းသည်။ ပေးဝေသူနှင့် ခံယူသူတို့ အယူအဆချင်း မတူညီသည့်အခါ ဝေဒနာတည်းဟူသော မီးတောင်ကြီးပင် ပေါက်ကွဲတတ်သေးသည်။ အရာရာမှာ ငါမှန်တယ်လို့ချည်း အတပ်ပြောလို့မရ။

ထောင်ဥပဒေမှာ အကျဉ်းသားများကို ထောင်မှူးထောင်ပိုင် ရုံးခန်းတို့တွင် စာရေးအဖြစ် အသုံးမပြုရဟု အတိအလင်း ပြဋ္ဌာန်းထားသည်။ ဒါဖြင့် မသုံးဖူးလားဆိုတော့ သုံးတာပါပဲ။ မသုံးလို့ကလည်း မဖြစ်။ ဧရာမထောင်ကြီးတစ်ထောင်လုံးတွင် အစိုးရက တရားဝင်ခန့်ထားသော လခစားစာရေးဆိုလို့ နှစ်ယောက်သုံးယောက်သာ ရှိသည်။ ယခင်က ထောင်ငယ်ကလေးများတွင် အလျှင်းမရှိ။ နောက်မှ ခန့်လာခြင်းဖြစ်သည်။ ထောင်ကြီးတွေမှာဆို ထောင်မှူးတွေ ဖောခြင်းသောခြင်း။ ထောင်မှူးတစ်ယောက် ဌာနတစ်ခု၊ ရုံးတစ်ခန်း၊ စားပွဲတစ်စင်း။ ဒီတော့ ထောင်ထဲမှာ အလဟဿ ဆန်ကုန်မြေလေးဖြစ်နေမည့် မဟာပညာကျော်များကိုမှ စာရေးအဖြစ်အသုံးမပြုလျှင် ဘယ်သူ့အကူအညီ သွားယူရပါမည်နည်း။

စကားစပ်မိလို့ ကြားဖြတ်ပြောလိုက်ရဦးမည်။ ထောင်မှူးထောင်ပိုင်ဆိုသော လူတန်းစားသည် လက်ကြောတင်းကြသူများမဟုတ်။ အောက်မေးလှုပ်၍ ခိုင်းစားနေကြ

http://www.cherrythitsar.org



သူများဖြစ်သည်။ မယုံမရှိပါနှင့်၊ ကိုယ်တွေ့ဖြစ်၏။ ထောင်မှူးမောင်မောင်တို့ ထောင်ပိုင်ဖြစ်လာပြီး ယခုပင်စင်တောင်ယူပြီးသည်အထိ အောက်မေးလှုပ်ပြီး ခိုင်းစားသော ထောင်ကျင့်ထောင်ကြံ မပျောက်ချင်သေး။ သင်းတို့ပညာကိုလည်း အထင်သေးလို့မရ။ မိမိကိုယ်တိုင်သာ ဟုတ်တိပတ်တိ ဘာမျှမလုပ်တတ်သော်လည်း သူများကိုတော့ မဖြစ်ဖြစ်အောင် ခိုင်းတတ်သည်။ အဲဒါ ထောင်မှူးထောင်ပိုင်တို့၏ ပညာပါပဲ။

ထောင်ထဲမှာလည်း လူစုံမှုစုံ။ ကောင်းသည့်ဘက်ကရော၊ မကောင်းသည့်ဘက်ကပါ သပ္ပရာနံ့လွှာစုံ၊ လူစုံ။ ဘွဲ့တွေ ဒီဂရီတွေ တသီကြီးတွေရှိသလို၊ စာတစ်လုံးမှ မတတ်သော တေလေဂျပိုးလည်းရှိသည်။ အတတ်ပညာပိုင်းဆိုင်ရာ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေရှိသလို၊ လမ်းဘေးရှိ ပလတ်စတစ်တို့၊ နို့ဆီဘူးခွံတို့ ကောက်သူများလည်းရှိသည်။ ကုန်ကုန်ပြောရလျှင် အပြင်လောကမှာရှိသမျှ ထောင်ထဲမှာ အကုန်ရှိသည်။ ဒါလောက်လူစုံနေမှတော့ သူတို့တစ်တွေကို လက်ညှိုးထိုးပြီး ခိုင်းချင်ရာ ခိုင်းလို့ရနေသော ထောင်မှူးထောင်ပိုင်များအနေနှင့် လက်ကြောမတင်းကြသည်မှာ ဘာဆန်းတော့မည်နည်း။ သို့ဖြစ်၍ ထောင်တိုင်းလိုလိုပင် အကျဉ်းသားစာရေးများ မရှိမဖြစ်သုံးတတ်ကြသည်။ သို့သော် တရားဝင်တော့မဟုတ်။ လက်သိပ်ထိုး ကိုယ်ဖြစ် ကိုယ်ခံ။ ထောင်ပိုင်တွေကလည်း မသိချင်ယောင်ဆောင်၍ မျက်စိမှိတ်နေရသည်။ စာရေးလို့တော့ အမည်ခံလို့မရတော့။ ရုံးခန်းအကူဆိုပြီး တံမြက်စည်းလှည်း၊ သန့်ရှင်းရေး လုပ်သလိုလို။

ဒါကို အကင်းမပါးသော ဒုတိယထောင်မှူးကြီးက ထောင်ပိုင်ကြီး ရုံးခန်းသို့ စာရင်းအင်းများ လက်မှတ်ထိုးရန် လာသည့်အခါ ရုံးခန်းအကူကိုပါ ခေါ်ခေါ်လာသည်။ ထောင်ပိုင်ကြီးက မကျေနပ်သည့်အမူအရာပြသော်လည်း သူက မရိပ်မိသောအခါ ဖြောင်းဖွင့်ပြောရတော့သည်။

"ဒီမှာ ထောင်မှူးကြီး၊ သိသာသိ မမြင်စေနဲ့ ဆိုတဲ့စကားရှိပါတယ်ဗျာ။ သူ့ကို ရုံးခန်းထဲ ခေါ်ခေါ်မလာစမ်းပါနဲ့။ ကျွန်တော်ပါ သိက္ခာကျပါတယ်။ စာအုပ်တွေများလို့ သယ်ချင် အသယ်ခိုင်း၊ ပြီးတော့ ပြန်လွှတ်လိုက်ပေါ့"

အဲဒီမှာ ပြဿနာပေါ်တော့သည်။ ထောင်ပိုင်ကြီး လက်မှတ်ထိုးဖို့ စာတမ်းများကို လှန်လှောပြသရာတွင် အစီအစဉ်မကျတော့ဘဲ ကပေါက်တိကပေါက်ချာ ဖြစ်နေသည်။ သြော်.... လက်စသတ်တော့ သူကိုယ်တိုင် နားလည်ကျေညက်ခြင်းမရှိဘဲ အကျဉ်းသားလက် ဝကွက်အပ်ထားတာကိုး။

"ဒီအတိုင်းပဲ ထားခဲ့ပါဗျာ။ ကျွန်တော့်ဘာသာ လှန်လှောပြီး လက်မှတ်ထိုးပါ့မယ်။ ဒါနဲ့ နေပါဦး၊ ခင်ဗျားလူက လွတ်ခါနီးနေပြီ။ သူလွတ်သွားတော့ ဘယ့်နှယ်လုပ်မတုန်း"

သူဘာမျှပြန်မပြော၊ မကျေနပ်သည့်အမူအရာနှင့်သာ အံကြိတ်၍ကြည့်နေ၏။ ဘယ်ပြန်ပြောလိမ့်မလဲ။ သူ့မှာ အဖြေရှိပြီးသားကိုး။ အဲဒီအကျဉ်းသား လွတ်သွားတော့

http://www.cherrythitsar.org



အိမ်မှာ ခေါ်ထားလိုက်သည်။ ပြီးတော့ ရုံးခန်းထဲခေါ်၍ အလုပ်လုပ်ခိုင်းနေ၏။ အဲဒါမှ ဇရာမကြီးမားသော အကျဉ်းထောင်ပြစ်မှုကြီးတစ်ခု။ အကျဉ်းထောင်ဝန်ထမ်းများသည် ထောင်လွတ်အကျဉ်းသားများနှင့် ပတ်သက်စပ်ယှက်ခြင်း အလျှင်းမရှိရဟု ထောင်ဥပဒေမှာ အတိအလင်းပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍ မပြောမပြီး မတီးမမြည် ဆိုသကဲ့သို့ သူ့ကို ခေါ်ပြောရပြန်သည်။ သိပ်မကြာလိုက်ပါ၊ အဆိုပါထောင်မှူးကြီးအကြံအဖန်လုပ်၍ အခြားထောင် တစ်ထောင်သို့ ပြောင်းရွှေ့သွားသည်။ ပြီးတော့ ထောင်ပိုင်ကြီးထံသို့ မေတ္တာစာရှည်ကြီး တစ်စောင်ရေး၍ စာတိုက်မှ ပို့လိုက်လေသည်။

(မှတ်ချက်။ ။ဤနေရာတွင် မေတ္တာစာကို ပျစ်ပျစ်နှစ်နှစ်ဆဲစာဟု မှတ်ယူကြပါကုန်။)

နန်းတော်ရှေ့ဆရာတင် ရေးတဲ့သီချင်းထဲကလို အပုံကျန်ပါသေးသည်။

■

# ၇၈

နောက်တစ်ယောက် ဆဲစာရေး ဩဘာပေးလိုက်ပုံကလေးကတော့ ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့။ သူ့အရေးနှင့် ကိုယ့်အတွေးကို အောက်ပါအတိုင်း စာရေးနည်းပုံစံသစ် (ပုံစံခွက်စောင်းနေရာတွင် ပလတ်စတစ်ခွက်သစ်သုံးလျက်) ဆိတ်သွားရာ လမ်းကလေးတွေ ထွင်ကြည့်ရအောင်။ ဗလာသက်သက်က သူ့အရေး၊ လက်သည်းကွင်းအတွင်းက ကိုယ့်အတွေး ရုပ်ရှင်တို့ ဗွီဒီယိုတို့ထဲက mixed ကွက်ရောသလိုပေါ့။

ဆရာကြီးခင်ဗျား၊ (သူက ဆရာကြီးဟု ခေါ်ဖော်ရသေးသည်။) ဆရာကြီးကို ကျွန်တော် ထောင်ပိုင်တစ်ယောက်အနေနဲ့ထက် စာရေးဆရာတစ်ဦးအဖြစ် ပိုမို လေးစားခဲ့သူ ဖြစ်ပါသည်။ ကျွန်တော့်ကို ထောင်မွေးခြံပေါက်စစ်စစ်လို့ ခေါ်ရင် ရပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်၏ဖခင်မှာ ယခင်အင်္ဂလိပ်စစ်တပ်မှ ပင်စင်ယူပြီး ထောင်မှာ အမှုထမ်းဝင်လုပ်ခဲ့သူဖြစ်ပါသည်။ နောက်တစ်ခါ ကျွန်တော်က ၁၀ တန်း စာမေးပွဲအောင်ပြီး ထောင်မှူးဝင်လုပ်လိုက်တော့ ထောင်မျိုးထောင်နွယ်ကို ဆက်လက် ထိန်းသိမ်းလိုက်သလို ဖြစ်သွားခဲ့ပါသည်။ တစ်နေ့နေ့မှာတော့ ထောင်တစ်ထောင်မှာ ဆရာကြီးနဲ့ ရေစက်ဆုံလိမ့်မည်ဟု မျှော်လင့်ဆုတောင်းနေခဲ့ရာ မလိုတမာဆုတောင်းက တစ်ဝက်တစ်ပျက်ပြည့်ပြီး ကျွန်တော်နှင့်ရန်ဖြစ်ခဲ့သော ထောင်ပိုင်နေရာတွင် ဆရာကြီး ရောက်လာချိန်မှာ ကျွန်တော်က မြေနိမ့်ရာလှံစိုက်ခံရပြီး ထောင်မှူးရာထူးမှ စာရေးရာထူး လျှော၍ အခြားထောင်တစ်ထောင်သို့ ပြောင်းရွှေ့ရချိန်နှင့် ကြုံကြိုက်တိုက်ဆိုင်ခဲ့ရပါသည်။ (ယခုအချိန်ထိ သူ့စာ၏ဦးတည်ချက် ဘာဆိုတာကို မသိရသေး။ မိမိ အဆဲခံရ

http://www.cherrythitsar.org



လိမ့်မည်ဟုလည်း လုံးဝ မဥပါဒ်မိ။) တကယ်တော့ ကျွန်တော်ခံရသည်မှာ ဘာမျှ မဆန်း။ လူကြီးနှင့်လူငယ်ဆိုတာ ဆူးနှင့်ဖက်ပမာ။ ဖက်ပေါ် ဆူးကျကျ၊ ဆူးပေါ် ဖက်ကျကျ ဖက်ပေါက်ရမည်မှာ ဓမ္မတာဖြစ်ပါသည်။ ကျွန်တော့်အဖေ မကြာခဏ ပြောလေ့ရှိသော စကားတစ်ခွန်းရှိပါသည်။ သူတို့ အင်္ဂလိပ်စစ်တပ်ထဲနေစဉ်က လူကြီးများတော့ As you as.၊ လူငယ်များတော့ About turn. လို့ ပြောလေ့ရှိသတဲ့။ အက်စ်ယူအက်စ်ဆိုတာ နေမြဲ၊ အဘောက်တန်းဆိုတာ နောက်လှည့် အမြန်လျှောက် အပြစ်ဒဏ်ပေးတယ်ဆိုတာ ဆရာကြီး သိပြီးဖြစ်မှာပါ။ ဒါတွေဟာ နောက်ဆုံးမှာတော့ နယ်ချဲ့အင်္ဂလိပ်အစိုးရတွေရဲ့ ဗျူရိုကရက် အမွေဆိုး အကျင့်ဆိုးတွေပါ ဆရာကြီးရယ်။ အဲဒီအမွေဆိုးတွေဟာ မြန်မာပြည် လွတ်လပ်ရေး ရပြီးလို့ အနှစ်နှစ်ဆယ်လောက် ကြာလာပြီဖြစ်ပေမယ့် ကျွန်တော်တို့ဆီက အရာရှိ ဆိုးတွေ ခေါင်းထဲ အရိုးစွဲနေဆဲပင်ဖြစ်ပါသည်။ ကျွန်တော် အဓိကထား ရေးချင်တာက ထောင်ပိုင်ဆိုးတွေအကြောင်းပါ။ (လာလာချေပြီ။ မကောင်းသူထိပ်၊ ကောင်းသူထိပ်)

ကျွန်တော် ဆရာကြီးကို ဦးတင်ငွေး (သူနဲ့နောင်ဂျိန်ချတဲ့ ထောင်ပိုင်)နဲ့ တန်းတူထားပြီး ထောင်ပိုင်ဆိုးစာရင်းမသွင်းချင်ပါ။ ခုတော့ မလွဲမရှောင်သာ ဆရာကြီးကိုလဲ ဗျူရိုကရက် ထောင်ပိုင်များဖြစ်နေမလားဟု သံသယဝင်လာမိပါသည်။ (အလိုလေး၊ ဘုရားဘုရား။ သူနဲ့ငါလည်း အလုပ်အတူတူ မလုပ်ခဲ့ရသေးပါကလား။) ဘုရားမှတ် လို့ ကိုးကွယ်ပါတယ် ဖွတ်ထွက်မှ တောင်ပို့မှန်းသိတာလို ဆရာကြီးလည်း ဒီဘောင်းဘီ ဝတ်၊ ဒီကုလားထိုင်မှာထိုင်ပြီး ဒီချေး(ကန်တော့ပါရဲ့) ဒီမစင်ပဲ လာပြီထင်ပါသည်။ တစ်ချိန်က စာရေးဆရာတစ်ယောက်အနေနဲ့ လေးစားကြည်ညိုခဲ့သမျှလည်း သဲထဲ ရေသွန်ဖြစ်ရတော့မည့်ပုံ ပေါက်နေပါသည်။ (လုပ်လိုက်ကွ၊ ခုအချိန်ထိ မိမိအပေါ် ဘာတွေမကျေနပ်လို့ ဤမျှလောက်ဆော်ပလော်တီးနေသည်ကို မသိရသေး။) ကြိုးနီစနစ်ဆိုတာ ဗျူရိုကရေစီ စက်ယန္တရားထဲက အစိတ်အပိုင်းတစ်ခုပါ ဆရာကြီးရယ်။ ဒီခေတ်မှာ မရှိတော့ပါဘူး။ ကြိုးနီစနစ်ကို ကျင့်သုံးလိုက်တဲ့ ဗျူရိုကရက်အရာရှိ ထောင်ပိုင်ကြီးအတွက် ဘာမှ မထောင်းသာလှသော်လည်း အဲဒီစနစ်ဆိုးရဲ့ဒဏ်ကို လှလှ ပပကြီး ခံစားလိုက်ရတဲ့ ကျွန်တော်တို့မိသားစုမှာ စားဝတ်နေရေး အကျပ်အတည်းနှင့် ရင်ဆိုင်နေရပါပြီ။ (ဟိုက်၊ ငါဘာတွေများ လုပ်ထားမိပါလိမ့်။) တခြားတော့ မဟုတ်ပါဘူးဆရာကြီးခင်ဗျား။ ကျွန်တော်၏ 'အယ်လ်ပီစီ'နောက်ဆုံးထုတ်လစာ ယခုတိုင် မရောက်သေးသဖြင့် ပြီးခဲ့တဲ့လ လစာကို ယခုတိုင်မထုတ်ရသေးပါ။ (လက်စသတ်တော့ L.P.C. ခေါ် Last Pay Certificate သူ့ဆီ မရောက်သေးလို့ကိုး။

ဒီနေရာမှာ ကွက်ရောပုံစံသစ်ကို fade out မှိန်ပျောက်နှင့် ရပ်တန်းကရပ်ပြီး လေ့ကြီးထိုးရိုးရိုး စာရေးနည်းကိုပဲ fade in နှင့် မှိန်လင်းလိုက်ကြပါစို့။ ဟုတ်တာပေါ့၊ အယ်လ်ပီစီ မရောက်သေးရင် သူ့ခမျာ လစာထုတ်လို့ ရမည်မဟုတ်သေး။ သို့သော်

http://www.cherrythitsar.org



ကိုယ့်ဆရာ နည်းနည်းတော့ စိတ်စောသွားသည်။ သူ၏ မေတ္တာစာ ရောက်ချိန်မှာ သူ့လခစာရင်းကို စာတိုက်က မှတ်ပုံတင်ဖြင့်ပို့ပြီးနေပြီ။ သူ့စာနှင့် ကိုယ့်စာ လမ်းတွင် လွဲနေခြင်းဖြစ်၏။ အနည်းငယ် နောက်ကျသွားတာလည်းမှန်သည်။ သူ၏အမှုကို ဌာန ဆိုင်ရာ စုံစမ်းစစ်ဆေးမှု ပြုလုပ်စဉ်က အကျဉ်းဌာနမင်းကြီးရုံးတွင် ရောက်ရှိနေသော အမှုထမ်းစာအုပ်ကို စောင့်ဆိုင်းနေခြင်းကြောင့်ပင်ဖြစ်သည်။ ခုလောက်ဆို နှံပြီစုတ်ကို အမြောက်နှင့်ပစ်သလို သတ္တဝါနှင့်လက်နက် မမျှတလှသော သူ၏မေတ္တာစာကြီး အတွက် ကိုယ်တော်ချောလည်း နောင်တရနေပေလိမ့်မည်။နောက်တစ်ချက် သူ မိမိ အပေါ် စိတ်ခုသွားတာရှိသေးသည်။ သူ ထောင်မှူးမှ စာရေးရာထူးလျှော့၍ အခြား ထောင်သို့ မပြောင်းရွှေ့မီ အဆိုပါ နောက်ဆုံးထုတ်လစာ စာရင်းကို သူနှင့် တစ်ပါတည်း ပေးလိုက်ရန် တောင်းခံခဲ့ဖူးသည်။ မိမိက မပေးလိုက်။ မပေးလိုက်ခြင်းမှာလည်း ငွေစာရင်း လုပ်ထုံးလုပ်နည်းများအရ အတိအလင်းတားမြစ်ထားခြင်းကြောင့် ဖြစ်သည်။ မတားမြစ်လို့လည်းမဖြစ်။ ယင်းကဲ့သို့ ကိုယ်နှင့် တစ်ပါတည်းယူသွားပြီး လမ်းခရီးမှာ မိမိလစာကို မိမိစိတ်ကြိုက် နှစ်ဆတိုးပေး၍ စာရင်းလိမ်သွားသော သာဓကများ ရှိခဲ့ဖူး သည်။ ဒါက ဆဲစာ ရေးဖြစ်ဖို့ တွန်းအားတစ်ခု။

အကျဉ်းထောင်ဝန်ထမ်းလောကတွင် ချစ်စရာကောင်းသော ဓလေ့စရိုက် ရှိခဲ့ ဖူးသလို မုန်းစရာကောင်းသော အကျင့်ဆိုးကလေးတွေလည်း ရှိနေခဲ့သည်။ ဝန်ထမ်း မိသားစုတစ်စု ထောင်တစ်ထောင်မှ တစ်ထောင် ပြောင်းတော့မည်ဆိုလျှင် မပြောင်းမီ သုံးလေးရက်က ကြိုပြီး ထမင်းအိုး ဟင်းအိုးတွေကို သိမ်းဆည်းထားလို့ရသည်။ ကိုယ့် ဟာကိုယ် ထမင်းဟင်း ချက်စားနေဖို့မလို။ ဟိုအိမ်က ထမင်းဖိတ်ကျွေး၊ သည်အိမ်က ထမင်းဖိတ်ကျွေး။ အလားတူပင် ပြောင်းရသည့်ထောင်သို့ ရောက်ပြန်တော့လည်း သုံး လေးရက်လောက် နေသားတကျဖြစ်အောင် ပြင်ဆင်ချိန်ရသေးသည်။ ရောက်သည့် ထောင်က ချက်ပြုတ်ကျွေးမွေးနေသဖြင့် လက်ဆေးပြီး ထမင်းစားရုံသာ။ ဒါက ချစ်စရာ။

မုန်းစရာကောင်းတာက ထောင်ပိုင်တစ်ယောက် ထောင်မှူးတစ်ယောက် ရှိ သော ထောင်ငယ်ကလေးများတွင် ထောင်မှူးနှင့် ထောင်ပိုင်တို့ မသင့်မြတ်ကြဘဲ အချင်း ချင်း တိုက်ကြ၊ ခိုက်ကြ ရန်ဖြစ်ကြခြင်းပင် ဖြစ်သည်။ ထောင်မှူး ထောင်ပိုင်တိုင်းတော့ မဟုတ်။ စောစောက ပြဿနာပေါ်တဲ့ ထောင်မှူး ထောင်ပိုင်မျိုးကျတော့ ချိတ်ချိတ်ချင်း မလွဲမသွေ ချိတ်မိကြပြီပေါ့။ ဘယ်ကစလို့ ဘယ်လိုရန်ဖြစ်တယ်ဆိုတဲ့အကြောင်း အတိ အကျကိုတော့ မိမိကိုယ်တိုင် ထောင်မှူးဘဝကရော ထောင်ပိုင်ဖြစ်လာမှပါ တွေ့တွေ့ ဆိုင်ဆိုင် ရန်မဖြစ်ခဲ့ဖူးသဖြင့် တော်တော်အပြောရခက်လှသည်။ အရင်းစစ်တော့ အမြစ် မြေက ဆိုတာလို အနှစ်ချုပ်လိုက်မည်ဆိုလျှင် လောဘ၊ ဒေါသ၊ မောဟ တည်းဟူသော မီးစသုံးစမှတစ်ပါး အခြား မရှိနိုင်ပေ။ နောက်တစ်ကြောင်းကလည်း မုန်းလျှင်အပြစ် ချစ်လျှင်အကျိုး မြတ်နိုးတော့သဒ္ဒါ ဆိုသောစကား တကယ်မှန်ပါသည်။ တစ်ဦးအပေါ်

http://www.cherrythitsar.org



တစ်ဦးက အမြင်မကြည်လင်ဘူး ဆိုမှတော့ ယောနိသော မနသီကာရဖို့ဆိုတာ ဝေလာဝေး၊ တစောင်းစေးနှင့်မျက်ချေးပမာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မရတော့။ သို့ကလို အမြင်စောင်းနေသူနှစ်ဦးကို ထောင်ကြီးတစ်ထောင်မှာ တွေ့ခဲ့ဖူးသည်။ ထိုစဉ်က မိမိမှာ ထောင်မှူးကြီး။

"ဆရာကြီး၊ ကျွန်တော့်အိမ်က ငွေပို့တာ သုံးခါရှိပြီ။ နှစ်ခါပဲ ရသေးတယ်"

"ငွေ ဘယ်ကပို့တာလဲ၊ ဘယ်လောက်လဲ"

"တပ်ကုန်းစာတိုက်က ပို့တာပါ။ ကျွန်တော့်မိဘတွေက တပ်ကုန်းအနောက်ဘက် ကင်ပွန်းတန်းမှာ နေပါတယ်။ ငွေက ပထမဦးဆုံးပို့တာ သုံးရာ၊ နောက်တစ်ခါ နှစ်ရာ၊ နောက်ဆုံးတစ်ခါ နှစ်ရာ့ငါးဆယ်ပါ။ နောက်ဆုံးတစ်ခါနဲ့ ပထမဦးဆုံး ပို့တဲ့ငွေပဲ ရပါတယ်။ ဒုတိယတစ်ခါပို့တဲ့ နှစ်ရာ မရပါဘူး"

"ငွေပို့တာကော သေချာရဲ့လား"

"သေချာပါတယ်၊ ဒီမှာ စာရှိပါတယ် ဆရာကြီး"

"နေပစေ နေပစေ၊ ငါ့ကိုပြမနေနဲ့။ ထောင်မှူးကြီးကို အဲဒီစာပေးလိုက်။ ထောင်မှူးကြီး ကြည့်ရှင်းပေးလိုက်စမ်းပါဗျာ"

ထောင်များတွင် တနင်္လာနေ့တိုင်း အကျဉ်းသားအားလုံး တန်းစီစစ်ဆေးရသည်။ ထောင်ကျအကျဉ်းသား၊ အချုပ်တရားခံ၊ နိုင်ငံရေးအကျဉ်းသား စသည်အားလုံး ထောင်ပိုင်ကြီးက ရှေ့ဆုံးမှဦးဆောင်၍ ထောင်ပိုင်လေး၊ ထောင်မှူးကြီးနှင့် ထောင်မှူးတွေ နောက်က တစ်ပြုံကြီး လိုက်ကြရသည်။ ဆရာဝန်လည်းပါသည်။ အကျဉ်းသားတွေက သူတို့အလိုရှိတာ တင်ပြကြ၊ ထောင်ပိုင်ကြီးက သက်ဆိုင်ရာ အရာရှိကို လိုအပ်သလို ညွှန်ကြား အမိန့်ချ။

ထောင်ထဲမှာ အကျဉ်းသားတွေ ငွေမကိုင်ရ။ (ခိုးကိုင်တာတော့ ရှိကောင်းရှိမပေါ့လေ။) စာတိုက်မှ ငွေပို့လျှင် ရသည်။ ထောင်ဝင်စာမှာ တရားဝင်ပေးခွင့်လည်းရှိသည်။ ထောင်မှူးကြီးထံတွင် စာရင်းနှင့်ထားပြီး သက်ဆိုင်ရာ ထောင်မှူးမှတစ်ဆင့် ဈေးမှာသုံးခွင့်ရှိသည်။ ယခု စာတိုက်မှငွေလာသောကိစ္စကို စုံစမ်းရန် သိပ်မခက်လှ။ ပို့စမင်း ငွေလာပို့သည့်အခါ ထောင်မှူးကြီးရှေ့တွင် သက်ဆိုင်ရာ အကျဉ်းသားကိုခေါ်၍ လက်မှတ်ထိုးစေပြီး ငွေလက်ခံနေကျ။ သို့သော် ပို့စမင်းက အချိန်မမှန်။ တစ်ခါတစ်ရံ ၁၂ နာရီခွဲလောက်မှရောက်လာရာ ထောင်မှူးကြီးက ၁၂ နာရီ ထမင်းစားပြန်သဖြင့် ရှိသည့် ထောင်မှူးက လက်ခံထားရသည်။ ပြီးမှ ထောင်မှူးကြီးထံ စာရင်းနှင့်တင်။

နေ့ခင်း ထမင်းစားပြီး ရုံးပြန်တက်တော့ မနက်ပိုင်း တနင်္လာ တန်းစီရာတွင် ထောင်ပိုင်ခိုင်းထားသော မန်နီအော်ဒါပြဿနာကို ကိုင်တွယ်ဖြေရှင်းရသည်။ မိမိ ထမင်းစားပြန်ချိန်တွင် ရုံးခန်းထဲ၌ အများဆုံးရှိတတ်သူမှာ အချုပ်ထောင်မှူး ဦးဝင်းအောင်ဖြစ်၍ သူ့ကို ခေါ်မေးရသည်။

http://www.cherrythitsar.org



"ဦးဝင်းအောင် ကျွန်တော် ထမင်းပြန်စားနေတဲ့ ၁၂ နာရီနဲ့ ၂ နာရီကြား တံခါးထဲမှာ ခင်ဗျားအမြဲ တာဝန်ကျတာပဲ။ အဲဒီငွေ ခင်ဗျား လက်ခံထားသလား"

"ကျွန်တော်လက်ခံထားသမျှ ဆရာ့ကို အကုန် စာရင်းနဲ့အပ်တာပဲ။ ငွေလက်ခံတာက ကျွန်တော် တစ်ယောက်တည်းမဟုတ်ဘူး။ တစ်ခါတလေ ဂွင်းနီ ဦးသောနလည်း လက်ခံတာပဲ"

ဂွင်းနီဆိုသည်မှာ ယခင်က အခေါ်အဝေါ်ဖြစ်၍ ထောင်မှူးလက်အောက် အမြင့်ဆုံး ဝန်ထမ်းထောင်ကြပ်အုပ် ဖြစ်သည်။ သူတို့နှစ်ယောက် မသင့်မြတ်ကြ။ ခက်တာက ထောင်မှာပြဿနာတစ်ခု ပေါ်လာ၍ အစတစ်စ နှိုက်လိုက်လျှင် တစ်စတည်း ဘယ်တော့မှမထွက်။အနည်းဆုံး နှစ်စသုံးစပေါ်လာသည်။ တစ်ခါတလေအထွေးလိုက်။ ဘာနှင့်တူသလဲဆိုတော့ ဗိုက်အောင့်သော လူမမာတစ်ယောက် ဆရာဝန်ထံသွားပြရာတွင် အစာအိမ်ရောဂါရော၊ အသည်းရောဂါအပြင် ကျောက်ကပ်ရောဂါပါ ပေါ်လာသော သဘောမျိုးဖြစ်သည်။ အလားတူပင် မော်တော်ကား ကာဗရိုက်တာပေါက်၍ ဝပ်ရှော့သွားပြကြ၊ နောက်ထပ် သုံးလေးမျိုးလောက် မပြင်ဘဲ ဘယ်တော့မှ ကိစ္စမပြတ်။

သူတို့နှစ်ယောက် မသင့်မြတ်ကြသော ကိစ္စမှာ special interview ခေါ် အထူးထောင်ဝင်စာပြရာမှ အစဖြစ်သည်။ ကံမကောင်း အကြောင်းမသင့်၍ အုတ်ရိုးလေးဖက်လေးတန်အတွင်း ရောက်လာကြသော အကျဉ်းသားတိုင်းအတွက် ထောင်ဝင်စာဆိုသည်မှာ အသက်သွေးကြောဖြစ်သည်။ ဘယ်အကျဉ်းသား၊ အကျဉ်းသူကိုပဲဖြစ်ဖြစ်၊ မင်းတို့အတွက် ဘာအရေးကြီးဆုံးလဲဟုမေးလျှင် ပထမဦးဆုံး ထောင်က လွတ်ဖို့၊ ဒုတိယ ထောင်ဝင်စာ မကြာခဏတွေ့ခွင့်ရဖို့ဟု ပြောကြမည်မှာ မြေကြီးလက် ခတ်မလွဲ။ ထောင်ကလွတ်ဖို့ ဆိုတာက လွတ်ရက်စေ့မှ၊ သို့မဟုတ် ပြဿနာအရပ်ရပ် ရှင်းလင်းသွားမှ လွတ်မြောက်နိုင်သည်။ ယင်းကဲ့သို့ မလွတ်မီစပ်ကြား အပြင်တွင် ကျန်ရစ်သူ အိမ်သူအိမ်သားများနှင့် အလျဉ်းသင့်တိုင်း တွေ့ခွင့်ရနေခြင်းသည်ပင် သူတို့ အတွက် အသက်ရှူပေါက် တစ်ပေါက်ဖြစ်၏။

တကယ်တမ်း ထောင်ဝင်စာတွေ့ရတော့ကော အချိန်ဘယ်လောက်များ ကြာလို့လဲ။ တစ်နေ့တစ်နေ့ ထောင်ဝင်စာ တွေ့မည့်သူမှာ ထောင်ရှေ့တွင် ပလူအုံ တုတ်နှင့်ထိုးသလို ရှုပ်တက်နေတော့ ရိုးရိုးတန်း ထောင်ဝင်စာဆိုလျှင် ၁၅ မိနစ်မျှသာ။ ဒီကြားထဲ သံဆန်ခါ နှစ်ထပ်ခြားပြီး ငါးစိမ်းတန်းပမာ သူကအော် ငါကအော်နှင့် ကလိုင်ခေါက်၍ အချိန်သာ စေ့သွားသည်။ အပြင်ကရော အထဲကပါ ဆူကာ စဉ်ကာ ရင်ထဲစုဆောင်းထားသမျှ စကားတွေ ကုန်စင်အောင် မပြောလိုက်ရ။ တဒင်္ဂအားဖြင့် ဆက်စပ်ထားသော ပြင်ပကမ္ဘာနှင့် ထောင်တွင်းကမ္ဘာတို့မှာ ပြန်လည် အဆက်ပြတ်သွားခဲ့ရသည်။

အထူးထောင်ဝင်စာကျတော့ ရိုးရိုးတန်း ထောင်ဝင်စာလောက် ဗရုတ်သုတ်ခ မနိုင်။ သံဆန်ခါလည်း မခြား။ အချိန်လည်း နာရီဝက်ခန့် (သို့မဟုတ် ထောင်ဝင်စာ

http://www.cherrythitsar.org



ပြပေးသူ သဒ္ဒါသလောက်) နဖူးတွေ့ ဒူးတွေ့ အေးအေးဆေးဆေး တွေ့နိုင်သည်။ ဒီတော့ သူသူကိုယ်ကိုယ် အထူးထောင်ဝင်စာ တွေ့ခွင့်ရရေးအတွက် ကြိုးပမ်းကြစမြဲ။ သို့သော် ဒီအခွင့်အရေးကလည်း လူတိုင်းရသည်မဟုတ်။ ထောင်ပိုင်ကြီးတို့ ထောင်မှူးကြီးတို့ထံမှ အခွင့်မရဘဲ တွေ့ခွင့်မရှိ။ ရှိခဲ့လျှင်လည်း လက်အောက်ဝန်ထမ်းတို့ အကြံအဖန် ခိုးတွေ့ပေးခြင်းဖြစ်၏။

တစ်နေ့တွင် ထောင်မှူးဦးဝင်းအောင်က ထောင်ကြပ်ချုပ် ဦးသောနကို ထောင်မှူးကြီးရုံးသို့ တိုင်တန်းသတင်း လာပို့သည်။

"ဆရာ၊ နေ့ခင်း ဆရာထမင်းစားပြန်နေတုန်း ဦးသောန အထူးထောင်ဝင်စာ ခိုးပြပေးနေလို့ ကျွန်တော် ဖမ်းထားပါတယ်။ အဲဒါ အရေးယူပေးပါ"

"အဲဒီအချိန် တံခါးထဲမှာ ခင်ဗျားကို တာဝန်ပေးထားတာပဲ။ ခင်ဗျားက ဘယ်သွားနေလို့လဲ"

"ကျွန်တော် ထောင်ထဲက အချုပ်ရုံးခန်းမှာ လချုပ်တွေ သွားလုပ်နေလို့ပါ"

ဦးသောနကို ခေါ်စစ်ကြည့်တော့မငြင်းပါ။ အမှန်အတိုင်း ဝန်ခံသည်။ သို့သော် ထောက်ကွက်ကလေးနှင့်။

"ဟုတ်ပါတယ်၊ ကျွဲပွဲက ကျွန်တော်တို့ နယ်သားတွေမို့ ကျွန်တော်ပြပေးမိတာပါ။ ဆရာဦးဝင်းအောင် အချုပ်ရုံးခန်းမှာ လချုပ်လုပ်တယ်ဆိုတာ သက်သက်ပြောတာပါ။ သူ ဘာယာစိုးမြင့်နဲ့ ကျားထိုးနေတာပါ။ နောက်ပြီး တနင်္ဂနွေနေ့ သူတာဝန်ကျတိုင်း စက်လှေပိုင်ရှင် ဦးဘလှကိုလည်း အမြဲအထူးထောင်ဝင်စာ ပြပေးနေကျပါ။ ဆရာကြီး မယုံရင် တံခါးသမားတွေကို မေးကြည့်ပါ"

ခေါ်မေးကြည့်လိုက်တော့ အားလုံးအမှန်ချည်း ဖြစ်နေသည်။ ဦးသောနကို ဦးဝင်းအောင် ဘယ်လိုလုပ် နိုင်အောင် ယှဉ်ပြိုင်နိုင်ပါမည်နည်း။ သူက စစ်ကြိုခေတ်ကတည်းက ထောင်ဘာယာစလုပ်ပြီး အဆင့်ဆင့်တက်လာသူဖြစ်၍ ထောင်ပါးဝနေသူ။ တစ်နည်းအားဖြင့် ထောင်လက်ကောက်ကြီး။ ဦးဝင်းအောင်က မနေ့တစ်နေ့ကမှ ထောင်လောက ရောက်လာသူ။ ဝါရင့်သူက ဝါနုသူကို မသေချာဘဲဘယ်တော့မှ အပိုင်မကိုင်။ သို့ဖြစ်၍ သူတို့နှစ်ယောက် ထောင်ဝင်စာကိစ္စကို နင်တန်နင်တန် ပန်းကန်ကွဲဆိုတာလို ဒိုင်ပွဲရပ်လုပ်ပြီး ဖျန်ဖြေပေးရသည်။ ဒါကို ဦးဝင်းအောင်က ထောင်မှူးကြီးအပေါ်တွင် လုံးဝ မကျေနပ်။ ယခုတစ်ခါ ငွေကိစ္စ ဦးဝင်းအောင်က ဦးသောနဘက်သို့ မြှားဦးလှည့်လာပြန်ချေပြီ။

ဦးသောနကို ခေါ်စစ်သောအခါ....

"ကျွန်တော်ဘယ်တော့မှ ငွေကို လက်မခံပါဘူး။ ဆရာဦးဝင်းအောင် မရှိတဲ့အခါ ထောင်ကျရုံးက ထောင်မှူး ဦးမျိုးသိမ်းဆီကို ပို့စမင်း ခေါ်သွားပါတယ်။ မယုံရင် ဦးမျိုးသိမ်း မေးကြည့်ပါ"

http://www.cherrythitsar.org



ဦးမျိုးမင်းကလည်း သူတစ်ကြိမ် နှစ်ကြိမ် လက်ခံဖူး၍ ဝန်ခံသည်။ သို့ဖြစ်၍ စာရေးကြီးကို စာတိုက်သွားပြီး စုံစမ်းခိုင်းရာ ငွေနှစ်ရာလာသည်မှာ မှန်ကန်ကြောင်း၊ ငွေလက်ခံဖြတ်ပိုင်းကို ငွေပို့သူထံ ပြန်ပို့ပြီးကြောင်း သိခဲ့ရသည်။ မတတ်သာသည့် အဆုံး အကျဉ်းသားကို သူ့အိမ်ကို ငွေလက်ခံသည့်ဖြတ်ပိုင်း ပြန်ပို့ပေးရန် စာအရေး ခိုင်းလိုက်ရလေသည်။ အကျဉ်းသားအိမ်မှ ငွေပို့လွှာလက်ခံဖြတ်ပိုင်း ပြန်ရောက်လာ တော့ ထောင်မှူးဦးဝင်းအောင် ဟက်တက်ကွဲပြီပေါ့။ အဲဒီဖြတ်ပိုင်းပေါ်မှာ သူ့ လက်မှတ်ကြီးက ထင်းလို့။ အကျဉ်းသား လက်မှတ်လည်းရှိသည်။ သို့သော် လက်မှတ် အတု။ ပို့စမင်းက အကျဉ်းသား မောင်ဖြူ မောင်နီ ဘယ်လိုလုပ် သိနိုင်မည်နည်း။ ထောင်ထဲမှာ မှတ်ပုံတင်နှင့် တိုက်ဆိုင် စစ်ဆေးလို့လည်း မရ။ ထောင်ကမှ ဒီလူဟာ မောင်ဖြူဆို မောင်ဖြူပဲပေါ့။

အဆိုပါအမှုကို ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှု ပြုလိုက်သောအခါ ထောင်မှူး ဦးဝင်းအောင်အနေနှင့် အလွဲသုံးစားလုပ်ထားသော ငွေနှစ်ရာကို ပြန်လျော်ပေးလိုက်ရ သည့်အပြင် နှစ်တိုးတစ်နှစ် ရပ်ဆိုင်းသော အပြစ်ဒဏ်ကိုပါ လည်စင်းခံလိုက်ရသည်။ သို့တိုင်အောင် ရှေ့ကိုယ်တော်က အလျှော့မပေး။ အရက်မူးသည့်အခါ ဘာပြောတတ် သလဲ ဆိုတော့.... ‘ထောင်မှူးကြီးက ဦးသောနဘက် လိုက်မှာပေါ့ကွ။ သူက ဦးသောန နေ့စဉ် ပို့ပို့ပေးနေတဲ့ နွားနို့ငါးဆယ်သားကို အလကားသောက်နေရတာကိုး’တဲ့။

မပြေးသော် ကန်ရာရှိ၊ ဒွေးနှစ်ဖော် သံဝါညှိစဉ်က၊ တန်ပါအမိရယ်လို့ ဆို ညည်းသံ ဆိုတာလို ‘ကျွန်တော့်ခြံထွက် နို့စစ်စစ်ကလေး ဆရာကြီး သောက်စေချင် လို့ပါ’ ဆိုသော အပြောကလေးဖြင့် ဦးသောန နေ့စဉ်ပို့ပေးနေသည့် နွားနို့ငါးဆယ်သား အလကား သောက်ထားမိသော ထောင်မှူးကြီးမှာလည်း လည်စင်းခံလိုက်ရရုံမှတစ်ပါး အခြားမရှိ။

■

# ၇၉

အမှုထမ်း၊ အရာထမ်းမှန်လျှင် ပီအီး ဒီအီးနှင့် မကင်းနိုင်။

"သူငယ်ချင်း မင်းဒီနေ့ အားသလားဟေ့"

"ငါ မအားဘူးကွ။ ဒီအီးတစ်ခု ရှိနေတယ်"

"မင်းဒီအီးက သုံးယောက်တန်းလား၊ ဂိုးဖမ်းမှာလား"

"ဘာလဲကွ၊ မင်းပြောတာ နားမလည်ဘူး။ သုံးယောက်တန်းတို့၊ ဂိုးဖမ်းတာတို့ ဆိုတာ ဘာကိုပြောတာလဲ"

"မင်း တော်တော် အောက်သေးတာပဲ။ သုံးယောက်တန်းဆိုတာ ဒီအီးအဖွဲ့ ဥက္ကဋ္ဌ၊ ဒါမှမဟုတ်ရင် အဖွဲ့ဝင်။ ဂိုးဖမ်းတယ်ဆိုတာက တစ်ယောက်တည်းဆိုတော့ အစစ်ခံရမယ့်သူ၊ တရားခံဆိုပါတော့ကွာ"

"ဖွဟဲ့ လွဲပါစေ၊ ဖယ်ပါစေ။ ဂိုးတော့ မဖမ်းပါရစေနဲ့ကွာ။ မင်းပြောသလိုဆိုရင် ဒီအီးမှာ ငါက သုံးယောက်တန်းအဖွဲ့ဝင်ပါ"

ပီအီးဆိုတာက preliminary enquiry ခေါ် ပဏာမစစ်ဆေးခြင်း၊ ဒီအီးဆိုတာက departmental enquiry ခေါ် ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း ဖြစ်၏။ အမှုတစ်ခုဖြစ်လာလျှင် ဦးစွာပထမ ပဏာမစုံစမ်းစစ်ဆေးမှုပြုလုပ်၍ ခိုင်လုံသော အချက်အလက် အထောက်အထားများတွေ့ရှိပါက ထုချေလွှာတောင်းပြီး စွဲချက်တင်ကာ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှု ဆက်လက်ပြုလုပ်ရသည်။

ပီအီးနှင့် ပြတ်လျှင်ပြတ်၊ မပြတ်လျှင် ဒီအီးဆက်လုပ်။ ဒါက ဌာနဆိုင်ရာ

http://www.cherrythitsar.org



အကြီးအကဲ၏အဆုံးအဖြတ်။ ဤသည်တို့မှာ အင်္ဂလိပ်အစိုးရ လက်ထက်ကတည်းက ရှိနေခဲ့သော 'ဂျီဆာကြူလာ (၁၄)' အရ လုပ်ဆောင်ခဲ့သော လုပ်ဆောင်ချက်များဖြစ်သည်။ အကျဉ်းဌာန အမှုထမ်းသက် အနှစ် ၄၀ခန့်အတွင်း သုံးယောက်တန်းက ကန်လိုက်၊ တစ်ယောက်တည်း ဂိုးဖမ်းလိုက် ပီအီး ဒီအီး သံသရာလည်ခဲ့သည်မှာ နည်းနည်းနောနောမဟုတ်။ ကံကောင်းထောက်မလို့ ဂိုးအဖမ်းရနည်းပြီး သုံးယောက်တန်းက များများကန်ခဲ့ရသဖြင့် ဆားမသီရန်မခ ပင်စင်လစာလေး ဖြောင့်ဖြောင့်တန်းတန်း စားခဲ့ရခြင်းဖြစ်သည်။

ပီအီးဒီအီးဆိုတာကလည်း အခက်သား။ တစ်ခါတစ်ရံ ဘာမဟုတ်သည့် (anonymous letter) ခေါ် ပစ်စာလေးတစ်စောင် ကောင်းမှုကြောင့်လည်း ပီအီး ဒီအီး ထိတတ်သည်။ သို့သော် ကိုယ်မှန်နေလျှင် ကြောက်စရာမရှိ။ ကိုယ်ကောင်း ခေါင်းဘယ်မှ မရွေ့ဆိုသကဲ့သို့ မိမိတာဝန်ယူထားရသည့် လုပ်ငန်းခွင်အတွင်း ရေပက် မဝင်အောင် ခြောက်ပစ်ကင်းသဲလဲစင် ဆိုလျှင်တော့ ဘာမျှမထောင်းသာလှ။ ဒီလိုမှ မဟုတ်ဘဲ ညောင်မြစ်တူးရာက ပုတ်သင်ဥပေါ်လာမှဖြင့် ဒုက္ခ။ ပေါ်လည်း ပေါ်ခဲ့ဖူးပြီ။

တစ်ခါက မြေလတ်ပိုင်းရှိ အကျဉ်းထောင်ကြီး တစ်ထောင်တွင် ပြဿနာပေါ်သဖြင့် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ အဆိုပါထောင်သို့ လိုက်ပါသွားခဲ့ရသည်။ ထိုစဉ်က မိမိမှာ ဒုတိယထောင်ပိုင်အဆင့်နှင့် ရုံးချုပ်တာဝန်ယူထားရသည်။ ဂျီ၊ အေ၊ ကြူ 'ဦး' 'ရေး' 'ထောက်'ဟူ၍ ဌာနစု သုံးခုရှိသည့်အနက် ဂျီခေါ် ဦးဌာနစုမှာ နာမည်နှင့်လိုက်အောင် အလွန်ဂျီကျသော ပြဿနာအများဆုံးဌာနတစ်ခုဖြစ်၏။ တစ်နေ့တစ်နေ့ရှိရှိသမျှ အကျဉ်းထောင်တွေ ရဲဘက်စခန်းတွေမှာ ဘာပြဿနာမှ မပေါ်ပါစေနှင့်ဟု ရင်တမမ ဆုတောင်းနေရသည်။ ဘယ်လောက် ဆုတောင်း တောင်းပါ။ ထောင်ထဲ ဘယ်နေလိမ့်မလဲ။ ပြဿနာက တာရပေါပဟင်းလေးအိုးကြီး ပွက်ပွက်ဆူနေသလို ဦးကနင်းတော့ ပဲ့ကထောင်၊ ပဲ့ကနင်းတော့ ဦးကထောင်၊ တစ်နေရာမဟုတ် တစ်နေရာကတော့ စီခနဲ ညံခနဲ ထထပြီး ပြဿနာပေါ်စမြဲ။ ခုပင်ကြည့်ပါ။ ပြေးရလွှားရ၊ စစ်ရဆေးရ၊ မေးရမြန်းရပြီ။

သားသမီးမကောင်း မိဘခေါင်း၊ တပည့်မကောင်း ဆရာ့ခေါင်းတဲ့။ ဒါဖြင့် အကျဉ်းသား မကောင်းတော့ကော ထောင်ပိုင်ခေါင်းပေါ့။ ဘယ်ပြေးလွတ်မလဲ။ သူ့ရဲ့တရားဝင်အခေါ်အဝေါ်ကိုက ထောင်တာဝန်ခံအရာရှိလို့ ဆိုထားပြီးမှပဲ။ ပညာရှိသတိဖြစ်ခဲ ဆိုတာလို ထောင်ပိုင်ကြီးအနေနှင့် သိသိသာသာမှားယွင်းသွားသော အချက်ကြီးတစ်ချက်ရှိသည်။ တခြားတော့မဟုတ်၊ လူအမွေး လွန်သွားခြင်းဖြစ်၏။ မလွှဲသာ မရှောင်သာ ထောင်ပိုင်တွေ လူမမွေးဘူး မဟုတ်ပါ၊ မွေးကြပါသည်။ သို့သော် ဒါလောက်အထိတော့ မယုံစားသင့်။

"သူက သောကြာဆိုတဲ့အကျဉ်းသားကို သိပ်ယုံစားပြီး အခွင့်အရေးပေးလွန်း

http://www.cherrythitsar.org



တာကိုး။ ဟိုကောင်က ရောင့်တက်ပြီး အကျဉ်းသားတွေကို စည်းရုံးတော့တာပေါ့"

"ဒါပေါ့ဗျ၊ ကျွန်ယုံတော့ တစ်ဖက်ကန်း၊ သားသမီးယုံတော့ စုံလုံးကန်း ဆိုတာ၊ အခု အကျဉ်းသားကို ယုံတော့ တစ်ထောင်လုံး ကန်းတော့တာပေါ့"

သုံးယောက်တန်းအဖွဲ့ စစ်ရင်းဆေးရင်း ကောက်ချက်ချနေကြသည်ကို မလှမ်းမကမ်းမှ ကြားနေရသော ညွန်ချုပ်ကြီးကမှ၊

"အောက်လမ်း ဆရာတွေ ဘီလူးတို့ သရဲတို့ မွေးတယ်လို့ ငါတို့ငယ်ငယ်က ပြောသံကြားဖူးတယ်ကွ။ နောက်ဆုံး ကိုယ်မွေးထားတဲ့သရဲကိုမနိုင်တော့ သရဲက အောက်လမ်းဆရာကို ပြန်စားသွားတာလေ။ ခုလည်း မင်းတို့ထောင်ပိုင်ကြီး သူမွေးတဲ့မျောက်က သူ့ပြန်ချောက်သွားတာပေါ့။ နောက်တစ်ခုက ဂေါက်ကွင်းမှာချည်း အချိန်ကုန်ကုန်နေတာလဲ ပါပါသေးတယ်လေ"

ထောင်ဆိုတာ ဒီအတိုင်းပါပဲ။ ဘာမှမဖြစ်လျှင်တော့ ဘာမှမဖြစ်။ ပြဿနာရယ်လို့ဖြစ်လာပြီဆိုလျှင်တော့ ခံပေဦးတော့၊ မီးခိုးကြွက်လျှောက်။ ကံဆိုးမ သွားလေရာ မိုးလိုက်လို့ ရွာသလားမသိ။ ညောင်မြစ်တူးရင်း ပုတ်သင်ဥပေါ်လာပုံက ပဏာမ စုံစမ်းစစ်ဆေးမှုပြုလုပ်ရင်း ထောင်ထဲတွင် ငွေဒင်္ဂါးအတုပြုလုပ်မှုတစ်ခု မဆီမဆိုင် ပေါ်ပေါက်လာခြင်းပင်ဖြစ်၏။ ကိုင်း စဉ်းစားသာ ကြည့်ကြပါတော့။ ထောင်ထဲမှာ မဖြစ်နိုင်တာဆိုလို့ ဘာများ ရှိတော့လို့တုန်း။ အပြင်လူများကြားလျှင် ယုံနိုင်စရာပင် အကြောင်းမရှိ။ အမှန်က ဘာမှမဟုတ်။ ထောင်ထဲတွင် သူတို့အတွက် အချိန်တွေ အများကြီးပိုနေခြင်းမှာ အဓိကအကြောင်းရင်းဖြစ်၏။လူကောင်းအတွက် အချိန်ပိုနေလျှင် ကောင်းသောအလုပ်ကို လုပ်မိမှာဖြစ်သလို လူဆိုးတွေအတွက် အချိန်ပိုနေလျှင် မကောင်းသော ဒုစရိုက်အလုပ်တစ်ခုခုကို လုပ်ကြမှာ ဓမ္မတာပင်တည်း။ ပါပသို့ ရမတိမနောတဲ့။ စိတ်ဆိုတာ မကောင်းမှုမှာ မွေ့လျော်တတ်တယ် မဟုတ်လား။

ငွေဒင်္ဂါးအတုဆိုလို့ များများစားစားတော့မဟုတ်။ ထောင်ထဲမှာ ပုန်းလျှိုးဝှက်လျှိုး ခိုးကြောင်ခိုးဝှက်လုပ်ရသည့်ကိစ္စ။ အဘယ်မှာ အများအစားလုပ်နိုင်ပါ့မလဲ။ ငွေဒင်္ဂါးတစ်ပြားချင်း တစ်ချပ်ချင်းညှပ် ပုံသွင်း၍ စိမ်ပြေနပြေလုပ်နေခြင်းသာဖြစ်၏။ ထို့ပြင် တကယ်တမ်းကျတော့ မိမိတို့စစ်ဆေးနေသည့် ထောင်ပြဿနာနှင့် ငွေဒင်္ဂါးတုတို့မှာ ဘယ်လိုမျှ မပတ်သက်။ သို့ဖြစ်၍ သုံးယောက်တန်း ဥက္ကဋ္ဌကို ပြတ်သားအောင် မေးရသည်။

"ဥက္ကဋ္ဌကြီး ဘယ်လိုလဲ၊ ငွေဒင်္ဂါးမှုကို ပေါ်အောင်စစ်ကြမလား"

"ဟာ.... ခင်ဗျား ကျွန်တော့်ကို အဲဒီလို တရားခံ မလုပ်နဲ့လေဗျာ။ အမှုဆိုတာ ဘာအမှုဖြစ်ဖြစ် ပေါ်အောင်စစ်ကြရမှာပေါ့"

"မဟုတ်ပါဘူး၊ ကျွန်တော်တို့ စစ်နေတဲ့ အမှုလမ်းကြောင်း ပြောင်းသွားမှာစိုးလို့ မေးတာပါ"

http://www.cherrythitsar.org



"မပြောင်းသွားအောင် ပြန်တည့်ရမှာပေါ့ဗျ။ လောလောဆယ်တော့ အစပေါ်လာတဲ့ အမှုကို ဆုံးအောင် ဆက်နှိုက်ကြည့်ရဦးမှာပေါ့"

သုံးယောက်တန်းအဖွဲ့ဝင် စာရေးချင်သူ ရန်အောင်မောင်မောင်အတွက်တော့ အချိုရှာ သကာတွေ့ခြင်းပင်ဖြစ်၏။ သို့နှင့်ပင် ငွေဒင်္ဂါးအတုပြုလုပ်မှုကို လက်တစ်ဆုံး နှိုက်ကြည့်သည်။

"မင်းနာမည်က ဘယ်သူလဲ"

"ညွှပ်ကြီးပါ"

"ဟေ၊ လူပြက်နာမည်ပါလားကွ၊ ဒီနယ်ကပဲလား"

"မဟုတ်ပါဘူးဆရာ၊ ပျော်ဘွယ် မင်းတန်းကပါ။ စာရေးတော့ မင်းလမ်းလို့ ရေးပါတယ်"

"ဟာ.... ဟုတ်ပြီ၊ လက်စသတ်တော့ တစ်နယ်တည်းသား တစ်ရပ်တည်းသားနဲ့ လာတွေ့နေတာကိုး။ ငါလည်း ပျော်ဘွယ် ရန်အောင်ကပါကွ။ နို့ ဘယ်လိုလုပ် မင်းက ဒီထောင်ကို ရောက်လာရတာလဲ"

"ရဲဘက်ပြေးမှုနဲ့ ဒီနယ်မှာဖမ်းမိသွားလို့ပါ ဆရာ။ ထောင်စကျတုန်းကတော့ ရမည်းသင်းထောင်မှာပါ"

"သြော်၊ အေးအေး၊ လုပ်စမ်းပါဦးကွာ မင်းအမှုအကြောင်းကလေး။ နောက်ဆုံး အခု ငွေဒင်္ဂါးအတုလုပ်တဲ့ အကြောင်းအထိပေါ့"

ညွှပ်ကြီး အသက်သုံးဆယ်ခန့်ရှိပြီ။ ပျော်ဘွယ် ရမည်းသင်းလောက်ဆိုလျှင် အောက်ပြည်အောက်ရွာက အညာသားလို့ ခေါ်ချင်ကြသည်။ သို့သော် ညွှပ်ကြီးမှာ အညာသားရုပ်မပေါက်၊ ဖြူဖြူဖွေးဖွေး သေးသေးညှက်ညှက်၊ စကားပြောလည်း ခပ်သွက်သွက်၊ အထက်ဆုံးကတော့ သူ၏ လက်မှုပညာအတတ်ပင်ဖြစ်၏။ ဒါကို ဘမျိုး ဘိုးတူ မျိုးရိုးလိုက်သည်ဟုဆိုနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ညွှပ်ကြီး၏ ဇာတိ ချက်ကြွေ မွေးရပ်မြေဖြစ်သော မင်းလမ်းရွာသူရွာသားများသည် ဘုရားမတင် နတ်မဝင် လူတွင်ပန်းဆယ်မျိုးဆိုသည့် အတတ်ပညာများအနက် တစ်ခုအပါအဝင်ဖြစ်သည့် 'ပန်းပဲ'ပညာကို တစ်ဖက်ကမ်းခပ် တတ်မြောက်ကျွမ်းကျင်သူများဖြစ်သည်။ ညွှပ်ကြီးတို့ မင်းလမ်းရွာမှထွက်သည့် သံထည်ပစ္စည်းများမှာ အသေးအမွှားဖြစ်သည့် ကွမ်းညှပ်ကတ်ကြေးမှအစ ဓားအရွယ်အစားအမျိုးမျိုးအပါအဝင် တောင်သူလယ်သမားသုံး ထယ်သွား များအထိ မြန်မာပြည်တစ်လွှား နာမည်ကျော်ကြားလှသည်။ အထူးသဖြင့် ဂျပန်ခေတ်က မြန်မာ့တပ်မတော် စစ်ဗိုလ်များ ခါးတွင်ချိတ်၍ကိုင်ဆောင်ခဲ့သည့် မင်းလမ်းဓားများမှာ ဂျပန်ဓားကပင် အရှုံးပေးရသည်။

မင်းလမ်းရွာမှာ ပျော်ဘွယ်မြို့တောင်ဘက် ၂ မိုင်ခန့်အကွာ ရန်ကုန်–မန္တလေး ကားလမ်းအရှေ့ဘက်မှာ တည်ရှိသည်။ ညွှပ်ကြီးက သူ့ကို လူပြက်အမည်ပါလား

http://www.cherrythitsar.org



ဆိုသည်ကို ကျေနပ်ပုံမရ။ သူ့ဘာကြောင့် ညှပ်ကြီးဖြစ်လာရပုံကို ရှင်းပြသည်။

"ကျွန်တော့်အမေ ဗိုက်ထဲမှာ ကိုယ်ဝန်အရင့်အမာနဲ့ နေတုန်း အဖေနဲ့အမေ အကြီးအကျယ် စကားများကြသတဲ့။ ဘာအကြောင်းကြောင့်ဆိုတာတော့ မသိဘူး။ အဖေကလည်း သိပ်စိတ်ကြီးတယ်။ အဲဒါ အဖေက ပန်းပဲမှာသုံးတဲ့ မီးညှပ်ကြီးနဲ့ ကောက်ပေါက်လိုက်လို့ အမေထိပ်ပေါက်ပြီး ပျော်ဘွယ်ဆေးရုံတက်ရတယ်။ အဲဒီလို ဆေးရုံတက်နေရတုန်း ကျွန်တော့်ကိုမွေးလို့ ကျွန်တော့်နာမည် ညှပ်ကြီးလို့ မှည့်ခဲ့တာတဲ့။ အမေကတော့ အဲဒီဒဏ်ရာနဲ့ပဲ သံဆိပ်တက်ပြီး သေရော"

ညှပ်ကြီးအမေသေတော့ သူ့ထက်သုံးနှစ်ခန့်ကြီးသော အစ်မတစ်ယောက်နှင့် အတူ မောင်နှမနှစ်ယောက် မိတဆိုးဘဝဖြင့် ကျန်ခဲ့သည်။ တော်ပါသေးသည်။ သူ့အဖေ ဦးသံခဲက နောက်အိမ်ထောင်မထူဘဲ သားအဖသုံးယောက် ဖြစ်သလို လုပ်ကိုင်စား သောက်ခဲ့သည်။ ညှပ်ကြီးမှာ ငယ်စဉ်ကတည်းက လက်မှုပညာ ထူးချွန်တတ်မြောက်ခဲ့ သည်။ သံထည်ပစ္စည်း ကြီးကြီးမားမားမကိုင်နိုင်သေးတော့ မွေးညှပ်တို့၊ နားဖာကလော် တို့၊ သွားကြားထိုးတံ စသည့်အသေးအမွှားပစ္စည်းကလေးများကို တစ်နိုင်တစ်ပိုင် လုပ် ပြရာ သားဖြစ်သူ၏လက်ရာကိုကြည့်ပြီး ဖခင်ဖြစ်သူမှာ ကျေနပ်အားရစွာဖြင့် ချီးကျူး မဆုံးနိုင်အောင် ဖြစ်ခဲ့သည်။ အသက်နည်းနည်းကြီးလာတော့ ညှပ်ကြီးလုပ်သည့်ဓားကို လူကြိုက်များကြသည်။ အပေါ်ယံကကြည့်လျှင်တော့ လက်ကိုင်တုတ်၊ သို့မဟုတ် တုတ်ကောက် တစ်ချောင်းမျှသာ၊ အဆိုပါ တုတ်နှင့် လူတစ်ယောက်ကို ရိုက်လိုက်၍ ဖမ်းဆုပ်ထားချိန်တွင် ငွေနားကွပ်ထားသော လက်မအောက်ရှိ ကွင်းကလေးကို အသာ လှည့်ပြီး ဆွဲချွတ်လိုက်လျှင် အသွား ၁၄ လက်မခန့်ရှိ ဓားမြှောင်တစ်ချောင်း ဝင်းခနဲ ထွက်လာမည်။ တစ်ဖက်ရန်သူ အငိုက်မိစေမည့်လက်နက်။

ခက်တာက ညှပ်ကြီး၏အဖေသည် အသက်ကြီးမှ ဝက်သက်ပေါက်ခဲ့ခြင်းပင် ဖြစ်၏။ ဦးသံခဲ ပေကုန်းရွာမှ ကြေးကုန်သံကုန်ရောင်းသော မုဆိုးမဒေါ်လှမြနှင့် အကြောင်းပါတော့ ညှပ်ကြီး၏အစ်မ မထွေးကြည်မှာ အပျိုဖားဖားဖြစ်နေပြီ။ ဒေါ်လှမြ မှာလည်း လူပျိုပေါက်အရွယ် သားတစ်ယောက်ပါလာသည်။ အဲဒါ ညှပ်ကြီး၏ဘဝ လူကောင်းက လူဆိုးဖြစ်ဖို့ အစပါပဲ။

"အဖေ့မယားပါသားကို ကြည့်ပြောထားဗျ။ အစ်မကို ရိတိတိ ချိတ်တိတ် တိတ်နဲ့၊ ကျွန်တော် မကြိုက်ဘူး"

"ရိုးရိုးတန်းတန်း ခင်မင်နေမှာပေါ့ လူလေးရာ။ သူတို့မောင်နှမချင်းချင်းပဲ"

"ဘယ်ကလာ မောင်နှမချင်းချင်းလဲ။ မယားပါသားနဲ့ လင်ပါသမီး ဘာတော် တာမှတ်လို့"

"တိုးတိုးပြောပါ သားရယ်၊ တော်တော်ကြာ မင်းအမေကြားသွားပါ့မယ်"

"ဘာအမေလဲ၊ ကျုပ်အမေသေပြီ။ မိထွေးကို အမေ မခေါ်နိုင်ပါဘူး"

http://www.cherrythitsar.org



သူ့အဖေ ဘာပြောပြော ညှပ်ကြီးကတော့ မိထွေးနှင့် မယားပါသားအပေါ် တူးတူးခါးခါး မာမာကျောကျော၊ ဘယ်လိုမှအမြင်မကြည်လင်နိုင်။ ညှပ်ကြီးက မာကျော တူးခါးသလို နိုးတူးကလည်း အသက်ဆယ့်လေးငါးနှစ်အရွယ် ဥမမည်စာမမြောက် ညှပ်ကြီးလို မလောက်လေးမလောက်စား အရွယ်လေးကို ဖုတ်လေတဲ့ငါးပိ ရှိတယ်ပင် မအောက်မေ့။ သူက ထွေးကြည်ထက်ပင် သုံးလေးနှစ်ခန့် အသက်ကြီးပြီး လူကောင ထွားထွားခိုင်ခိုင်။ သို့ကလို အားချင်းမမျှတခြင်းကပင် ညှပ်ကြီးအဖို့ ကြောက်ကန် ကန်ရန် အကြောင်းဖန်လာခဲ့ခြင်းဖြစ်ပေသည်။

"တိုတိုပြောရရင်တော့ ဆရာရယ်၊ ကျွန်တော်လုပ်ထားတဲ့ ဓားနဲ့ပဲ ကျွန်တော့် အစ်မကို မတရားကြံစည်တဲ့ နိုးတူးကို အသေထိုးခဲ့မိတာပါ။ ပွဲချင်းပြီးတော့မဟုတ်ပါ ဘူး။ ဆေးရုံရောက်ပြီး နှစ်ရက်ကြာမှသေလို့ ကျွန်တော်လူသေမှုနဲ့ ထောင် ၁၀ နှစ် ကျခဲ့ ပါတယ်။ အသက်ကမစေ့သေးတော့ သာယာဝတီထောင်ထဲမှာဖွင့်ထားတဲ့ ဘော်စတယ် ထောင်ကလေးမှာ နေခဲ့ရပါတယ်။ နောက်မှ သရက်ဘော်စတယ်ပြန်ဖွင့်လို့ သရက်ကို တစ်ခါ ပြောင်းခဲ့ရတာပါ"

ဘော်စတယ်ကို ယခင်ကတော့ ကလေးထောင်ဟု လွယ်လွယ်ခေါ်ခဲ့ကြသည်။ အမှန်မှာ (*Borstal traning school*) ဘော်စတယ်လူငယ်များသင်တန်းကျောင်း ဖြစ်သည်။ ဘော်စတယ်အကြောင်းရေးမည်ဆိုလျှင်တော့ (*The Gladstone Committee, 1895*) က စရေးရမည်ဖြစ်သဖြင့် အရှည်ကြီးပါ။ လောလောဆယ် နားလည် လွယ်အောင်အတိုချုံ့ရလျှင် ရာဇဝတ်မှုတစ်ခုခုအရထောင်ဒဏ်အပြစ်ပေးခံရသူ အသက် ၁၈ နှစ်အောက် လူငယ်များအတွက် ဘော်စတယ်လူငယ်များသင်တန်းကျောင်း၊ ၁၈ နှစ် နှင့် ၂၁နှစ်ကြား လူလတ်များအတွက် ယခင်က မိတ္ထီလာလူလတ်ထောင် (Juvenile Jail)သို့ ပို့ရသည်။ သူတို့အတွက် young offender's act ဟူ၍ ကလေးသူငယ် များအတွက် သီးခြားတရားသူကြီးရှိသည်။ ယခုတော့ လူမှုဝန်ထမ်းဝန်ကြီးဌာန လက် အောက်တွင် 'ငှက်အော်စမ်း' လူငယ်သင်တန်းကျောင်းရှိသည်။

သုံးယောက်တန်း ဥက္ကဋ္ဌကြီးက လမ်းကြောင်းပြောင်းသွားမည်စိုးဟန်ဖြင့် ပြန်လည် တည့်မတ်ပေးလိုက်သည်။

"ကိုင်း၊ မင်းကိုယ်ရေးရာဇဝင်က ဒါလောက်ဆို ရပါပြီကွာ။ လိုရင်းဖြစ်တဲ့ ငွေဒင်္ဂါးလုပ်ပုံကလေး ဆက်စမ်းပါဦး"

"ဒါက သိပ်ပြီး ရှည်ရှည်ဝေးဝေး ရှင်းပြနေစရာမလိုပါဘူး ဆရာကြီးရယ်။ ကျွန်တော်လုပ်ပါတယ်လို့ အစအဆုံး ဝန်ခံထားပြီးသားပဲ။ ရဲဘက်ပြေးမှုနဲ့ ထောင်၂ နှစ် ကျပြီး ဒီထောင်ကိုရောက်လာတော့ ကျွန်တော်ပန်းပဲတတ်မှန်းသိတဲ့ ဆရာဟောင်း တစ်ယောက်က ပန်းပဲဖိုမှာအလုပ်ချထားပေးပါတယ်"

အမှန်အတိုင်း ထောင်တွင်းပန်းပဲလုပ်ငန်းထားရှိခြင်း၏ရည်ရွယ်ချက်မှာ

http://www.cherrythitsar.org



လက်သမားလုပ်ငန်းနှင့် ဆက်စပ်နေသည့် သံထည်ပစ္စည်းများနှင့် ရက်ကန်းစင်များ အတွက် လိုအပ်သည့်ကိရိယာများ အလွယ်ပြုလုပ်ရန်ဖြစ်၏။ အကျဉ်းသားများ ခြေထောက်တွင် ခတ်ရန် သံခြေချင်းများလည်း ပြုလုပ်နိုင်သည်။ သို့သော် ညှပ်ကြီး ဓားကောင်းကောင်းလုပ်တတ်မှန်း သိသွားကြသော ထောင်မှူးထောင်ပိုင်ကအစ သူတို့ အိမ်သုံးဓားများကို အ'သ'ခိုင်းကြသည်။ သံကောင်းပေးပြီး ဓားအသစ် အလုပ်ခိုင်းကြ သည်။ အတွင်ကျယ်ဆုံး ပစ္စည်းတစ်ခုကတော့ ကလေးငယ်များ မာချာစေရန် ယတြာ ချေသည့်သဘော ဝတ်ဆင်ပေးသည့် သံခြေချင်းကလေးများပင်ဖြစ်၏။

ထောင်ထဲရောက်နေသောအကျဉ်းသားများအဖို့ မိမိတတ်ထားသောအတတ် ပညာတစ်ခုခုကို အရင်းအနှီးပြု၍ အနေချောင် အစားချောင်ဖို့သာ အဓိကဖြစ်သည်။ဒီလိုနှင့် ပုံစံဒန်ပန်းကန်ပြားကို ဖျက်၍ ဦးထုပ်ဖြစ်လာသည်။ ရင်ထိုးလှလှ ကလေးတွေ တီထွင်လာသည်။ သော့တွဲကွင်းကလေးတွေ ပြုလုပ်ပေးသည်။ အပြင်မှ ဘော်တို့ခဲတို့ ငရဲမီးတို့ ထောင်တွင်းသို့ တိတ်တဆိတ်သွင်းကာ ငွေဒင်္ဂါးအတုညှပ် ပုံသွင်းပြီး ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ပေသည်။ ညှပ်ကြီး၏ အစစ်ခံချက်ကို အဆုံးမသတ်မီ ကျန်ရှိနေသည့် အချက်တစ်ချက်ကို အပြေးအလွှား မေးလိုက်ရသေးသည်။

"နေပါဦးကွ၊ မင်းရဲဘက်ပြေးမှုနဲ့ ထောင် ၂ နှစ်ကျတာတော့ဟုတ်ပါပြီ။ အဲဒီ လို ရဲဘက်စခန်းရောက်သွားတာကကော ဘာမှုနဲ့ ထောင်ဘယ်လောက်ကျသွားတာလဲ"

"ဒါကဒီလိုပါဆရာ၊ ကျွန်တော့်မိထွေးအပေါ်မှာ တင်နေတဲ့ ရာဇဝင်ကြွေးကို သံသရာမပါအောင် ပြန်ဆပ်ရတဲ့အမှုပါ"

"ဘာကွ မင်းပြောတာ နားမရှင်းပါဘူး"

"ဩော်.... ကျွန်တော့်ကြောင့် သူ့သားနိုးတူးသေခဲ့ရတယ်မဟုတ်လား။ ခု တစ်ခါ သူဒုက္ခရောက်တော့မယ့်ကိစ္စမှာ ကျွန်တော်က ဓားစာခံပြီးဝင်ကယ်ပေးခဲ့တာပါ"

"ဘယ်လို ဝင်ကယ်ပေးခဲ့လို့လဲ"

"အဘွားကြီးဝယ်ထားတဲ့ သံထည်၊ ကြေးထည်၊ သွပ်ထည် ကုန်ကြမ်း ပစ္စည်းတွေထဲမှာ ပြည်သူပိုင်ပစ္စည်း ခြောက်တစ်တွေ ပါနေပါတယ်။ အဲဒါ ကျွန်တော့် ပစ္စည်းတွေအဖြစ် ထောင်ငါးနှစ်အကျခံလိုက်တာပါ"

"ဩော်.... ဩော်"

သုံးယောက်တန်းအဖွဲ့ဝင် စာရေးဆရာအတွက် ဇာတ်လမ်းတစ်ပုဒ်ရသွား တာတော့ မှန်ပါ၏။ ဂိုးဖမ်းသူ ထောင်ပိုင်ကြီးအတွက် ဘူးလေးရာ ဖရုံဆင့်သွားမယ် ဆိုရင်တော့ ဘဲရီးဆောရီး တောကြီးမြိုင်လယ်ပါပဲ ခင်ဗျာ။

■

# ၈၀

မိမိစစ်ဆေးခဲ့သမျှ ပီအီး ဒီအီးတွေအနက် မာရသွန်ဒီအီးတစ်ခုရှိသည်။ မာရသွန်ဒီအီးဟု ခေါ်ရခြင်းမှာ အမှုကြီးလွန်းလို့ မဟုတ်။ ကြာလွန်းလို့ဖြစ်သည်။ ဘယ်လောက်အထိ ကြာသလဲဆိုတော့ ပက်ကျိုနှုန်းဖြင့် ရာထူးတက်ခဲ့ရသော အကျဉ်းဌာနတွင် မိမိ ကြယ်သုံးပွင့် ဒုတိယထောင်ပိုင်ဘဝက ဖြစ်ခဲ့သည့်အမှု၊ တစ်ခွေနှစ်ပွင့် ထောင်ပိုင်အဆင့် ၂ ဖြစ်သည်အထိ သူတို့အမှုကို စစ်ဆေးရတုန်း။ ဒါဖြင့် ဘာပြုလို့ ဒါလောက်တောင် ကြာခဲ့ရသလဲဆိုတော့ မိကျောင်းသားတွေနဲ့ လာတွေ့နေရတာကိုး။

"အခင်းဖြစ်တဲ့နေ့က ငွေနှစ်သောင်းကိုးထောင်သုံးရာကျပ်တိတိပါတဲ့ ငွေစက္ကူထုပ်ကို ငွေစာရင်းကိုင် ဦးသန်းခင်ရဲ့ မီးခံသေတ္တာထဲကထုတ်ပြီး ခင်ဗျားကို ပေးစဉ်တုန်းက ခင်ဗျားငွေထုပ်ကို ဖြေပြီး အထဲမှာပါရှိတဲ့ငွေ ဘယ်ရွေ့ဘယ်မျှရှိတယ်ဆိုတာ ရေတွက်မကြည့်ဘူးဆိုရင် ခင်ဗျားငြင်းမလား"

"မငြင်းပါဘူး။ ဘာငြင်းစရာရှိသလဲ။ အထုပ်က ဒီအတိုင်းပဲဟာ။ အရင်တစ်နေ့က ကျွန်တော်အပ်ထားတဲ့အတိုင်းဆိုတော့ ကျွန်တော်လည်း ပြန်ရေကြည့်မနေတော့ဘူးပေါ့"

"ဟုတ်ပါပြီ၊ ကျွန်တော်မေးတာကို ငြင်းတယ် မငြင်းဘူးဖြေပါ"

"မငြင်းဘူးလို့ ပြောပြီးပြီပဲ။ ဒါပေမယ့် အဲဒီငွေထုပ်ကို ခင်ဗျားစားပွဲပေါ်မှာပဲ တင်ထားပြီး ကျွန်တော်ထသွားတော့ အဲဒီငွေထုပ်ဟာ ခင်ဗျားစားပွဲပေါ်မှာ ကျန်ရစ်ခဲ့ပါတယ်ဆိုတာကိုကော ခင်ဗျား ငြင်းမလား။ မှန်ပါတယ်လို့ ပြောမလား"

http://www.cherrythitsar.org



"ကျွန်တော် မဖြေနိုင်ဘူး။ ကျွန်တော်က မေးရတဲ့သူပဲ"

ဦးကျော်ကွန့်က ပြောပြောဆိုဆို ဒီအီးအဖွဲ့သုံးယောက်တန်း ဥက္ကဋ္ဌကြီး၏ မျက်နှာကို လှမ်းကြည့်သည်။ ဥက္ကဋ္ဌကြီးမှာ မနေသာတော့ဘဲ ကြားမှဝင်၍ဟန့်တားရသည်။ အနောက်တိုင်း တရားရုံးတွေလိုဆိုရင်တော့ တရားရုံးစားပွဲကို သစ်သားတူကြီးဖြင့် ဆောင့်ဆောင့်ထုပြီး 'အော်ဒါ အော်ဒါ' ပေါ့။

"ဦးအုန်းကြိုင်၊ ခင်ဗျား အလှည့်တုန်းက ခင်ဗျားစိတ်တိုင်းကျ မေးပြီးပြီပဲ။ ဒီတစ်ခါ ဦးကျော်ကွန့်အလှည့်လေ"

ဒီအီးသာ ဆိုရသည်။ အပြင်တရားရုံးတွေမှာလို တရားလိုအကျိုးဆောင်နှင့် တရားခံအကျိုးဆောင်တို့ အချေအတင် အချီအချ ငြင်းခုံနေကြသည်နှင့် ဘာမျှမခြား။ တစ်ယောက်နှင့် တစ်ယောက် စကားလေးတစ်ခွန်းပင် အတိမ်းအစောင်းမခံ။ အတင် အစီးမခံ။ ကိုးလုံးကပ်လုံး ချိတ်လုံးတွေနှင့် သူတစ်ပြန်ကိုယ်တစ်ပြန် ကက်ကက်လန် ရန်တွေ့နေကြသည်မှာ ကြာလာတော့ သူတို့အမှုကိုစစ်ရသော သုံးယောက်တန်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တွေပင် စိတ်မရှည်နိုင်တော့ဘဲ ငြီးစီစီဖြစ်လာကြရသည်။ တကယ်တော့ သူတို့ကိုလည်း အဆိုးမဆိုသာ။ ဒီအီးအမှုဖွင့်ပြီး စွဲချက်တင်ကတည်းက ထုချေလွှာ တောင်းသည့် စာထဲတွင် သင်သည် ဤအမှုကို ကိုယ်တိုင်ကိုယ်ကျ အစစ်ခံလိုသည်။ သို့တည်းမဟုတ် သင်၏ကိုယ်စား ရှေ့နေရှေ့ရပ် ငှားရမ်း၍ အစစ်ခံလိုသည်ကို သင်၏ ထုချေလွှာတွင် ထည့်သွင်းဖော်ပြရမည်။ ထို့အပြင် အထက်ပါဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခြင်းကို ကန့်ကွက်ရန် ရှိ မရှိနှင့် ရှိခဲ့လျှင် လုံလောက်သော အကြောင်းပြချက်များဖော်ပြ၍ ကန့်ကွက်နိုင်သည်ဟု အခွင့်အရေးပေးထားခဲ့သည်မဟုတ်ပါလား။ ယခု နှစ်ယောက်တန်းမှ ဂိုးမဝင်နိုင်ရန် ခုခံကာကွယ်နေရသူ နှစ်ဦးအနက် ဦးကျော်ကွန့်က ရှေ့နေစာမေးပွဲအောင်ပြီးသားဆိုတော့ အရစ်ရှည်ပြီပေါ့။ ဒါ သူ့အခွင့်အရေးပဲ။

အဆိုပါ ငွေနှစ်သောင်းကိုးထောင်သုံးရာ ပျောက်ဆုံးပုံမှာလည်း အလွန်ပင် ဆန်းသည်။ ရိုးရိုးရှင်းရှင်းကလေးနှင့် ရှုပ်နေသည်။ ထိုအချိန်က သူ့ခေတ်သူ့အခါ အလျှောက် စားသုံးဆီတွေ အင်မတန်ရှားပါးနေသည်။ ဈေးကောင်းနေသည်။ သို့ဖြစ်၍ နယ်အကျဉ်းထောင်ရှိ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ တာဝန်ယူ၍ ဆီများကို ဈေးနှုန်းချိုသာစွာ ဝယ်ယူဖြန့်ဖြူးပေးနေခဲ့ရာ အဆိုပါပျောက်ဆုံးသွားသော ငွေ ၂၉၃၀၀မှာ ထောင်ကြီးတစ်ထောင်မှ ဌာနခွဲ စာရေးကြီးဦးအုန်းကြိုင်ထံပေးသော ဆီဖိုးငွေများဖြစ်၏။ ဦးအုန်းကြိုင်က ထောက်ဌာနစုမှ ဦးကျော်ကွန့်ထံအပ်ထားသည်။ ဦးကျော်ကွန့်ကလည်း ငွေစာရင်းကိုင် ဦးသန်းခင်၏မီးခံသေတ္တာထဲသိမ်းထားပြီး နောက်တစ်နေ့ပြန်ထုတ်ပေးရာမှ တစ်ယောက်နှင့် တစ်ယောက် လက်အပြောင်းအလွှဲတွင် မမျှော်လင့်ဘဲ အထုပ်လိုက်ပျောက်သွားခြင်းဖြစ်၏။

ရုံးဆိုတော့ လူကအရှုပ်သား။ ဖြစ်ချင်တော့ အခင်းဖြစ်သောနေ့က လစာပေး

http://www.cherrythitsar.org



ရက်ဖြစ်သဖြင့် လူပိုရှုပ်သည်။ ဉစ္စာပျောက် ငရဲကြီး၊ ဟိုလူယူနိုးနိုး၊ ဒီလူယူနိုးနိုး၊ တာဝန်ရှိသူနှစ်ဦး တစ်ယောက်တစ်ဝက်စိုက်လျော်လိုက်လျှင်တော့ အထက်လူကြီးတွေ လက်ခံနိုင်ဖွယ်ရှိသည်။ သို့သော် ယင်းသို့စိုက်လျော်ခြင်းအားဖြင့် ကိုယ့်မှာအပြစ်ရှိသလိုဝန်ခံရာကျနေမလား။ ဤသို့သော သံသယစိတ်ထားဖြင့် ရဲစခန်းတွင်အမှုဖွင့်လိုက်တော့ အနီးအနားကလူတွေ မသင်္ကာမှုနှင့်အဖမ်းခံရပြီး စစ်ကြောမေးမြန်းသော်လည်း ငွေထုပ်ကတော့ ပျောက်သောလမ်းမှာ စမ်းတဝါးဝါး ဖြစ်ရုံမျှမက စုံးစုံးမြုပ်၊ အစအနပင် ရှာမရ။

လောကကြီးမှာ ဘာအမှုမှ မဖြစ်တာအကောင်းဆုံး။ အမှုတစ်ခုရယ်လို့ ဖြစ်လာပြီဆိုမှဖြင့် ကုန်သင့်ကုန်ထိုက်သည့်နေရာ ကုန်ရတာထက် ဖဲသမားစကားနှင့် ပြောရလျှင် ကြားကုလား စားသွားတာက ခပ်များများ။ လာပါလိမ့်မယ် ဇေဒင်တို့၊ နတ်တို့ အကြားအမြင်တို့၊ ပိုက်ဆံကုန်ပေါက်တွေက ဖောခြင်းသောခြင်း။

"သင်္ကန်းကျွန်းဘက်မှာ အီးတီရှိတယ်။ အီးတီ သွားမေးပါလား"

"အီးတီဆိုတာ ဘာလဲ၊ ရုပ်ရှင်ထဲက စက်ရုပ်လား"

"စက်ရုပ်တော့ မဟုတ်ဘူး လူပဲ။ အီးတီဆိုတာတော့ သူများခေါ်လို့ လိုက်ခေါ်ရတာပဲ။ ဘာရယ်လို့ မသိဘူး။ ဒါပေမယ့် သိပ်မှန်တာပဲတဲ့"

"အကြားအမြင်ပဲပေါ့"

"ဟုတ်တယ်၊ အကြားအမြင်သဘောမျိုးပေါ့။ အသက်ဆယ့်လေးငါးနှစ်လောက် အပျိုအရွယ်ကလေးပဲ"

"ဟုတ်တယ် မိန်းကလေး။ ဒါပေမယ့် မွေးကတည်းက ခြေလက်တွေ မသန်ဘဲ ပိုလီယို ဖြစ်နေတာတဲ့။ သူကလည်း မနက်ဆယ်ယောက်၊ ညနေခင်း ဆယ်ယောက်ပဲ လက်ခံဟောတာဆိုတော့ သုံးလေးရက်လောက်က ကြိုတင်ပြီး တိုကင်ယူထားရတယ်။ မှန်တာတော့ အရမ်းပဲတဲ့"

"ဘယ်သူ သွားမေးဖူးလို့လဲ"

"ရုံးအုပ်ကြီး ဦးအံ့မောင်လေ"

"ဘာလဲ၊ သူက မိန်းမယူမလို့ သွားမေးတာလား"

"ဟုတ်တယ်၊ ကိုအံ့မောင်က သူ့ထမင်းလခပေးစားနေတဲ့ အိမ်ကကောင်မလေးကို ချိန်နေတာလေ။ အဲဒါ သူရည်ရွယ်နေတဲ့အမျိုးသမီးနဲ့ ညားမညား သွားမေးတာ"

"သွားမေးတော့"

"သွားမေးတော့ အီးတီက ညားတော့ညားမယ်၊ ဒါပေမယ့် သူရည်ရွယ်နေတဲ့ အမျိုးသမီးထက် အသက်ကြီးလိမ့်မယ်လို့ ဟောလိုက်သတဲ့"

"ဟင်၊ ကိုအံ့မောင်က ခုထက်ထိ လူပျိုကြီးဘဝပဲ မဟုတ်လား"

"အဲဒါခက်တာပေါ့။ ခင်ဗျားတို့မှမသိကြဘဲ။ ကောင်မလေးအမေ မုဆိုးမကြီးနဲ့

http://www.cherrythitsar.org



တိတ်တိတ်ပုန်းညားနေတာ ဘယ်လောက်ကြာပြီလဲ"

"ဟာ သွေးထွက်အောင် မှန်နေတာပါလား"

တကယ်တမ်းကျတော့ ငွေပျောက်မှုကိစ္စ အီးတီလည်း မကယ်နိုင်ပါ။ နတ်တွေ၊ ဗေဒင်ဆရာတွေလည်း ဘာမျှအရာမရောက်။ ပိုက်ဆံကုန်တာသာ အဖတ်တင်ပြီး ရဲစခန်းတွင်ဖွင့်သောအမှုက မြို့နယ်တရားရုံးရောက်၊ တစ်ဖက်နှင့်တစ်ဖက် မခံချင်စိတ်နှင့် တိုင်းတရားရုံးတက်၊ ထိုမှတစ်ဆင့် ဗဟိုတရားရုံးအထိ အဆင့်ဆင့်မိုင်ကုန်မောင်းခဲ့ကြရာက ဦးကျော်ကွန့်ပင် ထောင်တစ်နှစ်ကျပြီး ပြင်ဆင်မှုဖြင့်ပြန်လွတ်လာခဲ့ပေပြီ။ထိုအချိန်ကျမှ အလုပ်ပြန်ဝင်ခွင့်ရရေးအတွက် ဒီအီးလုပ်ရတာဆိုတော့ မာရသွန်မှုဖြစ်ပြီပေါ့။

သက်သေကလည်း ဘာများသလဲမမေးနှင့်။ များမှများ၊ လိုတာရော မလိုတာရော မျက်စိအောက်မြင်မြင်သမျှသက်သေတွေ တွန်းတွန်းပြနေတော့ ထိုင်စစ်ရတဲ့သူတွေလည်း အညောင်းမိ၊ စက္ကူတွေလည်း အပိုကုန် တော်တော်စိတ်ညစ်စရာကောင်းသည်။ ဒီကြားထဲ သူ့ဘက်ကိုယ့်ဘက်ပြတဲ့ သက်သေတွေနဲ့ အပြန်အလှန် မေးခွန်းတွေမေးရင်း လက်သီးလက်မောင်းတန်းကာ ထိုးကြကြိတ်ကြမည် လုပ်နေသဖြင့် မနည်းကြီး တောင်းပန်ဖျန်ဖြေယူရသည်။ တားမရလို့ ရန်ပွဲသာဖြစ်သွားရင်တော့ နောက်တစ်မှုမှာ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တွေ သက်သေပြန်ဖြစ်သွားမှာ မုချ။ တော်ပါသေးသည်။ ထိုအမှုကို စစ်ဆေးနေစဉ်မှာပင် တစ်နေ့ ဥက္ကဋ္ဌကို အထက်လူကြီးတစ်ဦးက ခေါ်တွေ့ပြီး....

"ဦးမောင်မောင် ခင်ဗျားနဲ့ ဦးအုန်းကြိုင်တို့ ရုံးခန်းမှာ မနက်တိုင်း ထမင်းအတူစားကြတယ်ဆိုတာ ဟုတ်သလား"

"နေ့တိုင်းရယ်လို့တော့ မဟုတ်ပါဘူး။ တော်တော်များများတော့ စားဖြစ်ကြပါတယ်။ ကိုအုန်းကြိုင်က လမ်းမတော်မှာနေတော့ သံဈေးက အခေါက်ကင်တို့ နံကင်တို့ ဝက်သားကင်တို့ဝယ်ပါတယ်။ ကျွန်တော်က သွေးတိုးရှိလို့ အိမ်မှာဝက်သားချက်မကျွေးတော့ ကျွန်တော်အခေါက်ကြိုက်တတ်မှန်းသိလို့ ကျွန်တော့်ရုံးခန်းလာလာ စားတာပါ။ ဘာပြုလို့လဲ ဆရာ"

"အေးဗျ၊ ရယ်စရာတော့ အကောင်းသား။ ရုံးကို ပစ်စာတစ်စောင်ရောက်လာတယ်။ စာထဲမှာ ခင်ဗျားနဲ့ ဦးအုန်းကြိုင်တို့ အလွန်ရင်းနှီးတဲ့အကြောင်း၊ နံနက်စာကို ရုံးခန်းမှာ အတူစားလေ့ရှိကြောင်း၊ နောက်ပြီး ပါသေးတယ်ဗျ"

"ဘာတဲ့လဲ ဆရာ"

"စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်တွေမှာ ရွှေတောင်ကြားလမ်းက အိမ်တစ်အိမ်မှာ ခင်ဗျားတို့နှစ်ယောက် ပိုကာသွားသွား ဒေါင်းသတဲ့"

"ဟာ၊ အဲဒါတော့ ဘလိုင်းခွပ်တာပါ။ ကိုအုန်းကြိုင် ဘာဖဲမှ မကစားတတ်ဘူး။ ဒါပေမယ့် မိတ်ဆွေအပေါင်းအသင်းတွေ အတော်များတဲ့လူ၊ ရန်ကုန်မြို့ထဲ သူနဲ့ အတူလျှောက်သွားရင် လိုရာခရီးကို တော်တော်နဲ့ မရောက်ဘူး။ လမ်းတွေ့သမျှ သူ့

http://www.cherrythitsar.org



မိတ်ဆွေတွေချည်းပဲ။ နောက်ပြီး လူတစ်ဖက်သားကိုလည်း အယုတ်အလတ် အမြတ် မရွေးဘူး။ လူတိုင်းကို ကူညီတတ်တယ်။ ဒီတော့ အပေါင်းအသင်းများတာပေါ့။ မှန်ပါတယ်။ ရွှေတောင်ကြားလမ်းက သူ့မိတ်ဆွေတစ်ယောက်အိမ်ကို နှစ်ခေါက်သုံးခေါက်လား အတူရောက်ဖူးပါတယ်။ ကျွန်တော်သာ အပျင်းပြေ သောက်ရင်းစားရင်းဝင်ကစားမိတာပါ။ ဒီလူက အရက်လည်း မသောက်တတ်ဘူး"

"မသိဘူးလေ၊ ပစ်စာထဲတော့ ဒီအတိုင်းပါတာပဲ"

"ကောင်းပါတယ်ဆရာ၊ ကျွန်တော့်ကို ဒီအီးအဖွဲ့က နုတ်ထွက်ခွင့်ပြုပါ။ တခြားတစ်ယောက်သာ ပြောင်းလိုက်ပါတော့"

ပစ်စာတို့၏ သဘောသဘာဝမှာ ဒီအတိုင်းပါပဲ။ လူတစ်ယောက်ကို အမြင်ကတ်ပြီး သိပ်ကြည့်မရတော့ဘူးဆိုရင် တံဆိပ်ခေါင်းဖိုးဆယ့်ငါးပြားသာ အကုန်အကျခံလိုက်၊ ကိစ္စပြတ်သည်။ စာထဲမှာ ရေးချင်တာရေး၊ အောက်ကလက်မှတ်ထိုးဖို့မလို၊ လိပ်စာထည့်ဖို့မလို၊ ထိန်ပင်စောင့်နတ်တို့၊ အမှန်ဖြစ်စေလိုသူတို့၊ ကြိုက်သလို ရှဲဒိုးလုပ်ခွင့်ရှိသည်။ ကြားလူတစ်ယောက်ကို ချောက်ချချင်သေးသလား၊ ရသည်။ သူ့လိပ်စာရေးထည့်၊ လက်မှတ်ခိုးထိုး၊ ပြတ်ကရော။ ဒါက ရှဲဒိုး ပစ်စာ ရေးသူ။

ရှဲဒိုးပစ်စာရေးသူနှင့် စာပေလောကမှ ရှဲဒိုးစာရေးသူတို့ ခပ်ဆင်ဆင်တူသည်။ သို့သော် အခြေခံအကြောင်းရပ်နှင့် ခံစားချက်ခြင်း လုံးဝမတူကြ။ ဖြောင့်ဖြောင့်ကြီး ဖီလာဆန့်ကျင်သည်။ ရှဲဒိုးစာရေးဆရာက သူ၏ ကာယအား ဉာဏအားကို တန်ရာတန်ကြေးလည်း မရ။ မိမိ၏ အမည်ခံကာ ကိုယ်ရောင်ဖော်ပြခွင့်လည်းမရှိဘဲ ခေါင်းပုံဖြတ်၍ ဦးနှောက်ဖောက်စားခြင်းခံရသဖြင့် သနားစရာကောင်းသလောက်၊ ရှဲဒိုးပစ်စာရေးသူကတော့ သူများဗိုက်ကိုငှားပြီး ဓားထိုးခံနေကြသူများဖြစ်သဖြင့် အလွန်အမြင်ကတ်စရာကောင်းသည်။ အပျော်တမ်းရှဲဒိုးပစ်စာရေးပြီး ခုနစ်ရက်သားသမီးများကို ဒုက္ခပေးနေသူများပင်ရှိသည်။ မယုံမရှိနှင့်၊ ကိုယ်တွေ့။

ကောင်စီခေတ်က မိမိမှာ ပဲခူးတိုင်း ပြည်သူ့ကောင်စီဝင်(အချိန်ပိုင်း) ဖြစ်သဖြင့် မြို့နယ်ပြည်သူ့ကောင်စီအတွင်းရေးမှူးတစ်ယောက်အပေါ် တိုင်ကြားထားသည့် အမှုကို အဖွဲ့ဝင်နှစ်ဦးနှင့်အတူ စစ်ဆေးခဲ့ဖူးသည်။ စွပ်စွဲချက်တွေကတော့ အများကြီး။ မြို့နယ်ကောင်စီ အတွင်းရေးမှူး၏ အရှိန်အဝါကို အလွဲသုံးစားပြုလုပ်၍ အမွေဆိုင်အိမ်နှင့်မြေကို အပိုင်သိမ်းသည်။ မြို့တော်ခန်းမဆောက်လုပ်ရာတွင် ငွေမည်ရွေ့မည်မျှ အလွဲသုံးစား ပြုလုပ်ထားသည်။ မြို့တော်ခန်းမအတွက် ပရိဘောဂများ ပြုလုပ်ရာတွင်လည်း လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ဒါခေါ်ယူခြင်းမပြုဘဲ ယောက္ခမ၏ ပရိဘောဂဆိုင်မှ ဝယ်ယူအသုံးပြုခဲ့သည်။ ခယ်မဖြစ်သူအား မူလတန်းပြဆရာခန့်ထားပြီး မြို့နှင့်အနီးဆုံးကျောင်းတွင် နေရာချပေးထားသည် စသည် အတော်လေးများပါသည်။ အကုန်အစင် မမှတ်မိတော့။ တိုင်ကြားသူအမည်၊ နေရပ်လိပ်စာအပြည့်အစုံနှင့် လက်မှတ်ပါထိုးထား

http://www.cherrythitsar.org



သဖြင့် ပစ်စာမဟုတ်ဘဲ တိုင်စာဟုဆိုရမည်။ မိတ္တူပွားပြီး ပို့ထားသောဌာနတွေကလည်း အများကြီး။ နိုင်ငံတော်အကြီးအကဲအထိပါသည်။သို့ဖြစ်၍ မြို့နယ်ပြည်သူ့ကောင်စီမှ တစ်ဆင့် တိုင်ကြားသူကို ပထမဦးဆုံးခေါ်ယူစစ်ဆေးရသည်။

"ခင်ဗျား နာမည် ဦးကျော်ဆင့်နော်"

"ဟုတ်ပါတယ်"

"အဖေနာမည်"

"ဦးဘိုးဟန်ပါ"

"နေရပ်လိပ်စာနဲ့ အလုပ်အကိုင်ကကော"

"ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ၃၃၊ အလုပ်အကိုင်က အငြိမ်းစား တပ်ကြပ်ကြီးပါ။ သတင်းစာ ကိုယ်စားလှယ်လည်း ရထားပါတယ်"

"ကောင်းပါပြီ၊ အခုကျွန်တော်တို့ ခေါ်ရတဲ့ကိစ္စက မြို့နယ်ပြည်သူ့ကောင်စီ အတွင်းရေးမှူးအပေါ် ခင်ဗျားတိုင်ကြားထားတဲ့ ကိစ္စနဲ့ပတ်သတ်ပြီး ပဏာမစုံစမ်းစစ် ဆေးဖို့ ဖြစ်ပါတယ်"

ဦးကျော်ဆင့်ဆိုသူ မျက်လုံးမျက်ဆန်ပြူး၍ ပါးစပ်ဟောင်းလောင်းဖြစ်သွား သည်။

"ခင်ဗျာ၊ ကျွန်တော် ဘယ်သူ့ကိုမှ မတိုင်ရပါဘူး"

"ဟုတ်ရဲ့လားဗျာ။ ဒီမှာကြည့်ပါဦး၊ ခင်ဗျားတိုင်စာနဲ့ ခင်ဗျားလက်မှတ်"

သူက ဥက္ကဋ္ဌလှမ်းပေးသော စာရွက်ကိုယူပြီး အစအဆုံး ဖတ်ကြည့် ပြီးမှ....

"ဒါ ကျွန်တော်ရေးတဲ့စာ မဟုတ်ပါဘူး။ ကျွန်တော့်လက်မှတ်လည်း မဟုတ် ဘူး။ ဒီစာထဲပါတာတွေလည်း ကျွန်တော်ဘာမှမသိဘူး။ တစ်ယောက်ယောက်က ကျွန်တော့်ကို တမင်သက်သက် ချောက်ချတာဖြစ်ပါလိမ့်မယ်။ ကျွန်တော် ဒီလို မိန်းမလို မိန်းမရ တိုင်တောတာမျိုးလည်း လုံးဝ ဝါသနာမပါဘူး။ မကျေနပ်ရင် နှစ်ယောက်ချင်း ရှင်းပစ်လိုက်မှာပဲ"

"ဒါဖြင့် ဒီစာထဲမှာပါတဲ့ အကြောင်းအရာတွေနဲ့ ဘယ်သူဘယ်ဝါကို မေးရင် သိပါတယ်ဆိုပြီး သက်သေပြထားတာတွေကောဗျာ"

"ဒါတော့ ကျွန်တော်ဘယ်သိမလဲ။ ရေးတဲ့လူပဲ သိမှာပေါ့။ ဒီမှာ ကျွန်တော် လက်မှတ်ထိုးပြပါ့မယ်"

သူကပြောပြောဆိုဆို စာရွက်လွတ်တစ်ရွက်တောင်းပြီး လက်မှတ်ထိုးပြရာ တိုင်စာထဲတွင်ပါသောလက်မှတ်နှင့် တခြားစီ။ ဒါဆို ရှဲဒိုးပစ်စာသမား လက်ချက်ဆိုတာ ရှင်းသွားပြီပေါ့။ ခဲတစ်လုံးတည်းဖြင့် ငှက်နှစ်ကောင်မှန်အောင် ပစ်လိုက်သလို ပစ်စာ တစ်စောင်တည်းဖြင့် လူနှစ်ဦးကို တစ်ပြိုင်တည်းဒုက္ခပေးခဲ့သော ရှဲဒိုးပစ်စာသမား၏ အကြံပက်စက် ဆန်ကောလောက်မှ ဖောက်မနက်ပုံကဖြင့် ကြောက်ခမန်းလိလိ။

http://www.cherrythitsar.org



တိုင်ကြားစာတွင်ပါသော သက်သေများကို ဆက်စစ်ကြည့်တော့လည်း မဟုတ်မဟပ် လုပ်ဇာတ်ခင်းထားတာတွေသာများပြီး ဟုတ်တာမှန်တာက မဖြစ်စလောက်၊ ဆက်လက်အရေးယူနိုင်လောက်သည့် အချက်အလက် အထောက်အထားလည်း မပြည့်စုံသဖြင့် နောက်တစ်ဆင့်တက်ပြီး ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် လိုအပ်မည် မဟုတ်ကြောင်း ထောက်ခံစာရေး၍ အမှုတွဲကို တိုင်းကောင်စီသို့ ပြန်တင်လိုက်ရသည်။ သုံးလေးလအကြာ ဦးကျော်ဆင့်နှင့်ပြန်တွေ့မှ ပြဿနာရှင်းသွားသည်။ အပြင်မှာတော့ မဟုတ်၊ ထောင်ထဲမှာ။

"ဘယ်လိုဖြစ်လာတာလဲ ဦးကျော်ဆင့်"

"ဟို အကောင်ကို ပုလင်းနဲ့ ခေါင်းရိုက်ခွဲမိလို့ ထောင် ၆ လ ကျလာတာပါ"

"ဘယ်အကောင်လဲ"

"ကျွန်တော့်ကို ဒုက္ခပေးပေးနေတဲ့ အကောင်ပေါ့။ ကျွန်တော်တို့ မြို့ကပါပဲ။ အုန်းမောင်တဲ့၊ စက်ဘီးပြင်ဆိုင် ထောင်ထားတယ်"

"ဘယ်လို ဒုက္ခပေးလို့လဲ"

"ဟာ၊ ဒီကောင် တစ်ခါလဲမဟုတ် နှစ်ခါလဲမဟုတ် လွန်ပါတယ်။ ဆရာတို့လာစစ်တဲ့ အမှုတုန်းက ကျွန်တော့်လိပ်စာ လက်မှတ်တုနဲ့ ထိုးတိုင်တာ ဒီအကောင်ပေါ့။ ဆရာတို့ ပြန်သွားပြီး ဘာမှမကြာဘူး။ နောက်တစ်ခါ စခန်းမှူးကို ပစ်စာပစ်လို့ လာစစ်တော့လဲ ကျွန်တော့်လိပ်စာနဲ့ပဲ"

"ဘာရန်ငြိုးများ ရှိခဲ့ဖူးလို့လဲ"

"ထူးထူးထွေထွေတော့ မရှိပါဘူး။ သတင်းစာ ကိုယ်စားလှယ် ပြိုင်လျှောက်တုန်းကတော့ ကျေနပ်ပုံမရဘူး"

"နို့ ဘယ်လိုလုပ် သူ့လက်ချက်မှန်း ပေါ်သွားတာလဲ"

"အရက်သမားပဲဆရာရယ် ဘယ်နှုတ်လုံပါ့မလဲ။ ထန်းရည်မူး ကြွေခိုးပေါ်တာပေါ့။ ဒီကောင်က အပျော်တမ်းပစ်စာရေးပြီး လူတွေကိုဒုက္ခပေးနေတဲ့ကောင် ဆရာရဲ့"

ဒီလို ပစ်စာရှုဒိုးသမားမျိုးကို ဝေရာမဏိ ဝေးဝေးကပင် ရှောင်ကြဉ်ရာ၏။

■

# ၈၁

တစ်ခါတလေတော့ ပီအီး၊ ဒီအီး အမှုတွဲဟောင်းကလေးတွေ ပြန်ဖတ်ရသည်မှာ ဝတ္ထုကလေးတစ်ပုဒ်ပမာ စိတ်ဝင်စားစရာ။ နယ်ထောင်ကလေးများတွင် တာဝန်ကျနေစဉ်က ရုံးပိတ်ရက်ဆက်တိုက် သင်္ကြန်တွင်းမှာ အလွန်ပျင်းစရာကောင်းသည်။ အထူးသဖြင့် ပြည်နယ်ထောင်ဆိုလျှင် ပိုဆိုးသည်။ မိမိကလည်း မန္တလေး ပဝတ္တိသားပီပီ ပိုးကလေးထတတ်ရှုတတ်ပါဘိသနှင့်။

ဒီတော့ ကိုယ့်စိတ်ကိုယ် ငြိမ်ဆေးကျွေးရသည်။ အင်္ဂလိပ်ခေတ်ကတည်းက လုပ်ထားသည့် ဖိုင်တင်စင် အဟောင်းကြီးပေါ်ရှိ ဖိုင်တွဲအဟောင်းတွေကို မွှေနှောက်လှန်လှောရှာဖွေပြီး အေးအေးဆေးဆေးပြန်ဖတ်။ အဲဒီထောင်ကလေးမှာ ဖြစ်ပျက်ခဲ့သမျှ ရာဇဝင်အကြောင်းကလေးတွေကို ခြေရာပြန်ကောက်။ ဒါဆို အချိန်ကုန်လို့ကုန်မှန်း မသိ။ အဲဒီထောင်ရဲ့ ထောင်ပြေးမှုတို့၊ ထောင်ဆူပူအုံကြွမှုတို့ ကြီးကြီးကျယ်ကျယ် ဖြစ်ပျက်ခဲ့သမျှ သိလိုသလား။ Outbreaks, Riots & Escapes ဟု မင်နီဖြင့် ရေးသားထားသော ဖိုင်နံပါတ် ဝမ်းကိုဖတ်။ ထောင်မှူးထောင်ပိုင်တို့၏ ကိုယ်ရေး ကိုယ်တာကို သိချင်လျှင် 13 (J )ကိုရှာ။ အကျဉ်းထောင် လက်စွဲဥပဒေအုပ်တွဲ (၂)မှာ ဖိုင်နံပါတ်တွေ အတက်အကျမှတ်ထားပြီးသား။ 27ဆိုလျှင် Miscellaneous အထွေထွေ ဆုံးရော။ သို့သော် ၁၉၅၁ခုနှစ်ခန့်ကျမှ မြန်မာစာကို ရုံးသုံးအဖြစ် သတ်မှတ် ခဲ့သဖြင့် ဖိုင်ဟောင်းတွေမှန်သမျှ အင်္ဂလိပ်လိုချည်းဖြစ်သည်။

ယခု ဒီအီးကိုလည်း ဖိုင်နံပါတ် 13 (J) မှာပင် တွေ့ရသည်။ အချိန်ကာလ

http://www.cherrythitsar.org



အားဖြင့် မြန်မာပြည် လွတ်လပ်ရေးမရမီ ၁၉၄၆ ခု ကက်စ်ဘီ (Case) Civil Affair Services, Burma ခေါ် စစ်အုပ်ချုပ်ရေးကာလ။ ကက်စ်ဘီကို စစ်အုပ်ချုပ်ရေးဟု လွယ်လွယ်ခေါ်ကြသည်။ အမှန်မှာ အင်္ဂလိပ်တို့သည် မြန်မာပြည်ကို ဂျပန်များလက်မှ ပြန်လည်မသိမ်းပိုက်မီ မနီလာတွင်ရှိစဉ်ကတည်းက စက္ကူဖြူ စီမံကိန်းရေးဆွဲ၍ စစ်အုပ်ချုပ်ရေးဖွဲ့စည်းပုံအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ထိုအချိန်က ထောင်ပိုင်ကို ထောင်ပိုင်ဟုမခေါ်။ SCAO (Jail) ၊အရှည်က Senior Civil Affairs Officer (Jail)၊အလားတူပင် ခရိုင်ဝန်ကိုလည်းSCAO (Civil)၊ရာဇဝတ်ဝန်ကို SCAO (Police) ၊ခရိုင်ဆရာဝန်ကြီးကို SCAO (Medical) စသည်အားဖြင့် အခေါ်အဝေါ်သာ ပြောင်းလဲသော်လည်း အုပ်ချုပ်ပုံအုပ်ချုပ်နည်းကတော့ ယခင်အင်္ဂလိပ်အစိုးရ လက်ထက်ကအတိုင်းပင် ဖြစ်၏။

စစ်အုပ်ချုပ်ရေးကာလ ဗန်းမော်ထောင်တွင် SCAO (Jail) ခေါ် ထောင်ပိုင်မှာ မစ္စတာစီဂျေရစ်ချက် ဖြစ်သည်။ အင်္ဂလိပ်ခေတ်က ထောင်မှူးထောင်ပိုင်ထဲမှာ မြန်မာလူမျိုးက ခပ်ရှားရှား၊ ရှားဆို စောစောက လုံးဝမရှိသလောက်။ မျက်နှာဖြူတို့ ကပြားတို့များသည်။ နောက်ပိုင်းဒုတိယကမ္ဘာစစ် ဖြစ်ကာနီးလောက်ကျမှ မြန်မာလူမျိုးစစ်စစ်ထောင်မှူးအဖြစ် ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ထောင်ဝါဒါလုပ်ဖို့ အတွက်လည်း မြန်မာလူမျိုးကို လုံးဝမစဉ်းစား။ အိန္ဒိယပြည်မှ ကုလားများ၊ ပန်ချာပီများကို တမင်တကာခေါ်၍ ခန့်ထားခဲ့သည်။ ဂေါ်ရခါးလူမျိုး အနည်းအကျဉ်းပါသည်။ မြန်မာထောင်ဝန်ထမ်းတွေ အုပ်ချုပ်ခိုင်းခြင်းအားဖြင့် သူတို့စိတ်တိုင်းကျ divide and rule သွေးခွဲစနစ်ကို အသုံးပြုနိုင်မည်မဟုတ်။

ဒီအီး ဇာတ်လမ်း၏ အဓိက သရုပ်ဆောင်သူကတော့ မျက်လုံးပြာပြာ ဆံပင်နီနီ ဘော့ဖ်ဟဲယားကလေးနှင့် ရွှေရင်သိမ်းသစ်ဆယ့်လေးငါးနှစ်အရွယ်။ မြူရီရစ်ချတ်ဖြစ်၏။ သူမက ထောင်ပိုင်ကြီး မစ္စတာရစ်ချတ်၏ တစ်ဦးတည်းသော သမီးကလေး၊ မန္တလေး ကွန်ဗင့်ကျောင်းမှာနေ၍ နွေရာသီကျောင်းပိတ်ရက်အတွင်း ဗန်းမော်ထောင်သို့ အလည်ပြန်လာခိုက်။

Love at first sight. ချစ်ခြင်းအစ မျက်လုံးကဟု အင်္ဂလိပ်အဆိုရှိသည်။ မြန်မာလိုလည်း 'စက္ခုရူပေနသံဝါသ'ဟု စာဆိုရှိပြီးသားပါ။ ချစ်ခြင်းအစ မျက်စိကဆိုပေမယ့် မြင်မြင်သမျှ ချစ်တတ်ကြိုက်တတ်ကြသော သဘောသဘာဝတော့ မရှိ။ ပရံပရအတိတေ ရေးအတိတ်ဘဝက ချဖူးသောရေစက် ပန္နက်ဖူးသော သစ္စာလေးလည်းရှိဦးမှ၊ တစ်မိသားနှင့်တစ်မိသူ ဆွေမတော်မျိုးမစပ် အဝေးဆုံးနေရာမှ အသည်းချင်းဆက်အသက်ချင်းထပ်၍ ချစ်သူခင်သူ ကြင်နာသူဘဝ၊ တစ်အိုးတစ်အိမ် ထူထောင်ကြသည်အထိ အနီးဆုံးနေရာသို့ရောက်ရှိပေါင်းစပ်ဖို့ဆိုသည်မှာ တော်ရုံဖူးစာလောက်နှင့်မလွယ်။ အဲဒီမလွယ်တာကို လွယ်အောင် လူကဖန်တီးတာရှိသလို အဝိဇ္ဇာနက သက်မဲ့ ထောင်

ဘူးဝကြီးကလည်း စွမ်းဆောင်နိုင်ပါသည်ဟုဆိုလျှင် စာဖတ်သူတို့၏စိတ်ထဲ 'ဒီငနဲ တော့ အကွက်ဆန်းထွင်ပြန်ပြီ'ဟု ထင်ကောင်းထင်ကြပါလိမ့်မည်။ ဘာအကွက်ဆန်းမှ မထွင်ရိုးအမှန်ပါ။ တစ်ခါက ဆရာတင့်တယ် ရေးဖူးသလို ခါနာတစ်လုတ် အတွက် ဝါစာ ကမာစာတစ်ပုဒ်အဖြစ် လံကြုပ်ဒီပနီဖွင့်ဖို့ မရည်ရွယ်ပါ။ 13 (J) ဒီအီး အမှုတွဲ ဟောင်းမှာပါသမျှ အရင်းအတိုင်း သာဓကတင်ပြီး စာသချင်တာကတော့....။

အကျဉ်းထောင်များတွင် ထောင်ပိုင်ကြီးနေအိမ်ကို ထောင်ဘူးဝအလယ်ထပ် တွင် ထားရှိခြင်းမှာ အလွန်ကြီးမားသော ရည်ရွယ်ချက်ကြီး တစ်ရပ်ရှိသည်။ ထောင် ဆိုသည်မှာ သူတော်စင်တို့ မွေ့လျော်ရာ တရားဓမ္မရိပ်သာမဟုတ်။ လူဆိုးလူမိုက်တို့ စုဝေးရာဌာနဖြစ်ကြောင်း အကျယ်ချဲ့ရန် လိုအံ့မထင်။ သည်တော့ မည်သူမျှ ကောင်းတာ မကြံ။ မကောင်းတာသာ ကြံကြမည်မှာ ဓမ္မတာ။ အကျင့်ပျက်ဝန်ထမ်းများကလည်း သိသိသာသာရော မသိမသာပါ သူတို့တစ်တွေနှင့် အကြံတူညဏ်တူ၊ ဟော ထောင်ပိုင် ကြီးက ထောင်ဘူးဝအလယ်ထပ်မှာနေလိုက်တော့ တော်ရုံတန်ရုံ သူတို့မကြံရဲကြတော့။ ဒါက ကောင်းကျိုးသက်သက်။ အဲဒီကောင်းကျိုးနှင့် ဆန့်ကျင်ဘက် ဆိုးကျိုးတွေက လည်း တစ်ပုံတစ်ပင်ကြီး ရှိနေသည်။ ယင်းဆိုးကျိုးမှာ ထောင်ပိုင်ကြီး၏ မိသားစုနှင့် တိုက်ရိုက်သက်ဆိုင်နေ၏။ ထောင်ပိုင်ကြီးနေအိမ်ရှိ ပြတင်းတံခါးများကို ဖွင့်လိုက်လျှင် ထောင်တွင်းသို့ ထင်းခနဲ မြင်နေရ၏။ အဲဒီမှာ တွေ့ပါလိမ့်မည်။ မဖွယ်မရာ မြင်ကွင်းတွေ မကြည့်ချင် မမြင်ချင်အဆုံး။

ထောင်မှူးမောင်မောင်တို့ အလုပ်ဝင်စက အကျဉ်းသားများ ရေချိုးရန်အတွက် ရေလဲပိုင်းထုတ်ပေးခြင်းမရှိ။ (၁၉၅၂ ခုနှစ် စံပြထောင်များ ဖွင့်လှစ်ချိန်ကျမှ လက်တစ်ဝါး စာ လန်ကွတ်တီကလေးများ ထုတ်ပေးခြင်းဖြစ်သည်။) သူတို့ကို ထုတ်ပေးထားသော ဂျာစီအင်္ကျီလိုပုံစံ လည်ဝိုက်နှင့် နံငယ်တိုနံ့နံ့ကလည်း နှစ်စုံတည်း။ ဒါတောင် တစ်စုံက အဟောင်း၊ တစ်စုံက အသစ်။ နောက်ပြီး အကျဉ်းသားတစ်ထောင်၏ ရေလဲပိုင်း နံငယ် အစိုတစ်ထောင်ကို ထောင်ထဲမှာ လှန်းစရာနေရာမရှိ။ ဒီတော့ ဂျပန်ခေတ်က ဂျပန် စစ်သားတွေလိုပင် ကိုယ်လုံးတီးရေချိုးကြသည်။ ရေချိုးရာတွင် ရေကို ကြိုက် သလောက် ခပ်ချိုးပြီး စိမ်ပြေနပြေ ကြေးတွန်းခွင့်မပေးနိုင်။ water trough ခေါ် ရေကန်အရှည်၏ ဟိုဘက်သည်ဘက်ဘေး အကျဉ်းသားများတန်းစီစေပြီး ရေကန် ဘာယာက စည်းချက်ကျကျ အော်ပေးနေရသည်။

'ခပ်' 'ချိုး'

'ခပ်' 'ချိုး'

'ခပ်' 'ချိုး'

လေးငါးခွက်လောက် လောင်းပြီးသည်နှင့် 'ကြေးတွန်း'ဟု အော်လိုက်ရာ ရေခွက်ကို ကန်ပေါင်ပေါ်တင်ပြီး ကြေးတွန်းကြရသည်။ ကြေးတွန်းတယ်ဆိုလို့ ဆပ်ပြာ

http://www.cherrythitsar.org



တွေဘာတွေ ပါတယ်မထင်နှင့်။ တစ်ပတ်တစ်ခါ ထုတ်ပေးထားတဲ့ နှစ်အောင်စဆပ်ပြာ တုံးကလေးက ပုံစံအကျီလုံချည်နဲ့ စောင်လျှော်လို့ကုန်ပြီ။ ဒါမှမဟုတ် အကြံအဖန် ပွတ်ချွန်းနဲ့ လဲသောက်ပစ်လိုက်လို့ မရှိတော့ဘူး။ ဒီတော့ လက်ချည်းသက်သက်။

ကြေးတွန်းတာလည်း ခဏပါ။ နောက်ထပ် 'ခပ်ချိုး'လေးငါးခါ အော်ပြီး သည်နှင့် 'ဟိုး'ဆိုပြီး ရပ်လိုက်သည်။ မျက်နှာသုတ်စရာ တဘက်တို့ဘာတို့မရှိ။ ပုံစံ အကျီနံငယ်ပိုင်းတို့နှင့် ဖြစ်သလိုသုတ်ပြီးဝတ်ကြ။ နောက်တစ်သုတ်ဆက်၍ ခပ်–ချိုး။ အဲဒီမြင်ကွင်းကို ထောင်ပိုင်ကြီးအိမ်ပြတင်းပေါက်က မည်သူထိုင်၍ အားအားယားယား ထိုင်ကြည့်နေသင့်ပါသနည်း။ မမြင်ဝံ့ ထောင်ပိုင်ကတော်နှင့်သားသမီးတွေ ဖြစ်နေသည်။ အကျဉ်းသားကို ကြိမ်ဒဏ်ရိုက်သည့်အခါကျတော့ရော၊ ထူးမခြားနား။ ဝတ်လစ်စလစ် ကိုယ်လုံးတီး။ ဒါတွေဟာ ထောင်ပိုင်ကြီးနေအိမ်ကို ထောင်ဘူးဝအလယ်တွင်ထားခြင်း ရဲ့ ဆိုးကျိုးတွေပဲပေါ့။ ဒီထက်ရင်နာစရာကောင်းတာက ဗန်းမော်ထောင်ပိုင်ကြီးရဲ့ သမီး မြူရီရစ်ချတ်၏ ကြေကွဲစရာဇာတ်လမ်းကလေး။

မြူရီတို့ အရွယ်၊ တင့်တင့်တို့ထက်မငယ်၊ မာယာလေးဆယ်ဆိုတာ နည်း တောင်နည်းသေး။ အမူကိုယ်လုံး၊ မြင်သူနှန်းမှူ၊ ချိုပြုံးရွှင်ပြ၊ တပြပြရှင်၊ ထိုမှဤမှ၊ ချီ မျက်စနှင့် သီကရယ်ငို၊ ကိုယ်ကိုညွှတ်ခြင်း၊ ခံတွင်းဝတွင့်၊ သံလွင့်ဟစ်အော်၊ သွားတော် လျှာထုတ်၊ ချစ်ချုတ်ခြေလက်၊ လျှို့ဝှက်အပ်ရာ၊ (ဟိုးဟိုး၊ ဒါလောက်အထိတော့ မြူရီ မဝံ့)၊ တွင်းဝင်ပြင်ထွက်၊ အောက်ထက်တက်ဆင်း၊ ကြည့်ခြင်းတုရူ၊ စောင်းစူမျက်ငြိုး၊ စိတ်ဆိုးဟန်လုပ်၊ ခါးကိုလှုပ်နှင့်။ (ဒါလောက်အထိတော့ မြူရီ လုပ်ကောင်း လုပ်မိပါ လိမ့်မည်။)

ထောင်ပိုင်ကြီးနေအိမ်ခေါင်းရင်း ပြတင်းပေါက်ကိုဖွင့်လိုက်သည်နှင့် ပထမဆုံး တွေ့ရတာက ထောင်တွင်းရေစက်ဖြစ်၏။ ရေစက်ဆိုသော်လည်း လျှပ်စစ်မော်တာတို့၊ ဓာတ်ဆီဒီဇယ်တို့နှင့် လည်ပတ်ရသော ရေစက်မျိုးမဟုတ်။ အင်္ဂလိပ်ခေတ်ကတည်းက တည်ဆောက်အသုံးပြုခဲ့သော လူအားဖြင့် လည်ပတ်ကာ ရေစုပ်တင်ရသည့် (Kite Motion Pump) အမျိုးအစားဖြစ်၏။ စစ်မဖြစ်ခင်က ထောင်တွေမှာအသုံးများပြီး ဒီဘက်ခေတ်ရှားရှားပါးပါး အလွန်တွေ့ရခဲသော စက်အမျိုးအစားဖြစ်သည်။ နွားလှည်း ဘီး အရွယ်ပမာဏရှိသော သံဘီးကြီးတစ်ဖက်တစ်ချက်တွင် လူများကိုင်ရန် သံလုံး နှစ်လုံးတပ်ထားသည်။ တစ်ဖက်တွင်လည်း အကျဉ်းသား ငါးယောက်စီ အင်နှင့်အားနှင့် လှည့်မှ အလွယ်တကူလည်ပတ်ပြီး ရေတွင်းထဲမှ ရေများကို ဖြည်းဖြည်းချင်း စုပ်တင် ရသော ရေစက်ဖြစ်သည်။ အမှန်မှာ ဘာမျှမဟုတ်။ ဗန်းမော်လို ထောင်ငယ်ကလေးတွင် ခိုင်းစရာအလုပ် မည်မည်ရရမရှိသဖြင့် အလုပ်မရှိအလုပ်ရှာ လုပ်ထားခဲ့သော စက် အမျိုးအစားပင်ဖြစ်၏။ ကြံကြံဖန်ဖန် ညှဉ်းပန်းနှိပ်စက်သည့်နေရာမှာတော့ နယ်ချဲ့ အင်္ဂလိပ်အစိုးရသည် ပြိုင်ဘက်မရှိ စံတင်ထိုက်ပါပေသည်။ အင်းစိန်ထောင်ကို ယခုသွား

http://www.cherrythitsar.org



ကြည့်ပါ။ အပြစ်ဒဏ်နှင့် တိုက်ပိတ်ထားသော အကျဉ်းသားတွေ တိုက်ခန်းထဲမှာ အလကားမထားဘဲ တိုက်ခန်းအတွင်းမှနေ၍ စပါးတို့ ကုလားပဲတို့ကြိတ်ရန် သံနှင့်ကျောက်သားတို့ ပေါင်းစပ်ပြုလုပ်ထားသောကြိတ်ဆုံကြီးတွေ ယခုထက်တိုင် ရှိနေသေးသည်။ သို့သော် လွတ်လပ်ရေးရပြီးနောက်ပိုင်း အသုံးမပြုတော့သဖြင့် တပ်ဆင်ထားသည့်ပစ္စည်းတွေ ပျက်စီးကုန်ပြီ။ လုံးဝသုံးမရတော့။

မန္တလေးမှ ကွန်ဗင့်ကျောင်းပိတ်၍ ခေတ္တပြန်ရောက်နေသော မြူရီအတွက် တော့ ဗန်းမော်ထောင်မှာ ဆာဟာရသဲကန္တာရကြီးပမာ ပျင်းရိငြီးငွေ့ဖွယ်ရာ ကောင်းလှ သည်။ ပိုဆိုးတာက မိခင်ကြီးမှာလည်း အဘိုးဆုံးသဖြင့် အင်္ဂလန်သို့ခေတ္တပြန်နေသည်။ ခေတ္တဆိုသော်လည်း တော်တော်နှင့်ပြန်ရောက်နိုင်စရာ အကြောင်းမရှိ။ ထိုစဉ်က လေယာဉ်ပျံတွေ ဖောခြင်းသောခြင်းမရှိသဖြင့် သင်္ဘောနှင့်သွား၍ သင်္ဘောနှင့်ပြန်ရမည် ဖြစ်သည်။ ဖခင်ကြီး မစ္စတာရစ်ချတ်ကတော့ ဂရမ်မာဖုန်းခေါ် ဓာတ်စက်တစ်လုံး ဝယ်ပေးထားပါ၏။ သို့သော် ဖွင့်ရသော ဓာတ်ပြားတွေက ရိုးအီသာနေပြီ။ အဲဒီဓာတ်ပြားတွေထဲက သူမအကြိုက်ဆုံးနှင့် အဖွင့်ဆုံးသီချင်းမှာ ထိုစဉ်ကဂေါ်ရာစစ်သားတွေ ပါးစပ်ဖျားတွင် ရေပန်းစားနေသည့် She is in the yellow rose of Burma ပင် ဖြစ်သည်။

ထောင်ပိုင်ကြီးအိမ်ပေါ်မှ ဓာတ်စက်ဖွင့်လျှင် ထောင်ထဲမှ အတိုင်းသားကြားနေရသည်။ ခေါင်းရင်းဘက်ပြတင်းပေါက်ကလေးဖွင့်ထားလျှင် ပိုပြီးပီပီသသ ကြည်ကြည်လင်လင် နားထောင်လို့ရသည်။

Give me five minutes more, only five minutes more,

Let me stay, let me stay, in your arms.

ဒီသီချင်းကို 'ဆိုင်းလီ'အလွတ်နီးပါးရနေပြီ။ ရမှာပေါ့။ နရသိမ်စံအိမ်ကြီးပေါ်က မရွှေချောက ဒီသီချင်းကိုချည်း ထပ်ခါတလဲလဲ ဖွင့်နေတာကိုး။ ကြားရဖန်များတော့လည်း နားယဉ်ပြီး ဖြည်းဖြည်းချင်း လိုက်ဆိုရာက ဒီသီချင်းကိုပင် ဆိုညည်းနေတတ်သည်။ ဆိုင်းလီမှာ လေးငါးနှစ်သားအရွယ်ကပင် ခရစ်ယာန်ဘုရားရှိခိုးကျောင်းသို့ ရောက်နေပြီး ဖာသာကြီး၏မွေးစားသားလိုဖြစ်နေတော့ အင်္ဂလိပ်စာရော အင်္ဂလိပ်စကားပါ အတော်လေးကျွမ်းကျင်နေပေပြီ။ ယခု ထောင်တစ်နှစ်ကျရသည်မှာလည်း ဘုရားရှိခိုးကျောင်းမှ ငွေနှစ်ထောင်ပျောက်ဆုံးမှုနှင့် ပတ်သက်ပြီး အလိုတူအလိုပါဟုဆိုကာ ဒရဝမ်နှင့်အတူ အပြစ်ရခဲ့ခြင်းဖြစ်၏။ ဖာသာကြီးမျက်နှာနှင့် ဆိုင်းလီက ရေစက်ဘုတ်ကိုင်ဆိုတော့ မြူရီပြတင်းပေါက်ဖွင့်လိုက်တိုင်း ဆိုင်းလီနှင့် ပက်ပင်းဆုံကြစမြဲ။

ချစ်ခြင်းကအစ မျက်စိက ဆိုရာတွင် ဖိုနှင့်မ ဘယ်သူက စတယ်ရယ်လို့ ကံသေကံမပြောလို့မရ။ ဖိုကစတာရှိသလို မကစတာလည်းရှိသည်။ လျှပ်စီးများ ဖျတ်ခနဲလက်လိုက်သလို ဖိုနှင့်မ ပြိုင်တူစကြတာလည်းရှိသည်။ မြင်ပါများတော့ယဉ်၊ ယဉ်ပါများတော့ခင်၊ ခင်ပါများတော့ကြင် ဆိုသောစကားရပ်ကိုသာ အမှန်ယူစတမ်းဆိုလျှင်

http://www.cherrythitsar.org



မြူရီနှင့်ဆိုင်းလီတို့အတွက် ချစ်ခြင်းအစထောင်ဘူးပြတင်းပေါက်ကဟုသာ ဆိုဖွယ်ရာ ရှိတော့သည်။

"မြူရီ၊ သီချင်းဖွင့်တဲ့အခါ ပြတင်းပေါက်ကို ဖွင့်ထားပေးပါ"

"အိုးမိုင်ဂေါ့ဒ်၊ ယူက အိုင့်နာမည်ကို ဘယ်လိုလုပ်သိတာလဲ"

"လွယ်ပါတယ်၊ ချစ်တော့ သိတာပေါ့"

"ကြည့်စမ်း၊ သူ သိပ်ကဲတာပဲ။ ဒက်ဒီသိရင် ဒုက္ခဖြစ်လိမ့်မယ်"

"အချစ်မှာ ဒုက္ခမရှိပါဘူး"

မြူရီ ရင်တွေအရမ်းခုန်သွားသည်။အူထဲအသည်းထဲမှာလည်း တလှိုက်လှိုက်နှင့်၊ လူတစ်ကိုယ်လုံးလည်း ဝါဂွမ်းပမာအလေးချိန်မရှိတော့သလို ပေါ့ပေါ့ပါးပါး လွင့်တက်သွားသည်။ ဘယ်လိုကြီးပါလိမ့်။ ကြည့်စမ်းပါဦး၊ ဆိုင်းလီဆိုတာ မြူရီနှင့် အသက်အရွယ်မတိမ်းမယိမ်း ကချင်လူမျိုးအကျဉ်းသားတစ်ယောက်။ အကျဉ်းသားပီပီ ပုံစံဂျာစီလည်ဝိုက် နံငယ်တိုနှင့် ခြေထောက်မှာ ဖိနပ်ပင်မပါ။ အပြင်က ဇာတ်လိုက်တွေလို ဂျင်းအင်္ကျီတွေ၊ ဝေါကင်းရှူးတွေ၊ ရေဘဲန်မျက်မှန်တွေ ဘာမှပါသည်မဟုတ်။ ဒီနေရာကျတော့ ကိုယ်ထင် ခုတင်ရွှေနန်း၊ အချစ်မှာမျက်စိမပါဘူးဆိုတာ ဟုတ်နေပြန်ရော။ Love is blind. တဲ့။ ချစ်မိပြီဆိုမှဖြင့် စုံလုံးကန်းပြီပေါ့။ ဆင်ကန်းက တောကို သွေးရူးသွေးတန်း ကမူးရှူးထိုးတိုးသည်။ အချစ်ဆင်ကန်းက မေတ္တာကြိုးဝိုင်းအတွင်းမှ သမုဒယ ချုံနွယ်ပိတ်ပေါင်းတောကို လိမ်လိမ်မာမာသိမ်သိမ်မွေ့မွေ့ မူရာမာယာဖြင့် ပညာသား ပါပါ တိုးသည်။

"မဂ္ဂနမ်း၊ ငါ ကချင်စကားသင်ချင်လို့ ရေစက်ဘုတ်ကိုင် ဆိုင်းလီကို အိမ်ပေါ် လွှတ်ပေးဖို့ အန်ကယ်ဒစ်ကို သွားပြောစမ်း"

"ဖြစ်ပါ့မလား မြူရီရယ်၊ တော်တော်ကြာ သခင်ကြီးသိသွားလို့ အကုန်ဒုက္ခ ရောက်ကုန်လိမ့်မယ်"

"ပါးစပ်ပိတ်ထားစမ်း၊ ဒါနင့်အပူ မဟုတ်ပါဘူး။ ငါခိုင်းတာ သွားပြောပါ။ နင်ပါ ခံတမာအလုပ်က ပြုတ်ပြီး တိုက်ပိတ်ခံချင်သလား"

မဂ္ဂနမ်းဆိုတာက ဗန်းမော်ဗိုလ်တဲမှ ဘတ္တလာ ထမင်းချက်၊ ပန်းကန်ခွက် ယောက်တွေ ခိုးရောင်းစားလို့ ထောင်ခြောက်လကျပြီး ထောင်ပိုင်ကြီးအိမ်မှာ ခံတမာ ထမင်းချက်နေရသူ၊ အင်္ဂလိပ်ခေတ်ကတည်းက ဗိုလ်အိမ်တွင်ထမင်းချက်လုပ်ခဲ့ဖူးသဖြင့် အေဘီစီတစ်လုံးမျှမသိသော်လည်း အင်္ဂလိပ်လိုတော့ မွှတ်နေအောင်ပြောနိုင်သည်။ ဒစ်ကီဆိုင်းမွန်းကထောင်မှူး၊ ဆင်ကိုသာမက ဆင်ချေးကိုပါကြောက်နေကြရသောဒစ်ကီ နှင့် မဂ္ဂနမ်းတို့ မြူရီ၏အမိန့်အာဏာကို ဘယ်လိုလုပ် လွန်ဆန်နိုင်ကြပါမည်နည်း။

တကယ်တော့ ဒီကိစ္စထောင်ပိုင်ကြီး မစ္စတာရစ်ချတ်လည်း သိပါသည်။ သို့သော် တစ်ဦးတည်းသော သမီးကလေးမို့ အချစ်ဝင်ကာ အပြစ်မမြင်ရက်။ နောက်ပြီး

သူ့မျက်စိအောက်မှာတော့ ရိုးရိုးတန်းတန်းကချင်စာနှင့် ကချင်စကားသင်နေတာ အမှန်ပဲ ကိုး။ ကချင်စာနှင့်အင်္ဂလိပ်စာ ရောမအက္ခရာချင်းတူတူ။ ခရစ်နှစ် ၁၈၉၀ ခုနှစ်က အမေရိကန် သာသနာပြုဆရာကြီး 'အိုဟင်ဆင်'စတင် တီထွင်ပေးခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ မြူရီအတွက် ကချင်စာသင်ရန် ဘာအခက်အခဲမျှမရှိ။ သို့သော် သူတို့ နှစ်ယောက်မှာ ထောင်ပိုင်ကြီးရှေ့မှာသာ ဟန်ဆောင်ပန်ဆောင်စားပွဲတစ်လုံးခြား၍ ကုလားထိုင်တစ်လုံးစီ ခပ်ခွာခွာစာသင်ချင်ယောင်ဆောင်နေကြသော်လည်း ထောင်ပိုင်ကြီး ရုံးခန်းထဲ ဆင်းသွားသည်နှင့် ကုလားထိုင်နှစ်လုံး ပူးကပ်သွားပြီး လကလေးစောင်းစောင်း ညအရေးကောင်းတုန်း ခွေးကျောင်းတက်နေကြလေပြီ။ ဆင်ကန်းနှစ်ကောင် တောတိုးကြပြီ။

'စောရအိုင်မြူရီ' (မြူရီကို ချစ်တယ်) Tsaw ra ai Murie

'စောရအိုင်ဆိုင်းလီ' (ဆိုင်းလီကို ချစ်တယ်) Tsaw ra ai Sai Lee

Stolen kisses are the sweetest. ဆိုတာလို ခိုးကြောင်ခိုးဝှက် အနမ်းများသည် အချိုမြိန်ဆုံးဖြစ်သည် မှန်ပါ၏။ သို့သော် အဆိုပါချိုမြိန်လှသော အနမ်းကလေး ဆုံးခန်းမတိုင်မီ ချိန်ခါမဟုတ်အိမ်ပေါ်ပြန်တက်လာသော ထောင်ပိုင်ကြီး မိသွားသောအခါ မိုးမီးလောင်ပြီပေါ့။ ဆိုင်းလီတိုက်ထဲ ရောက်သွားတော့သည်။ မြူရီကို အိပ်ခန်းအတွင်းသွင်း၍ အပြင်မှ သော့ခတ်ပိတ်ထားသည်။ မြူရီသည် အိမ်ပြတင်းမှန်တံခါးမှနေ၍ ဆိုင်းလီရှိရာတိုက်ခန်းသို့ လှမ်းကြည့်သည်။ ဘယ်လိုမှမမြင်ရ၊ ထမင်းချက်ဆောင်ကြီး ကွယ်နေသည်။

မြင်ချင်တော့လည်း အလွယ်ကလေး။ တစ်နေ့ နံနက်ခင်း အချုပ်ထောင်အတွင်း ဆိုင်းလီကို ကိုယ်တုံးလုံးချွတ် ကားစင်တင်၍ တင်ပါးတွင် ပိတ်စိမ်းပါးကလေး ဖုံးအုပ်ပြီး ကြိမ်ဒဏ် အချက်သုံးဆယ် ရိုက်နေသည်ကို မြူရီကြည့်ပြီး ဆွေ့ဆွေ့ခုန်နေရှာသည်။ ဆိုင်းလီ ကြိမ်ဒဏ် အချက်သုံးဆယ် အရိုက်ခံရခြင်းမှာ ထောင်ပိုင်ကြီး၏ သမီးကို ချစ်မိ ကြိုက်မိခြင်းကြောင့် မဟုတ်။ သူ၏အိပ်ရာထဲမှ သံဖြတ်လွှတွေ့ခြင်းကြောင့်ဖြစ်သည်။ အပြင်တွင် ဘိန်းပစ်ဖမ်းသလို ထောင်ထဲမှာ သံဖြတ်လွှပစ်ဖမ်းဖို့ ငှက်ပျောသီးအခွံနွှာသလောက် မခက်။ (ထောင်ပိုင်ကြီးသည် မည်သည့် အကျဉ်းသားကို မဆို ထောင်တွင်းအပြစ်ဒဏ်အတွက် အပြင်ရုံးတွင် တရားမစွဲဘဲ ကြိမ်ဒဏ် အချက် ၃၀ အထိ ရိုက်ခွင့်ရှိသည်။) ထောင်ပိုင်ကြီးသည် ထိုမျှနှင့် မကျေနပ်နိုင်သေး။ သူ့သမီး မြူရီကို အင်္ဂလန်ပြန်ပို့မည်ဟု ကြိမ်းမောင်းထားသေးသည်။ သို့သော် မြူရီကို အင်္ဂလန်သို့ ပြန်မပို့လိုက်ရပါ။ မကြာမီ သူကိုယ်တိုင် အလုပ်မှ နုတ်ထွက်ကာ အင်္ဂလန်သို့ ပြန်သွားခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် တစ်ညတွင် မြူရီသည် သူမ၏ ဖခင်ကိုင်ဆောင်သော ခြောက်လုံးပြူးသေနတ်ဖြင့် မိမိကိုယ်မိမိ အဆုံးစီရင်သွားခြင်းကြောင့် ဖြစ်ပါသတည်း။

■

# ၈၂

"ကို ဟိုမှာ ထောင်ကားကြီး'

"မင်းကလည်းကွာ အကျဉ်းဦးစီးက ကားလို့ပြောစမ်းပါ။ ထောင်ကားဆိုတာ အချုပ်တရားခံတွေစီးတဲ့ အလုံပိတ်ကားပြာကြီးကိုခေါ်တာကွ"

"အို... ဘယ်သိမလဲ၊ ထောင်ကကားမို့ ထောင်ကားလို့ခေါ်တဲ့ဥစ္စာ"

ပင်စင်ယူပြီးတာ လေးနှစ်ရှိပြီ။ အိမ်က အိမ်ရှင်မသည် လမ်းသွားရင်းလာရင်း အကျဉ်းဦးစီးဌာနမှ ကားတစ်စီးကို မတွေ့လိုက်နှင့်၊ တွေ့လိုက်သည်နှင့် ဘာပဲဖြစ်ဖြစ် သူ့ဆွေမျိုးရင်းချာကားကို တွေ့လိုက်ရသလို ဝမ်းသာအယ်လဲ အော်ပြောတတ်သည်။ ကားပေါ်တွင် လုပ်ဖော်ကိုင်ဖက် သိဟောင်းကျွမ်းဟောင်း ပါမပါ ပြူးတူးပျာတာ ရှာတတ်သည်။ တစ်ယောက်တလေ ပါလာလျှင် ဘယ်သူဘယ်ဝါရယ်လို့ အားပါးတရ ပြောလို့မဆုံး။ ကားပေါ်ပါသူက သူ့ကိုမြင်သည်မဟုတ်။ ဝူးခနဲမောင်း၍ အဝေးသို့ ရောက်သွားပြီ။ ဩော်... သူ့ခမျာလည်း ထောင်မှူးကတော်ဘဝမှ အငြိမ်းစားထောင်ပိုင် ကတော်ဖြစ်သည်အထိ အနှစ်သုံးဆယ်ခန့် တစ်ထောင်ပြီးတစ်ထောင် သံသရာလည် ကာ ရိမ်းဂျားကားမှသည် တီတူး၊ အီးတူး၊ လေးဘီးကားမှသည် မာဇဒါဂျစ်အထိ စီးခဲ့သူဆိုတော့ ထောင်သံယောဇဉ် ကြီးရှာပေလိမ့်မည်။ ပြောမယ့်သာ ပြောရသည်။ အိမ်ရှင်မသာမဟုတ်။ အိမ်ရှင်ထီး အငြိမ်းစားထောင်ပိုင်ကြီးလည်း အတူတူနှင့်အနူနူပင်။

တစ်လောဆီက ရမည်းသင်းရှိ သားသမီးများထံ အလည်ရောက်သွားစဉ် နံနက်စောစောထပြီး လမ်းလျှောက်တော့ ခြေထောက်နှစ်ချောင်းက ရမည်းသင်းထောင်

http://www.cherrythitsar.org



ဘက်သို့ တန်းတန်းမတ်မတ်ဆွဲခေါ်သွားသည်။ စီဗွီလိုင်းခေါ် သံလမ်းအနောက်ဘက် လမ်းတစ်ဝက်ခန့် ခရစ်ယာန်ဘုရားရှိခိုးကျောင်းနားရောက်လို့ ထောင်ပိုင်ဘယ်သူများပါ လိမ့်ဟု စဉ်းစားလိုက်တော့၊ ဟိုက်.... ထောင်မှမဟုတ်တော့ဘဲ။ ရဲအချုပ်ခန်းအဖြစ် အကျဉ်းဦးစီးဌာနမှ ရဲတပ်ဖွဲ့လက်သို့ လွှဲပြောင်းပေးခဲ့တာ ဆယ်နှစ်ဆယ်မိုးတောင် ကျော်ခဲ့ပြီကော။ နောက်ကြောင်းပြန်လှည့်မည်ဟု စိတ်ကူးမိသေးသည်။ သို့သော် ခြေလှမ်းများက သခင့်အမိန့်ကို သိပ်မနာခံချင်။ အငြိမ်းစား တောအုပ်ကြီး၏ မြင်းက သူ့သခင်ကို အရက်ဆိုင်ဘက် ဆွဲခေါ်သွားသလို ရှေ့သို့သာလျှောက်မြဲ ဆက်လျှောက် နေ၏။ အဘယ်သို့သော သံလိုက်ဓာတ်ကများ ဒါလောက်တောင် ဆွဲငင်နေပါလိမ့်လို့ စဉ်းစားဆင်ခြင်လိုက်တော့ အညာမြေဆောင်းဦးပေါက်နှင်းမှုန်ဖွားဖွားကြားက ထောင် ဘူးဝကြီးကို ခပ်ရေးရေး မြင်နေရပြီလေ။

ထောင်ကိုမြင်လို့ ကိုယ့်အိမ်ကိုယ့်ရာထင်ပြီး စိတ်ဘဝင်မှာ ငမ်းငမ်းတက် သံယောဇဉ် ထင်ဟပ်လာသူဆိုလို့ မိမိလို အငြိမ်းစား ထောင်ဝန်ထမ်းလျှင်လည်း ဖြစ်ရ မည်။ သို့တည်းမဟုတ် အမေကမွေး ထောင်ကကျွေး ဝမ်းရေးမခက်ပါ ဆိုတာလို ထောင်ထဲကို ဝင်ခလုတ် ထွက်ခလုတ် ရေအိုးနဲ့ ရေမှုတ်ပမာ ရာဇဝတ်မှုတစ်ခုပြီးတစ်ခု ဆက်တိုက်ကျူးလွန်နေသူ ထောင်လက်ကောက်လျှင်လည်းဖြစ်ရမည်။ အခြား အများ သူငါ လွတ်လွတ်ကင်းကင်းနေနိုင်သူများအဖို့တော့ ထောင်ဆိုလျှင် ‘ဟင်’ဆိုပြီးလှည့်ပင် မကြည့်ချင်ကြ။ ဘယ်သူတွေ ကြည့်ကြည့်မကြည့်ကြည့် ထောင်မှူး၊ ထောင်ပိုင်ကတော့ မကြည့်ဘဲ မနေနိုင်။ ထောင်သံယောဇဉ်ကြီးလိုက်ပုံများ အကဲပိုတယ်လို့ ဆဲလိုကဆဲကြ ပေရော့။ ယနေ့ထက်တိုင် ဗိုလ်ချုပ်လမ်းနှင့် ဘုန်းကြီးလမ်းထောင့် ကားဖြတ်စီးသွား တိုင်း ရန်ကုန်ထောင်ကြီးကို မျက်စိထဲကမထွက်။ မြို့လယ်ကောင် ထောင်ကြီးရှိနေတော့ အမြင်မတော် ဆင်တော်နဲ့ခလောက်ဆိုတာလို ဖျက်သင့်ဖျက်ထိုက်လို့ ဖျက်ပစ်တာကို လက်ခံပါသည်။

၁၉၇၆ ခုနှစ်ခန့်က အကျဉ်းထောင်ငယ် အချို့ကို ရဲတပ်ဖွဲ့များ လက်သို့ လွှဲပြောင်း လိုက်စဉ်ကကော ဘာထူးသနည်း။ ရဲတပ်ဖွဲ့နှင့် အကျဉ်းဦးစီးဌာန ဆိုသည်မှာ ဝန်ကြီးဌာန တစ်ခုတည်း၏ လက်အောက်တွင်ရှိကြသော ညီတော်နောင်တော် ဌာနနှစ်ခုဖြစ်သည့်ပြင် လုပ်ငန်းသဘောသဘာဝချင်းလည်း ဆက်စပ်မှုရှိသဖြင့် ညာ ဘက်အိတ်မှ ဘယ်ဘက် အိတ်ပြောင်းသည့် သဘောလောက်သာရှိပါသည်။ သို့သော် ဘာကြောင့်မှန်းမသိ၊ ထောင်တွေကို လွှဲပြောင်းပေးလိုက်တော့ ကိုယ့်မိဘ ဘိုးဘွားပိုင် အိမ်ရာကို ရောင်းချ လိုက်ရသလိုလို၊ ပေါင်နှံလိုက်ရသလိုလို စိတ်ထဲက မချင့်မရဲနှင့် နှမြောတွန့်တို သလိုကြီး။ မိမိကိုယ်တိုင်နေခဲ့ဖူးသောထောင်ဆိုလျှင် ပိုပြီး ခံစားရ သေးသည်။ ယခုပင် ကြည့်ပါ။ ရမည်းသင်းထောင်ဘူးဝကြီးက မိမိကို လက်ယပ်ခေါ် နေလေပြီ။ ခေါ်မှာပေါ့ ဒုတိယအကြိမ်မြောက် ထောင်ပိုင်ဘဝနှင့် ပြန်ရောက်တော့

http://www.cherrythitsar.org



ထောင်ပေါ်မှာ နေခဲ့ရသေးတာကိုး။ ဒီလိုကျပြန်တော့ ထောင်ရှေ့ရှိ ထောင်မှူးနေအိမ်ကလေးကလည်း အားကျမခံ။ 'မျက်နှာကြီးရာ ဟင်းဖတ်မပါနဲ့လေ အငြိမ်းစားထောင်ပိုင်ကြီးရဲ့။ ဘဝဟောင်းဆိုတာ မမေ့စကောင်းပါဘူး။ ခင်ဗျား ထောင်ပိုင်ဘဝနဲ့ နေသွားတာက ခဏကလေးပါ။ ဒီအိမ်မှာ ထောင်မှူးဘဝနဲ့ နေသွားတာက အကြာကြီး' ဟု ကက်ကက်လန် ရန်တွေ့ပြန်သည်။

ဟုတ်တာပေါ့။ ထောင်ပိုင်ဖြစ်တာမှ သိပ်မကြာလိုက်။ ထောင်မှူးဘဝက ၁၉၆၀ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိဆိုတော့ လေးနှစ်ကျော်ကျော်။ ဒါဖြင့် ရမည်းသင်းမှာ နေရတာ ထောင်မှူးဘဝနဲ့ ထောင်ပိုင်ဘဝ ဘယ်ကာလ ပိုပျော်သလဲလို့ ချိန်ထိုးကြည့် လိုက်တော့၊ ဟာ.... ဘယ့်နှယ်ပြောပါလိမ့်။ ထောင်မှူးဘဝက ပိုပျော်တာပေါ့။ အသက်က လည်း ငယ်ငယ်၊ ဘာဟန်ပန်ကလည်း သိပ်မရှိသေး။ အရာရှိကလပ်ရှိသည်။ တင်းနစ်ကွင်းရှိသည်။ ဘိလိယက်ခုံရှိသည်။ ဘားရှိသည်။ ညနေရုံးဆင်းလျှင် တင်းနစ်ရိုက်ကြ၊ အပန်းဖြေ သောက်ကြစားကြ၊ ပျော်ကြပါးကြ။ အပန်းဖြေရင်း လုပ်ငန်းဆောင်တာကိစ္စအဝဝလည်း ပြီးတန်သလောက် ပြီးသွားသည်။ ထိုစဉ်က မိတ်ဟောင်းဆွေဟောင်းတွေအနက် ပင်စင်ယူသူလည်း ယူသွားကြပြီ။ အချို့လည်း ယခုထက်တိုင် ကျန်းမာပျော်ရွှင်စွာ တာဝန်ထမ်းဆောင်နေကြဆဲဖြစ်၏။ နယ်ပိုင်ကြီး ဦးထွန်းတင်ဆိုလျှင် ယခုရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေး ညွှန်ကြားရေးမှူး၊ မြို့မဝန်ထောက်ကြီး ဦးအောင်ညွန့်က ပြည်သူ့လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူး စသည်အားဖြင့်။ ယနေ့ နာမည်ကြီး ရုပ်ရှင်ဗီဒီယို သရုပ်ဆောင် စိုးသူ၏ ဖခင် ဦးခင်မောင်လွင်ဆိုလျှင် ကျောင်းဆင်းပြီး ဆည်မြောင်းဝန်ထောက်အဖြစ် အလုပ်ဝင်စ စိုးသူ၏ မိခင်လောင်းကို ပိုးတုန်းပန်းတုန်း။

တစ်နေ့ နယ်ပိုင်ကြီး ဦးထွန်းတင်က....

"ဦးမောင်မောင် ကျွန်တော်တို့ မိသားစု ခွင့်တစ်လယူပြီး ရခိုင်ပြန်မလို့၊ အဲဒါ လင့်ဒ်ရိုတာကား ခင်ဗျားကို အပ်ထားခဲ့မယ်။ ကြည့်ကျက်ပြီး ပြင်ပေးထားစမ်းပါ။ ကျွန်တော့်စိတ်ထင် အင်ဂျင်ချဖို့ လိုလိမ့်မယ်ထင်တယ်"

"ဟာ.... ဝန်ထောက်မင်းကလည်း ကျွန်တော့်ကို ဝပ်ရှော့ဆရာကျနေတာပဲ"

"နို့ ခင်ဗျားတို့ထောင်မှာ ဝပ်ရှော့ဖွင့်ထားတာပဲ မဟုတ်လား။ တစ်လောဆီက ဒေါက်တာ ဦးမြင့်သိန်း ဂျစ်ကားလေး ပြင်နေတာတွေ့လို့လေ"

"အဲဒါက ထောင်ပိုင်ကြီး သူ့ကားလေးပြင်ရင်း လုပ်ပေးနေတာပါ"

"ဘာပဲဖြစ်ဖြစ် ထောင်ပိုင်ကြီးကို ခင်ဗျားပြောရင် အိုကေပါတယ်ဗျာ၊ လိုတဲ့ငွေလည်း ပေးထားခဲ့မှာပေါ့"

ထောင်ပိုင်ကြီးကို အကျိုးအကြောင်း ပြောပြသောအခါ....

"ကြည့်လုပ်ပေးလိုက်ပါ ထောင်မှူးကြီးရယ်၊ ခင်ဗျား အပေါင်းအသင်းတွေပဲ မဟုတ်လား"

http://www.cherrythitsar.org



အမှန်အတိုင်း မိမိမှာ ထိုစဉ်က ထောင်မှူးအဆင့်သာ ရှိသေးသည်။ သို့သော် ထောင်ပိုင်ကြီးနှင့် သူ့မိသားစုအားလုံးက မိမိကို ထောင်မှူးကြီးဟု ဖွတ်ခေါ်ခေါ်နေကြသည်။ ဒါလည်း အကြောင်းရှိသည်။ အပြင်လူတွေက ထောင်မှ ရာထူးအဆင့်နှင့် အခေါ်အဝေါ်တွေကို နားမလည်တော့ ထောင်ပိုင်ကြီးကို ထောင်မှူးကြီးဟု မှားယွင်းပြီး ခေါ်ဝေါ်သုံးနှုန်းနေကြ၏။ ဒီတော့ လူထူထူရှိလျှင် ထောင်မှူးမောင်မောင်ကို ထောင်မှူးကြီးဟု နာနာခေါ်ပေး။ သူတို့အဆင့် ထောင်မှူးကြီးမဟုတ်မှန်း အပြင်လူတွေ အလိုလိုသိသွားရော။ ထောင်မှူးမောင်မောင်ကလည်း သူ့ကိုမြှင့်ခေါ်သဖြင့် စိတ်ဆိုးစရာ အကြောင်းမရှိ။

ထောင်မှာ ကားဝပ်ရှော့ဖွင့်ထားတယ်ဆိုတာကတော့ ဒီလိုပါ။ ထောင်ပိုင်ကြီးမှာ အော်စတင်ကားနက်ကလေး တစ်စီးရှိသည်။ ဟိုတုန်းက ဘာမှမပေးရ။ လေးငါးခြောက်ထောင်ပါ။ ကားက ဒီခေတ်စကားနှင့်ပြောရလျှင် 'ရွှဲ'နေပါပြီ။ သို့သော် ထောင်ပိုင်ကြီးက သူ့ကားကို အမွန်းတင်လေ့ရှိ၏။

"ဘယ့်နှယ့်လဲ ထောင်မှူးကြီး ကားကဆွဲတယ်မဟုတ်လား"

"ဆွဲပါတယ် အစ်ကိုကြီး၊ ဒါတောင် လီဗာကုန် မနင်းရသေးဘူး"

သူ့အကြိုက်လိုက်ပြောရခြင်း ဖြစ်၏။ လီဗာက ဆုံးနေပြီ။ ကားချင်းယှဉ်လျှင်လည်း သူ့ကားက ကျော်တက်ရမှ။ ရမည်းသင်း ပျော်ဘွယ်တစ်ဝိုက်ရှိ ကားတွေ ကတော့ သူ့ကားလာတာမြင်လျှင် အဝေးက လမ်းဖယ်ပေးကြသည်။ ဘိုကြည့်ရှောင် ကားလာပြီဟော့တဲ့။

ထောင်ပိုင်ကြီး၏ အမည်က ဦးတူတူး။ သူ့မှာ အသက် ၈၀ ကျော် ဖခင်ကြီး ရှိသေးသည်။ မုတ်ဆိတ်မွေး ထူလပျစ်နှင့် ကုလားလူမျိုး စစ်စစ်။

"ဒါဒါကြီး နေကောင်းရဲ့လား"ဟု မေးလျှင်....

"နေမကောင်းပါဘူး ထောင်မှူးကြီးရယ်၊ အသက်ကြီးတော့ ခဏခဏ ဆေးရုံသွားရတယ်။ တူတူးကားလိုပဲပေါ့"တဲ့။

ဤသည်မှာ ရမည်းသင်းထောင်တွင်း မော်တော်ကားဝပ်ရှော့တစ်ခု ဖြစ်ပေါ်လာခြင်း၏ အကြောင်းရင်း နိဒါန်းအစပင်တည်း။ ဝပ်ရှော့ဖွင့်တယ်ဆိုလို့ နေ့ချင်းညချင်းကြီး ဝပ်ရှော့တစ်ခု ဝုန်းဒိုင်းဆို ထဖွင့်ခြင်းမျိုးတော့ မဟုတ်။ ထောင်ပိုင်ကြီးအဖေ ဒါဒါကြီးက နေမကောင်း၍ လူဆရာဝန်ထံ မကြာခဏ သွားပြနေရသလို ထောင်ပိုင်ကြီး၏ ကားကလည်း ကားဆရာဝန် ဝပ်ရှော့ဆရာထံသို့ နေစဉ်နှင့်အမျှ သွားပြရဖန် များလာသောအခါ ထောင်ပိုင်ကြီး စိတ်ပိန်လာ၏။ ထိုအချိန်တွင် ပိန်သွားသော ထောင်ပိုင်ကြီး စိတ်ကို ပြန်ဖောင်းလာစေရန် ထောင်တွင်းမှ ကယ်တင်ရှင်တစ်ဦး အလိုလို ပေါ်ပေါက်လာခြင်းဖြစ်၏။ သူ့အမည်က မောင်ကြည်။ ကုန်တင်ကားမောင်းရင်း ဘိန်းချမှုဖြင့် ထောင်ငါးနှစ် ကျလာသူ။

http://www.cherrythitsar.org



"ဆရာကြီးကား မီးခိုးတွေ သိပ်ထွက်နေပြီ။ ပစ္စတင်ရင်း လဲလိုက်ရင် ကောင်းမယ်"

"ဟင်.... ဒါဆိုရင် အင်ဂျင်ချရမှာပေါ့"

"ဟုတ်တယ်၊ အင်ဂျင်ချရမယ်။ အင်ဂျင်ချရမယ်ဆိုလို့ ဆရာကြီး ဘာမှစိတ်မပူပါနဲ့။ ဘားကရိုင်းတာတို့၊ တိုက်ပစ်ချိန်တာတို့ ကျွန်တော် အကုန်လုပ်တတ်ပါတယ်။ ဂတ်စကက်တောင် ကျွန်တော်ပုံစံချပြီးရိုက်တတ်တယ်။ မီးခံပြားသာ ဝယ်ပေး။ အင်ဂျင်ချဖို့လိုတဲ့ ပစ္စည်းပစ္စယလည်း ကျွန်တော့်အိမ်သွားယူရင် အစုံရှိပါတယ်"

"မင်းအိမ်က ဘယ်မှာလဲ"

"တပ်ကုန်းမှာပါ"

ဒီလိုနှင့် ထောင်ပိုင်ကြီးကား အင်ဂျင်ချရာမှ တစ်စတစ်စ ကျယ်ပြန့်လာရာ ဝပ်ရှော့တစ်ခု မသိမသာ ပေါ်ပေါက်လာရခြင်းဖြစ်သည်။ ထောင်မှာ ဝပ်ရှော့ရှိတယ်ဆိုတော့ ထောင်ပိုင်ကြီးနှင့်ထောင်မှူးမောင်မောင်တို့လည်း အလိုလိုမျက်နှာပွင့်လာသည်။ အချောင်လိုက်လိုသော ကားပိုင်ရှင်တို့ ဟိုကလာပြ၊ ဒီကလာပြ။ ထောင်ကျနေသူ မောင်ကြည်လည်း အနေအစားချောင်၍ ပွဲကြီးပွဲကောင်းတိုးနေသည်။ ကြာလာတော့ သူ့မှာလည်း ထောင်ထဲက တပည့်တပန်းတွေနှင့် အပြင်က ဝပ်ရှော့ပိုင်ရှင်ကြီးသဖွယ် ထည်ထည်ဝါဝါ ခန့်ခန့်ညားညား။

ထောင်တွင်း ဝပ်ရှော့အကြောင်း ဤမျှလောက် နိဒါန်းဆင် ဇာချဲ့နေခြင်းမှာ အကြောင်းမဲ့မဟုတ်ပါ။ အဆိုပါ ဝပ်ရှော့ကို အကြောင်းပြု၍ မန္တလေးဆေးတက္ကသိုလ်မှ အချစ်ဇာတ်လမ်းကလေးတစ်ပုဒ်ကို ပြန်ပြောင်းသတိရနေမိခြင်းကြောင့် ဖြစ်ပါသည်။ အတောင်ဆိပ်၍ အတိတ်ဆောင်ပါအံ့။

"ထောင်မှူးကြီးရေ၊ ကြိမ်ဒဏ်တစ်ခု ရိုက်ဖို့ရှိတယ်။ ဒေါက်တာမြင့်သိန်းကို ဖုန်းဆက်ပါဦးဗျာ"

"ဆက်ပြီးပြီအစ်ကိုကြီး။ ဒေါက်တာမြင့်သိန်းရော၊ ဒေါက်တာသန်းသန်းရော သူတို့မင်္ဂလာဆောင်ကိစ္စအတွက် ခွင့်ယူပြီး ရန်ကုန်ဆင်းသွားကြတယ်တဲ့။ ဒေါက်တာအိုင်ဗီကို လွှတ်လိုက်မယ်ပြောတယ်"

"ဒေါက်တာအိုင်ဗီဆိုတာ ဟို.... ကပြားမလေးလား"

"ဟုတ်တယ်၊ မြန်မာလိုနာမည်က ခင်နွယ်တင် ဆိုလားပဲ"

"ဒါဆို မြန်မာလို တိုက်ရိုက်ပြန်ထားတာ နေမှာပေါ့။ အိုင်ဗီဆိုတာ သစ်ပင်အနွယ်ကို ခေါ်တာပဲ"

ယခင်က ထောင်တွေမှာ ကြိမ်ဒဏ်ရှိသည်။ ၁၉၇၄ ခုနှစ်က ပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လူ့သိက္ခာညှိုးနွမ်းစေမည့် အပြစ်ဒဏ်များမပေးရဆိုသည့် တားမြစ်ချက်များအရ ကြိမ်ဒဏ်များ အလိုလိုပပျောက်သွားခြင်းဖြစ်သည်။

http://www.cherrythitsar.org



ပြစ်မှုဆိုင်ရာဥပဒေအရ ထောင်ဒဏ်သို့မဟုတ် ကြိမ်ဒဏ် ကြိုက်နှစ်သက်ရာ အပြစ်ပေးနိုင်သည့် အမှုများရှိသည်။ ထိုအခါ တရားသူကြီးက ကြိမ်ဒဏ်ခံမလား၊ ထောင်ဒဏ်ခံမလားဟု တရားခံအား သက်ညှာစွာ မေးလေ့ရှိသည်။ များသောအားဖြင့် ကြိမ်ဒဏ်ကို ခံလိုကြသည်။ သို့သော် ကြိမ်ဒဏ်ကလည်း ခံချင်တိုင်းခံလို့ရသည်မဟုတ်။ ကျန်းမာရေးနှင့် ညီညွတ်ပါဦးမှ။ သို့ဖြစ်၍ ဆရာဝန်ကို ခေါ်ရခြင်းဖြစ်သည်။ အကယ်၍ ကျန်းမာရေးအရ ကြိမ်ဒဏ်မခံနိုင်လောက်သည့် ရောဂါတစ်ခုခုရှိနေလျှင် ဆရာဝန်၏ ဆေးစာဖြင့် တရားရုံးသို့ ပြန်လည်တင်ပြရသည်။ ထိုအခါ ထောင်ဒဏ်တစ်ခုခုဖြင့် ပြစ်ဒဏ်လွှဲပြောင်းပေးတတ်သည်။

ဖုန်းဆက်ပြီး မကြာမီ ဒေါက်တာအိုင်ဗီ ထောင်သို့ရောက်လာသည်။

"အန်ကယ်ကြီး ကျွန်မက အလုပ်ဝင်တာ ဘာမှမကြာသေးဘူးနော်။ ကြိမ်ဒဏ်ရိုက်တာကိုလည်း အတွေ့အကြုံမရှိသေးဘူး။ ကျွန်မ ဘာလုပ်ရမယ်ဆိုတာ ပွင့်ပွင့်လင်းလင်းပြောပါ၊ အားမနာပါနဲ့"

ထောင်ပိုင်ကြီးက စိတ်ရှည်လက်ရှည် ရှင်းပြသည်။

"ဒေါက်တာပထမဦးဆုံးလုပ်ရမှာက ဒီကြိမ်ဒဏ်သမားဟာ ကြိမ်ဒဏ်အချက် ၂၅ ချက် ခံနိုင် မခံနိုင် စစ်ဆေးပေးဖို့ပါပဲ။ ခံနိုင်တယ်ဆိုရင် ဒီဝရမ်းနဲ့ ကြိမ်ဒဏ်မှတ်ပုံတင်စာအုပ်ထဲမှာ ကျန်းမာရေးအဆင့်မီကြောင်း Fit certificate ရေးပြီး လက်မှတ်ထိုးပေးပါ။ ကြိမ်ဒဏ်ရိုက်တဲ့အခါ အမှန်အတိုင်းတော့ ဒေါက်တာ စောင့်ကြည့်ရမှာပေါ့။ ဒါပေမယ့် ဒေါက်တာက အမျိုးသမီးဆိုတော့ ကျွန်တော့်ရုံးခန်းထဲမှာပဲ ထိုင်စောင့်နေလို့လည်းရပါတယ်။ ကြိမ်ရိုက်ရင်း အရေးအကြောင်းပေါ်ရင် ဒေါက်တာ့ကို ခေါ်မှာပေါ့"

"ကျွန်မ လိုက်ကြည့်တော့ ဘာဖြစ်လို့လဲ အန်ကယ်"

"ကြိမ်ရိုက်တဲ့အခါ (naked) ကိုယ်တုံးလုံး ချွတ်ထားရလို့ပါ"

"သြော်.... အန်ကယ်ရယ်၊ ကျွန်မက ဆရာဝန်ပါ။ နောက်ပြီး ဗဟုသုတဖြစ်အောင် ကြည့်ချင်သေးတာပေါ့"

"ဒါတော့ ဒေါက်တာ့သဘောပါ"

သို့နှင့် ကြိမ်ဒဏ်ရိုက်ရန် မိန်းမထောင်ထဲသို့ ဝင်ခဲ့ကြသည်။ မိန်းမထောင်ဆိုသော်လည်း အကျဉ်းသူလုံးဝမရှိ။ အဆောင်လည်းမရှိ။ ဂျပန်ခေတ်က ဗုံးကျ၍ မီးလောင်ခဲ့ရာ ပြန်မဆောက်ရသေး။ အဆောင်အားနေသဖြင့် မော်တော်ကားဝပ်ရှော့ရှိသည်။ ဝပ်ရှော့ဆရာ မောင်ကြည်နှင့် သူ့တပည့် အကျဉ်းသားနှစ်ဦးတို့ ထောင်မှ ဖို့ဒ် ဆန်ကားအင်ဂျင်ကို ကိုင်နေကြသည်။ ကြိမ်ရိုက်တာကတော့ သူတို့အဖို့ ရိုးနေပြီ။ သို့ဖြစ်၍ ယောင်လို့မျှ လှည့်မကြည့်။

ဒေါက်တာအိုင်ဗီသည် ကြိမ်ရိုက်ရန် စီစဉ်နေသည်ကို စိတ်ဝင်စားစွာ ကြည့်လျက်ရှိသည်။ ကြိမ်ရိုက်ခံမည့်သူကို ကိုယ်တုံးလုံးချွတ်ပြီး (Flogging triangle)

http://www.cherrythitsar.org



ကားစင်တွင် ခြေနှင့်လက်များ တုပ်နှောင်လိုက်သည်။ ထို့နောက် ဆေးဝါရည်စိမ်ထားသော ပိတ်စိမ်းပါးကလေးကို တင်ပါးပေါ်တွင် အုပ်ပြီး ကြိုးစကို ဝမ်းဗိုက်တွင် ချည်နှောင်လိုက်၏။ ကားစင်ရှေ့မှ လက်နှင့် ခါးသိုင်းကြိုးတို့ကို အကျဉ်းသားတစ်ယောက်က ဆွဲတင်းပြီး ကိုင်ထားသည်။ ကြိမ်ရိုက်မည့်သူက ဘယ်ကြိမ် ညာကြိမ် နှစ်ယောက်။ ထောင်ကြပ်အုပ် ဦးစူလတန်ဆိုသူသည် ကြိမ်တစ်လုံးကို လက်မှကိုင်ပြီး ကားစင် ရှေ့တွင် တားထားရာက ကြိမ်ကို အပေါ်မြှောက်လိုက်၍ "ကြိမ်ဒဏ် အချက်အစိတ်"ဟု အော်လိုက်ရာ ဘယ်ကြိမ်ညာကြိမ် တရွှမ်းရွှမ်းစရိုက်တော့သည်။ ကြိမ်တစ်လုံး စမကျမီကပင် ကြိမ်ရိုက်ခံမည့်သူ၏ တင်ပါးကလေးများမှာ တဆတ်ဆတ်တုန်လျက်ရှိ၏။

အံ့သြစရာတော့ အကောင်းသား။ ဒေါက်တာအိုင်ဗီ၏ အာရုံသည် ကြိမ်ရိုက်စင်မှတစ်ဆင့် မလှမ်းမကမ်းရှိ ကားပြင်နေသူများထံရောက်သွား၏။ ထို့နောက်တစ်ချက် မျက်နှာပျက်သွားသည်။

"ဆယ့်လေး၊ ဆယ့်ငါး၊ ဆယ့်ခြောက်"

ဦးစူလတန်က ကြိမ်ရိုက်သည့်အချက်ရေကို အော်ဟစ်လျက်ရှိသလို ကြိမ်ရိုက်ခံရသူကလည်း 'အံမယ်လေးဗျ၊ ဘလေးဗျ'ဟု အသံကုန်အော်နေသည်။ သို့သော် ဒေါက်တာ အိုင်ဗီကတော့ ကားပြင်နေသည့် မောင်ကြည်၏ တပည့်နှစ်ယောက်အနက် တစ်ယောက်ကိုသာလျှင် တွင်တွင်ကြီး စိုက်ကြည့်လျက်ရှိသည်။

"နှစ်ဆယ့်သုံး၊ နှစ်ဆယ့်လေး၊ နှစ်ဆယ့်ငါး၊ ဟိုး"

ဦးစူလတန်က ဘယ်ကြိမ်ညာကြိမ် နှစ်လုံး၏ကြားတွင် သူ၏ကြိမ်လုံးကို ထိုးပြီး တားလိုက်သည်။ ထို့နောက် ကြိမ်ရိုက်ခံရသည့်သူကို ကားစင်မှဖြုတ်ကာ ဝမ်းလျားမှောက်စေပြီး ဗယ်စလင်လိမ်းဆေးများ ပယ်ပယ်နယ်နယ် လူးပေးနေသည်။ ကြိမ်ရိုက်သည့်ကိစ္စပြီးသည်နှင့် ဒေါက်တာအိုင်ဗီလည်း ဆေးရုံသို့ ပြန်သွားတော့သည်။

ဝပ်ရှော့ဆရာရဲ့ တပည့်နှစ်ယောက်အနက် တစ်ယောက်က မင်းခန့် ခေါ်သူတော်တဲ့။ မင်းခန့်ဆိုတာက နာမည်ရင်းပါ။ သူတော်ဆိုတာကတော့ တောထဲက ရလာတဲ့ နာမည်နဲ့တူပါရဲ့။ မင်းခန့်က မန္တလေးစိန်ပန်းရပ်ထဲက မော်တော်ကား ဝပ်ရှော့ ပိုင်ရှင်ဦးလူနီရဲ့သား တောခိုသွားတာလေ။ ဘာမှမကြာလိုက်ဘူး၊ ရမည်းသင်းအနောက်ဘက် ပျားစည်မှာ အဖမ်းခံရပြီး ထောင်လေးနှစ်ကျလာတာပါ။ အိုင်ဗီက ပြင်ဦးလွင်သူ ကပြားမလေး။ သူတို့နှစ်ယောက် မန္တလေးဆေးတက္ကသိုလ်မှာ ရင်းနှီးခဲ့ကြပုံရပါတယ်။

ကြိမ်ဒဏ်ရိုက်ပြီးတော့ ဒေါက်တာအိုင်ဗီက ထောင်မှူးမောင်မောင်ကို မင်းခန့်နဲ့ တွေ့ခွင့်တောင်းပါတယ်။ ထောင်မှူးမောင်မောင်ကလည်း ခေါ်ပေးပါတယ်။ မင်းသားက အတွေ့မခံဘူးဗျ။ ဒေါက်တာအိုင်ဗီကို သူမသိပါဘူးလို့ ပြောက်ငြင်းလွှတ်လိုက်တယ်။ ဒေါက်တာအိုင်ဗီလည်း မျက်ရည်ဝဲ အံကိုကြိတ်ပြီး ပြန်သွားရှာလေရဲ့။

■

http://www.cherrythitsar.org

# ၈၃

ပဲခူးပြန်ရောက်လာတော့လည်း ပဲခူးထောင်ဘက် ခြေဦးမလှည့်ဘဲ မနေနိုင်။ အနှစ်လေးဆယ်ခန့် ထောင်သံသရာလည်ခဲ့သည့်အထဲတွင် နှစ်ကျော့ပြန်၊ သုံးကျော့ ပြန်တွေက အများသား။ ပဲခူးထောင်ဆိုလျှင် သုံးကြိမ်သုံးခါတိတိ။

ပဲခူးထောင်ရောက်တိုင်းလိုလို ထောင်ပိုင်ကြီး ဦးစံသိန်းက မေးလေ့ရှိသည်။

"ဆရာကြီး ကျွန်တော်တို့အကြောင်း ဘယ်တော့ရေးမှာလဲ"

"ဖြည်းဖြည်းပေါ့ဗျာ၊ အကြောင်းတိုက်ဆိုင်တဲ့အခါ ရေးဖြစ်ဦးမှာပေါ့"

ပြောမယ့်သာ ပြောရသည်။ ဦးစံသိန်းနှင့်မိမိမှာ တစ်ထောင်တည်းအတူ မလုပ်ဖူးကြသဖြင့် အကြောင်းတိုက်ဆိုင်စရာ သိပ်လမ်းမမြင်။သူ့အကြောင်း အဆိုးအကောင်းကို ခရေစေ့တွင်းကျ ကိုယ်မသိ။ သို့သော် ဦးစံသိန်းကိုမြင်တော့ မိမိသူငယ်ချင်း ရွှေကောင်းဖြူကို ပြေးသတိရသည်။ ရွှေကောင်းဖြူလည်း ရခိုင်အမျိုးသား။ နောက်ပြီး ရွှေကောင်းဖြူ၏ ဇာတ်လမ်းတစ်ပုဒ်ကလည်း ကောင်းတာ မကောင်းတာ အပထား။ ပဲခူးထောင်မှာ တစ်ချိန်က အကျော်ဒေးယျ။ ရွှေကောင်းဖြူမှာ ထောင်မှူးသင်တန်းမှာကတည်းက စတင်သိကျွမ်းခင်မင်ခဲ့ရပြီး သူ့ကောင်းမှုကြောင့်ပင် မိမိပဲခူးထောင်သို့ ပြောင်းရွှေ့ခဲ့ရပြန်ရာ ပဲခူးထောင်အကြောင်းရေးလျှင် ရွှေကောင်းဖြူမပါလို့ မဖြစ်။

ပဲခူးထောင်သာဆိုရသော်လည်း သူကမှ police lock up ခေါ် ရဲအချုပ်စခန်းသက်သက်ဖြစ်၏။ အင်္ဂလိပ်အစိုးရလက်ထက် မြန်မာပြည်အတွင်း ၃၇ မင်း၊ အပြင် ၃၇ မင်းနှင့်အပြိုင် အကျဉ်းထောင်ပေါင်း ၃၇ ထောင်ရှိခဲ့ရာ ပဲခူးထောင် မပါခဲ့ပေ။

http://www.cherrythitsar.org



ထောင်ကြီး၊ ထောင်လတ်၊ ထောင်ငယ် အသွယ်သွယ်ရှိသည့်အနက် ပေါင်းတည်တို့၊ ဖျာပုံတို့၊ တောင်တွင်းကြီးတို့ပင် Sub-Jail ခေါ် ထောင်ငယ်စာရင်းဝင်များ ဖြစ်ခဲ့သည်။

ထောင်နှင့် ရဲအချုပ်စခန်းတို့မှာ ယှဉ်ကြည့်လိုက်လျှင် သိသာပါသည်။ ရဲအချုပ်စခန်းသည် ထောင်လိုအင်္ဂါရပ်တွေမစုံလင်။ထောင်ဆိုလျှင် အုတ်ရိုးပတ်ပတ်လည် မျှော်စင်ရှိရမည်။ ထောင်တွင်း ထမင်းချက်ဖို ရှိရမည်။ ပဲခူးအချုပ်ခန်းမှာ မျှော်စင်မရှိ၊ ထမင်းချက်ဖိုမရှိ။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ထောင်အင်္ဂါနှင့် ညီညွတ်အောင် မျှော်စင်များ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ထမင်းချက်ဖိုဆောက်တာကျတော့ ထောင်ထဲမှာ နေရာလွတ်မရှိ။ သို့ဖြစ်၍ ရဲအချုပ်ခန်းဘဝမှ အကျဉ်းထောင်ဖြစ်လာသည့်တိုင်အောင် ထောင်တွင်းမှာထမင်းမချက်နိုင်သေးဘဲ ကန်ထရိုက်စနစ်ဖြင့် ထမင်းကျွေးနေရဆဲဖြစ်သည်။

ဦးရွှေကောင်းဖြူ ပဲခူးထောင်ရောက်စကဆိုလျှင် ယခင်ရဲလက်ထက်က ထမင်းကန်ထရိုက် ဒေါ်ဒေါ်ကြင်၏သား ကိုမောင်ခင်နှင့် လုံးလားထွေးလား။

"အစ်ကိုမောင်ခင်၊ ပဲခူးသူတွေက လင်ကိုနိုင်ရတယ်ဆို၊ တကယ်ပဲလား"

"ဒီလိုပဲ ပြောကြတာပဲ"

"အဲဒီလို လင်နိုင်ကြတာ ဟင်္သာကုန်းဘုရားက ဟင်္သာဖိုပေါ် ဟင်္သာမ နားနေလို့ဆိုတာကော ဟုတ်သလား"

"ဒါလည်း ရှေးလူကြီးသူမများ ပြောစမှတ်ပြုခဲ့ကြတာပဲ"

"ဒါနဲ့ အစ်ကိုမောင်ခင့်မိန်းမကော အစ်ကိုမောင်ခင့်ကို နိုင်ရတာပဲလား"

"နိုင်ရတာပေါ့။ သူလည်း ပဲခူးသူပဲ"

"အစ်ကိုမောင်ခင့်မိန်းမ သုံးယောက်စလုံးကလေ"

"ဟာ ဒီထောင်မှူး တော်တော်ဆိုးပါလား။ ပဲခူးရောက်တာ ဘာမှမကြာသေးဘူး။ ကျွန်တော်မိန်းမသုံးယောက်ရှိတာ ဘယ်လိုလုပ်သိနေပါလိမ့်"

"ဒီလိုပဲပေါ့ဗျာ။ ပန်းသတင်းလေညှင်းဆောင်တာပေါ့။ ဒါနဲ့ မိန်းမဒါလောက် ကြောက်ရတဲ့ကြားထဲက ဘယ်လိုလုပ်ပြီး တစ်ယောက်ပြီး တစ်ယောက် ထပ်ယူခဲ့တယ်ဆိုတာလေးတော့ သိချင်သေးတယ် အစ်ကိုရယ်"

"ဒါကလွယ်ပါတယ်ဗျာ။ နောက်တစ်ယောက်ကျရင် ကိုယ်က အနိုင်ရနိုး၊ နောက်တစ်ယောက်ကျ ဟုတ်နိုးနိုးနဲ့ သုံးယောက်မြောက်ခဲ့တာပေါ့"

"နောက်ဆုံးကျတော့ တွေ့ရောလား"

"ဝေးပါသေး၊ တစ်ယောက်က ဈေးရောင်းတယ်ဗျာ၊ တစ်ယောက်က ဆေးလိပ် လိပ်တယ်။ နောက်တစ်ယောက်က ကျောင်းဆရာမဆိုတော့ သုံးယောက်စလုံး သူတို့အလုပ်နဲ့သူတို့ ကိုယ်ကတော့ လုပ်မကျွေးရပါဘူး။ ဒါပေမယ့် သူတို့ဩဇာတော့ နာခံရတာပေါ့"

http://www.cherrythitsar.org



“အဲဒီလို ဩဇာမျိုးတော့ ဘယ်လောက်နာခံရ နာခံရ နာခံချင်ပါသေးဗျာ”

အဆိုပါစကားကို ထောင်မှူးဦးရွှေကောင်းဖြူ အပျော်အပျက်နောက်ခြင်း မဟုတ်။ သူ့ဝါသနာအလျောက် စိတ်ထဲကပါလို့ အူလှိုက်သည်းလှိုက် စိတ်ပါလက်ပါ ပြောခြင်းဖြစ်ကြောင်း ထောင်မှူးသင်တန်းမှာကတည်းက အတတ်သိပြီးဖြစ်သည်။ သူ့မှာ မက်ဒိုလင်တစ်လုံးရှိသည်။ လက်သံတော်တော်ကောင်းသည်။ သူအများဆုံး တီးလေ့ရှိသည့် သီချင်းမှာ ‘ချစ်ပင်ချစ်မိုး ချစ်လိုက်ပါတဲ့မေ’ဆိုတာလောက်တော့ မှတ်မိနေသေးသည်။ စကားပြောသည့်အခါသာ ရခိုင်သံဝဲသော်လည်း သီချင်းဆိုရာတွင်မူ မြန်မာသံပီပီသသ။ သင်တန်းကာလအတွင်း အားလပ်သော စနေ၊ တနင်္ဂနွေ ညများတွင်မူ မက်ဒိုလင်ဆွဲပြီး ပေါက်တောဘက်၊ ရွာမဘက်ကို တစ်ကိုယ်တော် ထွက်လေ့ရှိသည်။ အင်းစိန်ဈေးအရှေ့ဘက် မီးရထားလိုင်းကိုလည်း အလွတ်ပေးလေ့မရှိ။သင်တန်းကာလမှာကတည်းက အိမ်ထောင်ကျနေသလိုလိုလည်း ပြောသံကြားဖူးသည်။

ပဲခူးလို ထောင်ငယ်ကလေးတွင် ထောင်မှူးတစ်ယောက်အနေနှင့် တေတတ်ပေတတ်မည်ဆိုလျှင် အချိန်အများကြီး ရနိုင်သည်ဟု ဆိုရမည်။ အဘယ်ကြောင့်ဆိုသော် အကျဉ်းသားများကို ကန်ထရိုက်စနစ်ဖြင့် ထမင်းကျွေးနေတာဆိုတော့ ဆန်ဆီ၊ ငရုတ်၊ ကြက်သွန်၊ ဟင်းသီးဟင်းရွက်၊ အသားငါး စသည့်ရိက္ခာ အစိုအခြောက်များ ရှာဖွေစုဆောင်း ဝယ်ချမ်းရသည့်ဒုက္ခ၊ စာရင်းအင်း ရေးသားကိုင်တွယ်ရသည့်ကိစ္စ။ အဆင်ပြေအောင် ချက်ပြုတ်ကျွေးမွေး ဝေခြမ်းရသည့် ဒုက္ခသုက္ခအပေါင်း လုံးဝချုပ်ငြိမ်းကာ အချိန်တန် ကန်ထရိုက် ထမင်းတောင်းတွေဝင်လာ။ တစ်လတစ်ခါ သို့မဟုတ် ဆယ့်ငါးရက်တစ်ခါ ထမင်းကျွေးစရိတ် ထုတ်ပေး၊ ထောင်မှူးထောင်ပိုင်တွေအနေနှင့် တိန်တိန်ကိုမြည်လို့။ ထိုအချိန်က ကန်ထရိုက်ကို ထမင်းဖိုး ဘယ်လောက်ရှင်းရတယ်ဆိုတာ အခုရေးပြရလျှင် စာဖတ်သူတို့ ဟင်ခနဲ ဟာခနဲ မျက်လုံးမျက်ဆံပြူးကန်ကြမှာ မုချ။ လူတစ်ယောက် ထမင်းတစ်နပ်မှ ငါးမူး။ တစ်နေ့ထမင်းနှစ်နပ်မှ တစ်ကျပ်ခင်ဗျ။ အဲဒီတစ်ကျပ်က မနက်ပဲဟင်း သို့မဟုတ် ဟင်းသီးဟင်းရွက် ညနေစာ အသား သို့မဟုတ် ငါး၊ အသားငါး မစားသူများ ဘဲဥတစ်လုံး။ ဘယ်တုံးကလဲ မေးဦး၊ ၁၉၅၁ခု ကလေ။ ထောင်တွေမှာဆို တစ်ပတ်မှ အသားဟင်း လေးအောင်စ တစ်နပ်တည်း။

စားရေးသောက်ရေး အဆင်ပြေသလောက် ပဲခူးထောင်မှာ နေရေးထိုင်ရေး အလွန်ကျပ်တည်းကျဉ်းမြောင်းဒုက္ခရောက်လှသည်။ မူလက ရဲအချုပ်ခန်းကို ထောင်လုပ်ထားတော့ ကျပ်ပြီပေါ့။ အလျား ပေ ၁၂၀ခန့်၊ အနံပေ ၆၀ခန့်ရှိ တစ်ထပ်တိုက်ပုကလေးထဲတွင် ဟိုဘက်ဒီဘက် အခန်းကြီး ၃ခန်း၊ အခန်းငယ် တစ်ခန်းစီဆိုတော့ အားလုံးရှိတာမှ အခန်းကြီး ၆ ခန်းနှင့် အခန်းငယ် နှစ်ခန်း။

“ထောင်မှူး၊ သူက ညီမတဲ့။ အထဲရောက်နေတဲ့ အက်စ်အေအမ်ဘီက ဒိုင်မှူးဦးသောင်းရွှေရဲ့ အမျိုးသမီးလေ”

http://www.cherrythitsar.org



ထမင်းကန်ထရိုက် ဦးမောင်ခင်က ဦးရွှေကောင်းဖြူကို ထောင်မှူးဟုပင် ခေါ်သည်။ ဦးမောင်ခင်က နှစ်ကိုယ်ကြား ထပ်၍ပြောလိုက်သေးသည်။

"အမျိုးသမီးဆိုပေမယ့် နံပါတ်တူးလေ၊ စမော စမော"

မပြောဘဲလည်း စမောမှန်း သိသာပါသည်။ ဒီအမျိုးသမီး လတ်လျားလတ်လျားနှင့် ထောင်မှူးရှေ့မှာရော၊ ထောင်မှူး၊ ထောင်ပိုင်အိမ်ရှေ့မှာပါ လမ်းသလားနေတာ ကြာပြီ။ စမောမှန်း သိသာတာကတော့ ဝတ်ပုံစားပုံ ကလက်တက်တက်နိုင်တာလည်း ပါသည်။ အမြင်သာဆုံးကတော့ ရှိသမျှ အတွင်းပစ္စည်းကို လိုအပ်တာထက်ပိုပြီး လှုပ်ခါနေခြင်းကြောင့်ပင်ဖြစ်၏။ စကားပြောတော့လည်း ကန္တဲ့ကလျနှင့် နှာခေါင်းသံလိုလို၊ လည်ချောင်းသံလိုလို။

"အိမ်ကအစ်ကိုကြီးဦးသောင်းရွှေက ကျန်းမာရေးသိပ်မကောင်းဘူး အစ်ကိုရဲ့။ သူ့မှာ နှလုံးရောဂါရော၊ သွေးတိုးရောဂါပါ ရှိတယ်လေ။ အပြင်မှာနေကတည်းက ဒေါက်တာဂိုးနဲ့ အမြဲပြနေရတာ။ အခု အထဲမှာ ဘာယာလိုင်းထဲ အိပ်နေရတော့ သိပ်ဒုက္ခရောက်နေလို့ပါ။ ဘာယာလိုင်းဆိုတော့ သူများခြေနင်းဖတ်ထဲမှာလေ"

ညိုမက ပြောလက်စ စကားကို ရပ်လိုက်ပြီး မျက်လုံးတစ်ချက်ဝေ့ကာ ဦးရွှေကောင်းဖြူ၏အရိပ်အကဲကို ခတ်လိုက်သည်။ ဆက်တီစားပွဲပေါ်တွင် တင်ထားသော ဂျော်နီဝပ်ကား ဝီစကီပုလင်းနှင့် မုန့်ပုံးတို့ကို မျက်စိဝေ့ရမ်းကြည့်လိုက်၏။ ဦးရွှေကောင်းဖြူလည်း သူမကြည့်သည့်အတိုင်း လိုက်ကြည့်သည်။ သို့သော် ဦးရွှေကောင်းဖြူ၏စိတ်အာရုံသည် ဝီစကီနှင့်မုန့်ပုံးထက် ဆူဖြိုးတင်းအိနေသည့် မိမိ၏ခန္ဓာကိုယ်ပေါ်ကိုသာ ရစ်ဝဲစုပြုံလျက်ရှိကြောင်း ညိုမကောင်းကောင်းကြီးသိလိုက်သည်။

"အဲဒါ ဖြစ်နိုင်မယ်ဆိုရင် ဆရာ့ညီကို စောင့်ရှောက်ပေးပါဦး။ ညိုမတော့ နားမလည်ဘူးလေ။ နေ့ခင်းဘက် ဘာယာလိုင်းထဲမှာနေပြီး ညဘက်ကျတော့ ရုံးခန်းထဲမှာ အိပ်ခွင့်ရမယ်ဆိုရင် အဆင်ပြေမယ်ဆိုလားပဲ။ အိမ်ကအဘိုးကြီးကိုလည်း ဘာဖြစ်ဖြစ် ခိုင်းပါအစ်ကို၊ ရုံးလုပ်ငန်းတွေလည်း လုပ်တတ်ပါတယ်။ လူကောင် နည်းနည်းဝနေပေမယ့် ဖင်ပေါ့ပါတယ် ဆရာရဲ့"

ညိုမတို့တော့ အသားကုန် ပညာစွမ်းပြလေပြီ။ အစ်ကိုတစ်လှည့်၊ ဆရာတစ်လှည့် ဦးရွှေကောင်းဖြူကို တစ်ထစ်ချင်း နှဲ့နေပြီ။ ကျွန်ုပ်တို့ ဇာတ်လိုက်ကြီးကလည်း မဆွတ်ခင်က ညွတ်ချင်နေသည့် မာလာငွေဖော့ပမာ တဟီးဟီး တဟဲဟဲနှင့် နွားပြာကြီးအောက်သွားမရှိတော့ပါ။

"ကောင်းပြီလေ၊ အဆင်ပြေအောင် ကျွန်တော်ကြိုးစားပြီး စီစဉ်ပေးထားပါ့မယ်။ ညိုမနဲ့ အေးအေးဆေးဆေး တွေ့ကြသေးတာပေါ့"

ဟော ချိတ်လိုက်ပြန်ပြီတစ်လုံး။ ညိုမတို့ကလည်း ချက်ဆို နားခွက်က မီးတောက်ပြီးသားပဲ။ သည်အခွင့်အရေးမျိုး ဘယ်အလွတ်ပေးလိမ့်မလဲ။ မျက်နက်ကလေး

http://www.cherrythitsar.org



ထောင့်ကပ်ကာ ညှို့ဓာတ်မသိမသာပါသော လေသံကလေးဖြင့်၊ 'ရယ်ဒီပါအစ်ကို'တဲ့။

ဖိုဓာတ်နှင့် မဓာတ်ပေါင်းစပ်မိမှ လျှပ်စစ်မီးပွင့်ရသလို ညိုမနှင့် ဦးရွှေကောင်းဖြူတို့ ပြေလည်မှ စပါးနှင့် ငွေသား အစားမှား၍ ထောင်ထဲရောက်ရလာသော ဒိုင်မှူးကြီး ဦးသောင်းရွှေ ဘာယာလိုင်းမှ ရုံးခန်းထဲ ပြောင်းအိပ်ခွင့်ရတော့သည်။ ရုံးခန်းဆိုတာကလည်း ဒီလို။ ရဲအချုပ်ခန်း စတင်ဆောက်လုပ်စဉ်ကပင် အဆောက်အအုံ၏ မြောက်ဘက်ထိပ်တွင် ရုံးခန်းငယ်ကလေးနှစ်ခုပါသည်။ မူလက တစ်ခန်းတွင် ထောင်မှူးနေ၏။ အဆိုပါရုံးခန်းနှင့် အဆောင်ကြားကွက်လပ်မှာ ရုံးအဖွဲ့သားများအတွက်။

ပဲခူးထောင်မှာ မိန်းမအကျဉ်းသူ မဖြစ်မနေထားရမည်ဆိုသောအခါ ထောင်မှူးရုံးခန်းမှာ အလိုလိုနေရင်း မိန်းမထောင်ဖြစ်သွား၏။ ထောင်မှူးက ရှေ့ကွက်လပ်ထွက်၍ ရုံးထိုင်ရသည်။ အဆိုပါကွက်လပ်ကိုလည်း ညအချိန် ဒီအတိုင်းမထားနိုင်ဘဲ လူသိပ်ရ၏။ ဦးသောင်းရွှေ ထိုနေရာသို့ ရောက်သွားခြင်းဖြစ်သည်။ ကျယ်ကျယ်ဝန်းဝန်း စောင်ပုခက်တွေ ဘာတွေမရှိ။ အိပ်ချင်ပြေ မိန်းမထောင်လှမ်းငမ်းလို့ ရသေးသည်။ ထောင်အမြင် ထောင်ရှုထောင့်မှကြည့်လျှင်တော့ ဘယ်လိုမှအဆင်မပြေသောကိစ္စများဖြစ်သည်။ တခြားမပြောနှင့် အကျဉ်းသားအပြစ်ဖြစ်လျှင်ပင် တိုက်ပိတ်စရာနေရာမရှိသဖြင့် တိုက်ခန်းများ ဆောက်လုပ်ခဲ့ရသေးသည်။ ထောင်ရှိလျှင် တိုက်ရှိမှ။

ထောင်မှူးဦးရွှေကောင်းဖြူတို့ ပဲခူးထောင်မှာ သို့ကလို လေကလေးတဖြူးဖြူး ငြိမ့်နေချိန်တွင် ထောင်မှူးမောင်မောင်မှာ မိတ္ထီလာထောင်တွင် လေးဖက်ပစ်လျက်ရှိသည်။ ဖြစ်ပုံကဒီလို၊ မိတ္ထီလာထောင်မှာရှိတာက ထောင်ပိုင်တစ်ယောက်၊ ထောင်မှူးနှစ်ယောက်၊ မောင်မောင်က အလုပ်ဝင်စ ဂျူနီယာထောင်မှူး၊ စီနီယာထောင်မှူးနှင့် ထောင်ပိုင်တို့မှာ စားမာန်ခုတ်ပြီး လုံးဝမတည့်ကြ။ သူတို့နှစ်ယောက်သား စကားပြောချင်လျှင် ထောင်မှူးမောင်မောင်ကို ပုဏ္ဏားတိုင်ထားပြီး 'ခင်ဗျားထောင်ပိုင်ကို ဘာပြောလိုက်ပါ'၊ 'ခင်ဗျားထောင်မှူးကို ဘာပြောလိုက်ပါ'ဟု မပြောမဖြစ်သောစကားများ ပြောနေကြရသည်။ အခြေအနေက နှစ်ယောက်သား ဖိုက်ကြရန် တာစူနေကြပြီ။ နောက်ပိုင်းလည်း အကြီးအကျယ် ဖိုက်တင်ပွဲ ဆင်နွှဲခဲ့ကြပါသည်။ ထိုအချိန်တွင် မိမိမှာ သူတို့နှစ်ယောက်ကြားကြားညှပ်မည်စိုးသဖြင့် အကျဉ်းဌာနမင်းကြီးရုံးရောက်သခိုက် အခြားထောင်တစ်ထောင်သို့ ပြောင်းရွှေ့ခွင့်ရရန် ချဉ်းကပ်ရတော့သည်။

အထူးအရာရှိ ဦးလှဖေက "မင်းပဲခူးထောင် သွားမလား"ဟု မေးသည်။

"ဟုတ်ကဲ့၊ ဘယ်ပို့ပို့ သွားပါ့မယ်"

"ဒါဖြင့် အမိန့်စာ တစ်ခါတည်းယူသွား။ မိတ္ထီလာပြန် အလုပ်လွှဲပြီးရင် ချက်ချင်းပဲခူးသွား အလုပ်ဝင်။ ပဲခူးမှာ လောလောဆယ် ထောင်မှူးမရှိဘူး"

"ဦးရွှေကောင်းဖြူ ဘာဖြစ်လို့လဲခင်ဗျ"

"မှုဒိမ်းမှုဖြစ်လို့ ရာထူးချထားရတယ်"

http://www.cherrythitsar.org



"ဟိုက်"ဟု အာမေဍိတ်ချိန်ပင် မရလိုက်။ ပဋ္ဋိက္ခရားမင်းသားလိုသာ ပြဒါးရှင်လုံး ငုံထားမိလျှင် ပါးစပ်က ထွက်ကျမှာမုချ။ မိတ္တီလာထောင်ပြန်၍ အလုပ်လွှဲပြီး ပဲခူးထောင်ရောက်သောအခါတွင် သူ့အမှုက ဌာနဆိုင်ရာစုံစမ်းနေဆဲဖြစ်၍ မသိချင်ဘဲနေလို့မရ။ အဖြစ်မှန်ကို သိနိုင်ရန်အတွက် ထိုစဉ်က ပဲခူးထောင်ရှေ့ အခင်းဖြစ်ပွားရာ တည်နေပုံကို အတိအကျသရုပ်ဖော်ပြဖို့ လိုအပ်ပါလိမ့်မည်။

ယခု ပဲခူးထောင်မြောက်ဘက်ရှိ အမှတ် ၁ ရဲစခန်းမှာ ထိုစဉ်ကမရှိသေး။ ဆောက်လုပ်ရန် စီစဉ်နေဆဲဖြစ်သည်။ သို့သော် ငွေသိုလှောင်သည့် (Treasury Vault) ငွေတိုက်တော့ ရှိနေသည်။ ငွေတော့မထား။ သစ်တောရုံးအနီးရှိ ငွေတိုက်အသစ်တွင် ငွေများထားသည်။ ပဲခူးထောင်ဝင်ပေါက် ထောင်ဘူးဝမှာလည်း မြောက်ဘက်မှာရှိနေသည်။ နောက်ပိုင်း ထောင်ပြင်ဆောက်ပြီးမှ ယခုလက်ရှိထောင်ဘူးဝ အရှေ့ဘက်ပြောင်းသွားခြင်းဖြစ်သည်။ ထောင်ရှေ့တွင် ကန်ထရိုက်၏ထမင်းချက်ရုံရှိသည်။ ထမင်းချက်ရုံးရှေ့တွင် အခန်းနှစ်ခန်းပါသော တန်းလျားရှိ၍ တစ်ခန်းတွင် ရိက္ခာပစ္စည်းများထားသည်။ ကျန်တစ်ခန်းတွင် ထမင်းချက်လုပ်သားများ အိပ်သည်။

ဦးရွှေကောင်းဖြူနှင့် ညိုမတို့နှစ်ယောက်မှာ ထမင်းချက်များ၏ အခန်းတွင် ချိန်းတွေ့နေကျဖြစ်သည်။ ထိုနေ့က ကံဆိုးချင်တော့ ထမင်းကန်ထရိုက် ဒေါ်ဒေါ်ကြင်က သူ့သားကိုမောင်ခင်ကို စိတ်မချသဖြင့် ထမင်းချက်ရုံသို့ လာချောင်းတာနှင့်ကြုံနေသည်။ ကိုမောင်ခင်က ပျာပျာသလဲ၊

"ထောင်မှူး၊ အဘွားကြီးလာနေတယ်။ ခင်ဗျားတို့နှစ်ယောက် တစ်နေရာရှောင်ပေးကြဦး"

"ဟာ ဒုက္ခပဲ။ ကျွန်တော်တို့ ဘယ်သွားနေမှာလဲ"

"ဒီလိုလုပ်လေ၊ ငွေတိုက်ထဲ ခဏသွားနေလိုက်။ တော်တော်ကြာ အဘွားကြီးပြန်မှာပါ"

ဦးရွှေကောင်းဖြူနှင့် ညိုမတို့ အခန်းထဲမှ ကပျာကယာထွက်ခါ ငွေတိုက်ထဲ မယောင်မလည် ဝင်နေလိုက်ကြသည်။

ဤနေရာတွင် ငွေတိုက်၏ ပုံပန်းသဏ္ဍာန်ကို အတိအကျဖော်ပြရန် လိုအပ်လာပြန်သည်။ ငွေတိုက်၏ အကျယ်အဝန်းမှာ ၁၀ပေ ပတ်လည်ခန့်ရှိ၍ ကျန်သုံးဖက်၌ ဘာလေဝင်ပေါက်မျှမရှိ။ တံခါးမကြီးကမူ နှစ်ထပ်။ အတွင်းတစ်ထပ်က သံတံခါး။ အပြင်တစ်ထပ်က သစ်သားတံခါး။ သစ်သားတံခါးဆိုသော်လည်း သစ်မာငါးနှစ်တံခါးကျီးဘောင်ပေါ်တွင် သွတ်ပြားအထူစားများ အသေပိတ်ရိုက်ထားခြင်းဖြစ်သည်။ ဦးရွှေကောင်းဖြူတို့ အထဲဝင်သွားချိန်တွင်မူ အပြင်တံခါးကြီးနှစ်ချပ်က ဟစိ။

တိုက်တိုက်ဆိုင်ဆိုင် ထိုအချိန်မှာပင် အမှတ် ၁ ရဲစခန်းမှူးနှင့် ရဲတပ်သားအချို့ လင့်ဒ်ရိုဘာကားအပြာဖြင့် ထောင်ရှေ့သို့ထိုးဆိုက်လာသည်။ ဒီအက်စ်ပီခေါ် ခရိုင် ရဲဝန်က

http://www.cherrythitsar.org



အမှတ် ၁ ရဲစခန်း အသစ်ဆောက်မည့်နေရာကို လာကြည့်မည်ဆိုသဖြင့် စခန်းမှူးက ရှေ့ပြေးရောက်လာခြင်းဖြစ်သည်။

စခန်းမှူးကားပေါ်မှ ဆင်းလာပြီး 'ဟာ အရေးထဲ ဒီငွေတိုက်တံခါးကြီးက ဘာပြုလို့ ဖွင့်ထားရတာလဲ'ဟုဆိုကာ တံခါးနှစ်ချပ်ကို ဆွဲစေ့ပြီး ဂျက်ထိုးလိုက်သည်။ သော့ခတ်ရန် သော့ခလောက်တော့မရှိ။ အထဲမှာ ဦးရွှေကောင်းဖြူနှင့် ညိုမတို့ ရှိနေသည်ကိုလည်း သူလုံးဝမသိ။ ထမင်းချက်ဖိုမှ စောင့်ကြည့်နေသည့် ကိုမောင်ခင်၏ စိတ်ထဲမှာတော့ 'ဟာ ဒုက္ခတော့ဖြစ်ကုန်ကြပြီ'ဟု အောက်မေ့လိုက်သည်။ သို့သော် သူလည်း ဘာမျှဝင်မပြောရဲ။ ၁၅မိနစ်ခန့်အကြာ ဒီအက်စ်ပီ ရောက်လာသည်။ စခန်းသစ် ဆောက်မည့်နေရာကို လှည့်လည်စစ်ဆေးကြည့်ရှုပြီးနောက် ငွေတိုက်ခန်းအနီးရောက်လာသည်။

"ဒီဖော့လ်တ်ကို ထောင်က ဘာသုံးထားသလဲ"

"သူတို့လည်း ဘာမှမသုံးကြပါဘူး"

"အတော်ပဲ၊ မင်းတို့စခန်းဆောက်ပြီးရင် လက်နယ်တိုက်လုပ်ပေါ့"

တော်ပါသေးရဲ့။ တံခါးကို အဖွင့်မခိုင်းပေလို့။ အဖွင့်ခိုင်းလိုက်မှဖြင့် ဒုက္ခ။

ဒီအက်စ်ပီရော စခန်းမှူးနှင့်အဖွဲ့ပါ အားလုံးပြန်သွားကြမှ ကိုမောင်ခင်က တံခါးကို အပြေးအလွှား သွားဖွင့်သည်။ ညိုမမှာ တစ်ကိုယ်လုံး ဇောချွေးများပြန်လျက် မေ့မျောနေ၏။ ဦးရွှေကောင်းဖြူလည်း ညိုမနည်းတူ တစ်ကိုယ်လုံး ချွေးများ နစ်ရွှဲလျက် မေ့လု မေ့ခင်။ ညိုမကို ချက်ချင်း ပဲခူးဆေးရုံပို့လိုက်ရသည်။ ထောင်ရှေ့မှာလည်း ထောင်ဝင်စာ တွေ့မည့်သူတွေက တစ်လှေကြီး။

ဇာတ်လမ်းကတော့ ဒါပါပဲ။ ညိုမအနေနှင့် သူမ၏မစို့မပို့သိက္ခာကို အဖတ်ဆည်ရန်အတွက် မုဒိမ်းမှုဖွင့်ခဲ့လေသလား။ ဒါတော့ စဉ်းစားစရာ။ အချို့ဇာတာရှင် များကို ဗေဒင်ဆရာက ထူးရင်ထူးမည်၊ မထူးရင်ရူးမည်ဟု ဟောကိန်းထုတ်လေ့ရှိသည်။ ဦးရွှေကောင်းဖြူ၏ ဇာတာတွင် ထူးလည်းထူး၊ ရူးလည်းရူးမည်ဟု ပါခဲ့ဟန်တူသည်။ အဘယ့်ကြောင့်ဆိုသော် ဦးရွှေကောင်းဖြူသည် ထောင်မှပြဿနာဖြစ်၍ အလုပ်ထွက်သွားခဲ့ပြီးနောက် သက်ကြီးတက္ကသိုလ်ပြန်တက်ရာ ဘွဲ့ရပြီး ရန်ကုန်ရှိ အစိုးရဌာနကြီး တစ်ခုတွင် ဂေဇက်ဝင်အရာရှိ ဖြစ်လာခဲ့သည်။

ထိုအချိန်က မြန်မာ့အသံ သူ့လက်သံအခန်းမှ ဦးရွှေကောင်းဖြူ၏ မက်ဒိုလင်လက်သံကို နားသောတဆင်ခဲ့ရသေးသည်။ ထို့နောက် ဘာမျှမကြာလိုက်။ လေးငါးနှစ်အကြာ ရန်ကုန်–မန္တလေး အဆန်ရထားပေါ်တွင် သူ့ကို မမျှော်လင့်ဘဲ စိတ်မချမ်းမြေ့ဖွယ် တွေ့လိုက်ရသည်။ ထိုအချိန်တွင် သူ့ခမျာ သွက်သွက်ခါအောင်ရူးသွပ်နေလေပြီ။ပိုပြီး သနားစရာကောင်းသည်မှာ သူ့လက်ထဲတွင် မက်ဒိုလင်အဟောင်း ကလေးတစ်လုံး ကိုင်စွဲလျက်။

■

http://www.cherrythitsar.org

# ၈၄

ထောင်မှူးမောင်မောင်တို့ တတိယ အကြိမ်မြောက် ပဲခူးထောင်ပြန်ရောက်တော့ အပြင်မှာ မိန်းမထောင် သီးခြားဆောက်ပြီးနေပါပြီ။ ဒီလိုပဲ ဖြစ်ရမှာပေါ့။ အာဒံနဲ့ ဧဝ ဖိုနဲ့မဆိုတာ ကမ္ဘာဦးအစကတည်းက ပြဿနာဇရပ္ပ လောင်စာနဲ့ မီးစလေ။

ထောင်ထဲမှာ အာဒံနဲ့ ဧဝတို့ ပြဿနာစပုံက တစ်မျိုးတစ်ဘာသာ။

"မိန်းမထောင်မှာ မိန်းမတစ်ယောက် တက်နေလို့တဲ့"

ဒါဆိုရင် တာဝန်ကျထောင်မှူး ခေါင်းကြီးရပြီ။ မျက်ကလူးဆန်ပြာ ဖြစ်ရပြီ။ ထောင်ဆရာဝန်ရှိသော ထောင်ကြီးဆိုလျှင် အကြောင်းမဟုတ်။ ထောင်ဆရာဝန်ခေါ်။ ထောင်ဆရာဝန်အပြင်သွားနေလျှင် ကွန်ပေါင်ဒါခေါ် မိမိက မိန်းမထောင် လုံခြုံရေး အတွက် စောင့်ရှောက်ကြည့်ရှုံသာ။ ထောင်ဆရာဝန် ကိုယ်ပိုင်မရှိသော တောထောင် ငယ်ကလေးဆိုလျှင် ထောင်မှူးသာမက ထောင်ပိုင်ကြီးလည်း မနေသာ။ သို့သော် တကယ်တမ်းကျတော့ သူတို့လည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း သိသည်မဟုတ်။

"လူတွေ ဒါလောက်ကြီး ဝိုင်းအုံမနေကြနဲ့လေ။ ငယ်ထိပ်ကို လေမှုတ်ပေး။ ယပ်တောင်ရှိရင် ယပ်တောင်ခတ်။ ခြေမကိုလည်း ချိုးပေးရတယ်ပြောတယ်"

ထောင်မှူးထောင်ပိုင်လည်း ဒါလောက်သာ တတ်နိုင်သည်။ ဒီလိုနေရာမျိုးမှာ တကယ်တမ်း ထိထိရောက်ရောက်စွမ်းဆောင်နိုင်တာက လုပ်သက်ရင့်သော အမျိုးသမီး ထောင်ဝါဒါကြီးများဖြစ်သည်။ ထောင်ဝါဒါအမေစောက ကုလားထောင်ကြပ်တီကာရမ်းကို အနီးသို့ခေါ်၍ ခပ်တိုးတိုးပြောသည်။ တီကာရမ်းက 'အချားအချား' ဆိုပြီး ယောကျ်ား

ထောင်ဘက် ပြေးထွက်သွားသည်။ မျှားမကြာမီ တီကာရမ်း ပြန်ရောက်လာပြီး အမေ စောကို စက္ကူဖြင့် ထုပ်လာသော ပစ္စည်းတစ်ခုကိုပေးသည်။

"ဟဲ့ တီကာရမ်း မီးခြစ်ပေးဦး"

တီကာရမ်းက မီးခြစ်ကို ထုတ်ပေးလိုက်သည်။

ဤနေရာတွင် စာရှုသူတို့ နားနှင့်မနာ ဖဝါးနှင့်နာရန် ပန်ကြားပါရစေ။ မလွဲ မရှောင်သာ ကျန်းမာရေးဝေါဟာရကို သုံးသလိုသာ မှတ်ယူတော်မူကြပါတော့။ တီကာ ရမ်းယူဆောင်လာတာက အခြားမဟုတ်ပါ။ အကျဉ်းသားတစ်ဦး၏ ခါးပုံစအတွင်းမှ အမွေးဖြစ်ပါသည်။ အဆိုပါအမွေးကို မီးမြှိုက်ပြီး တက်နေသည့်အမျိုးသမီး နှာဝတွင် တေ့ကာ ရှူစေခြင်းအားဖြင့် အတက်ချက်ချင်း ကျသွားစေပါသည်။ မယုံမရှိပါနှင့်။ မျက်မြင်ကိုယ်တွေ့ပါ။ အခြားတစ်နည်းရှိသေးသည်။ အဲဒါက ပဲခူးထောင်ရောက်မှ လုပ်သက်ရင့် ထောင်မှူး ဦးချစ်မောင်ထံမှရသော ကုထုံးတစ်ရပ်ဖြစ်သည်။

"မိန်းမထောင်မှာ မိန်းမတစ်ယောက် တက်နေသတဲ့။ ဆရာဝန် ဦးတင်ဝမ်း ဖြစ်ဖြစ်၊ ကွန်ပေါင်ဒါ ကိုခင်သောင်းဖြစ်ဖြစ် သွားခေါ်ကြကွာ"

"ဒီမှာ ဦးခင်မောင်တင် ဘယ်သူ့မှ သွားခေါ်ခိုင်းမနေနဲ့။ မိန်းမထောင် သော့ သာပေး။ ကျွန်တော် ကြည့်လုပ်လိုက်ပါ့မယ်"

"ဟုတ်မှလည်း လုပ်ပါ ဦးချစ်မောင်ရာ"

"ဟုတ်မဟုတ် ခင်ဗျားလိုက်ကြည့်လေ။ ကျွန်တော် လက်တွေ့ပြမယ်"

ဦးချစ်မောင်မှာလည်း ထောင်အမှုထမ်းမှအဆင့်ဆင့်ရာထူးတက်ပြီး ထောင်မှူး ဖြစ်လာသော အတွေ့အကြုံရင့်ကျက်သူ ထောင်မှူးဖြစ်၍ သူ့ကို အထင်သေးလို့မရ။

အမျိုးသမီးထောင် သော့ဖွင့်ပြီးသည်နှင့်

"ဘယ်သူလဲတက်တာ ဖယ်ကြစမ်း"

"ဒီမှာပါ။ ခိုးမှုနဲ့ ထောင်ခြောက်လကျတဲ့ မမြအေးပါ"

အမျိုးသမီးထောင်ကြပ်အုပ် ဒေါ်ဒေါင်းက မမြအေး၏ ခြေမကို ချိုးနေရာမှ ဖယ်ပေးလိုက်သည်။

"အမျိုးသမီးတွေ တက်တယ်ဆိုတာ အမျိုးမျိုးရှိတယ်။ လေကြောင့်လည်း တက်တတ်တာပဲ"

ဦးချစ်မောင်က ပြောပြောဆိုဆို မမြအေး၏ ဝမ်းဗိုက်ကို လက်တစ်ဖက်ဖြင့် လှမ်းနှိပ်လိုက်ရာ ထောင်မှူးမောင်မောင် မျက်လုံးပြူးသွားသည်။ သို့သော် ဦးချစ်မောင် မှာ ပင်စင်ယူခါနီးနေပြီဖြစ်၍ အသက်ကြီးလှပြီ။ တက်နေသူမမြအေးက သူ့သမီးအရွယ် လောက်သာ ရှိပါမည်။ ဦးချစ်မောင်ကတော့ တက်နေသူ ဝမ်းဗိုက်ကြောတစ်ဝိုက်ကို ပယ်ပယ်နယ်နယ် နှိပ်နယ်လျက်ရှိပေသည်။ အံ့သြစရာတော့ အကောင်းသား။ တစ်အောင့်လောက်အကြာတွင် ကွေးကောက်တွန့်လိမ်နေသော မမြအေးမှာ နတ်ဝင် သည်

http://www.cherrythitsar.org



အလား နတ်ထွက်သွားသလို အီးခနဲ အော်ပြီး လူကောင်းပကတိ ဖြစ်သွားသည်။ဒီတော့မှ မန္တလေးထောင်တွင် တာဝန်ထမ်းဆောင်စဉ်က ထောင်ဆရာဝန် မစ္စတာ ဒတ်စ်ပြောသည်ကို သွားသတိရသည်။ မိန်းမတွေ တက်တယ်ဆိုတာ ဟစ်စတီးယား (Hysteria) ခေါ်တယ်။ ဖိစာတ် မစာတ် လိုအပ်ချက်တစ်မျိုးပေါ့ဗျာ တော်ရုံတန်ရုံ ယောကျ်ားတစ်ယောက်ယောက်က ထိလိုက်ကိုင်လိုက်ရင်လည်း အတက်ပျောက်သွား တတ်တာပဲ"

"ဒါဖြင့် ယောကျ်ားတွေကျတော့ ဘာပြုလို့ မတက်တတ်သလဲခင်ဗျ"

"ခင်ဗျား ကတ်သီးကတ်သတ် မမေးနဲ့လေ။ မိန်းမဆိုတာ အရှက်အကြောက် ကြီးတဲ့ အမျိုးအစားလေ။ ခင်ဗျားတို့ ကျွန်တော်တို့ ယောကျ်ားတွေဆိုတာက သိပ်ပြီး အရှက်ရှိကြတာမဟုတ်ဘူး။ ကဲ ရှင်းပြီလား"

ဟုတ်ကဲ့ရှင်းပါပြီ။ မရှင်းတာက ပဲခူးထောင်ကို ဒုတိယအကြိမ်ရောက်စဉ်က မိမိကိုယ်တိုင် ပယ်ပယ်နယ်နယ်ခံလိုက်ရသော ကိစ္စဖြစ်၏။ ထိုစဉ်က မိန်းမထောင် သီးခြားမရှိသေး။

'မင်းပရိယာယ် တေင့်တယ် နားဝယ်မလည်ရှာ'ဟု စာဆိုရှိရာ 'မပရိယာယ် ထောင်မှူးငယ် နားဝယ်မလည်ရှာ'ဟု ဆိုရမည်လားမသိ။ တစ်နေ့ ကျားခင်စိန်ခေါ် မခင်စိန် ရုံးမှအပြန် မိမိရုံးခန်းရှေ့လာရပ်ပြီး၊

"ဆရာ ကျွန်မ ဟောဒီမော်တော်ကား အပေါင်စာချုပ်ကလေး သိမ်းထားပေး စမ်းပါ"

ကျားခင်စိန်ခေါ် မခင်စိန်ကို ထောင်မှူးမောင်မောင် အသေအလဲလန့်ပါသည်။ ကြောက်လည်းကြောက်ပါသည်။ မကြောမလန့်ဘဲ ခံနိုင်ရိုးလား။ ယင်းအမျိုးသမီးသည် ရှာမှရှား၊ ဖိုးတွမ်တီးအိတ်စပတ်ကြီး ဖြစ်၏။ (သူ့အကြောင်းရေးဖူးပါသည်။) ထိုစဉ်က သားမိုလ်အောင်ဒင်ဇာတ်ကားမှ ကျားခင်စိန်အဖြစ် သရုပ်ဆောင်သော ခင်အုန်းမြင့်ကို အစွဲပြု၍သာ ခေါ်ရသော်လည်း ခင်အုန်းမြင့်နှင့် ယခု ပဲခူးထောင်က ကျားခင်စိန်မှာ ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်သည်။

ကျားခင်စိန်ပေးလာသည့် မော်တော်ကားအပေါင်စာချုပ်ကို ကြည့်လိုက်တော့ ဝီလီဂျစ်ကားတစ်စီးကို နှစ်သောင်းငါးထောင်ကျပ်နှင့် အပေါင်ခံထားသော စာချုပ်ဖြစ်နေ သည်။

"ကောင်းပြီလေ၊ ခင်ဗျားစာချုပ်ကို ထောင်ပိုင်ကြီးတင်ပြပြီး မီးခံသေတ္တာထဲ မှာ သိမ်းထားပေးပါ့မယ်"

"ထောင်ပိုင်ကြီးပြောမနေပါနဲ့ ဆရာရယ်။ ဆရာ့ဘာသာ သိမ်းထားပါ။ ဒီလို လုပ်ပါလား။ အဲဒီကားကို ဆရာယူစီးထားပါလား။ ပဲခူးလိပ်ပြာကန် ၂လမ်းက ဦးကြိုင် ဆီမှာ အပ်ထားပါတယ်"

http://www.cherrythitsar.org



"အံမယ်လေး၊ မလုပ်လိုက်ပါနဲ့ဗျာ။ ဘုန်းကြီးအမူ ရှာလာပတ်နေပါဦးမယ်။ ခေါက်ဆွဲဖိုးလည်း မတတ်နိုင်ပါဘူး"

"ကားကြီးတစ်စီးလုံး ပေးစီးထားမှတော့ ခေါက်ဆွဲဖိုးများ စကားထဲထည့် ပြောဖို့ လိုသေးလား ဆရာရယ်"

ကျားခင်စိန် ဘယ်လောက်အဆွယ်ကောင်းကောင်း ထောင်မှူးမောင်မောင် စာမလိတ်ပါ။ သို့သော် ခက်နေတာက ကျားခင်စိန်နေသည့် မိန်းမထောင်ဆိုတာက မိမိရုံးခန်း ရှေ့တည့်တည့်မှာ။ မတွေ့ချင် မမြင်ချင်ရက်သား ဆိုတာလို ဖြစ်နေသည်။ ရုံးအမှုစစ်ထွက်ရာမှ ပြန်ရောက်လာလျှင်လည်း စားစရာသောက်စရာတွေ ဝယ်ဝယ်လာ တတ်သေးရာ အင်း ဒီမိန်းမနဲ့ကတော့ မလွယ်ကြောပါလားဟု စိတ်မောနေရသည်။ ဘာပဲပြောပြော တပည့်ကျော်တွေကတော့ တစ်မျိုးပြီးတစ်မျိုး စားကြောဝါးကြော မိနေ သဖြင့် ပျော်တပြုံးပြုံး မော်မဆုံးနိုင်ကြ။

ပဲခူးသူ၊ ပဲခူးသားတို့သည် ဘာသာရေးဆိုင်ရာ အလှူအတန်းများ ရက်ရော ကြသလောက် ပဲခူးထောင်ထဲမှအကျဉ်းသားတွေကိုလည်း ပစ်ထားလေ့မရှိကြပါ။နေ့ကြီး ရက်ကြီးများတွင် မုန့်ဟင်းခါးကျွေးသူ၊ ဒံပေါက်ကျွေးသူ စသည်အားဖြင့် စီးပွားဖြစ်ထွန်း သူ များပြားသော အလှူရှင်များထဲတွင် ဆေးလိပ်ခုံပိုင်ရှင်မှာ လက်ညှိုးထိုးမလွဲအောင် ရှိနေတတ်သည်။ ၎င်းတို့အထဲတွင် အပျိုကြီးဒေါ်တင်တင်ဝေဆိုလျှင်လည်း ပင်တိုင် အလှူရှင်လို ဖြစ်နေသည်။ ထောင်မှူးမောင်မောင်တို့နှင့်လည်း မောင်ရင်းနှမနှင့်မခြား ခင်မင်ရင်းနှီးလျက် ရှိကြသည်။

သင်္ကြန်တွင်း အကြတ်နေ့တစ်နေ့တွင် ဒေါ်တင်တင်ဝေတို့မိသားစု ပဲခူးထောင် တစ်ထောင်လုံး သင်္ကြန်ထမင်းလာ၍ ကုသိုလ်ကောင်းမှု ပြုကြသည်။ ဖယောင်းသင်း ထားသော သင်္ကြန်ထမင်း၊ ငါးခြောက်ပြုတ်ထောင်းကြော်၊ သရက်သီးသုတ်နှင့်ဆိုတော့ အကျဉ်းသား အကျဉ်းသူတွေအတွက် တစ်မျိုးဆန်းသစ်နေသည်။ ထောင်တွင်းရှိ မွန် အမျိုးသားအဆက်အနွယ်တွေအတွက်တော့ ဖိုးကြိုင်းဒုတ်ပေါ့။ အကျဉ်းသား အများစု ၏ လိုလားချက်အရ လော်စပီကာလည်း တကြော်ကြော်။

တစ်ခါတစ်ရံ ထောင်အုပ်ချုပ်သူနှင့် အလှူရှင်တို့ ဝိရောဓိဖြစ်သည့်အခါလည်း ရှိတတ်သည်။

"အခုလို အခါကြီးရက်ကြီးတွေမှာ သူတို့တစ်တွေကို အချုပ်ခန်းထဲက ဖွင့် ထားလို့မရဖူးလား ဦးမောင်မောင်"

ဒေါ်တင်တင်ဝေက အကျဉ်းသားတွေ၊ အချုပ်သားတွေ သော့ခတ်ထားသည့် အခန်းထဲတွင် စားသောက်နေရသည်ကို ကရုဏာသက်ဟန်ဖြင့် ပြောလိုက်သည်။

"ခက်တယ် မမဝေ၊ ထောင်ကြီးတွေမှာဆိုရင်တော့ သူတို့တစ်တွေကို အမြဲ သော့ခတ်မထားပါဘူး။ မိုးလင်းတာနဲ့ဖွင့်ပေးပြီး ညကျမှအခန်းထဲထည့် သော့ပိတ်ထား

http://www.cherrythitsar.org



တာပါ။ အခုပဲခူးထောင်လိုကျတော့ ဖုံမဟုတ် ပတ်မဟုတ် ဆိုတာလို ထောင်ကြီးတွေလို ကျယ်ကျယ်ဝန်းဝန်းကလည်းမရှိ။ ထားရတဲ့ လူဦးရေကလည်း အဆောက်အအုံနဲ့ မမျှ တတော့ ဖွင့်ပေးထားဖို့ အန္တရာယ်များလွန်းလို့ပါ"

"ယောကျ်ားထောင်တော့ ထားပါတော့ရှင်။ မိန်းမထောင်ထဲမှာက အကျဉ်းသူ သုံးလေးယောက်တည်း ရှိတာပဲ၊ ဖွင့်ပေးထားဖို့ကောင်းပါတယ်"

အင်း.... ခက်တော့ အခက်သား ကျားခင်စိန်တို့ ဒေါ်တင်တင်ဝေကို ဘယ်လိုများ ကပ်ချွဲထားလေသည်မသိ။ အလှူရှင်စေတနာ ကွက်သွားမှာလည်း စိုးရသေးသည်။ သို့ဖြစ်၍၊

"ကိုင်း ဦးချိုရေ မိန်းမထောင်တော့ မနက်ပိုင်း ဖွင့်ပေးထားလိုက်ပါဗျာ"ဟု အမိန့်ပေးလိုက်ရသည်။ တအောင့်လောက်အကြာတွင် ထောင်ပိုင်ကြီးက ခေါ်နေသည် ဆို၍ အိမ်သွားတွေ့ရာ....

"ဦးမောင်မောင်ရေ အိမ်ကချာတိတ်တွေက သင်္ကြန်တွင်း လည်ချင်ကြလို့တဲ့"

"ကားငှားပေးရမလား ဆရာ"

"ဒီလို လုပ်ပေးပါလားဗျာ၊ ကျားခင်စိန် အပေါင်ခံထားတဲ့ကား ရှိတယ် မဟုတ်လား။ ဆရာကြီးလိုတဲ့အခါ ယူစီးပါလို့ ပြောဖူးတယ်။ ဓာတ်ဆီတော့ ဝယ်ထည့်တာပေါ့။ အဲဒါ ခင်ဗျားကလေးတွေကို လိုက်ပို့လိုက်စမ်းပါ"

"တော်ပါ့မလား ဆရာ"

ဤသည်မှာ ထောင်မှူးမောင်မောင်၏ပါးစပ်က အသံထွက်မလာ။ လည်ချောင်းထဲမှာပင် အရည်ပျော်သွားရသော စကားလုံးများဖြစ်သည်။ လောကကြီးတွင် မှန်တာကို ပြန်ပြောလျှင် လက်ခံတတ်သော အထက်လူကြီးလည်းရှိသည်။ ဒီတော့ စကားနည်း ရန်စဲ အုတ်နံရံကို ခေါင်းနှင့် မဆောင့်လို။ ညနေစောင်းလို့ ထောင်ပိတ်မယ်လုပ်တော့ လူပေါင်းမကိုက်တော့။ တစ်ယောက်လိုနေပြီ။ လိုတာကလည်း ယောကျ်ားမဟုတ်၊ မိန်းမ။ ဘယ်သူရှိဦးမလဲ။ ကျားခင်စိန်ပေါ့။

နောက်ပိုင်းမှာ ဗျာများနေရသူက ထောင်ပိုင်ကြီးနှင့်အဖွဲ့။ ထောင်မှူးမောင်မောင်က သူ့သားတွေ ဂျီတိုက်သဖြင့် ရန်ကုန်အထိ ကားလိုက်မောင်းပို့နေရာက ည ၈ နာရီခန့်ကျမှ ပြန်ရောက်သည်။ ထိုအချိန်အထိ သူတို့ ကျားခင်စိန်ကို အစအနရှာ မရကြသေး။ တစ်မြို့လုံး ကားဆိပ်၊ ဘူတာရုံ၊ ပဲခူးချောင်လှေဆိပ်၊ မြို့အဝင်အထွက်မှာလည်း နှံ့နေအောင် ရှာပြီးကြပြီ။ မီးရထားရဲတို့ နီးစပ်ရာ ရဲစခန်းတို့ကိုလည်း တယ်လီဖုန်းဆက်ပြီးကြပြီ။ ဘာသတင်းမျှ မရသေး။

ခက်တာက ထောင်ထဲမှာ အလှူအတန်းတစ်ခုလုပ်ပြီဆိုလျှင် သို့တည်းမဟုတ် ပွဲလမ်းသဘင်တစ်ခုခု ရှိပြီဆိုလျှင် အပြင်လူတွေအနေနှင့် အလွန် စိတ်ဝင်စားကြသည်။ အထူးအဆန်းသဖွယ် ဝင်ကြည့်ချင်ကြသည်။ ထောင်ဝန်ထမ်း မိသားစုက

http://www.cherrythitsar.org



အဆိုးဆုံး၊ ထောင်ဝန်ထမ်းမိသားစုနှင့် အဆက်အသွယ်ရှိသူတို့ကလည်း ဝင်ချင်ကြသည်။ သို့ဖြစ်၍ တံခါးမကြီး လူဝင်လူထွက် မှတ်တမ်းစာအုပ်ကို အသေအချာ ပြန်စစ်ကြရသည်။ အကြောင်းမထူးပါ။ ဘာပဲဖြစ်ဖြစ် ရောက်သမျှဘေးဒဏ် မန္တလေးက ပုဏ္ဏားလေးခံဆိုတာလို ကျားခင်စိန်တို့နေသည့် မိန်းမထောင်အခန်းတံခါးကို ဖွင့်ခိုင်းပေးမိသူ ထောင်မှူးမောင်မောင်မှာ အပြစ်အရှိဆုံး။

ဪ ခုမှ သတိရသည်။ အလှူရှင် ဒေါ်တင်တင်ဝေထံ သွားမေးလျှင် သတင်းအစအနများ ရလေမလား။ အကျိုးအကြောင်း ပြောပြတော့ ဒေါ်တင်တင်ဝေ လည်း အံ့အားသင့်နေသည်။ ဟုတ်တယ်။ နေ့ခင်း ၁၂ နာရီလောက်က မမဝေတို့ အလှူပြီးလို့ ကားနဲ့ပြန်မယ်လုပ်တော့ မခင်စိန်ကားနား လာရပ်တယ်။ မမဝေက လာနှုတ်ဆက်တယ်အောက်မေ့လို့ သွားဦးမယ်မခင်စိန်လို့ နှုတ်ဆက်တော့ သူလည်း ခဏလိုက်ခဲ့ချင်တယ် တဲ့။ ရွှေမော်ဓောဘုရား မဖူးရတာကြာလို့ ဖူးချင်လို့ပါတဲ့။ မမဝေက ဖြစ်ပါ့မလားဆိုတော့ ဖြစ်ပါတယ်တဲ့။ ထောင်ကြပ်အုပ် ဦးချိုကို ပြောပြီးပါပြီတဲ့။ ဒါနဲ့ ရွှေမော်ဓောဘုရားလိုက်ပြပြီး အိမ်ကိုလိုက်ချင်သေးတယ်ဆိုလို့ အိမ်အထိခေါ်ခဲ့သေးတယ်။ နေ့ခင်း ၂ နာရီလောက်ကျမှ ကားနဲ့ပြန်ပို့ခိုင်းလိုက်တာပါ”

ကားမောင်းသူကို ခေါ်မေးကြည့်တော့ ထောင်ရောက်သည်အထိ မစောင့်ဘဲ ထောင်ဘက်လမ်းချိုး တယ်လီဖုန်းအိတ်ချိန်းမှာ ဖုန်းဆက်ချင်သေးသည်ဆိုပြီး ဆင်းနေခဲ့သည်ဆို၏။ အဲဒီမှာ ခြေရာပျောက်ပြီပေါ့။ဒေါ်တင်တင်ဝေ၏ နောက်ဆက်တွဲစကားကို ကြားရတာက ပိုပြီး အူယားစရာ ကောင်းသေးသည်။

“မခင်စိန်ကို ကားပေါ်တင်ပေးလိုက်ပြီး ထောင်ကိုတန်းတန်းမတ်မတ် ပြန်နော် မခင်စိန် ဆိုတော့ စိတ်ချပါမဝေရယ်တဲ့။ ကျွန်မ မပြန်ရင် ကျွန်မကို စိတ်ချလက်ချ တံခါးဖွင့်ပေးတဲ့ ထောင်မှူးအစ်ကိုမောင်မောင် ဒုက္ခဖြစ်သွားမှာပေါ့တဲ့”

အလိုလေးလေး မြတ်စွာဘုရား၊ အစ်ကိုမောင်မောင်ဆိုပါကလား။ ဒုက္ခဖြစ်တာကတော့ လှုလှုပပကြီးပေါ့ ခင်ဗျား။

ပြင်းထန်စွာ သတိပေးလိုက်ပြီး မန္တလေးထောင်သို့ ပြောင်းစေတဲ့။

“မ ပရိယာယ်၊ ထောင်မှူးငယ် နားဝယ်မလည်ရှာ။”

■

# ၈၅

ပျံလေတဲ့ငှက်ခါး နားခါမှ သိမယ်ဟော့။

ထင်းခွေမကြုံ ရေခပ်ကြုံ၊ ရေခပ်မကြုံ ထင်းခွေကြုံ၊ တစ်နေ့နေ့ တစ်နေရာရာမှာ တွေ့ကြသေးတာပေါ့ ကျားခင်စိန်ရာ။

ပဲခူးထောင်မှ လစ်ထွက်ပြေးသွားခဲ့သော ကျားခင်စိန်ကောင်းမှုကြောင့် (reprimanded) ခေါ် ပြင်းထန်စွာသတိပေးခြင်းခံခဲ့ရသော ထောင်မှူးမောင်မောင် အနေနှင့် ကျားခင်စိန်အပေါ်တွင် လုံးဝအခဲမကျေနိုင်။ နေသေးသပ ချုံထဲက ချိုသွေးသပ တမြမြ။ ဒီလိုပါပဲ၊ ထောင်မှူး ထောင်ပိုင်တို့ရဲ့ဘဝဟာ မြွေအကိုက်မခံရဖူးတဲ့ အလမ္ပာယ် ဆရာ မရှိသလို အချီကြီးနဲ့ အချီလေးသာ ကွာရင်ကွာမယ်၊ အကျဉ်းသားဒဏ် မခံရဖူး တဲ့ ထောင်မှူးထောင်ပိုင်ဆိုတာ ခပ်ရှားရှား။ တချို့ဆိုလျှင် ထမင်းအိုးကွဲ အလုပ်ပြုတ် သည်အထိ။ သို့သော် တကယ်တမ်း မိမိကိုဒုက္ခပေးသွားသူနှင့် ပက်ပင်း ပြန်တွေ့သော အခါကျတော့လည်း ကလဲ့စားချေဖို့ဆိုတာ ကြုံတောင့်ကြုံခဲ ဖြစ်တောင့်ဖြစ်ခဲပါ။ ဥပမာ ထောင်မှူး ဦးကျော်သာ၏ အဖြစ်အပျက်ကိုပင်ကြည့်။

"ဆရာ၊ ကျွန်တော် နှစ်ဝက်တင်ချင်လို့ပါ"

"မင်းက ထောင်ဘယ်လောက် ကျလို့လဲ"

"အနှစ် နှစ်ဆယ်ပါ"

"နေသား ဘယ်လောက်ရသွားပြီလဲ"

"စစ်တွေမှာ ၂ နှစ်၊ အင်းစိန်မှာ ၂ နှစ်၊ ခု သာယာဝတီထောင်မှာ ၂ နှစ်ဆိုတော့

http://www.cherrythitsar.org



ပေါင်းခြောက်နှစ်ကျော်ကျော် ခုနစ်နှစ် နီးပါးရှိပါပြီ။ ကျွန်တော်က ဘယ်ထောင်မှာမှ စွဲကြောင်း မရှိခဲ့ဖူးဘူး။ ရပြီးသား ဆုမှတ်နဲ့ဆိုရင် ဆယ်နှစ်တော့ ပြည့်လောက်ပါပြီ"

"မင်းနာမည်က"

"တလုတ်ရှေပါ"

"ပြစမ်းပါဦး မင်းနံပါတ်ကြီး"

သူတို့နှစ်ယောက် ပြောနေသည့်စကားကို ဘေးလူများ နားထောင်ကြည့်လျှင် ရုတ်တရက်နားလည်နိုင်စရာအကြောင်းမရှိ။ အဘယ်ကြောင့်ဆိုသော် ထောင်မှူးဦးကျော်သာကလည်း ရခိုင်၊ အကျဉ်းသားတလုတ်ရှေကလည်း ရခိုင်ဆိုတော့ သူတို့ အချင်းချင်းသာလျှင် အတိအကျနားလည်၍ ဘေးလူများအနေနှင့် ရိပ်ဖမ်းသံဖမ်းမျှသာ။

နံပါတ်ကြီးဆိုသည်မှာ အကျဉ်းသားများ၏ ထောင်တွင်းမှတ်ပုံတင်ကတ် ပြား။ အရွယ်အစားကကြီးတော့ မှတ်ပုံတင်ထက်တော့ ပိုပြီး ကျယ်ပြန့်သည်။ ကိုယ်ရေးမှတ်တမ်း အတိုချုပ် အပြည့်အစုံအပြင် ရှိပြီး လျှော့ရက်၊ ဆေးရုံမှတ်တမ်း၊ အပြစ်ဒဏ် စသည်အားဖြင့် အတော်လေးပြည့်စုံသည်။ ဦးကျော်သာက အတန်ကြာအောင် စစ်ဆေးကြည့်ရှုပြီးမှ၊

"အေး၊ ဒီထဲကအတိုင်းဆိုရင်တော့ နှစ်ဝက်ပြည့်နေပါပြီ။ လျှော့ရက်စာအုပ်တို့ အပြစ်ဒဏ်စာအုပ်တို့နဲ့ ငါတိုက်ကြည့်လိုက်ဦးမယ်။ မင်း နံပါတ်ကြီးထားခဲ့"

အကျဉ်းသားဆိုတာက ဉာဏ်အများသား။ အပြင်လောကမှာ မှတ်ပုံတင်အတုတွေ လုပ်သလို သူတို့နံပါတ်ကြီးထဲက အပြစ်ဖြစ်သည့် စွဲကြောင်းတွေကိုလည်း ဖျက်ထားတတ်ကြသည်။ နှစ်ဝက်တင်ဖို့ကိစ္စမှာ ထောင်တွင်းအပြစ်ဒဏ် ကင်းရှင်းဖို့နှင့် အကျင့်စာရိတ္တ ကောင်းမွန်ဖို့က အရေးအကြီးဆုံး။ ပုဒ်မတွေလည်း ကန့်သတ်ထားသေးသည်။ နိုင်ငံတော်ပုန်ကန်မှုလို အမှုကြီးမျိုးနှင့် အကျင့်စာရိတ္တနှင့်ပတ်သက်သော မုဒိမ်းမှုမျိုးကို လုံးဝထည့်မစဉ်းစား။

နှစ်ဝက်ဆိုတာ ယခင်က  အကျဉ်းထောင်တွေမှာ ရှိခဲ့ဖူးသည်။ (district jail revisory board) အကျဉ်းသားများ အပြစ်ဒဏ် ပြန်လည်စစ်ဆေးရေးအဖွဲ့ဟု ခေါ်သည်။ ဥက္ကဋ္ဌက ခရိုင်ဝန်၊ ထောင်ပိုင်ဝန်က အတွင်းရေးမှူး၊ အဖွဲ့ဝင်တွေက ခရိုင်ရာဇဝတ်ဝန်နှင့် ထောင်ကော်မတီ လူကြီးတို့ပါသည်။ ဗဟိုအဖွဲ့ ဥက္ကဋ္ဌမှာ တရားရေးဝန်ကြီးဌာနမှ အတွင်းဝန်ဖြစ်၍ ယခင်အခေါ် ရဲမင်းကြီးနှင့် တရားရုံးချုပ်မှ တရားသူကြီးတို့က အဖွဲ့ဝင်များ ဖြစ်ကြသည်။ 'နှစ်ဝက်'ဟု ထောင်ဝေါဟာရ 'တွင်' သွားရခြင်းက ဒီလိုပါ။ ထောင်ဒဏ် ၁၀နှစ်ကျသော အကျဉ်းသားတစ်ယောက် ဆိုကြပါစို့။ ထောင်တွင်း နေသားရော ရရှိသည့် လျှော့ရက်ပါပေါင်းလိုက်၍ ၅ နှစ်ပြည့်ပြီးပြီဆိုလျှင် သူ၏ အပြစ်ဒဏ်ကို ပြန်လည်စစ်ဆေးခွင့်ရှိသည်။ အဓိကရည်ရွယ်ချက်က အလွန်ပင် ကောင်းမွန်ပါသည်။ လူဆိုသည်မှာ မလိမ္မာ တစ်ခါမိုက်စမြဲဖြစ်၍ အပြစ်ဒဏ်ကျပြီးသူတစ်ဦးကို

http://www.cherrythitsar.org



ထောင်ထဲမှာ ကြာရှည်စွာမထားချင်၊ ပျက်အစဉ်ပြင်ခဏ သူ လူကောင်းဖြစ်ချိန်တန်လျှင် အပြင်သို့ ပြန်လွှတ်လိုက်သည်။ လွတ်ခဲ့သည့် သာဓကတွေလည်း အမြောက်အမြား ရှိခဲ့ဖူးသည်။ သို့သော် လွယ်လွယ်ကလေးတော့ မဟုတ်။ လုပ်ငန်းသဘော သဘာဝ လမ်းကြောင်းအနေနှင့် အတော်လေးသံသရာရှည်သည်။ တိလည်း တိကျသည်။ နှစ်ဝက်တင်မည်ဆိုလျှင် ပထမဦးဆုံးလုပ်ရမည့်လုပ်ငန်းမှာ နှစ်ဝက်တင်မည့် အကျဉ်းသားအား အပြစ်ပေးလိုက်သည့် ခရိုင်ရှိ ခရိုင်ရာဇဝတ်တရားသူကြီးရုံးသို့ အမှုတွဲ လှမ်းတောင်းရသည်။ proceeding ဟုခေါ်သော အမှုတွဲမှာ သေးသေးမွှားမွှား မဟုတ်။ အမှုတစ်ခုဖြစ်သည့် နိဒါန်းအစဟု ဆိုရမည့် ရဲဌာနတွင် ဖွင့်လှစ်သည့် ပထမ သတင်းပေးချက် (F.I.R.) ခေါ် (First Information Report) မှအစ၊ သက်ဆိုင်ရာ တရားလို တရားခံ နှစ်ဖက်သက်သေ၏ ထွက်ဆိုချက်များ၊ ဆွဲချခေါ် အစိုးရရှေ့နေနှင့် တရားခံရှေ့နေတို့၏ လျှောက်လဲချက်များ အလယ်ထားပြီး နောက်ဆုံး တရားရုံးမှ စီရင်ချက်အထိ ပါဝင်သည်။ အယူခံဝင်လျှင် အယူခံနိုင်မိန့် ရှုံးမိန့်အထိ ပါလိုက်သေးသည်။ သို့ဖြစ်၍ အမှုတွဲမှာ အထူကြီး။

ထောင်မှူး ဦးကျော်သာသည် 'တလုတ်ရှေ'၏ အမှုတွဲကို စစ်တွေခရိုင် ရာဇဝတ် တရားသူကြီးရုံးသို့ လှမ်းတောင်းလိုက်ရာ တစ်လအတွင်း ရောက်လာသည်။ သူ့တာဝန်က အဆိုပါအမှုတွဲကြီးကို အစအဆုံးဖတ်ပြီး အမှုဖြစ်စဉ်အကျဉ်းချုပ် (summary) ရေးရမည်ဖြစ်၏။ အမှုတွဲကြီးတစ်ခုလုံးကို အပြစ်ဒဏ် ပြန်လည်စစ်ဆေး ရေး အဖွဲ့ဝင်တွေ မဖတ်နိုင်။ အဆိုပါအကျဉ်းချုပ်ကို မိတ္တူပွားပြီး အစည်းအဝေးတွင် တင်ပြ၊ အဖွဲ့မှ ကြားနာစစ်ဆေးပြီးထောက်ခံပါက သက်ဆိုင်ရာခရိုင်ဝန်ထံ အထက်အဖွဲ့ အစည်းသို့ တင်ပြရန် ထောက်ခံ မထောက်ခံ စာရေး မေးရဦးမည် ဖြစ်၏။ ခရိုင်ဝန်က လည်း သူ့သဘောနှင့် မပြီး။ အောက်အဆင့် နယ်ပိုင်၊ မြို့ပိုင်၊သူကြီးအထိ ဆင်းပြီး စုံစမ်းမေးမြန်းရသည်။ အဓိပ္ပာယ်မှာ သူ၏ နေရပ်ဇာတိမှ ထောင်ဒဏ် မစေ့မီ ပြန်လွှတ် လျှင် လက်ခံနိုင် လက်မခံနိုင် သိရှိလိုခြင်းပင်ဖြစ်၏။

ဒီနေရာမှာ ပြဿနာတစ်ခု တက်တတ်သည်။ ယင်းကဲ့သို့ အဆင့်ဆင့် စာရေးမေးမြန်းသည့်အခါ သက်ဆိုင်ရာအကျဉ်းသား၏ ဆွေမျိုးသားချင်းမှလွဲပြီး နယ်ခံ လူထုအနေနှင့် နှစ်မစေ့မီ ပြန်လွှတ်လာခြင်းကို လုံးဝ မလိုလားတတ်ခြင်းပင် ဖြစ်၏။ ဤသည်မှာ လွဲမှားသော အယူအဆနှင့် ရှေးကျသောအတွေးအခေါ်ဟု ဆိုရမည်။ လူ တစ်ယောက် တစ်ကြိမ်တစ်ခါ မိုက်မိတာနှင့် တစ်ဘဝလုံး လူမိုက်ကြီး ဖြစ်ရတော့ မလား။ ဒါကြောင့်လည်း ယခင်က ထောင်ထွက်ဆိုလျှင် အပြင်လူတွေက ဝိုင်းပြီး ကျဉ်ထားတတ်သဖြင့် သူခိုးက ဓားပြဖြစ်၊ ဓားပြက သောင်းကျန်းသူ ဖြစ်သွားတတ်ကြ သည်။ ယခုတော့ ထောင်ထွက်တွေ များလာပြီ ဖြစ်သဖြင့် ယင်းပြဿနာ မရှိတော့ပြီ။

ထောင်မှူးဦးကျော်သာသည် တလုတ်ရှေ၏အမှုတွဲကြီးကို တော်တော်နှင့်

http://www.cherrythitsar.org



မကိုင်ဖြစ်သေးပေ။ အလုပ်များတာလည်း တစ်ကြောင်း၊ အမှုတွဲကြီးတစ်ခုလုံး ကုန်အောင်ဖတ်ပြီး အတိုချုံးရေးရသည်မှာ အလွန်ပျင်းစရာကောင်း၍ လက်ဝင်လှသဖြင့် တစ်ကြောင်း ခပ်ဆိုင်းဆိုင်း လုပ်နေခြင်း ဖြစ်သည်။ ထိုအတောအတွင်းမှာပင် နောက်ထပ် နှစ်ဝက်တင်လိုသူ တစ်ယောက် ဦးကျော်သာထံ ရောက်လာသည်။

"ဆရာ၊ ကျွန်တော့်ကိုလဲ နှစ်ဝက်တင်ပေးပါ"

"မင်းနာမည်"

"သာဒိုးပါ၊ တလုတ်ရှေနဲ့ အမှုတွဲပါ"

"မင့် နံပါတ်ကြီး ပြစမ်းပါဦး"

နံပါတ်ကြီးကို ဖင်ပြန်ခေါင်းပြန် ကြည့်ပြီးနောက်၊

"ဟင်၊ မင့်နံပါတ်ကြီးထဲက မင်းနဲ့ ပြစ်ချက်စွဲကြောင်းတွေကလဲ ရဲပဒေါင်းထနေတာပါကလား။ ဒီလိုဆိုရင် လျှော့ရက်ဘယ်လိုလုပ် ရနိုင်တော့မလဲ။ တလုတ်ရှေက လျှော့ရက်အပြည့်ရထားတာ"

"ဒါတော့ ဆရာပဲ ကြည့်ပြီး ကူညီပေးပါ။ ဆရာ့ကျေးဇူးကို မမေ့ပါဘူး"

"မလုပ်ပါနဲ့ အရပ်သားရာ၊ ဒီလို ကိစ္စမျိုးက ဘယ်လိုမှ ကူညီလို့ မရပါဘူး"

"ဒါဖြင့် ဆရာ တလုတ်ရှေကိုတော့ နှစ်ဝက်တင်ပေးမှာပေါ့"

"အေးလေကွာ သူက နှစ်ဝက်လဲ ပြည့်တယ်၊ စွဲကြောင်းလဲ ကင်းနေတာကိုး။ တင်ပေးရမှာပေါ့"

သာဒိုးသည် ဦးကျော်သာထံမှ နံပါတ်ကြီးကိုယူပြီး ပြန်လှည့်သွားမည်ဟန်ပြင်ပြီးမှ မသွားသေးဘဲ၊

"ဆရာ့ကို တစ်ခုလောက် မေးပါရစေ"

"ဘာမေးမလို့လဲ"

"ဆရာ့အဖေဟာ နယ်ပိုင်ဝန်ထောက်မင်း ဦးစံရွှေဦးဆိုတာ ဟုတ်ပါသလား"

ဦးကျော်သာ အံ့အားသင့်သွားကာ၊

"အေး၊ ဟုတ်တယ်၊ မင်းကဘယ်လိုလုပ် သိတာလဲ"

"တစ်နေ့က ဆရာနဲ့ဆရာဦးသာမြတို့ ပြောနေသံကြားလို့ပါ"

"မင်းက ငါ့အဖေကို သိလို့လား"

"သိလား မသိလား မေးမနေပါနဲ့တော့ ဆရာ၊ ကျွန်တော်နဲ့ တလုတ်ရှေတို့ အမှုတွဲကိုသာ ဖတ်ကြည့်ပါတော့၊ အဲဒါဖတ်ပြီးရင် ဆရာ တလုတ်ရှေရဲ့ နှစ်ဝက်လဲ တင်ဖြစ်မှာ မဟုတ်တော့ပါဘူး"

ဦးကျော်သာ မနေသာတော့ပေ။ တလုတ်ရှေတို့ အမှုတွဲကို ချက်ချင်း ကောက်ကိုင် ဖတ်ရတော့သည်။ အမှုတွဲထဲတွင် တရားခံအနေနှင့် တလုတ်ရှေနှင့် သာဒိုးတို့ နှစ်ယောက်တည်း မဟုတ်ပေ။ အခြား အမှုတွဲ တရားခံလေးဦး ရှိနေသေးသည်။ ၎င်းတို့မှာ

http://www.cherrythitsar.org



အခြားထောင်တစ်ထောင်တွင် ရှိနေပေလိမ့်မည်။

အချိန်အခါအားဖြင့် ၁၉၄၅–၄၆ ခုနှစ် ကက်စ်ဘီ ခေါ် စစ်အုပ်ချုပ်ရေးကာလ။ နယ်ပိုင်ကြီး ဦးစံရွှေဦးသည် သူ့အား ပေးထားသော ဘီတပ်ခ် မော်တော်ကားတစ်စီးဖြင့် နတ်မြစ်အတွင်း တစ်ရွာဝင် တစ်ရွာထွက် တာဝန်များဆောင်ရွက်လျက်ရှိသည်။ နယ်ပိုင်ကြီး ခရီးတစ်ခါထွက်လျှင် အနည်းဆုံး လေးငါးရက် ကြာတတ်သည်။ မော်တော်ပေါ်တွင် ရဲစောင့်အရှောက် ထမင်းချက် စားပွဲထိုး ပြာတာကအစ လူစုံတက်စုံ ပါပြီးသား။

"ပါပါ၊ ဒီတစ်ခေါက် ရသေ့တောင်ထိအောင် သွားမယ်နော်"

"အေးပါကွာ၊ သွားကြတာပေါ့"

ထိုအချိန်က ဦးစံရွှေဦး၏ သားအငယ် မောင်ကျော်သာမှာ အသက် ၁၅နှစ်ကျော်ကျော် ရှစ်တန်းကျောင်းသား၊ သူ့အစ်ကို ကျော်ဖုံဦးက ၁၀ တန်းရောက်နေပြီ။ ကျောင်းပိတ်ရက်နှင့် ကြုံနေသဖြင့် သူတို့ညီအစ်ကို နှစ်ယောက်လည်း ဦးစံရွှေဦး ခရီးထွက်ရာသို့ ပါလာကြသည်။ ညီအစ်ကို နှစ်ယောက်  ငါးမျှားလိုက်၊ ငှက်ပစ်လိုက်၊ မော်တော်ပေါ်တွင် လက်တောက်ခုန်ကစားလိုက်နှင့် အပျော်ကြီး ပျော်နေကြသည်။ ရွာတစ်ရွာတွင် ညအိပ်ရပ်နားနေစဉ် သူကြီးအိမ်မှ ထမင်းဖိတ်ကျွေးသဖြင့် နယ်ပိုင်ကြီးတို့ မိသားစုအားလုံး ထမင်းသွားစားကြသည်။

"သူကြီး သူက ဘယ်သူလဲဗျ၊ သူ့ကို ကျွန်တော် ကောင်းကောင်းမြင်ဖူးပါတယ်"

နယ်ပိုင်ကြီးသည် သူကြီးအိမ်တွင် လုပ်ကိုင်နေသော လူငယ်ကလေးများ အနက် အသက်အစိတ်ခန့်ရှိ လူရွယ်တစ်ဦးကို မေးငေါ့၍ မေးလိုက်ခြင်းဖြစ်သည်။

"သခင်ကြီး သူ့ကိုသိမှာပေါ့၊ တလုတ်ရှေလေ။ သူ့အဖေ ဦးကောင်းဖဲ လူသတ်မှုနဲ့ သခင်ကြီးရုံးက ထောင်တစ်သက်တစ်ကျွန်းချလိုက်တာ ဘာကြာသေးလို့လဲ"

"ဩော်၊ အင်း.... အင်း.... ဟုတ်ပြီ၊ သတိရပြီ။ အဲဒီအမှုမှာ တကယ်သတ်တာက ဒီကောင်ဗျ။ ကျွန်တော် ကောင်းကောင်းသိတယ်။ ဒါကို သူ့အဖေက ဖွတ်ဝင်ခံတာ။ သက်သေတွေကလည်း ဝိုင်းလိမ်နေကြတော့ အမှုသွား အမှုလာကိုကြည့်ပြီး စီရင်ချက် ချခဲ့ရတာပဲလေ"

ဦးစံရွှေဦးလည်း လုပ်သက်ရင့် နယ်ပိုင်ကြီးတစ်ဦးဖြစ်၍ လူကဲခတ် ညံ့သူမဟုတ်ပေ။ တလုတ်ရှေ၏ မျက်စိကြည့်ပုံနှင့် အမူအရာကို လုံးဝမကြိုက်။ သို့ဖြစ်၍ ထိုညက သူကြီးအိမ်မှာ ထမင်းစားရာတွင် အရက်ပင် လုံးဝမသောက်၊ ထမင်းသာ မြန်မြန်စားပြီး မော်တော်ရှိရာ မြစ်ဆိပ်သို့ ပြန်ခဲ့သည်။ မောင်ကျော်သာတို့ ညီအစ်ကို နှစ်ယောက်ကတော့ သူတို့အဖေ အရက်မသောက်သဖြင့် အဆန်းဖြစ်နေသည်။

"ပါပါ ဘာဖြစ်လို့ အရက်မသောက်တာလဲ"

"မသောက်ချင်လို့ပေါ့ကွာ။ တို့ မော်တော် ဆက်ထွက်ကြမယ်။ ၁၂ နာရီ

http://www.cherrythitsar.org



လောက်ကျမှ ရောက်တဲ့ရွာမှာ ညအိပ်ကြတာပေါ့။ အဲဒါဆိုမနက်ကို ရသေ့တောင် စောစောရောက်သွားမယ်"

နယ်ပိုင်ကြီးသည် ထိုညက ရန်ကိုရှောင်ခဲ့ခြင်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးစ လက်နက်ပုန်းတွေကလည်း ပေါပါဘိခြင်း။ အပြန်ခရီးတွင် နယ်ပိုင်ကြီးက ရဲအစောင့် အင်ချပ်ကို အသေအချာ သတိပေးခဲ့သေးသည်။

"ဆာဂျင်ထွန်းလှရွှေ၊ အပြန်ကျရင် ကြက်ဖြူကျွန်းရွာအောက်နားက ဒိုးသောင်ကွေ့မှာ ဂရုစိုက်နော်၊ ဝဲကိုရှောင်ရမှာဆိုတော့ တောစပ်နဲ့ ကမ်းပါးက သိပ်နီးလွန်းတယ်"

ထောင်မှူးဦးကျော်သာသည် အမှုတွဲကို ဆက်လက်ဖတ်နိုင်စွမ်း မရှိတော့ပေ။ ရင်ထဲက လှိုက်လှိုက်လာပြီး ရစ်ဝဲလာသော မျက်ရည်များကြောင့် စာလုံးများမှာလည်း မသဲကွဲတော့။ တကယ်တော့ ဒီအမှုတွဲကြီးကို အပင်ပန်းခံပြီး ဆက်ဖတ်နေဖို့ မလိုတော့ပါ။ အမှုတွဲထဲမှာ မိမိနာမည်ပါရုံမျှမက မိမိကိုယ်တိုင်ပါဝင် လှုပ်ရှားခဲ့ရသော မြင်ကွင်းမှာ မျက်စိထဲ အထင်းသား ပေါ်လာ၏။

ပါပါဦးစံရွှေဦး၏ တွေးဆချက်များသည် သွေးထွက်အောင် မှန်လှပါသည်ဟု ဆိုရပေမည်။ သွေးထွက်သမှ နတ်မြစ်ရေသည် သွေးချင်းချင်း နီရဲသွားရ၏။ မော်တော်ပြန်ဆင်းလာရာတွင် တလုတ်ရှေ့တို့အဖွဲ့က ဒိုးသောင်ကွေ့မှ ချုံခိုတိုက်ခိုက်ကြရာ ရဲဆာဂျင် အင်ချပ်ထွန်းလှရွှေ အပါအဝင် လေးယောက် ပွဲချင်းပြီးသေ၍ နှစ်ယောက်ပြင်းထန်စွာ ဒဏ်ရာရသည်။ ဆလင်မျက်လုံးတစ်ဖက် ပျက်၍ တက်မကိုင်က အရဲစွန့်ပြီး ဆက်မောင်းခဲ့ရသည်။ ဦးစံရွှေဦးကိုယ်တိုင် စတင်းဂန်းသေနတ်ကိုင်ပြီး ခုခံပစ်ခတ်သဖြင့် ဒဏ်ရာရသွားစဉ် အစ်ကို ကျော်ဖေဦးကပါ ဖခင်ကို ကူညီရန် အပေါ်တက်သွားသဖြင့် ဒဏ်ရာပြင်းထန်စွာ ရခဲ့သည်။ ဦးစံရွှေဦးလမ်းမှာပင် ကွယ်လွန်၍ ကျော်ဖေဦးက ဆေးရုံရောက်မှ ဆုံးသည်။ မောင်ကျော်သာတစ်ယောက်တည်း စက်ခန်းထဲမှာဝပ်နေ၍ အသက်မသေ ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။ပါတလိတ်သဘော်ဆိပ်ကို မော်တော်ဆိုက်တော့ စိတ်မချမ်းမြေ့ဖွယ်ရာ လာရောက်ကြိုဆိုကြည့်ရှုနေကြသော လူအုပ်ကြီးမှာ နည်းနည်းနောနော မဟုတ်ပေ။ ကမ်းလုံးညွတ်မျှ ဖြစ်၏။ ထိုအထဲတွင် သားသေလင်ဆုံး မယ်ပဋာစာတ်ခင်းသလို သတိမေ့မြောကာ တက်သွားသော မိခင်ကြီး ဒေါ်စံမေ၏ အဖြစ်ကို ထောင်မှူးဦးကျော်သာ ဘယ်လိုလုပ် မေ့ပျောက်နိုင်စွမ်း ရှိပါမည်နည်း။

လောကဓံတရားသည် ဆန်းကြယ်လှပေစွ။ ကံတရား၏ အလှည့်အပြောင်းကို မည်သည့် ပဥ္စလက်မျက်လှည့်ဆရာမှ လိုက်၍ မီနိုင်အံ့မထင်။ ယခုပင်ကြည့်ပါ။ ထောင်မှူးဦးကျော်သာသည် မိမိ၏ဖခင်နှင့် အစ်ကိုကိုသတ်ခဲ့သူ တလုတ်ရှေနှင့် ပက်ပင်းတွေ့နေရပြီ။ တွေ့ရုံမျှမက သူ၏လွတ်မြောက်ရေးအတွက် ဆက်လက် ဆောင်ရွက်ပေးရဦးမည် ဖြစ်၏။ ဒီတာဝန်ကို သူရှောင်လွှဲ၍ မရ၊ မလွှဲမသွေ လုပ်ကို လုပ်ပေးရမည်။

http://www.cherrythitsar.org



သက်ဆိုင်ရာ အဖွဲ့အစည်း အဆင့်ဆင့်က ထောက်ခံတာ မထောက်ခံတာ တခြား၊ လွတ်တာ မလွတ်တာ တစ်ဘာသာ။

ပျံလေတဲ့ငှက်ခါး နားခါမှ သိမယ်ဟော့ ဆိုသော်လည်း ငှက်ခါးက တကယ် တမ်း မိမိရှေ့မှောက် လာနားနေပါလျက် ဘာမှလုပ်လို့မရတဲ့ သာဓကတွေ အများကြီး ရှိသည်။ ဥပမာ ထောင်မှူးမောင်မောင်ကို ပဲခူးထောင်မှာ ဒုက္ခပေးသွားခဲ့သော ကျားခင်စိန် ကို ထင်းမခွေ ရေမခပ်ရဘဲ မန္တလေးထောင်မှာ ကြုံခဲ့ရပါ၏။ သို့သော် သူ့ကို ဘာမျှ လုပ်၍မရ။ ပဲခူးထောင်မှ ထွက်ပြေးသည့် အမှုအတွက် ထောင် ၆ လ ကျခံပြီးနေပြီ။

ကိုင်း၊ ငှက်ခါးနားတော့ကော ကိုယ်က ဘာလုပ်လို့ ရလို့တုန်း။ လက်ဖျားနဲ့ သွားတို့ကြည့်ပါလား။ ကိုယ်ပဲ ဒုက္ခရောက်သွားမှာပေါ့။ ကိုယ်ကသာ ဘာမှမလုပ်လိုက် ရပေမယ့် သူကတော့ ထောင်ကမလွတ်ခင် မိန်းမထောင်ထဲ ဘယ်လိုတီးတိုး သတင်း လွှင့်သွားခဲ့သလဲဆိုတော့၊

“အဲဒီ ထောင်မှူးဦးမောင်မောင်နဲ့ ကျွန်မတို့က ငယ်ရည်းစားရှင့်၊ လွန်လွန် ကျူးကျူးတောင် ဖြစ်ခဲ့ဖူးတာ” ဟူသတည်း။

■

http://www.cherrythitsar.org

# ၈၆

တကယ်တမ်းတွေးကြည့်လိုက်တော့ ထောင်မှူးမောင်မောင်ကို ကျားခင်စိန်က "သူနဲ့ ကျွန်မ ငယ်ငယ်က သမီးရည်းစားဘဝ လွန်လွန်ကျူးကျူးတောင် ဖြစ်ခဲ့ဖူးတာရှင့်"ဟု ပြောခြင်းမှာ မိမိကွယ်ရာတွင် ပြောသွားခြင်းဖြစ်၍ အများကြီး ခံသာပါသေးသည်။ တချို့ထောင်မှူးတွေအဖြစ်က ဒီထက်တောင် ဆိုးသေး။

၁၉၅၄ ခုနှစ်ခန့်ကဆိုတော့ ကြာတော့ ကြာခဲ့ပါပြီ။ မန္တလေးထောင်ကြီးတွင် တာဝန် ထမ်းဆောင်နေစဉ်က ဖြစ်၏။ ညနေခင်း ၅ နာရီခန့် အပြင်တရားရုံးမှ အချုပ်တရားခံများ ကားပြာကြီးဖြင့် ထောင်သို့ပြန်ရောက်လာရာ ထိုနေ့ကမှပါလာသော ဆံပင်ကုပ်ဝဲကလေးနှင့် အချုပ်တရားခံ အမျိုးသမီးအသစ်တစ်ဦးက ဘာမပြောညာမပြောနှင့် ရုံးပြန်များကို လက်ခံနေသော ထောင်မှူး၏ခြေသလုံးကို ပြေးဖက်ပြီး၊

"အံမယ်လေး အစ်ကိုရဲ့ ဒေစီ့ကို ကယ်ပါဦး" ဟု အော်ဟစ်ငိုယိုလိုက်ရာ ထောင်မှူးခမျာလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ၊ ဘေးကလူတွေမှာလည်း အို့တို့ အမ်းတမ်းဖြစ်ကာ အရှက်တကွဲ အကျိုးနည်း ဖြစ်ခဲ့ရဖူးသည်။ တော်ပါသေးသည်။ ထိုသူငယ်မနှင့် အတူပါလာသော မိန်းမထိန်းနှင့်တူသူက ကောင်မလေးကို ဆွဲသွားပြီး

"ဟဲ့.... ဒေစီ၊ အဲဒီလို မလုပ်ရဘူး။ ငါကြည့်စီစဉ်ပေးမှာပေါ့၊ လာစမ်း"ဟု ဆွဲခေါ်သွားသဖြင့် ထောင်မှူးခမျာ သက်သာရာရသွားခဲ့သည်။ ယခုတော့ အဆိုပါ ထောင်မှူးလည်း ထောင်ပိုင်ကြီးဘဝနှင့်အငြိမ်းစားယူကာ ဘုရားနှင့်တရားနှင့် ဝိပဿနာ ရိပ်သာ မှန်မှန်ဝင်လျက် ရှိနေပါပြီ။

http://www.cherrythitsar.org



ထောင်မှူး၊ ထောင်ပိုင်နှင့် အကျဉ်းသား အကျဉ်းသူတို့၏ ဘဝကတော့ ဒီလိုပဲ လုံးလားထွေးလား ခွဲခြားမရ။ ပြဿနာရယ်လို့ ပေါ်လာလျှင် ဘတစ်ပြန် ကျားတစ်ပြန်ဆိုတာလို ဦးသူက နှံသွားတတ်မြဲ။ သို့သော် စေ့စေ့တွေးလို့ ရေးရေး ပေါ်တာ တစ်ခုတော့ရှိသည်။ ပေါက်ပင်ဘာလို့ ကိုင်းရတယ်ဆိုတာလို အကျဉ်းသား ရှိလို့ ထောင်တွေရှိ၊ ထောင်တွေရှိလို့ ထောင်မှူး ထောင်ပိုင်ရှိ၊ တစ်ဦးနှင့်တစ်ဦး ကျွန်း ကိုင်းမှီ ကိုင်းကျွန်းမှီ၊ ကတီညက ကတဝေရီ ကျေးဇူးတရားမကင်းကြ။ ဒါကြောင့်လည်း အပြင်မှာ လူစုလူဝေးနှင့်ရန်ဖြစ်နေကြသည်ကိုမြင်လျှင် ရယ်စရာအဖြစ် ပြောမိသေးသည်။

"ဟဲ့ ရန်ဖြစ်တာ ဖြစ်ပေစေ၊ သွားဖျန်ဖြေ မပေးကြနဲ့။ အရိုက်ခံရတဲ့သူကို ဆေးရုံပို့၊ ရိုက်တဲ့သူကို ရဲစခန်းအပ် ဒါပဲရှိတယ်။ တော်တော်ကြာ ဘာမှမဖြစ်ဘဲ လူတွေအားလုံး သူတော်ကောင်းတွေချည်း ဖြစ်ကုန်ရင် ရဲတို့ထောင်မှူး၊ ထောင်ပိုင်တို့၊ တရားသူကြီးတို့၊ ရှေ့နေတို့ ဘာအလုပ်မှမရှိဘဲ ထမင်းငတ်ကုန်ဦးမယ်" လို့။ ဒါလည်း ကြံကြံဖန်ဖန်တွေးမိလို့ ရယ်စရာအဖြစ်ပြောမိတာပါ။ တကယ်တမ်းကျတော့ ဘာမျှ ပူစရာ မရှိ။ ဘယ်သူတွေဘာပြောပြော လောကကြီးမှာ လောဘရယ်၊ ဒေါသရယ်၊ မောဟရယ် မီးတောင်ကြီးသုံးခု ပေါက်ကွဲနေသမျှ ကာလပတ်လုံး ထောင်တို့၊ ရဲတို့၊ တရားရုံးတို့ဆိုတာ ရှိမြဲရှိနေဦးမည်သာ။ ခုပြောတဲ့ လူပဲကြည့်လေ အလုပ်ပြုတ်ပြီး ထမင်းငတ်မှာကြောက်လို့တဲ့ လောဘတရား စိတ်ထားကလေးက ဇာတိပြနေပြီ။

သို့ကလို ဘာသာတရားနှင့်ယှဉ်တွေး လိုက်ပြန်တော့လည်း ယခုဘဝ လူရယ် လို့ဖြစ်လာပြီး အနှစ်လေးဆယ်နီးပါးမျှ ရာဇဝတ်ကောင် မတစ်ထောင်သားတွေနှင့် နိစ္စဒူဝ တရင်းတနှီး နေထိုင်စားသောက် တွေ့ကြုံဆက်ဆံလာရသည်မှာ ပရံပရရှေးအတိတေ ဘဝဘဝက ရေစက်လို့ပင်ဆိုရပါမည်။ သို့ဖြစ်၍ သူတို့ကိုလည်း အမုန်းမပွားနှင့်၊ မိမိတို့ မိသားစုအား ထမင်းကျွေးနေသော ထမင်းရှင်များအဖြစ် မေတ္တာမှန်မှန်ပို့။ သူ့ကျေးဇူး ကိုယ့်ကျေးဇူး အတုံ့အလှည့်ဆိုတာ အသွားအပြန် အလျားအနံသဖွယ် တကယ်ရှိပါ သည်။ ပြစရာသာကေတွေ အများကြီး။

ထောင်မှူးမောင်မောင်တို့ အလုပ်ဝင်စက အင်းစိန်ရန်ကုန်ပြေးသည့် သိကြား မင်းတံဆိပ် အချိန်မှန်ဘတ်စ်ကားကြီးများရှိသည်။ အင်းစိန်ကားဂိတ်က ယခု ၈ ကား ဂိတ် နေရာမှာဖြစ်၍ ရန်ကုန်ကားဂိတ်က ယခု အနော်ရထာလမ်းနှင့် ရွှေတိဂုံဘုရားလမ်း ထောင့် မီးပွိုင့်အနောက်ဘက် သိမ်ကြီးဈေးရှေ့မှာ ဖြစ်သည်။ ၁၅ မိနစ်တစ်ကြိမ် အချိန်မှန် တစ်စင်း ထွက်သည်။ ယခုခေတ်လို လူမကျပ်။ အားလပ်သော တနင်္ဂနွေနေ့များတွင် ရန်ကုန်တစ်မြို့လုံးလျှောက်လည်ကာ ညနေခင်း အင်းစိန်ထောင်ပြန်ရန် ဘတ်စ်ကား ပေါ်တွင် တက်ထိုင်ပြီး ကားထွက်ချိန်ကို စောင့်နေမိသည်။ ထိုအချိန်တွင် အပြင်ထုတ် ထားသော လက်တစ်ဖက်ထဲသို့ အရာဝတ္ထုတစ်ခု ရောက်လာသဖြင့် လှည့်ကြည့်လိုက် ရာ ကပ်ပီတန်စီးကရက် တစ်ဘူးဖြစ်နေသည်။ ထိုအချိန်က ကပ်ပီတန်နှင့် နတ်ပကျွန်း

http://www.cherrythitsar.org



လူသုံးများ၍ ငါးသုံးလုံးတို့ လက်ကီးဆရိုက်တို့ ခေတ်မစားသေး။ လက်ထဲ စီးကရက်ဘူးလာထည့်သူကို ကြည့်လိုက်မိတော့ သူက ဘာမှမပြော။ မိမိက ကျေးဇူးတင်ကြောင်း မပြောလိုက်ရခင်ပင် 'နေကောင်းလား ဆရာ'ဟု ပြုံး၍ နှုတ်ဆက်ကာ နောက်ကြောင်းပြန်လှည့်သွားတော့သည်။ သူကား ထောင်ထဲ မကြာခဏ ဝင်လိုက်ထွက်လိုက်လုပ်နေသော ခါးပိုက်နှိုက် မောင်မြင့်။

တစ်ခါတလေ ဆိုက်ကားစီး၍ခရီးသွားရင်း သွားလိုရာ လမ်းဆုံးရောက်သည်နှင့် ကျသင့်ငွေ ဆိုက်ကားခကို ထုတ်ပေးရာ...."နေပါစေ ဆရာရယ်။ ဆရာက ကျွန်တော့်ကို မမှတ်မိဘူးနဲ့တူတယ်" ဟုဆိုကာ ငွေလက်ခံရန်ဖွတ်ငြင်း၍ ဆိုက်ကားနင်း ထွက်သွားတတ်သည်။ သူ ထောင်ထွက်ပဲ ဖြစ်ရမှာပေါ့။ ပြောပြန်လျှင်လည်း အောင်မင်းလွန်ရာကျမယ်ဆိုတာလို ကြီးကျယ်ရာ ကျမည်လားမသိ။ ထောင်မှူး ထောင်ပိုင်နှင့် ထောင်ထဲရောက်ဖူးသူတို့မှာ ရွှေမန်းတင်မောင်နှင့် ပွဲကြည့်ပရိသတ်ပမာ ဖြစ်သည်။ သို့ဖြစ်၍ ထောင်မှူးထောင်ပိုင်တို့နှင့် သိကျွမ်းပြီး ခပ်မေ့မေ့ ဖြစ်နေသူတို့မှာ ကျောင်းဆရာ ဆရာမများ မြင်မြင်သမျှ သူတို့တပည့်လို့ အထင်ခံရသည်ထက် ပိုဆိုးစရာသာ အကြောင်းရှိတော့သည်။

အများဆုံး ကြုံရတာကတော့ စားသောက်ဆိုင်များ၊ ဟိုတယ်များတွင် ဖြစ်၏။ တစ်ယောက်တည်း သွားသည့်အခါလည်း ကြုံသည်။ သောက်ဖော်စားဘက် အပေါင်းအသင်းများနှင့် သွားသည့်အခါလည်း ကြုံသည်။ စားသောက်ပြီးစီး၍ ငွေရှင်းမည် ပြုသောအခါ အနီးအနားရှိ တစ်ဝိုင်းဝိုင်းမှ ရှင်းပြီးသွားကြောင်း သိရသည်။ တချို့လည်း အထင်ခံအမြင်ခံ ဖြောင်ပြော၍ ရှင်းသွားသည်။ တချို့ကျတော့ ဘယ်သူဘယ်ဝါပင် ပြောမသွား။ သူ့မိတ်ဆွေဟောင်းလို့ ပြောလိုက်ပါဟုသာ ဆိုင်ရှင်ကိုမှာသွားသည်။ ထောင်မှူး၊ ထောင်ပိုင်အတွက် ကျေးဇူးခံကျေးဇူးစားဆိုလို့ ထောင်လွတ်အကျဉ်းသားများမှတစ်ပါး အခြားမရှိနိုင်။ ဒါတွေက သွားရင်းဟန်လွဲ ထမင်းစားရသောက် စာမဖွဲ့လောက်သည့် အသေးအဖွဲ့အတွေ့အကြုံကလေးများသာဖြစ်၍ အမှတ်မထင်များလည်း ရှိခဲ့ဖူးသည်။ ဥပမာ ၁၉၅၂ခုနှစ်ခန့် မိတ္ထီလာထောင်တွင် တာဝန်ထမ်းဆောင်နေစဉ်ကဆိုလျှင်....

မိတ္ထီလာကန်ဦးရှိ ဖောင်တော်ဦးဘုရားပွဲတော်ကြီးကို နှစ်စဉ် တော်သလင်းလဆန်း ၁၂ ရက်နေ့တွင် ကျင်းပမြဲဖြစ်၏။ ထိုဘုရားပွဲတော်ကြီးတွင် ရပ်ကွက်အလိုက် အစိုးရဌာနများအလိုက် လှေပြိုင်ပွဲများ အပြိုင်အဆိုင်ကျင်းပလေ့ရှိ၏။ တော်သလင်းနေ ပုစွန်သေ ဆိုသည့်အတိုင်း အညာနေက ပြင်းသည်။ တော်သလင်းလဆန်းစက ဖောင်တော်ဦးစေတီတော်ကြီးအနီး မိတ္ထီလာကန်ကြီးထဲတွင် ရေများခန်းခြောက်နေသဖြင့် ဒီနှစ်တော့ လှေပြိုင်ပွဲမှ ကျင်းပဖြစ်ပါ့မလားဟု လူတိုင်းသံသယ ဖြစ်နေကြသည်။ လဆန်း ၈ ရက်ရှိနေပြီ၊ ရေက လုံလောက်အောင်မရသေး။

http://www.cherrythitsar.org



"ဘယ်တုန်းကများ ရေမရှိလို့ဆိုပြီး လှေပြိုင်ပွဲမကျင်းပခဲ့ရဖူးတဲ့နှစ် ရှိလို့လဲ၊ စောင့်သာကြည့်နေပါ၊ တို့ဘုရားက တန်ခိုးသိပ်ကြီးတာ"

ဖောင်တော်ဦးဘုရား၏ ဘုန်းတန်ခိုးအာနုဘော်ကို အကြွင်းမဲ့ယုံကြည်ကြကုန်သော မိတ္ထီလာမြို့သူမြို့သားတို့က ယင်းကဲ့သို့ မျှော်လင့်တကြီး ကြိမ်းဝါးနေကြသည်။ ဘုရားတန်ခိုး တကယ်ကြီးပါသည်။ တော်သလင်းလဆန်း ၈ ရက်နေ့ညတွင် ပုပ္ပားနယ်တစ်ခွင်မှ မိုးသားတိမ်လိပ်များ ညို့မှိုင်းအုံ့ဆိုင်းကာ မိုးကြီးသည်းထန်စွာ ရွာသွန်းချလိုက်သည်။ မိတ္ထီလာကန်မှာ ပုပ္ပားတောင်၊ ရေဝေတောင်တန်းတစ်ဝိုက်မှ စီးဆင်းလာသော တောင်ကျရေများကြောင့် ညတွင်းချင်းပင် ရေများပြည့်လျှံသွားတော့သည်။ ထိုအခါကျမှ ဖောင်တော်ဦးဘုရားဂေါပကအဖွဲ့လည်း ဟီးခနဲ သက်ပြင်းချနိုင်ကာ လှေပြိုင်ပွဲဝင်မည့် အသင်းအသီးသီးတို့သည်လည်း စိတ်ချလက်ချတက်မ ပြင်နိုင်ကြတော့သည်။ လှေပြိုင်ပွဲဝင်မည့် ညနေခင်းတွင်မူ ကန်တော်မင်္ဂလာ ရေလယ်တံတားပေါ်မှာလည်း တိုးမပေါက်၊ ကုန်းပေါ်မှာလည်း ကမ်းလုံးညွတ်မျှ လူများကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

'ဒိုင်း' ခနဲ တာလွှတ်လိုက်သော သေနတ်သံနှင့်အတူ 'ရန်ကြီးအောင်ကွ'၊ 'ဒိုးလုံးကွ'၊ 'ဖိုးရာဇာကွ'၊ 'မေ့သက်ပိုင်ကွ' စသည်အားဖြင့် မိမိတို့နှင့် သက်ဆိုင်ရာလှေများကို အားပေးအော်ဟစ်သံများကလည်း ဆူညံနေသည်။ တာလွှတ်ဒိုင်နှင့်ပန်းတိုင်ကြားတွင်မူ လှေကြီးနှစ်စီးဖြင့် ပတ်မကြီးများ တခြိမ့်ခြိမ့်တီးလျက်ရှိ၏။ ထောင်မှူးမောင်မောင်မှာလည်း ဘယ်လှေများပန်းဝင်နိုင်မလဲဟု လင်းဇင်းရပ် ကမ်းနားရှိ လူအုပ်ကြားတွင် တိုးဝှေ့ကြည့်ရှုနေဆဲ။

ထိုအခိုက်မှာပင် တံတားဦးထိပ်ဆီမှ ဆူဆူညံညံအသံကြားသဖြင့် နားစွင့်လိုက်ရာ 'လုတာတဲ့ဟေ့' ဟု တစ်စုံတစ်ယောက်၏ အော်ဟစ်သံကို ကြားလိုက်ရရာ လူတို့၏သဘာဝအတိုင်း မိမိအင်္ကျီအိတ်အတွင်းမှ ပိုက်ဆံအိတ်ကို လက်တစ်ဖက်ဖြင့် စမ်းလိုက်မိရာ မရှိတော့ချေ။ လူပါးတော့ ပုလင်းထိချေပြီ။ ဘယ်အချိန်က ခါးပိုက်နှိုက်ခံလိုက်ရသည် မသိ။ သို့သော် ပိုက်ဆံအိတ်တွင် ငွေနှစ်ဆယ်ခန့်သာ ပါသွားသဖြင့် တော်ပါသေးသည်။ ဒီကိစ္စ ဘယ်သူ့ကိုမျှလည်း တိုင်ဖို့တောဖို့ မရည်ရွယ်။ ငွေနှစ်ဆယ်လောက်နှင့် ခါးပိုက်နှိုက်ခံရသော ထောင်မှူးအဖြစ် မိအေးနှစ်ခါနာ အရှက်ရနေဦးမည်။ သို့ဖြစ်၍ လူစုလူဝေးရှိရာသို့ ဘာများလုတာပါလိမ့်ဟု သိချင်ဇောဖြင့် ရှေ့တိုးကြည့်မိသည်။ အခင်းဖြစ်ပွားရာ လူပုံအလယ်ရောက်သွားသောအခါ လူနှစ်ယောက်သည် ပိုက်ဆံအိတ်ကို သူတစ်ပြန်ကိုယ်တစ်ပြန် လုနေသည်ကို တွေ့လိုက်ရ၏။ ပိုပြီး အံ့သြစရာကောင်းသည်မှာ ပိုက်ဆံအိတ်က မိမိ၏ပိုက်ဆံအိတ် ဖြစ်နေသည်။ လူရွယ်တစ်ယောက်၏ ဦးခေါင်းတွင် အရိုက်ခံရသော ဒဏ်ရာရကာ သွေးများ ယိုစီးလျက်ရှိ၏။ ထိုသူကပင်

http://www.cherrythitsar.org



"ကျွန်တော် သူ့ဆီက လုတာမဟုတ်ဘူးဗျ။ ဒါ ကျွန်တော့်ဆရာရဲ့ ပိုက်ဆံအိတ်။ သူက ကျွန်တော့်ဆရာအိတ်ထဲက ခါးပိုက်နှိုက်သွားတာမြင်လို့ လိုက်တောင်းတာ။ အဲဒါပြန်မပေးဘဲ သူ့လက်ထဲမှာ လက်ကိုင်ပဝါနဲ့ အသင့်ထုတ်ထားတဲ့ ဓာတ်ဓါး ခေါင်းနဲ့ ကျွန်တော့်ခေါင်းကို ရိုက်လိုက်တာ။ ဟိုမှာ ကျွန်တော့်ဆရာ ထောင်မှူး ဦးမောင်မောင်။ ဒါသူ့ပိုက်ဆံအိတ်၊ မယုံရင် မေးကြည့်ပါ"

ထိုအခါကျမှ ရွှေခါးပိုက်နှိုက်က မိမိကို လှည့်ကြည့်ပြီး မျက်စိမျက်နှာပျက်သွားကာ ဆုပ်ထားသော ပိုက်ဆံအိတ်ကို လက်မှလွှတ်ပေးလိုက်သည်။ ဒဏ်ရာနှင့်လူရွယ်က မိမိကို ပိုက်ဆံအိတ်လှမ်းပေးနေသဖြင့် ယူထားလိုက်ပြီး၊

"ကျွန်တော့် ပိုက်ဆံအိတ်တော့ ဟုတ်တယ်။ ဒါပေမယ့် ခင်ဗျားကိုတော့ ကျွန်တော် မသိဘူး။ ခင်ဗျားက ဘယ်သူလဲ။ ကျွန်တော့်ကို ဘယ်လိုသိတာလဲ"

"ကျွန်တော် နောက်တော့ ရှင်းပြပါ့မယ် ဆရာ"ဟု ခပ်အေးအေး ပြန်ပြောသည်။ ထိုအခိုက်မှာပင် မိမိကိုသိနေသော မိတ္ထီလာရဲစခန်းမှ ရဲသားတစ်ယောက်ရောက်လာပြီး "ဩော် လက်စသတ်တော့ ပါကစ်ကိုး၊ လာလာ မင်းတို့နှစ်ယောက်စလုံး ရဲစခန်းလိုက်ခဲ့"

ထိုအခါ မိမိက ကြားဖြတ်၍

"ပါကစ်ကို ရဲစခန်းအရင်ခေါ်သွားလေ။ ငါသူ့ကို ဆေးရုံလိုက်ပို့လိုက်ပြီး ဒဏ်ရာ ဆေးထည့်ပေးလိုက်ဦးမယ်။ အဲဒီကျမှ သူ့ကိုရော ကိုယ့်ကိုပါ စစ်ဆေးပေါ့။ ဒီအတိုင်းဆိုရင် ကိုယ်က တရားလို ဖြစ်ရတော့မှာကိုး"

ဆေးရုံအသွား မြင်းလှည်းပေါ်ရောက်မှပင် အကျိုးအကြောင်း မေးရတော့သည်။

"ကိုင်း ဆိုစမ်းပါဦး၊ ခင်ဗျားက ဘယ်သူတုန်း၊ ကျွန်တော့်ကို ဘယ်မှာသိခဲ့တာလဲ"

"ဆရာ့တို့က အများနဲ့တစ်ယောက်ဆိုတော့ ကျွန်တော့်ကို ဘယ်မှာမှတ်မိနိုင်မှာလဲ ဆရာ။ ဆရာ့ကို ပထမဦးဆုံးစတွေ့တာ မန္တလေးထောင်မှာပါ။ မိတ္ထီလာထောင်ရောက်မှလဲ ကျွန်တော် အချုပ်နဲ့ရောက်လို့ တွေ့ပါသေးတယ်။ ကျွန်တော့်နာမည်က ဂျိုးသိန်းတဲ့။ ထောင်လက်ကောက်ပါပဲ ဆရာရယ်"

ထောင်လက်ကောက်ဆိုသည်မှာ ထောင်မကြာခဏကျဖူးသူကို ခေါ်သောဝေါဟာရဖြစ်၏။ ရှေးခေတ်က ထောင်တစ်ကြိမ်ကျဖူးလျှင် သံလက်ကောက်တစ်ကွင်း၊ နှစ်ကြိမ်ကျဖူးလျှင် နှစ်ကွင်းစသည်ဖြင့် ထောင်ကျသည့်အကြိမ်အလိုက် သံလက်ကောက်များ ဝတ်ထားရသည်။ ဂျိုးသိန်းမှာ ထောင်လက်ကောက်ဆိုသော်လည်း ပါကစ်တို့လို ဂိုဏ်းဂဏဖွဲ့၍ အပေါင်းအသင်းနှင့် ရာဇဝတ်မှုကျူးလွန်တတ်သူ မဟုတ်။ သူက တစ်ကိုယ်တော် ဖောက်ထွင်းရေးသမားဖြစ်သည်။ ကုမဲဇာတိဖြစ်၍ ကျောက်ဆည်

http://www.cherrythitsar.org



မိတ္ထီလာ မန္တလေးတစ်မြို့စီလှည့်ပြီး ဖောက်ထွင်းမှု ကျူးလွန်လေ့ရှိတတ်သည်။

“ပါကစ်ကိုတော့ နဂိုကတည်းက သိနေတာပေါ့”

“သူက မသိဘူးဆရာရဲ့၊ ကျွန်တော်ကသာ သိတာ၊ ဒါကြောင့် ဆရာ့အိတ် နှိုက်တာမြင်တော့ ကျွန်တော်တောင်းတာကိုမပေးဘဲ ကျွန်တော့်ကို ရန်ရှာတာပေါ့”

“အခုလို ကူညီတဲ့အတွက်တော့ ကိုဂျိုးသိန်းကို ကျေးဇူးတင်ပါတယ်ဗျာ။ ဒါပေမယ့် ခေါင်းကွဲရတဲ့အထိ ဖြစ်ရတာတော့ ကျွန်တော်လဲ စိတ်မကောင်းပါဘူး။ နောက်ပြီး ကျွန်တော့် ပိုက်ဆံအိတ်ထဲမှာလဲ ငွေက များများစားစားပါတာ မဟုတ်တော့ ခေါင်းကွဲထိပ်ပေါက် ဖြစ်လောက်တဲ့အထိ မတန်ဘူးလို့ပြောရမှာပေါ့။ ပိုက်ဆံအိတ်ထဲမှာ ငွေနှစ်ဆယ်လောက်သာ ပါတာပါ”

ဂျိုးသိန်း၏ ဦးခေါင်းလက်ယာဘက်ချိုစောင်းမှ ဒဏ်ရာမှာ လက်ကိုင်ပဝါ တစ်ထည်ကိုခံပြီး လက်တစ်ဖက်ဖြင့် အုပ်ထားသည့်ကြားမှ ယခုထက်တိုင် သွေးများ ယိုစီးနေဆဲဖြစ်၏။ ဂျိုးသိန်းကမူ အပြုံးမပျက်။

“ကိစ္စမရှိပါဘူး ဆရာ၊ ကျွန်တော့်အဖို့ ဒါလောက် ဒဏ်ရာဟာ မဖြစ်လောက် ပါဘူး။ တစ်ခါတလေ လုပ်ရင်းကိုင်ရင်း အရပ်ထဲလူမိပြီး ဝိုင်းရိုက်တဲ့အခါ ဒီထက် နာအောင်တောင် ခံခဲ့ရဖူးသေးတာပဲ။ ဒါလောက်ခံရတာက အသေးအဖွဲ့ပါ။ ဆရာ့ အတွက် ငွေနှစ်ဆယ်ဆိုတာ ဘာမှမဖြစ်လောက်ဘူးဆိုတာလဲ ဟုတ်မှာပါ။ ဒါပေမယ့် ကျွန်တော့်အနေနဲ့တော့ ဆရာ့ကိုခုလိုကျေးဇူးဆပ်လိုက်ရတာကို ကျေနပ်လို့မဆုံးပါဘူး”

“နေပါဦး၊ ကိုဂျိုးသိန်း ထောင်ထဲမှာနေတုန်းက ရုံးခန်းဘာဃာတွေ ဘာတွေ လုပ်ဖူးလို့လား”

သူက ကျေးဇူးဆပ်တဲ့အကြောင်း ပြောလာတော့ ဒီလိုပဲမေးလိုက်ရသည်။ သာမန်အကျဉ်းသားထက် ရုံးခန်းဘာဃာလုပ်ဖူးသူများဆိုလျှင် ထောင်မှူး၊ ထောင်ပိုင် နှင့် ပိုပြီး သံယောဇဉ်ရှိတတ်သည်။

“မလုပ်ဖူးပါဘူး ဆရာ”

“ဒါဖြင့် ကျွန်တော့်က ဘာများကျေးဇူးပြုခဲ့ဖူးလို့ပါလိမ့်”

“ဆရာ့ကျေးဇူး သိပ်ရှိတာပေါ့ ဆရာ၊ ဒါပေမယ့် ဆရာကတော့ ဘယ်လိုမှ မှတ်မိနိုင်စရာအကြောင်းမရှိဘူး။ ဘာပြုလို့လဲဆိုတော့ အမှုမဲ့အမှတ်မဲ့ကိုး၊ တန်ဖိုး ကလည်း ဘာမှရှိတာမဟုတ်ဘူး၊ ဒါပေမယ့် ကျွန်တော့်အတွက်တော့ ဘယ်လိုမှ မေ့မရ နိုင်အောင် ကျေးဇူးတင်ခဲ့ရတာပါ။ ပြန်ပြောရင် ဆရာ အံ့သြသွားမှာ သိပ်သေချာ ပါတယ်”

“ကိုင်း လုပ်စမ်းပါဦး”

“မန္တလေးထောင်ကို ပထမဦးဆုံးအခေါက် ရောက်ခဲ့တုန်းကပါ။ အမှုကလဲ ဘာရယ်လို့ မယ်မယ်ရရ မဟုတ်ပါဘူး။ မသင်္ကာမှုသက်သက်ပါ။ ကျွန်တော်က ထောင်

http://www.cherrythitsar.org



အတွေ့အကြုံကလည်း လုံးဝမရှိသေးတော့ အဲဒီနေ့က ရဲစခန်းကဖမ်းပြီး ထောင်ကို ပို့လိုက်တာဆိုတော့ ဘာဆို ဘာမှမပါဘူး၊ အဝတ်တစ်ထည် ကိုယ်တစ်ခုပါ၊ ညနေစာ ထမင်းလဲ ဟင်းနဲ့ဘာနဲ့ ဟုတ္တိပတ္တိမစားလိုက်ရပါဘူး။ ငါးပိကြော်လေးတစ်မျိုးနဲ့ ဖွတ် မိုတ်မျိုချလိုက်ရပါတယ်။ ညအိပ်တော့လဲ ထောင်ပိတ်တာနောက်ကျလို့ဆိုပြီး တိုက်ခန်း ထဲမှာ တစ်ယောက်တည်း အိပ်ရပါတယ်။ စောင်တွေ အိပ်ရာခင်းတွေ ဘယ်ရမလဲ ဆရာ။ သမံတလင်းပေါ်မှာ ဒီအတိုင်းလုံချည်ခြုံပြီး ကွေးရတာပေါ့"

"နေပါဦး၊ အဲဒီနေ့က အချုပ်လူသစ် ခင်ဗျားတစ်ယောက်တည်းလား"

"ဘယ်ဟုတ်မလဲ ဆရာ၊ တခြားလူသစ်တွေလည်း ပါသေးတာပေါ့။ ဒါပေ မယ့် သူတို့က လူရည်လည်တယ်လေ။ အချုပ်လူသစ် ဘုတ်ကိုင်ကို ပေးနိုင်ကမ်းနိုင် တော့ ကျွန်တော့်လို တိုက်ခန်းထဲ ဘယ်ရောက်မလဲ။ တိုက်ခန်းထဲနေရလဲ ကျွန်တော်မမှု ပါဘူး။ ရဲအချုပ်ခန်းမှာ ကြမ်းပိုးကိုက်တာနဲ့စာရင် အများကြီး ခံသာပါသေးတယ်။ ဒါပေမယ့် ခက်တာက ညပိုင်းထမင်းစားပြီးတော့ ဆေးလိပ်သောက်ချင်လိုက်တာ ဆရာ ရယ် ခံတွင်းကို ချဉ်နေတာပဲ။ ပါးစပ်ထဲမှာလဲ တံတွေးတဗျစ်ဗျစ်နဲ့ နေရင်းထိုင်ရင်း ပါးတွေတောင့်လာတယ်၊ ဒီဝေဒနာဟာ တော်တော်အခံရဆိုးတယ်ဆရာရဲ့။ ထမင်း ဆာတာနဲ့ တခြားစီ"

"ဘေးနားက တိုက်ခန်းတို့ ထောင်ကြပ်အစောင့်တို့ဆီမှာ တောင်းမကြည့်ဖူး လားဗျာ"

"အုတ်နံရံက ခြားနေသေးတော့ ဘေးက တိုက်ခန်းကို မအော်ရဲပါဘူး။ အစောင့်ထောင်ကြပ်ကလဲ ပန်ချာပီကုလားကြီး၊ သူ့ကိုပြောကြည့်တော့ ကုလားလို အဆဲခံလိုက်ရသေးတယ်၊ ဒါနဲ့ တိုက်ခန်းထဲမှာ ဆေးလိပ်တိုကလေးများ ရှိလိုရှိငြား လိုက်ရှာတော့ အတိုတော့တွေ့ပါရဲ့ အစိခံထိနေပြီ၊ အဲဒါလေးသောက်ဖို့ မီးတောင်းရ အောင်လဲ ကုလားထောင်ကြပ်ကိုထပ်ပြောရင် အရိုက်ခံရမလားတောင် မသိဘူး။ ဒါနဲ့ ည ၁၀နာရီလောက်သာထိုးရော ကျွန်တော့်မှာ တပိန်ပိန်တလိန်လိန်နဲ့ အိပ်လို့ကို မရ ဘူး။ အဲဒီလိုအချိန်မှာ ဆရာက လက်နှိပ်ဓာတ်မီးလေး တဝင်းဝင်းနဲ့ ညပတ္တရောင်လာ စစ်တာပါပဲ။ ဆရာ့လက်ထဲမှာလဲ ဆေးလိပ်တစ်လိပ်မီးညှိပြီးစ တွေ့လိုက်ရတော့ အမှန် ပြောရမှာဖြင့် ကျွန်တော်ကြောက်လဲကြောက် ရှက်လဲရှက်ပါရဲ့။ ဒါပေမယ့် ကြိုက်မရှက် ငတ်မရှက်မဟုတ်လား ဆရာရယ်၊ နောက်ပြီး ကိုယ့်မြန်မာအချင်းချင်းဆိုတော့ အားလဲ ရှိသွားတယ်လေ။ ဒါနဲ့ ကျွန်တော့်စိတ်ကူးက ကျွန်တော့်မှာရှိတဲ့ ဆေးလိပ်တိုကလေးနဲ့ မီးတို့ချင်ယောင်ဆောင်ပြီး ဆရာ့ဆေးလိပ်ကလေးမှ တစ်ဖွာနှစ်ဖွာ ဖွာရဆိုပြီး ဆရာရယ် မီးလေးတစ်တို့လောက်ပေးပါလို့ အရဲစွန့်တောင်းမိပါတယ်။ တော်ပါသေးတယ် ဆရာ က ဘာမှမပြောဘဲ သောက်လက်စ ဆေးလိပ်တိုကို ပေးတယ်၊ ပြီးတော့ ကျွန်တော် မီးတို့နေတာကို ကြည့်ပြီး၊

http://www.cherrythitsar.org




'မင်းဆေးလိပ်ကဖြင့် ဖင်ထိနေပါပြီကွာ၊ ငါ့ဆေးလိပ်ပဲ သောက်ပါတော့'လို့ ပြောပြီး ဆေးလိပ်ကိုပြန်မယူဘဲ ထွက်သွားပါတယ်။ ကျွန်တော်ဖြင့် အဲဒီတုန်းက ဝမ်းလဲသာ၊ ကျေးဇူးလဲတင် သိန်းထီပေါက်ရင်တောင် ဒါလောက် ဝမ်းသာမယ်မထင်ပါဘူး။ ဟန်ဆောင်ပန်ဆောင် နေပါစေဆရာရယ်လို့တောင် မပြောနိုင်ခဲ့ပါဘူး။ ကျွန်တော် ကောင်းကောင်းမှတ်မိနေပါတယ်။ အဲဒီတုန်းက ဆရာပေးသွားတာ တစ်လိပ်သုံးပြား တစ်မူးသုံးလိပ်တန် နဂါးဆေးလိပ်ကလေးပါ"တဲ့။

**ရန်အောင်မောင်မောင်**

http://www.cherrythitsar.org

မြန်မာနိုင်ငံအကျဉ်းထောင်များတွင် ၁၉၅၀ပြည့်နှစ်မှ ၁၉၈၉ခုနှစ်အထိ
နှစ်ပေါင်း ၄၀ နီးပါး အမှုထမ်းခဲ့စဉ်
စာရေးသူ တွေ့ကြုံ ကြားသိခဲ့ရသော

ဝန်ထမ်းလောက၊
အကျဉ်းထောင်လောက၊
အကျဉ်းသားလောက၊
တရားရေးလောက၊
နစရိုက်သမားလောက
..... သည့် ထိုစဉ်က လူမှုလောက အတွေ့အကြုံများ။



ကလျာမဂ္ဂဇင်းတွင် ၁၉၈၅ခုနှစ် မှ ၁၉၉၃ခုနှစ်အထိ ဖော်ပြပါရှိခဲ့သော
"ထောင်တစ်သက်အတွေ့အကြုံ" ဆောင်းပါးများကို
စုပေါင်းထုတ်ဝေလိုက်ခြင်းဖြစ်သည်။